An Introduction To Human Rights in Southeast Asia

Volume(1) and Volume(2)



အရှေ့တောင်အာရှရှိ လူ့အခွင့်အရေးအခြေအနေများအား မိတ်ဆက်ခြင်း

အတွဲ(၁)နှင့်အတွဲ(၂)

ASEAN University Network
Human Rights Education (AUN-HRE)

SHAPE
S E A

SEAHRN
Southeast Asian Human Rights Studies Network

An Introduction to Human Rights in Southeast Asia

Volume 1 and Volume 2

အရှေ့တောင်အာရှရှိ လူ့အခွင့်အရေးအခြေအနေများအား မိတ်ဆက်ခြင်း

အရှေ့တောင်အာရှရှိဘွဲ့ကြိုကျောင်းသားများအတွက် ကျောင်းသုံးဖတ်စာအုပ်

အတွဲ(၁) နှင့် အတွဲ(၂)

creative commons

This work is distributed under Creative Commons licensing:
CC BY-NC-SA
Attribution-NonCommercial-ShareAlike

More information on licensing is available at: https://creativecommons.org/licenses/by-nc-sa/4.0/

An Introduction to Human Rights in Southeast Asia : Volume 1 and Volume 2

Published by
Strengthening Human Rights and Peace Research and Education in ASEAN/Southeast Asia (SHAPE-SEA)

SHAPE-SEA Secretariat:
Institute of Human Rights and Peace Studies (IHRP)
Mahidol University, Panyaphipat Building
999 Phuttamonthon 4 Rd., Salaya, Nakhon Pathom 73170, Thailand
Tel: (66) 2-441-0813-5 ext. 3150
Fax: (66) 2-441-0872-3
Email: shape.seasec@gmail.com Website: http://shapesea.com/

Cover photograph credited to: Lillian Suwanrumpha
Formatting and Design by: Steven Hoose

This publication is for public use. Portions or the entire publication may be freely reproduced or reprinted for non-commercial use in order to popularize human rights, as long as credit is given to the SHAPE-SEA and SEAHRN. A copy of such reprint would be appreciated.

Acknowledgments

The textbook is a project of the Southeast Asian Human Rights Studies Network (SEAHRN), and the Strengthening Human Rights and Peace Research and Education in ASEAN/Southeast Asia (SHAPE-SEA). The ultimate goal of the textbook is to contribute to the promotion of human rights and peace education in Southeast Asia through which human rights and peace in the region will be better promoted and protected.

The writing and production of the textbook has been funded by the Swedish International Development Cooperation Agency (SIDA), and the Norwegian Centre for Human Rights (NCHR). The first volume was produced in collaboration with the Raoul Wallenberg Institute of Human Rights and Humanitarian Law. We are very thankful for all their support . We would also like to emphasize that this textbook would not have been possible without a lot of contributions from many people, too many to name all of them here. Their contributions are highly appreciated.

As an ongoing project we hope they will continue with their work.









Norwegian Centre for Human Rights

ဥယျာဇ်

အရှေ့တောင်အာရှ လူ့အခွင့်အရေးလေ့လာမှုကွန်ရက် the Southeast Asian Human Rights Studies Network (SEAHRN) ကို ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ထိုကွန်ရက်အဖွဲ့ကြီး ပထမဆုံး ဆောင်ရွက်သောလုပ်ငန်းများအနက်မှ တစ်ခုမှာ အရှေ့တောင်အာရှရှိ ကျောင်းသားများအတွက် လူ့အခွင့်အရေးဆိုင်ရာ ကျောင်းသုံးဖတ်စာအုပ်တစ်အုပ် ထွက်ပေါ်လာရန်ပင် ဖြစ်သည်။ အရှေ့တောင်အာရှရှိ လူ့အခွင့်အရေးအခြေအနေများကို လေ့လာရာတွင် သင်ကြားရေး၌ အသုံးပြုရန် ကျောင်းသုံးဖတ်စာအုပ်မရှိ ဟူသော အသံများကိုကြားရသောအခါ SEAHRN နှင့် SHAPE SEA စီမံချက်တို့က ဤကျောင်းသုံးစာအုပ်ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းခဲ့ကြပါသည်။ ထို့ပြင် ခန့်မှန်းချက်အရ အရှေ့တောင်အာရှဒေသ တစ်ခုလုံးတွင် တက္ကသိုလ်အဆင့်တွင် လူ့အခွင့်အရေးကို ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းလေ့လာခဲ့သော ကျောင်းသားမှာ ပျမ်းမျှ ကျောင်းသာဦးရေ တစ်ထောင်လျှင် တစ်ဦးမျှသာရှိမည်ဟု ယူဆရသည်။ ကျောင်းသားများအဖို့မှာလည်း ဤဘာသာရပ်ကိုလေ့လာရန် အခွင့်အရေး များစွာ မရှိကြပါ။ ယနေ့ခေတ်တွင် လူ့အခွင့်အရေးမှာ အရေးကြီးသည်နှင့်အမျှ အစိုးရများအနေဖြင့် ယနေ့ ကျောင်းသားများထံတွင် မည်သည့်အခွင့်အရေးများရှိကြသည်ကို ကျောင်းသားများသိအောင် သင်ကြားပေးနိုင်ကြရန်အတွက် ဥပဒေစည်းမျဉ်းစည်းကမ်းများအရ လိုအပ်သည်များကို ဆောင်ရွက်ပေးကြရန်လို အပ်သကဲ့သို့ အရှေ့တောင်အာရှ/အာဆီယံနိုင်ငံများရှိ တက္ကသိုလ်များတွင်လည်း လူ့အခွင့်အရေး ပညာရပ်ကို သင်ကြားပေးနိုင်အောင် ဆောင်ရွက်ကြရာ၌ လုပ်ဆောင်စရာ များစွာကျန်ရှိနေပေသေးသည်။

သို့ဖြစ်ရာ ယခုဖတ်စာအုပ် ပေါ်ပေါက်လာရေး စီမံချက်တွင် လူ့အခွင့်အရေးနယ်ပယ်မှ စာရေးဆရာများ၊ သုတေသီများနှင့် ပြန်လည်သုံးသပ်ပေးသူများ အစရှိသည့် ပညာရှင်များစွာက ပါဝင်အားထုတ်ခဲ့ကြပါသည်။ သို့ရာတွင် ဖတ်စာအုပ်တစ်ခုလုံး ပြီးစီးသွားသည့်တိုင်အောင် ဒေသတွင်းတက္ကသိုလ်များတွင် ပို့ချသင်ကြားနိုင်ရန်မှာ အခက်အခဲများစွာ ရှိနေပါသေးသည်။ အစိုးရများကိုယ်တိုင်က လူ့အခွင့်အရေးဘာသာရပ်ကို ပင်မသင်ရိုးတစ်ခုအနေဖြင့် ထည့်သွင်းရန် တွန့်ဆုတ်ရုံသာမက ကျောင်းသူကျောင်းသားများကလည်း အဘယ်ကြောင့် ဤဘာသာရပ်ကို လေ့လာရန် လိုအပ်ကြောင်း သတိမမူမိကြပါ။

ထို့ပြင် ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသားများကို သင်ကြားပေးနိုင်ရန်အတွက် လိုအပ်သောပံ့ပိုးမှုများကို မရရှိနေကြပါ။ နိုင်ငံတစ်ခု၏ သမိုင်းအဖြစ်အပျက်များ၊ လက်ရှိနိုင်ငံရေးပဋိပက္ခများကို ထည့်သွင်းဆွေးနွေးကြရန်မှာလည်း လူ့အခွင့်အရေးဘာသာရပ်ကို သင်ကြားရာတွင် မဖြစ်မနေ ကြုံလာရမည့် ကိစ္စဖြစ်သော်လည်း ထိုနိုင်ငံအတွင်း၌ ပြုလုပ်ရန် များစွာအကဲဆတ်လှသည်။ မည်သို့ဆိုစေကာမူ ထိုလက်ရှိ အခြေအနေမျိုးတွင်ပင် လူ့အခွင့်အရေးနှင့်ပတ်သက်သည့် အသိပညာများကို သင်ကြားလိုသော ကျောင်းသားကျောင်းသူများနှင့် ဆရာဆရာမများ တိုးပွားလာလျက်ရှိသည်ကိုလည်း တွေ့ရပါသည်။

ဤကျောင်းသုံးဖတ်စာအုပ်၏ ပထမပိုင်းကို ၂၀၁၅ ခုနှစ် မတ်လတွင် ပြီးစီးခဲ့ပြီး ၂၀၁၆ အောက်တိုဘာလတွင် ဒုတိယပိုင်းကို ထုတ်ဝေနိုင်ခဲ့သည်။ ၂၀၁၈ ခုနှစ် အစောပိုင်းတွင်မူ တတိယ ပိုင်းနှင့် စတုတ္ထပိုင်းကို ဆက်လက်ထုတ်ဝေနိုင်မည်ဟု မျှော်လင့်ရသည်။

ယခု ကျောင်းသုံးဖတ်စာအုပ်၏ အခြေခံမူများ

ဘွဲ့ကြိုကျောင်းသားများအတွက် လူ့အခွင့်အရေးကျောင်းသုံးဖတ်စာအုပ်ကို ပြင်ဆင် ရာတွင် အောက်ပါအခြေခံမူများကို ချမှတ်ခဲ့ပါသည်။ ထိုအခြေခံမူများမှာ -

- ယခု ကျောင်းသုံးဖတ်စာအုပ်သည် အများသူငါ အခမဲ့ လွတ်လပ်စွာ ရယူဖတ်ရှုနိုင်သော စာအုပ်ဖြစ်ရမည်။ နိုင်ငံတကာ ပုံနှိပ်တိုက်များ၏ ထိန်းချုပ်မှုမှ ကင်းလွတ်သည့်အပြင် မူပိုင် ခွင့်ကြောင့် ဖြန့်ချိရာတွင် အကန့်အသတ်ရှိသော စာအုပ်မျိုးလည်း မဖြစ်စေရဟု သတ်မှတ် ခဲ့ကြသည်။
- ဤစာအုပ်ပါ အခန်းအသီးသီးနှင့် ရေးသားထားသောစာများကို PDF ဖြင့် ဝက်ဆိုက်ပေါ်တွင် အများရယူနိုင်အောင် ထားရှိရမည်။
- ဤကျောင်းသုံးစာအုပ်မှ စာများကို မည်သူမဆို အလွယ်တကူ မိတ္တူကူးခြင်း၊ ကွန်ပျူတာမှ စာရွက်ပေါ်သို့ ပြောင်းလဲရိုက်ထုတ်ခြင်းကို ဆောင်ရွက်နိုင်သော ဖွဲ့စည်းပုံဖြင့် ထားရှိရမည်။
- လူ့အခွင့်အရေးကို အထွေထွေဘာသာရပ်တစ်ခုအနေဖြင့်လည်းကောင်း၊ တမင်ရွေးကာ သင်ယူသော ဘာသာရပ်တစ်ခုအဖြစ်လည်းကောင်း လေ့လာကြရမည့် ကျောင်းသားများမှာ အဓိကရည်ရွယ်သော စာဖတ်ပရိသတ် ဖြစ်သည်။ ဤပြဋ္ဌာန်းစာအုပ်ကို သုံးစွဲမည့် ကျောင်း သားများတွင် ဥပဒေ၊ နိုင်ငံရေး၊ ဖွံ့ဖြိုးရေး သို့မဟုတ် လူမှုဗေဒဘာသာရပ်များကို အကျယ် တဝင့် နှံ့စပ်ပြီးဖြစ်ရန် မလိုပါ။ သို့ရာတွင် အဆိုပါ ဘာသာရပ်များကို သင်ယူနေကြသူ ကျောင်းသားများအတွက်မူ ယခုစာအုပ်က အထောက်အကူ ဖြစ်ပါလိမ့်မည်။
- ဤစာအုပ်က အရှေ့တောင်အာရှ၏ လူ့အခွင့်အရေးအဆင့်အတန်းကို ဆန်းစစ်ထားပြီး ဆွေးနွေးထားသော အကြောင်းအရာများအားလုံးမှာ ဒေသတွင်း လူ့အခွင့်အရေး အခြေအနေ များကို ထင်ဟပ်သည်။
- ဤစာအုပ်ကို အရှေ့တောင်အာရှတွင် အဓိကသုံးစွဲနေသော ဘာသာစကားများသို့ ဘာသာ ပြန်ဆိုမည်ဖြစ်သည်။
- ဤစာအုပ်တွင် ရည်ညွှန်းထားသော စာအုပ်စာတမ်းများမှာလည်း ကျောင်းသားများအနေနှင့် လက်လှမ်းမီနိုင်သော စာအုပ်စာတမ်းများသာဖြစ်သည်။ စာကြည့်တိုက် ချို့တဲ့သောနေရာများ၊ ဈေးကြီးသော နိုင်ငံတကာပညာရပ်ဆိုင်ရာ ဂျာနယ်များနှင့် ဈေးကြီးသော ကျောင်းသုံးစာအုပ် များအစား အင်တာနက်ပေါ်တွင် အခမဲ့ရရှိနိုင်သော လူ့အခွင့်အရေးဆိုင်ရာ ဗဟုသုတ ဖြစ်ဖွယ် စာအုပ်စာတမ်းကို ရည်ညွှန်းကိုးကား ထည့်သွင်းခဲ့ပါသည်။

စာအုပ်ဖွဲ့စည်းပုံ

ကျောင်းသားများ ဖတ်ရှုရာတွင် လွယ်ကူစေရန် အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်။

- **အဓိဟာယ်ဖွင့်ဆိုချက်များ -** ဤကဏ္ဍက ကျောင်းသားများလူ့အခွင့်အရေးဆိုင်ရာ ဝေါဟာရများကို အချိန်တိုအတွင်း လေ့လာနိုင်ရန် အထောက်အကူပြုသည်။
- **သဘောတရားရေးရာရှင်းလင်းချက် -** လူ့အခွင့်အရေးဘာသာရပ်ကို လေ့လာရာတွင် အရေးပါသော သဘောတရားရေးရာများကို ထည့်သွင်းဖော်ပြထားပါသည်။
- **မှတ်သားဖွယ်ရာ -** လောကတွင် မျက်မြင်ဒိဋ္ဌ ကြုံတွေ့နေရသော အဖြစ်အပျက်များဖြင့် လူ့အခွင့်အရေးကို ဆက်စပ်သုံးသပ်လေ့လာနိုင်ရန် အကျယ်ချဲ့ရှင်းပြထားသည်။
- **ဆွေးနွေးခြင်းနှင့်ငြင်းခုံခြင်း -** ဘောင်ခတ်ပြထားသော ဆွေးနွေးမှုများ၊ တစ်ဖက်တစ်ပြန် အကျိုးအကြောင်း အငြင်းအခုံများအား ဖတ်ရှုခြင်းဖြင့် လူ့အခွင့်အရေးပြဿနာများကို ပိုမိုဆင်ခြင်နိုင်ရန်၊ ဘက်မတူသောအမြင်များဖြင့် ကျောင်းသားများက ဆွေးနွေးလာနိုင်ကြရန် ရည်ရွယ်သည်။
- **အရှေ့တောင်အာရှမှ သာဓကများ -** အရှေ့တောင်အာရှ ဆယ့်တစ်နိုင်ငံမှ လူ့အခွင့်အရေးဆိုင်ရာ ဖြစ်စဉ်များကို အလျဉ်းသင့်သလို ထည့်သွင်းဖော်ပြထားပါသည်။
- **နမူနာမေးခွန်းများကဏ္ဍ -** ဆရာ ဆရာမများသည် နမူနာထုတ်ပြထားသော မေးခွန်းများကို စာမေးပွဲစစ်ဆေးရာတွင် လည်းကောင်း၊ အက်ဆေးခေါင်းစဉ်များအဖြစ်လည်းကောင်း အသုံးပြုနိုင်ကြသည်။
- **ထပ်မံလေ့လာဖတ်ရှုရန်များ -** ကျောင်းသားများအနေဖြင့် ဆက်လက်လေ့လာလိုပါက အသုံးဝင်စေရန် ရည်ညွှန်းလိုသော ပညာရှင်များ၊ ဆက်စပ်နေသောစာအုပ်စာတမ်းများနှင့် အွန်လိုင်းပေါ်တွင် ဆက်လက်ရှာဖွေနိုင်သော စာအုပ်စာတမ်းများကိုလည်း ဖော်ပြထားပါသည်။ အဆိုပါရည်ညွှန်း စာအုပ်စာတမ်းများမှာ အခမဲ့ဖြန့်ဝေပေးသော အဖွဲ့အစည်းများနှင့် အသုံးဝင်သော ဝက်ဆိုက်များ ဖြစ်ကြသည်။ အရှေ့တောင်အာရှတခွင်ရှိ တက္ကသိုလ်များစွာသည် ကျောင်းသားများအား ဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများနှင့် ပညာရပ်ဆိုင်ရာ ဂျာနယ်များကို အကန့်အသတ်ဖြင့်သာ ထားရှိပေးနိုင်ရာ အခမဲ့ရရှိနိုင်ပြီး လူတိုင်းအတွက် ဖြန့်ဝေပေးထားသော စာရေးသူများနှင့် သုတေသနဌာနများမှာ လူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာတမ်းများကို သတိပြုရည်ညွှန်းရန် SEAHRN အနေဖြင့် ဆုံးဖြတ်ခဲ့ပါသည်။

အရှေ့တောင်အာရှဟူသော စကားလုံးကို သုံးစွဲရခြင်း - ဤစာအုပ်တွင် အာဆီယံ ဟူသော ဝေါဟာရအစား အရှေ့တောင်အာရှ ဂဟူသော စကားလုံးကိုသာ သုံးစွဲခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အရှေ့တောင်အာရှဒေသအတွင်း ကျရောက်သော အာဆီယံနိုင်ငံများနှင့် အရှေ့တီမောအပါအဝင် နိုင်ငံပေါင်း ဆယ့်တစ်နိုင်ငံကို ရည်ညွှန်းလို၍ဖြစ်သည်။ အရှေ့တီမောသည် မဝေးတော့သည့်အနာဂတ်တွင် အာဆီယံအဖွဲ့ဝင် ဖြစ်လာဖွယ်ရှိသည်။

ဆရာ ဆရာမများအတွက် မှတ်သားစရာ

ယခု ကျောင်းသုံးစာအုပ်မှာ ဘွဲ့ကြိုကျောင်းသားများအတွက် ရည်ရွယ်ထားသော်လည်း ဘွဲ့လွန်ကျောင်းသားများအတွက်လည်း အခြေခံကျမ်းတစ်ခုအဖြစ် ဖတ်ရှုလေ့လာနိုင်ကြသည်။ ဤစာအုပ်တွင် လူ့အခွင့်အရေးကို ဆွေးနွေးရာတွင် အရှေ့တောင်အာရှဒေသ အခြေအနေကို ထင်ဟပ်ထားသည်။ အရှေ့တောင်အာရှမှ သာဓကများ၊ ဒေသတွင်း ဥပဒေများ၊ မူဝါဒများနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များကို သုံးသပ်ဆွေးနွေးထားသည်။

အခန်းတိုင်းကို PDF တစ်ဖိုင်စီဖြင့် သီးသန့်ခွဲကာ SEAHRN ဝက်ဆိုက်ပေါ် တင်ထားပေးသဖြင့် တစ်ခန်းစီကို ဆွဲယူကာ သီးခြားလေ့လာနိုင်သည်။ ဆရာ ဆရာမများအနေဖြင့် မိမိအသုံးတည့်ရာ အခန်းများကို ဆွဲယူကာ ပေါင်းစပ်ခြင်းအားဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းစာအုပ်တစ်အုပ် အဖြစ်လည်း ဖန်တီးယူနိုင်သည်။ ၂၀၁၇ ခုနှစ်တွင်မူ ဆရာသုံးလက်စွဲစာအုပ်ကိုပါ ပူးတွဲထုတ်ဝေရန် စီစဉ်ထားရာ ထိုလက်စွဲစာအုပ်တွင် လူ့အခွင့်အရေးဘာသာရပ်တွင် ပါဝင်ရမည့်အစိတ်အပိုင်းများ၊ ကျောင်းတွင်း သင်ခန်းစာများနှင့် ရှေ့ဆက်ဖတ်ရှုစရာ ကိုးကားရည်ညွှန်းချက်များပါ ပါဝင်မည် ဖြစ်သည်။

ဤစာအုပ်ကိုအသုံးပြုရာတွင်

ယခုဖတ်စာအုပ်မှာ တီထွင်ဖန်တီးမှုဆိုင်ရာ အများပိုင်ပစ္စည်းအဖြစ် မူပိုင်ခွင့်အမျိုးအစားသတ်မှတ်ထားသည်။ ဤစာအုပ်ကို အသုံးပြုခြင်းနှင့် ထပ်ဆင့်ဖန်တီးခြင်းတို့အတွက် SEAHRN အား မူရင်းဖန်တီးထုတ်လုပ်သူအဖြစ် အသိအမှတ်ပြုရပါမည်။

အများပိုင်ပစ္စည်းအနေဖြင့် မှတ်ပုံတင်ထားသောကြောင့် အောက်ပါတို့ကို လွတ်လပ်စွာ ဆောင်ရွက်နိုင်သည်။

- **ဝေမျှခြင်း** - ဤစာအုပ်ကို လွတ်လပ်စွာမိတ္တူပွားနိုင်ပြီး လွတ်လပ်စွာ အခမဲ့ ဖြန့်ချိနိုင်သည်။ (ကူးယူဖြန့်ချိရာတွင် သင့်လျော်သလို ကျေးဇူးတင် ကမ္မည်းရေးသားခြင်း ပါရှိရပါမည်။)

- **ဖြတ်ညှပ်ကပ်ပြုခြင်း -** တစ်ခန်းချင်းအလိုက်သော်လည်းကောင်း၊ လေ့ကျင့်ခန်းများကိုသော်လည်းကောင်း၊ သာဓကများကိုလည်းကောင်း ထုတ်ယူကာ သင့်လျော်သလို ဖြတ်တောက်သုံးစွဲခြင်းကို ခွင့်ပြုသည်။ (သင့်တော်သော ကျေးဇူးတင်ကမ္မည်း ရေးသားခြင်း ပါရှိရပါမည်။)

ရှောင်ကြဉ်ရန်

- စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် သုံးစွဲခြင်းမပြုရပါ။ အမြတ်အစွန်း ရရှိရန်အတွက် ယခုစာအုပ်ကို လုံးဝ ရောင်းချခြင်း ခွင့်မပြုပါ။

ဘာသာပြန်ခြင်းလုပ်ငန်း

၂၀၁၇ ခုနှစ် ဒီဇင်ဘာတွင် ဤစာအုပ်ကို အာဆီယံနိုင်ငံအချို့မှ ဘာသာစကားများသို့ ပြန်ဆိုခဲ့ရာ မြန်မာ၊ ထိုင်းနှင့် ကမ္ဘောဒီးယားဘာသာတို့သို့ ပြန်ဆို ပြီးစီးခဲ့သည်။ SHAPE SEA ၏ ခွင့်ပြုချက်ကို ရယူခြင်းအားဖြင့် ရှေ့တောင်အာရှဒေသတွင်း သုံးစွဲနေသော ဘာသာစကားများဖြင့် ယခုကျောင်းသုံးဖတ်စာအုပ်အားပြန်ဆိုခြင်းကို SHAPE SEA အနေဖြင့် မျှားစွာ အားပေးပါသည်။

Authors, editors and contributors

A large number of lectures, human rights professional and students have been involved in the making of the textbook. The textbook is not traditional in its production as each chapter may have many contributors. This list only covers those most directly involved, and we would also like to thank the many others in the human rights community for their participation and interest in this project.

Authors to the chapters are:

Azmi Sharon, Faculty of Law, University of Malaya
Benjamin Lee, Asia Pacific Forum of National Human Rights Institutions
Douglas Sanders, Institute of Human Rights and Peace Studies (IHRP), Mahidol University
Elizabeth Aguiling-Pangalangan, Faculty of Law, University of the Philippines
Eko Riyadi, Faculty of Law, Universatas Islam, Indonesia
Hadi Rahmat Purnama, University of Indonesia
Matthew Mullen, Institute of Human Rights and Peace Studies (IHRP), Mahidol University
Melizel Asuncion, Institute of Human Rights, College of Law, University of the Philippines
Michael (Mike) Hayes, Institute of Human Rights and Peace Studies (IHRP), Mahidol University
Muhadi Sugiono, Department of International Relations, Universitas Gadjah Mada
Pacita Fortin, International Studies Department, Miriam College

Editors for the whole textbook include:

Ayesah Uy Abubakar, Faculty of Humanities, Arts and Heritage, Universiti Malaysia Sabah
Azmi Sharom, Faculty of Law, University of Malaya
Matthew Mullen, Institute of Human Rights and Peace Studies (IHRP), Mahidol University
Michael (Mike) Hayes, Institute of Human Rights and Peace Studies (IHRP), Mahidol University
Thi Thanh Hai Nguyen, Vietnamese Institute for Human Rights
Yanuar Sumarian, Institute of Human Rights and Peace Studies (IHRP), Mahidol University

The editorial and peer review has been done by

Altafur Rahman, Thammasat University
Brian Barbour, Japan Association for Refugees
Carl Middleton, Faculty of Political Sciences, Chulalongkorn University
Claus Meyer, Institute of Human Rights and Peace Studies (IHRP), Mahidol University
Douglas Sanders, Institute of Human Rights and Peace Studies (IHRP), Mahidol University
Edgardo Legaspi, SEAPA, Bangkok
Eko Riyadi, Faculty of Law, Universatas Islam, Indonesia
Elizabeth Aguiling-Pangalangan, Faculty of Law, University of the Philippines
Gary Cuenoud, Institute of Human Rights and Peace Studies (IHRP), Mahidol University
Gisle Kvanvig, Norwegian Centre for Human Rights, University of Oslo
Hadi Rahmat Purnama, University of Indonesia
Herlambang P. Wiratraman, Faculty of Law, Universitas Airlangga
Huong Ngo, School of Law, Vietnam National University

James Gomez, Bangkok University
Latifah Lagzhaoui, Webster University
Mark Capaldi, ECPAT International
Matt Copeland, Mahidol University International College
Matthew Mullen, Institute of Human Rights and Peace Studies (IHRP), Mahidol University
May Thida Aung, Department of Law, University of Distance Education (Yangon)
Melizel Asuncion, Institute of Human Rights, College of Law, University of the Philippines
Michael (Mike) Hayes, Institute of Human Rights and Peace Studies (IHRP), Mahidol University
Muhadi Sugiono, Department of International Relations, Universitas Gadjah Mada
Naparat Kranrattanasuit, Institute of Human Rights and Peace Studies (IHRP), Mahidol University
Kamarulzaman Askandar, Research and Education for Peace, Universiti Sains Malaysia (REPUSM)
Kalpalata Dutta, Asian Institute for Human Rights
Ray Paolo J. (Arpee) Santiago, Ateneo Human Rights Center
Rhona Smith, Raoul Wallenberg Institute of Human Rights and Humanitarian Law (RWI)
Saya Uematsu, Austin, Brooklyn Law School
Sriprapha Petcharamesree, Institute of Human Rights and Peace Studies (IHRP), Mahidol University
Thi Thanh Hai Nguyen, Vietnamese Institute for Human Rights
Vacharartai Boontinand, Institute of Human Rights and Peace Studies (IHRP), Mahidol University
Varaporn Chamsanit, Women's Wellbeing and Gender and Sexual Justice

The researchers and fact checkers for the textbook are Graduate students from IHRP, Mahidol University:

Abhay Luthra, Chandy Eng, Gary Cuenoud, Giulia Patane, Jari Trabert, Jennifer Bezirium, Joel Mark Barredo, Michael Nedbal, Nicholas Bull, Nicole Ostrand, Richard Lancaster, Uzma Shukrana

Proof reading and editing done by Magdalen Spooner. The First Volume was also proofed with Loskaru Sdn Bhd

For Myanmar Version

Translators are:

Aye Lei Tun - Chapter 9, 10 11
Nwet Kay Khine - Chapter 13, 14, 15
Phyo Min Thant - Chapter 4, 8, 12
Thant Zin Soe - Chapter 1, 2, 3
Zaw Aung - Chapter 5, 6, 7

Editors for the whole textbook include:

Nwet Kay Khine and Sandar Kyaw

The project was coordinated by Michael (Mike) Hayes, Institute of Human Rights and Peace Studies (IHRP), Mahidol University

မာတိကာ

အခန်း(၁)။ လူ့အခွင့်အရေး၏အခြေခံသဘောတရားများ ၁

၁.၁ လူ့အခွင့်အရေးဆိုသည်မှာ အဘယ်နည်း။

၁.၂ လူ့အခွင့်အရေးရှိ အခြေခံဝိသေသ လက္ခဏာများနှင့် သဘောတရားများ

၁.၃ လူ့အခွင့်အရေး ဥပဒေ။ အခွင့်အရေးများနှင့်တာဝန်များ

၁.၄ အခွင့်အရေးအမျိုးအစားများ

၁.၅ လူ့အခွင့်အရေးကို အဘယ်ကြောင့်လေ့လာကြသနည်း။

အခန်း(၂)။ နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများနှင့်မိတ်ဆက်ပေးခြင်း ၄၅

၂.၁ နိုင်ငံတကာဥပဒေ။ အခြေခံများ

၂.၂ နိုင်ငံတကာဥပဒေ၏ အရင်းအမြစ်များ

၂.၃ နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၏ နောက်ခံအကြောင်းအရာများ

၂.၄ စာချုပ်များကို ဖန်တီးခြင်း။ ခြုံငုံသုံးသပ်ခြင်း

၂.၅ ဥပဒေအရ တာဝန်ရှိမှုဖြင့် စည်းကြပ်ထားသည့် သဘောတူစာချုပ်များကို
နိုင်ငံများက အဘယ်ကြောင့် လက်မှတ်ရေးထိုးကြသနည်း။

အခန်း(၃)။ နိုင်ငံတကာလူ့အခွင့်အရေး သဘောတူစာချုပ်များ ၇၇

၃.၁ ICCPR

၃.၂ ICCPR အတွင်းရှိ အခွင့်အရေးများ

၃.၃ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို ကန့်သတ်ချက်ထားရှိခြင်း

၃.၄ ICESCR

၃.၅ ICESCR တွင် ပါဝင်သောအခွင့်အရေးများ

၃.၆ ယဉ်ကျေးမှုနှင့် လူ့အခွင့်အရေး

အခန်း(၄)။ အရှေ့တောင်အာရှဒေသ၏ လူ့အခွင့်အရေးအကာအကွယ်ပေးမှု ၁၁၃

၄.၁ အရှေ့တောင်အာရှ၌ လူ့အခွင့်အရေးအကာအကွယ်ပေးမှု အခြေအနေ

၄.၂ နိုင်ငံအတွင်း လူ့အခွင့်အရေးဖော်ဆောင်မှု

၄.၃ အမျိုးသား လူ့အခွင့်အရေး အင်စတီကျူးရှင်းများ (National Human Rights Institutions)
၄.၄ ဒေသတွင်း အစီအမံများ
၄.၅ အာဆီယံဒေသတွင်း လူ့အခွင့်အရေးအစီအမံများ
၄.၆ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၏ အခန်းကဏ္ဍ

အခန်း(၅)။ လူ့အခွင့်အရေးကာကွယ်ပေးခြင်း - ကုလသမဂ္ဂနှင့် နိုင်ငံတကာစနစ်အကြောင်း ၁၅၉

၅-၁ ကျယ်ပြန့်သောကုလသမဂ္ဂစနစ်အတွင်းရှိ လူ့အခွင့်အရေး
၅.၂ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ
၅.၃ လူ့အခွင့်အရေးကော်မရှင်နာမင်းကြီးရုံးခန်း
၅.၄ သဘောတူစာချုပ်အဖွဲ့များ

အခန်း(၆)။ နိုင်ငံသားမဟုတ်သူများ၏ အခွင့်အရေးများ - ဒုက္ခသည်နှင့် နိုင်ငံမဲ့ဖြစ်နေသူများ ၂၀၃

၆.၁ အရှေ့တောင်အာရှဒေသအတွင်း ရွှေ့ပြောင်းသွားလာခြင်း
၆.၂ နိုင်ငံသားမဟုတ်သောသူများ၏ အခွင့်အရေးအမျိုးအစားလေးခု - ခြုံငုံသုံးသပ်ခြင်း
၆.၃ ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်
၆.၄ အရှေ့တောင်အာရှဒေသရှိ ဒုက္ခသည်လူဦးရေနှင့် ၎င်းတို့ကိုကာကွယ်ပေးခြင်း
၆.၅ နိုင်ငံမဲ့ဖြစ်နေသူများ

အခန်း(၇)။ နိုင်ငံသားမဟုတ်သူများ၏အခွင့်အရေးများ - ရွှေ့ပြောင်းအလုပ်သမားများနှင့် လူကုန်ကူးခံရသူများ ၂၅၅

၇.၁ ရွှေ့ပြောင်းအလုပ်သမားများ
၇.၂ ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏မိသားစုများအားလုံး၏ အခွင့်အရေးများကို ကာကွယ်ပေးခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICRMW)
၇.၃ ရွှေ့ပြောင်းအလုပ်သမားများအခွင့်အရေးများကို ချိုးဖောက်ခြင်း
၇.၄ လူကုန်ကူးခံရသူများ
၇.၅ လူကုန်ကူးခံရသူများကို ဖေါ်ထုတ်ရခြင်းတွင် ကြုံတွေ့ရသောစိန်ခေါ်မှုများ

အခန်း(၈)။ အရှေ့တောင်အာရှသမိုင်းထဲမှ လူ့အခွင့်အရေး ၃၀၁

၈.၁ မိတ်ဆက်

၈.၂ ကိုလိုနီခေတ်မတိုင်မီ လူ့အခွင့်အရေးသမိုင်း

၈.၃ ကိုလိုနီစနစ်မှ ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်မှုစနစ်အထိ

၈.၄ လွတ်လပ်ရေးရပြီးခေတ်မှ အာဏာရှင်ဆန်သောအုပ်ချုပ်မှုခေတ်အထိ

၈.၅ အရှေ့တောင်အာရှတွင် ဒီမိုကရေစီဖော်ဆောင်မှု

၈.၆ ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးများပေါ်ထွက်လာခြင်း

၈.၇ အရှေ့တောင်အာရှတွင် လူ့အခွင့်အရေးသမိုင်းတစ်ရပ် ရှိသလား။

အခန်း(၉)။ အမျိုးသမီးတို့၏ လူ့အခွင့်အရေး ၃၄၇

၉.၁ မိတ်ဆက်

၉.၂ ခွဲခြားနှိမ့်ချဆက်ဆံမှုကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း

၉.၃ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှု ပပျောက်ရေး သဘောတူ စာချုပ် (CEDAW)

၉.၄ အမျိုးသမီးအခွင့်အရေးအတွက် အကာအကွယ်ပေးရေးစနစ်

၉.၅ အမျိုးသမီးများ၏ လူ့အခွင့်အရေးအတွက် မျက်မှောက်ခေတ် စိုးရိမ်စရာအချက်များ

၉.၆ နိဂုံး

အခန်း(၁၀)။ ကလေးသူငယ်ဆိုင်ရာ လူ့အခွင့်အရေး ၃၉၃

၁၀.၁ ကလေးသူငယ် အခွင့်အရေး

၁၀.၂ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC)

၁၀.၃ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုမှ ကာကွယ်ခြင်း

၁၀.၄ ပညာသင်ကြားခွင့်

၁၀.၅ သက်ငယ်ပြစ်မှုများအတွက် ပြစ်ဒဏ်စီရင်ခြင်း

၁၀.၆ ကလေးသူငယ်များနှင့် လုပ်အား

၁၀.၇ လက်နက်ကိုင် ပဋိပက္ခထဲမှ ကလေးငယ်များ

၁၀.၈ ဆယ်ကျော်သက် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အခွင့်အရေး

၁၀.၉ နိဂုံး

အခန်း(၁၁)။ လိင်နှင့် ကျား-မ ရေးရာ(ဂျန်ဒါ)မတူကွဲပြားမှု ၄၆၃

၁၁.၁ ခြုံငုံသုံးသပ်ခြင်း

၁၁.၂ ဝေါဟာရနှင့် အမျိုးအစားများ

၁၁.၃ အမှုအခင်းများ

၁၁.၄ အကြမ်းဖက်မှု

၁၁.၅ လိင်တူ၊ လိင်နှစ်မျိုးစလုံးကို ချစ်ခင်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူ နေထိုင်သူနှင့် နပုလိုင် (LGBTI) တို့ မြင်သာထင်သာရှိမှုနှင့် ၎င်းတို့၏ တက်ကြွ လှုပ်ရှားမှု

၁၁.၆ ပြည်သူ့မီဒီယာနှင့် အစိုးရဆင်ဆာ

၁၁.၇ ခွဲခြားနှိမ်ချဆက်ဆံခြင်း

၁၁.၈ လိင်တူချင်း ချစ်ခင်မှုကို အသိအမှတ်ပြုခြင်း

၁၁.၉ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူနေထိုင်ခြင်း (Transgender)

၁၁.၁၀ နပုလိုင်များ

၁၁.၁၁ နိဂုံး

အခန်း(၁၂)။ လူ့အခွင့်အရေးနှင့်ဖွံ့ဖြိုးမှု ၅၁၁

၁၂.၁ မိတ်ဆက်

၁၂.၂ ဖွံ့ဖြိုးမှု နိဒါန်းရေး

၁၂.၃ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်နှင့် ဖွံ့ဖြိုးမှု

၁၂.၄ လွတ်လပ်ခွင့်နှင့် စွမ်းဆောင်နိုင်စွမ်းဘက်မှချဉ်းကပ်မှုအရ ဖွံ့ဖြိုးမှု

၁၂.၅ ဆက်လက်ထွက်ပေါ်လာသော ဖွံ့ဖြိုးရေးရည်မှန်းချက်များ - MDGs နှင့် SDGs

၁၂.၆ လူ့အခွင့်အရေးအခြေပြုချဉ်းကပ်မှု (Human Rights-Based Approach - RBA)) ဖြင့် ဖွံ့ဖြိုးရေးမိတ်ဆက်

၁၂.၇ နိဂုံး

အခန်း(၁၃)။ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေး ၅၅၇

၁၃.၁ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးမိတ်ဆက်

၁၃.၂ အလုပ်သမားအခွင့်အရေးမှာ လူ့အခွင့်အရေး

၁၃.၃ စီးပွားရေးလုပ်ငန်းများ၏ တာဝန်ခံမှု

၁၃.၄ ကုလသမဂ္ဂရှိ တာဝန်ခံမှု
၁၃.၅ အရှေ့တောင်အာရှရှိ စီးပွားရေးလုပ်ငန်းများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ
၁၃.၆ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် လူ့အခွင့်အရေး
၁၃.၇ အလုပ်သမားများပြန်လည် သန်စွမ်းကြံခိုင်ရေးနှင့် လူမှုဘဝ အကာအကွယ်များ

အခန်း(၁၄)။ သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေး ၆၀၅
၁၄.၁ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်အရေးကို မိတ်ဆက်ခြင်း
၁၄.၂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများ
၁၄.၃ သန့်ရှင်းသော ပတ်ဝန်းကျင်ဖြစ်စေရေး တရားဥပဒေအရ အကာအကွယ်ပေးခြင်း
၁၄.၄ ဘေးကင်းသော၊ သန့်ရှင်းသော၊ ကျန်းမာရေးနှင့်ညီညွတ်သော၊ ရေရှည်ခံသော
သဘာဝပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့် အခွင့်အရေး
၁၄.၅ ရာသီဥတုပြောင်းလဲခြင်းနှင့် လူ့အခွင့်အရေး
၁၄.၆ နိဂုံး

အခန်း(၁၅)။ အရှေ့တောင်အာရှရှိ လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် မီဒီယာ ၆၄၇
၁၅.၁ မိတ်ဆက်
၁၅.၂ နိုင်ငံသားအခွင့်အရေး
၁၅.၃ ဒီမိုကရေစီကိုနားလည်ခြင်း
၁၅.၄ ဒီမိုကရေစီကိုရရန် လူ့အခွင့်အရေး
၁၅.၅ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်
၁၅.၆ လူ့အခွင့်အရေးနှင့် မီဒီယာ
၁၅.၇ နိဂုံး

List of Abbreviations ၇၁၃
About AUN-HRE ၇၁၆
About SEAHRN ၇၁၇
About SHAPE-SEA ၇၁၈

၁

လူအခွင့်အရေး၏ အခြေခံသဘောတရားများ

မိတ်ဆက်

လူအခွင့်အရေးဆိုသည်မှာ မည်သည့်အရာကို ဆိုသနည်း။ လူတစ်ဦးကို အဆိုပါ လူအခွင့်အရေးများက မည်သည့်အပြောင်းအလဲများ ဖြစ်စေနိုင်သနည်း။ လူအခွင့်အရေး ဆိုင်ရာ သဘောတရားများကို ပထမဆုံးအကြိမ် နားလည်ရန် ကြိုးစားသည့်အခါ အထက်ပါ မေးခွန်းများသည် အတွေ့မြင်ရဆုံး မေးခွန်းများဖြစ်သည်။ ထို့အတူ အရှေ့တောင်အာရှဒေသ၏ ဖြစ်ရပ်အခြေအနေနှစ်ခုကို စေ့ငုလေ့လာကြည့်ခြင်းအားဖြင့် အဆိုပါ မေးခွန်းနှစ်ရပ်ကို နားလည်လာနိုင်ပါသည်။

ဖြစ်စဉ် ၁

ထိုနေ့သည် သာမန်အတိုင်းသာ စတင်ခဲ့သည်။ အပြင်မှာ ပွက်လောညံနေသော်လည်း သေနတ်သံများ၊ အော်သံဟစ်သံများ မကြားခင်အချိန်အထိ အစောပိုင်းတွင် သင်မသိကျိုးကျဲ့ပြုထားသည်။ သင်နှင့်သင့်မိသားစုသည် အိမ်အပြင်သို့ အပြေးအလွှား ထွက်ကြည့်ရာ လက်နက်ကိုင်ထားသော အမျိုးသားအမျိုးသမီးများကို လမ်းမများပေါ်တွင် တွေ့ရသည်။ အရေးကြီးသောအရာများကိုယူကာ အိမ်များထဲမှ အမြန်ဆုံးထွက်ကြရန် သူတို့ကဆိုသည်။ သင်နှင့်သင့်မိသားစုတို့သည် အိမ်နီးချင်းများနှင့်အတူ သိုးများနွားများကျောင်းသလို အုပ်လိုက်ကြီး လမ်းများပေါ်တွင် သွားနေရသည်။ မြို့တော်တစ်မြို့လုံးကို နေရာရွှေ့ပြောင်းနေပြီဆိုသော သတင်းများလည်း ပြန့်နေသည်။ တစ်တိုင်းပြည်လုံး အုတ်အော်သောင်းတင်း ဖြစ်နေပြီဆိုတာတော့ သင်သိပါသည်။ သို့သော် တိုက်ပွဲများက သင့်အိမ်တံခါးဝရှေ့သို့ ရောက်လာမည်ဟုတော့ တစ်ခါမျှမတွေးဖူးခဲ့။ အမေရိကန်က တိုက်ခိုက်လာမည့် ဗုံးများမှကာကွယ်ရန်အတွက် ကမ္ဘောဒီးယားရှိ အဓိကမြို့ကြီးများကို ခမာတပ်များက နေရာရွှေ့ပြောင်းနေပြီဆိုသော သတင်းထွက်လာသည်။ ဗုံးသံများတိတ်သွားပြီး ရက်ပိုင်းအတွင်း အိမ်ပြန်လို့ရမည်ဟု သူတို့က သင်နှင့်သင့်မိသားစုကို ပြောပါသည်။ အားလုံးကို တာဝန်ယူကြည့်ရှုပါမည်ဟုပြောနေသည့် စစ်သားများက အနက်ရောင်ဝတ်ထားကာ လက်နက်ခဲယမ်း အစုံအလင် ကိုင်ထားကြသည်။ သူတို့ထဲက တော်တော်များများက ၁၆ နှစ်အရွယ်လောက်သာရှိကြမည်။ သို့သော် ဘယ်တော့မှ အိမ်ပြန်ရမည်မဟုတ်သည်ကို လာမည့်ရက်များအတွင်းခြံပင် ဖြည်းဖြည်းချင်း သင် နားလည်သွားပါသည်။

အားလုံးကို နေရာရွှေ့ပြောင်းခဲ့သော ၁၉၇၅ ခုနှစ် ဧပြီလ ၁၇ ရက်နေ့သည် နိုင်ငံတကာ မီဒီယာများကခေါ်ကြသော ပြောင်တလင်းခါနှစ် Year Zero ၏ ကနဦးဖြစ်ကြောင်း သင် နောက်ပိုင်း သိလာသည်။ သီတင်းပတ်များ၊ လများ ကုန်သွားသောအခါ သင့်ဘဝနေထိုင်ရပုံ အသစ်က သက်သေဖြစ်သည်။ မိမိကိုယ်ကို တစ်သီးပုဂ္ဂလအမြင်ဖြင့် တွေးခေါ်ရှုမြင်ခြင်းအား ရပ်တန့်ကာ ဘဝအသက်တာ ရှင်သန်မှု၏ ရည်ရွယ်ချက်မှာကား ဒီမိုကရက်တစ် ကန်ပူးချားနိုင်ငံတော်ကို တာဝန်ထမ်းဆောင်ရန်နှင့် အုပ်ချုပ်နေသော အာဏာရပါတီကို နာခံရန်ဖြစ်ကြောင်း ခမာတပ်များက သင့်ကို ပြောလာပါသည်။ အခြေအနေများအား မေးခွန်းထုတ်ခြင်း၊ ခမာနီတို့မဝင်ခင်အချိန်က ဘဝနေထိုင်မှုအကြောင်းကို ပြောဆိုခြင်းများမပြုရန် သင့်ကိုအကြိပေးထားသည်။ ထို့ထက်ပို၍ဆိုရလျှင် အရင်ဘဝဟောင်းကို လုံးလုံးလျားလျား မေ့ပစ်လိုက်ရန် သင့်ကိုအမိန့်ပေးထားပါသည်။ အဘယ့်ကြောင့်ဆိုသော် အန်ကာ(ပါတီ) သည် သင်နှင့် သင့်လူအဖွဲ့အစည်းအတွက် အကောင်းဆုံးသင့်တော်ရာကို သိသောကြောင့်ပေတည်း။ သင့်အိမ်၊ သင့်ပိုင်ဆိုင်မှုများကို သင်မပိုင်တော့။ ထိုအရာအကုန်လုံးကို ဒီမိုကရက်တစ်ကမ်ပူချားနိုင်ငံတော်က ပိုင်ဆိုင်သွားလေပြီ။ မည်သည့်အရာကိုမဆို ပိုင်ဆိုင်ထားခြင်းအား တားမြစ်ထားသည်။ နိုင်ငံခြားလွှမ်းမိုးမှုရှိသော အရိပ်အခြည်မှန်သမျှကို စနစ်တကျဖျက်ဆီးပစ်သည်။ ဆေးရုံများ၊ စက်ရုံများနှင့် ကျောင်းများကို ပိတ်လိုက်သည်။ ဘာသာရေးဆိုသည်မှာ တရားမဝင်တော့။ လက်ထပ်ထိမ်းမြားခြင်းသည် မိမိ၏ပုဂ္ဂိုလ်ရေးရွေးချယ်စရာမဟုတ်တော့။ ပညာတတ် ဆိုသူများကို သင်တို့ အုပ်စုကနေခွဲထားလိုက်ပြီး နောက်လည်း ထပ်မတွေ့ရတော့။ ပျောက်သွားကြသည်။ သင်ဘာအလုပ်အကိုင် လုပ်ခဲ့သည်ဖြစ်ပါစေ စပါးခင်းများထဲမှာ တစ်နေကုန်အလုပ်လုပ်ရသည်။ ရံဖန်ရံခါမှ နေ့စဉ်ရိက္ခာအဖြစ် ဆန်ပန်းကန်လုံး ၂ လုံးနှင့် ငါးပိတချို့ရသည်။

ငတ်ပြတ်ခြင်းနှင့် ရောဂါဖြစ်ပွားခြင်းတို့ကြောင့် ဘေးမှလူများတဖြုတ်ဖြုတ်သေနေကြသည်ကို သင် ထိုင်ကြည့်နေရသည်။ ယခုလို သေခြင်းနှင့် ပျက်စီးခြင်းမျိုးစုံတို့ ဘာကြောင့်ဖြစ်ရသနည်း ဆိုသည်ကို သင့်ကိုသင် မေးနေမိသည်။ ဘာကြောင့် ကမ္ဘောဒီယားသားတွေက ကမ္ဘောဒီးယားသားတွေကို သတ်နေကြပါသနည်း။

ဖြစ်စဉ် ၂

တက္ကသိုလ်ကျောင်းသို့ သွားရာလမ်းတွင် ကလေးအမေငယ်ငယ်လေးတစ်ဦးက ကလေးနှင့် အတူ ပိုက်ဆံတောင်းနေသည်ကိုတွေ့ရသည်။ ရဲသားတစ်ဦးကရောက်လာပြီး သူမကို ထွက်သွားရန် ပြောနေသည်။ ထိုအမျိုးသမီးသည် ရဲသားကို ပြန်လည်ကန့်ကွက်ပြောရန် ကြိုးစားရှာသည်။ သို့သော် ရဲသားကြီးပြောသော ဘာသာစကားကို မပြောတတ်ပေ။ နောက်ဆုံးတော့ ရဲသည် သူမကို ပလက် ဖောင်းပေါ်မှတွန်းချကာ လက်ဗလာဖြင့်ပင် ထွက်သွားစေခဲ့သည်။ အမျိုးသမီးသည် သူမ၏ကလေး နှင့်အတူ လမ်းဘေးတွင်တောင်းစားနေသူဖြစ်သည်။ သူတို့မိသားစုသည် ပိုမိုကောင်းမွန်သောဘဝကို ရရှိရန်အတွက် မြို့တော်ကြီးကို လာခဲ့ကြခြင်းဖြစ်သည်။ ယောကျ်ားဖြစ်သူကလည်း အလုပ်ကရှာမရ၊ ရှာမရတော့ စိတ်ညစ်ပြီး ဒေါသတွေထွက်၊ အရက်တွေအလွန်အကျွံသောက်ပြီး သူမကိုရိုက်သည်။ နောက်ဆုံးတော့ ကလေးရော သူမပါ လုံခြုံဘေးကင်းစေဖို့ ထွက်ပြေးခဲ့ရသည်။ လမ်းဘေးတွင် နေသည်။ တောင်းရမ်းစားသောက်သည်။

အမျိုးသမီးနှင့် သူ့ကလေးတို့ ထွက်သွားပြီးနောက် ယခုလို အဖြစ်ဆိုးမျိုးသည် ဒုက္ခတော ထဲမှာ အဆိုးဆုံးဟု ထင်ကောင်းထင်မိပေလိမ့်မည်။ တောင်းရမ်းစားသောက်သူများကို အကာအကွယ် ပေးသည့် ဒုစရိုက်ဂိုဏ်းများရှိသည်။ တောင်းစားသူများက အပြန်အလှန်အနေဖြင့် နေ့စဉ် ဝင်ငွေကို တစ်ဝက်ခွဲပေးရသည်။ ယနေ့တွင်အမျိုးသမီးလည်း ပိုက်ဆံ အလုံအလောက် မရသောကြောင့် တစ်ခုခု ဒဏ်ပေးခံရနိုင်ပေသည်။ ကလေးက နေထိုင်မကောင်းလို့ ဆေးကုရမည်ဆိုလျှင်လည်း မည်သို့လုပ်ရမည်နည်း။ နေ့စဉ် နို့ဝယ်တိုက်ရတောင် အနိုင်နိုင်ဖြစ်နေသည်။ အာဟာရ မလုံလောက် ခြင်းနှင့် အာဟာရမပြည့်ဝခြင်းတို့ကြောင့် ကလေးလည်း နေထိုင်မကောင်းဖြစ်နိုင်သည်။ ကိုယ့်နေရပ် ကိုယ် ပြန်မည်ဆိုပါစို့။ ခင်ပွန်းသည်နှင့်လမ်းခွဲထားသည့် အမျိုးသမီးကိုမိသားစုက ပြန်လက်ခံပါ့မလား ဆိုသည့် မေးခွန်းကလည်း မေးစရာရှိသည်။

အဆိုပါ ဖြစ်စဉ်နှစ်ခုသည် အလွန်အမင်းဆိုးရွားသော လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ ဖြစ်ကြသည်။ လူ့အဖွဲ့အစည်းတစ်ရပ်လုံးတွင် လူ့အခွင့်အရေး လုံးဝမရှိတော့သည့်အခါ မည်သည်တို့ ဖြစ်တတ်သည်ကို ခမာတပ်၏ ကမ္ဘောဒီးယားလူ့အဖွဲ့အစည်းကို လုံးဝဖြိုချလိုက်ခြင်း ဖြစ်စဉ်က ပြသခဲ့သည်။ ထိုအဖြစ်မှာ ရှားရှားပါးပါး ထိတ်လန့်စရာ သာဓကဖြစ်သလို မေးခွန်းများလည်း ပေါ်လာစေပါသည်။ ထိုကဲ့သို့သော ဖြစ်ရပ်မျိုးများ အဘယ်ကဲ့သို့ ပေါ်ပေါက်လာပါသနည်း။ ဘာများ မှားခဲ့ပါသနည်း။ အနာဂတ်တွင် ထိုကဲ့သို့ နိုင်လိုမင်းထက်မှုများ မဖြစ်ရလေအောင် ဘာများလုပ်နိုင် မည်နည်း။ ထပ်ဖြစ်နိုင်ပါသလား။ ကမ္ဘာကြီးက လူ့အခွင့်အရေးဆိုသည်ကို ကောင်းစွာ အသက်ဝင် အောင် မဖော်ဆောင်နိုင်သေးသည့် ထိုအချိန်တွင် ကမ္ဘောဒီးယား၌ ထိုကဲ့သို့သော လူသားမဆန်မှု ကြီးက ကမ္ဘောဒီးယား ခမာနီခေတ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းအမှားမျိုး ဖြစ်ခဲ့ပေသော်ငြား နောင် မဖြစ်စေရဟု အတော်များများက ဆိုကြသည်။

ဒုတိယဥပမာဖြစ်သော ကလေးအမေ ဒုက္ခရောက်နေသည့်ဇာတ်လမ်းသည် အရှေ့တောင်အာရှ မြို့ကြီးများအားလုံးနီးပါးတွင် နေ့စဉ်ဖြစ်ပေါ်နေသည့်အရာဖြစ်သည်။ သို့သော် ယခု မေးလိုသည့် မေးခွန်းသည်ကား "ဘာကြောင့်ဒါမျိုးဖြစ်ရသလဲ" မဟုတ်ပါ။ "အဆိုပါ ဒုက္ခရောက်ရသူများကို လူအခွင့်အရေးများကို အသုံးပြုကာ မည်သို့ကူညီကာကွယ်ပေးနိုင်မည်နည်း"ဟူ၍ ဖြစ်ပါသည်။ အရေးပါသော မေးခွန်းတစ်ရပ်မှာ "လူဆင်းရဲများကို လမ်းဘေးဆင်း တောင်းစားရသော အဆုံးစွန်ဆင်းရဲနွမ်းပါးမှုမှာ လူအခွင့်အရေးနှင့်သက်ဆိုင်ပါသလော။" သို့မဟုတ် "ဖွံ့ဖြိုးရေး၊ စီးပွားရေးနှင့် လူမှုဖူလုံရေးဆိုင်ရာပြဿနာ တစ်ရပ်မျှသာလော"ဟူ၍ ဖြစ်သည်။ "လူအခွင့်အရေးများသည် အထက်ပါပြဿနာများကိုဖြေရှင်းရန် အကူအညီဖြစ်ပါ၏လော။" သို့တည်းမဟုတ် "လူအခွင့်အရေးသည် လူအဖွဲ့အစည်းအတွင်းတွင်ရှိသော ဒုက္ခများကိုသာပြနေသည့် အရာထက်မပိုပြီလော"။ အထက်ပါအခြေအနေနှစ်ခုလုံးတွင် လူအခွင့်အရေးရှုထောင့်မှ မြင်တတ်ရန် အရေးကြီးပါသည်ဟု ယခုဖတ်စာအုပ်က အခိုင်အမာဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် လူတို့၏ နေ့စဉ်ဘဝများသည် လူအခွင့်အရေးများကို ကာကွယ်နေရခြင်းဖြစ်သောကြောင့်ပေတည်း။ လူအခွင့်အရေးဟု ဆိုလိုက်လျှင် အဆိုးဝါးဆုံးသော အခြေအနေများကို ဖော်ပြနေခြင်းသာမက လူအဖွဲ့အစည်းတစ်ရပ်က အားနည်းသောသူများကို ဆင်းရဲချမ်းသာ သန်စွမ်းမသန်စွမ်း ကလေးလူကြီးမရွေး မည်သို့ဆက်ဆံသည်၊ အရိုအသေပေးသည် ဆိုသည်ကိုလည်း ဖော်ပြအပ်သည်။ လူတို့၏ နေ့စဉ်ဘဝများသည် လူအခွင့်အရေးများကို ကာကွယ်နေရခြင်းဖြစ်သည်။ အစိုးရကဖြစ်စေ၊ လက်နက်ကိုင်အင်အားစုများကဖြစ်စေ၊ လူအဖွဲ့အစည်းအတွင်းမှ တန်ခိုးဩဇာကြီးသူတို့ကဖြစ်စေ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းတို့မရှိစေဘဲ လူအခွင့်အရေးကိုကာကွယ်ခြင်းနှင့် အကူအညီပေးခြင်းတို့အကြောင်းကို ယခုဖတ်စာက အသေးစိတ်ဖော်ပြထားပါသည်။

ယခုအခါအစိုးရများနှင့် လူအဖွဲ့အစည်းများသည် လူအခွင့်အရေးကို အထိုက်အလျောက်လက်ခံထိန်းသိမ်းလာကြခြင်းကို ထွေးရောယှက်တင် တွေ့ရှိရသည်။ ရွေးကောက်ပွဲများလည်း ပိုမိုလွတ်လပ်ပြီး မျှတလာသည်။ ဆင်းရဲနွမ်းပါးခြင်းကို အမြစ်မဖြတ်နိုင်သေးသော်လည်း ကျဆင်းခဲ့သည်။ မိန်းကလေးများလည်း ကျောင်းတက်နှုန်းမြင့်မားလာကာ အဆင့်မြင့်ပညာများ သင်ကြားလာသည်။ လူအတော်များများအတွက် ကျန်းမာရေးဝန်ဆောင်မှုများလည်း ရရှိလာသည်။ တစ်ချိန်တည်းမှာပင် အဆိုပါ အခြေခံအခွင့်အရေးများကို ချိုးဖောက်ခံရမှုများလည်း နေ့စဉ် သတင်းတွင်ပါနေဆဲဖြစ်သည်။ လူအများ မိမိတို့ပိုင်နယ်မြေများထဲမှ နှင်ထုတ်ခံရသည်။ ဒေသခံရပ်ရွာများကို စစ်သားများနှင့် ရဲများက ခြိမ်းခြောက်ကြသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် ရွှေ့ပြောင်းလုပ်သားများ ခေါင်းပုံဖြတ်ခံရသည်။ အမျိုးသမီးများအနိုင်ကျင့်ခံရသည်။ စုတ်စုတ်ပြတ်ပြတ် ခနော်နီခနော်နဲ့ ရပ်ကွက်များအတွင်း လူအများ နေနေရကာ မီးတောက်မီးလျှံများကြား သေဆုံးနေရသည်။ ကလေးများ ကျောင်းမတက်နိုင်ကြ။ ထိုကဲ့သို့သော အခြေအနေများကို ပြင်ဆင်နိုင်ရန်နှင့် ခမာခေတ်မှာကဲ့သို့ အဖြစ်အပျက်များ ထပ်မံမဖြစ်ကြစေရန် လုပ်ဆောင်ခြင်းသည် လူအများက ၎င်းတို့အခွင့်အရေးများကိုသိခြင်း၊ အစိုးရများက အဆိုပါအခွင့်အရေးများ ရရှိအောင်ဆောင်ရွက်ခြင်း၊ အစိုးရများက ကတိကဝတ်များကို တည်စေရန် နိုင်ငံတကာအသိုင်းအဝိုင်းက ထိန်းကွပ်တည့်မတ်ခြင်း စသည့် လူအခွင့်အရေးများနှင့် သိသိသာသာ မူတည်ဆက်စပ်နေပါသည်။

၁.၁ လူ့အခွင့်အရေးဆိုသည်မှာ အဘယ်နည်း။

လူ့အခွင့်အရေးများဆိုသည်မှာ အဘယ်နည်းဆိုသည့် မေးခွန်းအတွက် ခပ်လွယ်လွယ် အဖြေနှင့် ခက်ခဲနက်နဲသောအဖြေ နှစ်ခုလုံး ရှိပါသည်။ သို့သော် လူ့အခွင့်အရေးများဆိုင်ရာ အကောက်အယူများကို နားလည်ထားရန်လိုအပ်ပါသည်။ ရိုးရှင်းစွာဖြေရမည်ဆိုလျှင် စကားလုံး ကိုယ်နှိုက်က အဖြေကိုရှင်းပြပြီးဖြစ်သည်။ လူ့အခွင့်အရေးများဆိုသည်မှာ လူသားတစ်ဦးတွင်ရှိသော အခွင့်အရေးများဖြစ်ကာ အဘယ့်ကြောင့်ရှိရသနည်းဟု ဆိုပါလျှင် လူသားဖြစ်သောကြောင့်ဖြစ်သည်။ အခြားစကားလုံးများနှင့်ဆိုရလျှင် လူသားမျိုးနွယ်သည် လူသားဖြစ်ခြင်းကြောင့် တစ်စုံတစ်ရာ အတိုင်းအတာတစ်ခုအထိ လွတ်လပ်မှုနှင့် လူနေမှုအဆင့်အတန်းများကို ထိုက်တန်ပေသည်။ ခက်ခဲ ရှုပ်ထွေးသော အဖြေဟူသည်ကား လူ့အခွင့်အရေးများဆိုသည်မှာ မည်သည့်အခြေအနေတွင်ဖြစ်စေ၊ မည်သည့်နေရာတွင် နေကြသည်ဖြစ်စေ လူသားများကိုမည်သို့ ပြုမူဆက်ဆံသင့်သည် ဆိုခြင်းအား နိုင်ငံတကာအသိအမှတ်ပြု စံနှုန်းတစ်ခုသတ်မှတ်ထားခြင်းများဖြစ်သည်။ အဆိုပါအဓိပ္ပာယ်ဖွင့်ဆို ချက်အရ လူ့အခွင့်အရေးများဆိုသည်မှာ အခြေခံအားဖြင့် တရားဥပဒေဆန်ပြီး အစိုးရများနှင့် အဖွဲ့ အစည်းများအနေဖြင့် လူသားတို့၏ လွတ်လပ်မှုကိုကန့်သတ်ခြင်း သို့မဟုတ် မလိုလားအပ်သော ဖိစီးနှိပ်စက်မှုများ ပြုလုပ်ခြင်းတို့မဖြစ်ပေါ်လာစေရန် သေချာစေပါသည်။ အဆိုပါ အခွင့်အရေးများ ပြည့်ဝနေပါလျှင် လူအများအနေဖြင့် ဂုဏ်သိက္ခာပြည့်ဝသော အသက်တာတစ်ခုဖြင့် အသက်ရှင် နေထိုင်နိုင်ပါသည်။ နိုင်ငံတကာက အသိအမှတ်ပြုသော လူ့အခွင့်အရေးများသည် ကုလသမဂ္ဂ UN နှင့် အခြားအဖွဲ့အစည်းများတွင်ပြုလုပ်သော လက်ရှိ ငြင်းခုံဆွေးနွေးမှုများအတွင်း ဆက်လက် ကျယ်ပြန့်နေဆဲဖြစ်သည်။

လူသားတို့အတွက် မည်သို့ကာကွယ်ထောက်ပံ့ပေးသည်ကို ထောက်ရှု၍ လူ့အခွင့်အရေး များကို အောက်ပါအတိုင်း ဖော်ပြနိုင်သည်။

- လှုပ်ရှားမှုများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ခြင်း (ဥပမာ - ခရီးသွားလာခြင်း၊ မိမိတို့ ဖော်ထုတ်ပြသလိုသည်ကို ဖော်ထုတ်နိုင်ခြင်း သို့မဟုတ် ဘာသာတရားတစ်ခုကို ကျင့်ကြံ လိုက်နာနိုင်ခြင်း)
- အခြေအနေတစ်ခုခုမှ လွတ်မြောက်နိုင်ခြင်း (ဥပမာ - နှိပ်စက်ကလူပြုခံရမှုနှင့် ကျွန်ပြုခံရမှု)
- ဝန်ဆောင်မှုများကို ရယူခံစားပိုင်ခွင့် (ဥပမာ - ပညာရေး၊ ကျန်းမာရေး၊ မျှတသော ဥပဒေ စနစ်နှင့် အလုပ်လုပ်ပိုင်ခွင့်)
- မသန်စွမ်းများ၊ ကလေးများ၊ အမျိုးသမီးများနှင့် ဒုက္ခသည်များကဲ့သို့သော ထိခိုက်ခံရနိုင်ခြေ ရှိသော လူစုအတွက် အကာအကွယ်များရရှိခြင်း

အချုပ်အားဖြင့်ဆိုရလျှင် လူ့အခွင့်အရေးများသည် လူ့အဖွဲ့အစည်းအတွင်း ပြည့်ဝစွာပါဝင် နိုင်ပြီး ဂုဏ်သိက္ခာပြည့်ဝသော အသက်တာကိုရရှိ အသက်ရှင်နိုင်ရေးကို သေချာစေခြင်းဖြစ်သည်။ လူသားများ၏ကုံလုံမှုကို အသိအမှတ်ပြုကာ အကာအကွယ်ပေးရန်အတွက် လူ့အခွင့်အရေးများက သေချာစေခြင်းဖြစ်သည်။ လာမည့်အပိုင်းတွင် လူသားတစ်ဦးက လူ့အခွင့်အရေးများကို မည်သို့ ဆည်းပူးနိုင်သနည်း၊ ထိုအခွင့်အရေးများကို မည်သူတို့ကဆုံးဖြတ်နေသနည်း ဆိုသည်တို့ကို စေ့ငု ထားခြင်းဖြစ်သည်။

၁.၁.၁ လူသားဟု သတ်မှတ်ခြင်း

လူ့အခွင့်အရေးကို ရရှိခံစားနိုင်ခြင်းအတွက် မရှိမဖြစ် တစ်ခုတည်းသော လိုအပ်ချက်မှာ လူသားဖြစ်ခြင်းပေတည်း။ အရည်အချင်းအောင်မြင်မှု သို့မဟုတ် အသိပညာများ စသည့် အခြား အရာများ ရှိနေစရာမလိုပေ။ သာမန်ဘဝတွင် လူသားများကို တိရစ္ဆာန်များ သို့မဟုတ် အပင်များနှင့် ခွဲခြားရခြင်းမှာ သိပ်မခက်လှပေ။ မြင်သာသောဇီဝဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံက လူအများကို လူသားဟု သတ်မှတ်ပေးပါသည်။ သို့သော်လည်း မည်သည့်အချိန်တွင် လူသားဖြစ်ကာ၊ မည်သည့် အချိန်တွင် လူသားမဟုတ်တော့ဟု ဆုံးဖြတ်ရသည်ကား သိပ်မလွယ်ပေ။

မည်သည့်အချိန်တွင် လူသားဖြစ်လာသနည်း။

မည်သည့်အချိန်တွင် လူ့အသက်စတင်သနည်း ဆိုသည်နှင့်ပတ်သက်၍ ကမ္ဘာအနှံ့တွင် အားလုံးသဘောတူညီသည့် အဖြေကား မရှိပေ။ အချို့သော လူ့အဖွဲ့အစည်းများက မွေးဖွားသည်နှင့် အသက်တာစတင်ပြီဟု အခိုင်အမာဆိုကြသည်။ အချို့ကမူ ပဋိသန္ဓေတည်သည်နှင့် အသက်ရှင်သော အချိန်ဟု ယူဆကြသည်။ အချို့ကမူ မိခင်မပါဘဲ စတင် ရပ်တည်နိုင်သည့်အရွယ်တွင် လူသား ဖြစ်ပြီဟု သတ်မှတ်ကြသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးကိုကြည့်ကာ အချို့က လူ့အသက် တစ်ချောင်းဟု မြင်ကြသူများရှိသလို အချို့ကလည်း မိခင်နှင့်ကလေးအတွက် အသက်နှစ်ချောင်းဟု မြင်ကြသည်လည်း ရှိသည်။ လူ့အခွင့်အရေးအပေါ် လာသက်ရောက်မှုကလည်း နှစ်ခွဖြစ်လာသည်။ ပထမဦးစွာ ဥပဒေအရ သတ်မှတ်ထားခြင်းက ကိုယ်ဝန်ဖျက်ချခြင်းမှာ တရားဝင်မဝင် ဆုံးဖြတ်ပေး ပါသည်။ ဒုတိယအားဖြင့် ယင်းသို့သတ်မှတ်ခြင်းသည် မျိုးဆက်ပွားကျန်းမာရေးနှင့် မမွေးရသေးသော ကလေးနှင့်ပတ်သက်၍ မည်သို့လုပ်မည်ကို ဆုံးဖြတ်ပိုင်ခွင့်ဆိုသည့် ကိုယ်ဝန်ဆောင် အမျိုးသမီးအခွင့် အရေးဆိုင်ရာ အမျိုးသမီးအခွင့်အရေးများကို သိသာစွာ ဂယက်ရိုက်မှုရှိသည်။ (အပြည့်အစုံကို အခန်း ၈ တွင် ဖော်ပြထားပါသည်) သို့သော် မွေးလိုက်ပြီဆိုသည်နှင့် မည်သည့်နေရာတွင် မွေးသည် ဖြစ်စေ၊ လူ့အခွင့်အရေးကို သိသိမသိသိ လူ့အခွင့်အရေးနှင့် အလိုအလျောက် ထိုက်တန်ပြီးဖြစ်သည်။

မည်သည့်အချိန်တွင် လူသားမဟုတ်တော့ပြီနည်း။

မည်သည့်အချိန်တွင် လူ့အခွင့်အရေး ပြန်လည်ရုပ်သိမ်းခံရမည်နည်း ဆိုသည့် မေးခွန်းက လူသားတစ်ယောက် လူသားဖြစ်ခြင်းနှင့်ပတ်သက်သည့် နောက်ထပ် ဝိသေသတစ်ခုကို ရှင်းလင်းပြ ပါသည်။ သေဆုံးခြင်းဆိုသည်က ရှင်းလင်းသောအခြေအနေဖြစ်သည်။ အချို့သောလူများအတွက်မူ သေဆုံးပြီးသားလူနှင့် အသက်ရှင်နေသူအကြား ခွဲခြားရခြင်းက ခက်ခဲလျက်ရှိသည်။ တစ်ဦးဦးက ဦးနှောက်အလုပ်မလုပ်တော့ သို့မဟုတ် စိတ်ရောဂါများရှိနေခြင်း သို့မဟုတ် ဦးနှောက်ထိခိုက်နေ ခြင်းတို့ရှိလျှင် မည်သို့ဖြစ်မည်နည်း။ များပြားလှစွာသော ဒဏ်ရာဒဏ်ချက် ထိခိုက်မှုများရှိပြီးနောက် လူတစ်ဦးကို အသက်ရှင်အောင် ပြုထားခြင်းဆိုလျှင် မည်သို့ရှိမည်နည်း။ သို့မဟုတ် ၎င်းတို့ကို စိတ်ပိုင်း ဆိုင်ရာအရ မသန်စွမ်းသူများဟု သတ်မှတ်မည်ဆိုပါက သင့်လျော်ပါမည်လော။ ထိုမေးခွန်းများကို ဖြေကြည့်ခြင်းက လူသားဖြစ်တည်ခြင်း၏ လိုအပ်သောဝိသေသလက္ခဏာများကို ရှင်းလင်းဖော်ပြ ပါလိမ့်မည်။ ယေဘုယျအားဖြင့် သတ်မှတ်ထားသည်မှာ လူသားအဖြစ် တင်းပြည့်ကျပ်ပြည့် ခေါ် ထိုက်ရန် လူတစ်ဦးသည် စဉ်းစားချင့်ချိန်နိုင်သည့် အသိစိတ်ရှိရပါမည်။ လူသားတစ်ဦး ဦးနှောက်

သေဆုံးသွားခြင်း သို့မဟုတ် တွေးခေါ်နိုင်မှုမရှိတော့ခြင်းကြောင့် အသက်တာကို ထောက်ပံ့ပေးထားသော စနစ်များ ရပ်ဆိုင်းသွားပြီဟု ယူဆကြသည်။ နိုင်ငံအသီးသီးတွင် ယင်းသို့ ဆုံးဖြတ်ချက်များချရာတွင် မတူညီသောလုပ်ငန်းစဉ်များရှိလေရာ ယင်းသို့ ဆုံးဖြတ်ချက်များသည် လူနာအနေဖြင့် လူသားတစ်ယောက်အဖြစ် ရပ်တည်နိုင်သလော ဆိုသည်ကို (ကျန်းမာရေးဆိုင်ရာ အကြံဉာဏ်များ၊ မိသားစု၏ဆန္ဒနှင့် ကုသစရိတ် စသည်တို့ကို ဆွေးနွေးမှုများဖြင့်) ထည့်သွင်း စဉ်းစားရလေ့ရှိသည်။ ထို့ပြင် စဉ်းစားဆင်ခြင် ချင့်ချိန်နိုင်စွမ်းဖြင့် လူအဖွဲ့အစည်းထဲပါဝင်နိုင်ခြင်းကို လူသားဖြစ်ခြင်းဟု စဉ်းစားကြသည်။ တစ်ယောက်ယောက်သည် စိတ်ရောဂါကြောင့်ဖြစ်စေ၊ ဦးနှောက်ထိခိုက်မှုကြောင့်ဖြစ်စေ စဉ်းစားဆင်ခြင်ချင့်ချိန်နိုင်စွမ်း ဆုံးရှုံးသွားခဲ့လျှင် အစိုးရ သို့မဟုတ် အုပ်ထိန်းစောင့်ရှောက်သူက ၎င်းတို့၏အခွင့်အရေးများနှင့် တာဝန်ရှိမှုများအတွက် တာဝန်ယူပေးကြရသည်။ ထို့ကြောင့် အစိုးရများအနေဖြင့် ယင်းကို စဉ်းစားဆုံးဖြတ်နိုင်ရန် နည်းလမ်းတစ်ခုရှိသင့်ပြီး ဆုံးဖြတ်ပေးနိုင်သည့် အာဏာပိုင်အဖွဲ့ကို ခန့်အပ်ထားသင့်သည်။ ထိုသို့အခြေအနေများ ရှိမှသာ သက်ရောက်ခံစားရသူများအနေဖြင့် ၎င်းတို့အခွင့်အရေးများ မဆုံးရှုံးစေခြင်း သို့မဟုတ် အုပ်ထိန်းစောင့်ရှောက်ပေးသူများသို့ အဆိုပါ အခွင့်အရေးများပေးအပ်ခြင်းတို့ လုပ်ဆောင်နိုင်ပေမည်။ လူအဖွဲ့အစည်းအတွင်းဝင်ဝင်ဆံ့ပါဝင်နိုင်သည့် အရည်အသွေးမရှိတော့သူများအဖြစ် အသိအမှတ်ပြုလျက် အဆိုပါလူသားများ၏ အခြေခံအခွင့်အရေးများကို အကာအကွယ်ပေးသည့် ဥပဒေများကို အစိုးရများက ရှိထားရန် မျှော်လင့်ရပါသည်။ လူ့အခွင့်အရေးသဘောတရားအရ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း UDHR အပိုဒ် ၁ တွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း လူသားများအား စဉ်းစားချင့်ချိန်ပြုမူနိုင်သောသူများအဖြစ် ဆက်ဆံရပါမည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

အခွင့်အရေးများကို ယူဆောင်ဖယ်ရှားခြင်း

လူတစ်ဦးသည် ဦးနှောက်ထိခိုက်ခြင်း သို့မဟုတ် ပြင်းထန်သော စိတ်ဝေဒနာခံစားရခြင်းတို့ကြောင့် လူ့အဖွဲ့အစည်းအတွင်းဝယ် ကောင်းမွန်စွာ စဉ်းစားချင့်ချိန်နိုင်ခြင်းမရှိသည့်အခါ ၎င်းတို့ ကိုယ်ကို ဖြစ်စေ တစ်ပါးသူတို့ကိုဖြစ်စေ ထိခိုက်အောင်လုပ်နိုင်ခြေရှိပေရာ ထိုအရာအတွက် မေးစရာ မေးခွန်းများ ရှိလာသည်။ ကမ္ဘာအနှံ့တွင် ပြစ်ဒဏ်ကျူးလွန်သူတို့ကို ထောင်ချလေ့ရှိကြသည်။

မေးခွန်း။ ။ စိတ်မနှံ့သဖြင့် ၎င်းတို့ကို ထောင်သွင်းအကျဉ်းချထားသည်ဖြစ်စေ၊ ပိတ်လှောင်ထားသည်ဖြစ်စေ ၎င်းတို့၏ လူ့အခွင့်အရေးများ မဆုံးရှုံးပေပြီလော။ သို့ဆိုလျှင် လူ့အခွင့်အရေးသည် လူတိုင်းနှင့်ဆိုင်သည်ဆိုသည့် အဓိပ္ပာယ်က မဟုတ်တော့ပြီလော။

သို့ပါသော် အချုပ်ထဲရောက်နေစေကာမူ လူ့အခွင့်အရေး အတော်များများကို ရရှိရမည်ဖြစ်သည်။ အရေးကြီးသည့် အခြေခံအခွင့်အရေးများဖြစ်ကြသော အသက်ရှင်ခွင့်၊ နှိပ်စက်ညှဉ်းပန်းမှု၊ ကျွန်ပြုမှုမှ လွတ်မြောက်ပိုင်ခွင့်နှင့် ခွဲခြားမှုမရှိဘဲ ဆက်ဆံခံရပိုင်ခွင့်တို့ ရှိပါသည်။

၁.၁.၂ လူသားတို့၏ အခွင့်အရေးများ

အခွင့်အရေးများဆိုသည်ကို မှန်ကန်သော သို့မဟုတ် တရားမျှတသော ဟူ၍ အဓိပ္ပာယ် ကောက်ကြသည်။ အင်္ဂလိပ်ဘာသာစကားတွင် Right ဆိုသည့်စကားလုံး၌ အဓိပ္ပာယ်နှစ်မျိုးရှိပေရာ ထိုအဓိပ္ပာယ်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်ပါပေသည်။ သင့်တွင်အခွင့်အရေး Right ရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့အခွင့်အရေးရှိခြင်းဆိုသည်မှာ မှန်ကန်၍ (Right) ဖြစ်ပါသည်။ အခွင့်အရေးတစ်ခု ဆိုသည်မှာ လူတစ်ဦးက ပိုင်ဆိုင်သည်။ ပိုင်ဆိုင်ဖို့လည်း ထိုက်တန်သည်။ လူသားတို့သည် ၎င်းတို့မကြိုက်လိုသော အဖြစ်အပျက်များမှကင်းဝေးစေရန် အဆိုပါ အခွင့်အရေးတို့ကို သုံးပိုင်ခွင့်ရှိပါသည်။ ထို့ကြောင့် အခွင့်အရေးတစ်ခု၏ သဘောတရားများသည် ရိုးရှင်းပြီး ရှုပ်လည်းရှုပ်ထွေးပါသည်။ ရိုးရှင်းစွာဆိုရပါလျှင်မူ အခွင့်အရေးတစ်ခုသည် လူတစ်ဦးက မှန်ကန်စွာဖြင့် ထိုက်တန်သောအရာဖြစ်ကာ လွတ်လပ်စွာကျင့်သုံးပိုင်ခွင့်၊ အကာအကွယ်ရပိုင်ခွင့် ရှိပါပေသည်။ မျိုးစုံသော အခွင့်အရေးများစွာရှိပါသည်။ စားသုံးသူအခွင့်အရေး၊ ခရီးသွားပြည်သူအခွင့်အရေး၊ နိုင်ငံသားအခွင့်အရေး၊ ကြည့်ရှုသူအခွင့်အရေး၊ ပိုင်ဆိုင်ခွင့်အခွင့်အရေး၊ ကျောင်းသားအခွင့်အရေး၊ ပညာရှင်အခွင့်အရေး၊ ခရီးသွားအခွင့်အရေး စသည်တို့ဖြစ်သည်။ အဆိုပါ အခွင့်အရေးတစ်ခုစီသည် လူတစ်ဦးက တစ်စုံတစ်ရာကို ကျင့်သုံးပိုင်ခွင့်အား ဆိုလိုပါသည်။

ယင်းရှုပ်ထွေးသော အခွင့်အရေးများကို နားလည်အောင် ဆောင်ရွက်ရာတွင် ဝိသေသများစွာဖြင့် ရှိနေသည့် အခွင့်အရေးတစ်ခုချင်းစီကို ဥပဒေကြောင်းအရ ကောက်ယူနိုင်ပုံများ နားလည်ထားရပေမည်။ သို့မဟုတ် ထိုအခွင့်အရေးက အာမခံချက်ပေးထားသော အရာတစ်ခုခုနှင့် ဆက်စပ်နေလေ့ရှိသည်။ အဆိုပါဆက်နွယ်မှုများသည် ယင်းအခွင့်အရေးတွင်ပါဝင်သည့် အရာများဖြစ်ပြီး လူ့အခွင့်အရေးအတွက်မူ ဥပဒေများနှင့် သဘောတူညီမှုစာချုပ်များတွင် အသေးစိတ်ဖော်ပြထားပါသည်။ အခွင့်အရေးတစ်ခုစီတွင် အထူးဦးစားပေးခံရမှုပါဝင်သည်။ ဥပမာ - ကျောင်းသား တစ်ယောက်သည် စာသင်ခန်းထဲတွင် မေးခွန်းများမေးပိုင်ခွင့်ရှိသည်။ စာကြည့်တိုက်မှ စာအုပ်ငှားပိုင်ခွင့်ရှိသည်။ အတန်းအောင်ရန်အတွက် မျှတသောအခွင့်အလမ်းများရှိသည်။ ယာဉ်မောင်းတစ်ဦးသည် လမ်းများကို အသုံးပြုပိုင်ခွင့်ရှိသည်။ ခရီးသည်တစ်ဦးသည် အများသုံးဘတ်စ်ကားကို စီးပိုင်ခွင့်ရှိသည် အစရှိသဖြင့်ဖြစ်၏။

ဒုတိယအနေဖြင့် အခွင့်အရေးတစ်ခုသည် အဆိုပါအခွင့်အရေးကို ခိုင်မာအောင် ဆောင်ရွက်ပေးရန် တာဝန်ရှိသူ သို့မဟုတ် တာဝန်ရှိသည့်အရာနှင့် ဆက်စပ်ပါသည်။ ထိုသို့ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု မရှိပါလျှင် ထိုအခွင့်အရေးကို မရနိုင်ပေ။ ဆိုလိုသည်မှာ ဒုတိယပါဝင်သူ (နိုင်ငံတော်ဖြစ်စေ၊ ကုမ္ပဏီတစ်ခုဖြစ်စေ၊ တက္ကသိုလ်ဖြစ်စေ) က အခွင့်အရေးကို လေးစား၊ တာဝန်ယူရန် လိုအပ်သည်။ လူတစ်ဦးဦးကို အသက်ရှူခွင့်ဆိုပြီး ပေးရန်မလိုပေ။ အဘယ်ကြောင့်ဆိုသော် လေသည် ဖောချင်းသောချင်းပေါများစွာ ရှိနေသောကြောင့် ဖြစ်သည်။ သို့သော် လေထုကညစ်ညမ်းနေပြီး အသက်ရှူရခက်လာပြီ ဆိုလျှင်တော့ လူများ လတ်ဆတ်သောလေကို ရှူခွင့်ရရန်အတွက် တာဝန်ရှိသူများကို လိုအပ်လာချေပြီ။ ယင်းဖြစ်စဉ်ကို အခွင့်အရေးတစ်ခုအတွက် ဆက်စပ်တာဝန်ရှိခြင်းဟု ဆိုပါသည်။ နောက်အခန်းများတွင် ဆက်လက်ရှင်းပြပါမည်။

အခွင့်အရေးဆိုသည်မှာ လူသားတွင်မှရှိခြင်းမဟုတ်ပါ။ ကော်ပိုရေးရှင်းများတွင်လည်း အခွင့်အရေးနှင့်တာဝန်တို့ရှိပါသည်။ တိရစ္ဆာန်တွင်ပင် အခွင့်အရေးရှိသည်။ အခွင့်အရေးရှိသည် ဆိုသည်နှင့် လူသားများနှင့် တန်းတူအခွင့်အရေးဟုတော့ မဆိုနိုင်ပါ။ တိရစ္ဆာန်များ သို့မဟုတ် ကော်ပိုရေးရှင်းများကို အခွင့်အရေးရရှိစေရန်အတွက် တာဝန်ယူပေးရသူများရှိသည်ဟု ဆိုလိုပါသည်။ မဲပေးခြင်း၊ နိုင်ငံသားဖြစ်ခြင်းကဲ့သို့သော အခွင့်အရေးများပေးခြင်းဖြင့် တိရစ္ဆာန်များကို လူများနှင့် တန်းတူအခွင့်အရေး ပေးရမည်ဆိုသည်မှာကား အဓိပ္ပာယ်မရှိပေ။ သို့သော် မျှတစွာ ဆက်ဆံခံရပိုင်ခွင့်နှင့် လူသားတို့၏အနိုင်ကျင့်နှိပ်စက်ခြင်းမှ အကာအကွယ်ရပိုင်ခွင့်တို့ကိုတော့ ၎င်းတို့ လိုအပ်ပါသည်။ လူ့အခွင့်အရေးဆိုသည်မှာ အစိုးရ သို့မဟုတ် လူ့အဖွဲ့အစည်းက လူသားများကို အနိုင်ကျင့်နှိပ်စက်ခြင်းအား အကာအကွယ်ပေးသကဲ့သို့ တိရစ္ဆာန်အခွင့်အရေးများကလည်း လူသားတို့ တိရစ္ဆာန်များကို အနိုင်ကျင့်နှိပ်စက်ခြင်းမှ ကာကွယ်ခြင်းဖြစ်ပေရာ ထိုနေရာတွင်တော့ ခပ်ဆင်ဆင်ရှိပါသည်။

၁.၁.၃ လူ့အခွင့်အရေး၏ အခြေခံများ

ဥပဒေရေးရာ၊ လူ့ကျင့်ဝတ်ရေးရာနှင့် လူမှုရေးရာအခွင့်အရေးများ ပေါင်းစုကာ လူ့အခွင့်အရေးများကို ဖွဲ့စည်းထားခြင်းဖြစ်သည်။ အဆိုပါ အခွင့်အရေးသုံးမျိုးကို စေ့ငုကြည့်ရန်လိုပါသည်။ ပထမအနေဖြင့် လူ့အခွင့်အရေးကို ဥပဒေအရ သတ်မှတ်ပေးထားသော အခွင့်အရေးအဖြစ် ယူဆရမည်။ ဥပဒေအရ အကာအကွယ်ပေးထားသော ဥပဒေဆိုင်ရာ အခွင့်အရေးများစွာ ရှိပါသည်။ ဥပမာ လက်ထပ်ပိုင်ခွင့် သို့မဟုတ် ဥပဒေအရ ပိုင်ဆိုင်မှုရှိပိုင်ခွင့်တို့ဖြစ်သည်။ အစိုးရမင်းတို့သည် လူ့ကျင့်ဝတ်အရ ဖြစ်ခြင်းကြောင့်သာမက ဥပဒေအရ တာဝန်ရှိခြင်းကြောင့်ပါ လူ့အခွင့်အရေးကို လေးစားရပေမည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးများကို သဘောတူခြင်း သို့မဟုတ် ကုလသမဂ္ဂသို့ ဝင်ရောက်ခြင်းဖြင့် အစိုးရများသည် လူ့အခွင့်အရေးများအပေါ် တာဝန်ရှိသည်ဟု သဘောတူရပြီး အဆိုပါအခွင့်အရေးများသည်လည်း ဥပဒေများတွင် သက်ဝင်အခြေခိုင်နေစေရမည်။ လူ့အခွင့်အရေးများကို မှန်ကန်တရားလမ်းကြောင့်သင့်စေရန်နှင့် အသက်ဝင်စိုးမိုးစေရန်အတွက် ဥပဒေကို အခြေခံထားခြင်းက အလွန်အရေးပါပါသည်။ ဥပဒေကိုအခြေခံခြင်းအားဖြင့် အစိုးရနှင့် အခြားအဖွဲ့အစည်းများသည် ဥပဒေကြောင့် လူ့အခွင့်အရေးကို လေးစားရပေမည်။ အဆိုပါ ဥပဒေအရ တာဝန်ရှိမှုများ မည်သို့ပေါ်ပေါက်လာသည်၊ အစိုးရများက မည်သို့တာဝန်ယူ စောင့်ရှောက်ရသည်ကို အခန်း ၄ နှင့် ၅ တွင် ဖော်ပြထားပါမည်။

ဒုတိယအားဖြင့် လူ့အခွင့်အရေးများသည် လူ့ကျင့်ဝတ်စံနှုန်းအရ အခွင့်အရေးများလည်း ဖြစ်သည်။ သင့်မြတ်လျော်ကန်သော လူ့ကျင့်ဝတ်ဖြစ်သည်ဟု သတ်မှတ်ထားခြင်းကြောင့် အဆိုပါ အခွင့်အရေးများကလည်း တည်ရှိနေပါပေသည်။ ကျင့်ဝတ်စံနှုန်းကို အခြေခံသော အခွင့်အရေးများအားလုံးသည် ဥပဒေကိုအခြေခံခြင်းမရှိပေ။ အချို့သော အပြုအမူများသည် ကျင့်ဝတ်စံနှုန်းအရတော့ မဖြစ်သင့်သော်လည်း တရားမဝင်ဟုတော့ ဆို၍မရပေ။ (ဥပမာ - မိမိချစ်သူ လက်တွဲဖော်ကို လှည့်ဖျားခြင်း) အချို့သော ကျင့်ဝတ်စံနှုန်း အခွင့်အရေးများကို ဥပဒေအရ အကာအကွယ်ပေးထားသည်၊ ဥပမာ - လိင်အသားပေး အပြောကဲ့သို့သော မီဒီယာများကို အချို့နိုင်ငံများတွင် ပိတ်ပင်ထားခြင်းမျိုးဖြစ်သည်။ ကျင့်ဝတ်စံနှုန်းဆိုင်ရာ အခွင့်အရေးတစ်ခု ချိုးဖောက်ခံရလျှင်

လူအများက သတိထားမိလေ့ရှိသည်။ အဘယ့်ကြောင့်ဆိုသော် မည်သည်က မှန်သည် သို့မဟုတ် မည်သည်က မှားသည်ကို လူ့အဖွဲ့အစည်းအတွင်းဝယ် ပါဝင်သူများက တူညီသော ယုံကြည်မှုမျိုး ရှိတတ်ကြခြင်းကြောင့်ဖြစ်သည်။ ကျင့်ဝတ်စံနှုန်းဆိုသည်မှာလည်း ရံဖန်ရံခါ ယဉ်ကျေးမှုတစ်ခုနှင့် တစ်ခု မတူညီတတ်ပေ။ ဥပမာ - ကမ်းခြေတွင် မသင့်လျော်စွာ ဝတ်ဆင်ခြင်းဆိုသည်မှာ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှုများအပေါ် တစ်စိတ်တစ်ပိုင်း မူတည်ပါသည်။ ထို့ကြောင့်ပင် အရှေ့တောင်အာရှနိုင်ငံများသည် ဥရောပသားများ၏ ကမ်းခြေသွားဝတ်စုံအပေါ် မသင့်လျော်ဟု သတ်မှတ်ကြခြင်းဖြစ်သည်။ ယေဘုယျအားဖြင့် လူ့အဖွဲ့အစည်း အားလုံးနီးပါးသည် မည်သည်က ဖြစ်သင့်သည်၊ မည်သည်က လေးစားသည့်အမူအရာကိုပြသည် ဆိုသည့် တူညီသော ကျင့်ဝတ်ပိုင်းဆိုင်ရာ တန်ဖိုးထားမှုများ ရှိမြဲဖြစ်သည်။ လူကျင့်ဝတ်ဆိုင်ရာ ဘုံအခြေခံတူညီမှုရှာခြင်းသည် ခက်ခဲပေသော်ငြား လူ့အခွင့်အရေးဆိုင်ရာ ဒဿန အခြေခံ၏ အစိတ်အပိုင်းဖြစ်ပါသည်။ ကျင့်ဝတ်ဆိုင်ရာစံနှုန်းများသည် ဘယ်တော့မှ မပြောင်းသည့်အရာများတော့ မဟုတ်ကြပါပေ။ ချစ်ခင်စုံမက်ခြင်း၊ လက်ထပ်ခြင်း၊ လိင်မှုရေးရာပြုခြင်း စသည့် တန်ဖိုးထားမှုပုံစံများသည် ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း အတော်များများ ပြောင်းလဲခဲ့ပြီးဖြစ်သည်။ လူများအပေါ် လေးစားခြင်း ဆိုသည်ကား အခြေခံအားဖြင့်တော့ တစ်ကမ္ဘာလုံးတွင် အတူတူပင်ဖြစ်သည်။ လူသားများ၏ လုံခြုံအန္တရာယ်ကင်းမှု၊ အစိုးရ၏လူသားများအပေါ် ဆက်ဆံပြုမူပုံ စသည့် အရေးကြီးသောကိစ္စများတွင် ဖြစ်သည်။

သဘောတရားရေးရာ

အပြန်အလှန်သဘောကိုကျင့်ခြင်း

ကျွန်ုပ်တို့ကို သူတစ်ပါးက ကောင်းမွန်စွာ ဆက်ဆံစေချင်သကဲ့သို့ သူတစ်ပါးကိုလည်း ကောင်းမွန်စွာ ဆက်ဆံရမည် ဟူသောအချက်မှာ အပြန်အလှန် အတုံ့အလှယ်ထားရှိကြသည့် ကျင့်ဝတ်၏ သဘောကို ပြပြီး အများလက်ခံထားသည့် လောက၏စံနှုန်းတစ်ခုလည်း ဖြစ်သည်။ အဆိုပါကျင့်ဝတ်သည် သမိုင်းတွင်လည်း အမြစ်တွယ်ပြီးဖြစ်ကာ ကျွန်ုပ်တို့အပြန်အလှန်ဆက်ဆံနေရသူများနှင့် ကျွန်ုပ်တို့၏ ခံစားချက်များကို ချိတ်ဆက်ထားရာ ဖြစ်ပါသည်။ ဥပမာ -

- “ကိုယ့်အတွက်လည်း မဖြစ်စေချင်တာတွေကို တစ်ပါးသူတို့အတွက် မဖြစ်စေပါနဲ့” - ကွန်ဖြူးရှပ်
- “သင့်အိမ်နီးချင်းရဲ့ အောင်မြင်မှုကို သင့်အောင်မြင်မှုလို့ သဘောထားပြီး၊ သင့်အိမ်နီးချင်းရဲ့ ဆုံးရှုံးမှုကို သင့်ဆုံးရှုံးမှုလို့သဘောထားပါ” - လောင်ဇူ (တာအိုဝါဒ)
- “မိမိကိုယ်ကို ပြုမူသဘောထားသကဲ့သို့ သူတပါးကိုပြုမူပါ” - မဟာဘရတ ရှန်တီ ပါဗာ (ဟိန္ဒူ)
- “အကြင်သူသည် နာကျင်တတ်စေသော အရာဟု သိငြားအံ့၊ တစ်ပါးသူတို့ကို မပြုကြကုန်လင့်” - ဥဒါနဝဂ္ဂ (ဗုဒ္ဓဘာသာ)
- “မိမိမကြိုက်သောအရာကို တစ်ပါးသူတို့အားလည်း မလုပ်ကြနှင့်” - တိုဗစ် (ခရစ်ယာန်ဘာသာ)

- “သူတစ်ပါးက မိမိကို ပြုမူစေချင်သကဲ့သို့ သူတစ်ပါးအားလည်း ပြုမူလော့” - မက်သယူး ၇း၁၂ (ခရစ်ယာန်ဘာသာ)
- “မိမိကိုယ်မိမိ ချစ်ခင်သကဲ့သို့ ညီအစ်ကိုဖြစ်သူအား မချစ်ခင်သူသည် စစ်မှန်သော ယုံကြည်သူ မဟုတ်သေးပေ။’ - ဟာဒစ် ၁၃ (အစ္စလာမ်ဘာသာ)
- “မိမိကိုယ်ကိုချစ်ခင်သလို မိမိအိမ်နီးချင်းကိုလည်း ချစ်ခင်ပါ”- လီဗစ်တီဆက် (ဂျူးဘာသာ)
- “ဉာဏ်အလင်းရသူများသည်ကား တစ်ပါးသူကို ကြောက်စေသူမဟုတ်ကာ မိမိကိုယ်ကိုလည်း မည်သူကမှ ကြောက်စေသူ မဟုတ်ချေ” - ဗာဆာရန် (ဆစ်ခ်ဘာသာ)

တတိယအားဖြင့် လူ့အခွင့်အရေးများသည် လူသားတို့၏အသက်တာများ လုံခြုံစွာနှင့် ပျော်ရွှင်စွာဖြင့် လူ့အဖွဲ့အစည်းအတွင်းဝယ် အတူတကွ ရှိနိုင်ရန် ဆောင်ရွက်ပေးသော လူမှုရေးအခွင့်အရေးများ ဖြစ်ပါသည်။ ထပ်မံ၍ဆိုရလျှင် လူမှုအခွင့်အရေးများအားလုံးသည် ဥပဒေအရ အကာအကွယ်ပေးထားခြင်း မဟုတ်စေကာမူ (လူမှုကျင့်ဝတ်အရလည်း ပါဝင်ခြင်းမရှိပေ) ၎င်းတို့သည် လူ့အဖွဲ့အစည်း ကောင်းမွန်စွာ လည်ပတ်ရေးအတွက် သေချာစေပါသည်။ ဥပမာ - ဘဏ်တွင် တန်းစီခြင်း သို့မဟုတ် လိုင်းကားပေါ်တွင် နေရာဖယ်ပေးခြင်းတို့သည် ဥပဒေအရ သတ်မှတ်ထားခြင်း မဟုတ်ပေ။ ထို့ကြောင့် ၎င်းတို့သည် လူ့အခွင့်အရေးများလည်း မဟုတ်ပေ။ သို့သော် လူ့အဖွဲ့အစည်း ယဉ်ကျေးပျူငှာစွာ လုပ်ငန်းလည်ပတ်ရန်အတွက် အဆိုပါရေးသားထားခြင်းမဟုတ်သော စည်းမျဉ်းများကို လူသားများအား လိုက်နာစေလိုကြသည်။ လူမှုအခွင့်အရေးဆိုသည်မှာ ပညာရေးနှင့် ကျန်းမာရေးတို့ကဲ့သို့သော အစိုးရထံမှ မျှော်လင့်ခွင့်ရှိသည်များ ပါဝင်သကဲ့သို့ ရပ်ရွာတွင် နေထိုင်ခြင်းမှသည် ထွက်ပေါ်လာသော မျှော်လင့်လိုလားချက်များလည်း ပါဝင်သည်။ ဘဝကို ပိုမိုလွယ်လင့်တကူဖြစ်စေကာ နေပျော်စေသော ယဉ်ကျေးပျူငှာမှု၊ ခင်မင်ဖွယ်ရာကူညီမှု၊ သည်းခံမှု၊ ပျော်ရွှင်ရယ်မော တက်ကြွမှု စသည်တို့မှာလည်း လူမှုရေးအခွင့်အရေးများ ဖြစ်ကြပါသည်။ လူများအနေဖြင့် လုံခြုံစေရန်အတွက် လူမှုအခွင့်အရေးများ ဖော်ဆောင်ထားပြီး အဆိုပါလိုအပ်ချက်များ ပြည့်ဝစေရန်အတွက် လူ့အဖွဲ့အစည်း သို့မဟုတ် အစိုးရက လုပ်ပေးရသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

အခွင့်အရေးအမျိုးအစားများကို ခွဲခြားခြင်း

မေးခွန်းများ

၁။ သင်တို့နိုင်ငံတွင် အောက်ပါ မည်သည့်အခွင့်အရေးတို့ကို ချိုးဖောက်လျှင် အရေးယူခံရနိုင်ပါသနည်း။ (က) ဥပဒေအရ သတ်မှတ်ထားသော အခွင့်အရေးများ (ခ) ကျင့်ဝတ်ပိုင်းအရ သတ်မှတ်ထားသော အခွင့်အရေးများ (ဂ) လူမှုရေးဆိုင်ရာ အခွင့်အရေးများ နှင့် (ဃ) အထက်ပါအခွင့်အရေးများ ရောပြွမ်းထားသည့် အခွင့်အရေးများ။

၂။ သင့်အဖြေများက အခြား ASEAN တိုင်းပြည်များဆိုလျှင် မည်သို့ရှိမည်နည်း။

၃။ အောက်ပါအပြုအမူများကို လူ့အခွင့်အရေးအားဖြင့် ကာကွယ်ထားသင့်ပါသလား။

- ဇနီး၊ ခင်ပွန်းအပေါ်တွင် သစ္စာရှိခြင်း။

- အဝတ်အစားလဲသောအခန်းအတွင်း ဝတ်စုံဝတ်ကြည့်နေသူကိုချောင်းပြီးဓာတ်ပုံမရိုက်ခြင်း။
- အမှိုက်မပစ်ခြင်း။
- ကောက်ရသော ပိုက်ဆံအိတ်ကို ပိုင်ရှင်ထံသို့ ပြန်ပေးခြင်း။
- စျေးကြီးပေးပြီး ဆံပင်ပုံစံအသစ်ညှပ်လာသော သူငယ်ချင်းအား ရုပ်ဆိုးလိုက်တာဟု ပြောခြင်း။
- လမ်းရှာနေသူအား လမ်းညွှန်ပေးခြင်း။
- လိုင်းကားပေါ်တွင် သက်ကြီးရွယ်အိုအား နေရာဖယ်ပေးခြင်း။
- သူငယ်ချင်းအပေါ်တင်နေသော အကြွေးအား ပြန်ဆပ်ခြင်း။

လူ့အခွင့်အရေးအခြေခံနှင့်ပတ်သက်ပြီး သီအိုရီတစ်ခုကဆိုသည်မှာ လူ့အခွင့်အရေးများသည် သဘာဝနိယာမကလာသည်ဟုဆို၏။ အခွင့်အရေးများနှင့်တာဝန်များသည် သဘာဝတရားကဲ့သို့ပင် နေရာတိုင်းတွင် မလစ်မလပ် ပျံ့နှံ့တည်ရှိကြသည်။ ဥပဒေ၏ဆင်ခြင်တုံတရား စိုးမိုးသော သဘောနှင့် တွေးတောချိန်ဆနိုင်စွမ်းကိုလည်း လူသားသဘာဝထဲတွင် တွေ့နိုင်ပါသည်။ မွေးလာကတည်းက သိရှိလိုက်နာခဲ့ရသော လူမှုကျင့်ဝတ်ဆိုင်ရာစံနှုန်းများက ထွက်လာသည့် လူသားဂုဏ်သိက္ခာနှင့် အခြေခံအခွင့်အရေးများကဲ့သို့သော သဘောထားအမြင်များအပေါ် သဘာဝနိယာမက အခြေခံပါသည်။ ဥပမာ - အဆိုပါသီအိုရီအရ လူများသည် တစ်ဦးကိုတစ်ဦး မသတ်ကြရခြင်းမှာ ကျွန်ုပ်တို့၏ သဘာဝကို ဆန့်ကျင်နေသောကြောင့် ဖြစ်သည်။ မွေးကတည်းကသိခဲ့ရသော ကျင့်ဝတ်လူမှုတန်ဖိုးများတွင် သတ်ဖြတ်ခြင်းသည် မကောင်းဟု ယုံကြည်မှုတစ်ခု ရှိထားနှင့်သည်။ မည်သည့်အရာကကောင်းသည် မကောင်းသည်ကို ဖွားသိစိတ်ဖြင့် သိခဲ့ကြခြင်းဖြစ်သည်။ သဘာဝနိယာမဆိုသည်ကား လူသားအခြေခံဝိသေသများကို လေးစားထောက်ပံ့ပေးပါသော အခွင့်အရေးများနှင့် တာဝန်များကို စုစည်းထားသည်ဟု ဆိုရပေမည်။

သဘာဝနိယာမအတွေးအခေါ်သည်ကား အငြင်းပွားစရာလည်း ရှိပါသည်။ ပထမတစ်ခုမှာ သဘာဝအတိုင်း ဆိုသည့်အမြင်မှာ အချိန်နှင့်အမျှ ပြောင်းနေခြင်းဖြစ်ပါသည်။ ဥပမာ - လူမျိုးရေးခွဲခြားနှင့် ကျွန်စနစ်ကို ရှေးယခင်က သဘာဝနိယာမဆိုင်ရာ တွေးခေါ်ရှင်များက တရားမျှတသည်ဟု ယူဆခဲ့ကြပါသည်။ ယခုအခါ အများက လက်မခံကြတော့သော အမျိုးသမီးများသည် သဘာဝအရ အမျိုးသားများထက် နိမ့်သည်ဟု အကောက်အယူရှိခဲ့ပါသည်။ အမြင်တစ်ခုသည် အချိန်နှင့်အမျှ ပြောင်းသွားပြီး၊ လူအဖွဲ့အစည်းများအတွင်း မတူညီမှုများ ရှိနေသည့်အခါ ထိုအရာကို သဘာဝနိယာမဟု မဆိုနိုင်တော့ဘဲ လူမှုသဘောတရားတစ်ခုသာဖြစ်သွားပါသည်။ဒုတိယအားဖြင့်သဘာဝနိယာမသည် လူမှုကျင့်ဝတ်အရ ဘာသာရေးဆိုင်ရာ အတွေးအခေါ်များနှင့် ဆက်စပ်လေ့ရှိပြီး အထူးသဖြင့် ရိုမန်ကက်သလစ်ဝါဒနှင့်ဖြစ်သည်။ ထို့ကြောင့် သဘာဝနိယာမ မမြင်ကြသည်လည်း ရှိသည်။ လိင်တူချင်း ချစ်ခင်ဆက်ဆံခြင်းကို ၁၉ ရာစုဥပဒေများအရ သဘာဝအတိုင်းမဟုတ်ဟု မြင်ကြပြီး ယခုအခါ ထိုအမြင်ကို ကျယ်ပြန့်စွာ ငြင်းပယ်လျက်ရှိကြသည်။ ဖြည့်စွက်ပြောဆိုရလျှင် ဘာသာရေးတစ်ခု သို့မဟုတ် ဒဿနအမြင် မူဝါဒများကို အခွင့်အရေးများ၏ နောက်ခံအခြေအနေအဖြစ် အထူးပြုကြခြင်းများရှိသည်။ ဥပမာ - အခွင့်အရေးများသည် ဘုရားသခင်က နှင်းအပ်ထားသည်ဟု ဆိုခြင်းမျိုးဖြစ်သည်။ ထိုအခါ မေးစရာရှိလာသည်က မည်သည့်ဘုရားသခင်နည်း ဟူ၍

ဖြစ်သတည်း။ ဘုရားသခင်တိုင်းက ၎င်းတို့ပေးသည့် အခွင့်အရေးများကို စာရင်းပြုစုခဲ့ပါ၏လော။ ယင်းသို့ ဝိရောဓိများကြောင့် လူ့အခွင့်အရေးသုတေသနသမားများ၊ ကုလသမဂ္ဂကဲ့သို့သော အဖွဲ့အစည်းများ၊ လူ့အခွင့်အရေးတက်ကြွ လှုပ်ရှားသူများက လူ့အခွင့်အရေးသည် ပိုမိုတိကျကာ အသေးစိတ်သောပုံစံဖြင့်ရှိနေသည့် လူ့အခွင့်အရေးဆိုသည်မှာ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များတွင် ပါဝင်သော အချက်များအဖြစ် ရှုမြင်ကြပါသည်။

လူ့အခွင့်အရေးသည် သဘာဝနိယာမနှင့် ဆက်စပ်မှုများရှိသည်ဟု အခိုင်အမာ ငြင်းချက်များလည်း ရှိသည်။ ဥပမာ - လူသားဂုဏ်သိက္ခာ၊ တရားမျှတမှုနှင့် တန်းတူညီမျှခြင်း တို့ကို လူ့အဖွဲ့အစည်းတိုင်း လိုလားကြသည်ဟု ဆိုကြသည်။ သို့သော် ယနေ့အခါတွင် ဥပဒေအရ ဆိုသည့် အမြင်ကို ပိုမိုအားသန်လာကြသည်။ ဥပဒေအရဟု ယထာဘူတဝါဒီ အလိုတွင် လူ့အခွင့်အရေးသည် လူမှုတည်ဆောက်ပုံတစ်ခုဖြစ်ပြီး လူ့အခွင့်အရေးကို လူသားတို့က တည်ဆောက်ထားကာ လူသားတို့အား အထူးအခွင့်အရေးများနှင့် တာဝန်များပေးရန် ဖြစ်ပေသည်။ လူ့အခွင့်အရေးတို့သည် ဖွံ့ဖြိုးရေး၊ ပြောင်းလဲတိုးတက်ခြင်း၊ ပြန်လှန်စဉ်းစားခြင်းတို့ကို ဖွင့်ပေးထားသည်။ လူ့အခွင့်အရေးများကို ဥပဒေအရတည်ရှိစေခြင်း လိုလားချက်ကို ကန့်ကွက်သူများလည်း နောက်ပိုင်းတွင် အစိုးရ၏ လုပ်ဆောင်မှုများ ကောင်းမွန်ရန်အတွက် အစိုးရလုပ်ပိုင်ခွင့်များကို ကန့်သတ်ရန်အတွက် ဥပဒေများ ပြဋ္ဌာန်းရန် နားလည်သဘောတူလာကြသည်။ လူ့အခွင့်အရေးများသည် ခေတ်ပြိုင်လူ့အဖွဲ့အစည်း၏ ထုတ်ကုန်ဖြစ်ပြီး ယနေ့ခေတ် လူ့အဖွဲ့အစည်းများ၏ အရေးပြဿနာများနှင့် စိုးရိမ်မှုများကို ထင်ဟပ်စေပါသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

သဘာဝနိယာမနှင့် ဥပဒေရှုထောင့်လိုလားချက်တို့ နှိုင်းယှဉ်ခြင်း

သဘာဝနိယာမဆိုသည့်သဘောကို လိုလားသူတို့က အချို့သော ဥပဒေများသည် လူသားသဘာဝကို အခြေခံထားသည်ဟု ယူဆ၏။ တစ်ဖက်တွင်လည်း ဥပဒေအရဆိုသည်ကို လိုလားသူတို့က ဥပဒေများတည်ရှိနေရခြင်းမှာ လူသားများကရေးဆွဲထားပြီး လူအုပ်ကြီးအား လိုက်နာရန် သတ်မှတ်ပေးထားခြင်းကြောင့်ဖြစ်သည်ဟု ယူဆကြသည်။ ဥပမာ - ကျွန်ုပ်တို့ တစ်ဦးကိုတစ်ဦး မသတ်ဖြတ်ကြခြင်းမှာ ဥပဒေများက မလုပ်ကြရန် ပြောထားသောကြောင့် ဖြစ်သည်ဟု ပြန်ရှင်းပါသည်။

မေးခွန်း။ ။ မည်သည့်အမြင်က ပို၍လက်တွေ့ကျပါသနည်း။ ဥပဒေအရဆိုသည့် အမြင်ကို လိုလားသည်ရှိသော် ကျွန်ုပ်တို့ ကောင်းမှုများလုပ်နေခြင်းမှာ ဥပဒေကလုပ်ခိုင်း၍ ဖြစ်ပါသလော။ တန်းတူညီမျှခြင်းနှင့် တရားမျှတခြင်းကဲ့သို့သော အယူအဆများသည် လူ့အဖွဲ့အစည်းကို စနစ်တကျဖြစ်နေစေရန်အတွက် တီထွင်ထားခြင်းပေလော။ သဘာဝရားထိမှ ဥပဒေဖြစ်တည်လာသည်ဟု ယူဆခဲ့သည်ရှိသော် အခွန်၊ ကွာရှင်းပြတ်စဲမှု၊ ယာဉ်မောင်းခြင်း၊ စသည့် သဘာဝအတိုင်း ရှိခဲ့သည် မဟုတ်သော လှုပ်ရှားဆောင်ရွက်မှုများအတွက် ကျွန်ုပ်တို့တွင် အဘယ်ကြောင့် ဥပဒေများ ရှိနေရပါသနည်း။

လူ့အခွင့်အရေး၏ အခြေခံများသည် အပြည်ပြည်ဆိုင်ရာအယူအဆတစ်ခု ဖြစ်လာရန် အတွက် ကျယ်ပြန့်စွာထောက်ခံမှုလိုအပ်ပြီး မောင်းနှင်နေသောအရေးကြီးသည့် အင်အားစုများစွာ ရှိပါသည်။ နှစ်များစွာကြာမြင့်လာသည့်အခါတွင် လူမှုကျင့်ဝတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးလာရန်အတွက် ဘာသာရေးခေါင်းဆောင်များ၊ ကျင့်ဝတ်ရေးရာ ဒဿနိကဗေဒပညာရှင်များနှင့် ဥပဒေသမားများက အကူအညီပေးခဲ့သည်ကိုတော့ လက်ခံရပေမည်။ ကမ္ဘာအနှံ့ ဘာသာတရားများက ကျင့်ဝတ်ပိုင်း ဆိုင်ရာစံနှုန်းများ ဖွံ့ဖြိုးလာစေရန် ကူညီခဲ့ကြသည်။ အမှန်တကယ်တွင်လည်း ယဉ်ကျေးမှုတိုင်းက အခြားသူများအပေါ် ပြုမူဆက်ဆံရာတွင် အကြမ်းဖက်မှု၊ ဆက်နွယ်ဆက်ဆံရေး၊ ရိုးသားဖြောင့်မတ်မှု သို့မဟုတ် တစ်ပါးသူ မပြုလုပ်လိုသည်ကို အဓမ္မလုပ်ဆောင်စေခြင်း စသည့် မှန်ကန်ခြင်း၊ မှားယွင်း ခြင်းတို့ကို ခွဲခြားရန် တန်ဖိုးထားမှုများကို ထည့်သွင်းပေးခဲ့သည်။ အဆိုပါစံနှုန်းများကို အားလုံး တစ်သားတည်းဖြစ်စေရန်အတွက် လုပ်ဆောင်ရသည့် အချက်များရှိပါသည်။ (၁) လူ့အခွင့်အရေး များကို နိုင်ငံတကာဥပဒေအဖြစ် ပြဋ္ဌာန်းခြင်း၊ (၂) နိုင်ငံတကာဥပဒေများကို အသက်ဝင်စေရန် အတွက် ဆောင်ရွက်ရသော ကုလသမဂ္ဂ UN စနစ်အတွင်းသို့ နိုင်ငံတိုင်း အကြွင်းမဲ့ပါဝင်စေခြင်း (၃) လူ့အခွင့်အရေး၏စံနှုန်းများကို နိုင်ငံများကလိုက်နာကြခြင်းတို့ဖြစ်သည်။ ၎င်းတို့ လိုလား အဆိုတင်ပြနေသော လူ့အခွင့်အရေးများနှင့် တန်ဖိုးထားမှုများသည် နိုင်ငံတကာသဘောတူညီမှု များ၏ ရလဒ်များဖြစ်ကြသည်။ ကုလသမဂ္ဂနှင့်အစိုးရများ၏ အကောက်အယူများ ဖြစ်ခြင်းသာမက လူသားအချင်းချင်း ဆက်ဆံမှုဆိုင်ရာစံနှုန်းများ သတ်မှတ်နိုင်ရေးအတွက် ရာစုနှစ်ပေါင်းများစွာ ရုန်းကန်ကြိုးစားခဲ့ရခြင်း၏ ရလဒ်အဖြစ်လည်း ယနေ့တည်ရှိနေခြင်း ဖြစ်ပါသည်။

လူ့အခွင့်အရေးများသည် ပြည်တွင်းရေးဆိုသည့်အချက်မှသည် အလုံးစုံ အားလုံးသဘော ဆောင်သည့် ဥပဒေရေးရာစံနှုန်းတစ်ခုအဖြစ် ပြောင်းလဲသွားရန် သိသာမြင်သာသောအချက်တစ်ခုမှာ ဒုတိယကမ္ဘာစစ်မှ ကြောက်မက်ဖွယ်ရာ အနိဋ္ဌာရုံများ ဖြစ်ကြပါသည်။ ထိုကာလမတိုင်ခင်ကတည်းက နိုင်ငံအတော်များများတွင် အခွင့်အရေးများ ရှိပြီးဖြစ်သော်လည်း ဘာသာတရား၊ အခြေခံဥပဒေ၊ ယဉ်ကျေးမှုကိုလိုက်၍ အပြောင်းအလဲများရှိခဲ့ပြီး အားလုံးလွှမ်းခြုံသည့် အလုံးစုံသဘောတော့ မဆောင်ခဲ့ပါပေ။ ထို့ပြင် ဖြစ်စဉ်အတော်များများတွင် အဆိုပါ အခွင့်အရေးများသည် လူတချို့အတွက်သာ ဖြစ်နေသည်။ လူ့အခွင့်အရေးသည် လူတိုင်း၏အခွင့်အရေး ဖြစ်မနေသည့်သဘော ဖြစ်၏။ လူနည်းစုအစုအဖွဲများ၊ နိုင်ငံသားမဟုတ်သူများ အမျိုးသမီးများမှာ အခွင့်အရေးများ မရခဲ့ကြပေ။ ထို့ပြင် ယင်းအခွင့်အရေးရရှိမှုကလည်း အခွင့်အရေးပေးထားသည့် တိုင်းပြည်၏ နယ်နိမိတ်အတွင်း၌သာ ရှိပေတော့သည်။ (အင်္ဂလန်နှင့် အမေရိကန်ပြည်ထောင်စုရှိ အခွင့်အရေး ဆိုင်ရာ ကြေညာချက်များသည် အဆိုပါတိုင်းပြည်များအတွင်းတွင်သာ အသုံးပြုခြင်းဖြစ်သည်) ဒုတိယ ကမ္ဘာစစ်အတွင်းတွင် အမျိုးသားရေးဆိုရှယ်လစ်ဝါဒခေါင်းစဉ်ဖြင့် ရပ်တည်သော ဂျာမနီကဲ့သို့ အစိုးရများသည် လူသားတိုင်းအခွင့်အရေးရှိသည်ဆိုသော သတ်မှတ်ချက်ကို မျက်ကွယ်ပြုခဲ့ကာ ဂျူးများ၊ ဂျစ်ပစီများ၊ နိုင်ငံရေးအတိုက်အခံများနှင့် လိင်တူချစ်သူများကို လူသားမဟုတ်သည့်သဖွယ် ဆက်ဆံခဲ့ကြပါသည်။ ၎င်းတို့၏အခွင့်အရေးများကို ဖယ်ရှားခဲ့ပြီး သန်းပေါင်းများစွာ အသက်ဆုံးရှုံး ခဲ့ရသည်။ ဥပဒေအရဆိုလျှင် ကျန်ကမ္ဘာနိုင်ငံများ လုပ်နိုင်သည်မှာ အနည်းငယ်သာရှိခဲ့ပြီး တုန့်ပြန်ရန် အတွက်လည်း စိတ်ဝင်စားမှု နည်းပါးခဲ့သည်။ သို့သော် ကာလကြာရှည်လာသည့်အခါတွင် အစုလိုက် အပြုံလိုက် လူသတ်ပွဲကြီး၏ ကြောက်မက်ဖွယ် အနိဋ္ဌာရုံကြောင့် လူ့အခွင့်အရေးများကို နိုင်ငံတိုင်းက ဘုံအလုံးစုံ စံသတ်မှတ်ချက်အဖြစ် ဥပဒေအရထိန်းချုပ်ထားရန် လိုအပ်သည်ဟု ဆွေးနွေးရန် စိတ်ဝင်

စားလာခဲ့ကြသည်။ ဆိုလိုသည်မှာ ယင်းသို့ ဖြစ်ရပ်ဆိုးများ ထပ်မံဖြစ်ပွားလာပါက ယင်းဖြစ်ရပ်သည် ဥပဒေကိုချိုးဖောက်ခြင်းဖြစ်ကာ နိုင်ငံတကာအသိုင်းအဝိုင်း၏ တန်ပြန်ဆောင်ရွက်မှုများကို ကြုံရနိုင်ပေသည်။

၁.၂ လူအခွင့်အရေးရှိ အခြေခံဝိသေသ လက္ခဏာများနှင့် သဘောတရားများ

လူအခွင့်အရေးတွင် အခြားသောအခွင့်အရေးများနှင့် ခွဲခြားထားပြီး လူထုကို ကာကွယ်ကာ အားပေးမြှင့်တင်ပေးရာတွင် မရှိမဖြစ် ဝိသေသလက္ခဏာအနည်းငယ် ရှိပါသည်။ အဆိုပါ ဝိသေသများကြောင့် လူအခွင့်အရေးသည် ပိုမိုထူးကဲလာပြီး အခြား မည်သည်နှင့်မျှမတူသော အနေအထားကိုရရှိစေပြီး အခြားအခွင့်အရေးပုံစံများနှင့် ခြားနားစေပါသည်။

၁.၂.၁ ကမ္ဘာလုံးဆိုင်ရာ အခြေခံမူဖြစ်မှု

ယေဘုယျအားဖြင့် အခွင့်အရေးများဆိုသည်မှာ မည်သည့်နေရာ၊ မည်သည့်အချိန်တွင်ကျင့်သုံးရသည်ဟူသည့် ကန့်သတ်ချက်ရှိပါသည်။ သို့သော် လူအခွင့်အရေးဟူသည်ကား အဆိုပါကန့်သတ်ချက်မရှိပါ။ ၎င်းတို့သည် အမြဲတမ်းလွှမ်းခြုံနိုင်သည့် သဘောတရားရှိပါသည်။ လူအခွင့်အရေး ရရှိရန်အတွက် ကမ္ဘာပေါ်ဝယ် လူဖြစ်ခြင်းဆိုသည်ကပင် လုံလောက်ပြီး ဖြစ်ပါသည်။ လူအခွင့်အရေးသည် နိုင်ငံသားဖြစ်မှု၊ ထိုအခွင့်အရေးများကို အသိအမှတ်ပြုထားသော နယ်နိမိတ်တစ်ခုအတွင်းတွင် နေထိုင်အသက်ရှင်မှုပေါ် မူတည်နေခြင်းမရှိပါ။ တစ်နည်းနည်းဖြင့် ကန့်သတ်ထားသော အခြားအခွင့်အရေးများနှင့် လူအခွင့်အရေးက ထိုနေရာတွင် ကွဲပြားပါသည်။ ဥပမာ - ကျောင်းသားအခွင့်အရေးရရှိရန်အတွက် ကျောင်းတက်နိုင်သည့် အသက်အရွယ်ရှိရန်လိုသည်။ မဲပေးပိုင်ခွင့်အတွက် နိုင်ငံသားဖြစ်ရန်လိုပါသည်။ ကာလနေရာ အခြေအနေမရွေးမှု Universality က လူတစ်ဦးတစ်ယောက်ချင်းစီတွင် နေရာတိုင်း၌ လူအခွင့်အရေးရှိကြောင်း သေချာစေပါသည်။

Universality
ကမ္ဘာလုံးဆိုင်ရာအခြေခံမူဖြစ်မှု

လူအခွင့်အရေးသည် ကာလဒေသ အခြေအနေမရွေးမှု ကမ္ဘာလုံးဆိုင်ရာ အခြေခံမူ ဖြစ်သည်ဆိုသည့် အဓိပ္ပာယ်မှာ လူတိုင်းသည် လူအခွင့်အရေးနှင့် ထိုက်တန်သည်ဟု အဓိပ္ပာယ် ရပါသည်။ မည်သည့်နေရာတွင် ဖြစ်စေကာမူ လူသားတိုင်းအတွက် လူအခွင့်အရေး ရှိသင့်ပါသည်။

လွှမ်းခြုံသည့် လူအခွင့်အရေးဆိုသည့် သဘောတရားသည် လူတိုင်း တူညီသောအခွင့်အရေးရှိသည်ဟုတော့ အဓိပ္ပာယ်မရပါ။ လူတိုင်းတွင် လူအခွင့်အရေးရှိသည်၊ ရရှိထိုက်သည်။ သို့သော် ရှင်းလင်းတိကျသော ပေါင်းစပ်ဖွဲ့စည်းမှုအရ ကြည့်မည်ဆိုလျှင် အဆိုပါ ရရှိထိုက်သည့် သဘောသည် (၁) ထိုပုဂ္ဂိုလ်မည်သည့်နေရာတွင်ရှိနေသနည်း၊ (၂) မည်သူတို့ဖြစ်သနည်း (၃) မည်သည့်အခွင့်အရေးများ ရှိနေသနည်း စသည်တို့ပေါ်လည်း မူတည်ပါသေးသည်။ တစ်ဖက်ကကြည့်လျှင် အခြေခံလူအခွင့်အရေးများသည် လူတိုင်းအတွက် တူညီပြီး လူတစ်ဦးခံစားရရှိနိုင်သည့် အခွင့်အရေးများသည် အချက်အလက်အချို့အပေါ် မူတည်ပါသည်။ အချို့သောဖြစ်စဉ်များတွင် ရှင်းလင်းစွာ မြင်ရနိုင်ပါသည်။ ကလေးများတွင် ကလေးဆိုင်ရာ လူအခွင့်အရေးများရှိပါသည်။ အမျိုးသမီးများတွင် အမျိုးသမီးနှင့်သက်ဆိုင်သော လူအခွင့်အရေးများ ရှိပါသည်။ လူသားတစ်ဦးအနေဖြင့် ၎င်း၏ အခွင့်အရေးများကို ရနိုင်စေရန်မူ (အစိုးရတိုင်းသည် တူညီသောအခွင့်အရေးများကို သဘောမတူကြသည်ရှိ၍ကား) မည်သည့်တိုင်းပြည်တွင် ရှိနေသနည်းပေါ် မူတည်သေးပြီး၊ နိုင်ငံသားများသည် နိုင်ငံသားမဟုတ်သူများနှင့် မတူညီသောအခွင့်အရေးများ ရှိသေးသည် ဖြစ်ပေ၏။ (အမျိုးသမီး၊ ကလေး၊ လူနည်းစုနှင့်မသန်စွမ်း စသူတို့နှင့်ဆက်စပ်သော အခွင့်အရေးများရှိသကဲ့သို့) အသက်အရွယ်အပိုင်း

အခြားနှင့် ကျား မ ကွဲပြားမှုပေါ်တွင်လည်း မူတည်ပါသေးသည်။ နောက်ဆုံးအနေဖြင့် အခွင့်အရေး ရရှိမှုသည် အခြေအနေပေါ်လည်း မူတည်ပါသေးသည်။ (ဥပမာ- ပဋိပက္ခဖြစ်နေသော အခြေအနေများတွင် အခွင့်အရေးများ ပြောင်းသွားတတ်ပါသည်)

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

ကမ္ဘာလုံးဆိုင်ရာအခြေခံမူဖြစ်မှု

အမျိုးသမီးတစ်ဦးသည် ခင်ပွန်းဖြစ်သူ၏ အနိုင်ကျင့်နှိပ်စက်မှုကို ပုံမှန်ခံနေရသည်ဆိုပါစို့။ ယင်းသို့ဖြစ်ပွားမှုကလည်း သူမ၏ လူ့အဖွဲ့အစည်းတွင် ဖြစ်နေကျဖြစ်ကာ ယဉ်ကျေးမှု၏ အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်နေပေသည်။ သူမသည် ထိုကိစ္စကို ပြဿနာရှိနေကြောင်း မဆိုပါ။ အိမ်တွင်းအကြမ်းဖက်မှုသည် ဖြစ်နေကျကိစ္စဟူ၍ လူတိုင်းက လက်ခံပြီးသားဖြစ်၍ မည်သူကိုမှလည်း ရပ်ရွာထဲတွင် တိုင်တောရမည့်သူလည်း မရှိပေ။ ယဉ်ကျေးမှုအစဉ်အလာအရ ခင်ပွန်းဖြစ်သူသည် သူမကို ရိုက်နှက်နိုင်သည်ဟု ဇနီးက ယုံကြည်ထားပြီး သူမ ကိုယ်တိုင်က ရဲကို သွားမတိုင်ခဲ့ပေ။

မေးခွန်း။ ။ ယင်းသို့သော အခြေအနေအရ ခင်ပွန်းဖြစ်သူသည် ဇနီးကိုရိုက်နေခြင်းဟာ ခွင့်ပြုသင့်ပါသလော။ ထိုအရာသည် ရာဇဝတ်မှုပေလော။ ထိုအရာသည်လူ့အခွင့်အရေး ချိုးဖောက်ခြင်းပေလော။ ကမ္ဘာလုံးဆိုင်ရာ လွှမ်းခြုံလက်ခံသည့် လူ့အခွင့်အရေး၏သဘောတရား ယူဆချက်အရ ထိုအမျိုးသမီးသည် လူ့အခွင့်အရေးကို မသိသည့်တိုင်အောင်၊ လူ့အခွင့်အရေးကို သဘောမတူသည့်တိုင်အောင် ထိုအမျိုးသမီးတွင် လူ့အခွင့်အရေးရှိပါသည်။ အမျိုးသမီး၏ အကြမ်းဖက်မှုမှ အကာအကွယ်ရပိုင်ခွင့်သည် နေရာ အချိန် အခြေအနေမရွေး universal သဘောဆောင်ကာ တစ်ဦးတစ်ယောက်ကလည်း ယူဆောင်သွားပိုင်ခွင့်မရှိဘဲ ငြင်းဆန်ခံရခြင်းလည်း မရှိစေရပေ။ သူမအနေဖြင့် အကာအကွယ်မရခြင်းမှာ ယင်းသို့ ဆက်ဆံခံရခြင်းကို လက်ခံနေရန်အတွက် လူအများက ပြောကြသောကြောင့်ဖြစ်သည်။ သူမက ရဲသွားမတိုင်သဖြင့် ရာဇဝတ်မှုမဖြစ်သည် ရှိသော်လည်း အဆိုပါ အနိုင်ကျင့် ဖိနှိပ်မှုသည် သူမ၏အခွင့်အရေးကို ချိုးဖောက်ခြင်းပင် ဖြစ်ပါသည်။ တစ်နည်းဆိုရသော် သူမက သဘောတူတူ မတူတူ သူမကို အကြမ်းဖက်ခြင်းသည် ချိုးဖောက်ခြင်းဟုပင် ယူဆရမည် ဖြစ်ပါသည်။

မေးခွန်း။ ။ သူမ၏ယုံကြည်မှုထဲသို့ ပြည်ပမှတန်ဖိုးထားမှုများ ထည့်သွင်းခြင်းပေလော။ ထိုရပ်ရွာ၏ပြင်ပမှ သူတစ်ဦးအနေဖြင့် ရောက်လာကာ ထိုသို့ဖြစ်နေသည့် ယဉ်ကျေးမှုသည် မှားယွင်းပါကြောင်း၊ ယုံကြည်မှုကိုပြောင်းသင့်ပါကြောင်းနှင့် နိုင်ငံတကာစံနှုန်းအသစ်အတိုင်း ကျင့်သုံးသင့်ပါကြောင်း ပြောပိုင်ခွင့်ရှိပါသလော။

အချို့သောပုဂ္ဂိုလ်များ ဆိုကြသည်မှာကား လူ့အခွင့်အရေးများဆိုသည်မှာ နိုင်ငံခြားကျင့်ဝတ်စံနှုန်းများနှင့် လူ့ကျင့်ဝတ်စနစ်များကို တစ်ပါးသူတို့ ယဉ်ကျေးမှုပေါ်သို့ တင်သွင်းသည်ဟူ၍ ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းအတွင်းမှ လူတိုင်းက သဘောတူထားသည့် လူမှုထုံးတမ်းတစ်ခုကမှားနေပြီး လူ့အခွင့်အရေးကိုချိုးဖောက်နေသည့်အခါ ယင်းသို့ပြောဆိုချက်က မှန်ကောင်းမှန်ပေလိမ့်မည်။ (ဥပမာ-မိန်းကလေးများ ကျောင်းသွားခြင်းကို တားမြစ်ထားသကဲ့သို့ ဖြစ်သည်။) သို့သော်

လူအခွင့်အရေး၏ကမ္ဘာလုံးဆိုင်ရာ ကြေညာစာတမ်း (၁၉၄၈) ကို ကိုးကားထားသည်။ ဤကြေညာစာတမ်းသည် လူတိုင်းအတွက် အခြေခံလူ့အခွင့်အရေးများကို ကာကွယ်ရန် ကမ္ဘာ့နိုင်ငံများ ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည့် ပထမဆုံးသော ကမ္ဘာလုံးဆိုင်ရာ ကြေညာစာတမ်းဖြစ်သည်။ ဤကြေညာစာတမ်းသည် ကမ္ဘာ့နိုင်ငံများ၏ ဥပဒေများ၊ ဓလေ့ထုံးတမ်းများ၊ ယုံကြည်မှုများ၊ ဘာသာရေးများ၊ ဝိသေသလက္ခဏာများ ကွဲပြားခြားနားသော်လည်း လူတိုင်းတွင် ပါဝင်ခံစားခွင့်ရှိသော လူ့အခွင့်အရေးများကို ဖော်ပြထားသည်။ ဤကြေညာစာတမ်းသည် ကမ္ဘာ့နိုင်ငံများ၏ ဥပဒေများ၊ ဓလေ့ထုံးတမ်းများ၊ ယုံကြည်မှုများ၊ ဘာသာရေးများ၊ ဝိသေသလက္ခဏာများ ကွဲပြားခြားနားသော်လည်း လူတိုင်းတွင် ပါဝင်ခံစားခွင့်ရှိသော လူ့အခွင့်အရေးများကို ဖော်ပြထားသည်။ ဤကြေညာစာတမ်းသည် ကမ္ဘာ့နိုင်ငံများ၏ ဥပဒေများ၊ ဓလေ့ထုံးတမ်းများ၊ ယုံကြည်မှုများ၊ ဘာသာရေးများ၊ ဝိသေသလက္ခဏာများ ကွဲပြားခြားနားသော်လည်း လူတိုင်းတွင် ပါဝင်ခံစားခွင့်ရှိသော လူ့အခွင့်အရေးများကို ဖော်ပြထားသည်။

၁.၂.၂ မွေးရာပါခြင်း

လူသားတစ်ဦး မွေးဖွားလိုက်ပြီဆိုသည်နှင့် အကျိုးသက်ရောက်မှု စရှိခြင်းက လူ့အခွင့်အရေး၏ ထူးကဲသောအချက်ဖြစ်သည်။ တစ်ဦးတစ်ယောက်ချင်းအနေဖြင့် လူသားအခွင့်အရေး လက်ခံရရှိရန်မလိုပေ။ အခွင့်အရေးရရှိရန်အတွက် အရည်အချင်းစစ်မှုကို ဖြတ်ကျော်ရသော တက္ကသိုလ်ကျောင်းသားတစ်ဦး သို့မဟုတ် ယာဉ်မောင်းတစ်ဦးနှင့်မတူဘဲ လူသားအဖြစ်မွေးလိုက်ပြီဆိုသည်နှင့် လူ့အခွင့်အရေးက ရပြီးသား ဖြစ်ချေသည်။ တစ်နည်းအားဖြင့်ဆိုရသော် လူ့အခွင့်အရေးများသည် အခြားမည်သည့်အရည်အချင်းများ မလိုအပ်ဘဲ လူသားတို့အတွက် မွေးရာပါ ဖြစ်ချေတော့သည်။ မိမိသည် လူ့အခွင့်အရေးချိုးဖောက်ခံနေရသည်ဟု မသိလျှင်တောင်မှ ထိုသူတို့တွင် လူ့အခွင့်အရေးရှိပါသည်။ အခွင့်အရေးများရရှိရန်အတွက် အသိပညာရှိမှုက အရည်အချင်းတစ်ခုသဖွယ် လိုအပ်နေပါလျှင်မူ အစိုးရများအနေဖြင့် လူများတွင် အခွင့်အရေးရှိကြောင်း ပေးမသိခြင်းနည်းဖြင့် ရိုးရိုးလေးပင် အသံမထွက်လာအောင် လုပ်ထားနိုင်ပါသည်။ (အချို့သောနိုင်ငံများသည် ထိုသို့သော အပြစ်များကို ပြုလုပ်ထားကြသည်။) လူ့အခွင့်အရေးဆိုသည်မှာ မွေးရာပါ ရှိပြီးသား အရာဖြစ်သည်ဟု ပြုထားလိုက်သောအခါ အဆိုပါဖြစ်လာနိုင်သော ပြဿနာများကို ကျော်လွှားနိုင်ပေသည်။

မွေးရာပါဖြစ်ခြင်း

မွေးရာပါဆိုသည်မှာ အမြဲထာဝရရှိနေခြင်း သို့မဟုတ် ခွဲခြားထား၍မရသည့် အရာဟု ဆိုလိုခြင်းဖြစ်ပါသည်။ လူ့အခွင့်အရေးများသည် လူသားများအတွက် မွေးရာပါဖြစ်ပါသည်။ ၎င်းတို့ကို တစ်သက်လုံးရှိစေရမည် ဖြစ်ကာ မခွဲခြားရပါ။ မည်သည့်အခြေအနေတွင်ရောက်နေသည်ဖြစ်ပါစေ လူသားတစ်ဦးနှင့် အမြဲတမ်းရှိနေပေမည်။

၁.၂.၃ လွှဲပြောင်းဖယ်ရှား၍မရသော

မည်သူမဆို ၎င်းတို့၏ လူ့အခွင့်အရေးများ ပျောက်ဆုံးလက်လွှတ်၍မရပေ။ (သေရင်တော့ လက်လွှတ်ရပေမည်) ပိုင်ဆိုင်ခွင့် သို့မဟုတ် ကျောင်းသားအခွင့်အရေးစသည့် အခွင့်အရေးအတော်

များများသည် တစ်ချိန်ချိန်တွင် ရပ်ဆိုင်းပြီးဆုံးသွားရသည်။ ဆိုလိုသည်မှာ သင်၏ စက်ဘီးကို ရောင်းချလိုက်ပါက ထိုစက်ဘီးကို ပိုင်ဆိုင်ခွင့်သင်ဆုံးရှုံးချေပြီ။ ဘွဲ့ရပြီဆိုလျှင် ကျောင်းသားတစ်ဦးဟု မဆိုနိုင်တော့ပေ။ မည်မျှဆိုးဝါးသည့်အရာပင်လုပ်လုပ် လူသားတို့သည် ၎င်းတို့အခွင့်အရေးများကို မဆုံးရှုံးပါပေ။ ပိုပေါ့၊ အဒေါ့ဖ်ဟစ်တလာတို့ပင် လူ့အခွင့်အရေးနှင့် ထိုက်တန်ပါပေသည်။ လူ့အခွင့်အရေးမရှိတော့ဟု နိုင်ငံတစ်နိုင်ငံက ဆုံးဖြတ်ခြင်းငှာမစွမ်းသာ။ သို့မဟုတ် တစ်ချိန်က အသိအမှတ်ပြုခဲ့ဖူးသော အခွင့်အရေးများသည် ယခုအခါ မလျော်ညီတော့ဟု မသတ်မှတ်နိုင်ပါ။ နိုင်ငံအသစ်တစ်ခု တည်ထောင်လျှင်တောင်မှ ယခင်ရှိခဲ့သော နိုင်ငံအတွင်းတွင် လူ့အခွင့်အရေးကို ထိုက်တန်ခဲ့သကဲ့သို့ နိုင်ငံအသစ်တွင်လည်း လူ့အခွင့်အရေးကို ရရှိခွင့်ရှိဆဲ ဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံမှ အရှေ့တီမော လွတ်လပ်ရေးရသကဲ့သို့ ဖြစ်စဉ်မျိုးဖြစ်၏။ ထိုနေရာတွင် မှတ်သားထားရန် အရေးကြီးသည်မှာ ဖယ်ရှားယူငင်သွား၍မရ ဆိုသော စကား၏အဓိပ္ပာယ်မှာ လူတစ်ဦးသည် မည်သည့်အခွင့်အရေးမှ မဆုံးရှုံးတော့ဟု မယူဆစေလိုပါ။ လူတစ်ဦးထိုက်တန်သော အခွင့်အရေးများသည် ပြောင်းသွားနိုင်ပါသည်။ ဥပမာ - လူတစ်ဦးအသက် ၁၈ နှစ်ပြည့်သွားသောအခါ ၎င်း၏ ကလေးအခွင့်အရေးများ ပြီးဆုံးသွားပြီး အခြေအနေလည်း ပြောင်းသွားချေပြီ။ ယင်းသို့ ဖြစ်စဉ်များတွင် တစ်ဦးတစ်ယောက်သည် ၎င်း၏လူ့အခွင့်အရေးက ဆက်ရှိနေမည်ဖြစ်ပြီး ကလေးတစ်ဦးအဖြစ်ရသည့် အခွင့်အရေးကတော့ မရတော့ပါပေ။

လွှဲပြောင်းဖယ်ရှား၍မရသော

လွှဲပြောင်းဖယ်ရှား၍မရဆိုသည်မှာ ယူငင်ဖယ်ရှားခြင်း၊ လက်လွှတ်အဆုံးရှုံးခံခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းတို့ မပြုလုပ်နိုင်ခြင်း ဖြစ်သည်။ ထပ်လောင်းပြောဆိုရလျှင် ဝယ်၍မရ၊ ရောင်း၍မရ၊ ညှိနှိုင်းယူ၍မရဟု ဆိုခြင်းဖြစ်သည်။ ယင်းတို့ရှိနေခြင်းဖြင့် ဝန်ထုပ်ဝန်ပိုးဟု မြင်နေပါလျှင်တောင် ဖယ်ရှားယူငယ်၍မရသော အခွင့်အရေးများကား အမြဲရှိနေပေမည်ဖြစ်သတည်း။

၁.၂.၄ ဂုဏ်သိက္ခာ

လူ့အခွင့်အရေး၏ အဓိကရည်ရွယ်ချက်များထဲမှတစ်ခုမှာ လူသားတိုင်း ဂုဏ်သိက္ခာဖြင့် နေထိုင်နိုင်ရေးဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် လူသားတို့အားလေးစားခြင်း၊ ကောင်းမွန်စွာ ဆက်ဆံခြင်းနှင့် ထိုက်တန်သည်ဟု သတ်မှတ်ပေးထားခြင်းဖြစ်ပါသည်။ လူသားတစ်ဦးတွင် လူ့အခွင့်အရေးများရှိပါလျှင် ဂုဏ်သိက္ခာရှိသောဘဝတစ်ခုသို့ လျှောက်လှမ်း၍ရပါသည်။ လူသားတစ်ဦး၏အခွင့်အရေးများကို ဖယ်ရှားလိုက်ပါလျှင် ၎င်းတို့ကို ဂုဏ်သိက္ခာဖြင့် ဆက်ဆံခြင်းဟု မဆိုနိုင်တော့ပေ။

ဂုဏ်သိက္ခာ ဆိုသည်မှာ ဥပဒေများမချိုးဖောက်ခြင်း တစ်ခုတည်းကိုသာ ဆိုလိုခြင်းမဟုတ်ပါ အခြားလူသားများကဲ့သို့ လူသားတစ်ဦးအဖြစ် လေးစားစွာ ဆက်ဆံခြင်းလည်းဖြစ်သည်။ ဥပမာ - အစားအစာရပိုင်ခွင့်ဆိုသည်မှာ တစ်ရက်လျှင် ကယ်လိုရီ ၂၂၀၀ ရရမည်ဆိုသည့် ပမာဏ တစ်ခုတည်းကို ဆိုလိုခြင်းမဟုတ်။ အကယ်၍ လူတစ်ဦးကို ကြမ်းပြင်ပေါ်မှ အစားအသောက်များကို ကုန်းပြီးစားခိုင်းလျှင် သို့မဟုတ် မွတ်ဆလင်တစ်ဦးကို ဝက်သားထည့်ကျွေးလျှင် မည်မျှစားသောက်ခွင့်ရသည်ဆိုသည့်ကယ်လိုရီ အရေအတွက်က အရေးမကြီးတော့ပေ။ ဂုဏ်သိက္ခာဆိုသည်မှာ အာဟာရတန်ဖိုးတစ်ခုတည်းကိုသာ ဆိုလိုခြင်းမဟုတ်ပေ။ လူသားတစ်ဦးသည် ဂုဏ်သိက္ခာရှိသော လူသားတစ်ဦးအဖြစ် စားသောက်နိုင်မှ ဂုဏ်သိက္ခာဟု အဓိပ္ပာယ်သက်ရောက်သည်။ မိတ်ဆွေသူငယ်ချင်းများနှင့် ဝိုင်းဖွဲ့စားသောက်ခြင်းမျိုးနှင့် မိသားစုထမင်းဝိုင်း စသဖြင့် သာမန်အတိုင်းဟု သတ်မှတ်သည့် အတိုင်း စားသောက်နေထိုင်ခွင့်ရမှသာလျှင် အစားအသောက်နှင့်ပတ်သက်၍ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများအရ ဂုဏ်သိက္ခာရှိခြင်း မည်ပေသည်။

ဂုဏ်သိက္ခာ

မိမိကိုယ်ကိုယုံကြည်မှုရှိခြင်း၊ ထိုက်တန်သည်ဟုခံစားရခြင်း၊ ကိုယ့်အရည်အသွေးကို ကိုယ်အသုံးချခွင့်ရခြင်း စသည်တို့ပါဝင်သော တစ်ဦးတစ်ယောက်ချင်းစီတိုင်း၏ ဂုဏ်သိက္ခာများကိုထောက်ပံ့ရန်နှင့် ရေရှည်တည်တံ့စေရန်အတွက် လူ့အခွင့်အရေးများကို ဇော်ဆောင်ထားခြင်း ဖြစ်ပါသည်။ ဂုဏ်သိက္ခာဆိုသည်မှာ လူသားသည် မိမိကိုလေးစားကြောင်း၊ မိမိသည် တစ်စုံတရာနှင့်ထိုက်တန်ကြောင်း ခံစားရခြင်းကို ဆိုလိုသည်။

၁.၂.၅ တန်းတူညီမျှခြင်း

တန်းတူညီမျှမှု

လူအဖွဲ့အစည်းတစ်ရပ်တွင် လူတိုင်း တန်းတူဆက်ဆံခံရထိုက်သည်။ အထူးသဖြင့် ၎င်းတို့၏ အခွင့်အရေးများ အပိုင်းတွင် ဖြစ်သည်။ တန်းတူညီမျှမှုဆိုသည့် အဓိပ္ပာယ်မှာ လူသားတိုင်းကို လိင်၊ ဓနအင်အား၊ ဘာသာစကား၊ နိုင်ငံရေးအမြင်၊ စသည်တို့ကြောင့် မတူညီစွာ ဆက်ဆံခြင်းမပြုရေး ဖြစ်သည်။ ဆင်းရဲသား ကလေးများ ကျောင်းပိုတက်နိုင်ရေးအတွက် အထူးပညာသင်ဆုများကဲ့သို့သော တမူခြားပြီး ကိုင်တွယ်ဆက်ဆံရသည်များ ရှိသော်လည်း ယင်းသို့ ဆောင်ရွက်ရခြင်းမှာ လူအဖွဲ့အစည်းအတွင်း တန်းတူညီမျှမှုများ မြင့်တက်လာစေရန်သာ ဖြစ်စေသင့်သည်။

တန်းတူညီမျှခြင်းရှိစေရန်အတွက် လူ့အခွင့်အရေးများရှိနေခြင်းဖြစ်သည်။ အမှန်တကယ်တွင် ခွဲခြားဆက်ဆံခြင်းမရှိဘဲ အခွင့်အရေးများကို တန်းတူညီမျှစွာ ခံစားနိုင်ရေးကို အလေးပေးခြင်းဖြင့် အဆိုပါ အယူအဆကို လူ့အခွင့်အရေးဆိုင်ရာ စာတမ်းများတွင် ဖော်ပြထားသည်။ UDHR ကြေညာချက် ပထမအပိုဒ်တွင် လူသားအားလုံးသည် လွတ်လပ်ပြီး လူသားဂုဏ်သိက္ခာနှင့် အခွင့်အရေးများတွင် တန်းတူညီမျှစွာ မွေးဖွားလာသည်ဟု ဖော်ပြထားသည်။ အမေရိကန်ပြည်ထောင်စု လွတ်လပ်ရေးကြေညာစာတမ်း(၁၇၇၆)နှင့်လည်း နှိုင်းယှဉ်ကြည့်ပါ။ လူသားအားလုံးကို တန်းတူညီမျှစွာ ဖန်တီးထားသည်ဆိုသည့် ပကတိအမှန်တရားကို ကျွန်ုပ်တို့ စွဲကိုင်ထားကြသည်ဟု ယင်းကြေညာစာတမ်းတွင် ဆိုထားသည်။ လူသားနှင့်နိုင်ငံသားအခွင့်အရေးဆိုင်ရာ ပြင်သစ်ကြေညာစာတမ်း (၁၇၈၉) တွင်လည်း လွတ်လပ်ပြီး တန်းတူညီမျှသော အခွင့်အရေးများဖြင့် လူသားများ မွေးဖွားလာကြသည်ဟု ဖော်ပြထားသည်။ လူ့အခွင့်အရေးများသည်မွေးရာပါဖြစ်ပြီး၊ ပြည်သူများသည် လွတ်လပ်စွာမွေးဖွားခဲ့ကြကာ တန်းတူညီမျှမှု ရှိရမည်ဟု အဆိုပါစာတမ်းတိုင်းက ရှင်းလင်းစွာ ဖော်ပြထားပါသည်။ အစောပိုင်းလူ့အခွင့်အရေး ဆိုင်ရာစာသားများထဲတွင် ကျားမတန်းတူညီမျှရေးဆိုင်ရာ စကားလုံးအသွားအလာများက ပြဿနာသည်မှာ မတူညီသည့် လိင်များအကြား တန်းတူညီမျှမှု မရောက်ရှိသေးသည်ကိုတွေ့ရပြီး၊ အမျိုးသားများသည် အခြားအမျိုးသားများနှင့် တန်းတူညီမျှသည့် သဘောသာ ဖော်ပြထားပြီး အမျိုးသမီးများကိုလည်း ထိုသို့ယူဆရန်အတွက် အချိန်အတန်ယူခဲ့သည်ကို သတိချပ်ရာသည်။ ထိုကဲ့သို့ပင် ၂၀ ရာစုနှစ်အတွင်းက ကိုလိုနီအပြုံခံရသူများကလည်း ၎င်းတို့၏တန်းတူညီမျှမှုအတွက် တိုက်ခိုက်ခဲ့ကြသည်။

တန်းတူညီမျှမှုရှိသည့်အခါ ဥပဒေရှေ့မှောက်၊ အလုပ်ခွင်သို့မဟုတ် လက်ထပ်ထိန်းမြားရာတို့တွင် လူသားတိုင်း တူညီစွာ ဆက်ဆံခံရပေသည်။ သို့ပါသော်လည်း လုံးဝတန်းတူညီမျှသည်ဆိုသည့် လူ့အဖွဲ့အစည်းဟူ၍မရှိပါပေ။ အချို့သောအခြေအနေများတွင် မျှော်မှန်းချက်သည် တန်းတူညီမျှရေးမဟုတ်ဘဲ မျှတမှုသာ ဖြစ်ချေသည်။ ဥပမာ - တက္ကသိုလ်ပညာရေးကို လူတိုင်းတန်းတူရပိုင်ခွင့်မရှိပေ။ အဆင့်မြင့်ပညာရေးသည် လူ့အခွင့်အရေးဖြစ်ပေသော်ငြား ဝင်ခွင့်စာမေးပွဲအောင်ရခြင်း၊ အထက်တန်း ပြီးမြောက်ရခြင်း၊ ဘာသာစကားတတ်မြောက်ရခြင်း စသည်တို့ လိုအပ်ပါသည်။ တန်းတူညီမျှသော ရပိုင်ခွင့်ထက် ခွဲခြားဆက်ဆံခြင်းမရှိသော တက္ကသိုလ်ဝင်ခွင့်က မျှတစေပါသည်။ တစ်ပါးသူနှင့် မတူညီစွာ ရှိနေသောအရာတို့ကြောင့် ကွဲပြားစွာဆက်ဆံခံရခြင်း၊ အပြစ်ပေးခြင်းတို့ကို တစ်စုံတစ်ဦးက ခံရပါလျှင် ခွဲခြားဆက်ဆံခြင်းဟု ဆိုနိုင်ပေသည်။ အများဆုံးတွေ့ရကာ ရှင်းရှင်းလင်းလင်းဖြစ်သော ခွဲခြားဆက်ဆံမှုမှာအမျိုးသမီးများကို ခွဲခြားဆက်ဆံခြင်းဖြစ်သည်။ လူ့အဖွဲ့အစည်းအတော်များများတွင် အမျိုးသမီးများသည် အမျိုးသားများလောက် မသန်မာမစွမ်းဆောင်နိုင်ဟုဆိုကာ တန်းတူညီမျှစွာ လုပ်ခလစာ မပေးထိုက်ဟု ယူဆထားကြသည်။ အခြားသော ခွဲခြားဆက်ဆံမှုဆိုင်ရာ ပုံစံများတွင် လူမျိုး၊ ဘာသာတရား၊ မျိုးနွယ်စုလူနည်းစု သို့မဟုတ် နိုင်ငံသားမဟုတ်သူများ ပါဝင်ကြသည်။

၁.၃ လူအခွင့်အရေး ဥပဒေ။ အခွင့်အရေးများနှင့်တာဝန်များ

လူအခွင့်အရေး၏လုပ်ပိုင်ခွင့်အာဏာမှာ ၎င်းတို့ကို ဥပဒေဖြင့် အထောက်အပံ့ပြုထားခြင်း ဖြစ်သည်။ လူအခွင့်အရေးသည် ကမ္ဘာလုံးဆိုတည်ရှိ မှုနှင့်ကျင့်ဝတ်ပိုင်းအရ ကောင်းမွန်မှု ဆိုသည် လောက်နှင့် ၎င်းတို့ကိုအသက်ဝင်အောင် မလုပ်ဆောင်နိုင်ပါ။ အခွင့်အရေးအများအပြားကို အသက်ဝင်စေရန်အတွက် လူမှုတန်ဖိုးများအပေါ် အမှီပြုရသည်။ ဘဏ်တွင်တန်းစီနေစဉ် ကြားဖြတ်ပါက အခြားဘဏ်လာသူများ၏ ဖြစ်လာနိုင်သော စိတ်ဆိုးဒေါသထွက်မှုက ယင်းစည်းကမ်းကို အသက်ဝင်အောင် ဆောင်ရွက်ပေလိမ့်မည်။ သို့ရာတွင် ထိုနည်းလမ်းသည် အခွင့်အရေးတစ်ခုကို အသက်ဝင်စေရန်အတွက်အထိရောက်ဆုံး နည်းလမ်းတော့မဟုတ်ပေ။ တခြားဘက်တွင်လည်း လူအခွင့်အရေးသည် ဥပဒေဆိုင်ရာအဖွဲ့အစည်းများက အကာအကွယ်ပေးထားသော ဥပဒေများအဖြစ် နားလည်ထားရသည်။ ထို့ပြင်လူများ၊ အဖွဲ့အစည်းများက ချိုးဖောက်ခြင်းကို တားမြစ်ထားသော အခြေအနေတစ်ရပ်လည်း ဖြစ်ပေသည်။ နောက်ပိုင်းကဏ္ဍများတွင် လူအခွင့်အရေးသည် ဥပဒေတစ်ရပ်အဖြစ်မည်သို့ အရေးပါသည်ကို အသေးစိတ်ဖော်ပြထားပါသည်။

၁.၃.၁ တရားဥပဒေစိုးမိုးရေး

လူအခွင့်အရေးများသည် ဥပဒေအရ စည်းနှောင်စုစည်းထားသော ဥပဒေအရ အခွင့်အရေးများ ဖြစ်သကဲ့သို့ မျှတသောလုပ်ငန်းလည်ပတ်နေသော ဥပဒေစနစ်တစ်ခုအဖြစ်လည်း သေချာစေပါသည်။ လူအဖွဲ့အစည်းသည် ဥပဒေစိုးမိုးရေးဆိုသည့် အမြင်အပေါ် အခြေခံပါမှ မျှတသော ဥပဒေရေးရာစနစ်တစ်ခု ပေါ်ပေါက်ပေမည်။ လူအခွင့်အရေးကိုအသက်ဝင်စေရန်အတွက် တရားမျှတမှုကို ရရှိစေရန်အတွက် စနစ်များက အဆင်သင့်ရှိရပေမည်။ တရားဥပဒေစိုးမိုးရေးကို အဓိကတည်ဆောက်ထားချက်များကို အောက်ပါဥပမာဖြင့် အနှစ်ချုပ်ဖော်ပြထားပါမည်။ သင်သည် စစ်တုရင်ကစားနည်းကို တစ်ယောက်ယောက်နှင့် ကစားကာ သင်သည် အဆိုပါကစားနည်း၏ စည်းကမ်းများကိုမသိဘဲ၊ တစ်ဖက်လူကသာ သိသည်ဆိုပါစို့။ သင်ကအရုပ်တစ်ရုပ်ကိုရွှေ့သည်။ တစ်ဖက်ကလည်း တစ်ရုပ်ကိုရွှေ့သည်။ သင်ကလည်း သူတို့ရွှေ့သည့် အရုပ်ကို သူတို့အတိုင်းလိုက်ရွှေ့ကြည့်သည့်အခါ ထိုအရာက စည်းကမ်းနဲ့ မညီဘူးဟုပြောလာသည်။ သူတို့ရွှေ့နေသည်ကိုလည်း နားမလည်။ ကိုယ်ရွှေ့သမျှကလည်း မဟုတ်ဟုဆိုကာ အပြစ်ပေးခံရ၊ ဘယ်လိုစည်းမျဉ်းလဲရှင်းပြပါ ဆိုတော့လည်း စည်းမျဉ်းထဲ ဘာတွေပါသည်ဆိုသည်ကို မပြောပြပေ။ ရှင်းပါသည်။ ထိုအခြေအနေမျိုးတွင် နိုင်ဖို့မဖြစ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် စည်းမျဉ်းက မစိုးမိုးသောကြောင့်ဖြစ်သည်။ သင်၏ ပြိုင်ဘက်တွင်စည်းမျဉ်းများကို ပြောင်းခွင့်ရှိနေပြီး ဘာလုပ်လုပ် လုပ်နိုင်သည်ဆိုလျှင်တော့ သင်လည်း ဘယ်တော့မှ နိုင်တော့မည် မဟုတ်ပါ။

အချို့သောလူအဖွဲ့အစည်းများတွင် ထိုသို့လည်ပတ်လှုပ်ရှားနေသည်မှာ စိတ်မကောင်းစရာဖြစ်ပါသည်။ ဥပမာ - အချို့သော တိုင်းပြည်များတွင် ရဲများသည် လမ်းမပေါ် သွားလာနေသူများထဲမှ ကျဘမ်းဖမ်းဆီးနိုင်သည်။ ရာဇဝတ်မှုကျူးလွန်တာချင်းအတူတူ ပြစ်ဒဏ်ပမာဏများ မတူညီကြပေ။ ပိုက်ဆံချမ်းသာသူ ကြေးရတက်တစ်ဦးက ရာဇဝတ်မှုတစ်ခုခုကျူးလွန်ပြီး အပြစ်ပေး မခံရစေရန် ရှောင်ရှားနိုင်သည်။ အချို့သောအဖွဲ့အစည်းများသည် အများပြည်သူနေရာတွင် တွေ့ဆုံ

စုဝေးနိုင်ပြီး အချို့ကတော့ မလုပ်နိုင်ကြပေ။ တရားဥပဒေစိုးမိုးရေးကို အခြေခံသော လူ့အဖွဲ့အစည်း တစ်ခုတွင် နေထိုင်ရခြင်းဆိုသည်မှာ -

- လူတိုင်းကို တူညီစွာတရားစီရင်ပြီး တူညီသောဥပဒေဖြင့်သာ အကာအကွယ်ပေးထားသည်။
- တရားဥပဒေရှေ့မှောက်တွင် လူတိုင်းအတူတူပင်ဖြစ်သည်။
- ဥပဒေရှေ့မှောက်တွင် လူတိုင်းတူညီသော အကာအကွယ်ကို ရရှိကြသည်။
- တရားစီရင်ခြင်းကို အများပြည်သူအားအသိပေးပြီး လူနည်းနည်းသာသိသည့် လျှို့ဝှက် တရားစီရင်မှုမျိုး မရှိပေ။
- ဥပဒေကိုနားလည်နိုင်ရန်အတွက် အကူအညီရယူခွင့်ကို လူတိုင်းရပိုင်ခွင့်ရှိသည်။

တရားဥပဒေစိုးမိုးပါက လူအများနှင့် ပိုင်ဆိုင်မှုများကို အကာအကွယ်ပေး လုံခြုံစေသော တရားနည်းလမ်းကျန၊ မျှတသည့်စနစ်တစ်ခုကို ဖြစ်ပေါ်စေသည်။ တရားဥပဒေစိုးမိုးရေး၏ အဓိက အချက်များမှာ လူတိုင်းသည် ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှခြင်းနှင့် ဥပဒေ၏ သက်ရောက်မှု ထံမှ မည်သူတစ်ဦးတစ်ယောက်မှ ကင်းလွတ်ခွင့်မရှိခြင်းဖြစ်သည်။ အချို့သော အမှုကိစ္စများတွင် အချို့လူများသည် ဥပဒေအရ အပြစ်ပေးခံရခြင်းမှ လွတ်မြောက်နေပါသည်။ ဥပမာ - ပိုက်ဆံရှိသူ များ၊ နိုင်ငံရေးသမားများ၊ အစိုးရအရာရှိသူများသည် ရာဇဝတ်မှုများ သို့မဟုတ် အကျင့်ပျက်ခြစားခြင်း တို့မှ အပြစ်ပေးမခံရဘဲ လွတ်မြောက်နေပါသည်။ လူတစ်စုကိုသာ အကာအကွယ်ပေး၊ အကျိုး ဖြစ်ထွန်းစေသည့် ဥပဒေမျိုး မရှိသင့်ပါ။

တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှခြင်းဆိုသည်မှာ လူတိုင်းအတွက် ဥပဒေက တန်းတူညီမျှ အကာအကွယ်ပေးထားခြင်းကို ဆိုလိုသည်။ စိတ်မကောင်းစရာကောင်းသည်မှာ ရဲက အကာအကွယ် မပေးထားသည့် လူများစွာရှိနေပါသည်။ အချို့သော အခြေအနေများတွင် ၎င်းတို့၏ အနိုင်ကျင့်ခြင်းကိုပင် ခံရသူများရှိပါသည်။ ဥပမာ - ရွှေ့ပြောင်းလုပ်သားများ သို့မဟုတ် အိမ်တွင်း အကြမ်းဖက်မှုခံ အမျိုးသမီးများ ဖြစ်ကြသည်။ အချို့သော တိုင်းပြည်များတွင် ဆရာက ကျောင်းသား ငယ်တစ်ဦးကို ရိုက်နှက်ခြင်းအား ဥပဒေနှင့်မဆန့်ကျင်ဘဲ ကျောင်းသားအနေဖြင့် အကြမ်းဖက်ခံရမှုမှ အကာအကွယ်မရရှိပါပေ။ သို့သော် အရှေ့တောင်အာရှနိုင်ငံများအားလုံးတွင် ကျောင်းသားတစ်ဦးက ဆရာကိုရိုက်ပါလျှင်မှု ရာဇဝတ်များဖြစ်ပြီး ရဲကဆရာကို အကာအကွယ်ပေးလေသည်။ ဆရာက ကျောင်းသားကို ရိုက်သောအခါ ရဲက ဘာမှမလုပ်ဘဲ ကျောင်းသားက ဆရာကို ရိုက်သောအခါ ဥပဒေအရ အပြစ်ပေးခြင်းသည် မမျှတဟု မြင်စရာဖြစ်သည်။ ထို့ကြောင့် ဥပဒေသည် ကျောင်းသား များကို အကာအကွယ်မပေးဘဲ ဆရာကိုချည်းသာ အကာအကွယ်ပေးသည်။ ဥပဒေသည် ဆရာနှင့် ကျောင်းသား နှစ်ဖက်လုံးကို အကာအကွယ်ပေးရမည်ဖြစ်၍ ယင်းသို့ခြားနားစွာ ဆက်ဆံခြင်းသည် မမျှတပေ။

ဥပဒေစိုးမိုးရေး၏ နောက်ထပ် ဝိသေသတစ်ခုမှာလူတိုင်း တရားဥပဒေစနစ်ကို ရရှိခံစား နိုင်ရမည်ဖြစ်ကာ စနစ်က မည်သို့အလုပ်လုပ်နေသည်နှင့် မည်သည်တို့ကိုလုပ်နိုင်သည်၊ မည်သည် တို့ကို မလုပ်နိုင် ဆိုသည်အား နားလည်စေထားရခြင်းဖြစ်သည်။ ဥပဒေရေးရာ အကူအညီ ရရှိခြင်း

ဖြင့်သော်လည်းကောင်း၊ သတင်းအချက်အလက်များ လွတ်လပ်စွာရရှိစေရန် စီစဉ်ပေးထားခြင်းဖြင့်သော်လည်းကောင်း ယင်းတို့ကို အောင်မြင်နိုင်ပါသည်။ သို့သော် အချို့နိုင်ငံများတွင် တမင်တကာ ဝေဝေဝါးဝါးလုပ်ထားသော ဥပဒေများရှိပြီး အစိုးရက အသာစီးရယူကာ အသုံးချလေ့ရှိသည်။ နိုင်ငံတော်သစ္စာဖောက်မှု၊ ခေါင်းဆောင်ကိုအကြည်ညိုပျက်အောင်စော်ကားမှု၊ အပြာရုပ်ပုံအမှု စသည်တို့ကို အဓိပ္ပာယ်ဖွင့်ထားသော ဥပဒေများသည် ရှင်းလင်းစွာ အဓိပ္ပာယ်မပေါ်ဘဲ ကွက်ကျားပြီး အရေးယူ၍ရသော မသေမချာအခြေအနေများကို ဖြစ်စေသည်။ ဥပမာ - အရှေ့တောင်အာရှ တစ်လွှားတွင် အစိုးရဆန့်ကျင်ရေးလုပ်ဆောင်မှုကို သတ်မှတ်သည့် အမြင်များကွဲပြားသည်။ အချို့နေရာများတွင် ကားလ်မက်စ်စာအုပ် သို့မဟုတ် လူအခွင့်အရေးသဘောတူစာချုပ်များ စသည်တို့လက်ဝယ်တွေ့ရှိခြင်းကိုက အစိုးရဆန့်ကျင်ခြင်းဖြစ်နိုင်ပြီး ဆန္ဒပြခြင်းကလည်း ထိုသို့ဖြစ်နိုင်သည်။ အထက်ပါ ဖြစ်စဉ်များသည် တရားဥပဒေစိုးမိုးရေးကို အစိုးရက မျှတစွာမကျင့်သုံးသည့် ဥပမာများ ဖြစ်သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

တရားဥပဒေစိုးမိုးရေးကို လေးစားသော နိုင်ငံတွင် သင်နေထိုင်ပါသလား။

တရားဥပဒေစိုးမိုးရေး မထွန်းကားသည့် လက္ခဏာများကား အဘယ်တို့နည်း။ တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာခြင်းမရှိသည့်အခါ မည်သူတို့ ထိခိုက်နစ်နာရပါသနည်း။

တရားဥပဒေစိုးမိုးမှုမရှိခြင်းကြောင့် အရှေ့တောင်အာရှ နိုင်ငံအများအပြားတွင် ဒုက္ခဆင်းရဲများ ကြုံရပေသည်။ ဥပဒေ ခေါင်းစဉ်အောက်တွင် ဆင်းရဲသားများမှာ ပြင်းထန်သောအပြစ်ဒဏ်များ ကျရောက်ခံစားနေရပြီး ချမ်းသာသူများ သို့မဟုတ် နိုင်ငံရေးသမားများမှာမူကား ဥပဒေကြောင်းအရ အပြစ်ပေးအရေးယူခံရခြင်းမှ လွတ်မြောက်လေ့ရှိတတ်သည်။ ဥပမာအားဖြင့် တက်ကြွလှုပ်ရှားသူ ရှေ့နေတစ်ဦးကို ရဲတစ်ဦးက ပြန်ပေးဆွဲ ဖမ်းဆီးခဲ့ရာတွင် ထောင်ဒဏ် ၁၈ လသာ ကျခဲ့ပြီး အရပ်သားတစ်ဦးက အဆိုပါရာဇဝတ်မှုမျိုးကို ကျူးလွန်ခဲ့ပါလျှင် ထောင်ဒဏ် နှစ် ၂၀ အထိ ကျခံရနိုင်ပေသည်။ ထိပ်တန်းအစိုးရအရာရှိကြီးများ ငွေခိုးခြင်း၊ အမျိုးသမီးများကိုထိပါးခြင်း၊ သို့မဟုတ် အလုပ်သမားများကို ရိုက်နှက်ခြင်းစသည်တို့ ကျူးလွန်ခဲ့ပါသော်ငြား အရေးယူအပြစ်ပေးခံရခြင်းမှ လွတ်မြောက်နေလေ့ရှိသကဲ့သို့ပင် လူကြီးသားများ မူးယစ်ရမ်းကားရန်ဖြစ်ခြင်းကလည်း အပြစ်ဒဏ်မှ လွတ်မြောက်နေတတ်ပါသည်။ တရားဥပဒေမစိုးမိုးသည့်အတွက် ကျွန်ုပ်တို့သည် ရဲနှင့် နိုင်ငံရေးသမားများကို အပြစ်တင်လေ့ရှိသည်။ သို့သော် အခြားသူများလည်း အပြစ်တင်ထိုက်ကြသည်ပင် ဖြစ်သည်။ ဥပမာအားဖြင့် ဒဏ်ငွေအနည်းငယ်သာ ဆောင်ရရန်အတွက် ယာဉ်ထိန်းရဲကို လာဘ်ထိုးသည့်ယာဉ်မောင်း၊ ကလေးကျောင်းကောင်းရရန် ပိုက်ဆံပေးသော မိဘ၊ လမ်းဘေးတွင် စွေးရောင်း၍ရရန် အာဏာပိုင်ကိုလိုင်းကြေးပေးသော လူတစ်ဦးတို့ဖြစ်သည်။

မေးခွန်းများ။ ။ လာဘ်ထိုးခြင်းဖြင့် မိမိအကျိုးရှိရန် တရားဥပဒေစိုးမိုးရေးကို လူအများက ရှောင်လွဲပါက မည်သူ့အပြစ်ဖြစ်သနည်း။ လူ့အဖွဲ့အစည်းက ထိုသို့ပြုမူခြင်းမှာ အစိုးရက သေသေချာချာ တရားဥပဒေစိုးမိုးရေးကို မကိုင်တွယ်သည့်အတွက်ပေလော၊ တရားဥပဒေကို မလိုက်နာလိုကြသည့် နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းများကြောင့်ပေလော။

၁.၃.၂ လူအခွင့်အရေးတာဝန်များ

လူအခွင့်အရေးတိုင်းအတွက် တာဝန်ရှိသူများခေါ် ဒုတိယအဖွဲ့အစည်းတစ်ရပ် ရှိရပါသည်။ ထိုသူတို့တွင် လူအခွင့်အရေးများကို လေးစားလိုက်နာကြစေရန်အတွက် တာဝန်တစ်ရပ်ရှိပေသည်။ လူအခွင့်အရေးကို ပိုင်ဆိုင်ကြကုန်သူတို့အတွက် တာဝန်များရှိကြပါသည်။ တာဝန်ရှိသူများဟု ဆိုရာတွင်အစိုးရ၊ ပြည်သူ၊ ကော်ပိုရေးရှင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ အစရှိသည်တို့ ပါဝင်ကြသည်။ တာဝန်ရှိသူနှင့် လူအခွင့်အရေးပိုင်ရှင်တို့အကြားတွင် ဆက်သွယ်ဆက်ဆံရေး တစ်ခုဖြင့် ချိတ်ဆက်ထားပါသည်။ လူအခွင့်အရေးတစ်ရပ်ကို ပိုင်ပိုင်နိုင်နိုင် ရရှိစေရန်အတွက် တာဝန်ရှိသူများက အရေးယူဆောင်ရွက်ပေးရသည်။

လူတစ်ဦးတစ်ယောက်ချင်းသည်လည်း၎င်းတို့သည်လည်း တာဝန်ရှိသူများဖြစ်ကြောင်း မှတ်ယူထားရန် အလွန်အရေးကြီးပါသည်။ ကလေးများအတွက် မိဘများတွင် တာဝန်ရှိပါသည်။ ကျောင်းသားများအတွက် ဆရာများတွင်တာဝန်ရှိပြီး မိတ်ဆွေများသည် အချင်းချင်း အပြန်အလှန် တာဝန်ရှိကြပါသည်။ အဆိုပါတာဝန်အတော်များများသည် လူမှုကျင့်ဝတ်အရ တာဝန်ရှိမှုများဖြစ်သည်ဟု အထက်တွင် ရှင်းပြထားပါသည်။ သို့ပါသော်လည်း အရေးပါသော တာဝန်များ အထူးသဖြင့် တစ်ဦးတစ်ယောက်ချင်း၏ လူအခွင့်အရေးဆိုင်ရာ တာဝန်များကို ရာဇဝတ်ကြောင်း ဥပဒေများတွင် အသေးစိတ်ဖော်ပြထားပါသည်။ အကယ်၍လူတစ်ဦးသည် အခြားလူတစ်ဦး၏ပိုင်ဆိုင်ခွင့်၊ ဘာသာတရားကျင့်သုံးခွင့်၊ ပုဂ္ဂလိကလျှို့ဝှက်ခွင့်၊ လွတ်လပ်စွာသွားလာခြင်း စသည်တို့ကို ချိုးဖောက်ပြီဆိုလျှင် အဆိုပါတာဝန်ရှိသူသည် ရာဇဝတ်မှုတစ်ခုကို ကျူးလွန်နေပြီဖြစ်ပါသည်။ တကယ့်အခြေအနေတွင် လူအခွင့်အရေးဆိုင်ရာ တာဝန်ရှိမှုများကို အားကောင်းစွာ သက်ရောက်စေပါသည်။ ကုမ္ပဏီများ၊ လက်နက်ကိုင်အုပ်စုများ သို့မဟုတ် ဘာသာတရားများစသည့် အခြားအစုအဖွဲ့များအတွက် တာဝန်ရှိသူဆိုသည့် အခန်းကဏ္ဍကို အဓိပ္ပာယ်ဖွင့်ရာ၌ ရှင်းလင်းမှုနည်းပါးပါသေးသည်။ ကုမ္ပဏီတစ်ခုသည် ၎င်း၏လုပ်သားများကို လွတ်လပ်စွာ ခရီးသွားလာခြင်းကို ခွင့်မပြုခြင်း သို့မဟုတ် လက်နက်ကိုင်အုပ်စုတစ်စုက ကလေးများကို စစ်သားများအဖြစ် စုဆောင်းခြင်းများရှိပါက ယင်းသို့ချိုးဖောက်မှုများအတွက် အချို့အခြေအနေများတွင် အရေးယူခြင်းများ မရှိပေ။ ပြည်သူများ လူအခွင့်အရေး ချိုးဖောက်မခံရစေရန် တာဝန်ရှိသူများက ကာကွယ်ပေးခြင်း၌ ကြံ့ရမည့်ပြဿနာကို ဒေါင်လိုက် အကာအကွယ်ပေးခြင်းဆိုင်ရာ သဘောထားအမြင်ဖြင့် ကိုင်တွယ်ပါသည်။ ယင်း အကြောင်းကို အောက်တွင် ဆက်လက်ဆွေးနွေးပါမည်။

အရေးအကြီးဆုံးတာဝန်ရှိသူမှာ နိုင်ငံတော်အစိုးရ ဖြစ်ပါသည်။ အဆိုပါအဖွဲ့အစည်းသည် သဘောတူညီမှုများစွာထဲတွင် ပါဝင်သော အခွင့်အရေးများကို ကာကွယ်ထိန်းသိမ်းရန်အတွက် ဥပဒေအရ စည်းကြပ်ထားခြင်းကြောင့်ဖြစ်သည်။ များပြားလှစွာသော လူအခွင့်အရေး သဘောတူညီမှုစာချုပ်များတွင် အစိုးရများ၏တာဝန်များကို ရှင်းလင်းစွာဖော်ပြထားပါသည်။ အစိုးရများသည် တစ်ဦးတစ်ယောက်ချင်းစီ၏ လူအဖွဲ့အစည်းဆိုင်ရာ တာဝန်များကို ယေဘုယျအားဖြင့် ဂရုစိုက်ရမည်ဟု အာဆီယံလူအခွင့်အရေး ကြေညာစာတမ်းအသစ်တွင် ဖော်ပြထားပါသည်။ ယင်း ကြေညာစာတမ်းက အခိုင်အမာဖော်ပြထားသည်မှာ လူအခွင့်အရေးများသည်လူတိုင်းသည် အခြားတစ်ဦးတစ်ယောက်ချင်းများ၊ ရပ်ရွာနှင့်လူအဖွဲ့အစည်းအတွက် တာဝန်ရှိသည့်အတွက် လူအခွင့်အရေးနှင့်

အဆိုပါ တာဝန်များကျေပွန်မှုကို ချိန်ညှိရမည်ဟူ၍ ဖြစ်သည်။ ကြေညာချက်က အလေးပေးဖော်ပြထားသည်မှာ လူ့အခွင့်အရေးကို လွတ်လပ်ခွင့်တစ်ခုတည်း မစဉ်းစားရန်နှင့် တာဝန်ရှိမှုလည်း ပါဝင်သည်ဟူ၍ဖြစ်သည်။ ယင်းသို့ အဆိုတွင် အခြေခံအကြောင်းရင်းတစ်ရပ် ရှိပေသော်ငြား တစ်ပါးသူများ၏ အခွင့်အရေးကို မထိခိုက်စေသော နည်းလမ်းဖြင့် လူသားတိုင်းဆက်ဆံကြရန်၊ လူ့အခွင့်အရေးကို သေချာစေရန်အတွက် အစိုးရက ၎င်းတို့တာဝန်များကို ကျေပွန်ရမည် ဟူ၍ ဖြစ်ပေသည်။ တစ်ဦးတစ်ယောက်ချင်းစီ၏ တာဝန်များအကြောင်းကို တိုင်းပြည်၏ ဥပဒေများတွင် အသေးစိတ်ဖော်ပြထားပြီး လူ့အခွင့်အရေးဆိုင်ရာ တာဝန်များကိုဆန့်ကျင်ရာတွင် ပိုမိုကြီးမားသော ပြဿနာများကို ဖန်တီးတတ်သည့်အစိုးရနှင့် အခြားပါဝါကြီးသော အကျိုးရှင်များ အတွက်မူ ဥပဒေအရ လိုက်နာရမည့်တာဝန်များက ဝိုးတဝါးဖြစ်တတ်သည်။

လူ့အခွင့်အရေး၏ဥပဒေအရ စည်းကျပ်ထားခြင်းသဘောသဘာဝက နိုင်ငံတော်အစိုးရကို ဆက်နွယ် တာဝန်ရှိသူအဖြစ် သတ်မှတ်ထားပါသည်။ တာဝန်ဆိုသည်ကို နှစ်မျိုးဖြင့် အဓိပ္ပာယ်သတ်မှတ်နိုင်သည်။ ပထမဦးစွာ အခွင့်အရေးအတော်များများသည် ကုန်စည်၊ ဝန်ဆောင်မှု သို့မဟုတ် လှုပ်ရှားမှုတို့ကိုပေးအပ်ရန်အတွက် တစ်စုံတစ်ယောက်ကို လိုအပ်ပါသည်။ ဥပမာ - ကလေးများပညာရေး သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိရန်အတွက် ကျောင်းများ၊ ဆေးရုံများ ဆောက်လုပ်ခြင်းမျိုးဖြစ်သည်။ ထိုကဲ့သို့ တာဝန်ရှိခြင်းကို positive duty လုပ်ဆောင်ရမည့်တာဝန် ဟုခေါ်ပါသည်။ ဒုတိယအားဖြင့် ဝင်ရောက်မစွက်ဖက်ရမည့်တာဝန် သို့မဟုတ် တစ်ဦးတစ်ယောက်ချင်းများကို လွတ်လပ်ခွင့်ပြုစေခြင်းမျိုးဖြစ်ပါသည်။ ဥပမာ - နှိပ်စက်ညှဉ်းပန်းမှုမခံရပိုင်ခွင့်၊ အစိုးရက ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲလျက် လူတိုင်း လွတ်လပ်စွာပြောဆိုပိုင်ခွင့်တို့ဖြစ်သည်။ အစိုးရအနေဖြင့် တစ်ခုခုကို မလုပ်ရန်အတွက် ရှောင်ရှားရသည့်တာဝန်မျိုး ဖြစ်သည်။ ထိုအရာမျိုးကိုတော့ negative duty ခေါ် ရှောင်ရှားရန်မည့်တာဝန်မျိုး ဖြစ်ပါသည်။ အဆိုပါရှောင်ရှားရန်တာဝန်ရှိခြင်းကြောင့် အစိုးရ၏အာဏာနှင့် လှုပ်ရှားမှုများကို ကန့်သတ်ချက်ရှိသွားပါသည်။ ဥပမာ - တစ်ဦးဦးက ၎င်း၏အမြင်အယူအဆ သို့မဟုတ် ဘာသာရေးဆိုင်ရာ ယုံကြည်ချက်ကို ပြောဆိုရန် ကြိုးစားသည့်အခါတွင် အစိုးရအနေဖြင့် ခွင့်ပြုပေးထားရခြင်းဖြစ်သည်။

negative duites
ရှောင်ရှားရန်ရှိသောတာဝန်များ

ရှောင်ရှားရန်ရှိသောတာဝန်များ negative duties သည် အစုအဖွဲ့တစ်ခုအနေဖြင့် လုပ်ဆောင်မှုတစ်ခုကိုမပြုလုပ်ရန် သို့မဟုတ် တစ်ဦးဦးအား ဝင်ရောက်မစွက်ဖက်ရန် လိုအပ်ပါသည်။ အစုအဖွဲ့တစ်ခုခုကို တစ်ခုခုမလုပ်ရန် တားမြစ်ထားခြင်းမှာ ရှောင်ရှားရန်ရှိသော တာဝန်များ negative duties ဖြစ်သည်။

သို့သော် အခွင့်အရေးများတွင် ရရှိမည့်အခွင့်အရေး positive rights နှင့် လွတ်မြောက်ခွင့်ရမည့်အခွင့်အရေး negative rights သာလျှင် ရှိမည်ဟု ရိုးရှင်းစွာ မမှတ်ယူရန်တော့ အရေးကြီးပါသည်။ အဘယ့်ကြောင့်ဆိုသော် လုပ်ဆောင်ပေးရမည့်တာဝန်များ positive duties နှင့် ရှောင်းရှားရန် တာဝန်ရှိခြင်း negative duties များလည်း ရောနှောနေနိုင်ပါသည်။ ဥပမာဆိုရလျှင် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်တွင် အစိုးရအနေဖြင့် တိုင်းပြည်ထဲတွင် သွားလာလှုပ်ရှားလိုသူ တစ်စုံတစ်ဦးကို မတားမြစ်မိဖို့လိုသည့် ရှောင်ရှားရမည့်လုပ်ရပ် negative duties ရှိသကဲ့သို့ သွားလာလိုသူများလိုရာရောက်စေရန်အတွက် အများပြည်သူသယ်ယူပို့ဆောင်ရေး အကောင်အထည်ဖော်ပေးခြင်း၊ လမ်းများပြင်ဆင်ပေးခြင်း သို့မဟုတ် ဘီးတပ်ကုလားထိုင်အသုံးပြုရသူများ အဆောက်အဦထဲကို ရောက်စေရန်အတွက် ဆင်ခြေလျှောများ ထည့်တပ်ပေးထားခြင်း စသည်တို့ကဲ့သို့ လုပ်ဆောင်ပေးရမည့် တာဝန်များ positive duties များလည်း ရှိပါသည်။

positive duties
လုပ်ဆောင်ပေးရန်ရှိသော
တာဝန်များ

တစ်စုံတစ်ခုကို လက်တွေ့လုပ်ဆောင်ရန် သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ်ကိုပေးရန်အတွက် ရှိသည့်တာဝန်ကို လုပ်ဆောင်ပေးရန်ရှိသောတာဝန်များ positive duties များဟု ဆိုပါသည်။ ဘာမှမလုပ်ဘဲနေခြင်း သို့မဟုတ် ကြားနေ လက်ပိုက်ကြည့်နေခြင်း အပြုအမူတို့ကြောင့် လုပ်ဆောင်ပေးရန်ရှိသောတာဝန်များ positive duties များ ပြည့်ဝပြီးမြောက်သွားမည် မဟုတ်ပေ။

လူ့အခွင့်အရေးဆိုင်ရာသဘောတူညီမှု စာချုပ်တစ်ခုကို လက်မှတ်ရေးထိုးပြီးသည့်အခါ နိုင်ငံများနှင့်အစိုးရများအပေါ် လူ့အခွင့်အရေးဆိုင်ရာ တာဝန်ရှိမှုများက ဥပဒေအရ စည်းကျပ်လိုက်ပြီးသားဖြစ်သွားသည်။ အစိုးရတစ်ရပ်သည် တိုင်းပြည်ကို ဦးဆောင်ရန်အတွက် ရွေးကောက်တင်မြှောက်ခံရပြီဆိုပါက ထိုအရာကို ဝန်ထုပ်ဝန်ပိုးဟုမယူဆသင့်ပေ။ ထိုအစိုးရသည်လူ့အခွင့်အရေးဆိုင်ရာ တာဝန်များကို ကျေပွန်ရန်အတွက် လိုအပ်သော ကျွမ်းကျင်လိမ္မာမှုများ ရှိအပ်ပေသည်။ တစ်ဦးတစ်ယောက်ချင်းတွင်လည်း လူ့အခွင့်အရေးဆိုင်ရာ တာဝန်ရှိပါသည်။ ခွဲခြားဆက်ဆံခြင်းမှ ရှောင်ကြဉ်ရပေမည်။ ထိုအရာကို အမျိုးသားအဆင့်ဥပဒေများဖြင့် ကာကွယ်ရန်အတွက် နိုင်ငံတော်ကလည်း တာဝန်ရှိပါသည်။

၁.၃.၃ ထက်အောက် Vertical နှင့် ဘေးတိုက် Horizontal အကာအကွယ်ပေးခြင်း

လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများတွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း နိုင်ငံတော်သည် လူတစ်ဦး၏ အခွင့်အရေးကိုမချိုးဖောက်ရန်အတွက် ဥပဒေအရ တာဝန်ရှိပါသည်။ သို့ပါသော်လည်း အစိုးရမဟုတ်သော အစုအဖွဲ့တစ်ရပ်ရပ်က ချိုးဖောက်ခဲ့သည်ရှိပါက မည်သို့ဖြစ်မည်နည်း။ ဥပမာ - ကုမ္ပဏီတစ်ခု မြေသိမ်းသည်မျိုး၊ စက်ရုံတစ်ရုံက မြစ်ရေကို ညစ်ညမ်းစေခြင်းမျိုး သို့မဟုတ် ခင်ပွန်းသည်တစ်ဦးဦးက ဇနီးကိုရိုက်နှက်သကဲ့သို့မျိုး ဖြစ်ပါသည်။ အဆိုပါဖြစ်စဉ်တွင် နိုင်ငံတော်အစိုးရက လုပ်သည်မဟုတ်ပေ။ ချိုးဖောက်ခံရသူသည် အခြားသူများ၊ ကော်ပိုရေးရှင်းများ၊ အစုအဖွဲ့များချိုးဖောက်သည့်ဒဏ်မှ အကာအကွယ်ရရန် တောင်းခံခြင်း၊ သို့မဟုတ် ဝန်ဆောင်ပေးမှုကို လိုအပ်ခြင်း ရှိလာသည်။ ယင်းကို ဘေးတိုက်အကာအကွယ်ပေးခြင်း horizontal protection ဟုဆိုပါသည်။ နိုင်ငံတော်အစိုးရ၏လက်ချက်မှ အကာအကွယ်တောင်းဆိုခြင်း၊ သို့မဟုတ် ဝန်ဆောင်မှုလိုအပ်ခြင်းနှင့်ကား မတူပေ။ နိုင်ငံတော်၏ချိုးဖောက်မှုကို အကာအကွယ်ရခြင်းကိုကား ထက်အောက် အကာအကွယ်ပေးခြင်း vertical protection ဟု ဆိုပါသည်။ အခြားသူများ၊ ကော်ပိုရေးရှင်းများ သို့မဟုတ် အခြားအစုအဖွဲ့များ၏ ချိုးဖောက်ခြင်းဒဏ်မှအကာအကွယ်ရခြင်း၊ ဝန်ဆောင်မှုရခြင်းကို ဘေးတိုက်အကာအကွယ်ပေးခြင်း horizontal protection ဟု ဆိုပါသည်။ လူ့အခွင့်အရေးသည် မူလဘူတသဘောအားဖြင့် အစိုးရအာဏာဖြင့် ချိုးဖောက်မှုဒဏ်မှ လူသားအား ထက်အောက်အကာအကွယ်ပေးခြင်းကို ရည်ရွယ်ခဲ့သော်လည်း မကြာခင်ကပင် ဘေးတိုက်အကာအကွယ် ရရှိခြင်းကလည်း ပိုမိုအရေးကြီးလာသည်ကို သိရှိရပေသည်။ အကြမ်းဖက်မှုမှ အမျိုးသမီးများနှင့် ကလေးများကို အကာအကွယ်ပေးခြင်း၊ လုပ်ငန်းခွင် အနိုင်ကျင့်နှိပ်စက်မှုများကိုတားမြစ်ခြင်း စသည်တို့ကို ဘေးတိုက်အကာအကွယ်ပေးခြင်း horizontal protection တွင်ရှိနေသော အားနည်းချက်များအား ကိုင်တွယ်ခြင်းဖြင့် ဆောင်ရွက်ရပါသည်။ ဘေးတိုက်အကာအကွယ်ပေးခြင်း၏ အားနည်းချက်မှာ အစိုးရမဟုတ်သောအစုအဖွဲ့များ၏ တာဝန်ကို သေချာကျနစွာ လုပ်ဆောင်စေရခြင်းဖြစ်သည်။ လူ့အခွင့်အရေးအရ တာဝန်ရှိမှုသည် အစိုးရနှင့်လူတစ်ဦးတို့ကြား ဆက်ဆံရေးကိုသာ စီမံခန့်ခွဲရခြင်းလောက်မရှိုးရှင်းပေ။ လူတစ်ဦးတစ်ယောက်ချင်းစီ၏ အခွင့်အရေးများကို မည်သူကမှ မည်သည့်အရာကမှ ချိုးဖောက်ခြင်းမရှိအောင် အကာအကွယ်ပေးစေရခြင်းဖြစ်ပါသည်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကော်ပိုရေးရှင်းများ၊ အစိုးရတပ်မဟုတ်သော လက်နက်ကိုင်အစုအဖွဲ့များ၊ ဆေးရုံများ၊ မီဒီယာများကဲ့သို့ အင်စတီကျူးရှင်းများ စသည်တို့သည်လည်း ပြည်သူလူထုအပေါ်တွင် တာဝန်ရှိကြောင်း ပိုမိုရှင်းလင်းလာပါသည်။ အဆိုပါ အစုအဖွဲ့များသည်

horizontal protection
ဘေးတိုက်အကာအကွယ်ပေးခြင်း

လူ့အခွင့်အရေးအရ အစိုးရမဟုတ်သော အခြားပုဂ္ဂိုလ်များ၊ ကုမ္ပဏီများ၊ ဆေးရုံများ၊ မီဒီယာများ စသူတို့ထံမှ အကာအကွယ်ပေးခြင်းဖြစ်သည်။ အဆိုပါအကာအကွယ်ပေးခြင်းသည် ဘေးတိုက်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းပါဝင်သူများသည် ဥပဒေအရ တစ်ပြေးတည်း ရှိကြသောကြောင့် ဖြစ်ပါသည်။ အစိုးရမဟုတ်သော လူ့အခွင့်အရေးချိုးဖောက်သူများ လက်မှ ကာကွယ်ရန်အတွက် ဥပဒေများ သတ်မှတ်ရေးဆွဲကာ ဘေးတိုက်အကာအကွယ် ပေးခြင်းကို ဆောင်ရွက်ရပါသည်။ ရဲတပ်ဖွဲ့၊ လူမှုဖူလုံရေးအဖွဲ့အစည်းများ၊ မီဒီယာများ ကဲ့သို့သော အဖွဲ့အစည်းများ ရှိရပါသည်။

vertical protection
ထက်အောက်
အကာအကွယ်ပေးခြင်း

ဆိုလိုသည်မှာ လူ့အခွင့်အရေးများအရ အစိုးရ၏ အာဏာဖြင့်ချိုးဖောက်မှုများမှ အကာအကွယ်ပေးခြင်းဖြစ်သည်။ အစိုးရ၏ပါဝါကို ကန့်သတ်ထားခြင်းဖြစ်ကာ အစိုးရများသည် ၎င်း၏ အာဏာစက်အောက်ရှိ ပြည်သူတို့၏အခွင့်အရေးများကို လေးစားရမည်ဖြစ်ပေသည်။

လူအခွင့်အရေးသဘောတူညီချက် စာချုပ်များနှင့် ဥပဒေအရ စည်းကျပ်ခံရခြင်း မရှိပေသော်ငြား ၎င်းတို့သည်လည်း အဆိုပါစံနှုန်းများနှင့် လျော်ညီရပေမည်။ အဘယ်ကြောင့်ဆိုသော် အစိုးရသည် တတိယအင်အားစုများ လက်မှလည်း ပြည်သူ့ကိုအကာအကွယ်ပေးရန် တာဝန်ရှိသောကြောင့် ပေတည်း။ အခန်း ၁၄ တွင် နိုင်ငံကျော် ကော်ပိုရေးရှင်းကြီးများ၏ တာဝန်ရှိမှုအကြောင်းကို ဖော်ပြထားပါသည်။ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေးနယ်ပယ်တွင် ဖြစ်ပါသည်။

၁.၃.၄ အစိုးရတာဝန်များ။ ။ လေးစားခြင်း၊ ကာကွယ်ခြင်း၊ ပြည့်မီစေခြင်းနှင့် မြှင့်တင်ခြင်း၊ ကာကွယ်ခြင်းနှင့် ကြိုတင်ကာကွယ်ထားခြင်း

လူအများ လူ့အခွင့်အရေး ရရှိစေရန်အတွက် အစိုးရများက မည်သို့ပြုလုပ်သင့်သည်ကို ပိုမိုရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုရန်အတွက် ကြိုးစားမှုများပြုလုပ်ခဲ့ကြသည်။ မတူညီသော်လည်း ချိတ်ဆက်မှုရှိသည့် ကုလသမဂ္ဂထုတ်ပြန်ချက်နှစ်ရပ်တွင် အသေးစိတ်ဖော်ပြထားပါသည်။ လူ့အခွင့်အရေးများကို ကူညီထောက်ပံ့နိုင်ရန်အတွက် အစိုးရများက မည်သို့ပြုလုပ်သင့်ပုံကို အဆိုပါကြေညာချက် နှစ်ရပ်လုံးက ရှင်းလင်းဖော်ပြထားပါသည်။ ပထမတစ်ခုက ကြေညာထားသည်မှာ အစိုးရများအနေဖြင့် အခွင့်အရေးများကို လေးစားကာ၊ အကာအကွယ်ပေးပြီး၊ ပြည့်မီစေသင့်သည်ဟု ဆိုထားသည်။

- လေးစားခြင်း။ ။အစိုးရများသည် လူ့အခွင့်အရေးကိစ္စကို အလေးအနက်ထားကာ အဆိုပါအခွင့်အရေးများကို အသိအမှတ်ပြုရမည်။
- အကာအကွယ်ပေးခြင်း။ ။အလုပ်လည်ပတ်နေသော ဥပဒေဖွဲ့စည်းပုံတစ်ခုရှိရန် အစိုးရများက သေချာစေရမည်။ အစိုးရမဟုတ်သော တစ်စုံတစ်ရာက လူသားတို့ကို လူ့အခွင့်အရေးမချိုးဖောက်နိုင်စေရန်အတွက် အကာအကွယ်ပေးခြင်း လုပ်ငန်းစဉ်လည်း သေချာကျနစွာရှိရမည်။ (ဘေးတိုက် အကာအကွယ်ပေးခြင်း)
- ပြည့်မီစေခြင်း။ ။အခွင့်အရေးမရကြသူများကို အနာဂတ်တွင် ၎င်းတို့ အခွင့်အရေးများ ရလာအောင် ဆောင်ရွက်ပေးရမည်။ (ဥပမာ - ကျောင်းတက်ခွင့်မရသည့်ကလေးများ)

ပထမဦးစွာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများအတွက် အရပ်သားနှင့် နိုင်ငံရေးအခွင့်အရေးများကဲ့သို့သော ချက်ချင်း မပြည့်ဝနိုင်သော်လည်း နောင်တွင် ဖြည့်တင်းနိုင်မည့် အခွင့်အရေးများအဖြစ် အဆိုပါ တာဝန်များကို ရေးသားခဲ့ပါသည်။ အခန်း ၅ တွင် ပိုမို အသေးစိတ် ရေးသားဖော်ပြထားပါသည်။ နိုင်ငံသားများ လူ့အခွင့်အရေး ရရှိစေရန်အတွက် အစိုးရများက လုပ်ဆောင်နေစေရန် ထိုလှုပ်ရှားမှုများကို ပိုကောင်းမွန်သော အစီအစဉ်ချမှု ပြုလုပ်နိုင်အောင် နားလည်သဘောပေါက်လာကြပါသည်။ ၁၉၉၀ ကာလများတွင် မြှင့်တင်ခြင်း၊ ကာကွယ်ခြင်းနှင့် ကြိုတင်ကာကွယ်ထားခြင်းဆိုသည့် လုပ်ငန်းစဉ် ပုံစံအသစ်များကို မိတ်ဆက်လာခဲ့ပါသည်။

- မြှင့်တင်ခြင်း။ ။လေးစားရန်အတွက် တာဝန်ရှိခြင်းသည် အစိုးရကို ထို့ထက်ပိုပြီး လုပ်ဆောင်ပေးရန် မတိုက်တွန်းဘဲနေသလို ရှိချေသည်။ လေးစားခြင်းဆိုသည်မှာ လက်တွေ့ လုပ်ဆောင်ခြင်းထက် စိတ်နေစိတ်ထားသဘောကို ပိုဆောင်သည်။ လူ့အခွင့်အရေးကို မြှင့်တင်ခြင်းဆိုသည့် လုပ်ဆောင်ချက်အသစ်ကြောင့် အစိုးရများအနေဖြင့် အသိပညာပေး

ခြင်း၊ ဥပဒေပြုရေးတွင် အခွင့်အရေးများကို ထည့်သွင်းခြင်း၊ ရှေ့ဆောင်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့် တက္ကသိုလ်များတွင် လူ့အခွင့်အရေးကိုသင်ကြားခြင်း စသည့် လူ့အခွင့်အရေး ဆိုင်ရာ ပညာပေးရေးလုပ်ငန်းများကို ပိုမိုပြန့်နှံ့စွာ စီစဉ်လာစေပါသည်။

- အကာအကွယ်ပေးခြင်း။ ။(အထက်တွင် ဖော်ပြခဲ့ပြီးပါပြီ)
- ကြိုတင်ကာကွယ်ထားခြင်း။ ။အစိုးရအနေဖြင့် ချိုးဖောက်မှုတစ်ခုခု ထဖြစ်မှ ပြန်လည် တုန့်ပြန်ခြင်းထက် ပို၍ ကြိုတင်ပြင်ဆင်ထားသင့်သည်။ ထိုကဲ့သို့ ချိုးဖောက်မှုများမှ ရှောင်လွဲနိုင်စေရန်အတွက် မူဝါဒများနှင့်အစီအစဉ်များ ရှိထားသင့်သည်။ ဥပမာ - လူ့အခွင့်အရေးပညာပေးခြင်း၊ ရဲတပ်ဖွဲ့ကိုလေ့ကျင့်ပေးခြင်း သို့မဟုတ် ဥပဒေများကို ထုတ်ပြန်ခြင်း မျိုးတို့ဖြစ်သည်။

လေးစားခြင်း၊ ကာကွယ်ခြင်း၊ ပြည့်မီစေခြင်းနှင့် မြှင့်တင်ခြင်း၊ ကာကွယ်ခြင်းနှင့် ကြိုတင် ကာကွယ်ထားခြင်း နှစ်ခုလုံးသည် အစိုးရထံမှ ဘာကိုမျှော်လင့်ထားသနည်း ဆိုသည်ကို အနှစ်ချုပ် ဖော်ပြခြင်းဖြစ်ပါသည်။ ထို့ပြင် လူ့အခွင့်အရေးဆိုင်ရာ လှုပ်ရှားသူများလည်း ဘာကိုလုပ်သင့်သည် ကို ညွှန်းဆိုထားခြင်းဖြစ်သည်။

၁.၄ အခွင့်အရေးအမျိုးအစားများ

လူ့အခွင့်အရေးများသည် သိသာထင်ရှားစွာပင် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များမှ ထွက်ပေါ်လာခြင်းဖြစ်ကာ အဆိုပါ သဘောတူညီချက်များက အခွင့်အရေးများကို အမျိုးအစား ခွဲခြားထားပါသည်။ ယင်းသို့ အမျိုးအစားများ ခွဲခြားဖော်ပြရန် အရေးကြီးပါသည်။ အဘယ်ကြောင့် ဆိုသော် အမျိုးအစားတစ်ခုအလိုက် အခွင့်အရေးများနှင့် တာဝန်များလည်းအနည်းငယ်စီ ကွဲပြား သွားသောကြောင့် ဖြစ်ပါသည်။ ထိုအခွင့်အရေးများကို အသေးစိတ်ဖော်ပြရန်အတွက် အသုံးဝင် သော နည်းလမ်းမှာ ပထမဆုံးအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာတမ်း UDHR တွင် မည်သို့ ပါဝင်လာခဲ့ခြင်းအပေါ် စေ့ငုလေ့လာခြင်းဖြစ်ပါသည်။ အဆိုပါ ကြေညာချက်ကို ၁၉၄၈ ခုနှစ်တွင် ကုလသမဂ္ဂက လက်ခံရပ်တည်ခဲ့ကာ တစ်ပိုဒ်ချင်းစီတွင် အခွင့်အရေးတစ်ရပ် သို့မဟုတ် တာဝန် တစ်ရပ်စီ ဖော်ပြထားသော အပိုဒ် ၃၀ ပါဝင်ခဲ့ပါသည်။ UDHR တွင် ပါဝင်သော အခွင့်အရေး များသည် သေချာစီစဉ်ထားသော စလယ်ဆုံး ပုံစံစီထားခြင်းဖြစ်ပြီး အခွင့်အရေးအမျိုးအစားများကို ဖော်ပြနိုင်ရန်ဖြစ်ပါသည်။ ကြေညာစာတမ်းကိုအခန်းလေးတွင် ပိုမိုအသေးစိတ်ဖော်ပြထားသည်။ သို့သော် ယခုအခန်းတွင်မူ မတူညီသော အခွင့်အရေးအမျိုးအစားများကို မည်သို့အမျိုးအစား ခွဲထားပုံအား အကျဉ်းမျှ ရှင်းလင်းဖော်ပြပါမည်။

အခွင့်အရေးများကို အမျိုးအစားများခွဲထားရခြင်းမှာ အချို့သော အမျိုးအစားများတွင် သီးသန့်ဝိသေသများ ရှိကြသောကြောင့်ဖြစ်သည်။ သို့သော်အမျိုးအစား တစ်ခုစီတိုင်းသည် လူသား တစ်ဦးစီအတွက် အရေးကြီးသော လူ့အခွင့်အရေးများဖြစ်ကြပေရာ ထိုအမျိုးအစားများ အဆင့်ခွဲ သတ်မှတ်ခွဲခြားခြင်းကား မပြုထိုက်ပေ။ သို့သော် သမိုင်းတွင် ဖြစ်ခဲ့သည့်အတိုင်း အချို့သော အစိုးရ များက အချို့သောအမျိုးအစားများကို ပိုအရေးကြီးသကဲ့သို့ ယူဆလိုကြရာမှ လူ့အခွင့်အရေး

ကာကွယ်စောင့်ရှောက်ရာတွင် သဘောထားအမြင် ကွဲလွဲမှုများဖြစ်လာ ပေတော့သည်။ (လာမည့် အခန်းတွင် အသေးစိတ်ကိုဖော်ပြပါမည်။)

အခြေခံအခွင့်အရေးများ (UDHR အပိုဒ် ၁ မှ ၆ အထိ)

UDHR ထဲမှ ပထမဆုံးသောအခွင့်အရေးများကို ကျွန်ုပ်တို့စက်ခံရခြင်းမှ လွတ်မြောက်ပိုင်ခွင့်၊ အသက်ရှင်ရပ်တည်ခွင့်၊ ခွဲခြားဆက်ဆံခြင်းမှကင်းလွတ်ခွင့်၊ လူတိုင်းတန်းတူညီမျှစွာ မွေးဖွားလာသည်ဟူသောအယူအဆ စသည့် အရေးအကြီးဆုံးများဟု ယူဆကြသည်။ မည်သည့်အခြေအနေတွင် ရှိစေကာမူ မည်သည့်နိုင်ငံကမှ အဆိုပါအခွင့်အရေးများကို လျစ်လျူရှုခြင်း သို့မဟုတ်ချိုးဖောက်ခြင်းများ မပြုနိုင်ပေ။ အခြေအနေတစ်ခုခုတွင် နိုင်ငံတော်အစိုးရသည် အခြားသော အခွင့်အရေးများကို ခေတ္တရပ်ဆိုင်းထားခြင်းသို့မဟုတ် အခြားပုံစံဖြင့်အဓိပ္ပာယ် ကောက်ယူခြင်းများ လုပ်နိုင်သော်လည်း (ထိုအကြောင်းကို အခန်း ၂ တွင် အသေးစိတ်ဖော်ပြထားပါသည်) အခြေခံအခွင့်အရေးများကိုမူ အစိုးရများသည် မည်သည့်အကြောင်းနှင့်မျှ ချိုးဖောက်၍မရပါပေ။

တရားဥပဒေစနစ်ထဲမှ အခွင့်အရေးများ (UDHR အပိုဒ် ၇ မှ ၁၁ အထိ)

လူတိုင်း တန်းတူညီမျှစွာ ဥပဒေ၏အစောင့်ရှောက်ခံများ ဖြစ်စေရန်အတွက် ဥပဒေဆိုင်ရာ အခွင့်အရေးများကို ထည့်သွင်းထားခြင်းဖြစ်သည်။ ထပ်လောင်းပြောဆိုရလျှင် ဥပဒေစနစ်သည် တရားရုံးသို့ တက်ရောက် အဆုံးဖြတ်ခံယူနိုင်ခြင်းနှင့် တရားမျှတ၊ ကျွမ်းကျင်ကာ သမာသမတ်ကျသော တရားရုံးဖြစ်ခြင်းကို အာမခံသောစစ်မှန်သည့် တရားမျှတမှု အတွေးအမြင်ပေါ် အခြေခံထားရမည်။ အဖမ်းခံရလျှင်တောင်မှ တန်းတူညီမျှစွာဆက်ဆံခြင်း၊ ကောင်းမွန်စွာဆက်ဆံခြင်းသည်လည်း တရားမျှတခြင်းတွင် ပါဝင်ပါသည်။ ထင်သလို ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ထင်သလို အပြစ်မရှိခြင်းကို ဆုံးဖြတ်ခြင်းတို့မှ လွတ်မြောက်ပိုင်ခွင့်လည်းပါဝင်ပါသည်။ အရှေ့တောင်အာရှနိုင်ငံများတွင် အဆိုပါ အခွင့်အရေးများမှာ စိမ်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။ အဘယ့်ကြောင့်ဆိုသော် တရားရုံးစနစ်များသည် ရန်ပုံငွေနည်းပါးစွာရရှိနေကြပြီး၊ လုပ်ငန်းပိလျက်ရှိခြင်းကြောင့် တရားမျှတမှုမှာ နှေးကွေးလေးလံလျက်ရှိပါသည်။ ရဲလုပ်ငန်းအဆင့်အတန်းသည်လည်း နိမ့်ကျလျက်ရှိခြင်းကြောင့် မှားယွင်းဖမ်းဆီးမိခြင်း သို့မဟုတ် ရာဇဝတ်ကောင်များကို မဖမ်းဆီးနိုင်ခြင်းတို့ ရှိပါသည်။ အချို့သော တရားရုံးများသည် သမာသမတ်မကျလှဘဲ အကျင့်ပျက်ခြစားခြင်းက မွစာတက်ကာ တရားသူကြီးများလည်း လာဘ်စားချင်တိုင်း လာဘ်စားကြပေတော့သည်။

လူ့အဖွဲ့အစည်းဆိုင်ရာ အခွင့်အရေးများ (UDHR အပိုဒ် ၁၂ မှ ၁၉ အထိ)

အရပ်သားအခွင့်အရေးများ

အရပ်သားအခွင့်အရေးများသည် လူတစ်ဦးတစ်ယောက်ချင်းစီ၏ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ကို အကာအကွယ်ပေးကာ လွတ်လပ်စွာ ထုတ်ဖော်တင်ပြခြင်း၊ ယုံကြည်ခြင်း၊ ပြောဆိုခြင်း၊ ဘာသာအယူကိုးကွယ်ခြင်း၊ လူပ်ရှားသွားလာခြင်းစသည့် လွတ်လပ်ခွင့်များကို အာမခံချက်ပေးခြင်းဖြစ်သည်။

အရပ်သားလွတ်လပ်ခွင့်များသည် တစ်ဦးတစ်ယောက်ချင်းတိုင်း၏ လူ့အဖွဲ့အစည်းအတွင်း ပါဝင်နိုင်ခြင်းကို အလေးပေးထားပြီး နေ့စဉ်ဘဝတွင် ဂုဏ်သိက္ခာအပြည့်ဖြင့် နေထိုင်နိုင်ခြင်းကို ဆိုလိုသည်။ အဆိုပါ အရပ်ဘက် လွတ်လပ်ခွင့်များကို အစောပိုင်းလူ့အခွင့်အရေးဆိုင်ရာ စာတမ်းများဖြစ်သော အမေရိကန်ပြည်ထောင်စု အခွင့်အရေးများဆိုင်ရာ ကြေညာစာတမ်း(၁၇၈၈) နှင့် ပြင်သစ်နိုင်ငံသားအခွင့်အရေး ကြေညာစာတမ်း(၁၇၈၉)တို့တွင် တွေ့ရှိနိုင်ပါသည်။ လူ့အဖွဲ့အစည်း

အတွင်း ပြည်သူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်များကို ပါဝင်ဆုံးဖြတ်ပတ်သက်နိုင်သည့် အစိုးရများ၏ ပါဝါကို ကန့်သတ်ထားခြင်းဖြစ်သည်။ အဆိုပါလွတ်လပ်ခွင့်များသည် ပုဂ္ဂလိကလွတ်လပ်ခွင့်၊ တိုင်းပြည်အတွင်း လွတ်လပ်စွာသွားလာခွင့်၊ ထိန်းမြားလက်ထပ်ခွင့်နှင့် သားသမီးရယူပိုင်ခွင့်၊ ဘာသာတရားတစ်ခုခုကိုကျင့်သုံးခွင့်နှင့် လွတ်လပ်စွာပြောဆိုတင်ပြနိုင်ခြင်းတို့ ဖြစ်ပါသည်။ အခြားသောအရပ်ဘက် အခွင့်အရေးများတွင် နိုင်ငံသားဖြစ်ပိုင်ခွင့်၊ ခိုလှုံရာရှာပိုင်ခွင့်နှင့် ပုဂ္ဂလိကပိုင်ဆိုင်ခွင့်တို့ ပါဝင်ပါသည်။

နိုင်ငံရေးဆိုင်ရာအခွင့်အရေးများ (UDHR အပိုဒ် ၁၉ မှ ၂၁ အထိ)

နိုင်ငံရေးအခွင့်အရေးများ

နိုင်ငံရေးဆိုင်ရာအခွင့်အရေးများသည် ပြည်သူတို့အားနိုင်ငံရေးတွင် ပါဝင်နိုင်စေရန်အတွက် ခွင့်ပြုပေးရသည့် အခွင့်အရေးများဖြစ်ပြီး ထိုအခွင့်အရေးများသည်မျှတသော နိုင်ငံရေးစနစ်တစ်ခုကိုလည်း တည်ရှိစေပါသည်။ နိုင်ငံရေးအခွင့်အရေးများသည် မဲပေးပိုင်ခွင့်၊ နိုင်ငံရေးလုပ်ပိုင်ခွင့်၊ အစိုးရအရာရှိအဖြစ် တာဝန်ယူပိုင်ခွင့် စသည်တို့ပါဝင်သည့် ပါဝင်ဆောင်ရွက်နိုင်ခြင်းနှင့် ဆက်စပ်နေပါသည်။ စုစည်းခွင့်၊ နိုင်ငံရေးပါတီတည်ထောင်ပိုင်ခွင့်၊ အစုအဖွဲ့တစ်ခုခု၏ အဖွဲ့ဝင်ဖြစ်ပိုင်ခွင့် စသည့် အခွင့်အရေးများလည်းဖြစ်သည်။ အစုအဖွဲ့ဆိုသည်မှာ နိုင်ငံရေးပါတီများ၊ အလုပ်သမားသမဂ္ဂများ သို့မဟုတ် ပရိသတ်များစုဖွဲ့ထားသည့် ကလပ်များပင်ဖြစ်နိုင်ပါသည်။ အများပြည်သူရှေ့တွင် တွေ့ဆုံခြင်းဖြစ်စေ၊ ပုဂ္ဂလိကလျှို့ဝှက်စွာတွေ့ဆုံခြင်းဖြစ်စေ စုစည်းခွင့်သည် လူအခွင့်အရေးဖြစ်ပြီး အစိုးရကိုဆန့်ကျင်ဆန္ဒပြခြင်း သို့မဟုတ် လုပ်ငန်းခွင်အခြေအနေကိုဆန္ဒပြခြင်း၊ အရေးကိစ္စတစ်ခုခုကို အများပြည်သူ သတိထားမိလာစေခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုတစ်ခုတွင် ပါဝင်ခြင်းတို့လည်း အကျုံးဝင်သည်။

စီးပွားရေးဆိုင်ရာအခွင့်အရေးများ (UDHR အပိုဒ် ၂၂ မှ အပိုဒ် ၂၄ အထိ)

စီးပွားရေးဆိုင်ရာ အခွင့်အရေးများ

စီးပွားရေးဆိုင်ရာအခွင့်အရေးများသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းတိုင်း ရပ်ရွာထဲတွင် ဂုဏ်သိက္ခာရှိစွာ နေထိုင်အသက်ရှင်နိုင်ရန်အတွက် လုံလောက်သောငွေကြေး သို့မဟုတ် အရင်းအမြစ်များ ရှိစေရန်အတွက် ဖန်တီးပေးထားသောအခွင့်အရေးများဖြစ်ပါသည်။ အလုပ်ရှင်များက မျှတစွာလုပ်ခလစာပေးသော၊ လုံခြုံကျန်းမာသည့် လုပ်ငန်းခွင်ရှိသော အလုပ်လုပ်ပိုင်ခွင့် ပါဝင်ပါသည်။ အလုပ်မလုပ်နိုင်သူတို့အတွက်လည်း အစိုးရကစီစဉ်ပေးသည့် လူမှုဖူလုံရေးပုံစံဖြင့် အကာအကွယ်ပေးရပါသည်။ UDHR အပိုဒ် ၂၂ တွင် ဖော်ပြထားသည်မှာ လူမှုဖူလုံရေးကို ရပိုင်ခွင့်ဖြစ်သည်။ လူမှုဖူလုံရေးပေးအပ်မှု သို့မဟုတ် စျေးသက်သာသော အစားအသောက်များ ရရှိနိုင်မှု ကဲ့သို့သော အသက်ရှင်ရပ်တည်ရန် လိုအပ်သောအရင်းအမြစ်များကို ရရှိပိုင်ခွင့်အားဆိုလိုခြင်းဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံအများစုတွင် လူမှုဖူလုံရေးစနစ်အားနည်းကာ သို့မဟုတ် လုံးဝကိုမရှိပေ။ ထို့ကြောင့် ထိုဒေသတွင် ဖွံ့ဖြိုးတိုးတက်ရန်များစွာ လိုအပ်ပါသေးသည်။ နောက်ထပ်အဓိကကျသော စီးပွားရေးဆိုင်ရာအခွင့်အရေးမှာ နားနေအပန်းဖြေပိုင်ခွင့်ဖြစ်ပါသည်။ လူမှုဖူလုံရေးအခွင့်အရေးကဲ့သို့ပင် ယင်းကိုလည်း ဘေးချိတ်ထားသည်က များပါသည်။ အဘယ့်ကြောင့်ဆိုသော် အတော်များများက ထိုကိစ္စကို ကလေးအခွင့်အရေးဟုသာမြင်ကြသောကြောင့်ဖြစ်ပါသည်။ သို့သော်လည်း အပန်းဖြေအနားယူပိုင်ခွင့်သည် အလုပ်လုပ်ပိုင်ခွင့်နှင့် ချိတ်ဆက်နေပါသည်။ အများဆုံးအလုပ်ချိန်နှင့်ပိတ်ရက် ရပိုင်ခွင့်တို့သည် အလုပ်လုပ်ပိုင်ခွင့်၏ အစိတ်အပိုင်းလည်း ဖြစ်ပါသည်။

လူမှုအခွင့်အရေးများ (UDHR အပိုဒ် ၂၅ မှ အပိုဒ် ၂၆ အထိ)

လူမှုရေးဆိုင်ရာအခွင့်အရေးများသည် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ အစားအစာ၊ ရေနှင့်အိမ်ယာရပိုင်ခွင့်စသည့် လူအဖွဲ့အစည်းတစ်ရပ်တွင် နေထိုင်ခြင်းအတွက် လူတစ်ဦးမျှော်လင့်သင့်သော အခွင့်အရေးများဖြစ်ပါသည်။ အချို့ကလည်း သက်မွေးမှု အခွင့်အရေးဟုခေါ်ကြသည်။ အဆိုပါအခွင့်အရေးသည် လူမှုသဘောတူညီချက်အတွေးအခေါ်မှ ဆင်းသက်လာသည်ဟုလည်း တင်ပြသုံးသပ်မှုများ ရှိနိုင်ပါသည်။ လူမှုသဘောတူညီချက် social contract သဘောတရားမှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းများနှင့် အစိုးရတို့အကြားသဘောတူစာချုပ်ရှိကာ ထိုအရာသဘောအရ လူတစ်ဦးသည်ငြိမ်းချမ်းစွာ၊ ဥပဒေဘောင်အတွင်းက နေထိုင်ပါက အစိုးရများက ဝန်ဆောင်မှုများ ပြန်လည်ပေးရမည်ဖြစ်ပြီး၊ လူအချင်းချင်းပြန်လည်ပေးအပ်ကြသည့် ဝန်ဆောင်မှုများကိုလည်း အကာအကွယ်ပေးရမည်ဟူ၍ဖြစ်သည်။

အစိုးရထံမှမျှော်လင့်နိုင်သော ဝန်ဆောင်မှုများတွင် ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုတို့ ပါဝင်ပါသည်။ နိုင်ငံသားများ ထိုအခွင့်အရေးကို မည်သို့ရရှိသနည်း ဆိုသည်ဟု နိုင်ငံများအကြားကွဲပြားမှု ရှိပါသည်။ သို့သော်အစိုးရက ထိုအရာကို ပေးကိုပေးအပ်ရမည်ဖြစ်ပါသည်။ ဥပမာ အစိုးရများသည် ကလေးတိုင်းကို တိုင်းရင်းသားလူမျိုးမရွေး၊ နိုင်ငံသားမရွေး၊ ဘာသာစကားမရွေး မသင်မနေရ မူလတန်းပညာရေးကို အခမဲ့ပေးရမည်ဖြစ်သည်။ ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာ၊ ရေနှင့်အိမ်ရာရရှိပိုင်ခွင့်သည် အရှေ့တောင်အာရှနိုင်ငံများတွင် အထူးအရေးပါပေသည်။ အစားအစာ၊ ရေ၊ အိမ်ရာ၊ ကျန်းမာရေးနှင့်ပညာရေးတို့တွင် စင်ကာပူကဲ့သို့သောနိုင်ငံမျိုးက အဆင့်မြင့်စွာ ဆောင်ရွက်ပေးထားသော်ငြား မြန်မာကဲ့သို့သောနိုင်ငံများတွင်မူ အဆိုပါ အခြေခံအခွင့်အရေးများ နှင်းအပ်ရန်ကိုပင် ရုန်းကန်နေရဆဲ ဖြစ်သည်။

လူမှုအခွင့်အရေးများ

လူမှုအခွင့်အရေးများဆိုသည်မှာ ကျန်းမာရေး၊ ပညာရေးကဲ့သို့သော အစိုးရဝန်ဆောင်မှုများကို ရပိုင်ခွင့်ဖြစ်ပါသည်။ စားနပ်ရိက္ခာ၊ ရေ၊ နေအိမ်နှင့်အဝတ်အဆင် စသည့် အခြေခံလိုအပ်ချက်များကို ရပိုင်ခွင့်ရှိပါသည်။ ၄င်းတို့မှာ လူမှုအခွင့်အရေးများဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ယင်းအခွင့်အရေးများရှိမှ လူအများအနေဖြင့် လူအဖွဲ့အစည်း အတွင်းဝယ် ဂုဏ်သိက္ခာဖြင့် နေနိုင်မည် ဖြစ်ပါသည်။ ယင်းတို့သည် ပြည်သူနှင့်အစိုးရကြား သဘ်မှတ်ထားသော လူမှုသဘောတူညီချက်၏ တစိတ်တပိုင်းအဖြစ်လည်း မှတ်ယူကြသည်။ လူမှုသဘောတူညီချက်ဆိုသည်မှာကား ဥပဒေများကိုလိုက်နာခြင်းအားဖြင့် အစိုးရကဝန်ဆောင်မှုများ ပြန်လည်ပေးအပ်မည်ဆိုသည့် သဘောဖြစ်သည်။

ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ (UDHR အပိုဒ် ၂၇)

နောက်ဆုံးအမျိုးအစားတစ်ခုမှာ ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများ ဖြစ်ပါသည်။ အဆိုပါအခွင့်အရေးအမျိုးအစားမှာ လူတစ်ဦးအနေဖြင့် ၎င်းတို့၏ယဉ်ကျေးမှုကို ပါဝင်ဆင်နွှဲခွင့်ဖြစ်ပါသည်။ ထိုအခွင့်အရေးကို သုံးမျိုးထပ်ခွဲနိုင်ပါသည်။ ဘာသာစကားဆိုင်ရာအခွင့်အရေး၊ ဘာသာရေးလွတ်လပ်ခွင့်နှင့် ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှုများ အခွင့်အရေးတို့ ဖြစ်ပါသည်။ ဘာသာစကားတစ်ခုကို အသုံးပြုရွေးချယ်ခွင့်ရှိသည်ဆိုသည့် လူအခွင့်အရေးအရ အစိုးရသည် ပြည်သူများအား ဘာသာစကားတစ်ခုခုကို မသုံးပါရန် ပိတ်ပင်တားမြစ်ခွင့်မရှိပေ။ ဘာသာစကားတစ်ရပ်ကိုပြောသော လူမျိုးစုတစ်ခုကို အစိုးရက ဥပဒေအရ ကာကွယ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ပြုလုပ်ရမည်ဖြစ်သော်လည်း ထိုဘာသာစကားကိုပြောသော လူထုအတွက်ဝန်ဆောင်မှုများ ပေးရမည်ဟုတော့ မဆိုလိုပါ။ ဘာသာတရားအခွင့်အရေးသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းအနေဖြင့် ၎င်းတို့၏ ဘာသာတရားကို ရွေးချယ်ခွင့်ပေးရပြီး၊ စုပေါင်းဝတ်ပြုခြင်း ကဲ့သို့သော အစုအဖွဲ့လိုက်ကျင့်ကြံအားထုတ်ခြင်းကို ခွင့်ပြုပေးရပေသည်။

ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများတွင် စားသောက်ခြင်း၊ ဝတ်ဆင်ခြင်း၊ လက်ထပ်ထိမ်းမြားခြင်း၊ အသုဘအခမ်းအနားကျင်းပခြင်းနှင့် အခမ်းအနားများဆင်နွှဲခြင်း စသည်တို့ကို

ယဉ်ကျေးမှုအတိုင်း လှုပ်ရှားဆောင်ရွက်ခြင်းတို့ အကျုံးဝင်ပါသည်။ အရှေ့တောင်အာရှတစ်လွှား တွင် အဆိုပါအခွင့်အရေးနှင့်ပတ်သက်ပြီး တင်းမာမှုများစွာဖြစ်ရပါသည်။ ဥပမာ - အစ္စလာမ် အမျိုးသမီးများအတွက် ဟီဂျပ်ခေါ် ခြုံလွှာဆင်မြန်းခြင်းနှင့် အစိုးရက သဘာဝဥယျာဉ်အဖြစ် သတ်မှတ်လိုက်သည့်နေရာတွင်နေထိုင်ပြီး အမဲလိုက်ကြသည့် လူနည်းစုမျိုးနွယ်စုများ၏ အခွင့်အရေး ဆိုင်ရာကိစ္စရပ်များ ဖြစ်သည်။

၁.၄.၁ လူ့အခွင့်အရေးအမျိုးအစားများ၏ ကွဲပြားခြားနားမှုများနှင့် တူညီပေါင်းစပ်နိုင်မှုများ

အခွင့်အရေးများကို အမျိုးအစားလိုက်ခွဲခြားခြင်းသည် အသုံးဝင်၏။ အဘယ်ကြောင့် ဆိုသော် အမျိုးအစားတစ်ခုခြင်းစီသည် အနည်းငယ် မတူညီသောသဘောသဘာဝရှိပြီး တာဝန် များလည်း ထိုနည်းတူဖြစ်သည်။ ဥပမာ - အခြေခံလူ့အခွင့်အရေးများတွင် အာဏာတည်စေရန် အတွက် နိုင်ငံတကာဥပဒေများ၏ စွမ်းအားရှိနေပြီး အရပ်ဘက် လွတ်လပ်ခွင့်များတွင် ထိုသို့ရှိမနေ ပေ။ လူမှုအခွင့်အရေးများသည် အစိုးရ၏ဝန်ဆောင်မှုများကို ခွဲခြမ်းဖော်ပြထားပြီး အရပ်သားအခွင့် အရေးများနှင့် မတူပေ။ ယဉ်ကျေးမှုအခွင့်အရေးများမှာမူကား လူနည်းစုအစုအဖွဲ့များကို ရည်ရွယ် ထားပေသည်။ သို့သော် အခွင့်အရေးများကို ခွဲခြားဖော်ပြခြင်းကြောင့် အန္တရာယ်လည်းရှိပါသည်။ အဘယ်ကြောင့်နည်း။ အချို့သော အစိုးရများသည် အချို့သောအမျိုးအစားများကို ဦးစားပေးလိုကြပြီး အချို့ကို လျစ်လျူရှုထားပေသည်။ သို့မဟုတ် ကိုယ်လုပ်ပေးချင်သည့်အပိုင်းကို ရွေးချယ် လုပ် ပေးခြင်းမျိုး ဖြစ်တတ်ပေသည်။

၁၉၅၀ မှ ၁၉၉၀ ကြားကာလများအတွင်းဝယ် အရပ်ဘက်နှင့်နိုင်ငံရေးဆိုင်ရာ အခွင့် အရေးများပေးအပ်သည့် နိုင်ငံများနှင့်စီးပွားရေးနှင့် လူမှုအခွင့်ရေးကိုသာ ထောက်ပံ့လိုသည့် နိုင်ငံများ အကြား အဓိကအကွဲအပြဲဖြင့်ခုန်မှုများဖြစ်ခဲ့သည်။ ရလဒ်ကတော့ အဆိုပါအခွင့်အရေး အမျိုး အစားများ ပိုကွဲပြီး အလှမ်းကွာလာလေသတည်း။ အဆိုပါ ရပ်တည်ချက်အကွဲအပြဲသည် လစ်ဘရယ် အရင်းရှင်စနစ်ကို ထောက်ခံသော အနောက်အုပ်စုနိုင်ငံများနှင့် တရုတ်၊ ဆိုဗီယက်ပြည်ထောင်စု၊ ဗီယက်နမ် စသည့် ကွန်မြူနစ်နိုင်ငံရေးစနစ်ကို ထောက်ခံသည့်နိုင်ငံများတို့ကြား နိုင်ငံရေးအယူအဆ ဖီလာနေသည့် စစ်အေးနှင့်လည်း တိုက်ဆိုင်လျက်ရှိသည်။ အမြဲတမ်းမှန်ခဲ့သည်တော့ မဟုတ်သော်လည်း အနောက်နိုင်ငံများက အရပ်ဘက်နှင့်နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကိုထောက်ပံ့ကြပြီး ကွန်မြူနစ်နိုင်ငံများကမူ စီးပွားရေးနှင့် လူမှုဖူလုံရေးအခွင့်အရေးများကို ထောက်ပံ့လိုကြသည့် တိမ်းညွတ်မှုများရှိသည်။ ယေဘုယျဆိုရလျှင် အနောက်နိုင်ငံများသည် အရပ်ဘက်နှင့် နိုင်ငံရေး အခွင့်အရေးများကို တိမ်းညွတ်ကြသည်မှာ ၎င်းတို့တွင် အခွင့်အရေးဆိုင်ရာ အခြေခံမူဥပဒေများ နဂိုကတည်းက ရှိပြီးသားဖြစ်သောကြောင့်ပင်။ ထပ်လောင်းဆိုရလျှင် ချမ်းသာပြီး ဖွံ့ဖြိုးပြီးနိုင်ငံများ အတွက် ငတ်မွတ်နေသော အိမ်ခြေမဲ့နေသော လူများက အနည်းငယ်သာရှိသောကြောင့် စီးပွားရေး ဆိုင်ရာ အခွင့်အရေးများကိစ္စကို အနည်းငယ်သာ ကိုင်တွယ်ရန်လိုပြီး လူမှုဖူလုံအခွင့်အရေးများ သည် နိုင်ငံသားများကိုယ်တိုင် ပေးဆောင်ဝယ်ယူရမည့် ဝန်ဆောင်မှုများဟု မြင်ကြဖွယ်ရှိသည်။ အဆိုပါသဘောထားမတူညီမှု ကွာဟချက်ကြီးကို အနောက်အုပ်စုဘက်မှ အစိုးရမဟုတ်သော အဖွဲ့အစည်း NGOs များဖြစ်ကြသည့် Amnesty International နှင့် Human Rights Watch တို့လို အဖွဲ့အစည်းများက ၁၉၉၀ နှောင်ပိုင်းကာလများအထိ အရပ်ဘက်နှင့်နိုင်ငံရေးဆိုင်ရာ

အခွင့်အရေးများအတွက်သာ သက်သက်အလုပ်လုပ်ခြင်းဖြင့် ပိုမိုကျယ်ပြန့်လာစေခဲ့သည်။ နောက်ပိုင်းတွင် စီးပွားရေးနှင့် လူမှုဖူလုံအခွင့်အရေးများအကြောင်းကို ၎င်းတို့လည်း ထည့်သွင်းစဉ်းစားလာခဲ့သည်။

ကွန်မြူနစ်နိုင်ငံများသည် ပညာရေး၊ ကျန်းမာရေး၊ အခမဲ့စီးပွားရေး လူမှုဖူလုံမှု စသည်တို့ပေးအပ်ရန်အတွက် အစိုးရ၏တာဝန်ဟု ယူဆထားပြီး မဲပေးခွင့်ကဲ့သို့သော နိုင်ငံရေး အခွင့်အရေးများကိုမူ ထောက်ပံ့ခြင်းမပြုကြပေ။ အလားတူစွာပင် အချို့သော အရှေ့တောင်အာရှနိုင်ငံများက အရပ်ဘက်လွတ်လပ်ခွင့်များ လာပြီးမှ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဟု ဆုံးဖြတ်ကြသည်။ စင်ကာပူနှင့် မလေးရှားတို့အပါအဝင် နိုင်ငံအတော်များများကမူ အရပ်ဘက်၊ နိုင်ငံရေးအခွင့်အရေးများထက် စီးပွားရေးနှင့်လူမှုအခွင့်အရေးများကို အလေးပေးကြသည်။ ကျန်းမာရေး၊ ပညာရေးနှင့် ဓနကြွယ်ဝမှုတို့ ပြည့်စုံပါမှ လွတ်လပ်စွာထုတ်ဖော်တင်ပြခြင်းနှင့် လွတ်လပ်စွာစုစည်းခြင်းတို့ကဲ့သို့သော အရပ်ဘက်နှင့်နိုင်ငံရေးဆိုင်ရာအခွင့်အရေးများကို အသိအမှတ်ပြုနိုင်မည်ဟု ၎င်းတို့က ငြင်းချက်ထုတ်ကြသည်။ တိုင်းပြည်မဖွံ့ဖြိုးခင် အရပ်ဘက်နှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများကို နိုင်ငံသားတိုင်းအား ပေးလိုက်ပါလျှင် ဖွံ့ဖြိုးရေးအတွက် အာရုံစိုက်ကာ အလုပ်လုပ်ကြရမည့် အစားဆန္ဒပြလိုက်၊ တိုက်ခိုက်လိုက်နှင့် ပဋိပက္ခများ၊ သဘောထားရှုပ်ထွေးမှုများဖြစ်လာနိုင်သည်ဟု အခိုင်အမာပြောဆိုကြသည်။ သို့ဖြင့် အရပ်ဘက်အခွင့်အရေးများသည်စီးပွားရေးနှင့် လူမှုဖူလုံအခွင့်အရေးများတို့ဖြင့် လဲလှယ်ရသည့်သဘော ဖြစ်လာသည်။ အခွင့်အရေးများကို ခွဲခြားသတ်မှတ်ခြင်းသည် နိုင်ငံရေးဆုံးဖြတ်ချက်တစ်ခုသာမဟုတ်ဘဲ အစိုးရများက လူ့အခွင့်အရေးကို မည်သို့ဆက်နွယ်သတ်မှတ်သည်ကိုပါ ဩဇာသက်ရောက်နေကြောင်း အခန်း (၃)တွင် ဖော်ညွှန်းပြသပေးပါမည်။

မတူညီသော လူ့အခွင့်အရေး အမျိုးအစားများသည် မတူညီသော ကာလအပိုင်းအခြားများတွင် ပေါ်လာသည်ဆိုသည့် မျိုးဆက်သုံးဆက် သဘောတရားကဲ့သို့ အကောက်အယူများကလည်း လူ့အခွင့်အရေးအမျိုးအစားများ ကွဲပြားရခြင်းကို ပိုအားကောင်းစေပါသည်။ အဆိုပါ သီအိုရီအရ လူ့အခွင့်အရေးများတွင် နှစ်ကာလအလိုက် အုပ်စုခွဲထားသော အမျိုးအစားသုံးမျိုးရှိသည်ဟုဆို၏။

သဘောတရားရေးရာ ရှင်းလင်းချက်

မျိုးဆက်သုံးဆက် သီအိုရီ

Three generations သီအိုရီကိုချက် ဥပဒေပညာရှိ ကာရယ်ဗာဆက်က ၁၉၇၀ ကာလများတွင် တင်ပြဆွေးနွေးခဲ့သည်။ အခွင့်အရေးများသည် မတူညီသည့် အချိန်နှင့် မတူညီသည့် နောက်ခံအခြေအနေများတွင် ပေါ်ပေါက်လာသည်ဟုဆိုသည်။ အဆိုပါ သီအိုရီက အောက်ပါအတိုင်း မျိုးဆက်သုံးဆက်ကို အဓိပ္ပာယ်ဖွင့်ထားပါသည်။

ပထမမျိုးဆက်။ ။ပထမဆုံးသော လူ့အခွင့်အရေးများမှာ အရပ်ဘက်နှင့်နိုင်ငံရေးဆိုင်ရာ သဘာဝများဖြစ်ပြီး ၁၇၀၀ ကာလများနှင့် ၁၈၀၀ ခုနှစ်အလယ်ပိုင်း ဥဏှာအလင်းခေတ်တွင် ပေါ်ထွန်းခဲ့ပါသည်။ ဥပမာများမှာ အမေရိကန်ပြည်ထောင်စု အခွင့်အရေးများစာတမ်း Bill of Rights နှင့် လူသားနှင့်နိုင်ငံသားအခွင့်အရေး ပြင်သစ်ကြေညာစာတမ်းတို့ ဖြစ်ချေသည်။

ဒုတိယမျိုးဆက်။ ။ဒုတိယမျိုးဆက်ကား စက်မှုတော်လှန်ရေး၏ ဆိုးရွားပြင်းထန်သော အခြေအနေများကို အန်တုရင်း ထွက်ပေါ်လာသော အခွင့်အရေးများဖြစ်ကြသည်။ ယင်းအခွင့် အရေးများက အလုပ်သမားကိုအကာအကွယ်ပေးပြီး အစိုးရများကပညာရေး နှင့် ကျန်းမာရေး စောင့်ရှောက်မှုတို့ကဲ့သို့သော ဝန်ဆောင်မှုများပေးရန် တိုက်တွန်းသည်။ အဆိုပါကာလသည် ၁၈၀၀ ခုနှစ်များ နှောင်းပိုင်းတွင်စတင်ခဲ့ပြီး ဒုတိယကမ္ဘာစစ်ကာလအထိ ရှေ့ဆက်ခဲ့သည်။ အဆိုပါ ကာလအတွင်း အလုပ်သမားများကို ကာကွယ်ရန်အတွက် ILO ပေါ်ပေါက်ခဲ့ကာ ပထမဆုံး လူမှုဖူလုံရေးနိုင်ငံများပေါ်လာပြီး ပထမဆုံး တစ်သားတည်းသော ပညာရေးစနစ်များလည်း စတင် မိတ်ဆက်ခဲ့ပါသည်။

တတိယမျိုးဆက်။ ။တတိယမျိုးဆက် အခွင့်အရေးများသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရေးအကြီးဆုံးဖြစ်ကာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ လူနည်းစုနှင့်ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ ဖြစ်ကြပါသည်။ ၁၉၆၀ နှင့် ၁၉၇၀ ကာလများအတွင်း အဆိုပါအခွင့်အရေးတို့ အရေးပါလာခဲ့ပြီး အမျိုးမျိုးအဖုံဖုံသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များတွင် စတင် ပါဝင် လာခဲ့သည်။

မျိုးဆက်သုံးခုသီအိုရီသည် မတူညီသည့် အခွင့်အရေးအမျိုးအစားများကို ခွဲခြားရှင်းလင်းရန် အထောက်အကူ မဖြစ်ပေလင့်ကစား၊ ဖြေရှင်းချက်များထက် ပုစ္ဆာများကိုသာ ဖန်တီးပေတော့သည်။ ပြဿနာများမှာ မျိုးဆက်သုံးဆက်ကို အသေးစိတ်ဖော်ပြရာ၌ အရပ်ဘက်နှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများသည် ပထမဆုံးနှင့် မူလဘူတအဖြစ်ဆုံး အခွင့်အရေးများဖြစ်ကာ အခြား အခွင့်အရေးများက နောက်မှလိုက်လာသည်ဟူသော ဆောင်းပါးရိပ်ချည် သဘောသက်ရောက်ပေ တော့သည်။ အရပ်ဘက်နှင့်နိုင်ငံရေး အခွင့်အရေးများသည် အခြေခံကျပြီး စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကား ဒုတိယလိုက်သည် ဟူသော ယူဆချက်အပေါ် မီးထိုးပေး သကဲ့သို့ ရှိပေသည်။ အရပ်ဘက်နှင့်နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများသည် ကာလအရှည်ဆုံး ပေါ်ပေါက်ခဲ့သည်ဖြစ်၍အဖွံ့ဖြိုးဆုံးဖြစ်သည် ဟူသော သဘောကို စောင်းပါးရိတ်ခြည်ပြောပေသည်။ သို့သော် ယဉ်ကျေးမှုအတော်များများတွင် မတူညီသောယဉ်ကျေးမှုများကို သမိုင်းတစ်လျှောက် လေးစားနားလည်မှုနှင့် နွမ်းပါးသူများကို ထောက်ပံ့ကူညီမှုများရှိခဲ့ကြပါသည်။ မျိုးဆက်တစ်ခု ချင်းစီသည် တစ်ခုနှင့်တစ်ခု ကွဲပြားကြကာ အဆိုပါအမျိုးအစားများကို ခွဲခြားနိုင်သည်ဟု သဘော ထားပြီး သီးခြားစီ အကောင်အထည်ဖော်နိုင်သည့်သဘောများလည်း ပြောထားသည်။ သို့ပါသော် လည်း လူ့အခွင့်အရေးဆိုင်ရာ ခေတ်ပြိုင်အတွေးအခေါ်များကမူ ထိုသို့မဟုတ်ကြောင်း ပြန်လှန် ငြင်းချက်ထုတ်ထားပါသည်။

၁.၄.၂ VDPA ဗီယင်နာကြေညာစာတမ်းနှင့် လက်တွေ့ဆောင်ရွက်မှုအစီအစဉ်

အနောက်နိုင်ငံများ၏ စီးပွားရေးဖူလုံမှုဆိုင်ရာအခွင့်အရေးအပေါ် စိတ်ဝင်စားမှု နည်းပါး ခြင်းပြဿနာ သို့မဟုတ် အာရှဘက်ရှိအရပ်သားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများအပေါ် အရေးပါမှု လျှော့ချထားခြင်းကိစ္စက လူ့အခွင့်အရေးလှုပ်ရှားမှုအတွက် အဓိကအခက်အခဲတစ်ရပ် အဖြစ် မြင်ရပေသည်။ စစ်အေးအပြီးနှင့် နိုင်ငံရေးအရ အမြင်ကွဲပြားမှုများနောက်တွင် အဆိုပါ

ပြဿနာများကိုအဖြေရှာရန် ၁၉၉၃ ဗီယင်နာတွင် ကျင်းပသော ဒုတိယအကြိမ်လူ့အခွင့်အရေး ဆိုင်ရာ ကမ္ဘာ့ညီလာခံ၌ အခွင့်အလမ်းတစ်ရပ် ပေါ်ပေါက်ခဲ့သည်။ ညီလာခံနှင့် ရလဒ်ဖြစ်သော စာတမ်းဖြစ်သည့် VDPA ဗီယင်နာကြေညာစာတမ်းနှင့် လက်တွေ့ဆောင်ရွက်မှု အစီအစဉ်က လူ့အခွင့်အရေးကဏ္ဍတွင် အရေးပါသော ဆင့်ကဲတိုးတက်မှုတစ်ရပ်ဖြစ်ခဲ့သည်။ တက်ရောက်ခဲ့သော နိုင်ငံပေါင်း ၁၇၁ နိုင်ငံက သဘောတူခဲ့ပြီး ကမ္ဘာလုံးဆိုသဘော တူညီလက်ခံမှုကို ပြဿနိုင်ခဲ့သည်။ VDPA သည် လူ့အခွင့်အရေးကိုနည်းလမ်းအမျိုးမျိုးဖြင့် နားလည်နေမှုအား တော်လှန်စုစည်းခဲ့ကာ အားလုံးအတွက်လူ့အခွင့်အရေး ဆိုသည့်သဘောထားအမြင် တစ်ရပ်အဖြစ် စုစည်းဖော်ပြရန် ကြိုးစားခဲ့သည်။ လူ့အခွင့်အရေးများသည် ယဉ်ကျေးမှုဆိုင်ရာ ဝိသေသအထူးပြုချက်များကို လိုက်၍ ပြောင်းလဲသည်ဆိုသည့်အမြင်ကို VDPA က အဆုံးသတ်ပေးခဲ့ပြီး၊ လူ့အခွင့်အရေးကို ကာကွယ်ခြင်းသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဥပဒေအရ အကျုံးဝင်သော လိုလားချက်တစ်ရပ်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ယင်းသို့ အကာအကွယ်ပေးခြင်းသည် တစ်နိုင်ငံတည်း၏ အရေးမဟုတ်ကြောင်း လည်း ဖော်ပြခဲ့သည်။ လူ့အခွင့်အရေးများနှင့် ဒီမိုကရေစီ၊ ဖွံ့ဖြိုးရေးတို့ကို ချိတ်ဆက်ပေးခဲ့ကာ တစ်ခုချင်းစီသည် အပြန်အလှန်မှီတည်နေပြီး အပြန်အလှန်အားပေး အထောက်အကူဖြစ်စေသည် ဟုလည်း ကောက်ယူသတ်မှတ်ခဲ့ကြသည်။ တစ်နည်းအားဖြင့်ဆိုသော် ဒီမိုကရေစီမရှိဘဲ လူ့အခွင့် အရေး မရှိနိုင်၊ မဖွံ့ဖြိုးဘဲ ဒီမိုကရေစီမရှိနိုင်၊ လူ့အခွင့်အရေးမရှိဘဲ မဖွံ့ဖြိုးနိုင်ဟု ဆိုသည်။ စစ်အေး၏ အမြင်ကွဲလွဲမှုဖြစ်သော လူ့အခွင့်အရေးကိစ္စ ကွဲပြားခြားနားနေမှုကိုပိုမို ချိတ်ဆက် အမြင်ဖလှယ်သည့် အနေအထားအဖြစ် VDPA က တွန်းခဲ့သည်။ လူ့အခွင့်အရေးများသည် ခွဲခြား၍မရ၊ အပြန် အလှန်မှီတည်၊ အပြန်အလှန်ဆက်စပ် နေသည်ဟူသော အဓိကအယူအဆတစ်ခုကို VDPA က တိုက်တွန်းခဲ့သည်။ အဆိုပါစကားလုံးသုံးရပ်ကိုစုစည်းကာ လူ့အခွင့်အရေးများသည် သီးသန့်ကွဲပြား သော အမျိုးအစားအဖြစ် မရှိဟု အခိုင်အမာဆိုပြီး တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်နေသော လူ့အခွင့်အရေး အမျိုးအစားအဖြစ် တည်ရှိကြောင်းဆိုသည်။

- ခွဲခြား၍မရ Indivisible ၏ အဓိပ္ပာယ်မှာ အစိုးရတစ်ရပ်သည် အခွင့်အရေးများကိုခွဲခြားကာ သီးသန့်အခွင့်အရေး အုပ်စုတစ်စုကိုသာ ရွေးချယ်အကောင်အထည် မဖော်အပ်ဟူ၍ ဖြစ်ပါသည်။ အစိုးရတစ်ရပ်သည် လူ့အခွင့်အရေးများကို တစ်လုံးတဝတည်း မှတ်ယူရမည် ဖြစ်ပြီး သီးသန့်အမျိုးအစားတစ်ခုကိုသာ မကိုင်တွယ်သင့်ပေ။
- အပြန်အလှန်မှီတည်နေသည် Inter-dependent ၏အဓိပ္ပာယ်မှာ လူ့အခွင့်အရေးအမျိုး အစား တစ်ခုချင်းစီသည် သူတို့ချည်းသက်သက်ဆို အလုပ်မဖြစ်ဟု အဓိပ္ပာယ်ရပါသည်။ အရပ်သားအခွင့်အရေးများသည် ရံဖန်ရံခါ လူမှုဖူလုံအခွင့်အရေးများပေါ် မူတည်နေသည်။ လူမှုဖူလုံအခွင့်အရေးများသည်လည်း နိုင်ငံရေးအခွင့်အရေးများပေါ် မူတည်တတ်ကာ နိုင်ငံရေးအခွင့်အရေးများသည်လည်း စီးပွားရေးဆိုင်ရာအခွင့်အရေးများပေါ် မူတည် တည်မှီနေတတ်ပါသည်။ ဥပမာ - လူမှုဖူလုံအခွင့်အရေး တစ်ရပ်ဖြစ်သော ပညာရေး ရပိုင်ခွင့်သည် အရပ်သားအခွင့်အရေးတစ်ရပ်ဖြစ်သော ကျောင်းရောက်ရန် သွားလာ လှုပ်ရှားနိုင်မှုပေါ် မူတည်သည်။ သွားလာလှုပ်ရှားရခြင်းသည်လည်း ဘတ်စ်ကားလက်မှတ် ဝယ်ရခြင်းကဲ့သို့ စီးပွားရေးဆိုင်ရာအခွင့်အရေးပေါ်မူတည်နေကာ အဝေးသို့ကားစီးနိုင်ရန် အတွက် ကျန်းမာဖို့လည်းလိုအပ်သည့် လူမှုဖူလုံအခွင့်အရေးပေါ် မူတည်နေပြန်သည်။ ကျန်းမာခြင်းသည် အစိုးရက ပြည်သူတို့အား ကျန်းမာရေးစောင့်ရှောက်မှုကို ပေးရမည် ဖြစ်ကာ နိုင်ငံရေးဆိုင်ရာအခွင့်အရေးအဖြစ် မူတည်နေပြန်ပါသည်။

- အပြန်အလှန် ဆက်စပ်နေခြင်း Inter-related ၏ အဓိပ္ပာယ်မှာကား လူ့အခွင့်အရေး အတော်များများသည် အမျိုးအစားမတူဘဲလျက် တစ်ခုနှင့်တစ်ခုဆက်စပ်နေသည်။ ဥပမာ - လွတ်လပ်စွာစုစည်းနိုင်မှုဆိုသည့် နိုင်ငံရေးအခွင့်အရေးတစ်ရပ်သည် အလုပ်သမားသမဂ္ဂ ထဲပါဝင်နိုင်မှုဖြစ်သည့် စီးပွားရေးဆိုင်ရာအခွင့်အရေးတွင် ပါဝင်နေသည်။ လူနည်းစု တစ်စုတွင် ပါဝင်ခွင့်ရရှိမှုသည် ယဉ်ကျေးမှုနှင့် အရပ်သားအခွင့်အရေး နှစ်ခုလုံး ဖြစ်နေသည်။ ထိုနည်းတူစွာပင် သားသမီးရယူပိုင်ခွင့်သည် အရပ်သားအခွင့်အရေးလည်းဖြစ်ကာ ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်ကဲ့သို့ လူမှုဖူလုံအခွင့်အရေးလည်းဖြစ်သည်။ လူ့အခွင့် အရေးများသည် တစ်ခုနှင့်တစ်ခု သီးသန့်စီဖြစ်မနေကာ ဆက်စပ်ပြီး တစ်ခုကိုတစ်ခု အားဖြည့်ပေးနေသည်ကို ယင်းသို့အပြန်အလှန် ဆက်စပ်ဆက်နွယ်နေမှုက ပြသနေပါသည်။

ယခုအခန်းသည် လူ့အခွင့်အရေးများက မည်သို့အလုပ်လုပ်ပုံကို ရှင်းပြနိုင်ရန်သဘောတရားရေးရာ၊ သီအိုရီများ၊ အဆိုတင်ပြချက်များ ပေါင်းစုံကို မိတ်ဆက်ပေးထားသည်။ အဆိုပါသဘောတရားများသည် လူ့အခွင့်အရေးဘာကြောင့်အရေးကြီးသနည်း၊ လူ့အခွင့်အရေးကို မည်သို့မြှင့်တင်မည်၊ မည်သို့ကာကွယ်မည်တို့ကို နားလည်လာစေရန် အခြေခံ မရှိမဖြစ် နားလည်ထားရမည့် အချက်များ ဖြစ်သည်။ ယခုအခန်းတွင်ဖော်ပြခဲ့သည့် အကောက်အယူသဘောတရားများသည် ပြဋ္ဌာန်းစာအုပ်၏ နောင်လာမည့် အခန်းများတွင် ပြန်ပါလာမည် ဖြစ်ပါသတည်း။

၁.၅ လူ့အခွင့်အရေးကို အဘယ်ကြောင့်လေ့လာကြသနည်း။

လူ့အခွင့်အရေးအကြောင်းလေ့လာခြင်းသည် ယနေ့ခေတ်တွင် အကြောင်းချင်းရာ အတော်များများအတွက် အရေးကြီးလှပါသည်။ ပထမအခန်းသည် လူ့အခွင့်အရေး၏ သီအိုရီပိုင်း၊ နိုင်ငံရေးပိုင်းနှင့် ဒဿနဆိုင်ရာအခြေခံများကို မိတ်ဆက်ပေးထားပြီး အမတေသဘောတရားများကို ရှင်းပြထားပါသည်။ ဘာကြောင့်လေ့လာရမည်နည်း၊ အသုံးဝင်ပါ၏လော သို့မဟုတ် တက္ကသိုလ်များ၏ သုတေသနကဏ္ဍအတွက် လောက်လောက်လားလား ခိုင်လုံသည့်ခေါင်းစဉ်ဖြစ်၏ မဖြစ်၏ စသည့် မေးခွန်းထုတ်စရာများရှိနေသေးသည်။ ထိုမေးခွန်း အားလုံး၏အဖြေမှာ Yes ဖြစ်ပါသည်။ အချို့သောလူများသည် အကာအကွယ်နှင့် လွတ်လပ်ခွင့်အဘယ့်ကြောင့် တန်းတူမရရှိကြပါသနည်းဆိုသည်ကို နားလည်ရန်အတွက် လူ့အခွင့်အရေး၏အလုပ်လုပ်ပုံကို ပိုမိုနားလည်ရန်လိုအပ်နေသေးသည်။ လူ့အခွင့်အရေးကိုနားလည် သဘောပေါက်ခြင်းသည် လူ့အဖွဲ့အစည်းက မည်သို့ လည်ပတ်နေသနည်း၊ လူ့အဖွဲ့အစည်းတစ်ရပ်အတွင်းရှိ တန်ဖိုးထားမှုများနှင့် ယုံကြည်မှုများ၊ လူ့အခွင့်အရေးကို တောင်းဆိုခြင်း၊ လက်ခံရရှိခြင်း၏ နိုင်ငံရေးနှင့်စီးပွားရေး နောက်ခံအကြောင်းအရာများ စသည်တို့ကို နားလည်ထားခြင်းအပေါ် လည်း မူတည်နေသေးသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပါဝင်အားဖြည့်ရန်၊ ဖွံ့ဖြိုးရေးကဏ္ဍရှိ ပြဿနာများကိုဖြေရှင်းရန် လိုအပ်သောပြည်သူတို့အားကျွမ်းကျင်သူများဖြစ်လာစေရန်တို့သည် တက္ကသိုလ်များ၏ တာဝန်ဖြစ်သည်။ လူ့အခွင့်အရေးအကြောင်းကိုလေ့လာခြင်းသည် ရှေ့နေ၊ ကျောင်းဆရာ၊ မနုဿဗေဒပညာရှင်၊ နိုင်ငံရေးသိပ္ပံပညာရှင် သို့မဟုတ် လူမှုရေးလုပ်သားစသည့် ပညာသည်တိုင်းအတွက်လည်း ထိရောက်စေပါသည်။ တက္ကသိုလ်တွင် လူ့အခွင့်အရေးကို လေ့လာခြင်း၌ အကြောင်းပြချက်များစွာရှိပါသည်။

၁.၅.၁ လူ့အခွင့်အရေးပညာပေးခြင်းသည် လူ့အခွင့်အရေးတစ်ရပ်ဖြစ်သည်

လူ့အခွင့်အရေးအကြောင်း ပညာပေးခြင်းသည်ပင်လျှင် လူ့အခွင့်အရေးတစ်ရပ်ဖြစ်၍ နေပေသည်။ အဆိုပါအခွင့်အရေးများကို နိုင်ငံသားတို့ သိရှိနားလည်ထားရန် ပညာပေးခြင်းသည် အစိုးရများ၏ တာဝန်ဖြစ်ပါသည်။ အရှေ့တောင်အာရှနိုင်ငံ အစိုးရများသဘောတူ ဥပဒေပြဋ္ဌာန်းထားသည့်စာချုပ်များ (ICESCR နှင့် CRC) စသည်တို့တွင် တာဝန်တစ်ရပ်အဖြစ်ဖော်ပြထားသည်။ တစ်ဦးတစ်ယောက်ချင်း ပြည်သူများက ၎င်းတို့၏ အခွင့်အရေးများသိပြီး တင်ပြရပ်ခံတတ်လာမှ အဆိုပါအခွင့်အရေးများက ထိရောက်ပေလိမ့်မည်။ ယခုပြဋ္ဌာန်း စာအုပ်အနှံ့တွင် အသေးစိတ်ဖော်ပြထားသည့် အတိုင်းလူ့အခွင့်အရေးများကို ကာကွယ်ရာတွင် သိသာသော အားနည်းချက်သည် အခွင့်အရေးများအကြောင်းကို ပြည်သူများက သိပ်မသိခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် လူ့အခွင့်အရေးဆိုသည်မှာ ဘာတွေလဲဆိုသည်ကိုသိပြီး ကျောင်းပြီးသွားသည့် ကျောင်းသားရှားပါးပါသည်။ လူ့အခွင့်အရေးအကြောင်းကို ထိတွေ့သိမြင်ဖူးသည့် အထက်တန်းကျောင်းသားကား ပိုနည်းသည်။ တက္ကသိုလ်ကျောင်းသား ကျောင်းသူများက အရေးပါလှပြီး ၎င်းတို့ကျောင်းပြီး၍ အလုပ်ဝင်သည့်အခါ လူ့အခွင့်အရေးပေါ် အခြေခံထားသည့် ဆုံးဖြတ်ချက်များ ချလာနိုင်မည်ဖြစ်ပါသည်။ ကျောင်းသားတို့သည် အစိုးရများ၊ အစိုးရအရာရှိများနှင့် ချိတ်ဆက်ရသည့်အခါ (မဲပေးခြင်းမှသည် ဒေသဆိုင်ရာ ကိုယ်စားလှယ်များနှင့် ဆွေးနွေးတွေ့ဆုံခြင်းအထိ) မည်သည့် လူ့အခွင့်အရေးများကို အလေးထားဖို့လိုသည်ဆိုသည်ကို ၎င်းတို့ သိထားသင့်ပါသည်။ လူ့အခွင့်အရေးကဏ္ဍတွင် ကျောင်းသားများကို ပညာပေးခြင်းသည် လူ့အဖွဲ့အစည်းအရပ်ဘက် လုပ်ငန်းလည်ပတ်ခြင်းအတွက် အရေးပါသော အင်အားဖြစ်စေပါသည်။

၁.၅.၂ အားနည်းသူများကို ကာကွယ်ခြင်း

လူ့အဖွဲ့အစည်းအတွက်ရှိ လူများစုသည် အတော်အတန် လုံခြုံသောဘဝတွင် နေထိုင်နေကြပါသည်။ ၎င်းတို့၏အိမ်များကိုလည်း သူများဝင်ဖောက်ခြင်း မခံရအောင် ကာကွယ်ပေးထားသည်။ ခြိမ်းခြောက်ခံရမှု၊ အကြမ်းဖက်ခံရမှုက ဖြစ်ခဲသည်။ စား၊ သောက်၊ နေထိုင်ရေးအတွက် လောက်ငကြသည်။ အထူးသဖြင့် တက္ကသိုလ်တက်ခွင့်ရနေသော ကျောင်းသားများအတွက်ဖြစ်သည်။ သို့သော် လူတိုင်းတော့ ထိုသို့မနေနိုင်ကြပါ။ အရှေ့တောင်အာရှလူ့အဖွဲ့အစည်းများတွင် ဒုက္ခသည်များ၊ ရွှေ့ပြောင်းလုပ်သားများ ခွဲခြားဆက်ဆံခံနေရသော လူနည်းစုများအစရှိသည့် အဆိုပါအကာအကွယ်ကို မရကြသော အစုအဖွဲ့များ ရှိပါသည်။ အဆိုပါ လူတစ်ဦးချင်းစီသည်လည်း လူ့အခွင့်အရေးနှင့်အတူ မွေးဖွားခဲ့ကြခြင်းဖြစ်ကာ မည်သူတစ်ဦးတစ်ယောက်မှ ထိုအခွင့်အရေးများကို ယူငင်သွားခွင့်မရှိပေ။ လုံခြုံသောဘဝတွင် နေရသူများအဖို့တော့ သူတို့အခွင့်အရေးများ ချိုးဖောက်မခံရခြင်းကြောင့် လူ့အခွင့်အရေးကို လေ့လာရကောင်းမှန်း သိမည်မဟုတ်။ ရရှိနေသော အကာအကွယ်များသည် မမြင်ရသည်ရှိရာ လူများကသတိမထားမိကြ။ လူတိုင်း ထိုသို့အကာအကွယ်ရနေသည်ဟု ထင်တတ်ကြသည်။ ယေဘုယျအမြင်ကတော့ ထိုသို့ အကာအကွယ်ရရှိခြင်းသည် ပုံမှန်ဖြစ်သော်ငြား လက်တွေ့ဘဝတွင်မူ အချို့အတွက်သာ အချို့အခြေအနေများတွင်သာ အကာအကွယ်က ရနေခြင်းဖြစ်သည်။ အကျပ်အတည်းကာလများဖြစ်သည့် သဘာဝဘေးဒဏ်သင့်ချိန်၊ နိုင်ငံရေးပဋိပက္ခ မီးတောက်ချိန်တွင် လူများက လူ့အခွင့်အရေးကို စိတ်ဝင်စားလာကြသည်။

အဘယ်ကြောင့်ဆိုသော် ၎င်းတို့လုံခြုံမှု (၎င်းတို့အခွင့်အရေးများ) ရုတ်တရက်ခြိမ်းခြောက်ခံလာရခြင်းကြောင့် ဖြစ်ပါသည်။

အရေးကြီးသည့် မေးခွန်းမှာ အချို့သူများက အကာအကွယ်ရပြီး အချို့က အဘယ်ကြောင့် မရသနည်းဟူ၍ ဖြစ်ပါသည်။ အဘယ်သို့ အကာအကွယ်ရရှိမှုကို ခြိမ်းခြောက်ခံနေရပါသနည်း။ ချမ်းသာသော လူအဖွဲ့အစည်း အများစုတွင် အချို့လူများ အဘယ်ကြောင့် ဗိုက်ဟောင်းလောင်းဖြစ်ရသည်၊ အချို့သူများ အဘယ်ကြောင့် ကြယ်မြင်လမြင် နေနေရသည်၊ အချို့လူများ အဘယ်ကြောင့် သန့်ရှင်းသောရေကို မရရှိဖြစ်နေရသည်မှာ စိမ်ခေါ်မှုတစ်ရပ် ဖြစ်နေဆဲပင်။ အကြောင်းပြချက်ပေါင်းများစွာကြောင့် လူများသည် ထိုအကာအကွယ်များ ကင်းမဲ့နေကြသည်။ ထိုသူများသည် ခွဲခြားဆက်ဆံခံနေရခြင်း၊ သို့မဟုတ် အစိုးရလက်တံနှင့်ဝေးရာကို ရောက်လွန်းမက ရောက်နေခြင်းကြောင့် မကူညီပေးနိုင်ခြင်း သို့မဟုတ် နိုင်ငံသားများမဟုတ်ကြခြင်း စသည်တို့ ဖြစ်နိုင်ပါသည်။ သို့သော် အချို့သော ဖြစ်စဉ်များတွင်မူ အခြားသူများကဲ့သို့ အချို့သူများသည် တူညီသော အကာအကွယ်နှင့် တူညီသော လွတ်လပ်ခွင့် မရကြသနည်း၊ တချို့လူများက အခွင့်အရေးဆုံးရှုံးရန် အဘယ်ကြောင့် ပိုအားနည်းနေကြသနည်း ဆိုသည်ကို မရှင်းလင်းပါ။

ထိုအချင်းအရာများကို ကျောင်းသားများ နားလည်စေရန်မူ လူအဖွဲ့အစည်းက တစ်ဦးတစ်ယောက်ချင်း လူသားများကို မည်သို့အကာအကွယ်ပေးသင့်သနည်းကို ကောင်းမွန်စွာ နားလည်ထားရန်လိုပြီး လူအခွင့်အရေးက မည်သို့ထောက်ပံ့အလုပ်အကျွေးပြုသည်ကို နားလည်ထားရပါမည်။ ကျွန်ုပ်တို့အပါအဝင် လူတိုင်းအတွက် လူအခွင့်အရေးကို မြှင့်တင်ရန် လူတိုင်း လက်တွေ့ဆောင်ရွက်ရပါမည်။ မည်သည့်အချိန်တွင် ကျွန်ုပ်တို့ အခွင့်အရေးများ ခြိမ်းခြောက်ခံရမည်ကို လူတိုင်းမသိကြပါ။ လူအခွင့်အရေးကို သိတိုင်း နားလည်တိုင်း အကာအကွယ်ရလိမ့်မည်တော့ မဟုတ်သော်လည်း သိသာစွာတော့ အကူအညီရပါသည်။ ကျောင်းသားတစ်ဦးတွင် အဆိုပါအခွင့်အရေးများအကြောင်းကို သိရှိနားလည်ထားလျှင် ချိုးဖောက်ခံရနိုင်ချေတော့ နည်းသွားသည်။ အခွင့်အရေး ချိုးဖောက်ခံရပါက ခေါင်းငုံ့ခံနေမှုလည်း လျော့သွားမည်ဟု အဓိပ္ပာယ်ရပြီး လူအခွင့်အရေးများကို လေးစားစွာ သန္နိဋ္ဌာန်ပြုထားသည့် အစိုးရများကို ပိုမိုထောက်ခံလာပေမည်။

၁.၅.၃ လူအခွင့်အရေးသည် ဒေသတွင်းဆိုင်ရာ နားလည်လက်ခံမှုတစ်ရပ်ကို ဖန်တီးပေးသည်

ဒေသတွင်းဆိုင်ရာအဖွဲ့အစည်း အာဆီယံတွင်ပါဝင်သော အရှေ့တောင်အာရှနိုင်ငံများသည် လူအခွင့်အရေးဆိုင်ရာ အရေးကိစ္စများကို ဒေသတွင်းအဆင့် ပြန်လည်တုန့်ပြန်နိုင်ရန်အတွက် စတင်ဖော်ဆောင်လျက်ရှိပါသည်။ အရှေ့တောင်အာရှ နိုင်ငံများအကြား နယ်စပ်ဖြတ်ကျော် လူအခွင့်အရေးဆိုင်ရာ အရေးကိစ္စများစွာ ဖြစ်လျက်ရှိပါသည်။ ဥပမာ - ရွှေ့ပြောင်းလုပ်သားများအရေးနှင့် လူကုန်ကူးခြင်းတို့ဖြစ်သည်။ ထိုကဲ့သို့သော အရေးကိစ္စများကို အားအကောင်းဆုံးဖြင့် ပြန်လည်တုန့်ပြန်ဖြေရှင်းရန်မှာမူ ဒေသတွင်းရှိ အရပ်ဘက်လူအဖွဲ့အစည်းများအချင်းချင်း ထောက်ပံ့မှုဖြင့် ဒေသတွင်းကပင် ဆောင်ရွက်မှုရမည်ဖြစ်သည်။ ယခုပြဋ္ဌာန်းစာအုပ်သည် ဒေသတွင်းအဆင့် လူအခွင့်အရေးကိစ္စကိုလည်းစူးစမ်းထားပြီး အာဆီယံ ဆယ်နိုင်ငံအတွင်းရှိ လူအခွင့်အရေးဆိုင်ရာ အရေးကိစ္စများအကြား ဆက်နွယ်မှုများ၊ နိုင်းယှဉ်သုံးသပ်မှုများကို ဖော်ပြထားပါသည်။ လူအခွင့်

အရေးဆိုင်ရာ အတွေးအခေါ်နှင့်အတူ ယနေ့ဒေသတွင်း လူ့အခွင့်အရေး ပြဿနာများကို မည်သို့ ဝေဖန်စဉ်းစားတုန့်ပြန်မည်ကို ယခုပြဋ္ဌာန်းစာအုပ်က အခြေခံများ အပ်နှင်းထားပါသည်။

ယနေ့ အရှေ့တောင်အာရှတွင် လူထုသည်စိမ်ခေါ်မှုများစွာ ကြုံတွေ့နေရပါသည်။ ဆည်ရေကာတာစီမံကိန်းများကြောင့် တောင်ပေါ်နေ မျိုးနွယ်စုများနေရပ်မှ ရွှေ့ပြောင်းခံရမည့်ကိစ္စ ကြုံနေရသည်။ ကလေးငယ်များ အလုပ်လုပ်နေကြရသည်။ အမျိုးသမီးများသည် ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုကြုံနေရသည်။ မသန်စွမ်းကလေးများ ပညာမသင်ကြရ။ နိုင်ငံရေးအတိုက်အခံများ ထောင်ချခံနေရသည်။ ရွှေ့ပြောင်းလုပ်သားများ ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရသည်။ အဆိုပါအခြေအနေများက အရှေ့တောင်အာရှနိုင်ငံတိုင်းတွင် မတူညီကြသော်လည်း လူ့အခွင့်အရေးပြဿနာများ သိသိသာသာ ရှိနေသည်ကို ပြသနေသည်။ တက္ကသိုလ်များကလည်း ထိုကိစ္စ ပြဿနာများကို မတို့မထိကြ။ အရှေ့တောင်အာရှ အခြားနိုင်ငံများအကြောင်းကို မသိကြသည်က တစ်ကြောင်း၊ လူ့အခွင့်အရေးကိစ္စများသည် နိုင်ငံရေးအရ အလွန်အကဲဆတ်သည်ဟု ယူဆထားသည် ကလည်း တစ်ကြောင်းကြောင့်ဖြစ်သည်။

အရှေ့တောင်အာရှဒေသတွင် အပြောင်းအလဲများဖြစ်ပေါ်လျက်ရှိရာ လူ့အခွင့်အရေးကိစ္စသည်လည်း ပင်မရေစီးဖြစ်လာသည်။ အမျိုးမျိုးသော ကြေညာသဘောတူချက်များဖြင့် အာဆီယံသည် ၎င်းတို့၏ လူ့အခွင့်အရေးပေါ်ထားသော စိတ်အားထက်သန်မှုကို ပြသအတည်ပြုထားသည်။ မကြာသေးခင်ကပင် ဒေသအဆင့် လူ့အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်းကို သဘောတူညီသည့် ဒေသတွင်းအဆင့် အဖွဲ့အစည်းတစ်ခုကို ဖော်ဆောင်ထားပြီးဖြစ်သည်။ ကြေညာစာတမ်းနှင့် AICHR အဖွဲ့က လူ့အခွင့်အရေးများကို ဒေသတွင်းအဆင့်တွင် စစ်ဆေးလေ့လာမည့် အကြံဉာဏ်ကို အကောင်အထည် ဖော်ကြသည်။

၁.၅.၄ လူ့အခွင့်အရေး ပညာပေးခြင်းသည် အခြားအသိပညာများကိုလည်း တန်ဖိုးပိုတက်စေသည်။

လူ့အခွင့်အရေးလေ့လာခြင်းသည် ဘာသာရပ်မျက်နှာများစွာရှိပြီး တက္ကသိုလ်ဘာသာရပ်များစွာအတွက် ကျောင်းသားများကိုအခြေခံ အသိအမြင်များ ပေးအပ်ပါသည်။

- ဥပဒေ။ ။လူ့အခွင့်အရေးသည်ပြည်သူတို့အား ဥပဒေအရ အကူအညီပေးခြင်းနှင့် သက်ဆိုင်သည်။ လူ့အခွင့်အရေးများသည် နိုင်ငံတကာဥပဒေများမှလာကာ အရှေ့တောင်အာရှနိုင်ငံများ၏ နိုင်ငံတော်ဥပဒေများနှင့် ဆက်စပ်နေသည်။
- နိုင်ငံရေးသိပ္ပံ။ ။လူ့အခွင့်အရေးများသည် နိုင်ငံတော်အစိုးရများ မည်သို့ အလုပ်လုပ်သင့်သည်၊ မည်သည့်တာဝန်များရှိသည်နှင့် ထိရောက်သော အုပ်စိုးစီမံခန့်ခွဲမှုဖြစ်စေရန် အတွက် မည်သည့်လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်သင့်သည်ကို ဖော်ပြထားသည်။
- လူမှုဗေဒ။ ။ရပ်ရွာများကိုအကာအကွယ်ပေးရန်နှင့် တန်ဖိုးထားမှုများ၊ ယုံကြည်မှုများ ပြောင်းလဲပေးခြင်းဖြင့် ခွဲခြားဆက်ဆံမှုများ (ဥပမာ - အမျိုးသမီးများကို နိမ့်ကျသည်ဟု သတ်မှတ်ထားမှု)တို့ကို တိုက်ဖျက်ရန်တို့တွင် မရှိမဖြစ်လိုအပ်သော လူ့အဖွဲ့အစည်း၏ ဒိုင်းနမစ်ကို နားလည်စေရန်အတွက် လူ့အခွင့်အရေးက ကူညီပေးပါသည်။

- ဒဿနိကဗေဒ။ ။ မည်သည်တို့က ကျင့်ဝတ်ပိုင်းအရ မှန်သည်၊ ကောင်းမြတ်သည်ဆိုသည့် အတွေးအမြင်များမှ လူ့အခွင့်အရေးပေါ် ပေါက်လာခြင်းဖြစ်သည်။ လက်ရှိသတ်မှတ်ထားသော လူ့အခွင့်အရေးများသည် အတိအကျကြီး ဖြောင့်မတ်မှန်ကန်နေသည်ဟု သိပ္ပံနည်းကျ သက်သေအထောက်အထား မရှိသော်ငြား တရားမျှတမှု၊ ကျင့်ဝတ်ဆိုင်ရာ ဒဿနိက အတွေးအခေါ်များဖြင့် အဘယ့်ကြောင့် ၎င်းတို့သည် တော်တည့်မှန်ကန်ကာ လူအများသည် တစ်ဦးကိုတစ်ဦး အဘယ်ကြောင့်လေးစားစွာ ဆက်ဆံသင့်သည်ကို အကြောင်းပြချက်များ ကောင်းစွာပေးနိုင်ပါသည်။
- လူ့အခွင့်အရေးသည် နိုင်ငံတကာဆက်ဆံရေး၊ ငြိမ်းချမ်းရေးလေ့လာချက်၊ စိတ်ပညာနှင့် မနုဿဗေဒ ဘာသာရပ်များတွင်လည်း ပါဝင်ပါသည်။

လူ့အခွင့်အရေးကိုလေ့လာခြင်းဖြင့် ကျောင်းသားသည် ပြည်သူ၊ အစိုးရနှင့်ရပ်ရွာများမည်သို့ ဆက်နွယ်နေသည်ကို ပိုမိုနားလည်လာပါမည်။ စာသင်သားသည် လူ့အဖွဲ့အစည်းအတွင်းဝယ် ပါဝင်သူများအကြောင်းနှင့် အချို့သော ပြည်သူများ ရင်ဆိုင်နေရသည့် စိမ်ခေါ်မှုများကို ပိုမိုနားလည်လာမည်။ နောက်ဆုံးအနေဖြင့် ဒေသတွင်းအဆင့် လူ့အခွင့်အရေးများ ဆင့်ကဲတိုးတက်ပြောင်းလဲလာခြင်းအပေါ် သုံးသပ်နိုင်ရန်နှင့် ပါဝင်အားဖြည့်နိုင်ရန်အတွက်မရှိမဖြစ် သဘောပေါက်နားလည်ထားမှုကို ရရှိနိုင်ပေသည်။

က။ အနှစ်ချုပ်နှင့်အဓိကအချက်များ

လူ့အခွင့်အရေးဆိုသည်မှာ အဘယ်နည်း။

လူ့အခွင့်အရေးဆိုသည်မှာ လူသားဖြစ်ခြင်းကြောင့် လူတစ်ဦးရရှိသော အခွင့်အရေးများဖြစ်ကြသည်။ ထို့အခွင့်အရေးများသည် မွေးဖွားချိန်မှ စရပြီး မည်သူကမှ ယူဆောင်သွားခြင်းမပြုနိုင်ပေ။ အခြားအခွင့်အရေးများဖြစ်သော ကျောင်းသားအခွင့်အရေး သို့မဟုတ် နိုင်ငံသားအခွင့်အရေး စသည်တို့သည် ရရှိရန်လိုအပ်ခြင်း သို့မဟုတ် ဆုံးရှုံးသွားနိုင်ခြင်းတို့ ရှိပေသော်ငြား ၎င်းတို့သည် လူ့အခွင့်အရေးနှင့် ခြားနားပါပေသည်။ လူ့အခွင့်အရေးများကို ဥပဒေဖြင့် အသက်ဝင်အောင် လုပ်ဆောင်ထားရခြင်းကြောင့် ၎င်းတို့မှာ ဥပဒေအရ အခွင့်အရေးများလည်းဖြစ်သည်။ လူ့အခွင့်အရေးများသည် ကျင့်ဝတ်ပိုင်းအရလည်း လိုအပ်ချက်များဖြစ်ကာ၊ လူ့အဖွဲ့အစည်းကိုလည်း ပိုမိုကောင်းမွန်စေသောကြောင့် ၎င်းတို့သည် ကျင့်ဝတ်ပိုင်းဆိုင်ရာနှင့် လူမှုအခွင့်အရေးများဟုလည်း ခေါ်သည်။ လူ့အခွင့်အရေးသည် နိုင်ငံများကိုလည်းတာဝန်များရှိစေပြီး တိုင်းပြည်အတွင်းရှိ ပြည်သူများကို ကာကွယ်ရန်ဖြစ်သည်။ သို့သော် အများပြည်သူ၊ စီးပွားရေးလုပ်ငန်းများ၊ တက္ကသိုလ်များနှင့် တပ်မတော်များသည်လည်း အခြားသူများ၏အခွင့်အရေးများကို မချိုးဖောက်မိစေရန် အတွက် တာဝန်များရှိပါသည်။ ဘာသာတရား၊ ယဉ်ကျေးမှုများနှင့် လူ့အဖွဲ့အစည်းများသည် လူသား မျိုးနွယ်အပေါ် မည်သို့ဆက်ဆံမည်ဆိုခြင်းအပေါ် အခွင့်အရေးကိုအခြေခံထားသော တန်ဖိုးထားမှုများရှိရပါသည်။ အချို့သော ယဉ်ကျေးမှုများအတွက် သဘာဝနိယာမ ဖြစ်သည်။ သို့သော် လူ့အခွင့်အရေးများစုသည် ယခုအခါ ဥပဒေအဖြစ် ရေးထိုးပြဋ္ဌာန်းကြပြီး ဖြစ်ပါသည်။

အခြေခံဖြစ်ခြင်းဆိုင်ရာသဘောတရား

လူ့အခွင့်အရေးများသည် ကမ္ဘာလွှမ်းခြုံသဘောတရား universal ဖြစ်ခြင်း (လူတိုင်းတွင် ထိုအခွင့်အရေးရှိခြင်း) ၊ ယူဆောင်ဖယ်ရှားပိုင်ခွင့် မရှိခြင်း (ဆုံးရှုံးမှုမရှိစေခြင်း)နှင့် မွေးရာပါဖြစ်ခြင်း တို့ကြောင့် လူ့အခွင့်အရေးဆိုသည်မှာ အထူးကဏ္ဍတစ်ရပ်ထဲတွင် ပါဝင်နေခြင်း ဖြစ်သည်။ လူ့အခွင့် အရေးများသည် လူသားများဂုဏ်သိက္ခာရှိသော ဘဝတစ်ခုကိုရရှိစေပါသည်။ သို့မှသာ အထူးသဖြင့် အစိုးရကစ၍ လူသားများအပေါ် လေးစားကာကောင်းမွန်စွာ ဆက်ဆံမည်ဖြစ်သည်။ လူ့အခွင့် အရေးကြောင့် လူသားများ တန်းတူညီမျှစွာဆက်ဆံခံရသည်။ သို့ဖြစ်၍လူသားများကို ဟိုလူတစ်မျိုး ဒီလူတစ်မျိုး ဆက်ဆံခြင်းမဖြစ်တော့ပေ။

လူ့အခွင့်အရေးဥပဒေ

လူ့အခွင့်အရေး၏ ရည်ရွယ်ရည်မှန်းချက်မှာ တရားဥပဒေစိုးမိုးရေးရှိသော လူ့အဖွဲ့ အစည်းတစ်ခုတွင် လူအများနေထိုင်ရစေရန်ဖြစ်ပါသည်။ ထိုတရားဥပဒေစိုးမိုးရေးကို ရရှိစေရန် အတွက် တစ်ဦးတစ်ယောက်ချင်း ပြည်သူများက ဥပဒေကို သိရမည်ဖြစ်ပြီး အဆိုပါဥပဒေများကို လေးစားလိုက်နာမှုရှစေရန် အစိုးရက ဆောင်ရွက်ရပြီး ရဲအရာရှိများ၊ တရားသူကြီးများက ဥပဒေကို အကာအကွယ်ပေးရပါသည်။ ဥပဒေသည် လူတိုင်းကို တန်းတူဆက်ဆံရပါသည်။ လူတိုင်း ၎င်းတို့အခွင့်အရေးရရှိရန်အတွက် အစိုးရတစ်ရပ်မဖြစ်မနေ လုပ်ဆောင်ရမည့် တာဝန်များရှိပါသည်။ အများစုမှာ အစိုးရမင်း၏ဒဏ်မှကာကွယ်ပေးခြင်း (vertical protection) ဖြစ်သည်။ သို့သော် အခြားသူများနှင့် အဖွဲ့အစည်းများက လူအများ၏အခွင့်အရေးကို ချိုးဖောက်ခြင်းအားလည်း ကာကွယ်ပေးရပါမည်။ (horizontal protection) ယင်းတို့ကို ဆောင်ရွက်ရန်အလို့ငှာ အစိုးရများသည် လူ့အခွင့်အရေးကို လေးစား၊ ကာကွယ်၊ ဖြည့်စွမ်းပြီး မြှင့်တင်၊ ကာကွယ်၊ တားမြစ်ခြင်းများ ဆောင်ရွက် ပေးရပါသည်။

အခွင့်အရေးအမျိုးအစားများ

လူ့အခွင့်အရေးများတွင် မတူညီသော အမျိုးအစားကဏ္ဍအလိုက်ရှိပါသည်။ အရေးအကြီး ဆုံးမှာ အခြေခံလူ့အခွင့်အရေးများ fundamental rights ဟု ဆိုကြသည်။ အဆိုပါအခွင့်အရေး များတွင် အသက်ရှင်ခွင့်နှင့် ကျွန်ပြုခံရခြင်းမှလွတ်မြောက်ပိုင်ခွင့်တို့ ပါဝင်ပါသည်။ တရားဥပဒေ စနစ်ထဲတွင် ဥပဒေဆိုင်ရာအခွင့်အရေးများ legal rights ရှိပြီး၊ လူ့အဖွဲ့အစည်းတွင်းမှ အခွင့်အရေး များကို အရပ်သားအခွင့်အရေးများ civil rights အရပ်ဘက်အခွင့်အရေးများဟု ဆိုပါသည်။ လူသားတို့တွင် မဲပေးခွင့်ကဲ့သို့သော နိုင်ငံရေးဆိုင်ရာ အခွင့်အရေး political rights များ၊ အလုပ် အကိုင်ဆိုင်ရာ အရေးကိစ္စများပါဝင်သော economic rights စီးပွားရေးအခွင့်အရေးများ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးစသည်တို့ကိုပံ့ပိုးပေးရန် အစိုးရကိုတိုက်တွန်းသော လူမှုဖူလုံ social rights အခွင့်အရေးများနှင့် culture rights ခေါ် ယဉ်ကျေးမှုအခွင့်အရေးများတို့ဖြစ်ကြသည်။ လူ့အခွင့်အရေးအကြောင်း ခေတ်ပြိုင်သမိုင်း၏ အချိုးအကွေ့အတော်များများတွင် တိုင်းပြည်များ သည် လူ့အခွင့်အရေးအမျိုးအစားတစ်ခုကို နောက်တစ်ခုအားကျော်လွှား အသားပေးခြင်းများ

လုပ်လိုကြသည်။ မည်သည့်အခွင့်အရေးများက အခြားမည်သည့်အခွင့်အရေးများထက် ပိုအရေးကြီးကြောင်းကို အသားပေးပြောဆိုကြသည်။ ထို့ကြောင့် စစ်အေးတိုက်ပွဲ ဖြစ်ခြင်းပင်ဖြစ်သည်။ သို့သော် လူ့အခွင့်အရေး သီအိုရီပြုသူများက အခွင့်အရေးများသည် သဘောသဘာဝအားဖြင့် မတူကြဟု ဆိုကြပါသည်။ လက်တွေ့ဆောင်ရွက်ခြင်းဆိုင်ရာ ဗီယင်နာကြေညာချက်နှင့် အစီအစဉ် ၁၉၉၃ စည်းဝေးပြီးကတည်းက နိုင်ငံအစိုးရများနှင့် လူ့အခွင့်အရေးကိစ္စတွင်ပါဝင်ကြသူများ လက်ခံခဲ့ကြသည်မှာ လူ့အခွင့်အရေးအမျိုးအစားတိုင်း သည်ခွဲခြား၍မရစကောင်း (အမျိုးအစားတစ်ခုကို ပေယျာလကန်ပြုထား၍မရ) ဖြစ်ကာအချင်းချင်းဆက်နွယ်နေပြီး (လူ့အခွင့်အရေးအမျိုးအစားများသည် ချိတ်ဆက်လျက်ရှိသည်) အပြန်အလှန်မှီခိုနေကြသည်။ (လူ့အခွင့်အရေးအမျိုးအစားများသည် တစ်မျိုးပေါ်တစ်မျိုး မှီတည်နေကြသည်)

လူ့အခွင့်အရေးကို ဘာကြောင့်လေ့လာသင့်သနည်း။

လူ့အခွင့်အရေးကိုလေ့လာရန် အလွန်အရေးကြီးပါသည်။ အဘယ့်ကြောင့်ဆိုသော် မည်သည့်အခွင့်အရေးများ ၎င်းတို့တွင်ရှိသည်ကိုသိထားခြင်းမှာ လူတစ်ဦးချင်းစီ၏အခွင့်အရေးတစ်ရပ် ဖြစ်သောကြောင့်ပေတည်း။ လူ့အခွင့်အရေးကို လေ့လာခြင်းဖြင့် ကလေးများ၊ မသန်စွမ်းများကဲ့သို့ အကာအကွယ်အမဲ့ဆုံး အစုအဖွဲ့များကိုကာကွယ်ပေးရာတွင် အထောက်အကူဖြစ်ပါသည်။ ထို့ပြင် လူ့အခွင့်အရေးကိုလေ့လာခြင်းသည် ASEAN ဒေသတွင်းအကြောင်း လေ့လာရာတွင်လည်း ကောင်းမွန်သော နည်းလမ်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေး ပညာပေးခြင်းသည် အခြားအသိပညာများ လေ့လာရာတွင်လည်း တန်ဖိုးဖြည့်ပေးပါသည်။ ဥပဒေ၊ နိုင်ငံရေး၊ လူမှုဗေဒ သို့မဟုတ် သမိုင်းအကြောင်း ပိုမိုနားလည်စေရန်လည်း ကျောင်းသားများအတွက် အကူအညီဖြစ်စေပါသည်။

ခ။ စာမေးပွဲ သို့မဟုတ် အက်ဆေးမေးခွန်းများ

- တိုင်းပြည်များသည် လူ့အခွင့်အရေးများကို လိုက်နာမှုမရှိပါက မည်သို့ရှိမည်နည်း။
- လူ့အခွင့်အရေးများနှင့် အခြားအခွင့်အရေးများဖြစ်သည့် နိုင်ငံသားအခွင့်အရေး သို့မဟုတ် ကျောင်းသားအခွင့်အရေးများ မည်သို့ကွာခြားသနည်း။
- မတူညီသော ရပ်ရွာအသိုက်အဝန်းများနှင့် ယဉ်ကျေးမှုများတွင်မတူညီသော အခွင့်အရေးများ ရှိသင့်ပါသလား။ သို့မဟုတ် လူတိုင်းအတွက် အခွင့်အရေးသည် အတူတူပင် ဖြစ်သင့်ပါသလား။
- အကယ်၍လူ့အခွင့်အရေးသည် ကမ္ဘာလုံးဆိုု universal သဘောဖြစ်ပါလျှင်မူ အမျိုးသမီးများသာလျှင် အမျိုးသမီးအခွင့်အရေးကို ခံစားနိုင်ခြင်းမှာ သင့်တော်ပါသလား။
- အစိုးရတို့အနေဖြင့် လူ့အခွင့်အရေးအတွက် ထမ်းဆောင်ရမည့်တာဝန်များ (အပေါင်းလက္ခဏာဆောင်သော တာဝန်များ) နှင့် အစိုးရက ဝင်ရောက်စွက်ဖက်မှုမပြုဘဲ ဝင်မပါဘဲ ထမ်းဆောင်ရမည့်တာဝန်များ (အနုတ်လက္ခဏာဆောင်သော တာဝန်များ) တို့ မည်သို့ ကွဲပြားပါသနည်း။

- အလျားလိုက်(ရေပြင်ညီ) အကာအကွယ်ပေးခြင်း နှင့် ဒေါင်လိုက် အကာအကွယ်ပေးခြင်း တို့မှာ အဘယ်နည်း။ အလျားလိုက် (ရေပြင်ညီ) အကာအကွယ်အပေးခြင်းကို အဘယ်ကြောင့် လိုအပ်ပါသနည်း။
- လူ့အခွင့်အရေးများ၏ ခွဲခြား၍မရသော သဘောအပြန်အလှန် မှီတည်နေခြင်းနှင့် အပြန်အလှန်ဆက်စပ်နေခြင်းသဘောတို့၏ ဥပမာများကို ဖော်ပြပါ။

၈။ ထပ်မံလေ့လာဖတ်ရှုရန်များ

အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည့် စာအုပ်စာတမ်းများ

အလားတူ ပြဋ္ဌာန်းစာအုပ်များစွာရနိုင်ပြီး အချို့က အခမဲ့ရနိုင်ပါသည်။ အင်တာနက်မှ လွယ်ကူစွာ ရှာဖွေရုံဖြင့် အောက်ပါစာအုပ်စာတမ်းများကို ရနိုင်ပါသည်။

အထွေထွေ ပြဋ္ဌာန်းစာအုပ်များ (အင်တာနက်တွင် အခမဲ့ ရနိုင်ပါသည်)

Benedek, W(ed.) 2008, Understanding Human Rights: Manual on Human Rights Education, European Training and Research Centre for Human Rights and Democracy , Graz.

Sepulveda, M & Gudmindsdottir, GD 2004, Human Rights Reference Book, University for Peace, Costa Rica.

OHCHR (2001). Human Rights: A Basic Handbook for UN Staff. Geneva: OHCHR.

ဝယ်ယူရရှိနိုင်သည့် စာအုပ်များ

Alston, P & Ryan Goodman 2013, International Human Rights. Oxford: Oxford University Press..

Clapham, A. 2007, Human Rights: A Very Short Introduction. Oxford University Press, Oxford.

Ishay, MR (ed.) 1997, The Human Rights Reader: Major Political Essays, Speeches, and Documents from the Bible to the Present. Routledge, New York.

Ishay, MR 2004, The History of Human Rights, University of California Press, Berkeley.

Novak, M 2004, Introduction to the International Human Rights Regime, Martinus, Boston.

Rahman, J 2003, International Human Rights Law: A Practical Approach, Longman, London.

Smith, Rhona 2007. International Human Rights, Oxford University Press, Oxford.

Websites

www.ohchr.org.
Useful websites include the Office of the High Commissioner for Human Rights (OHCHR) which has a number useful texts and documents, although it does tend to use many official UN documents which are not always easy to read.

www.hrea.org.
Another useful source is Human Rights Education Association (HREA) which has a huge online library of texts on human rights issues.

http://www1.umn.edu/humanrts.
All the major treaties mentioned in this chapter are available online. A Google search will find them, though the major databases are at the OHCHR and at the University of Minnesota Human Rights Library.

J

နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့် မိတ်ဆက်ပေးခြင်း

မိတ်ဆက်

လူသားများကို မည်သို့ဆက်ဆံရမည်ဆိုသည့် စံသက်မှတ်ချက်တစ်ခုကို လူ့အခွင့်အရေးများက သတ်မှတ်ပေးထားပါသည်။ စံနှုန်းကိုသတ်မှတ်ရာတွင်ပင် အခွင့်အရေးကိုယ်၌က ဝိုးတဝါးဖြစ်နေနိုင်သည်။ (ဥပမာ - ကျွန်ုပြုခြင်းမှလွတ်မြောက်ပိုင်ခွင့်ဆိုရာတွင် ကျွန်ုပြုခြင်း၏ အဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်း မသတ်မှတ်ရသေးခြင်း ဖြစ်နိုင်သလို လူ့အခွင့်အရေးတစ်ခုကို ပို၍တိတိကျကျ သတ်မှတ်ထားခြင်းလည်း ရှိနိုင်ပါသည်။ (ဥပမာ - ကလေးငယ်တိုင်း အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ရပိုင်ခွင့်ရှိသည်) အဆိုပါ စံနှုန်းများကို အဓိကအားဖြင့် နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်များနှင့် သက်ဆိုင်ရာ ပြည်တွင်းဥပဒေများတွင် စီကာစဉ်ကာ ဖော်ပြထားသည်။ ထိုနိုင်ငံတကာ သဘောတူစာချုပ်များနှင့် ပြည်တွင်းဥပဒေများတွင်ဆိုင်ရာ လူ့အခွင့်အရေး တစ်ခုချင်းစီ၏ အဓိပ္ပာယ်များနှင့် ထိုအခွင့်အရေးများ၏ နယ်ပယ်အကျယ်အဝန်းကို အသေးစိတ် ဖော်ပြထားပါသည်။

လာမည့်အခန်းများတွင် လူ့အခွင့်အရေး စံနှုန်းများအကြောင်း စီကာစဉ်ကာဖော်ပြထားပြီး အဆိုပါ စံနှုန်းများနှင့် မည်သို့ဘာသာပြန် ကျင့်သုံးလိုက်နာသင့်သည်ကိုလည်းကောင်း မည်သို့တိုင်းထွာရမည်ကိုလည်းကောင်း နားလည်စေရန် စီစဉ်ပေးထားသည်။ အဓိကရည်ရွယ်ချက်မှာ အစိုးရများနှင့် လူ့အဖွဲ့အစည်းများက လူသားများကို မည်သို့ဆက်ဆံသင့်သည်ဟူသော အရေးပါသည့် စံနှုန်းများကို အခြေခံအားဖြင့် ခြုံငုံလေ့လာမိစေရန်အတွက် စာဖတ်သူများအတွက် ပြင်ဆင်ထားပေးရန်ဖြစ်သည်။

လူ့အခွင့်အရေးစံနှုန်းများ

လူ့အခွင့်အရေးစံနှုန်းဆိုသည့် စကားလုံးသည် အဆိုပါ အခွင့်အရေး ဥပဒေများအောက်တွင် လူသားတို့ ရရှိရမည့်အဆင့် သို့မဟုတ် ဘဝ၏ အရည်အသွေးကိုဆိုလိုပါသည်။ ဥပမာ လူနေမှုအဆင့်အတန်း ဆိုသည်မှာ လူသားတို့ နေထိုင်ခွင့်ရကြသော ဘဝ၏အရည်အသွေးများ အဆင့်အတန်းကို ဆိုလိုခြင်း ဖြစ်သည်။ လူ့အခွင့်အရေးရှိသော လူနေမှုအဆင့်အတန်းဆိုသည်ကမူ လူသားတို့လူ့အခွင့်အရေးများ ပြည့်မီစွာနေထိုင်နိုင်ရန်အတွက် လိုအပ်သော အစားအစာ၊ ရေ၊ နေအိမ် အစရှိသည့် မရှိမဖြစ် အရာများ ရရှိနေခြင်းဖြစ်သည်။

အဆိုပါ စကားလုံးကိုနားလည်လိုပါက ပထမဆုံး လူ့အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း UDHR ဆီသို့ ပြန်သွားရပေမည်။ UDHR တွင် နိဒါန်းမှာကတည်းက လူ့အခွင့်အရေးများသည် လူသားအားလုံးနှင့် နိုင်ငံအားလုံးအတွက် အောင်မြင်မှုစံချိန်စံညွှန်းဖြစ်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားပြီး လူ့အခွင့်အရေးကို လူတိုင်းနှင့်လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတိုင်းက ကမ္ဘာလုံးဆိုလက်ခံပြီး ထိရောက်သော အသိအမှတ်ပြုခံရမှုနှင့် လိုက်နာကျင့်သုံးမှုတို့ ရှိလာအောင် ကြိုးစားအားထုတ်သင့်သည်ဟုလည်း ဆိုထားသည်။

ပြဋ္ဌာန်းထားသော လူ့အခွင့်အရေး စံချိန်စံညွှန်းများကို နိုင်ငံတော် အစိုးရများက အနည်းဆုံး လိုက်နာရန်လိုအပ်သည့် အဆင့်တစ်ခုဟုယူဆကာ ထိုထက်ပို၍ အောက်ရောက်မသွားစေရန် ဆောင်ရွက်ကြရမည်ဟု နားလည်ရပါမည်။ လူ့အခွင့်အရေးဟု ဆိုရာဝယ် အနိမ့်ဆုံးသတ်မှတ်ထားသည့် စံနှုန်းများကို ပြည့်မီစေခြင်းဖြစ်ရပါမည်။ လူ့အခွင့်အရေးသည် ကြမ်းခင်းတစ်ခုမျှသာဖြစ်ပြီး မျက်နှာကျက်မဟုတ်ပါဟု အချို့ကပြောဆိုကြသည့်အတိုင်းပင် လူ့အခွင့်အရေးများသည် အနိမ့်ဆုံးမည်သည်တို့ ဖြစ်သင့်ဖြစ်ထိုက်သည်ကို အဓိပ္ပာယ်ဖွင့်ဆိုပြီး အမြင့်ဆုံးတွင် မည်သည်တို့ရှိသင့်သည်ကို အဓိပ္ပာယ်မဖွင့်ဆိုပါ။

နိုင်ငံတကာစံနှုန်းများ သတ်မှတ်ခြင်းသည် တကယ့်မကြာသေးခင်ကမှ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ဂျူးအများစုအပါအဝင် ဂျစ်ပစီများ၊ လိင်တူဆက်ဆံသူများ၊ နိုင်ငံရေးအတိုက်အခံများ၊ သမဂ္ဂခေါင်းဆောင်များ၊ မသန်စွမ်းများနှင့် အခြားပုဂ္ဂိုလ်များစသည့် လူ စသန်းခန့်ရှိမည့် အစုလိုက်အပြုံလိုက် အသတ်ခံရမှု ကဲ့သို့သော ဒုတိယကမ္ဘာစစ်၏ အနိဋ္ဌာရုံများက သက်သေပြနေသည်မှာ ပြည်တွင်းဥပဒေများ သို့မဟုတ် မူဝါဒများသည် အမုန်း၊ အကြောက်တရားနှင့် အာဏာပါဝါ ခိုင်မြဲရေးကို ဗဟိုပြုတတ်ကြခြင်း ဖြစ်သည်။ အဆိုးဆုံးသည်ကား ယင်းသို့ မတော်မတရား အနိဋ္ဌာရုံများကို ကျူးလွန်နေသည့် အစိုးရများကို ကမ္ဘာကြီးက ဝင်ရောက်တားမြစ်နိုင်မှု မဆိုစလောက်လေးသာ ရှိခြင်းဖြစ်၏။ ဤသို့ဖြစ်ရခြင်းမှာ ထိုခေတ်က နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို မပြိုကွဲနိုင်သည့်အရာဟု ယူဆရပြီး၊ နောက်ဆက်တွဲ အကျိုးဆက်များမည်မျှပင်ရှိစေကာမူ မည်သည့်နိုင်ငံကမှ အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခွင့်မရှိခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရများသည် ထင်တိုင်းကြဲခွင့်ရနေပြီး ၎င်းတို့လှုပ်ရှားဆောင်ရွက်မှုများကို ကန့်သတ်ရန်အတွက် လိုက်နာစရာ ဥပဒေ သို့မဟုတ် နိုင်ငံများလိုက်နာရမည့် စံနှုန်းများ ရှိမနေခြင်းဖြစ်၏။ ဓလေ့ထုံးတမ်းဆိုင်ရာ ကျင့်ထုံးများအရ ကန့်သတ်ချက်အချို့ ရှိနေခဲ့ခြင်းကြောင့် (ထိုကဏ္ဍ အသေးစိတ်ကို အခန်းခွဲ ၂.၂ တွင် ဖော်ပြထားသည်) နိုင်ငံတော်အစိုးရများ ထင်တိုင်းကြဲ လုပ်ပိုင်ခွင့်ရနေခဲ့သည် ဆိုသော အချက်မှာ အလုံးစုံတိကျမှန်ကန်ခြင်း မရှိသော်ငြားလည်း အဆိုပါ ဓလေ့ထုံးတမ်းလုပ်ထုံး လုပ်နည်း

များအားဖြင့် ထိုအာဏာနှင့် လုပ်ပိုင်ခွင့်ကို ကန့်သတ်ရန် သို့မဟုတ် အကာအကွယ်ပေးရန်မှာ အားနည်းခဲ့သည်။

အောက်တွင် ဖော်ပြထားသော သဘောတူညီမှုစာချုပ်များသည် အမည်နာမအရသာ ကွဲပြားကြခြင်း ဖြစ်ပါသည်။ အားလုံးသော သဘောတူစာချုပ်များသည် မည်သို့ပင် အမည်များ ပေးထားစေကာမူ ဥပဒေအရ တာဝန်ရှိမှုနှင့် အာဏာပိုင်မှုတို့တွင် အတူတူပင်ဖြစ်ပါသည်။

- သဘောတူစာချုပ် (Covenant)
- ညီလာခံသဘောတူညီချက် (Convention)
- ပဋိညာဉ်စာတမ်း (Charter)
- နောက်ဆက်တွဲစာချုပ်ငယ် (Protocol)

Covenant
သဘောတူစာချုပ်

လူတို့အကြား သဘောတူညီမှုများ သို့မဟုတ် ကတိကဝတ်များကို စုစည်းထားခြင်းကိုဆိုလိုသည်။ သမိုင်းဝင် သဘောတူညီမှုများကို ထိုအမည်သုံးဖူးသည်။ အဓိက လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီမှုစာချုပ်များ ဖြစ်ကြသော (ICESCR နှင့် ICCPR) တို့ကို မူကြမ်းရေးဆွဲရာတွင် ၎င်းတို့ကို သဘောတူစာချုပ်များဟု ခေါ်ဆိုပြီး ညီလာခံသဘောတူညီချက်များဟု မခေါ်ဆိုခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ကို အထူးအရေးကြီးသည်ဟု သဘောထားခြင်းကြောင့် ဖြစ်ပါသည်။ အနည်းငယ်မျှသော စာချုပ်များကိုသာ သဘောတူစာချုပ်ဟု ခေါ်ဆိုခြင်း ဖြစ်သည်။

Convention
ညီလာခံသဘောတူညီချက်

သဘောတူစာချုပ် တစ်ရပ်အတွက် ယေဘုယျအကျဆုံး အမည် ဖြစ်လောက်သည်။ လူ့အခွင့်အရေး သဘောတူစာချုပ်များ ၇ ခုကို ညီလာခံ သဘောတူညီချက် Convention ဟု ခေါ်ပါသည်။

နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေများကို နိုင်ငံတကာသဘောတူစာချုပ်များပုံစံ ဖန်တီးထားခြင်းသည် ယင်းသို့ လက်လွတ်စပယ်ဖြစ်နေသော လုပ်ပိုင်ခွင့်အခြေအနေကို တုံ့ပြန်မှုပြုထားသည့် သဘောဖြစ်သည်။ နိုင်ငံတကာ သဘောတူစာချုပ်များသည် နိုင်ငံတော်အစိုးရများက ပြည်သူတို့ကို မည်သို့ ဆက်ဆံသင့်သည်၊ ပြည်သူအများက အခြားသူများကို မည်သို့ဆက်ဆံသင့်သည်ဆိုသည်ကို စည်းမျဉ်းများ၊ စံနှုန်းများ ဖော်ဆောင်ပေးလိုက်ခြင်းဖြစ်ပါသည်။ သို့သော် နိုင်ငံတကာ သဘောတူ စာချုပ်များကား နိုင်ငံတစ်နိုင်ငံအပေါ် အာဏာတည်သက်ရောက်နိုင်ခြင်းတော့မရှိပါပေ။ သဘောတူ စာချုပ်တစ်ခုကို သဘောတူညီပါဝင် ပေးရခြင်းသည် စေတနာ့ဝန်ထမ်းခြင်းသဘောသာဖြစ်သည်။ (အချို့ကလည်း ထိုအချက်ကိုငြင်းသည်။ စစ်ရှုံးသော သို့မဟုတ် အားနည်းသော နိုင်ငံများသည် စာချုပ်များကို လက်မှတ်ထိုးရန် ဖိအားပေးခံရသည်ဟု ဆိုထားသည်။) နိုင်ငံတစ်နိုင်ငံသည် လိုလို လားလားဖြင့် စာချုပ်ပါ တာဝန်များကို လက်ခံပေးရပေမည်။ နိုင်ငံတစ်နိုင်ငံက သဘောတူလိုက်သည့် အခါတွင် ၎င်းကို သဘောတူစာချုပ်၏ အဖွဲ့ဝင်နိုင်ငံ State Party အဖြစ် သတ်မှတ်လိုက်သည်။ စာချုပ်၏ လိုက်နာပြည့်မီရမည့် တာဝန်များကို ပျက်ကွက်ခြင်းကြောင့်ဖြစ်လာသည့် မည်သည့် နောက်ဆက်တွဲကိုမဆို ၎င်းတို့က တာဝန်ခံကြရသည်။ ထိုသဘောတူစာချုပ်များတွင် လူ့အခွင့်အရေး များကို အဓိပ္ပာယ်ဖွင့်ဆိုပေးထားပြီး အသေးစိတ်ဖော်ပြထားသည်။

နိုင်ငံအများက လက်မှတ်ရေးထိုးထားသော နိုင်ငံတကာစာရွက်စာတမ်း အခြားအမျိုး အစားများ ရှိပါသေးသည်။ ၎င်းတို့သည် ဥပဒေအရ စည်းကြပ်ထားခြင်း မရှိသည့်အတွက် ၎င်းတို့ကို သဘောတူညီချက် စာချုပ်များဟုတော့ မခေါ်ဆိုနိုင်ပါ။ ကတိကဝတ် (Pact)၊ သဘောတူညီချက် (Accord)၊ ထုတ်ပြန်ကြေညာချက် (Communiqué) စသည်တို့သည် စာရွက်စာတမ်းပေါ်ရှိ စကားလုံး များကိုလိုက်၍ ဥပဒေအရ စည်းကြပ်ထားခြင်း၊ မထားခြင်း ရှိနိုင်ပါသည်။

ကြေညာစာတမ်း Declaration ။ ။ ဖော်ပြခဲ့သည့်အတိုင်း UDHR သည် ကြေညာ စာတမ်း တစ်ရပ်ဖြစ်ကာ သဘောတူညီစာချုပ် တစ်ခုမဟုတ်ပေ။ ကြေညာစာတမ်းတစ်ရပ်က သဘောတူညီမှု တစ်ရပ်ကို ဖော်ဆောင်နိုင်သည်။ သို့သော် ဥပဒေအရ စည်းကြပ်ထားသော တူညီသည့် တာဝန်တော့ မရှိပေ။ အခြားလူ့အခွင့်အရေးဆိုင်ရာ ထင်ရှားသောကြေညာစာတမ်းများ တွင် ဗီယင်နာကြေညာချက်နှင့် လက်တွေ့လုပ်ဆောင်မှု အစီအစဉ် ၁၉၉၃ လည်း ပါဝင်သည်။

Charter
ပဋိညာဉ်စာတမ်း

နိုင်ငံတကာ ကိုယ်စားပြုအဖွဲ့များ ဖွဲ့စည်းရာတွင် ထိုစကားလုံးကို သာမန်အားဖြင့် အသုံးပြုလေ့ ရှိပါသည်။ ဥပမာ – ကုလသမဂ္ဂအဖွဲ့ ကြေညာစာတမ်း United Nations Charter 1945။
ဆင်တူသော စကားလုံးမှာ သဘောတူညီမှုစာတမ်း "articles of agreement" ဖြစ်သည်။ ကမ္ဘာ့ဘဏ် World Bank နှင့် IMF တို့ကို နိုင်ငံများအကြား သဘောတူညီမှုစာတမ်းကိုအခြေခံ၍ ဖွဲ့စည်းတည်ထောင်ထားသည်။

Protocol
နောက်ဆက်တွဲစာချုပ်ငယ်

နောက်ဆက်တွဲစာချုပ်ငယ်သည် သာမန်အားဖြင့် မူလစာချုပ်တွင် နောက်ထပ်သဘောတူညီမှု တစ်ရပ်ကို ဖြည့်စွက်ခြင်းဖြစ်ပါသည်။ ဖြည့်စွက်သဘောတူညီမှုများသည် နောက်ထပ်အပိုဒ်များ သို့မဟုတ် အခွင့်အရေးများကို ဖြည့်စွက်ထားခြင်းဖြစ်ပါသည်။ (ဥပမာ – ကလေးစစ်သားဆိုင်ရာ နောက်ဆက်တွဲစာချုပ်ငယ်သည် ကလေးအခွင့်အရေးဆိုင်ရာ ညီလာခံသဘောတူညီချက်၏ ဖြည့်စွက်သဘောတူညီမှုအဖြစ် အခွင့်အရေးများနှင့် ကလေးများကို စစ်သားများ အဖြစ်သို့ ခုဆောင်းခြင်းကို ကာကွယ်ပေးရမည့် အစိုးရ၏ တာဝန်များအား ထပ်ပေါင်းထည့်ထားပါသည်။) ဖြစ်စဉ်အများစုတွင် အစိုးရတစ်ရပ်သည် ပရိုတိုကော Protocol တစ်ခုကို သဘောတူ လက်မှတ်မရေးထိုးမီ အဓိက သဘောတူညီချက် treaty ကို ဦးစွာ သဘောတူညီ လက်မှတ်ရေးထိုးရမည် ဖြစ်သည်။

သန္ဓဋ္ဌာန် Resolution ။ ။ အရေးကိစ္စအတော်များများတွင် ကုလသမဂ္ဂသည် ဆုံးဖြတ်ချက် သန္ဓဋ္ဌာန်များ Resolutions ချလေ့ရှိပါသည်။ ကုလသမဂ္ဂအထွေထွေ ညီလာခံက လာသော အဆိုပါ သန္ဓဋ္ဌာန်ချမှတ်ချက်များသည် ဥပဒေအရ သတ်မှတ်စည်းကြပ်ထားခြင်းများ မဟုတ်ကာ ကြေညာချက်များသာ ဖြစ်ပါသည်။ ကုလသမဂ္ဂ Resolution ဆုံးဖြတ်ချက်တစ်ခုကို ချိုးဖောက်ရုံဖြင့် နိုင်ငံတစ်နိုင်ငံအတွက် နောက်ဆက်တွဲ သက်ရောက်မှုများ ဖြစ်လာနိုင်ဖွယ်မရှိပေ။ သို့သော် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် Resolution တစ်ရပ်ကမူ ဥပဒေအရ စည်းကြပ်ထားပြီး နိုင်ငံအများလိုက်နာဆောင်ရွက်ရန် တောင်းဆိုခြင်း၊ သို့မဟုတ် တစ်ခုခုလုပ်ဆောင်နေခြင်းကို ရပ်တန့်ရန် တားမြစ်ခြင်းများ ပြုနိုင်ပေသည်။

ညီလာခံရလဒ်စာရွက်စာတမ်းများ Conference outcome documents။ ။ ယေဘုယျအားဖြင့် နိုင်ငံတော်အစိုးရများ ပါဝင်သော အပြည်ပြည်ဆိုင်ရာ ညီလာခံများ (ဥပမာ - သဘာဝပတ်ဝန်းကျင်အရေးညီလာခံ သို့မဟုတ် လူမျိုးရေးခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကမ္ဘာ့ညီလာခံ)က ရလဒ် စာရွက်စာတမ်းများ ထွက်လာလေ့ရှိကာ ၎င်းတို့သည် ဥပဒေအရ မဖြစ်မနေ လိုက်နာရမည့် စည်းကြပ်ထားမှုတော့မရှိပါပေ။ သို့သော် အစီအစဉ်များတင်သွင်းရာတွင်လည်းကောင်း၊ အယူအဆတစ်ခုခုကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း အလွန်အသုံးဝင်ပါသည်။

နိုင်ငံတကာလူ့အခွင့်အရေးစနစ်ကို ကုလသမဂ္ဂကစတင်ခဲ့သည့် အချိန်ကစ၍ လူပ်ရှားဆောင်ရွက်မှုများက အမြဲ များပြားတိုးတက်လာခဲ့သည်။ လူ့အခွင့်အရေးများကို အဓိပ္ပာယ်ဖွင့်ဆိုသည့် ဥပဒေများ ပိုများလာသည်။ လူ့အခွင့်အရေးများ၏အခြေအနေများကို စောင့်ကြည့်ရန်အတွက် အဖွဲ့အစည်းများ ပိုများလာသည်။ လူ့အခွင့်အရေးချိုးဖောက်သော နိုင်ငံများကို တုံ့ပြန်သည့်နည်းလမ်းများလည်း ပိုများလာသည်။ အခန်း ၁ နှင့် ၂ တွင် နိုင်ငံတကာအဆင့် ဥပဒေများအကြောင်းကို လေ့လာရမည်ဖြစ်ကာ အခန်း ၄ နှင့် ၅ တွင်မူ ကုလသမဂ္ဂကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်း၊ အာဆီယံ လူ့အခွင့်အရေးအဖွဲ့ AICHR ကဲ့သို့သော ဒေသတွင်းဆိုင်ရာ အဖွဲ့အစည်းများ၊ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ကဲ့သို့သော နိုင်ငံတော်အဆင့် အဖွဲ့အစည်းများက အဆိုပါဥပဒေများကို မည်သို့ ကာကွယ်စောင့်ရှောက်သည်ကို ဖော်ပြထားပါမည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

လူ့အခွင့်အရေးများသည် နိုင်ငံတော်အချုပ်အခြာအာဏာနှင့် မည်သို့ပဋိပက္ခ ဖြစ်နေသနည်း။

နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေများ မဖော်ဆောင်ခင်က အချုပ်အခြာအာဏာပိုင် နိုင်ငံများ အချင်းချင်းကြား ဆက်ဆံရေးကို လည်ပတ်ထိန်းညှိပေးသည့် နိုင်ငံတကာဥပဒေ ရှိပြီးဖြစ်သည်။ အဆိုပါ စည်းမျဉ်းများသည် နိုင်ငံတကာနိုင်ငံရေး International politics တွင် ခိုင်မာအားကောင်းစွာ ရှိဆဲဖြစ်၏။ ကုလသမဂ္ဂပဋိညာဉ် (အပိုဒ် ၂ ဒသမ ၇) တွင် ပဋိညာဉ်တွင် ပါဝင်သော မည်သည့် အရာကမှ နိုင်ငံတစ်နိုင်ငံ၏ တရားစီရင်မှုဆိုင်ရာ နယ်နမိတ်အတွင်းရှိ အရေးကိစ္စများကို ကုလသမဂ္ဂက ဝင်ရောက်စွက်ဖက်နိုင်ရန် လုပ်ပိုင်ခွင့်ပေးခြင်း မရှိစေရဟုဆိုထားသည်။

မေးခွန်း။ ။သို့ဆိုလျှင် လူ့အခွင့်အရေးကား မည်သည့်ကဏ္ဍတွင်ရှိနေသနည်း။ ယင်းသို့ မစွက်ဖက်ရ

ဆိုသဖြင့် ပြည်တွင်းရေး လူ့အခွင့်အရေးကိစ္စများကို ကုလသမဂ္ဂက ဝင်ရောက်မစွက်ဖက်သင့်ပြီလော။ ဥပမာ - တိုင်းပြည်တစ်ပြည်က ဆေးရုံများ သို့မဟုတ် ကျောင်းများကို မည်သို့ ဖွင့်လှစ်လည်ပတ်စေမည် ဆိုသည်ကား ပြည်တွင်းရေးစစ်စစ်ဖြစ်သည်ဟုဆိုလျှင် ကုလသမဂ္ဂ သို့မဟုတ် အခြားတိုင်းပြည်တစ်ပြည်က ဝင်ရောက်ဝေဖန်ခြင်း၊ အကြံပြုခြင်း ပြုနိုင်ပါသလား။ တိုင်းပြည်တစ်ပြည်သည် မိန်းကလေးများ ကျောင်းမထားရဟု ပိတ်ပင်သည့် ဥပဒေပြုလိုက်သည့်အခါ အခြားတိုင်းပြည်များက ကြားဝင်ပြောနိုင်ပါသလား။ တစ်ဖက်ကလည်း အစိုးရတစ်ရပ်သည် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံရသည့်နောက်တွင် ပြည်တွင်းရေးဆိုင်ရာ မူဝါဒများချမှတ်ရန်အတွက် အာဏာနှင့် လုပ်ပိုင်ခွင့် ရှိသင့်ပေသည်။ အခြားတစ်ဖက်တွင်လည်း လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်များကို ပါဝင်သဘောတူထားခြင်းဖြင့် အဆိုပါစာချုပ်တွင် သတ်မှတ်ထားသော ဥပဒေဆိုင်ရာ စံနှုန်းများနှင့် လျော်ညီစွာ စေတနာ့ဝန်ထမ်းအလျောက် ပြုမူရမည်ဖြစ်ပေသည်။

တိုင်းပြည်တစ်ပြည်၏ အချုပ်အခြာအာဏာအောက်ရှိ ပြည်တွင်းရေးဆိုသည့်အရာနှင့် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများအကြား ကွဲပြားမှုသည် လူ့အခွင့်အရေးတွင် အငြင်းအခုံအဖြစ်ဆုံး ကဏ္ဍ ဖြစ်လာသည်။ မကြာခဏပင် အစိုးရများက အရေးယူလက်တွေ့ဆောင်ရွက်ခြင်းသည် ၎င်းတို့၏ အချုပ်အခြာအာဏာ အခွင့်အရေးဖြစ်သည်ဟုဆိုကြပြီး နိုင်ငံတကာအသိုင်းအဝိုင်းကလည်း မည်သည့် အချုပ်အခြာအာဏာပင် ဖြစ်စေကာမူ နိုင်ငံတကာစံနှုန်းများ ပြည့်မီရမည်ဟု ပြန်လည်ထောက်ပြပြောဆိုထားသည်။

၂.၁ နိုင်ငံတကာဥပဒေ။ ။အခြေခံများ

လူ့အခွင့်အရေးများသည် အခြေခံဥပဒေများ၊ အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်းများ၊ သို့မဟုတ် ဥပဒေပြုချက်များတွင် ပါဝင်သော မြူနီစီပယ်အဆင့် သို့မဟုတ် ပြည်တွင်းဥပဒေကဲ့သို့သော အမျိုးသားအဆင့် ဥပဒေများတွင် ပါဝင်သကဲ့သို့ နိုင်ငံတကာအဆင့် ဥပဒေများ (ဥပမာ- သဘောတူစာချုပ်များ) တွင်လည်း အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်ပါသည်။ နိုင်ငံတကာအဆင့် လူ့အခွင့်အရေး ဥပဒေများသည် အချုပ်အခြာအာဏာပိုင်နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ဖွဲ့စည်းတည်ဆောက်ပုံ၊ ကျင့်ကြံဆက်ဆံကြပုံတို့နှင့် သက်ဆိုင်သော အများပြည်သူဆိုင်ရာ နိုင်ငံတကာ ဥပဒေ (Public International Law- PIL) ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပေါ်ပေါက်ခြင်းဖြစ်သည်။ လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများသည် နိုင်ငံတကာအဆင့်တွင် ဖွံ့ဖြိုးပေါ်ပေါက်လာသည်ဟု ဆိုသော်ငြား နိုင်ငံတော်အဆင့်တွင် အာဏာတည်အသက်ဝင်ရန် လိုရင်းဖြစ်သည်။ နိုင်ငံတကာဥပဒေနှင့် ပြည်တွင်းဥပဒေများသည် ကွဲပြားခြားနားမှု အတော်အတန် ရှိသော်ငြား တူညီသောမူဝါဒများလည်း ရှိပါပေသည်။ လူ့အခွင့်အရေးများကိုမည်သို့ ဖန်တီးထားပြီး အသက်ဝင်အာဏာတည်အောင် လုပ်ဆောင်ရမည်ဆိုသည်ကို ရှင်းလင်းဖော်ပြနိုင်ရန်အတွက် ပြည်တွင်းဥပဒေများနှင့် နိုင်ငံတကာဥပဒေများ၏ ကွဲပြားခြားနားမှုများကို ရှင်းလင်းဖော်ပြရန် လိုအပ်ပါသည်။

နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် ဥပဒေများအကြား အဓိက ကွဲပြားခြားနားချက်မှာ အဆိုပါဥပဒေများကို မည်သို့ရေးသားထားသနည်းဆိုသည့် အချက်နှင့်မည်သို့ အကာအကွယ်

ပေးထားသနည်းဆိုသည့် အချက်များဖြစ်ပါသည်။ ပြည်တွင်းဥပဒေများကို ဥပဒေပြုရေး အဖွဲ့အစည်းက ပြုစုပြီး အုပ်ချုပ်ရေးအဖွဲ့က လက်ခံကာ တရားစီရင်ရေးဘက်က အကောင်အထည်ဖော်ပါသည်။ ရိုးရှင်းသော ဥပမာတစ်ရပ်ဖြင့် ပြသပါဆိုလျှင် အောက်ပါအတိုင်း ဖြစ်သည်။ ပါလီမန်တစ်အရပ်က ဥပဒေတစ်ခုကိုပြုသည်။ ထိုဥပဒေကို ချိုးဖောက်သူ မည်သူ့ကိုမဆို ရဲကဖမ်းသည်။ လူတစ်ဦး အပြစ်ရှိ မရှိကို တရားရုံးကဆုံးဖြတ်သည်။ အပြစ်ရှိကြောင်းသိပါက အပြစ်ပေးသည်။ အဆိုပါဥပဒေကို လိုက်နာကြရမည့် ပြည်သူများသည် ဥပဒေကြမ်းတင်သွင်းခြင်း၊ ဥပဒေကို အသက်ဝင်အောင် အာဏာတည်စေခြင်းတို့တွင် အကန့်အသတ်ဖြင့်သာ ပါဝင်ရသည်မှာ အထင်အရှားဖြစ်ပါသည်။ ထိုအချက်မှာ နိုင်ငံတကာဥပဒေများတွင် ကွာခြားပါသည်။ နိုင်ငံအများသည် မိမိတို့ကိုယ်တိုင်ပင် ဥပဒေကိုရေးကြသည်။ ထိုဥပဒေကို လိုက်နာရမည့် သူမှာလည်း မိမိတို့ပင်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံကထိုဥပဒေကို အလိုမရှိတော့သောအခါ မည်သူတစ်ဦးတစ်ယောက်ကမျှ ထိုဥပဒေကို ဆက်လက်သုံးစွဲရန် ဖိအားမပေးနိုင်ပေ။ (နောက်ပိုင်းတွင် အသေးစိတ်ဖော်ပြမည့် မိရိုးဖလာ ဓလေ့ထုံးတမ်း Customary ဥပဒေများတွင် မူဆွဲငြင်းချက်များတွေ့ရှိရနိုင်သည်။) သို့ဖြစ်ရာ နိုင်ငံတကာဥပဒေစနစ်မှာ နိုင်ငံများ၏စေတနာ့ဝန်ထမ်း သဘောသက်သက်ဖြင့်သာ လည်ပတ်ရခြင်းဖြစ်သည်။ ပြည်တွင်းဥပဒေကို လိုက်နာကျင့်သုံးသကဲ့သို့ ဥပဒေအားမလေးစားသူများကို အရေးယူရန်ပြည်တွင်းရဲတပ်ဖွဲ့နှင့်တူသည့် အရာဟူ၍ နိုင်ငံတကာအဆင့်တွင် မရှိပါ။ ထိုအခါဥပဒေများကို ကာကွယ်ရန်၊ လေးစားလိုက်နာစေရန် တောင့်တောင့်တင်းတင်း အဖွဲ့အစည်းမရှိပေ။ (ကုလသမဂ္ဂလုံခြုံရေးကောင်စီလို ခြွင်းချက်မျိုးတော့ ရှိပါသည်။ သို့သော် ထိုအဖွဲ့ကြီး၏ လက်တွေ့ထိန်းကွပ်နိုင်စွမ်းကလည်း အားနည်းပေသည်။) ယေဘုယျအားဖြင့် နိုင်ငံအများသည် ၎င်းတို့ လိုက်နာလိုသော ဥပဒေများကို မူကြမ်းရေးကြပြီး အငြင်းပွားစရာ တစ်စုံတရာ ပေါ်ပေါက်လာပါက မည်သို့ဖြေရှင်းကြမည်ကို ဆုံးဖြတ်ကြသည်။ ထို့ကြောင့် ပြည်တွင်းဥပဒေများကို ကျင့်သုံးရာတွင် ရဲနှင့် တရားရုံးအစရှိသည့် အားကောင်းသော အင်စတီကျူးရှင်းများဖြင့် အလုပ်လုပ်နိုင်သော်လည်း နိုင်ငံတကာဥပဒေများကို ကျင့်သုံးရာတွင်မူ တစ်နိုင်ငံချင်းစီ၏ ထိုဥပဒေအပေါ် အဓိပ္ပာယ်ဖွင့်ဆိုပုံနှင့် ဆွေးနွေးညှိနှိုင်းကာဖြေရှင်းရခြင်းဘက်သို့ ပို၍ယိမ်းပါသည်။ ယေဘုယျအားဖြင့် နိုင်ငံတကာ ဥပဒေတွင် ပါလီမန်ကဲ့သို့ ဥပဒေပြုခြင်းဆိုင်ရာ အဖွဲ့အစည်းတစ်ခုမျှမရှိသလို ရဲကဲ့သို့ အဆိုပါ ဥပဒေများကို အာဏာတည်အသက်ဝင်စေမည့် အားကောင်းသည့် အင်စတီကျူးရှင်းလည်း မရှိဘဲဖြစ်ရာ အငြင်းပွားမှု ဖြစ်လာခဲ့လျှင် အားကောင်းသော တရားရုံးဖြင့် ဖြေရှင်းနိုင်စရာအကြောင်းလည်းမရှိပေ။

ထိုဥပဒေစနစ်နှစ်မျိုးသည် သိသိသာသာကြီးကို ကွဲပြားပေသော်ငြား လုပ်ငန်းလည်ပတ်ရာတွင်တော့ သီးသီးသန့်သန့်စီ ကွဲထွက်နေခြင်းတော့ မဟုတ်ပေ။ ပြည်တွင်းဥပဒေများသည် နိုင်ငံတကာဥပဒေများအပေါ် သက်ရောက်မှုများ ရှိပါပေသည်။ လူ့အခွင့်အရေး စံနှုန်းအတော်များများသည် ပြည်တွင်းဥပဒေများအဖြစ် တည်ရှိနေပါသည်။ ဥပမာ - လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်ဆိုင်ရာ နိုင်ငံတကာဥပဒေသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းတွင်လည်း ပါဝင်ပြီး အခြေခံအားဖြင့် အမေရိကန်ပြည်ထောင်စု အခြေခံဥပဒေမှ ပွားယူထားခြင်းဖြစ်ပါသည်။ ထို့အပြင် မသန်စွမ်းပြည်သူများ၏ အခွင့်အရေးအတော်များများသည် တိုင်းပြည်တို့၌ အမျိုးသား မသန်စွမ်းဆိုင်ရာ အက်ဥပဒေများတွင် ယခင်ရှိခဲ့ပြီး ဖြစ်ပါသည်။ နိုင်ငံတကာဥပဒေကလည်း ပြည်တွင်းဥပဒေများအပေါ် သက်ရောက်မှုများရှိပါသည်။ ဥပမာ - လူ့အခွင့်အရေးစံနှုန်းများကို ပြည်တွင်းဥပဒေများအဖြစ် ပြောင်းလဲယူနိုင်ပြီး အချို့သောနိုင်ငံများတွင် နိုင်ငံတကာဥပဒေများသည် ပြည်တွင်း

ဥပဒေများနှင့် ညီမျှကြောင်း ယူဆထားကြသည်။ ယင်းကို monist စနစ် အားကျင့်သုံးသည်ဟု ဆိုပါသည်။ mono ဆိုသော စကားလုံးမှလာကာ တစ်ခုတည်းဟု အဓိပ္ပာယ်ရသည်။ တစ်ခုတည်းသော ဥပဒေစနစ်ရှိကာ ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေများ ပါဝင်သည်။ ဥပဒေစနစ်နှစ်ခုကို သီးခြားစီကျင့်သုံးသည့်အခါ dualist စနစ်ကို ကျင့်သုံးသည်ဟု ဆိုကြသည်။ နိုင်ငံတကာ ဥပဒေများကို ပြည်တွင်းဥပဒေများဖြစ်အောင် မပြောင်းနိုင်သေးဘဲလျက် ပြည်တွင်းဥပဒေများ စနစ်အဖြစ်တော့ မသုံးနိုင်ပါ။

ယခုဆွေးနွေးလေ့လာချက်တွင် လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီမှု စာချုပ်များကို နိုင်ငံတကာ ဥပဒေများ၏ အဓိကအရင်းအမြစ်အဖြစ် ယူဆထားပါသည်။ သို့သော်လည်း အခြားအရင်းအမြစ်များလည်း ရှိပါသေးသည်။ သဘောတူညီမှု စာချုပ်များကို နိုင်ငံတကာဥပဒေများအဖြစ် ကောက်ယူအဓိပ္ပာယ်ဖွင့်ခြင်းသည် မကြာသေးသောကာလ အတွင်းကဖြစ်ပါသည်။ အထူးသဖြင့် ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် တွေ့လာရသော ဖြစ်ရပ်များပင်ဖြစ်သည်။

၂.၂ နိုင်ငံတကာဥပဒေ၏ အရင်းအမြစ်များ

(၁) သဘောတူညီမှုဆိုင်ရာ စာချုပ်များ

Treaties
သဘောတူညီမှုစာချုပ်

သဘောတူညီမှုစာချုပ် treaty သည် နိုင်ငံများအကြား နိုင်ငံတကာဥပဒေဖြင့် စီမံစည်းကြပ်သော သဘောတူညီမှု တစ်ရပ်ဖြစ်သည်။ အဆိုပါ စည်းကြပ်မှုကို စေတနာ့ဝန်ထမ်းအလျောက် ကိုယ့်သဘောဖြင့်ကိုယ် လိုက်နာရန်အတွက် သဘောတူညီထားသူများသည် ဥပဒေအရ တာဝန်များရှိသွားချေပြီ။ သဘောတူညီမှုစာချုပ်ဆိုင်ရာဥပဒေကို အများနားလည်ရန် ဖွင့်ဆိုခြင်းကို သဘောတူစာချုပ်များ ဥပဒေဆိုင်ရာ ဗီယင်နာတွန်ဗင်းရှင်း ၁၉၆၉ (Vienna Convention on the Law of Treaties 1969) ဖြင့် ဆောင်ရွက်ပါသည်။ အဆိုပါ ညီလာခံက treaty သဘောတူညီမှုစာချုပ်ကို အဓိပ္ပာယ်သတ်မှတ်ရာတွင် နိုင်ငံများအကြားလက်မှတ်ရေးထိုးသော စာဖြင့်ရေးသားဖော်ပြထားသည့် နိုင်ငံတကာသဘောတူညီမှုဖြစ်ကာ နိုင်ငံတကာဥပဒေအရ အုပ်ချုပ်မှုလည်း ဖြစ်ပါသည်ဟု ဖော်ပြထားသည်။

စာချုပ်များသည် နိုင်ငံများအချင်းချင်းကြားက သဘောတူညီမှုများဖြစ်ကြသည်။ စာဖြင့်ရေးသားထားသော ပုံစံဖြင့်ရှိကြပြီး သက်ဆိုင်ရာ နိုင်ငံများအချင်းချင်း ညှိနှိုင်းဆွေးနွေးကြပြီး ဖန်တီးထားခြင်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံသည် စာချုပ်ပါအဖွဲ့ဝင်ဖြစ်ရန် သဘောတူညီခဲ့ပြီဆိုလျှင် ထိုစာချုပ်ထဲရှိ စည်းမျဉ်းများကို မဖြစ်မနေလိုက်နာရပေသည်။ သို့သော် သဘောတူညီမှုစာချုပ်တစ်ခု၏ အဖွဲ့ဝင်များကိုသာလျှင် စာချုပ်ပါ စည်းမျဉ်းများနှင့် နှောင်တည်းထားပါသည်။ နှစ်ဦးနှစ်ဖက် သဘောတူညီမှုစာချုပ် Bilateral treaty မှာကား နိုင်ငံနှစ်နိုင်ငံအကြား ချုပ်ဆိုခြင်းဖြစ်သည်။ နိုင်ငံတကာစာချုပ် multilateral treaty ဆိုသည်ကား ၂ နိုင်ငံထက်ပိုသော နိုင်ငံများ ပါဝင်ချုပ်ဆိုထားခြင်းဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ UN ၊ နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း ILO ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း WTO နှင့် ဥရောပသမဂ္ဂ EU တို့မှာ နိုင်ငံစုံ ချုပ်ဆိုထားသော သဘောတူညီမှု treaty များဖြင့် ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်သည်။ ကုလသမဂ္ဂ၏ အဓိကအခန်းကဏ္ဍမှာ ထိုကဲ့သို့သော သဘောတူညီမှုစာချုပ်များကို မူကြမ်းရေးပေးရခြင်းဖြစ်ကာ နိုင်ငံများကိုဖိတ်ကြားပြီး လက်မှတ်ရေးထိုးစေခြင်း ဖြစ်ပါသည်။ သဘောတူညီမှု စာချုပ်များသည် ယနေ့ နိုင်ငံတကာဥပဒေများ၏ အရေးအကြီးဆုံး ရင်းမြစ်များဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အခြား ရင်းမြစ်များထက် ပိုမိုကောင်းမွန်စွာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ရှိခြင်းကြောင့်ဖြစ်၏။ ထို့ပြင် ဥပဒေကို မူကြမ်းရေးစဉ်က ကိုယ်ထိလက်ရောက် ပါဝင်ခဲ့သော နိုင်ငံအများသည် ထိုဥပဒေကို ပိုမိုလိုက်နာလိုကြပြီး ထို ဥပဒေအကြောင်းကိုလည်း ပိုမိုတိကျသော အသိပညာလည်း ရှိပေသည်။

(၂) ထုံးတမ်းအစဉ်အလာ

နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်းအစဉ်အလာ ဆိုသည်မှာ ရေးသားမထားသည့် ဥပဒေများဖြစ်ပြီးနိုင်ငံများက နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့ကြခြင်းဖြင့် သတ်မှတ်

တည်ရှိနေခြင်းဖြစ်ပါသည်။ နိုင်ငံများသည် အဆိုပါအလေ့အထကို နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့ကြပြီးနောက် ဥပဒေအရ သတ်မှတ်စည်းကြပ်ထားပြီးဖြစ်သည်ဟု ယုံကြည်သွားကြခြင်းဖြစ်ပါသည်။ ဤသို့ဖြစ်နေပြီဆိုလျှင် နိုင်ငံတကာဓလေ့ထုံးစံဥပဒေကို ဖန်တီးပြီးသားဖြစ်သွား၏။ ဓလေ့ထုံးတမ်းဆိုင်ရာ ဥပမာတစ်ခုကိုဆိုရလျှင် နိုင်ငံတော်အစိုးရများက အလည်အပတ်ရောက်ရှိလာသော ပြည်ပခေါင်းဆောင်များကို လက်ခံဆက်ဆံပုံမျိုးဖြစ်ပါသည်။ တိုင်းပြည်သို့ရောက်ရှိလာသော သမ္မတများ၊ သို့မဟုတ် ဝန်ကြီးချုပ်များကို နိုင်ငံများက လုံးဝဖမ်းဆီးခြင်း မပြုရပေ။ တိုင်းပြည်ခေါင်းဆောင်များတွင် အကာအကွယ်ရပိုင်ခွင့်ဆိုင်ရာ အဆင့်တစ်ခုရှိသည်ဟု ယူဆထားကြသည်။ တိုင်းပြည်ဦးသွောင်များကို အကာအကွယ်ပေးရမည့် ဥပဒေ သို့မဟုတ် သဘောတူညီမှုစာချုပ်ဟူ၍ နိုင်ငံတကာဥပဒေတွင် မရှိသော်လည်း ယင်းသို့ပြုမူဆက်ဆံပုံမှာ ရာစုနှစ်ပေါင်းများစွာ ရှိခဲ့ချေပြီ။ အချို့သော လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများသည်လည်း ဓလေ့ထုံးတမ်းများ ဖြစ်သွားခဲ့ချေပြီ။ ဥပမာ - ဒုက္ခသည်တစ်ဦးကို ၎င်းထွက်ပြေးလာခဲ့သည့်နိုင်ငံသို့ ပြန်လည်မပို့ဆောင်ရခြင်း၊ ကျွန်ပြုခြင်းကိုတားမြစ်ထားခြင်း၊ အသက်ရှင်ရပ်တည်ခွင့်ပေးခြင်း စသည်တို့ဖြစ်ပါသည်။

ထုံးတမ်းအစဉ်အလာသည်လည်း အလွန်အရေးကြီးသော ဥပဒေရင်းမြစ်များ ဖြစ်ပါသည်။ သို့သော် ရေးသားအက္ခရာတင်ထားခြင်း မဟုတ်၍ ထုံးတမ်းတစ်ခု အမှန်တကယ်ရှိမရှိကို သတ်မှတ်ရသည်မှာ ရှုပ်ထွေးပြီး ဓလေ့ထုံးတမ်းအတိုင်း လိုက်နာကြခြင်းသည် သဘောတူညီမှုစာချုပ်များလောက် လူကြိုက်များမှု မရရှိပေ။ ဓလေ့ထုံးတမ်းများတွင် သဘောတူညီမှုစာချုပ်များထက် အားကောင်းသော သက်ရောက်မှုများရှိပြီး ထုံးတမ်းတစ်ခုကို တည်ထောင်ပြီး အတည်ပြုပြီးပါက နိုင်ငံအားလုံးနီးပါးက လိုက်နာကြပါသည်။ (တစ်နိုင်ငံလောက်က ထုံးတမ်းတစ်ခုကို မလိုက်နာလိုခြင်းက ရှားပါးဖြစ်ရပ်ပင်ဖြစ်သည်) သဘောတူညီမှု စာချုပ်များကတော့ အဖွဲ့ဝင်နိုင်ငံများသာ လိုက်နာကြရသည်။ ထုံးတမ်းတစ်ခုကို မလိုက်နာလိုပါက အဆိုပါ ထုံးတမ်းစတင်သည့် ကနဦးကာလများကတည်းက နိုင်ငံတစ်နိုင်ငံက ကန့်ကွက်နိုင်ပေသည်။

(၃) ဥပဒေ၏ ယေဘုယျစည်းမျဉ်းများ

နိုင်ငံတကာဥပဒေများတွင်လည်း ဥပဒေ၏ ယေဘုယျစည်းမျဉ်းများ ပါဝင်နေပေသည်။ နိုင်ငံတော်အဆင့် ဥပဒေစနစ်များတွင် အများအားဖြင့် အသုံးပြုနေသော ဥပဒေ၏ အစိတ်အပိုင်းများကို နိုင်ငံတကာအဆင့်တွင် ပြန်လည်တွေ့မြင်ရခြင်းမျိုးဖြစ်သည်။ (ဥပမာ - မျှတသော တရားခွင်ဖြစ်ခြင်း၏ သဘောတရားဖြစ်သည်) အချို့သော စည်းမျဉ်းများသည် အားလုံး၏ထောက်ခံမှုကို လှိုက်လှိုက်လှဲလှဲရရှိကာ မည်သည့်နိုင်ငံကမျှ ချိုးဖောက်နိုင်ခြင်းမရှိပေ။ ထိုကဲ့သို့သော စည်းမျဉ်းများတွင် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်နှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းကို တားမြစ်ထားခြင်းကဲ့သို့သော ရှောင်ကျဉ်ရမည့်အရာများကို ပြသထားသည့် အက်ဥပဒေများဖြစ်ပါသည်။ ထိုစည်းမျဉ်းများသည် ခြွင်းချက်မရှိလိုက်နာရမည့် စံနှုန်းများဖြစ်ပြီး မည်သည့်အခြေအနေတွင်မဆို ချိုးဖောက်၍မရပါ။ ခြွင်းချက်မရှိလိုက်နာရမည့် စံနှုန်းများ Peremptory norms များ ရှိနေရခြင်းမှာ အချို့သော အခြေခံအခွင့်အရေးများသည် ရှေးယခင် သမိုင်းတစ်လျှောက် ဓလေ့ထုံးတမ်းဖြင့် လိုက်နာခဲ့သည့် အစဉ်အလာမရှိသောကြောင့် ဖြစ်သည်။ (ဥပမာ - ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကဲ့သို့သော အရာများ) မည်သို့ပင်ဖြစ်စေ နိုင်ငံတကာ အသိုင်းအဝိုင်းက ထိုအရာများကို အခြေခံအခွင့်အရေးများအဖြစ် သတ်မှတ်ထားပါသည်။ ခြွင်းချက်မရှိ လိုက်နာရမည်ဆိုသည့် စံနှုန်းများ peremptory norms

အယူအဆနှင့် ဆက်စပ်လျက် jus cogens စည်းမျဉ်းဆိုသည်လည်း ရှိပါသေးသည်။ ထိုစည်းမျဉ်းမှာ လိုက်ကိုလိုက်နာရမည့်စံနှုန်းများနှင့် ဖိလာနေသည့် မည်သည့်နိုင်ငံတကာ ဥပဒေကိုမှ မဖန်တီးအပ်ဟူ၍ဖြစ်သည်။ ဥပမာ - နိုင်ငံနှစ်နိုင်ငံသည် ကျွန်အရောင်းအဝယ်ကိစ္စကို သဘော တူညီမှုလက်မှတ်ရေးထိုးမည်ဆိုပါက jus cogens ဥပဒေသကို ဆန့်ကျင်နေသဖြင့် ထိုစာချုပ်မျိုး မချုပ်နိုင်ပါပေ။

နိုင်ငံတစ်နိုင်ငံသည် မည်သည့်လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကိုမှ သဘောမတူနိုင်ပေလင့်ကစား၊ လူတစ်ဦးသည် သမုဒ္ဒရာအလယ် လူမနီး သူမနီးတွင် ရောက်နေကာ မည်သည့် တရားစီရင်ရေးနယ်နမိတ်အတွင်းတွင် ရောက်မနေစေကာမူ ကျွန်ပြုခြင်း၊ နှိပ်စက်ခြင်း၊ လူသတ်ခြင်း စသည်တို့ ကျူးလွန်ပါက ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေများနှင့် ဥပဒေ၏ မူဝါဒများအရတရားမဝင်ဖြစ်နေဆဲပင်ဖြစ်ပါသည်။ ဓလေ့ထုံးတမ်းဥပဒေများနှင့် ဥပဒေ၏ ယေဘုယျစည်းမျဉ်းများသည် လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်အနည်းငယ်ကိုသာ လက်မှတ်ရေးထိုးထားသည့် နိုင်ငံတွင် နေထိုင်သော လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအတွက် အရေးပါနေပေတော့သည်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက် သူများ Human Rights defenders များသည် အစိုးရတစ်ရပ်ကို လူ့အခွင့်အရေး သဘောတူစာချုပ်ပါ စံနှုန်းများကို လိုက်နာစေရန် မတောင်းဆိုနိုင်ပေ။ သို့သော် ဓလေ့ထုံးတမ်းဥပဒေ customary law နှင့် ခြွင်းချက်မရှိ လိုက်နာရမည့်စံနှုန်းများ peremptory norms များ၏ အစိတ်အပိုင်းများဖြစ်သော လူ့အခွင့်အရေးများအောက်တွင် အကာအကွယ် ရစေရန်အတွက် လှုပ်ရှားဆောင်ရွက်နိုင်ပါသည်။

သဘောတရားရေးရာ ရှုင်းလင်းချက်

အရွေ့တောင်အာရှဒေသတွင် ဓလေ့ထုံးတမ်းဥပဒေ၊ Jus Cogens နှင့် မဖြစ်မနေလိုက်နာရမည့်စံနှုန်းများ Peremptory Norms တို့၏ အရေးပါပုံ

ဓလေ့ထုံးတမ်းဥပဒေ၊ jus Cogens နှင့် မဖြစ်မနေလိုက်နာရမည့် စံနှုန်းများသည် လူ့အခွင့်အရေးနှင့် ဆက်စပ်၍ အလွန်အရေးပါသော အရင်းအမြစ်များဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အရွေ့တောင်အာရှရှိ အချို့နိုင်ငံများသည် အနည်းငယ်မျှသော လူ့အခွင့်အရေး သဘောတူစာချုပ်များကိုသာ လက်မှတ်ရေးထိုးပြီး ပြည်တွင်းဥပဒေ ပြုထားသောကြောင့်ဖြစ်ပါသည်။ ယင်းသို့လက်မှတ်မထိုးထား၊ ပြည်တွင်းဥပဒေ မပြုထားရုံဖြင့် အဆိုပါနိုင်ငံများသည် ယင်းကွန်ဗင်္ရှင်းများပါ အခွင့်အရေးများကို ချိုးဖောက်ခွင့်ရနေမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် များပြားလှစွာသော လူ့အခွင့်အရေးများကို အဆိုပါဥပဒေများမြစ်ဖျားခံလာရာ ဥပဒေအရင်းအမြစ်များက အကာအကွယ်ပေးထားသောကြောင့်ဖြစ်သည်။ ခွဲခြားဆက်ဆံမှုကို ရှောင်ကြဉ်ရခြင်း၊ နှိပ်စက်ညှဉ်းပန်း ကျွန်ပြုခြင်းမှ လွတ်မြောက်ပိုင်ခွင့်၊ အသက်ရှင်ရပ်တည်ခွင့်၊ မျှတသော တရားခွင်ရရှိမှုနှင့် တရားမျှတမှုကို ရယူခံစားပိုင်ခွင့်စသည့် စံနှုန်းများကိုအစိုးရမင်းများက လေးစားရမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းစံနှုန်းများသည် ဓလေ့ထုံးတမ်းအစဉ်အလာ၊ jus cogens သို့မဟုတ် မဖြစ်မနေ လိုက်ကို လိုက်နာရမည့် စံနှုန်းများအဖြစ် ရှိနေခြင်းကြောင့်ပေတည်း။

လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ကြသူများ အထူးသဖြင့် မြန်မာ၊ စင်ကာပူ၊ မလေးရှား

နှင့် ဘရူနိုင်းတို့ကဲ့သို့သော နိုင်ငံများမှ ကာကွယ်စောင့်ရှောက်ကြသူ human rights defenders များသည် ပြည်တွင်း ဥပဒေများ သို့မဟုတ် သဘောတူလက်မှတ်ရေးထိုး ဥပဒေပြုပြီးသား သဘောတူညီမှု စာချုပ်များကို လူ့အခွင့်အရေးအတွက် ကိုးကားငြင်းခုန်ခြင်းထက် နိုင်ငံတကာ ဓလေ့ထုံးတမ်းများ သို့မဟုတ် စံနှုန်းများကို ဆွဲကိုင်ငြင်းခုန်နိုင်ပါသည်။

(၄) တရားရုံးဆုံးဖြတ်ချက်များနှင့် နိုင်ငံတကာဥပဒေကို သင်ကြားပေးခြင်း

နိုင်ငံတကာဥပဒေများထွက်ပေါ်ရာ နောက်ဆုံးအရင်းအမြစ်တစ်ခုမှာ တရားစီရင်ရေးဆုံးဖြတ်ချက်များနှင့် နိုင်ငံတကာဥပဒေများကို သင်ကြားပေးခြင်းများမှဖြစ်ပါသည်။ တရားစီရင်ရေးအဖွဲ့အစည်းများတွင် နိုင်ငံတကာတရားရုံး International Court of Justice နှင့် နိုင်ငံတကာရာဇဝတ်ခုံရုံး International Criminal Court ၊ ပင်လယ်ပြင် ဥပဒေဆိုင်ရာခုံရုံး Tribunal on the Law of the Sea နှင့် နိုင်ငံတကာခုံးသမာဓိမင်းများကဲ့သို့သော အဖွဲ့များ ပါဝင်ပါသည်။ ထိုခုံရုံးများတွင် နိုင်ငံတကာဥပဒေများကို အသုံးချကာဆုံးဖြတ်ချက်ချသော နိုင်ငံတော်အဆင့် တရားရုံးများလည်း ပါဝင်နိုင်ပါသည်။ ၁၉၈၈ ခုနှစ်တွင် လန်ဒန်၌ အဖမ်းခံရကာ နှိပ်စက်ညှဉ်းပန်းမှုများဖြင့် စွပ်စွဲခံရသော ချီလီအာဏာရှင် ပီနိုရှေးကို တရားစွဲဆိုမှုနှင့် ၁၉၆၀ ခုနှစ်က အာဂျင်တီးနားတွင် ဖမ်းမိသည့် နာဇီ တစ်ဦးဖြစ်သော အဒေါ့ဖ်အိုက်ခမန်းကို အစ္စရေးသို့ လျှို့ဝှက်စွာပို့ဆောင်ခဲ့ပြီး နာဇီလူသတ်ပွဲများတွင် ပါဝင်ခဲ့သည့်အတွက် တရားစွဲဆိုခြင်းကဲ့သို့သောအမှုမျိုး ဖြစ်ပါသည်။

သတိထားအပ်သည်မှာ နိုင်ငံတကာဥပဒေများ၏ တရားစီရင်ရေး အဖွဲ့အစည်းများမှာ ပြည်တွင်းဥပဒေများကို တရားစီရင်သော အဖွဲ့အစည်းများနှင့် များစွာကွာခြားခြင်း ဖြစ်ပေသည်။ အကယ်၍ လူတစ်ဦးတစ်ယောက်သည် ပြည်တွင်းဥပဒေတစ်ခုခုကို ချိုးဖောက်လိုက်သည် ဆိုငြားအံ့။ ၎င်းကိုတရားရုံးသို့ ဖမ်းဆီးခေါ်ဆောင်ပြီး တရားစီရင်ပေတော့သည်။ နိုင်ငံတကာတရားရုံးများတွင်မူ စေတနာဝန်ထမ်းအလျောက် ကိုယ့်သဘောနဲ့ကိုယ် ပါဝင်ရခြင်းဖြစ်ကာ တရားရုံးတစ်ရုံးက တရားရေးလုပ်ငန်းများသဘောအရ ထိုကိစ္စကို မဆောင်ရွက်မီ တရားရုံးဆုံးဖြတ်ချက်ကို လိုက်နာရန်အတွက် နိုင်ငံများကအရင် သဘောတူရသည်။ လူ့အခွင့်အရေး ဥပဒေများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တရားရုံးဆုံးဖြတ်ချက်များက အရေးပါသောကဏ္ဍတွင် ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် သဘောတူစာချုပ် treaty များ၏ ပြဋ္ဌာန်းချက်များကို ဘာသာပြန်ကောက်ယူရခြင်း၊ ထုံးတမ်းအစဉ်အလာများကို သတ်မှတ်တည်ရှိစေနိုင်ခြင်း၊ မည်သည့်အရာများက မဖြစ်မနေလိုက်နာရမည့် နိုင်ငံတကာဥပဒေများဟု ကြေညာနိုင်ခြင်း၊ နိုင်ငံများအကြား အငြင်းပွားမှုများကို ဖြေရှင်းနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်သောကြောင့် ဖြစ်သည်။

လူသိများထင်ရှားသော နိုင်ငံတကာဥပဒေပညာရှင်များ၏ နိုင်ငံတကာဥပဒေဆိုင်ရာ ရေးသားချက်များသည် နိုင်ငံတကာဥပဒေလာသည့် အရင်းအမြစ်များထဲမှ ကိုးကားမှုအနည်းဆုံးဖြစ်ဖွယ်ရှိသည်။ နိုင်ငံတကာဥပဒေဆိုင်ရာ အရေးအသားများသည် ဥပဒေရေးရာကိစ္စရပ်များအတွက် လမ်းညွှန်ဖြစ်နိုင်ပါသည်။ ဥပမာ - Maastricht လမ်းညွှန်ချက်များနှင့် Limburg စည်းမျဉ်းများသည် (အဆင့်ဆင့်တိုးတက်လာအောင် အကောင်အထည်ဖော်ခြင်းဆိုသည့် အခန်းတွင် ကြည့်ရှုလေ့လာနိုင်မည့်) ICESCR အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေး

ပဋိညာဉ်ကို လက်တွေ့အကောင်အထည်ဖော်ရာ၌ ပညာရှင်အမြင်များအဖြစ် ကိုးကားနိုင်ပါသည်။ အဆိုပါ ပညာရှင်အမြင်များဖြင့် မည်သည့်စီးပွားရေး၊ လူမှုရေး သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ ချိုးဖောက်ခံနေရကြောင်းကို တရားရေးအဖွဲ့အစည်းများက ဆုံးဖြတ်ရာတွင် အကူအညီဖြစ်စေပါသည်။

နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများ ပေါ်ထွက်လာခြင်းသည် နိုင်ငံတကာဥပဒေလောကကိုအပြောင်းအလဲများ ဖြစ်စေပါသည်။ ယခင်ကဆိုလျှင် နိုင်ငံတကာဥပဒေဆိုသည်မှာ နိုင်ငံများက တစ်ဦးကိုတစ်ဦးထားရှိသော စည်းမျဉ်းများဖြင့် အခြေခံအားဖြင့် စုဖွဲ့ထားခြင်းဖြစ်သည်။ သို့သော် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများက အချို့အရေးပါသော အချက်များကို ထပ်ဖြည့်ပေးခဲ့ပါသည်။ နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေကတစ်ဦး တစ်ယောက်ချင်းများကို နိုင်ငံတကာဥပဒေထဲ ထည့်ထားသည်။ သို့မှသာ ဥပဒေသည် နိုင်ငံများအတွက်သာမဟုတ်ဘဲ လူများအတွက်လည်း သက်ရောက်မည်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံအသီးသီးသည် မိမိတို့၏ နယ်နိမိတ်အတွင်း မည်သို့ပြုမူနေသည်များကိုပါ စောင့်ကြည့်ထိန်းကွပ်နိုင်သည်။ လူ့အခွင့်အရေးဥပဒေများ မပေါ်ခင် ယခင်က တို့ထိ၍မရသောပြဿနာဖြစ်သည်။ နောက်ဆုံးတွင် နိုင်ငံများအတွက် စည်းမျဉ်းနှင့် စံနှုန်းအသစ်များကို စုစည်းသွတ်သွင်းခဲ့ပါသည်။ ဥပမာမှာ ခွဲခြားဆက်ဆံမှုကို တိုက်ဖျက်ခြင်းဖြစ်ပါသည်။ လူတို့၏လိင်မှုရေးရာ သို့မဟုတ် လူမျိုးတစ်မျိုးမျိုးဖြစ်ခြင်းကိုအကြောင်းပြု၍ ခွဲခြားနှိမ်ချ ဆက်ဆံခြင်းများ ရှိပါကပြုလုပ်သူသည် နိုင်ငံအတွင်းရှိအစိုးရများ ကျင့်ကြံအပ်သည့် စံနှုန်းနှင့်လည်း ဆန့်ကျင်ဘက်ဖြစ်နေမည်တည်း။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

လူ့အခွင့်အရေးဆိုင်ရာ စည်းမျဉ်းများကို မည်သူတို့က အဓိပ္ပာယ်ကောက်ယူ ဘာသာပြန်နေသနည်း။

အချို့သော လူ့အခွင့်အရေးဆိုင်ရာ အတိအကျအဓိပ္ပာယ်ကောက်ယူမှုများ အချေအတင်ငြင်းခုံမှုများအတွက် လမ်းဖွင့်ပေးထားသလိုရှိ၏။ တစ်ဖက်တွင် ဥပဒေစနစ်တစ်ရပ်၏ မျှော်မှန်းချက်မှာ လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီမှု စာချုပ်များ treaties နှင့် နိုင်ငံတကာ ဥပဒေရေးရာလုပ်ငန်းယန္တရားများဖြစ်သော နိုင်ငံတကာတရားခုံရုံး ICJ သို့မဟုတ် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အဖွဲ့အစည်းများ (ယင်းအဖွဲ့များအကြောင်း အသေးစိတ်ကို အခန်း ၅ တွင် ဖော်ပြထားပါသည်) က အခွင့်အရေးဆိုင်ရာများကို အဓိပ္ပာယ်ကောက်ယူ ပြန်ဆိုနိုင်ရန်ဖြစ်သည်။ ထို့ပြင် နိုင်ငံတစ်နိုင်ငံ အစိုးရတစ်ရပ်ရပ်က လွတ်လပ်စွာထုတ်ဖော်တင်ပြနိုင်ခွင့်ကို အဓိပ္ပာယ်ကောက်ယူသည် ဆိုပါစို့။ အများအားဖြင့် လက်တွေ့တွင် အစိုးရကသာလျှင်မည်သို့ သတ်မှတ်ပေးမည်ကို ဆုံးဖြတ်သည်။။ လွတ်လပ်စွာ ထုတ်ဖော်တင်ပြခြင်းဆိုင်ရာ စံနှုန်းများသည် အရှေ့တောင်အာရှနိုင်ငံများကြားတွင်ပင် အမျိုးမျိုးကွဲပြားနေရာ အထူးသဖြင့် နိုင်ငံရေးသဘောအရ ထုတ်ဖော်တင်ပြခွင့်များမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ခြားနားကြပါသည်။

မေးခွန်း။ ။လူ့အခွင့်အရေး၏အဓိပ္ပာယ်ကို ကောက်ယူပုံဖော်ရာတွင် မည်သူ့ကိုပို၍ လုပ်ပိုင်ခွင့် အာဏာ ပိုပေးရမည်နည်း။ အစိုးရလော သို့မဟုတ် နိုင်ငံတကာ အသိုင်းအဝိုင်းကိုလော။ အကယ်၍

အဓိပ္ပာယ်ကောက်ယူခြင်းကို အစိုးရများလက်ထဲသို့ ထည့်လိုက်သည်ရှိသော် ယဉ်ကျေးမှု၊ စီးပွားရေး စသည်တို့ကို အကြောင်းပြကာ ဆင်ခြေပေး ယဉ်ကျေးမှု၊ စီးပွားရေး စသည်တို့ကို အကြောင်းပြကာ ဆင်ခြေပေးကာ လူ့အခွင့်အရေးများပြည့်ဝစေရေး အကောင်အထည်ဖော်ရာ၌ စိတ်အားထက်သန်မှုနှင့် တာဝန်ယူမှု လျော့ကျနိုင်သည်။ တစ်ဖက်တွင်လည်း နိုင်ငံတကာစနစ်ကလာသည့် ကမ္ဘာလုံးဆိုင်ရာ ဘာသာပြန် အဓိပ္ပာယ်ကောက်ယူမှုကလည်း နိုင်ငံချင်းမတူညီသည့်အခါ လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးမတူညီမှုများနှင့် အလိုက်သင့်အဆင်မပြေဖြစ်နိုင်သည်။ အဖွဲ့အစည်းတစ်ခုခုကို အဓိပ္ပာယ်ကောက်ယူခွင့် ပေးလိုက်မည်လော။ သို့မဟုတ် အစိုးရတစ်ရပ်၊ နိုင်ငံတစ်နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းများကြား ထိန်းညှိနိုင်မည်လော။

၂.၃ နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၏ နောက်ခံအကြောင်းအရာများ

ကုလသမဂ္ဂမပေါ်ပေါက်ခင်က ပြည်သူတို့၏အခွင့်အရေးများသည် နိုင်ငံတော်၏လက်ထဲတွင် ရှိနေသည်။ ဥပမာ - အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက်ပြည်ထောင်စု၊ ပြင်သစ်၊ ဘရာဇီးလ်နှင့် ဗြိတိန်တို့တွင် ပြည်သူတို့၏လူ့အခွင့်အရေးကို အကာအကွယ်ပေးရန်မှာ နိုင်ငံတော်၏တာဝန်ဖြစ်ခဲ့ကြသည်။ အခြေခံဥပဒေပါ အခွင့်အရေးများမှတစ်ဆင့် ကာကွယ်ဆောင်ရွက်ပေးခြင်းဖြစ်၏။ နိုင်ငံတကာအဆင့်တွင် အခွင့်အရေးအကာအကွယ်ပေးခြင်းအချို့ရှိပါသည်။ သို့သော် ပြည်တွင်းဥပဒေများထက် ဖွံ့ဖြိုးမှု နည်းပေသည်။ ယနေ့ ရှိနေသည့် နိုင်ငံတကာလူ့အခွင့်အရေး စံနှုန်းများသည်ကား အချိန်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်း ဖြစ်သည်။

- ၁၈၀၀ အစောပိုင်းကာလများအတွင်းက ကျွန်ကူးသန်းရောင်းဝယ်ခြင်းနှင့် ကျွန်ပြုခြင်းဆိုင်ရာ သဘောတူစာချုပ်များ
- ၁၈၆၀ ကာလများက လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ဂျီနီဗာညီလာခံနှင့် ဥပဒေများတွင် ပါဝင်သော လူသားချင်း စာနာမှုဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များ
- ဥရောပတွင် ပထမကမ္ဘာစစ် ပြီးသွားစဉ်က ငြိမ်းချမ်းရေးသဘောတူညီမှု စာချုပ်များတွင် ပါဝင်သည့် လူနည်းစု အခွင့်အရေးများဆိုင်ရာ ပြဋ္ဌာန်းချက်များ
- ၁၉၂၀တွင် ILO အခြေခံဥပဒေ ရေးသားစဉ်ကစတင်၍ ILO က မြှင့်တင်ခဲ့သော အလုပ်သမား အခွင့်အရေးများ

၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်အပြီးတွင် တည်ထောင်ခဲ့သော ကုလသမဂ္ဂ UN ၏ အစောဆုံး ရည်ရွယ်ချက်များထဲက တစ်ခုမှာ နိုင်ငံတကာ လူ့အခွင့်အရေးများအတွက် အခြေခံတစ်ရပ်ကို ဖော်ဆောင်ရန်ဖြစ်သည်။ ထိုသို့ ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံများ၏အခြေခံဥပဒေများတွင် ရှိပြီးသား အခွင့်အရေးများနှင့် ဓလေ့ထုံးတမ်းများ၊ နိုင်ငံတကာသဘောတူစာချုပ်များတွင် ပါဝင်သော အပြည်ပြည်ဆိုင်ရာ စံနှုန်းများကို အသုံးပြုရပါသည်။

အရေးပါသော ဖြစ်ရပ်များ။ ။ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများ တည်ထောင်ခြင်းသမိုင်းစဉ်



ကျွန်ုပ်တို့၏ ဘဝသက်တမ်းတွင် နှစ်ကြိမ်တိုင်တိုင် တွေ့ကြုံခဲ့ရပြီးဖြစ်သော လူသားမျိုးနွယ်အပေါ် ဖော်မပြနိုင်လောက်အောင် ဝမ်းနည်းကြေကွဲမှုများ ယူဆောင်လာတတ်သည့် စစ်ဒဏ်ဆိုသည့် ကပ်ဆိုးများမှ အနာဂတ်မျိုးဆက်ကို ကယ်တင်နိုင်ရန်အတွက် ကုလသမဂ္ဂအနေဖြင့် နိုင်ငံများအကြား ချစ်ကြည်သော ဆက်ဆံရေးကို ထိန်းသိမ်းနိုင်စေမည့် အခြေခံများကို ထူထောင်ထားခြင်းမှသည် ကမ္ဘာငြိမ်းချမ်းရေးကို ဖော်ဆောင်ထိန်းသိမ်းကြရမည်ဟု ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း (၁၉၄၅)က ဖော်ပြထားပါသည်။ အဆိုပါ အခြေခံကောင်းများ ဖြစ်တည်နေစေရန်အတွက် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုခြိမ်းခြောက်လာမှုများအားပြန်လည် တုံ့ပြန်နိုင်ရန်၊ အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုများကို သေချာစေရန်၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ဖော်ဆောင်ရန်စသည့် အရေးပါသောလုပ်ငန်းများကို ကုလသမဂ္ဂက ဆောင်ရွက်ရပါသည်။ နိုင်ငံတကာဥပဒေများကို စီမံခန့်ခွဲရခြင်း၊ ဒေသတွင်းစုဖွဲ့မှုများကို အားပေးမြှင့်တင်ရခြင်းနှင့် ကုလသမဂ္ဂ စောင့်ရှောက်ခံနယ်မြေများကို စီမံခန့်ခွဲရခြင်း အစရှိသည့် တာဝန်များကို ပဋိညာဉ်စာတမ်းအရ ကုလသမဂ္ဂက ထမ်းဆောင်ရပါသည်။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင် ရာချီသည့်အပိုဒ်များရှိရာ လူ့အခွင့်အရေးနှင့်ပတ်သက်သည့် စာပိုဒ်သည်ရှစ်ခုရှိသဖြင့် နည်းသည်ဟုဆိုသော်ငြား အရေးပါသော အခန်းကဏ္ဍမှပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် လူ့အခွင့်အရေးများကို ဖော်ဆောင်တည်ထောင်ခြင်းသည်ပင်လျှင် ကုလသမဂ္ဂ၏မူလဘူတ ပန်းတိုင်ဖြစ်ခြင်းကြောင့်ပင်ဖြစ်သည်။ လူ့အခွင့်အရေး

များကို နိဒါန်းတွင်ပင် အသားပေးဖော်ပြထားပြီး ကုလသမဂ္ဂ၏ ရည်ရွယ်ချက်တစ်ခုအဖြစ် ပထမဆုံး စာပိုဒ်များတွင်ပင် ထပ်တွေ့ရပါသည်။ စာပိုဒ် ၅၅ နှင့် ၅၆ တို့တွင်လည်း လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံများအနေဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာကြရမည်ဟု ပဋိညာဉ်စာတမ်းက ဖော်ပြထားပြန်ပါသည်။ အပိုဒ် ၅၅ တွင် အဖွဲ့ဝင်များအနေဖြင့် လူ့အခွင့်အရေး နှင့် အခြေခံလွတ်လပ်ခွင့်များကို ကမ္ဘာလုံးဆိုလေးစား လိုက်နာမှုအားမြှင့်တင်ပါရန် တိုက်တွန်းထား သေးသည်။ အပိုဒ် ၅၆ တွင် တိုင်းပြည်များအနေဖြင့် အဆိုပါရည်မှန်းချက်များ အောင်မြင်ရန်အလို့ငှာ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ပါရန်လည်း တိုက်တွန်းထားသည်။ လူ့အခွင့်အရေးကိစ္စသည် ရိုးရှင်းသော ပြည်တွင်းရေးတစ်ရပ် မဟုတ်တော့ခြင်းကြောင့် ကုလသမဂ္ဂသည် လူ့အခွင့်အရေးများကို မြှင့်တင်ခြင်းနှင့်ကာကွယ်ခြင်းတို့အား နိုင်ငံတကာတာဝန်ဖြစ်အောင် လုပ်ဆောင်ထားပါသည်။

၂.၃.၁ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)

UN Charter တွင် လူ့အခွင့်အရေးများကို အသေးစိတ်အတိုအကျ အဓိပ္ပာယ် မသတ်မှတ်ထားသော်ငြား၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း UDHR ကို အကြမ်းရေးသား နိုင်ရန်အတွက် ကော်မရှင်ကို ခန့်အပ်ခဲ့ပါသည်။ အဆိုပါ အကြမ်းရေးသားရန်အတွက် အယ်လီနာ ရုစဗဲ့ ဦးဆောင်သော ကော်မရှင်က စာတမ်းများကို ၂ နှစ်ကြာ မူကြမ်းရေးခဲ့ကာ နောက်ပိုင်းတွင် UDHR ဟူ၍ ဖြစ်လာပေသတည်း။ မူကြမ်းရေးသူများကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက လူ့အခွင့် အရေးကော်မရှင်သို့ အမည်စာရင်း တင်သွင်းခန့်အပ်ကြသည်။ နိုင်ငံတော်အဆင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေများ၊ ဥပဒေများ၊ ကြေညာစာတမ်းများ၊ ဘာသာရေးနှင့် ဒဿနပိုင်းဆိုင်ရာ မှတ်ချက်များ၊ ကမ္ဘာအနှံ့မှကျွမ်းကျင်ပညာရှင်များ၏ ပါဝင်ထည့်သွင်းမှုများအားဖြင့် အခွင့်အရေးဆိုင်ရာ အချက် အလက်များကို ရှေးဦးစွာစုစည်းရပါသည်။ ထိုစုစည်းချက်များကို ဆွေးနွေးကြပြီး လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံက မူသစ်ဖြင့် ဖော်ပြကြသည်။ ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံက UDHR ကို လက်ခံသတ်မှတ်ခဲ့ကာ ထိုနေ့ကို လူ့အခွင့် အရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။ နောက်ဆုံးစာတမ်းသည် လူ့အခွင့်အရေးအပေါ် အနောက် ကမ္ဘာ၏အမြင်ပေလော သို့မဟုတ် ခေါင်းစဉ်တွင်ပါသည့်အတိုင်း ကမ္ဘာလုံးဆိုသည့် သဘောပေလော ဆိုသည့် ငြင်းခုံစရာများလည်း ရှိပါသည်။ ထိုအကြောင်းအရာများကို အခန်း ၃ တွင် ဖော်ပြထား ပါမည်။ လက်ရှိပြုလုပ်ထားသော သုတေသနအရ အနောက်အုပ်စုဝင်မဟုတ်သော တရုတ်၊ ဆိုဗီယက်ပြည်ထောင်စု၊ လက်ဘနွန်၊ ဖိလစ်ပိုင်နှင့် အာရပ်နိုင်ငံများက အဖွဲ့ဝင်များက လိုလားချက် များ သိသိသာသာပင် ထည့်သွင်းခဲ့ခြင်းဖြစ်သည်ဟု တွေ့ရှိရသည်။ သို့သော် ထိုနိုင်ငံများက ထည့် သွင်းခဲ့သော လူ့အခွင့်အရေးသတ်မှတ်ချက်များသည် အနောက်ကိုကိုယ်စားပြုသည့် အမြင်များလော၊ အနောက်ကို မြစ်ဖြားမခံထားသော အမြင်များလော ဟူသည့်အချက်မှာကား အငြင်းပွားစရာ ဖြစ်နေမြဲရှိသည်။

ကုလသမဂ္ဂအထွေထွေ ညီလာခံသို့ တင်သွင်းထားသော အပိုဒ် ၃၀ ပါဝင်သည့် နောက်ဆုံး ကြေညာစာတမ်းသည်ကား ယနေ့ခေတ်လူ့အခွင့်အရေး၏ ကျောရိုးဖြစ်ပါသည်။ သို့သော် အဆိုပါ ကြေညာစာတမ်းသည် သဘောတူစာချုပ်ကဲ့သို့ နိုင်ငံများကို ဥပဒေအရ စည်းကြပ်ချည်နှောင်ထား သည်တော့ မဟုတ်ပေ။ (ကြေညာစာတမ်းသည် သဘောတူစာချုပ်နှင့်ညီမျှသော အာနိသင်နှင့်

အဆင့် အတန်းရှိသည်ဟု အတော်များများကလည်း ငြင်းခုံထားကြသည်။) သို့ဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဖြစ် နိုင်ငံအများက သတ်မှတ်ကိုသတ်မှတ်ရမည့် ကမ္ဘာလုံးဆိုင်လက်ခံသော အခွင့်အရေးများစာရင်းကို UDHR ကို လက်ခံကျင့်သုံးခြင်းဖြင့် ကုလသမဂ္ဂတွင် မိတ်ဆက်ခဲ့ပါသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

UDHR ၏ ဥပဒေအရ ရပ်တည်မှုအခြေအနေ

UDHR ၏ ဥပဒေအဆင့်အတန်းနှင့်ပတ်သက်၍ ဆွေးနွေးငြင်းခုန်မှုများစွာ ဖြစ်ခဲ့ပါသည်။ ယေဘုယျအားဖြင့် အထွေထွေညီလာခံက ကြေညာလိုက်သည့် UDHR သည် နိုင်ငံများအားဥပဒေအရ လိုက်ကို လိုက်နာရမည့် တာဝန်များကို ဖန်တီးပေးမထားပေ။ UDHR ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းများထဲမှ တစ်ခုခုကိုဖြစ်စေ ဥပဒေအရစည်းကြပ် သတ်မှတ်ပေးထားရမည်ဟု အများက ယူဆထားကြသည်။ ICCPR နှင့် ICESCR တို့ ကဲ့သို့သော UDHR မှ လာသော သဘောတူစာချုပ်များကို တိုင်းပြည်အတော်များများက ပြည်တွင်းဥပဒေပြုခဲ့ကြသည်ဖြစ်ရာ UDHR ၏ ဥပဒေအရ ရပ်တည်နိုင်မှု အခြေအနေက ဆက်စပ်မှု နည်းပါးလာခဲ့သည်။ သို့သော် ICCPR ကိုရော ICESCR တို့ကိုပါ ပြည်တွင်းဥပဒေ မပြုထားသော အခြေအနေများလည်း ရှိပါသည်။ ဥပမာ - စင်ကာပူ၊ မလေးရှားနှင့် မြန်မာတို့ ဖြစ်ကြသည်။ ထိုအခါ UDHR အနေနှင့် ဥပဒေအရ ရပ်တည်နိုင်မှုဆိုင်ရာ ဆွေးနွေးငြင်းခုံမှု များက အရေးပါလာပါပေသည်။ အချုပ်အားဖြင့်ဆိုရသော် အောက်ပါတို့မှာ ဥပဒေအရ ရပ်တည်နိုင်မှု အခြေအနေနှင့်ပတ်သက်သည့် အဓိကအရေးကိစ္စများနှင့် စကားစစ်ထိုးငြင်းခုန်မှုများ ဖြစ်ကြပါသည်။

(၁) ဥပဒေအရ စည်းကြပ်ထားခြင်း။ ။ကုလသမဂ္ဂသို့ ဝင်ရောက်ထားပြီး ကုလသမဂ္ဂကြေညာချက်ကို ပြည်တွင်းဥပဒေအဖြစ် သတ်မှတ်လက်ခံထားသော နိုင်ငံများသည် လူ့အခွင့်အရေးကို အကာအကွယ်ပေးရမည်ဖြစ်ပြီး UDHR ကိုလည်း ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်အဖြစ် သဘောတူကြသည်။ ထို့ကြောင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို လက်ခံသဘောတူညီခြင်းဖြင့် နိုင်ငံအများသည် UDHR ကိုလည်း လက်ခံရန်သဘောတူရာရောက်ပါသည်။

(၂) ဥပဒေအရ စည်းကြပ်ထားခြင်း။ ။ ကုလသမဂ္ဂအတွင်းရှိ လုပ်ငန်းအစီအမံယန္တရားများစွာအရ နိုင်ငံများအနေနှင့် UDHR ကို လေးစားရန်လိုအပ်သည်။ ဥပမာ - ပုံမှန်ပြန်လည်သုံးသပ်ခြင်း (Periodic Review) လုပ်ငန်းစဉ်ကို ဆောင်ရွက်သောအခါ လူ့အခွင့်အရေးများအပေါ် အဆိုပါနိုင်ငံများက မည်ရွေ့မည်မျှ အားထုတ်လုပ်ဆောင်သည်ကို ထည့်သွင်းသုံးသပ်ပါသည်။ (အခန်း ၅ တွင် ထိုအကြောင်းကို ဆွေးနွေးထားပါသည်)

(၃) တစ်စိတ်တစ်ပိုင်းအားဖြင့် ဥပဒေအရ စည်းကြပ်ထားခြင်း။ ။ အချို့သော နိုင်ငံများသည် UDHR ကို ဥပဒေအဖြစ် အသိအမှတ်ပြုကြသည်။ ဥပမာ - ၁၉၅၂ ကဲ့သို့ အစောပိုင်းကာလ

များက ဖိလစ်ပိုင်နိုင်ငံတွင် UDHR ကို ဖြတ်ထုံးများတွင် အသုံးပြုပါသည်။

(၄) တစ်စိတ်တစ်ပိုင်းအားဖြင့် ဥပဒေအရ စည်းကြပ်ထားခြင်း။ ။UDHR ထဲရှိ အချို့ဥပဒေများမှာ ထုံးတမ်းဓလေ့အရ လိုက်နာအပ်သောဥပဒေများဖြစ်ကာ၊ အချို့မှာကား ခြွင်းချက်မရှိ လိုက်နာရမည့် Mu cogens များ ဖြစ်ကြပါသည်။ ဥပမာအားဖြင့် ကျွန်ပြုခြင်း၊ နှိပ်စက်ခံရခြင်းမှ လွတ်မြောက်ပိုင်ခွင့်နှင့် ဘာသာတရားတစ်ခုကို လွတ်လပ်စွာကိုးကွယ်ပိုင်ခွင့်တို့ကို UDHR ကို လက်ခံသည်ဖြစ်စေ လက်မခံသည်ဖြစ်စေ ဥပဒေအရအကာအကွယ်ပေးရမည်။ UDHR ၏ အပိုဒ်အားလုံးသည် ဥပဒေတွင်ပါဝင်ပြီး မဟုတ်သော်လည်း အစိတ်အပိုင်းအချို့မှာ ဥပဒေများတွင် ပါဝင်ကြသည်ဟု ဆိုရမည်။

(၅) ဥပဒေအရ စည်းကြပ်ထားမှု မရှိခြင်း။ ။နိုင်ငံအားလုံးက UDHR ကို သဘောတူပြီး လက်မှတ်ရေးထိုးထားခြင်း၊ ပြည်တွင်းဥပဒေပြုထားခြင်းမဟုတ်ပေ။ ထိုသို့ရေးထိုးရမည်ဆိုလျှင်လည်း သဘောတူညီမှု စာချုပ်များ၏သဘာဝအရ အတိုင်းတိုင်းအပြည်ပြည်က စေတနာအလျောက် ပါဝင်ကြရခြင်း သဘောနှင့်ဝိရောဓိဖြစ်နေမည်သာဖြစ်သည်။ ထို့ပြင် UDHR ထဲရှိ အပိုဒ်များတွင် ပါဝင်သောလူ့ အခွင့်အရေးများမှာ ဥပဒေအဖြစ်အသွင်ပြောင်းပြီး ပြဋ္ဌာန်းနိုင်လောက်အောင် ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိပေ။ သို့ဖြစ်ရာ နိုင်ငံများသည်အခွင့်အရေးတစ်ရပ်ကို ဥပဒေအဖြစ် ပြဋ္ဌာန်းရန်အတွက်ဆိုလျှင် သက်ဆိုင်ရာသဘောတူညီမှုဆိုင်ရာ စာချုပ်များကို သီးခြား ရည်ညွှန်းရပေသည်။

ပထမဦးဆုံး လူ့အခွင့်အရေးဆိုင်ရာစာတမ်းအဖြစ် လူ့အခွင့်အရေးဥပဒေရေးရာတွင် UDHR က အရေးပါရခြင်းမှာ အကြောင်းရင်းများစွာရှိပါသည်။ ယခင်က လူ့အခွင့်အရေးဟုဆိုလျှင် တစ်နိုင်ငံချင်းစီအဆင့်တွင် သာတည်ရှိခဲ့သော်လည်း UDHR ကမူ ပထမဆုံးသော ကမ္ဘာလုံးဆိုင်ရာ ကြေညာစာတမ်းတစ်ခု ဖြစ်ပေသည်။ ကုလသမဂ္ဂလက်အောက် နိုင်ငံတကာအသိုင်းအဝိုင်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရပ်တည်လိုပါက နိုင်ငံတိုင်းကသဘောတူညီကြရသည့် အခြေခံလူ့အခွင့်အရေးများကိုလည်း UDHR က အသေးစိတ်ဖော်ပြထားပါသည်။ ဒုတိယအကြောင်းရင်းကမူ UDHR ၏ ကျယ်ပြန့်မှုဟု ဆိုရပေမည်။ ယခင်ကမူ လူ့အခွင့်အရေးများသည် ကျွန်ပြုမှုကိုဆန့်ကျင်ခြင်း သို့မဟုတ် လူနည်းစုအခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်းစသည်ဖြင့် သီးသန့်အခွင့်အရေးတစ်မျိုး အတွက်သာ ဥပဒေစာရွက်စာတမ်းအားဖြင့် ရှိပေသည်။ နောက်ဆုံးအကြောင်းရင်းမှာကား UDHR သည် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ဥပဒေစံနှုန်းတစ်ရပ် ပေါ်ထွန်းရေးအတွက် လှုပ်ရှားမှုတစ်ရပ်ဖြစ်စေခြင်းပင်ဖြစ်သည်။ UDHR သည် စံနှုန်းများကိုသတ်မှတ်ရာတွင် ပထမဆုံးခြေလှမ်းတစ်ရပ်ဖြစ်လာလိမ့်မည်ဟု မျှော်မှန်းခဲ့ကြပြီး ထိုမှတစ်ဆင့် နိုင်ငံတကာသဘောတူညီမှုစာချုပ်အဖြစ် ဦးတည်သွားကာ နောက်ဆုံးတစ်နေ့တွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကို စောင့်ကြည့်အကဲဖြတ်သော အဖွဲ့အစည်းများ ပေါ်ထွန်းလာစေရန်ဖြစ်သည်။ အဆိုပါ မဟာဗျူဟာတွင် အဆင့်သုံးဆင့် အစီအစဉ် ပါရှိပါသည်။ ပထမအဆင့်တွင် စည်းနှောင်ထားခြင်းမရှိသော ကြေညာစာတမ်းတစ်ရပ်ကို ပြုလုပ်ခဲ့ကာ ဥပဒေကြောင်းအရ တာဝန်ရှိခြင်းလည်း မပါဝင်သေးသဖြင့် နိုင်ငံများကို လူ့အခွင့်အရေးထိန်းသိမ်း စောင့်ရှောက်ခြင်းလုပ်ငန်းအပေါ် ရှဲ့သွားရလောက်အောင်လည်း သက်ရောက်မှုမပြင်းသေးပေ။ ဒုတိယအဆင့်တွင် ဥပဒေအရစည်းကြပ်မည့် ညီလာခံတစ်ရပ် ပြုလုပ်ရန်ဖြစ်သည်။

နောက်ဆုံးအဆင့်မှာ အဆိုပါလူ့အခွင့်အရေးများကို အကာအကွယ်ပေးမည့် လုပ်ငန်းယန္တရားများကို ဖန်တီးရန်ဖြစ်သည်။ UDHR သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးများဆိုင်ရာ စာချုပ်စာတမ်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ယူဆနိုင်ပါသည်။ International Bill of Human Rights အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးများစာချုပ်စာတမ်းဆိုသည်မှာ အဓိကလူ့အခွင့်အရေး စာချုပ်စာတမ်းများဖြစ်ကြကုန်သော UDHR , ICCPR နှင့် ICESCR တို့ကို ရည်ညွှန်းသည့် အခေါ်အဝေါ်တစ်ခုဖြစ်ပါသည်။

UDHR ကို လေ့လာစေ့ငုကြည့်သည့်အခါ လူ့အခွင့်အရေးများကို မည်သို့အမျိုးအစားခွဲကာရှေ့နောက် စီစဉ်ထားသည်ကို တွေ့ရပါသည်။ အခန်း ၁ ၊ ၄ တွင် ရှင်းပြထားသည့်အတိုင်း လူ့အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို UDHR တွင် စီစဉ်ထားပုံမှာ အခြေခံအခွင့်အရေးများ၊ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများမှသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများအထိ ပါဝင်သည်။ အဆိုပါအခွင့်အရေးများကို မည်သို့နားလည်ရမည်ကို ရှင်းပြထားသည့် အရေးကြီးသောအပိုင်းများကို ကြေညာစာတမ်း၏ နိဒါန်းတွင်ဖော်ပြထားပါသည်။ အဆိုပါနိဒါန်းတွင်ပင် UDHR ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်မှုများကို ဖော်ပြထားသည်။ ယေဘုယျအားဖြင့် နိဒါန်း၏ ရည်ရွယ်ချက်မှာမူကြမ်းရေးဆွဲခြင်း၏ နောက်ခံအကြောင်းအရာများနှင့် အဆိုပါကြေညာစာတမ်း မည်သည့်အတွက်ကြောင့် လိုအပ်ရသနည်းဆိုသည်ကို ရှင်းပြရန်ဖြစ်သည်။ ထို့နောက်တွင် ပါဝင်သော အစိတ်အပိုင်းများနှင့် ရည်ရွယ်ချက်များ ကိုလည်း ရှင်းလင်းဖော်ပြထားပါသည်။ စာချုပ်စာတမ်းတစ်ခုနှင့်ပတ်သက်နေသည့် နိုင်ငံတကာဥပဒေများကို ဆက်စပ်ပြရန်အတွက်လည်း UDHR နိဒါန်းကိုအသုံးပြုနိုင်သည်။ အခန်းတစ်တွင် ရှင်းပြခဲ့သည့် လူဂုဏ်သိက္ခာ၊ တန်းတူညီမှုနှင့် တစ်စုံတစ်ဦးက ဖယ်ရှားခြင်းမပြုနိုင်သော လူ့အခွင့်အရေးသဘောတရားများစွာကိုလည်း UDHR ၏ နိဒါန်း၌ အသေးစိတ်ဖော်ပြထားပါသည်။ ထို့ပြင် လူသားမျိုးနွယ်၏ အသိစိတ်ကို မှိုင်းတိုက်ခဲ့သော ရက်စက်ကြမ်းကြုတ်မှုများစွာဖြစ်ပွားခဲ့သည့် ဒုတိယကမ္ဘာစစ်အတွင်း တွေ့ကြုံခဲ့ရသော အနိဋ္ဌာရုံများကို ပြန်လည်တုံ့ပြန်ရန် UDHR ကိုလိုအပ်ပါသည်။ ထိုနိဒါန်းတွင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို ကိုးကားထားသော ဥပဒေကြောင်းနောက်ခံအခြေအနေနှင့် လူ့အခွင့်အရေးလေးစားလိုက်နာမှုမြှင့်တင်ရေးတွင်ပါဝင်သော ကုလသမဂ္ဂအဖွဲ့ဝင်များ၏ အခန်းကဏ္ဍကိုလည်း ဖော်ပြထားပါသည်။

လူ့အခွင့်အရေး သဘောတူညီမှု စာချုပ်တစ်ခု၏ ဦးတည်ချက်နှင့်ရည်ရွယ်ချက်

နိုင်ငံတစ်နိုင်ငံက သဘောတူစာချုပ်တစ်ခုကို သဘောတူသည့်အခါ အဆိုပါစာချုပ်ပါဦးတည်ချက်များ၊ စာချုပ်၏ရည်ရွယ်ချက်များနှင့် ဆန့်ကျင်ဘက်ကိုမပြုမူရပေ။ ယင်းသဘောတူညီချက်ပါ ဦးတည်ချက်များ၊ ရည်ရွယ်ချက်များနှင့် ဆန့်ကျင်လျက် ဘာသာပြန်ကောက်ယူခြင်းလည်း မပြုရပေ။ ဥပမာနိုင်ငံတစ်နိုင်ငံသည် ၄င်း၏နယ်နမိတ်အတွင်း ကလေးသူငယ်အခွင့်အရေးများကို အသေအချာကာကွယ်ထားနိုင်စေရန်အတွက် ကလေးငယ်များကို မိမိတို့ တရားစီရင်ပိုင်ခွင့် နယ်နိမိတ်အပြင်ဘက်သို့မပို့ရပေ။ ကလေးများကိုနယ်နှင်ခြင်း မပြုရဟု သဘောတူစာချုပ်တွင် မပါဝင်သော်လည်း ထိုလုပ်ဆောင်ချက်သည် ကလေးအခွင့်အရေးများကို လေးစားရန် ရေးသားထားသည့် ကလေးအခွင့်အရေးစာချုပ်၏ ဦးတည်ချက်၊ ရည်ရွယ်ချက်များနှင့် သွေဖယ်လျက် ရှိပေသည်။

UDHR တွင်ပါဝင်သော အခွင့်အရေးများ

အပိုဒ် ၁ လူတိုင်းညီမျှစွာ မွေးဖွားလာကြခြင်း
အပိုဒ် ၂ ခွဲခြားနှိမ်ချဆက်ဆံခံရခြင်းမှလွတ်မြောက်ခွင့်
အပိုဒ် ၃ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်၊ တစ်ကိုယ်ရေလုံခြုံမှု
အပိုဒ် ၄ ကျွန်ပြုခံရခြင်းမှလွတ်မြောက်ခွင့်။
အပိုဒ် ၅ နှိပ်စက်ညှဉ်းပန်းခြင်း၊ လူမဆန်စွာပြုမူခြင်းမှ လွတ်မြောက်ပိုင်ခွင့်။
အပိုဒ် ၆ ဥပဒေ၏ ရှေ့မှောက်တွင် လူသားတစ်ဦးအဖြစ် အသိအမှတ်ပြုခံရပိုင်ခွင့်။
အပိုဒ် ၇ ဥပဒေ၏ ရှေ့မှောက်တွင် တန်းတူညီမျှရှိခွင့်။
အပိုဒ် ၈ မိမိ၏နစ်နာမှုများကို အရည်အချင်းရှိ ကျွမ်းကျင်စစ်မှန်သော တရားရုံးဖြင့် ပြန်လည်ရယူခွင့်။
အပိုဒ် ၉ ထင်တိုင်းကြိကာ ဖမ်းဆီးချုပ်နှောင်ခြင်း၊ နယ်နှင်ခြင်းတို့မှ လွတ်မြောက်ပိုင်ခွင့်။
အပိုဒ် ၁၀ မျှတပြီး အများပြည်သူ သိရှိလေ့လာနိုင်သော ကြားနာမှုကို ရပိုင်ခွင့်
အပိုဒ် ၁၁ အပြစ်ရှိကြောင်း သက်သေမပြနိုင်သေးသမျှ အပြစ်မရှိသူဟု သတ်မှတ်ခံရပိုင်ခွင့်။
အပိုဒ် ၁၂ ပုဂ္ဂိုလ်ရေးလျို့ဝှက်မှု သို့မဟုတ် ဂုဏ်သတင်းကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်းမှ ကင်းလွတ်ပိုင်ခွင့်။
အပိုဒ် ၁၃ လွတ်လပ်စွာ သွားလာလှုပ်ရှားပိုင်ခွင့်။
အပိုဒ် ၁၄ ခိုလှုံအန္တရာယ်ကင်းရာ နေရာရပိုင်ခွင့်။
အပိုဒ် ၁၅ နိုင်ငံသားဖြစ်ပိုင်ခွင့်နှင့် လွတ်လပ်စွာပြောင်းလဲပိုင်ခွင့်။
အပိုဒ် ၁၆ လက်ထပ်ထိန်းမြားပိုင်ခွင့်နှင့် မိသားစုတည်ထောင်ပိုင်ခွင့်။
အပိုဒ် ၁၇ ကိုယ်ပိုင်ပစ္စည်းဥစ္စာ ပိုင်ဆိုင်ပိုင်ခွင့်။
အပိုဒ် ၁၈ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ပိုင်ခွင့်။
အပိုဒ် ၁၉ လွတ်လပ်စွာ ထုတ်ဖော်တင်ပြခြင်းနှင့် သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေး။
အပိုဒ် ၂၀ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် သင်းပင်းဖွဲ့စည်းပိုင်ခွင့်။
အပိုဒ် ၂၁ အစိုးရအတွင်းနှင့် လွတ်လပ်သော ရွေးကောက်ပွဲများတွင် ပါဝင်ပိုင်ခွင့်။
အပိုဒ် ၂၂ လူမှုဖူလုံရေးကိုရရှိပိုင်ခွင့်။
အပိုဒ် ၂၃ အလုပ်လုပ်ပိုင်ခွင့်နှင့် အလုပ်သမားသမဂ္ဂများသို့ ဝင်ရောက်ပိုင်ခွင့်။
အပိုဒ် ၂၄ အပန်းဖြေအနားယူပိုင်ခွင့်။
အပိုဒ် ၂၅ ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာ၊ နေအိမ် စသည်တို့အပါအဝင် ပြည့်စုံလုံလောက်သော လူနေမှုအဆင့်အတန်း ရပိုင်ခွင့်။
အပိုဒ် ၂၆ ပညာသင်ကြားပိုင်ခွင့်။
အပိုဒ် ၂၇ ရပ်ရွာတစ်ခု၏ ယဉ်ကျေးမှုအသိုက်အမြုံတွင် ပါဝင်လှုပ်ရှားပိုင်ခွင့်။
အပိုဒ် ၂၈ လူ့အခွင့်အရေးများကို အကာအကွယ်ပေးထားသော ကမ္ဘာကြီးတွင် နေထိုင်ပိုင်ခွင့်။
အပိုဒ် ၂၉ လွတ်လပ်ပြီး၊ ပြည့်ဝစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် ရပ်ရွာရေး တာဝန်များ။
အပိုဒ် ၃၀ တခြားသူများကို နှောင့်ယှက်ထိပါးရန်အတွက် လူ့အခွင့်အရေးများကို အသုံးမပြုရန် တာဝန်။

၂.၄ စာချုပ်များကို ဖန်တီးခြင်း။ ။ခြုံငုံသုံးသပ်ခြင်း

စာချုပ်များသည် နိုင်ငံတကာ ဥပဒေအောက်တွင် နိုင်ငံများအား ဥပဒေအရ စည်းကြပ်ထားသောတာဝန်များ ရှိစေပါသည်။ အဆိုပါတာဝန်များကိုလည်း နိုင်ငံများကပင် ဆုံးဖြတ်ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တစ်ရပ် မည်သို့ပေါ်ပေါက်လာပါသနည်း။ ပထမအဆင့်မှာ ချဉ်းကပ်စည်းရုံး တိုက်တွန်းခြင်း lobbying လုပ်ငန်းစဉ်ဖြစ်ကာ စိတ်ဝင်စားသော အစုအဖွဲ့များဖြစ်သည့်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ စုစည်းကာ စီစဉ်ကြပြီး အခွင့်အရေး အချို့အတွက် ချဉ်းကပ်စည်းရုံးကြပါသည်။ ဥပမာပြရလျှင် ကလေးများ၏ လူ့အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို မိတ်မဆက်မီတွင် အဆိုပါအယူအဆကို လက်ခံကြသော နိုင်ငံအတော်များများသည် Save the Children နှင့် Unicef တို့ကဲ့သို့ အဖွဲ့အစည်းများနှင့်အတူ လက်တွဲ၍ကျယ်ပြန့်စွာ ထောက်ခံမှုရရှိစေရန်အတွက် လိုက်လံချဉ်းကပ် စည်းရုံးရပါသည်။ သဘောတူညီမှုစာချုပ်တစ်ခု ဖန်တီးရန်အတွက် ကုလသမဂ္ဂက သဘောတူသည့်အခါ နောက်တစ်ဆင့်အတွက် ရှေ့ဆက်နိုင်ပြီဖြစ်သည်။ ထို့နောက် သဘောတူညီမှုစာချုပ်တွင်မည်သည့် အခွင့်အရေးများ ပါဝင်သင့်သည်၊ ထိုအခွင့်အရေးများ သို့မဟုတ် စံနှုန်းများကို မည်သို့မည်ပုံအဓိပ္ပာယ်ဖွင့်ဆိုကြမည် စသည်တို့ကို ဆုံးဖြတ်ရသည့် လုပ်ငန်းစဉ် စတင်ရပါသည်။ ထို့နောက်မှသာ မူကြမ်းရေးသားသည့်လုပ်ငန်းစဉ် အမှန်တကယ်စတင်ခြင်းဖြစ်ပါသည်။ ကုလသမဂ္ဂအဖွဲ့အစည်းများက သဘောတူညီမှုစာချုပ်များနှင့်ပတ်သက်၍ မည်သို့မူကြမ်းရေးဆွဲသနည်း ဆိုသည်က သဘောတူစာချုပ် treaty အမျိုးအစားနှင့် မည်သည့်အဖွဲ့အစည်းများ ပါဝင်သနည်းဆိုသည့် အချက်အပေါ် မူတည်ပါသည်။

ယခုအခါ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များကို လူ့အခွင့်အရေးကောင်စီ Human Rights Council (ယခင်က လူ့အခွင့်အရေးကော်မရှင် - Human Rights Commission ဟု ခေါ်ဆိုပါသည်)က ဆောင်ရွက်ရသည်။ အဆိုပါကောင်စီသည် ကုလသမဂ္ဂ အဖွဲ့အစည်းတစ်ခုပင်ဖြစ်ကာ လူ့အခွင့်အရေးဆိုင်ရာအရေးကိစ္စများကို စီမံခန့်ခွဲရသည်။ လုပ်ငန်းအဖွဲ့ဟု ယေဘုယျခေါ်ဆိုသော အဖွဲ့တစ်ဖွဲ့ကို ကောင်စီက ဖွဲ့စည်းပေးသည်။ အဆိုပါလုပ်ငန်းအဖွဲ့တွင် နိုင်ငံများမှကိုယ်စားလှယ်များနှင့် ကုလသမဂ္ဂမှ နိုင်ငံတကာ ဥပဒေပညာရှင်များ (များသောအားဖြင့် အဆိုပါဥပဒေပညာရှင်များသည် ILC ဟုခေါ်သည့် နိုင်ငံတကာဥပဒေကော်မရှင်မှ ဖြစ်ကြပါသည်) ပါဝင်ကာ သဘောတူစာချုပ်ကို ရေးသားကြသည်။ သဘောတူစာချုပ်ကို မူကြမ်းရေးဆွဲရာတွင် NGOs များကဲ့သို့ အစိုးရမဟုတ်သည့်ပါဝင်သူများဘက်မှ ထည့်သွင်းလိုသည်များကိုလည်း နောက်ပိုင်းတွင် ပိုမိုပါဝင်ခွင့်ပြုလာခဲ့ပါသည်။ စာချုပ်မူကြမ်းတစ်ခုဖြစ်လာရန် အဆင့်များစွာကို ဖြတ်သန်းရပါသည်။ ပထမအဆင့်မှာ နိုင်ငံများက ဤစာချုပ်ကိုထောက်ခံသည်ဆိုသော ကြေညာချက် သို့မဟုတ် အကြံပြုချက်တစ်ရပ် ဖြစ်ကောင်းဖြစ်နိုင်သည်။ လုံလောက်သောထောက်ခံမှု ရရှိခဲ့ပါလျှင် သဘောတူစာချုပ်တစ်ရပ်ဖြစ်လာစေရန် အဆိုပါစာတမ်းကိုမူကြမ်း တစ်ဖန်ပြန်လည်ရေးဆွဲရသည်။ ထိုသို့ စာရွက်စာတမ်းများပြုစုရာတွင် နိုင်ငံများအနေဖြင့် ပါဝင်ဆောင်ရွက်လျှင် ကောင်းပါသည်။ အဘယ်ကြောင့်ဆိုသော် သဘောတူစာချုပ်ဖြစ်လာသည့်အချိန်တွင် ၎င်းတို့သည်လည်း စာချုပ်အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်လိုက်နာကြရမည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ သဘောတူစာချုပ်အားလုံးမှာ ကုလသမဂ္ဂက တစ်ဆင့်သွားသည်တော့ မဟုတ်ကြောင်း သိစေအပ်သည်။ လူကိုထိခိုက်စေသော

မြေမြှုပ်မိုင်းထောင်မှုကို တားမြစ်သည့် အော့ဝါ သဘောတူစာချုပ်အပါအဝင် အချို့သော သဘောတူ စာချုပ်များမှာ ကုလသမဂ္ဂစနစ်ကို ရှောင်ရှားလုပ်ဆောင်ခဲ့ကြသည်။ လက်နက်ကြီးများကို ထုတ်လုပ် နေသော နိုင်ငံကြီးများက မူကြမ်းရေးဆွဲသောလုပ်ငန်းစဉ်ကို ဝင်ရောက်ရပ်တန့်ခြင်း သို့မဟုတ် နှောင့်နှေးအောင်ပြုလုပ်ခြင်းတို့ မပြုနိုင်စေရန် ဖြစ်သည်။ ကုလသမဂ္ဂအထွေထွေညီလာခံက လက်ခံ လိုက်ပြီး စာချုပ်ပါ စကားလုံးဖွဲ့စည်းပုံများက နိုင်ငံအသီးသီးက လက်ခံနိုင် မခံနိုင် မဲပေးပြီးကြသည့် အချိန်တွင် သဘောတူစာချုပ်တစ်ခုဖန်တီးခြင်း ပြီးဆုံးနိဋ္ဌတံပါလေတော့သည်။ သို့ရာတွင် ထိုသို့ လက်ခံလိုက်ပြီးသည့်အဆင့် ရောက်ပြီးသည့်တိုင်အောင် အဆိုပါစာတမ်းသည် နိုင်ငံတကာ ဥပဒေ တစ်ရပ်တော့ မဖြစ်လာသေးပေ။ နိုင်ငံများက သဘောဆန္ဒအလျောက် လက်ခံထားကြသော နောက်ဆုံးအဆင့် မူကြမ်းကိုသာ အတည်ပြုခြင်းဖြစ်ပါသည်။

သဘောတူစာချုပ်ကို မည်သည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံမဆို ပါဝင်လက်မှတ်ရေးထိုးရန် လမ်းဖွင့်ထားပေးသည်။ ထိုသဘောတူညီမှုစာချုပ်ကို နိုင်ငံတစ်နိုင်ငံက လက်မှတ်ရေးထိုးလိုက်ပြီးသည် (ratify) နှင့် ထိုစာချုပ်ပါအချက်များကို မိမိနိုင်ငံ၏ဥပဒေဖြစ်သွားအောင် ပြောင်းလဲကြရမည် ဖြစ်သည်။ သဘောတူစာချုပ်တစ်ခုကို ပြည်တွင်းဥပဒေပြုလုပ်မည်ဟု အတည်ပြုလက်မှတ်ရေးထိုး လိုက်သည့်အခါ ထိုစာချုပ်၏ ဦးတည်ချက်၊ ရည်မှန်းချက်များကို သဘောတူရမည်ဖြစ်သည်။ တစ်ပြိုင်နက်တွင် ထိုစာချုပ်ပါအချက်များကို ပြည်တွင်းဥပဒေဖြစ်အောင် ပြုရသည့်လုပ်ငန်းစဉ် စတင်ကြရပေတော့မည်။ တရားဝင်အတည်ပြု လက်မှတ်ရေးထိုးသည်ဖြစ်စဉ်ကို လိုက်ပါဆောင်ရွက်ပါမှ ထိုနိုင်ငံသည် သဘောတူညီစာချုပ်ကို တရားဝင်လိုက်နာနေသည့်နိုင်ငံ ဖြစ်လာပါသည်။ (သဘောတူစာချုပ်ကို အခြားသူများက လိုက်နာကျင့်သုံးနေပြီးနောက်ပိုင်းမှ လက်မှတ်ရေးထိုးသည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်လျှင်မူ Accession - နောက်တိုးပါဝင်ခြင်း ဟုခေါ်ဆိုပါသည်။) သဘောတူ လက်မှတ်ရေးထိုးခြင်းဖြစ်စဉ်ကို နိုင်ငံအများက ဆောင်ရွက်ကြရာတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွဲပြားမှုများစွာရှိနိုင်ပါသည်။ အရှေ့တောင်အာရှနိုင်ငံအားလုံးနီးပါးသည် သဘောတူစာချုပ်တစ်ခု တွင် လက်မှတ်ရေးထိုးနိုင်ရန် ဥပဒေပြုလွှတ်တော်တွင်အများစု၏ ထောက်ခံမဲကိုရရှိရန်လိုပါသည်။ အချို့သောနိုင်ငံများက အဆိုပါလုပ်ငန်းစဉ်ကို အခြေခံဥပဒေတွင်ထည့်သွင်းကာ အသေးစိတ်ဖော်ပြ ထားပြီး၊ အချို့နိုင်ငံများတွင်မူ အခြေခံဥပဒေတွင် မပါဝင်သော်လည်း ထိုလုပ်ငန်းစဉ်တစ်ရပ်ကို သီးသန့် ဖန်တီးထားကြသည်။ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းတို့တွင် လက်မှတ် ရေးထိုးခြင်းလုပ်ငန်းစဉ်မပြီးမချင်း၊ သဘောတူစာချုပ်က အသက်မဝင်မချင်း သဘောတူညီမှု စာချုပ် များမှာ ဥပဒေဖြစ်မလာသေးပါ။

သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး သဘောတူကြသော နိုင်ငံများအရေအတွက်မှာ တစ်စုံတစ်ရာ အတိုင်းအတာအထိရောက်ကြမှသာလျှင် ထိုစာချုပ်မှာနိုင်ငံတကာဥပဒေ သဘော သက်ဝင်မည်ဖြစ်ပြီး ပြည်တွင်းဥပဒေအဖြစ်လည်း အတည်ပြုနိုင်ကြမည်ဖြစ်သည်။ နိုင်ငံတကာ ဥပဒေတစ်ရပ်အဖြစ် မသတ်မှတ်နိုင်ခင် သဘောတူညီမှုစာချုပ်များအားလုံးသည် အတည်ပြု လက်မှတ်ရေးထိုးကာ ဥပဒေပြုပေးမည့် နိုင်ငံများအရေအတွက် အတိုင်းအတာတစ်ခုအထိ လိုပါ သည်။ ဥပမာ ICCPR နှင့် ICESCR တို့သည် အဖွဲ့ဝင်နိုင်ငံ ၃၅ နိုင်ငံလိုအပ်ပြီး၊ CRC ၊ CAT နှင့် PWD တို့သည်ကား နိုင်ငံ ၂၀ သာလို၏။ မရှိမဖြစ် လိုအပ်သော လက်မှတ်ရေးထိုးမည့်

နိုင်ငံအရေအတွက် ပြည့်မီပြီဆိုပါက သဘောတူညီလက်မှတ်ရေးထိုးကာ ဥပဒေပြုလိုက်နိုင်သည်။ ထိုအခါ သဘောတူညီလက်မှတ်ရေးထိုးထားသော စာရွက်စာတမ်းများကို ကုလသမဂ္ဂသို့ ပေးပို့ရသည်။ (ထိုဖြစ်စဉ်ကို သဘောတူလက်မှတ်ရေးထိုးခြင်းဆိုင်ရာ စာရွက်စာတမ်းများ အပ်နှံရခြင်း depositing ဟု ခေါ်ပါသည်) ထိုအခါ သဘောတူညီမှုစာချုပ် အသက်ဝင်ပြီဟု ယူဆရပြီး နိုင်ငံတကာဥပဒေ ဖြစ်လာပါတော့သည်။ သဘောတူညီမှုစာချုပ်တစ်ရပ် အသက်ဝင်ခြင်းမှာ ထိုစာချုပ်ကို လက်မှတ်ရေးထိုးထားသော နိုင်ငံများတွင်သာဖြစ်ကြောင်းလည်း မှတ်သားထားသင့်ပေသည်။ သို့ဖြစ်ရာ စာချုပ်တစ်ရပ်ကို အချို့နိုင်ငံများတွင်သာ စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာကျင့်သုံးနေကြပြီး အချို့နိုင်ငံများတွင် (စာချုပ်ကို လက်မှတ်ရေးထိုးမထားသောနိုင်ငံများတွင်)မူ ထိုနိုင်ငံတကာစာချုပ်ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်များနှင့် ဆန့်ကျင်ဘက်မပြုကြရန်မျှသာ စည်းကမ်းထားနိုင်သည့်အဖြစ်မျိုးလည်း ရှိနိုင်ပါသည်။

လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တစ်ရပ် အသက်ဝင်သည့်အခါ အချို့သော အပြောင်းအလဲများလည်း ရှိလာတတ်ပါသည်။ သဘောတူညီမှုတစ်ရပ်ကို စီမံခန့်ခွဲရန်အတွက် သဘောတူစာချုပ်စီမံအဖွဲ့ treaty body ဟု အမည်ပေးထားသည့် ကျွမ်းကျင်ပညာရှင်အဖွဲ့တစ်ဖွဲ့ကို တည်ထောင်ထားပါသည်။ (ထိုအကြောင်းကို အခန်း ၅ တွင် ဆွေးနွေးဖော်ပြထားပါသည်။) အဖွဲ့ဝင်

မှတ်သားဖွယ်ရာ

ချဉ်းကပ်စည်းရုံးခြင်း lobbying မှသည် အကောင်အထည်ဖော်ခြင်းသို့



နိုင်ငံများကိုကား သဘောတူညီချက်ပါ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန် စည်းကြပ်ထားပြီးသားဟု ယူဆရပါသည်။ သဘောတူညီမှုစာချုပ်တစ်ခု အသက်ဝင်ပြီးခါမှ နောက်ထပ် ပါဝင်ရန် သဘောတူလက်ခံသည့် နိုင်ငံများကိုမူ သဘောတူစာချုပ်အား နောက်တိုးပါဝင်သည့်နိုင်ငံများ (accced နိုင်ငံများ) ဟုခေါ်ဆိုသည်။ မိမိနိုင်ငံတွင် အပြောင်းအလဲဖြစ်ခြင်းကြောင့် သဘောတူညီမှုစာချုပ်တစ်ခု၏ အဖွဲ့ဝင်ဖြစ်လာခြင်း (ဥပမာ - နိုင်ငံအသစ်တစ်ခုအဖြစ် တီမော ပေါ်ထွက် လာခြင်း) သို့မဟုတ် ရှိပြီးသားနိုင်ငံက နှစ်ခြမ်းကွဲခြင်း (ဥပမာ - ချက်ကိုစလိုဗက်ကီးယားမှသည် ချက်သမ္မတနိုင်ငံနှင့် စလိုဗက်ကီးယားတို့အဖြစ်ပြောင်းသွားခြင်း)တို့တွင်မူ သဘောတူစာချုပ်တစ်ခုကို ဆက်ခံခြင်း succeeded ဟု ရည်ညွှန်းကြသည်။

ကတိပြုလက်မှတ်ရေးထိုးပြီးသည့်အခါ သဘောတူစာချုပ်ပါအချက်များကို အကောင်အထည်ဖော်ခြင်းလုပ်ငန်းအား နိုင်ငံများက စတင်လုပ်ဆောင်နိုင်ပြီ။ ဆိုလိုသည်မှာ တိုင်းပြည်အတွင်း၌ ထိုသဘောတူစာချုပ်ကို ပြည်တွင်းဥပဒေပြုခြင်း ဖြစ်ပေသည်။ သဘောတူလက်မှတ်ရေးထိုးခြင်းကဲ့သို့ပင် အကောင်အထည်ဖော်ခြင်း အဆင့်ကလည်း နိုင်ငံများပေါ်တွင် မူတည်၍ကွဲပြားပါသေးသည်။ အချို့သောနိုင်ငံများတွင် သဘောတူစာချုပ် လက်မှတ်ရေးထိုး ဥပဒေကို အသိအမှတ်ပြုလိုက်ခြင်းသည်ပင်လျှင် ပြည်တွင်းတွင် အကောင်အထည်ဖော်ခြင်းဖြစ်ပေသည်။ ထိုအခါ သဘောတူစာချုပ်သည် အလိုအလျောက် ဥပဒေဖြစ်ပြီး ဖြစ်ချေ၏။ အချို့နိုင်ငံများအတွက်မူ စာချုပ်ပါ အခွင့်အရေးများမှာ တည်ဆဲဥပဒေများ၊ တန်ဖိုးထားမှုများထဲတွင် မည်သို့ နေရာချရမည်ကို အစိုးရများက လေ့လာကြသည်။ နိုင်ငံတကာစာချုပ်နှင့် ပြည်တွင်းဥပဒေနှစ်ရပ်အကြား မျှခြေတစ်ခုဖန်တီးနိုင်ရေးအတွက် ပြည်တွင်းဥပဒေကို အံဝင်ခွင်ကျဖြစ်အောင် ပြုပြင်ပြောင်းလဲရမည်လော၊ သဘောတူညီစာချုပ်ကို ခြွင်းချက်များချန်ပြီး လက်မှတ်ရေးထိုးမည်လော ဆိုသည်ကို စဉ်းစားဆုံးဖြတ်ရပါသည်။

အချို့နိုင်ငံများသည် ထိုနိုင်ငံတကာစာချုပ်နှင့် အာနိသင်အားဖြင့် တူညီသော ဥပဒေ (သို့မဟုတ်) အက်ဥပဒေကို ပြည်တွင်း၌ မိတ်ဆက်ကြရသည်။ (ဥပမာ - မသန်စွမ်းသူများအရေးအက်ဥပဒေ) သို့မဟုတ် သဘောတူညီစာချုပ်ကြီးကို ဥပဒေအဖြစ် သတ်မှတ်လိုက်ကြသည်။ (စာချုပ်ပါ အချက်အလက်များကို ဘာသာပြန်ကာ နာမည်အသစ်ဖြင့် ဥပဒေပြုပေးလိုက်ခြင်းမျိုးလည်း ဖြစ်နိုင်သည်) သဘောတူစာချုပ်ပါ စံနှုန်းများ ပြည့်မီစေရန်အတွက် ရှိပြီးသား တည်ဆဲဥပဒေများကို အဆင့်မြှင့်ခြင်းများလည်း ပြုလုပ်ကြသည်။ သဘောတူစာချုပ်နှင့် မကိုက်ညီသော ဥပဒေများကိုပယ်ဖျက်ခြင်း၊ အဆင်ပြေစေမည့် ဥပဒေအသစ်များပြုခြင်း၊ သို့မဟုတ် တည်ဆဲဥပဒေကို ပြင်ဆင်ခြင်းများ ပြုလုပ်ကြပါသည်။ အစိုးရက မည်သည့်နည်းကို အသုံးပြုသည်ဖြစ်စေ နောက်ဆုံးရလဒ်သည်ကား သဘောတူစာချုပ်ပါ စံနှုန်းများကို တိုင်းပြည်အတွင်း ဥပဒေဖြင့် ကျင့်သုံး အသက်ဝင်စေလိုရင်း ဖြစ်ပါသည်။

၂.၄.၁ ခြွင်းချက်ထားခြင်းနှင့် နားလည်မှုထားခြင်း

ရံဖန်ရံခါလူ့အခွင့်အရေးတစ်မျိုးမျိုးကို အကောင်အထည်ဖော်ရာတွင် အစိုးရများအနေဖြင့် စိမ်ခေါ်မှုများ ကြုံရတတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အချို့သော ဥပဒေများသည်ကား ၎င်းတို့လူအဖွဲ့အစည်းအတွင်းရှိ ယုံကြည်မှုတစ်ခုနှင့် ဆန့်ကျင်ဖီလာနေခြင်းမျိုး သို့မဟုတ် အကောင်အထည်

ဖော်ရန် မတတ်နိုင်လောက်အောင် ကုန်ကျစရိတ်များနေခြင်းမျိုး သို့မဟုတ် လူ့အခွင့်အရေး တစ်ရပ်ရပ်သည် လူထုထောက်ခံမှုမြင့်မားသော ရှိပြီးသား ဥပဒေများနှင့် ဝိရောဓိဖြစ်နေခြင်းမျိုး ရှိတတ်သောကြောင့်ပင်ဖြစ်သည်။ ထိုကဲ့သို့သော ဖြစ်စဉ်များတွင် အစိုးရများသည် အကြောင်းအရာ တစ်ခုခုကို ခြွင်းချက်ထားချန်ထားခြင်း reservation (အပိုဒ်တစ်ပိုဒ် သို့မဟုတ် အခွင့်အရေးတစ်ခုခုကို ဥပဒေအဖြစ် ပူးပေါင်းမပြုလုပ်နိုင်ခြင်းနှင့် ၎င်းတို့ကို မလိုက်နာနိုင်ပါကြောင်း ကြေညာခြင်းမျိုး) ပြုလုပ်နိုင်ပါသည်။ သို့မဟုတ် မည်သည့်အချက်များကို မိမိတို့အနေနှင့် မည်ကဲ့သို့ဘာသာပြန်ကာ အကောင်အထည်ဖော်မည်ဆိုသည့် နားလည်မှုမျိုး တည်ဆောက်ကြရသည်။ တစ်ခါတစ်ရံ သဘောတူစာချုပ်တစ်ရပ်ကို အားပျော့သွားစေရန်အတွက် အစိုးရများက ခြွင်းချက်ထားခြင်း reservations ကို အသုံးချတတ်သည်။ သဘောတူညီမှုစာချုပ်တစ်ရပ်၏ ဦးတည်ချက်၊ ရည်ရွယ်ချက်များကို မှေးမှိန်စေရန်အတွက် ခြွင်းချက်ဖြင့် စာချုပ်ကိုလက်မှတ်ထိုးခြင်းကိုမူ မပြုလုပ်အပ်ပေ။ ဥပမာဆိုရလျှင် အရှေ့တောင်အာရှနိုင်ငံအချို့သည် CEDAW သဘောတူစာချုပ်ကို ခြွင်းချက်ထားခြင်းများ ပြုလုပ်ခဲ့ကြသည်။ (CEDAW အကြောင်းကို အခန်း ၈ တွင် ဆွေးနွေးဖော်ပြထားပါသည်) ယင်းသို့ ခြွင်းချက်ထားခြင်းသည် အမျိုးသမီးများကို လက်ထပ်ထိမ်းမြားခြင်း၊ နိုင်ငံသားခံယူခြင်းနှင့် ဥပဒေအရ အခွင့်အရေးရရှိမှုများတွင် ခွဲခြားနှိမ်ချထားခြင်းကို ခွင့်ပြုနေသကဲ့သို့ဖြစ်သောကြောင့် ဝိုင်းဝန်းဝေဖန်ခဲ့ကြသည်။ ယင်းသို့ခြွင်းချက်ထားခြင်းမျိုးသည် သဘောတူစာချုပ်၏ဦးတည်ချက်၊ ရည်ရွယ်ချက်များနှင့် ဆန့်ကျင်ဖီလာနေသည်ဟုအချို့က အငြင်းပွားကြသည်။ ယင်းကဲ့သို့သော ခြွင်းချက်ထားခြင်းမျိုးကို ကုလသမဂ္ဂတွင် နိုင်ငံအများက ကန့်ကွက်ခဲ့ကြသည်။ သို့သော် ယင်းသို့ ချန်လှပ်ခြွင်းချက်ထားသော နိုင်ငံအများကို သဘောတူစာချုပ် အဖွဲ့ဝင်အဖြစ်ဆက်လက်ထားရှိ အသိအမှတ်ပြုထားဆဲဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ လူ့အခွင့်အရေးမှတ်တမ်းကို စောင့်ကြည့်အကဲဖြတ်သည့်အခါ ယင်းသို့ ခြွင်းချက်ထားရှိခြင်းကိစ္စကို မကြာခဏ ထည့်သွင်းဆွေးနွေးကာ အဆိုပါနိုင်ငံကိုလည်း ခြွင်းချက်ကိုဖြုတ်ပေးပါရန် တိုက်တွန်းတတ်ကြသည်။ သို့ရာတွင် ခြွင်းချက်ထားချန်လှပ်ခြင်းကိစ္စကို သဘောတူစာချုပ်များ၏ အားနည်းချက်တစ်ရပ်အဖြစ် မယူဆအပ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုသို့ခြွင်းချက်ထားနိုင်ခြင်းကြောင့် နိုင်ငံများစွာမှာအဆင်သင့် မဖြစ်သေးသော်လည်း စာချုပ်ပါ အဖွဲ့ဝင်များဖြစ်နိုင်ကြောင်း ယုံကြည်မှုရလာစေပြီး၊ နောင်တွင် ခြွင်းချက်များကို ဖြုတ်လိုက်ကာ အလုံးစုံသောအခွင့်အရေးများအတိုင်း လိုက်နာဆောင်ရွက်နိုင်လာမည့် အချိန်အထိ စောင့်ဆိုင်းပေးခြင်းမျိုးလည်းဖြစ်သည်။ ဥပဒေပိုင်းအရ၊ လူမှုကဏ္ဍအရ အပြောင်းအလဲများ ဖော်ဆောင်လာစေနိုင်ရန် အချိန်ပေးခြင်းလည်းဖြစ်သည်။

ယခုအခါ သဘောတူစာချုပ် ဖော်ဆောင်ခြင်းလုပ်ငန်းစဉ် တစ်ခုလုံး ပြီးဆုံးထားပြီးဖြစ်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် ကိုးခုရှိပါသည်။ သဘောတူစာချုပ်များ၏ သတ်မှတ်လက်ခံခြင်းနှင့် အသက်ဝင်အောင်လုပ်ဆောင်ခြင်း လုပ်ငန်းစဉ်များကို လေ့လာကြည့်သည့်အခါ အချို့သော သဘောတူစာချုပ်များသည် လက်မှတ်ရေးထိုးခြင်း လုပ်ငန်းစဉ်ကို လျင်မြန်စွာဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပါသည်။ (CEDAW နှင့် CRC တို့သည် ၂ နှစ်သာ ကြာမြင့်ပါသည်) အချို့ကား နှစ်ပေါင်းများစွာ ကြာမြင့်၏။ (ICCPR နှင့် ICESCR တို့သည် ၁၂ နှစ်ကြာကာ ICRMW သည် ၁၃ နှစ်ကြာ၏) သဘောတူစာချုပ်ကိုးခုအနက် ခြောက်ခုတွင် နောက်ဆက်တွဲစာချုပ်ငယ် protocols များရှိပါသည်။ သီးခြားစာချုပ်ငယ်များဖြစ်သော်လည်း မူရင်းသဘောတူစာချုပ်ကိုထပ်ပေါင်းဖြည့်ထားခြင်းမျိုးဖြစ်သည်။ ထိုစာချုပ်ငယ်များတွင် ထပ်ဖြည့်ထားသော အခွင့်အရေးများ သို့မဟုတ် စုံစမ်းစစ်ဆေးခြင်း၊ တိုင်ကြားခြင်းကို ခွင့်ပြုထားသော အဆိုပါ အခွင့်အရေးများကို ကာကွယ်ရန်လုပ်ငန်းစဉ်များ ပါဝင်နိုင်သည်။

Reservations and Understandings
ခြွင်းချက်ထားခြင်းနှင့် နားလည်မှုထားရှိခြင်း

ခြွင်းချက်ထားရှိခြင်း reservation ကို ဖြုတ်ထားခြင်းအားဖြင့် နိုင်ငံတစ်နိုင်ငံသည် သဘောတူစာချုပ်ပါ စာတစ်ပိုဒ် သို့မဟုတ် သတ်မှတ်ပြဋ္ဌာန်းထားချက်တစ်ခုခု၏ အာနိသင်ကို ဖြောင်းလဲနိုင်သည်။

နားလည်မှုထားပေးခြင်း understanding (ဘာသာပြန် ကောက်ယူထားသော ကြေညာစာတမ်း interpretative declaration ဟုလည်းခေါ်သည်) ဆိုသည်မှာ သဘောတူညီချက်စာချုပ် treaty တစ်ခုပါ အခွင့်အရေးများကို မည်သို့ဘာသာပြန် ကောက်ယူထားသည်ကို စာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက ရှင်းလင်းချက်ထုတ်ပြန်ထားခြင်းဖြစ်ပါသည်။

နိုင်ငံတကာလူ့အခွင့်အရေး သဘောတူစာချုပ်များ
(စာချုပ်စတင်သက်ဝင်လာသော ကာလအလိုက် စီစဉ်ထားသည်။)

၁။ ICERD: လူမျိုးရေးခွဲခြားဆက်ဆံမှုပုံစံမျိုးစုံ ဖယ်ရှားခြင်းဆိုင်ရာ နိုင်ငံတကာကွန်ဗင်ရှင်း
(၁၉၆၅ ခုနှစ်တွင် ကုလသမဂ္ဂက လက်ခံခဲ့ကာ ၁၉၆၉ တွင် စတင် အသက်ဝင် ကျင့်သုံးခဲ့သည်။)

၂။ ICESCR: စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်
(၁၉၆၆ ခုနှစ်တွင် ကုလသမဂ္ဂက လက်ခံခဲ့ကာ ၁၉၇၆ ခုနှစ်တွင် စတင်အသက်ဝင် လည်ပတ်ခဲ့သည်။)
နောက်ဆက်တွဲစာချုပ်ငယ် Optional protocol (OP) : တစ်ဦးတစ်ယောက်ချင်း တိုင်ကြားကန့်ကွက်နိုင်ခြင်း။
(၂၀၀၈ ခုနှစ်တွင် အတည်ပြုထားပြီး အသက်ဝင် လည်ပတ်နိုင်ခြင်းမရှိ သေးပေ။)

၃။ ICCPR: နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်။
(၁၉၆၆ ခုနှစ်တွင် ကုလသမဂ္ဂက လက်ခံခဲ့ကာ ၁၉၇၆ ခုနှစ်တွင် စတင် အသက်ဝင်လည်ပတ်ခဲ့သည်။)
နောက်ဆက်တွဲစာချုပ်ငယ် Optional protocol (OP): တစ်ဦးတစ်ယောက်ချင်းက တိုင်ကြားကန့်ကွက်နိုင်ခြင်း။
(၁၉၆၆ ခုနှစ်တွင် ကုလသမဂ္ဂကအတည်ပြုခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် စတင် အသက်ဝင် လည်ပတ်ခဲ့သည်။)
နောက်ဆက်တွဲစာချုပ်ငယ် Optional protocol (OP): သေဒဏ်ပေးခြင်း။
(၁၉၈၉ ခုနှစ်တွင် ကုလသမဂ္ဂက စတင်လက်ခံခဲ့ကာ ၁၉၉၁ ခုနှစ်တွင် စတင်အသက်ဝင် ကျင့်သုံးခဲ့သည်။)

၄။ CEDAW: အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်းအား ဖယ်ရှားခြင်းဆိုင်ရာ သဘောတူစာချုပ်၊
(၁၉၇၉ ခုနှစ်တွင် ကုလသမဂ္ဂက အတည်ပြုခဲ့ကာ ၁၉၈၁ ခုနှစ်တွင် စတင် အသက်ဝင် ကျင့်သုံးခဲ့သည်။)
နောက်ဆက်တွဲစာချုပ်ငယ် Optional protocol (OP): တစ်ဦးတစ်ယောက်ချင်းက တိုင်တန်းကန့်ကွက်နိုင်ခြင်း။
(၁၉၉၉ ခုနှစ်တွင် ကုလသမဂ္ဂကအတည်ပြုခဲ့ကာ ၂၀၀၀ ခုနှစ်တွင် စတင် အသက်ဝင် ကျင့်သုံးခဲ့သည်။)

၅။ CAT: နှိပ်စက်ခြင်းနှင့် အခြားရက်စက်သော၊ လူမဆန်သောညှဉ်းပန်းခြင်း သို့မဟုတ် အပြစ်ပေးခြင်းကို ဆန့်ကျင်သော သဘောတူစာချုပ်။

(၁၉၈၄ ခုနှစ်တွင် ကုလသမဂ္ဂက အတည်ပြုခဲ့ကာ ၁၉၈၇ ခုနှစ်တွင် စတင်အသက်ဝင် ကျင့်သုံးခဲ့သည်။)

နောက်ဆက်တွဲစာချုပ်ငယ် Optional protocol (OP): ဝင်ရောက်စုံစမ်းစစ်ဆေးနိုင်ခြင်း။

(၂၀၀၂ ခုနှစ်တွင် ကုလသမဂ္ဂကအတည်ပြုလက်ခံခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် အသက်ဝင် စတင် ကျင့်သုံးခဲ့သည်။)

၆။ CRC: ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီစာချုပ်။

(၁၉၈၉ ခုနှစ်တွင် ကုလသမဂ္ဂက အတည်ပြုခဲ့ကာ ၁၉၉၀ တွင် စတင်အသက်ဝင် ကျင့်သုံးခဲ့သည်။)

နောက်ဆက်တွဲစာချုပ်ငယ် Optional protocol (OP): လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ ကလေးငယ်များ။

(၂၀၀၀ ခုနှစ်တွင် ကုလသမဂ္ဂကအတည်ပြုခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် စတင်ကျင့်သုံး အသက်ဝင်ခဲ့သည်။)

သီးခြားဖြည့်စွက်သဘောတူညီမှု Optional protocol (OP) : ကလေးသူငယ်များကို ရောင်းဝယ်ဖောက်ကားခြင်း။ ကလေးသူငယ်ပြည့်တန်ဆာနှင့်အပြာလုပ်ငန်း။

(၂၀၀၀ ခုနှစ်တွင် ကုလသမဂ္ဂက စတင်လက်ခံခဲ့ကာ ၂၀၀၂ ခုနှစ်တွင် အသက်ဝင်စတင် ကျင့်သုံးခဲ့သည်။)

၇။ ICRMW: ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီစာချုပ်။

(၁၉၉၀ ခုနှစ်တွင် ကုလသမဂ္ဂက စတင်လက်ခံခဲ့ကာ ၂၀၀၃ ခုနှစ်တွင် စတင် အသက်ဝင် ကျင့်သုံးခဲ့သည်။)

၈။ CRPD: မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်။

(၂၀၀၆ ခုနှစ်တွင် ကုလသမဂ္ဂက စတင်လက်ခံခဲ့ကာ ၂၀၀၈ ခုနှစ်တွင် စတင် အသက်ဝင် ကျင့်သုံးခဲ့သည်။)

(နောက်ဆက်တွဲစာချုပ်ငယ် Optional protocol (OP): တစ်ဦးတစ်ယောက်ချင်းက တိုင်ကြား ကန့်ကွက်နိုင်ခြင်း။

(၂၀၀၆ ခုနှစ်တွင် ကုလသမဂ္ဂကအတည်ပြုခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် စတင်အသက်ဝင် ကျင့်သုံးခဲ့သည်။)

၉။ ICED: မည်သူ့ကိုမဆို အတင်းအဓမ္မ လက်စဖျောက်ခံရခြင်းမှ အကာအကွယ်ပေးခြင်းဆိုင်ရာ သဘောတူစာချုပ်။

(၂၀၀၆ ခုနှစ်တွင် ကုလသမဂ္ဂ က အတည်ပြုခဲ့ပြီး ၂၀၁၀ ခုနှစ် ဒီဇင်ဘာတွင် စတင်အသက်ဝင် ကျင့်သုံးခဲ့သည်။)

၂. ၅ ဥပဒေအရ တာဝန်ရှိမှုဖြင့် စည်းကြပ်ထားသည့် သဘောတူစာချုပ်များကို နိုင်ငံများက အဘယ်ကြောင့် လက်မှတ်ရေးထိုးကြသနည်း။

နိုင်ငံအများ၏ လုပ်ပိုင်ခွင့်အာဏာကို ထိန်းချုပ်ကန့်သတ်ဖွယ်ရှိသည့် သဘောတူစာချုပ်တစ်ရပ်ကို နိုင်ငံများက စေတနာအလျောက် လက်မှတ်ရေးထိုးပါဝင်ကြသည်မှာ ထူးဆန်းသည်ဟု ထင်ရသည်။ ထိုနေရာတွင် မေးစရာရှိလာသည်မှာ အဘယ်ကြောင့် ၎င်းတို့ လက်မှတ်ရေးထိုးကြသနည်း။ အောက်ပါတို့မှာ အကြောင်းပြချက်များ ဖြစ်ပါသည်။

(၁) နိုင်ငံတိုင်းတွင် ပြည်သူများရှိကြကာ ၎င်းတို့သည် မိမိတို့၏အခွင့်အရေးများကို အကာအကွယ်ပေးစေလိုကြပါသည်။ နိုင်ငံတော်ကို ဦးဆောင်မောင်းနှင်နေကြသူများမှာ လူသားများ ဖြစ်ကြပြီး ၎င်းတို့သည် မိမိတို့ကိုယ်တိုင်အတွက် ရနိုင်မည့် အခွင့်အရေးများမှာ နှစ်လိုစရာဖြစ်သည်ဆိုသည့်အချက်နှင့် ၎င်းတို့ အစိုးရဆက်ဖြစ်ရန်အတွက် အရပ်ဘက်လူ့အဖွဲ့အစည်း၏ ထောက်ခံမှုကို လိုအပ်သည်ဆိုသည့်အချက်ကို မကြာခဏ မေ့ထားမိတတ်သည်။ အရပ်ဘက်လူ့အဖွဲ့အစည်း ဖိအားသည်အစိုးရများကို သဘောတူစာချုပ်များ လက်မှတ်ရေးထိုးရန်အတွက် ဆွဲဆောင်သောအဓိက ဖိအားတစ်ရပ်ဖြစ်ပါသည်။ အမှန်တကယ်တွင်လည်း တိုင်းပြည်များစွာမှ အရပ်ဘက် လူ့အဖွဲ့အစည်းများသည် နိုင်ငံတော်အစိုးရများအား အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များတွင် လက်မှတ်ရေးထိုးရန်အတွက် တိုက်တွန်းခြင်း၊ ဖိအားပေးခြင်းများကို စုစည်းဆောင်ရွက်နေကြပါသည်။

(၂) နိုင်ငံတော်အစိုးရများသည် သဘောတူစာချုပ်၏ ဦးတည်ချက်နှင့် ရည်ရွယ်ချက် သဘောတူပြီးသား ဖြစ်တတ်သည်။ အချို့သော ဖြစ်စဉ်ဖြစ်ရပ်များတွင် သဘောတူညီမှုစာချုပ်ကို လက်မှတ်ထိုးလိုက်သောကြောင့် အစိုးရများအနေဖြင့် နောက်ထပ်အနည်းငယ်သာ အားစိုက်ထုတ်ရန်သာ လိုသည်။ အဘယ်ကြောင့် ပြည်တွင်းဥပဒေများထဲတွင်ပင် အဆိုပါအခွင့်အရေးများက ရှိနှင့်ပြီးသား ဖြစ်သည်။ မသန်စွမ်းသူများ အခွင့်အရေးကိစ္စသည် အလားတူဖြစ်ရပ်မျိုးပင်ဖြစ်၏။ နိုင်ငံအတော်များများသည် မသန်စွမ်းပြည်သူများ၏ အခွင့်အရေးများကို သဘောတူအသိအမှတ်ပြုပြီးသား ဖြစ်ပါသည်။ အထူးသဖြင့် ဥရောပနိုင်ငံများမှာ ၁၉၅၀ လူ့အခွင့်အရေးဆိုင်ရာ ဥရောပကွန်ဗင်္ရှင်း ကဲ့သို့သော ဒေသတွင်း သဘောတူစာချုပ်များကို သဘောတူပါဝင်ထားခြင်းဖြင့် ICCPR နှင့် CEDAW တို့ပါ အခွင့်အရေးများကို ကာကွယ်မြှင့်တင်ပေးရန် ဥပဒေအရ စည်းကြပ်ခံရပြီးသား ဖြစ်နေကြသည်။

(၃) နိုင်ငံများသည်၎ မိမိတို့၏ နိုင်ငံတကာပုံရိပ်ကို အလေးထားကြပါသည်။ ကမ္ဘာ့မျက်နှာစာတွင် နိုင်ငံဂုဏ်သတင်းက အရေးကြီးပါသည်။ လူ့အခွင့်အရေးကို ဆန့်ကျင်သောနိုင်ငံများ သို့မဟုတ် လူ့အခွင့်အရေး ချိုးဖောက်သော နိုင်ငံများမှာ ဆိုးရွားသည့်မှတ်တမ်းများကြောင့် မျက်နှာကောင်းမရ ဖြစ်ရသည်။ ထို့ကြောင့် လူ့အခွင့်အရေးကို သဘောမတူဟုဆိုသည့် နိုင်ငံများပင် လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီမှုစာချုပ်များကို လက်မှတ်ရေးထိုးကြပါသည်။ ဥပမာ - လူ့အခွင့်အရေးကို အဆိုးဆုံးချိုးဖောက်ပါသည်ဆိုသည့် မြောက်ကိုရီးယားနိုင်ငံပင်လျှင် လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်လေးခုကို လက်မှတ်ရေးထိုးထားပါသည်။ (ICCPR, ICESCR, CRC, CEDAW)

(၄) နိုင်ငံတကာမှပေးသည့် ဖိအားကလည်း အကြောင်းပြချက်တစ်ခုဖြစ်သည်။ လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီမှု စာချုပ်များကိုလက်ခံရန်အတွက် အခြားနိုင်ငံများ သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းများက တိုက်တွန်းကာ ဖိအားပေးခြင်းများလည်းရှိသည်။ ဥပမာပြဆိုရလျှင် နိုင်ငံတကာအကူအညီများ ရရှိရန် သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း (WTO) ကဲ့သို့သော အဖွဲ့အစည်းများ၏ အဖွဲ့ဝင်ဖြစ်စေရန်အတွက် အချို့သော သဘောတူစာချုပ်များကို လက်မှတ်ထိုးပေးရခြင်းမှာ ထိုနိုင်ငံများ၏ အကျိုးစီးပွားအတွက် ဖြစ်နေတတ်ပါသည်။

(၅) လိုက်နာရန် အစီအစဉ်မရှိဘဲ လက်မှတ်ထိုးခြင်းမျိုးလည်း ရှိပါသည်။ အချို့သော နိုင်ငံများသည် မရိုးသားဘဲ သဘောတူညီမှုတစ်ခုကို လက်ခံလိုက်လေ့ရှိသည်။ ၎င်းတို့သည် လိုက်နာရန် အစီအစဉ်မရှိ သို့သော် လက်မှတ်ထိုးခြင်းအားဖြင့် နိုင်ငံ၏ရုပ်ပုံတိုးတက်မည်ဟု ယူဆကြသည်။ သို့ပါသော်လည်း သုတေသနများအရ ထိုသို့ဟန်ဆောင်ပြီး သဘောတူပေးလိုက်ခြင်းကြောင့် ရေရှည်တွင် နိုင်ငံများက လိုက်နာပူးပေါင်းဆောင်ရွက်လာရသည့်အတွေ့အကြုံကို တွေ့မြင်ရပါသည်။ လူအများက ၎င်းတို့၏အခွင့်အရေးများကို သိလာကြပြီး နိုင်ငံတော်အစိုးရများအား စာချုပ်ပါ တာဝန်ရှိမှုများကို လိုက်နာရန် တိုက်တွန်းကြခြင်းကြောင့်ဖြစ်သည်။

(၆) အများနောက်ကိုလိုက်ခြင်းလည်းရှိသည်။ နိုင်ငံအတော်များများသည် ၎င်းတို့ဒေသတွင်း နိုင်ငံရေး လက်တွဲဘက်နိုင်ငံများနှင့် အတူတကွရပ်တည်ကာ သဘောတူညီချက်များကို သဘောတူပေးခြင်း သို့မဟုတ် ပယ်ချကန့်ကွက်ခြင်းများ ပြုကြလေ့ရှိပါသည်။ ဥပမာ ဥရောပသမဂ္ဂအတွင်းရှိ နိုင်ငံအားလုံးနီးပါးသည် တူညီသောသဘောတူစာချုပ်များကို လက်ခံသဘောတူထားပေးကြပြီး အရှေ့တောင်အာရှတွင်လည်း မည်သည့်နိုင်ငံကမှ ဒုက္ခသည်များဆိုင်ရာ ကွန်ဗင်္ရှင်းကို သဘောတူလက်မှတ်ရေးထိုးထားခြင်းမရှိပေ။ သို့သော် အရှေ့တောင်အာရှနိုင်ငံများသည် လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များကို ဒေသတွင်းစည်းလုံးခြင်းအမြင်ဖြင့် ချဉ်းကပ်လေ့မရှိပေ။ သဘောတူလက်မှတ်ထိုးကာ ဥပဒေပြုသည့်ပုံစံများက တစ်နိုင်ငံနှင့် တစ်နိုင်ငံ အလွန်ခြားနားသည်။ အများနောက်ကလိုက်ပြီး လက်မှတ်ထိုးရသည့် နောက်ထပ်ပုံစံတစ်မျိုးမှာ အမျိုးသမီးအခွင့်အရေး၊ ကလေးအခွင့်အရေးစ သည့် အချို့သောသဘောတူညီမှုစာချုပ်များကဲ့သို့ ကမ္ဘာလုံးလွှမ်းခြုံထောက်ခံမှုရသည့် စာချုပ်များတွင် မလိုက်နာသည့်အခါ ဘေးထွက်နေသူ နိုင်ငံအနည်းငယ်ထဲ ပါသွားမည်ကို စိုးရိမ်သဖြင့်နိုင်ငံအများက အဆိုပါ စာချုပ်များကို သဘောတူလက်မှတ်ထိုးလေ့ရှိကြသည်။ (အမျိုးသမီးအခွင့်အရေးများကို သဘောတူလက်မှတ်မထိုးသည့်နိုင်ငံ ၇ နိုင်ငံသာရှိပြီး ကလေးအခွင့်အရေးစာချုပ်ကို လက်မှတ်မထိုးသည့်နိုင်ငံမှာ ၂ နိုင်ငံသာရှိပါသည်) မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်မှာလည်း ဤနည်းနှင့်ပင်ဖြစ်သည်။ အဆိုပါကွန်ဗင်္ရှင်းကို ကမ္ဘာလုံးအနှံ့ ၇၅ ရာခိုင်နှုန်းက သဘောတူညီခဲ့ပြီး ဖြစ်သည်။

က။ အနှစ်ချုပ်နှင့်အဓိကအချက်များ

လူ့အခွင့်အရေးစံနှုန်းများ

လူ့အခွင့်အရေးသည် လူသားအားလုံးကို မည်သို့မည်ပုံ ဆက်ဆံရမည်ကို ပြဋ္ဌာန်းရန် တိကျသည့်စံနှုန်းတစ်ရပ် ထူထောင်ခြင်းဖြစ်သည်။ အဆိုပါစံနှုန်းများကို အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာဥပဒေ Public International Law နှင့် ပြည်တွင်းဥပဒေများတွင် တွေ့နိုင်ပါသည်။ ဒုတိယကမ္ဘာစစ်၏ အနိဋ္ဌာရုံများကို တန်ပြန်ခြင်းအဖြစ် အဆိုပါ စံနှုန်းများကို စတင်ဖော်ဆောင်ခဲ့ကြခြင်းဖြစ်ပါသည်။ နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများကို ဥပဒေအရ စည်းကြပ်ထားသော သဘောတူစာချုပ်များတွင် ထည့်သွင်းထားပါသည်။ ကနဦးက လူ့အခွင့်အရေး စံနှုန်းများကို ပြည်တွင်းဥပဒေများတွင် အတွေ့ရများသည်။ သို့သော် ယခုအခါ လူ့အခွင့်အရေးစံနှုန်းများသည် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာ ဥပဒေများ၏အရေးပါသော အစိတ်အပိုင်းတစ်ရပ် ဖြစ်လာချေပြီ။

အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာ ဥပဒေအခြေခံများ

အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ပြည်တွင်းဥပဒေတို့သည် အတော်ပင်ကွဲပြားခြားနားပါသည်။ ပြည်တွင်းဥပဒေများကို အစိုးရများကပြဋ္ဌာန်းကြပြီး၊ တရားရုံးများက အသက်ဝင်ကျင့်သုံးပါသည်။ နိုင်ငံတွင်းရှိပြည်သူအများက ပြည်တွင်းဥပဒေများကို လိုက်နာရသူများဖြစ်ကာ ဥပဒေကို ပြဋ္ဌာန်းရာတွင်ဖြစ်စေ၊ အသက်ဝင်အောင် ကျင့်သုံးရာတွင်ဖြစ်စေ တိုက်ရိုက်ပါဝင်ရမှု မရှိသော်လည်း ဥပဒေကို လိုက်နာကြရသူများဖြစ်ကြသည်။ နိုင်ငံတကာဥပဒေမှာမူကား အချုပ်အခြာပိုင် တိုင်းနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံများ၊ ကျင့်သုံးပုံများတို့နှင့် ဆက်စပ်နေပါသည်။ ၎င်းတို့၏ စည်းမျဉ်းများအတိုင်း စီမံခန့်ခွဲရန် တိုင်းပြည်အများက နိုင်ငံတကာဥပဒေများကို ရေးသားကြသည်။ အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာဥပဒေများမှာ အရင်းအမြစ် လေးခုမှ လာပါသည်။ (၁) သဘောတူစာချုပ်များ၊ (၂) ဓလေ့ထုံးတမ်းအစဉ်အလာများ၊ (၃) ယေဘုယျအားဖြင့် လက်ခံထားသောစည်းမျဉ်းများ၊ (၄) နိုင်ငံတကာဥပဒေနှင့်ပတ်သက်၍ တရားရုံးဆုံးဖြတ်ချက်များနှင့် ရေးသားစီရင်မှုများက လာခြင်းဖြစ်သည်။ နိုင်ငံတကာစာချုပ်များသည် နိုင်ငံများအကြား သဘောတူညီမှုများဖြစ်ကာ နိုင်ငံအများက စိတ်ဆန္ဒအလျောက် လိုက်လျောကျင့်သုံးကြသော စာဖြင့်ရေးသားထားသည့် သတ်မှတ်ချက်များ ဖြစ်ကြသည်။ သဘောတူစာချုပ်အတိုင်း လိုက်နာပါမည်ဟု ဥပဒေအရ စည်းကြပ်ခြင်းအား တိုင်းပြည်တစ်ခုက သဘောတူညီခဲ့ပါလျှင် ထိုတိုင်းပြည်သည် စာချုပ်အဖွဲ့ဝင် နိုင်ငံတစ်ခု ဖြစ်လေပြီ။ ဓလေ့ထုံးတမ်းအရ နိုင်ငံတကာဥပဒေကမူ နိုင်ငံများအကြား ကာလကြာရှည် ရှိပြီးသား ကျင့်သုံးပုံများမှ ဖြစ်လာသည့် မရေးသားထားသော ဥပဒေသများဖြစ်ကြသည်။ ယေဘုယျစည်းမျဉ်းများ ဆိုသည်မှာ ပြည်တွင်းဥပဒေများတွင် အများအားဖြင့်တွေ့ရသော အချက်များဖြစ်ပြီး နိုင်ငံတကာဥပဒေ၏ အစိတ်အပိုင်းလည်း ဖြစ်သင့်သည်ဟု ယူဆခြင်းခံရသည့် ဥပဒေများ ဖြစ်ကြသည်။ ဓလေ့ထုံးတမ်းဆိုင်ရာဥပဒေ၊ jus cogens ခေါ် ခြွင်းချက်မရှိလိုက်နာရမည့် သဘောတူညီမှုများနှင့် မဖြစ်မနေလိုက်နာရမည့် စံနှုန်းများသည် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာဥပဒေများ၏ အစိတ်အပိုင်းများဖြစ်ကာ၊ သဘောတူစာချုပ်အဖြစ်သတ်မှတ် လက်မှတ်ရေးထိုးရန် မလိုဟု ယူဆထားသည်။ ဥပမာ နှိပ်စက်ညှဉ်းပန်း ကျွန်ပြုခြင်းမှ လွတ်မြောက်ပိုင်ခွင့်နှင့် အသက်ရှင် ရပ်တည်ခွင့်တို့ ဖြစ်ကြသည်။

နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများ တိုးတက်ထွန်းကားလာခြင်း၏ နောက်ခံအကြောင်းများ

ယနေ့ခေတ် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများမှာ စစ်ပြီးခေတ်တွင် ပေါ်ပေါက်လာခဲ့ကြခြင်း ဖြစ်သည်။ သို့သော် ရှေးယခင်ကရှိခဲ့သော သဘောတူညီမှုများ၊ ကျွန်ပြုခြင်းကို ဆန့်ကျင်ခြင်းများ၊ စစ်အတွင်း လိုက်နာရမည့် ကျင့်ထုံးများနှင့် လူနည်းစုများကို အကာအကွယ်ပေးခြင်းကိစ္စများ စသည်တို့နှင့်ပတ်သက်သည့် သဘောတူစာချုပ်များကို လက်ဆင့်ကမ်းယူထားခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများ ဖွံ့ဖြိုးလာခြင်းတွင် အလွန်အရေးပါသည့် အဖြစ်အပျက်တစ်ခုမှာ လူ့အခွင့်အရေးအား မူလဘူတ ရည်မှန်းချက်အဖြစ်ထားရှိသည့် ကုလသမဂ္ဂအဖွဲ့ကြီး တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ပထမဆုံး ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးစာတမ်းမှာ UDHR ဖြစ်ပြီး လူ့အခွင့်အရေးကော်မရှင်က ၂ နှစ်ကြာ အကြမ်းရေးဆွဲပြီးနောက် ပြီးမြောက်ခဲ့ခြင်းဖြစ်ပါသည်။ UDHR သည် ဥပဒေကဲ့သို့ အာဏာမသက်ရောက်သော ကြေညာစာတမ်း ဖြစ်ပါသည်။ သို့ပါသော်လည်း ကြေညာစာတမ်းဖြစ်စေ၊ စာတမ်း၏အစိတ်အပိုင်းဖြစ်စေ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအကြား ဥပဒေအရ စည်းနှောင်ထားသော တာဝန်ခံမှုရှိရမည်သာဖြစ်သည်ဟု အခိုင်အမာငြင်းခုန်မှုများလည်း ရှိသည်။ UDHR သည် ဥပဒေအရ စည်းကြပ်ထားသော လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များ၏ အခြေခံအုတ်မြစ်ဖြစ်ပေသတည်း။

သဘောတူစာချုပ်များဖန်တီးခြင်း။ ။ခြုံငုံဖော်ပြခြင်း

လူအများကို နိုင်ငံတကာဥပဒေဖြင့် ကာကွယ်ပေးရန်လိုအပ်ကြောင်း နိုင်ငံတကာအသိုင်းအဝိုင်းက ယူဆသည့်အခါ သဘောတူစာချုပ်ပြင်ဆင်ခြင်း စတင်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြစ်စဉ်တွင် စိတ်ပါဝင်စားကြသည့် အစုအဖွဲ့များဖြစ်ကြသောနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများက ဖန်တီးပုံဖော်ကြပါသည်။ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များကို သာမန်အားဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများက မူကြမ်းရေးကြပြီး ပြီးမြောက်သည့်အခါ အဖွဲ့ဝင်နိုင်ငံများအကြား လက်မှတ်ထိုးလိုက ထိုးစေနိုင်ရန် လမ်းဖွင့်ထားပေးပါသည်။ နိုင်ငံတစ်နိုင်ငံက လက်မှတ်ထိုးလိုက်သည့်အခါ သဘောတူစာချုပ်တစ်ခု၏ ဦးတည်ချက်၊ ရည်ရွယ်ချက်များကို မချိုးဖောက်ရန် လက်ခံသဘောတူရသည်။ သို့သော် အဆိုပါ သဘောတူညီမှုနှင့်အညီ ဆောက်ရွက်ရန် ဥပဒေအရ တာဝန်ရှိခြင်းမျိုး မဟုတ်သေးပေ။ နိုင်ငံများသည် ဥပဒေအဖြစ်သတ်မှတ်ပြီး အသက်ဝင်စေပြီဆိုခါမှ အဆိုပါသဘောတူစာချုပ်အပေါ် ဥပဒေအရ တာဝန်ရှိသွားခြင်းဖြစ်ပါသည်။ အစိုးရများသည် သဘောတူစာချုပ်တစ်ခုအပေါ် ထားရှိသည့် ၎င်းတို့၏ စိတ်အားထက်သန်ကျင့်ကြံမှုကို ပြုလွယ်ပြင်လွယ်စေရန် ခြွင်းချက် reservation ထားနိုင်သည်။ ထိုသို့ ခြွင်းချက်ထားခြင်းဆိုသည့်အဓိပ္ပာယ်မှာ ခြွင်းချက်ထားသော အပိုဒ်တစ်ခုခုနှင့် ပတ်သက်၍ ဥပဒေအရ တာဝန်မရှိစေရဟု သတ်မှတ်ရွေးချယ်လိုက်ခြင်းဖြစ်သည်။ နားလည်လက်ခံခြင်း ဆိုသည်ကိုလည်း ခွင့်ပြုထားပြီး စာပိုဒ်တစ်ခု သို့မဟုတ် အခွင့်အရေးတစ်ခုခုကို နိုင်ငံတစ်ခုအနေဖြင့် မည်သို့လက်ခံကောက်ယူ ဘာသာပြန်မည်ကို အတိအကျ ဆိုထားခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များသည် ဥပဒေအရ စည်းနှောင်ထားသည့် စာချုပ်များဖြစ်ကာ အစိုးရများနိုင်ငံများက ဥပဒေအဖြစ် သတ်မှတ်ရန်လိုအပ်သည်။

လူအခွင့်အရေးသဘောတူညီမှုစာချုပ်များကို အဘယ်ကြောင့် နိုင်ငံများက ဥပဒေအဖြစ် အတည်ပြုကြသနည်း။

သဘောတူစာချုပ်တစ်ရပ်၏ စာချုပ်အဖွဲ့ဝင်ဖြစ်ရန်အတွက် နိုင်ငံများက စေတနာ့ဝန်ထမ်းအလျောက် ပါဝင်ကြခြင်းတွင် အကြောင်းရင်းများ ရှိပါသည်။ အရပ်ဘက် လူအဖွဲ့အစည်းများသို့မဟုတ် အစိုးရအဖွဲ့အတွင်းရှိ ပုဂ္ဂိုလ်များ၏ ချဉ်းကပ်တိုက်တွန်းမှုကို တုံ့ပြန်ဆောင်ရွက်ပေးခြင်းဖြစ်နိုင်သကဲ့သို့ အစိုးရကိုယ်၌က ကွန်ဗင်းရှင်းတွင်ပါဝင်သော အခွင့်အရေးများကို သဘောတူသောကြောင့် ဖြစ်နိုင်သည်။ အစိုးရများသည် မိမိတို့ကို ကောင်းမွန်သူများ၊ ဥပဒေကိုလိုက်နာလေးစားသည့် နိုင်ငံများအဖြစ် သူတစ်ပါးက မြင်လာစေရန်အတွက် စာချုပ်များကိုသဘောတူသကဲ့သို့ သဘောတူစာချုပ်များကို ပါဝင်ကြသော အခြားနိုင်ငံများ၏ လမ်းကြောင်းအတိုင်း လိုက်ခြင်းလည်း ဖြစ်နိုင်သည်။ အချို့နိုင်ငံများကလည်း နိုင်ငံတကာအဖွဲ့အစည်းများတွင် ဝင်ခွင့်ရရန် သို့မဟုတ် နိုင်ငံတကာအကူအညီရရှိရန် သို့မဟုတ် ကုန်သွယ်ခွင့်ရရန်အတွက် လူအခွင့်အရေးစာချုပ်များတွင် သဘောတူလက်မှတ်ရေးထိုးကြပါသည်။ စာချုပ်ပါ စံနှုန်းများကို လိုက်နာပူးပေါင်းလိုစိတ် မရှိသော်ငြား သဘောတူလက်မှတ်ရေးထိုးထားသည့် နိုင်ငံများသည် ကာလကြာမြင့်သောအခါ စာချုပ်ပါ တာဝန်များကို လိုက်နာလာရတတ်သည်။

ခ။ စာမေးပွဲ သို့မဟုတ် အက်ဆေးမေးခွန်းများ

- UDHR မတိုင်ခင်က ပြည်တွင်းဥပဒေများတွင် ရှိခဲ့ပြီးသော လူအခွင့်အရေးဆိုင်ရာ ဥပမာများကား မည်သည်တို့ဖြစ်ကြသနည်း။ UDHR မတိုင်ခင်က သင်၏ တိုင်းပြည်တွင် လူအခွင့်အရေးများ ရှိပါသလား။
- လူအခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရာ၌ အများပြည်သူအတွက် နိုင်ငံတကာဥပဒေစနစ်နှင့် ပြည်တွင်းဥပဒေစနစ်တို့တွင် အဓိကကွဲပြားခြားနားသည့် အချက်များကား မည်သည်တို့နည်း။ အကာအကွယ်ပေးရာတွင် စနစ်တစ်ခုချင်းစီ၏ အားကောင်းချက်နှင့် အားနည်းချက်များကား မည်သည်တို့ဖြစ်ကြသနည်း။
- ဓလေ့ထုံးတမ်းအဖြစ်ရှိနေပြီးသား လူအခွင့်အရေးတစ်ရပ် (ဥပမာ - ကျွန်ပြုနှိပ်စက်ခံရခြင်းမှ လွတ်မြောက်ခွင့်ရရှိခြင်း) ကို လေ့လာပြီး အဆိုပါအခွင့်အရေး၏ သမိုင်းကြောင်းကို ရေးသားဖော်ပြပါ။
- UDHR ကို မူကြမ်းရေးရာတွင် အနောက်နိုင်ငံမဟုတ်သော နိုင်ငံများ၏အခန်းကဏ္ဍကို ဖော်ပြပါ။ ထိုနိုင်ငံများ၏ ပါဝင်မှုကိုဆန်းစစ်၍ UDHR သည် ကမ္ဘာလုံးဆိုသော စာတမ်းလော၊ အနောက်ဆန်နေသည့် အတွေးအခေါ်လောဟု ဖြေဆိုသုံးသပ်ပါ။
- သင်နေသောတိုင်းပြည်သည် လူအခွင့်အရေးစာချုပ်စာတမ်းများကို အဘယ်ကြောင့် လက်မှတ်ရေးထိုး အတည်ပြုထားသနည်း။ သို့မဟုတ် လက်မှတ်ရေးထိုးအတည်ပြုရန် အဘယ်ကြောင့် ငြင်းဆန်ထားသနည်း။ သင့်နိုင်ငံအနေဖြင့် နိုင်ငံတကာ ဥပဒေစာချုပ်

များကို သမိုင်းကြောင်းတလျှောက် မည်သည့်ကာလများတွင် အတည်ပြု လက်မှတ်ရေးထိုးခဲ့သည်ကို လေ့လာကာ ထိုကာလများတွင် အဘယ့်ကြောင့် လက်မှတ်ရေးထိုးခဲ့သည်ကို ဆွေးနွေးပါ။

ဂ။ ထပ်မံလေ့လာဖတ်ရှုရန်များ

လူအခွင့်အရေးများနှင့် ပြည်သူရေးရာ နိုင်ငံတကာ ဥပဒေ

အများပြည်သူဆိုင်ရာ နိုင်ငံတကာဥပဒေနှင့် ပတ်သက်၍ မိတ်ဆက်ပြဋ္ဌာန်း စာအုပ်ပေါင်းများစွာရှိကာ တက္ကသိုလ်တစ်ခုခု၏ စာကြည့်တိုက်တွင်ရှိပါသည်။ အခန်း ၁ အဆုံးတွင် ပေးထားသော ပြဋ္ဌာန်းစာအုပ်များဖြင့် စတင်ဖတ်ရှုရန် သင့်လျော်သည်။

လူအခွင့်အရေးများကို ဖော်ဆောင်ဖွံ့ဖြိုးစေခဲ့ခြင်း

UDHR ကို အကြမ်းရေးခြင်းနှင့် သတ်မှတ်လက်ခံခြင်းဆိုင်ရာ သမိုင်းကြောင်းနှင့် လူအခွင့်အရေးများ ဖွံ့ဖြိုးတိုးတက်လာခြင်းအကြောင်းကို ထိုခေါင်းစဉ်များအကြောင်းကို ဆောင်းပါးများ၊ စာအုပ်စာတမ်းများ ရေးသားခဲ့ကြသည့် အောက်ပါစာရေးဆရာ ပညာရှင်များနာမည်ဖြင့် အင်တာနက်တွင် ရှာဖွေနိုင်ပါသည်။

- Johannes Morsink
- Mary Ann Glendo
- Paul Gordon Lauren
- Samuel Moyn
- Mark Mazower
- Susan Waltz တို့ ဖြစ်ကြပါသည်။

နိုင်ငံများနှင့် ပါဝင်သဘောတူ ဥပဒေပြုခြင်း

လူအခွင့်အရေးသဘောတူစာချုပ်များကို နိုင်ငံများ အဘယ်ကြောင့် ပါဝင်သဘောတူဥပဒေအဖြစ် အသိအမှတ်ပြုခြင်း သို့မဟုတ် မပြုခြင်းနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ် လေ့လာချက်အနည်းငယ်ရှိပါသည်။ အောက်ပါစာရေးသူ ပညာရှင်များ၏အမည်ဖြင့် အင်တာနက်တွင် ရှာနိုင်ပါသည်။

- Beth Simmons
- Oona Hathaway
- Ryan Goodman
- Derek Jinks
- Harold Koh တို့ ဖြစ်ကြပါသည်။

၂

နိုင်ငံတကာလူ့အခွင့်အရေး သဘောတူစာချုပ်များ

နိုင်ငံတကာသဘောတူစာချုပ်များ ICCPR နှင့် ICESCR

မိတ်ဆက်

UDHR သည် ဥပဒေတစ်ရပ်အဖြစ် အာဏာမရှိသောအခါ လူ့အခွင့်အရေးများကို နိုင်ငံတကာအဆင့်တွင် ဥပဒေအဖြစ် စုစည်းမည့် သဘောတူစာချုပ်များ ပူးပေါင်းဖော်ဆောင်ရန် ဒုတိယအဆင့်ကို ကမ္ဘာ့အသိုင်းအဝိုင်းက စတင်ခဲ့ကြပါသည်။ ၁၉၄၈ ခုနှစ်တွင် UDHR ကို စတင်လက်ခံခဲ့ပြီးနောက်တွင် မူကြမ်းရေးသားခြင်းကို စတင်ခဲ့ပါသည်။ UDHR ကို သဘောတူစာချုပ်တစ်ရပ်တည်းအဖြစ် ပြောင်းလဲမည့် မူလ ရည်ရွယ်ချက်ကို လက်လျှော့လိုက်ရပြီး လူ့အခွင့်အရေးသဘောတူစာချုပ် နှစ်ရပ်ကို စီစဉ်ခဲ့ကြသည်။ နောင် ၁၈ နှစ်တိုင် ကြာခဲ့သော်လည်း မလုပ်နိုင်သေးဘဲ ၁၉၆၆ ခုနှစ်ရောက်မှ ကုလသမဂ္ဂ အထွေထွေညီလာခံ UNGA သို့ လက်မှတ်ရေးထိုး၊ ဥပဒေအဖြစ်အတည်ပြုရန် တင်သွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို တစ်စောင်တည်းအစား နှစ်စောင်ပြုလုပ်ရန် ဆုံးဖြတ်ရခြင်းတွင် အကြောင်းရင်း များစွာရှိပါသည်။ စစ်အေးတိုက်ပွဲကြောင့် နိုင်ငံရေးအကွဲအပြဲက ကြီးမားလာခြင်း၊ ကုလသမဂ္ဂအတွင်းသို့ အာရှနှင့်အာဖရိကတိုက်တို့မှ ကိုလိုနီဘဝလွတ်မြောက်လာသည့် များပြားလှစွာသော နိုင်ငံများဝင်ရောက်လာကာ ၎င်းတို့သည်လည်း လူ့အခွင့်အရေးအပေါ် မတူညီသောအမြင်များ တင်ပြရပ်ခံလာကြခြင်းနှင့် မတူညီသော အခွင့်အရေးများကို ဥပဒေအရမည်သို့ အသက်ဝင်စေမည့်လုပ်ငန်းအတွက် ရွေးချယ်စရာနည်းလမ်းများစွာရှိနေသည်ဟူသော အချက်တို့ဖြစ်ပါသည်။

နှောင့်နှေးနေခြင်းအတွက် စစ်အေးတိုက်ပွဲကို အဓိကအကြောင်းအရင်းအဖြစ် ယူဆကြသော်လည်း အခြားအကြောင်းရင်းများလည်း သိသိသာသာရှိပါသည်။ အခွင့်အရေးများကို ဥပဒေဖြင့် စည်းကြပ်မည့်အစီအစဉ်အပေါ် နိုင်ငံအများကသတိကြီးစွာထားကာ ကျယ်ပြန့်သော ကြေညာစာတမ်းကြီးတစ်ခုလုံးကို ပြုလုပ်မည့် အစီအစဉ်အား ဆန့်ကျင်ကန့်ကွက်ကြရာ အကြမ်းရေးဆွဲရာတွင် အခွင့်အရေးများအတွက် ထားရှိရမည့် တာဝန်များ၊ တာဝန်ရှိမှုများမှာ ပိုမိုတိကျရန်လိုအပ်လာသည်။ ထို့ပြင် ကုလသမဂ္ဂအဖွဲ့ကြီးကလည်း တဖြည်းဖြည်းကြီးထွားဖွံ့ဖြိုးလာကာ ၁၉၄၈-၁၉၆၆ ကြားကာလများအတွင်း အဖွဲ့ဝင်နိုင်ငံပေါင်း ၆၀ ထပ်ပေါင်းလာပြီး ကုလသမဂ္ဂအင်အားကလည်း နှစ်ဆဖြစ်လာခဲ့သည်။ ထပ်တိုးလာသော အဖွဲ့များသည်လည်း နိုင်ငံတကာ သဘောတူစာချုပ်များတွင် ၎င်းတို့ သဘောထားအမြင်များ ထည့်သွင်းလိုကြသည်။ နောက်ဆုံးတွင် လူ့အခွင့်အရေးသီအိုရီနှင့် ပတ်သက်ပြီး အနောက်အုပ်စုဒီမိုကရက်တစ် အရင်းရှင်နိုင်ငံများနှင့် ဆိုဗီယက်ပြည်ထောင်စု၏ ဆိုရှယ်လစ်နိုင်ငံများနှင့် ကိုလိုနီလွတ်မြောက်လာသော ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ကြီးကြီးမားမား အမြင်မတူမှုများ ရှိလာသည်။ ကိုလိုနီပြုခံရခြင်းမှ လွတ်မြောက်ပိုင်ခွင့် (ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်) နှင့် ခွဲခြားဆက်ဆံမှုမှ လွတ်မြောက်ပိုင်ခွင့်တို့သည်ကား အရေးအကြီးဆုံးကိစ္စများ ဖြစ်လာခဲ့ပါတော့သည်။ အနောက်တိုင်းနိုင်ငံများ (အရင်းရှင်ဒီမိုကရေစီနိုင်ငံများ ကြီးစိုးထားသောအုပ်စု) အတွက် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများနှင့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်တို့သည် အလွန်အရေးကြီးကြောင်း တင်ပြလာကြသည်။ ကွန်မြူနစ်တိုင်းပြည်များအတွက်မူ အစိုးရ၏တာဝန်များဖြစ်သော ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်သမားအခွင့်အရေးများသည် အလွန်အရေးကြီးသည်ဟု ယူဆကြသည်။ ထို့ကြောင့် အဆိုပါအကျိုးစီးပွားများ ပြိုင်ဆိုင်နေကြခြင်းသည် သဘောတူစာချုပ်မူကြမ်းရေးခြင်း လုပ်ငန်းစဉ်တစ်လျှောက် ညှိနှိုင်းဆွေးနွေးရာတွင် နှေးကွေးစေခဲ့ပါသည်။

အမျိုးအစားမတူသော အခွင့်အရေးနှစ်မျိုးကို (နိုင်ငံသား၊ နိုင်ငံရေးအခွင့်အရေးများနှင့် စီးပွားရေး လူမှုဖူလုံရေးအခွင့်အရေးများ) သဘောတူစာချုပ်တစ်ခုတည်းတွင် ထားသည့်အခါ အခွင့်အရေးတစ်ခုချင်းစီ လိုက်နာဖော်ဆောင်ရပုံခြင်းက ခြားနားသောကြောင့် စိမ်ခေါ်မှု အခက်အခဲများ ရှိနိုင်သည်ကိုနားလည် သိရှိခဲ့ကြသည်။ ယင်းသို့ ကွဲပြားခြားနားခြင်းကြောင့် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများနှင့် အခြားတစ်ဖက်မှ စီးပွားရေးနှင့် လူမှုရေးအခွင့်အရေးများကြား အကွဲအပြဲဖြစ်လာပါသည်။ အဆိုပါ လူ့အခွင့်အရေး အစုများကို မတူညီသော လုပ်ငန်းစဉ်များဖြင့် အသက်ဝင်အောင် ပြုသင့်ကြောင်း နောက်ဆုံး၌ဆုံးဖြတ်ခဲ့ကြသည်။ နိုင်ငံသားနှင့်နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများအတွက်မူ သဘောတူစာချုပ် အသက်ဝင်ကျင့်သုံးသည့် အခြိန်မှစ၍ စတင်အာဏာတည်စေပြီး လိုက်နာစေရသည်။ ဥပမာ - နှိပ်စက်ညှဉ်းပန်းခြင်းကို ဖယ်ရှားရန်အတွက် နိုင်ငံများသည် ဖြည်းဖြည်းချင်းလျော့သွားမည်ဆိုသည်မျိုး မလုပ်အပ်ပေ။ နှိပ်စက်ညှဉ်းပန်းနေခြင်းကို ချက်ချင်းရပ်လိုက်မှဖြစ်ပေမည်။ သို့သော် ဆင်းရဲသော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်မူ ကျန်းမာရေးစောင့်ရှောက်မှု၊ အဆင့်မြင့်အထက်တန်းကျောင်းများ ကျယ်ပြန့်စွာဖွင့်လှစ်နိုင်မှု စသည့် စီးပွားရေးနှင့် လူမှုဖူလုံအခွင့်အရေးများကို ၎င်းတို့၏ နိုင်ငံသားများအား ပြည့်ဝစွာပေးနိုင်စေရန်အတွက် ဖြည်းဖြည်းချင်း အကောင်အထည်ဖော်သွားရမည်ဖြစ်ပါသည်။ သဘောတူညီစာချုပ်ကို လက်မှတ်ရေးထိုးလိုက်သည်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် အိမ်ရာများ အစရှိသည်တို့ကို ချက်ချင်းဆောင်ရွက်ပေးရန်အတွက် တောင်းဆိုခြင်းသည် လက်တွေ့လည်းမကျပေ။ သဘောတူစာချုပ်ပါ အခွင့်အရေးများကို မည်သို့အကာအကွယ်ပေးရမည်ဆိုသည်ကား အစိုးရ အတော်များများ

အတွက် စိုးရိမ်စရာဖြစ်လာခဲ့ပါသည်။ အစိုးရများက သဘောတူစာချုပ်များအတိုင်း လိုက်နာ ဆောင်ရွက်မည်ဟု မည်သူက ပြောနိုင်ပါမည်နည်း။ အကယ်၍ အစိုးရများက မလိုက်နာငြားအံ့၊ အဆိုပါ အစိုးရများကို အပြစ်ပေးနိုင်ပါ၏လော။ နိုင်ငံသားနှင့်နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများတွင် ရှင်းလင်းသော ဥပဒေပိုင်းဆိုင်ရာတာဝန်များရှိသည်။ ထို့ပြင် အဆိုပါအခွင့်အရေးများကို စာချုပ် ဆိုင်ရာအဖွဲ့က လေ့လာစောင့်ကြည့်သိရှိနိုင်သည်။ (အခန်း ၅ တွင် ဆွေးနွေးထားပါသည်)။ ICCPR သဘောတူစာချုပ်သည် အဆိုပါစာချုပ်အဖွဲ့အစည်း၏ အလုပ်လုပ်ရမည့်ပုံအသေးစိတ်ကိုပါ စတင် ပြင်ဆင်ထားရသည်။ သို့သော် ICESCR အတွက်မူ ယင်းသို့ သဘောတူစာချုပ်အဖွဲ့ကို ကနဦး ကတည်းက ပြင်ဆင်ထားခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် အဆိုပါအခွင့်အရေးများသည် ချိုးဖောက်မှုများရှိပါက သိရှိစောင့်ကြည့်နိုင်ရန် ခက်ခဲသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဤ သဘောတူစာချုပ်တွင် စာချုပ်အဖွဲ့ တည်ထောင်ရန်အတွက် မပါဝင်ခဲ့ပါ။ သို့သော် အဆိုပါ အယူ အဆမှာ ပြောင်းသွားခဲ့ပြီး ICCPR စာချုပ်အဖွဲ့နှင့်အတူ အဖွဲ့အစည်းတစ်ခုကို တည်ထောင်ခဲ့ပါ သည်။ သို့သော် ICESCR သဘောတူစာချုပ်ထဲတွင်တော့ ပါဝင်ခဲ့ခြင်းမဟုတ်ပေ။

နောက်ဆုံးတွင်မတော့ ICCPR သဘောတူစာချုပ် စတင်အသက်ဝင်သည်နှင့် အဆိုပါ အခွင့်အရေးများကို အာဏာတည် အသက်ဝင်စေရေးဆောင်ရွက်ပေးသည့် စနစ်လည်း ပေါ်ပေါက် လာခဲ့ပါသည်။ တစ်ခုတည်းသော ခြွင်းချက်မှာကား အထူးအခြေအနေများတွင် အချို့သော အခွင့်အရေးများကို နိုင်ငံတော်အစိုးရများက ကျင့်သုံးပေးရန် တာဝန်မရှိခြင်းဖြစ်သည်။ (ယခုအခန်း၏ ၃. ၃. ၃ ကဏ္ဍတွင် အသေးစိတ်ဖော်ပြထားပါသည်) ICCPR တွင် ပါဝင်သော အချို့အခွင့်အရေး များမှာ မည်သည့်အချိန်အခါ အနေအထားတွင်မှ တစ်စုံတစ်ယောက်က ဖယ်ရှားပိုင်ခွင့်မရှိနေဘဲ၊ အချို့အခွင့်အရေးများကိုကား (မီးလုံးများ အဖွင့်အပိတ်လုပ်သကဲ့သို့) အခြေအနေတစ်ခုတွင် ခွင့်ပြုပေးထားရကာ အချို့အခြေအနေများတွင် ပိတ်ထားပေးရပါသည်။ ဆန့်ကျင်ဘက်အနေဖြင့် ICESCR တွင် ပါဝင်သော အခွင့်အရေးများမှာ သဘောသဘာဝအားဖြင့် မတူညီမှုများရှိပါသည်။ နိုင်ငံတစ်နိုင်ငံသည် ချက်ချင်းလက်ငင်း ကျန်းမာရေး သို့မဟုတ် ပညာရေးစနစ်တစ်ခုကို မတည် ဆောက်နိုင်ခြင်းအား နားလည်ထားရမည်ဖြစ်ပြီး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဖြည်းဖြည်းချင်း အချိန် ပေးရမည်ဖြစ်ကာ ထိုလုပ်ငန်းစဉ်ကို တိုးတက်မှုများပြီးမြောက်နေခြင်းဖြစ်စဉ် progress realization ဟု ခေါ်ပါသည်။ အောက်တွင် အသေးစိတ်ဆက်လက် ဖော်ပြမည့်အတိုင်း လူတိုင်း၏စီးပွားရေးနှင့် လူမှုရေးဆိုင်ရာအခွင့်အရေးများ ပြည့်ဝစေရန်အတွက် ဆက်လက်တိုးတက်အောင် ဆောင်ရွက်နေရန် အစိုးရတွင် တာဝန်ဝတ္တရားရှိပါသည်။ ယင်းသို့ မတူညီမှုများကြောင့် သဘောတူစာချုပ်နှစ်ခုကို သီးခြားစီ မူကြမ်းရေးပြီး ကုလသမဂ္ဂအထွေထွေညီလာခံ UNGA တွင် တစ်ပြိုင်နက် လက်ခံခဲ့ကြ သည်။ ဥပဒေအဖြစ် အသက်ဝင်ကျင့်သုံးရာတွင်လည်း တစ်ပြိုင်နက်တည်း လိုလိုဖြစ်သည်။ (ICCPR အသက်ဝင် အာဏာတည်ခဲ့သည့် ၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၃ ရက်ပြီးနောက် သုံးလအကြာတွင် ICESCR အသက်ဝင် အာဏာတည်ခဲ့ခြင်းဖြစ်သည်။) အရေးကြီးသည့် စာချုပ်များဖြစ်ခြင်းကို ညွှန်ပြသည့်အနေဖြင့် ညီလာခံသဘောတူချက် ကွန်ဗင်းရှင်း conventions ဟု မရေးဘဲ သဘောတူ စာချုပ် covenants များဟုရေးပါသည်။ အဘယ်ကြောင့်ဆိုသော် သဘောတူစာချုပ်ဆိုသော စကားလုံးသည်ပို၍ အရေးကြီးသော သို့မဟုတ် အလေးအနက်ထားသော စာချုပ်တစ်ရပ်အဖြစ် သွယ်ဝိုက်ပြောဆိုလိုရင်း ဖြစ်ပါသည်။

၃.၁ ICCPR

နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးများ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်သည် ၁၉၇၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် စတင် အသက်ဝင် အာဏာတည်ခြင်းဖြစ်ပါသည်။ ယနေ့အထိ အဆိုပါ သဘောတူစာချုပ်ကို သဘောတူလက်မှတ်ရေးထိုး ဥပဒေပြုထားသည့်နိုင်ငံ ၁၇၀ နီးပါး ရှိပါသည်။ အရှေ့တောင်အာရှ ဒေသတွင် ICCPR ကို လက်မှတ်ရေးထိုး ဥပဒေသတ်မှတ်ထားသည့် နိုင်ငံများမှာ ဗီယက်နမ် (၁၉၈၂)၊ ဖိလစ်ပိုင် (၁၉၈၆)၊ ကမ္ဘောဒီးယား (၁၉၉၂)၊ ထိုင်း (၁၉၉၆)၊ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ (၂၀၀၀) နှင့် အင်ဒိုနီးရှား (၂၀၀၆) တို့ ဖြစ်ကြသည်။ ဘရူနိုင်း၊ မလေးရှား၊ မြန်မာနှင့်စင်ကာပူတို့က သဘောတူလက်မှတ်ထိုး ဥပဒေမပြုရသေးပေ။

အစိုးရတစ်ရပ်သည် အဘယ်ကြောင့် သဘောတူစာချုပ်တစ်ခုကို လက်မှတ်ရေးထိုးရန် ငြင်းပယ်ရသနည်း ဆိုသည်ကို အတိအကျ အကြောင်းရင်းရှာရန်မဖြစ်နိုင်သော်လည်း ကုလသမဂ္ဂ ရုံးတွင် စင်ကာပူကမူ အကြောင်းပြချက်ကို ပြောကြားခဲ့ဖူးသည်။ (၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ နှစ်ပတ်လည်သုံးသပ်မှု Universal periodic review ပြုလုပ်နေစဉ်ဖြစ်သည်) စင်ကာပူအစိုးရသည် သဘောတူညီချက်စာချုပ်ပါ တာဝန်ဝတ္တရားများကို အလေးအနက်ထားဆောင်ရွက်နေပြီး၊ တာဝန်များကို အပြည့်အဝ မဆောင်ရွက်နိုင်သေးခင်မှာ သဘောတူစာချုပ်ကို လက်မှတ်မထိုးသေးရန် အတွက် ပို၍လိုလားပါသည်ဟူ၍ ဖြစ်သည်။ အစိုးရသည် မည်သည့်တာဝန်ဝတ္တရားများကို မပြည့်မီနိုင်သေးကြောင်း အသေးစိတ်မပြောထားသော်လည်း စင်ကာပူတွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြခြင်း၊ လွတ်လပ်စွာစုရုံးခြင်းနှင့် သင်းပင်းဖွဲ့စည်းခွင့်တို့ မရှိကြောင်း ယေဘုယျ သိထားကြပါသည်။ ယင်းကန့်သတ်ချက်များကို စင်ကာပူအစိုးရက ထောက်ပြဖော်ညွှန်းထားခြင်း မရှိပေ။ သို့သော် လူမျိုးစုံ၊ ဘာသာတရားစုံ၊ ဘာသာစကားစုံသော လူအများနေထိုင်ရာ သစ်လွင် နုနယ်သေးသော မြို့ပြနိုင်ငံဖြစ်သော စင်ကာပူသည် အမှားခံ၍မဖြစ်ပါ။ လွတ်လပ်မှုပမာဏများစွာကို အသုံးပြုလိုက်ခြင်းဖြင့် လူမျိုးရေးမတည်ငြိမ်မှုများ ဖြစ်လာနိုင်ပါသည်ဟု ၎င်းတို့က ဆိုထားသည်။ နောက်ဆုံးတွင် စင်ကာပူအစိုးရသည် လူ့အခွင့်အရေးများကို ကျင့်သုံးလိုက်နာရာတွင် ၎င်းတို့၏ အမျိုးသားစံနှုန်းများဖြင့် ဖြစ်ရမည်ဟူသော ရပ်တည်ချက်ကို ကိုးကားဖော်ညွှန်းပါသည်။ မည်သို့ပင်ဖြစ်ပါစေ လူ့အခွင့်အရေးအလုံးစုံရရှိခြင်းနှင့် အကောင်အထည်ဖော်ခြင်းသည် နိုင်ငံ၏အခြေအနေနှင့် ရည်မှန်းချက်များကို မဖြစ်မနေ သိရှိထားရမည်ဟု မှတ်ချက်ပြုထားသည်။ ထိုနေရာတွင် စင်ကာပူအစိုးရသည် ၁၉၉၃ ခုနှစ် ဗီယင်နာ ကြေညာစာတမ်းနှင့် လက်တွေ့ဆောင်ရွက်ရန် အစီအစဉ် VDPA ၁၉၉၃ ကို လက်ခံခဲ့စဉ်က ဖြစ်ခဲ့သော ကမ္ဘာလုံးဆိုင်အပြည်ပြည်ဆိုင်ရာ အခွင့်အရေးများနှင့် အမျိုးသားအဆင့်နှင့် ဒေသတွင်းအထူးဂရုပြုစရာများအကြား စကားစစ်ထိုးငြင်းခုံမှုကို ကိုးကားခဲ့ပါသည်။ (အခန်း ၃ တွင် ထိုအကြောင်းကို ဆွေးနွေးထားပါသည်)

ICCPR သည် UDHR ထဲရှိ နိုင်ငံသားနှင့်နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို ဥပဒေအရ စည်းကြပ် အာဏာတည်စေခဲ့သည်။ UDHR ထဲက အခွင့်အရေးများနှင့် တစ်ထေရာတည်းတူခြင်းတော့ မဟုတ်ပေ။ ICCPR သည် UDHR ထဲတွင် မပါသော ထပ်တိုးအခွင့်အရေးများ ဖြည့်ထားသည်။ ကိုယ်ပိုင်ဆုံးဖြတ်နိုင်မှု၊ တိုင်းပြည်မှနှင်ထုတ်ခြင်းနှင့် အမုန်းစကားပြောဆိုခြင်းကို တားမြစ်ခြင်းတို့ ဖြစ်သည်။ UDHR ထဲက အချို့အခွင့်အရေးများကို ထားခဲ့ခြင်းများလည်းရှိကာ ပိုင်ဆိုင်ခွင့်၊ ခိုလှုံခွင့်တောင်းပိုင်ခွင့် အစရှိသည်တို့ ICCPR တွင် ပါမလာခဲ့ပေ။

မှတ်သားဖွယ်ရာ

သဘောဆန္ဒအလျောက်လက်မှတ်ထိုးနိုင်သော ICCPR ၏ နောက်ဆက်တွဲစာချုပ်များ

ICCPR တွင် စိတ်ဆန္ဒအလျောက် ပါဝင်လက်မှတ်ရေးထိုးနိုင်သော နောက်ဆက်တွဲစာချုပ်ငယ် နှစ်ခုရှိပါသည်။ ပထမတစ်ခုသည် တစ်ဦးတစ်ယောက်ချင်းအနေဖြင့် လူ့အခွင့်အရေးကော်မတီသို့ တိုင်ကြားနိုင်စေခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းစဉ်ကို အခန်း ၅ တွင် ဆက်လက်ဆွေးနွေးပါမည်။ ဒုတိယ နောက်ဆက်တွဲစာချုပ်ငယ်သည် လာမည့်အပိုင်းတွင် ဆွေးနွေးမည့် သေဒဏ်ပေးခြင်းကို ဖျက်သိမ်းရေးဆိုင်ရာ ကတိကဝတ် အာမခံချက်များကို ဖော်ပြထားချက်ဖြစ်ပါသည်။

Jurisdiction
ဥပဒေသက်ရောက်စီရင်ပိုင်ခွင့်ရှိခြင်း

Jurisdiction သည်ကား ဥပဒေ (juris) နှင့် စကားပြောခြင်း (diction) တို့၌ အခြေခံအားဖြင့် အဓိပ္ပာယ်ရပါသည်။ Jurisdiction ဆိုသည်မှာ တရားဥပဒေ အသက်ဝင်ကျင့်သုံးရာ နေရာဖြစ်ပါသည်။

ICCPR ၏ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မိမိတို့နယ်နိမိတ်အတွင်းတွင်ရှိကြပြီး၊ မိမိတို့ ဩဇာအာဏာ လက်အောက်တွင်ရှိကြသော ပြည်သူများအတွက် စာချုပ်ပါအခွင့်အရေးများကို လေးစားလိုက်နာကာ ဥပဒေပေါ်ပေါက်အောင် အကောင်အထည်ဖော်ပေးရပေမည်။ လူ့အခွင့်အရေး သဘောတူစာချုပ်များ၏ တရားစီရင်ပိုင်ခွင့် အာဏာသက်ရောက်သော နယ်ပယ်သည် နယ်နိမိတ်ကို အခြေခံသည်။ ဆိုလိုသည်မှာ နိုင်ငံသားဖြစ်ခြင်းကြောင့် အခွင့်အရေးများကိုရရှိခြင်း မဟုတ်ဘဲ တိုင်းပြည်အတွင်း ရောက်ရှိနေခြင်းကြောင့် ရရှိခြင်းဖြစ်သည်။ ထိုအကြောင်းအရာကို အပိုဒ် ၂. ၁ တွင် အသေးစိတ်ဖော်ပြထားသည်။ နယ်နိမိတ်အတွင်း ရှိသော ဥပဒေသက်ရောက်မှုရှိစေမည့် လူသားတစ်ယောက်စီတိုင်း ICCPR အခွင့်အရေးများကို ရှိသည်။ သို့သော် ICCPR တွင် နိုင်ငံသားများသာရရှိသော အခွင့်အရေးနှစ်ခုရှိကာ နိုင်ငံရေးအခွင့်အရေးဖြစ်သော မဲပေးပိုင်ခွင့်နှင့် လွတ်လပ်စွာသွားလာလှုပ်ရှားပိုင်ခွင့်တို့ ဖြစ်သည်။ (နိုင်ငံသား မဟုတ်သူများ၏ အခွင့်အရေး အခန်း ၁၁ နှင့် ၁၂ တွင် ဖော်ပြထားပါသည်။) ဥပဒေသက်ရောက်ရာ နယ်ပယ်တွင်အစိုးရ၏ တန်ခိုးအာဏာ သက်ရောက်ရာ အခြားနယ်မြေများ ဥပမာ ကိုလိုနီများ သို့မဟုတ် အစောင့်ရှောက်ခံနယ်မြေများ လည်း ပါဝင်ပါသည်။ ယင်းသို့ တိုင်းပြည်၏တရားစီရင်ရေး နယ်မြေပြင်ပသို့ ရောက်နေသော နယ်မြေများသည် မျက်မှောက်ခေတ်တွင် အနည်းငယ်သာရှိတော့သော်လည်း ထိုနေရာများတွင် ICCPR အခွင့်အရေးများ ရှိနိုင်ပါသည်။ ဥပမာ - ပြင်သစ် ပိုလီနီးရှား၏ အစိတ်အပိုင်းဖြစ်သော တီဟီတီ၏ ပြင်သစ် ပစိဖိတ်ကျွန်းများ ဖြစ်သည်။ အရှေ့တောင်အာရှတွင် မည်သည့်နိုင်ငံ နယ်နိမိတ်ကမှ အလားတူ တရားစီရင်ပိုင်ခွင့်နယ်မြေဖြစ်နေခြင်းမရှိပေ။ မကြာသေးခင်ကမှ တရား စီရင်ပိုင်ခွင့်နယ်မြေနှင့်ပတ်သက်သည့် အငြင်းပွားမှုများ ဖြစ်ခဲ့သည်။ ဂွာတာနာမို ပင်လယ်အော်တွင် ရှိသော အမေရိကန်၏ ဖမ်းဆီးစစ်ကြောစခန်းသို့ ICCPR ဥပဒေ သက်ရောက်မှုမရှိကြောင်း အမေရိကန်ပြည်ထောင်စုက ဆိုခဲ့ဖူးသည့် ဥပမာ ရှိပါသည်။

လူ့အခွင့်အရေးသဘောတူစာချုပ်များအရ ဥပဒေသက်ရောက်ခြင်းသည် ထိုနိုင်ငံ၏ နယ်နိမိတ်အတွင်းတွင် ဖြစ်သည်။ ဆိုလိုသည်မှာ ထိုနိုင်ငံ၏ နယ်နမိတ်အတွင်းဝယ် ထိုဥပဒေက လုပ်ငန်းလည်ပတ်ပြီး ထိုနိုင်ငံနယ်စပ်ကိုကျော်သွားသည်နှင့် အစိုးရအနေဖြင့် ထိုဥပဒေကို လိုက်နာရမှု ပြီးသွားပါသည်။ စီရင်ပိုင်ခွင့် အခြားအမျိုးအစားများလည်းရှိပါသည်။ ကမ္ဘာလုံးဆိုအပြည်ပြည်ဆိုင်ရာ စီရင်ပိုင်ခွင့်သက်ရောက်မှုနှင့် နိုင်ငံသားများအပေါ်ကို စီရင်ပိုင်ခွင့်ဟူ၍ ဖြစ်ပေသည်။ (နိုင်ငံတကာ ရာဇဝတ်မှုများအကြောင်း ဖော်ပြထားသည့် အခန်း ၆ တွင် ထိုအကြောင်းကို အသေးစိတ်ဖော်ပြ

ထားပါသည်) နိုင်ငံများ၏ နယ်နမိတ်မျဉ်းများသည် ရှင်းလင်းစွာ သတ်မှတ်ပြီးဖြစ်သောကြောင့် စီရင်ပိုင်ခွင့်၊ ဥပဒေသက်ရောက်မှုကို နယ်နိမိတ်ဖြင့် အဓိပ္ပာယ်သတ်မှတ်ခြင်းသည် အလွန်ရိုးရှင်းပါသည်။ တစ်နိုင်ငံက နောက်တစ်နိုင်ငံကို ဝင်သိမ်းသည့်အခါ၊ သို့မဟုတ် နိုင်ငံတကာရေပြင်ရှိ လေပေါ်တွင် ဖြစ်နေသည့်အခါ သို့မဟုတ် လေယာဉ်ပေါ်တွင် ရောက်နေသည့်အခါများတွင် ရှုပ်ထွေးပါသည်။ ဥပမာ ၂၀၀၃ - ၂၀၀၈ ခုနှစ်က အီရတ်ကို အမေရိကန်က ဝင်သိမ်းသည့်အခါ မည်သည့် ဥပဒေများက အာဏာတည်နေပါသနည်း။ ထိုကဲ့သို့သော ဖြစ်စဉ်အခြေအနေတွင် ဝင်သိမ်းသည့် အင်အားစုတွင် လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားရှိပါဦးမည်လော။ အဘယ်ကြောင့်ဆိုသော် အသိမ်းခံရသည့်နိုင်ငံသည် ကျူးကျော်လာသော အင်အားစု၏ဥပဒေရေးရာ ထိန်းချုပ်မှုအောက်တွင် ရှိနေသောကြောင့် ဖြစ်သည်။

အလားတူဖြစ်စဉ်အကြောင်းအရာမျိုး အရှေ့တောင်အာရှတွင် ဒုက္ခသည်လှေများကို ရေထဲသို့ပြန်လွှတ်ခဲ့ခြင်းနှင့်လည်း သက်ဆိုင်ပါသည်။ ၁၉၇၀ ကာလများက ဗီယက်နမ် ပဋိပက္ခ အတွင်း ဗီယက်နမ်ဒုက္ခသည်များ ပါဝင်သော လှေများကို စင်ကာပူနှင့် မလေးရှားရေတပ်များက မောင်းထုတ်ခဲ့ကြသည်။ မကြာသေးခင်ကပင် ဩစတြေးလျရေတပ်သည် ဒုက္ခသည်လှေများကို ပြန်မောင်းထုတ်ခဲ့ပြီး ရိုဟင်ဂျာများ စီးလာသောလှေများကို ထိုင်းရေတပ်က ဝင်ရောက်ခွင့်မပြုခြင်း အတွက်လည်း အလွန်ဝေဖန်ခံခဲ့ရသည်။ ICCPR ကော်မတီက မကြာသေးခင်က အကြံပြုထားသည်မှာ ရေတပ်အင်အားစုများက ဒုက္ခသည်လှေတစ်စင်းကို ရေထဲပြန်မောင်းထုတ်သည့်အခါ အဆိုပါလှေသည် ရေတပ်၏လုပ်ပိုင်ခွင့်အာဏာ၊ စီရင်မှုနယ်ထဲရောက်နေပြီဟု မှတ်ယူသင့်ကြောင်း၊ ထို့ကြောင့် လှေပေါ်ပါလာသူများ၏ ICCPR အခွင့်အရေးများကို အသိအမှတ်ပြုသင့်ကြောင်းဟူ၍ ဖြစ်ပါသည်။ နှိပ်စက်ညှဉ်းပန်းမှုဆန့်ကျင်ရေး ကွန်ဗင်ရှင်း ညီလာခံသဘောတူညီမှု အောက်တွင် မကြာ သေးခင်က ဖြစ်ခဲ့သော အမှုအခင်းတစ်ခုတွင် (ဆွန်ကိုနှင့်စပိန်၊ ၂၀၁၁။ Sonko Vs Sapin, 2011) စပိန်ရေပြင်ထဲသို့ဝင်ရန် ကြိုးစားနေသော ရွှေ့ပြောင်းသွားလာသူတစ်ဦး မော်ရိုကိုရေပြင်တွင် ရေနစ် သည်ကို စပိန်နိုင်ငံသားအစောင့်တပ်က ကယ်ဆယ်ရန်ပျက်ကွက်ခြင်းဖြင့် အမှုဖြစ်ခဲ့သည်။ ရွှေ့ပြောင်း သွားလာသူပုဂ္ဂိုလ်သည် စပိန်တွင်ရှိနေခြင်း မဟုတ်သော်လည်း ကော်မတီတွေ့ရှိချက်အရ လှေပေါ်တွင် ပါလာသူများကို စပိန်နိုင်ငံသား ကာကွယ်ရေးတပ်အရာရှိများက ထိန်းချုပ်ထားခြင်း ဖြစ်ရာ ၎င်းတို့လုံခြုံရေးအတွက် တာဝန်ရှိသည်ဟု ကော်မတီကဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် ဥပဒေ သက်ရောက်ရာ စီရင်ပိုင်ခွင့်သည် နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်းသာဟူ၍ မဟုတ်ဘဲ အစိုးရက ထိရောက်စွာ ထိန်းချုပ်ထားသော နေရာများလည်း ပါဝင်သည်ဟု ဆိုရပေမည်။

၃.၂ ICCPR အတွင်းရှိ အခွင့်အရေးများ

ယခုအပိုင်းတွင် သဘောတူစာချုပ်အတွင်းမှ အရေးကြီးသော အပိုဒ်အချို့ကို အကျဉ်းချုပ်ပြီး ဖော်ပြပါမည်။ ယင်းအခွင့်အရေးများထဲမှ အတော်များများကို ယခုပြဋ္ဌာန်းစာအုပ်၏ နောက်ပိုင်း အခန်းများတွင် နက်နက်ရှိုင်းရှိုင်းဆွေးနွေးပါဦးမည်။ ယခုအခန်းတွင်တော့ အဓိကပါဝင်သည့်အရာ များကိုသာ ဖော်ပြပါမည်။

၃.၂.၁ ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်နိုင်ခြင်း (အပိုဒ် ၁)

ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့်နှင့် ပတ်သက်သည့် ICCPR ပထမအပိုဒ်သည် ICESCR ၏ ပထမဆုံးအပိုဒ်နှင့် တူညီပါသည်။ နိုင်ငံရေးအင်အားစုများအနေဖြင့် မိမိတို့နှစ်သက်သည့် နိုင်ငံရေးစနစ်ကို ရွေးချယ်ကာ၊ မိမိတို့၏ကိုယ်ပိုင် အရင်းအမြစ်များကို ဆန္ဒရှိသလို အသုံးပြုနိုင်သော အခွင့်အရေးနှင့် ဆိုင်ပါသည်။ ICCPR နှင့် ICESCR ပါ ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့် ဆိုသည့် အချက်သည် ကိုလိုနီအပြုခံရခြင်း၊ ကိုလိုနီစနစ်မှ လွတ်မြောက်ပိုင်ခွင့်ကို ရည်ညွှန်းပါသည်။ ထို လူ့အခွင့်အရေးစာပိုဒ်သည် တိုင်းရင်းသားလူမျိုးများနှင့် ယဉ်ကျေးမှုဆိုင်ရာ အစုအဖွဲ့များကို အချို့သော အခွင့်အရေးများပေးသော်လည်း၊ အဆိုပါအခွင့်အရေးများသည် လူနည်းစု၊ ယဉ်ကျေးမှု၊ မျိုးနွယ်စုအစုအဖွဲ့များ ကိုယ်ပိုင်နိုင်ငံများထူထောင်ပိုင်ခွင့်ကို ခွင့်ပြုရန် ရည်ရွယ်ထားခြင်းမဟုတ်ပေ။ အဆိုပါအခွင့်အရေးသည် အရှေ့တောင်အာရှနိုင်ငံများ ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့်ရရှိစေရေး လှုပ်ရှားမှုနောက်ခံအခြေအနေနှင့် ဆက်စပ်ပါသည်။

၃.၂.၂ ခွဲခြားဆက်ဆံခြင်းမှ လွတ်မြောက်ပိုင်ခွင့် (အပိုဒ် ၂)

လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီမှု စာချုပ်အားလုံးသည် တန်းတူညီမျှခြင်းနှင့် ခွဲခြားဆက်ဆံမှုမရှိစေခြင်းဆိုင်ရာ အခွင့်အရေးများကို အသိအမှတ်ပြုကြသည်။ (ICCPR အပိုဒ် ၂) အခန်း(၁) တွင်ဖော်ပြခဲ့သည့်အတိုင်း လူမျိုး၊ ကျားမ ဂျန်ဒါ၊ ဘာသာစကား၊ နိုင်ငံရေး အတွေး အမြင် စသဖြင့်တို့ကို အခြေခံ၍ ခွဲခြားဆက်ဆံခြင်းကို တရားနည်းလမ်းကျသည်ဟုသတ်မှတ်ခြင်း သို့မဟုတ် ခွင့်ပြုခြင်း လုံးဝမလုပ်ရပေ။ ICCPR တွင် ဖြစ်နိုင်သော ခွဲခြားဆက်ဆံခြင်းများစွာ စာရင်းကိုပြထားပြီး၊ မည်သည့်ပုံစံဖြင့်မဆို ဟူသော စကားဖြင့်လည်း ပိတ်ထားသောကြောင့် တခြားနည်းဖြင့် ခွဲခြားမည့်ပုံ ပေါ်လာလျှင်လည်း တားမြစ်ထားပါသည်။ ထိုကဏ္ဍတွင်တွင် အရေးကြီးသော ဆွေးနွေးရန်ကိစ္စတစ်ခုက လိင်တိမ်းညွတ်မှု sexuality ပေါ်မူတည်၍ ခွဲခြား ဆက်ဆံခြင်းဖြစ်သည်။ စာချုပ်ပါ လိင် sex ဆိုသည့် စကားသည် ဇီဝဗေဒအရ ကျား သို့မဟုတ် မ ကိုသာ စာပိုဒ်ထဲတွင် ရည်ရွယ်ခဲ့ခြင်းဖြစ်ပြီး၊ လိင်တိမ်းညွတ်မှု sexuality ကို ရည်ရွယ်ခဲ့ခြင်းမဟုတ်ပေ။

၃.၂.၃ အသက်ရှင်ရပ်တည်ခွင့် (အပိုဒ် ၆)

UDHR အခွင့်အရေးများထဲမှ အသက်ရှင်ရပ်တည်ခွင့်ဆိုသည့် အခွင့်အရေးသိသိသာသာ ဖွံ့ဖြိုးလာခြင်းမှာ ICCPR ၌ သေဒဏ်ပေးခြင်းကို ကန့်သတ်ချက်များ ပါဝင်လာခြင်းပင် ဖြစ်ပေသည်။ အသက်ရှင်ရပ်တည်ခွင့်ကို ဥပဒေဖြင့်အကာအကွယ်ပေးရပေမည်။ လက်တွေ့တွင်လည်း လူတစ်ဦးကို သေစေသော လူသတ်ခြင်း သို့မဟုတ် အခြားလုပ်ရပ်များကျူးလွန်ခြင်းကို ရာဇဝတ်မှုအဖြစ် နိုင်ငံတိုင်းက သတ်မှတ်ထားပြီးဖြစ်သည်။ ICCPR သည် နိုင်ငံများအနေဖြင့် သေဒဏ်ပေးရာတွင် အခြေအနေများထားရှိကာ ဆောင်ရွက်ရန် သတ်မှတ်ထားပါသည်။ အလွန်ပြင်းထန်ကြီးမားသော ရာဇဝတ်မှုများကိုသာ သေဒဏ်ပေးနိုင်ပါသည်။ သေဒဏ်ပေးသောအခါ အယူခံဝင်ခွင့် ရှိရပါမည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ ကလေးများ၊ စိတ်ပိုင်းဆိုင်ရာမသန်စွမ်းများနှင့် သက်ကြီးရွယ်အို များကဲ့သို့ အချို့လူပုဂ္ဂိုလ်များကို သေဒဏ်ပေး၍မရပေ။ အဆိုပါစာပိုဒ်သည် သေဒဏ်ကို တားမြစ်

ခြင်း မရှိသော်လည်း သီးခြားဖြည့်စွက်သဘောတူညီမှု Second Optional Protocol ကို နိုင်ငံများအနေဖြင့် သဘောတူညီနိုင်ပြီး ယင်းဖြည့်စွက်သဘောတူညီမှုအရ သေဒဏ်ပေးခြင်းကို ဖျက်သိမ်းရသည်။ အဆိုပါ ဖြည့်စွက်နောက်ဆက်တွဲစာချုပ်ငယ်ကို နိုင်ငံပေါင်း ၇၅ နိုင်ငံက သဘောတူညီထားပြီး ၁၉၉၁ ကတည်းက အသက်ဝင်ကျင့်သုံးနေပြီ ဖြစ်သည်။ အရှေ့တောင်အာရှတွင် ဖိလစ်ပိုင်နှင့် တီမောကျွန်းစုသာ အဆိုပါ နောက်ဆက်တွဲစာချုပ်ငယ်ကို သဘောတူညီလက်မှတ်ရေးထို ဥပဒေပြုထားပြီး ဖြစ်ပါသည်။ ယင်းဖြည့်စွက် သဘောတူညီမှုအရ နိုင်ငံများအနေဖြင့် သေဒဏ်ကို ဖယ်ရှားဖျက်သိမ်းရန် လိုအပ်ပါသည်။ ဥရောပတွင် ပြီးဆုံးခဲ့ပြီးဖြစ်ကာ လက်တင်အမေရိကနိုင်ငံ အများစုကလည်း သေဒဏ်ကိုယ်ရှားဖျက်သိမ်းခဲ့ပြီးဖြစ်သည်။ အဆိုပါ ဒေသကြီးနှစ်ခုတွင် အဆိုပါ အသက်ရှင်ခွင့်ကို ရရှိခဲ့ပြီးသည်မှာ ဒေသတွင်းသဘောတူညီမှုများ၊ စာချုပ်များဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

သေဒဏ်ပေးခြင်း

ကမ္ဘာအနှံ့တွင် နိုင်ငံများစွာတို့သည် သေဒဏ်ပေးခြင်းကို ဆက်လက်ပယ်ဖျက်လျက်ရှိကြသည်။ နိုင်ငံပေါင်း ၁၀၀ ကျော်တွင် တားမြစ်ထားပြီးဖြစ်သည်။ နိုင်ငံ ၅၀ ခန့်သည် သေဒဏ်ကို အသုံးမပြုတော့သည်မှာ ၁၀ နှစ် ကျော်ကြာခဲ့လေပြီ။ လက်ရှိတွင် နိုင်ငံပေါင်း ၄၂ နိုင်ငံကသာ ဆက်လက်အသုံးပြုနေဆဲဖြစ်သည်။

သေဒဏ်ပေးခြင်းသည် အရေးပါသော ရာဇဝတ်မှုနှိမ်နင်းရေး လက်နက်ဖြစ်ကာ ပြင်းထန်သော ရာဇဝတ်မှုများကို မရှိမဖြစ် အပြစ်ပေးရသော နည်းလမ်းဖြစ်သည်ဟု အချို့က တန်ပြန်ပြောဆိုကြသည်။ ဥပမာ - မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားခြင်းကို သေဒဏ်ပေးခြင်းသည်သာလျှင် ထိရောက်သော ဖြိုခွင်းမှုဖြစ်သည်ဟု စင်ကာပူ၊ မလေးရှား နှင့် အင်ဒိုနီးရှားတို့က ပြောဆိုကြသည်။ အဆိုပါနိုင်ငံများတွင် သေဒဏ်ပေးသုတ်သင်ခြင်းတွင် မူးယစ်မှောင်ခိုများ ပါလေ့ရှိသည်။ အပြစ်ကင်းစင်သူကို မှားယွင်းစွာ သေဒဏ်ပေးမိတတ်ခြင်း၊ ရာဇဝတ်မှုနှုန်း မကျဆင်းခြင်း၊ အပြစ်ဒဏ်ခံရသူများမှာ ဆင်းရဲသူများနှင့် ခွဲခြားဆက်ဆံခံရသူများသာ များခြင်းကြောင့် သေဒဏ်ပေးခြင်းကို ဖျက်သိမ်းသင့်ကြောင်း အချို့က တန်ပြန်ငြင်းချက်ထုတ်ကြသည်။

ဒေသတွင်းပြဿနာတစ်ခုမှာ စင်ကာပူနှင့် မလေးရှားတွင် mandatory death penalty ခေါ် စည်းကမ်းသတ်မှတ်ထားသော သေဒဏ်ပေးခြင်းဖြစ်ပါသည်။ mandatory ခေါ် လုပ်ပိုင်ခွင့်ပေး သေဒဏ်ပေးခြင်းဆိုသည်မှာ လူတစ်ယောက်ထံတွင် သတ်မှတ်ထားသောပမာဏ တစ်ခုခုအထိ မူးယစ်ဆေးဝါးများကိုတွေ့ရှိပါက မည်သည့်အခြေအနေပင်ဖြစ်စေကာမူ အလိုအလျောက် သေဒဏ်ပေးပြီး ဖြစ်သည်။

မေးခွန်း။ ။ သေဒဏ်ပေးခြင်းသည် မရှိမဖြစ် လိုအပ်ပါသည်လော။ လူတစ်ယောက်သည် ယုတ်မာပက်စက်သော ရာဇဝတ်မှု တစ်ခုခု (ဥပမာ - လူသတ်မှု၊ မုဒိန်းမှု) တို့ကို ကျူးလွန်ခဲ့ပါလျှင် အပြင်းထန်ဆုံးသော အပြစ်ပေးမှုကို ခံယူရထိုက်သည်မှာ အသေအချာပင် ဖြစ်ပါသည်။ သို့သော် သေဒဏ်သည် ထောင်ဒဏ်တစ်သက်ထက် ပို၍ပြင်းထန်သည်ဟု မည်သူက ဆိုပါသနည်း။

မေးခွန်း။ ။သေဒဏ်သည် လူအများ ရာဇဝတ်မှုမကျူးလွန်အောင် အမှန်တကယ် တားမြစ်ပေးပါသလား။

မလေးရှားနှင့် စင်ကာပူနိုင်ငံရှိ မူးယစ်ဆေးဝါး ပြဿနာများသည် အခြားနိုင်ငံများနှင့်ယှဉ်သော် လျော့ကျသွားသည်ဟုတော့ ဝန်ခံရပေမည်။ သို့သော် လူများကိုဖမ်းမိနေပြီး ဆက်လက် သေဒဏ် ပေးနေရဆဲဖြစ်သည်။ ဆိုလိုသည်မှာ သေဒဏ်ရှိသော်လည်း မူးယစ်ဆေးဝါး ဖောက်ကားမှုက ရှိနေဆဲ ဖြစ်ပါသည်။

မေးခွန်း။ ။ လူသတ်သမားကို သေဒဏ်ပေးခြင်းအား နစ်နာသူ မိသားစုဝင် တစ်ဦးဦးကို ကြည့်ခွင့် မပြုသင့်ပြီလော။ ထိုပုဂ္ဂိုလ်အတွက် တရားမျှတသည်ဟူသော ခံစားချက်ကိုပေးပေလိမ့်မည်။ သို့သော် တရားမျှတမှုသည် မျှတသည့်တရားခွင်ဖြင့်သာ ဆုံးဖြတ်ရခြင်းဖြစ်ကာ စိတ်ခံစားချက်တစ်ခု၊ နစ်နာသူ မိသားစုဝင်တစ်ဦးနှင့် မဆုံးဖြတ်ရပေ။

မှတ်သားဖွယ်ရာ

အရှေ့တောင်အာရှဒေသ၏ သေဒဏ်ပေးမှု မှတ်တမ်း (၂၀၁၃ ခုနှစ်အထိ)

နိုင်ငံ	သေဒဏ်ကို အသုံးပြုပါသေးသလော	သေဒဏ်အပြစ်ပေးမှုကို အသုံးပြုခဲ့ခြင်း
ဘရူနိုင်း	အသုံးပြုသည်။	ဗြိတိသျှအစောင့်ရှောက်ခံနယ်မြေ ဖြစ်ခဲ့စဉ် ၁၉၅၇ ခုနှစ်က နောက်ဆုံးအကြိမ် သေဒဏ် ပေးခဲ့ဖူးသည်။
ကမ္ဘောဒီးယား	အသုံးမပြုတော့ပါ။	သေဒဏ်ပေးသည့် ဥပဒေမရှိတော့။ ၁၉၈၉ ခုနှစ်က နောက်ဆုံး သေဒဏ်ပေးခဲ့ဖူးသည်။
အင်ဒိုနီးရှား	အသုံးပြုသည်။	နောက်ဆုံး သေဒဏ်ပေးထားမှုမှာ ၂၀၀၈ ခုနှစ်က ဖြစ်သည်။
လာအို	အသုံးပြုသည်။	နောက်ဆုံး သေဒဏ်ပေးထားမှုမှာ ၁၉၈၈ ခုနှစ်က ဖြစ်သည်။
မလေးရှား	အသုံးပြုသည်။	Mandatory death penalty လုပ်ပိုင်ခွင့်ပေးချက်ခြင်း သေဒဏ်စနစ် ရှိသည်။ နှစ်စဉ် သေဒဏ်ပေးခြင်းများရှိသည်။
မြန်မာ	မကျင့်သုံးတော့ပေ။	နောက်ဆုံး သေဒဏ်ပေးထားမှုမှာ ၁၉၉၃ ခုနှစ်က ဖြစ်သည်။

နိုင်ငံ	သေဒဏ်ကို အသုံးပြုပါသေးသလော	သေဒဏ်အပြစ်ပေးမှုကို အသုံးပြုခဲ့ခြင်း
ဖိလစ်ပိုင်	မကျင့်သုံးတော့ပေ။	၁၉၈၇ မှ ၁၉၉၃ အတွင်း သေဒဏ်ကို ဖျက်သိမ်းထားခဲ့သည်။ ထို့နောက် ပြန်စခဲ့ပြီး ၂၀၀၆ တွင် ပြန်လည်ဖျက်သိမ်းခဲ့သည်။
ထိုင်း	အသုံးပြုသည်။	နောက်ဆုံး သေဒဏ်ပေးထားမှုမှာ ၂၀၀၉ ခုနှစ်က ဖြစ်သည်။
စင်ကာပူ	အသုံးပြုသည်။	အမှုကြောင်းအရ မဖြစ်မနေ သေဒဏ်ပေးစီရင်မှုများကို မကြာသေးခင်က ကန့်သတ်ထားသည်။ နှစ်စဉ် သေဒဏ်ပေးခြင်းများ ရှိသည်။
ဗီယက်နမ်	အသုံးပြုသည်။	နှစ်စဉ်သေဒဏ်ပေးခြင်းများ ရှိသည်။

၃.၂.၄ ဥပဒေဆိုင်ရာ အခွင့်အရေးများ (အပိုဒ် ၉၊ ၁၀၊ ၁၄၊ ၂၆)

ICCPR ရှိ အခွင့်အရေး အပိုဒ်များထဲမှ အချို့သည် ဥပဒေစနစ်အား တရားမျှတ၊ ထိရောက်စေရန်အတွက် ပြုထားခြင်းဖြစ်သည်။ တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှခြင်း (အပိုဒ် ၂၆)၊ တရားမမျှတသော ထောင်သွင်းအကျဉ်းချခြင်း (တရားမစီရင်ဘဲ တစ်ဖက်သတ် ဖမ်းဆီးခြင်း အကြောင်းမှာ အပိုဒ် ၉ တွင် ပါဝင်ပြီး လူမဆန်သော ထောင်တွင်းဆက်ဆံခြင်း အကြောင်းမှာအပိုဒ် ၁၀ တွင်ပါဝင်သည်)၊ မှန်ကန်ပြီး ဘက်မလိုက်သော၊ မျှတသော တရားရုံးများရှိခြင်း (အပိုဒ် ၁၄ တွင် ဖော်ပြထားကာ သဘောတူညီမှု စာချုပ်တွင် အကြီးဆုံး စာပိုဒ်ဖြစ်သည်) စသည့် အကောက်အယူများကို ICCPR ပါ အခွင့်အရေးက အကာအကွယ်ပေးထားပါသည်။ ဥပဒေရေးရာ အခွင့်အရေးများတွင် နယ်ပယ်သုံးခုရှိပါသည်။ ၎င်းတို့မှာ (၁) ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းဆိုင်ရာ အခွင့်အရေး၊ (၂) တရားရုံးအတွင်းရှိ အခွင့်အရေးနှင့် (၃) ထောင်သွင်းအကျဉ်းခံရ သည့်အချိန်တွင် ရှိမည့် အခွင့်အရေးတို့ ဖြစ်ပါသည်။ အဆိုပါကဏ္ဍသုံးခုကို အကျဉ်းအားဖြင့် လေ့လာကြည့်ကြပါစို့။

- ဖမ်းဆီးခြင်း။ ။လူတစ်ဦးကို အကြောင်းပြချက် မရှိဘဲလျက် ဖမ်းဆီး၍မရပေ။ (ဆိုလိုသည်မှာ တစ်ဖက်သတ် ဖမ်းချင်သလို ဖမ်း၍မရပေ)။ မည်သည့်အတွက် အဖမ်းခံရသည်ကို နားလည်ထားရမည်။ တရားရုံးသို့ သွားရောက်ရင်ဆိုင်ခွင့်ရှိရမည်။ တရားရုံးက အပြစ်ရှိသည်ဟု မဆုံးဖြတ်မချင်း အပြစ်မရှိဟု ယူဆရမည်။
- တရားခွင်။ ။တရားရုံးမှ တရားသူကြီးများသည် အရည်အချင်း ပြည့်ဝရမည်ဖြစ်ကာ ဘက်လိုက်သူများလည်း မဟုတ်ရပေ။ လူတိုင်းသည် ရှေ့နေဌားပိုင်ခွင့် ရှိရမည်ဖြစ်ကာ၊ နှစ်ဖက် သက်သေများကို စစ်ဆေးပိုင်ခွင့် ရှိရမည်ဖြစ်ကာ သင့်တင့်လျောက်ပတ်သော အခြေအနေတစ်ခုတွင် တရားခွင်ကို စတင်ရမည် ဖြစ်ပါသည်။ စွပ်စွဲခံရသူသည် တရားရုံး၏

ဆုံးဖြတ်ချက်ကို ပြန်လှန်မေးခွန်းထုတ်ခြင်း သို့မဟုတ် အယူခံဝင်နိုင်ရပေမည်။ ကလေးများအတွက် ခြားနားသောတရားခွင် စနစ်ရှိရပေမည်။ အပြစ်ပေးမှုသည် ရာဇဝတ်မှု၏ ပြင်းထန်မှုအလျောက် ဖြစ်သင့်ပါသည်။

- ထိန်းသိမ်းချုပ်နှောင်ခြင်း။ ။ မည်သည့်အကြောင်းပြချက်မှ မရှိပါဘဲလျက် မည်သူ့ကိုမှ ဖမ်းဆီးထိန်းသိမ်းခွင့်မရှိပေ။ မည်သည့်အတွက် ဖမ်းဆီးချုပ်နှောင်ရသည် ဆိုသည်ကို ဖမ်းခံရသူများ သိစေအပ်ပါသည်။ တရားရုံးသို့ မတင်ခင်ကာလရှည်ကြာစွာ ချုပ်ထားခြင်း မပြုရပေ။ ဖမ်းဆီးချုပ်နှောင်ထားသည့် အခြေအနေသည် လူသားဆန်ရပေမည်။

၃.၂.၅ လွတ်လပ်စွာ သွားလာလှုပ်ရှားပိုင်ခွင့် (အပိုဒ် ၁၂)

လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်ဟု ဆိုရာဝယ် တိုင်းပြည်တွင်း သွားလာလှုပ်ရှားခြင်းနှင့် တိုင်းပြည်များအကြား သွားလာလှုပ်ရှားခွင့် ဟူ၍ ရှိပါသည်။ မည်သို့ပင်ဖြစ်စေ နှစ်မျိုးလုံးတွင် အကန့်အသတ်များ ရှိပါသည်။ လူတစ်ဦးသည် မည်သည့်တိုင်းပြည်မှမဆို ထွက်ခွာသွားပိုင်ခွင့်ရှိပြီး၊ ကိုယ့်တိုင်းပြည်ကိုသာ ဝင်ရောက်ရန် အခွင့်အရေးရှိပါသည်။ မည်သည့်အကြောင်းဖြင့်မဆို နိုင်ငံတစ်နိုင်ငံသည် နိုင်ငံသားမဟုတ်သူများကို ၎င်းတို့တိုင်းပြည်ထဲ အဝင်မခံရန် ငြင်းဆန်ပိုင်ခွင့်ရှိပါသည်။ အဆိုပါ ဆုံးဖြတ်ချက်ကိုလည်း တစ်ဖက်သက်ချမှတ် နိုင်ပါသည်။ ဥပမာဆိုရလျှင် ပြည်ဝင်ခွင့်တွင် ဆံပင်အတိုအရှည်ကိုကြည့်၍ပင် ငြင်းပယ်ခြင်း၊ လက်ခံခြင်းပြုနိုင်ပါသည်။ (၁၉၆၀ နှင့် ၇၀ ကာလများက စင်ကာပူတွင် ဆံပင်အရှည်နှင့်အမျိုးသားများကို ပြည်ဝင်ခွင့် မပေးပါ။ ထို့ကြောင့် ရော့ခ်တေးဂီတဝိုင်းလက်ဒ်ဇက်ပလင်သည် ဆံပင်ညှပ်မလာနိုင်သဖြင့် စင်ကာပူရှိ စင်မြင့်ဖျော်ဖြေပွဲကို ဖျက်သိမ်းခဲ့ရဖူးသည်)

တိုင်းပြည်တစ်ပြည်၏ နယ်နိမိတ်ထဲသို့ ဥပဒေနဲ့အညီ ရောက်ရှိနေသော ပြည်သူများအတွက်သာဟု ICCPR တွင် သတ်မှတ်ကန့်သတ်ထားသော်လည်း တိုင်းပြည်တစ်ပြည်ထဲတွင် လူအများလွတ်လပ်စွာ သွားလာခွင့်ရှိသည်။ လွတ်လပ်စွာသွားလာခြင်း၏ ထင်ရှားသော အကန့်အသတ်များလည်း ရှိပါသည်။ တခြား လူများ၏ အိမ်ထဲသို့ဝင်ရောက်ခွင့်မရှိ။ အမျိုးသားအိမ်သာထဲသို့ အမျိုးသမီးများ ဝင်ရောက်ခွင့်မရှိပေ။ အောက်တွင်ဖော်ပြမည့် အဆိုပါ အကန့်အသတ်များသည် ဥပဒေနှင့် အညီသာဖြစ်ရမည်။ ကျင့်ဝတ်သီလကို လိုက်နာခြင်း သို့မဟုတ် အခြားသူများ၏ အခွင့်အရေးကို စောင့်စည်းပေးခြင်းဖြင့်သာ မိမိအခွင့်အရေးကို ခံစားခွင့်ရှိသည်။

၃.၂.၆ ဘာသာတရား လွတ်လပ်ခွင့် (အပိုဒ် ၁၈)

လူအများတွင် ၎င်းတို့၏ ဘာသာတရားကို ယုံကြည်ကျင့်ကြံအားထုတ်ခွင့် ရှိပါသည်။ ထို လွတ်လပ်ခွင့်ကို အပိုဒ် ၂၇ တွင် ဖော်ပြထားသည့် လူနည်းစုနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးတို့နှင့် ရောထွေးလေ့ရှိသည်။ ဘာသာတရားလွတ်လပ်ခွင့်ဆိုသည်မှာ မိမိ၏ယုံကြည်ရာကို ထုတ်ဖော်ကျင့်ကြံလိုသူတိုင်းအား အကာအကွယ်ပေးထားခြင်းဖြစ်ပါသည်။ ထိုအခွင့်အရေးကို တစ်ဦးတစ်ယောက်ချင်းသော်လည်းကောင်း၊ လူစုလူဝေးနှင့်သော်လည်းကောင်း ရရှိခံစားနိုင်ပါပေသည်။ ဘာသာရေးကို လွတ်လပ်စွာ ယုံကြည်ခွင့်သည် အလုပ်ခွင်နှင့် ပညာသင်ရာနေရာတို့တွင်ပါ အကျုံးဝင်

ပါသည်။ ထိုအခွင့်အရေးသည် ဘာသာတရားတစ်ခုအား အတင်းအဓမ္မယုံကြည်ခိုင်း သွတ်သွင်းခြင်းမှလည်း လူအများကို ကာကွယ်ပေးထားပါသည်။ အခန်း ၃ တွင် အသေးစိတ်ဖော်ပြမည့်အတိုင်း ဘာသာတရားလွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးတွင် ရှုပ်ထွေးသော ငြင်းခုံစရာများစွာရှိပါသည်။ ဘာသာရေးလွတ်လပ်ခွင့် စာပိုဒ်က ဘာသာတရား ကူးပြောင်းခြင်းကို ခွင့်ပြုထားသော်လည်း ယင်းကိစ္စကို ဘာသာတရားအတော်များများက လက်ခံထားခြင်းမရှိပေ။ ထို့ထက်ပို၍ အချို့သော အရှေ့တောင်အာရှနိုင်ငံများတွင် နိုင်ငံတော်ဘာသာဟူ၍ ရှိပေရာ ထိုဘာသာဝင် မဟုတ်သူများ အနေဖြင့် ခွဲခြားဆက်ဆံခံရနိုင်သည့် စိမ်ခေါ်မှုများရှိပါသည်။ နောက်ဆုံးတစ်ခုမှာ အချို့သော ဘာသာရေး ကျင့်ကြံယုံကြည်ပုံများအရ ဘာသာရေးခေါင်းဆောင်များ ရွေးချယ်ရာတွင်ပင် အမျိုးသမီးများ ချန်လှပ်ခွဲခြားခြင်းခံရပါသည်။ အချို့သော ဘာသာရေးဓလေ့များကို ဥပဒေများဖြင့် ကန့်သတ်နိုင်သည်။ ဥပမာ - မယားများစွာယူခြင်းကို ကန့်သတ်ထားခြင်းမျိုး ဖြစ်သည်။ သို့သော် လွတ်လပ်စွာထုတ်ဖော်ခြင်းနှင့် သွားလာလှုပ်ရှားမှုကို ကန့်သတ်သကဲ့သို့ပင် ဥပဒေနှင့်အညီ ဖြစ်ရမည်ဖြစ်ကာ ကျင့်ဝတ်ပိုင်းဆိုင်ရာနှင့် လုံခြုံရေးပိုင်းဆိုင်ရာ မရှိမဖြစ်လိုအပ်ကြောင်း အကြောင်းပြချက်ခိုင်လုံရပါမည်။

၃.၂.၇ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခြင်း

အရှေ့တောင်အာရှနိုင်ငံ ဥပဒေများသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်းကို ကန့်သတ်ထားမှုများ ရှိသည်။ (က) အသရေဖျက်မှု၊ (ခ) အာဏာရှိသူများကို အကြည်ညိုပျက်စေမှု၊ (ဂ) နိုင်ငံတော်လျှို့ဝှက်ချက်ပေါက်ကြားပြောဆိုမှု (နိုင်ငံတော်သစ္စာဖောက်မှု)၊ (ဃ) လိင်အပြာကိစ္စများ နှင့် (င) စာရေးသူ၏ အခွင့်အရေးများကို ကာကွယ်ပေးထားသော အသိဉာဏ်မူပိုင်ခွင့် ဥပဒေများ ဖြစ်ကြသည်။ မည်သို့ပင်ဖြစ်စေ အကန့်အသတ်များကို ကျင့်သုံးရန် ထည့်သွင်းထားသော အချို့ အရှေ့တောင်အာရှ နိုင်ငံများသည် အပိုဒ် ၁၉ ကို ချိုးဖောက်ရပေမည်။ ဥပမာ - ဘုရင်စနစ် အကြောင်းရေးထားသော အချို့စာအုပ်များ ထိုင်းနိုင်ငံတွင် ရောင်းချ၍မရပေ။ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် စေတန်၏ကျမ်းပိုဒ်များ The Satanic Verses ဆိုသည့် ဝတ္ထုကို ပိတ်ပင်ထားသည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြခြင်း အကြောင်းကို အခန်း ၁၅ တွင် ပိုမိုဆွေးနွေးထားပါသည်။

၃.၂.၈ လက်ထပ်ထိမ်းမြားပိုင်ခွင့် နှင့် သားသမီးရပိုင်ခွင့် (အပိုဒ် ၂၃)

လက်ထပ်ထိမ်းမြားပိုင်ခွင့်တွင် လူတိုင်းလက်ထပ်ပိုင်ခွင့်နှင့် အိမ်ထောင်တစ်ခုတွင် လက်တွဲဖော် နှစ်ဦးလုံး တန်းတူ အနေအထားရရှိရေးတို့ ပါဝင်သည်။ လက်ထပ်နိုင်သော အသက်အရွယ်သို့ ရောက်သည့်အခါ လူတိုင်းလက်ထပ်ထိမ်းမြားနိုင်သည်။ လက်ထပ်နိုင်သည့် အသက်အရွယ်ဆိုသည်ကိုမူ သဘောတူစာချုပ်တွင် ရှင်းလင်းဖော်ပြထားခြင်း မရှိပါ။ အရှေ့တောင်အာရှတွင် လက်ထပ်နိုင်သည့် အငယ်ဆုံးအသက် အရွယ်မှာ ၁၈ နှစ် ဖြစ်ပါသည်။ ထိုအသက်အရွယ်စံနှုန်းကို ကမ္ဘာအနှံ့တွင်လည်း တွေ့ရများပါသည်။ မိဘများ၏ သဘောတူညီမှုဖြင့် ၁၈ နှစ်အောက် လက်ထပ်ခြင်းကို ခွင့်ပြုကြသည်များလည်း ရှိပါသည်။ အချို့နိုင်ငံများက ၎င်းတို့နိုင်ငံသားများကို အတန်ငယ်အသက်ကြီးမှ လက်ထပ်စေလိုကြသည်။ ထို့ကြောင့် လက်ထပ်နိုင်သည့် အသက်အရွယ်ကို

မြင့်လိုက်သည်။ ဥပမာ - တရုတ်တွင် အမျိုးသမီးများအနေဖြင့် ၂၁ နှစ်မှ လက်ထပ်နိုင်သည့် အသက်သို့ရောက်ပြီး အမျိုးသားများအတွက်မူ ၂၄ နှစ်ဖြစ်ပါသည်။ ထို့ပြင် လူတိုင်းသည် လွတ်လပ်၍ စိတ်ပါလက်ပါရှိမှသာ လက်ထပ်ရမည်ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်မှ အတင်းအဓမ္မ လက်ထပ်ခိုင်း၍မရပေ။ လူကြီးမိဘက စီစဉ်ပေးသော လက်ထပ်ခြင်းကို သဘောတူလက်ခံသည် ဆိုပါက အဆိုပါ စီစဉ်သည့် လက်ထပ်ပေးမှုသည် အခွင့်အရေးချိုးဖောက်ရာ မရောက်ပေ။

အမျိုးသားနှင့်အမျိုးသမီးတို့သည် လက်ထပ်ထိမ်းမြားမှု အိမ်ထောင်ရေးသို့ ဝင်ရောက်ရာတွင်ဖြစ်စေ၊ ထွက်ခွာရာတွင်ဖြစ်စေ တန်းတူညီမျှစွာဖြစ်ရမည်ဟု မျှော်လင့်ထားသည်။ ကံမကောင်းအကြောင်းမလှစွာပင် အရှေ့တောင်အာရှနိုင်ငံ အတော်များများတွင် ထိုကဲ့သို့ အမြဲမဖြစ်တတ်ပါ။ အချို့သော အရှေ့တောင်အာရှနိုင်ငံများမှ ကွာရှင်းပြတ်စဲခြင်းဆိုင်ရာ ဥပဒေများသည် အမျိုးသမီးများထက် အမျိုးသားများကို မျက်နှာသာပေးထားပြီး ယခုအခါ ပြောင်းလဲလာနေပြီ ဖြစ်ပါသည်။ ဥပမာ - ထိုင်းနိုင်ငံက ယခင်ကွာရှင်းပြတ်စဲမှုဆိုင်ရာ ဥပဒေတွင် ကွာရှင်းလိုသော အမျိုးသမီးသည် ခင်ပွန်းသည် သစ္စာမဲ့ကြောင်းသက်သေပြရန် လိုအပ်ပြီး ခင်ပွန်းသည်အတွက်မူ မည်သည့်သက်သေပြရန် မလိုအပ်ပေ။ ရှေးယခင်စနစ် အင်ဒိုနီးရှားတွင်လည်း အစ္စလာမ်မစ် ဥပဒေအောက်တွင် ကွာရှင်းလိုသော အမျိုးသမီးများသည် အမျိုးသားနှင့်ခြားနားစွာ ဆက်ဆံခံရပါသည်။ ထိုအကြောင်းများကို အခန်း ၈ တွင် အသေးစိတ်ဖော်ပြပါမည်။ ဖိလစ်ပိုင်နိုင်ငံတွင် ကွာရှင်းပြတ်စဲခြင်းကို ခွင့်ပြုမထားပေ။ ဖိလစ်ပိုင်မှာ အဆိုပါဥပဒေကို ဆက်လက်ထားရှိနေသည့် တစ်ခုတည်းသော နိုင်ငံဖြစ်သည်။ အရှေ့တောင်အာရှတွင် လိင်တူချင်းလက်ထပ်မှုကို မည်သည့်နိုင်ငံကမှ အသိအမှတ်ပြုမထားပါ။

၃.၂.၉ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခြင်းနှင့် စုဝေးခြင်း (အပိုဒ် ၂၁၊ ၂၂)

အထက်ပါအခွင့်အရေးနှစ်မျိုးလုံးက UDHR တွင် တစ်ပိုဒ်တည်း အတူထားရှိသော်လည်း ICCPR တွင်မူ အခွင့်အရေးနှစ်ခုကို သီးခြားစီခွဲထားပါသည်။ ငြိမ်းချမ်းစွာစုဝေးခြင်း လွတ်လပ်စွာစုစည်းခွင့်နှင့် အစည်းအရုံးများဖွဲ့ခြင်း၊ လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခြင်း နှစ်ခုလုံးကို ဥပဒေများဖြင့် သတ်မှတ်ပေးထားနိုင်ပါသည်။ ပဋိညာဉ်စာချုပ်က နိုင်ငံရေးအစုအဖွဲ့များကိုသာ အကာအကွယ်ပေးထားခြင်း မဟုတ်သော်လည်း အဖွဲ့အစည်းများဖွဲ့စည်းခြင်းနှင့် တွေ့ဆုံစုဝေးခြင်းဖြင့် နိုင်ငံရေးတွင် ပါဝင်သည့် အခွင့်အရေးကိုလည်း ရစေပါသည်။ ၂၀၁၁ နှင့် ၂၀၁၂ က ကမ္ဘာအနှံ့တွင် လွတ်လပ်စွာစုစည်းခွင့်အရ လှုပ်ရှားမှုများက အကန့်အသတ်များအား သွေးတိုးစမ်းခဲ့ပါသည်။ ဥပမာ - အာရပ်နိုင်ငံများတွင် လူများစွာစုစည်းခဲ့ခြင်း၊ ဘန်ကောက်ဆန္ဒပြပွဲများနှင့် မလေးရှားရှိ Bersih လှုပ်ရှားမှုတို့ ဖြစ်ကြသည်။ ထိုအခွင့်အရေးများ ဆိုသည်မှာလည်း အကန့်အသတ်တော့ ရှိပါသည်။ ဥပမာ - ဧရိယာတစ်ခုကိုကြာရှည် သိမ်းထားပြီး ဆန္ဒပြနေခြင်းသည် အခြားသူများ၏ အခွင့်အရေးများကို ဆိုးရွားစွာ ထိရောက်မှုများ ရှိပါသည်။ ဥပမာ - လေဆိပ်နှင့် မြို့လယ်ဈေးရောင်းဈေးဝယ် ခရိုင်ကို အုပ်စုနှစ်စုက ဘန်ကောက်တွင် ဝင်စီးထားခဲ့ခြင်းသည် အဆိုပါနေရာများကို ရယူသုံးစွဲမည့် အခြားသူများ၏ အခွင့်အရေးကိုဆိုးရွားစွာ ထိခိုက်စေခဲ့ပါသည်။

၃.၂.၁၀ မဲပေးပိုင်ခွင့် (အပိုဒ် ၂၅)

နိုင်ငံရေးဆိုင်ရာ လူ့အခွင့်အရေးများတွင် မတူညီသောအမျိုးအစား အချို့ရှိပါသည်။ နိုင်ငံရေးတွင် ပါဝင်ပိုင်ခွင့်၊ နိုင်ငံရေးသမားအဖြစ် ရပ်တည်ခွင့်၊ ပြည်သူ့ဝန်ထမ်း သို့မဟုတ် အစိုးရ တာဝန်ရှိသူတစ်ဦးအဖြစ် ထမ်းဆောင်ပိုင်ခွင့်နှင့် မဲပေးပိုင်ခွင့်တို့ ပါဝင်သည်။

သဘောတူစာချုပ်တွင် ဒီမိုကရေစီစနစ်ဖြစ်ရမည်ဟု တိတိပပကြီး ပြောမထားသော်လည်း နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများတွင် ရွေးကောက်ပွဲများ သို့မဟုတ် မဲပေးပိုင်ခွင့်ရှိခြင်းဖြင့် နိုင်ငံရေး ဖြစ်စဉ်တွင် ပါဝင်ခွင့် ပြည်သူများတွင် ရှိရလိမ့်မည်ဟု ယူဆပါရှိပါသည်။ မဲပေးရုံမျှဖြင့် ဒီမိုကရေစီဟု မခေါ်ဆိုနိုင်ပါ။ အချို့ ဒီမိုကရေစီဟုခေါ်လို့မရသည့် နိုင်ငံများလည်း ရွေးကောက်ပွဲများ ပြုလုပ်ကြသည်။ ဥပမာ - ဗီယက်နမ်နှင့် လာအိုတို့ဖြစ်ကြသည်။ သို့သော် ဒီမိုကရေစီနိုင်ငံများ၏ နိုင်ငံရေးစနစ်တွင် မဲပေးခြင်းက မဖြစ်မနေ ပါဝင်ရပေရာ ဒီမိုကရေစီနှင့် မဲပေးခြင်းအကြား အားကောင်းသော ဆက်နွယ်မှုရှိသည်ကိုတော့ ငြင်းရခက်ခဲပါသည်။ မဲပေးပိုင်ခွင့်ဟုဆိုရာတွင် မဲပေးခြင်းလုပ်ငန်းစဉ်ပေါ်များစွာ မူတည်နေသည်။ လျှို့ဝှက်မဲပေးခြင်းဖြစ်ပြီး မဲပေးသင့်သူတိုင်း တန်းတူ ပါဝင်မဲပေးခွင့်ရပြီး အချိန်မှန် ကျင်းပနေသော စစ်မှန်ကောင်းမွန်သည့် ရွေးကောက်ပွဲများတွင် မဲပေးရခြင်းဖြစ်သင့်ပါသည်။ အဆိုပါ လိုအပ်ချက်များ ပြည့်စုံစေရခြင်း၏ ရည်ရွယ်ချက်မှာ ရွေးကောက်ပွဲဖြစ်စဉ် မျှတပြီး တန်းတူညီမျှရှိရန် ဖြစ်သည်။ (ထိုလိုအပ်ချက်များကို အခန်း ၁၅ တွင် ပိုမို ဆွေးနွေးဖော်ပြထားသည်။) အရှေ့တောင်အာရှ နိုင်ငံအားလုံးနီးပါးက ၎င်းတို့သည် ဒီမိုကရေစီနိုင်ငံများဖြစ်သည်ဟု ဆိုကြသည်။ သို့သော် ၎င်းတို့၏ ဒီမိုကရေစီလုပ်ငန်းစဉ်များ၏ အရည်အသွေးမှာ မေးခွန်ထုတ်ငြင်းခုံဖွယ်ရာ ဖြစ်သည်။ အရှေ့တောင်အာရှတစ်လွှား နိုင်ငံသားတိုင်းနီးပါး အချို့အချို့သော ရွေးကောက်ပွဲများတွင် မဲပေးနိုင်ကြသည်။ လူတိုင်းနိုင်ငံရေးသမားများ လုပ်နိုင်ကြသည်။ သို့သော် အဆိုပါ ရွေးကောက်ပွဲများမှ ထွက်ပေါ်လာသည့် အစိုးရများသည် ပြည်သူကိုကိုယ်စားပြုပါသလော ဆိုသည့် မေးခွန်းကလည်း ငြင်းခုံမှုများ ထပ်ဖြစ်လာနိုင်ပါသည်။

၃.၃ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို ကန့်သတ်ချက်ထားရှိခြင်း

ICCPR အခွင့်အရေးအချို့ကို အချို့သောအခြေအနေများ၌ ဥပဒေအရ တရားဝင် ကန့်သတ်လိုက်ခြင်းများကို ပြုလုပ်နိုင်သည်။ ကန့်သတ်ရာတွင်လည်း မတူညီသောပုံစံများရှိသည်။ ထိုပုံစံများမှာ (၁) အခွင့်အရေးအားလုံးကို ကန့်သတ်ခြင်း (၂) အစိုးရက အချို့သောအခွင့်အရေးများကို ကန့်သတ်ခြင်းနှင့် (၃) ခြွင်းချက်အနေဖြင့် စာချုပ်ပါအချို့အချက်များကို မလိုက်နာဘဲ လူအခွင့်အရေးကို တစိတ်တပိုင်းကန့်သတ်လိုက်ခြင်းတို့ဖြစ်ပါသည်။

၃.၃.၁ အခွင့်အရေးအားလုံးကို ကန့်သတ်ချက်

လူ့အခွင့်အရေးဆိုသည်မှာ လူသားတိုင်းကို သူတို့လုပ်ချင်ရာလုပ်နိုင်သည်ဆိုသည့် အဆုံးစွန်သော လွတ်လပ်ခြင်းမျိုး ခွင့်ပြုထားခြင်းမဟုတ်သည်ကို သတိထားရပေမည်။ ထို့ကြောင့် လူ့အခွင့်အရေးတိုင်းကို ကန့်သတ်ထားပြီး လူတိုင်းသည် ၎င်းတို့၏အခွင့်အရေးဖြင့် တစ်ပါးသူများ၏

အခွင့်အရေးကို မချိုးဖောက်ရန် စောင့်စည်းရမည်ဖြစ်သောကြောင့် ဖြစ်သည်။ ဥပမာ - တခြား လူတစ်ယောက်၏ အခွင့်အရေးကို ချိုးဖောက်နေပါလျှင် လူတစ်ယောက်သည် ၎င်း၏လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အသုံးမပြုအပ်ပေ။ ထိုအကြောင်းကို ICCPR အပိုဒ် ၅ တွင် အသေးစိတ် ဖော်ပြထားပါသည်။

၃.၃.၂ အချို့အခွင့်အရေးများကို အစိုးရက ကန့်သတ်ခြင်း

ICCPR တွင်ပါဝင်သော အချို့သောအခွင့်အရေးများ၏ ကန့်သတ်ချက်များကို သဘောတူ စာချုပ်ထဲတွင် တိတိပပ ဖော်ပြထားပါသည်။ အခွင့်အရေးတစ်ခု၏ဘောင်ကို ကျဉ်းသွားစေရန် အတွက် အစိုးရများက ဥပဒေဖြင့်ကန့်သတ်နိုင်ပါသည်။ ယေဘုယျ ဥပမာမှာ လွတ်လပ်စွာ ထုတ်ဖော် တင်ပြခြင်းကို ဆင်ဆာဖြတ်ပြီး ကန့်သတ်ခြင်းဖြစ်ပါသည်။ အလားတူစွာပင် လှုပ်ရှားသွားလာခွင့်၊ ဘာသာတရား၊ ထုတ်ဖော်တင်ပြခြင်း၊ စုဝေးခြင်းနှင့် အသင်းအပင်းဖွဲ့စည်းခြင်းတို့ကိုလည်း ကန့်သတ် သည်။ သို့သော်အောက်ပါအချက်များနှင့် လျော်ညီမှုသာ ကန့်သတ်ချက်များ ပြုလုပ်နိုင်ပါလိမ့်မည်။

(၁) ရေးသားပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်ဖြင့်သာ ကန့်သတ်ရမည်။ အစိုးရက တစ်ဖက်သက် အခွင့်အရေးများကို လုပ်ချင်သလို ကန့်သတ်နေခြင်းကိုကာကွယ်သည့် ဥပဒေစိုးမိုးရေးကို ဖော်ဆောင်ထားခြင်းဖြစ်သည်။ တိုင်းနိုင်ငံအစိုးရတစ်ရပ်သည် ကျင့်ဝတ်ပိုင်းဆိုင်ရာ သဘော ထား သို့မဟုတ် စီးပွားရေးအရ အကျိုးများစေသည်ဆိုသည့်အချက်များကိုသာ အခြေခံပြီး ကန့်သတ်ခြင်းများမပြုအပ်ဘဲ ရေးသားဖော်ပြထားသည် ဥပဒေတစ်ရပ်ရပ်ကို အခြေခံသည့် အမြင်ဖြင့်သာ ကန့်သတ်ရပေမည်။ အခွင့်အရေးများကို ကန့်သတ်သည့် ဥပဒေများကို ဥပမာ ပြရလျှင် လမ်းပိတ်ခြင်းကို ခွင့်မပြုဟူသော ဥပဒေဖြင့် ဆန္ဒပြခြင်းများကိုကန့်သတ်ပေးခြင်း၊ ဘာသာရေးကျင့်သုံးမှုဆိုင်ရာ ဥပဒေများ (ဘာသာရေး ရည်ရွယ်ချက်ဖြင့် တရားမဝင်ဆေးဝါး များကို အသုံးပြုခြင်းအား တားမြစ်ကန့်သတ်ခြင်း၊ ပုဂ္ဂလိက ပိုင်ဆိုင်ခြင်းဆိုင်ရာ ဥပဒေများ (အများပြည်သူဆိုင်ရာ နေရာများကိုဝင်ထွက်သွားလာခြင်းကို ကန့်သတ်ခြင်း) တို့ဖြစ်ကြသည်။

(၂) ကန့်သတ်လိုက်သည့် ဥပဒေများသည် လူ့အခွင့်အရေးနှင့် ညီညွတ်သည်ကို အစိုးရက ပြသ နိုင်ရမည်။ ဥပဒေအရဟုဆိုတိုင်း မှန်သည်ဟုတော့ ကောက်ယူ၍မရပေ။ အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်သည်ဆိုသော အကြောင်းပြချက်ဖြင့် လူ့အခွင့်အရေးဆိုင်ရာ စာအုပ်တစ်အုပ်ကို ဖတ်ခြင်းအား ပိတ်ပင်သည့်ဥပဒေချမှတ်ခြင်းသည်ကား မှန်ကန်သည့်ဥပဒေဟု ဆိုရခက်ပေ သည်။ ထိုကဲ့သို့ဖြစ်ရပ်မျိုး မြန်မာနိုင်ငံတွင် ဖြစ်ခဲ့ဖူးသည်။ UDHR ကြေညာစာတမ်းကို ဆောင်ထားသဖြင့် အဖမ်းခံရသူများစွာ ရှိခဲ့သည်။ သို့သော်မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ဆိုင်ရာ စာအုပ်များကိုဖတ်ခွင့်

(၃) တိကျသေချာသောအကြောင်းပြချက်ရှိမှသာလျှင် လူ့အခွင့်အရေးကို ကန့်သတ်နိုင်ပါသည်။ ICCPR ထဲတွင် ဖော်ပြထားသော အကြောင်းပြချက်များမှာ အများပြည်သူ အေးချမ်းသာ ယာရေး ပျက်ပြားစေမှု၊ တစ်ပါးသူ၏ အခွင့်အရေးများကိုကာကွယ်မှု၊ ပြည်သူ့ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှု၊ အမျိုးသားလုံခြုံရေးနှင့် ကျင့်ဝတ်သိက္ခာပိုင်းတို့ ဖြစ်ကြပါသည်။

ကန့်သတ်ချက်များထားရှိခြင်းသည် အထက်ပါအကြောင်းအရာများကြောင့်သာဖြစ်သင့်ပြီး အခြားအကြောင်းပြချက်များဖြင့် မချမှတ်သင့်ပေ။ စီးပွားရေးအရ အကျိုးရှိသည် သို့မဟုတ် ယဉ်ကျေးမှုကြောင့်ဖြစ်သည် စသည့်အကြောင်းပြချက်များဖြင့် အစိုးရသည် အခွင့်အရေးများကို မကန့်သတ်သင့်ပေ။ အဘယ့်ကြောင့်ဆိုသော် ယင်းအကြောင်းပြချက်များဖြင့် အခွင့်အရေးများကို ကန့်သတ်ကောင်းသည်ဟု ICCPR တွင် မပါဝင်သောကြောင့်ပင်ဖြစ်သည်။ အခွင့်အရေးများကို ကန့်သတ်ရာတွင် ပြည်သူ့ကျန်းမာရေးအကြောင်းပြချက်ကိုလည်း သုံးနိုင်သည်။ ဥပမာ - ရောဂါတစ်ခုခု ပြန့်ပွားမည်ကို ထိန်းချုပ်ရပ်တန့်ရန်အတွက် လွတ်လပ်စွာသွားလာခြင်းကို အစိုးရက ကန့်သတ်နိုင်ပါသည်။ အမျိုးသားလုံခြုံရေးအကြောင်းပြချက်ဖြင့် လွတ်လပ်စွာစုဝေးခြင်းကို ကန့်သတ်တားမြစ်နိုင်သလို ကျင့်ဝတ်ပိုင်း လိုက်နာအပ်သည့် စံနှုန်းများကိုလည်း ဆင်ဆာဖြတ်ရာတွင် မကြာခဏအသုံးပြုသည်။ အချို့သော ကန့်သတ်ချက်များက အဓိပ္ပာယ်ရှိသည်ဟု ဆိုသော်ငြား အဆိုပါအဓိပ္ပာယ်ဖွင့်ဆိုချက်များကို အမြဲတ်ထုတ်ကြသည့် အစိုးရများလည်း ရှိသည်။ ကျင့်ဝတ်သိက္ခာပိုင်းအရဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြင့် လိင်ပိုင်းဆိုင်ရာလူနည်းစု (LGBTQ များကို ဆိုလိုသည်) တို့၏ အခွင့်အရေးများကို ကန့်သတ်ခြင်း၊ အမျိုးသားလုံခြုံရေးခေါင်းစဉ်တပ်ကာ နိုင်ငံရေးအတိုက်အခံများကို ပိတ်ပင်ကန့်သတ်ခြင်း စသည့် ဥပမာများရှိပါသည်။

ယာယီအားဖြင့် ရုပ်သိမ်းထားနိုင်သော အခွင့်အရေးများ

အလွန်ပြင်းထန်သော အခြေအနေများတွင် အစိုးရသည် အရေးပေါ်အခြေအနေ ကြေညာနိုင်ပြီး အချို့သော အခွင့်အရေးများကို လိုက်နာဆောင်ရွက်ပေးမှုအား ရပ်နားထားနိုင်သည်။ သို့မဟုတ် အခွင့်အရေးတချို့ကို ရုပ်သိမ်းထားနိုင်သည်။ တစ်နည်းဆိုရသော် ထိုကာလတိုအတွင်း အချို့အခွင့်အရေးများက သက်ရောက်မှုမရှိဟု ဆိုခြင်းဖြစ်သည်။ အရေးပေါ်အခြေအနေတစ်ရပ်တွင် လွတ်လပ်စွာသွားလာခြင်းကို မကြာခဏ ဖယ်ရှားကာ အစိုးရက လမ်းမထွက်ရ အမိန့်များ ထုတ်လေ့ရှိသည်။ သို့သော် မည်သို့သောအခြေအနေပင် ဖြစ်စေကာမူ အချို့သော အခြားအခွင့်အရေးများက ဆက်ရှိနေဆဲဖြစ်ပါသည်။ ယင်းအခွင့်အရေးများကိုတော့ မရုပ်သိမ်းနိုင်သော အခွင့်အရေးများ non-derogable အခွင့်အရေးများဟု ဆိုပါသည်။ ကျွန်ုပ်ခြင်း၊ နှိပ်စက်ခြင်းမှ လွတ်မြောက်ပိုင်ခွင့်၊ အသက်ရှင်သန်ခွင့်နှင့် လွတ်လပ်စွာ တွေးခေါ်ယုံကြည်ကိုးကွယ်ခွင့်တို့ ဖြစ်ကြသည်။

၃.၃.၃ အရေးပေါ်အခြေအနေများ၌ အခွင့်အရေးများကို ပြန်လည်ရုပ်သိမ်းထားခြင်း

အများပြည်သူ အရေးပေါ်ကြုံနေရသည့် အခြေအနေမျိုးတွင် အချို့သော အခွင့်အရေးများကို ကန့်သတ်လိုက်နိုင်ပါသည်။ အများပြည်သူ အရေးပေါ်ကြုံနေရစဉ် (အရေးပေါ် အခြေအနေ state of emergency ဟုလည်း သုံးနှုန်းပါသည်) ကို ICCPR က အဓိပ္ပာယ်ဖွင့်ဆိုရာမှာ တိုင်းပြည်၏ နေ့စဉ်ဘဝများကို ခြိမ်းခြောက်နေသော အခြေအနေဟု ဆိုပါသည်။ သဘာဝဘေးဒဏ်၊ ပဋိပက္ခ သို့မဟုတ် စစ်အာဏာသိမ်းခြင်းတို့ ဖြစ်နိုင်ပေသည်။ ထိုကဲ့သို့သော အခြေအနေများတွင် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို ကာကွယ်ရမည့် တာဝန်များအားအစိုးရသည် အချိန်အကန့်အသတ် အတိုင်းအတာတစ်ခုအထိ ဖယ်ရှားထား၍ရပါသည်။ အခွင့်အရေးများကို ယုတ်လျော့စေခြင်း Derogation သည် ဥပဒေစကားလုံးဖြစ်ပြီး အဓိပ္ပာယ်မှာ ယာယီအားဖြင့် ဥပဒေတစ်ရပ်ကို ယာယီအားဖြင့် ရုပ်သိမ်းထားခြင်း ဖြစ်ပါသည်။ ICCPR သည် လူ့အခွင့်အရေးကို နှစ်မျိုးခွဲပြထားသည်။ ခေတ္တအားဖြင့် ယာယီအားဖြင့် ရုပ်သိမ်းထားနိုင်သော အခွင့်အရေးများနှင့် မည်သည့်အခြေအနေမျိုး ကြုံနေပါစေ၊ ဖယ်ရှား၍မရဘဲ ထိန်းကိုထိန်းသိမ်းရမည့် အခွင့်အရေးများဟူ၍ဖြစ်ပါသည်။ နှိပ်စက်ညှဉ်းပန်းခြင်းမှ လွတ်မြောက်ပိုင်ခွင့်၊ ကျွန်ပြုခြင်းမှ လွတ်မြောက်ပိုင်ခွင့်၊ ဘာသာတရားကိုးကွယ်ပိုင်ခွင့်၊ ခွဲခြားဆက်ဆံမှုမပြုအပ်ခြင်းနှင့် ဥပဒေရှေ့မှောက်တွင် လူသားတစ်ဦးအဖြစ် ဆက်ဆံရခြင်း စသည်တို့သည် ဖယ်ရှားခြင်းငှာ မသင့်သောအခွင့်အရေးများ ဖြစ်ပါသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

အရေးပေါ်အခြေအနေ States of Emergency

၂၀၁၄ ခုနှစ်အစောပိုင်းတွင် ထိုင်းအစိုးရသည် လမ်းများ၊ အစိုးရရုံးများ၊ သယ်ယူပို့ဆောင်ရေးများ ပိတ်ဆို့ခဲ့ရသည့် အရှိန်မြင့်လာသော နိုင်ငံရေးဆန္ဒပြပွဲများကြောင့် ဘန်ကောက်မြို့နှင့် အနီးတစ်ဝိုက်ကို အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။ အရေးပေါ်ထုတ်ပြန်မိန့်သည် ရက် ၆၀ အတွက် ဖြစ်သည်။ အရေးပေါ်အခြေအနေကြေညာမှုကြောင့် အစိုးရအရာရှိများတွင် လုပ်ပိုင်ခွင့်များ ပိုမို ရှိလာသည်။ အောက်ပါ လုပ်ပိုင်ခွင့်အာဏာများကို ဖတ်ရှုလေ့လာကြည့်ပါ။ အများပြည်သူလုံခြုံရေး သွားလာမှု public order မထိခိုက်စေရန်အတွက် အဆိုပါအခွင့်အရေးများကို ကန့်သတ်လိုက်ခြင်း သည် တရားမျှတပါ၏လော။ (မှတ်ချက်။ ။အောက်တွင်ဖော်ပြထားသောစာရင်းသည် ကန့်သတ် ထိန်းချုပ်ဖယ်ရှားလိုက်သော အခွင့်အရေး အကုန်မဟုတ်သေးပါ)

၁။ အရေးပေါ်အခြေအနေကို ဖြစ်စေသောအခန်းကဏ္ဍတွင် ပါဝင်သည်ဟု သံသယရှိသူများကို ဖမ်းဆီးထိန်းသိမ်းရန်။ တရားလက်လွတ်ဖမ်းဆီးထိန်းသိမ်းခံရခြင်းမှ လွတ်မြောက်ပိုင်ခွင့်အား ရုပ်သိမ်းသည့်သဘော ဖြစ်သည်။

၂။ စာများ၊ စာအုပ်များ၊ ပုံနှိပ်ထုတ်ပြီးသားအရာများ၊ တယ်လီဖုန်းဆက်သွယ်မှုများ သို့မဟုတ် အခြား ဆက်သွယ်ရေးစနစ်များကို စစ်ဆေးရန်။ ပုဂ္ဂလိကလွတ်လပ်ခွင့်ကို ဖယ်ရှားရုပ်သိမ်းသည့် သဘော ဖြစ်သည်။

၃။ ပို့ဆောင်ဆက်သွယ်ရေးလမ်းများကို ပိတ်ဆို့ခြင်းမှ ကာကွယ်ရန်။ စုရုံးခွင့်ကိုရုပ်သိမ်းသည့် သဘော ဖြစ်သည်။

၄။ အရေးပေါ်အခြေအနေကို ဖြစ်စေခြင်းအား ထောက်ခံသူများဟု သံသယဖြစ်ဖွယ်လူများ ဘုရင့်နိုင်ငံတော်မှ ထွက်ခွာတိမ်းရှောင်ခြင်းမှတားမြစ်ရန်။ ပြည်သူများ၏တိုင်းပြည်မှ ထွက်ခွာ ခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်းဖြစ်သည်။

၅။ အရေးပေါ်အခြေအနေကို ဖြစ်စေခြင်းအား ထောက်ခံသူများဟု ယုံကြည်လောက်နိုင်ဖွယ်ရာ လူအများကို ဘုရင့်နိုင်ငံတော်မှ မောင်းထုတ်ရန်။ နယ်နှင်မောင်းထုတ်ခြင်းမှ လွတ်မြောက်ပိုင်ခွင့် အား ရုပ်သိမ်းခြင်း ဖြစ်သည်။

၃.၄ ICESCR

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာပဋိညာဉ်စာချုပ် ICESCR သည် ၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် အသက်ဝင်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ICESCR ၏ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၀ ရှိပါသည်။ ICCPR တွင် ပါဝင်သော အဖွဲ့ဝင်နိုင်ငံ ၁၆၈ နိုင်ငံထက်တော့ အနည်းငယ်နည်းပါသည်။ အရှေ့တောင်အာရှရှိ အဖွဲ့ဝင်နိုင်ငံ များမှာ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ တီမောနှင့် ဗီယက်နမ်တို့ ဖြစ်ကြသည်။ ဘရူနိုင်း၊ မလေးရှား၊ မြန်မာနှင့် စင်ကာပူတို့က သဘောတူလက်ခံ ဥပဒေအဖြစ် အသိအမှတ်ပြု ပါဝင်ထားခြင်းမရှိသေးပါ။ ပထမဆုံး ပါဝင်လက်မှတ်ရေးထိုး ဥပဒေအဖြစ် အတည်ပြုခဲ့သည့် နိုင်ငံမှာ

ဖိလစ်ပိုင်ဖြစ်ပြီး ၁၉၇၆ ခုနှစ်က အစောဆုံးပါဝင်သည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပါသည်။ မကြာသေးခင် ၂၀၀၆ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့ကမှ လာအိုနှင့် အင်ဒိုနီးရှားတို့က ပါဝင်လက်မှတ်ထိုးခဲ့ကြခြင်းဖြစ်ပါသည်။ ယခုအခန်းတွင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးများ၏ အဓိကသဘောတရားများကို ဖော်ပြထားပြီး၊ သဘောတူစာချုပ်၏ အရေးကြီးသောအစိတ်အပိုင်းများကို ဖော်ပြထားကာ စားဝတ်နေရေးဆိုင်ရာ အခွင့်အရေးများကိုလည်း လေ့လာဖော်ပြထားသည်။

အခန်း(၁)တွင် ဖော်ပြထားသည့်အတိုင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးသုံးမျိုးသည် ဆက်စပ်နေပြီး မတူညီကြသည့် အခွင့်အရေးအမျိုးအစားများ ဖြစ်ကြသည်။ ထို့ကြောင့် ကုလသမဂ္ဂစနစ်အတွင်းရှိ မတူညီသော အဖွဲ့အစည်းများက အဆိုပါအခွင့်အရေးများကို မြှင့်တင်ခြင်း၊ အကာအကွယ်ပေးခြင်းတို့ ပြုလုပ်ကြပါသည်။ ဥပမာ - စီးပွားရေးဆိုင်ရာ အခွင့်အရေးများသည် အလုပ်အကိုင်နှင့်ပတ်သက်သော အခွင့်အရေးများနှင့် သိသိသာသာသက်ဆိုင်ပြီး ယင်းတို့ကို မှတ်တမ်းရေးသားဖော်ပြရာနှင့် အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ILO က ဆောင်ရွက်လေ့ရှိသည်။ အဆိုပါ အဖွဲ့အစည်းသည် ကုလသမဂ္ဂထက်ပင်စောခဲ့ပြီး အလုပ်သမားများအတွက် စံနှုန်းများ ဖော်ဆောင်ရာတွင် တန်းတူညီမျှသော လုပ်ခလစာ၊ လုပ်ငန်းခွင်အခြေအနေ၊ မီးဖွားခွင့်နှင့် ငါးဖမ်းသင်္ဘောများပေါ်မှလုံခြုံရေး စသည့် အရေးကိစ္စများနှင့်ပတ်သက်သည့် ညီလာခံပေါင်း ၂၀၀ နီးပါး ပြုလုပ်ခဲ့ပါသည်။

လူမှုရေးအခွင့်အရေးများတွင် ကျန်းမာရေးစောင့်ရှောက်မှုရရှိပိုင်ခွင့်၊ ပညာရေး၊ စားနပ်ရိက္ခာ၊ ရေနှင့် နေအိမ် စသည်တို့ပါဝင်ကာ အခြားလူ့အခွင့်အရေးဆိုင်ရာအဖွဲ့များနည်းတူ ကုလသမဂ္ဂအဖွဲ့အစည်းများက ယင်းအခွင့်အရေးများကို ဝင်ရောက်ကာကွယ်ပေးပြီး၊ မြှင့်တင်မှုများလည်း ဆောင်ရွက်နေသည်။ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO က မြှင့်တင်အကာအကွယ်ပေးနေပြီး အဆိုပါ အဖွဲ့ကြီးကအနိမ့်ဆုံး ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို သတ်မှတ်ပေးထားသည်။ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း (UNESCO) အဖွဲ့က ကိုင်တွယ်ပါသည်။ ထို့ကြောင့် ကုလသမဂ္ဂ၏ မတူညီသောကဏ္ဍများမှ ထွက်လာသော အဆိုပါအခွင့်အရေးများနှင့် ပတ်သက်၍ သီအိုရီများ၊ သဘောတရားများရှိပါသည်။

နိုင်ငံသားနိုင်ငံရေးအခွင့်အရေး (CPR)နှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေးများ (ESCR) အကွဲအပြဲက ယနေ့လူ့အခွင့်အရေးအကာအကွယ်ပေးမှုကို သက်ရောက်လွှမ်းမိုးမှုများ ရှိဆဲဖြစ်သည်။ လူတို့သည် အစားအစာ၊ ရေနှင့် ကျန်းမာရေးကောင်းရန် လိုအပ်သည့်အတွက် လူသား၏အသက်တာကို အာမခံချက်ပေးသဖြင့် ESCR က ပိုအရေးကြီးသည်ဟု အချို့က ယူဆကြသည်။ အချို့ကလည်း ၎င်းတို့၏ မတူညီသော အခြေအနေများကြောင့် ESCR သည် အခွင့်အရေးတစ်ခုမဟုတ်သေးဘဲ သွားရမည့်ပန်းတိုင်၊ ရရှိလိုသည့်ဆန္ဒဖြစ်ကြောင်း ပြန်လည်ပြောဆိုကြသည်။ ယင်းသို့ ငြင်းခုံစကားစစ်ထိုးမှုသည် ESCR ၏ မျက်နှာစာနှစ်ရပ်ကို အခြေခံထားပါသည်။ ပထမတစ်ခုက စီးပွားရေးနှင့် လူမှုအခွင့်အရေးများသည် ချက်ချင်း လက်ငင်းလုပ်ပေးနိုင်သည်ကား မဟုတ်၊ အနာဂတ် တစ်ချိန်ချိန်တွင် ပြည့်မီလိမ့်မည်ဟု ဆိုထားသည်။ သို့ဖြင့် ထိုအခွင့်အရေးတို့သည် ရည်မှန်းချက်ပန်းတိုင် သို့မဟုတ် ပြည့်ဝလိုသောဆန္ဒဖြစ်ကာ CPR ကဲ့သို့ ချက်ချင်း လက်ငင်း

ဖြည့်ပေးနိုင်သော အခွင့်အရေးမျိုး မဟုတ်ပါပေ။ လူ့အခွင့်အရေးများ မည်သို့ တိုးတက်လာသည်ကို နားလည်လက်ခံသိရှိသနည်း၊ အခွင့်အရေးကိုမည်သို့ သတ်မှတ်ဆုံးဖြတ်မည်နည်း နှင့် ထိုအကောက်အယူအရ ချိုးဖောက်သည်ဆိုသည်မှာ အဘယ်သို့နည်း အစရှိသည့် အချက်တို့ပေါ် အဆိုပါ ငြင်းခုံဆွေးနွေးချက်က ဗဟိုပြုထားပါသည်။ ESCR ကို ချိုးဖောက်မှုအား သက်သေပြရန်ခက်ခဲသည်ဟု အချို့က ဆိုနေစဉ် ဒုတိယ ငြင်းခုံမှုအမြင်က မည်သို့ကာကွယ်မည်နည်းနှင့် မည်သို့အသက်ဝင်အောင် ကြီးကြပ်မည်နည်းတို့နှင့် သက်ဆိုင်သည်။ လူတစ်ယောက် အိုးမဲ့အိမ်မဲ့ဖြစ်သည့်အခါ အဆိုပါ ပုဂ္ဂိုလ်နေစရာရရန် အစိုးရတာဝန် ဖြစ်ပါသလား။ ရုံးကန္ဒားပေါ်တွင် ဥပဒေအရ အရေးယူဆောင်ရွက်ပေးခြင်းဖြင့် ထိုအခွင့်အရေးကို ဖြည့်ပေးနိုင်ပါမည်လော။ တရားမျှတမှုရှိ မရှိကို ဥပဒေကြောင်းအရ တရားရုံးဖြင့် ဆုံးဖြတ်နိုင်ခြင်းရှိ မရှိ ရှုမြင်ငြင်းခုံထားခြင်း ဖြစ်သည်။ (သို့မဟုတ် တရားရေးစနစ်အရ အခွင့်အရေးနှင့် တာဝန်များကို ဆုံးဖြတ်သတ်မှတ်နိုင်ခြင်းရှိမရှိ ဆိုသည်ကို အခြေခံကာ ငြင်းခုံနေကြခြင်းဖြစ်သည်။) အဆင့်ဆင့် လူ့အခွင့်အရေးများ ဖြစ်ထွန်းတိုးတက်လာအောင် ဆောင်ရွက်ခြင်း progressive realization နှင့် တရားရုံးတော်က စီရင်ထိုက်ခြင်း စသည့် သဘောတရားများကို နောင်တွင် ဆက်လက်ဆွေးနွေးပါမည်။

၃.၄.၁ အဆင့်ဆင့်လူ့အခွင့်အရေးများ ဖြစ်ထွန်းတိုးတက်လာအောင်ဆောင်ရွက်ခြင်း

တိုင်းပြည်တစ်ပြည်သည် ICESCR ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သွားသည့်အခါတွင် သဘောတူညီလက်မှတ်ရေးထိုးကာ ဥပဒေအဖြစ် အသိအမှတ်ပြုပြီးသည့်နောက်တွင် အချို့သော အခွင့်အရေးများကို ချက်ချင်းအကာအကွယ်ပေးကာ အတည်ပြုထိန်းသိမ်းပေးရပေမည်။ အဆိုပါ အခွင့်အရေးများကို အနိမ့်ဆုံးအမြုတေအခွင့်အရေးများဟု ခေါ်ပါသည်။ မူလတန်းပညာရေး သို့မဟုတ် အထက်တန်းကျောင်းများသို့ ခွဲခြားဆက်ဆံမှုမရှိဘဲ တက်ရောက်ခွင့်ရခြင်း စသည့် အနိမ့်ဆုံးအမြုတေအခွင့်အရေးများကို သဘောတူညီစာချုပ်စတင် အသက်ဝင်သည်နှင့် ဥပဒေအရ စည်းကျပ်ပြီးဖြစ်ပါသည်။ သို့သော် အခြားအခွင့်အရေးများကိုမူ ချက်ချင်းတာဝန်ရှိစေရမည့် ဝတ္ထုရားတော့ မဖန်တီးထားပေ။ ESCR တွင် ပါဝင်သော အခွင့်အရေးအများအပြားသည် အဆင့်ဆင့် လူ့အခွင့်အရေးများဖြစ်ထွန်း တိုးတက်လာအောင် ဆောင်ရွက်ခြင်း progressive realization ဆိုသည့် ကဏ္ဍအောက်သို့ ရောက်ရှိပါသည်။ အဓိပ္ပာယ်မှာ ထိုအခွင့်အရေးများကို နေ့ချင်းညချင်း ရရှိသွားသည်ထက် မကြာတော့သည့်အနာဂတ်တွင် အဆိုပါအခွင့်အရေးများ ပြည့်စုံစေရန် ဝါယမစိုက်ထုတ်ရမည့် နိုင်ငံတော်အစိုးရများ၏ တာဝန်ရှိမှုဖြစ်ပါသည်။ အစိုးရများအနေဖြင့် အဆိုပါအခွင့်အရေးများ ပြည့်ဝစွာရရှိနိုင်စေရေး ဆောင်ရွက်ချက်များတွင် တိုးတက်မှုကိုပြရန် တာဝန်ရှိခြင်းဖြစ်သည်။ ဥပမာ - လုံလောက်သောကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုဖူလုံရေး သို့မဟုတ် လူတိုင်း အထက်တန်းပညာရေး တက်ရောက်ခွင့် စသည်တို့ကို ချက်ချင်းမဆောင်ရွက်ပေးနိုင်သည့် ဆင်းရဲသော ဖွံ့ဖြိုးဆဲနိုင်ငံများမှ အစိုးရများသည် အဆိုပါပန်းတိုင်များသို့ ရောက်ရှိနိုင်ရန်အတွက် လုပ်ငန်းဆောင်ရွက်မည့် မူဝါဒများ၊ အစီအစဉ်များကို ပြသရပေမည်။ အဆင့်ဆင့်လူ့အခွင့်အရေးများ ဖြစ်ထွန်းတိုးတက်လာအောင် ဆောင်ရွက်ခြင်း၏ အသေးစိတ်ကို သဘောတူစာချုပ်၏ အပိုဒ် ၂ တွင် တွေ့နိုင်ပါသည်။ အပိုဒ် ၂ တွင် ပါဝင်သော စကားလုံးများသည် အလွန်ရှုပ်ထွေးပြီး ထပ်ကာထပ်ကာပါခြင်းတို့ကြောင့် ရှုပ်ထွေးစေမှုကို ဖြစ်နိုင်သည်။ သို့သော် ယင်းရှုပ်ထွေးခြင်းကို ချဉ်းကပ်ရန်နည်းလမ်းရှိပါသည်။ အစိုးရများ လုပ်ဆောင်ရမည့် လက်တွေ့လုပ်ဆောင်ရန် အချက်များကို အသေးစိတ် ဖော်ပြထားပေသည်။

ရိုးရှင်းစွာဆိုရသော် အခွင့်အရေးများ အဆင့်ဆင့် ဖြစ်ထွန်းတိုးတက်လာအောင် ဆောင်ရွက်ရန်အတွက် နိုင်ငံသည် အမြဲတမ်းရှေ့သို့လှမ်း တိုးတက်နေရပေမည်။ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ အလုပ်အကိုင်၊ စားနပ်ရိက္ခာ အစရှိသည့်ကဏ္ဍများတွင် နိုင်ငံတော်တာဝန်များ ကျေပွန်ကာ အခွင့်အရေးများ တိုးတက်ရရှိနေရမည်ဟု ဆိုနိုင်သည်။ တိုးတက်သည်ဆိုသည်ကို တိုင်းတာနိုင်သော စံနှုန်းများ အပြောင်းအလဲရှိနိုင်သော်လည်း အများက အသိအမှတ်ပြုထားသော စံနှုန်းများရှိပါသည်။ အခွင့်အရေးများ အဆင့်ဆင့်ဖြစ်ထွန်း တိုးတက်လာအောင် ဆောင်ရွက်ခြင်း၏ တာဝန်ဝတ္တရားများကို စာတမ်းနှစ်ခုက ရှင်းလင်းဖော်ပြထားပါသည်။ ထိုစာတမ်းများမှာ လင်းဘာ့ဂ် နိယာမများ Limburg Principles နှင့် မက်စ်ရစ်ခ် လမ်းညွှန်ချက်များ Maastricht Guidelines များဟု ခေါ်ဆိုပါသည်။ အဆိုပါ စာတမ်းနှစ်ခုလုံးမှာ သဘောတူစာချုပ်များ မဟုတ်သည့်အတွက် ဥပဒေအရ တာဝန်စည်းကြပ်ထားခြင်းတော့မရှိပါ။ သို့သော် နိုင်ငံတကာဥပဒေအရ အများသုံးသောစည်းမျဉ်းများအဖြစ် ယူဆတတ်ကြပါသည်။ ယင်းစာတမ်းများက ရှင်းလင်းပြဆိုထားသည်မှာ ESCR ကို တိုင်းတာလျှင် ရလဒ်များနှင့် ပတ်သက်သည်များကို တိုင်းတာကြရမည်ဖြစ်ပြီး အစိုးရ၏ဝတ္တရား သို့မဟုတ် လုပ်ဆောင်ချက်တစ်ခုခုကို တိုင်းတာသည်မဟုတ်ပေ။ ဆိုလိုသည်မှာ ESCR ကို တိုင်းတာခြင်းသည် လူဦးရေမည်မျှက ရေကိုရရှိသနည်း၊ သို့မဟုတ် ပညာရေးစနစ်ကိုရရှိသနည်း ဖြစ်ပြီး ရေ သို့မဟုတ် ပညာရေးရရှိရန် အစိုးရက မည်မျှကြိုးစားခဲ့သည်ဆိုသည့်အပေါ်ကို တိုင်းတာခြင်းမဟုတ်ပေ။ ထို့ပြင် မည်သူတစ်ဦးတစ်ယောက်၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေး ESCR ကိုမှ ယူငင်ဖယ်ရှားခြင်းမခံရစေရန် အစိုးရများတွင် တာဝန်ရှိခြင်းဖြစ်သည်။ (နောက်ကြောင်းမပြန်ရေး စည်းမျဉ်း principle of non-regression ဟု ခေါ်ဆိုပါသည်။) အကယ်၍ တစ်ဦးတစ်ယောက်၏ အခွင့်အရေး ရရှိပြည့်စုံနေသည်ဆိုပါစို့ (ဥပမာ - နေစရာအိမ်ရှိရမည့် အခွင့်အရေး) အဆိုပါ အခွင့်အရေးကိုမည်သည့် အခြေအနေမျိုးမှာမှ ဖယ်ရှား၍မရနိုင်ပါပေ။ ၎င်းတို့သည် တရားမဝင် နေရာထိုင်ခင်းတွင် နေထိုင်နေခြင်း သို့မဟုတ် အဆိုပါနေရာတွင် တရားဝင် နေထိုင်ရန်အတွက် တရားဝင် စာရွက်စာတမ်း သို့မဟုတ် အင်္ဂါစာချုပ်မရှိလျှင်တောင်မှ မဖယ်ရှားအပ်ပေ။ အစိုးရ တစ်ရပ်သည် အဆိုပါလူအများကို အရပ်မှ နှင်လိုပါလျှင်မူ တခြား နေစရာတစ်ခုခုစီစဉ်ပေးပြီးမှသာ ထိုသို့ လုပ်နိုင်ပေမည်။ တစ်မျိုးဆိုရလျှင် လူတစ်ဦးဦးသည် အိမ်ဖြင့် နေထိုင်နေပါက သူ့ကို နှင်ထုတ်၍မရပါပေ။ ထိုသို့နှင်ခဲ့လျှင် ၎င်းတို့ အိမ်ခြေမဲ့ဖြစ်သွားပေမည်။ ယင်းကို နောက်ကြောင်းမပြန်ရေးစည်းမျဉ်းဟု ဆိုရပါမည်။ တစ်စုံတစ်ဦးကို အိမ်ခြေမဲ့ဖြစ်အောင်၊ သို့မဟုတ် စားရမဲ့သောက်ရမဲ့ဖြစ်အောင် လုပ်ဆောင်ခြင်းသည် မည်သည့်အခြေအနေတွင်ဖြစ်စေကာမူ အခွင့်အရေး ချိုးဖောက်ခြင်းဖြစ်ပါသည်။ သို့သော် နိုင်ငံတော်နှင့် တစ်ဦးတစ်ယောက်ချင်းများ၏ တာဝန်သည် ထို့ထက် ပိုမိုရှုပ်ထွေးပါသည်။ မိမိ၏ ESCR အခွင့်အရေးများရရှိရန်အတွက် မိမိ၏တာဝန်ဖြစ်ပါသည်။ ထိုသို့မလုပ်နိုင်သည့် အခြေအနေများ ဥပမာ - မသန်စွမ်းဖြစ်နေခြင်း၊ ဆင်းရဲလွန်းခြင်း သို့မဟုတ် ပဋိပက္ခနယ်မြေထဲတွင် နေရခြင်းစသည်တို့ရှိသည့်အခါ အစိုးရက ကူညီရပေမည်။

၃.၄.၂ တရားစီရင်ဆုံးဖြတ်နိုင်စွမ်း

ESCR ကို ယေဘုယျဝေဖန်ချက်တစ်ခုမှာ နိုင်ငံတစ်နိုင်ငံ၏ဝတ္တရား၊ သို့မဟုတ် ချိုးဖောက်မှုများ၊ သို့မဟုတ် တိကျသေချာသည့် အခွင့်အရေးများစသည်တို့ကို သက်သေပြရန် ခက်ခဲခြင်းဖြစ်ပါသည်။ ယင်းမှာ တရားရုံးတွင်စီရင်ဆုံးဖြတ်ထိုက်ခြင်းရှိမရှိဆိုသော အကောင်

အထည်ဖြင့် သက်သေပြရန်ဖြစ်သည်။ သို့မဟုတ် ESCR ကို ချိုးဖောက်ထားခြင်းရှိ မရှိကို တရားရေးစနစ်အားဖြင့် စီရင်ဆုံးဖြတ်နိုင်ခြင်းရှိ မရှိ ကိစ္စဖြစ်သည်။ ESCR နှင့်ပတ်သက်သောအမှုများ တရားရုံးသို့ ရောက်လာပုံ ရောက်လာနည်းများအပေါ် သက်ရောက်မှုရှိသည့် အချက်များစွာ ရှိပါသည်။ ရှေးဦးစွာ ESCR နှင့် ပတ်သက်သည့် ဥပဒေတစ်ရပ် ရှိကိုရှိရမည်ဖြစ်ကာ ထိုဥပဒေကို တရားရုံးများက သိမှတ်လက်ခံ အသုံးပြုရမည်ဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အချို့သော အရှေ့တောင်အာရှနိုင်ငံများသည် စားနပ်ရိက္ခာ၊ ရေနှင့်ပတ်သက်သော အခွင့်အရေးများကို အကာအကွယ်ပေးထားသည့် ဥပဒေများအခြေခံအားဖြင့် ကင်းမဲ့လျက်ရှိသည်။ အိမ်ရာရရှိနေထိုင်ခြင်း သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်ခွင့်ကိုရယူနိုင်မှု စသည့် အခွင့်အရေးများ အလွန်အားနည်းလျက်ရှိသည်။ ထို့ပြင် အရှေ့တောင်အာရှဒေသတွင် အခြေခံဥပဒေအများစုသည် ESCR ကို အကာအကွယ်ပေးခြင်း နည်းပါးလှသည်။ အရှေ့တောင်အာရှဒေသအားလုံးတွင် လူတစ်ဦး၏ စားနပ်ရိက္ခာ သို့မဟုတ် ရေရရှိမှုကို မူဝါဒဖြင့်သာ အကာအကွယ်ပေးထားပြီး ဥပဒေဖြင့် အကာအကွယ်ပေးထားခြင်းတော့ မရှိပေ။

ဒုတိယအနေဖြင့် အခွင့်အရေးများ အဆင့်ဆင့်ဖြစ်ထွန်း တိုးတက်လာအောင် ဆောင်ရွက်ခြင်းဆိုင်ရာ ဆွေးနွေးချက်များအရ နိုင်ငံတစ်နိုင်ငံ၏တိုးတက်မှုကို အချို့ကဏ္ဍများတွင် သက်သေပြရန် လွန်စွာခက်ခဲကာ အောက်ပါမေးခွန်းများလည်း ထွက်ပေါ်လာသည်။ အဆိုပါနိုင်ငံ၏ တိုးတက်လာမှုသည် လိုအပ်သလောက် မြန်ဆန်ပါ၏လော။ သုံးနိုင်သမျှ အမြင့်ဆုံးသော အရင်းအမြစ်များကို ထုတ်သုံးပါ၏လော။ လိုအပ်သဘောက် ခြေလှမ်းများ လှမ်းပါသလော။ လူအများသည် ၎င်းတို့ အခွင့်အရေးများကို ရရှိနေကြသည်ဆိုသည့် ရလဒ်များကို နိုင်ငံတော်က ချပြနိုင်ပါ၏လော။

ESCR တွင် ပါဝင်သော အချို့အချက်များအရ အခွင့်အရေးကိုရပိုင်ခွင့်ရှိသူမှာ တိုးတက်အောင်လုပ်ရန် ကနဦးတာဝန်ရှိသူဖြစ်နေခြင်းကြောင့် နောက်ထပ်ရှုပ်ထွေးမှုများ ပေါ်လာပါသေးသည်။ ဆိုလိုသည်မှာ အလုပ်လုပ်ခြင်း၊ စားနပ်ရိက္ခာ၊ နေစရာရရှိခြင်း အစရှိသည်တို့သည် လူတစ်ဦးတစ်ယောက်ချင်းစီနှင့် မူလဘူတ သက်ဆိုင်သောကြောင့် ဖြစ်ပါသည်။ ၎င်းတို့ကိုယ်တိုင် ရယူပိုင်ဆိုင်နိုင်ရန်အတွက် လုံးဝမဖြစ်နိုင်သော အခြေအနေအဖြစ် ရှင်းရှင်းလင်းလင်း မရှိမချင်း လူတစ်ဦးသည် ၎င်း၏စားစရာ၊ သောက်စရာရေနှင့် နေစရာတို့ကို အစိုးရထံမှရမည်ဟု အပိုင်ပြောဆိုသတ်မှတ်ထား၍ မဖြစ်နိုင်ပါပေ။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

ESCR အခွင့်အရေးရရန်အတွက် မည်သူက တာဝန်ရှိသနည်း။ အစိုးရလော၊ ပြည်သူတစ်ဦးတစ်ယောက်ချင်းပေလော။

အထက်တွင် အသေးစိတ် ရှင်းလင်းထားသည့်အတိုင်း လူသားတို့၏ ESCR ကို လက်ဝယ်ရရှိရေးအတွက်သည် တစ်ဦးတစ်ယောက်ချင်းတို့၏ ပထမဆုံးတာဝန်ဖြစ်ပါပေသည်။

မေးခွန်း။ ။ လောင်းကစားလုပ်ရာမှ ဖြစ်လာသည့် အကြွေးများကြောင့် လူတစ်ဦးက အိမ်ခြေမဲ့ဖြစ်သွားလျှင် မည်သို့ရှိမည်နည်း။ ထိုသို့ ကံမကောင်းအကြောင်းမလှသည့် ပုဂ္ဂိုလ်အတွက် နိုင်ငံတော်

အစိုးရတွင် မည်သည့်တာဝန်များရှိပါသနည်း။ သာမန်အားဖြင့်ဆိုလျှင် အစိုးရသည် လူတစ်ဦးတစ်ယောက်ကို အိမ်ခြေမဲ့ဖြစ်သွားသည်မျိုး လက်ခံ၍မဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် ယင်းသို့ဖြစ်ခြင်းသည် လူသားတို့၏ အခွင့်အရေးများ အဆင့်ဆင့်တိုးတက်မှုကို သိမြင်ခံစားရခြင်း မရှိနိုင်သောကြောင့်ဖြစ်သည်။ သို့သော်မိမိ၏ မှားယွင်းသည့် အပြုအမူတစ်ခုခုကြောင့် မိမိတွင်နေစရာမရှိတော့ခြင်းအပေါ် အစိုးရက တာဝန်ခံရန် လိုအပ်ပါသလား။ ဆေးလိပ်ဖြတ်ချင်သူ တစ်ဦးအတွက် ဆိုလျှင်ရော မည်သို့ရှိမည်နည်း။ အစိုးရအနေဖြင့် ၎င်းတို့ဆေးလိပ်ဖြတ်နိုင်ရန်အတွက် ဝန်ဆောင်မှု၊ ကူညီပေးမှုများ ပေးသင့်ပါသလော။ ထို့ကဲ့သို့သော ဖြစ်စဉ်များတွင် တစ်ဦးတစ်ယောက်ချင်းများက ၎င်းတို့၏ ပြဿနာများကို ကိုယ်တိုင်ဖြစ်စေခြင်းဟု သိသာစွာ မြင်ရပါသည်။ (ဥပမာ - ဆေးလိပ်သောက်ခြင်းနှင့် လောင်းကစားလုပ်ခြင်း) သို့သော် ဆေးလိပ်သောက်ခြင်း၊ လောင်းကစားခြင်းတို့ကို ခွင့်ပြုထားခြင်းဖြင့် အစိုးရသည်လည်း ထိုဖြစ်ရပ်များအတွက် တာဝန်ရှိသည့် အနေအထားဖြစ်လာပါသည်။

ထပ်မံရှုပ်ထွေးလာသည့် ကိစ္စမှာကား အစိုးရ၏ မည်သည့်အစိတ်အပိုင်းက အထက်ပါတာဝန်များကို စီမံခန့်ခွဲကြမည်နည်း ဆိုသည်နှင့် ပတ်သက်သည်။ လုပ်ငန်းခွင်၊ စားနပ်ရိက္ခာ၊ နေအိမ်၊ ရေရရှိမှုနှင့် ပညာရေးတို့နှင့်ပတ်သက်သော အခွင့်အရေးများကို အလုပ်သမားဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန သို့မဟုတ် ပညာရေးဝန်ကြီးဌာနတို့က စီမံခန့်ခွဲကြပါသည်။ မူဝါဒများထိရောက်ခြင်းရှိမရှိကို တရားရုံးများက ဆုံးဖြတ်ရမည့် ဥပဒေရှိမည်ဆိုလျှင် ဝန်ကြီးဌာနများနှင့် တရားရုံးများအကြား ပဋိပက္ခများဖြစ်လာမည် ဖြစ်ပါသည်။ ဥပမာ - ကင်ဆာဝေဒနာခံစားရသူသည် ဈေးကြီးသောကုထုံးကို လိုအပ်သကဲ့သို့ အစိုးရဆေးရုံကမူ လူတိုင်းကို အဆိုပါကုထုံးပေးလျှင် အလွန်ဈေးကြီးသည်ဟု ဆိုသည်။ ထိုဖြစ်ရပ်မျိုးဆိုလျှင် မည်သူက ဆုံးဖြတ်မည်နည်း။ ဘတ်ဂျက်အကြောင်း၊ ရောဂါဘယအကြောင်း၊ ဆေးရုံများ၏ကုသပေးနိုင်စွမ်း စသည်တို့ကို သိသည့် ကျန်းမာရေးအရာရှိက ဆုံးဖြတ်မည်လော၊ လူများတွင်ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်ရှိရန် ဆောင်ရွက်ပေးရသည့် တရားရုံးက စီရင်ဆုံးဖြတ်မည်လော။

ESCR အခွင့်အရေးများရရှိမှုသည် တရားရေးဖြင့် စီရင်ဆုံးဖြတ်နိုင်သည့်အရာဖြစ်ကြောင်း ပြသနေသည့် ဥပမာများ အလုံအလောက်ရှိပါသည်။ အလုပ်နှင့်ပတ်သက်သည့် နယ်ပယ်တွင် ထိုအချက်က မှန်ကန်ပါသည်။ အရှေ့တောင်အာရှနိုင်ငံအားလုံးတွင် ထိရောက်သော အလုပ်သမားရေးဆိုင်ရာ ဥပဒေများ၊ အလုပ်သမား ရေးရေးရာတရားရုံးများ ယခုအခါ ရှိကြပေပြီ။ အိမ်ရာနှင့်ပတ်သက်၍လည်း ထိုသို့ပြောနိုင်ပေပြီ။ အရှေ့တောင်အာရှနိုင်ငံများတွင် ယခုအခါ ပိုင်ဆိုင်မှုအခွင့်အရေးဥပဒေများနှင့် ငှားရမ်းခြင်းဆိုင်ရာဥပဒေများ ရှိနေချေပြီ။ အဆိုပါဥပဒေများနှင့် တရားရုံးများက လူအများ၏အခွင့်အရေးများ ရရှိစေခြင်းကို အာမခံချက် မပေးသော်လည်း ထိုအမှုများကို တရားဥပဒေဘောင်အတွင်းမှ စီရင်နိုင်ပြီဖြစ်ကြောင်းကိုမူ ပြသနိုင်ချေပြီ။

သာဓက

အိုးအိမ်အခွင့်အရေးအကြောင်းကို စစ်ဆေးဆုံးဖြတ်ခြင်း

အရှေ့တောင်အာရှဒေသ နေရာအနှံ့တွင် မြေယာနှင့် အိုးအိမ်အခွင့်အရေးအတွက် ပဋိပက္ခများ ဖြစ်ပွားလျက်ရှိပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်မူ လမ်းများ၊ စက်မှုဇုန်များနှင့် ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် မြေများသိမ်းရန် လိုအပ်ချက်ရှိပါသည်။ သို့သော် နိုင်ငံတော်တော်များများတွင် ထိုသို့ဆောင်ရွက်ရခြင်းတွင် တရားမျှတခြင်းကင်းစွာ လုပ်ဆောင်နေပါသည်။ မြေယာပိုင်ရှင်များ အပေါ် အမြတ်ထုတ်ကာ လျော်ကြေး အနည်းငယ်သာပေးခြင်း၊ ရွှေ့ပြောင်းခံလိုက်ရသူများက မည်သည့်အရပ်သို့သွား၍ မည်သို့ရပ်တည်ရမှန်း မသိတော့ခြင်းတို့ဖြစ်ပါသည်။

ကမ္ဘောဒီးယား၏ မြေယာကိစ္စအငြင်းပွားမှုကြောင့် သတင်းများစွာ ဖြစ်ပျက်ခဲ့ပါသည်။ ခမာနီအစိုးရ လက်ထက်က နေအိမ်များအားလုံး၏ မှတ်တမ်းများကို ဖျက်ဆီးခဲ့ရာတွင် လူအတော်များများသည် ၎င်းတို့၏ ပစ္စည်းဥစ္စာများကို ပိုင်ဆိုင်ကြောင်း ဥပဒေအရ မှတ်တမ်းမှတ်ရာ မရှိတော့ပေ။ ရလဒ်အဖြစ် အစိုးရနှင့် ပုဂ္ဂလိက ကုမ္ပဏီများက ထိုပိုင်ဆိုင်မှုများကိုသိမ်းသည့် ဖြစ်စဉ်များဖြစ်ပေတော့သည်။ မကြာသေးခင်က ဖြစ်ပျက်ခဲ့သော ဘိုအန်ကက်ရေကန်ရပ်ရွာဖြစ်ရပ်မှာ ဥပမာတစ်ရပ်ဖြစ်သည်။ အဆိုပါရပ်ရွာက ကမ္ဘာ့ဘဏ်စစ်ဆေးရေးအဖွဲ့ World Bank Inspection Panel သို့ ၂၀၀၉ ခုနှစ် စက်တင်ဘာလက တိုင်တန်းခဲ့ပြီး ကမ္ဘာ့ဘဏ်နှင့် ကမ္ဘောဒီးယားအစိုးရတို့ ပြုလုပ်နေသော စီမံကိန်း တစ်ခုသို့ စစ်ဆေးရေးဝင်သည် အထိဖြစ်ခဲ့ပါသည်။ မတ်လ ၂၀၁၁ တွင် ကမ္ဘာ့ဘဏ်သည် အိုးအိမ် ရေးရာ NGO တစ်ခုဖြစ်သော အိုးအိမ်အခွင့်အရေးနှင့် အတင်းအကြပ် ပြောင်းရွှေ့ခြင်းမှာ ကာကွယ်ရေးစင်တာ COHRE နှင့် သဘောတူညီခဲ့ကာ ဘိုအန်ကက်ရေကန် ရပ်ရွာနေပြည်သူများသည် ၎င်းတို့မြေများကို သင့်တင့်လျောက်ပတ်စွာ မှတ်ပုံတင်နိုင်ခြင်းမရှိအောင် ဘေးထုတ်ခံထားရသည်ကို အသိအမှတ်ပြုခဲ့ပြီး၊ စီမံကိန်းကြောင့် ထိုပြည်သူများအပေါ် လက်ရှိသက်ရောက်မှုများကို လျော့ချရန်ခြေလှမ်းများကို ဆောင်ရွက်ရန်သဘောတူညီခဲ့ရပါသည်။ ဖန္ဒမ်းပင်ဒေသ ဘိုအန်ကက် ရေကန်ရပ်ရွာမှ မိသားစုအများအပြားကို အစုလိုက်အပြုံလိုက် နှင်ထုတ်နေခြင်းပြဿနာကို မဖြေရှင်းနိုင်မချင်း ကမ္ဘောဒီးယားအစိုးရကို ငွေချေးမှုအား ဆိုင်းငံ့ထားလိုက်သည်ဟု ၂၀၁၁ ဩဂုတ်တွင် ကမ္ဘာ့ဘဏ်က ထုတ်ပြန်လိုက်သည်။

ဖွံ့ဖြိုးရေးစီမံကိန်းများက ပြည်သူများကို ရွှေ့ပြောင်းရစေခြင်းများ ဗီယက်နမ်၊ မြန်မာ၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံ စသည့် အရှေ့တောင်အာရှတစ်လွှားတွင် အလားတူဖြစ်ရပ်များစွာ ရှိပါသည်။ ဆက်စပ်သော စိုးရိမ်ဖွယ်ရာ တစ်ခုမှာကား ညစ်ညမ်းမှုများကြောင့် လူအများနေထိုင်ရာ နေရာထိုင်ခင်းများတွင် လူနေ၍မရနိုင်တော့ခြင်း ဖြစ်ပေသည်။ အဆိုပါအရေးကို အခန်း ၁၄ တွင် ဖော်ပြထားပါသည်။

၃.၅ ICESCR တွင် ပါဝင်သောအခွင့်အရေးများ

ESCR တွင်ပါဝင်သော အခွင့်အရေးများကိုစီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာဟူ၍ အပိုင်းသုံးပိုင်း ခွဲခြားနိုင်ပါသည်။

မှတ်သားဖွယ်ရာ

ESCR ၏အနှစ်ချုပ်

အပိုဒ် (၁)	ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ဆိုင်ရာအခွင့်အရေး
အပိုဒ် (၂)	တိုးတက်မှုကိုသိရှိခံစားရပိုင်ခွင့်
အပိုဒ် (၃)	အမျိုးသားနှင့် အမျိုးသမီးတို့ တန်းတူညီမျှစွာအခွင့်အရေးရရှိမှု
အပိုဒ် (၄)နှင့်(၅)	လိုအပ်သည့်အချိန်မှ အခွင့်အရေးများကို ကန့်သတ်ခြင်း
အပိုဒ် (၆)	အလုပ်အကိုင်ဆိုင်ရာ အခွင့်အရေးများ
အပိုဒ် (၇)	ကောင်းမွန်သော လုပ်ငန်းခွင်ဆိုင်ရာ အခွင့်အရေးများ
အပိုဒ် (၈)	အလုပ်သမားသမဂ္ဂဆိုင်ရာ အခွင့်အရေးများ
အပိုဒ် (၉)	လူမှုဖူလုံရေးဆိုင်ရာ အခွင့်အရေးများ
အပိုဒ် (၁၀)	အထူးသဖြင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကဲ့သို့ မိသားစု အကာအကွယ်ပေးရေး
အပိုဒ် (၁၁)	စားနပ်ရိက္ခာ၊ အဝတ်အဆင်၊ နေအိမ်စသည့် စားဝတ်နေရေးအခွင့်အရေးများ
အပိုဒ် (၁၂)	ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအခွင့်အရေးများ
အပိုဒ် (၁၃)	ပညာသင်ကြားပိုင်ခွင့်
အပိုဒ် (၁၄)	မသင်မနေရအခမဲ့ မူလတန်းပညာရေးအခွင့်အရေး
အပိုဒ် (၁၅)	ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေး

၃.၅.၁ စီးပွားရေးဆိုင်ရာအခွင့်အရေးများ

လူသားတစ်ဦး၏ စီးပွားရေးဆိုင်ရာ ဖူလုံလုံခြုံရေးခိုင်မာစေရန် စီးပွားရေးဆိုင်ရာ အခွင့်အရေးများက အကူအညီပေးပါသည်။ ယင်းခိုင်မာမှုကို နည်းလမ်း ၃ ခုဖြင့် ရရှိနိုင်ပါသည်။ ရှေးဦးစွာ အလုပ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးနှင့်လုပ်ငန်းခွင်ဆိုင်ရာအခွင့်အရေးများဖြစ်ပါသည်။ လုပ်ငန်းခွင်ဆိုင်ရာ စံနှုန်းအတော်များများကို ILO က သတ်မှတ်ထားခြင်းဖြစ်သည်။ ထို့ကြောင့်ပင်လျှင် အလုပ်လုပ်နိုင်သည့် အငယ်ဆုံးအသက်အရွယ်၊ အနိမ့်ဆုံး လုပ်ခလစာနှင့် သီတင်းပတ်တစ်ပတ်တွင် အမြင့်ဆုံးအလုပ်ချိန် စသည့် သဘောထားအမြင်များကို အများသိရှိလက်ခံစေရန် ရပ်ခံတင်ပြခဲ့ခြင်းတို့ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ အခြားသော အဓိကအခွင့်အရေးများတွင် လုပ်ငန်းခွင်တွင် ခွဲခြားဆက်ဆံမှုက ကင်းလွတ်စေရေး၊ အပန်းဖြေအနားယူမှုရရှိခြင်းနှင့် လုံခြုံကာ ကျန်းမာရေးနှင့် ညီညွတ်သောလုပ်ငန်းခွင်အခြေအနေကိုရရှိခြင်းတို့ ဖြစ်ပါသည်။ ဒုတိယအနေဖြင့် အလုပ်ဆိုင်ရာအခွင့်အရေးတွင် လူမှုဖူလုံရေးကိုရရှိပိုင်ခွင့်လည်း ပါဝင်သည်။ ဆိုလိုသည်မှာ လူတစ်ဦးသည် အလုပ်မလုပ်နိုင်သည့်အခါ သို့မဟုတ် စီးပွားရေးအရ စားဝတ်နေရေးကို မဖန်တီးနိုင်သည့်အခါ အစိုးရသည်

လူမှုဖူလုံရေးတစ်ရပ်ကို ဖော်ဆောင်ပေးရမည် ဖြစ်ပါသည်။ တတိယအနေဖြင့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများတွင် အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းပိုင်ခွင့်လည်းပါဝင်သည်။ အဆိုပါအခွင့်အရေး ရမှ အလုပ်သမားများကို မမှန်မကန်ဆက်ဆံခြင်းများမှ ကာကွယ်နိုင်မည့် အဖွဲ့အစည်းများ ဖွဲ့စည်း နိုင်မည် ဖြစ်ပါသည်။

၃.၅.၂ လူမှုရေးဆိုင်ရာ အခွင့်အရေးများ

လူမှုရေးဆိုင်ရာအခွင့်အရေးများတွင် ကျန်းမာရေး၊ ပညာရေး၊ စားနပ်ရိက္ခာ၊ ရေနှင့်နေစရာ အိမ်စသည့် အခွင့်အရေးများ ပါဝင်သည်။ အဆိုပါအခွင့်အရေးများ၏ အဓိကရည်ရွယ်ချက်မှာ လုံလောက်သင့်မြတ်သော လူနေမှုအဆင့်အတန်းကို သေချာရရှိစေရန်ဖြစ်ပါသည်။ စားနပ်ရိက္ခာ၊ ရေနှင့်အိမ်ရာ (စားဝတ်နေရေး အခွင့်အရေးများ) ကို အစိုးရက တိုက်ရိုက်ထောက်ပံ့ပေးသည်တော့ မဟုတ်ပေ။ အစိုးရက လူတိုင်းကို နေစရာပေးကာ ထမင်းကျွေးထားမည်ဟုတော့ မမျှော်လင့်အပ်ပေ။ သို့သော် စစ်ပွဲ၊ သဘာဝဘေးဒဏ် သို့မဟုတ် ကျန်းမာရေးမကောင်းခြင်း၊ မသန်စွမ်းခြင်း သို့မဟုတ် အလုပ်မလုပ်နိုင်ခြင်း စသည့် အခြေအနေများကြောင့် မိမိ၏မရှိမဖြစ် လိုအပ်သည်များကို မဖြည့်စွမ်း နိုင်သည့်အခါ အစိုးရက ဖြည့်စွမ်းပေးရပေမည်။ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများ ကို UNESCO နှင့် WHO တို့က စိတ်အားထက်သန်စွာ သုတေသနပြု လေ့လာလျက်ရှိပါသည်။

စားဝတ်နေရေးဆိုင်ရာ အခွင့်အရေးများ

စားဝတ်နေရေးဆိုင်ရာ အခွင့်အရေးများဆိုသည်မှာကား အသက်ရှင်နေထိုင်ရာတွင် အနိမ့်ဆုံးအဆင့်အတန်းတစ်ခု ရရှိပိုင်ခွင့်အခွင့်အရေးများဖြစ်ပါသည်။ လူအများအနေဖြင့် လုံလောက်သော အာဟာရ၊ လုံလောက်သော ရေဓာတ်နှင့် အမိုးအကာ နေစရာအိမ် ရရှိစေရန်အတွက် ဤအခွင့်အရေးများက သေချာစေပါသည်။ စားဝတ်နေရေး အခွင့်အရေးများသည် လူသားဖြစ်တည်မှုအတွက် အနိမ့်ဆုံးလိုအပ်သည့် စံနှုန်းများကို ပြည့်မီစေရေးပင် ဖြစ်ပါသည်။

စားဝတ်နေရေးဆိုင်ရာအခွင့်အရေးများကို အစားအစာ၊ ရေနှင့် နေစရာအိမ်ရာအဖြစ် သာမန်အားဖြင့် သရုပ်ခွဲကြပါသည်။ သို့သော် ICESCR တွင် အစားအစာ၊ အဝတ်အထည်နှင့် နေစရာအိမ်များအဖြစ် ဖော်ပြထားပါသည်။ ယင်းသို့ ကွဲထွက်နေရခြင်းမှာ အကြောင်းရင်းများ ရှိပါသည်။ ကနဦးဆိုရလျှင် အဝတ်အထည်ရရှိပိုင်ခွင့်နှင့် ပတ်သက်ပြီး ခြိမ်းခြောက်ခံနေရသော လူအချို့ရှိနေပါသည်။ အဝတ်အထည် များလောက်အောင်မရှိသည့် အခြေအနေများကား ရှားပါး ပါပေသည်။ သို့သော် အချို့သော အေးသည့်နိုင်ငံများတွင် ဆင်းရဲသူများသည် ဆောင်းရာသီ၌ အနွေးထည်မဝတ်နိုင်သည်လည်း ဖြစ်တတ်ပါသည်။ သို့သော် များသောအားဖြင့် အစိုးရနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများက ထိုကိစ္စနှင့်ပတ်သက်၍ ကိုင်တွယ်နိုင်ကြပါသည်။ ဂုဏ်သိက္ခာရှိစွာ အဝတ်အထည်မဆင်မြန်းနိုင်လောက်အောင် ကမ်းကုန်အောင် ဆင်းရဲရသည့် အိမ်ခြေမဲ့များ ရှိနေ သည်မှာ မှန်၏။ သို့သော် ပိုကြီးသည့်ပြဿနာမှာ ကားအဝတ်အစားကိစ္စ မဟုတ်ပါ။ နေစရာ၊ စားနပ်ရိက္ခာ၊ ရေနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ ဖြစ်ပါသည်။

ရေကိစ္စသည် မကြာသေးခင်ကမှစကာ အခွင့်အရေးဆိုင်ရာ အရေးကိစ္စတစ်ခု ဖြစ်လာ သည်။ ကာလရှည်ကြာစွာ ရေသည် အခမဲ့ရနေသည့် ကျယ်ပြန့်သော အရင်းအမြစ်ဖြစ်ခဲ့ပြီး လူ အနည်းငယ်မျှလောက်ကသာ ရေရရှိရေး အခက်အခဲတွေ့ကြရခြင်းဖြစ်ပါသည်။ မြို့တော်ကြီးများနှင့် စက်ရုံအလုပ်ရုံများ ကြီးထွားလာသည့်အခါ ရေလိုအပ်ချက်ပိုများလာပြီး တစ်ချိန်တည်းမှာပင် ရေသယံဇာတ အရင်းအမြစ်များကလည်း ညစ်ညမ်းလာခဲ့ရာ ရေသည်ပင်လျှင် အကန့်အသတ် ရှိသော အရင်းအမြစ်တစ်ခု ဖြစ်လာပါသည်။ ထိုရေရှားပါးမှုကိုကိုင်တွယ်ရန် အစိုးရက ရေအသုံးပြုမှု ကို စတင်ငွေကြေးကောက်ခံခဲ့ရာ လူအတော်များများမှာ အခမဲ့ရေရရှိမှုကို ဆုံးရှုံးခဲ့ရပါသည်။ သဘောတူစာချုပ်တွင် ရေနှင့်ပတ်သက်၍ ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိပေ။ သဘောတူစာချုပ်

ထဲတွင် ရေးသားထားခြင်းမရှိသော်လည်း စားနပ်ရိက္ခာရရှိပိုင်ခွင့်နှင့်အတူ ရေရပိုင်ခွင့်က တည်ရှိပြီးသားဖြစ်သည်ဟု အချို့က ငြင်းချက်ထုတ်ကြပါသည်။ အဆိုပါအခြေအနေကို ရှင်းလင်းစေရန်အတွက် ICESCR တွင် ရေဆိုင်ရာအခွင့်အရေး ပါပြီးဖြစ်သည်ဟု အထွေထွေမှတ်ချက် General Comment ကို ထုတ်ပြန်ခဲ့ပါသည်။ ထိုနေရာတွင် လုံလောက်သော၊ အန္တရာယ်ကင်းသော၊ လက်ခံနိုင်ဖွယ်ဖြစ်သော၊ ရုပ်ပိုင်းဆိုင်ရာအရ ရရှိလက်လှမ်းမီသော၊ စျေးနှုန်းသက်သာသော ရေကိုရရှိပိုင်ခွင့်ရှိသည်ဟု သတ်မှတ်ထားပါသည်။

မှတ်သားဖွယ်ရာ

စားဝတ်နေရေး အခွင့်အရေးများစံနှုန်း ပြည့်မီစေခြင်း

လူတစ်ဦးအတွက် စားဝတ်နေရေးရရှိခြင်းမှာ ကယ်လိုရီပမာဏတစ်ခုခု သို့မဟုတ် တစ်ရက်တွင် ရေလီတာ ဘယ်ရွေ့ဘယ်မျှရရှိအောင် ဆောင်ရွက်ပေးခြင်းမျှသာ မဟုတ်ပေ။ စားဝတ်နေရေးတွင် လူသား၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာလည်း မပျောက်ဆုံးအောင် ဆောင်ရွက်ထားရပါသည်။ အဆိုပါစံနှုန်းများကို နိုင်ငံများက ပြည့်မီအောင်ဆောင်ရွက်ရာတွင် အကူအညီဖြစ်စေရန်အတွက် ICESCR ဆိုင်ရာ လိုအပ်ချက်များကို ပြည့်မီစေရန် အစိုးရများ စဉ်းစားထည့်သွင်းရမည့် အပိုင်းများကို ရှင်းလင်းပြသထားသည့် သဘောတူစာချုပ်ကို ထပ်ဖြည့်ထားသော အထွေထွေမှတ်ချက် General Comments များရှိပါသည်။ ကျန်းမာရေး၊ ပညာရေး၊ စားနပ်ရိက္ခာ၊ ရေနှင့် အိမ် စသည့် အရေးကိစ္စများတွင် ဖြစ်တတ်သည့် ယေဘုယျအကျဆုံး ခေါင်းစဉ်လေးခုရှိပါသည်။

- ရရှိနိုင်မှု Available ။ ။ လူတိုင်းအတွက် အဆိုပါ ကုန်စည်နှင့်ဝန်ဆောင်မှုများ လုံလောက်သော ပမာဏဖြင့် ရှိရပါမည်။ ဥပမာ - ကလေးများအားလုံးအတွက် လုံလောက်သော ကျောင်းအရေအတွက်ရှိရမည်။ ဝင်ငွေစားသောက်နိုင်သောပမာဏဖြင့် လူတိုင်းအတွက် အစားအစာလုံလောက်စွာရှိရမည်။ တစ်ကိုယ်ရည်နှင့် နေအိမ်တွင် အသုံးပြုရန်အတွက် (သောက်သုံးရန်၊ သန့်စင်ရန်နှင့် အစားအစာချက်ပြုတ်ရန်) လုံလောက်သော ရေပမာဏရရှိရမည်။ လူတိုင်း ကျန်းမာရေးအရာရှိနှင့် တွေ့ဆုံကုသနိုင်ရန်အတွက် လုံလောက်သော ဆေးရုံဆေးခန်းများ ရှိရမည်။
- လက်လှမ်းမှီမှု Accessible ။ ။ ထောက်ပံ့နိုင်သည့်ပမာဏက လုံလောက်စွာရှိသည့်တိုင် လူအများ ရယူသုံးစွဲရန် လက်လှမ်းမီရပေမည်။ အစာရေစာလုံလောက်စွာ မရှိဆိုသည့် အခြေအနေက ဖြစ်လေ့ဖြစ်ထတော့ သိပ်မရှိပါ။ သို့သော် လူအများသည် အာဟာရချို့တဲ့လျက်ပင် ရှိကြသည်။ ဥပမာ ဆိုရလျှင် ထိုသူများသည် ဆင်းရဲသောကြောင့်၊ ခွဲခြားဆက်ဆံခံရမှုကြောင့် သို့မဟုတ် အဆိုပါဝန်ဆောင်မှုကို သွားလာရယူရန် အန္တရာယ်ကြီးသောကြောင့် လက်လှမ်းမီရယူနိုင်ရန်အတွက် အတားအဆီးများ ကြုံနေကြရခြင်း ဖြစ်ပေသည်။ လက်လှမ်းမီရယူနိုင်မှုတွင် ယေဘုယျအားဖြင့် ဘက်သုံးဘက်ဖြင့် အမြင်သုံးမျိုး ရှိပါသည်။ ရုပ်ပိုင်းဆိုင်ရာအရ လက်လှမ်းမီမှု (physical accessibility) ဆိုသည်မှာ ဝန်ဆောင်မှုကို သွားရောက်ရယူရာတွင် လမ်းခရီးနီးပါး၏လော။ လုံခြုံပါ၏လောဆိုသည့် အချက်နှင့်ပတ်သက်ပြီး စီးပွားရေးအရ လက်လှမ်းမီမှု (economic accessibility) ဆိုသည်မှာ အဆိုပါဝန်ဆောင်မှုကို ဝယ်ယူစားသုံးနိုင်ပါ၏လော

ဟူသောအချက်နှင့် သက်ဆိုင်သည်။ ခွဲခြားဆက်ဆံခံရမှုမှ ကင်းလွတ်ခြင်း (non- discrimination) ဆိုသည်ကမူ ကျားမလိင်ကွဲပြားမှု၊ တိုင်းရင်းသားမျိုးနွယ်စု သို့မဟုတ် အခြား အနေအထားတစ်ခုခုတို့ကြောင့် မိမိတို့အခွင့်အရေးများ ရယူခံစားပိုင်ခွင့်ကို ပိတ်ပင်ခံထားရသလော ဆိုသည့်အချက်ကို ဆိုလိုသည်။ အစားအသောက်မှာ စျေးကြီးနေနိုင်ပါသည်။ မိန်းကလေးများ ကျောင်းတက်ခွင့်မပြုခြင်း ဖြစ်နိုင်ပါသည်။ အချို့သော ဇာတ်စနစ်တွင် ပါဝင်သူများကို ရပ်ထဲရွာထဲမှ ရေတွင်းအား ပေးမသုံးခြင်းတို့ဖြစ်နိုင်သည်။ လက်လှမ်းမီမှု accessibility ၏ အရေးပါသော ပုံစံများမှာ ရုပ်ပိုင်းဆိုင်ရာလက်လှမ်းမီခြင်း၊ စီးပွားရေးဆိုင်ရာလက်လှမ်းမီခြင်းနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်းတို့ ဖြစ်ပါသည်။

- လက်ခံနိုင်မှု Acceptable။ ။ ကုန်စည်များသည်တစ်စုံတစ်ရာ အတိုင်းအတာတစ်ခုအထိ အရည်အသွေးကောင်းနေရန် လိုအပ်ပါသည်။ ကျောင်းတက်ရရုံဖြင့် မလုံလောက်သေးပါ။ ကလေးများသိရှိရန် လိုအပ်သည်များကို သင်ကြားပေးနေသည့် ကျောင်းများဖြစ်ရန်လိုပါသည်။ အစားအသောက်နှင့် ရေသည်သန့်ရှင်းမှုနှင့် အဆိပ်အတောက်ပါဝင်မှုမရှိခြင်း လက်ခံနိုင်လောက်ဖွယ်ရာ အဆင့်တစ်ခုရှိနေရန် လိုအပ်ပါသည်။ နေစရာအိမ်ဆိုသည်မှာ တံတားအောက်တွင် စက္ကူပုံးများဖြင့်ဆောက်ထားသည့်နေရာမျိုးမဖြစ်စေရဘဲ လူတစ်ဦးကို လုံခြုံစေကာ ပတ်ဝန်းကျင်မှကာကွယ်ပေးထားပြီး အခြားဝန်ဆောင်မှုများနှင့် နီးရာတွင်ရှိရမည်ဖြစ်ပေသည်။
- သင့်တင့်လျောက်ပတ်မှု Appropriate။ ။ ကုန်စည်များသည် လူသားတစ်ဦး၏ အထူးလိုအပ်ချက်များနှင့် သင့်တင့်လျောက်ပတ်မှု ရှိစေသင့်ပါသည်။ ယဉ်ကျေးမှုအရ သင့်တင့်မှု၊ မသန်စွမ်းများနှင့် သင့်တော်မှု စသည်တို့ ဖြစ်နိုင်ပါသည်။ လူတစ်ဦးအတွက် လိုအပ်သော ကယ်လိုရီ ၂၂၀၀ ကို ရရှိခြင်းမျှမကဘဲ လူသားတစ်ဦးကဲ့သို့ အစားအသောက်ကို စားရပိုင်ခွင့်လည်း လိုပါသည်။ အစားအသောက်သည် လူတစ်ဦး၏ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှုနှင့် လိုက်ဖက်ခြင်းလည်း ဖြစ်နိုင်ပါသည်။ (ဥပမာ - သတ်သတ်လွတ်စားသူများ) လူသားဆန်စွာ စားခွင့်ရရေးလည်းဖြစ်နိုင်သည်။ (ဥပမာ- မိသားစုများ၊ မိတ်ဆွေများနှင့် ဝိုင်းဖွဲ့စားသောက်ခွင့် ဖြစ်သည်)

စားဝတ်နေရေးဆိုင်ရာ အခွင့်အရေးများနှင့် သက်ဆိုင်သည့်အရာများ၏ အသေးစိတ်ကို အောက်ပါ စာတမ်းများတွင်ပါဝင်သော အထွေထွေမှတ်ချက်များတွင် တွေ့နိုင်ပါသည်။

- အစားအသောက်။ ။အထွေထွေမှတ်ချက် ၁၂
- ရေ။ ။အထွေထွေမှတ်ချက် ၁၅
- အိမ်းအကာ။ ။အထွေထွေမှတ်ချက် ၄ ၊ ၇
- ပညာရေး။ ။အထွေထွေမှတ်ချက် ၁၃
- ကျန်းမာရေး။ ။အထွေထွေမှတ်ချက် ၁၄

၃.၆ ယဉ်ကျေးမှုနှင့် လူ့အခွင့်အရေး

ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများသည် ပိုမိုရှုပ်ထွေးသော လူ့အခွင့်အရေးများအဖြစ် ရှိနေသည်။ ယင်းအရေးကိစ္စများကို အခန်း ၁၃ တွင် ပိုမိုဖော်ပြမည်ဖြစ်သည်။ သို့သော် ယခုအခန်းတွင်လည်း ကနဦးအဆင့်မှတ်ချက်များကိုဖော်ပြပါမည်။ ESCR တွင် ပါဝင်သောယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများသည် ICCPR ၏ အပိုဒ် ၂၇ လူနည်းစုအခွင့်အရေးနှင့် ဆက်စပ်နီးကပ်ပါသည်။ ယဉ်ကျေးမှုတိုင်းသည် လူနည်းစုရေးရာမဟုတ်ဘဲ အချို့သောမြင်သာသည့် ခြားနားမှုများရှိပါသည်။ သို့သော် အပိုဒ်နှစ်ခုလုံးတွင် ယဉ်ကျေးမှုဆိုင်ရာနယ်ပယ်ဆိုသည်မှာ မည်သည်တို့ဖြစ်သည်ကို တိကျစွာ အဓိပ္ပာယ်ဖွင့်ဆိုရန် အခက်အခဲများရှိပါသည်။ ယဉ်ကျေးမှုနှင့်ပတ်သက်၍ ရှင်းလင်းသော စံနှုန်းများ မရှိခြင်းကြောင့် ယဉ်ကျေးမှုရေးရာအခွင့်အရေးများကို ကာကွယ်ပေးခြင်းကလည်း ငြင်းခုံမှုများကို ဖြစ်စေတော့သည်။ ယဉ်ကျေးမှုဝန်းကျင်သည် မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် အိမ်ထောင်ပြုခြင်း စသည့် ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများဟု ယူဆကြဖွယ်ရှိသည်။ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများတွင် အစားအသောက်၊ ပညာရေး၊ လက်ထပ်ထိမ်းမြားမှုနှင့် ရိုးရာအစဉ်အလာ ဥပဒေသများလည်း ဆက်စပ်ပါဝင်သည်။ ယဉ်ကျေးမှုခေါင်းစဉ်အောက်တွင် ဝတ်ဆင်မှု၊ လူမှုရေးအခမ်းအနား၊ မီဒီယာ၊ ဖျော်ဖြေမှုနှင့် ကိုးကွယ်ယုံကြည်ရာဘာသာနှင့် မပတ်သက်သော ဝိညာဉ်ပိုင်းဆိုင်ရာ ကျင့်သုံးမှုများလည်း ပါဝင်သလောဟူသည့် အငြင်းအခုံများလည်း ရှိပါသေးသည်။ အထူးသဖြင့် အစ္စလာမ်အမျိုးသမီးများ၏ ခြုံထည်ကဲ့သို့သော ဝတ်ဆင်မှုကိစ္စသည် ကမ္ဘာအနှံ့ ငြင်းခုံနေကြဆဲဖြစ်ပါသည်။ ယဉ်ကျေးမှုစီးပွားရေးဆိုသော သဘောတရားကလည်း နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့်နှင့် နိုင်ငံတကာ ဥပဒေရေးရာယန္တရားများမှတစ်ဆင့် စိမ့်ဝင်ဖွံ့ဖြိုးလာပြီဖြစ်သည်။ ထိုကဲ့သို့သော ယဉ်ကျေးမှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများဖြစ်ကြသည် တိရစ္ဆာန်အုပ်ကြီးများမွေးမြူခြင်း၊ အမဲလိုက်ခြင်း၊ စိုက်ပျိုးခြင်း (ဥပမာ - နယူးဇီလန်ရှိ မာအိုရီ ငါးဖမ်းအခွင့်အရေး၊ ဖင်လန်ရှိဆာမီတို့၏ သားမင်းအုပ်မွေးမြူခြင်းနှင့် ဌာနေ ကနေဒီယန် မျိုးနွယ်စုများ၏ အမဲလိုက်အခွင့်အရေး)တို့ကို ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေး ခေါင်းစဉ်အောက်မှ အကာအကွယ်ပေးထားပြီး ဖြစ်သည်။ သို့သော် မည်သည့်အရှေ့တောင်အာရှနိုင်ငံကမှ ထိုသို့သော အခွင့်အရေးမျိုးကို အသိအမှတ်ပြုထားခြင်းမရှိသေးပေ။

ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းမရှိသေးသည့် ကိစ္စတွင် နိုင်ငံရေးဆိုင်ရာ အကြောင်းရင်းများ ရှိနိုင်ပါသည်။ အချို့သော အစိုးရများက နိုင်ငံကို ကြီးစိုးလွှမ်းမိုးထားသည့် ယဉ်ကျေးမှုတစ်ရပ်ကို ဆက်လက်ကြီးကျယ်နေစေလိုသည်။ သို့မဟုတ် လူနည်းစုတို့၏ယဉ်ကျေးမှုများ ပါဝါကြီးကြီးမားမား မရစေလိုပေ။ ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးနှင့် အစိုးရ၏ယဉ်ကျေးမှုဆိုင်ရာ မူဝါဒတို့ ထိပ်တိုက်တွေ့ အငြင်းပွားရခြင်းများဖြစ်နိုင်သည်။ ဒေသတွင်း အချို့သော နိုင်ငံများသည် ၎င်းတို့ ယဉ်ကျေးမှုနှင့်ပတ်သက်ပြီး အလွန်ရှေးရိုးစွဲသောကြောင့် ဖြစ်ပါသည်။ အချို့အစိုးရတို့သည် ရိုးရာအက၊ ရိုးရာ တေးသီချင်းများကိုသာ ထုတ်ဖော်မြှင့်တင်ကာကွယ်ပြီး မော်ဒန်အနုပညာကဲ့သို့ ခေတ်ပြိုင်ယဉ်ကျေးမှုများကိုမူ တူညီသော ထုတ်ဖော်မြှင့်တင်ကာကွယ်မှုများ မပြုလုပ်ကြပေ။ ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ အခြေခံသည် ယဉ်ကျေးမှုပဒေသာစုံဝါဒအတွေးအခေါ်နှင့် ချိတ်ဆက်သင့်သည်။ သို့မဟုတ် နိုင်ငံတော်အစိုးရများသည် ကြီးစိုးနေသော ယဉ်ကျေးမှုတစ်ခုကိုသာ မြှင့်တင်ထောက်ခံခြင်းမျိုး မဖြစ်စေသင့်ဘဲ ယဉ်ကျေးမှုအတော်များများကို

အားပေးချီးမြှောက်သင့်ပါသည်။ သို့ပါသော် အရှေ့တောင်အာရှတစ်လွှားတွင် အစိုးရအများစုသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေအဓိက ယဉ်ကျေးမှုကြီးနှင့် အဓိကဘာသာတရားတို့ကိုသာလျှင် ဦးစားပေးပါသည်။

သာဓက

အင်ဒိုနီးရှားရှိ တရုတ်ခြင်္သေ့အက

၁၉၀၀ ကာလများက Tiong Hoa Hwe Koan ခေါ် အင်ဒိုနီးရှားတရုတ်အဖွဲ့အစည်း တည်ထောင်ခြင်းနှင့်အတူ အင်ဒိုနီးရှားသို့ ခြင်္သေ့အက ရောက်လာခဲ့သည်။ သို့သော် ၁၉၆၅ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ အင်ဒိုနီးရှားကို အုပ်ချုပ်သွားခဲ့သော သမ္မတဆူဟာတိုသည် နိုင်ငံတော်၏အတွေးအခေါ်၊ ယဉ်ကျေးမှု၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံရေးတို့တွင် တစ်ပုံစံတည်းသော မူဝါဒကိုချမှတ်ခဲ့ကာ အင်ဒိုနီးရှားလူ့အဖွဲ့အစည်း၏ ကဏ္ဍာတိုင်းတွင် အသုံးချပါသည်။ ထိုမူဝါဒများထဲမှတစ်ခုသည် နိုင်ငံရပ်ခြားယဉ်ကျေးမှုများကို မည်သည့်ပုံစံမဆို တားမြစ်ထားခြင်းဖြစ်သည်။ ၁၉၆၇ ခုနှစ် သမ္မတညွှန်ကြားချက် အမှတ် ၁၄ တွင် တရုတ်ယဉ်ကျေးမှုသည်လည်း ပိတ်ပင်ထားသော ယဉ်ကျေးမှုတစ်ရပ်ဖြစ်ခဲ့သည်။ ထို့ကြောင့် ကွန်ဖြူးရှပ်ဝါဒ သို့မဟုတ် Khonghucu ကို ဘာသာတရားအဖြစ် အသိအမှတ်မပြုရာ ကွန်ဖြူးရှပ်ကျောင်းတော်များ အပိတ်ခံရပြီး၊ တရုတ်နာမည်များမှည့်ခြင်းကို လက်မခံသောကြောင့်လည်း တရုတ်များက ဂျာဗား သို့မဟုတ် မလေးနာမည်များသို့ အတင်းနာမည်ပြောင်းခဲ့ကြရပါသည်။ ထို့အတူ ခြင်္သေ့အကကိုလည်း အများသူငါရှေ့တွင် ကခုန်ခွင့်မရှိပေ။

၁၉၉၈ တွင် ဆူဟာတို ပြုတ်ကျပြီးနောက် ယင်းအခြေအနေလည်း ပြောင်းလဲခဲ့ပါသည်။ နောင်တက်လာသည့် သမ္မတ အဒူရာမန်ဝါဟစ် (၁၉၉၉ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ) သည် သမ္မတညွှန်ကြားချက် အမှတ် ၁၄ ကို ပယ်ဖျက်ခဲ့ပြီး သမ္မတဒီကရီအမိန့် အမှတ် ၁၉ (၂၀၀၁) ကို ထုတ်ပြန်ခဲ့ပြီး တရုတ်နှစ်သစ်ကူး အင်လက် Imlek ကို အသိအမှတ်ပြုခဲ့ကာ နှစ်ကူးလိုသူများကိုလည်း အားလပ်ရက်အဖြစ် သတ်မှတ်ပေးခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် သမ္မတ မယ်ဂါဝတီဆူကာနိုပူထရီက အင်လက် Imlek ကို အမျိုးသားရုံးပိတ်ရက်အဖြစ် အသိအမှတ်ပြုကြောင်း ကြေညာပေးခဲ့သည်။ သမ္မတ၏အမိန့်ဒီကရီအမှတ် ၁၉ (၂၀၀၁) က ဌာနေနှင့် ဌာနေမဟုတ်သူစသည့် အသုံးအနူန်းများကို ပယ်ဖျက်ခဲ့သည်။ အင်လက်ကို အင်ဒိုနီးရှားအမျိုးသား ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးခြင်း၊ ကွန်ဖြူးရှပ်ဝါဒကို ဘာသာတရားတစ်ခုအဖြစ် အသိအမှတ်ပြုခြင်း၊ ကျောင်းတော်များ ဆောက်လုပ်ခွင့်ပြုခြင်း၊ ဆယ်စုနှစ်များစွာအတွင်း ပထမဆုံးအကြိမ် တရုတ်ခြင်္သေ့အကကို အများပြည်သူရှေ့တွင် ကပြခွင့်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

ဒုတိယမြောက်အရေးကိစ္စကား ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများသည် အများစုစည်းထားခြင်းသဘောပေလော သို့မဟုတ် ပုဂ္ဂလသဘောပေလော ဟု မေးခွန်းထုတ်ခြင်းဖြစ်သည်။ စုပေါင်းအခွင့်အရေးသည်ကား အစုအဖွဲ့တစ်ခု သို့မဟုတ် ရပ်ရွာတစ်ခုက ပိုင်ဆိုင်သည်။ (တစ်ဦးတစ်ယောက်ချင်း အခွင့်အရေးနှင့် ဆန့်ကျင်ပါသည်) သို့ဖြစ်ရာ လူ့အခွင့်အရေးများမှ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို အလိုအလျောက် သီးခြားခွဲထားပြီး ဖြစ်စေသည်ဟု အချို့ကဆိုသည်။ အဘယ်ကြောင့်ဆိုသော် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးသည် လူမှုတန်ဖိုးများ သို့မဟုတ် လူမှု

အင်စတီကျူးရှင်းများကို စုစည်းထားခြင်းဖြစ်ကာ လူသားတစ်ဦးပေါ်တွင် အခြေမခံသောကြောင့်ဟု ဆိုသည်။ သို့သော် အဆိုပါအခွင့်အရေးများကို သဘောတူညီစာချုပ်တွင် မည်သို့ရေးသားထားသည်ကို သေချာစွာစေ့ငုလေ့လာကြည့်သည့်အခါ တစ်ဦးတစ်ယောက်ချင်းစီ၏ အခွင့်အရေးများကို ဗဟိုပြုရေးသားထားသည်ကို တွေ့ရပါသည်။ ဆိုလိုသည်မှာ ယဉ်ကျေးမှုတစ်ရပ်တွင် လူတစ်ဦးချင်းစီ၏ ပါဝင်နိုင်ခွင့်ဖြစ်ပြီး ယဉ်ကျေးမှုကြီးတစ်ရပ်လုံး၏ အခွင့်အရေး မဟုတ်ပေ။ UDHR ၊ ICCPR နှင့် ICESCR စာတမ်း သုံးခုလုံးတွင် ဖော်ပြထားသည်မှာ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးသည် လူတစ်ဦးချင်းစီ၏ သို့မဟုတ် လူတိုင်း၏ယဉ်ကျေးမှုကို ကျင့်သုံးလိုက်နာပိုင်ခွင့် သို့မဟုတ် ယဉ်ကျေးမှုတစ်ရပ်ကို ကျင့်သုံးခြင်းအား တားမြစ်ခံရခြင်းမှ လွတ်မြောက်ပိုင်ခွင့် ဖြစ်ပါသည်။

ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများကို မြှင့်တင်ခြင်း၊ အကာအကွယ်ပေးခြင်းတို့ ပြုလုပ်ရာတွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများသည် ESCR တစ်ခုတည်းကို ကိုးကားခြင်းမပြုအပ်ပေ။ ရံဖန်ရံခါ ICCPR မှ ခွဲခြားဆက်ဆံခြင်းမှ လွတ်ငြိမ်းပိုင်ခွင့်၊ လူနည်းစုအခွင့်အရေးများ၊ ယဉ်ကျေးမှုဆိုင်ရာကျင့်သုံးမှုများ၏ လွတ်လပ်စွာထုတ်ဖော်တင်ပြခွင့်၊ လွတ်လပ်စွာဘာသာတရားကိုးကွယ်ခွင့် စသည်တို့ကိုလည်း ကိုးကားရမည်။ ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများသည် သဘောတူစာချုပ်နှစ်ရပ်အကြား အပြန်အလှန် မှီတည်ကာ အပြန်အလှန် ဆက်စပ်နေလျက်ရှိပါသည်။

က။ အနှစ်ချုပ်နှင့်အဓိကအချက်များ

မိတ်ဆက်

UDHR တွင်ပါဝင်သော အခွင့်အရေးများကို အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်အဖြစ် အသွင်ပြောင်းရာတွင် ညီလာခံနှစ်ရပ်ဖြစ်လာခဲ့ပါသည်။ ICCPR (UDHR ၏ အပိုဒ် ၁ မှ ၂၁ အထိကို လွှမ်းခြုံသည်) နှင့် ICESCR (UDHR အပိုဒ် ၁၊ အပိုဒ် ၂ နှင့် ၂၂ မှ ၂၇ အထိသို့ လွှမ်းခြုံသည်) သဘောတူစာချုပ်နှစ်ရပ် ဖြစ်ပါသည်။ UDHR ကို သီးခြားသဘောတူစာချုပ်များအဖြစ် ခွဲခြားရခြင်းမှာ ဥပဒေပိုင်းအရ တစ်ခုနှင့်တစ်ခုသဘောသဘာဝ ကွာခြားခြင်း (အခွင့်အရေးများကို ယာယီအားဖြင့် ဖယ်ရှားနောက်ဆုတ်နိုင်သော CPR ၏ သဘောသဘာဝနှင့် အဆင့်ဆင့် တိုးတက်မှုကို ခံစားသိမြင်ခြင်းဖြင့် သဘောပေါက်ရသော ESCR ၏ သဘောသဘာဝတို့ ခြားနားခြင်း) ကြောင့်ဖြစ်သည်ဟု ယူဆကြသူများလည်းရှိသည်။ အချို့က ထောက်ပြသကဲ့သို့ နိုင်ငံရေးအရအကွဲအပြဲ (အနောက်အုပ်စုနိုင်ငံများက CPR ကို လိုလားကြကာ ကွန်မြူနစ်နိုင်ငံများက ESCR ကို နှစ်သက်ကြသည့်အဖြစ်ကြောင့်ဟုလည်း စာချုပ်နှစ်ခုကွဲရသည်ဟု ဆိုကြသည်။ ၁၉၇၆ ခုနှစ်တွင် သဘောတူစာချုပ်နှစ်ရပ်လုံး အသက်ဝင်သွားသည့်အခါ သဘောတူညီမှုကို ပါဝင်လက်မှတ်ရေးထိုးကြသည့် နိုင်ငံများတွင် UDHR ကို ဥပဒေအရ စည်းကျပ်ပြီးဖြစ်သွားပေသည်။ ICCPR နှင့် ICESCR တို့က အကာအကွယ်ပေးထားသော ဥပဒေများသည် နိုင်ငံသားဖြစ်ဖြစ်မဖြစ်ဖြစ်၊ နိုင်ငံ၏ တရားစီရင်ပိုင်ခွင့် နယ်မြေထဲတွင်ရှိသော လူသားတိုင်း အကျုံးဝင်ပါသည်။

နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ နိုင်ငံတကာသဘောတူစာချုပ် ICCPR

ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၊ ခွဲခြားဆက်ဆံခံရခြင်းမှ ကင်းဝေးခွင့်နှင့် အသက်ရှင်ရပ်တည်ခွင့် စသည့် အခြေခံအခွင့်အရေးများကို ICCPR က ကာကွယ်ပေးထားပါသည်။ အသက်ရှင် ရပ်တည်ခွင့်၏ ဝိသေသသည် သေဒဏ်ပြစ်ဒဏ်ပေးခြင်းဖြင့် ပိတ်ပင်ခံရနိုင်ပါသည်။ အခြားအရေးကြီးသည့် အခွင့်အရေးများတွင် ဥပဒေစနစ်ထဲမှ ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားရင်ဆိုင်ရစဉ်ရှိသော အခွင့် အရေးများ ပါဝင်ပါသည်။ CPR သည် နိုင်ငံရေးနယ်ပယ်မှ လူ့အခွင့်အရေးများ ပါဝင်သကဲ့သို့ ဘာသာတရားလွတ်လပ်ခွင့်၊ လွတ်လပ်စွာထုတ်ဖော် တင်ပြခွင့်နှင့် မဲပေးခွင့်စသော နိုင်ငံသား လူ့အဖွဲ့အစည်းမှ အခွင့်အရေးများလည်းပါဝင်ပါသည်။

အဆိုပါအခွင့်အရေးများကို ပိတ်ပင်ရာတွင်ပိတ်ပင်ပုံသုံးမျိုးအား ICCPR က ခွင့်ပြုထား ပါသည်။ ပထမတစ်ခုမှာအခြားသူများ၏ အခွင့်အရေးကိုချိုးဖောက်ရန်အတွက် ထိုအခွင့်အရေး များကို အသုံးမပြုရဆိုသည့်အချက်ဖြစ်သည်။ ဒုတိယအနေဖြင့် အများပြည်သူဘဝ အေးချမ်း သာယာမှု၊ ပြည်သူ့ကျန်းမာရေး၊ အမျိုးသားလုံခြုံရေး သို့မဟုတ် ကျင့်ဝတ်သီလမြဲမြံရေးတို့အတွက် မဖြစ်မနေလိုအပ်လာပါက အချို့သော အခွင့်အရေးများကို ပိတ်ပင်ထားနိုင်ပါသည်။ တတိယ အနေဖြင့် နိုင်ငံတော်အစိုးရများသည် အများပြည်သူအတွက် အရေးပေါ်အခြေအနေ ဖြစ်လာသည့် အခါ အချိန်အကန့်အသတ်ဖြင့် အခွင့်အရေးတစ်ရပ်ကို ခေတ္တဖယ်ရှား ချန်လှပ်ထားနိုင်ပါသည်။ ဖယ်ရှားချန်လှပ်ထား၍မရသော အခွင့်အရေးများရှိပြီး အဆိုပါအခွင့်အရေးများမှာ မည်သည့် အခြေအနေတွင်မဆို ခံစားခွင့်ရှိရမည် ဖြစ်သည်။

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် ICESCR

ICCPR ကဲ့သို့ပင် ICESCR သည်လည်း ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နှင့် အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှခြင်းဆိုင်ရာ အခွင့်အရေးများစသည့် အခြေခံအခွင့်အရေးများကို အကာအကွယ် ပေးထားပါသည်။ ထို့ထက်ပို၍ ICESCR တွင် လုပ်ငန်းခွင်၊ ပညာရေး၊ မိသားစုအကာအကွယ် ရရှိရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် နေအိမ် အစရှိသည့် အခွင့်အရေးများ ပါဝင်ပါသည်။ ICESCR တွင် ပါဝင်သော အခွင့်အရေးများကို ရံဖန်ရံခါ သက်ဆိုင်ရာအတွက် ILO အစရှိသည်တို့က အဓိပ္ပာယ်ဖွင့်ကာ၊ သုတေသနများပြုလုပ်ကြပါသည်။

ESCR သည် CPR နှင့် အချို့အခွင့်အရေးများတွင် မတူညီသည်မှာ ESCR တွင် လူ့အခွင့် အရေးကို အဆင့်ဆင့် တိုးတက်လာစေခြင်းသဘောရှိခြင်း ဖြစ်သည်။ နိုင်ငံအစိုးရသည် သဘောတူ စာချုပ်ကပေးသော ဝတ္တရားများကိုချက်ချင်း မဖြည့်ဆည်းနိုင်သည့်အခါ ထိုအခွင့်အရေး ရရှိနိုင်ရန် အတွက် ဝါယမစိုက်ထုတ်ရန် တာဝန်ရှိခြင်းဖြစ်သည်။ လက်တွေ့ဆောင်ရွက်မည့် မူဝါဒများနှင့် အစီအစဉ်များ နိုင်ငံတော်အစိုးရများတွင် ရှိရမည်ဖြစ်ပြီ ၎င်းတို့ ရှိသမျှအရင်းအမြစ်များကို အများဆုံး ထုတ်သုံးကာ အကောင်အထည်ဖော်ရပါသည်။ အချို့က ထောက်ပြကြသည်မှာ ESCR သည် CPR ကဲ့သို့ အမှန်တကယ်အခွင့်အရေးများ မဟုတ်ဟူ၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် အခွင့်အရေးများထက် ပန်းတိုင်၊ ရည်မှန်းချက်များ ဖြစ်နေသည်ဟုဆိုကြ၏။

အဆင့်ဆင့်တိုးတက်မှုရှိလာအောင် အစိုးရက တာဝန်ကျေမကျေကို အဓိပ္ပာယ်ဖွင့်ရန် ခက်ခဲသကဲ့သို့ အဆိုပါအခွင့်အရေးများ ချိုးဖောက်ခံနေရခြင်းအားမည်သို့ အဓိပ္ပာယ်ဖွင့်ဆိုကြမည်ဟု သတ်မှတ်ရန် ခက်ပါသည်။ အလုပ်အကိုင်၊ ကျန်းမာရေး၊ အစားအစာ စသည့် ESCR အခွင့်အရေး အတော်များများ ပြည့်စုံရန်မှာ လူပုဂ္ဂိုလ်တွင် မူလဘူတ တာဝန်ရှိသောကြောင့်ဖြစ်သည်။ သို့သော် အချို့သော အခြေအနေများတွင် ထိုလူပုဂ္ဂိုလ်သည် ထိုအခွင့်အရေးများရရှိအောင် မိမိဘာသာမလုပ်ကိုင်နိုင်ပါက အစိုးရတွင် တာဝန်ရှိပါသည်။ ထို့ကြောင့် ESCR သည် တရားဥပဒေဖြင့် စီရင်ဆုံးဖြတ်နိုင်သည့် အခွင့်အရေးဟုတ်မဟုတ်၊ တရားရေးဘောင်ထဲမှ စီရင်ရန်ထည့်သွင်းနိုင်ခြင်းရှိမရှိ သုံးသပ်ရခက်ခဲသည်ဟု အချို့က ဆိုကြခြင်းဖြစ်သည်။ ESCR ၏ အရေးကြီးသော အပိုင်းတစ်ပိုင်းမှာ အစားအစာ၊ ရေ၊ နေအိမ်၊ ပညာရေးနှင့် ကျန်းမာရေးရရှိပိုင်ခွင့် သို့မဟုတ် စားဝတ်နေရေးဆိုင်ရာ အခွင့်အရေးများ ဖြစ်သည်။ အဆိုပါ အခွင့်အရေးများ ရရှိနိုင်ခြင်း available ၊ လက်လှမ်းမီခြင်း accessible ၊ လက်ခံနိုင်လောက်သည့် အဆင့်အတန်းရှိခြင်း acceptable နှင့် လူသားလိုအပ်ချက်နှင့်သင့်လျော်ခြင်း appropriate အခြေအနေများရှိအောင် နိုင်ငံတော်အစိုးရများက သိရှိဖြည့်ဆည်းပေးရပါမည်။

ယဉ်ကျေးမှု နှင့် လူ့အခွင့်အရေး

လူ့အခွင့်အရေး အကာအကွယ်ပေးရေး လောကတွင် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ အကြောင်း အတော်ပင် ငြင်းခုံကြရပါသည်။ ယဉ်ကျေးမှုကိုအဓိပ္ပာယ်ဖွင့်ထားချက်မှာ မရှင်းလင်းဘဲ၊ ယဉ်ကျေးမှုဆိုသည်ကို ရံဖန်ရံခါ အစိုးရများက နိုင်ငံရေးအဖြစ်အသုံးချကြပါသည်။ ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများသည် ICESCR နှင့် ICCPR ၏ ကဏ္ဍအတော်များများတွင် ယဉ်ကျေးမှုပါဝင်သည်။ ဥပမာ - ဘာသာရေး အခွင့်အရေးများ၊ လူနည်းစုအခွင့်အရေးနှင့် ခွဲခြားဆက်ဆံခံရမှုမှ လွတ်မြောက်ပိုင်ခွင့်တို့ ဖြစ်ပါသည်။

ခ။ စာမေးပွဲ သို့မဟုတ် အက်ဆေးမေးခွန်းများ

- သင်၏နိုင်ငံသည် မည်သည့်အချိန်က ICCPR နှင့် ICESCR တို့ကို သဘောတူလက်မှတ်ရေးထိုးကာ ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်နာခဲ့သနည်း။ သဘောတူစာချုပ်ကို သင့်တိုင်းပြည်က ပါဝင် လက်မှတ်ရေးထိုးခဲ့ခြင်းနှင့် စပ်လျဉ်းသော အကြောင်းရင်းများကိုဖော်ပြပါ။

(သို့မဟုတ်)

- ICCPR သို့မဟုတ် ICESCR ကို သင့်တိုင်းပြည်က လက်မှတ်မထိုးရသေးခြင်းမှာ အဘယ်ကြောင့်နည်း။ အစိုးရက မည်သည့်ကျိုးကြောင်းဖော်ပြသနည်း။ ၎င်းတို့ပေးသည့် အကြောင်းပြချက်များမှာ မည်မျှဆီလျော်သည်ဟု ထင်ပါသနည်း။
- ICCPR သို့မဟုတ် ICESCR တို့တွင် သင်၏ အစိုးရက ခြွင်းချက်ထားပြီး မလိုက်နာဘဲ ချန်လှပ်ထားလိုသည်များရှိပါက ရှာဖွေကြည့်ပါ။ ထိုသို့ ထားရှိသော ခြွင်းချက်များမှာ တကယ်လိုအပ်သဖြင့် လုပ်ဆောင်ရခြင်းလော။ သဘောတူစာချုပ်တွင် သင့်တိုင်းပြည်က

ခြွင်းချက်ထားပြီးမလိုက်နာဘဲ နေခဲ့သော အချက်များကို ပြန်လည်ဖြေလျှော့ကာ သဘောတူလိုက်နာခဲ့ဖူးပါသလား။

- သင့်တိုင်းပြည်ရှိ ပြည်သူတို့၏ နိုင်ငံသားနှင့်နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ သို့မဟုတ် စီးပွားရေးနှင့် လူမှုရေးအခွင့်အရေးများနှင့်သက်ဆိုင်သည့် အခြေအနေများ၊ ပြဿနာရပ်များကား အဘယ်နည်း။
- သေဒဏ်ပေးခြင်း အကြောင်းအရာနှင့်ပတ်သက်၍ သင့်တိုင်းပြည်တွင် အများပြည်သူဆွေးနွေးငြင်းခုံနေခြင်းရှိပါသလား။ သင့်တိုင်းပြည်သည်မည်သည့် အကြောင်းပြချက်ကြောင့် သေဒဏ်ကိုအသုံးပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်ခဲ့ပါသနည်း။ ထိုအကြောင်းပြချက်များက အားကောင်းခိုင်လုံပါသလား။
- သင့်တိုင်းပြည်တွင် အရေးပေါ်အခြေအနေ သတ်မှတ်ခြင်းကြုံခဲ့ဖူးပါသလား။ မည်သည့်ကာလက ဖြစ်ခဲ့သနည်း၊ မည်သည့်လူအခွင့်အရေးများကို ထိုကာလက ယာယီဖယ်ရှားချန်လှပ်ထားခဲ့ပါသနည်း။ ပြည်သူ့နေ့စဉ်ဘဝကို အေးချမ်းတည်ငြိမ်ရေးအတွက်ဟုဆိုကာ ထိုသို့အခွင့်အရေးများကို ယာယီဖယ်ရှားချန်လှပ်ခြင်းမှာ တကယ်လိုအပ်ခဲ့ပါသလား။
- စီးပွားလူမှုယဉ်ကျေးမှုအခွင့်အရေးများ အဆင့်ဆင့်တိုးတက်လာအောင် မည်သည့်ကဏ္ဍများ၌ သင့်တိုင်းပြည်အစိုးရက လုပ်ငန်းများဆောင်ရွက်နေသည်ဆိုသည်ကို ဥပမာများဖြင့် အသေးစိတ်ဖော်ပြပါ။ အစိုးရက လုပ်ဆောင်ခဲ့သည့် မူဝါဒ၊ အစီအမံများနှင့် ရလဒ်များကား အဘယ်နည်း။
- လေးစားဖော်ဆောင်ပေးခြင်း မခံရသော ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ သင့်တိုင်းပြည်တွင် ရှိပါသလော။ ထိုသို့ချိုးဖောက်ခြင်းအတွက် အကြောင်းပြချက်များကား အဘယ်နည်း။

ဂ။ ထပ်မံလေ့လာဖတ်ရှုရန်များ

The International Covenant on Civil and Political Rights

ICCPR အကြောင်းရေးထားသော အဓိက ပြဋ္ဌာန်းစာအုပ်များတွင် -

- Sarah Joseph, Jenny Schultz, Melissa Castan wdk, ရေးသားသည့် International covenant on civil & political rights: Cases, commentary & materials. (Oxford: Oxford University Press)
- Manfred Novak ရေးသားသည့် UN Covenant on Civil and Political Rights: CCPR Commentary. NP Engel, 2005/

သေဒဏ်ပေးခြင်းအကြောင်းအရာသည် Amnesty International ၏ သုတေသန ခေါင်းစဉ်တစ်ရပ်ဖြစ်ကာ နှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်လေ့ရှိပြီး Amnesty International ၏ အင်တာနက်

စာမျက်နှာတွင် တွေ့ရှိနိုင်ပါသည်။ သေဒဏ်ပေးခြင်းနှင့်ပတ်သက်၍ လူပုဂ္ဂိုလ်များဆောင်ရွက်နေသော အခြားအဖွဲ့အစည်းများလည်း ရှိပါသည်။

- သေဒဏ်ပေးခြင်းကို ဆန့်ကျင်သော ကမ္ဘာ့ညွှန့်ပေါင်းအဖွဲ့ The world coalition against the death penalty
- သေဒဏ်ပေးခြင်းကိုဆန့်ကျင်သော အာရှကွန်ရက် Anti-death penalty Asia network
- သေဒဏ်ပေးခြင်းကိုဆန့်ကျင်သော အပြည်ပြည်ဆိုင်ရာကော်မရှင်

အရေးပေါ်အခြေအနေနှင့်ပတ်သက်သော သတင်းအချက်အလက်များကို လူ့အခွင့်အရေးကော်မတီ Human Rights Committee ၏ အထွေထွေမှတ်ချက်အမှတ် ၂၉ (၂၀၀၁) တွင်ဖတ်နိုင်ပြီး OHCHR အင်တာနက် စာမျက်နှာတွင် ရနိုင်ပါသည်။

The International Covenant on Economic, Social and Cultural Rights

NGO ESCR-Net က စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများအကြောင်း အရေးကြီးသော ကိစ္စရပ်များကို ရေးသားထားသည့် များပြားလှစွာသော အင်တာနက် link များ တင်ထားသည့် အင်တာနက်စာမျက်နှာ ရှိပါသည်။

အသုံးအဝင်ဆုံး အရင်းအမြစ်များကား Economic, Social and Cultural rights ဖြစ်ပါသည်။ အင်တာနက်တွင် အခမဲ့ရနိုင်ပါသည်။ ရိုးရှင်းလွယ်ကူစွာ ရှာရုံမျှဖြင့်ပင် တွေ့နိုင်ပါသည်။

- *Circle of Rights: economic, social & cultural rights activism: a training resource.*

အခြား ပြဋ္ဌာန်းစာအုပ်များလည်း ရှိပါသည်။

- Asbjorn Eide, Catarina Krause နှင့် Allan Rosas တို့ ရေးသားသော *Economic, Social and Cultural Rights: A Textbook. Dordrect: Martinus Nijhoff, 2011*
- Manisuli Ssenyonjo ရေးသားသည့် *Economic, Social and Cultural Rights in International Law. Hart Publishing 2009*
- Olivier de Schutter. ရေးသားသည့် *Economic, Social and Cultural Rights as Human Rights. Edward Elgar, 2013*

ESCR ၏ တရားရေးအရ စီရင်ဆုံးဖြတ်နိုင်စွမ်းအကြောင်း ထပ်သိလိုပါလျှင် ESCR-Net တွင် အရင်းအမြစ်လမ်းညွှန်ရှိပါသည်။ စာအုပ်များထုတ်ထားခြင်းလည်းရှိပါသည်။

- International Commission of Jurists. *The Justiciability of Economic, Social and Cultural Rights: National, Regional and International Experiences (2008)*
- OHCHR. *Economic, Social and Cultural Rights. Handbook for National Human Rights Institutions. United Nations: New York and Geneva, 2005.*

စားဝတ်နေရေးအခွင့်အရေးများကို လေ့လာလိုလျှင် အောက်ပါအဖွဲ့အစည်းများ၏ အင်တာနက်စာမျက်နှာများတွင် အရင်းအမြစ် အကိုးအကားများ ရနိုင်ပါသည်။

စားနပ်ရိက္ခာ

- Food and Agricultural Organization (FAO) တွင် အရင်းအမြစ်များစွာရှိပါသည်။
- စားနပ်ရိက္ခာဆိုင်ရာ အခွင့်အရေးအတွက် ကုလသမဂ္ဂအထူးအရာရှိ အိုလီဗီယာ ဒီရုက်တာတွင် အင်တာနက်စာမျက်နှာရှိကာ ကုလသမဂ္ဂနှင့်ဆက်စပ်သော စာတမ်းများစွာရှိပါသည်။

ရေ

- ရေအခွင့်အရေးနှင့် ပတ်သက်၍ Peter Gleick က ဆောင်းပါးများစွာ ရေးသားထားပါသည်။
- လုံခြုံသောသောက်ရေနှင့် ရေဆိုးစနစ်ဆိုင်ရာ လူ့အခွင့်အရေးအတွက် ကုလသမဂ္ဂအထူးအရာရှိတွင် အင်တာနက်စာမျက်နှာရှိကာ ကုလသမဂ္ဂနှင့်ဆက်စပ်သော စာတမ်းများစွာရှိပါသည်။
- World Health Organization (WHO) တွင်လည်း ရေဆိုးစွန့်ပစ်ခြင်းနှင့် ကျန်းမာရေး၊ နေထိုင်ရေးတို့နှင့် ပတ်သက်သော အရင်းအမြစ်များစွာ ရှိပါသည်။

အိမ်ရာ

- လုံလောက်သော နေစရာအိမ်ရာဆိုင်ရာ အခွင့်အရေးကုလသမဂ္ဂ အထူးအရာရှိတွင် Housing is a Human Right ခေါင်းစဉ်ဖြင့် အင်တာနက်စာမျက်နှာရှိပါသည်။
- UN-Habitat တွင်လည်း အင်တာနက်စာမျက်နှာတွင် ကိုးကားစရာအရင်းအမြစ်များ တင်ထားပေးပါသည်။
- NGO COHRE (Centre for Housing Rights and Evictions) သည် ထိုအကြောင်းကို အဓိကအလုပ်လုပ်နေသော အဓိကအပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ခဲ့ပါသည်။ သို့သော် ယခု ထိုအဖွဲ့အစည်းရပ်သွားခဲ့သည်မှာ နှစ်အတန်ကြာခဲ့လေပြီ။ အင်တာနက်စာမျက်နှာကား ဝင်ကြည့်လို့ရဆဲဖြစ်ကာ ယင်းပေါ်တွင် ဥပဒေရေးရာနှင့် မူဝါဒပြောင်းလဲရေး တိုက်တွန်းမှုဆိုင်ရာ ကိုးကားစရာ အရင်းအမြစ်များစွာရှိပါသည်။

၄

အရှေ့တောင်အာရှဒေသ၏ လူ့အခွင့်အရေးအကာအကွယ်ပေးမှု

မိတ်ဆက်

ပြီးခဲ့သောအခန်းတွင် လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များ၊ ပါဝင်သည့် အချက်များကို လေ့လာသုံးသပ်ခဲ့ပြီး လူ့အခွင့်အရေးစံနှုန်းများကို အရှေ့တောင်အာရှ ဒေသတွင် မည်ကဲ့သို့ နားလည်လက်ခံထားသနည်းဆိုသည်ကိုလည်း လေ့လာဆန်းစစ် ခဲ့သည်။ ယခုအခန်းတွင်မူ အဆိုပါ လူ့အခွင့်အရေးများကို အရှေ့တောင်အာရှနိုင်ငံများ၌ မည်ကဲ့သို့ ကာကွယ်ပေးထားသည်၊ မည်ကဲ့သို့ ပြဋ္ဌာန်းအရေးယူဆောင်ရွက်လျက်ရှိသည် ဆိုသည်တို့ကို ဆက်လက်လေ့လာ ဆန်းစစ်သွားမည် ဖြစ်သည်။

လူ့အခွင့်အရေးကိုစောင့်ရှောက်ကာကွယ်ခြင်းမှာ အခွင့်အရေးတစ်ရပ် ရအပ်သည်ဟု သတ်မှတ်ခံထားရသူ ပုဂ္ဂိုလ်တိုင်း ထိုအခွင့်အရေးကို အမှန်တကယ်ရရှိ ခံစားခွင့်ရှိစေရေး ဆောင်ရွက်ရန်ဖြစ်သည်။ ဥပမာအားဖြင့် ကျောင်းတက်ခွင့်ရထိုက်သော ကလေးတစ်ယောက်သည် အမှန်တကယ် ကျောင်းတက်ရောက်ခွင့်ရရှိရမည်ဖြစ်ပြီး စာနယ်ဇင်းသမား တစ်ယောက်သည်လည်း သတင်းများကို လွတ်လွတ်လပ်လပ် ရေးသားခွင့်ရရှိရမည် ဖြစ်သည်။ လူ့အခွင့်အရေးကာကွယ်ခြင်း လုပ်ငန်းကို အဖွဲ့အစည်းအမျိုးမျိုးက နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အဆင့်တွင် ရဲများ၊ တရားသူကြီးများနှင့် ရှေ့နေများက လူ့အခွင့်အရေးပြဋ္ဌာန်းချက်များ သက်ရောက်မှုရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသလို အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အစိုးရအရာရှိများကလည်း ဆောင်ရွက်လျက်ရှိသည်။ ၎င်းတို့သည် ဥပဒေများပြဋ္ဌာန်းခြင်း၊ ကွာဟချက်များကျဉ်းမြောင်းအောင်ဆောင်ရွက်ခြင်း၊ ပြည်သူလူထုကိုပညာပေးခြင်း၊ ဝန်ဆောင်မှုများပေးအပ်ခြင်း စသည်တို့ကို ဆောင်ရွက်ခြင်းဖြင့် လူ့အခွင့်အရေးကို ကာကွယ်နိုင်ကြသည်။ ထို့အတူ ဒေသတွင်းအဆင့် သို့မဟုတ် နိုင်ငံတကာအဆင့်တို့တွင်လည်း အဖွဲ့အစည်းများသည် လူ့အခွင့်အရေးကို ကာကွယ်ရန် ဆောင်ရွက်လျက်ရှိကြသည်။ ကာကွယ်ခြင်းဆိုသည်မှာ အစိုးရတစ်ရပ်က လူ့အခွင့်အရေးချိုးဖောက်မှုမရှိစေခြင်းထက် ပိုမိုသည့်ကိစ္စရပ်ဖြစ်ပြီး အစိုးရဖြစ်စေ၊ လူပုဂ္ဂိုလ်ဖြစ်စေ၊ ကုမ္ပဏီဖြစ်စေ သို့မဟုတ် မည်ကဲ့သို့သောအဖွဲ့အစည်းတစ်ခုခုမှဖြစ်စေ ကုမ္ပဏီတစ်ခု၊ ကျောင်းတစ်ကျောင်းက ဥပဒေနှင့်အညီနေထိုင်ခြင်းဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်း အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုမရှိအောင် ဆောင်ရွက်ခြင်းလည်းဖြစ်သည်။

ကာကွယ်ခြင်းနှင့်ပတ်သက်ပြီး အခြားသောစဉ်းစားရန် နည်းလမ်းတစ်ရပ်မှာ အရှေ့တောင်အာရှဒေသရှိ လူအများစုသည် ၎င်းတို့၏ နေ့စဉ်ဘဝတွင် အဘယ်ကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မရင်ဆိုင်ရသနည်းဟု စဉ်းစားဆင်ခြင်ကြည့်ရန် ဖြစ်သည်။ ကျောင်းသို့သွားသည်ဖြစ်စေ၊ အလုပ်သို့သွားသည်ဖြစ်စေ ၎င်းတို့၏အခွင့်အရေးများ ချိုးဖောက်ခံရခြင်း မရှိ။ ယခု ပြဋ္ဌာန်းစာအုပ်ကို ဖတ်နေသူထဲမှ အများစုမှာ ပြင်းထန်သည့်လူ့အခွင့်အရေးချိုးဖောက်မှုများကို ရင်မဆိုင်ကြရ။ ၎င်းတို့သည် အနိုင်ကျင့်ခံရခြင်း၊ အစော်ကားခံရခြင်း၊ အနှိပ်စက်ခံရခြင်း၊ အတင်းအဓမ္မကျွန်ပြုခံရခြင်း၊ နှိပ်စက်ခံရခြင်းများကို ကြုံတွေ့ရဖူးခြင်းလည်းမရှိ။ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်ခြင်းက အသက်ဝင်နေ၍ဖြစ်သည်။ ထိုသူများအတွက် ဥပဒေနှင့် အမိန့်အာဏာများကိုထိန်းသိမ်းစောင့်ရှောက်ရသည့် ရဲများ၏ အစိုးရကာကွယ်ရေးစနစ်များမှာ အသက်ဝင်အလုပ်ဖြစ်လျက်ရှိပြီး ထိုလူ့အဖွဲ့အစည်းအတွင်းမှလူများတွင် လူ့အခွင့်အရေးကို ထိန်းသိမ်းသည့် တန်ဖိုးများရှိကြပြီး တစ်ဦးနှင့်တစ်ဦး ကောင်းမွန်စွာဆက်ဆံကြကာ တစ်ဦး၏အခွင့်အရေးကို တစ်ဦးက ချိုးဖောက်ခြင်းလည်း မရှိချေ။ ထို့ပြင် လူတို့သည် ၎င်းတို့ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများကို သိရှိထားကြပြီး အချိုးဖောက်ခံမည်လည်း မဟုတ်ချေ။ ထိုကဲ့သို့သော အခြေအနေ တစ်ရပ်ဖြစ်ပေါ်စေရန် အစိုးရရော၊ ပြည်သူများတွင်ပါ ပြီးမြောက်အောင်မြင်အောင် လုပ်ဆောင်ရမည့် အလုပ်တာဝန်များစွာရှိနေသည်။ ၎င်းတို့တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို တရားဥပဒေချိုးဖောက်မှုဟု သတ်မှတ်ထားသောဥပဒေများ ရှိနေရန်၊ လူအများအနေဖြင့် ၎င်းတို့ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများကို သိရှိနေအောင် ပညာပေးရန်၊ ရဲများကဲ့သို့သော အစိုးရအရာရှိများကို လူ့အခွင့်အရေးမချိုးဖောက်စေရန်အတွက် လေ့ကျင့်သင်ကြားပေးရန်၊ လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပေါ်လျှင် စောင့်ကြည့်၊ ဖော်ထုတ်ပြီး ယင်းပြဿနာကို ဖြေရှင်းနိုင်ရေး အဖြေရှာနိုင်စေမည့် စနစ်တစ်ရပ် ဖော်ဆောင်ချမှတ်ထားရန်တို့ လိုအပ်မည်ဖြစ်သည်။

လူ့အခွင့်အရေးများကို မည်သူက ကာကွယ်သင့်သနည်း ဆိုသည့်မေးခွန်းနှင့် မည်သူတို့က ကာကွယ်သူဆိုသည့် မေးခွန်းတို့ကို ရှေ့လာမည့် အခန်းနှစ်ခန်းတွင် လေ့လာသုံးသပ်သွားမည် ဖြစ်သည်။ ယခုအခန်းတွင်မူ လူ့အခွင့်အရေးကို ရဲ၊ တရားရေးစနစ်၊ အစိုးရဌာနများ နှင့် သက်ဆိုင်ရာလူ့အဖွဲ့အစည်းတွင် ပါဝင်သူများက လူ့အခွင့်အရေးကို ကာကွယ်မှုပေးသင့်သည့် နိုင်ငံတော်နှင့် ဒေသတွင်းအဆင့် ကာကွယ်ခြင်းအကြောင်းတို့ကို ဆွေးနွေးသွားမည်ဖြစ်သည်။ ထို့ပြင် ယခုအခန်းတွင် အာဆီယံဒေသတွင် လူ့အခွင့်အရေးကိုကာကွယ်ရန် လုပ်ထုံးလုပ်နည်းစနစ်တစ်ရပ် မည်ကဲ့သို့ဖော်ဆောင်နေသည်ဆိုသည်ကို ဆွေးနွေးခြင်းဖြင့် ဒေသတွင်းအဆင့် ကာကွယ်ခြင်း တစ်ရပ်ကိုလည်း လေ့လာသွားမည်ဖြစ်သည်။ နောက်ဆုံးအနေဖြင့် ယခုအခန်းတွင် လူ့အခွင့်အရေး ကာကွယ်ရေးတွင် အဓိကပြဿနာဖြစ်သော လူ့အခွင့်အရေးဆိုင်ရာ NGO များနှင့် ပတ်သက်ပြီး အနည်းဆုံးအနေဖြင့် အရှေ့တောင်အာရှဒေသအတွက် လုပ်ဆောင်လျက်ရှိသည့် လူ့အခွင့်အရေးဆိုင်ရာ NGO များကို သုံးသပ်လေ့လာသွားမည်ဖြစ်သည်။ အခန်း ၅ တွင်မူ လူ့အခွင့် အရေး စီမံကြီးကြပ်ရေး နိုင်ငံတကာအဆင့် အဖွဲ့အစည်းကြီးဖြစ်သည့် ကုလသမဂ္ဂ၏ စနစ်ကို လေ့လာပြီး လူ့အခွင့်အရေးကာကွယ်ခြင်းကိုလေ့လာခြင်းဖြင့် နိုင်ငံတကာအဆင့်ကို လေ့လာ အကဲဖြတ်သွားမည် ဖြစ်သည်။

၄.၁ အရှေ့တောင်အာရှ၌ လူ့အခွင့်အရေးအကာအကွယ်ပေးမှု အခြေအနေ

အကာအကွယ်ပေးအပ်ထားမှုက မည်မျှအထိ ထိရောက်မှုရှိသည်ကို ဆုံးဖြတ်ရန်အတွက် သက်ဆိုင်ရာဒေသတွင်းနယ်ပယ်၏ လက်ရှိလူ့အခွင့်အရေး အကာအကွယ်ပေးမှုအခြေအနေကို လေ့လာဆွေးနွေးရန် လိုအပ်မည်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတစ်နိုင်ငံ၏ လူ့အခွင့်အရေးမှတ်တမ်းမှာ ကောင်းမွန်နေ၏လော၊ ဆိုးရွားနေ၏လောဆိုသည်ကို ဖြေဆိုနိုင်ရန်မှာ အခက်အခဲများစွာရှိနေသည်။ အဘယ်ကြောင့်ဆိုသော် လူ့အခွင့်အရေးအခြေအနေကို တိုင်းတာရန်အတွက် ရိုးရှင်းသည့် နည်းလမ်း တစ်ရပ် မရှိ၍ ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ချမ်းသာကြွယ်ဝမှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ကမ္ဘာ့ဘဏ် သို့မဟုတ် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးပရိဂရမ်တို့က နှစ်စဉ်ထုတ်ပြန်သည့် ထုတ်ပြန်ချက်များကဲ့သို့သော အဆင့်သတ်မှတ်မှုများကိုကြည့်၍ အလွယ်တကူ နှိုင်းယှဉ်တိုင်းတာနိုင်သော်လည်း နိုင်ငံတစ်နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေကို အကဲဖြတ်ရန်မှာမူ များစွာပို၍ရှုပ်ထွေးသော ကိစ္စရပ် တစ်ခု ဖြစ်လျက်ရှိသည်။ ရာဇဝတ်မှု၊ အစာရေစာငတ်မွတ်မှုတို့ကဲ့သို့သော အခွင့်အရေးများကို တိုင်းတာ၍ရနိုင်သော်လည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိမှု သို့မဟုတ် နိုင်ငံရေးတွင် ပါဝင်ခွင့်ရှိမှုတို့ကဲ့သို့သော အခွင့်အရေးများရရှိမှု အခြေအနေတို့ကို တိုင်းတာရန်မှာမူ များစွာ ပိုမို ခက်ခဲသည်မှာ အမှန်ပင်ဖြစ်သည်။ ရာနှင့်ချီနေသော အခွင့်အရေးများထဲမှ မည်သည့်အခွင့်အရေး များကို တိုင်းတာမည်၊ မည်ကဲ့သို့တိုင်းတာမည်၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၏ ပြင်းထန်မှုဒီဂရီကို မည်ကဲ့သို့တိုင်းတာမည်ဆိုသည်နှင့် တိုင်းတာမှုများကို မည်သူကပြုလုပ်မည်ဆိုသည်တို့နှင့် ပတ်သက်ပြီး အခက်တွေ့လျက်ရှိသည်။

နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International)၊ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ (Human Rights Watch-HRW) နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန တို့ကဲ့သို့သော အဖွဲ့အစည်းများက လူ့အခွင့်အရေးဆိုင်ရာတိုင်းတာမှုများ လုပ်ဆောင်ရာတွင်

များသောအားဖြင့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ အနေအထားကိုသာ သီးခြားစီ လေ့လာအကဲဖြတ်လေ့ရှိသည်။ ၎င်းတို့က ထုတ်ပြန်သည့်အစီရင်ခံစာများအားလုံးကို အင်တာနက်ပေါ်တွင် ကြည့်ရှုနိုင်သည်။ ယင်းလေ့လာချက် အစီရင်ခံစာများကို နိုင်ငံအလိုက် နှစ်စဉ်အစီရင်ခံစာများ ခေါ်လေ့ရှိပြီး နိုင်ငံတစ်နိုင်ငံချင်းအလိုက်သီးခြားစီသာ လေ့လာသုံးသပ်လေ့ရှိကာ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ အများအပြား နှိုင်းယှဉ်ခြင်းမျိုး လုပ်ဆောင်လေ့မရှိချေ။ သို့ရာတွင် လူ့အခွင့်အရေးအဆင့်အတန်းကို အဆင့်သတ်မှတ်ရန် ကြိုးစားသည့် အဖွဲ့အစည်းအချို့လည်း ရှိနေသည်။ ဥပမာအားဖြင့် အမေရိကန် အခြေစိုက် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် Freedom House ဆိုလျှင် ကမ္ဘာ့နိုင်ငံများကို ၎င်းတို့၏ အများပြည်သူနှင့် နိုင်ငံရေးဆိုင်ရာ လွတ်လပ်ခွင့်အခြေအနေများပေါ်မူတည်၍ နိုင်ငံတစ်နိုင်ငံချင်းစီ၏ ဒီမိုကရေစီနှင့်နိုင်ငံရေးလွတ်လပ်ခွင့်တို့ကို အဆင့်သတ်မှတ်ထားသော နှစ်ပတ်လည်အစီရင်ခံစာတစ်စောင် ထုတ်ပြန်လေ့ရှိသည်။ ယင်းအစီရင်ခံစာတွင် နိုင်ငံများကို လွတ်လပ်မှုအရှိဆုံးအဆင့် ၁ မှ လွတ်လပ်မှုအနည်းဆုံး အဆင့် ၇ အထိ အဆင့်ခွဲခြားသတ်မှတ်ဖော်ပြထားလေ့ရှိသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အကဲဖြတ်သုံးသပ်သည့် အစိုးရမဟုတ်သောအဖွဲ့အစည်းဆိုလျှင်လည်း တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် မီဒီယာလွတ်လပ်ခွင့်ကို အဆင့်သတ်မှတ်လေ့ရှိသည်။ အဆင့်သတ်မှတ်ချက်များနှင့် နိုင်ငံအလိုက် အစီရင်ခံစာများတွင် မှတ်ချက်ပေးသုံးသပ်ထားမှုများကို သုံးသပ်အကဲဖြတ်၍ အာဆီယံနိုင်ငံများကြား လူ့အခွင့်အရေးအခြေအနေကို မည်ကဲ့သို့နှိုင်းယှဉ်ကြည့်ရမည်ဆိုသည်နှင့် လူ့အခွင့်အရေးအပေါ် အာဆီယံနိုင်ငံများက မည်ကဲ့သို့တုံ့ပြန်ဆောင်ရွက်ကြသည်ဆိုသည်တို့ကို လေ့လာရန်အိုင်ဒီယာတစ်ခု ရရှိနိုင်ဖွယ်ရှိသည်။ အောက်တွင်ဖော်ပြထားသောဇယားတွင် အာဆီယံနိုင်ငံများကို အဆင့်သတ်မှတ်ထားမှုအချို့ကို တစ်စုတစ်စည်းတည်း ဖော်ပြထားသည်။

ဇယား ၄.၁ လူ့အခွင့်အရေးအကာအကွယ်ပေးမှုအခြေအနေပြဇယား

နိုင်ငံ	လွတ်လပ်မှုအဆင့်	ဖွံ့ဖြိုးတိုးတက်မှုညွှန်းကိန်း	စာနယ်ဇင်းလွတ်လပ်ခွင့်အဆင့်	လူ့အခွင့်အရေးသဘောတူစာချုပ်များလက်မှတ်ရေးထိုးမှု
ဘရူနိုင်း	လွတ်လပ်မှုမရှိ	အလွန်မြင့်	ခက်ခဲ	၃/၂၂
ကမ္ဘောဒီးယား	လွတ်လပ်မှုမရှိ	အလယ်အလတ်	ခက်ခဲ	၁၁/၂၂
အရှေ့တီမော	တစ်စိတ်တစ်ဒေသ လွတ်လပ်မှုရှိ	အလယ်အလတ်	စိတ်ကျေနပ်ဖွယ်ရှိ	၁၁/၂၂
အင်ဒိုနီးရှား	တစ်စိတ်တစ်ဒေသ လွတ်လပ်မှုရှိ	အလယ်အလတ်	ခက်ခဲ	၁၁/၂၂
လာအို	လွတ်လပ်မှုမရှိ	အလယ်အလတ်	အလွန်တင်းကျပ်	၉/၂၂
မလေးရှား	တစ်စိတ်တစ်ဒေသ လွတ်လပ်မှုရှိ	မြင့်မား	ခက်ခဲ	၅/၂၂
မြန်မာ	လွတ်လပ်မှုမရှိ	နိမ့်ကျ	ခက်ခဲ	၄/၂၂

နိုင်ငံ	လွတ်လပ်မှုအဆင့်	ဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်း	စာနယ်ဇင်း လွတ်လပ်ခွင့်အဆင့်	လူ့အခွင့်အရေး သဘောတူစာချုပ်များ လက်မှတ်ရေးထိုးမှု
ဖိလစ်ပိုင်	တစ်စိတ်တစ်ဒေသ လွတ်လပ်မှုရှိ	အလယ်အလတ်	ခက်ခဲ	၁၄/၂၂
စင်ကာပူ	တစ်စိတ်တစ်ဒေသ လွတ်လပ်မှုရှိ	အလွန်မြင့်	ခက်ခဲ	၃/၂၂
ထိုင်း	တစ်စိတ်တစ်ဒေသ လွတ်လပ်မှုရှိ	မြင့်မား	ခက်ခဲ	၁၁/၂၂
ဗီယက်နမ်	လွတ်လပ်မှုမရှိ	အလယ်အလတ်	အလွန်တင်းကျပ်	၇/၂၂

* Freedom House ၏ ၂၀၁၄ ခုနှစ် ကမ္ဘာ့လွတ်လပ်မှုအဆင့်သတ်မှတ်ချက်။ လွတ်လပ်၊ တစ်စိတ်တစ်ဒေသ လွတ်လပ် နှင့် မလွတ်လပ်ဟု အဆင့် ၃ ဆင့်သတ်မှတ်သည်။

** UNDP ၏ ၂၀၁၄ ခုနှစ် လူသားဖွံ့ဖြိုးတိုးတက်မှုညွှန်းကိန်းက နိုင်ငံများကို အလွန်မြင့်၊ မြင့်မား၊ အလယ်လတ်နှင့် နိမ့်ကျဟု အဆင့်သတ်မှတ်ဖော်ပြသည်။

*** နယ်စည်းမခြားသတင်းထောက်များအဖွဲ့၏ ၂၀၁၄ ခုနှစ် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်ညွှန်းကိန်းက ကောင်းမွန်၊ စိတ်ကျေနပ်ဖွယ်ရှိ၊ သတိပြုမိလောက်စရာပြဿနာများရှိ၊ ခက်ခဲ နှင့် အလွန်တင်းကျပ်ဟူ၍ အဆင့်များ သတ်မှတ်ဖော်ပြသည်။

လူ့အခွင့်အရေးသဘောတူစာချုပ် ၉ ခု၊ ရွေးချယ်စရာ ညှိနှိုင်းချက်မှတ်တမ်း ၉ ခု နှင့် တိုင်ကြားမှုအစီအစဉ် ၄ မျိုးတို့ထဲမှ သက်ဆိုင်ရာနိုင်ငံက မည်မျှအတူသဘောတူလက်မှတ်ရေးထိုးထားသည်ကို ဖော်ပြသည်။ စာရင်းအပြည့်အစုံကို နောက်ဆက်တွဲတွင် တွေ့မြင်နိုင်သည်။

အထက်ပါဇယားအရ လူ့အခွင့်အရေးအကာအကွယ်ပေးမှုအခြေအနေမှာ ရောထွေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ဥပမာအားဖြင့် အာဆီယံ၏အချမ်းသာဆုံးနိုင်ငံမှာ နိုင်ငံအချင်းချင်း သဘောတူစာချုပ်လက်မှတ်ရေးထိုးထားရှိမှုနှင့်ပတ်သက်ပြီး အဆိုးဆုံးမှတ်တမ်းပိုင်ဆိုင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့အတူသဘောတူစာချုပ်လက်မှတ်ရေးထိုးမှုမြင့်မားသော နိုင်ငံများမှာ အခြားစိုးရိမ်စရာအခြေအနေများအများအပြားရှိနေပြီး ပြည်သူများလွတ်လပ်ခွင့်နိမ့်ပါးသောနိုင်ငံများမှာ ဖွံ့ဖြိုးတိုးတက်မှုတွင် ကောင်းမွန်နေသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။ အာဆီယံနိုင်ငံများထဲမှ အများစုမှာ လူ့အခွင့်အရေးအခြေအနေကောင်းမွန်သောနယ်ပယ်များရှိနေသော်လည်း ၎င်းတို့တွင် သိသာထင်ရှားသည့် အားနည်းချက်များလည်း ရှိလျက်ရှိသည်။ အရှေ့တောင်အာရှနိုင်ငံအများစုတွင် ရွှေ့ပြောင်းလုပ်သားများနှင့်ဒေသခံများ၏ အခွင့်အရေးများကဲ့သို့သော နိုင်ငံအားလုံးလိုလို ကြုံတွေ့နေရသော အချို့ပြဿနာရပ်များရှိနေသလို ဆင်းရဲချို့တဲ့မှု၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိမှု၊ ပညာရေးနှင့် ကျန်းမာရေးတို့ကဲ့သို့သော တစ်နိုင်ငံနှင့်တစ်နိုင်ငံ ခြားနားချက်ကြီးကြီးမားမား ရှိနေသော ပြဿနာရပ်များလည်း ရှိနေသည်။ ဒေသတစ်ခုလုံးအနေနှင့် ခြုံကြည့်လျှင် လူ့အခွင့်အရေး အခြေအနေများမှာ နိုင်ငံအလိုက်သီးခြားစီရှိနေကြပြီး နိုင်ငံများကို ၎င်းတို့၏ လူ့အခွင့်အရေးအဆင့်အတန်းများအရ အဆင့်သတ်မှတ်ရန် ခက်ခဲသလို ထိုကဲ့သို့ အဆင့်သတ်မှတ်ခြင်းမှာ အသုံးဝင်မှုလည်း မရှိကြောင်း တွေ့မြင်ရမည်ဖြစ်သည်။ နိုင်ငံတစ်ခုချင်းစီ၏ စီးပွားရေး၊ နေထိုင်သောလူမျိုးစုများ၊ ပထဝီဝင်အနေအထား၊ နိုင်ငံရေးနောက်ခံ စသည့်အချက်များ အားလုံးက သက်ဆိုင်ရာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေအပေါ် သက်ရောက်မှုရှိနေသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

လူ့အခွင့်အရေး၊ ဖွံ့ဖြိုးတိုးတက်မှု နှင့် ဒီမိုကရေစီတို့ကြားတွင် ဆက်နွယ်မှုရှိသလား။

အထက်ပါဇယားကိုကြည့်ခြင်းအားဖြင့် ဖွံ့ဖြိုးတိုးတက်မှုမြင့်မားခြင်း၊ ဒီမိုကရေစီကောင်းမွန်ခြင်းနှင့် လူ့အခွင့်အရေး အကာအကွယ်ပေးမှုတို့ကြားတွင် ဆက်သွယ်မှုတစ်ရပ်ရှိပါသလား။ ဖြစ်နိုင်ဖွယ်ရှိသော အဆိုပြုချက်နှစ်ရပ်ရှိသည်။

၁။ လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့မှာ တစ်ခုနှင့်တစ်ခု အပြန်အလှန်အထောက်အပံ့ပြုနိုင်ကြသည်။

ချမ်းသားသော တိုင်းပြည်များသည် ပိုမိုကောင်းမွန်စွာ လေ့ကျင့်ပေးထားသော ရဲများ၊ ရှေ့နေများရှိပြီး အစိုးရအဖွဲ့ အသုံးစရိတ်အတွက်လည်း ငွေကြေးပိုကြွယ်ဝသဖြင့် ၎င်းတို့အနေဖြင့် လူ့အခွင့်အရေးကို ကာကွယ်ရာတွင် ပိုမိုလွယ်ကူလိမ့်မည်ဟု ယူဆခြင်းဖြစ်သည်။ အထက်တွင်ဖော်ပြထားသော ဇယားတွင် ထိုဆက်သွယ်ချက်သည် မှန်ကန်ပါသလား။ သင့်တိုင်းပြည်တွင်ရော မှန်ကန်မှုရှိသလား။

၂။ ဆက်သွယ်မှုတစ်စုံတစ်ရာမရှိ၊ လူ့အခွင့်အရေးအကာအကွယ်ပေးမှုသည် အစိုးရအဖွဲ့အပေါ်တွင်သာ မူတည်သည်။

ချမ်းသာသည့်နိုင်ငံဖြစ်စေ၊ ဆင်းရဲသည့်နိုင်ငံဖြစ်စေ၊ ဒီမိုကရေစီနိုင်ငံဖြစ်စေ၊ ဒီမိုကရေစီမဟုတ်သည့်နိုင်ငံဖြစ်စေ အားလုံးတွင် လူ့အခွင့်အရေးကို အကာအကွယ်ပေးရာတွင်တူညီသည့် လုပ်ဆောင်နိုင်စွမ်း ရှိကြသည်။ လူ့အခွင့်အရေး အကာအကွယ်ပေးမှုတွင် ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံတော်ကချမှတ်သည့်ရွေးချယ်မှုတစ်ရပ်ဖြစ်ပြီး လူမှုအဖွဲ့အစည်းအနေဖြင့် လူ့အခွင့်အရေးများခံစားရရှိစေရန် အာမခံလုပ်ဆောင်မှုမှာလည်း ထို့အတူပင်ဖြစ်သည်။ ထိုအဆိုကို ဇယားတွင်တွေ့ရပါသလား။ သင့်တိုင်းပြည်တွင်ရောမှန်ကန်မှုရှိသလား။

အရှေ့တောင်အာရှတွင် လူ့အခွင့်အရေးအကာအကွယ်ပေးမှုမှတ်တမ်းများ အခြေအနေအမျိုးမျိုးရောထွေးနေသည်မှာ မည်သည့်အချက်များကြောင့် ဖြစ်သနည်း။

၄.၂ နိုင်ငံအတွင်း လူ့အခွင့်အရေးဖော်ဆောင်မှု

နိုင်ငံအလိုက် လူ့အခွင့်အရေးအကာအကွယ်ပေးထားပုံများကို နားလည်ရန်အတွက် ယခုအခန်းတွင် နိုင်ငံအတွင်း မည်သည့်လူ့အခွင့်အရေးများကို ဥပဒေအဖြစ် ပြဋ္ဌာန်း အကာအကွယ်ပေးထားသည်ကို ပထမဦးစွာလေ့လာသွားမည်ဖြစ်သည်။ နိုင်ငံအလိုက် ပြဋ္ဌာန်းထားသော ဥပဒေများတွင် လူ့အခွင့်အရေးဆိုင်ရာအကာအကွယ်ပေးထားမှုများပါဝင်နေနိုင်သည့် နည်းလမ်း ၃ မျိုးရှိသည်။

- ပထမဆုံးအနေဖြင့် လူ့အခွင့်အရေးများက ပြည်တွင်းဥပဒေများ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အလိုအလျောက်ပါဝင်နေခြင်းဖြစ်သည်။ ဥပမာအနေဖြင့် အရှေ့တောင်အာရှနိုင်ငံအများစုတွင်

ပြဋ္ဌာန်းထားသော ပြည်သူများကို အကြမ်းဖက်မှုများနှင့် ခိုးယူမှုများမှအကာအကွယ် ပေးထားသော ဥပဒေများ သို့မဟုတ် ပညာရေးအထောက်အပံ့များအတွက် ဥပဒေများ ဖြစ်သည်။ ယခုအခန်းတွင် လူ့အခွင့်အရေးနှင့်ဆက်စပ်နေသော ဥပဒေများအားလုံးကို လေ့လာသွားမည် မဟုတ်ဘဲ အရေးအကြီးဆုံး ဥပဒေများနှင့် ယင်းဥပဒေများကို မည်ကဲ့သို့ အကာအကွယ်ပေး ထားသည် ဆိုသည်တို့ကိုသာ ပို၍အဓိကထား လေ့လာသွားမည်ဖြစ်သည်။

- ဒုတိယအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များကို ဥပဒေအတွင်းထည့်သွင်း ပြဋ္ဌာန်းခြင်းဖြစ်သည်။ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များမှာ နိုင်ငံတစ်နိုင်ငံ၏ ဥပဒေများကို ခေတ်နဲ့အညီဖြစ်နေစေနိုင်ပြီး ပြည်သူများအပေါ် အကာအကွယ်ပေးမှုကို ချဲ့ထွင်ပေးနိုင်သဖြင့် သဘောတူစာချုပ်များမှာလည်း အရေးပါသည့်နေရာတွင် ရှိနေသည်။ ဥပမာအားဖြင့် အမျိုးသမီးများ အလုပ်အကိုင်နှင့် အိမ်ထောင်ပြုခြင်းတို့တွင် တန်းတူညီမျှ အခွင့်အရေးရရှိရန် ကာကွယ်ပေးသောဥပဒေများ၊ သို့မဟုတ် ကလေးငယ်များကို အကြမ်း ဖက်ခြင်းမှ အကာအကွယ်ပေးသောဥပဒေများမှာ လွန်ခဲ့သည့်နှစ် ၂၀ ခန့်က အရှေ့တောင် အာရှတွင် တွင်ကျယ်ခြင်းမရှိခဲ့ချေ။ သို့သော် နိုင်ငံများက အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးများကို သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးနောက်တွင် ယင်းဥပဒေများကို အရှေ့ တောင်အာရှနိုင်ငံများအားလုံးတွင် တွေ့မြင်လာခဲ့ရသည်။
- တတိယအနေဖြင့် လူ့အခွင့်အရေးများမှာ အမြဲတစေမဟုတ်သော်လည်း ယေဘူယျအားဖြင့် အခြေခံဥပဒေတွင် ပါဝင်နေခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အခြေခံဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အခြေခံကျသော ဥပဒေစာရွက်စာတမ်းဖြစ်ပြီး လူ့အခွင့်အရေးများကို အမြင့်ဆုံးကာကွယ်ပေးသောကြောင့် ဖြစ်သည်။

ယခုအပိုင်းတွင် ပထမဦးစွာ အရှေ့တောင်အာရှနိုင်ငံများတွင် လူ့အခွင့်အရေးကို ထည့်သွင်း ထားသည့် ဤနည်းလမ်းနှစ်မျိုးကို လေ့လာမည်ဖြစ်သည်။ ထို့နောက်တွင်မူ နိုင်ငံများတွင် ၎င်းတို့ သဘောတူညီထားသည့်လူ့အခွင့်အရေးများကို အကာအကွယ်ပေးလျက်ရှိကြောင်း စောင့်ကြည့် ထိန်းကျောင်းသည့်တာဝန်ကို အဓိကဆောင်ရွက်သော အမျိုးသားလူ့အခွင့်အရေးကော်မရှင်များကို လေ့လာသုံးသပ်သွားမည်ဖြစ်သည်။

၄.၂.၁ ပြည်တွင်းဥပဒေများ နိုင်ငံတကာစံနှုန်းများနှင့်အညီဖြစ်မှု

အစိုးရအဖွဲ့တစ်ရပ်က လူ့အခွင့်အရေးဆိုင်ရာဖော်ဆောင်မှုများ ဆောင်ရွက်ခြင်းရှိ၊ မရှိ ပထမအဆင့်အနေဖြင့် လေ့လာအကဲဖြတ်ရန်မှာ သက်ဆိုင်ရာတိုင်းပြည်၏ဥပဒေများက နိုင်ငံတကာ စံနှုန်းများနှင့် မည်မျှအထိညီညွတ်မှုရှိသနည်း ဆိုသည်ကို ကြည့်ရှုရန်ဖြစ်သည်။ အရှေ့တောင်အာရှ နိုင်ငံများက သဘောတူလက်မှတ်ရေးထိုးထားသော လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များမှာ နိုင်ငံအလိုက်များစွာကွဲပြားမှုရှိနေပြီး သဘောတူစာချုပ်အားလုံးနီးပါး လက်မှတ်ရေးထိုးထားသော နိုင်ငံမှ သဘောတူစာချုပ် သုံးခုလောက်ကိုသာ လက်မှတ်ရေးထိုးထားသောနိုင်ငံအထိ ရှိနေသည်။ သဘောတူစာချုပ်လက်မှတ်ရေးထိုးမှုတစ်ခုတည်းသက်သက်မှာမူ နိုင်ငံတစ်နိုင်ငံ၏ လူ့အခွင့်အရေး ဖော်ဆောင်မှုများ ပြည့်မီမှုရှိ၊ မရှိဆိုသည်ကို ဖော်ပြသော ကောင်းမွန်သည့် ညွှန်းကိန်းတစ်ရပ် မဟုတ်ချေ။ နိုင်ငံအတွင်းရှိ ပြည်သူများအားလုံးက လူ့အခွင့်အရေးများကို ရရှိခံစားခွင့်ရရှိသင့်ပြီး ထိုကဲ့သို့

ခံစားခွင့်ရရှိခြင်းမှာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးသည့်အဆင့်ပြီးနောက်တွင် လုပ်ဆောင်ရသည့် ပြည်တွင်းတွင် လူ့အခွင့်အရေးများဖော်ဆောင်ခြင်းအဆင့်တွင် ဖြစ်ပေါ်ရမည်ဖြစ်သည်။ အကောင်အထည်ဖော်ဆောင်ခြင်းအဆင့်တွင် တိုင်းပြည်၏ဥပဒေများကို မွမ်းမံခြင်းနှင့် တိုင်းပြည်အတွင်းတွင် လူ့အခွင့်အရေးများကို ဥပဒေအရကာကွယ်ထားကြောင်း သေချာစေရန် ဥပဒေအသစ်များ ရေးဆွဲပြဋ္ဌာန်းခြင်းတို့ပါဝင်သည်။ အကောင်အထည်ဖော်ဆောင်ခြင်းအဆင့်မှာ နိုင်ငံအလိုက်နှင့် လူ့အခွင့်အရေးအမျိုးအစား နှစ်ခုလုံးပေါ်မူတည်၍ ကွဲပြားလေ့ရှိသည်။ အရှေ့တောင်အာရှနိုင်ငံများတွင် ကြုံတွေ့ရသော အဓိကစိန်ခေါ်မှုမှာ နိုင်ငံအများအပြားသည် သဘောတူစာချုပ်များကို မည်ကဲ့သို့အကောင်အထည်ဖော်မည်ဆိုခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းသည့် စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ မရှိခြင်းဖြစ်သည်။ ကမ္ဘောဒီးယား၊ ထိုင်းနှင့် ဗီယက်နမ်တို့ကဲ့သို့သော အချို့နိုင်ငံများတွင် အခြေခံဥပဒေများတွင် စည်းမျဉ်းများ တည်ရှိကောင်း တည်ရှိနေနိုင်သည်။ အခြားသောနိုင်ငံများတွင်မူ ယင်းလုပ်ငန်းမှာ အစိုးရ၏ လုပ်ငန်းစဉ်တစ်ခုသာ ဖြစ်သည်။ သို့ရာတွင် လူ့အခွင့်အရေးများကို ပြည်တွင်းဥပဒေများအဖြစ် ထည့်သွင်းဖော်ဆောင်သော အဓိကနည်းလမ်း ၃ ရပ် ရှိသည်ဟုဆိုနိုင်သည်။

၁။ သဘောတူစာချုပ်ကိုအပြည့်အဝ ထည့်သွင်းဖော်ဆောင်ပြီး သဘောတူညီစာချုပ် ကိုယ်၌က ပြည်တွင်း ဥပဒေတစ်ရပ် ဖြစ်လာနိုင်ခြင်း

ဤအခြေအနေမျိုးမှာ အဓိကအားဖြင့် ဥရောပနိုင်ငံများထဲမှ အနည်းငယ်တွင်သာဖြစ်ပေါ်ပြီး မည်သည့်အရှေ့တောင်အာရှနိုင်ငံမှ ဤစနစ်အတိုင်း လိုက်ပါလုပ်ဆောင်ခြင်းမရှိချေ။ဤဖြစ်စဉ်တွင် သဘောတူစာချုပ်မှာ ဥပဒေသစ်တစ်ရပ်ဖြစ်လာရမည် ဖြစ်သည်။

၂။ သဘောတူစာချုပ်ကို အခြေခံကာ ယင်းသဘောတူညီစာချုပ်တွင် ပါဝင်သော စံနှုန်းများကို ပြန်လည်ဖော်ဆောင်သော ဥပဒေကြမ်းတစ်ရပ်၊ သို့မဟုတ် ဥပဒေကြမ်းတစ်စုံအဖြစ် တင်သွင်းရာမှ ပြည်တွင်းဥပဒေတစ်ရပ် ဖြစ်လာနိုင်ခြင်း

သဘောတူစာချုပ်ကို ဥပဒေကြမ်းတစ်ရပ်အဖြစ် တင်သွင်းနိုင်မည့် တိုင်းပြည်၏ အက်ဥပဒေတစ်ရပ်အဖြစ် ပြန်လည်ရေးသားနိုင်သည်။ ဥပမာ - မသန်စွမ်းပြည်သူများဆိုင်ရာ သဘောတူစာချုပ်မှာ ဖိလစ်ပိုင်တွင် ဥပဒေကြမ်းတစ်ရပ်ဖြစ်လာသည် (အမျိုးသားအက်ဥပဒေ အမှတ် ၇၂၇၇ တစ်နည်းအားဖြင့် မသန်စွမ်းပုဂ္ဂိုလ်များအတွက် မာဂနာကာတာ ဟုလည်း ခေါ်ဝေါ်သည်)

သဘောတူစာချုပ်အတွင်းမှ လူ့အခွင့်အရေးများမှာ သီးခြားဥပဒေကြမ်းများအဖြစ်လည်း ကွဲပြားသွားနိုင်သေးသည်။ ဥပမာအားဖြင့် ဖိလစ်ပိုင်နိုင်ငံတွင် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးများမှာ လူငယ်ရေးရာသာတူညီမျှမှုနှင့် ပြုစုပျိုးထောင်ရေးအက်ဥပဒေ၊ ကလေးသူငယ်ပညာရေးဥပဒေများ၊ ကလေးသူငယ်လုပ်သားဥပဒေများကဲ့သို့သော ဥပဒေကြမ်းများအဖြစ် ကွဲပြားသွားပြီး ၎င်းတို့အားလုံးကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ကလေးသူငယ်ဆိုင်ရာဥပဒေများမှာ CRC စံနှုန်းများနှင့်ကိုက်ညီစေခဲ့သည်။ ထို့အတူ ထိုင်းနိုင်ငံသည်လည်း ICPRD သဘောတူစာချုပ်ကို မသန်စွမ်းပုဂ္ဂိုလ်များရပိုင်ခွင့်ဥပဒေ၊ မသန်စွမ်းပုဂ္ဂိုလ်များ၏ဘဝအရည်အသွေးမြှင့်တင်ရေးအက်ဥပဒေနှင့် မသန်စွမ်းပုဂ္ဂိုလ်များပညာရေး အက်ဥပဒေ ဟူ၍ဥပဒေ ၃ ရပ် ခွဲခြားပြဋ္ဌာန်းခဲ့သည်။

၃။ သဘောတူစာချုပ်အရ ဥပဒေများကို မွမ်းမံပြင်ဆင်ခြင်း

ဤအခြေအနေမျိုးတွင်မူ သဘောတူညီစာချုပ်နှင့်ဆက်နွယ်မှုရှိသော ဥပဒေများ (ဥပဒေ၏ မတူညီသည့် ကဏ္ဍအသီးသီးမှ ဖြစ်နိုင်သော) ကို သဘောတူစာချုပ်တွင်ပါဝင်သော စံနှုန်းများနှင့် ကိုက်ညီအောင် မွမ်းမံပြင်ဆင်လေ့ရှိသည်။ ဥပမာအနေဖြင့် CEDAW သဘောတူစာချုပ်အရ လင်မယားကွာရှင်းခြင်းဥပဒေကဲ့သို့သော မိသားစုဆိုင်ရာဥပဒေများ၊ သာတူညီမျှ လုပ်အားခကဲ့သို့သော အလုပ်သမားဥပဒေများနှင့် နိုင်ငံသားဥပဒေများမှာ CEDAW နှင့် ကိုက်ညီအောင် ပြောင်းလဲရသည်။

အထက်ပါနည်းလမ်းများတွင် နည်းလမ်းတစ်ခုက အခြားနည်းလမ်းတစ်ခုထက်ပိုမိုပြီး ရှိအပ်သည်ဟူ၍မရှိချေ။ သီခြားအက်ဥပဒေ တစ်ရပ်အနေဖြင့်ရှိနေခြင်းဖြင့် သက်ဆိုင်ရာဥပဒေများ အားလုံးကို တစ်နေရာတည်းတွင်တွေ့မြင်နိုင်ပြီး ပြည်သူများက ထိုဥပဒေများကို ပိုမိုပြီး လွယ်လွယ်ကူကူ သိရှိနိုင်ခြင်းကြောင့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။ ထို့အတူ ဥပဒေ၏ မတူညီသော ကဏ္ဍများတွင် ပြင်ဆင်မွမ်းမံမှုများပြုလုပ်ခြင်းဖြင့်လည်း တိုင်းပြည်၏ဥပဒေများကို ခေတ်နှင့်အညီ လိုက်လျောညီထွေရှိစေမည်ဖြစ်ပြီး မတူညီသည့် ဥပဒေကဏ္ဍတစ်ခုနှင့်တစ်ခု ဝိဝါဒကွဲပြားမှုမရှိအောင် ထိန်းညှိပြီးသားဖြစ်စေမည်ဖြစ်သည်။ သို့သော်လည်း ဥပဒေများတည်ရှိနေရုံနှင့် ယင်းဥပဒေများကို ထိန်းသိမ်းဖော်ဆောင်နေသည်ဟု မှတ်ယူ၍တော့ရဦးမည် မဟုတ်ချေ။ လူ့အခွင့်အရေးဆိုင်ရာ အကာအကွယ်များပေးအပ်ထားကြောင်း သေချာစေရန် စိန်ခေါ်မှုများအများအပြား ကျန်ရှိနေဆဲ ဖြစ်သည်။ ၎င်းတို့ကို သက်ဆိုင်ရာအာဏာပိုင်များက ထိန်းသိမ်းအကောင်အထည်ဖော်ရန် လိုအပ်သည်။ ပြည်သူများကလည်း ဥပဒေများကိုသိရှိထားမှသာ ယင်းတို့ကို လိုက်နာနိုင်မည်ဖြစ်သည်။ ထို့အတူတရားသူကြီးများကလည်း ထိုဥပဒေများကိုနားလည်ထားမှသာ ပါဝင်သောအချက်အလက်များအပေါ် အခြေခံပြီးဆုံးဖြတ်ချက်များချနိုင်မည်။ အစိုးရအဖွဲ့များကလည်း နိုင်ငံနှင့်ချိသော ဆောင်ရွက်မှုအစီအမံများ၊ အမျိုးသားရေးမူဝါဒများ ချမှတ်ဖော်ဆောင်ရန် လိုအပ်နိုင်ပြီး သို့မှသာ ဥပဒေအရ စောင့်ရှောက်မှုရရှိအပ်သော ပြည်သူများမှာ စောင့်ရှောက်မှုများကို ရရှိခံစားရမည် ဖြစ်သည်။

၄.၂.၂ အရှေ့တောင်အာရှ အခြေခံဥပဒေများမှ လူ့အခွင့်အရေးများ

နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများသည် အထက်တွင်ဆွေးနွေးခဲ့သော အမျိုးသား ဥပဒေများနှင့် မူဝါဒများအပြင် နိုင်ငံတစ်နိုင်ငံ၏ ဥပဒေစနစ်အတွင်းတွင် အခြားနေရာများစွာ၌လည်း ပါရှိနေနိုင်သေးသည်။ ထိုစံနှုန်းများကို နိုင်ငံတစ်နိုင်ငံ၏ အခြေခံဥပဒေတွင် အစိတ်အပိုင်းတစ်ရပ်အဖြစ်လည်း တွေ့မြင်နိုင်သည်။ အခြေခံဥပဒေပါ အခွင့်အရေးများမှာ အားကောင်းပြီး အခြေခံကျသည့်အခွင့်အရေးများအဖြစ် ရှုမြင်နိုင်ပြီး အရှေ့တောင်အာရှအခြေခံဥပဒေများအားလုံးတွင် လူ့အခွင့်အရေးဆိုင်ရာကဏ္ဍများ ပါရှိသည်။ ခြွင်းချက်အနေဖြင့် ဘရူနိုင်းနိုင်ငံ၏ အခြေခံဥပဒေတွင် လူ့အခွင့်အရေးကဏ္ဍ မပါဝင်သော်လည်း ပြည်သူများတွင်အခွင့်အရေးများရှိကြောင်း အသိအမှတ်ပြုထားသည်။

အခြေခံဥပဒေတစ်ရပ်သည် အစိုးရအဖွဲ့က တိုင်းပြည်ကိုမည်ကဲ့သို့ အုပ်ချုပ်ရမည် ဆိုသည်

ကို အခြေခံအရဖော်ပြထားသည့် စာရွက်စာတမ်းတစ်ရပ်ဖြစ်သည်။ အခြေခံဥပဒေတွင် အစိုးရကို မည်ကဲ့သို့ဖွဲ့စည်းမည်၊ ဥပဒေများကိုမည်ကဲ့သို့ ပြဋ္ဌာန်းမည်၊ နိုင်ငံရေးသမားများကို မည်ကဲ့သို့ ရွေးကောက်တင်မြှောက်မည်ဆိုသည်နှင့် ၎င်းတို့လုပ်ဆောင်ရမည့်တာဝန်များကို အသေးစိတ် ဖော်ပြထားသည်။ ထို့ပြင် နိုင်ငံတော်က ပြည်သူများအတွက် ထမ်းဆောင်ရမည့်တာဝန်များနှင့် ပြည်သူများက နိုင်ငံတော်အတွက် ထမ်းဆောင်ရမည့်တာဝန်များကိုလည်း အကြမ်းဖျင်း ဖော်ပြပေးသည်။ ယခုကဏ္ဍတွင် အရှေ့တောင်အာရှ နိုင်ငံများ၏ လက်ရှိအခြေခံဥပဒေများမှ လူ့အခွင့်အရေးဆိုင်ရာ ဖော်ပြချက်များကို အသေးစိတ်လေ့လာကြည့်သွားမည် ဖြစ်သည်။ သို့သော်လည်း အခြေခံဥပဒေတစ်ရပ်တွင် လူ့အခွင့်အရေးများ ပါဝင်ကောင်းပါဝင်နေနိုင်သည့်တိုင်အောင် အရှေ့တောင်အာရှနိုင်ငံများမှ ပြည်သူများသည် အခြေခံဥပဒေပါ ၎င်းတို့၏ ရပိုင်ခွင့်များဆွေးနွေးသည်ကိုမူ တွေ့မြင်ရလေ့ရှိလိမ့်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ယင်းအခွင့်အရေးများကို သိရှိသူ၊ သို့မဟုတ် ၎င်းတို့၏ အခြေခံဥပဒေပါ အခွင့်အရေးများကို ထိထိရောက်ရောက်ကာကွယ်ထားခြင်းရှိ၊ မရှိဆိုသည်ကို သိရှိသူဟူ၍ များများစားစားမရှိ၍ဖြစ်သည်။ ထိုကဲ့သို့ဖြစ်ရသည့် အကြောင်းရင်းများစွာရှိရာ အချို့နိုင်ငံများတွင် အခြေခံဥပဒေပါအခွင့်အရေးများမှာ နိုင်ငံတကာစံနှုန်းများထက် အားနည်းလျက်ရှိသဖြင့် နိုင်ငံတကာသဘောတူစာချုပ်များကိုသာ လူ့အခွင့်အရေး ကာကွယ်ရေးအတွက် အသုံးပြုရန် ပို၍သင့်လျော်ခြင်း၊ အခြေခံဥပဒေမှာ မကြာသေးမီကမှ ပြောင်းလဲထားသဖြင့် လူအများကနောက်ဆုံးပြဋ္ဌာန်းထားသည်မှုတွင် ပါဝင်သော အခွင့်အရေးများကို သတိမပြုမိသေးခြင်းနှင့် ကျောင်းများတွင်လည်း ထိုအခြေခံဥပဒေအသစ်ကို စတင်သင်ကြားမှုမရှိသေးခြင်း သို့မဟုတ် နိုင်ငံတကာ လူ့အခွင့်အရေးများကိုသာ များစွာပို၍သတိပြုသိရှိထားသဖြင့် ၎င်းတို့ကိုသာ လူ့အခွင့်အရေး အကာအကွယ်ပေးမှုအတွက် ပိုမို၍အသုံးများခြင်းတို့လည်း အပါအဝင်ဖြစ်သည်။ သို့ရာတွင် အဓိကအကြောင်းရင်းမှာမူ အခြေခံဥပဒေကို ကျောင်းများတွင်သင်ကြားမှုမရှိခြင်းနှင့် လူအများသိရှိအောင် ပညာပေးဖြန့်ဝေမှုမရှိခြင်းကြောင့် ပြည်သူများက အခြေခံဥပဒေတွင် မည်သည့်အရာများပါဝင်သည်ကို မသိရှိခြင်းသာ ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများတွင် အခြေခံဥပဒေကို ၎င်းတို့၏ ပြည်သူများသိရှိအောင် သင်ကြားပေးမှုအပိုင်းတွင် အားနည်းလှသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

သင့်နိုင်ငံ၏ အခြေခံဥပဒေဆိုင်ရာဗဟုသုတ

သင့်နိုင်ငံ၏ အခြေခံဥပဒေမှ သင်မည်သည့်အခွင့်အရေးများ ရရှိသည်ကို သိရှိပါသလား။ အခြေခံဥပဒေအကြောင်း သင်ကြားသည့်အတန်းတစ်တန်း တက်ဖူးပါသလား။ သင့်သူငယ်ချင်းနှင့် မိသားစုဝင်များထဲတွင် အခြေခံဥပဒေအကြောင်းသိရှိသူ တစ်ဦးတစ်ယောက်ရှိပါသလား။

ထိုမေးခွန်းများကို အရှေ့တောင်အာရှမှ ကျောင်းသားအများစုက မရှိပါဟု ဖြေဆိုကြလိမ့်မည်။ အဘယ်ကြောင့်ဟု ထင်ပါသနည်း။ အစိုးရက ၎င်း၏ပြည်သူများကို အဘယ်ကြောင့် အခြေခံဥပဒေအကြောင်း သင်ကြားပေးမှုကို တက်တက်ကြွကြွ မလုပ်ဆောင်ပါသနည်း။ ဆရာများနှင့် မိဘများက သခ်ၤာ၊ သိပ္ပံနှင့် စာတတ်မြောက်မှုတို့မှာပို၍အရေးကြီးသည်ဟု ထင်သည့်အတွက် ထိုကဲ့သို့ဖြစ်ခြင်းလည်း ဖြစ်နိုင်ပါသည်။ သို့မဟုတ် အစိုးရများက ၎င်း၏ပြည်သူများကို ၎င်းတို့ရထိုက်သည့် အခွင့်အရေးများအကြောင်း သင်ကြားပေးရန်တက်ကြွမှုမရှိ၍လည်း ဖြစ်နိုင်သည်။

သာဓက

UDHR နှင့် ICCPR ကို ဖိလစ်ပိုင်တရားရုံးချုပ် အသုံးချမှု

ဖိလစ်ပိုင်နိုင်ငံသည် နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေများကို ၎င်း၏အခြေခံဥပဒေ ပိုဒ်ခွဲ ၂၊ အခန်း ၂ တွင် စည်းမျဉ်းများနှင့် နိုင်ငံတော်မူဝါဒများကြေညာချက် ဟူသော ခေါင်းစဉ်ဖြင့် ထည့်သွင်းပြဋ္ဌာန်းထားသလို အပိုဒ်ခွဲ ၇၊ အခန်း ၂၁ တွင်လည်း ဖိလစ်ပိုင်ကလက်မှတ်ရေးထိုးသော သဘောတူစာချုပ် တိုင်း သို့မဟုတ် နိုင်ငံတကာသဘောတူစာချုပ်တိုင်းကို မူရင်းအတိုင်း တူညီသော အင်အားနှင့် သက်ရောက်မှုရှိသော တိုင်းပြည်ဥပဒေအဖြစ် အသွင်ပြောင်းရမည်ဟု ဖော်ပြထားသည်။

UDHR ကို ကျင့်သုံးဖော်ဆောင်ခြင်းနှင့် အခြားလက်မှတ်ရေးထိုးထားသော နိုင်ငံတကာသဘော တူညီမှုများကို ဖော်ဆောင်မှုများကို ဖိလစ်ပိုင်တရားရုံးချုပ်က ချမှတ်သော ဆုံးဖြတ်ချက် အများအပြားတွင် တွေ့ရှိရသည်။ လွတ်လပ်စွာခရီးသွားခွင့်နှင့် ရွှေ့ပြောင်းခွင့် အခွင့်အရေးနှင့်သက်ဆိုင်သော ကန့်ကဝေါင်း၊ ယင်မ်ကမ်ရှင်းနှင့် ကောင်းမွန်သော အစိုးရအတွက် သမ္မတ အမျူးပြုသော ကော်မရှင်တို့အမှု (GR No L-79484, December 7, 1987) တွင် တရားရုံးချုပ်က ဤကဲ့သို့ဖော်ပြခဲ့သည်။ “. . . ခရီးသွားခွင့်နှင့်လွတ်လပ်စွာရွှေ့ပြောင်းခွင့်သည် ၁၉၈၇ လူအခွင့်အရေး အခြေခံစည်းမျဉ်းနှင့်အထွေထွေကြေညာချက်တွင် အာမခံပေးထားသောအခြေခံအခွင့်အရေးတစ်ရပ်ဖြစ်ပြီး လူတိုင်းတွင် အခြေခံဥပဒေအရ သို့မဟုတ် ဥပဒေအရ ရထိုက်သော အခြေခံအခွင့်အရေးများ ချိုးဖောက်ခံရခြင်းအတွက် အထူးဖွဲ့စည်းထားသော နိုင်ငံတော်ခုံရုံးများထံတွင် နစ်နာမှုများအတွက် ထိထိရောက်ရောက် ဖေးကူမှုများခံယူရရှိပိုင်ခွင့်ရှိသည်”

အခြားအမှုတစ်ခုဖြစ်သော ဖာဒီနန်မားကို့စ်နှင့် အပေါင်းအပါများ၊ ရာအူးမန်းလာပတစ်နှင့် အပေါင်းအပါများ အမှု (Ferdinand E Marcos, et al v Raul Manlapus, et al, GR No 88211, September 15, 1989) တွင် တရားရုံးချုပ်က UDHR နှင့် ICCPR နှစ်ခုလုံးကို ကိုးကားပြီး တရားစီရင်ခဲ့သည်။ လူတစ်ဦးတစ်ယောက်က မိမိ၏တိုင်းပြည်သို့ ပြန်နိုင်သည့်အခွင့်အရေးမှာ ဖိလစ်ပိုင်ပြည်သူအခြေခံအခွင့်အရေးများဥပဒေတွင် သီးခြားအာမခံထားသည့် အခွင့်အရေးများတွင် မပါဝင်သော်လည်း ဤအခွင့်အရေးကို နိုင်ငံတကာဥပဒေက ယေဘုယျလက်ခံထားသော စည်းမျဉ်းအဖြစ် ယူဆသင့်ပြီး ဖိလစ်ပိုင်အခြေခံဥပဒေအရ ထိုအခွင့်အရေးကို တိုင်းပြည်ဥပဒေ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် မှတ်ယူရမည်ဟု တရားရုံးကဆုံးဖြတ်ခဲ့သည်။

အခြေခံဥပဒေဇယားတွင် မြင်တွေ့ရသည့်အတိုင်း အရွှေ့တောင်အာရှ၏ ကိုလိုနီခေတ်နောက်ပိုင်း အခြေခံဥပဒေများသည် လူ့အခွင့်အရေးစံနှုန်းများနှင့် စည်းမျဉ်းများ အမျိုးမျိုးကို ထည့်သွင်းရေးဆွဲထားသည်။ အချိန်ကြာလာသည်နှင့်အမျှ အခြေခံဥပဒေများကို နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့်ကိုက်ညီအောင် ပြောင်းလဲခြင်း၊ ပြန်လည်ရေးဆွဲခြင်းများ ရှိခဲ့သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း နိုင်ငံများက လူ့အခွင့်အရေးကို ဖော်ဆောင်သည့် အဖွဲ့အစည်းများ ဖြစ်လာသည့်အခါတွင် ၎င်းတို့အနေဖြင့် ရှိရင်းစွဲ ဥပဒေဘောင်များနှင့် စနစ်များကို ပြောင်းလဲရန် လိုအပ်ပြီး အချို့သောအခြေအနေများတွင် ဖြစ်နိုင်မည်ဆိုပါက အခြေခံဥပဒေများကို ပြင်ဆင်ညှိနှိုင်းမှုများလုပ်ဆောင်ရန် လိုအပ်မည်ဖြစ်သည်။ ထိုကဲ့သို့ ပြင်ဆင်ညှိနှိုင်းမှုသည် ပြင်ဆင်ချက်

တစ်ရပ် (ဥပမာ - အင်ဒိုနီးရှားတွင် နိုင်ငံရေးအခွင့်အရေးများကိုထောက်ပံ့ပေးရန်အတွက် အခြေခံဥပဒေတွင် ပြင်ဆင်ချက်များပြုလုပ်ခဲ့သကဲ့သို့) ဖြစ်နိုင်သလို အခြေခံဥပဒေ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို နိုင်ငံတကာစံနှုန်းများနှင့်အညီဖြစ်စေရန် ပြောင်းလဲခြင်းလည်း ဖြစ်နိုင်သည်။ ထို့ပြင် ရှိရင်းစွဲလူ့အခွင့်အရေးစံနှုန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ်တွင် ထည့်သွင်းခြင်း ဖြင့်လည်း ရရှိနိုင်သည်။ (ထိုင်းနိုင်ငံသည် ၎င်း၏ ၁၉၉၈ နှင့် ၂၀၀၇ ခုနှစ် အခြေခံဥပဒေနှစ်ခု စလုံးတွင် ထိုကဲ့သို့လုပ်ဆောင်ခဲ့သည်) ဖိလစ်ပိုင်နိုင်ငံ၏ ၁၉၈၇ အခြေခံဥပဒေသည် အမျိုးမျိုးသော လူ့အခွင့်အရေးများကို သတ်မှတ်ဖော်ပြထားပြီးဖြစ်ပြီး လက်မှတ်ရေးထိုးသော သဘောတူစာချုပ် များကို ပြည်တွင်းဥပဒေများတွင် ထည့်သွင်းဖော်ဆောင်ရမည်ဟုလည်း ဖော်ပြထားသေးသည်။ ဤကဲ့သို့ဖော်ပြချက်သည် သဘောတူစာချုပ်များကို ပြည်တွင်းတွင် မည်ကဲ့သို့ဖော်ဆောင်နိုင်သည် ဆိုသည်ကို အခြေခံဥပဒေက မည်ကဲ့သို့သတ်မှတ်ပေးနိုင်ကြောင်း ဖော်ပြနေသည့် ဥပမာကောင်း တစ်ရပ်ပင်ဖြစ်သည်။ ရလဒ်အနေဖြင့် ဖိလစ်ပိုင်တရားရုံးချုပ်ကို ဖိလစ်ပိုင်ဥပဒေစနစ်၏ အစိတ် အပိုင်းတစ်ရပ်အဖြစ် အသုံးချထားပြီးသား ဖြစ်သွားခဲ့သည်။ သို့သော်လည်း ကံဆိုးစွာနှင့်ပင် အခြား အရှေ့တောင်အာရှနိုင်ငံများမှာမူ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများကို ဖိလစ်ပိုင်နိုင်ငံလောက် လက်တွေ့အသုံးပြု ဖော်ဆောင်မှုမရှိချေ။

ဇယား ၄.၂ အရှေ့တောင်အာရှ အခြေခံဥပဒေများ

နိုင်ငံ	ပထမဆုံး အခြေခံဥပဒေ	အခြေခံဥပဒေ အရေအတွက်	လက်ရှိ အခြေခံဥပဒေ	လူ့အခွင့်အရေးကဏ္ဍနှင့် နမူနာဥပဒေများ
ဘရူနိုင်း	၁၉၅၉	၁ (ပြင်ဆင်ချက်များဖြင့်)	၂၀၀၈	လူ့အခွင့်အရေးနှင့်ဆိုင်သည့် အခန်း မပါဝင်
ကမ္ဘောဒီးယား	၁၉၉၃	၁ (ပြင်ဆင်ချက်များဖြင့်)	၁၉၉၉	အခန်း ၃ - ခမာလူမျိုးများ၏ အခွင့်အရေးများနှင့် တာဝန် ဝတ္တရားများ (အက်ဥပဒေ - ၃၁-၅၀)
လာအို	၁၉၉၁	၁ (ပြင်ဆင်ချက်များဖြင့်)	၂၀၀၃	အခန်း ၄ -နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများနှင့် တာဝန်များ (အပိုဒ် ၃၄-၅၁)
အင်ဒိုနီးရှား	၁၉၄၅	၄ ကြိမ်ပြင်ဆင်သည်။ ၁၉၅၅ ယာယီ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေ	၁၉၄၅/၂၀၀၂	အခန်း-၁၀(က) - အလုပ်၊ ကိုးကွယ်ခွင့်၊ ပညာရေးနှင့် လူမှုလုံခြုံရေးအခွင့်အရေး များ (အပိုဒ် -၂၇၊ ၂၈၊ ၃၁၊ ၃၂၊ ၃၄)
မလေးရှား	၁၉၅၇	၁	၁၉၅၇	အပိုင်း ၂ - အခြေခံ လွတ်လပ်ခွင့်များ (ညီမျှမှု၊ လူပ်ရှားမှု၊ ပြောဆိုခွင့်၊ စုဝေးခွင့်)

နိုင်ငံ	ပထမဆုံး အခြေခံဥပဒေ	အခြေခံဥပဒေ အရေအတွက်	လက်ရှိ အခြေခံဥပဒေ	လူ့အခွင့်အရေးကဏ္ဍနှင့် နမူနာဥပဒေများ
မြန်မာ	၁၉၄၈	၃	၂၀၀၈	အခန်း ၈ - နိုင်ငံသား အခြေခံအခွင့်အရေးနှင့် တာဝန်များ
ဖိလစ်ပိုင်	၁၉၃၅/၁၉၈၇	၄	၁၉၈၇	အက် ၃ - အခြေခံရပိုင်ခွင့်များ၊ အက်-၁၃-လူမှုတရားမျှတရေးနှင့် လူ့အခွင့်အရေး
စင်ကာပူ	၁၉၆၅/၁၉၆၃	၁ (၃ ကြိမ်ပြင်ဆင်သည်)	၁၉၉၁	အပိုင်း ၄ - အခြေခံလွတ်လပ်ခွင့်များ (အပိုဒ် ၉-၁၆)
ထိုင်း	၁၉၃၂	၁၇/၁၈	၂၀၀၇	အခန်း ၃ - ထိုင်းနိုင်ငံသားများ၏အခွင့်အရေးနှင့် လွတ်လပ်ခွင့်များ
ဗီယက်နမ်	၁၉၄၆	၅ (၁ ကြိမ်ပြင်ဆင်သည်)	၂၀၁၃	အခန်း ၂ - လူ့အခွင့်အရေး၊ အခြေခံနိုင်ငံသားအခွင့်အရေးနှင့် တာဝန်များ (အပိုဒ် ၁၄-၄၉)
အရှေ့တီမော	၂၀၀၂	၁	၂၀၀၂	အပိုင်း ၂ - အခြေခံအခွင့်အရေးများ၊ တာဝန်များ၊ လွတ်လပ်ခွင့်များနှင့် အာမခံချက်များ (အပိုဒ် ၁၆-၂၈)

လူ့အခွင့်အရေးများကို အခြေခံဥပဒေများသို့ ထည့်သွင်းရခြင်းမှာ အတွေ့ရများသည့် ဖြစ်ရပ်သာ ဖြစ်သည်။ နိုင်ငံအများစု၏ မူလအခြေခံဥပဒေများတွင် လူ့အခွင့်အရေးများပါဝင်ခြင်း မရှိချေ။ နောက်ပိုင်းတွင်မှ လူ့အခွင့်အရေးများကို ပြင်ဆင်ချက်အဖြစ်နှင့် ထည့်သွင်းခြင်း သို့မဟုတ် အသစ်ပြန်လည်ရေးဆွဲသည့် အခြေခံဥပဒေတွင် ထည့်သွင်းခြင်းတို့ လုပ်ဆောင်ရခြင်းဖြစ်သည်။ မည်သည်တို့က နိုင်ငံတကာစံနှုန်းနှင့်ညီသည့် အခွင့်အရေးများဖြစ်မည် ဆိုသည်ကို စဉ်းစားဆုံးဖြတ်ရသည့် အခြေအနေများမှာ ပို၍ပင် အဖြစ်များသေးသည်။ အင်ဒိုနီးရှားတွင် ၂၀၀၂ ခုနှစ်၊ ထိုင်းတွင် ၁၉၉၇ ခုနှစ်နှင့် မြန်မာတွင် ၂၀၀၈ ခုနှစ်တို့၌ ထိုကဲ့သို့ အခြေအနေဖြစ်ပေါ်ခဲ့သည်။ အရှေ့တောင်အာရှတွင် အခြေခံဥပဒေများက အခွင့်အရေးများ ရရှိစေရေးထက် အကန့်အသတ်များ ပို၍ ပြဋ္ဌာန်းထားသည့် အခြေအနေများလည်း များစွာရှိသည်။ အခြေခံဥပဒေများသည် ပြည်သူများ ရထိုက်သည့်အခွင့်အရေးများရရှိရေးထက် တိုင်းပြည်၏အချုပ်အခြာအာဏာနှင့် ဖွဲ့ဖြိုးတိုးတက်မှုတို့ပေါ်တွင်သာ ပို၍အဓိကထားလေ့ရှိသည်။ အခွင့်အရေးတစ်ရပ်ကို ရရှိမည်ဟု အာမခံချက်ပေးထားသော်လည်း ထိုအခွင့်အရေးကို ရရှိရန် အရည်အချင်းသတ်မှတ်ချက်များနှင့် အခြားကန့်သတ်ချက်များရှိနေခြင်းကို သာဓကများအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။ အတွေ့ရအများဆုံးမှာ

အခြေခံဥပဒေအားလုံးနီးပါးတွင်တွေ့ရသည့် နိုင်ငံသားတာဝန်များအဖြစ် ညွှန်းဆိုဖော်ပြခြင်းပင်ဖြစ်သည်။ အခွင့်အရေးများမှာ တာဝန်ယူမှုများမှသာလာသည်ဟု ရှုမြင်ခြင်းမှာ လူ့အခွင့်အရေးများမှာ မွေးရာပါနှင့် တစ်စုံတစ်ဦးက မဖယ်ရှားပစ်နိုင်သော ရပိုင်ခွင့်များဖြစ်သည် ဟူသည့် အခြေခံစည်းမျဉ်းများကို ဆန့်ကျင်လျက်ရှိနေသည်။ အခွင့်အရေးတစ်ရပ်ကို ရရှိရန်အတွက် တာဝန်တစ်ရပ်ကို ထမ်းဆောင်နေရခြင်းမျိုး မရှိသင့်ချေ။ အခြား အတွေ့ရများသော ကန့်သတ်ချက်မှာ လူ့အခွင့်အရေးကို ပြည်တွင်းဥပဒေများအရ ကန့်သတ်ထားခြင်း ဖြစ်သည်။ ဤကန့်သတ်ချက်သည် တိုင်းပြည်၏အမြင့်ဆုံးဥပဒေဖြစ်သော အခြေခံဥပဒေက ပြည်တွင်းဥပဒေများကို လိုက်နာရသည့် သဖွယ်ဖြစ်နေသဖြင့် ထူးဆန်းသော လုပ်ဆောင်မှုတစ်ရပ်လည်း ဖြစ်သည်။ နောက်ဆုံးအနေဖြင့် တွေ့ရသည့် ကန့်သတ်ချက်မှာ တိုင်းပြည်၏တည်ငြိမ်မှုကို ပျက်ပြားစေသည်၊ ဆန့်ကျင်သည်ဟု ထင်မြင်သမျှသော လူ့အခွင့်အရေးများ အားလုံးကို ရာဇဝတ်မှုများအဖြစ် သတ်မှတ်ကန့်သတ်ပစ်ခြင်းပင်ဖြစ်သည်။ ထိုကဲ့သို့ ကန့်သတ်ပစ်လိုက်ခြင်းဖြင့် နိုင်ငံတော်အစိုးရတွင် တိုင်းပြည်အတွက် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ယူဆပါက အခွင့်အရေးတစ်ရပ်ကို ကန့်သတ်ပိတ်ပင်ပိုင်ခွင့်၊ ငြင်းပယ်ပိုင်ခွင့်ရှိသည့် အခွင့်အာဏာရှိသွားမည်ဖြစ်သည်။ ဤနေရာတွင် တိုင်းပြည်အတွက် ခြိမ်းခြောက်မှုဟူသည်မှာ အဓိပ္ပာယ် ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ဆိုနိုင်သောစကားလုံးဖြစ်လျက်ရှိသည်။ အထင်ရှားဆုံးဥပမာတစ်ရပ်မှာ စင်ကာပူနှင့် မလေးရှားတို့၏ ပြည်တွင်းလုံခြုံရေး အက်ဥပဒေ (ISA) ဖြစ်ပြီး ယင်းဥပဒေက လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တရားရုံးတွင်စစ်ဆေးမေးမြန်းခြင်းမရှိဘဲ ဖမ်းဆီးထိန်းသိမ်းခွင့်ကို အစိုးရနှစ်ရပ်လုံးကို ပေးထားသည်။ စင်ကာပူနိုင်ငံတွင် s 8(1)(a) အရ နှစ်နှစ်အထိ ထိန်းသိမ်းထားခွင့်ရှိနေသည်။

အရှေ့တောင်အာရှအခြေခံဥပဒေများသည် ကိုးကွယ်ရာဘာသာတစ်ခု၊ လူမျိုးစုတစ်ခုကို ဦးစားပေးထားခြင်းများရှိသည်ကိုလည်း မှတ်သားရသည်။ ဥပမာအားဖြင့် အင်ဒိုနီးရှား အခြေခံဥပဒေ၏ အက်ဥပဒေပုဒ်မ ၂၉ တွင်ဆိုလျှင် နိုင်ငံတော်၏ဖြစ်တည်မှုသည် ဘုရားသခင်တစ်ပါးတည်းပေါ်တွင်သာရှိအပ်သည့် ယုံကြည်ချက်အပေါ်တွင် အခြေခံရမည်ဟု ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်သည်။ ဘရူနိုင်း၊ မလေးရှားနှင့် မြန်မာတို့၏ အခြေခံဥပဒေများသည် ဘာသာတရားအချို့ကိုသာ အသိအမှတ်ပြုထားပြီး ထိုအချက်က ဘာသာရေးဆိုင်ရာလွတ်လပ်ခွင့်ကို ပိတ်ပင်ကန့်သတ်လျက်ရှိသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

မြန်မာ့အခြေခံဥပဒေ



မြန်မာ့အခြေခံဥပဒေတွင် အောက်ပါအပိုဒ်ခွဲနှစ်ခုကို ကြည့်ပါ။

၃၅၁။ မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်သည်အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရမည်။

၃၅၂။ နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်း ရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သောအရည်အချင်းနှင့်ပြည့်စုံပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ သာသနာ၊

အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။ သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရ။

ဤအပိုဒ်ခွဲနှစ်ခုတွင် မည်သည့်လူအခွင့်အရေးကန့်သတ်မှုများ ပါဝင်နေသနည်း။ ၎င်းတို့သည် လူအခွင့်အရေးနှင့် ကျား၊ မ တန်းတူညီမျှမှုအပေါ် အပြည့်အဝ လေးစားမှုရှိသည်ဟု ထင်ပါသလား။ ပြဿနာအချို့ရှိနေပါသည်။

၁။ အပိုဒ်ခွဲ ၃၁၁ အရ သာတူညီမျှအခွင့်အရေးဆိုသည်မှာ ဥပဒေအရ ပြဋ္ဌာန်းထားမှုများကိုသာ ဆိုလိုခြင်းဖြစ်သည်။ သို့ဆိုလျှင် ဥပမာအနေဖြင့် ကွာရှင်းရာတွင် အမျိုးသမီးများ တန်းတူညီမျှ အခွင့်အရေးရရှိရေးအတွက် ဥပဒေပြဋ္ဌာန်းထားမှုမရှိလျှင် ၎င်းတို့အနေဖြင့် သာတူညီမျှ အခွင့်အရေးရရှိတော့မည်မဟုတ်ချေ။

၂။ အပိုဒ်ခွဲ ၃၁၁ သည် မိခင်တိုင်း၊ ကလေးတိုင်း၊ ကိုယ်ဝန်ဆောင်သည် အမျိုးသမီးတိုင်းအတွက်ဟု ဆိုထားသော်လည်း အပိုဒ်ခွဲ ၃၁၂ တွင် နိုင်ငံသားများအတွက်သာ ဖော်ပြထားသည်ကို သတိပြုမိပါသလား။ သို့ဆိုလျှင် လုပ်ငန်းခွင်များတွင် နိုင်ငံသားမဟုတ်သူများကို ခွဲခြားဆက်ဆံမှုများ ရှိလာနိုင်သည်မဟုတ်ပါလား။

၃။ အပိုဒ်ခွဲ ၃၁၂ တွင် အမျိုးသားများအတွက်သာ သီးသန့်သတ်မှတ်ထားသော အလုပ်များ ရှိနေသည်။ ထိုအလုပ်များမှာ မည်သည့်အလုပ်အကိုင်များဖြစ်နိုင်သနည်း။ အမျိုးသားများသာ လုပ်နိုင်သော အလုပ်တစ်ခုမှာ မည်သည့်အလုပ် ဖြစ်ပါသနည်း။ ဤအပိုဒ်ခွဲသည် အစိုးရအနေဖြင့် မည်သည့်အရာက အမျိုးသမီးများနှင့် သင့်လျော်ခြင်းမရှိဟု ထင်ရာမြင်ရာ ဆုံးဖြတ်ခြင်းဖြင့် အမျိုးသမီးများကို ခွဲခြားဆက်ဆံနိုင်စေလောက်သည်အထိ မရေမရာဖြစ်လျက်ရှိသည်။

၄.၃ အမျိုးသား လူ့အခွင့်အရေး အင်စတီကျူးရှင်းများ (National Human Rights Institutions)

အမျိုးသားလူ့အခွင့်အရေး အင်စတီကျူးရှင်းတစ်ရပ် (NHRI) ဆိုသည်မှာ တိုင်းပြည်အတွင်း လူ့အခွင့်အရေး အကာအကွယ်ပေးရန်နှင့် မြှင့်တင်ပေးရန် ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံတော်တရားဝင်အင်စတီကျူးရှင်းတစ်ခုဖြစ်သည်။ NHRI သည် တရားရုံးများကဲ့သို့သော အခြားအစိုးရအဖွဲ့အစည်းများ အပြည့်အဝလုပ်ဆောင်စေရန် ထောက်ပံ့ပေးသည်။ သို့သော် အခြားအစိုးရအဖွဲ့အစည်းများနှင့်မတူဘဲ ထူးခြားသည်မှာ ၎င်းသည် အစိုးရနှင့် လူ့အဖွဲ့အစည်းကြားနှင့် ၎င်း၏နိုင်ငံနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးစနစ်တို့ကြားတွင် အရေးကြီးသည့် ပေါင်းကူးတံတားတစ်ခုသဖွယ် ဆောင်ရွက်ခြင်းဖြစ်သည်။ နောက်ထပ်လက္ခဏာသွင်ပြင်တစ်ရပ်မှာ NHRI သည် အစိုးရ၏အုပ်ချုပ်မှုအောက်တွင်မရှိဘဲ သီးခြားလွတ်လပ်စွာ ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ ထိုကဲ့သို့ လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိမှုမှာ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက်ရန် အတွက် အလွန်တရာ အရေးကြီးလှသည်။

၄.၃.၁ NHRI များမွေးဖွားခြင်း

ပထမဆုံးများကို ၁၉၇၀ လွန်နှစ်များနှင့် ၁၉၈၀ လွန်နှစ်များတွင် စတင်တည်ထောင်ခဲ့ပြီး အဓိကအားဖြင့် ကနေဒါ၊ ဩစတြေးလျနှင့် နယူးဇီလန်တို့ကဲ့သို့သော ဓနသဟာယနိုင်ငံများတွင် စတင်ပေါ်ပေါက်ခဲ့သည်။ သို့သော် ပထမဆုံးအနေဖြင့် NHRI များကို ကမ္ဘာလုံးဆိုင်ရာအတည်ပြုထောက်ခံချက်ပေးလိုက်သော ၁၉၉၃ ခုနှစ်က ဗီယင်နာကြေညာချက်နှင့် လုပ်ဆောင်ချက်အစီအစဉ်က NHRI လှုပ်ရှားမှုတွင် အရေးပါသော နှစ်တစ်နှစ် ဖြစ်ခဲ့သည်။ ထိုအဖြစ်အပျက်က လူ့အခွင့်အရေး အကာအကွယ်ပေးရေးနှင့် မြှင့်တင်ရေးတွင် နိုင်ငံတော် အင်စတီကျူးရှင်းများ၏ အခန်းကဏ္ဍကို အရေးပါစေရန်နှင့် အပြုသဘောဆောင်စေရန် ထပ်လောင်းအတည်ပြုပေးလိုက်နိုင်ပြီး နိုင်ငံတစ်နိုင်ငံချင်းစီတွင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခု တည်ထောင်ရန်လည်း တိုက်တွန်းအားပေးခဲ့သည်။ (ကြေညာချက်၏ အပိုင်း ၁၊ အပိုဒ် ၃၆)။ ဒုတိယအနေဖြင့် ကုလသမဂ္ဂ အထွေထွေညီလာခံက လူ့အခွင့်အရေး အကာအကွယ်ပေးရေးနှင့် မြှင့်တင်ရေးတွင် နိုင်ငံတော် အင်စတီကျူးရှင်းများ၏အခန်းကဏ္ဍနှင့်ဆက်နွယ်နေသော စည်းမျဉ်းများကို NHRI များအတွက် အနိမ့်ဆုံးရှိရမည့် နိုင်ငံတကာစံနှုန်းများအဖြစ် ချမှတ်ခဲ့သည်။ (ယင်းကို များသောအားဖြင့် ပဲရစ်စည်းမျဉ်းများဟု ရည်ညွှန်းပြောဆိုလေ့ရှိသည်)။ တတိယအနေဖြင့်မူ ၁၉၉၃ ခုနှစ်၌ပင် လူ့အခွင့်အရေး အကာအကွယ်ပေးရေးနှင့် မြှင့်တင်ရေးအတွက် နိုင်ငံတော်အင်စတီကျူးရှင်းများ ပူးပေါင်းဆောင်ရွက်ရေး နိုင်ငံတကာကော်မတီ International Coordinating Committee of National Institutions for the Promotion and Protection of Human Rights ကို နိုင်ငံတကာ NHRI ကွန်ရက်အဖြစ် တည်ထောင်ခဲ့သည်။ (ထိုကော်မတီကို အတိုကောက်အနေဖြင့် ICC ဟု ခေါ်ဆိုသော်လည်း ICC ဟုပင် အတိုကောက်ခေါ်ဆိုသည့် နိုင်ငံတကာရာဇဝတ်မှုတရားရုံး (International Criminal Court)နှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိကြောင်း သတိချပ်ရမည်)။ ထို့ကြောင့် ၁၉၉၃ ခုနှစ်မှစ၍ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ အရေအတွက်မှာ လျင်မြန်သည့်နှုန်းဖြင့် မြင့်တက်လာခဲ့သည်။ ၁၉၉၀ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ အရေအတွက် ၁၀ ခုအောက်သာရှိခဲ့သည်။ ယခုအခါတွင် ၁၀၀ ကျော်ရှိနေပြီဖြစ်ပြီး ပဲရစ်စည်းမျဉ်းများနှင့်ညီညွတ်သောအရေအတွက်မှာ ၇၀ နီးပါးအထိရှိနေပြီဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင်ဆိုလျှင် အရှေ့တောင်အာရှ ခြောက်နိုင်ငံတွင် NHRI များ ရှိနေပြီဖြစ်ပြီး ထိုနိုင်ငံများမှာ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်း နှင့် အရှေ့တီမောတို့ဖြစ်သည်။

၄.၃.၂ NHRI အမျိုးအစားများနှင့် ၎င်းတို့၏လုပ်ဆောင်ချက်များ

နိုင်ငံတစ်နိုင်ငံတွင် NHRI တစ်ခုသာ ရှိရမည်ဖြစ်ပြီး ၎င်းပါဝင်ဆောင်ရွက်ရမည့် ကဏ္ဍများတွင် လွတ်လပ်စွာဆုံးဖြတ်နိုင်ရမည်ဖြစ်သည်။ ဤဆုံးဖြတ်ချက်ကို တိုင်းပြည်၏ လက်ရှိလူ့အခွင့်အရေး ကာကွယ်ရေးမူဘောင်၊ ဥပဒေ၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုစနစ်များနှင့် လူစွမ်းအားနှင့် ဘဏ္ဍာရေးအရင်းအမြစ်များရရှိနိုင်မှု စသည့်အချက်များစွာပေါ်တွင် မူတည်၍ ဆုံးဖြတ်ရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတစ်နိုင်ငံက အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခုကို ပေးအပ်ရန် ဆုံးဖြတ်ထားသည့် အခန်းကဏ္ဍများအပေါ်မူတည်၍ အသင့်လျော်ဆုံး NHRI အမျိုးအစားကို တည်ထောင်ရမည်ဖြစ်သည်။ အဓိကအားဖြင့် NHRI လေးမျိုး ရှိသည်။

(က) လူ့အခွင့်အရေးကော်မရှင်

လူ့အခွင့်အရေးကော်မရှင်များသည် အရွယ်အစားအရရော လုပ်ဆောင်ချက်အရပါ ကုန်ကျစရိတ်အများဆုံး NHRI များဖြစ်သည်။ ဤဖွဲ့စည်းပုံတွင် လူ့အခွင့်အရေး အကာအကွယ်ပေးရေးနှင့် မြှင့်တင်ရေးနှင့်ပတ်သက်ပြီး တာဝန်အများအပြား ထမ်းဆောင်ရမည့် ကျွမ်းကျင်သူ ကော်မရှင်အဖွဲ့ဝင်အရေအတွက် အတော်များများ ပါဝင်နိုင်ပြီး အဖွဲ့ဝင်အရေအတွက်မှာ နိုင်ငံအလိုက် အမျိုးမျိုးကွဲပြားနိုင်ရာ ဥပမာအနေဖြင့် ဖိလစ်ပိုင်၏ လူ့အခွင့်အရေးကော်မရှင်တွင် ကော်မရှင်အဖွဲ့ဝင် ၅ ဦးသာရှိပြီး မြန်မာနိုင်ငံတွင်မူ ၁၅ ဦးအထိရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ ဖိလစ်ပိုင်၏ လူ့အခွင့်အရေးကော်မရှင်မှာ အရှေ့တောင်အာရှတွင် အကြီးဆုံး NHRI ဖြစ်ပြီး ဝန်ထမ်းပေါင်း ၆၀၀ ကျော်ရှိသည်။

လူ့အခွင့်အရေးကော်မရှင်များကို များသောအားဖြင့် ကာလတစ်ခုသတ်မှတ် ခန့်အပ်ထားသော အချိန်ပြည့် ကော်မရှင်အဖွဲ့ဝင် တစ်ဦး သို့မဟုတ် ထို့ထက် အရေအတွက်ပိုမိုသော ကော်မရှင်အဖွဲ့ဝင်များကဦးဆောင်လေ့ရှိသည်။ ကော်မရှင်အဖွဲ့ဝင်များသည် ပြည်သူ့မျက်နှာစာ ဖြစ်ပြီး NHRI ၏အသံလည်းဖြစ်သည်။ ကော်မရှင်အဖွဲ့ဝင်များကို ခန့်အပ်သည့်လုပ်ငန်းစဉ်မှာ လူ့အဖွဲ့အစည်း၏ အကြံပေးဆွေးနွေးမှုများပါဝင်သည့် ပွင့်လင်းမြင်သာမှုရှိသည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်သင့်သည်။ ထို့အတူ ကော်မရှင်အဖွဲ့အဝင်များ ခန့်အပ်ရာတွင် မတူကွဲပြားသည့် အဖွဲ့အစည်း အသီးသီးမှပုဂ္ဂိုလ်များပါဝင်ရန်လည်း အရေးကြီးသည်။ ၎င်းတို့သည် လူ့အဖွဲ့အစည်း၏ မတူညီသည့် အစိတ်အပိုင်းအသီးသီးကို ထင်ဟပ်ရမည်ဖြစ်ပြီး ကျား၊ မ ဂျန်ဒါအရလည်း ညီမျှမှု ရှိရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ဥပဒေပညာရှင်များ၊ ပညာရေးနယ်ပယ်မှပညာရှင်များ၊ အရပ်ဘက် လူမှုတက်ကြွလှုပ်ရှားသူများ၊ အစိုးရအရာရှိများ စသဖြင့် ကဏ္ဍအစုံမှသူများ အမျိုးသား၊ အမျိုးသမီး အညီအမျှ ပါဝင်ရမည်ဟူ၍ ဖြစ်သည်။

(ခ) အကြံပေးနှင့် အတိုင်ပင်ခံအဖွဲ့အစည်းများ

အကြံပေးနှင့် အတိုင်ပင်ခံအဖွဲ့အစည်းများသည် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်အမျိုးမျိုးတွင် အစိုးရများကို ခြေခြေမြစ်မြစ်ရှိသော အကြံဉာဏ်များနှင့် ထောက်ခံချက်များပေးသော NHRI များဖြစ်သည်။ အကြံပေးနှင့်အတိုင်ပင်ခံအဖွဲ့အစည်းများသည် နိုင်ငံတကာနှင့် ဒေသတွင်း လူ့အခွင့်အရေး လုပ်ငန်းဆောင်တာများတွင်လည်း ပါဝင်ဆောင်ရွက်ရသည်။ ၎င်းတို့သည် တိုင်ကြားချက်များကို စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တရားရုံး၏ လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီခြင်းများ ဆောင်ရွက်ခြင်းမရှိချေ။ ၎င်းတို့ကို ဥရောပတွင်သာအတွေ့ရများပြီး အရှေ့တောင်အာရှတွင် တွေ့ရခြင်း မရှိချေ။

(ဂ) သုတေသနအဖွဲ့အစည်းများ

သုတေသနအဖွဲ့အစည်းများသည် လူ့အခွင့်အရေးဆိုင်ရာ သုတေသနအခြေပြု အကြံပေးအဖွဲ့ Think Tank များ ဖြစ်သည်။ ထို အဖွဲ့အစည်းများသည် ဘာသာရပ် အထူးပြု လေ့လာမှုများ ပြုလုပ်လေ့ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အရေးကိစ္စရပ်များ လေ့လာရာတွင် ကျွမ်းကျင်သူများ၏

ပူးပေါင်းပါဝင်မှုကို ရရှိစေသည်။ အကြံပေးနှင့် အတိုင်ပင်ခံအဖွဲ့အစည်းများကဲ့သို့ပင် သုတေသနအဖွဲ့အစည်းများသည် ယေဘုယျအားဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်းထံမှ လူ့အခွင့်အရေးဆိုင်ရာ တိုင်တန်းချက်များ လက်ခံရရှိလေ့ မရှိပေ။ အရှေ့တောင်အာရှတွင် သုတေသနအဖွဲ့အမျိုးအစား NHRI တစ်ခုမျှမရှိချေ။

(ဃ) ပေါင်းစပ်အင်စတီကျူးရှင်းများ

အချို့ NHRI များမှာ မတူညီသည့်အခန်းကဏ္ဍအမျိုးအစား ပေါင်းစပ်ထားခြင်းကြောင့် သီးခြားအမျိုးအစားတစ်ရပ်အဖြစ် ရပ်တည်ခြင်းမရှိကြချေ။ ၎င်းတို့ကို ပေါင်းစပ်အင်စတီကျူးရှင်းများဟု ခေါ်ခြင်းဖြစ်သည်။ အချို့သည် တိုင်ကြားချက် လက်ခံစစ်ဆေးရေး အရာရှိကဲ့သို့ လုပ်ပိုင်ခွင့် (လုပ်ငန်းခွင် ခွဲခြားဆက်ဆံမှုကဲ့သို့သော လူ့အခွင့်အရေးဆိုင်ရာ အငြင်းပွားမှုတစ်ရပ်ကို ကြားဝင်စေ့စပ်ပေးနိုင်ခွင့် သို့မဟုတ် စုံစမ်းစစ်ဆေးခွင့် ရှိသော)ကို လူ့အခွင့်အရေးကော်မရှင် တစ်ရပ်၏ လုပ်ငန်းတာဝန်အားလုံး၊ သို့မဟုတ် တချို့တစ်ဝက်နှင့် ပေါင်းစပ်ထားတတ်သည်။ အရှေ့တီမော၏ လူ့အခွင့်အရေးနှင့် တရားမျှတမှုဆိုင်ရာ အကူအညီပေးရေးရုံးမှာ ပေါင်းစပ် NHRI နမူနာတစ်ခုဖြစ်သည်။ ထိုအဖွဲ့၏အခန်းကဏ္ဍများတွင် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ တိုင်ကြားချက်များကို စုံစမ်းခြင်းနှင့် ဖြေရှင်းခြင်း၊ အစိုးရကို လူ့အခွင့်အရေးဆိုင်ရာ အကြံဉာဏ်များပေးခြင်း၊ ဖမ်းဆီးထိန်းသိမ်းရာ နေရာများသို့ သွားရောက်လေ့လာခြင်းနှင့် တရားရုံးများ၊ ခုံသမာဓိဖြင့်ဆုံးဖြတ်သော ခုံရုံးများ၊ အုပ်ချုပ်ရေးဆိုင်ရာ စုံစမ်းရေးကော်မရှင်များသို့ တက်ရောက်ခြင်းတို့ ပါဝင်သည်။ ကုလသမဂ္ဂကမှတ်ချက်ပြုသကဲ့သို့ပင် ပေါင်းစပ်အင်စတီကျူးရှင်းများသည် ဆောင်ရွက်ရန် ရှိသည်များကို တစ်ဖွဲ့တည်းနှင့် အပြီးအစီးဆောင်ရွက်နိုင်သော အဖွဲ့အစည်းများဖြစ်သည်။ ၎င်းတို့သည် အရင်းအမြစ်များကို အဖွဲ့အစည်းအများအပြားသို့ ပျံ့နှံ့မသွားစေဘဲ အင်စတီကျူးရှင်းတစ်ခုတည်းတွင်သာ စုပြုံအသုံးပြုနိုင်သည့် အကျိုးကျေးဇူးကိုလည်း ရရှိစေသည်။

အောက်ကဇယားတွင် ဖော်ပြထားသည့်အတိုင်း အရှေ့တောင်အာရှ၏ NHRI အများစုမှာ ကော်မရှင်များဖြစ်သည်။

ဇယား ၄-၃ အရှေ့တောင်အာရှရှိ NHRI များ

နိုင်ငံ	အမည်	အမျိုးအစား	တည်ထောင်သည့်ခုနှစ်
အင်ဒိုနီးရှား	အင်ဒိုနီးရှားအမျိုးသား လူ့အခွင့်အရေးကော်မရှင် (Komnas HAM)	လူ့အခွင့်အရေးကော်မရှင်	၁၉၉၃
မလေးရှား	မလေးရှား လူ့အခွင့်အရေးကော်မရှင် (SUHAKAM)	လူ့အခွင့်အရေးကော်မရှင်	၁၉၉၉
မြန်မာ	မြန်မာ လူ့အခွင့်အရေးကော်မရှင်	လူ့အခွင့်အရေးကော်မရှင်	၂၀၁၁
ဖိလစ်ပိုင်	ဖိလစ်ပိုင် လူ့အခွင့်အရေးကော်မရှင်	လူ့အခွင့်အရေးကော်မရှင်	၁၉၈၇

နိုင်ငံ	အမည်	အမျိုးအစား	တည်ထောင်သည့် ခုနှစ်
ထိုင်း	ထိုင်း အမျိုးသား လူ့အခွင့်အရေးကော်မရှင်	လူ့အခွင့်အရေးကော်မရှင်	၁၉၉၉
အရှေ့တီမော	လူ့အခွင့်အရေးနှင့် တရားမျှတမှုထောက်ပံ့ရေး	ပေါင်းစပ် အင်စတီကျူးရှင်း	၂၀၀၄

၄.၃.၃ NHRI များ၏ လုပ်ဆောင်ချက်များ

NHRI တစ်ရပ်၏ ရည်ရွယ်ချက်မှာ လူ့အခွင့်အရေးအကာအကွယ်ပေးရေးနှင့် မြှင့်တင်ခြင်းကို နိုင်ငံတော်အဆင့် ဆောင်ရွက်ရန်ဖြစ်သည်။ အဆိုပါအဖွဲ့များကို စတင်ဖွဲ့စည်းတည်ထောင်သည့် ဥပဒေအရ ထိုရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်သည့် အခွင့်အာဏာများလည်း နှင်းအပ်ထားရမည်ဖြစ်သည်။ လူ့အခွင့်အရေးကိုကာကွယ်ရန်နှင့် မြှင့်တင်ရန်အတွက် အခန်းကဏ္ဍအမျိုးမျိုးကျယ်ကျယ်ပြန့်ပြန့်ရှိလိမ့်မည်ဖြစ်ပြီး ထိုတာဝန်များထဲတွင် အောက်ပါတို့ပါဝင်နိုင်သည်။

- လူ့အခွင့်အရေးဆိုင်ရာ ပညာပေးရေးနှင့် အသိပညာမြှင့်တင်ရေးအတွက် အစိုးရနှင့် လူ့အဖွဲ့အစည်းတို့နှင့်အတူ ဆောင်ရွက်ခြင်း
- လူ့အခွင့်အရေးဆိုင်ရာမူဝါဒများနှင့် အစီအမံများဖွံ့ဖြိုးရေးတွင် ပါဝင်ကူညီကာ အစိုးရနှင့်အတူ ဆောင်ရွက်ခြင်း
- ဥပဒေကြမ်းများ၊ တည်ဆဲဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများမှာ တိုင်းပြည်၏ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ကိုက်ညီနေစေရန် ဥပဒေပြုအမတ်များနှင့် တွဲဖက်ဆောင်ရွက်ခြင်း
- လူ့အခွင့်အရေးဆိုင်ရာ မေးခွန်းများထွက်ပေါ်စေနိုင်သော တရားရုံး၏လုပ်ဆောင်ချက်များတွင် ပါဝင်အကြံပြုပေးခြင်း
- လူ့အခွင့်အရေးဆိုင်ရာအရေးကိစ္စများအားလုံးနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စုံစမ်းမေးမြန်းခြင်း
- လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းထံမှ လူ့အခွင့်အရေးဆိုင်ရာ တိုင်ကြားချက်များကို ကြားဝင်ညှိနှိုင်းခြင်း၊ စေ့စပ်ပေးခြင်းစသည်တို့ အပါအဝင် လက်ခံခြင်းနှင့် ဖြေရှင်းပေးခြင်း
- ဖမ်းဆီးထိန်းသိမ်းရာနေရာများကို လေ့လာသုံးသပ်ခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းခြင်း
- ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်ယန္တရား၏ လုပ်ငန်းဆောင်တာများတွင် ပါဝင်ခြင်း

NHRI တစ်ခုစီတိုင်းတွင် မည်သည့်လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်သည်ဆိုသည်ကို သတ်မှတ်ထားသော တိကျသည့် စာရင်းတစ်ရပ်ရှိရသည်။ ထိုလုပ်ပိုင်ခွင့်တို့ကို သက်ဆိုင်ရာ NHRI စတင်တည်ထောင်ရန် ပြဋ္ဌာန်းသည့် ဥပဒေတွင် အသေးစိတ် ဖော်ပြထားလေ့ရှိသည်။ ထိုဥပဒေသည် တစ်ခါတစ်ရံတွင် အခြေခံဥပဒေ၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်နေနိုင်သလို တစ်ခါတစ်ရံတွင်လည်း သီးခြားလွတ်လပ်သည့် ဥပဒေတစ်ရပ်လည်း ဖြစ်နိုင်သည်။ NHRI က လုပ်ဆောင်

နိုင်သည့် လုပ်ဆောင်ချက်များမှာ မိမိရရှိနိုင်သည့်အရင်းအမြစ်များနှင့် တိုင်းပြည်က မိမိအပေါ် လိုလားမှုအပေါ်မူတည်၍ အကန့်အသတ်များ ရှိနေနိုင်သည်။ အကယ်၍ NHRI သည် သေးငယ်ပြီး ရန်ပုံငွေလည်း မရရှိလျှင် ရည်မှန်းချက်များကို ဖော်ဆောင်ရန် ခက်ခဲမည်ဖြစ်သည်။ သို့မဟုတ် ဖြေရှင်းရန် လူ့အခွင့်အရေးဆိုင်ရာပြဿနာများ အများအပြားရှိနေသော နိုင်ငံတစ်ခုမှ NHRI ဆိုလျှင်လည်း ဝန်နှင့်အား မမျှ ဖြစ်နေမည်ဖြစ်သည်။ အောက်တွင်ဖော်ပြထားသောဇယားတွင် NHRI အားလုံးသည် လူ့အခွင့်အရေးဆိုင်ရာ ပညာပေးရေး၊ သုတေသန၊ စုံစမ်းစစ်ဆေးရေးနှင့် တိုင်ကြားချက်များလက်ခံရေးတို့တွင် ပါဝင်နေသည်ကိုတွေ့ရမည် ဖြစ်သည်။ အချို့ NHRI များသည် အကျဉ်းထောင်များကို ဝင်ရောက်ခွင့် သို့မဟုတ် တရားရုံးအမှုများတွင် ပါဝင်ခွင့်တို့အတွက် အထူးအခွင့်အာဏာများ ရှိကြသည်။

ဇယား ၄-၄ အရှေ့တောင်အာရှ NHRI များ၏ အာဏာ

	အင်ဒိုနီးရှား အမျိုးသား လူ့အခွင့်အရေး ကော်မရှင်	မလေးရှား လူ့အခွင့်အရေး ကော်မရှင်	မြန်မာ လူ့အခွင့်အရေး ကော်မရှင်	ဖိလစ်ပိုင် လူ့အခွင့်အရေး ကော်မရှင်	ထိုင်းအမျိုးသား လူ့အခွင့်အရေး ကော်မရှင်	အရှေ့တီမော လူ့အခွင့်အရေး နှင့်တရားမျှတမှု ဆိုင်ရာအကူ အညီပေးရေးအဖွဲ့
တိုင်ကြားချက် လက်ခံခြင်း	✓	✓	✓	✓	✓	✓
စုံစမ်း စစ်ဆေးမှုများ ဆောင်ရွက်ခြင်း	✓	✓	✓	✓	✓	✓
သက်သေ ခေါ်ယူခြင်း	✓	✓	✓		✓	✓
အကျဉ်းထောင် အတွင်း ဝင်ရောက်ခွင့်	✓	✓	✓	✓		✓
ကြားဝင် ဆောင်ရွက်ခြင်း	✓			✓	✓	✓
တရားရုံးလုပ် ငန်းများတွင် ပါဝင်ကူညီခြင်း				✓		✓
အစိုးရကိုအကြံ ဉာဏ်ပေးခြင်း	✓	✓	✓	✓	✓	✓
စုံစမ်းမှု သုတေသန	✓	✓	✓	✓	✓	✓
လူ့အခွင့်အရေး ပညာပေးခြင်း	✓	✓	✓	✓	✓	✓

ပြည်တွင်းတာဝန်ဝတ္တရားများအပြင် NHRI များသည် သက်ဆိုင်ရာနိုင်ငံနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးစနစ်ကြားတွင် အရေးကြီးသော ပေါင်းကူးတံတားတစ်ခုအဖြစ်လည်း ဆောင်ရွက်ရသည်။ NHRI များသည် လူ့အခွင့်အရေးကောင်စီ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးသဘောတူညီမှုစောင့်ကြည့်ထိန်းကျောင်းရေးအဖွဲ့များ (လာမည့်အခန်းတွင် ဆွေးနွေးသွားမည်) အပါအဝင် ကုလသမဂ္ဂလူ့ အခွင့်အရေးယန္တရားအတော်များများတွင် အထူးအခွင့်အရေးရကာ တက်ရောက်သူ နေရာနှင့် လေ့လာသူ နေရာတို့မှလည်း ပါဝင်ခွင့်ရရှိသည်။ ဤနေရာတွင် အရေးကြီးသည်မှာ ကုလသမဂ္ဂအစည်းအဝေးများသို့ တက်ရောက်ခွင့်၊ ပါဝင်ဆွေးနွေးခွင့်တို့ကဲ့သို့သော အခွင့်အရေးများမှာ A အဆင့် သို့မဟုတ် ပဲရစ်စည်းမျဉ်းများနှင့်ကိုက်ညီသော (လာမည့်အခန်းတွင် ဆွေးနွေးသွားမည်) NHRI များအတွက်သာ အထူးကန့်သတ်ထားကြောင်း သိရှိထားရန် ဖြစ်သည်။ နိုင်ငံတော်အဆင့် ကျွမ်းကျင်မှုရှိ သီးခြားလွတ်လပ်သောအဖွဲ့အစည်းတစ်ရပ်အနေဖြင့် NHRI များသည် အရေးကြီးသည့် သတင်းအချက်အလက်များနှင့် အမြင်များကို ကုလသမဂ္ဂ၏လုပ်ငန်းများနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များထံသို့ တင်သွင်းပေးရသည်။ ကုလသမဂ္ဂက မိမိတို့လူ့အဖွဲ့အစည်းအတွက်ချမှတ်သော ဆုံးဖြတ်ချက်များကို အများပြည်သူသိရှိစေရန် ပညာပေးခြင်း၊ အကောင်အထည်ဖော်ခြင်းတို့ ဆောင်ရွက်ခြင်းဖြင့်လည်း NHRI များသည် ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်များကို အပေါင်းလက္ခဏာဆောင်သော ပြောင်းလဲမှုများဖြစ်စေရန် တစ်ဆင့် ပြန်လည်ဆောင်ရွက်ပေးရသည်။

၄.၃.၄ NHRI စံနှုန်းများကို စောင့်ကြည့်ထိန်းကျောင်းခြင်း

NHRI များ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ တင်းကျပ်စွာ ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း ပဲရစ်စည်းမျဉ်းများတွင်ပါဝင်သည့် အနိမ့်ဆုံးရှိရမည့် နိုင်ငံတကာစံနှုန်းများနှင့်တော့ ကိုက်ညီမှုရှိရမည်ဖြစ်သည်။ ပဲရစ်စည်းမျဉ်းများတွင် အဆင့်၊ ဖွဲ့စည်းပုံ၊ လုပ်ပိုင်ခွင့်၊ ပေါင်းစပ်ဖွဲ့စည်းမှု၊ အာဏာနှင့် လုပ်ငန်းလုပ်ဆောင်ပုံနည်းလမ်းများကိုဖော်ပြထားရာ NHRI များတွင် ရှိရမည့် အနိမ့်ဆုံးနိုင်ငံတကာစံနှုန်းများမှာ -

- ယေဘုယျလူ့အခွင့်အရေးစံနှုန်းများအပေါ် အခြေခံထားသည့် ကျယ်ပြန့်ပြီး ရှင်းလင်းသော လုပ်ပိုင်ခွင့်တစ်ရပ် ရှိရမည်။
- အစိုးရ၏အုပ်ချုပ်မှုအောက်မှ လွတ်ကင်းမှုရှိရမည်။
- လူ့အဖွဲ့အစည်းအတွင်းရှိ မတူညီသော ယဉ်ကျေးမှု၊ လူမျိုး စသည်ဖြင့် အုပ်စုအမျိုးမျိုးကို ကျယ်ကျယ်ပြန့်ပြန့် ထင်ဟပ်နိုင်သော အဖွဲ့ဝင်များ ပါဝင်ကာ ဗဟုယဉ်ကျေးမှုအဖွဲ့အစည်းတစ်ရပ်ဖြစ်ရမည်။
- အစိုးရက အရင်းအမြစ်များ လုံလုံလောက်လောက် ထောက်ပံ့ပေးထားရမည်။
- စုံစမ်းစစ်ဆေးမှုများအတွက် လုံလောက်သော အခွင့်အာဏာရှိရမည်။
- ပြည်သူများနှင့် ထိတွေ့ဆက်ဆံမှုရှိပြီး အရပ်ဘက်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုရှိရမည်။

NHRI တိုင်းကို OHCHR ၏ထောက်ပံ့မှုဖြင့် ICC ၏ကော်မတီတစ်ရပ်က ပဲရစ်စည်းမျဉ်းများနှင့် ကိုက်ညီမှုရှိ၊ မရှိ အချိန်မှန် အကဲဖြတ်ပြီး တရားဝင်အဆင့် သတ်မှတ်ချက်များ ပေးအပ်သည်။

ထိုကဲ့သို့ NHRI များကို သုံးသပ်ချက်များပေးအပ်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများကလည်း အစီရင်ခံချက်များနှင့် သတင်းအချက်အလက်များ ပေးပို့တင်သွင်းပါရန် ဖိတ်ခေါ်လေ့ရှိသည်။ အရှေ့တောင်အာရှ လူ့အခွင့်အရေးအဖွဲ့အစည်းများသည် NHRI များဆိုင်ရာ အာရှ NGO ကွန်ရက်၏ ဦးဆောင်မှုဖြင့် သုံးသပ်ချက်များအတွက် သတင်းအချက်အလက်များတင်သွင်းရန် အထူးတလည် တက်တက်ကြွကြွ ရှိလေ့ရှိသည်။

ပဲရစ်စည်းမျဉ်းများနှင့်ကိုက်ညီသော NHRI များကို A အဆင့် သတ်မှတ်ပြီး အပြည့်အဝ ကိုက်ညီခြင်းမရှိဟု အကဲဖြတ်ခံရသော NHRI များကို B အဆင့် သတ်မှတ်ကာ မကိုက်ညီသော NHRI များကိုမူ C အဆင့် သတ်မှတ်သည်။ ယခုစာအုပ် ပုံနှိပ်ထုတ်ဝေသည့်အချိန်တွင် အရှေ့တောင်အာရှ ၆ နိုင်ငံ၏ NHRI များသည် A အဆင့် သတ်မှတ်ခံထားရသည်။ ခြွင်းချက်အနေဖြင့် အခြားအရှေ့တောင်အာရှ NHRI များနှင့်ယှဉ်လျှင် အသစ်ဖြစ်လျက်ရှိသော ၂၀၁၄ ခုနှစ်တွင်မှ စတင်ဖွဲ့စည်းတည်ထောင်သည့် မြန်မာ့လူ့အခွင့်အရေးကော်မရှင်ကိုမူ အကဲဖြတ်သုံးသပ်ရခြင်း မရှိသေးချေ။ ဤလုပ်ငန်းစဉ်တွင် ဒုတိယနေရာမှ အရေးကြီးသော အခန်းကဏ္ဍမှာ ပဲရစ်စည်းမျဉ်းများကို အဓိပ္ပာယ်ရှင်းလင်းထုတ်ပြန်ချက်များဖြစ်သော အထွေထွေလေ့လာသုံးသပ်ချက်များ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်သည်။ အထွေထွေ လေ့လာသုံးသပ်ချက်များသည် စည်းမျဉ်းတစ်ခုစီတိုင်းကို ရှင်းရှင်းလင်းလင်းနှင့် အသေးစိတ် ဖော်ပြပေးသည်။ ထိုရှင်းပြချက်ထဲတွင် ကောင်းမွန်သော လက်တွေ့ဥပမာများ ထည့်သွင်းဖော်ပြခြင်းဖြင့် NHRI များ၏ အခန်းကဏ္ဍနှင့် လုပ်ဆောင်ချက်များ၏ အနှစ်သာရနှင့် ပတ်သက်ပြီး NHRI များကိုရော နိုင်ငံတော်အာဏာပိုင်များကို လမ်းညွှန်ပြသပေးကာ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် ပဲရစ်စည်းမျဉ်းများ ဆက်လက်ပြီး အသက်ဝင် ထိရောက်မှုရှိနေစေရန် ဆောင်ရွက်သည်။

ICC အပြင် အာဖရိက၊ အမေရိက၊ အာရှနှင့်ပစိတ်ဖိတ် နှင့် ဥရောပတို့ကို လွှမ်းခြုံမှုရှိသော ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း ၄ ခုရှိသေးသည်။ အမျိုးသားလူ့အခွင့်အရေး အင်စတီကျူးရှင်းများအတွက် အာရှပစိဖိတ်ဖိုရမ် [Asia Pacific Forum of National Human Rights Institutions (APF)] သည် အာရှပစိတ်ဖိတ်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းဖြစ်သည်။ APF သည် အဖွဲ့ဝင် NHRI များကို ထောက်ပံ့ပေးရန်နှင့် လုပ်ငန်းများ အားကောင်းစေရန် သင်တန်းများ၊ အရည်အသွေးတည်ဆောက်မှုဝန်ဆောင်မှုများ ကျယ်ကျယ်ပြန့်ပြန့် ပံ့ပိုးပေးသည်။ APF သည် ဒေသတွင်းလူ့အခွင့်အရေးဆိုင်ရာ အရေးကိစ္စများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဒေသတွင်းကွန်ရက်တစ်ခုအဖြစ်လည်း ဆောင်ရွက်ပြီး NHRI မရှိသေးသောတိုင်းပြည်များတွင် NHRI များတည်ထောင်နိုင်ရန် ဒေသတွင်းရှိ အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်သည်။

၄.၃.၅ NHRI များ၏ ကန့်သတ်ချက်များ

NHRI များသည် သက်ဆိုင်ရာ တိုင်းပြည်များတွင် နိုင်ငံတကာစံနှုန်းများကိုမြှင့်တင်ပေးရန်နှင့် အကာအကွယ်ပေးရန် အလွန်အရေးပါသော အခန်းကဏ္ဍမှဆောင်ရွက်သည်။ ၎င်းတို့သည် လူ့အခွင့်အရေးဆိုင်ရာပြဿနာရပ်များ ဖြေရှင်းပေးရန်အတွက် ပြည်သူများက ပထမဆုံး ဆက်သွယ်သော နေရာတစ်ခုဖြစ်နိုင်လေ့ရှိသည်။ သို့ရာတွင် NHRI များတွင်လည်း လုပ်ဆောင်နိုင်စွမ်းနှင့် ပတ်သက်ပြီး အကန့်အသတ်များ အမျိုးမျိုးရှိနေရာ အောက်ပါတို့လည်း အပါအဝင်ဖြစ်သည်။

- ဥပဒေအရ လုပ်ပိုင်ခွင့်။ ။NHRI များကို ဥပဒေပြဋ္ဌာန်းတည်ထောင်ထားခြင်း ဖြစ်သောကြောင့် ၎င်းတို့ကို ဥပဒေအရပေးအပ်သော လုပ်ပိုင်ခွင့်ဘောင်အတွင်းမှသာ ဆောင်ရွက်ရသည်။ အရှေ့တောင်အာရှ NHRI များ၏ ဥပဒေအရလုပ်ပိုင်ခွင့်များမှာ အမျိုးမျိုးကွဲပြားလျက်ရှိသည်။ ဥပမာအားဖြင့် NHRI အချို့သည် သဘောတူစာချုပ်အမျိုးမျိုးမှ လူ့အခွင့်အရေးဆိုင်ရာ ပြဿနာရပ်အမျိုးမျိုးကို စစ်ဆေးခွင့်ရှိသော်လည်း အချို့မှာမူ သေးဖွဲသော လူ့အခွင့်အရေး စံနှုန်းများနှင့်ပတ်သက်၍သာ စစ်ဆေးရန် ကန့်သတ်ခံထားရသည်။ သတ်မှတ်ထားသော လုပ်ပိုင်ခွင့်အတိုင်း ဆောင်ရွက်နိုင်ရန် NHRI များကို ပေးအပ်ထားသော အာဏာများမှာလည်း အမျိုးမျိုးကွဲပြားပြီး အချို့မှာ မိမိတို့အနေနှင့် မည်သည့်အရာများကို လုပ်ပိုင်ခွင့်ရှိပြီး၊ မည်သည့် အရာများကို လုပ်ပိုင်ခွင့်မရှိဆိုသည်နှင့်ပတ်သက်၍ ကန့်သတ်ချက်များနှင့် ရင်ဆိုင်ရလျက်ရှိသည်။ သို့ရာတွင် ယေဘူယျစည်းမျဉ်းတစ်ရပ်အနေဖြင့် NHRI များသည် တရားရုံးများမဟုတ်ကြရာ ဥပဒေအရ စီရင်ဆုံးဖြတ်ပိုင်ခွင့်မရှိချေ။ ယင်းတို့အနေဖြင့် အရေးယူဆောင်ရွက်ရန် လိုအပ်သည်များကို ထောက်ခံအကြံပြုချက်သာ ပေးပိုင်ခွင့်ရှိသည်။ ထိုကဲ့သို့ ၎င်းတို့က အစိုးရဌာနများကိုပေးသော ထောက်ခံအကြံပြုချက်များမှာ ငြင်းပယ်ခံရခြင်း၊ အသိအမှတ်ပြုမခံရခြင်းများလည်း ရှိနိုင်သည်။

- လွတ်လပ်မှု။ ။NHRI တစ်ရပ်၏လွတ်လပ်မှုသည် လုပ်ငန်းဆောင်တာများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် အလွန်တရာ အရေးကြီးသည်။ အစိုးရများအနေဖြင့် NHRI များ၏ လွတ်လပ်မှုနှင့်ပတ်သက်ပြီး အနုတ်သဘောဆောင်သည့် သက်ရောက်မှု ပေးနိုင်သော အဓိကနယ်ပယ်နှစ်ခုရှိရာ ယင်းတို့မှာ အဖွဲ့ဝင်များခန့်အပ်မှုနှင့် ဘက်ဂျက်ချထားပေးမှု ဖြစ်သည်။ အဖွဲ့ဝင်များခန့်အပ်ခြင်းနှင့်ပတ်သက်၍ အရေးကြီးသည်မှာ NHRI အကြီးအကဲနှင့် ကော်မရှင်အဖွဲ့ဝင်များကို ခန့်အပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး တရားမျှတမှုရှိသော လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်။ အစိုးရအဖွဲ့အကြီးအကဲက NHRI ကော်မရှင်အဖွဲ့ဝင်များကို ပုဂ္ဂိုလ်ရေးအရခန့်အပ်ပြီး ၎င်းတို့သည် အစိုးရအဖွဲ့၏ လွှမ်းမိုးမှုအောက်မှ လွတ်ကင်းမရှိသောကြောင့် အချို့ NHRI များမှာ ဝေဖန်ခံရလေ့ရှိသည်။ NHRI များ၏ ဘက်ဂျက်နှင့်ပတ်သက်၍မူ အစိုးရများက NHRI များအတွက် ဘက်ဂျက်ကို လျှော့ချဖြတ်တောက်ခြင်းဖြင့် ၎င်းတို့၏လွတ်လပ်မှုနှင့် ထိရောက်မှုကို လျော့ပါးစေသော နမူနာများ အာရှပစိဖိတ်ဒေသတွင် ရှိနေသည်။

- အရင်းအမြစ်များ။ ။NHRI များသည် မိမိတို့ဆောင်ရွက်ရန် မျှော်မှန်းခံထားရသော အခန်းကဏ္ဍများနှင့် နှိုင်းယှဉ်လျှင် များသောအားဖြင့် ဝန်ထမ်းအရေရော၊ ဘဏ္ဍာရေးအရပါ အရင်းအမြစ်များ ကောင်းမွန်စွာရရှိထားသော အင်စတီကျူးရှင်းများ မဟုတ်ကြချေ။ အရင်းအမြစ်များ ကင်းမဲ့ခြင်းက လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများ မပေါ်ပေါက်စေရန် NHRI များက ကြိုတင်ကာကွယ်နိုင်စွမ်းကို အကန့်အသတ်များ ဖြစ်ပေါ်စေသည်။ ထို့ပြင် ဤအချက်က ပေါ်ပေါက်လာသော လူ့အခွင့်အရေးဆိုင်ရာပြဿနာများကို ဖြေရှင်းသည့် အလုပ်အပေါ် တွင်လည်း သက်ရောက်မှုရှိရာ အထူးသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှု တိုင်တန်းချက်များကို တုံ့ပြန်ဆောင်ရွက်ခြင်းအပေါ် သက်ရောက်ပြီး အလုပ်ကြွေးများပိနေစေသည့် အခြေအနေကို ဖြစ်ပေါ်စေလေ့ရှိသည်။ မြန်မာ NHRI ဆိုလျှင် ထိုအခြေအနေမျိုးဖြစ်ပေါ်နေပြီး လူ့အခွင့်အရေးဆိုင်ရာ တိုင်တန်းချက် အများအပြား လက်ခံရရှိထားသော်လည်း ၎င်းတို့အားလုံးကို စုံစမ်းစစ်ဆေးရန် အချိန် သို့မဟုတ် အရင်းအမြစ်မရှိ ဖြစ်လျက်ရှိသည်။

၄.၄ ဒေသတွင်း အစီအမံများ

ဒေသတွင်း လူ့အခွင့်အရေးအာဏာပိုင်အဖွဲ့များ - ဥရောပ၊ အမေရိက နှင့် အာဖရိက

ကုလသမဂ္ဂစတင်တည်ထောင်သည့် ၁၉၄၅ ခုနှစ်မှစတင်ပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ ဘေးကင်းလုံခြုံရေးနှင့် လူ့အခွင့်အရေးတို့ကို ဒေသတွင်းတွင်ဆောင်ရွက်သည့် အဖွဲ့အစည်းများကို အထောက်အပံ့ ပေးအပ်လာခဲ့သည်။ ကုလသမဂ္ဂအနေဖြင့် ကမ္ဘာတစ်ဝန်းမှ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို တုံ့ပြန်ဆောင်ရွက်ရန် မဖြစ်နိုင်ဘဲ နိုင်ငံအဆင့်နှင့် ဒေသတွင်းအဆင့်များတွင် ဖြေရှင်းလျှင်ပိုမိုကောင်းမွန်လိမ့်မည်ဟု ယုံကြည်ယူဆခြင်းကြောင့် ဖြစ်သည်။ ဒေသတွင်း အဖွဲ့အစည်းများက သက်ဆိုင်ရာဒေသအတွင်းရှိ လူ့အခွင့်အရေးဆိုင်ရာပြဿနာများကို ပိုမိုကောင်းမွန်စွာဖြေရှင်းပေးနိုင်သောကြောင့် ဒေသတွင်းအဖွဲ့အစည်းများထားရှိခြင်းမှာ လျော်ကန်သောလုပ်ရပ်လည်း ဖြစ်သည်။ ဥပမာအားဖြင့် ဥရောပသည် ချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်သောဒေသဖြစ်ရာ ဖြစ်ပေါ်လာသော လူ့အခွင့်အရေးဆိုင်ရာပြဿနာရပ်များသည် ဆင်းရဲပြီးဖွံ့ဖြိုးမှုနိမ့်ကျသော အာဖရိကမှ ပြဿနာများနှင့် အလွန်တရာကွဲပြားခြားနားနေမည်ဖြစ်သည်။ ထို့ကြောင့် ဒေသတွင်းလုပ်ငန်းစဉ် နည်းလမ်းများသည် ဒေသတွင်းအခြေအနေများကို တုံ့ပြန်နိုင်မည့် အထူးအစီအမံများ နည်းလမ်းများကိုလည်း ဖော်ထုတ်နိုင်မည်ဖြစ်သည်။ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ကာကွယ်ရေး၏ ဝိသေသလက္ခဏာအများအပြားမှာ ဒေသတွင်းစနစ်များမှတစ်ဆင့် ပထမဦးစွာ ထွက်ပေါ်လာကြခြင်း ဖြစ်သည်။ လတ်တလောတွင် ဖွံ့ဖြိုးပြီး ဒေသတွင်း လူ့အခွင့်အရေးအဖွဲ့အစည်းကြီး သုံးခုရှိပြီး ပိုမိုသေးငယ်သော ဒေသခွဲလူ့အခွင့်အရေးအဖွဲ့အစည်း အများအပြားရှိသည်။ ယခုအခန်းတွင် ထိုအဖွဲ့အစည်းများကို မည်ကဲ့သို့ အကာအကွယ်ပေးထားသည်ဆိုသည်နှင့် လုပ်ငန်းဆောင်ရွက်မှု စံချိန်စံညွှန်းများကို ခြုံငုံသုံးသပ်သွားပြီး ထို့နောက်တွင်မှ အာဆီယံစံနှုန်းများနှင့် ကာကွယ်ရေးလုပ်ငန်းစဉ်နည်းလမ်းများ ဖွံ့ဖြိုးလာပုံကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။

ဥရောပ

ဥရောပစံနှုန်းများသည် ၁၉၅၃ ခုနှစ်တွင်စတင်သက်ရောက်ပြီး ICCPR ထက် နှစ်ပေါင်း ၂၀ စော၍ လုပ်ငန်း စတင်ခဲ့သော လူ့အခွင့်အရေးကာကွယ်ရေးနှင့် အခြေခံလွတ်လပ်ခွင့်များဆိုင်ရာ ဥရောပသဘောတူစာချုပ် [European Convention for the Protection of Human Rights and Fundamental Freedoms (ECHR)] မှစတင်သည်။ ECHR သည် အဓိကအားဖြင့် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများအပေါ်တွင် လွှမ်းခြုံမှုရှိသည်။ ဥရောပသည် ဥရောပလူမှုပဋိညာဉ်စာတမ်း European Social Charter (1961) တွင် ECHR ထဲသို့ နောက်ဆက်တွဲစာချုပ်ငယ် ၁၅ ခု (ထိုစာချုပ်ငယ်အချို့မှာ အခွင့်အရေးအချို့ ထပ်တိုးပေးခဲ့သည်။) အပါအဝင် အခြား လူ့အခွင့်အရေးစံနှုန်းများ ထပ်ဖြည့်ထည့်ခဲ့သည်။ ထိုအထဲတွင် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးဆိုင်ရာ စံနှုန်းအတော်များများ ထပ်တိုးခဲ့သလို ညှဉ်းပန်းနှိပ်စက်မှုနှင့် လူမျိုးစုဆိုင်ရာ အခွင့်အရေးများဆိုင်ရာ စာချုပ်များလည်း ထပ်တိုးခဲ့သည်။

ထိုသဘောတူစာချုပ်များထဲမှ အခွင့်အရေးများကို ယခုအခါတွင် ဥရောပလူ့အခွင့်အရေးခုံရုံး [European Court of Human Rights (ECtHR)] ကကာကွယ်ပေးထားသည်။ ECtHR ကို

၁၉၅၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် အချိန်ပြည့် အပြည့်အဝ လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်း ဖြစ်လာခဲ့သည်။ ၎င်းသည် ECHR က ပြဋ္ဌာန်းထားသော အခွင့်အရေးများကိုချိုးဖောက်မှုများအဖြစ် တစ်ဦးချင်းနှင့် နိုင်ငံတစ်ခုမှ အခြားတစ်နိုင်ငံအား တိုင်ကြားမှုများကို စစ်ဆေးဆုံးဖြတ်သည်။ ထိုတိုင်ကြားချက်များကို ခုံရုံးသို့ တိုက်ရိုက်တင်သွင်းသည်။ ခုံရုံးသည် ဥရောပ ၄၇ နိုင်ငံကို လွှမ်းခြုံမှုရှိရာ လက်တလောတွင် အလွန်တရာအလုပ်များလျက်ရှိပြီး တစ်နှစ်လျှင် အမှုပေါင်း ၁၀၀,၀၀၀ ဝန်းကျင်အထိ လက်ခံရရှိလျက်ရှိသည်။ သို့သော် ၎င်းအနေဖြင့် ထိုအရေအတွက်၏ ရာခိုင်နှုန်းအနည်းငယ်ကိုသာ ကြားနာစစ်ဆေးနိုင်သည်။ တိုင်ကြားချက်အများအပြားကို ခုံရုံးလက်ခံစစ်ဆေးရန် လက်သင့်မခံနိုင်သော တိုင်ကြားချက်များအဖြစ် သတ်မှတ်ကြေညာရသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အရေးတယူပြုလောက်သည်အထိ အရေးကြီးခြင်းမရှိဘဲ ကားရပ်နားစရာနေရာလက်မှတ်ကိစ္စ တိုင်ကြားခြင်း သို့မဟုတ် ဒေသခံအစိုးရ၏ ဝန်ဆောင်မှုညံ့ဖျင်းမှုကို တိုင်ကြားခြင်းမျိုးကဲ့သို့သော အရေးကိစ္စများဖြစ်နေသောကြောင့်ဖြစ်သည်။

ဥရောပ၏ ဒေသလုံးဆိုင်ရာ လူ့အခွင့်အရေးစောင့်ရှောက်မှုစနစ်ကို ဥရောပသမဂ္ဂထက်ကြီးမားပြီး သီးခြားရပ်တည်သည့် ဥရောပကောင်စီက စီမံကိုင်တွယ်သည်။ သို့သော် ဥရောပသမဂ္ဂနှင့် ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း the European Union and the Organization for Security and Cooperation in Europe (OSCE) တွင်လည်း ကိုယ်ပိုင် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများနှင့် ကာကွယ်ရေးနည်းနာများ အသီးသီးရှိကြသည်။

အမေရိက

အမေရိကနိုင်ငံများအဖွဲ့ [Organization of American States (OAS)] သည် အမေရိကတိုက်များရှိ အစိုးရများ လက်တွဲထားသည့် အဖွဲ့အစည်းဖြစ်ပြီး အမေရိက၏ ဒေသတွင်း လူ့အခွင့်အရေး အစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်သည်။ ထိုအခွင့်အရေးများသည် ၁၉၄၈ ခုနှစ် အခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အမေရိကန်ကြေညာစာတမ်းပေါ်တွင် အခြေခံထားပြီး ၁၉၇၈ ခုနှစ်တွင်စတင်အသက်ဝင်သည့် အမေရိကန်လူ့အခွင့်အရေးကွန်ဗင်္ရှင်းကိုလည်း ဥပဒေကြောင်းအရ လိုက်နာမှုရှိသည်။ ထို့အပြင် ဒုက္ခသည်များ၊ ညှဉ်းပန်းနှိပ်စက်မှု၊ လူလက်စဖျောက်မှု၊ အမျိုးသမီးများကိုအကြမ်းဖက်မှု၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ မသန်စွမ်းပုဂ္ဂိုလ်များ၊ ဒေသခံများနှင့်သဘာဝပတ်ဝန်းကျင် ဆိုင်ရာ သဘောတူစာချုပ်များလည်း ရှိသေးသည်။ ထိုသဘောတူစာချုပ်များတွင် ဖော်ပြထားသော အခွင့်အရေးများကို အမေရိကနိုင်ငံများ လူ့အခွင့်အရေးကော်မရှင်က [Inter-American Commission on Human Rights (IACHR)] ဖြစ်စေ၊ အမေရိကနိုင်ငံများလူ့အခွင့်အရေးဆိုင်ရာခုံရုံး [Inter-American Court on Human Rights (IACtHR)} က ဖြစ်စေ အကာအကွယ်ပေးနိုင်သည်။ IACHR သည် ဒေသတွင်းဥပဒေများ၊ အင်စတီကျူးရှင်းများကို အားကောင်းစေခြင်း၊ တိုင်ကြားမှုများကို ကြားနာခြင်းတို့ကိုဆောင်ရွက်ပြီး IACtHR ကမူ လူ့အခွင့်အရေးဆိုင်ရာအထူးပြုကျွမ်းကျင်မှုများ တိုးတက်မြင့်မားစေရန် ဖော်ဆောင်သည်။ ၎င်းတို့သည် တောင်နှင့်မြောက်အမေရိကနှင့် ကာရစ်ဘီယံရှိ နိုင်ငံပေါင်း ၁၉ နိုင်ငံကို လွှမ်းခြုံမှုရှိသည်။

အမေရိကရှိ စနစ်သည် ဥရောပစနစ်နှင့် ကွဲပြားခြားနားချက်များစွာရှိသည်။ ပထမဆုံး အနေဖြင့် နိုင်ငံတော်ကို တိုင်ကြားချက်များအားလုံးသည် အဖွဲ့ဝင် ၇ ဦးပါ ကော်မရှင်ကို ဦးစွာ ဖြတ်သန်းရမည်ဖြစ်သည်။ ကော်မရှင်ကို တရားရေးဌာနတစ်ခုအဖြစ် မှတ်ယူနိုင်သည်။ ၎င်းသည် တရားရုံးတစ်ရုံးနှင့် တူညီသော်လည်း တရားရုံးတစ်ရုံးတွင်ရှိသည့် အာဏာမျိုးမရှိချေ။ အကယ်၍ နိုင်ငံတော်က လက်မှတ်ထိုးသင့်ထိုးထိုက်သော လူ့အခွင့်အရေးသဘောတူစာချုပ်များကို လက်မှတ် ရေးထိုးထားပါက ကော်မရှင်သည် နှစ်ဦးနှစ်ဖက်ကျေနပ်မည့် ချစ်ကြည်ရေးဖြေရှင်းနည်းတစ်ရပ်ကို ရှာဖွေရန်ကြိုးစားသွားမည်ဖြစ်သည်။ ထိုရလဒ်ကို တစ်ဖက်ဖက်မှ မကျေနပ်သည့်အခါတွင်မှသာ ထိုအမှုကိစ္စကို ခုံရုံးသို့တင်မည်ဖြစ်သည်။ ထို့ပြင် ယင်းအမှုခုံရုံးသို့ရောက်ရှိရန် နိုင်ငံတော်က ခွင့်ပြုချက် ပေးရန်လည်း လိုအပ်သေးသည်။ ထိုကဲ့သို့ လုပ်ထုံးလုပ်နည်း မတူညီမှုများကြောင့် ထင်ရှားသော ခြားနားချက်မှာ IACtHR သည် ဥရောပခုံရုံးလောက် အလုပ်များမှုမရှိခြင်းပင်ဖြစ်သည်။ ထိုရုံး အနေဖြင့် အမှုများ သောင်းနှင့်သိန်းနှင့်ချီ၍ ကြားနာရခြင်းမျိုးမရှိဘဲ ရာဂဏန်းလောက်သာ ကြားနာရသည်။ (၂၀၁၄ ခုနှစ်အထိ စီရင်ချက် ၂၈၀ ခန့်သာ ချမှတ်ထားသည်။ သို့သော် ကြားနာ သည့် အမှုအရေအတွက်မှာမူ ထို့ထက်ပိုများနိုင်သည်။)

အာဖရိက

အာဖရိကဒေသတွင်း လူ့အခွင့်အရေးစနစ်မှာ သက်တမ်းအနုဆုံးစနစ်ဖြစ်သည်။ ယင်း ဒေသတွင်းစနစ်သည် ၁၉၈၁ အာဖရိက လူသားနှင့်ပြည်သူ့အခွင့်အရေးများ ပဋိညာဉ်ပေါ်တွင် အခြေခံထားသည်။ အာဖရိကသမဂ္ဂအတွက် အဓိက လည်ပတ်သော လူ့အခွင့်အရေးယန္တရားမှာ ၁၉၈၆ တွင်တည်ထောင်သော အဖွဲ့ဝင် ၁၁ ဦးပါဝင်သည့် လူသားနှင့်ပြည်သူ့အခွင့်အရေး အာဖရိက ကော်မရှင်ဖြစ်သည်။ ထိုအဖွဲ့မှာ အမေရိကနိုင်ငံများကော်မရှင်နှင့် အလွန်တူညီပြီး လူ့အခွင့်အရေး မြှင့်တင်ရန် တာဝန်ရှိကာ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကြားနာစစ်ဆေးရန် အာဏာရှိသော တရားရေးဌာနတစ်ခုသဖွယ်ဖြစ်သည်။ ထိုအဖွဲ့တွင်အထူးအစီရင်ခံသူများ၊ လုပ်ငန်းလုပ်ဆောင်သည့် အဖွဲ့များရှိသည် (ကုလသမဂ္ဂနှင့် များစွာဆင်တူသည်)။ အာဖရိကကော်မရှင်သည် တည်ထောင် ထားသည်မှာ မကြာသေးသော လူသားနှင့်ပြည်သူ့အခွင့်အရေး အာဖရိကခုံရုံးအတွက် အမှုများလည်း ပြင်ဆင်ပေးသည်။ ယင်းခုံရုံးကို ၂၀၀၄ ခုနှစ်ကမှ စတင်တည်ထောင်ခြင်းဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင်မှ ပထမဆုံးအမှုကို ပြီးပြတ်ခဲ့သည်။ ခုံရုံးသည် ဒေသတွင်းလူ့အခွင့်အရေးချိုးဖောက်မှု တိုင်ကြား ချက်များကို ဥပဒေအရ စီရင်ပိုင်ခွင့်ရှိသည်။ သို့သော် လက်ရှိအချိန်ထိ ကော်မရှင်နှင့်ယှဉ်လျှင် အမှုအနည်းငယ်မျှသာ စီရင်ရသေးသည်။ ကော်မရှင်က အမှုပေါင်း ၁၇၀ ခန့် ပြီးပြတ်ခဲ့ပြီ ဖြစ်သော်လည်း ခုံရုံးမှာ အမှုပေါင်း ၃၀ ဝန်းကျင်သာ ပြီးပြတ်သေးသည်။ အာဖရိကစနစ်က အခြားစနစ်များနှင့် အဓိကကွဲပြားသည်မှာ NGO များကို ခုံရုံးသို့ အကြံပေးသုံးသပ်ချက်များပန်ကြားရန် ခွင့်ပြုထား ခြင်းဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ခုံရုံးနှင့်ထိတွေ့ဆက်ဆံခွင့် ကြီးကြီးမားမား ပေးအပ် ထားခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ NGO တစ်ခုသည် နိုင်ငံတော်၏ မူဝါဒ သို့မဟုတ် လုပ်ဆောင် ချက်များမှာ အာဖရိကပဋိညာဉ်နှင့်ကိုက်ညီပါ၏လော ဟု မေးခွန်းထုတ်ကောင်း ထုတ်နိုင်ခြင်း ဖြစ်သည်။

ဒေသတွင်းစနစ်များ ခြိုင့်သုံးသပ်ချက်

ဒေသတွင်းစနစ်တစ်ခုစီသည် ဖွဲ့စည်းပုံအရ၊ အနှစ်သာရသဘောအရ သီးခြားစီ ကွဲပြားလျက် ရှိသည်။ ဤစနစ် သုံးခုတွင် ဘုံတူညီသည့် အင်္ဂါရုပ်များ ရှိနေသည်။ ပထမဆုံးအင်္ဂါရုပ်မှာ ဒေသတွင်း စနစ်သုံးခုလုံးတွင် နိုင်ငံချင်းသဘောတူစာချုပ်များနှင့် ကော်မရှင်များ၊ သို့မဟုတ် ကော်မတီများကို အားပေးအားမြှောက်ပြုရန် ခုံရုံးတစ်ရုံး ပါဝင်ခြင်းဖြစ်သည်။ ဥရောပစနစ်ကဲ့သို့ အချို့ဒေသတွင်းစနစ်များတွင် ခုံရုံးသည် အလွန်အသက်ဝင်လှုပ်ရှားမှုရှိပြီး ထောင်နှင့်ချီသော အမှုများကို ဆုံးဖြတ်ချက်များ ချမှတ်ရသည်။ အခြားသော ဒေသများအထူးသဖြင့် (အာဖရိကခုံရုံးမှာ) သက်တမ်းနုနေသေးသည်ဟု ဆိုရမည်ဖြစ်ပြီး အမှုအနည်းငယ်ကိုသာစီရင်ရသေးသည်။ ဥရောပသဘောတူစာချုပ်သည် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများပေါ်တွင် များစွာ အခြေခံထားပြီး ဥရောပ၏ စီးပွားရေးနှင့်လူမှုရေးသဘောတူစာချုပ် (ဥရောပလူမှုပဋိညာဉ်)များမှာမူ နိုင်ငံရေး ပဋိညာဉ်နှင့်ယှဉ်လျှင် များစွာအားနည်းသည်။ ဤအချက်မှာ အာဖရိက သဘောတူစာချုပ်များတွင်မူ ပြောင်းပြန်ဖြစ်၏။ အာဖရိက သဘောတူစာချုပ်သည် ပြည်သူများ၏ အခွင့်အရေးများကို များစွာ အသိအမှတ်ပြုထားသည်။ (စာချုပ်၏အမည်တွင်ပင် လူသားနှင့် ပြည်သူ့အခွင့်အရေးများဟု ပါဝင်နေသည်ကို ကြည့်ပါ)။ ပြည်သူ့အခွင့်အရေးများတွင် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်၊ ငြိမ်းချမ်းရေးနှင့် လုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ ပါဝင်သည်။ လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး အဓိကစိုးရိမ်ပူပန်ရသည့် အကြောင်းအရာမှာလည်း ဒေသတစ်ခုနှင့်တစ်ခုတူညီကြခြင်းမရှိချေ။ ဥရောပသည် အခြားဒေသ နှစ်ခုနှင့်ယှဉ်လျှင် ချမ်းသာကြွယ်ဝပြီး ဒီမိုကရေစီလည်း ထွန်းကားသဖြင့် ထိုဒေသတွင် အများဆုံး ကြုံတွေ့ရသော လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများမှာ အစိုးရ၏ စီမံအုပ်ချုပ်မှု၊ သို့မဟုတ် ခွဲခြားနှိမ့်ချဆက်ဆံမှုတို့နှင့် ဆက်နွယ်နေသော ပြဿနာများဖြစ်လေ့ရှိသည်။ တစ်ချိန်က စစ်အာဏာရှင်စနစ် ကြီးစိုးခဲ့သော အမေရိကနိုင်ငံများတွင်မူ လူကို လက်စဖျောက်သဖြင့် ပျောက်ကွယ်ခြင်း၊ အစစ်အဆေးမရှိ တစ်ဖက်သတ် ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့မှာ အဓိက စိုးရိမ်ပူပန်နေရသော ပြဿနာများ ဖြစ်လျက်ရှိသည်။ ကမ္ဘာပေါ်တွင် အဆင်းရဲဆုံးဒေသဖြစ်သော အာဖရိကမှာမူ ဆင်းရဲခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့်ဆိုင်သော ပြဿနာများစွာရှိနေပြီး ဒေသတွင်းစနစ်မှာလည်း သက်တမ်းနုပြီး အားနည်းနေသေးသဖြင့် အာဖရိကဒေသတွင်းစနစ်တွင် ဖွံ့ဖြိုးတိုးတက်မှုအနည်းသာ ရှိနေသေးသည်။

ထင်ထင်ရှားရှားကွာဟမှုတစ်ရပ်ရှိနေသော ဒေသတွင်းစနစ်မှာ အာရှဖြစ်သည်။ အာရှတွင် ဒေသတွင်းလုပ်ဆောင်မှုလမ်းစဉ်တစ်ရပ် အဘယ်ကြောင့် မဖွံ့ဖြိုးရသနည်းဆိုသည်နှင့်ပတ်သက်၍ ကွဲပြားသည့်အမြင်များစွာရှိနေပြီး အများစုသဘောတူညီကြသည့်အချက်များမှာ အာရှဒေသတွင် တည်ရှိသည့်နိုင်ငံများမှာ အမျိုးအစားစုံလင်ကွဲပြားခြင်း၊ အာရှ၏အရွယ်အစားနှင့် ဒေသတွင်း နိုင်ငံများအားလုံးကို ကိုယ်စားပြုနိုင်သည့် သရုပ်သကန်တစ်ခု မရှိခြင်းတို့ဖြစ်သည်။ အာရှတွင် အာဆီယံ အပါအဝင် ဒေသခွဲဦးဆောင်အဖွဲ့အစည်း အတော်များများရှိနေပြီး ယင်းတို့သည် ဒေသတွင်းအဆင့် လူ့အခွင့်အရေး အကာအကွယ်ပေးမှုများ လုပ်ဆောင်ရန် ခြေလှမ်းတစ်ရပ် ဖြစ်သည်။ ထိုခြေလှမ်းတို့တွင် နိုင်ငံပေါင်း ၂၂ နိုင်ငံပါဝင်သည့် အာရပ်နိုင်ငံများအဖွဲ့ချုပ်က အသုံးပြုသည့် လူ့အခွင့်အရေးဆိုင်ရာ အာရပ်ပဋိညာဉ်လည်း ပါဝင်သည်။ သို့သော် ထိုပဋိညာဉ်တွင် အကာအကွယ်ပေးမှုများကို အာမခံပေးမည့် အဖွဲ့အစည်းမရှိချေ။ ထို့ပြင် တောင်အာရှဒေသတွင်း

ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း၏ ကြီးမှူးမှုဖြင့် လက်မှတ်ရေးထိုးထားသော အမျိုးသမီးများနှင့် ကလေးသူငယ်များကို ပြည့်တန်ဆာအဖြစ်ခိုင်းစေရန် ကုန်ကူးခြင်းအား တိုက်ဖျက်နှိမ်နင်းရန် သဘောတူစာချုပ်နှင့် ကလေးသူငယ်ပြုစုစောင့်ရှောက်မှုမြှင့်တင်ရေးတို့ကဲ့သို့သော သဘောတူစာချုပ်များလည်း ရှိသေးသည်။ သို့သော်လည်း အာရပ်ပဋိညာဉ်ကဲ့သို့ပင် ထိုသဘောတူစာချုပ်များအတိုင်းလိုက်နာမှုရှိ၊ မရှိဆိုသည်ကို စောင့်ကြည့်ထိန်းကျောင်းမည့် အဖွဲ့အစည်းတစ်ရပ် မရှိချေ။ အာရှတွင် ဒေသတွင်းယန္တရားတစ်ရပ်အဖြစ်သို့ အမြင့်ဆုံးဖွံ့ဖြိုးတိုးတက်မှုမှာ လူ့အခွင့်အရေးဆိုင်ရာ အာဆီယံအစိုးရချင်း ပူးပေါင်းဆောင်ရွက်မှုကော်မရှင် ASEAN Intergovernmental Commission on Human Rights (AICHR) ဖြစ်သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

အာဆီယံစနစ်တစ်ရပ်သည် မည်သည့်စနစ်နှင့် တူညီသင့်သနည်း။

ဥရောပ၊ အမေရိကန်နှင့် အာဖရိကစနစ်များ၏ အခြေခံသဘောတရားကို ဖတ်ရှုပြီးနောက်တွင် အာဆီယံစနစ်တစ်ရပ် ဖော်ဆောင်ရာတွင် အဆိုပါဒေသများမှ မည်သည့်သင်ခန်းစာများ ရရှိလိုက်သနည်း။ အာဆီယံသည် ဥရောပကဲ့သို့ အမှုအားလုံးကို ကြားနာနိုင်သော်လည်း များပြားလှသည့် တိုင်ကြားချက်များ စုပုံလက်ခံရရှိနိုင်သော အားကောင်းသည့် ခုံရုံးတစ်ရပ်ထားရှိသည့်နည်းလမ်းဖြင့် ချဉ်းကပ်သင့်သလား သို့မဟုတ် အာဖရိကနှင့် အမေရိကတို့ကဲ့သို့ အငြင်းပွားမှုများကို ခုံရုံးက တိုင်ကြားချက်များအားလုံး လက်ခံကြားနာရခြင်းမရှိစေရန် ကော်မရှင်က ရှေးဦးစွာ ကြားနာညှိနှိုင်းဖြေရှင်းပေးသည့် ချဉ်းကပ်နည်းကို လိုက်သင့်သလား။ ကော်မရှင်စနစ်သည် ပိုမိုလွယ်ကူပြီး အစိုးရများကလည်း ပိုမိုနှစ်သက်တတ်ကြသော်လည်း ၎င်းတွင် အစိုးရကို လူ့အခွင့်အရေးတာဝန်များ ကျေပွန်အောင်ဆောင်ရွက်ရန် တွန်းအားပေးရာတွင် အားနည်းခြင်း၊ ထိုသို့လုပ်ဆောင်နိုင်မှုမရှိခြင်းတို့ ရှိနိုင်သည်။

လူများကို မည်ကဲ့သို့သော အခွင့်အရေးချိုးဖောက်မှုများမှ ထိုအဖွဲ့အစည်းများက ကာကွယ်ပေးသင့်သနည်း။ အမှုတို့ကို တရားရုံး ကိုင်တွယ်ဖြေရှင်းနိုင်သလား၊ သို့မဟုတ် အထူးစုံစမ်းစစ်ဆေးသူများလိုအပ်သလား။ အခွင့်အရေးချိုးဖောက်မှုက ဖြစ်ပွားပြီးသားဆိုလျှင် တရားရုံးက ကူညီရန် အလွန်အမင်း နောက်ကျသွားနိုင်ပြီး ဘဝဆုံးရှုံးလိုက်ရသူတစ်စုံတစ်ဦးကို ပြန်လည်အဖတ်ဆယ်နိုင်အောင် လုပ်ပေးနိုင်သည့်အရာ အနည်းငယ်မျှသာရှိမည်ဖြစ်သည်။ စုံစမ်းစစ်ဆေးရေးမှူးတစ်ဦးမှာမူ အစိုးရအဖွဲ့အစည်းများ၏အားနည်းမှုများကို မီးမောင်းထိုးပြရာတွင်အလွန်တရာ အထောက်အကူပြုနိုင်သော်လည်း (ဥပမာ - ညှဉ်းပန်းနှိပ်စက်သည့်အကျဉ်းထောင်၊ စာမသင်သည့်စာသင်ကျောင်း) အစိုးရများကိုလမ်းမှန်သို့ တည့်မတ်ပေးရန်အတွက် အာဏာမှာ နည်းပါးသည်။

၄.၅ အာဆီယံဒေသတွင်း လူ့အခွင့်အရေးအစီအမံများ

၁၉၉၀ လွန် အစောပိုင်းနှစ်များကတည်းက အရှေ့တောင်အာရှဒေသတွင် လူ့အခွင့်အရေးအတွက် ဒေသတွင်းအစီအမံများ တည်ထောင်ရန် တွန်းအားပေးမှုတစ်ရပ်ရှိခဲ့သည်။ ၁၉၉၃ ခုနှစ်က ဗီယင်နာတွင်ကျင်းပပြုလုပ်သော လူ့အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ညီလာခံတွင် စစ်အေးတိုက်ပွဲပြီးဆုံးကြောင်း ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြောဆိုခဲ့ပြီးနောက် လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး အသစ်တဖန် စိတ်ဝင်စားမှုတစ်ရပ် ရှိခဲ့သည်။ ယင်းကမ္ဘာ့ညီလာခံတွင်ဆွေးနွေးခဲ့မှုအရ အာဆီယံက ၎င်းအနေဖြင့် အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းရန် နည်းလမ်းရှာဖွေသွားမည်ဟု ဖော်ပြခဲ့သည်။ အာဆီယံသည် ထိုရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် နှေးကွေးစွာလုပ်ဆောင်ခဲ့သော်လည်း နောက်ဆုံးတွင် ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့သည်။ နောက်ဆက်တွဲအနေဖြင့် အရပ်ဘက်လူမှုအဖွဲ့များက အာဆီယံလူ့အခွင့်အရေးယန္တရားတစ်ရပ်အဖြစ် Working Group ကို ၁၉၉၅ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ၎င်းကို အာဆီယံက ၁၉၉၈ ခုနှစ်တွင် အသိအမှတ်ပြုခဲ့သည်။ နောက်ထပ် ၁၀ စုနှစ်တစ်ခုအတွင်းတွင် အာဆီယံလူ့အခွင့်အရေးလုပ်ငန်းအဖွဲ့နှင့် အရပ်ဘက်လူမှုအဖွဲ့များနှင့် အစိုးရချင်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်းများသည် အစည်းအဝေးများ၊ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ကြသည်။ ဒေသတွင်းအဖွဲ့အစည်းတစ်ရပ် ဖြစ်မြောက်ရေးအိုင်ဒီယာအပေါ် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ လိုလားမှုနှင့် အစိုးရများ၏ လိုက်လျောမှုများကြောင့် အာဆီယံအစိုးရချင်းပူးပေါင်းဆောင်ရွက်မှု လူ့အခွင့်အရေး ကော်မရှင် ASEAN Inter-governmental Human Rights Commission (AICHR) ဟုခေါ်သော ဒေသတွင်း လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ရပ်ကို ၂၀၀၉ ခုနှစ်တွင် တည်ထောင်နိုင်ခဲ့သည်။ AICHR သည် အာရှတွင် ပထမဆုံး အစိုးရအဆင့် ဒေသတွင်း လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ရပ်လည်း ဖြစ်ခဲ့သည်။ ကမ္ဘာတစ်ဝန်းတွင် ဒေသတွင်းအဖွဲ့အစည်း အရေအတွက်မှာ ပြီးခဲ့သောနှစ် ၅၀ အတွင်း ဖြည်းဖြည်းချင်း တိုးလာခဲ့သည်။ ယင်းအဖွဲ့အစည်းများသည် အစပိုင်းတွင် အားနည်းပြီး အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများက ပိုမို၍ခွန်အားစိုက်ထုတ်ခြင်းနှင့် စိတ်ပါဝင်စားမှုများကြောင့် လူ့အခွင့်အရေး အကာအကွယ်ပေးရေး လုပ်ငန်းဆောင်တာများမှာ နောက်ပိုင်းတွင် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ဤအစောပိုင်းနှစ်များတွင် အာဆီယံ၏ လုပ်ဆောင်နိုင်စွမ်းအားနည်းမှုနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှု အများအပြားရှိခဲ့သလို AICHR သည် ဖွံ့ဖြိုးလာရန် အလားအလာ များစွာရှိသည်ဟု အဆိုပြုမှုများလည်း ရှိခဲ့သည်။

AICHR ၏ အခန်းကဏ္ဍနှင့်သတ်မှတ်ချက်များ Terms of Reference(TOR) ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများက သဘောတူခဲ့ပြီးနောက်တွင် AICHR ကို စတင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ AICHR တည်ထောင်ခြင်းကို အစိုးရများက သဘောတူညီရသည့် အကြောင်းရင်းတစ်စိတ်တစ်ဒေသမှာ အာဆီယံ၏ အနာဂတ်အုပ်ချုပ်မှုနှင့်စပ်လျဉ်းသော မူဝါဒရေးရာ မှတ်တမ်းတစ်ရပ်ဖြစ်သည့် ASEAN Political-Security Community (APSC) Blueprint တွင် ကတိပြုထားမှုများကြောင့်ဖြစ်သည်။ သို့သော် ထို့ထက်ပို၍အဓိကကျသောအကြောင်းရင်းမှာ အာဆီယံနိုင်ငံများ၏ နိုင်ငံသားများက အရပ်ဘက်လူမှုအဖွဲ့အစည်းများမှတစ်ဆင့် လူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းတစ်ရပ် ထူထောင်ရန် တောင်းဆိုခဲ့သောကြောင့် ဖြစ်သည်။ AICHR TOR အများအပြားသည် ဒေသတွင်းကော်မရှင်တစ်ရပ်အတွက် စံနှုန်းဖြစ်ပြီး AICHR အနေဖြင့် အစိုးရ

များကို အကြံဉာဏ်ပေးခြင်း၊ အာဆီယံနိုင်ငံများအတွက် လူ့အခွင့်အရေးစံနှုန်းများ ဖန်တီးခြင်းနှင့် ဒေသတွင်းတွင် လူ့အခွင့်အရေးမြှင့်တင်ခြင်းတို့ကဲ့သို့သော လုပ်ဆောင်ချက်များကို ဆောင်ရွက်မည်ဟု ဖော်ပြထားသည်။ AICHR TOR ၏ရည်မှန်းချက်များထဲတွင် ပါဝင်သည့်အချက်များမှာ -

- အာဆီယံဒေသအတွင်းရှိ လူများ၏ အခြေခံလွတ်လပ်ခွင့်များနှင့် လူ့အခွင့်အရေးများကို ကာကွယ်ရန်နှင့် မြှင့်တင်ပေးရန်။
- အာဆီယံဒေသတွင်းရှိလူများ ငြိမ်းငြိမ်းချမ်းချမ်း၊ လူသားဂုဏ်သိက္ခာနှင့်အညီ ချမ်းသာကြွယ်ဝစွာ နေထိုင်နိုင်ခွင့်ကို ထိန်းသိမ်းရန်။
- အာဆီယံအဖွဲ့ဝင်နိုင်ငံများကြားတွင် တည်ငြိမ်မှု၊ ညီညွတ်မျှတမှု၊ ရင်းနှီးခင်မင်မှု၊ ပူးပေါင်း ဆောင်ရွက်မှုတို့ မြှင့်တင်ရန်
- ဒေသတွင်းနှင့်ဆက်စပ်သော လူ့အခွင့်အရေးများမြှင့်တင်ရန်
- ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်
- နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများကို လိုက်နာစောင့်ထိန်းရန်တို့ ဖြစ်သည်။

AICHR TOR ကို အစိုးရတစ်ဖွဲ့လျှင် ခန့်အပ်ကိုယ်စားလှယ်တစ်ဦးနှုန်းဖြင့် ကိုယ်စားလှယ် ၁၀ ဦးဖြင့် ဖွဲ့စည်းထားသည်။ အဆိုပါကိုယ်စားလှယ်များသည် သက်တမ်းတစ်ကြိမ်လျှင် ၃ နှစ် တာဝန်ထမ်းဆောင်ရပြီး တစ်ကြိမ်သက်တမ်းတိုးနိုင်သည်။ ကိုယ်စားလှယ်များမှာ နောက်ခံ အခြေအနေ အမျိုးမျိုးမှလာသူများ ဖြစ်နိုင်သည်။ ပညာရေးနယ်ပယ်မှပညာရှင်များ၊ သံတမန်များ နှင့် NGOs မှလာသူများ စသည်ဖြင့်ဖြစ်သည်။ ကော်မရှင်အဖွဲ့ဝင်များ အစောပိုင်းဆောင်ရွက်ရသည့် လုပ်ငန်းတာဝန်တစ်ရပ်မှာ အာဆီယံလူ့အခွင့်အရေးကြေညာချက် မူကြမ်းပြုစုရခြင်း ဖြစ်သည်။ ထိုလုပ်ငန်းကိုဆောင်ရွက်ရန်အတွက် ၎င်းတို့သည် လွတ်လပ်သော မူကြမ်းရေးဆွဲရေးအဖွဲ့တစ်ရပ်ကို ခန့်အပ်ခဲ့ပြီး ယင်းအဖွဲ့က ၂၀၁၂ ခုနှစ်တွင် ကြေညာချက်ကို လွှဲပြောင်းပေးခဲ့ကာ အာဆီယံအဖွဲ့ဝင် များက ကြေညာချက်ကို တညီတညွတ်တည်း လက်ခံခဲ့ကြသည်။

အချို့က AICHR ၏ ဖွဲ့ဖြိုးတိုးတက်မှုမှာ ဒေသတွင်းလူ့အခွင့်အရေးအတွက် ကြီးမားသော ခြေလှမ်းတစ်ရပ်ဟု ရှုမြင်သော်လည်း ကျော်ဖြတ်ရမည့် အားနည်းချက်များစွာ ရှိနေသေးသည်ဟု ဝေဖန်မှုများလည်းရှိနေသည်။ AICHR နှင့်ပတ်သက်၍ ဝေဖန်မှုများလည်းရှိနေရာ အထူးသဖြင့် AICHR သည် နိုင်ငံတကာစံနှုန်းများထက် အချုပ်အခြာအာဏာကို လေးစားရန် တောင်းဆိုထား သော အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်းကြား ပြည်တွင်းရေးတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံကြား ဝင်မစွက်ရေးစည်းမျဉ်းကို လေးစားရမည် ဟူသည့်အချက်အပေါ် ဝေဖန်မှုများရှိနေသည်။ TOR အရ AICHR သည် အဖွဲ့ဝင်နိုင်ငံများနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံကို ပြည်ပက ကြားဝင်စွက်ဖက်ခြင်း၊ ပြိုလဲစေခြင်း၊ ဖိအားပေးခြင်းတို့မှလွတ်ကင်းပြီး ကိုယ့်ကြမ္မာကိုယ် ဦးဆောင်ဖန်တီးနိုင်ခွင့်ကို လေးစားရမည်ဟူသော ထုတ်ပြန်ချက်ဖြင့် ထိုကြားဝင်စွက်ဖက်ခြင်း မရှိစေရ ဟူသောမူကို ပို၍ခိုင်မာ စေခဲ့သည်။ နောက်ထပ် ဝေဖန်မှုတစ်ရပ်မှာမူ လူ့အခွင့်အရေးဆိုင်ရာ အစိုးရချင်းပူးပေါင်း ဆောင် ရွက်မှုအဖွဲ့များ၏ ရပ်တည်ချက်တွင် နိုင်ငံရေးအရိပ်များ မိုးနေခြင်းဖြစ်သည်။ ကိုယ်စားလှယ်များ အမှီအခိုကင်းမှုမှာ အရေးပါသည်မှာ မှန်သော်လည်း အမှီအခိုမကင်းသည့် ကော်မရှင်အဖွဲ့ဝင်များက

၎င်းတို့၏နိုင်ငံကို လူ့အခွင့်အရေးမှတ်တမ်းများကြောင့် ဝေဖန်ခံရခြင်းမှ ကာကွယ်ရန် ပိုမို လိုလားကောင်း လိုလားလိမ့်မည်ဖြစ်သည်။ အဆိုးဆုံးဖြစ်နိုင်ခြေတစ်ခုမှာ အစိုးရများသည် လူ့အခွင့် အရေးဆိုင်ရာ သံသယရှိမှုများအပေါ် စစ်ဆေးခံရခြင်းမှကာကွယ်ရန် ဒေသတွင်းအဖွဲ့အစည်းကို အသုံးချနိုင်ခြင်း ဖြစ်သည်။ ကြေညာချက်မူကြမ်းထုတ်ပြန်သည့် အခါတွင်လည်း ထိုမူကြမ်းအပေါ် တုံ့ပြန်ချက်များတွင် အမြင်အမျိုးမျိုးရောထွေးလျက်ရှိသည်။ အချို့က ကြေညာချက်သည် ဒေသတွင်း အဆင့်တွင် ပိုမိုကြီးမားသည့် ကာကွယ်မှုများပေါ်ပေါက်ရန်အတွက် ခြေလှမ်းတစ်ရပ်အဖြစ် ရှုမြင် ကြသည်။ ကြေညာချက်ထဲတွင် ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေး၊ ဆန္ဒမဲပေးပိုင်ခွင့် အခွင့် အရေး၊ အာဆီယံနိုင်ငံများရှိ လူများကိုအကာအကွယ်ပေးခြင်းအထိ ကျယ်ပြန့်သည့် ငြိမ်းချမ်းစွာ နေထိုင်ခွင့်တို့ကို အသိအမှတ်ပြုထားသည်။ အခြားသူများကမူ ယင်းကြေညာချက်သည် နိုင်ငံတကာ စံနှုန်းများအောက် လျော့နည်းလျက်ရှိသည်ဟု ရှုမြင်ကြသည်။ ကြေညာချက်မူကြမ်းက လူ့အခွင့် အရေး၏အဓိက စည်းမျဉ်းများနှင့်ကိုက်ညီသော အခွင့်အရေးနှင့်တာဝန်များ မျှတမှု တစ်ရပ်ကို တောင်းဆိုခဲ့သည်။ သို့သော်လည်း ထိုအချက်က လူ့အခွင့်အရေးများကို လိုသလို ရှုံ့ချည်နှပ်ချည် ပြုနိုင်ရန် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းဥပဒေများကို အခွင့်အာဏာများ ပိုမိုပေးအပ်ထားသည်ဖြစ်ရာ နိုင်ငံတကာစံနှုန်းများကို အာဆီယံအနေဖြင့် ပို၍ပင် မမီမကမ်းဖြစ်စေသည်ဟု ဝေဖန်ကြသည်။ မည်သို့ပင်ဖြစ်စေ AICHR က မည်မျှအထိ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဆိုသည်နှင့် ပတ်သက်ပြီး အငြင်းပွားမှု အများအပြားရှိနေသည်မှာ ထင်ရှားလျက်ရှိသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

AICHR TOR မည်မျှအားကောင်းသနည်း။

AICHR နိုင်ငံများအတွက် TOR ၏ ရည်ရွယ်ချက်များထဲမှ တစ်ခုမှာ -

၁. ၄ ဒေသတွင်းဆက်စပ်ဒေသများတွင် လူ့အခွင့်အရေးမြှင့်တင်ရန်၊ နိုင်ငံအလိုက်နှင့် ဒေသအလိုက် သီးခြား လက္ခဏာများကို အလေးဂရုပြုရန်နှင့် မတူကွဲပြားသော သမိုင်းနောက်ခံ၊ ယဉ်ကျေးမှုနှင့် ဘာသာရေးနောက်ခံတို့အပေါ် အပြန်အလှန်လေးစားမှုရှိရန်နှင့် အခွင့်အရေးနှင့် တာဝန်ခံမှု ညီမျှ အောင် ဆောင်ရွက်ရန်

ဤအချက်က လူ့အခွင့်အရေးကို အကာအကွယ်ပေးသလား။ AICHR သည် နိုင်ငံအလိုက် သီးခြား လက္ခဏာများကို ထည့်သွင်းစဉ်းရမည်ဖြစ်ပြီး သမိုင်းနောက်ခံတို့ကို လေးစားရမည်ဟု ဆိုထားရာ လူ့အခွင့်အရေးမှာ ကမ္ဘာလုံးဆိုင်ရာအခြေခံမဟုတ်ဘဲ နိုင်ငံအလိုက် သီးခြားစီကွဲပြားသည်ဟု သွယ် ဝိုက်ညွှန်းဆိုလျက်ရှိသည်။ ဥပမာ - ဤအပိုဒ်ခွဲသည် နိုင်ငံများကို ၎င်းတို့မှာ နယ်ချဲ့ကျူးကျော်ခံခဲ့ရ သည့် နိုင်ငံများဖြစ်သဖြင့် လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး ခြွင်းချက်ထားရန် ခွင့်ပြုထားရာရောက် နေခြင်းမျိုး ဖြစ်နေနိုင်သလား။ သို့မဟုတ် ဆင်းရဲနိမ့်ကျသောကြောင့်လား။ ထို့ပြင် အခွင့်အရေးနှင့် တာဝန်ယူမှုညီမျှခြင်းဆိုသည်မှာ ဘာကိုဆိုလိုသနည်း။ အကယ်၍ လူ့အခွင့်အရေးဆိုသည်မှာ မွေးရာပါ ရပိုင်ခွင့်ဖြစ်ပြီး တစ်စုံတစ်ယောက်က ဖယ်ရှား၍မရဟူဆိုလျှင် လူတို့သည် လူ့အခွင့်အရေး ရရှိရန် ကြိုးပမ်းအားထုတ်ရခြင်းမျိုး မရှိသင့်ပါ။ သို့သော်လည်း လူတို့အနေဖြင့် တစ်ပါးသူ၏ အခွင့် အရေးကို လေးစားရမည်ဖြစ်ပြီး ထိုအထဲတွင် တိုင်းပြည်ဥပဒေများကို လိုက်နာခြင်းလည်း အပါအဝင် ဖြစ်သည်။

လူ့အခွင့်အရေးကို အကာအကွယ်ပေးရန်နှင့် မြှင့်တင်ရန်အတွက် အမျိုးမျိုးသော အရည်အသွေးများလိုအပ်ရာ အရေးကြီးသော အရည်အသွေးတစ်ရပ်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရသော လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းထံမှ တိုင်ကြားချက်များကို လက်ခံနိုင်စွမ်းဖြစ်သည်။ လတ်တလောတွင် AICHR သည် လူ့အခွင့်အရေးမြှင့်တင်ရန် တာဝန်ပေးအပ်ခံထားရသော်လည်း လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်မူ တာဝန်ပေးအပ်ခံထားရခြင်းမရှိဘဲရှိရာ တိုင်ကြားချက်များ လက်ခံရန်ခွင့်ပြုခံထားရခြင်း မရှိသေးချေ။ တိုင်ကြားချက်များမရရှိဘဲနှင့် ကော်မရှင်အဖွဲ့ဝင်များသည် လူအများကိုအကာအကွယ်မဲ့စေသော ဒေသနှင့်ခရီသည့် ပြဿနာများ ပေါ်ပေါက်စေနိုင်သော ချိုးဖောက်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်ခြင်းမရှိချေ။ ထိုကဲ့သို့လုပ်ဆောင်နိုင်စွမ်းမရှိခြင်းက AICHR ကို သွားမပါသည့်ကျားဟုလည်း အမည်တပ်ဝေဖန်ခံရစေခဲ့သည်။ အကြံပေးအဖွဲ့များသည် ကျူးလွန်သူများကို တားဆီးနိုင်ခြင်း ရှိကောင်းမှရှိမည်ဖြစ်ပြီး လူ့အခွင့်အရေးပေါ်တွင် တိုက်ရိုက်လွှမ်းမိုးမှုလည်း ရှိနိုင်ချင်မှ ရှိမည်ဖြစ်သည်။ သို့သော်လည်း ကုလသမဂ္ဂမှစပြီး အခြားဒေသတွင်းအဖွဲ့များအထိ လူ့အခွင့်အရေးအဖွဲ့အစည်းအားလုံးနီးပါးမှာ လူ့အခွင့်အရေး မြှင့်တင်ခြင်းကိုသာ များသောအားဖြင့်ခြေလှမ်းစခဲ့ကြရပြီး ထိုမှတစ်ဆင့်သာ လူ့အခွင့်အရေးကာကွယ်သည့်အဆင့်သို့ လျှောက်လှမ်းကြရခြင်း ဖြစ်သည်။ AICHR အနေဖြင့်လည်း လက်ရှိအချိန်တွင် သက်တမ်းအရ နုနယ်နေသေးရာ တစ်ချိန်တွင် မိမိအပေါ် အယုံအကြည်မရှိသူများ မှားယွင်းကြောင်း သက်သေပြကောင်းပြနိုင်မည်ဖြစ်သည်။

၄.၆ အစိုးရမဟုတ်သောအဖွဲ့အစည်းများ
Non-Government Organizations (NGOs) ၏ အခန်းကဏ္ဍ

လူ့အခွင့်အရေးဆောင်ရွက်သော အဖွဲ့အစည်းများထဲတွင် နိုင်ငံတကာအသိအမှတ်ပြုမှုအရရှိဆုံးမှာ NGO များဟုဆို၍ ရနိုင်ဖွယ်ရှိသည်။ ကမ္ဘာ့ဒေသတိုင်းတွင် လက်ရှိလုပ်ငန်း ဆောင်ရွက်နေသော NGO များရှိနေပြီး သူတို့သည် လူ့အခွင့်အရေး ချိုးဖောက်မှုများ ကြုံတွေ့ရသည့်အခါ ပထမဆုံးရောက်သွားလေ့ရှိသူများ ဖြစ်နေလေ့ရှိသည်။ NGO များသည် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်နှင့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (Human Rights Watch-HRW) တို့ကဲ့သို့သော နိုင်ငံတကာအဆင့် ကြီးမားသောအဖွဲ့အစည်းကြီးများမှ လူ့အဖွဲ့အစည်းအတွင်း အခြေခံကျကျဝင်ရောက်လုပ်ကိုင်နေသော အခြေခံအဖွဲ့အစည်းများအထိ အဆင့်အားလုံးတွင် လုပ်ကိုင်လျက်ရှိကြသည်။ ယခုအခန်းတွင် လူ့အခွင့်အရေး NGO အမျိုးအစားများကို ခြုံငုံသုံးသပ်ခြင်းနှင့် ထိုအဖွဲ့များမှာ မည်ကဲ့သို့သောလုပ်ငန်းများ လုပ်ကိုင်သည်ကိုဆွေးနွေးသွားမည် ဖြစ်သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏သဘာဝအရ NGO များက လုပ်ကိုင်သည့်အရာများမှာ အမျိုးအစားစုံလင်ပြီးခွဲခြားရန် ခက်ခဲလှသည်။ ၎င်းတို့သည် ဖွဲ့စည်းပုံအရလည်း အမျိုးမျိုးကွဲပြားသည်။ သို့သော်လည်း လူ့အခွင့်အရေးဆိုင်ရာ NGO များမှာမူ လူ့အခွင့်အရေးအကာအကွယ်ပေးရေးနှင့် မြှင့်တင်ရေးတို့တွင် တူညီသော လုပ်ဆောင်ချက်များ ရှိကြသည်။

ပထမဦးစွာ NGO များကို CSO များနှင့် ခွဲခြားရှုမြင်ရန်အရေးကြီးသည်။ NGO များအားလုံးသည် CSO များဖြစ်ကြသော်လည်း CSO အများအပြားမှာ NGO များ မဟုတ်ကြချေ။ CSO ဆိုသည်မှာ အောက်ပါအင်္ဂါရုပ်များရှိသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

- အစိုးရ၏ အစိတ်အပိုင်းတစ်ရပ်မဟုတ်ခြင်း
- အမြတ်မရှာဖွေသောအဖွဲ့အစည်းတစ်ရပ်ဖြစ်ခြင်း (ကုမ္ပဏီ သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခု မဟုတ်)
- ထိုအဖွဲ့များ၏တာဝန်မှာ လူ့အဖွဲ့အစည်း၏ကောင်းကျိုးကို ဆောင်ရွက်ခြင်း၊ ပြည်သူများနှင့် တိုင်းပြည်အေးချမ်းသာယာရေးတို့တွင် ပါဝင်ဆောင်ရွက်ရန်ဖြစ်ခြင်း (ရာဇဝတ်မှုဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်မဟုတ်)

NGO များက အခြား CSO များနှင့်မတူညီသည့်အချက်မှာ ၎င်းတို့သည် အစိုးရအတွက် အကျိုးဖြစ်ထွန်းနိုင်သည့် နယ်ပယ်များတွင် လုပ်ကိုင်ခြင်းဖြစ်သည်။ CSO များသည် ဝါသနာအိုးအဖွဲ့များ၊ အားကစားအစည်းအရုံးများ၊ အနုပညာအဖွဲ့အစည်းများ သို့မဟုတ် ကျောင်းသားအဖွဲ့များကဲ့သို့သော အစိုးရလုပ်ငန်းများနှင့် ဆက်စပ်မှုမရှိသည်တို့ကို လုပ်ကိုင်သည့် အဖွဲ့အစည်းများဖြစ်နိုင်သည်။ NGO များမှာမူ ကျန်းမာရေး သို့မဟုတ် ပညာရေးဝန်ဆောင်မှုများ၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး သို့မဟုတ် လူမှုအသိုင်းအဝိုင်းတစ်ရပ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ကူညီဆောင်ရွက်ရေး လုပ်ငန်းများကဲ့သို့သော အစိုးရနှင့်ဆက်နွယ်နေသည့် အလုပ်များကို လုပ်ကိုင်ကြသည်။ ၎င်းလုပ်ငန်းများမှာ အစိုးရများက လုပ်ဆောင်လိုသော သို့မဟုတ် ပါဝင်ဆောင်ရွက်နေသော လုပ်ငန်းများဖြစ်သည်။

NGO တစ်ခုဖွဲ့စည်းခြင်းအတွက် အနိမ့်ဆုံး နိုင်ငံတကာစံနှုန်းများမရှိသလို မဖြစ်မနေရှိရမည့် လိုအပ်ချက်များ သတ်မှတ်ထားခြင်းမျိုးလည်း မရှိချေ။ အချို့အဖွဲ့အစည်းများက မိမိတို့ဘာသာ NGO ဟုအဆိုပြုသော်လည်း လက်ခံနိုင်ရန်အတွက် အငြင်းပွားစရာများ များစွာရှိနေခြင်းမျိုးတော့ ရှိသည်။ ဥပမာ - အစိုးရများက အဖွဲ့အစည်းတစ်ရပ်ထူထောင်ပြီး ယင်းအဖွဲ့ကို NGO ဟု ဆိုသော်လည်း တကယ်တမ်းတွင် အစိုးရ၏ အစိတ်အပိုင်းတစ်ရပ်သာဖြစ်နေခြင်းမျိုးဖြစ်သည်။ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်လျှင်လည်း ထိုသဘောသာဖြစ်ပြီး ကုမ္ပဏီတို့အတွက် တစ်နည်းနည်းဖြင့် အကျိုးရှိအောင် စည်းရုံးပေးသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် NGO ကိုထားရှိခြင်းဖြစ်သည်။ ဥပမာ - ဆေးလိပ်ကုမ္ပဏီတစ်ခုက ဆေးရွက်ကြီးသောက်သုံးသူများအဖွဲ့ဟု ဖွဲ့စည်းထားခြင်းမျိုးဖြစ်သည်။ တကယ်တမ်းတွင် ၎င်းတို့သည် လူမှုအဖွဲ့အစည်းမဟုတ်ဘဲ စီးပွားရေးလုပ်ငန်း၏ အစိတ်အပိုင်းတစ်ရပ်သာ ဖြစ်သည်။ အချို့အဖွဲ့အစည်းများမှာမူ အမျိုးအစားခွဲခြားရန်ခက်ခဲလှသည်။ ဘုရားကျောင်း၊ အတိုက်အခံပါတီ၊ သို့မဟုတ် အလုပ်သမားသမဂ္ဂ တို့မှာ NGO လော၊ အစိုးရအဖွဲ့အစည်းလော သို့မဟုတ် အခြားအဖွဲ့အစည်းတစ်မျိုးလော ဆိုသည်မှာ ဆုံးဖြတ်ရခက်ခဲမည်ဖြစ်သည်။ ကုလသမဂ္ဂကဲ့သို့သော အဖွဲ့အစည်းများတွင်မူ ကုလသမဂ္ဂ၏ ဖိုရမ်များနှင့် ဆွေးနွေးပွဲများတွင် ပါဝင်ခွင့်ရရှိနိုင်သော အသိအမှတ်ပြုမှုများရရှိလိုသည့် NGO များအတွက် သတ်မှတ်ထားသည့် စံနှုန်းများရှိသည်။ NGO တစ်ခုအနေဖြင့် ပုံသေဖွဲ့စည်းပုံနှင့် ရုံးခန်းလိပ်စာရှိရမည်ဟု မှတ်ယူထားခြင်းမျိုးရှိသော်လည်း NGO တစ်ခုတွင်ရှိရမည့် လုပ်ထုံးလုပ်နည်းအဆင့်နှင့် အစိုးရနှင့် မည်မျှအထိ လွတ်ကင်းမှုရှိရမည်၊ ရန်ပုံငွေရရှိမှုမှာ မည်သို့ဖြစ်ရမည် အစရှိသည်တို့နှင့်ပတ်သက်ပြီး အငြင်းပွားမှုများ ရှိနေဆဲဖြစ်သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

NGO များသည် မည်မျှအထိ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ဖြစ်သင့်သနည်း။

အရှေ့တောင်အာရှနိုင်ငံ အများအပြားသည် ယခုအခါတွင် NGO များကို မှတ်ပုံတင်ထားသော အဖွဲ့အစည်းများဖြစ်ရန်အတွက် ကိုက်ညီရမည့်ဥပဒေများ မိတ်ဆက်ပြဋ္ဌာန်းလျက်ရှိသည်။ ထိုကဲ့သို့ မှတ်ပုံတင်စေခြင်းမှာ အစိုးရက ၎င်း၏နိုင်ငံတွင် NGO အရေအတွက် မည်မျှလုပ်ကိုင်နေသနည်း ဆိုသည်ကို ခြေရာခံမှတ်သားနိုင်မည်ဖြစ်ပြီး စည်းမျဉ်းနှင့်မညီညွတ်သော၊ ဥပဒေချိုးဖောက်သော လုပ်ရပ်များကိုလည်း တားဆီးနိုင်မည့်အကျိုးကျေးဇူးများ ရရှိလိမ့်မည်ဟု ယူဆနိုင်သည်။ သို့သော် မှတ်ပုံတင်စေခြင်းက NGO များကို ယင်းတို့၏ လုပ်ငန်းများ မဆောင်ရွက်နိုင်စေရန် ပိတ်ပင်သည့် အတားအဆီးလည်း ဖြစ်သွားနိုင်ဖွယ်ရှိနေသည်။ ထို့ပြင် အစိုးရက NGO များကို စေ့စေ့စပ်စပ် စစ်ဆေးမှုများ တိုးမြှင့်ခြင်းဖြင့် တိုင်းပြည်အတွင်း လုပ်ငန်းများ မဆောင်ရွက်နိုင်လောက်အောင် တားဆီးခြင်းများလည်း ရှိနိုင်သည်။ မှတ်ပုံတင်စေခြင်းမှာ အစိုးရက NGO များကို ထိန်းချုပ်မည့် နည်းလမ်းတစ်ခုဖြစ်ပြီး အစိုးရက ၎င်း၏ပြည်သူများအပေါ် အခွင့်အရေးချိုးဖောက်ခြင်းကို NGO များက အကာအကွယ်ပေးခြင်းကို ရပ်တံ့သွားစေမည့် နည်းလမ်းလည်းဖြစ်သည်ဟုလည်း ဝေဖန်ကြသည်။

ဥပမာတစ်ရပ်မှာ နိုင်ငံအတွင်း NGO ပေါင်း ၃၅၀၀ ခန့် လည်ပတ်လျက်ရှိသည့် ကမ္ဘောဒီးယားဖြစ်သည်။ နိုင်ငံတကာ NGO များမှာ လစာကောင်းကောင်းပေးနိုင်သဖြင့် အရေအတွက် များပြားလာမှုကြောင့် လစာများမြင့်တက်လာသည်။ နိုင်ငံတကာ NGO များသည် ကမ္ဘောဒီးယားတွင် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၎င်းတို့၏မိခင်နိုင်ငံမှ ရန်ပုံငွေများ ကောက်ခံနိုင်သော်လည်း ထိုကဲ့သို့ရရှိလာသော ရန်ပုံငွေအများစုမှာ ၎င်းတို့၏ ဝန်ထမ်းများကို လစာပေးချေရခြင်းဖြင့် ကုန်ခန်းသွားနိုင်သည်။ အခြားတစ်ဖက်တွင်လည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ တန်ဖိုးများစွာရှိသော လုပ်ငန်းများကို NGO များ၏ ဆောင်ရွက်မှုဖြင့် ပြီးမြောက်နိုင်ခဲ့သည်။ အစိုးရက NGO များ မှတ်ပုံတင်ခြင်းအတွက် ဥပဒေကြမ်းတစ်ရပ် ရေးဆွဲခဲ့ပြီး ယင်း ဥပဒေကြမ်းအရ အဖွဲ့အစည်းများအနေဖြင့် တိုင်းပြည်အတွင်းတွင် လုပ်ငန်းဆောင်ရွက်နိုင်ရန် အစိုးရနှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးရန် လိုအပ်မည်ဖြစ်သည်။ ထိုဥပဒေကိုအသုံးချပြီး အစိုးရနှင့် အတိုက်အခံဖြစ်လျက်ရှိသော ပြည်သူများ၊ ဥပမာ မြေယာသိမ်းပိုက်မှုများတွင် ပြည်သူများဘက်မှ ဆောင်ရွက်ပေးလျက်ရှိသော NGO များကို ဆက်လက်လုပ်ကိုင်ခွင့် မပြုတော့မည်ကို ယင်း NGO များက စိုးရိမ်လျက်ရှိသည်။

NGO များသည် မှတ်ပုံတင်ရန်လိုအပ်ပါသလား၊ ထိုကဲ့သို့မှတ်ပုံတင်စေခြင်းဖြင့် အုပ်ချုပ်မှုမှ လွတ်မြောက်နေသော NGO နယ်ပယ်မှ ပြဿနာများကို ဖြေရှင်းပေးနိုင်မည်လား။

NGO တစ်ခု၏ အရေးကြီးသော အင်္ဂါရုပ်မှာ ထို NGO ဝင်ရောက်လုပ်ကိုင်သည့်နယ်ပယ်သို့မဟုတ် အရေးကိစ္စပင်ဖြစ်သည်။ အချို့ NGO များမှာ ကျယ်ပြန့်သည့် လုပ်ပိုင်ခွင့်နယ်ပယ်များရှိသည်။ ဥပမာ HRW နှင့် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့တို့သည် ၎င်းတို့၏ သက်ဆိုင်ရာနယ်ပယ်များတွင် လုပ်ကိုင်ရုံသာမက မသန်စွမ်းသူများအခွင့်အရေးနှင့် ဒေသခံများ၏ အခွင့်အရေး

တို့ကဲ့သို့သော ကိစ္စရပ်များတွင်လည်း ဝင်ရောက်လုပ်ကိုင်ကောင်းလုပ်ကိုင်မည်ဖြစ်သည်။ လက်ရှိရှိနေသော NGO များသည် မိမိတို့ကဲ့သို့ လှုပ်ရှားနေသော နိုင်ငံအဆင့် သို့မဟုတ် နိုင်ငံတကာအဆင့်ရှိ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ထားသော ကြီးမားသည့်ကွန်ရက်များ၏ အစိတ်အပိုင်းများဖြစ်နေကြသည်။

အရှေ့တောင်အာရှတွင် လုပ်ကိုင်နေသော လူ့အခွင့်အရေးဆိုင်ရာ NGO များတွင် ဘုံတူညီသော ဖွဲ့စည်းပုံလက္ခဏာရပ်များ ရှိကြသည်။ အများစုမှာ ၎င်းတို့လုပ်ကိုင်သည့် အဓိကနယ်ပယ်များ သို့မဟုတ် လုပ်ငန်းအစီအစဉ်များကို မူတည်၍ ဖွဲ့စည်းတည်ထောင်ထားကြခြင်းဖြစ်သည် လုပ်ငန်းအစီအစဉ်တစ်ခုသည် တိကျသောရည်ရွယ်ချက်တစ်ရပ်အတွက် ချမှတ်ထားသော လုပ်ငန်းများထဲမှ တစ်ခုဖြစ်သည်။ လုပ်ငန်းအစီအစဉ်များသည် အကြောင်းအရာတစ်ခု သို့မဟုတ် ကဏ္ဍတစ်ခုအပေါ် မူတည်ပြီး ချမှတ်ထားခြင်း(ဥပမာ - လူ့အခွင့်အရေးဆိုင်ရာပညာပေးခြင်း၊ ညှဉ်းပန်းနှိပ်စက်မှု၊ အမျိုးသမီးအရေးနှင့် ဥပဒေ) သို့မဟုတ် နိုင်ငံအလိုက်ချမှတ်ထားခြင်း (ဥပမာ - HRW တွင် နိုင်ငံအလိုက် လုပ်ငန်းအစီအစဉ်များရှိပြီး ကဏ္ဍများရွေးချယ်သတ်မှတ် ဆောင်ရွက်ခြင်းလည်း ရှိသည်။)။ ထိုလုပ်ငန်းအစီအစဉ်များအပြင် NGO များတွင် ပြန်ကြားရေးနှင့် စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် မီဒီယာများ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် မီဒီယာရေးရာနှင့် ပြင်ပဆက်ဆံရေးတို့ကဲ့သို့သော စီမံရေးရာဌာနများလည်း ရှိနိုင်သည်။ ထို့ပြင် ဘဏ္ဍာရေး၊ ကွန်ရက်ဖြန့်ကျက်ရေးနှင့် သုတေသနတို့ကဲ့သို့သော ဌာနများလည်း ရှိနိုင်သည်။

သာဓက

FORUM-ASIA

FORUM-ASIA သည် အဖွဲ့ဝင်အခြေပြု ဒေသတွင်း လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး အာရှရှိ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အကာအကွယ်ပေးသူများကြားတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူ့အခွင့်အရေးအကာအကွယ်ပေးရေးနှင့်မြှင့်တင်ရေးတို့ ဆောင်ရွက်သွားရန် ရည်ရွယ်ထားသော အဖွဲ့အစည်းဖြစ်သည်။

FORUM-ASIA ကို ၁၉၉၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ လူ့အဖွဲ့အစည်းအတွင်း လူ့အခွင့်အရေးနှင့်ပတ်သက်၍ စိတ်ဝင်စားမှုမြင့်တက်လာခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ လုပ်ဆောင်ချက်များတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ မြင့်တက်လာခြင်းနှင့် ဒီမိုကရေစီမဟုတ်သည့်နိုင်ငံများတွင် လုပ်ကိုင်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ထောက်ပံ့ပေးရန် လိုအပ်ခြင်းတို့က FORUM-ASIA တည်ထောင်ရသည့်အကြောင်းရင်း တစ်စိတ်တစ်ဒေသဖြစ်သည်။ ထိုအချိန်က အရှေ့တောင်အာရှတွင် ဒီမိုကရေစီအပြည့်အဝရှိသောနိုင်ငံ အနည်းငယ်သာရှိခဲ့သော ကာလဖြစ်သည်။ (ထိုစဉ်က အာဏာရှင်မားကို့စ် ဖြုတ်ချခံရခါစ ဖိလစ်ပိုင်တစ်နိုင်ငံတည်းသာ ဒီမိုကရေစီအပြည့်အဝရသောနိုင်ငံ ဖြစ်ဖွယ်ရှိသည်)

FORUM ASIA ကို အာရှတစ်ဝန်းမှ သီးခြားရပ်တည်နေသော အဖွဲ့အစည်း ၄၆ ခုဖြင့် ဖွဲ့စည်းထားသည်။ နိုင်ငံအလိုက် အဖွဲ့အစည်းအရေအတွက်များမှာ - ဘင်္ဂလားဒေ့ရှ် (၄)၊ မြန်မာ (၁)၊

ကမ္ဘောဒီးယား (၂)၊ အိန္ဒိယ (၈)၊ အင်ဒိုနီးရှား (၇)၊ ဂျပန် (၁)၊ မလေးရှား (၂)၊ မွန်ဂိုလီးယား (၂)၊ နီပေါ (၃)၊ ပါကစ္စတန် (၃)၊ ဖိလစ်ပိုင် (၆)၊ စင်ကာပူ (၁)၊ တောင်ကိုရီးယား (၂)၊ သီရိလင်္ကာ (၃)၊ ထိုင်ဝမ် (၁)၊ ထိုင်း (၁) နှင့် အရှေ့တီမော (၂) တို့ဖြစ်သည်။

FORUM ASIA တွင်ရှိသော ပရိဂရမ်များမှာ -

ကဏ္ဍအလိုက်လုပ်ငန်းအစီအစဉ်များ - အာဆီယံ စည်းရုံးလှုံ့ဆော်ရေးအစီအစဉ်၊ SAARC စည်းရုံး လှုံ့ဆော်ရေးအစီအစဉ်၊ လူ့အခွင့်အရေးကာကွယ်သူများ အစီအစဉ်၊ လူ့အခွင့်အရေးဆိုင်ရာ လေ့ကျင့် သင်ကြားပေးရေးအစီအစဉ်၊ ကုလသမဂ္ဂ စည်းရုံးလှုံ့ဆော်ရေးအစီအစဉ်။

နိုင်ငံအလိုက်လုပ်ငန်းအစီအစဉ် - အရှေ့အာရှနိုင်ငံများ အစီအစဉ်၊ အရှေ့တောင်အာရှနိုင်ငံများ အစီအစဉ်

၄.၆.၁ NGO လုပ်ငန်းများ

လူ့အခွင့်အရေး NGO များသည် လုပ်ငန်းအများအပြားကို လုပ်ဆောင်နိုင်ကြသည်။ NGO များသည် မူဝါဒရေးရာ အကြံပေးခြင်း၊ ဥပဒေစနစ်များ စောင့်ကြည့်ထိန်းကျောင်းခြင်း၊ ကွန်ရက်များ ဖော်ဆောင်ခြင်း စသည်တို့တွင်လည်း ပါဝင်ဆောင်ရွက်လေ့ရှိရာ အောက်တွင်ဖော်ပြထားသော လုပ်ငန်းများမှာ NGO များ လုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းများ အားလုံးကို ကိုယ်စားမပြုဘဲ ၎င်းတို့ ပိုမိုလုပ်ဆောင်လေ့ရှိသော လုပ်ငန်းများထဲမှ အချို့ကိုသာ ဖော်ပြထားခြင်းဖြစ်သည်။

လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်း

လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်းတာဝန်ကို အစိုးရက ထမ်းဆောင်ရသည်မှာ မှန်သော်လည်း (ICCPR နှင့် CRC တွင် ၎င်းတို့ သဘောတူညီထားမှုအရ) ဒေသတွင်းရှိ အသိပညာ ဗဟုသုတအခြေအနေမှာ နိမ့်ကျလျက်သာ ရှိနေသေးသည်။ ထို့ကြောင့် NGO အများအပြားသည် လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး လူအများ အလေးဂရုပြုလာစေရန် ပညာပေးလှုံ့ဆော်မှုလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ထိုကဲ့သို့ လုပ်ဆောင်သော ပညာပေးလှုံ့ဆော်မှုများသည် လူ့အခွင့်အရေး အကြောင်းကို ယေဘုယျ ခြုံငုံပညာပေးခြင်းဖြစ်နိုင်သလို လူ့အဖွဲ့အစည်းတစ်ရပ်အတွက် ၎င်းတို့နှင့် သီးသန့်သက်ဆိုင်သော လူ့အခွင့်အရေးများအကြောင်း (ဥပမာ - အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်း သူများ အခွင့်အရေး) ကို ပညာပေးခြင်းလည်း ဖြစ်နိုင်သည်။

တက္ကသိုလ်များသည် အစိုးရ၏အစိတ်အပိုင်းတစ်ရပ်ဖြစ်သဖြင့် NGO ဟုမခေါ်နိုင်သော်လည်း ၎င်းတို့သည်လည်း ဤလုပ်ငန်းတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ဥပမာတစ်ရပ်အနေဖြင့် ထိုင်းနိုင်ငံရှိ အလုပ်သမားကာကွယ်ရေးကွန်ရက်တွင် ရွှေ့ပြောင်းလုပ်သားများ၏ ကလေးများကို ပညာရေးထောက်ပံ့ပေးသည့်လုပ်ငန်းများလုပ်ဆောင်ပြီး ရွှေ့ပြောင်းလုပ်သားများကို ၎င်းတို့ရပိုင်ခွင့်ရှိသည့်အခွင့်အရေးများအကြောင်း ပညာပေးသည့်လုပ်ငန်းများလည်း ရှိသည်။

လူအခွင့်အရေးဆိုင်ရာ စည်းရုံးလှုံ့ဆော်အရေးဆိုခြင်း

စည်းရုံးလှုံ့ဆော်အရေးဆိုခြင်း Advocacy ကို စာအတိုင်း ဘာသာပြန်ရသော် ဝင်ပြောပေးခြင်း သို့မဟုတ် တစ်စုံတစ်ရာအတွက် အရေးဆိုရခြင်းဟုအဓိပ္ပာယ်ရသည်။ NGO များသည် အစိုးရကိုစိန်ခေါ်ရန် အင်အား သို့မဟုတ် အရင်းအမြစ်များမရှိသော အုပ်စုတစ်စုကို ကိုယ်စားပြုပြောဆိုပေးနိုင်သည်။ NGO များသည် အခွင့်အရေးတစ်ရပ်အကြောင်း ကြီးကြီးမားမားအသိအမှတ်ပြုမှု၊ နားလည်သဘောပေါက်မှု ရရှိစေရေးအတွက်လည်း အားပေးအားမြှောက်ပြုနိုင်သည်။ ထိုကဲ့သို့ စည်းရုံးတိုက်တွန်းအရေးဆိုမှုအတွက် ဥပမာတစ်ရပ်မှာ အရှေ့တောင်အာရှတွင် ရွှေ့ပြောင်းဒုက္ခသည်များအတွက် စည်းရုံးတိုက်တွန်းအရေးဆိုမှု ဖြစ်သည်။ ဒုက္ခသည်ဆိုင်ရာ အဖွဲ့အစည်းများသည် အများပြည်သူနှင့် အစိုးရများကို ဒုက္ခသည်များ၏ ဆင်းရဲနိမ့်ကျသည့် အခြေအနေများကို သတိပြုမိစေလိုခဲ့သည်။ ရွှေ့ပြောင်းဒုက္ခသည်များသည် ဖမ်းဆီးခံထားခြင်း၊ ပုန်းလျှိုးကွယ်လျှိုးနှင့်နေထိုင်နေရပြီး ၎င်းတို့၏ နိုင်ငံသို့ ပြန်ပို့ခံရမည်ကို စိုးရိမ်နေရခြင်းဟူသော အခြေအနေများနှင့် ကြုံတွေ့နေရနိုင်သည့်အခြေအနေတွင် ရှိနေသည်။ စည်းရုံးလှုံ့ဆော် အရေးဆိုပေးသည့်နည်းလမ်းကို အသုံးပြုခြင်းဖြင့် NGO များသည် အများပြည်သူက ဒုက္ခသည်များကို ဝန်ထိုးဝန်ပိုးတစ်ရပ်အဖြစ် မြင်နေရာမှ လုံခြုံမှုနှင့်အခွင့်အရေးများရရှိရန် လိုအပ်နေသူများအဖြစ် ရှုမြင်လာစေရန် ပြောင်းလဲပေးနိုင်သည်။ ၎င်းတို့သည် အကျဉ်းထောင်များအတွင်း ကလေးများရှိနေခြင်းမှာ ရုပ်ဆိုးအကျည်းတန်သဖြင့် အစိုးရတစ်ရပ်အနေဖြင့် ကလေးများကို ဖမ်းဆီးနေခြင်းများရပ်တဲ့ရန်လည်း သက်ဆိုင်ရာအစိုးရကို အားပေးအားမြှောက်ပြုနိုင်သည်။ စည်းရုံးလှုံ့ဆော်အရေးဆိုခြင်းပြုလုပ်ရန် မီဒီယာကိုအသုံးပြုလေ့ရှိသော်လည်း ပညာပေးခြင်း၊ လမ်းများထက်တွင် အများပြည်သူကို ဟောပြောစည်းရုံးခြင်း၊ Facebook ကဲ့သို့သော လူမှုကွန်ရက်ကိုအသုံးချပြီး စည်းရုံးလှုံ့ဆော်ခြင်း သို့မဟုတ် မှတ်တမ်းရုပ်ရှင်များရိုက်ကူးခြင်း နည်းလမ်းများဖြင့်လည်း လုပ်ဆောင်နိုင်သည်။

စောင့်ကြည့်ထိန်းကျောင်းခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း

အချို့ပြည်သူများသည် အခြားသူများထက် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ဒဏ်ကို ပိုမိုခံစားရတတ်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတော်၏ဓလေ့ထုံးတမ်းအရ အကာအကွယ်ပေးမှုစနစ်များမရှိခြင်း သို့မဟုတ် ရှိသော်လည်း ကောင်းမွန်စွာသက်ရောက်မှုမရှိခြင်းတို့ကြောင့် ဖြစ်သည်။ အကျဉ်းထောင်အတွင်းမှအကျဉ်းသားများ၊ အုပ်ချုပ်မှုနှင့်အလှမ်းဝေးသော ဝေးလံခေါင်ဖျားဒေသများရှိ ဒေသခံများမှာ ထိုကဲ့သို့သောအခြေအနေများနှင့် ရင်ဆိုင်နေရသူများဖြစ်သည်။ လူ့အခွင့်အရေး NGO များသည် ထိုကဲ့သို့သော အခြေအနေများကို စောင့်ကြည့်ကာ အစီရင်ခံခြင်းနှင့် အခွင့်အရေးချိုးဖောက်နေမှုများရပ်တဲ့ရေးအတွက် အရေးယူဆောင်ရွက်ရန် တောင်းဆိုခြင်းတို့ကို ပြုလုပ်နိုင်သည်။ NGO များသည် ထိုကဲ့သို့အလုပ်များကို အစီရင်ခံစာများထုတ်ပြန်ခြင်း၊ မီဒီယာများနှင့် ယင်းအခြေအနေကို စိတ်ဝင်စားမှုရှိသော အခြားအဖွဲ့အစည်းများသို့ သတင်းထုတ်ပြန်ချက်များပေးခြင်းတို့ဖြင့် လုပ်ဆောင်လေ့ရှိသည်။ ထိုကဲ့သို့လုပ်ဆောင်ခြင်းနှင့်ပတ်သက်ပြီး လူသိများသည်မှာ တစ်နှစ်လျှင် အာရှဒေသနှင့်ပတ်သက်ပြီး အစီရင်ခံစာ အစောင် ၅၀ ဝန်းကျင် ထုတ်ပြန်လေ့ရှိသော HRW ဖြစ်သည်။ မကြာသေးမီက ထုတ်ပြန်ခဲ့သော အစီရင်ခံစာများထဲမှ လူအများအာရုံစိုက်မှုရရှိခဲ့သော အစီရင်ခံစာများမှာ -

- ‘ငါသူတို့ကို သတ်ပစ်ချင်တယ်လို့ သူတို့ကြားအောင် ပြောလိုက်စမ်းပါ’။ ဟွမ်ဆန်းလက်ထက် ကမ္ဘောဒီယားမှ နှစ်ပေါင်း ၂၀ ကြာ ယုတ်မာမှုများ
- ပရမ်းမတာနှင့် မလုံမလောက်။ ။ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများအပေါ် ထိုင်းနိုင်ငံ၏ ပြုမူဆက်ဆံပုံ
- အစိုးရက ဒါကိုရပ်စဲနိုင်ခဲ့သားနဲ့။ ။မြန်မာ ရခိုင်ဒေသတွင် ဂိုဏ်းဂဏခွဲအကြမ်းဖက်မှုများနှင့် မတရားဖိနှိပ်မှုများ ဖြစ်ပေါ်စေမှု
- ကုစားခြင်းဟု နာမည်ခံထားသော ကိုယ်ထိလက်ရောက်ညှင်းပန်းမှုများ။ ။ဗီယက်နမ်၊ တရုတ်၊ ကမ္ဘောဒီးယားနှင့် လာအိုတို့တွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ တို့ဖြစ်သည်။

မှတ်သားဖွယ်ရာ

ဗီယက်နမ်အပေါ် HRW ၏အစီရင်ခံချက်

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့
(Human Rights Watch-HRW) နှစ်ပတ်လည်အစီရင်ခံစာများ
၁၉၇၈ ခုနှစ်တွင်တည်ထောင်သော HRW သည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်တစ်နှစ်အတွင်း ဖြစ်ပွားသော လူ့အခွင့်အရေးနှင့်ဆက်နွယ်နေသည့် အဖြစ်အပျက်များကို နှစ်ပတ်လည်အစီရင်ခံစာများဖြင့် ထုတ်ပြန်သည်။ ထိုအစီရင်ခံစာတွင် တစ်နှစ်ပတ်လုံး နိုင်ငံတစ်ခုစီတွင် ဖြစ်ပျက်ခဲ့သော လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို သုံးသပ်ရေးသားထားသည်။ ထိုနှစ်ပတ်လည်အစီရင်ခံစာများနှင့်အတူ သီးခြားလူ့အခွင့်အရေးဆိုင်ရာ အဖြစ်အပျက်များကို အထူးသုံးသပ်ရေးသားထားသော အစီရင်ခံစာများလည်း ထွက်ရှိသည်။



ဥပမာတစ်ရပ်အနေဖြင့် ၂၀၁၂ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် ဗီယက်နမ်တွင် လူ့အခွင့်အရေး ချိုးဖောက်မှု အများအပြားရှိနေကြောင်း အစီရင်ခံထားသည်။ ထိုအစီရင်ခံစာထဲတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်တို့ကို ဖိနှိပ်ထားခြင်း၊ ဆန္ဒပြသူများကို ခြိမ်းခြောက်နှောင့်ယှက်ခြင်းနှင့် ဖမ်းဆီးခြင်း၊ ဥပဒေကြောင်းအရ ဘာသာရေး ဓလေ့ထုံးတမ်းများကို အစိုးရက တားမြစ်ခြင်း၊ ဘာသာရေးကိစ္စများဆောင်ရွက်ရန် မှတ်ပုံတင်ခိုင်းခြင်း သို့မဟုတ် စောင့်ကြည့်ခံရခြင်းများ ပါဝင်သည်။ အထူးသဖြင့် ဘာသာရေးနှင့် နိုင်ငံရေးအကျဉ်းသားများမှာ စစ်ဆေးမေးမြန်းစဉ်တွင် နှိပ်စက်ခြင်း၊ တရားရုံးတွင်စစ်ဆေးမှုမခံရဘဲ ဖမ်းဆီးခံရခြင်း၊ မိသားစုဝင်များ လာရောက်လည်ပတ်ခွင့်မပြုခြင်း၊ ရှေ့နေငှားရမ်းခွင့်မရခြင်းနှင့် သေသည်အထိ ရိုက်နှက်ခံရခြင်း တို့အပါအဝင် ရဲတပ်ဖွဲ့ဝင်များ၏ ရက်စက်ကြမ်းကြုပ်သည့်လုပ်ရပ်များကို ရင်ဆိုင်ကြရလေ့ရှိသည်။

အစိုးရများသည် ထိုနှစ်ပတ်လည်အစီရင်ခံစာများက ရှာဖွေဖော်ထုတ်ထားမှုများကို ငြင်းဆန်လေ့ရှိပြီး NGO သည် တိကျမှန်ကန်သော သတင်းအချက်အလက်များကို ကိုးကားထားခြင်းမရှိ သို့မဟုတ် အစိုးရကို ဆန့်ကျင်လိုသည့် ဘက်လိုက်သောသတင်းအချက်အလက်များကို အသုံးပြုထားသည်ဟု ဆိုလေ့ရှိသည်။ အချို့အမှုကိစ္စများတွင် အစိုးရများကစွပ်စွဲသည့်အတိုင်း မှန်ကန်သည့်အချက်များ ရှိနိုင်သော်လည်း ပြည်သူများကို ထိုအစီရင်ခံစာများ ဖတ်ရှုခွင့်ရသင့်ပြီး ပြည်သူများကိုယ်တိုင် အမှား၊ အမှန် ဆုံးဖြတ်စေသင့်သည်။

လူအခွင့်အရေးအထောက်အထားမှတ်တမ်းပြုစုခြင်း

လူအခွင့်အရေးချိုးဖောက်ခံရပြီး တရားမျှတမှုကို ရရှိလိုသူများသည် ချိုးဖောက်ခံရမှု အမှန်တကယ်ဖြစ်ပွားခဲ့ကြောင်း သက်သေပြရမည်ဖြစ်သည်။ ထိုကဲ့သို့ လူအခွင့်အရေးချိုးဖောက်မှု တစ်ရပ်အတွက် အထောက်အထားများ စုဆောင်းခြင်းကို အထောက်အထားမှတ်တမ်းပြုစုခြင်းဟု ခေါ်ဆိုခြင်းဖြစ်သည်။ ဤလုပ်ငန်းစဉ်ကို ဆောင်ရွက်ရန်အတွက် အချက်အလက်များကို တိတိကျကျ စုဆောင်းနိုင်ရန်လိုအပ်သည်။ သို့မှသာ လူအခွင့်အရေးချိုးဖောက်မှုကို ဥပဒေကြောင်းအရ တရားရုံးတင်ရန် သို့မဟုတ် လူအခွင့်အရေးမြှင့်တင်ရေး အားပေးထောက်ခံမှုများပြုလုပ်ရာတွင် အသုံးပြုနိုင်မည်ဖြစ်သည်။ အထောက်အထားမှတ်တမ်းများသည် မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များ၊ ဆေးစစ်ချက်အစီရင်ခံစာများ၊ အခင်းဖြစ်ပွားရာဓာတ်ပုံများ၊ ဖြစ်စဉ်ဖြစ်ပွားပုံ စသည်တို့ ဖြစ်နိုင်သည်။ အထောက်အထားမှတ်တမ်းများသည် ရှင်းလင်းတိကျရန်လိုအပ်ပြီး ချိုးဖောက်မှုဖြစ်ပွားခဲ့ကြောင်း ရှင်းရှင်းလင်းလင်း ပြသနိုင်ရမည်။ လူအခွင့်အရေး ချိုးဖောက်မှု၏ သားကောင်ဖြစ်ရသူ အများအပြားမှာ ၎င်းတို့၏တိုင်းပြည်က လူအခွင့်အရေးစာချုပ်များကို လက်မှတ်ရေးထိုးထားမှုမရှိခြင်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်း တိုင်ကြားမှုများကို လက်ခံမှုမရှိခြင်း သို့မဟုတ် တိုင်ကြားချက်များကို လက်ခံနားထောင်ပေးမည့် ဒေသတွင်းအဖွဲ့အစည်းတစ်ရပ် မရှိခြင်းတို့ကြောင့် အကာအကွယ်ပေးရေး ယန္တရားတစ်ခုခုနှင့်အဆက်အသွယ်ရရှိရန် လိုအပ်သော ကျောထောက်နောက်ခံမရှိခြင်းမျိုး ဖြစ်နေနိုင်သည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် အထောက်အထား မှတ်တမ်းများမှာ တရားရုံးတက်ရာတွင် အထောက်အကူပြုနိုင်မည်မဟုတ်ချေ။ သို့သော် ထိုအထောက်အထားများက အစိုးရ၏ လုပ်ဆောင်ပုံအစီအမံများ ပြောင်းလဲရန် ဖိအားပေးနိုင်ခြင်း၊ နိုင်ငံတကာအဆင့် လူအခွင့်အရေးအတွက် အရေးဆိုမှုများအတွက် အသုံးဝင်နိုင်မည် ဖြစ်သည်။ ထို့ပြင် အထောက်အထား မှတ်တမ်းအများအပြား စုဆောင်းမိလာသည့်အခါတွင် လူအခွင့်အရေး ချိုးဖောက်မှုဖြစ်စဉ်များ ဖြစ်လေ့ရှိသည့်ပုံစံတစ်ရပ် ပေါ်လာနိုင်မည်ဖြစ်သည်။ အကယ်၍ အကျဉ်းထောင်အတွင်း နှိပ်စက်စော်ကားမှုများရှိနေခြင်း သို့မဟုတ် လူနည်းစု တိုင်းရင်းသားလူမျိုးစုများအတွက် အစိုးရကပေးအပ်ရမည့် ဝန်ဆောင်မှုများမပေးခြင်းတို့ကဲ့သို့သော လူအခွင့်အရေးချိုးဖောက်မှု တစ်ရပ်မှာ စနစ်တကျ ကျယ်ပြန့်စွာဖြစ်ပေါ်နေကြောင်းကို အထောက်အထားမှတ်တမ်းများ စုဆောင်းခြင်းဖြင့် NGO က သက်သေပြနိုင်မည်ဆိုလျှင် ယင်းချိုးဖောက်မှုဖြစ်စဉ်မှာ ကျယ်ပြန့်ပြီး အစီအစဉ်တကျ ဖြစ်နေကြောင်း သက်သေပြနိုင်မည်ဖြစ်ပြီး ကုလသမဂ္ဂအဖွဲ့အစည်းများ ပါဝင်ဖြေရှင်းပေးလာစေရေး တွန်းအားပေးရန် ထိုမှတ်တမ်းများကို အသုံးပြုနိုင်မည်ဖြစ်သည်။

သာဓက

အကြံအစည်ဖြင့် မုဒိမ်းမှုကိုစနစ်တကျကျူးလွန်ကြောင်း အထောက်အထား မှတ်တမ်းများပြုစုခြင်း

မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်ဖြစ်ပွားစဉ်ကာလများတွင် အမျိုးသမီးများ ရင်ဆိုင်ခဲ့ရသည့် အကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်ခဲ့ကြသည်။ အဖွဲ့အစည်းအမျိုးမျိုးက မြန်မာစစ်တပ်သည် အမျိုးသမီးများကို အစီအစဉ်ရှိရှိ မုဒိမ်းမှုကျူးလွန်ခဲ့ကြောင်း သက်သေပြရန် အထောက်အထား မှတ်တမ်းပြုစုခြင်းအပေါ် အခြေခံထားသည့် အစီရင်ခံစာများ ပြုစုခဲ့ကြသည်။ မုဒိမ်းမှုကို အစီအစဉ်ရှိရှိ ကျူးလွန်ခဲ့ကြောင်း သက်သေပြနိုင်ခြင်းက အမျိုးသမီးများကိုကာကွယ်ရာတွင် အလွန်အရေးကြီး

သည်။ အစီအစဉ်ရှိရှိ မုဒိမ်းမှုကျူးလွန်ခြင်းမှာ နိုင်ငံတကာရာဇဝတ်မှုဖြစ်သည်။ ထို့ပြင် ဤအမှုတွင် ဝင်ရောက်အရေးယူဆောင်ရွက်ခဲ့ခြင်းမရှိသော်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ သို့မဟုတ် နိုင်ငံတကာရာဇဝတ်မှုခုံရုံးက ကြားဝင်ဆောင်ရွက်နိုင်သောအမှုလည်း ဖြစ်သည်။

ဤအကြမ်းဖက်မှုဖြစ်စဉ်နှင့်ပတ်သက်ပြီး အစီရင်ခံစာ အများအပြားထွက်ပေါ်ခဲ့ရာ Earth Rights International ၏ School for Rape (1998) နှင့် ဖြစ်စဉ် ၁၇၃ ခု စုဆောင်းတင်ပြထားသော Shan Women's Action Network (SWAN) ၏ License to Rape (2003) တို့လည်း အပါအဝင် ဖြစ်သည်။ အထောက်အထားမှတ်တမ်းသည် ပဋိပက္ခဖြစ်စဉ်များအတွင်းတွင် အမျိုးသမီးများကို မုဒိမ်းမှုကျူးလွန်ခြင်းမှာ အစီအစဉ်ရှိရှိ လုပ်ဆောင်နေမှုဖြစ်ပြီး အရေးတကြီးဖြေရှင်းရန် လိုအပ်ကြောင်း သက်သေပြနေသည်။

တိုင်ကြားချက်များနှင့် တရားစွဲဆိုခြင်းများ

NGO များသည် ဥပဒေရေးရာလုပ်ငန်းစဉ်များတွင် အခန်းကဏ္ဍတစ်ရပ် ပါဝင်ဆောင်ရွက်နိုင်သည်။ ဥပမာအားဖြင့် ပြည်သူ့ဘက်မှကာကွယ်ပေးသူ သို့မဟုတ် ဥပဒေရေးရာအထောက်အပံ့ပေးသူအဖြစ် တရားမျှတရေးဖော်ဆောင်ရန် လုပ်ဆောင်သော NGO များဖြစ်သည်။ NGO များသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီက အစိုးရကို ဆန့်ကျင်တိုင်ကြားမှုများတွင် အကူအညီပေးခဲ့ကြဖူးပြီး မဟာဗျူဟာကျကျ တရားစွဲဆိုခြင်း သို့မဟုတ် ဥပဒေများပြင်ဆင်ရန်နှင့် အစိုးရ၏လုပ်နည်းလုပ်ဟန်များ ပြောင်းလဲသွားစေရန်အတွက် အမှုကိုအနိုင်ရအောင်ပြုခြင်းဟုခေါ်ဆိုသော လုပ်ငန်းများတွင် ဦးဆောင်ဦးရွက်ပြုမှုများလည်းရှိကြသည်။ ထိုလုပ်ဆောင်မှုအတွက် မကြာသေးမီက ပေါ်ပေါက်ခဲ့သော ဥပမာတစ်ရပ်မှာ ၂၀၁၂ ခုနှစ်က ဖျက်သိမ်းလိုက်သော COHRE ဟု အမည်ရသည့် အိုးအိမ်နေရာအခွင့်အရေး NGO ၏ ပါဝင်ဆောင်ရွက်မှုဖြစ်သည်။ ၎င်းသည် ကမ္ဘောဒီးယားနှင့်ဖိလစ်ပိုင်တို့တွင် နေအိမ်မှ အင်အားသုံး ဖယ်ရှားခံခဲ့ရသူများ၏ အရေးကိစ္စကို ပါဝင်ဆောင်ရွက်ပေးခဲ့သည်။ တရားစွဲဆိုခြင်း၏ရည်ရွယ်ချက်မှာ လူများကို ၎င်းတို့၏နေအိမ်များမှ အင်အားသုံးဖယ်ရှားခြင်းမှာ ဥပဒေချိုးဖောက်ရာရောက်ကြောင်း သေချာစေရန်ဖြစ်သည်။ အခြားလူသိများသောအမှုမှာ UNOCL အမှုဖြစ်သည်။ UNOCL ကုမ္ပဏီ၏ ပိုက်လုံးသွယ်တန်းတည်ဆောင်မှုအတွင်း မြန်မာကျေးရွာများမှ ဒေသခံများကို နှင်ထုတ်ခဲ့ရာ ယင်းကုမ္ပဏီကို Aliens Claims Tort Act (အမေရိကန်နိုင်ငံသားများက ၎င်းတို့၏အခွင့်အရေးများကို ချိုးဖောက်ခဲ့ကြောင်း နိုင်ငံခြားသားများက တိုင်ကြားနိုင်သည့်ဥပဒေ) နှင့် အမေရိကန်ပြည်ထောင်စုတွင် တရားစွဲဆိုတိုင်ကြားခဲ့သည့်အမှုဖြစ်သည်။ ယင်းအမှုကို အနှင်ထုတ်ခံဒေသခံများအတွက် ငွေပမာဏ အများအပြား UNOCL ကုမ္ပဏီက လျော်ကြေးပေးရန် တရားရုံးက စီရင်ချက်ချပြီး အမှုပိတ်သိမ်းခဲ့သည်။

၄.၆.၂ လက်တွေ့နယ်ပယ်အတွင်းမှ NGO များ

NGO များသည် ၎င်းတို့၏အရွယ်အစားနှင့် လုပ်ကိုင်သည့်နေရာများအလိုက် အမျိုးမျိုးကွဲပြားကြသည်။ အရွယ်အစားသေးငယ်ပြီး ဒေသတွင်းတွင်ဆောင်ရွက်သော NGO များကို အခြေခံလူထုအခြေပြု NGO များဟုခေါ်သည်။ ၎င်းတို့၏ဒေသတွင်းရှိ လူများနှင့်တိုက်ရိုက် ထိတွေ့လုပ်ကိုင်ခြင်းကို ရည်ညွှန်း၍ ထိုသို့ခေါ်ဆိုခြင်းဖြစ်သည်။

အခြေခံလူထု NGO များသည် ဒေသတွင်းရှိလူများနှင့်ဖွဲ့စည်းထားလေ့ရှိပြီး ဒေသတွင်း ဘာသာစကားကိုပြောဆိုကာ ဒေသတွင်းကြုံတွေ့နေရသော အရေးကိစ္စများနှင့်လည်း ရင်းနှီးသူများ ဖြစ်သည်။ ၎င်းတို့သည် အစိုးရနှင့်ညှိနှိုင်းလုပ်ကိုင်မှု မရှိသလောက်နည်းပါးပြီး ဒေသတွင်းရှိ အစိုးရ အရာရှိများနှင့်သာ ပိုမိုထိတွေ့လုပ်ကိုင်ကြလေ့ရှိသည်။

နိုင်ငံအဆင့် NGO များမှာ မတူညီသောနေရာဒေသများတွင် လုပ်ငန်းများဆောင်ရွက် နေနိုင်သော်လည်း ရုံးချုပ်မှာမူ အဓိကမြို့ကြီးတစ်မြို့တွင်သာ ရှိကောင်းရှိနိုင်သည်။ ဤ NGO များမှာ အစိုးရ သို့မဟုတ် ၎င်းတို့အထူးပြုရာနယ်ပယ်နှင့် ဆက်စပ်နေသော အစိုးရဝန်ကြီးဌာန များနှင့် ပတ်သက်လုပ်ကိုင်မှုလည်း ရှိနိုင်သည်။ သို့ရာတွင် နိုင်ငံအဆင့် NGO တစ်ခုသည် အောက်ခြေ လူထုအခြေပြုလုပ်ဆောင်မှုများကို ဆောင်ရွက်ခြင်း သို့မဟုတ် သေးငယ်သော အခြေခံလူထု NGO များနှင့် ကွန်ရက်ချိတ်ဆက်ထားခြင်းတို့ ရှိကောင်းရှိနိုင်သည်။

ဒေသတွင်းအဆင့် NGO များမှာ နိုင်ငံအတော်များများတွင် လုပ်ငန်းအစီအစဉ်များ ဆောင် ရွက်လျက်ရှိသည်။ သို့မဟုတ် စည်းရုံးတိုက်တွန်းအရေးဆိုမှုပြုသည့် လုပ်ငန်းများကို နိုင်ငံ တစ်နိုင်ငံတည်းတွင်သာမဟုတ်ဘဲ လုပ်ကိုင်လေ့ရှိသည်။ အရှေ့တောင်အာရှတွင် ဒေသတွင်း NGO များသည် ရွှေ့ပြောင်းလုပ်သားများအရေး သို့မဟုတ် အမျိုးသမီးအခွင့်အရေးများကဲ့သို့သော အရေးကိစ္စများကို လုပ်ကိုင်သည်။ ၎င်းတို့တွင် ရုံးချုပ်တစ်ခုသာရှိနေနိုင်သော်လည်း အခြားနိုင်ငံများ တွင်လည်း ရုံးခွဲများရှိနေနိုင်သည်။ ဒေသတွင်း NGO များ၏ အသုံးဝင်မှုမှာ ၎င်းတို့သည် ရွှေ့ပြောင်း အခြေချခြင်းနှင့် ဒုက္ခသည်များကဲ့သို့သော နေရာဒေသတစ်ခုတည်းနှင့်မသက်ဆိုင်သော လူ့အခွင့် အရေးဆိုင်ရာပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ကြခြင်း ဖြစ်သည်။ ထို့ပြင် ၎င်းတို့သည် ဒေသတွင်း အဆင့်နှင့် နိုင်ငံတကာအဆင့်တို့တွင် ပို၍အားကောင်းသော အားပေးထောက်ခံမှုမျိုးကို လုပ်ဆောင် နိုင်ကြသည်။ အရှေ့တောင်အာရှ ဒေသအတွင်းတွင် NGO အတော်များများက အာဆီယံဒေသ များတွင် စည်းရုံးတိုက်တွန်း အရေးဆိုမှုလုပ်ငန်းများ လုပ်ဆောင်ရန် တာဝန်ယူထားသည်။

နိုင်ငံတကာအဆင့်လူ့အခွင့်အရေး NGO များသည် ဒေသတွင်းရှိ နေရာအသီးသီးတွင် စည်းရုံးတိုက်တွန်းအရေးဆိုမှုများ ဆောင်ရွက်သည်။ ၎င်းတို့သည် ကုလသမဂ္ဂအဆင့်တွင် တက်တက် ကြွကြွလုပ်ကိုင်သလို အောက်ခြေလူထုအခြေပြုနှင့် နိုင်ငံအဆင့် NGO များ၏ စည်းရုံးတိုက်တွန်း အရေးဆိုမှုလုပ်ငန်းများတွင် ကူညီပေးခြင်း၊ အရည်အသွေးမြှင့်တင်ပေးခြင်းတို့ဖြင့် ထောက်ပံ့ပေးပြီး နိုင်ငံအများအပြားတွင် လုပ်ငန်းများတစ်ပြိုင်တည်း ဆောင်ရွက်နိုင်စွမ်းလည်း ရှိကြသည်။ ဤစာအုပ် တွင် ဖော်ပြထားသော နိုင်ငံတကာအဆင့် NGO အချို့အပြင် အခြား NGO အများအပြား ရှိနေသေးပြီး FIDH, Article 19, Human Rights First နှင့် Witness တို့မှာ ထင်ရှားသည့် နိုင်ငံတကာအဆင့် NGO များဖြစ်ကြသော်လည်း အကြီးမားဆုံး နိုင်ငံတကာအဆင့် NGO နှစ်ခုမှာ နယူးယောက်တွင်အခြေစိုက်သည့် HRW နှင့် လန်ဒန်တွင်အခြေစိုက်သည့် နိုင်ငံတကာလွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့တို့ ဖြစ်သည်။ အဆိုပါ NGO များနှင့်ပတ်သက်ပြီး NGO များသည် အနောက်ဩဇာ ကြီးစိုးမှုများပြီး ပြည်ပနိုင်ငံများမှဖြစ်သောကြောင့် နိုင်ငံအတွင်း ဝင်ရောက်လုပ်ကိုင်ခွင့်မပြုသင့် ဟု အစိုးရများက ဆင်ခြေပေးကန့်ကွက်လေ့ရှိသည်။ ထိုဝေဖန်ချက်များမှာ တကယ့် အကြောင်း ပြချက်များ ဖြစ်လေ့မရှိဘဲ များသောအားဖြင့် အစိုးရများသည် စနစ်တကျဖွဲ့စည်းထားသော NGO

များက ၎င်းတို့ ၏ လူ့အခွင့်အရေးဆိုင်ရာတာဝန်များ ဆောင်ရွက်မှုအား အနှီးကပ်စောင့်ကြည့်မည်ကို မလိုလားခြင်းကြောင့် ပေးသောအကြောင်းပြချက်များသာ ဖြစ်လေ့ရှိသည်။

လူ့အခွင့်အရေးကာကွယ်သူများ (Human Rights Defender-HRD)

NGO များတွင် လုပ်ကိုင်သူများကို လူ့အခွင့်အရေးကာကွယ်သူ (HRD)များ ဟု သတ်မှတ်နိုင်သည်။ HRD တစ်ဦးကို လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများ လုပ်ကိုင်သူဟု အဓိပ္ပာယ်သတ်မှတ်နိုင်သည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ကျယ်ပြန့်ပြီး ထိုသူများထဲတွင် လူ့အခွင့်အရေးဆိုင်ရာ ပညာပေးသူများ၊ လူ့အခွင့်အရေးဆောင်ရွက်သော အစိုးရအရာရှိများ၊ လူ့အခွင့်အရေး NGO များတွင် လုပ်ကိုင်သူများ ပါဝင်သည်။ HRD အလုပ်မှာ အထူးသဖြင့် အရှေ့တောင်အာရှတွင် အန္တရာယ်ရှိနိုင်သည်။ ပြီးခဲ့သည့် ၅ နှစ်အတွင်းတွင် HRD အတော်များများမှာ လူ့အခွင့်အရေးအလုပ်များကြောင့် အသက်စွန့်ရခြင်း၊ အကျဉ်းချခံရခြင်းများ ရှိခဲ့သည်။ ထိုကဲ့သို့ဖြစ်ရပ်များအတွက် ထင်ရှားသော ဥပမာများထဲတွင် ၂၀၀၄ ခုနှစ်က အမ်စတာဒမ်သို့ အသွားလေယာဉ်ပေါ်တွင် အဆိပ်ခတ်သတ်ခံခဲ့ရသော အင်ဒိုနီးရှားလူ့အခွင့်အရေးကာကွယ်သူ Munir ၏ သေဆုံးမှုလည်း အပါအဝင်ဖြစ်သည်။ ထိုလူသတ်မှုအတွက် အစိုးရနှင့်ဆက်နွယ်နေသူ ၃ ဦး ထောင်ကျသွားခဲ့သည်။ ဖိလစ်ပိုင်သည် HRD များကို အကာအကွယ်ပေးခြင်းနှင့်ပတ်သက်၍ ညံ့ဖျင်းသောမှတ်တမ်းရှိသည့်နိုင်ငံဖြစ်ပြီး မကြာသေးမီနှစ်များအတွင်းတွင် အများအပြား အသတ်ခံခဲ့ရသည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းများ၏လက်ချက်ကြောင့် ကျေးရွာများနှင့်ဒေသခံများ ၎င်းတို့၏ မြေယာများ မဆုံးရှုံးရစေရန် အကာအကွယ်ပေးခြင်းကြောင့် အသတ်ခံရသူ အများအပြား ရှိခဲ့သည်။

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူတို့၏အလုပ်တွင် အန္တရာယ်ရှိမှုမြင့်မားလာခြင်းကြောင့် ကုလသမဂ္ဂသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအရေး ကြေညာချက်ကို ပြဋ္ဌာန်းခဲ့ရသည်။ ယင်းကြေညာချက်သည် ဥပဒေကြောင်းအရလိုက်နာရန် မပြဋ္ဌာန်းထားသော်လည်း HRD များ၏ ဆောင်ရွက်မှုများကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ဆက်သွယ်ခွင့်တို့ဖြင့် ကာကွယ်ပေးထားသော စံနှုန်းတစ်ရပ်ကို သတ်မှတ်ဖော်ပြထားသည်။ ၂၀၀၈ ခုနှစ်တွင် သဘောတူလက်ခံခဲ့သော ယင်းကြေညာချက်အတွက် နောက်ဆက်တွဲ ဆောင်ရွက်ချက်အဖြစ် ၂၀၀၀ ခုနှစ်တွင် HRD အရေးနှင့်ပတ်သက်သော အထူးအစီရင်ခံစာတစ်ရပ် ထွက်ပေါ်ခဲ့သည်။ ထိုကဲ့သို့ အကာအကွယ်ပေးမှုရှိလာခဲ့သော်လည်း အရှေ့တောင်အာရှရှိ HRD များမှာ လူ့အခွင့်အရေး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ဆက်လက်ပြီး အတိုက်ခိုက်ခံရခြင်း၊ အသတ်ခံရခြင်း၊ အကျဉ်းချခံရခြင်းနှင့် တရားရုံးများတွင် အမှုရင်ဆိုင် ခြိမ်းခြောက်ခံရခြင်းများ ရှိနေဆဲဖြစ်သည်။

က။ အနှစ်ချုပ်နှင့်အဓိကအချက်များ

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းကို လူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုမှ ပြည်သူများအား ကာကွယ်ပေးနိုင်သည့် အခြားအဖွဲ့အစည်းအများအပြားက ဆောင်ရွက်လျက်ရှိသည်။ ၎င်းတို့ထဲတွင် ရဲတပ်ဖွဲ့၊ တရားရုံး၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပါဝင်နိုင်သည်။ နိုင်ငံတစ်နိုင်ငံ၏လူ့အခွင့်အရေး အကာအကွယ်ပေးမှုအဆင့်အတန်းမှာ ဖွံ့ဖြိုးတိုးတက်မှုအဆင့်၊ နိုင်ငံရေးစနစ်နှင့် လူ့အခွင့်အရေး မည်မျှကို အစိုးရကအသိအမှတ်ပြုထားသည်တို့အပေါ် မူတည်နေနိုင်သဖြင့် အဆင့်သတ်မှတ်ရန် ခက်ခဲသည်။ အရှေ့တောင်အာရှတွင် နိုင်ငံအများစုသည် အချို့နယ်ပယ်များတွင် ကောင်းမွန်ပြီး အခြားနယ်ပယ်များတွင် ဆိုးရွားမှုများရှိနေပြီး အခြေအနေမှာ ရောထွေးလျက်ရှိသည်။

နိုင်ငံအတွင်းတွင်မူ နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများရှိ၊ မရှိကိုကြည့်ပြီး အကာအကွယ်ပေးမှုကို အကဲဖြတ်နိုင်သည်။ အခွင့်အရေးများကို ဥပဒေအတွင်းတွင် ထည့်သွင်းပြဋ္ဌာန်းထားခြင်းရှိ၊ မရှိ ကိုကြည့်ခြင်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်သော လူ့အခွင့်အရေးများတို့ကို ကြည့်ရှုခြင်းဖြင့် တွေ့မြင်နိုင်သည်။ လတ်တလောတွင် ဘရူနိုင်းမှလွဲ၍ ကျန်အရှေ့တောင်အာရှ နိုင်ငံများအားလုံး၏ အခြေခံဥပဒေများထဲတွင် လူ့အခွင့်အရေးများပါဝင်နေသည်။ အရှေ့တောင်အာရှ၏ ဥပဒေစနစ်များတွင် လူ့အခွင့်အရေးများ ထည့်သွင်းပြဋ္ဌာန်းထားသော်လည်း ဥပဒေအမျိုးမျိုး၊ အက်ဥပဒေပုဒ်မအမျိုးမျိုးတွင် ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့လျက်ရှိသည်။

NHRI သည် ပြည်တွင်းအဆင့်တွင် လူ့အခွင့်အရေးအကာအကွယ်ပေးရေး ဆောင်ရွက်ရန် တာဝန်ရှိသော အဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။ လတ်တလောတွင် အရှေ့တောင်အာရှတွင် NHRI ခြောက်ခုရှိသည်။ အရှေ့တီမော၏ ပေါင်းစပ်ပုံစံမှလွဲ၍ကျန် ၅ ခုမှာ ကော်မရှင်ဟု ခေါ်ဆိုနိုင်ပြီး လူ့အခွင့်အရေးမြှင့်တင်ရေး၊ အကာအကွယ်ပေးရေး၊ စောင့်ကြည့်ထိန်းကျောင်းရေး၊ စုံစမ်းစစ်ဆေးရေးများ လုပ်ကိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် လုပ်ပိုင်ခွင့်အပ်နှင်းခံထားရသည်။ NHRI များသည် ဘဏ္ဍာငွေ လုံလုံလောက်လောက် မရရှိခြင်း သို့မဟုတ် အစိုးရနှင့်မလွတ်ကင်းခြင်းနှင့် လုပ်ပိုင်ခွင့်များ ကန့်သတ်ခံရခြင်းတို့ကဲ့သို့သော စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရနိုင်သည်။ NHRI များကို ကုလသမဂ္ဂက အကဲဖြတ်ပြီး ပဲရစ်စည်းမျဉ်းများ (NHRI တစ်ခု၏ လုပ်ဆောင်ချက်နှင့် လုပ်ငန်းများကို သတ်မှတ်ဖော်ပြထားသောမှတ်တမ်း)ကို အခြေခံသောစံနှုန်းများနှင့် ကိုက်ညီသော NHRI သည် ကုလ၏ လုပ်ရှားဆောင်ရွက်မှုများတွင် ပါဝင်ခွင့်ရရှိသည်။ မြန်မာမှလွဲ၍ ကျန်အရှေ့တောင်အာရှ NHRI များ အားလုံးသည် ပဲရစ်စည်းမျဉ်းများနှင့်ကိုက်ညီသည်ဟု သတ်မှတ်သော A အဆင့် သတ်မှတ်ခံထားရသည်။

ဒေသတွင်းလူ့အခွင့်အရေးအစီအမံများက ပထဝီအနေအထားအရ ဒေသတစ်ခုတည်း အတူရှိကြသော နိုင်ငံများရှိ လူ့အခွင့်အရေးကိုကာကွယ်စောင့်ရှောက်သည်။ ဒေသတွင်းအဖွဲ့အစည်း သုံးခုရှိရာ ဥရောပ၊ အမေရိကနှင့် အာဖရိကတို့တွင် အခြေစိုက်သောအဖွဲ့များ ဖြစ်ကြသည်။ အာဆီယံသည် လူ့အခွင့်အရေးအကာအကွယ်ပေးရန်နှင့် မြှင့်တင်ရန် ၂၀၀၉ ခုနှစ်တွင် AICHR

ဟု ခေါ်သော ဒေသတွင်းအဖွဲ့တစ်ရပ်ကို တည်ထောင်ခဲ့သည်။ AICHR သည် လူ့အခွင့်အရေး ကြေညာစာတမ်း မူကြမ်းတစ်ရပ်ရေးဆွဲရန်၊ လူ့အခွင့်အရေးအကာအကွယ်ပေးရန်နှင့် မြှင့်တင်ရန် အာဆီယံအစိုးရများနှင့် လက်တွဲဆောင်ရွက်နိုင်ရန် ကြိုးကြပ်ဆောင်ရွက်ခဲ့သည်။ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် အစိုးရများကြားတွင် AICHR ၏ အားကောင်းမှုနှင့် ထိရောက်မှုတို့အပေါ် အငြင်းပွားမှုများရှိဆဲဖြစ်သည်။

NGO များကို လူ့အခွင့်အရေးအကာအကွယ်ပေးရေးနှင့် မြှင့်တင်ရေးလုပ်ဆောင်သော အဓိကအဖွဲ့အစည်းများထဲမှ တစ်ခုအဖြစ် ရှုမြင်ခံရလေ့ရှိပြီး ၎င်းတို့မှာ အရေအတွက်အားဖြင့် မှန်မှန်တိုးလျက်ရှိသည်။ NGO များသည် လူ့အခွင့်အရေးဆိုင်ရာပညာပေးခြင်း၊ လူ့အခွင့်အရေး ထောက်ခံအားပေးခြင်း၊ စောင့်ကြည့်ခြင်းနှင့် စစ်ဆေးခြင်း၊ လူ့အခွင့်အရေး အထောက်အထား မှတ်တမ်းများပြုစုခြင်း၊ တိုင်ကြားချက်နှင့်တရားစွဲဆိုခြင်း၊ ဥပဒေနှင့်မူဝါဒများ ဖွံ့ဖြိုးရေး ပါဝင် ဆောင်ရွက်ခြင်းတို့ကဲ့သို့သော လုပ်ငန်းဆောင်တာများကို ဆောင်ရွက်သည်။ လတ်တလော စိုးရိမ် ပူပန်စရာ ဖြစ်နေသည်မှာ NGO ဝန်ထမ်းများ၊ လူ့အခွင့်အရေးကာကွယ်သူများကို တိုက်ခိုက်ခြင်းနှင့် အကြမ်းဖက်ခြင်းတို့မှ အကာအကွယ်ပေးအပ်ရန် လိုအပ်နေခြင်းဖြစ်သည်။

ခ။ စာမေးပွဲ သို့မဟုတ် အက်ဆေးမေးခွန်းများ

- နိုင်ငံတစ်နိုင်ငံ၏ လူ့အခွင့်အရေးအကာအကွယ်ပေးမှုအခြေအနေကို တိုင်းတာရာတွင် မည်ကဲ့သို့သောအခက်အခဲများ ကြုံတွေ့ရသနည်း။ နိုင်ငံတစ်နိုင်ငံတွင် လူ့အခွင့်အရေး မည်မျှကောင်းမွန်သည် သို့မဟုတ် ဆိုးရွားသည်ဆိုသည်ကို တိုင်းတာ၍ ရနိုင်သလား။
- သဘောတူစာချုပ်အများအပြားတွင် လက်မှတ်ရေးထိုးထားသော်လည်း လူ့အခွင့်အရေး အကာအကွယ်ပေးမှုတွင် ဆိုးရွားနေသောနိုင်ငံများရှိနေပြီး သဘောတူညီမှုအနည်းငယ်သာ လက်မှတ်ရေးထိုးထားသော်လည်း ကောင်းမွန်သောကာကွယ်ပေးမှုတစ်ရပ်ရှိနေသည့် နိုင်ငံများ ရှိနေသည်မှာ အဘယ်ကြောင့်နည်း။
- သင့်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မပါဝင်သော သီးခြားလူ့အခွင့်အရေးများရှိသလား။
- သင့်နိုင်ငံတွင် NHRI က ဆောင်ရွက်သော လုပ်ငန်းများကိုဖော်ပြပါ။ NHRI သည် လူ့အခွင့် အရေးအကာအကွယ်ပေးရေးနှင့် မြှင့်တင်ရေးတို့တွင် ထူးခြားပြောင်းလဲမှုများ ဖြစ်စေခဲ့ပါ သလား။
- ကုလက NHRI ၏ ထိရောက်မှုကို မည်ကဲ့သို့ အကဲဖြတ်သနည်း၊ ထိုအကဲဖြတ်သည့် လုပ်ငန်းစဉ်သည် တိကျ၊ မျှတမှု ရှိသလား။
- အာရှသည် အဘယ်ကြောင့် ဒေသတွင်းလူ့အခွင့်အရေးယန္တရားမရှိသည့် တစ်ခုတည်းသော ဒေသဖြစ်နေရသနည်း။
- AICHR က သွားမပါသည့်ကျားဆိုသည်မှာ မှန်ပါသလား၊ သို့မဟုတ် ၎င်းသည် ဥရောပ လူ့အခွင့်အရေးအဖွဲ့အစည်းများကဲ့သို့ အင်အားကောင်းလာပါမည်လား။

- လူ့အခွင့်အရေးအကာအကွယ်ပေးရေးနှင့် မြှင့်တင်ရေးဆောင်ရွက်ရာတွင် NGO များ၏ အားသာချက်များနှင့် အားနည်းချက်များ မည်သို့ရှိသနည်း။
- သင့်ဒေသအတွင်းရှိ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေး လုပ်ဆောင်သည့် NGO တစ်ခု၏ လုပ်ငန်းအစီအစဉ် သို့မဟုတ် လုပ်ငန်းစီမံချက်တစ်ရပ်ကို ဥပမာအဖြစ် ရှာပါ။ ထိုလုပ်ငန်းမှာ အောင်မြင်ခဲ့ပါသလား။ အဘယ်ကြောင့် အောင်မြင်ခဲ့သနည်း၊ မအောင်မြင်ခဲ့လျှင် အဘယ်ကြောင့်နည်း။

ဂ။ ထပ်မံလေ့လာဖတ်ရှုရန်များ

Texts in English

Status of Human Rights

Information on the status of Southeast Asian countries are found in:

- UNDP has annual Human Development Report, listing countries in order of development.
- Freedom house has an annual report Freedom in the World
- Transparency International has it Corruption Perception Index.
- The OHCHR has a treaty body database which has up to date information on the status of ratifications.

All these reports can be found with a simple internet search, and are free on the internet.

All state's constitutions are available on the internet, all in English and the national language.

It can be difficult to search for information on the legal system of a country. It may not all be in English, and it may not all be on the internet. It is useful to look at non-governmental reports on the laws and their assessment on how they function.

NHRIs:

For more information on NHRIs, including the UN body that manages accreditation search for:

- Asia Pacific Forum of National Human Rights Institutions,
- The International Coordinating Committee for National Human Rights Institutions (ICC)
- The Paris Principles the United Nations General Assembly resolution 48/134, 20 December 1993

Each of these bodies has detailed reports on Southeast Asian NHRIs.

Authors to search for who write on NHRIs include:

- Brian Burdekin
- Catherine Renshaw
- Sonia Cardenas

ASEAN

The European, African, and Americas regional body have extensive web pages with information. For information on ASEAN human rights protection initiatives, start by searching for:

- ASEAN Inter-Governmental Commission on Human Rights
- Working Group on an ASEAN Human Rights Mechanism
- ASEAN Human Rights Declaration
- ASEAN Socio-Cultural Community (ASCC) Blueprint

Authors to search for whom write on the ASEAN mechanism include:

- Yuyun Wahyuningrum
- Dr. Sriprapha Petcharamesree
- Hsien-Li Tan

Southeast Asian Civil Society

There are many regional level NGOs in Southeast Asia. For a start you can look at the following to get an idea of heir scope and activities:

- ASEAN People's Forum: APF
- Asia Indigenous Peoples Pact: AIPP
- Asia Pacific Forum on Women, Law and Development
- ASEAN Civil Society Conference
- ASEAN Youth Forum
- Asian Network for Free Elections: ANFREL
- FORUM-ASIA

၅

လူအခွင့်အရေးကာကွယ်ပေးခြင်း - ကုလသမဂ္ဂနှင့်နိုင်ငံတကာစနစ်အကြောင်း

မိတ်ဆက်

လူအခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် အထင်ရှားဆုံးသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုမှာ ကုလသမဂ္ဂဖြစ်သည်။ ရှေ့အခန်းများတွင် မှတ်သားခဲ့ရသည့်အတိုင်း ကုလသမဂ္ဂ၏ အခွင့်အာဏာမှာ ကမ္ဘာလုံးဆိုင်ရာ လူအခွင့်အရေး တိုးတက်ကောင်းမွန်လာရန်နှင့် ကာကွယ်စောင့်ရှောက်ရန်အတွက်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂသည် ကြီးမားကျယ်ပြန့်ပြီးရှုပ်ထွေးသဖြင့် အဖွဲ့၏တာဝန်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များသည် တစ်ခါတစ်ရံ ရောထွေးနေပါသည်။ အဓိပ္ပာယ်မှာ လူအခွင့်အရေးတိုးတက်ကောင်းမွန်လာရန်နှင့် ကာကွယ်စောင့်ရှောက်သည့် လုပ်ငန်းများအားလုံးကိုပေါင်းပြီး အနှစ်ချုပ်ရှင်းပြရန် ရိုးရှင်းသောနည်းလမ်းမရှိဟု ဆိုလိုပါသည်။

ဤအခန်းတွင် ကုလသမဂ္ဂမှ လူ့အခွင့်အရေးလုပ်ငန်းများကို အပိုင်း(၃)ပိုင်းဖြင့် ဖော်ပြထားပါသည်။ ပထမအပိုင်းတွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ၊ အစီအစဉ်များနှင့် အခြားလူ့အခွင့်အရေးကို တိုက်ရိုက်မကိုင်တွယ်သော အဖွဲ့အစည်းများတွင် လူ့အခွင့်အရေးတိုးတက်ကောင်းမွန်လာရန်နှင့် ကာကွယ်စောင့်ရှောက်နိုင်ရန် မည်ကဲ့သို့ဆောင်ရွက်ကြသည်ကို ရှင်းလင်းဖော်ပြထားပါသည်။ ဒုတိယအပိုင်းတွင် ကုလသမဂ္ဂ၏ အဓိကကျသော နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် လူ့အခွင့်အရေးကောင်စီ၏ လူ့အခွင့်အရေးကို ကိုင်တွယ်ဖြေရှင်းပုံကို လေ့လာထားခြင်းဖြစ်သည်။ တတိယအပိုင်းအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ စာချုပ်တစ်ခုချင်းကို ကိုင်တွယ်ဖြေရှင်းသော လူ့အခွင့်အရေးဆိုင်ရာစာချုပ်ဆိုင်ရာ ကော်မတီများအကြောင်းကို လေ့လာသုံးသပ်ထားခြင်းဖြစ်သည်။

ကုလသမဂ္ဂအကြောင်းမလေ့လာမီ အရှေ့တောင်အာရှနိုင်ငံများအတွက် ကုလသမဂ္ဂ၏ အရေးပါမှုကို စဉ်းစားကြည့်လျှင် ပိုပြီးအသုံးဝင်ပါသည်။ ကုလသမဂ္ဂသည် ကမ္ဘာ့နိုင်ငံများအကြားဆက်ဆံရေးကို ကိုင်တွယ်ဆောင်ရွက်သော ထင်ရှားသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခု ဖြစ်သော်လည်း၊ တချို့က ကုလသမဂ္ဂသည် အဖွဲ့ဝင်နိုင်ငံများ၏ လှုပ်ရှားမှုများအပေါ် ဩဇာလွှမ်းမိုးနိုင်ခြင်းမရှိဘဲ အားနည်းသည့်အဖွဲ့အစည်းအဖြစ် ဝေဖန်ပြောဆိုကြသည်။ ဤအဆိုသည် မှန်သင့်သလောက် မှန်ပါသည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကို လမ်းကြောင်းတစ်ခုပေါ်တွင် လျှောက်လှမ်းရန် ဖိအားပေးပြီး ဆောင်ရွက်နိုင်ရန် ခက်ခဲပါသည်။ လူ့အခွင့်အရေးဆိုင်ရာ လိုက်နာရမည့် တာဝန်ဝတ္တရားများကို နိုင်ငံများကလိုက်နာ ဆောင်ရွက်ရန် လုပ်ဆောင်ရသည့်ကိစ္စရပ်တွင် ထိုအချက်မှာ သိသာလှပါသည်။ သို့ရာတွင် နိုင်ငံများသည် ကုလသမဂ္ဂရှိ လုပ်ငန်းစဉ်များတွင် လေးနက်စွာပါဝင်ဆောင်ရွက်ကြရသည်။ အချို့သော အရှေ့တောင်အာရှ နိုင်ငံများ (အထူးသဖြင့် ဖိလစ်ပိုင်၊ ထိုင်းနှင့် အင်ဒိုနီးရှား) သည် ကုလသမဂ္ဂ၏အခန်းကဏ္ဍ တော်တော်များများတွင် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့သော ရှည်လျားသည့် သမိုင်းကြောင်း ရှိသည်။ ဖိလစ်ပိုင်နိုင်ငံသည် ကုလသမဂ္ဂတည်ထောင်သူ အဖွဲ့ဝင်အဖြစ် အရှေ့တောင်အာရှနိုင်ငံများတွင် တစ်ဦးတည်းသောနိုင်ငံဖြစ်ပြီး ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နောက်ပိုင်းမကြာမီ ပါဝင်လာသည်။ အရှေ့တောင်အာရှနိုင်ငံများသည် ကမ္ဘာ့ကုလသမဂ္ဂတွင် တက်ကြွသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိရာ ဥပမာအားဖြင့် အကူအညီများကို လက်ခံရရှိခြင်း၊ သံတမန်ရေးကဏ္ဍများတွင် တာဝန်ယူဆောင်ရွက်ပေးခြင်း၊ ကော်မရှင် သို့မဟုတ် အဖွဲ့အစည်းများတွင် အဖွဲ့ဝင်များအဖြစ်ပါဝင်ခြင်း သို့မဟုတ် ကုလသမဂ္ဂ၏စာချုပ်များနှင့် ဆုံးဖြတ်ချက်များကို သဘောတူညီ ပါဝင်ခြင်းတို့ဖြစ်ကြသည်။ အကျဉ်းချုပ်ကို အောက်တွင်ဖော်ပြထားသော ဇယားအမှတ် (၅. ၁) တွင် ကြည့်ရှုနိုင်ပါသည်။

ကုလသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံဖြစ်ခြင်းသည် နိုင်ငံတစ်ခု၏ လူ့အခွင့်အရေးကို အသိအမှတ်ပြုခြင်းဆိုသည့် ပထမဦးဆုံး အလွန်အရေးကြီးသည့် ခြေလှမ်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို လက်မှတ်ထိုးခြင်းအားဖြင့် နိုင်ငံများသည် လူ့အခွင့်အရေးကို တိုးတက်ကောင်းမွန်စေရန်နှင့် နိုင်ငံတကာဥပဒေကိုလိုက်နာရန် သဘောတူလိုက်ခြင်းဖြစ်သည်။ ထို့အပြင် ကုလသမဂ္ဂသည်နိုင်ငံများက လူ့အခွင့်အရေးများဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နိုင်သော နေရာဌာနတစ်ခုဖြစ်သည်။ ဥပမာအားဖြင့် လိင်ပိုင်းဆိုင်ရာ အခွင့်အရေးကို မိတ်ဆက်ခြင်းအခန်း [အခန်း(၈)တွင် ဆွေးနွေးထားသည်] တွင် ထိုအချက်ကို တွေ့နိုင်သည်။ ကုလသမဂ္ဂသည်

အရှေ့တောင်အာရှနိုင်ငံများက ၎င်းတို့၏ လူ့အခွင့်အရေးမှတ်တမ်းများကို ကာကွယ်ကြသည့် နေရာဌာနတစ်ခုလည်း ဖြစ်သည်။ အထက်ပါအကြောင်းပြချက်များကြောင့် ကမ္ဘာ့ကုလသမဂ္ဂသည် အခွင့်အာဏာမရှိသော၊ ဩဇာမရှိသော အဖွဲ့အစည်းဖြစ်သည်ဆိုသည့် ငြင်းခုံချက်မှာ ခိုင်မာမှုမရှိပါ။

ဇယား ၅-၁ ကုလသမဂ္ဂရှိ အရှေ့တောင်အာရှနိုင်ငံများ

နိုင်ငံ	ကုလသမဂ္ဂ အဖွဲ့ဝင်ဖြစ်သောနှစ်	စိတ်ဝင်စားဖွယ်ကောင်းသောသမိုင်းကြောင်း
ဖိလစ်ပိုင်	၁၉၄၅	လူ့အခွင့်အရေးကော်မရှင်တွင် အဖွဲ့ဝင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင် (၂၀၀၄-၂၀၀၅)
ထိုင်း	၁၉၄၆	ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင် (၁၉၈၅-၁၉၈၆) အာရှပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးလူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာကုလသမဂ္ဂကော်မရှင် (UNESCAP) ရုံးစိုက်ရာနိုင်ငံဖြစ်သည်။ လူ့အခွင့်အရေးကော်စီ ဥက္ကဋ္ဌ (၂၀၁၀-၂၀၁၂)
မြန်မာ	၁၉၄၈	မြန်မာ့သံတမန်တစ်ဦးဖြစ်သော ဦးသန့်သည် ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ၁၉၆၁ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။
အင်ဒိုနီးရှား	၁၉၅၀	၁၉၆၅ ခုနှစ်တွင် ကုလသမဂ္ဂမှ ယာယီနုတ်ထွက်ခဲ့သည်။ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ (၂၀၀၅) ကုလသမဂ္ဂ၏လုံခြုံရေးကောင်စီ အဖွဲ့ဝင် (၂၀၀၇-၂၀၀၈)
ကမ္ဘောဒီးယား	၁၉၅၅	၁၉၈၀ ခုနှစ်များ အစောပိုင်းကာလတွင် ခမာနီအစိုးရကိုယ်စားပြုသည်။ ၁၉၉၂ - ၁၉၉၃ ခုနှစ်တွင် ကုလသမဂ္ဂ၏ အကြီးဆုံးငြိမ်းချမ်းမှု ထိန်းသိမ်းရေး အစီအစဉ်များကို အကောင်အထည်ဖော်ခဲ့သည်။ OHCHR အဖွဲ့၏ ပထမဦးဆုံးရုံးခန်းမှာ ၁၉၉၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော ကမ္ဘောဒီးယားမှ ရုံးဖြစ်သည်။
လာအို	၁၉၅၅	UNDP, UNFPA, UNICEF, UNODC အပါအဝင် နိုင်ငံအတွင်းတွင် ကုလသမဂ္ဂအဖွဲ့အစည်းပေါင်း (၁၁)ဖွဲ့ တည်ရှိရာ နိုင်ငံဖြစ်သည်။ ကုန်းတွင်းပိတ် ဖွံ့ဖြိုးဆဲနိုင်ငံများ Land-Locked Developing Countries (LLDCs) အဖွဲ့တွင် တက်ကြွစွာ ပါဝင်သည်။
မလေးရှား	၁၉၅၇	လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ (၁၉၉၅) လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် (၂၀၀၅)

နိုင်ငံ	ကုလသမဂ္ဂ အဖွဲ့ဝင်ဖြစ်သောနှစ်	စိတ်ဝင်စားဖွယ်ကောင်းသောသမိုင်းကြောင်း
စင်ကာပူ	၁၉၆၅	ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင် (၂၀၀၁-၂၀၀၂) ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးတွင် တက်ကြွစွာပါဝင်သည်။ အငယ်စားနှင့်အလယ်အလတ်နိုင်ငံများဖြင့် ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့ Global Governance Group (3) ဖွဲ့စည်းမှုကို ကူညီခဲ့ပြီး နိုင်ငံငယ်လေးများ၏အသံများကို ကုလသမဂ္ဂတွင် ကြားနိုင်ရန် ဆောင်ရွက်ခဲ့သည်။
ဗီယက်နမ်	၁၉၇၇	အမေရိကန်နိုင်ငံနှင့်ဖြစ်ပွားသောစစ်ပွဲအပြီးတွင် ကုလသမဂ္ဂ အဖွဲ့ဝင် ဖြစ်လာခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် (၂၀၀၈-၂၀၀၉) နိုင်ငံအတွင်း ကုလသမဂ္ဂအဖွဲ့အစည်းပေါင်း (၁၅)ဖွဲ့ အလုပ်လုပ်ကိုင်လျက်ရှိသည်။
ဘရူနိုင်း	၁၉၈၄	ကမ္ဘာ့ကုလသမဂ္ဂ၌ OIC ၏ အဖွဲ့ဝင်ဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ သို့မဟုတ် လူ့အခွင့်အရေးကောင်စီတွင် ပါဝင်ဖူးခြင်း မရှိသေးပါ။
အရှေ့တီမော	၂၀၀၂	၁၉၂ နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်သည်။ (ယခုအခါ ၁၉၃ နိုင်ငံမြောက်အဖွဲ့ဝင် ရှိနေပြီဖြစ်သည်။) အရှေ့တီမောကို ၁၉၉၉ ခုနှစ်မှ ၂၀၀၂ နှစ်အထိ UNTAET က တစ်ဆင့် ကုလသမဂ္ဂက တာဝန်ယူစီမံခန့်ခွဲခဲ့သည်။

၅-၁ ကျယ်ပြန့်သောကုလသမဂ္ဂစနစ်အတွင်းရှိ လူ့အခွင့်အရေး

ကမ္ဘာ့ကုလသမဂ္ဂ၏ အစိတ်အပိုင်းအများအပြားတွင် လူ့အခွင့်အရေးကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ ကာကွယ်ပေးထားခြင်းတို့ လုပ်ဆောင်ကြသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ဖွဲ့စည်းပုံသည် ကြီးမားရှုပ်ထွေးပြီး၊ အထက်အောက်ဖွဲ့စည်းထားသော စနစ်ရှိသည်။ အရေးအကြီးဆုံးသော ဖွဲ့စည်းပုံအင်္ဂါရုပ်(၆)ခုပါရှိသည်။ ၎င်းတို့တွင် လူ့အခွင့်အရေးဆိုင်ရာ တိကျသောအခွင့်အာဏာမျိုး မရှိသော်လည်း လူ့အခွင့်အရေးချိုးဖောက်မှုပြဿနာများကို ထိုအဖွဲ့အစည်းအားလုံး ပုံမှန်တာဝန်ယူဖြေရှင်းပေးနေရသည်။ ကုလသမဂ္ဂအဖွဲ့အစည်း (၅)ခုအကြောင်းကို အောက်ပါအတိုင်း ဖော်ပြထားသည်။ (ခြောက်ခုမြောက်အဖွဲ့အစည်းဖြစ်သော ကုလသမဂ္ဂ နိုင်ငံငယ်များထိန်းသိမ်းရေးကောင်စီ (Trusteeship Council) က အုပ်ချုပ်ရသောဒေသသည် ၁၉၉၀ ခုနှစ်များတွင် နိုင်ငံတစ်ခုဖြစ်သွားသဖြင့် ထိုကောင်စီသည့် အသက်မဝင်တော့ပါ။)

- ကုလသမဂ္ဂ လုံခြုံရေးကောင်စီ (The Security Council - UNSC)
- ကုလသမဂ္ဂ အထွေထွေညီလာခံ (The General Assembly - UNGA)

- နိုင်ငံတကာတရားရုံး (The International Court of Justice - ICJ)
- အထွေထွေအတွင်းရေးမှူးချုပ် ဦးဆောင်သော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရုံး (The UN Secretariat led by the UN Secretary General - UNSG)
- စီးပွားရေးနှင့်လူမှုရေးကောင်စီ (The Economic and Social Council - ECOSOC)

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ

ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အဖွဲ့ဝင် (၁၅)နိုင်ငံဖြင့် ဖွဲ့စည်းထားပြီး အမြဲတမ်းအဖွဲ့ဝင် (၅) နိုင်ငံ (တရုတ်၊ ပြင်သစ်၊ ရုရှား၊ အင်္ဂလန်၊ အမေရိကန်)နှင့် အမြဲတမ်းအဖွဲ့ဝင်မဟုတ်သော နိုင်ငံ(၁၀)နိုင်ငံကို ၂ နှစ်သက်တမ်းအတွက် ကုလသမဂ္ဂအထွေထွေညီလာခံမှ ရွေးချယ်တင်မြှောက်သည်။ UNSC ၏ လုပ်ငန်းရပ်မှာ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို သေချာစွာကာကွယ်ပေးရန် ဖြစ်သည်။ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်သည်ဟု ယူဆရသော အခြေအနေများတွင်သာ ပါဝင်စွက်ဖက်ခွင့်ရှိသည်။ UNSC သည် ဥပဒေအရ လိုက်နာရမည့် ဆုံးဖြတ်ချက်များကိုချမှတ်နိုင်ခြင်း၊ ဆုံးဖြတ်ချက်များအတိုင်း လိုက်နာမှုမရှိသော နိုင်ငံများကို ပြစ်ဒဏ်ပေးအရေးယူနိုင်သည့် အခွင့်အာဏာရှိခြင်းကြောင့် ဩဇာအာဏာရှိသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ အဆိုပါအခွင့်အာဏာများထဲတွင် နိုင်ငံများအပေါ် အရေးယူပိတ်ဆို့မှုများ၊ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့များ အသုံးပြုခြင်းနှင့် စစ်အင်အားအသုံးပြုခြင်းတို့ပါဝင်သည်။ UNSC ၏ ဆုံးဖြတ်ချက် အများစုသည် ငြိမ်းချမ်းရေးနှင့်ပဋိပက္ခဆိုင်ရာ အကြောင်းရင်းများနှင့် သက်ဆိုင်ပြီး၊ လူအခွင့်အရေးတိုးတက်ကောင်းမွန်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်များကို ဆောင်ရွက်ခြင်းမရှိပါ။ ကုလသမဂ္ဂ၏ အခြားအဖွဲ့အစည်းများသည် UNSC ကဲ့သို့ အခွင့်အာဏာမျိုး မရှိကြပါ။

ပဋိပက္ခများသည် လူသားများ၏ လူ့အခွင့်အရေးကို အမြဲတစေ ခြိမ်းခြောက်တတ်သည့် သဘာဝကို ထည့်သွင်းစဉ်းစားလျှင် UNSC သည် လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်မှုများကို အမြဲတမ်းဖြေရှင်းနေရသည်။ လူ့အခွင့်အရေးနှင့်ပတ်သက်၍ အစောပိုင်းအရေးယူဆောင်ရွက်ချက်များမှာ ၁၉၆၆ ခုနှစ်က ရိုဒီးစီးယား (Rhodesia) နိုင်ငံ၏ လူဖြူအစိုးရများအပေါ် အရေးယူပိတ်ဆို့မှုများ၊ ၁၉၇၀ ခုနှစ်များကာလအတွင်း တောင်အာဖရိကအစိုးရက လူမည်းအများစုအပေါ် ခွဲခြားဆက်ဆံသည့် အသားအရောင်ခွဲခြားရေးဥပဒေများ ကျင့်သုံးမှုကြောင့် ပိတ်ဆို့အရေးယူမှုများပါဝင်သည်။ ၁၉၅၀ ခုနှစ် မှ ၁၉၇၀ ခုနှစ်များအတွင်း UNSC သည် (ကွန်ဂို၊ ဆိုက်ပရပ်စ်နှင့် အိန္ဒိယ - ပါကစ္စတန် နယ်ခြား စသည့်နိုင်ငံများတွင်) ငြိမ်းချမ်းရေးထိန်းသိမ်းရေး လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်။ သို့သော်လည်း ၁၉၉၀ ခုနှစ် နှောင်းပိုင်းမှသာ UNSC သည် လူ့အခွင့်အရေးချိုးဖောက်မှုများကိုဖြေရှင်းရန် ၎င်း၏ဆုံးဖြတ်ချက်များတွင် စတင်ထည့်သွင်းလာခဲ့သည်။ ထိုကဲ့သို့ ဆောင်ရွက်လာခြင်းမှာ စနစ်တကျ ကြိုတင်ကြံစည်ထားသော ကျယ်ပြန့်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးအတွက် အကြီးမားဆုံး ခြိမ်းခြောက်မှုဖြစ်စေပြီး၊ ထိုမှတစ်ဆင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးပျက်ပြားစေသောကြောင့် ဖြစ်သည်။ ထိုသို့ ပြောင်းလဲလာသော အဓိပ္ပာယ်ဖွင့်ဆိုချက်က စနစ်တကျကြိုတင်ကြံစည်ထားသော ကျယ်ပြန့်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပေါ်လာပါက UNSC သည် ခွင့်ပြုချက်မလိုဘဲ ထိုနိုင်ငံများသို့ ဝင်ရောက်နိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဥပမာ ၁၉၉၀ အစောပိုင်းကာလ၌ အီရတ်၊

ဆိုမာလီယား၊ ယခင်ယူဂိုဆလားဗီးယားနိုင်ငံများ၌ ဖြစ်ခဲ့သော ဖြစ်ရပ်များတွင် စစ်အင်အားသုံးစွဲကာ အရေးယူဆောင်ရွက်ရန် ခွင့်ပြုခဲ့သည်။ UNSC ၏အပြောင်းအလဲများသည် စစ်အေးကာလ ပြီးဆုံးခြင်း၏ ရလဒ်အဖြစ် ပေါ်ထွက်လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် စစ်အေးကာလအတွင်း ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်ပြည်ထောင်စုတို့သည် တစ်နိုင်ငံ၏ ဦးဆောင်မှုကို အခြားတစ်နိုင်ငံက ဗီတိုအာဏာသုံး၍ ကန့်ကွက်နေသောကြောင့် UNSC သည် ဆုံးဖြတ်ချက်များ မချမှတ်နိုင်လောက်အောင် မသန်မစွမ်းဖြစ်ခဲ့သည်။ အပြောင်းအလဲများသည် မြန်ဆန်လွန်းလှသည်။ ၄၅ နှစ်တာ ရှည်ကြာခဲ့သော စစ်အေးကာလထက် UNSC သည် ၅ နှစ်တာ အတောအတွင်း (၁၉၉၁ မှ ၁၉၉၆ ခုနှစ်အထိ) ပိုမိုတက်ကြွစွာ လုပ်ဆောင်လာသည်။ သို့သော်လည်း များပြားလာသော လုပ်ဆောင်ချက်များတွင် အောင်မြင်မှုများ အမြဲမရခဲ့ပါ။ ဥပမာအားဖြင့် ယူဂိုဆလားဗီးယားနှင့် ဆိုမားလီးယားနိုင်ငံများတွင် ငြိမ်းချမ်းရေးထိန်းသိမ်းခြင်းနှင့် ပြည်သူများအား ကာကွယ်ပေးခြင်း လုပ်ငန်းတို့တွင် မအောင်မြင်ခဲ့ပါ။ ထို့အပြင် ရဝမ်ဒါနိုင်ငံ၌ ဖြစ်ပွားခဲ့သော လူမျိုးတုံးသတ်ဖြတ်မှု ဖြစ်ရပ်ကို တုံ့ပြန်ရာတွင် ပြည်သူများ၏အသက်ကို ကယ်တင်နိုင်ရန် နောက်ကျခဲ့သည်။ လက်ရှိ အခြေအနေတွင် UNSC သည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းရာ၌ စစ်အင်အားဖြင့် အသုံးပြုဖြေရှင်းရန် အခွင့်ပေးခြင်း နည်းပါးလာသည်။ ဥပမာ - ဆီရီးယားတွင် ယခုလက်ရှိ ဖြစ်ပွားနေသော ပြည်တွင်းစစ်ကို စစ်ရေးအားဖြင့် ဝင်ရောက်ကူညီဖြေရှင်းပေးရန် မရွေးချယ်ခဲ့ခြင်းက နမူနာဖြစ်သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

နိုင်ငံရေးသည် UNSC ၏ လူ့အခွင့်အရေးကာကွယ်ခြင်းကို ရပ်တန့်သွားစေပါသလား။

အမြဲတမ်းအဖွဲ့ဝင် ၅ နိုင်ငံက ဗီတိုအာဏာသုံးစွဲခွင့်ရှိခြင်းကို အများက သိထားကြသည်။ အစ္စရေးနိုင်ငံနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များအတွက် အမေရိကန်ပြည်ထောင်စုမှ ဗီတိုအာဏာကို အမြဲသုံးသည်။ ထိုနည်းတူ ဆီရီးယားနှင့်ပတ်သက်သည့် အရေးကိစ္စများ ကိုင်တွယ်ဖြေရှင်းရန် တရုတ်နှင့် ရုရှားနိုင်ငံတို့က ဗီတိုအာဏာကို အမြဲသုံးသည်။ ထိုနိုင်ငံများက မိမိတို့၏မဟာမိတ်များကို ဗီတိုအာဏာဖြင့် ကူညီနိုင်သည်၊ သို့မဟုတ် ခက်ခဲသော လူ့အခွင့်အရေးဆိုင်ရာ မေးခွန်းများကို ရှောင်ရှားနိုင်သည်။ ထို့အပြင် ဗီတိုအာဏာသုံးစွဲရန် ဖြစ်နိုင်ခြေအလားအလာရှိသည့် ချေချင်ညာ (Chechnya) သို့မဟုတ် အွိုးဂါး (Uyghurs) ကဲ့သို့ ဖြစ်ရပ်အများအပြားသည် ဆွေးနွေးသည့်အဆင့်ကို ပင်မရောက်ခဲ့ပါ။ ဗီတိုအာဏာနှင့်ပတ်သက်ပြီး ဆွေးနွေးငြင်းခုံမှု အများအပြားရှိသည်။ ဒုတိယကမ္ဘာစစ်ပွဲတွင် အောင်နိုင်သူများဖြစ်သော အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများသာ ဗီတိုအာဏာသုံးစွဲခွင့်ရရှိပြီး အခြားအင်အားကြီးနိုင်ငံများတွင် အဆိုပါ အခွင့်အရေးမရရှိခြင်းကို တရားမျှတမှုမရှိဟု တစ်ဖက်တွင်ရှုမြင်ကြပြီး၊ အခြားတစ်ဖက်တွင် အမြဲတမ်းအဖွဲ့ဝင်များသည် ဒေသဆိုင်ရာ အင်အားကြီးနိုင်ငံများဖြစ်ပြီး၊ နိုင်ငံအများစုထက် ပဋိပက္ခများနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းသည့် လုပ်ငန်းများတွင် ပိုမိုတက်ကြွစွာ ပါဝင်ကြသည်။

မည်သို့ပင်ဖြစ်စေ ဗီတိုအာဏာကို အသုံးပြုခဲ့ကြသည်။ လွန်ခဲ့သော ဆယ်နှစ်အတွင်း (၁၄)ကြိမ်သာ ဗီတိုအာဏာကိုအသုံးပြုခဲ့ပြီး (၉) ကြိမ်မှာ ပါလက်စတိုင်း သို့မဟုတ် ဆီးရီးယားတို့နှင့် ပတ်သက်ခဲ့သည်။ ဤအခြေအနေကို အဆိုပါကာလအတွင်း ဆုံးဖြတ်ချက်ပေါင်း (၇၀၀) နီးပါးကို ဗီတိုအာဏာ

မသုံးဘဲ ချမှတ်ခဲ့သည်နှင့် နှိုင်းယှဉ်နိုင်ပါသည်။ ဆိုလိုသည်မှာ ဆုံးဖြတ်ချက်အားလုံး၏ (၂) ရာခိုင်နှုန်းကိုသာ ဗီတိုအာဏာသုံးခဲ့သည်။ ထို့အပြင် ရလဒ်အနေဖြင့် နိုင်ငံများသည် ဗီတိုအာဏာသုံးသည့် ဆုံးဖြတ်ချက်များကို မနှစ်သက်ကြပါ။ ကြိုးစားပြီး ရှောင်ရှားကြသည်။ ကောက်ချက်ချရလျှင် ကျယ်ပြန့်သော ထောက်ခံမှုမရသောကြောင့် နောက်ဆုံးဗီတိုအာဏာကို မဖြစ်မနေ သုံးရမည့်အချိန်မှသာ မလွဲရှောင်သာ၍ သုံးစွဲကြသည်။

မေးခွန်း။ ။လူ့အခွင့်အရေးကို ကာကွယ်ပေးခြင်းနှင့်စပ်လျဉ်း၍ ဗီတိုအာဏာသည် UNSC ကို တားဆီးထားပါသလား။

ပဋိပက္ခအခြေအနေများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို UNSC သည် တုံ့ပြန်အရေးယူဆောင်ရွက်နိုင်ပါသည်။ ဥပမာ - ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့များကို ချထားပေးခြင်း၊ အင်အားသုံးခြင်းကို တရားဝင်ခွင့်ပြုပေးကခြင်း သို့မဟုတ် နိုင်ငံတစ်နိုင်ငံ၌ စစ်ပွဲမှငြိမ်းချမ်းရေးသို့ ပြောင်းလဲသည့်ဖြစ်စဉ်ကို တာဝန်ယူစီမံပေးမည့် အသွင်ကူးပြောင်းရေး ကာလအာဏာပိုင်အဖွဲ့များကိုထူထောင်ပေးခြင်းတို့ဖြစ်သည်။ လူမျိုးတုံးသတ်ဖြတ်မှုများတွင် ပါဝင်ခဲ့သူများ၊ စစ်ရာဇဝတ်ကောင်များ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများကို နိုင်ငံတကာ ရာဇဝတ်မှုတရားရုံးသို့ လွှဲပြောင်းပေးခြင်းဖြင့် UNSC သည် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးနိုင်သည်။ နောက်ပိုင်းအခန်းတစ်ခန်းတွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း ပဋိပက္ခများအတွင်းဖြစ်ပွားခဲ့သော ဆိုးရွားသည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးနိုင်ရန် ICC သို့ အမိန့်ပေးနိုင်သည့် အာဏာသည် UNSC တွင်ရှိသည်။ ဖြစ်နိုင်လျှင် လူတစ်ဦး၊ စစ်တပ် သို့မဟုတ် အစိုးရတစ်ရပ်က လက်နက်ကိုင်ပဋိပက္ခတစ်ခုတွင် မည်မျှအထိ လုပ်ပိုင်ခွင့်အတိုင်းအတာရှိသည်ကို အကန့်အသတ်ဖြင့် ထိန်းနိုင်ရန်ထားသော အစီအမံလည်းဖြစ်သည်။ အန္တရာယ်ကျရောက်နိုင်သော အစုအဖွဲ့များကို ကာကွယ်ပေးရာတွင် တိုးတက်ကောင်းမွန်လာစေရန် သို့မဟုတ် တိုးတက်ကောင်းမွန် အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်းကို အသိအမှတ်ပြုသည့် ဆုံးဖြတ်ချက်များ ချမှတ်ပေးခြင်းဖြင့် UNSC သည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်သည်။ ဥပမာ - ပဋိပက္ခဖြစ်ပွားရာဒေသအတွင်းရှိ အမျိုးသမီးများကို ကာကွယ်ပေးသည့် ဆုံးဖြတ်ချက်များ (အသေးစိတ်ကို အောက်တွင်ပါရှိသော ဘောင်ခတ်ထားသောနေရာတွင် ဖော်ပြထားသည်)၊ ကလေးစစ်သား (အဆိုပါ ခေါင်းစဉ်အောက်တွင် ဆုံးဖြတ်ချက်အများအပြားရှိသည့်အနက် ဆုံးဖြတ်ချက်အမှတ် (၁၂၆၁)သည် ကလေးစစ်သားနှင့် ပတ်သက်ပြီး၊ ဆုံးဖြတ်ချက်အမှတ် (၁၆၁၂)သည် အစီရင်ခံစာတင်သွင်းရမည့်နည်းလမ်းဖြစ်သည်) နှင့် လက်နက်ကိုင်ပဋိပက္ခတစ်ခုအတွင်း ဖမ်းဆီးခြင်းခံရသော အရပ်သားများ (အဆိုပါ ခေါင်းစဉ်အောက်ရှိ ဆုံးဖြတ်ချက်အများအပြားရှိသည့်အနက် ဆုံးဖြတ်ချက်အမှတ် (၁၂၆၅)သည် အရပ်သားများကို အကာအကွယ်ပေးရန်နှင့် ဆုံးဖြတ်ချက်အမှတ် (၁၂၇၄) သည် ဒီမိုကရေစီ နည်းလမ်းများမှတစ်ဆင့် ပဋိပက္ခဖြစ်ပွားမှုကို တားဆီရန်ဖြစ်သည်)။

မှတ်သားဖွယ်ရာ

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ နှင့် License to Rape အစီရင်ခံစာ

သက္ကရာဇ် ၂၀၀၀ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ကို ကန့်ကွက်သူမရှိ ချမှတ်ခဲ့သည်။ အဆိုပါဆုံးဖြတ်ချက်က လက်နက်ကိုင်ပဋိပက္ခအတွင်း ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်းအားလုံးသည် ၁၉၄၉ ခု ဂျနီဗာကွန်ဗန်းရှင်းအရ လိုက်နာရန်တာဝန်ရှိသောဥပဒေများ အထူးသဖြင့် အရပ်သားအမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အကာအကွယ်ပေးသည့် သက်ဆိုင်ရာ နိုင်ငံတကာဥပဒေများကို လေးစားလိုက်နာရန် တိုက်တွန်းထားသည်။

ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ က ဖြေရှင်းထားသည့် အဓိကပြဿနာ (၄)ရပ်မှာ - (၁) ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် အမျိုးသမီးကိုယ်စားလှယ်များ ပိုမိုပါဝင်ခွင့်ရရှိရေး၊ (၂) အမျိုးသမီးများအတွက် တိကျသောကာကွယ်စောင့်ရှောက်မှု လိုအပ်ချက်များကို အာရုံစိုက်အလေးထားခြင်း၊ (၃) ပဋိပက္ခလွန်ကာလ စေ့စပ်ညှိနှိုင်းမှုတွင် ကျား/မရေးရာ ရှုမြင်မှုများထည့်သွင်းရန် အရေးကြီးမှုနှင့် (၄) ကျား/မရေးရာ ထိခိုက်မခံသောကိစ္စရပ်များကို သင်တန်းပေးရန် အရေးကြီးမှုတို့ ပါဝင်သည်။

ပဋိပက္ခအတွင်း အမျိုးသမီးများ အကြမ်းဖက်ခြင်းခံနေရခြင်းများ ဆက်လက်ဖြစ်ပွားနေဆဲ အခြေအနေနှင့် ပဋိပက္ခအလွန် ဖွံ့ဖြိုးရေးကာလများတွင် အမျိုးသမီးများ ခွဲခြားဆက်ဆံခံနေရသည်ကို ကြည့်ပါ။ ထိုဆုံးဖြတ်ချက်အမှတ် ၁၃၂၅ မှာ မအောင်မြင်သေးဟု အပေါ်ယံအားဖြင့် ယူဆစရာဖြစ်သည်။ သို့သော်လည်း ယခုအခါ UNSC ၏ ဆွေးနွေးမှုအစီအစဉ်များတွင် အမျိုးသမီးများ၏ လုံခြုံရေးသည် အဓိကခေါင်းစဉ်ဖြစ်လာသည်။ ပဋိပက္ခဖြစ်သောအခြေအနေများတွင် အမျိုးသမီးများ အကာအကွယ်ရရှိလာစေရန် လုပ်ဆောင်ရမည့်အရာ အများအပြားရှိနေပါသေးသည်။ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ နှင့် စစ်ပွဲအတွင်းအဓမ္မပြုကျင့်မှုကို လက်နက်အဖြစ် အသုံးချခြင်းကဲ့သို့ပြဿနာများကို ဖြေရှင်းသည့်နောက်ဆက်တွဲဆုံးဖြတ်ချက်များ (ဆုံးဖြတ်ချက်အမှတ် ၁၈၂၀) က အဆိုပါနယ်ပယ်တွင် တိုးတက်မှုများရှိနေသည်ကို ပြသနေသည်။

ဥပမာ။ ။မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး၊ ၁၉၄၉ ခုနှစ် ဂျနီဗာကွန်ဗင်းရှင်းများကို လက်မှတ်ရေးထိုးခဲ့သော နိုင်ငံဖြစ်သော်လည်း၊ ရှမ်းလူ့အခွင့်ရေး ဖောင်ဒေးရှင်းနှင့် ရှမ်းအမျိုးသမီးရေးလှုပ်ရှားမှုကွန်ယက်တို့၏ ၂၀၀၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော License to Rape အစီရင်ခံစာက မြန်မာအစိုးရသည် ၎င်း၏တပ်များအတွင်း၌ ထိုဥပဒေများ အသက်ဝင်နေအောင် လုပ်ဆောင်ခဲ့ခြင်းမရှိဟု ဖော်ပြခဲ့သည်။ ၁၉၉၆ မှ ၂၀၀၁ ခုနှစ်အတွင်းကာလတွင် မြန်မာစစ်တပ်က တမင်တကာ စနစ်ကျနစွာစီစဉ်ကာ အမျိုးသမီးများကို အဓမ္မပြုကျင့်မှုများ ကျယ်ပြန့်စွာရှိနေခြင်းကို ထိုအစီရင်ခံစာတွင် အသေးစိတ်ဖော်ပြခဲ့သည်။ ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားလူနည်းစုများကို ဖိနှိပ်အုပ်ချုပ်မှုများ၊ အကြမ်းဖက်မှုများကို ကျူးလွန်ခဲ့သော်လည်း ထိုရာဇဝတ်မှုများကြောင့် အပြစ်ပေးခံရခြင်းမရှိခဲ့ပေ။ ဆုံးဖြတ်ချက် ၁၃၂၅ နှင့် ၁၈၂၀ တို့တွင် ဖော်ပြထားသည့်အတိုင်း မြန်မာစစ်တပ်က အမျိုးသမီးများကို ကာကွယ်ပေးခြင်းမရှိခဲ့ကြောင်းကို ဤအစီရင်ခံစာတွင် ရှင်းလင်းစွာဖော်ပြထားသည်။

ကုလသမဂ္ဂ အထွေထွေညီလာခံ

ကုလသမဂ္ဂအထွေထွေညီလာခံသည် ကုလသမဂ္ဂ၏ အဓိကကိုယ်စားပြုအဖွဲ့အစည်းဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအားလုံး (၂၀၁၄ ခုနှစ်အထိ ၁၉၃ နိုင်ငံ) တွေ့ဆုံနိုင်သော နေရာတစ်ခုလည်း ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများသည် နှစ်စဉ် စက်တင်ဘာလတွင် ၃ လ မှ ၄ လအထိ စုဝေးတွေ့ဆုံပြီး ကုလသမဂ္ဂနှင့်ပတ်သက်သည့်ကိစ္စရပ်များ အားလုံးကိုဆွေးနွေးကြသည်။ ဆွေးနွေးကြသော ခေါင်းစဉ်များမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးမှအစ စီးပွားရေးနှင့် ပညာရေးတို့အထိဖြစ်ပြီး အခြားသော ကုလသမဂ္ဂလှုပ်ရှားမှုများလည်း ပါဝင်သည်။ ကုလသမဂ္ဂအထွေထွေညီလာခံသည် လူ့အခွင့်အရေးကိစ္စရပ်များကို နည်းလမ်းများစွာဖြင့် ဩဇာလွှမ်းမိုးနိုင်သည်။ ကုလသမဂ္ဂ အထွေထွေညီလာခံသည် လူ့အခွင့်အရေးကိစ္စရပ်များအပေါ် ဆုံးဖြတ်ချက်များချမှတ်နိုင်သည်။ သို့သော် ကုလသမဂ္ဂလုံခြုံရေးကောင်စီကဲ့သို့ တရားဥပဒေအရလိုက်နာရမည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည့် အခွင့်အာဏာမရှိသောကြောင့် ထိုဆုံးဖြတ်ချက်များကို အကြံပြုချက်များအဖြစ်သာ ပို၍ သဘောထားကြသည်။ ထိုဆုံးဖြတ်ချက်များသည် ကုလသမဂ္ဂက လူ့အခွင့်အရေးများကို မည်ကဲ့သို့ တိုးတက်ကောင်းမွန်စေရန် လုပ်ဆောင်မည်၊ မည်ကဲ့သို့ကာကွယ်မည် စသည်ဖြင့် အဆိုပြုနိုင်ပြီး၊ ဆွေးနွေးသောအကြောင်းအရာများမှာ စိန်တူးဖော်ရရှိမှုကိုအကြောင်းပြု၍ ဖြစ်ပွားရသော စစ်ပွဲများ၊ ကြေးစားစစ်သားများမှသည် သေဒဏ်အပြစ်ပေးမှုကို ပယ်ဖျက်စေခြင်းတို့အထိ အမျိုးမျိုးဖြစ်နိုင်သည်။ ဆုံးဖြတ်ချက်များကို အားလုံးက တညီတညွတ်တည်း ထောက်ခံမှုဖြင့် အတည်ပြုခြင်းက ပို၍များသော်လည်း၊ အချို့သော ထိလွယ်ရှလွယ်သော ဆုံးဖြတ်ချက်များကိုမူ မဲခွဲဆုံးဖြတ်ပြီး တတ်ရောက်သူများ၏ သုံးပုံနှစ်ပုံက အတည်ပြုရန်လိုအပ်သည်။ UNGA သည် လူ့အခွင့်အရေး လွန်စွာချိုးဖောက်သော မှတ်တမ်းရှိသည့် နိုင်ငံများကို ဝေဖန်သည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းဖြင့် အရှက်ရအောင်ပြုလုပ်နိုင်သည်။ ထိုနည်းတူစွာပင် UNSC သို့မဟုတ် အခြားသော ကုလသမဂ္ဂအဖွဲ့အစည်းများကို လူ့အခွင့်အရေး လွန်စွာချိုးဖောက်သော မှတ်တမ်းရှိသည့် နိုင်ငံများ၏ လှုပ်ရှားမှုများအပေါ် သုတေသနများ သို့မဟုတ် အခြားလုပ်ဆောင်ချက်များပြုလုပ်ရန် တောင်းဆိုနိုင်သည်။ နောက်ဆုံးအနေဖြင့် ကုလသမဂ္ဂညီလာခံသည် လူ့အခွင့်အရေးစာချုပ်များကို အတည်ပြုရန်နေရာလည်းဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများ လက်မှတ်ရေးထိုးရာ နေရာလည်းဖြစ်သည်။ ထို့ကြောင့် UNGA သည် UNSC ကဲ့သို့ အာဏာမရှိသော်လည်း၊ လူ့အခွင့်အရေးဆိုင်ရာ မူဝါဒများအပေါ် နိုင်ငံတကာအဆင့်တွင် ဩဇာလွှမ်းမိုးနိုင်စွမ်း၊ လမ်းညွှန်နိုင်စွမ်း ရှိသည်။

နိုင်ငံတကာတရားရုံး

နိုင်ငံတကာတရားရုံး (ICJ) ကို တစ်ခါတစ်ရံတွင် ကမ္ဘာ့တရားရုံးဟုလည်း ခေါ်ကြသည်။ ICJ သည် နိုင်ငံတကာဥပဒေများကို ကိုင်တွယ်ဖြေရှင်းရန် တာဝန်ရှိပြီး နိုင်ငံတကာဥပဒေများကို မည်ကဲ့သို့ နားလည်ရမည်၊ မည်ကဲ့သို့စီရင်ဆုံးဖြတ်ရမည်ကို အဆုံးအဖြတ်ပေးရာတွင် အဓိကကျသည်။ ထိုလုပ်ငန်းများကို နည်းလမ်းနှစ်သွယ်ဖြင့် လုပ်ဆောင်နိုင်သည်။ နံပါတ်တစ်၊ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခု (ဥပမာ - ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အထွေထွေညီလာခံ) က မေးမြန်းလာသော မေးခွန်းတစ်ခုကို ပြန်လည်ဖြေကြားသည့်အနေဖြင့် အကြံပြုထင်မြင်ချက်များကို ထုတ်ပြန်နိုင်သည်။ နံပါတ်နှစ်၊ နိုင်ငံများအကြား အငြင်းပွားမှုတစ်ခုကို ဖြေရှင်းပေးနိုင်သည်။ နှစ်ပေါင်း ၉၀ ကျော် ရှည်ကြာသောသမိုင်းကြောင်းရှိသည့် နိုင်ငံတကာ တရားရုံး (မူလက နိုင်ငံပေါင်းချုပ်

အဖွဲ့ချုပ်ကြီး၏ အမြဲတမ်း နိုင်ငံတကာတရားရုံးဖြစ်သည်။) သည် လူ့အခွင့်အရေးဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ခဲ့လှသည်။ ဒုတိယကမ္ဘာစစ်ကြီးကတည်းက အဆိုပါတရားရုံးသည် အမှုပေါင်း ၁၆၀ ခန့်ကို ဆုံးဖြတ်ချက်ချခဲ့ပြီး ထိုအမှုများထဲမှ သုံးပုံတစ်ပုံခန့် (ထိုပမာဏမှာ မည်သို့ရေတွက်သည်ဟူသောပုံစံပေါ်တွင် မူတည်သည်။)သည် လူ့အခွင့်အရေးပြဿနာများကို စစ်ဆေးခဲ့သည်။ သို့သော်လည်း UNSC နည်းတူပင်၊ ICJ သည် လူ့အခွင့်အရေးနယ်ပယ်တွင် မကြာသေးခင်ကပိုမိုတက်ကြွစွာ လုပ်ဆောင်လာပါသည်။ သို့သော်လည်း ICJ သည် လူ့အခွင့်အရေးကိစ္စများနှင့် များစွာမပတ်သက်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ICJ ၏ ရှာဖွေတွေ့ရှိချက် တော်တော်များများ (ဥပမာ လူ့အခွင့်အရေးစာချုပ်များကို လက်မှတ်ထိုးထားသော်လည်း စာချုပ်၏ အချို့အစိတ်အပိုင်းများကို ဥပဒေအဖြစ် အသက်သွင်းခြင်းမရှိဘဲ ချန်လှပ်ထားနိုင်မှုမှာ တရားဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိဟူသောအချက်များ)က လူ့အခွင့်အရေးကို မည်ကဲ့သို့နားလည်မည်၊ မည်ကဲ့သို့ကာကွယ်မည် စသည့် အချက်များအပေါ်တွင် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိခဲ့သောကြောင့်ဖြစ်သည်။

ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့်အပေါ် ၎င်း၏ဆုံးဖြတ်ချက်များက လူ့အခွင့်အရေးအပေါ် နားလည်မှုကို ICJ က ပံ့ပိုးဖြည့်ဆည်းပေးသည်။ ၁၉၉၅ တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ရသော ဖြစ်ရပ်တစ်ခုတွင် အရှေ့တီမောနယ်မြေအတွင်း သဘာဝဓာတ်ငွေ့လုပ်ကွက်များကို လုပ်ပိုင်ခွင့်ရရှိရေးနှင့် ပတ်သက်ပြီး ဩစတြေးလျက အင်ဒိုနီးရှားနှင့် သဘောတူစာချုပ် ချုပ်ဆိုမှုကို ကန့်ကွက်သည့်ဖြစ်ရပ်တစ်ခု ပေါ်တူဂီ (အရှေ့တီမောကို ကိုလိုနီပြုအုပ်ချုပ်သူ)က ICJ သို့ ယူဆောင်လာခဲ့ဖူးသည်။ ဓာတ်ငွေ့သိုက်မှရရှိသော အကျိုးအမြတ်များကို ဩစတြေးလျမှ မရသင့်ဘဲ အရှေ့တီမော(နှင့် ပေါ်တူဂီ) ပြည်သူများ ရပိုင်ခွင့်ရှိသည်ဟု အရေးဆိုခဲ့သည်။ လူ့အခွင့်အရေးနှင့်ပတ်သက်သော အခြားဖြစ်ရပ်တစ်ခုမှာ ပါလစ္စတိုင်းနယ်မြေ ပတ်ပတ်လည်တွင် အစ္စရေးတို့က တံတိုင်းကာရံခြင်းမှာ တရားဝင်မဝင် ဆိုသောကိစ္စဖြစ်သည်။ အဆိုပါ တံတိုင်းကာထားခြင်းသည် လွတ်လပ်စွာသွားလာခွင့် အပါအဝင် နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းအများအပြားကို ချိုးဖောက်သည်ဟု တွေ့ရှိခဲ့သည်။ ယူဂိုဆလားဗီးယားလူမျိုးတုံးသတ်ဖြတ်မှု၊ ကွန်ဂိုစစ်ရာဇဝတ်မှု၊ နယူးကလီးယားလက်နက်များ၏ တရားဝင်မှု စသည့် အလွန်အရေးကြီးသော ကိစ္စများလည်း ရှိခဲ့သည်။ အရှေ့တောင်အာရှဒေသတွင် လည်းနယ်မြေတောင်းဆိုမှု ပြဿနာများ ဖြေရှင်းရာတွင် ICJ က တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့မှုများရှိသည်။ ဥပမာအားဖြင့် ထိုင်းနှင့် ကမ္ဘောဒီးယားနယ်စပ်ရှိ ဘုရားကျောင်းမြေ ပိုင်ဆိုင်မှုကိစ္စ (ထိုင်းက ပရာဗီဟန်းခေါ်ပြီး ကမ္ဘောဒီးယားက ပရာခ်ိဗီဟာဟု ခေါ်သည်)၊ မလေးရှားနှင့် အင်ဒိုနီးရှားအကြားနှင့် မလေးရှားနှင့်စင်ကာပူအကြားကျွန်းများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကိစ္စ အငြင်းပွားမှုများ ဖြစ်ကြသည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရုံး

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရုံးသည် ကမ္ဘာ့ကုလသမဂ္ဂကို စီမံခန့်ခွဲရသည့် အဖွဲ့အစည်းဖြစ်သည်။ ကုလသမဂ္ဂလုပ်ငန်းများကို ချောမွေ့စွာ လည်ပတ်နိုင်ရန် အကူအညီပေးရာတွင် အောက်ခြေတာဝန်များဖြစ်သော အခန်းများကို သန့်ရှင်းရေးလုပ်ဆောင်ပေးခြင်းမှသည် စိန်ခေါ်မှုပိုမိုကြီးမားသော လုပ်ငန်းတာဝန်များဖြစ်သည့် ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့များကို အတူတကွထားရှိခြင်းအလုပ်များအထိ ပါဝင်သည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရုံးကို

ကုလသမဂ္ဂကို ဦးဆောင်ရန် ရွေးချယ်ခန့်အပ်ထားသော အထွေထွေအတွင်းရေးမှူးချုပ် (UNSG) မှ စီမံခန့်ခွဲပါသည်။ ယခုလက်ရှိ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်မှာ တောင်ကိုရီးယား နိုင်ငံသား ဘန်ကီမွန်းဖြစ်ပါသည်။ ယခင် UNSG ဟောင်းတစ်ယောက်မှာ အရှေ့တောင်အာရှမှ ဖြစ်ပြီး၊ မြန်မာနိုင်ငံသားတစ်ဦးဖြစ်သည့် ဦးသန့်သည် အတွင်းရေးမှူးချုပ်တာဝန်ကို ၁၉၆၁ မှ ၁၉၇၁ ထိ တာဝန်ယူခဲ့သူဖြစ်သည်။ လူ့အခွင့်အရေးကိစ္စရပ်များတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏တာဝန်မှာ အမျိုးမျိုးအပြားပြား ရှိနိုင်ပါသည်။ အချို့သော အတွင်းရေးမှူးချုပ်များက သိသာထင်ရှားသော အကျိုးရလဒ်များ ချန်ရစ်နိုင်ခဲ့ပါသည်။ ဥပမာ - ကိုဖီအာနန်သည် ကမ္ဘာ့ကုလသမဂ္ဂ၏ ပြုပြင်ပြောင်းလဲမှုများကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်ခဲ့သည်။ ၎င်း၏ ပြုပြင်ပြောင်းလဲမှုများသည် လူ့အခွင့်အရေးအခန်းကဏ္ဍတွင် အပြုသဘောဆောင်သော အကျိုးကျေးဇူးများ ဖြစ်စေခဲ့သည်။ လူ့အခွင့်အရေးကော်မရှင်က လူ့အခွင့်အရေးကောင်စီအဖြစ်သို့ ပြောင်းလဲရာတွင် ကိုဖီအာနန်မှာ အရေးကြီးသော အားတစ်ခုဖြစ်ခဲ့သည် (နောက်အခန်းတွင် အသေးစိတ်ကြည့်ပါ)။ ကိုဖီအာနန်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးကိစ္စ၊ ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး စသည့် ကဏ္ဍများအစရှိသည်ဖြင့် အပြန်အလှန်ဆက်စပ်နေကြသော ကဏ္ဍအသီးသီးတွင် လူ့အခွင့်အရေးကိုပါ အဓိကထည့်သွင်းစဉ်းစားဆောင်ရွက်ကြစေရေးအတွက် အားကောင်းသော စည်းရုံးလှုံ့ဆော်သူတစ်ဦးလည်း ဖြစ်ခဲ့သည်။ ယခင် အထွေထွေအတွင်းရေးမှူးချုပ်များကမူ လူ့အခွင့်အရေးကိစ္စများနှင့်ပတ်သက်၍ ကိုဖီအာနန်လောက် တက်ကြွကာ ကမကထပြု ဦးဆောင်နိုင်ခဲ့ခြင်း မရှိခဲ့ပေ။

လူ့အခွင့်အရေးများနှင့်ပတ်သက်ပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တွင်ရှိသော အာဏာတစ်ခုမှာ လူ့အခွင့်အရေးဆိုင်ရာစိုးရိမ်မှုများကို အတွင်းရေးမှူးချုပ်ထံ အစီရင်ခံရန် အထူးကိုယ်စားလှယ်များကို ခန့်အပ်တာဝန်ပေးခြင်းပင်ဖြစ်သည်။ ထိုအထူးကိုယ်စားလှယ်များသည် အကြောင်းအရာအလိုက်သော်လည်းကောင်း၊ ပထဝီအနေအထားအရသော်လည်းကောင်း၊ လူ့အခွင့်အရေးကိစ္စရပ်များကို ၎င်းတို့ရရှိထားသည့် အခွင့်အာဏာအပေါ်မူတည်၍ ဦးတည်ဆောင်ရွက်ရသည်။ ယင်းအထူးကိုယ်စားလှယ်တို့သည် ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုယ်စား လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်ရသည်။ ထို့အတူပင် စေ့စပ်ညှိနှိုင်းမှုများကို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးရသည်။ မြန်မာနိုင်ငံအတွက် အစီရင်ခံစာများတင်ပြရန် ခန့်အပ်တာဝန်ပေးထားသော အထူးကိုယ်စားလှယ်တစ်ဦး ရှိသည်။

စီးပွားရေးနှင့်လူမှုရေးကောင်စီ

ECOSOC နှင့်သက်ဆိုင်သော အဓိကနယ်ပယ်မှာ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်သော်လည်း အဆိုပါကောင်စီသည် လူ့အခွင့်အရေးကို စီမံခန့်ခွဲမည့် အဖွဲ့အစည်းများကို တည်ထောင်ပေးနိုင်သည်။ အရေးကြီးဆုံးသော အဖွဲ့အစည်းမှာ လူ့အခွင့်အရေးကော်မရှင် ဖြစ်သည်။ ထိုကော်မရှင်နှင့်အတူ လူ့အခွင့်အရေးများကိုလုပ်ဆောင်ရန် အမျိုးသမီးရေးရာကော်မရှင်နှင့် ဌာနေတိုင်းရင်းသားများရေးရာ အမြဲတမ်းဖိုရမ်တို့လည်းပါသည်။ လာမည့်အခန်းတွင် လူ့အခွင့်အရေးကော်မရှင် (၂၀၀၆ ခုနှစ်တွင် လူ့အခွင့်အရေးကောင်စီဖြင့် အစားထိုးခဲ့သည်) အကြောင်းကို ဆွေးနွေးသွားမည်ဖြစ်သည်။

အခြားအဖွဲ့အစည်းများ

ကုလသမဂ္ဂတွင် လူ့အခွင့်အရေးကိစ္စရပ်များကို လုပ်ဆောင်သော အစီအစဉ်များနှင့် ရန်ပုံငွေအများအပြားရှိသည်။ စာရင်းမှာ အလွန်များပြားလွန်း၍ မဖော်ပြတော့ပါ။ သို့သော် ပို၍ အရေးကြီးသော အဖွဲ့အစည်းအချို့မှာ -

- ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)။ ။ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့သည် ၁၉၄၆ ခုနှစ်တွင် တည်ထောင်ခဲ့သော ကုလသမဂ္ဂအေဂျင်စီတစ်ခုဖြစ်ပြီး နယူးယောက်မြို့တွင် အခြေစိုက်သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် ကလေးသူငယ်များကို ကူညီရန် ရည်ရွယ်ချက်ဖြင့် စတင်တည်ထောင်ခဲ့ပြီး၊ အဖွဲ့၏လုပ်ငန်းများမှာ ကျန်းမာရေး၊ ပညာရေးနှင့် ကလေးသူငယ်အခွင့်အရေး စသည်ဖြင့် လုပ်ငန်းအမျိုးမျိုးဆောင်ရွက်သည်။

- ကုလသမဂ္ဂ အမျိုးသမီးအဖွဲ့ (UN-Women)။ ။ ကုလသမဂ္ဂ အမျိုးသမီးအဖွဲ့ (ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများစွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် ဆောင်ရွက်သော ကုလသမဂ္ဂအဖွဲ့အစည်း)သည် အမျိုးသမီးများအတွက် ကုလသမဂ္ဂဖွံ့ဖြိုးရေးရံပုံငွေ (UNIFEM) နှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန (DAW) ကဲ့သို့ ကုလသမဂ္ဂဆိုင်ရာ အမျိုးသမီးအဖွဲ့များမှ ပေါ်ထွက်လာသော အဖွဲ့အစည်းအသစ်ဖြစ်သည်။ အဆိုပါအဖွဲ့သည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆန့်ကျင်ရေး၊ ငြိမ်းချမ်းရေး၊ ခေါင်းဆောင်မှုနှင့်စီးပွားရေး စွမ်းဆောင်ရည်မြှင့်တင်ခြင်းကဲ့သို့ လူပ်ရှားမှုများမှတစ်ဆင့် အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေးကို အထူးပြုဆောင်ရွက်သည်။

- ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)။ ။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးကို ကမ္ဘာတဝန်းရှိ ဒုက္ခသည်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်အတွက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးမှ ၁၉၅၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ အခန်း (၁၁)တွင် ဆွေးနွေးထားသည့်အတိုင်း UNHCR တွင် ဒုက္ခသည်အခွင့်အရေးများကို ကာကွယ်ပေးရန်နှင့် တိုးတက်ကောင်းမွန်စေရန် လုပ်ဆောင်သည့် လူပ်ရှားမှု အများအပြား ရှိသည်။

မှတ်သားဖွယ်ရာ

ကုလသမဂ္ဂ၏စဉ်ဆက်မပြတ်လူပ်ရှားမှုများကိုသုံးသပ်ခြင်း

ဤအခန်းတွင် ရှင်းလင်းဆွေးနွေးထားသည့်အတိုင်းပင် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးနှင့်ပတ်သက်သော ဖွဲ့စည်းပုံယန္တရားများသည် အမြဲတမ်းလိုလို အသစ်ပေါ်ထွက်လာမှုများ၊ ပြင်ဆင်ပြောင်းလဲမှုများနှင့် ပြည့်နှက်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ဤအခန်းရှိ သတင်းအချက်အလက်များသည် ၂၀၁၄ ခုနှစ် နှစ်လယ်ပိုင်းအထိ ကမ္ဘာ့ကုလသမဂ္ဂ၏ဖြစ်စဉ်များအကြောင်းကို လေ့လာထားပါသည်။ သို့သော် ထိုကာလများအတွင်းမှာပင် ကလေးသူငယ်များနှင့်ပတ်သက်သော ဆက်သွယ်ဆောင်ရွက်မှုနှင့် တိုင်ကြားမှုများအတွက် နည်းလမ်းအသစ်များပေါ်ထွက်လာခြင်း၊ လူ့အခွင့်အရေးကောင်စီ ရွေးကောက်ပွဲများ၊ ရွှေ့ပြောင်းအလုပ်သမားများစာချုပ် အဖွဲ့အစည်း၏ ပထမဦးဆုံးကြားနာ စစ်ဆေးမှု၊

ဘာသာရေး၊ အစဉ်အလာယဉ်ကျေးမှု၊ လိင်မှုရေးရာပြဿနာများနှင့် စီးပွားဖြစ် ပြည့်တန်ဆာလုပ်ငန်းများစသည့် ခေါင်းစဉ်များနှင့်ပတ်သက်ပြီး ကုသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများမှ ဆွေးနွေးငြင်းခုံနေကြသည်။

လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းသည် မကြာသေးခင်ကာလမှစ၍ နိုင်ငံတကာအတိုင်းအတာအားဖြင့် ပေါ်ပေါက်လာခြင်းဖြစ်ရာ ဖွံ့ဖြိုးတိုးတက်ရန် ရှေ့ဆက်လုပ်ဆောင်စရာများ ရှိနေပါသေးသည်။ ဤအခန်းတွင် ယခုအချိန်ထိ ဖြစ်ပျက်ခဲ့ပြီးသား ကိစ္စရပ်အချို့ကို အထူးပြု ဖော်ပြသွားမည်ဖြစ်သည်။ သို့သော်လည်း သတင်းအချက်အလက်များသည် အလျင်အမြန် ပြောင်းလဲနေသည်ကို စာဖတ်သူကျောင်းသားများ သတိပြုရမည်ဖြစ်သည်။ ထို့အပြင် ကုလသမဂ္ဂ၏ လှုပ်ရှားမှုများကို အမီလိုက်နိုင်ရန်မှာ ကုလသမဂ္ဂတွင် ဖြစ်ရပ်များနှင့်ပတ်သက်သော အစီရင်ခံစာတင်သွင်းကြသည့် အဖွဲ့အစည်းများကို မျက်ခြည်မပြတ် လေ့လာရန် လိုအပ်ပြီး၊ ကုလသမဂ္ဂ သတင်းမီဒီယာ၊ ISHR ကဲ့သို့ လူ့အခွင့်အရေးနှင့်ပတ်သက်သော အန်ဂျီအိုများ သို့မဟုတ် OHCHR အင်တာနက်စာမျက်နှာကို ပုံမှန်စောင့်ကြည့်လေ့လာခြင်းတို့မှတစ်ဆင့် သိရှိနိုင်ပါသည်။

၅.၂ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ

ကုလသမဂ္ဂလက်အောက်ခံ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများကို အများအားဖြင့် အမျိုးအစား ၂ ခု ခွဲနိုင်သည်။ (၁) ပဋိညာဉ်စာချုပ်အဖွဲ့အစည်းများ (ကုလသမဂ္ဂပဋိညာဉ်စာချုပ်အရ တည်ထောင်ထားသည့်အဖွဲ့များ)၊ (၂) သဘောတူစာချုပ်အဖွဲ့အစည်းများ (လူ့အခွင့်အရေးစာချုပ်များနှင့်ဆက်နွယ်သောအဖွဲ့များ)တို့ ဖြစ်သည်။ ထိုအဖွဲ့အစည်းအမျိုးအစားနှစ်ခုစလုံးတွင် မတူညီသောအဖွဲ့စည်းမှုများနှင့် ရည်ရွယ်ချက်များရှိသောကြောင့် ခွဲခွဲခြားခြားသိရှိရန်လိုအပ်သည်။ အရေးကြီးဆုံးသော ခြားနားမှုက်မှာ ပဋိညာဉ်စာချုပ်အဖွဲ့များသည် ၎င်းတို့၏လုပ်ပိုင်ခွင့်အာဏာကို ပဋိညာဉ်စာချုပ်အရ ရရှိထားခြင်းဖြစ်သည်။ (ပဋိညာဉ်စာချုပ်ကို အခန်း ၃ တွင် အကျဉ်းမျှ ဖော်ပြထားသည်။) ထို့ကြောင့် ပဋိညာဉ်စာချုပ်ကို လိုက်နာရသော ကုလသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံများ အားလုံးနှင့် သက်ဆိုင်မှုရှိသည်။ သဘောတူစာချုပ်အဖွဲ့အစည်းများသည် လူ့အခွင့်အရေးစာချုပ်များကို အတည်ပြု လက်မှတ်ရေးထိုးထားသော နိုင်ငံများနှင့်သာသက်ဆိုင်သည်။ စာချုပ်တစ်ခုစီတွင် ကိုယ်ပိုင်အဖွဲ့အစည်းရှိကြပြီး လုပ်ငန်းများကို သီးခြားလုပ်ဆောင်သည်။ ဤအခန်းတွင် သဘောတူစာချုပ်ဆိုင်ရာအဖွဲ့များကို မလေ့လာမီ အဓိကကျသော ပဋိညာဉ်စာချုပ်အဖွဲ့များကို ပထမဦးဆုံး လေ့လာမည်ဖြစ်သည်။

ဇယား ၅.၂ ပဋိညာဉ်စာချုပ်အဖွဲ့အစည်းများနှင့် သဘောတူစာချုပ်အဖွဲ့အစည်းများအကြား အဓိကခြားနားချက်များ

	ပဋိညာဉ်စာချုပ်အဖွဲ့အစည်းများ	သဘောတူစာချုပ်အဖွဲ့အစည်းများ
စတင်တည်ထောင်သူ	ကုလသမဂ္ဂပဋိညာဉ်စာချုပ်	လူ့အခွင့်အရေးသဘောတူစာချုပ်
နယ်ပယ်	ပဋိညာဉ်စာချုပ်ပါလူ့အခွင့်အရေး	လူ့အခွင့်အရေးစာချုပ်တွင် ဖော်ပြထားသော လူ့အခွင့်အရေးများ
လိုက်နာရမည့်နိုင်ငံများ	ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ	စာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးထားသော နိုင်ငံများ
အဖွဲ့ဝင်နိုင်ငံများကို စစ်ဆေးသည့် နည်းလမ်းများ	အထူးလုပ်ထုံးလုပ်နည်းများ - အထူးစုံစမ်းစစ်ဆေးရေးအရာရှိများ၊ ကမ္ဘာလုံးဆိုင်ရာ ပုံမှန် ပြန်လည်သုံးသပ်ခြင်း၊ တိုင်ကြားစာ တင်သွင်းခြင်း	နိုင်ငံများ၏ အစီရင်ခံစာများ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ တိုင်ကြားစာများ ကွင်းဆင်းလေ့လာမှုများ
ပါဝင်သူများ	ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ	နိုင်ငံများမှအဆိုပြုထားသော ပညာရှင်များ

၅.၂.၁ ပဋိညာဉ်စာချုပ်အဖွဲ့အစည်းများ - လူ့အခွင့်အရေးကောင်စီ

အထက်တွင် အသေးစိတ်ရှင်းပြခဲ့သော ကုလသမဂ္ဂအဖွဲ့အစည်းယန္တရားများမှာ တစ်နည်းအားဖြင့် ပဋိညာဉ်စာချုပ်အဖွဲ့များ ဖြစ်သည်။ သို့သော် ထိုအဖွဲ့အစည်းများတွင် ကျယ်ပြန့်သော လုပ်ငန်းရပ်များအမျိုးမျိုးရှိကြပြီး လူ့အခွင့်အရေးကိစ္စတစ်ခုတည်းနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ပါ။ လူ့အခွင့်အရေးကိစ္စများ သက်သက်ကိုသာ ကိုင်တွယ်သော ပဋိညာဉ်စာချုပ်အဖွဲ့မှာ လူ့အခွင့်အရေးကောင်စီ (HRC) ဖြစ်သည်။ ၁၉၄၆ ခုနှစ်တွင် လူ့အခွင့်အရေးကောင်မရှင်အဖြစ် မူလက တည်ထောင်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ကောင်စီဖြစ်လာခဲ့သည်။ လူ့အခွင့်အရေးကောင်စီတွင် နိုင်ငံများသည် လူ့အခွင့်အရေးကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် လှုပ်ရှားမှုအချို့ကို ဦးဆောင်ဦးရွက်ပြုခြင်းတို့ ဆောင်ရွက်သည်။ ယခုအခါ နိုင်ငံများက တစ်နှစ်လျှင် ၃ ကြိမ် အနည်းဆုံးတွေ့ဆုံကြသည်။ ပုံမှန်အားဖြင့် လူ့အခွင့်အရေးကာကွယ်ပေးသည့်ကိစ္စရပ်များ (အောက်တွင် ဖော်ပြထားသည်)၊ လူ့အခွင့်အရေးနှင့် ပတ်သက်၍ အရေးတကြီးကိစ္စများ (သက်ကြီးရွယ်အိုများနှင့် လူမျိုးတုံး သတ်ဖြတ်ခံရမှု) နှင့် HRC မှ ခန့်အပ်ထားသော ကျွမ်းကျင်သူများက တင်သွင်းသော အစီရင်ခံစာများကို ကြားနာခြင်းအပါအဝင် ကိစ္စရပ်များစွာကို ဆွေးနွေးကြသည်။

HRC သည် နိုင်ငံရေးသက်သက် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ မိမိနိုင်ငံကို ကိုယ်စားပြုသော အဖွဲ့ဝင် (၄၇)ဦးသည် ၎င်းတို့၏အမြင်ထက် နိုင်ငံ၏ရပ်တည်ချက်ကိုသာ ပြောဆိုဆွေးနွေးကြရသည်။ ထိုအချက်က HRC ကို ကျွမ်းကျင်သူအဖွဲ့တွင်ပါဝင်သော ပုဂ္ဂိုလ်များနှင့် နှိုင်းယှဉ်မည်

ဆိုပါက သဘာဝမတူညီသည်ကိုတွေ့ရမည်။ ကျွမ်းကျင်သူတစ်ဦးချင်းသည် ၎င်းတို့၏ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုအပေါ် အခြေပြုပြီး ဆုံးဖြတ်ချက်များ ချမှတ်ပေးသည်။ ထိုသူတို့သည် အစိုးရကို ကိုယ်စားမပြုကြပါ။ HRC သည် နိုင်ငံရေးဆန်သောကြောင့် အကျိုးကျေးဇူးရှိသလို အကန့်အသတ်များလည်း ရှိသည်။ အစိုးရများသည် ၎င်းတို့လက်မှတ်ထိုးထားသော လူ့အခွင့်အရေးစာချုပ်များကို အကောင်အထည်ဖော်ရန် တာဝန်ရှိသူများဖြစ်ကြရာ လူ့အခွင့်အရေးကိစ္စများတွင် ၎င်းတို့၏ အမြင်ကို ဆွေးနွေးတင်ပြရန်လိုအပ်သည်။ ၎င်းတို့သည် ပြည်သူများ၏အခွင့်အရေးတို့အတွက် တာဝန်ယူထားရသော စံပြအဖွဲ့အစည်းလည်းဖြစ်သည်။ ထိုအဖွဲ့ကြီးအနေဖြင့် လူ့အခွင့်အရေး တိုးတက်လာစေရန်၊ လူ့အခွင့်အရေးချိုးဖောက်သည့်နိုင်ငံများနှင့် အပြန်အလှန်ဆက်ဆံရန်နှင့် လူ့အခွင့်အရေးစံချိန်စံညွှန်းများကို လိုက်နာလာစေရန် မည်ကဲ့သို့လုပ်ဆောင်မည်ကို အစိုးရများ စုဝေးတွေ့ဆုံဆွေးနွေးရန်တို့ကို အကောင်းဆုံးဆောင်ရွက်ရန်ဖြစ်သည်။ သို့သော် အချို့အစိုးရများသည် လူ့အခွင့်အရေးပြဿနာများကို ရှောင်ရှားရာတွင် ကျွမ်းကျင်မှုရှိပြီး ၎င်းတို့၏ လူ့အခွင့်အရေးအပေါ် ထားရှိသော သဘောထားများကို နိုင်ငံရေးက ဝင်ရောက်စွက်ဖက်လွှမ်းမိုးနေသည်။ ဥပမာ - လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းများရှိခဲ့သူ အစိုးရများအချင်းချင်း ဝေဖန်ခြင်းမပြုလုပ်ကြပါ။ တစ်ဖက်ကို ဝေဖန်ထားမိလျှင် မိမိအလှည့်ရောက်သည့်အခါတွင်လည်း အဝေဖန်ခံရမည်ကို သိထားသောကြောင့်ဖြစ်သည်။ ထိုနည်းတူစွာပင် နိုင်ငံတစ်ခု၏နိုင်ငံရေးသည် လူ့အခွင့်အရေးနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးမှုရှိသည်။ အထူးသဖြင့် ပါလက်စတိုင်းအရေးကိစ္စ သို့မဟုတ် လိင်တူဆက်ဆံသူများကိစ္စကဲ့သို့ နိုင်ငံရေးအရ ထိလွယ်ရှလွယ်သော အရေးကိစ္စများတွင်ဖြစ်သည်။ လူ့အခွင့်အရေးကော်မရှင်ကို အစားထိုးခဲ့သောကောင်စီတွင် ထိုသို့သောပြဿနာ အမြောက်အများပေါ်ပေါက်ခဲ့သည်။ ကော်မရှင်သည် အလွန်အကျွံ နိုင်ငံရေးဆန်ခဲ့ပြီး အလုပ်မဖြစ်ခဲ့ပါဟု ယခင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်ခဲ့သော ကိုဖီအာနန်က ပြောကြားခဲ့သည်။ ကော်မရှင်၏ ဥက္ကဋ္ဌအဖြစ် လစ်ဗျာနိုင်ငံက ဆောင်ရွက်ခဲ့သည့်ကာလတွင် ဇင်ဘာဘွေ၊ ချေချင်းညာနှင့် ဆူဒန်နိုင်ငံတို့၌ ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နောက်ဆက်တွဲဖြစ်ရပ်များတွင် ထိုကော်မရှင်က တုံ့ပြန်မှုမရှိခဲ့ခြင်းက သက်သေပင်ဖြစ်သည်။ ထိုဖြစ်ရပ်များအားလုံးသည် အလွန်ရုန့်ရင်းကြမ်းတမ်းသော၊ အစီအစဉ်တကျဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ခဲ့သည်။ သို့သော် ကော်မရှင်အနေဖြင့် လေးလေးနက်နက် ပြန်လည်ဖြေရှင်းခဲ့ခြင်း လုံးဝမရှိခဲ့ပါ။ ကိုဖီအာနန် အပါအဝင် ကုလသမဂ္ဂမှအကြီးတန်း ကျွမ်းကျင်သူပညာရှင်များက ထိုကော်မရှင်ကို မတူညီသော ဖွဲ့စည်းတည်ဆောက်ပုံနှင့် လုပ်ဆောင်ချက်များ ပါဝင်သော အဖွဲ့အသစ်ဖြင့် အစားထိုးရန် အကြံပေးခဲ့ကြသည်။ ပြုပြင်ပြောင်းလဲလိုက်သော ကောင်စီသည် ကော်မရှင်ကဲ့သို့ ပျက်ကွက်မှုများကို ရှောင်ရှားရန် အောက်ပါအပြောင်းအလဲများကို စတင်ဖော်ဆောင်ခဲ့သည်။

၁။ မဲပေးခြင်း။ ။ကောင်စီ၏အဖွဲ့ဝင်များကို အထွေထွေညီလာခံမှ လျှို့ဝှက်မဲဖြင့် မဲပေးရွေးချယ်ရမည်။ လူ့အခွင့်အရေးချိုးဖောက်သော မှတ်တမ်းများရှိသော နိုင်ငံတစ်ခုကို ထိုနိုင်ငံနှင့် ဒေသတစ်ခုတည်းတွင်ရှိသော အခြားနိုင်ငံတစ်ခု အိမ်နီးချင်းမိတ်ဆွေနိုင်ငံဖြစ်နေသည်ကို အကြောင်းပြု၍ မဲပေးခြင်းမရှိရလေအောင် လျှို့ဝှက်မဲပေးသည့်စနစ်မှာ တကယ်ပင် လိုအပ်သည်။ လျှို့ဝှက်မဲပေးသောစနစ်ကြောင့် လူ့အခွင့်အရေးချိုးဖောက်သော မှတ်တမ်းရှိသည့် နိုင်ငံများ (ဥပမာ - ဆူဒန်၊ ဆီးရီးယား၊ အီရန်၊ ဘဲလာရပ်(စ်)၊ သီရိလင်္ကာနှင့် အဇာဘိုင်ဂျန်) ကို ၎င်းတို့၏ဒေသအတွင်းမှ ထောက်ခံမှု အလုံအလောက်မပေးဘဲနေနိုင်ကြသဖြင့် ရွေးကောက်ခံအဖွဲ့ဝင်ဖြစ်လာခြင်းမှ တားဆီးနိုင်ခဲ့သည်။

၂။ လူ့အခွင့်အရေးမှတ်တမ်းများကိုစစ်ဆေးခြင်း။ ။ကောင်စီသည်ကမ္ဘာလုံးဆိုင်ရာ ပုံမှန်ပြန်လည်သုံးသပ်သည့်အစီအစဉ် (Universal Periodic Review) ဟုခေါ်သော အဖွဲ့ဝင်နိုင်ငံများအားလုံး၏ လူ့အခွင့်အရေးမှတ်တမ်းများကို ပြန်လည်သုံးသပ်ခြင်းကိုစတင်ခဲ့သည်။ (အောက်တွင် အသေးစိတ်ဖော်ပြထားပါသည်)။ ယခင်က အဖွဲ့ဝင်နိုင်ငံများ၏ လူ့အခွင့်အရေးမှတ်တမ်းများအပေါ် ဝေဖန်မှုများကို ရှောင်ရှားနိုင်သည်။ ယခုအခါတွင် ထိုသို့ရှောင်ရှားရန်မဖြစ်နိုင်တော့ပါ။

၃။ အဖွဲ့ဝင်အရေအတွက်။ ။ကောင်စီအသစ်အတွက် အဆိုပြုခဲ့သော ယခင်ကော်မရှင်နှင့်ကွဲပြားသည့် ပုံစံများနှင့်မဟာဗျူဟာများ ရှိခဲ့သည်။ အချို့က ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအားလုံးပါဝင်သည့် ကမ္ဘာလုံးဆိုင်ရာကောင်စီတစ်ခုကို လိုချင်ကြသည်။ အခြားသူများက အဖွဲ့ဝင်အနည်းဆုံး (၁၅)ဦးသာပါဝင်မည့် ပို၍သေးငယ်သော (အချို့ကပိုပြီး အရည်အသွေးရှိသည့်အဖွဲ့ဟုဆို)အဖွဲ့ကို လိုချင်ကြသည်။ နောက်ဆုံးတွင် အဖွဲ့၏ အရွယ်အစားကို (၅၃) ဦးမှ (၄၇) ဦးအထိ လျှော့ချခဲ့သည်။ အမှန်စင်စစ် ထိုသို့ အနည်းငယ်လျှော့ချမှုကြောင့် မည်သို့မျှခြားနားမသွားခဲ့ပါ။

၄။ ကောင်စီ၏အဆင့်အတန်း။ ။လူ့အခွင့်အရေးကောင်စီသည် ကုလသမဂ္ဂ၏ ဖွဲ့စည်းပုံထဲတွင် ပိုအဆင့်မြင့်သောနေရာတွင် ရှိသင့်သည်ဟု ဆွေးနွေးမှုများရှိခဲ့သည်။ ECOSOC ၏ ယန္တရားအောက်တွင် ရှိသင့်သည်ထက်စာလျှင် ယခုကဲ့သို့ကောင်စီက အထွေထွေညီလာခံသို့ တိုက်ရိုက်အစီရင်ခံခြင်းဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်များကို ပို၍တာဝန်ယူတာဝန်ခံမှု ရှိလာစေသည်။ UNGA သည် ကုလသမဂ္ဂအဖွဲ့ဝင်များအားလုံးကို ကိုယ်စားပြုပြီး၊ ECOSOC တွင် အဖွဲ့ဝင် ၅၄ ဦးဖြင့်သာ ဖွဲ့စည်းထားခြင်းကြောင့်ဖြစ်သည်။

လူ့အခွင့်အရေးကောင်စီ၏ အဖွဲ့ဝင်ဖြစ်ခြင်း

HRC ကို (၄၇) နိုင်ငံဖြင့် ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်သက်တမ်းမှာ ၃ နှစ် ဖြစ်သည်။ အဖွဲ့၏သုံးပုံတစ်ပုံ (၁၆ နိုင်ငံ)ကို နှစ်စဉ် ရွေးချယ်တင်မြှောက်သည်။ ဒေသတစ်ခုစီကို အဖွဲ့ဝင်နေရာ အရေအတွက်ကို အောက်ပါအတိုင်း သတ်မှတ်ပေးထားသည်။

- အာဖရိက - ၁၃
- လက်တင်အမေရိက - ၉
- အနောက်ဥရောပ - ၈
- အရှေ့ဥရောပ - ၇

အရှေ့တောင်အာရှနိုင်ငံ တော်တော်များများသည် HRC တွင် အလှည့်ကျပါဝင်သည်။

သဘောတရားရေးရာ ရှုင်းလင်းချက်

ကုလသမဂ္ဂ၏ ဒေသဆိုင်ရာ အဖွဲ့အစည်းများ

ကုလသမဂ္ဂရှိ နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းများသည် ဒေသခွဲတမ်းများအပေါ်မူတည်၍ နိုင်ငံများကို မကြာခဏ တာဝန်ပေးသည်။ ၎င်းရည်ရွယ်ချက်ဖြင့် ကမ္ဘာကြီးကို အရွယ်အစားမတူညီသော ပထဝီအနေအထားအရ ဒေသ(၅)ခု ခွဲခြားထားသည်။ ဥပမာ - အာဖရိက (၅၄ နိုင်ငံ)၊ အာရှပစိဖိတ် (၅၃ နိုင်ငံ)၊ လက်တင်အမေရိကနှင့် ကရစ်ဘီယန် (၃၃ နိုင်ငံ)၊ အနောက်ဥရောပ (၂၈ နိုင်ငံ) နှင့် အရှေ့ဥရောပ (၂၃ နိုင်ငံ) တို့ ဖြစ်ကြသည်။ အနောက်ဥရောပတွင် ဩစတြေးလျား၊ ကနေဒါ၊ အမေရိကန်နှင့် နယူးဇီးလန်တို့ ပါဝင်သည်။

ဒေသအလိုက်အစုအဖွဲ့များ၏ နိုင်ငံရေးအရပေါင်းစည်းမှုသည် မတူကြပါ။ အာဖရိကနိုင်ငံများသည် မဲပေးရာတွင် တစ်ပုံစံတည်းမဲပေးကြပြီး၊ အင်အားကြီးသောဒေသဆိုင်ရာအဖွဲ့ကို ဖွဲ့စည်းထားသည်။ အခြားတစ်ဖက်တွင် အာရှသည်ပေါင်းစည်းမှု ပို၍အားနည်းသည်။ ၎င်းတို့အဖွဲ့၏၂၀ ရာခိုင်နှုန်းရှိသော ပစိဖိတ်ကျွန်းစုများသည် အခြားသောအာရှနိုင်ငံများနှင့် မကြာခဏ သဘောထားကွဲလွဲကြသည်။ တောင်၊ အလယ်နှင့် အရှေ့အာရှဒေသများသည် ကိစ္စရပ်များအပေါ် မတူညီသော ရပ်တည်ချက်များ မကြာခဏ ရွေးချယ်ရပ်တည်ကြသည်။ အခြားသော မဲပေးသည့်ဒေသများ (ဥပမာ - အစ္စလာမ်မစ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့)သည် ဒေသဆိုင်ရာ အဖွဲ့အစည်းများထက် ပို၍ပေါင်းစည်းကြသည်။

၅.၂.၂ လူ့အခွင့်အရေး ပြန့်ပွားတိုးတက်စေရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လူ့အခွင့်အရေးကောင်စီ၏လုပ်ငန်းများ

လူ့အခွင့်အရေးကောင်စီသည် လူ့အခွင့်အရေးပြန့်ပွားတိုးတက်စေရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်ရာတွင် အသုံးပြုနိုင်သည့်နည်းလမ်း အများအပြားရှိသည်။ ဥပမာ - 'အထူးလုပ်ထုံးလုပ်နည်း' သို့မဟုတ် ပြည်သူများထဲမှ အခွင့်အရေးနှင့် ပတ်သက်သော ပြဿနာများအား အစီရင်ခံတင်ပြနိုင်သောနည်းများကို အဆင်ပြေသလိုအသုံးပြုကာ လူ့အခွင့်အရေးအခြေအနေကို စောင့်ကြည့်လေ့လာကြသည်။ အခြားသုံးစွဲသော နည်းလမ်းများတွင် ကမ္ဘာလုံးဆိုင်ရာ ပုံမှန်ပြန်လည်သုံးသပ်ခြင်းနှင့် လူ့အခွင့်အရေးများကို စနစ်တကျချိုးဖောက်ကြသော နိုင်ငံများကို တိုင်ကြားကန့်ကွက်သည့် လုပ်ထုံးလုပ်နည်းတို့ဖြစ်သည်။ ထိုလုပ်ငန်းများကို အောက်တွင် အသေးစိတ်ဖော်ပြထားသည်။

ကမ္ဘာလုံးဆိုင်ရာ ပုံမှန်ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်

လုပ်ငန်းနယ်ပယ်သတ်မှတ်ချက်အရသော်လည်းကောင်း၊ လုပ်ပိုင်ခွင့်အာဏာအရ သော်လည်းကောင်း ကမ္ဘာလုံးဆိုင်ရာ ပုံမှန်ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ် (UPR) သည် လူ့အခွင့်အရေးအခြေအနေကို ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းတွင် အကြီးဆုံးသော အစီအမံတစ်ခုဖြစ်သည်။ (နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပြန်လည်စစ်ဆေးသည်) UPR သည် မဖြစ်မနေ လုပ်

ဆောင်ရမည့်လုပ်ငန်းစဉ်ဖြစ်ပြီး၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်ခုချင်း၏ လူ့အခွင့်အရေးအစီရင်ခံစာကို ၄ နှစ်လျှင်တစ်ကြိမ် စစ်ဆေးမှုလုပ်သည်။ ဤပြန်လည်သုံးသပ်သည့် လုပ်ငန်းစဉ်သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတွင် ဖော်ပြထားသော လူ့အခွင့်အရေးများ၊ နိုင်ငံများမှ သဘောတူညီထားသော လူ့အခွင့်အရေးစာချုပ်များ၊ နိုင်ငံအသီးသီးက ဆန္ဒအလျောက် ပေးအပ်ထားသော အခြားသောလူ့အခွင့်အရေး ကတိကဝတ်များအားလုံးကို ခြုံငုံထည့်ထားခြင်း ဖြစ်သည်။ UPR ကို ၂၀၀၈ ခုနှစ် ဧပြီလတွင် စတင်ခဲ့ပြီး ၂၀၁၂ ခုနစ်တွင် ဒုတိယအကြိမ် စတင်ခဲ့ခြင်းဖြစ်သည်။ ယနေ့အချိန်ထိ နိုင်ငံတိုင်းလိုလိုအနည်းဆုံးတစ်ကြိမ် ပြန်လည်သုံးသပ်မှုများရှိကြပြီး ၂၀၁၄ ခုနှစ်မှစ၍ နိုင်ငံပေါင်း ၁၀၀ ကျော်ကို နှစ်ကြိမ်ပြန်လည်သုံးသပ်မှုများ ပြုလုပ်ခဲ့သည်။ ပြန်လည်သုံးသပ်သည့်ကာလအတွင်း နိုင်ငံတစ်ခုသည် ၎င်းနိုင်ငံ၏လူ့အခွင့်အရေး အခြေအနေကို လူသိရှင်ကြား ပွင့်လင်းစွာဆွေးနွေးရပြီး အခြားနိုင်ငံများ၏ဝေဖန်ချက်များနှင့် အကြံပြုချက်များကို တုံ့ပြန်ကြရသည်။ ပြန်လည်သုံးသပ်သော လုပ်ငန်းစဉ်သည် အထောက်အထား (၃)ခုကို တင်သွင်းခြင်းဖြင့် စတင်သည်။

၁။ ကုလသမဂ္ဂ၏သတင်းအချက်အလက်များ။ ။ စာမျက်နှာ (၁၀) မျက်နှာပါရှိသည့် ကုလသမဂ္ဂ၏ သတင်းအချက်အလက်များ စုစည်းထားသည့်အစီရင်ခံစာကို OHCHR မှ ပြုစုထားပြီး သက်ဆိုင်ရာ နိုင်ငံ၏လူ့အခွင့်အရေးအခြေအနေကို ကုလသမဂ္ဂ၏ ရှုထောင့်မှ ဖော်ပြထားသည်။ ၎င်းအစီရင်ခံစာတွင် လူ့အခွင့်အရေးအထူးကိုယ်စားလှယ်၊ လူ့အခွင့်အရေးစာချုပ်အဖွဲ့များ၊ ကုလသမဂ္ဂကလေးများရံပုံငွေအဖွဲ့ သို့မဟုတ် ကုလသမဂ္ဂအမျိုးသမီးအဖွဲ့ကဲ့သို့ UN အဖွဲ့အစည်းများထံမှရရှိသော သတင်းအချက်အလက်များ ပါဝင်သည်။

၂။ ပါဝင်သက်ဆိုင်သူများ၏အစီရင်ခံစာ။ ။အရပ်ဘက်လူ့အဖွဲ့အစည်းများ (အချို့အခြေအနေများတွင် အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ)၊ NGO များနှင့် အခြားသော အလားတူ အစုအဖွဲ့များမှ ပြုစုရေးသားသည့် (၁၀)မျက်နှာပါ အစီရင်ခံစာဖြစ်သည်။ NGO များသည် အစီရင်ခံစာတွင်ပါဝင်မည့် အကြောင်းအရာများအတွက် မကြာခဏတွေ့ဆုံကာ စီစဉ်ကြပြီး (၁၀) မျက်နှာပါသည့် အစီရင်ခံစာအကျဉ်းချုပ်တွင် ထည့်သွင်းသင့်သည့် အဓိကပြဿနာများကို ဆုံးဖြတ်ကြသည်။ ၎င်းနောက်အစီရင်ခံစာကို OHCHR သို့ပေးပို့ပြီး OHCHR က နောက်ဆုံးအစီရင်ခံစာနှင့် တစ်ပါတည်းတင်သွင်းပေးသည်။ နိုင်ငံငယ်လေးများတွင် အစီရင်ခံစာကို တင်သွင်းရန် အရပ်ဖက်လူ့အဖွဲ့အစည်းများကို စုစည်းရန်အခက်အခဲများစွာမရှိလှပါ။ ကြီးမားသော၊ ကွဲပြားမှုအမျိုးမျိုးရှိသောနိုင်ငံများ (ဥပမာ - အိန္ဒိယ) တွင်မူ ထောင်ပေါင်းများစွာသော NGO များ၏ အမြင်များကိုစုပေါင်း၍ (၁၀)မျက်နှာရှိသော အစီရင်ခံစာတစ်ခုပြုလုပ်ရသည်မှာ ကြီးမားသောစိန်ခေါ်မှုတစ်ခုဖြစ်သည်ကို တွေ့မြင်နိုင်ပါသည်။

၃။ နိုင်ငံတစ်နိုင်ငံ၏အစီရင်ခံစာ။ ။ နိုင်ငံတစ်နိုင်ငံ၏ အစီရင်ခံစာအဖြစ် စာမျက်နှာ(၂၀) ပါဝင်သောအစီရင်ခံစာကို ပြန်လည်သုံးသပ်မှုပြုလုပ်ခံရမည့် သက်ဆိုင်ရာအစိုးရမှ ပြင်ဆင်တင်သွင်းရသည်။

ပြန်လည်သုံးသပ်မှုလုပ်ငန်းစဉ်ကို လူ့အခွင့်အရေးကောင်စီရုံးစိုက်ရာ ဂျနီဗာမြို့တွင် ပြုလုပ်ရသည်။ လူ့အခွင့်အရေးအခြေအနေကို ပြန်လည်သုံးသပ်ခံရသော အစိုးရတစ်ရပ်သည် ဂျနီဗာသို့ ကိုယ်စားလှယ်အဖွဲ့စေလွှတ်ပြီး နိုင်ငံ၏လူ့အခွင့်အရေးအစီရင်ခံစာကို တင်ပြရသည်။ ၃ နာရီမှ ၄ နာရီကြာသည့် အချိန်အတွင်း ၎င်းနိုင်ငံသည် အစီရင်ခံစာထဲတွင် ဆွေးနွေးထားသည့် အတိုင်း လူ့အခွင့်အရေးအခြေအနေများကို တင်ပြအသိပေးသည်။ ထိုနောက် ၃ နာရီကြာသော အပြန်အလှန်တွေ့ဆုံဆွေးနွေးခြင်းအချိန်အတွင်း အခြားနိုင်ငံများမှ မေးမြန်းသောမေးခွန်းများနှင့် အကြံပြုချက်များကို လက်ခံနိုင်သည်။ ထိုစကားရပ်မှာ ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်သည် နိုင်ငံများကိုအပြစ်ပေးရန်၊ ဝေဖန်ရန်သဘောထက် လူ့အခွင့်အရေးအခြေအနေများ မည်ကဲ့သို့ တိုးတက်ကောင်းမွန်လာစေရန် အပြုသဘောဆွေးနွေးညှိနှိုင်းခြင်းကို ဆိုလိုပါသည်။ အချို့သော နိုင်ငံများကို နိုင်ငံပေါင်း ၅၀ အထိ မေးခွန်းများမေးခြင်းသည် ထူးခြားသည့်ဖြစ်စဉ်မဟုတ်ပါ။ ဆွေးနွေးပွဲပြီးနောက် သက်ဆိုင်ရာနိုင်ငံအတွက် အကြံပြုချက်စာတမ်းကို ရေးသားကြသည်။ ထို အကြံပြုချက်များသည် မဖြစ်မနေလိုက်နာရမည့်အရာ မဟုတ်ပါ။ သို့သော် နိုင်ငံရေးဖိအား ပါဝင်နေ သည်။ နိုင်ငံဘက်မှလည်း အကြံပြုချက်များကိုလက်ခံခြင်း၊ ကန့်ကွက်ခြင်း (မှတ်သားထားပါသည်ဟု ခေါ်ဝေါ်လေ့သည်)တို့ကို ရွေးချယ်နိုင်သည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ တက်ရောက်နိုင်သော်လည်း မေးခွန်းမေးခြင်းကို ခွင့်မပြုထားပါ။ သို့သော် ထိုအဖွဲ့များအနေဖြင့် မိမိတို့၏တင်ပြမှုကို စာနာထောက်ထားနိုင်သည့် နိုင်ငံများကိုတွေ့ဆုံကာ မိမိတို့စိတ်ကူးအကြံဉာဏ် များကို နားထောင်လက်ခံပေးရန်နှင့် တောင်းဆိုမှုများကို တင်ပြဆောင်ရွက်ပေးပါရန် တောင်းဆို ခြင်းဖြင့် လှုပ်ရှားနိုင်ကြသည်။

မှတ်သားဖွယ်ရာ

UPR ဆောင်ရွက်ချက် - ၂၀၀၈ ခုနှစ် ဧပြီလတွင် အင်ဒိုနီးရှား၏ ပထမဦးဆုံး အစီရင်ခံစာကိုလေ့လာချက်

အင်ဒိုနီးရှားသည် UPR က ပုံမှန်ပြန်လည်သုံးသပ်ခဲ့သော နိုင်ငံများထဲတွင် ပထမဦးဆုံး နိုင်ငံ ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ အစီရင်ခံတွင် ဘာသာရေးလွတ်လပ်ခွင့်မှာ အရေးကြီးသည့် (၎င်းတို့ အဖွဲ့ဝင်အဖြစ်ပါဝင်သော) ICCPR ၏ အောက်တွင် ကာကွယ်ပေးထားသော လူ့အခွင့်အရေးဖြစ်ပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေကလည်းထို အခွင့်အရေးများကို တိုးတက်ကောင်း မွန်စေရန်နှင့် ကာကွယ် စောင့်ရှောက်ရန် အာမခံချက်ပေးထားသည်။ သို့သော်ဘာသာရေး သို့မဟုတ် ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်နှင့်စပ်လျဉ်း၍ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာအပါအဝင် ကုလသမဂ္ဂအဖွဲ့ အစည်းများ၏ အစီရင်ခံစာထဲတွင် အောက်ပါစိုးရိမ်စရာ အချက်များကို မှတ်တမ်းတင်ထားသည်။

- မတူညီသော ဘာသာများကြားတွင် ကလေးမွေးစားခြင်းကို ပိတ်ပင်ထားခြင်း။
- အစိုးရ၏ခွင့်ပြုချက်တစ်ခုတည်းဖြင့်သာ ယုံကြည်ကိုးကွယ်ရာနေရာများကိုတည်ဆောက်ရမည့် ဥပဒေပြဋ္ဌာန်းထားခြင်း။
- ဘာသာခြားအမျိုးသားနှင့်အမျိုးသမီးများ လက်ထပ်ထိမ်းမြားရန် မှတ်ပုံတင်ရာတွင် အခက် အခဲများ ရင်ဆိုင်နေရခြင်း။
- ဘာသာခြားမိဘနှစ်ပါးမှမွေးဖွားသောသားသမီးများအတွက် မွေးစာရင်းမလုပ်ပေးခြင်းနှင့် Ahmadiyyah မွတ်စလင်မိသားစုများအား တိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်း။

ထို့အပြင် အင်ဒိုနီးရှား အမျိုးသားလူ့အခွင့်အရေး အင်စတီကျူနှင့် နိုင်ငံတကာ NGO များပါဝင်သော အင်ဒိုနီးရှားမှ NGO (၁၇)ဖွဲ့က ရေးသားခဲ့သည့် အစီရင်ခံစာကမူ နိုင်ငံတော်အသိအမှတ်ပြု ဘာသာများကိုသာ အထူးအခွင့်အရေးများပေးနေခြင်း အချို့သောဘာသာရေးဆိုင်ရာ လှုပ်ရှားမှုများကို ရာဇဝတ်မှုအဖြစ် သတ်မှတ်သော Blaspheme ဥပဒေနှင့် Armadiyahs တို့အား တိုက်ခိုက်ခြင်းများကို မှတ်တမ်းတင်ထားသည်။ ဤသို့ဖြင့် အစီရင်ခံစာ (၃)ခုအကြား ဘာသာရေးအခွင့်အရေး အခြေအနေနှင့်ပတ်သက်၍ ထင်ရှားသည့်ကွဲပြားခြားနားမှုများ ရှိနေသည်။ အဖွဲ့ဝင်နိုင်ငံများက မေးခွန်းမေးမြန်းသည့်အချိန်တွင် အီတလီနိုင်ငံက အဆိုပါအချက်အားကောက်ယူ၍ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ICCPR စံနှုန်းနှင့်အညီ ၎င်း၏ ဘာသာရေးဆိုင်ရာဥပဒေများကိုပြောင်းလဲရန် ဆန္ဒရှိမရှိ မေးမြန်းခဲ့သည်။ ထို့အပြင် အင်္ဂလန်နိုင်ငံက Armadiyahs မိသားစုများအား တိုက်ခိုက်မှုအပေါ် မှတ်ချက်ပေးရန် အင်ဒိုနီးရှာကိုယ်စားလှယ်ကို မေးမြန်းခဲ့သည်။

အစီရင်ခံစာရလဒ်တွင် ဘာသာရေးဆိုင်ရာလွတ်လပ်ခွင့်အပေါ် တိကျသောအကြံပြုချက်များ မတွေ့ရှိခဲ့ပါ။ ၎င်းအစား အကြံပြုချက်တစ်ခုတွင် ယခုလိုအကျဉ်းချုပ်ဖော်ပြထားသည်။ အင်ဒိုနီးရှားအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုပြီး၊ အင်ဒိုနီးရှားပြည်သူများ၏ အရေးကိစ္စအဝဝကို ကာကွယ်ပေးခြင်းနှင့် တိုးတက်ကောင်းမွန်စေခြင်းတို့ သေချာစေရန် အဆိုပါ ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်လုပ်ဆောင်ရန် အကြံပြုသည်။

ဤပြန်လည်သုံးသပ်သည့်လုပ်ငန်းစဉ် အကျဉ်းချုပ်ကို လေ့လာကြည့်လျှင် UPR သည် လူ့အခွင့်အရေးပြဿနာများကို ဖော်ထုတ်ခြင်းနှင့်ဆွေးနွေးခြင်းတို့ကို ခွင့်ပြုထားပြီးတွေ့ရှိရသော ပြဿနာများကို အစိုးရများက ဖြေရှင်းပေးနိုင်ရေး မက်လုံးပေးထားသည်။ သို့သော် UPR လုပ်ငန်းစဉ်သည် မဖြစ်မနေ လိုက်နာရမည့်သဘော မဟုတ်သဖြင့် တုံ့ပြန်မှုများသည် အားနည်းပြီး တိုက်ရိုက်ဖြေရှင်းရန် မလိုအပ်ကြောင်း တွေ့ရှိရသည်။ သို့ရာတွင် ၂၀၁၂ ခုနှစ် ဒုတိယအကြိမ် နိုင်ငံအလိုက် ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်တွင် အင်ဒိုနီးရှားသည် အဆိုပါပြဿနာကို ပြန်လည်ဆွေးနွေးပြီး ဘာသာရေးလွတ်လပ်ခွင့်နှင့်ပတ်သက်၍ ရရှိခဲ့သော တိုးတက်မှုများကို ပြသခဲ့သည်။

UPR လုပ်ငန်းစဉ်၏ အကျိုးသက်ရောက်မှုအပေါ် အငြင်းပွားမှုများများစွာရှိခဲ့သည်။ UPR တွင် ထင်ရှားသော အားသာချက်တချို့ရှိသည်။ (၁) နိုင်ငံတိုင်း၏အခြေအနေကို ပြန်လည်သုံးသပ်ပြီး၊ နိုင်ငံများသည် ၎င်းတို့၏ လူ့အခွင့်အရေးမှတ်တမ်းများကို ဖုံးကွယ်မထားနိုင်ပါ။ (၂) ဖြစ်ရပ်များကို ဖုံးကွယ်မထားနိုင်ရအောင် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အမြင်များကိုပါ ထည့်သွင်းထားသည်။ (၃) UPR လုပ်ငန်းစဉ်တွင် လူ့အခွင့်အရေးကို ကျယ်ပြန့်စွာလွှမ်းခြုံထားရာ လူ့အခွင့်အရေး အနည်းအကျဉ်းမျှကိုသာ ကောက်ယူသုံးသပ်ထားခြင်းကြောင့် တကယ့်အခြေအနေနှင့် ထင်ဟပ်နေခြင်းမျိုး မရှိဟူသော အခြေအနေကိုမဖြစ်စေရအောင် လုပ်ဆောင်ထားနိုင်သည်။ သို့သော်လည်း အားနည်းချက်များ ရှိသေးသည်။ (၁) ထိုလုပ်ငန်းစဉ်ကို နိုင်ငံတစ်နိုင်ငံချင်းအလိုက် ဆောင်ရွက်ခြင်းဖြစ်၍ ဆန်းစစ်ဝေဖန်မှုများမှာ တစ်ခါတစ်ရံပျော့ပြောင်းယဉ်ကျေးပြီး အထူးတလည် ထောက်ပြစိန်ခေါ်ခြင်း မရှိပါ။ (၂) ၎င်းလုပ်ငန်းစဉ်သည် မဖြစ်မနေ လိုက်နာဆောင်ရွက်ရခြင်းမျိုး မဟုတ်သဖြင့် ပြန်လည်သုံးသပ်မှုတွင် အလွန်ဝေဖန်ခံရလျှင်လည်း နိုင်ငံများသည် တုံ့ပြန်မှုများကို လစ်လျူရှုခြင်း သို့မဟုတ် ကန့်ကွက်ခြင်းပြုနိုင်သည်။ ဥပမာ - မြန်မာနိုင်ငံကို ၂၀၁၁ ခုနှစ်၌ ပြန်လည်သုံးသပ်ရာတွင်

အကြံပြုချက် (၁၉၀)ချက် လက်ခံရရှိခဲ့ပြီး၊ (၄၆)ချက်ကို နိုင်ငံ၏ အချုပ်အချာအာဏာကို ထိပါးနှောင့်ယှက်သည်ဟုဆိုကာ ပယ်ဖျက်ခဲ့သည်။ ကန့်ကွက်ခဲ့သော အကြံပြုချက်များထဲက နမူနာများထဲတွင် (အာဂျင်တီးနားနိုင်ငံမှ အကြံပြုချက်အရ) အထူးကိုယ်စားလှယ် လာရောက်ခြင်းကိုခွင့်ပြုရန်၊ (ဘယ်ဂျီယမ်နိုင်ငံမှ အကြံပြုချက်အရ) နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရန်၊ (မလေးရှားနိုင်ငံမှ အကြံပြုချက်အရ) ဒေသအတွင်းရှိ မြန်မာဒုက္ခသည်များအတွက် အဖြေရှာပေးရန်စသည့် အကြံပြုချက်များ ပါဝင်သည်။

ထိုလုပ်ငန်းစဉ်၏ပြင်ပတွင် အားသာချက်များနှင့် ဖွံ့ဖြိုးတိုးတက်သောအချက်များလည်း ရှိသည်။ UPR သည် အရပ်ဘက်လူ့အဖွဲ့အစည်းများ လူ့အခွင့်အရေးကို ကာကွယ်ပေးရန်နှင့် တိုးတက်ကောင်းမွန်စေရန် တွေ့ဆုံညှိနှိုင်းမှုကို အထောက်အကူပြုသော အကောင်းမွန်ဆုံး ယန္တရားတစ်ခုဖြစ်သည်။ UPR သည် ဦးစားပေးရမည့်ကိစ္စများအတွက် မဟာဗျူဟာတစ်ရပ် ရေးဆွဲရန်နှင့် စည်းရုံးလှုံ့ဆော်မှုအတွက် ညှိနှိုင်းဆောင်ရွက်ရန် နေရာတစ်ခုလည်း ဖြစ်သည်။ ထို့အပြင် အရပ်ဘက်လူ့အဖွဲ့အစည်းအများအပြားသည် လူ့အခွင့်အရေးများအပေါ် ၎င်းတို့အမြင်များအားစုစည်းသည့် နေရာတစ်ခုအဖြစ် UPR ကို အသုံးပြုကြသဖြင့် ကုလသမဂ္ဂသည် ၎င်းတို့၏ တရားဝင်ဖြစ်မှုကို အသိအမှတ်ပြုပေးသည့် နေရာဖြစ်သည်။ ၎င်းတို့ကိုစကားပြောခွင့် တားမြစ်ထားသော်လည်း အရပ်ဘက်လူ့အဖွဲ့အစည်းများသည်အနည်းဆုံး လူ့အခွင့်အရေးပြဿနာများကို စာနာထောက်ထားမှုရှိသော နိုင်ငံများ သို့မဟုတ် မီဒီယာများကို ပြောဆိုနိုင်သည်။

အထူးလုပ်ထုံးလုပ်နည်းများ

အထူးလုပ်ထုံးလုပ်နည်းများဆိုသည်မှာ လူ့အခွင့်အရေးအခြေအနေကို အကဲဖြတ် စောင့်ကြည့်ခြင်းနှင့် မှတ်တမ်းတင်ခြင်းပြုလုပ်ရာတွင်အသုံးပြုသော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး အစီအမံတစ်ရပ်ကို အမည်ပေးထားခြင်းပင်ဖြစ်သည်။ အထူးလုပ်ထုံးလုပ်နည်းများတွင် ပုံစံအမျိုးမျိုးရှိနိုင်သည်။ သို့သော် ထိုပုံစံများအားလုံးတွင် လူတစ်ဦး သို့မဟုတ် အဖွဲ့တစ်ဖွဲ့ကို လူ့အခွင့်အရေးဆိုင်ရာ ကိစ္စတစ်ခုခုကို စုံစမ်းစစ်ဆေးရန် ခန့်အပ်သည့်နည်း ပါဝင်သည်။ နိုင်ငံတစ်နိုင်ငံကို စုံစမ်းစစ်ဆေးရန် သို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်မှု ပုံသဏ္ဌာန်တစ်ခုကို စုံစမ်းစစ်ဆေးရန် ဖြစ်နိုင်သည်။ ထိုသို့ စုံစမ်းစစ်ဆေးရာတွင် လူပုဂ္ဂိုလ်တစ်ဦး (လွတ်လပ်သောပညာရှင်တစ်ဦး သို့မဟုတ် စုံစမ်းစစ်ဆေးရေးအရာရှိ) သို့မဟုတ် အဖွဲ့တစ်ခု (လုပ်ငန်းအဖွဲ့တစ်ခု) က ပြုလုပ်နိုင်သည်။

မှတ်သားဖွယ်ရာ

အထူးလုပ်ထုံးလုပ်နည်းများ

အထူးစုံစမ်းစစ်ဆေးရေးအရာရှိများ

အထူးစုံစမ်းစစ်ဆေးရေး အရာရှိများသည် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စတစ်ခုခုနှင့်စပ်လျဉ်းသော အကြောင်းအရာများကို စုံစမ်းစစ်ဆေးရန် သို့မဟုတ် နိုင်ငံတစ်နိုင်ငံအား စုံစမ်းစစ်ဆေးရန် အခွင့်အာဏာရှိသောသူများဖြစ်သည်။ အထူးစုံစမ်းစစ်ဆေးရေးအရာရှိ ၄၀ ဦးခန့် ရှိသည်။ ၎င်းတို့ထဲတွင် -

အကြောင်းအရာအလိုက် အထူးအစီရင်ခံစာတင်သွင်းသူများ။ ။အိမ်ယာလုံလောက်မှုအခြေအနေ၊ ပညာသင်ခွင့်အခြေအနေ၊ ဥပဒေဘောင်ပြင်တွင် လက်လွတ်စပယ်သတ်ဖြတ်ခြင်း၊ အာဏာရှင်တို့ စိတ်ကြိုက်တရားမဲ့ သေဒဏ်စီရင်ခြင်း၊ ရာဇဝတ်မှုကျူးလွန်သူဟု တရားစွဲပြီးနောက် တရားရုံးတွင် ခုခံပိုင်ခွင့်ကို သင့်တင့်မျှတစွာမပေးဘဲ မစစ်မဆေး သေဒဏ်အမြန်ပေးခြင်း၊ အစားအစာရပိုင်ခွင့်၊ လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပိုင်ခွင့်၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊ ကျန်းမာရေး၊ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးစသည့် လူ့အခွင့်အရေး ပြဿနာတို့ကို စုံစမ်းစစ်ဆေးခြင်း ဖြစ်သည်။

အထူးစုံစမ်းစစ်ဆေးရေးအရာရှိ သို့မဟုတ် ကျွမ်းကျင်သူတို့ကို စေလွှတ်ထားသော နိုင်ငံများ။ ။ ဘဲလာရုစ်၊ ကမ္ဘောဒီးယား၊ အီရီထရီးယား၊ ဟောတီ၊ အီရန်၊ မြန်မာ၊ မြောက်ကိုရီးယား၊ ပါလက်စတိုင်းနယ်မြေ၊ ဆိုမာလီယာ၊ ဆူဒန်နှင့် ဆီးရီးယားတို့ ဖြစ်သည်။

လွတ်လပ်သောလူ့အခွင့်အရေးကျွမ်းကျင်သူများ

လွတ်လပ်သော လူ့အခွင့်အရေးကျွမ်းကျင်သူများသည် အထူးစုံစမ်းစစ်ဆေးရေးအရာရှိနှင့် လုပ်ငန်းဆင်တူသည်။ သို့သော် ထိုပညာရှင်များသည် ကွင်းဆင်းလေ့လာခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း အလုပ်ထက် သုတေသနပြုရန် ပို၍ အလေးထားကြသည်။ အဆိုပါပညာရှင်များမှာ လူ့အခွင့်အရေးနှင့် အလွန်အမင်းဆင်းရဲမွဲတေမှုပြဿနာ၊ လူနည်းစုအရေး၊ လူ့အခွင့်အရေးနှင့် နိုင်ငံတကာက လူ့အခွင့်အရေးအတွက် စည်းလုံးစွာရပ်တည်နိုင်မှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု မူဝါဒများနှင့် နိုင်ငံခြားကြွေးမြီများက လူ့အခွင့်အရေးအား ပြည်သူတို့အပြည့်အဝခံစားနိုင်မှုအပေါ် အကျိုးသက်ရောက်နေပုံ၊ ဒီမိုကရေစီနှင့် သာတူညီမျှရှိသော နိုင်ငံတကာစနစ်ကြီးတစ်ခု ဖြစ်လာစေရန် အားပေးဆောင်ရွက်ခြင်း အစရှိသည့် နယ်ပယ်များတွင်လေ့လာရန် ပညာရှင်များ အသီးသီးပါဝင်သည်။

လုပ်ငန်းအဖွဲ့များ

လုပ်ငန်းအဖွဲ့များကို ဒေသတစ်ခုမှ တစ်ဦးစီဖြင့် ပညာရှင် ၅ ဦးဖြင့်ဖွဲ့စည်းထားသည်။ အကျပ်ကိုင်ခံရခြင်း သို့မဟုတ် အဓမ္မဖိအားများကြောင့် ပျောက်ဆုံးသွားခြင်းများ၊ လက်လွတ်စပယ်ဖမ်းဆီးချုပ်နှောင်ခြင်း၊ ကြေးစားစစ်သားများအသုံးပြုခြင်း၊ အမျိုးသမီးများအပေါ် ဥပဒေအရနှင့် လက်တွေ့ဘဝများတွင် ခွဲခြားဆက်ဆံခြင်းနှင့် နိုင်ငံပေါင်းစုံကော်ပိုရေးရှင်းကြီးများနှင့်ပတ်သက်သော ကိစ္စများနှင့် ပတ်သက်ပြီးအစီရင်ခံစာ တင်သွင်းရသည်။

မှတ်ချက်။ ။အထူးစုံစမ်းစစ်ဆေးရေးအရာရှိသည်သည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ကို ကိုယ်စားပြုသည်။ ထိုသူတို့သည်ပညာရှင်များ သို့မဟုတ် အဆင့်မြင့်ကိုယ်စားလှယ်များလည်းဖြစ်သည်။ သို့သော် ထိုသူအားလုံးသည် အထူးအစီရင်ခံစာတင်သွင်သူများနှင့် တူညီသော်လည်း လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်သူများမဟုတ်သလို လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခုကိုလည်း အစီရင်ခံရခြင်းမရှိပါ။

HRC ၏ အထူးစုံစမ်းစစ်ဆေးရေးအရာရှိများ၊ လူ့အခွင့်အရေးကျွမ်းကျင်သူများနှင့် လုပ်ငန်းအဖွဲ့များသည် လွတ်လပ်ပြီး မည်သည့်နိုင်ငံကိုမျှ ကိုယ်စားပြုခြင်းမရှိသဖြင့် ထိုသူတို့၏ လုပ်ပိုင်ခွင့်မှာ ယုံကြည်ထိုက်မှုနှင့် စိန်ခေါ်မှုနှစ်မျိုးစလုံး၏သဘောကို တွေ့ရသည်။ ပညာရှင်များသည် လွတ်လပ်ပြီး၊ နိုင်ငံရေးအရ စဉ်းစားမှုများမှ ကင်းလွတ်ကြသဖြင့် ၎င်းတို့၏ အစီရင်ခံစာများကို အလွန်အလေးထား ထည့်သွင်းစဉ်းစားကြသည်။ သို့သော် အထူးလုပ်ထုံးလုပ်နည်းများ၏ သဘောအရ လွတ်လပ်စွာစုံစမ်းနိုင်ရန်မှာ ၎င်းတို့ သွားရောက်စုံစမ်းလိုသည့် တိုင်းပြည်များက မဖိတ်ကြားဘဲနေလျှင် စုံစမ်းမှုမှာခက်ခဲတတ်သည်။ ပုံမှန်အားဖြင့် ထိုနိုင်ငံသို့ ဝင်ခွင့်ပြုရန် စာရေးတောင်းခံရပြီး အလည်အပတ်လာရောက်မှုကို သဘောတူလက်ခံမှသာ ဖိတ်ခေါ်စာကို ထုတ်ပေးလိမ့်မည်။ ထိုလုပ်ထုံးလုပ်နည်းသဘောအရ ကြုံရသောပြဿနာများကို မြောက်ကိုရီးယားနှင့် မြန်မာနိုင်ငံ၏ဖြစ်ရပ်များတွင် လေ့လာနိုင်သည်။ လွန်ခဲ့သောဆယ်စုနှစ်အတွင်း အတွေ့အကြုံအရ အထူးအစီရင်ခံစာတင်သွင်းသူများ လာရောက်ခွင့်ကို ထိုနိုင်ငံများက ကြိမ်ရေအနည်းငယ်သာ ပေးခဲ့ခြင်းသို့မဟုတ် လုံးဝမပေးခဲ့ခြင်းများရှိခဲ့ကြသည်။ အခြားတစ်ဖက်တွင်မူ နိုင်ငံပေါင်း ၁၀၀ ကျော်သည် အထူးလုပ်ထုံးလုပ်နည်းအရ စုံစမ်းစစ်ဆေးပိုင်ခွင့်ရထားသူများ လာရောက်လည်ပတ်ခွင့်ကို အမြဲတမ်း ဖိတ်စာများထုတ်ပေးခြင်းဖြင့် ၎င်းတို့ဘက်မှ ပွင့်လင်းမြင်သာကြောင်း ပြသကြသည်။

အထူးစုံစမ်းစစ်ဆေးရေးအရာရှိများသည် ထပ်မံစုံစမ်းစစ်ဆေးမှုများအတွက် သက်ဆိုင်ရာနိုင်ငံများကိုသွားရောက်ပြီး၊ သတင်းထောက်များနှင့်သုတေသီများကဲ့သို့ပင် သတင်းအချက်အလက်များကို စုဆောင်းကာ အစီရင်ခံစာများကို ရေးသားကြသည်။ ထို့အပြင်လူ့အခွင့်အရေးအခြေအနေအပေါ် အကဲဖြတ်ချက်များပြုလုပ်တတ်ပြီး၊ အကြံဉာဏ်များပေးတတ်သည်။ ၎င်းတို့၏လုပ်ပိုင်ခွင့်များမှာစစ်ဆေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ အကြံပေးခြင်းနှင့်ပြဿနာဖြစ်နေသော အခြေအနေများကို အများပြည်သူအားအစီရင်ခံ အသိပေးကြသည်။ အထူးစုံစမ်းစစ်ဆေးရေးအရာရှိသည် လူပုဂ္ဂိုလ်တစ်ဦးချင်း တိုင်ကြားမှုများကို တုံ့ပြန်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းလေ့လာမှုများပြုလုပ်ခြင်း၊ လူ့အခွင့်အရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေရန်နှင့် လူအများသတိပြုမိလာစေရေးလုပ်ငန်းရပ်များကို စတင်လုပ်ဆောင်ကြပြီး၊ လိုအပ်သောနေရာများတွင် နည်းပညာများထောက်ပံ့ပေးခြင်းတို့ လုပ်ဆောင်ကြသည်။

လက်တွေ့တွင်မူ အထူးလုပ်ထုံးလုပ်နည်းများသည် ရုတ်တရက်ပျောက်ဆုံးသွားသောလူတစ်ဦး သို့မဟုတ် လူတစ်ယောက်၏အသက်ကိုခြိမ်းခြောက်ခြင်း စသည့် ရုတ်ချည်းတုံ့ပြန်ရမည့် လူ့အခွင့်အရေးကိစ္စများကိုဖြေရှင်းရန် အလျင်မြန်ဆုံးနည်းလမ်းဖြစ်သည့်အလျောက် အရေးပေါ်တောင်းဆိုမှုများကို တုံ့ပြန်ရာတွင်အသုံးပြုသည်။ အထူးလုပ်ထုံးလုပ်နည်းများမှာ လူ့အခွင့်အရေးအခြေအနေတစ်ခု သို့မဟုတ် အကြောင်းအရာတစ်ခုအပေါ် အသုံးပြုနိုင်သော တစ်ကမ္ဘာလုံးကို ကိုယ်စားပြုသော လုပ်ပိုင်ခွင့်အာဏာတစ်ရပ်အဖြစ် မကြာခဏ ယူဆကြသည်။ သို့ဖြစ်ရာ ၎င်းတို့၏တင်ပြချက်များမှာ အာရုံစိုက်ခံကြရသည်။ ထိုအထူးလုပ်ထုံးလုပ်နည်းများ ကျင့်သုံးလာသည်မှာ မကြာလှသေးပါ။ အထူးလုပ်ထုံးလုပ်နည်းအရ ပထမဆုံးဖွဲ့စည်းခဲ့သော ပျောက်ဆုံးသွားသူများအတွက် လုပ်ငန်းအဖွဲ့ကို ၁၉၈၀ ခုနှစ်တွင် စတင်ခဲ့ပြီး၊ ၁၉၉၀ ခုနှစ်များ အစောပိုင်းရောက်လာချိန်တွင် ဆယ်ခုနီးပါး တဖြည်းဖြည်း တိုးတက်လာသည်။ လက်ရှိတွင် (၄၀) ခန့် ရှိသည်။

အရှေ့တောင်အာရှဒေသတွင် ကမ္ဘောဒီယားနိုင်ငံအတွက် အထူးကိုယ်စားလှယ်တစ်ဦး ရှိသည်။ ယင်းကိုယ်စားလှယ်ကို အထူးလုပ်ထုံးလုပ်နည်းများအရမဟုတ်ဘဲ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ ကိုယ်စားလှယ်အဖြစ် ထားခြင်းဖြစ်သည်။ သို့သော် ထိုအထူးကိုယ်စားလှယ် ရာထူး၏သဘောမှာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိနေရာ ရာထူးနှင့်အတော်ဆင်တူသည်။ မြန်မာ နိုင်ငံသည် ၁၉၉၃ ခုနှစ်တွင် အထူးစုံစမ်းစစ်ဆေးရေးအရာရှိတစ်ဦးနှင့် ၂၀၀၀ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်တစ်ဦး ထားရှိခဲ့သည်။ အထူး စုံစမ်းစစ်ဆေး ရေးအရာရှိများကို ရွေးချယ်ရာတွင် ဒေသအလိုက်ရွေးချယ်ခဲ့ခြင်းကြောင့် အာရှပိုင်းမှ ရွေးချယ် ခံသူများရှိခဲ့သည်။ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ စေလွှတ်ထားသော လူ့အခွင့်အရေးကျွမ်းကျင်သူများမှာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိများအဖြစ် ကဏ္ဍအသီးသီးတွင် တာဝန်ယူခဲ့ရခြင်းရှိခဲ့သည်။

လူ့အခွင့်အရေးကိစ္စများကို အကြောင်းအရာကဏ္ဍအလိုက် စုံစမ်းစစ်ဆေးရသောအရာရှိ အချို့သည် သတင်းမီဒီယာများ၏ စိတ်ဝင်စားကြသော အရှေ့တောင်အာရှနိုင်ငံများမှ အခြေ အနေများကို စစ်ဆေးအကဲဖြတ်ခဲ့ကြဖူးသည်။ ဥပဒေဘောင်ပြင်တွင် လက်လွတ်စပယ်သတ်ဖြတ်ခြင်း၊ အာဏာရှင်တို့စိတ်ကြိုက် တရားမဲ့ သေဒဏ်စီရင်ခြင်း၊ ရာဇဝတ်မှုကျူးလွန်သူဟု တရားစွဲပြီးနောက် တရားရုံးတွင်ခုခံပိုင်ခွင့်ကို သင့်တင့်မျှတစွာမပေးဘဲ မစစ်မဆေး သေဒဏ်အမြန်ပေးခြင်းနှင့် ပတ်သက်သော အထူးစုံစမ်းစစ်ဆေးရေးအရာရှိ Philip Alston သည် ၂၀၀၇ ခုနှစ်တွင် ဖိလစ်ပိုင် နိုင်ငံသို့ သွားရောက် အကဲခတ်လေ့လာခဲ့ပြီး ၎င်း၏ အစီရင်ခံစာသည် အရှေ့တောင်အာရှဒေသတွင် လူအများ၏အာရုံစိုက်မှုခံခဲ့ရသည်။ ထိုအစီရင်ခံစာတွင် စစ်တပ်သည် မိမိတပ်သားများ ပါဝင် ပတ်သက်နေသော ဥပဒေပြင်ပ သေဒဏ်စီရင်ခြင်းအများအပြားနှင့် စပ်လျဉ်း၍ငြင်းဆိုနေသည့် အနေအထားတွင်ရှိသည်ဟု ရေးသားခဲ့သော မှတ်ချက်သည် ဖိလစ်ပိုင်စစ်တပ်အပေါ် အလွန် ပွင့်လင်းသော ဝေဖန်ချက်ဖြစ်ပြီး အငြင်းပွားစရာများဖြစ်စေခဲ့သည်။

မှတ်သားဖွယ်ရာ

ဥပဒေပြင်တွင်ဖြစ်ပေါ်သော လက်လွတ်စပယ်သတ်ဖြတ်မှုများအပေါ် အထူးအစီရင်ခံစာတင်သွင်းသူ Alston's ၏ ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ခြင်း

၂၀၀၄ ခုနှစ်မှစပြီး ဖီးလစ်အော်စတန် Philip Alston သည် ဥပဒေဘောင်ပြင်တွင် လက်လွတ် စပယ်သတ်ဖြတ်ခြင်း၊ အာဏာရှင်တို့စိတ်ကြိုက် တရားမဲ့ သေဒဏ်စီရင်ခြင်း၊ ရာဇဝတ်မှုကျူးလွန်သူဟု တရားစွဲပြီးနောက်တရားရုံးတွင် ခုခံပိုင်ခွင့်ကို သင့်တင့်မျှတစွာမပေးဘဲ မစစ်မဆေးသေဒဏ် အမြန်ပေးခြင်းများနှင့်ပတ်သက်ပြီး အထူးအစီရင်ခံစာ တင်သွင်းသူဖြစ်လာခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသို့သွားရောက်ကာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့သည်။ နောက်ထပ် တစ်နှစ်ကြာပြီး နောက်ပေါ်ထွက်လာသောသူ၏ အစီရင်ခံစာထဲတွင် ၂၀၀၁ ခုနှစ်ကတည်းက မြေယာပြုပြင် ပြောင်းလဲရေး လှုံ့ဆော်စည်းရုံးသူများနှင့် လူ့အခွင့်အရေးကို ကာကွယ်ပေးသူများအပါအဝင် လက်ဝဲယိမ်းတတ်ကြွလှုပ်ရှားသူ စုစုပေါင်း (၈၀၀) ခန့် အသတ်ခံခဲ့ရသည်ဟု ဖော်ပြထားသည်။ သေဆုံးမှုအများအပြားသည် စစ်တပ်ပိုင်းမှပုဂ္ဂိုလ်များကြောင့် ဖြစ်နိုင်သည်ဟုဖော်ပြခဲ့သည်။

သေဆုံးမှုအများစုမှာ ဖြုတ်ထုတ်သတ် သို့မဟုတ် သူလျှိုများကို သုတ်သင်ရှင်းလင်းခြင်း အစီအစဉ်အရ ကွန်မြူနစ်များက ကျူးလွန်ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရက တုံ့ပြန်ခဲ့သည်။ ထိုတုံ့ပြန်မှုကို အော်စတန်ကအစိုးရသည် ၎င်း၏တာဝန်ရှိမှုကို လွှဲရှောင်သည့် သံသယဖြစ်ဖွယ် ကြိုးပမ်းမှုဟု ဆိုသည်။ ထို့အပြင် တရားရုံးများသည် လူသတ်သမားများကို သေဒဏ်ပေးခြင်းထက် အရပ်ဖက်လူအဖွဲ့အစည်း ခေါင်းဆောင်များအပေါ် သေဒဏ်ပေးရန်သာ အာရုံထားခဲ့သည်ဟု ရေးသားခဲ့သည်။ ရလဒ်အနေဖြင့် ဥပဒေစက်ကွင်းမှ လွတ်ကင်းနေမှုများသည် အလွန်မြင့်မားစွာ ရှိနေခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ထိုအစီရင်ခံစာထွက်ရှိပြီးနောက် ဥပဒေပြင်ပ သတ်ဖြတ်မှုများသည် ၂၀၀ အထက်မှ ၆၈ မှုအထိ ကျဆင်းခဲ့သည်။ သို့သော် လူသတ်မှု ၆၈ မှု ဆိုသည့် ပမာဏမှာမြင့်နေသေးသည်ဟု ဆိုရမည်။ ဤမျှ ထိရောက်စွာကျဆင်းမှုကို ကြည့်ခြင်းအားဖြင့် အချို့သောအခြေအနေများတွင် လူအခွင့်အရေးစံချိန်စံနှုန်းကို ပြောင်းလဲရာ၌ အထူးလုပ်ထုံးလုပ်နည်းများက ထိရောက်ကြောင်းကို သိရှိနိုင်သည်။

တိုင်ကြားခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း

ဆိုးရွားသောလူ့အခွင့်အရေးမှတ်တမ်းများရှိသည့် နိုင်ငံများကို စုံစမ်းစစ်ဆေးရန် အခြားသော လုပ်ထုံးလုပ်နည်းများကိုလည်း HRC ကအသုံးပြုနိုင်သည်။ ၂၀၀၇ခုနှစ်မှစပြီး အလွန်အကျွံဖြစ်သော ယုံကြည်ရလောက်သည့်အတည်ပြုချက်များက ထောက်ခံထားပြီးဖြစ်သော လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများ ချိုးဖောက်ခံရမှုများရှိနေသည်ဟု ယူဆရသော ဖြစ်ရပ်များတွင် HRC သည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ တိုင်ကြားချက်များကိုလက်ခံပြီး စုံစမ်းစစ်ဆေးမှုကို ပြုလုပ်နိုင်သည်။ ထိုအစီအစဉ်မျိုးကို ဆယ်စုနှစ်များစွာကတည်းကပင် သုံးစွဲနေခဲ့ကြပြီး ယခင်က လုပ်ထုံးလုပ်နည်းအမှတ် ၁၅၀၃ ဟု သိထားကြသည်။ ကော်မရှင်မှကောင်စီသို့ ပြောင်းလဲချိန်တွင် အဆိုပါလုပ်ထုံးလုပ်နည်းကို ပြန်လည်စစ်ဆေးပြီးနောက် အနည်းငယ်ပြန်ပြင်ခဲ့ပြီး တိုင်ကြားခြင်းနှင့် စပ်လျဉ်းသောလုပ်ထုံးလုပ်နည်း (Complaints Procedure) ဟု အမည်ပြောင်းခဲ့သည်။ ထိုစုံစမ်းစစ်ဆေးမှုလုပ်ငန်းကို အလွန်တရာဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက်သာ အသုံးချသည်။ HRC သည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ သို့မဟုတ် နိုင်ငံအစိုးရများပါဝင်ပတ်သက်ခြင်း ရှိမရှိမသေချာသော အခြေအနေများကို စုံစမ်းဖော်ထုတ်လိမ့်မည် မဟုတ်ပါ။ ထို့အပြင် ထိုလုပ်ငန်းစဉ်သည် လျှို့ဝှက်ဆောင်ရွက်ရန် ဖြစ်သည်။ အဓိပ္ပာယ်မှာ စုံစမ်းစစ်ဆေးမှုများကို တံခါးပိတ်လုပ်ဆောင်ရန်လိုအပ်ပြီး၊ ဆွေးနွေးချက်များကို အများပြည်သူသို့ ထုတ်ပြန်၍မရပါ။ အဆိုပါလုပ်ထုံးလုပ်နည်းဖြင့် စုံစမ်းစစ်ဆေးမှု တစ်ခုမျှ အရှေ့တောင်အာရှနိုင်ငံများတွင် ပြုလုပ်ရခြင်းမရှိသေးပါ။ သို့သော် ၂၀၀၈ ခုနှစ်တွင် အိမ်နီးချင်း တောင်အာရှနိုင်ငံဖြစ်သော မော်လ်ဒိုက်နိုင်ငံကို စုံစမ်းစစ်ဆေးခဲ့သည်။ လုပ်ထုံးလုပ်နည်း ၁၅၀၃ (ECOSOC ၏ ဆုံးဖြတ်ချက်အမှတ် ၁၅၀၃ အရ ဖွဲ့စည်းခဲ့ခြင်းကြောင့်ဖြစ်သည်)ဟု လူသိများခဲ့သော ယခင်စစ်ဆေးမှု အစီအစဉ်အရ အရှေ့တောင်အာရှနိုင်ငံများကို စုံစမ်းစစ်ဆေးမှုများရှိခဲ့ရာ ထိုဖြစ်ရပ်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ဇယား ၅.၃ လူအခွင့်အရေးကော်မရှင် တိုင်ကြားချက်လုပ်ထုံးလုပ်နည်းအရ နိုင်ငံများကို စုံစမ်းစစ်ဆေးခြင်း

နိုင်ငံများ	ဆုံးဖြတ်ချက်အမှတ် ၁၅၀၃ အရ စစ်ဆေးခံခဲ့ရသည့်အချိန်ကာလ
ဘရူနိုင်း	မရှိခဲ့ပါ
ကမ္ဘောဒီးယား	၁၉၇၉ (ထိုအချိန်က ကန်ပူးချား)
လာအို	၁၉၉၅
အင်ဒိုနီးရှား	၁၉၇၈- ၁၉၈၁။ ၁၉၈၃-၁၉၈၅။
မလေးရှား	၁၉၈၄
မြန်မာ	၁၉၇၉-၁၉၈၀။ ၁၉၉၀-၁၉၉၂။
ဖိလစ်ပိုင်	၁၉၈၄-၁၉၈၆။
စင်ကာပူ	မရှိခဲ့ပါ။
ထိုင်း	၁၉၉၅ ၊ ၁၉၉၆
ဗီယက်နမ်	၁၉၉၄
အရှေ့တီမော	လွတ်လပ်သောနိုင်ငံအဖြစ်မဟုတ်ဘဲ အင်ဒိုနီးရှားနိုင်ငံ၏ ဒေသတစ်ခုအဖြစ်။

ကုလသမဂ္ဂစနစ်အတွင်း လူအခွင့်အရေးကို ပြန့်ပွားတိုးတက်စေရန်နှင့် ကာကွယ်စောင့်ရှောက်ရန်အတွက် HRC က အရေးပါသော ကဏ္ဍတွင်ပါဝင်သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြင့်ဖွဲ့စည်းထားသောအဖွဲ့တစ်ဖွဲ့သည် အခြားအဖွဲ့ဝင်နိုင်ငံများ၏ လူအခွင့်အရေးစံနှုန်းများကို စောင့်ကြည့်လေ့လာရခြင်း၌ သတိရှိစွာလုပ်ဆောင်ရမည်မှာ သံသယရှိစရာမလိုသလို နိုင်ငံရေးအရလည်း အကန့်အသတ်ရှိနေလိမ့်မည်။ HRC က ဖော်ဆောင်သော အထူးလုပ်ထုံးလုပ်နည်းများ၊ UPR နှင့် တိုင်ကြားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကဲ့သို့ လုပ်ငန်းစဉ်များသည် လူအခွင့်အရေးစံနှုန်းများတွင် ခြားနားတိုးတက်လာမှုကိုပြသခဲ့ပြီးဖြစ်သည်။ ယခုအခါ နိုင်ငံများသည် လူအခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများကို မရှောင်လွှဲနိုင်တော့ပါ။ အထူးအစီရင်ခံစာ တင်သွင်းသူများသည် ကမ္ဘာတစ်ဝန်းရှိ လူအခွင့်အရေးချိုးဖောက်မှုများကို တုံ့ပြန်ရန်အရေးပါသောအလုပ်ကို ဆက်လက် ဆောင်ရွက်လျက်ရှိပြီး အလွန်ဆိုးရွားသော လူအခွင့်အရေးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်ရန် တောင်းဆိုလာမှုများကို လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။

၅.၃ လူအခွင့်အရေးကော်မရှင်နာမင်းကြီးရုံးခန်း

ကုလသမဂ္ဂတွင် လူအခွင့်အရေး လုပ်ဆောင်ချက်များကို စီမံခန့်ခွဲရသည့်အလုပ်နှင့် ကုလသမဂ္ဂရှိ တာဝန်ဝတ္တရားများကိုလိုက်နာဆောင်ရွက်ရန် နိုင်ငံအသီးသီးအား အကူအညီပေးရသည့်အလုပ်ကို OHCHR က တာဝန်ယူလုပ်ဆောင်သည်။ ၁၉၉၀ ခုနှစ် အစောပိုင်းကာလများတွင် ကုလသမဂ္ဂ၌ လူအခွင့်အရေးလုပ်ငန်းများကို စီမံခန့်ခွဲရန် အဆင့်မြင့် အဖွဲ့အစည်းတစ်ခု

ဖွဲ့စည်းရန် အဖွဲ့အစည်းအမျိုးမျိုးက မဲဆွယ်ခဲ့ပြီးနောက် မူလက လူ့အခွင့်အရေးစင်တာဟု ခေါ်သော OHCHR ကို ဖွဲ့စည်းခဲ့သည်။ အဆိုပါ စိတ်ကူးကို ၁၉၉၃ ခုနှစ်တွင် ကျင်းပခဲ့သော ကမ္ဘာ့လူ့အခွင့်အရေးညီလာခံက အတည်ပြုလက်ခံခဲ့ပြီး OHCHR ကို တည်ထောင်ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြသည်။

ကုလသမဂ္ဂစနစ်အတွင်း လူ့အခွင့်အရေးကို ပင်မရေစီးဖြစ်လာစေရေးနှင့် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မည့် အားကောင်းသော လှုံ့ဆော်မှုများဖြစ်ပေါ်လာရေး အပါအဝင် OHCHR တွင်ဆောင်ရွက်ဆဲ လုပ်ငန်းအများအပြား ရှိပါသည်။ ထို့အပြင် လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်စွမ်းရှိစေရန် ကျွမ်းကျင်မှုဗဟုသုတများနှင့် နည်းပညာသင်တန်းများကို နိုင်ငံအသီးသီးအတွက် ထောက်ပံ့ပေးလျက်ရှိသည်။ ကုလသမဂ္ဂအတွင်းရှိ လူ့အခွင့်အရေးကိစ္စလှုပ်ရှားမှုများတွင်လည်း ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဥပမာ UPR ကို ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် လူ့အခွင့်အရေးအဖွဲ့အစည်းများကိုလည်း အထောက်အပံ့ပေးသည်။ ဥပမာအားဖြင့် UPR နှင့် ချိတ်ဆက်မိစေသည်။ OHCHR သည် ပညာရေးလုပ်ဆောင်ချက်များ၊ အများပြည်သူဆိုင်ရာ သတင်းအချက်အလက်များနှင့် စည်းရုံးလှုံ့ဆော်မှုများတွင်လည်း ကုလသမဂ္ဂကိုယ်စား ဆောင်ရွက်သည်။ HRC မတူသည်မှာ နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားခြင်းမဟုတ်ပါ။ သို့သော် လူ့အခွင့်အရေးတွင် ကျွမ်းကျင်နှံ့စပ်သော အတွေ့အကြုံရှိသည့် လူပုဂ္ဂိုလ်များဖြင့်သာ ဖွဲ့စည်းထားသည်။

OHCHR သည် ကမ္ဘာအနှံ့တွင် နိုင်ငံပေါင်း ၂၅ နိုင်ငံနှင့် ဒေသဆိုင်ရာ အဖွဲ့များရှိခြင်းကြောင့် သူ၏ ကွင်းဆင်းဆောင်ရွက်နိုင်မှုသည် ထင်ရှားသည်။ အရှေ့တောင်အာရှဒေသတွင် ၎င်း၏ ဒေသဆိုင်ရာရုံးမှာ ESCAP အဖွဲ့ချုပ်တည်ရှိသော ဘန်ကောက်တွင် ရှိသည်။ ၁၉၉၀ ခုနှစ်များအစောပိုင်းကာလတွင် အဖွဲ့အတွင်း အတိုက်အခံများနှင့် ကုလသမဂ္ဂ၏ ဗျူရိုကရေစီကြောင့် OHCHR သည် အားနည်းပြီးစွမ်းဆောင်ရည်မရှိသဖြင့် အသိအမှတ်ပြုမှုရရှိရန် ကြိုးစားရုန်းကန်ခဲ့ရသည်။ သို့သော် အားကောင်းသော ကော်မရှင်ဥက္ကဋ္ဌများ၏ ဦးဆောင်မှုနှင့် ကုလသမဂ္ဂတစ်ခုလုံးအတိုင်းအတာဖြင့် ကျယ်ပြန့်သောလူ့အခွင့်အရေးဆိုင်ရာ အခွင့်အာဏာအပေါ် အသိအမှတ်ပြုမှုဆိုသည့် ပေါင်းစပ်မှုဖြင့် OHCHR သည် ထိုအချိန်ကစပြီး လုပ်ငန်းဖော်ဆောင်ရင်း ထင်ပေါ်လာခဲ့သည်။ OHCHR ကို အထွေထွေအတွင်းရေးမှူးက ခန့်အပ်ထားသော ကော်မရှင်နာမင်းကြီးက ဦးဆောင်သည်။ ၁၉၉၄ တွင်အစပြုပြီး ထိုရာထူးတွင် ကော်မရှင်နာများသည် ၄ နှစ် သက်တမ်းထမ်းဆောင်ရသည်။ ၂၀၁၄ ခုနှစ်အထိ ဥရောပ၊ လက်တင်အမေရိကနှင့် အာဖရိကတို့မှ ကော်မရှင်နာမင်းကြီး (၇)ဦးခန့်အပ်ခဲ့ပြီး အာရှမှ တစ်ဦးမျှမပါဝင်ပါ။

၅.၄ သဘောတူစာချုပ်အဖွဲ့များ

ပဋိညာဉ်စာချုပ်အဖွဲ့အစည်းများနှင့် နှိုင်းယှဉ်ပါက လူ့အခွင့်အရေးသဘောတူစာချုပ်အဖွဲ့အစည်းများသည် လုံးဝခြားနားသောပုံသဏ္ဌာန်ရှိသည်။ ဤအဖွဲ့အစည်းများကို လူ့အခွင့်အရေးစာချုပ်များမှ ဖန်းတီးခဲ့ပြီး ထိုအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံ၊ အခွင့်အာဏာနှင့် စည်းမျဉ်းစည်းကမ်းများသည် လူ့အခွင့်အရေးစာချုပ်များထဲတွင် အသေးစိတ် ပါဝင်သည်။ လူ့အခွင့်အရေး

စာချုပ်တစ်ခုချင်း (နှင့် ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေးအတွက် လက်မှတ် မထိုးမနေရ မဟုတ် သောစာချုပ်)မှာ ၎င်းတို့၏ ကိုယ်ပိုင်အဖွဲ့အစည်းများရှိကြပြီး၊ ၂၀၁၄ ခုနှစ်အထိ စာချုပ်အရ အဖွဲ့အစည်း (၁၀)ဖွဲ့ ရှိသည်။ စာချုပ်များ အသက်ဝင်လာသည့်အခါ အဓိကရလဒ်များထဲမှ တစ်ခုမှာ အဖွဲ့ဝင် (၁၀)ဦးနှင့် (၂၃)ဦးအကြား (စာချုပ်အပေါ် မူတည်၍) ပါဝင်သော ကော်မတီတစ်ခု ဖွဲ့စည်း နိုင်ခြင်းဖြစ်သည်။ အဆိုပါ ကော်မတီ၏တာဝန်မှာ အဖွဲ့ဝင်နိုင်ငံများက စာချုပ်ကိုလိုက်နာခြင်းရှိမရှိ စောင့်ကြည့်လေ့လာရန်ဖြစ်သည်။ သို့သော် ပဋိညာဉ်စာချုပ် အဖွဲ့အစည်းများကို နိုင်ငံများ၏ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး၊ လူ့အခွင့်အရေးစာချုပ် အဖွဲ့အစည်းများကို လွတ်လပ်သော တသီးပုဂ္ဂလပညာရှင်များဖြင့် ပို၍ဖွဲ့စည်းထားသည်။ သာမန်အားဖြင့် လူ့အခွင့်အရေးစာချုပ် အဖွဲ့အစည်း၏ အဖွဲ့ဝင်များသည် လူ့အခွင့်အရေးဆိုင်ရာ ပညာရှင်များဖြစ်ကြပြီး ၎င်းတို့သည် ဥပဒေပညာရှင်များ၊ သံတမန်များသို့မဟုတ် အရပ်ဖက် လူ့အဖွဲ့အစည်းများမှဖြစ်နိုင်သည်။ ၎င်းတို့ကို စာချုပ်အဖွဲ့ဝင်နိုင်ငံများက အဆိုပြုသော်လည်း ၎င်းတို့၏ရာထူးသည် နိုင်ငံများနှင့် ဆက်နွယ်မှု မရှိဘဲ (အစိုးရများက ၎င်းတို့ကို ထိန်းချုပ်မထားနိုင်ဘဲ) လွတ်လပ်သည်။ အဆိုပါ အဖွဲ့များသည် ဂျနီဗာတွင် တစ်နှစ်လျှင် ၃ ကြိမ်၊ ၄ ကြိမ်မျှ တွေ့ဆုံကြသည်။ လူ့အခွင့်အရေးစာချုပ် အဖွဲ့ အစည်းများသည် စာချုပ်ကိုလိုက်၍ လုပ်ငန်းအကောင်အထည်ဖော်မှု အမျိုးမျိုးလုပ်ဆောင်သည်ကို အောက်ပါဇယားတွင် အကျဉ်းချုပ်ဖော်ပြထားသည်။

ဇယား ၅.၄ ပဋိညာဉ်စာချုပ်အဖွဲ့များ၏ အနှစ်ချုပ်

စာချုပ်အဖွဲ့	ကော်မတီ အရေအတွက်	အဖွဲ့ဝင်နိုင်ငံ၏ အစီရင်ခံစာ	တသီးပုဂ္ဂလ တိုင်ကြားလွှာ	အစီရင်ခံစာ တင်သွင်းမှု ကာလ	စုံစမ်းစစ်ဆေးမှု နှင့်/သို့မဟုတ် မစ်ရှင်
CCPR	၁၈	ရှိ	ရှိ၊ OP	၂ နှင့် တောင်းဆိုခဲ့လျှင်	မရှိ
CESCR	၁၈	ရှိ	ရှိ၊ OP	၂ နှင့် ၅	ရှိ၊ OP**
CEDAW	၂၃	ရှိ	ရှိ၊ OP	၁ နှင့် ၄	ရှိ၊ OP
CRC***	၁၈	ရှိ	ရှိ၊ OP	၂ နှင့် ၅	ရှိ၊ OP**
ICERD	၁၈	ရှိ	ရှိ၊ ပုဒ်မ ၁၄	၁ နှင့် ၂	မရှိ
CAT+	၁၀	ရှိ	ရှိ၊ ပုဒ်မ ၂၂	၁ နှင့် ၄	ရှိ၊ ပုဒ်မ ၂၀
CMW	၁၄	ရှိ	ရှိ၊ ပုဒ်မ ၇၇	၁ နှင့် ၅ တောင်းဆိုခဲ့လျှင်	မရှိ
CRPD	၁၈	ရှိ	ရှိ၊ OP	၂ နှင့် ၄	ရှိ၊ OP
ICED	၁၀	ရှိ	ရှိ၊ ပုဒ်မ ၃၁	၂++	ရှိ၊ ပုဒ်မ ၃၃

OP = Optional Protocol မဖြစ်မနေ လက်မှတ်ထိုးရခြင်းမဟုတ်သော စာချုပ်ငယ်

* ကနဦးအစီရင်ခံစာအထိ နှစ်ကာလများ/နောက်ထပ် အစီရင်ခံစာများအကြား နှစ်ကာလများ

** OP အသက်ဝင်လာသည့်အချိန်အထိ

***CRC ၏ OP နှစ်ခုသည် အဖွဲ့ဝင်နိုင်ငံများ၏ အစီရင်ခံစာလိုအပ်သည်။ ပထမအစီရင်ခံစာကို ၂ နှစ် အတွင်း တင်သွင်းရမည်ဖြစ်ပြီး၊ ထိုနောက် ၅ နှစ် တစ်ကြိမ် တင်သွင်းရမည်။
+ CAT အောက်တွင် ညှဉ်းပန်းနှိပ်စက်မှုများနှင့်အခြားရက်စက်ကြမ်းကြုပ်မှုများ သို့မဟုတ် လူမဆန်သော သို့မဟုတ် လူကိုအဆင့်နိမ့်သွားစေသော ဆက်ဆံမှုများနှင့် အပြစ်ပေးခြင်းများဆိုင်ရာ ဆပ်ကော်မတီ *Subcommittee on Prevention of Torture and other Cruel, Inhuman or Degrading Treatment or Punishment (SPT)* ရှိသည်။
++ မဆုံးဖြတ်ရသေး

စာချုပ်အဖွဲ့အစည်းတစ်ခုချင်း၏ လုပ်ပိုင်ခွင့်နှင့်အာဏာများမှာ အနည်းငယ်စီ ကွဲပြားမှု ရှိသည်။ ဤအခန်း၏ ကျန်သောအပိုင်းတွင် လူ့အခွင့်အရေးသဘောတူစာချုပ် အဖွဲ့အစည်းများ၏ လုပ်ငန်းများကို အသေးစိတ်ဖော်ပြထားပြီး အဆိုပါအဖွဲ့များသည် လူ့အခွင့်အရေးကို မည်ကဲ့သို့ ကာကွယ်စောင့်ရှောက်နေသည်ကို ဆွေးနွေးထားသည်။

အဖွဲ့ဝင်နိုင်ငံ၏အစီရင်ခံစာ

နိုင်ငံတစ်ခုသည် စာချုပ်တစ်ခုကို သဘောတူသည့်အခါ ထိုနိုင်ငံသည် ပုံမှန်အစီရင်ခံစာ ရေးသားရန်ကိုလည်း ကတိကဝတ်ပြုရသည်။ (အစီရင်ခံစာ ရေးသားရသည့်အချိန်သည် စာချုပ် အပေါ်မူတည်ပြီး ပုံမှန်အားဖြင့် ၄ နှစ်၊ ၅ နှစ် တစ်ကြိမ်ဖြစ်သည်။) ထိုအစီရင်ခံစာတွင် စာချုပ်ပါ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို မိမိနိုင်ငံမှ မည်ကဲ့သို့လိုက်နာခဲ့ကြောင်း ဆောင်ရွက်မှုများကို အသေးစိတ်ဖော်ပြရပါသည်။ အဖွဲ့ဝင်နိုင်ငံများသည် ဥပဒေပြုခြင်း၊ တရားစီရင်ခြင်း၊ မူဝါဒချမှတ်ခြင်းနှင့် အခြားဆောင်ရွက်ချက်များကို အဆင့်လိုက်ဖော်ပြရပြီး၊ စာချုပ်ပါ အခွင့်အရေးများကို အကာအကွယ်ပေးရာတွင် သေချာစွာဆောင်ရွက်ခဲ့ကြောင့် ဖော်ပြရပါသည်။ အဖွဲ့ဝင်နိုင်ငံတစ်ခု၏ အစီရင်ခံစာသည် အလွန်ထူထဲပြီး တစ်ခါတစ်ရံ စာမျက်နှာ ၂၀၀ နီးပါး ရှည်လျား၍စာချုပ်ပါ ပုဒ်မတစ်ခုချင်းစီအလိုက် တုံ့ပြန်ဆောင်ရွက်ကြသည်။ အစီရင်ခံစာက ပြည်တွင်းဥပဒေများတွင် စာချုပ်ပါအခွင့်အရေးများကို မည်ကဲ့သို့ ထည့်သွင်းခဲ့သည်၊ ပြည်သူမည်မျှက အဆိုပါအခွင့်အရေးကို ခံစားခွင့်ရှိသည်နှင့် စာချုပ်ပါအခွင့်အရေးများကို အကာအကွယ်ပေးစေခဲ့သော လုပ်ငန်းရပ်များကို ရှင်းပြရပါသည်။

ပုံမှန်အားဖြင့် စာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးပြီး တစ်နှစ် သို့မဟုတ် နှစ်နှစ်အတွင်း အဖွဲ့ဝင်နိုင်ငံများသည် ကနဦး အစီရင်ခံစာကို တင်သွင်းကြရပါသည်။ အဆိုပါအစီရင်ခံစာ တင်သွင်းပြီးနောက် အစီရင်ခံစာ တင်သွင်းမှုများသည် ကာလသတ်မှတ်ချက်အလိုက် (ပုံမှန်အားဖြင့် လေးနှစ် သို့မဟုတ် ငါးနှစ်တစ်ကြိမ်) တင်သွင်းကြရသည်။ သို့သော် အစီရင်ခံစာတင်သွင်းမှုသည် အလွန်ပင်ပန်းခက်ခဲသော အလုပ်တစ်ခုဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံ အများအပြားသည် သုတေသနပြုလုပ်ရန် တွန့်ဆုတ်ကြပြီး၊ စာချုပ်ပါအချက်များကို လိုက်နာရန်ပျက် ကွက်ကြောင်းဝန်ခံကြသည်မှာ အံ့သြစရာ မဟုတ်ပါ။ ရလဒ်အနေဖြင့် အဖွဲ့ဝင်နိုင်ငံအများအပြားသည် အစီရင်ခံစာတင်သွင်းရန် အချိန်ကျော်လွန်နေတတ်သည်။ အရှေ့တောင်အာရှနိုင်ငံများအတွင်း အချိန်ကျော်လွန်နေသော အစီရင်ခံစာ အများအပြားရှိသည်။ နိုင်ငံအများစုသည် အစီရင်ခံစာတင်သွင်းရန် အချိန်ကျော်လွန်မှု အနည်းဆုံးတစ်ကြိမ်ရှိကြပြီး နိုင်ငံအများအပြားသည် နှစ်ကြိမ် သို့မဟုတ် ထို့ထက်ပို၍ရှိကြသည်။

ဘရူနိုင်းနိုင်ငံသည် CEDAW စာချုပ်ကို ၂၀၀၇ ခုနှစ်တွင် စတင်အတည်ပြုလက်မှတ်ထိုးစဉ်ကတည်းက အစီရင်ခံစာတစ်စောင်မှ တင်သွင်းခြင်းရှိခဲ့ပါ။ အင်ဒိုနီးရှားနိုင်ငံသည် CERD စာချုပ်အတွက် အချိန်ကျော်လွန် အစီရင်ခံစာ တင်သွင်းမှု သုံးကြိမ်ရှိခဲ့သည်။ လာအိုနိုင်ငံသည် စာချုပ်(၅)ခုအတွက် အချိန်ကျော်လွန်ခဲ့ပြီးဖြစ်သည်။ သို့ရာတွင် အရှေ့တောင်အာရှနိုင်ငံများသည် အစီရင်ခံစာတင်သွင်းမှုတွင် ထူးထူးခြားခြား ဆိုးရွားနေသည်ဟု မဆိုလိုပါ။ အဘယ်ကြောင့်ဆိုသော် နိုင်ငံအများစုသည် ထိုကဲ့သို့နောက်ကျနေခြင်းကြောင့်ဖြစ်သည်။ ခန့်မှန်းချက်များအရ စာချုပ်များအားလုံးတွင် အချိန်ကျော်လွန်နေသော အစီရင်ခံစာပေါင်း (၁၀၀၀)ကျော် ရှိသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

နိုင်ငံတစ်နိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေများကို ဆုံးဖြတ်နိုင်ရန် အဖွဲ့ဝင်နိုင်ငံအစိုးရများ၏ အစီရင်ခံစာများသည် အသုံးဝင်သောနည်းလမ်း ဖြစ်ပါသလား။

ဝေဖန်မှုအများအပြားမှာ အဖွဲ့ဝင်နိုင်ငံများ၏ အစီရင်ခံစာတင်သွင်းမှုစနစ်ကို အဓိက ပစ်မှတ်ထားသည်။ အရှေ့တောင်အာရှနိုင်ငံများထဲတွင် နောက်ကျမှတင်သော အစီရင်ခံစာမရှိသော နိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်သည်။ (သို့သော် စင်ကာပူသည် စာချုပ်(၂)ခုကိုသာ အတည်ပြုလက်မှတ်ရေးထိုးထားသည်) ထို့အပြင် စာချုပ်ကိုအတည်ပြု လက်မှတ်ရေးထိုးထားခြင်းမရှိသော နိုင်ငံများအတွက်မူ ဤလုပ်ငန်းစဉ်မှာအသုံးမဝင်ပါ။ အချိန်လွန်သောအစီရင်ခံစာများ တင်သွင်းရန်ရှိသော နိုင်ငံများအတွက် စာချုပ်အဖွဲ့အစည်းသည် အားပေးတိုက်တွန်းမှုကိုသာ ပြုလုပ်နိုင်သည်။ သို့ရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်း၏အရွယ်အစား၊ နယ်ပယ်နှင့်အစိုးရ၏ အရင်းအမြစ်များသုံးစွဲရမှု စသည့် လိုအပ်ချက်များကြောင့် စာချုပ်အဖွဲ့အစည်းသည် စာချုပ်ကိုလိုက်နာစေရန် လုပ်ဆောင်နိုင်မှု မရှိသလောက် ဖြစ်သည်။ အစီရင်ခံစာတင်သွင်းသည့်အခါတွင်လည်း အစီရင်ခံစာအများအပြားသည် အစိုးရ၏ အမြင်သဘောထားများကိုသာ ဖော်ပြထားတတ်ပြီး ပို၍အရေးကြီးသော လူ့အခွင့်အရေးပြဿနာများကို ချန်လှပ်ထားကြသည်။

အထက်ပါကိစ္စရပ်များကြောင့် OHCHR သည် စာချုပ်အဖွဲ့အစည်းကို အားကောင်းခိုင်မာစေရေး လုပ်ငန်းစဉ်ဟုခေါ်သော ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ်တစ်ခုကို အစပြုလုပ်ဆောင်ခဲ့သည်။ အဆိုပါ လုပ်ငန်းစဉ်သည် စာချုပ်အဖွဲ့ဝင်နိုင်ငံများက အစီရင်ခံစာတင်သွင်းမှု တာဝန်ဝတ္တရားများကို လုံလောက်စွာလိုက်နာဆောင်ရွက်ခြင်းမရှိခြင်း၊ စာချုပ်အဖွဲ့အစည်းများ၏ ကာလကြာရှည်ခံစားနေရသော အရင်းအမြစ်မလုံလောက်မှု၊ အဖွဲ့ဝင်နိုင်ငံများ၏ အစီရင်ခံစာများနှင့် ဆက်သွယ်မှုများတွင်သိသာထင်ရှားသော လုပ်ဆောင်စရာများပျက်ကွက်နေမှုများကို အလေးထားဆွေးနွေးကြသည်။ ဆွေးနွေးမှုများတွင် စာချုပ်များအားလုံးကိုခြုံငုံ၍ အစီရင်ခံစာတစ်စောင်တည်း တင်သွင်းခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းရှိသော အဖွဲ့ဝင်နိုင်ငံများကိုသာ အစီရင်ခံစာတင်သွင်းစေခြင်းစသည့် အချက်များအပါအဝင်ဖြစ်နိုင်ခြေရှိသော အဖြေများကို ဆွေးနွေးခဲ့ကြသည်။

မေးခွန်း။ ။ထိုပြဿနာကိုဖြေရှင်းရန် မည်သို့ပြုလုပ်ရမည်နည်း။ လူ့အခွင့်အရေးအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံအစိုးရများထံမှ မျှတသည့်အစီရင်ခံမှုကို မျှော်လင့်ခြင်းသည် လက်တွေ့ကျပါသလား သို့မဟုတ် ထိုကိစ္စကို အရပ်ဘက်လူ့အဖွဲ့အစည်းများ လုပ်ဆောင်ရန်အတွက် ထားသင့်ပါသလား။

မေးခွန်း။ ။ စာချုပ်တစ်ခုအတွက် ၄၊ ၅ နှစ်လျှင် တစ်ကြိမ် အစီရင်ခံစာတင်သွင်းခြင်းသည် အချို့နိုင်ငံများအနေဖြင့် တစ်နှစ်လျှင် အစီရင်ခံစာနှစ်စောင်မျှ ထုတ်ပြန်ရသကဲ့သို့ ဖြစ်နေသည့်အတွက် ထိုအစီရင်ခံစာများမှာ အမှန်တကယ် လိုအပ်ပါသလား။ ၎င်းအစီရင်ခံများအတွက် သုတေသနပြုလုပ်ပြီး ရေးသားရမည်၊ ဂျီနီဗာသို့ ကိုယ်စားလှယ်အဖွဲ့ကိုစေလွှတ်ရမည်၊ ရလဒ်များအပေါ် နောက်ဆက်တွဲလိုက်နာအကောင်အထည်ဖော်ရမည်စသည့် အကြောင်းအရင်းများကြောင့် ထိုတာဝန်များသည် သိသာများပြားလှသည်။

မေးခွန်း။ ။ UPR လုပ်ငန်းစဉ်ကိုသုံးလျှင် ပို၍ကောင်းမည်လား။ (သို့သော် UPR သည် စာချုပ်အမျိုးမျိုးတွင် ဖော်ပြထားသော အခွင့်အရေးများကို လွှမ်းခြုံနိုင်ခြင်းမရှိသေးပါ။)

အစီရင်ခံစာကိုတင်သွင်းပြီးလျှင် စာချုပ်အဖွဲ့ဝင်နိုင်ငံများက ဖတ်ရှုလေ့လာပြီး အစီရင်ခံစာတင်သွင်းသည့်နိုင်ငံနှင့်တွေ့ဆုံ၍ တိုးတက်မှုကို တိုင်ပင်ဆွေးနွေးကြမည်။ အစီရင်ခံစာများသည် ကိုယ်တိုင်အကဲဖြတ် စစ်ဆေးခြင်းပုံစံတစ်ခုသာဖြစ်ပြီး နိုင်ငံများသည် ၎င်းတို့၏ လူ့အခွင့်အရေးချိုးဖောက်သည့် အချက်အလက်များကို မကြာခဏ ချန်လှပ်ထားလေ့ရှိကြသည်။ သို့မဟုတ် လက်ရှိအခြေအနေနှင့် မကိုက်ညီသော မြင့်မားသည့် စံချိန်စံညွှန်းများကို တင်ပြပြောဆိုကြသည်။ ထို့ကြောင့် စာချုပ်အဖွဲ့အစည်းများသည် NGO များကဲ့သို့ လွတ်လပ်သောအဖွဲ့များကို အစီရင်ခံစာတင်သွင်းရန်ခွင့်ပြုပြီး (စင်ပြိုင်အစီရင်ခံစာဟုခေါ်သည်) လွတ်လပ်သော ကိုယ်ပိုင်အမြင်ကို တင်ပြစေသည်။ အမှန်တကယ်ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်ကို ဂျနီဗာရှိ OHCHR ရုံးခန်းတွင် နိုင်ငံအစိုးရများ၏ ကိုယ်စားလှယ်အဖွဲ့နှင့် အစည်းအဝေးကျင်းပပြီး စာချုပ်အဖွဲ့မှမေးခွန်းများကို နိုင်ငံကိုယ်စားပြုကိုယ်စားလှယ်အဖွဲ့များမှ အပြုသဘောဆောင်သော ဆွေးနွေးညှိနှိုင်းမှုဖြင့် ပြန်လည်ဖြေဆိုကြသည်။ စာချုပ်အဖွဲ့သည် စင်ပြိုင်အစီရင်ခံစာတွင်တင်ပြထားသော အချက်အလက်များဖြင့် မေးခွန်းများမေးလေ့ရှိပြီး၊ တိုင်းပြည်အတွင်း ဖြစ်ပေါ်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ နောက်ဆက်တွဲ သတင်းအချက်အလက်များနှင့်ပတ်သက်၍ ထပ်မံတင်ပြ အစိုးရကိုယ်စားလှယ်များထံမှ တောင်းခံလေ့ရှိသည်။ ပုံမှန်လုပ်ငန်းအဆင့်ဆင့်တွင် အောက်ပါတို့ပါဝင်သည်။ (လုပ်ငန်းစဉ်တစ်ဆင့်ချင်းစီကို မှတ်တမ်းထားရှိပြီး အများပြည်သူများ ရယူလေ့လာနိုင်အောင် ဆောင်ရွက်ထားရန်မှာ အရေးကြီးသည်) -

၁။ နိုင်ငံများ၏အစီရင်ခံစာကိုတင်ပြခြင်း (၁၀၀ မျက်နှာကျော်ရှိသော မှတ်တမ်းအကြီးစားတစ်ခု)

၂။ စာချုပ်အဖွဲ့အစည်းအနေနှင့် သက်ဆိုင်ရာနိုင်ငံနှင့်ဆွေးနွေးလိုသော ပြဿနာရပ်များစာရင်းကို ပြုစုထားရှိပြီး၊ စင်ပြိုင်အစီရင်ခံစာတွင် တင်ပြထားသော ပြဿနာတချို့ (ပုံမှန်အားဖြင့် ၁၀ မှ ၂၀ ခန့်) ပါဝင်သည်။

၃။ အဖွဲ့ဝင်နိုင်ငံအစိုးရသည် အဆိုပါ ပြဿနာရပ်များစာရင်းကို တုံ့ပြန်ဖြေရှင်းရသည်။

၄။ စာချုပ်အဖွဲ့သည် တွေ့ဆုံဆွေးနွေးမှုအသေးစိတ်ပါရှိသော အစီရင်ခံစာအကျဉ်းချုပ်ကို ထုတ်ပြန်သည်။

၅။ စာချုပ်အဖွဲ့သည် နိုင်ငံအစိုးရက လုပ်ဆောင်သင့်သည့် အကြံပြုချက်များပါဝင်သော အပြီးသတ်လေ့လာတွေ့ရှိချက်များကို ထုတ်ပြန်သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

အစိုးရက အစီရင်ခံစာတင်သွင်းရသည့် လုပ်ထုံးလုပ်နည်းကြောင့် နိုင်ငံများပြောင်းလဲပါသလား

အစိုးရအစီရင်ခံစာများကြောင့် လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းများ ဖြစ်ပေါ်လာခြင်းမှာ အကန့်အသတ်ဖြင့်သာ ရှိနေသကဲ့သို့ဖြစ်သည်။ သို့သော် ၎င်းအစီရင်ခံစာများကို လူ့အခွင့်အရေး တိုးတက်ကောင်းမွန်ရန် နည်းလမ်းအမျိုးမျိုးဖြင့် အသုံးပြုနိုင်သည်။ ထိုသို့အသုံးပြုနေသော ဥပမာများကို အရှေ့တောင်အာရှဒေသအတွင်းတွင်လည်း တွေ့ရှိနိုင်သည်။ ဥပမာ ICCPR နှင့် CEDAW တို့ကို လေးစားလိုက်နာခြင်း၏ အကျိုးဆက်အဖြစ် ထိုင်းနိုင်ငံသည် အမျိုးသမီးများအတွက် ကွာရှင်းခွင့်ဥပဒေကို ပြောင်းလဲနိုင်ခဲ့သည်။ CEDAW စာချုပ်အဖွဲ့သည် ထိုင်းနိုင်ငံ၏ ကွာရှင်းခွင့် ဥပဒေသည် အမျိုးသမီးများကို ခွဲခြားဆက်ဆံထားသည်ဟု မှတ်ချက်ပြုခဲ့သည်။ ထိုင်းနိုင်ငံတွင် အမျိုးသမီးများသည် အမျိုးသားများကို ကွာရှင်းနိုင်ရန် အလွန်ခက်ခဲသည်။ အိမ်ထောင်ရေးဖောက်ပြန်ခြင်း သို့မဟုတ် အမျိုးသားက (၂)နှစ်ခန့် ပျောက်ဆုံးနေခြင်း စသည်တို့ကိုသက်သေအဖြစ် ပြနိုင်မှ အမျိုးသမီးဘက်မှ ကွာရှင်းခွင့်ရှိသည်။ အမျိုးသားများကမူ အပြစ်တစ်စုံတစ်ရာမရှိဘဲ ကွာရှင်းနိုင်သည်။ ထို့အပြင် အမျိုးသမီးများသည် လက်ထပ်ပြီးလျှင် ၎င်းတို့အမျိုးသားများ၏ မိသားစုအမည်များသို့ ပြောင်းလဲရသည်။ ၂၀၀၅ ခုနှစ်တွင် ထိုင်းနိုင်ငံသည် ထိုဥပဒေများကို ပြောင်းလဲခဲ့သည်။

တစ်ဦးချင်းဆက်သွယ်တိုင်ကြားနိုင်သော လမ်းကြောင်းများ

နိုင်ငံအလိုက် အစီရင်ခံစာများကိုလက်ခံခြင်းအပြင် အချို့စာချုပ်အဖွဲ့အစည်းများသည် လူတစ်ဦးချင်းနှင့် အစိုးရအဖွဲ့များထံမှ တိုင်ကြားချက်များကိုလည်း လက်ခံသည်။ စာချုပ်အဖွဲ့ (၄) ဖွဲ့သည် နိုင်ငံအချင်းချင်း တိုင်ကြားမှုများကို လက်ခံသော်လည်း ထိုကဲ့သို့ တိုင်ကြားချက်မျိုး တစ်ခုတလေကိုမျှ လက်ခံရရှိခြင်းမရှိသေးပါ။ ထို့ကြောင့် ဤလုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍ ဆွေးနွေးစရာမရှိပါ။ HRC ကဲ့သို့ပင် နိုင်ငံအစိုးရများသည် ၎င်းတို့ထံသို့ တန်ပြန်သက်ရောက်မှုရှိလာမည်ကို စိုးရိမ်သောကြောင့် အခြားနိုင်ငံများအကြောင်း တိုက်ရိုက်တိုင်ကြားခြင်းကိစ္စအတွက် ကမကထပြုရေးတွင် နိုင်ငံရေးအရ တုံ့ဆိုင်းကြသည်။ သို့ဖြစ်ရာ လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုခုနှင့် ပတ်သက်၍ တိုင်ကြားသောအလုပ်မှာ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်တဦးချင်းက ဆောင်ရွက်ရမည့်တာဝန်ကဲ့သို့ပင် ဖြစ်လာရသည်။ တစ်နည်းအားဖြင့် တစ်ဦးချင်းတိုင်ကြားမှုများကို အများဆုံး အသုံးပြုဖြစ်ခဲ့ကြပြီး လက်ရှိအချိန်ထိ စာချုပ်အဖွဲ့ဆီသို့ တိုင်ကြားချက်ပေါင်း ၂၅၀၀ ခန့် ရောက်ရှိခဲ့သည်။ စာချုပ်အဖွဲ့အစည်းများအားလုံးသည် တိုင်ကြားမှုများအတွက် အစီအမံတစ်ခုစီရှိသည်။

- CMW ။ ။ တိုင်ကြားချက်လုပ်ငန်းစဉ်တစ်ခုကို စတင်ရန်အတွက် ရွေ့ပြောင်းအလုပ် သမားများဆိုင်ရာ သဘောတူစာချုပ် ပုဒ်မ ၇၇ ကို အတည်ပြုရန်နိုင်ငံပေါင်း ၁၀ နိုင်ငံ လိုအပ်ပါသည်။ ၂၀၁၄ ခုနှစ်အထိ နိုင်ငံ(၂)နိုင်ငံကသာ ထိုပုဒ်မကို အတည်ပြုလက်မှတ်ထိုးထားသည်။
- CRC ။ ။ တတိယအကြိမ်မြောက်ပြဋ္ဌာန်းလိုက်သော မဖြစ်မနေလိုက်နာရန် မလိုအပ်သည့် နောက်ဆက်တွဲစာချုပ်ငယ် (optional protocol)ကို အကောင်အထည်ဖော်ရန် လိုအပ်သည့် နိုင်ငံအရေအတွက် ၁၀ နိုင်ငံက လက်မှတ်ရေးထိုးအတည်ပြုခဲ့ရာ ၂၀၁၄ ခုနှစ် အစောပိုင်းတွင် CRC ၏ တိုင်ကြားခြင်းဆိုင်ရာလုပ်ငန်းအစီအစဉ်ကို စတင်နိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်အထိ တိုင်ကြားချက်တစ်စောင်မျှ မရရှိခဲ့သေးပေ။

တစ်ဦးချင်းဆက်သွယ်တိုင်ကြားနိုင်သော လမ်းကြောင်းများ

လူတစ်ယောက်သည် မိမိ၏ လူ့အခွင့်အရေး ချိုးဖောက်ခံနေရသည်ကို ကြုံတွေ့ပါက အချို့အခြေအနေများတွင် ကုလသမဂ္ဂသို့တိုင်ကြားနိုင်သည်။ ထိုကဲ့သို့ အခြေအနေ အများအပြားရှိသည်။ (၁) သက်ဆိုင်ရာနိုင်ငံသည် စာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးထားပြီးဖြစ်ရမည်။ (၂) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အနေနှင့် တိုင်ကြားခြင်းကို ခွင့်ပြုထားရမည်။ (၃) ထိုပုဂ္ဂိုလ်သည် မိမိနိုင်ငံ၏ တရားရေးစနစ် သို့မဟုတ် ထိုစနစ်နှင့် ထပ်တူညီသောစနစ်တစ်ခုတွင် တိုင်ကြားဖူးပြီးသား ဖြစ်ရမည်။ ဤလုပ်ထုံးလုပ်နည်းကို ပုံမှန်အားဖြင့် တစ်ဦးချင်း တိုင်ကြားချက်တုခေါ်ပြီး၊ နိုင်ငံများက ၎င်းကို တစ်ဦးချင်း ဆက်သွယ်မှုဟု ခေါ်ဆိုကြသည်။ ထိုကဲ့သို့တစ်ဦးချင်းဆက်သွယ်မှုဟု ခေါ်ဆိုခြင်းကြောင့် ၎င်းနိုင်ငံကို တိုင်ကြားချက်မဟုတ်ဟု အဓိပ္ပာယ်ကောက်ယူနိုင်ပြီး၊ စံနှုန်းများနှင့် တာဝန်ဝတ္တရားများ မပြည့်မီသောနယ်ပယ်များနှင့် ပတ်သက်ပြီး ဆက်သွယ်မှု ရယူသည်ဟု ဆိုနိုင်သည်။

- ICESCR ။ ။ မဖြစ်မနေလိုက်နာရန် မလိုအပ်သည့် နောက်ဆက်တွဲစာချုပ်ငယ် (optional protocol)ကို အကောင်အထည်ဖော်ရန်လိုအပ်သော လက်မှတ်ရေးထိုး အတည်ပြုခဲ့သည့် နိုင်ငံ (၁၀)နိုင်ငံရရှိခဲ့သည့်အတွက် ၂၀၁၄ ခုနှစ်အစောပိုင်းတွင် ICESCR ၏ တိုင်ကြားခြင်း လုပ်ထုံးလုပ်နည်းကို စတင်နိုင်ခဲ့သည်။ သို့သော် တစ်ဦးချင်းတိုင်ကြားမှုများ လက်ခံရရှိခြင်း မရှိသေးပါ။
- ICED ။ ။ စတင်အသက်ဝင်နေပြီဖြစ်သော အင်အားသုံးပြီး လူပျောက်ဆုံးအောင်ပြုသည့် အမှုများဆိုင်ရာ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများက ၎င်းတို့သည် ပုဒ်မ(၃၁)အရ တစ်ဦးချင်း တိုင်ကြားလွှာများကို ခွင့်ပြုသည်ဟု ပြည်သူများသို့ ကြေညာရန်လိုအပ်သည်။ ယခုအချိန်အထိ နိုင်ငံ (၁၆)နိုင်ငံကသာ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ တစ်ဦးချင်းတိုင်ကြားချက်များကို လက်ခံရန်အတွက် ထိုစာချုပ်အဖွဲ့တွင် အနည်းဆုံး အဖွဲ့ဝင်နိုင်ငံ မည်ရွေ့မည်မျှက သဘော တူရမည်ဟု သတ်မှတ်ထားခြင်းမရှိပါ။ ၂၀၁၄ ခုနှစ်အထိ တိုင်ကြားချက်တစ်ခုမျှမရှိခဲ့ပါ။

ကျန်ရှိသောစာချုပ်အဖွဲ့ (၅)ဖွဲ့တွင် တစ်ဦးချင်းတိုင်ကြားမှု လုပ်ထုံးလုပ်နည်းများကို အသုံးပြုနေသော်လည်း တိုင်ကြားချက်တစ်ခုကို သက်ဆိုင်ရာနိုင်ငံက သဘောတူလက်ခံရန် လိုအပ်သည်။ အရှေ့တောင်အာရှနိုင်ငံများ၏ မှတ်တမ်းများကိုစစ်ဆေးသောအခါ တစ်ဦးချင်းစီ တိုင်ကြားခြင်းကို ခွင့်ပြုထားသည့်နိုင်ငံ မရှိသလောက် ဖြစ်သည်။ ထိုင်းနှင့်ဖိလစ်ပိုင်နိုင်ငံများသည် စာချုပ်အဖွဲ့ ၂ ဖွဲ့သို့ တစ်ဦးချင်းတိုင်ကြားချက်ကိုခွင့်ပြုထားပါသည်။ အရှေ့တီမောနိုင်ငံတွင် CEDAW သို့ တိုင်ကြားရန် ခွင့်ပြုထားသည်။ သို့သော်လည်း အရှေ့တောင်အာရှ အတွေ့အကြုံမှာ ဆိုးရွားသော မှတ်တမ်းတစ်ခုတော့မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် တိုင်းပြည်အများစုတွင် ယေဘုယျအားဖြင့် တစ်ဦးချင်းတိုင်ကြားချက်များကို ခွင့်မပြုထားပါ။ သို့ရာတွင်အဆိုပါ လုပ်ထုံးလုပ်နည်းကို ဒေသအတွင်း အသုံးပြုခြင်းနည်းပါးသည်ဟု မဆိုလိုပါ။ ခြင်းချက်အနေဖြင့် ICCPR စာချုပ်အဖွဲ့သို့ ယူဆောင်လာသော ဖိလစ်ပိုင်နိုင်ငံအပေါ် တိုင်ကြားမှုမှာ ၁၆ မှုရှိသည်။ ဖိလစ်ပိုင်နိုင်ငံမှ CEDAW သို့ တစ်ဦးချင်းတိုင်ကြားမှုမှာတစ်မှုရှိပြီး ထိုင်းနိုင်ငံနှင့် အရှေ့တီမောနိုင်ငံတို့တွင် တစ်ဦးချင်း တိုင်ကြားမှု တစ်ခုမျှ ရင်မဆိုင်သေးပါ။

ဇယား ၅.၅ တစ်ဦးချင်းတိုင်ကြားချက်ကိုခွင့်ပြုသော အရှေ့တောင်အာရှနိုင်ငံများ

စာချုပ်	တိုင်ကြားချက်ကိုခွင့်ပြုထားခြင်း	လက်မှတ်ထိုးထားသော်လည်း အတည်မပြုထားပါ။
ICERD	မရှိပါ	
ICESCR	မရှိပါ	အရှေ့တီမော
ICCPR	ဖိလစ်ပိုင်	ကမ္ဘောဒီးယား
CEDAW	ဖိလစ်ပိုင်၊ ထိုင်း၊ အရှေ့တီမော	အင်ဒိုနီးရှား
CAT	မရှိပါ။	လာအို
CRC	ထိုင်း	မရှိပါ။
CMW	မရှိပါ	ကမ္ဘောဒီးယား
ICED	မရှိပါ	အင်ဒိုနီးရှား၊ လာအို၊ ထိုင်း
CRPD	မရှိပါ	ကမ္ဘောဒီးယား

တိုင်ကြားချက်ပြုလုပ်ရန်အတွက် လုပ်ထုံးလုပ်နည်း

ပုဂ္ဂိုလ်တစ်ဦးချင်းတိုင်ကြားချက် လုပ်ငန်းစဉ်မှာ ဥပဒေအရ တစ်ပိုင်းတစ်စ အကျုံးဝင်သော လုပ်ငန်းဖြစ်ပြီး စာချုပ်အဖွဲ့သည် မိမိ၏ လူ့အခွင့်အရေးချိုးဖောက်ခံခြင်းခံရသည်ဟု ယူဆသူထံမှ သတင်းအချက်အလက်များ စုဆောင်းသည်။ တိုင်ကြားနိုင်ရန် အသေးစိတ်ပြီးနည်း စနစ်ကျနသော အဆင့်များစွာကိုလည်း ဖြတ်ကျော်ရသည်။ ထိုလုပ်ငန်းအဆင့်ဆင့်သည် လူ့အခွင့်အရေးစာချုပ်အဖွဲ့အစည်းများအကြား ကွဲပြားနိုင်သော်လည်း အခြေခံအားဖြင့် အောက်ပါအတိုင်းဖြစ်သည်။

၁။ စာရေးသူ (သို့မဟုတ် ၎င်းကို ကိုယ်စားပြုသူတစ်ဦး)သည် အခင်းဖြစ်ရပ်နှင့် ပတ်သက်သော အချက်အလက်များ၊ အခြားသက်ဆိုင်ရာ သတင်းအချက်အလက်များနှင့် မိမိ၏လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းအတွက် မိမိနိုင်ငံတရားတွင် အဘယ်ကြောင့် မျှတသည့် တရားစီရင်မှုမရနိုင်သည်ကို အကြောင်းပြချက်ပေးလျက် စာချုပ်အဖွဲ့အစည်းထံသို့တင်ပြရမည်။ ချိုးဖောက်ခံရသော လူ့အခွင့်အရေးနှင့်နှင့် အဘယ်ကြောင့် မျှတသော တရားစီရင်မှုမရနိုင်သည်တို့ကို အသေးစိတ် ဖော်ပြရမည်။

၂။ ကော်မတီမှ ထိုတိုင်ကြားချက်ကိုလက်ခံရန် အခွင့်အာဏာရှိမရှိ ဆုံးဖြတ်မည်။ ထိုဆုံးဖြတ်ချက်ကို တိုင်ကြားချက်အား လက်ခံနိုင်မှု နှင့်စပ်လျဉ်းသော ဆုံးဖြတ်ချက်ဟု ခေါ်သည်။ စာချုပ်အဖွဲ့မှ တိုင်ကြားချက်တစ်ခုကို လက်ခံစဉ်းစားရန်အတွက် (ဆိုလိုသည့်မှာ တိုင်ကြားချက်ကို လက်ခံရန်အတွက်) အောက်ပါစံသတ်မှတ်ချက်များနှင့် ကိုက်ညီရန် လိုအပ်သည်။

(က) စာချုပ်ကို အတည်ပြုလက်မှတ်ထိုးထားရန် လိုအပ်သည်။ သက်ဆိုင်ရာနိုင်ငံက တိုင်ကြားချက်များကို ခွင့်ပြုရန် သဘောတူရမည်ဖြစ်သည်။

(ခ) တိုင်ကြားချက်ကို အမည်မဖော်ဘဲ မတိုင်ကြားနိုင်ပါ။ ထို့ကြောင့် အခွင့်အရေးချိုးဖောက်ခံရသူသည် မည်သူမည်ဝါဖြစ်သည်ကို ထင်ရှားစွာဖော်ပြထားရမည်ဖြစ်သည်။

(ဂ) စာချုပ်၏ ပုဒ်မတစ်ခုကို ချိုးဖောက်ခံရခြင်းဖြစ်ပါက ထိုပုဒ်မကို ဖော်ပြရမည်ဖြစ်သည်။

(ဃ) တိုင်ကြားသူပုဂ္ဂိုလ်သည် သက်ဆိုင်ရာနိုင်ငံ၏အစိုးရထံသို့ တိုင်ကြားထားပြီး၊ မည်သည့်ရလဒ်ကိုမျှ မမြင်ခဲ့ရသူဖြစ်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို "နည်းလမ်းကုန်အောင် ဆောင်ရွက်ပြီးသွားသော ပြည်တွင်းကုစားမှုများ"ဟုခေါ်သည်။ တစ်နည်းအားဖြင့် ပြောရလျှင် ထိုပုဂ္ဂိုလ်သည် သက်ဆိုင်ရာနိုင်ငံတွင် တရားမျှတမှုကို ရှာဖွေနိုင်သော နည်းလမ်းမရှိတော့ခြင်းဖြစ်သည်။ စာချုပ်အဖွဲ့များသည် အခြားသော လုပ်ငန်းအစီအစဉ်များ အားလုံး လုံးဝ အရာမထင်သည့် အခြေအနေသို့ရောက်မှသာ တိုင်ကြားချက်တစ်ခုကို စဉ်းစားပေးလိမ့်မည်ဖြစ်သည်။

၃။ စာချုပ်အဖွဲ့အစည်းသည် တိုင်ကြားချက်ကို သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံထံသို့ ပေးပို့ရမည်။

၄။ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံသည် စွပ်စွဲချက်များကို တုံ့ပြန်ဖြေရှင်းရမည်။

၅။ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံ၏ ဖြေရှင်းချက်ကို ပြန်လည်တုံ့ပြန်နိုင်ရန် တိုင်ကြားသူထံ ပေးပို့ရမည်။ အချို့ပြဿနာရပ်များတွင် ယင်းလုပ်ငန်းစဉ်ကို ၂ ကြိမ်မျှ ဆောင်ရွက်ရမည်။

၆။ သတင်းအချက်အလက်အားလုံး စုဆောင်းပြီးသည့်အခါ စာချုပ်အဖွဲ့အစည်း၏ ကော်မတီသည် ပြဿနာ၏ အကျိုးရလဒ်ကို စစ်ဆေးရန်၊ အခွင့်အရေးချိုးဖောက်မှုရှိ၊ မရှိ ဆုံးဖြတ်ရန်နှင့်

ရလဒ်သည် မည်သို့ဖြစ်သင့်ကြောင်း ဆုံးဖြတ်ရန် အစည်းအဝေးကျင်းပရမည်။ အကယ်၍ အခွင့်အရေးချိုးဖောက်ခံရကြောင်းတွေ့ရှိခဲ့လျှင် အဆိုပါကော်မတီသည် အဖွဲ့ဝင်နိုင်ငံကို ပြဿနာကို ဖြေရှင်းရန်သော်လည်းကောင်း၊ နစ်နာသူကိုလျော်ကြေးပေးရန်သော်လည်းကောင်း၊ ထိုကဲ့သို့ ချိုးဖောက်မှုမျိုးထပ်မံမဖြစ်ပွားစေရန် ဥပဒေများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို ပြောင်းလဲရန်သော်လည်းကောင်း တောင်းဆိုနိုင်သည်။

သဘောတရားရေးရာ ရှုင်းလင်းချက်

နည်းလမ်းကုန်သွားသော ပြည်တွင်းကုစားမှုများ

နည်းလမ်းကုန်အောင်ဆောင်ရွက်ခွင့်ပေးထားသည့် စည်းမျဉ်းမှာ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် (အထူးသဖြင့် တရားရုံးများ) မိမိတို့စွပ်စွဲခံထားရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖြေရှင်းခွင့်ရရန် အခွင့်အလမ်းပေးထားခြင်းဖြစ်သည်။ ထိုသို့ပြဿနာကို ဖြေရှင်းပေးခြင်းအားဖြင့် စာချုပ်အဖွဲ့အစည်း၏ မိမိပြည်တွင်းရေးတွင် ပါဝင်ပတ်သက်လာမှုကိုလည်း ရှောင်ရှားနိုင်သည်။ အတိအကျဆိုရလျှင် အခွင့်အရေးချိုးဖောက်ခံရသူသည် ၎င်းနေထိုင်သည့်နိုင်ငံ၏ တရားရေးစနစ် (တရားမမှုဆိုင်ရာ တရားရုံး၊ ရာဇဝတ်မှုဆိုင်ရာတရားရုံး သို့မဟုတ် အုပ်ချုပ်မှုဆိုင်ရာ ပြည်တွင်း တရားရုံးများ) အတွင်း ၎င်း၏အခွင့်အရေးများရရှိစေရန် ပထမဦးဆုံးတောင်းဆိုရမည့် တာဝန်ဝတ္တရားရှိသည်ဟု အဓိပ္ပာယ်ရသည်။ ထိုပုဂ္ဂိုလ်သည် တရားရေးစနစ်တစ်ခုကို လက်လမ်းမမီလျှင် သို့မဟုတ် တရားရေးစနစ်ကိုယ်၌က ၎င်း၏အခွင့်အရေးများကို ချိုးဖောက်နေလျှင် သို့မဟုတ် ကုစားနိုင်သည့်နည်းလမ်းများ လုံလောက်အောင်မရှိလျှင် အဆိုပါပုဂ္ဂိုလ်သည် စာချုပ်အဖွဲ့အစည်း၏ တိုင်ကြားစာလက်ခံသည့် အစီအစဉ်ကိုအသုံးပြုနိုင်သည်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ၎င်း၏အခွင့်အရေးချိုးဖောက်ခံရမှုအတွက် တုံ့ပြန်ရာတွင် ကုလသမဂ္ဂသည် နောက်ဆုံးအသုံးပြုရမည့် ကုစားမှုဖြစ်ရမည်။

အဆိုပါလုပ်ငန်းစဉ်သည် အတော်နှေးကွေးပြီး နိဂုံးချုပ်ဆုံးဖြတ်ချက်ချနိုင်သည်အထိ တစ်နှစ်ကျော် အချိန်ယူရသည်။ အရေးပေါ်တိုင်ကြားချက်များကို အရေးယူဆောင်ရွက်ရာတွင် နှစ်များစွာ အချိန်ယူခြင်းထက် ရက်ပိုင်းအတွင်း ဆောင်ရွက်ရမည်ဖြစ်သဖြင့် အခြားလုပ်ထုံးလုပ်နည်းများ (ဥပမာ - အထူးအစီရင်ခံစာတင်သွင်းသူများ)က တစ်ဆင့်ဆောင်ရွက်သည်။ တိုင်ကြားမှုလုပ်ငန်းစဉ်နှေးကွေးရခြင်းသည် တစ်ခါတစ်ရံအစိုးရများ၏ တုံ့ပြန်မှုမရှိခြင်းကြောင့်ဖြစ်ပြီး တိုင်ကြားချက်များကို အရေးယူဆောင်ရွက်ရာတွင် ၎င်းတို့က ပူးပေါင်းပါဝင်ခြင်းမရှိ ဖြစ်တတ်သည်။ ထို့ပြင် စာချုပ်အဖွဲ့အစည်းသည် တစ်နှစ်လျှင် (ရက်သတ္တပတ် ၆ ပတ်မှ ၁၀ ပတ်) သာ အကန့်အသတ်ဖြင့် စည်းဝေးကြသည်။ ကော်မတီတွင် မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည်ဆိုသည့် အာဏာမရှိသဖြင့် ၎င်း၏တွေ့ရှိချက် ရလဒ်များကို အသက်ဝင်အောင် မဆောင်ရွက်နိုင်ပါ။ ဖြစ်ရပ်အများအပြားတွင် စာချုပ်အဖွဲ့အစည်းများသည် အခွင့်အရေးချိုးဖောက်ခံရမှုကိုတွေ့ရှိပြီး အဖွဲ့ဝင်နိုင်ငံကို လျော်ကြေးပေးရန်တောင်းဆိုသော်လည်း ထိုအကြံပြုချက်ကို သက်ဆိုင်ရာနိုင်ငံက လစ်လျူရှုခြင်းဖြင့်သာ ကြုံတွေ့ရသည်။

အဆိုပါအကန့်အသတ်များက တိုင်ကြားရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် အားနည်းပြီး ထိရောက်မှုမရှိဟု ကောက်ချက်ဆွဲနိုင်သော်လည်း ထိုအစီအစဉ်တွင် အချို့အရေးကြီးသော

အထောက်အကူဖြစ်မှုများ ရှိသည်။ စာချုပ်အဖွဲ့အစည်း၏ တွေ့ရှိချက်များသည် လူ့အခွင့်အရေးကို အကာအကွယ်ပေးရန် ဥပဒေကိုပြင်ဆင်မှုများဆီသို့ ဦးတည်စေနိုင်သည်။ (ဥပမာ - Toonen နှင့် ဩစတြေးလျနိုင်ငံတို့အမှု (၁၉၉၂)တွင် လိင်တူဆက်ဆံခြင်းသည် ရာဇဝတ်မှုမြောက်သည်ဆိုသည့် ဥပဒေများသည် လူ့အခွင့်အရေးချိုးဖောက်ခြင်းဖြစ်သည်ဟု စာချုပ်အဖွဲ့အစည်းတစ်ခုက တွေ့ရှိခဲ့သည်။) တိုင်ကြားမှု လုပ်ထုံးလုပ်နည်းသည် သင့်လျော်သည့် စုံစမ်းစစ်ဆေးမှုများ ပြီးဆုံးသည်အထိ လူတစ်ယောက်ကို သေဒဏ်အပြစ်ပေးခြင်း မဆောင်ရွက်ရန် ဟန့်တားနိုင်သည်။ (ဥပမာ Piandiong နှင့် ဖိလစ်ပိုင်နိုင်ငံ (၁၉၉၉) အမှုနှင့် ဂျမေကာ၊ ဘဲလာရုစ်နှင့် ကာဇက်စတန်နိုင်ငံများမှ အခြားအမှုများ) ထို့အပြင် စာချုပ်အဖွဲ့အစည်းများသည် အဖွဲ့ဝင်နိုင်ငံများက လူ့အခွင့်အရေးကို နားလည်သဘောပေါက်ရန်နှင့် ဘာသာပြန်ဆိုခြင်းတွင် အထောက်အပံ့ပေးရန်အတွက် လူ့အခွင့်အရေး စံချိန်စံညွှန်းအသစ်များကို မိတ်ဆက်ပေးနိုင်သည်။ (ဥပမာ - ၂၀၀၃- ၂၀၀၅ ခုနစ်အတွင်း ပီရူးနိုင်ငံနှင့် Llantoy Huaman ဖြစ်ရပ်တွင် ကိုယ်ဝန်ဖျက်ချခြင်းကို အခွင့်အရေးတစ်ခုအဖြစ် စဉ်းစားသည့် ဖြစ်စဉ်)

ခြုံ၍ဆိုရလျှင် ICCPR သည် အတည်ပြုလက်မှတ်ထိုးထားသော အဖွဲ့ဝင်အများဆုံးဖြစ်ခြင်း၊ သက်တမ်းအရင့်ဆုံးစာချုပ်ဖြစ်ခြင်း၊ တိုင်ကြားမှုများကိုလက်ခံသော အကျယ်ပြန့်ဆုံးစာချုပ်ဖြစ်ခြင်းတို့ကြောင့် တိုင်ကြားမှု အများဆုံးပြုလုပ်ကြသော စာချုပ်လည်းဖြစ်သည်။ CEDAW ကို ကမ္ဘာ့နိုင်ငံအားလုံးနီးပါး လက်မှတ်ထိုးအတည်ပြုထားသော်လည်း တိုင်ကြားမှုအနည်းငယ်သာ ရှိခြင်း သည်အံ့ဩစရာဖြစ်သည်။ မည်သည့်နိုင်ငံမျှ အမျိုးသမီးများအပေါ် အပြည့်အဝ တန်းတူအခွင့်အရေးပေးထားခြင်းမရှိပါ။ သို့ရာတွင် တိုင်ကြားမှုများမရှိခြင်းမှာ အခြားသောလုပ်ထုံးလုပ်နည်းများက ပို၍ထိရောက်သည်ဟု ရှုမြင်နေကြသောကြောင့်လည်း ဖြစ်နိုင်သည်။ CAT စာချုပ်အဖွဲ့သို့ တိုင်ကြားမှုအများအပြား ပြုလုပ်ကြသည်။ ဒုက္ခသည်တစ်ဦးအနေနှင့် နှိပ်စက်ညှဉ်းပန်းခြင်းခံရမည့် အခြေအနေရှိနေလျှင် နေရပ်ရင်းသို့ ပြန်လည်ပို့ဆောင်ခြင်းကို ထိုစာချုပ်က ခွင့်မပြုသောကြောင့် ထိုတိုင်ကြားသည့်ဖြစ်စဉ်ကိုသုံးကာ ဒုက္ခသည်အဖြစ် နေထိုင်နိုင်ရန် ကြိုးစားမှုများကြောင့် CAT စာချုပ်တွင် တိုင်ချက်များပြားနေရခြင်းဖြစ်သည်။ သို့ဖြစ်ရာ အဆိုပါ တိုင်ကြားမှုအများစုသည် ဒုက္ခသည်များရှိသော နိုင်ငံများမှာ လာကြသည်။ ဆွီဒင်၊ ဆွစ်ဇာလန် နိုင်ငံများကဲ့သို့ ညှဉ်းပန်းနှိပ်စက်မှုများ ဖြစ်နိုင်ဖွယ်မရှိသော နိုင်ငံများတွင် အဆိုပါတိုင်ကြားမှုမျိုးမရှိပါ။

ဇယား ၅.၆ တိုင်ကြားခြင်းလုပ်ထုံးလုပ်နည်းများအပေါ် အလေးအနက်ထားခြင်း

	ICCPR	ICERD	CAT	CEDAW
အဖွဲ့ဝင်နိုင်ငံများ	၁၁၃	၅၈	၆၄	၁၀၆
ဖြစ်စဉ်အရေအတွက်	၂၀၃၄	၄၅	၄၆၂	၂၃
ချိုးဖောက်ခံရသောဖြစ်ရပ်များ	၇၁၈	၁၀	၆၀	၆
အများဆုံး တိုင်ကြားခံရသော နိုင်ငံများ	ဂျမေကာ(၁၇၇) ကနေဒါ(၁၅၈) စပိန်(၁၁၇) ကိုရီးယား(၁၂၅)		ဆွီဒင် (၁၀၈) ဆွစ်ဇာလန် (၁၁၈) ကနေဒါ (၇၃) ဩစတြေးလျ (၃၀)	

အထွေထွေ သုံးသပ်ချက်များ

စာချုပ်အဖွဲ့အစည်းများ၏ နောက်ထပ်လုပ်ငန်းစဉ်တစ်ခုမှာ အဖွဲ့ဝင်နိုင်ငံများအနေနှင့် စာချုပ်ကိုနားလည်စေရန် အကူအညီပေးခြင်းဖြစ်သည်။ ထိုလုပ်ငန်းစဉ်တွင် စာချုပ်တွင်ပါရှိသော တိကျစွာ ဖော်ပြထားသည့် အခွင့်အရေးများနှင့်ပတ်သက်ပြီး စာဖြင့်ရေးသားထားသော သုံးသပ်ချက်များများပေးခြင်းဖြစ်သည်။ စာချုပ်တိုင်းတွင် ယေဘုယျ သုံးသပ်ချက်များများကို ထုတ်ပြန်ထားပြီးဖြစ်ပြီး စာချုပ်အနည်းငယ်တွင်သာလျှင် သုံးသပ်ချက်တစ်ခု သို့မဟုတ် နှစ်ခုသာ ပါရှိသည်။ ICCPR သည် ဝေဖန်ချက် ၃၂ ခုရှိပြီး ICESCR သည် ဝေဖန်ချက် ၂၁ ခုရှိသည်။ အထွေထွေသုံးသပ်ချက်များသည် အဖွဲ့ဝင်နိုင်ငံတစ်ခု၏ စာချုပ်ပါ တာဝန်ဝတ္တရားများ၏ သဘာသဘာဝကို တိတိကျကျ ရှင်းလင်းဖွင့်ဆိုပေးခြင်းဖြစ်သည်။ ဥပမာအနေဖြင့် ICESCR စာချုပ်အဖွဲ့က အစားအစာ၊ ရေနှင့် အိုးအိမ် စသည့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခွင့်အရေးစံနှုန်းများအပေါ် အလွန်အသုံးဝင်သော အထွေထွေသုံးသပ်ချက်များ ပေးခဲ့သည်။ (အသေးစိတ်ကို အခန်း ၃ ရှိ ESCR တွင် ကြည့်ပါ) အထွေထွေသုံးသပ်ချက်များသည် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခွင့်အရေးများနှင့်ပတ်သက်သော အခွင့်အရေးရရှိမှု၊ လက်လှမ်းမီမှုနှင့် လက်ခံရရှိနိုင်မှုစသည့် အသေးစိတ်အချက်အလက်များကိုလည်း ပေးသည်။ ထို့အပြင် အိုးအိမ်နှင့်ဆိုင်သော အခွင့်အရေးနှင့်ပတ်သက်ပြီး နေထိုင်ပိုင်ခွင့်ကို စိတ်ချလက်ချထားနိုင်မှု၊ စရိတ်တတ်နိုင်မှုနှင့် တည်နေရာစသည့်အချက်များကို ထပ်မံဖြည့်စွက်ထားသည်။ ICCPR ပုဒ်မ ၁၉ (လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်း) သို့မဟုတ် CRC ၏ ကလေးသူငယ်ကျန်းမာရေး ပုဒ်မ ၂၄ အပေါ် ဝေဖန်ချက်များကဲ့သို့ ပုဒ်မအသီးသီးအပေါ်တွင် အထွေထွေသုံးသပ်ချက်များ ပေးခဲ့ခြင်းလည်း ရှိသည်။ အခြားဝေဖန်ချက်များကိုမူ အရွယ်မရောက်သေးသော ကလေးငယ်များကို တရားစီရင်ခြင်း၊ မသန်စွမ်းကလေးများ၊ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်များ၏ အခန်းကဏ္ဍနှင့် နိုင်ငံများ၏ တရားဥပဒေအရ တာဝန်ရှိမှုများကဲ့သို့ အကြောင်းအရာအလိုက် ပြဿနာများ နှင့်စပ်လျဉ်း၍ တွေ့ရှိရသည်။

ထူးခြားချက်မှာ အထွေထွေသုံးသပ်ချက်များသည် အခွင့်အရေးတစ်ခု၏ နယ်ပယ်အကျယ်အဝန်းကို ချဲ့ထွင်နိုင်သည်။ ဥပမာ - ရေကို လူ့အခွင့်အရေးအဖြစ် အထွေထွေသုံးသပ်ချက်များတွင် ထည့်သွင်းခဲ့ပြီး၊ ၎င်းကိုစာချုပ်ထဲတွင် တိကျစွာဖော်ညွှန်းရေးသားထားခြင်း မရှိပါ။ အထွေထွေသုံးသပ်ချက်များတွင် အင်တာနက်ကို သုံးစွဲခွင့်ရရှိခြင်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၏ အစိတ်အပိုင်းအဖြစ် ပါဝင်သည်။ သို့သော် စာချုပ်တစ်ခုတွင် အခွင့်အရေးများကို ထိုကဲ့သို့ ပြင်ဆင်အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် အဖွဲ့ဝင်နိုင်ငံများအကြား ငြင်းခုံမှုများကို ဖြစ်ပွားစေသည်။ အထူးသဖြင့် အများဆုံးမေးသည့်မေးခွန်းမှာ အထွေထွေသုံးသပ်ချက်များသည် ဥပဒေကြောင်းအရ တရားဝင်မှုရှိ မရှိ ဖြစ်သည်။ အထွေထွေသုံးသပ်ချက်များ၏ အဓိကရည်ရွယ်ချက်မှာ အဖွဲ့ဝင်နိုင်ငံများကို စာချုပ်အဖွဲ့အစည်းသို့ အစီရင်ခံစာတင်သွင်းရန် အချိန်ကျရောက်လာသည့် အခါအခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို နားလည်သဘောပေါက်စေရန် အကူအညီပေးခြင်းသာဖြစ်သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

အထွေထွေသုံးသပ်ချက်များသည် ဥပဒေကြောင်းအရ တရားဝင်မှုရှိပါသလား။

နိုင်ငံတစ်ခုသည် စာချုပ်တစ်ခုကို အတည်ပြုလက်မှတ်ရေးထိုးသည့်အခါ စာချုပ်တွင်ပါရှိသော အခွင့်အရေးများကို အကောင်အထည်ဖော်ရန် တာဝန်ဝတ္တရားရှိသည်ဟု သဘောတူခြင်းဖြစ်သည်။ အကယ်၍စာချုပ် အဖွဲ့အစည်းသည် ရေကို လူ့အခွင့်အရေးအဖြစ် အခွင့်အရေးအသစ်တစ်ခုကို ထည့်သွင်းရန်အတွက် စာချုပ်ပါအခွင့်အရေးများကို ချဲ့ထွင်လိုသောအခါ စာချုပ်အဖွဲ့ဝင်နိုင်ငံအားလုံးက အဆိုပါတာဝန်ကို ဥပဒေဘောင်အတွင်း ထည့်သွင်းလိုက်နာရမည်လား။ နိုင်ငံတစ်နိုင်ငံက စာချုပ်တစ်ခုကို လက်မှတ်ရေးထိုးချိန်တွင် အထွေထွေသုံးသပ်ချက်တစ်ခုကို သဘောမတူခဲ့လျှင် ထိုနိုင်ငံသည်စာချုပ်အပေါ် မိမိနားလည်သဘောပေါက်မှု အတိုင်းဘာသာပြန်ဆိုနိုင်ခွင့် ရှိပါ၏လော။

တဖက်မှတွေးလျှင်မူ အထွေထွေသုံးသပ်ချက်များသည် အခွင့်အရေးသစ်များကို ဖန်တီးခြင်းမဟုတ်ဘဲ စာချုပ်ပါ အခွင့်အရေးတစ်ခု၏ နယ်ပယ်ကို ရိုးရှင်းစွာ ရှင်းလင်းဖော်ပြခြင်းဖြစ်သည်။ သို့ဖြစ်၍ ရေကို အစာအစာ၏ အစိတ်အပိုင်းအဖြစ် စဉ်းစားပြီး ရေအခွင့်အရေးဟု မထည့်သွင်းဘဲ အစားအစာ အခွင့်အရေးဟုစဉ်းစားလျှင် ကျိုးကြောင်းမညီညွတ်နိုင်ပြီလော။ စာချုပ်အဖွဲ့အစည်းများသည် အဖွဲ့ဝင်နိုင်ငံများက လူ့အခွင့်အရေးများအား ဘာသာပြန်ဆိုရာတွင် တူညီသော (သို့မဟုတ် အနည်းဆုံး အလွန်ဆင်တူသော) ဘာသာပြန်ဆိုချက်များရှိစေရန် ဆောင်ရွက်ကြရမည်။

အထွေထွေသုံးသပ်ချက်များသည် လိုက်နာရမည့်ဥပဒေဆီသို့ ရောက်အောင်လည်း စည်းကမ်းအရ မပိုပြင်သေး၊ ထင်မြင်ယူဆချက်တစ်ခုထက်လည်း ပိုပြန်သောအခြေအနေတွင် ရှိသည်။ အချို့ အဖွဲ့ဝင်နိုင်ငံများသည် သုံးသပ်ချက်များကို လိုက်နာရမည့်အရာအဖြစ် သဘောမထားဘဲ ၎င်းတို့ လက်မှတ်ရေးထိုးစဉ်က စာချုပ်ကိုသာ လိုက်နာရန်တာဝန်ရှိသည်ဟု ယုံကြည်လျက် စာချုပ်များကို ကွဲပြားခြားနားစွာ မှတ်သားလိုက်နာကြသည်။ သို့သော် စာချုပ်၏အဓိပ္ပာယ်နှင့် စာချုပ်ထဲတွင် ဥပဒေအရ လိုက်နာရမည့်အရာများကို စာချုပ်အဖွဲ့အစည်းအများစုက ဖွင့်ဆိုထားခြင်းကြောင့် အထွေထွေသုံးသပ်ချက်များကို ဥပဒေအရ လိုက်နာနိုင်သည့်အရာများအဖြစ် ယူဆနိုင်ကြသည်။ ထို့ကြောင့် သုံးသပ်ချက်များကို ဥပဒေဘောင်အတွင်း ထည့်သွင်းလိုက်နာရမည့်အရာများ မဟုတ်ဟု ဆိုသူကဆိုကြသော်လည်း ထိုအထွေထွေသုံးသပ်ချက်များတွင်စာချုပ်ကို တရားဝင်ဘောင်အတွင်းမှ ဘာသာပြန်ဆိုမှုများ ပါဝင်နေလေရာ အဖွဲ့ဝင်နိုင်ငံများ လိုက်နာရမည့်အချက်များမှာ မည်သည်တို့ ဖြစ်ကြသည်ကို အဆုံးအဖြတ်ပေးပြီးဖြစ်နေသည်ကို တွေ့ရသည်။

အခြားလုပ်ထုံးလုပ်နည်းများ

လူ့အခွင့်အရေးကို တိုးတက်ပြန့်ပွားစေရန်နှင့် ကာကွယ်စောင့်ရှောက်ရန် စာချုပ်အဖွဲ့ အစည်းများ လုပ်ဆောင်နိုင်သည့် အခြားလုပ်ငန်း အနည်းအကျဉ်း ရှိနိုင်ပါသည်။ စာချုပ်အဖွဲ့အစည်း ၄ ခု (CAT၊ CRPD၊ CEDAW နှင့် ICED စာချုပ်များအသက်ဝင်ချိန်တွင်) သည် နိုင်ငံတစ်နိုင်ငံတွင် ဆိုးဆိုးရွားရွား ကျယ်ပြန့်စွာလူ့အခွင့်အရေးများ ချိုးဖောက်နေမှုအပေါ် စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်နိုင်သည်။ ထိုလုပ်ငန်းအစီအစဉ်များကို လျှို့ဝှက်စွာလုပ်ဆောင်ရန်ဖြစ်ပြီး သက်ဆိုင်ရာ

နိုင်ငံက လက်ခံရန်လည်း လိုအပ်သည်။ ထိုအချက်ကြောင့်ပင် စုံစမ်းစစ်ဆေးနိုင်ရန် လုပ်ပိုင်ခွင့်မှာ သိသာစွာ ကန့်သတ်ခံလိုက်ရသကဲ့သို့ ဖြစ်သည်။ အမျိုးသမီးများအကြောင်း ဖော်ပြသည့်အခန်းတွင် CEDAW က ဆောင်ရွက်ခဲ့သော စုံစမ်းစစ်ဆေးမှုအချို့ကို အသေးစိတ်ဖော်ပြထားသည်။ CAT သည် လျှို့ဝှက်ထားရသော စုံစမ်းစစ်ဆေးမှု (၈)ခု (၂၀၁၂ ခုနှစ်တွင် နီပေါနှင့် ၂၀၀၂ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ စသဖြင့် အာရှနိုင်ငံများထဲမှ နှစ်နိုင်ငံအပါအဝင်) ကို စုံစမ်းစစ်ဆေးခဲ့ပြီး၊ CRPD နှင့် CED တို့သည် စုံစမ်းစစ်ဆေးမှုတစ်ခုမျှ မဆောင်ရွက်ရသေးပါ။ CEDAW အတွက် အရှေ့တောင်အာရှနိုင်ငံများထဲမှ ခွင့်ပြုခဲ့သော နိုင်ငံများမှာ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံများသာ ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသည် မသန်စွမ်းသူများဆိုင်ရာ စာချုပ်အတွက် (ထိုစာချုပ်ကို လက်မှတ်ရေးထိုးထားခြင်းသာဖြစ်ပြီး အတည်ပြုထားခြင်းမရှိသေးပါ။)စုံစမ်းစစ်ဆေးမှုလုပ်ငန်းစဉ်ကို ခွင့်ပြုခဲ့သည်။

စာချုပ်အဖွဲ့အစည်းများသည် အလွန်ဆိုးရွားသော သို့မဟုတ် စနစ်တကျလုပ်ဆောင်သော လူ့အခွင့်အရေးချိုးဖောက်မှုများကိုသာ စုံစမ်းစစ်ဆေးမှုပြုလုပ်သည်ကို မှတ်သားထားရန် အရေးကြီးသည်။ လူ့အခွင့်အရေးချိုးဖောက်မှု တစ်ခုချင်းကို စုံစမ်းစစ်ဆေးမှု မပြုလုပ်ပါ။ ထို့အပြင် သက်သေအထောက်အထားပြနိုင်မှု လွန်စွာခိုင်မာရန် လိုအပ်သည်။ အစီရင်ခံစာများအား ပြန်လည်သုံးသပ်ခြင်းနှင့် စာချုပ်အဖွဲ့၏အစည်းအဝေးများတွင် ဆွေးနွေးသောအထောက်အထားများအားဖြင့် စုံစမ်းစစ်ဆေးမှုကို အများဆုံးဆောင်ရွက်ကြသည်။ သက်ဆိုင်ရာနိုင်ငံက ဖိတ်ခေါ်လျှင် ထိုနိုင်ငံသို့ သွားရောက်စစ်ဆေးသည်။ စုံစမ်းစစ်ဆေးမှုရလဒ် အစီရင်ခံစာကို သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံအား ပေးအပ်ပြီး၊ နောက်ဆုံးတွင် စာချုပ်အဖွဲ့၏ အင်တာနက်စာမျက်နှာကတစ်ဆင့် အများပြည်သူသို့ ဖြန့်ချိသည်။

အခြားလုပ်ငန်းအစီအစဉ်များတွင် ကြိုတင်သတိပေးခြင်းနှင့် အရေးပေါ်ဆောင်ရွက်ခြင်း လုပ်ထုံးလုပ်နည်းများပါဝင်သည်။ ကြိုတင်သတိပေးခြင်းနှင့် အရေးပေါ်ဆောင်ရွက်ခြင်းတို့ကို လူမျိုးရေးဆိုင်ရာ ခွဲခြားဆက်ဆံခံရမှုများကို ပပျောက်ရေးအတွက် စာချုပ်အဖွဲ့အစည်းများက အသုံးပြုကြသည်။ ရည်ရွယ်ချက်မှာ ကြီးထွားလာနေသော လူမျိုးရေးတင်းမာမှု (ဥပမာ - လူမျိုးတုံးသတ်ဖြတ်မှု၊ လူ့အဖွဲ့အစည်းများအကြား အကြမ်းဖက်မှု သို့မဟုတ် လူမျိုးတစ်မျိုးကို သုတ်သင်ရှင်းလင်းခြင်း) အဖြစ် ပေါ်ပေါက်နိုင်သည့် ဆိုးရွားသောအခွင့်အရေးချိုးဖောက်မှုများကို ရပ်တန့်စေရန် ကြားဝင်ဆောင်ရွက်ခြင်း ဖြစ်သည်။ ဤလုပ်ထုံးလုပ်နည်းအရ အစီရင်ခံစာ (၁၈)စောင်ရှိခဲ့ပြီး၊ ကြိုတင် သတိပေးမှုစာများ ရရှိခဲ့သော နိုင်ငံ (၄၀)ခန့် ရှိသည်။ အရှေ့တောင်အာရှနိုင်ငံများမှ ထိုင်းနိုင်ငံသည် ကရင်လူနည်းစုများအပေါ် ဆက်ဆံမှုနှင့်ပတ်သက်၍ ကြိုတင်သတိပေးစာတစ်စောင် လက်ခံရရှိခဲ့ပြီး၊ အင်ဒိုနီးရှားနိုင်ငံသည် အနောက်ပါပူဝါ (West Papua)မှ ဌာနေတိုင်းရင်းသားအုပ်စုများနှင့်ပတ်သက်ပြီး ကြိုတင်သတိပေးစာများ လက်ခံရရှိခဲ့သည်။ လာအိုနိုင်ငံသည်မုန်း (Hmong) လူမျိုးများနှင့် ပတ်သက်၍လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံသည် ဆပ်ဘာန္နန် (Subanon) ဌာနေ တိုင်းရင်းသားအုပ်စုနှင့်ပတ်သက်၍လည်းကောင်း ကြိုတင်သတိပေးစာများ ရရှိခဲ့သည်။

က။ အနှစ်ချုပ်နှင့်အဓိကအချက်များ

ကုလသမဂ္ဂနှင့် လူ့အခွင့်အရေး

ကုလသမဂ္ဂသည် နိုင်ငံတကာအဆင့်တွင် လူ့အခွင့်အရေးကို ကာကွယ်ပေးသော အလွန်ထင်ရှားသည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ကုလသမဂ္ဂသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးတိုးတက်ပြန့်ပွားစေရေးနှင့် ကာကွယ်စောင့်ရှောက်ရေးစနစ်ကို ဖော်ထုတ်ခဲ့သည်။ ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်လာသော နိုင်ငံများသည် လူ့အခွင့်အရေးအတွက် ကတိကဝတ်ပြုရသည်။ သို့သော်လည်း အချို့သောဖြစ်ရပ်များ၌ လူ့အခွင့်အရေးကိုကာကွယ်ပေးရာတွင် အခက်အခဲများ ရှိနေပါသေးသည်။

ကုလသမဂ္ဂ၏ ကျယ်ပြန့်သော စနစ်အတွင်းရှိ လူ့အခွင့်အရေး

နိုင်ငံတကာနိုင်ငံရေး အစုအဖွဲ့တစ်ခုအနေဖြင့် ကုလသမဂ္ဂသည် လုပ်ထုံးလုပ်နည်းများအလွန်များပြီး အလွှာအမျိုးမျိုး ရှိသည်။ လူ့အခွင့်အရေးကို ကုလသမဂ္ဂ၏အရေးကြီးသော အဖွဲ့အစည်းများက ကာကွယ်စောင့်ရှောက်မှုပေးသည်။ ဆိုးရွားပြီး စနစ်တကျကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်လျှင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အရေးပါသော အရေးယူဆောင်ရွက်မှု အခန်းကဏ္ဍကို ရယူသည်။

လူ့အခွင့်အရေးကိစ္စရပ်များအတွက် အဖွဲ့ဝင်နိုင်ငံများအားလုံးကို ကုလသမဂ္ဂညီလာခံမှ တူညီသော ပြောရေးဆိုခွင့် ပေးသည်။ ကုလသမဂ္ဂညီလာခံ လူ့အခွင့်အရေးစာချုပ်များ အားလုံးကို အဖွဲ့ဝင်နိုင်ငံများက လက်ခံအတည်ပြုခြင်း၊ လက်မှတ်ထိုးခြင်းလုပ်ဆောင်ရသော နေရာလည်းဖြစ်သည်။ နိုင်ငံတကာတရားရုံးသည် လူ့အခွင့်အရေးဥပဒေအပါအဝင် နိုင်ငံတကာ ဥပဒေများကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် သဘောထားမှတ်ချက်ပေးခြင်းတို့ကို ပြုလုပ်ပေးသည်။ နိုင်ငံတကာဥပဒေရေးရာ ပြဿနာရပ်များတွင် နိုင်ငံအချင်းချင်းအကြား စီရင်ဆုံးဖြတ်ချက်များ ချမှတ်ပေးရသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် လူ့အခွင့်အရေးနှင့်ပတ်သက်လျှင် စီမံခန့်ခွဲမှုအခန်းကဏ္ဍဘက်မှပါဝင်ပြီး အထူးကိုယ်စားလှယ်များကို ခန့်အပ်နိုင်သည်။ စီးပွားရေးနှင့် လူမှုရေးကောင်စီသည် ကုလသမဂ္ဂပဋိညာဉ်စာချုပ်မှတစ်ဆင့် လူ့အခွင့်အရေးစာချုပ်အဖွဲ့အစည်းများဖွဲ့စည်းတည်ထောင်ပြီး လူ့အခွင့်အရေးကို တိုးမြှင့်ဆောင်ရွက်သည်။ အရှေ့တောင်အာရှနိုင်ငံများအားလုံးသည် ကုလသမဂ္ဂတွင် တက်ကြွလှုပ်ရှားကြပြီး ကုလသမဂ္ဂ အဖွဲ့အစည်း အများအပြားတွင် နေရာယူထားကြသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေး ပဋိညာဉ်စာချုပ် အဖွဲ့အစည်းများ

ပဋိညာဉ်စာချုပ်အဖွဲ့အစည်းများသည် ကုလသမဂ္ဂပဋိညာဉ်စာချုပ်မှတစ်ဆင့် ၎င်းတို့၏တရားဝင်မှု ကိုရရှိသည်။ ပဋိညာဉ်စာချုပ်အဖွဲ့အစည်းတစ်ခုမှာ လူ့အခွင့်အရေးကောင်စီ ဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် စွမ်းဆောင်ရည်နိမ့်ပြီးနှင့် အငြင်းပွားဖွယ်ရာ ရပ်တည်မှုဖြစ်လာသည်ဟု ယူဆကြ

သောကြောင့် ဖျက်သိမ်းလိုက်သော လူ့အခွင့်အရေးကော်မရှင်ကို အစားထိုးထားသောအဖွဲ့စည်း ဖြစ်သည်။ HRC ကို ၄၇ နိုင်ငံဖြင့် ဖွဲ့စည်းထားပြီး လူ့အခွင့်အရေးဆိုင်ရာပြဿနာများကို ပုံမှန် တွေ့ဆုံဆွေးနွေးပြီး အထူးလုပ်ထုံးလုပ်နည်းများအားဖြင့် အရေးယူဖြေရှင်းပေးသည်။ ထိုလုပ်ငန်းစဉ် များထဲတွင် လူ့အခွင့်အရေးပြဿနာများကို အစီရင်ခံစာတင်သွင်းရန် လုပ်ငန်းစဉ်များဖြစ်သည့် အထူး အစီရင်ခံစာ တင်သွင်းသူများနှင့် လုပ်ငန်းအဖွဲ့များကို ခန့်အပ်ခြင်းများပါဝင်သည်။ အခြား အလွန် အရေးကြီးသော လုပ်ငန်းစဉ်မှာ အပြည်ပြည်ဆိုင် လူ့အခွင့်အရေးအခြေအနေကို ပုံမှန်ပြန်လည် သုံးသပ်ခြင်းဖြစ်ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းမှ လူ့အခွင့်အရေးမှတ်တမ်းများကို လူ့အခွင့်အရေး ကောင်စီက ပြန်လည်သုံးသပ်ခြင်းဖြစ်သည်။

နောက်ထပ်အရေးကြီးသော ပဋိညာဉ်စာချုပ်အဖွဲ့အစည်းမှာ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးဖြစ်ပြီး လူ့အခွင့်အရေးပညာပေးလုပ်ငန်းများ၊ သုတေသနပြုလုပ်ခြင်း၊ လူ့အခွင့် အရေးအပေါ် သတိပြုမိမှုများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းနှင့် အစိုးရများကို နည်းပညာပံ့ပိုးမှုနှင့် ကျွမ်းကျင်မှုများပေးအပ်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေး သဘောတူစာချုပ်အဖွဲ့အစည်းများ

လူ့အခွင့်အရေးဆိုင်ရာစာချုပ်များ အသက်ဝင်လာသည့်အခါ စာချုပ်အဖွဲ့အစည်းများကို တည်ထောင်ကြသည်။ စာချုပ်အပေါ်မူတည်၍ အဆိုပါအဖွဲ့အစည်းကို အဖွဲ့ဝင် ၁၀ ဦးမှ ၂၃ ဦး အထိ ပါဝင်ဖွဲ့စည်းကြပြီး အဖွဲ့ဝင်နိုင်ငံများက စာချုပ်ကို မည်ကဲ့သို့ လိုက်နာဆောင်ရွက်သင့်ကြောင်း အကြံဉာဏ်ကောင်းများ ပေးကြသည်။ စာချုပ်အဖွဲ့၏ လုပ်ငန်းများကို နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်သည်။ စာချုပ်ကို အကောင်အထည်ဖော်မှု အခြေအနေအား အဖွဲ့ဝင်နိုင်ငံက တင်သွင်း သော အစီရင်ခံစာများကို ပြန်လည်သုံးသပ်ခြင်းဖြင့်လည်းကောင်း၊ အထွေထွေသုံးသပ်ချက်များ များပေးခြင်းဖြင့် စာချုပ်၏အဓိပ္ပာယ်နှင့် လုပ်ဆောင်ချက်များကို ရှင်းလင်းဖွင့်ဆိုခြင်းအားဖြင့် လည်းကောင်း၊ အချို့ဖြစ်ရပ်များတွင် ပုဂ္ဂိုလ်တစ်ဦးချင်းက တိုင်ကြားချက်များကို လက်ခံကြားနာခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးမှုများပြုလုပ်ခြင်းအားဖြင့်လည်းကောင်း လုပ်ငန်းများကို အကောင်အထည် ဖော်သည်။

ခ။ စာမေးပွဲ သို့မဟုတ် အက်ဆေးမေးခွန်းများ

- ကုလသမဂ္ဂ၏ အဖွဲ့အစည်းတစ်ခုခုက လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖြေရှင်း ဆောင်ရွက် ရာတွင် အသုံးပြုသော နည်းလမ်းများ၌ သိသာထင်ရှားသော ပြောင်းလဲမှုများ ရှိခဲ့ပါသလား။ ထိုပြောင်းလဲမှုများ အဘယ်ကြောင့် ဖြစ်ပေါ်ခဲ့ပါသလဲ။ လူ့အခွင့်အရေးကို တိုးတက်ပြန့်ပွားအောင်ဆောင်ရွက်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း၏ နောက်ဆက်တွဲ အကျိုးဆက်များက အဘယ်နည်း။

- လူအခွင့်အရေးကော်မရှင်ကို လူအခွင့်အရေးကောင်စီဖြင့် အဘယ်ကြောင့် အစားထိုးခဲ့သနည်း။ ကုလသမဂ္ဂအဆင့်တွင် လူအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရခြင်းနှင့် စပ်လျဉ်း၍ အချို့သောနိုင်ငံများ၏ သဘောထားများ မည်သို့ရှိကြသည်ကို ထိုအပြောင်းအလဲက မည်ကဲ့သို့ပြောပြနေပါသနည်း။
- အပြည်ပြည်ဆိုင်ရာ လူအခွင့်အရေး ပုံမှန်ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်သည် လူအခွင့်အရေးကို ကာကွယ်ခြင်းနှင့် တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ပေးခြင်းတို့အတွက် ခိုင်မာအားကောင်းသော ယန္တရားတစ်ခု ဖြစ်ပါသလား။ အဆိုပါ လုပ်ငန်းစဉ်သည် စာချုပ်အဖွဲ့သို့ အစီရင်ခံစာတင်သွင်းရသည့် လုပ်ထုံးလုပ်နည်းထက် ပို၍အားကောင်းပါသလား။ UPR လုပ်ငန်းစဉ်ကို ပိုမိုအားကောင်းစေရန် လုပ်ဆောင်နိုင်သည့် အကြံပြုချက်များကိုပေးပါ။
- ပဋိညာဉ်စာချုပ်အဖွဲ့အစည်းနှင့် လူအခွင့်အရေးစာချုပ် အဖွဲ့အစည်းများအကြား အဓိကခြားနားချက်များက အဘယ်နည်း။
- စာချုပ်အဖွဲ့တစ်ခုသို့ တစ်ဦးချင်းတိုင်ကြားမှုပြုလုပ်သည့်အခါ အဆိုပါတိုင်ကြားချက်များကို လက်ခံရန် မည်သည့်အရာများကို ပြသရမည်နည်း။
- စာချုပ်အဖွဲ့သည် စာချုပ်တွင်ပါဝင်သော အခွင့်အရေးတစ်ခု၏ အဓိပ္ပာယ်ကိုချဲ့ထွင်ခြင်းသို့မဟုတ် ပြောင်းလဲခြင်းများပြုလုပ်လျှင် ဥပမာ - ရေနှင့်ဆိုင်သောအခွင့်အရေး ထည့်သွင်းလိုလျှင် အဆိုပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အဖွဲ့ဝင်နိုင်ငံများက ဥပဒေအဖြစ် သွတ်သွင်းကာ လေးစားလိုက်နာသင့်သည်ဟုထင်ပါသလား။ သို့မဟုတ် အဖွဲ့ဝင်နိုင်ငံများသည် စာချုပ်ကို မိမိနိုင်ငံ အခြေအနေနှင့်ကိုက်ညီသော အဓိပ္ပာယ်အတိုင်း ဖွင့်ဆိုကျင့်သုံးရန် အပြည့်အဝ လွတ်လပ်မှု ရှိသင့်ပါသလား။

ဂ။ ထပ်မံလေ့လာဖတ်ရှုရန်များ

ကုလသမဂ္ဂစနစ်ကြီးနှင့်ပတ်သက်သော သတင်းအချက်အလက်ပေါင်း များစွာရှိသည်။ အဓိကကျသော အင်တာနက်စာမျက်နှာများမှာ -

- OHCHR တွင် အသုံးဝင်သော၊ ရိုးရှင်းလွယ်ကူသော လမ်းညွှန်ချက် အမြောက်အများရှိသည်။
- OHCHR အင်တာနက်စာမျက်နှာတွင် လူအခွင့်အရေးကောင်စီ၊ အထူးလုပ်ထုံးလုပ်နည်းများနှင့် စာချုပ်အဖွဲ့အစည်းများနှင့်စပ်လျဉ်းသော အစီရင်ခံစာများနှင့် သတင်းအချက်အလက်များ ရှိသည်။
- စာချုပ်အဖွဲ့အစည်းဆိုင်ရာ အချက်အလက်များကို စာချုပ်အဖွဲ့အစည်း အချက်အလက် အရင်းအမြစ် (treaty body database) တွင် ရှာဖွေနိုင်ပြီး ထိုနေရာတွင် အစီရင်ခံစာများအားလုံးကို ရှာတွေ့နိုင်ပါသည်။ မှတ်တမ်းတစ်ခုစီတိုင်းကို နိုင်ငံအလိုက်၊ မှတ်တမ်းများ အလိုက်ရှာတွေ့နိုင်ပါသည်။ ဥပမာ - အစိုးရအစီရင်ခံစာများကိုလည်း စာရင်းပြုစုထားသလို တစ်ဦးချင်းစီ၏ တိုင်ကြားချက်များကိုလည်း 'jurisprudence' ခေါင်းစဉ်အောက်တွင် ရှာတွေ့နိုင်ပါသည်။

- စာချုပ်အဖွဲ့အစည်း ခိုင်မာအားကောင်းရေးလုပ်ငန်းစဉ်ဆိုင်ရာ မှတ်တမ်းများကို OHCHR ၏ အထူးစာမျက်နှာတွင်ရှိပြီး 'treaty body strengthening process' ဟု ရိုးရှင်းစွာ ရှာဖွေနိုင်သည်။
- UPR အတွက်ဆိုလျှင် "UPR info" စာမျက်နှာကို အသုံးပြုပါ။ အစီရင်ခံစာ ၃ စောင် (အစိုးရ၊ ကုလသမဂ္ဂအဖွဲ့အစည်းနှင့် အခြား ပါဝင်ပတ်သက်သူများ) အပါအဝင် မှတ်တမ်းများအားလုံး၊ အကြံပြုချက်များစာရင်းကို ရှာဖွေတွေ့ရှိနိုင်သည်။
- လူ့အခွင့်အရေးနှင့်ပတ်သက်သော UNGA ၊ UNSC ၊ ICJ မှတ်တမ်းများကို ရှာဖွေတွေ့ရှိရန် ပို၍ ခက်ခဲပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းမှတ်တမ်းများကို UN အမှတ်များနှင့် စီစဉ်ထားပြီး အမျိုးအစားခွဲခြားထားခြင်းမရှိပါ။ ၎င်းအဖွဲ့အစည်းတစ်ခုစီတွင် ကိုယ်ပိုင်အင်တာနက်စာမျက်နှာရှိကြပြီး မှတ်တမ်းများကိုအစီအစဉ်တကျ ထားရှိသည်။ သို့သော် အဆိုပါ အင်တာနက်စာမျက်နှာသို့ သွားရောက်မကြည့်ရှုမီ ကျောင်းသူကျောင်းသားများသည် ၎င်းတို့ ရှာဖွေလိုသော မှတ်တမ်း၏တိကျသော ခေါင်းစဉ်များကို ကြိုတင်သိရှိထားရန် လိုအပ်သည်။
- ကုလသမဂ္ဂနှင့်ပတ်သက်သော ပုံမှန်နောက်ဆုံးအခြေအနေများကို 'International Service for Human Rights' တွင် ရှာတွေ့နိုင်သည်။ ၎င်းတွင် လူ့အခွင့်အရေးကောင်စီ အစည်းအဝေးများ၊ စာချုပ်အဖွဲ့အစည်းဆိုင်ရာ အစည်းအဝေးများနှင့် ပို၍ကျယ်ပြန့်သော လူ့အခွင့်အရေးဆောင်ရွက်မှုများ စသည်တို့ပါဝင်သည့် လူ့အခွင့်အရေးလှုပ်ရှားမှုများ၏ အပတ်စဉ်၊ လစဉ် အခြေအနေများ ပါဝင်သည်။

ကုလသမဂ္ဂစနစ်၏ နိုင်ငံရေးအကြောင်းကို ရေးသားသောသူများ ဆွေးနွေးတိုင်ပင်ရမည့် သူများမှာ အောက်ဖော်ပြပါပုဂ္ဂိုလ်များ ဖြစ်သည်။

- Julie Mertus
- Bertrand Ramcharan
- Philip Alston
- Thomas Weiss
- David Forsythe

၆

နိုင်ငံသားမဟုတ်သူများ၏ အခွင့်အရေးများ - ဒုက္ခသည်နှင့် နိုင်ငံမဲ့ဖြစ်နေသူများ

မိတ်ဆက်

နိုင်ငံပြင်ပသို့ ရောက်ရှိနေသူများ သို့မဟုတ် မည်သည့်နိုင်ငံကမှ နိုင်ငံသားအဖြစ် အသိအမှတ်မပြုသော နိုင်ငံမဲ့သူများသည် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများနှင့် ကြုံတွေ့နိုင်ခြေ အထူးများသည်။ မိမိနိုင်ငံအတွင်း နေထိုင်ကြသူများသည် အစိုးရ၏ ဝန်ဆောင်မှုများကိုရရှိခြင်း၊ ဥပဒေဖြင့်ကာကွယ်ပေးထားခြင်း၊ ဒေသသုံးဘာသာစကားကို ပြောဆိုခြင်း စသည့်အချက်များကြောင့် ထိုသူတို့မှာ ပို၍အကာအကွယ်ရသည်။ သို့သော် တစ်စုံတစ်ဦးကို နိုင်ငံသားအဖြစ် အသိအမှတ်မပြုထားလျှင် (အကယ်၍ ထိုသူသည် နိုင်ငံအတွင်း တရားမဝင် နေထိုင်သည့်အခြေအနေမျိုးတွင်) အနိုင်ကျင့်ခံရနိုင်ခြေ ပို၍များသည်။ ထိုအားနည်းချက်များကြောင့် ၎င်းတို့ကို အကာအကွယ်ပေးရေး တိုးမြှင့်လုပ်ဆောင်ရန် လူ့အခွင့်အရေးစံနှုန်းများကို မိတ်ဆက်လာရခြင်း ဖြစ်သည်။

ဤပြဋ္ဌာန်းစာအုပ်၏ အခန်း(၆)နှင့် အခန်း(၇)တို့တွင် နိုင်ငံတစ်ခုခုမှ နိုင်ငံသားဖြစ်မနေ သူများကို အဓိကထားကာ သုံးသပ်ထားပြီး ၎င်းတို့အနေနှင့် မိခင်နိုင်ငံ၏ အပြင်ဘက်သို့ မည်သို့မည်ပုံ ရောက်ရှိနေထိုင် နေကြပုံ၊ နိုင်ငံများအကြား မည်သို့လှည့်လည်သွားလာနေကြပုံများအကြောင်း ဆန်းစစ်လေ့လာထားသည်။ ယခုအခန်း(၆)တွင် နိုင်ငံမဲ့ဖြစ်နေသူများနှင့် ဒုက္ခသည်များနှင့် အကြောင်းကို လေ့လာတင်ပြထားပြီး လာမည့်အခန်းတွင် ရွှေ့ပြောင်းလုပ်သားများနှင့် လူကုန်ကူး ခံရသူများအကြောင်းကို ဆွေးနွေးထားသည်။ မည်သို့ပင်ဖြစ်စေ ထိုသူများအားလုံးသည် နိုင်ငံသား မဟုတ်သူဟု သတ်မှတ်ထားသော အမျိုးအစားများဖြစ်ကြပြီး အဆိုးဆုံး ထိလွယ်ခိုက်လွယ် ဖြစ်သော အုပ်စုများတွင် ပါဝင်ကြသည်။

တစ်စုံတစ်ဦးသည် နိုင်ငံသားဟု သတ်မှတ်ထားသော အထောက်အထားတစ်ခုခုကို မကိုင် ဆောင်ထားလျှင်၊ ပုံမှန်လမ်းကြောင်းမှမဟုတ်ဘဲ ရွှေ့ပြောင်းနေထိုင်လျှင် သို့မဟုတ် အထောက် အထားမရှိလျှင် (ဥပမာ - ဗီဇာ၊ နိုင်ငံကူးလက်မှတ် စသည့် အထောက်အထားမရှိခြင်း) မတရား အနိုင်ကျင့်ခံရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်း၊ အမြတ်ထုတ်ခံရခြင်း၊ ပြစ်မှုကျူးလွန်မိခြင်းနှင့် အခြားသော ခြိမ်းခြောက်ခံရမှုမျိုးစုံ ကြုံတွေ့ရနိုင်သည့် အန္တရာယ်များရှိသည်။ ၎င်းတို့သည် အနိုင်ကျင့်ခံရနိုင်ခြေ များသည်။ ဥပမာ - ရွှေ့ပြောင်းအလုပ်သမားအများစုသည် ဒေသခံအလုပ်သမားများကဲ့သို့ တန်းတူ ညီမျှ ဆက်ဆံခံရခြင်း မရှိပါ။ ၎င်းတို့ လိုအပ်နေသော ဝန်ဆောင်မှုများ - ဥပမာ ကျန်းမာရေး သို့မဟုတ် ပညာရေးလည်း လက်လှမ်းမီရရှိနိုင်ခြင်း မရှိပါ။ အကြောင်းရင်းမှာ ၎င်းတို့ကို နိုင်ငံတွင်း ကျင့်သုံးနေသော ဥပဒေများက လုံလောက်စွာ ကာကွယ်ပေးထားခြင်း မရှိသောကြောင့်ဖြစ်သည်။ အချို့ကိစ္စရပ်များတွင် ၎င်းတို့နိုင်ငံ၏ ကောင်စစ်ဝန်ရုံးများကပင် ကာကွယ်ပေးခြင်းမရှိသဖြင့် (ကောင်စစ်ဝန်ရုံးဝန်ဆောင်မှုများမှာ မည်သည့်နိုင်ငံတွင်မဆို ရောက်ရှိနေသော ၎င်းတို့၏ နိုင်ငံသား များအား အကူအညီပေးရန် သံရုံးများမှ ဆောင်ရွက်ပေးခြင်းဖြစ်သည်။) နိုင်ငံသားမဟုတ်သူများ၏ အခွင့်အရေးများကို အသိအမှတ်ပြုကြရန်မှာ စိန်ခေါ်မှုကြီးတစ်ခု ဖြစ်နေသည့်တိုင်အောင် အချို့ အခြေအနေများတွင် လူ့အခွင့်အရေးဟူသော အချက်ကသာ ၎င်းတို့ရရှိနိုင်သည့် တစ်ခုတည်းသော တရားဝင်အကာအကွယ် ဖြစ်နေတော့သည်။

နိုင်ငံမဲ့နေသူများကို အကာအကွယ်ပေးရန်အတွက် နိုင်ငံတကာ စံချိန်စံညွှန်းများ၊ အစီအမံ များနှင့် အဖွဲ့အစည်းများ အမှန်တကယ် သတ်သတ်မှတ်မှတ် ရှိနေသည်။ နိုင်ငံမဲ့ဖြစ်နေသူများ အားလုံးသည် ၎င်းတို့၏ လူ့အခွင့်အရေးများကို ခံစားခွင့်ရှိသင့်သည်။ အကြောင်းမှာ ထိုသူတို့သည် လူသားများ ဖြစ်သောကြောင့် ဖြစ်သည်။ သို့သော် ရွှေ့ပြောင်းသွားလာသူများ၊ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းလုပ်သားများ ရင်ဆိုင်ကြုံတွေ့ရသော လူ့အခွင့်အရေးချိုးဖောက်ခြင်းများနှင့် ခြိမ်းခြောက်မှု များကို လစ်လျူရှုခြင်း သို့မဟုတ် အနည်းဆုံး ဖုံးကွယ်ထားခြင်းမျိုးကို အရှေ့တောင်အာရှနိုင်ငံ အများစုက ပြုလုပ်လေ့ရှိသည်။ ထိုသူတို့၏ ထိခိုက်နစ်နာမှုများအား တုံ့ပြန်သည့်အနေဖြင့် ရွှေ့ပြောင်း လုပ်သားများ၊ ဒုက္ခသည်များ၊ ခိုလှုံခွင့်တောင်းခံသူများ၊ လူကုန်ကူးခံရသူများနှင့် နိုင်ငံမဲ့ဖြစ်နေသူများ အား အကာအကွယ်ပေးသည့် အထူးအခွင့်အရေးများသတ်မှတ်ထားပါသည်။ ထိုအထူးအခွင့်အရေး များ ရှိနေခြင်းမှာလည်း နိုင်ငံတကာအသိုင်းအဝိုင်းမှ ၎င်းတို့ကို အကာအကွယ်ပေးရန် လိုအပ်ချက်ကို အသိအမှတ်ပြုသောကြောင့် ဖြစ်သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

နိုင်ငံသားမဟုတ်သည့်သူများအား ခွဲခြားဆက်ဆံခံရခြင်းနှင့် အမြတ်ထုတ်ခံရခြင်းတို့မှ မည်ကဲ့သို့ ကာကွယ်မည်နည်း။

နိုင်ငံမဲ့သူများအပေါ် ခွဲခြားဆက်ဆံခံရခြင်းနှင့် အသုံးချ အမြတ်ထုတ်ခြင်းသည် ပုံစံမျိုးစုံရှိနိုင်သည်။ ဥပမာအားဖြင့် နှုတ်ဖြင့်စော်ကားခြင်း၊ ကိုယ်ထိလက်ရောက် ခြိမ်းခြောက်ခြင်းနှင့် အနိုင်ကျင့်ခြင်း စသည့်ပုံစံများ သို့မဟုတ် နှစ်လိုဖွယ်မဟုတ်သော ဆက်ဆံမှုမျိုးဖြင့် ဆက်ဆံကြခြင်းနှင့် ဝန်ဆောင်မှုများ ရရှိနိုင်ရေးတွင် ပို၍ခက်ခဲစေအောင် ပြုလုပ်ထားခြင်းတို့ ဖြစ်တတ်သည်။ ရွှေ့ပြောင်းသွားလာသူများနှင့် ဒုက္ခသည်များက ဝန်ထုပ်ဝန်ပိုးဖြစ်နေသည်ဟု သင်၏ လူမှုအသိုင်းအဝိုင်းထဲ၌ လူအများပြောနေခြင်းကို ကြားသိနေရပါလိမ့်မည်။ နိုင်ငံမဲ့ဖြစ်နေသူများ အပေါ်အသုံးချ အမြတ်ထုတ်နေခြင်းကို သင်ကိုယ်တိုင်ပင် တွေ့မြင်လိမ့်မည်။ သို့သော် ထိုဖြစ်ရပ်များသည် တံခါးများ အလုံပိတ်ထားသော စက်ရုံများအတွင်း၊ စိုက်ခင်းများအတွင်းရှိ လူသူကင်းရှင်းသော တောင်စောင်းအကွယ်နေရာများ သို့မဟုတ် ဒေသခံစားသောက်ဆိုင်တစ်ဆိုင်၏ မီးဖိုချောင်အတွင်း မကြာခဏ ဖြစ်ပွားကြသည်။ ထို့အပြင် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် အလုပ်သမားများ အလုပ်လုပ်နေသည်ကို သင်မြင်လျှင် ထိုအလုပ်သမားများကို လစာအလုံအလောက်ပေးထားပါ၏လော၊ အိပ်စရာနေရာ လုံလုံခြုံခြုံ ရှိပါ၏လော၊ သို့မဟုတ် ထိုဆောက်လုပ်ရေးလုပ်ငန်းခွင်မှအပြင်သို့ ထွက်နိုင်ပါ၏လော စသည့် အချက်များကို သိချင်ပေလိမ့်မည်။

ထိုနည်းတူ နိုင်ငံမဲ့သူများကဲ့သို့ပင် နိုင်ငံသားများသည်လည်း အသုံးချအမြတ်ထုတ်ခြင်း ခံရနိုင်သည်။ ထို့ကြောင့် နိုင်ငံမဲ့များကိုသာလျှင် ရွေးချယ်ပြီး ဆိုးရွားစွာဆက်ဆံနေသည်လား ဆိုသည်ကို အမြဲတမ်းရှင်းလင်းစွာ မသိနိုင်ပါ။ နိုင်ငံသားကတ်ကို မတွေ့သေးခင်အချိန်အထိ လူတစ်ဦးမှာ နိုင်ငံသားသို့မဟုတ် နိုင်ငံမဲ့ဖြစ်သည်ကို မသိရှိနိုင်ပါ။ ထို့ကြောင့် နိုင်ငံမဲ့သူကို ခွဲခြားဆက်ဆံခံရခြင်းနှင့် အသုံးချအမြတ်ထုတ်ခြင်းတို့သည် လူမြင်ကွင်းတွင် သာမာန်ကြည့်ရုံဖြင့် မသိနိုင်ပါ။

နိုင်ငံမဲ့ဖြစ်နေသူများကို ပို၍ကာကွယ်ပေးခြင်းနှင့် ပို၍လေးစားခြင်းတို့ပေးနိုင်ရန် မည်ကဲ့သို့ ပြုလုပ်မည်နည်း။ ထိုသူတို့ကို ခွဲခြားဆက်ဆံမှုရပ်တန့်စေရန် လူအများက မည်ကဲ့သို့သော သတင်းအချက်အလက်များကို သိရှိသင့်သနည်း။

၆.၁ အရှေ့တောင်အာရှဒေသအတွင်း ရွှေ့ပြောင်းသွားလာခြင်း

၆.၁.၁ ဝေါဟာရ

လူအခွင့်အရေး အခြေအနေများကို မလေ့လာမီ ရွှေ့ပြောင်းသွားလာခြင်းနှင့် ပတ်သက်၍ သိထိုက်သော အယူအဆများနှင့် ဝေါဟာရအသုံးနှုန်းများကို ပထမဦးဆုံး လေ့လာခြင်းက အသုံးဝင်ပါလိမ့်မည်။ ထိုအယူအဆများနှင့် အသုံးအနှုန်းများသည် ရှုပ်ထွေးပြီး ခက်ခဲကောင်းခက်ခဲနေနိုင်သည်။ သို့သော် ထိုအသုံးအနှုန်းများကို အသုံးပြုရာတွင် အကြောင်းပြချက်များ ရှိပါသည်။ ဤဖတ်စာအုပ်တွင် နိုင်ငံသားမဟုတ်သူဟု သုံးနှုန်းရာ၌ ထိုသူသည် မိမိအား နိုင်ငံသားဟု မသတ်

မှတ်ထားသည့် နိုင်ငံတစ်နိုင်ငံတွင် နေထိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ နိုင်ငံသားမဟုတ်သူများတွင် ဒုက္ခသည်များ၊ ခိုလှုံခွင့်တောင်းခံသူများ (ကွဲပြားခြားနားချက်များကို အောက်တွင် ဖော်ပြထားသည်)၊ ရွှေ့ပြောင်းအခြေချနေထိုင်သူများ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ ခရီးသွားလာသူများ၊ သံတမန်များ၊ ပြည်ပနိုင်ငံသား ကျွမ်းကျင်သူများ၊ နိုင်ငံမဲ့ဖြစ်နေသူများနှင့် လူကုန်ကူးခံရသူများ (လူကုန်ကူးခံရသူတစ်ဦးသည် နိုင်ငံသားတစ်ဦးလည်းဖြစ်နိုင်သည်) တို့ပါဝင်သည်။ နိုင်ငံသားမဟုတ်သူဟူသည့် အသုံးအနှုန်းကို အသုံးပြုခြင်းမှာ အထက်ကဖော်ပြသော သူများအားလုံး အကျုံးဝင်ပြီး ပိုပြီးကျယ်ပြန့်သော အဓိပ္ပာယ်ကို ဆောင်သောကြောင့်ဖြစ်သည်။ လူတစ်ဦး၏ လုံခြုံရေးမှာ ထိလွယ်ခိုက်လွယ်ဖြစ်ရခြင်းနှင့် ခြိမ်းခြောက်ခံရမှုရှိနေခြင်းသည် ထိုသူ၏ နိုင်ငံသားမဟုတ်သူအဖြစ် ရှိနေသော အခြေအနေကြောင့် ဖြစ်ပါသည်။

ရွှေ့ပြောင်းသွားလာခြင်းကို (နိုင်ငံတစ်နိုင်ငံမှ အခြားတစ်နိုင်ငံသို့ ရွှေ့ပြောင်းသွားလာသည့် ဖြစ်စဉ်ဟု သတ်မှတ်နိုင်ပါသည်။) ပုံမှန်မဟုတ်သော၊ ပုံမှန်ဖြစ်သော၊ အတင်းအဓမ္မဖြစ်သော သို့မဟုတ် မိမိဆန္ဒအလျောက်ဖြစ်သော ဟူ၍ အခေါ်အဝေါ်အမျိုးမျိုးရှိနိုင်သည်။ ပုံမှန်ဆိုသည်မှာ ရွှေ့ပြောင်းနေထိုင်သူတစ်ဦးသည် နိုင်ငံတစ်နိုင်ငံ လေဆိပ်မှ ဝင်ရောက်ပြီး နိုင်ငံကူးလက်မှတ်၊ ပြည်ဝင်ခွင့်လက်မှတ် (ဗီဇာ)ဖြင့် တရားဝင် ဝင်ရောက်ပြီး ထိုနိုင်ငံက အသိအမှတ်ပြုထားခြင်းကို ဆိုလိုသည်။ ပုံမှန်မဟုတ်သော ဆိုက်ရောက်ခြင်းဟုဆိုရာတွင် တစ်စုံတစ်ဦးသည် တရားဝင်လမ်းကြောင်းကို မသုံးခြင်းဖြစ်သည်။ ထို့ကြောင့် တစ်စုံတစ်ယောက်ထံတွင် လိုအပ်သော စာရွက်စာတမ်း မရှိခြင်း၊ ဥပမာ - နိုင်ငံကူးလက်မှတ်တွင် ဆိုက်ရောက်တံဆိပ်တုံး မထုထားခြင်း၊ တရားဝင်ဗီဇာတံဆိပ်တုံးမရှိခြင်း သို့မဟုတ် ဆိုက်ရောက်သောအခါ လူဝင်မှုကြီးကြပ်ရေး စစ်ဆေးရေးဂိတ်များမှလည်း မဝင်ရောက်ခြင်းတို့ ဖြစ်နိုင်သည်။ အတင်းအဓမ္မ ဆိုသည်မှာ တစ်စုံတစ်ဦးသည် ၎င်းနေထိုင်ရာ တိုင်းပြည်မှ မဖြစ်မနေ ရွှေ့ပြောင်းရခြင်းဖြစ်သည်။ ဥပမာအားဖြင့် စစ်ပွဲများ သို့မဟုတ် အကြမ်းဖက်ခြိမ်းခြောက်မှုအန္တရာယ်များကြောင့် နေရပ်တွင် ဆက်လက်နေထိုင်နိုင်ခြင်းမရှိဘဲ ထွက်ပြေးရခြင်းတို့ဖြစ်ပြီး ထိုသူတို့မှာ များသောအားဖြင့် ဒုက္ခသည်များ ဖြစ်သည်။

ရွှေ့ပြောင်းကြသူများကို ပုံမှန်လမ်းကြောင်းမှဝင်ရောက်သူ၊ ပုံမှန်လမ်းကြောင်းမှ မဝင်ရောက်သူ၊ မှတ်ပုံတင်ထားသူ၊ မှတ်ပုံတင်ထားခြင်းမရှိသူ၊ တရားဝင်သူ၊ တရားမဝင်သူ စသည်ဖြင့် ခေါ်ဆိုကြသည်။ အသုံးအနှုန်းတစ်ခုချင်းစီတွင် ဘုံဖြစ်တည်မှုတစ်ခုကို ရည်ညွှန်းထားသည်။ လူတစ်ဦးသည် နိုင်ငံတစ်နိုင်ငံတွင် ရှိနေလျှင် သင့်လျော်သော အထောက်အထားရှိ မရှိအပေါ် မူတည်ပြီး အဆင့်အတန်းကို သတ်မှတ်ခြင်းဖြစ်သည်။ အကယ်၍ ရွှေ့ပြောင်းနေထိုင်သူများသည် နိုင်ငံကူးလက်မှတ်များ သို့မဟုတ် ပြည်ဝင်ခွင့်လက်မှတ် (ဗီဇာ) များ ကိုင်ဆောင်ထားလျှင် ထိုနိုင်ငံထဲတွင် ပုံမှန်အထောက်အထားဖြင့် တရားဝင်နေထိုင်သည်ဟု သတ်မှတ်သည်။ ထိုအသုံးအနှုန်းများ၏ နောက်ကွယ်တွင် အရေးကြီးသော နိုင်ငံရေးအယူအဆများ ပါဝင်သည်။ နိုင်ငံသားမဟုတ်သူများမှာ အမျိုးမျိုးခွဲခြားခြင်းခံရသည်။ တရားဝင် အထောက်အထားများ မရှိသူများကို ရာဇဝတ်မှုကျူးလွန်ဖူးသူများအဖြစ် သတ်မှတ်ပြီး၊ တရားမဝင် ရွှေ့ပြောင်းကြသူများအဖြစ် ယူဆသည်။ အရှေ့တောင်အာရှနိုင်ငံများအားလုံးသည် သင့်လျော်သည့် အထောက်အထားတစ်စုံတစ်ခုမရှိဘဲ မိမိနိုင်ငံအတွင်း နေထိုင်လျက်ရှိသောသူများကို တရားမဝင် ရွှေ့ပြောင်းလာသူများဟု သုံးနှုန်းကြသည်။ တစ်စုံတစ်ဦးကို တရားမဝင်ဟုခေါ်သည်မှာ ထိုသူသည် ရာဇဝတ်မှုတွင် ပါဝင်ပတ်သက်နေပြီး

ဖမ်းဆီးနိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ သို့သော် တရားဝင် အထောက်အထားမရှိသော ရွှေ့ပြောင်းနေထိုင်သူများ၏ တစ်နှစ်အရွယ် ကလေးတစ်ဦးကို ရာဇဝတ်မှုကျူးလွန်သူဟု ခေါ်နိုင်ပါသလား။ ထိုအခြေအနေတွင် သတ်မှတ်ထားသော အခေါ်အဝေါ်တစ်ခုမှာ အထောက်အထားမရှိသော ဟူ၍ ဖြစ်ပြီး၊ ထိုအမည်နာမအားဖြင့် ရာဇဝတ်မှုကျူးလွန်သူ ဟူသောအမြင်ကို ဖယ်ရှားနိုင်ပါသည်။ ထို့အပြင် တရားဝင်မှုဆိုသော အခြေအနေသည် မရှင်းလင်းသေးပါ။ ဥပမာ - တစ်စုံတစ်ဦးသည် ၎င်း၏ဇီဇာ သတ်မှတ်ရက်ထက် မထင်မှတ်ဘဲ ကျော်လွန်နေပါက ထိုသူတို့ကို ရုတ်ချည်းပင် ရာဇဝတ်မှုကျူးလွန်သူအဖြစ် သတ်မှတ်၍ရပါသလား။ သို့တိုင်အောင် နိုင်ငံများသည် နိုင်ငံမဲ့ဖြစ်နေသူများအား ပိုမိုထိန်းချုပ်နိုင်ရန်အတွက် တရားမဝင်နှင့်တရားဝင် ရွှေ့ပြောင်းကြသူများဟူ၍ ခွဲခြားသုံးနှုန်းရန် ရည်ရွယ်ကြသည်။ တစ်နည်းပြောရလျှင် အထောက်အထား မရှိသောသူများအား တရားမဝင်ဟု ခေါ်ဝေါ်ခြင်းမှာ အထောက်အထား မှန်ကန်စွာ မပြနိုင်သူတို့ကို အစိုးရများက ဖမ်းဆီးနှင်ထုတ်နိုင်ရန်အတွက် ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံအတွင်းသို့ တရားဝင်လာရောက်နိုင်သည့် အခွင့်အလမ်းများကို တင်းကျပ်သည့် မူဝါဒကို ကျင့်သုံးခြင်းသည် ထိုနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်စေရန် အင်အားသုံးဆောင်ရွက်သလို ဖြစ်သွားနိုင်သည်မှာလည်း အဓိကပြဿနာတစ်ခု ဖြစ်သည်။ ဒေသအတွင်း တင်းကျပ်သော ရွှေ့ပြောင်းခြင်းဆိုင်ရာ မူဝါဒများကို ကျင့်သုံးသည့် လမ်းကြောင်းသည် ရွှေ့ပြောင်းကြသူများ လျော့နည်းသွားစေရန်နှင့် အထောက်အထားရှိသော ရွှေ့ပြောင်းသူဦးရေ ပိုများလာစေရန် ဆိုသည့် မူလမျှော်လင့်ထားသောရလဒ်များ မရရှိခဲ့ပါ။ သို့ရာတွင် ထိုဖိအားများက အထောက်အထားရှိသော ရွှေ့ပြောင်းသူ အခြေအနေမှ အထောက်အထားမရှိသော ရွှေ့ပြောင်းသူအဖြစ် ပြောင်းလဲသွားစေနိုင်သည်။ ရွှေ့ပြောင်းနေထိုင်ခြင်းကို တားမြစ်ထားခြင်းကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက် နောက်တစ်ခုမှာ တရားမဝင်အလုပ်သမားခိုးသွင်းမှုကို လုပ်ကိုင်သောအဖွဲ့များ ကြီးထွားလာခြင်းဖြစ်သည်။ ခိုးသွင်းခြင်း၊ အထောက်အထားအတုများပြုလုပ်ခြင်းနှင့် အစိုးရအမှုထမ်းများကို လာဘ်ထိုးခြင်း စသည့် နည်းလမ်းများအားလုံးသည် နယ်စပ်များကို တရားမဝင်ဖြတ်ကျော်ရာတွင် သုံးနေသော နည်းလမ်းများဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအတွင်းသို့ တရားမဝင်သော ဂိတ် သို့မဟုတ် ပုံမှန်မဟုတ်သောနေရာမှ ဝင်ရောက်မှု တိုးမြင့်လာလျှင် ထိုသို့ဝင်ရောက်လာသူများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများလည်း ပို၍ဖြစ်ပွားလာလိမ့်သည်။ ဒေသတွင်း ပုံမှန်မဟုတ်သော ရွှေ့ပြောင်းနေထိုင်မှု ရာခိုင်နှုန်း မြင့်မားလာခြင်းတွင် ပြင်းထန်သော ဂယက်ရိုက်ခတ်မှုများ ရှိသည်။ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းခြင်းမှာ နည်းလမ်းမမှန်သော စစ်ဆေးအတည်ပြုခြင်းများနှင့် မှတ်ပုံတင်စနစ်များ ပေါင်းစပ်နေခြင်း၏ရလဒ်လည်း ဖြစ်သည်။ ထိုသို့ရွှေ့ပြောင်းရသောအခါ ဝိသမလုပ်ငန်းများကို ကြီးထွားစေပြီး မလုံခြုံမှုများကို ဖြစ်ပေါ်စေသည်။ ပုံမှန်မဟုတ်သောနည်းလမ်းဖြင့် ရွှေ့ပြောင်းသူတစ်ဦးတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ မတရားအမြတ်ထုတ်ခြင်းများနှင့် လူကုန်ကူးခံရမှုများ ခံရနိုင်ခြေများသည်။

သဘောတရားရေးရာ ရှုင်းလင်းချက်
လူတစ်ဦးကို တရားမဝင် ဟု ခေါ်ဝေါ်ခြင်း

လူအခွင့်အရေးများကို ကာကွယ်ပေးသူများက တရားမဝင်ဟု ခေါ်ဆိုခြင်းထက် ပုံမှန်မဟုတ်သော သို့မဟုတ် အထောက်အထားမရှိသော စသည့်အခေါ်အဝေါ်များကို ပို၍နှစ်သက်သည်။ လူတစ်ဦးအား တရားမဝင်ဟုခေါ်ဆိုခြင်းတွင် မကောင်းသည့် ဂယက်အနက်အဓိပ္ပာယ်များ ပါဝင်သည်။ ထိုသူသည် ရာဇဝတ်မှုတစ်ခုကို သိလျက်နှင့်ကျူးလွန်ထားသည်ဟု ကောက်ယူနိုင်သည်။ ထိုသူအား ဆိုးရွားသူ သို့မဟုတ် ယုတ်မာသူအဖြစ် ပုံဖော်နိုင်သည်။ မည်သို့ပင်ဖြစ်စေ လူတစ်ဦးတွင် မည်သည့်နိုင်ငံသားဖြစ်ကြောင်း အထောက်အထားမရှိသည့် အခြေအနေမျိုးသည် ၎င်းတို့၏ အစိုးရက တရားဝင်မှတ်ပုံတင်ခြင်းပြုလုပ်ရန် လွန်စွာခက်ခဲပြီး အကုန်အကျများစေအောင် လုပ်ဆောင်ထားခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ ရွှေ့ပြောင်းနေထိုင်သူများကို အထောက်အထားမဲ့အခြေအနေ တစ်ရပ်ဆီသို့ တွန်းပို့လိုက်သော ဖြစ်ရိုးဖြစ်စဉ်တစ်ခုလည်း ဖြစ်သည်။ ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် ပတ်သက်လာလျှင် ဥပဒေကို ချိုးဖောက်ချင်၍ လုပ်ဆောင်သူများဟူ၍ မရှိကြပါ။ ဥပဒေ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် လိုအပ်သောနည်းလမ်းများ (အထောက်အထားများ သို့မဟုတ် ငွေကြေး) မရှိခြင်းကြောင့်သာ ချိုးဖောက်ရခြင်း ဖြစ်သည်။

၆.၁.၂ အရှေ့တောင်အာရှဒေသတွင်း ရွှေ့ပြောင်းသွားလာကြခြင်းကို အတိတ်သမိုင်းနှင့် စီးပွားရေး အကြောင်းတရားများအရ သုံးသပ်ခြင်း

ရွှေ့ပြောင်းကြခြင်းဖြင့် လူများသည် အရေးယူခံရခြင်းများမှ လွတ်မြောက်တတ်ကြသည်။ သန်းနှင့်ချီသော ရွှေ့ပြောင်းနေထိုင်သူများမှာ ကိုယ်ပိုင်ဘဝအခြေအနေများသာမက မိသားစု၏ အခြေအနေများလည်း တိုးတက်လာခဲ့ကြသည်။ ပုံမှန်အားဖြင့် လူများစွာသည် ပညာရေးအတွက် ရွှေ့ပြောင်းလေ့ရှိကြပြီး အချို့မှာ ဝေးလံသောနိုင်ငံများတွင် ဝန်းကျင်အသစ်များကို ထူထောင်ကြရန် ပြောင်းရွှေ့ကြသည်။ အမှန်စင်စစ် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံအချင်းချင်းကြားတွင် ရွှေ့ပြောင်းကြခြင်းသည်လည်းကောင်း၊ ဒေသအပြင်ဘက်မှ လူများက အရှေ့တောင်အာရှနိုင်ငံများသို့ ရွှေ့ပြောင်းအခြေချ နေထိုင်ခြင်းသည်လည်းကောင်း ရှည်လျားသည့်သမိုင်းကြောင်းရှိခဲ့သည်။ ဥပမာ - အိန္ဒိယနှင့် တရုတ်နိုင်ငံများမှအရှေ့တောင်အာရှ အတွင်းရှိနိုင်ငံများသို့ နှစ်ပေါင်းရာချီကတည်းပင် ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။ ရွှေ့ပြောင်းကြခြင်းသည် အမြဲလိုလိုပင် လူသား၏ ဓလေ့စရိုက် တစ်ခုဖြစ်ပြီး ဤဒေသအတွင်း နေထိုင်သောလူများအတွက်သာ ဖြစ်ပျက်သော ထူးခြားချက်မဟုတ်ပါ။

ယိုပေါက်မရှိ လုံခြုံအောင် ကာရံထားနိုင်ခြင်းမရှိသော နယ်ခြားမျဉ်းများ၊ လက်နက်ကိုင်ပဋိပက္ခများ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မညီမျှသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ၊ ရှေ့နောက်မညီညွတ်သော ဥပဒေရေးရာ အခြေခံအဆောက်အဦးများ၊ ရှည်လျားသော သမိုင်းကြောင်းရှိသည့် ရွှေ့ပြောင်းမှုပုံစံများ၊ လူဦးရေဖွားသေနှုန်း အပြောင်းအလဲများနှင့် ရွှေ့ပြောင်းသွားလာရန်အတွက် တရားဝင်လမ်းကြောင်းများ အကန့်အသတ်ဖြင့် ရှိနေခြင်းများက အထောက်အထားမရှိသော ရွှေ့ပြောင်းသွားလာရခြင်းများ မြင့်မားလာရသည့်အကြောင်းရင်းများဖြစ်ကြသည်။ အရှေ့တောင်

အာရှဒေသအတွင်းရှိ အစိုးရများနှင့် ရွှေ့ပြောင်းကြသူတို့အကြား ဆက်ဆံရေးမှာလည်း တင်းမာခဲ့ကြသည်။ ရွှေ့ပြောင်းသွားလာမှုပုံစံများသည် အရှိန်အဟုန်မြင့်မားစွာ ဖြစ်ပေါ်နေခဲ့ပြီး နိုင်ငံများအကြားတွင် ရှုပ်ထွေးသော လမ်းကြောင်းများလည်း ပေါ်ပေါက်စေခဲ့သည်။ ၁၉၇၀ နှင့် ၁၉၈၀ ခုနှစ်များအတွင်း ရွှေ့ပြောင်းကြမှုများပြားခဲ့ခြင်းမှာ လက်နက်ကိုင်ပဋိပက္ခအကြီးစားများ ဥပမာ - ဗီယက်နမ်နှင့် အမေရိကန်စစ်ပွဲ (ထိုစစ်မှာ လာအိုနှင့် ကမ္ဘောဒီးယား နိုင်ငံအကြားရှိ နယ်နိမိတ်တစ်လျှောက် နှစ်ဖက်စလုံးတွင် တည်ရှိခဲ့သည်)နှင့် မြန်မာနိုင်ငံရှိ လက်ရှိဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများကြောင့် ဖြစ်ခဲ့ရသည်။ ထို့အတူ ၁၉၈၀ ခုနှစ်များအတွင်း အာရှအံ့ဖွယ်ဟု ခေါ်တွင်ခဲ့သော ဒေသအတွင်း ကုန်ထုတ်လုပ်မှုနှင့် ဘဏ်လုပ်ငန်းစနစ်များ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် အလုပ်အကိုင်ရှာဖွေကြသူများ ပိုမိုများပြားလာပြီး သိသိသာသာပင် ရွှေ့ပြောင်းသွားလာမှုများ ပိုများလာခဲ့သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည့် ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများတွင် လုပ်သားအမြောက်အမြား လိုအပ်ချက်များကြောင့် အမျိုးသား၊ အမျိုးသမီးများနှင့် မိသားစုတစ်ခုလုံး ရွှေ့ပြောင်းကြခြင်းများလည်းဖြစ်ပေါ်ခဲ့ကြသည်။ ဒေသတွင်းစီးပွားရေးက အလုံးအရင်းဖြင့် ရွှေ့ပြောင်းသွားလာကြခြင်းကို ပုံစံ(၂)မျိုးဖြင့် ဖြစ်ပေါ်စေသည်။ ပထမတစ်မျိုးမှာ ချမ်းသာသောနိုင်ငံများနှင့် ၎င်းတို့နှင့် နယ်နိမိတ်ထိစပ်နေသော ဆင်းရဲသည့်နိုင်ငံများ (ဥပမာ - ထိုင်းနှင့်မြန်မာတို့ကဲ့သို့)တွင် တွေ့ရသည်။ ဆင်းရဲသောနိုင်ငံများမှ လုပ်သားများသည် ချမ်းသာသော၊ လုပ်အားအများအပြား လိုအပ်နေသော နိုင်ငံများသို့ ရွှေ့ပြောင်းလာကြသည်။ ဒုတိယအနေဖြင့် စီးပွားရေးတဟုန်တိုးဖွံ့ဖြိုးသည့်ကာလတွင် လိုအပ်သော လုပ်သားလူဦးရေကို သဘာဝအားဖြင့် တိုးပွားနေသော လူဦးရေ အရင်းအမြစ် တစ်ခုတည်းက မဖြည့်ဆည်းပေးနိုင်၍ ရွှေ့ပြောင်းမှုဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ရွှေ့ပြောင်းကြခြင်းများမှာ ကျွမ်းကျင်မှုအဆင့်မြင့်သော ရွှေ့ပြောင်းလုပ်သားများရော ကျွမ်းကျင်မှုအဆင့်နိမ့်သော ရွှေ့ပြောင်းလုပ်သားများပါ အလုံးအရင်းလိုအပ်စေသော အလျင်အမြန် ဖွံ့ဖြိုးတိုးတက်မှုကြောင့်လည်းကောင်း၊ အမျိုးသမီးဦးရေအများအပြား ရွှေ့ပြောင်းအလုပ်သမားလောကသို့ ဝင်ရောက်လာခြင်းကြောင့်လည်းကောင်း၊ အလုပ်သမားစုဆောင်းပေးသည့် စီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်းများကြောင့် လည်းကောင်း ဖြစ်လာရသည်ဟု ILO နှင့် IOM တို့၏ မကြာသေးမီက လေ့လာချက်တွေ့ရှိချက်များက ဖော်ပြသည်။

ရွှေ့ပြောင်းအလုပ်သမားများသည် လမ်းကြောင်းအမျိုးမျိုးဖြင့် သွားလာကြသည်။ ဒေသ၏အပြင်ဘက်သို့ ရွှေ့ပြောင်းကြသည့် လုပ်သားများမှာ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်း စသည့်နိုင်ငံများမှ ဖြစ်လေ့ရှိကြပြီး အရှေ့အလယ်ပိုင်းနှင့် အရှေ့အာရှဒေသများသို့ ရွှေ့ပြောင်းကြခြင်းဖြစ်သည်။ လုပ်ငန်းခွင်သို့ဝင်သည့်အခါ အမျိုးသားများသည် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ပြီး အမျိုးသမီးများသည် စက်ရုံများနှင့် အိမ်အကူအလုပ်တို့တွင် လုပ်ကိုင်ကြသည်။ ဒေသ၏အပြင်ဘက်သို့ သွားရောက်ကြသော ရွှေ့ပြောင်းအလုပ်သမားအများစုသည် စာရွက်စာတမ်းအထောက်အထားရှိကြသည်။ ဒေသအတွင်းတွင် ဖြစ်ပျက်သော ရွှေ့ပြောင်းမှုများတွင်မူ စာရွက်စာတမ်း အထောက်အထားရှိသူများရော၊ မရှိသူအများစုပါ မိမိတို့နှင့် နယ်နိမိတ်ထိစပ်နေသော နိုင်ငံများသို့ ရွှေ့ပြောင်းကြခြင်းဖြစ်သည်။ ရွှေ့ပြောင်းသူအများဆုံး ထွက်ပေါ်လာသောနိုင်ငံများသည် ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံတို့ဖြစ်ကြပြီး ထိုနိုင်ငံသားများသည် မိမိတို့ထက် ပို၍ဖွံ့ဖြိုးသော

စင်ကာပူ၊ ထိုင်းနှင့် မလေးရှားနိုင်ငံများသို့ ရွှေ့ပြောင်းကြသည်။ ထိုနိုင်ငံသုံးခုတွင် လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ပြောင်းရွှေ့လာသော လုပ်သားများမှာ အထက်ဖော်ပြပါ နိုင်ငံများထက် နည်းသော်လည်း သိသာထင်ရှားသော လူရေစီးကြောင်းပင်ဖြစ်သည်။ ရွှေ့ပြောင်းသွားလာခြင်း အကြောင်းကို လေ့လာသောအခါ အထောက်အထားမရှိသည့် လုပ်သားဦးရေက အလွန်များပြားခြင်းကြောင့် အချက်အလက်ကောက်ယူရသည်မှာ ခက်ခဲသည့်ပြဿနာကို တွေ့ရသည်။ ရွှေ့ပြောင်းခြင်းကို နားလည်နိုင်ရန် လေ့လာရာတွင် ရှုပ်ထွေးသည့် နောက်အချက်တစ်ခုမှာ အသုံးပြုသွားလာနေကြသော ခရီးလမ်းကြောင်းများ ဖြစ်သည်။ ထိုလမ်းကြောင်းများကို ရွှေ့ပြောင်းလုပ်သားများ၊ ဒုက္ခသည်များ၊ လူကုန်ကူးခြင်းခံရသူများနှင့် ကမ္ဘာလှည့်ခရီးသွားများ အားလုံးက အသုံးပြု၍ ရောထွေးသွားလာနေခြင်းကြောင့် ဖြစ်သည်။ အတင်းအကျပ်ဖိအားပေးခံရခြင်းကြောင့် ရွှေ့ပြောင်းရခြင်းနှင့် အတင်းအကျပ်ဖိအား ပေးခံရခြင်းမရှိဘဲ ရွှေ့ပြောင်းနေထိုင်ခြင်း နှစ်မျိုးကို ခွဲခြားရန် အလွန်ခက်ခဲသည်။ နိုင်ငံရေးအကြောင်းတရားကြောင့် မိမိတိုင်းပြည်မှ မဖြစ်မနေ တိုက်ရိုက်ထွက်ခွာရသောသူများကို ဖိအားပေးခံရခြင်းကြောင့် ရွှေ့ပြောင်းကြရသောသူများဟု ဥပဒေအရ ယူဆထားပြီး ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသော ဆင်းရဲမွဲတေမှု အစရှိသည့် သွယ်ဝိုက်သော အကြောင်းများ (ဥပမာ - စစ်တပ်မှ ဒေသခံတို့၏ ကောက်ပဲသီးနှံများကို သိမ်းယူခြင်း) ကြောင့် ထွက်ခွာရသော သူများကိုမူ ဖိအားပေးခံရခြင်းကြောင့်ဟု ရွှေ့ပြောင်းရသူများဟု မသတ်မှတ်ကြခြင်း မျိုးလည်း ရှိသည်။ အချို့သော ရွှေ့ပြောင်းမှုများမှာ စီးပွားရေးအကြောင်းပြချက်တစ်ခုတည်း (ဥပမာ ဖိလစ်ပိုင်မှ အိမ်အကူများ စင်ကာပူနိုင်ငံတွင် အလုပ်လုပ်ကိုင်ခြင်း) ကြောင့်ဖြစ်ပြီး၊ အခြားရွှေ့ပြောင်းနေထိုင်မှုများတွင် ဖိအားပေးခံရခြင်းများကြောင့် မဖြစ်မနေ ပြောင်းရခြင်းမျိုး (ဥပမာ - မြန်မာမှ နိုင်ငံရေးဒုက္ခသည်များ)လည်း ရှိသည်။ သို့သော် ရွှေ့ပြောင်းမှု ပုံစံအမျိုးမျိုးတို့သည် လက်တွေ့တွင် များစွာပိုမိုရှုပ်ထွေးကြသည်။ ဒုက္ခသည်များသည် မူလက စီးပွားရေးအရ ရွှေ့ပြောင်းသူများ ဖြစ်နိုင်ကြသလို စီးပွားရေးအရ ရွှေ့ပြောင်းကြသူများသည်လည်း လူကုန်ကူးခံရပြီး လူကုန်ကူးမှု၏ သားကောင်များအဖြစ်မှသည် ဒုက္ခသည်ဘဝသို့ ရွှေ့ပြောင်းလျှောက်ထားကြသည်များလည်း ရှိသည်။ အချို့အခြေအနေများတွင် ရွှေ့ပြောင်းရခြင်း၏ စီးပွားရေးအကြောင်းရင်းများကို နိုင်ငံရေး အကြောင်းရင်းများနှင့် ခွဲခြားရှုမြင်ရာတွင် ပြဿနာများရှိသည်။ လူတစ်ယောက်သည် စီးပွားရေး လုံခြုံမှုကို ရှာဖွေသည့် အကြောင်းရင်းများမှာ ၎င်းတို့အနေနှင့် နိုင်ငံရေးအရ ထိလွယ်ခိုက်လွယ် ဖြစ်မှုများနှင့် မကြာခဏဆိုသလို ဆက်စပ်နေလေ့ရှိသည်။

ဆယ်စုနှစ်ပေါင်းများစွာတိုင်အောင် ရွှေ့ပြောင်းနေထိုင်သူများအား အကာအကွယ်ပေးနေသည့် ဒေသဆိုင်ရာ အစီအမံများမရှိဘဲ ရွှေ့ပြောင်းမှုများ ဖြစ်ပျက်နေခဲ့သည်။ အရှေ့တောင်အာရှ ဒေသအတွင်းရှိ ရွှေ့ပြောင်းသွားလာသူများနှင့်ပတ်သက်သော မူဝါဒများသည် စနစ်တကျမရှိခြင်း၊ ခေတ်မမီခြင်းနှင့် ကျင့်သုံးရန်ခက်ခဲခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့ ဖြစ်ရခြင်းမှာ အစိုးရများက ရွှေ့ပြောင်းခြင်းကိစ္စများကို စီမံခန့်ခွဲရာတွင် ထိရောက်မှုမရှိခြင်း သို့မဟုတ် ပဂ္ဂလိကလုပ်ငန်းရှင်များက အစိုးရ၏ မူဝါဒများကို ဝင်ရောက်စွက်ဖက်နိုင်ခြင်း စသည်တို့က လွှမ်းမိုးနေသောကြောင့် ဖြစ်သည်။ ၁၉၉၉ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော Bangkok Declaration on Irregular Migration သည် ပုံမှန်မဟုတ်သော လမ်းကြောင်းမှ ရွှေ့ပြောင်းသူများဆိုင်ရာ ဘန်ကောက်ကြေညာချက်က ပုံမှန်မဟုတ်သောလမ်းကြောင်းမှ ဝင်ရောက်လာသူများကို အသိအမှတ်ပြုခဲ့သလို အစိုးရများအနေဖြင့် ၎င်းတို့အရေးနှင့်ပတ်သက်၍ ဖြေရှင်းပေးရန် လိုအပ်ချက်များကိုလည်း မှတ်သားခဲ့ကြသည်။ ထိုကဲ့သို့

အစောပိုင်း ကြိုးပမ်းအားထုတ်မှုများသည် လက်ရှိပြဿနာများကို ဖော်ထုတ်ပေးသောကြောင့် အသုံးဝင်သည်ဟု ယူဆရသော်လည်း နောက်ဆုံးတွင် ထိုကြေညာချက်ကို လက်တွေ့မကျင့်သုံးနိုင်ခြင်းကြောင့် ရွှေ့ပြောင်းလုပ်သားများကို အကာအကွယ်မပေးနိုင်ခဲ့ပါ။ မကြာသေးခင်က ပို၍ စနစ်ကျသော လုပ်ထုံးလုပ်နည်းများကို ချမှတ်နိုင်ခဲ့သော သဘောတူညီချက်များ ပေါ်ပေါက်လာခဲ့ရာ ဒေသတွင်းရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းများ ပိုမိုဖွံ့ဖြိုးလာခဲ့သည်။ ဥပမာ - ထိုင်းနှင့် ကမ္ဘောဒီးယား၊ လာအိုနှင့်မြန်မာနိုင်ငံတို့အကြားတွင် ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ နှစ်နိုင်ငံသဘောတူစာချုပ်များ လက်မှတ်ရေးထိုးခဲ့ကြသည်။ လူမှောင်ခိုမှု၊ လူကုန်ကူးမှုနှင့် ထိုအမှုများနှင့်ဆက်စပ်နေသော နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများဆိုင်ရာ ဘာလီလုပ်ငန်းသဘောတူညီချက် Bali Process on People Smuggling, Trafficking in Persons and Related Transnational Crime ကဲ့သို့ ဒေသတွင်းအဆင့် တွေ့ဆုံဆွေးနွေးပွဲများလည်း ရှိလာကြသည်။ ထိုဘာလီလုပ်ငန်းသဘောတူညီချက်အရ အရှေ့တောင်အာရှအစိုးရများနှင့် UNHCR နှင့် IOM ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများအကြား လူကုန်ကူးမှုဖြစ်စဉ်များကို ဖော်ထုတ်ရာ၌ လက်တွဲပူးပေါင်းရန်နှင့် အသိပညာပေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ကြရန် ရည်ရွယ်ကြသည်။ သို့သော် စည်းမျဉ်းဥပဒေများ တိုးတက်လာခြင်းသည် နိုင်ငံသားမဟုတ်သည့်သူများအား ကာကွယ်ခြင်းတွင် အကျိုးသက်ရောက်မှု ရှိသည်ဆိုရုံမျှသာ ရှိခဲ့သည်။

အစိုးရများသည် ရွှေ့ပြောင်းသွားလာသူများနှင့် ပတ်သက်သော မူဝါဒများကို ချမှတ်ကြရာတွင် ရွှေ့ပြောင်းခွင့်ရှိသူ လူအမျိုးအစားနှင့် အရေအတွက် မည်ရွေ့မည်မျှကို အာဏာသုံးကာ ကန့်သတ်ကြသော မူဝါဒများကိုသာ ကြိုက်နှစ်သက်ကြသည်။ သို့သော် ရွှေ့ပြောင်းကြခြင်းမှာ လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးကိစ္စများအပေါ် မျှားစွာ တည်မှီနေသောကြောင့် ထိုမူဝါဒများသည် လက်တွေ့တွင် အလုပ်မဖြစ်လှပါ။ ဥပမာ - ၂၀၀၁ ခုနှစ် စက်တင်ဘာ (၁၁) ရက်တွင် (အမေရိကန်နိုင်ငံတွင်) ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုပြီးနောက်တွင် ဒေသအတွင်း ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာမူများ သိသိသာသာ ပြောင်းလဲသွားခဲ့သည်။ အစိုးရများသည် ရွှေ့ပြောင်းသွားလာခြင်းကို လုံခြုံရေးအရ စိုးရိမ်စရာသဖွယ် မြင်လာခဲ့ကြပြီး၊ လူကုန်ကူးခြင်းနှင့် လူမှောင်ခိုသယ်ခြင်းတို့နှင့်ပတ်သက်ပြီး အသစ်ပြဋ္ဌာန်းခဲ့သော ဥပဒေများကို အသုံးပြုပြီး ပုံမှန်မဟုတ်သော ရွှေ့ပြောင်းနေထိုင်ခြင်းကို လျှော့ချရန် ကြိုးစားခဲ့သည်။ အချို့သော နိုင်ငံများသည် မိမိနိုင်ငံမှ ပြည်ပသို့ ရွှေ့ပြောင်းနေကြသူ မည်မျှရှိသည်ဆိုသော အချက်နှင့်ပတ်သက်၍ အသိအမြင် အားနည်းလှသည်။ ၁၉၉၀ နှင့် ၂၀၀၀ ခုနစ်များတို့တွင် မြန်မာနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသသို့ လုပ်သားများ စေလွှတ်ရန်အတွက် မူဝါဒတစ်ခု ရေးဆွဲခဲ့သည်။ သို့သော် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြသည့် ၂ သန်းခန့်ရှိသော မြန်မာနိုင်ငံသားများအတွက် မူဝါဒ (သို့မဟုတ် အသိအမှတ်ပြုမှု) မရှိသည်မှာ ဆယ်စုနှစ်များစွာ ကြာခဲ့သည်။

အရှေ့တောင်အာရှတွင် ရွှေ့ပြောင်းကြသူတို့ကြုံတွေ့ရတတ်သော အားနည်းထိခိုက်လွယ်သော အခြေအနေသည် ထိုနိုင်ငံများမှ နိုင်ငံသားတို့၏ ခွဲခြားဆက်ဆံမှုများနှင့် ကြုံရသောအခါ ပို၍ဆိုးရွားသွားတော့သည်။ ရွှေ့ပြောင်းလာသူများကြောင့် ရာဇဝတ်မှု များပြားလာသည်ဟု လူအများက စိုးရိမ်ကြသည်။ ရွှေ့ပြောင်းလုပ်သားများ ဝင်လာခြင်းက ၎င်းတို့၏အလုပ်နှင့် လစာများကို ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာနိုင်သည်ဟု မြင်လာကြသည်။ ထိုအပြင် အရှေ့တောင်အာရှ

အစိုးရများသည် ရွှေ့ပြောင်းကြခြင်းကို နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများနှင့် နှိုင်းယှဉ်လျက် လုံခြုံရေးကို အန္တရာယ်ပေးမည့်ကိစ္စသဖွယ် ကိုင်တွယ်ဖြေရှင်းလာကြသည်။ ရွှေ့ပြောင်းနေထိုင်သူများမှာ ဒေသခံလူအဖွဲ့အစည်းများ၊ လူမှုဘဝ သဟဇာတဖြစ်မှုနှင့် အမျိုးသားလုံခြုံရေးအတွက် ခြိမ်းခြောက်မှု အန္တရာယ်တစ်ခုဟု ရှုမြင်လာကြသည်။ ထို့ပြင် အစိုးရများသည် ရွှေ့ပြောင်းသွားလာကြခြင်းကို အကာအကွယ်ပေးရန်ထက် ထိုဖြစ်ရပ်ထဲမှ အမြတ်ထုတ်နိုင်ရေးကိုသာ ရှေးရှုသည်။ ထို့ကြောင့် အချို့ကိစ္စများတွင် ရွှေ့ပြောင်းနေထိုင်သူများသည် မိမိနိုင်ငံမှ မထွက်ခွာခင်ကပင်လျှင် အဂတိလိုက်စားမှုနှင့် မတရားအမြတ်ထုတ်ခြင်းတို့၏ သားကောင်များဖြစ်လာကြသည်။ ထို့နောက် အလုပ်လုပ်မည့်နိုင်ငံသို့ ဆိုက်ရောက်သည့်အခါတွင်လည်း ခွဲခြားဆက်ဆံထားသည့် ဥပဒေများနှင့် အရေးယူမှုများ၊ အမုန်းတရားကြောင့် ကျူးလွန်သော ရာဇဝတ်မှုများ၊ လူကုန်ကူးမှုများနှင့် အခြားသော အခွင့်အရေး ချိုးဖောက်မှုများကိုလည်း ရင်ဆိုင်ရသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

ရွှေ့ပြောင်းသွားလာကြခြင်းအား အများက ကြောက်ရွံ့စရာဟု ထင်မြင်နေခြင်းမှာ မည်မျှအထိ မှန်ကန်နိုင်ပါသနည်း။

သင့်နိုင်ငံထဲတွင် အများဆုံးတွေ့ရသော ရွှေ့ပြောင်းကြသူများအား ဝေဖန်ကဲ့ရဲ့ကြသည့် ပုံစံများမှာ မည်သည်တို့ဖြစ်ကြသနည်း။ အဆိုပါ ဝေဖန်ချက်များသည် မည်မျှတိကျသနည်း။ တွေ့မြင်ရလေ့ရှိသော ဝေဖန်ချက်များကိုအောက်ပါအတိုင်း ဖော်ပြထားပါသည်။ -

- ရွှေ့ပြောင်းကြသူများသည် ရာဇဝတ်မှုကို သယ်လာကြသည်။
- ရွှေ့ပြောင်းကြသူများကို ကောင်းမွန်စွာ ဆက်ဆံလိုက်လျှင် နောက်ထပ် တိုင်းပြည်ထဲသို့ အလုံးအရင်းဖြင့် ဝင်လာပြီး နေရာယူသွားနိုင်သည်။
- ရွှေ့ပြောင်းကြသူများသည် ဒေသခံတို့၏ အလုပ်များကို လုယူကြသည်။
- ရွှေ့ပြောင်းကြသူများသည် ရောဂါပိုးများကို သယ်ဆောင်လာကြသည်။
- ရွှေ့ပြောင်းကြသူများသည် ဒေသခံများသာ ခံစားထိုက်သည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (ဥပမာ - ကျန်းမာရေးဝန်ဆောင်မှု)ကို အသုံးပြုကြသည်။
- ရွှေ့ပြောင်းနေထိုင်သူများသည် ဒေသခံများ၏ယဉ်ကျေးမှုကို မလေးစားပါ။

ထိုအချက်များကို သင်မည်ကဲ့သို့ တုံ့ပြန်သင့်သနည်း။ အဆိုပါကိစ္စများနှင့်ပတ်သက်ပြီး သုတေသနများစွာ ရှိမနေသော်လည်း ထိုပြောဆိုချက်များသည် မမှန်ကန်ဟု ပေါ်လွင်နေကြပါသည်။ ဥပမာ - ရွှေ့ပြောင်းနေထိုင်သူများကြားတွင် ရာဇဝတ်မှုဖြစ်ပွားနှုန်း အနည်းငယ်သာရှိသည်။ ရွှေ့ပြောင်းနေထိုင်သူများသည် ဒေသခံများ၏စီးပွားရေးကို ပို၍အထောက်အပံ့ပေးပြီး၊ လူမှုရေးဝန်ဆောင်မှုများကို အနည်းငယ်သာအသုံးပြုကြသည်။ ရွှေ့ပြောင်းနေထိုင်သူများသည် တိုင်းပြည်အတွင်းသို့ အလုံးအရင်းဖြင့်ဝင်ရောက်လာပြီး ဒေသခံတို့ကို ဝါးမျိုသွားခြင်းမရှိပါ။ အလွန်ဆုံးဖြစ်နိုင်သည်မှာ ထိုသူတို့သည် နိုင်ငံတစ်ခုတည်းတွင် မျိုးဆက်များစွာနေလာသောအခါတွင် လူအရေအတွက်အရ ပမာဏကြီးမားလာသော်လည်း လူနည်းစု ဖြစ်မြဲဖြစ်လျက်သာပင်။ (ဤဖတ်စာအုပ်ကို

ဖတ်နေသော အချို့ ကျောင်းသားများအပါအဝင်) အချို့မိသားစု သမိုင်းကြောင်းများသည် ရွှေ့ပြောင်းနေထိုင်ခြင်းမှ ထွက်ပေါ်လာသော အကျိုးဆက်များဖြစ်ကြသည်။

မေးခွန်းများ။ ။သူသွားလာရာ လမ်းထဲတွင် လူတစ်ဦးသည် ရွှေ့ပြောင်းသူများနှင့်ပတ်သက်၍ အထက်ပါ ဝေဖန်ချက်များအတိုင်း ကဲ့ရဲ့ရှုံ့ချနေသည်ဆိုပါစို့။ သူ့အနေဖြင့် ရွှေ့ပြောင်းနေထိုင်သူများကို စိုးရိမ်ကြောက်ရွံ့နေခြင်းအပေါ် သင်မည်သို့ အကောင်းဆုံး တုံ့ပြန်မည်နည်း။ နိုင်ငံတစ်နိုင်ငံအတွက် ရွှေ့ပြောင်းနေထိုင်ခြင်းသည် ဆိုးခြင်းထက် ကောင်းသည်ဟု တစ်စုံတစ်ယောက်အနေဖြင့် နားလည်သဘောပေါက်ရန် သင်မည်ကဲ့သို့ ပြောပြနိုင်မည်နည်း။

၆.၂ နိုင်ငံသားမဟုတ်သောသူများ၏ အခွင့်အရေးအမျိုးအစားလေးခု - ခြုံငုံသုံးသပ်ခြင်း

နိုင်ငံသားမဟုတ်သူများ၏အခွင့်အရေးများကို အမျိုးအစားလေးခု ခွဲခြားပြီး ဤဖတ်စာအုပ်ထဲတွင် ဆွေးနွေးထားပါသည်။ (၁) ဒုက္ခသည်များ၊ (၂) နိုင်ငံမဲ့ဖြစ်နေသူများ၊ (၃) ရွှေ့ပြောင်းအလုပ်သမားများနှင့် (၄) လူကုန်ကူးခြင်းခံရသူများတို့၏ အခွင့်အရေးများ ဖြစ်ကြသည်။အထက်ပါ အမျိုးအစားတစ်ခုစီတွင် သက်ဆိုင်ရာအဓိပ္ပာယ်သတ်မှတ်ချက်များရှိကြသလို ဆိုင်ရာလူ့အခွင့်အရေးများနှင့် ကာကွယ်စောင့်ရှောက်မှုအပိုင်းတွင် ကြုံတွေ့ရသော ပြဿနာများ ရှိကြသည်။ ပထမဆုံးဂင်းတို့ကို အကာအကွယ်ပေးရန် ပြဋ္ဌာန်းထားသော စာချုပ်များနှင့် နိုင်ငံတကာဥပဒေကို ဆန်းစစ်လေ့လာခြင်းအားဖြင့် အမျိုးအစားတစ်ခုချင်းကို နားလည်လာစေမည်ဖြစ်သည်။ ထို့နောက် ဂင်းတို့အား ကာကွယ်စောင့်ရှောက်မှုပေးရာတွင် တွေ့ကြုံရသော စိန်ခေါ်မှုများကို ဆွေးနွေးသွားပါမည်။ အသေးစိတ်ရှင်း ဆွေးနွေးပြထားသည်ကို မလေ့လာမီ ဆိုခဲ့ပါ အခန်း (၂)ခန်းတွင် စိစစ်သုံးသပ်ပြထားသည့် သက်ဆိုင်ရာစာချုပ်များနှင့် နိုင်ငံသားမဟုတ်သူ အမျိုးအစားလေးခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ခြုံငုံသုံးသပ်ခြင်းမှာ အသုံးတည့်လှသည်။

ဒုက္ခသည်များ

၁၉၅၁ ခုနစ်တွင် ပြဋ္ဌာန်းခဲ့သော ဒုက္ခသည်အဆင့်အတန်းနှင့် စပ်လျဉ်းသဘောတူညီချက် United Nations Convention Relating to the Status of Refugees (၁၉၆၇ ခုနှစ်တွင် ဒုက္ခသည်အဆင့်အတန်းနှင့် စပ်လျဉ်းစာချုပ်ငယ် Protocol Relating to the Status of Refugees ကို ပြန်လည်ပြန်ဆင်ခဲ့ခြင်းဖြစ်သည်။) တွင် ဒုက္ခသည်ဆိုသည့် အခေါ်အဝေါ်ကို အဓိပ္ပာယ်ဖွင့်ဆိုပြထားခဲ့သည်။ ဒုက္ခသည်ဆိုသည်မှာ -

> လူမျိုး၊ ဘာသာ၊ နိုင်ငံသား၊ လူအဖွဲ့အစည်းတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်မှု၊ နိုင်ငံရေးအယူအဆ စသည့် အခြေအနေများကိုအကြောင်းပြု၍ မတရားညှဉ်းပန်းနှိပ်စက်မှုခံရမည်ကို ခိုင်လုံသော စိုးရိမ်ကြောင့်ကြမှုကြောင့် မိမိနိုင်ငံသားအဖြစ် ခံယူထားသောနိုင်ငံ၏ ပြင်ပသို့ ရောက်ရှိလာရပြီး မိမိနိုင်ငံ၏ အကာအကွယ်ပေးမှုကို မရရှိနိုင်သူ (သို့မဟုတ်) မိမိ၏ စိုးရိမ်ရသည့် အခြေအနေကြောင့် မိခင်နိုင်ငံ၏ အကာအကွယ်ပေးမှုကို တောင်းခံရန် ဆန္ဒမရှိသူဟု အဓိပ္ပာယ်ရသည်။

အထက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်က ဖော်ပြထားသည့်အတိုင်း မိမိနိုင်ငံတွင် မတရားညှဉ်းပန်းနှိပ်စက်ခံရနိုင်သဖြင့် အိမ်မပြန်နိုင်သူများအား ဒုက္ခသည်အဖြစ် ခေါ်ဝေါ်ခြင်းဖြစ်သည်။ ဒုက္ခသည်ဆိုင်ရာ အခွင့်အရေးများအရ ထိုဒုက္ခသည်များသည် ၎င်းတို့နေရပ်သို့ မပြန်နိုင်ခင်အထိ မိခင်နိုင်ငံပြင်ပတွင် အေးဆေးလုံခြုံစွာနှင့် လူသားဝီသစွာ နေထိုင်ခွင့်ရရှိရမည်ဖြစ်သည်။

နိုင်ငံမဲ့ဖြစ်နေသူများ

၁၉၅၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံမဲ့လူသား အဆင့်အတန်းနှင့် စပ်လျဉ်းသဘောတူညီချက် Convention Relating to the Status of Stateless Persons တွင် နိုင်ငံမဲ့ဖြစ်နေသူများကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

> လူတစ်ဦးအား နိုင်ငံတစ်ခုခုက ကျင့်သုံးနေသောဥပဒေအရ နိုင်ငံသားအဖြစ် မသတ်မှတ်ထားသောအခါ နိုင်ငံမဲ့လူသားဟု ခေါ်ဆိုသည်။

နိုင်ငံမဲ့ဖြစ်နေသူအများစုသည် ၎င်းတို့မွေးဖွားသော နိုင်ငံထဲတွင်ပင် နေထိုင်ကြသော်လည်း ထိုနိုင်ငံ၏နိုင်ငံသားများနှင့် တိုင်းရင်းသားများရရှိသော အခွင့်အရေးများ၊ ဝန်ဆောင်မှုများနှင့် အကာအကွယ်ပေးမှုများ မရရှိကြပါ။ နိုင်ငံမဲ့ဖြစ်နေသူများကို အကာအကွယ်ပေးသော ဥပဒေများကသာ ၎င်းတို့ကို ဥပဒေအရ အသိအမှတ်ပြုခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းများ ရရှိစေရန် ဆောင်ရွက်ပေးသည်။

ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုဝင်များ

၁၉၉၀ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရွှေ့ပြောင်းလုပ်သားများအားလုံးနှင့် မိသားစုဝင်များ၏အခွင့်အရေးအား အကာအကွယ်ပေးခြင်းဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် UN International Convention on the Protection of the Rights of All Migrant Workers and Members of Their Families တွင် ရွှေ့ပြောင်းလုပ်သားတစ်ဦးကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

> နိုင်ငံသားအဖြစ် နေထိုင်ခြင်းမဟုတ်သော နိုင်ငံတစ်ခုတွင် လစာရရှိသော လုပ်ငန်းတစ်ခုခု၌ လုပ်ကိုင်ရန်ရှိသော၊ လုပ်ကိုင်နေသော၊ လုပ်ကိုင်ခဲ့သော လူတစ်ဦး ဖြစ်သည်။

ရွှေ့ပြောင်းအလုပ်သမားများသည် အလုပ်အကိုင်အတွက်ရည်ရွယ်၍ ၎င်းတို့နိုင်ငံ၏ပြင်ပတွင် ထွက်၍နေထိုင်ကြသည်။ ရွှေ့ပြောင်းလုပ်သားများသည် နိုင်ငံသားလုပ်သားများကဲ့သို့ တူညီသော အခွင့်အရေး များနှင့်ကာကွယ်မှုများ မရရှိကြပါ။ ၎င်းတို့သည် မှန်ကန်သော နေထိုင်ခွင့်အထောက်အထားများ မရှိခဲ့လျှင် လုပ်ငန်းခွင်ထဲတွင်လည်းကောင်း၊ နေထိုင်ရာ ရပ်ရွာထဲတွင်လည်းကောင်း ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရခြင်းကို ရင်ဆိုင်ရနိုင်သည်။

လူကုန်ကူးခံရသည့်သူများ

၂၀၀၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော လူကုန်ကူးမှုတားဆီးနှိမ်နှင်းအပြစ်ပေးရေး (အထူးသဖြင့် အမျိုးသမီးနှင့် ကလေးများအား လူကုန်ကူးခြင်း)ဆိုင်ရာ စာချုပ်ငယ် - "Protocol to Prevent, Suppress and Punish Trafficking in Persons Especially Women and Children" (The Palermo Protocol) တွင် လူကုန်ကူးခြင်းနှင့်ပတ်သက်သော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အောက်ပါ အတိုင်းလေ့လာနိုင်ပါသည်။

> ခေါင်းပုံဖြတ် အမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားသောအနိုင်ကျင့်မှုပုံစံများ၊ ပြန်ပေးဆွဲခြင်း၊ အယောင်ဆောင်ခြင်း၊ လိမ်လည်ခြင်း၊ အာဏာအလွဲသုံးစားပြုခြင်း၊ ထိခိုက်နစ်နာလွယ်အခြေအနေတစ်ရပ်အပေါ် အခွင့်အရေးယူခြင်း၊ လူတစ်ဦးအပေါ် အမြတ်ထုတ်လိုသော ရည်ရွယ်ချက်ဖြင့် ထိုသူကို ထိန်းချုပ်နိုင်သည့် အခြားသူတစ်ဦး၏ သဘောတူညီချက်ရရှိစေရန် ငွေ သို့မဟုတ် အကျိုးအမြတ်အားဖြင့် အပေးအယူပြုခြင်း စသည့်နည်းလမ်းများကို အသုံးပြုပြီး လူစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်းနှင့် တည်းခိုစေခြင်း (သို့မဟုတ်) လက်ခံခြင်းများကို ဆိုလိုသည်။ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းတွင် တစ်စုံတစ်ဦးက အခြားသူတစ်ဦးကို ပြည့်တန်ဆာ သို့မဟုတ် လိင်မှုဆိုင်ရာ အခြားပုံစံတစ်မျိုးမျိုးဖြင့် ခေါင်းပုံဖြတ်ခြင်း၊ အနည်းဆုံး အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်း၊ ကျေးကျွန်ပြုခြင်း သို့မဟုတ် ကျေးကျွန်ပြုမှုနှင့်ဆင်တူသော လုပ်ရပ်များ ကျူးလွန်ခြင်း၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို ဖြတ်တောက်ခြင်းတို့ ပါဝင်သည်။

အထက်တွင်ဖော်ပြထားသည့် အခြားသဘောတူစာချုပ်များနှင့်မတူသည်မှာ Palermo Protocol သည် လူတစ်ဦးကျရောက်နေသော အခြေအနေကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းထက် ရာဇဝတ်မှုပုံစံတစ်ခုကို အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းဖြစ်သည်။ လူကုန်ကူးခြင်းခံရသူများသည် အထက်တွင်ဖော်ပြထားသော ရာဇဝတ်မှု၏သားကောင်များဖြစ်သည်။ လူကုန်ကူးခြင်းခံရသူများသည် လူကုန်ကူးမှု၏ သားကောင်ဘဝသို့ ထပ်မံမကျရောက်စေရန် အကာအကွယ်များ ရရှိစေရေးနှင့် ဘဝပြန်လည်ထူထောင်ရေးအတွက် ဆိုင်ရာအခွင့်အရေးများ ရရှိသင့်သည်။

ဤအခန်းတွင် ဖော်ပြခဲ့သော စာချုပ်လေးခုသည် မတူညီသော သမိုင်းနောက်ခံအချိန်ကာလများမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ထိုစာချုပ်များသည် လူ့အခွင့်အရေးကို ကွဲပြားခြားနားသည့် ရှုထောင့်များမှ ရှုမြင်ကြပြီး၊ လူ့အခွင့်အရေးပြဿနာများကိုလည်း မတူညီသော နည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်ကြကြောင်း မှတ်သားသင့်ပါသည်။ ဒုက္ခသည်များနှင့် နိုင်ငံမဲ့သူများဆိုင်ရာ သဘောတူစာချုပ်များသည် ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း စာချုပ်များဖြစ်ပြီး အဆိုပါစာချုပ်နှစ်ခုစလုံးကို ၁၉၅၀ ကျော် ခုနှစ်များတွင် ပြဋ္ဌာန်းခဲ့သည်။ ထိုစာချုပ်များပါ အချက်များအတိုင်း လူ့အခွင့်အရေးများကို အကာအကွယ်ပေးခြင်းမှာ အားရစရာမရှိခဲ့ပါ။ အကြောင်းမှာ နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ မူဘောင်များ မပေါ်ပေါက်လာသေးသောကြောင့် ဖြစ်သည်။ ပထမဦးဆုံးလူ့အခွင့်အရေး စာချုပ်များကို ပြဋ္ဌာန်းနိုင်ခဲ့သည်မှာ ၁၉၆၀ ခုနှစ်များ နှောင်းပိုင်းမှသာ ဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၈၀ ခုနှစ်များတွင် ရေးဆွဲခဲ့ပြီး၊ ၁၉၉၀ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ သို့သော် အဆိုပါစာချုပ်သည် ၂၀၀၃ ခုနှစ်မှ အသက်ဝင်ခဲ့ပြီး၊ အကျယ်ပြန့်ဆုံးသော စာချုပ်ဖြစ်ခဲ့သလို အထက်ပါ စာချုပ် (၄)ခုတွင် အကြီးဆုံးစာချုပ်လည်း ဖြစ်သည်။ ယင်း

စာချုပ်သည် ကုလသမဂ္ဂစနစ်အတွင်းတည်ရှိသော လူ့အခွင့်အရေးစာချုပ်တစ်ခုအဖြစ် ယူဆခံခဲ့ရသော တစ်ခုတည်းသော စာချုပ်ဖြစ်သည်။ ထိုစာချုပ်ကို ရေးဆွဲသည့်အချိန်မှ အသက်ဝင်သည့် အချိန်အထိ အလွန်ရှည်လျားသော အချိန်ကာလက ပြဿနာသည်မှာ စာချုပ်ကိုအတည်ပြု လက်မှတ်ရေးထိုးသည့်နှုန်း နည်းပါးခြင်းကြောင့် ဖြစ်သည်။ ထိုစာချုပ်သည် စာချုပ်လေးမျိုးထဲတွင် အတည်ပြုလက်မှတ်ရေးထိုးမှု အနည်းဆုံး ဖြစ်သည်။ လူကုန်ကူးမှုဆိုင်ရာ စာချုပ်ကမူ ကမ္ဘာတစ်ဝန်း ရွှေ့ပြောင်းသွားလာမှုများနှင့် မြင့်မားလာသော ရာဇဝတ်မှုများကို တုံ့ပြန်သည့်အနေဖြင့် ၂၀၀၀ ခုနှစ်များအတွင်း ပေါ်ထွက်လာသည်။ ဤစာချုပ်သည် လူကုန်ကူးခြင်းခံရသူများ၏ အခွင့်အရေးကို အကာအကွယ်ပေးသည်။ သို့သော် အရေးကြီးသည့်အချက်မှာ လူကုန်ကူးခြင်းကို နိုင်ငံတကာ ရာဇဝတ်မှုအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြစ်သည်။ ထိုစာချုပ်သည် နိုင်ငံအစိုးရများကို လူကုန်ကူးခြင်းအား ရာဇဝတ်မှုအဖြစ် သတ်မှတ်ရန်အခွင့်အာဏာပေးထားခြင်းကြောင့် အတည်ပြုလက်မှတ်ရေးထိုးသည့်နိုင်ငံအများအပြားရှိသည်။

၆.၂.၁ ဥပဒေအရ အကာအကွယ်ပေးခြင်းတွင် လစ်ဟာချက်များနှင့် ရောထွေးမှုများ

အထက်ပါ နိုင်ငံသားမဟုတ်သူ အမျိုးအစား (၄)ခုကို တစ်ခုနှင့်တစ်ခု သီးခြားစီဖြစ်ပြီး အဆက်အစပ်မရှိသူများဟု မရှုမြင်သင့်ပါ။ သို့ရာတွင် အဆိုပါ လေးမျိုးစလုံးသည် တစ်ခုနှင့်တစ်ခုမှာ အတူတကွဆက်စပ်တည်ရှိနေကြပြီး အပြန်အလှန်အားဖြည့်နေခြင်းလည်း မဟုတ်ပါ။ ပို၍ ဖြစ်နိုင်သည်မှာ လူများသည် အဆိုပါ အမျိုးအစား (၄)ခုအကြားတွင် တစ်ခုမှ တစ်ခုသို့ လျင်မြန်စွာ ကူးပြောင်းသွားနိုင်ခြင်းဖြစ်သည်။ သို့မဟုတ် လူတစ်ဦးတည်းတွင် အမျိုးအစားတစ်ခုမက ဖြစ်နေသည်ကိုလည်း တွေ့ရှိနိုင်ကြောင်း အသိအမှတ်ပြုသင့်သည်။ နိုင်ငံမဲ့ဖြစ်နေသူတစ်ဦးသည် ရွှေ့ပြောင်းလုပ်သားတစ်ဦးအဖြစ် နံနက်ခင်းတစ်ခုတွင် နိုးထလာနိုင်ပြီး၊ လူကုန်ကူးခံရသည့် အခြေအနေတစ်ခုသို့ အတင်းအဓမ္မ တွန်းပို့ခြင်းခံခဲ့ရပြီး အဆိုပါ ညနေခင်းတွင် ဒုက္ခသည်အဖြစ် အဆုံးသတ်သွားနိုင်သည့် (လက်တွေ့တွင် မြင်ဖူးရန်ခက်ခဲသော်ငြားလည်း) ဖြစ်နိုင်ခြေများရှိပါသည်။ နိုင်ငံမဲ့သူများကို အကာအကွယ်ပေးရာတွင် လစ်ဟာချက်များစွာ ရှိနေဆဲဖြစ်သည်။ အမျိုးအစား တစ်ခုနှင့်တစ်ခု ရောထွေးမှုများနှင့် အဖြူအနက် မကွဲသော ဧရိယာများကြောင့် မည်သူမည်ဝါကို မည်သို့ အကာအကွယ်ပေးရမည်ဆိုသောကိစ္စမှာ ခက်ခဲမြဲခက်ခဲနေခြင်းက အကျိုးဆက်တစ်ခုဖြစ်သည်။ အရှေ့တောင်အာရှဒေသတွင် အထက်ပါ ပြဿနာတစ်ခုမှာ မြန်မာနိုင်ငံမှ ရိုဟင်ဂျာများဖြစ်ပြီး အမျိုးအစား (၄)မျိုးစလုံးတွင် အကျုံးဝင်နေသည်။

မှတ်သားဖွယ်ရာ
ရိုဟင်ဂျာများ

မြန်မာနိုင်ငံမှ ရိုဟင်ဂျာများ၏ ဇာတ်လမ်းသည် နိုင်ငံမဲ့ဖြစ်နေသူများ၏ အားနည်းထိခိုက်လွယ်သော အခြေအနေကို ဖော်ပြနေပါသည်။ မြန်မာအစိုးရသည် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို စတင်ပြဋ္ဌာန်းခဲ့ပြီးချိန်တွင် ရိုဟင်ဂျာများ၏ နိုင်ငံသားဖြစ်မှုကို ပြန်လည်ရုပ်သိမ်းခဲ့သည်။ ထိုဥပဒေများသည် မြန်မာနိုင်ငံ၏ တရားဝင်အသိအမှတ်ပြုထားသော တိုင်းရင်းသားလူမျိုး (၁၃၅)မျိုးထဲမှ ရိုဟင်ဂျာလူမျိုးအုပ်စုကို ဖယ်ထုတ်ထားသည်။ သမိုင်းအထောက်အထားများအရ အနည်းဆုံး လွန်ခဲ့သော

နှစ်ပေါင်း (၃၀၀) ခန့်က အဆိုပါဒေသတွင် နေထိုင်ခဲ့သော ရိုဟင်ဂျာများကို မြန်မာအစိုးရက အမှန်အားဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများ (တရားဝင် အထောက်အထားများနှင့် မီဒီယာများထဲတွင် ဘင်္ဂါလီများဟု မကြာခဏ ခေါ်ဝေါ်ကြသည်) ဖြစ်သည်ဟု ဆိုသည်။

မြန်မာဥပဒေသည် ရိုဟင်ဂျာများ၏ အခွင့်အရေးကို ပြင်းပြင်းထန်ထန် ကန့်သတ်ထားသည်။ သူတို့သည် နိုင်ငံမဲ့များဖြစ်သောကြောင့် ပညာရေး သို့မဟုတ် ကျန်းမာရေး ဝန်ဆောင်မှုများ မရရှိကြပါ။ သူတို့သည် လက်ထပ်ထိမ်းမြားခြင်း သို့မဟုတ် နိုင်ငံအတွင်း လွတ်လပ်စွာသွားလာခြင်းအတွက် အထူး မှတ်ပုံတင်ခြင်းနှင့် ခွင့်ပြုချက်များရရှိရန် လိုအပ်သည်။ မကြာသေးမီက လူမျိုးရေးပဋိပက္ခများတွင် ရိုဟင်ဂျာ အများအပြား အကြမ်းဖက်လူအုပ်စုများ၏ သတ်ဖြတ်ခြင်းခံခဲ့ရသည်။ အကယ်၍ သူတို့၏နိုင်ငံထဲတွင် ရင်ဆိုင်နေရသော စနစ်တကျ ခွဲခြားဆက်ဆံခံရခြင်းမှ ရှောင်ရှားထွက်ခွာရန် ကြိုးစားသည့်အခါ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း ခံရနိုင်သည်။ သူတို့သည် လူကုန်ကူးခြင်းကို ပုံမှန်ကြုံတွေ့နေရသည်။

အဆိုပါအခြေအနေများကြောင့် ရိုဟင်ဂျာအများအပြားသည် အလုပ်အကိုင်ရှာဖွေရန် မြန်မာနိုင်ငံမှ ထွက်ခွာကြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဒုက္ခသည်များအဖြစ် နေထိုင်လျက်ရှိသော ရိုဟင်ဂျာ သိန်းနှင့်ချီ ရှိပါသည်။ ရိုဟင်ဂျာအများအပြားသည် အထောက်အထားမဲ့ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် အလုပ်လုပ်ကိုင်ရန် ထိုင်းနှင့်မလေးရှားနိုင်ငံများသို့ ထွက်ခွာကြပါသည်။ ထိုသို့ထွက်ခွာသည့် လမ်းကြောင်းတွင် ရိုဟင်ဂျာများသည် လူကုန်ကူးခံရခြင်း အများအပြားရှိပြီး ထိုင်းနှင့် မလေးရှားနိုင်ငံတို့တွင် အလုပ်သမားများအဖြစ် ရောင်းစားခြင်းခံကြရသည်။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများမှ အစိုးရအရာရှိများက ရိုဟင်ဂျာများသည် မည်သည့်နိုင်ငံသားဖြစ်ကြောင်း သတ်မှတ်ချက်မရှိသော အခြေအနေကို တာဝန်ကိုရှောင်ရှားသောအခါသုံးသည့် နည်းလမ်းအဖြစ် အသုံးပြုကြသည်။ မြန်မာနိုင်ငံက ၎င်းတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများဟု ပြောဆိုပြီး၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့က တရားမဝင် ရွှေ့ပြောင်းလာသူများအဖြစ် ရှုမြင်သည်။ အချို့ရိုဟင်ဂျာများသည် ဩစတေးလျကဲ့သို့ နိုင်ငံများတွင် ဒုက္ခသည်အဖြစ် နေထိုင်ခွင့်ရရှိရေး တောင်းဆိုကြသည်။ သို့သော် ဒုက္ခသည်ခိုလှုံခွင့်ရရှိရေးအတွက် ထိုနိုင်ငံအထိ သွားရောက်ရန်မှာ ရှည်လျားပြီး အန္တရာယ်များသော ရေကြောင်းခရီးဖြင့် သွားရောက်ကြရသည်။

နိုင်ငံမဲ့သူများကို ကာကွယ်စောင့်ရှောက်ရာတွင် လစ်ဟာချက် အများအပြားရှိပါသည်။ နေ့စဉ်ဘဝတွင် ရွှေ့ပြောင်းအလုပ်သမား အများအပြားသည် ၎င်းတို့၏ အလုပ်ရှင်များ သို့မဟုတ် အလုပ်စပ်ဟပ်ပေးသော ပွဲစားအေးဂျင့်များထံ အကြွေးတင်နေပြီး၊ ခက်ခဲသော အန္တရာယ်များသော လုပ်ငန်းခွင်များသို့ ပို့ဆောင်ခံနေရသည်။ ၎င်းတို့ခေါင်းပုံဖြတ်ခံနေရခြင်းရှိ မရှိ ဆိုသည်မှာ ဖြစ်ပျက်နေသော အခြေအနေနှင့် စဉ်းစားသော ရှုထောင့်နှင့်သာဆိုင်သည့်ကိစ္စဖြစ်သော်လည်း အလုပ်များကို အခကြေးငွေ အနည်းငယ်မျှဖြင့် လုပ်နေရသည်က အမှန်ပင်ဖြစ်သည်။ လူတစ်ဦးကို နေရပ်တွင် ဖိအားပေးခံရသောကြောင့် မဖြစ်မနေရွှေ့ပြောင်းလာရသည့် ရွှေ့ပြောင်းလုပ်သားအဖြစ် စဉ်းစားမည်လော၊ ရွှေ့ပြောင်းလုပ်သားတစ်ယောက်အဖြစ် စဉ်းစားမည်လော၊ သို့မဟုတ် လူကုန်ကူးခြင်းခံရသူ တစ်ယောက်ဟု ယူဆနိုင်သည်လောဆိုသည်မှာ အချို့အခြေအနေများတွင် မရှင်းလင်းနိုင်ပါ။

ထို့အပြင် ၎င်းတို့တွင် အလုပ်လုပ်ရန် အခွင့်အရေးရှိသည်ဟု တောင်းဆိုနေသော ဒုက္ခသည်များသည်လည်း လူကုန်ကူးခြင်းကဲ့သို့သော ခေါင်းပုံဖြတ်အမြတ်ထုတ်မှုမျိုး ခံနိုင်ရခြေရှိသည်။ ထိုပြဿနာများဖြစ်ပွားရခြင်း၏ တစ်စိတ်တစ်ပိုင်းမှာ ကာကွယ်စောင့်ရှောက်မှုလိုအပ်နေသူ နိုင်ငံသား မဟုတ်သူများကို သိရှိနိုင်ရန်၊ အမျိုးအစား ခွဲခြားသတ်မှတ်နိုင်ရန် ရှင်းလင်းပြတ်သားသော ဥပဒေများမရှိခြင်းကြောင့် ဖြစ်သည်။ အစိုးရများသည် အထောက်အထားမရှိသူများအား လုံးကို တရားမဝင်ဟု သတ်မှတ်လိုကြပြီး ၎င်းတို့ကို နေရင်းအရပ်သို့ ပြန်လည်ပို့ဆောင်သည့်နည်းကို နှစ်သက်ကြသည်။ နိုင်ငံများသည် တစ်စုံတစ်ယောက်ကို ဒုက္ခသည်ဟု သတ်မှတ်ခြင်းထက် လူကုန်ကူးခံရသူအဖြစ် သတ်မှတ်ခြင်းကို ပို၍ရွေးချယ်ကြသည်။ အဘယ်ကြောင့်ဆိုသော် လူကုန်ကူးခံရသူကို ဌာနေသို့ ပြန်လည်လွှဲပြောင်းပေးနိုင်သောကြောင့်ဖြစ်သည်။ (ထိုသူတို့ကို တိုင်းပြည်အပြင်ဘက်သို့ ပြန်လည်ပို့ဆောင်ခြင်းဖြင့် ပြဿနာကို ဖြေရှင်းနည်းဖြစ်သည်)။ အကြောင်းမှာ ဒုက္ခသည်ဟုဆိုလျှင် ၎င်းတို့လာခဲ့သည့် နေရပ်တွင် နှိပ်စက်ညှဉ်းပန်းမှုနှင့် ရင်ဆိုင်ရမည်ဖြစ်၍ ပြန်လည်ပို့ဆောင်ခြင်း မပြုနိုင်သောကြောင့် ဖြစ်သည်။

၆.၃ ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်

မိမိနိုင်ငံမှ ထွက်ပြေးပြီး အခြားနိုင်ငံတွင် ကာကွယ်စောင့်ရှောက်မှု ရှာဖွေသည့်သူများကို လွန်ခဲ့သော နှစ်ထောင်နှင့်ခြို့စဉ် ကာလကတည်းက လက်ခံလာခဲ့ကြသည်။ သို့ရာတွင် အဆိုပါ ကာကွယ်စောင့်ရှောက်မှုကို နိုင်ငံတကာဥပဒေအဖြစ် ပေါ်ထွက်လာသည်မှာ မကြာလှသေးပါ။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းသည် အနိုင်ကျင့်ခံရခြင်းမှ ရှောင်ရှားရန် နိုင်ငံတစ်ခုတွင် ခိုလှုံပိုင်ခွင့်တောင်းခံခြင်းနှင့် ရရှိခြင်းကို အသိအမှတ်ပြုသည့် ပထမဆုံး နိုင်ငံတကာကြေညာစာတမ်းတစ်ရပ် ဖြစ်သည်။ ထိုစာတမ်း မတိုင်မီကမူ နိုင်ငံပေါင်းစုံအဖွဲ့ချုပ်ကြီးအနေနှင့် ယခင်က အနိုင်ကျင့်ခံရခြင်းမှ ထွက်ပြေးခဲ့ကြသူများအတွက် (ဥပမာ - ရုရှားနှင့်ဂျာမဏီမှ) ဥပဒေအရ အကာအကွယ်ပေးရန် ကမ်းလှမ်းခဲ့ဖူးသည်။ ထိုသို့ အကာအကွယ်ပေးရာတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်သည် ကမ္ဘာနှင့်အဝန်း အကျုံးဝင်ပြီး လူအုပ်စုအလိုက်အတွက်မဟုတ်ဘဲ လူတစ်ဦးချင်းအတွက် ဒုက္ခသည်အဖြစ် အကာအကွယ်ပေးမှုကို အခြေခံထားသော်လည်း 'လူတိုင်းသည် အနိုင်ကျင့်ခံရခြင်းမှလွတ်မြောက်ရန် အခြားနိုင်ငံများတွင် ခိုလှုံခွင့်ကို ရှာဖွေရရှိနိုင်ရန် အခွင့်အရေးရှိသည်'ဟု အတော်ပင် ယေဘုယျဆန်သည့် ဖော်ပြချက်ဖြင့်သာ ရေးသားထားသည်။ ယင်းစာကြောင်းသည် ဒုက္ခသည်များဟု တိတိကျကျ ရည်ညွှန်းထားခြင်းမရှိဘဲ ('ခိုလှုံခွင့်ရှာဖွေသူများ' ဟုသာ သုံးထားသည်) အကာအကွယ်ပေးသည့် အပိုင်းမှာလည်း အားပျော့လှသည်။ ဥပမာ - နိုင်ငံများ၏ ဝတ္တရားများ သို့မဟုတ် တာဝန်များကို ရှင်းလင်းစွာဖော်ပြမထားပါ။ ထိုအစား လူတစ်ဦးသည် ကာကွယ်စောင့်ရှောက်မှုကို ရှာဖွေရန်နှင့် ရရှိခံစားနိုင်ရန် အခွင့်အရေးရှိသည်ဟုသာ ဖော်ပြထားသည်။ ထိုစဉ်အချိန် ၁၉၄၀ ကျော်နှစ်များအတွင်း ဒုတိယကမ္ဘာစစ် ပြီးဆုံးသွားသောအခါ ကမ္ဘာပေါ်တွင် မည်သည့်အခါကမျှ မမြင်ဖူးသော အရွယ်အစားကြီးမားသည့် ဒုက္ခသည်လူဦးရေကို ဖန်တီးမိလျက်သားဖြစ်ခဲ့ပြီး ရွှေ့ပြောင်းမှုများ အကြီးအကျယ်ဖြစ်ပေါ်ခဲ့သောကြောင့် ဒုက္ခသည်အရေးသည် ကြီးမားသောပြဿနာတစ်ခု ဖြစ်လာရသည်။ ထိုကိစ္စကိုဖြေရှင်းရန် လိုအပ်ခဲ့သဖြင့် ၁၉၅၀ ခုနှစ်တွင် ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂမဟာမင်းကြီးရုံး (UNHCR) ကို တည်ထောင်ခဲ့သည်။ ထို့နောက် ၁၉၅၁ ခုနှစ်တွင် UN Convention Relating to the Status of Refugees

(ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်ဟု ခေါ်လေ့ရှိသည်) ကို ပြဋ္ဌာန်းခဲ့သည်။ ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်သည် ဒုက္ခသည်ဆိုသည့် ဝေါဟာရကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပြီး ထိုအဓိပ္ပာယ်သည် ယနေ့အထိ အများစု သုံးစွဲနေသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုမှာ အလွန်အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် တစ်စုံတစ်ဦးသည် ဒုက္ခသည်အဖြစ် မတောင်းဆိုမီ ဒုက္ခသည်ဟု သတ်မှတ်နိုင်သောအခြေအနေနှင့် ကိုက်ညီရမည့် တိကျသောအချက်များကို သတ်မှတ်ဖွင့်ဆိုထားသောကြောင့် ဖြစ်သည်။ ထိုသဘောတူစာချုပ်တွင် ဖော်ပြထားသော ဒုက္ခသည်ဆိုင်ရာ အခွင့်အရေးများအောက် ဝယ် အကာအကွယ်ကို ရယူလိုလျှင် အဆိုပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ပါ အခြေအနေများနှင့် ကိုက်ညီရန် လိုအပ်သည်။

၆.၃.၁ ဒုက္ခသည်တစ်ဦးကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း

ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်အရ ဒုက္ခသည်ဆိုသည်မှာ -

> လူမျိုး၊ ဘာသာ၊ နိုင်ငံသား၊ လူအဖွဲ့အစည်းတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်မှု နိုင်ငံရေး အယူအဆ စသည့် အခြေအနေများကိုအကြောင်းပြု၍ မတရားညှဉ်းပန်းနှိပ်စက်မှုခံရမည်ကို ခိုင်လုံသော စိုးရိမ်ကြောင့်ကြမှုကြောင့် မိမိနိုင်ငံသားအဖြစ်ခံယူထားသော နိုင်ငံ၏ ပြင်ပသို့ရောက်ရှိလာရပြီး မိမိနိုင်ငံ၏ အကာအကွယ်ပေးမှုကို မရရှိနိုင်သူ (သို့မဟုတ်) မိမိ၏စိုးရိမ်ရသည့် အခြေအနေကြောင့် မိခင်နိုင်ငံ၏ အကာအကွယ်ပေးမှုကို တောင်းခံရန် ဆန္ဒမရှိသူ ဖြစ်သည်။

လူတစ်ဦးကို ဒုက္ခသည်အဖြစ် သတ်မှတ်ရန် အထက်တွင်ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်ပါ အချက်အလက်အားလုံးနှင့်ညီညွတ်နေရမည်။ ထိုသို့ ညီညွတ်ခြင်းရှိ မရှိ ဆုံးဖြတ်ခြင်းလုပ်ငန်းကိုဒုက္ခသည် ဖြစ်မဖြစ်ကို ဆုံးဖြတ်ခြင်း (Refugee Status Determinaton - RSD) ဟု ခေါ်သည်။ နိုင်ငံတစ်ခု သို့မဟုတ် UNHCR ကဲ့သို့ အဖွဲ့အစည်းတစ်ခုက တစ်စုံတစ်ဦးကို ဒုက္ခသည်အဖြစ် အသိအမှတ်ပြုချင်လျှင် အဆိုပါအချက်အလက်များနှင့် ကိုက်ညီမှုရှိမရှိ ကြည့်ရှုရန် လိုအပ်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်၏ အဓိက အချက်အလက်များမှာ -

- **ခိုင်လုံသောအကြောက်တရား**။ ။လူတစ်ဦးသည် နှိပ်စက်အနိုင်ကျင့်ခံရမည်ကို ကြောက်ရွံ့နေခြင်းရှိနေပြီး ထိုအကြောက်တရားသည် ခိုင်လုံစွမ်နှင်ရမည်။ ဆိုလိုသည်မှာ အထောက်အထားများအရ နှိပ်စက်အနိုင်ကျင့်ခံရနိုင်ဖွယ် အခြေအနေ အမှန်တကယ်ရှိရမည်။ ဖြစ်ရပ်အများအပြားတွင် နှိပ်စက်ညှဉ်းပန်းခံရသူသည် နိုင်ငံတော်အစိုးရက နှိပ်စက်ကျူးလွန်ခြင်းကို ခံကြရခြင်းဖြစ်သည်။ သို့ရာတွင် အစိုးရမဟုတ်သူများကလည်း ထိုကဲ့သို့ ကျူးလွန်နိုင်သည်။ ထိုအကြောက်တရားတွင် ဝိသေသနှစ်ခု ပါဝင်နေရမည်။ တစ်စုံတစ်ဦးတွင် ခိုင်လုံသော စိုးရိမ်ကြောက်ရွံ့စရာရှိနေခြင်း သို့မဟုတ် ထိုကဲ့သို့အကြောက်တရားကို ဖြစ်ပေါ်စေသော တစ်စုံတစ်ရာရှိနေကြောင်း ယုံကြည်နိုင်လောက်သည့် အကြောင်းတရားများရှိနေခြင်းတို့ ဖြစ်သည်။ ထိုအချက်နှစ်ခုစလုံးကို ခိုင်မာအောင် သက်သေပြနိုင်ရမည်ဖြစ်သည်။ ယေဘုယျအားဖြင့် ဒုက္ခသည်အဖြစ် လျှောက်ထားခြင်းသည်ပင်လျှင် ထိုသူထံတွင် အနိုင်ကျင့်ခံရမည့် အကြောက်တရားရှိနေကြောင်း လုံလောက်သည့် အထောက်အထားများဟု စဉ်းစားကြသည်။ အကယ်၍

အဆိုပါပုဂ္ဂိုလ်တွင် အကြောက်တရားရှိရန် အကြောင်းများခိုင်လုံခြင်း ရှိ မရှိကို ဆုံးဖြတ်ရာတွင်မူ စုံစမ်းစစ်ဆေးမှု တစ်ခုပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။ ထိုသို့သော စုံစမ်းစစ်ဆေးမှုမျိုးကို UNHCR က ပြုလုပ်လေ့ရှိပြီး အကြောင်းရင်းခိုင်မာမှုကို ယုံကြည်ထိုက်သော NGO များသို့မဟုတ် ကျွမ်းကျင်သူများကို မေးမြန်းခြင်း၊ ဒုက္ခသည်အဖြစ်လျှောက်ထားသူ၏ နိုင်ငံမှ ယုံကြည်လောက်သော သတင်းအချက်အလက်များကို လေ့လာခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ အားကိုးအားထား ပြုနိုင်လောက်သော သတင်းရင်းမြစ်များတွင် လူ့အခွင့်အရေး အစီရင်ခံစာများ သို့မဟုတ် ယုံကြည်ထိုက်သော မီဒီယာများမှ သတင်းများ အစရှိသည်တို့ ပါဝင်ကြပြီး အမှန်တကယ်ပင် အတင်းအဓမ္မ အနိုင်ကျင့်မှုများဖြစ်ပွားခဲ့ခြင်း သို့မဟုတ် အလားတူ လူပုဂ္ဂိုလ်များကို နှိပ်စက်ညှဉ်းပန်းခြင်းများ ရှိ မရှိ စဉ်းစားသုံးသပ်ခြင်းအားဖြင့် ဒုက္ခသည် ဖြစ်သင့်၊ မဖြစ်သင့်ကို ဆုံးဖြတ်လေ့ရှိကြသည်။

- **မတရားညှဉ်းပန်းနှိပ်စက်ခံရခြင်း။** ။ညှဉ်းပန်းနှိပ်စက်ခံရခြင်း (ခွဲခြားဆက်ဆံခံခြင်းပုံစံ အမျိုးမျိုးရှိခြင်း၊ အစားအစာ၊ ရေ သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှု စသည့် အခြေခံဝန်ဆောင်မှုများကို မရအောင်ပြုထားခြင်း၊ တရားဥပဒေနှင့်မညီသော ထင်သလိုဖမ်းဆီးခြင်း၊ အသက်အန္တရာယ်ခြိမ်းခြောက်ခြင်း၊ ရိုက်နှက်နှိပ်စက်ခြင်း၊ ချုပ်နှောင်ခြင်း)ကို ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုအဆင့်ဟု သတ်မှတ်သင့်သည်။ မတရားညှဉ်းပန်းနှိပ်စက်ခံရခြင်းနှင့် စပ်လျဉ်း၍ သဘောတူထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိပါ။ အလွန်ဝေးလံသောနေရာရှိ ဆေးရုံသို့သွားရခြင်းကို လူ့အခွင့်အရေး ချိုးဖောက်မှုဟု မဆိုသာသော်လည်း လူတစ်ဦး၏ ကိုးကွယ်သောဘာသာတရားကြောင့် ကျန်းမာရေး စောင့်ရှောက်မှုရပိုင်ခွင့်ကို တားမြစ်ထားသော ဥပဒေကို မတရားညှဉ်းပန်းနှိပ်စက်ခံရခြင်းဟု သတ်မှတ်နိုင်ပါသည်။

- **အကြောင်းရင်း ၅ ရပ်အပေါ် မူတည်၍။** ။မတရား ညှဉ်းပန်းနှိပ်စက်ခံရနိုင်သော အန္တရာယ်သည် အောက်ပါအကြောင်းရင်းတို့ကို အခြေခံရမည်။
  (က) လူမျိုး
  (ခ) ဘာသာ
  (ဂ) နိုင်ငံတစ်ခု၏နိုင်ငံသားဖြစ်နေခြင်း
  (ဃ) နိုင်ငံရေးယုံကြည်ချက်
  (င) အစုအဖွဲ့တစ်ခု၏ အဖွဲ့ဝင်ဖြစ်ခြင်း တို့ဖြစ်ကြသည်။ အစုအဖွဲ့တစ်ခု၏ အဖွဲ့ဝင်ဖြစ်ခြင်းဆိုသည်မှာ ထိုလူစုလူဝေးတွင် ပါဝင်သောသူများသည် တူညီသော အခြေခံဝိသေသ လက္ခဏာများ၊ ဥပမာ - အမျိုးသမီး၊ လိင်တူဆက်ဆံသူ သို့မဟုတ် လူတန်းစားတစ်ခု၏ အဖွဲ့ဝင်တို့ကို ရည်ညွှန်းသည်။ လူမှုအစုအဝေးတစ်ခု၊ အစည်းအရုံးတစ်ခုကို အဓိပ္ပာယ်ဖွင့်ဆိုရသည်မှာ ခက်ခဲနိုင်ပါသည်။ ဥပမာ - တရားရုံးတစ်ခုက အငှားယာဉ်မောင်းတစ်ဦးသည် လူမှုအစုအဝေးတစ်ခုမဟုတ်ဟု ဆုံးဖြတ်ခဲ့သည်။ အကြောင်းမှာ သူသည် ထိုအလုပ်အကိုင်ကို ပြောင်းလဲနိုင်ပြီး၊ ယင်းအလုပ်သည် ထိုသူ၏ အခြေခံကျသော အသွင်လက္ခဏာ မဟုတ်ပါ။ သို့သော် အခြားတရားရုံးများက သတင်းထောက်တစ်ဦး သို့မဟုတ် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတစ်ဦးသည် တရားဝင်သော လူမှုအစုအဝေးတစ်ခုဟု ဆုံးဖြတ်သည်။ အမျိုးသမီးတစ်ဦး သို့မဟုတ် လူကုန်ကူးခြင်းခံရသူတစ်ဦးသည် မိမိတို့၏

ဝိသေသလက္ခဏာများကို မပြောင်းလဲနိုင်ပါ။ (အမျိုးသမီးတစ်ဦးက ယောကျ်ားတစ်ဦး မဖြစ်နိုင်သလို လူကုန်ကူးခြင်းခံရသူကို လူကုန်ကူးခြင်းမခံရသူအဖြစ် မပြောင်းလဲနိုင်ပါ) ဤအမျိုးအစားသည် အခြားအခြေအနေများထက် ပို၍ယေဘုယျဆန်ပြီး ပြောင်းလဲလွယ်ပြီး၊ အနိုင်ကျင့်မှုများ (အတင်းအကျပ် ကိုယ်ဝန်ဖျက်ချခိုင်းခြင်း၊ အကြမ်းဖက်ခြင်း၊ သို့မဟုတ် ဂုဏ်သိက္ခာကြောင့် သတ်ခြင်း)နှင့် ရင်ဆိုင်ရသော အမျိုးသမီးများကို ကာကွယ်ပေးရန် မကြာသေးမီက အသုံးပြုလာကြသည်။ သို့ရာတွင် လူမှုအစုအဝေးတစ်ခုသည် သီးခြားဝိသေသရှိပြီး ယေဘုယျမဆန်ပါ။ ဥပမာ - အမျိုးသမီးများကို လူမှုအစုအဝေးတစ်ခုအဖြစ် မသတ်မှတ်နိုင်လောက်အောင် ယေဘူယျဆန်နေသည်ကို မကြာခဏ တွေ့ရတတ်သည်ဖြစ်ရာ ပို၍တိတိကျကျဖြစ်ရန်မှာ အမျိုးသမီး၏ လိင်အင်္ဂါကို ဖြတ်တောက်ခြင်းကို ဆန့်ကျင်သော အမျိုးသမီးငယ်များ အစရှိသည်ဖြင့် သတ်မှတ်ထားခြင်းရှိရမည်။

- **ဆက်စပ်သည့်သဘော (Nexus)**။ ။အတင်းအဓမ္မအနိုင်ကျင့်ခြင်းသည် အဆိုပါအမျိုးအစားများထဲတွင် အနည်းဆုံး တစ်မျိုးတွင် ပါဝင်နေသောကြောင့် ဖြစ်ပေါ်တတ်သည်ကို တွေ့ရသော်လည်း တစ်မျိုးထက်ပိုသော အကြောင်းရင်းများကြောင့် နှိပ်စက်ခံရသူများရှိသလို နှိပ်စက်သူက ထိုအကြောင်းရင်းများကို တစ်ခုမက ပေါင်းစပ်လိုသည့် အာသီသကြောင့်လည်း ဖြစ်လေ့ရှိကြောင်း သိထားရန်အရေးကြီးပါသည်။ ထိုသဘောတရားကို ဆက်စပ်ပစ်ရန် လိုအပ်လာခြင်းဟု ခေါ်သည်။ နှိပ်စက်လိုခြင်းမှာ လူတစ်ဦးတွင် ငါးရပ်သောအကြောင်းရင်းများနှင့် ဆက်စပ်နေခြင်းကြောင့်ဖြစ်သည်။

- **တိုင်းခြားပြည်ခြားတွင်ရှိနေခြင်း**။ ။လူတစ်ဦးသည် ဒုက္ခသည်ဖြစ်ကြောင်း တောင်းဆိုနိုင်ရန် မိမိနိုင်ငံ၏ အပြင်ဘက်တွင်ရှိရန် လိုအပ်သည်။ တိုင်းခြားပြည်ခြားတွင်ရှိနေခြင်းကို ဒုက္ခလျှောက်သူတိုင်း မဖြစ်မနေ လိုအပ်သည်။ အကြောင်းမှာ ဒုက္ခသည်တစ်ဦးသည် အခြားနိုင်ငံတစ်နိုင်ငံ၏ အကာအကွယ်ပေးမှုကို တောင်းဆိုရန် လိုအပ်နေသောကြောင့် ဖြစ်သည်။ လူတစ်ဦးသည် သူနေထိုင်ရာနိုင်ငံ၏ သံရုံးတစ်ခုခုတွင် ဒုက္ခသည်အဖြစ် ခိုလှုံရန် တောင်းဆိုခြင်းမှာ ဒုက္ခသည်ဖြစ်ရန် မလုံလောက်ပါ။ သို့သော် ထိုအခြေအနေတွင် သံရုံးက ဆောင်ရွက်ပေးနိုင်သော အခြားကာကွယ်စောင့်ရှောက်မှုပုံစံများ ရှိနိုင်ပါသည်။

- **နိုင်ငံ၏ကာကွယ်စောင့်ရှောက်မှုမရရှိခြင်း**။ ။လူတစ်ဦးသည် သူနေထိုင်ရာနိုင်ငံအတွင်း ကာကွယ်စောင့်ရှောက်မှု မရရှိခြင်း သို့မဟုတ် အတင်းအဓမ္မအနိုင်ကျင့်ခံရမည်ကို ကြောက်ရွံ့ခြင်း သို့မဟုတ် ကာကွယ်စောင့်ရှောက်မှုကိုရှာဖွေရန် ဆန္ဒမရှိခြင်းတို့ကြောင့် ထိုနိုင်ငံမှ ထွက်ပြေးခဲ့ရသည်။ အကယ်၍ သူနေထိုင်သည့်နိုင်ငံမှ အစိုးရက သူ့ကို ကာကွယ်စောင့်ရှောက်နိုင်လျှင် သူသည် ဒုက္ခသည်အဖြစ် တောင်းဆိုရန် မလိုအပ်ပါ။ အဖြစ်အများဆုံး အခြေအနေမှာ ပြည်သူများသည် ၎င်းတို့နေထိုင်ရာ နိုင်ငံတွင် အစိုးရ၏အတင်းအဓမ္မ အနိုင်ကျင့်မှုကို ခံစားကြရသဖြင့် ဒုက္ခသည်ဖြစ်လာကြခြင်းဖြစ်သည်။ ဥပမာ - အစိုးရတစ်ရပ်သည် နိုင်ငံရေးအတိုက်အခံများကို ထောင်ချခြင်းမျိုးဖြစ်သည်။ အကယ်၍ အနိုင်ကျင့်သူသည် အစိုးရ မဟုတ်စေကာမူ အစိုးရသည် အနိုင်ကျင့်မခံရစေရန် အကာအကွယ်မပေးနိုင်ခြင်း သို့မဟုတ် မပေးခြင်းတို့ကြောင့် ဖြစ်လာရသည်။ ထိုကဲ့သို့သောသူမျိုးမှာ ဒုက္ခသည်အဖြစ် ကာကွယ်စောင့်ရှောက်ပေးရန် အကျုံးဝင်သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

ဒုက္ခသည်အဖြစ် သတ်မှတ်ရန်ဆုံးဖြတ်ချက်ချခြင်း

မေးခွန်း။ ။အမျိုးသမီးတစ်ဦးသည် အိမ်တွင်းအကြမ်းဖက်ခံရသဖြင့် တိုင်းပြည်မှထွက်ပြေးပြီး ဒုက္ခသည်အဖြစ် လျှောက်ထားနိုင်ပါသလား။

ပထမဆုံး ဖြေရှင်းရမည့်အချက်မှာ သူမ ထွက်ပြေးရောက်ရှိလာသော နိုင်ငံသည် ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးထားခြင်း ရှိ မရှိဖြစ်သည်။ အကယ်၍ လက်မှတ်ရေးထိုးထားလျှင် ထိုနိုင်ငံသည် အထက်တွင်ဖော်ပြခဲ့သော စံနှုန်းများအပေါ် အခြေခံ၍ သူမအား ဒုက္ခသည်ဖြစ် မဖြစ် ဆုံးဖြတ်ချက်ချရမည်။ လက်မှတ်ရေးထိုးထားခြင်းမရှိလျှင် သူမသည် UNHCR ထံတွင် အကူအညီတောင်းရန် လိုအပ်သည်။ ထိုနိုင်ငံသည် ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်ကို သဘောတူပြီး သူမ ရင်ဆိုင်ခဲ့ရသော အကြမ်းဖက်မှုနှင့်ပတ်သက်၍ အထောက်အထား လုံလောက်စွာ ရှိနေလျှင် (ဥပမာ - ဆေးရုံမှတ်တမ်းများ သို့မဟုတ် သူမ၏မိသားစုထံမှ အထောက်အထား မှတ်တမ်းများ) သူမသည် အတင်းအဓမ္မအနိုင်ကျင့်ခံရကြောင်း လက်ခံနိုင်သည်။ ထို့အပြင် သူမကို လူမှုအစုအဝေးတစ်ခု၏ အဖွဲ့ဝင်အဖြစ် (ဥပမာ - အမျိုးသမီးတစ်ဦး သို့မဟုတ် အိမ်ထောင်ရှိသော အမျိုးသမီးတစ်ဦး) ထည့်သွင်းစဉ်းစားနိုင်သည်။ သို့ရာတွင် သူမအား အစိုးရက ကာကွယ်စောင့်ရှောက်မှုပေးရန် သူမ၏နိုင်ငံတွင် ကြိုးစားရှာဖွေခဲ့ခြင်း ရှိ မရှိ မေးမြန်းရဦးမည်။ အကယ်၍ သူမ၏ အစိုးရက ကာကွယ်စောင့်ရှောက်မှုပေးရန် ကမ်းလှမ်းခဲ့လျှင် (ဥပမာ - ဥပဒေအရ အကာအကွယ်ပေးခြင်း၊ အမျိုးသမီးအတွက် ခိုလှုံရာနေရာများ စီစဉ်ပေးခြင်း သို့မဟုတ် လေ့ကျင့်ထားသော ရဲဝန်ထမ်းဖြင့် ကာကွယ်ပေးခြင်း) သူမသည် ဒုက္ခသည်အဖြစ် ခိုလှုံခွင့်ရရှိရန် အကြောင်းမရှိပါ။ အကယ်၍ သူမ၏ နိုင်ငံကအကာအကွယ်မပေးနိုင်လျှင် (ဥပမာ - အိမ်တွင်းအကြမ်းဖက်မှုကို ဆန့်ကျင်သော ဥပဒေမရှိခြင်း သို့မဟုတ် ရဲဝန်ထမ်းများက သူမကို ထိုကဲ့သို့ အကြမ်းဖက်မှုများမှ အကာအကွယ်မပေးခြင်း) သူမကို ဒုက္ခသည်အဖြစ် စဉ်းစားရန် ကျိုးကြောင်းညီညွတ်သော အခြေခံများ ရှိပါသည်။ ဒုက္ခသည်အဖြစ် သတ်မှတ်ရန် အဓိကအကြောင်းအချက်များကို အကဲဖြတ်ရာတွင် တစ်ကျောင်းတစ်ဂါထာ သဘောရှိနိုင်ပြီး နိုင်ငံအမျိုးမျိုးက တူညီသော ဖြစ်ရပ်တစ်ခုအပေါ် တွင် ခြားနားသော တွေ့ရှိချက်များ ပေးနိုင်သည်မှာ ထင်ရှားပါသည်။

လူတစ်ဦးချင်းစီအတွက် ဒုက္ခသည်အဖြစ်သတ်မှတ်ရန် ဆောင်ရွက်ရသည့်လုပ်ငန်း အဆင့်ဆင့်မှာ ခိုလှုံခွင့်ရှာဖွေသောသူက ကာကွယ်စောင့်ရှောက်မှုရရှိရန် တောင်းခံချိန်တွင် စတင်သည်။ ထိုအချိန်မှစကာ ၎င်းကို ဒုက္ခသည်ဖြစ်ရန် သတ်မှတ်ဖွင့်ဆိုချက်များနှင့် ကိုက်ညီမှု ရှိ မရှိ သက်ဆိုင်ရာ နိုင်ငံက ဆုံးဖြတ်ချက်ချမှတ်ချိန်အထိ ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်အရ အကာအကွယ်ပေးထားသင့်သည်။ ထိုကဲ့သို့ ဒုက္ခသည်အဖြစ် အသိအမှတ်ပြုခြင်းကို ရရှိရန် ဆောင်ရွက်နေဆဲ ကာလတွင် ထိုသူများကို အစိုးရများက ခိုလှုံခွင့်တောင်းခံသူများဟု ခေါ်ဆိုလေ့ရှိသည်။ ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်သည် 'ခိုလှုံခွင့်တောင်းခံသူများ' ဆိုသည့် အသုံးအနှုန်းကို သုံးစွဲခြင်းမရှိပါ။ ထိုအသုံးအနှုန်းသည် ၁၉၇၀ ခုနှစ်များအတွင်း စတင်ပေါ်ပေါက်လာသော်လည်း ယခုအခါ အားလုံးက လက်ခံသုံးစွဲနေကြသည်။ တစ်နည်းအားဖြင့် ဒုက္ခသည်ဟု မခေါ်သေးဘဲ ခိုလှုံခွင့်တောင်းခံသူများအဖြစ် သုံးနှုန်းထားသောကြောင့် ထိုသို့လျှောက်ထားသူများအား ဒုက္ခသည်များ

ရရှိအပ်သော အခွင့်အရေး အပြည့်အဝပေးရန် ငြင်းဆိုနိုင်ခြင်းကြောင့် ဖြစ်သည်။ အကယ်၍ အစိုးရ တစ်ရပ်က ဒုက္ခသည်အဖြစ်တောင်းဆိုမှုကို အသိအမှတ်မပြုလျှင် ထိုအစိုးရသည် လျှောက်ထားသူ တို့ကို မူရင်းနိုင်ငံများသို့ ပြန်ပို့ရန် သို့မဟုတ် တိုင်းပြည်ထဲမှထွက်ခွာရန် ဆုံးဖြတ်နိုင်သည်။ ဒုက္ခသည် အဖြစ် တောင်းဆိုမှုကို အသိအမှတ်ပြုခြင်းသည် လုပ်ထုံးလုပ်နည်းသဘောပေါ်တွင် အခြေခံသော်လည်း ဆုံးဖြတ်ချက်များကို နိုင်ငံရေး သို့မဟုတ် လူမှုရေး (ထိုသို့ မဖြစ်သင့်သော်လည်း) အကြောင်းတရားများက လွှမ်းမိုးလေ့ရှိသည်။ နိုင်ငံတိုင်းတွင် ဒုက္ခသည်များကို အသိအမှတ်ပြုသော ကိုယ်ပိုင် လုပ်ငန်းစဉ်များနှင့် စံချိန်စံညွှန်းများရှိပါသည်။ အချို့နိုင်ငံများသည် အလွန်ခက်ခဲသော စံချိန်စံညွှန်းများ ထားရှိကြသည်။ ဥပမာ - ဂျပန်နိုင်ငံသည် နှစ်စဉ် ဒုက္ခသည်အဖြစ် ခိုလှုံခွင့် လျှောက်ထားသူများ၏ (၁%) ရာခိုင်နှုန်းအောက်ကိုသာ အသိအမှတ်ပြုသည်။ ၂၀၁၃ ခုနှစ်တွင် ဂျပန်နိုင်ငံတွင် ဒုက္ခသည်အဖြစ် လျှောက်ထားမှုပေါင်း (၃၀၀၀) ကျော်ရှိသော်လည်း ဒုက္ခသည်အဖြစ် လက်ခံသော ဖြစ်စဉ်(၆)ခုသာ ရှိသည်။ ဂျပန်နိုင်ငံတွင် ဒုက္ခသည်အဖြစ် အသိအမှတ်ပြုရမည့်သူ အများအပြားရှိနေသော်လည်း တရားဝင် အသိအမှတ်ပြုခံရမည့် အခွင့်အလမ်း အလွန်နည်းပါးသဖြင့် မလျှောက်သူများလည်း ရှိသည်။ တစ်ခါတစ်ရံ နိုင်ငံများသည် ၎င်းတို့၏ ဆန့်ကျင်ဖက်နိုင်ငံများမှ ဒုက္ခသည်များကို လျင်မြန်စွာ လက်ခံတတ်သည်။ (စစ်အေးကာလအတွင်း အမေရိကန်နိုင်ငံသည် ရုရှားနှင့် တရုတ်နိုင်ငံတို့မှ ဒုက္ခသည်များကို လျင်မြန်စွာ အသိအမှတ်ပြုလက်ခံသလို ထိုနိုင်ငံများကလည်း ထပ်တူ အပြန်အလှန်တုံ့ပြန်ကြသည်။) နိုင်ငံအများအပြားသည် ဒုက္ခသည်အဖြစ် လျှောက်ထားမှုများကို အကဲဖြတ်စစ်ဆေးရန် လွတ်လပ်သော ဒုက္ခသည်များဆိုင်ရာ စစ်ဆေးရေးခုံရုံးများကို ထူထောင်ထားကြသည်။

ကာကွယ်စောင့်ရှောက်မှု အမျိုးအစားနောက်တစ်ခုမှာ နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများ ဖြစ်ကြသည်။ ဆိုလိုသည်မှာ စစ်ပွဲများ သို့မဟုတ် သဘာဝဘေးအန္တရာယ်များကြောင့် ၎င်းတို့၏ နေရပ်များကို စွန့်ခွာရသူများ ဖြစ်သည်။ အဆိုပါ အကြောင်းရင်းနှစ်ရပ်သည် ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်တွင် မပါဝင်သော်လည်း (UNHCR ကဲ့သို့) ဒုက္ခသည်ဆိုင်ရာအဖွဲ့အစည်းများက ထိုသူများကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်ဟု ယူဆကြသည်။ အစိုးရိမ်ရဆုံးသူများထဲတွင် မိမိပြည်တွင်း၌ပင် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင် သူ (IDPs) များပါဝင်ပြီး၊ ၎င်းတို့သည် နေအိမ်များမှ အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းခံရသူများ ဖြစ်သော်လည်း နယ်စပ်ဖြတ်ကျော်နေထိုင်ခြင်း မရှိကြပေ။ အချို့ IDPs များသည် နယ်စပ်တစ်ခုခုဆီ ရောက်အောင်သွားခဲ့မည်ဆိုလျှင် ဒုက္ခသည်များ စာရင်းဝင်နိုင်သူများပင် ဖြစ်သည်။ သို့သော် မိမိနိုင်ငံများအတွင်း၌ပင် ရှိနေသော်လည်း အိုးမဲ့အိမ်မဲ့ထွက်ပြေးနေကြရသူများ ဖြစ်ကြရသည်။ ထိုသို့ နယ်စပ်ကိုဖြတ်ကျော်ခြင်း မရှိသဖြင့် ၁၉၅၁ ခုနှစ် ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်အရ ကာကွယ်စောင့်ရှောက်မှုကို မတောင်းခံနိုင်ပါ။ ကမ္ဘာတစ်ဝန်းတွင် ပြည်တွင်း၌ပင် နေရပ်စွန့်ခွာရွှေ့ပြောင်းနေရသူ အရေအတွက်မှာ ခန့်မှန်းခြေ (၃၃) သန်းခန့်ရှိသည်။ အရှေ့တောင် အာရှဒေသတွင် IDP လူဦးရေများပြားသော နိုင်ငံများရှိသည်။ ထိုနိုင်ငံများတွင် ကချင်၊ ကရင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များရှိ လက်နက်ကိုင် ပဋိပက္ခများကြောင့် ရွှေ့ပြောင်းနေထိုင်မှုများရှိသည့် မြန်မာနိုင်ငံ ပါဝင်သည်။ ဖိလစ်ပိုင်နိုင်ငံသည်လည်း နိုင်ငံ၏ တောင်ပိုင်း မင်ဒါနာအိုကျွန်းတွင် IDP များ ရှိကြသည်။ မုံးလူမျိုးများ၏ နေရပ်စွန့်ခွာရမှုများကို လာအိုနိုင်ငံတွင်တွေ့ရပြီး ထိုင်းနိုင်ငံတောင်ပိုင်းပြည်နယ် သုံးခုတွင်လည်း IDP များရှိသည်။

ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံပေါင်း (၁၄၇) နိုင်ငံရှိပြီး အရှေ့တောင်အာရှဒေသမှ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားနှင့် အရှေ့တီမောနိုင်ငံများကသာ အတည်ပြု လက်မှတ်ရေးထိုးထားသည်။ အာရှတိုက်အတွင်းတွင်ပင် အဆိုပါစာချုပ်ကို လက်မှတ်ရေးထိုးထားသော နိုင်ငံအနည်းငယ်သာ ရှိသည်။ တောင်အာရှဒေသတွင် ထိုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသော တစ်ခုတည်းသောနိုင်ငံမှာ ဒေသအတွင်း ဒုက္ခသည်အများဆုံး မွေးထုတ်ပေးသော အာဖဂန်နစ္စတန်နိုင်ငံဖြစ်သည်။ အတည်ပြုလက်မှတ်ထိုးသော နိုင်ငံများအရေအတွက် နည်းရခြင်းသည် ထိုအချိန်က ပထဝီအနေအထားနှင့် အချိန်ကာလအားဖြင့် အကန့်အသတ်များ ပါဝင်သော ၁၉၅၁ ခုနှစ် စာချုပ်၏ မူလအသုံးအနှုန်းများကြောင့် တစ်စိတ်တစ်ပိုင်းပါဝင်သည်။ အခြေခံအားဖြင့် ထိုသဘောတူစာချုပ်တွင် ဒုက္ခသည်ဟု ဆိုလိုသူများသည် ဒုတိယကမ္ဘာစစ်ကြောင့် ဥရောပဒေသတွင် ရွှေ့ပြောင်းခံရသော ပြည်သူများအဖြစ် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ အဆိုပါ ဒုက္ခသည်များသည် အာရှဒေသနှင့် မည်သို့မျှ အဆက်အစပ်မရှိခဲ့ပါ။ အိန္ဒိယနိုင်ငံကဲ့သို့ နိုင်ငံများအတွက် ထိုစာချုပ်ကို သဘောတူလက်မှတ်ထိုးရန် အကျိုးကျေးဇူးမရှိသလောက်ပင် ဖြစ်သည်။ ထိုအခြေအနေကိုကုစားရန် ၁၉၆၇ ခုနှစ် ဒုက္ခသည် အဆင့်အတန်းနှင့် စပ်လျဉ်းစာချုပ်ငယ် (1967 Protocol Relating to the Status of Refugees) ဖြင့် ပထဝီအနေအထားနှင့် အချိန်ကာလ ကန့်သတ်ချက်များကို ဖယ်ရှားလိုက်ပြီး ဒုက္ခသည်ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီသူ မည်သူကိုမဆို ဒုက္ခသည်အဖြစ် သတ်မှတ်ရန် ဒုက္ခသည်ဟူသည့် အဓိပ္ပာယ်ဖွင့်ဆိုမှုကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေခဲ့သည်။ သို့ရာတွင် အာရှနိုင်ငံများသည် ဒုက္ခသည်အရေးကို ကိုင်တွယ်ရာတွင် အလွန်ရှေးရိုးဆန်သော၊ အလွန်သတိကြီးသော သဘောထားများ ရှိနေခဲ့သည်။ ထိုသဘောထားများတွေ့ရခြင်းမှာ အချို့သော နိုင်ငံများတွင် ဒုက္ခသည်အမြောက်အများ ဝင်ရောက်လာခဲ့ဖူးသော အတွေ့အကြုံများရှိခဲ့သောကြောင့်လည်း ဖြစ်နိုင်ပါသည်။ ပါကစ္စတန်၊ အီရန်နှင့် ထိုင်းနိုင်ငံတို့သည် ထောင်ပေါင်းများစွာသော ဒုက္ခသည်များကို လက်ခံခဲ့ရဖူးပြီး အချို့ဖြစ်ရပ်များတွင် ဒုက္ခသည် သန်းနှင့်ချီသည်။

အာဖရိကသမဂ္ဂက တင်ပြခဲ့ဖူးသော ဒုက္ခသည်များဆိုင်ရာ အစီအစဉ်ကဲ့သို့ ဒေသဆိုင်ရာ ဒုက္ခသည် ကာကွယ်စောင့်ရှောက်ရေး အစီအမံများလည်း ရှိပါသည်။ အဆိုပါ အစီအမံများသည် ဒုက္ခသည် ဆိုင်ရာသဘောတူစာချုပ်ထက် ပို၍ကျယ်ပြန့်သော အဓိပ္ပာယ်ဖွင့်ဆိုချက်များရှိပြီး၊ အများပြည်သူ တည်ငြိမ်အေးချမ်းမှုကို အကြီးအကျယ်ပျက်စီးစေသော ဖြစ်ရပ်များကြောင့် ထွက်ပြေးလာသောသူများအတွက်ပါ ပါဝင်သည်။ ထို့ပြင် အမေရိကနိုင်ငံများအဖွဲ့၏ ဒုက္ခသည်များဆိုင်ရာ ကတ်တာဟီးနားကြေညာချက် (Cartagena Declaration on Refugees) သည် အာဖရိကသမဂ္ဂ၏ ဒုက္ခသည်ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်အပေါ် အခြေခံထားပြီး အကြမ်းဖက်မှုများ၏ အန္တရာယ်၊ ပြည်ပကျူးကျော်မှုများ၊ ပြည်တွင်းပဋိပက္ခများနှင့် လူ့အခွင့်အရေးကို အကြီးအကျယ် ချိုးဖောက်မှုများကိုပါ ဒုက္ခသည်ဟု သတ်မှတ်ပေးရန်အတွက်စဉ်းစားရသည့် အကြောင်းရင်းများအဖြစ် ထည့်သွင်းထားသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဒုက္ခသည်များ

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဒုက္ခသည် ဆိုသည့် အသုံးအနှုန်းသည် ဥပဒေဆိုင်ရာ အဓိပ္ပာယ် ဖွင့်ဆိုချက်အဖြစ် မရှိသေးသော်လည်း ထိုအသုံးအနှုန်းသည် သဘာဝပတ်ဝန်းကျင် အပြောင်းအလဲများကြောင့် ရွှေ့ပြောင်းနေထိုင်ရသောသူကို ရည်ညွှန်းသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဒုက္ခသည်များများပေါ်ထွက်ရခြင်းမှာ ဖြစ်လေ့ဖြစ်ထရှိသော ဖြစ်ရပ်မဟုတ်ခဲ့သော်လည်း ယခုအခါ ပို၍ ဖြစ်ပွားလာပါသည်။ ဥပမာ - ဘန်ကောက် (၂၀၁၁)၊ မနီလာ (၂၀၁၂) နှင့် ဂျကာတာ (၂၀၁၃) ခုနှစ်များတွင် ဖြစ်ပွားခဲ့သော ရေကြီးမှုများကြောင့် သန်းနှင့်ချီသောပြည်သူများ တိုတောင်းသော ကာလအတွင်း နေရပ်စွန့်ခွာ ရွှေ့ပြောင်းခဲ့ရသည်။ ရာသီဥတုပြောင်းလဲမှုနှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုများကြောင့် မဲခေါင်၊ ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် ဘန်ကောက်ကဲ့သို့ မြေနိမ့်ပိုင်းဒေသများတွင် နေထိုင်ကြသော သန်းနှင့်ချီသည့် ပြည်သူများသည် မဖြစ်မနေ ရွှေ့ပြောင်းရခြင်းများ ကြုံလာနိုင်သည်ကို ယခုအခါ အသိအမှတ်ပြုလာကြသည်။ သို့သော် မည်သည့်နေရာကို သူတို့ ပြောင်းရွှေ့သွားကြမည်နည်း။

မေးခွန်း။ ။ထိုသူများကို ဒုက္ခသည်များအဖြစ် သတ်မှတ်နိုင်ပြီး အိမ်နီးချင်းနိုင်ငံများတွင် ခိုလှုံခွင့် တောင်းခံနိုင်သည့် အခွင့်အရေးပေးနိုင်ပါသလား။ ဤကဲ့သို့မပေးနိုင်လျှင် ထိုသူများသည် မည်ကဲ့သို့ သော ကာကွယ်စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ ရရှိထိုက်ပါသနည်း။

မေးခွန်း။ ။သဘာဝပတ်ဝန်းကျင် ဘေးဒုက္ခများကြောင့် နေရပ်စွန့်ခွာရသူများသည် ဒုက္ခသည်များ ဖြစ်ကြပါသလား။ ထိုသူများသည် ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်တွင် အကျုံးဝင်ပါသလား။ သို့မဟုတ် ထိုသူများအတွက် အခြားသဘောတူစာချုပ်တစ်ခု လိုအပ်ပါသလား။

၆.၃.၂ ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်ပါ စံချိန်စံညွှန်းများ

ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်သည် ဒုက္ခသည်လက်ခံရာနိုင်ငံအတွင်း လူတစ်ဦး၏ လုံခြုံရေးနှင့်ပတ်သက်လာလျှင် အလွန်ခိုင်မာသော ကာကွယ်စောင့်ရှောက်မှုပေးသည်။ အသက်မွေး ဝမ်းကြောင်းနှင့် အခြေခံစီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများကို လူ့အခွင့်အရေးအဖြစ် မသတ်မှတ်မီကပင် ထိုသဘောတူစာချုပ်ကို ရေးဆွဲခဲ့သော်လည်း ဒုက္ခသည်ဆိုင်ရာ သဘောတူ စာချုပ်သည် ကာကွယ်စောင့်ရှောက်မှု များစွာပေးနိုင်ခဲ့သည်။ အဆိုပါ ကာကွယ်စောင့်ရှောက်မှုများထဲတွင် အခြေခံလိုအပ်ချက်များ (အစားအစာနှင့်နေအိမ်)၊ ဥပဒေအရ ကာကွယ်ပေးခြင်း (အချုပ်အနှောင်ထဲတွင် ရရှိရမည့် အခွင့်အရေးများ အပါအဝင်) နှင့် အလုပ်လုပ်ပိုင်ခွင့်ပင် ပါဝင်သည်။ သို့ရာတွင် ယင်းအခွင့်အရေးများသည် (တစ်စုံတစ်ဦးကို ရှင်သန်နိုင်ရန် အထောက်အပံ့ပေးထား သော) အခြေခံလိုအပ်ချက်များပေါ်တွင် ပို၍အလေးပေးထားပြီး လူတစ်ဦး၏ဂုဏ်သိက္ခာကို အာမခံ သည့် လူ့အခွင့်အရေးပေါ်တွင် အခြေခံထားခြင်းမဟုတ်ပါ။ အလုပ်လုပ်ခွင့်ပေးခြင်းကဲ့သို့ ဒုက္ခသည် များ၏ စီးပွားရေးအခွင့်အလမ်းများပေးပြီး ကာကွယ်စောင့်ရှောက်ရခြင်းကလည်း နိုင်ငံများကို စိုးရိမ်စရာ ဖြစ်စေသည်။ ဒုက္ခသည်တချို့၏တောင်းဆိုမှုများသည် စီးပွားရေးအကျိုးအတွက်

သက်သက်ဖြစ်နေမည်ကို စိုးရိမ်ကြသည်။ ဆိုလိုသည်မှာ ၎င်းတို့သည် စီးပွားရေး အကျိုးအမြတ်တစ်ခုတည်းအတွက် အခြားနိုင်ငံတစ်ခုတွင် အလုပ်လုပ်ရန် မိမိတို့နိုင်ငံများမှ ထွက်ပြေးလာကြခြင်းဖြစ်သည်။ ထိုအကြောင်းရင်းများကြောင့် ဒုက္ခသည်တစ်ဦးကို အလုပ်လုပ်ကိုင်ခွင့် အပြည့်အဝ ပေးခြင်းမှာ ရှားပါးသည်။

ဒုက္ခသည်များအရေးကို ကိုင်တွယ်ရာတွင် အခြေခံကျသော စည်းမျဉ်းတစ်ခုကို စာချုပ်၏ အပိုဒ်(၃၃)တွင် တွေ့နိုင်သည်။ လူတစ်ဦးကို ဒုက္ခသည်အဖြစ် လျှောက်ထားသော နိုင်ငံမှ နေရင်းအရပ်သို့ အတင်းအကျပ်ပြန်ပို့ခြင်း မပြုရဟူသည့် စည်းမျဉ်းဖြစ်သည်။ ဤစည်းမျဉ်းသည် ယခုအခါ ဓလေ့ထုံးတမ်း ဥပဒေအဖြစ် ယူဆနိုင်သည်။ နိုင်ငံများသည် အဆိုပါ စည်းမျဉ်းချမှတ်ထားသော ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားခြင်းမရှိသော်လည်း ထိုစည်းမျဉ်းကို နိုင်ငံတကာ ထုံးစံတစ်ခုအဖြစ် လိုက်နာရမည်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတစ်ခုသည် မိမိထံ ခိုလှုံခွင့်တောင်းခံသူ သို့မဟုတ် ဒုက္ခသည်များကို နေထိုင်ခွင့်နှင့် လွတ်လပ်ခွင့်ကို အာမခံသော တတိယနိုင်ငံသို့ ပို့နိုင်သည်။ ထို့အပြင် နိုင်ငံများသည် ခိုလှုံခွင့်တောင်းခံသူများ မိမိတိုင်းပြည်ထဲသို့ ဝင်ရောက်ခွင့်ကို မတားမြစ်နိုင်ပါ။ နိုင်ငံများသည် ခိုလှုံခွင့်ပေးရန် တာဝန်မရှိသော်လည်း ထိုသို့ခိုလှုံခွင့်ရှာဖွေမှုကို မတားမြစ်နိုင်ပါ။

မှတ်သားဖွယ်ရာ

အပိုဒ် ၃၃ (နှင်ထုတ်ခြင်း သို့မဟုတ် အတင်းအကျပ်ပြန်ပို့ခြင်းကို တားမြစ်ခြင်း)

၁။ စာချုပ်လက်မှတ်ရေးထိုးထားသော မည်သည့်နိုင်ငံမဆို ဒုက္ခသည်တစ်ဦးကို ၎င်း၏ လူမျိုး၊ ဘာသာရေး၊ နိုင်ငံသားဖြစ်မှု၊ လူမှုရေး သို့မဟုတ် နိုင်ငံရေး အုပ်စုတစ်ခု၏ အဖွဲ့ဝင်ဖြစ်မှုစသည့် အခြေခံများပေါ်တွင်အကြောင်းပြုပြီး ထိုသူ၏အသက်နှင့် လွတ်လပ်မှုကို ခြိမ်းခြောက်ခံရနိုင်သည့် နယ်မြေထဲသို့ မည်သည့်နည်းနှင့်မျှ နှင်ထုတ်ခြင်း သို့မဟုတ် အတင်းအကျပ်ပြန်လည်ပို့ဆောင်ခြင်း မပြုရပါ။



၂။ သို့သော် ဒုက္ခသည်တစ်ဦးသည် ရောက်ရှိနေထိုင်ရာနိုင်ငံ၏ လုံခြုံရေးအတွက် အန္တရာယ်ရှိသည်သို့မဟုတ် ထိုနိုင်ငံ၏ပြည်သူများအတွက် အန္တရာယ်ဖြစ်စေနိုင်သည်ဟု ယူဆနိုင်အောင် ခိုင်လုံသော အကြောင်းပြချက်ရှိလျှင် သို့မဟုတ် ထိုသူနေထိုင်ရာ တိုင်းပြည်အတွင်းမှ ရပ်ရွာကို အန္တရာယ်ကျရောက်စေနိုင်သည့် ဆိုးရွားသော ရာဇဝတ်မှုတစ်ခု ကျူးလွန်ခဲ့သည်ဟု တရားရုံးက ပြစ်ဒဏ်စီရင်ခဲ့ဖူးသူအဖြစ် ယူဆနိုင်လျှင် ဤစည်းမျဉ်းအရ ရရှိမည့် အကျိုးကျေးဇူးကို ထိုဒုက္ခသည်က တောင်းဆိုနိုင်ရန် မသေချာပါ။

အတင်းအကျပ် ပြန်လည်ပို့ဆောင်ခြင်းမပြုရခြင်းစည်းမျဉ်းမှာ ဒုက္ခသည်တစ်ဦးကို သူခိုလှုံရာတိုင်းပြည်၌ ဒုက္ခသည်များကို အကာအကွယ်ပေးခြင်းဆိုင်ရာ တရားဥပဒေသတ်မှတ်ချက်များက မည်သို့ပင်ရှိစေကာမူ အနိုင်ကျင့်ခံရမည် အခြေအနေနှင့်ရင်ဆိုင်ရမည့် မူရင်းနိုင်ငံသို့ အတင်းအကျပ်ပြန်ပို့ခြင်း မဖြစ်ပေါ်စေအောင် တားဆီးပေးရန် ဖြစ်သည်။ နိုင်ငံတစ်ခုသည် ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ် သို့မဟုတ် အခြားသော လူ့အခွင့်အရေးစာချုပ်တစ်ခုခုကို လက်မှတ်ထိုးထားခြင်း

မရှိလျှင်ပင် ဒုက္ခသည်တစ်ဦးအား မူရင်းနိုင်ငံသို့ ပြန်ပို့ခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ အဆိုပါ အချက်ကြောင့် အတင်းအကျပ်ပြန်ပို့ခြင်းမှာ မဖြစ်နိုင်ဟု ဆိုလိုခြင်းမဟုတ်ပါ။ အရှေ့တောင်အာရှ ဒေသတွင် လာအိုနိုင်ငံသို့ မုံးလူမျိုးများကို ပြန်လည်ပို့ဆောင်သည့်ဖြစ်ရပ် ရှိခဲ့ဖူးသည်။ ဝစ်အင်္ဂါးစ် Ugiyars လူမျိုးများကို တရုတ်နိုင်ငံသို့လည်းကောင်း၊ မြောက်ကိုရီးယားနိုင်ငံသားများကို မြောက်ကိုရီးယားသို့လည်းကောင်း အတင်းအဓမ္မ အနိုင်ကျင့်ခံရမည့် အခြေအနေများ ရှိနေသော်လည်း ပြန်လည်ပို့ဆောင်ခဲ့သည့် ဖြစ်ရပ်များရှိသည်။

၆.၄ အရှေ့တောင်အာရှဒေသရှိ ဒုက္ခသည်လူဦးရေနှင့် ၎င်းတို့ကိုကာကွယ်ပေးခြင်း

အရှေ့တောင်အာရှတွင် ဒုက္ခသည် အုပ်စု (၂)စုရှိသည်။ ပထမအုပ်စုရှိ ဒုက္ခသည်များသည် သီရိလင်္ကာ၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်နှင့် ဆိုမားလီးယား စသည့် အရှေ့တောင်အာရှ၏ ပြင်ပမှ လာကြသောသူများဖြစ်ပြီး အရှေ့တောင်အာရှတွင် အခြားသောနေရာများသို့ မရွှေ့ပြောင်းမီ ခဏတာ ခိုလှုံနေကြသူများဖြစ်သည်။ ထိုလူဦးရေပမာဏကို ခန့်မှန်းရန်အလွန်ပင် ခက်ခဲပါသည်။ အဘယ်ကြောင့်ဆိုသော် အများစုမှာ မှတ်ပုံမတင်ထားကြသူများဖြစ်ပြီး ဘန်ကောက်၊ ဂျကာတာနှင့် ကွာလာလမ်ပူ စသည့် မြို့ကြီးများတွင် ပုန်းအောင်းနေကြသည့် မြို့ပေါ်နေ ဒုက္ခသည်များဖြစ်သည်။ သိသိသာသာ ကြီးမားသော ဒေသ၏အပြင်ဘက်မှလာသော ဒုက္ခသည်လူဦးရေကို လက်ခံထားရသည့် ဒေသတွင်းနိုင်ငံများထဲတွင် ထိုင်းနိုင်ငံပါဝင်သည်။ ဘန်ကောက်မြို့တွင် ခန့်မှန်းခြေ မြို့နေဒုက္ခသည် (၁၀၀၀၀) ကျော်ခန့်ရှိပြီး အဓိကအားဖြင့် အာဖဂန်နစ္စတန်၊ သီရိလင်္ကာ၊ ပါကစ္စတန်နှင့် စစ်ပွဲများဖြစ်နေသော ဆိုမာလီးယားနှင့် ဆူဒန် စသည့် အာဖရိကနိုင်ငံများမှ ဖြစ်သည်။ အာဖဂန်နစ္စတန်၊ သီရိလင်္ကာနှင့် ပါကစ္စတန်နိုင်ငံတို့မှလာသော ဒုက္ခသည်များသည် အင်ဒိုနီးရှားတွင် အများဆုံးရှိပြီး ၎င်းတို့သည် ဩစတြေးလျသို့ဝင်ရောက်နိုင်ရန် ကြိုးစားကြသည်။ ထို့အပြင် အနောက်ဥရောပတွင်လည်း ရွှေ့ပြောင်းခြေချရန် နည်းလမ်းများကိုရှာဖွေနေကြသူများလည်းဖြစ်သည်။ အဆိုပါနိုင်ငံများမှ ဒုက္ခသည်များကို မလေးရှားနိုင်ငံမှလည်း အနည်းငယ်လက်ခံထားသည်။

ဒုတိယအများဆုံး ဒုက္ခသည်လူဦးရေမှာ အရှေ့တောင်အာရှဒေသမှ လာသောသူများဖြစ်သည်။ အရှေ့တောင်အာရှဒေသသည် ဒုက္ခသည်များ ဝင်ရောက်သည့် ရှည်လျားသော သမိုင်းကြောင်းရှိခဲ့သည်။ ၁၉၆၀ ခုနှစ်နှင့် ၁၉၇၀ ခုနှစ်များတွင် ဖြစ်ပွားခဲ့သော ဗီယက်နမ်ရှိ အမေရိကန်စစ်နှင့် အခြားသော ကွန်မြူနစ်အဓိကရုဏ်းများကြောင့် ဗီယက်နမ်နှင့် ကမ္ဘောဒီးယားမှ ဒုက္ခသည်အမြောက်အများသည် ထိုင်း၊ ဟောင်ကောင်နှင့် အခြားသော အရှေ့တောင်အာရှနိုင်ငံများသို့ ရွှေ့ပြောင်းခိုလှုံခဲ့ကြသည်။ လက်ရှိတွင် မြန်မာနိုင်ငံမှ မလေးရှားနှင့် ထိုင်းနိုင်ငံသို့ များစွာသော ဒုက္ခသည်များသည် ဝင်ရောက်လျက်ရှိပြီး (လာအိုနိုင်ငံမှ) မုံးလူမျိုးများ (ဗီယက်နမ်နိုင်ငံမှ) တောင်ပေါ်သား မွန်ထည့ောလူမျိုးများနှင့် (အင်ဒိုနီးရှားနိုင်ငံမှ) ပါပူဝါ လူမျိုးများ စသည့် ဒုက္ခသည်အနည်းစုလည်း မလေးရှားနှင့် ထိုင်းနိုင်ငံများသို့ ဝင်ရောက်ကြသည်။

ဒုက္ခသည်များကို ဒုက္ခသည်စခန်းနေထိုင်သူများနှင့် မြို့ပေါ်နေဒုက္ခသည်များဟူ၍ (၂)မျိုးတွေ့ရသည်။ စခန်းနေဒုက္ခသည်များသည် မူလနေရင်းနိုင်ငံများတွင် အခြေအနေများပြောင်းလဲပြီး ပြန်လည်ဝင်ရောက်နိုင်သည်အထိ ထိုစခန်းများတွင် နေထိုင်ကြရသည်။ ဥပမာ - မြန်မာဒုက္ခသည်

များသည် ထိုင်း-မြန်မာ နယ်စပ်တလျှောက်ရှိ စခန်းများတွင် နေထိုင်ကြပြီး ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယ နိုင်ငံရှိ စခန်းများတွင်လည်း နေထိုင်ကြသည်။ ထိုစခန်းများသည် အရှေ့တောင်အာရှတွင်ရှိသော တစ်ခုတည်းသော ဒုက္ခသည်စခန်း ဖြစ်သည်။ ထိုင်းအစိုးရသည် ဒုက္ခသည်သဘောတူစာချုပ်ကို အတည်ပြုလက်မှတ်ထိုးထားခြင်းမရှိသဖြင့် ဒုက္ခသည်အခွင့်အရေးများကိုလည်း အသိအမှတ်မပြုပါ။ ထို့ပြင် ၎င်းစခန်းများကို ဒုက္ခသည်စခန်းများဟုမခေါ်စေဘဲ ယာယီခိုလှုံသည့်နေရာ ဆိုသည့် အသုံးအနှုန်းကိုသာ အသုံးပြုသည်။ ဆိုလိုသည်မှာ ထိုစခန်းများကို မကြာမီကာလတွင် ပိတ်သွားနိုင်ပြီး ဒုက္ခသည်များသည် ၎င်းတို့နိုင်ငံသို့ ပြန်သွားကောင်း ပြန်သွားနိုင်သည်။ စခန်းများ၏သက်တမ်းကို ကြည့်ခြင်းအားဖြင့် (ထိုင်းနိုင်ငံရှိ အချို့စခန်းများသည် သက်တမ်း ၃၀ နှစ်ခန့်ရှိနေပြီဖြစ်သည်) ယင်းစခန်းတို့သည် ရေတိုကာလအတွက် ယာယီဖြေရှင်းနည်းများမဟုတ်ဟု သက်သေပြခဲ့သည်။ ထိုစခန်းများတွင် နေထိုင်သူအချို့သည်ပင်လျှင် မျိုးဆက်(၃)ဆက်ခန့် နေထိုင်ခဲ့ပြီးဖြစ်သည်။ ၎င်းစခန်းများထဲတွင်ပင် သားသမီးများကို မွေးဖွားကြီးပြင်းခဲ့ကြပြီး၊ အိမ်ထောင်ရက်သားကျခဲ့ကြပြီး၊ မျိုးဆက်နောက်တစ်ဆက်ပင်လျှင် ထူထောင်ပြီးခဲ့ပြီ။

ထိုစခန်းများထဲတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသော အဖွဲ့အစည်းများက ဒုက္ခသည်အများစု လိုအပ်ချက်နေသည်များကို အထောက်အပံ့ပေးကြသည်။ သို့သော်လည်း လွတ်လပ်စွာသွားလာခွင့်နှင့် အလုပ်လုပ်ပိုင်ခွင့်စသည့်အခွင့်အရေးများကို ကန့်သတ်ခြင်းခံထားရသဖြင့် ၎င်းတို့၏နေ့စဉ်ဘဝတွင် စီးပွားရေးအရ အသက်မွေးဝမ်းကျောင်းရန် အခက်အခဲများစွာ ကြုံတွေ့ရသည်။ ဒုက္ခသည်များသည် ၎င်းတို့၏ အခြေခံလိုအပ်ချက်များအတွက် အလှူရှင်အဖွဲ့အစည်းများမှ လှူဒါန်းမှုများကိုသာ မှီခိုအားထားနေရသည်။ စခန်းနေဒုက္ခသည်များသည် အလုပ်ရှာရန်အတွက် စခန်းများမှအပြင်သို့ အထောက်အထားမရှိဘဲ ထွက်လျှင် ဖမ်းဆီးခံရပြီး နေရပ်အရင်းသို့ ပြန်ပို့ခံရနိုင်သည့်အန္တရာယ် ရှိပါသည်။ အခြားတစ်ဖက်တွင် ၎င်းတို့သည် အလုပ်ရှာတွေ့လျှင်တောင်မှ တရားမဝင် လုပ်ငန်းများတွင်သာ အလုပ်ရနိုင်သဖြင့် အမြတ်ထုတ်ခြင်းခံရနိုင်ခြင်းသို့မဟုတ် လူကုန်ကူးခံရနိုင်ခြင်းတို့နှင့် ကြုံတွေ့နိုင်ပါသည်။ ကလေးများသည် မူလတန်းကျောင်းပြီးသောအခါ (စခန်းအတွင်း မူလတန်းပညာရေး ရရှိနိုင်သည်) အထက်တန်းကျောင်း သို့မဟုတ် တက္ကသိုလ်တစ်ခုခုတွင် ပညာဆက်လက်သင်ယူနိုင်ခွင့်မရှိပါ။ သို့သော် ဒုက္ခသည်များသည် ထိုပြဿနာများကို အဖြေရှာရန် တက်ကြွစွာ လှုပ်ရှားကြသည်။ ယခုအခါ စခန်းအများစုတွင် ကော်မတီများနှင့် လူငယ်အုပ်စုများရှိလာကြပြီး ပညာရေး၊ အလုပ်အကိုင်နှင့်ပတ်သက်သည့် ကိစ္စများတွင် တက်ကြွစွာပါဝင်ကြသည်။ ထို့အပြင် ဒုက္ခသည်များ၏ နေ့စဉ်ဘဝ ဂုဏ်သိက္ခာရှိရှိ တိုးတက်ကောင်းမွန်လာစေရေးအတွက် အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ကျောင်းပြင်ပ ပညာရေး အစီအစဉ်များ အများအပြားရှိလာသည်။ ထိုင်းအစိုးရသည် ထိုစခန်းများကို ကန့်သတ်ထိန်းချုပ်ထားသည်။ အဘယ်ကြောင့်ဆိုသော် ထိုစခန်းများ၏ အခြေအနေကောင်းလာသည်နှင့်အမျှ နောက်ထပ်ဒုက္ခသည် အမြောက်အများ ထပ်မံဝင်ရောက်လာစေရန် ဆွဲဆောင်နိုင်သည်ဟု ယူဆထားကြသည်။ ထို့အပြင် စခန်းရှိ ဒုက္ခသည်များသည် အခြားနိုင်ငံတွင် အခြေချခြင်း သို့မဟုတ် မြန်မာနိုင်ငံတွင် ပြန်လည်အခြေချခြင်းမရှိဘဲ ထိုင်းနိုင်ငံအတွင်းမှာပင် ဆက်လက်နေထိုင်ကြမည်ကို ထိုင်းအစိုးရက စိုးရိမ်သည်။

ဒုတိယဒုက္ခသည်အုပ်စုတွင် မြို့နေဒုက္ခသည်များ ပါဝင်သည်။ ထိုသူများသည် ဒေသအပြင်မှ ရောက်လာပြီး မြို့လယ်ခေါင်နေရာများတွင်နေထိုင်သောသူများဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများသည် ဒုက္ခသည်သဘောတူစာချုပ်ကို အသိအမှတ်ပြု လက်မှတ်ထိုးထားခြင်း မရှိသောကြောင့် ထိုမြို့နေ ဒုက္ခသည်များသည် UNHCR မှ ၎င်းတို့ကို တတိယနိုင်ငံများတွင် အခြေချခွင့်ပြုမည်ဟူသော မျှော်လင့်ချက်ဖြင့် စောင့်ဆိုင်းနေကြသူများဖြစ်ပြီး ၎င်းစောင့်ဆိုင်းရသည့် လုပ်ငန်းအဆင့်ဆင့်သည် အချိန်အတော်ကြာလှသည်။ ထိုသို့ ဒုက္ခသည်အဖြစ် အသိအမှတ်ပြုရန် စောင့်နေကြချိန် လမ်းတစ်ဝက်တွင် ထိုနိုင်ငံမှ အချိန်မရွေး မောင်းထုတ်ခံရနိုင်သည်။ မြို့နေဒုက္ခသည်များသည် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အတော်များများနှင့်လည်း ကြုံတွေ့ရသည်။ မကြာခဏ ဆိုသလိုပင် ထိုဒုက္ခသည်များသည် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို မြင်သာထင်သာပင် ကြုံတွေ့နိုင်သည်။ (ဥပမာ - အထောက်အထားမရှိသောကြောင့် ဒေသခံအာဏာပိုင်များမှ ဖမ်းဆီးချုပ်နှောင်ခြင်းခံရသည်။) UNHCR မှ "Person of Concern" ကတ်ကို ပိုင်ဆိုင်ထားသော်လည်း ထိုကတ်ပြားကြောင့် ချုပ်နှောင်ထားခြင်းမှ လွတ်ကင်းနိုင်ရန် အာမခံထားခြင်းမရှိပါ။ ထို့အပြင် ၎င်းမိသားစုများသည် ကျန်းမာရေးနှင့် ပညာရေးစောင့်ရှောက်မှုတို့ကိုလည်း မရရှိနိုင်ပါ။ အလုပ်ရရှိခဲ့လျှင်လည်း တရားမဝင်သော အလုပ်များကိုသာရရှိပြီး လစာနည်းပါးပြီး အန္တရာယ်များသည့် အလုပ်များသာ ဖြစ်သည်။

မှတ်သားဖွယ်ရာ

ထိုင်းနယ်စပ်အစည်းအရုံး The Thailand Border Consortium (TBC)

TBC သည် လူသားချင်းစာနာထောက်ထားသောအကူအညီပေးသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်များ၏အခွင့်အရေးများကို ကာကွယ်ပေးခြင်းနှင့် တိုးတက်ကောင်းမွန်စေရန် လုပ်ငန်းများကို ဆောင်ရွက်ပေးသည်။ ထိုင်း-မြန်မာနယ်စပ်မှာ တရားဝင်မှတ်ပုံတင်ထားသော မြန်မာနိုင်ငံမှ ဒုက္ခသည်ပေါင်း (၉၂၀၀၀)ကျော်ကို နေရာပေးထားသည်။ ထို့အတူ ခိုလှုံခွင့် လျှောက်ထားသူများနှင့် အထောက်အထားမရှိသော နေရပ်စွန့်ခွာရွှေ့ပြောင်းလာသူ ထောင်ပေါင်းများစွာသည်လည်း TBC မှဝန်ဆောင်မှုများ ရရှိကြသည်။

၁၉၈၄ ခုနစ်မှစ၍ ထိုင်းနိုင်ငံသို့ ထွက်ပြေးရောက်ရှိလာသော မြန်မာဒုက္ခသည်များအရေးကို ဆောင်ရွက်ရန် ဖွဲ့စည်းခဲ့သော TBC သည် နိုင်ငံပေါင်း ၁၀ နိုင်ငံကျော်မှ နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၁၂ ဖွဲ့ ပါဝင်သော စုပေါင်းအဖွဲ့တစ်ခု ဖြစ်သည်။ TBC ၏ အဓိကလုပ်ငန်းများမှာ ဒုက္ခသည်စခန်းများအတွင်း သင့်တင့်သောနေထိုင်မှုအဆင့်အတန်းတစ်ခုအတွက် ပံ့ပိုးဆောင်ရွက်မှုများဖြစ်ပြီး ဝန်ဆောင်မှုများနှင့် အစားအသောက်များကို ထောက်ပံ့ပေးခြင်း ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှုများအတွက် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ရပ်ရွာဖွံ့ဖြိုးမှုများအတွက် အထောက်အပံ့ပေးခြင်း၊ ဒုက္ခသည်များကို နေရာပြန်လည်ချထားရေးအတွက် ဒုက္ခသည်အေဂျင်စီများနှင့် အတူတကွ လုပ်ဆောင်ခြင်းတို့အပြင် သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်သည်။ TBC နှင့် နိုင်ငံတကာအဆက်အသွယ်များရှိနေခြင်းက ဒုက္ခသည်စခန်း အတွင်းနှင့်အပြင်ကို ဆက်သွယ်ပေးသော လမ်းကြောင်းတစ်ခု ဖြစ်နေစေသည်။

၆.၄.၁ ဒုက္ခသည်ဆိုင်ရာ အဖွဲ့အစည်းများ - UNHCR

ဒုက္ခသည်များကို ကာကွယ်ပေးရန်၊ ကူညီထောက်ပံ့ပေးရန်နှင့် ဒုက္ခများကိုဖြေရှင်းပေးရန် အစရှိသည့် လုပ်ငန်းနယ်ပယ်များသတ်မှတ်ကာ UNHCR ကို တည်ထောင်ခဲ့သည်။ ၁၉၅၀ ခုနစ်တွင် ထို လုပ်ငန်းဧရိယာများကို သတ်မှတ်ခဲ့ခြင်းဖြစ်ရာ နောက်ပိုင်းတွင် လုပ်ငန်းနယ်ပယ်များ ပိုမို ကျယ်ပြန့်လာခဲ့သည်။ ဥပမာ - နိုင်ငံမဲ့သူများအရေးကို ထည့်သွင်းရန်နှင့် လူသားချင်းစာနာ ထောက်ထားသည့် အကူအညီများ ထောက်ပံ့ပေးရန်တို့ ထည့်သွင်းခဲ့သည်။ UNHCR သည် လုပ်ငန်းများစွာကို နိုင်ငံတော်အစိုးရများနှင့် လက်တွဲဆောင်ရွက်ခြင်းနှင့် မူဝါဒအပြောင်းအလဲများ ဖြစ်လာအောင် စည်းရုံးလှုပ်ရှားခြင်းများအပါအဝင် သင်တန်းများပေးခြင်းနှင့် လူစွမ်းအားမြှင့်တင်ခြင်း၊ အစားအသောက်နှင့် ခိုလှုံရာနေရာများကို အထောက်အပံ့ပေးခြင်းတို့အားဖြင့် ဆောင်ရွက်သည်။ ယခုလက်ရှိ အပ်နှင်းခံထားရသော လုပ်ပိုင်ခွင့်များအရ UNHCR ၏ ပုံမှန်လုပ်ငန်းအချို့ကို အောက်ပါအတိုင်း တွေ့နိုင်ပါသည်။

- ဒုက္ခသည်များ၏အခြေအနေများအတွက် ရေရှည်အကျိုးဖြစ်ထွန်းမည့်ရလဒ်များကို ရှာဖွေပေးခြင်း - လူတစ်ဦးအတွက် ဒုက္ခသည်အခြေအနေမှ အခြားသော ကာကွယ်မှုကိုရရှိနိုင်သော ပုံစံအချို့သို့ ပြောင်းလဲလာရန် နည်းလမ်းရှာပေးသည်။ UNHCR ၏အဆိုအရ ယင်းလုပ်ငန်းကို နည်းလမ်း (၃)မျိုးဖြင့် လုပ်ဆောင်သည်။
    - ဒေသခံလူအဖွဲ့အစည်းနှင့်ပေါင်းစည်းနေထိုင်ခြင်း။ ။ဒုက္ခသည်တစ်ဦးသည် ၎င်း ဒုက္ခသည်အဖြစ် ခံယူသည့်နိုင်ငံတွင် နိုင်ငံသားတစ်ဦးအဖြစ် ပေါင်းစည်းနေထိုင်ခြင်း ဖြစ်သည်။ ဥပမာ - ပါကစ္စတန်နိုင်ငံမှ Armadiyya မိသားစုသည် ဩစတြေးလျနိုင်ငံတွင် ဒုက္ခသည်အဖြစ် ခိုလှုံခဲ့ပြီး အစိုးရကလည်း အသိအမှတ်ပြုခဲ့သည်။ ထို့နောက် ၎င်းတို့သည် ဩစတြေးလျနိုင်ငံသားများဖြစ်လာပြီး ဒုက္ခသည်ဘဝ အဆုံးသတ်ခဲ့သည်။ လက်တွေ့တွင် ဤနည်းလမ်းသည် ဖြစ်လေ့ဖြစ်ထအနည်းဆုံးဖြစ်သော ရေရှည်ခံသောအဖြေဖြစ်သည်။ ဒေသခံလူအဖွဲ့အစည်းနှင့် အတူတကွ ပေါင်းစည်းနေထိုင်နိုင်သည့် ရေရှည်ခံသောအဖြေသည် အသုံးပြုမှုအနည်းဆုံးဖြစ်ပြီး၊ အရှေ့တောင်အာရှဒေသအတွင်းရှိ မည်သည့်နိုင်ငံကမျှ ထိုနည်းလမ်းကို ထောက်ခံမှုမရှိပါ။
    - ပြောင်းရွှေ့အခြေချခြင်း။ ။ဒုက္ခသည်တစ်ဦးကို တတိယနိုင်ငံတွင် ပြောင်းရွှေ့အခြေချစေခြင်း ဖြစ်သည်။ ဥပမာ - ထိုင်းနိုင်ငံရှိ မြန်မာဒုက္ခသည်များသည် အမေရိကန်၊ ဆွီဒင် သို့မဟုတ် နော်ဝေနိုင်ငံတို့တွင် ပြောင်းရွှေ့အခြေချနေထိုင်ခဲ့ပြီး အဆိုပါနိုင်ငံများတွင် နိုင်ငံသားများ ဖြစ်သွားကြသည်။
    - ပြန်လည်လွှဲပြောင်းပို့ဆောင်ခြင်း။ ။ဒုက္ခသည်တစ်ဦးကို သူ၏မွေးရပ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်း ဖြစ်သည်။ ဥပမာ - ၁၉၉၀ ခုနှစ်အစောပိုင်းကာလများတွင် ကမ္ဘောဒီးယား ပြည်တွင်းပဋိပက္ခများ အဆုံးသတ်သွားချိန်တွင် ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းများတွင်နေထိုင်သော ဒုက္ခသည်များကို ကမ္ဘောဒီးယားသို့ ပြန်လည်ပို့ဆောင်နိုင်ခဲ့သည်။ မြန်မာပြည်သည်လည်း နိုင်ငံရေးတည်ငြိမ်လာပြီဟုယူဆလျှင် ထိုင်းနိုင်ငံရှိ စခန်းများတွင် နေထိုင်နေသော မြန်မာဒုက္ခသည်များကို လာမည့်

ဆယ်စုနှစ်တစ်ခုအတွင်း ပြန်လည်လွှဲပြောင်းပို့ဆောင်ပေးမည့် အခြေအနေမှာ များစွာ ဖြစ်နိုင်ခြေရှိသည်။

- အရေးပေါ်ကာလ တုံ့ပြန်မှုနှင့် လူသားချင်းစာနာထောက်ထားသော အကူအညီ - UNHCR သည် စစ်ပွဲ သို့မဟုတ် သဘာဝဘေးအန္တရာယ်ကြောင့် ရွှေ့ပြောင်းခံရသောသူများကို ကူညီရာတွင် လူသိများလှသည်။ အရှေ့တောင်အာရှတွင် ဖြစ်ပွားသော သဘာဝဘေးအန္တရာယ်များအတွင်း (ဥပမာ - ၂၀၀၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဆူနာမီလှိုင်း) UNHCR က ဘေးဒုက္ခရောက်သူ အများအပြားအတွက် အစားအသောက်နှင့် ခိုလှုံရာနေရာများ အထောက်အပံ့ပေးခဲ့သည်။

- ဒုက္ခသည်များကို ကာကွယ်ပေးခြင်း - UNHCR သည် ဒုက္ခသည်များ မည်သည့်အရပ်တွင် ရောက်ရှိနေစေကာမူ အကာအကွယ်ပေးပါသည်။ ဒုက္ခသည် သဘောတူစာချုပ်ကို လက်မှတ်မထိုးထားသောနိုင်ငံများတွင်လည်း လုပ်ငန်းများဆောင်ရွက်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအဖွဲ့အနေဖြင့် တစ်စုံတစ်ယောက်ကို ဒုက္ခသည်အဖြစ် အသိအမှတ်ပြုနိုင်သည့် လုပ်ပိုင်ခွင့် ရရှိထားသောကြောင့်ဖြစ်သည်။ အဆိုပါဒုက္ခသည်များကို လုပ်ပိုင်ခွင့်အာဏာအရ အသိအမှတ်ပြုထားသည့် ဒုက္ခသည်များဟုခေါ်ပြီး ၎င်းတို့မှာ ဒုက္ခသည်သဘောတူစာချုပ်အရ အသိအမှတ်ပြုသော ဒုက္ခသည် မဟုတ်ပါ။ သို့သော် UNHCR က အသိအမှတ်ပြုမှုကြောင့် အစိုးရများကလည်း အသိအမှတ်ပြုရမည်ဟု မယူဆနိုင်ပါ။ သို့သော် အဆိုပါ ဒုက္ခသည်များမှာ စိုးရိမ်ရသူများအဖြစ် ယူဆသည်ဟု အဓိပ္ပာယ်ရသဖြင့် UNCHR ၏ အထောက်အပံ့ကို လက်ခံရရှိပြီး ရေရှည်တွင် အဆင်ပြေနိုင်သော အဖြေတစ်ခုကို ရှာဖွေတွေ့ရှိနိုင်ဖွယ်ရှိသည်။

UNHCR ၏ အခွင့်အာဏာနှင့် လုပ်ဆောင်ချက်များကို လက်ရှိ လုပ်ငန်းဆောင်ရွက်နေသော နိုင်ငံ၏အစိုးရတစ်ရပ်က ကန့်သတ်ပစ်နိုင်သည်။ UNHCR ၏ အနေအထားကို ကြီးကြပ်သူ သို့မဟုတ် ဝန်ဆောင်မှုပေးသူအဖြစ်သို့ လျှော့ချကန့်သတ်နိုင်သည်။ ထို့အပြင် UNHCR သည် လူတစ်ဦးချင်းစီ၏ တိုင်ကြားချက်များကို လက်ခံခြင်းမရှိသလို UNHCR ထံ ဒုက္ခသည်များကို ကာကွယ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို အစိုးရများက အစီရင်ခံကြရသော လုပ်ထုံးလုပ်နည်းလည်း မရှိပါ။ သို့သော် နှစ်ပေါင်းများစွာအတွင်းတွင် UNHCR အနေဖြင့် ဒုက္ခသည်ကဲ့သို့ အခြေအနေတွင်ရောက်ရှိနေသောသူများ၊ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းသူများ၊ နိုင်ငံမဲ့သူများ၊ နေရပ်ပြန်ကြရသူများနှင့် အခြားသော စိုးရိမ်ရသည့်သူများကို ကာကွယ်ပေးနိုင်ရန် အဖွဲ့၏ လုပ်ငန်းနယ်ပယ်ကို တိုးချဲ့ခဲ့သည်။

၆.၄.၂ ဒုက္ခသည်ဆိုင်ရာ အဖွဲ့အစည်းများ - အရပ်ဘက်လူ့အဖွဲ့အစည်းများ

ဒေသတွင်းရှိ အစိုးရများသည် ဒုက္ခသည်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တာဝန်ဝတ္တရားများ ပျက်ကွက်ကြသည်။ နိုင်ငံအများစုသည် ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်ကို သဘောတူ လက်မှတ်ရေးထိုးထားခြင်းမရှိသဖြင့် ဒုက္ခသည်များ၏ အခွင့်အရေးများကို အသိအမှတ်ပြုရန် တွန့်ဆုတ်နေပြီး အထောက်အပံ့များ အလွန်အကျဲပေးမိလျှင် နောက်ထပ် ဒုက္ခသည်များကို ဆွဲဆောင်သလိုဖြစ်မည်ကို သတိထားခြင်း သို့မဟုတ်

ထိုသို့ ထောက်ပံ့ခြင်းသည် နိုင်ငံသားများ၏ငွေကြေးများကို ဖြုန်းတီးခြင်းများဖြစ်လာမည်ဟု ယုံကြည်ကြသောကြောင့်လည်း ဖြစ်သည်။ ရလဒ်အနေဖြင့် ဒုက္ခသည်များအား ထောက်ပံ့ပေးရသော ဝန်ဆောင်မှုလုပ်ငန်းများမှာ ဒေသတွင်း အရပ်ဘက်အဖွဲ့အစည်းများထံသို့ ရောက်သွားလေ့ရှိသည်။ ဤဒေသအတွင်း၌ ဒုက္ခသည်များကို ဝန်ဆောင်မှုပေးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ၎င်းတို့၏ အခွင့်အရေးကို ကာကွယ်သည့် နယ်ပယ်များတွင် လုပ်ဆောင်စရာ အများအပြား ရှိနေပါသေးသည်။ အရပ်ဖက်အဖွဲ့အစည်းများ ဆောင်ရွက်ခဲ့သော ထင်ရှားသည့်လုပ်ငန်းအချို့မှာ -

- ***အသက်မွေးဝမ်းကျောင်းအလုပ်များပံ့ပိုးခြင်း*** - ဒုက္ခသည်များကို အများအားဖြင့် အလုပ်လုပ်ခွင့် မပြုပါ။ ၎င်းတို့သည် အစားအစာ၊ နေအိမ်နှင့် စီးပွားရေးအရ လုံခြုံမှု လိုအပ်ပါသည်။ အချို့ NGO များသည် ရိက္ခာထုပ်များပေးခြင်း သို့မဟုတ် ဒုက္ခသည်များ ခိုလှုံရာနေရာများပေးခြင်း စသည့် ဝန်ဆောင်မှုပေးသည့်နယ်ပယ်များတွင် လုပ်ကိုင်ကြသည်။ ထိုင်းနိုင်ငံအတွင်းရှိ အချို့ဒုက္ခသည်စခန်းများတွင် TBC သည် နေစဉ် လူဦးရေ (၁)သိန်းကျော်ကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပံ့ပိုးပေးလျက်ရှိသည်။

- ***ဥပဒေအရ အထောက်အပံ့ပေးခြင်း*** - ဒုက္ခသည်အဖြစ် လက်ခံရန် တောင်းဆိုခြင်းသည် ဥပဒေရေးရာ လုပ်ငန်းစဉ်ဖြစ်သည်။ ထိုသို့တောင်းဆိုမှုသည် သဘောတူစာချုပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ကိုက်ညီမှုရှိကြောင်း ပြသနိုင်ရန် သတင်းအချက်အလက်စုဆောင်းပြီး တင်ပြနိုင်ရန်အတွက် ဒုက္ခသည်များမှာ အကူအညီလိုအပ်သည်။ အရှေ့တောင်အာရှနိုင်ငံ အများစုသည် ဒုက္ခသည်သဘောတူစာချုပ်ကို လက်မှတ်မထိုးထားသည့်တိုင်အောင် ဒုက္ခသည်များကို (ဩစတြေးလျ သို့မဟုတ် ကနေဒါကဲ့သို့) တတိယနိုင်ငံတစ်ခု သို့မဟုတ် UNHCR က အသိအမှတ်ပြုနိုင်ရန် ၎င်းတို့၏ လျှောက်ထားချက်အတွက် လိုအပ်သော အထောက်အထားများ ပြသရန် အချက်အလက်များ စုဆောင်းကြရပါသေးသည်။ ထို့အပြင် ဒုက္ခသည်များကို ၎င်းတို့ခိုလှုံရန် ရောက်လာသည့်နိုင်ငံက ပြန်လည်ပို့ဆောင်ခြင်းမပြုစေရန်နှင့် ၎င်းတို့တွင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာမရှိသဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်း မခံရစေရန်လည်း ဥပဒေရေးရာအရ အကူအညီများ လိုအပ်ပါသေးသည်။

- ***စည်းရုံးလှုံ့ဆော်မှု*** - အချို့ NGO များသည် ဒုက္ခသည်များကို လေးစားရန်နှင့် ၎င်းတို့၏ အခွင့်အရေးကို အသိအမှတ်ပြုရန်အတွက် စည်းရုံးလှုံ့ဆော်မှုများ လုပ်ဆောင်ကြသည်။ ထိုလုပ်ငန်းများတွင် ဒုက္ခသည်များ၏အခွင့်အရေးကို လေးစားရန်နှင့် ၎င်းတို့ကို အတင်းအကျပ် ပြန်မပို့ရန် အစိုးရများကို ဖိအားပေးခြင်းလည်း ပါဝင်သည်။ ဒုက္ခသည်များ၏အခွင့်အရေးကို ထောက်ခံရန်နှင့် ၎င်းတို့အပေါ် ခွဲခြားဆက်ဆံမှုမပြုလုပ်ရန် ဒေသခံရပ်ရွာများကို စည်းရုံးပြောဆိုသည့် နည်းလမ်းကိုသုံးကြရသည်။

- ***ကျန်းမာရေး*** - မလုံခြုံသောပတ်ဝန်းကျင်တွင် နေထိုင်ရသော ဒုက္ခသည်များနှင့်ပတ်သက်သည့် အထွေထွေ ကျန်းမာရေးပြဿနာများအပြင် ဒုက္ခသည်အများအပြားတွင် စိတ်ဒဏ်ရာများ ရှိနေကြသည်။ ၎င်းတို့သည် အတင်းအဓမ္မအနိုင်ကျင့်ခံရမည်ကို စိုးရိမ်သဖြင့် ၎င်းတို့နေထိုင်ရာ နိုင်ငံမှ ထွက်ပြေးလာခဲ့ရသူများဖြစ်နိုင်သလို အနိုင်ကျင့်ခံရခြင်းများနှင့် ခြိမ်းခြောက်မှုများကိုလည်း ကြုံခဲ့ရနိုင်သည်။ ထိုအခြေအနေများကြောင့် အချို့ဒုက္ခသည်များသည် စိတ်ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်သည်။

- ***ပညာရေးနှင့်သင်တန်းများ*** - ဒုက္ခသည်မိသားစုများအတွက် ၎င်းတို့၏ကလေးများ ပညာသင်ယူနိုင်ရန် နည်းလမ်းရှာဖွေရာတွင် အခက်အခဲများရှိနိုင်သည်။ ကလေးများအတွက် ခရီးသွားလာရန် မလုံခြုံဘဲ၊ ပညာကို အခြားဘာသာစကားဖြင့် သင်ယူရသလို၊ သင်ယူသည့် ဘာသာရပ်လည်း မတူနိုင်ပါ။ အချို့ အန်ဂျီအိုများသည် ကလေးစောင့်ရှောက်ခြင်း သို့မဟုတ် ကလေးများအတွက် အခြေခံသင်ခန်းစာများ သင်ကြားပေးကြသည်။ ဒုက္ခသည်ကလေးများအတွက် သီးသန့်နေရာ ချန်ထားပေးနိုင်သော ကျောင်းများ၊ အထောက်အပံ့များပေးနိုင်သော ရပ်ရွာအတွင်းရှိ ကျောင်းများနှင့် အတူလက်တွဲကာ နည်းလမ်းရှာကြရသည်။

ထိုအဖွဲ့အစည်းများသည် ခက်ခဲသောအခြေအနေတွင် ဆောင်ရွက်ကြရသည်။ ၎င်းတို့သည် အထောက်အထားမရှိသော ဒုက္ခသည်များနှင့် အလုပ်လုပ်ကြရပြီး အချို့အစိုးရများက ရာဇဝတ်သားများနှင့် ပေါင်းဖက်ဆောင်ရွက်နေသူများအဖြစ် ယူဆကြသည်။ အစိုးရများနှင့် နိုင်ငံသားအများအပြားသည် ဒုက္ခသည်များကို ခွဲခြားဆက်ဆံကြပြီး၊ အဖွဲ့အစည်းများအနေဖြင့် ထိုသူတို့အတွက် ငွေကြေးသုံးစွဲနေခြင်းကို မနှစ်မြို့ကြပါ။ ဒုက္ခသည်ဆိုင်ရာ အဖွဲ့အစည်းများသည် အရွယ်အစားကြီးမားလှသော လုပ်ငန်းကြီးများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် အရင်းအမြစ်များ အကန့်အသတ်ရှိနေကြသည်။

သာဓက

ထိုင်းနိုင်ငံရှိ မြို့ပေါ်နေဒုက္ခသည်အရေးကို တုံ့ပြန်ခြင်း

မြို့နေဒုက္ခသည် ကြုံတွေ့ရသော အခက်အခဲများသည် ဒုက္ခသည်စခန်းတွင် နေထိုင်သော ဒုက္ခသည်များရင်ဆိုင်ရသော ဖြစ်ရပ်များသည် ကွဲပြားခြားနားတတ်သော်လည်း နှစ်မျိုးစလုံးသည် အလေးထားရမည့်ကိစ္စဖြစ်သည်။ မြို့နေဒုက္ခသည်များတွင် လိုအပ်ချက်များ မျိုးစုံရှိနိုင်သည်။ အစားအစာအတွက် အခြေခံ သက်မွေးဝမ်းကျောင်းမှုနှင့် အိမ်ရာလိုအပ်ချက်တို့ဖြစ်ကြသည်။ အချို့သောအဖွဲ့အစည်းများသည် ဒုက္ခသည်များနှင့် ၎င်းတို့မိသားစုများအတွက် ခိုလှုံရာနေရာကို စီစဉ်ပေးနိုင်သည် သို့မဟုတ် အစားအသောက်များကို ထောက်ပံ့ပေးနိုင်သည်။ သို့သော်လည်း ဒုက္ခသည်များအသိုင်းအဝိုင်းမှ လိုအပ်သည်များမှာ ဒုက္ခသည်အဖွဲ့အစည်းက ရှာဖွေရရှိနိုင်သော အရင်းအမြစ်များထက် များစွာ ကျော်လွန်နေတတ်သည်။

ဒုက္ခသည်ကလေးများတွင် ပညာသင်ကြားခွင့်ရရှိရန် လိုအပ်သည်။ ၎င်းတို့ကို အခမဲ့ မသင်မနေရ မူလတန်းပညာရေးအတွက် ထောက်ပံ့ပေးသင့်သည်။ သို့သော် ထိုသို့ထောက်ပံ့ပေးမှုမှာ အမြဲတမ်းရှိမနေပါ။ ထိုပညာရေးမှာ ၎င်းတို့နားလည်တတ်ကျွမ်းသော ဘာသာစကားဖြင့် သင်ကြားရခြင်းမျိုး မဟုတ်နိုင်သလို အထူးသဖြင့် မိဘများသည် အထောက်အထားမရှိသောသူများ ဖြစ်လျှင် ကျောင်းသို့ အသွားအလာမှာလည်း အန္တရာယ်များနိုင်သည်။ မြို့နေဒုက္ခသည်များသည် မကြာခဏ ဆိုသလိုပင် ဒုက္ခသည်အဖြစ် တောင်းဆိုတင်ပြရန်အတွက် ပြင်ဆင်ချိန်တွင် ဥပဒေရေးရာ အကူအညီ လိုအပ်သည်။ အဖွဲ့အစည်း တော်တော်များများသည် ဒုက္ခသည်များအတွက် ဥပဒေအကူအညီများပေးပြီး ထိုသူတို့ကို ဒုက္ခသည်အဖြစ် အသိအမှတ်ပြုရန် လျှောက်ထားမှုများတွင် အကူအညီပေးသည်။ ထို့အပြင် ထိုအဖွဲ့အစည်းများသည် ထိန်းသိမ်းခံရပြီး နေရပ်သို့ ပြန်ပို့ခံရနိုင်သော ဒုက္ခသည်များကိုလည်း အကူအညီပေးသည်။

စိတ်ကျန်းမာရေးသည် အကူအညီများစွာလိုသော နောက်ထပ်နယ်ပယ်တစ်ခု ဖြစ်သည်။ ဒုက္ခသည်များသည် စိတ်ခြောက်ခြားဖွယ်ရာ အခြေအနေများနှင့် ကြုံတွေ့ကြရပြီး ထွက်ပြေးလာရသူများဖြစ်သောကြောင့် ခြောက်ခြားဖွယ် အလွန်စိတ်ကစဉ့်ကလျားဖြစ်မှုများ ကြုံရတတ်ပြီး စိတ်ကျန်းမာရေး အန္တရာယ်များ မြင့်မားသည့်အခြေအနေသို့ ဦးတည်နိုင်သည်။ အဖွဲ့အစည်းများသည် နှစ်သိမ့်ဆွေးနွေးမှုများ ပြုလုပ်နိုင်ပြီး အချို့ဖြစ်ရပ်များတွင် ဒုက္ခသည်များ၏ စိတ်ဒဏ်ရာကို ကုစားရန် ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရေး အကူအညီပေးကြရသည်။

၆.၅ နိုင်ငံမဲ့ဖြစ်နေသူများ

'နိုင်ငံမဲ့' ဖြစ်နေသူဆိုသည်မှာ တစ်စုံတစ်ဦးကို မည်သည့်နိုင်ငံကမျှ ၎င်းတို့၏ ဥပဒေအောက်တွင် နိုင်ငံသားအဖြစ် မသတ်မှတ်ခြင်းကို ခေါ်သည်။ လူတစ်ဦးအနေနှင့် လူ့အခွင့်အရေးကို အပြည့်အဝ ရရှိကျင့်သုံးနိုင်ရန် နိုင်ငံသားဖြစ်ခြင်းနှင့် ထိုနိုင်ငံ၏လူမျိုးဖြစ်ခြင်းတို့က အခရာကျသည်။ နိုင်ငံသားမဟုတ်လျှင် ထိုသူသည် နိုင်ငံမှထောက်ပံ့ပေးသော ဝန်ဆောင်မှုများ ဥပမာ - ကျန်းမာရေး၊ ပညာရေး၊ နိုင်ငံကူးလက်မှတ်၊ ကားမောင်းလိုင်စင် စသည်တို့ကို မရရှိနိုင်ပေ။ ထိုသူသည် ဥပဒေအရ ကာကွယ်ပေးခြင်းကို မရရှိနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အနေဖြင့် ဖမ်းဆီးခံရမည်ကို ကြောက်ရွံ့သဖြင့် အကူအညီရယူရန်အတွက်ပင် ရဲထံသို့ မသွားနိုင်ပါ။ နိုင်ငံမဲ့ဖြစ်နေသူများသည် ခရီးသွားရာတွင်လည်း အခက်အခဲများနှင့် ရင်ဆိုင်ကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့တွင် လိုအပ်သော အထောက်အထား စာရွက်များနှင့် မှတ်ပုံတင်များ မရှိသောကြောင့်ဖြစ်သည်။ ထိုသူတို့သေဆုံးသွားလျှင် သေဆုံးကြောင်း အထောက်အထားလက်မှတ်ကို ထုတ်ပေးရန် ငြင်းပယ်ခြင်းခံရနိုင်သည်။ ထို့ကြောင့် ၎င်းတို့၏ ဘဝတွင် မှတ်တမ်းမှတ်ရာတစ်ခုမျှပင် မရှိခြင်းမျိုးလည်းဖြစ်နိုင်ပါသည်။ အထက်ပါ ဖော်ပြထားသော ဥပမာများအရ နိုင်ငံမဲ့သူများသည် ၎င်းတို့၏ ဘဝတလျှောက်တွင် လူ့အခွင့်အရေးချိုးဖောက်မှု ပုံစံမျိုးစုံ ရင်ဆိုင်ရနိုင်သည်။

UDHR ၏ အပိုဒ် ၁၅ တွင် နိုင်ငံသားဖြစ်ခွင့် အခွင့်အရေးကို တွေ့နိုင်သည်။ ထိုအပိုဒ်က လူတိုင်းတွင် နိုင်ငံသားဖြစ်ခွင့်ရှိသည်နှင့် မည်သူတစ်ဦးတစ်ယောက်မဆို နိုင်ငံသားဖြစ်ခွင့်မှ ဆုံးရှုံးခွင့်မရှိသင့်ပါဟု ဖော်ပြထားပါသည်။ သို့ရာတွင် UDHR ကို ပြဋ္ဌာန်းခဲ့ပြီးနောက်ပိုင်းတွင်ပင် နိုင်ငံများသည် နိုင်ငံမဲ့ဖြစ်မှုပြဿနာကို များစွာအလေးထားကိုင်တွယ်ခြင်းမရှိပါ။ ဒုတိယကမ္ဘာစစ်ပြီးနောက်တွင် နိုင်ငံမဲ့သူ အမြောက်အများရှိခဲ့ရာ ထိုပြဿနာများကို ဖြေရှင်းနိုင်ခဲ့ပြီးနောက်ပိုင်းတွင် နိုင်ငံမဲ့သူများအတွက် ဆောင်ရွက်ချက်မှာ နည်းပါးလှသည်။ ဥပမာ - နိုင်ငံမဲ့လူသားများဆိုင်ရာ သဘောတူစာချုပ်ကို အမြဲလိုလို လစ်လျူရှုခဲ့ကြသည်။ ထိုသဘောတူစာချုပ်ကို လက်မှတ်ရေထိုးသော နိုင်ငံမှာအနည်းငယ်သာရှိသည်။ မကြာသေးမီအထိ ထိုပြဿနာကို ကိုင်တွယ်နေကြသော အဖွဲ့အစည်းမှာ အနည်းငယ်သာရှိပြီး၊ ဒုက္ခသည်များနှင့် လူကုန်ကူးမှုကိစ္စများကိုသာ ပိုအလေးပေးခဲ့ကြသည်။ အကြောင်းရင်းမှာ ရှင်းပါသည်။ နိုင်ငံမဲ့ဖြစ်နေသူများသည် လူ့အဖွဲ့အစည်း၏ အစွန်အဖျားတွင် ရှိနေကြပြီး ထိုသူတို့ကို လျစ်လျူရှုရန် လွယ်ကူသည်။ ဥပမာ - ထိုသူတို့သည် အစိုးရများက တစ်စိတ်တစ်ပိုင်းသာ အုပ်ချုပ်နိုင်သည့် နယ်စပ်ဒေသများတွင် နေထိုင်နေကြသူများဖြစ်နိုင်သလို ၎င်းတို့တွင် နိုင်ငံသားအထောက်အထားများ မရှိသည်ကို အာဏာပိုင်များက သိရှိသွားမည်စိုး၍ ရပ်ရွာလူမှုအသိုင်းအဝိုင်း ထောင့်တစ်နေရာတွင် ပုန်းကွယ်နေထိုင်ကြခြင်းလည်း ဖြစ်နိုင်သည်။

အဆိုပါ အကြောင်းရင်းများကြောင့် နိုင်ငံမဲ့ပြည်သူများ၏ အရေအတွက်ကို အတိအကျသိရှိရန် ခက်ခဲသည်။ UNHCR ၏အဆိုအရ ကမ္ဘာတစ်ဝန်းတွင် နိုင်ငံမဲ့လူဦးရေ ၁၂ သန်းခန့်ရှိသည်။ အရှေ့တောင်အာရှဒေသတွင် ထောင်ပေါင်းရာနှင့်ချီရှိနိုင်ပြီး သန်းဂဏန်းအထိပင် မြင့်မားနိုင်ပါသည်။ မကြာသေးခင် ကာလအတွင်း နိုင်ငံမဲ့နေသူများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် စိတ်ဝင်စားမှုများ ပြန်လည်ပေါ်ပေါက်လာကြသလို ထိုသူတို့အတွက် လှုပ်ရှားမှုများလည်း ပြန်လည်များပြားလာခဲ့သည်။

မှတ်သားဖွယ်ရာ

အရှေ့တောင်အာရှဒေသအတွင်း နိုင်ငံမဲ့ဖြစ်မှု နမူနာများ

ဘရူနိုင်း။ ။ဘရူနိုင်းနိုင်ငံတွင် နိုင်ငံမဲ့ဖြစ်ခြင်းကို အမြဲတမ်းနေထိုင်ခွင့်ရှိသော တရုတ်လူမျိုးများအကြား တွေ့ရှိရသည်။ ဘရူနိုင်းနိုင်ငံတွင် မျိုးဆက်အလိုက် နေထိုင်ခဲ့သော မိသားစုများသည် နိုင်ငံသားအဖြစ် မရရှိသေးပါ။ အကြောင်းရင်းမှာ ဘရူနိုင်းနိုင်ငံသားဖြစ်လာရန် မျိုးရိုးစဉ်ဆက်သို့မဟုတ် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် ဘာသာစကားဆိုင်ရာ ခက်ခဲသော စစ်ဆေးမှုများကို ကျော်လွှားနိုင်သော အရည်အချင်းပေါ်တွင် မူတည်သတ်မှတ်ထားသောကြောင့်ဖြစ်သည်။ ဘရူနိုင်းရှိ တရုတ်လူမျိုး အများအပြားသည် အဆိုပါ ဥပဒေကို အပြောင်းအလဲ မလုပ်သရွေ့ နိုင်ငံမဲ့များအဖြစ် ရှိနေလိမ့်မည်။

မြန်မာ။ ။၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေ မထုတ်ပြန်မီကာလအထိ ရိုဟင်ဂျာသည် မြန်မာနိုင်ငံသားဖြစ်ခဲ့ပြီး၊ ထိုဥပဒေကြောင့် နိုင်ငံသားအဖြစ်မှ ရုတ်သိမ်းခံခဲ့ရသည်။ မြန်မာနိုင်ငံတွင် နိုင်ငံမဲ့ရိုဟင်ဂျာ ၆ သိန်းခန့်ရှိသည်။

အင်ဒိုနီးရှား။ ။ယခင်က အင်ဒိုနီးရှားတစ်ဦးသည် တိုင်းပြည်၏ပြင်ပတွင် နေထိုင်ပြီး၊ ၅ နှစ်အတွင်း ပြန်မလာခဲ့ပါက ထိုသူသည် နိုင်ငံသားဆုံးရှုံးသည်။ နိုင်ငံခြားတွင်နေထိုင်သော ထောင်ပေါင်းများစွာသော အင်ဒိုနီးရှား ရွှေ့ပြောင်းအလုပ်သမားများသည် ထိုဥပဒေကြောင့် နိုင်ငံမဲ့ ဖြစ်ခဲ့ရသည်။ အင်ဒိုနီးရှား လူမျိုးများ နိုင်ငံမဲ့ဖြစ်မှုအပေါ် စိုးရိမ်မှုများမြင့်လာသဖြင့် ထိုဥပဒေကို ပြောင်းလဲခဲ့ရသည်။

လာအို၊ မြန်မာ၊ ထိုင်း။ ။ထိုင်း၊ လာအိုနှင့် မြန်မာနယ်စပ်တလျှောက်တွင် နေထိုင်ကြသော တောင်ပေါ်နေ တိုင်းရင်းသားများသည် မျိုးဆက်ပေါင်းများစွာ နေထိုင်ခဲ့ကြပြီး ထိုနိုင်ငံများက နိုင်ငံသားအဖြစ် သတ်မှတ်ခြင်းမခံကြရပါ။ ယခင်ကမူ ထိုင်းနိုင်ငံရှိ တောင်ပေါ်နေတိုင်းရင်းသားမျိုးနွယ်စုအချို့ကို ထိုနိုင်ငံတွင် ၁၉၅၆ လူဦးရေ သန်းခေါင်စာရင်းအရ နေထိုင်လျက်ရှိကြကြောင်း သက်သေပြနိုင်ပါမှ နိုင်ငံသားအဖြစ် အသိအမှတ်ပြုသည်။ ထိုသက်သေ မရှိပါက ထိုသူများသည် နိုင်ငံမဲ့ ဖြစ်ကြရသည်။ နိုင်ငံမဲ့ဖြစ်မှုအပေါ် စိုးရိမ်မှုများ မြင့်မားလာသောကြောင့် ထိုဥပဒေကို ပြောင်းလဲခဲ့ရသည်။

ထိုင်း။ ။အထောက်အထားမရှိသော ရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးများသည် မွေးစာရင်းမရခြင်းကြောင့် အခက်အခဲမျိုးစုံဖြင့် ကြုံတွေ့ရပြီး၊ တစ်ခါတစ်ရံတွင် အဆိုပါ မွေးစာရင်းမရှိ၍ မြန်မာနိုင်ငံသားဖြစ်ကြောင်း လျှောက်ထားခြင်းပင် မပြုနိုင်ကြပါ။

ဒီယက်နမ်။ ။နိုင်ငံခြားသားများနှင့် လက်ထပ်သည့် ဒီယက်နမ်အမျိုးသမီးများသည် မိမိခင်ပွန်း၏ နိုင်ငံသားအဖြစ် ခံယူပြီးနောက် ဒီယက်နမ်နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ရသည်။ (ဒီယက်နမ်သည် နိုင်ငံတစ်နိုင်ငံတည်းတွင်သာ နိုင်ငံသားဖြစ်ခွင့် သတ်မှတ်ထားသည်။) သို့သော် ထိုအိမ်ထောင်ပျက်စီးခဲ့ပါက သူမ၏ အမျိုးသား၏ နိုင်ငံသားအဖြစ် ဆုံးရှုံးခဲ့လျှင် သူမ၏ ဒီယက်နမ်နိုင်ငံသားအဖြစ် ချက်ချင်းပြန်မရနိုင်ပါ။ ထိုပြဿနာသည် ထိုင်ဝမ်အမျိုးသားများနှင့် လက်ထပ်ခဲ့ပြီး၊ ထိုင်ဝမ်အမျိုးသားကတ်ကို ရယူခဲ့သော ဒီယက်နမ် အမျိုးသမီးများတွင် ကြိမ်ဖန်များစွာ ကြုံတွေ့ရခြင်းဖြစ်သည်။ ဒီယက်နမ်နိုင်ငံတွင် ယခင်က နိုင်ငံသားနှစ်မျိုး ခံယူခြင်းကို ခွင့်မပြုထားပါ။ ထို့အပြင် နိုင်ငံသားတစ်ခု ဆုံးရှုံးပြီးနောက် မူရင်းနိုင်ငံသားအဖြစ်ကို ပြန်လည်လျှောက်ထားလိုလျှင်လည်း ခွင့်မပြုထားပါ။ ထိုနိုင်ငံမဲ့ဖြစ်နေသော ဒီယက်နမ်အမျိုးသမီးများ၏ ဖြစ်ရပ်များအပေါ် စိုးရိမ်မှုများပေါ်ပေါက်လာပြီး နိုင်ငံသားဥပဒေအသစ်ကို မိတ်ဆက်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ထိုကန့်သတ်ချက်ကို ပြောင်းလဲလိုက်နိုင်ခဲ့သည်။

၆.၅.၁ နိုင်ငံမဲ့ဖြစ်ခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း

၁၉၅၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော Convention Relating to the Status of Stateless Persons ၏ ပထမဆုံးအပိုဒ်တွင် နိုင်ငံမဲ့ဖြစ်ခြင်းကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

> 'နိုင်ငံတစ်နိုင်ငံက လက်ရှိကျင့်သုံးနေသော ဥပဒေအရ နိုင်ငံသားအဖြစ် အသိအမှတ်မပြုသော လူတစ်ဦး'

ထိုအဓိပ္ပာယ်ဖွင့်ဆိုချက်သည် အတော်လေး ရှင်းလင်းပုံရပါသည်။ သို့ရာတွင် နိုင်ငံမဲ့ခြင်းကို လေ့လာရာတွင် အခြားသောအရေးကြီးသည့် အချက်များကို နားလည်ရန်လိုအပ်သည်။ ထိုအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဓလေ့ထုံးတမ်းဥပဒေ၏ အစိတ်အပိုင်းတစ်ခုအဖြစ် သတ်မှတ်သည်။ ထို့ကြောင့် မည်သည့်နိုင်ငံကမျှ နိုင်ငံမဲ့ဖြစ်နေသူများရှိနေခြင်းကို ငြင်းပယ်ရန် မဖြစ်နိုင်ပါ။ သို့မဟုတ် ဆန့်ကျင်ဘက် အဓိပ္ပာယ်ဖွင့်ဆိုချက်လည်း မရှိနိုင်ပါ။ အရေးကြီးသော အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

ပထမအချက်အနေဖြင့် အစိုးရများကသာ နိုင်ငံသားဖြစ်ခြင်းကို ပေးအပ်နိုင်သည်။ နိုင်ငံတစ်ခုအဖြစ် မသတ်မှတ်ထားသော ဒေသတွင်းနေထိုင်သူများ သို့မဟုတ် နိုင်ငံအသစ်တစ်ခုအဖြစ် ပေါ်ထွက်လာသောနေရာတွင် နေထိုင်နေသူများကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုပေးနိုင်ရန် အခက်အခဲများ ရှိနိုင်ပါသည်။ တစ်စုံတစ်ယောက်ကို နိုင်ငံမဲ့အဖြစ် ဆုံးဖြတ်ရန် နိုင်ငံပေါင်း ၁၉၃ နိုင်ငံမှ ထိုသူကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုထားခြင်းရှိမရှိ စစ်ဆေးရန် လိုအပ်လိမ့်မည်မဟုတ်ပါ။ ထိုသို့စစ်ဆေးမည့်အစား ထိုသူ၏ မွေးဖွားရာဇာတိ၊ မိဘများ၊ နေရပ်နှင့် အိမ်ထောင်ပြုခြင်း စသည့်တို့နှင့်ဆက်နွယ်ကာ နိုင်ငံတစ်ခုခုက နိုင်ငံသားအဖြစ် အသိအမှတ်ပြုထားခြင်းရှိမရှိ စစ်ဆေးနိုင်သည်။ နောက်ထပ် အရေးကြီးသောအချက်မှာ အစိုးရတစ်ခုက နိုင်ငံသားအဖြစ် အသိအမှတ်ပြုမှုကို မည်ကဲ့သို့ပေးအပ်သည် ဆိုသောအချက်ပင်ဖြစ်သည်။ မည်သည့်ဌာနက နိုင်ငံသားဖြစ်ခြင်းကို သတ်မှတ်ပေးသနည်း သို့မဟုတ် မည်သည့်အထောက်အထားများ လိုအပ်သနည်း စသည်တို့

ဖြစ်သည်။ အစိုးရများသည် ရံပုံငွေနည်းပါးနိုင်ပြီး၊ နိုင်ငံကူးလက်မှတ် သို့မဟုတ် မွေးစာရင်းစသည့် မှတ်တမ်းများကို စာရင်းပြုရန်၊ ထုတ်ပေးရန် မတတ်နိုင်သော အခြေအနေမျိုးလည်း ရှိနိုင်သည်။ သို့တည်းမဟုတ် ခွဲခြားဆက်ဆံမှု ပုံစံတစ်မျိုးမျိုးကြောင့် ထိုစာရွက်စာတမ်းများကို မထုတ်ပေးရန် ဆုံးဖြတ်ခြင်းလည်း ဖြစ်နိုင်သည်။

သဘောတရားရေးရာ ရှုင်းလင်းချက်

နိုင်ငံသားဖြစ်ခြင်း

'လူမျိုး'၊ 'နိုင်ငံသား'၊ 'တိုင်းသူပြည်သား' စသည့်အသုံးအနှုန်းများသည် အဓိပ္ပာယ်ဆင်တူသော အယူအဆများဖြစ်သည်။ လူတစ်ဦးနှင့် နိုင်ငံတော်အစိုးရအကြား နိုင်ငံရေးနှင့် ဥပဒေရေးရာအရ ချိတ်ဆက်ထားသော ချိတ်တစ်ခုလည်း ဖြစ်သည်။ နိုင်ငံသားတစ်ဦးဖြစ်ခြင်းကြောင့် သူနေထိုင်ရာ နိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုကို ရယူခွင့်ရှိပြီး၊ သူကလည်း နိုင်ငံအပေါ် ကျေပွန်ရမည့် တာဝန်များ ရှိနိုင်သည်။ နိုင်ငံတစ်ခုအတွင်း နိုင်ငံသားဖြစ်မှုနှင့် လူမျိုးဖြစ်မှုအကြား ကွဲပြားခြားနားချက်အချို့ ရှိနိုင်သည်။ နိုင်ငံသားဖြစ်ခြင်းတွင်ပင် ခံစားထိုက်သောရပိုင်ခွင့်များ၊ အခွင့်ထူးခံဖြစ်ခြင်းများ၊ ထမ်းဆောင်ရမည့် တာဝန်များအမျိုးအစား အမျိုးမျိုးကွဲပြားနိုင်သေးသည်။ ဥပမာ - အချို့နိုင်ငံများတွင် အမြဲတမ်း နေထိုင်ခွင့်ရထားသူ သို့မဟုတ် နိုင်ငံပြောင်းရွှေ့လျှောက်ထားသဖြင့် နိုင်ငံသားဖြစ်ခွင့် ရရှိထားသူများသည် နိုင်ငံသားများကဲ့သို့ မဲပေးခွင့် သို့မဟုတ် လူမှုဖူလုံရေးအခွင့်အရေးများ မရရှိနိုင်ပါ။ သို့သော် ထိုကွဲပြားခြားနားချက်များသည် နိုင်ငံသားတစ်ဦး၏ လူ့အခွင့်အရေး ရပိုင်ခွင့်များကို တားမြစ်ထားခြင်း မဖြစ်သင့်ပါ။

ဒုတိယအချက်အနေဖြင့် အစိုးရက မည်သူသည် ဤနိုင်ငံတွင်နေထိုင်သော နိုင်ငံသားဖြစ်သည်ဟု ဥပဒေများအရ ဆုံးဖြတ်ကြသည်။ နိုင်ငံတစ်ခုက လူတစ်ဦးကို နိုင်ငံသားအဖြစ် မည်သို့ဆုံးဖြတ်သည် ဟူသောအချက်က ပို၍ရှုပ်ထွေးသောမေးခွန်းဖြစ်သည်။ အောက်တွင်ဖော်ပြထားသော နည်းလမ်းများမှတစ်ဆင့် လူတစ်ဦးသည် နိုင်ငံသားအဖြစ် ခံယူနိုင်သည်။

၁။ မျိုးရိုးစဉ်ဆက်ဆင်းသက်မှု - အမေ သို့မဟုတ် အဖေထံမှ ဆင်းသက်လာသော နိုင်ငံသားဖြစ်မှု။

၂။ မွေးရပ်မြေ - နိုင်ငံတစ်နိုင်ငံတွင် မွေးဖွားခဲ့သောကြောင့် ရရှိလာသော နိုင်ငံသားဖြစ်မှု။

၃။ လက်ထပ်ခြင်း - လင်ယောကျ်ား သို့မဟုတ် ဇနီးထံမှ ရရှိသော နိုင်ငံသားဖြစ်မှု။

၄။ နေထိုင်ခြင်း - နေရာတစ်နေရာတွင် သတ်မှတ်ထားသောအချိန်ကာလကြာသည်အထိ နေထိုင်ခဲ့ခြင်းကြောင့် နိုင်ငံသားဖြစ်မှု။

၅။ နိုင်ငံသားပြုခွင့်ရခြင်း - လူတစ်ဦးသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် လျှောက်ထားပြီး ထိုနိုင်ငံက ၎င်းကို နိုင်ငံသားဖြစ်ခွင့်ပေးမှု။

နိုင်ငံသားအဖြစ်ရရှိရာတွင် အတူညီဆုံးနည်းလမ်းတစ်ခုမှာ မိဘဘိုးဘွားမှ ဆင်းသက်၍ ရရှိခြင်း ဖြစ်သည်။ အရှေ့တောင်အာရှ နိုင်ငံတိုင်းတွင် အသိအမှတ်ပြုထားသော ပုံစံဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများတွင် မွေးဖွားရာဇာတိဖြစ်ခြင်းကြောင့် နိုင်ငံသားပေးသည့် ပုံစံမရှိပါ။

နိုင်ငံအနည်းငယ် (ဥပမာ - အမေရိကန်နိုင်ငံ) သည် ၎င်းနိုင်ငံအတွင်း မွေးဖွားသောသူများကို နိုင်ငံသားအဖြစ်ပေးအပ်သည်။ အချို့သောအရှေ့တောင်အာရှနိုင်ငံများတွင် လက်ထပ်ထိမ်းမြားခြင်းနှင့် နိုင်ငံသားဖြစ်ရန် လျှောက်ထားခြင်းမှတစ်ဆင့် နိုင်ငံသားဖြစ်ခွင့်ကို ခွင့်ပြုထားသော်လည်း သတ်မှတ်ချက်များသည် ခက်ခဲပြီး ကုန်ကျစရိတ် ကြီးမားသည်။ လျှောက်ထားသူများသည် ဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာစာမေးပွဲကို အောင်မြင်ရမည်ဖြစ်သည်။ ထို့အပြင် ထိုနိုင်ငံတွင် နှစ်ပေါင်းများစွာနေထိုင်ပြီး အလုပ်အကိုင်ရှိနေသူတစ်ဦး ဖြစ်ရမည်။ အချို့နိုင်ငံများသည် အလွယ်တကူ ငွေပေးပြီးဝယ်နိုင်သည့်သူများအား နိုင်ငံသားဖြစ်ခွင့်ကို ရောင်းချခြင်းဖြင့် ကျော်ကြားသည်။ တစ်ခါတစ်ရံ နိုင်ငံသားဖြစ်ခြင်းကို မိဘဘိုးဘွားမှ ဆင်းသက်ခြင်းနှင့် မွေးရပ်ဇာတိဖြစ်ခြင်း စသည့်အချက်များနှင့်ပင် ချက်ချင်းစဉ်းစားဆုံးဖြတ်ချက် ချနိုင်သော်လည်း အခြားနည်းလမ်းများဖြင့် နိုင်ငံသားဖြစ်ခြင်းသည် ချက်ချင်းဆိုသလို မရနိုင်ပါ။ လူတစ်ဦးချင်းစီက အစိုးရထံသို့ နိုင်ငံသားအဖြစ် အသိအမှတ်ပြုရန် လျှောက်ထားရမည်ဖြစ်သည်။ အထက်ပါ နည်းလမ်းများအားဖြင့် နိုင်ငံသား မရနိုင်လျှင် အဆိုပါပုဂ္ဂိုလ်သည် နိုင်ငံမဲ့ဖြစ်ရသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

နိုင်ငံသားဖြစ်မှုဆိုင်ရာ သင်တို့၏ ဥပဒေများ

နိုင်ငံသားဖြစ်မှုဆိုင်ရာ ဥပဒေများမှာ ရှုပ်ထွေးနိုင်သည်။ နိုင်ငံသားဖြစ်မှုကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံသားဥပဒေများနှင့် ထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာ ဥပဒေများတွင် တွေ့ရှိနိုင်သည်။ အရှေ့တောင်အာရှနိုင်ငံ အများအပြားတွင် လွန်ခဲ့သောဆယ်စုနှစ်အတွင်း နိုင်ငံသားဥပဒေများကို ပြင်ဆင်ခဲ့ကြသည်။ ထိုဥပဒေများကို သင့်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဌာန အင်တာနက်စာမျက်နှာသို့မဟုတ် အလားတူလုပ်ငန်းများဆောင်ရွက်သော ဝန်ကြီးဌာန သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်းတစ်ခုတွင် ရှာဖွေတွေ့ရှိနိုင်သည်။ ထိုဥပဒေများကို သင်ဖတ်ပြီးနောက် အောက်ပါ မေးခွန်းများကို ဖြေကြည့်ပါ။

နိုင်ငံသားတစ်ယောက်အဖြစ်ကို သင်မည်ကဲ့သို့ ရခဲ့ပါသနည်း။ သင့်နိုင်ငံတွင် သင့်ကိုမွေးဖွားခဲ့ခြင်းကြောင့်လား သို့မဟုတ် သင့်မိဘများ၏ နိုင်ငံသားဖြစ်မှုကြောင့်လား။ သင့်မိဘများ မည်ကဲ့သို့ နိုင်ငံသားဖြစ်ခဲ့သနည်း။ သင့်၏အဘိုးအဘွားများ မည်ကဲ့သို့ နိုင်ငံသားဖြစ်ခဲ့သနည်း။

မေးခွန်း။ ။နိုင်ငံသား နှစ်မျိုးကို တစ်ပြိုင်တည်း ရရှိခွင့်ရှိပါသလား။ အကယ်၍ သင်သည် နိုင်ငံခြားသားကို လက်ထပ်လျှင် ထိုသူက သင့်နိုင်ငံတွင် နိုင်ငံသားဖြစ်ခွင့် ရနိုင်ပါသလား။ သင်၏သားသမီးများအတွက် မည်သို့ စီစဉ်ကြရမည်နည်း။

မေးခွန်း။ ။ဥပဒေများတွင် လစ်ဟာချက်များ ရှိပါသလား။ တစ်စုံတစ်ယောက်က သင့်နိုင်ငံ၏နိုင်ငံသားတစ်ဦးကို လက်ထပ်သည်ဟု ဆိုပါစို့။ သို့မဟုတ် နိုင်ငံသားတစ်ဦးထံတွင် ကလေး မွေးဖွားလာသည် ဆိုပါစို့။ ထိုသူကို သင့်နိုင်ငံ၏ဥပဒေက နိုင်ငံသားအဖြစ်အသိ အမှတ်မပြုသည့်အတွက် နိုင်ငံမဲ့ ဖြစ်နိုင်ပါသလား။

တတိယအချက်အနေဖြင့် ဤသဘောတူစာချုပ်တွင် နိုင်ငံများ၏ ဥပဒေက အသိအမှတ်မပြုသောကြောင့် နိုင်ငံမဲ့ဖြစ်နေသူများကိုသာ အသိအမှတ်ပြုသည်။ ထိုသူများသည် ဥပဒေအရ (dejure) နိုင်ငံမဲ့သူများ ဖြစ်သည်။ လိုအပ်သော အထောက်အထားများမရှိသောကြောင့် တစ်စုံတစ်ဦးသည် နိုင်ငံမဲ့ဖြစ်နေလျှင် (ဥပမာ - ကလေးတစ်ယောက်သည် တိုင်းပြည်၏ပြင်ပတွင် မွေးဖွားခဲ့ပြီးနောက် နိုင်ငံသားအဖြစ် မလျှောက်ထားရသေးလျှင်) ဥပဒေက ၎င်းကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုပေးလိမ့်မည်ဖြစ်သောကြောင့် ထိုကဲ့သို့သောသူမျိုးကို လက်တွေ့တွင် နိုင်ငံမဲ့ဖြစ်နေသော်လည်း ဤသဘောတူစာချုပ်က နိုင်ငံမဲ့အဖြစ် မစဉ်းစားပါ။ ထိုသူတို့ကို ဥပဒေအရမဟုတ်သော်လည်း အမှန်လက်တွေ့ဘဝတွင် (defacto) နိုင်ငံမဲ့ဖြစ်နေသူများဟု ခေါ်သည်။

မှတ်သားဖွယ်ရာ

ဥပဒေအရ (DeJure) နှင့် လက်တွေ့အရ (DeFacto) နိုင်ငံမဲ့ဖြစ်မှု

ဥပဒေအရနှင့် လက်တွေ့အရ နိုင်ငံသားဖြစ်မှုသည် ကွဲပြားခြားနားကြသည်။ ဥပဒေအရ နိုင်ငံမဲ့ဖြစ်မှုဆိုသည်မှာ လူတစ်ဦးသည် ဥပဒေအရနိုင်ငံသား ဖြစ်ခွင့်မရှိခြင်းကို ဆိုလိုသည်။ လက်တွေ့အရ နိုင်ငံမဲ့ဖြစ်မှုဆိုသည်မှာ လူတစ်ဦးသည် ဥပဒေအရ နိုင်ငံသားဖြစ်ရန် အရည်အချင်း ပြည့်မီသော်လည်း လက်တွေ့တွင် နိုင်ငံသားအဖြစ် မရရှိခြင်းကို ဆိုလိုသည်။ ဥပဒေအရနှင့် လက်တွေ့အရ နိုင်ငံမဲ့ဖြစ်နေသူများသည် ထိခိုက်နစ်နာမှုတွင် တူညီသည်။ အဘယ်ကြောင့်ဆိုသော် ထိုနှစ်မျိုးစလုံးသည် အစိုးရထံမှ ကာကွယ်စောင့်ရှောက်မှု၊ ဝန်ဆောင်မှု သို့မဟုတ် အကျိုးကျေးဇူးများ မရရှိကြပါ။ နိုင်ငံမဲ့ဖြစ်မှုဆိုင်ရာ သဘောတူစာချုပ်များ၏ ပြဿနာတစ်ခုမှာ ထိုသဘောတူစာချုပ်များသည် ဥပဒေအရ နိုင်ငံမဲ့ပုဂ္ဂိုလ်များကိုသာ အသိအမှတ်ပြုရန် ရည်ရွယ်ပြီး ဥပဒေအပြင်ဘက်တွင် လက်တွေ့အမှန်အတိုင်း နိုင်ငံမဲ့ဖြစ်နေသူများကိုမူ အသိအမှတ်မပြုချင်ကြသဖြင့် ထိုပုဂ္ဂိုလ်နှစ်မျိုးစလုံးသည် လိုအပ်ချက်နှင့် ထိခိုက်နစ်နာမှုများ တူညီနေသော်လည်း ဥပဒေအရမဟုတ်ဘဲ နိုင်ငံမဲ့ဖြစ်နေသူများသည် ကာကွယ်စောင့်ရှောက်မှု ပို၍နည်းပါးစွာ ရရှိနေကြသည်။

၆.၅.၂ နိုင်ငံမဲ့သူများ၏ အခွင့်အရေးများ ချိုးဖောက်ခြင်း

နိုင်ငံမဲ့ဖြစ်နေသူများသည် အခွင့်အရေး ချိုးဖောက်မှုကို ပုံစံအမျိုးမျိုးဖြင့် ခံရလေ့ရှိသည်။ အများဆုံး ကြုံတွေ့ရလေ့ရှိသော အခွင့်အရေးချိုးဖောက်မှု နှစ်ခုမှာ ခွဲခြားဆက်ဆံခံရခြင်းနှင့် ထိန်းသိမ်းခံရခြင်းတို့ ဖြစ်သည်။ ခွဲခြားဆက်ဆံခံရခြင်းသည် ပုံစံအမျိုးမျိုး ဖြစ်နိုင်ပါသည်။ ဥပမာ- ၎င်းတို့သည် ထောက်ပံ့မှုနှင့်ဝန်ဆောင်မှုများ မရရှိသည့်အပြင် ကျန်းမာရေး၊ ပညာရေးနှင့် အခြားသော ပြည်သူ့ဝန်ဆောင်မှုများမှ စနစ်တကျ ဖယ်ထုတ်ခံထားရသည်။ နိုင်ငံရေးတွင်လည်း ဝင်ရောက်ဆောင်ရွက်နိုင်ခွင့်မရပါ။ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း၊ အခြားသောမှားယွင်းစွာ ဆက်ဆံခံရခြင်းတို့တွင် ရဲများ၏အကာအကွယ်ကိုလည်း မရနိုင်သလို တရားရုံးများ၏အကာအကွယ်ပေးခြင်းကိုလည်း မရနိုင်ပါ။ ထိုအခြေအနေကြောင့် မကြာခဏ ဆိုသလိုပင် ၎င်းတို့၏အလုပ်စာချုပ်များ၊ လုပ်ခလစာများ သို့မဟုတ် နေထိုင်မှုအခြေအနေများအပေါ် မကျေနပ်လျှင်ပင် ဖြစ်သင့်ဖြစ်ထိုက်သည်ကို တောင်းဆိုရန် မစွမ်းဆောင်နိုင်ကြပါ။ ထို့အပြင် တရားဥပဒေစနစ်ကို လက်လှမ်းမမီသောကြောင့် နိုင်ငံမဲ့ဖြစ်နေသူများသည် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများနှင့် ရာဇဝတ်မှု

များ၏ သားကောင်များအဖြစ် နစ်နာကြရသည်။ ထိုနည်းတူ ၎င်းတို့၏မြေယာနှင့် အရင်းအမြစ်များသည်လည်း မကြာခဏဆိုသလိုပင် အကာအကွယ်မဲ့လေ့ရှိကြသည်။ ထို့ကြောင့် အစိုးရများနှင့် ကော်ပိုရေးရှင်းများက အလွယ်တကူပင် သိမ်းယူခြင်းခံရလေ့ရှိသည်။ နိုင်ငံမဲ့သူတို့သည် မိမိကိုယ်ကို ကာကွယ်နိုင်ရန် လာဘ်ထိုးကြရခြင်း သို့မဟုတ် ထိခိုက်နိုင်သော၊ အန္တရာယ်ရှိသော လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြရခြင်းတို့ကို ကြုံကြရသည်။ ထိုသူတို့အတွက် မြေနိမ့်ရာလှုံစိုက်သော အဖြစ်မှာ မီဒီယာများက ၎င်းတို့ကို တောကျသောအုပ်စု၊ နိမ့်ကျသောအုပ်စုအဖြစ် ပုံဖော်ခြင်းဖြစ်သည်။ ကာကွယ်စောင့်ရှောက်မှုကင်းမဲ့သည့် အခြေအနေတွင် လူသားထက်ပင် အဆင့်နိမ့်သူများအဖြစ် ပြောဆိုရေးသားကာ ၎င်းတို့အပေါ် အမုန်းတရားများ ဖန်တီးကြသည်။ အဆိုးဆုံးမှာ နိုင်ငံမဲ့ဖြစ်နေသူများကို ရာဇဝတ်ကောင်များအဖြစ် ဆက်ဆံကြခြင်းပင် ဖြစ်သည်။

နိုင်ငံမဲ့ဖြစ်နေသူများအား ခွဲခြားဆက်ဆံပြီး ဖမ်းဆီးထိန်းသိမ်းခြင်း ရှိနိုင်သည်။ အထူးသဖြင့် လူဝင်မှုကြီးကြပ်ရေးအချုပ်ခန်းများတွင် ဖြစ်သည်။ နိုင်ငံမဲ့ဖြစ်နေသူများသည် ၎င်းတို့ အမြဲနေထိုင်သည့် နိုင်ငံအတွင်းခရီးသွားနေစဉ်တွင်လည်း ဟန့်တားခံရပြီး ဖမ်းဆီးထိန်းသိမ်းခံရတတ်သည်။ နိုင်ငံမဲ့ဖြစ် နေသူများအား ကာလအကန့်အသတ်မရှိ ဖမ်းဆီးထိန်းသိမ်းခြင်းသည် လူ့အခွင့်အရေးကို ပြင်းပြင်းထန်ထန် ချိုးဖောက်ခြင်း ဖြစ်သည်။

စာရွက်စာတမ်းမရှိသောကြောင့် အထောက်အထားပြရန် မဖြစ်နိုင်သော်လည်း မဖြစ် ဖြစ်အောင် သက်သေပြပြီး ၎င်းတို့လာခဲ့သောနေရာကို ဖော်နိုင်မှသာ ပြန်လွှတ်သည်ကို ကြုံရသော နိုင်ငံမဲ့ထိန်းသိမ်းခံရသူများလည်းရှိသည်။ ထိုဥပမာက ဖော်ပြနေသည်မှာ လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းများတွင် ကျိုးကြောင်းဆီလျော်သော လုပ်ထုံးလုပ်နည်းများ အရေးပါပုံကို ဖော်ပြနေသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံမဲ့ဖြစ်နေသူများအဖို့ အထူးအကာအကွယ်ပေးသည့် အခွင့်အရေးကို ရပိုင်ခွင့်ရှိသော်လည်း လူဝင်မှုကြီးကြပ်ရေးစနစ်များသည် နိုင်ငံမဲ့သူများကို သင့်တင့်မျှတစွာ ထည့်သွင်းစဉ်းစားခြင်းမရှိသည့်အခါ ကာကွယ်စောင့်ရှောက်မှု ပို၍ရရှိသင့်သော သူတို့မှာ ဘဝ အနာဆုံးအဖြစ်မျိုးနှင့် ကြုံကြရသည်။

၆.၅.၃ နိုင်ငံမဲ့ဖြစ်မှုဆိုင်ရာ သဘောတူစာချုပ်များ

နိုင်ငံမဲ့ဖြစ်မှုဆိုင်ရာ သဘောတူစာချုပ် နှစ်ခုရှိသည်။ ၁၉၅၄ ခုနစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံမဲ့လူသားများ၏ အခြေအနေနှင့်စပ်လျဉ်းသော သဘောတူစာချုပ် Convention Relating to the Status of Stateless Persons (1954) နှင့် ၁၉၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံမဲ့လူသားများ လျော့ချရေးသဘောတူစာချုပ် Convention on the Reduction of Statelessness (1961) တို့ဖြစ်သည်။ ပထမတစ်ခုကို ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်ငယ် အဖြစ် ပြဋ္ဌာန်းရန် ရည်ရွယ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်သည်လည်း နိုင်ငံမဲ့သူများကို အကာအကွယ်မပေးနိုင်သောကြောင့် ဖြစ်သည်။ သို့သော် နိုင်ငံမဲ့ဖြစ်နေခြင်းပြဿနာကို သီးခြားပြဿနာတစ်ခုအဖြစ် သဘောတူစာချုပ်အသစ်တစ်ခုဖြင့် ကိုင်တွယ်ဖြေရှင်းရန် ဆုံးဖြတ်ခဲ့သည်။ ပထမဦး သဘောတူစာချုပ်မှာ နိုင်ငံမဲ့ဖြစ်ခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အခြေခံအုတ်မြစ်တစ်ခုအဖြစ် အရေးပါခဲ့ပြီး နိုင်ငံမဲ့ဖြစ်နေသူများ ခံစားထိုက်သည့်

အကာအကွယ်များကိုလည်း ထည့်သွင်းရေးဆွဲခဲ့သည်။ ၁၉၅၄ ခုနှစ် သဘောတူစာချုပ်၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံမဲ့ဖြစ်သူများကို လူ့အခွင့်အရေးများ ရရှိသင့်သလောက် ရရှိအောင် ခံစားခွင့်ပြုရေးပင် ဖြစ်သည်။ ထိုစာချုပ်က နိုင်ငံမဲ့ဖြစ်သူများ ခံစားခွင့်ရှိသင့်သည့် လူ့အခွင့်အရေးများကို ဖော်ထုတ်သွားခဲ့သည်။ အဆိုပါအခွင့်အရေးများမှာ -

- အခြားသော နိုင်ငံခြားသားများကဲ့သို့ပင် ဆက်ဆံခံရခြင်းနှင့် အခွင့်အရေးများရရှိခြင်း။
- အခြားသော နိုင်ငံခြားသားများရရှိသော အထောက်အထား စာရွက်စာတမ်းများကို ရရှိခြင်း။
- ၎င်းတို့ နိုင်ငံမဲ့မဖြစ်မီက နိုင်ငံသားဖြစ်ခဲ့သော တိုင်းပြည်ကိုအကြောင်းပြု၍ အရေးယူ ဆောင်ရွက်မှုများ မပြုလုပ်ရခြင်း။
- အိမ်ထောင်ရှိ မရှိ အခြေအနေကို အသိအမှတ်ပြုပေးခြင်း။
- နိုင်ငံမဲ့တို့ ကိုးကွယ်ဆည်းကပ်ရာဘာသာကိုလေးစားခြင်း၊ မူလတန်းပညာရေးရရှိစေခြင်း၊ အိမ်ရာ၊ တရားရေးကို လက်လှမ်းမီစေခြင်း၊ အစားအသောက်ပစ္စည်းများ ဝေပုံကျရရှိရေး၊ အလုပ်သမားဥပဒေနှင့် အများပြည်သူ သက်သာချောင်ချိမှုတို့နှင့်ပတ်သက်သည့် ကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ရာတွင် အခြားနိုင်ငံခြားသားများကဲ့သို့ပင် ဆက်ဆံခံရခြင်း။
- အခြားသော နိုင်ငံခြားသားများကဲ့သို့ပင် ပစ္စည်းဥစ္စာပိုင်ဆိုင်ရန် အခွင့်အရေးရှိခြင်း။
- အခြားသော နိုင်ငံခြားသားများကဲ့သို့ပင် အလုပ်အကိုင်နှင့် အဖွဲ့အစည်းဝင်ဖြစ်ခြင်းကဲ့သို့ စီးပွားရေး အခွင့်အရေးများ ရရှိစေခြင်း။
- အမျိုးသားလုံခြုံရေးနှင့် ပြည်သူ့ဘဝတည်ငြိမ်အေးချမ်းရေးကို ထိခိုက်ခြင်းအား ကာကွယ်ရန်မှအပ မည်သည့်အကြောင်းနှင့်မျှ နိုင်ငံမဲ့များကို ဖယ်ကြဉ်ဆက်ဆံခြင်း မပြုလုပ်သင့်ခြင်း။

၁၉၅၄ သဘောတူစာချုပ်တွင် အားနည်းချက်များရှိသည်ကို တွေ့ရှိရသလို နိုင်ငံမဲ့ဖြစ်နေသူများသည်လည်း ၎င်းတို့၏အခွင့်အရေးများ အပြည့်အဝ မရကြပါ။ ၎င်းတို့၏အခွင့်အရေးများသည် အခြားသော နိုင်ငံသားမဟုတ်သူများ၏ အခွင့်အရေးများနှင့် တူညီနေသောကြောင့် ဖြစ်သည်။ (နိုင်ငံသား မဟုတ်သူများကို နိုင်ငံခြားသား (Aliens) ဟု ထိုသဘောတူစာချုပ်က ဆိုသည်။) ၎င်းတို့နေထိုင်ရာ နိုင်ငံထဲတွင် မွေးဖွားကြီးပြင်းခဲ့သည့်တိုင်အောင် ထိုသူတို့ကို လူ့အဖွဲ့အစည်းဝင် မဟုတ်သူများကဲ့သို့ပင် သတ်မှတ်နေဆဲ ဖြစ်သည်။ ဤသဘောတူစာချုပ်သည် dejure နိုင်ငံမဲ့ဖြစ်နေသူများကိုသာ အသိအမှတ်ပြုသည်။ နောက်ဆုံးတွင် နိုင်ငံမဲ့ဖြစ်သူများ၏ အခွင့်အရေးများချိုးဖောက်ခံရလျှင် ထိုနိုင်ငံကို တစ်နည်းနည်းဖြင့် သတိပေးနိုင်သည်ကလွဲ၍ နိုင်ငံမဲ့သူများကို အကာအကွယ်ပေးနိုင်သည့် အစီအမံများမရှိပါ။

၁၉၆၁ ခုနှစ် သဘောတူစာချုပ်သည် နိုင်ငံမဲ့ဖြစ်သူများ တစ်ဦးတစ်ယောက်မျှ မရှိစေရန် လုပ်နည်းကိုင်နည်းများ ပေးအပ်ခြင်းဖြင့် နိုင်ငံမဲ့ဖြစ်ခြင်းကို လျှော့ချနိုင်ရန် ကြိုးစားသည်။

- မည်သည့်နိုင်ငံ၏ နိုင်ငံသားဖြစ်ခွင့်ကိုမျှ မရရှိဘဲ မွေးဖွားလာသော ကလေးတစ်ယောက်အတွက် ထိုကလေးကို မွေးဖွားခဲ့ရာ နိုင်ငံ၏ နိုင်ငံသားအဖြစ် ပေးအပ်ရမည်။
- သဘော်ပေါ်တွင် မွေးဖွားခဲ့သော ကလေးတစ်ဦးကို ထိုသဘော်ပိုင် နိုင်ငံ၏ နိုင်ငံသားအဖြစ်ကို ရရှိလိမ့်မည်။

- မိခင်နှင့်ဖခင် နှစ်ဦးစလုံးသည် ၎င်းတို့၏ နိုင်ငံသားအဖြစ်ကို ကလေးထံသို့ ပေးအပ်နိုင်သည်။
- လူတစ်ဦးသည် အခြားနိုင်ငံသားအဖြစ်ခံယူမှသာလျှင် လက်ရှိ နိုင်ငံသားဖြစ်ခြင်းကို ဆုံးရှုံးသွားမည်ဖြစ်သည်။
- လူမျိုး၊ တိုင်းရင်းသားမျိုးနွယ်စု သို့မဟုတ် ဘာသာရေးအခြေခံအပေါ် မူတည်၍ နိုင်ငံသားဖြစ်ခြင်းကို ဆုံးဖြတ်၍မရနိုင်ပါ။

၎င်သဘောတူစာချုပ် နှစ်ခုသည် နိုင်ငံမဲ့ဖြစ်သူများကို ကာကွယ်ပေးသော အရေးကြီးသည့် ဥပဒေမူဘောင် အစိတ်အပိုင်းတစ်ခုကို ပုံဖော်ပေးသည်။ ကံမကောင်းစွာပင် ထိုသဘောတူညီချက်များကို ကျယ်ကျယ်ပြန့်ပြန့် အတည်ပြုလက်မှတ်ရေးထိုးခြင်း မရှိခဲ့ပါ။ အရှေ့တောင်အာရှဒေသတွင် အတည်ပြုလက်မှတ်ထိုးမှု အတော်ပင်နည်းပါးသည်။ ဖိလစ်ပိုင်နိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် Convention Relating to the Status of Statelessness ကို အတည်ပြုလက်မှတ်ရေးထိုးသည့် တစ်ဦးတည်းသောနိုင်ငံဖြစ်ပြီး၊ ၂၀၁၁ ခုနှစ်ကမှ လက်မှတ်ရေးထိုးခဲ့သည်။ Convention on the Reduction of Statelessness ကို ဒေသအတွင်းရှိ အခြားမည်သည့်နိုင်ငံမျှ လက်မှတ်ရေးထိုးခဲ့ခြင်း မရှိပါ။

အခြားသောစာချုပ်များတွင်လည်း နိုင်ငံမဲ့ဖြစ်မှုကို အသိအမှတ်ပြုခဲ့သည်။ ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်တွင် ဒုက္ခသည်နှင့် နိုင်ငံမဲ့ဖြစ်သူ နှစ်မျိုးစလုံး အကျုံးဝင်သည်။ သို့သော် အချို့သော နိုင်ငံမဲ့ဖြစ်သူများ (အထူးသဖြင့် နိုင်ငံသားအဖြစ် ငြင်းပယ်ခြင်းခံရသော နိုင်ငံများအတွင်း နေထိုင်သူများ) သည် ဒုက္ခသည်များကို အကာအကွယ်ပေးသည့်အချက်များကို မတောင်းဆိုနိုင်ပါ။ ထို့ကြောင့် ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်နိုင်ရန် ၁၉၅၄ ခုနှစ် သဘောတူစာချုပ်ကို ပြန်သုံးရသည်။ CRC ၏ အပိုဒ် ၇ နှင့် ၈၊ CEDAW အပိုဒ် ၉၊ ICCPR ၏ အပိုဒ် ၂၄၊ ICERD ၏ အပိုဒ် ၅၊ ICRMW နှင့် CRPD တို့တွင် နိုင်ငံမဲ့ဖြစ်သူများကို ကာကွယ်ပေးခြင်းနှင့်ပတ်သက်၍ ဖော်ပြပေးထားသည်။

မှတ်သားဖွယ်ရာ

ထိရောက်သော နိုင်ငံသားဖြစ်မှု

နိုင်ငံသားဖြစ်မှုသည် လူတစ်ယောက်ကို နိုင်ငံသားပါဟု သက်သေပြ၍ရသော အထောက်အထားများကို ပိုင်ဆိုင်ထားရုံသက်သက်မဟုတ်ဘဲ၊ နိုင်ငံသားတစ်ဦးအနေနှင့် မျှော်လင့်နိုင်သော အခွင့်အရေးများနှင့် ကာကွယ်စောင့်ရှောက်မှုတို့အားလုံး ပါရရှိသင့်သည်။ ထိုအခွင့်အရေးများ မရှိလျှင် နိုင်ငံသားဖြစ်မှုသည် မထိရောက်ပါ။ ထိရောက်သော နိုင်ငံသားဖြစ်မှုဆိုသည့် အယူအဆကို Equal Rights Trust ဟုခေါ်သော လွတ်လပ်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုမှ အဆိုပြုခဲ့ခြင်း ဖြစ်သည်။ ယင်းအယူအဆကို ဥပဒေအရနှင့် လက်တွေ့အရ နိုင်ငံသားဖြစ်မှု အမျိုးအစားများအစား နိုင်ငံသား၏ အခွင့်အရေးများကို ပို၍ကောင်းမွန်စွာတိုင်းတာပေးနိုင်သော နည်းလမ်းတစ်ခုအဖြစ် အဆိုပြုခြင်း ဖြစ်သည်။ Equal Rights Trust က လူတစ်ဦးသည် ထိရောက်သော နိုင်ငံသားဖြစ် မဖြစ်ကို တိုင်းတာဆုံးဖြတ်နိုင်ရန် နည်းလမ်း (၅)ခုပါသော စမ်းသပ်မှုတစ်ခုပြုလုပ်ရန် ကမ်းလှမ်းခဲ့သည်။

၁။ နိုင်ငံသားတစ်ဦးအဖြစ် အသိအမှတ်ပြုခြင်း - လူတစ်ဦးသည် တရားဝင်နိုင်ငံသားအဖြစ်ကို ရရှိပါသလား။ (ဆိုလိုသည်မှာ သူသည် ဥပဒေနှင့်အညီ နိုင်ငံမဲ့ဖြစ်နေပါသလား)

၂။ နိုင်ငံတော်၏ကာကွယ်စောင့်ရှောက်ခြင်း - လူတစ်ဦးသည် မိခင်နိုင်ငံ၏ အကာအကွယ်ပေးမှုကို အထူးသဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေစဉ် ရရှိနိုင်ပါသလား။

၃။ နိုင်ငံသားပြုရန် သတ်မှတ်ထားသောအရည်အချင်း - နိုင်ငံသားပြုရေးတွင် လိုအပ်သော (အစိုးရက ထိန်းသိမ်းထားသော၊ အစိုးရက ထုတ်ပေးထားသော) စာရွက်စာတမ်းများကို လက်လှမ်းမီပါသလား။ ထိုလုပ်ငန်းအဆင့်ဆင့်အတွက် စာရွက်စာတမ်းများကို နိုင်ငံအတွင်း မှတ်ပုံတင်ထုတ်ပေးသည့် ဝန်ထမ်းများမှ တစ်ဆင့်လည်းကောင်း၊ ကောင်စစ်ဝန်မှတစ်ဆင့် သို့မဟုတ် နိုင်ငံတော်အစိုးရ အရာရှိများမှတစ်ဆင့် ရရှိနိုင်ခြင်းရှိပါသလား။

၄။ နေရပ်သို့ လုံခြုံစွာပြန်နိုင်သည့် အာမခံချက် - မိမိနိုင်ငံသားဖြစ်သော နေရပ်သို့ မိမိပြန်လေ့ရှိသော အရပ်သို့ ဘေးကင်းစွာ ပြန်နိုင်သည့် အာမခံချက်ရှိပါသလား။ သို့မဟုတ် နောက်ပြန်မဆုတ်နိုင်တော့သည့် ဘေးအန္တရာယ်ရှိနေပါသလား။ နေရပ်သို့ ပြန်ရန် တကယ်ဖြစ်နိုင်ပါသလား။

၅။ လူ့အခွင့်အရေးကို ခံစားရရှိခြင်း - မှတ်တမ်းမရှိခြင်း၊ နိုင်ငံသားမဟုတ်ခြင်း သို့မဟုတ် နိုင်ငံသားတစ်ယောက်အနေဖြင့် အသိအမှတ်မပြုခြင်းတို့က ထိုသူ၏လူ့အခွင့်အရေးအပေါ် ဆိုးဝါးသော အကျိုးသက်ရောက်မှုများ ရှိစေပါသလား။

၆.၅.၄ နိုင်ငံမဲ့ဖြစ်ခြင်း၏ အကြောင်းရင်းများ

အရှေ့တောင်အာရှဒေသတွင် လူတစ်ဦးသည် နိုင်ငံမဲ့ဖြစ်ရခြင်း အကြောင်းရင်း အမျိုးမျိုး ရှိသည်။

နယ်စပ် နှင့် ဖယ်ကျဉ်ခံ လူ့အဖွဲ့အစည်းငယ်များ

လူတစ်ဦးသည် အစိုးရတစ်ရပ်၏အုပ်ချုပ်မှုမှ ဝေးကွာသော နယ်စပ်ဒေသတစ်ခုတွင် နေထိုင်သည့်အခါ ထိုနေရာသည်အစိုးရနှင့် ပုံမှန်ဆက်သွယ်မှုနည်းပါးသဖြင့် နိုင်ငံမဲ့မှုများ ဖြစ်ပေါ်တတ်သည်။ ထိုဖြစ်ရပ်သည် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ် နယ်စပ်တလျှောက်ရှိတောင်ပေါ်နေ လူမျိုးစုများကြားတွင် ဖြစ်လေ့ရှိသည်။ မလေးရှားနိုင်ငံရှိ ဘော်နီယိုကျွန်းနှင့် နယ်နိမိတ်ဆက်စပ်နေသော ဒေသတွင် နေထိုင်ကြသည့် ဖိလစ်ပိုင်လူမျိုးများလည်း ကြုံကြရသည်။ ထိုကဲ့သို့ဖြစ်ရပ်များအပြားတွင် ထိုသူတို့သည် မွေးစာရင်းကို မပိုင်ဆိုင်ခြင်း သို့မဟုတ် ၎င်းတို့နေထိုင်ရာနေရာ သို့မဟုတ် မိဘများ၏ အခြေအနေကိုပြသသော အခြားအထောက်အထားများပင် မပိုင်ဆိုင်ခြင်းတို့ ရှိခဲ့ကြသည်။ အကျိုးဆက်မှာ ၎င်းတို့က မွေးလာသော ကလေးများပါ နိုင်ငံမဲ့ဖြစ်လာကြခြင်းဖြစ်သည်။

ရွှေ့ပြောင်းနေထိုင်ခြင်း

လူများသည် အချိန်အတော်ကြာခရီးသွားလာလျှင် သို့မဟုတ် မွေးရပ်မြေအပြင်ဘက်တွင် သားသမီးများ ရရှိခဲ့လျှင် ထိုပြဿနာများ ဖြစ်ပေါ်တတ်သည်။ ဥပမာ - အင်ဒိုနီးရှားနိုင်ငံတွင် ၎င်းတို့နိုင်ငံသားများ တိုင်းပြည်ပြင်ပတွင် ၅ နှစ်နှင့်အထက်နေလျှင် နိုင်ငံသားဖြစ်မှုကို ပြန်လည် ရုတ်သိမ်းသည့် ဥပဒေရှိသည်။ ထိုဥပဒေကို ၂၀၀၆ ခုနှစ်တွင် ပြန်လည်ရုတ်သိမ်းခဲ့ပြီး မလေးရှားနိုင်ငံတွင် ရောက်ရှိနေသော အင်ဒိုနီးရှား နိုင်ငံသား (၁)သိန်းကျော်ကို နိုင်ငံသားအဖြစ် လျှောက်ထားရန် ပြန်လည်ခွင့်ပြုခဲ့သည်။

ဖြစ်ရပ်အတော်များများတွင် နိုင်ငံ၏ပြင်ပတွင် နေထိုင်သော မိဘများက သားသမီးများကို နိုင်ငံသားဖြစ်ခွင့် ဆက်ပေး၍မရပါ။ ဥပမာ - အထောက်အထားမရှိသော ရွှေ့ပြောင်းအလုပ်သမားများမှ မွေးဖွားသော ကလေးတစ်ဦးသည် မွေးဖွားစဉ်တွင် မှတ်ပုံတင်နိုင်လျှင် ထိုကလေးသည် မူရင်းနိုင်ငံသို့ ပြန်သည့်အခါ ကလေး၏အမည်၊ မွေးဖွားသည့်နေ့နှင့် နေရာတို့ကို ပြသထားသော အထောက်အထားမရှိသဖြင့် နိုင်ငံသားဖြစ်ခွင့်ရရှိရန် အခက်အခဲများနှင့် ရင်ဆိုင်ရလိမ့်မည်။ ဤဖြစ်ရပ်သည် ထိုင်းနှင့် မလေးရှားနိုင်ငံတို့တွင်ရှိသော မြန်မာအလုပ်သမားများ၏ ကလေးများတွင် မကြာခဏဖြစ်ပွားသည်။ ထို့အပြင် ကလေးများသည် ဥပဒေအရမဟုတ်သော (defacto) နိုင်ငံမဲ့ဖြစ်နေခြင်းကြောင့် လုံခြုံရေးနှင့် ကုန်ကျစရိတ်ကြီးလွန်းသောကြောင့် ၎င်းတို့နိုင်ငံသို့ မပြန်နိုင်ဘဲ ဖြစ်ကြရသည်။

နိုင်ငံသားဖြစ်ခြင်းအား လွှဲပြောင်းခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း

အချို့အခြေအနေများတွင် တစ်စုံတစ်ဦးသည် နိုင်ငံသားဖြစ်မှုကို စွန့်လွှတ်ရန် အတင်းအကျပ် ဖိအားပေးခံခဲ့ရသည်။ သို့မဟုတ် နိုင်ငံသားဖြစ်မှုကို ပြောင်းလဲရန် ကြိုးစားစဉ်တွင် နိုင်ငံမဲ့ဖြစ်ရခြင်းဘဝသို့ ရောက်ကြရသည်။ ဥပမာ - အချို့နိုင်ငံများတွင် နိုင်ငံခြားသားတစ်ဦးနှင့် လက်ထပ်မှုကြောင့် နိုင်ငံသားဖြစ်သူဇနီးသည်ကို နိုင်ငံသားအဖြစ်မှ အတင်းအကျပ်စွန့်လွှတ်ခဲ့ရသည်။ ထိုအမျိုးသမီးများသည် အိမ်ထောင်ပျက်သောအခါတွင် ယခင်နိုင်ငံမှ နိုင်ငံသားဖြစ်မှုကို ပြန်မရနိုင်တော့ပါ။

အချို့နိုင်ငံများတွင် လူတစ်ဦးက နိုင်ငံခြားရွေးကောက်ပွဲတွင် ဝင်ရောက်မဲပေးလျှင် သို့မဟုတ် နိုင်ငံခြားစစ်တပ်သို့ ဝင်ရောက်အမှုထမ်းလျှင် ထိုသူ၏ နိုင်ငံသားဖြစ်ခွင့်ကို ချက်ချင်း ပယ်ဖျက်သည့် ဥပဒေများလည်း ရှိသည်။ အရှေ့တောင်အာရှဒေသရှိ ဗီယက်နမ်၊ စင်ကာပူ၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့တွင် နိုင်ငံသားတစ်မျိုးသာ ခံယူခွင့်ရှိသည်။ ထို့ကြောင့် လူတစ်ဦးသည် အခြားနိုင်ငံမှ နိုင်ငံသားဖြစ်ခွင့်ကို ယူခဲ့လျှင် မူရင်းနိုင်ငံသားဖြစ်ခြင်းကို စွန့်လွှတ်ရမည်ဖြစ်သည်။ အမှန်စင်စစ် အချို့ဖြစ်ရပ်များတွင် နိုင်ငံသစ်တွင် နိုင်ငံသားဖြစ်ခွင့်ကို မရရှိမီမူရင်း နိုင်ငံသားအဖြစ်ကို ဆုံးရှုံးရခြင်းလည်းရှိသည်။

မည်မျှသော မျိုးရိုးစဉ်ဆက် နိုင်ငံသားဆက်ခံခွင့်များ

အချို့နိုင်ငံများတွင် အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများသည် ၎င်းတို့၏ သားသမီး

များသို့ နိုင်ငံသား ပေးအပ်နိုင်သည့် အခွင့်အရေးမရှိပါ။ ယခုအခါ မလေးရှားတစ်နိုင်ငံတည်းတွင် အမျိုးသမီးက လက်ထပ်ထိမ်းမြားခြင်းမရှိဘဲ သားသမီးမွေးဖွားခဲ့လျှင် ထိုကလေးသည် မိခင်ထံမှ နိုင်ငံသားဖြစ်ခြင်းကို မရရှိနိုင်ပါ။ သို့သော် လွန်ခဲ့သော ၁၀ နှစ်ခန့်တွင် ဤကဲ့သို့ ဖြစ်ရပ်မျိုးကို အခြားသောနိုင်ငံ အများအပြားတွင်လည်း တွေ့နိုင်ပါသည်။ ကလေး၏မိခင်က နိုင်ငံသားအဖြစ်ကို မပေးအပ်နိုင်လျှင် သို့မဟုတ် ကလေးဖခင်၏ နိုင်ငံသားကို မတောင်းဆိုလျှင် ထိုကလေးသည် နိုင်ငံမဲ့ဖြစ်သွားနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဖခင်သည် ကလေးကို နိုင်ငံသားပေးရန် ရှိမနေခြင်း သို့မဟုတ် ၎င်း၏နိုင်ငံက ထိုသို့ပြုလုပ်ရန် ခွင့်မပြုခြင်းကြောင့် ဖြစ်နိုင်သည်။

အခြားအကြောင်းရင်းများ

နိုင်ငံမဲ့ဖြစ်ခြင်းသည် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်သည်။ နိုင်ငံ၏ အခြေအနေ အပြောင်းအလဲ၊ နိုင်ငံသားဖြစ်ခြင်းဆိုင်ရာ ဥပဒေများအပြောင်းအလဲ သို့မဟုတ် လူကုန်ကူးခံရခြင်း စသည်တို့အပေါ်မူတည်၍ လည်းဖြစ်နိုင်သည်။ စိတ်အနှောင့်အယှက်ဖြစ်စရာ အကြောင်းရင်း တစ်ခုမှာ ခွဲခြားဆက်ဆံခြင်းကြောင့် နိုင်ငံမဲ့ဖြစ်ခြင်း ဖြစ်သည်။ ထိုဖြစ်ရပ်များတွင် နိုင်ငံအဓိုးရသည် လူမျိုးစု သို့မဟုတ် ဘာသာရေးကြောင့် လူအုပ်စုတစ်စု၏ နိုင်ငံသားဖြစ်ခြင်းကို မကြာခဏ ဖယ်ရှားခြင်းပြုသည်။ ဤဖြစ်ရပ်ကို (အထက်တွင် ဖော်ပြထားသော) မြန်မာနိုင်ငံအနောက်ဘက်ရှိ မွတ်စလင် လူနည်းစုတစ်ခုဖြစ်သော ရိုဟင်ဂျာဖြစ်ရပ်တွင် တွေ့ရှိနိုင်ပြီး၊ ဘာသာရေးနှင့် လူမျိုးရေးကြောင့် ၎င်းတို့၏ နိုင်ငံသားဖြစ်ခြင်းမှ ပယ်ဖျက်ခြင်းခံခဲ့ရသည်။

၆.၅.၅ နိုင်ငံမဲ့ဖြစ်ခြင်းကို ဖယ်ရှားသည့် လုပ်ဆောင်ချက်များ

နိုင်ငံမဲ့ဖြစ်မှုပြဿနာကို ဖြေရှင်းရန် ပညာရှင်များနှင့် UNHCR ကဲ့သို့ အဖွဲ့အစည်းများက ဖော်ထုတ်ခဲ့သည့် နည်းလမ်း(၄)မျိုး ရှိပါသည်။ ထိုနည်းလမ်းများမှာ နိုင်ငံမဲ့များကို ဖော်ထုတ်ခြင်း၊ တားဆီးခြင်း၊ လျှော့ချခြင်းနှင့် ကာကွယ်ခြင်းတို့ ဖြစ်သည်။ နိုင်ငံမဲ့ဖြစ်နေသူများ၏ ထိခိုက်နစ်နာမှုများကို လျှော့ချရန်အတွက် ဆောင်ရွက်ရာတွင် နိုင်ငံအစိုးရများနှင့် NGO များက နည်းလမ်းတိုင်းတွင် ဝင်ရောက်ဆောင်ရွက်နိုင်သော လုပ်ငန်းအများအပြားပင်ရှိသည်။

ဖော်ထုတ်ခြင်း

နိုင်ငံမဲ့ဖြစ်နေသူများအား ပြန်လည်နေရာချထားရန်နှင့် လူဦးရေပမာဏကို ဆုံးဖြတ်ရန် အတွက် ဆောင်ရွက်ရမည့်အရာများ ရှိပါသည်။ နိုင်ငံအများစုသည် မိမိပိုင်နက်အတွင်း နိုင်ငံမဲ့ နေထိုင်သူများ မည်မျှရှိနေသည်ကို မသိကြပါ။ နိုင်ငံမဲ့ဖြစ်နေသူများသည် ၎င်းတို့သည် နိုင်ငံသား ဖြစ်မနေခြင်းကို ကြိုးစားပြီး ဖုံးကွယ်ထားကြသောကြောင့် ထိုသူတို့ကို ရေတွက်ပြီး နေရာချထားရန် ခက်ခဲလှသည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်က အရှေ့တောင်အာရှဒေသက အစိုးရများသည် နိုင်ငံမဲ့လူဦးရေကို သိရှိရန် ပထမဦးဆုံး စစ်တမ်းကောက်ရာတွင် နိုင်ငံမဲ့ဖြစ်သူ အရေအတွက်မှာ နည်းပါးသည်ကို တွေ့ခဲ့ရသည်။ သို့သော် လူအများအပြားသည် ၎င်းတို့နိုင်ငံမဲ့ဖြစ်နေသည့် အခြေအနေကို စစ်တမ်းကောက်ယူမှုတွင် ဖော်ပြလိုက်လျှင် ဖမ်းဆီးထိန်းသိမ်းခံရမည်စိုးရိမ်သဖြင့် အမှန်အတိုင်း မပြောကြကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။ NGO များနှင့် အစိုးရဌာနများသည် ထိုပြဿနာကို

ဖြေရှင်းရန် နိုင်ငံသားဖြစ်ခြင်း၏ အခွင့်အရေးများအကြောင်း အသိအမြင်တိုးပွားမြင့်မားလာစေရန် ဆွေးနွေးပွဲများနှင့် စစ်တမ်းကောက်ယူမှုများလုပ်ခဲ့ကြသည်။ စစ်တမ်း၏အကြောင်းအရာကို ပြောင်းလဲလိုက်သောအခါ (ဥပမာ - "သင်သည် နိုင်ငံမဲ့ဖြစ်သူလား" ဟုမေးမြန်းခြင်းထက် နိုင်ငံသားအဖြစ် လျှောက်ထားမှတ်ပုံတင်လျှင် အစိုးရက အခမဲ့ဝန်ဆောင်မှုများကို ပေးသွားမည်ဖြစ်ကြောင်း၊ ဖဖ်းဆီးချုပ်နှောင်ခြင်းမရှိကြောင်း ရှင်းပြကာ မေးမြန်းမည်ဆိုလျှင်) နိုင်ငံမဲ့ဖြစ်သူ အရေအတွက်သည် သိသိသာသာ များပြားလာမည်ဖြစ်သည်။ အရှေ့တောင်အာရှဒေသတွင် လာအို၊ ဗီယက်နမ်တို့တွင် နိုင်ငံသားဆိုင်ရာ ဥပဒေများ၌ နိုင်ငံမဲ့သူများကို အသိအမှတ်ပြုပြီး ၎င်းတို့ကို နိုင်ငံသားဖြစ်ရန် ကြိုးပမ်းဆောင်ရွက် ပေးမည်ဟုပါရှိကြသည်။ နိုင်ငံမဲ့ဖြစ်မှု အခြေအနေကို တရားဝင်ဆောင်ရွက်ခြင်းသည် နိုင်ငံမဲ့များကို ဖော်ထုတ်ရန်လွယ်ကူပြီး နောက်ဆက်တွဲ ကာကွယ်စောင့်ရှောက်မှုများကို တရားဝင်ဖြစ်သွားစေသည်။

တားမြစ်ခြင်း

ဤနည်းလမ်းသည် နိုင်ငံမဲ့ဖြစ်ခြင်းကို တားဆီးရန် ပထမဆုံး လုပ်ဆောင်ချက်ဖြစ်ပြီး ဥပဒေများကိုပြောင်းလဲခြင်း၊ ကလေးများအား မှတ်ပုံတင်ပေးခြင်း သို့မဟုတ် နိုင်ငံသားပေးခြင်းတို့ဖြင့် နိုင်ငံမဲ့မဖြစ်စေရန် လုပ်ဆောင်ခြင်းတို့ ပါဝင်သည်။ အရှေ့တောင်အာရှနိုင်ငံ အများစုသည် နိုင်ငံသားဆိုင်ရာ ဥပဒေများကို ပြောင်းပေးခြင်းဖြင့် ဤကဏ္ဍတွင် တတ်ကြွစွာ လုပ်ဆောင်ကြသည်။ ဥပမာ (၂၀၀၆-၂၀၀၉ ခုနစ်အကြားတွင်) အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့တွင် ၎င်းတို့၏ နိုင်ငံသားဆိုင်ရာဥပဒေများကို ပြောင်းလဲခဲ့ခြင်းလည်းပါဝင်ပြီး အပြည်ပြည်ဆိုင်ရာ မွေးစာရင်းရရှိရေး အခွင့်အရေးနှင့် မိဘများမှတစ်ဆင့် နိုင်ငံသားဖြစ်ရေးတွင် ကျား၊ မ တန်းတူညီမျှရေးကိုလည်း ထည့်သွင်းခဲ့သည်။ ဗီယက်နမ်တွင် နိုင်ငံသားဆိုင်ရာ ဥပဒေကို ၂၀၀၈ ခုနစ်တွင် ပြန်လည်ပြင်ဆင်ခဲ့သည်။ ထို့ကြောင့် နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ခဲ့သော အချို့ဗီယက်နမ် နိုင်ငံသားများကို နိုင်ငံသားအဖြစ် ပြန်လည်အတည်ပြုပေးခဲ့သည်။ နိုင်ငံခြားသားများကို လက်ထပ်ခဲ့၍ နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ခဲ့သော ဗီယက်နမ်အမျိုးသမီးများသည်လည်း ဗီယက်နမ်နိုင်ငံသား ပြန်လည်ရရှိခဲ့သည်။ အင်ဒိုနီးရှားတွင်လည်း နိုင်ငံသားဆိုင်ရာဥပဒေကို ၂၀၀၆ ခုနှစ်တွင် ပြင်ဆင်ခဲ့ပြီး ယခင်က နိုင်ငံသားအဖြစ် ပေးအပ်ခြင်းမရှိခဲ့သော ဌာနေလူမျိုးစုငယ်တစ်စုကို အသိအမှတ်ပြုပေးခဲ့သည်။ ပြီးနောက် နိုင်ငံပြင်ပတွင် ကြာရှည်ရှိနေသောအင်ဒိုနီးရှားများလည်း နိုင်ငံသားအဖြစ် ပြန်လည်ရရှိခဲ့ကြသည်။ ထို့အပြင် နိုင်ငံအပြင်ဘက်တွင် နိုင်ငံသားဆုံးရှုံးသည်အထိ ကာလကြာရှည်စွာ နေထိုင်ခဲ့သော အင်ဒိုနီးရှား လူမျိုးများကိုလည်း နိုင်ငံသားအဖြစ် ပြန်လည်ပေးအပ်ခဲ့သည်။ မလေးရှား ဥပဒေတွင်လည်း နိုင်ငံသားမရှိသော မလေးရှားမိခင်မှမွေးသော ကလေးသည် နိုင်ငံသားခံယူခွင့် ရရှိခဲ့သည်။ ထိုဒေသအတွင်းရှိ နိုင်ငံများအားလုံးသည် အပြည်ပြည်ဆိုင်ရာ မွေးစာရင်းမှတ်တမ်းကို ၎င်းတို့နိုင်ငံအတွင်း မွေးသော ကလေးများအားလုံးအတွက် မိဘများ အထောက်အထားရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ထုတ်ပေးသည်။

အသိပညာပေးခြင်းသည် ကာကွယ်တားဆီးမှုတွင် အရေးကြီးသည့်ကဏ္ဍ ဖြစ်သည်။ ထို့ကြောင့် အရှေ့တောင်အာရှဒေသရှိ အစိုးရများ၊ NGO များနှင့် ပညာရှင်များ ပူးပေါင်းပြီး ထိုဒေသအတွင်း နိုင်ငံမဲ့သူများနှင့်ဆိုင်သော သတင်းအချက်အလက်များကို ဖြန့်ဝေပေးကြသည်။ ထိုလုပ်

ငန်းစဉ်သည် ပြည်သူများကို သတင်းအချက်အလက်ပေးခြင်းသာမက နိုင်ငံမဲ့ဖြစ်ရသူများအကြောင်းကို ပိုမိုနားလည်လာစေရန် ဖြစ်သည်။

သာဓက

ထိုင်းနိုင်ငံရှိ တောင်ပေါ်နေ တိုင်းရင်းသားလူမျိုးစုများအကြောင်း စစ်တမ်းကောက်ခြင်း

Good Practices Addressing Statelessness in Southeast Asia ခေါင်းစဉ်ဖြင့် UNHCR မှ ထုတ်ဝေသော အစီရင်ခံစာတစ်စောင်တွင် ၂၀၀၅ ခုနှစ် နှင့် ၂၀၀၆ ခုနစ်ကြားတွင် ထိုင်းနိုင်ငံ၏ လူမှုဖွံ့ဖြိုးရေးနှင့် လူသားလုံခြုံရေးဌာနနှင့် UNESCO တို့မှ ကောက်ယူခဲ့သော ထိုင်းနိုင်ငံရှိ တောင်ပေါ်နေ လူမျိုးစုများ၏ စစ်တမ်းတစ်ခုအကြောင်းကို ဆွေးနွေးထားသည်။ ထိုစစ်တမ်းသည် ချင်းမိုင်၊ ချင်းရိုင်နှင့် မဲဟောင်ဆောင် ဒေသများရှိ ကျေးရွာ ၁၉၂ ရွာရှိ အိမ်ထောင်စု ၁၂၀၀ မှ လူပေါင်း ၆၅၀၀၀ အကြောင်း ဖြစ်သည်။ အစီရင်ခံစာတွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

ထိုစစ်တမ်းက တောင်ပေါ်နေတိုင်းရင်းသားများအကြားတွင် နိုင်ငံသားမဟုတ်သူများ ရှိနေပြီး၊ ဖြေဆိုသူများ၏ (၃၈)ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံသားမဟုတ်ကြပါ။ တရားဥပဒေအရ ကန့်သတ်ချက်များအပြင် (ဥပမာ - နိုင်ငံသားမဟုတ်သူများသည် ရွေးကောက်ပွဲများတွင် မဲမထည့်နိုင်ပါ။) နိုင်ငံသားမဟုတ်သူများမှာ အစိုးရမှပေးသော အခြေခံဝန်ဆောင်မှုများကိုရရှိရန် ကြိုးပမ်းစဉ်တွင်လည်း အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်ဟု ၎င်းစစ်တမ်းမှ ထောက်ပြခဲ့သည်။ ထိုင်းနိုင်ငံသားများနှင့် နှိုင်းယှဉ်လျှင် နိုင်ငံသား မဟုတ်သူများ၏ ၉၉% သည် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုကို မရရှိပါ။ ၂၅%က ကြွေးမြီယူနိုင်ရန် လက်လှမ်းမမီပါ။ ပညာရေးနှင့်ပတ်သက်ပြီး နိုင်ငံသားမဟုတ်သူများ၏ ၇၃% သည် မူလတန်းကျောင်းများသို့ မတက်ရောက်နိုင်ပါ။ ၉၈% သည် အဆင့်မြင့်ပညာသို့ မတက်လှမ်းနိုင်ပါဟု ထိုစစ်တမ်းတွင် ဖော်ပြထားပါသည်။ အထက်ပါအခြေအနေများကို တွေ့မြင်ရလင့်ကစား မျိုးဆက်သစ် တောင်ပေါ်နေထိုင်းရင်းသားများ၏ ပညာရေးအခြေအနေများမှာ တဖြည်းဖြည်းခြင်း တိုးတက်လာသည်ကို တွေ့ရသည်။

လျှော့ချခြင်း

ထိုလုပ်ငန်းစဉ်များမှာ နိုင်ငံမဲ့ဖြစ်နေသူများကို နိုင်ငံသားအဖြစ်ပေးအပ်ရန် ရည်ရွယ်ပါသည်။ ထိုလုပ်ငန်းများကို နယ်စွန်နယ်ဖျားရှိ ကလေးများကို မွေးစာရင်းများရရှိစေရန် ရွှေ့လျားဝန်ဆောင်မှုလုပ်ငန်းများတွင် စာရင်းပေးသွင်းခြင်းလည်းကောင်း၊ နိုင်ငံသားအဖြစ် မှတ်ပုံတင်ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးနိုင်ပါသည်။ ထိုလုပ်ငန်းများတွင် နိုင်ငံသားဖြစ်ခွင့် ဆုံးရှုံးသွားသူများအား နိုင်ငံသားပြန်လည်ပေးအပ်ရန် ဥပဒေများကို ပြောင်းလဲခြင်းလည်း ပါဝင်သည်။ ကမ္ဘောဒီးယား နိုင်ငံ၏ နိုင်ငံလုံးဆိုင်ရာ မွေးစာရင်းကောက်ယူခြင်း လှုပ်ရှားမှုသည် ရိုးရှင်းသော လုပ်ထုံးလုပ်နည်းများသုံးခြင်းအားဖြင့် လူအများထံရောက်ရှိ ကျယ်ပြန့်အောင် ဆောင်ရွက်ပြီး နိုင်ငံမဲ့လူဦးရေကို လျှော့ချရန် ကြိုးပမ်းသည့် နမူနာကောင်းတစ်ခု ဖြစ်သည်။

ကာကွယ်ပေးခြင်း

နိုင်ငံမဲ့ဖြစ်နေသူများသည်လည်း ၎င်းတို့၏လူ့အခွင့်အရေးကို အပြည့်အဝ ရသင့်သည်။ နိုင်ငံတော်အဆင့် လူ့အခွင့်အရေး အကာအကွယ်ပေးရေးအဖွဲ့အစည်း (ဥပမာ - အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ ရဲတပ်ဖွဲ့၊ အစိုးရဝန်ကြီးဌာနများ) တို့က နိုင်ငံမဲ့သူများအား အသိအမှတ်ပြုပေးခြင်း၊ ၎င်းတို့နှင့်အတူတွဲလျက် ကူညီပေးခြင်းဖြင့်လည်း အောင်မြင်နိုင်သည်။ နိုင်ငံမဲ့ဖြစ်နေသူများ၏ အခွင့်အရေးများကို ကာကွယ်ပေးရာတွင် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများကိုပါ လက်လှမ်းမီစေရန် လုပ်ဆောင်ပေးရမည် ဖြစ်သည်။ ထိုသူတို့တွင် ခရီးသွားခွင့် သို့မဟုတ် အခြေခံဝန်ဆောင်မှုများရရှိရန် အထောက်အထား ကတ်ပုံစံတစ်မျိုးမျိုး ရှိရမည်ဖြစ်သည်။ နယ်ပယ် အများအပြားတွင် နိုင်ငံမဲ့သူများ၏ အခွင့်အရေးများကို ကာကွယ်မှုအားနည်းနေသေးသော်လည်း လွန်ခဲ့သော ဆယ်စုနှစ်ကျော်အတွင်း တိုးတက်မှုအချို့လည်း ရှိခဲ့သည်။ နိုင်ငံမဲ့ဖြစ်သူများသည် ဝန်ထုပ်ဝန်ပိုးဖန်တီးနေသူများမဟုတ်ကြပဲ ၎င်းတို့ကို နိုင်ငံသားများအဖြစ် အသိအမှတ်ပြုပေးလိုက်ခြင်းက နိုင်ငံအတွက် ကောင်းကျိုးများစေသည်ကို နိုင်ငံအစိုးရများ နားလည်သဘောပေါက်လာသောကြောင့် ဖြစ်သည်။

က။ အနှစ်ချုပ်နှင့်အဓိကအချက်များ

နိုင်ငံသားမဟုတ်သူများနှင့် ၎င်းတို့၏အခွင့်အရေးများ

လူတို့သည် မိခင်နိုင်ငံ၏ပြင်ပတွင် နေထိုင်နေရသောအခါ သို့မဟုတ် မည်သည့်နိုင်ငံကမျှ နိုင်ငံသားအဖြစ် အသိအမှတ်မပြုကြသောအခါ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို များစွာအကာအကွယ်မဲ့ကြသည်။ အချို့ဖြစ်ရပ်များတွင် နိုင်ငံမဲ့သူများ၏ လူ့အခွင့်အရေးကို အသိအမှတ်ပြုရန် ကြီးမားသောစိန်ခေါ်မှုများ ရှိနေသော်လည်း ထိုလူ့အခွင့်အရေးများကသာလျှင် ၎င်းတို့အတွက် တစ်ခုတည်းသော ဥပဒေအကာအကွယ် ဖြစ်သည်။ အရှေ့တောင်အာရှဒေသတွင်းရှိ နိုင်ငံအများစုသည် ရွှေ့ပြောင်းနေထိုင်သူများ၊ ဒုက္ခသည်များ၊ နိုင်ငံမဲ့များနှင့် ရွှေ့ပြောင်းအလုပ်သမားများ ရင်ဆိုင်ရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ခြိမ်းခြောက်ခံရမှုများကို လစ်လျူရှုရန် သို့မဟုတ် အနည်းဆုံး ဖုံးကွယ်ရန် ကြိုးစားသည်။ ထိုသို့အားနည်းချည့်နဲ့သည့် အနေအထားတွင် အကာအကွယ်ရရန် နိုင်ငံသားမဟုတ်သူတို့အနေဖြင့် အထူးအခွင့်အရေးများ ရှိပါသည်။

အသုံးအနှုန်းများ

'နိုင်ငံသားမဟုတ်သူ' ဆိုသည့် အသုံးအနှုန်းသည် နိုင်ငံတစ်နိုင်ငံတွင် နေထိုင်ပြီး ထိုနိုင်ငံမှ နိုင်ငံသားမဖြစ်သူကို ရည်ညွှန်းသည်။ ထိုအသုံးအနှုန်းမှာ ထိုနိုင်ငံမှ အခွင့်အရေးနှင့် အကာအကွယ်ကို မရရှိနိုင်သော လူအမျိုးအစားအားလုံးအတွက် အကျုံးဝင်ပါသည်။ ရွှေ့ပြောင်းသွားလာခြင်းတွင် သတ်မှတ်ထားသော အထောက်အထားဖြင့် သတ်မှတ်ထားသော လမ်းကြောင်းမှ ခရီးသွားလာလျှင် ပုံမှန်ဟု ဆိုနိုင်သည်။ ပုံမှန်မဟုတ်ခြင်း ဆိုသည်မှာ လိုအပ်သော အထောက်အထားများမရှိခြင်း၊

သတ်မှတ်ထားသော လမ်းကြောင်းများကို ရှောင်ရှားသွားလာခြင်းဖြစ်ပြီး သို့မဟုတ် အတင်းအကျပ် ဖိအားပေးခံရသောကြောင့် ရွှေ့ပြောင်းရခြင်း ကမူ တစ်စုံတစ်ဦးသည် စစ်ပွဲများကြောင့် သို့မဟုတ် အကြမ်းဖက်ခြိမ်းခြောက်မှုကြောင့် ၎င်း၏နိုင်ငံမှ မဖြစ်မနေထွက်ခွာရခြင်းဟု အဓိပ္ပာယ်ရသည်။ ရွှေ့ပြောင်းသွားလာသူများသည် အထောက်အထားရှိသူလည်းဖြစ်နိုင်သလို အထောက်အထား မရှိသူလည်း ဖြစ်နိုင်သည်။ အထောက်အထားရှိသူတွင် မှန်ကန်သော စာရွက်စာတမ်းများရှိပြီး အထောက်အထားမရှိသူတွင် လိုအပ်သောစာရွက်စာတမ်းများမရှိပါ။ နိုင်ငံတစ်နိုင်ငံတွင်းသို့ဝင် ရောက်သောအခါ မည်သည့်ဥပဒေကိုမှ ချိုးဖောက်ခြင်းဘဲ ဝင်ရောက်လာသူများကိုနိုင်ငံ အစိုးရ များက တရားဝင် ရွှေ့ပြောင်းနေထိုင်သူများဟု ခေါ်ဝေါ်သည်။ တရားမဝင်ဆိုသည့် အသုံးအနှုန်းကို သုံးသောအခါ ထိုသူတို့သည် နိုင်ငံအတွင်းသို့ ဝင်ရောက်သောအခါ ဥပဒေကို ချိုးဖောက်ပြီးဝင်ရောက် လာသည်ဟု ဆိုလိုသည်။ တရားမဝင်သူများဟု သုံးနှုန်းလိုက်သောအခါ ထိုသူတို့သည် ရာဇဝတ်မှု များတွင် ပါဝင်ပတ်သက်ခဲ့သူများသဖွယ် ယူဆနိုင်ပြီး ဖမ်းဆီးခြင်းခံရနိုင်သည်။ သို့သော် တစ်ခါတစ်ရံ တွင် အစိုးရများသည် တရားဝင်စာရွက်စာတမ်းပြုလုပ်ရာတွင် ခက်ခဲအောင်ပြုလုပ်ခြင်း သို့မဟုတ် အကုန်အကျများ အောင်ပြုလုပ်ထားခြင်းတို့ကြောင့် ရွှေ့ပြောင်းနေထိုင်သူများသည် ရွေးချယ်စရာ မရှိကြဘဲ အထောက်အထားမရှိသူအဖြစ် ရောက်ကြရသည်။

ရွှေ့ပြောင်းနေထိုင်ခြင်း

အရှေ့တောင်အာရှဒေသအတွင်း ရွှေ့ပြောင်းနေထိုင်ကြသည့် ရှည်လျားသော သမိုင်း ကြောင်းတစ်ခုရှိသည်။ အရှေ့တောင်အာရှဒေသတွင် လူများရွှေ့ပြောင်းနေထိုင်ခြင်းသည် အလွန် အားကောင်းပြီး အတားအဆီးမရှိသော နယ်စပ်များ၊ မညီမျှသော စီးပွားရေးတိုးတက်ခြင်းနှင့် စစ်ပွဲများကြောင့် နေရပ်ဒေသကို စွန့်ခွာထွက်ပြေးရခြင်းကြောင့် ဖြစ်သည်။ ဒေသတွင်း လူများ ရွှေ့ပြောင်းမှုကြီးမားပြီး ဒေသတွင်းမှ အရှေ့အလယ်ပိုင်းနှင့် အရှေ့အာရှဒေသရှိ နိုင်ငံများသို့လည်း ရွှေ့ပြောင်းကြသည်။ ရွှေ့ပြောင်းနေထိုင်သူများကို အကာအကွယ်ပေးမှုအားနည်းပြီး ဒေသဆိုင်ရာ ဥပဒေများမရှိသဖြင့် အရှေ့တောင်အာရှဒေသအတွင်း နိုင်ငံသားမဟုတ်သူများကို ခွဲခြားဆက်ဆံ ခြင်းသည် နိုင်ငံတိုင်းတွင် ရှိသည်။ နိုင်ငံသားမဟုတ်သူများကို အကာအကွယ်ပေးသော နိုင်ငံတကာ ဥပဒေများတွင်လည်း လစ်ဟာချက်များ ရှိနေသည်။ အကြောင်းရင်းမှာ နိုင်ငံသားမဟုတ်သူများကို ဖော်ထုတ်ရန်နှင့် အမျိုးအစားခွဲခြားနိုင်ရန် ရှင်းလင်းသောဥပဒေများမရှိခြင်း ဖြစ်သည်။ ထိုသူများ သည် ကာကွယ်စောင့်ရှောက်မှု လိုအပ်နေပြီး အစိုးရများကမူ အထောက်အထားမရှိသူ အားလုံးကို တရားမဝင် နေထိုင်သူများအဖြစ် သတ်မှတ်ချင်သည့်မူဘက်သို့ ယိမ်းတတ်ကြသည်။

ဒုက္ခသည်များ

ဒုက္ခသည်များ ဆိုသည်မှာ ၁၉၅၁ ခုနှစ်တွင် ချုပ်ဆိုခဲ့သော ဒုက္ခသည် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသောနိုင်ငံများမှ အကာအကွယ်ကို ရှာဖွေကြသူများဖြစ်သည်။ ဒုက္ခသည်ဟု ဆိုရာတွင် လူမျိုး၊ ဘာသာရေး၊ နိုင်ငံရေးအယူအဆ၊ နိုင်ငံသားဖြစ်ခြင်း သို့မဟုတ် လူမှုအစုအဝေး တစ်ခု အဖွဲ့ဝင်ဖြစ်ခြင်းကိုအကြောင်းပြု၍ အစိုးရက နှိပ်စက်ညှဉ်းပန်းခြင်းကို ခံစားရသူ ဟူသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီရမည်။ ဒုက္ခသည်အဖြစ် ခိုလှုံရန် ကြိုးစားသူတစ်ဦးက မိမိမှာ

ဒုက္ခသည်ဖြစ်ကြောင်း ကြေညာလိုက်သောအခါ ထိုသူကို သက်ဆိုင်ရာနိုင်ငံက ဒုက္ခသည် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီခြင်းရှိ မရှိ စစ်ဆေးဆုံးဖြတ်သည့် လုပ်ငန်းအဆင့်ဆင့်က အဆုံးအဖြတ်ပေးပြီးသည်အထိ ထိုသူတို့ကို ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်က ပေးအပ်ထားသော ကာကွယ်စောင့်ရှောက်မှုကို ပေးရမည်။ ဒုက္ခသည်အခွင့်အရေးများတွင် အခြေခံလိုအပ်ချက်များ၊ ဥပဒေအရ ရရှိနိုင်မည့်အကာအကွယ်နှင့် အလုပ်လုပ်ခွင့်တို့ ပါဝင်သည်။ အရေးအကြီးဆုံး အကာအကွယ်ပေးရမည့်အချက်မှာ ထွက်ပြေးလာသောနေရာသို့ ဒုက္ခသည်တစ်ဦးကို ၎င်း၏ဆန္ဒမပါဘဲ အတင်းအကျပ် ပြန်မပို့ရခြင်း ဖြစ်သည်။ အထက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီနေသော်လည်း အခြားနိုင်ငံတစ်ခုသို့ မထွက်ခွာသွားနိုင်သူကို ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းရသူ (IDP) ဟု ခေါ်သည်။

အရှေ့တောင်အာရှတွင် ဒုက္ခသည် အုပ်စုနှစ်စု ရှိသည်။ ဒေသအပြင်ဘက် တောင်အာရှနှင့် အာဖရိကမှလာသော မြို့နေဒုက္ခသည်များနှင့် မလေးရှားနှင့် ထိုင်းနိုင်ငံတွင်ရှိသော မြန်မာများအဓိကပါဝင်သည့် ဒေသအတွင်းမှ ဒုက္ခသည်တို့ ဖြစ်သည်။ ဒုက္ခသည်များကို အခြေအနေနှစ်ရပ်တွင် တွေ့ရှိနိုင်သည်။ ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်ရှိ ဒုက္ခသည်စခန်းရှိ ဒုက္ခသည်များနှင့် ဒေသအပြင်ဘက်မှလာသူ အများဆုံးပါဝင်သော ဘန်ကောက်၊ ကွာလာလမ်ပူနှင့် ဂျကာတာကဲ့သို့ မြို့ပေါ်တွင်ရှိနေသော မြို့နေဒုက္ခသည်များဖြစ်သည်။ ၎င်းတို့သည် တတိယနိုင်ငံတွင် ပြန်လည်အခြေချနေထိုင်ရန် မျှော်လင့်ချက်ဖြင့် UNHCR က အသိအမှတ်ပြုမှုကိုရရန် စောင့်ဆိုင်းနေခြင်းဖြစ်သည်။

ဒုက္ခသည်ဆိုင်ရာ အဖွဲ့အစည်းများ

UNHCR သည် ဒုက္ခသည်များအရေးကို ဆောင်ရွက်ပေးသော ကုလသမဂ္ဂအဖွဲ့အစည်းဖြစ်သည်။ UNHCR သည် ဒုက္ခသည်များအား အကာအကွယ်ပေးခြင်း၊ အကူအညီများပေးခြင်းနှင့် အခက်အခဲများကို ဖြေရှင်းပေးခြင်း စသည်တို့ကို လုပ်ဆောင်ရန် တာဝန်အပ်နှင်းခံရသည်။ UNHCR သည် ဒုက္ခသည်နှင့်တူနေသော အခြေအနေတွင် နေထိုင်ရသောသူများ၊ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများ၊ နိုင်ငံမဲ့ဖြစ်နေသူများ၊ မူရင်းနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသူများနှင့် အခြားစိုးရိမ်ရသောသူများကို အကူအညီပေးရန် အခွင့်အာဏာရှိသည်။ ထိုသူများကို ရွှေ့ပြောင်းအခြေချပေးခြင်း၊ နေရပ်သို့ပြန်လည်ပို့ဆောင်ပေးခြင်းစသည့် ရေရှည်ကောင်းကျိုးဖြစ်စေမည့် ဖြေရှင်းနည်းများကိုလည်း ရှာဖွေပေးသည်။ ဒုက္ခသည်များအတွက် ကျယ်ပြန့်သော ဝန်ဆောင်မှုလုပ်ငန်းများပေးခြင်း၊ ဥပဒေနှင့်ပတ်သက်သည့် အကူအညီများပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်မှုများပြုလုပ်ကြခြင်းအစရှိသည် တို့ကိုဆောင်ရွက်ကြသည့် ဒေသခံ NGO များကဲ့သို့ အရပ်ဘက် လူအဖွဲ့အစည်းများလည်း ရှိသည်။

နိုင်ငံမဲ့ဖြစ်ခြင်း

နိုင်ငံမဲ့ဖြစ်ခြင်းဆိုသည်မှာ မည်သည့်နိုင်ငံကမျှ လူတစ်ဦးကို ၎င်းတို့၏ ဥပဒေများအရ နိုင်ငံသားတစ်ဦးအဖြစ် မသတ်မှတ်ခြင်းဖြစ်သည်။ နိုင်ငံမဲ့ဖြစ်သူများ၏ဘဝတွင် အခွင့်အရေးချိုးဖောက်မှုများကို နည်းလမ်းများစွာဖြင့် ရင်ဆိုင်ရသည်။ ဥပမာ - အစိုးရဝန်ဆောင်မှုများကို

လက်လှမ်းမမီခြင်းနှင့် လုံခြုံရေးကိုခြိမ်းခြောက်ခံရမှုများဖြင့် ကြုံတွေ့ရခြင်းဖြစ်သည်။ မကြာသေးခင်ထိ နိုင်ငံမဲ့ဖြစ်သူများ၏ ပြဿနာများသည် လစ်လျူရှုခြင်း ခံခဲ့ရသည်။ လူတစ်ဦးသည် မိဘများမှတစ်ဆင့် ဖြစ်စေ၊ မွေးဖွားရာအရပ်ဖြစ်ခြင်း၊ လက်ထပ်ထိမ်းမြားခြင်း၊ နိုင်ငံသားပြုခွင့်ရခြင်းတို့မှတစ်ဆင့် နိုင်ငံသားအဖြစ် ရရှိနိုင်သည်။ အရှေ့တောင်အာရှရှိနိုင်ငံအများစုသည် လက်ထပ်ထိမ်းမြားခြင်းနှင့် နိုင်ငံသားအဖြစ် လျှောက်ထားခြင်းတို့အားဖြင့် နိုင်ငံသားဖြစ်ခွင့်ကို ပေးသော်လည်း စည်းကမ်းချက်များမှာ ခက်ခဲပြီးကုန်ကျစရိတ် ကြီးမားသည်။ ဥပဒေအရ (Dejure) နိုင်ငံမဲ့ဖြစ်ခြင်း ဆိုသည်မှာ လူတစ်ဦးသည် ဥပဒေအရ နိုင်ငံသားဖြစ်ခွင့်မရှိခြင်းဟု ခေါ်သည်။ လက်တွေ့အရ (Defacto) နိုင်ငံမဲ့ဖြစ်ခြင်း ဆိုသည်မှာ နိုင်ငံသားတစ်ဦးဖြစ်ရန် ဥပဒေအရ နိုင်ငံသားဟု မသတ်မှတ်ထားသော်လည်း ပြဋ္ဌာန်းထားသော ဥပဒေများအရ နိုင်ငံသားဖြစ်လာရန် အရည်အချင်း ပြည့်နေသူဟု ဆိုလိုသည်။

နိုင်ငံမဲ့ဖြစ်ခြင်းဆိုင်ရာ သဘောတူစာချုပ်

နိုင်ငံမဲ့ဖြစ်ခြင်းဆိုင်ရာ သဘောတူစာချုပ်နှစ်ခုမှာ နိုင်ငံမဲ့ဖြစ်ခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပေးထားသည့် ၁၉၅၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော Convention Relating to the Status of Stateless Persons နှင့် နိုင်ငံမဲ့ဖြစ်ခြင်းကို လျှော့ချရန် အစိုးရများအား နည်းလမ်းအမြောက်အများကို ပေးထားသည့် ၁၉၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော Convention on the Reduction of Statelessness တို့ဖြစ်သည်။ နိုင်ငံမဲ့ဖြစ်ခြင်းကို ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်၊ CRC၊ CEDAW နှင့် ICCPR ကဲ့သို့ အခြားစာချုပ်များတွင်လည်း အသိအမှတ်ပြုထားသည်။

နိုင်ငံမဲ့ဖြစ်ခြင်း အကြောင်းရင်းများနှင့် ဖြေရှင်းချက်များ

အစိုးရတစ်ရပ်၏ အုပ်ချုပ်မှုနှင့် ဝေးကွာလွန်းသော နယ်စပ်များနှင့် အစိုးရနှင့်ပုံမှန် ဆက်သွယ်မှုမရှိသော နေရာများတွင် နေထိုင်သောသူများသည် နိုင်ငံမဲ့ဖြစ်လာနိုင်သည်။ အခြိန်ကြာစွာ ခရီးသွားနေလျှင် သို့မဟုတ် မိခင်နိုင်ငံ၏ပြင်ပတွင် သားသမီးမွေးဖွားထားလျှင် ထိုသူများသည် နိုင်ငံမဲ့ဖြစ်နိုင်သည်။ သို့မဟုတ် နိုင်ငံသားတစ်ခုမှ တစ်ခုသို့ ကူးပြောင်းသည့်အခါတွင်လည်း မိခင်နိုင်ငံသား ပျောက်ဆုံးနိုင်သည်။ မိခင်မှ ဂင်း၏နိုင်ငံသားဖြစ်မှုကို သားသမီးသို့ ပေး၍မရသည့် အခါ ထိုမညီမျှသော မျိုးရိုးဆင်းသက်မှုဆိုင်ရာ အခွင့်အရေးကြောင့် နိုင်ငံမဲ့ဖြစ်နိုင်သည်။ နောက်ဆုံးတွင် လူများသည် ခွဲခြားဆက်ဆံခြင်းခံရသဖြင့် ဂင်းတို့၏ နိုင်ငံသားဖြစ်ခြင်း ပျောက်ဆုံးနိုင်သလို အစိုးရများက လူနည်းစုလူမျိုးတစ်ခုကို နိုင်ငံသားအဖြစ် အသိအမှတ်မပြုသော နိုင်ငံများတွင်လည်း နိုင်ငံသားဖြစ်ခြင်းမှ ဆုံးရှုံးနိုင်သည်။

နိုင်ငံမဲ့ဖြစ်နေခြင်း၏ပြဿနာများကို ဖြေရှင်းရန် တုံ့ပြန်နည်း (၄)နည်း ရှိပါသည်။ ဖော်ထုတ်ခြင်း သို့မဟုတ် နိုင်ငံမဲ့ဖြစ်နေသူများရှိသည့် နေရာကိုဖော်ထုတ်ခြင်း၊ တားဆီးခြင်း သို့မဟုတ် နိုင်ငံမဲ့မဖြစ်ကြရလေအောင် ဥပဒေများကို ပြင်ဆင်ပေးခြင်းနှင့် ကလေးများကို မွေးစာရင်းသွင်းပေးခြင်းအားဖြင့် နိုင်ငံမဲ့ဖြစ်ခြင်းအား တားဆီးပေးခြင်း၊ လျှော့ချခြင်း သို့မဟုတ် နိုင်ငံသား ရသင့်သည့် သူများအား နိုင်ငံသားပေးအပ်ခြင်းနှင့် အကာအကွယ်ပေးခြင်း၊ နိုင်ငံမဲ့လူသားတို့၏ လူ့အခွင့်အရေးများကို အသိအမှတ်ပြုရန် မပျက်ကွက်စေရေးတို့ ပါဝင်သည်။

ခ။ စာမေးပွဲ သို့မဟုတ် အက်ဆေးမေးခွန်းများ

- သင်နိုင်ငံအတွင်းရှိ အတိုင်းအတာတစ်ခုအထိ ရှိနေသော နိုင်ငံမဲ့ဖြစ်နေသူများ၊ ဒုက္ခသည်များ၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် လူကုန်ကူးခြင်းခံရသူများအကြောင်း (အကယ်၍ ရှိနေခဲ့လျှင်) သုတေသနတစ်ခု ပြုလုပ်ပါ။ သင့်နိုင်ငံတွင် ထိုလူအုပ်စုများ အဘယ်ကြောင့် ရှိနေပါသနည်း။
- သင်၏နိုင်ငံတွင် နိုင်ငံသားမဟုတ်သူများသည် မည်ကဲ့သို့သော ထိခိုက်နစ်နာမှုများနှင့် ခြိမ်းခြောက်မှုများဖြင့်ရင်ဆိုင်ရသနည်း။ နိုင်ငံသားမဟုတ်သူများအပေါ် ခွဲခြားဆက်ဆံသည့် ပုံစံများကို စဉ်းစားကြည့်ပြီး ထိုနိုင်ငံသား မဟုတ်သူများ၏ အခွင့်အရေးများကို ကာကွယ်ရန် မည်သို့ကဲ့ ဆောင်ရွက်နေသည်ကိုဖော်ပြပါ။
- အပိုင်း (၆. ၄. ၂) တွင်ဖော်ပြခဲ့သော စာချုပ်(၄)ခုကို သင့်အစိုးရမှ အတည်ပြုလက်မှတ်ရေးထိုးထားပြီးပြီလား။ အတည်ပြုလက်မှတ်ရေးထိုးထားသော စာချုပ်များရှိလျှင် အဘယ်ကြောင့် ထိုစာချုပ်များကို လက်မှတ်ထိုးခဲ့သည်ဟု ထင်ပါသနည်။ အတည်မပြုထားသော စာချုပ်များကို အစိုးရမှအတည်ပြုရန် မည်သည့်အရာများက ဟန့်တားထားသနည်း။
- သင်၏နိုင်ငံတွင် ဒုက္ခသည်တဦးက ၎င်း၏အခွင့်အရေးများကို မည်ကဲ့သို့ တောင်းဆိုနိုင်သနည်း။ ထိုလူသည် ဒုက္ခသည်တစ်ဦးဖြစ်လျှင် မည်သည့်ဝန်ဆောင်မှုများနှင့် ကာကွယ်မှုတို့ ရရှိသနည်း။
- သင်၏နိုင်ငံတွင် နိုင်ငံသားဆိုင်ရာ ဥပဒေက အဘယ်နည်း။ ထိုဥပဒေက အမျိုးသမီး၊ ကလေးနှင့် လူမျိုးစုငယ်များအတွက် နိုင်ငံသားဖြစ်မှုကို မျှမျှတတ ပေးအပ်ပါသလား။
- နိုင်ငံမဲ့ဖြစ်ခြင်းကို လျှော့ချရန်အတွက် သင့်နိုင်ငံက မည်ကဲ့သို့ လုပ်ဆောင်ခဲ့သနည်း။ မကြာသေးခင် ကာလများတွင် သင့်နိုင်ငံ၌ နိုင်ငံသားပေးအပ်သည့် ဥပဒေများကို ပြင်ဆင်ခြင်း သို့မဟုတ် မူဝါဒများ ပြောင်းလဲခြင်း ပြုလုပ်ခဲ့ပါသလား။

ဂ။ ထပ်မံလေ့လာဖတ်ရှုရန်များ

အရှေ့တောင်အာရှရှိ ရွှေ့ပြောင်းနေထိုင်ခြင်း၊ နိုင်ငံသားမဟုတ်သူများနှင့် ၎င်းတို့၏ အခွင့်အရေးများ အကြောင်း ခြုံငုံဖော်ပြချက်များ

- ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ လက်ရှိအခြေအနေနှင့် သမိုင်းကြောင်းဆိုင်ရာ စစ်တမ်းကောက်ယူထားမှုများကို ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) ၏ သုတေသန အစီရင်ခံစာများတွင် တွေ့ရှိနိုင်ပါသည်။
- နိုင်ငံတကာ အလုပ်သမား အဖွဲ့အစည်း (ILO)
- ဖိလစ်ပိုင်မှ ထုတ်ဝေသော Asian and Pacific Migration Journal သည် ဒေသအတွင်း သုတေသနများကို ပုံမှန်ထုတ်ဝေလျက်ရှိသည်။

နိုင်ငံသားမဟုတ်သူများ၏ အခွင့်အရေးကို ဖော်ပြထားသော စာပေအထောက်အထားများမှာ နိုင်ငံသား မဟုတ်သူများဆိုင်ရာ အထူးကိုယ်စားလှယ် David Weissbrodt ၏ ဆောင်ရွက်ချက်များမှ လွဲလျှင် အလွန်နည်းပါးသည်။ ၎င်း၏ ဆောင်ရွက်ချက်များကို အင်တာနက်တွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။

ဒုက္ခသည်များ

အောက်ပါ စာရေးဆရာများသည် ဒုက္ခသည်ဆိုင်ရာ ဥပဒေနှင့် အခွင့်အရေးများအကြောင်း ဖတ်စာအုပ်များ ရေးသားခဲ့ဖူးသူများ ဖြစ်သည်။ (ထိုစာရေးသူများ၏ စာများကိုဖတ်ချင်ပါက အင်တာနက် စာမျက်နှာတွင်လည်း ရှာနိုင်ပါသည်။

- Guy Goodwin-Gill and Jane McAdam
- BS Chimni.
- James Hathaway
- Vitit Muntarbhorn has a 1992 book called the Status of refugees in Asia

Refugee Law Reader စာအုပ်သည် ဒုက္ခသည်ဆိုင်ရာ ဥပဒေအကြောင်းအခမဲ့ အွန်လိုင်း ဖတ်စာအုပ်ဖြစ်ပြီး ထိုစာအုပ်တွင် အာရှဒေသရှိ ဒုက္ခသည်များကို ကာကွယ်ပေးခြင်း အခန်း ပါဝင်သည်။

ဒုက္ခသည်များ၏ဖြစ်ရပ်များနှင့် ဒုက္ခသည်ဆိုင်ရာ အခွင့်အရေးများကို သုတေသနပြုလုပ်ရန် အတွက် UNHCR ၏ အင်တာနက်စာမျက်နှာသည် အလွန်အသုံးဝင်ပါသည်။ ၎င်းတို့၏ Global Report, New Issues in Refugee Research series, Refugees Magazine နှင့် လက်စွဲစာအုပ်များ (Handbooks) သည် အထူးသဖြင့် အသုံးဝင်သည်။

ဒုက္ခသည်များနှင့် နိုင်ငံမဲ့ဖြစ်သူများအကြောင်း အထောက်အထားများကို Refworld

အင်တာနက် စာမျက်နှာတွင် တွေ့ရှိနိုင်သည်။ Forced Migration Review သည် အလွန်အသုံးဝင်သော မဂ္ဂဇင်းတစ်ခုဖြစ်ပြီး အင်တာနက်စာမျက်နှာတွင် အခမဲ့ ရရှိနိုင်သည်။

နိုင်ငံမဲ့ဖြစ်ခြင်း

အခြားသော လက်စွဲများနှင့် စာအုပ်များမှာ -

- Equal Rights Trust - ဤအဖွဲ့အစည်းတွင် မကြာသေးမီကထုတ်ဝေခဲ့သော Unravelling Anomaly အပါအဝင် အစီရင်ခံစာ အမြောက်အများ ထုတ်ဝေသည်။
- Refugee International သည် နိုင်ငံမဲ့ဖြစ်ခြင်းနှင့် ပတ်သက်သော သုတေသန အစီရင်ခံစာများ ထုတ်ပြန်သော အစီအစဉ်တစ်ခု ဖြစ်သည်။
- Refworld တွင် နိုင်ငံမဲ့ဖြစ်ခြင်းနှင့်ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ ဥပဒေဆိုင်ရာ စာအုပ်စာတမ်း အများအပြား ရှိသည်။
- UNHCR ၏ နိုင်ငံမဲ့ဖြစ်ခြင်း အင်တာနက်စာမျက်နှာတွင် လမ်းညွှန်ချက်များ၊ သုတေသနများနှင့် သဘောတူစာချုပ်များကို ညွှန်ပြသော အခြားစာမျက်နှာများ ရှိသည်။

၇

နိုင်ငံသားမဟုတ်သူများ၏အခွင့်အရေးများ - ရွှေ့ပြောင်းအလုပ်သမားများနှင့် လူကုန်ကူးခံရသူများ

မိတ်ဆက်

ဤအခန်းတွင် ရွှေ့ပြောင်းလုပ်သားများ၊ ၎င်းတို့၏ မိသားစုများနှင့် လူကုန်ကူးခံရသူများပါဝင်သည့် နိုင်ငံသားမဟုတ်သူ အုပ်စုများကို အလေးထားဖော်ပြထားပါသည်။ ဤနိုင်ငံသားမဟုတ် သူအမျိုးအစားများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိသည်။ မကြာခဏ ဆိုသလိုပင် အုပ်စု ၂ စုကို ရှင်းလင်းစွာခွဲခြား၍မရနိုင်ပါ။

လူကုန်ကူးခံရသူများသည် ရွှေ့ပြောင်းအလုပ်သမားတစ်ဦးအဖြစ် စတင်နိုင်သည်။ ရွှေ့ပြောင်းအလုပ်သမားတစ်ဦးသည် အသုံးချအမြတ်ထုတ်ခံရပြီး လွတ်လပ်စွာ သွားလာလှုပ်ရမရသည့် အခါ ထိုသူကို လူကုန်ကူးခံရသူအဖြစ် သတ်မှတ်နိုင်ပါသည်။ သို့သော် လူတစ်ယောက်သည် မည်သည့်အချိန်တွင် အသုံးချအမြတ်ထုတ်ခံရသည် သို့မဟုတ် လွတ်လပ်စွာ သွားလာနိုင်စွမ်း မရှိသည်ကို ဆုံးဖြတ်ရန်ခက်ခဲသည်။ လူကုန်ကူးခံရမည်ကို ကြောက်ရွံ့ပြီး နေထိုင်ရသော ရွှေ့ပြောင်း အလုပ်သမား အများအပြားရှိသည့် အရှေ့တောင်အာရှဒေသတွင် ထိုကဲ့သို့သော အဖြစ်များစွာ တွေ့ရှိရသည်။ ထို့ကြောင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို လေ့လာလျှင် လူကုန် ကူးခြင်းကို ဖြေရှင်းဆောင်ရွက်ရာတွင် ထားရှိသော စံချိန်စံညွှန်းများနှင့် လုပ်ဆောင်ချက်များအား ယှဉ်တွဲလေ့လာလျှင် အသုံးဝင်ပါလိမ့်မည်။

၇.၁ ရွှေ့ပြောင်းအလုပ်သမားများ

သမိုင်းကြောင်းတလျှောက် လူတို့သည် နေရပ်ကိုစွန့်ခွာကာ အခြားအရပ်သို့ အလုပ်ရှာရန် ခရီးထွက်ကြလေ့ရှိသည်။ နှစ်ပေါင်းရာချီကတည်းက တရုတ်နှင့် အိန္ဒိယလူမျိုးတို့သည် အရှေ့တောင် အာရှသို့ ရွှေ့ပြောင်းနေထိုင်ကြသည်ဟု မှတ်တမ်းများတွင် တွေ့ရှိခဲ့ရသည်။ ၁၈ ရာစုနှင့် ၁၉ ရာစု ကာလအတွင်း ဗြိတိသျှ အင်ပါယာလက်အောက်ရှိ စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားအလုပ် သမားများအဖြစ် သွားရောက်လုပ်ကိုင်ရန်ဖြစ်နိုင်သလို ထိုင်းနှင့် အင်ဒိုနီးရှားကဲ့သို့ နိုင်ငံတို့သို့ မိသားစု အဆက်အသွယ်များဖြင့် ရောက်ရှိသွားခြင်းလည်း ဖြစ်နိုင်သည်။ ယခုအခါ အလုပ်အတွက် လူအများ ရွှေ့ပြောင်းသွားလာကြသည်မှာ ပုံမှန်ပင် ဖြစ်နေသည်။ အရှေ့တောင်အာရှဒေသရှိ နိုင်ငံတိုင်းသည် ရွှေ့ပြောင်းနေထိုင်မှုဖြစ်စဉ်တွင် ရွှေ့ပြောင်းအလုပ်သမား ပို့ဆောင်သည့်နိုင်ငံ သို့မဟုတ် လက်ခံသည့် နိုင်ငံ သို့မဟုတ် ထိုအမျိုးအစားနှစ်ခုစလုံးတွင် ပါဝင်ပတ်သက်နေကြသည်။ ILO ၏အဆိုအရ ကမ္ဘာတစ်ဝန်းရှိ ရွှေ့ပြောင်းနေထိုင်သူ (၁၇၅)သန်း၏ ထက်ဝက်ခန့်သည် အလုပ်သမားများ ဖြစ်ကြ သည်။ သို့သော် ရွှေ့ပြောင်းအလုပ်သမားများကို အကာအကွယ်ပေးခြင်းကို လူ့အခွင့်အရေးပြဿနာ တစ်ရပ်အဖြစ် ဆောင်ရွက်လာခဲ့သည်မှာ မကြာသေးပါ။ အလုပ်သမားများ၏ အခွင့်အရေးများသည် ၁၉၁၉ ခုနှစ်တွင် ILO ကို စတင်တည်ထောင်ခဲ့ရာ ဒုတိယကမ္ဘာစစ် မတိုင်မီကတည်းက စတင်ခဲ့ သည်ဟု ဆိုနိုင်သည်။ သို့သော် ရွှေ့ပြောင်းအလုပ်သမားများအတွက် သဘောတူစာချုပ်တစ်ခုကို ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်းအထိ မစတင်နိုင်ခဲ့ပါ။ ၁၉၇၀ ခုနှစ်များ ကာလတွင် ပုံမှန်မဟုတ်သော ရွှေ့ပြောင်းအလုပ်သမားများ (မူလက ဧည့်အလုပ်သမားများဟုခေါ်သည်) များပြားလာမှုက ဥရောပ တွင် စိုးရိမ်စိတ်များ တိုးပွားလာခဲ့သည်။ တူရကီ၊ လက်ဘနွန်နှင့် အခြား အရှေ့အလယ်ပိုင်းနိုင်ငံများမှ လူအမြောက်အများသည် အနောက်ဂျာမနီ၊ ပြင်သစ်နှင့် အခြားသော ဖွံ့ဖြိုးပြီး ဥရောပနိုင်ငံများသို့ အလုပ်အကိုင်အတွက် ရွှေ့ပြောင်းလာကြသည်။ ထိုရွှေ့ပြောင်းအလုပ်သမား အများအပြားသည် ပုံမှန်မဟုတ်သော (အခန်း ၁၁ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်) လမ်းကြောင်းမှ ဝင်ရောက်လာသူများ ဖြစ်သောကြောင့် ပုန်းလျှိုးကွယ်လျှိုး အန္တရာယ်များသော တရားမဝင် လုပ်သားရွှေ့ပြောင်းခြင်းကို တားဆီးရန် အကြီးအကျယ် လိုအပ်လာသည်။ ကျေးကျွန်များသဖွယ် အလုပ်လုပ်နေရခြင်း၊ ဥရောပသို့ စီးလာသောလှေများ နစ်မြုပ်သည့်သွားသည့်အခါ သေဆုံးရခြင်းများ၊ အလုံပိတ်ထားသော ကွန် တိန်နာထဲတွင် အသက်ရှူမရသဖြင့် သေဆုံးသွားသည့် ဖြစ်ရပ်များကို မီဒီယာထဲတွင် မြင်ခဲ့ကြရသည် (ယနေ့ခေတ် မီဒီယာထဲတွင် အလားတူဖြစ်ရပ်များ တွေ့နေရဆဲဖြစ်သည်)။ ရွှေ့ပြောင်းအလုပ်သမား

များ၏ အသက်ကို ခြိမ်းခြောက်မှုများ လျော့ကျစေရန် အရေးကြီးရုံသာမက ထိုကဲ့သို့သော အလုပ်သမားများ၏ အလုပ်အကိုင် တိုးတက်ကောင်းမွန်စေရန် လုပ်ဆောင်ရန် လိုအပ်သည်။ ဥပမာ - ၁၉၇၀ ခုနှစ်များ အစောပိုင်းကာလတွင် ယူဂန်ဒါမှ အာရှတိုက်သားများအား နှင်ထုတ်ခြင်းသည် နိုင်ငံသားမဟုတ်သူများ၏ အခွင့်အရေးအတွက် တောင်းဆိုမှုများ ဖြစ်ပေါ်ခဲ့သည်။ သို့သော် ၁၉၆၀ အစောပိုင်းကာလများတွင် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသားများကို အလားတူ နှင်ထုတ်သည့်ဖြစ်စဉ် အပေါ် များစွာအာရုံမစိုက်ခဲ့ကြပါ)။

ခွဲခြားဆက်ဆံခြင်း၊ မတရားအမြတ်ထုတ်ခြင်းနှင့် သားကောင်အဖြစ်ခံရခြင်းတို့သည် ရွှေ့ပြောင်းလုပ်သားများကို ပို့ဆောင်သော နိုင်ငံအတွက်သာမက လက်ခံသော နိုင်ငံအတွက်ပါ ပြဿနာတစ်ခုဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမားများကို အနိုင်ကျင့်နှိပ်စက်ခြင်းနှင့် လူကုန်ကူးခြင်းဆိုသည့် ဖြေရှင်းရန်လိုအပ်သည့် အခြေခံပြဿနာနှစ်ခု ရှိခဲ့ကြသည်။ သို့သော် ထိုနှစ်ခုကို ပြဿနာတစ်ခုတည်းအနေဖြင့် စဉ်းစားသင့်သလော သို့မဟုတ် သီးခြားပြဿနာများအဖြစ် ကိုင်တွယ်သင့်သလောဆိုသည့် မေးခွန်းဖြစ်သည်။ အဖြေက ထိုပြဿနာနှစ်ခုကို သီးခြားစီခွဲခြားထားရန်ပင် ဖြစ်သည်။ ထို့ကြောင့် ရွှေ့ပြောင်းအလုပ်သမားကာကွယ်ရေးကို အခွင့်အရေးအခြေခံ သဘောတူစာချုပ်များနှင့် ILO တို့၏ စည်းကမ်းများအရ ဆောင်ရွက်ရန်ဖြစ်ပြီး၊ လူကုန်ကူးခံရခြင်းကို ကိုင်တွယ်ရာတွင်မူ ရာဇဝတ်မှုဥပဒေများဖြင့် ပို၍ဖြေရှင်းဆောင်ရွက်ကြသည်ကို တွေ့မြင်ခဲ့ရသည်။ ဤကဲ့သို့ ဖြေရှင်းခြင်းသည် ခိုင်မာသော ကာကွယ်စောင့်ရှောက်မှု စနစ်ဟုတ် မဟုတ်ကိုမူ ဆွေးနွေးငြင်းခုံစရာဖြစ်နေဆဲဖြစ်သည်။ အကြောင်းရင်းမှာ ထိုပြဿနာများအားလုံးတွင် ဖြစ်ပျက်သော အချိုးအဆပမာဏနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုပုံစံ အမျိုးမျိုး ကွဲပြားကြသည်။ အောက်တွင်ဖော်ပြထားသည့်အတိုင်း ရွှေ့ပြောင်းလုပ်သား အခွင့်အရေးများကို လူ့အခွင့်အရေးကိစ္စရပ်အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြပြီး နောက်ပိုင်းတွင် လူကုန်ကူးခြင်းကို ရာဇဝတ်မှုကိစ္စအဖြစ် သတ်မှတ်ခဲ့ကြသည်။ ထိုသို့ ခွဲခြားခြင်း၏ရလဒ်မှာ မတူညီသော စာချုပ်များဖြင့် မတူညီသော UN ၏ အခန်းကဏ္ဍများကတဆင့် စီမံခန့်ခွဲရခြင်း ဖြစ်သည်။ UN ၏ အဖွဲ့ဝင်နိုင်ငံများမှ ထောက်ခံအားပေးမှု အလျှော့အတင်းပုံစံအမျိုးမျိုးကို ရရှိခဲ့ကြသည်။ လူကုန်ကူးခြင်း စာချုပ်ကို အာရုံစိုက်မှု ကျယ်ကျယ်ပြန့်ပြန့် ရရှိခဲ့သော်လည်း ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ စာချုပ်ကို အသိအမှတ်ပြု လက်မှတ်ရေးထိုးသည့် နိုင်ငံ အနည်းငယ်သာရှိရာ အသိအမှတ်ပြုမှု ယခုထက် ပိုမိုရရှိရေးအတွက် ရုန်းကန်နေရဆဲဖြစ်သည်။

မှတ်သားဖွယ်ရာ

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) ကို မိတ်ဆက်ခြင်း

၁၉၁၉ ခုနှစ်၌ ပဲရစ်ငြိမ်းချမ်းရေးကွန်ဖရင့်ကျင်းပနေစဉ်တွင် နိုင်ငံပေါင်းချုပ်အသင်းကြီး၏ အစိတ်အပိုင်း တစ်ခုအဖြစ် ILO ကို တည်ထောင်ခဲ့ကြသည်။ ၎င်း၏ အဓိကလုပ်ငန်းစဉ်မှာ နိုင်ငံတကာ အလုပ်သမားအခွင့်အရေးစံနှုန်းများကို ကွန်ဗင်္ရှင်းများ (၂၀၁၄ ခုနှစ်အထိ ၁၈၉ ခု) နှင့် အကြံပြုချက်များ (၂၀၁၄ ခုနှစ်အထိ ၂၀၂ ခု) ကို ပြဋ္ဌာန်းခြင်းဖြင့် တိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် ကာကွယ်ပေးရန် ဆောင်ရွက်ခဲ့သည်။ ILO တွင် အဖွဲ့အစည်း ၃ ခုပါဝင်သော ထူးခြားသော ဖွဲ့စည်းပုံရှိသည်။ ၎င်းတို့မှာ (၁) အလုပ်သမားအဖွဲ့အစည်းများ သို့မဟုတ် သမဂ္ဂများ၊ (၂) အလုပ်ရှင်

အဖွဲ့အစည်းများ၊ (၃) နိုင်ငံများတို့ဖြစ်ကြသည်။ ၎င်းတွင် အရှေ့တောင်အာရှနိုင်ငံများ အားလုံးပါဝင်သော နိုင်ငံပေါင်း ၁၈၅ နိုင်ငံပါဝင်သည်။ (အတင်းအဓမ္မ လုပ်အားစေခိုင်းခြင်းကို ထိရောက်စွာ မဖယ်ရှားနိုင်သောကြောင့် ၁၉၉၈ ခုနစ်မှ ၂၀၁၂ အထိ မြန်မာနိုင်ငံကို အဖွဲ့ဝင်အဖြစ်မှ ယာယီရပ်စဲခဲ့သည်)။ ILO သည် မီးဖွားခွင့်၊ ကလေးအလုပ်သမားများနှင့်ပတ်သက်သော စည်းကမ်းများ၊ လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးစံချိန်စံညွှန်းများနှင့် အနိမ့်ဆုံးလစာနှုန်းထားများ အပါအဝင် အလုပ်သမား အခွင့်အရေး စံချိန်စံညွှန်း အများအပြားကို ပြဋ္ဌာန်းနိုင်ခဲ့သည်။ ထို့အပြင် ILO သည် ကုလသမဂ္ဂကဲ့သို့ပင် အစီရင်ခံစာတင်သွင်းမှု လုပ်ထုံးလုပ်နည်းများရှိပြီး တိုင်ကြားမှုဆိုင်ရာ အစီအမံများ ပြည့်စုံစွာရှိသည်။ ILO ၏ အဖွဲ့ဝင်ဖြစ်ရန် နိုင်ငံအစိုးရများသည် အဓိကကျသော ကွန်ဗင်္ဂရှင်း (၈)ခုကို သဘောတူထားရမည်ဖြစ်သည်။ ထိုကွန်ဗင်္ဂရှင်းများသည် အလုပ်သမားများကို ကာကွယ်ရန်အတွက် အခြေခံကျသော အဓိကပြဿနာ (၄)ခုနှင့် ပတ်သက်သည်။ ၎င်းတို့မှာ ကျေးကျွန်ပြုခြင်းမှ ကာကွယ်ခြင်း၊ အလုပ်သမားသမဂ္ဂသို့ ဝင်ရောက်နိုင်ရန် အခွင့်အရေးရှိခြင်း၊ လုပ်ငန်းခွင်တွင် ညီမျှမှုရှိခြင်း၊ (အမျိုးသမီးများအတွက် အရေးကြီးသည်) နှင့် ကလေးသူငယ်များကို အကာအကွယ်ပေးခြင်းတို့ ဖြစ်သည်။

၁။ ၁၉၃၀ ခုနှစ် အတင်းအဓမ္မ လုပ်အားစေခိုင်းခြင်းဆိုင်ရာ ကွန်ဗင်္ဂရှင်းအမှတ် ၂၉။

၂။ ၁၉၄၈ ခုနှစ် လွတ်လပ်စွာ အစည်းအရုံးဖွဲ့စည်းခွင့်နှင့် စုရုံးဖွဲ့စည်းခွင့်ဆိုင်ရာအခွင့်အရေးကို အကာအကွယ်ပေးခြင်းဆိုင်ရာ ကွန်ဗင်္ဂရှင်း အမှတ် ၈၇။

၃။ ၁၉၄၉ ခုနှစ် စုရုံးခွင့်နှင့် စုပေါင်းညှိနှိုင်းခွင့်ဆိုင်ရာ ကွန်ဗင်္ဂရှင်း အမှတ် ၉၈။

၄။ ၁၉၅၁ ခုနှစ် တန်းတူညီမျှရှိသော လစာရရှိမှုဆိုင်ရာ ကွန်ဗင်္ဂရှင်း အမှတ် ၁၀၀။

၅။ ၁၉၅၇ ခုနှစ် အတင်းအဓမ္မလုပ်အားစေခိုင်းခြင်း အဆုံးသတ်ရေးဆိုင်ရာ ကွန်ဗင်္ဂရှင်း အမှတ် ၁၀၅။

၆။ ၁၉၅၈ ခုနှစ် (အလုပ်ခန့်ထားခြင်းနှင့် အလုပ်အကိုင်အမျိုးအစားအရ) ခွဲခြားဆက်ဆံခြင်းဆိုင်ရာ ကွန်ဗင်္ဂရှင်း အမှတ် ၁၁၁။

၇။ ၁၉၇၃ ခုနှစ် အနိမ့်ဆုံး အသက်အရွယ်ဆိုင်ရာ ကွန်ဗင်္ဂရှင်း အမှတ် ၁၃၈။

၈။ ၁၉၉၉ ခုနှစ် ကလေးလုပ်သားများကို အဆိုးရွားဆုံးခိုင်းစေခြင်းပုံစံများ ချုပ်ငြိမ်းရေးဆိုင်ရာ ကွန်ဗင်္ဂရှင်း အမှတ် ၁၈၂။

၁၉၉၀ ခုနှစ်က UN International Convention on the Protection of the Rights of All Migrant Workers and Members of Their Families (ICRMW) ကို မပြဋ္ဌာန်းမီ နှစ်များစွာကပင် အလုပ်သမားများကို သက်ဆိုင်ရာ စံချိန်စံညွှန်းများသတ်မှတ်၍ ကာကွယ်ခြင်းကို စတင်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ၁၉၇၀ ခုနှစ်များအထိ ကုလသမဂ္ဂသည် ရွှေ့ပြောင်းအလုပ်သမားများကိစ္စကို ဖြေရှင်းမှု မပြုနိုင်ခဲ့ပါ။ အဓိကအကြောင်းရင်းမှာ ILO နှင့် ကုလသမဂ္ဂတို့ကြားတွင် ရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်သော ဆုံးဖြတ်ချက်တစ်ခု အတည်မပြုနိုင်ဘဲရှိနေခဲ့သောကြောင့် ဖြစ်သည်။ ရွှေ့ပြောင်းလုပ်သားများကို အလုပ်သမားများသာဖြစ်သည်ဟု ILO က စဉ်းစားကာ အကာအကွယ်ပေးရန် ပြင်ဆင်နေချိန်တွင် ကုလသမဂ္ဂက ၎င်းတို့ကို နိုင်ငံခြားသားများအဖြစ်သာ အကာအကွယ်ပေးရန် တင်းခံနေရာ ၁၉၄၀ ခုနှစ်များအတွင်း ညှိနှိုင်း၍မရဘဲ ရှိနေခဲ့သည်။ ILO

သည် ထိုအချိန်က အဆိုပါကိစ္စနှင့်သက်ဆိုင်သော ကွန်ဗင်ရှင်းကို ပြဋ္ဌာန်းရန် ပြင်ဆင်နေခဲ့ပြီး ဖြစ်သည်။

ILO ၏ ပထမဦးဆုံး ကွန်ဗင်ရှင်းသည် အလုပ်အကိုင်အတွက် ရွှေ့ပြောင်းသွားလာခြင်း ကွန်ဗင်ရှင်းအမှတ် ၆၆ ဖြစ်သည်။ သို့သော် မည်သည့်နိုင်ငံကမှ လက်မှတ်ရေးထိုးခြင်း မရှိခဲ့သဖြင့် မည်သည့်အခါကမျှ ကျင့်သုံးနိုင်ခဲ့ခြင်း မရှိပါ။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ ကွန်ဗင်းရှင်းနှစ်ခုကို ပြဋ္ဌာန်းခဲ့သည်။ ၎င်းတို့မှာ ကွန်ဗင်ရှင်း ၉၇ (ယခင် ကွန်ဗင်ရှင်း ၆၆) နှင့် ကွန်ဗင်ရှင်း ၁၄၃ (ရွှေ့ပြောင်းသွားလာရာတွင် မတရားဆက်ဆံခံရသည့် အခြေအနေကို ဖြေရှင်းရေး၊ ရွှေ့ပြောင်းအလုပ်သမားများအပေါ် တန်းတူအခွင့်အလမ်းပေးရေးနှင့် အညီအမျှ ဆက်ဆံရေးဆိုင်ရာကွန်ဗင်ရှင်း)တို့ ဖြစ်သည်။ ကွန်ဗင်ရှင်း ၁၄၃ ကို ILO ၏ ရွှေ့ပြောင်း အလုပ်သမား ကွန်ဗင်ရှင်းအဖြစ် လူသိများကြသည်။ သို့ရာတွင် ၎င်းကွန်ဗင်ရှင်းသည်လည်း အတည်ပြု လက်မှတ်ရေးထိုးထားမှု အနည်းငယ်သာ ရရှိခဲ့သည် (၂၀၁၃ ခုနှစ်အထိ ၂၄ နိုင်ငံသာ အတည်ပြု လက်မှတ်ရေးထိုးခဲ့ပြီး၊ အရှေ့တောင်အာရှတွင် ဖိလစ်ပိုင်နိုင်ငံ တစ်နိုင်ငံတည်းသာ လက်မှတ် ရေးထိုးခဲ့သည်)။ ၁၉၇၀ ခုနှစ်များတွင် မတရားဆက်ဆံခံရမှုများ တိုးပွားလာမှုကြောင့် ကုလသမဂ္ဂ အနေဖြင့် အဆိုပါအရေးကိစ္စတွင် ပါဝင်ပတ်သက်ရန် ဖိအားပေးခံရသည့် အနေအထား ဖြစ်လာခဲ့ သော်လည်း အဆိုပါ ဆယ်စုနှစ်နှောင်းပိုင်းအချိန်ထိ ရွှေ့ပြောင်းအလုပ်သမားများကို ကာကွယ် ပေးခြင်းစာချုပ်ကို စတင်နိုင်ခဲ့မည့် နိုင်ငံရေးပိုင်းမှ စိတ်အားထက်သန်မှု အလုံအလောက်မရှိခဲ့ပါ။

ကုလသမဂ္ဂ နှင့် ILO တို့အကြားတွင် ပေါ်ပေါက်ခဲ့သော ဆွေးနွေးစရာတစ်ခုမှာ ရွှေ့ပြောင်း အလုပ်သမားများ၏အခွင့်အရေးများကို ထိုဌာနနှစ်ရပ်အနက် မည်သူက စီမံခန့်ခွဲမည် ဆိုသည့် အချက်ဖြစ်သည်။ နောက်ဆုံးတွင် ကုလသမဂ္ဂကို ထိုအရေးကိစ္စကို ကိုင်တွယ်ရန် ပိုမိုကောင်းမွန်သော အဖွဲ့အစည်းအဖြစ် မြင်ခဲ့ကြသည်။ ထိုသို့လက်ခံစရာအကြောင်းလည်း ရှိခဲ့သည်။ ပထမအချက်မှာ ILO တွင် နိုင်ငံများမှ အတည်ပြုလက်မှတ်ရေးထိုးမှု အလွန်နည်းသော မှတ်တမ်းရှိနေပြီး၊ ကုလသမဂ္ဂ သည် ၎င်းအခြေအနေကို တိုးတက်ကောင်းမွန်အောင် လုပ်နိုင်မည်ဟု မျှော်လင့်ကြသည် (ရွှေ့ပြောင်း အလုပ်သမားကွန်ဗင်ရှင်းအတွက် ထိုအချက်မှာ အငြင်းပွားစရာရှိသည်)။ ဒုတိယအချက်အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကုလသမဂ္ဂတွင် မဲအများစု (၁၉၃ မဲတွင် ၁၄၀ ခန့်) ရထားပြီး အထွေထွေ ညီလာခံသည် ၎င်းတို့အတွက် နေရာတစ်ခုအဖြစ် မြင်သောကြောင့် ကုလသမဂ္ဂသည် ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ အကျိုးစီးပွားအတွက် ပိုပြီးသင့်လျော်သည်။ နောက်ဆုံးအချက်အနေဖြင့် အကာအကွယ် ပေးခြင်းနှင့် ပတ်သက်လာလျှင် အလုပ်သမားအခွင့်အရေး တစ်ခုတည်းကိုသာ အဓိကထားသည့် ILO စာချုပ်ထက် လူ့အခွင့်အရေးစာချုပ်သည် ပိုမိုကျယ်ပြန့်သည်။ ထိုအချက်သည် အလုပ်သမား မိသားစု၏ အခွင့်အရေးများပါ ပါဝင်သော စာချုပ်၏ခေါင်းစဉ်ကို ကြည့်ခြင်းအားဖြင့်လည်း ရှင်းလင်း စွာ သိနိုင်သည်။

မှတ်သားဖွယ်ရာ

ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ILO ကွန်ဗင်္ရှင်းများနှင့် အကြံပေးချက်များ

ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်ပေးသည့် အဓိကကျသော ILO ကွန်ဗင်္ရှင်းများမှာ -

- အလုပ်အကိုင်အတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကွန်ဗင်္ရှင်း အမှတ် (၉၇)
- ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မတရားဆက်ဆံခံရသည့် အခြေအနေများ၊ ရွှေ့ပြောင်းအလုပ်သမားများအပေါ် တန်းတူအခွင့်အလမ်းပေးရေးနှင့် အညီအမျှဆက်ဆံရေးဆိုင်ရာ ကွန်ဗင်္ရှင်း အမှတ် (၁၄၃)
- အလုပ်အကိုင်အတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အကြံပြုချက်များ အမှတ် (၈၆)
- ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ အကြံပြုချက်များ အမှတ် (၁၅၁)
- အတင်းအဓမ္မ သို့မဟုတ် မလုပ်မနေရ အလုပ်ခိုင်းစေမှုဆိုင်ရာ ကွန်ဗင်္ရှင်း အမှတ် (၂၉)
- အတင်းအဓမ္မ အလုပ်ခိုင်းစေမှု ချုပ်ငြိမ်းရေးဆိုင်ရာ ကွန်ဗင်္ရှင်း အမှတ် (၁၀၅)
- အိမ်တွင်းအလုပ်သမားများဆိုင်ရာ ကွန်ဗင်္ရှင်း အမှတ် (၁၈၉)

၇.၂ ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏မိသားစုများအားလုံး၏ အခွင့်အရေးများကို ကာကွယ်ပေးခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICRMW)

ICRMW ရေးဆွဲခြင်းကို ၁၉၇၀ ခုနှစ်များ နှောင်းပိုင်းတွင် စတင်ခဲ့သော်လည်း နောက်ထပ် ဆယ်စုနှစ် တစ်ဝက်ကျော်သည်အထိ ရေးဆွဲပြီးခြင်း မရှိခဲ့ပေ။ ထိုစာချုပ်ကို ၁၉၉၀ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် အထွေထွေညီလာခံမှ အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ၂၀၀၃ ခုနှစ် ဇူလိုင်လ (၁) ရက်နေ့တွင် ICRMW စာချုပ်ကို အသက်ဝင်အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော နိုင်ငံပေါင်း (၂၀) ၏ အတည်ပြုလက်မှတ်ရေးထိုးမှုရရှိခဲ့ခြင်းအထိ (၁၃) နှစ် အချိန်ယူခဲ့ရသည်။ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် အရှေ့တောင်အာရှဒေသမှ ICRMW ၏ အဖွဲ့ဝင်နိုင်ငံများ ဖြစ်ခဲ့သည်။ ရွှေ့ပြောင်းအလုပ်သမားများကို လက်ခံသောနိုင်ငံများ သို့မဟုတ် ၎င်းလူဦးရေအများဆုံးရှိသော ထိုင်း၊ မလေးရှားနှင့် စင်ကာပူကဲ့သို့ နိုင်ငံများက ကွန်ဗင်္ရှင်းကို အတည်ပြု လက်မှတ်ရေးထိုးရန် တွန့်ဆုတ်ကြသည်။ ဤအချက်က ကွန်ဗင်္ရှင်း၏ ကမ္ဘာလုံးဆိုင်ရာအကျုံးဝင်မှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ထိခိုက်စေသည်။ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများသည် အချိုးဖောက်ခံရမှု ဖြစ်ပွားမှုအများဆုံးသော နေရာများတွင် ပို၍အားနည်းကြသည်။

ကမ္ဘာတစ်ဝန်းတွင် အတည်ပြုလက်မှတ်ရေးထိုးခြင်း နည်းပါးရသည့် အကြောင်းရင်းများစွာ ရှိသည်။ လက်ရှိတွင် အတည်ပြုလက်မှတ်ထိုးထားပြီးသား နိုင်ငံများအားလုံးသည် ရွှေ့ပြောင်းအလုပ်သမားများကို နိုင်ငံခြားသို့ပို့နေသော နိုင်ငံများဖြစ်သည်။ မက္ကဆီကို၊ အီဂျစ်နှင့် အာဂျင်တီးနားကဲ့သို့နိုင်ငံများသည် ရွှေ့ပြောင်းအလုပ်သမားများ အဝင်ရောအထွက်ပါရှိနေသည့် နိုင်ငံများနှင့် ကြားခံစခန်းထောက် နိုင်ငံများက ခြွင်းချက်အဖြစ် ပါဝင်ကြသည်။ ယေဘုယျအားဖြင့် အစိုးရများ

သည် အတည်ပြုလက်မှတ်ရေးထိုးရန် တွန့်ဆုတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ကွန်ဗင်ရှင်းတွင် ပြဋ္ဌာန်းထားသည်များကို လိုက်နာရန် အရွယ်အစားကြီးမားလှသော ရွှေ့ပြောင်းအလုပ်သမား လူဦးရေ နှင့်ပတ်သက်သည့်ကိစ္စကို စီမံရသော တာဝန်ဝတ္တရားများအတွက် စိုးရိမ်မှုကြောင့်ဖြစ်သည်။ ဥပမာ အားဖြင့် အမေရိကန်၊ ရုရှား၊ ဂျာမနီနှင့် ဆော်ဒီအာရေဗီးယား စသည့်နိုင်ငံ တစ်နိုင်ငံချင်းစီတွင် ရွှေ့ပြောင်းအလုပ်သမားများ ၅ သန်းခန့်ရှိသည်။ စင်ကာပူနှင့် ကူဝိတ် စသည့်နိုင်ငံများတွင် အလုပ်လုပ်နေသောလူဦးရေ၏ ၅၀% မှာ ရွှေ့ပြောင်းအလုပ်သမားများဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမားများ၏ ဘဝအခြေအနေများကို ပြောင်းလဲလျှင် ၎င်းတို့၏ စီးပွားရေးတွင်လည်း အကျိုးသက်ရောက်မှုများ ရှိလာနိုင်သည်။ ထိုအကျိုးသက်ရောက်မှုများ မည်သို့ဖြစ်ပွားလာမည်ဆိုသည်မှာ အငြင်းပွားဖွယ်အတိ ဖြစ်သည်။ အလုပ်သမားများကို တိုးမြှင့်ကာကွယ်ပေးခြင်းမှ အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများရှိလာနိုင်သလို စီးပွားရေး ကုန်ကျစရိတ်များလည်း တွဲဆက်ပါလာမည် ဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ သဘောတူစာချုပ်သည် အကာအကွယ်ပေးခြင်းဆိုင်ရာ ယခင် စံချိန်စံညွှန်းများကို နည်းလမ်းများစွာဖြင့် ချဲ့ထွင်ခဲ့သည်။ အရေးပါသော အပြောင်းအလဲတစ်ခုမှာ ရွှေ့ပြောင်း အလုပ်သမားတစ်ဦးကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အထောက်အထားမရှိ၊ မှတ်ပုံတင်မထားသော ရွှေ့ပြောင်းအလုပ်သမားများကိုပါ ထည့်သွင်းထားခဲ့ခြင်း ဖြစ်သည်။

၇.၂.၁ ရွှေ့ပြောင်းအလုပ်သမားကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း

ICRMW စာချုပ်ပါ ရွှေ့ပြောင်းအလုပ်သမားဟူသော စကားရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်ခြင်းကြောင့် မှတ်သားဖွယ်ဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမားတစ်ဦးဆိုသည်မှာ နိုင်ငံသားအဖြစ်နေထိုင်ခြင်းမဟုတ်သော နိုင်ငံတစ်ခု၌ လစာရသော လုပ်ငန်းတစ်ခုတွင် ဝင်ရောက်ရန်၊ ဝင်ရောက်လုပ်ကိုင်ဆဲနှင့် ဝင်ရောက်လုပ်ကိုင်ဖူးသော လူတစ်ဦးဟု ဖွင့်ဆိုသည်။

၌အဓိပ္ပာယ်ဖွင့်ဆိုချက်၏ အဓိကအချက်များမှာ -

၁။ ရွှေ့ပြောင်းအလုပ်သမားတစ်ဦးသည် အလုပ်မလုပ်ခင်၊ အလုပ်လုပ်ချိန်နှင့် အလုပ်လုပ်ပြီးချိန်တို့တွင် ၎င်း၏အခွင့်အရေးများကို ရပိုင်ခွင့်ရှိသည်။ အလုပ်သမားတစ်ဦး၏ အခွင့်အရေးများကို ၎င်းတို့အလုပ်ပြီးချိန်တွင် ရပ်တန့်ထား၍မရပါ။ (သို့မဟုတ်ပါက ၎င်းတို့ကို အလုပ်မှဖြုတ်ပစ်ခြင်းဖြင့် အခွင့်အရေးများ အလွယ်တကူ ဆုံးရှုံးသွားနိုင်သည်။) ထို့အပြင် အလုပ်ခန့်ထားရန်အတွက် ခေါ်ယူချိန်နှင့် အလုပ်ရှိရာသို့ ခရီးသွားချိန်များတွင် ရွှေ့ပြောင်းအလုပ်သမားများကို အနိုင်ကျင့်ခံရခြင်းတို့မှ ကာကွယ်ပေးသင့်သည်။

၂။ အလုပ်သမားတစ်ဦးအဖြစ် ရှုမြင်ရန် အလုပ်သမားများကို အခကြေးငွေပေးရန် လိုအပ်သည်။ တစ်နည်းပြောရလျှင် အလုပ်သည် တရားဝင်ဖြစ်ရန် သို့မဟုတ် တိကျသောအလုပ်ဖြစ်ရန် မလိုအပ်ပါ။ (အောက်တွင် ဆွေးနွေးထားသော ထူးခြားသည့် အချို့အလုပ်အမျိုးအစားများကို စာချုပ်တွင် ခွဲခြားထားသည်။)

၃။ အထောက်အထားရှိသော အလုပ်သမားနှင့် အထောက်အထားမရှိသော အလုပ်သမားများအကြား ခွဲခြားထားမှု မရှိရပါ။ ရွှေ့ပြောင်းအလုပ်သမားဆိုသည်မှာ ၎င်းတို့ နိုင်ငံသားဖြစ်သော

နိုင်ငံ၏အပြင်ဖက်တွင် အလုပ်လုပ်ကိုင်နေသောသူများ ဖြစ်သည်။ ထို့ကြောင့် ရွှေ့ပြောင်း အလုပ်သမားအားလုံးသည် ထိုအခွင့်အရေးများကို ခံစားခွင့်ရှိသည် (အထောက်အထားရှိသော အလုပ်သမားများသည် အခြားအခွင့်အရေးများကိုလည်း ခံစားခွင့်ရှိသည်)။

ထို့အပြင် စာချုပ်၏ခေါင်းစဉ်နှင့် ပထမဆုံးပုဒ်မတွင် အလေးထားဖော်ပြထားသည့်အတိုင်း ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏မိသားစုဝင်များသည် ထိုအခွင့်အရေးများအားလုံးကို ခံစားခွင့်ရှိစေသင့်သည်။ ထို့ကြောင့် စာချုပ်တွင် အလုပ်သမားများ ၎င်းတို့၏ ဇနီး/ခင်ပွန်းနှင့် သားသမီးများအတွက် ကာကွယ်ပေးခြင်းပါ အကျုံးဝင်သည်။ သို့သော် ICRMW တွင် လူအမျိုး အစားအချို့ကို ရွှေ့ပြောင်းအလုပ်သမားများအဖြစ် မသတ်မှတ်ပါ။ ၎င်းတို့ထဲတွင် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်သားများ၊ ကုလသမဂ္ဂကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုတွင် အလုပ်လုပ်နေသူများ၊ ဒုက္ခသည်များ၊ နိုင်ငံမဲ့ဖြစ်နေသူများနှင့် ရင်းနှီးမြှုပ်နှံသူများ ပါဝင်သည်။ ထိုသူများကို အကာအကွယ် ပေးရန် အခြားသော အစီအမံများ ရှိနိုင်ပါသေးသည်။ ဥပမာ - ၎င်းတို့၏ သံရုံးများမှတစ်ဆင့် သံတမန်ဆိုင်ရာလမ်းကြောင်းအားဖြင့် အကာအကွယ်ပေးခြင်း သို့မဟုတ် ၎င်းတို့၏ အခြေအနေ အလိုက် အကာအကွယ်ပေးသည့် အခြားသောစာချုပ်များ (အထူးသဖြင့် ဒုက္ခသည်များနှင့် နိုင်ငံမဲ့ ဖြစ်နေသူများ) ဖြစ်သည်။

၇.၂.၂ ICRMW တွင်ပါဝင်သော ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အခွင့်အရေးများ

ICRMW တွင် ရွှေ့ပြောင်းအလုပ်သမားများအတွက် လူ့အခွင့်အရေးပုံစံ (၃)မျိုး ရှိပါသည်။ ပထမအမျိုးအစားမှာ အလုပ်သမားများအတွက် ရှိပြီးသား လူ့အခွင့်အရေးများနှင့်တူညီပြီး အချို့မှာ ပြဋ္ဌာန်းပြီးရှိသော်လည်း အစိုးရအချို့က မသိကျိုးကျွန်ပြုထားသည်။ ဒုတိယအမျိုးအစားမှာ ရွှေ့ပြောင်းအလုပ်သမားများအတွက် သက်သက် သတ်မှတ်ထားသော အခွင့်အရေးအသစ်များ ဖြစ်ကြသည်။ တတိယအမျိုးအစားမှာ ရွှေ့ပြောင်းအလုပ်သမား အမျိုးအစားအမျိုးမျိုးအတွက် သက်ဆိုင်ရာအခွင့်အရေးများ ဖြစ်ကြသည်။ ထိုအခွင့်အရေးများကို အစဉ်အတိုင်း စစ်ဆေးကြည့် ပါက ICRMW သည် ခွဲခြားဆက်ဆံခံရခြင်းမှ ကင်းလွတ်ခွင့်နှင့် အသက်ရှင်သန်ခွင့် အစရှိသည့် ရှိပြီးသား လူ့အခွင့်အရေးများကို ပြန်လည်ဖော်ပြထားသည်။ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်နှင့် လွတ်လပ်စွာကိုးကွယ်ခွင့်၊ နှိပ်စက်ခြင်းနှင့် ကျေးကျွန်ပြုခြင်းတို့မှ လွတ်လပ်ခွင့် အစရှိသည့် ICCPR တွင် ဖော်ပြထားသော လွတ်လပ်ခွင့်များလည်း ပါရှိသည်။ မျှတသော တရားစီရင်ခြင်းကို ရရှိခွင့်နှင့် မတရားဖမ်းဆီးချုပ်နှောင်ခံရခြင်း စသည့် တရားဥပဒေဆိုင်ရာ အခွင့်အရေးများလည်း ကွန်ဗင်ရှင်း တွင် ပါဝင်သည်။ အခြား စာချုပ်အများအပြားတွင် ထိုအခွင့်အရေးများ ရှိနေပြီးဖြစ်၍ ထပ်ပြန် တလဲလဲ ဖြစ်နေသည်ဟု ထင်မြင်နိုင်သော်လည်း အစိုးရများက ထိုအခွင့်အရေးများကို ဖယ်ရှားပြီး ၎င်းတို့၏ ဥပဒေများနှင့်ကျင့်ထုံးများကို မဖန်တီးနိုင်စေရန် ထိုအခွင့်အရေးများကို ရွှေ့ပြောင်းအလုပ် သမားများ အားရှင်းလင်းစွာ ပေးထားခြင်းဖြစ်သည်။ ဥပမာ - အစိုးရတစ်ရပ်က တရားမဝင် ရွှေ့ပြောင်းအလုပ်သမားများသည် ရဲကိုတိုင်ကြားမှုမပြုလုပ်နိုင်ဟု ဖော်ပြထားသော မူဝါဒတစ်ရပ် ရှိကောင်းရှိနိုင်သည်။ ထိုအဖြစ်မျိုးသည် ဥပဒေအောက်တွင် ညီမျှသောကာကွယ်ခြင်းကို ရရှိရမည် ဆိုသည့် လူ့အခွင့်အရေးစံနှုန်းကို ရှင်းလင်းစွာ ဆန့်ကျင်လျက်ရှိသည်။ ထို့အပြင် ထိုအခွင့်အရေး များကို ဤစာချုပ်တွင် ထပ်မံထည့်သွင်းထားခြင်းအားဖြင့် ရွှေ့ပြောင်းအလုပ်သမားများ ရရှိထိုက်သော

အခွင့်အရေးများမှာ မည်သည်တို့ဖြစ်ကြသည်ကို ပို၍ရှင်းလင်းစွာ ပြဋ္ဌာန်းပြီး ဖြစ်သွားခဲ့သည်။ ဥပမာ - ရွှေ့ပြောင်းလုပ်သားတစ်ဦးမှာ မည်သူမည်ဝါဖြစ်ကြောင်း စစ်ဆေးရာတွင် ထိုဥပဒေများနှင့်အညီ သာ ဆောင်ရွက်ရမည်။ ရွှေ့ပြောင်းလုပ်သားများကို အစုလိုက် ဖမ်းဆီးချုပ်နှောင်ခြင်းကို လူအခွင့် အရေးချိုးဖောက်ခြင်းအဖြစ် ယူဆသည် (သို့သော် ထိုင်းနှင့် မလေးရှားနိုင်ငံတို့တွင် ထိုကဲ့သို့ ချိုးဖောက်မှုများသည် ဖြစ်နေကျဖြစ်သည်)။

မှတ်သားဖွယ်ရာ

အထောက်အထားရှိ မရှိနှင့် မသက်ဆိုင်ဘဲ ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများအားလုံး ရရှိခံစားနိုင်မည့် အခွင့်အရေးများ

- ခွဲခြားဆက်ဆံမှုမရှိခြင်း
- မည်သည့်နိုင်ငံကိုမဆို ထွက်ခွာနိုင်ပြီး မူရင်းနိုင်ငံကို ပြန်လည်ဝင်ရောက်နိုင်သော လွတ်လပ်ခွင့်
- လွတ်လပ်စွာ အသက်ရှင်သန် ရပ်တည်ခွင့်
- အနှိပ်စက်ခံရခြင်းနှင့် မတရားဆက်ဆံခံရခြင်းတို့မှ လွတ်လပ်ခွင့်
- ကျေးကျွန် သို့မဟုတ် အတင်းအဓမ္မအလုပ်ခိုင်းစေခြင်းတို့မှ လွတ်လပ်ခွင့်
- လွတ်လပ်စွာ တွေးခေါ်ခွင့်၊ ယုံကြည်ခွင့်နှင့် ကိုးကွယ်ခွင့်
- လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်
- ပုဂ္ဂလိက အခွင့်အရေး၊ မိသားစု၊ နေအိမ်၊ စာပေးစာယူနှင့် အခြားသော ဆက်သွယ်မှုတို့ကို အသိမပေးဘဲ သို့မဟုတ် ဥပဒေနှင့်မညီညွတ်သော နှောင့်ယှက်စွက်ဖက်ခြင်းတို့မှ လွတ်လပ်ခွင့်
- ပစ္စည်းဥစ္စာပိုင်ဆိုင်နိုင်ရန် အခွင့်အရေး
- လူတစ်ဦး၏ လွတ်လပ်မှုနှင့် လုံခြုံမှုဆိုင်ရာ အခွင့်အရေး
- ဥပဒေအရ ဖမ်းဆီးထိန်းသိမ်းခြင်းအောက်တွင် လူသားဆန်စွာ ဆက်ဆံခံရပိုင်ခွင့်
- အဆင့်အတန်းရှိသော၊ လွတ်လပ်သော၊ ဘက်မလိုက်သော တရားရုံးတွင် အများပြည်သူ ရှေ့မှောက်တွင် မျှတစွာ ကြားနာစီရင်ခွင့် အခွင့်အရေး
- ရာဇဝတ်မှုဆိုင်ရာ ဥပဒေများကို နောက်ကြောင်းပြန် ကျင့်သုံးခြင်းကို တားမြစ်ခြင်း
- ချုပ်ဆိုခဲ့ဖူးသော စာချုပ်အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုအတွက် အကျဉ်းချခြင်းကို တားမြစ်ခြင်း
- ခရီးသွားလာခွင့် သို့မဟုတ် သက်သေခံအထောက်အထားများ ဖျက်ဆီးခြင်းကို တားမြစ်ခြင်း
- အုပ်စုအလိုက် နှင်ထုတ်ခံရခြင်း သို့မဟုတ် မမျှတသော လုပ်ထုံးလုပ်နည်းများဖြင့် နှင်ထုတ်ခံရခြင်းကို တားမြစ်ခြင်း
- သံတမန်ဆိုင်ရာ အထောက်အကူပေးခြင်းကို ရရှိခံစားပိုင်ခွင့်

- ဥပဒေရှေ့မှောက်တွင် လူတစ်ဦးအနေဖြင့် အသိအမှတ်ပြုခံရပိုင်ခွင့်
- အချို့ အလုပ်လုပ်ခွင့်အခြေအနေနှင့် လစာခံစားခွင့်အတွက် နိုင်ငံသားနှင့် ရွှေ့ပြောင်းလုပ်သားများအကြား တန်းတူညီမျှဆက်ဆံမှု ရရှိခွင့်
- အလုပ်သမားသမဂ္ဂများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် အခွင့်အရေး
- လူမှုလုံခြုံရေးကို တန်းတူညီမျှ ခံစားပိုင်ခွင့် ရှိရေး
- အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေး
- ကလေးတစ်ဦးသည် အမည်၊ မွေးစာရင်းနှင့် နိုင်ငံသား ရရှိပိုင်ခွင့်
- အစိုးရပညာရေးကို တန်းတူညီမျှစွာ လက်လှမ်းမီရေး

ICRMW တွင် ရွှေ့ပြောင်းအလုပ်သမားများအတွက် တိကျသော အခွင့်အရေးများကို ပေးထားသည်။ ဥပမာ - မှတ်ပုံတင်ကဒ်ပြားကို သိမ်းယူခြင်း သို့မဟုတ် ဖျက်ဆီးခြင်းတို့ကို မပြုလုပ်နိုင်ပါ(ပုဒ်မ ၂၁)။ ရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍ အလုပ်ရှင်များက ပြုလုပ်တတ်သည့် အကျင့်မှာ စက်ရုံများမှ ရွှေ့ပြောင်းအလုပ်သမားများ ထွက်သွားပြီး၊ အခြားအလုပ်များတွင် အလုပ်ရှာဖွေပါက ခက်ခဲစေရန် မှတ်ပုံတင်ကဒ်ပြားများနှင့် နိုင်ငံကူးလက်မှတ်များကို ကိုင်ဆောင်ခွင့် မပြုခြင်းနှင့် သိမ်းဆည်းထားခြင်းဖြစ်သည်။ ထိုကဲ့သို့ ချိုးဖောက်မှုများသည် ရွှေ့ပြောင်းအလုပ်သမားများကို ရဲများက လိုက်လံနှောင့်ယှက်ရန် ခွင့်ပြုပေးသလိုဖြစ်ပြီး အလုပ်သမားများသည် ဥပဒေအရ လိုအပ်သော အထောက်အထားများ မရှိတော့၍ ရဲများကို လာဘ်ပေးရနိုင်သည်။ အခြားသော အခွင့်အရေးတစ်ခုမှာ နိုင်ငံသားများရရှိသော လုပ်ငန်းခွင်အခြေအနေနှင့် ဆက်ဆံရေးကို ရွှေ့ပြောင်းအလုပ်သမားများလည်း အညီအမျှ ရရှိရန်ဖြစ်သည်။ ထိုသူတို့ အလုပ်လုပ်ခွင့် ပြီးဆုံးသည့်အချိန်အထိ နိုင်ငံအတွင်း အချိန်ကာလတစ်ခုအထိ နေထိုင်နိုင်ရန်လည်း အခွင့်အရေးရရှိရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံမှ အလုပ်သမားများကို အလုပ်ပြီးပြီးချင်း ချက်ချင်းအလုပ်မှ နှင်ထုတ်သည့် ကိစ္စကို ရပ်တန့်စေရန်ဖြစ်သည်။ အခြားသော အခွင့်အရေးများတွင် အစုလိုက်နှင်ထုတ်ခြင်းမှ လွတ်လပ်ခွင့် (ပုဒ်မ ၂၂)၊ အဖမ်းခံခဲ့ရလျှင် သံတမန်အကူအညီရရှိရန် အခွင့်အရေး (ပုဒ်မ ၂၃) နှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ ကလေးများအတွက် ပညာသင်ခွင့်ရရှိစေရန် (ပုဒ်မ ၃၀) တို့ဖြစ်သည်။ အခြားအရေးကြီးသည့် အခွင့်အရေးတစ်ခုမှာ လုပ်ခလစာကို ရွှေ့ပြောင်းအလုပ်သမား၏ မိခင်နိုင်ငံသို့ လွှဲပြောင်းပေးပို့ခွင့်ရှိရရန် ဖြစ်သည်။

စာချုပ်၏အဓိကရည်ရွယ်ချက်မှာ ရွှေ့ပြောင်းအလုပ်သမားများအတွက် လူသားဆန်သည့် အခြေအနေများကို ဖန်တီးပေးရန်ဖြစ်သည်။ စာချုပ်အခန်း (၆) တွင် အသေးစိတ်ဖော်ပြထားပါသည်။ ယခင်ထက်ပို၍ ကောင်းမွန်သော ဝန်ဆောင်မှုများဖြစ်သည့် ကောင်စစ်ဝန်ဆိုင်ရာလုပ်ငန်းရပ်များ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ မိမိတို့၏ မူလနိုင်ငံသို့ အလွယ်တကူ ပြန်နိုင်ခွင့်ရှိခြင်းနှင့် ရွှေ့ပြောင်းနေထိုင်သူများအား လူသစ်စုဆောင်းခြင်းနှင့် တရားမဝင်လျှို့ဝှက်စွာသွားလာမှုတို့ ပပျောက်ရေးအတွက် ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

သဘောတရားရေးရာ ရှုင်းလင်းချက်

ငွေလွှဲပြောင်းပေးပို့ခြင်း

ငွေလွှဲပြောင်းပေးပို့ခြင်း ဆိုသည်မှာ မိမိနိုင်ငံအပြင်ဘက်တွင် နေထိုင်သော ရွှေ့ပြောင်းအလုပ်သမားများနှင့် အခြားသူများမှ ငွေနှင့်ပစ္စည်းများကို နေရပ်ရင်းသို့ ပြန်ပို့ခြင်းဖြစ်သည်။ အလုပ်သမားများက ထိုသို့ ပြန်ပို့ခွင့်ရှိသောအခါ ငွေနှင့်ပစ္စည်းများသည် လူအဖွဲ့အစည်းများအတွက် အရေးပါသော သက်ရောက်မှုများ ရှိသည်။ အချို့ဖြစ်ရပ်များတွင် နိုင်ငံ၏စီးပွားရေးအပေါ်ကိုပါ သက်ရောက်မှု ရှိသည်။ ရွှေ့ပြောင်းအလုပ်သမားများ၏ ပြန်ပို့ငွေသည် ဖိလစ်ပိုင်နိုင်ငံ စီးပွားရေး၏ ကြီးမားသော အစိတ်အပိုင်းဖြစ်သလို၊ မြန်မာနိုင်ငံရှိ လူမှုအဖွဲ့အစည်းများစွာ၏ အခြေအနေကိုလည်း တိုးတက်ပြောင်းလဲစေခဲ့သည်။ ရွှေ့ပြောင်းအလုပ်သမားများသည် အခြားနိုင်ငံ သို့မဟုတ် အခြားဒေသတွင် နေထိုင်နေသော်လည်း ၎င်းတို့သည် အခွင့်အလမ်းသစ်များကို ယူဆောင်လာပေးသည့် တွန်းအားများ ဖြစ်နိုင်ကြသလို စီးပွားရေးဖွံ့ဖြိုးမှု၏ အရင်းအမြစ်တစ်ခုလည်း ဖြစ်သည်။ ငွေလွှဲပို့ခြင်းသည် အရှေ့တောင်အာရှဒေသရှိ ဆွေငင်အားတစ်ခု (လူများ ရွှေ့ပြောင်းနေထိုင်ရန် လှုံ့ဆော်ပေးသော ဆွဲဆောင်မှု တစ်စုံတစ်ရာ) ဖြစ်သည်။ ထိုကဲ့သို့ လွှဲပို့ငွေများကို အကာအကွယ်ပေးခြင်းနှင့် နေရပ်ရင်းသို့ ငွေလွှဲပို့နိုင်ခွင့်ရှိခြင်းတို့သည် အလုပ်သမားများအတွက် အလွန်အရေးကြီးပြီး ၎င်းတို့၏ လူ့အခွင့်အရေးလည်း ဖြစ်သည်။

ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို အမျိုးအစား (၃)မျိုး ခွဲခြားထားသည်။ (၁) ရွှေ့ပြောင်းအလုပ်သမားများ အားလုံး၏အခွင့်အရေးများ (အထက်တွင်အသေးစိတ်ဖော်ပြထားသည်)၊ (၂) အထောက်အထားရှိသော ရွှေ့ပြောင်းအလုပ်သမားများအတွက် ပေးထားသော အပို အခွင့်အရေးများ၊ (၃) ရွှေ့ပြောင်းအလုပ်သမား အထူးအမျိုးအစားများအတွက် အခွင့်အရေးများ ဖြစ်ကြသည်။

အထောက်အထားရှိသော ရွှေ့ပြောင်းအလုပ်သမားများသည် ပုဒ်မပေါင်း နှစ်ဆယ်တွင် ပါရှိသော နောက်ထပ်အခွင့်အရေးများကို ခံစားခွင့်ရှိသည်။ ၎င်းအခွင့်အရေးများထဲတွင် အလုပ်သမားသမဂ္ဂဖွဲ့စည်းခွင့် (ပုဒ်မ ၄၀)၊ နေအိမ်နှင့် လူမှုဝန်ဆောင်မှုများ ရရှိခံစားခွင့် (ပုဒ်မ ၄၃) နှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ကလေးငယ်များ ဒေသတွင်းပညာရေးအဖွဲ့အစည်းများထံမှ ပညာသင်ကြားခွင့် (ပုဒ်မ ၄၅) တို့ဖြစ်သည်။ အထောက်အထားရှိသော ရွှေ့ပြောင်းအလုပ်သမားများအတွက် အဆိုပါ အပိုခံစားခွင့်များသည် ပုံမှန်အခြေအနေတွင် အလုပ်သမားများအနေဖြင့် စာရွက်စာတမ်း အထောက်အထားများပြုလုပ်လိုစိတ်ရှိလာပြီး ပုံမှန်လမ်းကြောင်းမှ ရွှေ့ပြောင်းသွားလာကြစေရန် မက်လုံးပေးသည့် အားထုတ်မှုတစ်ခုအဖြစ် ရှုမြင်နိုင်ပါသည်။

ရွှေ့ပြောင်းအလုပ်သမားများ အထူးအမျိုးအစားများမှာ နယ်စပ်ဒေသ အလုပ်သမားများ (ဥပမာ - နိုင်ငံတစ်ခု၏ နယ်စပ်ဒေသတွင် နေထိုင်ပြီး တစ်ဖက်နိုင်ငံတွင် အလုပ်လုပ်သောသူ)၊ ရာသီအလိုက် အလုပ်သမား (တစ်နှစ်လျှင် လအနည်းငယ်သာ အခြားနိုင်ငံတွင် အလုပ်လုပ်သောသူ) သို့မဟုတ် စီမံကိန်းအလုပ်သမား (အခြားနိုင်ငံတစ်ခုတွင် တိကျသော အချိန်ကာလတစ်ခုအတွက် အလုပ်လုပ်ပြီး စီမံကိန်းပြီးစီးသည့်အခါ အလုပ်လုပ်ခွင့်လည်း ပြီးဆုံးသည့်သူ)တို့ ပါဝင်သည်။ အဆိုပါ အလုပ်သမားများသည် စံသတ်မှတ်ထားသော အခွင့်အရေးအားလုံးကို ခံစားခွင့်ရှိသော်လည်း

ၵင်းတို့သည် အလုပ်လုပ်သောနိုင်ငံတွင် အခြိန်ပြည့်နေထိုင်ခြင်းမရှိ၍ လူမှုဝန်ဆောင်မှုများနှင့် ကလေးများအတွက် ပညာရေးအခွင့်အလမ်းများကို ကန့်သတ်ထားသည်။

၇.၂.၃ ICRMW ၏ အားနည်းချက်များ

ဤစာချုပ်သည် ရွှေ့ပြောင်းအလုပ်သမားများကို ကာကွယ်ခြင်းအတွက် သိသိသာသာပင် တိုးတက်အောင် ဆောင်ရွက်ခဲ့သော ခြေလှမ်းများ ရှိခဲ့သော်လည်း အသစ်ပေါ်ထွက်လာသော ရွှေ့ပြောင်းအလုပ်သမား အမျိုးအစားများနှင့်စပ်လျဉ်း၍ အားနည်းချက်တချို့ရှိသည်။ ဥပမာ - ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးများအတွက် တိကျသော သတ်မှတ်ပြဋ္ဌာန်းချက်များ မရှိသဖြင့် ထိုစာချုပ်သည် ဂျန်ဒါအရေးကို မျက်ကွယ်ပြုထားသည်ဟု ဆိုကြသည်။ ဂျန်ဒါရှုထောင့်မှကြည့်လျှင် အမျိုးသမီးများနှင့် အမျိုးသားများ၏ အခွင့်အရေးများကို တန်းတူပင် အကာအကွယ်ပေးရန် လိုအပ်သည်။ အလုပ်အကိုင်များ၏သဘာဝသည် ဂလိုဘယ်လိုက်ဇေးရှင်း၏ သက်ရောက်မှုကြောင့် ပြောင်းလဲလာခြင်းနှင့် လုပ်ငန်းခွင်တွင် အမျိုးသမီးများ လွှမ်းမိုးလာသော လုပ်ငန်းအလေ့အထ အသစ်များကြောင့် ယခုအခါ အမျိုးသမီးများသည် အလျင်မြန်ဆုံး ကြီးထွားနေသော လုပ်သားထုကြီးတွင် ပါဝင်လာသည်။ သို့သော်လည်း ဤစာချုပ်တွင် အလုပ်ခွင်အတွင်း လိင်မှုဆိုင်ရာ ခွဲခြားဆက်ဆံခံရခြင်း သို့မဟုတ် လုပ်ခလစာ ကျားမတန်းတူ ခံစားခွင့်မရှိခြင်းအစရှိသည်ဖြင့် အမျိုးသမီးများ ရင်ဆိုင်ရနိုင်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို တိုက်ရိုက်ဖြေရှင်းပေးထားခြင်းမရှိပါ။ ထိုကဲ့သို့သော ပြဿနာများကိုဖြေရှင်းရာတွင် အလုပ်သမားအချင်းချင်း ခွဲခြားဆက်ဆံခြင်း မရှိစေရဆိုသည့် စည်းကမ်းဖြင့် ဖြေရှင်းနိုင်သည်ဟု ငြင်းဆန်နိုင်သော်လည်း ထိုခွဲခြားဆက်ဆံမှု ပပျောက်ရေး ဥပဒေများက အမျိုးသမီး ရွှေ့ပြောင်းအလုပ်သမားများကို လုံလောက်စွာ အကာအကွယ်မပေးနိုင်ပါ။ အဆိုပါ အားနည်းချက်သည် အမျိုးသမီးများသာ လုပ်ကိုင်တတ်ကြသော အိမ်အကူလုပ်ငန်းများတွင် အထူးသိသာ ထင်ရှားသည်။ အကြောင်းမှာ အိမ်အကူအလုပ်သမားများသည် မကြာခဏပင် စည်းမျဉ်းဥပဒေများနှင့် အကျုံးမဝင်ဘဲ ပုဂ္ဂလိကအိမ်များတွင် အလုပ်လုပ်ကြသဖြင့် မတရားမှုများကို တိုင်ကြားရန် ၎င်းတို့အချင်းချင်း စုစည်းတွေ့ဆုံရန်၊ အခြိန်ပို အလုပ်လုပ်ရခြင်းနှင့် အခြားလုပ်ငန်းခွင်စည်းကမ်းတင်းကျပ်မှုများအပေါ်တွင် စောဒကတက်ရန် အလွန်ခက်ခဲစေသည်။ ဤဒေသအတွင်း အထင်ရှားဆုံး မတရားပြုကျင့်မှုအချို့မှာ အိမ်အကူအလုပ်သမားများနှင့် ပတ်သက်ခဲ့သည် (အချို့ဖြစ်ရပ်များသည် သံတမန်ဆက်သွယ်မှု ဖြတ်တောက်ခြင်းအထိ ဦးတည်ခဲ့သည်။ ဥပမာ- စင်ကာပူနှင့် ဖိလစ်ပိုင်နိုင်ငံအကြားတွင်ဖြစ်ပွားခဲ့သော Flor Contemplacion ဆိုသူ အိမ်အကူအမျိုးသမီး၏ ဖြစ်ရပ်မှ နမူနာဖြစ်သည်)။ ထည့်သွင်းစဉ်းစားဖူးခြင်းမရှိသေးသော အခြားအခွင့်အရေးဆိုင်ရာ နယ်ပယ်များမှာ ငယ်ရွယ်သူ အလုပ်သမားများ (အသက် ၁၈ နှစ်အောက် အလုပ်အကိုင်ရှာဖွေသူများ) ဖြစ်ပြီး ၎င်းတို့သည် အထူးကာကွယ်စောင့်ရှောက်မှု လိုအပ်နိုင်သည်။ လုပ်ငန်းခွင်တစ်ခုသို့ ဝင်ရောက်ရန် အငယ်ဆုံးအသက်အရွယ်ဆိုင်ရာ ကွန်ဗင်ရှင်း (ILO 138) သည် အလုပ်လုပ်နေကြသော နိုင်ငံတွင်သတ်မှတ်ထားသည့် အငယ်ဆုံးအသက်အရွယ် (အသက် ၁၂ နှစ်မှ ၁၅ နှစ်အထိ ဖြစ်နိုင်သည်)ကို အကာအကွယ်ပေးထားသော်လည်း အသက် ၁၅ နှစ်မှ ၁၈ နှစ်အထိ အလုပ်လုပ်နေသူများအနေဖြင့် အထူးအကာအကွယ်ပေးမှု လိုအပ်သည်ကို အသိအမှတ်ပြုထားခြင်း မရှိပါ။ ထို့အပြင် ရွှေ့ပြောင်းအလုပ်သမားများ၏ အရွယ်ရောက်ပြီးသော သားသမီးများဖြစ်သည့် ဒုတိယမျိုးဆက်ရွှေ့ပြောင်းအလုပ်သမားများကို စာချုပ်ထဲတွင် ရည်ညွှန်းဖော်ပြထားခြင်း မရှိပါ။ လုပ်သား

များရွှေ့ပြောင်းခြင်း အစဉ်အလာရှိခဲ့သော အရှေ့တောင်အာရှနိုင်ငံများတွင် ရွှေ့ပြောင်းအလုပ်သမားများမှာ မျိုးဆက်နှစ်ဆက်မြောက်၊ တစ်ခါတစ်ရံ သုံးဆက်မြောက်နေထိုင်ခဲ့သော အလုပ်သမားများရှိသည်။

သာဓက

Flor Contemplacion ဖြစ်ရပ်

ဖလော်ကွန်တန်ပလေစွန် Flor Contemplacion သည် ဖိလစ်ပိုင် အိမ်အကူအလုပ်သမားအဖြစ် စင်ကာပူတွင် အလုပ်လုပ်နေစဉ် လူသတ်မှုကျူးလွန်ကြောင်း တွေ့ရှိပြီး တရားစွဲခြင်း ခံခဲ့ရသည်။ ၁၉၉၅ ခုနှစ် မတ်လ ၁၇ ရက်တွင် သူ့ကိုကွပ်မျက်ခဲ့သည်။ သို့သော် ထိုဖြစ်စဉ်မှာ အငြင်းပွားဖွယ်အဖြစ် ယခုချိန်ထိ ရှိနေဆဲဖြစ်သည်။ အိမ်အကူတစ်ယောက်သည် လည်မျိုကို အညှစ်ခံရပြီး သေဆုံးသည်ဟု တွေ့ရှိရပြီး ထိုအိမ်အကူက ထိန်းနေသော အသက် ၄ နှစ်အရွယ် ကလေးတစ်ဦးမှာ ရေချိုးခန်းထဲတွင် ရေနစ်သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။ အသတ်ခံခဲ့ရသော အိမ်အကူ၏ ဒိုင်ယာရီ စာအုပ်ကိုဖတ်ပြီး ရဲများက ဖလော်ကို မသင်္ကာဖြစ်ခဲ့ပြီး သူကလည်း လူသတ်မှုကို ကျူးလွန်ခဲ့သည်ဟု ဝန်ခံခဲ့သည်။ ဖလော်၏ စိတ်အခြေအနေ မတည်ငြိမ်မှုနှင့် ထိုကလေး၏ ဖခင်က သားဖြစ်သူ ရေနစ်သေဆုံးနေသည်ကို တွေ့ရှိပြီး အိမ်အကူကို လည်ပင်းညှစ်သတ်နိုင်သည့်အချက်ကို မစစ်ဆေးဘဲ လစ်လျူရှုခဲ့ကြသည်။



ဤဖြစ်ရပ်ကြောင့် ရွှေ့ပြောင်းအလုပ်သမားများ၏အရေးကို ဆောင်ရွက်နေသော အဖွဲ့အစည်းများအနေဖြင့် ပိုမိုစုစည်းမိကာ ရွှေ့ပြောင်းလုပ်သားများ အကာအကွယ်ရရှိရေးကို ပို၍တင်ပြလာနိုင်ကြသည်။ အထူးသဖြင့် စင်ကာပူရှိ အိမ်အကူများအတွက် တောင်းဆိုမှုများ ဖြစ်ပေါ်စေခဲ့သည်။ ဖလော်အတွက် သေဒဏ်စီရင်ချက်ကို အလွန်လျင်မြန်စွာဆုံးဖြတ်ချက်ချလိုက်သည်ဟု လူအများက သင်္ကာမကင်းဖြစ်ခဲ့ကြပြီး စင်ကာပူရဲများဘက်ကလည်း အခြားဖြစ်နိုင်ခြေများကို စုံစမ်းစစ်ဆေးမှုများ မပြုလုပ်ခဲ့ကြပါ။ ဖိလစ်ပိုင်အစိုးရဘက်ကလည်း မဆိုစလောက်သာ ပါဝင်ပတ်သက်ခဲ့ပြီး တရားရင်ဆိုင်နေရသော အိမ်အကူအတွက် ကောင်စစ်ဝန်မှတစ်ဆင့်ပေးနိုင်သော အကူအညီများ သို့မဟုတ် အကာအကွယ်ပေးမှုများကို အားမထုတ်ခဲ့သလောက်ပင်ဖြစ်သည်။ ထိုအမှုနှင့်ပတ်သက်၍ ဖိလစ်ပိုင်မှ ပြည်သူများက များစွာစိတ်ပျက်ရကြောင်းကို အချိန်နှောင်းမှသာ ရိပ်မိခဲ့ကြသည်။ ဖလော်ကို သေဒဏ်ပေးခဲ့ခြင်းကို ဖိလစ်ပိုင်ပည်သူများက ဆန္ဒပြခဲ့ကြသည်။ နောက်ပိုင်းတွင် စင်ကာပူမှ ဖိလစ်ပိုင်သံအမတ်ကို ပြန်လည်ခေါ်ယူခဲ့ပြီး နှစ်နိုင်ငံစာချုပ်အချို့ကိုလည်း ပယ်ဖျက်ခဲ့သည်။

အဆိုပါ ဖြစ်ရပ်နောက်ပိုင်းတွင် ၁၉၉၈ ခုနှစ်နောက်ပိုင်း စင်ကာပူနိုင်ငံသည်တွင် အိမ်အကူကို မတရားပြုကျင့်ခြင်းဥပဒေ (ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ အခန်း ၇၃) ကို စတင်ပြဋ္ဌာန်းခဲ့ပြီး၊ အိမ်အကူများကို တရားဝင်ကာကွယ်ခြင်းကို တဖြည်းဖြည်း တိုးတက်ပြောင်းလဲနိုင်အောင် ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ၂၀၁၂ ခုနှစ်တွင် စင်ကာပူ၏ အလုပ်သမားရေးရာ ဝန်ကြီးဌာနမှ နိုင်ငံခြားအိမ်အကူများအား တစ်ပတ်လျှင် တစ်ရက်အနားပေးရန် ကြေညာခဲ့သည်။ သို့ရာတွင် အဆိုပါစည်းမျဉ်းကို ၂၀၁၃ ဇန်နဝါရီလမှ စတင်သည့် စာချုပ်အသစ်များတွင်သာ အကျုံးဝင်သည်။ အိမ်အကူကို သေဒဏ်ပေးခြင်းမှာ ထိုဖြစ်ရပ်တစ်ခုတည်းမဟုတ်ပါ။ မကြာသေးခင်က သီရိလင်္ကာနှင့်

အင်ဒိုနီးရှားအိမ်အကူများလည်း ဆော်ဒီအာရေးဗီးယားနိုင်ငံတွင် သေဒဏ်ပေးခြင်းခံရသောကြောင့် အိမ်အကူတင်ပို့သော နိုင်ငံများသည် အိမ်အကူများကိုကာကွယ်ပေးခြင်း တိုးတက်ကောင်းမွန်ရန် အတွက် ဥပဒေများပြဋ္ဌာန်းလာနိုင်ရန် ဦးတည်လှုပ်ရှားလာခဲ့သည်။ ဥပမာ - ၂၀၁၁ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံသည် အိမ်အကူများ ဆော်ဒီအာရေးဗီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းကို ပိတ်ပင်ခဲ့သည်။ သို့သော် မကြာသေးခင်က ဆော်ဒီအာရေဗီးယားအစိုးရနှင့် သဘောတူညီချက်တစ်ခု လက်မှတ်ရေးထိုးခဲ့ကာ ထိုစာချုပ်အရ အလုပ်သမားများကို အကာအကွယ်ပေးသောစည်းကမ်းများ (ဥပမာ - လစဉ် လုပ်ခလစာများ၊ သတ်မှတ်ထားသောအလုပ်ချိန်များနှင့် နိုင်ငံကူးလက်မှတ်တို့ကို သိမ်းယူမထားခြင်းတို့ ဖြစ်သည်။)နှင့် ညီညွတ်ပါက ထိုနိုင်ငံသို့သွားရောက်ခြင်းကို ခွင့်ပြုသည်။

၇.၂.၄ ကတိပြုလက်မှတ်ရေးထိုးခြင်း နည်းပါးသော အကြောင်းရင်းများ

၎င်စာချုပ်ကို ကတိပြု လက်မှတ်ရေးထိုးခြင်းနည်းရသည့် အကြောင်းအရင်းများစွာရှိသည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း ရွှေ့ပြောင်းအလုပ်သမားများကို လက်ခံသည့်နိုင်ငံများမှ လက်မှတ်ထိုးထားခြင်း မရှိပါ။ ထို့အပြင် မည်သည့်ဖွဲ့ဖြိုးပြီးနိုင်ငံမှလည်း ၎င်စာချုပ်ကို ကတိပြု လက်မှတ်ရေးထိုးခြင်း မရှိခဲ့ပါ။ သို့သော် လက်မှတ်မထိုးရခြင်းအကြောင်းရင်းများသည် တိကျခိုင်လုံမှု မရှိပါ။ ဥပမာ - ဖွံ့ဖြိုးပြီးနိုင်ငံများက ထိုစာချုပ်သည် ရွှေ့ပြောင်းအလုပ်သမားများကို အခွင့်အရေးများစွာပေးထားသည်ဟု ထင်မြင်ကြသည်။ သို့သော် ထိုဥပဒေများသည် ပြည်တွင်းဥပဒေများအတွင်းတွင်သာ အကျုံးဝင်ပြီး နောက်ထပ်ဝန်ထုပ်ဝန်ပိုးများ မရှိကြပါ။ အချို့နိုင်ငံများက လုပ်ငန်းခွင်အခြေအနေများ ကောင်းလွန်းနေလျှင် ရွှေ့ပြောင်းနေထိုင်သူများ အလုံးအရင်းဖြင့် ဝင်ရောက်လာပြီး လူမှုဖူလုံရေးစနစ်၊ ရဲနှင့်ဒေသခံ လူအဖွဲ့အစည်းများအပေါ် ဖိအားများဖြစ်စေမည်ဟု ထင်မြင်ကြသည်။ သို့ရာတွင် ထိုကဲ့သို့ အလုံးအရင်းဖြင့် ဝင်ရောက်လာခြင်းမှာ မည်သည့်အခါကမျှ မဖြစ်ပေါ်လာခဲ့ပါ။ ရွှေ့ပြောင်းနေထိုင်သူများသည် အလုပ်ရှိရာသို့ သွားကြပြီး အလုပ်မရှိသည့်နေရာများသို့ မရွှေ့ပြောင်းကြပါ။ ထို့ကြောင့် ရွှေ့ပြောင်းလုပ်သားဦးရေသည် လုပ်သားလိုအပ်ချက်များနှင့် သက်ဆိုင်ပြီး နိုင်ငံကောင်းခြင်း မကောင်းခြင်းနှင့် မသက်ဆိုင်ပါ။

အစိုးရများသည် အချို့သောရွှေ့ပြောင်းလုပ်သား အခွင့်အရေးများနှင့်ပတ်သက်၍ အငြင်းပွားဖွယ်ဖြစ်သည်ဟု စဉ်းစားကြသည်။ ဥပမာ - ရွှေ့ပြောင်းအလုပ်သမားများကို လုပ်ခလစာ၊ အချိန်ပို၊ အားလပ်ရက်နှင့်အလုပ်မှရပ်နားခြင်း စသည်တို့တွင် ဒေသခံအလုပ်သမားများနှင့်တူညီစွာ ဆက်ဆံသင့်သည် (ပုဒ်မ ၂၅)။ လက်တွေ့တွင် အချို့သော ကုမ္ပဏီများက ရွှေ့ပြောင်းလုပ်သားများကို သုံးကြခြင်းမှာ ပို၍စျေးပေါပြီး အနိမ့်ဆုံးသတ်မှတ်ထားသောလစာအောက် လျှော့ပြီး ပေးနိုင်သောကြောင့် ဖြစ်သည်။ စီးပွားရေးသမားများသည် အလုပ်သမားများကို အခွင့်အရေး အများအပြားပေးသည့် ဥပဒေများမပြဋ္ဌာန်းရန် အစိုးရကို ဖိအားပေးကြသည်။ ရွှေ့ပြောင်းအလုပ်သမားများ၏ ကလေးများအတွက် နိုင်ငံသားအခွင့်အရေးစသည့် အခြားသော အခွင့်အရေးများကိုလည်း သဘောမတူတတ်ကြပါ။

ICRMW အနေဖြင့် အထောက်အထားမရှိသော အလုပ်သမားများ၏ အခွင့်အရေးကို

ထည့်သွင်း အသိအမှတ်ပြုသည့် အချက်အပေါ်တွင်လည်း စိုးရိမ်ကြသည်။ နိုင်ငံအများစုသည် အထောက်အထားမရှိသော အလုပ်သမားများကို တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများဟုသာ ခေါ်ဝေါ်ကြပြီး အလွယ်တကူပင်ဖမ်းဆီးပြီး နေရပ်သို့ ပြန်ပို့ကြသည်။ သို့သော် ထိုအလုပ်သမားများကို အခွင့်အရေးရသင့်သူများဟု အသိအမှတ်ပြုလိုက်လျှင် အဆိုပါ ပြန်ပို့သည့် လုပ်ထုံးလုပ်နည်းများကို ပြောင်းလဲပစ်ရတော့မည်။ အလုပ်သမားတို့အနေဖြင့်မူ နေရပ်ပြန်လည်ပို့ဆောင်ခြင်းကို တရားဥပဒေအရ ပြန်လည်စောဒကတက်နိုင်စွမ်း ရှိသင့်သည်။ သို့မဟုတ် ဥပဒေကို ချိုးဖောက်လျှင် ၎င်းတို့၏လုပ်ငန်းကိုပင် တရားဥပဒေအရ စိန်ခေါ်သင့်သည်။

စာချုပ်ကြောင့် ရရှိလာနိုင်သော အကျိုးရလဒ်များကို အစိုးရများက လျစ်လျူရှုတတ်ကြသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံများသည် ၎င်းတို့၏ စက်မှုလုပ်ငန်းများ ကြီးထွားလာရန်အတွက် ရွှေ့ပြောင်းအလုပ်သမားများအပေါ် မှီခိုနေကြရာ ရွှေ့ပြောင်းအလုပ်သမားများကို မတရားဆက်ဆံခြင်းသည် စီးပွားရေးအတွက်လည်း မကောင်းနိုင်ပါ။ အခြေအနေများ အလွန်ဆိုးရွားပါက ရွှေ့ပြောင်းအလုပ်သမားများသည် ထိုအရပ်ဒေသများသို့ လာရောက်ပြီး အလုပ်လုပ်မည် မဟုတ်ပါ။ သို့မဟုတ် ပို၍ကောင်းမွန်သော အလုပ်အခြေအနေကို ရှာတွေ့လျှင် သူတို့သည် အခြားနိုင်ငံများသို့ ထွက်ခွာလိမ့်မည်။ မကြာသေးခင်ကပင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအပြောင်းအလဲနှင့်အတူ မြန်မာရွှေ့ပြောင်းအလုပ်သမားများ မှီခိုနေသည့် ထိုင်းနှင့် မလေးရှားနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များက မြန်မာရွှေ့ပြောင်းအလုပ်သမားများ ၎င်းတို့နေရပ်သို့ပြန်သွားခြင်း စတင်လာနေကြသည်ကို စိုးရိမ်ကြသည်။ စက်ရုံအချို့သည် လုပ်ခလစာများတိုးမြှင့်ခြင်းနှင့် လုပ်ငန်းခွင်အခြေအနေ တိုးတက်ကောင်းမွန်စေရန် လုပ်ဆောင်ပေးခြင်းဖြင့် ရွှေ့ပြောင်းအလုပ်သမားများ ဆက်လက်နေထိုင်လုပ်ကိုင်စေရန် မက်လုံးများ ပေးခဲ့ကြသည်။

၇.၃ ရွှေ့ပြောင်းအလုပ်သမားများအခွင့်အရေးများကို ချိုးဖောက်ခြင်း

ရွှေ့ပြောင်းအလုပ်သမားများသည် အလုပ်စခေါ်ခိုန်မှစ၍ အလုပ်ပြီးဆုံးသည့်တိုင်အောင် ခြိမ်းခြောက်မှုနှင့် ချိုးဖောက်မှု ပုံစံအမျိုးမျိုးနှင့် ရင်ဆိုင်ရသည်။ အထူးသဖြင့် အထောက်အထားမရှိသော ပုံမှန်မဟုတ်သော အခြေအနေများတွင် ရွှေ့ပြောင်းအလုပ်သမားများသည် ထိခိုက်နစ်နာကြသည်။ ရွှေ့ပြောင်းအလုပ်သမားများသည် ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်ရသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ၎င်းတို့၏ နိုင်ငံပြင်ပတွင် နေထိုင်ကြသောသူများဖြစ်ကြပြီး လက်ခံရသူနိုင်ငံ၏ လူအဖွဲ့အစည်းအတွက် ဝန်ထုပ်ဖြစ်ပြီး စီးပွားရေးအတွက် ဆိုးကျိုးဖြစ်သည်ဟု ပုံဖော်ခံရသည်။ ရွှေ့ပြောင်းအလုပ်သမားများသည် ခြိမ်းခြောက်မှုနှင့် မတရားခံရမှုများကို ရဲများသို့ တိုင်ကြားရန် စိုးရွံ့ကြသည်။ ရဲများနှင့် တရားရေးစနစ်သည် ၎င်းတို့ကို အကာအကွယ်ပေးနိုင်သည်ဟု မယူဆသောကြောင့်ဖြစ်သည်။ ကာကွယ်ရေးစနစ် မရှိလျှင် ၎င်းတို့၏ လုံခြုံရေးနှင့် မျှတစွာဆက်ဆံခံရရေးတို့အတွက် လူအခွင့်အရေးကိုသာလျှင် နောက်ဆုံးရွေးချယ်စရာအဖြစ် အသုံးပြုကြရမည်။

လိမ်လည်လှည့်ဖြားမှု

ရွှေ့ပြောင်းအလုပ်သမားများအား လိမ်လည်လှည့်ဖြားမှုသည် ဒေသအတွင်းတွင် ပုံနှံ့လျက်ရှိသည်။ ထိုဖြစ်ရပ်များတွင် ကုမ္ပဏီများ သို့မဟုတ် တစ်စုံတစ်ဦးက အကျိုးအမြတ်များ

မက်လုံးပေးသည့် လုပ်ငန်းစာချုပ် (မကြာခဏဆိုသလို လုပ်ခလစာငွေများနှင့် ပတ်သက်လျက်ရှိ) များဖြင့် ချုပ်ဆိုတတ်ကြပြီး၊ နောက်ပိုင်းတွင်မှ ထိုအလုပ်မှာ မရှိနေခြင်း သို့မဟုတ် အလုပ်ရှိလျှင်လည်း လုပ်ငန်းခွင်အခြေအနေမှာ ကတိပေးသကဲ့သို့ မဟုတ်ကြောင်း အလုပ်သမားက တွေ့ရှိသွားခြင်းတို့ ဖြစ်လာနိုင်သည်။ မူလချုပ်ဆိုခဲ့သည့်စာချုပ်ကို နောက်စာချုပ်တစ်ခုနှင့် အစားထိုးခြင်းသည်လည်း ကျယ်ပြန့်စွာဖြစ်ပွားခဲ့သည်။ အလုပ်သမားကို အလုပ်ရှင်တစ်ဦးထံမှ နောက်တစ်ဦးထံ လွှဲပြောင်းခြင်း ပြုသောအခါတွင်ဖြစ်စေ ခရီးလမ်းဆုံးနိုင်ငံသို့ ရောက်သည့်အခါတွင်ဖြစ်စေ ရရှိသည့်အလုပ်အကိုင်မှာ ယခင်က ကတိပေးခဲ့သည့်အလုပ်နှင့် လုံးဝမတူသည်ကိုလည်း တွေ့ရှိရတတ်သည်။ အဆိုးဆုံး လိမ်လည်လှည့်ဖြားခံရခြင်းကို ဥပမာပေးရလျှင် လူကုန်ကူးမှုကိုပြရပါမည်။ လူကုန်ကူးခံရသော အလုပ်သမားတစ်ဦးနှင့် ငွေဝယ်ကွန်နှင့်တူသော အခြေအနေတစ်ခုတွင် အဆုံးသတ်ရတတ်သည်။ အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်းသည်လည်း ထိုကဲ့သို့သော အခြေအနေမျိုးတွင် ဖြစ်ပွားနိုင်ပြီး၊ လုပ်ငန်းခွင်အခြေအနေသည် သည်းမခံနိုင်စရာဖြစ်နေလျှင်ပင် အလုပ်မှထွက်ခွာနိုင်ခြင်း မရှိပါ။ ထိုသူထံတွင် အထောက်အထားစာရွက်များ မရှိခြင်းနှင့် အလုပ်ရှာနေသောအချိန်တွင် တင်နေသော အကြွေးများ ပြန်ပေးနိုင်ခြင်းမရှိသေးသောကြောင့် ဖြစ်သည်။ အခြားချိုးဖောက်မှုများမှာ အဆမတန် များသော အခကြေးငွေများကောက်ခံခြင်းဖြစ်သည်။ စာချုပ်ထဲတွင် ထိုအခကြေးငွေများကို လစာထဲမှ ပြန်နုတ်ယူရန် ထည့်သွင်းရေးသားထားပါက လုပ်အားခမှာ အလုပ်ရှင်က ကတိပေးထားသလောက် ရချင်မှရပါမည်။

ဆိုးရွားသောလုပ်ငန်းခွင်အခြေအနေများ

ရွှေ့ပြောင်းအလုပ်သမားများ၏ ဘဝသည် (အထူးသဖြင့် အထောက်အထားမရှိသော အလုပ်သမားများ) တရားဥပဒေ၏ တန်းတူညီမျှ ကာကွယ်ခြင်းမျိုး မရရှိကြဘဲ အလုပ်ရှင်များနှင့် ဒေသခံအစိုးရမင်းများ၏ ပြုသမျှ နုရသော အခြေအနေမျိုးလည်း ဖြစ်နိုင်သည်။ ထိုအလုပ်သမားများသည် အများဆုံးတွေ့ရသော လူ့အခွင့်အရေးချိုးဖောက်မှုပုံစံမှာ လုပ်ခလစာ မရရှိခြင်း၊ ညစ်ပတ်သော၊ အန္တရာယ်များသော၊ ကျန်းမာရေးနှင့်မညီညွတ်သော လုပ်ငန်းခွင်အခြေအနေများနှင့် ရှည်လျားသော အလုပ်ချိန်ဖြင့် အလုပ်လုပ်ရခြင်းများ ပါဝင်သည်။ တစ်ခါတစ်ရံတွင် အိမ်အကူများသည်လည်း အလုပ်ချိန်ကို မနက် ၆ နာရီမှ စတင်ပြီး(ကလေးများကို ကျောင်းသို့ပို့ရန်) တစ်နေကုန်သောအခါ ညစာစားပြီးနောက် သန့်ရှင်းရေးလုပ်ပြီးသည့် ညဉ့်နက်သန်းခေါင်အချိန်အထိ အလုပ်လုပ်ကြရသည်။ အရှေ့တောင်အာရှ ဒေသတစ်လျှောက်တွင် ပုံမှန်အလုပ်လုပ်ရသည့် အချိန်မှာ ၇၂ နာရီ (အချို့နေရာများတွင် ၄၅ နာရီ) ခန့်ရှိသည်။

သို့သော်လည်း အဆိုးရွားဆုံး မတရားဆက်ဆံခံရမှုများမှာ ငါးဖမ်းလေ့များပေါ်တွင် တွေ့ရတတ်သည်။ မကြာခဏဆိုသလိုပင် ငါးဖမ်းသမားများကို တစ်ပတ်လျှင် ၇ ရက်၊ တစ်နေ့လျှင် ၁၈ နာရီမှ ၂၀ နာရီအထိ ကြမ်းတမ်းသော အလုပ်များတွင် ခိုင်းစေကြသည်။ ငါးဖမ်းပိုက်များချပြီးနှင့် ဖမ်းထားပြီးသောငါးများကို အမျိုးအစားခွဲပြီးချိန်မှသာ စားရအိပ်ရသည်။ ငါးဖမ်းသမားများသည် ဆိုးရွား၊ ကျပ်တည်းသော နေရာများတွင် နေထိုင်ရပြီး၊ ရေကောင်းရေသန့် မရခြင်းကိုလည်း ခံစားရလေ့ရှိသည်။ ဖျားနေချိန်၊ ကိုယ်လက်မသယ်နိုင်အောင် မောပန်းနေချိန်တွင်ပင် အလုပ်လုပ်ကြရသည်။ ထိုအခြေအနေများက ၎င်းတို့ကိုယ်တိုင်နှင့် အခြားသူများကိုပါ ထိခိုက်ဒဏ်ရာရစေနိုင်သည့် အနေအထားကို ဖြစ်စေနိုင်သည်။

လုပ်ငန်းခွင်၏အပြင်ဘက်ရှိ ချိုးဖောက်မှုများ

လုပ်ငန်းခွင်အပြင်ဘက်တွင်လည်း ရွှေ့ပြောင်းအလုပ်သမားများကို ရဲများက နှောင့်ယှက်ခြင်း၊ နောက်ယောင်ခံလိုက်ခံရခြင်း၊ သားသမီးများကို ကျောင်းသို့ပို့ဆောင်၍မရခြင်း၊ မိမိယဉ်ကျေးမှုပွဲလမ်းများ မဂ်လာဆောင်၊ ဘာသာရေးပွဲတော်များ၊ အမျိုးသားနေ့တို့ကို မဆင်နွှဲနိုင်ခြင်း အစရှိသည့် ခွဲခြားဆက်ဆံမှုများကို ရင်ဆိုင်ကြုံတွေ့ကြရသည်။ ရွှေ့ပြောင်းအလုပ်သမားများကို အလုပ်ရှင်များက အလုပ်မှရပ်ဆိုင်းလိုက်သောအခါတွင်လည်း အခွင့်အရေးချိုးဖောက်မှုများနှင့် ထပ်မံရင်ဆိုင်ရတတ်သည်။ အရှေ့တောင်အာရှနိုင်ငံအများစုတွင် အထောက်အထားမရှိသော ရွှေ့ပြောင်းအလုပ်သမားများကို ရာဇဝတ်မှုကျူးလွန်သူအဖြစ် သတ်မှတ်ကြပြီး ချက်ချင်း နှင်ထုတ်လိုက်တတ်သည်။ အချို့ဖြစ်ရပ်များတွင် စက်ရုံပိုင်ရှင်များက အလုပ်သမားများကို လုပ်ခလစာ မပေးချင်ကြသဖြင့် ရဲများကိုခေါ်ပြီး အထောက်အထားမရှိသော လုပ်သားများအဖြစ် ဖမ်းဆီးစေပြီး (ဆုံးရှုံးသွားသော လုပ်ခလစာများအတွက် တရားစွဲ၍မရနိုင်ခြင်းကြောင့်) နိုင်ငံမှမောင်းထုတ်ခံကြရသည်။ နိုင်ငံအများအပြားတွင် ထိုကဲ့သို့ အလုပ်သမားများကို ပြန်ပို့ခြင်းနှင့်ပတ်သက်သည့် စည်းကမ်းဥပဒေများမှာ အားနည်းသည့်အတွက်ကြောင့် ရွှေ့ပြောင်းအလုပ်သမားများအနေနှင့် မမှန်ကန်မှု၊ မတရားမှုပြုသော သူများထံမှ ၎င်းတို့၏အခွင့်အရေးများကို တောင်းခံမိပါက အိမ်သို့ပြန်ပို့ခြင်းခံရနိုင်ခြင်း၊ အဖမ်းခံရနိုင်ခြင်း သို့မဟုတ် ရန်ရှာခံရနိုင်ခြင်း စသည်တို့ ကြုံတွေ့ရတတ်သည်။ မလေးရှားတွင် အထောက်အထားမရှိသော ရွှေ့ပြောင်းအလုပ်သမားများအား ကြိမ်ဒဏ်ပေးခြင်းကို ခွင့်ပြုထားသော ဥပဒေရှိသည်။ ၂၀၀၅ မှ ၂၀၁၀ ခုနစ်အတွင်း နိုင်ငံခြားသားပေါင်း (၃၀၀၀၀) ကျော်ခန့် ကြိမ်ဒဏ်ပေးခြင်းခံခဲ့ရသည်။ ထိုအခက်အခဲများ အားလုံးက ရွှေ့ပြောင်းအလုပ်သမားများအပေါ် ကြီးစွာသက်ရောက်မှုရှိပြီး အခွင့်အရေးများကို ရယူကျင့်သုံးနိုင်မည့် အစွမ်းအစကိုပါ တုံးသွားစေသည်။

သာဓက

နိုင်ငံသားမဟုတ်သူများ၏ အကြောက်တရား

ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ချင်းမိုင်မြို့တွင် ငယ်ရွယ်သော တက္ကသိုလ်ကျောင်းသူတစ်ဦးသည် ၎င်း၏အဆောင် အခန်းထဲတွင်ပင် အနိုင်ထက်ပြုကျင့်ခံရပြီး အသတ်ခံခဲ့ရသည်။ သံသယရှိသူ ၂ ဦးမှာ ရှမ်းလူမျိုး ပန်းရံလုပ်သားများဖြစ်ပြီး အဖမ်းခံခဲ့ရသည်။ အဖမ်းခံရပြီးနောက်တွင် ကျောင်းသားများစတင်စုရုံးကြပြီး ရဲများ၏ ထောက်ခံအားပေးမှုဖြင့် ချင်းမိုင်မြို့တစ်မြို့လုံးရှိ ရွှေ့ပြောင်းဆောက်လုပ်ရေးအလုပ်သမားများအားလုံးကို နှင်ထုတ်ပစ်ရန် တောင်းဆိုကြသည်။ နောက်ရက်များတွင် အလုပ်သမားများ၏ နေအိမ်များအတွင်းသို့ ဝင်ရောက်စီးနင်းမှုများ လုပ်ဆောင်ခဲ့ပြီး အလုပ်သမားပေါင်း ရာနှင့်ချီပြီး မြန်မာနိုင်ငံသို့ အတင်းအဓမ္မ နှင်ထုတ်ခြင်းခံခဲ့ရသည်။ ထိုသို့ နှင်ထုတ်ခြင်းမှာ တရားဥပဒေနှင့် ဆန့်ကျင်သည်။ အချို့ဖြစ်ရပ်များတွင် ဝင်ရောက်စီးနင်းစဉ် ဖမ်းဆီးမိသော ထိုင်းနိုင်ငံသားများပင် ၎င်းတို့၏မိခင်နိုင်ငံမှ မြန်မာနိုင်ငံသို့ နှင်ထုတ်ခြင်းခံခဲ့ရသည်။

မလေးရှားနိုင်ငံတွင် ရွှေ့ပြောင်းအလုပ်သမားများ အစုလိုက်အပြုံလိုက် နှင်ထုတ်ခြင်းကို လုပ်ဆောင်ခဲ့ဖူးပြီး၊ အချိန်တိုအတွင်း အလုပ်သမား သောင်းနှင့်ချီ၍ ဖမ်းဆီးနှင်ထုတ်ခဲ့သည် (သို့သော် ၂၀၀၄ ခုနစ်မှ စတင်ပြီး ထိုကဲ့သို့ အလုံးအရင်းနှင်ထုတ်ခြင်း မလုပ်တော့ပါ)။ လူအစုလိုက်အပြုံလိုက်ကို

တစ်ချိန်တည်း နှင်ထုတ်ပစ်ခြင်းသည် ဖြစ်ခဲသော်လည်း အန္တရာယ်ကြီးမားသော လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်ပြီး ထိုသို့လုပ်ဆောင်မှုသည် လူ့အခွင့်အရေးများနှင့် ပြည်တွင်းဥပဒေများကို အထင်အရှား ချိုးဖောက်မှုလည်း ဖြစ်သည်။ သို့သော် နိုင်ငံသားမဟုတ်သူ ရာဇဝတ်သားများကို ပြည်သူများက ထိတ်လန့်စိုးရိမ်မှုများမှာ မြင့်မားလျက်ရှိနေသေးသည်။ အကျိုးဆက်မှာ အပြစ်မရှိသော နိုင်ငံသားမဟုတ်သူများ ကြမ္မာငင်နေကြခြင်းကို ဖြေရှင်းရန် အလေးအနက်ထားသင့်သလောက် မထားနိုင်ကြခြင်းပင်ဖြစ်သည်။

အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်း

အတင်းအဓမ္မအလုပ်ခိုင်းစေခြင်းသည် အဆိုးရွားဆုံး အလုပ်သမားအခွင့်အရေးချိုးဖောက်မှုပုံစံများထဲက တစ်ခုဖြစ်သည်။ ၁၉၃၀ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ILO ကွန်ဗင်္ဂရှင်း ၂၉ 'အတင်းအဓမ္မအလုပ်ခိုင်းစေခြင်း'တွင် အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

"လူတစ်ဦး၏ စိတ်ဆန္ဒအလျောက် ဆောင်ရွက်ပေးရန် ကမ်းလှမ်းခြင်းကြောင့် မဟုတ်ဘဲ ပြစ်ဒဏ်တစ်ခုခုပေးခြင်းခံရမည်ဟု ထိုသူကို ခြိမ်းခြောက်ပြီးမှ ရယူအပ်သော လုပ်အား သို့မဟုတ် ဝန်ဆောင်မှုအားလုံး"

သာဓက

အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်း

ဤဖြစ်ရပ်သည် မလေးရှားရှိ ရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်ပြီး မကြာသေးခင်က ပြုလုပ်ခဲ့သော သုတေသနစီမံကိန်းတစ်ခု၏ တွေ့ဆုံမေးမြန်းမှုမှတ်တမ်းမှဖြစ်သည်။

မှတ်ချက်။ ။ဤဖြစ်ရပ်တွင် ပါဝင်ပတ်သက်သော လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီအမည်များအပါအဝင် အမည်အားလုံးကို ပြောင်းလဲဖော်ပြထားပါသည်။

ကုမ္ပဏီမူဝါဒနှင့်ကိုက်ညီစေရန် ရွှေ့ပြောင်းအလုပ်သမားများကို သုံးနေသော Cyber ဟု အမည်ရသော ကုမ္ပဏီတစ်ခုသည် အလုပ်သမားများ၏ လုပ်ငန်းခွင်အခြေအနေနှင့် ခံစားခွင့်များကို မလေးရှားတွင် သတ်မှတ်ထားသော တရားဝင်အနိမ့်ဆုံးလုပ်အားခ၊ နေထိုင်မှုအဆင့်အတန်းစည်းကမ်းများနှင့် ညီညွတ်သောအနေအထားသို့ ပြောင်းလဲမြှင့်တင်ပေးရန် အလုပ်သမားအေဂျင်စီတစ်ခုကို တောင်းဆိုခဲ့သည်။ အလုပ်သမား အေဂျင်စီသည် Cyber ကုမ္ပဏီက တောင်းဆိုသည့်အရာများကို လုပ်ရမည့်အစား အလုပ်သမားများနှင့် လုပ်အားခနှုန်းထားနှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းခဲ့သည်။ အေဂျင်စီက အလုပ်သမားများကို အားလပ်ရက် လုပ်အားခ မပါဝင်ဘဲ ၄၁.၅၀ ရင်းဂစ် (တစ်နေ့လျှင် အမေရိကန် ၁၃ ဒေါ်လာခန့်ရှိသည်)ပေးရန် ကမ်းလှမ်းခဲ့သည်။ အလုပ်သမားများဘက်က အေးဂျင့်သို့ပေးရမည့် အလုပ်သွင်းပေးသည့်အတွက် ကုန်ကျစရိတ်မှလွဲ၍ အခြားမည်သည့် အခကြေးငွေကိုမျှ ဖြတ်တောက်ခြင်းများမလုပ်ဟု ညှိနှိုင်းခဲ့သည်။ အလုပ်သမားများက ထိုသဘောတူညီချက်ကို နှုတ်ဖြင့်သဘောတူခဲ့သည်။

ထို့နောက် စာချုပ်ကို အလုပ်သမားများ တစ်ဦးမျှနားမလည်သော အင်္ဂလိပ်နှင့် မလေးဘာသာ စကားတို့ဖြင့် ပြုလုပ်ခဲ့သည်။ သို့သော် အလုပ်သမားများသည် အေဂျင်စီ၏ စကားများကို ယုံကြည်သဖြင့် လက်မှတ်ထိုးပေးခဲ့သည်။ အလုပ်သမားများက လစာမှ ဖြတ်တောက်မှုကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည်ကို မှတ်သားထားကြပြီး သူတို့နေထိုင်ရာအခန်းများသို့ ပြန်ရောက်သောအခါတွင် အဘိဓာန်သုံးပြီး ဘာသာပြန်ရန် ကြိုးပမ်းခဲ့ကြသည်။ အလုပ်သမားများမသိသော အချက်တစ်ခုမှာ အေဂျင်စီသည် Cyber ကုမ္ပဏီကို အလုပ်သမားများသည် လုပ်ခန္ဓနထားအသစ်ကို သဘော တူညီသည်ဟု အစီရင်ခံခဲ့ပါသည်။ သို့သော် Cyber ကုမ္ပဏီ၏ စီမံခန့်ခွဲရေးအဖွဲ့မှ ဤသဘောတူညီမှုကို အလုပ်သမားများ လက်ခံသည့်တိုင်အောင် ကုမ္ပဏီဘက်က လက်မခံခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ဥပဒေအရ အနိမ့်ဆုံးလိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိသောကြောင့် ဖြစ်သည်။

အေဂျင်စီမှ အလုပ်သမားများကို ထိုကုမ္ပဏီမှ ပြန်ခေါ်သွားရန် ဆုံးဖြတ်ခဲ့သည်။ ကုမ္ပဏီအသစ်တွင် အလုပ်သွင်းရန် စောင့်ဆိုင်းနေချိန်တွင် အလုပ်သမားများမှာ အလုပ်မလုပ်ရသောကြောင့် လစာ လည်း မရရှိပါ။ ယခင် နေထိုင်ခဲ့သော အဆောင်နှင့် ကီလိုမီတာ ၅၀ ခန့်အကွာရှိ အဆောင်တစ်ခုကို ခေါ်သွားခဲ့သည်။ ထိုအလုပ်သမားများပြောဆိုချက်အရ ထိုနေရာသည် သေးလွန်းပြီး အမျိုးသား ၁၀ ယောက်ခန့်မှာ အခန်းတစ်ခန်းတွင်နေရပြီး အမျိုးသမီး ၃၀ ဦးခန့်သည် နောက်ထပ်အခန်း တစ်ခန်းတွင်နေကြရသည်။

နောက်ဆုံးတွင် ၁၀ ရက်အကြာ၌ အလုပ်သမားများကို ကုမ္ပဏီအသစ်ထံ ပို့ဆောင်တော့မည်ဟု ပွဲစားအေဂျင်စီက ပြောခဲ့သည်။ ၎င်းကုမ္ပဏီ၏ လုပ်ငန်းခွင်အခြေအနေမှာ တော်တော်ဆိုးရွားသည်ဟု အလုပ်သမားများ ကြားခဲ့ရသည်။ ထို့ကြောင့် ၎င်းတို့သည် အလုပ်အသစ်သို့ ဝင်ရန်ငြင်းဆိုခဲ့ပြီး နောက်ထပ်ကုမ္ပဏီတစ်ခုတွင် အလုပ်သွင်းပေးရန် တောင်းဆိုခဲ့သည်။ အေဂျင်စီက တုံ့ပြန်ခြင်းမရှိဘဲ ဤကဲ့သို့ ငြင်းဆန်နေလျှင် အာဏာပိုင်သို့တိုင်ကြားမည်ဟု ခြိမ်းခြောက်ခဲ့သည်။ ထိုအခါ အလုပ် သမားများက နောက်ထပ်အလုပ်သမား အေဂျင်စီအသစ်ကို ရှာဖွေရန်အတွက် ၎င်းတို့၏ နိုင်ငံကူး လက်မှတ်ကိုပြန်ရလိုကြောင်း တောင်းဆိုခဲ့သည်။ အေဂျင်စီက သူတို့၏နိုင်ငံကူးလက်မှတ် ပြန်ပေးရန် ငြင်းဆိုခဲ့သည်။ သို့ဖြစ်ရာ အလုပ်သမားများက မိခင်မြန်မာနိုင်ငံကိုသာ ပြန်ရန်ဆန္ဒရှိကြောင်း ပြောသော်လည်း ပြန်ခွင့်မပေးဘဲ အဖမ်းခံရမည်ဟုသာ အကြိမ်ကြိမ်ခြိမ်းခြောက်ခဲ့ပြီး တစ်ကြိမ်တွင် အေဂျင်စီမှ ရဲအရာရှိအချို့ကို အဆောင်သို့ခေါ်လာခဲ့သည်။ ထို့နောက်အလုပ်သမားများ အလွန် ကြောက်ရွံ့သွားကြပြီး ၎င်းတို့၏နိုင်ငံကူးလက်မှတ် လက်ထဲတွင်ရှိမနေသောအချိန်၊ စုဆောင်း ထားသော ငွေအနည်းမှလွဲပြီး ငွေကြေးမရှိသောအချိန်တွင် အလုပ်ရှင်သစ်ထံမှ ထွက်ပြေးခဲ့ကြသည်။ ထိုအလုပ်သမားများသည် နောက်ဆုံးတွင် ဖမ်းဆီးထိန်းသိမ်းခံရပြီး နေရပ်သို့ ပြန်လည်ပို့ဆောင် ခံရချိန်အထိ မလေးရှားနိုင်ငံထဲတွင် ထောင်ချောက်ထဲ မိသကဲ့သို့ နေထိုင်ခဲ့ရသည်။

အတင်းအဓမ္မခိုင်းစေမှုတွင် အဓိကအချက် နှစ်ချက်ရှိပါသည်။ ပထမတစ်ခုမှာ အလုပ် သမား၏ ဆန္ဒမပါဘဲ အတင်းအကျပ်အလုပ်စေခိုင်းခြင်းဖြစ်သည်။။ မတရားသဖြင့် အလုပ်ထဲသို့ ခေါ်လာခြင်း၊ အတင်းအဓမ္မ ဖိအားဖြင့်လုပ်အားရယူခြင်း၊ အလုပ်ရှင်ထံမှ ထွက်မသွားနိုင်အောင် လုပ်ထားခြင်းတို့ ဖြစ်သည်။ ဒုတိယအချက်မှာ ပြစ်ဒဏ်ပေးနှိပ်စက်မည်ဟု ခြိမ်းခြောက်ပြီး အလုပ် ခိုင်းရခြင်း ဖြစ်သည်။ ဖြစ်ရပ်အများစုတွင် ထိုအပြစ်ဒဏ်မှာ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်း

ဖြစ်ပြီး မိသားစုဝင်များကိုပါ ခြိမ်းခြောက်ခြင်း သို့မဟုတ် ထိုသူထွက်ပြေးလျှင် အပြစ်ပေးခံရမည်ဟု ခြိမ်းခြောက်ခံရခြင်းလည်း ဖြစ်နိုင်သည်။ လူကုန်ကူးခံရခြင်းဖြစ်ရပ်တွင် လုပ်ခလစာပင်မပေးဘဲ အတင်းအဓမ္မခိုင်းစေခြင်းဖြစ်သည်။ အလုပ်မှာလည်း ဖိနှိပ်မှုများ (ဥပမာ - လိင်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုပေးရခြင်း စသည်ဖြင့်) ရှိသည်။ ထိုသူမှာလည်း အလုပ်လုပ်သည့်နေရာမှလွဲပြီး အပြင်သို့ လွတ်လပ်စွာသွားလာခွင့်မရှိပါ။ အတင်းအဓမ္မခိုင်းစေခြင်းသည် လုပ်ငန်းခွင် အခွင့်အရေး ချိုးဖောက်မှုပုံစံများတွင် အစွန်းရောက်သော အခြေအနေဖြစ်သည်။ လုပ်ငန်းခွင်အတွင်း အချို့သော အခွင့်အရေးချိုးဖောက်မှုများကမူ မပြင်းထန်သည့် ပုံစံရှိသည်။ ဥပမာ - လုပ်ငန်းခွင်အခြေအနေ ဆိုးရွားခြင်း (ပူလွန်းခြင်း၊ အေးလွန်းခြင်း၊ ညစ်ပတ်လွန်းခြင်း သို့မဟုတ် ကျန်းမာရေးနှင့် ညီညွတ်မှု မရှိခြင်း) စသည်တို့ ဖြစ်သည်။ အချို့အခြေအနေများမှာ အဓမ္မခိုင်းစေခြင်းဟု မခေါ်နိုင်သောကြောင့် ရာဇဝတ်မှုမမြောက်သော်လည်း ပြင်းထန်သည်။ ဥပမာ - နှုတ်ဖြင့် စော်ကားခြင်း သို့မဟုတ် အခွင့်အာဏာမရှိဘဲ လစာဖြတ်တောက်ခြင်းတို့ ဖြစ်သည်။ အချို့လုပ်ငန်းခွင်များသည် ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လစာခိုးယူခြင်း သို့မဟုတ် ကလေးလုပ်သားအသုံးပြုခြင်း စသည့် အတင်း အဓမ္မခိုင်းစေခြင်းကိုဖြစ်စေခြင်းမရှိပါဘဲ ရာဇဝတ်မှုမြောက်သော အခြေအနေများ ရှိနိုင်ပါသည်။

သာဓက

ရွှေ့ပြောင်းကလေးလုပ်သားများကို ကာကွယ်ခြင်း

မဟီဒေါ ရွှေ့ပြောင်းသွားလာခြင်း လေ့လာရေးစင်တာမှ ထုတ်ဝေခဲ့သော Invisible Victims of Trafficking in Thailand စာတမ်းမှာ ထိုင်းနိုင်ငံတွင် အလုပ်ရှာဖွေနေသည့် ကလေးတစ်ဦး အကြောင်းကို အောက်ပါအတိုင်း ဖော်ပြထားသည်။

ငါးဖမ်းလှေမှာ ပင်လယ်ထဲသို့ ထွက်ခွာခဲ့ပြီး ခင်သည် သူဘယ်ရောက်လို့ရောက်မှန်း၊ ငါးဖမ်းလှေ ဘယ်ကို ဦးတည်သွားနေမှန်း မသိပါ။ ငါးများသိမ်းဆည်းထားသော သေတ္တာများကို သယ်ဆောင်ခြင်း၊ ငါးဖမ်းပိုက်များ ဆွဲပေးရခြင်း စသည့်အလုပ်များကို နေထွက်ချိန်မှ နေဝင်ချိန်အထိ လုပ်ရသည်။ သူသည် စားစရာအချို့ရရှိသော်လည်း အလုပ်အတွက် အခကြေးငွေ မရခဲ့ပါ။ ခင်သည် ကလေး လုပ်သား ဖြစ်နေသဖြင့် အလုပ်သမားခေါင်းက သူ့ကို ဂရုမစိုက်ပါ။ ခင်သည် လှေပေါ်တွင် (၇) ရက် လုပ်ခဲ့ရသည်။ လှေဆိပ်တစ်ခုတွင် ကမ်းကပ်တော့မှ သူသူငယ်ချင်းနှင့်အတူ လွတ်မြောက်ခဲ့ သည်။

နောက်ဆုံးတွင် ထိုင်းအမျိုးသမီးတစ်ဦး၏ လက်ထဲသို့ရောက်သွားခဲ့သည်။ ထိုအမျိုးသမီးက ၎င်းတို့ နှစ်ယောက်ကို (၃)ရက်ခန့် အခန်းတစ်ခုထဲတွင် ပိတ်လှောင်ထားပြီးနောက် နောက်ထပ် ငါးဖမ်းလှေ တစ်စီးပေါ် သို့ တင်ပေးခဲ့သည်။ ထိုနှစ်ယောက်ကို ငါးဖမ်းလှေပိုင်ရှင်က တွေ့ပြီးနောက် အသက် ၁၉ နှစ်ရှိပြီဖြစ်သော သူ၏သူငယ်ချင်းတစ်ဦးတည်းကိုသာ လက်ခံခဲ့သည်။ ခင်မှာ ငါးဖမ်းအလုပ် အတွက် ငယ်ရွယ်လွန်းသောကြောင့် လမ်းမပေါ် ပြန်ရောက်သွားသည်။ သူသည် ထိုင်းစကားလည်း မပြောတတ်ပါ။ မည်သည့်နေရာသို့ရောက် နေမှန်းမသိသလို မည်သူ့ကို အကူအညီတောင်းရမှန်း လည်း မသိခဲ့ပါ။ နောက်ဆုံးတွင် သူတစ်ဦးတည်း လျှောက်သွားခဲ့သည်။ ၃ ရက်ကြာပြီးနောက်

လူကူးတံတားကို ဖြတ်ပြီးလမ်းလျှောက်နေစဉ် ကားတစ်စီးရောက်လာပြီး သူ့ကို ရဲစခန်းသို့ခေါ်သွားခဲ့သည်။ ရဲစခန်းမှာ ဘန်ကောက်မြို့ရှိ ကလုန်သွေးခရိုင်တွင် ဖြစ်သည်။

သုံးရက်ခန့် အစားမစားရ ရေမသောက်ရသော ခင်ကို ဘန်ကောက်မြို့ စွမ်ဖလူးအရပ်ရှိ လူဝင်မှုကြီးကြပ်ရေး အချုပ်ခန်းတွင် (၃)လကြာ ချုပ်နှောင်ခံရသည်။ သူသည် အချုပ်ခန်းထဲတွင် မြန်မာများရော ထိုင်းများနှင့်ပါ ရောပြီးနေထိုင်ခဲ့ရသည်။ နောက်ပိုင်းတွင် ခင်ကို ထိုင်း-မြန်မာနယ်စပ်က မဲဆောက်မြို့သို့ ပို့ဆောင်ခဲ့သည်။ ထိုမြို့သို့ရောက်ရှိပြီး ထိုင်းလူဝင်မှုကြီးကြပ်ရေးရဲက သူ့ကို မြဝတီမြို့ရှိ DKBA ထံ လွှဲပြောင်းပေးခဲ့သည်။ တစ်စုံတစ်ယောက်က ခင် လွတ်မြောက်ရန် ငွေပေးရမည်ဖြစ်သဖြင့် လူမှုအကူအညီပေးရေး ဝန်ထမ်းတစ်ဦးက သူ့ကို DKBA ထံမှ ဝယ်ယူခဲ့ပြီး၊ မဲဆောက်မြို့သို့ ပြန်လည်ခေါ်ယူခဲ့သည်။ မဲဆောက်မြို့ရှိ မြန်မာအကူအညီပေးရေး အဖွဲ့အစည်းတစ်ခုမှ ဖွင့်လှစ်ထားသော ခိုလှုံရာနေရာသို့ ခင်ကို ပို့ဆောင်ခဲ့သည်။ ထို့နောက် ခင်သည် ကျောင်းအိပ်ကျောင်းစား ဘော်ဒါကျောင်းတစ်ခုသို့ ရောက်ရှိပြီး ထိုင်း၊ အင်္ဂလိပ်နှင့် မြန်မာဘာသာစကားတို့ကို သင်ယူခဲ့သည်။ ထိုကျောင်းတွင် သူငယ်ချင်းများရရှိလာပြီး ပျော်ရွှင်စွာနေထိုင်ခဲ့သည်။ ခင်သည် လက်ရှိတွင် ပုံမှန်အတန်းပညာရေးကို တတ်ရောက်နိုင်ရန် ကြိုးစားနေပြီး သူသည် ထိုင်းနိုင်ငံတွင် တရားဝင်နေထိုင်ရန် အထောက်အထားမရှိသောကြောင့် ဖမ်းဆီးခံရခြင်း၊ ပြန်ပို့ခံရခြင်း၊ ထပ်မံလူကုန်ကူးခံရခြင်း ကြုံနိုင်သည့် အန္တရာယ်ရှိသည်။

လေ့ကျင့်ခန်း။ ။အခွင့်အရေးချိုးဖောက်မှုကို ရှာဖွေခြင်း

မလေးရှားရှိ အတင်းအဓမ္မခိုင်းစေမှုနှင့် ထိုင်းနိုင်ငံရှိ ကလေးလုပ်သားများအကြောင်း အထက်တွင် ဖော်ပြထားသော ဖြစ်ရပ်နှစ်ခုတွင် ပါဝင်နေခဲ့သူအား အဓိကကျူးလွန်ခဲ့ကြပုံများကို အသေးစိတ် ဖော်ပြပါ။ အဆိုပါလုပ်ရပ်များသည် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပါသလား။

ချိုးဖောက်မှု နမူနာများမှာ -

- စာချုပ်ဖောက်ဖျက်ခြင်း
- အလွန်အကျွံတောင်းခံသောဝန်ဆောင်ခများ
- ပုံမှန်ထက်နည်း၍ လုပ်ခပေးခြင်း သို့မဟုတ် လုပ်ခလုံးဝမရရှိခြင်း
- အလုပ်ချိန်ကြာရှည်လွန်းခြင်း
- နေထိုင်ရာနေရာဆိုးရွားလွန်းခြင်း
- ကျန်းမာရေးဝန်ဆောင်မှု ဆိုးရွားလွန်းခြင်း
- အထောက်အထားများကို သိမ်းယူထားခြင်း
- လုံခြုံရေးကို ခြိမ်းခြောက်ခြင်း
- လွတ်လပ်စွာ သွားလာခွင့်မရှိခြင်း

၇.၃.၁ ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေးများကို ကာကွယ်နိုင်ရန် အစိုးရ၏ လုပ်ဆောင်ချက်များ

ဤသဘောတူစာချုပ်က ပုံမှန်မဟုတ်သောအခြေအနေတွင် ရွှေ့ပြောင်းအလုပ်သမားများကို အလုပ်ခန့်ထားခြင်းနှင့် တရားမဝင် သို့မဟုတ် လျှို့ဝှက်စွာ သွားလာခြင်းကို တားဆီးရန်အတွက် အစိုးရများကို တောင်းဆိုခဲ့ပြီး အစိုးရများသည် ကောင်းမွန်သော၊ မျှတသော၊ လူသားဆန်သော ဥပဒေနှင့်ညီညွတ်သော အခြေအနေများရှိစေရန် သေချာစွာဆောင်ရွက်သင့်သည်ဟု ကြေညာခဲ့သည်။ အထောက်အထားမရှိသော ရွှေ့ပြောင်းအလုပ်သမားများအားလုံးကို အထောက်အထားများပြုလုပ်ရန်ခွင့်ပြုပေးပြီး ရွှေ့ပြောင်းအလုပ်သမားများ တရားဝင်နေထိုင် လုပ်ကိုင်သူ များပြားလာအောင် ဆောင်ရွက်ခြင်းအားဖြင့် ထိုအခြေအနေများကို တစ်စိတ်တစ်ပိုင်း ရရှိနိုင်ပါသည်။ ရွှေ့ပြောင်းအလုပ်သမားများကို တရားဝင်ဖြစ်ရန် ပြုလုပ်ခြင်းသည် ရွှေ့ပြောင်းသွားလာမှုမှုကို အကြောင်းပြုပြီး ထောင်နှုတ်ခမ်းပေါ်လမ်းလျှောက်နေသော စီးပွားရေးနယ်ပယ်ကို ကျုံ့လာစေပြီး ထိုစီးပွားရေးမျိုးလိုအပ်နေသည့်အခြေအနေကို လျော့နည်းလာစေသည်။ တစ်နွယ်ငင်တစ်စင်ပါဆိုသလို လူကုန်ကူးမှုလျော့ကျခြင်းဆီကိုလည်း ဦးတည်စေပါသည်။ ရွှေ့ပြောင်းအလုပ်သမားများ အခွင့်အရေး ချိုးဖောက်ခံရခြင်းမှကာကွယ်ရန် အစိုးရတွင်တာဝန်ရှိသည်နှင့်အမျှ ထိုတာဝန်ကိုအကြောင်းပြုကာ အစိုးရများ၏ ရွှေ့ပြောင်းအလုပ်သမားနှိမ်နှင်းရေးလည်း ဖြစ်သွားနိုင်သည်။ ရွှေ့ပြောင်းအလုပ်သမားများကို ကာကွယ်ရန်အကြောင်းပြကာ နယ်စပ်တစ်လျှောက် ရဲအင်အားများတိုးချဲ့ခြင်း၊ အလုပ်ခွင်နေရာများကို ဝင်ရောက်စီးနင်းခြင်း၊ အထောက်အထားမရှိသော အလုပ်သမားများကို နေရပ်သို့ပြန်ပို့ခြင်းစသည့်ကိစ္စရပ်များကိုပြုလုပ်ပြီး ရွှေ့ပြောင်းအလုပ်သမားများကို ပစ်မှတ်ထားတတ်ကြသည်။ ထို့ပြင် ဤသဘောတူစာချုပ်သည် အထောက်အထားဖြင့် ရွှေ့ပြောင်းနေထိုင်ခြင်းကို အလုပ်သမားများလက်လှမ်းမီအောင် ဆောင်ရွက်ပေးရန် အစိုးရများကို မတိုက်တွန်းသလို ၎င်းတို့၏ လုပ်သားအင်အားစုကို ပုံမှန်တရားဝင်နေထိုင်လုပ်ကိုင်နိုင်အောင် ကူညီပေးရန် ကုမ္ပဏီများကိုလည်း မတိုက်တွန်းပါ။ အစိုးရသည် ပုံမှန်မဟုတ်သော နေထိုင်လုပ်ကိုင်နေခြင်းများ ကြာရှည်လေးမြင့်စွာ တည်ရှိမနေစေရန် သင့်လျော်သော အရေးယူဆောင်ရွက်ခြင်း ပြုလုပ်သင့်သည်ဟု ICRMW တွင် ဖော်ပြထားသည်။ သို့ရာတွင် ပုံမှန်အထောက်အထားဖြင့် ဝင်ရောက်မှုကိုပင် အခက်အခဲများဖြစ်စေသော မူဝါဒများ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေး ဥပဒေများကို ပြုပြင်ပြောင်းလဲရန် မတောင်းဆိုခဲ့ပါ။

ICRMW သည် အကြောင်းပြချက်မရှိဘဲ နှင်ထုတ်ခြင်းကို တားမြစ်ထားသော်လည်း တရားဝင်နှင်ထုတ်ခြင်းကိုမူ ခွင့်ပြုထားသည်။ အမှန်စင်စစ် နှင်ထုတ်ခြင်းသည် အစိုးရတစ်ရပ်၏ အခွင့်အရေးပင်ဖြစ်သော်လည်း ၎င်းကိုတရားဥပဒေ လုပ်ထုံးလုပ်နည်းများအရသာ ပြုလုပ်ရမည်ဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမားများတွင်လည်း နှင်ထုတ်ခံရခြင်းအပေါ် အယူခံတင်ခွင့်နှင့် အစုလိုက်နှင်ထုတ်မှုကို ဆန့်ကျင်နိုင်သော အခွင့်အရေးများ ရှိသည်။ သို့သော် ဥပဒေအရနှင့် အကြောင်းပြချက်မရှိ နှင်ထုတ်ခြင်းနှင့်ပတ်သက်သော အယူအဆများတွင် အမျိုးမျိုးအဓိပ္ပာယ်ဖွင့်ဆိုနိုင်သည့် အခြေအနေ ရှိနေသည်။

အလုပ်သမားများ၏ အခွင့်အရေးများကို မကန့်သတ်ဘဲ အစိုးရများက လုပ်ဆောင်နိုင်သည့် အရာများရှိသည်။ ၎င်းတို့တွင် ရွှေ့ပြောင်းအလုပ်သမားများ လုပ်ကိုင်နိုင်သည့် အလုပ်အကိုင်

အမျိုးအစားကို သတ်မှတ်ခြင်း ပါဝင်သည်။ ထိုင်းနှင့် မလေးရှား စသည့်နိုင်ငံများတွင် ရွှေ့ပြောင်းအလုပ်သမားများသည် အတိအကျသတ်မှတ်ထားသော အလုပ်လုပ်ခွင့်နယ်ပယ်များသတ်မှတ်ကာ ကန့်သတ်ထားသည်။ (ဥပမာ - ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းအလုပ်သမားများသည် ငါးဖမ်းခြင်း၊ ကုန်ထုတ်လုပ်ခြင်း၊ အိမ်အကူလုပ်ခြင်း၊ စိုက်ပျိုးခြင်း၊ သင်္ဘောလိုက်ခြင်းနှင့် ဆောက်လုပ်ရေး နယ်ပယ်များတွင်သာ လုပ်ကိုင်ခွင့်ရှိသည်။) များသောအားဖြင့် ရွှေ့ပြောင်းအလုပ်သမားများ လုပ်ကိုင်ခွင့်ရသည့် အလုပ်အကိုင်များမှာ "Three Ds" (Dirty, dangerous and degrading) အမျိုးအစားထဲတွင် အကျုံးဝင်သည်။ ဆိုလိုသည်မှာ ညစ်ပတ်သော၊ အန္တရာယ်များသော၊ အဆင့်အတန်းနိမ့်ကျသော အလုပ်များဖြစ်သည်။ ဥပမာ - ငါးဖမ်းလုပ်ငန်းတွင် လုပ်ကိုင်ခြင်းသည် ညစ်ပတ်သောအလုပ်မျိုးဖြစ်ပြီး ငါးများ၏အနံ့ဆိုးများဖြင့်လုပ်ကိုင်ရခြင်းဖြစ်သည်။ အန္တရာယ်များသော အလုပ် ဥပမာတစ်ခုမှာ ပင်လယ်ထဲတွင် ငါးဖမ်းလှေများပေါ်တွင် လုပ်ကိုင်ရသော အလုပ်ဖြစ်သည်။ အဆင့်အတန်းနိမ့်သော အလုပ်တွင် သင်္ဘောသားများအတွက် ပြည့်တန်ဆာအလုပ် (ယင်းကို တရားဥပဒေက ခွင့်ပြုထားခြင်းမရှိပါ) ဖြစ်သည်။

သာဓက

စင်ကာပူရှိ အိမ်အကူတစ်ဦး၏ ရင်ဖွင့်သံများ

စင်ကာပူရှိ အိမ်အကူများအကြောင်းကို လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ (Human Rights Watch) က ထုတ်ပြန်ခဲ့သော အိမ်ဖော်ခေါ်လျှင် Maid to Order ဟူသောအစီရင်ခံစာတွင် အင်ဒိုနီးရှား အိမ်အကူတစ်ယောက်၏ အောက်ပါပြောဆိုချက်များကို ဖော်ပြပေးထားသည်။

"ကျွန်မကို အပြင်ထွက်ခွင့်မပေးဘူး။ အပြင်ကို လုံးဝမထွက်ခဲ့ရဘူး။ အမှိုက်ထုပ်ကိုတောင် သွားမပစ်ရဘူး။ အိမ်ထဲမှာပဲ အမြဲနေရတယ်။ စျေးလည်းသွားခွင့်မရှိဘူး။ ထောင်ထဲရောက်နေသလို ကျွန်မ ခံစားခဲ့ရတယ်။ တကယ့်ကို ထောင်ကျနေသလိုပါပဲ။ ရေဒီယိုလည်း ဖွင့်ခွင့်မရှိဘူး။ အဝတ်ထွက်လှန်းတဲ့အခါမှသာ ပြင်ပကမ္ဘာကို မြင်ခွင့်ရှိခဲ့တယ်။ ကျွန်မရဲ့အလုပ်ရှင်က ဘယ်သူကိုမှ စကားမပြောဖို့ ပြောထားတယ်။ သူငယ်ချင်း သို့မဟုတ် အိမ်နီးနားချင်းကိုလည်း စကားမပြောခိုင်းဘူး။ ကျွန်မရဲ့ ဆွေမျိုးသားချင်းတွေကိုလည်း ဆက်သွယ်ခွင့်မရှိဘူး။ ကျွန်မ ၃ နှစ်ကြာ အလုပ်လုပ်ခဲ့တယ်။ ဘယ်သူနဲ့မှ စကားပြောဖော် မရှိခဲ့ဘူး။ ကျွန်မ အင်ဒိုနီးရှားကို ပြန်ခွင့်အတွက် အလုပ်ရှင်တွေကို မေးခဲ့တယ်။ သူတို့က ပြန်ခွင့်မပေးဘူး။ ကျွန်မ မပျော်ခဲ့ဘူး။ သက်သောင့်သက်သာလည်း မရှိဘူး။ ကျွန်မ အိမ်ပြန်ချင်ခဲ့တယ်။ အလုပ်ရှင်တွေက ကျွန်မ စာချုပ်အတိုင်း ပြီးအောင်လုပ်ရမယ်။ မပြန်ခင် စာချုပ်အတိုင်း ပြီးအောင် လုပ်ရမယ်ဆိုပြီး ပြောတယ်"

အိမ်အကူများသည် သူငယ်ချင်းများ၊ မိသားစုများနှင့် ဝေးကွာနေသောကြောင့် အထူးသဖြင့် ထိခိုက်နစ်နာကြရသည်။ မိုဘိုင်းဖုန်းများပေါ်လာသည်နှင့်တစ်ပြိုင်နက် စင်ကာပူနှင့်ဟောင်ကောင်ကဲ့သို့ နိုင်ငံများတွင်လည်း အိမ်အကူများအတွက် ပိတ်ရက်တစ်ရက်ပေးသည့် ဥပဒေကို စတင်ကျင့်သုံးလာသောအခါ ထိုပြဿနာများ လျော့ပါးလာပါသည်။ သို့သော် အိမ်အကူများ အကာအကွယ်ရရှိရန် အာမမခံနိုင်သေးပါ။ စင်ကာပူနိုင်ငံက အလုပ်နားရက်တစ်ရက်ပေးခြင်းသည် မဖြစ်မနေပေးရခြင်းမဟုတ်ပါ။ အလုပ်ရှင်များသည် ဖုန်းများကို အတင်းသိမ်းဆည်းထားနိုင်သေးသည်။ အိမ်အကူများသည် မတိုင်ကြားရဲလောက်အောင် ကြောက်လွန်းခြင်းမျိုးလည်း ဖြစ်နိုင်သေးသည်။

၇.၃.၂ ရွှေ့ပြောင်းအလုပ်သမားအဖွဲ့အစည်းများ

ရွှေ့ပြောင်းအလုပ်သမားအဖွဲ့အစည်းများသည် ၎င်းတို့၏ အရွယ်အစားနှင့် လုပ်ငန်းများ အပေါ်မူတည်ပြီး ကွဲပြားခြားနားပါသည်။ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်ရန်လုပ်ဆောင်နေသော အဖွဲ့အစည်း (၃)မျိုး ရှိပါသည်။

နိုင်ငံတကာအဖွဲ့အစည်းများ

ICRMW စာချုပ်အဖွဲ့နှင့် နိုင်ငံသားမဟုတ်သောသူများ၏ အခွင့်အရေးများအတွက် အထူး အစီရင်ခံစာတင်သွင်းသူများရှိသော ကုလသမဂ္ဂအပြင် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေး များကို စီမံခန့်ခွဲနေသော နိုင်ငံတကာအဖွဲ့အစည်းများ၌ နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်း (International Labour Organization) နှင့် ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာနိုင်ငံတကာ အဖွဲ့အစည်း (International Organization for Migration) တို့ဖြစ်ကြသည်။ နည်းစနစ်ပိုင်းဆိုင်ရာ အကြံပြုချက် ပေးခြင်းနှင့် သုတေသနတွင် အကန့်အသတ်ရှိနေသော်လည်း ထိုအဖွဲ့အစည်းများသည် အရေး ပါသော စံချိန်စံညွှန်းများကို ချမှတ်သည့် အဖွဲ့အစည်းများ ဖြစ်သည်။

ဒေသခံ အထူးပြုဖွဲ့စည်းထားသော NGO များ

ထို NGO များသည် ရွှေ့ပြောင်းအလုပ်သမားများအား ဥပဒေဆိုင်ရာအကြံပြုချက်များ၊ အကာအကွယ်ပေးခြင်းနှင့် ပညာပေးခြင်း စသည့် ဝန်ဆောင်မှုများကို ပေးပါသည်။ ဒေသတွင်း အထင်ရှားဆုံး ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ NGO နှစ်ခုမှာ ရွှေ့ပြောင်းအလုပ်သမားများဖိုရမ် (ဖိလစ်ပိုင်တွင် အခြေပြုသော) နှင့် အာဆီယံ ရွှေ့ပြောင်းအလုပ်သမားများ လုပ်ငန်းအဖွဲ့ (ASEAN Migrant Workers Taskforce) တို့ဖြစ်ကြသည်။ ထိုအဖွဲ့အစည်း နှစ်ခုလုံးသည် စည်းရုံးလှုံ့ဆော် ခြင်းနှင့် စံချိန်စံညွှန်းသတ်မှတ်ခြင်းတို့တွင် ထဲထဲဝင်ဝင် ဆောင်ရွက်ကြသည်။ ထို့အပြင် လူမှုအခြေပြု အဖွဲ့အစည်းများမှလည်း ဝန်ဆောင်မှုများကိုပေးနိုင်သည်။ (ဥပမာ - ထိုင်းနိုင်ငံတွင်အခြေစိုက်သော Labour Rights Protection Network (LPN) နှင့် မလေးရှားရှိ Tenaganita Women's Force တို့ ဖြစ်ကြသည်။) ထိုအုပ်စုများသည် ဥပဒေဆိုင်ရာဝန်ဆောင်မှုများ၊ ရွှေ့ပြောင်းအလုပ်သမားများ၏ ကလေးများအတွက် ပညာရေး၊ ကျန်းမာရေး၊ နေထိုင်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့် အရေးများအတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့၏မိသားစုများအတွက် လူသားချင်းစာနာထောက်ထားသော အထောက်အပံ့များကို လုပ်ဆောင်ပေးကြသည်။ ထိုအဖွဲ့ အစည်းအချို့မှာ ILO နှင့် IOM တို့မှ အထောက်အပံ့များရရှိကြသဖြင့် လူမှုအခြေပြုလုပ်ငန်းများ သည် နိုင်ငံတကာမှ အထောက်အပံ့များ ရယူနိုင်သည့် အခြေအနေတစ်ခုကို ဖန်တီးဖြစ်ပေါ်စေသည်။

အလုပ်သမားသမဂ္ဂများ

၎င်းအဖွဲ့အစည်းများကမူ တစ်ဦးချင်းစီ၏အသံများ မထုတ်ဖော်နိုင်သော ရွှေ့ပြောင်း အလုပ်သမားများကို စုစည်းပေးသည့် နေရာတစ်ခု ဖြစ်စေသည်။ သမဂ္ဂတွင် ပါဝင်ခြင်းမှတစ်ဆင့် ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများသည် ကိုယ်စားပြုခြင်း၊ အကာအကွယ်ရရှိခြင်း၊

တရားဥပဒေကို လက်လှမ်းမီခြင်း တို့ရရှိနိုင်သည်။ သို့သော် မကြာခဏဆိုသလိုပင် ရွှေ့ပြောင်း အလုပ်သမားများသည် သမဂ္ဂသို့ဝင်ရောက်ရန် အခွင့်အရေး မရရှိသလို သမဂ္ဂများကို လက်လှမ်း မမီသောကြောင့် အဆိုပါအဖွဲ့အစည်းများ၏ ဩဇာသက်ရောက်မှုသည် အကန့်အသတ်နှင့်သာ ရှိသည်။ နိုင်ငံတကာအနေဖြင့် အမေရိကန်နိုင်ငံအခြေစိုက် အလုပ်သမားသမဂ္ဂ AFL-CIO သည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ နိုင်ငံခြားလုပ်သား အခွင့်အရေး အပြည့်အဝရရှိရေး၊ ရွှေ့ပြောင်းကလေးလုပ်သားများ ကြီးကြပ်ရေး၊ လုပ်ငန်းခွင်စံနှုန်းများ တိုးတက်ရေးနှင့် ရွှေ့ပြောင်း အလုပ်သမားများနှင့် ၎င်းတို့၏မိသားစုများအတွက် တရားဥပဒေဆိုင်ရာ ကိုယ်စားပြုခွင့်ရှိရေးတို့ အတွက် လုပ်ဆောင်ကြသည်။

ရွှေ့ပြောင်းအလုပ်သမားများကို အဆိုပါအဖွဲ့အစည်းများက အကာအကွယ်ပေးနိုင်သော နည်းလမ်းများ ရှိပါသည်။ အလုပ်သမားများ အနိုင်ကျင့်ဆက်ဆံခံရခြင်းများနှင့် မတရားအသုံးချ ခံရခြင်းများမရှိစေရန် လုပ်ငန်းခွင်တွင် အကာအကွယ်ပေးရန် အရေးကြီးပါသည်။ အလုပ်သမား အဖွဲ့အစည်းများသည် လုပ်ငန်းခွင်အတွင်း အနိုင်ကျင့်ခံရခြင်းများကို ရဲ သို့မဟုတ် အလုပ်သမား ဝန်ကြီးဌာနအရာရှိများကို အကြောင်းကြားခြင်းဖြင့် တုန့်ပြန်ဆောင်ရွက်ကြပါသည်။ ရွှေ့ပြောင်း အလုပ်သမားများကို မနှစ်မြို့ကြသည့် ပြည်သူများ၏ သဘောထားများကို ပြောင်းလဲနိုင်ရန်အတွက် အစိုးရများနှင့် စီးပွားရေးကဏ္ဍများတွင် အလုပ်သမားအခွင့်အရေးများအတွက် စည်းရုံးလှုံ့ဆော်မှု လုပ်ဆောင်ရန်လိုအပ်သည်။ ရွှေ့ပြောင်းအလုပ်သမားများ၏ မိသားစုများအတွက် အထောက် အပံ့များ လိုအပ်သည်ကိုလည်း ဖြည့်ဆည်းပေးနိုင်သည်။ ရွှေ့ပြောင်း အလုပ်သမားများ၏ ကလေးများ သည် ကျန်းမာရေးနှင့်ပညာရေးကဲ့သို့ အခြေခံဝန်ဆောင်မှုများကိုပင် မရရှိကြသဖြင့် NGO များမှ ထောက်ပံ့ပေးနိုင်သည်။

ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကိုကာကွယ်ရန် လုပ်ဆောင်စရာ အများ အပြား ရှိပါသေးသည်။ လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ဒေသတွင်း၌ တိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ICRMW စတင်အသက်ဝင်လာခြင်းနှင့် ရွှေ့ပြောင်းအလုပ်သမား များကို ကာကွယ်ပေးသော NGO များစွာ တည်ထောင်လာခြင်းတို့ကြောင့် ထိုနယ်ပယ်တွင် လှုပ်ရှားမှု များ ပို၍ရှိများလာခဲ့သည်။ သို့သော် ပြဿနာများကတော့ ရှိနေဆဲဖြစ်ပြီး၊ ရွှေ့ပြောင်းအလုပ်သမား များအပေါ် အဆိုးရွားဆုံး ချိုးဖောက်မှုတစ်ခုမှာ လူကုန်ကူးခြင်းပင် ဖြစ်သည်။

၇.၄ လူကုန်ကူးခံရသူများ

လူကုန်ကူးမှုကို ကျေးကျွန်ပြုခြင်း အမျိုးအစားတစ်ခုဟု အများအားဖြင့် သတ်မှတ်ကြသည်။ တစ်စုံတစ်ယောက်သည် ၎င်း၏နေအိမ် သို့မဟုတ် နေရပ်မှခေါ်ဆောင်သွားခံရပြီး မတရား ဆက်ဆံ ခံရသည့် အခြေအနေတစ်ခုအတွင်းသို့ သွတ်သွင်းခံရသောအခါတွင် လူကုန်ကူးခြင်းဖြစ်ပေါ်သည်။ ထိုကဲ့သို့ မတရားအမြတ်ထုတ်ခြင်းသည် အတင်းအဓမ္မစေခိုင်းမှု သို့မဟုတ် ပြည့်တန်ဆာအလုပ်တို့ ဖြစ်နိုင်သည်။ လူကုန်ကူးမှုသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀ အတွင်း ကြီးမားစွာ ကျယ်ပြန့်လာသော အလွန်အရေးကြီးသည့် ပြဿနာတစ်ခုဖြစ်ပြီး နောက်ကွယ်တွင် အကြောင်းရင်းများစွာရှိပြီး အဓိက အားဖြင့် ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်နှင့် ဆက်စပ်လျက်ရှိသည်။

- နယ်စပ်ဖြတ်ကျော်ကျူးလွန်သောရာဇဝတ်မှုများမြင့်တက်လာခြင်း - ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် ဆက်သွယ်ရေး၊ နည်းပညာနှင့် ခရီးသွားလာခြင်းပုံစံများ ပြောင်းလဲလာခြင်းက နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများနှင့် မသမာသူဂိုဏ်းများ ကွန်ရက်ဖွဲ့မှုများကို ပိုမိုဖြစ်ပေါ်စေသည်။
- စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်း - နိုင်ငံများသည် တံခါးဖွင့်စီးပွားရေးကို ဆောင်ရွက်လာပြီး၊ အလုပ်လုပ်ရန်နှင့် အားလပ်ရက်တွင် အလည်အပတ်သွားလာရန် ရွှေ့ပြောင်းသွားလာမှုများ တိုးပွားလာသဖြင့် လူကုန်ကူးခြင်းသည် အကျိုးအမြတ်များသော လုပ်သားရင်းမြစ်တစ်ခု ဖြစ်လာသည်။ ထို့အပြင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဆိုသည်မှာ တရားမဝင်လုပ်ငန်းများမှ ရရှိလာသော အကျိုးအမြတ်များကို ငွေကြေးလွှဲပြောင်းမှုများ ကမ္ဘာတစ်ဝန်းတွင် များစွာ ပိုမိုလွယ်ကူလာခြင်းဟု ကောက်ယူနိုင်သည်။
- လွယ်ကူစွာခရီးသွားလာနိုင်ခြင်း - လူအများအပြား ရွှေ့ပြောင်းသွားလာမှုတွင် လူနှင့်ကုန်ပစ္စည်းများ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများ ပါဝင်ပတ်သက်လျက်ရှိသည်။ လူကုန်ကူးခံရသူ အများအပြားသည် အခြားနိုင်ငံများသို့ တရားဝင် ခရီးသွားလာကြပြီးမှ လူကုန်ကူးခံရသည့် အခြေအနေတစ်ခုတွင် ပိတ်မိနေခြင်းမျိုးလည်း ကြုံတွေ့ရတတ်သည်။
- လုပ်သားစျေးကွက်များ ပြောင်းလဲလာခြင်း - အရှေ့တောင်အာရှနိုင်ငံများရှိ လျင်မြန်စွာ စက်မှုထွန်းကားလာသော နိုင်ငံများသည် စျေးပေါသော အလုပ်သမား အများအပြားလိုအပ်သည်။ ပြည်ပတွင် အလုပ်အကိုင်ရှာရန် ခရီးသွားလိုသူများ ပို၍များပြားလာသဖြင့် လူကုန်ကူးမှုဖြစ်နိုင်ခြေ မြင့်မားလာသည်။ ထို့အပြင် အမျိုးသား ရွှေ့ပြောင်းအလုပ်သမားအရေအတွက် အလွန်များပြားခြင်းသည် လူကုန်ကူးခံရသော အမျိုးသမီးများဖြင့် လည်ပတ်နေသော စီးပွားဖြစ်ပြည့်တန်ဆာ လုပ်ငန်းများကြီးထွားလာခြင်းဆီ ဦးတည်စေနိုင်ပါသည်။

လူကုန်ကူးခြင်းသည် ကျေးကျွန်ပြုခြင်းနှင့် မတူညီသည့်သဘာဝများရှိသည့် ရာဇဝတ်မှုတစ်ခု ဖြစ်သော်ငြားလည်း လူကုန်ကူးခြင်းဆိုင်ရာဥပဒေသည် ကျေးကျွန်ပြုခြင်းကို ဆန့်ကျင်သည့် ဥပဒေများမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ကျေးကျွန်ပြုမှုကို တားဆီးခြင်းမှာ ၁၈၀၀ ရာစုနှစ်တစ်ဝက်ခန့်ကတည်းက ဆောင်ရွက်ခဲ့သည့် သမိုင်းကြောင်းရှိခဲ့ပြီး ယခုအခါတွင် နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေတစ်ခုအနေဖြင့် မြင်တွေ့နိုင်ပါသည်။ ၁၉၀၀ ရာစုနှစ် အစပိုင်းတွင် လူကုန်ကူးမှုဆန့်ကျင်ရေးဥပဒေများ စတင်ခဲ့ပြီး ပထမဆုံး လူကုန်ကူးမှုဆန့်ကျင်ရေး ဥပဒေများကို လူဖြူကျေးကျွန်ဥပဒေ (White Slavery Laws) ဟု ခေါ်ခဲ့ကြသည်။ ထိုဥပဒေများသည် လူဖြူ အမျိုးသမီးများနှင့် ကလေးများကို အာဖရိကနှင့် အရှေ့အလယ်ပိုင်းတွင် ကျေးကျွန်အဖြစ်ရောင်းချခြင်းမှ ကာကွယ်ရန် ရည်ရွယ်သည်။ ယခုအခါ လူဖြူအမျိုးသမီးကျေးကျွန်ကိစ္စသည် လူဖြူအမျိုးသမီးများကို ထိန်းချုပ်နိုင်ရန်နှင့် အာဖရိကန်နှင့် အရှေ့အလယ်ပိုင်းလူများကို မကောင်းဆိုးဝါးသဖွယ် ရှုမြင်လာအောင် ဖန်တီးထားသော ဒဏ္ဍာရီများသဖွယ် ယူဆကြသည်။ ထိုခြိမ်းခြောက်မှုများကို သက်သေပြရန် မရှိသော်လည်း ထိုစိတ်ကူးထဲတွင် ထင်နေသော လူကုန်ကူးမှုကို တားမြစ်ရန်အတွက် ဥပဒေတော်တော်များများ ပြဋ္ဌာန်းခဲ့ရသည်။ ၎င်းဥပဒေများထဲတွင် ၁၉၀၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော လူဖြူများကို လူကုန်ကူးခြင်းကိုနှိမ်နှင်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် International Agreement for the Suppression of the White Slave Traffic ၊ ၁၉၁၀ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော လူဖြူများကိုလူကုန်ကူးခြင်းကို နှိမ်နှင်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်ရှင်း

International Convention for the Suppression of the White Slave Traffic နှင့် ၁၉၂၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော အမျိုးသမီးနှင့်ကလေးများကို လူကုန်ကူးခြင်းကိုနှိမ်နှင်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း International Convention for the Suppression of Traffic in Women and Children တို့ဖြစ်သည်။ ထိုဥပဒေများသည် အမျိုးသမီးများနှင့် လိင်ပိုင်းဆိုင်ရာ ကျေးကျွန်ပြုမှုအတွက် လူကုန်ကူးခြင်းအတွက် သက်သက်ကို ဦးတည်ထားသလောက်နီးပါးဖြစ်သဖြင့် ထိုဥပဒေများမှာ နောင် လူကုန်ကူးမှုနှိမ်နင်းရေးတွင် အရေးကြီးသည့် အမွေအနှစ်များ ဖြစ်လာသည်။ လူကုန်ကူးမှုမှာ ကြီးကျယ်သည့် ပြဿနာများဖြစ်ကြသော်လည်း မကြာသေးခင်အထိ အမျိုးသားများကို လူကုန်ကူးခြင်းနှင့် အလုပ်သမားစုဆောင်းရန် လူကုန်ကူးခြင်း စသည်တို့ကို နိုင်ငံတကာအဖွဲ့အစည်း များစွာက ဂရုမထားခဲ့ကြပါ။

သာဓက

ငါးဖမ်းလှေတစ်ခုပေါ်သို့ လူကုန်ကူးခံရခြင်း

၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် ထုတ်ဝေခဲ့သော မြန်မာတိုင်းမ်သတင်းစာ၏ ဆောင်းပါး "Migrants tell of slavery at sea on Thai fishing boats" မှ ထုတ်နုတ်ဖော်ပြထားပါသည်။

မြန်မာပြည်တောထဲတွင် တစ်ပတ်ခန့် ခြေလျင်လမ်းလျှောက်ခဲ့ရပြီးနောက် ထိုင်းနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းရှိ သဘော်ဘတစ်စင်းဆီ လူကုန်ကူးသူများက လွှဲပြောင်းခဲ့သောနေ့တွင် ကိုလှမြင့် (အမည်အရင်းမဟုတ်ပါ) ပထမဆုံးအကြိမ် ပင်လယ်ပြင်ကို မြင်တွေ့ခဲ့ခြင်း ဖြစ်သည်။

ထိုနေ့သည် (၇)လကြာ ငရဲဘုံ၏ အစဖြစ်ပြီး ထိုကာလအတွင်း နေ့စဉ် နာရီတိုင်း ရိုက်နှက်ခံခဲ့ရသည်ဟု သူက ပြောပြခဲ့သည်။



လုပ်ဖော်ကိုင်ဖက် သဘော်သားတစ်ဦးကို သဘော်ကပ္ပတိန်က သတ်လိုက်သည်ကို မြင်တွေ့ခဲ့ပြီးနောက် ကိုလှမြင့်သည်လည်း ထွက်ပြေးရန်ဆုံးဖြတ်ခဲ့ပြီး၊ ရေထဲသို့ခုန်ချကာ ဘောင်းတစ်ခုဖြင့် ၅ နာရီခန့် မျောပါနေခဲ့ပြီးမှ ကုန်းပေါ်သို့ နောက်ဆုံးရောက်ခဲ့သည်။

ထွက်ပြေးဖို့ကြိုးစားခဲ့သူတစ်ဦးသည် အခြားသောငါးဖမ်းသမားများရှေ့တွင် ရက်စက်စွာ ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည်။ နောက်ဆုံးတွင် သူ့ကို လှေနောက်ဘက်ပိုင်းသို့ ခေါ်လာပြီး အစွန်းတွင် ရပ်ခိုင်းကာ သူ၏ဦးခေါင်းကို သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ အဲဒီဖြစ်ရပ်ကို မြင်တဲ့အချိန်မှာ ကျွန်တော် တုန်လှုပ်သွားခဲ့တယ်ဟု ကိုလှမြင့်က ပြောပြသည်။

ကိုလှမြင့်၏ဖြစ်ရပ်သည် ထိုင်းနိုင်ငံ၏ ဒေါ်လာသန်းပေါင်းများစွာတန်သော ငါးဖမ်းလုပ်ငန်းထဲတွင် ကျေးကျွန်ပြုသော ဇာတ်လမ်းအမြောက်အများထဲက တစ်ခုသာဖြစ်ပါသည်။ ထိုလုပ်ငန်းသည် ကမ္ဘာတစ်ဝန်းရှိ စားသောက်ဆိုင်များနှင့် ဈေးဝယ်စင်တာများအတွက် ပင်လယ်စာများ ရောင်းချပေးရန် အတင်းအဓမ္မခိုင်းစေခြင်းကို အဓိကထား အသုံးပြုနေသည်ဟု လူကုန်ကူးမှုဆန့်ကျင်ရေး တက်ကြွလှုံ့ဆော်သူများက ပြောကြသည်။

၇.၄.၁ ၂၀၀၃ ခုနှစ် အမျိုးသမီးများနှင့် ကလေးများကို လူကုန်ကူးသူများကို တားဆီးရန်၊ နှိမ်နင်းရန်နှင့် အပြစ်ပေးရန်အတွက် သဘောတူညီချက် (The Palermo Protocol)

၁၉၉၀ ခုနှစ်များမတိုင်ခင်အထိ လူကုန်ကူးခြင်းကို ကိုင်တွယ်ဖြေရှင်းသော အဖွဲ့အစည်းများမှာ အဓိကအားဖြင့် (OHCHR အပါအဝင်) လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖြစ်သည်။ သို့သော် ကုလသမဂ္ဂအတွင်း လူကုန်ကူးခြင်းကို ရာဇဝတ်မှုအဖြစ် ကိုင်တွယ်ရန် လှုပ်ရှားမှုတစ်ခုရှိခဲ့ပြီး နောက်ဆုံးတွင် ယခုအခါ လူသိများသော ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး (UNODC) ဖြစ်လာသည့် ကုလသမဂ္ဂ ရာဇဝတ်မှုကော်မရှင်မှ တာဝန်ယူခဲ့သည်။ လူကုန်ကူးခြင်းဆိုင်ရာ သဘောတူညီချက်သည် ၂၀၀၀ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော United Nations Convention Against Transnational Organized Crime သဘောတူညီချက် သုံးခုထဲမှ တစ်ခု ဖြစ်သည်။ အခြားသဘောတူညီချက် နှစ်ခုမှာ လူမှောင်ခိုသွင်းခြင်းနှင့် လက်နက်မှောင်ခိုသွင်းခြင်းတို့ နှင့်ပတ်သက်သည်။ တစ်ခါတစ်ရံ စာချုပ်ရေးဆွဲပြီးစီးခဲ့သော အီတလီနိုင်ငံတောင်ပိုင်းရှိ ပါလာမိုမြို့ကို အစွဲပြု၍ ထိုသဘောတူညီချက်များကို ပါလာမိုစာချုပ်ငယ်များ Palermo Protocols ဟုလည်း ခေါ်ဝေါ်သည်။ ထိုသဘောတူညီချက်၏ အရေးကြီးသော ဝိသေသလက္ခဏာများမှာ ထိုလုပ်ရပ်များကို နိုင်ငံတကာအဆင့်ပြစ်မှုအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ယခင်ကမူ တစ်စုံတစ်ယောက်ကို အခြားတစ်နိုင်ငံသို့ လူကုန်ကူးရန် စုဆောင်းသူများအနေဖြင့် အပြစ်ဒဏ်မှလွတ်မြောက်နေရန် ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူကုန်ကူးခံရသူကို မတရားအနိုင်ကျင့် ခေါင်းပုံဖြတ်ခြင်းသည် အခြားနိုင်ငံနယ်နိမိတ်အတွင်းတွင် ဖြစ်ပေါ်သောကြောင့်ဖြစ်ပြီး ကျူးလွန်သူကမူ ထို ရာဇဝတ်မှုဖြစ်ပွားသောနိုင်ငံ၏ ဥပဒေအပြင်ဘက်တွင် ရောက်ရှိနေသောကြောင့်ဖြစ်သည်။

နိုင်ငံတကာဥပဒေတွင် ဖွင့်ဆိုထားခြင်းမရှိသော လူကုန်ကူးခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုရခြင်းသည် ထိုသဘောတူစာချုပ်က ဖြေရှင်းဆောင်ရွက်ရသည့် ပထမဆုံးသော ပြဿနာဖြစ်သည်။ အဓိပ္ပာယ်ဖွင့်ဆိုပြီးသည့်အခါတွင် ၎င်းကိုပြစ်မှုမြောက်စေအောင် ပြုလုပ်ရန်လိုအပ်ပြီး၊ လူကုန်ကူးခံရသည့်သူများ၏ အခွင့်အရေးများကို ကာကွယ်ရန်လိုအပ်သည်။ အဆိုပါရည်ရွယ်ချက်များ ပေါင်းစပ်ထားသော လူကုန်ကူးမှုဆိုင်ရာ သဘောတူညီချက်သည် လူ့အခွင့်အရေးစာချုပ်မဟုတ်ခြင်းကို သိရှိထားရန် အရေးကြီးသည်။ သို့သော် ထိုစာချုပ်တွင် လူ့အခွင့်အရေးဆိုင်ရာ အချက်အလက်များ ပါဝင်နေပြီး ရည်ရွယ်ချက်သည် လူ့အခွင့်အရေးကို ကာကွယ်ရန်ဖြစ်သည်။ လူကုန်ကူးမှုဆိုင်ရာ သဘောတူညီချက်သည် အခြားသော နိုင်ငံသားမဟုတ်သူများဆိုင်ရာ စာချုပ်များဖြစ်သော ရွှေ့ပြောင်းအလုပ်သမားနှင့် ဒုက္ခသည်များဆိုင်ရာ စာချုပ်များနှင့် ကွဲပြားခြားနားသည်။အကြောင်းရင်းမှာ ဤစာချုပ်တွင် လူကုန်ကူးမှုနှင့်သက်ဆိုင်သောလုပ်ရပ်များကို ရာဇဝတ်အဖြစ် သတ်မှတ်သော ရှင်းလင်းထင်ရှားသည့် ရည်ရွယ်ချက်တစ်ခုရှိသည်။ နိုင်ငံအစိုးရများမှ ထိုသဘောတူညီချက်ကို အတည်ပြုလက်မှတ်ရေးထိုးသောအခါတွင် အစိုးရများသည် လူကုန်ကူးသူများကို ကာကွယ်တားဆီးခြင်းနှင့် နှိမ်နင်းခြင်း၊ လူကုန်ကူးခံရသူများကို ကာကွယ်ပေးခြင်းနှင့် အကူအညီပေးခြင်း၊ အခြားအဖွဲ့ဝင်နိုင်ငံများနှင့်လည်း ပူပေါင်းဆောင်ရွက်ပေးရမည့်ဝတ္တရားရှိသည်။

လူကုန်ကူးခြင်းကို အခြားသော လူ့အခွင့်အရေးစာချုပ် နှစ်ခုထဲတွင်လည်း ဖော်ပြထားသည်။ ၎င်းတို့မှာ အမျိုးသမီးများကို လူကုန်ကူးခြင်းပုံစံအားလုံးကို နှိမ်နင်းရေးဆိုသည့် CEDAW (ပုဒ်မ ၆) နှင့် ကလေးများကို ရောင်းချခြင်း၊ ကလေးပြည့်တန်ဆာနှင့် ကလေးညစ်ညမ်းရုပ်ပုံများဆိုင်ရာ

CRC Optional Protocol 2 ဖြစ်သည်။ ထိုစာချုပ် နှစ်ခုစလုံးတွင် အကန့်အသတ်များ ရှိပါသည်။ CEDAW တွင် လူကုန်ကူးခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် လူကုန်ကူးမှုကို ပြစ်မှုမြောက်အောင် ပြုလုပ်ထားခြင်းမရှိပါ။ သို့သော် CRC တွင် ကလေးပြည့်တန်ဆာလုပ်ငန်းကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသော်လည်း ကလေးများ နေရာရွှေ့ပြောင်းသွားလာမှုနှင့် ကလေးများကို အတင်းအဓမ္မ ခိုင်းစေခြင်းတို့နှင့်ပတ်သက်၍ ထည့်သွင်းထားခြင်းမရှိပါ။

၇.၄.၂ လူကုန်ကူးခံရခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

လူကုန်ကူးမှုဆိုင်ရာ သဘောတူညီချက်ကို ရေးဆွဲချိန်အတွင်း အစိုးရနှင့် NGO များ ကြားတွင် အငြင်းပွားမှု အများအပြားရှိခဲ့သည်။ လူကုန်ကူးမှုမြောက်ရန်မှာ လူတစ်ဦးကို အမြတ်ထုတ်အသုံးချရန် အတင်းအဓမ္မဟူသော စကားရပ်ကို ထည့်သွင်းခြင်းကိစ္စ၊ ပြည့်တန်ဆာလုပ်ငန်း၏ အခန်းကဏ္ဍနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းဟု ခေါ်ဆိုနိုင်မည့် အရာများအား ဖော်ပြရန် လိုအပ်ချက်အပေါ် အဓိကငြင်းခုံခဲ့ကြသည်။ ပလာမိုစာချုပ်ငယ် Palermo Protocol တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုအောက်ပါအတိုင်း ဖော်ပြထားသည်။

> လူကုန်ကူးခြင်းဆိုသည်မှာ လူများကို အမြတ်ထုတ်အသုံးချရန် ရည်ရွယ်ချက်ဖြင့် စုဆောင်း ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောက်ရှိလာလျှင် ခိုအောင်းခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းတို့ကို ခြိမ်းခြောက်ခြင်း၊ အင်အားအသုံးပြုခြင်း သို့မဟုတ် အခြားသော အကျပ်ကိုင်မှုပုံစံအမျိုးမျိုး၊ ပြန်ပေးဆွဲခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အာဏာအလွဲသုံးစား ပြုခြင်း သို့မဟုတ် အားနည်းထိခိုက်လွယ်သော အခြေအနေတစ်ရပ်ကို အသုံးချပြုခြင်း သို့မဟုတ် အခြားလူတစ်ဦးကို ထိန်းချုပ်ထားသော လူတစ်ယောက်၏ သဘောတူညီမှုကို ရယူရန် အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်ပေးခြင်းနှင့် လက်ခံခြင်းအစရှိသည့် နည်းလမ်းများအားဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။ အမြတ်ထုတ်အသုံးချခြင်းတွင် အနည်းဆုံးအခြားသူများကို လိင်လုပ်သားအဖြစ်အသုံးချခြင်း သို့မဟုတ် အခြားသောလိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း၊ အတင်းအဓမ္မခိုင်းစေခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခိုင်းခြင်း၊ ကျေးကျွန်ပြုခြင်း သို့မဟုတ် ကျေးကျွန်နှင့်တူညီသော လုပ်ငန်းများလုပ်ခိုင်းခြင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းများ ဖယ်ရှားခြင်းတို့ ပါဝင်သည်။

ထိုအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အဓိကကျသော အစိတ်အပိုင်း (၃)ခု ရှိသည်။ လူကုန်ကူးခံရသည့် အခြေအနေအတွက် ထိုဝိသေသသုံးခုရှိနေရမည် (ကလေးများအတွက်မူ လုပ်ဆောင်ချက်နှင့် အမြတ်ထုတ်အသုံးချခြင်း ဝိသေသနှစ်ခုသာ လိုအပ်သည်)။

လုပ်ဆောင်ချက်ဟု ဆိုရာဝယ်

လုပ်ဆောင်ချက်ဟူသော အစိတ်အပိုင်းသည် တစ်စုံတစ်ယောက်က လူကုန်ကူးမှုကို ကျူးလွန်ရန် လုပ်ဆောင်ရသည့်အပိုင်း ဖြစ်သည်။ အဆိုပါ လုပ်ဆောင်ချက်များမှာ လူများကိုစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောက်ရှိလာလျှင် ခိုအောင်းခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းတို့ ဖြစ်သည်။ အဆိုပါစာရင်းသည် ရွှေ့ပြောင်းသွားလာခြင်းဖြစ်စဉ်တွင် လူသစ်စုဆောင်း

ခြင်းမှ အစပြုပြီး အခြားတစ်ဖက်တွင် ထိုလူကိုလက်ခံခြင်းအထိ ဖြစ်စဉ်တစ်ခုလုံး လွှမ်းခြုံပါဝင်သည်။ ဖြစ်စဉ်တစ်ခုလုံးကို ရာဇဝတ်မှုမြောက်သည်ဟု သတ်မှတ်ထားခြင်းကြောင့် ဤအစိတ်အပိုင်းက အရေးကြီးပါသည်။ လူကုန်ကူးခြင်းသည် လူတစ်ဦးကို မတရားအမြတ်ထုတ် အသုံးချခြင်းသက်သက်မဟုတ်ဘဲ လူကုန်ကူးခံရမှု အခြေအနေတစ်ခုတွင် လူတစ်ဦးကို ရောင်းချခြင်း သို့မဟုတ် ရောင်းချရန် လူစုဆောင်းခြင်းများလည်း ပါဝင်သည်။ ထိုသဘောတူညီချက်သည် ပြစ်မှုဆိုင်ရာစာချုပ်တစ်ခုဖြစ်သောကြောင့် အထက်ပါလုပ်ဆောင်ချက်တစ်ခုခုကို ကျူးလွန်ခြင်းသည် ပြစ်မှုတစ်ခုကို ကျူးလွန်ခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ရသည်။

နည်းလမ်းဟုဆိုရာဝယ်

နည်းလမ်းများကိုသုံးခြင်းဟူသော ဝိသေသကမူ လူတစ်ဦးကို လူကုန်ကူးခံရခြင်းကို အသေအချာ အထမြောက်သွားစေရန် လူကုန်ကူးသူက အတင်းအဓမ္မပြုခြင်း၊ ပြန်ပေးဆွဲခြင်း သို့မဟုတ် လိမ်ညာလှည့်ဖြားခြင်း အစရှိသည့် လုပ်ဆောင်ချက်နည်းလမ်းများကို ဆိုလိုသည်။ တစ်နည်းအားဖြင့် အထက်တွင်ဖော်ပြခဲ့သော လုပ်ရပ်များကို ရာဇဝတ်မှုအသွင် ပြောင်းလဲသွားသည့် အပိုင်းဖြစ်သည်။ အဌားယာဉ်မောင်းတစ်ဦးသည် လူတစ်ဦးကို လူကုန်ကူးခံရမည့်နေရာသို့ ပို့ဆောင်ပေးခဲ့လျှင် (ထိုယာဉ်မောင်းသည် အခြေအနေအရပ်ရပ်ကို မသိဟု ယူဆလျှင်) ၎င်းသည် ရာဇဝတ်မှုကျူးလွန်ခဲ့ခြင်းမရှိပါ။ သို့သော် (ဤအခန်း၏ ရှေ့ပိုင်းတွင် တင်ပြခဲ့သော ဖြစ်ရပ်ကဲ့သို့) အမျိုးသမီးတစ်ဦးက ငါးဖမ်းသင်္ဘောကပ္ပတိန်တစ်ဦးထံ ကလေးတစ်ဦးကို ရောင်းစားခဲ့ခြင်းသည် ရှင်းလင်းစွာပင် လူကုန်ကူးခြင်းဖြစ်သည်။ ဤအဓိပ္ပာယ်တွင် ရုပ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများဖြစ်သော ပြန်ပေးဆွဲခြင်း၊ တစ်ဦးတစ်ယောက်ကို လိမ်လည်ခြင်း သို့မဟုတ် လှည့်ဖြားခြင်း၊ အာဏာအလွဲသုံးစားပြုခြင်းနှင့် လူကုန်ကူးခြင်းတွင် ပါဝင်ကူညီပြီး အခကြေးငွေရယူခြင်းစသည့် နည်းလမ်းပေါင်းများစွာပါဝင်သည်။

ရည်ရွယ်ချက်ဟု ဆိုရာဝယ်

ရည်ရွယ်ချက်သည် လူတစ်ဦးက အခြားတစ်ဦးကို လူကုန်ကူးရန် စေ့ဆော်သည့်အရာကို ရည်ညွှန်းခြင်းဖြစ်သည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်က မတရားအမြတ်ထုတ်အသုံးချခြင်း ပုံစံများကို နမူနာအဖြစ် ပေးထားသော်လည်း မတရားအမြတ်ထုတ်အသုံးချခြင်းဟူသော အဓိပ္ပာယ်ကိုမူ အမှန်တကယ် ဖွင့်ဆိုထားနိုင်ခြင်း မရှိပါ။ ထိုအစား ဤသဘောတူစာချုပ်က လူကုန်ကူးမှုတွင် ဖြစ်လေ့ဖြစ်ထရှိသော ရည်ရွယ်ချက်များ လိင်ပိုင်းဆိုင်ရာ မတရားအမြတ်ထုတ်ခြင်း (အမျိုးသမီးတစ်ဦးကို ပြည့်တန်ဆာအဖြစ် အတင်းအဓမ္မလုပ်ခိုင်းသည့်နေရာ) သို့မဟုတ် အတင်းအဓမ္မ လုပ်အားပေးခိုင်းစေခြင်း (လူတစ်ဦးကို ၎င်း၏ဆန္ဒမပါဘဲ၊ အခကြေးငွေမပေးဘဲ သို့မဟုတ် မတန်တဆ နည်းပါးစွာပေးခြင်းနှင့် လုပ်ငန်းခွင်မှလွတ်လပ်စွာ ထွက်ခွာခွင့်မရှိခြင်း) စသည်တို့ကိုသာ ထည့်သွင်းထားသည်။ မတရားအမြတ်ထုတ် အသုံးချခြင်းဆိုသည်မှာ အတင်းအဓမ္မခိုင်းစေခြင်းဟု ကွန်ဗင်းရှင်းက အဓိပ္ပာယ်ဖွင့်ဆိုထားသည်ဟု ယူဆနိုင်ပြီး အောက်ပါအတိုင်း အသေးစိတ်ထပ်မံ ဖော်ပြထားသည်။ လူတစ်ဦးအား အပြစ်ပေးမည်ဟူသော ခြိမ်းခြောက်မှုကိုသုံးကာ ထိုသူထံမှလုပ်အား သို့မဟုတ် ဝန်ဆောင်မှုများအားလုံးကို ထုတ်ယူသုံးစွဲခြင်းဖြစ်ပြီး ထိုလုပ်အားကို ၎င်း၏သဘောဆန္ဒအလျောက် ပေးအပ်ရန် ကမ်းလှမ်းထားခြင်းမရှိပါဟု ဖွင့်ဆိုထားသည်။ ဤအမြတ်ထုတ်မှုဆိုသော ဖွင့်ဆိုချက်တွင် ခန္ဓာကိုယ်အစိတ်အပိုင်းများ ဖယ်ရှားခြင်း သို့မဟုတ် ခန္ဓာကိုယ်အစိတ်အပိုင်းများကိုကုန်ကူးခြင်း

လည်း ထည့်သွင်းထားသည်။ ထိုဖြစ်ရပ်သည် အထူးသဖြင့် အရှေ့တောင်အာရှဒေသတွင် ဖြစ်ရိုးဖြစ်စဉ် ရာဇဝတ်မှုတစ်ခု မဟုတ်သော်လည်း နီပေါ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများတွင် ဖြစ်ပွားနေခဲ့သော မှတ်တမ်းများရှိသည်။

အထက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်ကို အရွယ်ရောက်ပြီးသူများအတွက်သာ အသုံးပြုနိုင်သည်။ မတရားအမြတ်ထုတ်ခြင်းခံရသော ကလေးငယ်တစ်ဦးသည် လူကုန်ကူးမှုဖြစ်ပွားကြောင်း လုပ်ဆောင်ချက်နှင့်ရည်ရွယ်ချက်ဟူသော အစိတ်အပိုင်းရှိခဲ့ကြောင်း သက်သေပြရန် လိုအပ်သည်။ လူကုန်ကူးမှုဆိုင်ရာ သဘောတူစာချုပ်သည် ကျား/မ သို့မဟုတ် အသက်အရွယ်ကို အတိအကျ ဖော်ပြထားခြင်း မရှိပါ။ ထို့ကြောင့် မည်သူမဆို လူကုန်ကူးခံရနိုင်ပါသည်။ ထိုစာချုပ်က နယ်စပ်များကို ဖြတ်ကျော်ရမည်ဟုလည်း ဖော်ပြမထားပါ။ ထို့ကြောင့် လူတစ်ဦးသည် မိမိနိုင်ငံအတွင်းတွင်လည်း လူကုန်ကူးခံရနိုင်ပါသည်။ လူတစ်ဦး လူကုန်ကူးခံရနိုင်သော အခြေအနေများကိုလည်း အတိအကျ ဖော်ပြမထားပါ။ ထို့ကြောင့် လူကုန်ကူးခံရသော အခြေအနေများသည် စက်ရုံများ၊ အိမ်များ (အိမ်အကူအလုပ်သမားအတွက်)၊ ပြည့်တန်ဆာအိမ်များ၊ လမ်းမပေါ်များ (ကလေးသူငယ် တောင်းရမ်းသူများအတွက်) သို့မဟုတ် ငါးဖမ်းလှေများတွင် ဖြစ်ပွားနိုင်ပါသည်။ ထိုသဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်ငယ်တွင်မူ အထက်ပါ နည်းလမ်းတစ်ခုခုကို အသုံးပြုခဲ့လျှင် လူကုန်ကူးခံရသူက သဘောတူသည့်တိုင်အောင် ပြစ်မှုမြောက်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

မည်သည့်ဖြစ်ရပ်က လူကုန်ကူးခြင်း မြောက်သနည်း။

လူကုန်ကူးခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များမှာ နယ်ပယ်အများစုတွင် မရှင်းလင်းလှပါ။ ဥပမာ အားဖြင့် -

(က) တစ်စုံတစ်ယောက်ကို အလုပ်ကောင်းတစ်ခုသို့ ပို့ဆောင်ပေးသည်ဟု လူစုဆောင်းသူက ယူဆသော်လည်း ထိုအလုပ်မှာ လူကုန်ကူးသည့် အခြေအနေတစ်ခုအဖြစ်သို့ ပြောင်းလဲခဲ့လျှင် ထိုသူသည် လူကုန်ကူးသည့် အပြစ်ရှိပါသလား။

(ခ) တစ်လခန့်အလုပ်လုပ်ပြီးနောက် ရွှေ့ပြောင်းအလုပ်သမားတစ်ဦးကို မန်နေဂျာက လစာပေးရန် ငြင်းဆန်သည့်အခါ ၎င်းဖြစ်ရပ်သည် လူကုန်ကူးခြင်းမြောက်ပါသလား။

(ဂ) ရွှေ့ပြောင်းအလုပ်သမားတစ်ဦးသည် သူမ၏လုပ်ငန်းခွင်တွင် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုဆက်တိုက်ကြုံတွေ့နေရလျှင် ၎င်းသည် လူကုန်ကူးခံရခြင်း မြောက်ပါသလား။

(ဃ) အိမ်နီးနားချင်းနိုင်ငံတစ်နိုင်ငံမှ (၈)နှစ်အရွယ် ကလေးတစ်ဦးကို မြို့ကြီးသို့ခေါ်လာပြီး တောင်းရမ်းခိုင်းသည်။ ထိုကလေးသည် လုပ်ခလစာမရသော်လည်း စားစရာရနေပြီး သူငယ်ချင်းများနှင့်အတူ တောင်းစားရသဖြင့် ပျော်နေသည်။ ထိုကလေးကို လူကုန်ကူးခံရခြင်းဟု သတ်မှတ်ပါမည်လား။

(င) အမျိုးသမီးတစ်ယောက်သည် အင်တာနက်တွင် အမျိုးသားတစ်ဦးနှင့် ခင်မင်ရင်းနှီးပြီး လက်ထပ်သည်။ ထိုအမျိုးသမီးသည် အမျိုးသားရှိသည့်နေရာသို့ သွားသောအခါ သူ၏စီးပွားရေး

လုပ်ငန်းတွင် ထိုအမျိုးသမီးကို နေ့တိုင်း အလုပ်ခိုင်းသည်ကို ကြုံတွေ့ရသည်။ အမျိုးသားက ဇနီးတိုင်းသည် လင်ယောကျ်ားများအတွက် အလုပ်လုပ်ပေးသင့်သည်ဟု သတ်မှတ်သည်။ ထိုအမျိုးသမီးသည် လူကုန်ကူးခြင်းခံရသည်ဟု သတ်မှတ်ရမည်လား။

အဖြေများကို အောက်တွင် တွေ့ရမည်။

အဖြေများ

(က) လူစုဆောင်းသူသည် ထိုသူကို လိမ်ညာလှည့်ဖြားခေါ်ဆောင်ခြင်းမဟုတ်သဖြင့် လူကုန်ကူးခြင်း မဟုတ်ပါ။ သို့သော် ထိုအကြောင်းပြချက်မျိုးကို အလုပ်သမားစုဆောင်းသူအများစုက ပေးတတ်သဖြင့် သတိထားရမည် ဖြစ်သည်။

(ခ) အမြတ်ထုတ်အသုံးချခြင်း မမြင့်မားသဖြင့် လူကုန်ကူးခံရခြင်းဟု မသတ်မှတ်ပါ။ အမြတ်ထုတ်အသုံးချခြင်းတွင် လွတ်လပ်မှုမရှိခြင်း ပါဝင်သည်။ ဥပမာ - လူတစ်ဦးကို အလုပ်မှ သို့မဟုတ် လုပ်ငန်းခွင်မှ ထွက်ခွာခြင်းကို တားမြစ်ခံရလျှင်ဖြစ်သည်။ ဤဖြစ်ရပ်များသည် လူကုန်ကူးခြင်း မမြောက်သော်လည်း (လုပ်သား၏အခွင့်အရေးကို ချိုးဖောက်ခြင်း သို့မဟုတ် တိုက်ခိုက်ခြင်း ဖြစ်၍) ရာဇဝတ်မှုများ ဖြစ်သည်။ အကယ်၍ ရွှေ့ပြောင်းလုပ်သားတစ်ဦးကို အမြတ်ထုတ်အသုံးချရန် ရည်ရွယ်ချက်ဖြင့် လူစုဆောင်းကြောင်း သက်သေပြနိုင်လျှင် လုပ်အားအတွက် လူကုန်ကူးခြင်း ဖြစ်နိုင်သည်။

(ဂ) အထက်ပါ အပိုဒ် (ခ)တွင် ဖော်ပြခဲ့သော အကြောင်းရင်းများကြောင့် ယင်းသည် လူကုန်ကူးမှု မမြောက်ပါ။

(ဃ) ယင်းသည် လူကုန်ကူးမှုဖြစ်သည်။ ကလေးတစ်ဦး ဖြစ်နေလျှင် နည်းလမ်းကို သက်သေပြရန် မလိုအပ်ပါ။

(င) ယင်းအချက်သည် အငြင်းပွားဖွယ်ဖြစ်ပြီး၊ လင်ယောကျ်ားက ၎င်း၏ဇနီးထံမှ လုပ်အားကို အခကြေးငွေမပေးဘဲ ရယူရန် လက်ထပ်ခြင်းကို ရည်ရွယ်ချက်ရှိရှိ အသုံးချခဲ့လျှင် လူကုန်ကူးမှုနှင့် တူညီသည်။ (ဆိုလိုသည်မှာ ထိုသူသည် သူမကို လိမ်ညာလှည့်ဖြားခဲ့သည် ဆိုသည့် အချက်က နည်းလမ်းကိုသက်သေပြသည်။ ထို့အပြင် ထိုသူသည် သူမကို အိမ်မှ မထွက်ခွာနိုင်စေရန် တားမြစ်ခဲ့သည် (ထိုကြောင့် ရည်ရွယ်ချက်ကိုလည်း သက်သေပြသည်)။ ထိုကဲ့သို့ မဟုတ်လျှင် ထိုသူ၏အပြုအမူသည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်စေမှု သို့မဟုတ် အိမ်တွင်းအကြမ်းဖက်မှုမြောက်သည်။

၇.၄.၃ လူကုန်ကူးမှုဆိုင်ရာ သဘောတူညီချက်တွင်ပါဝင်သော လူ့အခွင့်အရေး အစိတ်အပိုင်းများ

ဤသဘောတူညီချက်က လူကုန်ကူးခံရသူကို အကာအကွယ်ပေးသည်။ ယင်းအချက်ကို ဥပမာ - လူကုန်ကူးခံရသူ၏ ပုဂ္ဂိုလ်ရေးအချက်အလက်ကို အကာအကွယ်ပေးခြင်း၊ လိုအပ်သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အကူပေးခြင်းနှင့် နေရင်းအရပ်သို့ ပြန်လည် ပို့ဆောင်ခြင်း (နေအိမ်သို့ပြန်နိုင်ရန် ကူညီခြင်း) စသည့် နည်းလမ်းအမျိုးမျိုးဖြင့် ဖြည့်ဆည်းသည်။ အရေးကြီးသည့်အချက်မှာ လူကုန်ကူးခံရသူကို ရာဇဝတ်မှုကျူးလွန်သူအဖြစ် သတ်မှတ်ခြင်း သို့မဟုတ်

အကျဉ်းချထားခြင်း မပြုလုပ်သင့်ကြောင်း ဖော်ပြထားသည်။ အထောက်အထားမရှိသူ တစ်ဦးကို ရှာဖွေတွေ့ရှိသည့်အခါ ရဲများပြုလုပ်လေ့ရှိသောအချက်မှာ ထိုသူကို နိုင်ငံအတွင်းမှ နှင်ထုတ်ရန် ချက်ချင်း ချုပ်နှောင်ထားခြင်းဖြစ်သည်။ သူတို့ကို ပြန်ပို့ရာတွင်လည်း ၎င်းတို့၏ မူရင်းနိုင်ငံက လူဝင်မှုကြီးကြပ်ရေးနှင့်ဆက်နွယ်သော ချိုးဖောက်မှုများအတွက် လူကုန်ကူးခံရသူကို အကျဉ်းချနိုင်သည်။ ကံဆိုးသည်မှာ အဆိုပါပြဿနာကို ဤသဘောတူစာချုပ်က တိုက်ရိုက်ဖြေရှင်းထားခြင်းမရှိပါ။ သို့သော် ထိုသဘောတူစာချုပ် အသက်ဝင်သည့်အချိန်ကတည်းက ထိုအချက်ကို နိုင်ငံများက ကျင့်သုံးသောစံနှုန်းအဖြစ် သတ်မှတ်ကြေညာရန် လမ်းညွှန်ချက်များနှင့် ဆုံးဖြတ်ချက်များကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

လူကုန်ကူးခံရသူများ၏အခွင့်အရေးကို မည်ကဲ့သို့ ကာကွယ်နိုင်သည်ကို နားလည်ရန် ထိုသူများသည် လူကုန်ကူးခြင်းခံရသည် အခြေအနေတစ်ခုတွင် မည်ကဲ့သို့ ရောက်ရှိခဲ့သည်ကို ဆွေးနွေးရန် အရေးကြီးပါသည်။ မီဒီယာနှင့် အချို့အဖွဲ့အစည်းများသည် အမျိုးသမီးငယ်များကို လိင်ကုန်ကူးရန် လှည့်စားခံရခြင်း သို့မဟုတ် ခြိမ်းခြောက်ခံရခြင်းကိုသာ အဓိကထား ပြောဆိုနေစဉ် လူကုန်ကူးခံရမှုမှာပုံစံ တစ်ခုတည်းမဟုတ်ပါကြောင်း သိထားသင့်ပါသည်။ လိင်ကုန်ကူးခံရခြင်းသည် လူကုန်ကူးခံရသော အဖြစ်များထဲတွင် တွေ့လေ့တွေ့ထရှိသော ပုံစံပင်မဟုတ်ပါ။ သို့သော် အဆိုးရွားဆုံး လူကုန်ကူးမှုပုံစံများထဲက တစ်ခုဖြစ်ပါသည်။ အရှေ့တောင်အာရှဒေသတွင် မကြာသေးခင်က ဆောင်ရွက်ခဲ့သော လေ့လာချက်များအရ အမျိုးသားမြောက်များစွာသည် ငါးဖမ်းလုပ်ငန်း သို့မဟုတ် စိုက်ပျိုးရေးခြံများအတွက် လူကုန်ကူးခြင်းခံခဲ့ရကြောင်း အလေးထားဖော်ပြထားသည်။ မကြာခဏဆိုသလိုပင် အလုပ်သမားများသည် ဝင်ငွေရမည့် အလုပ်ဟုဆိုနိုင်လောက်သည့် အလုပ်တစ်ခုကို စတင်လုပ်ကိုင်နေပြီဟု အထင်ရှိခဲ့သော်လည်း အလုပ်ခွင်အခြေအနေများအရ ၎င်းတို့၏လွတ်လပ်ခွင့်မှာ ပျက်စီးခဲ့ပြီဆိုခြင်းကို မကြာခင် သဘောပေါက်လာကြရသည်။ ထိုအခြေအနေသည် အလုပ်ရှင်အိမ်များအတွင်း ပိတ်မိနေကြသော အမျိုးသမီး အိမ်အကူများအတွက်လည်း အတူတူပင်ဖြစ်သည်။ နိုင်ငံသားများထက် နိုင်ငံသားမဟုတ်သူများက လူကုန်ကူးခြင်းခံရမှုကို ပို၍ကြုံရလေ့ရှိသည်။ နိုင်ငံသားများမှာမူ ထိုသို့ကြုံရလျှင် ရဲစခန်းသို့ ထွက်ပြေးပြီး အကာအကွယ် ရယူနိုင်ပါသည်။ နိုင်ငံသားမဟုတ်သူများက ရဲစခန်းကို သတင်းပို့ရန် ကြောက်ရွံ့တတ်ကြသည်။ သတင်းပို့ရန်လည်း ဘာသာစကားကို ကျွမ်းကျင်မှုမရှိပါ။ ရွှေ့ပြောင်းအလုပ်သမားများကိုယ်တိုင် အဓိက ဝင်ထွက်နေကြသော ပြည့်တန်ဆာအိမ်များနှင့် ဆက်သွယ်ကာ လူကုန်ကူးမှုများရှိနေသလို အရှေ့တောင်အာရှဒေသတွင် လုပ်အားအတွက် လူကုန်ကူးခြင်းသည် အလွန်ကြီးထွားလျက်ရှိပြီး ဖမ်းဆီးအရေးယူမှုနည်းပါးသည်။ သို့ဖြစ်ရာ လူကုန်ကူးခံရသူများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ရန်မှာ လုပ်ငန်းခွင်တွင် အလုပ်သမားများကို အကာအကွယ်ပို၍ပေးနိုင်ရန်ပင်ဖြစ်သည်။ သို့သော် ရှေ့အခန်းတွင် အသေးစိတ်ဖော်ပြခဲ့သည့်အတိုင်း ရွှေ့ပြောင်းအလုပ်သမား လူဦးရေအများအပြားရှိသော နိုင်ငံများ၏ အစိုးရများသည် ထိုကဲ့သို့လုပ်ဆောင်ရန် တွန့်ဆုတ်ကြသဖြင့် လုပ်အားအတွက် လူကုန်ကူးခြင်းသည် ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

အရှေ့တောင်အာရှဒေသတွင် လူကုန်ကူးမှုပုံသဏ္ဌာန်များမှာ အခြားဒေသများနှင့် ကွဲပြားမှုရှိသည်။ တောင်အာရှဒေသတွင် အိမ်နီးချင်း နီပေါနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ အမျိုးသမီးများကို အိန္ဒိယနိုင်ငံတွင်းသွင်းကာ စီးပွားဖြစ်ပြည့်တန်ဆာလုပ်ငန်းအတွက် လူကုန်ကူးခြင်းပို၍ အဖြစ်

များသည်။ တောင်အာရှတိုက်သားများသည် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် လူကုန်ကူးခံရသည့် အခြေအနေများနှင့်ကြုံရသည်။ ရွှေ့ပြောင်းအလုပ်သမား အမြောက်အများသည် ယူအေအီး၊ ကူဝိတ်နှင့် ဆောဒီအာရေးဗီယားနိုင်ငံများသို့ သွားရောက်ကြသည်။ အရှေ့ဥရောပမှ အနောက်ဥရောပသို့ လူကုန်ကူးမှုများလည်းရှိပြီး အာဖရိကမှ ဥရောပသို့ လုပ်အားနှင့် ပြည့်တန်ဆာလုပ်ငန်းအတွက် လူကုန်ကူးမှုများရှိသည်။

သာဓက

မည်သူတို့ လူကုန်ကူးခံရသနည်း။ လစ်လျူရှုခံရသော လူကုန်ကူးမှု၏ သားကောင်များ

လူကုန်ကူးမှုရှိနေပုံသည် ရှုပ်ထွေးလှသည်ဟု သုံးသပ်ကြသည်။ လူကုန်ကူးခံရသူ အများအပြားသည် ၎င်းတို့ မည်သူမည်ဝါဖြစ်သည်ကို မည်သည့်အခါမျှ မဖော်ထုတ်ကြပါ။ လူတစ်ဦးသည် အကြိမ်များစွာ လူကုန်ကူးခံရနိုင်ပါသည်။ အချို့အာဏာပိုင်များနှင့် အဖွဲ့အစည်းများသည် လူကုန်ကူးခံရသူ အရေအတွက်ကို ပိုပြီး သို့မဟုတ် လျော့ပြီး အစီရင်ခံကြပါသည်။ သို့ဖြစ်၍ လူကုန်ကူးမှုဆိုင်ရာ အချက်အလက်များသည် မတိကျခြင်း သို့မဟုတ် အခြေအနေမှန်နှင့်လွဲနေခြင်းတို့ ဖြစ်နိုင်ပါသည်။ မည်သူတို့သည် လူကုန်ကူးခံရနိုင်ခြေ အများဆုံးဖြစ်သည်ဆိုသည့် ယူဆချက်များသည် အများက အာရုံမစိုက်၊ အရေးတယူမရှိသော လူဦးရေကိုသာ တိုးလာစေသည်။ မဟာမဲခေါင်ဒေသရှိ နိုင်ငံ (၆)နိုင်ငံ (ကမ္ဘောဒီးယား၊ လာအို၊ တရုတ်၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်) တွင် ထိုသို့ အရေးလုပ်ခံရခြင်းမရှိသည့် စာရင်းမဝင်သော လူကုန်ကူးခံရသူများကသာ များပြားနေသည်ကို ကုလသမဂ္ဂ လူကုန်ကူးမှုဆိုင်ရာ စီမံကိန်း (UNIAP) က တွေ့ရှိခဲ့ရပြီး ထိုသူတို့ကို ကူညီနိုင်ရန် ကနဦးစီမံချက်တစ်ခုကို လုပ်ဆောင်နေသည်။ အကာအကွယ် ထိုက်သင့်သလောက်မရသော လူကုန်ကူးမှု သားကောင်များကူညီရေး ကနဦးစီမံချက် Support to Underserved Victims သည် ဝန်ဆောင်မှုများကို ပုံမှန်မရရှိသော သို့မဟုတ် ငြင်းပယ်ခံရသော အုပ်စုများအတွက် လုပ်ငန်းများဆောင်ရွက်ရန် ရည်ရွယ်သည်။

မကြာခဏ လစ်လျူရှုခံရသော လူကုန်ကူးခံရသူ အုပ်စုတစ်စုမှာ လုပ်အားအမြတ်ထုတ်ခံသော အမျိုးသားများဖြစ်ပြီး ငါးဖမ်းလှေများ သို့မဟုတ် စိုက်ပျိုးရေးလုပ်ငန်းများ သို့မဟုတ် စက်ရုံများတွင် အတင်းအဓမ္မ အလုပ်စေခိုင်းခြင်း ခံရသည်။ မဟာမဲခေါင်ဒေသခွဲတလျှောက် အမျိုးသား လူကုန်ကူးခံရသူများရှိနေသည်ကို အသိအမှတ်ပြုပြီး ထိုအရေးကိုဖြေရှင်းရန် ဥပဒေများနှင့် မူဝါဒများကို ပြန်လည်ပြင်ဆင်ခဲ့ပြီးဖြစ်သော်လည်း ကူညီဖြေရှင်းပေးနိုင်ခြင်း မရှိသေးပါ။ နောက်ထပ် လူကုန်ကူးခံရသူများအုပ်စုတွင်မူ တရားဝင်လမ်းကြောင်းများမှတစ်ဆင့် လူစုဆောင်းပြီး လုပ်အားခ မပေးသော အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်း သို့မဟုတ် မိမိသဘောဆန္ဒဖြင့် ဝင်ရောက်လာပြီးမှ နောက်ပိုင်းတွင် အမြတ်ထုတ်အသုံးချခြင်းခံရသော အိမ်အကူများ သို့မဟုတ် လိင်လုပ်သားများ ဖြစ်ကြသည်။ သို့သော် ၎င်းတို့ကို လူကုန်ကူးခံရသူအဖြစ် အသိအမှတ်မပြုသဖြင့် သင့်တော်သော အကူအညီ မရရှိနိုင်ပါ။ မကြာခဏ ဆိုသလိုပင် ထိုသူများသည် ရာဇဝတ်မှုကျူးလွန်သူများအဖြစ် ဆက်ဆံခံရလေ့ရှိပြီး၊ အကြွေးအများအပြား တင်ရှိသောအခြေအနေတွင် နေရပ်ရင်းသို့ အတင်းအကျပ်ပြန်ပို့ခံကြရသည်။

မှတ်သားဖွယ်ရာ

လူကုန်ကူးခြင်းနှင့် လူခိုးသွင်းခြင်းအကြား ကွာခြားချက်

လူကုန်ကူးခြင်းသည် လူများကို ခိုးသွင်းခြင်းနှင့် အချို့ခြားနားမှုများ ရှိပါသည်။ အစိုးရ၏အမြင်တွင် လူကုန်ကူးခံရသူသည် ထိခိုက်နစ်နာသူဖြစ်ပြီး ခိုးဝင်သောသူသည် နိုင်ငံတစ်ခုအတွင်းသို့ ရည်ရွယ်ချက်ရှိရှိ တရားမဝင်လမ်းကြောင်းမှ ဝင်ရောက်ရန် လူဝင်မှုကြီးကြပ်ရေးဥပဒေကို ချိုးဖောက်သူဖြစ်သည်။ လူများကို ခိုးသွင်းသည့်အခါ ခိုးသွင်းသူနှင့် ခိုးသွင်းခံရသူသည် နိုင်ငံတစ်ခုမှ အခြားနိုင်ငံတစ်ခုသို့ ၎င်းတို့ကိုယ်တိုင် လျှို့ဝှက်စွာသယ်ယူပို့ဆောင်ရန် ကြိုးပမ်းခြင်းဖြစ်သည်။ အကြောင်းရင်းမှာ ထိုနိုင်ငံထဲသို့ ၎င်းတို့ တရားဝင် ဝင်ရောက်ခြင်းကို ခွင့်မပြု၍ဖြစ်သည်။ တစ်နည်းအားဖြင့် ဤအပြုအမူသည် စိတ်ဆန္ဒအလျောက် လုပ်ဆောင်ခြင်းဖြစ်ပြီး ပါဝင်ပတ်သက်သူများကို သယ်ယူပို့ဆောင်မှုမပြုလုပ်မီ၊ ပြုလုပ်ဆဲနှင့် ပြုလုပ်ပြီးနောက်ပိုင်း လွတ်လပ်မှုရှိသူများအဖြစ် ယူဆသည်။ လူကုန်ကူးခြင်းသည် ခြားနားမှုရှိသည်။ အကြောင်းရင်းမှာ လူကုန်ကူးခံရသူများသည် လိမ်လည်လှည့်ဖြားခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်းနှင့် ရွေးချယ်မှုများလုပ်ရန် လွတ်လပ်မှုမရှိခြင်း (ဆိုလိုသည်မှာ ၎င်းတို့သည် ချည်နှောင်မှုတစ်မျိုးမျိုးဖြင့် အတင်းအကျပ် လုပ်ဆောင်ခံရသည်)တို့ ကြုံတွေ့ရသည်။

လက်တွေ့တွင် ဆန္ဒအလျောက် စိတ်လိုလက်ရပါဝင်နေခြင်းအဆင့်ကို တိုင်းတာရန် ခက်ခဲသောကြောင့် လူကုန်ကူးခြင်းနှင့် ခိုးသွင်းခြင်းကို ရှင်းရှင်းလင်းလင်းပိုင်းခြားရန်မှာ အတော်လေး ခက်ပါသည်။ ဥပမာ - ခိုးသွင်းခံရသူသည် (စီစဉ်ပေးသူက ငွေကြေးပိုလိုချင်ခြင်း၊ မိသားစုဝင်များကို ခြိမ်းခြောက်ခြင်း သို့မဟုတ် ၎င်းတို့၏ လုံခြုံရေးကို ခြိမ်းခြောက်ခြင်း) စသဖြင့် ခြိမ်းခြောက်ခံရနိုင်ပါသည်။ လူတစ်ဦးသည် ခိုးဝင်ခြင်းဖြင့် စတင်သော်လည်း လူကုန်ကူးသည့်အခြေအနေနှင့် မကြာခင် ကြုံတွေ့လာရနိုင်ပါသည်။ ဥပမာ - ခိုးသွင်းပေးသူကို ငွေကြေးပို၍ပေးရမည်ဟု သိလာရပြီး နောက်တစ်နေရာရာတွင် မဖြစ်မနေ အလုပ်လုပ်ပေးရမည့် အခြေအနေမျိုး ကြုံရနိုင်သည်။ ဤသို့ဖြင့် လူတစ်ဦးသည် လူကုန်ကူးခံရသည့် အခြေအနေတစ်ရပ်တွင် အဆုံးသတ်သွားစေရန်အတွက် ၎င်း၏နိုင်ငံအပြင်ဘက်သို့ လူကုန်ကူးခံရသည့်ပုံစံဖြင့် ထွက်ခွာရန် လိုချင်မှလိုပါမည်။ ထိုသူသည် (ဆန္ဒအလျောက် နိုင်ငံမှထွက်ခွာလာသည့်တိုင်အောင်) လူကုန်ကူးခံရခြင်းကသာ အဖတ်တင်သည့် အခြေအနေမျိုး ဖြစ်နိုင်သည်။

နေရင်းအရပ်သို့ ပြန်လည်ပို့ဆောင်ခြင်း

အချို့ဖြစ်ရပ်များတွင် လူကုန်ကူးခံရသူများ၏ အကျိုးအတွက် ၎င်းတို့၏နေရပ်သို့ ပြန်လည်ပို့ဆောင်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ နေရပ်သို့ပြန်လည်ပို့ဆောင်ပေးခြင်းသည် အခွင့်အရေးတစ်ခု ဖြစ်သည်။ ထိုသို့လုပ်ဆောင်သည့်အခါ လူကုန်ကူးခံရသူသည် နေရပ်သို့ပြန်ရန် အဆင်သင့်ဖြစ်ခြင်းရှိ မရှိ၊ ပြန်လိုသောဆန္ဒရှိ မရှိ သေချာစေရန် သင့်လျော်သော ဆွေးနွေးညှိနှိုင်းမှု လုပ်ငန်းစဉ်တစ်ခု လိုအပ်သည်။ သင့်လျော်သော နေရပ်သို့ပြန်လည်ပို့ဆောင်ရာတွင်လည်း ပြန်လည်ထူထောင်ရေးနှင့် တရားဥပဒေဆိုင်ရာ အခွင့်အရေးများ ရရှိရန်အတွက် အချိန်ပေးရန် လိုအပ်သည်။ ထို့အပြင် လူကုန်ကူးခံရသူသည် လုံခြုံစွာနှင့် လူဂုဏ်သိက္ခာရှိစွာ နေရပ်သို့ပြန်နိုင်စေသင့်သည်။ သို့သော် အရှေ့တောင်အာရှနိုင်ငံများတွင် အစိုးရများသည် လူကုန်ကူးခံရသူများကို အတင်းအကျပ် ပြန်လည်

ပို့ဆောင်နေခြင်းကြောင့် ဤလုပ်ငန်းများတွင် အသင့်တော်ဆုံးလုပ်ထုံးလုပ်နည်းများ ပေါ်ပေါက်လာရန်မှာ များစွာလေ့လာရန် လိုအပ်နေသေးသည်။

လူကုန်ကူးခံရသူကို နေရပ်သို့ပြန်လည်ပို့ဆောင်ခြင်းက အလွယ်ကူဆုံးနှင့် အကောင်းဆုံးဖြေရှင်းချက်အဖြစ် မကြာခဏဆိုသလို ထင်မြင်ကြသည်။ သို့ရာတွင် အချို့အခြေအနေများတွင် လူကုန်ကူးခံရသူသည် နေရပ်သို့ပြန်လည်ပို့ဆောင်ခံရခြင်းကို အလိုမရှိကြပါ။ ဥပမာ - သူတို့သည် ၎င်းတို့နေရပ်သို့ ငွေကြေးတစ်ပြားတစ်ချပ်မျှမပါဘဲ ပြန်ရမည့်အစား ရွှေ့ပြောင်းအလုပ်သမားအဖြစ် ထိုနိုင်ငံမှာပင်နေထိုင်ပြီး အလုပ်တစ်ခုရှာဖွေရန် ပို၍နှစ်သက်တတ်ကြသည်။ အမှန်တကယ်လည်း နေရပ်မှထွက်လာပြီး အခြားနိုင်ငံတစ်ခုသို့ သွားရာတွင် သုံးရသော ခရီးစရိတ်များဖြင့် အကြွေးတင်နေနိုင်ပြီး ထိုအကြွေးပြန်ဆပ်နိုင်ရေးအတွက် အလုပ်လုပ်ရန် လိုအပ်ကောင်း လိုအပ်နေနိုင်သည်။ နောက်ဆုံးအနေဖြင့် ပြည့်တန်ဆာလုပ်ငန်းများထဲသို့ လူကုန်ကူးခံရခြင်းကို ကြုံတွေ့ခဲ့ရသူများသည် အလွန်အမင်းအရှက်ရနေတတ်ပြီး၊ ၎င်းတို့နေထိုင်ရာ ရပ်ရွာများသို့ ပြန်ရောက်သည့်အခါတွင်လည်း ခွဲခြားဆက်ဆံခြင်းများ ကြုံတွေ့ရနိုင်သည်။

၇.၅ လူကုန်ကူးခံရသူများကို ဖော်ထုတ်ရခြင်းတွင် ကြုံတွေ့ရသောစိန်ခေါ်မှုများ

လူကုန်ကူးခြင်းခံရသူကို ဖော်ထုတ်ခြင်းမှာ လူကုန်ကူးမှု၏ သားကောင်တို့အနေဖြင့် ကာကွယ်စောင့်ရှောက်မှု အသေအချာရရှိစေရန် လုပ်ဆောင်ရသည့်အပိုင်းတွင် တွေ့ရသည့် စိန်ခေါ်မှုပင် ဖြစ်သည်။ မှန်ကန်စွာ ဖော်ထုတ်နိုင်သော ဖြစ်ရပ်များတွင် လူကုန်ကူးခံရသူသည် တရားဥပဒေဆိုင်ရာ အထောက်အပံ့ရရှိခြင်း သို့မဟုတ် NGO များထံမှ အကူအညီများရရှိရေး၊ ခိုလှုံရာနေရာရှိရေး၊ မလုံခြုံသောအခြေအနေတစ်ရပ်တွင် နေရပ်သို့ပြန်လည်ပို့ဆောင်ခြင်းကို ငြင်းဆန်နိုင်သည့် အခွင့်အရေး၊ တရားစွဲခံရခြင်းမှ လွတ်ကင်းနိုင်သည့် အခွင့်အရေး၊ ဖမ်းဆီးချုပ်နှောင်မှုမခံရရေး သို့မဟုတ် နိုင်ငံမှနှင်ထုတ်မခံရရေးတို့ကို ခံစားခွင့်ရှိကြသည်။ Palermo Protocol တွင် လူကုန်ကူးခံရသူကို ဖော်ထုတ်ခြင်း၌ အကန့်အသတ်များ ရှိသည်။ အဘယ်ကြောင့်ဆိုသော် မည်သူသည် မည်ကဲ့သို့ လူကုန်ကူးခံရကြောင်း ထုတ်ဖော်ပြောကြားရန် ညွှန်ကြားထားခြင်းမရှိပါ။ လူကုန်ကူးခံရသူ၏ မူရင်းနိုင်ငံသည် လူကုန်ကူးခံရသူကို လက်ခံပြီးနောက် ထမ်းဆောင်ရမည့် တာဝန်များရှိသော်လည်း ထိုအချက်ကိုမူ လူကုန်ကူးခံရသူ ရောက်ရှိနေသောနိုင်ငံ၏ တာဝန်ဟု ယူဆထားဟန်ရှိသည်။

ပုံမှန်အားဖြင့် လူကုန်ကူးခံရသူကို ထိခိုက်နစ်နာသူတစ်ဦးအဖြစ် သတ်မှတ်ကြမည်ဖြစ်သည်။ နိုင်ငံအစိုးရတွင် ထိုသူတို့၏ လုံခြုံရေးအတွက် လုံလောက်သော ရဲလုပ်ငန်းများရှိသင့်ပြီး လူကုန်ကူးခံရသူများကို ရှာဖွေကူညီခြင်းဖြင့် ကာကွယ်ပေးသင့်သည်။ ရဲ၏အခန်းကဏ္ဍမှာ ပြည့်တန်ဆာအိမ်များနှင့် စက်ရုံများအတွင်း ဝင်ရောက်စီးနင်းပြီး အလုပ်သမားများကို ကယ်တင်လာရသော ဖြစ်ရပ်များတွင် တကယ်အလုပ်ဖြစ်ပါသည်။ ထိုကဲ့သို့အခြေအနေများတွင် ရဲများနှင့် အခြားအာဏာပိုင်များက တွေ့ရှိသူများမှာ လူကုန်ကူးခံရခြင်းရှိ မရှိ ဆုံးဖြတ်ပေးလေ့ရှိသည်။ သို့သော် အထောက်အထားမရှိသူတစ်ဦးသည် ၎င်းအား ခေါင်းပုံဖြတ် အမြတ်ထုတ်သည့် အခြေအနေကို ဒေသခံအာဏာပိုင်များအား လာရောက်တိုင်ကြားသည့်ဖြစ်ရပ်များတွင် (ဒေသခံအာဏာပိုင်များက လူကုန်ကူးခြင်းဆိုင်ရာ ဥပဒေကို သိရှိနေလျှင်) ထိုသူကို လူကုန်ကူးခံရသူအဖြစ် ယူဆနိုင်ပါသည်။ သို့သော် ထိုအာဏာပိုင်များ

အနေနှင့် ဥပဒေကို သိရှိမနေခြင်း သို့မဟုတ် လူကုန်ကူးခံရသူအဖြစ် ရှာဖွေဖော်ထုတ်နိုင်စွမ်းမရှိခြင်း တို့ဖြစ်နေပါက ထိုသူကို တရားမဝင် ရွှေ့ပြောင်းအလုပ်သမားအဖြစ် သတ်မှတ်ပြီး (၎င်း၏ နိုင်ငံသို့ ပြန်လည် ပို့ဆောင်ပါလိမ့်မည်)။ သို့ဖြစ်ရာ ပိုဆိုးသည်မှာ ထိုဖြစ်ရပ်မျိုးတွင် လူကုန်ကူးခြင်းပြုလုပ်သူများသည် တရားဥပဒေလက်တံမမီသောနေရာများတွင် မကြာခဏဆိုသလိုပင် လွတ်မြောက်နေကြသည်။

သာဓက

ထိုင်းနိုင်ငံ (၂၀၀၈ ခုနှစ် ဧပြီလ)

မြန်မာ ရွှေ့ပြောင်းအလုပ်သမားများ (၁၂၁)ဦးကို ခိုးသွင်းလာသော ကုန်တင်ကားမောင်းသူတစ်ဦးသည် ထိုအလုပ်သမားများကို သူ၏ကုန်တင်ကား အနောက်ဘက်တွင် သော့ခတ်ပိတ်ထားပြီး လုံလောက်သော လေဝင်လေထွက်ရှိမရှိ သေချာမလုပ်ဆောင်ခဲ့ပါ။ ရလဒ်အနေဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၅၄ ဦးသည် အသက်ရှူကျပ်ပြီး သေဆုံးခဲ့ရသည်။ အသက်ရှင်ကျန်ရစ်သော အမျိုးသမီးများကို လူကုန်ကူးခံရသည်ဟုသတ်မှတ်ပြီး ၎င်းတို့ကို အကူအညီများလည်း ပေးခဲ့သည်။ သို့သော် အသက်ရှင်ကျန်ရစ်ခဲ့သော အမျိုးသားများကို တရားမဝင်နိုင်ငံခြားသားများဟု သတ်မှတ်ပြီး နေရပ်သို့ ပြန်ပို့ခဲ့သည်။ ထိုသို့ဖြစ်ရခြင်းမှာ ထိုအချိန်က ထိုင်းနိုင်ငံရှိ ဥပဒေသည် အမျိုးသမီးများကိုသာ လူကုန်ကူးခံရခြင်း၏ သားကောင်အဖြစ် အသိအမှတ်ပြုသောကြောင့် ဖြစ်သည်။ ထိုအချိန်မှစပြီး ထိုဥပဒေကို ပြောင်းလဲခဲ့ပြီး၊ ယခုအချိန်တွင် လူကုန်ကူးခံရသူအားလုံးကို တန်းတူဆက်ဆံခဲ့သည်။ ၄ နှစ်ကြာပြီးနောက် ကုန်တင်ကားမောင်းသူ၊ ကုန်တင်ကားပိုင်ရှင်နှင့် လူကုန်ကူးခြင်းဖြစ်စဉ်တွင် အကူအညီပေးသည့်သူများကို (၆)နှစ်မှ (၁၀)နှစ်အထိ ထောင်ချခဲ့သည်။

နောက်ထပ် စိန်ခေါ်မှုတစ်ခုမှာ အရှေ့တောင်အာရှရှိ နိုင်ငံအားလုံးတွင် လူကုန်ကူးခြင်းကို ရာဇဝတ်မှုအဖြစ် သတ်မှတ်သော ဥပဒေတစ်ခု ရှိမနေခြင်း ဖြစ်သည်။ အလေးအနက်ထားရမည့် ပြဿနာတစ်ရပ်မှာ အစိုးရများသည် အမျိုးသမီးများကိုသာ လူကုန်ကူးခြင်းခံရသူများအဖြစ် အသိအမှတ်ပြုပြီး အမျိုးသားများမပါဝင်ပါ။ သို့သော် ထိုအခြေအနေကို Palermo Protocol အား လက်မှတ်ရေးထိုးလိုက်ခြင်း သို့မဟုတ် ပြည်တွင်းဥပဒေများကို ပြောင်းလဲလိုက်ခြင်းတို့နှင့်အတူ ပြုပြင်နေခဲ့ကြသည်။ အရှေ့တောင်အာရှဒေသရှိ နိုင်ငံအများစုသည် Palermo Protocol ကို လိုက်နာရန် ၎င်းတို့၏ လူကုန်ကူးမှုဆိုင်ရာ ဥပဒေများကို စတင်အသက်သွင်းကျင့်သုံးခြင်း သို့မဟုတ် ပြင်ဆင်ခြင်းတို့ လုပ်ဆောင်ခဲ့သည်။ ဇယား ၇.၁ တွင် ဒေသတွင်း ဥပဒေများနှင့် ထိုဥပဒေများက Palermo Protocol ကို လိုက်နာကျင့်သုံးမှုတို့ကို ဖော်ပြထားသည်။

ဇယား ၇.၁ အရှေ့တောင်အာရှဒေသရှိ လူကုန်ကူးမှုဆန့်ကျင်ရေး ဥပဒေများ

နိုင်ငံ	Palermo အတည်ပြုလက်မှတ်ရေးထိုးခြင်း	နိုင်ငံအတွင်းလူကုန်ကူးမှုဆိုင်ရာဥပဒေ	ရှင်းလင်းချက်
ဘရူနိုင်း	မရေးထိုး	လူများကို ကုန်ကူးခြင်းနှင့် ခိုးသွင်းခြင်းဆိုင်ရာ အမိန့် (၂၀၀၄)	ထိုအမိန့်သည် လိင်နှင့် လုပ်အားကုန်ကူးခြင်းကို တားမြစ်သည်။ လိင်ကုန်ကူးခြင်းကို ထောင်ဒဏ် (၃၀) နှစ်အထိ အပြစ်ပေးပြီး၊ လုပ်အားကုန်ကူးခြင်းကို (၃)နှစ်အထိ အပြစ်ပေးနိုင်သည်ဟု ဖော်ပြထားသည်။
ကမ္ဘောဒီးယား	ရေးထိုးပြီး	လူကုန်ကူးခြင်းနှင့်လိင်မှုဆိုင်ရာအမြတ်ထုတ်ခြင်းကိုနှိမ်နှင်းသည့် ဥပဒေ(၂၀၀၇)	ပြည်တွင်း ဥပဒေသည် Palermo Protocol နှင့် ဆင်တူသည်။
အင်ဒိုနီးရှား	ရေးထိုးပြီး	လူကုန်ကူးမှု ဆန့်ကျင်သော ဥပဒေ (၂၀၀၇)	ပြည်တွင်းဥပဒေသည် Palermo Protocol နှင့်ဆင်တူသည်။ အကြွေးဖြင့်ချည်နှောင်ခြင်း၊လုပ်အားအမြတ်ထုတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် နိုင်ငံဖြတ်ကျော်နှင့် နိုင်ငံအတွင်း လူကုန်ကူးခြင်းတို့ကို ရာဇဝတ်မှုအဖြစ် သတ်မှတ်သည်။
လာအို	ရေးထိုးပြီး	ဥပဒေ အတိအကျ မရှိပါ။	လာအိုနိုင်ငံတွင် လူကုန်ကူးခြင်းကို ရာဇဝတ်မှုအဖြစ် သတ်မှတ်သည့် ဥပဒေ ရှိသော်လည်း အမျိုးသမီးများ နှင့် ကလေးများသာ ပါဝင်ပြီး အမျိုးသားများ မပါပါ။
မလေးရှား	ရေးထိုးပြီး	လူကုန်ကူးမှုဆန့်ကျင်သော ဥပဒေ (၂၀၀၇) ထိုဥပဒေကိုပြင်ဆင်သည့် ဥပဒေ (၂၀၁၀)	ပြည်တွင်းဥပဒေသည် ပြည့်တန်ဆာလုပ်ငန်းကို အမြတ်ထုတ်သည့်လုပ်ငန်းဟုသတ်မှတ်ခြင်းကလွဲလျှင် Palermo Protocol နှင့်ဆင်တူ သည်။ ၂၀၁၀ ခုနှစ်က ပြင်ဆင်ချက်တွင် ခြိမ်းခြောက်ခြင်းဖြင့် လူတစ်ဦး၏ လုပ်အားသို့မဟုတ် ဝန်ဆောင်မှုကို ရယူခြင်းသို့မဟုတ် ဆက်လက်ထိန်းသိမ်းထားခြင်းတို့နှင့်ပတ်သက်သော ဆောင်ရွက်ချက်အားလုံးဟုထည့်သွင်း၍ လူကုန်ကူးခြင်း အဓိပ္ပာယ်ကို ပိုမိုကျယ်ပြန့်စွာ ဖွင့်ဆိုခဲ့သည်။

နိုင်ငံ	Palermo အတည်ပြုလက်မှတ်ရေးထိုးခြင်း	နိုင်ငံအတွင်းလူကုန်ကူးမှုဆိုင်ရာဥပဒေ	ရှင်းလင်းချက်
မြန်မာ	ရေးထိုးပြီး	လူကုန်ကူးမှုဆန်ကျင်သည့် ဥပဒေ (၂၀၀၅) The Anti-Trafficking In Persons Law (၂၀၀၅)	ပြည်တွင်းဥပဒေသည် Palermo Protocol နှင့် ဆင်တူသည်။
ဖိလစ်ပိုင်	ရေးထိုးပြီး	လူကုန်ကူးမှုဆန်ကျင်သည့် အက်ဥပဒေ (၂၀၀၃)	ပြည်တွင်းဥပဒေသည် Palermo Protocol နှင့် ဆင်တူသည်။ ထိုဥပဒေသည် အန်ဂျီအိုများ အပါအဝင် ပုဂ္ဂလိက တရားစွဲသူများက လူကုန်ကူးသူကို တရားစွဲရန် ခွင့်ပြုထားသည်။
စင်ကာပူ	မရေးထိုး	ဥပဒေ အတိအကျမရှိပါ။	ရာဇသတ်ကြီးဥပဒေအရ လူကုန်ကူးမှုပုံစံ အများစုကို ပြစ်မှုအဖြစ် သတ်မှတ်ထားသည်။ သို့သော် အသက် (၁၆)နှင့်(၁၇)နှစ် ကလေးများကို ပြည့်တန်ဆာအဖြစ် အသုံးချခြင်းသည် ရာဇဝတ်မှု မမြောက်ပေ။
ထိုင်း	ရေးထိုးပြီး	လူကုန်ကူးမှုဆန်ကျင်သည့် ဥပဒေ ဘီအီး ၂၅၅၁ (၂၀၀၈)	ပြည်တွင်းဥပဒေသည် Palermo Protocol နှင့် ဆင်တူသည်။
ဗီယက်နမ်	ရေးထိုးပြီး	ဥပဒေသီးသန့်မရှိပါ။	လူကုန်ကူးမှုကို ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ထားခြင်းမရှိဘဲ အမျိုးသမီးများနှင့် ကလေးများသာ အကျုံးဝင်သည်။
အရှေ့တီမော	ရေးထိုးပြီး	ဥပဒေသီးသန့်မရှိပါ။	လူကုန်ကူးမှုကို ရာဇဝတ်မှုအဖြစ် ပြည့်စုံစွာ သတ်မှတ်ထားသော ရာဇသတ်ကြီး ဥပဒေမရှိပါ။ သို့သော် ၂၀၀၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော လူဝင်မှုနှင့်ဒုက္ခသည် အဖြစ် ခိုလှုံမှုဆိုင်ရာဥပဒေက အမျိုးသမီးများနှင့် ကလေးများကို ပြည့်တန်ဆာလုပ်ငန်းနှင့် အတင်းအဓမ္မ အလုပ်ခိုင်းစေရန် ကုန်ကူးမှုကို တားမြစ်ထားသည်။

၇. ၅.၁ NGO များ၏ တုံ့ပြန်မှုများ

အရှေ့တောင်အာရှတွင် လူကုန်ကူးခြင်းကို တိုက်ဖျက်သည့် အဓိကကျသော အဖွဲ့အစည်းများထဲက တစ်ခုမှာ UNIAP ဖြစ်သည်။ ၂၀၀၀ ခုနှစ်တွင် စတင်ထူထောင်ခဲ့သော UNIAP သည် ကုလသမဂ္ဂအတွင်း ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ဖြစ်ပြီး၊ ထိုနယ်ပယ်တွင် လုပ်ဆောင်နေကြသော ကုလသမဂ္ဂအဖွဲ့အစည်းများ (UNDP, UN Women, UNICEF, OHCHR နှင့် UNODC) တို့ကို စုစည်းထားခြင်းဖြစ်သည်။ UNIAP သည် မဟာမဲခေါင်ဒေသခွဲအတွင်း အရေးယူဆောင်ရွက်မှုများကို စုစည်းလုပ်ဆောင်ရသော ဒေသတွင်း ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့လည်း ဖြစ်သည်။

လူကုန်ကူးခံရခြင်းနှင့်စပ်လျဉ်း၍ လုပ်ကိုင်နေသော NGO များသည် ကလေးများနှင့် အမျိုးသမီးများ လူကုန်ကူးခြင်းကို ဆန့်ကျင်သော ကမ္ဘာလုံးဆိုင်ရာ မဟာမိတ် (Global Alliance Against Trafficking in Children and Women - GAATW) တွင် ပါဝင်သည်။ ထိုအဖွဲ့သည် ဘန်ကောက်တွင် အခြေပြုပြီး ကမ္ဘာတဝန်းမှ NGO ပေါင်း ၁၀၀ ကျော် ပါဝင်သည်။ ထို့အပြင် ကလေးပြည့်တန်ဆာနှင့် လူကုန်ကူးခြင်းချုပ်ငြိမ်းရေးအဖွဲ့ (Ending Child Prostitution and Trafficking - ECPAT) သည် ကလေးငယ်များကို လူကုန်ကူးခြင်းကို အဓိကထားသည်။ အခြားနိုင်ငံတကာအဖွဲ့အစည်းများမှာ Anti-Slavery, SOLD Project, Coalition Against Trafficking in Women (CATW), Polaris Project နှင့် International Rescue Committee (IRC) တို့ ဖြစ်သည်။

အရေးယူဆောင်ရွက်ခြင်း - ပီလေးလုံး

လူကုန်ကူးခံရခြင်းကို တားဆီးရန်အတွက် သတင်းအချက်အလက်ဖလှယ်ခြင်း၊ လူကုန်ကူးမှုကို ဖော်ထုတ်ရန် ရဲများကိုလေ့ကျင့်ပေးခြင်း၊ နယ်စပ်များထိန်းချုပ်မှု အားကောင်းအောင်လုပ်ခြင်း၊ လူကုန်ကူးသူကို ရာဇဝတ်ပြစ်ဒဏ်ပေးခြင်း၊ လူကုန်ကူးမှုဆိုင်ရာ ပြည်တွင်းရာဇဝတ်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်းစသည့် အရေးယူဆောင်ရွက်နိုင်မှု အများအပြားကို ဤသဘောတူညီချက်အရ နိုင်ငံများက ဆောင်ရွက်ရသည်။ ပီ-လေးလုံးဟု မကြာခဏ ဖော်ပြကြသည်။ (မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်မှုကို မထည့်သွင်းမီ ပီ-သုံးလုံး ရှိသည်ကို မှတ်သားပါ။) ပီ-လေးလုံးမှာ -

၁။ မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်မှု (Policy and Cooperation)။ ။အစိုးရများသည် လူကုန်ကူးမှုကို တိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန်နှင့် လေ့ကျင့်ရန် မူဝါဒများ ချမှတ်ရန်လိုအပ်သည်။

၂။ တားဆီးခြင်း (Prevention)။ ။တက်ကြွစွာ မူဝါဒချမှတ်ခြင်းနှင့် ပညာပေးခြင်းသည် လူကုန်ကူးခံရမည့်အန္တရာယ်မှ လူများကို ကာကွယ်ပေးလိမ့်မည်။

၃။ အရေးယူခြင်း (Prosecution)။ ။ဥပဒေများအရ အပြစ်ကျူးလွန်သူများ စောင့်ကြည့်ဖမ်းဆီးခြင်းနှင့် လူကုန်ကူးသူဟု သံသယရှိသူများကို တရားစွဲဆိုရန် ဖြစ်သည်။

၄။ ကာကွယ်ပေးခြင်း (Protection)။ ။လူကုန်ကူးခံရသူများ၏ အခွင့်အရေးကို လေးစားရန်နှင့် ၎င်းတို့ ပြန်လည်ထူထောင်နိုင်ရန်နှင့် လိုအပ်ပါက ၎င်းတို့နေထိုင်ရာ ရပ်ရွာအတွင်း ပြန်လည်ဝင်ဆံ့ရန် အခွင့်အလမ်းပေးရမည်။

အထက်ပါ 'ပီလေးလုံး'ထဲမှ လုပ်ငန်းများစွာကို အကောင်အထည်ဖော်ရာတွင်လည်း အရပ်ဘက် လူ့အဖွဲ့အစည်းများလည်း ပါဝင်ကြသည်။ လူကုန်ကူးခြင်းကို လျော့ကျစေရေးတွင် ပညာရေးမှာ များစွာအရေးကြီးလှပြီး ရိုးရှင်းသောလုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ကြသည်။ မိသားစုဝင်များနှင့် ခရီးသွားခြင်း၊ မိသားစုများနှင့် တယ်လီဖုန်းအဆက်အသွယ်မပြတ်ခြင်းနှင့် နောက်ခံအခြေအနေကို မစစ်ဆေးဘဲ ကမ်းလှမ်းလာသော အလုပ်အကိုင်ကောင်းများကို လက်ခံခြင်း မပြုရန်နှင့် အလုပ်နှင့်ပတ်သက်၍ ပိုမိုစူးစမ်းလေ့လာနိုင်ကြရန် စသည့်အချက်များကို ထည့်သွင်း ပညာပေးသင့်သည်။

က။ အနှစ်ချုပ်နှင့်အဓိကအချက်များ

ရွှေ့ပြောင်းအလုပ်သမားများ

ရွှေ့ပြောင်းအလုပ်သမားများ

အလုပ်ရှာဖွေရန် ရွှေ့ပြောင်းသွားလာခြင်းသည် လွန်ခဲ့သော နှစ်ပေါင်းရာချီကတည်းကပင် ဖြစ်ပေါ်နေခဲ့သည်။ သို့သော် ရွှေ့ပြောင်းသွားလာသူ လူဦးရေမှာ ယခုအခါ ပို၍များပြားလာသည်။ ၎င်းတွင် အခြေခံပြဿနာ နှစ်ခုရှိသည်။ ရွှေ့ပြောင်းအလုပ်သမားများ၏ လုပ်အားကို အနိုင်ကျင့်ရယူခြင်းနှင့် လူကုန်ကူးခြင်းတို့ဖြစ်ပြီး ထိုဖြစ်စဉ်နှစ်ခုကို မတူညီသော စာချုပ်များဖြင့် ကာကွယ်ထားသည်။ ရွှေ့ပြောင်းအလုပ်သမားများအား အကာအကွယ်ပေးရေးကို ILO က ဒုတိယကမ္ဘာစစ်အပြီးတွင် စတင်လုပ်ဆောင်ခဲ့ပြီး ကုလသမဂ္ဂကလည်း International Convention on the Protection of the Rights of All Migrant Workers and Members of Their Families (ICRMW) ကို ၁၉၉၀ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ICRMW သည် လူ့အခွင့်အရေးဆိုင်ရာ စာချုပ်တစ်ခုဖြစ်ပြီး၊ လုပ်ငန်းခွင်ပြင်ပရှိ မိသားစု၏အခွင့်အရေးများ အပါအဝင် ရွှေ့ပြောင်းအလုပ်သမား အခွင့်အရေးများကို ကျယ်ကျယ်ပြန့်ပြန့် အကာအကွယ်ပေးသည်။ သို့သော် ဤစာချုပ်ကို နိုင်ငံများစွာက လက်မှတ်ထိုးထားခြင်း မရှိပါ။ ဖွံ့ဖြိုးပြီးနိုင်ငံများ သို့မဟုတ် ရွှေ့ပြောင်းအလုပ်သမားဦးရေ မြောက်များစွာရှိနေသော နိုင်ငံများကလည်း လက်မှတ်မထိုးထားကြပါ။ ရွှေ့ပြောင်းအလုပ်သမားတစ်ဦးဆိုသည်မှာ နိုင်ငံသားအဖြစ် နေထိုင်ခြင်းမဟုတ်သော နိုင်ငံတစ်ခုတွင် လစာရသော လုပ်ငန်းတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ရန် ပြင်ဆင်ဆဲ၊ ဝင်ရောက်လုပ်ကိုင်ဆဲနှင့် ဝင်ရောက်လုပ်ကိုင်ဖူးသော လူတစ်ဦးဖြစ်သည်။ ထိုအဓိပ္ပာယ်ဖွင့်ဆိုချက်သည် ရွှေ့ပြောင်းအလုပ်သမားများကို အလုပ်မလုပ်ခင်၊ အလုပ်လုပ်နေစဉ်နှင့် အလုပ်လုပ်ပြီးချိန်တို့တွင် ကာကွယ်ပေးထားသည်။ ဤစာချုပ်က ရွှေ့ပြောင်းအလုပ်သမားတစ်ဦး လုပ်အားခပေးရမည့် အလုပ်သမားအဖြစ်သာမြင်ပြီး အထောက်အထားရှိသော အလုပ်သမားနှင့် အထောက်အထားမရှိသော အလုပ်သမားဟူ၍ ခွဲခြားခြင်းမရှိပါ။ ထိုစာချုပ်သည် အလုပ်သမားများ၊ ၎င်းတို့၏ ဇနီးနှင့်သားသမီးတို့၏ လုံခြုံရေးကို အကာအကွယ်ပေးထားသည်။

ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေးများ

ရွှေ့ပြောင်းအလုပ်သမားများအတွက် လူ့အခွင့်အရေးပုံစံ (၃)မျိုး ရှိပါသည်။ ပထမ အမျိုးအစားမှာ အလုပ်သမားများအတွက် ရရှိပြီးသား လူ့အခွင့်အရေးများရှိသော်လည်း အစိုးရအချို့က ၎င်းကို မသိကျိုးကျွန် ပြုထားတတ်သည်။ ဥပမာ - တရားရုံးသို့ လက်လှမ်းမီနိုင်ခြင်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိခြင်းနှင့် ဥပဒေမဲ့ဖမ်းဆီးခြင်းကိုမခံရခြင်းတို့ ပါဝင်သည်။ ဒုတိယအမျိုးအစားမှာ ရွှေ့ပြောင်းအလုပ်သမားများအတွက် သီးသန့်သတ်မှတ်ထားသော အခွင့်အရေးများရှိပြီး ၎င်းတို့မှာ နိုင်ငံသားစိစစ်ရေးကဒ်များကို သိမ်းယူထားခြင်း သို့မဟုတ် ဖျက်ဆီးပစ်ခြင်းမရှိခြင်း၊ နိုင်ငံသားများနည်းတူ တူညီသောဆက်ဆံရေးကိုရခြင်းနှင့် လုပ်ငန်းခွင်အခြေအနေများ သင့်တင့်မျှတခြင်းနှင့် ၎င်းတို့ အလုပ်ပြီးဆုံးသောအခါ နိုင်ငံအတွင်းတွင် အချိန်တစ်ခုကြာ နေထိုင်ခွင့်ရရှိရေးတို့ဖြစ်သည်။ အလုပ်သမားအချို့အတွက်လည်း အထူးအခွင့်အရေးများ ရှိသေးသည်။ အထောက်အထားရှိသော ရွှေ့ပြောင်းအလုပ်သမားများသည် အလုပ်သမားသမဂ္ဂများကို ဖွဲ့စည်းနိုင်ပြီး အိမ်ယာရပိုင်ခွင့်နှင့် လူမှုရေးဝန်ဆောင်မှုများကို ရပိုင်ခွင့်ရှိသည်။ နယ်စပ်ဒေသများတွင် အလုပ်လုပ်သူများနှင့် ရာသီအလိုက် အလုပ်လုပ်သူများ စသည့် ရွှေ့ပြောင်းအလုပ်သမား အထူးအမျိုးအစားအချို့မှာ အခွင့်အရေးအားလုံး ခံစားခွင့်ရှိသော်လည်း လူမှုရေးဝန်ဆောင်မှုများနှင့် သားသမီးများ၏ ပညာရေး ရပိုင်ခွင့်မရှိပေ။ ထိုအလုပ်သမားများသည် သူတို့အလုပ်လုပ်သည့်နိုင်ငံတွင် အချိန်ပြည့် အလုပ်မလုပ်နိုင်သောကြောင့်ဖြစ်သည်။

ICRMW ၏ အားနည်းချက်များ

ဤသဘောတူစာချုပ်တွင် လုပ်ငန်းခွင်အတွင်း လိင်မှုဆိုင်ရာ နှောင့်ယှက်ခြင်း သို့မဟုတ် မမျှတသော လုပ်အားခပေးခြင်းတို့ ရင်ဆိုင်ရသော အမျိုးသမီးများအတွက် အတိအကျ ကာကွယ်ပေးထားခြင်းမရှိသည့်အချက်က အားနည်းချက်ဖြစ်သည်။ အခြားသော အားနည်းချက်တစ်ခုမှာ အမျိုးသမီးများနှင့် ငယ်ရွယ်သောအလုပ်သမားများ (အသက် ၁၈ နှစ်အောက် အလုပ်ရှာဖွေနေသူများ)သာဖြစ်သော အိမ်အကူအလုပ်သမားများနှင့် ပတ်သက်သည်။ စိန်ခေါ်မှုတစ်ရပ်မှာ ဤစာချုပ်ကို သဘောတူလက်မှတ်ရေးထိုးမှုနှုန်း နည်းပါးခြင်းဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများက ဤစာချုပ်သည် ရွှေ့ပြောင်းအလုပ်သမားများအား အခွင့်အရေးများစွာပေးသည်ဟု ထင်မြင်ကြပြီး လုပ်ငန်းခွင်အခြေအနေ အလွန်ကောင်းနေလျှင်လည်း ရွှေ့ပြောင်းအလုပ်သမားများ နိုင်ငံတွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာမည်ကို စိုးရိမ်ကြသည်။ နိုင်ငံများစွာသည် လစာ၊ အချိန်ပို၊ အားလပ်ရက်များနှင့် အလုပ်ခွင်မှရပ်ဆိုင်းခြင်း စသည့်စည်းမျဉ်းများအရ ရွှေ့ပြောင်းအလုပ်သမားများကို ဒေသခံအလုပ်သမားများနှင့် တန်းတူထားဆက်ဆံရန် ဆိုသော အခွင့်အရေးအချို့မှာ အငြင်းပွားဖွယ်ဖြစ်သည်ဟု ယူဆကြသည်။ နိုင်ငံအများစုသည် အထောက်အထားမဲ့ ရွှေ့ပြောင်းအလုပ်သမားများကို တရားမဝင်အလုပ်သမားများအဖြစ် ခေါ်ဆိုပြီး ၎င်းတို့ကို ဖမ်းဆီး၍ နေရပ်သို့အလွယ်တကူ ပြန်ပို့နေချိန်တွင် ICRMW က ၎င်းတို့ကို အသိအမှတ်ပြုခြင်းက စိုးရိမ်စရာတစ်ခုအဖြစ် တည်ရှိသည်။

ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေးများ၏ ချိုးဖောက်ခြင်း

ရွှေ့ပြောင်းအလုပ်သမားများသည် ၎င်းတို့နိုင်ငံ၏ အပြင်ဘက်တွင် နေထိုင်ကာ အိမ်ရှင်နိုင်ငံ၏ လူအဖွဲ့အစည်းအတွက် ဝန်ထုပ်ဝန်ပိုးပေးနေသလို စီးပွားရေးကိုလည်း ထိခိုက်စေသည်ဟု

ပုံဖော်ခံရပြီး ခြိမ်းခြောက်မှုများခံရသည်။ ရွှေ့ပြောင်းအလုပ်သမားများသည် ရဲ သို့မဟုတ် တရားရေးစနစ်က ၎င်းတို့ကို အကာအကွယ်ပေးခြင်းမရှိသဖြင့် ခြိမ်းခြောက်မှုများကို တိုင်ကြားရန် တွန့်ဆုတ်နေတတ်သည်။ (လုပ်ခလစာနှင့်ပတ်သက်သော) အကျိုးအမြတ်ရှိသည့် အလုပ်စာချုပ်များကိုပြကာ ကုမ္ပဏီများ သို့မဟုတ် တစ်စုံတစ်ဦးက ရွှေ့ပြောင်းလုပ်သားများကို ကတိကဝတ်ပြုကြပြီးနောက် လက်တွေ့တွင် မည်သည့်အလုပ်မျှမရသည့် လိမ်လည်လှည့်ဖျားမှုများ သို့မဟုတ် ရလာသော အလုပ်က ယခင်ကတိပေးထားသည့် လုပ်ငန်းခွင်အခြေအနေမျိုး မဟုတ်သည်ကိုလည်း ရွှေ့ပြောင်းအလုပ်သမားများ ရင်ဆိုင်ကြရသည်။ ဆိုးရွားသော လုပ်ငန်းခွင်အခြေအနေများတွင် အလုပ်လုပ်ကြရပြီး အလုပ်သမားများသည် လစာမရရှိခြင်း၊ ညစ်ညမ်းသော၊ အန္တရာယ်ရှိပြီး ကျန်းမာရေးနှင့် မညီညွတ်သော အခြေအနေများနှင့် ကြာရှည်သောအလုပ်ချိန်များနှင့် ရင်ဆိုင်ကြရသည်။ အလုပ်ခွင်ပြင်ပသို့ရောက်ချိန်တွင်လည်း ရွှေ့ပြောင်းအလုပ်သမားများကို ရဲများက ဖမ်းဆီးသွားခြင်း၊ အမြဲတမ်းနောက်ယောင်ခံလိုက်ခြင်း၊ ကလေးများကိုကျောင်းသို့မပို့နိုင်ခြင်း၊ ထိမ်းမြားမင်္ဂလာပြုခြင်း၊ ဘာသာရေးဝတ်ပြုခြင်း သို့မဟုတ် လူမျိုးအလိုက် အမျိုးသားနေမှုများ အစရှိသော ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများကို မလုပ်ဆောင်နိုင်ခြင်းစသည့် ခွဲခြားဆက်ဆံမှုများကို ရင်ဆိုင်ရနိုင်သည်။ အတင်းအဓမ္မလုပ်အားခိုင်းစေခြင်းသည် အဆိုးရွားဆုံး အလုပ်သမားအခွင့် အရေးချိုးဖောက်မှုများထဲက တစ်ခုဖြစ်သည်။

ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေးများကာကွယ်နိုင်ရန် အစိုးရ၏ လုပ်ဆောင်ချက်များ

အစိုးရများသည် လူသားချင်းစာနာပြီး တရားဝင်သော လုပ်ငန်းခွင်အခြေအနေများကို တိုးမြှင့် ဆောင်ရွက်ရမည်။ တရားမဝင်ရွှေ့ပြောင်းနေထိုင်ခြင်းများ ရပ်တန့်စေရန် ဆောင်ရွက်သင့်ပြီး၊ နိုင်ငံတစ်ခုအတွင်းသို့ ရွှေ့ပြောင်းလုပ်သားများကို တရားမဝင် သယ်ယူပို့ဆောင်စဉ်တွင် ဖြစ်ပွားသော အခွင့်အရေးချိုးဖောက်ခံရမှုမှ ကာကွယ်ပေးသင့်သည်။ ရွှေ့ပြောင်းလုပ်သားများအား တရားဝင်နှင်ထုတ်နိုင်ခွင့် အစိုးရများလက်တွင် ရှိသည်။ သို့သော် ထိုသို့နှင်ထုတ်ခြင်းကို တရားဥပဒေဘောင်အတွင်းကသာ လုပ်ဆောင်ရမည်။ အစိုးရများ လုပ်ဆောင်လေ့ရှိသည့် နောက်ထပ် ချုပ်ချယ်မှုတစ်မျိုးခုမှာ ရွှေ့ပြောင်းအလုပ်သမားများ ဝင်ရောက်လုပ်ကိုင်နိုင်သည့် အလုပ်အမျိုးအစားများကို သတ်မှတ်ပြဋ္ဌာန်းခြင်းဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမားများလုပ်ရသည့် အလုပ်အမျိုးအစားသည် "3Ds" သို့မဟုတ် ညစ်ညမ်းသော၊ အန္တရာယ်ရှိသော၊ အဆင့်အတန်းနိမ့်ကျသော အလုပ်များဖြစ်သည်။

ရွှေ့ပြောင်းအလုပ်သမားအဖွဲ့အစည်းများ

ရွှေ့ပြောင်းအလုပ်သမားအဖွဲ့အစည်းများမှာ နိုင်ငံတကာအဖွဲ့အစည်းများ ဖြစ်သော ကုလသမဂ္ဂ၊ ILO နှင့် IOM တို့ပါဝင်သည်။ တရားဥပဒေအရ အကြံဉာဏ်ပေးခြင်း၊ ကာကွယ်ပေးခြင်းနှင့် ပညာရေးစသည့် ဝန်ဆောင်မှုများကို ရွှေ့ပြောင်းအလုပ်သမားများကို ထောက်ပံ့ပေးရန် အထူးပြုဖွဲ့စည်းထားသည့် ဒေသတွင်းအန်ဂျီအိုများ ရှိသည်။ ထို့အပြင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မူများ ပြုပြင်ပြောင်းလဲရေး၊ နိုင်ငံခြားအလုပ်သမားများ၏ အခွင့်အရေးများ အပြည့်အဝရှိရေး၊ ကလေးရွှေ့ပြောင်းလုပ်သမားရေးရာကို ကြီးကြပ်ကွပ်ကဲခြင်း၊ အလုပ်ခွင်အဆင့်အတန်းများ တိုးတက်ရေးနှင့် ရွှေ့ပြောင်းအလုပ်သမားများနှင့် မိသားစုများကို တရားဥပဒေဘောင်အတွင်းမှ မျှတသော စီရင်မှုကိုရှာဖွေနိုင်ရေး အစရှိသည်တို့ကို ဆောင်ရွက်နေသော အလုပ်သမားသမဂ္ဂများ ရှိသည်။

လူကုန်ကူးခံရသူများ

နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့ ရာဇဝတ်မှုကျူးလွန်ခြင်းများ မြင့်တက်လာခြင်းနှင့် ကမ္ဘာလုံးလွှမ်းခြုံစီးပွားရေး၊ အလုပ်သမားဈေးကွက်နှင့် ခရီးသွားလာမှုများကြောင့် မကြာသေးခင်ကာလများတွင် လူကုန်ကူးမှုများ တိုးပွားလာခဲ့သည်။ ၁၈၀၀ ရာစုနှစ် အစောပိုင်းကာလများတွင် ကျေးကျွန်ဆန့်ကျင်ရေးဥပဒေများ ပေါ်ပေါက်ခဲ့ပြီး ၁၉၀၀ ရာစုနှစ်အစပိုင်းတွင် လူကုန်ကူးမှုဆန့်ကျင်ရေးဥပဒေများ စတင်ခဲ့သည်။ ထိုဥပဒေများဖြင့် လူဖြူအမျိုးသမီးများနှင့် ကလေးများကို ကျေးကျွန်အဖြစ် အထူးသဖြင့် အာဖရိကနှင့် အရှေ့အလယ်ပိုင်းတွင် ရောင်းချခံရခြင်း ကာကွယ်ရန်အတွက် ဖြစ်သည်။ ယခုအခါ ထိုဖြစ်ရပ်သည် ဒဏ္ဍာရီအဖြစ် ကျယ်ပြန့်စွာ ယူဆလာကြသည်။

လူကုန်ကူးမှုဆိုင်ရာ စာချုပ်ငယ်

လူကုန်ကူးမှုဆိုင်ရာ စာချုပ်ငယ်သည်သည် ၂၀၀၀ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ကုလသမဂ္ဂ နယ်စပ်ဖြတ်ကျော်ပြစ်မှုများနှိမ်နင်းရေး ကွန်ဗင်ရှင်း United Nations Convention Against Transnational Organized Crime ၏ နောက်ဆက်တွဲ လူကုန်ကူးမှုဆိုင်ရာ သဘောတူညီမှုသုံးခုထဲက တစ်ခုဖြစ်သည်။ လူကုန်ကူးခြင်းသည် နိုင်ငံတကာအဆင့် ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်သည်။ အရေးကြီးသည်မှာ ထိုသဘောတူညီချက်သည် လူကုန်ကူးခြင်းအဓိပ္ပာယ်ကို ဖွင့်ဆိုခဲ့သည်။ ယခင်က နိုင်ငံတကာဥပဒေတွင် ဖွင့်ဆိုခဲ့ခြင်း မရှိပါ။ လူကုန်ကူးခြင်းတွင် ဝိသေသလက္ခဏာ ၃ ခု ပါဝင်သည်။ ၎င်းတို့မှာ လူများကို စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် လက်ခံခြင်း လုပ်ရပ်များကို ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း၊ အနိုင်ကျင့်ခြင်း၊ ပြန်ပေးဆွဲခြင်း သို့မဟုတ် လိမ်လည်လှည့်ဖျားခြင်းစသည့် နည်းလမ်းများအသုံးပြု၍ မတရားအမြတ်ထုတ်အသုံးချရန် ရည်ရွယ်ချက်ကြခြင်း ဟူသောအချက်များ ပါဝင်သည်။ အမြတ်ထုတ်အသုံးချခံရသော ကလေးတစ်ဦးသည် လူကုန်ကူးမှုဖြစ်ပွားကြောင်း လုပ်ဆောင်ချက်နှင့် အမြတ်ထုတ်ခြင်း နှစ်မျိုးကိုသာ သက်သေပြရန် လိုအပ်သည်။ ထိုသဘောတူစာချုပ်သည် လူကုန်ကူးခံရသူများကို လိုအပ်သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့များပေးခြင်း၊ နေရပ်ရင်းသို့ ပြန်လည်ပို့ဆောင်ပေးခြင်းနှင့် တရားစွဲဆိုမှုလုပ်ဆောင်ပေးခြင်းဖြင့် အကာအကွယ်ပေးသည်။ လူကုန်ကူးခံရသူများအတွက် အကောင်းဆုံးအကျိုးကျေးဇူးမှာ ၎င်းတို့၏မူရင်းနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခြင်း ဖြစ်သည်။ သို့သော် ထိုသို့လုပ်ဆောင်ရာတွင် လူကုန်ကူးခံရသူသည် နေရင်းနိုင်ငံသို့ပြန်ရန်အသင့်ရှိခြင်းနှင့် ဆန္ဒရှိခြင်းရှိ မရှိသေချာစေရန် ဆွေးနွေးညှိနှိုင်းမှုလုပ်ဆောင်ရန် လိုအပ်သည်။

လူကုန်ကူးခံရသူများကို ဖော်ထုတ်ရာတွင် ကြုံတွေ့ရသော စိန်ခေါ်ချက်များ

လူကုန်ကူးခံရသူကို ဖော်ထုတ်ရာ၌ ထိုသူလူကုန်ကူးခြင်းခံခဲ့ရသော နိုင်ငံကသာ လူကုန်ကူးခံရသူများကို ဖော်ထုတ်လိမ့်မည်ဟု ယူဆသည့်အတွက် စိန်ခေါ်မှုတစ်ခုအဖြစ် ရှိနိုင်ပါသည်။ သဘောတရားအားဖြင့် လူကုန်ကူးခံရသူကို ထိခိုက်နစ်နာသူအဖြစ် ယူဆပြီး၊ အစိုးရအနေနှင့် လူကုန်ကူးခံရသူများကို ရှာဖွေကူညီရန် လုံလောက်သော လုံခြုံရေးကွပ်ကဲကြပ်မတ်မှုနှင့် အကူအညီပေးခြင်းတို့ ပြုလုပ်သင့်သည်။ စိန်ခေါ်မှုတစ်ရပ်မှာ အရှေ့တောင်အာရှနိုင်ငံများအနက် အားလုံးတွင် လူကုန်ကူးခြင်းကို ရာဇဝတ်မှုအဖြစ်သတ်မှတ်သည့် ဥပဒေ မရှိသေးပါ။ အချို့သောနိုင်ငံများမှာ အမျိုးသမီးများကိုသာ လူကုန်ကူးခြင်းခံရသူအဖြစ် သတ်မှတ်ပြီး အမျိုးသားများ မပါဝင်ပါ။

NGO များ၏ တုံ့ပြန်ချက်များ

လူကုန်ကူးခြင်းခံရသူ၏ အခွင့်အရေးများကို ကာကွယ်ပေးသည့် UNIAP နှင့် GAATW ကဲ့သို့ အဖွဲ့အစည်းများရှိသည်။ ထိုအဖွဲ့အစည်းများကို လူကုန်ကူးမှု တန်ပြန်တိုက်ဖျက်ရေး လုပ်ငန်းများဖြစ်သော ပီ-လေးလုံး (Four P's) ဖြစ်သည့် မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကြိုတင်တားဆီခြင်း၊ တရားစွဲဆိုခြင်းနှင့်ကာကွယ်ခြင်းတို့ လုပ်ဆောင်ကြသည်ဟု သတ်မှတ်ကြသည်။

ခ။ စာမေးပွဲ သို့မဟုတ် အက်ဆေးမေးခွန်းများ

- သင်၏နိုင်ငံရှိ ပြည်သူများက ရွှေ့ပြောင်းအလုပ်သမားများအကြောင်း ပြောဆိုကြသည့် မကောင်းသည့်အကြောင်းအရာများက အဘယ်နည်း။ ၎င်းတို့၏အမြင်များဖြင့် ဝေဖန်ချက်များတွင် မည်သည်တို့က တိကျမှန်ကန်သနည်း။ သင့်နိုင်ငံတွင် ရွှေ့ပြောင်းအလုပ်သမားများက စီးပွားရေး၊ အလုပ်သမားအင်အားနှင့် လူမှုအဖွဲ့အစည်းအတွက် မည်ကဲ့သို့ အထောက်အကူပြုသနည်း။

- သင်၏နိုင်ငံတွင် ရွှေ့ပြောင်းအလုပ်သမားများကို စီမံခန့်ခွဲသော ဥပဒေများအကြောင်း ဆွေးနွေးပါ။ ထိုဥပဒေများက ၎င်းတို့ကို စာရွက်စာတမ်းအထောက်အထားမဲ့အခြေအနေသို့ ရောက်ရှိစေရန် တွန်းပို့နေပါသလား။ သို့မဟုတ် ထိုအလုပ်သမားများ၏အခွင့်အရေးများကို အကာအကွယ်ပေးပါသလား။

- အလုပ်သမားတင်ပို့သည့် နိုင်ငံတွင် သင်နေထိုင်ပါက၊ သင့်အစိုးရက နိုင်ငံခြားတွင် သွားရောက်အလုပ်လုပ်ကိုင်မည့် ရွှေ့ပြောင်းအလုပ်သမားများအတွက် ဆောင်ရွက်ပေးသော ကြိုတင်ပြင်ဆင်မှုနှင့် ကာကွယ်မှုများကား အဘယ်နည်း။

- သင့်နိုင်ငံ၏ လူကုန်ကူးမှုဆိုင်ရာ ဥပဒေများက Palermo Protocol ကို လိုက်နာမှု ရှိပါသလား။ ထိုဥပဒေများမှာ Palermo Protocol နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက် တူညီပါသလား၊ အခွင့်အရေးများတူညီပါသလား။ ပြည်တွင်းဥပဒေများတွင် ကြီးမားသောအားနည်းချက်များ ရှိပါသလား။

- သင့်နိုင်ငံတွင် ဖြစ်ပွားသော လူကုန်ကူးသည့် ဖြစ်ရပ်ကိုရှာပါ။ ထိုဖြစ်ရပ်ကို မည်ကဲ့သို့ ဖော်ထုတ်ခဲ့သနည်း။ လူကုန်ကူးခံရသူကို မည်ကဲ့သို့ ကာကွယ်ပေးသနည်း။ အစိုးရမှ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ဆောင်မှုများသည် လုံလောက်သည်ဟု သင်ထင်ပါသလား။

- နိုင်ငံသား မဟုတ်သူများ၏ အခွင့်အရေး အမျိုးအစား (၄)မျိုးကိုရေးပါ။ အမျိုးအစားတစ်ခုစီနှင့် ယှဉ်တွဲလျက် နိုင်ငံသားမဟုတ်သူများ၏ အခွင့်အရေးများအတွက် လုပ်ဆောင်နေသော အဓိကနိုင်ငံတကာအဖွဲ့အစည်းများကို ဖော်ပြပါ။ သင့်နိုင်ငံတွင် နိုင်ငံသား

မဟုတ်သူများ၏ အခွင့်အရေးများကို တက်ကြွစွာပါဝင်ကာကွယ်ပေးနေသော အင်စတီကျူးရှင်းများနှင့် အဖွဲ့အစည်းများ၏ အမည်နာမ များကိုရေးပါ။ ထိုသူများကို အကာအကွယ်ပေးသော ပြည်တွင်းဥပဒေများအကြောင်းရေးပါ။

ဂ။ ထပ်မံလေ့လာဖတ်ရှုရန်များ

ရွှေ့ပြောင်းအလုပ်သမားများ

ရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်သော အသုံးအများဆုံးပြဋ္ဌာန်းစာအုပ်များမှာ -

- Aris Ananta
- Evi Nurvidya Arifin
- Ryzard Chuzwelxyzol

ရွှေ့ပြောင်းအလုပ်သမားများအကြောင်း သုတေသနပြုထားသော မှတ်တမ်းအများစုမှာ ILO ၏ အင်တာနက် စာမျက်နှာတွင် ရှာဖွေနိုင်ပါသည်။

အရှေ့တောင်အာရှဒေသအတွင်း ရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်သော အစီရင်ခံစာများကို အောက်ပါအဖွဲ့အစည်းများက ထုတ်ပြန်ကြသည်။

- Human Rights Watch, Maid to order: ending abuses against migrant domestic workers in Singapore.
- Human Rights Watch, From the Crocodile to the Tiger: Abuse of Migrant Workers in Thailand.
- ILO, Employment practices and working conditions in Thailand's fishing sector.

လူကုန်ကူးခြင်း

လူကုန်ကူးမှုဆိုင်ရာ သဘောတူညီချက်နှင့်ပတ်သက်၍ အသေးစိတ်ရေးသားထားသော စာအုပ်သည် Anne Gallagher ရေးသားသော The International Law of Human Trafficking ဖြစ်ပြီး နယူးယောက်မြို့ရှိ ambridge University Press က ၂၀၁၀ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။

လူကုန်ကူးခြင်းနှင့်ပတ်သက်သော အသုံးဝင်သည့် အင်တာနက်စာမျက်နှာများမှာ -

- The Nexus Institute Publications
- United Nations Inter-Agency Project on Human Trafficking (now called UN ACT)
- United Nations Office on Drugs and Crime

၈

အရှေ့တောင်အာရှသမိုင်းထဲမှ လူအခွင့်အရေး

မိတ်ဆက်

အရှေ့တောင်အာရှတွင် လူအခွင့်အရေးကို မည်သည့်နိုင်ငံက စတင် အသိအမှတ်ပြုခဲ့သည် သို့မဟုတ် ပြင်ပမှနေပြီး ဒေသတွင်းသို့ မည်သည့်အချိန်တွင် စတင် မိတ်ဆက်ဖော်ဆောင်ခဲ့သည်ကို သမိုင်းတွင် ကာလဒေသ အမှတ်တစ်ခုတည်းအဖြစ် ခြေရာခံကြည့်နိုင်ခြင်း မရှိချေ။

၈.၁ မိတ်ဆက်

အကြမ်းဖက်ခြင်း သို့မဟုတ် ပုဂ္ဂလိကပိုင်ဆိုင်မှုကို အကာအကွယ်ပေးခြင်းတို့မှာ ဘာသာတရားကျင့်ဝတ်အရ၊ လူအဖွဲ့အစည်း၏ယုံကြည်မှုအရ ပုံစံတစ်မျိုးမဟုတ်တစ်မျိုးနှင့် အမြဲတစေ ရှိနေခဲ့သည်ဆိုသော်လည်း ထိုအကာအကွယ်တို့ချည်းသက်သက်ကို လူအခွင့်အရေးဟု မဆိုနိုင်ချေ။ ပညာသင်ကြားခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့မှာ ဒေသတွင်းတွင် အစိုးရများ ထွက်ပေါ်လာပြီးနောက် ဖွံ့ဖြိုးလာခဲ့ပြီး ၎င်းတို့မှာ လူအခွင့်အရေးတွင်တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်နေသည့် အချက်များဖြစ်သည်မှာ မှန်သော်လည်း ယင်းတို့ချည်းသက်သက်မှာ လူအခွင့်အရေးဟု အဓိပ္ပာယ်မရချေ။ ဂလိုဘယ်လိုက်ဇေးရှင်း အားကောင်းလာခြင်းနှင့် တန်ဖိုးစံနှုန်းများ ဒေသတစ်ခုမှတစ်ခုသို့ ပျံ့နှံ့ရောက်ရှိခြင်းတို့ကြောင့် အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေးတို့ကဲ့သို့သော နောက်ထပ် အခြားအခွင့်အရေးများကို မွေးစားလက်ခံလာကြသည်။ ဘာသာရေးဆိုင်ရာ ကျင့်ဝတ်များနှင့် ဓလေ့ထုံးတမ်းလိုက်နာမှုများမှ ယနေ့ခေတ် လူအများလက်ခံထားသည့် အခွင့်အရေးများ၏ ဖွဲ့စည်းတည်ဆောက်ပုံများကြား အချို့ကာလအခိုက်အတံ့များတွင် လူအခွင့်အရေးစနစ် အသက်ဝင်ပေါ်ပေါက်ခဲ့သည်။ သို့သော် အရှေ့တောင်အာရှဒေသတွင် ရိုးရှင်းပြီး အငြင်းပွားဖွယ်များမပါရှိသော လူအခွင့်အရေးသမိုင်းတစ်ရပ်ကို ညွှန်ပြရန်မှာမူ မဖြစ်နိုင်ချေ။

လူအခွင့်အရေးသမိုင်းနှင့်ပတ်သက်ပြီး ငြင်းခုံဆွေးနွေးမှုနှစ်ရပ်ရှိသည်။ ပထမ ငြင်းခုံဆွေးနွေးမှုမှာ သမိုင်းရေးသားမှတ်တမ်းတင်ခြင်း သို့မဟုတ် သမိုင်းကို မည်ကဲ့သို့ရေးသားမည်ဆိုသည်နှင့်ပတ်သက်ပြီး သမိုင်းဆိုသည်မှာ ဖြစ်ရပ်အစဉ်အတိုင်း ဇာတ်ကြောင်းပြောမှတ်တမ်းတင်မှုလော၊ ကွဲပြားသောအမြင်အမျိုးမျိုးကို မှတ်တမ်းတင်မှုလောဆိုသည်ကို ဆွေးနွေးငြင်းခုံခြင်းဖြစ်သည်။ လူအခွင့်အရေးတွင် အစမှတ်တစ်ခုတည်းမှ ပေါ်ထွက်လာသော ဇာတ်ကြောင်းတစ်ခုတည်း ရှိသင့်သလော။ လူအခွင့်အရေးသမိုင်းဆိုသည်မှာ ဒေသတစ်ခုအတွင်းတွင် အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို လက်ခံပေးမှုတဖြည်းဖြည်းချင်း တိုးတက်လာပြီးနောက် ယနေ့ကျွန်ုပ်တို့ နားလည်လက်ခံထားသည့် အခွင့်အရေးများထိ ရောက်ရှိလာသည့် ရိုးရှင်းသည့်ဇာတ်လမ်းတစ်ပုဒ်သာလော။ သို့တည်းမဟုတ် ဇာတ်လမ်းတစ်ပုဒ်တည်း၊ သမိုင်းတစ်ခုတည်းဟူ၍မရှိဘဲ လူအခွင့်အရေး၏ အဓိပ္ပာယ်နှင့် ယင်းတို့ မည်ကဲ့သို့ပေါ်ထွက်လာသည်တို့နှင့်ပတ်သက်ပြီး မတူညီသည့်အမြင်အမျိုးမျိုးလော။ ဒုတိယ ဆွေးနွေးငြင်းခုံမှုမှာမူ သမိုင်းတွင် မည်သည်တို့ပါဝင်သင့်သည်ကို မေးခွန်းထုတ်ခြင်းဖြစ်သည်။ ဤဆွေးနွေးငြင်းခုံမှုမှာ ပို၍ အသေးစိတ်ကျပြီး လူအခွင့်အရေး ပေါ်ထွက်လာမှုတွင် အခန်းကဏ္ဍတစ်ခုအနေနှင့်ပါဝင်ခဲ့သော အဖြစ်အပျက်များ၊ လူများ၊ အဖွဲ့အစည်းများနှင့် ပတ်သက်သည်။ ဤအခန်းတွင် ဒုတိယဆွေးနွေးငြင်းခုံမှုဖြစ်သည့် လူအခွင့်အရေးတွင် မည်သည့်အရာများ ပါဝင်သင့်သည်ဆိုသည့်အပေါ် ပို၍ အဓိကထားဆွေးနွေးသွားမည်ဖြစ်ပြီး ဖြစ်ရပ်များနှင့် အချိန်အပိုင်းအခြားများအပေါ် အလေးပေး လေ့လာသွားမည်ဖြစ်သည်။ သို့သော် သမိုင်းကိုမည်ကဲ့သို့ ရေးသားသင့်သနည်းဆိုသည့် ပထမဆွေးနွေးငြင်းခုံမှုကိုလည်း အလျဉ်းသင့်သလို ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်သည်။

လူအခွင့်အရေးကို သမိုင်းမှတ်တမ်းတင်ရာတွင် အဓိကဆွေးနွေးစရာ ပြဿနာတစ်ရပ်မှာ လူအခွင့်အရေး၏အဓိပ္ပာယ်ကို သမိုင်းက မည်ကဲ့သို့နားလည်သနည်းဆိုသည့် မေးခွန်းနှင့် သက်ဆိုင်နေသည်။ ဤငြင်းခုံဆွေးနွေးမှုနှင့်ပတ်သက်ပြီး ချဉ်းကပ်ရန် နည်းလမ်း ၃ ခုရှိသည်။

- လူအခွင့်အရေးဆိုသည်မှာ လူတို့ကို ဂုဏ်သိက္ခာနှင့်အညီ ပြုမူဆက်ဆံခြင်းကို အားပေးထောက်ခံသည့် အယူအဆများကို စုစည်းထားမှုတစ်ရပ်ဖြစ်ပြီး ကိုးကွယ်ရာဘာသာများနှင့် အခြားလူမှုဝန်းကျင် သို့မဟုတ် ကိုယ်ကျင့်တရားတန်ဖိုးများတွင် ရှိနှင့်ပြီးသား အယူအဆတစ်ရပ်ဖြစ်သည်။ ဤအမြင်ရှုထောင့်သည် လူအခွင့်အရေး ကျယ်ပြန့်လာမှုကို ဘာသာတရားများပေါ်ထွန်းအားကောင်းလာမှုနှင့် လူအဖွဲ့အစည်းများစုစည်းမှုဖွံ့ဖြိုးလာမှုတို့နှင့် ဆက်စပ်ရှုမြင်သည်။ ထိုကဲ့သို့ ရှုမြင်သော အယူအဆတွင် လူအခွင့်အရေးသည် ဗုဒ္ဓဘာသာ၊ ဟိန္ဒူနှင့် နောက်ပိုင်းတွင် အစ္စလာမ်၊ ခရစ္စယာန်ဘာသာတို့ ပျံ့နှံ့လာမှုနှင့်အတူ ပေါ်ထွက်လာသည်ဟု မြင်ပြီး စည်းကမ်းဥပဒေသများနှင့် ဘာသာရေးစည်းမျဉ်းများ သတ်မှတ်ပြဋ္ဌာန်းလာမှုတို့နှင့် ဆက်နွယ်နေသည်ဟုလည်း ယူဆသည်။ ဤချဉ်းကပ်မှုနည်းလမ်းအရ လူအခွင့်အရေးသည် ဒေသတွင်း၌ အမြဲတမ်းရှိနေခဲ့သည်ဟု ဆိုနိုင်မည်ဖြစ်သည်။

- လူအခွင့်အရေးဆိုသည်မှာ ပြည်သူများကို အစိုးရ၏အာဏာမှ မည်ကဲ့သို့ အကာအကွယ်ပေးထားသည်ကို ဆိုလိုခြင်းဖြစ်သည့်အပြင် ထိုအာဏာကိုကန့်သတ်ရန် နည်းလမ်းတစ်ရပ်လည်း ဖြစ်သည်။ ဤအမြင်ရှုထောင့်က လူအခွင့်အရေးကို အစိုးရများဖွဲ့စည်း ပေါ်ပေါက်လာမှုနှင့် အဓိကအားဖြင့် ၁၇၀၀ လွန်နှစ်များက ဥရောပဥာဏ်အလင်းပွင့်ခေတ်ကာလအတွင်း ပေါ်ထွက်ခဲ့သော လူသားများ၏ ရပိုင်ခွင့်များနှင့်ပတ်သက်၍ အမျိုးမျိုးသော ကြေညာချက်များနှင့် အခြေခံဥပဒေများနှင့် ဆက်စပ်ရှုမြင်သည်။ ထိုကဲ့သို့ရှုမြင်မှုကြောင့် လူအခွင့်အရေးသည် နိုင်ငံတော်နှင့်အစိုးရများမဖွဲ့စည်း မပေါ်ပေါက်မီက ရှိနှင့်သည်ဟု မဆိုနိုင်တော့ချေ။ အဘယ်ကြောင့်ဆိုသော် လူအခွင့်အရေး၏ရည်ရွယ်ချက်မှာ နိုင်ငံတော်အစိုးရ၏အာဏာကို ကန့်သတ်ရန်ဟူ၍ ယူဆထားသောကြောင့်ဖြစ်သည်။ ဤချဉ်းကပ်မှုအရဆိုလျှင် လူအခွင့်အရေးသည် ဒေသတွင်းတွင် ကိုလိုနီတို့၏ အာဏာအလွဲသုံးစားပြုမှုများကို ဆန့်ကျင်ကြရာမှ စတင်ခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ ထိုကဲ့သို့ကိုလိုနီတို့၏ အလွဲသုံးစားမှုများကို ဆန့်ကျင်ခြင်းကနောက်ပိုင်းတွင် လွတ်လပ်ရေးတောင်းဆိုရန် တိုက်တွန်းအားပေးသော ကိုယ်ပိုင် ရွေးကောက်တင်မြှောက်ပိုင်ခွင့် (ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်) လှုပ်ရှားမှုများအဖြစ် ပြောင်းလဲသွားခဲ့သည်။ ထိုမှတစ်ဆင့် နောက်ဆုံးတွင် နိုင်ငံတော်အစိုးရ၏ တာဝန်နှင့်ဝတ္တရားများကို သတ်မှတ်ပြဋ္ဌာန်းသည့် အခြေခံဥပဒေများနှင့် အခြားပြဋ္ဌာန်းချက်များအဖြစ် ပေါ်ထွက်လာခဲ့သည်။

- လူအခွင့်အရေးဆိုသည်မှာ နိုင်ငံတော်တစ်ရပ်ထက်ကျော်လွန်ပြီး ယင်းအထက်တွင်ရှိသော ကမ္ဘာလုံးဆိုင်ရာ စံနှုန်းတစ်ရပ်ဖြစ်သည်။ ဤအမြင်ရှုထောင့်က လူသားအားလုံးနှင့်ဆိုင်သော အခွင့်အရေးများကို ၁၉၄၈ ခုနှစ်၊ ကမ္ဘာ့ကုလသမဂ္ဂတွင် ကမ္ဘာလုံးဆိုင်ရာ လူအခွင့်အရေးကြေညာစာတမ်းကို သဘောတူလက်ခံခဲ့ခြင်းနှင့် ဆက်စပ်ရှုမြင်သည်။ ဤရှုမြင်မှုအရ လူသားတို့၏ ရပိုင်ခွင့်များဆိုသည်မှာ နိုင်ငံ၊ ကိုးကွယ်ရာဘာသာ၊ သို့မဟုတ် မူလကပင် ကျင့်သုံးနေကြသော ကိုယ်ကျင့်တရားတန်ဖိုးများနှင့်မသက်ဆိုင်ဘဲ လူသားအားလုံးရပိုင်ခွင့်ရှိသည့် အခွင့်အရေးများဟု အဓိပ္ပာယ်ရသည်။ မည်ကဲ့သို့သောအနေအထားတွင်ရှိသူဖြစ်စေ လူအခွင့်အရေးရှိသည်ဟု လူသားများကိုယ်တိုင်ကမယုံကြည်သရွေ့ ဤယူဆချက်မှာ ပေါ်ထွက်လာနိုင်မည် မဟုတ်ချေ။ ဤချဉ်းကပ်မှုအရ အခွင့်အရေးများကို နိုင်ငံတကာစနစ်(အထူးသဖြင့် ကုလ)နှင့် ဥပဒေများမှတစ်ဆင့် ပြဋ္ဌာန်းအာဏာတည်စေရမည်ဖြစ်သည်။

လူ့အခွင့်အရေးသမိုင်းတွင် ပါဝင်သင့်သည်များနှင့်ပတ်သက်ပြီး ဤဆွေးနွေးငြင်းခုံမှု သုံးရပ်ထက်ပိုသော အငြင်းအခုံများ ရှိသေးသည်။ သမိုင်းသည် အစိုးရကိုဆန့်ကျင်သည့် လူသိများ ထင်ရှားသောလှုပ်ရှားမှုများ(၎င်းတို့အာဏာရှင်စနစ်များကို မည်ကဲ့သို့ ဖီဆန်ခဲ့သည်၊ ဒီမိုကရေစီကို မည်ကဲ့သို့တည်ဆောက်သည်၊ ပြည်သူများ၏ရပိုင်ခွင့်များကို အကာအကွယ်ပေးကြောင်း သေချာ စေရန် ဆန္ဒပြမှုများကိုမည်ကဲ့သို့ အသုံးပြုသည်)အပေါ် မှတ်တမ်းတင်သင့်သလော။ သို့မဟုတ် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာဥပဒေများက အစိုးရများနှင့် အစိုးရအဖွဲ့၏ ပြုမူလုပ်ဆောင်ပုံများ ပြောင်းလဲမှုအပေါ် မည်ကဲ့သို့လွှမ်းမိုးမှုရှိသည်ဆိုသည်ကို အာရုံစိုက်သင့်သလော။ ထိုသို့မဟုတ်လျှင် လူ့အခွင့်အရေးက ဒေသတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် မည်ကဲ့သို့ဆက်စပ် လည်ပတ်နေသည်ကို အထူးပြုသင့်သလော။ အရှေ့တောင်အာရှ လူ့အခွင့်အရေးအပေါ် လွှမ်းမိုးမှု အရှိဆုံးသူများနှင့် လွှမ်းမိုးမှုအရှိဆုံးအရာများက မည်သည်တို့ဖြစ်ခဲ့သနည်း။ အရပ်ဘက်လူထု လှုပ်ရှားမှုများလော၊ အစိုးရ၏လုပ်ဆောင်ချက်များလော၊ သို့မဟုတ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု များလော။ သမိုင်းကို မတူညီသည့်နည်းလမ်းများစွာနှင့် ရေးသားနိုင်ပါသည်။ အထက်ပါ မေးခွန်း များကို မှန်ကန်အောင် ဖြေဆိုနိုင်မည့်သူလည်း မရှိပါ။ ထို့ကြောင့် ယခုအခန်းတွင် လူ့အခွင့်အရေး၏ သမိုင်းတစ်ရပ်တည်းကို သာဖော်ပြသွားမည်မဟုတ်ဘဲ မတူညီသောသမိုင်းအရပ်ရပ်ကို သုံးသပ် လေ့လာသွားမည်ဖြစ်သည်။

ယခုအခန်းတွင် အစိုးရများ၊ ဥပဒေများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် လူ့အခွင့်အရေး ချိုးဖောက်ခြင်းတို့မှာ အရှေ့တောင်အာရှလူ့အခွင့်အရေးသမိုင်းတွင် မည်ကဲ့သို့ အတူတကွ ပါဝင် နေကြသည်ကို ဆွေးနွေးသွားမည်ဖြစ်သည်။ ဆိုင်ရာအယူအဆများကို ဆွဲထုတ်ရွေးချယ်ပြထားသော သမိုင်းရှုထောင့်တစ်ခုစီက မိမိတို့ထံတွင် လူ့အခွင့်အရေးကို ပိုမို မှန်ကန်ကောင်းမွန်စွာ နားလည် နိုင်မည့် နည်းလမ်းများရှိကြသည်ဟု ယူဆကြမည်ဖြစ်သည်။ သို့သော်မေးခွန်းအချို့လည်း မလွဲမသွေ ပေါ်ထွက်လာဦးမည်ဖြစ်သည်။ လက်ငင်းအနေဖြင့် မေးခွန်းအချို့ကိုဖော်ပြရမည်ဆိုလျှင် - အကယ်၍ ကိုးကွယ်ရာဘာသာများသည် လူ့အခွင့်အရေး၏ မူလဇစ်မြစ်ဆိုလျှင် ၎င်းတို့က အဘယ်ကြောင့် ပဋိပက္ခများနှင့်တင်းမာမှုများကို ဖြစ်ပေါ်စေသနည်း၊ သို့မဟုတ် အစိုးရများသည် လူ့အခွင့်အရေး ဖော်ဆောင်ရန် အလွန်နှေးကွေးသော်လည်း ထိုအစိုးရများကို အဘယ်ကြောင့် အရေးအပါဆုံးနေရာ တွင်ထား၍ ယူဆသင့်သနည်း။ နောက်ဆုံးအနေဖြင့် အရပ်ဘက်လူ့အဖွဲ့အစည်း၏ လှုပ်ရှားမှုများက အရေးကြီးသည်ဆိုလျှင် အဘယ်ကြောင့် အစိုးရ၊ ကိုးကွယ်ရာဘာသာနှင့် ယဉ်ကျေးမှုတို့ကဲ့သို့သော ကြီးမားသည့် အင်စတီကျူးရှင်းများ၏ ထောက်ပံ့မှုမပါရှိဘဲ အရပ်ဘက်လူ့အဖွဲ့အစည်းချည်း သက်သက် လုပ်ဆောင်နိုင်စွမ်းမှာ အဘယ့်ကြောင့် အကန့်အသတ်များစွာရှိနေရသနည်း ဟူသည့် မေးခွန်းတို့ ဖြစ်သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

လူ့အခွင့်အရေးသမိုင်းဆိုသည်မှာ အဘယ်နည်း။

အချို့သမိုင်းပညာရှင်များမှာ လူ့အခွင့်အရေးကို သာတူညီမျှမှုနှင့် ဂုဏ်သိက္ခာတို့ကိုအလေးထားသည့် အယူအဆများ ပေါ်ထွန်းခဲ့သော ဥရောပဉာဏ်အလင်းပွင့်ခေတ်မှ စတင်ခြေရာခံနိုင်သည်ဟု ယူဆ ကြသည်။ သို့သော် အခြားသူများကမူ ကျွန်စနစ် ဆက်လက်ရှိနေဆဲဖြစ်ပြီး အခွင့်အရေးများကို

အမျိုးသားအခွင့်အရေးဟု ဖော်ပြခြင်းကြောင့် အမျိုးသမီးအများစုမှာ အခွင့်အရေးများကို ခံစားခွင့်မရှိဖြစ်နေဆဲ ဖြစ်သောကြောင့် ထိုကာလက လူ့အခွင့်အရေးများမှာ အားလုံးကို ကိုယ်စားပြုခြင်းမရှိဟု သတ်မှတ်ကြသည်။ ကုလသမဂ္ဂ စတင်တည်ထောင်ချိန်နှင့် မည်သည့်နေရာတွင်နေထိုင်သူဖြစ်စေ အစိုးရများက မည်သူတို့တွင်အခွင့်အရေးရှိသင့်သည်ဟု ရွေးချယ်ခွင့်မရှိဘဲလူတိုင်း လူ့အခွင့်အရေးများကို ပိုင်ဆိုင်သည်ဟုယူဆသော ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးအယူအဆ များပေါ်ပေါက်လာခဲ့သည်။ ထိုကာလကို လူ့အခွင့်အရေး စတင်ရာအဖြစ် အတိအကျသတ်မှတ်သူများလည်း ရှိသေးသည်။ ထိုအယူအဆများ ထက်ပို၍လက်ရှိကာလနှင့်နီးကပ်သော (ထပ်မံလေ့လာဖတ်ရှုရန်တွင်ကြည့်) အယူအဆမှာမူ လူ့အခွင့်အရေးလှုပ်ရှားမှုများသည် ၁၉၇၀ လွန်နှစ်များ ရောက်သည့်တိုင်အောင် စတင်ခြင်းမရှိသေးဟူ၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုကာလမတိုင်မီက လူ့အခွင့်အရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများရှိသော်လည်း အမှန်တကယ် အရေးတယူ ဆောင်ရွက်မှုများ မရှိသေး၍ဖြစ်သည်ဟုဆိုသည်။ ၁၉၇၀ လွန်နှစ်များရောက်မှသာ အရပ်ဘက်လူ့အဖွဲ့အစည်းများက လူ့အခွင့်အရေးကိုထောက်ခံအားပေးမှုများပြုလာကြပြီး အစိုးရများကလည်း လူ့အခွင့်အရေးများကို တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် အကာအကွယ်ပေးသင့်ကြောင်း လက်ခံလာကြသည်ဟု ထိုအဆိုက ယူဆသည်။

လူ့အခွင့်အရေးသမိုင်းကို သင် မည်ကဲ့သို့ နားလည်ပါသနည်း။ မည်သည့်နေ့စွဲများမှာ အရေးကြီးသနည်း။ ပြည်သူများသည် မည်သည့်ကာလတွင် အစိုးရ၏အာဏာမှ အကာအကွယ်ပေးမှုကိုရရှိခဲ့သနည်း။ မည်သည့်အချိန်တွင် ကမ္ဘာကြီးက လူ့အခွင့်အရေးနှင့်ပတ်သက်၍ အရေးတယူပြုလာသနည်း။ သို့မဟုတ် လူအများက မည်သည့်အချိန်တွင် အဓိကကိုးကွယ်ရာ ဘာသာကြီးများတွင်ပါရှိသည့် အယူအဆများအတိုင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှုနှင့်ဆက်ဆံရမည်ကို သတိပြုသိရှိလာကြသနည်း။

ဤအခန်းတွင် အရှေ့တောင်အာရှဒေသ၏ မကြာသေးမီကာလသမိုင်းအတွင်း လူ့အခွင့်အရေး လွှမ်းခြုံမှုမြင့်တက်လာခြင်းကို လေ့လာသုံးသပ်သွားမည်ဖြစ်သည်။ ဤသမိုင်းလေ့လာသုံးသပ်မှုတစ်ရပ်သည် အခွင့်အရေးသာရရှိပါက ဒေသအတွင်းမှလူများသည် နယ်ချဲ့များ၊ အာဏာရှင်များ၊ အခြားဖိအားပေးသူများကို ဆန့်ကျင်ပြီး ၎င်းတို့၏ရပိုင်ခွင့်များရရှိရန် အခိုင်အမာတောင်းဆိုခဲ့ကြောင်း ဖော်ပြမည်ဖြစ်သည်။ ထို့ပြင် အစိုးရများသည် တစ်ခါတစ်ရံတွင် ဝန်လေးနေတတ်ပြီး တစ်ခါတစ်ရံ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ တောင်းဆိုမှုတို့ကြောင့် ဖြစ်သော်လည်း လူ့အခွင့်အရေးများကို အသိအမှတ်ပြုကာ ၎င်းတို့ကို စတင်မြှင့်တင်ပေး၊ ကာကွယ်ပေးသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။

၈.၂ ကိုလိုနီခေတ်မတိုင်မီ လူ့အခွင့်အရေးသမိုင်း

လူ့အခွင့်အရေးသည် အရှေ့တောင်အာရှသမိုင်းတစ်လျှောက် ကာလတိုင်းတွင် တည်ရှိခဲ့ပြီး အများစုမှာ အယူရှိလျှင် အပေးရှိရမည့်သဘောတရားနှင့် လူသားဘဝဖြစ်တည်မှုအပေါ် လေးစားမှုစသည့် ဘာသာရေးတန်ဖိုးစံနှုန်းများမှ ဆင်းသက်လာခြင်းဖြစ်သည်။ ထိုအခွင့်အရေးများကို ရပိုင်ခွင့်ရှိမှုမှာမူ ဘာသာတရားတစ်ရပ်အပေါ် ယုံကြည်သူများအတွက် သို့မဟုတ် နိုင်ငံရေးယူနစ်တစ်ခု

အတွင်း နေထိုင်သူများအတွက်သာဟူ၍ အကန့်အသတ်များရှိလေ့ရှိကြသည်။ မည်သို့ဆိုစေကာမူ ထိုအရာများသည် လူ့အခွင့်အရေးများအဖြစ် တည်ရှိနေမြဲသာ ဖြစ်သည်။ ဘာသာတရားများမှလွဲ၍ ဘုရင့်နိုင်ငံတော်များ၊ နိုင်ငံရေးယူနစ်များသည် အခွင့်အရေးများပေးမည်ဟု အာမခံချက် ပေးလေ့ရှိသော်လည်း ထိုအခွင့်အရေးများမှာ ၎င်းတို့အပေါ် သစ္စာခံသူများအတွက်သာဖြစ်သည်။ ကိုလိုနီခေတ်မတိုင်မီအချိန်များတွင် မိမိတို့ရပိုင်ခွင့်ရှိသည့်အခွင့်အရေးကို တောင်းဆိုသူ၊ ရယူအသုံးပြုသူ လူအနည်းငယ်မျှသာရှိခဲ့သည်။ ထိုခေတ်ကာလတွင် နိုင်ငံရေးယူနစ်များ၏ မတူညီကွဲပြားမှုမှာလည်း ကြီးမားများပြားလှသည်။ မျက်မှောက်ခေတ်တွင် ကမ္ဘာတဝန်းလုံးနီးပါးတွင် နိုင်ငံရေးယူနစ်ဟူ၍ အမျိုးသားနိုင်ငံတော်များဟူ၍ တစ်မျိုးတည်းသာရှိသော်လည်း ကိုလိုနီမတိုင်မီခေတ်ကမူ အရှေ့တောင်အာရှတွင် ဘုရင်စနစ်၊ မျိုးနွယ်စုအလိုက်အုပ်ချုပ်မှုစနစ်များ၊ စော်ဘွားတို့အုပ်ချုပ်ရာနယ်ပယ်၊ သီးခြားကုန်သွယ်ရေးမြို့တော်များ၊ တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းအုပ်ချုပ်ရေးများ စသည်ဖြင့် မတူညီသော နိုင်ငံရေးယူနစ်ပုံစံအမျိုးမျိုး တည်ရှိခဲ့သည်။ ထိုကဲ့သို့ ပုံစံအမျိုးမျိုးရှိနေသဖြင့် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံလူတန်းစားတို့ကြားတွင် မတူညီသောဆက်ဆံရေးပုံစံအမျိုးမျိုးနှင့် ဥပဒေစနစ်အမျိုးမျိုးတို့လည်း ရှိနေလေ့ရှိသည်။ ထိုကဲ့သို့ ကွဲပြားခြားနားမှုအမျိုးမျိုးကြောင့်ပင် ထိုခေတ်ကတွေ့ရလေ့ရှိသည့် ပုံစံတစ်ခုကို ခေတ်သစ်လူ့အခွင့်အရေးနှင့် ညီမျှခြင်းချကြည့်ရန် ခက်ခဲခြင်းဖြစ်သည်။ စော်ဘွားနယ်ပယ်များ၊ ဘုရင့်နိုင်ငံတော်များ၊ မျိုးနွယ်စုနယ်ပယ်များ နှင့်ကိုလိုနီနယ်ပယ်များရှိအခြေအနေမှာ ခေတ်သစ်စံနှုန်းများနှင့်ဆိုလျှင် လူမဆန်လောက်အောင် ရက်စက်ကြမ်းကြုတ်ပြီး ကျွန်ပြုမှုမှာလည်း တွေ့နေ၊ ဖြစ်နေကျ သာမန်ကိစ္စတစ်ရပ်သာ ဖြစ်သည်။ ကျားမ ဂျန်ဒါတန်းတူညီမျှမှု သို့မဟုတ် အဆင့်အတန်းမခွဲဘဲ တန်းတူညီတူရှိမှုတို့ဆိုသည်မှာ ကြားပင်မကြားဖူးဘဲ သက်ဦးဆံပိုင်ဘုရင်က တိုင်းသူပြည်သားတို့နှင့် နယ်နိမိတ်အားလုံးကိုပိုင်ဆိုင်ကာ လူတစ်ဦးချင်းကို စိတ်တိုင်းကျ ကျွန်ပြုခွင့်ရှိပြီး ကျေးလက်ဆင်းရဲသားများထံမှ မြင့်မားသောအခွန်ငွေတော်များ ကောက်ယူခွင့်လည်း ရှိသည်။ ထို့ပြင် ထိုကဲ့သို့သော ရေမြေသနင်းပြည့်ရှင်မင်းသည် တန်ခိုးကြီးသည့် နတ်ဘုရားတစ်ပါးကဲ့သို့ အုပ်ချုပ်ခွင့်ကိုလည်း ရထားလေ့ရှိသည်။

မည်သည့်နိုင်ငံရေးစနစ်အမျိုးအစားဖြစ်စေ အသိအမှတ်ပြုခံလူတန်းစားမှာ ဘာသာရေးနှင့် မိသားစုရေးရာတို့တွင် အခွင့်အရေးများကိုရရှိကြသလို မကျေနပ်သည်များကို စောဒကတက်ပိုင်ခွင့်လည်း ရရှိလေ့ရှိရာ တစ်ခါတစ်ရံတွင်ဒေသတွင်းမှ ကျေးကျွန်များပင်လျှင် ထိုကဲ့သို့အခွင့်အရေးမျိုးရတတ်လေ့ရှိသည်။ လက်ရှိစံနှုန်းများအရဆိုလျှင်မူ ထိုစနစ်များကို တရားနှင့်ညီညွတ်သည်၊ မျှတသည်ဟု ဆိုဖွယ်ရာမရှိပေ။ သို့သော်လည်း ထိုစံချိန်စံညွှန်းများမှာ ထိုခေတ်ကာလအတွက်သာ အကျုံးဝင်သော ကိုယ်ကျင့်သိလ၊ ဥပဒေစနစ်များနှင့်သာ ချိန်ထိုးစဉ်းစားရမည့်အရာဖြစ်သည်ဟု ဆိုကောင်းဆိုနိုင်ပါသည်။ ထိုအချိန်က နိုင်ငံရေးစနစ်အများအပြားမှာ ယောက်ျားကြီးစိုးသော အုပ်ချုပ်မှုစနစ်သာ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေခဲ့ပြီး အုပ်ချုပ်သူလူတန်းစားကို အကာအကွယ်ပေးရန် ပိုစိတ်အားထက်သန်လေ့ရှိကြသည်။ ထိုခေတ်ဟောင်းကို ယနေ့ခေတ်၏ လူ့အခွင့်အရေးတန်ဖိုး၊ စံနှုန်းအမြင်များနှင့် လေ့လာသုံးသပ်လျှင်လည်း တရားမျှတသည်ဟု ဆိုချင်မှဆိုနိုင်ပေမည်။ ဒေသတွင်း၌ရှိခဲ့သော နိုင်ငံရေးစနစ်များမှာ ကျွန်မွေးခြင်းကို အခြေခံသော သက်ဦးဆံပိုင်ဘုရင်စနစ်မှာ အများစုဖြစ်ပြီး လူ့အခွင့်အရေးများ အပေါ် လုံးဝလေးစားမှု မရှိဟုဆိုသောစကားမှာလည်း မမှန်နိုင်ပါ။ တကယ်တမ်းတွင် ယနေ့ခေတ်အမြင်နှင့်ဆိုလျှင် သိသိသာသာ အလွန်ကွဲပြားနေမည်ဖြစ်သော်လည်း နိုင်ငံရေးယူနစ်အသီးသီးသည် မိမိတို့ကိုယ်ပိုင် ဥပဒေစနစ်များ၊ ဖွဲ့စည်းပုံများနှင့်

လူအသက်အပေါ်တန်ဖိုးထားမှုများနှင့် လည်ပတ်ခဲ့ကြပြီး ဖြစ်သည်။ ထိုနိုင်ငံရေးယူနစ်အများစုမှာ ကျန်ကမ္ဘာ့ဒေသများကဲ့သို့ ထိုခေတ်ကပုံစံများအတိုင်း ပြုမူဆောင်ရွက်နေခဲ့ကြခြင်းသာ ဖြစ်သည်။ သို့ရာတွင် ထိုခေတ်ကာလများကို တစ်ခါတစ်ရံ ကျောင်းများတွင် သင်ကြားသကဲ့သို့ လူအများ ငြိမ်းချမ်းညီညွတ်စွာ နေထိုင်သည့် ရွှေခေတ်ကာလများဟုဆိုလျှင်လည်း မှန်မည်မဟုတ်ချေ။ ထိုခေတ်ကာလများတွင် လူအသေအပျောက်နှုန်းမြင့်မားကာ သက်တမ်းလည်းတိုကြပြီး လူမှုထောက်ပံ့ကြေးမရှိသလို အမျိုးသမီးများနှင့်ကလေးများအပေါ် ဆက်ဆံပုံမှာလည်း ဆိုးရွားလှသည်။

လူအခွင့်အရေးသမိုင်းတစ်ရပ်ကို ရေးသားမှတ်တမ်းတင်ရာတွင် စိန်ခေါ်မှုမှာ ကိုယ်ကျင့်သိလစံများ ခေတ်တစ်ခေတ်နှင့် တစ်ခေတ်မတူကြခြင်းပင်ဖြစ်သည်။ ရှေးက ကိုယ့်ကျင့်သိလစံတန်ဖိုးများအားလုံးကို မျက်မှောက်ခေတ် စံနှုန်းများနှင့် တန်းတူထားသုံးသပ်ပြီး နောက်ဆုံးတွင် ကျိန်းသေပေါက်ထွက်ပေါ်လာမည်ဖြစ်သော ရှေးခေတ်လူမှုအဖွဲ့အစည်းများမှာ တရားမျှတမှုမရှိ၊ ခွဲခြားဆက်ဆံသောအဖွဲ့အစည်းများဖြစ်သည်ဟူသော ကောက်ချက်မျိုးကို သမိုင်းပညာရှင်များအနေဖြင့် ချသင့်သလော။ သို့မဟုတ် ကိုယ်ကျင့်သိလဟူသည် သူ့ခေတ်နှင့် သူ့အထာဖြင့်သာ ရှုအပ်သော သဘောတရားဖြစ်သင့်သလော။ ကျွန်ုပ်ပြုခြင်းကဲ့သို့သောကိစ္စများကို ညှဉ်းပန်းနှိပ်စက်မှုများအဖြစ် ပြတ်ပြတ်သားသား ကောက်ချက်ချသင့်သလော၊ သို့မဟုတ် ထိုကဲ့သို့သော အပြုအမူများကို ခေတ်အရ လက်သင့်ခံနိုင်သည့် အပြုအမူများဟု ဆင်ခြင်သင့်သလော။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

ကိုလိုနီခေတ်မတိုင်မီသမိုင်းကို သင့်ကျောင်းတွင် မည်ကဲ့သို့ သင်ယူခဲ့ရသနည်း။

သမိုင်းကို များသောအားဖြင့် အာဏာရှိသူများ၏အမြင်ရှုထောင့်မှသာ ရေးသားလေ့ရှိပြီး လယ်ကွင်းများထဲတွင် အလုပ်လုပ်ရသူများ သို့မဟုတ် ချမ်းသာကြွယ်ဝခြင်းမရှိသူများ၏ အခြေအနေများမှာ ထည့်သွင်းဖော်ပြခံရလေ့မရှိချေ။ သင်၏ အခြေခံနှင့်အထက်တန်းအဆင့်ပညာရေးတွင် သာမန်လူများအကြောင်းကို ပြဋ္ဌာန်းစာအုပ်များတွင် ထည့်သွင်းဖော်ပြထားခြင်းမျိုး ရှိခဲ့ပါသလား။ ကိုလိုနီမတိုင်မီခေတ်သမိုင်းကို ငြိမ်းချမ်းပျော်ရွှင်သည့်ကာလတစ်ခုအဖြစ် သင်ကြားခဲ့ပါသလား။ ပြဋ္ဌာန်းစာအုပ်များက ထိုကာလတွင် ပြည်သူများ၌ အခွင့်အရေးများရှိခဲ့သည်ဟု သွယ်ဝိုက်ဖော်ပြခြင်းမျိုး ရှိပါသလား။

ကျွန်စနစ်ကဲ့သို့သော အကြောင်းအရာမျိုးကို သမိုင်းတွင် မည်ကဲ့သို့သင်ကြားသင့်သနည်း။ ကျွန်ပြုခြင်းကို လက်ရှိအချိန်တွင် ကြီးလေးသော ရာဇဝတ်မှုတစ်ခု၊ ဆိုးရွားသည့်အရာတစ်ခုအဖြစ် ရှုမြင်ကြသည်။ သို့သော် ၁၈ ရာစုတုန်းကမူ ကျွန်စနစ်သည် လုံးဝတရားဝင်ကိစ္စရပ်တစ်ခုဖြစ်ခဲ့ပြီး ကားတစ်စီးပိုင်ဆိုင်ခြင်းကဲ့သို့ပင် ပိုင်ဆိုင်မှုတစ်မျိုးသာဖြစ်ခဲ့သည်။ ကျွန်ပိုင်ရှင်များကို သမိုင်းတွင်ဖော်ပြသောအခါ ထိုခေတ်ကာလ၏ ဥပဒေနှင့် လူမှုရေးစံနှုန်းများနှင့်အညီနေထိုင်သော နိုင်ငံသားများအဖြစ် ဖော်ပြသင့်ပါသလား။ သို့မဟုတ် ၎င်းတို့ကို လူသားဘဝတန်ဖိုးနှင့် လူများမှာ ဂုဏ်သိက္ခာနှင့်အညီဆက်ဆံထိုက်သူများဖြစ်ခြင်းကို မသိရှိခဲ့သူများအဖြစ် သမိုင်းက ဖော်ပြသင့်ပါသလား။

၈.၃ ကိုလိုနီစနစ်မှ ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်မှုစနစ်အထိ

၈.၃.၁ ကိုလိုနီစနစ်

ကိုလိုနီဝါဒ

နိုင်ငံတစ်နိုင်ငံက ပြည်ပနိုင်ငံနှင့် အုပ်ချုပ်ခံနိုင်ငံများအပေါ် ထိန်းချုပ်ထားသောအခါ ကိုလိုနီပြုခြင်းဖြစ်ပေါ်သည်။ တစ်နည်းဆိုရလျှင် ကိုလိုနီဝါဒဆိုသည်မှာ လွှမ်းမိုးခြယ်လှယ်ရေးဝါဒဖြစ်ပြီး အင်အားကြီးနိုင်ငံများက နိုင်ငံရပ်ခြားရှိ နယ်မြေများကို ပိုင်ဆိုင်ကြောင်းကြေညာကာ ယင်းပိုင်နက်အတွင်း နေထိုင်သူများကို မိမိတို့နိုင်ငံ၏ အအုပ်ချုပ်ခံ၊ မလွတ်လပ်သော လူတန်းစားများဖြစ်အောင် သွတ်သွင်းခြင်းဖြစ်သည်။

ဥရောပကိုလိုနီစနစ်က အရှေ့တောင်အာရှ၏ လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးဖွဲ့စည်းပုံတို့ကို အခြေခံကျကျပြောင်းလဲပစ်ခဲ့သော်လည်း လူသန်းပေါင်းများစွာကိုကျွန်ပြုခဲ့သောကိုလိုနီစနစ်ကို မိစ္ဆာတို့ခေတ်သက်သက်အဖြစ် သတ်မှတ်ခြင်းမှာလည်း အလွယ်တကူ ကောက်ချက်ချလွန်းရာ ရောက်မည်ဖြစ်သည်။ ကိုလိုနီအုပ်ချုပ်မှုအောက်တွင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းသည် အခွင့်အရေးများရရှိရန် အာမခံချက်ရရှိထားသည်။ သို့သော် ထိုအခွင့်အရေးများမှာ ကိုလိုနီကုမ္ပဏီများ သို့မဟုတ် အဝေးမှအုပ်ချုပ်သည့် အင်ပါယာများက သတ်မှတ်ပြဋ္ဌာန်းပေးချက်များအတိုင်းသာဖြစ်သည်။ ကိုလိုနီဥပဒေများသည် ကိုလိုနီပြုသူများတွင် ကိုလိုနီအပြုခံဒေသခံများထက် အခွင့်အရေးနှင့် အကာအကွယ်များ ပိုမိုရပိုင်ခွင့်ရှိသည်ဟု အလိုအလျောက်ယူဆထားပြီး ယင်းမှာ လူသားအားလုံးတွင် တန်းတူညီမျှအခွင့်အရေးရှိသည်ဟူသည့် အယူအဆနှင့် အခြေခံကျကျပင် ပဋိပက္ခဖြစ်လျက်ရှိသည် (ကိုလိုနီပြုသူများတွင် ကိုလိုနီအပြုခံဒေသခံများထက် အခွင့်အရေးနှင့်အကာအကွယ်များ ပိုမိုရပိုင်ခွင့်ရှိသည်ဟု အလိုလျောက်ယူဆထားသည့် ဥပဒေများ)။ ကိုလိုနီပြုခြင်း၏ အဓိက လုပ်ဆောင်ချက်မှာ ဒေသတွင်းအရင်း အမြစ်များနှင့် လုပ်အားများကိုအသုံးချပြီး ကိုလိုနီအင်ပါယာများအတွက် ကုန်စည်နှင့်အမြတ်အစွန်းများထောက်ပံ့ပေးရန် ဖြစ်သည်။ ကိုလိုနီစနစ်တွင် ကိုလိုနီကုမ္ပဏီများက မကြာခဏဆိုသလို အင်အားသုံးကာ ဈေးကွက်နှင့် ကုန်သွယ်မှုများကို လက်ဝါးကြီးအုပ်လေ့ရှိသောကြောင့် အရှေ့တောင်အာရှဒေသများတွင် စီးပွားရေးအကျပ်အတည်းများ ဖြစ်ပေါ်စေလေ့ရှိသည်။ တောင်ပေါ်လူမျိုးစု သို့မဟုတ် လူ့အဖွဲ့အစည်းများအပါအဝင် ကိုလိုနီဗဟိုပြုရာဒေသများနှင့် ဝေးကွာသောဒေသများမှ လူ့အဖွဲ့အစည်းများမှာ ထိုပြဿနာများကို ရှောင်လွှဲနိုင်ခဲ့ကြသည်။

အရှေ့တောင်အာရှဒေသအများအပြားတွင် ကိုလိုနီစနစ်မှာ လွတ်လပ်စွာနေထိုင်ရာမှ ကျွန်ပြုခံရခြင်း ဆိုသည်ထက် ကိုယ့်ဒေသခံအုပ်ချုပ်မှုမှ တိုင်းတစ်ပါးသား အုပ်ချုပ်မှုအောက်သို့ ပြောင်းလဲ ရောက်ရှိမှုတစ်ရပ်သာဖြစ်သည်။ အနုတ်လက္ခဏာဆောင်သော ပြင်းထန်သည့်သက်ရောက်မှုနှင့် ကာလရှည်ဂယက်ရိုက်မှုများရှိခဲ့သည်မှာ မှန်သော်လည်း ဖွံ့ဖြိုးတိုးတက်မှု အချို့လည်းပေါ်ထွက်ခဲ့သည်။ မျက်မှောက်ခေတ်စံနှုန်းများနှင့်အညီမဟုတ်သော်လည်း တရားဥပဒေစိုးမိုးမှုကို စတင်မိတ်ဆက်ပေးလာခဲ့သည်။ အမျိုးသမီးများ တန်းတူညီမျှအခွင့်အရေးရရှိရန်မှာ ရုန်းကန်နေရဆဲဖြစ်ပြီး အတားအဆီးများ ရှိနေဆဲဖြစ်သော်လည်း အမျိုးသမီးအခွင့်အရေးအချို့ကိုလည်း စတင်သတ်မှတ် အကောင်ဖော်ခဲ့သည်။ ကြေးနန်းနှင့် ဆေးပညာတို့ကဲ့သို့ နည်းပညာပိုင်းတွင် ဖွံ့ဖြိုးတိုးတက်လာမှုများကလည်း ဆက်သွယ်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုများ ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်စေခဲ့သည်။ အရှေ့တောင်အာရှသည်လည်း ကမ္ဘာကြီးနှင့် ပိုမိုချိတ်ဆက်မိသွားခဲ့သည်။ အစိုးရများနှင့် ဗျူရိုကရေစီယန္တရားများ ဖွဲ့စည်းတည်ထောင်မှုကြောင့် ပိုမိုပြီး လူသားဆန်စွာ ပြုမူဆက်ဆံမှုများ ပေါ်ပေါက်လာခဲ့သည်။ ဥပမာအားဖြင့် ဒေသတွင်းတွင် အကျဉ်းထောင်များ စတင်တည်ဆောက်မိတ်ဆက်ခြင်းဖြင့် သေဒဏ်နှင့် ခန္ဓာကိုယ်ထိခိုက် နာကျင်စေသည့် ပြစ်ဒဏ်များ မကြာခဏ ချမှတ်မှုကို လျှော့ချနိုင်ခဲ့ခြင်းမျိုးဖြစ်သည်။ ထိုကဲ့သို့ တိုးတက်လာမှုများကို လူ့အခွင့်အရေး အစောပိုင်းပုံစံများအဖြစ် မှတ်ယူ၍မရချေ။ အဘယ်ကြောင့်ဆိုသော် ထိုအရာသည်

လူအများကို ဂုဏ်သိက္ခာနှင့်အညီ ပြုမူဆက်ဆံလိုသည့် ဆန္ဒအရ ပေါ်ပေါက်လာခြင်းမဟုတ်သလို တန်းတူညီမျှမှု ဖန်တီးရန်ကြိုးပမ်းခြင်းလည်း မဟုတ်၍ဖြစ်သည်။ တကယ်တမ်းတွင် ထိုတိုးတက်လာမှုများမှာ ဥရောပ၏ကိုယ်ကျင့်သီလစံတန်ဖိုးများကို ယူဆောင်သွတ်သွင်းလာခြင်း သို့မဟုတ် ကိုလိုနီအပြုခံလူများကို ပိုမိုကောင်းမွန်ထိရောက်စွာ စီမံအုပ်ချုပ်နိုင်မည့်နည်းလမ်းများသာဖြစ်သည်ဟု ရှုမြင်ရမည်ဖြစ်သည်။

၈.၃.၂ ၁၉၀၀ ပြည့်လွန်နှစ်များအတွင်း အမျိုးသားရေးလှုပ်ရှားမှုများ

အမျိုးသားရေးလှုပ်ရှားမှုများသည် အရှေ့တောင်အာရှနိုင်ငံများ၌ ၁၉ ရာစုနှောင်းပိုင်းတွင် ပထမဆုံးစတင်ပေါ်ထွက်လာခဲ့သည်။ ထိုလှုပ်ရှားမှုများကို အများအားဖြင့် အနောက်တိုင်းပညာတတ် အထက်တန်းလွှာလူတန်းစားများက ဦးဆောင်ခဲ့သည်။ ထိုသူတို့က ပြည်သူများအနေနှင့် လွတ်လပ်စွာ ပြောဆိုခွင့်၊ ဆန္ဒမဲပေးပိုင်ခွင့်၊ ဥစ္စာပစ္စည်းပိုင်ဆိုင်ခွင့် တို့ကဲ့သို့သော လွတ်လပ်မှုအရသာကို ပိုမို သိရှိ သတိပြုမိလာစေခြင်းဖြင့် အုပ်ချုပ်သူများ၏ အာဏာဖြင့် ဖိနှိပ်ချုပ်ချယ်မှုမှ လွတ်မြောက်စေရန် ရည်ရွယ်သည်။ ထိုအစောပိုင်းအမျိုးသားရေးလှုပ်ရှားမှုများသည် အစပိုင်းတွင် ကိုလိုနီအုပ်ချုပ်မှုမှ လွတ်မြောက်ရန် အာရုံမစိုက်ခဲ့ဘဲ ဒေသခံပြည်သူများ လွတ်လပ်ခွင့်ပိုမိုရရှိစေရေးအပေါ် ပိုမိုအားစိုက်ခဲ့သည်။ ပထမဆုံးအမျိုးသားရေးလှုပ်ရှားမှုမှာ ဖိလစ်ပိုင်နိုင်ငံတွင် ၁၈၀၀ လွန်နှစ်များအတွင်းက ဟိုဆေးရီဇယ်လ်ဦးဆောင်ခဲ့သော လှုပ်ရှားမှုဖြစ်ပြီး စပိန်များတိုင်းပြည်အတွင်းမှထွက်ခွာပေးခဲ့ရခြင်းဟူသော ရလဒ်ထွက်ပေါ်ခဲ့သည်။ ထို့အတူ ၁၉၀၀ လွန်နှစ်များအတွင်းက မြန်မာနိုင်ငံတွင် ဘုန်းတော်ကြီးများနှင့် ကျောင်းသားများက မြန်မာနိုင်ငံသားများ တန်းတူညီမျှအခွင့်အရေး ရရှိရေးအတွက် တောင်းဆိုသော လှုပ်ရှားမှုများနှင့် ဗီယက်နမ်၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့တွင်လည်း အလားတူ လှုပ်ရှားမှုများ ပေါ်ပေါက်ခဲ့သည်။ ကိုလိုနီနယ်ချဲ့ ကျူးကျော်ခြင်း မခံရသည့် နိုင်ငံဖြစ်သော ထိုင်းနိုင်ငံကဲ့သို့သော နိုင်ငံမျိုး၌ပင် ထိုကာလက ဘုရင်ချူလာလောင်ကွန်း၏ ခေတ်သစ်ပုံစံ အုပ်ချုပ်မှုအောက်တွင် ကျွန်ပြုခြင်းနှင့် နှိပ်စက်ညှဉ်းပန်းခြင်းကိုတားမြစ်ကာ ခေတ်သစ်အစိုးရစနစ်ကို မိတ်ဆက်ခဲ့သလို ပြည်သူများကို အခွင့်အရေးများပိုမိုပေးအပ်သော ပညာရေးစနစ်သို့လည်း ပြောင်းလဲခဲ့သည်။ ထိုလှုပ်ရှားမှုများသည် အခွင့်အရေးများတောင်းဆိုသည့် လှုပ်ရှားမှုများဖြစ်သော်လည်း ယနေ့ခေတ်နားလည်ထားသော လူအခွင့်အရေးများအတွက် လှုပ်ရှားမှုများမဟုတ်ချေ။ ထိုလှုပ်ရှားမှုများမှ ရရှိရန် အာရုံစိုက်သည်မှာ နိုင်ငံသားအခွင့်အရေး၊ နိုင်ငံရေးအခွင့်အရေးနှင့် ကိုလိုနီအစိုးရများ၏ ညှဉ်းပန်းနှိပ်စက်မှုမှလွတ်မြောက်ရေးတို့သာ ဖြစ်သည်။

သဘောတရားရေးရာ ရှင်းလင်းချက်

အမျိုးသားရေးလှုပ်ရှားမှုများ

အမျိုးသားရေးလှုပ်ရှားမှုများကို ကိုလိုနီအစိုးရတစ်ခုလက်အောက်မှ လွတ်မြောက်ရန်ဆန္ဒရှိသော အမျိုးသားရေးအဖွဲ့များက လုပ်ဆောင်ကြသည်။ တစ်ခါတစ်ရံတွင်မူ လူမျိုးစုအရေး သို့မဟုတ် ဘာသာရေးအရ လွှမ်းမိုးမှုအောက်မှ လွတ်မြောက်ရေးမျိုးလည်း ဖြစ်နိုင်သည်။ အရှေ့တောင်အာရှတွင် အတွေ့ရအများဆုံးမှာမူ ကိုလိုနီဆန့်ကျင်ရေးလှုပ်ရှားမှုများဖြစ်သည်။ ၎င်းတို့ကို အမျိုးသားလွတ်မြောက်ရေး သို့မဟုတ် လွတ်လပ်ရေးလှုပ်ရှားမှုများဟုလည် ခေါ်နိုင်သည်။ လှုပ်ရှားမှုများမှာ အာဆက်၊ မင်ဒါနာအို၊ သို့မဟုတ် ထိုင်းတောင်ပိုင်းတို့ကဲ့သို့သော နိုင်ငံ၏တစ်စိတ်တစ်ဒေသ အဆင့်မျိုးလည်း ရှိနိုင်သည်။

ကမ္ဘာတစ်ဝန်းမှ ကိုလိုနီစနစ်ကို စိန်ခေါ်မှုများနှင့်အတူ အရှေ့တောင်အာရှဒေသအတွင်း လွတ်လပ်ရေးလှုပ်ရှားမှုများမှာ အားကောင်းလာခဲ့သည်။ အထူးသဖြင့် ၁၉၀၀ ပြည့်လွန်နှစ်များ နောက်ပိုင်းတွင် စီမံအုပ်ချုပ်ရေးနှင့်နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများသည် ဒေသခံများ ကိုယ်စားပြုခွင့်နှင့် ပါဝင်ခွင့် ပိုမိုမြင့်မားလာစေရန် ဦးတည်လာခဲ့သည်။ ဥပမာ - အင်ဒိုနီးရှားတွင် ဒတ်ချ်တို့က ၁၉၀၁ ခုနှစ်တွင် လူကျင့်ဝတ်နှင့်ညီညွတ်သောမူဝါဒကို မိတ်ဆက်ခဲ့ရာ ယင်းမူဝါဒတွင် ဒတ်ချ် အင်ပါယာအတွက် အင်ဒိုနီးရှားတို့က လုပ်ဆောင်ဖြည့်ဆည်းပေးသော ဥစ္စာဓနတို့အတွက် အင်ဒိုနီးရှားတို့က ဒတ်ချ်တို့အပေါ် တင်ရှိနေသောအကြွေးကို ပြန်လည်ဖြည့်ဆည်းပေးရန် သက်သာချောင်ချိရေးနှင့် ခေတ်မီရေးတို့ဆောင်ရွက်ပေးမည်ဟု နယ်သာလန်နိုင်ငံကတိပြုခဲ့သည်။ အခြားကိုလိုနီအင်ပါယာများက မိမိတို့ကိုလိုနီနယ်ပယ်အတွင်း နေထိုင်သူများကို နိမ့်ကျသူများအဖြစ် ရှုမြင်နေကြချိန်တွင် ထိုမူဝါဒမှာ ကောင်းမွန်သည့်ရည်ရွယ်ချက် ရှိကောင်းရှိနိုင်ပြီး ဒေသတွင်းတွင် သဘောထားအကြီးဆုံးမူဝါဒ ဖြစ်နိုင်သော်လည်း ဘဏ္ဍာရေးနှင့် နိုင်ငံရေးအရ အထောက်အပံ့အနည်းငယ်သာ ပေးခဲ့ခြင်းကြောင့် အောင်မြင်ခဲ့ခြင်းမရှိခဲ့။ အိန္ဒိယ၌ အုပ်ချုပ်ရေးပိုင်း ပြုပြင်ပြောင်းလဲမှုများ ပြောင်းလဲမှုများပြုလုပ်ပြီးနောက် မကြာမီမြန်မာနိုင်ငံတွင်လည်း အလားတူ အုပ်ချုပ်ရေးပိုင်း ပြုပြင်ပြောင်းလဲမှုများကို ၁၉၂၀ လွန်နှစ်များတွင် စတင်ခဲ့သည်။ ဗြိတိသျှတို့အုပ်ချုပ်သည့် မလေးကျွန်းဆွယ် ပြုပြင်ပြောင်းလဲမှုများတွင်မူ ဒေသခံအုပ်ချုပ်သူများသို့ အာဏာပြန်လည်ခွဲဝေပေးခြင်းလည်း ပါဝင်သည်။ ကိုလိုနီအုပ်ချုပ်မှုပုံစံကို အစွန်လာမွစ်အုပ်ချုပ်သူများက မကျေမနပ်ဖြစ်နေခြင်းအပေါ် ဗြိတိသျှတို့ စိုးရိမ်ပူပန်သဖြင့် စတင်လုပ်ဆောင်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုလည်း ဖြစ်သည်။ ကိုလိုနီအစိုးရများက ထိုကဲ့သို့လိုက်လျော အလျှော့ပေးမှုများမှာ အရှေ့တောင်အာရှနိုင်ငံများရှိ တိုင်းသူပြည်သားများမှာ ပိုမိုကောင်းမွန်သောအုပ်ချုပ်ရေးကို ရထိုက်သည်ဟု အသိအမှတ်ခဲ့ခြင်းဖြစ်သည်ဟု ယူဆခဲ့ကြသူများလည်းရှိသည်။ ထိုပြောင်းလဲမှုများမှာ ဒုတိယကမ္ဘာစစ်အပြီး ချမှတ်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးသဘောတူညီချက်များကို မပြည့်မီသော်လည်း အကျိုးဆက်အနေဖြင့် အခြေအနေတိုးတက်မှုများရှိလာခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

လွတ်လပ်ရေးကြိုးပမ်းမှုများသို့ ဦးတည်စေခဲ့သည့် အဓိကအပြောင်းအလဲတစ်ရပ်မှာ ဒုတိယကမ္ဘာစစ်အတွင်း အရှေ့တောင်အာရှသို့ ဂျပန်တို့ ကျူးကျော်သိမ်းပိုက်ပြီး ယခင် ကိုလိုနီနယ်ချဲ့နိုင်ငံများက ဆုတ်ခွာခြင်းဖြစ်သည်။ စစ်ပွဲသည် အခွင့်အရေးချိုးဖောက်မှုများကို ထင်ထင်ရှားရှားဆောင်ယူလာခဲ့သည်။ ဂျပန်များသည် အာရှတစ်ခွင်တွင် အဓမ္မ ခိုင်းစေခံရသော လုပ်သားများကို အသုံးချခဲ့ပြီး ရလဒ်အနေဖြင့် လမ်းများ၊ ရထားလမ်းများဖောက်လုပ်ခြင်းနှင့် အခြားအဆောက်အဦများ တည်ဆောက်ရာတွင် အဓမ္မခိုင်းစေခံရသူ အများအပြားသေဆုံးခဲ့ကြရသည်။ ဒေသခံနိုင်ငံသားများနှင့် အနောက်နိုင်ငံသားများအပါအဝင် စစ်အကျဉ်းသားပေါင်း ၁၆,၀၀၀ ကျော်မှာ ဒေသတွင်းတိုက်ပွဲများအတွင်း အဖမ်းဆီးခံခဲ့ရသည်။ ထို့ပြင် ဂျပန်တို့သည် လူမျိုးအဖုံဖုံနှင့် နိုင်ငံအမျိုးမျိုးမှ အမျိုးသမီးငယ်များကို ဂျပန်စစ်သားများအတွက် လိင်ဖျော်ဖြေမှုပေးရန်အတွက် ဇိမ်မယ်အမျိုးသမီးများအဖြစ် အဓမ္မခိုင်းစေခဲ့သည်။ ဂျပန်တို့၏ အရှေ့တောင်အာရှနိုင်ငံများကို သိမ်းပိုက်မှုတွင် အစပိုင်း၌ ထိုနိုင်ငံများကို ကိုလိုနီစနစ်အောက်မှ လွတ်မြောက်အောင် လုပ်ဆောင်ပေးမည့်ဟန် ရှိသော်လည်း နောက်ပိုင်းတွင် လွတ်လပ်ရေးရရှိလိမ့်ဦးမည်မဟုတ်ကြောင်း လူအများက ရိပ်မိသိရှိလာကြသည်။ သာဓကအနေဖြင့် မြန်မာနိုင်ငံတွင် လွတ်လပ်ရေးတိုက်ပွဲဝင်ခေါင်းဆောင်များဖြစ်သော အောင်ဆန်းနှင့်နေဝင်း (နှစ်ဦးစလုံးမှာ စစ်ပြီးခေတ် မြန်မာနိုင်ငံ၏ ခေါင်းဆောင်များဖြစ်ခဲ့သည်)

တို့သည် မူလက ဂျပန်တို့၏လေ့ကျင့်ပေးမှုနှင့်ထောက်ပံ့ပေးမှုတို့ကို ရယူခဲ့သော်လည်း မကြာမီတွင် ဂျပန်တို့က ကတိပြုထားသည့်လွတ်လပ်ရေးမှာ အစစ်အမှန်မဟုတ်ကြောင်း ရိပ်မိကာ ဗြိတိသျှတို့ ဘက်သို့ ဘက်ပြန်ပြောင်းခဲ့ကြသည်။

ဂျပန်တို့စစ်ရှုံးနိမ့်မှုကြောင့် အရှေ့တောင်အာရှ အမျိုးသားရေးလှုပ်ရှားသူအများအပြားမှာ လွတ်လပ်ရေးရရှိလိမ့်မည်ဟု ထင်မြင်ယူဆခဲ့ကြသော်လည်း တကယ်တမ်းတွင် ထိုကဲ့သို့မဖြစ်ခဲ့ချေ။ ကိုလိုနီနယ်ချဲ့နှိုင်ငံအများအပြားမှာ မိမိတို့၏ ကိုလိုနီနယ်မြေအများအပြားကို ပြန်လည်ရယူခဲ့ကြရာ အင်ဒိုနီးရှားကို ဒတ်ချ်တို့ကလည်းကောင်း၊ အင်ဒိုချိုင်းနား(ဗီယက်နမ်၊ ကမ္ဘောဒီးယား နှင့်လာအို) ကို ပြင်သစ်ကလည်းကောင်း၊ မလေးရှားနှင့် မြန်မာကို ဗြိတိသျှတို့ကလည်းကောင်း ပြန်လည်ရယူခဲ့ကြသည်။ ထို့ကြောင့် ထိုအမျိုးသားရေးလှုပ်ရှားမှုများ၏ နောက်ထပ်အခန်းကဏ္ဍတစ်ရပ်မှာ ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့်အတွက် တိုက်ပွဲဝင်ခြင်းပင်ဖြစ်သည်။

၈.၃.၃ ကိုယ်ပိုင်ပြဋ္ဌာန်း အုပ်ချုပ်ခွင့်အတွက် တိုက်ပွဲဝင်လှုပ်ရှားမှုများ

ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းခွင့်အတွက် တိုက်ပွဲဝင်ခြင်းများမှာ အရှေ့တောင်အာရှဒေသတွင် လူအခွင့်အရေးအတွက် ပထမဆုံးတိုက်ပွဲဝင်ခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။ မိမိတို့သည် ကိုလိုနီနယ်မြေများအဖြစ် အသတ်မှတ်မခံသင့်တော့ကြောင်းနှင့် မိမိတို့၏ နိုင်ငံရေးစနစ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းဆုံးဖြတ်ပိုင်ခွင့်နှင့် နိုင်ငံ၏သဘာဝအရင်းအမြစ်များကို ကိုယ်တိုင်စီမံခန့်ခွဲပိုင်ခွင့်တို့မှာ (နောက်ပိုင်းတွင် လူအခွင့်အရေးတစ်ရပ်ဖြစ်လာမည့်) မိမိတို့၏အခွင့်အရေး ဖြစ်သည်ဟု ဒေသတစ်ဝန်းရှိ အမျိုးသားရေးလှုပ်ရှားသူများက ယုံကြည်ခဲ့ကြသည်။

ကမ္ဘာတစ်ဝန်းက ကိုလိုနီဆန့်ကျင်ရေးလှုပ်ရှားမှုများမှာ အရှေ့တောင်အာရှ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေး လှုပ်ရှားမှုများအပေါ် လွှမ်းမိုးမှုရှိခဲ့သည်။ ဗြိတိသျှတို့သိမ်းပိုက်ထားသည့် အိန္ဒိယတွင် ဂန္ဒီ၊ နေရူးနှင့် အခြားသူတို့ဦးဆောင်သည့် အမျိုးသားရေးလှုပ်ရှားမှုမှာ ကိုလိုနီဆန့်ကျင်ရေးအတွက် လှုံ့မြော်အားကျစရာ စိတ်အားတက်ကြွစရာတစ်ခုဖြစ်ခဲ့သည်။ အိန္ဒိယအမျိုးသားရေးဝါဒီများ လက်တွေ့ကျင့်သုံးခဲ့သည့် ဂန္ဒီ၏ ငြိမ်းချမ်းစွာဆန္ဒပြခြင်း အယူအဆမှာ အိန္ဒိယကို လွတ်လပ်ရေးပင်ရစေခဲ့ပြီး ယနေ့ခေတ် ငြိမ်းချမ်းရေးကျင့်သုံးလိုက်နာသူများကြား၌ပင် လွှမ်းမိုးမှုရှိနေဆဲဖြစ်သည်။ အရှေ့တောင်အာရှအတွင်းရှိ အခြားအမျိုးသားရေးဝါဒီများမှာမူ အတုယူအားကျစရာနိုင်ငံရေးအတွေးအခေါ်အဖြစ် တရုတ်ကိုမျှော်ကြည့်ခဲ့ကြသည်။ မာ့စ်ဝါဒ နှင့် မော်ဝါဒ တို့ကဲ့သို့သော နိုင်ငံရေးအတွေးအခေါ်များမှာ ကိုလိုနီအုပ်ချုပ်သူများကိုတော်လှန်သည့် ပြောက်ကျားသူပုန်များအပေါ်တွင်ရော လွတ်လပ်ရေးရပြီးနောက် နိုင်ငံများ၏ စီးပွားရေးဖွံ့စည်းတည်ဆောက်ပုံတို့အပေါ်တွင်ပါ လွှမ်းမိုးမှုရှိခဲ့သည်။ ဗမာ့ကွန်မြူနစ်ပါတီနှင့် နောက်ပိုင်းတွင် ဗီယက်နမ်၊ လာအို နှင့် ကမ္ဘောဒီးယားတို့အဖြစ် ကွဲသွားသည့် အိုင်ဒိုချိုင်းနားကွန်မြူနစ်ပါတီ နှစ်ခုစလုံးကို ၁၉၃၀ လွန် အစောပိုင်းနှစ်များတွင် တည်ထောင်ခဲ့ပြီး တရုတ်ကွန်မြူနစ်ပါတီနှင့် အချိတ်အဆက်ရှိခဲ့သည်။ ထိုအချိန်က အကြီးဆုံးကွန်မြူနစ်ပါတီမှာ အင်ဒိုနီးရှားတွင်ရှိသည်။ နိုင်ငံအများအပြားတွင် ကွန်မြူနစ်နှင့် ကွန်မြူနစ်မဟုတ်သည့် လွတ်လပ်ရေးလှုပ်ရှားသူများဟူ၍ နှစ်မျိုးစလုံး ရှိနေလေရာ ကိုယ်ပိုင်အုပ်ချုပ်ရေးဆီသို့လမ်းများမှာလည်း ပဋိပက္ခပွင့်နှံခဲ့ပြီး ဒေသတစ်ဝန်းပြည်တွင်းစစ်ပွဲများ ပေါ်ပေါက်မှုဆီသို့ ဦးတည်သွားခဲ့သည်။

အခြားလွှမ်းမိုးမှုတစ်ရပ်မှာ ကုလသမဂ္ဂဖြစ်သည်။ ကုလသမဂ္ဂပဋိညာဉ်နှင့် UDHR တို့ကို သဘောတူ လက်ခံခြင်းနှင့် ကိုလိုနီနယ်ချဲ့နိုင်ငံများမှာ နိုင်ငံတကာဥပဒေ၏ တစ်စိတ်တစ်ဒေသအဖြစ်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုရန် ဖိအားပေးခံခဲ့ကြရသည်။ အရှေ့တောင်အာရှတစ်ဝန်းရှိ အမျိုးသားရေးလှုပ်ရှားသူများသည် မိမိတို့နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းခွင့်နှင့် လူမျိုးရေးတန်းတူညီမျှမှု တောင်းဆိုခြင်းတို့တွင် ကုလသမဂ္ဂပဋိညာဉ်ပါ စကားရပ်နှင့် ကတိများကို ထုတ်နုတ်အသုံးပြုနိုင်ခဲ့သည်။ ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းခွင့်ကို ကုလသမဂ္ဂပဋိညာဉ်၏ အပိုဒ် ၁. ၂ (ကုလ၏ရည်ရွယ်ချက်) နှင့် ၅၅ (စီးပွားရေးနှင့်လူမှုရေးပူးပေါင်းဆောင်ရွက်မှု)တို့တွင် ဖော်ပြထားသည်။ ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းခွင့်သည် လူအခွင့်အရေးတစ်ရပ်အဖြစ်လည်း ဖော်ပြခံရပြီး UDHR နိဒါန်းတွင် ဖော်ပြထားချက်အရ အဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူများသာမက ထိုအဖွဲ့ဝင်နိုင်ငံတို့က စီရင်ပိုင်ခွင့်ရှိသည့် နယ်နမိတ်များအတွင်းရှိ ပြည်သူများတွင်ပါ ဘုံစံနှုန်းတစ်ရပ် ဖြစ်လာခဲ့ရာ ကိုလိုနီအပြုခံနိုင်ငံသားများပါ ရသင့်ရထိုက်သည့် အခွင့်အရေးတစ်ရပ်အဖြစ် ဖော်ပြခံခဲ့ရသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့်နှင့်ပတ်သက်ပြီး ဖော်ပြထားသော နောက်ထပ်ဥပဒေစံနှုန်းများထဲတွင် ၁၉၆၀ ကိုလိုနီအပြုခံနိုင်ငံများနှင့် ပြည်သူများကို လွတ်လပ်ခွင့်ပေးရေး ကြေညာစာတမ်းနှင့် ICCPR နှင့် ICESCR သဘောတူစာချုပ်များ၏ ပထမအပိုဒ်တို့ ပါဝင်သည်။ ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့်နှင့်ပတ်သက်ပြီး အဓိပ္ပာယ်သတ်မှတ်ချက်မှာ တိကျရေရာမှုမရှိသလို အဖွဲ့ဝင်နိုင်ငံများ၏ ဥပဒေအရ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ထည့်သွင်းထားခြင်းလည်းမရှိသောကြောင့် ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းခွင့်နှင့်ပတ်သက်ပြီး အငြင်းပွားမှုများ ရှိနေဆဲဖြစ်သည်။ ထို့ပြင် မည်သူတို့တွင် ထိုအခွင့်အရေး ရပိုင်ခွင့်ရှိကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြထားခြင်းလည်း မရှိခဲ့ချေ။ လူအခွင့်အရေးတစ်ရပ်အဖြစ် စဉ်းစားလျှင်မူ ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းခွင့်မှာ လူအများနှင့်ဆိုင်သော အဖွဲ့အစည်းတစ်ရပ်အတွက် ရည်ရွယ်သည့်အခွင့်အရေးဖြစ်ပြီး လူတစ်ဦးတစ်ယောက်ချင်းစီနှင့်ဆိုင်သော အခွင့်အရေးတစ်ရပ်မဟုတ်ချေ။ (ဤဝေါဟာရနှင့်ပတ်သက်ပြီး ဆွေးနွေးနိုင်ရန်အတွက် အောက်ပါအတိုင်း ဘောင်ခတ်ထားသော ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းခွင့် သဘောတရားရေးရာရှင်းလင်းချက်တွင်ကြည့်ပါ) ထို့ကြောင့် ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့်ကို အချို့ကုလအဖွဲ့အစည်းများတွင် တစ်သီးပုဂ္ဂလအခွင့်အရေးတစ်ရပ်အဖြစ် မရှုမြင်ချေ။

သဘောတရားရေးရာ ရှင်းလင်းချက်
ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့်

ယေဘုယျအားဖြင့် ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းခွင့်ဆိုသည်မှာ ကိုလိုနီအပြုခံနိုင်ငံများမှ နိုင်ငံရေးအဖွဲ့အစည်းများက ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပြန်လည်ရရှိရေးအတွက် နိုင်ငံရေးလွတ်လပ်ခွင့်ကို ပြန်လည်ရရှိရန် ကြိုးပမ်းကြခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုသည်မှာ အချုပ်အခြာအာဏာနှင့် နိုင်ငံတကာနိုင်ငံရေးဇာတ်ခုံပေါ်မှ မိမိတို့နိုင်ငံ၏ အနေအထားကို လွတ်လပ်စွာဆုံးဖြတ်နိုင်သည့် ပြည်သူများ (သို့မဟုတ် နိုင်ငံရေးအရ ချိတ်ဆက်နေသော ပြည်သူ့အဖွဲ့အစည်းများ)၏ အခွင့်အရေးကိုဆိုလိုသည်။ ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းခွင့်တွင် Peoples ဟူသည့် ဇဝေဇဝါဖြစ်စရာ အင်္ဂလိပ်စကားလုံးတစ်လုံးကို သုံးစွဲထားသည်။ Peoples ဆိုသည်မှာ လူအမျိုးမျိုး သို့မဟုတ် မတူညီသောလူအဖွဲ့အစည်းအများအပြားဟူ၍ဖြစ်သည်။ သို့သော် ထိုစကားလုံးအတွက် တရားဝင်အဓိပ္ပာယ်သတ်မှတ်ချက်မရှိသလို ယင်းစကားလုံးသည် People နှင့် မည်သို့ကွဲပြားသည်ကို ဖော်ပြ

ထားခြင်းမျိုးလည်း မရှိချေ။ ကိုလိုနီအစိုးရများသည် တိုင်းရင်းသားလူနည်းစု သို့မဟုတ် လူမျိုးစုများက လွတ်လပ်ရေး လိုချင်လာမည်ကို စိုးရိမ်ခဲ့ကြရာ ကိုလိုနီအဖြစ် သိမ်းပိုက်ခံရသည့် ပြည်မနိုင်ငံများသာ အသိအမှတ်ပြုခံလိုသည့်အတွက် ထိုစကားလုံးကို တီထွင်သုံးစွဲခဲ့ခြင်းဖြစ်သည်။ အရှေ့တောင်အာရှတွင် ကိုလိုနီအပြုခံပြည်သူများကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် မည်သူတို့က ကိုယ်ပိုင်အုပ်ချုပ် ပြဋ္ဌာန်းခွင့် တောင်းဆိုခွင့်ရှိသည် ဆိုသည်နှင့်ပတ်သက်ပြီး အငြင်းပွားမှုများ ပေါ်ပေါက်ခဲ့သည်။ ဥပမာ - ဥပဒေကြောင်းအရ အငြင်းပွားစရာများရှိသော်လည်း မြန်မာနိုင်ငံရှိ ရှမ်း၊ ကချင်၊ ကရင် စသည့် တိုင်းရင်းသားလူမျိုးစုအများအပြားမှာ ထိုကဲ့သို့တောင်းဆိုမှုပြုခဲ့ကြသည်။

အဲ့ဩစရာကောင်းသည်မှာ ထိုကာလအတွင်းက ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းခွင့်အကြောင်း ဆွေးနွေးမှုများတွင် လူအခွင့်အရေးကို ချန်လှပ်ထားခဲ့ကြခြင်းဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းခွင့်ရရေး လှုပ်ရှားမှုများသည် အဘယ်ကြောင့် လူအခွင့်အရေးအကြောင်းအရာကိုအသုံးမပြုသနည်း ဆိုသည်မှာ ရှင်းရှင်းလင်းလင်းမရှိသော်လည်း ယူဆချက်များစွာထွက်ပေါ်လာခဲ့သည်။ ပထမအဆိုပြုချက်မှာ ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့်မှာ အဓိကအားဖြင့် နိုင်ငံရေးအရေးကိစ္စတစ်ရပ်ဖြစ်ပြီး တစ်သီးပုဂ္ဂလ အခွင့်အရေးပြဿနာတစ်ရပ်အဖြစ် ယူဆခံရခြင်းမရှိဟူ၍ ဖြစ်သည်။ ထို့ကြောင့် ကိုလိုနီဆန့်ကျင်ရေး လှုပ်ရှားမှုအများစုမှာ သက်ဆိုင်ရာအဖွဲ့တစ်ခု၏အခွင့်အရေးကိုသာ အာရုံထားပြီး တစ်သီးပုဂ္ဂလအခွင့်အရေးအပေါ် အာရုံစိုက်ခြင်းမရှိချေ။ ဒုတိယအဆိုပြုချက်မှာ နိုင်ငံတော်အစိုးရများမှာ ၎င်းတို့၏ နေရာခိုင်မြဲရေးအတွက် လူအခွင့်အရေးကို ရံဖန်ရံခါမှသာ မဟာဗျူဟာကျကျ အရေးတယူပြုတတ်ကြခြင်းကြောင့်ဟု ဖြစ်သည်။ ဥပမာ - ဗြိတိသျှတို့သည် မြန်မာနိုင်ငံတွင် ဒုတိယကမ္ဘာစစ်အတွင်းက ၎င်းတို့ကိုကူညီခဲ့သော ကရင်နှင့်ကချင်လူမျိုးတို့၏ လူနည်းစုအခွင့်အရေးနှင့်ပတ်သက်ပြီး ဆွေးနွေးပြောဆိုမှုများရှိခဲ့သည်။ သို့သော် ထိုအကြောင်းအရာမှာ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် လျင်မြန်စွာပင် မေ့မေ့ပျောက်ပျောက်ဖြစ်သွားခဲ့သည်။ ထို့ပြင် ကိုလိုနီလက်အောက်ခံဘဝမှ လွတ်မြောက်သောနိုင်ငံများမှာ လူအခွင့်အရေးကို ထောက်ခံကြောင်း လူသိရှင်ကြား ဖော်ပြကြသော်လည်း (အောက်တွင်ဖော်ပြထားသည့် ဘက်မလိုက်လှုပ်ရှားမှုများတွင် လူအခွင့်အရေးကိုအသုံးပြုပုံကို ကြည့်ပါ။) မိမိတို့ကိုယ်တိုင် ထိုအခွင့်အရေးများကိုမည်ကဲ့သို့လိုက်နာမည်ဆိုသည်ကိုမူ ဖော်ပြခဲလှသည်။ တတိယအနေဖြင့် ထိုကာလကအရှေ့တောင်အာရှတွင် အဓိကကြီးစိုးနေသော နိုင်ငံရေးအရ ပူပင်မှုမှာ စစ်အေးတိုက်ပွဲ ဖြစ်သည်။ လူအခွင့်အရေး မြှင့်တင်ခြင်းနှင့်ကာကွယ်ခြင်းတို့မှာ စစ်အေးခေတ်ကာလ နိုင်ငံတကာတွင် ကွန်မြူနစ်စနစ်ကို ဆန့်ကျင်ရေးတရားများကြားတွင် နစ်မြုပ်သွားခဲ့ခြင်းကြောင့်ဖြစ်သည်ဟူသည့် အဆိုဖြစ်သည်။ အရေးအကြီးဆုံးနှင့်နောက်ဆုံးအနေဖြင့် ထိုအချိန်တွင် လူအခွင့်အရေးမှာ အလေးထားခံရမှုအလွန်နည်းသည့် ခေါင်းစဉ်တစ်ရပ်ဖြစ်လျက်ရှိခြင်းပင်ဖြစ်သည်။ လူအခွင့်အရေးနှင့်ပတ်သက်ပြီး စောင့်ထိန်းရန် တွန်းအားပေးသည့် နိုင်ငံတကာ သဘောတူညီမှုများ မရှိသေးသလို ကျောင်းများတွင်လည်း ထိုအကြောင်းအရာကို သင်ကြားခြင်းမရှိသေးချေ။ ပညာတတ်များလောက်သာ လူအခွင့်အရေးဆိုသည့်စကားလုံး၏ ဆိုလိုချက်ကိုသိကြသောကြောင့် လူအခွင့်အရေး လှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့် ထောက်ပံ့မှုရရှိစေနိုင်သော အသုံးအနှုန်းတစ်ရပ် မဖြစ်ခဲ့ပေ။ လူအခွင့်အရေးအစား အမျိုးသားရေးဝါဒကို မြှင့်တင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကဲ့သို့သော အယူအဆများကို အသစ်ထွက်ပေါ်လာသော နိုင်ငံများက ဦးစားပေး လက်ကိုင်ထားခဲ့ကြသည်။

စစ်အေးတိုက်ပွဲ

စစ်အေးတိုက်ပွဲဆိုသည့် အသုံးအနှုန်းမှာ အင်အားကြီးနိုင်ငံကြီးနှစ်နိုင်ငံဖြစ်သည့် အမေရိကန်နှင့် ဆိုဗီယက်ယူနီယံတို့ကြား ပဋိပက္ခဖြစ်ပွားခြင်းကို ရည်ညွှန်းပြီး ယင်းစစ်အေးတိုက်ပွဲကာလ (စစ်အေးခေတ်)မှာ ဒုတိယကမ္ဘာစစ် ပြီးဆုံးချိန်မှ ၁၉၉၀ ပန်းကျင်အထိ ကြာမြင့်ခဲ့သည်။ ပဋိပက္ခများမှာ အင်အားကြီး ၂ နှစ်နိုင်ငံ တိုက်ရိုက်ထိတွေ့ခြင်းမျိုးထက် ဗီယက်နမ်၊ အာဖဂန်နစ္စတန်နှင့် အန်ဂိုလာတို့ကဲ့သို့သော အခြားနိုင်ငံများတွင်ဖြစ်ပွားသည့် ပဋိပက္ခများတွင် တစ်ဖက်စီဝင်ရောက်ကူညီပံ့ပိုးသည့် ဘက်နှစ်ဘက်ကို ကိုယ်စားပြုသောစစ်ပွဲများဟု ခေါ်သည့် တိုက်ပွဲများအသွင်ကိုသာ ဆောင်ခဲ့သည်။

၈.၄ လွတ်လပ်ရေးရပြီးခေတ်မှ အာဏာရှင်ဆန်သောအုပ်ချုပ်မှုခေတ်အထိ

အရှေ့တောင်အာရှနိုင်ငံများသည် ငြိမ်းငြိမ်းချမ်းချမ်းနှင့် အခိုင်မာကိုက်ရရှိခဲ့ခြင်းမျိုး မဟုတ်သော်လည်း လွတ်လပ်ရေးကို မတူညီသည်နည်းလမ်းအမျိုးမျိုးဖြင့် ရရှိခဲ့ကြသည်။ သွေးဖြင့်ရင်းရသည့် တော်လှန်ခြင်းနည်းဖြင့် ရရှိသည်ဖြစ်စေ၊ အခြားနည်းဖြင့်ရရှိသည်ဖြစ်စေ ၁၉၅၇ အရောက်တွင် အရှေ့တောင်အာရှ၌ လွတ်လပ်သောနိုင်ငံ ၇ နိုင်ငံအထိ ရှိခဲ့သည်။ ထိုစာရင်းထဲသို့ ၁၉၆၅ တွင် မလေးရှားကျွန်းဆွယ်မှ ခွဲထွက်ခဲ့သည့် စင်ကာပူ၊ ၁၉၈၄ တွင် ဗြိတိသျှမလေးရှားကျွန်းဆွယ်မှ ခွဲထွက်နိုင်ခဲ့သည့် ဘရူနိုင်း၊ ၁၉၇၅ တွင် ပေါ်တူဂီတို့ထံမှလွတ်လပ်ရေးရသော်လည်း ၁၉၇၆ တွင် အင်ဒိုနီးရှား၏ သိမ်းပိုက်ခြင်းကိုခံရကာ ၁၉၉၉ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြီးနောက် ၂၀၀၂ ခုနှစ်တွင် လွတ်လပ်လာခဲ့သည့် အရှေ့တီမောတို့ ထပ်တိုးပါဝင်လာခဲ့သည်။

လွတ်လပ်ရေးရပြီးနောက်တွင် အရှေ့တောင်အာရှနိုင်ငံများသည် ကမ္ဘာ့နိုင်ငံရေးဖြစ်စဉ်အတွင်းတွင် တစ်ဘက်ဘက်ကို မဟာမိတ်ပြုရန် ဖိအားပေးခံခဲ့ကြရသည်။ အချို့မှာ ကွန်မြူနစ်နှင့် အချို့မှာ အရင်းရှင်စနစ်တို့ဖြစ်ခဲ့ကြသော်လည်း အရှေ့တောင်အာရှနိုင်ငံအများစုမှာ ဘက်မလိုက်လှုပ်ရှားမှု (Non-Aligned Movement - NAM) တွင်သာပါဝင်ခဲ့ကြသည်။ ထို့ကြောင့် အရှေ့တောင်အာရှဒေသသည် စစ်အေးခေတ်တွင် မည်သည့်ဘက်မျှ မပါဝင်ခဲ့ဘဲ နောက်ပိုင်းတွင် တတိယကမ္ဘာအဖြစ် သတ်မှတ်ပြောဆိုလာကြသည့်နိုင်ငံများအဖွဲ့ NAM ဖွဲ့ဖြိုးတိုးတက်မှုတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ကိုလိုနီစနစ်အောက်မှလွတ်မြောက်ခဲ့သောနိုင်ငံများသည် ဘုံတူညီသော ရည်မှန်းချက်များရှိကြသည်။ ထိုနိုင်ငံများသည် ပထမနှင့် ဒုတိယကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးနှင့် စစ်ရေးအင်အားများအပေါ် စိုးရိမ်ပူပန်စိတ်ရှိကြပြီး ကိုလိုနီအုပ်ချုပ်မှုစနစ်၏ နောက်ဆက်တွဲ ရလဒ်အဖြစ် ခွဲခြားဆက်ဆံမှုများနှင့်လူမျိုးရေးခွဲခြားမှုများ (တောင်အာဖရိကတွင် လူမျိုးရေး အခြေခံခွဲခြားအုပ်ချုပ်သည့်အလေ့အထကဲ့သို့သော)ဖြစ်ပေါ်နေသည့်အပေါ်တွင် မကြိုက်မနှစ်သက်ရာတွင်လည်း တူညီကြသည်။ ထို့ပြင် ဥရောပနှင့် မြောက်အမေရိကနိုင်ငံများ၏ စီးပွားရေးအင်အားကို ယှဉ်ပြိုင်နိုင်ရန် မိမိတို့အချင်းချင်း နီးကပ်စွာ မဟာမိတ်ဖွဲ့ရမည်ကိုလည်း အသိအမှတ်ပြု လက်ခံခဲ့ကြသည်။

သဘောတရားရေးရာ ရှင်းလင်းချက်

ကမ္ဘာသုံးခုအတွင်းမှ ဘက်မလိုက်လှုပ်ရှားမှု

စစ်အေးခေတ်အတွင်းတွင် ကမ္ဘာကြီးသည် အုပ်စု သုံးစုကွဲသွားခဲ့သည်။ ပထမကမ္ဘာ (အနောက်တိုင်းအရင်းရှင်နိုင်ငံများ)၊ ဒုတိယကမ္ဘာ (ကွန်မြူနစ်နိုင်ငံများ)နှင့် တတိယကမ္ဘာ (ကိုလိုနီလက်အောက်မှ လွတ်မြောက်လာသည့် ဆင်းရဲသောဖွံ့ဖြိုးဆဲနိုင်ငံများ) တို့ဖြစ်သည်။ တတိယကမ္ဘာနိုင်ငံများသည် ပထမကမ္ဘာနှင့် ဒုတိယကမ္ဘာ ဟူသည့် အင်အားကြီးအဖွဲ့နှစ်ဖွဲ့အနက် မည်သည့်ဘက်မျှ မပါသောနိုင်ငံပေါင်း ၁၀၀ ခန့်ပါဝင်သည့် ဘက်မလိုက်လှုပ်ရှားမှု Non Aligned Movement(NAM) ကို ဖွဲ့စည်းခဲ့သည်။ ထိုမဟာမိတ်အဖွဲ့တွင် တက်တက်ကြွကြွပါဝင်သောနိုင်ငံများမှာ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ အီဂျစ်နှင့် ကျူးဘားတို့ ဖြစ်သည်။

ကိုလိုနီလက်အောက်မှ လွတ်မြောက်လာသောနိုင်ငံများ (အာဖရိကနှင့် အာရှနိုင်ငံများ အဓိကပါဝင်သော) ၏ ပထမဆုံးအကြိမ် အစည်းအဝေးကြီးကို အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းတွင် ၁၉၅၅ ခုနှစ် ဧပြီတွင် ကျင်းပခဲ့သည်။ နောက်ဆက်တွဲအဖြစ် ၁၉၆၁ ခုနှစ်တွင် ကျင်းပသည့် ညီလာခံတွင် ကြေညာခဲ့သည့် NAM မှာ ဘန်ဒေါင်းညီလာခံမှ အစပြုသည်ဟုဆိုနိုင်သည်။ စိတ်ဝင်စားစရာကောင်းသည့်အချက်မှာ လုပ်ငန်းစဉ်ထဲတွင် လူအခွင့်အရေး ပါဝင်နေခြင်းဖြစ်သည်။ယင်းတို့မှာ ဘန်ဒေါင်းတွင်ထုတ်ပြန်ခဲ့သည့် Final Communiqué of the Asian-African Conference ဟု အမည်ရသော အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်း၏ စည်းမျဉ်း ၁၀ ချက်၏ ပထမဆုံးအချက်လည်းဖြစ်သည်။ လက်တွေ့တွင်မူ NAM နိုင်ငံများအနေဖြင့် လူအခွင့်အရေးအားလုံးကို အမှန်တကယ် ပံ့ပိုးပေးမှု ရှိ၊ မရှိဆိုသည်မှာ အငြင်းပွားဖွယ်ရာပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် NAM နိုင်ငံများသည် ကိုလိုနီလက်အောက်မှ လွတ်မြောက်ရေးနှင့် ခွဲခြားဆက်ဆံမှုမပြုရေးတို့နှင့် ဆိုင်သော အခွင့်အရေးများကို ရွေးချယ်အာရုံစိုက်လိုခဲ့ပြီး တစ်ချိန်တည်းတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် နိုင်ငံရေးလွတ်လပ်ခွင့်တို့ကဲ့သို့သော နိုင်ငံသားအခွင့်အရေးများကိုမူ တင်းတင်းကျပ်ကျပ်ထိန်းချုပ်ထားခဲ့၍ ဖြစ်သည်။

လွတ်လပ်ရေးသည် လူအခွင့်အရေးကို စမ်းသပ်မှုနှင့် စိန်ခေါ်မှုအသစ်များကို ယူဆောင်လာခဲ့သည်။ ကိုလိုနီစနစ်နှင့် ဒုတိယကမ္ဘာစစ်တို့ကြောင့် အရှေ့တောင်အာရှတွင် ထိခိုက်မှုများစွာဖြစ်ပေါ်ခဲ့ရသည်။ ဒေသတွင်းနေရာအနှံ့အပြားတွင် နယ်နမိတ်မျဉ်းများ သတ်မှတ်ပြီး လွတ်လပ်ရေးရပြီးနောက်၌ပင် တိုင်းပြည်များတွင် မည်သူတို့က၊ မည်ကဲ့သို့အုပ်ချုပ်သင့်သည် ဆိုသည်နှင့် ပတ်သက်ပြီး သဘောမတူညီမှုများရှိနေဆဲဖြစ်သည်။ ဒေသတစ်ဝန်းရှိ အစိုးရသစ်များသည် လူနည်းစုတိုင်းရင်းသားများ၊ ဘာသာရေးအဖွဲ့များနှင့် နိုင်ငံရေးအယူအဆများကိုအခြေခံပြီး ပေါ်ပေါက်လာသော ပြည်တွင်းပဋိပက္ခများကို ရင်ဆိုင်ခဲ့ကြရသည်။ လွတ်လပ်ရေးရခါစ နိုင်ငံအသစ်များတွင် စီးပွားရေးနှင့် နိုင်ငံရေးမော်ဒယ်များမှာ အမြတ်ထုတ်ခံရခြင်းလည်း ရှိခဲ့သည်။ ဥပမာ - မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုတွင် စစ်တပ်က အဓိကအခန်းကဏ္ဍမှ ဦးဆောင်ခဲ့ခြင်းကြောင့် နိုင်ငံရေးတွင် စစ်တပ်ကအဓိက ကြီးစိုးထားနိုင်ခဲ့သည်။ အခြားနိုင်ငံများတွင်မူ အုပ်ချုပ်ရေးအယူအဆများနှင့် စမ်းသပ်သုတေသနပြုမှုများကို စမ်းသပ်လုပ်ဆောင်ခဲ့ရာ များသောအားဖြင့် ပြည်သူ့ဘဏ္ဍာများသာ အကုန်အကျများခဲ့သည်။ ထိုအစိုးရအများစုမှာ အာဏာကိုင်စွဲထားသော နိုင်ငံရေး စနစ်တစ်ရပ်ဖြစ်သည့် အာဏာရှင်ဆန်သောအုပ်ချုပ်သူများဖြစ်ပြီး ပြည်သူများမှာ အစိုးရကို မည်သို့လုပ်သင့်သည်ကို အနည်းငယ်မျှသာ ဝင်ရောက်ပြောဆိုခွင့်ရကြသည်။ ဒေသတွင်း နေရာအနှံ့အပြားတွင် နိုင်ငံတော်အစိုးရ၏အာဏာကို မေးခွန်းထုတ်ခွင့်မရှိဘဲ လူအခွင့်အရေးများမှာလည်း အငြင်းပယ်ခံခဲ့ကြရသည်။ ထို့ပြင် စစ်အေးခေတ် နှစ်ပေါင်း ၄၀ ၏ ရက်စက်ကြမ်းကြုတ်မှုကိုလည်း ထပ်မံပေါ်ပေါက်စေခဲ့ရာ အားလုံးမှာ ကျယ်ကျယ်ပြန့်ပြန့်နှင့် ရည်ရွယ်ချက်ရှိရှိ လူအခွင့်အရေးချိုးဖောက်မှုများ ပေါ်ပေါက်ရာ ကာလအပိုင်းအခြား၏ရလဒ်အဖြစ် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ သို့သော် ပြည်သူများသည် ထိုအကြမ်းဖက်မှုများနှင့် ဆင်းရဲဒုက္ခများကြောင့်ပင် အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ဒီမိုကရေစီ လှုပ်ရှားမှုများကဲ့သို့သော ပြောင်းလဲမှုများမှတစ်ဆင့် စစ်အုပ်ချုပ်ရေးကို စိန်ခေါ်လိုစိတ်နိုးကြားလာခြင်းဖြစ်သည်ဟု ပုံဖော်ယူဆကြရမည်ဖြစ်သည်။ ဤကာလ၏ ဝိသေသလက္ခဏာရပ်များမှာ စစ်ဘက်မှသဘောထားတင်းမာသူများ၏ အာဏာရှင်ဆန်သော အုပ်ချုပ်မှုများ နေရာတကာပျံ့နှံ့မှု၊ စစ်အေးခေတ်က ဖန်တီးလိုက်သည့် ပဋိပက္ခနှင့် ရက်စက်ကြမ်းကြုတ်မှုများနှင့် ဒေသတွင်းရှိ

အာဏာရှင်ဆန်ခြင်း

အာဏာရှင်စနစ်ဆိုသည် ပြည်သူလူထုက နိုင်ငံရေးလွတ်လပ်ခွင့် အနည်းငယ်သာရရှိသော ဗဟိုကတင်းတင်းကျပ်ကျပ် ချုပ်ကိုင်သည့်စနစ်ဖြစ်သည်။ အာဏာရှင်စနစ် ပုံစံအမျိုးမျိုးရှိသော်လည်း အဓိကလက္ခဏာရပ်မှာ လူတစ်ဦးတစ်ယောက် သို့မဟုတ် လူနည်းစုအဖွဲ့တစ်ဖွဲ့က နိုင်ငံရေးဆုံးဖြတ်ချက်များအားလုံးကို ချမှတ်ခြင်းဖြစ်သည်။ အာဏာရှင်အစိုးရသည် စစ်အာဏာရှင်ကဲ့သို့ ရက်စက်ကြမ်းကြုတ်ခြင်း ဖြစ်နိုင်သလို နိုင်ငံရေးစနစ်က ဒီမိုကရက်တစ်ပုံစံမျိုးရှိသော်လည်း ဆုံးဖြတ်ချက်များကို လူတစ်ယောက် သို့မဟုတ် တစ်စုတစ်ဖွဲ့ကသာ ချမှတ်ကြသော ဟွေ့ပြောင်းသည့် အာဏာရှင်ပုံစံမျိုး ရှိနိုင်သည်။

ပြည်သူများ၏ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေးဆန္ဒများ ကြီးထွားလာမှုတို့ဖြစ်သည်။ လာမည့်ကဏ္ဍတွင် အဆိုပါ လက္ခဏာ ၃ ရပ်ကို သုံးသပ်လေ့လာသွားမည်ဖြစ်သည်။

၈.၄.၁ အာဏာရှင်ဆန်သောအုပ်ချုပ်မှုနှင့် စစ်အုပ်ချုပ်ရေး

အရှေ့တောင်အာရှနိုင်ငံများအားလုံးတွင် စစ်အစိုးရများမရှိခဲ့သော်လည်း အုပ်ချုပ်မှုပုံစံအများစုမှာ ဒီမိုကရေစီမဟုတ်သော အစိုးရအုပ်ချုပ်မှုပုံစံများသာဖြစ်သည်။ ၁၉၇၀ လွန်နှစ်များအတွင်းတွင် စင်ကာပူနှင့် မလေးရှားနှစ်နိုင်ငံမှလွဲ၍ကျန် အရှေ့တောင်အာရှနိုင်ငံများအားလုံးတွင် စစ်တပ်ကသာ အုပ်ချုပ်ထားခဲ့သည်။ ဒေသတွင်းတွင် စစ်အစိုးရများ အားကောင်းလာရသည့် အကြောင်းရင်းမှာမူ များသောအားဖြင့် မနီးမဝေးစွဲသာဖြစ်သည်။ တိုင်းပြည်များသည် ပြည်တွင်းပဋိပက္ခများကို ရင်ဆိုင်နေကြရရာ အချို့မှာ တိုင်းရင်းသားလက်နက်ကိုင်များ (မြန်မာ)၊ နိုင်ငံရေးပုန်ကန်မှု (သာဓကအားဖြင့် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအိုနှင့် ထိုင်းတို့တွင် ကွန်မြူနစ်လှုပ်ရှားမှုများ) သို့မဟုတ် မတည်ငြိမ်သော ဒီမိုကရေစီ(ထိုင်း) တို့ကြောင့် ဖြစ်သည်။ ထိုကဲ့သို့သောအခြေအနေများတွင် စစ်ဘက်က တည်ငြိမ်မှုနှင့် ငြိမ်ဝပ်ပိပြားမှုတို့ရရှိရန်အတွက် နိုင်ငံရေးတွင် ကြားဝင်စွက်ဖက်ရမည်ဟု ယူဆခဲ့သည်။ စစ်အစိုးရများသည် အဓိကအားဖြင့် အာဏာသိမ်းခြင်း နည်းလမ်းဖြင့် အာဏာကိုရယူကြပြီး ဒေသတွင်းရှိအချို့နိုင်ငံများတွင် အာဏာသိမ်းမှုများ မကြာမကြာပင်ဖြစ်လေ့ရှိရာ ထိုင်းနိုင်ငံဆိုလျှင် စစ်တပ်က မကြာခဏအာဏာသိမ်းသည့်နိုင်ငံအဖြစ် လူသိများသည်။

အာဏာသိမ်းခြင်း

စကားလုံးအတိုင်း အတိအကျ အဓိပ္ပာယ်ဖွင့်ဆိုရလျှင် နိုင်ငံကိုတိုက်ခိုက်ခြင်း သို့မဟုတ် ဖြိုတ်တောက်ခြင်း ဟု အဓိပ္ပါယ်ရသည်။ အာဏာသိမ်းခြင်းဆိုသည်မှာ အာဏာကို တရားမဝင်သည့် နည်းလမ်းဖြင့် ရယူခြင်းဖြစ်ပြီး များသောအားဖြင့် စစ်တပ်ကလုပ်ဆောင်လေ့ရှိသည်။ အာဏာသိမ်းခြင်းကို စစ်တပ်က ဦးဆောင်ပြီး အစိုးရအဆောက်အဦများ၊ မီဒီယာ နှင့် ပြည်သူများ၏ အခွင့်အရေးများကိုကန့်သတ်ပြီး အာဏာကို တည်ဆောက်လေ့ရှိသည်။

ဇယား ၈.၁ အရှေ့တောင်အာရှတွင် အာဏာသိမ်းမှုများမည်သည့်နေရာများတွင်မည်မျှ ဖြစ်ပွားခဲ့သနည်း။

နိုင်ငံ	အာဏာသိမ်းမှုများ
ထိုင်း	၂၂ - ၁၉၃၂ ခုနှစ်မှစတင်ပြီး ၂၂ ကြိမ်ခန့်။ နောက်ဆုံးအကြိမ်မှာ ၂၀၁၄ ခုနှစ်ကဖြစ်သည်။
လာအို	၈ - လာအိုတွင် ၁၉၆၀ လွန်နှစ်များ၌ အာဏာသိမ်းမှု ၈ ကြိမ်ဖြစ်ပွားခဲ့ပြီး ယင်းတို့အနက်မှ ၃ ကြိမ်မှာ အောင်မြင်ခဲ့သည်။
ဗီယက်နမ်	၅ - တောင်ဗီယက်နမ်သည် ၁၉၆၀ လွန်နှစ်များအတွင်းတွင် အာဏာသိမ်းမှု ၅ ကြိမ်ခန့် ကြုံတွေ့ခဲ့သည်။
ဖိလစ်ပိုင်	၅ - မားကို့စ်အာဏာရှင်ခေတ်ကတည်းက ၅ ကြိမ်ခန့်ဖြစ်ပွားခဲ့ပြီး ၄ ကြိမ်မှာ အောင်မြင်ခဲ့ကာ တစ်ကြိမ်သာ ကျရှုံးခဲ့သည်။
မြန်မာ	၂ - နေဝင်းသည် ၁၉၆၂ တွင် အာဏာသိမ်းပြီး တိုင်းပြည်အာဏာကိုရယူခဲ့ကာ ၁၉၈၈ တွင် SLORC (နဝတ)က နောက်တစ်ကြိမ် အာဏာသိမ်းပိုက်ခဲ့သည်။
ကမ္ဘောဒီးယား	၂- လွန်နိုလ် က ၁၉၇၀ အာဏာသိမ်းမှုမှတစ်ဆင့် အာဏာရခဲ့သည်။ ဟန်ဆန်က ၁၉၉၇ အာဏာသိမ်းမှုမှတစ်ဆင့် သူ၏အာဏာကို ခိုင်မာအောင် တည်ဆောက်ခဲ့သည်။
အင်ဒိုနီးရှား	၁- ဆူဟာတိုသည် ၁၉၆၅ တွင်အာဏာရခဲ့သည်။

နိုင်ငံ	အာဏာသိမ်းမှုများ
အရှေ့တီမော	၁ - ပေါ်တူဂီတို့ထံမှ ၁၉၇၅ တွင် လွတ်လပ်ရေးရပြီးနောက်နှင့် အင်ဒိုနီးရှားက တိုက်ခိုက်သိမ်းပိုက်ခြင်းမပြုမီ။
ဘရူနိုင်း	မရှိ
မလေးရှား	မရှိ
စင်ကာပူ	မရှိ

အရှေ့တောင်အာရှနိုင်ငံများ၏ စစ်အစိုးရများသည် နိုင်ငံရေးအခွင့်အရေးများ၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့ကို ချိုးဖောက်မှုများ ရှိခဲ့သည့်အပြင် ပို၍ကြမ်းကြုတ်သော လူကို အစတုံးဖျောက်ပစ်ခြင်းများ၊ ညှဉ်းပန်းနှိပ်စက်မှုများ၊ အဓမ္မဖမ်းဆီး ထိန်းသိမ်းခြင်းများကြောင့် ထိုနိုင်ငံတို့၏ လူ့အခွင့်အရေးမှတ်တမ်းများမှာ ဒီမိုကရေစီအစိုးရများနှင့်ယှဉ်ပါက အလွန်တရာ နိမ့်ပါးလှသည်။ စစ်အစိုးရများသည် အင်အားသုံးသည့် နည်းလမ်းဖြင့်သာ အုပ်ချုပ်ကြသောကြောင့် ၎င်းတို့အနေဖြင့် အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုများကို အလွန်အကျွံအသုံးပြုခြင်းမှာ အံ့သြလောက်စရာမရှိချေ။ ထို့ပြင် စစ်အစိုးရများသည် ၎င်းတို့ကိုယ်၎င်းတို့ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်ရန်မလိုဟု ယူဆထားခြင်းကြောင့်လည်း တိုင်းပြည်၏ဥပဒေများထဲတွင် လူ့အခွင့်အရေးများကို ထည့်သွင်းပြဋ္ဌာန်းထားလျှင်ပင် ယင်းလူ့အခွင့်အရေးများကို မျက်ကွယ်ပြုထားနိုင်ချေ ပို၍မြင့်မားမည်ဖြစ်သည်။ စစ်အစိုးရများက လူ့အခွင့်အရေးစံနှုန်းများကို မြှင့်တင်ရန် ဦးဆောင်သွားနိုင်သည့်အခြေအနေမျိုးမှာ စိတ်ကူး၍မရလောက်သည့် အခြေအနေမဟုတ်သော်လည်း ထိုဖြစ်စဉ်မျိုးမှာ အလွန်ရှားပါးသည်က အမှန်ပင်ဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများ၏ စစ်အစိုးရများကို အကျဉ်းရုံးဆန်းစစ်လျှင်ပင် ထိုနိုင်ငံများတွင် အဘယ်ကြောင့် ဆိုးရွားသည့် လူ့အခွင့်အရေးမှတ်တမ်းများ ရှိလာရကြောင်းကို ဖော်ပြလျက်ရှိသည်။ ဖိလစ်ပိုင်တွင် မားကို့စ်အစိုးရလက်ထက်အတွင်းက အတိုက်အခံနိုင်ငံရေးသမားများကို ဖမ်းဆီးနိုင်ပြီး နိုင်ငံရေးလှုပ်ရှားမှုများကို ရာဇဝတ်မှုအဖြစ်သတ်မှတ်သော၊ မီဒီယာများကို ဖျက်သိမ်းသော စစ်အုပ်ချုပ်ရေးအမိန့်ကို ပြဋ္ဌာန်းခဲ့သည်။ ထိုအုပ်ချုပ်ရေးအောက်တွင် စီးပွားရေးလုပ်ငန်းများမှာ မားကို့စ်မိသားစုဝင်များ၏ သိမ်းယူခြင်းကိုခံရကာ ထိုမိသားစုဝင်များကမူ အဆမတန် ကြွယ်ဝချမ်းသာသူများ ဖြစ်ခဲ့ကြသည်။ အမှန်တကယ်တွင် မားကို့စ်အုပ်ချုပ်ခဲ့သည့်ကာလအတွင်း အခွင့်အရေး ချိုးဖောက်ခံခဲ့ရသူများကိုလျော်ကြေးပေးရန် ၎င်းတို့မိသားစုက ခိုးယူခဲ့သည်ဟု ယူဆရသော ဘီလျံနှင့်ချီသည့်ဒေါ်လာများကို ဥပဒေကြောင်းအရ ရှာဖွေနေရဆဲဖြစ်သည်။ အလားတူပင် အင်ဒိုနီးရှားမှ ဆူဟာတိုမှာလည်း အာဏာရှိစဉ်ကာလအတွင်း ချမ်းသာကြွယ်ဝလာခဲ့သူအဖြစ် လူသိများသူဖြစ်သည်။ ဆူဟာတိုသည် အစိုးရအဖွဲ့မှဆင်းပေးလိုက်ရချိန်တွင် အသားတင်ဒေါ်လာ ၁၅ ဘီလျံခန့် ကြွယ်ဝချမ်းသာခဲ့သည်။ ၎င်းအုပ်ချုပ်နေသည့်ကာလအတွင်းတွင် စစ်တပ်က လိုအပ်သည်ထက်ပို၍ သေဒဏ်ချမှတ်ခြင်း၊ လွတ်လပ်စွာပြောဆိုခွင့်ကိုဖိနှိပ်ခြင်း၊ အတိုက်အခံနိုင်ငံရေးသမားများကို ဖိနှိပ်ခြင်း၊ အစိုးရ၏လုပ်ငန်းများတွင် စစ်တပ်က ဝင်ရောက်စွက်ဖက်ခြင်းတို့ လုပ်ဆောင်ခဲ့ကြောင်း လူသိများခဲ့သည်။

မှတ်သားဖွယ်ရာ

အရှေ့တောင်အာရှ၏ စစ်အစိုးရအချို့

မြန်မာ - နေဝင်း(၁၉၆၂-၁၉၈၈)၊ နဝတနှင့် နောက်ပိုင်းတွင် နအဖ(၁၉၈၈-၂၀၁၁)

ကမ္ဘောဒီးယား - လွန်နိုးလ်(၁၉၇၀ - ၁၉၇၅)၊ ခမာနီ(၁၉၇၅-၁၉၇၉)

အင်ဒိုနီးရှား - ဆူကာနို(၁၉၅၉ - ၁၉၆၆)၊ ဆူဟာတို(၁၉၆၆ - ၁၉၉၈)

လာအို - ဖိုမီနိုဆေဗန်(၁၉၅၉ - ၁၉၆၀)

ဖိလစ်ပိုင် - မားကို့စ်(၁၉၇၂ - ၁၉၈၁)

ထိုင်း - ဖိဘွန်ဆုန်ခရမ်(၁၉၃၈-၁၉၄၄)၊ ဆာရစ်သန်နရတ်(၁၉၅၉-၁၉၆၃)၊ သန္တနှ်ကစ်တီကာချောန်(၁၉၆၃-၁၉၇၁)၊ ဆူရာရွတ်ချူလန်ဒွန်(၂၀၀၆-၂၀၀၈)၊ ပရာရွတ်ချန်အိုချာ(၂၀၁၄-)

တောင်ဗီယက်နမ် - ဒေါင်ဗန်မင်(၁၉၆၃)၊ ငွင်ခမ်း(၁၉၆၄)၊ ငွင်ချောင်ကီနှင့် ငွင်ဗန်သျူ(၁၉၆၅-၁၉၇၅)

အထက်ပါချီးဖောက်မှုများရှိသော်လည်း စစ်အစိုးရများသည် လူအဖွဲ့အစည်း၏ ကြီးမားသော အစိတ်အပိုင်းကဏ္ဍများ၏ ထောက်ခံခြင်းကို ရရှိခြင်းမျိုးရှိနိုင်သလို လူများစွာတို့အတွက် တည်ငြိမ်အေးချမ်းမှုကိုလည်း ဖော်ဆောင်ပေးနိုင်သည့် အခြေအနေမျိုးလည်း ရှိနိုင်သည်။ ချမ်းသာကြွယ်ဝသည့် အထက်တန်းလွှာများက ထိုကဲ့သို့အစိုးရမျိုးကို လိုလားကြိုဆိုတတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ယင်းအစိုးရများသည် ဥပဒေနှင့်အညီမဟုတ်ဘဲ အကျင့်ပျက်လာဘ်စားခြင်းနည်းမျိုးဖြင့် ၎င်းတို့၏ စီးပွားရေးနှင့်လုပ်ငန်းများကို တိုးတက်ပွားများအောင် လုပ်ပေးတတ်သောကြောင့်ဖြစ်သည်။

ထိုကဲ့သို့ အာဏာရှင်အစိုးရကို ထောက်ပံ့မှုမျိုးမှာ နိုင်ငံတကာအဆင့်ထိလည်းရှိသည်။ စစ်အေးခေတ်အတွင်းက အနောက်နိုင်ငံများ၊ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုသည် ကွန်မြူနစ်စနစ်ကိုဆန့်ကျင်သော စစ်အစိုးရများကို ထောက်ပံ့ခဲ့ပြီး ထိုကဲ့သို့ထောက်ပံ့ခဲ့သည့်နိုင်ငံအများစုမှာ အရှေ့တောင်အာရှနိုင်ငံများဖြစ်သည်။ ဥပမာအားဖြင့် ဖိလစ်ပိုင်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ တောင်ဗီယက်နမ်နှင့် အင်ဒိုနီးရှား နိုင်ငံများအားလုံးသည် ကွန်မြူနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများအတွက် အမေရိကန်ပြည်ထောင်စုထံမှ စီးပွားရေးနှင့်စစ်ရေးအရ အထောက်အပံ့များရရှိခဲ့ကြသည်။ ထိုနိုင်ငံများမှ အာဏာရှင်အစိုးရများ၏ လူအခွင့်အရေးချိုးဖောက်မှုများမှာမူ မျက်ကွယ်ပြုခံခဲ့ရသည်။ အမေရိကန်ပြည်ထောင်စုသည် ထိုအာဏာရှင်အစိုးရများကို ဝေဖန်ခဲလှပြီး မားကို့စ်အစိုးရနှင့် ပတ်သက်၍ အမေရိကန်တို့ပေးသည့် အကြောင်းပြချက်မှာ လူအခွင့်အရေးချိုးဖောက်မှုများမှာ တိုင်းပြည်တစ်ပြည်၏ ပြည်တွင်းရေးဖြစ်သဖြင့် အမေရိကန်ပြည်ထောင်စု၏ တရားစီရင်ပိုင်ခွင့် ပြင်ပတွင်ရှိနေသည် ဟူ၍ဖြစ်သည်။ နှစ်များကြာလာသည်နှင့်အမျှ ထိုအမြင်မှာလည်း သိသိသာသာ ပြောင်းလဲလာခဲ့သည်။ လက်ရှိအချိန်တွင် အမေရိကန်အပါအဝင်နိုင်ငံများအားလုံးသည် လူအခွင့်အရေး ကျယ်ကျယ်ပြန့်ပြန့်ချိုးဖောက်မှုများသည် ပြည်တွင်းရေးမဟုတ်ဘဲ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ထိုကဲ့သို့ချိုးဖောက်မှုများဖြစ်ပေါ်လျှင် တုံ့ပြန်ဆောင်ရွက်ရန် တာဝန်ရှိကြောင်း အသိအမှတ်ပြုလက်ခံထားကြပြီဖြစ်သည်။

စစ်အေးခေတ်ကိုခြုံငုံ၍ သုံးသပ်ရမည်ဆိုလျှင် အနောက်နိုင်ငံများမှ နိုင်ငံတကာအထောက်အပံ့များက အာဏာရှင်များကို အာဏာဆက်လက်ထိန်းသိမ်းထားနိုင်စေခဲ့သည်။ ယင်းနိုင်ငံများအတွင်းတွင်မူ အမှန်တကယ်ရှိနေ၍ဖြစ်စေ၊ စိတ်ကူးထဲတွင်ဖြစ်စေ ကွန်မြူနစ်စနစ်၏ ခြိမ်းခြောက်မှုကို ကြောက်ရွံ့ကာ အကာအကွယ်ပေးစေလိုမှုကြောင့် အချို့က ဒီမိုကရေစီနည်းကျမဟုတ်သော အာဏာရှင်စနစ်ကို ထောက်ခံခဲ့ကြသည်။ အခန်း ၅ တွင်ဖော်ပြခဲ့သလိုပင် ကုလသမဂ္ဂသို့ တိုင်တန်းမှုများလည်း အများအပြားရှိခဲ့သည်။ ဖိလစ်ပိုင်နှင့်အင်ဒိုနီးရှားတို့ဆိုလျှင် လူ့အခွင့်အရေးကော်မရှင်၏ စစ်ဆေးခြင်းကိုပင် ခံခဲ့ကြရသည်။ အချို့နိုင်ငံများမှာ အာဏာရှင်လက်အောက်မှ လွတ်မြောက်ခဲ့သည့် အချိန်အပိုင်းအခြားအချို့ ရှိခဲ့သော်လည်း(ဥပမာ - ထိုင်းနိုင်ငံတွင် ၁၉၇၀ လွန်နှစ်များအတွင်းက ကာလတိုတစ်ခု) နိုင်ငံအများစုမှာ ၁၉၉၀ လွန် နှစ်များတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများက ဒီမိုကရေစီကိုတောင်းဆိုလာပြီး လက်ရှိအခြေအနေနှင့်အုပ်ချုပ်မှုအပေါ် စိန်ခေါ်လာသည့်အချိန်ရောက်သည်အထိ အာဏာရှင်စနစ်အောက်တွင်သာ နေထိုင်ခဲ့ကြရသည်။

၈.၄.၂ စစ်အေးခေတ်၏သက်ရောက်မှုများ

စစ်အေးခေတ်သည် ကမ္ဘာတစ်ဝန်းတွင် လုံခြုံရေးပိုင်းသက်ရောက်မှုများသာမက စီးပွားရေးနှင့် နိုင်ငံရေးဂယက်ရိုက်မှုများလည်း ဖြစ်ပေါ်စေခဲ့သည်။ စီးပွားရေးပိုင်းတွင် အမေရိကန် ပြည်ထောင်စုနှင့် ၎င်း၏မဟာမိတ်များက အရင်းရှင်စီးပွားရေးစနစ်ကို ကျယ်ပြန့်အောင် ချဲ့ထွင်ခဲ့ကြပြီး ဆိုဗီယက်ယူနီယံကမူ ကွန်မြူနစ်အစိုးရများ ထူထောင်ရန် အားထုတ်ခဲ့သည်။ နိုင်ငံရေးပိုင်းတွင်မူ နှစ်ဖက်စလုံးသည် နိုင်ငံတစ်နိုင်ငံက မိမိတို့၏အယူဝါဒကိုလက်ခံကျင့်သုံးပါက ထိုနိုင်ငံ၏ အာဏာရှင်အစိုးရများကို ထောက်ပံ့ပေးရန်ဆန္ဒရှိကြပြီး လူ့အခွင့်အရေးချိုးဖောက်မှုများကို မျက်ကွယ်ပြုထားလေ့ရှိသည်။ မိမိကိုယ်မိမိ ဒီမိုကရေစီစနစ်ကို ထောက်ခံအားပေးမှုအရှိဆုံးနိုင်ငံအဖြစ် ခံယူထားသည့် အမေရိကန်ပြည်ထောင်စုသည် အာဏာရှင်အစိုးရများကို လက်သင့်ခံထားခဲ့ရုံသာမက ယင်းတို့ကိုထောက်ပံ့ပေးခဲ့သည်။ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စုသည် ဗိုလ်ချုပ်ဆူဟာတို၊ ဗိုလ်ချုပ်မားကို့စ်နှင့် ကမ္ဘောဒီးယားမှ လွန်နောလ် စစ်အစိုးရနှင့် တောင်ဗီယက်နမ်စစ်အစိုးရတို့ကို အနီးကပ်ထောက်ပံ့ခဲ့သူ ဖြစ်သည်။ တရုတ်နိုင်ငံသည်လည်း ကြမ်းကြုတ်ရက်စက်မှုများကျူးလွန်ထားသည့် ခမာနီများကိုထောက်ပံ့သည့် နိုင်ငံအနည်းငယ်ထဲမှ တစ်နိုင်ငံဖြစ်ပြီး နောက်ပိုင်းတွင်မူ အမေရိကန်နှင့် အနောက်နိုင်ငံများသည် ကုလသမဂ္ဂတွင် ၎င်းတို့၏နေရာကို ထိန်းသိမ်းရန်အတွက် ခမာနီတို့လက်ထက်တွင် လူသန်းပေါင်းများစွာ သေကြေခဲ့ရသည်ကို မျက်ကွယ်ပြုကာ ယင်းခမာနီတို့ကိုပင် ပြန်၍ကူညီခဲ့ပြန်သည်။ ၎င်းတို့သည် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ခဲ့သည့် အာဏာရှင်အစိုးရတစ်ရပ်ကိုထောက်ခံခဲ့ခြင်းမှာ ကွန်မြူနစ်ဗီယက်နမ်က ကမ္ဘောဒီးယား၏ နေရာကို ရယူသွားနိုင်ချေရှိနေသောကြောင့်ဖြစ်သည်။ အခြားတစ်နည်းဆိုရလျှင် စစ်အေးခေတ်အတွင်းတွင် မဟာမိတ်ဖွဲ့မှုကို လူ့အခွင့်အရေးထက် ပို၍ဦးစားပေးခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ လုံခြုံရေး ပိုင်းစိုးရိမ်မှုများကြောင့် နှစ်ဖက်စလုံးသည် သူပုန်တပ်ဖွဲ့များကို စစ်ရေးအကူအညီများပေးခဲ့ပြီး ယင်းအချက်ကပင် ဒေသတွင်းတွင် ပဋိပက္ခများ စတင်ဖြစ်ပွားစေခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်ပင် စစ်အေးခေတ်သည် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်းများ ကင်းမဲ့လေ့ရှိသည့် မတည်ငြိမ်မှုများနှင့် ပဋိပက္ခများဖြစ်ပွားသော ကာလတစ်ခုပေါ်ပေါက်လာစေရန် လှုံ့ဆော်ပေးခဲ့ခြင်းဖြစ်သည်။

ထိုကာလအတွင်းတွင် တင်းမာမှုများသိသိသာသာ ကြီးထွားခဲ့သည်။ ကွန်မြူနစ်မဟုတ်သော အနောက်ကမ္ဘာသည် အထူးသဖြင့် ကွန်မြူနစ်စနစ်ပျံ့နှံ့မှုက နိုင်ငံတစ်နိုင်ငံ ကွန်မြူနစ်ဖြစ်သွားလျှင် ဒိုမီနိုသက်ရောက်မှုသဖွယ် အရှေ့တောင်အာရှနိုင်ငံများအားလုံး ကွန်မြူနစ်ဖြစ်သွားစေသည့် အခြေအနေသို့ ဦးတည်သွားမည်ကို စိုးရိမ်ပူပန်ခဲ့သည်။ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုတို့တွင် ကွန်မြူနစ်တို့၏အောင်ပွဲများနှင့် ထိုင်း၊ မြန်မာ၊ မလေးရှား၊ ဖိလစ်ပိုင်တို့တွင် အားကောင်းသော ကွန်မြူနစ်လှုပ်ရှားမှုများက ထိုစိုးရိမ်ပူပန်မှုကို ထပ်မံမီးထိုးပေးခဲ့သည်။ ထို့ကြောင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN)ကို ဖွဲ့စည်းတည်ထောင်သည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့အားလုံးသည် ထိုကဲ့သို့ ကွန်မြူနစ်ကိုဆန့်ကျင်သော အမြင်ရှိသည့် အာဏာရှင်ဆန်သော အုပ်ချုပ်မှုပုံစံကို အတူတကွကျင့်သုံးခဲ့ကြသည်။ ရလဒ်အနေဖြင့် အရှေ့တောင်အာရှသည် အမေရိကန်ပြည်ထောင်စု၊ တရုတ်နှင့် ဆိုဗီယက်ယူနီယံတို့၏ စစ်အေးခေတ် စစ်မြေပြင်ဖြစ်ခဲ့သည်။

ဗီယက်နမ်တွင် အမေရိကန်တို့ဆင်နွှဲခဲ့သော စစ်ပွဲက စစ်အေးခေတ်အတွင်း လူအခွင့်အရေးဆုံးရှုံးမှုများကို ဖော်ပြနေသည်။ ၁၉၄၅ မှ ၁၉၅၀ လွန် နှစ်လယ်ပိုင်းအထိဖြစ်ပွားခဲ့သော ပြင်သစ်နှင့် (ဗီယက်မင်း) တို့အကြား ပထမဆုံးအင်ဒိုချိုင်းနားစစ်ပွဲ အပြီးတွင် ဗီယက်နမ်သည် နှစ်ခြမ်းကွဲသွားခဲ့သည်။ တရားဝင်အရ ကွန်မြူနစ်မဟာမိတ်များ၏ အထောက်ပံ့ခံ မြောက်ဗီယက်နမ်နှင့် အမေရိကန်နှင့်အခြားကွန်မြူနစ်ဆန့်ကျင်ရေးတပ်ဖွဲ့များ၏အထောက်ပံ့ခံ တောင်ဗီယက်နမ်တို့၏ စစ်ပွဲသည် လာအိုနှင့်ကမ္ဘောဒီးယားနယ်စပ်များအထိပျံ့နှံ့ခဲ့ပြီး လူပေါင်း သန်းနှင့်ချီ၍သေဆုံးခဲ့ရသည်။ ဗီယက်နမ်တွင်ဖြစ်ပွားသော အမေရိကန်စစ်သည် ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်ထိ လူအခွင့်အရေးတိုးတက်မှုတွင် အရေးပါသောကဏ္ဍမှ ပါဝင်ခဲ့သည်။ ပဋိပက္ခများအတွင်းတွင် နိုင်ငံတကာစံနှုန်းများမှာ မျက်ကွယ်ပြုခံခဲ့ရပြီး စစ်အကျဉ်းသားများမှာ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရကာ အရပ်သားများမှာလည်း ပစ်မှတ်ထားတိုက်ခိုက်ခံခဲ့ရသည်။ ပျောက်ကျားအသွင်ဆောင်သော တိုက်ပွဲများသည် သေးငယ်သောလူအဖွဲ့အစည်းများအထိရောက်ရှိခဲ့ပြီး အပြစ်မဲ့အရပ်သားအများအပြားကို သေဆုံးစေခဲ့သည်။ မြောက်ဗီယက်နမ်တို့သည် တောင်ပိုင်းရှိ ၎င်းတို့၏တိုက်ခိုက်ရေးတပ်သားများကို လာအိုနှင့် ကမ္ဘောဒီးယားတို့ကို ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်သည့်လမ်းကြောင်းအဖြစ် အသုံးပြုခြင်းကြောင့် အမေရိကန်တို့က ယင်းနယ်မြေများကို နိုင်ငံတကာဥပဒေများနှင့်မညီစွာ တရားမဝင် ဗုံးကြဲခဲ့သည်။ ထိုစစ်ရာဇဝတ်မှုများကြောင့် နိုင်ငံတကာစစ်ရာဇဝတ်မှုများကို တင်းကြပ်ရန်လိုအပ်နေပြီဖြစ်ကြောင်း ပြသနေခဲ့သည်။ ဥပမာ - အမေရိကန်တို့၏ ဗုံးကြဲစစ်ဆင်ရေးများသည် အထူးသဖြင့် ကမ္ဘောဒီးယားနှင့် လာအိုတို့တွင် အရပ်သားများနှင့် ရန်သူစစ်သားများကို ကွဲကွဲပြားပြား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းမရှိချေ။ ရလဒ်အနေဖြင့် အရပ်သားများသေဆုံးခြင်း၊ ဘေးဒုက္ခရောက်ရခြင်းများဖြစ်ပွားခဲ့ပြီး ခမာသူပုန်များ ထကြွလာမှုမှာလည်း ယင်းဗုံးကြဲတိုက်ခိုက်မှုများကြောင့်ပင်ဖြစ်သည်ဟုပင် အချို့က သတ်မှတ်ပြောဆိုခဲ့ကြသည်။ အမေရိကန်တို့၏ ဗီယက်နမ်စစ်ပွဲကို ဥပဒေနှင့်အညီ လက်နက်ကိုင်တိုက်ခိုက်သော စစ်ပွဲအဖြစ် သတ်မှတ်ခံခဲ့ရခြင်းမရှိချေ။ (ဤအကြောင်းကို အခန်း ၁၀ တွင် ပိုမို၍ အသေးစိတ်ဆွေးနွေးထားသည်) အမေရိကန်စစ်ပွဲအတွင်း ဥပဒေပိုင်းချို့ယွင်းအားနည်းချက်များရှိနေခဲ့ခြင်းကြောင့် အမေရိကန်တို့က အရပ်သားများအပေါ် ထိခိုက်မှုများကို လျစ်လျူရှုနိုင်ခဲ့ခြင်းဖြစ်သည်ဟု သတ်မှတ်ယူဆထားခဲ့သည်။ ထို့ကြောင့်ပင် ၁၉၇၇ ခုနှစ် ဂျနီဗာညီလာခံတွင် လူအခွင့်အရေးအကာအကွယ်ပေးမှုများကို နောက်ဆက်တွဲစာချုပ်ငယ်နှစ်ခုအသွင်ဖြင့် ထည့်သွင်းခဲ့သည်။ (ဤအကြောင်းအရာကို အခန်း ၁၀ တွင်ထပ်မံ၍ဆွေးနွေးသွားမည်)

မှတ်သားဖွယ်ရာ

မီနူး စစ်ဆင်ရေး

မီနူးစစ်ဆင်ရေးဆိုသည်မှာ ကမ္ဘောဒီးယားနှင့် လာအိုတို့တွင် ၁၉၆၉၊ မတ် ၁၈ ရက်မှ ၁၉၇၀၊ မေ ၂၆ အထိကြာမြင့်ခဲ့သော အမေရိကန်စစ်ပွဲအတွင်းမှ အမေရိကန်တပ်များ၏ များပြားလှသည့် ဗုံးကြဲစစ်ဆင်ရေးများအနက်မှတစ်ခု၏ အမည်ဖြစ်သည်။ ထိုစစ်ဆင်ရေးက အထူးအငြင်းပွားစရာဖြစ်ခဲ့ရသည့်အကြောင်းရင်းမှာ အမေရိကန်လွှတ်တော်၏အတည်ပြုချက်မရမီ ကြိုတင်ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့်ဖြစ်ပြီး စစ်ရာဇဝတ်မှုတစ်ရပ်အဖြစ် စွပ်စွဲပြောဆိုခြင်းခံခဲ့ရသည်။ အမျိုးသား လုံခြုံရေးအကြံပေး ဟင်နရီကစ်ဆင်ဂျာ၏အဆိုအရ ကြီးမားလှသည့် ထိုဗုံးကြဲစစ်ဆင်ရေးသည် ပျံသန်းသမျှ လူပ်ရှားသမျှအားလုံးကို ပစ်မှတ်ထားခဲ့သည်ဟုသိရသည်။ ရလဒ်အနေဖြင့် လာအိုသည် ပဋိပက္ခအတွင်း တစ်ဖက်ဖက်မှပါဝင်ခြင်း လုံးလုံးမရှိသော်လည်း ကမ္ဘာပေါ်တွင် ဗုံးကြဲတိုက်ခိုက်ခံရမှုအများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သွားခဲ့သည်။ လက်ရှိအချိန်ထိ လူများသည် မြေအောက်ရှိ မပေါက်ကွဲရသေးသည့် ဗုံးလက်ကျန်များကြောင့် သေဆုံးခြင်း၊ ဒဏ်ရာရခြင်းများ ရှိနေဆဲဖြစ်သည်။

၈.၄.၃ အရှေ့တောင်အာရှဒေသတွင်း ရက်စက်ကြမ်းကြုတ်မှုများ

ဤကဲ့သို့အာဏာရှင်ဆန်ပြီး ပဋိပက္ခများဖြစ်ပွားခဲ့သော ကာလအတွင်းတွင် လူ့အခွင့်အရေးကို စနစ်တကျနှင့် ဆိုးဆိုးရွားရွား ချိုးဖောက်မှုများ ဖြစ်ပွားခဲ့သည်။ ယင်းတို့အနက်မှ အထင်ရှားဆုံးမှာ ခမာနီတို့၏လက်ချက်ဖြင့် လူပေါင်း ၁ ဒသမ ၇ သန်းခန့် သေဆုံးခဲ့ရသော ကမ္ဘောဒီးယား လူမျိုးတုံးသတ်ဖြတ်မှုပင်ဖြစ်သည်။ ခမာနီတို့လက်ထက်အတွင်း သေဆုံးမှုများကို လူမျိုးတုံးသတ်ဖြတ်မှုဟုတ် မဟုတ်ဆိုသည်မှာ လူမျိုးတုံးသတ်ဖြတ်မှုဟူသည့် စကားလုံးအပေါ် တရားဝင်အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့်ပတ်သက်ပြီး ဝေါဟာရပိုင်းအငြင်းပွားမှုတစ်ရပ်သာ ဖြစ်သည်။ မတ်စ်ဝါဒ၊ မော်ဝါဒ နှင့်လီနင်ဝါဒတို့ကို ပေါင်းစပ်ရောနှောမှုတစ်ရပ်ကို ကိုင်စွဲခဲ့ပြီးနောက် ခမာနီတို့သည် ၁၉၇၀ လွန် အစောပိုင်းနှစ်များတွင် အာဏာသိမ်းပိုက်နိုင်ရန် ပုန်ကန်ထကြွခဲ့ကြသည်။ ၎င်းတို့သည် ကမ္ဘောဒီးယားအရှေ့ပိုင်းရှိ ဗီယက်နမ်တို့၏ကျူးကျော်မှု၊ အမေရိကန်တို့၏ဗုံးကြဲတိုက်ခိုက်မှုဒဏ်များကို ခံစားခဲ့ရသည့် ကျေးလက်ဒေသလူအဖွဲ့အစည်းတို့ကို ငြိမ်းချမ်းမှုနှင့် တရားမျှတမှုများယူဆောင်ပေးမည်ဟု ဟောပြောစည်းရုံးပြီး ထိုကဲ့သို့ပုန်ကန်ထကြွခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ ဝါဒအရ ဘာသာရေးကိုးကွယ်မှုများ၊ ပုဂ္ဂလိကပိုင်ဆိုင်မှု၊ ငွေကြေးတို့ကိုဖျက်သိမ်းရန်နှင့် တောင်သူလယ်သမားထုကြီးအတွက် ငြိမ်းချမ်းပျော်ရွှင်သောလောကကြီး တစ်ရပ်ထူထောင်ရန် မျှော်မှန်းခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် အာဏာသိမ်းယူပြီးနောက်တွင် ခမာနီတို့သည် မြို့ပြမှလူများကို ကြီးမားသော စိုက်ပျိုးရေးပရောဂျက်များစတင်ရန် ကျေးလက်ဒေသများသို့ နယ်နှင်ဒဏ်ပေးခဲ့သည်။ ပညာတတ်၊ ကျွမ်းကျင်ပညာရှင်၊ အရင်းရှင်၊ နိုင်ငံရေးသမား၊ သို့မဟုတ် ကုန်သည်ဟု ယူဆခံရသူများသည် ပစ်မှတ်ထားခံရလေ့ရှိပြီး မကြာခဏဆိုသလို သတ်ဖြတ်ခံခဲ့ကြရသည်။ ၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အတွင်းတွင် လူပေါင်း ၁ ဒသမ ၇ သန်းကျော် သေဆုံးခဲ့ရပြီး ၎င်းတို့ထဲမှ အများအပြားမှာ အစာရေစာငတ်မွတ်ခေါင်းပါးမှုကြောင့် သေဆုံးခဲ့ကြခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သေချာကျနစွာ စီမံထားခြင်းမရှိသော လယ်ယာမြေစီမံကိန်းကြီးများမှာ စားနပ်ရိက္ခာ လုံလုံလောက်လောက် ပံ့ပိုးပေးနိုင်ခဲ့ခြင်းမရှိ၍ဖြစ်သည်။ အခြားသေဆုံးခဲ့ရသူများမှာမူ ကွပ်မျက်ခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်

ခံရခြင်းတို့ကြောင့် သေဆုံးခဲ့ကြခြင်းဖြစ်သည်။ ထိုမျိုးတုံးသတ်ဖြတ်မှုကြီးသည် ဒုတိယကမ္ဘာစစ်အတွင်း ဂျာမန်တို့က ဂျူးများကို လူမျိုးတုံးသတ်ဖြတ်မှုကြီးဖြစ်ပွားပြီးနောက် ကမ္ဘာကြီးက ထိုဖြစ်ရပ်မျိုး နောက်တစ်ကြိမ်မဖြစ်ပွားရန် သန္နိဋ္ဌာန်ချခဲ့ပြီး နှစ်ပေါင်း ၃၀ ခန့်သာကြာမြင့်သေးချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မှတ်သားဖွယ်ရာ

ခမာနီ

ခမာနီ၊ ရံဖန်ရံခါတွင် ဒီမိုကရက်တစ်ကမ်ပူးခြား၊ အန်ဂ်ခါ သို့မဟုတ် ပိုပေါ့အာဏာရှင်အစိုးရဟု ခေါ်ဝေါ်သော ကွန်မြူနစ်အစိုးရအဖြစ် ကိုယ်တိုင်ထုတ်ဖော်ကြေညာသော အစိုးရအဖွဲ့သည် ကမ္ဘောဒီးယားကို ၁၉၇၅ မှ ၁၉၇၉ အထိ ထိန်းချုပ်ခဲ့သည်။ ၎င်းတို့သည် ပြည်တွင်းစစ်၊ အာဏာသိမ်းမှုများ၊ အိမ်နီးချင်းဗီယက်နမ်နှင့်နယ်စပ်တစ်လျှောက်ရှိ အမေရိကန်စစ်ပွဲတို့ကဲ့သို့သော ကမ္ဘောဒီးယားသမိုင်းတွင် လှိုင်းထန်၊ လေထန် ကာလပြီးနောက်တွင် အာဏာရလာခဲ့သည်။ ကမ္ဘောဒီးယားသည် ၁၉၆၀ လွန်ကာလ အမေရိကန်စစ်ပွဲအများအပြားအတွင်းတွင် တစ်ဖက်ဖက်မှ ပါရန်ရှောင်ရှားခဲ့သော်လည်း ၁၉၇၀ တွင် အာဏာသိမ်းပြီး အာဏာရလာခဲ့သော စစ်အစိုးရသည် မြောက်ဗီယက်နမ်ဆန့်ကျင်ရေးဘက်မှ အခိုင်အမာရပ်တည်ခဲ့ပြီး ကမ္ဘောဒီးယားကို ပဋိပက္ခအတွင်း ဆွဲသွင်းခဲ့သည်။ ခမာနီတပ်များသည် ဖနွမ်းပင်ကို သိမ်းပိုက်ပြီးနောက်တွင် ၎င်းတို့၏ ရက်စက်ပြင်းထန်သောစည်းမျဉ်းများကို စတင်ပြဋ္ဌာန်းခဲ့သည်။ ပိုပေါ့၏ ဦးဆောင်မှုအောက်တွင် ကွန်မြူနစ်တို့သည် ငွေကြေးဈေးကွက်၊ ဘာသာရေးအဖွဲ့အစည်းနှင့် မိသားစုဘဝတို့ အပါအဝင် လူ့အဖွဲ့အစည်း၏ ပင်မကျောရိုးကြီးများကို စနစ်တကျဖျက်ဆီးပစ်ခဲ့ကြသည်။ မြို့ကြီးများနှင့် မြို့များတွင် နေထိုင်သူများမှာ ကျေးလက်ဒေသသို့ သွားရောက်နေထိုင် အလုပ်လုပ်ရန် ဖိအားပေးခံခဲ့ကြရပြီး နေရာအနှံ့တွင် လူများမှာအလုပ်ဒဏ်ပိခြင်း၊ အာဟာရမပြည့်ခြင်း တို့ကိုခံစားခဲ့ကြရသည်။ အာဏာကို လက်လွှတ်ရမည်ကို ကြောက်ရွံ့မှုကြောင့် အာဏာရှင်အစိုးရသည် အကြမ်းဖက်အုပ်ချုပ်လာခဲ့ပြီး ပြည်သူများမှာ တော်လှန်ရေး၏ရန်သူအဖြစ် အစွပ်စွဲခံရကာ အနှိပ်စက်ခံရခြင်း၊ အသတ်ဖြတ်ခံရခြင်းများ ကြုံတွေ့ခဲ့ကြရသည်။ ဖနွမ်းပင်ရှိ နာမည်ဆိုးနှင့်ကျော်ကြားသော တူဆလန် အကျဉ်းထောင် အပါအဝင် အကျဉ်းစခန်းများအတွင်း သေဆုံးခဲ့ရသူ ၁၀၀၀၀၀ အပါအဝင် လူပေါင်း ၁ သန်းကျော်မှာ အာဏာရှင်အစိုးရ မူဝါဒများ၏ တိုက်ရိုက်အကျိုးဆက်အဖြစ် သေဆုံးခဲ့ကြရသည်။ ခမာနီတို့သည် ၁၉၇၉ ခုနှစ်အစောပိုင်းတွင် ဗီယက်နမ်တပ်များက ၎င်းတို့ကိုဖြုတ်ချပြီး အစိုးရသစ်တစ်ရပ် တင်မြှောက်ချိန်တွင် နိဂုံးချုပ်သွားခဲ့သည်။

ကမ္ဘောဒီးယားတို့၏ ရက်စက်ကြမ်းကြုတ်မှုများနှင့် တစ်ချိန်တည်းတွင် ဖြစ်ပွားခဲ့သည်မှာ ၁၉၆၅-၆၆ ခုနှစ်အတွင်းက အင်ဒိုနီးရှားတွင် ကွန်မြူနစ်အာဏာသိမ်းမှုကို ရက်ရက်စက်နှိမ်နင်းခဲ့မှု ဖြစ်သည်။ ယင်းနှိမ်နင်းမှုအတွင်းတွင် ကွန်မြူနစ်ပါတီဝင်ဟု သံသယရှိခံရသော ၅ သိန်းမှ ၁ သန်းကြားလူများ သတ်ဖြတ်ခံခဲ့ရပြီး သောင်းနှင့်သိန်းနှင့်ချီ၍ ဖမ်းဆီးခံခဲ့ရသည်။ သတ်ဖြတ်မှုအများစုကို လက်နက်ကိုင်တပ်ဖွဲ့များက ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး ယင်းတို့နှင့်ပတ်သက်၍ အင်ဒိုနီးရှားတွင် မကြာသေးမီက ရုပ်ရှင်နှင့် စာအုပ်များထွက်ပေါ်လာပြီးနောက် မီဒီယာစာမျက်နှာများထက်တွင် ဆွေးနွေးဖော်ပြလာပြီဖြစ်သော်လည်း လက်ရှိအချိန်ထိ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောဆိုကြခြင်းမရှိသေးချေ။

ကွန်မြူနစ်တို့ကို နှိမ်နင်းခဲ့ပြီးနောက်တွင် အင်ဒိုနီးရှားစစ်တပ်သည် အရှေ့တီမောကို ကျူးကျော်သိမ်းပိုက်ရာတွင်(၁၉၇၅-၁၉၉၉)လည်း ဆင်တူသည့်နည်းလမ်းကိုပင် အသုံးပြုခဲ့သည်။ ထိုကျူးကျော်မှုအတွင်းတွင် ခန့်မှန်းခြေ အရှေ့တီမောနိုင်ငံသား ၂၀၀၀၀၀ ခန့်သေဆုံးခဲ့ရပြီး ယင်းအရေအတွက်မှာ အရှေ့တီမောလူဦးရေ၏ ၃ ပုံ ၁ ပုံခန့်အထိရှိခဲ့သည်။ အရှေ့တီမောကို ကျူးကျော်သိမ်းပိုက်မှုအတွင်း ထင်ရှားသည့်ဖြစ်ရပ်မှာ ဆန်တာခရုဇ် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်သည်။

မှတ်သားဖွယ်ရာ

ဆန်တာခရုဇ် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု

ဆန်တာခရုဇ် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဆိုသည်မှာ ၁၉၉၁၊ နိုဝင်ဘာ ၁၂ ရက်က အရှေ့တီမော၊ ဒီလီရှိ သုသာန်တစ်ခုတွင် လူပေါင်း ၂၅၀ ခန့် အသတ်ဖြတ်ခံခဲ့ရသည့်ဖြစ်ရပ်ကို ဆိုလိုခြင်းဖြစ်သည်။ အင်ဒိုနီးရှားထောက်ခံရေးတပ်များ၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားသောလူငယ်တစ်ဦးကို ဂုဏ်ပြုရန်လူပေါင်း ၂၀၀၀ ခန့်သည် ဆန်တာခရုဇ်သုသန်သို့ ခြီတက်ခဲ့ကြသည်။ လွတ်လပ်ရေးအလံများကို ဝှေ့ယမ်းလာသူများနှင့် အင်ဒိုနီးရှားကျူးကျော်မှုကို ဆန့်ကျင်ဆန္ဒပြသူများပါဝင်သည့် ထိုလူစုလူဝေးသည် သုသာန်အတွင်းတွင် အင်ဒိုနီးရှားစစ်သားများ၏ တိုက်ခိုက်ခြင်းကို ခံခဲ့ရသည်။ သားကောင်ဖြစ်ခဲ့ရသူ အများစုမှာ သေနတ်ဖြင့်ပစ်ခတ်ခံခဲ့ရသော်လည်း အချို့မှာ ဓားနှင့်ထိုးခြင်း၊ သေသည်အထိ ရိုက်နှက်ခံခဲ့ရခြင်းတို့နှင့် ကြုံတွေ့ရကြောင်းလည်း သတင်းများထွက်ပေါ်ခဲ့သည်။ ဤအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုက အခြားဖြစ်ရပ်များနှင့်မတူသည်မှာ ဗွီဒီယိုမှတ်တမ်းကျန်ရှိခဲ့ခြင်းသာမက ယင်းဗွီဒီယိုမှာ အရှေ့တီမောမှနေ၍ (ဩစတြေးလျအာဏာပိုင်များက သိမ်းယူရန်ရှာဖွေခဲ့သေးသည်) ပြင်ပကမ္ဘာသို့ မှောင်ခိုထုတ်ယူသွားနိုင်ခဲ့ပြီး တစ်ကမ္ဘာလုံးသို့ ရုပ်သံမှတစ်ဆင့် ထုတ်လွှင့်ပြသခဲ့ရာ အင်ဒိုနီးရှားစစ်တပ်ကို ဆန္ဒပြမှုများ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်သည် အရှေ့တီမောကိုလွတ်လပ်ရေးပေးရန်အတွက် နိုင်ငံတကာ၏ထောက်ပံ့မှုကိုလည်း မြင့်တက်စေခဲ့သည်။

စစ်ပြီးခေတ် အရှေ့တောင်အာရှသမိုင်းတွင် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဟု ခေါင်းစဉ်တပ်နိုင်သော အခြားဖြစ်စဉ်များလည်း ရှိသေးသည်။ ၎င်းတို့ထဲတွင် အမေရိကန်စစ်အတွင်း ဗီယက်နမ်ကျေးလက်နယ်သားများကို အရေအတွက်မနည်း အစုလိုက် သတ်ဖြတ်မှုများ၊ ၁၉၇၆ က ထိုင်းနိုင်ငံတွင် သမားဆက်တက္ကသိုလ်ကျောင်းသားများကိုသတ်ဖြတ်မှုများနှင့် မြန်မာနိုင်ငံတွင် ၂၀၀၃ ခုနှစ်က ထောက်ခံသူ ၇၀ ခန့်ကို အစုလိုက်သတ်ဖြတ်ခဲ့သည့် ဒီပဲယင်းအရေးအခင်းကဲ့သို့သော စစ်အစိုးရလက်ထက်အတွင်း အတိုက်အခံနိုင်ငံရေးသမားများကို သတ်ဖြတ်မှုများ ပါဝင်သည်။ ထိုအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများအပေါ် လူအခွင့်အရေးလှုပ်ရှားမှုများက အရေးယူ ဆောင်ရွက်မှုများရှိသော်လည်း ကျူးလွန်ခဲ့သူများကို တရားဥပဒေအရ အရေးယူနိုင်ခြင်းမျိုးမှာမူ ရှိခဲ့လျှင်ပင် အလွန်တရာ နည်းပါးလွန်းလှသည်။

၈.၅ အရှေ့တောင်အာရှတွင် ဒီမိုကရေစီဖော်ဆောင်မှု

ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်တွင် အရှေ့တောင်အာရှနိုင်ငံများအားလုံးမှာ ဒီမိုကရေစီနိုင်ငံဟု သတ်မှတ်နိုင်သည့် အခြေအနေတွင် မရှိခဲ့ချေ။ စစ်ပြီးခေတ်ကာလတွင် နိုင်ငံအများအပြားမှာ ဒီမိုကရေစီစနစ်ကို စမ်းသပ်ဖော်ဆောင်မှုများရှိခဲ့သော်လည်း ၁၉၉၀ ခုနှစ်သို့ရောက်ရှိချိန်တွင်ပင် တစ်စိတ်တစ်ပိုင်းဒီမိုကရေစီဟု သတ်မှတ်နိုင်သည့် နိုင်ငံအရေအတွက်မှာပင် အနည်းငယ်မျှသာ ရှိခဲ့သည်။ သို့သော်လည်း ၁၉၉၀ လွန်နှစ်များ၏နောက်ဆုံးနှစ်များအတွင်းတွင်မူ နိုင်ငံအများစုမှာ ဒီမိုကရေစီပြုခြင်း ဖြစ်စဉ်ကို စတင်နေခဲ့ပြီးဖြစ်သည်။ အဘယ်ကြောင့် ထိုကာလတွင် ရုတ်တရက် ပြောင်းလဲသွားရသနည်း။ ဤအခန်းတွင် ၁၉၉၀ လွန်နှစ်များအတွင်း၌ ဒီမိုကရေစီထွန်းကားလာမှုနှင့် ထိုဖြစ်စဉ်က လူ့အခွင့်အရေးနှင့်မည်ကဲ့သို့ဆက်စပ်နေသည်ကို လေ့လာသုံးသပ်သွားမည်ဖြစ်သည်။

ဒီမိုကရေစီပြုခြင်း

ဒီမိုကရေစီပြုခြင်းသည် ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် ကူးပြောင်းသည့် လုပ်ငန်းစဉ် ဖြစ်သည်။ အဘယ်ကြောင့် ဒီမိုကရေစီပြုခြင်းဖြစ်စဉ် ပေါ်ပေါက်ရသည်ဆိုသည့် သီအိုရီများထဲတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဂလိုဘယ်လိုက်ဇေးရှင်း ဖြစ်စဉ်အတွင်း အရပ်ဘက်အဖွဲ့အစည်းများ ပေါ်ထွက်အားကောင်းလာမှုနှင့် ခိုင်မာသောခေါင်းဆောင်မှု တို့ကြောင့်တဲ့ ဆိုပါသည်။

ဒီမိုကရေစီအသွင်ပြောင်းခြင်းဆိုသည်မှာ ဒီမိုကရေစီနိုင်ငံတစ်ရပ် ဖြစ်လာခြင်းဖြစ်စဉ်ကိုပင် ရိုးရိုးရှင်းရှင်း ရည်ညွှန်းခြင်း ဖြစ်သည်။ ဒီမိုကရေစီအသွင်ပြောင်းခြင်းသည် ၁၉၈၆ ခုနှစ် ဖိလစ်ပိုင်လူထုအင်အားလှုပ်ရှားမှုကဲ့သို့ ပုန်ကန်ထကြွခြင်းဖြင့် စစ်အာဏာရှင်စနစ်ကို ရုတ်တရက် အမြစ်လှန်ပြောင်းလဲခြင်းမှ မြန်မာစစ်အစိုးရ၏ ၂၀၀၈ ခုနှစ်မှစတင်ပြီး အရွေးကောက်ခံ ပြည်သူ့ကိုယ်စားလှယ်အရေအတွက်ကို တဖြည်းဖြည်းချဲ့တိုးမြှင့်ပေးခဲ့သည့် တစ်စစပြောင်းလဲမှုအထိ ပုံစံမျိုးစုံဖြင့် ဖြစ်ပေါ်နိုင်သည်။ ဒီမိုကရေစီအသွင်ပြောင်းခြင်းဖြစ်စဉ်သည် မည်သည့်နည်းနှင့်ဖြစ်ပေါ်သည်ဖြစ်စေ ရလဒ်အနေဖြင့် ပြည်သူများက နိုင်ငံရေးစနစ်တွင် ပိုမိုပါဝင်ခွင့်ရရှိလာခြင်းဖြင့် ၎င်းတို့၏လူ့အခွင့်အရေးများ၊ အထူးသဖြင့် နိုင်ငံရေးရပိုင်ခွင့်များကို ပိုမိုကောင်းမွန်စွာ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သည်။

၈.၅.၁ အရှေ့တောင်အာရှတွင် ဒီမိုကရေစီအသွင်ပြောင်းခြင်းဆိုင်ရာသီအိုရီများ

နိုင်ငံတစ်နိုင်ငံ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲရသည့် အကြောင်းရင်းနှင့်ပတ်သက်ပြီး အဆိုပြုချက်များစွာရှိသည်။ အရှေ့တောင်အာရှတစ်ခွင်မှ ဥပမာများကို ကြည့်မည်ဆိုပါက ရှင်းလင်းပြတ်သားသည့်ပုံစံတစ်ရပ် ပေါ်ထွက်လာမည် မဟုတ်ချေ။ အချို့နိုင်ငံများမှာ ဒီမိုကရေစီဖြစ်ထွန်းမှု ပိုမိုလာခြင်းမရှိသော်လည်း အခြားနိုင်ငံများမှာမူ အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့ ကြီးမားသည့် အပြောင်းအလဲများပြုလုပ်နိုင်ခဲ့သည်။ ဆမ်မြူရယ်လ်ဟန်တင်တန်၏ တတိယလှိုင်း - ၂၀ ရာစုနှောင်းပိုင်း ဒီမိုကရေစီအသွင်ပြောင်းခြင်း စာအုပ်ထဲတွင် ဖော်ပြထားသော သီအိုရီတစ်ရပ်က ဒီမိုကရေစီသို့ပြုပြင်ပြောင်းလဲခြင်းသည် နိုင်ငံတစ်နိုင်ငံစီ သီးခြားဖြစ်ပေါ်ခြင်းမရှိဘဲ ဒေသအလိုက် သို့မဟုတ် ကမ္ဘာနှင့်ချိန်ပင် လှိုင်းသဖွယ်ဖြစ်ပေါ်တတ်ကြောင်း အဆိုပြုထားသည်။ ဟန်တင်တန်လှိုင်းများဟု လူသိများသော ဤသီအိုရီတွင် ဒီမိုကရေစီပြုခြင်းတတိယလှိုင်းမှာ ၁၉၇၀ မှ ၁၉၈၀ လွန်နှောင်းပိုင်းနှစ်များတွင် ဖြစ်ပွားခဲ့သည်ဟု ဆိုထားသည်။ အရှေ့တောင်အာရှတွင်မူ ၁၉၈၆ ခုနှစ်၌ အာဏာရှင်သမ္မတမားကို့စ်ကို လူထုအင်အား လှုပ်ရှားမှုအတွင်း ဖြုတ်ချခဲ့သည့် ဖိလစ်ပိုင်တစ်နိုင်ငံတည်းသာယင်းအဆိုနှင့် ကိုက်ညီမှုရှိသည်။ အရှေ့တောင်အာရှတွင် ဒီမိုကရေစီအသွင်ပြောင်းခြင်းလှိုင်းမှာ ထို့ထက်နောက်ကျပြီး ဆယ်စုနှစ်တစ်ခုကြာမြင့်ခဲ့ပြီးမှ နောက်ထပ် သုံးနိုင်ငံ (ကမ္ဘောဒီးယားတွင် ၁၉၉၁၊ ထိုင်းတွင် ၁၉၉၂ နှင့် အင်ဒိုနီးရှားတွင် ၁၉၉၉ ခုနှစ်) မှ ဒီမိုကရေစီရေးလှုပ်ရှားမှုများနှင့်အတူ ဖြစ်ပေါ်ခဲ့သည်။

သဘောတရားရေးရာ ရှုင်းလင်းချက်

ဟန်တင်တန် လိုင်းများ

ဒီမိုကရေစီလေ့လာရေးတွင် ဩဇာလွှမ်းမိုးသော ဟန်တင်တန်၏ တတိယလှိုင်းစာအုပ်က ဒီမိုကရေစီ ပျံခြင်းတတိယလှိုင်း ဆိုသည့်စကားစုကို မိတ်ဆက်ပေးခဲ့ပြီး ထိုသီအိုရီမှာ ၁၉၉၀ လွန်နှစ်များအတွင်း အရေးကြီးသော လူမှုရေးသိပ္ပံ အယူအဆတစ်ရပ် ဖြစ်ခဲ့သည်။ ကာလအပိုင်းအခြားတစ်ခုအတွင်း ဒီမိုကရက်တစ်မဟုတ်သော စနစ်တစ်ရပ်မှ ဒီမိုကရက်တစ် အစိုးရစနစ်များသို့ နိုင်ငံများ အုပ်စုလိုက် ပြောင်းလဲကြပြီး ၎င်းတို့၏ အပြောင်းအလဲမှာ ခေတ်ပြိုင်ဆန့်ကျင်ဘက် အပြောင်းအလဲများထက် အရေအတွက်ပိုများသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထိုဒီမိုကရေစီအသွင်ပြောင်းခြင်းသည် ၁၉၇၀ လွန် အလယ်ပိုင်းနှစ်များတွင် ပေါ်တူဂီ၌ စတင်ခဲ့ပြီး ၁၉၈၀ လွန်နှစ် နောက်ပိုင်းနှစ်များအထိ တောင်အမေရိကမှ အာရှနှင့် အနောက်ဥရောပအထိ လျင်မြန်စွာပျံ့နှံ့သွားခဲ့သည်။ တတိယလှိုင်း မတိုင်မီ ပေါ်ပေါက်ခဲ့သော လှိုင်းများမှာ ၁၈၂၈-၁၉၂၆ အတွင်း ပေါ်ပေါက်ခဲ့သော ပထမလှိုင်းနှင့် ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၃ မှ ၁၉၆၄ အထိပေါ်ပေါက်ခဲ့သော ဒုတိယလှိုင်းတို့ ဖြစ်ကြသည်။

အရှေ့တောင်အာရှတွင် ဒီမိုကရေစီအသွင်ပြောင်းမှုဖြစ်စဉ်၏ ဩဇာနှေးကွေးစွာ ဖြန့်ကျက်သည့်ဖြစ်စဉ်တွင် အကြောင်းရင်းခံအမျိုးမျိုး ပေါင်းစပ်ပါဝင်နေသည်ဟု ရှုင်းပြနိုင်ဖွယ်ရှိသည်။ အထူးသဖြင့် ၁၉၇၀ လွန်နှစ်များတွင် ကွန်မြူနစ်ဝါဒခြိမ်းခြောက်မှုမှာ အဓိကအကြောင်းရင်းကြီး တစ်ရပ်ဖြစ်သည်။ စစ်အေးခေတ်တွင် မည်သည့်ဘက်ကမျှ ဒီမိုကရေစီစနစ်ကို ပံ့ပိုးခဲ့ခြင်း မရှိသောကြောင့် (ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း အနောက်နိုင်ငံများက ကွန်မြူနစ်ကို တိုက်ခိုက်သည့် စစ်အာဏာရှင်များကိုပံ့ပိုးခဲ့ပြီး ကွန်မြူနစ်ဘက်တော်သားများလည်း ခေတ်မီလွတ်လပ်သော ဒီမိုကရက်တစ်ပုံစံများကို လက်မခံခဲ့ချေ။) နိုင်ငံတကာအသိုင်းအဝိုင်း၏ပံ့ပိုးမှုကို အနည်းငယ်မျှသာ ရရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ တကယ်တမ်းတွင် စစ်အေးခေတ်အဆုံးသတ်သည့်အချိန်အထိ ထိုနိုင်ငံများအနေနှင့် ဒီမိုကရေစီဟူသည့်အသံကို ကြားပင်ကြားခဲ့ရခြင်းမရှိချေ။

ကွန်မြူနစ်ဝါဒကို ကြောက်လန့်ခြင်းအပြင် အရှေ့တောင်အာရှနိုင်ငံများကို ဒီမိုကရေစီလမ်းကြောင်းပေါ် သို့ စောစောစီးစီးမရောက်ရှိအောင် တားဆီးခဲ့သည့်အခြားအကြောင်းရင်း နှစ်ရပ်မှာ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့ဖြစ်သည်။ ဒီမိုကရေစီပြုခြင်း တတိယလှိုင်း၏သက်ရောက်မှုကိုခံခဲ့ရသည့် ဥရောပအရှေ့ပိုင်း၊ ဥရောပအလယ်ပိုင်းနှင့် လက်တင်အမေရိကနိုင်ငံများထဲမှ အများစုမှာ စီးပွားရေးအရ ပြင်းပြင်းထန်ထန် ထိခိုက်မှုနှင့် အကျိုးဆက်အဖြစ် လူမှုရေးပြဿနာရပ်များကို ရင်ဆိုင်ခဲ့ရသည်။ ထိုပြဿနာများကြောင့်ပင် ပြည်သူများသည် အစိုးရများကို စိတ်ကျေနပ်ခြင်းမရှိကြတော့ဘဲ ဆန္ဒပြပွဲများဆင်နွှဲရန် တွန်းအားဖြစ်ခဲ့သည်။ အခြားတစ်ဖက်တွင်မူ အရှေ့တောင်အာရှနိုင်ငံအများစုမှာ ၁၉၇၀ လွန်နှစ်များအတွင်းတွင် မကြုံစဖူး စီးပွားရေးဖွံ့ဖြိုးမှုများဖြစ်ထွန်းခြင်းကြောင့် ဆင်းရဲမွဲတေမှုကိုလျော့ချနိုင်ပြီး ပြည်သူတို့၏ဘဝနေမှုအဆင့်အတန်းမှာလည်း တိုးတက်မှုများ ရရှိလာခဲ့သည်။ ထိုကဲ့သို့ချမ်းသာကြွယ်ဝမှုများကြောင့် အရှေ့တောင်အာရှနိုင်ငံများမှလူများသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် တောင်းဆိုရေးအတွက် ဆန္ဒပြင်းပြမှု နည်းပါးခဲ့သည်။ အကျိုးဆက်မှာ ဒီမိုကရေစီအသွင်ပြောင်းမှု တတိယလှိုင်းကာလအတွင်း တည်ငြိမ်သည့် စီးပွားရေးတိုးတက်မှုကြောင့် ဤဒေသတွင်းတွင် အာဏာရှင်စနစ်အပေါ် သိသာထင်ရှားသည့် အတိုက်အခံပြုမှုပေါ် ပေါက်ခြင်းမရှိခဲ့ပေ။

ယဉ်ကျေးမှု၊ အထူးသဖြင့် ကွန်ဖြူးရှပ်ဝါဒ၏ ဩဇာလွှမ်းမိုးမှုမှာလည်း အရှေ့တောင်အာရှ နိုင်ငံများတွင် ဒီမိုကရေစီပြုခြင်းဖြစ်စဉ် မပေါ်ပေါက်စေရန်တားဆီးခဲ့သည့် အခြားအရေးပါသည့် အချက် ဖြစ်သည်။ ထိုလွှမ်းမိုးမှု၏လက္ခဏာရပ်များဖြစ်သည့် ပြည်သူပိုင်ပြုရေး၊ အထက်အောက် အုပ်ချုပ်ရေး၊ စည်းမျဉ်းများနှင့် ဓလေ့ထုံးတမ်းအယူအဆများမှာ တစ်ဦးချင်းလွတ်လပ်ခွင့်၊ တန်းတူ ညီမျှရေးနှင့် မတူညီသည့်နိုင်ငံရေးအမြင်များကို ကိုင်စွဲခွင့်တို့ကဲ့သို့သော ဒီမိုကရေစီ လက္ခဏာရပ်များနှင့် ဝိရောဓိဖြစ်လျက်ရှိသည်။ ကွန်ဖြူးရှပ်ဝါဒသည် အဓိကအားဖြင့် တရုတ်ယဉ်ကျေးမှုနှင့် ဆက်နွယ်လျက်ရှိသော်လည်း အရှေ့တောင်အာရှရှိ တရုတ်မဟုတ်သော နိုင်ငံများအပေါ်တွင်ပါ လွှမ်းမိုးမှုရှိခဲ့သည်။ ၎င်းတို့၏စီးပွားရေးအရ အောင်မြင်မှုနှင့်ဆက်စပ်ပြီး အရှေ့တောင်အာရှ ခေါင်းဆောင်အများအပြားက ကွန်ဖြူးရှပ်ယဉ်ကျေးမှုတန်ဖိုးများကို လူ့အဖွဲ့အစည်း၏ စုပေါင်း တန်ဖိုးများအဖြစ် အားပေးထောက်ပံ့ခဲ့ပြီး နောက်ပိုင်းတွင် ထိုတန်ဖိုးများကို အာရှတန်ဖိုးအဖြစ် အမည်ပြောင်းတံဆိပ်ကပ်ခဲ့ကြသည်။ ၎င်းတို့သည် များသောအားဖြင့် တစ်သီးပုဂ္ဂလဝါဒ အနောက်တိုင်းတန်ဖိုးများ ထင်ဟပ်မှုကြောင့် ဒီမိုကရေစီကို ဆန့်ကျင်ခဲ့ပြီး အာရှတန်ဖိုးစံနှုန်းများက အာရှ ယဉ်ကျေးမှုနှင့်ပိုမိုကိုက်ညီပြီး စီးပွားရေးဖွံ့ဖြိုးမှု ပိုမိုအရှိန်အဟုန်ကောင်းရန်လည်း အထောက်အကူ ပြုသည်ဟုဆိုကာ ပိုမိုသာလွန်ကောင်းမွန်သော တန်ဖိုးစံနှုန်းများဟု သတ်မှတ်ခဲ့ကြသည်။

သဘောတရားရေးရာ ရှုင်းလင်းချက်

အာရှတန်ဖိုးများ

အာရှနိုင်ငံများသည် လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် နိုင်ငံရေးနည်းလမ်းများအပေါ် မတူညီသော ရှုမြင်မှုများအပါအဝင် လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးတန်ဖိုးများတွင် အနောက်နိုင်ငံများ၏ တန်ဖိုးထားမှုများနှင့် တူညီမှုမရှိဟု အဆိုပြုသည်။ စစ်မှန်သောအာရှသားများသည် အသက်အရွယ်ကြီးသူများအပေါ် လေးစားခြင်း၊ အုပ်ချုပ်သူအစိုးရကိုမဝေဖန်ခြင်းနှင့် သက်ဆိုင်ရာလူ့အဖွဲ့အစည်းအပေါ် လူတစ်ဦးက ထမ်းဆောင်ရမည့်တာဝန်ကို သိရှိခြင်းတို့ရှိရမည်ဟု အာရှတန်ဖိုးများက ယူဆသည်။ အာရှတန်ဖိုးများကို ၁၉၈၀ လွန်နှစ်များနှင့် ၁၉၉၀ လွန်နှစ်များအတွင်း ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေး အယူအဆအပေါ် ထားရှိကြသည့် ယုံကြည်မှုများကို ဆန့်ကျင်ရန် အသုံးပြုခဲ့သည်။ လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး အာရှတန်ဖိုးများက ဆန့်ကျင်ငြင်းပယ်သည့် အဓိကအချက်များမှာ-

- လူ့အခွင့်အရေးသည် တစ်ကမ္ဘာလုံးဆိုင်ရာဆိုခြင်းထက် ယဉ်ကျေးမှုအလိုက် ရှုမြင်ပုံကွဲပြားနိုင်သည်။
- နိုင်ငံတကာစနစ်များသည် သူတစ်ပါး၏ ပြည်တွင်းရေးကို ကြားဝင်မစွက်ဖက်ရေး အခြေခံစည်းမျဉ်းနှင့်အညီသာ လုပ်ဆောင်သင့်ပြီး နိုင်ငံများအနေဖြင့် အခြားနိုင်ငံတစ်နိုင်ငံ၏ လူ့အခွင့်အရေးမှတ်တမ်းများအပေါ် ဝေဖန်မှုမပြုလုပ်သင့်ချေ။
- နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာဆိုင်ရာအခွင့်အရေးများမှာ လူ့အခွင့်အရေး၏ ခြိမ်းခြောက်မှုကို ခံရလျက်ရှိသည်။

ဆန့်ကျင်မှုများရှိသော်လည်း အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် ဒီမိုကရေစီတောင်းဆိုမှုများနှင့် မလွတ်နိုင်ခဲ့ချေ။ ၁၉၈၀ နှောင်းပိုင်းနှစ်များနှင့် ၁၉၉၀ လွန် အစောပိုင်းနှစ်များတွင် အရှေ့တောင်အာရှ လေးနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းတို့တွင် ဒီမိုကရေစီအသွင်ပြောင်းခြင်းများ ပေါ်ပေါက်ခဲ့သည်။ အင်ဒိုနီးရှားနှင့် ထိုင်းတို့တွင် ဒီမိုကရေစီအသွင်ပြောင်းခြင်းသည် အာဏာရအထက်တန်းလွှာများ၊ စစ်တပ်နှင့် အတိုက်အခံ ဒီမိုကရေစီအင်အားစုများအကြား ဆွေးနွေးညှိနှိုင်းသည့် လုပ်ငန်းစဉ်အဖြစ် ဖြစ်ပေါ်ခဲ့ပြီး ဖိလစ်ပိုင်တွင်မူ လူထုဆန့်ကျင်တော်လှန်မှုများဖြင့် သမ္မတကိုဖြုတ်ချခဲ့ပြီးနောက်တွင် ဖြစ်ပေါ်ခဲ့သည်။ ကမ္ဘောဒီးယားတွင်မူ ငြိမ်းချမ်းရေးသဘောတူညီမှုစာချုပ်တစ်ရပ်၏ မတူညီသောလမ်းကြောင်းတစ်ရပ်အဖြစ် ဖြစ်ပေါ်ခဲ့သည်။ ဒီမိုကရေစီအသွင်ပြောင်းခြင်းမှာ လမ်းကြောင်းအမျိုးမျိုးဖြင့် ပေါ်ပေါက်နိုင်သည်ကို ထိုဖြစ်စဉ်လေးမျိုးကို အကျဉ်းသုံးသပ်ကာ ဆန်းစစ်ကြပါမည်။

ဖိလစ်ပိုင်တွင် သမ္မတမားကို့စ်ဦးဆောင်သည့် အစိုးရအဖွဲ့သည် အာဏာကို ဆယ်စုနှစ်နှစ်ခုကြာ ဆုပ်ကိုင်ထားပြီးနောက်တွင် လူထုအင်အားတော်လှန်ရေးဖြင့် ဖြုတ်ချခံခဲ့ရသည်။ ဒီမိုကရေစီအသွင်ပြောင်းခြင်းမှာ ၁၉၈၆၊ ဖေဖော်ဝါရီတွင် ပြုလုပ်သည့် ရွေးကောက်ပွဲမှစတင်သည်။ ယင်းရွေးကောက်ပွဲတွင် သမ္မတမားကို့စ်က စတုတ္ထသက်တမ်းအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မားကို့စ်အစိုးရလက်ထက်အတွင်း အသတ်ခံခဲ့ရသူများထဲမှ တစ်ဦး၏ဇနီးဖြစ်သူ မစ္စစ်ကိုရာဇွန်အကွီနိုကအတိုက်အခံအဖြစ် ဝင်ရောက်အရွေးခံခဲ့သည်။ ကြိုတင်မျှော်မှန်းထားသည့်အတိုင်းပင် မသမာသည့် ရွေးကောက်ပွဲက မားကို့စ်ကိုသာ အနိုင်ပေးသည့်ရလဒ် ထွက်ပေါ်ခဲ့သော်လည်း ထိုရလဒ်ကြောင့် ပြည်သူများမှာ ဒေါသပေါက်ကွဲခဲ့ကြသည်။ ထို့နောက် ထင်ရှားကျော်ကြားသူများ အပါအဝင် စုစုပေါင်းလူပေါင်း ၅၀၀၀၀၀ ခန့်သည် မားကို့စ် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည့်နေ့တွင် လမ်းပေါ်ထွက် ဆန္ဒပြခဲ့ကြပြီး အကျိုးဆက်အားဖြင့် မားကို့စ်ကို အာဏာမှ ဖယ်ရှားနိုင်ခဲ့သည်။ သမ္မတမားကို့စ်နှင့် ၎င်း၏ မိသားစုမှာတိုင်းပြည်အတွင်းမှပင် ထွက်ပြေးခဲ့ကြရပြီး ကိုရာဇွန်အကွီနိုမှာ သမ္မတအသစ် ဖြစ်လာခဲ့သည်။

ထိုင်းတွင် ၁၉၉၂၊ မေလအတွင်း၌ ရက်သတ္တပတ်အနည်းငယ်ကြာမြင့်သော အကြမ်းဖက်မှုများ ဖြစ်ပွားပြီးနောက် နိုင်ငံရေးတွင် စစ်တပ်၏အခန်းကဏ္ဍလျှော့ချရန် အဆုံးစွန်ရည်မှန်းချက်ဖြင့် အခြေခံဥပဒေပြင်ဆင်ရန်အတွက် ဗိုလ်ချုပ်ဆူချင်ဒါ ဦးဆောင်သော စစ်အစိုးရနှင့် အတိုက်အခံအင်အားစုများကြား သဘောတူညီမှုတစ်ရပ်ဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အစပြုခဲ့သည်။ ထိုပြင်ဆင်ချက်သည် ထိုင်းဒီမိုကရေစီ၏ အုတ်မြစ်တစ်ခုဖြစ်သော ၁၉၉၇ အခြေခံဥပဒေရေးဆွဲရေးသို့ ဦးတည်စေခဲ့သည်။ ထိုင်းကဲ့သို့ပင် အင်ဒိုနီးရှားတွင်လည်း ၁၉၉၇ စီးပွားပျက်ကပ်၏ အကျိုးဆက်အဖြစ် စီးပွားရေးပြိုလဲမှုအပေါ် စိတ်ပျက်ရာမှအစိုးရကို အင်အားအလုံးအရင်းနှင့် ဆန္ဒပြမှုများမှတစ်ဆင့် ဒီမိုကရေစီပြုခြင်းဖြစ်စဉ်ပေါ်ပေါက်ခဲ့သည်။ စစ်တပ်ကိုထောက်ခံသူများက တစ်ဖက်နှင့် နိုင်ငံရေးအဖွဲ့များကိုထောက်ခံသူများက တစ်ဖက် သဘောထားကွဲပြီး လမ်းမများထက်တွင် အဓိကရုဏ်းများဖြစ်ပွားပြီးနောက်တွင် သမ္မတဆူဟာတိုသည် ၁၉၉၈၊ မေလတွင် ဒုသမ္မတဟက်ဘီဘီကို အာဏာလွှဲပြောင်းပေးခဲ့ရသည်။ အခြေခံဥပဒေ ပြင်ဆင်ချက်တစ်ရပ်ကိုလည်း ဟက်ဘီဘီ၊ သူ၏အာဏာရ ဂိုလ်ကာပါတီ၊ စစ်တပ်နှင့် အတိုက်အခံ အင်အားစုများကြား ညှိနှိုင်းဆွေးနွေးပြီး ရေးဆွဲခဲ့သည်။ ထိုဒီမိုကရက်တစ်အခြေခံဥပဒေပေါ်တွင် အခြေပြုပြီး လွှတ်တော်နှင့်

သမ္မတရွေးကောက်ပွဲများကို ၁၉၉၃ တွင်ကျင်းပခဲ့သည်။ ထိုရွေးကောက်ပွဲမှာ ဆူဟာတို၏ လက်အောက်ရှိ စစ်တပ်ကျောထောက်နောက်ခံပြု အာဏာရှင်အစိုးရက တိုင်းပြည်ကို နှစ်ပေါင်း ၃၀ ကျော်အုပ်ချုပ်ခဲ့ပြီးနောက် ပထမဆုံးရွေးကောက်ပွဲ ဖြစ်ခဲ့သည်။

ကမ္ဘောဒီးယားတွင်မူ တစ်မူထူးသည့်နည်းလမ်းဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပေါ်ခဲ့သည်။ ၁၉၉၁၊ စက်တင်ဘာတွင် တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်နေသည့် အဖွဲ့များဖြစ်သော ခမာသူပုန်များ၊ ဘုရင်စနစ်ကိုထောက်ခံသည့် ဖန်ဆင်ပက်ပါတီနှင့် ကမ္ဘောဒီးယားပြည်သူပါတီတို့ကြားတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပခဲ့သည်။ ထိုညှိနှိုင်းဆွေးနွေးမှုများ၏ ရလဒ်အဖြစ် ပဲရစ်ငြိမ်းချမ်းရေးသဘောတူညီချက်ဟု အများသိကြသော ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့သည်။ ထိုငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရေးတွင် နိုင်ငံတကာအသိုင်းအဝိုင်းက အရေးပါသောကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ပြီး ဆွေးနွေးပွဲများသို့ ကုလ အထွေထွေအတွင်းရေးမှူးချုပ်ကိုယ်တိုင် တက်ရောက်ခဲ့သည်။ ဆွေးနွေးညှိနှိုင်းမှုမှတစ်ဆင့် (UN Transitional Authority in Cambodia (UNTAC)) ဟုခေါ်သော ကုလသမဂ္ဂအဖွဲ့တစ်ရပ်ထူထောင်ရန် သဘောတူညီမှုလည်း ရခဲ့သည်။ UNTAC သည် ဘုရင်စနစ်ကိုထောက်ခံသည့်ပါတီနှင့် ကမ္ဘောဒီးယားပြည်သူပါတီတို့ကြား အာဏာခွဲဝေရယူမည့် ဒီမိုကရေစီအစိုးရတစ်ရပ်ထူထောင်ရေးနှင့် ဒီမိုကရေစီသို့ပြောင်းလဲရေးလုပ်ငန်းစဉ်တို့တွင် ဝင်ရောက်စီမံခန့်ခွဲပေးရန်ဖြစ်သည်။ ကမ္ဘောဒီးယားတွင် ဒီမိုကရေစီနည်းကျကျ ရွေးကောက်ပွဲတစ်ရပ်ကို ၁၉၉၃၊ မေလတွင်ကျင်းပခဲ့သော်လည်း စစ်တပ်က အာဏာသိမ်းလိုက်သဖြင့် ထိုရွေးကောက်ပွဲရလဒ်မှာ ပျက်ပြယ်သွားခဲ့သည်။ ဖန်ရှင်ပက်ခေါင်းဆောင်များမှာလည်း ကမ္ဘောဒီးယားပြည်သူပါတီက ဖိအားပေးခြင်းကြောင့် ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်သွားရသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

မည်သည့်အချက်များက နိုင်ငံတစ်နိုင်ငံကို ဒီမိုကရေစီစနစ်သို့ ပြောင်းလဲစေသနည်း။

- ချမ်းသာကြွယ်ဝမှု မြင့်တက်လာခြင်းလော။ ချမ်းသာကြွယ်ဝသူများသည် စီးပွားရေးဆုံးဖြတ်ချက်များ ပြုလုပ်နိုင်ရေးအတွက် သွင်းအားစုများ ပိုမိုဖြည့်ပေးရန် ဆန္ဒရှိသလော။
- မီဒီယာများ၏ တစ်ကမ္ဘာလုံးအတိုင်းအတာနှင့်ပံ့နှံ့ရောက်ရှိမှု မြင့်တက်လာပါသလား။ ပြည်သူများက အခြားတိုင်းပြည်များတွင် ဒီမိုကရေစီထွန်းကားသည်ကိုတွေ့ရှိပြီးနောက် မိမိတို့နိုင်ငံတွင်လည်း အလားတူဖွံ့ဖြိုးတိုးတက်မှုများကို အလိုရှိခြင်းမျိုး ရှိပါသလား။
- နိုင်ငံရေး၊ ရပိုင်ခွင့်များနှင့်ချမ်းသာကြွယ်ဝမှုတို့နှင့်ပတ်သက်ပြီး ပြည်သူများအနေဖြင့် အသိဉာဏ်ပိုမိုကြွယ်ဝလာခြင်းကြောင့်လော။
- လူနည်းစုသာဖြစ်သော အာဏာရှိသူလူတစ်စုက ဒီမိုကရေစီသည် ပိုမိုကောင်းမွန်သည့်စနစ်ဖြစ်သည်ဟု ဆုံးဖြတ်လိုက်ခြင်းကြောင့်လော။

သင့်နိုင်ငံတွင် ဒီမိုကရေစီသို့ကူးပြောင်းရာ၌ မည်ကဲ့သို့ဖြစ်ခဲ့သည်ကိုအဖြေရှာပါ။ ဒီမိုကရေစီအပြောင်းအလဲကာလတွင် နေထိုင်ခဲ့သူများနှင့် စကားပြောဆိုဆွေးနွေးပြီး အဘယ်ကြောင့် ဒီမိုကရေစီသို့ပြောင်းလဲခဲ့ပြီး လူများက အဘယ်ကြောင့် အပြောင်းအလဲကိုထောက်ခံခဲ့သည်ဆိုသည်နှင့်ပတ်သက်ပြီး အမြင်များကို မေးမြန်းပါ။

၈.၆ ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးများပေါ်ထွက်လာခြင်း

ကုလသမဂ္ဂက စောင့်ကြည့်ထိန်းကျောင်းပြီး နိုင်ငံတကာသဘောတူညီချက်များတွင် ပါဝင်သည့် ရပိုင်ခွင့်များအဖြစ် လက်ရှိအချိန်တွင် နားလည်သဘောပေါက်နေသည့် လူ့အခွင့်အရေးများကို ဒေသတွင်း၌ ၁၉၇၀ လွန်နှစ်များအရောက်တွင် ပိုမိုလက်ခံလာခဲ့ကြသည်။ ယခုအခန်းတွင် အစောပိုင်းကဖော်ပြခဲ့သည့်အတိုင်း လူ့အခွင့်အရေးများကို ထိုကာလမတိုင်မီကတည်းက အသိအမှတ်ပြုလက်ခံထားပြီး NAM လှုပ်ရှားမှု၊ စစ်အေးခေတ်ပဋိပက္ခများအတွင်းတွင် လူ့အခွင့်အရေးများကို လှုပ်ရှားမှုများနှင့်ဆက်စပ်ပြီး ရည်ညွှန်းဖော်ပြခြင်းရှိခဲ့သော်လည်း လူသားအားလုံးနှင့်ဆိုင်သော ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးများကိုမူ မကြာသေးမီ အချိန်ကာလတစ်ခုအထိ အစိုးရများအနေဖြင့်ဖြစ်စေ၊ တစ်သီးပုဂ္ဂလအနေဖြင့်ဖြစ်စေ၊ အဖွဲ့အစည်းအဖြစ်ဖြစ်စေ ကျယ်ကျယ်ပြန့်ပြန့်လက်ခံခြင်းမျိုး မရှိခဲ့ပေ။ ယခုအခန်းတွင် လူ့အခွင့်အရေးအား မျက်မှောက်ခေတ် နားလည်လက်ခံထားမှုများ ပေါ်ထွန်းလာခြင်းနှင့် ပတ်သက်ပြီး အရပ်ဘက်အဖွဲ့အစည်းများက မည်ကဲ့သို့ လက်ခံခဲ့ပြီး ကုလသမဂ္ဂလုပ်ဆောင်ချက်များက မည်ကဲ့သို့ တွန်းအားပေးဖော်ဆောင်ခဲ့သည်ကို ရှင်းပြပြီး အသေးစိတ်ဆွေးနွေးသွားမည်ဖြစ်သည်။

၈.၆.၁ အရပ်ဘက်လူမှုအဖွဲ့အစည်းများအားကောင်းလာမှု - အမျိုးသမီးများနှင့်ကျောင်းသားများ

အရှေ့တောင်အာရှသမိုင်းတစ်လျှောက်တွင် ပြည်သူများသည် အာဏာရှင်များကို ဆန့်ကျင်ရန်အတွက် အရပ်ဘက်အဖွဲ့အစည်းများအဖြစ် ဖွဲ့စည်းခဲ့ကြသည်။ အချို့က အမျိုးသားရေးလှုပ်ရှားမှုအသွင်၊ အခြားသူများက တော်လှန်ရေးတပ်ဖွဲ့များအဖြစ်နှင့် မကြာသေးမီကာလများတွင် ဆိုလျှင် လူမှုရေးလှုပ်ရှားမှုအဖွဲ့များအသွင် ဖွဲ့စည်းခဲ့ကြသည်။ ယခုအခန်းတွင်သုံးနှုန်းသွားမည့် အရပ်ဘက်လူမှုအဖွဲ့အစည်းဆိုသည့် ဝေါဟာရမှာ တော်လှန်ရေးတပ်များ၊ သို့မဟုတ် အတိုက်အခံအစိုးရများကို မရည်ညွှန်းဘဲ စစ်ဘက်နှင့်အစိုးရတို့မှမဟုတ်သော အပြင်လူများဖြင့်ဖွဲ့စည်းထားသည့် အဖွဲ့များကိုသာ ဆိုလိုခြင်းဖြစ်သည်။ ဤအရပ်ဘက်လူမှုအဖွဲ့များကို အဓိကအားဖြင့် ၁၉၆၀ လွန်နှောင်းပိုင်းနှစ်များတွင် ဖွဲ့စည်းခဲ့ကြပြီး နောက်ပိုင်းတွင် ဖိလစ်ပိုင်မှ လူထုအင်အားကဲ့သို့သော လူထုလှုပ်ရှားမှုအဖွဲ့များ သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်း (NGOs) များ ဖြစ်လာခဲ့ကြသည်။ အရပ်ဘက် လူ့အခွင့်အရေးလှုပ်ရှားမှုများ၏ အရေးပါသော ရှေ့ပြေးလက္ခဏာနှစ်ရပ်ဖြစ်သည့် အမျိုးသမီးအခွင့်အရေးလှုပ်ရှားမှုများနှင့် ကျောင်းသားလှုပ်ရှားမှုများကို ယခု အနှစ်ချုပ် လေ့လာသုံးသပ်သွားမည်ဖြစ်သည်။

ယနေ့ခေတ်တွင် လူအများက အမျိုးသမီးများသည် တန်ဖိုးနှင့်အခွင့်အရေးများအရ အမျိုးသားများနှင့်တန်းတူညီမျှမှုရှိသလား ဆိုသည်ကို မေးခွန်းထုတ်ခြင်းမရှိကြတော့ချေ။ ရှေးယခင်ကမူ အရှေ့တောင်အာရှတွင်ရော ကမ္ဘာတစ်ဝန်းလုံးတွင်ပါ အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိရေးဆိုသည်မှာ လက်သင့်မခံအပ်သော အယူအဆတစ်ရပ်ဖြစ်ခဲ့သည်။ သို့သော်လည်း အနောက်နိုင်ငံများတွင် ပထမဦးစွာ စတင်ခဲ့ပြီး နောင်တွင်ဖွံ့ဖြိုးဆဲနိုင်ငံများအထိ ပျံ့နှံ့လာခဲ့သော အမျိုးသမီးအခွင့်အရေးလှုပ်ရှားမှုများသည် အရှေ့တောင်အာရှတွင် ၁၉၇၀ လွန်နှစ်များ အတွင်းတွင် အရှိန်ရလာခဲ့သည်။ အမျိုးသမီးအခွင့်အရေးကို မီဒီယာများ၊ တက္ကသိုလ်များနှင့် နိုင်ငံရေးတို့တွင်

ပထမဆုံးအဖြစ် ထည့်သွင်းဆွေးနွေးလာခဲ့သည်။ အင်ဒိုနီးရှားတွင် ၁၉၅၀ လွန်နှစ်များမှ ၁၉၆၀ လွန်နှစ်များအတွင်း လူပ်ရှားမှုများပြုလုပ်ခဲ့ပြီး အဖွဲ့ဝင်ပေါင်း သန်းနှင့်ချီရှိသည့် ဂျာဝမ်နီဟူသည့် အမျိုးသမီးအဖွဲ့အစည်းတစ်ရပ်သည် တန်းတူညီမျှအခွင့်အရေးကို အားပေးထောက်ခံခဲ့သည်။ သို့သော် ယင်းအဖွဲ့သည် ကွန်မြူနစ်ဝါဒနှင့် နီးနီးကပ်ကပ် ပတ်သက်ဆက်နွယ်ခဲ့ခြင်းက ၁၉၆၀ လွန်နှစ်များတွင် အဖွဲ့ဖျက်သိမ်းရမည့်အခြေအနေသို့ ဦးတည်သွားစေခဲ့သည်။ အခြားအရှေ့တောင်အာရှ နိုင်ငံအများအပြားတွင်လည်း အမျိုးသမီးအခွင့်အရေး လူပ်ရှားသည့်အဖွဲ့များရှိခဲ့ပြီး ယင်းတို့ကို အခန်း(၉)တွင်ဆွေးနွေးသွားမည်ဖြစ်သည်။

အမျိုးသမီးအခွင့်အရေးလူပ်ရှားမှုများသည် အခြားလူ့အခွင့်အရေးတက်ကြွလူပ်ရှားသူများကြီးမားသည့်အခက်အခဲများနှင့်ရင်ဆိုင်နေရချိန်တွင် ဒေသတွင်း၌ ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုလက်ခံမှုတစ်ရပ်ကို တည်ဆောက်နိုင်ခဲ့သည်။ ထိုသို့ ဖြစ်ရသည့်အကြောင်းရင်း အတော်များများရှိသည်။ ပထမဆုံးအနေဖြင့် အမျိုးသမီးအခွင့်အရေးထောက်ခံသူအများအပြားမှာ အစိုးရအဖွဲ့အတွင်း လုပ်ကိုင်နေပြီးသူများဖြစ်နေပြီး အချို့အခြေအနေများတွင်ဆိုလျှင် အစိုးရအရာရှိများ၏ဇနီး၊ သမီး စသည်တို့ဖြစ်လျက်ရှိနေခြင်းဖြစ်သည်။ အမျိုးသမီးအခွင့်အရေးလူပ်ရှားမှုများမှာ နိုင်ငံရေးအရဆိုလျှင်လည်း အစိုးရ၏အာဏာကို စိန်ခေါ်သည့်လူပ်ရှားမှုအဖြစ် ယူဆခံရခြင်းမရှိခြင်းကြောင့် ၎င်းတို့ကို အစိုးရဆန့်ကျင်ရေးအဖွဲ့များအဖြစ် သတ်မှတ်ခံရခြင်းမရှိချေ။ ဒုတိယအကြောင်းရင်း တစ်ရပ်မှာမူ ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းတို့ကဲ့သို့သော အရေးကိစ္စများနှင့်ပတ်သက်ပြီး လူပ်ရှားသည့် အမျိုးသမီးအဖွဲ့အစည်းများ မရှိမဖြစ်ပင် ထိုအခွင့်အရေးများအတွက် လူပ်ရှားသည့် ဖွဲ့ဖြိုးပြီးအရပ်ဘက်လူမှုကွန်ရက်တစ်ခု ရှိနှင့်ပြီးသားဖြစ်နေခြင်းပင် ဖြစ်သည်။ နောက်ဆုံးအချက်မှာမူ အရှေ့တောင်အာရှအစိုးရအဖွဲ့အများအပြားတွင် အမျိုးသမီးရေးရာကော်မရှင်များ၊ အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ အစိုးရကိုယ်တိုင် ဦးစီးသည့် ဂေဟာများ၊ ဦးစီးဌာနများ၊ ဝန်ကြီးဌာနများနှင့် အမျိုးသမီးများအတွက် လူမှုဖူလုံရေး အစီအမံများရှိနှင့်နေခြင်းဖြစ်ပြီး ထိုအရာအားလုံးကြောင့် အစိုးရနှင့် အမျိုးသမီးထုကြား အားကောင်းသော ထိတွေ့ဆက်ဆံမှုဖြစ်ပေါ်စေခဲ့ခြင်းပင်ဖြစ်သည်။ သို့ဖြစ်ရာ အရှေ့တောင်အာရှနိုင်ငံ အများအပြားတွင် လူ့အခွင့်အရေးတက်ကြွလူပ်ရှားမှုများမှာ အမျိုးသမီးအခွင့်အရေးများမှတစ်ဆင့် ပထမဦးစွာ ကြီးထွားလာခဲ့ကြသည်။

ကျောင်းသားများမှာလည်း အရေးပါသည့်လူပ်ရှားမှုတစ်ရပ်အဖြစ် ပါဝင်ခဲ့သည်။ ဒေသတွင်းရှိ နိုင်ငံအများစုသည် ကျောင်းသားလူပ်ရှားမှုများကို အစိုးရကိုစိန်ခေါ်သည့်လူပ်ရှားမှုများအဖြစ် ရှုမြင်ကြပြီး ၎င်းတို့၏လူပ်ရှားမှုအများအပြားမှာလည်း ရက်စက်ပြင်းထန်စွာ နှိမ်နင်းခံခဲ့ကြရသည်။ ကျောင်းသားများသည် နိုင်ငံရေးတွင် တက်ကြွသူများဖြစ်ရသည့် အကြောင်းရင်းများစွာ ရှိရာထိုအထဲတွင် ကျောင်းသားများ၏ လူပ်ရှားမှုများအပေါ် စိတ်အားထက်သန်မှု၊ ဆန္ဒပြင်းပြမှုရှိကြမှု၊ တက္ကသိုလ်များ၏စံနှုန်းများကို ယိုယွင်းပျက်စီးစေပြီး ကျောင်းသားများအနေဖြင့် ဘွဲ့ရပြီးနောက်တွင် အလုပ်ရှာရ ခက်ခဲသည့်အခြေအနေသို့ ဆိုက်ရောက်စေသော ညံ့ဖျင်းသည့်အုပ်ချုပ်မှုစနစ်နှင့် ဆိုးရွားသည့် စီးပွားရေးအခြေအနေတို့၏သက်ရောက်မှုကို ခံစားရမှု၊ ကျောင်းသားများသည် တက္ကသိုလ်များတွင် အင်စတီကျူးရှင်းများအဖြစ် စုဖွဲ့မိပြီးသားဖြစ်မှုနှင့် ၎င်းတို့သည် ဆရာများ၊ ကျောင်းနေဘက်များထံမှ လူ့အခွင့်အရေး၊ ဒီမိုကရေစီ၊ လွတ်လပ်ခွင့်တို့ကဲ့သို့သော အတွေးအခေါ် အယူအဆများကို

ထိတွေ့သိမြင်ခွင့်ရသူများ ဖြစ်နေလေ့ရှိမှုတို့ပင်ဖြစ်သည်။ ထို့ပြင် ကျောင်းသားအများအပြားမှာ စစ်ပြီးခေတ်ကာလတွင် ကွန်မြူနစ်လှုပ်ရှားမှုများ၏သြဇာလွှမ်းမိုးမှုကို ခံခဲ့ကြရသူများလည်းဖြစ်သည်။ လူသိများ၊ အထင်ရှားဆုံး ကျောင်းသားလှုပ်ရှားမှုများမှာ အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများဖြစ်သည်။ ထိုင်းနိုင်ငံတွင် ၁၉၇၃ ခုနှစ်အတွင်းက ပေါ်ပေါက်ခဲ့သော ကျောင်းသားများ၏ဆန္ဒပြပွဲများက စစ်အစိုးရကို ပြုတ်ကျစေရန်ဦးတည်စေခဲ့ပြီး နှစ်အနည်းငယ်အကြာတွင် အစိုးရဘက်တော်သား တပ်ဖွဲ့များ၏တိုက်ခိုက်မှုကြောင့် ကျောင်းသား ၁၀၀ ခန့်အသက်ဆုံးရှုံးခဲ့ရသည်။ အလားတူပင် မြန်မာနိုင်ငံတွင်လည်း ကျောင်းသားများသည် ၁၉၂၀ လွန်နှစ်များကတည်းက တက်ကြွလှုပ်ရှားခဲ့ကြပြီး ၁၉၆၀ လွန်နှစ်များတွင်လည်း လှုပ်ရှားမှုများပြုလုပ်ခဲ့ကြကာ ၁၉၈၈၊ ဩဂုတ်လ၊ ၈ ရက် (၈၈၈၈) လှုပ်ရှားမှုမှာပို၍ထင်ရှားသည်။ ၎င်းတို့သည် စစ်တပ်၏ဖိနှိပ်မှုများကိုလည်း ရင်ဆိုင်ခဲ့ကြရသည်။ ထိုင်းနိုင်ငံကဲ့သို့ပင် စစ်တပ်၏ဖိနှိပ်နှိမ်နင်းမှုများကို ရင်ဆိုင်ရပြီးနောက်တွင် ကျောင်းသားများသည် လက်နက်စွဲကိုင်ကာတောခိုခဲ့ကြပြီး ABSDF (All Burmese Students Democratic Front) ကဲ့သို့သော အဖွဲ့များကို ဖွဲ့ခဲ့ကြသည်။ သို့သော် ကျောင်းသားအဖွဲ့များအားလုံးမှာ အစိုးရဆန့်ကျင်ရေးအဖွဲ့များ မဟုတ်ကြချေ။ အစိုးရကိုထောက်ခံသည့် ကျောင်းသားအဖွဲ့များမှာလည်း လူမျိုးရေး သို့မဟုတ် ဘာသာရေး အရေးကိစ္စများတွင် တက်ကြွလှုပ်ရှားမှုများရှိသည်။ အထူးသဖြင့် မလေးရှားတွင် အစ္စလာမ်ဘာသာကို တက္ကသိုလ်များတွင် ပိုမိုအသိအမှတ်ပြုလာရေးလှုပ်ရှားသည့် ကျောင်းသားအဖွဲ့များရှိခဲ့ပြီး အင်ဒိုနီးရှားတွင်လည်း အခြားကျောင်းသားအဖွဲ့များက ဆူဟာတိုကို ဖြုတ်ချရန် ကွန်မြူနစ်တို့နှင့်မဟာမိတ်ဖွဲ့ပြီး ကြိုးစားခဲ့ချိန်တွင် ဆူဟာတိုအာဏာရရှိလာရန်အတွက် ဆူဟာတိုဘက်မှနေ၍ အရေးပါသည့်နေရာမှပါဝင်လှုပ်ရှားခဲ့သည့် ကျောင်းသားအဖွဲ့လည်း ရှိခဲ့သည်။ ကျောင်းသားလှုပ်ရှားမှုများသည် လူ့အခွင့်အရေးအတွက် သီးသန့်တက်တက်ကြွကြွ လှုပ်ရှားတောင်းဆိုခြင်းမျိုး မဟုတ်သော်လည်း ၎င်းတို့အနေဖြင့် ဒီမိုကရေစီ၊ အသက်မွေးမှုနှင့် တန်းတူညီမျှရေးတို့အတွက် လှုပ်ရှားမှုများရှိခဲ့သည်။ ကျောင်းသားလှုပ်ရှားမှုများက အစိုးများကိုဖြုတ်ချရာတွင် ကူညီခဲ့သည့် ၁၉၇၀ လွန်နှစ်များမှာ ကျောင်းသားလှုပ်ရှားမှု အရှိန်အမြင့်ဆုံး ဖြစ်ခဲ့သည်။ ထိုကာလနောက်ပိုင်းတွင် အရှေ့တောင်အာရှရှိကျောင်းသားအများစုသည် အစိုးရများ၏ ချုပ်ခြယ်ဖိနှိပ်မှုများနှင့် ရင်ဆိုင်ခဲ့ကြရပြီး ဆန္ဒပြရန်အခက်အခဲများစွာကြုံတွေ့ခဲ့ကြသည်။ ဥပမာ - မြန်မာအစိုးရသည် ၈၈၈၈ အရေးတော်ပုံပြီး နောက်ပိုင်းနှစ်များတွင် တက္ကသိုလ်များကို ၅ နှစ်ကြာမျှ ပိတ်ပစ်ခဲ့သည်။ တကယ်တမ်းတွင် ၂၀၁၅ ၌ပင်လျှင် ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်တို့တွင် ကျောင်းသားများဆန္ဒပြခြင်းကို ပိတ်ပင်ထားဆဲဖြစ်သည်။ ထိုကဲ့သို့ပိတ်ပင်ချုပ်ခြယ်မှုများရှိနေသည့်ကြားမှပင် ကျောင်းသားအဖွဲ့အများအပြားမှာ လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးတို့အတွက် ဆက်လက်ထောက်ခံတောင်းဆိုမှုများ ပြုလုပ်နေကြဆဲဖြစ်သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

သမိုင်းကို လူများကရေးသည်လော၊ အဖွဲ့အစည်းများက ရေးသည်လော

ဘုရင့်နိုင်ငံများ၊ ကျွန်များ၊ စစ်အစိုးရများနှင့် ဒီမိုကရေစီပြုရေးလှုပ်ရှားမှုများနှင့်ပတ်သက်ပြီး ပြောသည့် အခါတိုင်းတွင် လူတစ်ဦးတစ်ယောက်ချင်းနှင့်ပတ်သက်သည့် အရေးကိစ္စများမှာ အနည်းငယ်မျှသာ တွေ့ရလေ့ရှိပြီး သမိုင်းကို အဆုံးအဖြတ်ပေးသည့် အရွယ်အစားပိုမိုကြီးမားပြီး အင်အားရှိသော အင်စတီကျူးရှင်းများနှင့် ပတ်သက်သည်များကိုသာ တွေ့ရလေ့ရှိသည်။ လူတစ်ဦးတစ်ယောက်

တည်းက နိုင်ငံရေးစနစ်တစ်ရပ်ကို ပြောင်းလဲမပစ်နိုင်သည်မှာမှန်သော်လည်း ထိုတစ်ဦးတစ်ယောက်ချင်းက အတူတကွလုပ်ဆောင်သည့်အခါတွင်မူ စွမ်းဆောင်နိုင်သည်သာဖြစ်သည်။

တစ်သီးပုဂ္ဂလလူပုဂ္ဂိုလ်များမှာ လူ့အခွင့်အရေးသမိုင်းတွင် မည်မျှအထိအရေးကြီးသနည်း။ လူတစ်ဦးတစ်ယောက်က လူ့အဖွဲ့အစည်းကိုပြောင်းလဲပစ်နိုင်သလား၊ သို့တည်းမဟုတ် လူတစ်ဦးတစ်ယောက်ချင်းက အခြားသူအများအပြားနှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် အပြောင်းအလဲကို ဦးတည်စေနိုင်ပါသလား။ ဥပမာ - ဒေသတွင်းတွင် အလုပ်ကြိုးစားသော အမျိုးသမီးများနှင့် ကျောင်းသားများသည် လူ့အခွင့်အရေးတွင် အပြောင်းအလဲများဖြစ်ပေါ်စေရန် အားထုတ်ခဲ့ကြသည်။ သို့သော် ဒီမိုကရေစီဖော်ဆောင်ခြင်းနှင့် အမျိုးသမီးအခွင့်အရေးတို့ ပေါ်ပေါက်လာခြင်းအတွက် အသိအမှတ်ပြုခံထိုက်ဆုံးမှာ မည်သူဖြစ်သနည်း။ လူများလော၊ ၎င်းတို့ဦးဆောင်ခဲ့သည့် လှုပ်ရှားမှုများလော။

၈.၆.၂ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အားကောင်းလာမှု - NGO များမှသည် လူထုလှုပ်ရှားမှုအသစ်များဆီသို့

အမျိုးသမီးများနှင့် ကျောင်းသားများ၏ လှုပ်ရှားမှုများမှာ ၁၉၇၀ လွန်နှစ်များတွင် အရှေ့တောင်အာရှနိုင်ငံအများအပြား၌ နိုင်ငံအဆင့် လူ့အခွင့်အရေးများ စတင်ပေါ်ထွန်းလာရေးအတွက် အရေးပါသော ရှေ့ပြေးလှုပ်ရှားမှုများဖြစ်ခဲ့သည်။ ပထမဆုံးပေါ်ပေါက်ခဲ့သော လှုပ်ရှားမှုများထဲမှတစ်ခုမှာ ၁၉၇၀ တွင်တည်ထောင်သည့် Indonesia Legal Aid Foundation (YLBHI) ဖြစ်သည်။ ဤအဖွဲ့အစည်းသည် အဓိကအားဖြင့် နိုင်ငံရေးအကျဉ်းသားများကို ဥပဒေရေးရာ အကူအညီများပေးသည့်အဖွဲ့ ဖြစ်သည်။ ယင်းအဖွဲ့ပေါ်ပေါက်ပြီး များမကြာမီတွင် Task Force Detainees of the Philippines (TFDP) ကို ၁၉၇၄ တွင် တည်ထောင်ခဲ့ပြီး ၎င်းသည်လည်း YLBHI ကဲ့သို့ပင် မားကို့စ်၏ စစ်အုပ်ချုပ်ရေး ဥပဒေအောက်တွင် အဖမ်းခံခဲ့ရသည့် နိုင်ငံရေးအကျဉ်းသားများကို ကူညီထောက်ပံ့ခဲ့သည်။ ထိုင်းနိုင်ငံတွင်မူ ၁၉၇၃ တွင် တက္ကသိုလ်မှ ဆရာများစုပေါင်းပြီး Union for Civil Liberty (UCL) ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၁၉၈၃ ခုနှစ်အထိ တရားဝင် မှတ်ပုံတင်နိုင်ခြင်းမရှိခဲ့သော ထိုအဖွဲ့သည် အဓိကအားဖြင့် ကျောင်းသားလှုပ်ရှားမှုများနှင့် ဒီမိုကရေစီလှုပ်ရှားမှုအဖွဲ့သားများ၏ နိုင်ငံသားဆိုင်ရာ လွတ်လပ်ခွင့်များရရှိစေရေးတို့ကို ကူညီထောက်ပံ့ခဲ့သည်။ ထိုနိုင်ငံသုံးခုတွင် တူညီသောအချိန်ကာလအတွင်း လူ့အခွင့်အရေးအဖွဲ့များ ပေါ်ပေါက်လာကြခြင်းမှာ နိုင်ငံရေးမငြိမ်သက်မှုများက မတိမ်းမယိမ်းအချိန်ကာလအတွင်း တွေ့ကြုံခဲ့ကြရ၍ဖြစ်နိုင်သည်။ ဖိလစ်ပိုင်တွင် စစ်အုပ်ချုပ်ရေးဥပဒေ၊ ထိုင်းတွင် ၁၉၇၃ အာဏာသိမ်းမှုနှင့် အင်ဒိုနီးရှားတွင် ၁၉၆၀ လွန်နှစ်နှောင်းပိုင်းတွင် ဆူဟာတို၏ အထွေထွေပြုပြင်ပြောင်းလဲရေးတို့ကို ဆိုလိုခြင်းဖြစ်သည်။ ထိုကာလသည် အရှေ့တောင်အာရှနိုင်ငံအများအပြား၏လူ့အဖွဲ့အစည်းများအတွင်း ကြီးမားသည့် မငြိမ်သက်မှုများပေါ်ပေါက်ခဲ့သည့် ကာလအပိုင်းအခြားဖြစ်သည်။ ကျောင်းသားများကနိုင်ငံရေးတွင် တက်ကြွလှုပ်ရှားလာကြသည်။ လယ်သမားများ၊ အလုပ်သမားများနှင့် ကျေးလက်နေပြည်သူများက သပိတ်အဖွဲ့များဖွဲ့ခဲ့ကြသည်။ ကွန်မြူနစ်နှင့် ကွန်မြူနစ်ဆန့်ကျင်ရေးအဖွဲ့များသည် တောရွာများ၊ တက္ကသိုလ်များနှင့် လုပ်ငန်းခွင်များအတွင်းတွင် အဖွဲ့ဝင်များ တက်တက်ကြွကြွ စုဆောင်းခဲ့ကြသည်။ ထိုအဖွဲ့ထဲမှအများစုမှာ ဒီမိုကရေစီရေးတွင်ဖြစ်စေ၊ ငြိမ်းချမ်းရေးတွင်ဖြစ်စေ၊ ပိုမိုကောင်းမွန်သည့်

အုပ်ချုပ်မှုများရရှိရေးအတွက်ဖြစ်စေ ကြုံတွေ့နေရသည့် ပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်ရန် အားထုတ်ခဲ့ကြသော်လည်း နောက်ဆယ်စုနှစ်အတွင်းတွင်မူ ထိုအဖွဲ့အများစုမှာ လူ့အခွင့်အရေး အဖွဲ့များအသွင် ပြောင်းလဲသွားခဲ့သည်။

ထိုအချိန်ကာလမှာပင် လူ့အခွင့်အရေးတိုးတက်မှုဖြစ်ပေါ်စေခဲ့သော ဒေသပြင်ပမှလာသော အခြားအကြောင်းအရာများလည်းရှိခဲ့သည်။ ဖိလစ်ပိုင်တွင်ဆိုလျှင် ရိုမန်ကတ်သလစ်ဘုရားကျောင်း များ၏ လုပ်ဆောင်ချက်များမှာ လူ့အခွင့်အရေးအတွက် များစွာအထောက်အပံ့ ဖြစ်ခဲ့သည်။ ထို့အတူ လက်တင်အမေရိကတွင်လည်း ရိုမန်ကတ်သလစ် ဘုရားကျောင်းများသည် ဆင်းရဲမွေတေမှု လျှော့ချ ရေးနှင့် စစ်အာဏာရှင်ဆန့်ကျင်ရေးတို့ကို ဆောင်ရွက်ခဲ့ပြီး ငြိမ်းချမ်းရေး၊ ချို့တဲ့နွမ်းပါးသူများ ကိုကူညီရေးတို့နှင့်အတူ လူ့အခွင့်အရေးကို မြှင့်တင်ရန်တို့မှာ ဘုရားကျောင်း၏ အရေးကြီးသော လုပ်ဆောင်ချက်များအဖြစ် မှတ်ယူခဲ့သည်။ ထိုလုပ်ဆောင်ချက်များကို လွတ်မြောက်ရေးကိုးကွယ် ယုံကြည်မှုအဖြစ် သိရှိခဲ့ကြသည်။ နောက်ထပ်ဩဇာလွှမ်းမိုးသည့် အဖွဲ့အစည်းမှာ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့(Amnesty International) ဖြစ်သည်။ ၁၉၆၀ လွန် အစောပိုင်းနှစ်များ အတွင်း စတင်တည်ထောင်သော ယင်းအဖွဲ့ကြီးသည် နိုင်ငံရေးယုံကြည်ချက်ကြောင့် ဖမ်းဆီးခံရပြီး မတရားစီရင်ချက်အချခံရသော အကျဉ်းသားများအရေးကို အထူးအလေးထား ဆောင်ရွက်ခဲ့ကာ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့ရှိ အကျဉ်းသားများ ဖမ်းဆီးခံထားရသည့်အကြောင်းရင်းများကို ထိုနိုင်ငံတို့ရှိ NGO များနှင့်အတူ ထောက်ပြဝေဖန်မှုများပြုလုပ်ခဲ့သည်။

၁၉၇၀ လွန်အစောပိုင်းနှစ်များတွင် လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်များမှာ မည်သည့်နိုင်ငံတွင်မျှ သက်ရောက်မှုမရှိသေးဘဲ ကုလကလည်း လူ့အခွင့်အရေးများကို အကာ အကွယ်မပေးသေးကြောင်းနှင့် နိုင်ငံအများစုတွင် လူ့အခွင့်အရေးဆိုင်ရာအရေးကိစ္စကို ပြည်တွင်း ပြဿနာတစ်ရပ်အဖြစ်သာမှတ်ယူကြပြီး အခြားပြည်ပနိုင်ငံများဝေဖန်နိုင်ခွင့်လည်း မရှိသေးကြောင်း ကိုမူ မှတ်သားထားရမည်ဖြစ်သည်။ လူ့အခွင့်အရေးကို မှတ်တမ်းတင်ပြုစုသူများအတွက် စိန်ခေါ်မှု တစ်ရပ်မှာ ထိုအဖွဲ့အစည်းများစတင်သည့်အချိန်တွင် ၎င်းတို့၏လုပ်ဆောင်ချက်များကို လူ့အခွင့် အရေးအဖြစ် ခေါင်းစဉ်မတပ်သေးခြင်းပင်ဖြစ်သည်။ လူ့အခွင့်အရေးဟုခေါင်းစဉ်မတပ်ဘဲ နိုင်ငံသား လွတ်လပ်ခွင့်များ၊ နိုင်ငံသားအခွင့်အရေး၊ အခြေခံဥပဒေပါအခွင့်အရေး၊ တောင်သူလယ်သမား ဆင်းရဲချို့တဲ့သူများ ရွှေ့ပြောင်းအခြေချခွင့်၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျသူများအခွင့်အရေး စသည်ဖြင့် ခေါင်းစဉ်တပ်ခဲ့ကြသည်။ နောက်ပိုင်းနှစ်များတွင်လည်း ထိုခေါင်းစဉ်များဖြင့်သာ လှုပ်ရှားမှုများပြုလုပ်ခဲ့ပြီး ၁၉၈၀ လွန်နှစ်များအရောက်တွင်မှ ထိုအမျိုးမျိုးအဖုံဖုံသော လှုပ်ရှားမှု အားလုံးအတွက် လူ့အခွင့်အရေးဟူသည့် စကားလုံးကိုသုံးစွဲလာခဲ့သည်။

နောက်ပိုင်းတွင် အခြားအရှေ့တောင်အာရှနိုင်ငံများတွင်လည်း လူ့အခွင့်အရေးအဖွဲ့ အစည်းများ ပေါ်လာကြသည်။ အထူးသဖြင့် နိုင်ငံတကာအဆင့်အဖွဲ့အစည်းများစတင်ပြီး ဒေသတွင်း ကွန်ရက်များစ တင်ဖွဲ့ဖြိုးလာသောအခါတွင် ထိုဒေသတွင်းလူ့အခွင့်အရေးအဖွဲ့အစည်းများ ပေါ်ပေါက်လာကြခြင်းဖြစ်သည်။ မလေးရှားတွင် အစိုးရက နိုင်ငံရေးအတိုက်အခံများကို ဖမ်းဆီး ထိန်းသိမ်းနေခြင်းကို တုံ့ပြန်နိုင်ရန် ၁၉၈၉ ခုနှစ်တွင် SUARAM ကိုဖွဲ့စည်းခဲ့ပြီး ၁၉၉၂ တွင် ကမ္ဘောဒီးယား၏ ပထမဆုံး လူ့အခွင့်အရေးအဖွဲ့များထဲမှ တစ်ခုဖြစ်သည့် LICADHO ကို စတင်

တည်ထောင်ခဲ့သည်။ ၁၉၉၀ လွန် အစောပိုင်းနှစ်များတွင် ဒေသတစ်ဝန်းတွင် လူ့အခွင့်အရေး အဖွဲ့အစည်း အများအပြားပေါ်ထွက်လာခဲ့ပြီး အာရှတစ်ဝန်းရှိ အဖွဲ့ဝင် ၄၆ ဖွဲ့ပေါင်းရုံးထားသော Forum-Asia (Asian Forum for Human Rights and Development) ဟု အမည်ရသည့် စုပေါင်းအဖွဲ့အစည်းတစ်ရပ်လည်း ပေါ်ပေါက်ခဲ့သည်။ Forum-Asia ကို ၁၉၉၁ တွင် မနီလာ၌ တည်ထောင်ခဲ့သော်လည်း ၁၉၉၄ ခုနှစ်မှ စတင်ကာ လက်ရှိအချိန်ထိ ရုံးချုပ်မှာ ဘန်ကောက်တွင်ဖြစ်သည်။

၁၉၈၀ လွန်နှောင်းပိုင်းနှစ်များတွင် NGO များနှင့်အတူ လူထုလှုပ်ရှားမှုများလည်း ပေါ်ထွက်လာခဲ့သည်။ လူထုလှုပ်ရှားမှုအသစ်တစ်ရပ်သည် လူလတ်တန်းစားများ၊ ကျောင်းသားများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ အပါအဝင် လူအဖွဲ့အစည်း၏ နယ်ပယ်အသီးသီးမှလူများ ပါဝင်သော ကြီးမားသည့်လှုပ်ရှားမှုတစ်ရပ်ဖြစ်သည်။ များသောအားဖြင့် အများပြည်သူ စုဝေးရာနေရာများတွင် ပြုလုပ်လေ့ရှိပြီး များသောအားဖြင့် ဒီမိုကရေစီ၊ တန်းတူညီမျှမှု၊ ဥပဒေစိုးမိုးမှု၊ စားဝတ်နေရေး ပြဿနာတို့ကဲ့သို့သော လက်ယာယိမ်းသည့် စံနှုန်းများကို ဆန့်ကျင် ဆန္ဒပြ တောင်းဆိုလေ့ရှိသည်။ လူထုလှုပ်ရှားမှုအသစ်များမှာ နယ်ပယ်အတိုင်းအတာအားဖြင့် ပိုမိုကျယ်ပြန့်ပြီး အင်အားလည်း ကြီးမားသောကြောင့် အစိုးရကိုစိန်ခေါ်နိုင်စွမ်းရှိကြသည်။ လူထုလှုပ်ရှားမှုများသည် ထိုင်း၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့တွင် အစိုးရများကို ဖြုတ်ချရာ၌ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် မားကို့စ်အာဏာရှင်အစိုးရကို ဖြုတ်ချခဲ့သည့် လူထုအင်အားလှုပ်ရှားမှုမှာ လူထုလှုပ်ရှားမှုပုံစံသစ်တစ်ရပ်၏ အစောပိုင်းနမူနာတစ်ရပ်ပင်ဖြစ်သည်။ ဤကြီးမားသော လူထုပုန်ကန်မှုကြီးတွင် လမ်းပေါ်ထွက်ဆန္ဒပြပွဲများ၊ အစိုးရဝန်ထမ်းများ၏သပိတ်များဖြင့် မားကို့စ်ကို အာဏာမှ ဖယ်ရှားရကာ တိုင်းပြည်အတွင်းမှပါ ထွက်ခွာသွားစေခဲ့သည်။ ထို့အတူ မြန်မာနိုင်ငံတွင်လည်း ကျောင်းသားများ ဦးဆောင်သည့် ၁၉၈၈ အရေးတော်ပုံမှာ လက်ရှိအချိန်ထိ ဆက်လက်တိုက်ပွဲဝင်နေဆဲဖြစ်သည့် စစ်အာဏာရှင်ဆန့်ကျင်ရေးကို အသက်သွင်းပေးနိုင်ခဲ့သည်။ ထို့ပြင် ၁၉၉၂ မေတွင် ဘန်ကောက်မြို့ လမ်းမများထက်၌ပေါ်ပေါက်ခဲ့သော လူထုဆန္ဒပြပွဲများက ၁၈ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် စစ်တပ်က ခန့်အပ်သော ဝန်ကြီးချုပ်ကို ရွေးကောက်ခံနိုင်ငံခေါင်းဆောင်တစ်ယောက်နှင့် အစားထိုးနိုင်ခဲ့သည်။ ဤပြောင်းလဲမှုများသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးတို့ အရှေ့တောင်အာရှတွင် နေရာယူမှု မြင့်တက်လာခြင်းကို ဖော်ပြနေသည့် သက်သေများပင်ဖြစ်သည်။

သာဓက

ဖိလစ်ပိုင် လူထုအင်အားလှုပ်ရှားမှု

ရံဖန်ရံခါတွင် တော်လှန်ရေးဟု သိကြသော လူထုအင်အားလှုပ်ရှားမှုသည် ၁၉၈၆ ခုနှစ်တွင် ဖိလစ်ပိုင်၌လမ်းမများထက်၌ ဆန္ဒပြပွဲ အများအပြားပေါ်ပေါက်ခဲ့ပြီး လူစုလူဝေးပုန်ကုန်မှုတစ်ရပ်ဖြစ်ကာ အာဏာရှင် ဖာဒီနန်မားကို့စ်ကို အကြမ်းမဖက်ဘဲ ဖြုတ်ချနိုင်ခဲ့သည့် လှုပ်ရှားမှုကြီးဖြစ်သည်။ ၎င်းတွင် ကတ်သလစ်ဘုရားကျောင်းမှသည် အလုပ်သမားသမဂ္ဂ၊ လူ့အခွင့်အရေးအဖွဲ့များ၊ ကျောင်းသားများအထိ အဖွဲ့အစည်းအမျိုးမျိုးပါဝင်ခဲ့ပြီး အစိုးရဝန်ထမ်းများက အမိန့်မနာခံတော့ခြင်းနှင့် အာဏာရှင်အစိုးရကို လူစုလူဝေးဆန္ဒပြပွဲများနှင့် ဖိအားပေးခြင်းတို့ကဲ့သို့သော နည်းစနစ်များကို အသုံးပြုခဲ့သည်။

လူထုလှုပ်ရှားမှုပုံစံသစ်များ မြင့်တက်လာခြင်းမှာ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ကြောင့်ဟု ယေဘုယျယူဆကြသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် နည်းပညာများက ပြည်သူများကို ဆန္ဒပြပွဲများအတူတကွ ဆင်နွှဲစေနိုင်ရန် အထောက်အပံ့ဖြစ်စေပြီး ၎င်းတို့၏ ရပိုင်ခွင့်များနှင့်ပတ်သက်၍ ပိုမိုသိရှိကာ သတင်းအချက်အလက်များ ရရှိစေခြင်းကြောင့်ဖြစ်သည် (အခန်း ၁၂ တွင် ဆွေးနွေးထားသကဲ့သို့)ဟု ဆိုသည်။ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်သည် တစ်ချိန်တည်းတွင် လူထုလှုပ်ရှားမှုအများအပြားကို အင်အားဖြစ်စေသကဲ့သို့ အရေးကြီးသည့် နေရာသို့လည်း ပို့ဆောင်ပေးသည့် အကြောင်းရင်းဖြစ်သည်။ တစ်ချိန်တည်းတွင် ဂလိုဘယ်လိုက်ဇေးရှင်းမှာ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် အလုပ်ဌာနတို့တွင် မတည်ငြိမ်မှုများဖြစ်ပေါ်စေသောကြောင့် ဆန္ဒပြမှုများ၏ ပစ်မှတ်လည်းဖြစ်လာခဲ့သည်။

လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး ၁၉၉၀ လွန်နှစ်များတွင် တိုးတက်မှုများရှိလာသည်မှာ မှန်သော်လည်း စိန်ခေါ်မှုအများအပြား ကျန်ရှိနေဆဲဖြစ်သလို စိန်ခေါ်မှုပုံစံသစ်များလည်း ပေါ်ပေါက်လာခဲ့သည်။ စစ်တပ်သည် ဒေသတွင်းတွင် အင်အားကြီးမားသော နိုင်ငံရေးအင်အားစုတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်သည်။ ထို့အတူ အစိုးရကို ထောက်ပြဝေဖန်သည့် တာဝန်ယူထားရမည့်မီဒီယာမှာလည်း အရှေ့တောင်အာရှနိုင်ငံအများစုတွင် အစိုးရ၏စောင့်ကြည့်ထိန်းကြောင်းမှုကို ခံနေရဆဲဖြစ်သည်။ အချို့အစိုးရအဖွဲ့များမှာ နိုင်ငံရေးပြောင်းလဲမှုလုပ်ဆောင်ရန် တင်းခံနေဆဲလည်းဖြစ်သည်။ အခြားအစိုးရများမှာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လာသော်လည်း ပိုမို၍ကြီးမားသော ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုတို့အတွက် စစ်မှန်သောပြောင်းလဲမှုများလုပ်ဆောင်ရန် ငြင်းဆန်နေဆဲဖြစ်သလို နိုင်ငံရေးအတိုက်အခံများမှာလည်း ခြိမ်းခြောက်ဖိနှိပ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ လူ့အခွင့်အရေးမှာလည်း ခြိမ်းခြောက်ခံရခြင်း သို့မဟုတ် အမျိုးသားလုံခြုံရေး နောက်တွင်သာရှိနေပြီး ဦးစားပေးမခံရသော ကိစ္စများအဖြစ်ရှိနေဆဲ ဖြစ်သည်။ ဥပမာ - အကြမ်းဖက်နှိမ်နင်းရေးစစ်ပွဲဟု ခေါ်ကြသော စစ်ဆင်ရေးများကြောင့် အစိုးရအများအပြားမှာ အကြမ်းဖက်မှုတိုက်ဖျက်နှိမ်နင်းရေး ခေါင်းစဉ်ကိုသုံးကာ လူ့အခွင့်အရေးကို မျက်ကွယ်ပြုထားနိုင်ခဲ့ကြသည်။ တစ်နည်းအားဖြင့် ဒေသတွင်း အရပ်ဘက်အဖွဲ့အစည်းများ၏ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရေးတာဝန်မှာ လတ်တလောနှစ်များ၌ပင် စိန်ခေါ်မှုအများအပြားနှင့် ရင်ဆိုင်နေရသေးသည်ဟု ဆိုရမည်ဖြစ်သည်။

၈.၆.၃ အရှေ့တောင်အာရှနှင့် ကုလလူ့အခွင့်အရေးစနစ်

အရှေ့တောင်အာရှနိုင်ငံများသည် ကုလသမဂ္ဂနှင့် နိုင်ငံတကာလူ့အခွင့်အရေး ဖွံ့ဖြိုးတိုးတက်မှုတို့တွင် တက်ကြွသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၄၈ ဒီဇင်ဘာတွင် UDHR ကို ထောက်ခံခဲ့သော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများထဲမှ နိုင်ငံများမှာ မြန်မာ၊ ဖိလစ်ပိုင်နှင့် ဆီယမ်(ထိုင်း)တို့ ဖြစ်သည်။ ထိုအချိန်က အရှေ့တောင်အာရှ ၁၁ နိုင်ငံထဲမှ ကျန် ၈ နိုင်ငံမှာ အဖွဲ့ဝင်နိုင်ငံအဖြစ်မရှိသေးဘဲ အထွေထွေညီလာခံတွင် အဖွဲ့ဝင် ၅၈ နိုင်ငံသာ ဖွဲ့စည်းပါဝင်သေးသည်။ UDHR နှင့်ပတ်သက်ပြီး အရှေ့တောင်အာရှ၏ ပါဝင်ဆောင်ရွက်မှုမှာ ဆန္ဒမဲပေးခြင်းတစ်ခုတည်း မဟုတ်ခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ဖိလစ်ပိုင်သံတမန် ကားလို့စ်ပီရိုမြူလိုက မူကြမ်းရေးဆွဲရေးဖြစ်စဉ်တွင် ပါဝင်ကူညီခဲ့ခြင်းကြောင့် ဖြစ်သည်။ ၎င်းသည် နောက်ပိုင်းတွင် ၁၉၄၉ UNGA

၏ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ကိုလိုနီဆန့်ကျင်ရေးသမားအဖြစ် ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောကြား ထားသူတစ်ဦးဖြစ်သည့် ရှိမြူလိုသည် UDHR အနေဖြင့် ကိုလိုနီပြုခံနိုင်ငံများမှ ပြည်သူများ၏ လူ့အခွင့်အရေးများ မျက်ကွယ်ပြုခြင်းမခံရအောင် ဂရုပြုလုပ်ဆောင်ခဲ့သည်။ ထိုဆောင်ရွက်မှုများ မတိုင်ခင်ကလည်း ရှိမြူလိုက ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင် လူ့အခွင့်အရေးများကို လူမျိုးမရွေး၊ ကျား၊ မ မရွေး၊ မည်သည့်ဘာသာစကားနှင့် ကိုးကွယ်ရာဘာသာရှိသူဖြစ်စေ ခွဲခြားမခံရဘဲ တန်းတူ ညီမျှရရှိထိုက်ကြောင်း ရှင်းရှင်းလင်းလင်းဖော်ပြစေရေး လှုံ့ဆော်မှုတစ်ရပ်ကိုလည်း အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့သည်။ ရှိမြူလို၏ ဩဇာလွှမ်းမိုးမှုက ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ကုလသမဂ္ဂတွင် စတင်ပါဝင်ချိန်ဖြစ်သည့် ၁၉၄၇ တွင်ပြုလုပ်သော လူ့အခွင့်အရေးကော်မရှင်၏ ပထမဆုံး အစည်း အဝေးတွင် နေရာတစ်နေရာ ပါဝင်တက်ရောက်စဉ်ကတည်းကပင် ကုလသမဂ္ဂတွင် တက်တက်ကြွကြွ ပါဝင်ခဲ့ကြောင်း ဖော်ပြလျက်ရှိသည်။

ကိုလိုနီလက်အောက်မှ လွတ်မြောက်သည့်ကာလတွင် အရှေ့တောင်အာရှသည် ကုလ လုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွ ပါဝင်ခဲ့သည်။ ၁၉၆၀ လွန်နှစ်များအတွင်းတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်သည် မြန်မာသံတမန် ဦးသန့် ဖြစ်သည်။ ၎င်း၏သက်တမ်းအတွင်းတွင် ကိုလိုနီလက်အောက်မှလွတ်မြောက်လာသောနိုင်ငံအများအပြားမှာ ကုလသမဂ္ဂသို့ ဝင်ရောက်ခဲ့ကြ သည်။ ၁၉၆၅ ခုနှစ်သို့အရောက်တွင် အဖွဲ့ဝင်နိုင်ငံအရေအတွက်မှာ ၅၁ နိုင်ငံမှ ၁၃၀ သို့ရောက်ရှိခဲ့ပြီး ဖွံ့ဖြိုးဆဲ သို့မဟုတ် တတိယကမ္ဘာနိုင်ငံများအရေအတွက်မှာ ဖွံ့ဖြိုးပြီးနှင့်ကွန်မြူနစ်နိုင်ငံအရေအတွက် ထက် ပိုမိုများပြားလာခဲ့ခြင်းကြောင့် အထွေထွေညီလာခံ၏ လုပ်ငန်းစဉ်ကို အဆိုပါနိုင်ငံများက သတ်မှတ်နိုင်ခဲ့သည်။ ရလဒ်အနေဖြင့် တတိယကမ္ဘာနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ကိုလိုနီအဖြစ်မှ လွတ်မြောက်ရေး၊ လူမျိုးရေးခွဲခြားမှု စသည့် အရေးကိစ္စများမှာ ရှေ့တန်းရောက်လာခဲ့သည်။

ထိုကာလတွင် လူ့အခွင့်အရေးဟုဆိုလျှင် လူမျိုးရေးခွဲခြားမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့် အရေးကိစ္စများအတွက်သာ အာရုံစိုက်ခဲ့ကြသည်။ သို့သော်လည်း အရှေ့တောင်အာရှနိုင်ငံများသည် အထူးသဖြင့် စစ်အေးခေတ်ကာလအတွင်းတွင် ကုလသမဂ္ဂလူ့အခွင့်အရေးစနစ်နှင့် တစ်သမတ်တည်း မဟုတ်သော ဆက်ဆံရေးမျိုးရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ စနစ်အတွင်း တက်တက်ကြွကြွ ပါဝင်မှု အများအပြားရှိသည်မှာမှန်သော်လည်း အမြဲတမ်းအပြုသဘောဆောင်သည့် ပြုမူပုံမျိုးနှင့်မူ မဟုတ် ချေ။ အစိုးရအများအပြားမှာ လူ့အခွင့်အရေးစနစ်ကို မိမိကိုယ်တိုင်နှင့် မိမိ၏မဟာမိတ်နိုင်ငံများကို အကာအကွယ်ပေးရန် သို့မဟုတ် လူ့အခွင့်အရေး၏ အခြေခံအကျဆုံးစည်းမျဉ်းများကို စိန်ခေါ်ရန် အသုံးချခဲ့ကြသည်ဟု စွပ်စွဲခံရမှုများရှိခဲ့သည်။ လူမျိုးရေးခွဲခြားဆက်ဆံမှုပုံစံအားလုံး ဖျက်သိမ်းရေး နိုင်ငံတကာသဘောတူစာချုပ် International Convention on the Elimination of All Forms of Racial Discrimination (ICERD) ကို အတည်ပြုရန် နှောင့်နှေးနေခဲ့ခြင်းမှာထိုကဲ့သို့ ရှေ့နောက်မညီ၊ တသမတ်တည်းမဖြစ်ခြင်းများထဲမှတစ်ခုပင်ဖြစ်သည်။ လူမျိုးရေးခွဲခြားဆက်ဆံမှု အဆုံးသတ်ရေး မှာ အရှေ့တောင်အာရှနိုင်ငံများနှင့် NAM တို့က အားပေးထောက်ခံသည့် ကိစ္စရပ်ဖြစ်သော်လည်း သဘောတူညီစာချုပ်ကိုမူ အရှေ့တောင်အာရှနိုင်ငံအနည်းငယ်ကသာ အတည်ပြုလက်မှတ်ရေးထိုးခဲ့ ကြသည်။ ၁၉၉၀ ခုနှစ်ရောက်သည့်အချိန်မှာပင် ယင်းသဘောတူညီချက်ကို အတည်ပြု လက်မှတ် ထိုးသည့် အရှေ့တောင်အာရှနိုင်ငံ လေးနိုင်ငံသာရှိခဲ့သည်။ ဖိလစ်ပိုင်မှာ ထိုသဘောတူညီချက်ကို ပထမဆုံးလက်မှတ်ထိုးသည့် အရှေ့တောင်အာရှနိုင်ငံဖြစ်ပြီး ၁၉၆၇ ခုနှစ်တွင် လက်မှတ်ထိုးခဲ့ခြင်း

ဖြစ်သည်။ ဖိလစ်ပိုင်ပြီးနောက် ၁၉၇၄ ခုနှစ်၌ လာအိုနိုင်ငံက လက်မှတ်ထိုးခဲ့ပြီး ၎င်းတို့နောက်တွင် ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့ ဖြစ်သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

သင့်နိုင်ငံက ကုလသမဂ္ဂစနစ်အတွင်းတွင် မည်မျှ အသက်ဝင် ဆောင်ရွက်မှုရှိသနည်း။

သင့်နိုင်ငံသည် ကောင်စီ၊ ကော်မရှင်တို့ကဲ့သို့သော ကုလသမဂ္ဂ၏အထူးဌာနအဖွဲ့အစည်းတစ်ခုခုတွင် အဖွဲ့ဝင်အဖြစ်ပါဝင်လျက် ရှိပါသလား။ သင့်နိုင်ငံသည် ကောင်စီ သို့မဟုတ် ကော်မရှင်တစ်ခုခု၏ အဖွဲ့ဝင်ဖြစ်ခဲ့ဖူးခြင်း ရှိ၊ မရှိ အဖြေရှာရန် သုတေသနတစ်ရပ်ပြုလုပ်ပါ။ (ဥပမာ - UNSC ၊ လူ့အခွင့်အရေးကောင်စီ၊ ECOSOC သို့မဟုတ် အမျိုးသမီးများ၏ အဆင့်အတန်းအခြေအနေဆိုင်ရာ ကော်မရှင်)

အရှေ့တောင်အာရှနိုင်ငံများသည် နိုင်ငံတကာလူ့အခွင့်အရေးစနစ်ကို နည်းလမ်းအမျိုးမျိုးဖြင့် စိန်ခေါ်မှုများရှိခဲ့သော်လည်း အရှေ့တောင်အာရှနိုင်ငံများစုစုစည်းစည်းဆင်နွှဲခဲ့သော အထူးတလည် ထင်ရှားသည့်စိန်ခေါ်မှုမှာ ဘန်ကောက်ကြေညာချက်ဖြစ်သည်။ ၁၉၉၃ ခုနှစ်လူ့အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ညီလာခံ(အခန်း ၁ တွင်ဆွေးနွေးခဲ့သည့်)သို့ မတက်ရောက်မီ အကြိုပြင်ဆင်ရာတွင် အာရှနိုင်ငံများ၏ ဝန်ကြီးများနှင့် ကိုယ်စားလှယ်များသည် ဘန်ကောက်မြို့တွင်ကြိုတင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး လူ့အခွင့်အရေးအပေါ် ဒေသတွင်းနားလည်လက်ခံမှုကို ကမ္ဘာ့ညီလာခံသို့ယူဆောင်လာခဲ့ကြသည်။ အဓိကအားဖြင့် စင်ကာပူနှင့်မလေးရှားတို့က ဦးဆောင်ခဲ့သော ထိုဒေသတွင်းနားလည်လက်ခံမှုက လူ့အခွင့်အရေးဆိုသည်မှာ နိုင်ငံအလိုက် ကွဲပြားမှုရှိနိုင်သည်ဟု တိုက်တွန်းပြောဆိုထားပြီး ကမ္ဘာလုံးဆိုင်ရာစံနှုန်းဆိုသည်ကို ငြင်းပယ်ထားသည်။ လူ့အခွင့်အရေးကို နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှု၊ သမိုင်းနောက်ခံတို့ပေါ်မူတည်ပြီး ပြင်ဆင်မွန်းမံမှုများပြုလုပ်နိုင်သည်ဟု ၎င်းတို့က ဆိုထားသည်။ ထို့ပြင် လူ့အခွင့်အရေးဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာအောက်တွင်ရှိကြောင်း၊ ထို့ကြောင့် ပြည်ပနိုင်ငံများ၏စွက်ဖက်မှုကို မခံရသင့်ကြောင်းလည်း ၎င်းတို့က တိုက်တွန်းပြောကြားခဲ့သည်။ တစ်နည်းအားဖြင့် လူ့အခွင့်အရေးဆိုသည်ကို နိုင်ငံတကာအရေးကိစ္စတစ်ရပ်အဖြစ် မရှုမြင်ရန်ဆိုလိုသည်။ ယင်းကိုပင် အထက်တွင် ဖော်ပြခဲ့သည့် အာရှတန်ဖိုးစံနှုန်း အငြင်းပွားမှု Asian Values ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

ထိုဒေသတွင်း အိုင်ဒီယာများက ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးအခြေခံအယူအဆ အများအပြားကို စိန်ခေါ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာလုံးဆိုင်ရာဟုဆိုလျှင် နိုင်ငံတစ်နိုင်ငံ၏ အာဏာကို ကန့်သတ်နိုင်ရမည်ဖြစ်ပြီး နိုင်ငံတကာအရေးကိစ္စတစ်ရပ်ဖြစ်ရမည်ဖြစ်သည်။ ဒေသတွင်းအရပ်ဘက်အဖွဲ့အစည်းများက လူ့အခွင့်အရေးဆိုင်ရာ NGO ဘန်ကောက်ကြေညာချက်တစ်ရပ်ကို မူကြမ်းရေးပြုစုပြီး ကုလသမဂ္ဂအထွေထွေညီလာခံသို့ ၁၉၉၃ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် တင်သွင်းခဲ့သည်။ အာရှတလွှားရှိ ၁၀၀ ကျော်မှ ကိုယ်စားလှယ်ပေါင်း ၂၄၀ ကျော်တို့က လူ့အခွင့်အရေး၏ကမ္ဘာလုံးဆိုင်ရာဖြစ်မှုနှင့် ခွဲခြားသတ်မှတ်၍မရမှုကို ထောက်ခံကြောင်းထပ်လောင်းအတည်ပြုခဲ့ကြပြီး လူ့အခွင့်အရေးက အာရှ၏ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို အားဖြည့်ပေးမည်ဖြစ်ကြောင်း ထပ်လောင်းပြောဆိုရန်လည်း အတည်ပြုခဲ့ကြသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

ဘန်ကောက်ကြေညာချက်ကို လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများက အဘယ်ကြောင့် မနှစ်သက်ကြသနည်း။

NGO များသည် ဘန်ကောက်ကြေညာချက်ကို အလျင်အမြန် ကန့်ကွက်ခဲ့ကြပြီး အဘယ်ကြောင့် ဝေဖန်ရသည်ဆိုသည်က အချို့အပိုဒ်ခွဲများကို အနှစ်ချုပ်သုံးသပ်အကဲဖြတ်ခြင်းဖြင့် ထုတ်ဖော်ခဲ့သည်။ ဥပမာ - အပိုဒ်ခွဲ ၅ သည် လူ့အခွင့်အရေးကို နိုင်ငံတွင်း အရေးကိစ္စဖြစ်စေရန် ရည်ရွယ်ဖော်ပြထားသည်ဟု ထောက်ပြခဲ့ကြသည်။

> ၅။ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်နမိတ်သတ်မှတ်ချက်တို့ကို လေးစားမှုရှိသည့် အခြေခံသဘောတရားများကို အရေးပေးရမည်ဖြစ်သလို နိုင်ငံများ၏ပြည်တွင်းရေးကိစ္စရပ်များကို ကြားဝင်စွက်ဖက်ခြင်းနှင့် လူ့အခွင့်အရေးကို နိုင်ငံရေးအရ ဖိအားပေးရန် အတွက်အသုံးခြင်းမျိုးလည်းမပြုရန်။

တစ်နည်းပြောရလျှင် ဤအပိုဒ်သည် နိုင်ငံတစ်နိုင်ငံ၏လူ့အခွင့်အရေးမှတ်တမ်းအပေါ် ပြည်ပနိုင်ငံများက ဝေဖန်ခြင်းမပြုနိုင်စေရေး ကာကွယ်ထားရေး ကြိုးပမ်းမှုဖြစ်သည်။ ထို့အတူ အပိုဒ်ခွဲ ၈ တွင် လည်း အာရှတန်ဖိုးများကြီးစိုးသော သီအိုရီကို ဖော်ပြထားရာ -

> ၈။ လူ့အခွင့်အရေးများက တစ်ကမ္ဘာလုံးသဘောဆောင်သည်ကို အသိအမှတ်ပြုသော်လည်း အဆင့်ဆင့် ရွေ့လျားပြောင်းလဲနေသည့် နိုင်ငံတကာစံနှုန်းပြဋ္ဌာန်းမှုများနှင့် ချိန်ထိုးစဉ်းစားရမည်ဖြစ်ကာ တစ်နိုင်ငံချင်းစီနှင့် ဒေသတစ်ခုစီ၏ ရေခံမြေခံ၏အရေးပါပုံကို ထည့်သွင်းစဉ်းစားရမည်သာဖြစ်သည်။ အမျိုးမျိုးကွဲပြားနေသော သမိုင်းနောက်ခံ၊ ယဉ်ကျေးမှုနှင့် ဘာသာရေးနောက်ခံတို့ကို ထည့်သွင်းစဉ်းစားရပါမည်။

ဤအပိုဒ်ခွဲသည် အဘယ်ကြောင့် လူ့အခွင့်အရေး အခြေခံသဘောတရားများနှင့် ညီညွတ်မှုမရှိသနည်း။ တစ်နိုင်ငံချင်းစီ၏ ကာလဒေသပယောဂကို ရည်ညွှန်းစဉ်းစားသည့် အန္တရာယ် သို့မဟုတ် ဘာသာရေး သို့မဟုတ် ယဉ်ကျေးမှုနောက်ခံများကို ပိုမိုအရေးပါသောနေရာမှ ထည့်စဉ်းစားခြင်းတွင် မည်သည့်အန္တရာယ်များ ရှိနိုင်သနည်း။

ဗီယင်နာကြေညာချက်နှင့် လုပ်ဆောင်ချက်အစီအမံတို့ ထွက်ပေါ်ခဲ့သော လူ့အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ညီလာခံတွင် ဘန်ကောက်ကြေညာချက်နှင့်ပတ်သက်ပြီး ပေါ်ထွက်နေသည့် အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက် အလျော့ပေးမှုများဖြင့် ညှိနှိုင်းဖြေရှင်းခဲ့ကြသည်။ သို့သော် လူ့အခွင့်အရေး၏ကမ္ဘာလုံးဆိုင်ရာဖြစ်မှုကိုမူ လုံးဝအလျော့ပေးပြင်ဆင်ခြင်း မရှိချေ။ ပိုဒ်ခွဲ ၅ တွင် ဖော်ပြထားသည်မှာ -

> လူ့အခွင့်အရေးအားလုံးမှာ ကမ္ဘာလုံးဆိုင်ရာဖြစ်သော၊ ခွဲခြား၍မရသော၊ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အမှီသဟဲပြုနေသော၊ ဆက်နွယ်နေသော စံနှုန်းများဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် လူ့အခွင့်အရေးကို တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် တူညီသော အခြေခံ၊ တူညီသောရပ်တည်ချက်၊ တူညီသောအလေးထားမှုတို့ဖြင့် ကျင့်ကြံဆောင်ရွက်ကြ

ရမည်။ နိုင်ငံအလိုက်နှင့်ဒေသအလိုက် ဖြစ်တည်နေသော စရိုက်လက္ခဏာများနှင့် သမိုင်း၊ ယဉ်ကျေးမှုနှင့် ဘာသာရေးနောက်ခံများကွဲပြားခြားနားမှုများ၏ အရေးပါမှုကို စိတ်ထဲတွင် ရှိရမည်ဖြစ်သော်လည်း မည်သည့်နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုစနစ်တွင်မဆို လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်အားလုံးကို မြှင့်တင်ကာကွယ်ပေးရမည်မှာ အစိုးရများ၏ တာဝန်ဖြစ်သည်။

ထိုအပိုဒ်ခွဲတွင် ရှင်းရှင်းလင်းလင်းဖော်ပြထားသည့်အတိုင်း ဒေသန္တရစရိုက်လက္ခဏာများကို အသိအမှတ်ပြုသော်လည်း ၎င်းတို့ကို ကမ္ဘာလုံးဆိုင်ရာစံနှုန်းများလောက် ဦးစားပေးထားခြင်းမရှိချေ။ လူအများစုက ဤအချက်ကို NGO ကြေညာချက်၏ အောင်ပွဲအဖြစ်ရှုမြင်ကြပြီး အာရှတန်ဖိုးစံနှုန်းများရှထောင့်ဖြင့် လူ့အခွင့်အရေးအားရှုမြင်ခြင်းကို ငြင်းပယ်မှုတစ်ရပ်အဖြစ်လည်း သုံးသပ်ကြသည်။

လတ်တလောတွင် အရှေ့တောင်အာရှနိုင်ငံများသည် လူ့အခွင့်အရေးကောင်စီအပါအဝင် ကုလသမဂ္ဂ၏ ကော်မရှင်အများအပြားတွင် တက်ကြွသောကဏ္ဍတစ်ရပ်မှ ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။ ၎င်းတို့သည် ငြိမ်းချမ်းရေးထိန်းသိမ်းမှုနှင့် လူ့အခွင့်အရေးဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံစုံညွှန့်ပေါင်းအဖွဲ့များတွင်လည်း ပါဝင်လျက်ရှိကြသည်။

၈.၇ အရှေ့တောင်အာရှတွင် လူ့အခွင့်အရေးသမိုင်းတစ်ရပ် ရှိသလား။

အရှေ့တောင်အာရှ လူ့အခွင့်အရေးသမိုင်းသည် ကုလသမဂ္ဂ၏ ဆောင်ရွက်ချက်များသမိုင်းသက်သက်မဟုတ်ချေ။ ဖော်ပြပြီးသကဲ့သို့ပင် ဒေသတွင်းအဖွဲ့အစည်းအများအပြားမှာ ကုလသမဂ္ဂအသက်မဝင်မီအချိန်ကတည်းကပင် လူ့အခွင့်အရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံတကာသဘောတူညီချက်များ ဖော်ဆောင်ခြင်း၊ ချမှတ်ခြင်းတို့မှတစ်ဆင့် စံနှုန်းများသတ်မှတ်ခြင်းမှာ အလွန်တရာအရေးပါလှသည်မှာမှန်သော်လည်း လက်တွေ့မြေပြင်တွင် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းအများအပြားကိုမူ ဒေသခံ NGO များနှင့် တက်ကြွလှုပ်ရှားသူများက ဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့် အရှေ့တောင်အာရှဒေသတွင် လူ့အခွင့်အရေးကို ကုလသမဂ္ဂ ကသော်လည်းကောင်း၊ ပြည်ပတိုင်းပြည်များကသော်လည်းကောင်း သို့မဟုတ် နိုင်ငံတကာ NGO များကသော်လည်းကောင်းမိတ်ဆက်ပေးခဲ့သည်ဟု မဆိုနိုင်သလို ဒေသတွင်းလူ့အခွင့်အရေးပေါ်ထွန်းလာမှုများကို ၎င်းတို့ချည်းသက်သက် ဆောင်ရွက်ခဲ့သည်ဟုလည်း ဆိုနိုင်မည်မဟုတ်ချေ။

လူ့အခွင့်အရေးဟူသည့်အတွေးအခေါ်မှာ နေရာတစ်ခုတည်းမှလာခြင်းမဟုတ်ဘဲ ဒေသန္တရလုပ်ထုံးဖြစ်သလို ပြင်ပကဝင်ရောက်လာခြင်းလည်း ဖြစ်သည်။ လူသားဂုဏ်သိက္ခာဆိုင်ရာ အယူအဆမှာ ကိုးကွယ်ရာဘာသာများနှင့် ယဉ်ကျေးမှုများတွင် မူလ ကနဦးကတည်းက ရှိနေခဲ့သော်လည်း ထိုလူသားဂုဏ်သိက္ခာကို လေးစားသင့်သလောက် လေးစားခြင်းရှိအောင် မလုပ်နိုင်ခဲ့ကြပေ။ နိုင်ငံများက ဥပဒေ မပြဋ္ဌာန်းမချင်း ထိထိရောက်ရောက် ကာကွယ်ပေးမှုမျိုး မရှိခဲ့ချေ။ ကံဆိုးသည်မှာ အစိုးရများသည် ထိုကဲ့သို့ ဥပဒေပြဋ္ဌာန်းခြင်းမျိုးကို အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့က ဖိအားပေးမှသာ မတတ်သာဘဲ ပြုလုပ်တတ်ကြခြင်းဖြစ်သည်။

ဤအခန်းတွင် သမိုင်းအလျောက် လူ့အခွင့်အရေးအပေါ် မည်ကဲ့သို့ လက်ခံခဲ့သနည်း ဆိုသည်နှင့် အစိုးရ၊ စစ်တပ်၊ အရပ်ဘက်အဖွဲ့အစည်း၊ လူထုလှုပ်ရှားမှုများ အစရှိသည့် လူ့အခွင့်အရေးကို ထောက်ပံ့ဖော်ဆောင်ခဲ့၊ ချိုးဖောက်ခဲ့ကြသော သမိုင်း၏ အဓိကဇာတ်ကောင်များကို လေ့လာကြည့်ရှုခြင်းတို့ဖြင့် အရှေ့တောင်အာရှလူ့အခွင့်အရေးသမိုင်းကို ခြုံငုံသုံးသပ်ခဲ့သည်။ သမိုင်းတစ်လျှောက်တွင် မည်သည့်အဖြစ်အပျက်က လူ့အခွင့်အရေးကို ပင်မရေစီးတစ်ရပ်အဖြစ် အများက စတင်လက်ခံခဲ့သည့် အခိုက်အတန့်ဖြစ်သည်ဟူ၍ သတ်မှတ်နိုင်ခြင်းမရှိပေ။ လူ့အခွင့်အရေးကို ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့်နှင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရာတွင် အသုံးချခဲ့သည်ဟူသည့် အမြင်တစ်ရပ်ရှိသော်လည်း အမျိုးသားရေးလှုပ်ရှားမှုများက လူ့အခွင့်အရေးကို ရည်ညွှန်းပြောဆိုခဲ့ခြင်းမျိုးမှာ ရှားပါးလှသည်။ စစ်အေးခေတ်အတွင်း အပြိုင်အဆိုင်တိုက်ခိုက်နေကြသော အဓိကဇာတ်ကောင်နိုင်ငံများ၏ အင်အားသုံး စွက်ဖက်မှုများကို ဆန့်ကျင်ရာ၌က လူ့အခွင့်အရေးကို အသုံးပြုခဲ့ခြင်းမျိုး ရှိနိုင်သော်လည်း ဤနေရာတွင်လူ့အခွင့်အရေးဟု ရည်ညွှန်းပြောဆိုခြင်းမျိုး မတွေ့ရပြန်ချေ။ ပထမဆုံး NGO များကို ယခုအခါတွင် လူ့အခွင့်အရေးအဖွဲ့အစည်းများအဖြစ် မှတ်ယူနိုင်သည်မှန်သော်လည်း ထိုအချိန်က ၎င်းတို့ကိုယ်တိုင်သည်ပင်လျှင် လူ့အခွင့်အရေးဆိုသည့် အသုံးအနှုန်းကို အသုံးပြုခဲ့ခြင်းမရှိချေ။

ဤအခန်း၏အဖွင့်စာပိုဒ်များတွင် ဖော်ပြခဲ့သည့်အတိုင်းပင် လူ့အခွင့်အရေးဆိုသည့် အသုံးအနှုန်းကိုယ်၌က ကာလဒေသ အမျိုးမျိုး၊ အုပ်စုအမျိုးမျိုးကြားတွင် အဓိပ္ပာယ်လည်း အမျိုးမျိုး ဖြစ်နေခဲ့ရာ မည်သည့်သမိုင်းမဆို လိုသလို ဆွဲယူဘာသာပြန် ခဲ့ကြသည့်သဘောဖြစ်ခဲ့သည်။ လူ့အခွင့်အရေးစံနှုန်းများအရမူ ပြီးခဲ့သော ရာစုနှစ်အတွင်းတွင် ကျွန်များလွတ်မြောက်ခဲ့ခြင်း၊ ကိုလိုနီနှင့်ပတ်သက်၍ တန်းတူညီမျှအခွင့်အရေးများရရှိခဲ့ခြင်းနှင့် လူများမှာ လွတ်လပ်သောနိုင်ငံများတွင် နိုင်ငံသားများဖြစ်လာခဲ့ခြင်းတို့နှင့်အတူ ထင်ထင်ရှားရှား တိုးတက်မှုများ ရှိလာခဲ့သည်မှာမူ သံသယရှိရန် မလိုချေ။ ပြည်သူတို့သည် အစိုးရ၏ ဝန်ဆောင်မှုများကိုခံစားခွင့်ရလာကြပြီး ၎င်းတို့တွင်ရပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များ ရှိသည်ကိုလည်း နားလည်သဘောပေါက်လာခဲ့ကြသည်။ ထိုကဲ့သို့တိုးတက်လာမှုများ၏ အကြောင်းရင်းခံများထဲတွင် လူ့အခွင့်အရေးအပြင် ဥပဒေစိုးမိုးမှု စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု သို့မဟုတ် လူသားဂုဏ်သိက္ခာနှင့် ခွဲခြားနှိမ်ချဆက်ဆံမှုမရှိရေး အစရှိသည်တို့ပေါ်တွင် အခြေခံထားသော တန်ဖိုးများပံ့နှံ့မှုတို့လည်းပါဝင်သည်ကို ထည့်တွက်ရမည်ဖြစ်သည်။ နိဂုံးချုပ်အနေဖြင့် ပြောရလျှင် လူထုလှုပ်ရှားမှုများ၏ ကနဦးအစ သို့မဟုတ် ကျွန်စနစ်၏အဆုံးသတ်တို့ကဲ့သို့သော လူ့အခွင့်အရေးသမိုင်းနှင့် ပတ်သက်၍ နားလည်စရာအများအပြား ကျန်ရှိနေသေးသလို အသေးစိတ်လေ့လာနေရဆဲလည်းဖြစ်သည်။

က။ အနှစ်ချုပ်နှင့်အဓိကအချက်များ

မိတ်ဆက်

တညီတညွတ်တည်းလက်ခံထားသော၊ ရိုးရှင်းသော၊ အငြင်းအခုံကင်းသော လူ့အခွင့်အရေးသမိုင်းတစ်ရပ်မရှိသလို သမိုင်းတွင် တစ်ခုတည်းသော စမှတ်ဟူ၍လည်း မရှိချေ။ ထို့ကြောင့် အငြင်းပွားမှုနှစ်ရပ်ကိုပေါ်ပေါက်စေသည်။ (၁) လူ့အခွင့်အရေးသမိုင်းကိုမည်ကဲ့သို့ ရေးကြမည်နည်းဆိုသည်နှင့် (၂) မည်သည့်သမိုင်းများကိုထည့်သွင်းသင့်သနည်း ဟူ၍ဖြစ်သည်။ လူ့အခွင့်အရေးကိုမည်ကဲ့သို့အဓိပ္ပာယ်ဖွင့်ဆိုသနည်းဆိုသည်က ဤအငြင်းအခုန်အပေါ် လွှမ်းမိုးမှုရှိမည်ဖြစ်သည်။ လူ့အခွင့်အရေးကို ဘာသာပြန်ရာတွင် ကိုးကွယ်ရာဘာသာများနှင့် လူ့အဖွဲ့အစည်း၏ ကိုယ့်ကျင့်သီလတန်ဖိုးများတွင် ပါဝင်နေသည့် လူသားများကို ဂုဏ်သိက္ခာရှိရှိဆက်ဆံမှုကို ထောက်ခံသည့် သဘောတရားများလည်း ဖြစ်နိုင်သည်။ ထိုရှုထောင့်သည် လူ့အခွင့်အရေးကို ကိုးကွယ်ရာဘာသာများပေါ် ပေါက်အားကောင်းလာမှု၊ စုစည်းထားသော လူ့အဖွဲ့အစည်းများဖွံ့ဖြိုးတိုးတက်လာမှုတို့နှင့် ဆက်စပ်တွေးတောသည်။ ထိုအယူအဆကို လက်ခံသူများက လူ့အခွင့်အရေးသည် ကိုးကွယ်ရာဘာသာများ ပံ့နှံ့လာမှုနှင့်အတူ ပေါ် ထွက်လာသည်ဟု ရှုမြင်ကြပြီး ၎င်းတို့ကို ဘာသာရေးပညတ်ချက်များနှင့် ကျင့်ဝတ်သီလများ ပေါ် ပေါက်လာခြင်းတို့နှင့် ချိတ်ဆက်ကြည့်လေ့ရှိသည်။ အခြားအယူအဆတစ်ရပ်ကမူ လူ့အခွင့်အရေးသည် အစိုးရ၏အာဏာစက်အောက်တွင် လူအများမည်ကဲ့သို့ အကာအကွယ်ရရှိကြသနည်းဆိုသည်နှင့် ဆက်စပ်နေသည်ဟု အဆိုပြုပြီး ထိုကဲ့သို့ရှုမြင်သူများက လူ့အခွင့်အရေးသည် နိုင်ငံများဖွဲ့စည်းတည်ထောင်ခြင်းပေါ် တွင် သန္ဓေတည်သည်ဟု ယူဆကြသည်။ နောက်ဆုံးအမြင်တစ်ရပ်မှာမူ လူ့အခွင့်အရေးသည် နိုင်ငံတကာဥပဒေများနှင့် အဖွဲ့အစည်းများ၏ထိန်းသိမ်းမှုဖြင့် နိုင်ငံအဆင့်ထက်ကျော်လွန်ပြီး အကာအကွယ်ပေးရမည့် ကမ္ဘာလုံးဆိုင်ရာစံနှုန်းတစ်ရပ်ဖြစ်သည်ဟူ၍ဖြစ်ကာ ထိုအမြင်မှာ မျက်မှောက်ခေတ်တွင် လူ့အခွင့်အရေးအပေါ် အများစုကရှုမြင်ပုံလည်း ဖြစ်သည်။

ကိုလိုနီခေတ်မတိုင်မီ လူ့အခွင့်အရေးသမိုင်း

လူ့အခွင့်အရေးများကို အရှေ့တောင်အာရှသမိုင်း၏ ကာလအပိုင်းအခြားတိုင်းတွင် တွေ့မြင်ကြရသည်။ သို့သော် ၎င်းအခွင့်အရေးများမှာ လူတိုင်းအတွက်မဖြစ်ခဲ့ဘဲ ကိုးကွယ်ရာဘာသာ၊ နေထိုင်ရာနေရာတို့ပေါ် မူတည်၍ အကန့်အသတ်များ ရှိခဲ့သည်။ သမိုင်းတစ်လျှောက်တွင် စော်ဘွားနိုင်ငံများ၊ ဘုရင့်နိုင်ငံများ၊ လူမျိုးနွယ်စုများနှင့် ကိုလိုနီများကဲ့သို့သော နိုင်ငံရေးယူနစ်များအမျိုးမျိုးကွဲပြားပြီး ယင်းယူနစ်များတွင် ကိုယ်ပိုင်ဥပဒေစနစ်များ၊ ဖွဲ့စည်းပုံများ၊ ကိုယ်ကျင့်တရားနှင့် လူ့ဘဝတန်ဖိုးထားမှုများရှိခြင်းတို့ကြောင့် အုပ်ချုပ်သူများနှင့် အုပ်ချုပ်ခံတို့အကြား ဆက်ဆံရေးမှာလည်း တစ်ခုနှင့်တစ်ခုနှင့်မတူညီဘဲကွဲပြားခဲ့ကြသည်။ ထို့ကြောင့်ပင် လူ့အခွင့်အရေးနှင့်ပတ်သက်၍လည်း ၎င်းတို့ကိုယ်ပိုင် အယူအဆနှင့် အသုံးပြုပုံများရှိခဲ့ကြသည်။

ကိုလိုနီဝါဒ

အချို့ဖြစ်ရပ်များတွင် ကိုလိုနီအုပ်ချုပ်သူများက လူ့အခွင့်အရေးများပေးသော်လည်း များသောအားဖြင့် မမျှမတသာ ဖြစ်သည်။ (ဥပမာ - ကိုလိုနီနယ်ချဲ့များနှင့် ကိုလိုနီအပြုခံများကို တစ်မျိုးစီဆက်ဆံပုံမျိုးဖြစ်သည်) ကိုလိုနီဝါဒတွင် ဆိုးကျိုးများရှိခဲ့သော်လည်း ထိုကာလများတွင် ဥပဒေစိုးမိုးမှု၊ အမျိုးသမီးအခွင့်အရေးအချို့တို့ကို မိတ်ဆက်ပေးခဲ့ပြီး အချို့မှာ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ တိုးတက်မှုများရရှိခဲ့သည်။ အမျိုးသားရေးဝါဒီများနှင့် နောက်ပိုင်း လွတ်လပ်ရေး လှုပ်ရှားမှုများသည် ၁၉ ရာစုနှောင်းပိုင်းမှစကာ ဒေသခံပြည်သူများအတွက် နိုင်ငံသားအခွင့်အရေး၊ နိုင်ငံရေးအခွင့်အရေး၊ ကိုလိုနီအစိုးရ၏အနိုင့်အထက်ပြုမူတို့မှလွတ်မြောက်ရေးတို့အပေါ် အာရုံစိုက်ခြင်းနှင့်အတူ သာတူညီမျှမှုများနှင့် လွတ်လပ်ခွင့်များပိုမိုတောင်းဆိုလာခဲ့ကြသည်။ လွတ်လပ်ရေးသို့ ဦးတည်သည့် အဓိကအလှည့်အပြောင်းတစ်ရပ်မှာ ဂျပန်တို့ အရှေ့တောင်အာရှသို့ ကျူးကျော်ခြင်းနှင့်အတူ ပေါ်ပေါက်ခဲ့သည်။ ဂျပန်တို့သည် အစပိုင်းတွင် ပြည်သူများကို ကိုလိုနီလက်အောက်မှ လွတ်မြောက်အောင် ဆောင်ရွက်ပေးမည့်ဟန်ရှိခဲ့သော်လည်း တကယ်တမ်းတွင် ထိုသို့မဟုတ်ခဲ့ချေ။ ဂျပန်တို့စစ်ရှုံးခြင်းနှင့်အတူ အရှေ့တောင်အာရှနိုင်ငံအများအပြားက မိမိတို့လွတ်လပ်ရေးရလိမ့်မည်ဟု မှတ်ထင်ခဲ့သော်လည်း ကိုလိုနီနိုင်ငံများက ယခင်ကိုလိုနီနယ်မြေဟောင်းများကိုရယူရန် ပြန်လာခဲ့ကြရာ ဒေသတွင်းတွင် လွတ်လပ်ရေးတိုက်ပွဲများ အများအပြား ဖြစ်ပွားခဲ့သည်။

ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းခွင့်အတွက် ကြိုးပမ်းမှုများ

အရှေ့တောင်အာရှဒေသတွင် ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းခွင့်ရရေးလှုပ်ရှားမှုများမှာ မက်စ်ဝါဒ၊ မော်ဝါဒနှင့် လစ်ဘရယ် အယူအဆများ၏ ဩဇာလွှမ်းမိုးခြင်းကိုခံခဲ့ရသည်။ ကုလသမဂ္ဂပဋိညာဉ်၊ နှင့် နောက်ပိုင်းကြေညာချက်များ၊ ဆုံးဖြတ်ချက်များမှတစ်ဆင့် ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းခွင့်ကို ရသင့်ကြောင်းပြသခဲ့သည်များလည်း အများအပြားရှိခဲ့သည်။ ဤလှုပ်ရှားမှုများသည် နိုင်ငံများအနေဖြင့် လွတ်လပ်ရေးရပြီးနောက်တွင် အနောက်နိုင်ငံများ သို့မဟုတ် ကွန်မြူနစ် ဟူ၍ နှစ်ဖက်ရှိသည့်အနက်မှ တစ်ဖက်ဖက်နောက်လိုက်ရန် ဖိအားပေးခံရသည့် စစ်အေးခေတ်ကာလတွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဖိအားပေးခံ ရမှုကိုတုံ့ပြန်မှုအနေဖြင့် ကိုလိုနီအောက်မှ လွတ်မြောက်လာသည့် နိုင်ငံအများအပြားသည် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (NAM) ကို ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့သည် လူ့အခွင့်အရေးများ၊ အထူးသဖြင့် ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းခွင့်နှင့် လူမျိုးရေးသာတူညီမျှမှုတို့ကို ထောက်ခံခဲ့ကြသည်။

အာဏာရှင်စနစ်နှင့် စစ်အေးခေတ်

စစ်အေးခေတ်ကာလတွင် အရှေ့တောင်အာရှနိုင်ငံအများစု၌ အာဏာရှင် သို့မဟုတ် စစ်အစိုးရများရှိကြသည်။ အဘယ်ကြောင့်ဆိုသော် ဒေသတွင်းပဋိပက္ခများ၊ နိုင်ငံရေးမတည်ငြိမ်မှုနှင့် အင်အားကောင်းသောစစ်တပ်တို့ကြောင့်ဖြစ်သည်။ ကျယ်ကျယ်ပျံ့ပျံ့နှံ့ အကြိုအစည်ရှိရှိ လူ့အခွင့်အရေးချိုးဖောက်မှုများ ထိုကာလတွင်ဖြစ်ပွားခဲ့သည်။ စစ်အစိုးရများသည် ယေဘုယျအားဖြင့် လူ့အခွင့်အရေးနှင့်ပတ်သက်၍ ညံ့ဖျင်းသောမှတ်တမ်းများရှိကြပြီး ယင်းကို ကမ္ဘောဒီးယားတွင် ပိုပေါ်၊ ဖိလစ်ပိုင်တွင် မားကို့စ်နှင့် အင်ဒိုနီးရှားတွင် ဆူဟာတိုတို့ကိုကြည့်ခြင်းဖြင့် သိနိုင်သည်။ စစ်အေး

ကာလအတွင်းတွင် မဟာမိတ်ပြုရေးကို လူ့အခွင့်အရေးထက် ပို၍ရှေ့တန်းတင်ခဲ့ကြသည်။ အရှေ့တောင်အာရှနိုင်ငံအများစုတွင် ကွန်မြူနစ်သူပုန်များနှင့်တိုက်ပွဲများနှင့် ဗီယက်နမ်တွင် အမေရိကန်စစ်တို့ကဲ့သို့သော ပဋိပက္ခများ၊ တိုက်ပွဲများကိုလည်း နေရာတကာတွေ့ခဲ့ရသည်။ ထိုစစ်ပွဲများအတွင်းတွင် ယေဘုယျအားဖြင့် နိုင်ငံတကာစံနှုန်းများကို လျစ်လျူရှုခဲ့ကြသည်။ ထိုကာလအတွင်းဖြစ်ပွားခဲ့သည့် အကြမ်းကြုတ်အရက်စက်ဆုံးဖြစ်ရပ်များမှာ ကမ္ဘောဒီးယားလူမျိုးတုံးသတ်ဖြတ်မှုနှင့် ၁၉၆၀ လွန်နှစ်အလယ်ကာလအတွင်း ကွန်မြူနစ်အာဏာသိမ်းရန်ကြံစည်မှုအပေါ် အင်ဒိုနီးရှား၏ ရက်ရက်စက်စက် ဖိနှိပ်ခဲ့မှုများဖြစ်သည်။

အရှေ့တောင်အာရှဒေသတွင်း ဒီမိုကရေစီကျဉ်သုံးမှု

၁၉၇၀ လွန်နှစ်များမှစ၍ ဒေသအတွင်းတွင် လူ့အခွင့်အရေးများကိုပိုမိုလက်ခံလာခဲ့ကြပြီး လူ့အခွင့်အရေး ဩဇာသက်ရောက်မှုကို ပျံ့နှံ့စေခဲ့ခြင်းမှာ အရပ်ဘက်လူမှုအဖွဲ့များနှင့် အမျိုးသမီးအခွင့်အရေးလှုပ်ရှားမှုများ မြင့်တက်လာမှုနှင့် ဆက်နွယ်နိုင်သည်။ အချို့နိုင်ငံများတွင် ကျောင်းသားများမှာလည်း အရေးပါသည့်အင်အားစုတစ်ရပ်ဖြစ်ခဲ့သည်။ ၁၉၇၀ လွန်နှစ်များတွင် နိုင်ငံအဆင့် လူ့အခွင့်အရေး NGO များ စတင်ပေါ်ထွက်လာခဲ့ပြီး များသောအားဖြင့် အာဏာရှင်စနစ်ကို တန်ပြန်ရန်အတွက် ပေါ်ထွက်ခဲ့ကြခြင်းဖြစ်သည်။ ၁၉၉၀ လွန်နှစ်များတွင်မူ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်၏ အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုများကို တန်ပြန်ရန်အတွက် လူထုလှုပ်ရှားမှုပုံစံသစ်များပေါ်ထွက်လာခဲ့ကြသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးစနစ်အတွင်းမှ အရှေ့တောင်အာရှ

ကိုလိုနီလက်အောက်မှလွတ်မြောက်ပြီးကာလများနှင့် ၁၉၄၅ ခုနှစ်မှစကာ ကုလသမဂ္ဂအဖွဲ့သို့ ဝင်ရောက်ပြီးနောက် အရှေ့တောင်အာရှနိုင်ငံများသည် ကုလသမဂ္ဂတွင် တက်တက်ကြွကြွပါဝင်ခဲ့သည်။ သို့သော် အချို့အစိုးရများသည် လူ့အခွင့်အရေးစနစ်ကို မိမိတို့အပေါ် လူ့အခွင့်အရေးနှင့်ပတ်သက်ပြီးဝေဖန်ကြခြင်းမှ ကာကွယ်ရန်အသုံးပြုခဲ့ခြင်း သို့မဟုတ် လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးရန် နှောင့်နှေးခဲ့ခြင်းတို့ကြောင့် အရှေ့တောင်အာရှနိုင်ငံများနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးစနစ်အကြားဆက်စက်ကြပုံများမှာ တစ်သမတ်တည်းမရှိခဲ့ချေ။ ၁၉၉၃ ခုနှစ်တွင် လူ့အခွင့်အရေး ဆိုင်ရာတန်ဖိုးများကို တစ်ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးများအဖြစ် လက်မခံကြောင်း အဆိုပြုထားသည့် အာရှနိုင်ငံများ၏ ဘန်ကောက်ကြေညာချက်မှာ တန်ပြန်ဝေဖန်မှုများနှင့် ကျယ်ကျယ်ပျံ့ပျံ့ရင်ဆိုင်ခဲ့ရပြီး အထူးသဖြင့် ဒေသတွင်း အရပ်ဘက်အဖွဲ့အစည်းများက ကန့်ကွက်ဝေဖန်ခဲ့ကြသည်။ လက်တလောတွင် အရှေ့တောင်အာရှနိုင်ငံများမှာ လူ့အခွင့်အရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂတွင် တက်ကြွစွာဆောင်ရွက်နေဆဲဖြစ်သည်။

ခ။ စာမေးပွဲ သို့မဟုတ် အက်ဆေးမေးခွန်းများ

- သင့်နိုင်ငံ၏ အစောပိုင်းကာလ သမိုင်းထဲတွင် မည်ကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားခဲ့သနည်း။ လူ့အဖွဲ့အစည်း၊ သို့မဟုတ် အစိုးရက အခွင့်အရေးချိုးဖောက်မှုများနှင့် အဆင့်အတန်းခွဲခြားမှုများကို မည်ကဲ့သို့ အဖြေရှာ ဖြေရှင်းခဲ့သနည်း။
- ကိုလိုနီစနစ်က အမွေချန်ရစ်သော အပေါင်းလက္ခဏာဆောင်သော သက်ရောက်မှုများနှင့် အနှုတ်လက္ခဏာဆောင်သော သက်ရောက်မှုများမှာ မည်သည်တို့ဖြစ်သနည်း။ ပြဋ္ဌာန်းထားသောဥပဒေများကိုလေ့လာပြီး ၎င်းတို့က လူ့အခွင့်အရေးကို မည်ကဲ့သို့ အထောက်အပံ့ပြုသည် သို့မဟုတ် မည်သို့ချိုးဖောက်နေသည်ကို သုံးသပ်ဆွေးနွေးပါ။
- သင့်နိုင်ငံ၏ ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့်လုပ်ရှားမှုက လူ့အခွင့်အရေးနှင့်ဆက်နွယ်မှုရှိခဲ့သလား။ နိုင်ငံအဆင့် သို့မဟုတ် ဒေသခံအဖွဲ့များသည် လွတ်လပ်ရေးအတွက်မည်ကဲ့သို့ တိုက်ပွဲဝင်ခဲ့ကြသနည်း။ ၎င်းတို့အနေဖြင့် လူ့အခွင့်အရေးကို ကိုင်စွဲခဲ့ခြင်း သို့မဟုတ် ချိုးဖောက်ခဲ့ခြင်းမျိုးရှိပါသလား။
- သင့်နိုင်ငံ၏ ဒီမိုကရေစီစနစ်နှင့်လူ့အခွင့်အရေးအပေါ် စစ်အေးခေတ်က မည်သို့ သက်ရောက်မှုရှိသနည်း။
- လူ့အခွင့်အရေးစတင်ပေါ်ထွန်းလာခြင်းမှာ ပြည်ပနိုင်ငံတစ်ခု၏ ဩဇာလွှမ်းမိုးမှုကြောင့်လော၊ သို့မဟုတ် သင့်နိုင်ငံအတွင်းမှာပင် စတင်ပေါ်ထွန်းလာခြင်းလော။ မည်သည့်အချက်များက သင့်နိုင်ငံတွင် ပထမဆုံးလူ့အခွင့်အရေးဆိုင်ရာ ထောက်ခံပြောဆိုမှုများနှင့် အဖွဲ့အစည်းများအပေါ် ဩဇာလွှမ်းမိုးမှုရှိခဲ့သနည်း။
- စစ်အစိုးရများက ဒီမိုကရေစီအစိုးရများထက် လူ့အခွင့်အရေးကို ပိုမိုချိုးဖောက်သည်ဆိုသည်မှာ မှန်ကန်ပါသလား။
- သင့်နိုင်ငံ၏ လက်ရှိလူ့အခွင့်အရေးအပေါ် အလေးထားမှုကို ၁၉၉၀ သို့မဟုတ် ၁၉၇၀ ခုနှစ်က အခြေအနေများနှင့် မည်ကဲ့သို့ နှိုင်းယှဉ်နိုင်သနည်း။
- သင့်နိုင်ငံ၏ ကျောင်းသားလှုပ်ရှားမှု သို့မဟုတ် အမျိုးသမီးအခွင့်အရေးလှုပ်ရှားမှု သမိုင်းကို ဖော်ပြပါ။ ထိုလှုပ်ရှားမှုများတွင် ထင်ရှားခဲ့သူများမှာ မည်သူတို့နည်း။ ၎င်းတို့က မည်သည်တို့ကို ထောက်ခံအားပေးခဲ့သနည်း။

ဂ။ ထပ်မံလေ့လာဖတ်ရှုရန်များ

Many histories of Southeast Asia are used in university classrooms but it should be noted that few writers discuss human rights.

General History of Southeast Asia

- Clive Christie
- Milton Osbourne
- Craig Lockhard
- Clark Neher
- David Chandler
- D. R. SarDesai
- Martin Stuart-Fox
- Benedict Anderson

Writers Addressing Particular Rights in History

- James Scott and Christopher Duncan (minority group rights)
- Dan Slater (authoritarianism)
- Phillip Hirsch (land rights)
- Barbara Andaya and Jane Atkinson (women's rights)
- Clive Christy and Merle Ricklefs (self-determination and modern Southeast Asian history)

Writers on the Cold War and Military Governments

- Benedict Anderson (Indonesia and Thailand)
- Than Myint U, Mary Callahan, Martin Smith, David Steinberg (Myanmar)
- Much has been written on the Vietnam War, including documentaries available on YouTube, original documents from the Virtual Vietnam archive, and documents from both the Vietnamese and US governments
- Much has been written on the Khmer Rouge period by authors such as David Chandler, Ben Kiernan, Elizabeth Becker, and Chanrithy Him. Especially useful is the work of the Documentation Centre of Cambodia (DC Cam), and the Cambodian Genocide Program at Yale University

Debates on the History of Human Rights

- Samuel Moyne and Jan Eckyl: started much of the debate about the origins of human rights
- Mark Mazower
- Barbara Keys
- Akira Iriye

Historians of Human Rights

- Lynee Hunt
- Gary Bass
- Kenneth Cmiel
- Michele Ishay
- Paul Gordon Lauren
- Costas Douzinas

Online History Resources

- Asian Studies WWW virtual library
- *Journal of Southeast Asian Studies*

၉

အမျိုးသမီးတို့၏ လူ့အခွင့်အရေး

မိတ်ဆက်

ကမ္ဘာအဝန်းရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးများကို အမျိုးသားများနှင့် တန်းတူအခွင့်အရေးပေးသည့်ဖြစ်ရပ်မျိုးမှာ သမိုင်းစဉ်တစ်လျှောက်လုံး အလွန်ရှားပါးလှပါသည်။

၉.၁ မိတ်ဆက်

အမျိုးသမီးတို့သည် အမျိုးသားများနည်းတူ တူညီစွာလုပ်ရသော အလုပ်များတွင် အမျိုးသားများထက် လုပ်အားခလျှော့၍ ပေးခံရခြင်း၊ အကြမ်းဖက်မှုကို မကြာခဏ တွေ့ကြုံခံစားနေရခြင်း၊ အမျိုးသမီးနှင့် မိန်းကလေးငယ်များ ကျောင်းနေခွင့်ကို အားမပေးခြင်း၊ သမိုင်း၊ ရိုးရာနှင့် ယဉ်ကျေးမှုကိစ္စရပ်များတွင် ၎င်းတို့ကို အမျိုးသားများနည်းတူ အရေးပါအရာရောက်သည်ဟု ထည့်သွင်းစဉ်းစားမခံရခြင်း အစရှိသော ခွဲခြားဆက်ဆံမှုများကို ပုံစံမျိုးစုံဖြင့် ကြုံတွေ့နေရပါသည်။ ဤအခန်းတွင် လူအဖွဲ့အစည်းသည် အမျိုးသမီးများကို မည်သို့ခွဲခြားနှိမ်ချဆက်ဆံသည်ကို လေ့လာဆန်းစစ်မည် ဖြစ်ပြီး ထိုသို့သော ခွဲခြားမှု၏ နောက်ဆက်တွဲရလဒ်များကို သုံးသပ်တင်ပြမည် ဖြစ်ပါသည်။ ထိုသို့ လေ့လာဆန်းစစ်ရာတွင် ခွဲခြားဆက်ဆံမှုအကြောင်းကို သိရှိနားလည်ရန် ကျား၊ မ အခန်းကဏ္ဍအပေါ် ထားရှိသော တန်ဖိုးများအကြောင်းကို ဦးစွာ ဆွေးနွေးပါမည်။ ထို့နောက် အထူးသဖြင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး သဘောတူစာချုပ် (CEDAW) ကို ကြည့်ခြင်းအားဖြင့် လူအခွင့်အရေးဟူသည် အမျိုးသမီးများအပေါ် ခွဲခြားနှိမ်ချဆက်ဆံခြင်းလုပ်ရပ်ကို တားဆီးရာတွင် မည်မျှအကျိုးသက်ရောက်မှုရှိသည်ကို ရှင်းလင်းတင်ပြပါမည်။ နောက်ဆုံးအနေဖြင့် အမျိုးသမီးနှင့် အကြမ်းဖက်မှု၊ နိုင်ငံရေးတွင် အခွင့်အရေးရရှိမှုနှင့် စီးပွားရေးဆိုင်ရာ အခွင့်အရေး အပါအဝင် လုပ်ငန်းဌာနတွင် ခွဲခြားဆက်ဆံမှု မရှိစေရေး အစရှိသော နယ်ပယ်များတွင် အမျိုးသမီးများကြုံတွေ့နေရသော အဓိကကျသည့် စိုးရိမ်ပူပန်မှုများကို ဆန်းစစ်မည်ဖြစ်ပါသည်။

၉.၁.၁ အမျိုးသမီးများ အခွင့်အရေး လှုပ်ရှားမှု သမိုင်းအကျဉ်းချုပ်

အမျိုးသမီးများ အခွင့်အရေးအတွက် လှုပ်ရှားမှုသမိုင်းကြောင်းတွင် ၁၉၀၀ ခုနှစ် အစောပိုင်းကာလတွင် ဥရောပ၌ အမျိုးသမီးများ မဲပေးနိုင်ခွင့်အတွက် လှုပ်ရှားမှုနှင့် ၁၉၆၀ ခုနှစ်များအတွင်း ကွက္ထိယဝါဒ တိုးတက်ထွန်းကားလာပုံ ဖြစ်ရပ်နှစ်ခုကို ဦးတည်လေ့ရှိပါသည်။ ထိုနည်းတူ သမိုင်းတလျှောက်တွင် အမျိုးသမီးများ ၎င်းတို့၏ အခွင့်အရေးပိုမိုရရှိရေးအတွက် လှုပ်ရှားမှုများနှင့် အချေအတင် ဆွေးနွေးရသည့်ဖြစ်ရပ်များ များစွာရှိခဲ့သည်။ ရှေးခေတ် တရုတ်၊ ဂရိ၊ အီဂျစ်နှင့် ရောမလူ့အဖွဲ့အစည်းများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေး မရရှိသော်လည်း ၎င်းတို့သည် ခေါင်းဆောင်၊ နတ်ဘုရား၊ အိမ်ထောင်ဦးစီး အစရှိသော အရေးပါသည့် နေရာတို့တွင် ပါဝင်ခဲ့ကြသည်။ လူ့အခွင့်အရေးပေါ်ပေါက်စ အဦးပိုင်းအချိန် ဥရောပဉာဏ်အလင်းပွင့်ကာလတွင် ဂျွန်လော့ခ်နှင့် တောမတ်စ်ပိန်း စသော ထင်ရှားသည့် အတွေးအခေါ်ပညာရှင်တို့က အမျိုးသမီးတို့၏ အခွင့်အရေးအကြောင်း ဆွေးနွေးခဲ့ကြပါသည်။ ထိုစဉ်အခါက ကျော်ကြားသည့် အမျိုးသမီးစာရေးဆရာတစ်ယောက်မှာ မေရီဝိုးစတုန်းခရက် ဖြစ်ပြီး ၎င်းသည် 'ဖရန့်ကိုင်စတိုင်း' နှင့် ထင်ရှားသော စာတမ်းဖြစ်သည့် 'အမျိုးသမီးတို့ အခွင့်အရေးအတွက် ခုခံချေပ တောင်းဆိုခြင်း (၁၇၉၂)'တို့ကို ရေးသားခဲ့သည်။ (၁၉)ရာစု အဆုံးသတ်တွင် ဥရောပရှိ အဓိကနိုင်ငံကြီးများတွင် အမျိုးသမီး အခွင့်အရေးဆိုင်ရာ ပထမဆုံးသော အဖွဲ့အစည်းများ စတင်ပေါ်ပေါက်လာခဲ့သည်။ (၁၉)ရာစုနှင့် (၂၀)ရာစု တစ်လျှောက်လုံး အမျိုးသမီးတို့သည် စစ်ပဋိပက္ခ၊ ညီမျှရေး၊ မဲပေးခွင့်နှင့် အရက်သေစာတားမြစ်ခြင်း အစရှိသော အကြောင်းအရာများအတွက် ပြည်တွင်းပြည်ပ ညီလာခံများကျင်းပကာ အရေးဆိုခဲ့ကြပါသည်။ အမျိုးသမီးများ မဲပေးခွင့်အတွက် ကိုယ်စားပြုအရေးဆိုပေးခဲ့

(Suffragettes) မဲပေးခွင့်နှင့်နိုင်ငံရေးဆိုင်ရာ အမျိုးသမီး လှုပ်ရှားတက်ကြွသူများ

ဆာဖရေဂတ် (Suffragettes)ဆိုသည်မှာ အမျိုးသမီးများ မဲပေးခွင့်အတွက် လှုပ်ရှားတက်ကြွသူများကို ဆိုလိုပါသည်။ ၁၉ ရာစုတွင် အများဆုံးတွေ့ရလေ့ရှိသော အမျိုးသမီးတက်ကြွသူများ ဖြစ်ကြသည်။

ကြသော မဲပေးခွင့်နှင့် နိုင်ငံရေးဆိုင်ရာ အမျိုးသမီးလှုပ်ရှားတက်ကြွသူများ (Suffragettes) သည် အစောပိုင်းလှုပ်ရှားမှုများတွင် အထူးလူသိများခဲ့သည်။ ထို့ပြင်အမျိုးသမီးများအတွက် အလုပ်အကိုင်နှင့် ၎င်းတို့ကို ကာကွယ်ပေးရေးဆိုင်ရာ နယ်ပယ်များတွင် ဦးဆောင်တိုက်တွန်းရာတွင်လည်း အောင်မြင်မှုများ ရရှိခဲ့ပါသည်။ ၁၉၁၉ ခုနှစ်တွင် နိုင်ငံပေါင်းချုပ်အသင်းကြီး၏ ပဋိညာဉ်တွင် အမျိုးသမီးအခွင့်အရေးလှုပ်ရှားသည့် အဖွဲ့အစည်းများပါဝင်ခွင့်ရပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (ILO)၏ ဖွဲ့စည်းပုံ အခြေခံမူဝါဒတွင် အဖွဲ့အစည်းအသစ်များတွင် အမျိုးသမီးများ နေရာရရှိစေရေးကို ဂရုထား ထည့်သွင်းထားသည်။ ၎င်းအပြင် ILO သည် တူညီသောအလုပ်အတွက် တူညီသောလုပ်ခလစာပေးရေးမူဝါဒကို သဘောတူညီကြောင်း ၎င်းတို့၏ ဖွဲ့စည်းပုံ အခြေခံမူဝါဒနိဒါန်းတွင်ဖော်ပြထားပါသည်။ အလားတူကုလသမဂ္ဂပဋိညာဉ်(၁၉၄၅)တွင်လည်း အမျိုးသမီးတို့၏ အခန်းကဏ္ဍကို ထည့်သွင်းထားပါသည်။ ပဋိညာဉ်တွင် လိင်အခြေပြု ခွဲခြားဆက်ဆံမှုများကို တားမြစ်ကြောင်းဟူ၍ လေးကြိမ် ဖော်ပြထားပါသည်။ ထိုအောင်မြင်မှုများမှာ အမျိုးသမီးတို့သည် ၎င်းတို့အခွင့်အရေးအတွက် နိုင်ငံတကာတွင် ရာစုနှစ်တစ်လျှောက် တိုက်တွန်းအရေးဆိုခဲ့ရခြင်း၏ ရလဒ်များ ဖြစ်ပါသည်။

အရှေ့တောင်အာရှတွင်လည်း အမျိုးသမီးအခွင့်အရေးလှုပ်ရှားမှု သမိုင်းကြောင်း ရှိပါသည်။ အမျိုးသမီးများအပေါ် အထူးခွဲခြားတားမြစ်ထားသည့် ရိုးရာအစဉ်အလာများကို အရှေ့တောင်အာရှ၏ မျက်မှောက်သမိုင်းတွင်လည်း တွေ့နေရပါသည်။ ဥပမာ - အင်ဒိုနီးရှားက စွန့်ဦးဂ္ဂတ္ထိယဝါဒီ ရာဒန်အဒ်ဂျင်ကာတီ။ သူမကို ဂျီပါရာ အုပ်ချုပ်မှုတွင် မယားပြိုင်ယူသော ဓလေ့ကို ထောက်ခံသည့် အိမ်ထောင်စုတွင် ၁၈၇၉ ခုနှစ်တွင် မွေးဖွားခဲ့သည်။ သူမ၏ ဖခင်သည် သူမ အသက် ၁၂ နှစ်အရွယ် အထိ ဥရောပမူလတန်းကျောင်းတွင် ပညာသင်ကြားရန် ခွင့်ပြုခဲ့ပြီး ထို့နောက်တွင် ဂျာဗားကျွန်းသားတို့၏ဓလေ့ထုံးစံအတိုင်း လက်ထပ်ထိမ်းမြားမှု မပြုရသေးမီတွင် သူမကို အိမ်တွင်းအောင်းစေခဲ့သည်။ သူမကို ဇနီးသုံးယောက်နှင့် ကလေးခြောက်ယောက်ရှိပြီးသူ ရမ်ဘန်းအုပ်ချုပ်သူနှင့် ထိမ်းမြားရန် အတင်းအကျပ် သဘောတူစေခဲ့သည်။ သို့ရာတွင် အိမ်တွင်းအောင်းနေခဲ့ရစဉ်တွင် သူမသည် သူမ၏ အခြေအနေနှင့် အမျိုးသမီးများအတွက် ပညာရေးအရေးပါပုံများအကြောင်း ရေးသားခဲ့ရာ အဆိုပါ စာများသည် အမျိုးသမီးအခွင့်အရေးစိတ်ပါဝင်စားသူများနှင့် အမျိုးသားရေးဝါဒီတို့အတွက် စိတ်ဓာတ်တက်ကြွစရာ ဖြစ်ခဲ့သည်။ အခြားသော အင်ဒိုနီးရှား အမျိုးသမီးတစ်ဦးဖြစ်သည့် ဒေဝီဆာထိက သည်လည်း အင်ဒိုနီးရှားမှ အမျိုးသမီးများ၏ ပညာရေးအတွက် ရှေ့ဆောင်ဦးရွက်ပြုခဲ့ပြီး ၁၉၀၄ ခုနှစ်တွင် အမျိုးသမီးများအတွက် ပထမဆုံးသော စာသင်ကျောင်းတစ်ခုကို တည်ထောင်ခဲ့ပါသည်။ အင်ဒိုနီးရှားအစိုးရက သူမကို ၁၉၆၆ ခုနှစ်တွင် နိုင်ငံ၏သူရဲကောင်းအဖြစ် အသိအမှတ်ပြုခဲ့သည်။ အလားတူ ပညာရေး၊ မဲပေးခွင့်နှင့် ပရဟိတလုပ်ငန်းများတွင် အမျိုးသမီးတို့ အခွင့်အရေးအတွက် လောဆော်ပေးခဲ့သည့် ထင်ရှားသော ဖိလစ်ပိုင်အမျိုးသမီးများလည်း ရှိပါသည်။ ကွန်ဆက်စီယွန်ရာ့ကီသည် ပထမဆုံးသော အမျိုးသမီးအဖွဲ့အစည်းတစ်ခုကို ၁၉၀၅ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံတွင် စတင်ခဲ့ပါသည်။ သူမသည် လူသားချင်းစာနာမှု တက်ကြွသူတစ်ဦးဖြစ်ပြီး အမျိုးသမီးနှင့် ကလေးသူငယ်များအခွင့်အရေးအတွက် အဓိကလုပ်ဆောင်ရာ အကျဉ်းထောင်နှင့် အလုပ်သမားများဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတွင် အမျိုးသမီးနှင့် ကလေးသူငယ်တို့အတွက် ဦးဆောင်အရေးဆိုခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ပြီးချိန် စင်ကာပူတွင်မူ မလေးလူမျိုး လှုပ်ရှားတက်ကြွသူ ချေဇာဟာရာဘန်တီနိုအာမိုဟာမဒ်သည် ၁၉၅၀ ခုနှစ်များမှစ၍ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးအတွက် လှုပ်ရှား

ဆောင်ရွက်ခဲ့ပါသည်။ သူမသည် တက်ခေတ်အမျိုးသမီးများ အခွင့်အရေးအတွက် စင်ကာပူနိုင်ငံတွင် ဦးဆောင် အရေးဆိုခဲ့သော မလေးအမျိုးသမီးများထဲက ပထမဦးဆုံးတစ်ယောက်ဖြစ်ပါသည်။ ထို့ပြင် ပထမဆုံးသော မွတ်ဆလင်အမျိုးသမီးများအဖွဲ့နှင့် မလေးအမျိုးသမီးများအသင်းကို တည်ထောင်သူ ဖြစ်ပါသည်။ ၁၉၆၁ ခုနှစ်တွင် စင်ကာပူနိုင်ငံ အမျိုးသမီးများ ပဋိညာဉ်ပေါ်ပေါက်လာရေးတွင် အားဖြည့် ပါဝင်ခဲ့သည်။ ထို့အတူ စင်ကာပူလူမျိုး လင်ဒါချန်မောင်းဟွတ်သည်လည်း စင်ကာပူအမျိုးသမီးများ အဖွဲ့ချုပ်ကို ၁၉၅၆ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ သူမ ဆောင်ရွက်ခဲ့သော လူမှုလုပ်ငန်းများ ကြောင့် သူမကို ကွန်မြူနစ်ဘက်တော်သားဟု သံသယရှိသဖြင့် ၁၉၅၆ ခုနှစ်တွင် ဖမ်းဆီးအကျဉ်းချခဲ့သည်။ ၁၉၆၀ နှစ်များမှစ၍ အမျိုးသမီးအခွင့်အရေးအတွက် တောင်းဆိုသော အမျိုးသမီးအဖွဲ့များစွာ ဒေသအဝှန်းတွင် ပေါ်ပေါက်လာခဲ့ပါသည်။

အမျိုးသမီးများ လွတ်မြောက်ရေး

ၾင်းသည် ၁၉၆၀ နှင့် ၁၉၇၀ နှစ်များအတွင်း အမျိုးသမီးများအတွက် တရားမျှတမှုနှင့် ကန့်သတ်ထားသည့် လူမှုတန်ဖိုးများမှ လွတ်မြောက်နိုင်ရေးအတွက် အရေးဆိုသော လူမှုလှုပ်ရှားမှုတစ်ရပ် ဖြစ်ပါသည်။

အမျိုးသမီးများ၏ လှုပ်ရှားမှုများသည် ၁၉၆၀ နှင့် ၁၉၇၀ နှစ်များတွင် ကမ္ဘာနှင့်အဝန်း အရှိန်အဟုန် ကောင်းလာခဲ့သည်။ အနောက်ကမ္ဘာတွင် 'အမျိုးသမီးများ လွတ်မြောက်ခွင့်' လှုပ်ရှားမှု ဟုခေါ်ဆိုသော ကျယ်ပြန့်သည့်လူမှုလှုပ်ရှားမှု ရှိခဲ့ပါသည်။ အဆိုပါလှုပ်ရှားမှုများသည် လူ့အခွင့်အရေး လှုပ်ရှားမှုတစ်ရပ် ဖြစ်ရုံသာမက လက်ထပ်ထိမ်းမြားခြင်းဥပဒေနှင့် မညီမျှသော လုပ်သားဥပဒေ အစရှိသည်တို့တွင် တရားမျှတမှုမရှိသည့် လူမှုဖွဲ့စည်းပုံများမှ အမျိုးသမီးများ လွတ်မြောက်နိုင်ရေးအတွက် တောင်းဆိုခဲ့ကြသည်။ ထိုစဉ်ကာလက ဆီမွန်ဒီဗူးဘွား၊ ဂလိုရီယာစတိန်းမန်းနှင့် ဘတ်တီဖရီဒန်းတို့သည် ဩဇာကြီးမားသော ဂ္ဂတ္ထိယဝါဒီများ ဖြစ်ကြပါသည်။ အမျိုးသမီးများအတွက် တရားမျှတမှုကို ဦးတည်သော ထိုလှုပ်ရှားမှုများသည် ကုလသမဂ္ဂတွင် ၁၉၇၅ ခုနှစ်တွင် 'နိုင်ငံတကာအမျိုးသမီးများနှစ်' နှင့် နောက်ဆက်တွဲအဖြစ် 'နိုင်ငံတကာအမျိုးသမီးများ ဆယ်စုနှစ်' အဖြစ် ကြေညာနိုင်သည်အထိ သက်ရောက်မှု ရှိခဲ့ပါသည်။ ထိုကာလအတွင်း ကုလသမဂ္ဂသည် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှု ပပျောက်ရေး သဘောတူစာချုပ် (CEDAW) ပါ အချက်အလက်များ ဆွေးနွေးခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် ပြဋ္ဌာန်းရန် သဘောတူညီခဲ့သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အရှေ့တောင်အာရှနိုင်ငံများတွင် အမျိုးသမီးအဖွဲ့အစည်းများစွာ ပေါ်ပေါက်ခဲ့ပါသည်။ အချို့အဖွဲ့အစည်းများမှာ အနောက်ကမ္ဘာမှ အမျိုးသမီးလွတ်မြောက်ရေး လှုပ်ရှားမှုများ၏ လွှမ်းမိုးမှုရှိခဲ့ပြီး အခြားသော အဖွဲ့အစည်းများမှာမူ ဘာသာရေး၊ လူမှုပရဟိတနှင့် ပညာရေးကိစ္စတို့အတွက် ဆောင်ရွက်ခဲ့ကြသည်။ ၎င်းတို့၏ ဆောင်ရွက်ချက်များသည် အမျိုးသမီးများအတွက် တရားမျှတမှုကို မြှင့်တင်ပေးရန် ဥပဒေများနှင့် အမြင်များ ပြောင်းလဲရေးနှင့် အခွင့်အရေးများ ဖော်ထုတ်ရေးတွင် သက်ရောက်မှုများ ရှိစေခဲ့သည်။

၉.၂ ခွဲခြားနှိမ့်ချဆက်ဆံမှုကို အဓိဘွယ်ဖွင့်ဆိုခြင်း

ခွဲခြားနှိမ့်ချဆက်ဆံမှုကို နားလည်စေရန် 'လိင်'နှင့် 'ဂျန်ဒါ' ၏ သဘောတရားကို ကွဲပြားစွာ သိထားရပါမည်။ လူမှုအလေ့အထတို့တွင် လိင်နှင့် ဂျန်ဒါကို ထပ်တူပြု၍ ညွှန်းဆိုကြပါသည်။ အကျိုးဆက်အနေဖြင့် အမျိုးသားနှင့် အမျိုးသမီးများအကြား ဖြစ်ပေါ်နေသော မညီမျှမှုသည် သဘာဝဖြစ်သည်၊ ဇီဝအခြေခံအကြောင်းတရားဖြစ်သည်၊ လူမှုအသိုင်းအဝိုင်း၏ တည်ဆောက်မှုမဟုတ်ဟု ယုံကြည်လက်ခံလာကြခြင်း ဖြစ်သည်။ ထိုသဘောတရားများကို ရှင်းရှင်းလင်းလင်း သိမြင်ထားမှသာလျှင် အမျိုးသားများ၏ သာလွန်မြင့်မြတ်မှုဆိုသည်မှာ ယဉ်ကျေးမှုအရ ယုံကြည်လက်ခံမှုသာဖြစ်ပြီး ခန္ဓာဇီဝအခြေခံ အကြောင်းတရားမဟုတ်ကြောင်း နားလည်ပါလိမ့်မည်။

၉.၂.၁ လိင်နှင့် ဂျန်ဒါ

လိင်(Sex)

အမျိုးသားနှင့် အမျိုးသမီး မတူကွဲပြားကြောင်း သိသာစေသော ဇီဝကမ္မဆိုင်ရာ သွင်ပြင်လက္ခဏာကို ညွှန်းဆိုပါသည်။

အရိုးရှင်းဆုံး ဆိုရလျှင် 'လိင်'ဆိုသည်မှာ ကိုယ်ခန္ဓာနှင့် ဇီဝသဘောဆိုင်ရာ ကြန်အင် လက္ခဏာနှင့် သက်ဆိုင်ပြီး 'ဂျန်ဒါ' ဆိုသည်မှာ လူမှုအဖွဲ့အစည်းတွင် အမျိုးသား (သို့မဟုတ်) အမျိုးသမီးတို့ ပါဝင်ပတ်သက်နေရသည့် အခန်းကဏ္ဍများကို ညွှန်းဆိုခြင်း ဖြစ်ပါသည်။ လိင်သည် လူတစ်ဦးတစ်ယောက်၏ ခန္ဓာကိုယ်တွင် ပါရှိသော ဇီဝဆိုင်ရာ သွင်ပြင်လက္ခဏာများ၊ ခန္ဓာကိုယ်တွင် ကျား၊ မ ထင်ရှားစေသည့် အမှတ်အသားများကို ဆိုလိုခြင်းဖြစ်သည်။ သို့သော် လတ်တလော သိပ္ပံနည်းကျ လေ့လာမှုများတွင် ခန္ဓာကိုယ်သည်လည်း 'ကျား' (သို့မဟုတ်) 'မ' လိင်ကို အမြဲတစေ မဖော်ပြနိုင်ဟု ဆိုကြပါသည်။ လူအများစုတွင် ၎င်းတို့၏ လိင်ကို ကွဲကွဲပြားပြား သိနိုင်သည့် လက္ခဏာများ ပါသော်လည်း အချို့လူများတွင်မူ ၎င်းတို့၏ ခန္ဓာဇီဝဆိုင်ရာ ပိုင်ဆိုင်ထားသော လိင်မှာ မကွဲမပြား ဖြစ်နေတတ်ပါသည်။ နပုလ္လိင်သဘောဆိုင်ရာ ကိစ္စတို့တွင် ထိုသို့တွေ့ရတတ်သည် (အခန်း-၁၁ တွင် ဤအကြောင်းအရာကို ဆွေးနွေးထားပါသည်)။ လူတို့တွင် ပုလ္လိင်၊ ဣတ္ထိလိင် သွင်ပြင်လက္ခဏာနှစ်မျိုးစလုံး ပါကောင်းပါရှိတတ်သလို ဇီဝအခြင်းအရာများအရ ၎င်းတို့၏ ခရိုမိုဇုန်း (သို့မဟုတ်) ဟိုမုန်းများသည် ဆန့်ကျင်ဘက်လိင်ဘက်သို့ ပို၍နီးစပ်နေကြသည်မျိုးလည်း ရှိတတ်ပါသည်။ ဇီဝသဘောအရ လိင်ကို အဆုံးအဖြတ်မပေးနိုင်လျှင်တောင် လူအဖွဲ့အစည်းသည် လူသားတို့ကို ယောကျ်ား (သို့မဟုတ်) မိန်းမ တစ်မျိုးမျိုးဖြစ်ရမည်ဟု လက်ခံထားပြီး ၎င်းတို့နှင့် သက်ဆိုင်သည့် ယောကျ်ားဆန်ခြင်း (သို့မဟုတ်) မိန်းမဆန်ခြင်း စသော လူမှုပုံစံကို သွင်းယူလိုက်ကြပါသည်။

ဂျန်ဒါ (Gender)

လူအဖွဲ့အစည်းက အမျိုးသား (သို့မဟုတ်) အမျိုးသမီးတို့အပေါ် သတ်မှတ်ပေးလိုက်သည့် ၎င်းတို့၏ အခန်းကဏ္ဍနှင့် တန်ဖိုးများကို ဆိုလိုပါသည်။

ဂျန်ဒါဆိုသည်မှာ လူအဖွဲ့အစည်းတွင် အမျိုးသား (သို့မဟုတ်) အမျိုးသမီးတို့ ပါဝင်ဆောင်ရွက်ရန် မျှော်မှန်းထားသည့် အခန်းကဏ္ဍနှင့် ထိုအခန်းကဏ္ဍနှင့် ယှဉ်တွဲနေသော တန်ဖိုးများ ဖြစ်သည်။ မွေးဖွားချိန်မှစ၍ ရှင်သန်ရာ ဘဝတစ်လျှောက်လုံးတွင် လူ့အသိုင်းအဝိုင်းသည် အမျိုးသားနှင့် အမျိုးသမီးတို့ ပါဝင်ထမ်းဆောင်ရမည့် အခန်းကဏ္ဍနှင့် လုပ်ငန်းဆောင်တာများ၊ မတူကွဲပြားသီခြားစီရှိရမည့် အပြုအမူများနှင့် ဝိသေသများ ကြန်အင်လက္ခဏာများကို သတ်မှတ်ပေးထားပြီး ဖြစ်သည်။ ၎င်းတို့သည် အမျိုးသားဆိုလျှင် သန်မာကြွခိုင်သူဖြစ်ရန်နှင့် အမျိုးသမီးဆိုလျှင် မိခင်ဖြစ်ရန် အစရှိသဖြင့် မျှော်မှန်းထားသော အစဉ်အလာ တန်ဖိုးသတ်မှတ်ချက်များလည်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဂျန်ဒါသည် နက်နဲသော ယဉ်ကျေးမှုအမြင်တစ်ခုသာ ဖြစ်ပါသည်။ ထို့အတူ အမျိုးသားနှင့် အမျိုးသမီးများအပေါ် ထားရှိသည့် တန်ဖိုးနှင့် အခန်းကဏ္ဍသတ်မှတ်ချက်မှာလည်း မျိုးစုံသော ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာအရ အမျိုးမျိုး ကွဲပြားနိုင်ပါသေးသည်။ သို့ရာတွင် ထိုယဉ်ကျေးမှု အစဉ်အလာများတွင် တူညီသောအချက်မှာ လူတစ်ဦးတစ်ယောက် လုပ်ဆောင်နိုင်သည့် အခန်းကဏ္ဍနှင့် သူ၏တန်ဖိုးထားချက်များသည် ၎င်းတို့၏ ဇီဝကမ္မဖြစ်တည်မှုနှင့် အနည်းငယ်သာ ဆက်စပ်မှုရှိသော်လည်း လူ့အသိုင်းအဝိုင်းကမူ ၎င်းတို့၏ ကျား (သို့မဟုတ်) မ ဖြစ်သည်ဆိုသော လိင်ဖြစ်တည်မှုအပေါ် မူတည်ပြီး အခန်းကဏ္ဍကို သတ်မှတ်ပေးလိုက်ကြခြင်းဖြစ်သည်။ လိင်ကို ဂျန်ဒါနှင့် ကွဲပြားအောင် သိမြင်ခြင်းနှင့် ဂျန်ဒါ လူမှုကဏ္ဍတည်ဆောက်မှုအကြောင်းကို နားလည်ခြင်းအားဖြင့် ဂျန်ဒါဟူသည် လူမှုအသိုင်းအဝိုင်း၏ ဖန်တီးမှုတစ်ခုသာဖြစ်ပြီး ၎င်းသည် မညီမျှမှုများကို ဖြစ်ပေါ်စေကြောင်း ဦးစွာသဘောပေါက်စေပါသည်။ ဒုတိယအချက်အနေဖြင့် ထိုသို့သော မညီမျှမှုသည် လူမှုတည်ဆောက်ချက်တစ်ခုသာဖြစ်လျှင် ယဉ်ကျေးမှုပြောင်းလဲလာသည်နှင့်အမျှ ထိုတည်ဆောက်ချက်များသည်လည်း ပြောင်းလဲနိုင် (သို့မဟုတ်) ကွယ်ပျောက်သွားနိုင်ပါသည်။ နောက်ဆုံး

အနေဖြင့် အမျိုးသမီးများအပေါ် မမျှမတ ဆက်ဆံနေမှုများကိုသိရှိရန် ကျား-မ လူမှုကဏ္ဍ (ဂျန်ဒါ) ကို လူအဖွဲ့အစည်းက မည်သို့ဘောင်သွင်းလုပ်ဆောင်နေကြောင်း သဘောပေါက်ရန် လိုအပ်ပါသည်။ ဥပမာ - အမျိုးသမီးတစ်ယောက် ပါဝင်ရမည့် လူမှုကဏ္ဍကို ယဉ်ကျေးမှုအစဉ်အလာ၊ ဘာသာရေး၊ တရားရုံး၊ စာသင်ကျောင်းနှင့် စီးပွားရေးလုပ်ငန်းတို့က မည်သို့ ဘောင်သွင်းသတ်မှတ်ထားကြောင်း သဘောပေါက်ရန်ဖြစ်ပါသည်။

ဘာသာစကားများစွာတို့တွင် လိင်နှင့် ဂျန်ဒါ ဝေါဟာရနှစ်ရပ်ကို စကားလုံးတစ်လုံးတည်းဖြင့် ပေါင်းစည်း ဖော်ပြကြသည်။ အင်္ဂလိပ်စကားပြောသူတို့ပင်လျှင် ထိုစကားလုံးနှစ်လုံးစလုံးကို အဓိပ္ပာယ်တူတူဟုပင် အများအားဖြင့် သတ်မှတ်ကြသည်။ ထိုဝေါဟာရနှစ်ရပ်မှာ အဓိပ္ပာယ်မတူညီကြောင်းကို မကြာသေးမီကမှ စတင်ဆွေးနွေးလာကြပြီး ၎င်းမှာ ဣတ္ထိယဝါဒ သဘောတရားများ၏ ရလဒ် ဖြစ်ပါသည်။ ဇယား(၉. ၁)တွင် ဖော်ပြထားသည့်အတိုင်း အရှေ့တောင်အာရှရှိ ဘာသာစကားများတွင်လည်း အဓိပ္ပာယ်ကွဲပြားမှုရှိကြောင်း တွေ့ရှိပါသည်။ သည်သဘောတရားကို ကွဲကွဲပြားပြား ရှိစေရခြင်း၏ ရည်ရွယ်ချက်မှာ အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့နေရသော မညီမျှမှုများသည် လူမှုဝန်းကျင်၏ တည်ဆောက်ချက်များဖြစ်ကြောင်း ပြသရန်ဖြစ်ပါသည်။ အမျိုးသမီးများကို အမျိုးသားများနှင့် တန်းတူ မဆက်ဆံစေရန် တားဆီးစေနိုင်သည့် ဇီဝကမ္မဆိုင်ရာ အကြောင်းခြင်းရာဟူ၍ မရှိပေ။ ဂျန်ဒါခွဲခြားမှုသည် လူမှုအမြင်အပေါ်သာ အခြေခံပါသည်။

ဇယား ၉.၁ အရှေ့တောင်အာရှက လိင်နှင့် ဂျန်ဒါ ဖော်ပြချက် စကားလုံးများ

ဘာသာစကား	ဂျန်ဒါနှင့် လိင်အတွက် စကားလုံးများ
ဘာဟာဆာ (မလေးဘာသာစကား)	ကီလမင်း (လိင်)၊ ဂျန်တိန (ဂျန်ဒါ)
ထိုင်း	ဖက် (လိင်နှင့် ဂျန်ဒါ နှစ်မျိုးစလုံးအတွက်)
မြန်မာ	လိင် (လိင်)၊ ကျား-မ (ဂျန်ဒါ)
ခမာ	ဖက် (လိင်)၊ ဂျန်ဒါ (ဂျန်ဒါ)
ဗီယက်နမ်	ဇီအိန်းတင် (လိင်)၊ ဇီအိန်း (ဂျန်ဒါ)
ဖိလစ်ပိုင်	ကာဆာရီယန် (လိင်)

ပုံမှန်ဖြစ်အောင် စံသွင်းခြင်း

ပညာတ်ချက်တစ်ခု၊ ယုံကြည်ချက်တစ်ခု၊ အပြုအမူတစ်ခုကို လူအဖွဲ့အစည်းက လူတစ်ဦးတွင်ရှိရမည့် ပုံမှန်စံအဖြစ် ဘောင်သွင်းလိုက်သည့် လုပ်ငန်းစဉ်ဖြစ်သည်။ ကျား-မ (ဂျန်ဒါ) အခန်းကဏ္ဍများကို ပညာရေး၊ မီဒီယာနှင့် လူမှုစံတန်ဖိုးတို့က သတ်မှတ်ဘောင်သွင်းသည်။ ထိုစံသတ်မှတ်ချက်နှင့် အံမဝင်သူများကို ရုပ်ပိုင်းဆိုင်ရာ အပြစ်ပေးခြင်းအားဖြင့် ပုံမှန်စံနှင့်ကိုက်ညီအောင် အတင်းအကျပ် ဘောင်သွင်းခြင်း မျိုးလည်း ရှိနိုင်ပါသည်။

၉.၂.၂ 'လိင်' ခွဲခြားဆက်ဆံမှုများနှင့် ချိတ်ဆက်ခြင်း

အများအားဖြင့် သင်သည် လိင်အင်္ဂါတစ်မျိုးတည်းဖြင့် မွေးဖွားလာလျှင် ထိုလိင်နှင့် သက်ဆိုင်သော ကျား-မ(ဂျန်ဒါ) လူမှုကဏ္ဍနှင့် နည်းဥပဒေသများတွင် အလိုအလျောက် ဘောင်ဝင်ပြီး ဖြစ်လိမ့်မည်ဟု ယူဆကြသည်။ ထိုအယူအဆကို ပုံမှန်ဖြစ်သည်ဟု ထင်မြင်စေအောင် (သို့မဟုတ်) ခိုင်မာစေအောင် လူမှုရေးနှင့် ယဉ်ကျေးမှု အလေ့အထများ၊ အဖွဲ့အစည်း ကျင့်ထုံးများမှတစ်ဆင့် ဘောင်သွင်းလိုက်ကြသည်။ လိင်အင်္ဂါတစ်မျိုးတည်းနှင့် မွေးဖွားသူတို့သည် ထိုလိင်နှင့်သက်ဆိုင်သော ကျား-မ ရေးရာတွင် ပါဝင်စေအောင် အတင်းအကျပ် စီမံခံရသည်။ ထိုအချိန်မှစ၍ ကျား-မ

လူမှုကဏ္ဍဆိုင်ရာ ယုံကြည်ချက်နှင့် တန်ဖိုးထားသတ်မှတ်ချက်တို့အပေါ်တွင် ခွဲခြားမှုများ စတင်ခဲ့သည်။ ယုံကြည်ချက်ဆိုသည်မှာ အမျိုးသားဖြစ်လျှင် ကာကွယ်ရေးအသိစိတ်၊ ကိုယ်ကာယ ကြံ့ခိုင်မှု ရှိခြင်းနှင့် ကျိုးကြောင်းဆီလျော်သည့် အတွေးအခေါ်ရှိမည်ဟု မျှော်လင့်ယုံကြည်ထားခြင်းကို ဆိုလိုသည်။ ထို့ပြင် အမျိုးသားများကို မိသားစုတွင် အဓိက ဝင်ငွေရှာဖွေသူ၊ အကာအကွယ်ပေးသူ၊ ဦးဆောင်သူနှင့် ဆုံးဖြတ်ချက်ချသူဖြစ်ရန် မျှော်မှန်းကြသည်။ ၎င်းတို့၏ မူလနယ်ပယ်သည် အိမ်ပြင်ပ ကမ္ဘာနှင့် နိုင်ငံရေးကဲ့သို့ လူထုနှင့်သက်ဆိုင်သော နယ်ပယ်များတွင်သာဖြစ်သည်။ အခြားတစ်ဖက်တွင်မူ မိခင်စိတ်ရှိခြင်းမှာ အမျိုးသမီးတို့၏ ဝိသေသဟု မှတ်ယူခံရပြီး ၎င်းတို့၏ အခန်းကဏ္ဍမှာလည်း စိတ်ခံစားမှု၊ ချစ်ခြင်းတရားနှင့် ဂရုစိုက်တတ်မှုအပေါ်တွင် ဗဟိုပြုထားသည်။ ဥပမာ - အမျိုးသမီးများကို မိခင်လောင်းများအဖြစ် မျှော်မှန်းထားသည့်အတွက် မိသားစုထဲတွင် ကလေးပြုစုစောင့်ရှောက်ခြင်းနှင့် နာမကျန်းသူနှင့် သက်ကြီးရွယ်အိုများကို စောင့်ရှောက်ရခြင်းကို ၎င်းတို့၏ မူလတာဝန်ဝတ္တရားအဖြစ် မှတ်ယူကြပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ကို ပို၍စာနာတတ်သူများ၊ သိလွယ်ခံစားလွယ်သူများ၊ အခြားသူများ၏ လိုအပ်ချက်ကို မြင်သာသူများအဖြစ် ယူဆသောကြောင့် ဖြစ်သည်။ ထိုအမြင်များသည် အမျိုးသမီးများကို အိမ်တွင်းဘဝတွင်သာ ရှင်သန်စေရန် ကန့်သတ်လိုက်ပြီး အမျိုးသားများကိုမူ ပို၍လွတ်လပ်ပြီး အခွင့်ထူးခံဖြစ်စေရန် ဖန်တီးလိုက်ပါသည်။

အဆိုပါ ကျား-မ (ဂျန်ဒါ) အခန်းကဏ္ဍ ယူဆချက်သည် အမျိုးသားနှင့် အမျိုးသမီးတို့၏ ကိုယ်ခန္ဓာအရ ရုပ်ပိုင်းဆိုင်ရာ ကွာခြားမှုအပေါ်တွင် မူတည်ပါသည်။ အမျိုးသားများက ထွားကျိုင်းသည်၊ အမျိုးသမီးများကမူ မီးဖွားရသည်ဆိုသော အကြောင်းတရားတို့မှာ အမျိုးသားနှင့် အမျိုးသမီးတို့ အကြား လုပ်အားခွဲဝေပေးရာနှင့် ၎င်းတို့ပေးအပ်ခံရသော တာဝန်၏ တန်ဖိုးကို ရှင်းပြရာတွင် သုံးလေ့ရှိသော အကြောင်းပြချက်ဖြစ်သည်။ ထို့ကြောင့် အမျိုးသားနှင့် အမျိုးသမီးတို့ကို ခွဲခြားဆက်ဆံနေရခြင်းမှာ ၎င်းတို့ပိုင်ဆိုင်ထားသော လိင်အရ ခန္ဓာကိုယ်ကွဲပြားနေခြင်းကြောင့်ဖြစ်ပြီး လူမှုအမြင်နှင့် မဆိုင်ဟု ငြင်းချက်ထုတ်ကြသည်။ ထို့အတွက် အကြောင်းပြရာတွင် အမျိုးသားတို့သည် ရှေးနှစ်သန်းပေါင်းများစွာကတည်းက မိသားစုအတွက် အိမ်မှထွက်ကာ အမဲလိုက်ကြရပြီး အမျိုးသမီးများကမူ ကလေးမွေးခြင်းနှင့် ကလေးပြုစုစောင့်ရှောက်ရခြင်း၊ အစားအစာ စုဆောင်းခြင်း၊ ချက်ပြုတ်ပြင်ဆင်ရခြင်းစသော မိသားစုတာဝန်များကို ထမ်းဆောင်ရသော သာဓကများကို ထည့်သွင်းဖော်ပြကြသည်။ သို့သော် ခေတ်မီလူ့အဖွဲ့အစည်းတွင်မူ ရုပ်ပိုင်းဆိုင်ရာကွာခြားချက်ကို မြင်သာရန်မှာ ခဲယဉ်းသွားပြီ ဖြစ်သည်။ အမျိုးသမီးများသည်လည်း ရုပ်ပိုင်းဆိုင်ရာအားဖြင့် အလွန်သန်မာသူများ ဖြစ်လာကြသည်။ ဥပမာ - အိုလံပစ် ကစားပွဲများတွင် အမျိုးသမီး အလေးမသူတို့သည် အမျိုးသား အများစုထက် အလေးပိုမ,နိုင်ကြောင်း တွေ့ရှိနိုင်ပါသည်။ ထို့အတူ အချို့သော နိုင်ငံများတွင် လတ်တလော တွေ့မြင်လာရသည့် 'အိမ်ရှင်ထီးအဖေ' များသည် အမျိုးသားများသည်လည်း ကလေးပြုစုစောင့်ရှောက်နိုင်ကြောင်း သာဓကဖြစ်ပါသည်။ အမျိုးသမီးများသည်လည်း ရည်မှန်းချက်မြင့်မားသူများ၊ ဆုံးဖြတ်ချက်ခိုင်မာစွာ ချနိုင်သူများ၊ ထို့အတူ စိတ်တိုစိတ်ဆတ် ရန်လိုသူများ ဖြစ်နိုင်ပါသည်။ ယခုအခါ အမျိုးသားများ စာသင်ကျောင်းမှ နုတ်ထွက်မှုများရှိနေချိန်တွင် အဆင့်မြင့် ပညာရပ်များတွင် ထူးချွန်နေသော အမျိုးသမီးများကို ကျွန်ုပ်တို့ မြင်တွေ့နိုင်ပါသည်။ တစ်နည်းအားဖြင့် အမျိုးသမီးတို့ကို မတူညီစွာဆက်ဆံရခြင်းမှာ သူတို့၏ သဘာဝကြောင့်ဟူ၍ အကြောင်းပြထားသော်လည်း ၎င်းမှာ အမှန်တကယ်အားဖြင့် လူမှုတန်ဖိုး စံသတ်မှတ်ချက်များကြောင့်သာဖြစ်ကြောင်း လူတို့ကို ယုံကြည်စေခဲ့သည်။

လူအဖွဲ့အစည်းသည် အမျိုးသားနှင့် အမျိုးသမီးတို့ ထမ်းဆောင်ရမည့် ကျား-မ လူမှုကဏ္ဍကို တီထွင်ဖန်တီးကြသည်ဟု ခေတ်ပြိုင် ဂျွတ်ထိယဝါဒီ သဘောတရားရေးရာကျွမ်းကျင်သူ ဂျူးဒစ် ဘတ်(တ်)လာ က ဆိုသည်။ ဝတ်စားဆင်ယင်မှုနှင့် အသွင်အပြင်တို့ ဆိုသည်မှာ လူမှုဝန်းကျင်က တည်ဆောက်လိုက်သော အခန်းကဏ္ဍများထဲက ဥပမာတစ်ခု ဖြစ်သည်။ အမျိုးသားများက ဘောင်းဘီဝတ်ပြီး အမျိုးသမီးများက ဂါဝန်ဝတ်ကြသည်။ ထိုအစဉ်အလာသည် လူမှုရေးအရ ဖန်တီး တည်ဆောက်ထားခြင်းသာ ဖြစ်သည်။ အရှေ့တောင်အာရှတွင်၊ ဥပမာ - မြန်မာအမျိုးသားနှင့် ဂျာဗားကျွန်းသားတို့မှာ လုံချည်ကိုဝတ်ဆင်ကြသည်။ အရှေ့တောင်အာရှနိုင်ငံ တော်တော်များများ တွင် ဝတ်စားဆင်ယင်မှု အသွင်အပြင်အား ဖြင့် ကျား-မ ကွဲပြားမှုမှာ မရှိသလောက် ဖြစ်ပါသည်။ ၎င်းမှာ အမျိုးသမီးများ၏ အခန်းကဏ္ဍ၊ အသွင်အပြင်နှင့် အမူအကျင့်များအပေါ် တွင် အထူးကွဲပြား အောင် ခွဲခြား၍ လူမှုတည်ဆောက်ချက်များရှိသော အနောက်လူအဖွဲ့အစည်းနှင့် မတူညီသော အချက်ဖြစ်သည်။ အနောက်နိုင်ငံများတွင် အမျိုးသမီးများသည် အမြဲတစေ ဂါဝန်ဝတ်ခဲ့ရသော်လည်း ၁၉၂၀ ဝန်းကျင်တွင် ဆန့်ကျင်မှုတစ်ရပ်အနေဖြင့် ဘောင်းဘီပြောင်းလဲဝတ်ဆင်မှုများ ရှိလာပါသည်။ ယင်းမတိုင်ခင်က ထိုသို့ဝတ်စားဆင်ယင်မှုကို နိုင်ငံတော်တော်များများတွင် ဥပဒေဖြင့် တားမြစ်ခဲ့ သည်။ သို့သော် ၁၉ ရာစုနှစ်တွင် ထိုင်းအမျိုးသမီးများ ဝတ်စားဆင်ယင်မှုမှာ အမျိုးသားများနှင့် ပုံစံတူဖြစ်သည်။ ထိုခေတ်ကာလက ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသားများသည် အမျိုးသားနှင့် အမျိုးသမီး ကွဲပြားအောင် ပြောရခြင်းတွင် အခက်ကြုံကြရသည်။ အမျိုးသား၊ အမျိုး သမီး နှစ်ဦးစလုံး ဆံပင်တိုထားကြသည်၊ ပုံစံတူ ဝတ်ဆင်ကြသည်၊ ထို့ပြင် နာမည်တူများ မှည့်ခေါ် ထားကြသည်။ အမြင်ကျင့်သားမရသေးသူများအတွက်မူ အမျိုးသားနှင့် အမျိုးသမီးတို့၏ ပြုမူပုံနှင့် ၎င်းတို့ကို ကြည့်ရသည်မှာလည်း အတူတူပင် ဖြစ်နေသည်။ ၎င်းအခြင်းအရာအား ဖြင့် အမျိုးသားနှင့် အမျိုးသမီးတို့ တန်းတူညီစွာ အဆက်ဆံခံကြရသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ထိုင်းဘာသာစကားတွင် အမျိုးသားနှင့် အမျိုးသမီးတို့ကို ကွဲပြားသည့် နာမ်စားဖြင့် ခေါ် ဝေါ် အသုံးပြုကြသကဲ့သို့ အမျိုးသမီးတို့ စကားပြောရာတွင်လည်း ကွဲပြားသည့်ပုံစံကို တွေ့နိုင်ပါသည်။ သည်အကြောင်းအရာမှတစ်ဆင့် ဆိုလိုချင်သည်မှာ ကျား-မ လူမှုရေးရာ (ဂျန်ဒါ)ကို အဝတ်အစား၊ ဘာသာစကားနှင့် အခြားသော အခြေအနေများအရ မည်သို့ခွဲခြားသတ်မှတ်ထားသည်ကို သိစေလိုခြင်းဖြစ်သည်။ ဂျန်ဒါသည် ယဉ်ကျေးမှုဖြစ်စဉ် တစ်ရပ်သာဖြစ်ပြီး ခန္ဓာဇီဝနှင့်သက်ဆိုင်သော အကြောင်းအရာတစ်ခု မဟုတ်ပေ။

သဘောတရားရေးရာ ရှုင်းလင်းချက်

လူမှုအမြင်ဖြင့် တည်ဆောက်ထားသည့် ကျား၊ မ တို့၏နေရာများ



အမျိုးသားအမျိုးသမီးတို့၏ နေရာ သို့မဟုတ် အခန်းကဏ္ဍကို လူမှုအမြင်ဖြင့် တည်ဆောက်သည် ဆိုရာတွင် ထိုတည်ဆောက်မှုမှာ လူအဖွဲ့အစည်း၏ တီထွင်ဖန်တီးမှု တစ်ခုမျှသာဖြစ်ပြီး သဘာဝအရ (သို့မဟုတ်) ဇီဝသဘောတရားအရ ဖြစ်တည်လာရခြင်း မဟုတ်ဟု ဆိုလိုသည်။ အမျိုးသမီးတို့သည် ရင်သွေးငယ် မွေးဖွားပေးရသဖြင့် မိခင်တစ်ဦး၏ အခန်းကဏ္ဍကို အများအားဖြင့် ၎င်း၏ ဇီဝ သဘောတရားအရ ဆုံးဖြတ်လိုက်ကြသည်။ သို့ရာတွင် ဇီဝသဘောတရားအတိုင်း ကိုယ်ဝန်မဆောင် သည့် အမျိုးသမီးများသည်လည်း ၎င်းတို့မွေးစားထားသော ကလေးငယ်တို့အတွက် မိခင်နေရာတွင် နေပြီး ဆောင်ရွက်နိုင်ပါသည်။ မတူညီသော လူအဖွဲ့အစည်းတို့တွင် မိခင်တစ်ယောက်၏ ဖြစ် တည်မှုကို ကွဲပြားစွာရှုမြင်ကြသည်။ ဥပမာ - မိခင်ကောင်းဟူသည် ကလေးငယ်များအပေါ် တင်းတင်း

ကျပ်ကျပ် ကိုင်တွယ်ရမည်ဟု အချို့နေရာများတွင် ယူဆကြသော်လည်း၊ အချို့နေရာများတွင်မူ မိခင်ကောင်းဆိုသည်မှာ အလွန်ဂရုစိုက်ကြင်နာရမည်ဟု ဆိုကြပါသည်။ ဤအခြင်းအရာက မိခင်တစ်ယောက်၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး လူမှုဝန်းကျင်က မည်သို့ တည်ဆောက်ထားသည်ကို မြင်သာစေသည်။

ခွဲခြားဆက်ဆံမှုများကို ဖယ်ရှားပစ်ရန်အတွက် ကျား-မ လူမှုရေးရာ (ဂျန်ဒါ) တည်ဆောက်မှုဖြစ်စဉ်ကို ရင်ဆိုင်ကိုင်တွယ်သင့်ပါသည်။ မိသားစု၊ စာသင်ကျောင်း၊ အလုပ်နေရာ၊ ဘာသာရေးအဖွဲ့အစည်းများ၊ အစိုးရနှင့် မီဒီယာ စသော အဖွဲ့အစည်းတို့သည် ကောင်းမွန် မွန်မြတ်သော အမျိုးသား၊ အမျိုးသမီး (သို့မဟုတ်) မကောင်းသော အမျိုးသား၊ အမျိုးသမီးဟူသည် မည်သို့သော ပုံစံရှိရမည်ဆိုသော စံတန်ဖိုးများ ချမှတ်ရာတွင် အဓိက အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါသည်။ ထိုစံသတ်မှတ်ချက်အပေါ် မူတည်ပြီး ခီးမြှောက်ခြင်းနှင့် ပြစ်တင်ဝေဖန်မှု ပြုလုပ်ခြင်းတို့မှတစ်ဆင့် လူအဖွဲ့အစည်းသည် လူတစ်ဦးတစ်ယောက်ကို အမျိုးသမီးနှင့် အမျိုးသားတို့၏ အခန်းကဏ္ဍအတိုင်း ပုံစံဝင်အောင် လူမှုဘောင်သွင်းလိုက်ကြပါသည်။ ဥပမာ - စာသင်ကျောင်းများတွင် ကျောင်းသူနှင့် ကျောင်းသားတို့ကို မတူညီသည့် ဘာသာရပ်များ သင်ကြားပေးခြင်းမျိုး ဖြစ်သည်။ မိဘတို့သည်လည်း ကျား-မ လိင်ကွဲပြားမှုအတိုင်း ၎င်းတို့ ကလေးအတွက် မတူသော ကစားစရာအရုပ်များ ဝယ်ပေးခြင်းမျိုးဖြစ်သည်။ မီဒီယာတို့ကလည်း လှုပခြင်းနှင့် ယောကျ်ားပီသစွာ ချောမောခြင်းဆိုသည်မှာ မည်သို့ဖြစ်ရမည်ဆိုပြီး အထူးပြုပြောဆိုကြသည်။ ထို့ကြောင့် ဂျန်ဒါ ဓလေ့ထုံးတမ်းစဉ်လာကို လိုက်နာရန် အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးစလုံးသည် အဖွဲ့အစည်းများ၏ ဖိအားပေးခြင်းကို ခံရကြောင်း မှတ်သားထားရန် အရေးကြီးပါသည်။

ကျား-မ လူမှုရေးရာ(ဂျန်ဒါ) အစဉ်အလာများ၏ ရည်ရွယ်ချက်မှာ အမျိုးသားနှင့် အမျိုးသမီးတို့၏ လူမှုရေးဆိုင်ရာ အမူအကျင့်များကို လူအသိုင်းအဝိုင်းက မျှော်လင့်ထားသည့်အတိုင်း ကိုက်ညီစေရန်ဖြစ်သည်။ ထိုဖြစ်စဉ်သည် ဂျန်ဒါစံသတ်မှတ်ချက်နှင့်ညီသော လူသားကို မွေးထုတ်ပေးသည်။ ဂျန်ဒါစံသတ်မှတ်ခြင်းကြောင့် ဘေးထွက်ဆိုးကျိုး များစွာရှိပါသည်။ အဆိုးဆုံးအချက်မှာ အမျိုးသမီးတို့ကို အမျိုးသားများထက် နိမ့်ကျသူများ၊ အားနည်းသူများ၊ အန္တရာယ် ပိုကျရောက်နိုင်သူများအဖြစ် ပုံစံသွင်းပြီး အမျိုးသားများကိုမူ စိတ်ခံစားချက် သိုဝှက်နိုင်သူနှင့် စိတ်ဆတ်သူများအဖြစ် ပုံစံသွင်းကြခြင်း ဖြစ်သည်။ အမျိုးသားနှင့် အမျိုးသမီးတို့သည် လူ့အဖွဲ့အစည်းက သတ်မှတ်လိုက်သည့် ဂျန်ဒါ ပညတ်ချက်များကို လွန်ဆန်နိုင်ခြင်း မရှိသကဲ့သို့ ၎င်းတို့၏ အပြုအမူများသည်လည်း ခွဲခြားဆက်ဆံမှု၊ လူမှုဖိအား၊ အရှက်နှင့် နိုင်ထက်စီးနင်းမှု ပုံစံမျိုးစုံ ဖြစ်ပေါ်စေသည်။ ဥပမာ - အမျိုးသမီးတို့လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုတွင် ၎င်းတို့၏ ဝတ်စားဆင်ယင်မှုကြောင့် (သို့မဟုတ်) ၎င်းတို့၏ ခင်ပွန်း (သို့မဟုတ်) ချစ်သူနှင့် လိင်ဆက်ဆံရန် ငြင်းပယ်မှုကြောင့်ဟု ပြစ်တင်ပြောဆိုခံရနိုင်ပါသည်။ ယောကျ်ားလေးများကိုလည်း ငိုလျှင် လူပျော့လူညံ့ဟု ခေါ်ကြသည်။ ဤဖြစ်စဉ်မှာပင်လျှင် လူသားတစ်ဦး၏ အခွင့်အရေး အချို့ဖောက်ခံရမှုများ ဖြစ်ပေါ်နိုင်ပါသည်။ ကျား-မ လူမှုရေးရာ သတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန် လူသားတို့ ရင်ဆိုင်နေရသည့် ဖိအား (သို့မဟုတ်) အကြမ်းဖက်ခံနေရမှုသည် ၎င်းတို့၏ ဘေးကင်းရေးနှင့် လုံခြုံရေးကို ချိုးဖောက်လျက်ရှိပါသည်။ နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများကို တိုက်ဖျက်ရခြင်း၏ ရည်ရွယ်ချက်မှာ ထိုသို့ ချိုးဖောက်ခံနေရသည်များကို ပပျောက်စေရန်ဖြစ်သည်။

ဂျန်ဒါပုံစံပြုခြင်း

ဂျန်ဒါပုံစံပြုခြင်းဆိုသည်မှာ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့၏ "ဖြစ်သင့်သည့်ပုံမှန်" ပုံစံအတွက် လူအသိုင်းအဝိုင်းက မြင်သော အမြင်ဖြစ်သည်။ ထိုစံသတ်မှတ်ချက်နှင့် မကိုက်ညီသော အမြင်နှင့် အခန်းကဏ္ဍများတွင် ရှိနေလျှင် ပြစ်တင်ဝေဖန် ခံရနိုင်ပါသည်။

၉.၃ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှု ပပျောက်ရေး သဘောတူစာချုပ် (CEDAW)

စီဒေါ်ညီလာခံသည် အမျိုးသမီးတို့၏ လူ့အခွင့်အရေးကာကွယ်ရေး အရေးပါသော တိုးတက်မှုတစ်ခု ဖြစ်သည်။ ၎င်းကပေးသော အဓိကသတင်းအချက်အလက်မှာ အမျိုးသမီးနှင့် အမျိုးသားတို့သည် မည်သည့်နေရာတွင်မဆို တန်းတူအခွင့်အရေး ရသင့်သည်ဟူ၍ ဖြစ်ပါသည်။ ၎င်းက ခွဲခြားဆက်ဆံမှုသည် မည်သို့သောအရာ ဖြစ်သည်နှင့် နိုင်ငံတော်အနေဖြင့် အဆိုပါ ခွဲခြားဆက်ဆံမှုကို မည်သို့တိုက်ဖျက်နိုင်သည်ကို ဖော်ပြထားပါသည်။ ထို့ပြင် စီဒေါ်တွင် အမျိုးသမီးများ တန်းတူအခွင့်အရေးရစေရန် အစိုးရများအနေဖြင့် အင်အားစိုက်ထုတ် ဦးတည်ဆောင်ရွက်သင့်သည့် အမျိုးမျိုးသော နယ်ပယ်များကို တင်ပြထားပါသည်။ စီဒေါ်စာချုပ်တွင် ပါဝင်လက်မှတ်ထိုးထားသော နိုင်ငံများသည် အမျိုးသမီးများအတွက် တန်းတူအခွင့်အရေးကို အာမခံချက်ပေးနိုင်ရန်၊ ကွာဟချက်ရှိနေသော နေရာများတွင် ကုစားဆောင်ရွက်ချက်များနှင့် အခွင့်အလမ်းများ ဖြည့်ဆည်းပေးရန်နှင့် ပဋိညာဉ်ပါ တာဝန်များကို အကောင်အထည်ရာတွင် တိုးတက်မှုအခြေအနေများကို လေးနှစ်တစ်ကြိမ် အစီရင်ခံစာတင်ပြရန်တို့အတွက် ခံဝန်ကတိထားရှိထားပါသည်။ ညီလာခံတွင် သဘောတူညီထားသည့်အတိုင်း နိုင်ငံများ လိုက်နာအကောင်အထည်ဖော်မှုကို စောင့်ကြည့်ရန်အတွက် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပပျောက်ရေး ကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းထားပါသည်။ စီဒေါ်သည် ကမ္ဘာအဝန်းရှိ အမျိုးသမီးတို့၏ သမိုင်းဝင်အောင်မြင်မှုတစ်ခု ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် အမျိုးသမီးတို့အပေါ် ဆက်ဆံနေမှုများအား တိုင်းတာနိုင်သည့် အဓိကကျသော နိုင်ငံတကာစံသတ်မှတ်ချက် ဖြစ်လာသောကြောင့် ဖြစ်ပါသည်။

စီဒေါ်သည် လေးကြိမ်မြောက် လူ့အခွင့်အရေးညီလာခံကျင်းပသည့် ၁၉၇၉ တွင် ပြဋ္ဌာန်းခဲ့ပါသည်။ အမျိုးသမီးများ၏ အခြေအနေသုံးသပ်မှု ကော်မရှင် (Commission on the Status of Women) က ၁၉၆၇ ခုနှစ်တွင် ကြေညာစာတမ်းကို ဦးစွာအကြမ်းဖျဉ်း ရေးဆွဲခဲ့ပြီး နိုင်ငံရေးဆိုင်ရာ အခွင့်အရေး၊ နိုင်ငံသားနှင့် လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ အခွင့်အရေးအတွက် ညီလာခံများသည် ပဋိညာဉ်အကြမ်းရေးဆွဲရေး ဖြစ်စဉ်အတွက် အထောက်အပံ့ဖြစ်ခဲ့သည်။ ညီလာခံက သဘောတူမပြဋ္ဌာန်းမီတွင် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအကြားတွင် ငြင်းခုံဆွေးနွေးမှုများနှင့် ညှိနှိုင်းမှုများ ဆယ်နှစ်ကြာ ပြုလုပ်ခဲ့ရသည်။ သဘောမတူကြရသည့်အချက်များမှာ ဖော်ပြထားသော အမျိုးသမီးတို့အတွက် အခွင့်အရေးများ၊ အထူးသဖြင့် မိသားစုအရေး၊ လက်ထပ်ထိမ်းမြားခြင်းနှင့် နိုင်ငံသားဖြစ်ခွင့်တို့တွင် ယဉ်ကျေးမှုနှင့် ဘာသာရေးတို့နှင့် ထိပ်တိုက်ဖြစ်စေနိုင်သော အချက်များ ပါဝင်နေသောကြောင့် ဖြစ်သည်။ နိုင်ငံတိုင်းအားလုံးနီးပါးတွင် ကွာရှင်းခွင့်နှင့် အမွေဆက်ခံပိုင်ခွင့်တွင် အမျိုးသမီးများကို တန်းတူအခွင့်အရေး မပေးထားပါ။ ထို့အပြင် နိုင်ငံတော်တော်များများတွင် အမျိုးသမီးတို့သည် ၎င်းတို့ နိုင်ငံသားအခွင့်အရေးကို ၎င်းတို့၏သားသမီးသို့ လွှဲပြောင်းနိုင်ခွင့် မရှိကြောင်း တွေ့ရပါသည်။ သည်အရေးကိစ္စနှင့်စပ်လျဉ်းပြီး စီဒေါ် မူကြမ်းရေးဆွဲသည့်အခါ ထင်မြင်ယူဆချက်များ၊ ဘာသာစကား၊ အကြောင်းအရာနှင့် သဘောတူညီချက်အပိုင်းတို့တွင် အမျိုးသားကို ဦးတည်ကိုယ်စားပြုထားသော အဖွဲ့အသီးသီးကြားက အင်အားပါဝါ အကူးအပြောင်းများကို ထင်ဟပ်စေရန် အဓိကထည့်သွင်းထားသည်။ ထို့ပြင် သံတမန်အသိုင်းအဝိုင်း၊ အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင်

အမျိုးသမီးများ တန်းတူညီမျှမှုအတွက် အားပေးထောက်ခံမှု အကန့်အသတ်သာရှိပုံကိုလည်း ထင်ဟပ်စေပါသည်။ စီဒေါတွင် ပါဝင်ခြင်းအားဖြင့် နောင်တွင် ကုလသမဂ္ဂဖြစ်လာမည့် နိုင်ငံပေါင်းချုပ်အသင်းကြီး ဆောင်ရွက်ရမည့်အစီအစဉ်များထဲက အမျိုးသမီးများ အရေးကိစ္စအတွက် အမျိုးသမီးတို့ကိုယ်တိုင် စုပေါင်းအားဖြင့် တိုက်တွန်းနိုင်သည့် အခွင့်အလမ်းကို ရရှိပါသည်။ အချို့သော အမျိုးသမီးများ၊ အထူးသဖြင့် ခေါင်းဆောင်ပိုင်းနေရာ ရောက်နေသည်ဟု ယူဆရသူများသည် အမျိုးသမီးအခွင့်အရေး အဆင့်မြှင့်တင်နိုင်ရေးတွင် အရေးပါသောအခန်းကဏ္ဍတွင် ရှိနေပါသည်။ ရှေးဦးမဆွ ဆိုခဲ့သည့်အတိုင်း ၁၉၆၀ ခုနှစ်ဝန်းကျင်သည် အမျိုးသမီးအခွင့်အရေးအတွက် တက်ကြွလှုပ်ရှားမှုများ အရှိန်အဟုန်ကောင်းခဲ့သော အချိန်ဖြစ်သည်။ ကမ္ဘာ့နေရာဒေသ တော်တော်များများတွင် အမျိုးသမီးတို့ ရင်ဆိုင်ကြုံတွေ့နေရာသော ခွဲခြားဆက်ဆံမှုများကို ပိုမိုသဘောပေါက်လာကြပြီး ထိုကဲ့သို့ ခွဲခြားဆက်ဆံမှု၏ အကျိုးဆက်များကို တိုက်ဖျက်မည့်အဖွဲ့အစည်းများ သိသိသာသာ များပြားလာခဲ့ပါသည်။

အတည်ပြုပြဋ္ဌာန်းထားသော စီဒေါတွင် နိုင်ငံများ ထမ်းဆောင်ရမည့် တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဥပဒေပြောင်းလဲပြင်ဆင်ခြင်းနှင့် ဥပဒေအသစ်များ ပေါ်ပေါက်စေခြင်း။ ။အမျိုးသားနှင့် အမျိုးသမီးတို့အတွက် တန်းတူညီမျှမှုနှင့် ခွဲခြားမှုမရှိစေသော မူဝါဒများ ပေါင်းစပ်ထည့်သွင်းခြင်း၊ ခွဲခြားဆက်ဆံမှု ဖြစ်စေသော ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပယ်ဖျက်ခြင်းနှင့် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုကို တားဆီစေမည့် သင့်လျော်သော အစီအမံများကို ချမှတ်ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ (အပိုဒ် ၂ နှင့် ၁၅)

၂။ တရားမျှတမှုကို လက်လှမ်းမီစေခြင်း။ ။နိုင်ငံတော်ခုံရုံးနှင့် အလားတူ အခွင့်အာဏာရှိသော အဖွဲ့အစည်းတို့က အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုမှ ထိထိရောက်ရောက် အကာအကွယ်ပေးနိုင်ရန်အတွက် သေချာတိကျသော အစီအမံများထားရှိရန် ဖြစ်ပါသည်။ (အပိုဒ် ၂)

၃။ တန်းတူညီမျှမှုကို မြှင့်တင်ပေးမည့် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ခြင်း။ ။ တန်းတူညီမျှမှုကို ဖော်ဆောင်ပေးနိုင်မည့် အပြုသဘောဆောင် လုပ်ဆောင်ချက်များကဲ့သို့သော ယာယီအထူး တုံ့ပြန်ဆောင်ရွက်မှုများ အကောင်အထည်ဖော်ရန် ဖြစ်ပါသည်။ (အပိုဒ် ၄)

အပြုသဘောဖြင့် အထူးလုပ်ဆောင်ချက်

၄။ ယဉ်ကျေးမှုကျင့်ထုံးများ ပြုပြင်ပြောင်းလဲခြင်း။ ။အမျိုးသားနှင့် အမျိုးသမီးတို့၏ အခန်းကဏ္ဍအပေါ် ထားရှိသော ပုံသေကားကျအမြင်များ၊ ယဉ်ကျေးမှုနှင့် ရိုးရာအစဉ်အလာ အလေ့အထများကို ပြောင်းလဲပေးရန်ဖြစ်သည်။ (အပိုဒ် ၅)

လူတစ်စုအတွက် အကျိုးကျေးဇူး (သို့မဟုတ်) ၎င်းတို့၏ လက်လှမ်းမီနိုင်မှု အခြေအနေကို တိုးပွားစေရန် အထူးခွင့်ပြုချက်များ ထားရှိခြင်း။ ဥပမာ – အစိုးရအဖွဲ့တွင် အမျိုးသမီးများအတွက် နေရာသီးသန့် ဖယ်ထားပေးခြင်းမျိုးကို ဆိုလိုပါသည်။

စီဒေါသည် အမျိုးသမီးများ တန်းတူညီမျှရှိစေရေးကို ဦးတည်လုပ်ဆောင်ရန် အဖွဲ့ဝင်နိုင်ငံများကို တာဝန်များ ဖန်တီးပေးအပ်ထားသည်။ ၎င်း၏ ခိုင်မာတိကျသော စကားလုံးများကတစ်ဆင့် သက်ဆိုင်ရာအစိုးရများကို ခွဲခြားဆက်ဆံမှု ပေါ်ပေါက်နေမှုများကို တားဆီးရန် (သို့မဟုတ်) ရပ်တန့်ပေးမည့် လုပ်ငန်းအစီအစဉ်နှင့် ရှေ့ပြေးလုပ်ဆောင်ချက်များ ထားရှိရန် တိုက်တွန်းထားသည်။ စီဒေါညီလာခံသည် အဖွဲ့ဝင်နိုင်ငံ အစိုးရများအနေဖြင့် အများပြည်သူနှင့် သက်ဆိုင်သော ကဏ္ဍတွင် သာမက ပုဂ္ဂလိက ကဏ္ဍတွင်ပါ မူဝါဒများ ချမှတ်အကောင်အထည်ဖော်ကြရန် တောင်းဆိုပါသည်။ မည်သည့်လုပ်ငန်းက မည်သည့်ခွဲခြားမှုမျိုးကိုမဆို တားဆီးရမည်ဖြစ်သည့်အပြင်၊ ဘဏ်ချေးငွေ

အပါအဝင် အခြားသော ချေးငွေပုံသဏ္ဌာန်အမျိုးမျိုးကို လက်လှမ်းမမီနိုင်စေမည့် ခွဲခြားထားမှုများကိုလည်း အထူးတားမြစ်ရမည် ဖြစ်သည်။ ညီလာခံသည် ခွဲခြားဆက်ဆံမှုရှိနေသော နယ်ပယ်များမှာ အနည်းဆုံး (၁၂)ခုရှိမည်ဟု သတ်မှတ်ထားသည်။ ၎င်းတို့မှာ - ယဉ်ကျေးမှု၊ တရားဥပဒေ၊ လူကုန်ကူးခြင်း၊ နိုင်ငံရေး၊ နိုင်ငံတကာအရေး၊ နိုင်ငံသားဖြစ်မှု၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ကျေးလက်နေ အမျိုးသမီးများ၊ လက်ထပ်ထိမ်းမြားခြင်းနှင့် မိသားစုရေးရာတို့ ဖြစ်သည်။ ထို့ပြင် ညီလာခံသည် အမျိုးသမီးများ အလုပ်တွင် တူညီသောလုပ်ခလစာရရှိရေးနှင့် သားဆက်ခြားခြင်းကဲ့သို့သော မိသားစုစီမံကိန်းများ ရေးဆွဲရာတွင် လိုအပ်သော သတင်းအချက် ရရှိနိုင်ရေးကို အားပေးထောက်ခံထားသည်။ စီဒေါသည် အမျိုးသမီးလှုပ်ရှားမှု ရေချိန်မြင့်တက်လာချိန်တွင် ထွက်ပေါ်ခဲ့သော ရလဒ်တစ်ခုဖြစ်သည့်အပြင် ထိုကာလတွင် တိုးတက်မှုရှိခဲ့သော ပြယုဂ်လည်း ဖြစ်သည်။ ၁၉၆၀ နှင့် ၁၉၇၀ ခုနှစ်များတွင် စာချုပ်မူကြမ်းကို ရေးဆွဲခဲ့သည့်နည်းတူ ထိုအချိန်မှစ၍ တန်းတူညီမျှမှုအတွက် အတွေးအခေါ်နှင့် မြော်မြင်စဉ်းစားချက်များ ပို၍ ထွန်းကားလာခဲ့သည်။ ထို့ကြောင့် စီဒေါသည် စာချုပ်သက်သက်မျှသာမဟုတ်ဘဲ အမျိုးသမီးအခွင့်အရေးကို ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ရန် အရပ်ဘက်အဖွဲ့အစည်းနှင့် စီဒေါကော်မတီတို့ ပေါ်ပေါက်လာစေခဲ့သည်။ ဥပမာ - ဤအခန်း၏ နှောင်းပိုင်းတွင် ဖော်ပြမည့် အိမ်တွင်းအကြမ်းဖက်မှုနှင့်ပတ်သက်ပြီး ဖြစ်သည်။

စီဒေါသည်လည်း ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC) ကဲ့သို့ပင် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်တစ်ခု ဖြစ်ပါသည်။ လက်ရှိတွင် အီရန်၊ ဆိုမားလီးယား၊ ဆူဒန်၊ တွန်ဂါ၊ အမေရိကန်နှင့် ပလောင်း စသော ခြောက်နိုင်ငံသာ လက်မှတ်ထိုးရန် ကျန်ရှိပါသည်။ အရှေ့တောင်အာရှ နိုင်ငံများအာလုံး သဘောတူစာချုပ်တွင် ပါဝင်ပြီးဖြစ်သည်။

ဇယား ၉.၂ စီဒေါတွင် နိုင်ငံများပါဝင်မှု အခြေအနေ

နိုင်ငံများ	သဘောတူလက်မှတ် ရေးထိုးသည့် ရက်စွဲ	ခြွင်းချက်ထားသည့်အချက်များ
ဘရူနိုင်း	၂၄ မေ ၂၀၀၆	အပိုဒ် ၉ (၂) အပိုဒ် ၂၉ (၁)
ကမ္ဘောဒီးယား	၁၅ အောက်တိုဘာ ၁၉၉၂	မရှိ
အင်ဒိုနီးရှား	၁၃ စက်တင်ဘာ ၁၉၈၄	အပိုဒ် ၂၉ (၁)
လာအို	၁၄ ဩဂုတ် ၁၉၈၁	မရှိ
မလေးရှား	၅ ဇူလိုင် ၁၉၉၅	အပိုဒ် ၅ (က) အပိုဒ် ၇ (ခ) အပိုဒ် ၉
မြန်မာ	၂၂ ဇူလိုင် ၁၉၉၇	အပိုဒ် ၂၉ (၁)
ဖိလစ်ပိုင်	၅ ဩဂုတ် ၁၉၈၁	မရှိ

နိုင်ငံများ	သဘောတူလက်မှတ် ရေးထိုးသည့် ရက်စွဲ	ခြွင်းချက်ထားသည့်အချက်များ
စင်ကာပူ	၅ အောက်တိုဘာ ၁၉၉၅	အပိုဒ် (၂) အပိုဒ် ၁၁ (၁) အပိုဒ် ၁၆ အပိုဒ် ၂၉ (၁)
ထိုင်း	၉ ဩဂုတ် ၁၉၈၅	အပိုဒ် ၂၉ (၁) ယခင်က ခြွင်းချက်ထားသည့် အပိုဒ်များကို သဘောတူညီပြီး - အပိုဒ် ၇၊ ၉(၂)၊ ၁၀၊ ၁၁(၁)၊ ၁၅(၃)၊ ၁၆
တီမော	၁၆ ဧပြီ ၂၀၀၃	မရှိ
ဗီယက်နမ်	၁၇ ဖေဖော်ဝါရီ ၁၉၈၂	အပိုဒ် ၂၉ (၁)

ဇယား ၉. ၂ တွင် ဖော်ပြထားသည့်အတိုင်း စီဒေါသည် နိုင်ငံပေါင်းစုံ ကျယ်ပြန့်စွာ ပါဝင်ကြသော ပဋိညာဉ်စာချုပ်တစ်ခု ဖြစ်သည်။ သို့သော် အခြားသဘောတူစာချုပ်များထက်ပိုပြီး အဖွဲ့ဝင်နိုင်ငံများသည် စီဒေါတွင် သဘောတူညီရန် ကျန်ရှိသည့်အချက်များ ရှိနေကြပါသည်။ အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့နှင့် လိုက်လျောညီထွေမှုမရှိသည့် စာချုပ်ပါ အချက်အလက်တချို့ကို သေချာနားလည် သဘောပေါက်စေရန်အတွက် 'ခြွင်းချက်ထားသည့် အချက်များ' အဖြစ် ချန်လှပ်ထားခွင့်ပြုထားပါသည်။ နိုင်ငံများသည် အမျိုးသမီးများ တန်းတူညီမျှရေးနှင့်ပတ်သက်ပြီး "သဘောတူသည်။ သို့သော်"ဟု ဆိုနေကြသည်များကို တွေ့နေရပါသည်။ ဇယားတွင် ပြထားသည့်အတိုင်း သဘောတူရန် ခြွင်းချက်ထားသော အချက်များတွင် အပိုဒ် ၂၉. ၁ (နှစ်နိုင်ငံအကြား ထားရှိသော သဘောတူစာချုပ်အတွက် အငြင်းပွားမှုများကို ဖြေရှင်းရန် အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) အသုံးပြုသည့်အပိုဒ်) နှင့် အပိုဒ် ၁၆ (လက်ထပ်ထိမ်းမြားမှုတွင် တန်းတူညီမျှခွင့်) တို့နှင့် သက်ဆိုင်နေပါသည်။ ထိုင်း၊ မလေးရှား၊ ဘရူနိုင်းနှင့် စင်ကာပူနိုင်ငံများသည် နိုင်ငံသားဖြစ်မှုနှင့် လက်ထပ်ထိမ်းမြားမှုဆိုင်ရာ တန်းတူအခွင့်အရေးတွင် သဘောတူညီရန် ကျန်ရှိနေပါသေးသည်။ မလေးရှား၊ ဘရူနိုင်းနှင့် စင်ကာပူနိုင်ငံတို့အနေဖြင့် အဆိုပါတန်းတူညီမျှခွင့်သည် ၎င်းတို့၏ ယဉ်ကျေးမှုနှင့် ဘာသာရေးယုံကြည်မှု (မလေးရှားတွင် ရှရီးယားခေါ် အစ္စလာမ်ဥပဒေ)နှင့် ကိုက်ညီမှုမရှိဟု မြင်ကြပါသည်။ ထိုင်းနိုင်ငံအတွက်မူ နိုင်ငံတော်၏ ပြည်တွင်းဥပဒေတွင် လက်ရှိမညီမျှမှုများကို ပြောင်းလဲရန် ဆန္ဒမရှိသဖြင့် လက်ထပ်ထိမ်းမြားမှုတွင် တန်းတူညီမျှရေးကို တောင်းဆိုသောအချက်ကို ခြွင်းချက်ထားခြင်းဖြစ်သည်။ ထိုင်းအမျိုးသမီးများသည် အိမ်ထောင်ကွာရှင်းမှုတွင် တန်းတူညီမျှခွင့် မရကြပါ။ ထိုင်းအမျိုးသမီးတစ်ဦး ကွာရှင်းခွင့်လျှောက်ထားမည်ဆိုလျှင် သူမ၏ ခင်ပွန်းသည်မှာ သစ္စာမရှိသူဖြစ်ကြောင်း သက်သေပြရန်လိုအပ်ပြီး၊ အမျိုးသားတစ်ယောက်အတွက်မူ ဇနီးသည်နှင့် နှစ်နှစ်မျှ ဝေးကွာနေလျှင် ကွာရှင်းရန်အကြောင်းပြချက် လုံလောက်ပါသည်။ ထို့ကြောင့် အမျိုးသားတို့သည် အမျိုးသမီးများကွာရှင်းခွင့်တွင် အမျိုးသမီးတို့ကဲ့သို့ လိုအပ်ချက်မျိုး မရှိပါ။ စီဒေါစာချုပ်တွင်

ပါဝင်သဘောတူ လက်မှတ်ရေးထိုးကြချိန်မှစ၍ လက်ထပ်ထိမ်းမြားမှုတွင် တန်းတူညီမျှရေး ကိစ္စကဲ့သို့သော ခြွင်းချက်ထားရှိခဲ့ဖူးသော အချို့အချက်အလက်များကို ထိုင်းနိုင်ငံက ရုတ်သိမ်း လိုက်သော်လည်း မလေးရှားနှင့် စင်ကာပူနိုင်ငံများကမူ လုပ်ငန်းခွင်နှင့် လက်ထပ်ထိမ်းမြားမှုတွင် တန်းတူညီမျှရေး ဖော်ဆောင်မှုကို သဘောတူရန်ခြွင်းချက်အဖြစ် ကျန်ရှိသေးသည်။ ထို့ပြင် ကလေး ငယ်၏ နိုင်ငံသားဖြစ်ခွင့်မှာ ဖခင်ထံမှသာ တစ်ဆင့်လာရပြီး မိခင်ထံမှ ဆက်ခံခွင့်မရှိသော အချို့ နိုင်ငံများတွင် နိုင်ငံသားခံယူခွင့်တန်းတူညီမျှရေးတွင် ခြွင်းချက်အဖြစ် ကျန်ရှိသေးသည်။ ဥပမာ - မလေးရှားနိုင်ငံ၏ပြင်ပတွင် မွေးဖွားသော ကလေးငယ်တစ်ဦးသည် နိုင်ငံသားဖြစ်ခွင့်ကို မိခင်ထံမှ မဟုတ်ဘဲ ဖခင်ထံမှသာ တစ်ဆင့် လျှောက်ထားရသည်။ မလေးရှားနိုင်ငံက ထိုသို့ သဘောတူညီရန် ချန်လှပ်ထားမှုကို ဆန့်ကျင်ကန့်ကွက်သည့်နိုင်ငံ ငါးနိုင်ငံ (ဩစတြီးယား၊ နော်ဝေး၊ နယ်သာလန်၊ ဂျာမနီ စသော ဥရောပနိုင်ငံများ) ရှိပါသည်။ သို့သော် ၎င်းတို့က 'ဂင်းတို့၏ ကန့်ကွက်မှုသည် သဘောတူစာချုပ်ကို ပါဝင်လက်ခံအောင် အတင်းအကျပ်ပြုလုပ်ခြင်း မဟုတ်' ဟု ဆိုထားပါသည်။ ထို့အတူ ခြွင်းချက်ထားသည့် အချက်များကို လျှော့ချလိုက်သည့် နိုင်ငံများစွာလည်း ရှိပါသည်။ ထိုင်းနိုင်ငံဆိုလျှင် မူလက ခြွင်းချက်ထားသည့် အချက် ခုနစ်ချက်ရှိသော်လည်း ယခုအခါ တစ်ချက် သာ ကျန်ရှိပါတော့သည်။

၉.၃.၁ စီဒေါစာချုပ်တွင် ဖော်ပြထားသော ခွဲခြားမှုမပြုစေရေး

> ခွဲခြားဆက်ဆံမှုအကြောင်းကို စီဒေါက အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။
>
> နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အရပ်ဘက်နှင့် အခြားသော နယ်ပယ် များတွင် အခြေခံကျသော လွတ်လပ်ခွင့်ကိုလည်းကောင်း၊ အမျိုးသမီးတို့သည် အမျိုးသားများနှင့် တန်းတူဖြစ်သည်ဆိုသော အချက်ကိုလည်းကောင်း၊ အမျိုးသမီးတို့၏ အိမ်ထောင်ရေး အခြေ အနေကိုလည်းကောင်း ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ အမျိုးသမီးတို့၏ ပျော်ရွှင်မှု၊ အသိအမှတ် ပြုခံရမှုနှင့် လုပ်ဆောင်မှုများကို ယုတ်လျော့သွားစေအောင်နှင့် နိမ့်ကျသွားစေအောင် ရည်ရွယ် ချက်ဖြင့် ကျား-မ လိင်ကွဲပြားမှုအပေါ် အခြေပြုပြီး လုပ်ဆောင်သည့် ဖယ်ထုတ်ခြင်း (သို့မဟုတ်) ကန့်သတ်ခြင်း စသော မည်သို့သော ခွဲခြားမှုမျိုးကိုမဆို ဆိုလိုသည်။ (အပိုဒ် ၁)

နေရာတော်တော်များများတွင် လိင်နှင့် ကျား-မ လူမှုရေးရာ (ဂျန်ဒါ) ကို ရောထွေး ဖော်ပြ တတ်သဖြင့် ခွဲခြားဆက်ဆံမှုအကြောင်းကို ဂျန်ဒါအရေးကိစ္စသို့တိုင်အောင် ဆန့်ထုတ်တွေးနိုင်သော် လည်း ဤနေရာတွင် ဖော်ပြသော ခွဲခြားဆက်ဆံမှုဆိုသည်မှာ လိင်ကွဲပြားမှုအပေါ် အခြေပြုဖြစ်ပေါ် လာသော ခွဲခြားမှုကိုသာ ဆိုလိုပါသည်။ ထို့ပြင် ၁၉၆၆ ခုနှစ် မတိုင်ခင်တွင် ရေးသားခဲ့သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ် (ICCPR) နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICESCR) များအားလုံးတွင် လိင်ကွဲပြားမှုကို အခြေပြုသော ခွဲခြားဆက်ဆံမှု များကို တားမြစ်ထားပါသည်။ လတ်တလောထွက်ပေါ်လာသော အာဆီယံနိုင်ငံများ၏ လူ့အခွင့် အရေး ကြေညာစာတမ်း (၂၀၁၀) တွင် ကျား-မ လူမှုရေးရာ (ဂျန်ဒါ) ခွဲခြားမှုကို တားမြစ်ကြောင်း ဖော်ပြထားသည်။ ယုတ္တိကျကျ ဆိုရလျှင် 'ဂျန်ဒါ'ဆိုသည်ကို 'လိင်'ကို ရည်ညွှန်းသော အသုံးအနှုန်း တစ်ခုအနေဖြင့် ဖလှယ်သုံးထားခြင်း ဖြစ်သည်။ ထို့ကြောင့် အာဆီယံကြေညာစာတမ်းတွင် ထည့်သွင်း

သောအသုံးအနှုန်းမှာ ခေတ်နှင့်အလွန် ကိုက်ညီကြောင်း တွေ့ရပါသည်။ အကြောင်းမှာ လူအဖွဲ့အစည်းသည် လိင် (သို့မဟုတ်) ဂျန်ဒါအပေါ် အခြေပြုသော ခွဲခြားမှုများမှာ အခြေခံအားဖြင့် အတူတူပင်ဖြစ်ကြောင်းနှင့် လိင်နှင့် ဂျန်ဒါ သဘောမှာလည်းတူညီကြောင်း သဘောပေါက်ထားခြင်းကြောင့် ဖြစ်နိုင်ပါသည်။ သို့သော် ကွတ္ထိယဝါဒီများကမူ အမျိုးသမီးများအပေါ် ခွဲခြားနှိမ်ချဆက်ဆံနေမှုများသည် ကျား-မ လူမှုအခန်းကဏ္ဍများအပေါ် ထားရှိသော သဘောထားအမြင်များ စံတန်ဖိုးများကြောင့် ဖြစ်ပေါ် လာရခြင်းဖြစ်သည်၊ လိင်ကွဲပြားမှုကို အခြေပြုထားခြင်းမဟုတ်၊ လိင်ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာအရ ၎င်းကိုကြည့်ပြီး ကျား ဖြစ်သည်၊ မ ဖြစ်သည်ကို ဖော်ပြနိုင်စွမ်းရှိသည့် အရာသက်သက်ဖြစ်သည်ဟု ဆိုထားပါသည်။

စီဒေါ်တွင် ခွဲခြားဆက်ဆံမှုကို အဓိပ္ပာယ်ဖွင့်ဆိုထားသော ဖော်ပြချက် သုံးခုရှိပါသည်။

- **ခွဲခြားခြင်း၊ ဖယ်ထုတ်ခြင်း (သို့မဟုတ်) ကန့်သတ်ဝိတ်ပင်ခြင်း။** အမျိုးသမီးတစ်ဦး အိမ်ထောင်ပြုခြင်း (သို့မဟုတ်) ကိုယ်ဝန်ဆောင်ခြင်းကြောင့် အလုပ်မှရပ်နားခြင်း၊ ပင်စင်ယူရမည့်အသက်အရွယ် တူညီမှုမရှိခြင်း၊ အမွေဆက်ခံနိုင်ခွင့်တွင် တန်းတူညီမျှမှု မရှိခြင်း၊ (သို့မဟုတ်) မိန်းကလေးများ ကျောင်းနေခွင့်ကို ပိတ်ပင်ခြင်း စသည်တို့မှာ ထင်ရှားသော သာဓကများ ဖြစ်သည်။
- **လိင် (သို့မဟုတ် ဂျန်ဒါ) ကွဲပြားမှုကိုအခြေပြု၍ ခွဲခြားခြင်း။** အမျိုးသမီးဖြစ်သဖြင့် ခွဲခြားထားခြင်း ဖြစ်သည်။ ခွဲခြားမှုသည် လူတိုင်းအတွက် ထားရှိထားလျှင် (ဥပမာ - အမျိုးသမီးနှင့် အမျိုးသားတို့အတွက် မတူညီသော ယူနီဖောင်းဝတ်စုံများ)၊ ထိုသို့သော ခွဲခြားမှုကို အမျိုးသမီးဖြစ်ခြင်းကြောင့် သီးသန့်ခွဲခြားဆက်ဆံခြင်းဟု မဆိုနိုင်ပါ။
- **အမျိုးသမီးသည် အမျိုးသားနှင့်တန်းတူ လူ့အခွင့်အရေး (သို့မဟုတ်) လူ့အခွင့်အရေးမှန်သမျှကိုမရရှိသဖြင့် ဖြစ်ပေါ် လာသော အကျိုးဆက်။** ခွဲခြားဆက်ဆံမှုကြောင့် အမျိုးသမီးတို့သည် အမျိုးသားများနှင့်တန်းတူ လူ့အခွင့်အရေး မရရှိကြပါ။ ဥပမာ - အမျိုးသမီးများသည် ကွာရှင်းခွင့်တွင် အမျိုးသားများနှင့် တန်းတူအခွင့်အရေး မရှိပါ။ အဘယ်ကြောင့်ဆိုသော် အမျိုးသားများအတွက် ကွာရှင်းရန် လွယ်ကူပြီး ၎င်းတို့၏ကလေးမှာလည်း မိခင်၏နိုင်ငံသားကို ဆက်ခံခွင့်မရှိဘဲ ဖခင်၏နိုင်ငံသားကိုသာ ဆက်ခံခွင့်ရှိလေသည်။

ခွဲခြားဆက်ဆံမှုတို့သည် ဥပဒေကြောင့်သော်လည်းကောင်း (ဥပဒေအရ ခွဲခြားဆက်ဆံခြင်း)၊ သို့မဟုတ် လက်ခံထားသော အကြောင်းပြချက်ဖြင့်သော်လည်းကောင်း (လက်ခံကျင့်သုံးမှုအရ ခွဲခြားဆက်ဆံခြင်း) စသော နည်းလမ်းနှစ်သွယ်ဖြင့် ပေါ် ပေါက်နိုင်သည်။ ဥပဒေသည် အမျိုးသမီးများကို အမျိုးသားများနှင့်တန်းတူ လက်ထပ်ထိမ်းမြားခွင့် မပြုထားခြင်း (သို့မဟုတ်) အမျိုးသမီးမလုပ်ရဆိုသည့် အလုပ်ဟူ၍ သေသေချာချာ သီးသန့်တားမြစ်ထားခြင်းမျိုးကို ဥပဒေအရ ခွဲခြားဆက်ဆံခြင်းဟု ခေါ် သည်။ ဥပဒေအရ အမျိုးသမီးများကို မခွဲခြားထားသော်လည်း လက်တွေ့ဘဝတွင် အမျိုးသမီးများ တန်းတူညီမျှမှု အခွင့်အရေး မရရှိနေလျှင်လည်း ထိုအနေအထားကို လက်ခံကျင့်သုံးမှုအရ ခွဲခြားဆက်ဆံခြင်းဟု ဆိုနိုင်ပါသည်။ ဥပမာ - အရှေ့တောင်အာရှတွင် မိန်းကလေးငယ်များ ကျောင်းနေခွင့် (သို့မဟုတ်) အမျိုးသမီးများ နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်ခွင့်ကို တားမြစ်သည့် ဥပဒေမျိုး မပြဋ္ဌာန်းထားသော်လည်း ထိုနိုင်ငံများတွင် ကျောင်းနေသူ အမျိုးသမီးအနည်းငယ်နှင့် အမျိုးသမီးနိုင်ငံရေးသမား အနည်းငယ်သာ ရှိပါသည်။

၉.၃.၂ စီဒေါတွင် ပါရှိသော တန်းတူညီမျှ ရှိမှု သဘောတရား

ခွဲခြားဆက်ဆံမှုများကို ထိထိရောက်ရောက် ဖော်ထုတ်နိုင်ရန်အတွက် ခွဲခြားဖိနှိပ်မှု ပပျောက်စေရေး ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်နေသည့်အရာများသည် အမျိုးသားနှင့် အမျိုးသမီးတို့အကြား တန်းတူညီမျှရှိမှုရလဒ်ကို ဦးတည်သင့်ပါသည်။ သို့ရာတွင် တန်းတူညီမျှရှိမှု၏ ဆိုလိုရင်းကို အမျိုးမျိုး ရှုမြင်ကြပါသည်။ တန်းတူညီမျှရှိမှုကို သမားရိုးကျပုံစံဖြင့် အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အမျိုးသားနှင့် အမျိုးသမီးတို့သည် အတူတူပင်ဖြစ်သည်၊ ထို့ကြောင့် ၎င်းတို့ကို တူညီစွာဆက်ဆံသင့်သည် ဟူ၍ ဖြစ်သည်။ အမျိုးသမီးများကို အမျိုးသားများနှင့် အတူတူဟု မှတ်ယူထားသဖြင့် အမျိုးသားများလုပ်ကိုင်နိုင်သလို ၎င်းတို့လည်း လုပ်ကိုင်နိုင်ရန် ခွင့်ပြုရမည်ဖြစ်သည်။ ဥပမာ - အမျိုးသားများ ပညာသင်ကြားခွင့်ရသလို၊ အလုပ်လုပ်ခွင့်ရသလို၊ မဲပေးခွင့်ရသလို၊ သို့မဟုတ် အစိုးရရုံးများတွင် ဝင်ရောက်လုပ်ကိုင်ခွင့်ရသလို အမျိုးသမီးများကိုလည်း ထိုသို့ ပါဝင်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ခွင့်ပြုရန် ဖြစ်သည်။ သို့သော် ထိုသို့သော အမြင်သည် အမျိုးသမီးနှင့် အမျိုးသားအကြား ခန္ဓာဇီဝမတူညီခြင်းနှင့် ကျား-မ လူမှုရေးရာ (ဂျန်ဒါ) ကွဲပြားမှုကို ထည့်သွင်းစဉ်းစားရန် မေ့လျော့နေစေသည်။ ဥပမာ - အမျိုးသမီးများကို အမျိုးသားများနှင့်တန်းတူ ပညာသင်ကြားခွင့်နှင့် အလုပ်လုပ်ခွင့် ပေးထားသည် ဆိုပါစို့။ သို့သော် ၎င်းတို့တွင် အိမ်မှုကိစ္စကိုပါ ထမ်းရွက်နေရသော ဝန်ထုပ်ဝန်ပိုးက ရှိနှင့်ပြီးဖြစ်သည်။ သို့မဟုတ်လျှင်လည်း အမျိုးသမီးများသည် ကလေးပြုစုစောင့်ရှောက်မှုအတွက် အထူးခွင့်ပြုချက် မရရှိထားကြပါ။ ထို့ကြောင့် သမားရိုးကျပုံစံဖြင့် အဓိပ္ပာယ်ဖွင့်ဆိုသော တန်းတူညီမျှရှိမှုတွင် အမျိုးသားနှင့် အမျိုးသမီးများအကြား ကွာခြားချက်ရှိလျှင် ကွာခြားသည့်အတိုင်း ဆက်ဆံရန် ထည့်သွင်းစဉ်းစားရပါသည်။ ဥပမာ - ကလေးမီးဖွားခွင့်နှင့် ပြုစုစောင့်ရှောက်ခွင့်ကဲ့သို့သော ကိစ္စရပ်မျိုးတွင် ဖြစ်သည်။

သမားရိုးကျပုံစံဖြင့် အဓိပ္ပာယ်ဖွင့်ဆိုသော တန်းတူညီမျှရှိမှု

တန်းတူညီမျှရှိမှုဆိုသည်မှာ အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံးကို ပုံစံတူ တိတိကျကျ ပြုမူဆက်ဆံပေးရေး ဖြစ်သည်။

အကာအကွယ်ပေးလိုသူများ ရှုမြင်သော တန်းတူညီမှုရှိမှု

ဤပုံစံအရ တန်းတူညီမျှရှိမှုဆိုသည်မှာ အမျိုးသမီးများသည် ခွန်အားနည်းသူများဖြစ်၍ အထူးကာကွယ်ပေးမှုများ လိုအပ်သည်ဟု ယူဆသည်။

အကာအကွယ်ပေးလိုသူများ ရှုမြင်သော တန်းတူညီမှုရှိမှု ဆိုသည်မှာ အမျိုးသမီးများကို ကာကွယ်ပေးရန် ရည်ရွယ်ချက်ဖြင့် သူတို့ မလုပ်သင့်သောအလုပ်ဟူ၍ သတ်မှတ်ကာ ကန့်သတ်တားမြစ်ထားခြင်းဖြစ်သည်။ ဥပမာဆိုရပါလျှင် အမျိုးသမီးများကို ဆောက်လုပ်ရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်းကို တားမြစ်ထားသည်။ အကြောင်းမှာ ၎င်းတို့သည် ခန္ဓာကိုယ်အားဖြင့် အားနည်းသဖြင့် ကိုယ်ကာယကို အားပြုရသော အလုပ်များကို လုပ်ကိုင်ရန် မသင့်တော်ဟုလည်းကောင်း၊ သို့မဟုတ် စစ်သား၊ သင်္ဘောသားကဲ့သို့သော အမျိုးသားအများစု လုပ်ကိုင်သောနေရာများတွင် အမျိုးသမီးများ ဝင်ရောက်လုပ်ကိုင်လျှင် အလုပ်ထဲတွင် နောက်ပြောင်၊ နှောင့်ယှက်ခြင်းများ ရှိနိုင်သဖြင့် မသင့်တော်ဟုလည်းကောင်း ယူဆသောကြောင့် ဖြစ်ပါသည်။ ဤအမြင်သည် အမျိုးသားများနှင့် အမျိုးသမီးများအကြား ကွာခြားချက်ကို သိမြင်သော်လည်း ထိုသိမြင်မှုသည် အမျိုးသမီးတို့သည် အားနည်းသည် (သို့မဟုတ်) နိမ့်ကျသည်ဆိုသည့် အမြင်သက်သက်သာ ဖြစ်နေပါသည်။

တန်းတူညီမျှရှိမှုကို အရှိတရားအတိုင်း လက်ခံသည့်ပုံစံ

ဤပုံစံသည် အမျိုးသမီးများအတွက် သာတူညီမျှရှိစေမည့် ဥပဒေ၊ မူဝါဒနှင့် လုပ်ဆောင်ချက်များ ပေါ်ပေါက်လာမှသာ တန်းတူညီမျှမှုရှိမည့် အခြေအနေသို့ ရောက်ရှိလာမည်ဟု ယူဆသည်။

တန်းတူညီမျှရှိမှုကို အရှိတရားအတိုင်း လက်ခံသည့်ပုံစံ သည် အခွင့်အလမ်းနှင့် ရလဒ်တိုင်းတွင် တန်းတူညီမျှစွာရရှိနိုင်ရေး၏ အရေးပါမှုကို စောင်းပေးထားသည့် အမြင်မျိုးဖြစ်သည်။ ၎င်းအမြင်သည် အခွင့်အလမ်းကို လက်လှမ်းမမီနိုင်သော အမျိုးသမီးများအတွက် ခံစားပိုင်ခွင့်များ၊ အကျိုးရလဒ်များနှင့် အရင်းအမြစ်များ ဖြည့်ဆည်းပေးရေးကို ဦးတည်ထားရုံသာမက အမျိုးသမီးတို့၏ ဘဝအခြေအနေပြောင်းလဲရေးနှင့် အပြုသဘောဆောင်ရလဒ်များ ဖြစ်ထွန်းရေးကိုပါ အလေးထား

ပါသည်။ တန်းတူညီမျှသော အခွင့်အလမ်းများ ဖြစ်ထွန်းလာစေရန် လိုအပ်သော ဥပဒေနှင့် မူဝါဒများ ပြဋ္ဌာန်းပေးခြင်းနှင့် လူမှုအလေ့အကျင့်များ ပြောင်းလဲပေးခြင်းအားဖြင့် လုပ်ဆောင်နိုင်ပါသည်။ အမျိုးသမီးများကို တန်းတူညီမျှရှိသော အနေအထားသို့ရောက်အောင် ပြောင်းလဲပေးနိုင်လျှင် တန်းတူညီမျှသော ရလဒ်ရပြီဟု ဆိုနိုင်ပါသည်။ ဥပမာ - အမျိုးသမီးများ တက္ကသိုလ်သို့တက်ရောက် ပညာသင်ကြားခွင့်ရစေမည့် မူဝါဒသည် ၎င်းတို့အတွက် အခွင့်အလမ်းတစ်ခု ဖြစ်ပေါ်စေပါသည်။ သို့သော် ဤအခြင်းအရာတွင် တက္ကသိုလ်တွင် အမျိုးသမီးမည်မျှ ဘွဲ့ရခဲ့သည်ဆိုသည့်အချက်ဖြင့် ထိုမူဝါဒ၏ အောင်မြင်မှုကို တိုင်းတာပါသည်။ တန်းတူညီမျှရှိမှုကို အရှိတရားအတိုင်း လက်ခံသည့်ပုံစံသည် အခွင့်အလမ်းနှင့် ရလဒ်များ၊ အကျိုးကျေးဇူးများကို အမျိုးသားနှင့် အမျိုးသမီးတို့ တူညီစွာ လက်လှမ်းမီရရှိစေနိုင်ရေးအတွက် ၎င်းတို့ကို ၎င်းတို့လိုအပ်ချက်အတိုင်း ကွဲပြားစွာ ဆက်ဆံ၍ ဖြည့်ဆည်းပေးခြင်းဖြစ်သည်။ စီဒေါ်သည် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ အဆုံးသတ်စေရန် ဤတန်းတူညီမျှရှိမှုကို အရှိတရားအတိုင်း လက်ခံသည့်ပုံစံကို အားပေးပါသည်။

စီဒေါ်သည် ဥပဒေအရသော်လည်းကောင်း၊ လက်ခံကျင့်သုံးမှုအရသော်လည်းကောင်း အမျိုးသမီးနှင့် အမျိုးသားများအကြား ညီမျှမှုရှိစေရေးကို ဖော်ဆောင်ရာတွင် အဆိုပါ တန်းတူညီမျှရှိမှုကို အရှိတရားအတိုင်း လက်ခံသည့်နည်းလမ်းကို အသုံးပြုပါသည်။ တန်းတူညီမျှမှုကို မြှင့်တင်ရန် ဥပဒေပြဋ္ဌာန်းခြင်းအားဖြင့် မလုံလောက်နိုင်ပါ။ သို့ရာတွင် ဥပဒေမှ ပြဋ္ဌာန်းချက်များနှင့် လူ့အသိုင်းအဝိုင်းက ပြောင်းလဲလာသော အမူအကျင့်များ ပေါင်းစပ်ပြီး သာတူညီမျှမှုနှင့် ခွဲခြားနှိမ့်ချမှု မရှိစေရေး ဖြစ်ပေါ်လာအောင် ဆောင်ရွက်ရပါသည်။ နိုင်ငံအတော်များများတွင် အမျိုးသမီးများအတွက် ဥပဒေနှင့် လုပ်ပိုင်ခွင့်များ ပြဋ္ဌာန်းပေးထားသော်လည်း အမျိုးသမီးသည် အမျိုးသားထက် နိမ့်ကျသည်ဆိုသော ပုံသေကားကျ အခန်းကဏ္ဍ ခွဲဝေမှုကို အခြေခံထားသည့် လူမှုအလေ့အထနှင့် ဓလေ့ထုံးတမ်းစဉ်လာ အလေ့အကျင့်များက အမျိုးသမီးများရရှိရမည့် အခွင့်အရေးအတွက် စိန်ခေါ်မှုဖြစ်စေကြောင်း စီဒေါ်ကော်မတီအနေဖြင့် နားလည်သိရှိထားပြီး ဖြစ်သည်။ ထို့ပြင် အမျိုးသမီးတို့၏ လူ့အခွင့်အရေး အချို့ဖောက်ခံနေရသည့် အခြေအနေများသည် ၎င်းတို့၏ ပုဂ္ဂလိကဘဝတွင်ရော အများပြည်သူနှင့်သက်ဆိုင်သော ဝန်းကျင်တွင်ပါ ဖြစ်ပေါ်နေကြောင်းနှင့် ထိုအချို့ဖောက်ခံနေရမှုများကို ဖော်ထုတ်ရန် နိုင်ငံတော်တွင် တာဝန်ရှိသည်ဟု စီဒေါ် ကော်မတီက မှတ်ယူထားပါသည်။

ပုံသေကားကျ အခန်းကဏ္ဍများ

လူတစ်စု၏ ပုံပန်းသဏ္ဌာန်မှာ မည်သို့ရှိရမည် (သို့မဟုတ်) ၎င်းတို့၏ လုပ်ရပ်များမှာ မည်သို့ဖြစ်ရမည်ဟု လေ့နံစားထစ် ယူဆထားချက်ဖြစ်သည်။ ပုံသေကားကျအမြင်များသည် လူတို့၏ ပုံပန်းသဏ္ဌာန်နှင့် အပြုအမူနှင့်ပတ်သက်ပြီး ချဲ့ကားထားခြင်း (သို့မဟုတ်) ကျဉ်းမြောင်းစွာရှုမြင်တတ်ကြခြင်း အစသဖြင့် ထိုသို့သော လေ့နံစားထစ် ယူဆချက်များသည် အဆိုးဘက်သို့ ပိုရောက်နေတတ်သည်။

အမျိုးသားနှင့် အမျိုးသမီးများအကြားတွင် တန်းတူညီမျှရှိမှု အရှိအတိုင်း သေချာစွာ ရရှိစေရန် စီဒေါ်သည် ပြုပြင်ရေးနှင့်ပြောင်းလဲရေး နည်းလမ်းနှစ်သွယ် ချမှတ်ထားသည်။ ပြုပြင်ရေးနည်းလမ်းများတွင် အမျိုးသမီးများသည် အတိတ်နှင့်ပစ္စုပ္ပန်တွင် ကြုံတွေ့နေရသော ခွဲခြားဆက်ဆံမှုများကြောင့်သော်လည်းကောင်း၊ သို့မဟုတ် ၎င်းတို့၏ လူ့အခွင့်အရေးကို ကန့်သတ်ထားသော လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးဆိုင်ရာ တားမြစ်ချက်ကြောင့်သော်လည်းကောင်း သာတူညီမျှသော နေရာများသို့ မရောက်ရှိနိုင်သည့် အဆိုအပေါ်တွင် မူတည် စဉ်းစားထားပါသည်။ ပြုပြင်ရေးနည်းလမ်း၏ သာဓကတစ်ခုအဖြစ် အပိုဒ် (၅)တွင် အမျိုးသမီးများသည် အမျိုးသားများထက် နိမ့်ကျသည်ဟူသော အမြင်ကို အခြေခံထားသော ထုံးတမ်းစဉ်လာ အမူအကျင့်များနှင့် လူမှုအလေ့အထများက တည်ဆောက်ထားသည့် ကွာခြားချက်များကို ပြုပြင်ပေးရန် ဖော်ပြထားသည်။ ဤအပိုဒ်သည် ပိုမို အငြင်းအခုံဖြစ်ရသော အပိုဒ်များထဲက တစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူ့အခွင့်အရေးသည် ယဉ်ကျေးမှုကို ပြောင်းလဲခွင့်ရှိသင့်သည်ဟု သဘောသက်ရောက်ခြင်းကြောင့် ဖြစ်သည်။

ပြုပြင်ရေးနည်းလမ်း

လက်ရှိကျင့်သုံးနေသော အမူအကျင့်နှင့် ယုံကြည်လက်ခံမှုများကို ပြုပြင်ကာ အမျိုးသမီးများကို တန်းတူညီမျှစွာ ဆက်ဆံစေခြင်း ဖြစ်သည်။

ထိုအပိုဒ်သည် ယဉ်ကျေးမှုကိုပယ်ဖျက်သင့်သည်ဟု မဆိုထားပါ။ သို့သော် အမျိုးသမီးများကို တစ်ဆင့် နိမ့်ကျသူများအဖြစ် ဆက်ဆံနေမှုများသည် အမျိုးသမီးများ ကျောင်းနေခွင့်မရှိဆိုသော ယုံကြည်လက်ခံမှုမျိုး ပေါ်ပေါက်စေသဖြင့် အမျိုးသမီးများ ကျောင်းနေခွင့်ရှိစေရန် ပြုပြင်ပေးသင့်သည်ဟု ဆိုခြင်းသာ ဖြစ်ပါသည်။ စီဒေါ် လက်ခံကျင့်သုံးသည့် ပြောင်းလဲရေးနည်းလမ်းမှာ အရင်းအမြစ်များနှင့် အကျိုးအမြတ်များအပေါ် လက်လှမ်းမီ ရယူနိုင်မှုများကို သေချာစေအောင် စီမံပေးခြင်းအားဖြင့် တန်းတူညီမျှရှိမှု ရလဒ်ရရှိနိုင်ကြောင်း အဆိုအပေါ်တွင် ဦးတည်လုပ်ဆောင်ပါသည်။ ထိုသို့ဖြစ်စေရန် အမျိုးသမီးများ ၎င်းတို့၏ အခွင့်အရေးကို ရယူခံစားစေနိုင်မည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်သော ဥပဒေနှင့် မူဝါဒများချမှတ်ခြင်းဖြင့်သော်လည်းကောင်း၊ အမျိုးသမီးများ အထူးလိုအပ်ချက်ရှိနေသည့် နေရာများတွင် ပြည့်မီစေရန် ခွဲတမ်းစနစ်ကဲ့သို့သော ယာယီအထူးအစီအမံများ ထားရှိပေးခြင်းဖြင့် သော်လည်းကောင်း အကောင်အထည်ဖော်နိုင်ပါသည်။

ပြောင်းလဲရေးနည်းလမ်း

အပြုသဘော လုပ်ဆောင်ချက်များဖြင့် သော်လည်းကောင်း၊ သို့မဟုတ် အရင်းအမြစ်ကို လက်လှမ်းမီနိုင်မှုကို သေချာစေခြင်းအားဖြင့် သော်လည်းကောင်း တန်းတူညီမျှ မရှိသည်များကို ပယ်ဖျက်ပေးနိုင်သော မူဝါဒနှင့် လုပ်ဆောင်ချက်များ ချမှတ်ပေးခြင်း ဖြစ်သည်။

၉.၃.၃ စီဒေါ်တွင် ဖော်ပြထားသော နိုင်ငံတော်က ထမ်းဆောင်ရမည့် တာဝန်များ

စီဒေါ်အဖွဲ့ဝင် နိုင်ငံတော် အဖွဲ့အစည်းများသည် အမျိုးသမီးများနှင့်သက်ဆိုင်သော ခွဲခြားဆက်ဆံမှုများကို ပယ်ဖျက်ပေးနိုင်မည့် ဥပဒေပြဋ္ဌာန်းပေးရန်နှင့် လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ပေးရန် တာဝန်ရှိပါသည်။ အခြားသော လူ့အခွင့်အရေးဆိုင်ရာ ပဋိညာဉ်စာချုပ်များကဲ့သို့ပင် နိုင်ငံတော်အဖွဲ့အစည်းများသည် အမျိုးသမီးတို့၏ လူ့အခွင့်အရေးကို အလေးထားလေးစားပေးရန်၊ ကာကွယ်ပေးရန်နှင့် ဖြည့်ဆည်းပေးရန် တာဝန်ရှိပါသည်။ အလေးထား လေးစားပေးရန် ဆိုသည်မှာ နိုင်ငံတော်အဖွဲ့အစည်းအနေဖြင့် အမျိုးသမီးတို့၏ အခွင့်အရေးများကို ကိုယ်တိုင်ချိုးဖောက်ကျူးလွန်သူမဖြစ်စေအောင် တာဝန်ယူရခြင်းကိုဆိုလိုပါသည်။ ကာကွယ်ပေးရန် တာဝန်ဆိုသည်မှာ အခြားသော နိုင်ငံတော်မဟုတ်သော ဇာတ်ကောင်များ (ကုမ္ပဏီများ၊ ကျောင်းများ၊ သို့မဟုတ် ခင်ပွန်းသည် အစရှိသူတို့) ချိုးဖောက်ကျူးလွန်မှုများကို တားဆီးပေးရန်၊ စုံစမ်းဖော်ထုတ်ရန်၊ အရေးယူရန်နှင့် ပြန်လည်တည့်မတ်ပေးရန်တို့ ဖြစ်ပါသည်။ ဖြည့်ဆည်းပေးရမည့် တာဝန်ဆိုသည်မှာ အမျိုးသမီးများ ၎င်းတို့၏ လူသားအခွင့်အရေးကို ရယူခံစားနိုင်စေရန်အတွက် နိုင်ငံတော်အနေဖြင့် အခြေအနေကောင်းများ ဖော်ထုတ်ဖန်တီးပေးရန်ကို ဆိုလိုခြင်းဖြစ်ပါသည်။

နိုင်ငံများသည် နည်းလမ်းမှားများကို အသုံးပြုပြီး တန်းတူညီမျှမှု မရှိသော အခြေအနေသို့ ရောက်သွားနိုင်ပါသည်။ ဥပမာအားဖြင့် စာချုပ်တွင် သဘောတူလက်မှတ်ရေးထိုးထားသော တရုတ်နိုင်ငံ၏ လုပ်ဆောင်ချက်များကို စီဒေါ်ကော်မတီအနေဖြင့် ပြန်လည်သုံးသပ်ရာတွင် တရုတ်နိုင်ငံသည် အမျိုးသမီးတို့ကို ကာကွယ်ပေးခြင်းအားဖြင့် ၎င်းတို့အတွက် တန်းတူညီမျှရှိမှု အခြေအနေများ မြင့်မားလာစေရန် လုပ်ဆောင်သည့်အခါ အထူးသဖြင့် တစ်အိမ် ကလေးတစ်ယောက်သာ ယူခွင့်ပြုသည့် မူဝါဒကဲ့သို့သော မျိုးဆက်ပြန့်ပွားခွင့်ကို ကြားဝင်ထိန်းချုပ်မှုများရှိနေသည်ကို တွေ့ရပါသည်။ တန်းတူညီမျှရှိစေရေးအတွက် ထိုသို့သော အကာအကွယ်ပေးသည့်နည်းလမ်းသည် အမျိုးသမီးများကို ခွန်အားမဖြစ်စေပါ။ ထို့ကြောင့် တရုတ်နိုင်ငံမှ (အမျိုးသမီးနှင့် ကလေးသူငယ်များဆိုင်ရာ နိုင်ငံတော်လုပ်ငန်းကော်မတီ ကဲ့သို့သော) အစိုးရအဖွဲ့သည် အမျိုးသမီးများကို ကလေးများသဖွယ် မြင်နေခြင်းအားဖြင့် အမျိုးသမီးများကို အမျိုးသားများနှင့် တစ်တန်းတည်း သဘောမထားနိုင်တော့အောင် ပိတ်ပင်သောအမြင်များ ပေါ်ပေါက်စေသည်ဟု စီဒေါ်ကော်မတီက မှတ်ချက်ချသည်။ ထိုနည်းတူစွာ

အလုပ်သမား ဥပဒေကဲ့သို့သော အခြားသော နယ်ပယ်များတွင်လည်း အမျိုးသမီးသည် အားနည်းသဖြင့် အမျိုးသားက အကာအကွယ်ပေးရန် လိုအပ်နေသကဲ့သို့ အမြင်ဖြင့် အမျိုးသမီးများ တလွဲအသုံးချခံရမှုမှ ကာကွယ်ပေးမည့် ဥပဒေများအပေါ် သို့သော် အာရုံစိုက်နေခြင်းကြောင့် လုပ်ငန်းဌာနများတွင် အမျိုးသမီးတို့ စွမ်းဆောင်ရည်မြှင့်တင်ပေးရာတွင် အနည်းငယ်သာ ရှိခဲ့ပါသည်။

၉.၃.၄ စီဒေါ်ကော်မတီ ကြုံတွေ့ရသော စိန်ခေါ်မှုများ

အမျိုးသမီးများသည် လူ့အခွင့်အရေးကို တရားဝင်ခံစားခွင့်ရှိသူများဖြစ်သောကြောင့် ၎င်းတို့ကို တန်းတူညီမျှစွာ ဆက်ဆံသင့်သော်လည်း လက်တွေ့တွင် ၎င်းတို့သည် အလုပ်အကိုင်ရရှိရေး၊ ဝင်ငွေ၊ ဥပဒေနှင့် လက်ကိုင်ထားရှိသော စည်းမျဉ်းစည်းကမ်းများတွင် တန်းတူညီမျှမှုမရရှိသေးကြောင်းမှာ ငြင်းမရသည့် အချက်ဖြစ်သည်။ ထိုဝိရောဓိများရှိနေခြင်းက စီဒေါ်စာချုပ်တွင် ပါဝင်သဘောတူ လက်မှတ်ရေးထိုးရန် အားပေးအားမြှောက်ဖြစ်စေသည်။ စာချုပ်သည် ခိုင်မာဆန်းသစ်မှုရှိပြီး အရှေ့တောင်အာရှနိုင်ငံများအားလုံးက ပါဝင်သဘောတူ လက်မှတ်ရေးထိုးထားသော်လည်း ထိုအခြင်းအရာသည် အမျိုးသမီးများ တန်းတူညီမျှရှိမှု ရလဒ်ကို မဖော်ဆောင်နိုင်သေးပါ။ စီဒေါ်တွင် ပါဝင်လက်မှတ်ရေးထိုးထားသော အစိုးရများက ၎င်းတို့သည် အမျိုးသမီးတို့ အခွင့်အရေးကို အားပေးထောက်ခံကြောင်း ပြောဆိုနေသော်လည်း လက်တွေ့ကျင့်သုံးမှုတွင်မူ တခြားစီဖြစ်နေလေသည်။ ဤအခြင်းအရာသည် တစ်စိတ်တစ်ပိုင်းအားဖြင့် သမိုင်းတွင်စေပါသည်။ ၁၉၈၀ ခုနှစ်များတွင် စီဒေါ်စာချုပ်ကို ပါဝင်သဘောတူညီခဲ့ကြစဉ်က တန်းတူညီမျှမှု အခွင့်အရေးကို စိန်ခေါ်မည့် အာရှတန်ဖိုးဆိုင်ရာ အငြင်းပွားချက်များလည်း မထွက်ပေါ်လာခဲ့သေးပါ။ ထို့အတူ ကုလသမဂ္ဂတွင် ဘာသာရေးဆိုင်ရာ ဦးဆောင်အဖွဲ့အစည်းများလည်း ခိုင်မာမှု မရှိကြသေးသလို ရိုမန်ကတ်သလစ်ဂိုဏ်းကလည်း တိုက်ရိုက်ပါဝင်မှု မရှိသေးပေ။ အလားတူစွာပင် ကတ်သလစ်ဘုရားကျောင်း၊ မွတ်စလင်နိုင်ငံများနှင့် အင်္ဂလိကန်ခရစ်ယာန်တို့နှင့် ပူးပေါင်းမှုများလည်း မပါရှိသေးပေ။ အမျိုးသမီးတို့၏ လိင်အင်္ဂါကို ပျက်စီးစေခြင်းနှင့် စစ်ရာဇဝတ်မှုဖြစ်သည့် ပဋိပက္ခဖြစ်ချိန်အတွင်း သားမယားပြုကျင့်ခြင်းကဲ့သို့သော အငြင်းပွားဖွယ် အကြောင်းအရာများကိုလည်း ထိုအချိန်တွင် မဆွေးနွေးခဲ့ကြသေးပေ။ အစောပိုင်းကာလများတွင် ဆွေးနွေးခဲ့သော အမျိုးသမီးအခွင့်အရေးဆိုသည်မှာ ဘေးကင်းလုံခြုံရေး ခေါင်းစဉ်အောက်တွင်သာ ဖြစ်ပါသည်။

စီဒေါ်သည် ခိုင်မာမှုရှိသော်လည်း စာချုပ်တွင် ဟာကွက်များ ရှိနေဆဲဖြစ်ပါသည်။ ထင်သာမြင်သာသော ဟာကွက်တစ်ခုမှာ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်း (VAW) နှင့် စပ်လျဉ်းပြီးဖြစ်ပါသည်။ ထို့ကြောင့် ၁၉၈၉ ခုနှစ်တွင် စီဒေါ်ကော်မတီ၏ အထွေထွေထောက်ခံချက် နံပါတ် (၁၂) တွင် ဖော်ပြခြင်းဖြင့်လည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးကြေညာချက် ထုတ်ပြန်၍လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာအတွက် အထူးစုံစမ်းဆေးရေးအရာရှိ ခန့်အပ်ခြင်းဖြင့်လည်းကောင်း စီဒေါ်ကော်မတီသည် အကြမ်းဖက်မှုနှင့်ပတ်သက်ပြီး အခါအားလျော်စွာ ရည်ညွှန်းလုပ်ဆောင်ခဲ့ပါသည်။ အခြားသော ဟာကွက်တစ်ခုမှာ 'မတူကွဲပြားမှု'ဆိုင်ရာ အကြောင်းအရာများ (သို့မဟုတ်) အမျိုးသမီးတို့အနေဖြင့် လိင်ကွဲပြားမှုကြောင့်အပြင် လူမျိုးကွဲပြားမှု၊ လိင်စိတ်တိမ်းညွတ်မှု မတူညီခြင်းနှင့် မသန်စွမ်းဖြစ်နေခြင်းအစရှိသော အခြားသော အကြောင်းအချက်တို့ကြောင့် ခံစားနေရသော ခွဲခြားဆက်ဆံမှုများနှင့်

ဆက်စပ်ပါသည်။ ထိုအခြင်းအရာကို ပေါင်းစုဆုံချက် ဟုခေါ်ပြီး အဓိပ္ပာယ်မှာ နှစ်ခုနှင့် နှစ်ခုထက်ပိုသော ခွဲခြားဆက်ဆံမှုပုံစံများ ပေါင်းစုံသောအခါ အမျိုးသမီးနှင့် မိန်းကလေးငယ်များ ရင်ဆိုင်ရသည့် သီးသန့်ဖယ်ထုတ်ခံရမှု အနေအထားပေါ်တွင် နှစ်ဆသက်ရောက်မှုရှိစေခြင်းဖြစ်သည်။ ဥပမာ အားဖြင့် လူမျိုးစုငယ်တိုင်းရင်းသူ မသန်စွမ်းအမျိုးသမီးတစ်ဦးသည် သူမ၏ ဂျန်ဒါ၊ တိုင်းရင်းသားနှင့် မသန်စွမ်းဖြစ်မှု အနေအထားကြောင့် ခွဲခြားဆက်ဆံခံရမှု ပိုမိုများပြားနိုင်ပါသည်။

ပေါင်းစုဆုံချက်

ကျား-မ၊ လူမျိုးနှင့် ဇာတ်မတူညီမှု အစရှိသော နှစ်ခုနှင့် နှစ်ခုထက်ပိုသော ပိသေသလက္ခဏာများ ပေါင်းဆုံလာသည့်အခါ ခွဲခြားဆက်ဆံခံရမှုအနေအထား ဆတ်ဆတ်သွားရလေသည်။

ကုလသမဂ္ဂတွင် အမျိုးသမီးများကို စွမ်းရည်မြှင့်တင်ပေးခြင်းဆိုသည်မှာ အထက်တန်းကျသော ဝေါဟာရတစ်ခုဖြစ်ပြီး ထိုအရေးအရာအတွက် ကိုယ်စားပြုအရေးဆိုမှုများကိုလည်း ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါသည်။ သို့သော် စီဒေါ်စာချုပ်တွင် ထိုစကားလုံးကို တိုက်ရိုက်မထည့်သွင်းထားပါ။ စီဒေါ်၏ မူလအနက်မှာ အပိုဒ်(၃)တွင် ဖော်ပြထားသည့်အတိုင်း အမျိုးသားများနှင့် တန်းတူညီမျှမှုရှိရေးသာဖြစ်ပြီး စီဒေါ်၏ လက်ခံကျင့်သုံးမှုတွင်လည်း ထိုအကြောင်းအရာမပါဝင်ခဲ့ပါ။ ခွဲခြားဆက်ဆံမှုကိုအခြေပြုပြီး တန်းတူညီမျှရှိအောင် ဖော်ဆောင်ရာတွင် အမျိုးသားများနှင့် တန်းတူညီမျှရှိစေရန်အတွက် လိုအပ်ချက်အနေဖြင့် အမျိုးသားများနှင့် နှိုင်းယှဉ်တွေးခြင်း၊ တစ်နည်းအားဖြင့် တန်းတူညီမျှရှိရေးဆိုသည်မှာ 'အမျိုးသားတစ်ယောက်ကဲ့သို့ဖြစ်ရန်' ဟူသော အဓိပ္ပာယ်ဖွင့်ဆိုခြင်းများ ရှိခဲ့သည်။ အမျိုးသားအနည်းငယ်သာ ရှိသောအခါ၊ ဥပမာ - အမျိုးသားရွှေ့ပြောင်းအိမ်အကူ အရေအတွက်သည် များပြားလှသော အမျိုးသမီး ရွှေ့ပြောင်းအိမ်အကူ အရေအတွက်နှင့်စာလျှင် နည်းပါးသဖြင့် အချို့သော ကိစ္စရပ်တို့တွင် နှိုင်းယှဉ်ပြောဆိုရာတွင် အခက်အခဲများ ရှိခဲ့သည်။ ထို့ကြောင့် အမျိုးသမီးအခွင့်အရေး တော်တော်များများကို ကိုယ်စားပြု အရေးဆိုပေးရာတွင် အခွင့်အရေးကို နှိုင်းယှဉ်ခြင်း (သို့မဟုတ်) ညီမျှခြင်းချသည့် နည်းလမ်းများကို အသုံးမပြုတော့ပေ။ အဘယ်ကြောင့်ဆိုသော် တန်းညှိလိုက်ခြင်းအားဖြင့် အမျိုးသမီးတို့၏ မတူညီသော အနေအထားများကို ထည့်သွင်းစဉ်းစားခံရမှု လျော့နည်းသွားတတ်သောကြောင့် ဖြစ်သည်။

၉.၄ အမျိုးသမီးအခွင့်အရေးအတွက် အကာအကွယ်ပေးရေးစနစ်

အမျိုးသမီးအခွင့်အရေးကို နိုင်ငံတကာအဆင့် အကာအကွယ်ပေးနိုင်ရန်အတွက် စောဒကတက်မှုများနှင့် စုံစမ်းစစ်ဆေးမှုများ ပါဝင်ဖော်ပြရန် ခွင့်ပြုထားသည့် ပဋိညာဉ်စာချုပ်နောက်ဆက်တွဲတွင် တွေ့နိုင်ပါသည်။ ထို့ပြင် ကုလသမဂ္ဂအနေဖြင့် အမျိုးသမီးအခွင့်အရေးကို ကာကွယ်ပေးနိုင်မည့် လုပ်ငန်းအဖွဲ့များစွာကို ဖွဲ့စည်းပေးခဲ့သည်။ အာဆီယံဒေသ အဆင့်တွင်လည်း ထိုသို့သော အကာအကွယ်ပေးရေးစနစ်များ ရှိပါသည်။

၉.၄.၁ ပဋိညာဉ်ကြီးကြပ်ကော်မတီ၏ အကာအကွယ်ပေးရေးစနစ် - စာချုပ်နောက်ဆက်တွဲ

စီဒေါ်စာချုပ်၏ နောက်ဆက်တွဲတစ်ခုကို ၁၉၉၉ ခုနှစ် အောက်တိုဘာတွင် ချမှတ်ခဲ့ပြီး တစ်နှစ်အကြာ ၂၀၀၀ ခုနှစ် ဒီဇင်ဘာတွင် စာချုပ်အသက်ဝင်ခဲ့သည်။ စာချုပ်နောက်ဆက်တွဲတွင် အခွင့်အရေးအသစ်များကို မတောင်းဆိုထားပါ။ သို့ရာတွင် လူထုအနေဖြင့် ၎င်းတို့၏ အခွင့်အရေးအတွက် တောင်းဆိုရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်ကို ဖော်ပြထားသည်။ ၎င်းသည် ကျား-မ လူမှုရေးရာ (ဂျန်ဒါ)နှင့် အထူးသက်ဆိုင်သော စောဒကတက်ထားသည့် ဖြစ်ရပ်များကို ဖြေရှင်းရန်

အတွက် လုပ်ငန်းစဉ်ကို ဦးစွာချမှတ်ခဲ့ပြီး ထိုမှတစ်ဆင့် အမျိုးသမီးများ၏ လူ့အခွင့်အရေးကို အကာအကွယ်ပေးမည့် လက်ရှိစနစ် ဖြစ်ပေါ်လာခဲ့သည်။ လတ်တလောတွင် ၎င်းတွင် နိုင်ငံပေါင်း ၁၀၇ ဖွဲ့ ပါဝင်ပါသည်။ အရှေ့တောင်အာရှတွင်မူ ဇယား ၉. ၃ တွင် ဖော်ပြထားသည့်အတိုင်း လေးနိုင်ငံကသာ သဘောတူလက်မှတ်ရေးထိုးထားသည်။

ဇယား ၉.၃ စီဒေါ်စာချုပ်နောက်ဆက်တွဲအပေါ် သဘောတူညီမှု

နိုင်ငံများ	သဘောတူလက်မှတ်ရေးထိုးသည့်ရက်စွဲ
ဘရူနိုင်း	-
ကမ္ဘောဒီးယား	၁၃ အောက်တိုဘာ ၂၀၁၀
အင်ဒိုနီးရှား	၂၈ ဖေဖော်ဝါရီ ၂၀၀၀ (လက်မှတ်ရေးထိုးရုံမျှသာ)
လာအို	-
မလေးရှား	-
မြန်မာ	-
စင်ကာပူ	-
ထိုင်း	၁၄ ဇွန် ၂၀၀၀
တီမော	၁၆ ဧပြီ ၂၀၀၃
ဗီယက်နမ်	-
ဖိလစ်ပိုင်	၁၂ နိုဝင်ဘာ ၂၀၀၃

စာချုပ်နောက်ဆက်တွဲသည် လုပ်ငန်းစဉ်နှစ်ရပ်ကို အကောင်အထည်ဖော်သည်။

- အမျိုးသမီးအခွင့်အရေးချိုးဖောက်မှုကို နိုင်ငံတော်က တမင်ထိမ်ချန်ထားခြင်း (သို့မဟုတ်) နိုင်ငံတော်၏အပြုအမူတစ်ခုခုကြောင့် ဖြစ်ပေါ်လာသော အကြမ်းဖက်မှုများကို မျှတစွာ တည့်မတ်ပေးစေလိုခြင်းတို့အတွက် တိုင်ကြားလာသော တစ်ဦးတစ်ယောက်ချင်းစီ (သို့မဟုတ်) တစ်ဖွဲ့ချင်းစီက တင်ပြလာသည့် တိုင်ချက်များကို စီးဒေါ် ကော်မတီက ပြန်လည်သုံးသပ်နိုင်ရန် ဆက်သွယ်တိုင်ကြားနိုင်သည့် စနစ်အားဖြင့် ပြန်လည် စစ်ဆေးသုံးသပ်ပေးပါသည်။
- စုံစမ်းစစ်ဆေးရေးမှုမှတစ်ဆင့် စီဒေါ်ကော်မတီသည် စနစ်တကျ ဆိုးဆိုးဝါးဝါးကျူးလွန်နေသော အကြမ်းဖက်မှုများနှင့်စပ်လျဉ်းပြီး သဘောထားမှတ်ချက်များနှင့် ထောက်ခံချက်များ ထုတ်ပြန်ခွင့်ရှိပါသည်။ 'ဆိုးဆိုးဝါးဝါးကျူးလွန်သောအမှု' ဆိုသည်မှာ ပြင်းပြင်းထန်ထန် ကြမ်းကြမ်းတမ်းတမ်း ကျူးလွန်ချိုးဖောက်မှုများကို ဆိုလိုပါသည်။ 'စနစ်တကျ' ဆိုသည်မှာ မကြာခဏဆိုသလို အကြီးအကျယ် ချိုးဖောက်ကျူးလွန်နေခြင်း (သို့မဟုတ်) ကျူးလွန်မှုကို အားပေးထောက်ခံသောမူဝါဒများ (သို့မဟုတ်) လုပ်ငန်းများ တည်ရှိနေခြင်းကို ဆိုလိုပါသည်။

သီးခြား ဆက်သွယ်တိုင်ကြားမှုများအတွက်မူ ၂၀၁၆ ခုနှစ် နှစ်လယ်အချက်အလက်များအရ စီဒေါကော်မတီအနေဖြင့် အမှုပေါင်း ၆၇ မှု လက်ခံရရှိခဲ့ရာ ၁၅ မှုတွင် ချိုးဖောက်ကျူးလွန်မှုတွင် နိုင်ငံတော်က ဝင်ရောက်ပတ်သက်နေကြောင်း တွေ့ရပြီး ၂၆ မှုမှာမူ စိစစ်သုံးသပ်ဆဲ ဖြစ်သည်။ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်(ICCPR) နှင့် ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်မှု၊ လူသားမဆန်သော လူဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော ပြုကျင့်မှုတို့ကို ဆန့်ကျင်သော စာချုပ် (CAT) ကို အကောင်အထည်ဖော်နေသော ကော်မတီတို့ လက်ခံရရှိနေသော အမှုများမှာ ကြာမြင့်လှသော လုပ်ငန်းစဉ်နည်းစနစ်အောက်တွင် အမှုပေါင်းထောင်ချီ ရှိနေပြီဖြစ်၍ ထိုကော်မတီများနှင့်စာလျှင်မူ စီဒေါကော်မတီ လက်ခံရရှိသည့်အမှုမှာ အလွန်နည်းပါးပါသည်။ အများဆုံးတွေ့ရသော အမှုမှာ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းဖြစ်ပြီး နိုင်ငံသားခံယူခွင့်၊ ဂျန်ဒါ လှေနံဓားထစ် သတ်မှတ်ချက်များနှင့် လက်ထပ်ထိမ်းမြားခွင့်တို့သည်လည်း အမှုတော်တော်များများတွင် ဆွေးနွေးပြောဆိုရသည့် အကြောင်းအရာများ ဖြစ်သည်။

သာဓက

စီဒေါတွင် တစ်ဦးချင်းစီ ဆက်သွယ်တိုင်ကြားမှု

ဖိလစ်ပိုင်နိုင်ငံမှ ကရင်ဗာတစ်ဒိုဆိုသည့် အမျိုးသမီးသည် သူမအနေဖြင့် အဓမ္မပြုကျင့်ခံရမှုမှ မလွတ်မြောက်ခဲ့သော်လည်း တရားရုံးတော်သည် ထိုသို့ပြုကျင့်ခဲ့သူကို အပြစ်မရှိကြောင်း ဆုံးဖြတ်ခြင်းအားဖြင့် သူမ၏အခွင့်အရေး အချိုးဖောက်ခံနေရကြောင်း စီဒေါကော်မတီသို့ တစ်ဦးချင်းစီ ဆက်သွယ်တိုင်ကြားမှု လမ်းကြောင်းမှတစ်ဆင့် တိုင်ကြားခဲ့သည်။ အမှုဖြစ်စဉ်မှာ ကရင်ဗာတစ်ဒိုသည် ၁၉၉၆ ခုနှစ်တွင် ဂျို့စ်ဘူတစ်(စ်)တာ ကတ်စ်တိုဒီယိုကို မုဒိမ်းမှုဖြင့် စွဲချက်တင်ခဲ့သည်။ သို့သော် နှစ်ပေါင်းများစွာ ကြာပြီးနောက် ရုံးတော်သည် ၂၀၀၅ ခုနှစ်တွင် တရားခံကို အပြစ်မှ တရားသေလွှတ်ပေးလိုက်သည်။ တရားရုံးက ကရင်ဗာတစ်ဒိုနှင့်ပတ်သက်ပြီး 'တရားလိုအဖြစ် စွဲချက်တင်ရန် သတ္တိပြည့်ဝနေသူသည် အရှက်အကြောက်ကြီးသော အမျိုးသမီးတစ်ဦး၏ အသွင်အပြင်မရှိပေ၊ သူမအနေဖြင့် ထွက်ပြေးလွတ်မြောက်နိုင်ရန် အခွင့်အရေးများစွာ ရရှိနိုင်ခဲ့သော်လည်း အဘယ်ကြောင့် မလွတ်မြောက်ခဲ့သည်ကို တရားရုံးအနေဖြင့် နားမလည်နိုင်ပါ'ဟု ဖော်ပြသည်။ တရားရုံး၏ ဆုံးဖြတ်ချက်သည် အဓမ္မပြုကျင့်သူကို အပြစ်ပေးရမည့်အစား အပြုကျင့်ခံရသူကို ထွက်ပြေးမလွတ်မြောက်သည့်အတွက် အပြစ်တင်နေသကဲ့သို့ရှိသည်။ ၎င်းသည် အဓမ္မပြုကျင့်မှုဖြစ်ရခြင်းမှာ အပြုကျင့်ခံရသူတို့က အမှားလုပ်ခြင်းကြောင့်ဖြစ်သည်ဟူသော ရာဇဝတ်မှုတိုင်းတွင် တွေ့ရလေ့ရှိသည့် လှေနံဓားထစ်ယူဆချက်အပေါ်တွင် အခြေခံပါသည်။ ကော်မတီ၏အလိုအရ ကရင်ဗာတစ်တိုသည် ဥပဒေအရ တန်းတူညီမျှစွာ အကာအကွယ်ရယူနိုင်ခွင့်နှင့် သူ့အတွက် ထိရောက်သော ကုစားချက် ရယူနိုင်ခွင့်တို့တွင် အချိုးဖောက်ခံနေရပါသည်။

စုံစမ်းစစ်ဆေးမှုလုပ်ငန်းတွင် ဖြစ်ရပ်နှစ်ခုရှိပါသည်။ ပထမတစ်ခုမှာ မက္ကဆီနိုင်ငံ ဂွာရပ်ဇ်ဧရိယာ (အမေရိကန်ပြည်ထောင်စုနှင့်နယ်စပ်)တွင် အမျိုးသမီးများကို အဓမ္မပြုကျင့်ကာ သတ်ဖြတ်ခဲ့သည့်အမှု ဖြစ်သည်။ ထိုနေရာတွင် ယခုဆယ်စုနှစ်များအတွင်း အမျိုးသမီး ၃၄၀ ဦး အသတ်ခံရကာ ယနေ့အထိ ဆက်လက်အသတ်ခံနေရဆဲ ဖြစ်သည်။ စီဒေါကော်မတီသည် ထိုအစိုးရအနေဖြင့် အမျိုးသမီးများ အကြမ်းဖက်ခံရခြင်းမှ အကာအကွယ်ပေးရန် ပျက်ကွက်ခြင်းကို သံသယရှိလေသည်။

အဘယ်ကြောင့်ဆိုသော် ရဲဝန်ထမ်းများ၏ စုံစမ်းစစ်ဆေးမှုမှာ ညှဉ်ဖျင်းလွန်းသည့်အပြင် ရဲများသည်ပင် အမျိုးသမီးများကို ကာကွယ်မှု မပေးနိုင်သောကြောင့် သေချာကျူးလွန်သော ရာဇဝတ်မှုများ မြင့်တက်လာသလို ကျူးလွန်သူ အပြစ်မရှိစေသော ပတ်ဝန်းကျင်မျိုးဖြစ်နေကြောင်း တွေ့ရပါသည်။ ဒုတိယအမှုမှာ ကနေဒါက ဌာနေတိုင်းရင်းသား အမျိုးသမီးများ အကြမ်းဖက်ခံရခြင်းဖြစ်သည်။ ထိုနေရာတွင် ဌာနေတိုင်းရင်းသား အမျိုးသမီးများ အကြမ်းဖက်ခံရမှုနှုန်းနှင့် မဖော်ထုတ်နိုင်သော အသတ်ဖြတ်ခံရမှုနှုန်း မြင့်မားလျက်ရှိသည်။ ဌာနေတိုင်းရင်းသား မဟုတ်သော အမျိုးသမီးများ အသတ်ခံရမှု ၈၀% ကို ဖော်ထုတ်နိုင်သော်လည်း ဌာနေတိုင်းရင်းသား အမျိုးသမီးများ အသတ်ခံရသည့်အမှု ထက်ဝက်ခန့်ကိုမူ မဖော်ထုတ်နိုင်သေးပေ။ ထို့ပြင် စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်သည် ဖိလစ်ပိုင်နိုင်ငံရှိ အမျိုးသမီးများ၏ မျိုးဆက်ပြန့်ပွားခြင်းဆိုင်ရာ အခွင့်အရေးနှင့် မြောက်အိုင်ယာလန်ရှိ အမျိုးသမီးများ ပဋိသန္ဓေဖျက်ချခွင့်အပေါ် လက်လှမ်းမီနိုင်မှု အခြေအနေတို့အပါအဝင် အခြားသော စုံစမ်းစစ်ဆေးမှုများကိုလည်း ထည့်သွင်းစဉ်းစားပါသည်။

၉.၄.၂ ကုလသမဂ္ဂရှိ အမျိုးသမီး အဖွဲ့အစည်းများ

ကုလသမဂ္ဂတွင် အမျိုးသမီးများနှင့်ဆိုင်သော ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် လုပ်ငန်း အစီအစဉ်များ၊ ရုံးများ၊ အဖွဲ့အစည်းများ အချိန်နှင့်အမျှ ဖွဲ့စည်းပေါ်ပေါက်လျက်ရှိသည်။ ကုလသမဂ္ဂ အမျိုးသမီးများ ဖွံ့ဖြိုးရေး ရန်ပုံငွေအဖွဲ့ (UNIFEM) မှာ ထင်ရှားပြီး ၎င်းသည် အမျိုးသမီးအရေးကိစ္စကို ဆောင်ရွက်နေသော အခြားသောရုံးများနှင့် အဖွဲ့အစည်းများ အနည်းဆုံးခြောက်ခုနှင့် အထူး ချိတ်ဆက်မှုရှိသည်။ ဆောင်ရွက်နေသော လုပ်ငန်းများ တစ်ခုနှင့်တစ်ခု အတူတူဖြစ်နေတတ်ခြင်းမှာ ကုလသမဂ္ဂတွင် ပုံမှန်ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော်လည်း၊ အဖွဲ့အစည်းများသာလျှင် များနေပြီး လုပ်ငန်းထိရောက်မှု အနည်းငယ်သာရှိသည်ဟူသော ဝေဖန်ချက်များရှိပါသည်။ အမျိုးသမီးများ အနေဖြင့် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အထွေထွေအတွင်းရေးမှူးချုပ်၏ လက် ထောက်က ဦးဆောင်သော အလုံးစုံလွှမ်းခြုံမှုရှိစေမည့် အဖွဲ့အစည်းတစ်ခု ပေါ်ပေါက်လာစေရန် လမ်းကြောင်းပြဆွေးနွေး အရေးဆိုကြပါသည်။ ထိုသို့ တစ်ခုတည်းသော အမိုးအကာ အဖွဲ့အစည်း ရှိခြင်းအားဖြင့် ကုလသမဂ္ဂအဖွဲ့အတွင်း အမျိုးသမီးအရေးနှင့် ပတ်သက်လာလျှင် ပို၍ထိရောက် ထင်ရှားသည့်၊ ပိုမိုကောင်းမွန်သည့်၊ ရန်ပုံငွေရရှိမှု ပိုမိုလာသည့် အဖွဲ့တစ်ရပ်ဖြစ်ပေါ်လာရန် ရည်မှန်း ပါသည်။ ရလဒ်အားဖြင့် ကုလသမဂ္ဂအမျိုးသမီး အဖွဲ့ကို ၂၀၁၀ ခုနှစ်တွင် တည်ထောင်ခဲ့နိုင်သည်။ ကုလသမဂ္ဂအမျိုးသမီးအဖွဲ့၏ ပထမဆုံးသော အလုပ်အမှုဆောင်ဒါရိုက်တာမှာ ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ချီလီနိုင်ငံ၏ ရွှေကောက်ခံအစိုးရအဖွဲ့၏ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့ သော မစ်ရှယ်ဘက်ချလက် ဖြစ်သည်။ လက်ရှိတွင် တောင်အာဖရိကမှ ဖုန်းဇလာ မယ်လဘိုနျူခါ က ကုလသမဂ္ဂအမျိုးသမီးအဖွဲ့၏ အလုပ်အမှုဆောင်ဒါရိုက်တာအဖြစ် ထမ်းဆောင်လျက်ရှိသည်။ ကုလသမဂ္ဂမှ ဦးဆောင်သော အခြားသော လုပ်ဆောင်ချက်များတွင် ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများ ညီလာခံ၊ မက္ကဆီကို(၁၉၇၅)၊ ကိုပင်ဟေဂင်(၁၉၈၀)၊ နိုင်ရိုဘီ(၁၉၈၅) နှင့် ဘေဂျင်း(၁၉၉၅) တို့ကို ဦးဆောင်ပံ့ပိုးပေးခဲ့ခြင်းတို့ ပါဝင်ပါသည်။

မှတ်သားဖွယ်ရာ

ကုလသမဂ္ဂလက်အောက်ခံ အမျိုးသမီးအဖွဲ့အစည်းများ

ကုလသမဂ္ဂအမျိုးသမီးများအဖွဲ့ - ဤအဖွဲ့ကို အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေးနှင့် ကျား-မ လူမှုရေးရာ (ဂျန်ဒါ) တန်းတူညီမျှမှုကို ဦးတည်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၀ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ဖွဲ့စည်းခဲ့သည်။ ကုလသမဂ္ဂ အမျိုးသမီးများအဖွဲ့သည် ကုလသမဂ္ဂအဖွဲ့အစည်းအတွင်း ဌာနလေးခုနှင့်ခွဲတိုက်ဆက်ထားသည်။ ၎င်းတို့မှာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဌာန (DAW)၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလသမဂ္ဂလက်အောက်ခံ နိုင်ငံတကာ သုတေသနနှင့် သင်တန်းအဖွဲ့အစည်း (INSTRAW)၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျား-မ လူမှုရေးရာ(ဂျန်ဒါ) ကိစ္စရပ်များ ဆောင်ရွက်သည့် အထွေထွေအတွင်းရေးမှူးချုပ် အထူးအကြံပေး၏ရုံး (OSAGI) နှင့် ကုလသမဂ္ဂအမျိုးသမီးများဖွံ့ဖြိုးရေးရန်ပုံငွေအဖွဲ့ (UNIFEM) (ယခု ဖျက်သိမ်းပြီး) တို့ ဖြစ်ပါသည်။

အမျိုးသမီးတို့၏အဆင့်အတန်း စုံစမ်းရေးကော်မရှင် (CSW) - ဤအဖွဲ့ကို ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူမှုရေးကောင်စီမှ ၁၉၄၆ ခုနှစ်တွင် ထူထောင်ပေးခဲ့သည်။ အမျိုးသမီးအခွင့်အရေး မြှင့်တင်ရာတွင် အဖွဲ့ဝင်အစိုးရအချင်းချင်း ပူးပေါင်းပါဝင်နိုင်သော အဖွဲ့ဖြစ်သည်။ ကုလသမဂ္ဂ အမျိုးသမီးအဖွဲ့ကဲ့သို့သော ကုလသမဂ္ဂ၏ အခြားသောအစီအစဉ်နှင့် ကွာခြားချက်မှာ ဤကော်မရှင်ကို အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရအဖွဲ့များနှင့်သာ ဖွဲ့စည်းထားခြင်းဖြစ်သည်။

စီဒေါကော်မတီ - ကော်မတီသည် စီဒေါသဘောတူစာချုပ်ပါ တာဝန်ဝတ္တရားများကို အဖွဲ့ဝင်နိုင်ငံများ ထမ်းဆောင်မှုရှိ၊ မရှိ ကြီးကြပ်ပေးရပါသည်။ ၁၉၈၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ကမ္ဘာအဝန်းမှ အမျိုးသမီးရေးရာ ကျွမ်းကျင်ပညာရှင် ၂၃ ဦးပါဝင် ဖွဲ့စည်းခဲ့သည်။ ကော်မတီသည် အထူးသဖြင့် စာချုပ်ပါ သဘောတူညီချက်များ အကောင်အထည်ဖော်မှု အခြေအနေကို စောင့်ကြည့်ရပါသည်။

အမျိုးသမီးနှင့် ဂျန်ဒါ တန်းတူညီမျှရေး ကုလသမဂ္ဂကွန်ရက် (IANWGE) - ဂျန်ဒါ တန်းတူညီမျှရေးကို မြှင့်တင်ရာတွင် အဓိကအခန်းကဏ္ဍက ပါဝင်နေသော ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်း ၂၅ ဖွဲ့မှ ဂျန်ဒါရေးရာ တာဝန်ခံအဖွဲ့ဝင် ၆၀ ဦးတို့ပါဝင် ဖွဲ့စည်းထားသည့် ကွန်ယက် ဖြစ်သည်။

ကုလသမဂ္ဂ အမျိုးသမီးများအဖွဲ့သည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ဆန့်ကျင်ရေး၊ အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်နိုင်ရေးနှင့် စီးပွားရေးတွင် ခွိတ်ဆက်ဆောင်ရွက်နိုင်မှု စသည့် နယ်ပယ်သုံးရပ်ကို ဦးစားပေးဆောင်ရွက်ပါသည်။ ထိုနယ်ပယ်သုံးခုအပြင် ထောင်စုနှစ်ဖွံ့ဖြိုးရေးပန်းတိုင်တွင် ပါရှိသော အမျိုးသမီးများနှင့်သက်ဆိုင်သည့် (၃။ ဂျန်ဒါ တန်းတူညီမျှရေးနှင့် ၅ မိခင်၏ကျန်းမာရေး) အချက်များကို တိုက်ရိုက်အကောင်အထည်ဖော်နိုင်မည့် လုပ်ဆောင်ချက်များကိုလည်း ခွိတ်ဆက်ဆောင်ရွက်နေပါသည်။ လက်ရှိ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး ရည်မှန်းချက်များတွင်လည်း ဂျန်ဒါ တန်းတူညီမျှရှိရေးကို အောင်မြင်အောင် ဆောင်ရွက်ရမည့် ပန်းတိုင်အဖြစ် ဖော်ပြထားဆဲဖြစ်ပါသည်။ ကုလသမဂ္ဂတွင် အမျိုးသမီးများအတွက် လုပ်ဆောင်နေသော အဖွဲ့များတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီလည်း ပါဝင်ပြီး ၎င်းတို့သည် ပဋိပက္ခ စစ်ပွဲများအတွင်း အမျိုးသမီးတို့ ကြုံတွေ့ရသည့် အခက်အခဲများကို ရည်ညွှန်းဖြေရှင်းပေးနိုင်ရန်

အတွက် ဆုံးဖြတ်ချက်အမှတ်(၁၃၂၅)ကို ချမှတ်ပြီး ကြိုးပမ်းအားထုတ်ခဲ့သည်။ ဤသို့ဖြင့် လူမှုအဖွဲ့အစည်းများ၏ ဖွံ့ဖြိုးရေးအစီအစဉ်များတွင် ဂျန်ဒါသည် ပင်မရေစီးကြောင်း သဖွယ်ဖြစ်လာပြီး၊ ဖွံ့ဖြိုးရေးသီအိုရီများတွင်လည်း ဖွံ့ဖြိုးရေးအဆင့်တိုင်းတွင် ဂျန်ဒါတန်းတူညီမျှလိုအပ်ကြောင်းကို အသိအမှတ်ပြုထားသဖြင့် ဂျန်ဒါနှင့် ဖွံ့ဖြိုးရေးအမြင်များ ပေါင်းစပ်ပါဝင်လာကြသည်။

အမျိုးသမီးအဖွဲ့အစည်းများသည် ကုလသမဂ္ဂ၊ နိုင်ငံတွင်း အစိုးရအဖွဲ့အစည်းများနှင့် ထိထိရောက်ရောက် ဦးဆောင်ဆွေးနွေးနိုင်ခဲ့သည်ကို နှစ်ကာလတစ်လျှောက်လုံး မြင်တွေ့နိုင်ပါသည်။ အမျိုးသမီးအဖွဲ့အစည်းများ၏ အချို့သော ရည်မှန်းချက်ပန်းတိုင်များကို သီအိုရီအရ ကျယ်ကျယ်ပြန့်ပြန့်လက်ခံပေးကြသော်လည်း အချို့သောပန်းတိုင်များကို အောင်မြင်စွာရောက်ရှိနိုင်ရန် တိုးတက်မှုနှေးကွေးလျက်ရှိနေပါသေးသည်။ ထိုပန်းတိုင်များတွင် အမျိုးသမီးများ မျိုးဆက်ပြန့်ပွားမှု အခွင့်အရေးအတွက် ဦးစားပေးဆောင်ရွက်ခြင်းကဲ့သို့သော ဂျန်ဒါတန်းတူညီမျှရှိရေးနှင့် အမျိုးသမီး စွမ်းရည်မြှင့်တင်ခြင်း ရည်မှန်းချက်တို့ပါဝင်သည်။ အမျိုးသမီးများ မျိုးဆက်ပြန့်ပွားမှု အခွင့်အရေး အောင်မြင်ရန် နှောင့်နှေးရခြင်းမှာ ၎င်းအကြောင်းအရာသည် ကုလသမဂ္ဂအဖွဲ့အတွင်းမှာပင်လျှင် အငြင်းပွားဖွယ်အကြောင်းများ ရှိနေပြီး၊ အမျိုးသမီးများ ၎င်းတို့စိတ်ဆန္ဒအလျောက် ကလေးမွေးဖွားခွင့်ကို နိုင်ငံတော်တော်များများက အသိအမှတ်မပြုကြပေ။ ထို့ပြင် အမျိုးသမီးများသည် ပဋိပက္ခဖြစ်ပွားသော အခြေအနေတွင်သာမက အလုပ်နှင့် အိမ်တွင်းမှာပင် အကြမ်းဖက်ခံနေရမှုများ ကြုံတွေ့နေရဆဲဖြစ်သည်။ နိုင်ငံရေးအရကြည့်မည်ဆိုလျှင်လည်း နိုင်ငံရေးနယ်ပယ်တွင် အမျိုးသမီးတို့ ကိုယ်စားပြုပါဝင်နိုင်မှု နည်းပါးပါသေးသည်။ ကုလသမဂ္ဂကဲ့သို့သော အမျိုးသားကြီးစိုးမှု နည်းပါးသော အဖွဲ့အတွင်းမှာပင် အထွေထွေအတွင်းရေးမှူးချုပ်နေရာအတွက် သင့်တော်သော အမျိုးသမီးများကို အဆိုပြုမှုရှိသော်လည်း ရွေးချယ်ခန့်ထားခြင်း မရှိသေးပေ။

၉.၄.၃ အာဆီယံအဖွဲ့လုပ်ငန်းယန္တရား

အာဆီယံအဖွဲ့သည် အမျိုးသမီးခေါင်းဆောင်များ ညီလာခံကို ၁၉၇၅ ခုနှစ် (ကုလသမဂ္ဂ၏ အမျိုးသမီးများအတွက် ဂုဏ်ပြုနှစ်)တွင် ဦးဆောင်ကျင်းပခဲ့ပြီး အာဆီယံအမျိုးသမီးကော်မတီကို ညီလာခံအပြီး နောက်တစ်နှစ်အကြာတွင် ဖွဲ့စည်းနိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက အာဆီယံအမျိုးသမီးများ တိုးတက်ဖွံ့ဖြိုးရေး ကြေညာစာတမ်းကို အတည်ပြုပေးခဲ့ကြပြီး၊ ၂၀၀၂ ခုနှစ်တွင် အမျိုးသမီးများ အကြမ်းဖက်ခံရမှု ပပျောက်စေရေး ကြေညာချက်ကို အတည်ပြုပေးခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ဂျန်ဒါ အမြင် ထည့်သွင်းပါဝင်စေရေးအတွက် ရည်ရွယ်၍ကျင်းပသော အာဆီယံထိပ်သီးအစည်းအဝေးတွင် အဖွဲ့၏လုပ်ဆောင်ချက်များတွင် ဂျန်ဒါအမြင်များ ထည့်သွင်းအကောင်အထည်ဖော်သွားမည်ဟု ကတိကဝတ်ပြုမှု ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့ပါသည်။ ထို့ပြင် ၂၀၀၄ ခုနှစ် ဗီယက်ကျင်း လုပ်ဆောင်ချက် အစီအစဉ်ကို အကောင်အထည်ဖော်ရန်အတွက် အာဆီယံ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မရှင် (ACWC) ကို ဧပြီလ ၇ ရက်၊ ၂၀၁၀ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။ ၎င်းသည် အာဆီယံ (၁၀) နိုင်ငံမှ အဖွဲ့ဝင် ၂၀ ဦး (တစ်နိုင်ငံလျှင် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆောင်ရွက်မည့် ကိုယ်စားလှယ်နှစ်ဦးစီ) ဖြင့် ဖွဲ့စည်းထားသည်။ ကိုယ်စားလှယ်များသည် ဆန္ဒအလျောက် အချိန်ပိုင်း ပါဝင်ကြခြင်းခြင်း ဖြစ်ပြီး သက်တမ်းအားဖြင့် သုံးနှစ် ထမ်းဆောင်ရပါသည်။ ကော်မရှင်၏ မူလရည်ရွယ်ချက်မှာ

အာဆီယံနိုင်ငံများအတွင်းရှိ အမျိုးသမီးနှင့် ကလေးသူငယ်တို့၏ လူ့အခွင့်အရေးကို မြှင့်တင်ပေးရန် ဖြစ်ပါသည်။ ၎င်းတို့တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို လက်ခံစိစစ်အရေးယူနိုင်စွမ်း မရှိထားပါ။ ထို့ကြောင့် အခွင့်အရေးကို ကာကွယ်ပေးခြင်းထက် မြှင့်တင်ပေးသည့်အဖွဲ့ဟု ဆိုနိုင်ပါသည်။

၉.၅ အမျိုးသမီးများ၏ လူ့အခွင့်အရေးအတွက် မျက်မှောက်ခေတ် စိုးရိမ်စရာအချက်များ

ဤအခန်းတွင် ဖော်ပြထားသည့်အတိုင်း အမျိုးသမီးအခွင့်အရေးအတွက် စိုးရိမ်စရာ နယ်ပယ်များစွာ ရှိပါသည်။ ဤအပိုင်းတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်း၊ နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှုနှင့် လုပ်ငန်းခွင်က အမျိုးသမီးတို့ ရင်ဆိုင်ကြုံတွေ့နေရမှုများကို ဆွေးနွေးသွားပါမည်။

၉.၅.၁ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု

အမျိုးသမီးများသည် အလုပ်၊ အိမ်တွင်းနှင့် ရပ်ရွာထဲတွင် အကြမ်းဖက်မှုကို အမျိုးသားများထက် ပို၍တွေ့ကြုံနေရပါသည်။ မကြာသေးသော နှစ်များကစပြီး ထိုသို့သော အကြမ်းဖက်မှုများကို ရာဇဝတ်မှုအဖြစ် လက်ခံစဉ်းစားလာကြသည်။ ယခင်က အမျိုးသားတစ်ဦးက ၎င်း၏ဇနီးကို ရိုက်နှက်လျှင် ထိုအခြင်းအရာကို ၎င်းတို့၏ ကိုယ်ရေးကိုယ်တာကိစ္စဟု အများကမှတ်ယူပြီး၊ လူ့အဖွဲ့အစည်းတော်တော်များများ၏ ယဉ်ကျေးမှုအရ ထိုသို့သောရိုက်နှက်မှုကို ဖြစ်သင့်ဖြစ်ထိုက်သော ကိစ္စတစ်ခုအဖြစ် လက်ခံကြပါသည်။ ထိုနည်းတူ ခင်ပွန်းက ၎င်းဇနီး၏ အလိုဆန္ဒမပါဘဲ အဓမ္မပြုကျင့်မှုကို အရေးယူနိုင်သည့် ဥပဒေမျိုး အရှေ့တောင်အာရှနိုင်ငံများတွင် မရှိခဲ့ပါ။ ယခုအခါ အဆိုပါအမှုများကို ဥပဒေချိုးဖောက်သော လုပ်ရပ်အဖြစ် သတ်မှတ်လာပြီး လူမှုအမှုအကျင့်များလည်း သိသိသာသာ ပြောင်းလဲလာပြီဖြစ်သည်။ ၁၈၀၀ ခုနှစ်များ နှောင်းပိုင်းနှင့် ၁၉၀၀ ခုနှစ်များ အစောပိုင်းတွင် 'အရိုက်နှက်ခံရသော အမျိုးသမီးများ'အတွက် ခိုလှုံရာနေရာများ ပံ့ပိုးပေးသည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများ ရှိခဲ့သော်လည်း အမျိုးသမီးတို့ဘဝကို ထို့ထက်ပို၍ အကာအကွယ်ပေးရန် ဆောင်ရွက်ချက်များမှာ အနည်းငယ်သာ ရှိခဲ့ပါသည်။ စီဒေါ်စာချုပ်တွင် 'အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်း(VAW)' ဝေါဟာရကို ထည့်သွင်းမဖော်ပြထားသော်လည်း စာချုပ်အသက်ဝင်လာချိန်မှစပြီး ထိုသို့သောအကြမ်းဖက်မှုကို လူ့အခွင့်အရေးချိုးဖောက်မှုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုလာခဲ့ကြပါသည်။ ထိုကာလမှစပြီး အရိုက်နှက်ခံရသော အမျိုးသမီး (သို့မဟုတ်) ဇနီးများ ဆိုသည့် ဝေါဟာရအစား 'အိမ်တွင်းအကြမ်းဖက်မှု (DV)' ဟု ပြောင်းလဲသုံးစွဲလာခဲ့သည်။ လက်ရှိတွင်မူ ကျား-မ လိင်ကွဲပြားမှုကို အခြေပြု၍ဖြစ်ပွားသော အကြမ်းဖက်မှု (GBV) ဟူ၍ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနေပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်ပြီး သဘောတရား (၃)ခုကို ဆန်းစစ်ပြပါမည်။

သဘောတရားရေးရာ ရှုင်းလင်းချက်

အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်း၊ အိမ်တွင်းအကြမ်းဖက်မှု၊ နှင့် ကျား-မ လိင်ကွဲပြားမှုအပေါ် အခြေပြု၍ ဖြစ်ပွားသော အကြမ်းဖက်မှု

အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်း (VAW)တွင် အမျိုးသမီးဖြစ်ခြင်းကြောင့်ဟူသော အကြောင်းပြချက်ဖြင့် အမျိုးသမီးများအပေါ် ဦးတည်ကျူးလွန်သော မည်သို့သော အကြမ်းဖက်မှုမျိုးမဆို အကျုံးဝင်ပါသည်။

အိမ်တွင်းအကြမ်းဖက်မှု (DV) သည် အိမ်တွင်းတွင် အကျူးလွန်ခံရသော အကြမ်းဖက်မှုဖြစ်ပါသည်။ ၎င်းတွင် ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းနှင့် ကျား-မ လိင်ကွဲပြားမှုကို အခြေပြု၍ဖြစ်ပွားသော အကြမ်းဖက်မှုများ အားလုံးပါဝင်နိုင်သည်။ အိမ်တွင်းအကြမ်းဖက်မှုဟူသော ဝေါဟာရကို နိုင်ငံတော်ဥပဒေမှာပင် တွင်တွင်ကျယ်ကျယ် အသုံးပြုထားပါသည်။

ကျား-မ လိင်ကွဲပြားမှုကို အခြေပြု၍ဖြစ်ပွားသော အကြမ်းဖက်မှု (GBV) ဆိုသည်မှာ တစ်စုံတစ်ဦးသည် ၎င်း၏ 'ကျား' ဖြစ်သည်၊ 'မ' ဖြစ်သည်ဆိုသော လိင်ကွဲပြားမှုအပေါ် အခြေပြု၍ တွေ့ကြုံရသော အကြမ်းဖက်မှုကို ဆိုလိုပါသည်။ အများအားဖြင့် ကျား-မ ဖြစ်ခြင်း စံတန်ဖိုးများနှင့် အံမဝင်သဖြင့် အကျူးလွန်ခံရတတ်ပါသည်။ ဤအကြမ်းဖက်မှု အမျိုးအစားသည် မတူညီသော လိင်များအကြား အာဏာပါဝါကိုအသုံးချ၍ နိုင်ထက်စီးနင်းမှုများကို အခြေခံထားပါသည်။ သည်အကြမ်းဖက်မှုမျိုးကို အမျိုးသမီးအများစု တွေ့ကြုံခံစားနေရသော်လည်း အမျိုးသား သို့မဟုတ် ငယ်ရွယ်သူ ယောကျ်ားလေးများသည်လည်း ၎င်းတို့၏အပြုအမူသည် ပတ်ဝန်းကျင်က သတ်မှတ်ထားသည့်အတိုင်း ယောကျ်ားဆန်မှု မရှိဟူသော အကြောင်းပြချက်ဖြင့် အကျူးလွန်ခံရသူများ ဖြစ်နိုင်ပါသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို အထွေထွေသဘောထားမှတ်ချက် ၁၂ နှင့် ၁၉ တွင် ဖော်ပြထားပြီး၊ ကုသမဂ္ဂ၏ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ကြေညာစာတမ်း (၁၉၉၃)တွင်လည်း ဤသို့အဓိပ္ပာယ်ဖွင့်ဆို ထားပါသည်။

> အမျိုးသမီးများအပေါ် ရုပ်ပိုင်းဆိုင်ရာတွင်ဖြစ်စေ၊ လိင်ပိုင်းဆိုင်ရာတွင် ဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာတွင်ဖြစ်စေ နာကျင်စေသည့် (သို့မဟုတ်) နာကျင်ခံစားသွားစေနိုင်ဖွယ်ရှိသော မည်သို့သော အပြုအမူမျိုးကိုမဆို ကျား-မ လိင်ကွဲပြားမှုအပေါ် အခြေပြု၍ဖြစ်ပွားသော အကြမ်းဖက်မှုတွင် ပါဝင်ပါသည်။ ထိုသို့သော အပြုအမူများတွင် အမျိုးသမီးများ၏ ပုဂ္ဂလိကဘဝတွင်ဖြစ်စေ၊ ရပ်ထဲရွာထဲတွင်ဖြစ်စေ ၎င်းတို့၏ လွတ်လပ်ခွင့်ကို တားဆီးချုပ်နှောင်ခြင်း (သို့မဟုတ်) လွတ်လပ်မှုကို ထိပါးစေသော ခြိမ်းခြောက်အကျပ်ကိုင်မှုများလည်း ပါဝင်ပါသည်။ (အပိုဒ် ၁)

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတွင် အခြေခံကျသည့်အချက်မှာ အမျိုးသမီးအပေါ် ကျူးလွန်နေသူများမှာ အမျိုးသားများဖြစ်နေခြင်း ဖြစ်ပါသည်။ (တစ်ခါတစ်ရံတွင် ကျူးလွန်သူမှာ

အခြားသောအမျိုးသမီးများလည်း ဖြစ်ကောင်းဖြစ်ဖွယ်ရှိပါသည်။) စကားချီးတွင် ဖော်ပြထားသည့်အတိုင်း

> သမိုင်းတစ်လျှောက်တွင် အမျိုးသမီးနှင့် အမျိုးသားများအကြားတွင် အင်အားပါဝါပိုင်ဆိုင်မှုများ တန်းတူညီမျှမှု မရှိခဲ့ရာ၊ ထိုအခြင်းအရာသည် အမျိုးသမီးများအပေါ် အမျိုးသားများက လွှမ်းမိုးချုပ်ကိုင်ထားနိုင်ခြင်းနှင့် ခွဲခြားနှိမ်ချဆက်ဆံမှု ဖြစ်အောင် တွန်းအားပေးသည့်အပြင် အမျိုးသမီးတို့ဘဝ တိုးတက်မြင့်မားရေးကို ဟန့်တားစေမှုများလည်း ဖြစ်စေပါသည်။ ထို့ကြောင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဟူသည် အမျိုးသမီးကို အမျိုးသားနှင့် နှိုင်းယှဉ်၍ တစ်ဆင့်နိမ့် အနေအထားတွင်သာ ထားရှိသော ရက်စက်ကြမ်းတမ်းသည့် လူမှုဓလေ့အစီအမံများထဲက ရလဒ်တစ်ခုဖြစ်ပါသည်။

သို့ဖြစ်ခြင်းကြောင့် အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းသည် အကြမ်းဖက်သည့် အပြုအမူတစ်ခုသာမဟုတ်ဘဲ အမျိုးသမီးများ၏ စွမ်းဆောင်ရည်ခွန်အားကို နှိမ့်ချလိုက်သည့် ယန္တရားတစ်ခုလည်း ဖြစ်ပါသည်။ ရပ်ရွာလူထုနှင့် ၎င်းတို့၏ ယဉ်ကျေးမှုအရ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို လက်သင့်ခံလိုက်သည့်အခါ လူမှုဝန်းကျင်တွင် အမျိုးသမီးများ၏ဘဝမှာ တန်းတူညီမျှ အနေအထားသို့ မရောက်တော့ပါ။ အကြမ်းဖက်မှုကို ရပ်တန့်စေသည့် မည်သို့သော အပြုအမူမျိုးကိုမှ ဆောင်ရွက်မပေးလျှင် အစိုးရများ၊ ရဲဝန်ထမ်းများ၊ စာသင်ကျောင်းများနှင့် မိသားစုများသည်လည်း ကျူးလွန်မှုထဲတွင် ပါဝင်ပတ်သက်နေသည်ဟု ယူဆနိုင်ပါသည်။

စီဒေါ်ကော်မတီသည် ကျား-မ လိင်ကွဲပြားမှုအပေါ် အခြေပြု၍ဖြစ်ပွားသော အကြမ်းဖက်မှုတွင် အမျိုးသမီးများကိုသာ ရည်ညွှန်းပြီး အနက်ဖွင့်ရာတွင် 'အမျိုးသမီးဖြစ်နေခြင်းကြောင့် အကျူးလွန်ခံရပြီး ထိုသို့အကျူးလွန်ခံရသဖြင့် မညီမျှမှုများကို ဖြစ်စေနိုင်သည့် အကြမ်းဖက်မှု' ဟူ၍ ဖွင့်ဆိုထားပါသည်။ ယခုအခါ လိင်ကွဲပြားမှုအပေါ် အခြေပြု၍ဖြစ်ပွားသော အကြမ်းဖက်မှုသည် လူ့အသိုင်းအဝိုင်းက ခန္ဓာဇီဝ လိင်ကွဲပြားမှုကြောင့်မဟုတ်ဘဲ ကျား-မ လူမှုရေးရာ ပညတ်တည်ဆောက်မှုများဖြင့် ခွဲခြားကာ အကြမ်းဖက်မှုကိုကျူးလွန်နေကြောင်းကို လက်ခံလာကြပါသည်။ ထို့ကြောင့် လိင်ကွဲပြားမှုအပေါ် အခြေပြု၍ ဖြစ်ပွားသော အကြမ်းဖက်မှုဟူသော ဝေါဟာရကိုလည်း ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာကြပါသည်။ ဤဝေါဟာရ၏ အနက်အဓိပ္ပာယ်တွင် အမျိုးသမီးများတွင်သာမက အမျိုးသားနှင့် ငယ်ရွယ်သော ယောကျ်ားလေးများအပေါ် ကျူးလွန်သော အကြမ်းဖက်မှုများပါ ရည်ညွှန်းပါသည်။ အဘယ်ကြောင့်ဆိုသော အချို့သူများသည် ပတ်ဝန်းကျင်က သတ်မှတ်ထားသည့်အတိုင်း ယောကျ်ားဆန်ခြင်း၊ မိန်းမဆန်ခြင်း ပညတ်ချက်နှင့် ဘောင်မဝင်သည့်အခါ ၎င်းတို့၏ လိင်ကွဲပြားမှုအပေါ်မူတည်ပြီး အကြမ်းဖက်မှုများ ကြုံတွေ့နိုင်ပါသည်။ လိင်တူတပ်မက်သူများ (သို့မဟုတ်) ယောကျ်ားမပီသဟု ယူဆခံရသူ အမျိုးသားများသည် ဤသို့သော အကြမ်းဖက်မှုမျိုး ကြုံတွေ့နိုင်သည်။ ထို့ပြင် ကျား-မ တန်ဖိုးထားစံသတ်မှတ်ချက်များကို ဆန့်ကျင်သဖြင့် အပြစ်ပေးသည့်အနေဖြင့် အမျိုးသမီးများက အခြားအမျိုးသမီးများအပေါ် အကြမ်းဖက်မှုကျူးလွန်ခြင်းမျိုးလည်း ရှိသည်။ ဥပမာ - ယောကျ်ာမက ချွေးမကို သူတို့၏သားအပေါ် ပြုစုစောင့်ရှောက်ရန် တာဝန်လစ်ဟင်းသဖြင့် နာကျင်အောင် ပြုလုပ်ခြင်းမျိုး ဖြစ်သည်။

အိမ်တွင်းအကြမ်းဖက်မှုများသည် ပုံစံအမျိုးမျိုးနှင့် တည်ရှိနိုင်ပါသည်။ ဇနီးနှင့် သမီးများအပေါ် ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းမှာ ထင်ရှားသော ပုံစံတစ်ခုဖြစ်ပါသည်။

ၵင်းတွင် စီးပွားရေးဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုလည်း ပါဝင်ပါသည်။ စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှုဆိုသည်မှာ မိမိ၏ အိမ်ထောင်ဘက်က ငွေကြေးဆိုင်ရာ မှန်သမျှကို ထိန်းချုပ်ထားသဖြင့် မိမိ၏ လွတ်လပ်ခွင့်ဆုံးရှုံးရခြင်း (သို့မဟုတ်) မလုပ်ချင်သည့်အရာကို လုပ်ပေးရခြင်း စသော နောက်ဆက်တွဲရလဒ်ဖြစ်ပေါ်စေသည့် အကြမ်းဖက်မှုမျိုးဖြစ်သည်။ အာရှတွင် အဆိုးဝါးဆုံးသော အိမ်တွင်းအကြမ်းဖက်မှု ပုံစံများမှာ ဂုဏ်သိက္ခာအတွက် သေပွဲဝင်ရခြင်း (ရည်းစားသနာထားခြင်းကဲ့သို့သော မိသားစု၏ ဂုဏ်သိက္ခာညှိုးနွမ်းစေသည့်အမှုဖြင့် အမျိုးသမီးကို သေဒဏ်ပေးသည့် ကိစ္စများ)၊ ခန်းဝင်ကြေးအတွက် သေဆုံးရခြင်း(အထူးသဖြင့် အိန္ဒိယနိုင်ငံတွင် အမျိုးသမီးများမှာ ၎င်းတို့၏ ခန်းဝင်ကြေးရရှိစေရန်အတွက် အသက်ဆုံးရှုံးရခြင်း)နှင့် အက်ဆစ်ဖြင့် တိုက်ခိုက်မှုများ (တစ်စုံတစ်ယောက်ကို ရုပ်ပျက်ဆင်းပျက်ဖြစ်သွားအောင် အက်ဆစ်ဖြင့်လောင်းပက်ခြင်း) တို့ ဖြစ်ပါသည်။ ဘရူနိုင်းနှင့် မြန်မာနိုင်ငံမှလွဲ၍ အရှေ့တောင်အာရှ နိုင်ငံတော်တော်များများတွင် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ သီးသန့်ဥပဒေများပြဋ္ဌာန်းပြီး ဖြစ်ပါသည်။ မလေးရှားနိုင်ငံသည် အိမ်တွင်းအကြမ်းဖက်မှု ဥပဒေကို ၁၉၉၄ ခုနှစ်တွင် ပထမဆုံး ပြဋ္ဌာန်းခဲ့ပြီး၊ ထိုဥပဒေအားဖြင့် အမျိုးသမီးနှင့် အမျိုးသားနှစ်ဦးစလုံးကို အကာအကွယ်ပေးထားသည့်အပြင် အိမ်ထောင်ဘက်၊ ယခင်အိမ်ထောင်ဟောင်း၊ ကလေးသူငယ်နှင့် မသန်စွမ်းသက်ကြီးရွယ်အို အစရှိသဖြင့် အိမ်တွင်းအကြမ်းဖက်မှုခံရနိုင်ချေရှိသူ မိသားစုဝင်များအားလုံး ထိုဥပဒေနှင့် အကျုံးဝင်သက်ဆိုင်ပါသည်။ ထို့ပြင် ဥပဒေသည် အကာအကွယ်ပေးရေး ကုထုံးအစီအမံများကိုလည်း ပံ့ပိုးပေးထားရာ၊ တရားရုံးတော်သည် အကြမ်းဖက်မှုကို တားဆီးဟန့်တားနိုင်ရန်အတွက် ၎င်းတို့အကာအကွယ်ပေးရမည့် လူပုဂ္ဂိုလ်၏နေအိမ်၊ စာသင်ကျောင်းနှင့် အခြားနေရာဌာနများသို့ ဝင်ရောက်ကာကွယ်ပေးခြင်းနှင့် အကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်နှင့် အမြဲအဆက်အသွယ်လုပ်ခြင်းကဲ့သို့သော လုပ်ဆောင်ချက်များ ဆောင်ရွက်ရန် ထုတ်ပြန်ပေးနိုင်သည်။ အတင်းအကျပ် လက်ထပ်ထိမ်းမြားခြင်းခံရသော မွတ်ဆလင်အမျိုးသမီးများသည် ကွာရှင်းခွင့်ကို လျှောက်ထားခွင့်ရှိပါသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ကလေးသူငယ်နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆန့်ကျင်ရေး အက်ဥပဒေ (အာရ်အေ ၉၂၆၂) ကို ၂၀၀၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ထိုဥပဒေတွင် အိမ်တွင်းအကြမ်းဖက်မှုများလည်း ပါဝင်အကျုံးဝင်ပြီး၊ အိမ်ထောင်ဘက်ကဲ့သို့ နီးကပ်သော ဆက်ဆံရေးရှိသူများနှင့်ပတ်သက်ပြီး ဖြစ်ပွားသည့်အမှုများအတွက် ပြစ်ဒဏ်သတ်မှတ်ချက်များကိုလည်း ထည့်သွင်းပြင်ဆင်ထားပါသည်။ ဥပဒေပြုရာတွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှုများအားလုံးကို ထည့်သွင်းစဉ်းစားထားသည်။ အကျူးလွန်ခံရသူများတွင် ဇနီးမယား၊ ယခင်ဇနီးဟောင်း၊ သို့မဟုတ် လက်ရှိ (သို့မဟုတ်) ယခင်က အမျိုးသားအဖော်တစ်ဦးနှင့် ရည်ငံခဲ့ဖူးသူ အမျိုးသမီး၊ အဖော်နှင့် ကလေးရှိခဲ့သူ၊ တရားဝင်အသိအမှတ်ပြုသည်ဖြစ်စေ မပြုသည်မဖြစ်စေ မွေးထားသော ကလေးတို့ ပါဝင်ပါသည်။ ဥပဒေအရ အမျိုးသမီးနှင့် ကလေးသူငယ်အပေါ် ကျူးလွန်သော အကြမ်းဖက်မှုကို လူသူလေးပါးကို စော်ကားမှုအဖြစ် မှတ်ယူပါသည်။ ဆိုလိုသည်မှာ လူသူလေးပါးကို စော်ကားမှုဟု မှတ်ယူခြင်းအားဖြင့် ထိုရာဇဝတ်မှုကို စုံစမ်းစစ်ဆေးသည့် ကော်မရှင်တွင် ကျူးလွန်သည့်အခြေအနေနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ ဗဟုသုတ ရှိထားသော မည်သူမဆို ပါဝင်ခွင့်ရှိအောင် ခွင့်ပြုထားပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ အိမ်တွင်းအကြမ်းဖက်မှု ဥပဒေကိုမူ ၂၀၀၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ၂၀၀၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။

ဇယား ၉.၄ အရှေ့တောင်အာရှနိုင်ငံများ၏ အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ ကာကွယ်တားဆီးသောဥပဒေများ

နိုင်ငံများ	အိမ်တွင်းအကြမ်းဖက်မှုနှင့်သက်ဆိုင်သော ဥပဒေများ
ဘရူနိုင်း	အိမ်ထောင်ရှိ အမျိုးသမီးများ အက်ဥပဒေ (၁၉၉၉) (ဤဥပဒေတွင် အိမ်တွင်းအကြမ်းဖက်မှုများ အားလုံးကို သီးခြားမဖော်ပြပါ။ သို့သော် အခန်း ၁၉ - ၂၅ တို့တွင် အကာအကွယ်ပေးရေးဆိုင်ရာ အပိုဒ်များ ထည့်သွင်းထားပါသည်။)
ဘရူနိုင်း	အိမ်ထောင်ရှိ အမျိုးသမီးများ အက်ဥပဒေ (၁၉၉၉) (ဤဥပဒေတွင် အိမ်တွင်းအကြမ်းဖက်မှုများ အားလုံးကို သီးခြားမဖော်ပြပါ။ သို့သော် အခန်း ၁၉ - ၂၅ တို့တွင် အကာအကွယ်ပေးရေးဆိုင်ရာ အပိုဒ်များ ထည့်သွင်းထားပါသည်။)
ကမ္ဘောဒီးယား	အိမ်တွင်းအကြမ်းဖက်မှု ကာကွယ်တားဆီးရေးနှင့် အကြမ်းဖက်ခံရသူများကို အကာအကွယ်ပေးရေး ဥပဒေ (၂၀၀၅)
အင်ဒိုနီးရှား	အိမ်ထောင်စုအတွင်း အကြမ်းဖက်မှု ပပျောက်ရေး (၂၀၀၄)
လာအို	သီးခြားဥပဒေ ပြဋ္ဌာန်းမထားသော်လည်း ဤအမှုအတွက် အပြစ်ပေးပုဒ်မများ ရှိပါသည်။
မလေးရှား	အိမ်တွင်းအကြမ်းဖက်မှု အက်ဥပဒေ (၁၉၉၄)
မြန်မာ	သီးခြားဥပဒေ ပြဋ္ဌာန်းမထားသော်လည်း ဥပဒေကြောင်းအရ အပြစ်ပေးနိုင်သည့် ပုဒ်မများ ရှိသည်။ အချို့သော ဥပဒေများမှာ လူမျိုးအလိုက် အခြေခံထားသည်။
ဖိလစ်ပိုင်	သမ္မတနိုင်ငံ အက်ဥပဒေ (အာရ်အေ) အမှတ် ၉၂၆၂၊ အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု ဆန့်ကျင်ရေး (၂၀၁၄)
ထိုင်း	အိမ်တွင်းအကြမ်းဖက်ခံရသူများ အကာအကွယ်ပေးရေး အက်ဥပဒေ (၂၀၀၇)
တီမော	အိမ်တွင်းအကြမ်းဖက်မှု ဥပဒေ (၂၀၁၀)
စင်ကာပူ	အမျိုးသမီးများ၏ ပဋိညာဉ်စာတမ်း ၁၉၉၆ (အပိုင်း ၇ - မိသားစု အကာအကွယ်ပေးခြင်း)
ဗီယက်နမ်	အိမ်တွင်းအကြမ်းဖက်မှု တားဆီးခြင်းနှင့် ထိန်းချုပ်ခြင်း ဥပဒေ (၂၀၀၇)

အိမ်တွင်းအကြမ်းဖက်မှုကာကွယ်ရေး ဥပဒေများ၏ အားနည်းချက်မှာ အကြမ်းဖက်မှုပုံစံမျိုးစုံအတွက် အပြည့်အဝ အကာအကွယ်မပေးနိုင်ခြင်း ဖြစ်ပါသည်။ အချို့က လက်ထပ်ထိမ်းမြားထားသည့် အခြေအနေတွင် ဖြစ်ပေါ်သော အကြမ်းဖက်မှုကိုသာ ရည်ညွှန်းထားသဖြင့် သမီးရည်းစား၊ ဇနီးဟောင်း သို့မဟုတ် မိန်းမလျာများကို အကာအကွယ်မပေးနိုင်ပါ။ မည်သို့သော အကာအကွယ်မျိုးဖြည့်ဆည်းပေးနိုင်သည့်အပေါ် မူတည်ပြီး ဥပဒေများလည်း ကွဲပြားသွားသည်။ အချို့အက်ဥပဒေများတွင် အကျူးလွန်ခံရသူအတွက် ခိုလှုံစရာပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးပေးခြင်းတို့ ပြုလုပ်ပေးရန် ပြဋ္ဌာန်းထားပြီး အခြားဥပဒေများတွင်မူ ကျူးလွန်ခံရသူများ၏ လိုအပ်ချက်ကို ထည့်သွင်းမစဉ်းစားထားပေ။ အဓိက စိုးရိမ်စရာအချက်မှာ ဥပဒေသည် ခိုင်မာကောင်း ခိုင်မာမည်ဖြစ်သော်လည်း၊

တင်းတင်းကျပ်ကျပ် အရေးယူမှုမရှိခြင်း ဖြစ်သည်။ ယဉ်ကျေးမှုတော်တော်များများနှင့် လူမှုဝန်းကျင်သည် အိမ်တွင်းအကြမ်းဖက်မှုကို ကိုယ်ရေးကိုယ်တာကိစ္စဟုသာ မြင်တတ်ကြသဖြင့် သက်ဆိုင်သူ မိသားစုကိုသာ ဖြေရှင်းစေကြသည်။ ကျူးလွန်ခံရသူ အမျိုးသမီးသည် အကူအညီရရန်အတွက် ရဲစခန်းသို့ သွားရောက်လျှင်ပင် မိမိဘာသာ ဖြေရှင်းရန်အတွက် သူမခင်ပွန်းရှိရာသို့ သူမကို ပြန်ပို့ပေးနိုင်ခြေရှိသည်။ ရဲဝန်ထမ်းများကလည်း အိမ်တွင်းပြဿနာကို ဖြေရှင်းပေးရန်မှာ ၎င်းတို့တာဝန်မဟုတ်ဟု ယူဆကြသည်၊ သို့မဟုတ်လျှင်တောင် အကျူးလွန်ခံရသူ အမျိုးသမီးကို အကာအကွယ်ပေးမိလျှင် သူမ၏ ခင်ပွန်းနှင့် ခင်ပွန်း၏ မိသားစု အရှက်ရအောင် ပြုလုပ်သကဲ့သို့ဖြစ်မည်ဟု တွေးတတ်ကြသည်။ ထို့ပြင် အိမ်တွင်းအကြမ်းဖက်မှုသည် ဆိုးဝါးသောအကြမ်းဖက်မှုမျိုးမဟုတ်ဟုလည်း တွေးကောင်းတွေးနိုင်ပါသေးသည်။ အကြောင်းတရား အရှိအတိုင်းနှင့် လက်ခံကျင့်သုံးလေ့ရှိသော နည်းအတိုင်း စဉ်းစားတွေးခေါ်လိုက်ကြသည့်အခါ အိမ်တွင်းအကြမ်းဖက်မှုအပေါ် ထိုသို့တုန့်ပြန်ကြလေသည်။ အသတ်ခံရသူ ဇနီးမယား တော်တော်များများ၏ အမှုတွင် ကျူးလွန်သူမှာ အခြားသူမဟုတ်ဘဲ ၎င်းတို့၏ခင်ပွန်းများ ဖြစ်ကြသည်။ အမှုရာခိုင်နှုန်းမှာ ဒေသအလိုက် ကွဲပြားမှုရှိနိုင်သော်လည်း အဓိကအချက်မှာ အမျိုးသမီးတို့အတွက် အိမ်တွင်းနေရာသည် ရပ်ထဲရွာထဲထက် ပို၍ အန္တရာယ်ရှိနေနိုင်ခြင်း ဖြစ်ပါသည်။

၉.၅.၂ နိုင်ငံရေးတွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်နိုင်မှု

ကုလသမဂ္ဂ၏ အဓိကဦးစားပေးအချက်တစ်ချက်မှာ နိုင်ငံရေးတွင် အမျိုးသမီးများကိုယ်စားပြုပါဝင်နိုင်မှုနှင့် သက်ဆိုင်ပါသည်။ ၂၀၁၁ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အဖွဲ့ဝင်နိုင်ငံများအားလုံး နိုင်ငံရေးတွင် ဆုံးဖြတ်ခွင့်ချမှတ်နိုင်သည့် အဆင့်များတွင် အမျိုးသမီးများပါဝင်မှုကို မြင့်တင်ကြရန်အပြင် ထိုသို့ဖြစ်ပေါ်လာစေရန် လေ့လာစောင့်ကြည့်ခြင်း၊ စွမ်းရည်မြှင့်သင်တန်းများပေးခြင်းနှင့် ထိုအကြောင်းအရာကို မီဒီယာတွင်ဖော်ပြမှု တိုးတက်လာအောင် လုပ်ဆောင်ကြပါရန် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့သည်။ ထိုသို့ဖြစ်ရခြင်းမှာ အမျိုးသမီးပါဝင်မှု ရာခိုင်နှုန်းမှာ အတော်လေးနည်းပါးနေခြင်းကြောင့် ဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း နိုင်ငံများ၏ လွှတ်တော်တွင် အရွေးကောက်ခံရသော ကိုယ်စားလှယ်များ၏ ၁၉.၅% သာလျှင် အမျိုးသမီးဖြစ်သည်။ အစိုးရအဖွဲ့ပေါင်း ၂၀၀ ဝန်းကျင်တွင် နိုင်ငံတော် (သို့မဟုတ်) အစိုးရခေါင်းဆောင်ပိုင်းတွင် ပါဝင်နိုင်သူ အမျိုးသမီး ၂၁ ယောက်သာ ရှိသည်။ လွှတ်တော်အမတ် ၅ ယောက်တွင် တစ်ယောက်မှာ အမျိုးသမီးဖြစ်သည်။ ငြိမ်းချမ်းရေးတွင် စေ့စပ်ညှိနှိုင်းသူ အမျိုးသမီးဦးရေ ၁၀% အောက်တွင်သာ ရှိပါသည်။

ဇယား ၉.၅ အရှေ့တောင်အာရှရှိ လွှတ်တော်များတွင် အမျိုးသမီးပါဝင်မှု ရာခိုင်နှုန်းအဆင့်

	နိုင်ငံ	အမျိုးသမီးလွှတ်တော်အမတ် အရေအတွက်	အမျိုးသမီး နိုင်ငံတော်အကြီးအကဲ
၁	တီမော	၆၅ ဦးတွင် ၂၅ ဦးမှာ အမျိုးသမီး = ၃၈.၅% (၂၀၁၂)	
၂	လာအို	၁၄၉ ဦးတွင် ၄၁ ဦးမှာ အမျိုးသမီး = ၂၇.၅% (၂၀၁၆)	
၃	ဖိလစ်ပိုင်	၂၉၀ ဦးတွင် ၇၉ ဦးမှာ အမျိုးသမီး = ၂၇.၂% (၂၀၁၃)	ကိုရာဇံအကွိန် (၁၉၈၆-၁၉၉၂) ဂလိုရီယာ မကာပါဂယ်လ် အာရိုရို (၂၀၀၁-၂၀၁၀)
၄	ဗီယက်နမ်	၄၉၈ ဦးတွင် ၁၂၁ ဦးမှာ အမျိုးသမီး = ၂၄.၃% (၂၀၁၁)	
၅	စင်ကာပူ	၁၀၀ ဦးတွင် ၂၄ ဦးမှာ အမျိုးသမီး = ၂၄% (၂၀၁၅)	
၆	ကမ္ဘောဒီးယား	၁၂၃ ဦးတွင် ၂၅ ဦးမှာ အမျိုးသမီး = ၂၀.၃% (၂၀၁၃)	
၇	အင်ဒိုနီးရှား	၅၅၅ ဦးတွင် ၉၅ ဦးမှာ အမျိုးသမီး = ၁၇.၁% (၂၀၁၄)	မဂ္ဂါဝါတီဆူကာနိုပူတြီ (၂၀၀၁-၂၀၀၄)
၈	မြန်မာ	၄၃၃ ဦးတွင် ၅၅ ဦးမှာ အမျိုးသမီး = ၁၂.၇% (၂၀၁၆)	
၉	မလေးရှား	၂၂၂ ဦးတွင် ၂၃ ဦးမှာ အမျိုးသမီး = ၁၀.၄% (၂၀၁၃)	
၁၀	ဘရူနိုင်း	၃၁ ဦးတွင် ၂ ဦးမှာ အမျိုးသမီး = ၆.၅% (၂၀၁၆)	
၁၁	ထိုင်း	၁၉၇ ဦးတွင် ၁၂ ဦးမှာ အမျိုးသမီး = ၆.၁% (၂၀၁၄)	ယင်လပ်ရှင်နာဝပ်ထရာ (၂၀၁၁-၂၀၁၄)

ကမ္ဘာ့ဘဏ်အချက်အလက်များအပေါ် အခြေခံထားသည်။

အရှေ့တောင်အာရှနိုင်ငံများတွင် နိုင်ငံရေးတွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်နိုင်မှုနှုန်း အလွန်နည်းပါးသေးသော်လည်း နိုင်ငံရေးတွင် အမျိုးသမီးများ အခန်းကဏ္ဍများ ပိုမိုတာဝန်ယူနိုင်ရန် ပြင်ဆင်လာကြပြီဖြစ်သည်။ ထိုင်းနိုင်ငံကဲ့သို့ နိုင်ငံများတွင် အမျိုးသမီးခရိုင်မှူးများနှင့် နယ်မြေ အုပ်ချုပ်သူများ ပိုများလာသည့် အပြောင်းအလဲများရှိကြောင်း တွေ့ရပါသည်။ သို့ရာတွင် အရှေ့တောင် အာရှနိုင်ငံများတွင် နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်အရွေးကောက်ခံနိုင်ရန် စိန်ခေါ်မှုများစွာ ကျန်ရှိနေပါသေးသည်။ အရွေးကောက်ခံစနစ်သည် အများအားဖြင့် အမျိုးသမီးပါဝင်မှုကို အားမပေး

သကဲ့သို့ ရှိသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသားများသည် အမျိုးသမီးများထက် ရန်ပုံငွေပို၍ ကြွယ်ဝကြသည်။ လွတ်လွတ်လပ်လပ် ခရီးသွားကာ မဲဆွယ်နိုင်သည်။ ထို့ပြင် စစ်တပ်၊ ရဲနှင့် စက်ရုံအလုပ်ရုံများနှင့် ပိုမိုကောင်းမွန်စွာ ချိတ်ဆက်ထားနိုင်ကြသည်။ ရန်ပုံငွေ လက်လှမ်းမီ ရရှိနိုင်ရေးမှာ အမြင်သာဆုံး စိန်ခေါ်မှုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသားများသည် အမျိုးသမီးများထက် စီးပွားရေးနှင့်ဘဏ္ဍာရေးလုပ်ငန်းတို့တွင် ဩဇာကြီးမားသူများ (၎င်းတို့သည်လည်း အမျိုးသားများဖြစ်တတ်သည်) နှင့် အဆက်အသွယ် ပို၍ရှိကြသည်။ ထို့ပြင် အမျိုးသားနိုင်ငံရေးသမားများသည် အားကစားအသင်းများကို ပိုင်ဆိုင်ထားသူများအဖြစ် အစရှိသော နည်းဗျူဟာအသစ်များကို အသုံးပြုပြီး ၎င်းတို့၏ ပုံရိပ်ကို မြှင့်တင်နိုင်ပါသည်။ အမျိုးသမီးများမှာမူ ထိုသို့ မလုပ်ဆောင်နိုင်ကြပါ။ ထိုမျှမက မြန်မာနှင့်ထိုင်းနိုင်ငံကဲ့သို့ စစ်တပ်၏ အခန်းကဏ္ဍကြီးမားသော နိုင်ငံများတွင် အမျိုးသမီးတို့ကို အလိုအလျောက် ဘေးဖယ်ထားပြီး ဖြစ်နေပါသည်။ မြန်မာနိုင်ငံလွှတ်တော်တွင် တပ်မတော်က အလိုအလျောက်ယူထားသည့် နေရာများမှာ အမျိုးသားများအတွက်သာ ဖြစ်လေသည်။ မဲပေးသူများ၏ စိတ်ဝယ် အမျိုးသမီးများကို မဲပေးရန် ချီတုံချတုံဖြစ်နေခြင်းကြောင့်လည်း အရွေးချယ်ခံရသည့် အမျိုးသမီးအရေအတွက် နည်းပါးရခြင်းဖြစ်သည်။ သို့ရာတွင် ရွေးကောက်ပွဲများတွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်မှု တိုးလာပါသည်။

မှတ်သားဖွယ်ရာ

ဗီယက်နမ်နိုင်ငံ၏ ဂျန်ဒါနှင့် နိုင်ငံရေး

ကျား-မ တန်းတူညီမျှရေး ဥပဒေ အပိုဒ် ၁၁ တွင် နိုင်ငံရေးတွင် ဂျန်ဒါ တန်းတူညီမျှရှိမှုကို မြှင့်တင်ပေးမည့် ဆောင်ရွက်ချက်တစ်ခုအဖြစ် နိုင်ငံတော်၏ ကျား-မ တန်းတူညီမျှရေး ရည်မှန်းချက်နှင့်အညီ အမျိုးသားညီလာခံနှင့် ပြည်သူ့ကော်မတီများတွင် အမျိုးသမီးအဖွဲ့ဝင်များ သင့်တော်သော အချိုးအစားအတိုင်း ပါဝင်နိုင်မှုသေချာစေရန် ဖော်ပြထားသည်။ မည်သို့ဖြစ်စေ(၁၂)ကြိမ်မြောက် အမျိုးသားညီလာခံအတွက် ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲများတွင်ပါဝင်ခဲ့သော ကိုယ်စားလှယ် ၂၅% မှာ အမျိုးသမီးများဖြစ်သည်။ သို့သော် ထိုကိန်းဂဏန်းသည် လွန်ခဲ့သည့်နှစ်တွင် ၂၇% ရှိရာမှ ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အမျိုးသမီးများ လေးပုံတစ်ပုံ ပါဝင်ခွင့်ရနေသည့်တိုင်အောင် အားနည်းချက်များ ရှိနေဆဲဖြစ်သည်။ အမျိုးသမီးများသည် လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ လူငယ်အရေးနှင့် တိုင်းရင်းသားမျိုးနွယ်စုများအရေးနှင့်သက်ဆိုင်သော ကော်မတီများတွင်သာ ကောင်းစွာကိုယ်စားပြုပါဝင်နိုင်သည်ဟူသော ဝေဖန်ချက်များ ရှိပါသည်။ ဘတ်ဂျက်ရေးဆွဲခြင်း၊ စီးပွားရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ပါဝင်နိုင်မှု နည်းပါးနေသေးသည်။ ထို့ပြင် အမျိုးသမီးအနည်းငယ်သာလျှင် ခေါင်းဆောင်ပိုင်းနေရာတွင် ရှိပါသည်။

အရှေ့တောင်အာရှတွင်ရှိသော အင်ဒိုနီးရှားနှင့် အရှေ့တီမော နိုင်ငံတို့တွင်သာ အောက်လွှတ်တော်တွင် အမျိုးသမီးများအတွက် နေရာကို ခွဲတမ်းချပေးထားပါသည်။ သို့သော် ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် ခွဲတမ်းစနစ်ကို မိမိတို့ဆန္ဒအလျောက် ပါတီအတွင်းတွင် အကောင်အထည်ဖော်ကျင့်သုံးနေသော နိုင်ငံရေးပါတီများ ရှိပါသည်။ တောင်အာရှနိုင်ငံများတွင်မူ ခွဲတမ်းစနစ်ကို

ကျယ်ကျယ်ပြန့်ပြန့် တွေ့နိုင်ပါသည်။ အိန္ဒိယနိုင်ငံတွင် 'အမျိုးသမီးများအတွက် သီးသန့်ချန်ထားရေး ဥပဒေမူကြမ်း'ကို အဆိုပြုထားပြီး ထိုအဆိုအရ အောက်လွှတ်တော်၏ ၃၃% ရာခိုင်နှုန်းကို အမျိုးသမီးများအတွက် နေရာချန်ထားပေးရန်ဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ အခြားသောနေရာများတွင်လည်း အမျိုးသမီးများအတွက် သီးသန့်နေရာချန်ထားပေးမှုများ ရှိပါသည်။ ထို့အတူ ဘင်္ဂလားဒေ့ရှ်၊ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်တို့တွင်လည်း အမျိုးသမီးများအတွက် နေရာချန်ပေးထားကြပါသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

အစိုးရအဖွဲ့တွင် အမျိုးသမီးများအတွက် သီးသန့်နေရာများ ချန်ပေးထားသင့်ပါသလား။

ကုလသမဂ္ဂ အမျိုးသမီးအဖွဲ့၏ ခေါင်းဆောင် မစ်ချယ်ဘာချလက် ထောက်ပြပြောဆိုသကဲ့သို့ပင် နိုင်ငံတကာ သဘောတူညီချက်များနှင့်အညီ လွှတ်တော်တွင် အမျိုးသမီးပါဝင်မှု အနည်းဆုံး ၃၀% ရှိစေရန်အတွက် ခွဲတမ်းစနစ်ချမှတ်ခြင်းကဲ့သို့သော ယာယီအထူးလုပ်ဆောင်ချက်များ ဆောင်ရွက်ခြင်းကို ကုလသမဂ္ဂအမျိုးသမီးအဖွဲ့က အထူးအားပေးထောက်ခံသည်။ အမျိုးသမီးများအတွက် သီးသန့်နေရာချန်ထားပေးခြင်းသည် တန်းတူညီမျှမှုအတွက် သင့်တော်ကောင်းမွန်ပါရဲ့လား။

ဆန့်ကျင်သူများအနေဖြင့် အမျိုးသမီးများတွက် နိုင်ငံရေးတွင် သီးသန့်နေရာချန်ထားပေးခြင်းမှာ ဒီမိုကရေစီနည်းအရသော်လည်းကောင်း တန်းတူညီမျှမှုရှုထောင့်အရသော်လည်းကောင်း မှန်ကန်ခြင်းမရှိဟု ယူဆပါသည်။ ထို့အတူ ထိုသို့ သီးသန့်နေရာချန်ထားပေးလျှင် ထိုနေရာများသည် နိုင်ငံရေးသမားများ၏ ဇနီးများ၊ သမီးများနှင့် အစ်မ၊ နှမများအတွက်သာ ဖြစ်သွားတတ်ပြီး၊ ထိုနည်းလမ်းအားဖြင့် ၎င်းတို့ဆွေမျိုးတို့အတွက် အစိုးရအဖွဲ့အတွင်းသို့ ဝင်ရောက်လာရန် လွယ်ကူသော လမ်းကြောင်းဖြစ်သွားစေသည်ဟု ဆိုပါသည်။

ထောက်ခံသူများကမူ တရားမျှတမှုမရှိသည့် အခြေအနေများနှင့် ခွဲခြားဆက်ဆံသည့် အနေအထားများကို တည့်မတ်သွားအောင် ဆောင်ရွက်ရန်အတွက် အမျိုးသမီးများ အစိုးရအဖွဲ့အတွင်းသို့ ပါဝင်နိုင်ရန် အရေးကြီးသည်ဟု ယူဆပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် သီးသန့်နေရာချန်ထားပေးခြင်းကို ယာယီလုပ်ဆောင်ချက်တစ်ရပ်အနေဖြင့် လိုအပ်ပါသည်ဟု ဆိုပါသည်။ ထို့ပြင် ရွေးကောက်ပွဲနှင့် နိုင်ငံရေးတို့သည် ဘက်လိုက်မှုရှိရှိ အမျိုးသမီး ပါဝင်မှုကို ကန့်သတ်တတ်သည်ဖြစ်ရာ ခွဲတမ်းစနစ် (သို့မဟုတ်) သီးသန့်နေရာချန်ထားပေးသည့် စနစ်ဖြင့်သာ မညီမျှသော အနေအထားကို တည့်မတ်နိုင်ပါလိမ့်မည်။ နောက်ဆုံးအချက်အနေဖြင့် နိုင်ငံတိုင်းတွင် လူဦးရေ၏ ၅၀% မှာ အမျိုးသမီးများဖြစ်၍ ၎င်းတို့အနေဖြင့် အစိုးရအဖွဲ့တွင် ကိုယ်စားပြုပါဝင်နိုင်ရန် ထိုက်တန်သည်ဟု ဆိုပါသည်။

သင် မည်သို့ ထင်မြင်ယူဆပါသလဲ။

- သင့်နိုင်ငံ၏ အစိုးရအဖွဲ့တွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်စေရန်အတွက် သီးသန့်နေရာချန်ထားပေးရန် လိုအပ်ပါသလား။

- သီးသန့်နေရာများချန်၍ အမျိုးသမီးနိုင်ငံရေးသမားများ ပိုမိုပါဝင်လာအောင် ခွင့်ပြုပေးခြင်းအားဖြင့် အစိုးရအဖွဲ့ ကျင့်သုံးသော ယဉ်ကျေးမှုပုံစံ ပြောင်းလဲနိုင်ပါသလား။
- သီးသန့်ချန်ပေးထားသော နေရာများရှိလျှင် နိုင်ငံရေးသမားဖြစ်ရန် ပိုမိုလွယ်ကူသွားသဖြင့် ထိုစနစ်သည် သင့်တော်မှုတမှု ရှိပါသလား။
- သီးသန့်နေရာချန်ထားပေးခြင်းအားဖြင့် အကျင့်ပျက်လာဘ်စားရန် အလားအလာများ မည်သို့ပေါ်ပေါက်နိုင်ပါသလဲ။

၉.၅.၃ လုပ်ငန်းခွင်က အမျိုးသမီးများ

အမျိုးသမီးများ စီးပွားရေးအခွင့်အရေး တန်းတူညီမျှစွာ ရရှိနိုင်ရေးမှာ အလွန်ဝေးကွာသော အနေအထားတွင် ရှိနေပါသေးသည်။ ကုလသမဂ္ဂ အမျိုးသမီးများအဖွဲ့က ထုတ်ပြန်သော စီးပွားရေးတွင် အမျိုးသမီးများပါဝင်ခြင်းဆိုင်ရာ အချက်အလက်တချို့တွင် အောက်ပါအချက်တို့ ပါဝင်ပါသည်။

- ပျမ်းမျှအားဖြင့် နိုင်ငံအများစုတွင် အမျိုးသမီးများသည် ၎င်းတို့၏လုပ်ခအဖြစ် အမျိုးသားများ လုပ်ခလစာ၏ ၆၀ မှ ၇၅% ကိုသာ ရရှိပါသည်။
- အမျိုးသမီးများသည် အမျိုးသားများထက် တစ်နာရီမှ သုံးနာရီအထိ အိမ်မှုကိစ္စကို ပို၍လုပ်ကြရသည်။
- တစ်ကမ္ဘာလုံးရှိ အလုပ်လုပ်သော အမျိုးသမီး ၅၀% ခန့်မှာ ထိခိုက်လွယ်သော အလုပ်အကိုင်မျိုးကိုသာ လုပ်ကိုင်နေရပါသည်။
- နိုင်ငံများ ၉၀% ခန့်တွင် အမျိုးသမီးများ၏ စီးပွားရေးအခွင့်အလမ်းကို တားဆီးပိတ်ပင်သော ပြဋ္ဌာန်းချက် အနည်းဆုံးတစ်ခု ၎င်းတို့၏ ဥပဒေတွင် ပါရှိတတ်သည်ဟု လေ့လာချက်တစ်ရပ်က ဖော်ပြထားသည်။
- နိုင်ငံအများစုတွင် အမျိုးသမီးများ မြေယာအသုံးချ ပိုင်ဆိုင်ခွင့်၊ ချေးငွေ ရယူနိုင်ခွင့်နှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်အပေါ် တားမြစ်ချက်များ ထားရှိသည်။
- အမျိုးသမီး ၄၀% မှာ အလုပ်မှ စောစီးစွာထွက်ကြရသည်။ အများစုမှာ မိသားစု အကြောင်းပြချက်များကြောင့် ဖြစ်ပါသည်။
- စီးပွားရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် ရာထူးအဆင့်အတန်းမြင့်မားသော နေရာများတွင် ကိုယ်စားပြုပါဝင်နိုင်မှု နည်းပါးပါသည်။ ဥပမာ - အင်ဒိုနီးရှားတွင် စီအီးအိုရာထူးအတွက် ၅% နှင့် ကုမ္ပဏီဒါရိုက်တာအဖွဲ့တွင် ၆% မျှသာ အမျိုးသမီးများ ပါဝင်နိုင်သည်။

ဥပဒေကြောင့် မဟုတ်ဘဲ အများအားဖြင့် လက်တွေ့ကျင့်သုံးမှုတွင် ကွာခြားသဖြင့် ဤသို့သော ခြားနားချက်များ ပေါ်ပေါက်လာရပါသည်။ အရှေ့တောင်အာရှနိုင်ငံများ အားလုံးတွင် လုပ်ငန်းခွင်တွင် ခွဲခြားဆက်ဆံမှုများကို တားဆီးသော ဥပဒေများရှိပါသည်။ ထို့ပြင် တူညီသော အလုပ်အတွက် တူညီသောလုပ်ခလစာပေးရေးကိုလည်း ဥပဒေတွင် ပြဋ္ဌာန်းပေးထားပါသည်။ သို့သော် အမျိုးသမီးနှင့် အမျိုးသားအကြား စီးပွားရေးတန်းတူညီမျှမှု အခြေအနေမှာ ကွာဟနေဆဲ ဖြစ်သည်။ အမျိုးသမီးများ တန်းတူမညီမျှရခြင်းအကြောင်းရင်းမှာ နိုင်ငံများစွာတွင် အတူတူဖြစ်နေ

တတ်သည်။ အမျိုးသမီးများ ပဋိသန္ဓေရှိနေသည့်အတွက် အလုပ်မှအနားယူလိုက်ရသည်မှာ နိုင်ငံတော်တော်များများတွင် ဖြစ်လေ့ရှိသော အခြေခံအကြောင်းအရင်း ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများသည် 'နောက်ဆုံးမှ ခန့်၊ အရင်ဆုံး ဖြုတ်' ခံရသူများ ဖြစ်နေပါသည်။ စီးပွားရေးကြပ်တည်းနေသည့် အခြေအနေများတွင် အမျိုးသမီးတို့၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ရရှိသော ဝင်ငွေတို့သည် အိမ်ထောင်စုတွင် အမျိုးသားဝင်ငွေအပေါ် အပိုထပ်ဆောင်း ဖြစ်စေပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း အမျိုးသမီးလုပ်အားပါဝင်မှုတွင် တိုးတက်မှုရှိခဲ့သော်လည်း မိသားစုအတွင်းတွင် ၎င်းတို့ ထမ်းဆောင်နေရသော တာဝန်ဝတ္တရားများမှာလည်း လျော့ပါးသွားခြင်း မရှိပါ။ အမျိုးသမီးအများစုသည် မိသားစုထဲတွင် အိမ်မှုကိစ္စလုပ်ရပြီး ကလေးသူငယ်၊ ဖျားနာသူနှင့် သက်ကြီးရွယ်အိုများကိုလည်း ပြုစုစောင့်ရှောက်ရသည့်အပြင် တစ်ချိန်တည်းမှာပင် မိသားစု စားဝတ်နေရေးအတွက် ဝင်ငွေရသည့် အလုပ်ကိုပါလုပ်ရ၍ များစွာသော ဝန်ထုပ်ဝန်ပိုးများကို ဆက်လက်ထမ်းရွက်နေရပါသည်။ ထို့အပြင် ၎င်းတို့သည် မိသားစုတာဝန်အပြင် အပိုထပ်ဆောင်းအနေဖြင့် ရပ်ရွာကိစ္စများတွင်လည်း ပါဝင်ဆောင်ရွက်ပေးရပါသေးသည်။ အများအားဖြင့် အမျိုးသမီးများ၏ လုပ်ခလစာမှာ နည်းပါးသည့်အပြင် သန့်ရှင်းရေးဝန်ထမ်း၊ ဧည့်ကြိုနှင့် ဝန်ဆောင်မှုပေးသော အလုပ်များကဲ့သို့သော အာမခံချက်မရှိသော အလုပ်များကိုလည်း လုပ်နေရပါသည်။ ဥပမာအားဖြင့် စတိုးဆိုင်များတွင် အမျိုးသမီး အရောင်းဝန်ထမ်းများစွာ ရှိနေနိုင်သော်လည်း အမျိုးသမီးအနည်းငယ်သာလျှင် ထိုစတိုးဆိုင်များ၏ ပိုင်ရှင် (သို့မဟုတ်) မန်နေဂျာရာထူးတွင် လုပ်ကိုင်ရပါသည်။ ပညာရေးကို လက်လှမ်းမမီခဲ့ခြင်း၊ အလုပ်ထဲတွင် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုနှင့် အမျိုးသားအများစုရှိသောနေရာတွင် လုပ်ငန်းတည်ရှိခြင်း (ဥပမာ - အားကစားရုံများနှင့် ဂေါက်ကွင်း) စသည့် တန်းတူညီမျှမရှိသော အခြေအနေများ ပေါင်းစုံလိုက်သည့်အခါ အမျိုးသမီးများ စီးပွားရေးအခွင့်အလမ်းတွင် နိမ့်ကျခြင်းပြဿနာ ပေါ်ပေါက်လာပါသည်။

သာဓက

အရှေ့တောင်အာရှတွင် လုပ်ငန်းခွင်၌ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုကို တိုက်ဖျက်ခြင်း

အမျိုးသမီးအခွင့်အရေးနှင့်ပတ်သက်ပြီး လတ်တလောတွင် အရှေ့တောင်အာရှ၌ အထင်ကရ သတ်မှတ်ချက်များ ထွက်ပေါ်လာခဲ့သည်ကို တွေ့မြင်ရပါသည်။

၁။ ဖိလစ်ပိုင်နိုင်ငံတွင် လေယာဉ်ဝန်ထမ်း ၆၀၀ ကျော်သည် အမျိုးသမီးဝန်ထမ်းများကို အသက် ၅၅ နှစ်တွင် ပင်စင်ယူခွင့်ပြုသော်လည်း အမျိုးသားများကိုမူ အသက် ၆၀ အထိ တာဝန်ထမ်းဆောင်ခွင့်ပြုထားသည့် မူဝါဒတစ်ရပ်နှင့် ရင်ဆိုင်ခဲ့ရသည်။ ထို့ကြောင့် ၂၀၁၀ ခုနှစ် ဇူလိုင်လတွင် ဖိလစ်ပိုင်နိုင်ငံ တရားရုံးက ထိုသို့သော ခွဲခြားချက်ကို အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုဟု သတ်မှတ်ကာ အဆိုပါမူဝါဒကိုဆန့်ကျင်သည့် အမိန့်ကြေညာစာ ထုတ်ပြန်ခဲ့သည်။

၂။ မလေးရှားနိုင်ငံတွင် ဆရာမတစ်ယောက်ကို ကိုယ်ဝန်ဆောင်ထားခြင်းကြောင့် သင်ကြားရေးရာထူး လျှော့ချထားခြင်းမှ ပိတ်ပင်ခဲ့ဖူးသည်။ သူမ၏ အမှုကို ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် ဗဟိုတရားရုံးက ကြားနာခဲ့သည်။ ထို့နောက် ဗဟိုတရားရုံးသည် စီဒေါ်ဥပဒေကို အသုံးပြုကာ

ကျား-မ လိင်ကွဲပြားမှုအပေါ် အခြေပြုသော ခွဲခြားဆက်ဆံမှုဟု သတ်မှတ်ခဲ့ပါသည်။ စီဒေါ ဥပဒေကို ပူးတွဲဥပဒေအဖြစ် အသုံးပြုကာ စစ်ဆေးခဲ့သဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးအပေါ် ၎င်းတို့၏အခွင့်အရေးကို တားမြစ်ကန့်သတ်ခြင်းမှာ တရားမျှတမှုကင်းမဲ့လျက် ခွဲခြားဆက်ဆံမှု အဖြစ် အဓိပ္ပာယ်သက်ရောက်စေကြောင်း တွေ့ရှိခဲ့ပါသည်။

နိုင်ငံများစွာတွင် မီးဖွားခွင့်အတွက် သတ်မှတ်ပေးထားရာ မလေးရှားနိုင်ငံတွင် ရှစ်ပတ်မျှသာ ရှိသောကြောင့် နည်းပါးသော်လည်း ဗီယက်နမ်နိုင်ငံတွင် လေးလအထိ ကြာမြင့်ပါသည်။ ထို့ပြင် ကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်းတွင် နိုင်ငံတော်က အကူအညီပေးမှု နည်းပါးသဖြင့် အမျိုးသမီး များသည် ၎င်းတို့၏ကလေးကို ပြုစုစောင့်ရှောက်ရန်အတွက် မကြာခဏဆိုသလို အလုပ်မှထွက်ရန် ဖိအားပေးခံရပါသည်။

ဇယား ၉.၆ အရှေ့တောင်အာရှနိုင်ငံများ၏ မီးဖွားခွင့် စံသတ်မှတ်ချက်များ

နိုင်ငံ	ကလေးမီးဖွားခွင့် အချက်အလက်
ဘရူနိုင်း	ကလေးမီးဖွားခွင့်အဖြစ် ရက်ပေါင်း ၁၀၅ ရက်ကို လုပ်ခလစာအပြည့်ဖြင့် ခွင့်ပြုထားပြီး ကလေးမီးဖွားရာတွင် ကုန်ကျသည့်စရိတ်ကို အစိုးရက အပြည့်အဝ ကျခံပေးသည်။
ကမ္ဘောဒီးယား	အမျိုးသမီးဝန်ထမ်းများသည် ကလေးမီးဖွားရန်အတွက် ရက် ၉၀ ကို လုပ်ခလစာ အပြည့်ဖြင့် ခွင့်ခံစားခွင့်ရှိသည်။ (အလုပ်သမား ဥပဒေ ၁၉၉၇၊ အပိုဒ် ၁၈၂-၁၈၅)
အင်ဒိုနီးရှား	အမျိုးသမီးများသည် မီးဖွားခွင့် (မီးမဖွားခင် တစ်လခွဲနှင့် မီးဖွားပြီး တစ်လခွဲ) ကို လုပ်ခ လစာအပြည့်ဖြင့် ခံစားခွင့်ရှိသည်။ (လုပ်သားဥပဒေ အမှတ် ၁၃၊ ၂၀၀၃ ခုနှစ်၊ အပိုဒ် ၈၂-၈၄)
လာအို	ပုံမှန် လစာဖြင့် ရက် ၉၀ ခံစားခွင့် (အလုပ်သမား ဥပဒေ၊ ၂၀၀၆၊ အပိုဒ် ၃၉-၄၀)
မလေးရှား	အမျိုးသမီးဝန်ထမ်းများအားလုံး မီးဖွားခွင့်အဖြစ် ရက်ပေါင်းခြောက်ဆယ်ထက်မနည်း လုပ်ခလစာဖြင့် ခံစားခွင့်ရှိသည် (အပိုင်း ၉ ၊ မလေးရှားနိုင်ငံ အလုပ်အကိုင် အက်ဥပဒေ၊ ၁၉၅၅၊ မိခင်များကို ကာကွယ်စောင့်ရှောက်ခြင်း)
မြန်မာ	၁၉၅၄ ခုနှစ် လူမှုဖူလုံရေး အက်ဥပဒေအရ ကလေးမီးမဖွားခင် ၆ ပတ်နှင့် သတ်မှတ် သည့် ဆေးရုံဆေးခန်းတွင် မီးပွားအပြီး ၂၆ ပတ်အထိ ဆေးကုသမှု ခံယူခွင့်ရှိသည်။
ဖိလစ်ပိုင်	ရက်ပေါင်း ၁၀၀ ကို လုပ်ခလစာအပြည့်ဖြင့် ခံစားခွင့်ပြုပြီး နောက်ထပ် ရက် ၃၀ ကို လစာမဲ့ ခွင့်ပြုပေးသည်။
ထိုင်း	ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးသည် အားလပ်ရက်များအပါအဝင် မီးဖွားခွင့်ကို ရက်ပေါင်း ၉၀ ခံစားခွင့်ရှိသည်။ အလုပ်ရှင်သည် ခွင့်ကာလတွင် ၄၅ ရက်ထက်မပိုသော လုပ်ခလစာ ပေးထားရမည်။ (အလုပ်သမားကာကွယ်ရေး အက်ဥပဒေ ၁၉၉၈၊ ကလေး မီးဖွားခွင့် အပိုင်း)

နိုင်ငံ	ကလေးမီးဖွားခွင့် အချက်အလက်
တီမော	အလုပ်သမားသည် ကလေးမီးဖွားခွင့်အတွက် အနည်းဆုံး ၁၂ ပတ် ခွင့်ခံစားခွင့်ပေးထားရာ၊ ၁၀ ပတ်မှာ ကလေးမွေးဖွားပြီးနောက် လုပ်ခလစာနှင့် မည်သည့်အလုပ်သမားအခွင့်အရေးကိုမှ မဆုံးရှုံးစေဘဲ ခံစားခွင့်ပြုထားသည့် ကာလဖြစ်သည်။ (အပိုဒ် ၅၉၊ အလုပ်သမား ဥပဒေ။ ၂၀၁၂)
စင်ကာပူ	လုပ်ခလစာအပြည့်ဖြင့် ၈ ပတ် ခံစားခွင့် (အပိုင်း ၉။ 'မိခင်ကာကွယ်စောင့်ရှောက်ရေးနှင့် ခံစားခွင့်များ'၊ စင်ကာပူ အလုပ်သမား အက်ဥပဒေ။ ၁၉၈၁)
ဗီယက်နမ်	လစာဖြင့် ရက်ပါင်း ၁၂၀ မှ ၁၈၀ အတွင်း (အပိုဒ် ၁၁၄-၁၁၅၊ အလုပ်သမားဥပဒေ။ ၁၉၉၄)

အမျိုးသမီးများသည် စီးပွားရေးတွင်တန်းတူညီမျှအနေအထား မရရှိခြင်းမှာ လုပ်ငန်းခွင်တစ်ခုတည်းတွင်သာ ဖြစ်ပွားနေခြင်းမဟုတ်ဘဲ မြေယာကဲ့သို့ ဝင်ငွေရရှိစေသော အရင်းအမြစ်များကို စီမံခန့်ခွဲနိုင်ခွင့်ကိုလည်း ကန့်သတ်ထားသည့်ဖြစ်ရပ်မျိုးလည်း ရှိပါသည်။ အရှေ့တောင်အာရှ၏ ရိုးရာအစဉ်အလာ တော်တော်များများတွင် သားအကြီးဆုံးကသာ မိသားစုစီးပွားရေးလုပ်ငန်းနှင့် ပိုင်ဆိုင်မှုများကို အမွေဆက်ခံပိုင်ခွင့် ရထားသည်။ အမျိုးသမီးသမီးများအနေဖြင့် ၎င်းတို့ မိသားစု၏ အမွေကိုဆက်ခံလျှင် ခင်ပွန်းဘက်က မိသားစုကို လက်လွှတ်ဆုံးရှုံးရမည်ကို စိုးသဖြင့် အမွေမဆက်ခံရဲကြပါ။ ထိုသို့သော ဖြစ်ရပ်ကို ထိုင်းနိုင်ငံဥပဒေတွင် တွေ့မြင်ရပါသည်။ ထိုင်းအမျိုးသမီးတစ်ဦး နိုင်ငံခြားသားတစ်ဦးနှင့် လက်ထပ်ထားလျှင် မြေယာပိုင်ဆိုင်ခွင့် မရှိပါ။ သို့သော် နိုင်ငံခြားသူဇနီးရှိသော ထိုင်းအမျိုးသားတစ်ဦးသည် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုအတွက် သူ၏အခွင့်အရေးကို မဆုံးရှုံးရပါ။ သမီး မိန်းကလေးများကိုသာ မိသားစုလုပ်ငန်းဆက်ခံခွင့်ရှိသော ဖြစ်ရပ်များလည်း ရှိကောင်းရှိနိုင်ပါသည်။ သို့ရာတွင် ထိုသို့ဆက်ခံနိုင်ခြင်းမှာ အစဉ်အလာတစ်ခုအဖြစ် တည်နေခြင်းကြောင့် မဟုတ်ပေ။

သာဓက

ကမ္ဘောဒီးယားနိုင်ငံရှိ ဂျန်ဒါနှင့် မြေယာအခွင့်အရေး

၂၀၀၁ ခုနှစ်တွင် မြေယာဥပဒေ ပြဋ္ဌာန်းပြီးချိန်မှစ၍ မြေယာ ၈၀,၀၀၀ သောင်းနီးပါး ပိုင်ဆိုင်မှုကို အမည်အသစ်များဖြင့် ထုတ်ပြန်ပေးပြီးဖြစ်သည်။ ၎င်းတို့အနက် ၇၈% သော မြေယာများမှာ ခင်ပွန်းနှင့်ဇနီး နှစ်ဦးစလုံး၏အမည်ဖြင့် အမည်ပေါက် ပြုလုပ်ထားသည်။ အိမ်ထောင်ဦးစီးနေရာတွင် ပါရှိသော အမျိုးသားနာမည်ကိုသာ တစ်ဦးတည်း မြေယာပိုင်ဆိုင်ခွင့် ပေးထားလျှင် လင်မယားခွဲနေသည့်အခါ (သို့) ကွာရှင်းသည့်အခါ (သို့) ခင်ပွန်းသည် ကွယ်လွန်သောအခါ အမျိုးသမီးမှာ မြေယာပိုင်ဆိုင်ခွင့်ကို ဆုံးရှုံးရလေသည်။ အမျိုးသမီး၊ အထူးသဖြင့် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုတွင် ၎င်းတို့၏ မြေယာပိုင်ဆိုင်ခွင့်ကို အများအားဖြင့် လျစ်လျူရှုခံထားရကြောင်း လေ့လာဆန်းစစ်မှုတစ်ခုက ဆိုပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ အမျိုးသမီးများ မြေယာပိုင်ဆိုင်ခွင့်နှင့်

အမည်ပြောင်း လုပ်ငန်းစဉ်တွင် အသိပညာမကြွယ်ဝရခြင်းအကြောင်းနှင့် တစ်စိတ်တစ်ပိုင်း သက်ဆိုင်ပါသည်။ အခွင့်အာဏာကြီးမားသောလူများ ကျူးလွန်သော မြေသိမ်းယာသိမ်း ကိစ္စများကြောင့် လူအခွင့်အရေး အချို့ဖောက်ခံရမှုဖြစ်ရပ်များ ဆိုးဆိုးဝါးဝါး ဖြစ်ပေါ်လာရသည်။ ထိုဖြစ်ရပ်တွင် အကျူးလွန်ခံရသော အမျိုးသမီးများမှာ ၎င်းတို့မြေယာမှ အဖယ်ရှားခံရပြီးနောက်တွင် ပြောင်းရွှေ့နေထိုင်ရန် အခြားနေရာလည်း မရှိကြပေ။ ဥပမာ - ၂၀၀၄ ခုနှစ်တွင် စည်ပင်သာယာ စီမံကိန်းများ အကောင်အထည်ဖော်ရန်အတွက် ခိုပစ်ကျွန်းပေါ်က အိမ်ထောင်စု ၃၀၇ စု ကို ဖယ်ရှားခဲ့ကြသည်။ ထိုဖြစ်ရပ်တွင် အဓိက ထိခိုက်ခံစားရသူများမှာ အမျိုးသမီးများဖြစ်သည်။ မကြာခဏ မြို့ကြီးများသို့ (သို့မဟုတ်) ကျေးလက်မှ မြို့ပြသို့ ရွှေ့ပြောင်းရခြင်းကြောင့်လည်း မြေယာပိုင်ဆိုင်မှု လျော့ကျသွားရာတွင် အခက်အခဲများ ဖြစ်ပေါ်လာရသည်။

(စီဒေါ်၏ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ကော်မတီနှင့် ကမ္ဘောဒီးယား အမျိုးသမီးများ ကော်မတီ၊ ၂၀၀၆)

လုပ်သားအင်အားတွင် အမျိုးသမီးကြီးစိုးမှု

ထုတ်လုပ်ရေးနှင့် စီးပွားရေးတွင် ဖွဲ့စည်းပုံဖြောင်းလဲမှုများကြောင့် အထူးသဖြင့်စက်ရုံအလုပ်ရုံများတွင် အမျိုးသမီး လုပ်သားအင်အား တိုးပွားရေးကို ဦးတည်စေပါသည်။

ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် လုပ်သားအင်အားတွင် အမျိုးသမီးတို့၏ နေရာတွင် အပြောင်းအလဲများစွာ ဖြစ်ပေါ်လာရပါသည်။ လုပ်သားအင်အားတွင် အမျိုးသမီးကြီးစိုးမှု ရှိစေရန် ပြုလုပ်သည့် ဖြစ်စဉ်တွင် အသွားနှစ်ဖက် သက်ရောက်မှု ရှိသည်။ လုပ်သားအင်အားတွင် အမျိုးသမီး အရေအတွက် တိုးပွားလာခြင်း၊ သို့သော် လုပ်ခလစာနည်းသော အလုပ်များတွင်သာ လုပ်ကိုင်ရခြင်း ဟူ၍ ဖြစ်သည်။ ရွှေ့ပြောင်းလုပ်သားဦးရေ တိုးပွားလာရခြင်းသည် အမျိုးသမီးများ အလုပ်အတွက် ခရီးသွားလာမှု များပြားလာခြင်းကြောင့် ဖြစ်သည်။ အထူးသဖြင့် ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတွင် ဖြစ်သည်။ ထိုသို့ ပြောင်းလဲခြင်းကြောင့် အမျိုးသမီးများသည် စီးပွားရေးအရင်းအမြစ်များကို လက်လှမ်းမီနိုင်မှု တိုးပွားလာသည်ဟု ယူဆကောင်း ယူဆနိုင်ပါသည်။ သို့ရာတွင် ချေးငွေရရှိမှုနှင့် ပိုင်ဆိုင်မှုပစ္စည်းများကို ထိန်းသိမ်းနိုင်မှုတွင် အမျိုးသမီးများကို တန်းတူညီမျှခွင့် မပေးထားလျှင် အမျိုးသမီးများသည် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများ ကြုံတွေ့နေရဆဲဟု ဆိုနိုင်ပါသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

စီးပွားရေး စီမံအုပ်ချုပ်မှု ဘုတ်အဖွဲ့မှ အမျိုးသမီးများ

နော်ဝေနိုင်ငံသည် ငါးနှစ်အတွင်း ပဂ္ဂလိကကုမ္ပဏီများ၏ ဘုတ်အဖွဲ့ဝင် ၄၀% ကို အမျိုးသမီးများ ထည့်သွင်းပါရှိရေး ဥပဒေတစ်ရပ်ကို ၂၀၀၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ယခုအခါ နော်ဝေနိုင်ငံသည် အမျိုးသမီး ကော်ပိုရိတ်ဒါရိုက်တာ ၃၅% နှင့် ထိပ်သီးစီမံခန့်ခွဲမှုနေရာတွင် ရှိနေသူ ၁၈% ရှိသော နိုင်ငံအဖြစ် ကမ္ဘာပေါ်တွင် ဦးဆောင်လျက်ရှိပါသည်။ ဆွီဒင်နိုင်ငံသည်လည်း ဘုတ်အဖွဲ့ဝင် ကိုယ်စားလှယ်များ၏ ၅၀% တွင် အမျိုးသမီးခန့်ထားရေး ရည်မှန်းချက် ထားရှိထားပါသည်။ လက်တလောတွင် ဘုတ်အဖွဲ့၏ ၂၅% တွင် အမျိုးသမီးများ ပါရှိနေပြီဖြစ်သည်။ ထို့အတူ ပြင်သစ်နိုင်ငံကလည်း အမျိုးသမီး ၄၀% ပါရှိရန် ရည်မှန်းချက်ထားရှိပါသည်။ ကိုရီးယားနိုင်ငံကမူ ဘုတ်အဖွဲ့၏ နေရာ ၃၀% ကို အမျိုးသမီးများအတွက် ခွဲတမ်းပေးနိုင်မည့် ဥပဒေတစ်ရပ် ငါးနှစ်အတွင်း ပေါ်ပေါက်လာစေရန် စီစဉ်လျက်ရှိသည်။

မေးခွန်းများ

- စီးပွားရေးစီမံအုပ်ချုပ်မှု ဘုတ်အဖွဲ့တွင် အမျိုးသမီးများပါရှိခြင်းကြောင့် မည်သို့သော အကျိုးကျေးဇူးများ ရရှိလာနိုင်ပါသလဲ။
- ဘုတ်အဖွဲ့တွင် အမျိုးသမီးများပိုမို ပါဝင်လာစေရန် ကုမ္ပဏီများကို တွန်းအားပေးသော ဥပဒေများ ပြဋ္ဌာန်းပေးခြင်းအားဖြင့် ကုမ္ပဏီတွင် ဂျန်ဒါ တန်းတူညီမျှရှိစေရန် ဖန်တီးပေးနိုင်ပါသလား။ မည်သို့ ဖန်တီးပေးနိုင်ပါသလဲ။
- ပုဂ္ဂလိကကုမ္ပဏီတစ်ခုအပေါ်တွင် ဤလိုအပ်ချက်များကို အတင်းအကျပ် လိုက်နာစေခြင်းသည် တရားမျှတမှု ရှိပါသလား။

၉.၆ နိဂုံး

ဤအခန်းတွင် အမျိုးသမီးများအပေါ် ခွဲခြားနှိမ့်ချဆက်ဆံသည့် ယဉ်ကျေးမှုနှင့် အဖွဲ့အစည်းမူဘောင်ဆိုင်ရာ အကြောင်းပြချက်များကို လေ့လာခဲ့ပါသည်။ စီဒေါပဋိညာဉ်စာချုပ်သည် ခွဲခြားဆက်ဆံမှုကို ဆန့်ကျင်သည့် လူအခွင့်အရေး စာချုပ်တစ်ခုဖြစ်ပြီး၊ သဘောတူလက်မှတ်ရေးထိုးထားသော အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် အမျိုးသမီးများကြုံတွေ့ရသည့် ခွဲခြားဆက်ဆံမှုများအကြောင်း နိုင်ငံတော်က ရည်ညွှန်းဖော်ထုတ်ရာတွင် စီဒေါကို ကိုးကားပြီး သုံးသပ်နိုင်ပါသည်။ သို့ရာတွင် ခွဲခြားနှိမ်ချဆက်ဆံမှုများသည် ယဉ်ကျေးမှုနှင့် ရိုးရာအစဉ်အလာ စံတန်ဖိုးများတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေတတ်ပါသည်။ ထို့ကြောင့် အရှေ့တောင်အာရှမှ အမျိုးသမီးများ တန်းတူညီမျှမှုရှိသည့် အခြေအနေတစ်ရပ်သို့ ရောက်လာသည်အထိ များစွာအလုပ်လုပ်ကြရဦးမည်ဖြစ်ပါသည်။ လုပ်ငန်းခွင်၊ နိုင်ငံရေးနှင့် အကြမ်းဖက်မှုများကို ကဏ္ဍအလိုက် ဆွေးနွေးခဲ့ပြီးဖြစ်သော်လည်း ဘာသာရေး၊ ပညာရေးနှင့် မျိုးပွားကျန်းမာရေးဆိုင်ရာ အပါအဝင် အမျိုးသမီးအခွင့်အရေးအတွက် စိုးရိမ်စရာကောင်းသည့် နယ်ပယ်များစွာ ကျန်ရှိနေပါသေးသည်။

က။ အနှစ်ချုပ်နှင့်အဓိကအချက်များ

မိတ်ဆက်

အမျိုးသမီးများသည် အမျိုးသားများတန်းတူ အခွင့်အရေးပေးခံရမှုမျိုးမှာ မရှိသလောက်ကြုံတောင့်ကြုံခဲ ရှားပါးပါသည်။ အမျိုးသမီးများသည် လုပ်ငန်းခွင့်၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ကျန်းမာရေးအပါအဝင် နယ်ပယ်များစွာတွင် ခွဲခြားဆက်ဆံမှုများ ကြုံတွေ့နေရပါသည်။ ၁၉၆၀ နှစ်များအတွင်းက အမျိုးသမီးအခွင့်အရေးလှုပ်ရှားမှု သမိုင်းဖြစ်စဉ်သည် အမျိုးသမီး မဲပေးသူများနှင့် ကွတ်ထိယဝါဒ ပေါ်ထွန်းလာရေး ဦးတည်ပါသည်။ သို့ရာတွင် အမျိုးသမီးများ တန်းတူညီမျှမှုရှိရေး အနေအထားသို့ရောက်ရန် ရုန်းကန်လှုပ်ရှားခဲ့ရသည်မှာ ရှည်လျားလှသော သမိုင်းကြောင်း ဖြစ်ပါသည်။ ဥရောပ ဉာဏ်အလင်းပွင့်ခေတ်တစ်လျှောက်လုံးက ရှေးခေတ်လူ့အဖွဲ့အစည်းမှသည် ယနေ့ခေတ်ကာလအထိ အမျိုးသမီးများ တက်ကြွစွာ ပါဝင်ခဲ့သည်။ အရှေ့တောင်အာရှမှ အစောပိုင်းကာလက အမျိုးသမီးလှုပ်ရှားတက်ကြွသူများမှာ ပညာရေး၊ မဲပေးနိုင်ခွင့်နှင့် ပရဟိတတို့ကို ဦးတည်လုပ်ဆောင်ခဲ့သည်။ ခေတ်မီ အမျိုးသမီးများ လွတ်မြောက်ရေး လှုပ်ရှားမှုသည် စီဒေါ သဘောတူညီချက် အကောင်အထည်ဖော်ခြင်း (၁၉၇၉) နှင့်အတူ ကုလသမဂ္ဂ နိုင်ငံတကာအမျိုးသမီးများနှစ် သတ်မှတ်လိုက်ခြင်း၏ သက်ရောက်မှုများစွာ ပါဝင်ခဲ့သည်။

ခွဲခြားဆက်ဆံမှုကို အဓိဗ္ဘာယ်ဖွင့်ဆိုခြင်း

ခွဲခြားဆက်ဆံမှုဟူသည် လိင် သဘောတရား (လူတစ်ဦးတစ်ယောက်၏ ဇီဝကမ္မဆိုင်ရာ ဖော်ပြချက်)နှင့် ဂျန်ဒါ (သို့မဟုတ် လူတစ်ဦးတစ်ယောက်၏ လူမှုအခန်းကဏ္ဍနှင့် ၎င်းတို့ကို 'ကျား' သို့မဟုတ် 'မ' အဖြစ် မျှော်လင့်ထားချက်) ကို ပေါင်းစည်းထားခြင်းဖြစ်သည်။ လိင် ဆိုသည်မှာ ဇီဝသဘောတရားဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်ပြီး လတ်တလော သိပ္ပံနည်းကျလေ့လာမှုများက ခန္ဓာကိုယ်သည် အမြဲတစေ 'ကျား' သို့မဟုတ် 'မ'အဖြစ် အကျုံးမဝင်နိုင်ပါဟု ဖော်ပြထားပါသည်။ ဂျန်ဒါ၏ အဓိပ္ပာယ်မှာ အမျိုးသားနှင့် အမျိုးသမီးဟုဆိုလျှင် မည်သို့သောအချက်များနှင့် ကိုက်ညီရမည်ဟူ၍ မျှော်မှန်းကာ ရိုးရာအစဉ်အလာ စံတန်ဖိုးများနှင့် သတ်မှတ်ထားသော ဝိသေသလက္ခဏာများကို ဆိုလိုပါသည်။ လူတစ်ဦးတစ်ယောက်သည် သူ့ခန္ဓာကိုယ်တွင်ပါရှိသည့် လိင်အင်္ဂါအတိုင်း 'ကျား' (သို့မဟုတ်) 'မ' အခန်းကဏ္ဍတွင် ပါဝင်နေလိမ့်မည်ဟု ယူဆကြသည်။ ထို့ပြင် အမျိုးသမီးများကို မိခင် (သို့မဟုတ်) အိမ်ထောင်ရှင်မ ဖြစ်ရန်သာ မှန်းထားပြီး နိုင်ငံရေးနှင့် စီးပွားရေးတို့တွင် တက်ကြွသောအခန်းကဏ္ဍတွင် ပါဝင်ခွင့်မပေးခြင်းမှာ ၎င်းတို့၏စွမ်းရည်ကို ချိုးနှိမ်နေရာ ရောက်ပါသည်။ သူတို့ထမ်းဆောင်နေရသည့် အမျိုးသမီးတို့၏ အခန်းကဏ္ဍဆိုသည်မှာလည်း လူမှုဝန်းကျင်၏ တည်ဆောက်ချက်သာဖြစ်ပြီး မိသားစု၊ စာသင်ကျောင်း၊ လုပ်ငန်းခွင်နှင့် ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းတို့က ထိုတည်ဆောက်ချက်ခိုင်မာအောင် ပို၍ ပံ့ပိုးပေးပါသည်။ သတ်မှတ်ထားသည့် ကျား-မ အခန်းကဏ္ဍအတိုင်း မလိုက်နာသည့် အမျိုးသားနှင့် အမျိုးသမီးတို့သည် ခွဲခြားဆက်ဆံမှု ပုံစံမျိုးစုံ၊ လူမှုရေးဖိအား၊ အရှက်တရားနှင့် အကြမ်းဖက်ခံရခြင်း စသည်တို့ ကြုံတွေ့ခံစားရနိုင်ပါသည်။

စီဒေါ

စီဒေါကော်မတီသည် ခွဲခြားဆက်ဆံမှုများနှင့် အမျိုးသမီးများ တန်းတူညီမျှခွင့်ရရှိရေး အတွက် အစိုးရများ ဝါယမစိုက်ထုတ်ဆောင်ရွက်သင့်သည့် နယ်ပယ်များကို ညွှန်ပြပါသည်။ စီဒေါကို အများဆုံးဆန့်ကျင်ကြရာတွင် အထူးသဖြင့် မိသားစုအရေးနှင့် လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ အခွင့်အရေးတို့တွင် ၎င်းသည် ယဉ်ကျေးမှုနှင့် ဘာသာရေးယူဆချက်တို့နှင့် ပွတ်တိုက်မှု ရှိနေခြင်း ကြောင့် ဖြစ်သည်။ စီဒေါသည် အမျိုးသမီးများ တရားမျှတမှုကို လက်လှမ်းမီခွင့်ကို သေချာစေရန်၊ တန်းတူညီမျှမှုကို မြှင့်တင်ရန်၊ ယဉ်ကျေးမှုကို ပြုပြင်ပြောင်းလဲရန်နှင့် ခွဲခြားမှုမရှိသည့် မူဝါဒများ ပေါင်းစပ်ပါဝင်သော ဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းရန် အဖွဲ့ဝင်နိုင်ငံများကို တောင်းဆိုထားပါသည်။ စီဒေါသည် နိုင်ငံအများအပြား ပါဝင်လက်မှတ်ရေးထိုးထားသော ပဋိညာဉ်စာချုပ်တစ်ခု ဖြစ်သော်လည်း အခြားသော သဘောတူစာချုပ်ထက် ၎င်းတွင် ခြွင်းချက်ထား၍ လက်မှတ်ထိုးသော အချက်ပို၍များပြားပါသည်။ ခြွင်းချက်ထားသော အချက်များမှာ လက်ထပ်ထိမ်းမြားမှုတွင် တန်းတူညီမျှ အခွင့်အရေး၊ ကွာရှင်းခွင့်နှင့် လုပ်ငန်းခွင်တို့တွင် တန်းတူညီမျှရှိမှုအတွက် တောင်းဆိုထားသော အချက်များနှင့် သက်ဆိုင်ပါသည်။ စီဒေါတွင် ဖော်ပြပါရှိသော ခွဲခြားဆက်ဆံမှု သုံးမျိုးမှာ - လိင်အပေါ်မူတည်၍ အမျိုးသမီးများကို အမျိုးသားများနှင့်တန်းတူ လူ့အခွင့်အရေး မရရှိစေရန် ခွဲခြားသော အပြုအမူများ၊ သီးသန့်ဖြစ်အောင် ဖယ်ထုတ်ခြင်းနှင့် တားမြစ်ကန့်သတ်ခြင်းတို့ ဖြစ်ပါသည်။ ခွဲခြားဆက်ဆံမှုတို့သည် ဥပဒေကြောင့်သော်လည်းကောင်း (ဥပဒေအရ ခွဲခြားဆက်ဆံခြင်း)၊ သို့မဟုတ် လက်ခံထားသော အကြောင်းပြချက်ဖြင့်သော်လည်းကောင်း (လက်ခံကျင့်သုံးမှုအရ ခွဲခြားဆက်ဆံခြင်း) စသော နည်းလမ်းနှစ်သွယ်ဖြင့် ပေါ်ပေါက်နိုင်သည်။ အစိုးရအဖွဲ့အစည်းများသည် ခွဲခြားဆက်ဆံမှုကို ပပျောက်စေနိုင်သည့် ဥပဒေပြဋ္ဌာန်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို သေချာကြပ်မတ်ရပါမည်။

စီဒေါတွင်ပါဝင်သော တန်းတူညီမျှရှိမှု သဘောတရား

တန်းတူညီမျှရှိမှုအတွက် သမားရိုးကျပုံစံမှာ အမျိုးသားနှင့် အမျိုးသမီးသည် အတူတူပင် ဖြစ်သောကြောင့် သူတို့ကို တူညီစွာဆက်ဆံရမည်ဆိုသော အဆိုတွင် အခြေပြုထားပါသည်။ အကာအကွယ်ပေးလိုသူများ ရှုမြင်သော တန်းတူညီရှိမှုဆိုသည်မှာ အမျိုးသမီးများကို အကာအကွယ်ပေးရန် ရည်ရွယ်ချက်ဖြင့် သူတို့ မလုပ်သင့်သည့်အလုပ်ဟူ၍ ကန့်သတ်တားမြစ်ထားခြင်းဖြစ်သည်။ တန်းတူညီမျှရှိမှုကို အရှိတရားအတိုင်း လက်ခံသည့်ပုံစံကို စီဒေါက လက်ခံကျင့်သုံးနေပါသည်။ ထိုပုံစံအားဖြင့် အခွင့်အရေးနှင့် ရလဒ်များတွင် တန်းတူညီမျှရှိမှုကို ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ စီဒေါသည် ပြုပြင်ရေးနည်းလမ်းကို အသုံးပြု၍ အဖွဲ့ဝင်နိုင်ငံများသည် အမျိုးသမီးများကို နှိမ်ချခြင်းနှင့် တစ်ဆင့်နှိမ့်ဆက်ဆံမှုများ ပပျောက်စေရန် လူမှုအလေ့အကျင့်များကို ပြုပြင်ပေးရမည်ဟု ဖော်ပြထားပါသည်။ စီဒေါသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ဆန့်ကျင်ခြင်း၊ မတူကွဲပြားသော အကြောင်းအရာများနှင့် အမျိုးသမီးများ၏ခွန်အားကို မြှင့်တင်ရာတွင် ပိုမိုခိုင်မာသော ကော်မတီဖြစ်ပါသည်။

အမျိုးသမီးအခွင့်အရေး ကာကွယ်ရေး ယန္တရားများ

အမျိုးသမီး အခွင့်အရေးအတွက် နိုင်ငံတကာအဆင့် အကာအကွယ်ပေးရေးကို စီဒေါ်၏ စာချုပ်နောက်ဆက်တွင် ဖော်ပြထားပြီး၊ ထို့အတွက် စီဒေါသည် တစ်ဦးချင်းတိုင်ကြားသော အမှုများကို ဆက်သွယ်တိုင်ကြားမှု ဟူ၍လည်းကောင်း (အမှုပေါင်း ၆၇ ခုဝန်းကျင်ရှိ) မတ္တဆီကိုနှင့် ကနေဒါတွင်ဖြစ်ပွားသော အမှုများကိုမူ စုံစမ်းစစ်ဆေးမှုဟူ၍လည်းကောင်း လုပ်ငန်းစဉ်နှစ်ရပ် ထားရှိ အကောင်အထည်ဖော်ပါသည်။ ကုလသမဂ္ဂတွင် ၂၀၁၀ ခုနှစ်တွင် ကုလသမဂ္ဂအမျိုးသမီးအဖွဲ့၊ ၁၉၄၆ ခုနှစ်တွင် အမျိုးသမီးတို့၏ အဆင့်အတန်း စုံစမ်းစစ်ဆေးရေး ကော်မရှင်နှင့် အမျိုးသမီးနှင့် ဂျန်ဒါ တန်းတူညီမျှရှိမှုအတွက် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ ကွန်ရက် အစရှိသော အဖွဲ့အစည်းများ၊ ရုံးများ၊ လုပ်ငန်းအစီအစဉ်များဖြင့် ထူထောင်၍ အကောင်အထည်ဖော်လျက် ရှိပါသည်။

အဆိုပါ အမျိုးသမီးအဖွဲ့အစည်းများ၏ ရည်မှန်းချက်ပန်းတိုင်တချို့ကို သဘောတူလက်ခံကြသော်လည်း အမျိုးသမီးစွမ်းရည်မြှင့်တင်ရေး၊ မျိုးဆက်ပြန့်ပွားခြင်းဆိုင်ရာ အခွင့်အရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးကို ဦးတည်သော လုပ်ဆောင်ချက်များ အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အနည်းငယ်သာ ရှိပါသည်။ အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မရှင်သည် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးကို မြှင့်တင်ပေးမည့် ဒေသလုံးဆိုင်ရာ အဖွဲ့အစည်း ဖြစ်ပါသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်း

အမျိုးသမီးများသည် အိမ်တွင်၊ လုပ်ငန်းခွင်တွင်၊ ရပ်ထဲရွာထဲတွင် အမျိုးသားများထက်ပိုပြီး အကြမ်းဖက်မှုကို ခံစားနေရပါသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုသည်မှာ ယခုတလော အပြောများနေသည့် အိမ်ထောင်ဘက်က ကျူးလွန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် သတ်မှတ်ထားသော ကျား-မ (ဂျန်ဒါ) အခန်းကဏ္ဍတွင် လိုက်နာပါဝင်ခြင်းမရှိသဖြင့် လိင်ကွဲပြားမှုအပေါ် အခြေပြုဖြစ်ပွားသော အကြမ်းဖက်မှုအပါအဝင် အကြမ်းဖက်မှုပုံစံမျိုးစုံနှင့် သက်ဆိုင်ပါသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းသည် အကြမ်းဖက်သည့်အပြုအမူတစ်ခု ဖြစ်ရုံမက အမျိုးသမီးများ တိုးတက်မြင့်မားခွင့်ကို ယုတ်လျော့စေသည့် ယန္တရားတစ်ခုလည်း ဖြစ်ပါသည်။ ရပ်ရွာလူထုနှင့် ၎င်းတို့၏ ယဉ်ကျေးမှုအရ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို လက်သင့်ခံလိုက်သည့်အခါ လူမှုဝန်းကျင်တွင် အမျိုးသမီးများ၏ဘဝမှာ တန်းတူညီမျှ အနေအထားသို့ မရောက်တော့ပါ။ အကြမ်းဖက်မှုသည် လူမှုဝန်းကျင်၏ တည်ဆောက်ချက်တစ်ခုဖြစ်ပြီး မျှော်မှန်းထားသည့် ကျား-မ အခန်းကဏ္ဍများတွင် လိုက်နာပါဝင်ခြင်းမရှိသဖြင့် အပြစ်ပေးသည့်သဘောအနေနှင့် အကြမ်းဖက်မှုကို ကျူးလွန်နိုင်ပါသည်။ အိမ်တွင်းအကြမ်းဖက်မှုတွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှု ပုံစံမျိုးစုံ ပါဝင်ပါသည်။ အရှေ့တောင်အာရှရှိ နိုင်ငံများအားလုံးနီးပါးတွင် အိမ်တွင်း အကြမ်းဖက်မှုဆိုင်ရာဥပဒေ ပြဋ္ဌာန်းထားပါသည်။ သို့ရာတွင် ထိုဥပဒေများတွင် အားနည်းချက်များ ရှိနေပြီး၊ ၎င်းဥပဒေသည် အကြမ်းဖက်မှုအမျိုးမျိုးကို အကာအကွယ်မပေးနိုင်ပါ။ ထို့ပြင် ထိုဥပဒေများဖြင့် တင်းတင်းကျပ်ကျပ် အရေးယူမှုတွင်လည်း အားနည်းလျက်ရှိသည်။

နိုင်ငံရေးတွင် အမျိုးသမီးများ ကိုယ်စားပြု ပါဝင်မှု

အမျိုးသမီးများ နိုင်ငံရေးတွင် ကိုယ်စားပြုပါဝင်လာနိုင်ရေးမှာ ကုလသမဂ္ဂအမျိုးသမီးအဖွဲ့၏ ဦးစားပေးအချက်ဖြစ်ပါသည်။ အရှေ့တောင်အာရှ အစိုးရအဖွဲ့များတွင် အမျိုးသမီးများ ကိုယ်စားပြု ပါဝင်နိုင်မှု အလွန်နည်းပါးပါသည်။ အမျိုးသမီးများ ဝင်ရောက်အရွေးကောက်ခံနိုင်ရန်အတွက် တွေ့ကြုံရသော စိန်ခေါ်မှုများမှာ အမျိုးသားများသည် အမျိုးသမီးများထက် ရန်ပုံငွေပိုရှိခြင်း၊ လွတ်လွတ်လပ်လပ် ခရီးသွား၍ မဲဆွယ်စည်းရုံးနိုင်ခြင်းနှင့် စစ်တပ်၊ ရဲနှင့် လုပ်ငန်းအဖွဲ့အစည်းများနှင့် ပိုမိုကောင်းမွန်စွာ ချိတ်ဆက်ထားနိုင်ခြင်းတို့ကြောင့် ဖြစ်သည်။ အချို့သော နိုင်ငံများတွင် အမျိုးသမီးများအတွက် အရွေးကောက်ခံနိုင်ရန် ခွဲတမ်းများ ထားရှိပေးပါသည်။ သို့သော် ထိုခွဲတမ်းစနစ်အပေါ် အငြင်းပွားမှုတချို့ ရှိနေဆဲဖြစ်သည်။

လုပ်ငန်းခွင်မှ အမျိုးသမီးများ

အမျိုးသမီးများသည် စီးပွားရေးအခွင့်အရေးတွင်လည်း တန်းတူညီမျှခွင့် မရကြပါ။ လုပ်ခလစာနည်းနည်းဖြင့် အလုပ်ပို၍လုပ်ရခြင်းနှင့် ချေးငွေများ၊ ဝင်ငွေရရှိသည့် အရင်းအမြစ်များနှင့် အမွေဆက်ခံပိုင်ခွင့်ကို တန်းတူညီမျှစွာ လက်လှမ်းမီ ရယူနိုင်မှုမရှိခြင်းတို့က အမျိုးသမီးများ စီးပွားရေးအခွင့်အလမ်းတွင် တန်းတူညီမျှခွင့်မရကြောင်း ဖော်ပြနေပါသည်။ အမျိုးသမီးတို့သည် နည်းပါးသော လစာဖြင့် အလုပ်ပိုလုပ်ရသည့်အပြင်၊ ထိုအလုပ်များသည် လုပ်ငန်းခွင်တွင် ပေါ်ပေါက်နိုင်သော လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများမှ အကာအကွယ်မပေးနိုင်သဖြင့် လုံခြုံရေးအာမခံချက်မရှိဟု ဆိုနိုင်ပါသည်။ အမျိုးသမီးတို့ ပဋိသန္ဓေရှိလျှင် ၎င်းတို့သည် အလုပ်ဖြုတ်ခံရဖွယ်ရှိလျှင်ရှိ သို့မဟုတ် လျှင် မီးဖွားခွင့် အလုံအလောက်မပေးသည့် အခြေအနေတို့နှင့် ကြုံတွေ့နိုင်ပါသည်။ ကမ္ဘာပြုဖြစ်စဉ်အရ လုပ်သားတို့လည်း ပြောင်းလဲလာရာ အလုပ်လုပ်သော အမျိုးသမီးအရေအတွက် ပိုမိုများပြားလာပြီး အမျိုးသမီးများ အလုပ်အတွက် ရွှေ့ပြောင်းသွားလာမှုများလည်း တိုးတက်လာပါသည်။ ထိုအကျိုးဆက်ကြောင့် ကောင်းကျိုး၊ ဆိုးကျိုး နှစ်မျိုးစလုံး ဖြစ်နိုင်ပါသည်။

ခ။ စာမေးပွဲ သို့မဟုတ် အက်ဆေးမေးခွန်းများ

- အမျိုးသမီးနှင့် အမျိုးသားများအကြားတွင် ရုပ်ပိုင်းဆိုင်ရာ ကွာခြားချက်ရှိခြင်းကြောင့် ၎င်းတို့ကို ကွဲပြားစွာ ဆက်ဆံသင့်သည်ဟု သင် ထင်ပါသလား။ အဘယ်ကြောင့် ထင်သည်၊ မထင်ပါ ဆိုသည်ကို ရှင်းလင်းဖြေဆိုပါ။
- သင်၏နိုင်ငံသည် စီဒေါ်စာချုပ်ကို လက်မှတ်ရေးထိုးရာတွင် ခြွင်းချက်များ ထားရှိထားပါ သလား။ ထိုခြွင်းချက်များမှာ မည်သည့်အရာတွေ ဖြစ်ပါသလဲ။ ထိုခြွင်းချက်များ ထားရှိမှုကို သင် သဘောတူပါသလား။ အဘယ်ကြောင့် သဘောတူသည်၊ မတူသည်ကို ဖြေဆိုပါ။
- သင်၏ နိုင်ငံက အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ ဥပဒေသည် အမျိုးသမီးများအပေါ် ကျယ်ကျယ် ပြန့်ပြန့် အကာအကွယ်ပေးထားပါသလား။
- သင့်နိုင်ငံတွင် အမျိုးသမီးများ အစိုးရအဖွဲ့ (သို့မဟုတ်) အဆင့်မြင့်ရာထူးများကို ပိုင်ဆိုင်ထားပါ သလား။ အမျိုးသမီးများအတွက် အစိုးရအဖွဲ့တွင် ရွေးကောက်တင်မြှောက်ခံရာတွင် မည်သို့ သော စိန်ခေါ်မှုမျိုးများကို ကြုံတွေ့နိုင်ပါသလဲ။
- သင်၏ တက္ကသိုလ်တွင် တက္ကသိုလ်ကျောင်းသူများသည် မည်သို့သော ပုံစံဖြင့်မဆို ခွဲခြားဆက်ဆံ ခံနေရပါသလား။ သူတို့သည် ကျောင်းသားများနည်းတူ အခွင့်အရေးများ ရရှိပါသလား။
- ယနေ့ခေတ် အမျိုးသမီးများ၏ အခွင့်အရေးကို သင်၏ အဘွားလက်ထက်က အခြေအနေနှင့် နှိုင်းယှဉ်လျှင် မည်သို့သောကွာခြားချက်များ တွေ့ရှိရပါသလဲ။ သင့်အဘွား ငယ်စဉ်က ယနေ့ ခေတ် အမျိုးသမီးများကဲ့သို့ ပညာရေး၊ အလုပ်အကိုင်နှင့် လူမှုရေးလွတ်လပ်ခွင့်များ ရရှိခဲ့ပါ သလား။
- အမျိုးသမီးများအပေါ် ခွဲခြားနှိမ်ချသည့် ရိုးရာအစဉ်အလာနှင့် ယဉ်ကျေးမှုဆိုင်ရာ ယုံကြည်မှုနှင့် အလေ့အထများကို ထပ်ဖန်တ်သည့် ဥပမာများမှာ အဘယ်နည်း။ အဆိုပါ အလေ့အထနှင့် ယုံကြည်မှုတို့ကို ပြုပြင်ပြောင်းလဲရန် မည်မျှခက်ခဲနိုင်ပါသလဲ။
- အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံသော တရားရုံးမှ အမှုတစ်ခုကို သာဓကအဖြစ် ရှာဖွေပါ။ ထို့နောက် ထိုဖြစ်ရပ်ကိုလည်းကောင်း၊ ခွဲခြားမှုကိုလည်းကောင်း အစီအစဉ်တကျ ဖော်ပြပြီး တွေ့ရှိချက်ကို ဆွေးနွေးပါ။

ဂ။ ထပ်မံလေ့လာဖတ်ရှုရန်များ

ဤထွေထွေယဝါဒအကြောင်း ရေးသားသော စာရေးဆရာများစွာ ရှိပါသည်။ အမျိုးသမီး လူ့အခွင့်အရေးအကြောင်းကို အထူးပြု၍ ရေးသားခဲ့သော စာရေးဆရာများတွင် အောက်ပါ ပုဂ္ဂိုလ်တို့ ပါဝင်ပါသည်။

- Charlotte Bunch
- Martha Nussbaum
- Niamh Reilly
- Julie Peters
- Rebecca Cook
- Vera Mackie
- Maila Stivens

အမျိုးသမီးအခွင့်အရေးနှင့် ပတ်သက်ပြီး သုတေသနများနှင့် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်နေသော နိုင်ငံတကာအဖွဲ့အစည်းများတွင် အောက်ပါအဖွဲ့တို့ ပါဝင်သည်။

- ကုလသမဂ္ဂ အမျိုးသမီးအဖွဲ့ (UN Women)
- ကုလသမဂ္ဂ အမျိုးသမီးစောင့်ကြည့်ရေးအဖွဲ့ (UN Women Watch)
- ယခု တန်းတူညီမျှရေးအဖွဲ့ (Equality Now)

အမျိုးသမီးအခွင့်အရေးအတွက် လုပ်ဆောင်နေသော အာဆီယံအခြေစိုက် အဖွဲ့အစည်းများတွင် အောက်ပါအဖွဲ့တို့ ပါဝင်သည်။

- အမျိုးသမီး၊ ဥပဒေနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အာရှ-ပစိဖိတ် ဖိုရမ် (APWLD)
- အာရှဖောင်ဒေးရှင်း - အမျိုးသမီးများ စွမ်းရည်မြှင့်တင်ခြင်း (Asia Foundation - Empower Women)
- အမျိုးသမီးများအတွက် အာရှ-ပစိဖိတ် အရင်းအမြစ်နှင့် သုတေသနဌာန (Asian-Pacific Resource and Research Centre for Women)
- အာရှအမျိုးသမီးများ ကော်မတီ (Committee for Asian Women)
- နိုင်ငံတကာ အမျိုးသမီးအခွင့်အရေး လုပ်ဆောင်ချက်ကို စောင့်ကြည့်လေ့လာခြင်း၊ အာရှ-ပစိဖိတ် (IWRAW, Asia Pacific)

အထူးအကြောင်းအရာများအတွက် လေ့လာရန်နေရာ -

- အကြမ်းဖက်မှု - အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ရပ်တန့်ပါ (STOPVAW) လူ့အခွင့်အရေး ကိုယ်စားပြုအရေးဆိုသူများ၏ စီမံကိန်းတစ်ခု
- စီးပွားရေး - EmpowerWomen.org အမျိုးသမီးတို့၏ စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ပေးသော ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းတစ်ခု
- နိုင်ငံရေး - နိုင်ငံရေးတွင်ပါဝင်သော အမျိုးသမီးများ၏ နိုင်ငံတကာ အသိပညာကွန်ယက် (International Knowledge Network of Women in Politics)

၁၀

ကလေးသူငယ်ဆိုင်ရာ လူ့အခွင့်အရေး

မိတ်ဆက်

ကလေးဘဝဟူသည်ကို ယနေ့ခေတ်တွင် တစ်မူခြားနားစွာ နားလည်ထားကြလျှင် ယခင်က မည်သို့ နားလည်ထားကြပါသနည်း။ ကလေးတစ်ယောက်၏ အခွင့်အရေးသည် မည်သို့ရှိရမည်၊ သူတို့ကို မည်သည့်အရာမျှမှ အကာအကွယ်ပေးရမည် စသည်တို့နှင့် စပ်လျဉ်းပြီး အရှေ့တောင်အာရှတွင် ယနေ့ခေတ် နားလည်ထားမှုများသည် လွန်ခဲ့သော မျိုးဆက်နှစ်ခုတွင် နားလည်ခဲ့သည်များနှင့် ကွာခြားလျက်ရှိပါသည်။

၁၀.၁ ကလေးသူငယ် အခွင့်အရေး

မိဘများသည် သူတို့၏ သားသမီးများကို အမြဲတစေ ချစ်ခင်နေမည်ဖြစ်သော်လည်း၊ ကလေးများကို မည်သို့ကာကွယ်ပေးမည်၊ မည်သည့်အခွင့်အရေးများ ရရှိစေမည်နှင့် မည်သို့သော အလုပ်အကိုင်များကို လုပ်ကိုင်စေမည် စသဖြင့် နည်းလမ်းများကို ရွေးချယ်ရာတွင် လူ့အဖွဲ့အစည်းသည် ကလေးသူငယ်များနှင့် ကလေးတို့ဘဝကို မည်သို့ရှုမြင်သည်ဆိုသော အချက်အပေါ်မူတည်၍ ပြောင်းလဲသွားသည်။ လွန်ခဲ့သော ရာစုနှစ်များစွာက ကလေးသူငယ်တို့သည် အလုပ်ကြမ်းလုပ်ကိုင်ရန် အတင်းအကျပ် ခိုင်းစေခံရသကဲ့သို့ အရွယ်ရောက်ပြီးသောသူတို့ကဲ့သို့ပင် ဥပဒေနှင့် ရင်ဆိုင်ရသည်များ၊ လက်ထပ်ထိမ်းမြားကြသည်များ ရှိခဲ့ပါသည်။ အသက် ငါးနှစ်အရွယ်ကလေးတို့ကို အရှေ့တောင်အာရှနိုင်ငံများတွင် လယ်ထဲယာထဲတွင် အလုပ်လုပ်ခိုင်းကြသကဲ့သို့ ဥရောပတွင်လည်း သတ္တုတွင်းနှင့် စက်ရုံများတွင် အလုပ်စေခိုင်းခြင်းမှာ ဖြစ်ရိုးဖြစ်စဉ် ဖြစ်ပါသည်။ ထို့ပြင် လက်ထပ်ထိမ်းမြားရန် သင့်တော်သည့် အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်လည်း မရှိသဖြင့် ငယ်ရွယ်သော အမျိုးသမီးများစွာသည် အရွယ်ရောက်ပြီးသား အမျိုးသားများနှင့် အတင်းအဓမ္မ စုံဖက်ပေးခံရပြီး အသက်တစ်ဆယ့်လေးနှစ် (သို့မဟုတ်) တစ်ဆယ့်ငါးနှစ်တွင် ကလေးယူကြရသည်မှာလည်း ထုံးစံသဖွယ်ဖြစ်ခဲ့သည်။ ထိုမျှမက ကလေးတစ်ယောက် ပြစ်မှုကျူးလွန်လျှင် အပြစ်ရှိသည်ဟု ယူဆပြီး ထောင်သွင်းအကျဉ်းချ၍ ဖြစ်စေ၊ ကွပ်မျက်၍ဖြစ်စေ အပြစ်ပေးခံခဲ့ရပါသည်။ အဘယ်ကြောင့် ကလေးငယ်များကို ဤကဲ့သို့ ပြုမူဆက်ဆံခဲ့ကြပါသနည်း။ အကြောင်းမှာ လူ့အဖွဲ့အစည်းက ကလေးငယ်များကို မလိုမုန်းထားခြင်းကြောင့်မဟုတ်ဘဲ သူတို့ကို အရွယ်ရောက်ပြီးသောသူသဖွယ် မြင်သောကြောင့် အရွယ်ရောက်ပြီးသူလို ဆက်ဆံနေခြင်းသာ ဖြစ်ပါသည်။ (၁၇) ရာစု မတိုင်ခင်အထိ ကလေးသည် လူကြီးနှင့်မတူ၊ ထို့ကြောင့် သူတို့ကို ကွဲပြားခြားနားစွာ ဆက်ဆံသင့်သည်ဟူသော ကလေးဘဝအပေါ် မြင်သောအမြင်သစ် ဖြစ်ပေါ်မလာခဲ့သေးပေ။

အရှေ့တောင်အာရှတွင် လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်မှစပြီး ကလေးသူငယ်တို့အပေါ် ပြုမူဆက်ဆံရာနှင့် အကာအကွယ်ပေးရာတွင် တိုးတက်မှုများ ရှိလာခဲ့သည်။ ပညာရေးမှသည် ကျန်းမာရေးအထိ ကလေးငယ်တို့အတွက် အထူးလူမှုဝန်ဆောင်မှုများ သီးခြားထားရှိလာခဲ့သည်။ ဥပမာအားဖြင့် ကလေးငယ်များကို အလုပ်ကြမ်းစေခိုင်းခြင်းကို တားမြစ်ထားပြီး ကလေးများကို အလွဲသုံးစားပြုခြင်းနှင့် လျစ်လျူရှုထားခြင်းမှ ကာကွယ်ရန် ပို၍အင်အားစိုက်ထုတ်ခဲ့သည်။ ထို အပြောင်းအလဲများသည် ကမ္ဘာနှင့်အဝန်းတွင် နှစ်ကာလများစွာ တဖြည်းဖြည်းချင်း ဖြစ်ပေါ်ခဲ့သည်။ ဥရောပတွင် (၁၈)ရာစုနှစ်တွင် အပြောင်းအလဲ စတင်ခဲ့သော်လည်း အရှေ့တောင်အာရှတွင်မူ လွတ်လပ်ရေးရပြီးသည့်နောက်တွင်မှ စတင်ခဲ့ပါသည်။ အဆိုပါ အပြောင်းအလဲများသည် လူ့အဖွဲ့အစည်း၏ တန်ဖိုးထားမှုများမှ ကလေးဘဝအတွက် အမြင်သစ်ကို မွေးဖွားပေးလိုက်ခြင်း၏ ရလဒ်များ ဖြစ်ပါသည်။ ထိုအယူအဆသည် မတူညီသော ယဉ်ကျေးမှုအလိုက် ကွဲပြားနိုင်သော်လည်း၊ မည်သည့် ယဉ်ကျေးမှုတွင်မဆို ကလေးဘဝ၏ ကြွန်အင်လက္ခဏာကို တူညီစွာဖွင့်ဆိုရာတွင် ကစားခွိန် ကစား၊ စာသင်ခွိန် စာသင်၊ အကြမ်းဖက် အနိုင်ကျင့်မှုများမှ အကာအကွယ်ပေးခံရပြီး ဘဝအတွက် တိုးတက်ဖွံ့ဖြိုးရန် လုပ်ဆောင်နိုင်သည့် လုံခြုံဘေးကင်းသော ကာလဟူ၍ ညွှန်းဆိုကြပါသည်။ ထိုအမြင်ကို လက်ခံခြင်းအားဖြင့် ကလေးသူငယ်တို့၏ လူ့အခွင့်အရေးကို ရှေးရှုရာ ရောက်ပါသည်။

ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of the Child) ကဲ့သို့ တစ်ကမ္ဘာလုံးပါဝင်၍ ကျယ်ကျယ်ပြန့်ပြန့် သဘောတူလက်ခံထားသည့် အခွင့်အရေးများဟူ၍ မရှိသေးပါ။ သို့သော်လည်း ထိုသဘောတူညီချက်မှာပင် အကာအကွယ် ပေးရေးကိစ္စ၌ လစ်ဟာချက်များ ရှိနေဆဲ ဖြစ်သည်။ အထူးသဖြင့် အရှေ့တောင်အာရှတွင် ကလေး လုပ်သားပြဿနာ၊ ကလေးများအပေါ် လိင်အမြတ်ထုတ်ခြင်း၊ ပညာရေးနှင့် ကျန်းမာရေးကုသမှုကို လက်လှမ်းမီရယူနိုင်မှုမရှိခြင်း စသော ပြဿနာများ ကျန်ရှိနေလေသည်။ ယခု အခန်းတွင် ကလေး သူငယ် အခွင့်အရေးအကြောင်းကို CRC ဖြစ်ပေါ်လာပုံ အတိတ်သမိုင်းကြောင်းကို ပြန်လည် သုံးသပ်ပြပြီး အဓိကအချက်အလက်များကို အသေးစိတ်ဆွေးနွေးပါမည်။ ဤအခန်း၏ နောက်ပိုင်း တွင် အရေးကြီးသော အခန်းကဏ္ဍများဖြစ်သည့် ကလေးသူငယ်အပေါ် အကြမ်းဖက်မှုမှ ဆန့်ကျင် ရေး၊ ကလေးသူငယ် ပညာသင်ကြားခွင့်၊ သက်ငယ်တရားမျှတရေးစနစ်၊ ကလေးလုပ်သား၊ ကလေး စစ်သားနှင့် ကလေးသူငယ်တို့၏ မျိုးဆက်ပွားကျန်းမာရေး အစရှိသည်တို့ကို ဆက်လက်လေ့လာ ပါမည်။

ဇယား ၁၀.၁ အရှေ့တောင်အာရှနိုင်ငံများမှ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက်ပေါ်တွင် လက်မှတ်ရေးထိုးခြင်း

နိုင်ငံ	ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC)	ကလေးသူငယ်များ လက်နက်ကိုင် ပဋိပက္ခတွင်ပါဝင်ခြင်း တားဆီးမှု နောက်ဆက်တွဲစာချုပ် (OP-AC)	ကလေးသူငယ်များကို ရောင်းချခြင်းဆိုင်ရာ တားဆီးမှု နောက်ဆက်တွဲ စာချုပ် (OP-SC)	နောက်ဆက်တွဲ စာချုပ် - တိုင်ကြားမှုများ
ဘရူနိုင်း	ဒီဇင်ဘာ ၂၇၊ ၁၉၉၅	၂၀၁၆	နိုဝင်ဘာ ၂၁၊ ၂၀၀၆	-
ကမ္ဘောဒီးယား	အောက်တိုဘာ ၁၅၊ ၁၉၉၂	ဇူလိုင် ၁၆၊ ၂၀၀၄	မေ ၃၀၊ ၂၀၀၂	-
အင်ဒိုနီးရှား	စက်တင်ဘာ ၅၊ ၁၉၉၀	စက်တင်ဘာ ၂၄၊ ၂၀၁၂	စက်တင်ဘာ ၂၄၊ ၂၀၁၂	-
လာအို	မေလ ၈၊ ၁၉၉၁	စက်တင်ဘာ ၂၀၊ ၂၀၀၆	စက်တင်ဘာ ၂၀၊ ၂၀၀၆	-
မလေးရှား	ဖေဖော်ဝါရီ ၁၇၊ ၁၉၉၅	ဧပြီ ၁၂၊ ၂၀၁၂	ဧပြီ ၁၂၊ ၂၀၁၂	-
မြန်မာ	ဇူလိုင် ၁၅၊ ၁၉၉၁	-	ဇန်နဝါရီ ၁၆၊ ၂၀၁၂	-
ဖိလစ်ပိုင်	ဩဂုတ် ၂၁၊ ၁၉၉၀	ဩဂုတ် ၂၆၊ ၂၀၀၃	မေ ၂၈၊ ၂၀၀၂	-

နိုင်ငံ	ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC)	ကလေးသူငယ်များ လက်နက်ကိုင် ပဋိပက္ခတွင်ပါဝင်ခြင်း တားဆီးမှု နောက်ဆက်တွဲစာချုပ် (OP-AC)	ကလေးသူငယ်များကို ရောင်းချခြင်းဆိုင်ရာ တားဆီးမှု နောက်ဆက်တွဲ စာချုပ် (OP-SC)	နောက်ဆက်တွဲ စာချုပ် - တိုင်ကြားမှုများ
စင်ကာပူ	အောက်တိုဘာ ၅၊ ၁၉၉၅	ဒီဇင်ဘာ ၁၁၊ ၂၀၀၈	-	-
တီမော	ဧပြီ ၁၆၊ ၂၀၀၃	ဩဂုတ် ၂၊ ၂၀၀၄	ဧပြီ ၁၆၊ ၂၀၀၃	-
ထိုင်း	မတ် ၂၇၊ ၁၉၉၂	ဖေဖော်ဝါရီ ၂၇၊ ၂၀၀၆	ဇန်နဝါရီ ၁၁၊ ၂၀၀၆	စက်တင်ဘာ ၂၅၊ ၂၀၁၂
ဗီယက်နမ်	ဖေဖော်ဝါရီ ၂၈၊ ၁၉၉၀	ဒီဇင်ဘာ ၂၀၊ ၂၀၀၁	ဒီဇင်ဘာ ၂၀၊ ၂၀၀၁	-

၁၀.၁.၁ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ နောက်ခံသမိုင်း

၁၈၀၀ ပြည့်နှစ်များတွင် ဥရောပနိုင်ငံအချို့ (အင်္ဂလန်တွင် ၁၈၃၃၊ ပြင်သစ်တွင် ၁၈၄၁) တွင် ကလေးသူငယ်တို့၏ အခွင့်အရေးကို စတင်အသိအမှတ်ပြုလာကြသည်။ ဥပမာ - အလုပ်သမား ဥပဒေတွင် ကလေးသူငယ်တို့ကို အကာအကွယ်ပေးရန်ဟူသောအချက် ထည့်သွင်းထားသည်။ တစ်ချိန်တည်းမှာပင် မသင်မနေရ ပညာရေးဥပဒေကို ၁၇၆၄ ခုနှစ်တွင် ရုရှားတွင် ပထမဆုံး မိတ်ဆက်ခဲ့ပြီး၊ ၎င်းနောက် အင်္ဂလန်တွင် ၁၈၇၀ ခုနှစ်တွင်လည်းကောင်း၊ အခြားသော ဥရောပနိုင်ငံ များတွင်လည်း ထိုနှစ်များဝန်းကျင်တွင် စတင်ကျင့်သုံးလာကြသည်။ နိုင်ငံတကာက အားထားသော ကလေးသူငယ်အခွင့်အရေးမှာ နိုင်ငံပေါင်းချုပ်အသင်းကြီး၏ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကြေညာချက် (၁၉၂၄)တွင် ပါဝင်သော အခွင့်အရေးများကို အသိအမှတ်ပြုသည့် ကြေညာစာတမ်း များမှတစ်ဆင့် တရားဝင် သဘောတူညီကြသော CRC အဖြစ် ဆင့်ကဲတိုးတက် ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း မူကြမ်းအဆင့်တွင် ပါဝင်ရေးဆွဲခဲ့ သော အင်္ဂလိပ်အမျိုးသမီး အင်္ဂလန်တင်း နီဂျက်သည် Save the Children အဖွဲ့ကို ၁၉၁၉ ခုနှစ်တွင် တည်ထောင်ခဲ့ရာ အဖွဲ့အစည်းသည် ကလေးသူငယ်များအတွက် လူသားချင်းစာနာသော ပထမဆုံး သော အဖွဲ့အစည်းဖြစ်ပြီး ယခုအခါ ကမ္ဘာတွင် အကြီးမားဆုံးအဖွဲ့တစ်ဖွဲ့ ဖြစ်လေသည်။ အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုများသည် ကလေးသူငယ်များ တရားရုံးတွင်ရင်ဆိုင်ရသော ဥပဒေများ အပြောင်းအလဲ ဖြစ်စေရန်နှင့် (၁၉၀၀ ခုနှစ်အစောပိုင်းတွင်) သက်ငယ်ပြစ်မှု တရားစီရင်ရေးစနစ် ကျင့်သုံးရန် အတွက် အကြောင်းဖန်လာစေခဲ့သည်။ ထိုအချိန်တွင် ဥရောပနိုင်ငံများစွာတို့တွင် ကလေးငယ်တို့ကို ခန္ဓာကိုယ်ပိုင်းဆိုင်ရာ အပြစ်ပေးခြင်းကို တရားမဝင်ဟု ဥပဒေထုတ်ပြန်လာကြသည်။ သို့သော် ထိုအပြောင်းအလဲများသည် အရှေ့တောင်အာရှသို့ ၂၀ ရာစုနှစ် (အများအားဖြင့် ၁၉၄၅ ခုနှစ် နောက်ပိုင်း) လွတ်လပ်ရေးရရှိသည့် အစောပိုင်းကာလများတွင်သာ ဆောင်ကြဉ်းလာနိုင်ခဲ့သည်။

တစ်ပြိုင်နက်တည်းမှာပင် အလုပ်သမားဥပဒေတွင် အပြောင်းအလဲများသည် ၁၉၅၀ ခုနှစ်များတွင် စတင်ခဲ့သည်။ သို့သော် ၁၉၉၀ ခုနှစ်များအထိ အပြောင်းအလဲ လုပ်ငန်းစဉ်မှာ အပြီးမသတ်နိုင်သေးပေ။ မသင်မနေရ ပညာရေးစနစ်သည် ၁၉၆၀ ခုနှစ်များတွင် စတင်ခဲ့သည်။ သို့ရာတွင် အချို့နိုင်ငံများတွင် သက်ငယ်ပြစ်မှု တရားစီရင်ရေးစနစ်သည် ၂၀၀၀ ခုနှစ် နောက်ပိုင်းအထိ မပေါ်ပေါက်လာသေးပေ။

အဆိုပါ အပြောင်းအလဲများသည် ကလေးငယ်များအပေါ် လူအဖွဲ့အစည်း၏ သဘောထားအမြင် ပြောင်းလဲမှုများကို ထင်ဟပ်စေခဲ့သည်။ တစ်ချိန်က ကလေးငယ်များကို လူကြီးပေါက်စကလေးများဟု မှတ်ယူကြသဖြင့် ၁၇၀၀ ပြည့်နှစ်များအထိ ကလေးများကို အလုပ်စေခိုင်းရာနှင့် ဥပဒေအရ အရေးယူရာတွင် အရွယ်ရောက်ပြီးသောသူများကဲ့သို့ တစ်သမတ်တည်း ရှိခဲ့သည်။ ၁၇၀၀ ခုနှစ်များနောက်ပိုင်းမှသာ ကလေးဘဝသည် ဘဝ၏ တမူထူးခြားသော ကာလဖြစ်သည်ဟု မြင်လာကြပြီး၊ ကလေးငယ်များတွင် ပို၍ ထိခိုက်လွယ်သူနှင့် တာဝန်သိသော လူကြီးတစ်ယောက်ဖြစ်ရန် ပံ့ပိုးမှုများပို၍ လိုအပ်သောသူ ဟူ၍ရှိနိုင်ကြောင်း သဘောပေါက်လာကြပါသည်။ နွမ်းပါးသော မိသားစုငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ခြင်းနှင့် ကာကွယ်ဆေးထိုးပေးခြင်းအားဖြင့် ကလေးသူငယ်သေဆုံးနှုန်း လျော့ကျစေနိုင်သည်ဆိုသောအချက် အပါအဝင် ပြောင်းလဲသွားသော သဘောထားများ၊ အမြင်များ ဖြစ်ပေါ်လာရခြင်း နောက်ခံအကြောင်းများစွာ ရှိပါသည်။ အခြားသော အကြောင်းတစ်ခုမှာ စက်မှုတော်လှန်ရေးကြောင့် စက်ကိရိယာများ အသုံးပြုရသည့်ခေတ်ကို ရောက်ရှိလာ၍ ကလေးငယ်များ၏ လုပ်အားကို လယ်ယာနှင့် အလုပ်ရုံများတွင် အသုံးပြုရန် မလိုအပ်တော့ခြင်းဖြစ်သည်။ ထိုအပြောင်းအလဲများနှင့်အတူ ကလေးငယ်များကို ကောင်းမွန်စွာ ဆက်ဆံပါရန် ကိုယ်စားပြုအရေးဆိုမှုများ ရှိလာပါသည်။ ထို့ကြောင့် ၁၉၂၀ ခုနှစ်များတွင် ချမ်းသာသောနိုင်ငံများမှ ကလေးငယ်များသည် စက်ရုံအလုပ်ရုံများ၊ စစ်မြေပြင်နှင့် ဆိုးဝါးသော ကျန်းမာရေး ပြဿနာများမှ ကင်းဝေးခဲ့ပါသည်။ ထို့ပြင် လူမှုဖူလုံရေးစနစ်လည်း ပေါ်ပေါက်လာရာ၊ အထူးသဖြင့် ထိုစနစ်များသည် မိခင်တစ်ဦးတည်းအဖြစ် ရပ်တည်နေရသူများနှင့် မိဘမဲ့များကို အထောက်အပံ့ဖြစ်စေခဲ့သည်။ သူတို့ရရှိသည့် စောင့်ရှောက်မှုပုံစံမှာလည်း ယနေ့ခေတ်နှင့် နှိုင်းယှဉ်လျှင် ပြင်းထန်နေသည်ဟု ယူဆကြသော်လည်း ထိုစနစ်များက ကလေးငယ်တို့သည် ကာကွယ်မှုနှင့် စောင့်ရှောက်မှု အပိုထပ်ဆောင်းလိုအပ်ကြောင်း အသိအမှတ်ပြုခဲ့ပါသည်။

ကလေးသူငယ်တို့၏ အခွင့်အရေးမှာ အလွန်မကျယ်ပြန့်ဘဲ ကန့်သတ်ခံထားရဆဲဖြစ်၍ ဂျီနီဗာကြေညာစာတမ်းတွင် ကလေးသူငယ်အခွင့်အရေးကို အချက်ငါးချက်ဖြင့် စာမျက်နှာတစ်ဝက်သာ ဖော်ပြခဲ့ပါသည်။ ရလဒ်အားဖြင့် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးကို လူ့အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်းတွင် ထည့်သွင်းအသိအမှတ်ပြုခဲ့သော်လည်း ကလေးသူငယ်အခွင့်အရေး အနည်းငယ်သာ ပါဝင်ခဲ့သည်။ လူ့အခွင့်အရေး ကြေညာစာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေး တစ်ရပ်မှာ - အပိုဒ် ၂၅ (အသက်မွေးဝမ်းကျောင်းနှင့်ပတ်သက်၍) ဖြစ်ပါသည်။ ထိုအပိုဒ်တွင် တိုက်ရိုက်အကျုံးဝင် သက်ဆိုင်သူများမှာ ကလေးများ(နှင့် မိခင်များ)ဖြစ်ပြီး ၎င်းတို့သည် 'အထူးစောင့်ရှောက်မှုနှင့် ပံ့ပိုးမှုများ ရယူခွင့်ရှိသည်' ဟု ဖော်ပြထားပါသည်။ နောက်လာမည့် အပိုင်းတွင် ဆက်လက်ဆွေးနွေးထားသည့်အတိုင်း၊ အစောပိုင်းကာလတွင် အသိအမှတ်ပြုခဲ့သော အဆိုပါ အခွင့်အရေးများသည် ကလေးငယ်များကို အသုံးချအမြတ်ထုတ်ခြင်းမှ အကာအကွယ်ပေးရန် လူမှုစောင့်

ရှောက်ရေး လိုအပ်နေသူများဟူ၍ မြင်သော အမြင်ဖြင့် စဉ်းစားထားသော အခွင့်အရေးဖြစ်ပါသည်။ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC) တွင် ကလေးငယ်တို့၏ အခွင့်အရေးသည် ပိုမိုကျယ်ပြန့်လာပြီး ၎င်းတို့ကို အခွင့်အရေးနှင့် အကူအညီများ အပေးခံရသူအဖြစ်သာ မဟုတ်ဘဲ အခွင့်အရေးကို ကိုယ်တိုင် လက်ကိုင်ထားနိုင်သူတို့အဖြစ် အသိအမှတ်ပြုထားပါသည်။

၁၀.၂ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC)

ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC) သည် ၁၉၉၀ ခုနှစ်တွင် အသက်ဝင်လာခဲ့ပြီး ယခုအခါ သမိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့် သဘောတူလက်ခံသည့် လူ့အခွင့်အရေးစာချုပ် ဖြစ်လာခဲ့သည်။ ထိုသဘောတူစာချုပ်မတိုင်မီ တည်ရှိနေသော နိုင်ငံတကာဥပဒေများမှာ ၁၉၂၄ ဂျီနီဗာကြေညာစာတမ်းနှင့် ၁၉၁၉ ခုနှစ်မှ အစပြုခဲ့သော အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့(ILO) ၏ အလုပ်သမားဥပဒေများ ဖြစ်သည်။ ထို့ပြင် ကုလသမဂ္ဂက ၁၉၅၉ ခုနှစ်တွင် ကလေးသူငယ်၏ အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ပြီး ၁၉၇၉ ခုနှစ်ကို ကလေးများနှစ်အဖြစ် သတ်မှတ်ခဲ့ပါသည်။ ကလေးသူငယ်အခွင့်အရေးအတွက် အစိုးရပေါင်းများစွာ၏ ပံ့ပိုးအမြင်များနှင့်အတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) တို့နှင့် ပူးပေါင်း၍ CRC ကို လျင်မြန်စွာ မူကြမ်းရေးဆွဲ၍ အသုံးပြုခဲ့ရာ ၁၉၉၀ ခုနှစ်တွင် စာချုပ် အသက်ဝင်ခဲ့လေသည်။ နိုင်ငံတကာ ဥပဒေတစ်ရပ်အဖြစ်သို့ လျင်မြန်စွာ ရောက်ရှိလာခြင်းမှာ ထိုအချိန်က ကလေးသူငယ်အခွင့်အရေးကို တစ်ကမ္ဘာလုံးက သဘောတူလက်ခံခြင်းကြောင့် ဖြစ်ပါသည်။ ပဋိညာဉ်စာချုပ် တော်တော်များများတွင် (ဥပမာ - ICCPR, ICESCR နှင့် ICMW) မူကြမ်းအဆင့်မှ စာချုပ်အသက်ဝင် အသုံးပြုသည့်အဆင့်သို့ရောက်အောင် နှစ်ပေါင်း ၃၀ နီးပါး ကြာမြင့်တတ်သော်လည်း CRC အတွက်မူ ဖြစ်စဉ်တစ်ရပ်လုံးမှာ ဆယ်နှစ်ခန့်ပင် မကြာမြင့်ခဲ့ပေ။

ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC) သည် သမိုင်းတွင် အမေရိကန်နိုင်ငံကလွဲ၍ နိုင်ငံတိုင်း သဘောတူညီ လက်မှတ်ထိုးမှုအများဆုံးရှိသော စာချုပ် ဖြစ်ပါသည်။ အမေရိကန်နိုင်ငံက လက်မှတ်ရေးမထိုးရခြင်း အကြောင်းရင်းမျိုးစုံ ရှိပါသည်။ အမေရိကန်အစိုးရသည် မည်သည့်နိုင်ငံတကာ ပဋိညာဉ်စာချုပ်များကိုမဆို သဘောတူညီချက် ပေးရမည်ကို ဝန်လေးတတ်သော နိုင်ငံရေးအကြောင်းပြချက်များကြောင့် ဖြစ်သည်။ ထို့ပြင် ပြည်နယ်ဥပဒေများကို ပြင်ဆင်ရာတွင် အခက်တွေ့နေခြင်းကလည်း ဖယ်ဒရယ်အစိုးရ၏ သဘောတူလက်မှတ် မရေးထိုးနိုင်ခြင်း စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ အချို့သော ပြည်နယ်များတွင် CRC က ခွင့်မပြုသော ကလေးငယ်များကို သေဒဏ်ပေးသည့်စနစ်ကို ခွင့်ပြုထားလေသည်။ သို့သော် အမေရိကန်နိုင်ငံတွင် ထိုစနစ်ကို ၂၀၀၅ ခုနှစ်ကစပြီး တားမြစ်လိုက်ပြီး ဖြစ်သည်။ နောက်ဆုံးအချက်မှာ အလွန်အယူအစွဲကြီးသော မိသားစုများက ကလေးသူငယ်အခွင့်အရေးဆိုသည်မှာ ရှိနှင့်ပြီးသား မိဘတို့၏ အခွင့်အရေးကို မှေးမှိန်သွားစေသည်ဆိုသည့် စိုးရိမ်ကြောင့်ကြမှုကြောင့် ဖြစ်ပါသည်။ အရှေ့တောင်အာရှတွင် ထိုစာချုပ် အတည်ပြုပြီးခ်ိန်မှစ၍ နိုင်ငံတိုင်း လက်မှတ်ရေးထိုးကြသည်။ စင်ကာပူ၊ မလေးရှားနှင့် ဘရူနိုင်းနိုင်ငံတို့သည် အခြားသောနိုင်ငံများ လက်မှတ်ရေးထိုးပြီး ငါးနှစ်အကြာမှ နောက်ဆုံး သဘောတူလက်မှတ်ရေးထိုးသောနိုင်ငံများ ဖြစ်သည်။.

ပြုပြင်တော်လှန်ရေး ကာလရောက်ရှိလာသည်နှင့်အမျှ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC) သည် လူ့အခွင့်အရေးတွင် အပြောင်းအလဲတစ်ခု ဖြစ်စေမည့် ပဋိညာဉ်စာချုပ်အဖြစ် အရေးပါလာခဲ့သည်။ ဆိုဗီယက်ယူနီယံ ပြိုကွဲချိန်နှင့် စစ်အေးကာလ အဆုံးသတ်ချိန်တွင် ကမ္ဘာကြီးသည်လည်း အလွန်လျင်မြန်စွာ ပြောင်းလဲလာခဲ့သည်။ ထိုအကြောင်းများက ကလေးများနှင့်ပတ်သက်သောလုပ်ငန်းအစီအစဉ်နှင့် ဗီယင်နာကြေညာစာတမ်း (၁၉၉၉) ခုနှစ်က ဆောင်ကြဉ်းလာသော နားလည်မှုအမြင်အသစ်၊ နည်းလမ်းအသစ်များဖြင့် လူ့အခွင့်အရေးကို အခြေခံကျကျ ပြန်လည်တည်ဆောက်ရန် အကြောင်းဖန်လာစေခဲ့သည်။ (အခန်း ၁ တွင် ဆွေးနွေးပြီးဖြစ်သည်)။ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC) ၏ ထူးခြားသောအချက်မှာ ကလေးသူငယ်အခွင့်အရေးမှာ ကဏ္ဍခွဲခြားရှုမြင်၍ မဖြစ်နိုင်သည့်အတွက်ကြောင့် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးကို ကလေးသူငယ်များအတွက် ထည့်သွင်းစဉ်းစားရန် လိုအပ်သည်နှင့် တစ်ပြိုင်နက်တွင် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာအခွင့်အရေးများကိုလည်း တွဲစပ်ထည့်ထားရန် လိုအပ်ခြင်းပင်ဖြစ်သည်။

အထင်ရှားဆုံးအချက်မှာ စာချုပ်တွင် 'ပါဝင်ဆောင်ရွက်ခြင်း'ကို အခွင့်အရေးတစ်ရပ်အနေဖြင့် ပေါင်းစပ်ထားသည်။ ထို့ပြင် အခြားသောစာချုပ်များနှင့် အဓိက ကွဲလွဲချက်တစ်ခုမှာ ကလေးသူငယ်အခွင့်အရေးများနှင့် အခွင့်အရေးကို ချိုးဖောက်မှုများအား ဥပဒေရေးရာရှုထောင့်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ခြင်းကိုရှောင်ခဲ့ပြီး လူ့အခွင့်အရေးအခြေပြုရှုထောင့်မှ ဖွင့်ဆိုထားခြင်းဖြစ်သည်။ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC) သည် လူ့အခွင့်အရေးကို ပြဿနာများကို အကောင်းဆုံးဖြေရှင်းပေးနိုင်သည့် နည်းလမ်းတစ်ခုအဖြစ် မြင်လေသည်။ ကလေးငယ်တို့အတွက် အကောင်းဆုံးအကျိုးဖြစ်ထွန်းစေရေးမူကို အခြေခံမူအဖြစ် ထားရှိခဲ့ခြင်းကြောင့်လည်းဖြစ်သည်။

ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အနှစ်ချုပ်

အပိုဒ်(၁) ကလေးဟူ၍ အသက်သတ်မှတ်ချက်မှာ (၁၈)နှစ်အောက် ဖြစ်သည်။
အပိုဒ်(၂) ခွဲခြားဆက်ဆံခြင်းမှ ကာကွယ်ပေးရန်။
အပိုဒ်(၃) ကလေးငယ်တို့၏ အကောင်းဆုံးအကျိုးအတွက် လေးစားလုပ်ဆောင်ပေးရန်။
အပိုဒ်(၄) အစိုးရသည် ကလေးငယ်များ၏ အခွင့်အရေးကို အကောင်အထည်ဖော်ပေးရန်။
အပိုဒ်(၅) ကလေးအခွင့်အရေးများနှင့် လျော်ညီသော မိဘများ၏ တာဝန်ယူ၊ ထိန်းသိမ်းလမ်းညွှန်ခွင့်ကို အစိုးရက လေးစားရန်။
အပိုဒ်(၆) ကလေးငယ်များ၏ အသက်ရှင် ရပ်တည်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်ကို လုပ်ဆောင်ပေးရန်။
အပိုဒ်(၇) ကလေးငယ်များတွင် မွေးစာရင်းမှတ်ပုံတင်ခွင့်၊ နာမည်မှည့်ပိုင်ခွင့်နှင့် နိုင်ငံသားဖြစ်ခွင့်ရှိစေရန်။
အပိုဒ်(၈) ကလေးငယ်များ၏ ဝိသေသလက္ခဏာများ (မျိုးရိုး၊ ဇာတိ စသည်) နှင့် ကိုယ်ရေးအချက်အလက်များကို ကာကွယ်ပေးရန်။

အပိုဒ်(၉) ကလေးငယ်အတွက် အကောင်းဆုံး အကျိုးဖြစ်ထွန်းရန်မှအပ မိဘနှင့် ခွဲခွာထားခြင်း မရှိစေရန်။

အပိုဒ်(၁၀) မိသားစုချင်း ပြန်လည်ဆုံတွေ့နိုင်ရန်အတွက် နိုင်ငံအတွင်း လာရောက်ခွင့်၊ ထွက်ခွာခွင့်ပြုရန်။

အပိုဒ်(၁၁) ကလေးငယ်များကို တရားမဝင်လွှဲပြောင်းမှုမှ ကာကွယ်ပေးရန်။

အပိုဒ်(၁၂) ကလေးငယ်များကို ၎င်းတို့၏ အတွေးအမြင်အယူအဆများ တင်ပြခွင့်၊ ၎င်းတို့နှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်ခွင့်ကို ခွင့်ပြုရန်။

အပိုဒ်(၁၃) ကလေးများ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အသိအမှတ်ပြုရန်။

အပိုဒ်(၁၄) ကလေးများ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်နှင့် တွေးခေါ်ခွင့်ရှိစေရန်။

အပိုဒ်(၁၅) လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် စုဝေးခွင့် ရှိစေရန်။

အပိုဒ်(၁၆) ကလေးငယ်တို့၏ ပုဂ္ဂလိက လွတ်လပ်ခွင့်ကို အသိအမှတ်ပြုရန်။

အပိုဒ်(၁၇) ကလေးငယ်များ၏ လူမှုရေး၊ ယဉ်ကျေးမှုနှင့် စာရိတ္တဖွံ့ဖြိုးတိုးတက်ရေးအတွက် လူထုသင်တန်းလုပ်ငန်းများ လုပ်ဆောင်ပေးရန်။

အပိုဒ်(၁၈) ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကတာဝန်ရှိသော မိဘနှင့် အုပ်ထိန်းသူများကို အစိုးရက လိုအပ်သော ကူညီထောက်ပံ့မှုများ ပေးရန်။

အပိုဒ်(၁၉) အစိုးရသည် ကလေးငယ်များကို ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမှ အကာအကွယ်ပေးရန်။

အပိုဒ်(၂၀) မိသားစုနှင့် ဝေးကွာနေသော ကလေးငယ်များအတွက် အထူးပြုစုစောင့်ရှောက်ခွင့် ရရှိစေရန်။

အပိုဒ်(၂၁) ကလေးများ၏ အကျိုးအတွက် မွေးစားခံခွင့်ရှိရန်။

အပိုဒ်(၂၂) ဒုက္ခသည်ကလေးများကို လိုအပ်သော ကူညီကာကွယ်မှုများ ပေးအပ်ရန်။

အပိုဒ်(၂၃) မသန်စွမ်းကလေးငယ်များသည်လည်း အခြားသော ကလေးငယ်များကဲ့သို့ ၎င်းတို့အခွင့်အရေး ရရှိစေရန်။

အပိုဒ်(၂၄) ကျန်းမာရေးစောင့်ရှောက်ကုသခွင့် ရရှိစေရန်။

အပိုဒ်(၂၅) စောင့်ရှောက်ရေးဌာနများအောက်ရှိ ကလေးများကို အချိန်မှန်မှန် ဆန်းစစ်ခွင့်ရှိရန်။

အပိုဒ်(၂၆) ကလေးများ လူမှုဖူလုံရေး အကျိုးများ ခံစားခွင့်ရှိရန်။

အပိုဒ်(၂၇) လုံလောက်သော လူနေမှုဘဝ အဆင့်အတန်း ရရှိစေရန်။

အပိုဒ်(၂၈) ပညာသင်ကြားခွင့်ရှိရန်။

အပိုဒ်(၂၉) ကလေးများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် ဗလငါးတန် တိုးတက်စေသော ပညာရေးဖြစ်စေရန်။

အပိုဒ်(၃၀) တိုင်းရင်းသားနှင့် ဌာနေလူမျိုးစုဝင် ကလေးများသည် ယဉ်ကျေးမှုနှင့် ဘာသာစကားကို သင်ယူလေ့ကျင့်ခွင့် ရှိစေရန်။

အပိုဒ်(၃၁) ကလေးများ အပန်းဖြေကစားခွင့်ရှိစေရန်။

အပိုဒ်(၃၂) ကလေးလုပ်သားထားရှိခြင်းမှ အကာအကွယ်ပေးရန်။

အပိုဒ်(၃၃) ကလေးများကို မူးယစ်ဆေးဝါးကိစ္စတွင် အလွဲသုံးစားပြုခြင်းမှ အကာအကွယ်ပေးရန်။

အပိုဒ်(၃၄) ကလေးများကို လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းမှ အကာအကွယ်ပေးရန်။

အပိုဒ်(၃၅) ကလေးများကို နည်းမျိုးစုံဖြင့် ကူးသန်းရောင်းဝယ်ခြင်းမှ အကာအကွယ်ပေးရန်။

အပိုဒ်(၃၆) ကလေးများကို နည်းမျိုးစုံဖြင့် အသုံးချအမြတ်ထုတ်ခြင်းမှ ကာကွယ်ပေးရန်။
အပိုဒ်(၃၇) ကလေးများကို ညှဉ်းပန်းနှိပ်စက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် အုပ်ထိန်းသူတို့နှင့် သီးခြားခွဲ၍ ထိန်းသိမ်းထားခြင်းတို့မှ လွတ်မြောက်ခွင့်ရှိစေရန်။
အပိုဒ်(၃၈) ကလေးများကို ပဋိပက္ခအခြေအနေများမှ ကာကွယ်ပေးရန်နှင့် ကလေးစစ်သားအဖြစ် အမှုထမ်းခိုင်းစေခြင်းမှ ကာကွယ်ရန်။
အပိုဒ်(၃၉) မည်သည့်နည်းဖြင့်မဆို အသုံးချအမြတ်ထုတ်ခံထားရသော ကလေးများ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ခွင့် ရှိစေရန်။
အပိုဒ်(၄၀) သက်ငယ်ပြစ်မှုများအတွက် မျှတသော တရားရေးစနစ်ဖြင့် ကိုင်တွယ်ဖြေရှင်းရန်။
အပိုဒ်(၄၁) ကလေးငယ် အခွင့်အရေးအတွက် နိုင်ငံတော်တွင် မူလပြဋ္ဌာန်းထားသော စနစ်က CRC ထက် ပိုမိုကောင်းမွန်လျှင် နိုင်ငံတော်စနစ်ကိုသာ အသုံးပြုရန်။
အပိုဒ်(၄၂) ကလေးငယ်များကိုယ်တိုင် ၎င်းတို့၏ အခွင့်အရေးများကို သိရှိရန်။

ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC) တွင် UDHR, ICESR နှင့် ICCPR တို့ကဲ့သို့သော ရှိပြီးသားဖြစ်သော ပဋိညာဉ်စာချုပ်များတွင် ပါသော အခွင့်အရေးများကိုပါ ယူငင်ထားသည်ကိုတွေ့ရပါသည်။ သို့သော် အမျိုးမျိုးသောညှဉ်းပန်းနှိပ်စက်မှုမှ အကာအကွယ်ပေးရန်၊ ပဋိပက္ခအခြေအနေများမှ အကာအကွယ်ပေးရန်နှင့် ကလေးတို့အကျိုးအတွက် မွေးစားခွင့်ရှိရန်ကဲ့သို့ အချို့သော အခွင့်အရေးအသစ်များကိုလည်း ထည့်သွင်းထားသည်။ ဤသဘောတူစာချုပ်သည် အခြားသော သဘောတူစာချုပ်များနှင့် အနည်းငယ်ကွဲလွဲသည်ဟု ဆိုရာတွင် စာချုပ်ပါ အခွင့်အရေးကို အဖွဲ့သုံးခုနှင့် သက်ဆိုင်စေခြင်းကြောင့် ဖြစ်သည်။

(၁) နိုင်ငံတော်သည် ကလေးသူငယ်တို့၏ အခွင့်အရေးများ ရရှိစေရန် ဖော်ဆောင်ပေးရန် တာဝန်နှင့်ဝတ္တရားရှိသူ ဖြစ်သည်။

(၂) ကလေးငယ်တို့သည် ၎င်းတို့၏ အခွင့်အရေးကို ကိုယ်တိုင် ဆုပ်ကိုင်ထားနိုင်သူများ ဖြစ်သည်။

(၃) မိဘများသည် ကလေးငယ်နှင့် ပတ်သက်သော ကိစ္စအဝဝအတွက် တာဝန်ရှိသည်။ ဥပမာ - ကလေးငယ်များကို အကာအကွယ်ပေးရန်၊ ပညာသင်ကြားခွင့်နှင့် ကျန်းမာရေး ပြုစုစောင့်ရှောက်ခွင့်ရှိစေရန်တို့ ဖြစ်သည်။ သို့သော် မိဘများသည် ကလေးငယ်အခွင့်အရေးကို ဆုပ်ကိုင်ထားခွင့်ရှိသူများ မဟုတ်ကြပါ။ ဥပမာအားဖြင့် ကလေးငယ်၏ ပညာရေးနှင့် ဘာသာရေးယုံကြည်မှုအပေါ် လွှမ်းမိုးချုပ်ကိုင်ခွင့်နှင့် ကလေးငယ်များကို ချုပ်ကိုင်ထားခွင့်တို့ မရှိစေရပါ။

ပဋိညာဉ်စာချုပ်တွင် မိသားစုကို လူ့အဖွဲ့အစည်း၏ သဘာဝအခြေခံအစုအဖွဲ့အဖြစ် ဖော်ပြထားပြီး၊ UDHR, ICCPR နှင့် ICESCR တို့တွင် ဆိုထားသည့်အတိုင်း ၎င်းတို့သည် အစိုးရထံမှ အကာအကွယ်နှင့် အထောက်အပံ့ ရယူခွင့်ရှိသူများ ဖြစ်လေသည်။ အမျိုးသမီးအခွင့်အရေးနှင့် ပတ်သက်ပြီး အခန်း(၉)တွင် ဖော်ပြထားသကဲ့သို့ပင် ဤစာချုပ်တွင်လည်း 'သဘာဝအစုအဖွဲ့' ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်အတွက် အငြင်းပွားမှုများစရာများ ရှိပါသည်။ 'သဘာဝ'ဟု ပြောရာတွင် ခန္ဓာဇီဝပိုင်းဆိုင်ရာ တစ်စုံတစ်ရာနှင့် ဆက်စပ်မှုရှိလေသလား။ ထိုသို့ဆက်စပ်မှုရှိခြင်းကို ဆိုလိုလျှင် မွေးစားထားသော ကလေးငယ်များနှင့် ဖခင် (သို့မဟုတ်) မိခင်၏ နောက်အိမ်ထောင်နှင့် မည်သို့သက်ဆိုင်မှု ရှိမည်နည်း။ သူတို့သည် ဝမ်းနှင့်လွယ်၍ မွေးသော မိဘ (သို့မဟုတ်) အမွေးခံထား

ရသော ကလေးငယ်များ မဟုတ်သဖြင့် သဘာဝဟူသော စကားသည် သူတို့နှင့် သက်ဆိုင်မှုမရှိဟု မှတ်ယူလေမည်လား။

ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တွင် နောက်ဆက်တွဲစာချုပ် သုံးခု ရှိပါသည်။ နှစ်ခုကို တစ်နေ့တည်း (မေလ ၂၅၊ ၂၀၀၀) တွင် မိတ်ဆက်ပေးခဲ့သည်။ ၎င်းတို့မှာ ကလေးစစ်သားအရေးကိစ္စ (လက်နက်ကိုင်ပဋိပက္ခတွင် ကလေးများ ပါဝင်နေမှုနှင့် ပတ်သက်၍ ကလေးများ၏ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် နောက်ဆက်တွဲ၊ OP-CRC-AC) နှင့် ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု (ကလေးသူငယ်များကို ညစ်ညမ်းပုံများတွင် အသုံးချခြင်း၊ လိင်ကျေးကျွန်အဖြစ် အသုံးချခြင်းနှင့် ၎င်းတို့ကို ရောင်းဝယ်ခြင်းနှင့် စပ်လျဉ်းပြီး ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် နောက်ဆက်တွဲ၊ OP-CRC-SC) တို့ကို ရည်ညွှန်းရန်ဖြစ်သည်။ တတိယစာချုပ် နောက်ဆက်တွဲမှာ CRC ကို အကောင်အထည်ဖော်သော အဖွဲ့များအား တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းဆီက တင်ပြလာသော တိုက်ချက်များကို ခွင့်ပြုလက်ခံပေးရန် ဖြစ်ပါသည်။ (ပဋိညာဉ်စာချုပ်အဖွဲ့က တိုင်တန်းလာသည့် ပြဿနာများကို မည်သို့ ကိုင်တွယ်ဖြေရှင်းသည်ကို အခန်း(၅)တွင် ဖော်ပြထားပါသည်။) ၎င်းစာချုပ်နောက်ဆက်တွဲသည် ၂၀၁၄ ခုနှစ် ဧပြီလတွင် အသက်ဝင်လာခဲ့ရာ၊ ဒေသတွင် ထိုင်းနိုင်ငံတစ်ခုတည်းသာ သဘောတူ လက်မှတ်ရေးထိုးထားသည်။ ပဋိညာဉ်စာချုပ်နှင့် စာချုပ်နောက်ဆက်တွဲများနှင့်အတူ ကုလသမဂ္ဂတွင် ကလေးသူငယ်ဆိုင်ရာ လုပ်ငန်းအစီအစဉ်များတွင် ကလေးသူငယ်များကို ရောင်းချခြင်း၊ လိင်ကျေးကျွန်အဖြစ် အသုံးပြုခြင်းနှင့် ညစ်ညမ်းရုပ်ပုံများတွင် အသုံးချခြင်းတို့အတွက် (၁၉၉၀ ခုနှစ်မှ စတင်ပြီး) အထူးစုံစမ်းစစ်ဆေးရေးအရာရှိ ခန့်ထားခြင်းလည်း ပါဝင်သည်။ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်သည် ပထမဆုံးသော အထူးစုံစမ်းစစ်ဆေးရေးအရာရှိ ဖြစ်ခဲ့ပါသည်။ ထို့အပြင် လုပ်ငန်းယန္တရားတွင် ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်းနှင့် စပ်လျဉ်းပြီး စုံစမ်းတင်ပြရန်အလို့ငှာ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အတွက် နေရာလည်း ထားရှိပါသည်။ အဆိုပါ အထူးကိုယ်စားလှယ်သည် ၂၀၀၂ ခုနှစ်တွင် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု ဆန့်ကျင်ရေးအတွက် ကုလသမဂ္ဂ၏ သုတေသနရလဒ်များကို ပြန်လည်တုံ့ပြန်ရန် ခန့်အပ်ထားခြင်း ဖြစ်ပါသည်။ ထိုအကြောင်းကို အောက်တွင်ပါရှိသော ၁၀.၃ တွင် ဆွေးနွေးသွားမည် ဖြစ်သည်။

ဒေသအဆင့်တွင် အာဆီယံ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မရှင် (ACWC) ကို ၂၀၁၀ ခုနှစ် ဧပြီလတွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ (အခန်း (၉) တွင် ဆွေးနွေးပြီးဖြစ်သည်။) လူ့အခွင့်အရေးဆိုင်ရာ အာဆီယံဒေသအတွင်း အစိုးရ ကော်မရှင် (AICHR) အဖွဲ့ကဲ့သို့ ၎င်းသည်လည်း ဒေသအစိုးရကော်မရှင်တစ်ခုဖြစ်ပြီး အာဆီယံနိုင်ငံတစ်ခုစီမှ ကိုယ်စားလှယ် နှစ်ဦးစီဖြင့် ဖွဲ့စည်းထားပါသည်။ ACWC သည် အကာအကွယ်ပေးရေး သော်လည်းကောင်း၊ တစ်ဦးချင်းတစ်ဖွဲ့ချင်းစီ၏ ပြဿနာများကို ဖြေရှင်းပေးရေးအတွက်သော်လည်းကောင်း မလုပ်ဆောင်ပေးပါ။ ACWC ၏အဓိက ဦးတည်ချက်မှာ ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းများ၊ မူဝါဒချမှတ်ရေးများနှင့် ၎င်းတို့၏ ရည်မှန်းချက်ကို ပြည့်မီစေမည့် နည်းလမ်းများ ဆောင်ရွက်ပေးခြင်း အမျိုးသမီးနှင့် ကလေးငယ်များ၏အခွင့်အရေးကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။

၁၀.၂.၁ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူညီချက်ပါ အခြေခံမူများ

အထွေထွေမှတ်ချက် နံပါတ် ၁၂ (၂၀၀၉)အရ ထွက်ပေါ်လာသော အရေးပါသည့် မူဝါဒ လေးရပ်ဖြင့် CRC ကို လမ်းညွှန်ချက် ပေးထားပါသည်။ မူဝါဒများသည် တကယ်တော့ အသစ် အဆန်းများ မဟုတ်ကြပါ။ ၎င်းတို့သည် CRC မတိုင်ခင်ကတည်းက ရှိနှင့်ပြီးသား ဖြစ်သည်။ သို့ရာတွင် ကလေးသူငယ်အခွင့်အရေးကို ပိုမိုနားလည်စေရန်နှင့် နိုင်ငံတော်နှင့် မိသားစုဝင်များက ကလေးသူငယ် အခွင့်အရေးကို အကာအကွယ်ပေးရေး လုပ်ဆောင်ချက်များအား တိုက်တွန်းအား ပေးနိုင်ရန် ရည်ရွယ်သည်။ မှတ်သားဖွယ်ရာဟု အောက်ပါ ဘောင်ခတ်ထားသည့် နေရာတွင် အခြေခံမူလေးချက်ကိုဖော်ပြထားပါသည်။ ထို အခြေခံမူများအကြောင်းကို ယခုဆန်းစစ်ပြပါမည်။

မှတ်သားဖွယ်ရာ

ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူညီချက်၏ အထွေထွေမူဝါဒမှ အထွေထွေမှတ်ချက် - နံပါတ် ၁၂ (၂၀၀၉)

၁။ ခွဲခြားဆက်ဆံခြင်းမှ ကာကွယ်ရန် (အပိုဒ် ၂)။ ကလေးသူငယ်များသည် ခွဲခြားဆက်ဆံမှုကြောင့် ၎င်းတို့ရရှိရမည့် အခွင့်အရေးများ ငြင်းပယ်ခံရခြင်း မရှိစေရပါ။

၂။ ကလေငယ်တို့ဘဝ တတ်နိုင်သမျှ ကောင်းစားရေးမူကို လေးစားလိုက်နာရန် (အပိုဒ် ၃)။ ကလေးငယ်များအတွက် ဆုံးဖြတ်ချက်များ ချမှတ်ပေးရာတွင် ၎င်းတို့ဘဝ တတ်နိုင်သမျှ ကောင်းစားရေးကို မျှော်မှန်းလုပ်ဆောင်ပေးရန်မှာ အရေးအကြီးဆုံး အချက်ဖြစ်ပါသည်။

၃။ ကလေးငယ်များ၏ အသက်ရှင် ရပ်တည်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်ကို လုပ်ဆောင်ပေးရန် (အပိုဒ် ၆)။ ကလေးသူငယ်များ၏ အသက်ရှင်ခွင့်သည် နိုင်ငံတော်၏ လုပ်ဆောင်ချက်များတွင် အရေးအပါဆုံးလုပ်ဆောင်ချက် ဖြစ်သင့်ပြီး၊ နိုင်ငံတော်သည် ကလေးငယ်များ သန်စွမ်းကျန်းမာစွာ ကြီးပြင်းလာစေရန် တာဝန်ရှိသည်။

၄။ ကလေးငယ်များ၏ အတွေးအမြင် အယူအဆများ တင်ပြခွင့်၊ ၎င်းတို့နှင့်သက်ဆိုင်သော ဆုံးဖြတ်ချက်များချမှတ်ရာတွင် ၎င်းတို့ပါဝင်ခွင့်ကို ခွင့်ပြုရန် (အပိုဒ် ၁၂)။ ကလေးငယ်များသည် အသက်အရွယ်နှင့် ရင့်ကျက်မှုအလိုက် ၎င်းတို့အရေးကိစ္စအတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်ခွင့်ရှိပါသည်။

၁၀.၂.၂ ကလေးသူငယ် အသက်ရှင် ရပ်တည်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ခွင့်

လူအဖွဲ့အစည်းအတွင်းတွင် ကလေးသူငယ်တို့ အသက်ရှည်ရပ်တည်နိုင်ခွင့်ကို အမြင့်ဆုံး ဦးစားပေးအချက်အဖြစ် သတ်မှတ်ကြသည်။ ငတ်မွတ်ခေါင်းပါးလျှင် လူမှုအဖွဲ့အစည်းများသည် ကလေးငယ်များကို ဦးစွာပထမ အစာအာဟာရ ဖြည့်တင်းပေးကြသည်။ လှေနစ်မြုပ်လျှင်လည်း အမျိုးသမီးနှင့် ကလေးငယ်တို့ကို အသက်ကယ်လှေပေါ်သို့ ဦးစွာတင်ပေးသည်။ ထိုအခြေခံမူကို ကျယ်ပြန့်စွာ ဖော်ပြထားသော်လည်း၊ လက်တွေ့တွင် အမြဲတစေ လိုက်နာကျင့်သုံးခြင်း မရှိပါ။ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်က သေဆုံးသော လူဦးရေ၏ ပမာဏတော်တော်များများမှာ

ကလေးငယ်များဖြစ်သည် (ကလေးငယ်သေဆုံးနှုန်း ၃၀% အထိ မြင့်တက်ခဲ့သည်)။ ထို့အပြင် ကလေးငယ်တို့သည် လူသက်တမ်း၏ ပထမငါးနှစ်အတွင်း အသက်ရှင်သန်နေနိုင်လျှင်ပင် ငတ်မွတ်ခေါင်းပါးမှု၊ စစ်မှုထမ်းရန် ပေါ်တာဆွဲခြင်းနှင့် အလုပ်ကြမ်းလုပ်ရန် ဆင့်ခေါ်ခြင်း စသော အကြောင်းအရာတို့နှင့် ရင်ဆိုင်ရဖွယ် ရှိပါသေးသည်။

သို့ဖြစ်ရာ အခြေခံမူ အမှတ် ၁ မှာ ကလေးသူငယ် သေဆုံးနှုန်းကို လျှော့ချရန်၊ ကလေးများ အကြမ်းဖက်ခံရခြင်းမှ ကာကွယ်ပေးရန်နှင့် ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် ပို၍ ရင်းနှီးမြှုပ်နှံပေးရန်ဖြစ်ရာ ထိုအခြေခံမူမှာ နိုင်ငံတော်နှင့် တိုက်ရိုက်သက်ဆိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတော်သည် ကလေးသူငယ် ရှင်သန်ခွင့်အတွက် တာဝန်ရှိသူဖြစ်သည်။ CRC ကလည်း အဆိုပါစိုးရိမ်ဖွယ်ကိစ္စရပ်များကို အစိုးရအနေဖြင့် ဦးစားပေးတာဝန်အနေဖြင့် ထမ်းဆောင်ရန် တိုက်တွန်းထားသည်။ မိခင်တို့၏ ကျန်းမာရေးပြုစုစောင့်ရှောက်မှုအတွက် အသုံးစရိတ်ကို လျှော့ပြီး စစ်အသုံးစရိတ်မြှင့်တင်သော အစိုးရများသည် ဤမူဝါဒကို ထင်ထင်ရှားရှား ချိုးဖောက်နေခြင်း ဖြစ်ပါသည်။ ထို့ပြင် ဤမူဝါဒသည် သားယောကျ်ားလေးကို ပိုမိုဦးစားပေးခံရသော ယဉ်ကျေးမှုများ၊ ယောကျ်ားလေးကို ပိုမိုလိုလားသဖြင့် သန္ဓေသားလောင်းသည် မိန်းကလေးဟုသိလျှင် ဖျက်ဆီးပစ်တတ်သော ယဉ်ကျေးမှုရှိသည့် လူအဖွဲ့အစည်းနှင့်လည်း သက်ဆိုင်ပါသည်။ မူဝါဒ၏ တူညီသောသဘောတရားမှာ ကလေးသူငယ်များ သေဒဏ်အပြစ်ဒဏ်နှင့် မကြုံတွေ့စေရန် အတွက် ၎င်းတို့ကို လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားစဉ်တွင် အထူးကာကွယ်မှုများပေးရန်ဖြစ်ပါသည်။ (အပို ထပ်ဆောင်းသော အထူးကာကွယ်မှုများသည် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေများ အောက်တွင် ဖော်ပြထားပါသည်။ ဤအကြောင်းအရာကို အပိုင်း ၁၀. ၇ တွင် ဆွေးနွေးမည် ဖြစ်သည်။)

ဤအခြေခံမူပါ အချက်တစ်ချက်မှာ ကလေးသူငယ်များဖွံ့ဖြိုးတိုးတက်ခွင့်ဖြစ်သည်။ ကလေးတစ်ယောက်အတွက် ဆောင်ရွက်ပေးရမည့်တာဝန်မှာ အသက်ရှင်သန်နေနိုင်ရေးထက် ပိုမိုပါသည်။ ကလေးငယ်တို့သည် ကျန်းမာသန်စွမ်းစွာနှင့် ပညာတတ်မြောက်စွာဖြင့် ရှင်သန်ကြရမည် ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ခွင့်ဟုဆိုရာတွင် ကလေးငယ်များ ကျန်းမာသန်စွမ်းသော လူရွယ်ဘဝ ရောက်ရန်အတွက် ကျန်းမာရေးကို လက်လှမ်းမီခွင့်နှင့် ကလေးငယ်များသည် တာဝန်သိသော လူရွယ်လေးများဖြစ်လာစေရန်အတွက် ပညာသင်ကြားခွင့်၊ ထို့ပြင် ၎င်းတို့၏ ဉာဏ်ရည်ဗဟုသုတ ဖွံ့ဖြိုးမှုအတွက် လွတ်လပ်စွာ ထုတ်ဖော်ပြောနိုင်ခွင့်တို့ကို ခြုံငုံရည်ညွှန်းမိစေပါသည်။ ကလေးငယ်များ၏ ပညာရေးနှင့် ကျန်းမာရေးအတွက် တန်ဖိုးထားရသော အစိုးရ၏ ဘတ်ဂျက်နှင့်အရင်းအမြစ်ကို အသုံးပြုရန် လိုအပ်ရာ အရှေ့တောင်အာရှနိုင်ငံများရှိ အစိုးရများအတွက် ဖွံ့ဖြိုးတိုးတက်ရေးမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါသည်။ ဤအခန်း၏ နှောင်းပိုင်းတွင် ကလေးသူငယ်တို့၏ ပညာရေးနှင့်စပ်လျဉ်း၍ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်စရာများ ကျန်ရှိနေသေးကြောင်း ဆွေးနွေးပါမည်။

၁၀.၂.၃ ကလေးသူငယ်တို့ဘဝ တတ်နိုင်သမျှ ကောင်းစားရေး

ကလေးငယ်တို့ဘဝ တတ်နိုင်သမျှ ကောင်းစားရေးအတွက် ရည်ရွယ်သည့်အခြေခံမူဆိုသည်မှာ ဆန်းသစ်မှု တစ်ခုလည်းဖြစ်သည်။ အမှန်တကယ် အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိသော်လည်း ကလေးအတွက် ဆုံးဖြတ်ချက်တစ်ခုခု ချမှတ်တိုင်းတွင် မိဘ (သို့မဟုတ်) အစိုးရ (သို့မဟုတ်)

ယဉ်ကျေးမှုဓလေ့ထုံးစံအရ (သို့မဟုတ်) စီးပွားရေးအရ အစရှိသည်တို့၏ အကျိုးစီးပွားထက် ကလေးငယ်၏အကျိုးကို ဦးစားပေးရန်ဖြစ်ပါသည်။ ကလေးငယ်တစ်ဦး၏ ကလေးသူငယ်လူအခွင့်အရေးကို အဓိပ္ပာယ်ဖွင့်ဆိုထားသကဲ့သို့ ကလေးငယ်၏ကောင်းကျိုးဆိုသည်မှာ မည်သည့်အရာဖြစ်သည်ဟု သေချာစွာအဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိသော်လည်း ၎င်း၏အသက်ရှင်နေထိုင်ခွင့်နှင့် တိုးတက်ဖွံ့ဖြိုးခွင့်သည် အရေးအကြီးဆုံးအချက်ဖြစ်သည်ဟု သဘောပေါက်ထားရပါမည်။ 'ကလေးတစ်နိုင်သမျှကောင်းစားရေး' ဆိုသော အခြေအနေကိုရရှိရန်မှာ စာသင်ကျောင်းများ၊ ဆေးရုံများ၊ တရားရုံးများ သို့မဟုတ် မိသားစုထဲတွင် နည်းလမ်းမျိုးစုံဖြင့် ချမှတ်ဆောင်ရွက်နိုင်ပါသည်။ အဆိုပါ မူဝါဒကို CRC မတိုင်ခင်ကတည်းက အသုံးပြုနေကြပြီဖြစ်၍ များစွာသော နိုင်ငံတော်ဥပဒေ၊ အထူးသဖြင့် မွေးစားခြင်းနှင့် ကလေးအုပ်ထိန်းခွင့် တောင်းခံခြင်းအစရှိသော မိသားစုရေးရာဥပဒေများတွင် ထည့်သွင်းထားသည်ကို တွေ့နိုင်ပါသည်။ နိုင်ငံတကာ လူအခွင့်အရေး ဥပဒေများကို ကြည့်လျှင် ဤမူဝါဒကို ၁၉၅၉ ခုနှစ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကြေညာချက်နှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး သဘောတူစာချုပ် (CEDAW) (အပိုဒ် ၅ နှင့် ၁၆) တို့တွင် ဖော်ပြထားသည်ကို တွေ့နိုင်ပါသည်။ CRC တွင် 'ကလေး တတ်နိုင်သမျှကောင်းစားရေး'ဟု ညွှန်းဆိုရာတွင် ကလေးတို့အတွက် အကျိုးရှိမည်ဆိုပါက ၎င်းတို့ကို မိဘရင်ခွင်မှ ခွဲထုတ်ထားခြင်း၊ မိဘတို့၏ တာဝန်ဝတ္တရား၊ မွေးစားခြင်းနှင့် တရားရုံးတွင် ကြားနာခြင်းကဲ့သို့ ကိစ္စရပ်များနှင့် သက်ဆိုင်ပါသည်။

ဤအခြေခံမူသည် ကလေးအတွက် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ကလေး၏ ကောင်းကျိုးဖြစ်ထွန်းမှုကို အခြားအရာများထက် ဦးစားပေးခြင်း ဖြစ်သည်။ ဥပမာ - ကလေးငယ်တစ်ဦးကို သူ၏ မိဘရင်ခွင်မှ ခွဲထုတ်၍ထားရန် ဆုံးဖြတ်သည် ဆိုပါစို့။ ထိုသို့ ဆုံးဖြတ်ရခြင်းအကြောင်းမှာ သူ၏ မိဘသည် သူ့ကို အကြမ်းဖက် ညှင်းပန်းနေသူဖြစ်သဖြင့် ဤနေရာတွင် မိဘက ကလေးကို အုပ်ထိန်းခွင့် ဆိုသည့်အရာကို ကျော်လွန်၍ ကလေး၏လုံခြုံမှုကို စဉ်းစားပေးခြင်း ဖြစ်သည်။ ထို့အတူ အခြားသော အကြောင်းပြချက်တစ်ခုမှာ အစိုးရ၏ စီးပွားရေး အကျိုးအမြတ် စိတ်ဝင်စားမှုအရ ကလေးငယ်များကို နေရာရွှေ့ပြောင်းပေးခြင်းမျိုးမှ ကာကွယ်ပေးရန် ဖြစ်နိုင်သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

အကလေး တတ်နိုင်သမျှကောင်းစားရေးမူ နှင့်စပ်လျဉ်းသော သာဓက

အောက်ပါဖြစ်ရပ်များသည် ကလေး တတ်နိုင်သမျှကောင်းစားရေးမူ နှင့်စပ်လျဉ်းသော ဆောင်ရွက်ချက်များအကြောင်း အသေးစိတ်ဖော်ပြပါသည်။ တတ်နိုင်သမျှကောင်းစားရေး ဆိုသည်မှာ ခံစားချက်ကို အခြေပြုသော အမြင်ဖြစ်သောကြောင့် ဆွေးနွေးရာတွင် သဘောမတူညီမှုများနှင့် အခြားသော နည်းလမ်းဖြင့် ဘာသာပြန်မှုများကိုလည်း လမ်းဖွင့်ပေးထားပါသည်။

ဖြစ်ရပ်လေ့လာချက်

နှမဖြစ်သူက အသက်ငါးနှစ်ခန့်ရှိပြီး အကိုဖြစ်သူက ၁၇ နှစ်ခန့်ရှိသော မောင်နှမနှစ်ဦး တို့သည် မြန်မာနိုင်ငံမှ ထွက်ပြေးကာ ထိုင်းနိုင်ငံဒုက္ခသည်စခန်းသို့ ရောက်လာကြရသည်။ ပဋိပက္ခဖြစ်ပွားသော

နယ်မြေမှ ထွက်ပြေးလာခဲ့ရခြင်း ဖြစ်၍ ၎င်းတို့ရွာကို စစ်တပ် ဝင်ရောက်စီးနင်း တိုက်ခိုက်ခြိန်မှစ၍ မိဘများနှင့် တကွဲတပြား ဖြစ်ခဲ့ရသည်။ သူတို့၏ မိဘများကို ရှာမတွေ့တော့ပါ။ သို့သော် စခန်းတွင် ကလေးငယ်များ၏ အဒေါ်တစ်ယောက် ရှိပါသည်။ အစ်ကိုဖြစ်သူက အမေနှင့်အဖေကို ရှာဖွေရန် အတွက် ပဋိပက္ခနယ်မြေကို ပြန်လည်သွားရောက်လိုသည်။ နှမဖြစ်သူကလည်း အစ်ကိုနှင့် အတူရှိချင်သည်။ ဤနေရာတွင် စခန်းက တာဝန်ရှိသူတို့ မည်သို့ လုပ်ဆောင်သင့်သနည်း။ တာဝန်ရှိသူတို့သည် စစ်ပွဲဧရိယာသည် လုံခြုံမှုမရှိကြောင်း သိထားသည်။ သို့သော် ကလေးငယ်တို့က သူတို့မိဘများနှင့် ပြန်လည်ပေါင်းစည်းရန် ဆန္ဒရှိကြသည်။ အစ်ကိုဖြစ်သူက နှမနှင့်အတူ ပဋိပက္ခဖြစ်ပွားရာအရပ်ကို အန္တရာယ်ကင်းကင်း ဖြတ်ကျော်၍ ပြန်လာနိုင်ကြောင်း သက်သေပြသော်လည်း စခန်းကမူ သူတို့နှစ်ဦး အတွက် လက်ရှိတွင် အစားအသောက်များ၊ ကျန်းမာရေးစောင့်ရှောက်ခွင့်နှင့် မိန်းကလေးငယ်များ စာသင်ခွင့်(ယောကျ်ားလေးများအတွက် မပါပါ) သူတို့၏အဒေါ်နှင့်အတူ နေထိုင်ရန်နေရာနှင့် အခြား သော ကလေးငယ်များနှင့် ရောနှောကစားနေနိုင်စေရန် စီစဉ်ပေးနိုင်မည့်နေရာ ဖြစ်သည်။

ဆွေးနွေးချက်

ဤကဲ့သို့သော အခြေအနေမျိုး ထိုင်း-မြန်မာ ဒုက္ခသည်စခန်းများတွင် ၁၉၉၀ မှ ၂၀၀၀ ပြည့်နှစ်များအတွင်း ဖြစ်လေ့ဖြစ်ထရှိပါသည်။ ဖြစ်ရပ်တိုင်းတွင် စခန်းက တာဝန်ရှိသူများသည် ကလေးငယ်များ၏ ကောင်းကျိုးကိုသာ အခြေပြုစဉ်းစားကြရမည်ဖြစ်သည်။ ဤဖြစ်ရပ်တွင် ငါးနှစ်အရွယ် ကလေးမလေး၏ အကျိုးကို ရှေးရှုလျှင် စခန်းမှာပင် လုံခြုံဘေးကင်းစွာ နေစေမည်။ သို့မှသာ ကျန်းမာရေးစောင့်ရှောက်ခွင့်နှင့် ပညာသင်ကြားခွင့်ကို ရရှိမည် ဖြစ်သည်။ ထိုမျှမက စခန်းကလည်း ပဋိပက္ခဖြစ်နေသည့် နေရာထက် အစားအသောက်၊ နေစရာ၊ ရေအစရှိသည်တို့ကို ပိုမိုကောင်းမွန်စွာ ရရှိနိုင်သည့်အနေအထားရှိသည်။ သူမ၏ အစ်ကိုနှင့် အတူရှိနေလိုခြင်းမှာ အရေးကြီးသော်လည်း သူမ၏ ဘေးကင်းလုံခြုံမှုအတွက် စွန့်စားမှု မပြုလုပ်ထိုက်ပေ။

သို့သော် အစ်ကိုလုပ်သူအတွက် ကောင်းစားဖို့ရာမှာမူ နှမဖြစ်သူနှင့် အခြေအနေကွာခြားနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အစ်ကိုသည် အသက်ပိုကြီးသဖြင့် ရင့်ကျက်မှုပိုရှိနေပြီ ဖြစ်သည်။ သူ့အတွက် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ကိုယ်တိုင်စဉ်းစားနိုင်စွမ်းရှိသည်။ သူသည် ပဋိပက္ခနယ်မြေအတွင်းသို့ အန္တရာယ်ကင်းစွာ သွားလာနိုင်ခြေရှိသော်လည်း ညီမငယ်နှင့်အတူ သွားလာလျှင် ဘေးကင်းမည်မှာ မသေချာပါ။ ဖြစ်သင့်သည်မှာ သူရော သူ့နှမရောပါ မိဘများကို ပြန်တွေ့သည်အထိ စခန်းတွင် စောင့်ရန်ဖြစ်သည်။ သို့မဟုတ်လျှင် အရွယ်ရောက်ပြီးသူတစ်ယောက်အဖြစ် ၎င်းကိုယ်တိုင် ဆုံးဖြတ်ချက်များချနိုင်ရန် အသက် ၁၈ နှစ်ပြည့်သည်အထိ စောင့်သင့်ပါသည်။ သူတို့မောင်နှမ စခန်းတွင် နေသင့်သည် (သို့မဟုတ်) ထွက်သွားသင့်သည်ဟူသော ဆုံးဖြတ်ချက်မှာ ငွေရေးကြေးရေးကြောင့် ဖြစ်လာရသော နေစရာရှိ မရှိ သို့မဟုတ် သူတို့နှစ်ဦးကို ထောက်ပံ့ရန် အရင်းအမြစ်များရှိ မရှိ ဆိုသည်တို့အပေါ်မူတည်ကာ ဆုံးဖြတ်ရခြင်းမျိုးမဟုတ်သင့်။ ထိုနည်းတူပင် သူတို့မိဘများက ထိုကလေးများကို တွေ့လိုသည့်ဆန္ဒအပေါ်တွင်မူတည်၍လည်း မဆုံးဖြတ်သင့်။ မိဘများ၏ ဆန္ဒကို ငဲ့လျှင် မိဘတို့အတွက် ဆုံးဖြတ်ရခြင်းဖြစ်ပြီး သူတို့အတွက် မဟုတ်တော့ပေ။ အလားတူပင် ထို ဒုက္ခသည် စခန်းစီမံအုပ်ချုပ်ရေးအရ ထုတ်ပြန်ထားသော ဥပဒေစည်းမျဉ်းစည်းကမ်းများအပေါ်တွင် မှီ၍လည်းမဆုံးဖြတ်သင့်။ ထိုဥပဒေစည်းမျဉ်းစည်းကမ်းများ အရသာ ဆုံးဖြတ်နိုင်သောအခြေအနေ

ဖြစ်လျှင် ထိုဆုံးဖြတ်ချက်သည် ကလေးများ၏ကောင်းကျိုးဖြစ်ဖို့ရာထက် စခန်း၏ ဥပဒေမျက်နှာကိုသာ ကြည့်သော ဆုံးဖြတ်ချက်ဖြစ်နေမည်။

မေးခွန်းများ

- ကလေးများကို စခန်းတွင် ထိန်းသိမ်းပေးထားခြင်းသည် အကောင်းဆုံး ဆုံးဖြတ်ချက် ဖြစ်ပါသလား။
- အစ်ကိုလုပ်သူက အလွန်သွားချင်သည့် စိတ်ဆန္ဒရှိနေသည်ဟု ဆိုပါစို့။ သင့်အနေနှင့် သူ့ကို သွားခွင့်ပြုမည်လား။
- နှမငယ်အတွက် အကောင်းဆုံးဖြစ်စေမည့် အခြေအနေကို စဉ်းစားရာတွင် အောက်ပါအချက်များက ၎င်းအတွက် မည်မျှအရေးကြီးသည်ကို သင်သတ်မှတ်ထားသည့် အစဉ်အတိုင်း ထက်အောက် စီကာ သတ်မှတ်ပေးပါ။ (နှမငယ်အတွက် အရေးပါသည်များတွင် ရှင်သန်ခွင့်၊ ကျန်းမာရေး၊ ပညာရေး၊ အစာရေစာ၊ ဆော့ကစားခြင်းနှင့် အပန်းဖြေမှု၊ မိဘများနှင့် ပြန်လည်ပေါင်းစည်းခြင်းနှင့် အစ်ကိုဖြစ်သူနှင့် အတူတကွ နေထိုင်နိုင်ရေးတို့ ပါဝင်သည် ဆိုကြပါစို့။)

၁၀.၂.၄ ခွဲခြားဆက်ဆံမှုမရှိရေး

လူ့အခွင့်အရေး သဘောတူစာချုပ်တိုင်းသည် ခွဲခြားဆက်ဆံမှုမရှိရေးကို အထင်အရှားအလေးထား ဖော်ပြကြရာ CRC သည်လည်း ထိုအတိုင်းပင် ဖြစ်သည်။

ဤအခြေခံမူတွင် ကလေးငယ်များကို အုပ်စုတစ်စုအနေဖြင့် မှတ်ယူပြီး ခွဲခြားဆက်ဆံမှုမျိုးမှာ အကျုံးမဝင်ပါ။ (ဥပမာ - ကလေးငယ်များကို အရွယ်ရောက်ပြီးသော လူကြီးများကဲ့သို့ မသတ်မှတ်ဘဲဆက်ဆံခြင်း။) သို့ရာတွင် ကလေးငယ်များတွင် ပါဝင်နေသော အချို့သောအုပ်စုများအပေါ် ခွဲခြားဆက်ဆံမှုကို ဆန့်ကျင်သည်ဟု ဖော်ပြထားပါသည်။ အချို့သော ကလေးများမှာ ခွဲခြားဆက်ဆံမှုကို တောက်လျှောက်ခံကြရသည်။ ဥပမာဆိုရပါလျှင် နိုင်ငံတော်တော်များများတွင် မိန်းကလေးငယ်များသည် ယောကျ်ားကလေးများထက် အခွင့်အရေး အနည်းငယ်သာလျှင် ရရှိပါသည်။ မိန်းကလေးငယ်တို့သည် ကျောင်းမှ စောစီးစွာထွက်ရန် ဖိအားပေးခံရရာ သူတို့၏ အစ်ကိုများနှင့် မောင်များလောက် ပညာရေးအသိ မရရှိကြချေ။ ထိုကဲ့သို့ အခြေအနေများကို အရှေ့နှင့် တောင်အာရှတွင် အများဆုံးတွေ့နိုင်ပြီး ၎င်းနေရာများတွင် 'သမီးမိန်းကလေးကို ကျောင်းသို့ပို့ခြင်းသည် အိမ်နီးချင်းခြံကို ရေလောင်းပေးခြင်းမည်၏' ဟူသော စကားပုံ ရှိပါသည်။ တစ်နည်းဆိုရပါလျှင် မိန်းလေးငယ်များကို ပညာသင်ကြားပေးခြင်းသည် သူများအဖို့ဖြစ်သည် ကိုယ့်အဖို့ရာမဟုတ်ဟု အဓိပ္ပာယ်ရပါသည်။ မသန်စွမ်းကလေးငယ်များသည်လည်း ခွဲခြားဆက်ဆံမှုများ ကြုံတွေ့ခံစားနေရပါသည်။ ဒေသနှင့်အဝန်းတွင် မသန်စွမ်းများအပေါ် ရယ်ပွဲဖွဲ့စရာဟု မြင်ကြခြင်း၊ အစိုးရကလည်း သူတို့မိဘအပေါ် ပံ့ပိုးပေးမှုနည်းပါးခြင်းတို့ကြောင့် မသန်စွမ်းကလေးတို့သည် ပညာရေးလက်လှမ်းမီနိုင်မှု တူညီစွာမရပေ။ ခွဲခြားဆက်ဆံမှုကို ခံနေရသော အချို့သောအဖွဲ့များတွင် တိုင်းရင်းသားမျိုးနွယ်စုမှ ကလေးများ၊ ရွှေ့ပြောင်းလုပ်သားများ၏ ကလေးများနှင့် ကလေးရွှေ့ပြောင်းသူများ (ထိုကလေးများအကြောင်းကို ရှေ့ပိုင်းတွင် ဆွေးနွေးထားပါသည်) ပါဝင်ပါသည်။

၁၀.၂.၅ ပါဝင်ဆောင်ရွက်နိုင်ခွင့်

ပါဝင်ဆောင်ရွက်ခြင်းကို လူ့အခွင့်အရေးအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုထားပြီး ၎င်းသည် ဖွံ့ဖြိုးတိုးတက်နိုင်ရေး အခွင့်အလမ်းနှင့်လည်း ဆက်စပ်နေပါသည်။ CRC မတိုင်မီက ပဋိညာဉ်စာချုပ်များတွင် ပါဝင်ဆောင်ရွက်နိုင်ခွင့်ကို တိုက်ရိုက်ထည့်သွင်းမထားသော်လည်း နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်နိုင်ခွင့်နှင့် လွတ်လပ်စွာပြောဆိုနိုင်ခွင့်တို့သည် ပါဝင်ဆောင်ရွက်နိုင်ခြင်း အခွင့်အရေးများပင် ဖြစ်ပါသည်။ တိတိကျကျ ဆိုရပါလျှင် CRC တွင် ကလေးငယ်များအားလုံးအတွက်မဟုတ်ဘဲ မသန်စွမ်းကလေးငယ်များ ရပ်ရွာလူထုဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်နိုင်ခွင့်နှင့်ပတ်သက်ပြီး 'ပါဝင်ဆောင်ရွက်ခွင့်' ဟူသော စကားလုံးကို အသုံးပြုထားခြင်း ဖြစ်သည်။ အပိုဒ် (၁၂) တွင် ဖော်ပြထားသည့်အတိုင်း ပါဝင်ဆောင်ရွက်နိုင်ခွင့်ဆိုသည်မှာ ကလေးငယ်များ၏ အမြင်များကို ထည့်သွင်းစဉ်းစားခြင်း ဖြစ်သည်။ အထွေထွေမူဝါဒထဲတွင် ကလေးငယ်များ၏ ပါဝင်ဆောင်ရွက်နိုင်ခွင့်ကို ထည့်သွင်းဖော်ပြထားခြင်းမှာ ကလေးငယ်တို့အတွက် အလွန်မြင့်နေသည်ဟူသော ယူဆချက်ဖြင့် အငြင်းပွားဖွယ် ရှိပါသည်။ အမှန်မှာ ဤစနစ်အသစ်အရ ဖြစ်စဉ်တစ်ရပ်တွင် ကလေးငယ်ကို တက်ကြွစွာ ကိုယ်တိုင်ပါဝင်နိုင်သူအဖြစ် ဗဟိုပြုထားခြင်း၊ ဆိုလိုသည်မှာ ၎င်းတို့၏ အခွင့်အရေးများ ပြည့်မီမှု ရှိမရှိကို ၎င်းတို့ကိုယ်တိုင် ပြောရေးဆိုခွင့် ရှိစေခြင်း ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ ပေးဝေဌသော လူမှုရေးလုပ်ငန်းအသွင်မျိုးကဲ့သို့ ကလေးငယ်များကို ပေးသမျှယူရသော အပြုခံများအဖြစ်မှ လွတ်မြောက်စေလို၍ ဖြစ်ပါသည်။ ကလေးငယ်များကို အခွင့်အရေးလက်ကိုင်ထားနိုင်သူအဖြစ် ရှုမြင်ခြင်းသည် 'လူသား၏ အခြေခံအခွင့်အရေးဖြင့် လုပ်ဆောင်သောနည်းလမ်း'ကို အသုံးပြုခြင်းဟု ဆိုနိုင်ပါသည်။ (အခန်း ၁၂ တွင် ဆွေးနွေးထားပါသည်။) ပါဝင်ဆောင်ရွက်နိုင်စေခြင်း၏ ဒုတိယရည်ရွယ်ချက်မှာ ကလေးငယ်များကို ၎င်းတို့အတွက် အခွင့်အရေးများ မည်သို့ပေးအပ်ထားသည်ကို ၎င်းတို့ကိုယ်တိုင်သိရှိပြီး ပြောရေးဆိုခွင့်ရှိစေရန် ဖြစ်ပါသည်။ ထိုအချက်က ဘာသာရေး၊ ပညာရေးနှင့် မီဒီယာ အစရှိသည့် ဧရိယာများမှ ကလေးအခွင့်အရေးများအတွက်လည်း များစွာ အရေးကြီးပါသည်။

ကလေးသူငယ်အတွက် ဆုံးဖြတ်ချက်ချရာတွင် ၎င်းတို့ကိုယ်တိုင် ပါဝင်ခွင့်ရှိသည်ဟု ယူဆထားသည့် ကိစ္စများမှာ မွေးစားခြင်း၊ ပညာသင်ကြားခြင်း၊ တရားရေးစီရင်ချက်များ၊ ကလေးအုပ်ထိန်းခွင့်တောင်းခံခြင်း၊ ဖွံ့ဖြိုးရေးနှင့် ကလေးငယ်နှင့် သက်ဆိုင်သော မူဝါဒချမှတ်ခြင်းတို့ ဖြစ်ပါသည်။ ဥပမာ - တရားရုံးတော်သည် ကလေးအုပ်ထိန်းခွင့်ကို မိဘတို့က တောင်းခံသည့်ကိစ္စတွင် ကလေး၏ အမြင်ကိုပါ ကြားနာသင့်ပါသည်။ ကလေးငယ်တို့ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိစေခြင်းဟုဆိုရာတွင် ၎င်းတို့၏ အသက်အရွယ်နှင့် ရင့်ကျက်မှုအလိုက် ဖြစ်သင့်ပါသည်။ ဥပမာ - ကလေးငယ်၏ ပညာရေးအတွက် ဆုံးဖြတ်ချက်ချရာတွင် ကလေးငယ်များကို ပါဝင်ခွင့်ပေးသည့်အခါတွင် ဖြစ်သည်။ ဒေသတွင်းမှာရှိသည့် အထက်တန်းကျောင်းစနစ်တွင် ကလေးငယ်များကို မသင်မနေရ ဘာသာများကို ၎င်းတို့စိတ်ကြိုက် ရွေးချယ်စေသည် ဆိုပါစို့။ သို့ရာတွင် ငါးနှစ်အရွယ် ကလေးတစ်ဦးကို ထိုသို့သော ရွေးချယ်ခွင့် မပေးနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် သူ၏ပညာရေးအတွက် သူကိုယ်တိုင် ဆုံးဖြတ်နိုင်သည့် အသိဉာဏ်နှင့် ရင့်ကျက်မှုလိုအပ်နေသောကြောင့် ဖြစ်ပါသည်။ တတ်နိုင်သမျှ ကောင်းစားရေးဆိုသောမူကို သုံးရာတွင် ရင့်ကျက်မှုနှင့် အသက်အရွယ်တို့ဖြင့် အဓိပ္ပာယ် မဖွင့်ဆိုနိုင်ပါ။ ထို့ကြောင့် အများအားဖြင့် အစိုးရနှင့် မိဘများကိုသာ အဆုံးသတ် ဆုံးဖြတ်ချက်ချမှတ်သူများအဖြစ် တာဝန်ပေးအပ်ပြီး ထိုသို့ဆုံးဖြတ်ချက်ချရာတွင် ကလေး၏အမြင်ကို ထည့်သွင်းစဉ်းစားစေပါသည်။

ပါဝင်ဆောင်ရွက်စေခြင်းဆိုသည့် မူဝါဒသည် အစဉ်အလာကြီးစိုးသော၊ မိသားစုတွင် အထူးသဖြင့် ဖခင်ကသာ ကလေး၏ ဘဝအတွက် အဆုံးသတ်ဆုံးဖြတ်ချက်ကို ပေးနိုင်သူဟု ယူဆသော ဖခင်ကြီးစိုးသည့် လူ့အသိုင်းအဝိုင်းနှင့် ပွတ်တိုက်မှုဖြစ်စေပါသည်။ ကလေးငယ်များကို သူတို့ ကြိုက်နှစ်သက်ရာ ယုံကြည်ကိုးကွယ်ခွင့်နှင့် သူတို့၏ ကိုယ်တိုင် မိဒီယာများနှင့်ချိတ်ဆက်နိုင်ခွင့် ပေးခြင်းကို အချို့သော လူ့အသိုင်းအဝိုင်းတွင် လက်မခံကြပေ။ အဓိကအကြောင်းမှာ အရှေ့တောင်အာရှတွင် ပါဝင်ဆောင်ရွက်ခွင့်ဆိုသည်ကို ညှဉ်ဖျင်းလွန်းစွာဖွဲ့စည်းပုံဖော်ထားခြင်းကြောင့် ဖြစ်ပါသည်။ အများအားဖြင့် တရားရေးစနစ်များတွင် ကလေးသူငယ်များနှင့် သက်ဆိုင်သော ကိစ္စရပ်များတွင် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ၎င်းတို့ပါဝင်ခွင့်ကို ခွင့်ပြုထားသော်လည်း၊ အမှန်တကယ် လက်တွေ့ ကျင့်သုံးမှုပိုင်းတွင် ထိုအတိုင်း ဖြစ်မလာတတ်ပေ။ ထိုနည်းတူစွာပင် ကလေးငယ်တို့သည် သူတို့၏ ပညာရေးအတွက် ကိုယ်တိုင်ပါဝင် အကြံပေးနိုင်ခွင့်၊ ရွေးချယ်နိုင်ခွင့် အနည်းငယ်သာ ရရှိပါသည်။

အဆိုပါ အခြေခံမူ လေးရပ်သည် သဘောတူစာချုပ်တွင် အရေးပါသော အချက်များ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ကလေးများရင်ဆိုင်နေရသော အခြားသော ပြဿနာများအတွက် ဖြေရှင်းနည်းများပေးနိုင်သောကြောင့် ဖြစ်ပါသည်။ ယခုအခန်း၌ ကျန်ရှိသော အပိုင်းများတွင် အကြမ်းဖက်ခြင်း၊ ပညာရေး၊ အလုပ်ခိုင်းစေခြင်း၊ လက်နက်ကိုင်ပဋိပက္ခနှင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ စသဖြင့် ကလေးငယ်တို့ လိုအပ်နေသော အထူးအခွင့်အရေးများအတွက် နယ်ပယ်ငါးခုကို ဆန်းစစ်သွားပါမည်။

၁၀.၃ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုမှ ကာကွယ်ခြင်း

ကလေးငယ်များကို အကြမ်းဖက်မှုမှ ကာကွယ်ခြင်းသည် နိုင်ငံတော်နှင့် မိသားစုတို့အတွက် အရေးအကြီးဆုံးသော တာဝန်များအနက် တစ်ခုဖြစ်ပြီး ၎င်းသည် အရှေ့တောင်အာရှတွင် အဓိကပြဿနာတစ်ခုလည်း ဖြစ်ပါသည်။ လက်တွေ့တွင် ကလေးငယ်တို့ကို အကာအကွယ်ပေးသင့်သည်ဟု ယူဆသော အဖွဲ့အစည်းများ (မိသားစုနှင့် နိုင်ငံတော်) ကိုယ်တိုင်သည်ပင်လျှင် အကြမ်းဖက်မှုထဲတွင် ရံဖန်ရံခါ ပါဝင်နေတတ်ပါသည်။ CRC ၏ အပိုဒ် ၁၉ တွင် ဖော်ပြထားသည့်အတိုင်း ကလေးတိုင်းသည် အလွဲသုံးစား အမြတ်ထုတ်ခံရခြင်း၊ အကြမ်းဖက်ခံရခြင်းနှင့် လျစ်လျူရှု ဖယ်ကြဉ်ခံရခြင်းတို့မှ အကာအကွယ် ရယူနိုင်ခွင့် ရှိပါသည်။

> မိဘများ၊ တရားဝင် အုပ်ထိန်းခွင့်ရသူများ (သို့မဟုတ်) ကလေးကို စောင့်ရှောက်ခွင့်ရထားသူ အခြားမည်သူမဆို ကလေးငယ်တို့ကို ကာကွယ်စောင့်ရှောက်နေသည့် နည်းတူ၊ နိုင်ငံတော်အဖွဲ့အစည်းများ အားလုံးသည်လည်း ကလေးငယ်များကို ရုပ်ပိုင်းဆိုင်ရာ (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှလည်းကောင်း၊ ဒဏ်ရာအနာတရ (သို့မဟုတ်) ညှဉ်းပန်းနှိပ်စက်ခြင်းမှလည်းကောင်း၊ လျစ်လျူရှုခြင်း (သို့မဟုတ်) လျစ်လျူရှုသော ပုံသဏ္ဌာန်မျိုးမှလည်းကောင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အပါအဝင် မတရားသဖြင့် ဆက်ဆံခြင်း (သို့မဟုတ်) အမြတ်ထုတ်ခြင်းမှလည်းကောင်း အကာအကွယ်ပေးရန် သင့်လျော်သော ဥပဒေများပြုခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် လူမှုရေးနှင့်ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များ ပြုလုပ်ပေးခြင်း အစရှိသည်တို့ လုပ်ဆောင်သင့်ပါသည်။ (အပိုဒ် ၁၉၊ ၁)

အရေးကြီးသော အချက်မှာ ယခုလေ့လာမှုတွင် အကြမ်းဖက်ခြင်းဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာအနာတရ ဖြစ်စေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် လျစ်လျူရှုခြင်း အစရှိသည်တို့ကို ဆိုလိုခြင်းဖြစ်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို CRC ၏ အထွေထွေမှတ်ချက် နံပါတ် ၁၃ (၂၀၁၁) တွင် ထပ်မံအကျယ်ချဲ့ ဖွင့်ဆိုထားသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက် အပြည့်အစုံအရ အကြမ်းဖက်မှု အခြားသောပုံစံများထဲတွင် ခန္ဓာကိုယ်ကို အပြစ်ပေးခြင်း၊ အတင်းအကျပ် လက်ထပ်ထိမ်းမြားစေခြင်းနှင့် ဇာတ်သွင်းခြင်းတို့ ပါဝင်ပါသည်။ အပိုဒ်(၁၉)တွင် အကြမ်းဖက်မှုများကို ကာကွယ်ရန်အတွက် အစိုးရသည် သင့်လျော်သော ပညာရေးအစီအစဉ်များနှင့် ဥပဒေများ သေသေချာချာရှိထားရန်လိုပြီး အစိုးရ၏လုပ်ငန်းဆောင်တာများကို အကောင်အထည်ဖော်မည့် အဖွဲ့အစည်းများကိုလည်း ထားရှိရပါမည်။ အုပ်ထိန်းစောင့်ရှောက်သူများသည် ကလေးများကို အကြမ်းဖက်ခံရခြင်းမှ အကာအကွယ်ပေးသင့်သော်လည်း ၎င်းတို့ကိုယ်တိုင်ပင်လျှင် ကျူးလွန်သူများ ဖြစ်နေတတ်ပါသည်။ ထို့ကြောင့် အထွေထွေမှတ်ချက်က တာဝန်နှင့်ဝတ္တရားများကို အထူးပြုဖော်ပြပါသည်။ အဘယ်ကြောင့်ဆိုသော် 'ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများ ထူပြောလာကြောင်း အရေးပေါ်အချက်ပေး ခေါင်းလောင်းမြည်လာသဖြင့်လည်းကောင်း'၊ ထို့အပြင် 'ကလေးများအပေါ် ကျူးလွန်သော မည်သည့်အကြမ်းဖက်မှုမဆို တရားမျှတသည်ဟု အကြောင်းမပြနိုင်၊ ထိုအကြမ်းဖက်မှုများအားလုံးသည် တားဆီးပေးနိုင်သော အရာများဖြစ်သည်'ဟူသော အချက်များကြောင့် ဖြစ်ပါသည်။ ထိုမျှမက ကလေးများကို ကာကွယ်ရေး၊ စုံစမ်းစစ်ဆေးရေးနှင့် ကလေးငယ်များအပေါ် ခေါင်းပုံဖြတ်အမြတ်ထုတ်ခံထားရသော အခြေအနေကို တားဆီးပေးမည့် နောက်ဆက်တွဲ လုပ်ဆောင်ချက်များ ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်တွင် ကောင်းမွန်သောစနစ် ထားရှိရမည်ဟု တောင်းဆိုထားပါသည်။

ကုလသမဂ္ဂတွင် ၂၀၀၂ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် 'အထွေထွေ အတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များအပေါ် ကျူးလွန်သော အကြမ်းဖက်မှုများအကြောင်း လေ့လာချက်' သည် အရေးပါသော လေ့လာမှုတစ်ရပ်ဖြစ်ပါသည်။ ကလေးသူငယ်များအပေါ် ကျူးလွန်သော အကြမ်းဖက်မှုများကို တစ်ကမ္ဘာလုံး ဖြစ်နေကျပုံစံသဖွယ် အများအားဖြင့် ဖုံးကွယ်ထားခံရပါသည်။ သို့သော်ထိုသို့သော အကြမ်းဖက်မှု၏ သက်ရောက်မှုမှာ ကြီးမားပြင်းထန်လှပါသည်။ အရှေ့တောင်အာရှနိုင်ငံအများစုတွင် နေရာတော်တော်များများ၌ ကလေးငယ်များ အကြမ်းဖက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ မိဘမဲ့ဂေဟာများသို့ အပို့ခံရခြင်း၊ လုပ်ငန်းခွင်သို့ အတင်းအကျပ် အပို့ခံရခြင်းနှင့် ဆိုးသွမ်းသော ကလေးငယ်များကို ထိန်းသိမ်းရေးဂေဟာများသို့ ပို့ဆောင်ခြင်း စသော အကြမ်းပတမ်း ကိုင်တွယ်မှုမျိုးကို မိဘနှင့်ဆရာတို့ လုပ်ဆောင်နေကြပါသည်။ ရပ်ရွာအသိုင်းအဝိုင်းသည် ထိုသို့သော အကြမ်းဖက်မှုကို မိဘ၏လုပ်ပိုင်ခွင့် (သို့မဟုတ်) လက်သင့်ခံဖွယ် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအဖြစ် မှတ်ယူကြသဖြင့် အများအားဖြင့် လျစ်လျူရှုလေ့ရှိသည်။ လူ့အဖွဲ့အစည်းတွင် များသောအားဖြင့် ကလေးအားရိုက်နှက်ဆုံးမခြင်းကို မိဘများ၏ ကောင်းမွန် တော်တည့်သော အုပ်ထိန်းမှုအဖြစ် လက်ခံကြပါသည်။ ဥပမာ - 'ကလေးကို အလိုလိုက်လိုလျှင် တုတ်ဆောင်ထားပါ' ဟူသော စကားပုံရှိသည်။ ထိုစကားပုံ၏ မူလမှာ သမ္မာကျမ်းစာတွင်ပါသော ဆိုရိုးဖြစ်သော်လည်း ဒေသနှင့်ကိုက်ညီအောင် ထိုစကားပုံကို ပြင်ဆင်ထားသည်။ ထို့ကြောင့် နိုင်ငံများစွာတွင် မိဘကသားသမီးကို ရိုက်နှက်နေမှုများ ရှိသော်လည်း၊ ထိုသို့ ရိုက်နှက်မှုကို တားဆီးနိုင်မည့် ဥပဒေ မရှိပါ။ ဥပမာအားဖြင့် ဆွီဒင်နိုင်ငံသည် အိမ်တွင်း ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကို တားမြစ်သော ပထမဆုံး

သော နိုင်ငံများထဲက တစ်နိုင်ငံဖြစ်ပါသည်။ ထို့နည်းတူ အရှေ့တောင်အာရှနိုင်ငံများတွင် ဆရာ၊ ဆရာမများကိုလည်း ကလေးငယ်များကို ရိုက်နှက်ဆုံးမနိုင်ရန် ခွင့်ပြုထားသည်။ အလုပ်ရှင်များသည်လည်း ကလေးလုပ်သားများကို ရိုက်နှက်ခွင့်ရှိသည်။ သို့သော် အရွယ်ရောက်ပြီးသော သူတစ်ဦးကို လုပ်ငန်းခွင်တွင် ရိုက်နှက်ခြင်းသည် ပြစ်မှုမြောက်ပါသည်။ ဆယ်ကျော်သက်ကလေးငယ်များ လုပ်ငန်းခွင်တွင် မကြာခဏအရိုက်ခံရခြင်း ရှိသော်လည်း ၎င်းအခြင်းအရာကို အရွယ်ရောက်ပြီးသူတစ်ယောက် အရိုက်ခံရသကဲ့သို့ ပြစ်မှုတစ်ခုအနေဖြင့် မမြင်ကြပါ။ ထိုဥပမာများက ယခုအချိန်အထိ လူ့အဖွဲ့အစည်းသည် ကလေးများအပေါ် အကြမ်းဖက်ခြင်းကို နေစိမ့်ကြောင်း ပြသနေပါသည်။ ဤအပိုင်းတွင် ကလေးသူငယ်များ ကြုံတွေ့နေရသော အကြမ်းဖက်မှုဖြစ်ပွားရာ အဓိက နယ်ပယ်သုံးခုဖြစ်သော အိမ်တွင်းအကြမ်းဖက်မှု၊ စာသင်ကျောင်းတွင် ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတို့အကြောင်း ဖော်ပြသွားပါမည်။

၁၀.၃.၁ ကလေးသူငယ်နှင့် အိမ်တွင်းအကြမ်းဖက်မှု

မိသားစုဟူသည် ကလေးငယ်အတွက် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုကို အာမခံချက်ပေးနိုင်သော နေရာဖြစ်သင့်ပါသည်။ သို့ရာတွင် ကလေးတို့သည် အိမ်တွင် အကြမ်းဖက်မှုကို ခံစားရပါသည်။ အများအားဖြင့် ကျူးလွန်သူများမှာ မိသားစုဝင်များဖြစ်သည်။ တစ်ခါတစ်ရံတွင် ကလေးငယ်တို့သည် ရက်စက်ကြမ်းကြုတ် လူမဆန်စွာ အပြစ်ပေးခံရသည်များ သို့မဟုတ် လျစ်လျူရှုခံရသည်များလည်း ရှိသည်။ ထို့ပြင် သူတို့သည် စည်းကမ်းတင်းတင်းကျပ်ကျပ်ထား၍ ကိုင်တွယ်ခံနေရတတ်ပါသည်။ စော်ကားမော်ကား ပြုမူခြင်း၊ ဆဲရေးခြင်း၊ သီးခြားဖယ်ထုတ်ခြင်း၊ ပစ်ပယ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ သိမ်ငယ်အောင်ပြုလုပ်ခြင်းနှင့် အထင်သေးနှိမ့်ချခြင်း အစရှိသည်တို့သည် ကလေးများရင်ဆိုင်နေရသော အကြမ်းဖက်မှုပုံသဏ္ဌာန်များဖြစ်ပြီး ထိုအရာများမှ ကင်းဝေးစေရန် ကာကွယ်ပေးသင့်ပါသည်။

ကလေးများအပေါ် ကျူးလွန်သော အိမ်တွင်းအကြမ်းဖက်မှုကို ကာကွယ်ရာတွင် စိန်ခေါ်မှုများစွာ ရှိပါသည်။ ပထမဆုံးအချက်မှာ ထိုသို့ရိုက်နှက်ခြင်းကို အရှေ့တောင်အာရှ ယဉ်ကျေးမှုတွင် စူးနစ်စွာ လက်ခံထားခြင်း ဖြစ်သည်။ ထိုသို့သော အပြုအမူကို စည်းကမ်းကောင်းမွန်သော မိဘများက ကလေးငယ်ကို သွန်သင်ခြင်းဟု မှတ်ယူထားကြသည်။ ဒုတိယအချက်မှာ မိဘများက သားသမီးကို မည်သို့မည်ပုံ ဆုံးမသည်ဖြစ်စေ၊ ထိုအခြင်းအရာသည် ၎င်းတို့၏ ကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်သည်ဟု လက်ခံထားကြခြင်း ဖြစ်သည်။ အိမ်နီးနားချင်းဖြစ်စေ၊ ရဲဝန်ထမ်းဖြစ်စေ၊ ကြားဝင်သူ မည်သူမဆို သူတစ်ပါး၏ ကိုယ်ရေးကိုယ်တာကို ဝင်ရောက်စွက်ဖက်သူဟု ထင်မြင်ခံရပါသည်။ တတိယအချက်မှာ အိမ်ထဲတွင် ကလေးငယ်၏ ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကို အရေးပါသောကိစ္စဟု မယူဆကြခြင်းဖြစ်ပါသည်။ ကလေးငယ်ကို ရိုက်နှက်အပြစ်ပေးခြင်းသည် ပြစ်မှုမြောက်စေသည်သာမက၊ ထိုသို့ရိုက်နှက်ခြင်းမှာ မကောင်းသော အပြုအမူဟု မတွေးတောကြခြင်းသည် ပြဿနာဖြစ်ပါသည်။ အဆုံးသတ်ဆိုရပါလျှင် မိဘတို့သည် သားသမီးကို ဆုံးမနိုင်သည့် အခြားသော နည်းလမ်းများကို မတွေးတောသကဲ့သို့၊ သင့်တော်သော ဆုံးမသည့်နည်းလမ်းများ ပေါ်ပေါက်အောင်လည်း အားမထုတ်ကြပါ။

ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့နှင့် ကလေးများအခွင့်အရေးဆိုင်ရာ ကော်မတီ အစရှိသော ကုလသမဂ္ဂအဖွဲ့အစည်းများသည် ကလေးများကို အိမ်တွင် ခန္ဓာကိုယ်ပိုင်းအပြစ်ပေးခြင်း ကို တားမြစ်ရန် အချေအတင် ဆွေးနွေးကြပြီး ထိုကိစ္စနှင့်ပတ်သက်၍ ဥပဒေများ ပြောင်းလဲပေးရန် နိုင်ငံများကို တိုက်တွန်းထားပါသည်။ သို့ရာတွင် ကမ္ဘာ့နိုင်ငံများ၏ လေးပုံတစ်ပုံကသာ လိုက်နာပါသည်။ အများစုမှာ ဥရောပနိုင်ငံများ ဖြစ်သည်။ အာရှနိုင်ငံများတွင် တောင်ကိုရီးယားသည် အိမ်တွင်း ခန္ဓာကိုယ်ပိုင်းဆိုင်ရာ အပြစ်ပေးခြင်းကို တားမြစ်သော တစ်ခုတည်းသော နိုင်ငံဖြစ်ပြီး ထိုဥပဒေကို ၂၀၁၅ ခုနှစ် မတိုင်မီအထိ မကျင့်သုံးနိုင်သေးဘဲ ပြဋ္ဌာန်းသည့်အခါတွင်လည်း ဆိုးလ်မြို့ တွင်သာ ကန့်သတ်ကျင့်သုံးခဲ့သည်။ ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းသည် အများအားဖြင့် ဥပဒေအရ တရားဝင်သော အပြုအမူဟု သတ်မှတ်ထားသော်လည်း ကလေးငယ်များအပေါ် ကျူးလွန်ခြင်းကို တားမြစ်သည့် ဥပဒေများ နိုင်ငံအားလုံးတွင် ရှိပါသည်။ ပုံမှန်အားဖြင့် လိင်အကြမ်းဖက်မှုနှင့် ကလေးငယ်များကို ညှဉ်းပန်းနှိပ်စက်မှုမှ ကာကွယ်ရေးဥပဒေများအသွင်ဖြင့် တည်ရှိပါသည်။ ကလေးငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ ပြင်းပြင်းထန်ထန် အပြစ်ပေးခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်း (သို့မဟုတ်) ဆိုးဆိုးရွားရွား လျစ်လျူရှုခြင်းတို့သည် ရိုက်နှက်အပြစ်ပေးခြင်းထက် ပိုမိုပြင်းထန်သည်ဟု ထင်မြင်ကြပါသည်။ မည်သို့ဆိုစေ ထိုသို့သော အကြမ်းဖက်မှုများအားလုံးသည် ကလေးငယ်အပေါ် ရေရှည်အနာတရဖြစ်စေသည်အထိ သက်ရောက်မှုရှိပါသည်။

ရိုက်နှက်ကာ ခန္ဓာကိုယ်ကို အပြစ်ပေးခြင်း

ရိုက်နှက်အပြစ်ပေးခြင်းသည် ကိုယ်ခန္ဓာကို နာကျင်စေခြင်း အလို့ငှာ အပြစ်ပေးသည့်ပုံစံ ဖြစ်ပါသည်။ ခန္ဓာကိုယ်ကို အပြစ်ပေးသည့် ပုံစံများထဲတွင် မိဘက သားသမီးကို ခပ်စပ်စပ် ရိုက်နှက်ခြင်း၊ ဆရာ၊ ဆရာမများ ကြိမ်လုံးအသုံးပြု ရိုက်နှက်အပြစ်ပေးခြင်းနှင့် တရားရုံးတော်တွင် ကြိမ်ဒဏ် အပြစ်ပေးခြင်းတို့ ပါဝင်ပါသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

မိဘတစ်ဦးအဖို့ ဆိုးသွမ်းသော ကလေးငယ်ကို ရိုက်နှက်အပြစ်ပေးခြင်းကို မည်သည့်အခါတွင် လက်သင့်ခံသင့်ပါသနည်း။

မည်သည့်အခါတွင် မိဘက ဆိုးသွမ်းသော သားသမီးကို ရိုက်ခွင့်ရှိပါသလဲ။ ရိုက်နှက်ခြင်းသည် ကလေးငယ်ကို အလိုရှိသည့်အတိုင်း ပြုပြင်လို့ရသည့် နည်းလမ်းဖြစ်ပါသလား။ ဒေသအတွင်းရှိ လူ့အဖွဲ့အစည်းအများစုတွင် ကလေးငယ်အား ရိုက်နှက်အပြစ်ပေးခြင်းကို ဆုံးမပဲ့ပြင်သည့် နည်းလမ်းတစ်ခုဟု သတ်မှတ်ထားသဖြင့် နေစိမ့်ကြသည်။ ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းအတွက် အောက်ပါအချက်တို့တွင် အငြင်းပွားနေရပါသည်။

- ထိုသို့အပြစ်ပေးခြင်းသည် ကလေးငယ်ကို နောက်တစ်ခါ မဆိုးသွမ်းအောင် ဆုံးမပဲ့ပြင်ခြင်း ဖြစ်သည်။
- ဆိုးသွမ်းသည့် အပြုအမူကို ၎င်းနှင့်ထိုက်တန်သော အနုတ်လက္ခဏာဆောင်သည့် လုပ်ဆောင်ချက်ဖြင့် ပြန်လည် တုံ့ပြန်ပေးခြင်းသည် လျင်မြန်၍ ထိရောက်မှုရှိသည်။
- သားသမီးကို မည်သို့ဆုံးမသင့်သည်ဆိုသည်ကို မိဘများက ရွေးချယ်ခွင့်ရှိသည်။
- ရိုက်နှက်ခြင်းကြောင့် ကလေးတို့ မနာကျင်နိုင်ပါ။
- မရိုက်လျှင် ကလေးတို့သည် မလိမ္မာနိုင်ပါ။

မေးခွန်းများ

အထက်ပါ အငြင်းပွားစရာများသည် ယုတ္တိတန်ပါရဲ့လား။ ဖြစ်သင့်ပါရဲ့လား။ မိဘက သားသမီးကို ရိုက်ခြင်းသည် သူတို့လိမ္မာစေရန် ဆုံးမသည့် အကောင်းဆုံးနည်းလမ်းဟု ယူဆခြင်းကြောင့်လား (သို့မဟုတ်) ကလေးကို စိတ်ဆိုးဒေါသဖြစ်ခြင်းကြောင့်ပါလား။

- ၎င်းသည် ဆုံးမပဲ့ပြင် ပညာပေးရန် ထိရောက်သည့် နည်းလမ်းတစ်ခုဖြစ်လျှင် အဘယ့်ကြောင့် အရွယ်ရောက်ပြီးသော သူများကို ရိုက်နှက်ခြင်းကို လက်သင့်မခံကြပါသနည်း။ ခင်ပွန်းသည် (သို့မဟုတ်) အလုပ်သမားတစ်ဦးက ကောင်းစွာ ပြုမူဆက်ဆံခြင်းမရှိလျှင်၊ သူတို့ကို အဘယ်ကြောင့် မရိုက်ကြပါသနည်း။
- အဘယ်ကြောင့် ခင်ပွန်းသည်များသည် သူတို့ဇနီးများကို ရိုက်နှက်ခွင့် မရှိတာပါလဲ။ အဘယ်ကြောင့် ထိုသို့သောအပြုအမူကို တရားဥပဒေအရ အရေးယူနိုင်ကြသနည်း။ ဇနီးကို ခင်ပွန်းဖြစ်သူက မရိုက်ခြင်းမှာ တရားဥပဒေအရ အပြစ်ပေးနိုင်ခြင်းကြောင့် မရိုက်ခြင်းဖြစ်လျှင်၊ မိဘတို့က ကျူးလွန်သော အကြမ်းဖက်မှုမှ ကလေးငယ်များကို ကာကွယ်ပေးရန် ဥပဒေ မထားရှိရခြင်းမှာ အဘယ်ကြောင့်နည်း။

၁၀.၃.၂ ကလေးသူငယ်နှင့် စာသင်ကျောင်းတွင် အကြမ်းဖက်မှု

ကျောင်းနှင့် စာသင်ကြားသည့် ဝန်းကျင်တွင် ဖြစ်ပွားသော အကြမ်းဖက်မှုများသည် ဒေသအတွင်းတွင် ပြန့်နှံ့စွာ ဖြစ်ပွားနေပါသည်။ ထိုင်းနိုင်ငံရှိ အထက်တန်းကျောင်းမှ ကျောင်းသားများနှင့်ပတ်သက်သော လတ်တလော စစ်တမ်းများအရ ကျောင်းသား ၆၀ ရာခိုင်နှုန်းကျော် ထိုသို့ ရင်ဆိုင်ကြုံတွေ့ရသည်ဟု သိရပါသည်။ အရှေ့တောင်အာရှ ဆယ်နိုင်ငံတွင် သုံးနိုင်ငံက ဆရာ၊ ဆရာမများကို ကျောင်းသူ၊ ကျောင်းသားများအား ရိုက်နှက်ဆုံးမခြင်းကို ခွင့်ပြုထားသည်။ အခြားသောနိုင်ငံများတွင် ဥပဒေအရ တရားမဝင်ဟုဆိုသော်လည်း ထိုသို့ပြုမူခြင်းကို တိတိကျကျ တားမြစ်ထားသည်မျိုး မဟုတ်ချေ။ ထို့ပြင် လုပ်ငန်းခွင်၊ မိဘမဲ့ဂေဟာနှင့် အုပ်ထိန်းခွင့် စသော ကလေးများကို အမိုးအကာပေးနိုင်သော နေရာဌာနများ၌ပင် ကလေးများသည် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းနှင့် ကြုံတွေ့နိုင်ပါသည်။ ဝန်ထမ်းများသည် ကလေးငယ်များကို ရိုက်နှက်ခြင်း၊ ချုပ်နှောင်ထားခြင်း၊ အခန်းထဲတွင် ပိတ်လှောင်ထားခြင်း စသော နည်းလမ်းများဖြင့် အတင်းအကျပ် ပြုမူနိုင်ပါသည်။ အချို့သော အဖွဲ့အစည်းများတွင် မသန်စွမ်း ကလေးငယ်တို့သည် လျှပ်စစ်နှင့် ရှော့တိုက်ခြင်း (သို့မဟုတ်) အမိန့်နာခံစေရန်အတွက် မူးယစ်ဆေးကျွေးခြင်း စသည့်နည်းလမ်းများဖြင့် အကြမ်းဖက်ခံရနိုင်ပါသည်။ ကစားကွင်းတွင် အလားတူ ပြဿနာကဲ့သို့ အချင်းချင်းအနိုင်ကျင့်ခြင်းသည်လည်း အကြမ်းဖက်ခြင်း နည်းလမ်းတစ်ခု ဖြစ်ပါသည်။ တိုင်းရင်းသား လူမျိုးစုငယ်မှ ကလေးများ၊ မသန်စွမ်း ကလေးများ၊ ရွှေ့ပြောင်းလုပ်သားတို့၏ ကလေးများ၊ လိင်တူချစ်ခင်သော ကလေးငယ်များနှင့် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူနေထိုင်တတ်သော ကလေးများ စသော အင်အားနိမ့်ပါးသော အုပ်စုဝင် ကလေးတို့သည် အနိုင်ကျင့်ခံရနိုင်ပါသည်။ ဤအပိုင်းတွင် စာသင်ကျောင်းများ၌ ရိုက်နှက်သော နည်းလမ်းကို အသုံးပြုနေကြခြင်းအကြောင်းကို ဦးတည်ဆွေးနွေးသွားပါမည်။

သာဓက

အရှေ့တောင်အာရှနိုင်ငံများတွင် ခန္ဓာကိုယ်ကို အပြစ်ပေးသောပုံစံနှင့် ညှဉ်းပန်းသော ပုံစံအမျိုးမျိုး

ဒေသတစ်လျှောက်တွင် ကလေးငယ်များကို ဆုံးမပဲ့ပြင်သည့် နည်းလမ်းများစွာ ရှိပါသည်။ ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကို တရားဝင်ခွင့်ပြုထားရာတွင် လက်ဖြင့် (သို့မဟုတ်) ကြိမ်လုံးဖြင့် ရိုက်ခြင်းတို့ ပါဝင်သည်။ သို့သော် ခန္ဓာကိုယ်ကို အပြစ်ပေးမှုသည် တရားဝင်သည်ဖြစ်စေ၊ တရားမဝင်သည်ဖြစ်စေ ဖြစ်ရိုးဖြစ်စဉ် ဖြစ်ပွားနေပါသည်။ ထိုအခါ ၎င်းတို့ကိုခန္ဓာကိုယ်ကို အပြစ်ပေးခြင်းဟု မသတ်မှတ်တော့ဘဲ ညှဉ်းပန်းနှိပ်စက်မှုပုံစံ မှတ်ယူကြပါသည်။ ကလေးသူငယ်များ၏ ခန္ဓာကိုယ်ကို အပြစ်ပေးမှုပုံစံအားလုံး အဆုံးသတ်စေမည့် ကမ္ဘာလုံးဆိုင်ရာ ရှေ့ပြေးဆောင်ရွက်ချက် (Global Initiative to End All Corporal Punishment of Children) အမည်ရ ဝက်ဘ်ဆိုက်မှ ရရှိသော နိုင်ငံအလိုက်နှင့် ဒေသတွင်း အစီရင်ခံစာများမှ အပြစ်ပေးသည့်ပုံစံများကို အောက်ပါအတိုင်း ထုတ်နုတ်တင်ပြထားပါသည်။

ခန္ဓာကိုယ်ကို အပြစ်ပေးရာတွင် လက်ခံနိုင်သော နည်းလမ်းများ

- သစ်သားတုတ်၊ ကြိမ်၊ ပေတံဖြင့် ရိုက်ခြင်း
- ခြေထောက်နှင့် တင်ပါးကို လက်ဖြင့်ရိုက်ခြင်း
- ခန္ဓာကိုယ်ကို ချုပ်နှောင်ထားခြင်း (အပေါ်မှ ဖိထားခြင်း)

လက်ခံဖွယ်မရှိသော်လည်း အသုံးပြုနေသော အပြစ်ဒဏ်ပေးသည့် ပုံစံများ

- ကန်ကျောက်ခြင်း၊ ထိုးခြင်း၊ ပါးရိုက်ခြင်း၊ ဆံပင်၊ မျက်ခုံးမွေး (သို့မဟုတ်) နားရွက်တို့ကို လိမ်ဆွဲခြင်း
- နေပူထဲတွင် အချိန်ကြာမြင့်စွာ မတ်တပ်ရပ်ခိုင်းခြင်း
- လျှပ်စစ်ဝါယာကြိုးဖြင့် ရိုက်ခြင်း
- မျက်လုံးကို ငရုတ်သီးဖြင့် ပွတ်ခြင်း
- ဝမ်းဗိုက်ကို ထိုးခြင်း
- စီးကရက်မီးဖြင့် တို့ခြင်း
- ကတုံးတုံးခြင်း
- လက်နှင့် ခြေထောက်တို့ကို လိမ်ချိုးခြင်း၊ တရွတ်တိုက်ဆွဲခြင်း (သို့မဟုတ်) အဆစ်များကို လိမ်ချိုးခြင်း
- လျှပ်စစ်ဖြင့် ရှော့တိုက်ခြင်း
- နာကျင်စေသော ခန္ဓာကိုယ် လေ့ကျင့်ခန်းများ ပြုလုပ်စေခြင်း
- ညစ်ညမ်းသော ရေထဲသို့ တွန်းချခြင်း
- အစားအသောက် မကျွေးဘဲထားခြင်း

ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC) တွင် ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကို တားမြစ်ပိတ်ပင်သည်ဟု ပေါ်ပေါ်ထင်ထင် မရေးသားထားသော်လည်း စာချုပ်တွင် ပါရှိသော အပိုဒ်တော်တော်များများတွင် ထိုသို့အပြစ်ပေးခြင်းနှင့် စပ်လျဉ်း၍ ရည်ညွှန်းပြောဆိုထားပါသည်။ အပိုဒ် ၂၈ တွင် 'ကျောင်း၏စည်းကမ်းပိုင်းကို တင်းကျပ်ရာတွင် ကလေးသူငယ်၏လူ့ဂုဏ်သိက္ခာနှင့် လက်ရှိသဘောတူညီချက် စာချုပ်ထဲတွင် ဖော်ပြထားချက်များနှင့်အညီသင့်လျော်သော ဆောင်ရွက်ချက်ကိုသာ လုပ်ဆောင်သင့်သည်' ဟု ဖော်ပြထားပါသည်။ ထိုနည်းတူစွာ အပိုဒ် ၁၉ တွင်လည်း အကြမ်းဖက်မှုများအားလုံး အဆုံးသတ်ရန်နှင့် ညှဉ်းပန်းနှိပ်စက်မှုများမှ လွတ်မြောက်မှုရှိစေရန် တောင်းဆိုထားပြီး၊ အထွေထွေမှတ်ချက် နံပါတ်(၈)တွင် ကလေးငယ်များသည် ၎င်းတို့ကို ခန္ဓာကိုယ်ပိုင်းအပြစ်ပေးခြင်းမှ အကာအကွယ်ရယူခွင့်ရှိသည်ဟု ဖော်ပြထားပါသည်။ နိုင်ငံပေါင်း ၁၀၂ နိုင်ငံက စာသင်ကျောင်းများတွင် ခန္ဓာကိုယ်ပိုင်း အပြစ်ပေးခြင်းကို တားမြစ်ထားသော်လည်း၊ အများအားဖြင့် ထိုတားမြစ်ချက်ကို မလိုက်နာကြပါ။ အောက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကို တစ်ကမ္ဘာလုံးတွင် အဆုံးမသတ်နိုင်သေးခင်တွင် ကျောင်းများတွင် ကလေးငယ်များကို ထိုသို့အပြစ်မပေးနိုင်စေရန် ကာကွယ်ပေးခြင်းသည် နည်းလမ်းတစ်မျိုး ဖြစ်ပါသည်။ အချို့သော အကာအကွယ်ပေးမှုများသည် ကျား-မ ဖြစ်ခြင်းဆိုင်ရာအပေါ် မူတည်နေပါသည်။ (ဥပမာ - ဘရူနိုင်းတွင် မိန်းကလေးငယ်များကိုသာ ကာကွယ်ပေးပါသည်။) တချို့နိုင်ငံများ (ဥပမာ - ထိုင်းနိုင်ငံ)တွင်မူ ဥပဒေများအရမဟုတ်ဘဲ မူဝါဒအရ ကာကွယ်ပေးခြင်းဖြစ်သည်။ သို့မဟုတ်လျှင်လည်း ဤသို့သောအပြစ်ပေးမှုအပေါ် လွဲမှားစွာ သဘောထားကြပါသည် (ဥပမာ - စင်ကာပူနိုင်ငံ ဥပဒေတွင် 'ဤသို့ အပြစ်ပေးခြင်းကို ကြောင်းကျိုးဆီလျော်မှုရှိသည်' ဟု မည်သည့်အတွက်ကြောင့် ဆိုရသနည်း)။ ဥပဒေများတွင် မည်သို့ ဖော်ပြထားသည်ဖြစ်စေ ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကို မကြာခဏဆိုသလို အသုံးပြုနေကြဆဲ ဖြစ်သည်။

ဇယား ၁၀.၂ အရှေ့တောင်အာရှတွင် ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းအတွက် တရားဥပဒေများ ထုတ်ပြန်ထားပါသလား။

နိုင်ငံ	အကြမ်းဖက်ခြင်းဆိုင်ရာ ဥပဒေ
ဘရူနိုင်း	ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းသည် အိမ်တွင်လည်းကောင်း၊ ကျောင်းတွင်လည်းကောင်း (ယောကျ်ားလေးများအတွက်သာ)နှင့် ပြစ်ဒဏ်ချမှတ်သော အဖွဲ့အစည်းများတွင်လည်းကောင်း တရားဝင်သောလုပ်ရပ်အဖြစ် အသိအမှတ်ပြုထားသည်။ အပြစ်ပေးသဖြင့် ထူးထူးကဲကဲ ထိခိုက်ဒဏ်ရာ ဖြစ်ပေါ်သည်အထိ မဖြစ်မချင်း တရားဥပဒေအရ အရေးမယူနိုင်ပါ။ စာသင်ကျောင်းများတွင် ယောကျ်ားလေးများကိုလည်းကောင်း၊ သက်ငယ်ပြစ်မှုများအတွက်လည်းကောင်း ကြိမ်ဒဏ်ဖြင့် အပြစ်ပေးခြင်းကို အသုံးပြုနိုင်သည်။ သို့သော် အမျိုးသမီးများ မပါဝင်ပေ။ ကလေးထိန်းကျောင်းများတွင်မူ ခန္ဓာကိုယ်ပိုင်းအပြစ်ပေးမှုကို တားမြစ်ထားသည်။ အခြားသော ပြုစုစောင့်ရှောက်ရေးဌာနများတွင်မူ အပြစ်ပေးမှုကို ပေါ်ပေါ်ထင်ထင်တားမြစ်ထားခြင်း မရှိပါ။

နိုင်ငံ	အကြမ်းဖက်ခြင်းဆိုင်ရာ ဥပဒေ
ကမ္ဘောဒီးယား	ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းသည် အိမ်တွင်လည်းကောင်း၊ နေ့ကလေးထိန်းဌာနများ အခြားနှင့် ပြုစုစောင့်ရှောက်ရေးဌာနများတွင်လည်းကောင်း တရားဝင်သော လုပ်ရပ် ဖြစ်ပါသည်။ သို့သော် ထိုသို့အပြစ်ပေးခြင်းကို ပြစ်ဒဏ်ချမှတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကျောင်းများနှင့် လူမြင်ကွင်းတို့တွင် လုပ်ဆောင်ခွင့်မရှိပါ။ ခန္ဓာကိုယ်ကို အပြစ် ပေးခြင်းကို ဥပဒေအရ အသုံးပြုခြင်းလည်း မရှိပါ။
အင်ဒိုနီးရှား	ကလေးသူငယ်များကို အကြမ်းဖက်ခြင်းမှ ကာကွယ်ပေးမည့် ဥပဒေများ ထုတ်ပြန် ထားသော်လည်း စာသင်ကျောင်းနှင့် အိမ်တို့တွင် ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကို တရားဝင်အသုံးပြုနိုင်သည်။ သို့သော် တရားရေးဌာနများတွင် ဥပဒေအရ အပြစ်ပေးရန် အတွက် ခန္ဓာကိုယ်ကိုအပြစ်ပေးခြင်းကဲ့သို့လုပ်ရပ်ကို အသုံးပြုခွင့်မရှိပေ။ နေ့ကလေး ထိန်းကျောင်းနှင့်အခြားသော ပြုစုစောင့်ရှောက်ရေးဌာနများတွင် ကလေးရိုက်ခြင်းကို တားမြစ်ကြောင်း ဖော်ပြထားခြင်းမရှိပေ။ ထို့ကြောင့် ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းသည် အနေအထားမျိုးစုံတွင် တရားဝင်ဖြစ်နေပါသည်။ အိမ်၊ စာသင်ကျောင်းနှင့် အပြစ်ဒဏ် ချမှတ်သော အဖွဲ့အစည်းများတွင် ကလေးသူငယ်များကို အကြမ်းဖက်ခြင်းမှ ကာကွယ် ပေးမည့်ဥပဒေများ ထုတ်ပြန်ထားသော်လည်း အဆိုပါဥပဒေများတွင် ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းအား သီးခြားတားမြစ်ထားမှု မရှိပေ။ ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကို ခုံရုံးတွင်အပြစ်ပေးရာ၌ အသုံးချခွင့်မရှိသော်လည်း ရှရီယာဥပဒေအရ ထိုသို့အပြစ်ပေးမှု ကို ကျင့်သုံးတတ်ရာ အနေအထားမှာ မရှင်းမလင်း ဖြစ်ရသည်။
လာအို	မည်သည့်အနေအထားတွင်မဆို အမျိုးသမီးနှင့် ကလေးငယ်များကို အကြမ်းဖက်ခြင်းမှ အဆုံးသတ်စေရန်အတွက် ကလေးသူငယ် အကျိုးနှင့်အခွင့်အရေးကို ကာကွယ်ပေးမည့် ဥပဒေပြဋ္ဌာန်းထားပါသည်။ ရှေးဦးကလေးသူငယ် ပြုစုစောင့်ရှောက်ရေးတွင် ခန္ဓာကိုယ် ကို အပြစ်ပေးခြင်းသည် တရားမဝင်သော လုပ်ရပ်ဖြစ်သော်လည်း၊ အနည်းငယ် အသက် အရွယ်ကြီးပြင်းလာသော ကလေးငယ်များအတွက်မူ အကျုံးမဝင်ပေ။ ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကို ဥပဒေအရ ပြစ်ဒဏ်ချမှတ်ရာတွင် အသုံးပြုခွင့်မရှိသော်လည်း၊ ထိုသို့ အသုံးပြုခွင့်မရှိကြောင်းကိုမူ တိတိကျကျ ထုတ်ပြန်တားမြစ်ထားခြင်း မရှိပါ။
မလေးရှား	ကလေးငယ်များအတွက် ကလေးသူငယ် အက်ဥပဒေ ၂၀၀၁ ထုတ်ပြန်ထားသည်။ သို့သော် ကျောင်းများ၊ အခြားသော ပြုစုစောင့်ရှောက်ရေး နေရာဌာနများနှင့် အသက် ၁၂ နှစ်အောက် နေ့ကလေးထိန်းဂေဟာများတွင် ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းသည် တရားဝင်သော လုပ်ရပ်ဖြစ်သည်။ စာသင်ကျောင်းများတွင်လည်း ယောကျ်ားလေးများကို အပြစ်ပေးရန် ခွင့်ပြုထားသည်။ ဘာသာရေးပြင်ပ တရားဥပဒေအရလည်း အမျိုးသားနှင့် ယောကျ်ားလေးငယ်များအတွက် ကြိမ်ဒဏ်ကို ပြစ်ဒဏ်သဖွယ် အသုံးပြုနိုင်သည်။ အရွယ် ရောက်ပြီးသား အမျိုးသားနှင့် အမျိုးသမီးများကိုမူ အစ္စလာမ်ဘာသာရေး ဥပဒေအရ ကြာပွတ်ဖြင့် အပြစ်ပေးခြင်းကို လက်ခံဖွယ်ရှိပါသည်။ ဘာသာရေးပြင်ပ ဥပဒေအရ ဖြစ်စေ၊ သို့မဟုတ် အစ္စလာမ်ဘာသာရေး ဥပဒေအရဖြစ်စေ၊ ဥပဒေစည်းမျဉ်းစည်းကမ်း များအတိုင်းသာ ကြိမ်ဒဏ် (သို့မဟုတ်) ကြာပွတ်ဖြင့် အပြစ်ပေးခွင့်ရှိပါသည်။

နိုင်ငံ	အကြမ်းဖက်ခြင်းဆိုင်ရာ ဥပဒေ
မြန်မာ	ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းနှင့်ပတ်သက်ပြီး အရေးယူနိုင်မည့် ဥပဒေအသစ် ပြင်ဆင်ရေးဆွဲနေသော်လည်း၊ ယခုအချိန်အထိ အသက် ၁၂ နှစ်အောက် ကလေးများကို အိမ်တွင် အပြစ်ပေးနိုင်သေးသည်။ စာသင်ကျောင်းများတွင်မူ ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းအတွက် တားမြစ်ချက် တစ်စုံတစ်ရာ မဖော်ပြထားပါ။ ပြစ်ဒဏ်ချမှတ်နိုင်သော အဖွဲ့အစည်းများတွင် ထိုသို့အပြစ်ပေးခြင်းကို စည်းကမ်းတင်းကျပ်ရန်အတွက်သာ အသုံးပြုပါသည်။ သို့ရာတွင် အသက် ၁၆ နှစ်အောက် ကလေးများကို ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကို တားမြစ်ထားသည်။
ဖိလစ်ပိုင်	ကလေးသူငယ်နှင့်သက်ဆိုင်သော ဥပဒေများမှာ ကလေးလုပ်သားများကို ဆိုးရွားစွာခိုင်းစေခြင်းနှင့် ကလေးငယ်များကို အကြမ်းဖက်ခြင်းမှ အထူးကာကွယ်ပေးရေး ဥပဒေများနှင့်အမြတ်ထုတ်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်း ဥပဒေ (၁၉၉၂)တို့ ဖြစ်ပါသည်။ အိမ်တွင် ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကို ခွင့်ပြုထားသော်လည်း လူမြင်ကွင်း၊ ပုဂ္ဂလိက စာသင်ကျောင်း၊ နေ့ကလေးထိန်းကျောင်း၊ အခြားပြုစုစောင့်ရှောက်ရေးဂေဟာနှင့် အပြစ်ပေးနိုင်သော အဖွဲ့အစည်းများတွင် ပြစ်ဒဏ်အဖြစ်အသုံးပြုခြင်း စသည်တို့ ခွင့်မပြုပါ။
စင်ကာပူ	ကလေးများ၏ နေအိမ်တွင် ကြိမ်ဖြင့်ရိုက်၍ ဆုံးမခွင့်ရှိသည်။ အချို့နေရာများတွင် ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကို တားမြစ်ထားသော်လည်း နေ့ကလေးထိန်းကျောင်းတိုင်းတော့ မဟုတ်ပါ။ စာသင်ကျောင်းများတွင် ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကို ခွင့်ပြုထားသော်လည်း၊ ကျောင်းသားများ (ယောကျ်ားလေးများ) အတွက်သာ ကြိမ်ဖြင့်ရိုက်ခြင်းကို ခွင့်ပြုထားခြင်း ဖြစ်ပါသည်။ သက်ငယ်ပြစ်မှုများတွင် ခန္ဓာကိုယ်ကိုအပြစ်ပေးခြင်းကို ပြစ်ဒဏ်သဖွယ် အသုံးပြုနိုင်ပါသည်။ ထိုသက်ငယ်ပြစ်မှုကို တရားရုံးချုပ်က ကိုင်တွယ်မှုသာ အသုံးပြုနိုင်ခြင်း ဖြစ်သည်။ ထို့ပြင် မဖြစ်မနေ စစ်မှုထမ်းရာတွင်လည်း အမျိုးသားငယ်များကို ခန္ဓာကိုယ်ကို အပြစ်ပေးရန်အတွက် ကြိမ်ဒဏ်ကို အသုံးပြုပါသည်။
အရှေ့တီမော	အိမ်တွင် ခန္ဓာကိုယ်ကို အပြစ်ပေးခြင်း ပြုလုပ်နိုင်သည်။ သို့သော် ဥပဒေအရ ပြစ်ဒဏ်ချမှတ်ရာတွင် အသုံးမပြုနိုင်ပေ။ စာသင်ကျောင်းများ၊ နေ့ကလေးထိန်းကျောင်းနှင့် အခြားသော ပြုစုစောင့်ရှောက်ရေး ဂေဟာများတွင်မူ ထိုသို့အပြစ်ပေးခြင်းကို ထင်ထင်ပေါ်ပေါ် တားမြစ်ထားခြင်း မရှိပါ။
ထိုင်း	၂၀၀၃ ခုနှစ် ကလေးသူငယ် အကာအကွယ်ပေးရေး ဥပဒေနှင့် လူကုန်ကူးခြင်းနှင့် အိမ်တွင်းအကြမ်းဖက်ခြင်းဆိုင်ရာ နိုင်ငံတော်အဆင့် မူဝါဒမဟာဗျူဟာတို့က ကျောင်းများနှင့် ပြစ်ဒဏ်စီရင်နိုင်သော အဖွဲ့အစည်းများတွင် ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကို တားမြစ်ထားသည် သို့သော် အိမ်နှင့် ကလေးထိန်းကျောင်းတို့တွင် ထိုသို့ အပြစ်ပေးခြင်းသည် တရားဝင်နေဆဲဖြစ်သည်။
ထိုင်း	၂၀၀၄ ခုနှစ် ကလေးသူငယ်အတွက် ပညာရေး၊ ပြုစုစောင့်ရှောက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေပြင်ဆင်ပြဋ္ဌာန်းချက်အရ စာသင်ကျောင်းများနှင့် ပြစ်ဒဏ်စီရင်သော အဖွဲ့အစည်းများတွင် ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းသည် ဥပဒေနှင့်မညီသော လုပ်ရပ်ဖြစ်သည်။ သို့ရာတွင် အိမ်တွင် တရားဝင် ပြုလုပ်ဆဲဖြစ်သကဲ့သို့ နေ့ကလေးထိန်းကျောင်းနှင့် အခြားသော ပြုစုစောင့်ရှောက်ရေး ဂေဟာတို့တွင်လည်း ပေါ်ပေါ်ထင်ထင် တားမြစ်ထားခြင်း မရှိသေးပါ။

မိဘများနှင့် ဆရာ၊ ဆရာမများက ဆိုးသွမ်းသော ကလေးများကို ရိုက်နှက်ဆုံးမခြင်းက သာလျှင် အကောင်းဆုံးနည်းလမ်းဟု ယူဆထားသဖြင့် ခန္ဓာကိုယ်ကို အပြစ်ပေးခြင်း နည်းလမ်းကို ကျောင်းများစွာတွင် အသုံးပြုနေရခြင်း ဖြစ်သည်။ ခန္ဓာကိုယ်ကို ရိုက်နှက်ဆုံးမခြင်းအားဖြင့် စည်းကမ်းလိုက်နာလာကြမည်။ ရိုကျိုးခြင်းမရှိသော အမူအကျင့်များ ပျောက်ကွယ်မည်။ ကလေးများ၏ စိတ်ဝင်စားမှုကို မြှင့်တင်နိုင်ပြီး ပျင်းရိခြင်းကိုကာကွယ်နိုင်မည်ဟု ယူဆကြသည်။ ထို့ကြောင့် အရှေ့တောင်အာရှတွင် ကလေးကို ဆုံးမရန် တုတ်ကိုအသုံးပြုသင့်သည်ဟု ယုံကြည်ကြပါသည်။

ထိုသို့သော ယဉ်ကျေးမှုကြောင့် ဆရာ၊ ဆရာမများသည် ကျောင်းသားများ စည်းကမ်းလိုက်နာရန် အခြားသောနည်းလမ်းကို အသုံးမပြုကြတော့ဘဲ ဆိုးသွမ်းသောကလေးငယ်များကို ဤနည်းလမ်းဖြင့်သာ အောင်အောင်မြင်မြင် ကိုင်တွယ်နိုင်မည်ဟု မြင်လာကြသည်။ ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကို တရားဝင် တားမြစ်ထားလျှင်သော်မှ ဆရာ၊ ဆရာမများသည် တိတ်တဆိတ် အသုံးပြုနေတတ်သကဲ့သို့ အခြားဆရာများ အသုံးပြုလျှင်လည်း မသိကျိုးကျွံပြုနေတတ်သည်။ ထိုသို့ အပြစ်ပေးခြင်းကို ဆရာ၊ ဆရာမများ အသုံးပြုနေခြင်းမှာ ၎င်းတို့အမှားချည်းပဲ မဟုတ်ပါ။ အချို့ဖြစ်ရပ်များတွင် မိဘများကိုယ်တိုင်က လိုအပ်လျှင် ကလေးများ စည်းကမ်းလိုက်နာစေရန် ထိုသို့ အပြစ်ပေး၍ အုပ်ချုပ်ပါရန် တောင်းဆိုတတ်ကြသည်။ နောက်ဆုံးတွင် ကျောင်းသားကိုယ်တိုင်က ၎င်းတို့ကို ထိုသို့အပြစ်ပေးခြင်းမှာ မှားယွင်းနေကြောင်း မသိရှိကြတော့ပေ။ တုတ်ဖြင့် ခြောက်ချက်ရိုက်ခြင်းကို ရွေးမည်လား၊ တစ်ပတ်ကြာမျှ ကျောင်းကိုနောက်ကျမှ ဆင်းမည်လားဟူ၍ ရွေးချယ်စရာပေးလာလျှင် ကျောင်းသားအချို့သည် အမြန်ဆုံးပြီးမြောက်မည့်ပြစ်ဒဏ်ကိုသာ လိုလားကြသည်။ ထိုအကြောင်းများကြောင့် တားမြစ်ချက်အချို့ရှိသော်လည်း အရှေ့တောင်အာရှနိုင်ငံများတွင် ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကို ဆက်လက်အသုံးပြုနေကြခြင်း ဖြစ်သည်။

ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကို အဆုံးသတ်ရန်မှာ စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါသည်။ သို့သော် ထိုသို့သော အပြစ်ပေးခြင်းများ လျော့ပါးသွားစေရန် လုပ်ဆောင်ချက်တချို့ကို မိတ်ဆက်ကျင့်သုံးနေပြီဖြစ်သည်။ အဆိုပါ လုပ်ဆောင်ချက်များတွင် ကျောင်းသားများ စည်းကမ်းလိုက်နာစေရန် အခြားသောနည်းလမ်းဖြင့် ပြုလုပ်နိုင်ကြောင်း ဆရာ၊ ဆရာမများကို လေ့ကျင့်သင်ကြားပေးခြင်း၊ မိဘများနှင့် ဆရာ၊ ဆရာမများကို ခန္ဓာကိုယ်ကို အပြစ်ပေးခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများကို ပညာပေးရှင်းလင်းပြခြင်းနှင့် ပညာရေးအဆင့်အတန်းမြှင့်တင်ရန် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ကလေးများနှင့် မိဘများ၏ ပါဝင်မှုကို တိုးတက်လာအောင်ဆောင်ရွက်ခြင်း စသည်တို့ ပါဝင်ပါသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကို မည်သို့ တားဆီးမည်နည်း။

ယဉ်ကျေးမှုထုံးတမ်းစဉ်လာနှင့် အဖွဲ့အစည်းဆိုင်ရာ မည်သို့သော ပံ့ပိုးမှုများဖြင့် ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကို ရပ်တန့်နိုင်ပါသနည်း။ အောက်ပါနည်းလမ်းများသည် မည်သို့အကျိုးသက်ရောက်မှုရှိစေနိုင်သနည်း။

၁။ ဥပဒေ ပြုပြင်ပြောင်းလဲရေး - ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကို ဥပဒေအဖြစ် အရေးယူနိုင်ရန် သတ်မှတ်ပြီး ကြီးလေးသော အပြစ်ဒဏ်ချမှတ်ခြင်း။

၂။ ဆရာ၊ ဆရာမများကို အခြားသော ဆုံးမပဲ့ပြင်သည့်နည်းလမ်းများ (ဥပမာ - ကြိမ်ဖြင့် ရိုက်မည့် အစား နောက်ကျမှ အတန်းပေးဆင်းခြင်း) အသုံးပြုရန် ပြန်လည်ပညာပေးခြင်း။

၃။ ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကြောင့် ကလေးငယ်တို့၏ စိတ်ပိုင်းဆိုင်ရာတွင် ထိခိုက်မှုရစေနိုင်ပြီး ၎င်းသည် လူမှုဝန်းကျင်နှင့် သဟဇာတမဖြစ်သည့်အကျင့်များ ပြုမူလာနိုင်ခြင်း၊ ကျောင်းစာတွင် ရမှတ်လျော့နည်းခြင်း၊ ဒေါသကြီးမှု တိုးလာခြင်း၊ စာသင်ရသည်ကို မနှစ်သက်တော့ခြင်းနှင့် ကျောင်းထွက်သည့်နှုန်းမြင့်လာခြင်း စသော ရလဒ်များကို ဦးတည်သွားစေနိုင်ကြောင်း လူထု၏ အသိအမြင်ကို မြှင့်တင်ပေးခြင်း။

၄။ ကျောင်းများတွင် စုံစမ်းစစ်ဆေးရေးဝင်ခြင်းနှင့် ကျောင်းသူကျောင်းသားများအတွက် အမည် ဖော်ရန်မလိုသော သတင်းပေးပို့ချက် ထားရှိနိုင်ခြင်းတို့ တိုးမြှင့်လုပ်ဆောင်ခြင်း။

၅၊ အိမ်တွင်းအကြမ်းဖက်မှုများကို ဆန့်ကျင်ရန် မိဘများကို ပညာပေးခြင်း။

မေးခွန်းများ

- မည်သည့်နည်းလမ်းသည် အကောင်းဆုံး ဖြစ်သနည်း။ အဘယ့်ကြောင့်နည်း။
- အဆိုပါ ဖြေရှင်းနည်းများကို အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများကို ဖော်ပြပါ။

၁၀.၃.၃ ကလေးသူငယ်နှင့် လိင်ပိုင်းဆိုင်ရာ နိုင့်ထက်စီးနင်းမှု

လိင်ပိုင်းဆိုင်ရာ နိုင်ထက်စီးနင်းမှုသည် ဆိုးရွားသော ကလေးသူငယ်အကြမ်းဖက်မှု ပုံစံ တစ်မျိုး ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ ၂၀၀၂ ခုနှစ် အစီရင်ခံစာတွင် တစ်ကမ္ဘာလုံး တွင် ကလေးငယ် မ သန်း ၁၅၀ ခန့်နှင့် ကျား ၇၃ သန်းခန့်တို့မှာ လိင်အကြမ်းဖက်မှုတွင် သားကောင် များဖြစ်ခဲ့ကြကြောင်း ဖော်ပြပါရှိပါသည်။ (ထပ်မံဖတ်ရှုစရာများကို ယခုအခန်း၏ နောက်ဆုံးအပိုင်း တွင် ဖော်ပြထားပါသည်။) ၂၀၁၁ ခုနှစ် လေ့လာချက်အရ အာဖရိကတွင် မိန်းကလေးငယ် ၃၃% နီးပါးနှင့် အာရှတွင် ၂၃% တို့သည် လိင်ပိုင်းဆိုင်ရာ နိုင်ထက်စီးနင်းမှုကို တွေ့ကြုံခံစားနေရပါသည်။ ယောကျ်ားလေးငယ်များ ခံစားရမှုနှုန်းမှာ နည်းပါးသည်ဟု ခန့်မှန်းရသော်လည်း ၂၀၁၁ ခုနှစ် စာရင်း အရ ယောကျ်ားလေးငယ် ၁၀% နီးပါး ထိုသို့ပြုကျင့်ခံရကြောင်း တွေ့ရှိရပါသည်။ အချို့သောအမှု များတွင် ကျူးလွန်သူများမှာ ၎င်းတို့အသိအကျွမ်းထဲက၊ အများအားဖြင့် ၎င်းတို့၏ မိသားစုဝင်များ ထဲက ဖြစ်ပါသည်။ ထို့အတူ မိန်းကလေးငယ်နှင့် အမျိုးသမီး သန်းပေါင်း ၁၀၀ မှ ၁၄၀ အထိ ၎င်းတို့၏ အမျိုးသမီးအင်္ဂါကို ပျက်စီးအောင် ဖြတ်တောက်ခံနေရကြောင်း တွေ့ရှိရာ ဆာဟာရ အာဖရိက တစ်ခုတည်းမှာပင်၊ အထူးသဖြင့် အီဂျစ်၊ ဆူဒန်၊ ဆိုမားလီးယားနှင့် ဆီရီယားတို့တွင် တစ်နှစ်အတွင်း အမျိုးသမီး ၃ သန်းခန့် တွေ့ကြုံခံစားနေရပါသည်။

ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ နိုင်ထက်စီးနင်းမှု ပြဿနာသည် ကလေး သူငယ်လိင်ပိုင်းဆိုင်ရာပြစ်မှုနှင့် အဓမ္မပြုကျင့်ခြင်းဆိုင်ရာ ဥပဒေဟူသော ခေါင်းစဉ်ဖြင့် အသက် အရွယ်အပေါ် မူတည်ပြီး တားမြစ်သည့် ဥပဒေများ ပေါ်ပေါက်စေရန် အစပျိုးစေခဲ့သည်။ (ဇယား

၁၀. ၈၊ အခန်းခွဲ ၁၀. ၈ တွင် ကြည့်ရှုပါ။) ထိုပြစ်မှုများအတွက် ကြီးလေးသော ပြစ်ဒဏ်များ ချမှတ်ထားသော်လည်း၊ ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ နိုင်ထက်စီးနင်းမှုသည် အရှေ့တောင်အာရှနိုင်ငံများတွင် အများအပြား ဖြစ်ပေါ်နေဆဲဖြစ်သည်။ ကလေးသူငယ် လိင်ပိုင်းဆိုင်ရာ ပြစ်မှုအတွက် ဥပဒေမရှိသော ဒေသများနှင့် လျစ်လျူရှုထားသော နိုင်ငံများတွင် အဆိုပါ ဥပဒေများကို ၁၉၆၀ ခုနှစ်များတွင် ပြဋ္ဌာန်းခဲ့သည်။ အရှေ့တောင်အာရှတွင် ၁၉၉၀ ခုနှစ် အစောပိုင်းနှင့် ထိုနှစ်မတိုင်မီတွင် ကလေးသူငယ်နှင့် အရွယ်မရောက်သေးသူများ လက်ထပ်ထိမ်းမြားမှုများ ရှိခဲ့သည်။

ကလေးသူငယ်များကို လက်ထပ်ထိမ်းမြားစေခြင်း အစရှိသော ကလေးသူငယ်အပေါ် အချို့သော လိင်ပိုင်းဆိုင်ရာ နိုင်ထက်စီးနင်းမှုသည် ဥပဒေအရ အရေးယူခြင်းမှ ကင်းလွတ်နေခဲ့သည်။ တောင်အာရှနှင့် ပါကစ္စတန်၊ အာဖဂန်နစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်တို့တွင် မိန်းကလေးငယ်များကို အသက် ၁၂ နှစ်ခန့် အရွယ်ရောက်လျှင် ၎င်းတို့မိဘများက အတင်းအကျပ် ထိမ်းမြားပေးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ထို့အတူ အိန္ဒိယနိုင်ငံ ကျေးလက်ဒေသမှ အမျိုးသမီး အများအပြားသည်လည်း အရွယ်မရောက်မီပင် အိမ်ထောင်ပြုကြရသည်။ အရှေ့တောင်အာရှတွင် ကလေးသူငယ် လက်ထပ်ထိမ်းမြားမှုသည် ဖြစ်လေ့ဖြစ်ထရှိသော အသွင်ဖြင့် မဖြစ်ပွားသော်လည်း အချို့ဒေသများတွင် ရှိနေတတ်ပါသည်။ ဥပမာ - ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ၏ စာရင်းအရ အင်ဒိုနီးရှားတွင် ဆယ်ကျော်သက် သတို့သမီးအရေအတွက် အများဆုံးရှိပြီး ၁၇% သော မိန်းကလေးငယ်များမှာ အသက် ၁၈ နှစ်မတိုင်မီ လက်ထပ်ထိမ်းမြားကြသည်။ အင်ဒိုနီးရှားတွင် တရားဝင် လက်ထပ်ထိမ်းမြားခွင့်ရှိသည့် အသက်အရွယ်မှာ ၁၆ နှစ် (မိဘ သဘောတူညီချက်နှင့်အတူ) ဖြစ်ရာ တစ်ကမ္ဘာလုံးတွင် အသက် ၁၈ နှစ်ပြည့်မှသာ လက်ထပ်ခွင့်ရှိသည်ဟု သတ်မှတ်ထား၍ အင်ဒိုနီးရှား၏ ဥပဒေမှာ အများနှင့်မတူ ဖြစ်နေလေသည်။ သို့သော် လူမှုရေးပြဿနာနှင့် ကွာရှင်းနှုန်း အနည်းငယ်သာရှိ၍ အင်ဒိုနီးရှား အခြေခံဥပဒေခုံရုံးက ၂၀၁၅ ခုနှစ်တွင် လက်ထပ်ထိမ်းမြားနိုင်သည့် အသက်အရွယ် တိုးမြှင့်ပေးရန်ကို ငြင်းပယ်ခဲ့ပါသည်။ အမှန်မှာ ၎င်းတို့သည် ထိုသို့ အသက်အရွယ်ကို တိုးမြှင့်ပေးလိုက်လျှင် အိမ်ထောင်ဘက်မဟုတ်သူနှင့် အတူနေထိုင် ဆက်ဆံနိုင်ခြေ ပိုများသည်ဟု တွက်ဆကြသောကြောင့် ဖြစ်ပါသည်။ မလေးရှားနှင့် ဖိလစ်ပိုင်တို့တွင်လည်း ထိုနည်းတူစွာပင် အချို့သော ကျေးလက်ဒေသများတွင် အရွယ်မတိုင်မီ လက်ထပ်ထိမ်းမြားမှုများ ရှိနေသည်။

ကလေးသူငယ်များကို နိုင့်ထက်စီးနင်းမှုသည် အခွင့်အာဏာရှိသူများ၏ နိုင့်ထက်စီးနင်းမှုနှင့် ဆက်စပ်နေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့သော အမှုအခင်း တော်တော်များများတွင် ကလေးငယ်များနှင့် သိကျွမ်းသူများ ပါဝင်ပတ်သက်နေခြင်းကြောင့် ဖြစ်သည်။ ထိုသူများသည် ကလေးငယ်တို့၏ မိသားစုဝင်သော်လည်းကောင်း၊ ဆွေမျိုးများသော်လည်းကောင်း၊ ဆရာ၊ ဆရာမများသော်လည်းကောင်း၊ သို့မဟုတ် လုပ်ငန်းခွင်မှ အလုပ်ရှင်များသော်လည်းကောင်း ဖြစ်နိုင်ပါသည်။ လိင်ပိုင်းဆိုင်ရာ နိုင်ထက်စီးနင်း အပြုခံရခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ရေရှည်ဆိုးကျိုးများ ဖြစ်ပေါ်ပြီး စိတ်ရောဂါကြောင့် စိတ်ဓာတ်ကျလွယ်ခြင်း၊ မူးယစ်ဆေးစွဲခြင်းနှင့် စိုးရိမ်ပူပန်မှု လွန်ကဲခြင်းတို့ ခံစားရနိုင်ပါသည်။ လတ်တလော သုတေသနရလဒ်များတွင် ထိုသို့ ပြုကျင့်ခဲ့သူများသည်ပင်လျှင် ကလေးဘဝက လိင်ပိုင်းဆိုင်ရာ နိုင်ထက်စီးနင်းမှု ပြုခံရသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဥပမာ - အာရှခြောက်နိုင်ငံတွင် ပြုလုပ်ခဲ့သော 'ကာကွယ်ပေးမည့် အဖော်များ' (ထပ်မံဖတ်ရှုရန် စာရင်းတွင် ကြည့်ပါ) အမည်ဖြင့် သုတေသနတစ်ရပ်တွင် လိင်ပိုင်းဆိုင်ရာ နိုင်ထက်စီးနင်း ပြုကျင့်သူများ၏ သုံးပုံတစ်ပုံမှာ ၎င်းတို့ကိုယ်တိုင် ကလေးဘဝတွင် အပြုကျင့်ခံခဲ့ရဖူးသူများ ဖြစ်သည်။

နောက်ဆက်တွဲစာချုပ်တွင် ဖော်ပြထားသည့် အခြားပြဿနာတစ်ရပ်မှာ ကလေးသူငယ်များကို ညစ်ညမ်းရုပ်ပုံများ ရိုက်ကူးရန် (သို့မဟုတ်) လိင်ကျေးကျွန်အဖြစ် အသုံးချရန်အတွက် ၎င်းတို့ကို အကျိုးစီးပွားအလို့ငှာ ရောင်းချကြခြင်း ဖြစ်ပါသည်။ အချို့သော အရှေ့တောင်အာရှနိုင်ငံများတွင် ကလေးသူငယ် ပြည့်တန်ဆာများအကြောင်း အစီရင်ခံတင်ပြကြပါသည်။ ဥပမာ - ၂၀၀၇ ခုနှစ်တွင် ECPAT (ထပ်မံဖတ်ရှုရန် စာရင်းတွင်ကြည့်ပါ) အဖွဲ့က ဖိလစ်ပိုင်နိုင်ငံတွင် ကလေးပြည့်တန်ဆာ ခြောက်သောင်းခန့် ရှိလိမ့်မည်ဟု ခန့်မှန်းခဲ့သည်။ ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့တွင်လည်း ဖိလစ်ပိုင်လောက် မများသော်လည်း အလားတူပြဿနာကို ရင်ဆိုင်နေရပါသည်။

ဖြစ်ရပ်တော်တော်များများတွင် ကလေးပြည့်တန်ဆာကိစ္စသည် ခရီးသွားလုပ်ငန်းများနှင့် ချိတ်ဆက်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် လိင်မုဆိုး ခရီးသွားများသည် ကလေးများကို လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် လွယ်ကူသည့် တိုင်းပြည်များကိုသာ အဓိက ရွေးချယ်ခရီးသွားကြသောကြောင့် ဖြစ်သည်။ လိင်မုဆိုး ခရီးသွားများရှိသည့် နိုင်ငံများတွင် ကနေဒါ၊ ဩစတြေးလျနှင့် အမေရိကန်တို့ ပါဝင်ပြီး၊ ယခုအခါ ထိုနိုင်ငံများအားလုံးတွင် နိုင်ငံပြင်ပ၌လည်း သက်ရောက်သော ဥပဒေများ ထုတ်ပြန်ထားပြီးဖြစ်သည်။ ဆိုလိုသည်မှာ အဆိုပါ နိုင်ငံသားဖြစ်သော လိင်မုဆိုးတို့သည် ၎င်းတို့ နိုင်ငံပြင်ပတွင် ကျူးလွန်သော ပြစ်မှုအတွက် ၎င်းတို့၏ မိခင်နိုင်ငံတွင် တရားစွဲဆို၍ အပြစ်ဒဏ်ချမှတ်ခံရနိုင်ပါသည်။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းတွင် ကလေးသူငယ်တို့၏ အမြင်မတော်သော ရုပ်ပုံများ ထုတ်ဝေခြင်းလည်း ပါဝင်ပါသည်။

မှတ်သားဖွယ်ရာ

ကလေးသူငယ်များကို ရောင်းချခြင်း၊ လိင်ကျေးကျွန်ပြုခြင်းနှင့် ညစ်ညမ်းရုပ်ပုံများ ထုတ်လုပ်ခြင်းဆိုင်ရာ တားဆီးမှု နောက်ဆက်တွဲ စာချုပ်ငယ်

ဤ စာချုပ်နောက်ဆက်တွဲကို ၂၀၀၀ ခုနှစ်တွင် ချုပ်ဆိုခဲ့ပြီး နှစ်နှစ်အကြာ ၂၀၀၂ ခုနှစ်တွင် စတင် အသက်ဝင်လာခဲ့သည်။ ယခုအခါ အရှေ့တောင်အာရှတွင် စင်ကာပူမှအပ နိုင်ငံပေါင်း ၁၇၀ သဘောတူလက်မှတ် ရေးထိုးထားပြီး ဖြစ်သည်။

နောက်ဆက်တွဲ စာချုပ်၏ အဓိကရည်ရွယ်ချက်မှာ (၁) ကလေးသူငယ်များကို ရောင်းဝယ်ခြင်း၊ လိင်ကျေးကျွန်ပြုခြင်းနှင့် အမြင်မတော်သည့် ရုပ်ပုံများ ရိုက်ကူးခြင်းကို ပြစ်မှုအဖြစ် သတ်မှတ်ရန်၊ (၂) ထိုသို့သော လုပ်ဆောင်ချက်များကို တရားဥပဒေအရ အရေးယူရန်နှင့် (၃) ကျူးလွန်သူကို ပြစ်ဒဏ်ချမှတ်ခြင်းဖြင့် ကလေးသူငယ်များကို အကာအကွယ်ပေးရာတွင် နိုင်ငံတော်၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်တို့ ဖြစ်ပါသည်။

စာချုပ်နောက်ဆက်တွဲကို အရှေ့တောင်အာရှတွင် တွင်ကျယ်စွာ အသုံးပြုနေကြပါသည်။ အဓိက အသုံးပြုသည်မှာ အွန်လိုင်းမှ ကလေးသူငယ်တို့၏ မဖွယ်မရာ ဓာတ်ပုံများကို တားဆီးရန်အတွက် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဖွံ့ဖြိုးဆဲ အရှေ့တောင်အာရှနိုင်ငံများတွင် စာချုပ်နောက်ဆက်တွဲ ချုပ်ဆိုသည့်အချိန်က အင်တာနက်ပေါ်မှ ထိုသို့သော အမှုကိစ္စအတွက် ဥပဒေမရှိသေးသောကြောင့်

ဖြစ်သည်။ စာချုပ်နောက်ဆက်တွဲသည် ကလေးငယ်များ၏ မဖွယ်မရာရုပ်ပုံများကို တင်သည့် ဝက်ဘ်ဆိုက်များကို ဥပဒေအရ အရေးယူစေပါသည်။ စာချုပ်ပါ အခြားသော အချက်အလက် တစ်ခုမှာ ကလေးသူငယ် ပြည့်တန်ဆာဥပဒေနှင့် ဆက်စပ်ပါသည်။ ကလေးသူငယ်များနှင့် လိင် ဆက်ဆံခြင်းကို နယ်စပ်ဖြတ်ကျော်အရေးယူနိုင်သော အမှုအနေနှင့် အရေးယူအပြစ်ပေးနိုင်ရန် စီမံထားကြသည်။ ထို့ကြောင့် တစ်စုံတစ်ဦးသည် နိုင်ငံခြင်ပတွင် အပြစ်ကျူးလွန်သော်လည်း ၎င်း၏ မိခင်နိုင်ငံဥပဒေအတိုင်း အပြစ်ဒဏ်ကျခံရမည် ဖြစ်ပါသည်။ ဤဖြစ်ရပ်အရ မည်သည့်နိုင်ငံသား ဖြစ်သည်ဆိုသည့်အချက်ပေါ် မူတည်ပြီး ပြစ်ဒဏ်ချမှတ်ခြင်းဖြစ်ပြီး နိုင်ငံတော်၏ ပိုင်နက်တွင် ဖြစ်ပေါ်ခြင်း ဟုတ်၊ မဟုတ်ဆိုသည့်အချက်နှင့် မသက်ဆိုင်ပေ။ နောက်ဆုံးအချက်အနေဖြင့် စာချုပ်နောက်ဆက်တွဲသည် ၂၀၀၀ ခုနှစ် အစောပိုင်းတွင် ပါလာမိုနောက်ဆက်တွဲ စာချုပ်ငယ်အပါအဝင် လူကုန်ကူးမှုများ ရပ်တန့်ရန် ချုပ်ဆိုသော စာချုပ်များထဲက တစ်ခုအပါအဝင်လည်း ဖြစ်ပါသည်။ (လူကုန်ကူးခြင်းကို အခန်း(၇)တွင် ဆွေးနွေးထားပါသည်။)

၁၀.၄ ပညာသင်ကြားခွင့်

ပညာသင်ကြားခွင့်သည် ကလေးငယ်များအားလုံးနှင့် သက်ဆိုင်သော အရေးပါသည့် လူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီး CRC ၏ အပိုဒ် ၂၈ တွင်လည်းကောင်း၊ အခြားသော ပဋိညာဉ် စာချုပ်များဖြစ်သည့် ICESCR, MWC နှင့် CEDAW တို့တွင်လည်း အလေးအနက် ဖော်ပြထားပါသည်။ အဆိုပါ သဘောတူညီချက်များအားလုံးတွင် လူမျိုး၊ ကျား-မ ကွာခြားချက်နှင့် အခြားသော အခြင်းအရာများ မည်သို့ရှိစေကာမူ ကလေးငယ်တိုင်းသည် မူလတန်းပညာကို မသင်မနေရ သင်ကြားခွင့်ရှိသည်ဟု ဖော်ပြထားပါသည်။ သို့ရာတွင် ကလေးငယ်များကို ကျောင်းသို့ပို့နိုင်ခြင်းဖြင့် မလုံလောက်ဘဲ ၎င်းတို့သင်ယူရသည့် ပညာ၏ အရည်အသွေးနှင့် ပညာသင်ကြားရေး ဝန်းကျင် လုံခြုံစိတ်ချရမှုနှင့်ပါ ပြည့်မီရန် လိုအပ်ပါသည်။ တက္ကသိုလ်ပညာရေးသည် အရွယ်ရောက်သူများအတွက် ရည်ညွှန်းပါသောကြောင့် ယခု အခန်းခွဲတွင် ကလေးငယ်များ မူလတန်းနှင့် အထက်တန်းပညာများ သင်ကြားခွင့်ကိုသာလျှင် ညွှန်းဆိုဖော်ပြမည်ဖြစ်ပါသည်။

၁၀.၄.၁ ပညာသင်ကြားခွင့်ဆိုင်ရာ အစိတ်အပိုင်းများ

ပညာသင်ကြားခွင့်သည် ပညာရေး အမျိုးအစားနှင့်အဆင့်အပေါ် မူတည်လျက်ရှိရာ ၎င်းကို မူလတန်း ပညာသင်ကြားခွင့် (အသက် ၅ နှစ်မှ ၁၂ အထိ)၊ အလယ်တန်းနှင့် အထက်တန်းပညာ သင်ကြားခွင့် (၁၂ နှစ်မှ ၁၈ နှစ်အထိ)နှင့် တက္ကသိုလ် (သို့မဟုတ်) အသက်မွေးဝမ်းကြောင်း ပညာသင်ကြားခွင့် (အသက် ၁၈ နှစ်နှင့်အထက် များအတွက်) ဟူ၍ အဆင့်သုံးဆင့် ခွဲခြားနိုင်ပါသည်။ မူလတန်းပညာရေးသည် မသင်မနေရ အခမဲ့ ဖြစ်ရပါမည်။ အသက် ၅ နှစ်မှ ၁၂ နှစ်အရွယ် ကလေးတိုင်း (ကျောင်းနေအရွယ် အသက် သတ်မှတ်ချက်သည် ဒေသအလိုက် အနည်းငယ် ကွာခြားပါသည်) မူလတန်းပညာရေးကို အခမဲ့သင်ကြားခွင့် ရှိစေရမည် ဖြစ်ပါသည်။ ဘာသာစကား အခက်အခဲကြောင့်သော်လည်းကောင်း၊ ရွှေ့ပြောင်းလုပ်သား (သို့မဟုတ်) ဒုက္ခသည်တို့၏ ကလေးဖြစ်ခြင်းကြောင့်လည်းကောင်း ကလေးငယ်၏ မူလတန်းပညာ သင်ကြားခွင့်ကို ဖယ်ကြဉ်ထားခွင့်မရှိပါ။ ကလေးတိုင်း အခမဲ့မူလတန်းပညာ သင်ကြားကြရမည် ဖြစ်သည်။

ထို့ပြင် အထက်တန်းပညာရေးကိုလည်း ကလေးတိုင်း လက်လှမ်းမီခွင့်ရှိစေရမည် ဖြစ်သည်။ သို့သော် အထက်တန်းပညာရေးသည် မသင်မနေရသဘောမျိုး မဟုတ်သကဲ့သို့ အခမဲ့လည်း မဟုတ်ပေ။ သို့ရာတွင် အရှေ့တောင်အာရှရှိ အဓိကနိုင်ငံကြီးများတွင် အထက်တန်းပညာရေးကိုလည်း မသင်မနေရ အခမဲ့ပညာရေးအဖြစ် ဖော်ဆောင်နေပါသည်။ ထိုသို့ အထက်တန်းပညာရေးကို မသင်မနေရ ပညာရေးအဖြစ် ဖော်ဆောင်နေသော ဒေသများမှာ နိုင်ငံများအကြားတွင် ကွာခြားမှု ရှိနိုင်ပါသည်။ ဥပမာ - မြန်မာနိုင်ငံရှိ မသင်မနေရ ပညာရေးစနစ်တွင် မူလတန်းအဆင့်နှင့် ခြောက်တန်းအထိ ပါဝင်ပါသည်။ အသက် ကိုးနှစ်အထိ (သို့မဟုတ်) မူလတန်းအဆင့်နှင့်အတူ အထက်တန်းအဆင့်၏ ပထမသုံးနှစ်တာ (အသက် ဆယ့်ငါးနှစ်အထိ) အကျုံးဝင်ပါသည်။ နိုင်ငံတော်တော်များများတွင် အထက်တန်းကျောင်းများအပါအဝင် အသက်ဆယ့်နှစ်နှစ်အထိ မသင်မနေရ ပညာရေးအဖြစ် သတ်မှတ်လေ့ရှိသည်။ အရှေ့တောင်အာရှတွင် နိုင်ငံအများစုက ကိုးနှစ်တာအထိ မသင်မနေရ ပညာရေးကို ဖော်ဆောင်သော်လည်း၊ ကမ္ဘောဒီးယားနှင့် မြန်မာတို့က ခြောက်နှစ်တာသာ မသင်မနေရ ပညာရေးကို ဖြည့်ဆည်းပေးရာ ပျမ်းမျှအားဖြင့် အသက် ၁၁ နှစ် (သို့မဟုတ်) ၁၂ နှစ်သည် ကျောင်းထွက်လေ့ရှိသည့် အသက်အရွယ် ဖြစ်လာခဲ့သည်။ ကလေးလုပ်သားကို လျှော့ချရန်အတွက် ကလေးများ ကျောင်းတက်နိုင်ရန် အရေးကြီးပါသည်။ ကလေးများ အသက် ၁၁ နှစ်နှင့် ကျောင်းထွက်လျှင် ၎င်းတို့သည် လုပ်ငန်းခွင်သို့ဝင်ရန်အတွက် ဖြစ်လာပေလိမ့်မည်။ အခြားသော ပြဿနာတစ်ခုမှာ တရားဝင်အလုပ်လုပ်နိုင်သော အသက်အရွယ်မှာ အသက် ၁၄ (သို့မဟုတ်) ၁၅ နှစ်ဟု သတ်မှတ်လေ့ရှိသဖြင့် အသက် ၁၁ နှစ်တွင် ကျောင်းထွက်ပြီး အလုပ်လုပ်သော ကလေးတစ်ယောက်သည် နောက်ထပ်သုံးနှစ်တာမျှ မည်သည့်အလုပ်သမား အခွင့်အရေး ကာကွယ်မှုမျှ မရရှိဘဲ အလုပ်လုပ်ရပါလိမ့်မည်။ ထိုအချက်က ပြက်ပြက်ထင်ထင် ညွှန်ပြသည်မှာ အလုပ်လုပ်နိုင်သည့် အသက်အရွယ် သတ်မှတ်ချက်ကို လျှော့ချပေးရန် မဟုတ်ဘဲ၊ မသင်မနေရ ပညာရေးစနစ် အကျုံးဝင်စေမည့် နှစ်ကာလကို တိုးမြှင့်ပေးရန် ဖြစ်လေသည်။

ပညာသင်ကြားခွင့် ခေါင်းစဉ်အောက်တွင် ပညာရရှိစေခြင်းမှအစပြု၍ ပညာ၏အရည်အသွေးဆိုင်ရာ ကိစ္စများအပါအဝင် များစွာသော အကြောင်းအရာများနှင့် လုပ်ဆောင်ချက်များ ပေါင်းစည်းထည့်သွင်းထားပါသည်။ မသင်မနေရ ပညာရေးဥပဒေများနှင့် မူဝါဒများသည် ကလေးငယ်များ ကျောင်းတက်နိုင်ရန် (သို့မဟုတ်) ကောင်းမွန်သော ပညာရေးကို ရရှိစေရန် အမြဲအာမခံချက်မပေးနိုင်ပါ။ ပညာရေးဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိ ကတ်တာရင်း တွန်မတ်စ်ဗက်စကီနှင့် ICESCR အထွေထွေ မှတ်ချက် နံပါတ် (၁၃)တို့အရ နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို 'အေ - လေးခု' ဖြစ် အောက်ပါအတိုင်း အကျဉ်းရုံးဖော်ပြထားပါသည်။ ဤအခန်း ကျန်ရှိသော အပိုင်းတွင် ဒေသအလိုက် ပညာသင်ကြားခွင့် အနေအထားကို အေ - လေးခု ဖြင့် စံထား၍ ဆန်းစစ်သွားမည် ဖြစ်ပါသည်။

မှတ်သားဖွယ်ရာ

ပညာသင်ကြားခွင့် (‘အေ’လေးခု)

ရရှိနိုင်ခြင်း (Availability) - လူတိုင်းပညာသင်ကြားခွင့်ကို ရရှိနိုင်သည်။ စာသင်ကျောင်း၊ စာသင်ခန်းများနှင့် ထိုင်ခုံနေရာများသာ လုံလုံလောက်လောက် လိုအပ်ပါသည်။

လက်လှမ်းမီနိုင်ခြင်း (AcceQibility) - ပညာရေးကို လူတိုင်း လက်လှမ်းမီနိုင်ခွင့် ရှိရမည်။ နေရာဒေသ ဝေးကွာခြင်းကြောင့်သော်လည်းကောင်း၊ ကုန်ကျစရိတ်ကြောင့် သော်လည်းကောင်း၊ ခွဲခြားဆက်ဆံမှုကြောင့်သော်လည်းကောင်း မည်သူတစ်ဦးတစ်ယောက်ကမှ ၎င်း၏ ပညာသင်ကြားခွင့်ကို ငြင်းပယ်ခံရခြင်း မရှိစေရပါ။

လက်ခံနိုင်ခြင်း (Acceptability) - သင်ကြားပေးသော ပညာရပ်များသည် လိုအပ်သော အရည်အသွေးပြည့်ဝသော ပညာဖြစ်ရမည်။ သက်ဆိုင်မှု ရှိရမည်။ ခေတ်မီနေရမည်။ ထို့ပြင် ကောင်းမွန်စွာ လေ့ကျင့်ပေးထားသော ဆရာ၊ ဆရာမများနှင့် သင်ထောက်ကူပစ္စည်း လုံလုံလောက်လောက်ဖြင့် သင်ကြားနိုင်ခွင့် ရှိရမည်။

လိုက်လျောညီထွေဖြစ်ခြင်း (Adaptability) - ပညာသင်ကြားရာတွင် ခေတ်မီနည်းစနစ်များ၊ ဥပမာ - ကွန်ပြူတာများဖြင့် ဆန်းသစ်တီထွင်နေသင့်သကဲ့သို့၊ တိုင်းရင်းသားလူမျိုးစုငယ်မှ ကလေးများ (သို့မဟုတ်) မသန်စွမ်းကလေးများကဲ့သို့ သီးခြားအုပ်စုများ လက်လှမ်းမီနိုင်အောင်လည်း လိုက်လျောညီထွေ ရှိရပါမည်။ လိုက်လျောညီထွေရှိခြင်းဆိုသည်မှာ ကျား-မ သဘောတရားအရ (သို့မဟုတ်) လူမျိုး၊ အသားအရောင်အရ ခွဲခြားမှုကဲ့သို့သော စိန်ခေါ်မှုများကိုလည်း တုံ့ပြန်ဖြေရှင်းပေးနိုင်ခြင်းကို ဆိုလိုပါသည်။

၁၀.၄.၂ အရှေ့တောင်အာရှတွင် ပညာရရှိနိုင်ခြင်းနှင့် လက်လှမ်းမီနိုင်ခြင်း

ဒေသအတွင်းတွင် မူလတန်းပညာရေးကို တွင်တွင်ကျယ်ကျယ် ဖြန့်ဝေနေသော်လည်း ကလေးတိုင်း ကျောင်းတက်နိုင်သည် မဟုတ်ချေ။ ပညာရရှိနိုင်ခြင်းကို အခြေခံကျကျ ဘာသာပြန်လျှင် နိုင်ငံအတွင်းတွင် ကလေးများအတွက် စာသင်ကျောင်းများ အလုံအလောက် ဆောက်ပေးခြင်းဟု အဓိပ္ပာယ်ရရာ အစိုးရအနေဖြင့် ကျောင်းများ လုံလုံလောက်လောက် ဆောက်လုပ်နိုင်ရန်နှင့် ဆရာ၊ ဆရာမများကို လေ့ကျင့်သင်ကြားပေးရန် အရင်းအမြစ်များ ခွဲဝေနေရာကျရန် လိုအပ်ပါသည်။ လက်လှမ်းမီခြင်းဆိုသည်မှာ ကလေးများ ကျောင်းမတက်နိုင်ကြသည့် အခြေအနေကို အဓိကရည်ညွှန်းလိုသဖြင့် ကလေးများ အလွယ်တကူလာရောက်နိုင်မည့်နေရာတွင် ကျောင်းရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ ကလေးများ မိသားစုအတွက် အလုပ်လုပ်ရန် လိုအပ်နေသည့် အခြေအနေအပေါ် ဖြည့်ဆည်းပေးခြင်းနှင့် ဘာသာစကား အတားအဆီး မရှိစေခြင်းကို ဆိုလိုပါသည်။ ဇယား ၁၀.၃ တွင် ပြထားသည့်အတိုင်း အရှေ့တောင်အာရှ နိုင်ငံများတွင် ကျောင်းအပ်နှံနိုး မြင့်မားနေသော်လည်း၊ ဗီယက်နမ်မှအပ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများတွင် မူလတန်းပညာရေးကို ဆုံးခန်းတိုင်အောင် မသင်ကြားသော ကလေးအရေအတွက်၊ ကျောင်းထွက်သော ကလေးအရေအတွက်မှာ မြင့်မားနေဆဲဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထိုသို့ကျောင်းထွက်ရာခိုင်နှုန်း များပြားရခြင်းမှာ ဆင်းရဲနွမ်းပါးမှုနှင့် ဆက်စပ်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ဆင်းရဲနွမ်းပါးမှုကြောင့်

ကလေးကို ကျောင်းမှ အတင်းအကျပ်ထွက်စေကာ အလုပ်လုပ်ခိုင်းခြင်းကြောင့် ဖြစ်သည်။ သို့မဟုတ် လျှင်လည်း ကုန်ကျစရိတ်ကြောင့် (ကျောင်းစရိတ်များ ကြီးမြင့်လွန်းခြင်းကြောင့်) သော်လည်းကောင်း၊ ပညာရေးအရည်အသွေး (ပညာသင်ကြားမှု အဆင့်နိမ့်လွန်း၍ ကလေးများ ကျောင်းမတက်ချင်ကြခြင်း) ကြောင့်လည်းကောင်း ဖြစ်နိုင်ပါသည်။ ဗီယက်နမ်နိုင်ငံသည် မူလတန်းပညာရေးကို ကလေးတိုင်း ရရှိစေရန်နှင့် လက်လှမ်းမီနိုင်စေရန် စွမ်းဆောင်နိုင်ရုံမျှမက၊ ထိုကလေးများ ကျောင်းနေမြဲအောင်လည်း ထိန်းသိမ်းထားနိုင်ပါသည်။ ၎င်းတို့ အောင်မြင်မှုကို ဖိလစ်ပိုင်နိုင်ငံနှင့် နှိုင်းယှဉ်လျှင်၊ ဖိလစ်ပိုင်နိုင်ငံတွင် အပြည့်အဝ ကျောင်းအပ်ကြသော်လည်း မူလတန်းကျောင်းသား လေးဦးတွင် တစ်ဦးသည် ဆုံးခန်းတိုင်အောင် မတက်ရောက်နိုင်ချေ။ အဆိုပါ ကိန်းဂဏာန်းများက မည်သည့် အကြောင်းပြချက်ကြောင့်ဖြစ်စေ ပညာမရရှိခြင်းကြောင့် မဟုတ်ဘဲ၊ ပညာကို လက်လှမ်းမမီခြင်းကြောင့်သာဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြနေပါသည်။

ဇယား ၁၀.၃ အရွေ့တောင်အာရှရှိ မူလတန်းကျောင်းနေကလေးများ ရာခိုင်နှုန်း

နိုင်ငံ	မူလတန်း ကျောင်းအပ် ရာခိုင်နှုန်း #	မူလတန်း ကျောင်းထွက် ရာခိုင်နှုန်း	အထက်တန်း ကျောင်းအပ် ရာခိုင်နှုန်း	ပညာရေး အသုံးစရိတ် ရာခိုင်နှုန်း *
ဘရူနိုင်း	၉၄%	၃.၆%	၁၀၆%	၃.၈
ကမ္ဘောဒီးယား	၁၂၅%	၃၆%	၄၅%	၂.၆
အင်ဒိုနီးရှား	၁၀၉%	၁၁%	၈၃%	၃.၆
လာအို	၁၂၁%	၂၇%	၅၀%	၂.၈
မလေးရှား	၁၀၁%	၀.၉%	၇၁%	၅.၉
မြန်မာ	၁၁၄%	၂၅.၂%	၅၀%	၀.၈
ဖိလစ်ပိုင်	၁၀၆%	၂၄.၂%	၈၅%	၃.၄
စင်ကာပူ **	-	၁.၃%	-	၂.၉
တီမော	၁၂၅%	၁၆%	၅၇%	၉.၄
ထိုင်း ***	၉၃%	-	၈၇%	၇.၆
ဗီယက်နမ် ****	၁၀၅%	၅.၅%	-	

အချက်အလက်များကို လူသားဖွံ့ဖြိုးရေးဆိုင်ရာ အစီရင်ခံစာ (၂၀၁၅) မှ ရယူပါသည်။

\# မူလတန်းနှင့် အလယ်တန်း ကျောင်းနေအရွယ် ကလေးများဦးရေမှ ရာခိုင်နှုန်း (%)

* ဂျီဒီပီ၏ ရာခိုင်နှုန်း ဘယ်လောက် (%) ကို အသုံးပြုသည်

** စင်ကာပူနိုင်ငံအတွက် ကိန်းဂဏာန်း မရရှိပါ။

*** ထိုင်းနိုင်ငံတွင် ကျောင်းထွက်နှုန်း မဖော်ပြထားသော်လည်း၊ ကျောင်းသား ၈၇% မှာ အထက်တန်းကျောင်းသို့ တက်ရောက်နိုင်သဖြင့် ကျောင်းထွက်ရာခိုင်နှုန်းမှာ နည်းလိမ့်မည် (၅% အောက်) ဟု ခန့်မှန်းရသည်။

**** ဗီယက်နမ်နိုင်ငံ၏ အထက်တန်းကျောင်း တက်ရောက်နိုင်မှု ကိန်းကဏာန်း မရရှိပါ။ သို့ရာတွင် တက္ကသိုလ်သို့ သွားရောက်နိုင်သူမှာ ၂၅% ရှိ၍ (ထိုပမာဏကို များသည်ဟု ယူဆကောင်း ယူဆနိုင်သည်) ကျောင်းထွက်ရာခိုင်နှုန်း နည်းပါးနိုင်ပါသည်။

ကလေးများ ပညာဆုံးခန်းတိုင်အောင် မသင်ကြားနိုင်ရခြင်း အကြောင်းအရင်း အမျိုးမျိုး ရှိနိုင်ပါသည်။ အဓိကအကြောင်းရင်းမှာ စီးပွားရေးမပြေလည်မှုကြောင့် ဖြစ်သည်။ အချို့သော မိဘများမှာ အလွန်ဆင်းရဲသောကြောင့် ပညာရေးသည် အခမဲ့ဖြစ်လျှင်တောင်မှ စာအုပ်၊ ကျောင်း ဝတ်စုံ၊ ခရီးစရိတ်၊ နေ့လယ်စာ၊ ခဲတံ စသည်တို့အတွက် ထပ်ဆောင်းပေးရသော အဖိုးအခများကြောင့် ကလေးများကို ကျောင်းမထားနိုင်ကြပါ။ ထိုကြောင့် အစိုးရအနေဖြင့် ကလေးငယ်များ ပညာရေးကို လက်လှမ်းမီစေရန် ဆောင်ရွက်ရာတွင် ကျောင်းဝတ်စုံများ၊ အစားအသောက်များနှင့် ကျောင်းသို့ လာရမည့်ခရီးအတွက်ပါ ပံ့ပိုးမှုများ ပေးသင့်ပါသည်။ သို့မဟုတ်ပါက ဆင်းရဲနွမ်းပါးသော မိသားစု များတွင် ကလေးသည် မိသားစုကို ကူညီရန်အတွက် အလုပ်လုပ်ရပါသည်။

ခွဲခြားဆက်ဆံခြင်းသည်လည်း ကလေးငယ်များပညာရေးကို လက်လှမ်းမမီစေသည့် အခြား သော အကြောင်းအရင်းတစ်ခုဖြစ်သည်။ ကမ္ဘာပေါ်တွင် မြင်တွေ့နေရသည်မှာ မိန်းကလေးငယ် များသည် ပညာရေးတွင် ခွဲခြားဆက်ဆံ ခံနေရပါသည်။ လူအဖွဲ့အစည်း တော်တော်များများက မိန်းကလေးတစ်ယောက်၏ဘဝတွင် ၎င်း၏တာဝန်မှာ ခင်ပွန်းသည်နှင့် ကလေးများကို ပြုစုစောင့် ရှောက်ရန်သာ ဖြစ်သည်၊ ပညာသင်ကြားခြင်းသည် ၎င်းတို့အတွက် အဓိပ္ပာယ်မရှိဟု ယူဆကြသည်။ ကံအားလျော်စွာ အရှေ့တောင်အာရှတွင် မိန်းကလေး ကျောင်းနေနှုန်းမှာ ယောကျ်ားလေးထက် လျော့နည်းသော်လည်း အဆိုပါ ရှေးဆန်သည့်အယူအဆများကို ကျယ်ကျယ်ပြန့်ပြန့် လက်ကိုင်မထား ကြပါ။ လတ်တလော လေ့လာချက်များအရ ထိုင်းနိုင်ငံကဲ့သို့ အချို့သောနိုင်ငံများတွင် မိန်းကလေး ငယ်များသည် ယခုအခါ ယောကျ်ားလေးများထက်ပင် ပညာရေးမျှော်မှန်းချက် ကြီးလာသည်ကို တွေ့ရပါသည်။

ဒေသအတွင်းတွင် ခွဲခြားဆက်ဆံမှုကို ကြုံတွေ့ခံစားနေရသော အခြားသော အုပ်စုများမှာ လူမျိုးစုငယ်မှ ကလေးများနှင့်ရွှေ့ပြောင်းလုပ်သားတို့၏ ကလေးငယ်များ ဖြစ်ပါသည်။ မလေးရှားနှင့် ထိုင်းနိုင်ငံကဲ့သို့သော ရွှေ့ပြောင်းလုပ်သား အများအပြားရှိသော နိုင်ငံများတွင် မူလတန်းပညာကို လက်လှမ်းမမီနိုင်သည့် ကလေးငယ်များစွာ ရှိပါသည်။ မလေးရှားနိုင်ငံတွင် စာရွက်စာတမ်းမရှိသော ကလေးငယ်များသည် ကျောင်းတက်ခွင့်မရှိပါ။ ထိုင်းနိုင်ငံတွင် ၂၀၀၅ ခုနှစ်တွင် ထိုသို့သော ကလေး ငယ်များ တရားဝင်ကျောင်းတက်ခွင့် ရှိစေရန် စီစဉ်ပေးသော်လည်း၊ ရွှေ့ပြောင်းလုပ်သားများ၏ ကလေးငယ် တော်တော်များများမှာ စာသင်ခန်းတွင်လည်းကောင်း၊ ကစားကွင်းတွင်လည်းကောင်း အခြားသော ကျောင်းသားများက ခွဲခြားဆက်ဆံကြမည်ကို စိုးရိမ်ပူပန်ကြခြင်း၊ ကျောင်းသို့ အသွား အပြန်လမ်းကြောင်းတွင် ရဲသားများ ဖမ်းဆီးကြမည်ကို စိုးရိမ်ခြင်း၊ ထိုသို့ ဖမ်းဆီးခံရပါက ထိုင်း ဘာသာစကား ရေလည်အောင် မပြောတတ်ခြင်းတို့ကြောင့် လက်တွေ့တွင် စာသင်ခန်းသို့ မလာ ရောက်နိုင်ကြပေ။ တုံ့ပြန်လုပ်ဆောင်ချက်တစ်ရပ်အနေဖြင့် အချို့အဖွဲ့အစည်းများသည် ထိုကဲ့သို့ သော အုပ်စုများအတွက် အထူးသီးသန့်ကျောင်းများ တည်ထောင်ပေးကြပါသည်။ သို့ရာတွင် စိန်ခေါ်မှုများ ရှိနေဆဲ ဖြစ်သည်။ ပထမစိန်ခေါ်ချက်မှာ ၎င်းတို့၏သင်ရိုးကို အစိုးရက အသိအမှတ် မပြုခြင်းကြောင့်၊ အဆိုပါ ကျောင်းများသို့ တက်ရောက်သော ကလေးငယ်များမှာ အရည်အချင်းမမီဟု သတ်မှတ်ခံရသည်။ ဒုတိယအနေဖြင့် အချို့ကလေးငယ်များမှာ အိမ်မှာသာနေပြီး မိဘကို ကူညီ လုပ်ကိုင်ပေးရန် နည်းလမ်းကိုသာ ရွေးချယ်ကြသဖြင့် ကျောင်းမလာကြပေ။ အဆိုပါ အခြေအနေ များသည် တောက်တိုမယ်ရအလုပ် (ဥပမာ - ပုစွန်အခွံခွာခြင်း၊ သေတ္တာထဲထည့်ခြင်း၊ ရှုပ်အက်ီ

ချုပ်ခြင်း စသည်တို့) လုပ်သော မိဘများနှင့်နေရသော ကလေးများတွင် ဖြစ်ပေါ်လေ့ရှိသည်။ ထိုအလုပ်များတွင် ကလေးငယ်တို့သည် မိဘကိုကူညီနိုင်လျှင် မိသားစု ဝင်ငွေတိုးရေးအတွက် အထောက်အကူ ဖြစ်စေပါသည်။

အထက်တွင် ဖော်ပြထားသည့်အတိုင်း လက်လှမ်းမီနိုင်မှုသည် ဒေသအတွင်းတွင် သိသာထင်ရှားသော ပြဿနာတစ်ရပ် ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးသော အရှေ့တောင်အာရှ နိုင်ငံများတွင် ကျောင်းနေကလေး ၂၅% သာလျှင် အထက်တန်းပညာရေးသို့ ရောက်ရှိပါသည်။ ဤပြဿနာပြေလည်စေရန်အတွက် အစိုးရသည် ပညာရေးကို အခမဲ့သော်လည်းကောင်း၊ ငွေကုန်ကြေးကျသက်သာစေသောနည်းဖြင့်သော်လည်းကောင်း စီစဉ်ပေးသင့်ပြီး၊ နွမ်းပါးအုပ်စုများနှင့် လူမျိုးစုငယ်များအတွက်လည်း ပို၍ လက်လှမ်းမီနိုင်စေမည့် ကျောင်းများ တည်ဆောက်ပေးသင့်ပါသည်။ ကလေးငယ်များ ကျောင်းတက်နိုင်သည်ဟု ဆိုခြင်းထက် ၎င်းတို့သည် ကျောင်းတွင် စာသင်ယူနိုင်စွမ်းရှိခြင်းက အဓိကကျပါသည်။ ပညာရေး၏ အရည်အသွေး၊ လက်ခံနိုင်သော ပညာရေးနှင့် လိုက်လျောညီထွေဖြစ်သော ပညာရေးအကြောင်း ဆက်လက်ဆန်းစစ်ပါမည်။

၁၀.၄.၃ အရှေ့တောင်အာရှနိုင်ငံများတွင် လက်ခံနိုင်သော ပညာရေးနှင့်လိုက်လျောညီထွေရှိသော ပညာရေးဖြစ်ခြင်း

လူ့အခွင့်အရေးကြေညာစာတမ်းတွင် ပညာရေး၏ အရည်အသွေးနှင့် စပ်လျဉ်း၍ 'လူသား၏ ကိုယ်ရည်ကိုယ်သွေးကို အပြည့်အဝတိုးတက်စေခြင်းနှင့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်ကို လေးစားလိုက်နာမှုကို မြှင့်တင်ခြင်း'ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ထိုသို့သော ဖွင့်ဆိုချက်ကို ICESCR (အပိုဒ် ၁၃) တွင်လည်း တွေ့မြင်နိုင်ပါသည်။ ထို့ပြင် CRC ၏ အပိုဒ် ၂၉ တွင်လည်း ကလေးမိဘများ၏ ယဉ်ကျေးမှုနှင့် တန်ဖိုးထားမှုများ၊ တာဝန်ခံသည့် လူမှုရေးအမြင်များနှင့် ၎င်းတို့၏ ပတ်ဝန်းကျင်ကိုပါ အလေးထားရန် ညွှန်းဆိုချက် ပါရှိပါသည်။ ပညာရေး၏ အရည်အသွေးဟုဆိုရာတွင် သင်ရိုးညွှန်းတမ်းများ၊ စာသင်ခန်းနှင့် သင်ထောက်ကူပစ္စည်းများ၏ အနေအထား အဆင့်အတန်းနှင့် ဆရာ၊ ဆရာမများ၏ အရည်အချင်း အစရှိသည့် အခြင်းအရာများအားလုံးနှင့် သက်ဆိုင်ပါသည်။

သင်ရိုးညွှန်းတမ်းအကြောင်းဆိုရလျှင် ကလေးငယ်များသည် ၎င်းတို့ သင်ကြားခဲ့ရသည်များကို ၎င်းတို့၏ လူမှုဝန်းကျင်သို့ ပြန်လည်တင်ပြနိုင်စွမ်းရှိရမည်။ နိုင်ငံများကြားတွင် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများ အမျိုးမျိုး ကွဲပြားနေနိုင်သော်လည်း အခြေခံစာတတ်မြောက်မှုနှင့် ဂဏန်းတတ်မြောက်မှုမှာ သိပ်ပံနှင့်လူမှုရေးသိပ္ပံ ဘာသာရပ်များကဲ့သို့ အရေးပါလှပါသည်။ သမိုင်း၊ အမျိုးသားရေးဝါဒ၊ လိင်ပညာပေးနှင့် ဘာသာရေး အစရှိသော ဘာသာရပ်များသည် ပိုမိုကျယ်ပြန့်စွာ အငြင်းအခုံဖြစ်စေသည်။ ဆွေးနွေးချက်နှင့် အပြန်အလှန်ဝေဖန်ခြင်း အပိုင်းတွင် တွေ့မြင်ရသည့် အတိုင်း နိုင်ငံတော်သည် အမျိုးသားရေးအမြင်နှင့် ဘာသာရေးရည်မှန်းချက်များကို ပညာရေးတွင် ထည့်သွင်း အသုံးချကောင်းချနိုင်ပါသည်။ အခန်း(၈)တွင် ဆွေးနွေးခဲ့သည့်အတိုင်း နိုင်ငံအများစု၏ သင်ရိုးညွှန်းတမ်းတွင် ၎င်းတို့နိုင်ငံ၏ သမိုင်းအကြောင်း အမှန်အတိုင်း တိတိကျကျ မသင်ကြားပေးကြပါ။ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်စစ်တပ်၏ အဆိုးဘက်ကျရောက်နေသော အခန်းကဏ္ဍနှင့်

အများအားဖြင့် ချန်လှပ်ထားခဲ့ပြီး အိမ်နီးချင်းနိုင်ငံများအပေါ် မနှစ်မြို့ရခြင်းအကြောင်းများကိုမူ ဖော်ပြကြပါသည်။ ဥပမာ - ထိုင်းနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀ ခန့်က ဖြစ်ပွားခဲ့သည့် မြန်မာအင်ပါယာနှင့် စစ်ပွဲပဋိပက္ခအကြောင်းကို သင်ခန်းစာများတွင် ထည့်သွင်းသင်ကြားနေဆဲ ဖြစ်ပါသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

အမျိုးသားရေးဝါဒသည် ပညာသင်ကြားရခြင်း၏ ရည်ရွယ်ချက် ဖြစ်သင့်ပါသလား။

အရှေ့တောင်အာရှ နိုင်ငံများတွင် ပညာသင်ကြားရခြင်း၏ ရည်ရွယ်ချက်တွင် မျိုးချစ်စိတ်နှင့် ဘာသာရေးယုံကြည်မှုများ မြှင့်တင်ရန်လည်း ပါဝင်ပါသည်။ ဥပမာ - အင်ဒိုနီးရှားနိုင်ငံ၏ 'လူတိုင်းအတွက် ပညာရေး' (၂၀၀၃) မူဝါဒတွင် ကျောင်းသူ၊ ကျောင်းသားများသည် 'တစ်ဆူတည်းသော ဘုရားကိုသာ စူးနစ်ယုံကြည်မှု ရှိနေစေရမည်၊ သစ္စာစောင့်သိရမည်' ဟု ဖော်ပြပါရှိပါသည်။ လာအို နိုင်ငံ အခြေခံဥပဒေတွင်မူ ပညာရေးသည် 'မျိုးချစ်စိတ်ဓာတ်နှင့် ပြည်သူ့ဒီမိုကရက်တစ် အုပ်ချုပ်ရေးကို မြှင့်တင်ပေးရမည်'ဟု ပါရှိပါသည်။ ဗီယက်နမ်နိုင်ငံ ပညာရေးဥပဒေတွင်လည်း ပညာသင်ကြားရခြင်း၏ရည်ရွယ်ချက်သည် ကျောင်းသူ၊ ကျောင်းသားများ 'နိုင်ငံတော် လွတ်လပ်ရေးနှင့် ဆိုရှယ်လစ်ဝါဒ အတွေးအခေါ်အပေါ် သစ္စာစောင့်သိရန်၊ ကိုယ်ရေးကိုယ်သွေး၊ နိုင်ငံသားတို့၏ စွမ်းဆောင်ရည်နှင့် အရည်အသွေးများကို ပုံစံသွင်းမြှင့်တင်ရန်'ဟူ၍ ဖော်ပြထားပါသည်။

အမျိုးသားရေးဝါဒသည် ခွဲခြားဆက်ဆံမှု၊ ပဋိပက္ခနှင့်စစ်ပွဲများ ဖြစ်ပွားစေတတ်သကဲ့သို့၊ တစ်ဖက်တွင်လည်း ၎င်းသည် လူတို့ကို တစ်စုတစ်စည်းတည်းဖြစ်ရာ ဘုံရည်မှန်းချက် ပန်းတိုင်များကို အတူတကွ အကောင်အထည်ဖော်ရန် တစ်သွေးတည်းတစ်သားတည်း ဖြစ်စေပြန်ပါသည်။ ဥပမာ - လူထုသည် မိမိနိုင်ငံ အားကစားအသင်းကို အားပေးကြခြင်း၊ နိုင်ငံသားတစ်ဦးဦး ထင်ရှားသော ဆုတံဆိပ်များ ရရှိလာလျှင် ဂုဏ်ယူကြခြင်းမှာ အမျိုးသားရေးစိတ်ဓာတ်ကြောင့် ဖြစ်ပါသည်။ အဆိုးဘက်တွင် အမျိုးသားရေးဝါဒကို သင်ကြားခံရသော ကျောင်းသားများသည် ၎င်းတို့နိုင်ငံအတွက် စိတ်ကြီးဝင်သည့် ခံစားချက်မျိုး ဖြစ်ပေါ်နိုင်ပါသည်။

မေးခွန်းများ

- အမျိုးသားရေးစိတ်ကို မည်သို့လေ့ကျင့်ပေးသင့်သနည်း။
- မည်သည့်အခါတွင် အမျိုးသားရေးစိတ်ရှိအောင်ကို သင်ကြားပေးခြင်းက သင့်တော်ကောင်းမွန်ပြီး၊ မည်သည့်အချိန်တွင် သင့်တော်ခြင်းမရှိသနည်း။

သင်ရိုးညွှန်းတမ်းအပြင် ပညာရေး၏အရည်အသွေးကို အကဲဖြတ်ပေးနိုင်သည့် အခြားသော အကြောင်းအရာများ ရှိပါသေးသည်။ ၎င်းတို့တွင် အောက်ပါအချက်တို့ ပါဝင်ပါသည်။

- **စာသင်ကျောင်းရှိ ပံ့ပိုးပစ္စည်းများ** - စားပွဲ၊ ကုလားထိုင်၊ ကျောက်သင်ပုန်းနှင့် လုံလောက်စွာ ကျယ်ဝန်းသော စာသင်ခန်းနှင့် အိမ်သာ၊ ကစားကွင်း၊ ရာသီဥတုဒဏ်ခံနိုင်သော အမိုးအကာ စသည့် ပံ့ပိုးအဆောက်အအုံများ ပါဝင်ပါသည်။

- **အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမများ** - ဆရာ၊ ဆရာမများကို အရည်အချင်းပြည့်ဝနေစေရန် လိုအပ်သော လေ့ကျင့်သင်ကြားပေးမှုများ ရှိရပါမည်။
- **သတင်းအချက်အလက်များကို လက်လှမ်းမီနိုင်ခြင်း** - စာကြည့်တိုက်၊ ပညာရေးအတွက် လိုအပ်သော စာအုပ်စာတမ်းများနှင့် အခြားသော သတင်းအရင်းအမြစ်များ ထားရှိပေးခြင်းကို ဆိုလိုပါသည်။
- **လုံခြုံ၍ ခွဲခြားမှုမရှိသော သင်ကြားရေးဝန်းကျင်** - ကလေးငယ်များသည် အနိုင်ကျင့်ခံရခြင်း အန္တရာယ်မှ ကင်းဝေးလုံခြုံရမည်၊ ကျောင်းသို့ ဘေးကင်းစွာ ရောက်ရှိနိုင်ရမည်၊ မိန်းကလေးငယ်များသည် ယောကျ်ားလေးများ (သို့မဟုတ်) အမျိုးသား ဆရာများ၏ ခြိမ်းခြောက်အကျပ်ကိုင်မှုများမှ ကင်းဝေးရမည်ကို ဆိုလိုပါသည်။
- **အားလုံးပါဝင်သော သင်ကြားရေးနည်းစနစ်** - ကလေးငယ်များကို မေးခွန်းမေးတတ်ရန်၊ စူးစမ်းတတ်ရန် အားပေးသင့်သည်။ သူတို့ကို မည်သို့သော လှုပ်ရှားဆောင်ရွက်မှုတွင် မဆိုပါဝင်ခွင့်ကို ခွင့်ပြုရမည်။ ပညာရေးဟုဆိုရာတွင် သင်ကြားရေးကို အားပေးသော လှုပ်ရှားဆောင်ရွက်မှုသာမက လူမှုဆက်ဆံရေး ကျယ်ပြန့်စေသော လှုပ်ရှားဆောင်ရွက်ချက်များလည်း ပါဝင်ပါသည်။

အထက်တွင် ဖော်ပြထားသည့်အချက်များအပြင် ပညာရေး၏ အရည်အသွေးနှင့် သက်ဆိုင်သော အခြင်းအရာများစွာ ကျန်ရှိပါသေးသည်။ သို့ရာတွင် အထက်ပါအချက်များသည် အဓိက အခြင်းအရာများ ဖြစ်ပါသည်။

အရှေ့တောင်အာရှတွင် အများအားဖြင့် ကြုံတွေ့နေရသော ပြဿနာတစ်ရပ်မှာ တိုင်းရင်းသားလူမျိုးများနှင့် အသုံးမများသောဘာသာစကား ကိုပြောဆိုနေသေည့် မျိုးနွယ်စုမှ ကလေးငယ်များကို စာသင်ကြားရာတွင် အသုံးပြုရသော ဘာသာစကားနှင့် သက်ဆိုင်ပါသည်။ ဖော်ပြခဲ့သည့် အတိုင်း နောက်ခံအကြောင်းတရား အမျိုးမျိုးနှင့်လာသော ကလေးငယ်များအားလုံး ပါဝင်လာစေရန် အတွက် ပေးဝေဌလိုက်သော ပညာရေးသည် လိုက်လျောညီထွေရှိပြီး အရည်အသွေးရှိမှသာ လက်ခံနိုင်ဖွယ် ရှိပါသည်။ သင်ခန်းစာအများစုကို နိုင်ငံတော်ဘာသာစကားဖြင့် သင်ကြားရန် ပြဋ္ဌာန်းထားသော်လည်း အရှေ့တောင်အာရှတွင် ယဉ်ကျေးမှုနှင့် ဘာသာစကားမျိုးစုံ ထွန်းကားသည်ဖြစ်ရာ၊ နိုင်ငံတော်ဘာသာစကားကို အိမ်တွင် သုံးစွဲပြောဆိုခြင်းမရှိသော ကလေးငယ်များစွာ ရှိပါသည်။ ဥပမာ - အင်ဒိုနီးရှားသည် ဘာသာစကားပေါင်း ၇၀၀ ကျော်နှင့် ဘာသာစကားမျိုးကွဲများ အစုံလင်ဆုံး တိုင်းပြည်ဖြစ်ပြီး၊ လူဦးရေ၏ ထက်ဝက်အောက်သည် ဘာဟာဆာ ဘာသာစကားကို မိခင်ဘာသာစကားအဖြစ်သုံးစွဲပြီး အစိုးရကျောင်းများတွင်ပါ အသုံးပြုပါသည်။ ထို့ကြောင့် အကယ်၍ ကလေးများသည် နိုင်ငံတော်ဘာသာစကားကို မပြောဆိုတတ်လျှင် ဆရာ၊ ဆရာမများ၏ သင်ကြားမှုများ (သို့မဟုတ်) နိုင်ငံတော်ဘာသာစကားဖြင့် ရေးသားထားသော သင်ရိုးညွှန်းတမ်းများကို မည်သို့နားလည်နိုင်မည်ဆိုသည့် ကိစ္စအတွက် အငြင်းပွားကြရပါသည်။ ထိုအကြောင်းပြချက်ဖြင့် ကလေးများသည် နိုင်ငံတော်ဘာသာစကားကို သင်ယူသင့်ပြီး၊ သို့မှသာ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသို့ တက်လှမ်းကာ အလုပ်အကိုင်ကောင်းများလည်း ရရှိနိုင်မည်ဟူ၍ ငြင်းခုံဆွေးနွေးကြပါသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

လူမျိုးစုငယ်မှ တိုင်းရင်းသားကလေးငယ်များအတွက် ဘာသာစကား လမ်းညွှန်ချက်

ဒေသအဝန်းတွင် နိုင်ငံတော်ဘာသာစကားကို မပြောဆိုသော တိုင်းရင်းသားကလေးငယ် များစွာ ရှိပါသည်။ အရှေ့တောင်အာရှတွင် ရာချီသော တိုင်းရင်းသားမျိုးနွယ်များသည် ၎င်းတို့၏ ကိုယ်ပိုင် ဘာသာစကား (ဥပမာ - မြန်မာနိုင်ငံတွင် ချင်း၊ ကချင်နှင့် နာဂ၊ ထိုင်းနှင့် လာအိုနိုင်ငံတို့တွင် အခါနှင့် မုန်း မျိုးနွယ်စုနှင့် အင်ဒိုနီးရှားတွင် ဒိုင်ယက်နှင့် ပါပူးယန်း စသည်တို့) ကိုသာ ပြောဆို ကြပါသည်။ ထို့ကြောင့် သင်ကြားရေးတွင် နိုင်ငံတော်ဘာသာစကားကို အသုံးပြုသင့်ပါသလား၊ သို့မဟုတ် ၎င်းတို့အိမ်တွင် ပြောဆိုသော ဘာသာစကားကိုသာ အသုံးပြုသင့်ပါသလား။ ကောင်းကျိုး နှင့် ဆိုးကျိုးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

နိုင်ငံတော်ဘာသာစကားကို သင်ကြားသင့်ခြင်း အကြောင်းရင်း

- အကယ်၍ ကလေးတစ်ယောက်သည် အထက်တန်းကျောင်းနှင့် တက္ကသိုလ်အထိပါ တက် ရောက်ရန် ရည်မှန်းထားလျှင် ၎င်းတို့သည် နိုင်ငံတော်ဘာသာစကားကို သင်ကြားရေးအတွက် လိုအပ်သည့် ကြားခံဘာသာစကားအဖြစ် သင်ယူတတ်မြောက်ထားသင့်ပါသည်။
- အလုပ်အကိုင်အများစုတွင် နိုင်ငံတော်ဘာသာစကားကိုသာ အသုံးပြုကြသည်။
- အစိုးရလုပ်ငန်းများ (ဥပမာ - ယာဉ်မောင်းလိုင်စင် စာမေးပွဲ) တို့တွင်လည်း ပုံမှန်အားဖြင့် နိုင်ငံတော်ဘာသာစကားကိုသာ အသုံးပြုသည်။
- ဆရာ၊ ဆရာမအများစုကလည်း နိုင်ငံတော်ဘာသာစကားဖြင့်သာ ပြောဆိုကြရာ၊ သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားပြောဆိုတတ်သည့် ဆရာ၊ ဆရာမများရရန် (သို့မဟုတ်) ၎င်းတို့ကို တိုင်းရင်းသားဘာသာစကားသင်ကြားပေးရန် အခက်အခဲရှိနိုင်ပါသည်။
- နိုင်ငံတော်ဘာသာစကားကို ပြောဆိုနိုင်သော ကလေးများသည် ဇာတ်လမ်းများနှင့် တေးဂီတ များကို နားလည်ခံစားနိုင်ခြင်း၊ အများနည်းတူ သီချင်းဆိုနိုင်ခြင်းနှင့် အပြန်အလှန် စာတိုပို့ ဆက်သွယ်နိုင်ခြင်းတို့ကြောင့် ကျယ်ပြန့်သော လူမှုအသိုင်းအဝိုင်းကို တည်ဆောက်နိုင်စွမ်း ရှိပါလိမ့်မည်။

တိုင်းရင်းသားဘာသာစကားကို သင်ကြားသင့်ခြင်း အကြောင်းရင်း

- အကယ်၍ ကလေးများသည် ဆရာ၊ ဆရာမ ပြောသည်ကို နားမလည်ခဲ့လျှင် သင်ခန်းစာများ သင်ယူတတ်မြောက်နိုင်လိမ့်မည် မဟုတ်ပါ။
- ကလေးငယ်များသည် အိမ်တွင် ၎င်းတို့မိသားစုနှင့် ဆက်သွယ်ပြောဆိုနိုင်စွမ်း ရှိရမည်။
- တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုကို လေးစားသင့်သည်။ ထို့ပြင် အကယ်၍ ကလေးတို့သည် ၎င်းတို့၏ မိခင်ဘာသာစကားကို ဆက်လက်မသုံးစွဲတော့လျှင် ၎င်းတို့၏ ယဉ်ကျေးမှု ရေသောက်မြစ်နှင့် ထိတွေ့နိုင်စွမ်း ဆုံးရှုံးသွားပါလိမ့်မည်။

မေးခွန်းများ

- စာသင်ကျောင်းများတွင် မည်သည့်ဘာသာစကားကို အသုံးပြုသင့်သနည်း။
- ကလေးများအားလုံးသည် နိုင်ငံတော်ဘာသာစကားကို ပြောဆိုနိုင်ခြင်းကြောင်း အထက်တန်းနှင့် တက္ကသိုလ်သို့ တက်ရောက်နိုင်သည်ဟုဆိုခြင်းမှာ အကျိုးအကြောင်း ပြည့်စုံခိုင်လုံပါသလား။
- အစိုးရသည် ဒေသယဉ်ကျေးမှုကို လေးစားသင့်သည်ဟု မယူဆသင့်ပြီလား။ အကယ်၍ ကလေးများသည် ၎င်းတို့၏ တိုင်းရင်းသားဘာသာစကားကို ဆက်လက်သုံးစွဲပြောဆိုခြင်း မရှိတော့လျှင် ယဉ်ကျေးမှုနှင့် ရိုးရာအမွေများ ပျောက်ကွယ်သွားနိုင်ပါသည်။

ထို့ပြင် ခွဲခြားဆက်ဆံမှုများကြောင့် မသန်စွမ်းကလေးငယ်များ ကျောင်းသို့လက်လှမ်းမီနိုင်ရန် ခဲယဉ်းစေပါသည်။ ခန့်မှန်းခြေအရ ကလေးများ၏ ၃% မှ ၅% သည် မသန်စွမ်းသူများဖြစ်ရာ အရှေ့တောင်အာရှရှိ စာသင်ကျောင်းများတွင် မသန်စွမ်းကလေး အရေအတွက် နည်းပါသည်ဟု ဆိုရပါမည်။ ထို့ကြောင့် ကျောင်းများတွင် ယေဘုယျအားဖြင့် မသန်စွမ်းကလေးများကို သင်ကြားနိုင်ရန် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ တပ်ဆင်ထားခြင်းမရှိသကဲ့သို့ ဆရာ၊ ဆရာမများကိုလည်း မသန်စွမ်းကလေးကို မည်သို့သင်ကြားရမည်ကို လေ့ကျင့်ပေးထားခြင်း မရှိပါ။ ဥပမာ - လက်သင်္ကေတ ဘာသာစကားကို နားလည်ခြင်း (သို့မဟုတ်) အမြင်အာရုံချို့တဲ့သူများအတွက် လက်ဖြင့် စမ်းသပ်ဖတ်ရှုနိုင်သော သင်ရိုးညွှန်းတမ်းထားရှိမှုများ မရှိသလောက် ဖြစ်ပါသည်။ ထို့ပြင် မိဘများသည် သူတို့၏ မသန်စွမ်းသားသမီးများကို ကျောင်းထားရမည်ကို ရှက်ရွံ့သကဲ့သို့ အခြားသူများ၏ အနိုင်ကျင့်မှုခံရမည်ကိုလည်း စိုးရိမ်ကြပါသည်။ ထိုကြောင့် မသန်စွမ်းကလေးငယ်တို့သည် ပညာရေးနှင့် ဝေးရလေသည်။

မသန်စွမ်းကလေးငယ်များနှင့် တိုင်းရင်းသားကလေးငယ်များသည် ပညာရေးကို လက်လှမ်းမမီနိုင်သော (သို့မဟုတ်) အစိုးရ၏ ပျက်ကွက်မှုကြောင့် လက်လှမ်းမီပြီး လက်ခံနိုင်သည့် အရည်အသွေးနှင့် လိုက်လျောညီထွေမှုရှိသော ပညာရေးကို မရရှိနိုင်သည့် အုပ်စုဖြစ်ပါသည် ယခုအပိုင်းတွင် ကလေးငယ်များ၏ ပညာသင်ကြားခွင့် ပြည့်မီစွာရရှိမှု ရှိ၊ မရှိကို 'အေ -လေးခု' ပုံစံဖြင့် ဆန်းစစ်ပြထားခြင်း ဖြစ်သည်။ နောက်လာမည့်အပိုင်းတွင် တိုင်းရင်းသားနှင့် ဌာနေမျိုးနွယ်စုငယ်မှ ကလေးများ၏ အခွင့်အရေးနှင့်ပတ်သက်၍ အကျဉ်းရုံးဆန်းစစ်သွားမည်ဖြစ်ပါသည်။

၁၀.၄.၄ အရှေ့တောင်အာရှရှိ လူမျိုးစုငယ်နှင့် ဌာနေတိုင်းရင်းသား ကလေးငယ်များကို ကာကွယ်ပေးခြင်း

ဤအပိုင်းတွင် နိုင်ငံတော်က လူမျိုးစုငယ်နှင့် ဌာနေတိုင်းရင်းသားများက ကလေးငယ်များကို မည်သို့ပြုမူဆက်ဆံသည်ကို သိရှိရန်အတွက် ကျောင်းအပ်လက်ခံသည့် ပုံစံနှင့် အကာအကွယ်ပေးမည့် ဥပဒေနှင့်မူဝါဒများ ထုတ်ပြန်ထားခြင်းတို့ကို ဆန်းစစ်သွားမည်ဖြစ်ပါသည်။ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

ဌာနေတိုင်းရင်းသား လူမျိုးစုဝင် ကလေးတစ်ယောက်သည် သူ၏ ရပ်ရွာအသိုင်းအဝိုင်းတွင် အခြားသူများကဲ့သို့ ၎င်းတို့၏ယဉ်ကျေးမှုကို ခံမင်ခွင့်၊ ကိုးကွယ်သော ဘာသာတရားအတိုင်း လိုက်နာခွင့် (သို့မဟုတ်) သူ၏ ကိုယ်ပိုင်ဘာသာစကားကို အသုံးပြုခွင့်ကို ရရှိစေရပါမည်။ (အပိုဒ် ၃၀)

အပိုဒ် ၃၀ ကို အခြား သဘောတူစာချုပ်များတွင် ဖော်ပြထားသော ခွဲခြားဆက်ဆံမှု မရှိစေရေးမူ၊ ပညာသင်ကြားခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှုရယူနိုင်ခွင့် အချက်များ အပါအဝင် CRC တွင် ပါရှိသည့် အခြားသော အခွင့်အရေးတို့နှင့် အတူပူးတွဲ ဖတ်ရှုသင့်ပါသည်။

နိုင်ငံအများစုမှာ တိုင်းရင်းသားနှင့် ဌာနေလူမျိုးစု ကလေးငယ်များအတွက် သီးခြားဥပဒေများ မရှိသော်လည်း၊ အားလုံးသည် ခွဲခြားဆက်ဆံမှုမရှိစေရေးမူအရ ၎င်းတို့ကို အသိအမှတ်ပြုကြပါသည်။ သို့သော် ခွဲခြားဆက်ဆံမှုမရှိစေရေးမူသည် တိုင်းရင်းသားဖြစ်ခြင်း (သို့မဟုတ်) ဌာနေလူမျိုးစုဖြစ်ခြင်းအတွက် သီးခြားပြုလုပ်ထားခြင်း မဟုတ်ပါ။ ဆိုရပါလျှင် အင်ဒိုနီးရှားနှင့် မလေးရှားတို့တွင် ဥပဒေထုတ်ပြန်ခဲ့ပါသည်။ အင်ဒိုနီးရှား၏ ဖွဲ့စည်းပုံဥပဒေသည် နိုင်ငံတော်၏ယဉ်ကျေးမှုကို အကာအကွယ်ပေးထားပြီး၊ ကလေးသူငယ်များကိုလည်း 'အကြမ်းဖက်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းမှ' အကာအကွယ်ပေးရန် ပြဋ္ဌာန်းထားပါသည်။ မလေးရှားနိုင်ငံတွင်လည်း အလားတူစွာပင် ၎င်းတို့၏ဖွဲ့စည်းပုံအခြေခံဥပဒေသည် 'မည်သည့်ဥပဒေတွင်မဆို နိုင်ငံသားများကို ၎င်းတို့၏ ကိုးကွယ်သောဘာသာ၊ အသားအရောင်၊ မျိုးရိုး၊ မွေးဖွားရာနေရာ၊ ကျား-မ ဖြစ်ခြင်းအချက်တို့ကြောင့် ခွဲခြားဆက်ဆံမှုမရှိစေရ' ဟု ပြဋ္ဌာန်းထားပါသည်။

လာအိုနှင့် ဗီယက်နမ်နိုင်ငံ အစိုးရတို့သည် ထို့ထက်ပို၍ လုပ်ဆောင်နိုင်ခဲ့ပါသည်။ လာအိုနိုင်ငံတွင် ၁၉၉၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော 'ခေတ်သစ် တိုင်းရင်းသားလူမျိုးစုငယ်များဆိုင်ရာ ပါတီဗဟိုအဖွဲ့၏ဆုံးဖြတ်ချက်' အမည်ရသော မူဝါဒအရ လာအိုနိုင်ငံကို လူမျိုးကွဲစုံလင်သော တိုင်းပြည်အဖြစ် အသိအမှတ်ပြုစေပါသည်။ ထိုသို့ အသိအမှတ်ပြုနိုင်ရန်အတွက် (၁) တိုင်းရင်းသားမျိုးနွယ်စုငယ်များ၏ လူမှုအဆင့်အတန်းကို မြှင့်တင်နိုင်ရန်၊ (၂) ပုံမှန်ကျောင်းပညာရေးနှင့် တောင်တန်းဒေသများတွင်ရှိသော တိုင်းရင်းသားလူငယ်များ သင်တန်းကျောင်းတို့မှတစ်ဆင့် တိုင်းရင်းသားအဖွဲ့တစ်ဖွဲ့ချင်းစီ၏ သွင်ပြင်လက္ခဏာနှင့် ယဉ်ကျေးမှုအမွေအနှစ်ကို ပြန့်ပွားအောင် လုပ်ဆောင်ရန်၊ (၃) မုန်းနှင့် ခမူလူမျိုးတို့၏ စာအရေးအသားစနစ်အတွက် သုတေသနပြုလုပ်ရန်၊ (၄) အဆိုပါ ရေးသားခြင်းစနစ်ကို လာအို ဘာသာစကားနှင့် အက္ခရာတို့နှင့်အတူ သင်ကြားခွင့်ပြုရန် အစရှိသဖြင့် နည်းလမ်းများကို ဖော်ထုတ်ကြံဆောင်ခဲ့ကြပါသည်။ ထိုနည်းတူစွာ ဗီယက်နမ်နိုင်ငံသည် တိုင်းရင်းသားတို့၏ တန်းတူညီမျှခွင့်ကို အသိအမှတ်ပြုထားပြီး၊ ၁၉၉၂ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ အဟောင်းနှင့် ၂၀၁၃ ခုနှစ် ဥပဒေအသစ်အရ တိုင်းရင်းသားလူမျိုးများကို နိုင်ငံသားအဖြစ် အပြည့်အဝ အသိအမှတ်ပြုထားပါသည်။ အပိုဒ် ၅ တွင် 'တိုင်းရင်းသား လူမျိုးများအားလုံး တန်းတူညီမျှခွင့်ရှိသည်' ဟု ဖော်ပြပါရှိပြီး ၎င်းသည် တိုင်းရင်းသားအုပ်စုများ၏ ကိုယ်ပိုင်ဘာသာစကား သုံးစွဲခွင့်ကို ခွင့်ပြုထားခြင်းဖြစ်သည်။ ထို့ပြင် အပိုဒ် ၅၈ အရ လူမျိုးစုငယ်များ၏ ပညာရေးနှင့် ကျန်းမာရေးပြုစုစောင့်ရှောက်ခွင့်သည် ဦးစားပေးအချက် ဖြစ်ပါသည်။ ၎င်းအပြင် ဗီယက်နမ်နိုင်ငံသည် (လာအိုနိုင်ငံကဲ့သို့ပင်) တိုင်းရင်းသားမျိုးနွယ်စုငယ်များအတွက် ဘော်ဒါကျောင်းများထားရှိပြီး အဆိုပါကျောင်းများသည် တိုင်းရင်းသားကလေးငယ်များ ကျောင်းနေနိုင်ရေးအတွက် ခွဲတမ်းများ သီးသန့်

ထားပေးပြီး၊ ကျောင်းဝင်ခွင့်အတွက် လိုအပ်သော သတ်မှတ်ချက်များကိုလည်း လျှော့ပေါ့ထား ပါသည်။

အနှစ်ချုပ်ဆိုရပါလျှင် တိုင်းရင်းသားနှင့် ဌာနေလူမျိုးစု ကလေးငယ်များ၏ အခွင့်အရေးကို အတိုင်းအတာတစ်ခုအထိ အသိအမှတ်ပြု လက်ခံထားကြသည်ကို တွေ့ရပါသည်။ သို့သော် လက်တွေ့တွင်မူ ခွဲခြားဆက်ဆံမှုများ ရှိနေဆဲ ဖြစ်သည်။ ထိုကဲ့သို့ ပြောရခြင်းမှာ တိုင်းရင်းသား ကလေးငယ်တို့ ပညာတတ်မှုနည်းပါးခြင်း၊ ကျန်းမာရေး ဘေးဒုက္ခများကို ခံစားနေရခြင်းနှင့် နိုင်ငံမဲ့ ဖြစ်သွားနိုင်သည့် အခြေအအနေများ ရှိနေဆဲဖြစ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ အရှင်းလင်းဆုံး ဆိုရပါလျှင် တိုင်းရင်းသားကလေးငယ်များသည် ၎င်းတို့၏ အခွင့်အရေးကို အပြည့်အဝ မရရှိကြ သေးပါ။ နောက်လာမည့်အခန်းတွင် သက်ငယ်ပြစ်မှုများအတွက် ပြစ်ဒဏ်စီရင်ခြင်းနှင့် ကလေး များကို ထိန်းသိမ်းထားခြင်းစသော အပြစ်ပေးခြင်းဆိုင်ရာတို့ကို ဆွေးနွေးသွားပါမည်။

၁၀.၅ သက်ငယ်ပြစ်မှုများအတွက် ပြစ်ဒဏ်စီရင်ခြင်း

ဥပဒေနှင့်ငြိစွန်းနေသော ကလေးငယ်များ၏အရေးကို စီရင်ဆုံးဖြတ်ရာတွင် နိုင်ငံတော် သည် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ကြုံတွေ့ရပါသည်။ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ် အပိုဒ် ၄၀ အရ CRC ၏ အထွေထွေမူနှင့်အညီ ပြစ်ဒဏ်စီရင်ရာတွင် ကလေးများ၏ အခွင့်အရေးကို အသိအမှတ်ပြုရန်နှင့် မြှင့်တင်ဆောင်ရွက်ပေးရန် ဖော်ပြထားပါသည်။ ထိုလုပ်ငန်း များမှာ အောက်ပါအတိုင်း ဖြစ်သည်။

- လမ်းကြောင်းပြောင်းခြင်း - ကလေးများကို သက်ငယ်တရားစီရင်ရေး စနစ်ထဲသို့ တတ်နိုင်သမျှ မထည့်သွင်းရန်နှင့် သက်ငယ်အကျဉ်းထောင်များတွင် ချုပ်နှောင်ခြင်းကို အတတ်နိုင်ဆုံး ရှောင်ကြဉ်နိုင်ရန်
- ပြန်လည်ရှင်သန်ရေးသို့ဦးတည်သော တရားစီရင်ရေး - တရားစီရင်ရေး၏ အဓိကလုပ်ငန်းမှာ တရားခံများ၊ ကျူးလွန်သူများနှင့် ရပ်ရွာအသိုင်းအဝိုင်းတို့အတွက် ငြိမ်းချမ်းရေးနှင့် လူ့အခွင့် အရေးကို ပြန်လည်တည်ဆောက်ပေးခြင်း ဟူသော လမ်းစဉ်အတိုင်း အထမြောက်စေရန်
- လူထုအခြေပြု ပြန်လည်ထူထောင်ရေး - ကလေးငယ်များကို မိဘနှင့်ရပ်ရွာလူထုထံသို့ ပြန်လည် စေလွှတ်၍ ပေါင်းစည်းစေကာ ဥပဒေနှင့်ငြိစွန်းသော လုပ်ရပ်များ ထပ်မံလုပ်ဆောင်မှုကို ရှောင်ရှားနိုင်စေရန်။

အခြားသော နိုင်ငံတကာစံနှုန်းများတွင် သက်ငယ်ဆိုးသွမ်းပြစ်မှုများကို တားဆီးခြင်းဆိုင်ရာ ကုလသမဂ္ဂ၏ လမ်းညွှန်ချက်များ (Riyadh Guidelines ဟု ခေါ်သည်)၊ သက်ငယ်ပြစ်မှု တရား စီရင်ရေးကို စီမံရန်အတွက် ကုလသမဂ္ဂ၏ စံသတ်မှတ်ချက် အနိမ့်ဆုံးစည်းမျဉ်းစည်းကမ်းများ (ဘေဂျင်းစည်းမျဉ်းစည်းကမ်းဟု ခေါ်သည်) နှင့် လူငယ်တို့၏ လွတ်လပ်ခွင့်ကို မဆုံးရှုံးစေအောင် အကာအကွယ်ပြုပေးသော ကုလသမဂ္ဂစည်းမျဉ်းစည်းကမ်းများ အစရှိသည်တို့ ပါဝင်ပါသည်။ သက်ငယ်ပြစ်မှုတရားစီရင်ရေးသည် အရေအတွက်အားဖြင့် အနည်းငယ်သာရှိသော်လည်း ရပ်ရွာ လူထုတွင် ကလေးများ၏လုံခြုံရေးနှင့် ဘေးကင်းရေးအတွက် များစွာအကျိုးဝင်စေပါသည်။

အချို့သော အမှုများတွင် ကလေးငယ်တို့သည် ပြစ်ဒဏ်စီရင်ချက်များနှင့် ရင်ဆိုင်ကြုံတွေ့နိုင်သည်။ ခဏတာ အချုပ်ကျခြင်းကဲ့သို့သော အသေးစားပြစ်ဒဏ်များ အချမှတ်ခံရခြင်း ဖြစ်သည်။ ထိုသို့ မဟုတ်ဘဲ ဥပဒေအရ မူဘောင်သွင်းထားသည့်အတိုင်း ဆောင်ရွက်လျှင် တစ်ခါတစ်ရံ ထိုသို့သော တင်းကြပ်မှုသည် ပြစ်မှုများပိုမိုကျူးလွန်စေရန် တွန်းပို့သကဲ့သို့ ဖြစ်တတ်ပါသည်။ ကလေးသူငယ် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူများအရ တရားစီရင်ရေးစနစ်သည် ကလေးငယ်၏ ဖွံ့ဖြိုးမှုအပေါ် သက်ရောက်မှုရှိသည့် ပြစ်ဒဏ်များ ဖြစ်သင့်ပါသည်။ နောက်လာမည့်အပိုင်းတွင် ကလေးငယ်များကို ထိန်းသိမ်းထားခြင်းကို မလေ့လာမီ သက်ငယ်ပြစ်မှုဆိုင်ရာ တရားစီရင်ရေးဥပဒေနှင့် တရားရုံး၏ လုပ်ငန်းစဉ်များကို ခြုံငုံဆန်းစစ်မည် ဖြစ်ပါသည်။

၁၀.၅.၁ သက်ငယ်ပြစ်မှု တရားစီရင်ရေးအတွက် ဥပဒေများ

အရှေ့တောင်အာရှတွင် သက်ငယ်ပြစ်မှု တရားစီရင်ရေးစနစ်မှာ တိုးတက်လျက်ရှိပါသည်။ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့တွင် ဆယ်စုနှစ်များစွာကတည်းကပင် သက်ငယ်ပြစ်မှုအတွက် တရားစီရင်ထုံးများ ရှိနှင့်ပြီးဖြစ်သည်။ မြန်မာ၊ ဗီယက်နမ်နှင့် ကမ္ဘောဒီယားတို့တွင်လည်း စီရင်ရေးစနစ်ကို စတင်အသုံးပြုလာသည့်နိုင်ငံ ပါဝင်သလို စနစ်ပေါ်ပေါက် ထွန်းကားလာစေရန် ကြိုးပမ်းနေသည့်နိုင်ငံများလည်း ပါဝင်ပါသည်။ တရားစီရင်ရေးစနစ်တွင် အသေးစားကျူးလွန်မှုများအတွက် ပြစ်မှုနှင့်ပြစ်ဒဏ်များကို ဖော်ပြထားသည့် ဥပဒေများ၊ ရဲနှင့် တရားရုံးများက ပြစ်မှုကျူးလွန်သည့် ငယ်ရွယ်သူများကို ဖမ်းဆီးအကျဉ်းချရာတွင် လိုက်နာရမည့်နည်းနာများနှင့် ထိန်းသိမ်းရေးသင်တန်းကျောင်းများနှင့် ပတ်သက်သောဥပဒေများ ပါဝင်ပါသည်။ အရှေ့တောင်အာရှ အဝန်းတွင် သက်ငယ်များ ကျူးလွန်သည့်ပြစ်မှုမှာ နည်းပါးပါသည်။ အစီရင်ခံစာများအရ အပြစ်ကျူးလွန်သူ ကလေးပေါင်း ၇၀၀၀၀ ခန့်တွင် ၂၀၀၀၀ ခန့်ကိုသာ တစ်နှစ်ကြာ ထိန်းသိမ်းအရေးယူခဲ့သည်ဟု ခန့်မှန်းရပါသည်။ အမေရိကန်နိုင်ငံ (အရှေ့တောင်အာရှ၏ လူဦးရေသည် ၎င်း၏ထက်ဝက်ခန့်သာ ရှိပါသည်) နှင့် နှိုင်းယှဉ်လျှင် ၎င်းတို့သည် အရှေ့တောင်အာရှထက် သက်ငယ်ပြစ်မှု ကျူးလွန်မှုနှုန်း ငါးဆခန့် ပို၍များပြားပါသည်။ အရှေ့တောင်အာရှတွင် သက်ငယ်ပြစ်မှု နည်းပါးရုံသာမက ကျူးလွန်သည့်အမှုများမှာလည်း လုယက်မှုနှင့် မှောင်ရိပ်ခိုမှု၊ လေလွင့်မှု စသော အသေးစားပြစ်မှုများ ဖြစ်ကြပါသည်။

သဘောတရားရေးရာ ရှင်းလင်းချက်

ဥပဒေနှင့် ငြိစွန်းသော ကလေး

ကလေးငယ်များ ဥပဒေကို မလိုက်နာသောအခါ၊ ချိုးဖောက်သောအခါ 'ဥပဒေကို ချိုးဖောက်ခြင်း' (သို့မဟုတ်) 'ပြစ်မှုကျူးလွန်ခြင်း' စသော ဝေါဟာရများအစား 'ဥပဒေနှင့်ငြိစွန်းသော' ဟူသည့် စကားလုံးကို အသုံးပြုထားခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ ကလေးများသည် ဆာလောင်တတ်မွတ်သဖြင့် အစားအစာများကိုခိုးယူခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။ သူတို့သည် အိမ်ခြေမဲ့များ ဖြစ်သောကြောင့် လေလွင့်သူများအဖြစ် သတ်မှတ်ခံရခြင်းမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ သူတို့သည် တရားဥပဒေကို လုံလုံလောက်လောက် သိရှိနားလည်ခြင်းမရှိထားသကဲ့သို့ သူတို့ပြုလုပ်လိုက်သည့် အရာသည် ပြစ်မှုမြောက်ကြောင်းလည်း မသိရှိနိုင်ပေ။ ထိုကဲ့သော အကြောင်းများကြောင့် ဥပဒေကို

ချိုးဖောက်ရခြင်းမှာ ကလေး၏အများသက်သက်ကြောင့် မဟုတ်၊ နိုင်ငံတော်က အစားအစာ၊ နေစရာ နှင့် ဥပဒေချိုးဖောက်မှုမှ တားဆီးနိုင်ရေးအတွက် ကလေးများကိုပညာပေးရန် ဝတ္တရားပျက်ကွက်ခဲ့ခြင်းကြောင့် ဖြစ်သည်။

သက်ငယ်ပြစ်မှု တရားစီရင်ရေးစနစ်တွင် အဓိကကျသော အစိတ်အပိုင်းတစ်ခုမှာ ပြစ်မှုအတွက် အကျိုးဝင်သော အသက်အရွယ်ကို သတ်မှတ်ခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ မည်သည့် အသက်အရွယ်ဖြစ်လျှင် ပြစ်ဒဏ်ကျခံထိုက်သည်ဟု သတ်မှတ်ထားခြင်း ဖြစ်သည်။ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၏ အထွေထွေမှတ်ချက် နံပါတ် ၁၀ သည် ပြစ်မှုကျူးလွန်သော အသက် ၁၂ နှစ်နှင့်အထက် ကလေးများကို ပြစ်ဒဏ်ချမှတ်သင့်သည်ဟု ဖော်ပြသည်။ နိုင်ငံတကာ စံနှုန်းအရမူ ပြစ်ဒဏ်ကျခံရန် အနိမ့်ဆုံးအသက်အရွယ်မှာ ၁၄ နှစ် ရှိရမည် ဖြစ်သည်။ အရှေ့တောင်အာရှရှိနိုင်ငံများတွင် အသက်သတ်မှတ်ချက်မှာ ထို့ထက်ပို၍လျော့နည်းပါသည်။ ဘရူနိုင်း၊ စင်ကာပူ နှင့် မြန်မာနိုင်ငံတို့တွင် ၇ နှစ်၊ အင်ဒိုနီးရှားတွင် ၈ နှစ်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင် ၁၀ နှစ်ဟု သတ်မှတ်ပါသည်။ သတိမူသင့်သည်မှာ ဘရူနိုင်းတွင် ပြစ်ဒဏ်အတွက် အကျိုးဝင်သော အသက်အရွယ်ကို ၇ နှစ်ဟု သတ်မှတ်ထားသော်လည်း အသက် ၁၂ နှစ်အောက် မည်သူမဆို တရားဥပဒေအပြစ်ဒဏ်များနှင့် မရင်ဆိုင်ကြရပါ။ နိုင်ငံတိုင်းသည် တရားစီရင်ရေးဥပဒေကို ကျင့်သုံးရာတွင် လိုက်လိုက်လျောလျော ဆုံးဖြတ်ကာ ကလေးများကို သက်သာ စေပါသည်။ အမှုတော်တော်များများတွင် ကျူးလွန်သူသည် သတ်မှတ်ထားသော အနိမ့်ဆုံးအသက်အရွယ်ထက် ကျော်လွန်နေခဲ့လျှင်ပင် ထိုကလေးငယ်ကို ချမှတ်ထားသော ပြစ်ဒဏ်အတိုင်း အရေးမယူတတ်ကြပါ။

ဇယား ၁၀.၄ သက်ငယ်ပြစ်မှု တရားစီရင်ရေး ဥပဒေများ

နိုင်ငံ	သက်ငယ်ပြစ်မှု တရားစီရင်ရေးဥပဒေ	ပြစ်မှုအတွက် အကျိုးဝင်သော အသက်အရွယ်	ထိန်းသိမ်းထားခဲ့ဖူးသော ကလေးငယ် အရေအတွက်	ဖြစ်လေ့ဖြစ်ထ ရှိသော သက်ငယ်ပြစ်မှု
*ဘရူနိုင်း	ကလေးငယ်နှင့် လူငယ်များ အက်ဥပဒေ၊ အခန်း ၂၁၉	၇	၁	ခိုးမှု
ကမ္ဘောဒီးယား		၁၄	၃၄၂	မသိရပါ။
အင်ဒိုနီးရှား		၁၂	၅၅၄၉	ခိုးမှု
လာအို		၁၅	မသိရပါ။	ခိုးမှု
မလေးရှား	ကလေးသူငယ် အက်ဥပဒေ ၆၁၁၁	၁၀	၇၀၄၃	ပိုင်ဆိုင်မှုနှင့် ဆက်စပ်သော ပြစ်မှု
မြန်မာ	နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးနှင့်တည်ဆောက်ရေး ကောင်စီ ဥပဒေ ၉(၉၃)	၇	၉၆၀	ခိုးမှု

နိုင်ငံ	သက်ငယ်ပြစ်မှု တရားစီရင်ရေးဥပဒေ	ပြစ်မှုအတွက် အကျုံးဝင်သော အသက်အရွယ်	ထိန်းသိမ်းထားခဲ့ဖူးသော ကလေးငယ် အရေအတွက်	ဖြစ်လေ့ဖြစ်ထ ရှိသော သက်ငယ်ပြစ်မှု
ဖိလစ်ပိုင်		၁၅	၄၈၄ ဦးကို အကျဉ်းချ	၁၄၈၄ ဦးကို လူထုလုပ်ငန်းများ တွင်ပါဝင်စေ။
စင်ကာပူ		၇	၃၂၂ ဦးကို လူငယ် ထိန်းသိမ်းရေး ဂေဟာသို့ ပို့ဆောင်	မသိရပါ။
ထိုင်း	သက်ငယ်နှင့် မိသားစုအရေးဆိုင်ရာ ခုံရုံး လုပ်ထုံးလုပ်နည်း ဘီ အီး ၂၅၅၃ (၂၀၁၀)	၁၀	၇၀၂၄	မူးယစ်ဆေးနှင့် ဆက်စပ်သော အမှုများ
တီမော		၁၆	၁၀	ခိုးမှု
ဗီယက်နမ်		၁၄	၁၀၇၃	ခိုးမှု

* အချက်အလက်များကို အာဆီယံနိုင်ငံများ၏ သက်ငယ်ပြစ်မှုတရားစီရင်ရေး လက်ရှိအနေအထား အစီရင်ခံစာမှ ထုတ်နုတ်တင်ပြပါသည်။ (အသေးစိတ်အချက်အလက်ကို ထပ်မံဖတ်ရှုရန်စာရင်းတွင်ကြည့်ပါရန်။)

ပြစ်ဒဏ်အတွက် အကျုံးဝင်သော အသက်အရွယ်သတ်မှတ်ချက်နှင့် စံနှုန်းများမှာ အရှေ့တောင်အာရှ ဒေသတစ်လျှောက်တွင် အမျိုးမျိုးကွဲပြားလျက်ရှိပါသည်။ အဆိုပါနိုင်ငံများတွင် အသက် ၁၅ နှစ်အောက် ကလေးကို တရားစွဲဆိုမှု မစတင်ခင်တွင် ထိုကလေးသည် 'တရားစီရင်ရေးကို နားလည်နိုင်စွမ်း၊ တရားဥပဒေ၏ သဘောသဘာဝနှင့် အကျိုးဆက်များကို သဘောပေါက်နိုင်စွမ်း ရှိသည့် လုံလောက်သော ရင့်ကျက်မှုရှိရမည်' ဟု ဖော်ပြထားပါသည်။ ဗီယက်နမ်ကဲ့သို့သော နိုင်ငံတွင် ပြစ်ဒဏ်ချမှတ်ရေး တာဝန်များ မတိုင်ခင် စီမံခန့်ခွဲရေး တာဝန် (ကလေးငယ်ကို အိမ်သို့ပြန်ပို့ခြင်း) က ဦးစွာ လာပါသည်။ အသက် ၁၇ နှစ်အရွယ်ကလေးနှင့် ၁၀ နှစ်အရွယ် ကလေးတို့အကြား ဥပဒေ၏ နောက်ဆက်တွဲအကျိုးဆက်ကို နားလည်သဘောပေါက်မှုကွာပါလိမ့်မည်။ မည်သို့ဖြစ်စေ အရှေ့တောင်အာရှ နိုင်ငံ တော်တော်များများတွင် အသက် ၁၀ နှစ်မှ ၁၄ နှစ်အထိ ကလေးများကို ထိန်းသိမ်းပြုပြင်ပါသည်။

၁၀.၅.၂ သက်ငယ် တရားရုံးနှင့် ထိန်းသိမ်းပြုပြင်ရေးဂေဟာ

ဥပဒေနှင့် ငြိစွန်းသော ကလေးငယ်များသည် ဖမ်းဆီးခံရခြင်း၊ စစ်ဆေးမေးမြန်းခံရခြင်း၊ တရားရုံးတင်စစ်ဆေးခြင်းနှင့် ပြစ်မှုထင်ရှားပါက အပြစ်ဒဏ်ကျခံရခြင်း စသဖြင့် တရားစီရင်ရေး လုပ်ထုံးလုပ်နည်းအတိုင်း လိုက်ပါရပါမည်။ သို့ရာတွင် ထိုဖြစ်စဉ်တွင် ပြဿနာများစွာလည်း ပေါ်ပေါက်နိုင်ပါသေးသည်။ ပထမအချက်နေဖြင့် ဒေသတစ်ဝန်းတွင် ကလေးငယ်တို့ အဖမ်းခံရသည့်

အကြောင်းရင်းမှာ အသေးစားပြစ်မှုများကြောင့် ဖြစ်ပါသည်။ ဇယား ၁၀.၄ တွင် ပြထားသည့်အတိုင်း အများဆုံးကျူးလွန်သည့်အမှုမှာ ခိုးမှု ဖြစ်ရာ၊ ထိုသို့ကျူးလွန်ရခြင်းမှာ ဆင်းရဲနွမ်းပါးမှုနှင့် စားစရာမရှိ၍ ဆာလောင်သဖြင့် ခိုးရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရှင်သန်ရန်အလို့ငှာ ကျူးလွန်သောပြစ်မှုဟူ၍ ငြင်းဆိုကြပါသည်။ ထို့အတူ ရှင်သန်ရန်အတွက် ကျူးလွန်သောပြစ်မှုများတွင် လမ်းပေါ်တွင် နေထိုင်သော အိမ်ခြေမဲ့ကလေးများကို မှောင်ရိပ်ခိုမှု၊ လေလွင့်မှု ပြစ်မှုများဖြင့် အရေးယူခြင်းများလည်း ပါဝင်ပါသည်။ ဖမ်းဆီးခံရသည့်အခါ ကလေးများသည် ထိန်းသိမ်းခံထားရသည့် အတောအတွင်း ရဲများ၏ ညှဉ်းပန်းနှိပ်စက်မှုများ တွေ့ကြုံခံစားရနိုင်ပါသည်။ အထူးသဖြင့် ၎င်းတို့ကို တရားမဝင် ဂိုဏ်းများ၏ ဘက်တော်သားများဟူ၍ တွေးထင်သော ယူဆချက်ကြောင့် ဖြစ်သည်။ ဆရာ၊ ဆရာမနှင့် ရဲအရာရှိများကဲ့သို့ အခွင့်အာဏာရှိသူများက ကလေးငယ်ကို ခန္ဓာကိုယ်ကို အပြစ်ပေးသောနည်းဖြင့် ပြစ်ဒဏ်ပေးသည်များလည်း ရှိနိုင်ပါသည်။ ကလေးသူငယ် ကာကွယ်ရေးအဖွဲ့အစည်းများ (သို့မဟုတ်) ရဲအရာရှိများကို ကလေးများကို မည်သို့ပြုမူဆက်ဆံသင့်သည့်အကြောင်း လေ့ကျင့်သင်ကြားပေးထားသော်လည်း အရှေ့တောင်အာရှတွင် ထိုနည်းလမ်းများကို လက်တွေ့လိုက်နာအသုံးပြုခြင်းမရှိပါ။ ဖိလစ်ပိုင်ကဲ့သို့ နိုင်ငံများတွင် အကာအကွယ်ပေးရေးအဖွဲ့နှင့် နည်းနာများတည်ဆောက်ထားသော်လည်း၊ အခြားနိုင်ငံများ၏ ကလေးငယ်များအပေါ် အကာအကွယ်ပေးရေးအဆင့်ကိုကြည့်လျှင် ၎င်းတို့သည် အခြေခံမျှသာ (သို့မဟုတ်) လုံးဝ မရှိသလောက်နီးပါး ဖြစ်သည်ကို တွေ့ရပါသည်။ ဥပမာ - မြန်မာနိုင်ငံတွင် အဓိကမြို့ကြီးများတွင် ကလေးသူငယ် ကာကွယ်ပေးရေးကျွမ်းကျင်သူ နှစ်ဦးစ၊ သုံးဦးစသာ ရှိပြီး မလေးရှားတွင်မူ လုံးဝ မရှိပါ။

သက်ငယ်ပြစ်မှု တရားစီရင်ရေးစနစ်၏ သွင်ပြင်လက္ခဏာမှာ သက်ငယ်တရားရုံးဖြစ်သည်။ ဖြစ်သင့်သည့် သက်ငယ်တရားရုံးပုံစံမှာ အရွယ်ရောက်ပြီးသူများအပေါ် ကျင့်သုံးသည့် တရားစွဲဆိုမှုပုံစံ၊ ပြစ်ဒဏ်ချမှတ်ခြင်းပုံစံတို့နှင့် ကွာခြားခြင်း ရှိရပါမည်။ နိုင်ငံများစွာတို့တွင် အဆိုပါသက်ငယ်တရားရုံးများသည် လူထုကိုကြားနာခွင့်မပေးဘဲ အလုံပိတ်စစ်ဆေးပြီး ကျူးလွန်သူကလေးငယ်၏ အချက်အလက်များကိုလည်း ၎င်းအရွယ်ရောက်သည့်အချိန်အထိ ချိတ်ပိတ် သိမ်းဆည်းပေးထားပါသည်။ သို့သော် အရှေ့တောင်အာရှရှိ နိုင်ငံများတွင် ထိုသို့မဟုတ်ပါ။ ကမ္ဘောဒီးယားတွင် ကလေးငယ်များကို အရေးယူရာတွင် အရွယ်ရောက်ပြီးသူများအပေါ် ချမှတ်ကျင့်သုံးသည့် ဥပဒေနှင့်မတူသော်လည်း၊ ၎င်းတို့အတွက် သီးခြားတရားရုံးစနစ်မရှိပါ။ ထို့အတူ ဖွံ့ဖြိုးမှုနိမ့်ကျသော နိုင်ငံများတွင် သီးခြားတရားရုံးစနစ် ထူထောင်ရန်နှင့် တရားသူကြီးနှင့်ရှေ့နေများ၊ ဥပဒေဘက်တော်သားများကို အထူးလေ့ကျင့်သင်ကြားပေးရန်အတွက် လိုအပ်သော အရင်းအမြစ်များကို ရင်းနှီးမြှုပ်နှံမှုမပြုနိုင်ပေ။ အခြားသော ပြဿနာရပ်များတွင် အောက်ပါအချက်များ ပါဝင်နိုင်ပါသည်။

- တရားဥပဒေအကူအညီကို လက်လှမ်းမီရယူနိုင်မှု - ကလေးများသည် ၎င်းတို့အမှုအတွက် ကျွမ်းကျင်သော ရှေ့နေများ၏ ခုခံလျှောက်လဲပေးခြင်းကို ရယူခွင့်ရှိစေရမည်။
- လုပ်ထုံးလုပ်နည်း ဖြစ်စဉ်များတွင် ကလေးငယ်နှင့် အရွယ်ရောက်ပြီးသူတို့ကို သီးခြားစီထားရှိရန် - ကလေးများကို ဖမ်းဆီးထိန်းသိမ်းရာတွင် သူတို့ကို ခြိမ်းခြောက်အနိုင်ကျင့်နိုင်သည့် အရွယ်ရောက်ပြီးသားသူတို့နှင့် အတူတကွမထားရန် ဖြစ်သည်။
- ကလေးငယ်များအပေါ် ခန္ဓာကိုယ်ကို အပြစ်ပေးသည့်နည်းလမ်းများ အသုံးပြုမှုကို ရှောင်ကြဉ်ရန် - မလေးရှားနှင့် စင်ကာပူနိုင်ငံတို့တွင် ကလေးကို အပြစ်ပေးရန် ကြိမ်ဒဏ်ပေးခြင်းကို ခွင့်ပြုထားသည်။ (၎င်းကဲ့သို့ အပြစ်ပေးခြင်းကို ရှောင်ကြဉ်ရန် ဖြစ်သည်။)

- ဥပဒေကျွမ်းကျင်ပညာရှင်များအတွက် သင်တန်းများ လုံလုံလောက်လောက် စီစဉ်ပေးခြင်း - ကလေးသူငယ်အရေးကို ကိုင်တွယ်နေသူများသည် ကလေးစိတ်ပညာနှင့် နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း အစရှိသော သက်ဆိုင်ရာနယ်ပယ်အတွက် လေ့ကျင့်သင်ကြားမှုများ ရရှိထားရမည် ဖြစ်သည်။
- သေဒဏ်နှင့် တစ်သက်တစ်ကျွန်းပြစ်ဒဏ်များ ခွင့်မပြုရန် - အရှေ့တောင်အာရှတွင် မည်သည့် နိုင်ငံကမျှ ကလေးငယ်ကို သေဒဏ်ပေးခြင်း မရှိပါ။

အဖမ်းဆီးခံရ၊ တရားစွဲဆိုခြင်းခံရ၊ ထို့နောက်တွင် ပြစ်မှုထင်ရှားကြောင်း တွေ့ရှိရပြီးနောက်တွင် သက်ငယ်ပြစ်မှု စီရင်ရေးစနစ်တွင် စဉ်းစားရမည့်အချက်မှာ ကလေးငယ်တို့ရင်ဆိုင်ရမည့် ပြစ်ဒဏ်နှင့် ပတ်သက်ပါသည်။ နိုင်ငံတကာတွင် 'လမ်းကြောင်းပြောင်းခြင်း'ကို အသင့်တော်ဆုံး တုံ့ပြန်အရေးယူမှုပုံစံဖြင့် စံပြကျင့်သုံးနေကြသည်။ ထိန်းသိမ်းအရေးယူခြင်းမှ ကလေးငယ်ကို လမ်းကြောင်းပြောင်းလိုက်ခြင်းအားဖြင့် ကလေးသူငယ်အခွင့်အရေးနှင့်အညီ တုံ့ပြန်ဆောင်ရွက်ခြင်း အဓိပ္ပာယ်သက်ရောက်သကဲ့သို့၊ ၎င်းတို့ကို လူမှုအဖွဲ့အစည်းနှင့် ပြန်လည်ပေါင်းစည်းပေးရန်နှင့် အခြားသော ပြစ်မှုကျူးလွန်နိုင်ခြေများကို လျော့နည်းစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်သောကြောင့် ကလေးတို့အတွက်လည်း ဘေးကင်းလုံခြုံမှုရှိစေနိုင်ပါသည်။ လမ်းကြောင်းပြောင်းခြင်း အလေ့အထ သာဓကများမှာ ကလေးငယ်ကို သူတို့ကို အုပ်ထိန်းသော မိသားစုထံသို့ ပြန်လည်ပို့ဆောင်ပေးခြင်း၊ ပြစ်ဒဏ်ကျခံခြင်းမှ လွတ်မြောက်စေခြင်း သို့မဟုတ် လူထုအကျိုးပြု လုပ်ဆောင်ချက်များတွင် ပါဝင်စေခြင်း၊ ၎င်းတို့ကို ဆွေးနွေးအကြံပေးခြင်း အစရှိသည့် နည်းလမ်းများ ပါဝင်ပါသည်။ မှတ်သားရန်မှာ လမ်းကြောင်းပြောင်းခြင်းကို ပြစ်ဒဏ်ချမှတ်ရာတွင်သာ အသုံးပြုခြင်းမဟုတ်ဘဲ တရားစီရင်ရေး ဖြစ်စဉ်တစ်လျှောက်လုံးတွင်လည်း အသုံးပြုနိုင်ပါသည်။ ရဲအရာရှိများသည် ကလေးငယ်ကို ဆက်လက်ထိန်းသိမ်းဖမ်းဆီးခြင်းကို ရှောင်ရှားရန်အတွက် ဖမ်းဆီးသည့် အဆင့်တွင်လည်း လမ်းကြောင်းပြောင်းသည့် လုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်ပါသည်။ ရုံးတင်စစ်ဆေးသည့်အဆင့်တွင်လည်း ကလေးငယ်ကို မည်သည့်ပြစ်ဒဏ်မျှ မချမှတ်သော နည်းဖြင့်လည်း လမ်းကြောင်းပြောင်းသည့် လုပ်ဆောင်ချက်ကို ဆောင်ရွက်နိုင်ပါသည်။

အချို့သော နိုင်ငံများတွင် ကလေးငယ်များကို ထောင်သွင်းအကျဉ်းချခြင်းကို ရှောင်ရှားကြပါသည်။ ထိုင်းနိုင်ငံတွင် သက်ငယ်ပြစ်မှု အရေအတွက် ထက်ဝက်ကျော်ခန့်အတွက် ပြစ်ဒဏ်ချမှတ်ရာတွင် ဆိုင်းငံ့ပြစ်ဒဏ်ကို အသုံးပြုပါသည်။ သို့ရာတွင် ဖမ်းဆီးထိန်းသိမ်းခြင်း နည်းလမ်းမှ လမ်းကြောင်းပြောင်းသည့် နည်းလမ်းကိုမူ နည်းလမ်းတစ်ခုအနေဖြင့် အသုံးပြုမှု နည်းပါးနေပါသေးသည်။ သို့ရာတွင် နိုင်ငံများစွာတွင် ဘော်ဒါကျောင်းများကဲ့သို့ သင်တန်းနှင့် သီးသန့်ဂေဟာများထားရှိကာ၊ ထောင်သွင်းအကျဉ်းချခြင်းအစား လမ်းကြောင်းပြောင်းခြင်း နည်းလမ်းကို အသုံးပြုပါသည်။ ကလေးငယ်၏ ပြစ်မှုအတွက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ပေါင်းစည်းရေး ဆောင်ရွက်ချက်ဖြင့် ရပ်ရွာထဲသို့ ပြန်လည်စေလွှတ်ရန် ရည်ရွယ်ပါသည်။ အဆိုပါ ရည်ရွယ်ချက်အတိုင်း ပြည့်မီစေရန် ကလေးသူငယ်စောင့်ရှောက်ရေး အဖွဲ့အစည်းများ၊ နှစ်သိမ့်ဆွေးနွေးခြင်းနှင့် ပညာပေးရေး အထောက်အကူများနှင့် ကလေးများကိုယ်တိုင် ပါဝင်လိုသည့် စိတ်ဆန္ဒရှိရန် လိုအပ်ပါသည်။

ယခုအချိန်အထိ အရှေ့တောင်အာရှရှိ နိုင်ငံများတွင် တိုးတက်မှု အနည်းငယ်ရှိသော်လည်း၊ မည်သည့်နိုင်ငံတွင်မဆို CRC တွင် ပါရှိသော မူဝါဒများအတိုင်း သက်ငယ်တရားစီရင်ရေးစနစ် ဖွံ့ဖြိုးစေရန် စီမံခန့်ခွဲထားခြင်း မရှိသေးပါ။ ကလေးများအတွက် တတ်နိုင်သမျှ ကောင်းစားရေးမူ ဆိုသည်မှာ များသောအားဖြင့် ထိုနိုင်ငံများအတွက် ဦးစားပေးမဟုတ်ပါ။ အပြစ်ပေးခြင်းသည် မကောင်းမှုမှတားဆီးခြင်းဟုယူဆ၍ အရေးတယူ ဆောင်ရွက်ပါသည်။ ထို့ပြင် မည်သည့်အကြောင်း ပြချက်ဖြင့် ဖြစ်စေ အစိုးရသည် ကလေးငယ်များအတွက် သီးခြားသက်ငယ် တရားစီရင်ရေးစနစ် ထူထောင်ပေးရန် ဆန္ဒမရှိကြပေ။ ရလဒ်အားဖြင့် လမ်းကြောင်းပြောင်းခြင်းနှင့် ပြန်လည်ရှင်သန်ရန် ပျိုးထောင်ပေးသော တရားစီရင်ရေးဆိုင်ရာ မူဝါဒများကို ဒေသတွင်း၌ ချိတ်ဆက်ထားမှု မရှိသည်ကို တွေ့ရပါသည်။ လက်ရှိ ဆယ်စုနှစ်တွင် သိသာသော တိုးတက်မှုများ ရှိလာခဲ့သော်လည်း များစွာ လုပ်ဆောင်ရန် ကျန်ရှိပါသေးသည်။

၁၀.၆ ကလေးသူငယ်များနှင့် လုပ်အား

ကလေးများကို အလုပ်ခိုင်းစေခြင်းကို အခွင့်အရေးချိုးဖောက်မှုတစ်ရပ်အဖြစ် ယူဆပြီး ရပ်တန့်စေသင့်သလား (သို့မဟုတ်) အတန်ငယ် အရွယ်ကြီးရင့်သော ကလေးများအတွက် ပညာ ရစေနိုင်သော၊ ထုတ်လုပ်မှုစွမ်းရည်ဖြစ်စေနိုင်သော၊ အသုံးဝင်သောနည်းလမ်းဟု ယူဆသင့်ပါသလား။ မည်သို့ ထင်မြင်ယူဆသင့်သည် ဆိုသည်မှာ ကလေး၏ အသက်အရွယ်နှင့်လုပ်ရသည့် အလုပ်ပေါ် မူတည်ပါသည်။ ထို့ပြင် အလုပ်သည် ကလေးငယ်အပေါ် မည်သို့ အကျိုးသက်ရောက်မှုရှိစေသည် ဟူသည့်အချက်ကလည်း ကလေးငယ်၏ ဘဝတစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။ ချမ်းသာသောမိဘက မွေးဖွားလိုက်သော ကလေးငယ်များထက် ဆင်းရဲနွမ်းပါးသော မိသားစုမှ ကလေးငယ်များသည် သူတို့၏ အသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သူတို့၏လုပ်အားကို အသုံးပြုရပါသည်။ မြို့ပြတွင်နေထိုင်သော ကလေးငယ်သည် အိမ်အလုပ်များ ကူညီလုပ်ကိုင်ပေးရခြင်း၊ သူတို့၏ အခန်းကို ကိုယ်တိုင်ရှင်းလင်းရခြင်း (သို့မဟုတ်) အိမ်၏ ဗာဟီရကိစ္စများ လုပ်ဆောင်ပေးရခြင်း စသဖြင့် လုပ်ကြရသော်လည်း ကျေးလက်နေ ကလေးများကမူ လယ်ထဲယာထဲတွင် ကူညီလုပ်ကိုင်ပေးရခြင်း(သို့မဟုတ်) တိရစ္ဆာန်များ အစာကျွေးရခြင်း စသည်တို့ လုပ်ဆောင်ရပါသည်။ မည်သည့် အလုပ် လုပ်ကိုင်ရသည်ဆိုသည်မှာ ကျား-မ ကွဲပြားမှုအပေါ် မူတည်သော အစဉ်အလာအရ ဖြစ်၍၊ မိန်းကလေးငယ်များသည် အိမ်မှုကိစ္စ လုပ်ကိုင်ပေးရပြီး အမျိုးသားငယ်များသည် စိုက်ပျိုးရေး အလုပ်တွင် ကူညီပေးရပါသည်။

နိုင်ငံတော်၏တာဝန်မှာ ကလေးများကို မသင့်တော်သော လုပ်ငန်းခွင်အခြေအနေများတွင် လုပ်ကိုင်နေခြင်းမှ အကာအကွယ်ပေးရန် ဖြစ်သည်။ ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၃၂ တွင် 'ကလေးငယ်များသည် ၎င်းတို့ကို စီးပွားရေးနှင့် လူမှုရေး အကျိုး အမြတ်အလို့ငှာ အသုံးချအမြတ်ထုတ်ခြင်းမှ ကင်းဝေးစေရမည်'ဟူ၍ ပါရှိပါသည်။ ထို့အတူ နိုင်ငံတော်သည် ကလေးငယ်များကို ၎င်းတို့၏ ကျန်းမာရေး၊ တိုးတက်ဖွံ့ဖြိုးမှုနှင့် ပညာရေးကို ထိခိုက် စေသောအလုပ်မျိုးလုပ်ကိုင်ခြင်းမှ ကာကွယ်တားဆီးပေးရပါမည်။ ကလေးများသည် တစ်နေကုန် ၎င်းတို့၏လုပ်အားကို အမြတ်ထုတ်နေသော စက်ရုံအလုပ်ရုံများတွင် အချိန်ကုန်နေရလျှင် ကျောင်း မသွားနိုင်ပါ။ အလုပ်လုပ်ခြင်းကြောင့် ကျောင်းပျက်ရသည်သာမက ၎င်းတို့၏ အလုပ်သည် လုံခြုံ

ဘေးကင်းမှုမရှိသည့် အလုပ်မျိုးလည်းဖြစ်နိုင်ရာ ထိုကလေးတို့မှာ အခြားကလေးများနည်းတူ ဖွံ့ဖြိုးရှင်သန်နိုင်မှုမရှိဘဲ ထိခိုက်စေပါသည်။ လုပ်ခမရသည့်အလုပ်ကို လုပ်ရခြင်း သို့မဟုတ် အတင်းအကျပ် အလုပ်စေခိုင်းခံရခြင်းသည် ကလေးငယ်အပေါ် အမြတ်ထုတ်နေခြင်းပင် ဖြစ်ပါသည်။ ထိုကဲ့သို့သော အခြေအနေများ ပပျောက်သွားရန် ကြိုးပမ်းရပါမည်။

အလုပ်လုပ်နိုင်ရန်အတွက် အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ခြင်း၊ လုပ်ငန်းခွင် အခြေအနေများကို ကြပ်မတ်ခြင်းနှင့် အချို့သောအလုပ်များတွင် ဝင်ရောက်လုပ်ကိုင်မှုကို ပိတ်ပင်ခြင်းအားဖြင့် ကလေးငယ်များ၏ လုပ်အားအပေါ် အမြတ်ထုတ်မှု ပပျောက်ရေး ရည်မှန်းချက် အောင်မြင်နိုင်ပါသည်။ သတိပြုရန်မှာ ကလေးလုပ်သားဟူသမျှ မကောင်းသည့်အဓိပ္ပာယ် သက်ရောက်နေသည် မဟုတ်ပါ။ ဆယ်ကျော်သက်လူငယ်လေးများသည် အချိန်ပိုင်း အလုပ်လုပ်ခြင်းဖြင့် ရုပ်ရှင်ကြည့်ရန် ဖုန်းအသစ်ဝယ်ရန် အပိုဝင်ငွေရရှိနိုင်သကဲ့သို့ စွမ်းရည်အသစ်များ ဖွံ့ဖြိုးလာစေရန် အလုပ် အတွေ့အကြုံများလည်း ရရှိမည်ဖြစ်သည်။ နောက်လာမည့်အပိုင်းတွင် နိုင်ငံတကာနှင့် ပြည်တွင်း ဥပဒေများတွင် ကလေးလုပ်သားကို မည်သို့အဓိပ္ပာယ်ဖွင့်ထားသည်ကို ဆန်းစစ်မည်ဖြစ်ပါသည်။ ထို့အတူ ကလေးအလုပ်သမားများကို အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်နှင့် လုပ်ငန်းခွင်အခြေအနေ စံနှုန်းသတ်မှတ်ချက်တို့ထားရှိကာ အကာအကွယ်ပေးထားမှုအကြောင်း အသေးစိတ်လေ့လာပါမည်။ အဆုံးတွင် ဒေသတွင်းတွေ့ရှိရသော ကလေးလုပ်သားဆိုင်ရာ ဖြစ်ရပ်များကို တင်ပြပါမည်။

၁၀.၆.၁ အလုပ်လုပ်သော ကလေးငယ်များကို အကာအကွယ်ပေးရေးဆိုင်ရာ နိုင်ငံတကာဥပဒေ

လုပ်ငန်းခွင်အခြေအနေနှင့် အနိမ့်ဆုံး လစာသတ်မှတ်ချက်တို့အတွက် နိုင်ငံတကာဥပဒေများစွာကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (ILO) က စတင်ကျင့်သုံးစေခဲ့သည်။ ၁၉၁၉ ခုနှစ်မှ စပြီး ILO သဘောတူစာချုပ်တွင် ကလေးလုပ်သားများနှင့်ပတ်သက်သော အပိုဒ်များ ပါရှိသည်ကို ILO ကွန်ဗင်္ဂရှင်း ၅ (၁၉၁၉) တွင်လည်းကောင်း၊ ကွန်ဗင်္ဂရှင်း ၇ (၁၉၂၀)တွင်လည်းကောင်း၊ ထို့ပြင် စက်ရုံအလုပ်ရုံများ၊ စိုက်ပျိုးရေးနှင့် ပင်လယ်ပြင် ခရီးသွားလာရေးတို့တွင် အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်ကို ကွန်ဗင်္ဂရှင်း ၁၀ (၁၉၂၁) တွင်လည်းကောင်း ထည့်သွင်းဖော်ပြခဲ့ကြပါသည်။ သဘောတူညီချက်တစ်ခုစီသည် ၁၄ နှစ်ကို အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ်အဖြစ် သတ်မှတ်ကြသည်။ အနိမ့်ဆုံး လုပ်ခလစာအတွက် သဘောတူညီချက်စာချုပ်များ ၁၂ ခု ရှိခဲ့ရာ၊ ၎င်းတို့ကို အလုပ်လုပ်ခွင့်ရှိသည့် အနိမ့်ဆုံးအသက်အရွယ်နှင့်သက်ဆိုင်သော သဘောတူစာချုပ် (သို့မဟုတ်) စာချုပ် ၁၃၈(၁၉၇၃) ဖြင့် အစားထိုးခဲ့ပါသည်။ အဆိုပါ စာချုပ်သည် ILO ၏ အရေးပါသော သဘောတူစာချုပ်ရှစ်ခုတွင် တစ်ခုအပါအဝင် ဖြစ်ပါသည်။ (အခန်း ၇ တွင် ဆွေးနွေးထားပါသည်။) အရှေ့တောင်အာရှတွင် နှစ်နိုင်ငံမှလွဲ၍ ကျန်နိုင်ငံများ လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ သို့သော် ထိုသို့သဘောတူလက်မှတ်ရေးထိုးလာစေရန် နှစ်ဆယ့်ငါးနှစ်ခန့် အချိန်ယူခဲ့ရသည်။

ဇယား ၁၀.၅ အရှေ့တောင်အာရှနိုင်ငံများတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) ၏ အဓိက စာချုပ်တွင် ပါဝင်သဘောတူရေးထိုးထားမှုများ

နိုင်ငံများ	သဘောတူညီချက် ၁၃၈ (အနိမ့်ဆုံးအသက်အရွယ်) - လက်မှတ်ရေးထိုးသည့်ရက်စွဲ	အစိုးရက သတ်မှတ်သည့် အနိမ့်ဆုံး အသက်အရွယ်	သဘောတူညီချက် ၁၈၂ (အဆိုးဝါးဆုံးသော ကလေး လုပ်သား စေခိုင်းမှုပုံသဏ္ဌာန်များ) - လက်မှတ်ရေးထိုးသည့် ရက်စွဲ
ဘရူနိုင်း	ဇွန် ၁၇၊ ၂၀၁၁	၁၆	ဇွန် ၉၊ ၂၀၀၈
ကမ္ဘောဒီးယား	ဩဂုတ် ၂၃၊ ၁၉၉၉	၁၄	မတ် ၁၄၊ ၂၀၀၆
အင်ဒိုနီးရှား	ဇွန် ၇၊ ၁၉၉၉	၁၅	မတ် ၂၈၊ ၂၀၀၀
လာအို	ဇွန် ၁၃၊ ၂၀၀၅	၁၄	ဇွန် ၁၃၊ ၂၀၀၅
မလေးရှား	စက်တင်ဘာ ၉၊ ၁၉၉၇	၁၅	နိုဝင်ဘာ ၁၀၊ ၂၀၀၀
မြန်မာ	လက်မှတ်ရေးထိုးထားခြင်းမရှိ	၁၃/၁၅ *	ဒီဇင်ဘာ ၁၈၊ ၂၀၁၃
ဖိလစ်ပိုင်	ဇွန် ၄၊ ၁၉၉၈	၁၅	နိုဝင်ဘာ ၂၈၊ ၂၀၀၀
စင်ကာပူ	နိုဝင်ဘာ ၇၊ ၂၀၀၅	၁၅	ဇွန် ၁၄၊ ၂၀၀၁
တီမော	လက်မှတ်ရေးထိုးထားခြင်းမရှိ	၁၅	ဇွန် ၁၆၊ ၂၀၀၉
ထိုင်း	မေ ၁၁၊ ၂၀၀၄	၁၅	ဖေဖော်ဝါရီ ၁၆၊ ၂၀၀၁
ဗီယက်နမ်	ဇွန် ၂၄၊ ၂၀၀၃	၁၅	ဒီဇင်ဘာ ၁၉၊ ၂၀၀၀

* အသက် ၁၃ နှစ်မှ ၁၅ နှစ်အတွင်း ကလေးငယ်များသည် တစ်နေ့လျှင် လေးနာရီထက်ပိုပြီး အလုပ်မလုပ်နိုင်ပေ။ အသက် ၁၃ နှစ် (သို့မဟုတ်) ၁၄ နှစ်အရွယ် ကလေးများကို အချို့သော စက်ရုံ၊ အလုပ်ရုံများတွင်သာ အလုပ်ခန့်ခွင့်ရှိသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၏ သဘောတူညီချက် ၁၃၈ အရ နိုင်ငံများသည် အလုပ်လုပ်ရန်အတွက် အနိမ့်ဆုံးအသက်အရွယ်ကို တိုးမြှင့်သတ်မှတ်ရန် ဖြစ်သည်။ နိုင်ငံများသည် သဘောတူလက်မှတ်ရေးထိုးရာတွင် အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်ကို ထုတ်ပြန်ပေးရသည်။ သဘောတူစာချုပ်အရ အနိမ့်ဆုံးအသက်အရွယ်ကို ၁၅ နှစ်ဟု သတ်မှတ်သည်။ သို့သော် အခြေအနေနှင့် အကြောင်းအမျိုးမျိုးအပေါ် မူတည်၍ အသက်ကန့်သတ်ချက်ကို ပြောင်းလဲခွင့်ပြုထားသည်။ ဥပမာ - ကြမ်းတမ်းသောအလုပ်များ (သတ္တုတွင်းနှင့်ငါးဖမ်းလှေများတွင်လုပ်ရသော အလုပ်များ စသည်)အတွက် အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်ကို ၁၈ နှစ်ဟူ၍ ထားရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ပြုပြင်ပြောင်းလဲလွယ်စေရန် အနိမ့်ဆုံးအသက်အရွယ် ကန့်သတ်ချက်ကို ၁၄ နှစ်အထိ လျှော့ချထားပြီး၊ ကလေးငယ်တို့၏ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖွံ့ဖြိုးရေးကို မထိခိုက်စေသော ပေါ့ပေါ့ပါးပါး အလုပ်များအတွက် အသက် ၁၂ နှစ်အထိ လျှော့ချထားသည်။ ဥပမာ - ပေါ့ပါးသော အလုပ်ဆိုသည်မှာ မိသားစု စားသောက်ဆိုင်တွင် ပန်းကန်ဆေးရခြင်း၊ အိမ်အလုပ်လုပ်ရခြင်း (သို့မဟုတ်) လယ်ထဲယာထဲက တိရစ္ဆာန်များကို အစာကျွေးရခြင်းတို့ကို ဆိုလိုပါသည်။

ဇယား ၁၀.၆ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (ILO) က သတ်မှတ်ထားသော အနိမ့်ဆုံး အသက်အရွယ်

	ဖွံ့ဖြိုးပြီးနိုင်ငံများ	ဖွံ့ဖြိုးဆဲနိုင်ငံများ
ပေါ့ပါးသောအလုပ်	၁၃-၁၅	၁၂-၁၄
အခြေခံအနိမ့်ဆုံး အသက်အရွယ်သတ်မှတ်ချက်	၁၅	၁၄
ကြမ်းတမ်းသောအလုပ်	၁၈	၁၈

၁၉၉၉ ခုနှစ် အဆိုးရွားဆုံးသော ကလေးလုပ်သား စေခိုင်းမှုပုံသဏ္ဌာန်များ ကွန်ဗင်္ရှင်း (နံပါတ် ၁၈၂) သည် အဓိက သဘောတူစာချုပ် ရှစ်ခုတွင် တစ်ခုအပါအဝင် ဖြစ်သည်။ ထိုစာချုပ်ကို အရှေ့တောင်အာရှနိုင်ငံများအားလုံး ပါဝင်လက်မှတ်ရေးထိုးထားသည်။ စာချုပ်၏ရည်ရွယ်ချက်မှာ ကလေးများကို အဆိုးရွားဆုံးသော ကလေးလုပ်သားခိုင်းစေမှု ပုံစံမျိုးစုံမှ လွတ်မြောက်မှုရှိစေရန် ဖြစ်သည်။ သဘောတူစာချုပ်တွင် လုပ်သားဟုဆိုရာတွင် ကျွန်ပြုခြင်း၊ လူကုန်ကူးခြင်း၊ အကြွေးဖြင့် ခိုင်းစေရန် အသိမ်းခံရခြင်း၊ လိင်လုပ်ငန်းတွင်စေခိုင်းခြင်းနှင့် ရာဇဝတ်မှု မကင်းသော လုပ်ငန်းများတွင် ခိုင်းစေခြင်းတို့ကို ရည်ညွှန်းထားပြီး နိုင်ငံများအား အဆိုပါစေခိုင်းမှုများအားလုံးကို အဆိုးရွားဆုံးသော ကလေးလုပ်သား ခိုင်းစေမှုပုံသဏ္ဌာန်အဖြစ် သတ်မှတ်စေပါသည်။ အဆိုးရွားဆုံးသော ကလေးလုပ်သား ခိုင်းစေမှုပုံစံ (၁၉၉၉) ဆိုင်ရာ ILO အဖွဲ့အစည်း၏ အကြံပြုချက်အမှတ် ၁၉၀ သည် နိုင်ငံများကို ၎င်းတို့၏ တာဝန်နှင့်ဝတ္တရားများကို နားလည်နိုင်စေရန်နှင့် အချို့သော ဆိုးရွားသော ခိုင်းစေမှုပုံစံကို အသေးစိတ်သိရှိရန် ပံ့ပိုးပေးပါသည်။ အဆိုပါထောက်ခံချက်တွင် ဆိုးရွားသော စေခိုင်းမှုပုံစံဟုဆိုရာတွင် အောက်ပါအချက်များ ပါဝင်ပါသည်။

- မြေအောက် (သို့မဟုတ်) အမြင့်ပိုင်းနေရာ စသည့် အန္တရာယ်ရှိသော နေရာများတွင် လုပ်ကိုင်ရသောအလုပ်
- အန္တရာယ်ရှိသော စက်ပစ္စည်းများနှင့် လုပ်ကိုင်ရသော အလုပ်
- ကျန်းမာသန့်ရှင်းမှုမရှိသောဝန်းကျင်တွင် လုပ်ကိုင်ရသော အလုပ်နှင့်
- နာရီပေါင်း ကြာမြင့်စွာ (သို့မဟုတ်) ညပိုင်းတွင် လုပ်ကိုင်ရသော အလုပ်

ထို့ပြင် မိန်းကလေးငယ်များ လုပ်ကိုင်ရသော အလုပ်များ၊ အထူးသဖြင့် အိမ်မှုကိစ္စအလုပ်ကဲ့သို့သော အလုပ်ဟူ၍ မြင်သာထင်သာ မရှိသော အလုပ်များအပေါ်တွင်လည်း အာရုံစိုက်ရန် အဆိုပါထောက်ခံချက်က သဘောတူလက်မှတ်ရေးထိုးထားသောနိုင်ငံများကို တောင်းဆိုထားပါသည်။

အထက်တွင် ဖော်ပြထားသည့် နိုင်ငံတကာစံနှုန်းများအရ ကလေးလုပ်သားကို သတ်မှတ်ထားသည့် အသက်အရွယ် (နိုင်ငံများကြားတွင် ကွာဟချက်ရှိနိုင်သည်၊ သို့သော် ၁၄ နှစ်အောက်မဖြစ်ရပါ)နှင့် လုပ်ကိုင်ရသည့် အလုပ်အခြေအနေ (အမျိုးအစားခွဲ၍ သတ်မှတ်ထားသော ဆိုးရွားသောအလုပ်ပုံသဏ္ဌာန်များ) အပေါ်မူတည်၍ တားမြစ်ထားခြင်းဖြစ်သည်။ ထို့ပြင် အလုပ်လုပ်ခြင်းကြောင့် ကျောင်းပျက်ရခြင်း၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ရခြင်း၊ အနာတရ ဖြစ်ရခြင်း

စသော ကလေးငယ်တို့၏ ဖွံ့ဖြိုးမှုအလုံးစုံကို ထိခိုက်ပျက်စီးစေနိုင်သည့် အကြောင်းရင်းများကိုလည်း ထည့်သွင်းစဉ်းစားရပါသည်။ အဘယ်ကြောင့်ဆိုသော် အလုပ်လုပ်ရသော ကလေးများသည် အခြား ကလေးများရရှိသော ပညာရေးနှင့်လူမှုရေးစွမ်းရည်တို့ကို လစ်ဟာဆုံးရှုံးနိုင်ပါသည်။ ကလေးလုပ်သား သည် ရေရှည်ဆိုးကျိုးသက်ရောက်မှု ရှိပါသည်။ ကလေးငယ်အတွက်သာမက ရပ်ရွာလူထုအတွက် နောင်တစ်ချိန်တွင် ကလေးငယ်က ပြန်လည်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကိုပါ ဆုံးရှုံးရ သဖြင့် လူ့အသိုင်းအဝိုင်းကိုပါ ထိခိုက်မှုဖြစ်စေပါသည်။ လူ့အသိုင်းအဝိုင်းတွင် ကလေးငယ်များကို ပြန်လည်ပြုစုပျိုးထောင်ရန် အရင်းအမြစ်များစွာ လိုအပ်ပါသည်။

၁၀.၆.၂ အရှေ့တောင်အာရှတွင် ကလေးလုပ်သား ဥပဒေ ချိုးဖောက်နေမှုများ

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၏ ခန့်မှန်းချက်အရ အရှေ့တောင်အာရှတွင် လက်ရှိ ကလေးလုပ်သားအရေအတွက်မှာ ကလေးများ၏ ၁၅% ရှိသည်ဟု သိရပါသည်။ ၎င်းတို့ အနက် ၉% မှာ ကလေးအလုပ်သမားများအဖြစ် သတ်မှတ်ရန် အကြောင်းပြချက် လုံလောက်ပြီး ကျန် ၄% မှာ အလုပ်ကြမ်းများကိုပင် လုပ်ကိုင်နေရပါသည်။ အရှေ့တောင်အာရှရှိ အချို့သော စက်ရုံအလုပ်ရုံများသည် ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချရန်အတွက် လုပ်အားခ စျေးပေါသော ကလေးလုပ်သားများကို အသုံးပြုကြသည်။ ဥပမာဆိုရလျှင် ငါးဖမ်းခြင်းနှင့် ရေလုပ်ငန်းအလုပ်ရုံနှင့် မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံများတွင်ရှိသော ဆီအုန်း၊ ရာဘာ၊ ကြံစိုက်ခင်းများတွင် စိုက်ပျိုးရေးအလုပ်များ ပါဝင်ပါသည်။ တောင်းစားသော ကလေးငယ်များသည်လည်း နေရာအနှံ့ ပျံ့နှံ့လျက်ရှိသည်။ တောင်းစားခြင်းကိုလည်း လုပ်အားအဖြစ် သတ်မှတ်ပါသည်။ အဘယ်ကြောင့် ဆိုသော် တောင်းစားခြင်းဖြင့် ဝင်ငွေရရှိစေရန် ကလေးငယ်များကို စေခိုင်းတတ်သောကြောင့် ဖြစ်သည်။ ထို့ပြင် မိန်းကလေးငယ်များသည် စားသောက်ဆိုင်နှင့် ဖျော်ဖြေရေးစင်တာများတွင် စားသုံးသူများကို ဝန်ဆောင်မှုပေးရန် (သို့မဟုတ်) ၎င်းတို့ စားသောက်သမျှကို ဆေးကြောရန်အတွက် အိမ်အကူအဖြစ် ဝင်ရောက်လုပ်ကိုင်ကြရပါသည်။ အခြားသော အလုပ်များတွင် ဝင်ငွေနည်းသော်လည်း အလွန်အန္တရာယ်များသည့် အမှိုက်ကောက်ရသည့်အလုပ်လည်း ပါဝင်ပါသည်။ ဆိုးရွားသော ကလေးလုပ်သား စေခိုင်းမှုပုံစံများသည် တစ်ခါတရံတွင် ကလေးလူကုန်ကူးခြင်းဖြင့် ဖြစ်ပေါ်ရသည့် အခါလည်း ရှိတတ်သည်။ ထိုသို့သောဖြစ်ရပ်ကို ဒေသတွင်းရှိ နိုင်ငံများစွာတွင် တွေ့နိုင်ပါသည်။ အရေအတွက် နည်းမည်ဖြစ်သော်လည်း ဤနည်းလမ်းအားဖြင့် ကလေးများ အမြတ်ထုတ်ခြင်း ခံနေရပါသည်။

သာဓက

ဒေသအတွင်းရှိ အချို့သော ဆိုးရွားသည့် ကလေးလုပ်သား စေခိုင်းမှုပုံစံများ

တောင်းစားသော ကလေးငယ်များ

ဒေသအဝှန်း ကြီးမားသော မြို့ပြဝန်းကျင်တွင် တောင်းစားသောကလေးငယ်များကို တွေ့နိုင်ပါသည်။ ကလေးငယ်အများစုမှာ ၎င်းတို့ တောင်းယူရရှိသော ပိုက်ဆံကို သိမ်းထားခွင့် မရှိချေ။ တောင်းစားရမည့်နေရာသို့ သူတို့ကို ခေါ်ဆောင်လာကြသည်။ ထို့နောက် ၎င်းတို့ကို စောင့်ကြည့်ကြသည်။ တောင်း၍ရသောငွေများကို နောက်ကွယ်က စေခိုင်းသူထံသို့ အပ်နှံရပြီး

ကလေးတို့ များများတောင်းနိုင်လျှင် ဝေစုအဖြစ် မုန့်ဖိုးရကြသည်။ တောင်းစားသော ကလေးငယ်များသည် ယေဘုယျအားဖြင့် အခြားဒေသမှ ခေါ်ဆောင်လာခဲ့သူများဖြစ်သည်။ (ဥပမာ - ဘန်ကောက်မှ တောင်းစားသူတို့သည် ကမ္ဘောဒီးယား (သို့မဟုတ်) မြန်မာနိုင်ငံကလာသူများ ဖြစ်ဖွယ်ရှိပြီး၊ ဂျာကာတာမှ တောင်းစားသူသည် ဂျားဗားကျွန်းကျေးလက်ဒေသမှ ခေါ်လာခဲ့သူ ဖြစ်နိုင်သည်။) အချို့သော ဖြစ်ရပ်များတွင် ကလေးများကို နောက်ကွယ်ကစေခိုင်းသူများသည် ကလေးတို့၏ မိဘများပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူကြီးထက် ကလေးသည် ပိုက်ဆံများများ တောင်းနိုင်သဖြင့် အသုံးချခြင်း ဖြစ်သည်။ တောင်းစားခြင်းသည် ဝင်ငွေရသော အလုပ်တစ်ခုသဖွယ် ဖြစ်နေလေသည်။ စည်ကားသော မြို့လယ်ခေါင်တွင် ကလေးတစ်ယောက်သည် တစ်နေ့လျှင် ဒေါ်လာ ၅၀ ခန့်မှ အစည်ကားဆုံးနေ့များတွင် ဒေါ်လာ ၁၀၀ ခန့်အထိ တောင်းနိုင်ကြောင်း ခန့်မှန်းရပါသည်။

အမှိုက်ပုံမှ ပစ္စည်းရှာသူများ

အရှေ့တောင်အာရှ အချို့နိုင်ငံများတွင် အမှိုက်ပုံမှ ပစ္စည်းရှာဖွေသူများ ရှိနေဆဲဖြစ်ပါသည်။ အထူးသဖြင့် ဖိလစ်ပိုင်နိုင်ငံသည် ၎င်း၏နာမည်ကျော် 'မီးခိုးငွေ့ဝေသောတောင်' အမည်ရ အမှိုက်ကျင်းကြီးကို ပါယာတက် အမည်ရ အမှိုက်ကျင်းအသစ်သို့ ၁၉၈၀ ခုနှစ်များတွင် မပြောင်းရွှေ့မီတွင် နှစ်ပေါင်း ၄၀ ကြာအောင် ထိုအမှိုက်ကျင်းအဟောင်းကိုသာ အသုံးပြုခဲ့သဖြင့် အမှိုက်ပုံမှ ပစ္စည်းရှာကြသည့်ဖြစ်ရပ်များ အတော်ကြာအောင် ရှိနေခဲ့သည်။ ကလေးအများစု ပါဝင်သော လူထောင်ပေါင်းများစွာတို့သည် အမှိုက်ပုံမှပစ္စည်းများကို ကောက်ယူကာ ပလတ်စတစ်၊ ဖန်စ အစရှိသည့် ပြန်လည်အသုံးပြုနိုင်သည့်ပစ္စည်းများကို ရောင်းချခြင်းဖြင့် ရရှိသော တစ်နေ့လျှင် ဒေါ်လာအနည်းငယ်မျှသော ဝင်ငွေဖြင့် ရပ်တည်ကြပါသည်။ အမှိုက်ပုံတွင် ပြန်လည်အသုံးပြုနိုင်သော စွန့်ပစ်ပစ္စည်းများကို ရှာဖွေခြင်းမှာ ကျန်းမာရေးအတွက် အန္တရာယ်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် မီးခိုးများ၊ ညစ်ညမ်းမှုများနှင့် မသန့်စင်သောရေမှ ကူးစက်တတ်သော ရောဂါများကြောင့် ဖြစ်သည်။ ထို့ပြင် မြေပြိုမှုကြောင့်လည်း လူပေါင်းများစွာ သေကျေရသည်။ အစိုးရသည် အသက် ၁၄ နှစ်အောက် ကလေးများကို စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ ထုတ်လုပ်သော လုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ခြင်းကိုတားမြစ်၍ ၎င်းတို့အတွက် နေထိုင်စရာနှင့်ပညာရေးတို့ ပံ့ပိုးပေးခဲ့သည်။

မြန်မာနိုင်ငံတွင်ရှိသော လက်ဖက်ရည်ဆိုင် စားပွဲထိုးများ

အရှေ့တောင်အာရှတွင် အဆင်းရဲဆုံးနိုင်ငံဖြစ်သော မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားများစွာ ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် တောင်သူမိသားစုများသည် ၎င်းတို့၏ကလေးငယ်များကို မြို့ပြသို့စေလွှတ်ကာ အလုပ်စေခိုင်းခြင်းကြောင့် ဖြစ်သည်။ ထိုသို့ စေခိုင်းခံရသူများထဲတွင် အသက် ဆယ်နှစ်အရွယ် ငယ်ရွယ်သော ကလေးငယ်အချို့ပင် ပါဝင်ပါသည်။ ကလေးငယ်များစွာတို့သည် တစ်နေ့လျှင် တစ်ဒေါ်လာမျှသော နည်းပါးလှသော ဝင်ငွေအတွက် လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်ကြရသည်။ ထိုသို့လုပ်ကိုင်ရခြင်းမှာ ကလေးတို့သည် ၎င်းတို့၏ ဇာတိရွာတွင် ပညာသင်ယူရန်အတွက် စာသင်ကျောင်း မရှိခြင်းကြောင့်သော်လည်းကောင်း၊ သူတို့ကိုကျွေးမွေးထားရန် မိသားစုမှာ အလွန်ဆင်းရဲနွမ်းပါးခြင်းကြောင့်သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ အချို့သော ခန့်မှန်းချက်များအရ မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားဦးရေမှာ တစ်သန်းနီးပါးခန့်ရှိမည်ဟု သိရပါသည်။

၁၀.၇ လက်နက်ကိုင် ပဋိပက္ခထဲမှ ကလေးငယ်များ

၁၀.၇.၁ နိုင်ငံတကာ ဥပဒေအရ ကလေးငယ်များကို လက်နက်ကိုင်ပဋိပက္ခများမှ အကာအကွယ်ပေးခြင်း

ကလေးသူငယ်များကို လက်နက်ကိုင်ပဋိပက္ခများမှ အကာအကွယ်ပေးရေး အပါအဝင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားမှုကို စီမံအုပ်ထိန်းသည့် အဓိကကျသော ဥပဒေများကို အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာသော ဥပဒေ (IHL) တွင် တွေ့နိုင်ပါသည်။ ဂျီနီဗာ သဘောတူစာချုပ် (၁၉၄၉) နှင့် ၎င်း၏ နောက်ဆက်တွဲစာချုပ် (၁၉၇၇) တို့တွင် ကန့်သတ်ချက်အချို့ ရှိသော်လည်း၊ ကလေးသူငယ်များကို အကာအကွယ်ပေးရန် နည်းလမ်းအချို့ကို တောင်းဆိုပေးထားပါသည်။ ထိုအချိန်မှ အစပြုပြီး CRC နှင့် ၎င်း၏ နောက်ဆက်တွဲစာချုပ်တို့ ဖြစ်ပေါ်တိုးတက်လာခဲ့သည်။ ဂျီနီဗာ သဘောတူစာချုပ်သည် CRC မတိုင်မီ နှစ်ပေါင်း ၄၀ ခန့် စောခဲ့သော်လည်း ထိုခေတ်ထိုကာလတွင် ထိုစာချုပ်ကြောင့် ကလေးသူငယ်များ၏ အခွင့်အရေးတွင် အပြောင်းအလဲကြီးများ ဖြစ်ပေါ်စေခဲ့သည်။ စည်းကမ်းအသစ်များကို နိုင်ငံများစွာတွင် အသုံးပြုနိုင်စေရန် ပုံစံပြောင်းလဲပေးထားရာတွင် စစ်သားအဖြစ် ခန့်အပ်ရာတွင် အသက် ၁၆ နှစ် ပြည့်ပြီးမှ ခန့်အပ်ရမည်ဟု ဖော်ပြပါရှိပါသည်။

ဂျီနီဗာကွန်ဗင်္ဂရှင်း (၁၉၄၉) ၏ အချက်လေးချက်တွင် ကလေးသူငယ်များကို လက်နက်ကိုင်ပဋိပက္ခများတွင် ပြည်သူပြည်သား နေရာတွင်ဖြစ်စေ၊ ဘေးဒုက္ခခံစားရသူ နေရာတွင်ဖြစ်စေ၊ သို့မဟုတ် တိုက်ခိုက်မည့်သူ နေရာတွင်ဖြစ်စေ ထားရှိခြင်း အန္တရာယ်ကို အထူးကာကွယ်ပေးရန် တောင်းဆိုထားပါသည်။ တတိယအကြိမ် ဂျီနီဗာကွန်ဗင်းရှင်း၏ ပုဒ်မ ၁၆ အရ၊ ကလေးငယ်သည် စစ်သားအဖြစ်မှ စစ်သုံ့ပန်းအဖြစ်သို့ ကျရောက်သည့်အခါ ထိန်းသိမ်းထားသော နိုင်ငံသည် ကလေးငယ်၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အခြေအနေတို့ ကောင်းမွန်မှုရှိစေရန် ထည့်သွင်းစဉ်းစားပေးရပါမည်။ ပဋိပက္ခဖြစ်ပွားသော အခြေအနေတွင် ဖြစ်စေ၊ ငြိမ်းချမ်းရေး ရယူသော အခြေအနေတွင်ဖြစ်စေ ကလေးငယ်သည် ၎င်း၏အခွင့်အရေးကို တောင်းဆိုခံစားခွင့် ရှိပါသည်။ လေးကြိမ်မြောက် ဂျီနီဗာကွန်ဗင်္ဂရှင်းတွင် နိုင်ငံများသည် ကလေးငယ်များကို ပဋိပက္ခဖြစ်ပွားသော အရပ်ဒေသမှ လုံခြုံစိတ်ချရသောနေရာသို့ ခေါ်ဆောင်ကာ လိုအပ်သော ဆေးဝါး၊ အစာရေစာနှင့် အဝတ်အစားတို့ ထောက်ပံ့ပေးခြင်းအားဖြင့် ကလေးသူငယ်တို့ကို စစ်၏ဆိုးကျိုးသက်ရောက်မှုများမှ အကာအကွယ်ပေးရန် လိုအပ်သည်ဟု ဖော်ပြထားပါသည်။

ဇယား ၁၀.၇ ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာ ဥပဒေ

နိုင်ငံတကာသဘောတူစာချုပ်	မှတ်ချက်
ဂျီနီဗာသဘောတူစာချုပ် (၁၉၄၉) ပါ အချက်လေးချက်နှင့် နောက်ဆက်တွဲ စာချုပ်များ - ၁၉၇၇	စစ်သားတစ်ဦးအတွက် အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်မှာ ၁၅ နှစ် ဖြစ်သည်။ ပဋိပက္ခဖြစ်ပွားချိန်တွင် ကလေးငယ်များကို အထူးအကာအကွယ် ပေးရန် တောင်းဆိုထားသည်။
ကလေးသူငယ်များ အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ် - ကလေး သူငယ်များ လက်နက်ကိုင်ပဋိပက္ခ တွင်ပါဝင်ခြင်း တားဆီးမှု နောက် ဆက်တွဲ စာချုပ် (OPAC) - ၂၀၀၂	စစ်သားတစ်ဦးအတွက် အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်မှာ ၁၅ နှစ် ဖြစ်သည်။ နိုင်ငံတော်ဖြစ်စေ၊ နိုင်ငံတော်မဟုတ်သော လက်နက်ကိုင်အဖွဲ့က ဖြစ်စေ ကလေးငယ်ကို စစ်သားအဖြစ်ခန့်အပ်ထားခြင်းကို တားမြစ် သည်။
ရောမဥပဒေ (နိုင်ငံတကာ စစ်ခုံရုံး စတင်ခြင်း) - ၂၀၀၂	ကလေးငယ်များ (အသက် ၁၈ နှစ်အောက်) ကို စစ်မှုမထမ်း မနေရ ဆင့်ခေါ်ခြင်း၊ အတင်းအကျပ် စစ်မှုထမ်းစေခြင်းသည် စစ်ရာဇဝတ်မှု မြောက်ပါသည်။
အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ - အဆိုးရွားဆုံးသောကလေး လုပ်သားစေခိုင်းမှုပုံစံများထိန်းချုပ်ရေး သဘောတူစာချုပ် ၁၈၂ - ၁၉၉၉	ကလေးငယ်များ (အသက် ၁၈ နှစ်အောက်) ကို စစ်မှုမထမ်း မနေရ ဆင့်ခေါ်ခြင်း၊ အတင်းအကျပ် စစ်မှုထမ်းစေခြင်းသည် အဆိုးရွားဆုံးသော ကလေးလုပ်သားစေခိုင်းမှု ပုံသဏ္ဌာန်တစ်ခု ဖြစ်ပါသည်။
ပါရီ ကတိကဝတ်နှင့် မူဝါဒ (ပါရီမူဝါဒ) - ၂၀၀၇	နိုင်ငံတော်သည် (အသက် ၁၈ နှစ်အောက်) ကလေးငယ်များကို လက်နက်ကိုင် တပ်ဖွဲ့များနှင့် လက်နက်ကိုင်အုပ်စုများမှ တရား ဥပဒေနှင့် မလျော်ညီစွာ တပ်သားအဖြစ် စုဆောင်းနေမှုများကို ကာကွယ်ပေးရန် လိုအပ်ပါသည်။

နိုင်ငံများသည် ပဋိပက္ခများကြောင့် မိဘမဲ့ဖြစ်သွားသော ကလေးများ (သို့မဟုတ်) မိသားစုနှင့် တသီးတခြားဖြစ်သွားသော ကလေးငယ်များကို စိတ်ချလုံခြုံရသောနိုင်ငံသို့ ခေါ်ယူကောင်း ခေါ်ယူနိုင်သည့် အစီအစဉ်များ ပံ့ပိုးပေးခြင်းတို့ဖြင့် အကာအကွယ်ပေးသင့်ပါသည်။ ထိုမျှမက စစ်တပ်ထိန်းချုပ်ထားသော နယ်မြေတစ်ခုတွင် ၎င်းတို့၏ အခွင့်အာဏာအရ ကလေးငယ်တို့ ပညာသင်ကြားခွင့်ရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ၁၉၇၇ ခုနှစ် ဂျီနီဗာစာချုပ် နောက်ဆက်တွဲတွင် ပညာရေးနှင့် ဘေးဒုက္ခကျရောက်နေသောဇုန်မှကယ်တင်ခြင်း အစရှိသောအပိုဒ်များ ထပ်မံ ဖြည့်တင်း ထားပါသည်။ နောက်ဆက်တွဲစာချုပ်(၁)သည် ကလေးစစ်သားများ အသုံးပြုနေမှုကို ကန့်သတ်သော ပထမဆုံးသော ပဋိညာဉ်ဖြစ်ပါသည်။ ၎င်းစာချုပ်တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

အသက် ၁၅ နှစ် မပြည့်သေးသော ကလေးငယ်များသည် ပဋိပက္ခများတွင် တိုက်ရိုက် ပါဝင်မှု မရှိစေရ၊ အထူးသဖြင့် လက်နက်ကိုင်တပ်ဖွဲ့များတွင် ၎င်းတို့ကို တပ်သားစုဆောင်းခြင်း ဖြစ်ရပ်မှ ကာကွယ်ပေးရမည်။

ဇယား ၁၀.၇ တွင် ဖော်ပြထားသည့်အတိုင်း ကလေးငယ်များကို ကာကွယ်ပေးရန်အတွက် အသက်ကန့်သတ် သတ်မှတ်ချက်မှာ ၁၅ နှစ်ဖြစ်သော်လည်း CRC ၏ စာချုပ်နောက်ဆက်တွဲတွင် (မှတ်သားဖွယ်ရာအကွက်တွင် ကြည့်ပါရန်) အနိမ့်ဆုံး အသက်အရွယ် ကန့်သတ်ချက်ကို ၁၈ နှစ်ဟု ဖော်ပြထားသည်။ ကလေးများကို အကာအကွယ်ပေးရေးအတွက် အခိုင်မာဆုံးသော ပုံစံကို ၂၀၀၀ ခုနှစ်၊ မေ ၂၅ ရက်နေ့တွင် အတည်ပြုပြီး ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် အသက်ဝင်ခဲ့သော ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာသဘောတူစာချုပ် - ကလေးသူငယ်များ လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်ခြင်း တားဆီးမှု နောက်ဆက်တွဲစာချုပ်ငယ် (OPAC) တွင် တွေ့ရှိနိုင်ပါသည်။ နောက်ဆက်တွဲစာချုပ်ငယ် (OPAC) ၏ နာမည်ပြောင်မှာ 'ဖြောင့်ဖြောင့်တန်းတန်း ၁၈' နောက်ဆက်တွဲစာချုပ်ဟူ၍ ဖြစ်သည်။ အကြောင်းမှာ သဘောတူလက်မှတ်ရေးထိုးထားသော နိုင်ငံများသည် လက်နက်ကိုင်အဖွဲ့များတွင် ခန့်အပ်နိုင်ရန်အတွက် အသက်အရွယ် သတ်မှတ်ချက်ကို ၁၈ နှစ်ယူ၍ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက် ယူထားသောကြောင့် ဖြစ်ပါသည်။

မှတ်သားဖွယ်ရာ

ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် - ကလေးသူငယ်များ လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ခြင်း တားဆီးမှု နောက်ဆက်တွဲ စာချုပ် (OPAC)

နောက်ဆက်တွဲ စာချုပ်၏ အဓိကရည်ရွယ်ချက်မှာ ကလေးငယ်များကို စစ်တပ်များတွင် စစ်မှုမထမ်းမနေရစနစ်ဖြင့် ခေါ်ယူခန့်အပ်ခြင်းမှ ကာကွယ်တားဆီးရန်နှင့် မည်သည့်လက်နက်ကိုင်ပဋိပက္ခတွင်မှ ပါဝင်မှုမရှိစေရန် ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာသော ဥပဒေ (IHL) သည် ၁၉၄၀ နှစ်များတွင် ကလေးစစ်သားများအတွက် အနိမ့်ဆုံး အသက်အရွယ် သတ်မှတ်ချက်ကို ၁၅ နှစ်ဟု ဖော်ပြထားသောကြောင့် နောက်ဆက်တွဲစာချုပ် လိုအပ်လေသည်။ နောက်ဆက်တွဲစာချုပ် (OPAC) သည် IHL တွင်ပါဝင်သော ကလေးသူငယ်အခွင့်အရေးအတွက် စံနှုန်းများကို ပိုမိုသေချာအောင် ဖော်ပြထားသည်။ OPAC သည် ကလေးငယ်များကို စစ်တပ်များတွင် ဆန္ဒအလျောက် အမှုထမ်းခြင်းကိုလည်း ခွင့်မပြုထားသကဲ့သို့ လက်နက်ကိုင်တပ်ဖွဲ့များတွင် တိုက်ရိုက်ပါဝင်ရသော အစိတ်အပိုင်းဖြစ်နေခြင်းကိုလည်း ခွင့်မပြုထားပေ။ ဤနေရာတွင် 'တိုက်ရိုက်' ဆိုသည့် ဝေါဟာရအတွက် တိကျသောအဓိပ္ပာယ်ကို မဖွင့်ဆိုနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် အချို့စစ်တပ်များက ကလေးငယ်ကို လက်နက်ပေးမကိုင်သရွေ့ ဥပဒေကိုချိုးဖောက်ခြင်း မမည်ဟု ယူဆသကဲ့သို့ အချို့ကလည်း လက်နက်ကိုင်တပ်ဖွဲ့များကို ထောက်ပံ့ပေးခြင်းသည်ပင်လျှင် တိုက်ရိုက်ပါဝင်ပတ်သက်သည်ဟု ယူဆသည်များလည်း ရှိသည်။ နောက်ဆက်တွဲစာချုပ်နှင့်အညီ တပ်ဖွဲ့များတွင် အသက် ၁၈ နှစ်အောက် ဆန္ဒအလျောက် ပါဝင်ဆောင်ရွက်လိုသူများသည် စက်ပြင်သမား၊ ထမင်းချက်၊ သို့မဟုတ် ဒရိုင်ဘာအဖြစ် ပါဝင်နိုင်သော်လည်း ၎င်းသည် ပဋိပက္ခဖြစ်ပွားနေသော အခြေအနေတွင် ပါဝင်ခြင်းကို မဆိုလိုပါ။ နောက်ဆက်တွဲစာချုပ်သည် နိုင်ငံတော် စစ်တပ်ကိုရော၊ နိုင်ငံတော်မဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့တွင်ပါ ကျင့်သုံးရန် အကျုံးဝင်စေပါသည်။ မြန်မာနိုင်ငံမှလွဲ၍ အရှေ့တောင်အာရှရှိ နိုင်ငံများအားလုံး နောက်ဆက်တွဲစာချုပ် (OPAC) ကို လက်မှတ်ရေးထိုးထားပါသည်။

၁၀.၇.၂ အရှေ့တောင်အာရှမှ ကလေးစစ်သားများ

အရှေ့တောင်အာရှရှိ နိုင်ငံများအားလုံးသည် ကလေးစစ်သားဆိုင်ရာ ဥပဒေအသစ်များနှင့် အညီ ၎င်းတို့၏အမူအကျင့်များကို ပြောင်းလဲလာခဲ့ကြပါသည်။ အချို့နိုင်ငံများ (ဥပမာ - စင်ကာပူ) တွင်ရှိသော စစ်မှုမထမ်းမနေရ ဆင့်ခေါ်ခြင်းနှင့် ကျောင်းအရံတပ်ဖွဲ့ဖွဲ့ခြင်းတို့သည် အသက် ၁၈ နှစ်အောက် မည်သူ့ကိုမှ စစ်မှုထမ်းခွင့်မပြုဟူသော ဖော်ပြချက်ကို ချိုးဖောက်ရာ ရောက်နိုင်ပါသည်။ မြန်မာနှင့် ဖိလစ်ပိုင်ကဲ့သို့ နိုင်ငံများတွင် ၎င်းတို့၏ စစ်တပ်များတွင် ကလေးစစ်သား စုဆောင်းခြင်းနှင့် ကလေးများကို ပေါ်တာဆွဲ၍ အသုံးပြုခြင်းကဲ့သို့ ပြဿနာများ ရှိပါသည်။ ၁၉၉၀ ခုနှစ်များတွင် လက်နက်ကိုင်တပ်ဖွဲ့များ၌ ကလေးစစ်သားပေါင်း တစ်သိန်းကျော်ရှိမည်ဟု ခန့်မှန်းရသော်လည်း ယခုအခါ အလွန်နည်းပါးသွားပြီး ၁၀၀၀ ဦးရေ ဝန်းကျင်သာ ရှိနိုင်ပါလိမ့်မည်။

မြန်မာ၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယား သုံးနိုင်ငံသည် အရှေ့တောင်အာရှတွင် ကလေးစစ်သား အသုံးပြုခဲ့သော ရာဇဝင်ရှိသည်။ မြန်မာနိုင်ငံတွင် တပ်မတော် (နိုင်ငံ၏ စစ်တပ်) နှင့် အခြားသော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များတွင် အသုံးပြုခဲ့သော ကလေးစစ်သားပေါင်း တစ်သိန်းခန့် ရှိမည်ဟု တစ်ချိန်က ခန့်မှန်းခဲ့ကြဖူးရသည်။ ၁၉၈၀ ခုနှစ်နှင့် ၁၉၉၀ ခုနှစ်များတွင် တပ်မတော်က ကလေးစစ်သား အတင်းအကျပ်စုဆောင်းခဲ့ကြောင်း မှတ်တမ်းများစွာတွင် ဖော်ပြထားပါသည်။ အချို့ကိစ္စများတွင် ကလေးများကို ခြိမ်းခြောက်ပေါ်တာဆွဲ၍ စစ်တပ်ထဲတွင် အလုပ်သမားအဖြစ် ခိုင်းစေကြောင်း တွေ့ရပါသည်။ မြန်မာနိုင်ငံသည် ယခင်ကလေးစစ်သားများအတွက် လက်နက် ဖျက်သိမ်းခြင်း၊ တပ်ဖွဲ့ရုပ်သိမ်းခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း (DDR) အစီအစဉ်တွင် ထည့်သွင်း စဉ်းစားကာ တက်ကြွစွာ ဆောင်ရွက်နေပါသည်။

ကလေးစစ်သားနှင့် ပတ်သက်၍ ကမ္ဘောဒီးယားနိုင်ငံ၏ ပြဿနာမှာ ပို၍သမိုင်းဝင်ပါသည်။ ခမာနီတို့ အုပ်စိုးစဉ်ကာလ (၁၉၇၅-၁၉၇၉) တွင် ကလေးစစ်သားများစွာကို စုဆောင်းခန့်အပ် ထားခဲ့ပြီး မှတ်တမ်းများအရ ၁၉၇၅ ခုနှစ်တွင် ဖန္ဒမ်းပင်သို့ ပထမဆုံးဝင်လာသော ခမာနီတပ်ဖွဲ့များမှာ ကလေးစစ်သားများဖြစ်သည်ဟု သိရပါသည်။ သို့သော် ခမာနီတို့ ကျရှုံးသွားပြီး ပဋိပက္ခ အဆုံးသတ် သွားသည့်အခါ လက်နက်ချသူများရှိ၍ ကမ္ဘောဒီးယားတွင် ကလေးစစ်သား အနည်းငယ်သာ ကျန်ရှိ တော့မည်ဟု ခန့်မှန်းရပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင်မူ မိုရိုအစ္စလာမ်လွတ်လပ်ရေးတပ်ဦး (MILF)၊ ပြည်သူ့ကွန်မြူနစ်တပ်ဖွဲ့အသစ် (NPA) နှင့် ဆူလူနှင့် ဘာစီလီယံတွင်ရှိသော အဘူဆေးယက်ဖ်အဖွဲ့ ကဲ့သို့သော နိုင်ငံတော်စစ်တပ်မဟုတ်သည့် လက်နက်ကိုင်တပ်ဖွဲ့များတွင် ကလေးစစ်သား စုဆောင်း ခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းမှာ ပြုလုပ်နေကြပါသည်။ မတူခြားနားသော အဖွဲ့ပေါင်းစုံ ပါဝင်ခဲ့ သော်လည်း လွန်ခဲ့သော လေးနှစ်အတွင်း ကလေးစစ်သား ၂၀၀ ဦးရေ အောက်ခန့်သာ တွေ့ရှိခဲ့ရ သဖြင့် အမှန်တကယ်ဖြစ်သည့် ကလေးစစ်သားစုဆောင်းမှုမှာ အနည်းငယ်မျှသာ ရှိလိမ့်မည်ဟု ယူဆရပါသည်။

အထက်ပါဖြစ်ရပ်များအရ ဒေသ၏သမိုင်းတွင် ကလေးစစ်သား ပြဿနာသည် ထင်ထင် ရှားရှားရှိခဲ့ကြောင်း တွေ့နိုင်ပါသည်။ သို့ရာတွင် အဆိုပါပြဿနာကို လျှော့ချရန်(သို့မဟုတ်) ပပျောက် သွားရန်အတွက်လည်း များစွာအားထုတ်ခဲ့ကြောင်း သိရပါသည်။ ကလေးစစ်သားများ ပပျောက်သွား

စေရန် ဆောင်ရွက်သင့်သည့် အချက်များစွာတွင် ကလေးများအပေါ် ထားရှိသည့် အစဉ်အလာ သဘောထားအမြင်များနှင့် အတင်းအကျပ် လုပ်စေသော အစီအမံများကို ပြောင်းလဲပစ်ရန်များ ပါဝင်ပါသည်။ ပထမဦးစွာအနေဖြင့် ကလေးစစ်သားလျှော့ချရန်အတွက် ဒေသထဲတွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ လျော့ကျသွားရေးမှာ အရေးပါဆုံးအချက် ဖြစ်သည်။ ၁၉၆၀ ခုနှစ်မှ ၁၉၇၀ ခုနှစ်များအတွင်း အရှေ့တောင်အာရှနိုင်ငံများ အားလုံးနီးပါး လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများတွင် ပါဝင်ခဲ့ပြီး ရလဒ်အားဖြင့် လူပျိုရွားတက်ကြွသော လက်နက်ကိုင်တပ်ဖွဲ့များစွာ ပေါ်ထွက်လာကြသသည်။ လတ်တလော နှစ်များတွင် လက်နက်ချသောတပ်ဖွဲ့များစွာ ရှိလာခဲ့ပြီ ဖြစ်သည်။ ဒုတိယအချက်မှာ ကလေးစစ်သားများအပေါ်ထားရှိသော သဘောထားအမြင်နှင့် သက်ဆိုင်ပါသည်။ ယခင်က ကလေးစစ်သားခန့်အပ်သည့် လုပ်ရပ်ကို အားပေးထောက်ခံခြင်း မရှိခဲ့ကြသော်လည်း လက်နက်ကိုင်တပ်ဖွဲ့များစွာတို့သည် ၎င်းတို့တပ်တွင် ကလေးများပါဝင်နေမှုကို မရပ်တန့်ပစ်ဘဲ ကလေးများကိုယ်တိုင် ဆန္ဒအလျောက် ပါဝင်လာကြစေရန် တိုက်တွန်းကြပါသည်။ သို့သော် ယခုအခါ နိုင်ငံတကာစစ်ခုံရုံး (ICC) စတင်ချိန်မှစပြီး ကလေးစစ်သားစုဆောင်းခြင်းသည် နိုင်ငံတကာဆိုင်ရာ ပြစ်မှုအသွင် ဖြစ်လာခဲ့၍ လက်နက်ကိုင်တပ်ဖွဲ့များသည် ၎င်းတို့၏လုပ်ရပ်များကို စစ်ရာဇဝတ်မှုအဖြစ်သတ်မှတ်ကာ အရေးယူမည်ကို မလိုလားကြပေ။ အရှေ့တောင်အာရှတွင် ICC ကို သဘောတူလက်မှတ်ရေးထိုးထားသည့် နိုင်ငံအနည်းငယ်သာ ရှိသော်လည်း လက်နက်ကိုင်တပ်ဖွဲ့ အများစုကမူ ကလေးစစ်သားစုဆောင်းမှုကို စစ်ရာဇဝတ်မှုအဖြစ် သတ်မှတ်စွပ်စွဲခြင်းသည် လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်အတွက် ထိုကလေးများကိုယ်တိုင် ၎င်းတို့ဆန္ဒအလျောက် ပါဝင်ပံ့ပိုးကြသည့် အနေအထားအပေါ် သက်ရောက်မှုရှိစေသည်ဟု ယုံကြည်ကြသည်။

၁၉၉၀ ခုနှစ်မှစ၍ CRC ကို ကျယ်ကျယ်ပြန့်ပြန့် လက်မှတ်ရေးထိုးလာကြခြင်းသည် ကလေးသူငယ်အခွင့်အရေးအပေါ် အမြင်များပြောင်းလဲလာမှုကို ဦးတည်စေပါသည်။ အဆိုပါ အခွင့်အရေးကို ကမ္ဘာလုံးဆိုင်ရာသတ်မှတ်ချက်ဟု ယူဆကြသဖြင့် ပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံများအနေဖြင့် ကလေးစစ်သား ထားရှိခြင်းကိစ္စသည် အရေးမပါသော အကြောင်းအရာဟူ၍ သဘောထား၍ မဖြစ်နိုင်တော့ပါ။ ကလေးစစ်သားအရေးအတွက် ကိုယ်စားပြု အရေးဆိုပေးခြင်းကြောင့် ပြဿနာသည် တဖြည်းဖြည်းလျော့ပါးလာပါသည်။ လက်နက်ဖျက်သိမ်းခြင်း၊ တပ်ဖွဲ့ရုပ်သိမ်းခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း (DDR) အစီအစဉ်တွင် ကလေးစစ်သားများကို ရပ်ရွာလူထုတွင် ဝင်ဆံ့စေရန် ပြန်လည်ပျိုးထောင်ပေးခြင်းအားဖြင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ လုပ်ဆောင်ချက်ကို စောင့်ကြည့်လေ့လာရာတွင် တိုးတက်မှုများကို မြင်ရမည်ဖြစ်သည်။ ကလေးစစ်သား ပြဿနာ လုံးဝဥဿုံ ပျောက်ကွယ်သွားရန် မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် အချို့သော ဆယ်ကျော်သက် လူငယ်တို့သည် စစ်တပ်ထဲသို့ ဝင်ရောက်လိုနေခြင်းကြောင့် ဖြစ်သည်။ ထို့အတူ အချို့ကလည်း ကလေးများကို တပ်ထဲတွင် ထမင်းချက် (သို့မဟုတ်) ဖျော်ဖြေပေးသူ စသဖြင့် အသုံးပြုလိုကြဆဲ ဖြစ်သည်။ သို့သော် ယခင်က ကလေးစစ်သားပြဿနာ အများဆုံးတွေ့နိုင်သည့်ဒေသဟု မှတ်ယူ ထားသော အရှေ့တောင်အာရှတွင် ဆယ်စုနှစ်များအတွင်း ထိုပြဿနာသည် တဖြည်းဖြည်း လျော့ကျ လာပါသည်။

၁၀.၈ ဆယ်ကျော်သက် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အခွင့်အရေး

ကလေးသူငယ်အခွင့်အရေးတွင် စိန်ခေါ်မှုပိုမိုဖြစ်စေသည့် အကြောင်းတစ်ရပ်မှာ ကလေးသူငယ်နှင့် လိင်ပတ်သက်မှုနှင့် သက်ဆိုင်ပါသည်။ နိုင်ငံများသည် ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်းမှ အကာအကွယ်ပေးမည့် ဥပဒေများ ထုတ်ပြန်ထားသော်လည်း နှစ်ဦးသဘောတူ လိင်ဆက်ဆံကြသည့် ဆယ်ကျော်သက်အရွယ်ကလေးများ အရေးကိုမူ ဖြေရှင်းရန် ပို၍ခက်ခဲပါသည်။ ပထမဆုံးသော လိင်ဆက်ဆံမှု အတွေ့အကြုံရခဲ့သည့် ကလေးတစ်ယောက်၏ ပျမ်းမျှအသက်အရွယ်သည် ဒေသအတွင်းတွင် တဖြည်းဖြည်း ငယ်သထက်ငယ်လာသဖြင့် နိုင်ငံများသည် ဆယ်ကျော်သက်လူငယ်များ လိင်မှုရေးရာကို ဆက်လက်လျစ်လျူရှုရန် မဖြစ်နိုင်တော့ပေ။ ထို့ကြောင့် ဆယ်ကျော်သက်များကို အန္တရာယ်ကင်း၍ တာဝန်ယူမှုရှိသော လိင်ဆက်ဆံမှုအကြောင်း ပညာပေးရန် ပိုမိုလိုအပ်လာပါသည်။ ဤအကြောင်းအရာသည် ပဂ္ဂလိကအရေးကိစ္စဖြစ်၍ အချက်အလက် အတိအကျ ကောက်ယူရန် ခက်ခဲသော်လည်း ဒေသအဝန်းတွင် ကလေး သုံးပုံတစ်ပုံ (မိန်းကလေးငယ်ထက် ယောကျ်ားလေးငယ် အရေအတွက်ပိုများ)သည် အသက် ၁၈ နှစ် မတိုင်မီတွင် လိင်အတွေ့အကြုံ ရရှိနှင့်ပြီးဖြစ်သည်ဟု ခန့်မှန်းရပါသည်။ နိုင်ငံများက ဤသို့သော ဖြစ်ရပ်များ မရှိဟု ဟန်ဆောင်၍ ကလေးသူငယ်များ အန္တရာယ်ကင်းစွာ လိင်ဆက်ဆံမှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုများပေးမှု အလွန်နည်းပါးပါသည်။ ဆယ်ကျော်သက် လိင်ဆက်ဆံခြင်းအတွက် အဓိက ဥပဒေတွင် လိင်ဆက်ဆံရန် သဘောတူခွင့်ပြုသည့် အသက်အရွယ်ကို အလေးထားပါသည်။ ဆိုလိုသည်မှာ လိင်မှုကိစ္စပြုလုပ်ရန်သင့်သည့် လူတစ်ယောက်၏ အသက်အရွယ်ကို တရားဝင်သတ်မှတ်ပေးထားခြင်း ဖြစ်သည်။ ထိုအသက်အရွယ်ထက် ငယ်ရွယ်သူနှင့် လိင်ဆက်ဆံမှုပြုလျှင် ထိုအခြင်းအရာကို အလိုမတူဘဲ သားမယားပြုခြင်းဟူ၍ သတ်မှတ်ပါသည်။

ဇယား ၁၀.၈ အရွေ့တောင်အာရှတွင် ဆက်ဆံမှု သဘောတူညီထားသည့် အသက်အရွယ်

သဘောတူညီမှုပေးထားသော အသက်အရွယ်	နိုင်ငံ
၁၂	ဖိလစ်ပိုင် (သို့ရာတွင် အသက် ၁၈ နှစ်အောက် ပြည့်တန်ဆာနှင့် လိင်ဆက်ဆံမှုပြုလျှင် ပြစ်မှုမြောက်သည်။)
၁၄	အရွေ့တီမော (သို့သော် အရွယ်ရောက်ပြီးသူတစ်ယောက်သည် အသက် ၁၄-၁၅ နှစ် အရွယ်နှင့် လိင်ဆက်ဆံလျှင် ပြစ်မှုမြောက်ပါသည်) မြန်မာ
၁၅	အင်ဒိုနီးရှား ကမ္ဘောဒီးယား လာအို ထိုင်း (သို့ရာတွင် အရွယ်ရောက်ပြီးသား လူတစ်ယောက်သည် အသက် ၁၈ နှစ် အောက်နှင့် လိင်ဆက်ဆံမှုပြုလျှင် ပြစ်မှုမြောက်သည်။)
၁၆	ဘရူနိုင်း မလေးရှား (လိင်ကွဲများလိင်ဆက်ဆံမှု တစ်ခုတည်းအတွက်သာ ဆိုလိုသည်) စင်ကာပူ (လိင်ကွဲများလိင်ဆက်ဆံမှု တစ်ခုတည်းအတွက်သာ ဆိုလိုသည်) ဗီယက်နမ်

ဆယ်ကျော်သက်အရွယ်တွင် လိင်ဆက်ဆံခြင်းကြောင့် လိင်မှတစ်ဆင့် ကူးစက်တက်သော ရောဂါများပြန့်ပွားမှုနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ရွေးချယ်ခွင့်များ နည်းပါးသွားခြင်း အစရှိသော များစွာသော နောက်ဆက်တွဲပြဿနာများ ဖြစ်ပွားနိုင်ပါသည်။ အရှေ့တောင်အာရှတွင် ဆယ်ကျော်သက်များတွင် ခုခံအားကျဆင်းသည့်ရောဂါ အိပ်ချ်အိုင်ဗွီ ဖြစ်ပွားနှုန်း အလွန်နည်းပါးသော်လည်း လိင်ဆက်ဆံမှုပြုကြသော ဆယ်ကျော်သက်များသည် သန္ဓေတားဆေး အလွယ်တကူ မရရှိနိုင်သဖြင့် အန္တရာယ်ကို လက်ကမ်းယူနေသကဲ့သို့ ဖြစ်နေသည်။ ထို့ပြင် ကုသ၍ရနိုင်သော လိင်မှကူးစက်တတ်သည့် အခြားရောဂါများကိုပင် အသိဉာဏ်နည်းပါးမှု (သို့မဟုတ်) ရှက်ရွံ့မှုတို့ကြောင့် မကုသဘဲ နေကောင်းနေနိုင်သည်။ သတင်းအချက်အလက်ရရှိမှု နည်းပါးခြင်း၏ နောက်ဆက်တွဲရလဒ်အနေဖြင့် ဆယ်ကျော်သက်အရွယ် လိင်ပိုင်းဆိုင်ရာ နိုင်ထက်စီးနင်းမှုအဆင့် များပြားလာသည်ကို တွေ့ရပါသည်။ အထူးသဖြင့် နှစ်ဦးသဘောတူ လိင်ဆက်ဆံခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် မိန်းကလေးငယ်သည် ၎င်းအဖော်၏ ဖိအား (သို့မဟုတ်) အကျပ်ကိုင်မှုခံရခြင်းကြောင့် ဖြစ်နိုင်သည်။ အခြားသော ပြဿနာတစ်ရပ်မှာ အမျိုးသမီးချင်း လိင်တူချစ်ခင်သူ (ယောကျ်ားလျာ)၊ အမျိုးသားချင်း လိင်တူချစ်ခင်သူ (မိန်းမလျာ) နှင့် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူဝတ်စားနေထိုင်သော ကလေးငယ်များအပေါ် ခွဲခြားဆက်ဆံခံနေရသည့် အခြေအနေနှင့် သက်ဆိုင်ပါသည်။

နိုင်ငံများသည် ဆယ်ကျော်သက်အရွယ် ကိုယ်ဝန်ဆောင်မှုအပေါ် အထူးစိုးရိမ်မှုရှိပြီး အဆိုပါအခြင်းအရာသည် အချို့သော အရှေ့တောင်အာရှနိုင်ငံများတွင် ပြဿနာတစ်ရပ်သဖွယ် မြင်ကြပါသည်။ (သို့သော် တောင်အာရှနှင့် နှိုင်းယှဉ်လျှင်မူ ဆယ်ကျော်သက်အရွယ် ကိုယ်ဝန်ဆောင်မှုအရေအတွက် အလွန်နည်းပါးပါသည်။) ဆယ်ကျော်သက်အရွယ် ကိုယ်ဝန်ဆောင်မှုနှုန်း မြင့်မားသည့် နိုင်ငံများတွင် ထိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် လာအို နိုင်ငံများပါဝင်ပြီး ဆယ်ကျော်သက်အမျိုးသမီး ကိုယ်ဝန်ဆောင်နှုန်း ၅% ရှိမည်ဟု ခန့်မှန်းရပါသည်။ မလေးရှား၊ မြန်မာနှင့် စင်ကာပူ နိုင်ငံများတွင် ထို့ထက် လျော့နည်းပါသည်။ အထူးသဖြင့် စင်ကာပူနိုင်ငံတွင် ၀.၅% နီးနီးသာလျှင် ရှိပါသည်။ ဆယ်ကျော်သက်အရွယ် ကိုယ်ဝန်ဆောင်ရခြင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်ပါသည်။ အင်ဒိုနီးရှားကဲ့သို့ နိုင်ငံများတွင် မိန်းကလေးငယ်များသည် ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျခြင်းကြောင့် ဖြစ်နိုင်သည်။ သို့သော် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိနှင့် သတင်းအချက်နည်းပါးရခြင်း အကြောင်းရင်းမှာ အရှေ့တောင်အာရှနိုင်ငံများရှိ မိဘအများစုသည် ၎င်းတို့သားသမီးများကို လိင်နှင့်လိင်စိတ်အကြောင်း သင်ကြားမှုနည်းပါးခြင်းကြောင့် ဖြစ်ပါသည်။ ရလဒ်အားဖြင့် ဆယ်ကျော်သက်လူငယ်များစွာသည် ပဋိသန္ဓေတားဆေး ဝယ်ယူရမည်ကို ရှက်ရွံ့ခြင်း၊ ဝယ်ယူရန် တရားမဝင်ခြင်း (သို့မဟုတ်) အလွယ်တကူ မရရှိခြင်းတို့ကြောင့် အသုံးမပြုကြပေ။ အခြားသော အကြောင်းအရာတစ်ခုမှာ အမျိုးသားငယ်ရွယ်သူများက မိန်းကလေးငယ်များကို အစောပိုင်း အသက်အရွယ်မှာပင် ၎င်းတို့နှင့်အတူ လိင်ဆက်ဆံမှုပြုရန် ဖိအားပေးခြင်း (သို့မဟုတ်) ဆယ်ကျော်သက်မိန်းကလေးငယ်သည် သူ့ထက်အတွေ့အကြုံကြီးရင့်နေပြီဖြစ်သည့် အမျိုးသားကြီးနှင့် ချိန်းဆိုတွေ့ခြင်းတို့မှ ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ ကိစ္စများဖြစ်ပါသည်။ ထိုသို့သော ဆယ်ကျော်သက်အရွယ် လိင်ဆက်ဆံမှုများ ဖြစ်ပေါ်ရခြင်းမှာ အင်တာနက်ပေါ်က လိင်အသားပေးဓာတ်ပုံများနှင့် လိင်စိတ်တက်ကြွစေသော ခေတ်ပေါ်အစီအစဉ်များကြောင့် မီဒီယာတွင် တာဝန်ရှိသည်ဟု အစီရင်ခံစာတစ်ချို့က ဆိုပါသည်။ သို့သော် ဤအကြောင်းအချက် မှန်ကန်ကြောင်း သက်သေပြရန် ခက်ခဲပါသည်။

မိခင်တစ်ဦးအဖြစ် ဆယ်ကျော်သက် မိန်းကလေးတစ်ဦး ကိုယ်ဝန်ဆောင်ရခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် အကျိုးဆက်များမှာ ဆေးဝါးကုသမှုခံယူခြင်းမှသည် လူမှုရေးပြဿနာအထိ ပါဝင်ပါသည်။ မိခင်ဖြစ်သူမှာ ငယ်ရွယ်သောကြောင့် ဆေးဝါးကုသမှုများ ပို၍ခံယူနိုင်ကောင်း ခံယူနိုင်ဖွယ်ရှိသည်။ ထို့အတူ လူမှုရေးပြဿနာများတွင် ထိုမိန်းကလေးကို ကျောင်းမှ နုတ်ထွက်စေခြင်းနှင့် နောင်တွင် အလုပ်ရှာရန် ခက်ခဲခြင်း စသည်တို့ ပါဝင်ပါသည်။ ထိုအကြောင်းများကြောင့် နိုင်ငံများသည် ဆယ်ကျော်သက်အရွယ် ကိုယ်ဝန်ဆောင်မှုနှုန်းကိုလျှော့ချရန် ဆန္ဒရှိလာကြသည်။ ထိုဘေးအန္တရာယ်များမှ ကာကွယ်ပေးရန် အထိရောက်ဆုံး နည်းလမ်းမှာ ကလေးငယ်များကို လိင်ပညာပေးရေး လုပ်ဆောင်ပေးရန် ဖြစ်သည်။ သို့ရာတွင် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဥပဒေနှင့် မူဝါဒများမှာ ဒေသအတွင်းတွင် မဆိုစလောက်အခြေခံသာရှိကြခြင်း (သို့မဟုတ်) လုံးဝ မထားရှိခြင်း မျိုးလည်း ဖြစ်နေပါသည်။

အင်ဒိုနီးရှားနိုင်ငံတွင် လက်ထပ်ပြီးသား ဇနီးမောင်နှံအတွက် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများကို တရားဝင်ရယူခွင့် ပြုထားသည်။ ထို့ကြောင့် မိသားစုစီမံကိန်းဆိုသည်မှာ အိမ်ထောင်ရှင်များအတွက်သာ ရည်ရွယ်ပါသည်။ လာအိုနိုင်ငံတွင် ဆယ်ကျော်သက် မျိုးဆက်ပွားကျန်းမာရေး အခွင့်အလမ်းအတွက် သီးခြားဥပဒေ မရှိပါ။ သို့ရာတွင် အမျိုးသားလူဦးရေနှင့် ဖွံ့ဖြိုးရေးမူဝါဒတွင် 'ဆယ်ကျော်သက်များကို မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေးအသိနှင့် လိင်စိတ်ပညာပေးခြင်းများ ပြုလုပ်ပေးရမည်' ဟူ၍ ဖော်ပြထားသည်။ ထိုသို့ ဆိုထားပါသော်လည်း လာအိုနိုင်ငံသည် ဆယ်ကျော်သက်အရွယ် ကိုယ်ဝန်ဆောင်မှု အမြင့်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်၍ ဆယ်ကျော်သက် မျိုးဆက်ပွားကျန်းမာရေး မူဝါဒမှာ ထိရောက်မှုမရှိဟု ယူဆရပါသည်။ ထို့အတူ မလေးရှားတွင်လည်း အမျိုးသားဆယ်ကျော်သက် ကျန်းမာရေးမူဝါဒ (၂၀၀၁) ထားရှိထားသော်လည်း အံ့သြစရာကောင်းလှစွာပင် ထိုမူဝါဒထဲတွင် ဆယ်ကျော်သက်များ၏ မျိုးဆက်ပွား ကျန်းမာရေးအကြောင်း ဖော်ပြထားခြင်းမရှိပါ။ ဆန့်ကျင်ဘက်အားဖြင့် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနသည် မျိုးဆက်ပွားကျန်းမာရေးကိစ္စတွင် အထူးတက်ကြွသည်ကို တွေ့ရသည်။ အဆိုပါ ဝန်ကြီးဌာနသည် ထိုင်းနိုင်ငံသားများ မည်သည့်အသက်အရွယ်တွင်မဆို သူတို့ဘဝတစ်လျှောက်လုံး ကောင်းမွန်သော မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများ ရရှိစေရမည်ဟု ယုံကြည်လက်ကိုင်ထားသည်။ ထို့အပြင် ၎င်းတို့၏ ရည်ရွယ်ချက်များထဲက တစ်ခုမှာ ဆယ်ကျော်သက်အရွယ် ကိုယ်ဝန်ဆောင်ခြင်းပြဿနာကို တုံ့ပြန်ဖြေရှင်းရန် ဖြစ်ပါသည်။ ဗီယက်နမ်နိုင်ငံတွင်မှ ဆယ်ကျော်သက်များအတွက် ပညာပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်း လုပ်ငန်းစဉ်တို့မှတစ်ဆင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာအတွက် တုံ့ပြန်ဆောင်ရွက်ချက်များ လုပ်ဆောင်ပါသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

စာသင်ကျောင်းတွင် မျိုးပွားကျန်းမာရေးအကြောင်း သင် မည်မျှအထိ သင်ယူရရှိခဲ့သနည်း။

ကလေးအများစုသည် ကျောင်းများတွင် လိင်နှင့်လိင်စိတ်အကြောင်း အနည်းငယ်မျှသာ သင်ယူခဲ့ကြရပါသည်။ လိင်ပညာပေးရေးတွင် ကလေးမည်သို့ ရရှိသည်ဆိုသော ခန္ဓာဇီဝဆိုင်ရာများသာမက နှစ်ဦးသဘောတူ လိင်ဆက်ဆံခြင်း၊ လိင်ကျန်းမာရေးဆိုင်ရာ စိုးရိမ်စရာများနှင့် လိင်ကွဲမဟုတ်သော ဥပမာ - လိင်တူချစ်သူဆက်ဆံမှုများအကြောင်းပါ ထည့်သွင်းသင့်ပါသည်။ သို့သော် နောက်ဆုံး

အချက်သုံးချက်ကို အများအားဖြင့် ဆွေးနွေးပေးမှု အလွန်နည်းပါးပါသည်။ အထူးသဖြင့် လိင်တူချစ်ခင်မှုသည် အချို့နိုင်ငံများတွင် တရားမဝင်ဟု သတ်မှတ်ထားဆဲဖြစ်သည်။

မေးခွန်းများ

- သင်သည် ကျောင်းတွင် လိင်ပညာပေးခြင်းကို မည်မျှ သင်ယူရရှိခဲ့ပါနည်း။
- လိင်အကြောင်း သင် မည်သို့ သင်ကြားခံခဲ့ရပါသနည်း။
- မည်သည့်အသက်အရွယ်တွင် ကလေးငယ်တစ်ယောက်ကို လိင်အကြောင်း စတင်သင်ကြားသင့်သည်ဟု သင်ထင်မြင်ပါသနည်း။
- ယခုအခါ လူငယ်များသည် လိင်အကြောင်း သတင်းအချက်အလက်များကို မည်သည့်နေရာကနေ ရယူနေသနည်း။ သူငယ်ချင်းထံက ရပါသလား၊ စာအုပ်များထဲက ရပါသလား၊ အင်တာနက်မှ ရပါသလား။ ရရှိသော ထိုသတင်းအချက်အလက်တို့ မည်မျှခိုင်မာမှုရှိသည်ဟု သင်ထင်ပါသနည်း။

ကလေးသူငယ် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအတွက် အစိုးရ၏မူဝါဒနှင့် ဥပဒေများသည် အရာအားလုံးကို မဖြေရှင်းပေးနိုင်ပါ။ ဒေသအတွင်းတွင် ကလေးငယ်အများစုမှာ အဆိုပါအကြောင်းအရာနှင့်ပတ်သက်သော သတင်းအချက်အလက်ကို အခြေခံမျှသာ ရရှိပြီး ကလေးအနည်းငယ်သာလျှင် ပဋိသန္ဓေ မည်သို့ရှိနိုင်သည် (သို့မဟုတ်) လိင်မှ ကူးစက်တတ်သော ရောဂါများမှ မည်သို့ကာကွယ်ထားသင့်သည်ကို သိရှိကြပါသည်။ လိင်ပိုင်းဆိုင်ရာ သတင်းအချက်အလက်များကို ၎င်းတို့ သူငယ်ချင်းများထံမှလည်းကောင်း၊ အင်တာနက်ထံမှလည်းကောင်း ရရှိတတ်ပြီး ၎င်းတို့မှာ ယုံကြည်စိတ်ချနိုင်သည့် အရင်းအမြစ်များ မဟုတ်ပေ။ ရလဒ်အားဖြင့် မိန်းကလေးငယ်နှင့် ယောကျ်ားကလေးများသည် အစောဆုံးအသက်အရွယ်မှာပင် လိင်မှုကိစ္စအတွက် ဖိအားပေးခြင်းကို ခံကြရပါသည်။ ထို့ပြင် ယောကျ်ားကလေးများသည် မိန်းကလေးငယ်များကို ၎င်းတို့နှင့်အတူ လိင်ဆက်ဆံရန် ဖိအားပေးခြင်းကြောင့် ကလေးချင်းကျူးလွန်သော အလိုမတူဘဲ သားမယားပြုကျင့်ခြင်းများ ပေါ်ပေါက်လာပါသည်။ ကုလသမဂ္ဂ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော Partners for Prevention စီမံချက် (၂၀၁၀-၂၀၁၃) ၏ လေ့လာချက်အရ (ဖတ်ရှုလေ့လာရန် စာအုပ်များအပိုင်းတွင် ကြည့်ပါ။) မုဒိမ်းမှုကျူးလွန်သူ အမျိုးသားအရေအတွက် အလွန်များပြားနေပြီး အချို့မှာ ကလေးဘဝကတည်းကပင် ကျူးလွန်ခဲ့ကြသည်။ အမျိုးသား ၁၀% မှာ ကလေးဘဝမှာပင် သားမယားအဖြစ် အဓမ္မပြုကျင့်ခဲ့မှုများရှိခဲ့ကြောင်း စစ်တမ်းက ဖော်ပြသည်။ ထိုသို့ဖြစ်ရခြင်းမှာ အကြောင်းရင်းများစွာရှိပါသည်။ ဖြစ်လေ့ဖြစ်ထရှိသည့်သဘောမှာ အမျိုးသားများသည် ၎င်းတို့အနေဖြင့် အမျိုးသမီးများနှင့် လိင်ဆက်ဆံရန် အခွင့်ရှိသူ၊ လုပ်ပိုင်ခွင့်ရထားသူ ဖြစ်သည်ဟု မိမိကိုယ်မိမိသဘောထားသောကြောင့် ဖြစ်သည်ဟုတွေ့ရသည်။ နောက်ဆက်တွဲအနေဖြင့် အဆိုပါ လေ့လာချက်က ဖိဝါဒကြီးစိုးသည့် အတွေးအခေါ်ကို ပြုပြင်ပြောင်းလဲပေးရန်၊ မိသားစုကို ပို၍လုံခြုံစိတ်ချမှုရှိစေရန်နှင့် အမျိုးသားငယ်များကို လိင်မှုတန်ဖိုးအကြောင်း စောစီးစွာ ပညာပေးထားရန်ဟူ၍ အကြံပြုရေးသားထားပါသည်။

လက်တွေ့တွင် ကလေးများစွာသည် ၎င်းတို့၏ အစောပိုင်းအသက်အရွယ်မှာပင် လိင်မှုကိစ္စတွင် ပါဝင်ပတ်သက်နေကြရသဖြင့် နိုင်ငံများသည် အန္တရာယ်ကင်းသော လိင်ဆက်ဆံမှုအကြောင်းနှင့် နှစ်ဦးသဘောတူ လိင်ဆက်ဆံမှုအကြောင်း ပညာပေးရန် လိုအပ်ပါသည်။ သို့မှသာ ယောကျ်ားလေးငယ်များနှင့် မိန်းကလေးငယ်များသည် လိင်မှုရေးရာနှင့်ပတ်သက်လျှင် အဆင်သင့်ဖြစ်သည်ဟု မိမိကိုယ်ကိုယ် မယုံကြည်သေးမီ မကျူးလွန်မိကြစေရန် ထိရောက်သောပညာပေးမှုကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၁၀.၉ နိဂုံး

ဤအခန်းတွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အဓိကအချက်အလက်များကို အသေးစိတ်ဖော်ပြထားပြီး ပညာရေး၊ အလုပ်အကိုင်၊ လက်နက်ကိုင်ပဋိပက္ခနှင့် မျိုးဆက်ပွားကျန်းမာရေးကဲ့သို့သော အဓိကနယ်ပယ်များကိုလည်း ဆွေးနွေးထားပါသည်။ ကလေးသူငယ်အခွင့်အရေးကို နားလည်ရန်နှင့် ကလေးများကို အကြမ်းဖက်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းတို့မှ အကာအကွယ်ပေးရန် အတွက် နယ်ပယ်များစွာကျန်ရှိနေဆဲဖြစ်ပြီး ထိုအခြေအနေများကို တိုးတက်အောင် ဆောင်ရွက်ပေးသင့်ပါသည်။ ကလေးသူငယ်များ အကြမ်းဖက်ခံရခြင်းနှင့် နိုင်ထက်စီနင်းပြုခြင်းမှ ပိုမို ကောင်းမွန်စွာ အကာအကွယ်ပေးရန်အတွက် ဆောင်ရွက်ခဲ့သော တိုးတက်မှုရလဒ်အချို့ကို တရားဝင်မြင်တွေ့လာရပါသည်။ ကလေးငယ်များကို ကျောင်းတက်စေခြင်းနှင့် စီးပွားရေးအတွက် လုပ်အားအသုံးမချစေခြင်းတို့ကဲ့သို့သော အခြားသော တိုးတက်မှုများလည်း ရှိပါသည်။ အဆုံးသတ်အားဖြင့် ရပ်ရွာအဆင့်တွင် ယဉ်ကျေးမှုအစဉ်အလာ ပြောင်းလျှင် ကလေးငယ်များသည် ၎င်းတို့၏ ကိုယ်ပိုင်အနာဂတ်အတွက် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ၎င်းတို့၏ ကိုယ်ပိုင်အကြံဉာဏ်များ၊ အမြင်များ ပေါင်းစပ်၍ ပို၍ ပြည့်ပြည့်ဝဝ ပါဝင်ခွင့်ရမည် ဖြစ်ပါသည်။

က။ အနှစ်ချုပ်နှင့်အဓိကအချက်များ

ကလေးသူငယ် အခွင့်အရေး

ကလေးငယ်များကို ယခင်ကထက်စာလျှင် ယခုအခါ ၎င်းတို့အတွက် အကာအကွယ်များစွာ ပိုပေးထားပါသည်။ ဟိုးယခင်က ကလေးငယ်များကို လူကြီးကဲ့သို့ပင် တစ်တန်းတည်းထား၍ ဆက်ဆံခြင်းသည် ယခုအခါ အချိန်နှင့်အမျှပြောင်းလဲလာပြီ ဖြစ်သည်။ ၁၈၀၀ ခုနှစ်များက အလုပ်သမားဥပဒေနှင့် မသင်မနေရပညာရေးစနစ်နှင့် ၁၉၀၀ ခုနှစ် အစောပိုင်းက လူသားချင်းစာနာမှုအကာအကွယ်ပေးရေးတို့သည် ကလေးငယ်များအပေါ် ကာကွယ်မှုပို၍ ပေးပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်သမားအခွင့်အရေးတို့တွင် လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်အတွင်း ပို၍ တိုးတက်မှုများ ရှိခဲ့သည်။ ယနေ့အချိန်တွင် ကလေးသူငယ်အခွင့်အရေးလောက် ကျယ်ပြန့်စွာ လက်ခံထားသည့် လူ့အခွင့်အရေး မရှိပါ။ သို့သော် အမှန်တကယ် အကာအကွယ်ပေးရာတွင် လစ်ဟာချက်များ ရှိနေဆဲဖြစ်သည်။

ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC)

ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်မတင်မီ ၁၉၉၀ ခုနှစ် မတိုင်မီက လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် အခြားသောကြေညာစာတမ်းများတွင် ကလေးသူငယ်အခွင့်အရေးအချို့ကို ထည့်သွင်းဖော်ပြထားပါသည်။ CRC သည် ယခုအခါ နိုင်ငံများ လက်မှတ်ရေးထိုးပါဝင်မှုအများဆုံး လူ့အခွင့်အရေးစာချုပ်တစ်ခု ဖြစ်ပါသည်။ စစ်အေးခေတ်အလွန်တွင် အခွင့်အရေးဆိုသည်မှာ ပါဝင်ခွင့်ပြုခြင်း၊ အခွင့်အရေး အခြေပြုဆောင်ရွက်ခြင်းနှင့် ခွဲခြားမရခြင်းဟူ၍ နားလည်သဘောပေါက်လာကြပါသည်။ ထို့ကြောင့် CRC ကို အသိအမှတ်ပြုသည့် အဖွဲ့သုံးခု ရှိပါသည်။ ၎င်းတို့မှာ နိုင်ငံတော်၊ ကလေးများနှင့် ၎င်းတို့၏မိဘများဖြစ်ကြသည်။ CRC တွင် အထွေထွေ မှတ်ချက် ၁၂ အရ၊ အထွေထွေမူ(၄)ရပ်ဖြစ်သော (၁) ခွဲခြားဆက်ဆံခြင်းမှ ကာကွယ်ရန်၊ (၂) ကလေးငယ်တို့ တတ်နိုင်သမျှကောင်းစားရေးအတွက် လေးစားလုပ်ဆောင်ပေးရန်၊ (၃) ကလေးငယ်များ၏ အသက်ရှင်ရပ်တည်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်ကို လုပ်ဆောင်ပေးရန် နှင့် (၄) ကလေးငယ်များကို ၎င်းတို့၏ အတွေးအမြင်အယူအဆများ တင်ပြခွင့်၊ ၎င်းတို့နှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်ခွင့်ကို ခွင့်ပြုရန်ဟူ၍ ချမှတ်ထားသည်။

အကြမ်းဖက်ခံရခြင်းမှ ကလေးသူငယ်များကို အကာအကွယ်ပေးခြင်း

ကလေးငယ်တိုင်းသည် နိုင်ထက်စီးနင်း အပြုခံရခြင်း၊ လျစ်လျူရှုခံရခြင်း၊ အကြမ်းဖက်ခံရခြင်းနှင့် အမြတ်ထုတ်ခံရခြင်းတို့မှ အကာအကွယ်ပေးခြင်းကို ရယူနိုင်ခွင့်ရှိသည်။ သို့ရာတွင် ကလေးသူငယ်အပေါ် အကြမ်းဖက်ခြင်းသည် တစ်ကမ္ဘာလုံးတွင် ဆိပ်ကွယ်ရာတွင် မြင်တွေ့နေရသော ဖြစ်ရပ်ဖြစ်သော်လည်း လူ့အဖွဲ့အစည်းအပေါ် သက်ရောက်မှုမှာ ပြင်းထန်လှပါသည်။ ကလေးတို့သည် အိမ်တွင်လည်း အကြမ်းဖက်မှုကို ကြုံတွေ့နိုင်ပါသည် (အများအားဖြင့် ၎င်းတို့၏ မိသားစုဝင်များက ကျူးလွန်သည်)။ သို့မဟုတ် ကျောင်းတွင်၊ သို့မဟုတ် အဖွဲ့အစည်းများတွင် (ဆရာ၊ ဆရာမ

(သို့မဟုတ်) အခြားသော အခွင့်အာဏာရှိသူတို့၏ လက်ထဲတွင်) အကြမ်းဖက်မှုကို ကြုံတွေ့နိုင်ပါသေးသည်။ အထူးတားမြစ်ချက်များ မရှိခြင်းနှင့် မိဘနှင့် ဆရာသမားများကလည်း ကလေးငယ်လိမ္မာစေရန် ကြမ်းကြမ်းတမ်းတမ်း ဆုံးမခြင်းသည် အထိရောက်ဆုံး နည်းလမ်းဖြစ်သည်ဟု ယူဆထားခြင်းတို့ကြောင့် စာသင်ကျောင်းနှင့် ပညာသင်ကြားသော ဝန်းကျင်တွင် အကြမ်းဖက်မှုများဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့ရိုက်နှက်အပြစ်ပေးခြင်းများ လျော့ကျသွားစေရန် တုံ့ပြန်ဆောင်ရွက်မှုများထဲတွင် ကလေးငယ်ကို အခြားသောနည်းလမ်းဖြင့် စည်းကမ်းလိုက်နာစေအောင် ပြုလုပ်ခြင်း၊ မိဘနှင့် ဆရာသမားများကို အကြမ်းဖက်ဆုံးမမှု၏ နောက်ဆက်တွဲ ဆိုးကျိုးများကို ပညာပေးခြင်းနှင့် ကျောင်းတွင် ကလေးငယ်အတွက် ဆုံးဖြတ်ချက်ချရမည့်ကိစ္စများတွင် မိဘနှင့် ကလေးငယ်တို့ကို ပါဝင်ခွင့်ပေးခြင်းတို့ ပါဝင်ပါသည်။ ထို့ပြင် ကလေးငယ်ကို ထိခိုက်မှုပေးသော အကြမ်းဖက်မှုပုံစံတစ်မျိုးမှာ လိင်ပိုင်းဆိုင်ရာ နှိုင်ထက်စီးနင်းမှုပြုခြင်း ဖြစ်သည်။ ဖြစ်ရပ်တော်တော်များများတွင် ကျူးလွန်သူအများစုမှာ ကလေးများနှင့်သိကျွမ်းသူများ ဖြစ်ကြသည်။ ကလေးသူငယ်အပေါ် လိင်ပိုင်းဆိုင်ရာ နှိုင်ထက်စီးနင်းမှုပြုသည့်အထဲတွင် ဥပဒေအရ အရေးယူရန် ပျက်ကွက်နေသော ကလေးသူငယ် လက်ထပ်ထိမ်းမြားခြင်းလည်း ပါဝင်ပါသည်။ အရှေ့တောင်အာရှတွင် ကလေးပြည့်တန်ဆာများနှင့် အမြင်မတော်သော ရုပ်ပုံများထုတ်လုပ်ခြင်းဖြင့် ကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများ ပေါ်ပေါက်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတကာစံနှုန်းများအရ ပိတ်ပင်တားမြစ်ရန်အတွက် ကလေးသူငယ်များကို ရောင်းချခြင်းဆိုင်ရာ တားဆီးမှု နောက်ဆက်တွဲ စာချုပ်ဖြင့် ဖော်ပြထားပါသည်။

ပညာသင်ကြားခွင့်

မူလတန်းပညာရေးမှာ အခမဲ့ဖြစ်ပြီး မသင်မနေရစနစ် ဖြစ်ပါသည်။ အထက်တန်းပညာရေးကိုမူ လက်လှမ်းမီနိုင်ခွင့်နှင့် ရရှိနိုင်ခွင့်ရှိစေရမည်။ ပညာသင်ကြားနိုင်ခြင်း အခွင့်အရေးကို ဆုံးဖြတ်ရာတွင် အေ-လေးခုဖြစ်သော ရရှိနိုင်ခြင်း (Availability)၊ လက်လှမ်းမီနိုင်ခြင်း (Accessibility)၊ လက်ခံနိုင်ခြင်း (Acceptability) နှင့် လိုက်လျောညီထွေဖြစ်ခြင်း (Adaptability) တို့နှင့် တိုင်းတာဆုံးဖြတ်ပါသည်။ ရရှိနိုင်ခြင်း (Availability) ဆိုသည်မှာ စာသင်ကျောင်း၊ စာသင်ခန်းများနှင့် ထိုင်ခုံနေရာများသာ လုံလုံလောက်လောက်ရှိခြင်းကို ဆိုလိုပါသည်။ လက်လှမ်းမီနိုင်ခြင်း (Accessibility) ဆိုသည်မှာ ကလေးများ ကျောင်းသို့လာရောက်နိုင်ခြင်းကို ဆိုလိုပါသည်။ ကျောင်းသို့ ကုန်ကျစရိတ်ကြောင့်သော်လည်းကောင်း (အချို့သော မိဘများသည် ကုန်ကျစရိတ်ကြောင့် ကလေးကို ကျောင်းသို့ မပို့နိုင်ပေ)နှင့် ခွဲခြားဆက်ဆံမှုကြောင့်သော်လည်းကောင်း (အများအားဖြင့် အမျိုးသမီးများ၊ နိုင်ငံသားမဟုတ်သော ကလေးငယ်များနှင့် တိုင်းရင်းသားမျိုးနွယ်စုမှ ကလေးများ) ကျောင်းကို လက်လှမ်းမမီနိုင်ခြင်း မဖြစ်စေသင့်ပါ။ မည်သူတစ်ဦးတစ်ယောက်ကမျှ ၎င်း၏ပညာသင်ကြားခွင့်ကို ငြင်းပယ်ခံရခြင်း မရှိစေရပါ။ လက်ခံနိုင်ခြင်း (Acceptability) ဆိုသည်မှာ သင်ကြားပေးသော ပညာရပ်များသည် လိုအပ်သောအရည်အသွေးပြည့်ဝသော ပညာဖြစ်ရမည်။ သက်ဆိုင်မှု ရှိရမည်။ ခေတ်မီနေရမည်။ ထို့ပြင် ကောင်းမွန်စွာ လေ့ကျင့်ပေးထားသော ဆရာ၊ ဆရာမများနှင့် သင်ထောက်ကူပစ္စည်း လုံလုံလောက်လောက်ဖြင့် သင်ကြားနိုင်ခွင့် ရှိရမည်ဖြစ်သည်။ လိုက်လျောညီထွေဖြစ်ခြင်း (Adaptability) တွင် ကွဲပြားခြားနားသော အုပ်စုပေါင်းစုံမှကလေးများ ပါဝင်သင်ကြားနိုင်ခွင့်နှင့် သင်ကြားရေးဖြစ်စဉ်တွင် ဘာသာရပ်ပေါင်းစုံထည့်သွင်းခြင်းကို ဆိုလိုပါသည်။ အရှေ့တောင်အာရှ

တွင် အများဆုံးတွေ့ရလေ့ရှိသည့်ပြဿနာမှာ အိမ်တွင် နိုင်ငံတော်ဘာသာစကားကို အသုံးမပြုသည့် ကလေးများစွာ ရှိသဖြင့် ဘာသာစကားအသုံးပြုမှုတွင် အခက်အခဲဖြစ်ခြင်း ဖြစ်ပါသည်။ ထို့အတူ မသန်စွမ်းကလေးငယ်တို့အတွက်လည်း ဘာသာစကား လိုအပ်ပါသည်။

သက်ငယ်ပြစ်မှု တရားစီရင်ရေး

ပဋိပက္ခများတွင် ကလေးသူငယ်များ ဘေးကင်းရေးနှင့် လုံခြုံရေးဆိုင်ရာ ဥပဒေအတွက် စိုးရိမ်ပူပန်စရာ ကောင်းပါသည်။ အရှေ့တောင်အာရှ၏ သက်ငယ်ပြစ်မှု တရားစီရင်ရေးစနစ်မှာ ဖွံ့ဖြိုးဆဲအနေအထားတွင် ရှိပါသည်။ သက်ငယ်ပြစ်မှု တရားစီရင်ရေးတွင် (၁) အသေးစားကျူးလွန်မှုများအတွက် ပြစ်မှုနှင့်ပြစ်ဒဏ်များကို ဖော်ပြထားသည့် ဥပဒေများ၊ ရဲနှင့် တရားရုံးများက ပြစ်မှုကျူးလွန်သည့် ငယ်ရွယ်သူများကို ဖမ်းဆီးအကျဉ်းချရာတွင် လိုက်နာရမည့် နည်းနာများနှင့် ထိန်းသိမ်းရေးသင်တန်းကျောင်းများနှင့်ပတ်သက်သော ဥပဒေများ ပါဝင်ပါသည်။ တရားစီရင်ရေး စနစ်သည် ကလေးငယ်ကို အပြစ်ပေးရာတွင် ၎င်း၏တိုးတက်ဖွံ့ဖြိုးမှုကိုလည်း အထောက်အပံ့ဖြစ်စေမည့် ပြစ်ဒဏ်မျိုး ဖြစ်သင့်ပါသည်။ နိုင်ငံတော်တော်များများတွင် ပြစ်ဒဏ်ကျခံသင့်သော အသက်အရွယ် သတ်မှတ်ချက်မှာ အလွန်နိမ့်ပါးသဖြင့် ကလေးများသည် အခြားရွေးချယ်စရာ နည်းလမ်းမရှိဘဲ မကြာခဏဆိုသလို သက်ငယ်တရားရုံးနှင့် ထိန်းသိမ်းရေးဌာနများသို့ ရောက်ကြရသည်။ ကလေးများသည် ပြစ်မှုအသေးအမွှားများအတွက် မကြာခဏဖမ်းဆီးခံရပြီး ထိန်းသိမ်းရေးဌာနများတွင် အကြမ်းဖက်ခံရခြင်းနှင့် ကောင်းမွန်စွာမဆက်ဆံခြင်းတို့ ကြုံတွေ့နိုင်ပါသည်။ ဖြစ်သင့်သည်မှာ သက်ငယ်တရားရုံးများကို အရွယ်ရောက်ပြီးသူများအတွက် ကျင့်သုံးသည့်စနစ်နှင့် ကွဲပြားအောင် ပြုလုပ်ထားသင့်သည်။ ကလေးငယ်သည်လည်း ဥပဒေပံ့ပိုးမှု အကူအညီများ ရယူခွင့်ရှိပါသည်။ ထို့အတူ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းများနှင့် ခန္ဓာကိုယ်ကိုအပြစ်ပေးခြင်းမှ အကာအကွယ်ပေးမှုကိုလည်း ရယူခွင့်ရှိသည်။ လမ်းကြောင်းပြောင်းခြင်း မူဝါဒက သက်ငယ်အမှုများကို တရားစီရင်ပြီး အပြစ်ပေးခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းခြင်းတို့အစား အခြားရွေးချယ်စရာအခွင့်အလမ်းများကို လမ်းဖွင့်ပေးထားပါသည်။

ကလေးသူငယ်နှင့် လုပ်အား

အချို့သောကိစ္စရပ်များတွင် အနည်းငယ် အရွယ်ကြီးပြင်းသော ကလေးငယ်များ အလုပ်လုပ်ခြင်းမှာ ကြောင်းကျိုးဆီလျော်မှုရှိသော်လည်း ၎င်းတို့၏ လုပ်အားကို ခေါင်းပုံဖြတ်ခြင်းနှင့် အလုပ်လုပ်ခြင်းကြောင့် ကျောင်းမနေရတော့ခြင်းသည် ၎င်းတို့၏အခွင့်အရေး ချိုးဖောက်ခံရခြင်းပင် ဖြစ်လေသည်။ ကလေးငယ်များကို အကာအကွယ်ပေးရန် တုံ့ပြန်ဆောင်ရွက်ချက်များတွင် အလုပ်လုပ်ခွင့်ရှိသော အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်ဥပဒေ၊ လုပ်ငန်းခွင်အခြေအနေ အပေါ် စည်းကမ်းချမှတ်ခြင်းနှင့် အချို့သောအလုပ်များတွင် ပါဝင်လုပ်ကိုင်မှုကို တားမြစ်သည့် ဥပဒေတို့ ပါဝင်ပါသည်။ အသက်အရွယ် သတ်မှတ်ချက် ဥပဒေကို ILO က ၁၉၁၉ ခုနှစ်တွင် စတင် မိတ်ဆက်ခဲ့ပြီး လတ်တလောတွင် အဆိုးရွားဆုံးသော ကလေးလုပ်သား ခိုင်းစေမှုပုံစံများတွင် ကျွန်ပြုခြင်း၊ လူကုန်ကူးခြင်းနှင့် အကြွေးနှင့်နှိမ်၍သိမ်းယူခြင်းတို့ ပါဝင်သည်ဟု သတ်မှတ်ထားပါသည်။ ဒေသအတွင်းရှိ ကလေးသူငယ်၏လုပ်အားကို ချိုးဖောက်ခြင်းအမှုတွင် ငါးဖမ်းခြင်းကဲ့သို့သော

ကြမ်းတမ်းသည့်အလုပ်များ ခိုင်းစေခြင်း၊ တောင်းစားစေခြင်းနှင့် အမှိုက်ပုံများတွင် ပစ္စည်းရှာဖွေစေခြင်းတို့ ပါဝင်ပါသည်။

လက်နက်ကိုင် ပဋိပက္ခများမှ ကလေးငယ်များ

ကလေးသူငယ်များကို လက်နက်ကိုင်ပဋိပက္ခများမှ အကာအကွယ်ပေးရေးကို အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာသော ဥပဒေ (IHL)နှင့် စစ်သားအဖြစ် ခန့်အပ်ရာတွင် အနည်းဆုံး အသက် ၁၈ နှစ်ရှိရမည်ဟု သတ်မှတ်ပေးထားသည့် ကလေးသူငယ်များ လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်ခြင်းတားဆီးမှု နောက်ဆက်တွဲစာချုပ် (OPAC) တို့တွင် တွေ့နိုင်ပါသည်။ ကလေးသူငယ်များကို လက်နက်ကိုင်ပဋိပက္ခများတွင် ပြည်သူပြည်သား နေရာတွင်ဖြစ်စေ၊ ဘေးဒုက္ခခံစားရသူ နေရာတွင်ဖြစ်စေ သို့မဟုတ် တိုက်ခိုက်မည့်သူနေရာတွင်ဖြစ်စေ ထားရှိခြင်းမှ ဘေးအန္တရာယ်ကို ကာကွယ်ပေးရမည် ဖြစ်သည်။ အကာအကွယ်ပေးရေးဟုဆိုရာတွင် ပဋိပက္ခဖြစ်ပွားသော အရပ်ဒေသမှ ရွှေ့ပြောင်းခေါ်ဆောင်လာကာ ၎င်းတို့အတွက် လူသားချင်းစာနာသော အကူအညီများကို ပေးရန်ဖြစ်ပါသည်။ အရှေ့တောင်အာရှနိုင်ငံများရှိ နိုင်ငံတော် စစ်တပ်နှင့် နိုင်ငံတော်မဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့များစွာတို့တွင် ကလေးငယ်များကို စစ်သား (သို့မဟုတ်) ပေါ်တာအဖြစ် အသုံးပြုခဲ့ကြသည့် ဖြစ်ရပ်များ ၁၉၈၀ ခုနှစ်နှင့် ၁၉၉၀ ခုနှစ်များတွင် ရှိခဲ့ပါသည်။ သို့သော် ယခုအခါ ကလေးစစ်သားအရေအတွက်လည်း အလွန်နည်းပါးလာပြီဖြစ်သည်။ ကလေးစစ်သား လျှော့ချစေမည့် အကြောင်းများတွင် ကလေးများအပေါ် သဘောထားအမြင်များ ပြောင်းရန်၊ အတင်းအကျပ် စစ်မှုထမ်းခိုင်းခြင်းအစီအစဉ်များ ပြောင်းရန်နှင့် ဒေသအတွင်းတွင် လက်နက်ကိုင် ပဋိပက္ခများ လျော့နည်းသွားစေရန်တို့ ဖြစ်သည်။ ကလေးစစ်သားတို့ကို ရပ်ထဲရွာထဲသို့ ပြန်လည်ပေါင်းစည်းရန်အတွက် ပို့ဆောင်သည့်အခါ ၎င်းတို့အတွက် အထူးပြန်လည်ထူထောင်ရေး အစီအစဉ်များ လိုအပ်ပါသည်။

ဆယ်ကျော်သက် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အခွင့်အရေး

ကလေးသူငယ်အခွင့်အရေးများတွင် စိန်ခေါ်မှု ပို၍ကြုံတွေ့နေရသော အကြောင်းအရာမှာ ကလေးသူငယ်နှင့် နှစ်ဦးသဘောတူ လိင်ဆက်ဆံခြင်းနှင့် ပတ်သက်ပါသည်။ နိုင်ငံများသည် ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်းမှ အကာအကွယ်ပေးမည့် ဥပဒေများ ထုတ်ပြန်ထားသော်လည်း နှစ်ဦးသဘောတူ လိင်ဆက်ဆံကြသည့် ဆယ်ကျော်သက်အရွယ် ကလေးများအရေးကိုမူ ဖြေရှင်းရန် ပို၍ ခက်ခဲပါသည်။ ထိုကိစ္စကို ဖြေရှင်းရန် အရေးကြီးသည်မှာ မှန်သော်လည်း တာဝန်ယူတတ်၍ အန္တရာယ်ကင်းသော လိင်ဆက်ဆံမှုအကြောင်း ပညာပေးမှု အားနည်းနေပါသည်။ လိင်ဆက်ဆံခြင်းမှ တစ်ဆင့်ကူးစက်တတ်သော ရောဂါများ၊ နှစ်ဦးသဘောတူမဟုတ်သည့် လိင်ဆက်ဆံမှုနှင့် မျိုးဆက်ပွားကျန်းမာရေးအတွက် ရွေးချယ်ရန် အခွင့်အလမ်းနည်းပါးနေခြင်း စသော ပြဿနာများကြောင့် လူငယ်ဘဝကို ထိခိုက်မှု ဖြစ်စေပါသည်။ သန္ဓေတားဆေး မရရှိနိုင်ခြင်းနှင့် လူမှုဖိအား (မိန်းကလေးများအတွက်သာ) များကြောင့် ဆယ်ကျော်သက်အရွယ် ကိုယ်ဝန်ဆောင်ရသည့် အခြေအနေသို့ ဆိုက်ရောက်နိုင်ပါသည်။ ထိုပြဿနာသည် အရှေ့တောင်အာရှရှိ နိုင်ငံများစွာတွင် စိုးရိမ်စရာတစ်ခု ဖြစ်နေပါသည်။

ခ။ စာမေးပွဲ သို့မဟုတ် အက်ဆေးမေးခွန်းများ

- သင်၏ အစိုးရက ကလေးသူငယ်များအတွက် အလုပ်အကိုင်၊ ပညာရေးနှင့် အကြမ်းဖက်ခံရခြင်းတို့အတွက် မည်သို့သောဥပဒေများ ထုတ်ပြန်ထားရှိသနည်း။
- အစိုးရ (သို့မဟုတ်) အဖွဲ့အစည်းများက အသုံးပြုသော ကလေးသူငယ်များ တတ်နိုင်သမျှ ကောင်းစားရေးအတွက် မျှော်မှန်းသည့် နည်းလမ်းအတွက် သာဓကတစ်ခုကို ဖော်ပြပါ။ ထိုနည်းလမ်းကို ကလေးငယ်များနှင့်သက်ဆိုင်သော အကြောင်းအရာများနှင့်ပတ်သက်၍ ခံရုံးနှင့် အစိုးရက ဆုံးဖြတ်ချက်ချမှတ်ရာတွင် အသုံးပြုပါသလား။
- စာသင်ကျောင်းများတွင် ခန္ဓာကိုယ်ကို အပြစ်ပေးခြင်းကို ကျင့်သုံးနေဆဲပါသလား။ အဘယ်ကြောင့် ထိုသို့ ဖြစ်ပွားရသနည်း။ မည်သို့ တားဆီးခဲ့သနည်း။
- သင့်နိုင်ငံတွင် ကလေးများသည် အဘယ်ကြောင့် ကျောင်းမှနုတ်ထွက်ကြသနည်း။ ထိုသို့ နုတ်ထွက်ခြင်းကို မည်သို့ ရပ်တန့်စေသင့်သနည်း။
- သင့်နိုင်ငံထဲတွင်ရှိသော တိုင်းရင်းသား (သို့မဟုတ်) အင်အားနိမ့်ပါးသော ကလေးငယ်များ ပါဝင်သော အုပ်စုကို ရွေးချယ်ပါ။ ထို့နောက် ၎င်းတို့ကို ပညာသင်ကြားပေးရာတွင် တွေ့ကြုံရသော စိန်ခေါ်မှုများအကြောင်း ဆွေးနွေးပါ။
- သင့်နိုင်ငံ၏ သက်ငယ်ပြစ်မှု တရားစီရင်ရေးစနစ်သည် ကလေးငယ်များကို ထိန်းသိမ်းထားခြင်းကိုရှောင်ရှားသည့် လမ်းကြောင်းပြောင်းစေသော နည်းလမ်းမျိုးကို အသုံးပြုပါသလား။
- ကောင်းမွန်သော သက်ငယ်ပြစ်မှု တရားစီရင်ရေးစနစ်၏ သွင်ပြင်လက္ခဏာများမှာ အဘယ်နည်း။
- သင့်နိုင်ငံတွင် ကလေးလုပ်သားဆိုင်ရာ မည်သို့သော ဖြစ်ရပ်များ ရှိပါသနည်း။ ကလေးများ မည်သည့်နေရာတွင် မည်သည့်အတွက်ကြောင့် အလုပ်လုပ်နေရပါသနည်း။
- မည်သည့် နေရာများတွင် ကလေးစစ်သား အသုံးပြုနေဆဲ ဖြစ်သနည်း။ အဘယ်ကြောင့် ကလေးငယ်များသည် ပဋိပက္ခများတွင် ဝင်ရောက်တိုက်ခိုက်နေရပါသနည်း။
- မျိုးဆက်ပွားကျန်းမာရေးနှင့်ပတ်သက်လျှင် ကလေးငယ်များသည် မည်သို့သော သတင်းအချက်အလက်များ ရရှိထားသင့်ပါသနည်း။

အထွေထွေ သတင်းအချက်အလက်
Websites with extensive information include:

- Child Rights Information Network (CRIN): many useful guides and introductions to child rights
- United Nations International Children's Emergency Fund (UNICEF): a wide variety of studies on iQues such as education, work, and health
- Save the Children International: research on child rights, development, and education
- Child Rights Connect: introductory materials
- Child Rights Coalition Asia (CRC Asia): a regional network of children's rights and human rights organizations with the objective of mainstreaming children's rights perspectives and agenda into regional and international advocacy proceQes

ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူညီချက် (CRC)

- Information specific to the CRC can be found on the OHCHR website and the Committee on the Rights of the Child (the treaty body of the CRC). Links to the rapporteurs and studies on child violence, child soldiers, and the sale of children may also be found here
- For more specific information on child rights in ASEAN, the Institute for Human Rights and Peace Studies (Mahidol University) partnered with Save the Children International to produce 'Regional Synthesis: Child Rights Situation Analysis within the ASEAN Region' (2016)

ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုကို ဆန့်ကျင်ခြင်း

The websites of the following NGOs have reports and studies on this:

- End Child Prostitution in Asian Tourism (ECPAT): studies of countries throughout Southeast Asia. This NGO also works in the areas of sex trafficking and child prostitution
- Global Initiative to End All Corporal Punishment of Children: database of the status of laws on corporal punishment and its use in many countries
- Global Partnership to End Violence Against Children
- Partners for Prevention: studies of sexual violence in many Asian countries although not specifically about children

ပညာရေး

- United Nations Development Programme (UNDP): statistics on children in schools can be found in the UNDP's Human Development Reports
- The World Bank also has extensive data on children in the areas of education and work.
- United Nations Educational, Scientific and Cultural Organization (UNESCO): material on the right to education, including its Education for All Global Monitoring

Reports. First Language First is also a study on language and ethnic and indigenous children

- Katarina Tomasevski: searching for work by the first Special Rapporteur on education will uncover much material including a world education report, and various reports on the 4A system

သက်ငယ်ပြစ်မှု တရားစီရင်ရေး

- Raoul Wallenberg Institute (RWI): A Measure of Last Resort: Juvenile Justice in ASEAN Member States reviews all the laws and practices of juvenile justice
- International Juvenile Justice Observatory (IJJO): includes relevant research
- Other bodies working on juvenile justice: the International NGO Council on Violence Against Children, the United Nations Interregional Crime and Justice Research Institute (UNICRI), and the United Nations Office on Drugs and Crime (UNODC)

ကလေးလုပ်သား

- International Labour Organization (ILO): databases on child labour laws, and also research on child labour
- US Department of Labor, Bureau of International Labor Affairs: country studies on the worst forms of child labour including many Southeast Asian countries

မျိုးဆက်ဟားကျန်းမာရေး

- World Health Organization (WHO): has an adolescent reproductive health program which includes studies on this topic
- United Nations Population Fund (UNFPA): resources on this topic

၁၁

လိင်နှင့် ကျား-မ ရေးရာ(ဂျန်ဒါ)မတူကွဲပြားမှု

မိတ်ဆက်

ဘာသာရေးဆိုင်ရာ မူလဖော်ပြချက်များတွင် လိင်တူချစ်သူ၊ လိင်တူ လိင်ကွဲ နှစ်မျိုးစလုံး တပ်မက်သူနှင့် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူဝတ်စားနေထိုင်သူများအပေါ် မနှစ်လိုမှုများနှင့် ခွဲခြားဆက်ဆံမှုများ ဖော်ပြပါရှိသည်။

၁၁.၁ ခြုံငုံသုံးသပ်ခြင်း

လိုင်တူတပ်မက်သူများကို ဆန့်ကျင်သည့် အစဉ်အလာဟောင်းမှာ ခရစ်ယာန်နှင့် အစ္စလာမ် ဘာသာတို့မှတစ်ဆင့် ဂျူဝါဒအထိ ဆက်နွယ်နေပါသည်။ အရှေ့တောင်အာရှရှိ ဗုဒ္ဓဘာသာတို့၏ ယုံကြည်မှုအရမူ လိုင်တူချစ်သူနှင့် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူဝတ်စားနေထိုင်သူများသည် အတိတ်ဘဝက အကုသိုလ်ကံ၏ အကျိုးဆက်ဟု ယုံကြည်ကြသည်။ မျက်မှောက်ခေတ်တွင်မူ ထိုကဲ့သို့သော ဘာသာရေးယုံကြည်မှုများ၏ ခိုင်မာမှုက မသေချာလှပါ။ ခရစ်ယာန်ဘာသာသည် လိင်အင်္ဂါ အမြေးပါးဖြတ်တောက်ခြင်းနှင့် အစားအသောက်ဆိုင်ရာ ဥပဒေသများ အပါအဝင် စည်းမျဉ်း တော်တော်များများကို ကျသာရေလတို့၏ စည်းမျဉ်းများကို မှီးငြမ်းယူငင်ထားသည်။ ယနေ့ခေတ်တွင် ပရိုတက်စတင့်တို့ကမူ တန်းတူညီမျှရှိမှုနှင့် မခွဲခြားဘဲဆက်ဆံမှုကို ထောက်ခံအားပေးလာပါသည်။ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က လိင်တူတပ်မက်သူများအပေါ် ဘေးဖယ်မှုမရှိခြင်းသည် လူအများကို အံ့အားသင့်စေသည်။ ပုပ်ရဟန်းမင်းကြီးက ထိုလိင်တူတပ်မက်သူများကို 'စိတ်ကောင်းရှိပြီး ဘုရားသခင်ကို ယုံကြည်ရှာဖွေနေသူ'ဟု ဆိုသည့်အပြင် ဘုရားကျောင်းသည် လိင်တူချစ်ခင်သူတစ်ယောက်အပေါ် စိတ်မချမ်းမြေ့အောင်ပြုလုပ်မှုအတွက် ပြန်လည်တောင်းပန်သင့်သည်ဟု ပြောပါသည်။ အစ္စလာမ်ကိုးကွယ်ယုံကြည်သူများ၏ နှလုံးသည်းပွတ်နေရာဖြစ်သော အရှေ့အလယ်ပိုင်းဒေသ၏ ပြင်ပတွင်မူ ထင်ရှားကျော်ကြားသော မိန်းမလျာ မွတ်ဆလင်မော်လဝီများနှင့် အမျိုးသမီးချင်းစိတ်ဝင်စားသူ၊ အမျိုးသားချင်းစိတ်ဝင်စားသူ၊ လိင်တူ လိင်ကွဲနှစ်မျိုးစလုံး တပ်မက်သူနှင့် နပုလ္လိင် (LGBTI) ဝတ်ပြုကိုးကွယ်သည့်အဖွဲ့များ ရှိပါသည်။ ထို့ပြင် ဗုဒ္ဓဘာသာရဟန်းတော်အဖြစ် သာသနာ့ဘောင်သို့ ဝင်ရောက်လာသော မိန်းမလျာတချို့ကို ထိုင်းနိုင်ငံတွင် အသိအမှတ်ပြုမှုများ ရှိပါသည်။ ယခုအခါ အဓိကဘာသာကြီးများ၏ အစဉ်အလာ လက်ခံယုံကြည်မှုတွင် လိင်တူလိင်ကွဲဆိုင်ရာ လူ့အခွင့်အရေး ထည့်သွင်းစဉ်းစားမှုအတွက် ဘာသာအတွင်း အငြင်းပွားဆွေးနွေးစရာများ ပေါ်ပေါက်လာပါသည်။

ဘာသာရေးတွင်သာမက လူမှုဝန်းကျင်၏ သဘောထားအမြင်များမှာလည်း လိင်တူချစ်သူများကိုလက်ခံရန် အများအားဖြင့် ခက်ခဲနေကြသည်။ ရလဒ်အားဖြင့် လိင်တူများအပေါ် ချစ်ခင်စွဲလန်းမိသူများသည် မူလနှင့်သွေဖီ၍ ကွဲပြားနေသော ၎င်းတို့၏ ဂျန်ဒါကို အနီးကပ်ဆုံး မိသားစုဝင်များ မသိရှိအောင်ပင် ဖုံးဖိနေရသည့် အနေအထားများ ဖြစ်ပေါ်လာသည်။ ပုန်းလျှိုးကွယ်လျှိုးနေရခြင်း (သို့မဟုတ်) အလုံပိတ်နေခြင်းသည် စိတ်ဖိစီးစရာဖြစ်သော်လည်း ၎င်းတို့အတွက်မူ ထိုအခြင်းအရာသည် ဘဝကိုကာကွယ်ထားရသည့် နည်းဗျူဟာတစ်ခု ဖြစ်နေလေသည်။ ထိုနည်းလမ်းသည် အမျိုးသမီးချင်းစိတ်ဝင်စားသူနှင့် အမျိုးသားချင်းစိတ်ဝင်စားသူ နေရာတော်တော်များများတွင် ကျင့်သုံးနေသော နည်းလမ်းတစ်ခု ဖြစ်ဖွယ်ရှိပါသည်။ ဆိုရလျှင် လိင်တူချစ်သူ၊ လိင်တူလိင်ကွဲတပ်မက်သူ၊ လိင်စိတ်ပြောင်းလဲနေသူ၊ နပုလ္လိင် (LGBTI) များကို လူ့အသိုင်းအဝိုင်းက မနှစ်မြို့ကြသည်က များပါသည်။ ထို့ကြောင့် ၎င်းတို့တည်ရှိနေမှုကို မျက်ကွယ်ပြုထားကြသည်။ ရလဒ်အားဖြင့် လူမျိုးစုငယ်မှ အမျိုးသမီးများ (အမျိုးသမီးဖြစ်ခြင်းနှင့် လူမျိုးစုငယ်မှဖြစ်ခြင်း စသော ဖြစ်တည်မှုအခြင်းအရာနှစ်ခုအတွက် တန်းတူညီမျှမှု ရှာဖွေနေသော အုပ်စု)ကဲ့သို့သော လိင်ပိုင်းဆိုင်ရာ အင်အားနည်းသောအုပ်စု၏ အတွေ့အကြုံများနှင့်နှိုင်းယှဉ်လျှင် အခြားဖြစ်တည်မှု အခြင်းအရာတစ်ခုနှင့် ပေါင်းစပ်ထားသော လိင်တူတပ်မက်သူတစ်ဦးအပေါ် လူ့အသိုင်းအဝိုင်းက တုန့်ပြန်ကြပုံများမှာ ကွဲပြားနေပါသည်။

လိင်တူချစ်သူများနှင့် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူဝတ်စားနေထိုင်သူများကို အထူးသီးသန့် ပုံစံတစ်ခုအဖြစ် ပွင့်ပွင့်လင်းလင်း လက်ခံခဲ့သည့်ကာလ ရှိခဲ့သည့်တိုင်အောင် (ဂရိ၊ တရုတ်၊ ဂျပန်နှင့် ကိုရီးယားတွင် အသေအချာမှတ်တမ်းတင်ထားရှိထား) အများအားဖြင့် လူ့အသိုင်းအဝိုင်းက သူတို့အပေါ် ဆန့်ကျင်အမြင်ရှိခဲ့၍ သူတို့ဖြတ်သန်းရသည့်သမိုင်းမှာ ကြမ်းတမ်းလှပါသည်။ အနောက်လူ့အသိုင်းအဝိုင်းက လိင်တူချစ်ခင်မှုကို ရောဂါတစ်ခု (သို့မဟုတ်) နာဖျားချို့ယွင်းမှုတစ်ခုအဖြစ် မှတ်ယူသည့် အတွေးအခေါ်သည် ၁၉ ရာစုနှောင်းပိုင်းတွင် ကမ္ဘာသို့ ပျံ့နှံ့လာခဲ့သည်။ လက်ရှိရာစုနှစ် အလယ်အထိအောင် ကမ္ဘာ့အနောက်ခြမ်းနှင့် လက်တင်အမေရိကအပြင် တစ်ခါတစ်ရံ အချို့ဒေသများမှာပင်လျှင် လိင်တူချစ်သူများအပေါ် နှစ်လိုအားပေးမှုမရှိသည့် ဥပဒေများ ချမှတ်ခဲ့သည်။ ယေဘုယျအားဖြင့် လိင်တူချစ်သူများအပေါ် မနှစ်လိုမှုသည် ယနေ့ခေတ်အထိအောင် ရှိနေဆဲဟု ဆိုနိုင်သည်။ သို့ဖြစ်ရာ လက်ရှိ လူ့အခွင့်အရေးရှုထောင့်မှအမြင်မှာ ခွဲခြားဆက်ဆံမှုရှိသည့် ယခင်အတွေးအခေါ်ဟောင်းကို စိန်ခေါ်မှုဖြစ်စေသည်။ ထိုသို့ လုံလုံလောက်လောက် စဉ်းစားတွေးခေါ်နိုင်စေရန်အတွက် ခေတ်မီဆေးဝါးများကလည်း လိင်တူချစ်သူရှိခြင်းမှာ ရောဂါတစ်ခုမဟုတ်ဆိုသော သက်သေပြချက်များ ထုတ်ပေးပြီး ဇီဝကမ္မဆိုင်ရာ ရှုထောင့်အနေဖြင့် ထိုသို့သော လိင်စိတ် တိမ်းညွတ်မှုသည် လူသားများအကြားတွင်သာမက တိရစ္ဆာန်များအကြားတွင်လည်း အမျိုးမျိုးကွဲပြားမှုရှိနိုင်သည်ဟူသော အကြောင်းပြချက်များ ပံ့ပိုးပေးပါသည်။ ယနေ့ခေတ် လူ့အဖွဲ့အစည်းတွင်မူ (က) လူတို့သည် မိမိမွေးဖွားရာမိသားစုမှ မိမိစိတ်ဆန္ဒအတိုင်း အမှီအခိုကင်းကင်း သွားလာရပ်တည်နိုင်ခြင်း နှင့် (ခ) ခေတ်မီလူ့အခွင့်အရေးမူဝါဒများတွင် လူတစ်ဦးချင်းစီ၏ အခွင့်အရေးကို အသိအမှတ်ပြုခြင်းတို့ကြောင့် လိင်တူတပ်မက်သူများ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူဝတ်စားနေထိုင်သူများအပေါ်ထားရှိသည့် လူတို့၏ အမြင်များပြောင်းလဲရန် အထောက်အကူဖြစ်စေပါသည်။

ဤအခန်းတွင် ဖို-မ လိင်စိတ်နှင့်ဆိုင်သော ကိစ္စရပ်များအပေါ် လူတို့၏ တုံ့ပြန်ချက်များ ပြောင်းလဲလာပုံကို လေ့လာမည်ဖြစ်သည်။ ၎င်းနောက် ထိုအကြောင်းအရာနှင့် သက်ဆိုင်သော ဝေါဟာရများနှင့် အမျိုးအစားများအကြောင်းကို ဆက်လက်ဆွေးနွေးမည်ဖြစ်၍ ရှုပ်ထွေးသော အကြောင်းအရာများ ပါလာပါလိမ့်မည်။ အရှေ့တောင်အာရှတွင် လိင်တူချစ်သူများ ယနေ့ခေတ်လို လူထုကြားထဲတွင် မြင်သာထင်သာနေနိုင်သည့် အနေအထားနှင့် လူထုလှုပ်ရှားမှုများပြုလုပ်နိုင်သော အခြေအနေသို့မရောက်မီတွင် ၎င်းတို့နှင့်ပတ်သက်ပြီး ပြဋ္ဌာန်းထားသောဥပဒေများ သမိုင်းကြောင်းနှင့် ၎င်းတို့၏လက်ရှိတည်ရှိမှုတို့ကို လေ့လာပါမည်။ နောက်ဆုံးအနေဖြင့် ခွဲခြားဆက်ဆံမှုကို တိုက်ဖျက်သော အကြောင်းအရာများ၊ လူသားအချင်းချင်း မေတ္တာပေါင်းကူးခြင်းအပေါ် အသိအမှတ်ပြုခြင်း၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူဝတ်စားနေထိုင်သော လူသားများနှင့် နပုလ္လိင်ပိုင်ဆိုင်ထားသူများအကြောင်း ဆက်လက်ဆွေးနွေးပါမည်။

၁၁.၁.၁ စစ်ပြီးခေတ်နောက်ပိုင်း အပြောင်းအလဲ

လူ့အခွင့်အရေး ကြေညာစာတမ်း ထုတ်ပြန်လိုက်သည့် နှစ်ဝန်းကျင်မှစ၍ ဖို-မ လိင်စိတ်ဆိုင်ရာကိစ္စရပ်များအပေါ် သဘောထားမူများ ကြီးကြီးမားမား ပြောင်းလဲလာခဲ့ကြသည်။ ဗြိတိသျှကိုလိုနီအုပ်ချုပ်မှု၏ သက်ရောက်မှုအဖြစ် ၁၉၄၈ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံများ ထက်ဝက်ခန့်မှာ အမျိုးသားချင်း လိင်တူဆက်ဆံမှုအပေါ် တားမြစ်သော ဥပဒေများ ထုတ်ပြန်ခဲ့သည်။ အစိုးရနှင့်

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများတွင် လိင်တူချစ်သူများကို ဝန်ထမ်းအဖြစ် မခန့်အပ်ကြပါ။ စိတ်ရောဂါအထူးကုများ၊ စိတ်ပညာရှင်များနှင့် ဤအကြောင်းအရာကို သိရုံမျှလေ့လာထားသူတို့က လိင်တူတပ်မက်မှုကို ရောဂါတစ်မျိုးမျိုးဟူ၍ မှတ်ယူခဲ့ကြသည်။ ၁၉၄၈ ခုနှစ်တွင် မည်သည့်နိုင်ငံကမျှ လိင်တူထိမ်းမြားလက်ထပ်မှုကို တရားဝင်အသိအမှတ်မပြုပါ။ အမျိုးသမီးချင်း ချစ်သူများသည် ၎င်းတို့၏ လိင်စိတ်တိမ်းညွတ်မှုသည် အမျိုးသားအပေါ်တွင်မဟုတ်ဘဲ အမျိုးသမီးအချင်းချင်း အပေါ်တွင်ဖြစ်ကြောင်း သိသာလာသောအခါ ၎င်းတို့မွေးထုတ်ခဲ့သော ကလေးကို အုပ်ထိန်းနိုင်ခွင့် အား ဆုံးရှုံးနိုင်ပါသည်။ ထိုအချိန်က အဓိက ဘာသာရေးအစဉ်အလာများအရ လိင်တူနှင့် လိင်နှစ်မျိုးစလုံး တပ်မက်မှု၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူဝတ်စားနေထိုင်မှုနှင့် နပုလ္လိင်ရှိမှု (LGBTI) ဆိုင်ရာ အကြောင်းအရာများအပေါ် မနှစ်မြို့စရာဟု မြင်လျှင်မြင်၊ သို့မဟုတ် နှုတ်ဆိတ်နေကြပါသည်။ ခြွင်းချက်အနေဖြင့် ယဉ်ကျေးမှုတော်တော်များများတွင် ကိုးကွယ်ယုံကြည်ရာ နတ်တို့၏ ကြားခံလူ (နတ်ကတော်)များသည် အများအားဖြင့် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူဝတ်စားနေထိုင်သူ (သို့မဟုတ်) လိင်တူချစ်သူများ ဖြစ်နေတတ်ပါသည်။ (အရှေ့တောင်အာရှတွင် သာဓကများစွာ ရှိပါသည်။)

ယနေ့ခေတ်တွင် ဂျန်ဒါ ဖြစ်တည်မှုနှင့် လိင်စိတ်တိမ်းညွတ်မှုဆိုင်ရာ ကိစ္စရပ်များတွင် စိတ်ဝမ်းကွဲပြားမှုများကို နိုင်ငံတကာတွင် ရပ်တန့်လာပြီ ဖြစ်သည်။ အနောက်နှင့် လက်တင်အမေရိက နိုင်ငံများတွင် (က) တရားရုံးဥပဒေများ အားလုံးနီးပါး ဖျက်သိမ်းပြီးဖြစ်သည်။ (ခ) ခွဲခြားဆက်ဆံမှု မရှိစေရေး ဥပဒေသည် 'လိင်စိတ်တိမ်းညွတ်မှု'၊ 'လိင်စိတ်အတိုင်း ပြုကျင့်နေထိုင်မှု'၊ 'ကျား-မ ဖြစ်ခြင်းဆိုင်ရာ လက္ခဏာ' (သို့မဟုတ်) နပုလ္လိင်ဖြစ်ခြင်း အနေအထားကိုပါ ခြုံငုံမိစေသည်။ ထို့အပြင် (ဂ) လက်ထပ်ထိမ်းမြားခွင့်ဆိုင်ရာ တာဝန်ဝတ္တရားနှင့် အခွင့်အရေး တော်တော်များများ (သို့မဟုတ်) တချို့တစ်ဝက်တို့တွင် လိင်တူချင်းထိမ်းမြားမှုကိုပါ အကျုံးဝင်အောင် ခွင့်ပြုထားသည်။ နယ်သာလန်နိုင်ငံတွင် မည်သည့်လူပုဂ္ဂိုလ်နှစ်ဦးမဆို ၂၀၀၁ ခုနှစ်မှ စပြီး လွတ်လွတ်လပ်လပ် လက်ထပ်ထိမ်းမြားခွင့် ရှိသည်။ နယ်သာလန်တွင် ခွင့်ပြုချက်သည် ဦးဆောင်နမူနာဖြစ်ပြီး ယခုအခါ နိုင်ငံပေါင်း ၂၀ ကျော်တွင် ထိုသို့သော လက်ထပ်ထိမ်းမြားခွင့်ကို ခွင့်ပြုပေးပြီးဖြစ်သည်။ ထိုနိုင်ငံများတွင် အရှေ့တောင်အာရှကို ကိုလိုနီပြုခဲ့သည့် ဥရောပနိုင်ငံများဖြစ်ကြသော ပြင်သစ်၊ ဒတ်ချ် (နယ်သာလန်)၊ ပေါ်တူဂီ၊ စပိန်၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့ ပါဝင်ပါသည်။

ဆန့်ကျင်ဘက်အားဖြင့် အာဖရိက ဆာဟာရဒေသ၊ ရုရှနှင့် ၎င်း၏ အိမ်နီးချင်းနိုင်ငံများတွင် ပိုမိုးဆိုးရွားသော အခြေအနေ ဖြစ်သွားသည်။ ကိုလိုနီခေတ်က ဥပဒေတားမြစ်ချက်များကို အာဖရိကနိုင်ငံအချို့တွင် ပိုမိုတင်းကျပ်လိုက်သည့်အပြင် နိုင်ငံတော်ခေါင်းဆောင်များကလည်း လိင်တူတပ်မက်မှုအပေါ် မကြာခဏ ပြစ်တင်ဝေဖန်ပါသည်။ လိင်တူချစ်သူဟု သံသယရှိသူများနှင့် လိင်တူချစ်သူတို့စုဝေးခြင်းကို ဆန့်ကျင်သည့် တက်ကြွသောလှုပ်ရှားမှုများ အာဖရိက နိုင်ငံ တော်တော်များများတွင် ပေါ်ပေါက်ခဲ့သည်။ လိင်တူ၊ လိင်နှစ်မျိုးစလုံး တပ်မက်မှု၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူဝတ်စားနေထိုင်မှုနှင့် နပုလ္လိင် အနေအထားတို့အတွက် လူအခွင့်အရေး အကာအကွယ်ပေးသူများသည်လည်း အတိုက်ခိုက်ခံခဲ့ရသည်။ အချို့ဆိုလျှင် အသတ်ခံခဲ့ရသည်အထိ ဖြစ်ခဲ့သည်။ ရုရှနိုင်ငံနှင့် ၎င်း၏အိမ်နီးချင်းနိုင်ငံများသည် လိင်တူချစ်ခင်မှုကို အားပေးအားမြှောက်ပြုသည့် ဝါဒဖြန့်မှုမျိုးကို ဆန့်ကျင်သည့် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပြီး၊ အမျိုးသားချင်း စိတ်ဝင်စားသူများနှင့် အမျိုးသမီးချင်း

စိတ်ဝင်စားသူတို့က လူမြင်ကွင်းထဲရောက်လာခြင်း၊ လှုပ်ရှားတက်ကြွမှုတွင် ပါဝင်ခြင်းနှင့် အရပ်ဘက်အဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခြင်းများကို ကန့်သတ်ပိတ်ပင်လိုက်ပြီး ၎င်းတို့၏ ဖြစ်တည်မှုကို အလုံပိတ်အနေအထားသို့ ရောက်သွားအောင် တွန်းပို့ခဲ့ကြသည်။ ထိုဥပဒေတို့၏ ဦးတည်ချက်မှာ ကလေးသူငယ်များကို လိင်တူချစ်သူများဖြစ်အောင် စည်းရုံးသိမ်းသွင်းခြင်းမှ ကာကွယ်နိုင်ရန် ဖြစ်သည်။ လိင်တူနှင့် လိင်နှစ်မျိုးစလုံးကို တပ်မက်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူဝတ်စားနေထိုင်သူနှင့် နပုလ္လိင်ရှိသူတို့၏ အခွင့်အရေးကို အရှေ့အလယ်ပိုင်းနှင့် အာဖရိကမြောက်ပိုင်း နိုင်ငံများအပြင် အစ္စလာမ်စ် နိုင်ငံများပူးပေါင်းဆောင်ရွက်ရေးအသင်း OIC ထဲတွင် ပါဝင်သော အဖွဲ့ဝင်နိုင်ငံများ (အင်ဒိုနီးရှား၊ မလေးရှားနှင့် ဘရူနိုင်း စသည်တို့) တွင် ငြင်းပယ်ထားဆဲ ဖြစ်ပါသည်။

၁၁.၁.၂ အရှေ့တောင်အာရှတွင် ပြောင်းလဲမှုများ

အာရှနှင့် အရှေ့တောင်အာရှတွင် မည်သို့သော အပြောင်းအလဲများ ဖြစ်ခဲ့ပါသနည်း။ ထိုနိုင်ငံများတွင် ဥပဒေအရ ကန့်သတ်တားမြစ်ချက်များမှာ ဗြိတိသျှကိုလိုနီဘဝ ကျရောက်စဉ်က ဗြိတိသျှတို့ရေးဆွဲခဲ့သည့် တားမြစ်ချက်များ ဖြစ်သည်။ (ဟောင်ကောင်ကမူ ခြွင်းချက်ဖြစ်ပါသည်။ ဟောင်ကောင်သည် တရုတ်ပြည်မကြီးနှင့် ပြန်လည်ပေါင်းစည်းခြင်းမပြုမီ အမျိုးသားချင်း လိင်ဆက်ဆံမှုကိုတားမြစ်သော ဥပဒေကို ပယ်ဖျက်ခဲ့သည်။) တောင်အာရှ (သို့မဟုတ်) အရှေ့တောင်အာရှမှ မည်သည့်နိုင်ငံကမှ ထိုသို့သော ဥပဒေများကို ထိထိရောက်ရောက် မပြဋ္ဌာန်းနိုင်ခဲ့ပေ။ ထိုမျှမက ရဲများက အချို့နေရာများတွင် ထိုသူတို့ကို ခြေသလုံးအိမ်တိုင်အလုပ်လက်မဲ့မှု၊ အများပြည်သူကို စိတ်အနှောင့်အယှက်ပြုစေမှုတို့ဖြင့် ဖမ်းဆီးအရေးယူမှုများလည်း ရှိသည်။ ဂျာဗားကျွန်းတွင် အမျိုးသားချင်းစိတ်ဝင်စားသူနှင့် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူဝတ်စားနေထိုင်သူများကို တက်တက်ကြွကြွ ဆန့်ကျင်လှုပ်ရှားမှုများ ရံဖန်ရံခါဆိုသလို ပေါ်ပေါက်လေ့ရှိသည်။ ဂျာဗားကျွန်းတွင် ထိုသို့သော အစ္စလာမ် လှုပ်ရှားတက်ကြွသူ အမာခံများနှင့် အလားတူ လှုပ်ရှားတက်ကြွသော အဖွဲ့များ၏ အပြုအမူများကို ရဲအရာရှိများကလည်း အရေးယူထိန်းချုပ်ရန် ပျက်ကွက်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဧပြီလတွင် အမျိုးသားချင်း လိင်တူချစ်သူအခွင့်အရေး လှုပ်ရှားသူနှစ်ဦး ဘင်္ဂလားဒေ့ရှ်တွင် အသတ်ခံခဲ့ရသည်။ ၎င်းသည် အာရှတွင် ပထမဆုံးသော အမှုအခင်းဖြစ်ပါသည်။ (ထိုဖြစ်ရပ်သည် ဆွန်နီမွတ်ဆလင် မဟုတ်သူများနှင့် ဘာသာမဲ့များကို ဦးတည်တိုက်ခိုက်သော ဘာသာရေးကို အခြေခံသည့် ဥပဒေပြင်ပ သတ်ဖြတ်မှုများ၏ နောက်ဆက်တွဲများထဲက တစ်ခုဖြစ်သည်။) လိင်တူနှင့် လိင်နှစ်မျိုးစလုံး တပ်မက်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူဝတ်စားနေထိုင်သူနှင့် နပုလ္လိင်ရှိသူတို့ကို လုပ်ငန်းခွင်တွင် ခွဲခြားနှိမ်ချဆက်ဆံခြင်းမှ ကာကွယ်သည့် ဥပဒေပြဋ္ဌာန်းမှုမှာ ယခုမှ ဒေသအတွင်း အစပျိုး ပေါ်ပေါက်လာရုံရှိပါသေးသည်။ လိင်ခွဲစိတ်ပြုပြင် ပြောင်းလဲပြီးနောက် ပြောင်းလဲထားသည့် လိင်အတိုင်း ကိုယ်ရေးအချက်အလက်များ ပြောင်းလဲခွင့်ကို အရှေ့တောင်အာရှ သုံးနိုင်ငံ (အင်ဒိုနီးရှား၊ စင်ကာပူနှင့် ဗီယက်နမ်) တို့တွင်သာ လုပ်ဆောင်ပေးသည်။ မိသားစုဝင်များက လက်မခံခြင်းမှာ လိင်တူနှင့် လိင်နှစ်မျိုးလုံး တပ်မက်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူဝတ်စားနေထိုင်သူနှင့် နပုလ္လိင်ရှိသူတို့အတွက် အဓိကပြဿနာသဖွယ်ရှိနေသည်ဟု သိရပါသည်။ ထို့အတူ နိုင်ငံတော်နှင့် ဘာသာရေးအယူအဆကလည်း ၎င်းတို့အပေါ် ပံ့ပိုးမှု မရှိသလောက်ဖြစ်နေသည်ကများပြီး ရှိလျှင်လည်း မဆိုစလောက်သာ ပံ့ပိုးပေးပါသည်။ စာသင်ကျောင်းများတွင် ၎င်းတို့ အနိုင်ကျင့်ခံရခြင်းမှာလည်း ဒေသတစ်ခုလုံးတွင် ပြဿနာသဖွယ် ဖြစ်နေပါသည်။

အစိုးရအဖွဲ့ခေါင်းဆောင်များနှင့် အခြားသော ပြည်တွင်းမှ နိုင်ငံရေးထင်ရှားသူတို့ ထုတ်ပြန် သော မူဝါဒစာတမ်းများမှာ အမျိုးမျိုးကွဲပြားလျက်ရှိသည်။ ၂၀၀၇ ခုနှစ်တွင် စင်ကာပူနိုင်ငံမှ ဝန်ကြီးချုပ် လီသည် လိုင်တူချစ်သူများကို လူ့အသိုင်းအဝိုင်း၏ အစိတ်အပိုင်းတစ်ခုနှင့် များစွာသော စင်ကာပူမိသားစုများ အဖွဲ့ဝင်တစ်ဦးအဖြစ် ရည်ညွှန်းပြောဆိုခဲ့သည်။ ဝန်ကြီးချုပ်လီ၏ အစိုးရသည် လိုင်တူနှင့် လိင်နှစ်မျိုးစလုံးကို တပ်မက်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူဝတ်စားနေထိုင်သူနှင့် နပုလ္လိင်ရှိသူတို့ကို လုပ်ငန်းခွင်တွင် ခွဲခြားဆက်ဆံမှုကို ရှုတ်ချခဲ့ပါသည်။ သို့ရာတွင် ဝန်ကြီးချုပ်လီသည် အမျိုးသားချင်း လိင်တူ လိင်ဆက်ဆံမှုကို ကန့်သတ်သော ကိုလိုနီခေတ် ဥပဒေကိုလည်း တစ်ဖက်က ဆွဲကိုင်ထားပြန်သည်။ (သို့သော် ထိုဥပဒေအတွက် တစ်စုံတရာ ရှေ့ပြေးတင်ကြို ဆောင်ရွက်ခြင်း မရှိခဲ့ပါ။) မလေးရှားနိုင်ငံ၏ လက်ရှိအာဏာရထားသူ နာဂျစ်ရာဇက် အပါအဝင် ဝန်ကြီးချုပ် နှစ်ဦး စလုံးသည် လိင်တူချစ်ခင်မှုအပေါ် ဝေဖန်မှုများ ထုတ်ဖော်ပြောကြားခဲ့သည်။ ဘရူနိုင်းနိုင်ငံမှ ဆူလ်တန်ဘုရင်သည် ကိုလိုနီခေတ် ဥပဒေတားမြစ်ချက်၏ အမြင့်ဆုံးဖြစ်သော လိင်တူစွဲလန်းမှုကို ဆန့်ကျင်သည့် ဘာသာရေးဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည်။ မြန်မာနိုင်ငံတွင်မူ လိင်တူချစ်ခင်မှုကို ဆန့်ကျင်ခြင်းမှာ လူမှုရေးစံနှုန်းများတွင် အလိုအလျောက် ဖြစ်ပေါ်တည်ရှိနေပြီး ၎င်းအတွက် ဥပဒေ ပြဋ္ဌာန်းများကို တင်းကျပ်ပေးရန်ဖြစ်စေ၊ ဆက်လက်ကျင့်သုံးရန်ဖြစ်စေ၊ သို့မဟုတ် ဥပဒေပယ်ဖျက်ရန် ဖြစ်စေ မည်သည့်ဆောင်ရွက်ချက်မျိုးကိုမှ မပြုလုပ်ထားပေ။ အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ စတင်ပြီး ဝန်ကြီးအဖွဲ့ဝင် တော်တော်များများ၊ ထင်ရှားသော နိုင်ငံရေးသမားများ၊ လူထုပညာပေးသူများနှင့် ဘာသာရေးခေါင်းဆောင်များသည် လိင်တူချစ်ခင်မှုကို ဆန့်ကျင်ကြပြီး အချို့ဆိုလျှင် တားမြစ်သည့် ဥပဒေ ထွက်ပေါ်လာစေရန် သော်လည်းကောင်း၊ ဥပဒေအတိုင်း တိတိ ကျကျ အရေးယူရန်သော်လည်းကောင်း တောင်းဆိုကြသည်။ ဤနည်းအားဖြင့် နိုင်ငံရေးနယ်ပယ်နှင့် အခြားသောနယ်ပယ်မှ ခေါင်းဆောင်များသည် နိုင်ငံအတွင်း လိင်နှင့်ဂျန်ဒါကွဲပြားမှုနှင့် ပတ်သက်ပြီး မှတ်ချက်မပေးဘဲ နှုတ်ဆိတ်နေကြသော အခြေအနေကို ဖောက်ခွဲလိုက်သည်။ ထိုနည်းတူ မတူကွဲပြားမှုအပေါ် အသင့်အတင့်လက်ခံသော အင်ဒိုနီးရှား၏ သရုပ်သကန်မှာလည်း အဆုံးသတ်သွားလေသည်။ တရားဥပဒေအရ ကန့်သတ်ချက်ကို အခြေခံဥပဒေဆိုင်ရာ တရားစွဲဆိုမှုအဆင့်တွင် ဖော်ပြထားသည်။ ထို့အပြင် နိုင်ငံတော်ဥပဒေအရ ပြစ်ဒဏ်အသစ်တစ်ခု ချမှတ်နိုင်ရန်လည်း စီစဉ်လျက်ရှိပါသည်။ ခြွင်းချက်အားဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ သမ္မတနှင့် အစိုးရအဖွဲ့သည် မီဒီယာ၏ သတင်းပေးပို့ချက်များတွင် ဂျန်ဒါအပေါ် ပုံသေကားကျ လှေနံမားထစ် အယူအဆဖြင့် ဖော်ပြချက်များကို ဝေဖန်ပြောဆိုပြီး ထိုသို့မတူကွဲပြားမှုကို လက်ခံရန် တောင်းဆိုထားပါသည်။

၁၁.၁.၃ ကုလသမဂ္ဂတွင် အပြောင်းအလဲ

၁၉၉၃ ခုနှစ်တွင် တူးနန်နှင့် ဩစတြီးယားအမှု (ရာဇသတ်ကြီး ဥပဒေအပိုင်းတွင် ဖော်ပြထားပြီး) တွင် လူ့အခွင့်အရေးကော်မတီ၏ ဆုံးဖြတ်ချက်မှ အစပြု၍ ကုလသမဂ္ဂတွင် အထူးစုံစမ်းစစ်ဆေးရေးအရာရှိနှင့် စာချုပ်လေ့လာစောင့်ကြည့်ရေးအဖွဲ့တို့က ကျား-မ ဖြစ်ခြင်းဆိုင်ရာ လက္ခဏာနှင့် လိင်စိတ်တိမ်းညွတ်မှုဆိုင်ရာ အကြောင်းအရာများကို အရေးထားဆွေးနွေးလာကြသည်။

မှတ်သားဖွယ်ရာ

ယော့ဂျကာတာ မူဝါဒ

ကုလသမဂ္ဂတွင်ပါဝင်သော နိုင်ငံရေးအဖွဲ့အစည်းများ တိုးတက်မှုရပ်တန့်သွားသည်ဟု ယူဆရသည့်ကာလ၊ ၂၀၀၆ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ ဆူလ်တန်တို့၏ သမိုင်းဝင်နေရာ ဂျာဗားကျွန်းစု အလယ်ပိုင်း ယော့ဂျကာတာရှိ ဂတ်ဂျ့မာဒါ တက္ကသိုလ်ပရိဝုဏ်တွင် လူအခွင့်အရေး ကျွမ်းကျင်ပညာရှင်များအဖွဲ့ တွေ့ဆုံခဲ့ကြသည်။ ၎င်းတို့သည် ကျား-မဖြစ်ခြင်းဆိုင်ရာ လက္ခဏာနှင့် လိင်စိတ်တိမ်းညွတ်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ လူအခွင့်အရေးများ ဥပဒေတွင် ပါဝင်ထည့်သွင်းရန် ယော့ဂျကာတာမူဝါဒကို ပူးပေါင်းပြင်ဆင်ခဲ့ကြသည်။ အဓိကရည်ရွယ်ချက်မှာ လိင်စိတ်တိမ်းညွတ်မှုနှင့် ကျား-မဖြစ်ခြင်းဆိုင်ရာလက္ခဏာနှင့်စပ်လျဉ်းသော လူအခွင့်အရေးသည် ဆန့်ကျင်သူတို့ ငြင်းခုံနေကြသကဲ့သို့ အခွင့်အရေးအသစ်တစ်ခု မဟုတ်ကြောင်း၊ ရှိပြီးသား လူအခွင့်အရေးတွင် လိင်တူနှင့် လိင်နှစ်မျိုးစလုံးချစ်ခင်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူဝတ်စားနေထိုင်သူနှင့် နပုလ္လိင်ရှိသူတို့၏ အခွင့်အရေးကို ပေါင်းစပ်ထည့်သွင်းထားခြင်းသာဖြစ်ကြောင်း ရှင်းလင်းထားပါသည်။ ထိုအဖွဲ့တွင် ပါဝင်သော ကျွမ်းကျင်ပညာရှင် တော်တော်များများသည် ကုလသမဂ္ဂစာချုပ် အကောင်အထည်ဖော်မှု စောင့်ကြည့်ရေးအဖွဲ့တွင် အဖွဲ့ဝင်များ (သို့မဟုတ်) အထူးစုံစမ်းစစ်ဆေးရေး အရာရှိများအဖြစ် တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်ပါသည်။ ကျန်သူများမှာ ပညာရပ်နယ်ပယ်၊ တရားရေးနယ်ပယ် (သို့မဟုတ်) လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သူမှာ ဘန်ကောက် ချူလာလောင်ကွန်း တက္ကသိုလ်မှ ဧည့်ပါမောက္ခ ဗစ်တစ်မွန်တာဘရွန် ဖြစ်ပြီး ၎င်းသည် ကုလသမဂ္ဂ လူအခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ကာလရှည်ကြာစွာ တက်တက်ကြွကြွ ပါဝင်ခဲ့သည်။ ယခင် ကုလသမဂ္ဂ လူအခွင့်အရေး မဟာမင်းကြီး မာရီရော့ဘန်ဆန်သည်လည်း ပါဝင်ခဲ့သည်။ ထိုတွေ့ဆုံမှုတွင် နိုင်ငံ ၂၅ နိုင်ငံမှ ကိုယ်စားလှယ်များ ပါဝင်ခဲ့ကြပါသည်။ ထိုတွေ့ဆုံပွဲတွင် ကုလသမဂ္ဂနှင့် အမျိုးမျိုးသော ဥပဒေကြောင်းဆိုင်ရာအချက်များကို ကိုးကား၍ မူဝါဒ ၂၉ ချက်ကို အကြမ်းရေးဆွဲခဲ့ပါသည်။ အဆိုပါ စာတမ်းသည် နိုင်ငံတကာ ဥပဒေကျွမ်းကျင်သူများ ခေါင်းစဉ်အမျိုးမျိုးအတွက် စုစည်းပြင်ဆင်ပေးသော 'လူအခွင့်အရေး ကာကွယ်ရေးနှင့် မြှင့်တင်ရေးအတွက် အမျိုးသားအဖွဲ့အစည်းများဆိုင်ရာ ပါရီမူဝါဒ' ကဲ့သို့ အခြားသောစာတမ်းများစွာထဲက တစ်ခုဖြစ်ပါသည်။

ကုလသမဂ္ဂ လူအခွင့်အရေးကောင်စီ (ကုလသမဂ္ဂ လူအခွင့်အရေးစနစ်တွင် အခရာကျသော နိုင်ငံရေးဆိုင်ရာအဖွဲ့) သည် ပထမဆုံးအနေနှင့် လိင်တူနှင့် လိင်နှစ်မျိုးစလုံးကို ချစ်ခင်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူဝတ်စားနေထိုင်သူနှင့် နပုလ္လိင် (LGBITI) တို့၏ အခွင့်အရေးဆိုင်ရာ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၄ ခုနှစ် ဆုံးဖြတ်ချက်များကို ထောက်ခံခဲ့သည်။ ကုလသမဂ္ဂ လူအခွင့်အရေး မဟာမင်းကြီးရုံးသည် သုတေသနနှစ်ခု ပြုလုပ်ပြီးနောက် 'လွတ်လပ်လပ်လပ် တူတူညီညီ မွေးဖွားခဲ့သည်' ဆိုသည့် စည်းရုံးလှုပ်ရှားမှုကို ဗီဒီယိုများ၊ စာစောင်များထုတ်ဝေပြီး တက်ကြွသော ဦးဆောင်မှု ပြုလုပ်ခဲ့ပါသည်။ ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် ကုလသမဂ္ဂ လူအခွင့်အရေးဆိုင်ရာ မဟာမင်းကြီးတို့ကလည်း ထိုအစီအစဉ်များကို ထောက်ခံအားပေးခဲ့မှုအကြောင်း မကြာခဏ ထုတ်ဖော်ပြောကြားပါသည်။ ပြင်ပကျွမ်းကျင်ပညာရှင်တို့ ညွှန်းဆိုသည့် 'လိင်စိတ်တိမ်းညွတ်မှုနှင့် ကျား-မ ဖြစ်ခြင်းဆိုင်ရာ လက္ခဏာကွဲပြားမှုအပေါ် အခြေပြုဖြစ်ပေါ်သော ခွဲခြားမှုနှင့်

အကြမ်းဖက်မှု' တို့အတွက် ၂၀၁၆ ခုနှစ်တွင် လူ့အခွင့်အရေးကောင်စီသည် လက်ရှိဆောင်ရွက်ချက်ကို တစ်ဆင့်တိုးမြှင့်ပေးမည့် ခြေလှမ်းကို စတင်ခဲ့ပါသည်။ အဓိကဆုံးဖြတ်ချက်များကို အာဂျင်တီးနား၊ ဘရာဇီး၊ ကိုလံဘီယာနှင့် မက္ကဆီကိုတို့ အပါအဝင် လက်တင်အမေရိကမှ နိုင်ငံခုနစ်နိုင်ငံက တင်သွင်းခြင်းဖြစ်ပါသည်။ အာရှတွင် ထိုဆုံးဖြတ်ချက်များကို ထောက်ခံသော နိုင်ငံများမှာ တောင်ကိုရီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ ဖြစ်ပါသည်။ အာရှမှ ဆန့်ကျင်သော နိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်တရုတ်၊ အင်ဒိုနီးရှား၊ ကာဂျစ်စတန်၊ မော်လ်ဒိုက်နှင့် ကာတာနိုင်ငံတို့ ဖြစ်ကြသည်။ အိန္ဒိယနှင့် ဖိလစ်ပိုင်နိုင်ငံတို့က ဘေးရှောင်နေပါသည်။ လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် သုံးရပ်၏ အချက်တစ်ခုချင်းစီအပေါ် ကာလရှည်ကြာ ငြင်းခုံခြင်းနှင့် ခါးခါးသီးသီး ဆန့်ကျင်ခဲ့သည့် ဖြစ်ရပ်များ ရှိပါသည်။ (နိုင်ငံတစ်ခုချင်းစီ၏ အချုပ်အခြာအာဏာ၊ ဘာသာရေး စံတန်ဖိုးနှင့် ဒေသဆိုင်ရာ ယဉ်ကျေးမှု သီးခြားအချက်များအရ) လိင်တူနှင့်လိင်နှစ်မျိုးစလုံး တပ်မက်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူဝတ်စားနေထိုင်သူနှင့် နပုလ္လိင်တို့၏ တန်းတူညီမျှမှုကို ဆန့်ကျင်သည့် အငြင်းပွားချက်တချို့ကို ရည်ညွှန်းကာ ဆုံးဖြတ်ချက်၏ တရားကိုယ်ကိုလည်း မပျက်ယွင်းစေဘဲ ၂၀၁၆ ခုနှစ် ဆုံးဖြတ်ချက်အတွက် နိဒါန်းကို ပြင်ဆင်ခဲ့ပါသည်။ အာရှတွင် ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ်၏ 'အာရှတွင် လိင်တူချစ်သူဖြစ်ခြင်း' လက်ရှိ စီမံကိန်း၏ လုပ်ဆောင်ချက်များသည် အထူးထိရောက်လျက်ရှိပြီး ထိုစီမံကိန်းကို အမေရိကန်နှင့် ဆွီဒင်နိုင်ငံတို့က ရန်ပုံငွေ ပံ့ပိုးပေးထားပါသည်။ ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ်သည် ၎င်းတို့၏ လိင်တူလိင်ကွဲ စီမံကိန်းဆိုင်ရာ နိုင်ငံအလိုက် အစီရင်ခံစာများကို ကမ္ဘောဒီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ မွန်ဂိုလီးယား၊ နီပေါ၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နိုင်ငံ တို့တွင် ထုတ်ဝေခဲ့ပါသည်။

၂၀၁၅ ခုနှစ်တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ (နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အကြောင်းအရာများကို အရေးယူဆောင်ရွက်ရသောအဖွဲ့၊ ကုလသမဂ္ဂအတွင်းတွင် ဩဇာအကြီးမားဆုံးအဖွဲ့)သည် ဆီရီးယားနှင့် အီရတ်နိုင်ငံ၏ နေရာတော်တော်များများနှင့် ၎င်းတို့ထိန်းချုပ်ထားသော နေရာများတွင် အစ္စလာမ်အစွန်းရောက်စစ်သွေးကြွ (ISIS အဖွဲ့၊ သို့မဟုတ် ISIL စသည်တို့) တို့က လိင်တူချစ်သူများကို သတ်ဖြတ်နေကြသည့်အကြောင်း သတင်းအချက်အလက်များ မျှဝေသည့်ကဏ္ဍကို ဦးဆောင်ပြုလုပ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် အော်လန်ဒိုနှင့် ဖလော်ရီဒါရှိ လိင်တူတို့၏ နိုက်ကလပ်တွင် ၄၉ ဦး အကြမ်းဖက် အသတ်ဖြတ်ခံရမှုအပေါ် ရှုတ်ချကြောင်း ဖြစ်ရပ်ဖြစ်ပွားပြီးလျှင်ပြီးချင်း နောက်တစ်ရက်တွင် ကြေညာချက်ထုတ်ခဲ့ပါသည်။ ထိုကြေညာချက်တွင် အဆိုပါ အကြမ်းဖက်မှုသည် လူအများအပေါ် ၎င်းတို့၏ 'လိင်စိတ်တိမ်းညွတ်မှု'အပေါ် အခြေခံ၍ ဦးတည်တိုက်ခိုက်သော လုပ်ရပ်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အဆိုပါစကားစုကို ကြေညာချက်တွင် ပထမဆုံးအသုံးပြုလိုက်ခြင်းဖြစ်ကြောင်း တွေ့ရသည်။ အော်လန်ဒို သတ်ဖြတ်မှုကို ရုရှနိုင်ငံမှ ဗလာဒီမီယာ ပူတင်၊ တရုတ်နိုင်ငံမှ ဇီကျင်းပင်နှင့် အမေရိကား၊ ပြိတိန်၊ ဂျာမနီနှင့် ပြင်သစ်မှ အစိုးရထိပ်တန်းခေါင်းဆောင်များ၊ ထိုင်းနိုင်ငံ၏ ဘုရင်မင်းမြတ် ဘူမိဘော အဒုလျာဒက်နှင့် ပုဝ်ရဟန်းမင်းကြီး ဖရန့်စစ် စသည်တို့အပါအဝင် ကမ္ဘာ့ခေါင်းဆောင် တော်တော်များများက ရှုတ်ချခဲ့ပါသည်။

၁၁.၁.၄ အာဆီယံ

အာဆီယံနိုင်ငံများတွင် အာဆီယံလူ့အခွင့်အရေး ကြေညာစာတမ်း၌ လိင်စိတ်တိမ်းညွတ်မှုနှင့် ကျား-မ ဖြစ်ခြင်းဆိုင်ရာ လက္ခဏာများ၏ အခွင့်အရေးကို ထည့်သွင်းရန် စည်းရုံးလှုံ့ဆော်ကြသည်။ သို့ရာတွင် မည်သို့သော ထည့်သွင်းဖော်ပြချက်မျှ ဖြစ်မလာခဲ့ပေ။ ကြေညာစာတမ်းကို ၂၀၁၂ ခုနှစ်က ကွာလာလမ်ပူတွင်ကျင်းပသော (၂၁)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် လက်မှတ်ရေးထိုးခဲ့ချိန်တွင် မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်က မလေးရှားသည် အမျိုးသမီးချင်း စိတ်ဝင်စားသူ၊ အမျိုးသားချင်း စိတ်ဝင်စားသူ၊ လိင်နှစ်မျိုးစလုံးကို တပ်မက်သူနှင့် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူဝတ်စားနေထိုင်သူတို့၏ အခွင့်အရေးကို ငြင်းဆိုကြောင်း အလေးထားပြောကြားခဲ့သည့်အပြင်၊ မလေးရှားသည် မလေးရှားနိုင်ငံ၏ ရပ်တည်ချက်အတိုင်း လက်ခံကျင့်သုံးနေရကြောင်း၊ သည်အနေအထားကိုလည်း အခြားသော အာဆီယံနိုင်ငံခေါင်းဆောင်များ နားလည်သဘောပေါက်လိမ့်မည်ဟု ယုံကြည်ကြောင်း ဖြည့်စွက်ပြောကြားပါသည်။ ယနေ့ချိန်အထိ အာဆီယံဒေသအတွင်း အစိုးရလူ့အခွင့်အရေး ကော်မရှင်သည် လိင်တူတို့၏အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအတွက် မည်သို့မျှ ပြောဆိုဆောင်ရွက်ခြင်း မရှိပေ။

၁၁.၂ ဝေါဟာရနှင့် အမျိုးအစားများ

လိင်နှင့် ဂျန်ဒါ (Sex and Gender)

အများအားဖြင့် 'ဂျန်ဒါ'ကို ညွှန်းဆိုရန် 'လိင်'ဟု သုံးနှုန်းသကဲ့သို့၊ 'လိင်'ကိုလည်း 'ဂျန်ဒါ'ကို ညွှန်းဆိုရန် အသုံးပြုသည်။ ထိုသို့အသုံးပြုရခြင်းမှာ အင်္ဂလိပ်စကားတွင်မူ 'လိင်'ဟူသော စကားလုံးတွင် အဓိပ္ပာယ်နှစ်မျိုး ရှိပါသည်။ ပထမတစ်မျိုးမှာ လူတစ်ဦးတစ်ယောက်၏ ရုပ်ပိုင်းဆိုင်ရာ လိင်ဖော်ပြချက်ဖြစ်ပြီး ဂျန်တစ်မျိုးမှာ လိင်ပိုင်းဆိုင်ရာအပြုအမူ (ဖို-ဆန်ခြင်း၊ မ-ဆန်ခြင်း) အစရှိသည်တို့ ဖြစ်ပါသည်။

လိင် (Sex)

လူတစ်ဦးတစ်ယောက်၏ ရုပ်ပိုင်းဆိုင်ရာ (သို့မဟုတ်) ခန္ဓာဇီဝဆိုင်ရာ လိင်ဖော်ပြချက်ကို ရည်ညွှန်းသည့်အနေဖြင့် 'လိင်' ဟု သုံးနှုန်းလိုက်သည်။ လိင်သုံးမျိုးရှိသည်။ ပုလ္လိင် (အဖို့)၊ ဣတ္ထိလိင် (အမ)၊ နှင့် နပုလ္လိင် (ဖို့အင်္ဂါ၊ မအင်္ဂါ ထင်ထင်ရှားရှား မပါခြင်း) တို့ ဖြစ်သည်။

ဂျန်ဒါ (Gender)

ဂျန်ဒါဆိုသည်မှာ လူမှုအသိုင်းအဝိုင်း၏ တည်ဆောက်ချက်တစ်ခုဖြစ်ပြီး၊ လူတစ်ဦးတစ်ယောက်၏ အပြုအမူ၊ အခန်းကဏ္ဍနှင့် ကိုယ့်ကိုယ်ကိုယ် ကိုယ်စားပြုသည့် ပုံစံတို့ကို 'ယောကျ်ားဆန်သည်'၊ 'မိန်းမဆန်သည်' (သို့မဟုတ်) 'ယောကျ်ားလိုလို မိန်းမလိုလို ဖြစ်နေသည်' စသဖြင့် သတ်မှတ်လိုက်ခြင်း ဖြစ်သည်။

လိင်စိတ်အရ ပြုကျင့်နေထိုင်မှု (Gender ExpreQion)

လူတစ်ဦးတစ်ယောက်သည် ၎င်း၏ ဂျန်ဒါကို ၎င်းဘာသာ (ဥပမာ - ယောကျ်ားဆန်သည် (သို့မဟုတ်) မိန်းမဆန်သည် စသော ပုံစံအားဖြင့်) မည်သို့ဖော်ပြသည်ဆိုသည့် အချက်ဖြစ်သည်။

ကျား-မ ဖြစ်ခြင်းဆိုင်ရာ လက္ခဏာ (Gender Identity)

လူတစ်ဦးတစ်ယောက်၏ ဝိသေသလက္ခဏာများကိုကြည့်ပြီး ယောကျ်ားဖြစ်ခြင်း၊ မိန်းမဖြစ်ခြင်း (သို့မဟုတ်) ကျားလိုလို မ,လိုလို (သို့မဟုတ်) ကျားမဟုတ် မ,မဟုတ် ဆိုပြီး ထင်မြင်ယူဆချက်ဖြစ်သည်။ လူတစ်ယောက်၏ ကျား-မ ဖြစ်ခြင်းဆိုင်ရာ လက္ခဏာသည် သူပိုင်ဆိုင်ထားသော ရုပ်ပိုင်းဆိုင်ရာ (သို့မဟုတ်) ခန္ဓာဇီဝဆိုင်ရာ လိင်အင်္ဂါနှင့် သက်ဆိုင်ခြင်း ရှိလျှင်ရှိမည်။ မရှိလျှင်လည်း မရှိနိုင်ပါ။

လိင်စိတ်တိမ်းညွတ်မှု (Sexual Orientation)

လိင်စိတ်တိမ်းညွတ်မှုဆိုသည်မှာ လူတစ်ယောက်သည် အခြားတစ်ယောက်၏ ရုပ်ပိုင်းဆိုင်ရာ လိင်အပေါ် တိမ်းညွတ်စိတ် ဖြစ်ပေါ်ခြင်းဖြစ်သည်။ လူတိုင်းသည် အမျိုးသား၊ အမျိုးသမီး (သို့မဟုတ်) အမျိုးသားရော အမျိုးသမီးအပေါ် နှစ်မျိုးစလုံးအပေါ်မှာပါ လိင်ပိုင်းဆိုင်ရာ ဆွဲဆောင်မှုရှိနိုင်သည်။ ၎င်းသည် ဂျန်ဒါ ဖော်ပြချက်/ကျား-မ ဖြစ်ခြင်းဆိုင်ရာ လက္ခဏာများနှင့် သက်ဆိုင်နေရန်မလိုပါ။ အမျိုးသမီးများကဲ့သို့ ပြုမူနေထိုင်ဝတ်စားဆင်ယင်ရန် စိတ်ဝင်စားသူ အမျိုးသားတိုင်းသည်လည်း အမျိုးသားချင်း စိတ်ဝင်စားသူ၊ လိင်တူချစ်သူ မဟုတ်တတ်ကြပါ။ ထို့အတူ အမျိုးသားချင်းစိတ်ဝင်စားသူ၊ လိင်တူချစ်သူများသည်လည်း အမျိုးသမီးကဲ့သို့ ပြုမူနေထိုင်သူများ မဟုတ်တတ်ကြပါ။ ထိုကဲ့သို့ အမျိုးအစား ထပ်တူမှုတချို့လည်း ရှိပါသည်။

ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူဝတ်စားနေထိုင်သူ (Transgender)

လူတစ်ဦးတစ်ယောက်သည် ၎င်း၏ ရုပ်ပိုင်းဆိုင်ရာ ပိုင်ဆိုင်ထားသော လိင်အင်္ဂါနှင့် ဆက်စပ်မှုရှိသော အပြုအမူနှင့် ဝတ်စားဆင်ယင်ပုံတို့ကို မပြုလိုတော့ဘဲ မိမိဖြစ်တည်လိုသော လိင်ဘက်သို့ တစ်စိတ်တစ်ပိုင်း (သို့မဟုတ်) အားလုံးကို ပုံစံပြောင်းထားသော ဖြစ်ရပ်ကို ညွှန်းဆိုခြင်းဖြစ်သည်။ ၎င်းတွင် အမျိုးသားကဲ့သို့ ပြုမူနေထိုင်သော အမျိုးသမီး၊ အမျိုးသမီးကဲ့သို့ ဝတ်စားနေထိုင်ပြုမူသော အမျိုးသား၊ ကျားလိုလို မ,လိုလို ပြုမူနေထိုင်သူများ၊ လိင်စိတ်ဖြေဖျောက်မှုအတွက် ဆန့်ကျင်ဘက်လိင်၏ အဝတ်အစားများ ဝတ်ဆင်တတ်သူနှင့် လိင်အင်္ဂါခွဲစိတ်ပြုပြင် ပြောင်းလဲထားသူတို့ ပါဝင်ပါသည်။

လိင်ပြောင်းလဲထားသူ (Transsexuals)

လိင်အင်္ဂါခွဲစိတ်ပြောင်းလဲထားသူများသည် (အင်္ဂလိပ် ဝေါဟာရ 'Transsexuals' တွင် 'ss' ဟူ၍ အက်စ်နှစ်လုံးဖြစ်သည်ကို သတိပြုပါရန်) ၎င်းတို့၏ မူလ ကျား-မ ဖြစ်ခြင်းဆိုင်ရာ လက္ခဏာများမှ အခြားတစ်ခုသို့ ပြောင်းလဲထားသူများ ဖြစ်သည်။ အချို့လူများသည် ဆန့်ကျင်ဘက်လိင်၏အဝတ်အစားများ ဝတ်စားခြင်းအားဖြင့် ပြောင်းလဲကြသည်။ အချို့လူများကမူ ခန္ဓာကိုယ်တွင် ခွဲစိတ်ပြောင်းလဲလိုက်ခြင်းအားဖြင့် ၎င်းတို့အလိုရှိသော ဂျန်ဒါပုံစံကိုရောက်ရှိပြီး လူမှုအသိုင်းအဝိုင်းတွင် ပို၍ စိတ်သက်သောင့်သက်သာရှိမည်ဟု ယူဆပြီး ပြောင်းလဲကြသည်။ ၎င်းသည် လိင်အင်္ဂါကို ခွဲစိတ်ပြုပြင်ပြောင်းလဲထားခြင်းမျိုး ဟုတ်ချင်မှဟုတ်ပေလိမ့်မည်။ (ယခုအခါ ထိုသို့သော လိင်အင်္ဂါပြောင်းလဲမှုကို 'တိကျသော ဂျန်ဒါရရှိစေရန် ခွဲစိတ်ခြင်း'ဟုခေါ်ဝေါ်ကြသည်။) အမျိုးသားမှအမျိုးသမီးအင်္ဂါသို့ ပြောင်းလဲထားသူများကို 'အမျိုးသမီးဘဝ ပြောင်းလဲထားသူ'ဟုခေါ်ပြီး၊ အမျိုးသမီးမှ အမျိုးသားအင်္ဂါသို့ ခွဲစိတ်ပြောင်းလဲထားသူများကို 'အမျိုးသားဘဝ ပြောင်းလဲထားသူ'ဟု ခေါ်ပါသည်။

လိင်ပြောင်းလဲထားသူတို့၏ ဝိသေသလက္ခဏာများ (Transgender Identities)

လိင်ပြောင်းလဲထားသူတို့၏ ဝိသေသလက္ခဏာ အမျိုးမျိုးကို တောင်နှင့် အရှေ့တောင်အာရှ တို့တွင် တွေ့နိုင်ပါသည်။ ဥပမာ - (အိန္ဒိယ၊ နီပေါ၊ မြန်မာ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီရှားနှင့် ဖိလစ်ပိုင်ဘာသာစကားတို့ဖြင့် ခေါ်ဆိုသော ဟီဂျီရာ (Hijra)၊ မက်တစ်စ် (Metis)၊ အပွင့် (Open)၊ ကတ်သိုရေး (Kathoey)၊ မက်ညာ့ (Mak Nyah)၊ ဝါရီယာ (Waria) (သို့မဟုတ်) ဘက်(က်)လာ (Bakla) အစရှိသူတို့လို ယောကျ်ားခန္ဓာကိုယ်နှင့် မိန်းမကဲ့သို့ နေထိုင်သူများကို ဆိုလိုပါသည်။ အလားတူပင် အမျိုးသမီးခန္ဓာကိုယ်နှင့် ယောကျ်ားစိတ်ပေါက်နေသူများကိုလည်း ယောကျ်ားလျာ/ယောကျ်ားမိန်းများ ('Toms' သို့မဟုတ် 'Butches') ဟု ခေါ်ဝေါ်ကြသည်။ ဤအခေါ်အဝေါ် အမျိုးအစားများသည် 'အမျိုးသားဘဝ' နှင့် 'အမျိုးသမီးဘဝ'သို့ လိင်ခွဲစိတ်ပြောင်းလဲခံယူထားသူတို့ကို သုံးသည့်အသုံးအနှုန်းနှင့် ကွာခြားပါသည်။

နပုလ္လိင်

နပုလ္လိင်ဆိုသည်မှာ မွေးဖွားလာစဉ်ကတည်းက ခန္ဓာကိုယ်တွင် ကျားအင်္ဂါသော်လည်းကောင်း၊ မ အင်္ဂါသော်လည်းကောင်း တိတိကျကျ ကွဲကွဲပြားပြား ပါရှိမလာသည့် အမျိုးမျိုးသော ဖြစ်ရပ်များကို ရည်ညွှန်းပါသည်။

လိင်စိတ်အနေအထားအမျိုးမျိုး (LGBTI/SOGI/QUEER)

မူလရည်မှန်းချက်အနေနှင့် အမျိုးသားချင်းစိတ်ဝင်စားသူတို့၏ အခွင့်အရေးကိုသာ ဆောင်ရွက်သော အဖွဲ့အစည်းများသည် လိင်စိတ်ဝိသေသအမျိုးမျိုးရှိသူတို့ တည်ရှိခြင်းပေါ် လူ့အသိုင်းအဝိုင်းက မနှစ်မြို့၍ ခွဲခြားဆက်ဆံမှုများကို မြင်တွေ့လာသောအခါ ယခုအခါ ၎င်းတို့၏ အခွင့်အရေးကိုပါ တိုးချဲ့ဆောင်ရွက်လာကြသည်။ ဤသို့ဖြင့် LGBTI ဆိုသော အတိုကောက် ဝေါဟာရပေါ် ပေါက်လာပါသည်။ LGBTI ဆိုသည်မှာ ယောကျ်ားလျာ (lesbians)၊ မိန်းမလျာ (gay men)၊ လိင်နှစ်မျိုးစလုံးကို စိတ်ဝင်စားသူ (bisexuals)၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူနေထိုင်သူ (tansgender) နှင့် နပုလ္လိင်ရှိသူ (intersexuals) တို့ကို ရည်ညွှန်းပါသည်။ တစ်ခါတရံ 'Q' ဟု ထပ်တိုးပါရှိသည့် စာလုံးမှာ လူထူးလူဆန်း queer or questioning ကို ရည်ညွှန်းပါသည်။ အချို့သော တက်ကြွလှုပ်ရှားသူများသည် LGBTI တွင် ဖော်ပြထားသော အသုံးအနှုန်းအမျိုးအစားများ (ယောကျ်ားလျာ၊ မိန်းမလျာ စသည်ဖြင့်) သုံးခြင်းကို ရှောင်ရှားကြသည်။ ထို့ကြောင့် လိင်စိတ်တိမ်းညွတ်ခြင်းနှင့် ကျား-မ ဖြစ်ခြင်းဆိုင်ရာ ဝိသေသလက္ခဏာများ (Sexual Orientation and Gender Identity - SOGI) ဆိုသည့် ဝေါဟာရပေါ် ပေါက်လာပါသည်။ တစ်ခါတစ်ရံ လိင်စိတ်အတိုင်းပြုမူနေထိုင်ခြင်း (Gender Expression) ဆိုသည့် စကားလုံးအတွက် 'E' ကို ထည့်ဖြည့်ထားပြီး၊ တစ်ခါတစ်ရံတွင် နပုလ္လိင်ရှိမှု (Inersexuality) ကို ရည်ညွှန်းရန် 'I' ထည့်ပေါင်းထားသည်။ Queer or questioning ဆိုသည့် ဝေါဟာရမှာမူ ပညာရပ်ဆိုင်ရာနယ်ပယ်နှင့် လှုပ်ရှားတက်ကြွသူတို့ သုံးကြသော အသုံးအနှုန်းဖြစ်ပြီး ကုလသမဂ္ဂတွင်မူ ၎င်းဝေါဟာရကို တရားဝင် မသုံးနှုန်းပါ။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

သီးခြားအရောင်များလား (သို့မဟုတ်) ရောင်စုံသက်တံလေလား။



လိင်နှင့် ဂျန်ဒါ မတူခြားနားမှုများကို ဆွေးနွေးသည့်အခါ ဝေါဟာရများနှင့် အမျိုးအစားမျိုးစုံ ပေါ်ပေါက်လာပါသည်။ ရောင်စုံသက်တံအလံကို ယခုအခါ လိင်၊ ဂျန်ဒါ မတူခြားနားမှုများဆိုင်ရာ နိုင်ငံတကာ သင်္ကေတအဖြစ် မှတ်ယူကြပါသည်။ ၎င်းတွင် သီးခြားအရောင်များ ပေါင်းစပ်ပါဝင်ပါသည်။ သို့ရာတွင် သဘာဝအားဖြင့် သက်တံသည် သိသာခွဲခြားရန် ခက်ခဲသော ကာလာစုံကို ရည်ညွှန်းပါသည်။ ယခုအခါ လိင်စိတ်ပြောင်းလဲသူများတွင် ထင်ရှားကျော်ကြားသူများကိုပါ တွေ့မြင်နေရပါသည်။

မေးခွန်းများ

- လူအများစု (သို့မဟုတ် လူတိုင်း)၏ ယောကျ်ားဆန်မှုနှင့် မိန်းမဆန်မှု အစိတ်အပိုင်းဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ထဲတွင် ပါရှိနေသည်လား၊ သို့မဟုတ် သူတို့၏ အပြုအမူနှင့် တိမ်းညွတ်မှုအရ ဖော်ပြနေသည့် အရာတွေလား။
- လိင်နှင့် ဂျန်ဒါဟူသော ဝေါဟာရသည် သိသိသာသာ ကွဲပြားမှုမရှိလျှင် လူတို့သည် အဘယ်ကြောင့် အမျိုးအစားတစ်ခုတည်းကိုသာ မမှတ်ယူကြသနည်း။

၁၁.၃ အမှုအခင်းများ

၁၁.၃.၁ ကိုလိုနီခေတ် ဥပဒေများ၏ မူလအစ

ကျွန်ုပ်ရေလတို့၏ သမ္မာကျမ်းစာတွင်ပါသော ဥပဒေများ (၁ဓး၂၂ နှင့် ၂၀း၁၃) တွင် အမျိုးသားတစ်ယောက်သည် 'ကျားဖြစ်သော်လည်း မ,ကဲ့သို့ ပြုမူနေထိုင်'လျှင် သေဒဏ် ချမှတ်နိုင်သည်ဟု ဖော်ပြထားသည်။ ၎င်းသည် အစောပိုင်းကာလ ဂျူးဘာသာတို့၏ များစွာသော ပညတ်တော်ထဲမှ တားမြစ်ထားသော ပညတ်တော်တစ်ပါးဖြစ်ပြီး ထိုတားမြစ်ချက်သည် (ဆိုဒွန်မြို့ကြီး ပျက်စီးပုံနှင့် တမန်တော် လုအကြောင်း ပုံပြင်များကို ထပ်မံဖြည့်စွက်၍) ခရစ်ယာန်နှင့် အစ္စလာမ် ဘာသာများသို့တိုင်အောင် သက်ရောက်မှုရှိသည်။ ခရစ်ယာန်တို့၏ ယုံကြည်မှုသည် ရောမဥပဒေတွင် ပါရှိသော တားမြစ်ချက်အချို့ မြစ်ဖျားခံသည့် အစိတ်အပိုင်းတစ်ခု ဖြစ်လာပြီး၊ ထိုမှတစ်ဆင့် ရိုမန်ကတ်သလစ်တို့၏ ဘာသာရေးဥပဒေ၏ တစ်စိတ်တပိုင်းဖြစ်လာပြန်သည်။ ထို့နောက် ဥရောပ တစ်လျှောက် ပြန့်နှံ့သွားသည်။ ပရိုတက်စ်စတင့်များ၏ ပြုပြင်ပြောင်းလဲရေးအောက်တွင် ဥရောပရှိ ဘုရားကျောင်းအခြေခံ ခုံရုံးတစ်ဝက်ကို ဖျက်သိမ်းခဲ့သည်။ ထို့ကြောင့် ဘာသာရေးပြဋ္ဌာန်းချက်နှင့် ကင်းလွတ်သော ပုံမှန်အမှုအခင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းစေခဲ့သည်။ ဗြိတိန်တွင် စအိုမှတစ်ဆင့် လိင်ဆက်ဆံခြင်းကို တားမြစ်ထားပြီး အက်ဥပဒေ ၁၅၃၃ ဖြင့် အရေးယူပါသည်။ ဥပဒေပါ အသုံးအနှုန်းတို့မှာ ဘာသာရေးတွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည် (ထိုအပြုအမူကို 'ရွံရှာစက်ဆုပ်ဖွယ်'အဖြစ် ဂျူးတို့၏ သမ္မာကျမ်းစာတွင် ဖော်ပြပါသည်။) ထိုသို့သော အပြုအမူကို (က) အမျိုးသားများနှင့်သာ သက်ဆိုင်စေခြင်း၊ (ခ) သေဒဏ်ပေးခြင်း (ဗြိတိသျှဥပဒေတွင် ၁၈၆၁ အထိ

သက်ရောက်ခဲ့သည်) တို့ သတ်မှတ်စီရင်ချက်ချသဖြင့် အမှုအခင်းဆိုင်ရာ ဥပဒေများသည် တစ်နည်းအားဖြင့် သမ္မာကျမ်းစာပါ သဘောတရားများပင် ဖြစ်ပေသည်။

နပိုလီယန် ပြစ်မှုဆိုင်ရာဥပဒေ ၁၈၁၀ သည် ပြင်သစ်နိုင်ငံတွင် အဓိက ပြောင်းလဲပြင်ဆင်ထားသော ဥပဒေဖြစ်သည်။ ရာဇဝတ်မှု ကျူးလွန်သည်များကို နားလည်ရန် လွယ်ကူရှင်းလင်းသော ပြစ်ဒဏ်များနှင့် ဖော်ပြထားသည်။ အထူးတလည် ရှင်းပြပြောဆိုခြင်းမျိုး (သို့မဟုတ်) လူထုနှင့် မည်သည့်အငြင်းအခုံမှ ပြုလုပ်မနေဘဲ လိင်တူချစ်ခင်မှုအပေါ် တားမြစ်သောဥပဒေကို ပယ်ဖျက်လိုက်သည်။ ပြင်သစ်၏ပြောင်းလဲမှုသည် ဥရောပနိုင်ငံတစ်ဝက်သို့ ပျံ့နှံ့သွားလေသည်။ ထို့နောက် သက်ဆိုင်ရာအစိုးရများသည် ၎င်းတို့ဆန္ဒအလျောက် ပြင်သစ်ဥပဒေကို မှီငြမ်း၍ ကျင့်သုံးကြသည်။ ထို့ကြောင့် ကိုလိုနီအင်အားကြီးနိုင်ငံများဖြစ်သော နယ်သာလန်(ဒတ်ချ်)၊ ပြင်သစ်၊ စပိန်နှင့် ပေါ်တူဂီတို့တွင် လိင်တူချစ်ခင်မှုအပေါ် တားမြစ်ခြင်း မရှိတော့ပေ။ နောက်ဆက်တွဲရလဒ်အနေဖြင့် ၎င်းတို့၏ကိုလိုနီနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံများတွင်လည်း တားမြစ်သည့်ဥပဒေ မရှိတော့ပေ။ ထိုင်းနိုင်ငံသည် မည်သည့်အခါကမှ တိုက်ရိုက် ကိုလိုနီအပြုမခံခဲ့ရသော်လည်း လိင်တူချစ်ခင်မှုအပေါ် တားမြစ်သည့် ဥပဒေကို ကူးယူကျင့်သုံးခဲ့သည်။ သို့သော် နောက်ပိုင်းတွင် ထိုဥပဒေနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ အရေးယူမှုမရှိသည့်အခါ ဥပဒေသည်လည်း အာဏာသက်ရောက်မှုမရှိတော့ပေ။

၁၈၆၀ ခုနှစ်တွင် ဗြိတိန်သည် အိန္ဒိယအတွက် ပုဒ်မတစ်ခု ပြဋ္ဌာန်းခဲ့သည်။ ၎င်းတွင် ဗြိတိသျှတို့၏ 'စအိုမှတစ်ဆင့် လိင်ဆက်ဆံမှုကို တားမြစ်သည့် ဥပဒေ'ကို ပုံစံပြောင်းလဲထားခြင်းဖြစ်သည်။ သို့ရာတွင် ယခုအခါ ၎င်းတွင် ဘာသာရေးစာပိုဒ်များနှင့် သေဒဏ်တို့ မပါရှိတော့ပါ။ နာမည်ကျော်လှသော ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၇၇ တွင် ဤသို့ ဖော်ပြပါရှိသည်။

> ၃၇၇။ မည်သူမဆို ယောကျ်ားနှင့်ဖြစ်စေ၊ မိန်းမနှင့်ဖြစ်စေ၊ တိရစ္ဆာန်နှင့်ဖြစ်စေ မိမိအလိုအလျောက် ဓမ္မတာနှင့်ဆန့်ကျင်သော ကာမစပ်ယှက်မှုကို ပြုလုပ်လျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ရှင်းလင်းချက်။ ။လိင်တံထိုးသွင်းလျှင် ကာမစပ်ယှက်မှုမြောက်ပြီး ဤဥပဒေဖြင့် အရေးယူနိုင်ပါသည်။

အရေးကြီးသည့်အချက်မှာ ထိုပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၇ တွင် ဘာသာရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာ တားမြစ်ချက်တွင် ဖော်ပြထားချက် (ပုံမှန်မဟုတ်နှင့် ရွံရှာစက်ဆုပ်ဖွယ်ဟူသော စကားလုံးများ)တို့ မပါရှိတော့ပေ။ ကိုယ်ကျင့်တရားနှင့် ဘာသာရေးဆိုင်ရာ စကားလုံးများနေရာတွင် 'ဓမ္မတာနှင့်ဆန့်ကျင်သော' ဟူသော စကားစု အစားထိုးဖော်ပြရာ ၎င်းသည် ဘာသာရေးမှ ကင်းလွတ်အောင် ခန္ဓာကိုယ်ကို အခြေခံထားခြင်း ဖြစ်သည်။ ထို့ပြင် လိင်တူချစ်ခင်မှုကို စိတ်မူမမှန်မှု သို့မဟုတ် ဝေဒနာတစ်မျိုးမျိုးဟု အမည်တပ်မှုများလည်း ရှိလာခဲ့သည်။ အများအားဖြင့် လူတို့သည် ဤသို့ဖြစ်ရမည်ကို ကြောက်လေလေ ၎င်းကို ရောဂါအဖြစ်သတ်မှတ်မှု ပိုတိုးလာလေဖြစ်သည်။ (ထို့ပြင် လိင်တူချစ်ခင်သူများကို ထိမိကိုင်မိလိုက်ရုံနှင့် ရောဂါကူးစက်မှုကို ရှောင်ရှားရန် ၎င်းတို့ကို ထိန်းသိမ်းထားသင့်သည်ဟူ၍ ငြင်းခုံမှုများလည်း ရှိခဲ့ပါသည်။)

ဒုတိယကမ္ဘာစစ်အပြီးတွင် ၎င်းအကြောင်းအရာနှင့်စပ်လျဉ်းသော သုတေသနများ ပြုလုပ်ခဲ့ရာ -

(က) လိင်တူချစ်ခင်မှုသည် ထင်ထားသည်ထက် ပိုမိုပြီး ဖြစ်ပွားနေသည်။

(ခ) စိတ်ပိုင်းဆိုင်ရာ ဆန်းစစ်လေ့လာချက်များအရ လိင်တူချစ်ခင်သူများကြားတွင် မည်သို့မူမမှန်ခြင်း ပုံစံမျိုးကိုမှ မတည်ဆောက်နိုင်ခဲ့ပါ။

(ဂ) လိင်တူချစ်ခင်သည့် သဘာဝကို တိရစ္ဆာန်များတွင်လည်း အကောင်ပေါင်းရာခိုတွင် တွေ့ရှိမှတ်တမ်းတင်ခဲ့နိုင်ပါသည်။ ထို့ကြောင့် လိင်တူချစ်ခင်မှုသည် သဘာဝမဟုတ်ဆိုသည့် အငြင်းပွားချက်အပေါ် ချေပစရာများ ရရှိခဲ့သည်။

အဆိုပါ လေ့လာဆန်းစစ်မှုများ၏ ရလာဒ်အနေဖြင့် လိင်တူချစ်ခင်မှုကို ဆေးပညာရှုထောင့်အရ ရောဂါတစ်မျိုးဟူ၍ စာရင်းသွင်းခြင်းကို ဩတိန်နှင့်အမေရိကန်နိုင်ငံရှိ ကျန်းမာရေးနှင့်ဆေးပညာအသင်းအဖွဲ့များက ၁၉၇၃ ခုနှစ်တွင် လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) က ၁၉၈၃ ခုနှစ်တွင်လည်းကောင်း ပယ်ဖျက်ခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် တရုတ်နိုင်ငံ အပါအဝင် နိုင်ငံတော်တော်များများသည်လည်း ဤပြောင်းလဲမှုတွင် လိုက်ပါခဲ့ကြသည်။ အမေရိကန်ရှိ စိတ်ရောဂါအဖွဲ့အစည်းက လိင်တူချစ်သူများကို ထိုအနေအထားမှ ပြောင်းလဲသွားအောင် သိပ္ပံနည်းကျ ယုတ္တိမရှိသော ကုထုံးများဖြင့် နာကျင်အောင် ပြုလုပ်မှုများကို ကန့်ကွက်ရှုတ်ချလာပါသည်။ ၂၀၁၄ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ထိုသို့သော လိင်တူချစ်သူများကို စိတ်ပြောင်းလဲအောင် အတင်းအကျပ်ပြုသည့် ကုထုံးများဖြင့် ကုသပေးသည့် ဆေးခန်းများကို အတုအယောင် တရားမဝင်ဟု ကြေညာခဲ့ပါသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၇ သည် ဩတိသျှကိုလိုနီလက်အောက်ခံနိုင်ငံများ၊ အထူးသဖြင့် အာရှနိုင်ငံများတွင် အသုံးပြုနေဆဲဖြစ်သည်။ ယနေ့ခေတ် အရှေ့တောင်အာရှတွင် ဘရူနိုင်း၊ မလေးရှားနှင့် မြန်မာနိုင်ငံတို့တွင် ကျင့်သုံးသည့် ဥပဒေသည် ဩတိသျှအမွေ ဖြစ်သည်။ ထို့အတူ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် သီရိလင်္ကာ (ယခင်က အရှေ့တိုင်း၊ ကရစ်ဘီယန်နှင့် အာဖရိကရှိ ဩတိသျှ ကိုလိုနီနယ်မြေ)တို့တွင် ထိုဥပဒေကို ကျင့်သုံးရန် ဖိအားပေးခဲ့သည်။ ဟောင်ကောင်သည် တရုတ်ပြည်မကြီးနှင့် မပေါင်းစပ်မီ လိင်တူချစ်သူများအပေါ် ဆန့်ကျင်သည့် ဥပဒေကို ပယ်ဖျက်ခဲ့သည်။ စင်ကာပူနိုင်ငံတွင် ပုဒ်မ ၃၇၇ ကို ၂၀၀၇ ခုနှစ်တွင် ပယ်ဖျက်ခဲ့သည်။ သို့ရာတွင် စင်ကာပူသည် အမျိုးသားချင်း မသင့်တော်သော ကာမစပ်ယှက်မှုကို အရေးယူရန် သီးခြားကိုလိုနီပြစ်မှုဆိုင်ရာ ပုဒ်မတစ်ခု မဖျက်ဘဲချန်ထားခဲ့သည်။ အာရှအလယ်ပိုင်းတွင် တားမြစ်ကန့်သတ်ချက်များမှာ ဆိုဗီယက်ယူနီယံမပြိုကွဲမီ ခေတ်ကတည်းက ဖြစ်သည်။ ထိုအချိန်က အနောက်ဥရောပ၏ အပြစ်ပေးကန့်သတ်ပုံများက ဆိုဗီယက်ကိုလွှမ်းမိုးခဲ့သောကြောင့် ထိုတားမြစ်ချက်များကို အာရှအလယ်ပိုင်းဒေသများက ဆက်လက်ထိန်းသိမ်းထားသည်။ အမျိုးသားများတွင်သာမက မလေးရှားနှင့် သီရိလင်္ကာမှ အမျိုးသမီးနှစ်ဦးကိုလည်း ထိုပြစ်မှုဖြင့် အရေးယူခဲ့ပါသည်။

သာဓက

အရှေ့တောင်အာရှက ပြစ်မှုဆိုင်ရာ ဥပဒေများ

'ဓမ္မတာနှင့် ဆန့်ကျင်သော ကာမစပ်ယှက်မှု'ကို တားမြစ်ခြင်း - ဘရူနိုင်း၊ မလေးရှား၊ မြန်မာ။

'အမျိုးသားချင်း မသင့်တော်သော ကာမစပ်ယှက်မှု'ကို တားမြစ်ခြင်း - စင်ကာပူ။

မည်သည့် လူပုဂ္ဂိုလ်နှစ်ဦးကြားတွင်မဆို 'မသင့်တော်သော ကာမစပ်ယှက်မှု'ကို တားမြစ်ခြင်း - မလေးရှား။

ကျား-ကျားချင်း ကာမစပ်ယှက်မှုကို အများပြည်သူနေရာတွင် ကြိမ်ဒဏ်အချက်တစ်ရာ ဒဏ်ခံခြင်း - အာချေးပြည်နယ်၊ အင်ဒိုနီးရှား။ ထိုဒေသတွင် ဒေသခံအာဏာပိုင် အစိုးရသည် ရှရီယာဥပဒေ အသက်ဝင်အောင် ပြဋ္ဌာန်းထားသည်။

အရှေ့တောင်ဒေသထဲတွင် ရှိသော လိင်တူချစ်သူများနှင့် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူ နေထိုင်သူများကို အရေးယူရာတွင် ကလေကလွင့် နေထိုင်ခြင်း၊ အများပြည်သူ စိတ်အနှောင့်အယှက် ဖြစ်အောင် ပြုခြင်းနှင့် ပရမ်းပတာဖြစ်နေခြင်းတို့အတွက် အရေးယူသော သေးငယ်သောပုဒ်မများနှင့် အရေးယူပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင် 'ကျက်သရေကင်းမဲ့သော ရှက်စရာပြစ်မှုအတွက် ဥပဒေ' ဟူ၍ သတ်မှတ်ကာ လိင်တူချစ်သူများကို ရိုးရာအစဉ်အလာကောင်းများနှင့် ကျင့်ဝတ်အရ ကောင်းမွန်သည့်အရာများကို ဖိလာမှုအတွက် အရေးယူပါသည်။

ရှရီယာဥပဒေသည် မွတ်ဆလင်ကိုးကွယ်ယုံကြည်သူများအပေါ်ကိုသာ အများအားဖြင့် သက်ရောက်မှု ရှိပါသည်။ မွတ်ဆလင်တို့၏ အမွေဆက်ဆံပိုင်ခွင့် အပါအဝင် မိသားစုဥပဒေ တော်တော်များများ သည် ရှရီယာဥပဒေတွင် အကျုံးဝင်ပါသည်။ ထိုဥပဒေကို မလေးရှားနိုင်ငံတွင် ကိုယ်ပိုင်ပြည်နယ် များတွင် ပြဋ္ဌာန်းထားပါသည်။ ဆန့်ကျင်ဘက်လိင်ကဲ့သို့ အဝတ်ပြောင်းလဲ ဝတ်ဆင်ခြင်းကိုပါ ဤဥပဒေတွင် အကျုံးဝင်စေပါသည်။ အင်ဒိုနီးရှား၏ ဥပဒေ တော်တော်များများသည်လည်း ရှရီယာ ဥပဒေကို အခြေခံထားသည်ဟု ဆိုကြသည်။ ဥပမာ - အရက်သေစာ သောက်စားခြင်း၊ အမျိုးသမီးတို့ ဝတ်စားဆင်ယင်ပုံ၊ လိင်တူချစ်သူနှင့် ပြည့်တန်ဆာများကို ဆန့်ကျင်သည့် ဥပဒေတို့ ဖြစ်ကြသည်။ ထိုကိစ္စရပ်များကို နိုင်ငံတော် ပြစ်မှုဆိုင်ရာဥပဒေဖြင့် ဖြေရှင်းသင့်သော်လည်း အင်ဒိုနီးရှား ပြည်ထဲရေး ဝန်ကြီး တီဂျာဂျိုကူလိုမိုက ထိုကဲ့သို့သော ဥပဒေပြဋ္ဌာန်းမှုကို ဗဟိုအစိုးရက ဝင်ရောက်မစွက် ဖက်သင့်ဟု ၂၀၁၆ ခုနှစ် ဇွန်လတွင် ပြောကြားခဲ့ပါသည်။

၁၁.၃.၂ ဥပဒေပယ်ဖျက်ရေး လှုပ်ရှားမှု

သမိုင်းတွင် ပထမဦးဆုံးသော လိင်တူချစ်ခင်သူများ အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းကို အထက်တန်းလွှာမှ ဂေးများ (ဆရာဝန်နှင့် ရှေ့နေတို့) က (၁၉) ရာစုတွင် ဥရောပတွင် ဦးဆောင် တည်ထောင်ခဲ့သည်။ ရည်ရွယ်ချက်မှာ ၎င်းတို့အပေါ်ထားရှိသော ဥပဒေများ ပယ်ဖျက်ရေးအတွက် ဖြစ်သည်။ လှုပ်ရှားမှုကို ဘာလင်ရှိ အင်စတီကျူတစ်ခုတွင် အခြေပြုခဲ့ပြီး၊ ဒေါက်တာ မက်ဂနပ် ဟရစ်ရှ်ဖဲလ်ဒ်က ဦးဆောင်ခဲ့သည်။ သူသည် အာရှ၊ ဥရောပနှင့် အမေရိကတို့တွင် လှည့်လည်

ဟောပြောခဲ့သည်။ ထို့နောက် ဥရောပ နေရာအနှံ့အပြားတွင် အဖွဲ့ခွဲများ၊ မဟာမိတ်အဖွဲ့များ ပေါ်ပေါက်လာသည်။ ဘာလင်ရှိ အင်စတီကျူသည် ၁၉၃၃ ခုနှစ်တွင် နာဇီတို့ ဖျက်ဆီးခြင်းကို ခံခဲ့ရပြီး စာကြည့်တိုက်ထဲက သုတေသနဆိုင်ရာ စာအုပ်နှင့်စာရွက်စာတမ်းများမှာလည်း အများပြည်သူရှေ့မှောက်တွင် မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ ဤသို့သော တားဆီးမှုများကြောင့် မည်သည့် အမျိုးသားလိင်တူချစ်ခင်သူများ အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ မရှင်သန်နိုင်ခဲ့ပေ။ ဒုတိယ ကမ္ဘာစစ်ပြီးသည့်အခါ ဥရောပနှင့်မြောက်အမေရိကတွင် အဖွဲ့အစည်းအသစ်များ ထပ်မံပေါ်ပေါက်လာပြန်သည်။ ၎င်းတို့သည် ကမ္ဘာ့ထက်ဝက်ခန့်နိုင်ငံများတွင် အမျိုးသားချင်း လိင်တူဆက်ဆံသော ဥပဒေများထားရှိကြခြင်းနှင့် ယင်းဥပဒေများသည် ဥရောပရှိ ဘာသာရေးကိုအခြေခံသော ဥပဒေတွင် မြစ်ဖျားခံထားကြောင်း တွေ့ရှိကြပါသည်။ ထို့ကြောင့် သူတို့၏ မူလပန်းတိုင်မှာ ထိုဥပဒေများ ဖျက်သိမ်းပေးရေးဖြစ်သည်။

ဒုတိယကမ္ဘာစစ်အပြီးကာလ၌ ဥပဒေပယ်ဖျက်ရေးလုပ်ငန်းများကို အီလီနွိုက်တွင် ၁၉၆၀၊ ဗြိတိန်နှင့် ဝေလပြည်နယ်တွင် ၁၉၆၇ နှင့် ကနေဒါတို့တွင် ၁၉၆၉ ခုနှစ်တို့တွင် ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်များနှင့်အတူ တဖြည်းဖြည်း စတင်လုပ်ဆောင်လာပါသည်။ ပုဂ္ဂိုလ်ရေးလုံခြုံမှုအတွက် အငြင်းပွားစရာများဖြစ်သော နာမည်ကျော် Dudgeon v United Kingdom (၁၉၈၁) ဒဲ့ဂျန်းနှင့် ယူနိုက်တက်ကင်းဒမ်းတို့အမှုတွင် အိုင်ယာလန်ပြည်နယ် မြောက်ပိုင်းတွင် ဥပဒေအရ တားမြစ်မှုများသည် ဥရောပ လူ့အခွင့်အရေးစာချုပ်ကို ဖောက်ဖျက်နေကြောင်း ထောက်ပြခံရသည်။ ဆိုက်ပရပ်စ်နှင့် အိုင်ယာလန် ပြစ်မှုဆိုင်ရာဥပဒေတို့တွင်လည်း အလားတူ ထောက်ပြမှုများဖြင့် စီရင်ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။ ထို့အတူ ပုဂ္ဂလိကအရေးနှင့် တန်းတူညီမျှရေးကိုအခြေခံသည့် တူးနန်နှင့် ဩစတြေးလျအမှု Toonen v Australia (1994) ဖြစ်ရပ်တွင်လည်း တက်စ်မေးနီးယားရှိ ပြစ်မှုဆိုင်ရာတားမြစ်ချက်များသည် နိုင်ငံတကာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများကို ချိုးဖောက်လျက်ရှိကြောင်း တွေ့ရပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးစနစ်တွင် တူးနန်း (Toonen) ဆုံးဖြတ်ချက်သည် ကြီးမားသော အောင်မြင်မှုမှတ်တိုင် ဖြစ်ခဲ့ပါသည်။ အမေရိကန်နိုင်ငံ တရားရုံးချုပ်သည် အဆိုပါဥပဒေများသည် အခြေခံဥပဒေများနှင့် မညီကြောင်း ၂၀၀၃ ခုနှစ်တွင် အသိအမှတ်ပြုခဲ့သည်။ ထိုကဲ့သို့ ဥပဒေများသည် အနောက်နိုင်ငံများတွင် ကွယ်ပျောက်သွားပြီဖြစ်သော်လည်း ကိုလိုနီနယ်မြေဖြစ်ခဲ့သည့် နိုင်ငံများ၊ အထူးသဖြင့် ဗြိတိသျှကိုလိုနီနယ်မြေများတွင် ရှင်သန်နေဆဲဖြစ်ပါသည်။

၂၀၀၉ ခုနှစ်တွင် ဒေလီတရားရုံးချုပ်သည် တန်းတူညီမျှရေးနှင့် ပုဂ္ဂလိက အခွင့်အရေးရှုထောင့်မှအပြင် အိန္ဒိယနိုင်ငံ အခြေခံဥပဒေတွင်ပါဝင်သော လိင်နှင့် လိင်တိမ်းညွတ်မှုကို အကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်းမပြုကြောင်း ဖော်ပြချက်ကို ကိုးကားကာ ပုဒ်မ ၃၇၇ ကို ဆန့်ကျင်ခဲ့သည်။ အိန္ဒိယ တရားရုံးချုပ်သည် စီရင်ဆုံးဖြတ်ချက်ကို ၂၀၁၃ တွင် ပြောင်းလဲခဲ့သည်။ သို့သော် ၂၀၁၆ ခုနှစ်တွင် တရားသူကြီး ငါးယောက်အဖွဲ့က အမှုကို ပြန်လည်ကြားနာပေးရန် အမိန့်ချမှတ်ခဲ့သည်။ အိန္ဒိယသည် လတ်တလောတွင် (က) ကွန်ဂရက်ပါတီသည် ဥပဒေပယ်ဖျက်ရေးကို လိုလားခြင်း၊ (ခ) မိမိတို့သည် ဂေးဖြစ်ကြောင်း အများပြည်သူကို သိခွင့်ပေးသော ယဉ်ကျေးမှုနယ်ပယ်တွင် ထင်ပေါ်ကျော်ကြားနေသူများ တစ်ယောက်မက ရှိလာခြင်း၊ (ဂ) ဥပဒေပယ်ဖျက်ရေးကို လစ်ဘရယ်ကျသော ပြည်သူ့အမြင်အရ ထောက်ခံမှုရလာခြင်း နှင့် (ဃ) မြို့ပေါင်း ဒါဇင်တစ်ဝက်ခန့်တွင် သက်တံရောင်ကို ကိုယ်စားပြုသည့်အနေဖြင့် နှစ်စဉ် ကာလာစုံစီတန်းလှည့်လည်မှုများ ရှိလာခြင်း စသည်တို့ ပြောင်းလဲ

လာပါသည်။ ဥပဒေပြုရေးတွင် ဖြစ်ပေါ်နေသော နှောင့်နှေးကြန့်ကြာမှုများနှင့် စိန်ခေါ်မှုများသည် LGBTI အကြောင်းအရာကို အများပြည်သူတို့ မြင်သာအောင် ပြုလုပ်ရာတွင် အထောက်အပံ့ ဖြစ်စေခဲ့သည်။

၂၀၁၄ ခုနှစ်တွင် စင်ကာပူ တရားရုံးက 'အမျိုးသားချင်း မသင့်တော်သော ကာမစပ်ယှက်မှု' ကို တားမြစ်သော ဥပဒေကို ပြဋ္ဌာန်းရာတွင် အစိုးရအနေဖြင့် လူမှုကျင့်ဝတ်နှင့် လူမှုစနစ်များ၏ အခြေခံရှုထောင့်မှနေပြီး ထိုသို့သော ဥပဒေချိုးဖောက်သူများကို မည်သည့်ပြစ်ဒဏ်မျိုးကိုမဆို ချမှတ်ခွင့်ရှိနေပါသည်။ ထို့ပြင် ထိုသို့ချမှတ်မှုအတွက် မေးခွန်းများဖြင့် စောဒကတက်ခွင့်ကိုလည်း တားမြစ်ထားသည်။ (Lim Meng Suang v Attorney-General [2015]1 S.L.R. 26 ဖြစ်ရပ်တွင် ရှု)။ ထို့ကြောင့် စင်ကာပူသည် ဥပဒေပယ်ဖျက်လိုက်ပြီဆိုသော်လည်း အခြားသော တရားစီရင်ပိုင်ခွင့်တွင် ဥပဒေပယ်ဖျက်သည့်သာဓကများ ထုတ်နုတ်မပြသနိုင်ပေ။ စီရင်ချမှတ်ချက်များမှာလည်း ဒွိဟဖြစ်စေပါသည်။ ၂၀၀၇ ခုနှစ်တွင် အစိုးရက တားမြစ်ချက်များကို ဆက်လက်ကိုင်စွဲထားသည်၊ သို့သော် အာဏာသက်ရောက်ခြင်း ရှိလိမ့်မည်မဟုတ်ဟု ဆိုခဲ့ပါသည်။ အစိုးရသည် (က) အင်ဂလိကန်ခရစ်ယာန် လူနည်းစု ကျေနပ်နှစ်သိမ့်နိုင်ရန်နှင့် (ခ) လိင်တူချင်း လက်ထပ်ထိမ်းမြားမှုအပေါ် အငြင်းပွားမှုများကို ကြိုတင်ပိတ်ပင်ထားရန် ဆိုသည့်အပိုင်းများအတွက် ထိုကန့်သတ်ချက်များကို ကိုင်စွဲထားခြင်းဖြစ်သည်။ မလေးရှားနှင့် ဘရူနိုင်းတွင်မူ ဤအကြောင်းအရာနှင့်ပတ်သက်ပြီး မည်သည့် တရားရုံးပေါ်တွင်မှ စိန်ခေါ်မှုမျိုးကိုမှ မတွေ့ရသေးပါ။

၁၁.၃.၃ အရှေ့တောင်အာရှက တရားရေးဆိုင်ရာပြစ်မှုများ

အရှေ့တောင်အာရှတွင် ငြိတိသျှကိုလိုနီဖြစ်ခဲ့ဖူးသည့် ဘရူနိုင်း၊ မလေးရှား၊ မြန်မာနှင့် စင်ကာပူတို့သည် ကိုလိုနီခေတ်က တားမြစ်ဥပဒေများကို ကိုင်စွဲထားဆဲဖြစ်သည်။ အဆိုပါ ဥပဒေများသည် ပြည်တွင်းဆုံးဖြတ်ချက်ကိုသော်လည်းကောင်း၊ ဘာသာရေးနှင့် လူမှုရေးဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များနှင့်သော်လည်းကောင်း ထင်ဟပ်မှုမရှိပါ။ ဘုရားကျောင်းက လိင်တူချင်း စုံမက်မှုကို ဆန့်ကျင်ရှုတ်ချသော်လည်း ကတ်သလစ်ဘာသာဝင် အများစုရှိသော ဖိလစ်ပိုင်နိုင်ငံတွင် မည်သည့် တားမြစ်ချက်မျှ မရှိပါ။ ဗုဒ္ဓဘာသာဝင်အများစုရှိသော မြန်မာနိုင်ငံတွင်မူ တားမြစ်ကန့်သတ်မှုများ ရှိပါသည်။ သို့ရာတွင် ဗုဒ္ဓဘာသာအများစုရှိသည့် ထိုင်းနိုင်ငံတွင် မည်သည့်တားမြစ်ကန့်သတ်မှုမျှ မရှိပါ။ မွတ်ဆလင်အများစုရှိသော မလေးရှားနိုင်ငံတွင် တားမြစ်မှု ရှိနေပြန်သည်။ ဆန့်ကျင်ဘက်အားဖြင့် မွတ်ဆလင်အများစုရှိသော အင်ဒိုနီးရှား၏ နိုင်ငံတော်ဥပဒေတွင် တားမြစ်မှုများ မပါဝင်ပါ။ စင်ကာပူက တားမြစ်မှုရှိသော်လည်း တရုတ်နိုင်ငံက မတားမြစ်ပါ။ သို့ရာတွင် အာရှတွင်ရှိသော မည်သည့်နိုင်ငံကမျှ ထိုသို့သော ဥပဒေ အသက်ဝင်လာအောင် တက်တက်ကြွကြွ မကြိုးပမ်းကြပေ။ ဘရူနိုင်းနိုင်ငံ မီဒီယာများတွင် အမျိုးသားချင်း ကာမစပ်ယှက်သော ပြစ်မှုကို ကျူးလွန်သူများထဲတွင် အသက်မပြည့်သေးသော ယောကျ်ားလေးများပါဝင်သည့် သတင်းရေးသားချက်များကို တွေ့ရပါသည်။ အခြားသော စွဲချက်များကမူ ပေါ်ထွက်မလာခဲ့သေးပါ။

၂၀၁၅ ခုနှစ် မတ်လတွင် အင်ဒိုနီးရှားရှိ အစ္စလာမ်ဘာသာရေးခေါင်းဆောင်များကို ဦးဆောင်သည့် အဖွဲ့အစည်းဖြစ်သည့် အင်ဒိုနီးရှား အူလားမားကောင်စီ (Coucil of Indonesian

Ulama - MUI) သည် လိင်တူဆက်ဆံမှုများကို ဥပဒေအရ အရေးယူရန် တောင်းဆိုသည့် ဘာသာရေးစည်းမျဉ်းစည်းကမ်း (Fatwa) ကို ထုတ်ပြန်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ထိုသို့ ဥပဒေအရအရေးယူရန် တိုက်တွန်းမှုကို အင်ဒိုနီးရှား ဥပဒေပြုရေး တရားရုံးက အလေးအနက်ထား စဉ်းစားခဲ့ပါသည်။ ကိုလိုနီကာလ အဆုံးသတ်ခါနီးမှစပြီး အာရှတွင်ရှိသော မည်သည့်နိုင်ငံကမျှ လိင်တူချင်းဆက်ဆံသော ဥပဒေကို အသက်ဝင်အောင် မပြုလုပ်ခဲ့ကြပေ (အမျိုးသမီးချင်း ဆက်ဆံသည့်ကိစ္စအထိ ကန့်သတ်တားမြစ်ချက်ကို ဆွဲဆန့်လိုက်သည့် သီရိလင်္ကာနိုင်ငံကတော့ ခြွင်းချက်ဖြစ်ပါသည်)။ အာဖရိကတိုက်တစ်ခုတည်းတွင်သာလျှင် ယခင်က ပြင်သစ်ကိုလိုနီဖြစ်ခဲ့ဖူးသော နိုင်ငံနှစ်နိုင်ငံသည် ယခင်က ကန့်သတ်တားမြစ်မှုမရှိခဲ့ဘူးသော်လည်း ၎င်းတို့ လွတ်လပ်ရေးရခါနီးကစပြီး ထိုအမှုမျိုးကို အပြစ်ပေးနိုင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

သာဓက

မလေးရှားနိုင်ငံမှ အန်ဝါအီဘရာဟင်အပေါ် စွဲချက်နှစ်ခု

အန်ဝါအီဘရာဟင်သည် သက်တော်ရှည်ဝန်ကြီးချုပ် မဟာသီယာ မိုဟာမက်ပြီးလျှင် မလေးရှားတွင် ထင်ရှားကျော်ကြားသည့် ဒုတိယဝန်ကြီးချုပ်ဖြစ်ပြီး ၁၉၉၃ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းတို့နှစ်ဦးသည် ၁၉၉၈ ခုနှစ်တွင် တွေ့ကြုံရသော အာရှစီးပွားရေးအကြပ်အတည်းကို တုံ့ပြန်ပုံတုံ့ပြန်နည်းများအတွက် အငြင်းအခုံဖြစ်ခဲ့ကြသည်။ မဟာသီဟာက အန်ဝါကို ခြစားမှုနှင့် (ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၇ အရ) လိင်ပိုင်းဆိုင်ရာ အကျင့်ပျက်မှု စွဲချက်ဖြင့် ရာထူးမှ ဖြုတ်ချခဲ့သည်။ အန်ဝါသည် သူဇနီး၏ ကားဒရိုင်ဘာနှင့် (အမျိုးသားချင်း) ဖောက်ပြန်နေကြောင်း စွဲချက်မှာ မတရားစွပ်စွဲမှုတစ်ခု ဖြစ်သည်ဟုဆိုသည်။ သို့သော် အန်ဝါသည် သူ၏ရာထူးကို အသုံးချပြီး လက်အောက်ငယ်သားကို အမြတ်ထုတ်ခဲ့လျှင်ပင် ထိုကိစ္စတွင် မည်သည့်အကြမ်းဖက်မှု (သို့မဟုတ်) ကိုယ်ထိလက်ရောက် ကျူးလွန်မှုမရှိဟု ထင်မြင်ချက်ပေးကြသည်။ လိင်ပိုင်းဆိုင်ရာအမှုတွင် ဖြစ်ခဲ့လျှင်ပင် နှစ်ဦးသဘောတူကိစ္စသာ ဖြစ်သည်ဟု ဆိုသည်။ အန်ဝါက ပြစ်မှုများသည် လူအများထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံမှုသက်သက်ဖြစ်ပြီး တရားစွဲချက်တင်မှုများသည် သူ့ကို နိုင်ငံရေးအရ ပို၍တွန်းအားဖြစ်စေသည်ဟု ဆိုပါသည်။ အန်ဝါကို ခြစားမှုနှင့် လိင်ပိုင်းဆိုင်ရာ အကျင့်ပျက်မှုအတွက် ပြစ်မှုထင်ရှားသည်ဟု ယူဆပြီး ထောင်ဒဏ် ၆ နှစ် ချမှတ်ခဲ့သည်။ တရားရုံးတော်သို့ တင်ပြသည့် နောက်ဆုံးအယူခံဝင်ရာတွင် ဖယ်ဒရယ်တရားရုံးက လိင်ပိုင်းဆိုင်ရာ အကျင့်ပျက်မှုကို ပြန်လှန်စဉ်းစားစရာအဖြစ် ချမှတ်ခဲ့ပါသည်။

မဟာသီယာ အနားယူပြီးသည့်နောက် အတိုင်းအတာတစ်ခုအထိ ပြုပြင်ပြောင်းလဲရေးဝါဒီဖြစ်သည့် အဗ္ဗဒူလာဘာဒါဝီ ဝန်ကြီးချုပ်ဖြစ်လာသည့်အချိန်တွင် အန်ဝါ လွတ်လာခဲ့ပါသည်။ အန်ဝါသည် နိုင်ငံရေးပါတီအသစ်တစ်ခုကို ထူထောင်ပြီး ၎င်း၏ပါတီသည် အခြားသော အတိုက်အခံပါတီနှစ်ခုနှင့် မဟာမိတ်ဖွဲ့ ပေါင်းစည်းရာတွင် အောင်မြင်မှုရခဲ့သည်။ ၂၀၀၈ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အတိုက်အခံ မဟာမိတ်များအဖွဲ့သည် မလေးရှားတွင် လွတ်လပ်ရေးရစဉ်ကတည်းက စိုးမိုးလာခဲ့သော အမျိုးသားညွှန့်ပေါင်းအဖွဲ့ကိုကျော်လွန်၍ သိသိသာသာ အနိုင်ရခဲ့ပါသည်။ သို့သော် လေးလအကြာတွင် အန်ဝါသည် လိင်ပိုင်းဆိုင်ရာအကျင့်ပျက်မှုဖြင့် ထပ်မံအရေးယူခံရပြန်သည်။ သည်တစ်ခါ မည်သည့်အကြမ်းဖက်မှု (သို့မဟုတ်) ကိုယ်ထိလက်ရောက် ကျူးလွန်မှုမှမပါဘဲ အိမ်အကူနှင့်

ဖြစ်ကြသည်ဟု စွပ်စွဲပါသည်။ အန်ဝါသည် ဤတစ်ကြိမ်သည်လည်း နိုင်ငံရေးအကြောင်းပြချက်ဖြင့် လုပ်ကြံမှုသက်သက်ဖြစ်သည်ဟု ထပ်မံဆိုပါသည်။ အန်ဝါသည် သူတွင်အပြစ်မရှိကြောင်း တရားရုံးတော်တွင် သက်သေပြပါသည်။ ယခု ဝန်ကြီးချုပ် နာဂျစ်ရာဇတ်၏ အယူခံလွှာကို လက်ခံခဲ့ပါသည်။ သို့ရာတွင် စွဲချက်ကို ပြန်လည်အသက်သွင်းပြီး သူ့ကို ထောင်ဒဏ်ငါးနှစ် ချမှတ်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီတွင် ဖက်ဒရယ်တရားရုံးက စီရင်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) နှင့် အခြားအဖွဲ့များက ထိုစီရင်ချက်ကို ရှုတ်ချပါသည်။ အန်ဝါအီဘရာဟင်ကို ပုဒ်မ ၃၇၇ နှင့် နှစ်ကြိမ် အရေးယူခဲ့သည်မှအပ မလေးရှားနိုင်ငံသမိုင်းတစ်လျှောက်တွင် ပုဒ်မ ၃၇၇ နှင့် အရေးယူခဲ့သည့် အခြားသောဖြစ်ရပ် မရှိခဲ့ပါ။ ၂၀၁၅ ခုနှစ် အောက်တိုဘာတွင် ကုလသမဂ္ဂမှ တရားမျှတမှုမရှိဘဲ ချုပ်နှောင်ဖမ်းဆီးထားသည့်အမှုများကို ဆောင်ရွက်သော လုပ်ငန်းအဖွဲ့သည် အန်ဝါသည် မတရားသဖြင့် အဖမ်းဆီးခံထားရခြင်းဖြစ်ပြီး သူ့ကိုလွှတ်ပေးရန်နှင့် သူ၏နိုင်ငံရေးအခွင့်အရေးများကို ပေးအပ်ရန် တိုက်တွန်းခဲ့ပါသည်။ ဤဖြစ်ရပ်သည် အန်ဝါ၏ လိင်တိမ်းညွှတ်မှုအပေါ် အခြေခံပြီး တရားဥပဒေအရ သူ့ကို ခွဲခြားနှိမ့်ချ အရေးယူခြင်း၊ နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများကို ဖောက်ဖျက်ခြင်းဖြစ်ရပ် ဖြစ်ပါသည်။

အများပြည်သူ စိတ်အနှောင့်အယှက် ဖြစ်စေခြင်း၊ အခပေး ပျော်ပါးဖို့ရာ မြူဆွယ်ခြင်း၊ အလုပ်အကိုင်မဲ့ လေလွင့်ခြင်းနှင့် အခြားသော အသေးအမွှားပြစ်မှုများကို ရဲဝန်ထမ်းများက အရေးယူပိုင်ခွင့် ရှိနေနိုင်ပါသည်။ တစ်စုံတစ်ယောက်ကို ထိုသို့သောပြစ်မှုနှင့် စွဲချက်တင်ရန် လွယ်ကူပါသည်။ ထို့ကြောင့် တစ်စုံတစ်ဦးကို အများပြည်သူမြင်ကွင်းမှ ဖယ်ထုတ်လိုလျှင်လည်းကောင်း၊ အနှောင့်အယှက်ပေးလိုလျှင်လည်းကောင်း ဤပြစ်မှုများသည် ခြိမ်းခြောက်အကျပ်ကိုင်စရာ လက်ကိုင်တုတ်များ ဖြစ်လာစေပါသည်။

သာဓက

မန္တလေးမှ ရဲတို့၏လုပ်ရပ်

၂၀၁၃ ခုနှစ်၊ ဇူလိုင် ၆ ရက်နေ့ ညနေခင်းပိုင်းတွင် အမျိုးသမီးကဲ့သို့ ဝတ်စားဆင်ယင်ထားသော အမျိုးသား ၁၂ ယောက်အဖွဲ့သည် မန္တလေးကျုံးတောင်ဘက်တွင် အုပ်စုဖွဲ့ စုဝေးနေခဲ့ကြသည်။ ၎င်းကို ရဲဝန်ထမ်းတို့က ကိုလိုနီခေတ်က မှောင်ရိပ်ခိုမှုဥပဒေ (လေလွင့်သူများဥပဒေ)ဖြင့် အကြောင်းပြချက်ခိုင်ခိုင်မာမာမရှိဘဲ အများပြည်သူပိုင်သောနေရာတွင် တစ်ဦးချင်းကို ဖမ်းဆီးအရေးယူခဲ့သည်။ ၎င်းတို့သည် မန္တလေးတိုင်းရဲစခန်းတွင် နာရီပေါင်းများစွာ အချုပ်နှောင်ခံခဲ့ရသည်။ အစီရင်ခံစာတစ်ခုတွင် ရဲအရာရှိ ၁၀ ယောက်ခန့်က ၎င်းတို့၏အဝတ်အစားများကို ဆုတ်ဖြဲပြီး နှုတ်အားဖြင့်သော်လည်းကောင်း၊ ကိုယ်ထိလက်ရောက်သော်လည်းကောင်း၊ လိင်ပိုင်းဆိုင်ရာသော်လည်းကောင်း ထိပါးစော်ကားမှုများ ပြုလုပ်ခဲ့သည်ဟု ပါရှိသည်။

ပထမဆုံးအကြိမ်အနေဖြင့် ရဲဝန်ထမ်းတို့၏ ထိုကဲ့သို့သောအပြုအမူကို ဆန့်ကျင်သည့် စည်းရုံးလှုပ်ရှားမှုတစ်ခု ပေါ်ပေါက်လာခဲ့သည်။ လိင်တူချစ်သူများအခွင့်အရေး ကွန်ရက်က စာနယ်ဇင်းရှင်းလင်းပွဲများပြုလုပ်၍ ကြေညာချက်များ ထုတ်ပြန်ခဲ့သည်။ ပြည်တွင်းနှင့် နိုင်ငံတကာ သတင်းဌာနများတွင် ထိုအကြောင်းအရာကို ဖော်ပြကြသည်။ ၎င်းတို့အထဲက သုံးဦးက မြန်မာအမျိုးသား လူ့အခွင့်

အရေးကော်မရှင်၊ ပြည်ထဲရေးဝန်ကြီး၊ ရဲအရာရှိနှင့် နိုင်ငံတော်ဥပဒေပြုရေးကော်မတီနှစ်ခုထံသို့ ၎င်းတို့ဖြစ်ရပ်ကို တိုင်ကြားခဲ့ပါသည်။ တွေ့ကြုံခံစားရသူတို့နှင့် ထိုအရေးတွင် ပါဝင်ခဲ့ကြသော တက်ကြွလှုပ်ရှားသူတို့နှင့် တွေ့ဆုံမေးမြန်းထားသည့် ဗီဒီယိုဖိုင်များကို Youtube ပေါ်သို့ တင်ခဲ့ကြသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေး အရာရှိက တွေ့ကြုံခံစားရသူတို့နှင့်တွေ့ဆုံကာ ဖြစ်ရပ်အကြောင်း အစီရင်ခံစာကို ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တင်ပြခဲ့ပါသည်။ ဥပဒေကို အလွဲသုံးစားပြုလုပ်သော ရဲဝန်ထမ်းများလည်း ရာထူးမှအဖယ်ရှားခံရပြီး အရေးယူခံခဲ့ရပါသည်။ လူ့အခွင့်အရေးကော်မရှင်က ပြည်ထဲရေးဝန်ကြီးဌာနကို စွပ်စွဲခံရမှုများအပေါ် တုံ့ပြန်ဖြေရှင်းပေးရန် တောင်းဆိုခဲ့သော်လည်း လျစ်လျူရှုခံခဲ့ရပါသည်။ ထိုအချိန်တွင် ကော်မရှင်သည် ဝန်ကြီးဌာနကို တစ်စုံတစ်ရာ တုံ့ပြန်ပေးပါရန် တောင်းဆိုနိုင်သည့် အခွင့်အာဏာမရှိကြောင်း တွေ့ရပါသည်။ သို့ရာတွင် ထိုဖြစ်ရပ်သည် ပြည်တွင်းနှင့် နိုင်ငံတကာတွင် ထင်ရှားသည့်အမှုတစ်ခု ဖြစ်သွားခဲ့သည်။ ထိုအမှု လူသိများသွားခြင်းကြောင့် ရဲဝန်ထမ်းများ နောင်တွင် အလားတူအမှုမျိုး မကျူးလွန်စေရန် တားဆီးရာလည်း ရောက်ပါသည်။

၁၁.၃.၄ ရှုရီယာဥပဒေ

သာဓက

အရှေ့တောင်အာရှ (နှင့် အစ္စလာမ်နိုင်ငံတော်ဧရိယာများ)ရှိ လိင်ပိုင်းဆိုင်ရာ အကြောင်းအရာတို့အတွက် ရှုရီယာပြစ်မှုဆိုင်ရာဥပဒေ

အင်ဒိုနီးရှား

၂၀၀၉ ခုနှစ်၊ အာချေးပြည်နယ် ဥပဒေပြုရေးတွင် (အာချေးသည် အင်ဒိုနီးရှားနိုင်ငံဆူမတြားကျွန်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ဖြစ်သည်) သူတစ်ပါးသားမယားကို ပြစ်မှားလျှင်မသေမချင်း ခဲဖြင့်ပေါက်ရန်နှင့် လိင်တူချင်းဆက်ဆံမှုအတွက် ကြိမ်ဒဏ်အချက်တစ်ရာ ဒဏ်ခတ်ရန် တင်သွင်းခဲ့သည်။ ထိုပြစ်မှုအတွက် စီရင်ချက်များကို အစ္စလာမ်ရှုရီယာ ဥပဒေကို တစ်စိတ်တစ်ပိုင်း မှီငြမ်းထားသည်။ အာချေးသည် (အင်ဒိုနီးရှားတွင် ဖြစ်တောင့်ဖြစ်ခဲ) ထိုဥပဒေကို ပြဋ္ဌာန်းရန် အခွင့်အာဏာ ရှိပါသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးက ရှုရီယာဥပဒေအသစ်ကို လက်မှတ်မရေးထိုးသဖြင့် ဥပဒေအသက်ဝင်ခြင်း မရှိခဲ့ပါ။ ၂၀၁၄ ခုနှစ်တွင် အာချေးတွင် အမျိုးသားလိင်တူနှင့် အမျိုးသမီးလိင်တူ နှစ်မျိုးစလုံးပါဝင်သော လိင်တူဆက်ဆံမှုကိုတားမြစ်သည့် ဥပဒေတစ်ရပ်ကို တင်သွင်းပြန်သည်။ ထိုပြစ်မှုအတွက် ကြိမ်ဒဏ်အချက်တစ်ရာအထိ ဖြစ်စေ၊ သို့မဟုတ် ရွှေပေး၍ ဖြစ်စေ၊ သို့မဟုတ် ထောင်ဒဏ်ဖြစ်စေ ကျခံရန်ဖြစ်သည်။ ထိုဥပဒေကို မွတ်ဆလင်နှင့် မွတ်ဆလင်မဟုတ်သူများအတွက်ပါ ပြဋ္ဌာန်းခဲ့သည်။ အရှေ့တောင်အာရှတွင် မွတ်ဆလင်မဟုတ်သူများအပေါ် တွင်ပါ သက်ရောက်မှုရှိစေသော တစ်ခုတည်းသော ရှုရီယာဥပဒေ ဖြစ်သည်။ အမျိုးသား၊ အမျိုးသမီးများ လူမြင်ကွင်းတွင် ချစ်ရည်လူးခြင်းကိုလည်း တားမြစ်ခဲ့သည်။ ဥပဒေသည် ၂၀၁၅ စက်တင်ဘာတွင် အသက်ဝင်ခဲ့သည်။ ယခုအချိန်အထိတော့ အရေးယူမှု တစ်စုံတစ်ရာ မရှိသေးပါ။

မလေးရှား

မလေးရှား၏ အရှေ့မြောက်ပိုင်းပြည်နယ် ကီလန်တန်တွင် မလေးရှား အစ္စလာမ်ပါတီ (Parti Islam se Malaysia - PAS) က အုပ်ချုပ်ပါသည်။ ၎င်းတို့သည် သူတစ်ပါးသားမယားကို ပြစ်မှားမှုအတွက် မသေမချင်း ကျောက်တုံးနှင့်ပစ်ပေါက်ရန်၊ လက်နက်ကိုင် ဓားပြတိုက်မှုအတွက် သေစားသေစေ အပြစ်ပေးရန်၊ ခိုးမှုအတွက် ညာဘက်လက်ကို ဖြတ်ပစ်ရန်၊ အစ္စလာမ်ဘာသာကို စွန့်ပယ်မှုအတွက် သေစားသေစေ အပြစ်ပေးရန် အစရှိသည့် ပြစ်ဒဏ်များ ပါဝင်သော ရှရီယာ ဥပဒေကို ၁၉၉၃ ခုနှစ်တွင်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင်လည်းကောင်း ပြဋ္ဌာန်းရန် ကြိုးပမ်းခဲ့သည်။ တာရန်ဂန်နူးပြည်နယ်တွင် PAS ပါတီ အစိုးရသက်တမ်းတစ်ကြိမ် အုပ်ချုပ်စဉ်က အလားတူဥပဒေကို ၂၀၀၂ ခုနှစ်တွင် ပြဋ္ဌာန်းရန် ကြိုးပမ်းခဲ့သည်။ ပြည်နယ်အစိုးရ၏ ပြစ်ဒဏ်သတ်မှတ်ချက်များကို နိုင်ငံတော်ဥပဒေတွင် ခွင့်မပြုထားပါ။ ၂၀၁၅ ခုနှစ်တွင် ကီလန်တန်၌ ရှရီယာဥပဒေအတိုင်း အပြစ်ဒဏ်များချမှတ်မှုကို ခွင့်ပြုနိုင်ရန်အတွက် နိုင်ငံတော်ဥပဒေကို ပြင်ဆင်နိုင်ရန် ထပ်မံကြိုးပမ်းခဲ့ကြသည်။ ၂၀၁၆ ခုနှစ် မေလတွင် ဗဟိုအစိုးရသည် PAS ပါတီကိုယ်စား လွှတ်တော်သို့ ဥပဒေပြုရေး အဆိုတစ်စောင် တင်သွင်းခဲ့သည်။ အဆိုပါ ဥပဒေပြုရေးအဆိုတွင် ကြိမ်ဒဏ်ကို ပြစ်ဒဏ်အဖြစ်သတ်မှတ်ရန် ထည့်သွင်းထားပြီး ကီလန်တန်သည်သာ ဥပဒေချိုးဖောက်သူ မွတ်ဆလင်များကို အပြစ်ပေးနိုင်ခွင့် ရှိစေသည်။ ထိုဥပဒေပြုရေးအဆိုအပေါ် အငြင်းပွားမှုများရှိနေ၍ ဆွေးနွေးဆဲအဆင့်မှာပင် ရပ်တန့်သွားခဲ့သည်။ လိင်တူဆက်ဆံမှုအား ထိုဥပဒေဖြင့် အရေးယူနိုင်ခြင်း ရှိ မရှိကိုမူ မီဒီယာများတို့၏ တင်ပြချက်များအရ ရှင်းရှင်းလင်းလင်း မရှိပါ။

ဘရူနိုင်း

၂၀၁၃ ခုနှစ်တွင် ဘရူနိုင်းစော်ဘွားသည် ရှရီယာဥပဒေ၏ ပြစ်ဒဏ်များကို အကောင်အထည်ဖော်ရန် အုပ်ချုပ်သုံးပိုင်းကို ပဏာမ မိတ်ဆက်ခဲ့သည်။ လိင်တူဆက်ဆံမှုကို ကျောက်ခဲနှင့် မသေမချင်း ပစ်သတ်ရန်မှာ အုပ်ချုပ်သုံးတွင်ပါမည့် အချက်ဖြစ်သည်။ ထိုဥပဒေကို ပြည်တွင်း ပြည်ပတွင် ကန့်ကွက်ရှုတ်ချကြပါသည်။ စော်ဘွားက အခြားသောအဆင့်များ ထပ်ဆောင်း၍ ရှေ့ဆက်ရန် အတည်ပြုထားသော်လည်း ၂၀၁၆ ခုနှစ် စက်တင်ဘာလမှစပြီး ဒုတိယပိုင်းကို ဆက်လက်အကောင်အထည်ဖော်ရန် နှောင့်နှေးကြန့်ကြာနေပါသည်။

အစ္စလာမ်မစ်နိုင်ငံတော် (ISIS, ISIL)

အစ္စလာမ်အစွန်းရောက်များက ဆီရီးယားနှင့် အီရတ်၏ ထင်ရှားသော အစိတ်အပိုင်းများကို ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင် ထိန်းချုပ်၍ အစ္စလာမ်မစ်နိုင်ငံတော် တည်ထောင်ရာတွင် အမျိုးသား ၂၅ ယောက်ကျော်ကို လိင်တူချစ်သူများဟု စွပ်စွဲကာ အဆောက်အအုံ အမိုးစွန်းမှ တွန်းချ၍ သုတ်သင်ခဲ့ပါသည်။ လူအုပ်ကြီးသည် ထိုဖြစ်ရပ်ကို ကိုယ်တွေ့မျက်မြင် ကြုံခဲ့ရသည်။ အမိုးပေါ်မှ အောက်သို့ကျလာသည့်အခါ အလောင်းပေါ်သို့ ခဲဖြင့်ပစ်ကြပါသေးသည်။ ခရစ်ယာန်လူနည်းစုနှင့် လိင်တူချစ်သူများကိုဆန့်ကျင်သည့် အစ္စလာမ်မစ်နိုင်ငံတော်၏ လုပ်ရပ်နှင့်ကြွေးကြော်သံများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ၂၀၁၅ ခုနှစ်တွင် အထူးသီးသန့်အကြောင်းအရာအဖြစ် ဆွေးနွေးခဲ့ကြသည်။ အစ္စလာမ်မစ် နိုင်ငံတော်အဖွဲ့သို့ ဝင်ရောက်ရန် အရှေ့တောင်အာရှမှ အရှေ့အလယ်ပိုင်းသို့ ထွက်သွားသူများ ရှိပါသည်။ ၎င်းတို့သည် သူတို့၏ ဌာနေတိုင်းပြည်ကို ပြန်လာကြဦးမည် ဖြစ်သည်။

၁၁.၄ အကြမ်းဖက်မှု

မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများ အပါအဝင် အာဆီယံ ၅ နိုင်ငံမှ အမျိုးသမီးချင်း စိတ်ဝင်စားသူ (ယောကျ်ားလျာ)များ၊ လိင်တူလိင်ကွဲ နှစ်မျိုးစလုံးကို စိတ်ဝင်စားသူ အမျိုးသမီးများနှင့် လိင်ပြောင်းလဲထားသူများအပေါ်ဖြစ်ပွားသည့် အကြမ်းဖက်မှုအကြောင်း လေ့လာမှုတစ်ရပ်ကို OutRight International အဖွဲ့က ၂၀၁၄ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ အဆိုပါ အစီရင်ခံစာတွင် မိသားစုဝင်များသည် ယောကျ်ားလျာများ၊ လိင်နှစ်မျိုးစလုံးကိုစိတ်ဝင်စားသူ အမျိုးသမီးများနှင့် လိင်ပြောင်းလဲထားသူများ (LBT)အပေါ် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနှင့် နှုတ်ပိုင်းဆိုင်ရာအားဖြင့် 'အကြမ်းဖက်မှုကို မူလကျူးလွန်သူများ' ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ဆန့်ကျင်သည့် လုပ်ငန်းအစီအစဉ်များနှင့် အစီရင်ခံစာများတွင် LBT အကြောင်းအရာများကို ရှောင်ရှားလေ့ရှိသည်။ လိင်တူ၊ လိင်နှစ်မျိုးစလုံးကို ချစ်ခင်သူနှင့် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူနေထိုင်သူ (LGBT) တို့နှင့်ပတ်သက်သည့် အစီရင်ခံစာကို ထုတ်ပြန်လျှင်လည်း ကျူးလွန်သူများမှာ မိသားစုဝင်များ၊ အနီးကပ်အဖော်များနှင့် အလုပ်ရှင်များမဟုတ်ဘဲ နိုင်ငံတော်ကိုသာလျှင် အဓိကကျူးလွန်သူဟု ဖော်ပြကြသည်။ လိင်တူ၊ လိင်နှစ်မျိုးစလုံးကို ချစ်ခင်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူနေထိုင်သူနှင့် နပုလ္လိင် (LGBTI) တို့အကြောင်း အာရုံစိုက်လာသည့်အခါ (အထူးသဖြင့် မိန်းမလျာနှင့် မိန်းမအဖြစ် လိင်ပြောင်းလဲထားသူတို့အကြောင်း) သူတို့၏ ပုဂ္ဂလိကဘဝထဲက အကြမ်းဖက်မှုများအကြောင်း မပါဝင်ပေ။ ၂၀၁၂ ခုနှစ် မတ်လတွင် ဒါဇင်နှင့်ချီပြီး သေဆုံးခဲ့ရသော ထိုင်းနိုင်ငံမှ ယောကျ်ားလျာများ အရေးကိစ္စ အကြောင်းကို OutRight International အဖွဲ့က အစိုးရထိပ်တန်းအရာရှိများထံ အသေးစိတ် အစီရင်ခံခဲ့သည်။ အစီရင်ခံစာအရ ၎င်းတို့ကို သတ်ဖြတ်သူများမှာ ရဲဝန်ထမ်းများ (သို့မဟုတ်) လုံခြုံရေးအရာရှိများ မဟုတ်ကြပါ။ အများအားဖြင့် ၎င်းတို့ကို 'tom boys' (ယောကျ်ားမိန်း) များဟု ခေါ်ကြသည်။

၁၁.၅ လိင်တူ၊ လိင်နှစ်မျိုးစလုံးကို ချစ်ခင်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူနေထိုင်သူနှင့် နပုလ္လိင် (LGBTI) တို့ မြင်သာထင်သာရှိမှုနှင့် ၎င်းတို့၏ တက်ကြွလှုပ်ရှားမှု

၁၁.၅.၁ အရပ်ဘက်လူ့အဖွဲ့အစည်းအတွက် ဥပဒေရေးရာ ဖော်ပြချက်

အရှေ့တောင်အာရှမှ LGBTI အရေးဆောင်ရွက်သည့် ပထမဦးဆုံးသော တက်ကြွလှုပ်ရှားသည့် အရပ်ဘက်လူ့အဖွဲ့အစည်းများသည် ခုခံအားကျဆင်းသည့်ရောဂါ အိပ်ခ်ျအိုင်ဗွီ၊ အေအိုင်ဒီအက်စ် ရောဂါများအကြောင်းကို လိင်တူချစ်သူများအား အသိပညာပေးသည့် ကျန်းမာရေးလှုပ်ရှားမှုများကို ဦးတည်ဆောင်ရွက်ခဲ့သည်။ ထိုလုပ်ငန်းအစီအစဉ်များကို လိင်တူချစ်သူ အမျိုးသားများနှင့်သာ ဆောင်ရွက်ခဲ့ကြသည်။ ကျန်းမာရေးအတွက် ဦးတည်ဆောင်ရွက်ချက်သည် တရားဝင်မြင်သာထင်သာနှင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နိုင်သော လမ်းကြောင်းဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မတိုင်မီအထိ ထိုသို့မလုပ်ဆောင်နိုင်သေးပါ။ နိုင်ငံခြားမှ အလှူရှင်များကသာ HIV/AIDS တိုက်ဖျက်ရေးဆေးခန်းများနှင့် လုပ်ငန်းအစီအစဉ်များကို ၎င်းတို့ အဖွဲ့အစည်း

နာမည်ဖြင့်သာ လုပ်ကိုင်ကြရပါသည်။ အမေရိကန်မှ ရန်ပုံငွေဖြင့် ဆောင်ရွက်သော Poulation Services International (PSI) အဖွဲ့နှင့် ဩစတြေးလျမှ Burnet Institute တို့မှာ ထင်ရှားပါသည်။ အရှေ့တောင် အာရှတွင်ရှိသော HIV/AIDS ကို တိုက်ဖျက်သည့် စွန့်ဦးအဖွဲ့အစည်းများမှာ မလေးရှားနိုင်ငံက PT Foundation နှင့် ထိုင်းနိုင်ငံက FACT အဖွဲ့တို့ ပါဝင်ကြသည်။ အထူးသဖြင့် အဆိုပါ အဖွဲ့အစည်းများသည် ကျန်းမာရေးစီမံကိန်းများကို အကောင်အထည်ဖော်နိုင်ရန် အစိုးရနှင့် ကောင်းမွန်သောဆက်ဆံရေးကို တည်ဆောက်ကာ နိုင်ငံခြားကရန်ပုံငွေဖြင့် ဆောင်ရွက်ကြခြင်း ဖြစ်သည်။ ဘရူနိုင်းနိုင်ငံတွင်ရှိသော မြင်သာထင်သာရှိသည့် တစ်ခုတည်းသော အဖွဲ့အစည်းမှာ Brunei AIDS ကောင်စီ ဖြစ်ပါသည်။ ၎င်းတို့အတွက် စီမံကိန်းရန်ပုံငွေကို အစိုးရက ပံ့ပိုးပေးပါသည်။ စင်ကာပူနိုင်ငံက Action for AIDS အဖွဲ့သည်လည်း ပြင်ပမှ ရန်ပုံငွေရယူခြင်း မရှိပါ။

စင်ကာပူနိုင်ငံတွင် LGBTI အခွင့်အရေးကို ဆောင်ရွက်ရန်အတွက် 'တို့လို လူသားများ' (People Like Us - PLU) အဖွဲ့ကို တည်ထောင်ခဲ့ပါသည်။ စင်ကာပူနိုင်ငံတွင် အသင်းအဖွဲ့များ ထူထောင်ရန်အတွက် တရားဝင်မှတ်ပုံတင်ထားရန် လိုအပ်ပါသည်။ မှတ်ပုံတင်ထားခြင်းမရှိသည့် အဖွဲ့အစည်းသည် ဥပဒေကိုချိုးဖောက်မှုဖြင့် အရေးယူနိုင်ပါသည်။ PLU အဖွဲ့၏ မှတ်ပုံတင်ထားရန် ကြိုးပမ်းမှုကို သုံးကြိမ်တိတိ အငြင်းပယ်ခံရပါသည်။ (ပထမတစ်ကြိမ်တွင် စီးပွားရေးလုပ်ငန်းအသွင် မှတ်ပုံတင်ရန်ကြိုးပမ်းပြီး ကျန်နှစ်ကြိမ်တွင် အမြတ်အစွန်းအတွက်မဟုတ်သော အဖွဲ့အစည်းအဖြစ် လျှောက်ထားခဲ့သည်။) သို့သော် လက်မလျှော့ခဲ့ပေ။ အစိုးရအရာရှိများနှင့် သီးခြားအစည်းအဝေးများ၊ တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ခေါင်းဆောင် ရပ်ဆဲဟွန်နှင့် PLU မှ လှုပ်ရှားတက်ကြွသူ ၎င်း၏နောက်လိုက်များကို 'ဆွေးနွေးပွဲဝိုင်းပေါ်၌ရှိနေသော အပြစ်သား'များဟုပင် မိမိတို့ကိုယ်ကိုယ် သမုတ်ရသည်အထိဖြစ်သည်။ ယနေ့ခေတ်အထိ စင်ကာပူနိုင်ငံတွင် LGBTI အခွင့်အရေးအတွက် တရားဝင်မှတ်ပုံတင်၍ ကိုယ်စားပြုအရေးဆိုပေးနိုင်သော အဖွဲ့များမပေါ်ပေါက်သေးဟု မှတ်ယူရပါသည်။

ယခုအခါ အရှေ့တောင်အာရှ နိုင်ငံကြီးများတွင် ကျန်းမာရေးနှင့် ကိုယ်စားပြုအရေးဆိုပေးနိုင်သော အဖွဲ့တချို့ ရှိလာပြီ ဖြစ်သည်။ ၁၉၈၃ ခုနှစ်တွင် ထူထောင်ခဲ့သော Gaya Nusantara အဖွဲ့သည် အာရှတွင် သက်တမ်းအရင့်ဆုံး လိင်တူချစ်သူအမျိုးသားတို့၏ အခွင့်အရေးကို ဆောင်ရွက်သည့်အဖွဲ့ဟု ဆိုနိုင်ပါသည်။ လိင်တူချစ်သူ အမျိုးသမီးတို့၏ အခွင့်အရေးအတွက်မူ ၁၉၈၉ ခုနှစ်တွင် ထိုင်းနိုင်ငံတွင် တည်ထောင်ခဲ့သော Anjaree အဖွဲ့သည် ပထမဆုံးအဖွဲ့ ဖြစ်သည်။ သို့သော် အများစုမှာ တရားဝင်မှတ်ပုံတင်ထားခြင်း မရှိပါ။ မှတ်ပုံတင်ထားသည့် အဖွဲ့များသည် ၎င်းတို့အဖွဲ့ကို အကဲမဆတ်သော (သိသာထင်ရှားမှုမရှိသော) အမည်များကို ပေးထားပါသည်။ ဥပမာ - ထိုင်နိုင်ငံမှ Rainbow Sky Association အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံမှ Rainbow Stream (Arus Pelangi) အဖွဲ့နှင့် မြန်မာနိုင်ငံမှ Colors Rainbow အဖွဲ့တို့ဖြစ်ပါသည်။ (ယခုအခါ သက်တံရောင်၏ အဓိပ္ပာယ်မှာလည်း လူသိများထင်ရှားလာပြီဖြစ်သည်။) ဗီယက်နမ်တွင် ရှိသော အဓိက အဖွဲ့အစည်းနှစ်ခုမှာ တရားဝင်မှတ်ပုံတင်ထားပြီး အလွန်တက်ကြွသည့် အဖွဲ့များဖြစ်ပါသည်။ သို့သော် သူတို့အဖွဲ့၏ အမည်များမှာမူ LGBTI အခွင့်အရေးကို ဦးတည်ဆောင်ရွက်နေသည်ဟု ထင်စရာမရှိလောက်သော အမည်များဖြစ်ကြသည်။ ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှတွင် လိင်တူချစ်သူ အမျိုးသားနှင့် အမျိုးသမီးတို့၏ မိတ်ဆွေများနှင့် မိဘများ (Parents and Friends of Lesbians and Gays) အဖွဲ့ ရုံးခွဲရှိသည့် တစ်ခုတည်းသောနိုင်ငံဟု မှတ်ယူရပါသည်။

၁၁.၅.၂ လူထု လူပ်ရှားဆောင်ရွက်ချက်၊ လူထုဖြင့် ကိုယ်စားပြုအရေးဆိုခြင်း

ငြိမ်းချမ်းသော ဆန္ဒထုတ်ဖော်ပွဲများအတွက် စုရုံးခွင့်၊ စုစည်းခွင့်နှင့် ကျင်းပခွင့်ဆိုင်ရာ အခွင့်အရေးများမှာ မည်သို့နည်း။ ဆန္ဒပြပွဲများ၊ စီတန်းလှည့်လည်မှုများနှင့် အခြားသော လူထုလှုပ်ရှားဆောင်ရွက်မှုနှင့် လူထုဖြင့်ကိုယ်စားပြုအရေဆိုခြင်းများကို အရှေ့တောင်အာရှ နိုင်ငံတော်တော်များများတွင် တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားပါသည်။ ပထမဆုံးသော လူထုစီတန်းလှည့်လည်မှုကို ၁၉၉၄ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံတွင် စတင်ခဲ့ပါသည်။ ပြည်သူပိုင်လမ်းမများအပေါ်တွင် လူများစွာနှင့် နှစ်စဉ်အခမ်းအနားဖြင့်စီတန်းလှည့်လည်မှုများသည် ယခုအခါ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံ (ဟောင်ကောင်၊ ဂျပန်၊ ထိုင်ဝမ်၊ တောင်ကိုရီးယားနှင့် အိန္ဒိယအပါအဝင်) တို့တွင် ပေါ်ပေါက်လာပြီ ဖြစ်ပါသည်။ အင်ဒိုနီးရှား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့တွင် စီတန်းလှည့်လည်ပွဲများကို အများအားဖြင့် နိုင်ငံခြားသံရုံးများရှိ ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများတွင် ကျင်းပလေ့ရှိပါသည်။ (အလံများ၊ ဘောလုံးများနှင့် အမှတ်အသားပါ တီရှပ်များ ကိုင်ဆောင်ဝတ်ဆင်လျက်) နှစ်စဉ် စက်ဘီးဖြင့် စီတန်းလှည့်လည်မှုကို ယခုအခါ ဟန္ဒိုင်းတွင် နှစ်စဉ် ကျင်းပပါသည်။ (၎င်းအတွက် ခွင့်ပြုချက်ရယူရန် မလိုပါ။) လူထုပါဝင်သော 'သက်တံရောင် လမ်းလျှောက်ပွဲ' ကို ဟိုချီမင်းမြို့တော်တွင် အဆောက်အအုံအတွင်းတွင် ကျင်းပသော လှုပ်ရှားမှုများနှင့်အတူ ပူးပေါင်းပြီး အလံများ၊ ဘောလုံးများနှင့် အမှတ်အသားပါ တီရှပ်များကိုင်ဆောင်ဝတ်ဆင်ကာ ပြုလုပ်ပါသည်။ (ပလက်ဖောင်းပေါ်တွင် စီတန်းလှည့်လည်ရန်အတွက် ခွင့်ပြုချက်မလိုပါ။) ထိုင်းနိုင်ငံတွင် အခါအားလျော်စွာ သက်တံရောင်ထီးများ ကိုင်ဆောင်၍ လူထုခီတက်လမ်းလျှောက်ပွဲများ ပြုလုပ်ပါသည်။ (ထိုင်းနိုင်ငံတွင်လည်း ခွင့်ပြုချက်မလိုပါ။) လိင်ပြောင်းလဲမှုနှင့် လိင်တူချစ်သူများကို ဆန့်ကျင်သည့် အပြည်ပြည်ဆိုင်ရာ အထိမ်းအမှတ်နေ့များကို မြန်မာနိုင်ငံတွင်လည်း ကျင်းပလျက်ရှိပါသည်။ သို့သော် အဆောက်အအုံအတွင်းတွင်သာ ကျင်းပသောလှုပ်ရှားမှု ဖြစ်သည်။ စင်ကာပူနိုင်ငံတွင် ပန်းရောင်အစက် (Pink Dot) သည် လမ်းမလျှောက်သော ပြည်သူ့ဆန္ဒထုတ်ဖော်မှုများတွင် အထင်ရှားဆုံးသော သာဓကတစ်ခု ဖြစ်ပါသည်။

သာဓက

စင်ကာပူနိုင်ငံက ပန်းရောင်အစက် (Pink Dot)

စင်ကာပူနိုင်ငံ အစိုးရသည် လူထုနိုင်ငံရေးလှုပ်ရှားမှုများကို ခွင့်ပြုရာတွင် စီးပွားရေးအချက်အချာနေရာများနှင့်ဝေးသည့် ပြည်သူ့ဥယျာဉ်များတွင် ဟောပြောရန်နေရာ သတ်မှတ်ပေးခြင်းဖြင့်သာ ခွင့်ပြုပြီး အများအားဖြင့် တင်းတင်းကျပ်ကျပ် ကန့်သတ်ထားပါသည်။ စင်ကာပူနိုင်ငံတွင် လွတ်လပ်စွာ လူထုဆန္ဒထုတ်ဖော်ခွင့်ရသည့်နေရာတစ်ခုသာ ရှိပါသည်။ (သို့သော် လူမျိုးရေးနှင့် ဘာသာရေးကို ထိခိုက်စေသည့် အကြောင်းအရာများပြောခြင်းကို ကန့်သတ်ထားသည်။) တက်ကြွလှုပ်ရှားသူများသည် ထိုပြည်သူ့ဥယျာဉ်တွင် နှစ်စဉ်တွေ့ဆုံပွဲများ ကျင်းပပါသည်။ ဟောပြောမည့်သူများနှင့် တက်ရောက်လာသူတိုင်း ပန်းရောင်ဝတ်စုံ ဝတ်ကြရသည်။ အစိုးရကလည်း စည်းမျဉ်းစည်းကမ်းတချို့ကိုပယ်ဖျက်ပြီး ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းမှုကို ခွင့်ပြုပေးခဲ့သည်။ ပန်းရောင်အစက်ဆိုသည်မှာ ထိုနှစ်စဉ်လှုပ်ရှားမှုကို ခေါ်ဆိုခြင်းဖြစ်ပြီး၊ ဟောပြောမှုနှင့် ဖျော်ဖြေရေးအစီအစဉ်များကို နားသောတဆင်ရန် ထောင်ပေါင်းများစွာသော စင်ကာပူနိုင်ငံသားတို့သည် နှစ်စဉ် နာရီအနည်းငယ်မျှ

လာရောက်စုဝေးကြသည်။ ဆည်းဆာချိန်တွင် လူများစွာတို့သည် ဖယောင်းတိုင်မီးများထွန်းခြင်း၊ လက်ကိုင်ဖုန်းများဖြင့် မီးအရောင်ပေးခြင်း၊ ရောင်ပြန်မီးများ (ဖြစ်နိုင်လျှင် ပန်းရောင်မီးသာ) ထွန်းခြင်းဖြင့် ပန်းရောင်အစက်ပေါင်းများစွာ ပေါ်ပေါက်လာအောင် အလှဆင်ကြသည်။ စင်ကာပူအမျိုးသားတက္ကသိုလ်မှ ဥပဒေပါမောက္ခ လိုင်းနက်ချူးဝါး၏ 'စင်ကာပူ လိင်တူချစ်သူအမျိုးသားများလှုပ်ရှားမှု' စာအုပ်မျက်နှာဖုံးအတွက် မာတ်ပုံကိုရိုက်ယူရာတွင် ထိုပန်းရောင်အစက်အပြောက်များ ထွန်းလင်းနေသည်ကို ကောင်းစွာမြင်ရသည့် အနီးအနားရှိ ဟိုတယ်တစ်ခု၏ အမြင့်နေရာမှ ရိုက်ယူထားပြီး အဝေးတွင် စင်ကာပူနိုင်ငံ၏ ကြီးမားသော ရဟတ်ပုံလည်း ပါဝင်ပါသည်။ ပန်းရောင်အစက်ဟူသော အမည်သည် စင်ကာပူနိုင်ငံကို ကမ္ဘာ့မြေပုံပေါ်မှ အနီရောင် အစက်သာသာဟူသော ရည်ညွှန်းမှုကို အမှတ်ရစေလိုသည့် အရွှန်းဖောက်ကာပေးထားသည့် နာမည်လည်း ဖြစ်ပါသည်။

၂၀၁၃ ခုနှစ်တွင် စင်ကာပူနိုင်ငံသား ၂၈၀၀၀ ပါဝင်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ထိုလှုပ်ရှားမှုကို Google, Barclays, JP Morgan, Goldman Sachs, Bloomberg, BP, Facebook, Apple, General Electric နှင့် Visa အပါအဝင် နိုင်ငံတကာ စီးပွားရေးလုပ်ငန်း ၁၈ ခုက စပွန်ဆာပေးခဲ့ကြသည်။ ထိုအခါ အစိုးရက ကြေညာချက်တစ်စောင် ထုတ်ပြန်ပါသည်။

စင်ကာပူအစိုးရ၏ တောက်လျှောက်ရပ်တည်ချက်မှာ နိုင်ငံခြားအဖွဲ့အစည်းများနှင့် လုပ်ငန်းများအနေဖြင့် စင်ကာပူနိုင်ငံ၏ ပြည်တွင်းအရေးတွင် ဝင်ရောက်စွက်ဖက်ရန် မသင့်တော်ဟု ယူဆထားခြင်းပင်ဖြစ်သည်။ ထိုသူတို့သည် အထူးသဖြင့် နိုင်ငံရေးကိစ္စ (သို့မဟုတ်) နိုင်ငံရေးအရောင်များ ရောယှက်နေသည့် အငြင်းပွားဖွယ်ကိစ္စရပ်များတွင် မပါဝင်သင့်ပါ။ နိုင်ငံရေး၊ လူမှုရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ရွေးချယ်မှုများကို စင်ကာပူနိုင်ငံသားတို့ ၎င်းတို့ဘာသာ ဆုံးဖြတ်ရွေးချယ်နိုင်ကြပါသည်။ ၎င်းတို့ထဲတွင် LGBI အကြောင်းအရာသည် ဥပမာတစ်ခု ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပန်းရောင်အစက်ကဲ့သို့သော လူထုစည်းရုံးရေး ဟောပြောလှုပ်ရှားမှုတွင် အစိုးရ၏ စည်းမျဉ်းအရ နိုင်ငံခြားသားများကို ပါဝင်ခွင့်နှင့် ဟောပြောခွင့်ကို ခွင့်မပြုပါ။

ယခု အခန်းကို ရေးသားသည့် စာရေးသူက လိင်တူချစ်ခင်မှုကို ဆန့်ကျင်သည့် ကိုလိုနီခေတ် ပြစ်မှုဥပဒေအကြောင်း ကို ၂၀၀၇ ခုနှစ် ပန်းရောင်အစက်လူထုအစည်းအဝေးတွင် ပါဝင်ဟောပြောရန် အစီအစဉ်ရှိသော်လည်း စင်ကာပူအစိုးရက ဟောပြောခွင့်ကို ပိတ်ပင်ခဲ့ပါသည်။

သာဓက

မလေးရှားနိုင်ငံမှ လိင်ပိုင်းဆိုင်ရာလွတ်လပ်မှုမာဒေးကားနေ့ (Seksualiti Merdeka)



၂၀၀၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့၊ မာဒီကာနေ့ (ကိုလိုနီအုပ်ချုပ်မှုမှ မလေးရှားနိုင်ငံ လွတ်မြောက်ခဲ့သည့် အထိမ်းအမှတ်နေ့) တွင် အနုပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများ၊ ပညာရှင်များနှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်းပြီး ပြဇာတ်၊ စတိတ်ရှိုး၊ အလုပ်ရုံဆွေးနွေးပွဲ၊ ရုပ်ရှင်ပြပွဲနှင့် ဟောပြောပွဲများကို လိင်ပိုင်းဆိုင်ရာလွတ်လပ်မှု မာဒေးကား အမည်ဖြင့် ကျင်းပခဲ့သည်။ လိင်ပိုင်းဆိုင်ရာလွတ်မြောက်ခွင့်ဟု အဓိပ္ပာယ်ရပါသည်။ ၎င်းသည် လိင်နှင့် ဂျန်ဒါ မတူကွဲပြားချက်များအတွက် နှစ်စဉ်ကျင်းပသည့် အခမ်းအနားတစ်ခု ဖြစ်လာပါသည်။ အနုပညာပြခန်းတစ်ခုတွင် ကျင်းပခြင်း

ဖြစ်ပြီး ထိုနေရာသည် အနုပညာနှင့်လက်မှုမှုးစင်တာ၊ ဗဟိုစျေးနှင့် ကွာလာလမ်ပူ၏ အထင်ကရများ စုဝေးရာနေရာတွင် တည်ရှိပါသည်။ နှစ်စဉ်ပွဲတော်ကို အဗွဒူလာဘာဒါဝီ ဝန်ကြီးချုပ်ဖြစ်သည့် အချိန်တွင် စတင်ခဲ့သည်။ ဘာဒါဝီသည် ယခင်ဝန်ကြီးချုပ်ဟောင်းများဖြစ်သော မဟာသီယာ မိုဟာမက်ဒ်နှင့် နာဂျစ်ရာဇက်တို့ကဲ့သို့ လိင်တူချစ်ခင်မှုအပေါ် မိမိသဘောထားကို မည်သည့်အခါကမှ လူသိရှင်ကြား မထုတ်ခဲ့ဖူးပါ။ သူ့ကို ခြစားမှုများကိုတိုက်ဖျက်ရန် ဆန္ဒရှိသည့် ပြုပြင်ပြောင်းလဲရေးဝါဒီ တစ်ခုဟု မြင်ကြပါသည်။ လိင်ပိုင်းဆိုင်ရာလွတ်လပ်မှု မာဒေးကားလှုပ်ရှားမှုသည် မလေးရှား ရှေ့နေများကောင်စီ-ဆွာရမ် Malaysian Bar Council Suaram (နာမည်ကြီး လူ့အခွင့်အရေး လူမှုအဖွဲ့အစည်း)၊ Amnesty International (အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့)၊ ကုလသမဂ္ဂမှ အိပ်ခ်ျအိုင်ဗို တိုက်ဖက်ရေးအဖွဲ့နှင့် ဂီတပညာနှင့် အနုပညာရှင်များစွာ ထောက်ခံ အားပေးမှု ရခဲ့ပါသည်။ ၎င်းတို့သည် လူထုဆန္ဒပြပွဲကဲ့သို့သော လှုပ်ရှားမှုမျိုးကို ရှောင်ရှားခဲ့ပါသည်။ ၎င်းတို့၏ နှစ်စဉ်လှုပ်ရှားမှုအကြောင်းကို သတင်းစာများတွင် ရေးသားဖော်ပြကြသည်မှာ အားရဖွယ် ကောင်းပါသည်။ ၂၀၁၀ ခုနှစ် ဆောင်းဦးတွင် 'It Gets Better Project' ဟူသော ယူကျဗီဒီယို တစ်ခုကြောင့် အငြင်းပွားဖွယ်များ စတင်ပေါ်ပေါက်ခဲ့သည်။ ထိုဗီဒီယိုတွင် မလေးရှားမွတ်ဆလင် လူငယ်တစ်ယောက်သည် သူ့အနေဖြင့် တစ်နေ့တွင် မလေးရှားလိင်တူချစ်သူ အမျိုးသားများကိုယ်တိုင် 'ကျွန်တော်တို့ဟာ ဂေးပါ' ဟု ထုတ်ဖော်ပြောကြားလာမည့်နေ့သို့ ရောက်လာမည်ဟု မျှော်လင့်ကြောင်း ပြောကြားထားသည်ကို ပြသထားပါသည်။ မလေးဘာသာဖြင့် ထုတ်ဝေသော သတင်းစာများတွင် ထိုအကြောင်းအရာကို ပြင်းပြင်းထန်ထန် ဝေဖန်ထားပါသည်။ အဆိုပါ လူငယ်ကို အသက်အန္တရာယ် ခြိမ်းခြောက်မှုများပင် ရှိလာခဲ့သည်။ လိင်ပိုင်းဆိုင်ရာလွတ်လပ်မှု မာဒေးကားက ထိုဗီဒီယိုကို ဖြုတ်ချခဲ့သည်။ အငြင်းပွားမှုများသည် ၂၀၁၁ ခုနှစ်အထိတိုင်အောင် ဖြစ်ပွားခဲ့သည်။ နိုဝင်ဘာလတွင် နှစ်စဉ်ပြုလုပ်နေကျဖြစ်သော အခမ်းအနားကျင်းပရန် ပြင်ဆင်သည့်အခါ ရဲများက လိင်ပိုင်းဆိုင်ရာ လွတ်လပ်မှု မာဒေးကား လှုပ်ရှားမှုသည် 'ငြိမ်းချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးသည့် အခမ်းအနား' ဖြစ်သည်ဟူသော အကြောင်းပြချက်ဖြင့် အဖွဲ့အစည်းကိုလည်း ပိတ်ပင်လိုက်သည်။ ပြုပြင် ပြောင်းလဲရေးဝါဒီ ဘာဒါဝီသည်လည်း ဝန်ကြီးချုပ်မဟုတ်တော့သည့် အချိန်ဖြစ်သည်။ ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲတွင် အာဏာရနိုင်ငံရေးညွှန့်ပေါင်းအဖွဲ့သည် အခြေအနေမကောင်းသည့်တိုင်အောင် ၎င်းတို့အနိုင်ရ၍ အာဏာရမြဲရခဲ့ပါသည်။ လိင်ပိုင်းဆိုင်ရာလွတ်လပ်မှု မာဒေးကားကို ဦးဆောင် ကျင်းပသူများက အမိန့်ဖြင့်တားမြစ်ထားမှုအပေါ် ပြန်လည်သုံးသပ်ပေးပါရန် တရားရုံးတော်သို့ ဦးတိုက်လျှောက်ထားခဲ့သည်။ တရားရုံးတော်က အဖွဲ့အား တားမြစ်ပိတ်ပင်ထားမှုအပေါ် မေးခွန်း ထုတ်လာသည်ကိုဖြေဆိုရန် ငြင်းဆန်ခဲ့သည်။ ဤသို့ဖြင့် လိင်ပိုင်းဆိုင်ရာလွတ်လပ်မှု မာဒေးကား လှုပ်ရှားမှုမှာ နိဋ္ဌိတံရလေတော့သည်။

ဘေးဖယ်ခံထားရသော အုပ်စုများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုကို ပံ့ပိုးပေးရန် ရည်ရွယ်ချက်ဖြင့် ဖိလစ်ပိုင်နိုင်ငံသည် အထူးအုပ်စုများပါဝင်သော ပါတီများဖွဲ့စည်းသည့် စနစ်တစ်ခုနှင့် မိတ်ဆက်ခဲ့သည်။ ၎င်းစနစ်သည် ဥပဒေပြုရေးအဖွဲ့တွင် ကိုယ်စားပြုပါဝင်နိုင်ခွင့် အလွန်နည်းသည့် စီးပွားရေးနှင့် လူမှုရေးတွင် အင်အားနည်းသောအုပ်စုများ ပါဝင်လာခွင့်ကို ကိုယ်စားပြုထားပါသည်။ ထို့ကြောင့် LGBTI နိုင်ငံရေးပါတီသည်လည်း ထိုသို့ အသိအမှတ်အပြုခံရသင့်သော်လည်း ၎င်းတို့ ပါတီကိုမူ လူမှုကျင့်ဝတ်လက်ခံချက် ရှုထောင့်ကနေ စဉ်းစားပြီး ငြင်းပယ်ခဲ့ပါသည်။ ၂၀၁၀ ခုနှစ်တွင်မူ ဗဟိုတရားရုံးချုပ်က LGBT ပုဂ္ဂိုလ်များ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့်နှင့် တန်းတူညီမျှစွာ

အဆက်ဆံခံရခွင့်အပေါ် အခြေခံထားသည့် Ang Ladlad ကို အထူးအုပ်စုများ ပါဝင်သော ပါတီ အဖွဲ့တွင် မှတ်ပုံတင်ခွင့်ပေးခဲ့ပါသည်။ ထိုပါတီသည် ရွေးကောက်ပွဲနှစ်ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း အနိုင်မရရှိခဲ့ပေ။

၁၁.၆ ပြည်သူ့မီဒီယာနှင့် အစိုးရဆင်ဆာ

LGBTI များသည် အများအားဖြင့် လူ့အသိုင်းအဝိုင်းတွင် ၎င်းတို့နှင့်ပတ်သက်သော အကြောင်းအရာများ တရားဝင် ထင်ထင်ပေါ်ပေါ် နေထိုင်ပြောဆိုနိုင်ခွင့်ကို အတော်လေး ရုန်းကန်နေရ၍ လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်ဆိုသည်မှာ ၎င်းတို့အတွက် အဘယ်နည်း။ စင်ကာပူ အစိုးရသည် လိင်တူချစ်သူများ၏ အမြင်မရိုင်းသော ဓာတ်ပုံများဖော်ပြခွင့်ကိုပင် တားမြစ်ပိတ်ပင်ထားပါသည်။ ထို့ကြောင့် ခရစ်ယာန်ဂေးအဆိုတော် ဂျက်ဆင်နှင့် ဒီမာကိုတို့၏ ပုံများကို အပိတ်ခံထားရပါသည်။ ၂၀၀၈ ခုနှစ်တွင် ကလေးငယ်တစ်ဦးကို မွေးစားထားသော ယောကျ်ားလျာစုံတွဲ၏ အိမ်ကို အိမ်အလှဆင်ခြင်း ရုပ်သံအစီအစဉ်အတွက် ရိုက်ကူးထုတ်လွှင့်ခဲ့သော ရုပ်သံလိုင်းတစ်ခုကို အစိုးရက ဒဏ်ရိုက်ခဲ့ပါသည်။ မီဒီယာဖွဲ့ဖြိုးရေး တာဝန်ရှိသူများက ထိုရုပ်သံအစီအစဉ်ကို 'လိင်တူတို့၏ ဘဝလူနေမှုပုံစံကို သမားရိုးကျမြင်အောင် မြှင့်တင်ပေးနေသည်'ဟု ဆိုခဲ့ကြသည်။ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီတွင် စင်ကာပူနိုင်ငံသည် လော့စ်အင်းဂျလိစ်တွင် ကျင်းပသော အကယ်ဒမီပေးပွဲအစီအစဉ်ထုတ်လွှင့်မှုတွင် လိင်တူချစ်သူ အမျိုးသားနိုင်ငံရေးသမား ဟာဗေးမစ်ခ်၏ မိန့်ခွန်းများကို ဖြတ်တောက်စေခဲ့သည်။ ၂၀၁၆ ခုနှစ် ဇွန်လတွင် Les Miserables ဇာတ်ကားတွင် လိင်တူချင်းဖက်နမ်းနေသည့် ဇာတ်ဝင်ခန်းများကိုလည်း ဖြတ်တောက်ခဲ့သည်။ မလေးရှား၊ ဘရူနိုင်းနှင့် လာအို နိုင်ငံတို့တွင်လည်း အလားတူ ပိတ်ပင်မှုများ ရှိပါသည်။ နိုင်ငံခြားဂေးမဂ္ဂဇင်းများ အဆိုပါနိုင်ငံများတွင် မတွေ့နိုင်ပါ။ LGBTI အကြောင်းအရာများအကြောင်း ရေးသားသည့် ဇာတ်လမ်းများကိုလည်း ထိုနိုင်ငံများတွင် ရိုက်နှိပ်ထုတ်ဝေခွင့် မရှိပါ။

ထိုင်းနိုင်ငံသည် အာရှတွင် လိင်ပိုင်းဆိုင်ရာ အကြောင်းအရာများကို အများဆုံးဖြေလျှော့ပေးရာတွင် နာမည်ရသည့်နိုင်ငံတစ်ခု ဖြစ်ပါသည်။ ထို့အတူ လိင်တူချစ်သူအမျိုးသားများသည်လည်း လူမြင်ကွင်းတွင် ထင်ထင်ပေါ်ပေါ် နေနိုင်ခွင့်ရှိပါသည်။ သတင်းစာများ စင်ပေါ်တွင် မဂ္ဂဇင်းနှစ်ခုကို ပုံမှန်မြင်ရလေ့ရှိသည်။ ပထမတစ်ခုမှာ နိုင်ငံရပ်ခြားတွင် ပထမဆုံးထုတ်ဝေသည့် ဗြိတိသျှ ဂေးမဂ္ဂဇင်းဖြစ်သော Attitude ဖြစ်ပြီး ၎င်းကို ထိုင်းဘာသာပြန်ဆိုသည့်အပြင် ထိုင်းနိုင်ငံက အကြောင်းအရာများကိုပါ ထည့်သွင်းပြီး ထုတ်ဝေပါသည်။ ဒုတိယတစ်ခုမှာ @Tom Actz ဖြစ်ပြီး ထိုင်းနိုင်ငံ လိင်တူချစ်သူအမျိုးသမီးများဆိုင်ရာ မဂ္ဂဇင်းဖြစ်ပါသည်။ ၎င်းကို ထုတ်ဝေလာခဲ့သည်မှာ ငါးနှစ် (သို့မဟုတ်) ခြောက်နှစ်ကြာမြင့်ရှိပြီ ဖြစ်သည်။ အဆိုပါ ပုံနှိပ်မဂ္ဂဇင်းနှစ်စောင်သည် အရှေ့တောင်အာရှတွင် ထူးခြားသော စာစောင်များဖြစ်ခဲ့သည်။ စင်ကာပူနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် LGBTI ဆိုင်ရာ အွန်လိုင်းမဂ္ဂဇင်းများရှိသော်လည်း လူအများမြင်သာမှု နည်းပါသည်။

ထိုင်းနိုင်ငံသည် လိင်တူချစ်သူ အမျိုးသားများအကြောင်း ရုပ်ရှင်ပေါင်းများစွာ ထုတ်လုပ်ခဲ့သည်။ သို့သော် အများစုမှာ အမျိုးသားလိင်တူချစ်သူနှင့် အမျိုးသမီးလိင်တူချစ်သူများကို လှောင်ပြောင်သည့် ခပ်ညံ့ညံ့ ဟာသကားများသာ ဖြစ်သည်။ သို့ရာတွင် ဖောက်ထွက်နိုင်သော ဇာတ်ကားအနည်းငယ်လည်း ရှိသည်။ ဥပမာ - Iron Ladies, Beautiful Boxer, Love of Siam, Bangkok

Love Story, Yes or No, Yes or No (2) နှင့် ၂၀၁၅ တွင် ထုတ်လုပ်သော Winning at Checkers (Every Time) တို့ ဖြစ်သည်။ Winning at Checkers (Every Time) မှာ နိုင်ငံခြားဘာသာစကား ပြော ဇာတ်ကားအဖြစ် အော်စကာဆုရွေးချယ်မှုအတွက် ပေးပို့ခဲ့ပါသည်။ အဆိုပါ ထိုင်းရုပ်ရှင်များကို နိုင်ငံအနှံ့က ရုပ်ရှင်ရုံများတွင် ပြသခွင့်ရခဲ့ပါသည်။ ထိုနည်းတူစွာပင် ဖိလစ်ပိုင်နိုင်ငံတွင်လည်း လိင်တူချစ်သူ အမျိုးသားနှင့် အမျိုးသမီးတို့အကြောင်း ရိုက်ကူးသည့် ရုပ်ရှင်များစွာ ရှိပါသည်။ အရှေ့တောင်အာရှရှိ နိုင်ငံအချို့တွင် ရည်ညွှန်းစရာ တစ်ကား(သို့မဟုတ်)နှစ်ကား ရှိနေတတ်ပါသည်။ ဥပမာ - အင်ဒိုနီးရှားမှ Lost in Paradise in Vietnam, Arisan, Arisan (2) နှင့် Beautiful Man၊ မလေးရှားမှ In a Bottle ဇာတ်ကားနှင့် မြန်မာနိုင်ငံမှ ဟာသကားများဖြစ်ပါသည်။ LGBTI ဆိုင်ရာ ရုပ်ရှင်ပွဲတော်များကို အင်ဒိုနီးရှား၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့တွင် ကျင်းပပြီး အခြားနေရာဒေသများတွင်လည်း ပြသကြပါသည်။

၁၁.၇ ခွဲခြားနှိမ်ချဆက်ဆံခြင်း

အရှေ့တောင်အာရှရှိ နိုင်ငံများ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများတွင် တန်းတူညီမျှခွင့်နှင့် ခွဲခြားဆက်ဆံခြင်းကို တားမြစ်မှုတို့အတွက် ကတိခံထားကြပါသည်။ အထူးသဖြင့် ခွဲခြားနှိမ်ချဆက်ဆံတတ်သည့် နယ်ပယ်များကိုလည်း စာရင်းပြုစုဖော်ပြထားကြသည်။ ဥပမာ - ကမ္ဘောဒီးယားနိုင်ငံ အခြေခံဥပဒေ ပုဒ်မ ၃၁ အရ နိုင်ငံသားများသည် 'မည်သည့်လူမျိုး၊ အသားအရောင် လိင်၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ နိုင်ငံရေးလက်ခံမှု၊ မွေးဖွားရာနေရာ၊ လူမှုအဆင့်အတန်း၊ ဆင်းရဲချမ်းသာ အဆင့်အတန်း'မဟူ အားလုံး တန်းတူညီမျှခွင့်ရှိသည်ဟု ဖော်ပြထားပါသည်။ အရှေ့တောင်အာရှရှိ မည်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်မှ 'လိင်ပိုင်းဆိုင်ရာ တိမ်းညွတ်မှု'၊ 'ကျား-မ ဆိုင်ရာ ဖော်ထုတ်ချက်' (သို့မဟုတ်) 'နပုလ္လိင်ဖြစ်သည့် အနေအထား' စသည့် အမျိုးအစားများကို မထည့်သွင်းထားကြပါ။ ထိုအမျိုးအစားများကို 'အခြားသော အခြေအနေ' ဆိုသည့် အောက်တွင် ထည့်သွင်းထားဟန် ရှိပါသည်။ သို့သော် အရှေ့တောင်အာရှရှိ မည်သည့် တရားရုံးကမျှ ထိုအကြောင်းအရာနှင့်ပတ်သက်ပြီး ဖွဲ့စည်းအုပ်ချုပ်အခြေခံဥပဒေများကို ထောက်မပြကြပါ။ အစိုးရ၏ လုပ်ဆောင်ချက်နှင့်ဥပဒေများတွင်သာ အခြေခံဥပဒေပါ အချက်အလက်များကို ထည့်သွင်းကိုးကားပြဋ္ဌာန်းကြပြီး ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများတွင် အလုပ်ခန့်ထားခြင်း၊ နေရာထိုင်ခင်းပေးခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့တွင်မူ လိုက်နာကျင့်သုံးခြင်းမရှိပါ။ သို့ဖြစ်ရာ ထိုသို့သော ခွဲခြားဆက်ဆံမှုကို ပြန်လည်တွန်းလှန်နိုင်ရန်အတွက် ခွဲခြားဆက်ဆံမှုကို လက်မခံသော သီးခြားဥပဒေတစ်ရပ် ပြဋ္ဌာန်းရန် လိုအပ်ပါသည်။

စစ်မှုထမ်းသည့် အကြောင်းအရာတွင်လည်း အချို့နိုင်ငံများတွင် ခွဲခြားဆက်ဆံမှုရှိနေကြောင်း ဖော်ပြကြပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင် လိင်တူချစ်သူအမျိုးသားများ လက်နက်ကိုင်တပ်အတွင်း ဝင်ရောက်ထမ်းဆောင်မှုကို တားမြစ်ထားသည်။ လိင်တူချင်း လိင်ဆက်ဆံမှုကို တောင်ကိုရီးယားတွင် မကန့်ကွက်ထားသော်လည်း လိင်တူချစ်သူတို့ တပ်ထဲတွင် ဝင်ရောက်ထမ်းဆောင်မှုကိုမူ တားမြစ်ထားပါသည်။ စင်ကာပူနိုင်ငံ စစ်မှုမထမ်းမနေရ ဥပဒေအရမူ ဂေးဟု သိထားသူများကို အခြားသော ထမ်းဆောင်မှုတစ်ခုခုပြုလုပ်ရန် ရွေးချယ်ခွင့်ပေးထားပါသည်။ ထိုင်းနိုင်ငံတွင်မူ လိင်ပိုင်းဆိုင်ရာ တိမ်းညွတ်မှုနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်စရာ မရှိပါ။ သို့ရာတွင် ဆန့်ကျင်ဘက်

လိင်ကဲ့သို့ ပြုမူနေသူများကို ဆေးစစ်ချက်အရ 'ကျား-မ ရေးရာ ဝိသေသများ ပုံမှန်မဟုတ်' ဟု ဖော်ပြထားချက်ဖြင့် စစ်မှုထမ်းခြင်းမှ ခွင်းချက်ပေးထားသည်။

ဖိလစ်ပိုင်နိုင်ငံမှ လှုပ်ရှားတက်ကြွသူများသည် အလုပ်အကိုင်ရရှိရေးတွင် နိုင်ငံတော်ဆိုင်ရာ ခွဲခြားဆက်ဆံမှုမရှိစေရေး ဥပဒေပြဋ္ဌာန်းရန် ဆယ်စုနှစ်တစ်ခုကြာအောင် ဦးဆောင်ဆွေးနွေးတိုက်တွန်းခဲ့ကြပါသည်။ ဖိလစ်ပိုင်နိုင်ငံ တက္ကသိုလ်ပင်မ ပရိဝုဏ်များတည်ရှိရာ နယ်မြေဖြစ်သော မနီလာရှိ ကွေဇွန်စီးတီး Quezon City တွင် ထိုဥပဒေကို ပထမဆုံး ပြဋ္ဌာန်းခဲ့ကြသည်။ ၂၀၁၆ ခုနှစ် အစောပိုင်းတွင် LGBT များ ခွဲခြားနှိမ်ချဆက်ဆံမှုမှ အကာအကွယ်ပေးနိုင်မည့် ဒေသဥပဒေများမှာ ဖိလစ်ပိုင်၏ ပြည်နယ်နှစ်ခု၊ မြို့ကိုးမြို့၊ စည်ပင်သာယာနယ်နိမိတ်တစ်ခုနှင့် Quezon City ထဲရှိ ရပ်ကွက်သုံးခုတို့တွင် ပေါ်ပေါက်လာခဲ့ပါသည်။ ထိုင်ဝမ်တွင်မူ အလုပ်အကိုင် ခန့်ထားရေးတွင် လိင်ပိုင်းဆိုင်ရာ တိမ်းညွတ်မှုကို ဆန့်ကျင်သည့် အမျိုးသားဥပဒေကို ၂၀၀၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ပညာရေးတွင် ခွဲခြားဆက်ဆံမှုမရှိစေရေး ဥပဒေကို ၂၀၀၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။

သာဓက

ထိုင်းနိုင်ငံ၏ ဂျန်ဒါတန်းတူညီမျှရေး အက်ဥပဒေ

၁၉၉၇ ခုနှစ်၊ ထိုင်းနိုင်ငံ အခြေခံဥပဒေအရ ထိုင်းဘာသာစကားဖြင့် 'လိင်' (သို့မဟုတ်) 'ဂျန်ဒါ' ကိုယ်စားပြုသော စကားလုံးဖြစ်သည့် 'ဖက် (phet)' အပေါ် ခွဲခြားဆက်ဆံခြင်းကို တားမြစ်ထားပါသည်။ အခြားသော ဘာသာစကားများကဲ့သို့ပင် ထိုင်းဘာသာစကားတွင်လည်း အဆိုပါအင်္ဂလိပ် ဝေါဟာရနှစ်ခု၏ အနက်အဓိပ္ပာယ်မှာ ကွဲကွဲပြားပြား မရှိပါ။ ၂၀၀၇ ခုနှစ်တွင် အခြေခံဥပဒေ မူကြမ်းကို ပြင်ဆင်ရာတွင် ထိုင်းတို့ မကြာခဏခေါ်ဝေါ်အသုံးပြုနေသော 'လိင်ပိုင်းဆိုင်ရာ မတူကွဲပြားမှု' ဆိုသည့် စကားလုံးကို ထည့်သွင်းရန် ငြင်းခုံဆွေးနွေးမှုများ ရှိခဲ့ပါသည်။ မည်သည့် စကားလုံးမှ ဖြည့်စွက်မထည့်သွင်းခဲ့ပါ။ သို့သော် ဥပဒေမူကြမ်းရေးဆွဲသူတို့၏ ဆုံးဖြတ်ချက်အတွက် ကြေညာချက်တစ်စောင် ထွက်ရှိလာခဲ့ပါသည်။ ထိုကြေညာချက်တွင် 'ဖက်'ဟု ဆိုရာတွင် 'လူတစ်ယောက် မွေးဖွားလာစဉ်ကတည်းက ၎င်းနှင့်အတူ ပါရှိလာသော လိင်(ဖက်)သည် လိင်ပိုင်းဆိုင်ရာ ဝိသေသ၊ သို့မဟုတ် ဂျန်ဒါ (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာ မတူကွဲပြားမှု အဓိပ္ပာယ်နှင့် ကွာခြားကောင်းကွာခြားနိုင်ပါသည်'ဟူသော ရှင်းလင်းချက်ပါရှိပါသည်။ ထိုသို့ အနက်ပြန်ရှင်းလင်းမှုကို ချင်းမိုင်တွင် ဖြစ်ပွားသော အမှုနှစ်ခုတွင် ထိုင်းအုပ်ချုပ်ရေးလွှတ်တော်က လက်ခံကျင့်သုံးခဲ့ပါသည်။ အဆိုပါ အမှုနှစ်ခုသည် အစိုးရက ကြီးမှူးကျင်းပသော လူထုပွဲတော်များတွင် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူနေထိုင်သူတို့ ပါဝင်ဆင်နွှဲခွင့်ကို ဖယ်ထုတ်ထားသည့်အမှုဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် အခြေခံဥပဒေတွင် ခွဲခြားဆက်ဆံမှုမရှိစေရေး စာပိုဒ်ထည့်သွင်းရန် ဥပဒေမူကြမ်းရေးဆွဲမှုသည် တဖြည်းဖြည်း ရုပ်လုံးပေါ်လာပြီး နောက်ဆုံးတွင် ဂျန်ဒါတန်းတူညီမျှရေး အက်ဥပဒေ ပေါ်ပေါက်လာပါသည်။ ထိုအက်ဥပဒေကို စစ်တပ်ဦးဆောင်သော ဥပဒေပြုသည့်အဖွဲ့က အတည်ပြုပေးခဲ့သည်။ ဂျန်ဒါတန်းတူညီမျှရေး အက်ဥပဒေတွင် အမျိုးသမီးနှင့် ဆန့်ကျင်ဘက်လိင်ဖြစ်သည့် အမျိုးသမီး (သို့မဟုတ်) အမျိုးသားကဲ့သို့ ပြုမူနေထိုင်သူများအပေါ် ခွဲခြားထားမှုအားလုံးကို ဆန့်ကျင်ထားပြီး ၎င်းတို့၏ ကျား-မ ဖော်ပြချက်သည် ၎င်းတို့မွေးဖွားစဉ်က ဒွန်တွဲပါလာသည့် လိင်ဖော်ပြချက်နှင့် ကွဲလွဲခြင်းကို အသိအမှတ်ပြုထားသည်။ ထို့ကြောင့် ဥပဒေသည် လိင်ပိုင်းဆိုင်ရာတိမ်းညွတ်မှုကို

ကျား-မ ဆိုင်ရာ ဝိသေသလက္ခဏာနှင့် ကျား-မ ကျား-မ ဆိုင်ရာ ဖော်ပြချက်များမှ သီးသန့်ခွဲထုတ်လိုက်ကာ၊ ၎င်းတိမ်းညွတ်မှုအပေါ် မူတည်၍ ခွဲခြားခြင်းကိုတားမြစ်သည်ဟု နားလည်ရပါသည်။ ထိုဥပဒေအသစ်ကို အကောင်အထည်ဖော်မှုကို ပံ့ပိုးပေးမည့် ကော်မတီတစ်ခုကိုလည်း ဖွဲ့စည်းခဲ့ပါသည်။

လူတစ်ဦးတစ်ယောက်သည် ပုဂ္ဂလိကဆိုင်ရာ ဘာသာရေးအမြင်နှင့် ပင်ကိုသိစိတ်အပေါ် အခြေခံပြီး ခွဲခြားမှုဆက်ဆံမှုမပြုရေး ဥပဒေမှ ကင်းလွတ်ပိုင်ခွင့်ကို မည်သည့်အတိုင်းအတာအထိ တောင်းဆိုသင့်သနည်း။ ဥပမာ - ဥပဒေသည် လိင်တူချင်း လက်ထပ်ထိမ်းမြားမှုကို ခြွင်းချက်အနေဖြင့် ခွင့်ပြုထားသည်။ ထို့ကြောင့် လိင်တူချင်းလက်ထပ်ထိမ်းမြားမှု ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ရာတွင် ဘာသာရေးဩဇာကြီးမားသူတို့ ပါဝင်ရန်မလိုအပ်တော့ပါ။ (ဘာသာရေး ခေါင်းဆောင်များသည် လိင်တူချင်းလက်ထပ်ထိမ်းမြားမှုကို ခွဲခြားဆက်ဆံလေ့ရှိသည်။) ထို့အတူ ထိုဘာသာရေးခေါင်းဆောင်များသည် လိင်အပေါ် မူတည်၍ ခွဲခြားလေ့ရှိကြသည် (အများအားဖြင့် ဘာသာရေးခေါင်းဆောင်များသည် ခရစ်ယာန်ဘုန်းတော်ကြီးများ (ဆိုလိုသည်မှာ အမျိုးသားများ)သာ ဖြစ်နေခြင်း။) ပြင်သစ်၊ အမေရိကန်နှင့် ကနေဒါနိုင်ငံများတွင် ပြည်သူ့ဝန်ထမ်းများသည် လက်ထပ်ထိမ်းမြားမှုအတွက် သက်သေခံပေးရာတွင် ပါဝင်နိုင်ရေးနှင့် အခြားတစ်ဖက်ကလည်း လိင်တူချင်းလက်ထပ်ထိမ်းမြားမှုကို ပြည်သူ့ဝန်ထမ်းများသည် ကိုယ်ပိုင်အတွေးအမြင် အယူအဆအရ မပါဝင်ဘဲနေနိုင်ရေး စသဖြင့် အငြင်းပွားမှုများ မြင့်တက်လာခဲ့ပါသည်။ အငြင်းပွားဖွယ်များ ဆက်လက်ဖြစ်ပေါ်နေ၍ အစိုးရဝန်ထမ်းများအတွက် ထိုသို့သော ခြွင်းချက်ထားပေးခြင်းကို ငြင်းပယ်ခဲ့ပါသည်။ ဥရောပလူ့အခွင့်အရေး ရုံးတော်က Ladele, McFarlane v UK (2013) အမှုတွင် အစိုးရဝန်ထမ်းတစ်ဦးက ၎င်း၏ ပုဂ္ဂိုလ်ရေးခံယူချက်ဖြင့် လိင်တူချင်းလက်ထပ်ထိမ်းမြားမှုကို တရားဝင်စာရင်းသွင်းပေးရန် ငြင်းပယ်ခဲ့သဖြင့် ၎င်းကိုအလုပ်မှဖြုတ်ရန် အရေးယူဆုံးဖြတ်ခဲ့သည်။ ထို့အတူ ပုဂ္ဂလိကလုပ်ငန်းများက ဝန်ဆောင်မှုပေးရန် ငြင်းပယ်ခွင့်၊ ဥပမာ - လိင်တူချင်း လက်ထပ်ထိမ်းမြားပွဲတွင် မင်္ဂလာဆောင် စီစဉ်ပေးခြင်း၊ မင်္ဂလာကိတ်မုန့်နှင့် ပန်းများစီစဉ်ပေးခြင်း စသည်တို့ကို လုပ်ဆောင်မပေးဘဲ ငြင်းပယ်ခွင့်အတွက် အငြင်းပွားမှုများ ဆက်လက်ပေါ်ပေါက်လာပါသည်။ အမေရိကန်တွင် ရှိသော အချို့သော သီးခြားပြည်နယ်များတွင် ထိုကဲ့သို့ ပုဂ္ဂိုလ်ရေးဆိုင်ရာ ခြွင်းချက်များကို ခွင့်ပြုရန် 'ဘာသာရေးလွတ်လပ်ခွင့်'ကို ပြဋ္ဌာန်းထားပါသည်။ သို့ရာတွင် ထိုလက်တွေ့တွင် အခြေခံဥပဒေအတိုင်း လိုက်နာနေမှုရှိမရှိကို စမ်းသပ်ခွင့်မကြုံသေးပါ။ Boy Scouts v Dale (2000) ဖြစ်ရပ်တွင် အမေရိကန်တရားရုံးချုပ်သည် လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းထူထောင်ခွင့် ဥပဒေအရ အမျိုးသားကင်းထောက်အဖွဲ့အစည်းများကို ၎င်းတို့လုပ်ငန်းအစီအစဉ်ထဲတွင် လိင်တူချစ်သူများကို ဖယ်ချန်ထားခွင့်ကို ခွင့်ပြုခဲ့သည်။ အငြင်းပွားဖွယ်များကြုံခဲ့ရသည့် နှစ်များစွာ လွန်မြောက်ပြီးသောအခါ ထိုအဖွဲ့အစည်းသည် အဆိုပါ ဖယ်ချန်ပိတ်ပင်မှုကို ဖယ်ရှားခဲ့ပါသည်။ စိန့်ပက်ထရစ်နေ့ စီတန်းလှည့်လည်မှု (အိုင်းရစ်အမွေအနှစ် (Irish heritage))နှင့်သက်ဆိုင်မှုရှိသော ဘာသာရေးမဟုတ်သည့် ပြည်သူ့အခမ်းအနား)တွင် လိင်တူချစ်သူ အမျိုးသားနှင့် အမျိုးသမီးကို ပိတ်ပင်ခဲ့ဖူးသော်လည်း နောင်တွင် ဖယ်ရှားခဲ့သည်။ ထိုဖြစ်ရပ်တွင် အမေရိကန် တရားရုံးချုပ်သည် လွတ်လပ်စွာဖော်ထုတ်ပြောကြားခွင့် နာမည်အောက်တွင် ခွဲခြားဆက်ဆံမှုများကို ဆက်ထိန်းထားခွင့်ပေးခဲ့သည်။ သို့ရာတွင် ရှည်ကြာစွာ အငြင်းပွားပြီးသည့်နောက် ထိုကဲ့သို့ ခွဲခြားဆက်ဆံမှုကို စီတန်းလှည့်လည်မှုကို ဦးဆောင်သူတို့ကိုယ်တိုင်ကပင် အဆုံးသတ်ပေးခဲ့သည်။

၁၁.၈ လိင်တူချင်း ချစ်ခင်မှုကို အသိအမှတ်ပြုခြင်း

ကြင်ဖော်မောင်နှံတို့တွင် ၎င်းတို့နှစ်ဦးထဲက တစ်ဦးကွယ်လွန်ပြီးနောက်ပိုင်းတွင် ကလေးအုပ်ထိန်းခွင့်နှင့် ပစ္စည်းဥစ္စာနှင့် ငွေကြေးပိုင်ဆိုင်မှုတို့ကို ရယူပိုင်ဆိုင်ခွင့်အတွက် ၎င်းတို့ဆန္ဒအလျောက် လက်မထပ်ဘဲ အတူနေထိုင်ခြင်းကိုလည်း ဥပဒေအရ အသိအမှတ်ပြုရန် လိုအပ်ပါသည်။ လိင်တူချစ်သူ အမျိုးသားနှင့် အမျိုးသမီးတို့တွင် ထိုသို့သော ပိုင်ဆိုင်မှုအတွက် လုံခြုံရေး အာမခံချက် မရှိကြပါ။ ကျန်ရစ်သူအဖော်သည် အိမ်မှနှင်ထုတ်ခံခြင်းသော်လည်းကောင်း၊ ငွေကြေးပိုင်ဆိုင်ခွင့်ကို ဆုံးရှုံးလိုက်ရခြင်းမျိုးသော်လည်းကောင်း၊ ကွယ်လွန်သူ၏ မိသားစုကိုသာ လွှဲပြောင်းပေးအပ်ခဲ့ရခြင်းမျိုးသော်လည်းကောင်း ကြုံတွေ့ရပါသည်။

ဥပမာအားဖြင့် အာရှတွင် လိင်တူချင်းချစ်ခင်သဖြင့် အတူနေဆက်ဆံခြင်းကို ဥပဒေအရ အသိအမှတ်ပြုရာတွင် (က) ပြည်ဝင်ခွင့်နေထိုင်ရေးဆိုင်ရာ အခွင့်အရေးများနှင့် (ခ) အိမ်တွင်းအကြမ်းဖက်မှု ဥပဒေတို့နှင့် ဆက်စပ်မှုရှိပါသည်။

ဟောင်ကောင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံရှိ ပြည်ဝင်ခွင့်အရာရှိတို့ (နှင့် အခြားသော ဥပဒေပြုခွင့်ရှိသူများ)သည် ၎င်းတို့၏ နိုင်ငံများတွင် လာရောက်တာဝန်ထမ်းဆောင်ကြသော သံရုံးဝန်ထမ်း၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပုဂ္ဂိုလ်များနှင့် နိုင်ငံတကာကော်ပိုရေးရှင်းမှ ရာထူးရာခံရှိသူများနှင့် အတူ ၎င်းတို့၏ လိင်တူလက်တွဲဖော်များအား နေထိုင်ခွင့်ကို ပေးထားကြလေ့ရှိသည်။ သာဓကအားဖြင့် ဗီယက်နမ်နိုင်ငံသို့ လာရောက်သော အမေရိကန်သံအမတ်၏ လိင်တူခင်ပွန်းနှင့် ထိုင်းနိုင်ငံက လက်ရှိ ဗြိတိန်သံအမတ်ကြီးတို့ လက်တွဲဖော်များသည် ထိုသို့သော ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ရထားပါသည်။ သက်ဆိုင်ရာ ပြည်ဝင်ခွင့်ဥပဒေတွင် လိင်တူမောင်နှံများနှင့် စပ်လျဉ်းသော သီးခြားရည်ညွှန်းချက်များ မပါရှိပါ။ လက်တွေ့ကျင့်သုံးမှုတွင်လည်း ထိုသို့နေထိုင်ခွင့်ကို တားမြစ်မထားပေ။ Taddeucci နှင့် McCall v Italy (2016) ဖြစ်ရပ်တွင် ဥရောပ လူ့အခွင့်အရေး ခုံရုံးက လိင်တူစုံတွဲများ၏ နေထိုင်ခွင့်ကို အာမခံချက်ပေးရန်နှင့် ထိုသို့သော အခွင့်အရေးကို ပုံသဏ္ဌာန်မျိုးစုံသော လိင်တူစုံတွဲများလည်း ရရှိစေရန် ပြဋ္ဌာန်းထားပါသည်။ ဟောင်ကောင်တွင် ၂၀၁၆ ခုနှစ်တွင် လိင်တူစုံတွဲများ၏ အလုပ်လုပ်ကိုင်ခွင့်အတွက် ရုံးတော်တွင် တက်ရောက်အရေးဆိုခြင်းရှိခဲ့ပြီး မတူညီသော လိင်အချင်းချင်း လက်ထပ်ထားသည့် စုံတွဲများကိုသာ ခွင့်ပြုထားသင့် အလုပ်နှင့်ပတ်သက်သော အခွင့်အရေးများ ပေးသင့်ကြောင်း တောင်းဆိုခဲ့သည်။

ယခုအခါ အိမ်တွင်းအကြမ်းဖက်မှုအတွက် အထူးဥပဒေများ ချမှတ်ခဲ့ကြောင်း နေရာတော်တော်များများတွင် တွေ့လာရပါသည်။ ထိုဥပဒေများသည် တရားဝင်လက်ထပ်ထားသူ စုံတွဲများအတွက်သာမဟုတ်ဘဲ အတူတကွ ပေါင်းသင်းနေထိုင်သည့် အဖော်များနှင့်ပါ သက်ဆိုင်မှုရှိပါသည်။ ဟောင်ကောင်နှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် အဆိုပါဥပဒေကို လိင်တူစုံတွဲများအတွက်ပါ အသုံးပြုစေခဲ့သည်။ တရုတ်နိုင်ငံ၏ ၂၀၁၆ ခုနှစ် ဥပဒေတွင် ဂျန်ဒါသတ်မှတ်၍ ဖော်ပြချက် ကင်းလွတ်အောင် ရေးသားထားသည့်အတွက် လိင်တူစုံတွဲများအတွက်ပါ အကျုံးဝင်စေပါသည်။

ကလေးအုပ်ထိန်းခွင့်နှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုခွဲဝေရာတွင် ဖြစ်တတ်သော အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် ၂၀၁၃ ခုနှစ်တွင် ဗီယက်နမ်အစိုးရသည် လက်မထပ်ထားသော လိင်တူ

(သို့မဟုတ်) လိင်ကွဲစုံတွဲများကို ဥပဒေဖြင့် တရားဝင်အသိအမှတ်ပြုရန် အဆိုပြုခဲ့သည်။ အဆိုပါ ပြုပြင်ပြောင်းလဲမှုအပေါ် နိုင်ငံနှင့်အဝန်းတွင် ငြင်းခုံဆွေးနွေးခဲ့ကြသော်လည်း အဆုံးတွင် ဥပဒေ ပြုပိုင်ခွင့်ရှိသူတို့သည် လိင်တူစုံတွဲများအပေါ် အသိအမှတ်ပြုရန်ကို ပယ်ဖျက်ခဲ့ကြသည်။ ခွင့်ပြုချက် မပေးထားသော ပွဲများကျင်းပမှုအပေါ် ကန့်သတ်သည့် သမားရိုးကျမဟုတ်သော ဥပဒေကိုမူ ပယ်ဖျက်ခဲ့သည်။ ခွင့်ပြုချက်မပေးထားသော ပွဲဟုဆိုရာတွင် လိင်တူချင်း လက်ထပ်မင်္ဂလာပြုပွဲဟု အများက နားလည်ကြပါသည်။ (ထို့ကြောင့် ထိုအကြောင်းအရာကို သတင်းများစွာတွင် ဗီယက်နမ်သည် ယခုအခါ လိင်တူချင်းလက်ထပ်ထိမ်းမြားမှုကိုခွင့်ပြုပြီဟု မှားယွင်းစွာ ဖော်ပြကြပါသည်။)

လိင်တူစုံတွဲတို့ အခြားသော ဥပဒေပါအခွင့်အရေးနှင့် ခွင့်ပြုချက်များကိုရရှိစေရန် ၎င်းတို့ကို တရားဝင်မှတ်ပုံတင်နိုင်ရေး စနစ်တစ်ခု အစပြုရန်အတွက် ထိုင်းနိုင်ငံလွှတ်တော်ရေးရာ ကော်မတီ တစ်ခုသည် အစည်းအဝေး (သို့မဟုတ်) ကြားနာမှု ငါးကြိမ်ကို နိုင်ငံ၏ နေရာတော်တော်များများတွင် ပြုလုပ်ခဲ့သည်။ (နောက်ဆုံးအကြိမ်မှာ ၂၀၁၃ ခုနှစ် ဧပြီတွင် ဖြစ်သည်။) သီးခြားအနေဖြင့်လည်း လူပ်ရှားတက်ကြွသူ တော်တော်များများသည် ထိုင်းနိုင်ငံဥပဒေပြုပြင်ပြောင်းလဲရေး ကော်မရှင်နှင့် လက်တွဲ အလုပ်လုပ်ခဲ့ကြသည်။ ထိုသို့ လက်တွဲအလုပ်လုပ်ခြင်းမှာ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ လူမှုရေး ပံ့ပိုးအစီအစဉ်များနှင့် ကလေးအုပ်ထိန်းခွင့် စသော အကြောင်းအရာတို့နှင့်ပတ်သက်လျှင် စုံတွဲများ အားလုံး ပိုမိုနားလည်ရလွယ်ကူမည့် တရားဝင်မှတ်ပုံတင်ရေး ဥပဒေတစ်ရပ် ပေါ်ပေါက်လာစေရန် ဖြစ်သည်။ ထင်ရှားသော လူပ်ရှားတက်ကြွသူတစ်ဦးမှာ သီးခြားမှတ်ပုံတင်ခြင်းရေးစနစ်ကို ထောက်ခံသည့်ယူဆချက်ကို ပယ်ချပြီး အလွတ်သဘောဖြင့် မဲ်လာပွဲဆင်နွှဲခဲ့သည်။ မည်သည့် နိုင်ငံရေးပါတီ (သို့မဟုတ်) ထင်ရှားကျော်ကြားသော နိုင်ငံရေးသမားကမျှ နည်းလမ်းနှစ်သွယ်စလုံးကို ထောက်ခံပြောကြားခြင်း မရှိခဲ့ပါ။ ၂၀၁၄ ခုနှစ် မေလတွင် စစ်တပ်က အာဏာသိမ်းယူချိန်တွင် အဆိုပြုလွှာမူကြမ်းများမှာ မပြည့်မစုံ အဆင့်တွင်သာ ရှိနေပါသေးသည်။ ထိုအချိန်မှစ၍ မည်သည့် အဆိုပြုလွှာမှလည်း ထပ်မံမပေါ်ထွက်လာတော့ချေ။

နိုင်ငံတကာ ဥပဒေတွင်မူ မည်သို့ပြဋ္ဌာန်းထားသနည်း။ ဂျိုးစလင်းနှင့် နယူးဇီလန်အမှု (၂၀၀၂)တွင် လိင်တူစုံတွဲတို့အနေဖြင့် အခြားစုံတွဲများကဲ့သို့ တန်းတူညီမျှ တရားဝင် လက်ထပ်ထိမ်းမြားခွင့်ကို လက်လှမ်းမီနိုင်စေရေးကို လျှောက်ထားချက်ကို ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီက ပယ်ချခဲ့ပါသည်။ ထိုသို့ပယ်ချရာတွင် နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အက်ဥပဒေ ၂၃ (၂)တွင် ပါရှိသော ဂျန်ဒါအခြေပြုဘာသာစကားအရဟု အကြောင်းပြခဲ့သည်။ ယန်းနှင့် ဩစတြေးလျအမှု (၂၀၀၃)တွင် ကွယ်လွန်သူ လိင်တူ အိမ်ထောင်ဘက်၏ ပင်စင်လစာကို ကျန်ရစ်သူအဖို့ ခံစားခွင့်မရှိကြောင်း ငြင်းပယ်ခြင်းမှာ တန်းတူညီတူ လူ့အခွင့်အရေးခံစားခွင့်ကို ချိုးဖောက်သည်ဟု အဆုံးအဖြတ်ပေးသည့် ကော်မတီက ဆုံးဖြတ်ပေးခဲ့သည်။ အလားတူပင် အိတ်စ်ခ်နှင့် ကိုလံဘီယာတို့အမှု (၂၀၀၇) တွင် ထိုဆုံးဖြတ်ချက်မျိုး အသက်ဝင်ခဲ့ပြန်သည်။

ဥရောပ လူ့အခွင့်အရေးတရားရုံးကမူ ရှော့က်၊ ကော့ဖ်နှင့် ဩစတြီးယားတို့အမှု (၂၀၁၀) တွင် ဩစတြီးယားဥပဒေအရ လိင်ကွဲစုံတွဲများနှင့် (အပြည့်အဝ လက်ထပ်ခြင်းကို ငြင်းပယ်ခံခဲ့ရသော) လိင်တူစုံတွဲများအကြားတွင် တန်းတူညီမျှမှုမရှိသော အကြောင်းအရာများစွာကို သတိထားမိသွားပြီး

လိင်တူစုံတွဲများကို အသိအမှတ်ပြုရေး မှတ်ပုံတင် ဥပဒေအသစ်တစ်ရပ် ပေါ်ပေါက်လာစေရန် တွန်းအားပေးခဲ့သည်။ ထို့ပြင် အိုလီယာရီနှင့်အီတလီအမှု (၂၀၁၅)တွင် အီတလီနိုင်ငံသည် လက်ထပ်ထိမ်းမြားခြင်းနည်းလမ်းဖြင့်ဖြစ်စေ၊ မှတ်ပုံတင်ခြင်းနည်းလမ်းဖြင့်ဖြစ်စေ လိင်တူစုံတွဲများကို အသိအမှတ်ပြုနိုင်မည့်စနစ် တစ်စုံတစ်ရာလိုအပ်ကြောင်း တရားရုံးတော်က ထောက်ပြခဲ့သည်။ ရုံးတော်သည် ဥရောပတစ်လွှားနှင့် ကမ္ဘာ့နေရာတော်တော်များများတွင် လျင်မြန်စွာ ပျံ့နှံ့လာသော လိင်တူစုံတွဲများကို ဥပဒေအရ အသိအမှတ်ပြုရေးလှုပ်ရှားမှုများကို သတိပြုမိခဲ့သည်။ ဆီးနိတ်တွင် ဆန့်ကျင်သူတို့ ကန့်ကွက်သည့်ကြားက အီတလီနိုင်ငံသည် လိင်တူထိမ်းမြားမှု မှတ်ပုံတင်နိုင်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ အီတလီသည် လိင်တူချင်း လက်ထပ်ထိမ်းမြားမှုကိုလည်းကောင်း၊ မှတ်ပုံတင်ခြင်းကိုလည်းကောင်း ဥပဒေပြုကျင့်သုံးသည့် အနောက်ဥရောပ၏ နောက်ဆုံးနိုင်ငံဖြစ်ခဲ့သည်။

၂၀၀၁ ခုနှစ် နယ်သာလန်နိုင်ငံသည် လိင်တူစုံတွဲများ လက်ထပ်ထိမ်းမြားမှုကို ပွင့်ပွင့်လင်းလင်း ဖြစ်စေခဲ့သည်။ ၎င်းနောက်တွင် အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ ဘရာဇီး၊ ကနေဒါ၊ ဖင်လန်၊ ပြင်သစ်၊ အိုက်စ်လန်၊ အိုင်ယာလန်၊ လျှူဇင်ဘာ့၊ မက္ကဆီကို၊ နယူးဇီလန်၊ နော်ဝေ၊ ပေါ်တူဂီ၊ တောင်အာဖရိက၊ စပိန်၊ ဆွီဒင်၊ ဗြိတိန်၊ အမေရိကန်နှင့် ဥရုဂွေးနိုင်ငံတို့ ကျင့်သုံးခဲ့ကြသည်။ ၂၀၁၆ ခုနှစ်တွင် အရွေးကောက်ခံခဲ့ရသော ထိုင်ဝမ်၏သမ္မတအသစ်သည် ပွင့်လင်းစွာ လက်ထပ်ထိမ်းမြားမှုကို အားပေးထောက်ခံသည်။

၂၀၁၅ ခုနှစ် အာရှ၏ တိုးတက်မှုအနေနှင့် အနည်းငယ်မျှသော အာရှနိုင်ငံ အစိုးရများဖြစ်သည့် ပထမဦးစွာ ဂျပန်နိုင်ငံ၊ ထို့နောက် ထိုင်ဝမ်တို့တွင် လိင်တူစုံတွဲများ၏ နှောင်ဖွဲ့မှုကို မှတ်ပုံတင်ထားခွင့်ပြုခဲ့သည်။ မှတ်ပုံတင်ခြင်း၏ ကောင်းကျိုးများမှာ (က) ဆေးကုသမှု အခြေအနေများတွင် လည်းကောင်း၊ ဥပမာ - မိမိ၏အဖော် ဆေးရုံတက်ရာတွင် လူနာစောင့်အဖြစ် ဆေးရုံသို့ တရားဝင်လာခွင့် (သို့မဟုတ်) မိမိလက်တွဲဖော်၏ အရေးပေါ်ဆေးကုသရေး လုပ်ငန်းစဉ်များကို သိရှိပိုင်ခွင့်ကို ရရှိခြင်း၊ (ခ) တိုက်ခန်းများကို နှစ်ဦးစပ်ဌားနိုင်ခွင့် စသော အခွင့်အရေးတို့ ရရှိစေပါသည်။ အကျိုးဆက်အနည်းငယ်သာ ရှိသော်လည်း ထိုအစီအစဉ်က ၎င်းတို့၏ရပ်တည်မှုကို တရားဝင်ဖြစ် အသိအမှတ်ပြုခြင်းကို ရသွားစေသည်။

၁၁.၉ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူနေထိုင်ခြင်း (Transgender)

'ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူနေထိုင်ခြင်း (Transgender)' ဆိုသည့် ဝေါဟာရကို ၁၉၉၀ ခုနှစ်များတွင် စတင်အသုံးပြုလာကြပြီး၊ ရုပ်ပိုင်းဆိုင်ရာအရ မွေးရာပါလိင်အင်္ဂါနှင့် ဆက်စပ်ပြီး လူ့အသိုင်းအဝိုင်းက ပြဋ္ဌာန်းထားသည့် အမူအကျင့်နှင့် အဝတ်အစားများကို ငြင်းပယ်သောသူများကို ရည်ညွှန်းရန် ထိုဝေါဟာရကို သုံးခြင်းဖြစ်သည်။ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားနေထိုင်သူများအားလုံးမှာ လိင်တူချစ်သူများဟု သိမ်းကျုံးယူဆခြင်းမှာ မမှန်ပေ။ ဤအမျိုးအစားနှစ်ခုမှာ ကွဲပြားပါသည်။ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားသူများအများစုမှာ လိင်ကွဲကိုနှစ်သက်သူများ ဖြစ်နေတတ်ပါသည်။ လိင်ပြောင်းလဲပြီးနောက် အများစုသည် လိင်ကွဲများနှင့် ချစ်ကြိုက်ရန် ဆန္ဒရှိကြသည်။

၁၁.၉.၁ လိင်ပြောင်းလဲထားသူ (Transsexuals)

အမျိုးသမီးခန္ဓာကိုယ်ရှိသော်လည်း ထိုသူ၏ ကျား-မ ဆိုင်ရာ ဝိသေသလက္ခဏာမှာ အမျိုးသားလက္ခဏာ ဖြစ်နေတတ်ပါသည်။ ထို့အတူ အမျိုးသားခန္ဓာကိုယ်ရှိနေသော်လည်း သူ၏ ဝိသေသလက္ခဏာမှာ အမျိုးသမီးလက္ခဏာ ဖြစ်နေနိုင်ပါသည်။ ၎င်းသည် မိန်းမဆန်သော ယောကျ်ားနှင့် ယောကျ်ားဆန်သောမိန်းမဟူ၍ သတ်မှတ်ချက်များကို ကျော်လွန်သည့် အရှိတရားတစ်ခု ဖြစ်ပါသည်။ ထိုဖြစ်ရပ်သည် ၎င်းတို့ကို (က) သူတို့ကိုယ်သူတို့ ခန္ဓာဇီဝဆိုင်ရာ လိင်အင်္ဂါနှင့် မသက်ဆိုင်သော အခြားပုံစံဖြင့် အချိန်ပြည့်ဖော်ပြနေထိုင်ခြင်း၊ (ခ) ဟော်မုန်းမညီမျှမှုအတွက် ဆေးကုသမှုခံယူခြင်း၊ (ဂ) ရင်သားကြီးထွားမှုမရှိအောင် ခွဲစိတ်ခြင်း နှင့် (ဃ) လိင်အင်္ဂါခွဲစိတ်ခြင်းတို့ ဖြစ်စေပါသည်။

လိင်အင်္ဂါခွဲစိတ်ခြင်းသည် ၁၉၆၀ ခုနှစ်များတွင် ပထမဆုံးအနေဖြင့် အနောက်နိုင်ငံများတွင် တွင်တွင်ကျယ်ကျယ် ဖြစ်လာပါသည်။ ထို့ကြောင့် ၎င်းနှင့်သက်ဆိုင်သော အောက်ပါ ဆေးပညာစည်းမျဉ်းစည်းကမ်းများကိုလည်း ချမှတ်လာကြသည်။

(၁) စိတ်ပညာကျွမ်းကျင်သူများနှင့် စိတ်ရောဂါအထူးကုတို့က သက်ဆိုင်သူတွင် 'ကျား-မ ဝိသေသလက္ခဏာ ပုံမမှန်ခြင်းလား' (သို့မဟုတ်) 'လိင်စိတ်ပြောင်းလဲခြင်းလား' ဆိုသည်ကို စမ်းသပ်၍ ရောဂါကို အဖြေထုတ်ကြသည်။

(၂) လိင်ခွဲစိတ်ပြောင်းလဲသည့် ဖြစ်စဉ်သည် အများအားဖြင့် နှစ်နှစ်ကြာမြင့်ရာ ထိုအတောအတွင်း သက်ဆိုင်သူသည် နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းများ၊ ဟိုမုန်းကုထုံးများ၊ တစ်ခါတစ်ရံ အသေးစားခွဲစိတ်မှုများနှင့် အလိုရှိသော လိင်အတိုင်း နိစ္စဓူဝ နေထိုင်ရန် လမ်းညွှန်ချက်တို့ကို လက်ခံရရှိပါသည်။

(၃) သက်ဆိုင်သူနှင့် ၎င်း၏ ဆရာဝန်တို့သည် သင့်တော်သော ကုသမှုအတွက် ဆုံးဖြတ်ချက်ချမှတ်ရာတွင် လိင်ခွဲစိတ်သည့်ဖြစ်ရပ် ပါဝင်ချင်မှပါဝင်နိုင်မည်။

ဝမ်းဗိုက်တွင် သန္ဓေတည်စကည်းက ကျား (သို့မဟုတ်) မ ဟူ၍ ခန္ဓာကိုယ်ဖွံ့ဖြိုးမှု စတင်ခဲ့၍ အမျိုးသားနှင့် အမျိုးသမီးတို့၏ ခန္ဓာကိုယ်သည် အများအားဖြင့် တူညီကြရာ ၎င်းတို့၏ မွေးရာပါ လိင်အင်္ဂါကို ခွဲစိတ်၍ ပြန်လည်ပြုပြင်ရန်မှာ ဖြစ်နိုင်ခြေရှိပါသည်။ ခွဲစိတ်ခြင်းအားဖြင့် ကျားအဖြစ်မှ မ အဖြစ်သို့ ကူးပြောင်းရန် ပိုမိုလွယ်ကူစေပါသည်။ ခက်ခဲသည့်အပိုင်းမှာ မ အဖြစ်မှ ကျား အဖြစ်သို့ ကူးပြောင်းရာတွင် လိင်တံတစ်ခု အောင်အောင်မြင်မြင် ဖွံ့ဖြိုးလာရေး ဖြစ်ပါသည်။ မည်သည့် ဖြစ်ရပ်တွင်မဆို XX သို့မဟုတ် XY ခရိုမိုဆုန်းများ ပြောင်းလဲမည်မဟုတ်ပါ။ လိင်ပြောင်းလဲထားသူတို့ အတွက် နိုင်ငံတကာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေး သဘောတူစာချုပ်-ပုဒ်မ ၁၂ တွင် ဖော်ပြထားသော ၎င်းတို့၏ကျန်းမာရေးဆိုင်ရာ အခွင့်အရေးအရ ၎င်းတို့သည် သင့်တော်ကောင်းမွန်သည့်ကုထုံးနှင့် ဆေးကုသခံယူမှုများ ရယူနိုင်ခွင့်ရှိပါသည်။ ဥရောပ လူ့အခွင့်အရေး တရားရုံးက အယ်လ်နှင့် လစ်သူယေးနီးယား (၂၀၀၇)အမှုတွင် လူတစ်ဦးတစ်ယောက်သည် လိင်ပြောင်းလဲမှုအတွက် ဆေးကုသခံယူရာနှင့် ကုသမှုအဆင့်ဆင့်ကို စတင်ရာတွင် နိုင်ငံတော်က ၎င်း၏ ခွဲစိတ်ကုသမှုခံယူခွင့်အား မငြင်းပယ်သင့်ဟု ဆိုထားပါသည်။ အမေရိကန်နိုင်ငံ စိတ်ရောဂါ

အသင်းအဖွဲ့၏ ရောဂါခွဲခြားခြင်းနှင့် စိတ်ကစဉ့်ကလျားသူများ၏ အချက်အလက် (DSM-IV) နှင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်း (WHO) ၏ (ICD 10) တို့က လိင်ပြောင်းလဲမှုတွင် နိုင်ငံတကာက သဘောတူထားသော ရောဂါရှာဖွေရေးနှင့် ကုသရေးနှင့်စံချိန်စံညွှန်းများနှင့် ပတ်သက်သော နိုင်ငံတကာ သဘောတူညီချက်များကို ကိုယ်စားပြုထင်ဟပ်စေခဲ့သည်။

အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် စင်ကာပူနိုင်ငံတို့တွင် လိင်ခွဲစိတ်ပြောင်းလဲထားသူတို့သည် ခွဲစိတ်ပြောင်းလဲထားသော လိင်ဖော်ပြချက်ကို ထည့်သွင်းပြောင်းလဲထားသည့် နိုင်ငံသားကတ်၊ ယာဉ်မောင်းလိုင်စင်နှင့် နိုင်ငံကူးလက်မှတ် အစရှိသော ၎င်းတို့၏ ကိုယ်ရေးဆိုင်ရာ စာရွက်စာတမ်းများကို ရယူပိုင်ဆိုင်ခွင့်ရှိပါသည်။ စာရွက်စာတမ်းပြောင်းလဲမှုကို ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ ဟောင်ကောင်နှင့် ထိုင်ဝမ်တို့တွင်လည်း ပြုလုပ်နိုင်ပါသည်။ ပြောင်းလဲထားသော စာရွက်စာတမ်းများနှင့် တရားဝင်အသိအမှတ်ပြုထားသော လိင်နှင့် လက်ထပ်ထိမ်းမြားမှု ပြုလုပ်နိုင်ပေသည်။ ကျား ဘဝမှ မ,ဘဝသို့ ပြောင်းလဲထားသူသည် အမျိုးသားတစ်ယောက်ကို တရားဝင်လက်ထပ်နိုင်သည်။ ၂၀၀၇ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ တရားရုံးချုပ်က သမ္မာကျမ်းစာပါ မူလဘူတများကို ရည်ညွှန်းထားသည့် စာအုပ်ထဲမှ ကောက်နုတ်ချက်ကို ကိုးကားပြီး ကိုယ်ရေးအချက်အလက် စာရွက်စာတမ်းပြောင်းလဲမှုကိုငြင်းပယ်သည့် စီရင်ချက်ကို ချမှတ်ခဲ့ပါသည်။ ထိုင်းနိုင်ငံတွင်လည်း လိင်ခွဲစိတ်ပြုပြင်ရေး စင်တာရှိသော်လည်း ကိုယ်ရေးဆိုင်ရာ စာရွက်စာတမ်းများကို မပြောင်းလဲနိုင်ပါ။

အနောက်နိုင်ငံများတွင် ကိုယ်ရေးအချက်အလက် စာရွက်စာတမ်းပြောင်းလဲရန်အတွက် ဖြည့်ဆည်းပေးရသည့်အချက်များမှာ အလျင်အမြန် ပြောင်းလဲလျက်ရှိပါသည်။ ပြောင်းလဲမှုသည် ဗြိတိန်နိုင်ငံ၏ ဂျန်ဒါအသိအမှတ်ပြုမှု အက်ဥပဒေ (၂၀၀၄) ဖြင့် စတင်ခဲ့သည်။ ထိုအက်ဥပဒေတွင် လိင်ခွဲစိတ်ပြောင်းလဲထားမှုကြောင့် နဂိုစာရွက်စာတမ်းများကိုလည်း ပြောင်းလဲရန်မလိုဟု ဖော်ပြပါရှိသည်။ ပြုပြင်ပြောင်းလဲမှုများသည် အာဂျင်တီးနား၊ ဒိန်းမတ်၊ အိုင်ယာလန်၊ အီတလီ၊ မက်လ်တာ၊ နယ်သာလန်၊ နော်ဝေနှင့် ဆွီဒင်နိုင်ငံများတွင်လည်း ဆက်တိုက်ဆိုသလို ပေါ်ပေါက်ခဲ့သည်။ ဗြိတိသျှတို့ ၂၀၀၄ ခုနှစ်တွင် ပြုလုပ်ခဲ့သော ပြုပြင်ပြောင်းလဲမှုကို ယခုအခါ ဗြိတိန်အစိုးရက ခေတ်မမီတော့သည့်ဥပဒေဟု သတ်မှတ်သည်။ ဥပဒေအသစ်အရ အခြားသော လိင်နှင့် အတူနေသူ လူတစ်ဦးတစ်ယောက်သည် သူ၏ကိုယ်ရေးအချက်အလက် ပြောင်းလဲထားသော စာရွက်စာတမ်းများကို ရယူနိုင်သည်။ ထိုသို့ ရယူရာတွင် (က) ဆေးစစ်ချက်၊ (ခ) လိင်ခွဲစိတ်ပြုပြင်ထားမှု၊ (ဂ) သားသမီးမရနိုင်သော အခြေအနေ၊ (ဃ) ဟိုမုန်း ကုသခံယူမှု (သို့မဟုတ်) (င) လက်ရှိမည်သည့် အိမ်ထောင်နှင့်မဆို ကွာရှင်းထားမှု ဆိုင်ရာအချက်အလက်များကို ပြသစရာမလိုဟု ဆိုထားပါသည်။ အဆိုပါ ပြုပြင်ပြောင်းလဲမှုအသစ်များတွင် လူတစ်ဦးချင်းဆီ၏ 'ကိုယ်ပိုင်ဆုံးဖြတ်ချက်ချခွင့်' ကို အလေးထားကြောင်း ဖော်ပြထားသည်။ ဝိုင်ဝိုင်နှင့် တူရကီအမှု (၂၀၁၅) တွင် စာရွက်စာတမ်းပေါ်၌ အချက်အလက်ပြောင်း၍ ထည့်နိုင်ရန်အတွက် လူတစ်ဦးတစ်ယောက်ကို သားသမီးမရစေအောင် ခွဲစိတ်ခြင်းထားခဲ့ကြောင်း အထောက်အထားများတင်ပြရခြင်းသည် ထိုသူ၏ မိသားစုဘဝနှင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များလုံခြုံရေးကို ချိုးဖောက်ရာရောက်သည်ဟု ဥရောပ လူ့အခွင့်အရေး တရားရုံးက သတ်မှတ်ခဲ့ပါသည်။ အာရှတွင် ဤအကြောင်းအရာနှင့်ပတ်သက်၍ ပထမဆုံး တရားစီရင်ရသည်မှာ ထိုင်ဝမ်ဖြစ်သည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာတွင်၊ ကျန်းမာရေးနှင့် လူမှုရေးဖူလုံရေး ဝန်ကြီးဌာနက လူတစ်ဦးသည် ပြောင်းလဲခဲ့သော လိင်အသစ်အတွက် စာရွက်စာတမ်းများ ပြောင်းလဲ

ရာတွင် မည်သည့်စိတ်ပိုင်းဆိုင်ရာ စစ်ဆေးမှုနှင့် ခွဲစိတ်ကုသမှုမှတ်တမ်းမှမလိုဘဲ ခွင့်ပြုပေးရန် အမိန့်ချမှတ်ခဲ့သည်။

ဥရောပကောင်စီသို့ ၂၀၁၅ ခုနှစ်တွင် တင်သွင်းခဲ့သည့် အစီရင်ခံစာတွင် နိုင်ငံတော်အနေဖြင့် 'လူတစ်ဦးတစ်ယောက်က တရားဝင်စာရွက်စာတမ်းများတွင် နာမည်နှင့် လိင်တို့ကို ပြောင်းလဲရာတွင် လျင်မြန်သော၊ ပွင့်လင်းမြင်သာမှုရှိသော၊ လက်လှမ်းမီနိုင်သော လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် လိင်ပြောင်းလဲသူတို့၏ ဘဝသက်တမ်းတစ်လျှောက် အဘက်ဘက်တွင် ဥပဒေအရ အပြည့်အဝ အသိအမှတ်ပြုခံရစေရေး' ကို အာမခံပေးသင့်သည်ဟု ဆိုထားပါသည်။ ဒိန်းမတ်၊ မောလ်တာ၊ အိုင်ယာလန်နှင့် နော်ဝေနိုင်ငံများသည် စာရွက်စာတမ်းပြောင်းလဲရာတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းလွယ်ကူအောင် စီမံထားပါသည်။

ယခင်က စာရွက်စာတမ်းများ လိုအပ်ချက်အရ တောင်းခံခဲ့သော ဆေးစစ်ချက်၊ စောင့်စားရသည့်ကာလ၊ ကွာရှင်းပြတ်စဲမှု၊ လိင်ခွဲစိတ်ထားမှုနှင့် ကလေးမရရှိအောင် စီမံထားမှု အစရှိသည့် အထောက်အထားများမှာ ထိုသူထံတွင် လိင်ပုံစံ လိင်စနစ် ပြောင်းလဲသွားမှုကြောင့် စိုးရိမ်ကြောင့်ကြမှု ဖြစ်မည့် အခြေအနေကို စစ်ဆေးနိုင်ရန်အတွက်ဟုသာ ယူဆစရာအကြောင်းရှိသည်။ နိုင်ငံတကာ မီဒီယာများက လွန်ခဲ့သည့် ဆယ်စုနှစ်က 'အမျိုးသား ကိုယ်ဝန်ဆောင်'ဟူ၍ ပထမဆုံးအကြိမ် သတင်းတစ်ပုဒ်တက်လာခဲ့သည်။ ထိုသတင်းမှာ အော်ဂိုဂွန်တွင် အမျိုးသားဖြစ်သည်ဟု ကိုယ်ရေးအချက်အလက်ကို ပြောင်းလဲထားပြီးမှ ကလေးမွေးသူတစ်ဦးအကြောင်းကို တင်ပြခဲ့ရာ လူသည်းခြေကြိုက်ကို လိုက်ရေးသော ဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့ပါသည်။ မီဒီယာသည် အခြားသော ဥပမာအသစ်များကို ပေးရန် အားမထုတ်တော့ပေ။ ထို့အတူ ထိုဇာတ်လမ်းသည်လည်း သတင်းဖြစ်မလာတော့ပေ။

၂၀၁၆ ခုနှစ် အစီရင်ခံစာတွင် ညှဉ်းပန်းနှိပ်စက်မှုကို စုံစမ်းသည့် ကုလသမဂ္ဂ အထူးစုံစမ်းစစ်ဆေးရေးအရာရှိက ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူနေထိုင်သူများ၏ ဂျန်ဒါကို တရားဝင်အသိအမှတ်ပြုရန် ငြင်းပယ်ခြင်းသည် 'ဂင်းတို့ကို ပညာသင်ကြားခွင့်၊ အလုပ်အကိုင်ရရှိရေး၊ ကျန်းမာရေး ကုသမှုခံယူခွင့်နှင့် အခြားသော အရေးပါသည့် လူမှုဝန်ဆောင်မှုများကို လက်လှမ်းမမီစေအောင် ပိတ်ပင်ထားခြင်းဖြစ်၍ ၎င်းတို့၏ လူ့အခွင့်အရေးမှာ ဆုံးရှုံးရပြီး ထိုအခြင်းအရာသည် အဆိုးဘက်သို့ ဦးတည်စေသည်'ဟု မှတ်ချက်ချခဲ့ပါသည်။ ထို့ပြင် ထိုအစီရင်ခံစာတွင် 'ဂျန်ဒါပြောင်းလဲမှုကိုလက်ခံခွင့်ပြုသော နိုင်ငံများတွင် မှတ်ပုံတင်ဆိုင်ရာစာရွက်စာတမ်းများတွင် ပြောင်းလဲမှုအတွက် လိုအပ်သောအရာများကို နိုင်ထက်စီးနင်းတောင်းဆိုမှုများ - ဥပမာ အတင်းအကျပ် (သို့မဟုတ်) လိင်ခွဲစိတ်မှုပြုခဲ့ခြင်း အထောက်အထားပြရန် တောင်းဆိုခြင်းကြောင့် စိတ်မပါဘဲ လိင်ခွဲစိတ်ရခြင်း၊ သားကြောဖြတ်ရခြင်းနှင့် အခြားသော ဆေးကုသပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များပြုလုပ်ရခြင်းများဖြစ်ပေါ်တတ်သည်'ဟု ဖော်ပြထားပါသည်။ ယခုအခါ ကျား-မ လက္ခဏာကို ဥပဒေအရ တရားဝင်အသိအမှတ်ပြုရန်အတွက် လိင်အင်္ဂါခွဲစိတ်ရန်နှင့် သားအိမ်ထုတ်ရန် တောင်းဆိုချက်သည် ညှဉ်းပန်းနှိပ်စက်မှု ပုံစံတစ်မျိုးဖြစ်ကြောင်း မကြာခဏ ထည့်သွင်းဖော်ပြလာကြပါသည်။

မကြာသေးခင်နှစ်များတွင် ကြီးကောင်မဝင်မီ ကလေးတချို့၏ လိင်ပြောင်းလဲ သတ်မှတ်လိုမှုကို အသိအမှတ်ပြုရန်၊ လေးစားကြရန် သတိထားလာကြပါသည်။ ဆေးကုသမှုတချို့တွင် ခန္ဓာကိုယ်အစိတ်အပိုင်းများ ကြီးထွားမှုကို ရပ်တန့်စေနိုင်ပြီး ၎င်းတို့၏ဆန္ဒအရ မည်သည့်ဂျန်ဒါကို ပြောင်းလဲလိုကြောင်း ရှင်းရှင်းလင်းလင်း သိလာသည့်အချိန်တိုင်အောင် ခန္ဓာကိုယ်အပြောင်းအလဲကို နှောင့်နှေးစေခြင်းဖြစ်သည်။

၁၁.၉.၂ လိင်ပြောင်းလဲထားမှုအပေါ် အခြေပြု၍ ခွဲခြားဆက်ဆံခြင်း

ပီ၊ အက်စ် နှင့် ကွန်းဝေါနယ်မြေကောင်စီတို့ အမှု(၁၉၉၆)တွင် လိင်ပြောင်းလဲထားမှုအပေါ် အခြေပြု၍ ခွဲခြားဆက်ဆံခြင်းသည်လည်း လိင်အပေါ် အခြေပြု၍ ခွဲခြားဆက်ဆံခြင်းပင်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ဥရောပသမဂ္ဂဥပဒေနှင့် ဆန့်ကျင်ရာရောက်ကြောင်း ဥရောပတရားရုံးက ဆိုပါသည်။ အမေရိကန်နိုင်ငံ၏ လတ်တလောဆုံးဖြတ်မှုအရလည်း လိင်ပြောင်းလဲထားမှုအပေါ် အခြေပြု၍ ခွဲခြားဆက်ဆံခြင်းသည်လည်း လိင်အပေါ် အခြေပြု၍ ခွဲခြားဆက်ဆံခြင်းဟူ၍ အသိအမှတ်ပြုထားပါသည်။ ဥရောပသမဂ္ဂတွင် ကျား-မ ဆိုင်ရာ ဝိသေသလက္ခဏာများအားလုံးကို ခြုံငုံမိသည့် ခွဲခြားဆက်ဆံမှုမရှိသည့် ဥပဒေကို မဖြစ်မနေ ပြဋ္ဌာန်းထားသည်။ ထိုကဲ့သို့ ပြဋ္ဌာန်းမှုကို အနောက်ကမ္ဘာမှ အခြားသော နိုင်ငံတော်တော်များများတွင်လည်း တွေ့နိုင်ပါသည်။ ဘိုလီးဗီးယားနိုင်ငံ၏ ၂၀၀၉ ခုနှစ် အခြေခံဥပဒေသည် ကျား-မ ဆိုင်ရာ ဝိသေသလက္ခဏာများနှင့် လိင်ပိုင်းဆိုင်ရာ တိမ်းညွတ်မှုကို အခြေပြုသည့် ခွဲခြားဆက်ဆံမှုများကို တားမြစ်သည့် ပထမဆုံးသော အခြေခံဥပဒေ ဖြစ်ပါသည်။ ကြိမ်ဖန်များစွာ ပြောနေရသော ကိစ္စတစ်ခုမှာ လိင်ခွဲခြားထားသော ရေအိမ်များနှင့်ပတ်သက်၍ ဖြစ်သည်။ ၂၀၀၆ ခုနှစ် အောက်တိုဘာလတွင် နယူးယောက် မြို့ပြသယ်ယူပို့ဆောင်ရေး အာဏာပိုင်များက ကာလရှည်ကြာစွာ ဖြစ်ပေါ်နေသော အငြင်းပွားမှုတစ်ခုကိုဖြေရှင်းခဲ့သည်။ မြေအောက်ရထားနှင့် မီးရထားစနစ်တစ်ခုလုံးတွင် အိမ်သာသုံးစွဲသူများသည် မိမိတို့၏ ဂျန်ဒါဖော်ပြချက်နှင့် ကိုက်ညီသော အိမ်သာကို ရွေးချယ်အသုံးပြုနိုင်သည်ဟု သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် အမေရိကန်နိုင်ငံရှိ အချို့သော ပြည်နယ်များတွင် ရေအိမ်ကို အသုံးပြုရာတွင် လူတစ်ဦးချင်းစီသည် ၎င်းတို့ မွေးဖွားရာသက်သေခံလက်မှတ်ပေါ်တွင်ပါရှိသည့် လိင်အတိုင်း သီးသန့်ထားသော ရေအိမ်ကိုသာ သုံးစေရန်အတွက် ဥပဒေတစ်ခု ပြဋ္ဌာန်းပေးခဲ့ပါသည်။ အဆိုပါ ဥပဒေသည် စာသင်ကျောင်းများတွင် ဂျန်ဒါဖော်ပြချက်နှင့် ကျား-မ ဆိုင်ရာ ဝိသေသလက္ခဏာပေါ်ကိုသာ မှီတည်ဖော်ပြသည့် ရေအိမ်များ ဆောက်လုပ်ရန်အတွက် ရန်ပုံငွေပေးထားသော ဖက်ဒရယ်အစိုးရအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ထိုအကြောင်းကိစ္စအတွက် ပြည်နယ်အစိုးရများ ပူးပေါင်း၍ နိုင်ငံတော်ဗဟိုအစိုးရကို တရားစွဲဆိုရန် စီစဉ်ခဲ့သည်။ အမှုကို ၂၀၁၇ ခုနှစ်တွင် ဗဟိုတရားရုံးချုပ်တွင် ကြားနာစစ်ဆေးမည်။

သာဓက

မလေးရှားနိုင်ငံတွင် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူနေထိုင်ခြင်း

ဆန့်ကျင်ဘက်လိင် အမျိုးသမီးကဲ့သို့ ဝတ်စားပြုမူနေထိုင်သူအပေါ် ခွဲခြားဆက်ဆံမှုအကြောင်း လေ့လာမှု အစီရင်ခံစာတစ်ရပ်ကို မလေးရှားရှိ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ Human Rights Watch က ထုတ်ဝေခဲ့ပါသည်။ 'အမျိုးသမီးတစ်ယောက် ဖြစ်ရသည့်အတွက် ကြောက်လန့်မိပါသည်။ မလေးရှားနိုင်ငံတွင် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူနေထိုင်သူများအပေါ် လူ့အခွင့်အရေးဖောက်ဖျက်မှု' (I'm Scared to be a Woman: Human Rights Abuses against Transgender People in Malaysia) ဟူသော ခေါင်းစဉ်ဖြင့် ၂၀၁၄ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။

နိဂိရီဆမ်ဘီလမ်တွင် ဆန့်ကျင်ဘက်လိင် အမျိုးသမီးကဲ့သို့ ဝတ်စားပြုမူနေထိုင်သူ သုံးဦးရှိရာ၊ ၎င်းတို့သည် အမျိုးသမီး အဝတ်အစားများကို ဝတ်ဆင်သဖြင့် နိုင်ငံတော်၏ ရှရီယာဥပဒေဖြင့် သူတို့ကို ဖမ်းဆီးအရေးယူခဲ့သည်။ အဆိုပါ ရှရီယာဥပဒေသည် မလေးရှား၏ အခြေခံဥပဒေတွင် ပါရှိသော လူ့အခွင့်အရေးဆိုင်ရာ ထည့်သွင်းချက်များနှင့် ငြိစွန်းမှုရှိသည်ဟု ၎င်းတို့က ပြန်လည် စိန်ခေါ်ခဲ့ကြသည်။ မလေးရှားတွင် ပြည်နယ်အဆင့် အစိုးရများသည် အစ္စလာမ်ဘာသာရေးဆိုင်ရာ ကိစ္စရပ်တို့အတွက် ဥပဒေပြုရန် အခွင့်အာဏာ ရှိကြပါသည်။ ထို့ကြောင့် ပြည်နယ် ၁၃ ခုတွင် မွတ်ဆလင်အမျိုးသားများကို အမျိုးသမီးကဲ့သို့ ဝတ်စားဆင်ယင်မှုကို ခွင့်မပြုကြပါ။ ပြည်နယ်သုံးခုတွင်မူ အမျိုးသမီးများကို အမျိုးသားကဲ့သို့ ဟန်ဆောင်ခြင်းကို တရားစွဲအရေးယူနိုင်ပါသည်။ ထိုကဲ့သို့သော အမှုမျိုးကို ရှရီယာတရားရုံးများတွင် ကြားနာစစ်ဆေးသည်။ အဖမ်းခံရသော သူများက တရားရေးစနစ်ကို စနစ်တကျ ပြန်လည်စိန်ခေါ်ရာတွင် ၎င်းတို့ကို လူမှုအဖွဲ့အစည်းဖြစ်သော Justice for Sisters (ညီအစ်မများအတွက် တရားမျှတရေး) က အားပေးထောက်ခံပါသည်။ တရားရုံးက အမေရိကန်စိတ်ရောဂါကုသရေးအဖွဲ့ the American Psychiatric Association \ DSM-IV အရ ကျား မ သိမှတ်ပုံဆိုင်ရာ ပုံမှန်မဟုတ်ခြင်းအား အမျိုးအစားများခွဲခြားခြင်းကို အသုံးပြုကာ ထိုသူတို့၏ အခြေအနေကို စစ်ချက်ယူကာ သက်သေပြစေခဲ့ကြသည်။ ထိုသူတို့ထံတွင် ကျား-မ ဆိုင်ရာ ဝိသေသ လက္ခဏာများ ပုံမှန်မဟုတ်သည့် GID ရှိကြောင်း ထိုအခြေအနေသည် ထိုသူတို့၏ ပုဂ္ဂလရွေးချယ်မှု မဟုတ်သလို ကုထုံးရှာပြီးဆေးကုသရန်လည်း မလိုအပ်ဟု သက်သေများက ထွက်ဆိုခဲ့သည်။ လူမှုဗေဒ ပညာရှင်တစ်ဦးကမူ Mak Nyah (ကာလရှည်ကြာစွာ အသိအမှတ်ပြုထားသည့် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူနေထိုင်သူများ အဖွဲ့အစည်း) ကို ဥပမာပေးကာ သက်သေထွက်ဆိုပါသည်။ ဘာသာရေးခေါင်းဆောင်တစ်ဦးကမူ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားခြင်းသည် အစ္စလာမ်ဘာသာတွင် ကန့်ကွက်ထားကြောင်း ကန့်ကွက်ထွက်ဆိုပါသည်။ ထိုအမှုမှာ ရုံးတော်တွင် ရှုံးနိမ့်ခဲ့သော်လည်း အယူခံဝင်ရာတွင် အောင်မြင်ခဲ့သည်။ ၂၀၀၄ ခုနှစ် အယူခံရုံးတော်က နိုင်ငံတော်အဆင့် ရှရီယာဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်သော ဘဝနှင့်ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်၊ တန်းတူညီမျှခွင့် ဂျန်ဒါအပေါ် ခွဲခြားဆက်ဆံခြင်းမှ ကင်းလွတ်ခွင့်၊ လွတ်လပ်စွာ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခွင့်နှင့် လွတ်လပ်စွာ ဟောပြောစည်းရုံး အသင်းအဖွဲ့ဖွဲ့ခွင့် စသည့်အချက်များနှင့် ဝိရောဓိဖြစ်နေသည်ဟု ဆုံးဖြတ်ချက်ချခဲ့သည်။

လူတစ်ဦးတစ်ယောက်၏ 'လိင်' နှင့် 'ကျား-မ ဆိုင်ရာ ဝိသေသလက္ခဏာများ' အပေါ် ခွဲခြားနှိမ်ချဆက်ဆံမှုကို ပိတ်ပင်ခဲ့သည့် အိန္ဒိယနိုင်ငံရှိ ဗဟိုတရားရုံးချုပ်၏ စီရင်ချက်ကို အယူခံဝင်ချိန်တွင် ဆုံးဖြတ်ရာ၌ ကိုးကားခဲ့ကြသည်။ ထို့ပြင် ကုလသမဂ္ဂ အထွေထွေညီလာခံရှိ HIV/AIDS ရောဂါတိုက်ဖျက်ရေးအထူးကဏ္ဍများသို့ မလေးရှားက အစီရင်ခံစာပေးပို့ရာတွင် ပါရှိသည့်အချက်တစ်ခုဖြစ်သော 'တိုင်းပြည်ထဲတွင်ရှိသော လိင်ပြောင်းလဲထားသူတို့မှာ လူမှုဖိအားကြောင့် အလုပ်အကိုင်ကောင်းများမရရှိဘဲ အဆုံးတွင် လိင်လုပ်သားဘဝသို့ ရောက်ရှိရသည်'ဟု ဆိုသော ဝါကျကို ရည်ညွှန်းကိုးကားခဲ့သည်။ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူနေထိုင်သူတို့နှင့် လိင်တူချစ်သူတို့သည် သဘောတရားအတူတူပင် ဖြစ်သည်ဟူသော တရားရုံးတော် စီရင်ထုံးများနှင့်ပတ်သက်၍ 'လိင်တူစိတ်ဝင်စားသူဖြစ်ရင် ဘာမှ လုပ်လို့မရသလောက်ပဲဟု' ဝေဖန်လျက် အယူခံစီရင်ချက်ကယခင်တရားရုံး၏ စီရင်ချက်ကို ဝေဖန်ရှုတ်ချခဲ့သည်။ အယူခံမှုကို အဆုံးအဖြတ်ပေးခဲ့ပုံမှာ ပုဒ်မ ၃၇၇ အပေါ် ပွင့်ပွင့်လင်းလင်း စိန်ခေါ်လိုက်ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ဖယ်ဒရယ်ရုံးတော် (မလေးရှားနိုင်ငံ တရားစီရင်ရေးတွင် အကြီးဆုံးတရားရုံးတော်)က လုပ်ထုံးလုပ်နည်းသက်သက်ပေါ်တွင် အခြေခံပြီး ပြန်လည်စီရင်ကြရာ ထိုကဲ့သို့ အယူခံရုံးက ဆုံးဖြတ်ခြင်းမှာ တရားမဝင်ဟု ပယ်ချခဲ့သည်။

ထိုရုံး၏ စီရင်ချက်တွင်မူ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်ဆိုင်သောအမှုများကို ဖယ်ဒရယ်တရားရုံးကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟု ဆိုသည်။ အခြားသော တရားရုံးများ၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ချမှတ်သော စီရင်ချက်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်ဆက်စပ်သော ကိစ္စများအတွက် မလုံလောက်ဟု ဆိုကြသည်။ လိင်ပိုင်းဆိုင်ရာလွတ်လပ်ခွင့် မာဒေးကားနေ့ အမှုတွင်မူ တရားစီရင်ချက်ကို ပြန်လည်သုံးသပ်ရာတောင်းဆိုမှုအား မည်သည့်လူ့အခွင့်အရေးအကြောင်းကိုမျှ ဆွေးနွေးခွင့်မရှိဟူသော အကြောင်းပြချက်ဖြင့် ပယ်ချခဲ့သည်။ ဤတရားရေးစနစ်ကိုကြည့်လျှင် တရားရုံးများ၏ အဆုံးအဖြတ်ကို ပြန်လည်စိစစ်ပေးရန် တောင်းဆိုရာတွင် မည်သည့်အားထုတ်မှုမျိုးကိုမဆို ဖယ်ဒရယ်တရားရုံးက ပယ်ချနိုင်ကြောင်း တွေ့ရသည်။

၁၁.၉.၃ ထင်ရှားသော လိင်ပြောင်းလဲထားသော ဝိသေသများ

အရှေ့တောင်အာရှဒေသတွင် အတိုင်းအတာတစ်ခုအထိ ပုံစံတူ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူ နေထိုင်သူများ ပေါင်းစုထားသော အုပ်စုကို 'တတိယလိင်' ဟု ခေါ်ပါသည်။ ၎င်းတို့ကို လူသိများကြသည်မှာ ဖိလစ်ပိုင်နိုင်ငံတွင် ဘက်လာ (bakla)၊ မလေးရှားနိုင်ငံတွင် မာ့ညာ (Mak Nyah)၊ အင်ဒိုနီးရှားနိုင်ငံတွင် ဝါရီရာ (Waria) နှင့် ထိုင်းနိုင်ငံတွင် ကက်သွေး (kathoey) ဟူ၍ ဖြစ်ပါသည်။ နိုင်ငံတကာတွင် လူအသိအမှတ်ပြုခံရမှုနှင့် အကြီးဆုံး တတိယလိင်အုပ်စုမှာ အိန္ဒိယ၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်တို့တွင် ဟီဂျာရ (Hijra) ဖြစ်သည်။ အဆိုပါ အုပ်စုများသည် မျက်မှောက်ခေတ် အနောက်ကမ္ဘာနှင့် အရှေ့အာရှတွင် ကွန်ဖြူးရှပ်ဝါဒအလွှမ်းမိုးခံရသော လူ့အဖွဲ့အစည်းတွင် ရှိသော ဘဝတူများကဲ့သို့ တန်းတူနေရာမရကြပါ။ အချို့ကို ထိုင်းနိုင်ငံတွင် မိန်းမလျာကဲ့သို့ ဝတ်စားဆင်ယင်ဖော်ဖြေသော ပွဲများကဲ့သို့ ဖော်ဖြေရေးလုပ်ငန်းများတွင် တွေ့ရသည်။ သို့မဟုတ်လျှင် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေးစီတန်းလှည့်လည်ပွဲများတွင် ဖျော်ဖြေသူများအဖြစ် တွေ့ရတတ်ပါသည်။ အချို့မှာ အလှပြင်ဆိုင်ကဲ့သို့ အသေးစားစီးပွားရေးလုပ်ငန်းများ (သို့မဟုတ်) အလှပြင်ပစ္စည်းရောင်း

သောဆိုင်များတွင် လုပ်ကိုင်လျက်ရှိသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ၎င်းတို့ကို အလှဖန်တီးရှင်များဟု ခေါ်သည်။ အခြားအလုပ်များတွင် ဝင်ရောက်လုပ်ကိုင်ခြင်းကို တားမြစ်ထားသဖြင့် တောင်အာရှနှင့် အရှေ့တောင်အာရှတွင် ၎င်းတို့သည် မကြာခဏဆိုသလို လိင်ဖျော်ဖြေရေး လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြရသည်။

သို့ရာတွင် ပြောင်းလဲမှုနှစ်ရပ် ဖြစ်ပေါ်ခဲ့ပါသည်။ အချို့သော အစိုးရအဖွဲ့များသည် ထိုအုပ်စုများကို လူမှုရေးနှင့်စီးပွားရေးတွင် ဘေးဖယ်ခံအုပ်စုများအဖြစ် အသိအမှတ်ပြုပေးခဲ့သည်။ တစ်ချိန်တည်းမှာပင် မလေးရှားနှင့် အင်ဒိုနီးရှားအစိုးရ လူမှုဖူလုံရေးဌာနသည် ၎င်းတို့အတွက် သင်တန်းများ စီစဉ်ပံ့ပိုးပေးခဲ့ပါသည်။ တောင်အာရှတွင် အချို့အစိုးရက 'တတိယလိင်' ဟူ၍ အမျိုးအစားခွဲထားခြင်းကို အသိအမှတ်ပြုသော်လည်း အရှေ့တောင်အာရှတွင် အသိအမှတ်မပြုထားပါ။

၁၁.၁၀ နပုလ္လိင်များ

ကျားမဟုတ်၊ မ,မဟုတ် ဖြစ်နေခြင်း (နပုလ္လိင်ဖြစ်ခြင်း)သည် မွေးဖွားစဉ်ကတည်းက ကျား အင်္ဂါ (သို့မဟုတ်) မ,အင်္ဂါ အပြည့်အစုံပါမလာသော အခြေအနေမျိုးစုံကို ဆိုလိုပါသည်။ နပုလ္လိင်ဖြစ်နေသည့် အချို့သော အခြေအနေများသည် ကြီးကောင်ဝင်လာသည့်အခါကျမှသာ သိသာထင်ရှားလာတတ်ပါသည်။ နပုလ္လိင်နှင့် ကလေးတစ်ယောက် မွေးဖွားလာလျှင် မိဘတို့သည် စိတ်ရှုပ်ထွေး အရှက်ရခြင်းကို ခံစားရတတ်ကြသည်။ ယခင်က ဆရာဝန်များသည် ပုံမှန်အားဖြင့် ကျား (သို့မဟုတ်) မ,ဖြစ်အောင် ကလေးငယ်၏လိင်ကို ခွဲစိတ်ပြုပြင်ရန် ထောက်ခံကြသည်။ နပုလ္လိင်ဖြစ်ခဲ့ရခြင်း အတိတ်ကအဖြစ်အပျက်ကို ကလေးငယ် မသိအောင် ဖုံးကွယ်ထားလျှင် သူ ကြီးပြင်းလာသည့်အခါ ဝေဖန်ချက်မျိုးစုံ တွေ့ကြုံရပြန်သည်။

နပုလ္လိင် တက်ကြွလှုပ်ရှားသူများက ကျား သို့မဟုတ် မ တစ်ဦးအဖြစ် ပုံမှန်လူတစ်ဦးဖြစ်သွားအောင် ခွဲစိတ်မှုအားလုံးနီးပါးသည် သဘာဝမကျသော အပြင်ပန်းကြည့်ကောင်းရုံ ကုထုံးသက်သက်သာဖြစ်သည်ဟု ငြင်းချက်ထုတ်ပါသည်။ ထိုသို့ပြုရန် ဆေးပညာအရလည်း မလိုအပ်ပါဟု ဆိုကြသည်။ ဆရာဝန်တို့အနေဖြင့် လူတစ်ဦးတစ်ယောက် လိုလားသည်မှာ မည့်သည့်လိင် ဖြစ်သည်ကို မသိရှိနိုင်ပါ။ နပုလ္လိင်ရှိသူ အများစုသည် မွေးဖွားစဉ်တွင် ၎င်းတို့၏လိင်ကို သတ်မှတ်ပြီး ခွဲစိတ်လိုက်သည်မျိုး မလိုလားကြပါ။ အဘယ်ကြောင့်ဆိုသော် သူတို့မလိုလားသည့်ပုံစံ ဖြစ်မည်ကို စိုးရိမ်သောကြောင့် ဖြစ်ပါသည်။ လှုပ်ရှားတက်ကြွသူများက ထိုနပုလ္လိင်များကို ထိုသို့ဆေးကုသမှုပေးခြင်းကို ကလေးငယ် ကြီးကောင်ဝင်ပြီးနောက်ပိုင်း ၎င်းဘာသာ အပြည့်အဝဆုံးဖြတ်နိုင်ချိန် ရောက်မှသာ ပေးသင့်သည်ဟု ဆိုပါသည်။ တစ်နည်းအားဖြင့် မိမိကိုယ်မိမိ ပုလ္လိင်ကိုယူမည်၊ ဣတ္ထိလိင်ကိုယူမည်၊ နပုလ္လိင်အဖြစ်သာ ရှိမည်ဆိုသည်မှာ လူတစ်ဦးချင်းစီ၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ဖြစ်ပါသည်။

နပုလ္လိင်အရေးကိစ္စနှင့်ပတ်သက်သော အငြင်းပွားမှုများကို တုန့်ပြန်ရန်အတွက် ဥရောပနှင့် မြောက်အမေရိကမှ ကလေးသူငယ် ကိုယ်တွင်းအင်္ဂါလေ့လာရေး ကျွမ်းကျင်ပညာရှင် (၅၀) ဦးသည် လူနာဗဟိုပြု လှုပ်ရှားတက်ကြွသူများနှင့် ပူးပေါင်းရန် ထိုအကြောင်းအရာကို လေ့လာမှုများ ပြုလုပ်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် နပုလ္လိင် ကုသစီမံခန့်ခွဲမှုအတွက် သဘောတူညီချက်ဟူသော လေ့လာရေး

ရလဒ် ထွက်ပေါ်လာခဲ့သည်။ ထိုစာတမ်းက သဘောတူညီချက်ပေးရန်မှာ လူနာ၏ အခွင့်အရေး ဖြစ်သည်ဟု ဖော်ပြပါသည်။ ၂၀၀၆ ခုနှစ်၊ ယော်ဂျကာတာ မူဝါဒတွင် 'မည်သည့်ကလေးသူငယ်၏ ခန္ဓာကိုယ်ကို ကလေး၏သဘောတူခွင့်ပြုချက် အပြည့်အဝမပါဘဲ ဆေးကုထုံးများဖြင့် လိင်သွင်ပြင်လက္ခဏာတစ်ခုခု ဖော်ဆောင်ခွင့်မရှိ' ဟူ၍ ဖော်ပြရန် လိုအပ်ပါသည်။ ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ ကုလသမဂ္ဂ အထူးစုံစမ်းစစ်ဆေးရေးအရာရှိသည် နပုလ္လိင်နှင့် ကလေးငယ်အပေါ် ခွင့်ပြုချက်မပါသော ခွဲစိတ်မှုများသည် ညှဉ်းပမ်းနှိပ်စက်သည့် ပုံသဏ္ဌာန်တစ်ခုဖြစ်သည်ဟု ဆိုပါသည်။ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပပျောက်ရေးကော်မတီနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီတို့ကလည်း ကလေးငယ်၏ လိင်အင်္ဂါကို ပုံစံသွင်းရန် ခွဲစိတ်မှုကို ဝေဖန်ဆန့်ကျင်ပါသည်။ နိုင်ငံအလိုက် လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်ရေး (Periodic review)အစီအစဉ်တွင် အစိုးရများမှာ ထိုသို့သောခွဲစိတ်မှုများ ဆက်လက်ဖြစ်ပေါ်အောင် ခွင့်ပြုထားခြင်းအပေါ် ပြစ်တင်ဝေဖန်ခံရပါသည်။ ၂၀၁၅ ခုနှစ် မောလ်တာသည် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူနေထိုင်သူများနှင့် နပုလ္လိင်အရေးကိစ္စတို့တွင် ဦးဆောင်၍ ဥပဒေပြုရာ၌ ထိုသို့သော ခွဲစိတ်မှုများကို ပိတ်ပင်ခဲ့သည်။

အရှေ့တောင်အာရှတွင် ဆရာဝန်များနှင့် ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများသည် နိုင်ငံတကာစံနှုန်းအတိုင်း လိုက်နာမှု ရှိ၊ မရှိမှာ သတင်းအချက်အလက် အနည်းငယ်သာ ရရှိပါသည်။ နပုလ္လိင်ရှိထားသူများသည် ၎င်းတို့၏ကိုယ်ရေးအချက်အလက် စာရွက်စာတမ်းများကို မှန်မှန်ကန်ကန် ရယူနိုင်ပါသည်။ အချို့နိုင်ငံများမှာဆိုလျှင် ခွဲစိတ်ပြီးချိန်အထိပင် စာရွက်စာတမ်းများကို မပြောင်းလဲနိုင်သေးပေ။ အမျိုးသမီးဟု မွေးဖွားစဉ်တွင် သတ်မှတ်ထားသော်လည်း ခွဲစိတ်ပြီးနောက် အမျိုးသားအဖြစ် ပြောင်းလဲသွားသော အင်ဒိုနီးရှားနိုင်ငံမှ အော်တာရီနာ၏ အဖြစ်အပျက်သည်လည်း လူသိများပါသည်။ သူသည် အမျိုးသမီးတစ်ဦးကို လက်ထပ်သောအခါ အမျိုးသမီး၏ မိခင်က သူ့ကို အမျိုးသားတစ်ဦးမဟုတ်ဟူ၍ တရားစွဲပါသည်။ အင်ဒိုနီးရှား မီဒီယာတွင် ထိုအကြောင်းကို စိတ်လှုပ်ရှားဖွယ် သတင်းအဖြစ် ဖော်ပြကြပြီးနောက်တွင် ရုံးတော်က ပြစ်ဒဏ်ကို မရုတ်သိမ်းမချင်း ရက်သတ္တပတ်များစွာ သူ အချုပ်နှောင်ခံခဲ့ရပါသည်။ ၂၀၀၈ ခုနှစ်တွင် ဖိလစ်ပိုင် တရားရုံးချုပ်သည် ကာဂန်ဒါဟန်ဖြစ်ရပ်တွင် နပုလ္လိင်နှင့် လျှောက်ထားသူက အမျိုးသားအဖြစ် အသိအမှတ်ပြုရန် အယူခံလွှာကို လက်ခံခဲ့ပါသည်။ အယူခံလွှာတင်သူသည် မွေးဖွားစဉ်က အမျိုးသမီးအဖြစ် သတ်မှတ်ခံရသူဖြစ်သော်လည်း နောက်ပိုင်းတွင် ခန္ဓာကိုယ်ကြီးထွားရင့်သန်လာသည်နှင့်အမျှ ကျားဝိသေသ လက္ခဏာများ ပေါ်ထွက်လာပါသည်။ အယူခံလွှာတင်သူအနေနှင့် ထိုအချိန်က ကျား (သို့မဟုတ်) မ ပုံစံ သတ်သတ်မှတ်မှတ် မရှိသေးသော်လည်း တရားရုံးတော်သည် လူတစ်ဦးတွင် လိင်အင်္ဂါအမျိုးအစားမှာ ကျား သို့မဟုတ် မ သာလျှင် ဖြစ်ရမည်ဟု တင်းကျပ်စွာလက်ခံမှုကို စွဲကိုင်ထားခဲ့သည်။ ထို့ကြောင့် အယူခံတင်သူက သူ့ကိုယ်သူ အမျိုးသားဟု သတ်မှတ်စေသည့်အခါ ရုံးတော်ကလည်း ထိုအတိုင်း အမိန့်ချခဲ့သည်။

၁၁.၁၁ နိဂုံး

ယနေ့ခေတ်တွင် LGBTI အခွင့်အရေးနှင့်ပတ်သက်လျှင် ကမ္ဘာ့နေရာဒေသတချို့တွင် ဟုဆိုသော်လည်း ၎င်းတို့အခွင့်အရေးအတွက် သိသာထင်ရှားစွာ ပြောင်းလဲခဲ့သည်များရှိသည်။ ထိုပြောင်းလဲမှုက လွန်ခဲ့သော နှစ်ပေါင်း ၆၀ ခန့်က တစ်လောကလုံး ဆန့်ကျင်နေသော အယူအဆကို

အဝေးသို့ မောင်းထုတ်နိုင်ခဲ့သည်။ ယခုအခါ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီတွင် အပြောင်းအလဲကို ထောက်ခံသော အင်အားအသင့်အတင့်ရှိနေပြီ ဖြစ်သည်။ အရှေ့တောင်အာရှတွင် ကြီးပြင်းရသော လူငယ်များအတွက်မူ လိင်နှင့် ကျား-မ ရေးရာ (ဂျန်ဒါ) ၏ ကွဲပြားမှုအပေါ် အသိအမှတ်ပြုရန်နှင့် အားပေးထောက်ခံရန် အခွင့်အရေးတချို့ ရလာခဲ့ပါသည်။

က။ အနှစ်ချုပ်နှင့်အဓိကအချက်များ

မိတ်ဆက်

အမျိုးသမီးချင်း စိတ်ဝင်စားသူ၊ အမျိုးသားချင်း စိတ်ဝင်စားသူ၊ လိင်တူလိင်ကွဲ စိတ်ဝင်စားသူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူနေထိုင်သူနှင့် နပုလ္လိင်များ (LGBTI) အပေါ် ခွဲခြားဆက်ဆံခြင်းနှင့် မနှစ်မြို့ကြခြင်း မူလအကြောင်းအရင်းမှာ ဘာသာရေးကြောင့်ဟု အများအားဖြင့် ရှင်းပြနိုင်ပါသည်။ အချို့သော ဘာသာတရားများတွင် လိင်တူချစ်ခင်မှုကို ဆန့်ကျင်သော ရိုးရာအစဉ်အလာရှိသော်လည်း မျက်မှောက်ခေတ်တွင် ထိုယုံကြည်မှုမှာ ရှင်းရှင်းလင်းလင်း မရှိတော့ပေ။ အဓိကဘာသာရေးအဖွဲ့အစည်း တော်တော်များများတွင် ယခုအခါ LGBTI များ၏ လူ့အခွင့်အရေးနှင့် ပတ်သက်၍ အဖွဲ့အတွင်း ငြင်းခုံမှုများ၊ ပိုင်းခြားလိုက်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ လိင်တူချစ်သူများနှင့် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူသူများ ဆန့်ကျင်ရေးသမိုင်းကို ပွင့်ပွင့်လင်းလင်း လက်ခံသောခေတ်ဖြစ်လာသော်လည်း မနှစ်မြို့ခြင်းဟူသည်မှာလည်း ခေတ်စားလာသော ပုံစံတစ်ခုဖြစ်သည်။ ဆိုရပါလျှင် ယခုအခါ LGBTI လူသားတို့ တည်ရှိမှုကို လူ့အသိုင်းအဝိုင်းက မနှစ်မြို့သော်လည်း မမြင်ချင်ယောင် လျစ်လျူရှုထားကြလေသည်။

စစ်ပြီးခေတ်နောက်ပိုင်း အပြောင်းအလဲ

၁၉၄၈ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းချမှတ်ပြီးချိန်မှစ၍ လိင်ပိုင်းဆိုင်ရာ အခွင့်အရေးအတွက် အံ့သြဖွယ်ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့လေသည်။ ထိုအချိန်တွင် ကမ္ဘာ့နေရာဒေသများ၏ ထက်ဝက်ခန့်တွင် လိင်တူချစ်ခင်မှုကို ဆန့်ကျင်သော ဥပဒေများ ပြဋ္ဌာန်းထားပြီး များသောအားဖြင့် လိင်တူချစ်ခင်မှုကို ရောဂါဝေဒနာဟု သတ်မှတ်ကြလေသည်။ ယနေ့ခေတ်တွင်မူ နိုင်ငံများစွာတွင် ထိုသို့သောဥပဒေတော်တော်များများ ပယ်ဖျက်ပြီး လိင်တူချင်း ထိမ်းမြားလက်ထပ်ခွင့်ကိုလည်း ခွင့်ပြုထားပါသည်။ သို့သော် အာဖရိက ဆာဟာရဒေသ၊ ရုရှ၊ အရှေ့အလယ်ပိုင်း၊ အာဖရိကမြောက်ပိုင်းနှင့် အစွယ်လာမ်ဘာသာကိုးကွယ်သော အဖွဲ့အစည်းများရှိရာ နိုင်ငံတော်တော်များများတွင်မူ ပြောင်းပြန်အခြေအနေဖြစ်ပါသည်။ အရှေ့တောင်အာရှတွင် ကိုလိုနီခေတ်ဥပဒေများနှင့် ရှင်သန်နေရသော်လည်း မည်သည့်နိုင်ငံကမှ ထိုဥပဒေများ အသက်ဝင်ရေးကို အင်တိုက်အားတိုက် မပြုလုပ်ကြပါ။ ဒေသတွင်းတွင် အမျိုးသားချင်း စိတ်ဝင်စားသူ (မိန်းမလျာ) နှင့် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူသူများကို ဆန့်ကျင်သည့် ရဲဝန်ထမ်းတို့၏ နှောင့်ယှက်မှုများမှာ ဆက်လက်ဖြစ်ပေါ်နေဆဲ ဖြစ်ပါသည်။ မိသားစုဝင်များက လက်မခံခြင်းမှာ လိင်တူနှင့်

လိင်နှစ်မျိုးလုံး တပ်မက်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူဝတ်စားနေထိုင်သူနှင့် နုပုလွိင်ရှိသူတို့အတွက် အဓိကပြဿနာသဖွယ်ရှိနေသည်ဟု သိရပါသည်။ ထို့အတူ နိုင်ငံတော်နှင့် ဘာသာရေးအယူအဆကလည်း ၎င်းတို့အပေါ် ပုံပိုးမှုမရှိသလောက်၊ ရှိလျှင်လည်း အနည်းငယ်သာ ပုံပိုးပေးပါသည်။ စာသင်ကျောင်းများတွင် ၎င်းတို့ အနိုင်ကျင့်ခံရခြင်းမှာလည်း ဒေသဆိုင်ရာ ပြဿနာသဖွယ် ဖြစ်နေပါသည်။ အစိုးရခေါင်းဆောင်များ၏ အမြင်များမှာလည်း အမျိုးမျိုး ကွဲပြားလျက်ရှိသည်။

ကုလသမဂ္ဂတွင် အပြောင်းအလဲ

ကုလသမဂ္ဂတွင် ၁၉၉၃ ခုနှစ်တွင် Toonen v Australia ဖြစ်ရပ်မှ စတင်ပြီး လိင်ပိုင်းဆိုင်ရာ တိမ်းညွတ်မှုနှင့် ကျား-မ ဆိုင်ရာ ဝိသေသလက္ခဏာဆိုင်ရာ ဖြစ်ရပ်တို့အတွက် အမျိုးမျိုးသော အဖွဲ့အစည်းများ စတင်ဆွေးနွေးလာကြသည်။ ခါးသီးသော ဖိနှိပ်မှုများရှိသော်လည်း ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသည် LGBTI လူ့အခွင့်အရေးကို ပံ့ပိုးမည့် ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့သည်။ အခြားသော အဖွဲ့အစည်းများဖြစ်သည့် UNDP၊ UNSC နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးတို့သည်လည်း ထောက်ခံအားပေးခဲ့ကြပါသည်။

ပြစ်မှုဆိုင်ရာ ဥပဒေ

သမ္မာကျမ်းစာတွင် လိင်တူချစ်ခင်မှုကို တားမြစ်ထားပြီး ၎င်းဖော်ပြချက်သည် ရောမနှင့် ရိုမန်ကတ်သလစ်တို့၏ ဘာသာရေးဥပဒေ၏ တစ်စိတ်တစ်ပိုင်း ဖြစ်လာပြန်သည်။ နပိုလီယန် ပြစ်မှုဆိုင်ရာဥပဒေ ၁၈၁၀ သည် အဓိကပြောင်းလဲပြင်ဆင်ထားသော ဥပဒေဖြစ်ပြီး ၎င်းသည် လိင်တူချစ်ခင်မှုအပေါ် တားမြစ်သော ဥပဒေကို ပယ်ဖျက်လိုက်သည်။ ထို့နောက် ပြောင်းလဲမှုသည် ဥရောပနိုင်ငံတစ်ဝက်သို့ ပြန့်နှံ့သွားလေသည်။ ထို့ကြောင့် ကိုလိုနီ အင်အားကြီးနိုင်ငံများနှင့် ၎င်းတို့၏ ကိုလိုနီနိုင်ငံများတွင် လိင်တူချစ်ခင်မှုအပေါ် တားမြစ်သည့်ဥပဒေ မရှိတော့ပေ။ သို့သော် ဗြိတိသျှတို့၏ ကိုလိုနီဖြစ်ခဲ့ဖူးသော နိုင်ငံများသည် ဗြိတိသျှဥပဒေများကို ဆက်လက်ခံယူ ကျင့်သုံးဆဲဖြစ်သည်။ ဥပမာ - အိန္ဒိယတွင် နာမည်ကျော်လှသော ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၇၇ တွင် ယခင် ဗြိတိသျှတို့ ကျင့်သုံးသည့်အတိုင်း 'ဓမ္မာတာနှင့် ဆန့်ကျင်သော' ဟူသော စကားလုံး ထည့်သွင်းအသုံးချခြင်းသည် အများအားဖြင့် လိင်တူဆက်ဆံသူများနှင့် သက်ဆိုင်နေသည်။ လိင်တူချစ်ခင်သူများ အခွင့်အရေးဆိုင်ရာ လှုပ်ရှားမှုကို (၁၉)ရာစုတွင် ဥရောပ၌ ဘာလင်တွင် အခြေပြုခဲ့သည်။ ဦးဆောင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးသည့်အခါ အနောက်နိုင်ငံ တော်တော်များများတွင် ပြုပြင်ပြောင်းလဲရေးများ စတင်ခဲ့သည်။ အိန္ဒိယနှင့် စင်ကာပူ တရားရုံးချုပ်က အမှုအခင်းတို့တွင်မူ စိန်ခေါ်မှုများရှိနေဆဲဖြစ်သည်။

လိင်တူ၊ လိင်နှစ်မျိုးစလုံးကို ချစ်ခင်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူနေထိုင်သူနှင့် နုပုလွိင် (LGBTI) တို့ မြင်သာထင်သာရှိမှုနှင့် ၎င်းတို့၏ တက်ကြွလှုပ်ရှားမှု

အရှေ့တောင်အာရှမှ LGBTI အရေးဆောင်ရွက်သည့် ပထမဦးဆုံးသော တက်ကြွလှုပ်ရှားသည့် အရပ်ဘက်လူ့အဖွဲ့အစည်းများသည် ခုခံအားကျဆင်းသည့်ရောဂါ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ရောဂါများအကြောင်း လိင်တူချစ်သူများကို အသိပညာပေးသည့် ကျန်းမာရေးလှုပ်ရှားမှု

များကို ဦးတည်ဆောင်ရွက်ခဲ့သည်။ ယခုအခါ ပြည်သူပိုင် လမ်းမများအပေါ်တွင် လူများစွာနှင့် နှစ်စဉ် အခမ်းအနားဖြင့် စီတန်းလှည့်လည်မှုများသည် မြို့ကြီးများစွာတွင် ပေါ်ပေါက်လာပြီ ဖြစ်ပါသည်။ စင်ကာပူနှင့် မလေးရှားအစိုးရသည် ထိုသို့သော စီတန်းမှုကို တားမြစ်ခဲ့ပါသည်။ အချို့သော အစိုးရများက လိင်တူချစ်ခင်သူများ၏ ရုပ်ပုံဖော်ပြခြင်းကို ပိတ်ပင်ထားသော်လည်း အချို့နိုင်ငံများတွင်မူ ဖြေလျှော့ပေးထားသည်။

ခွဲခြားနှိမ့်ချဆက်ဆံခြင်း

အရှေ့တောင်အာရှရှိ နိုင်ငံတော်အခြေခံဥပဒေ တော်တော်များများတွင် စစ်မှုထမ်းခြင်း ကိစ္စတွင် ခွဲခြားမှုများရှိသော်လည်း အများအားဖြင့် ခွဲခြားဆက်ဆံမှုကို တားမြစ်ကြောင်းနှင့် တန်းတူ ညီမျှအခွင့်အရေးကို အလေးထားကြောင်း ဖော်ပြကြသည်။ ဖိလစ်ပိုင်နိုင်ငံသည် ထိုသူတို့အတွက် အလုပ်အကိုင်ကဏ္ဍတွင်ပါ မခွဲခြားသောဆက်ဆံရေးရှိစေရန် နိုင်ငံတော်ဥပဒေ ပြဋ္ဌာန်းရန် ရှေ့ဆောင်ဆွေးနွေးခဲ့သည်။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများက လိင်တူများအတွက် မင်္ဂလာဆောင် စီစဉ်ပေးခြင်းကဲ့သို့ ဝန်ဆောင်မှုများပေးရန် ငြင်းပယ်သကဲ့သို့ လိင်တူချင်း လက်ထပ်ထိမ်းမြားမှုမှာလည်း အငြင်းပွားစရာ ဖြစ်နေပါသည်။

လိင်တူများ၏ ချစ်ခင်မှုကို အသိအမှတ်ပြုမှု

ဇနီးမောင်နှံတို့တွင် အိမ်ထောင်ဖက် ကွယ်လွန်ပြီးနောက်ပိုင်းတွင် ကလေးအုပ်ထိန်းခွင့်နှင့် ပစ္စည်းဥစ္စာနှင့် ငွေကြေးပိုင်ဆိုင်မှုတို့ကို ရယူပိုင်ဆိုင်ခွင့်အတွက် ၎င်းတို့အချင်းချင်း ချစ်ခင်သဖြင့် အတူတကွ နေထိုင်ခြင်းကို ဥပဒေအရ အသိအမှတ်ပြုရန် လိုအပ်ပါသည်။ လိင်တူချစ်သူ အမျိုးသားနှင့် အမျိုးသမီးတို့တွင် ထိုသို့သောပိုင်ဆိုင်မှုအတွက် လုံခြုံရေးအာမခံချက် မရှိကြပါ။ ယခုအခါ အိမ်တွင်းအကြမ်းဖက်မှုအတွက် ဥပဒေများသည် အတူတကွ ပေါင်းသင်းနေထိုင်သည့် အဖော်များနှင့်ပါ သက်ဆိုင်မှုရှိပါသည်။ ၂၀၁၅ ခုနှစ် အနည်းငယ်မျှသော ဒေသအစိုးရများ ဖြစ်သည့် ဂျပန်နှင့် ထိုင်ဝမ်နိုင်ငံတို့က လိင်တူစုံတွဲများ ၎င်းတို့၏နှောင်ဖွဲ့မှုကို မှတ်ပုံတင်ထားခွင့်ပြုခဲ့သည်။ မှတ်ပုံတင်ခြင်း၏ ကောင်းကျိုးများမှာ ဆေးကုသမှု အခြေအနေများတွင်လည်းကောင်း၊ ဥပမာ - မိမိ၏အဖော် ဆေးရုံတက်ရာတွင် လူနာစောင့်အဖြစ် ဆေးရုံသို့ တရားဝင်လာခွင့် (သို့မဟုတ်) မိမိအဖော်၏ အရေးပေါ်ဆေးကုသရေး လုပ်ငန်းစဉ်များကို သိရှိပိုင်ခွင့်ကို ရရှိခြင်း၊ (ခ) တိုက်ခန်းများကို နှစ်ဦးစပ်ဌားနိုင်ခွင့် စသော အခွင့်အရေးတို့ ရရှိစေပါသည်။

ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူနေထိုင်ခြင်း

'ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူနေထိုင်ခြင်း (မည်ျိုနည်နမ)' ဆိုသည့် ဝေါဟာရကို ရုပ်ပိုင်းဆိုင်ရာအရ မွေးရာပါလိင်အင်္ဂါနှင့် ဆက်စပ်ပြီး လူ့အသိုင်းအဝိုင်းက ပြဋ္ဌာန်းထားသည့် အမူအကျင့်နှင့် အဝတ်အစားများကို ငြင်းပယ်သောသူများကို ရည်ညွှန်းရန် ထိုဝေါဟာရကိုသုံးခြင်း ဖြစ်သည်။ အရှေ့တောင်အာရှဒေသတွင် အတိုင်းအတာတစ်ခုအထိ ပုံစံတူ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူနေထိုင်သူများ ပေါင်းစုထားသော အုပ်စုကို 'တတိယလိင်'ဟု ခေါ်ပါသည်။ ၎င်းတို့ကို လူသိများကြသည်မှာ ဖိလစ်ပိုင်နိုင်ငံတွင် ဘက်လာ (bakla)၊ မလေးရှားနိုင်ငံတွင် မာ့ညာ (Mak

Nyah)၊ အင်ဒိုနီးရှားနိုင်ငံတွင် ဝါရီရာ (Waria) နှင့် ထိုင်းနိုင်ငံတွင် ကတ်သိုအေး (kathoey) ဟူ၍ ဖြစ်ပါသည်။ နိုင်ငံတကာတွင် လူအသိအမှားဆုံးနှင့် အကြီးဆုံး တတိယလိင်အုပ်စုမှာ အိန္ဒိယ၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်တို့တွင် ဟီဂျာရ (Hijra) ဖြစ်သည်။ လိင်တူချစ်သူများကို ဆန့်ကျင်ဘက် လိင်ကဲ့သို့ ဝတ်စားပြုမူနေထိုင်သူများလိမ့်မည်ဟု လေ့နံ့ဓားထစ်ယူဆချက်မှာ မှားယွင်းပါသည်။ ဤအမျိုးအစားနှစ်ခုမှာ ကွဲပြားပါသည်။ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားသူများအများစုမှာ လိင်ကွဲကိုနှစ်သက်သူများ ဖြစ်နေတတ်ပါသည်။ လိင်ပြောင်းလဲထားသူ အများစုက လိင်ကွဲများနှင့် ချစ်ကြိုက်ရန် ဆန္ဒရှိကြသည်။ လိင်အင်္ဂါခွဲစိတ်ခြင်းသည် ၁၉၆၀ ခုနှစ်များတွင် ပထမဆုံးအနေဖြင့် အနောက်နိုင်ငံများတွင် တွင်တွင်ကျယ်ကျယ် ဖြစ်လာပါသည်။ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် စင်ကာပူနိုင်ငံတို့တွင် လိင်ခွဲစိတ်ပြောင်းလဲထားသူတို့သည် ခွဲစိတ်ပြောင်းလဲထားသော လိင်ဖော်ပြချက်ကို ထည့်သွင်းပြောင်းလဲထားသည့် နိုင်ငံသားကတ်၊ ယာဉ်မောင်းလိုင်စင်နှင့် နိုင်ငံကူးလက်မှတ် အစရှိသော ၎င်းတို့၏ကိုယ်ရေးဆိုင်ရာ စာရွက်စာတမ်းများကို ရယူပိုင်ဆိုင်ခွင့်ရှိပါသည်။

လိင်ပြောင်းလဲထားမှုအပေါ် အခြေပြု၍ ခွဲခြားဆက်ဆံခြင်း

ကျား-မ ဆိုင်ရာ ဝိသေသလက္ခဏာများအပေါ် ခွဲခြားမှုကို ဆန့်ကျင်သော ဥပဒေများသည် ယနေ့ခေတ်ကမ္ဘာတွင် တိုးတက်ထွန်းကားလျက်ရှိပါသည်။ ဘေးဖယ်ထားခံရသော LGBTI များ၏ စီးပွားရေးနှင့် လူမှုရေးအတွက် ဝန်ဆောင်မှုများနှင့် လူမှုဖူလုံရေး ဌာနများအတွက် သင်တန်းအစီအစဉ် ပံ့ပိုးပေးခြင်း အစရှိသော ပြုပြင်ပြောင်းလဲမှုများသည် တောင်အာရှ (အရှေ့တောင်အာရှ မဟုတ်)တွင် ဖြစ်ပေါ်လျက်ရှိသည်။ ထို့ပြင် ၎င်းတို့ကို 'တတိယလိင်' အမျိုးအစားအဖြစ် သတ်မှတ်ပေးသည်။ (တချို့နိုင်ငံများတွင်သာ ဖြစ်သည်။) ထပ်မံစဉ်းစားစရာ အကြောင်းအရာမှာ လိင်ခွဲခြားထားသော ရေအိမ်များနှင့်ပတ်သက်ပြီး ဖြစ်သည်။

နုပုလွိင်များ

ကျားမဟုတ်၊ မ,မဟုတ် ဖြစ်နေခြင်း (နုပုလွိင် ဖြစ်ခြင်း) သည် မွေးဖွားစဉ်ကတည်းက ကျားအင်္ဂါ (သို့မဟုတ်) မ,အင်္ဂါ အပြည့်အစုံ ပါမလာသော အခြေအနေမျိုးစုံကို ဆိုလိုပါသည်။ နုပုလွိင်ဖြစ်နေသည့် အချို့သော အခြေအနေများသည် ကြီးကောင်ဝင်လာသည့်အခါကျမှသာ သိသာထင်ရှားလာတတ်ပါသည်။ ယနေ့ခေတ်တွင် ကြီးကောင်ဝင်စ ကလေးငယ်တစ်ဦး၏ လိင်ပြောင်းလဲမှုကို အသိအမှတ်ပြု၍ အလေးထားလာကြပါသည်။ ယခင်က ဆရာဝန်များသည် ပုံမှန်အားဖြင့် ကျား (သို့မဟုတ်) မ ဖြစ်အောင် ကလေးငယ်၏ လိင်ကို ခွဲစိတ်ပြုပြင်ရန် ထောက်ခံကြသည်။ နုပုလဒိင် တက်ကြွလှုပ်ရှားသူများက ပုံမှန်ခွဲစိတ်မှုအားလုံးနီးပါးသည် သဘာဝအားဖြင့် လှုပအောင်ပြုပြင်နေမှုများဖြစ်သည်ဟု ငြင်းချက်ထုတ်ပါသည်။ ၎င်းတို့သည် ဆေးပညာအားဖြင့် မလိုအပ်ပါ။ ယခုအခါ မခွဲစိတ်မီတွင် လူနာ၏ သဘောတူညီချက် ယူသင့်ကြောင်းနှင့် လူနာ၏ အခွင့်အရေးကို အသိအမှတ်ပြုရန် လိုလားကြပါသည်။

ခ။ စာမေးပွဲ သို့မဟုတ် အက်ဆေးမေးခွန်းများ

- ဤအခန်းပါ အကြောင်းအရာနှင့်ပတ်သက်ပြီး သင့်နိုင်ငံတွင် ခံယူကျင့်သုံးနေသော လူမှုဝန်းကျင်၏သဘောထားနှင့် အစိုးရ၏မူဝါဒနှင့်ဥပဒေများမှာ မည်သို့ရှိသနည်း။ ကုလသမဂ္ဂတွင် လိင်ပိုင်းဆိုင်ရာအကြောင်းကိစ္စနှင့် ပတ်သက်လျှင် သင့်နိုင်ငံမှာ မည်သည့်နေရာတွင် ရပ်တည်နေသနည်း။
- သင့်နိုင်ငံတွင် LGBTI အခွင့်အရေးအတွက် ကိုယ်စားပြုအရေးဆိုသူများသည် ပွင့်ပွင့်လင်းလင်း ထင်ထင်ပေါ်ပေါ် လှုပ်ရှားခွင့် ရှိပါသလား။
- မည်သည့်နိုင်ငံ (သို့မဟုတ်) ဥပဒေပြုခွင့်ရှိသူများက (က) အရွယ်ရောက်ပြီးသူ နှစ်ဦးအကြား လိင်တူဆက်ဆံမှုကို တားမြစ်သော ဥပဒေများ၊ (ခ) ဆန့်ကျင်ဘက်လိင်ကဲ့သို့ အဝတ်အစား ပြောင်းလဲဝတ်ခြင်းကို ဆန့်ကျင်သော ဥပဒေများ၊ (ဂ) အမျိုးသားချင်း စိတ်ဝင်စားသူ (မိန်းမလျာ) များနှင့် အဝတ်အစား ပြောင်းလဲဝတ်သူများ ရှိရာနေရာသို့ ညများတွင် အလည်အပတ်သွားခြင်းကိုဆန့်ကျင်သော ဥပဒေများ၊ (ဃ) အမျိုးသားချင်း စိတ်ဝင်စားသူ (သို့မဟုတ်) အမျိုးသမီးချင်း စိတ်ဝင်စားသူ (သို့မဟုတ်) ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူနေထိုင်သူတို့၏ အရက်ဘားများကို ပိတ်ပင်သော ဥပဒေများ (သို့မဟုတ်) မူဝါဒများ၊ (သို့မဟုတ်) (င) LGBTI နှင့်ဆိုင်သော ရုပ်ပုံများ မီဒီယာတွင် ဖော်ပြခြင်းကို ပိတ်ပင်ခြင်းတို့ကို ပြုလုပ်နေပါသနည်း။
- နိုင်ငံများက လိင်တူချစ်ခင်မှုကို တားမြစ်သော ဥပဒေများကို တင်းကျပ်ခြင်းမပြုသော်လည်း ဆက်လက်ထားရှိနေရခြင်းမှာ အဘယ်ကြောင့်နည်း။
- လိင်တူချစ်ခင်မှုကို ဆန့်ကျင်သော ဥပဒေသည် လိင်အပေါ်မူတည်၍ ခွဲခြားမှု မြောက်ပါသလား။ (ဥပမာ - Toonen v Australia ဖြစ်ရပ်နှင့်၊ Naz v India ဖြစ်ရပ်များ)
- သင့်နိုင်ငံတွင် LGBTI တစ်မျိုးမျိုးတွင် အကျုံးဝင်နေသော ကျောင်းသူ၊ ကျောင်းသားကို အနိုင်ကျင့်ခံနေရသည့် ပြဿနာ ဖြစ်နေပါသလား။
- ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားပြုမူနေထိုင်သူများ သင့်နိုင်ငံတွင် ရင်ဆိုင်နေရသော အချို့ဖောက်ခံရသည့်ကိစ္စများ မည်သည့်အရာများ ဖြစ်မည်နည်း။ အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများက ထိုအရေးကိစ္စတွင် မည်သို့ တုံ့ပြန်ကြသနည်း။
- အကယ်၍ တစ်စုံတစ်ယောက်က သူ၏ လိင်ကိုခွဲစိတ်ပြုပြင်ခဲ့လျှင် ခွဲစိတ်ပြီးနောက် သူပိုင်ဆိုင်သောလိင်ကို ဖော်ပြနိုင်ရန် သူ၏မွေးစာရင်းကို ပြောင်းသင့်သည်ဟု သင်ထင်ပါသလား။ ပြောင်းလဲသင့်သည်ဟုထင်လျှင် အဘယ်ကြောင့်နည်း၊ မထင်လျှင် အဘယ်ကြောင့်နည်း။

ဂ။ ထပ်မံလေ့လာဖတ်ရှုရန်များ

လိင်ပိုင်းဆိုင်ရာ အခွင့်အရေးများအကြောင်း

- Lynette Chua
- Peter Jackson
- Julian Lee
- Michele Ford
- Douglas Sanders
- Mergawati Zulfakar

သုတေသန အဖွဲ့အစည်းများ

The UNDP has many useful publications on sexuality in the Asia Pacific. They produce country reports under the "Being LGBT in Asia" program including for Cambodia, Indonesia, Philippines, Thailand, and Vietnam.

The UNDP and the Asia Pacific Forum have produced recent big report: *Promoting and Protecting Human Rights in Relation to Sexual Orientation, Gender Identity and Sex Characteristics* (2016).

Other UNDP reports include:

Leave No One Behind: Advancing Social, Cultural and Political Inclusion of LGBTI People in Asia and the Pacific (2015)

DiscuQion Paper: *Transgender Health and Human Rights* (2013)

Council of Europe, *Protecting Human Rights of Transgender Persons: A Short Guide to Legal Gender Recognition* (2015).

Human Rights Watch and Amnesty International have programs on LGBT rights with advocacy notes and research reports. Some relevant HRW reports include:

I'm Scared to be a Woman: Human Rights Abuses against Transgender People in Malaysia (2014).

'These Political Games Ruin Our Lives': Indonesia's LGBT Community Under Threat, (2016).

The OHCHR has some publications including a *Fact Sheet on Intersex, and Born Free and Equal: SOGI in International Human Rights Law.*

OutRight International is an NGO with research and reports including: "Letter to Thai Officials: Killings of Lesbian Women and Transgender People in Thailand" (March 22, 2012) and *Violence: Through the Lens of Lesbians, Bisexual Women and Trans People in Asia* (2014).

The ICJ has a *SOGI Case Book* of court cases and the *SOGI UN Database* of reports, resolutions, and findings from treaty bodies.

The International Council on Human Rights Policy has a study on *Sexuality and Rights*

Other organizations include ILGA, Sexual Rights Initiative (SRI), and WHO's programs on Sexuality, and Gender and human rights.

၁၂

လူအခွင့်အရေးနှင့်ဖွံ့ဖြိုးမှု

၁၉၆၉ လွန်နှစ်များအတွင်းက အရှေ့တောင်အာရှဒေသအတွင်းရှိ လူအများစုမှာ လျှပ်စစ်မီး၊ အထက်တန်းကျောင်း၊ လုံလောက်သည့်ကျန်းမာရေးစောင့်ရှောက်မှုတို့မရှိဘဲ နေထိုင်ခဲ့ကြရသည်။ ကား သို့မဟုတ် မော်တော်ဆိုင်ကယ် ပိုင်ဆိုင်သူ၊ လေအေးပေး စက်တပ် အခန်းထဲတွင် နေထိုင်ဖူးသူအရေအတွက်မှာလည်း အနည်းငယ်မျှသာရှိခဲ့သည်။

၁၂.၁ မိတ်ဆက်

လူအများစုမှာ လယ်ကွင်းများထဲတွင်နေထိုင်ကြရပြီး ကျောင်းမနေကြရသလို နိုင်ငံပြင်ပသို့ ထွက်ဖူးသူမှာလည်း အလွန်ရှားပါးလှသည်။ နောက်ပိုင်း ၁၀ စုနှစ်အနည်းငယ်အတွင်း လျင်မြန်သည့် ဖွံ့ဖြိုးမှုများက အရှေ့တောင်အာရှလူ့အဖွဲ့အစည်းကို အသွင်ပြောင်းပစ်ခဲ့သည်။ လျှပ်စစ်မီးမှ ဆေးရုံများနှင့် စျေးဝယ်စင်တာများအထိ ယနေ့ခေတ်တွင် လူအများရရှိနေသော ကုန်စည်နှင့်ဝန်ဆောင်မှုများမှာ မကြာသေးမီ ဆယ်စုနှစ်များအတွင်းကမှ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ ပြောင်းလဲမှုများသည် လူအချို့အတွက် အကျိုးဖြစ်ထွန်းခဲ့သည်မှာမှန်သော်လည်း လူအားလုံးအတွက် အကျိုးကျေးဇူးရှိခဲ့သည်ဟူ၍တော့ မဆိုနိုင်ချေ။ ဖွံ့ဖြိုးဆဲလူ့အဖွဲ့အစည်းများ ရင်ဆိုင်ရသည့်စိန်ခေါ်မှုမှာ ပြည်သူများအနေဖြင့် ဖွံ့ဖြိုးမှုနှင့်အတူရရှိလာမည့် အကျိုးကျေးဇူးများနှင့်အတူ တစ်ဖက်တွင်လည်း တိုးတက်မှုနောက်ကွယ်မှ နစ်နာဆုံးရှုံးမှုများကို ရှောင်လွှဲနိုင်ရန်အတွက် ဖွံ့ဖြိုးရေးကို စီမံခန့်ခွဲနိုင်ရေးပင် ဖြစ်သည်။ အထူးသဖြင့် လူ့အခွင့်အရေးနှင့် ပတ်သက်လာလျှင် ဖွံ့ဖြိုးမှုကြောင့် လူ့အခွင့်အရေးများပိုမိုရရှိလာနိုင်သလို လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများလည်း ပိုမိုကြုံတွေ့ရနိုင်ခြေရှိသည်။ ဤအခန်းတွင် ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်စဉ် လူ့အခွင့်အရေး အကာအကွယ်ပေးနိုင်ရန်အတွက် ရင်ဆိုင်ရသည့်စိန်ခေါ်မှုများကို ဆွေးနွေးသွားမည်ဖြစ်သည်။

တိုင်းပြည်ဖွံ့ဖြိုးမှုကြောင့် ပြည်သူများအနေဖြင့် ပိုမိုဘေးကင်းလုံခြုံပြီး လုပ်အားခပိုများသော အလုပ်အကိုင်များရရှိ လာခြင်း၊ ပညာရေး၊ လမ်းများနှင့် ဆေးရုံများကဲ့သို့သော အစိုးရဝန်ဆောင်မှုပိုင်းတွင် ပိုမိုကောင်းမွန်လာမှု၊ လျှပ်စစ်မီးရရှိမှုကြောင့် ပန်ကာများ၊ ရေခဲသေတ္တာများ၊ တယ်လီဗေးရှင်းများနှင့် လျှပ်စစ်မီးသီး၊ မီးချောင်းများကဲ့သို့ ဇိမ်ခံပစ္စည်းများကို သုံးစွဲခွင့်ရရှိလာခြင်း ကဲ့သို့သော အကျိုးကျေးဇူးများကို ခံစားခွင့်ရရှိလာကြသည်။ ယခု ဤပြဋ္ဌာန်းစာအုပ်ကိုဖတ်နေသူ အားလုံးမှာ ပညာသင်ကြားခွင့်၊ လျှပ်စစ်မီး၊ လမ်းများနှင့် ဆေးရုံများဟူသည့် အကျိုးကျေးဇူးများကို ရရှိကြသူများဖြစ်သည်။ သို့ရာတွင် ဖွံ့ဖြိုးမှုများ၏ အကျိုးကျေးဇူးများကို လူတိုင်းညီတူညီမျှရရှိခြင်းမျိုးမှာမူ ရှားပါးလှသည်။ ထို့ကြောင့် အချို့သူများမှာ ပိုမိုချမ်းသာလာသော်လည်း အခြားသူများမှာမူ ဆင်းရဲမြဲ ဆင်းရဲလျက်သာရှိပြီး ပို၍ဆိုးသည့်အခြေအနေများတွင်ဆိုလျှင် မူလထက် ပိုမိုဆင်းရဲသွားခြင်းမျိုးပင် ရှိနိုင်သည်။ ထိုကဲ့သို့ ကွာဟချက်ဖြစ်ရသည့်အကြောင်းရင်းများထဲတွင် စက်မှုလုပ်ငန်းများချဲ့ထွင်လာပြီး အရင်းအမြစ်များလိုအပ်လာခြင်းတို့ကြောင့် လူ့အသိုင်းအဝိုင်းတစ်ခုလုံး နေရပ်ဒေသမှ ဖယ်ရှားပေးရခြင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုမြင့်တက်ခြင်း၊ နာမကျန်းမှုနှုန်းမြင့်တက်ခြင်း၊ လုပ်သားများအပေါ် ခေါင်းပုံဖြတ်ခြင်း၊ နေထိုင်မှုစားရိတ်များမြင့်တက်ခြင်းနှင့် လုပ်အားခနည်းပါးခြင်းတို့ကြောင့် လူများမှာ အကြွေးနွံနစ်ပြီး အသက်ရှင်ရပ်တည်ရန်ပင်ရုန်းကန်ရသည့်အခြေအနေသို့ ဆိုက်ရောက်ရတတ်ခြင်း တို့ပါဝင်သည်။ ဖွံ့ဖြိုးမှုကြောင့် လူမှုအသိုင်းအဝိုင်းများမှာ ထိုကဲ့သို့သော အခြေအနေများနှင့် ရင်ဆိုင်ရသောအခါတွင် အခွင့်အာဏာကွာဟမှုများနှင့် တင်းမာမှုများဖြစ်ပေါ်ကာ နောက်ဆုံးတွင်ပဋိပက္ခများဖြစ်ပွားသည့်အခြေသို့ ဆိုက်ရောက်တတ်သည်။ ဖြစ်ပွားပြီးသား ထိခိုက်ဆုံးရှုံးမှုများကို အကဲဖြတ်သုံးသပ်နိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင် ပါဝင်လုပ်ကိုင်နေသည့် အဖွဲ့များအနေဖြင့် မှန်မှန်ကန်ကန် ပြုမူဆောင်ရွက်ကြောင်းသေချာစေရေးတို့အတွက် ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းရန် လူ့အခွင့်အရေးကို လက်စွဲထားရန် အရေးကြီးလှသည်။

သဘောတရားရေးရာ ရှုင်းလင်းချက်

ဖွံ့ဖြိုးရေး

ဖွံ့ဖြိုးရေးအယူအဆမှာ ဆွေးနွေးငြင်းခုန်စရာအများအပြားကျန်ရှိနေဆဲဖြစ်သည်။ အရေးကြီးဆုံး မေးခွန်းမှာ မည်သည်တို့က ဖွံ့ဖြိုးသင့်သနည်းဆိုသည့် မေးခွန်းပင်ဖြစ်သည်။ ရေပန်းအစားဆုံး ဖွံ့ဖြိုးရေး ရေစီးကြောင်းကို ကုလသမဂ္ဂစီးပွားရေးနှင့်လူမှုရေးကောင်စီနှင့် ကမ္ဘာ့ဘဏ်တို့ကဲ့သို့သော အဖွဲ့အစည်းများက ဖော်ဆောင်ခဲ့ခြင်းကြောင့် လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးမှု (အခြေခံအားဖြင့်လူများ ပိုမိုကြွယ်ဝလာပြီး ဝန်ဆောင်မှုများပိုမိုရရှိရန်)တို့ကို အာရုံစိုက်သည်။ ဤအမြင်နှင့်ပတ်သက်ပြီး မေးရန်ရှိသည်မှာ နိုင်ငံရေးဖွံ့ဖြိုးမှုသည် ဖွံ့ဖြိုးတိုးတက်မှုတွင်ပါဝင်သလားဆိုသည့် မေးခွန်းဖြစ်သည်။ ဖွံ့ဖြိုးမှုဆိုသည်မှာ စွမ်းဆောင်ရည်များတည်ဆောက်ပေးခြင်းနှင့် လူသား၏ ကြီးပွားနိုင်သည့် အကြောင်းတရားများကို ဖွံ့ဖြိုးစေခြင်းတို့ကို ရည်ညွှန်းကြောင်း အဆိုပြုသည့် အမတြာဆင်းနှင့် မာသာ နု(စ်)ဘွမ်းတို့၏ သီအိုရီများလည်းရှိသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ဖွံ့ဖြိုးရေးဆိုသည်မှာ လူများ သို့မဟုတ် တိုင်းပြည်များ ပိုမိုချမ်းသာကြွယ်ဝရေးတစ်ခုတည်းမဟုတ်ဘဲ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မာတ်အားနှင့် လမ်းများကဲ့သို့သော ဝန်ဆောင်မှုများ ပိုမိုကောင်းစွာ ရရှိစေရေးလည်း ပါဝင်ရမည်ဖြစ်သည်။ ထိုသီအိုရီနှင့်အတူ ဖွံ့ဖြိုးရေးဆိုသည်မှာ အနောက်တိုင်းအရင်းရှင်အယူအဆသာဖြစ်ပြီး ဆင်းရဲနိမ့်ကျသူများ၏အခြေအနေကို တိုးတက်ကောင်းမွန်စေမှု များများစားစား မရှိလှဘဲ ဖွံ့ဖြိုးဆဲနိုင်ငံများကို စီးပွားရေးနှင့် နိုင်ငံရေးအရ အနောက်နိုင်ငံများ၏ ခြေရာနောက်သို့လိုက်ရန်သာ ပို၍အားပေးသည်ဟု ဖွံ့ဖြိုးရေးအလွန် ပညာရှင်များကလည်း ယူဆခဲ့ကြသည်။ ခြုံငုံသုံးသပ်ရလျှင် လူမှုနှင့်စီးပွားဖွံ့ဖြိုးမှုကို အရောက်သွားခြင်းမှာ လက်ရှိ ကမ္ဘာကို စိုးမိုးနေသော မော်ဒယ်ဖြစ်သည်။ ဤအခန်းတွင် ထိုသို့ လူမှုစီးပွားခေတ်မီတိုးတက်လာခြင်းများနောက်သို့ လိုက်ခြင်းသည် အကောင်းဆုံး မော်ဒယ်ဟုတ်၊ မဟုတ် အငြင်းပွားနေသည်များကို အဓိကဆွေးနွေးသွားပါမည်။

ဒေသတွင်းရှိ အစိုးရများနှင့် အထက်တန်းလွှာအီလစ်များသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်ပြီး ၎င်းတို့၏ကိုယ်ပိုင်အမြင်များကိုသာ လက်ကိုင်ပြုခဲ့ကြရာ တစ်ခါတစ်ရံတွင် ဒေသခံလူအသိုင်းအဝိုင်းများ၌ နစ်နာဆုံးရှုံးမှုများနှင့် ကြုံတွေ့ရခြင်းများ ရှိခဲ့သည်။ ဥပမာ အရှေ့တောင်အာရှတွင် ဆည်များ၊ လမ်းများ၊ အဆောက်အဦစီမံကိန်းများနှင့် စက်မှုဇုံများမှာ လူအသိုင်းအဝိုင်းများ၏ အခွင့်အရေးများကို တိုက်ရိုက်ခြိမ်းခြောက်မှုများ ဖြစ်ခဲ့သည်။ ဒေသတွင်းတွင် ဖွံ့ဖြိုးရေးဆောင်ရွက်ရာ၌ လူမှုရေး၊ စီးပွားပွားရေးကိန်းဂဏန်းများတိုးတက်ရန်သာ ဆောင်ရွက်ရန် စိတ်အားထက်သန်ပြီး နိုင်ငံရေးအနှစ်သာရဖြင့် ဖွံ့ဖြိုးရေးကိုမူ ဂရုမပြုခဲ့ကြပါ။ အကျိုးဆက်မှာ ဒေသတွင်းတွင် အာဏာရှင်ပုံစံ ဖွံ့ဖြိုးမှုများကိုသာ အများအပြားတွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ထိုစနစ်တွင် တစ်သီးပုဂ္ဂလများ၏ အကျိုးကျေးဇူးကိုသာ ဖွံ့ဖြိုးလာစေတတ်ပြီး အများပြည်သူက ဖွံ့ဖြိုးရေးဖြစ်စဉ်အတွင်း ပါဝင်နိုင်မှုကို တားဆီးထားသည်။ ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် ဖွံ့ဖြိုးမှုအားဖော်ဆောင်ပုံကို စိန်ခေါ်မေးခွန်းထုတ်နိုင်စွမ်းမရှိခြင်းတို့ကဲ့သို့သော ကန့်သတ်ပိတ်ပင်မှုများကြောင့် တရားမျှတမှုမရှိ၊ သာတူညီမျှမှုမရှိသည့် ဖွံ့ဖြိုးမှုကိုသာ ဖြစ်စေခဲ့ပြီး အကျိုးကျေးဇူးများကို မျှဝေခံစားရာတွင်လည်း တစ်ဖက်စောင်းနင်းဖြစ်ခဲ့သည်။ ဥပမာ - ဖိအားပေးနှင်ထုတ်ခြင်း၊ ပြန်လည်နေရာချထားခြင်းတို့ကြောင့် ရိုးရာဓလေ့ လူနေမှုဘဝပုံစံများ ပျက်စီးရခြင်းမှာ ဒေသတွင်းတွင် အကြီးစား ဖွံ့ဖြိုး

တိုးတက်ရေးစီမံကိန်းများကြောင့် အများဆုံးကြုံတွေ့ရသည့် လူ့အခွင့်အရေးချိုးဖောက်ခံရမှု တစ်ရပ်ပင်ဖြစ်သည်။

စာသုံးသူများ ဝယ်ယူရသည့်ဈေးနှုန်းသက်သာစေရန်အတွက် မူလကတည်းက ဆင်းရဲနွမ်းပါးလျက်ရှိသည့် အလုပ်သမားများ၏ လုပ်အားခကိုလျှော့ချခြင်းမျိုး ပြုလုပ်သည့်အခါ လူလူချင်းတန်းတူညီမျှမစဉ်းစားဘဲ နိမ့်ပါးသူကိုဘေးဖယ်ထားခြင်းမျိုး ဖြစ်ပေါ်နိုင်သည်။ ထို့အတူ ရင်းနှီးမြှုပ်နှံမှုနှင့် ဝင်ငွေတိုးမြင့်မှုတို့အတွက် အနိမ့်ဆုံးလုပ်အားခကို လျှော့ချသတ်မှတ်ခြင်းမျိုးလည်းရှိသည်။ ထို့ပြင် မြန်ဆန်သောဖွံ့ဖြိုးမှုသည် ငွေကြေးဖောင်းပွမှုဆီသို့ ဦးတည်သွားတတ်ပြီး စားစရိတ်နှင့် အိမ်ငှားခများမြင့်တက်လာခြင်းကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ ထိုသို့အပြောင်းအလဲများ ဖြစ်ပေါ်နေစဉ် ကာလများတွင် အစိုးရအရာရှိများနှင့် စီးပွားရေးသမားတို့သည် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အတွင်း ၎င်းတို့ကျူးလွန်ခဲ့ကြသော အမှုများအတွက် အပြစ်ပေးခံရခြင်းမရှိဘဲ လွတ်မြောက်နေတတ်သည်။ အစိုးရများသည် တာဝန်ခံမှုမရှိခြင်း၊ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေသည်ဟု ယူဆကာ စီးပွားရေးသမားများကို အပြစ်မယူလိုခြင်းတို့ကြောင့် ထိုသူတို့မှာ သက်သာခွင့်လည်းရကြသည်။ တစ်ဖက်စောင်းနင်းဖွံ့ဖြိုးမှုကြောင့် ဤဒေသအတွင်းတွင် လူများသည် ဆင်းရဲနိမ့်ကျသော ကျေးလက်ဒေသမှ စီးပွားဥစ္စာများရှာဖွေနိုင်မည့် မြို့ကြီးများ၊ သို့မဟုတ် အိမ်နီးချင်းနိုင်ငံများသို့ ပြောင်းရွှေ့အခြေချခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ထိုကဲ့သို့သော ဖြစ်စဉ်များအားလုံးတွင် ဖွံ့ဖြိုးရေးခြေလှမ်းများကြောင့် ဆင်းရဲဒုက္ခကို ရင်စီးခံစားခဲ့ရသူများကို ချွေးသိပ်လေ့ရှိသည်မှာ နိုင်ငံသည် ဖွံ့ဖြိုးရေးကြောင့် ထိခိုက်နစ်နာမှုများထက် ရရှိလာသည့်အကျိုးအမြတ်များက ပို၍အလေးသာသည်ဟူ၍ဖြစ်သည်။ တိုင်းပြည်ဖွံ့ဖြိုးမှုအတွက် ဤကဲ့သို့ စတေးရမှုများ ရှိမည်သာဖြစ်ကြောင်း ထိုသူတို့အား ပြောကြလေ့ရှိသည်။

သဘောတရားရေးရာ ရှုင်းလင်းချက်

သာတူညီမျှမှုမရှိသော ဖွံ့ဖြိုးမှု

ဖွံ့ဖြိုးမှုကြောင့်အချို့သောလူအဖွဲ့အစည်းများက ပိုမိုကြီးမားသောအကျိုးကျေးဇူးများ (ပိုမိုချမ်းသာကြွယ်သွားခြင်းဖြစ်စေ၊ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ရရှိသွားခြင်းကိုဖြစ်စေ)ရရှိသွားပြီး အခြားသူများက ပိုမိုဆင်းရဲနိမ့်ကျသွားခြင်း၊ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုများဆုံးရှုံးခြင်း သို့မဟုတ် ဝန်ဆောင်မှုများရရှိနေရာမှ ပြတ်တောက်သွားခြင်းများဖြစ်သော အခြေအနေမျိုးကို ဖော်ပြရန် ဤအသုံးအနှုန်းကို အသုံးပြုသည်။ ညီမျှမှုမရှိခြင်းမှာ နယ်ပယ်အများအပြားတွင် ဖြစ်ပေါ်သည်။

ချမ်းသာသောနိုင်ငံများနှင့်ဆင်းရဲသောနိုင်ငံများ - ဖွံ့ဖြိုးမှု၏အကျိုးကျေးဇူးများမှာ သမိုင်းတစ်လျှောက်တွင် ချမ်းသာသောနိုင်ငံများက ပိုမိုခံစားရလေ့ရှိသည်။ ပထမဆုံး ကိုလိုနီဝါဒနှင့်နောက်ပိုင်းတွင် စျေးကွက်စီးပွားရေး ချဲ့ထွင်မှုတို့တွင် ချမ်းသာသောအနောက်နိုင်ငံများနှင့် ထိုနိုင်ငံများမှ ကော်ပိုရေးရှင်းကြီးများသည် အကျိုးအမြတ်များ သိသိသာသာ ရရှိခဲ့သည်။ လက်တလော စိုးရိမ်ပူပန်ရမှုတစ်ရပ်မှာ ကုန်သွယ်ရေးသဘောတူညီမှုများဖြစ်ပြီး ယင်းသဘောတူညီမှုများမှာ ချမ်းသာသောနိုင်ငံများအတွက်သာ အကျိုးကျေးဇူးအများဆုံးဖြစ်လျက်ရှိသည်ဟု ဝေဖန်သူများက ပြောကြားလျက်ရှိသည်။

မြို့ပြနှင့်ကျေးလက် ဖွံ့ဖြိုးမှု - မြို့များနှင့် ကျေးလက်ဒေသများသည် ကွဲပြားခြားနားစွာဖွံ့ဖြိုးကြပြီး မတူညီသော စိန်ခေါ်မှုများလည်း ရှိကြသည်။ မြို့ပြများရှိ ဆင်းရဲသားရပ်ကွက်များထံ ဝန်ဆောင်မှုများ ရောက်ရှိစေရန် လုပ်ဆောင်ရခြင်းမှာ ခက်ခဲသောလုပ်ငန်းဆောင်တာတစ်ရပ် ဖြစ်သော်လည်း ထိုဆင်းရဲသားရပ်ကွက်များမှာ သွားလာရလွယ်ကူသောကြောင့် နည်းစနစ်ပိုင်းအရ ခက်ခဲကောင်းမှ ခက်ခဲလိမ့်မည်ဖြစ်သည်။ အခြားတစ်ဖက်တွင်မူ ကျန်းမာရေးဝန်ဆောင်မှုများကို ကျေးလက်ဒေသသို့ ချဲ့ထွင်ရခြင်းမှာ ခရီးအကွာအဝေး၊ ဆက်သွယ်ရေးဟူသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ကုန်ကျစရိတ်ပိုမိုများပြားလေ့ရှိပြီး ပို၍လည်း နှေးကွေးလေ့ရှိသည်။

ကျား၊ မကွဲပြားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု - ဆင်းရဲနိမ့်ကျစွာနေထိုင်ရသော အမျိုးသမီးအရေအတွက်မှာ အမျိုးသားများထက်ပို၍များသော်လည်း စီးပွားရေးဖွံ့ဖြိုးမှုများသည် ထိုအချက်ကို ကိုင်တွယ်ဖြေရှင်းခြင်း မရှိချေ။ စီးပွားရေးဖွံ့ဖြိုးရေးစီမံကိန်းများသည် အမျိုးသမီးများ၏ကဏ္ဍကို ထည့်သွင်းစဉ်းစားခြင်းမရှိခြင်းကြောင့် အမျိုးသမီးများ၏ အခြေအနေကို ပိုမိုဆိုးရွားစေနိုင်သည်။ အမျိုးသမီးများသည် ဖွံ့ဖြိုးမှုမှ ချန်လှပ်ထားခံရခြင်းမျိုးပင် ဖြစ်ဖွယ်ရှိသည်။

ထိုနောက်ဆက်တွဲအကျိုးဆက်များမှာ ဖွံ့ဖြိုးတိုးတက်မှုမှ မလွဲမကင်းထွက်ပေါ်လာမည့် ရလဒ်များလော။ ဖွံ့ဖြိုးမှုဖြစ်စဉ်အတွင်း အကျိုးအမြတ်ရရှိသူများနှင့် နစ်နာဆုံးရှုံးရသူများ အမြဲတစေ ရှိလိမ့်မည်သာဖြစ်သည် ဆိုသည်မှာ လက်ခံချင်စဖွယ်ဖြစ်သော်လည်း ရေရှည်တွင်မူ အားလုံး အကျိုးခံစားရလိမ့်မည်ဟု အဆိုပြုချက်ရှိသည်။ လူ့အခွင့်အရေး ရှုထောင့်မှဆိုလျှင်မူ ထို ယူဆတွေးခေါ်မှုမှာ ချို့ယွင်းချက်ရှိနေသည်။ လူ့အဖွဲ့အစည်းအတွင်း တိုးတက်မှုဖြစ်ပေါ်ရာတွင် လူအချို့အနေဖြင့် အခွင့်အရေးများ ဆုံးရှုံးခံရလိမ့်မည် သို့တည်းမဟုတ် ဒုက္ခနှင့်ကြုံတွေ့ရလိမ့်မည် ဆိုသည်မှာ မှားယွင်းလျက်ရှိသည်။ အစိုးရတစ်ရပ်အနေဖြင့် ခြုံ၍ကြည့်လျှင် လူအများအကျိုးရှိလိမ့်မည်ဟု ယုံကြည်ယူဆပြီး ဥပဒေချိုးဖောက်ခြင်းကို အကာအကွယ်ပေး၍မရချေ။ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေစဉ်တွင်လည်း ဥပဒေစိုးမိုးမှုရှိရမည်သာဖြစ်သည်။ ယခုနောက်ပိုင်း ဖွံ့ဖြိုးရေးသီအိုရီများက ဖွံ့ဖြိုးမှုသည် သာတူညီမျှဖြစ်သင့်ပြီး ဥပဒေနှင့်အညီသာဖြစ်ရမည်ဟု အသိအမှတ်ပြုလာကြသည်။ ဖွံ့ဖြိုးရေးစီမံကိန်းများကို အကျိုးကျေးဇူးများညီညီမျှမျှခံစားရရှိစေပြီး လူတစ်စု၊ တစ်ဖွဲ့တွင် နစ်နာဆုံးရှုံးရခြင်းမရှိစေဘဲ ဖော်ဆောင်ပြီးမြောက်နိုင်သည်ဟု ထိုသီအိုရီများကဆိုသည်။ ကောင်းမွန်စွာ ပြီးမြောက်သွားသည့်အခါတွင် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများသည် အလုပ်အကိုင်အခွင့်အလမ်းသစ်များ၊ ပိုမိုကောင်းမွန်သည့်အခြေခံအဆောက်အဦများ၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ၊ အိုင်ဒီယာများနှင့် အတွေ့အကြုံများကို လွယ်ကူချောမွေ့စွာမျှဝေနိုင်ခြင်းများကို ဖြစ်ပေါ်စေနိုင်သည်။ ဖွံ့ဖြိုးရေးစီမံကိန်းများက လူအများကိုအကျိုးပြုစေမည်လား၊ ထိခိုက်စေမည်လား ဆိုသည်မှာ ယင်းစီမံကိန်းများကို မည်ကဲ့သို့အကောင်အထည်ဖော်သနည်း ဆိုသည်နှင့် အကောင်အထည်ဖော်သည့်လုပ်ငန်းစဉ်အတွင်း လူအများကိုမည်ကဲ့သို့ အကာအကွယ်ပေးသနည်းဆိုသည်တို့ပေါ်တွင် များစွာမူတည်လျက်ရှိသည်။ ဖွံ့ဖြိုးမှုတွင် လူအားလုံး၏အကျိုးစီးပွား(အနာဂတ်မျိုးဆက်များ အပါအဝင်) ပါဝင်သင့်ပြီး ကာလတိုနှင့်ကာလရှည် နှစ်ရပ်လုံးအတွက် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ တိုးတက်မှုများကို မြှင့်တင်ပေးခြင်းလည်း ပါဝင်ရမည်ဖြစ်သည်။ လုံလောက်သည့် ကြိုတင်စီမံမှုများ လုပ်ဆောင်ပါက ဖွံ့ဖြိုးမှုကို ထိုစံနမူနာပြုပုံစံအတိုင်း ရရှိမည် ဖြစ်သည်။

လူအခွင့်အရေးနှင့်ဖွံ့ဖြိုးမှုသည် နည်းအမျိုးမျိုးဖြင့် ဆက်နွယ်လျက်ရှိသည်။ ဖွံ့ဖြိုးမှုဖြစ်စဉ်အတွင်း လူအခွင့်အရေးချိုးဖောက်ခြင်းများ ဖြစ်ပေါ်ခြင်းနှင့်စပ်လျဉ်း၍မူ ဆွေးနွေးခဲ့ပြီဖြစ်သည်။ အခြားဆက်နွယ်မှုတစ်ရပ်မှာ ထိုနှစ်ခုစလုံးတွင် လုံခြုံမှုနှင့် လွတ်လပ်မှုတို့ကို ပြည်သူများ ဂုဏ်သိက္ခာနှင့်အညီ ရရှိစေရေးဟူသည့် တူညီသည့်ရည်ရွယ်ချက်များ ရှိခြင်းပင်ဖြစ်သည်။ ထို့ပြင် နောက်ပိုင်းထွက်ပေါ်လာသည့် သီအိုရီများ(အထူးသဖြင့် ယခုအခန်း နောက်ပိုင်းတွင်ဆွေးနွေးမည့် ဖွံ့ဖြိုးမှုအပေါ် လူအခွင့်အရေးအခြေပြုချဉ်းကပ်မှု (Rights Based Approach RBA) ကဆိုလျှင် လူအခွင့်အရေးသည် ဖွံ့ဖြိုးမှုမှန်မှန်ကန်ကန်ဖြစ်ပေါ်ခြင်း ရှိ၊ မရှိဆိုသည်ကို တိုင်းတာသည့်စံနှုန်းတစ်ရပ် ဖြစ်သင့်သည်ဟုပင် ဆိုကြသည်။ ဖွံ့ဖြိုးမှုဆိုသည်ကိုလည်း လူအခွင့်အရေးတစ်ရပ်အဖြစ် ရှုမြင်ရမည်ဖြစ်သည်။ ထိုဆက်နွယ်မှုများကို ဤအခန်းတွင်ဆွေးနွေးထားသည်။ ပထမဆုံးအနေဖြင့် ဖွံ့ဖြိုးမှုကြောင့် လူအခွင့်အရေးအပေါ် သက်ရောက်မှုများကို စစ်အေးကာလမှ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ကာလအတွင်း ဖွံ့ဖြိုးမှုတွင် လူအခွင့်အရေးအခြေအနေ၏ သမိုင်းဆိုင်ရာခြုံငုံသုံးသပ်ချက်ကို ကြည့်ရှုခြင်းဖြင့် ဆွေးနွေးသည်။ ဖွံ့ဖြိုးမှုအတွင်း လူအခွင့်အရေးအခြေအနေနှင့် စပ်လျဉ်းသည့် နောက်ထပ်သီအိုရီများမှာ လူအခွင့်အရေးမှဖွံ့ဖြိုးမှုနှင့် လူအခွင့်အရေးအခြေပြုဖွံ့ဖြိုးတိုးတက်မှုတို့ကို အထူးတလည် တောင်းဆိုသည့် သီအိုရီများအဖြစ် သုံးသပ်သည်။ နောက်ဆုံးအနေဖြင့်မူ ဖွံ့ဖြိုးမှုဖြစ်စဉ်အတွင်း လူအခွင့်အရေးပါဝင်မှုအပေါ် လက်တွေ့ကျသော ရှုထောင့်များကို လက်တွေ့လုပ်ဆောင်ခဲ့သော ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ဖြစ်ပွားခဲ့သည့် ပြဿနာများနှင့် ဖြေရှင်းမှုများတွင် လေ့လာရှာဖွေထားသည်။

၁၂.၂ ဖွံ့ဖြိုးမှု နိုင်ငံရေး

သဘောတရားရေးရာ ရှင်းလင်းချက်

ဆင်းရဲနိမ့်ကျမှု

ဖွံ့ဖြိုးမှု၏ အဓိကရည်မှန်းချက်တစ်ရပ်မှာ ဆင်းရဲမွဲတေမှုကို အဆုံးသတ်ရေးဖြစ်သည်။ ဆင်းရဲမွဲတေမှုဟုဆိုလျှင် တစ်နေ့လျှင် တစ်ဒေါ်လာအောက်ဝင်ငွေနှင့် ရှင်သန်နေထိုင်ရခြင်းကဲ့သို့ ကျဉ်းမြောင်းသည့် ငွေကြေးဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုမှုမျိုးကဲ့သို့သော အဓိပ္ပာယ်အများအပြား ရှိနိုင်သော်လည်း ကျန်းမာရေး၊ ပညာရေး၊ အစားအစာ၊ နေထိုင်စရာ စသည်တို့ကဲ့သို့သော အခြေခံဝန်ဆောင်မှုများရရှိမှုမရှိခြင်းတို့ကဲ့သို့ ပိုမို၍ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆင်ခြင်မှုမျိုးလည်းဖြစ်သင့်သည်။ အဓိကအားဖြင့် တရုတ်နိုင်ငံက သန်းနှင့်ချီသောပြည်သူများကို ဆင်းရဲတွင်းမှကယ်တင်ရန် ကြိုးပမ်းအားထုတ်မှုကြောင့် ဆင်းရဲမွဲတေသည့်အခြေအနေ ကျရောက်နေသူ အရေအတွက်မှာ လျော့နည်းလာသော်လည်း ချမ်းသာသည့်နိုင်ငံများ အပါအဝင် နိုင်ငံအားလုံးတွင် ရေရှည်တည်တံ့သည့်ပြဿနာ ဖြစ်နေဆဲဖြစ်သည်။

ကုလသမဂ္ဂကို စတင်တည်ထောင်ချိန်ကတည်းက ဖွံ့ဖြိုးရေးကို အဓိကထားခဲ့ပြီး လက်ရှိအချိန်ထိလည်း အဓိကရည်မှန်းချက်များထဲမှတစ်ခုဖြစ်နေဆဲ ဖြစ်သည်။ ဒုတိယကမ္ဘာစစ် ဖြစ်ပွားရခြင်းမှာ ဖွံ့ဖြိုးမှုနိမ့်ကျခြင်းကြောင့် လူအများကို အစွန်းရောက်နှင့် စစ်ဝါဒီဆန်သော အယူအဆယုံကြည်မှုများ ဖြစ်ပေါ်စေခြင်းနှင့် ဆက်စပ်လျက်ရှိသည့် ဆင်းရဲမွဲတေမှုကြောင့်ဟု အဆိုပြုသူ

အများအပြားရှိသည်။ ကုလသမဂ္ဂသည် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုများကို စီမံဆောင်ရွက်ရန် အတွက် စီးပွားရေးနှင့်လူမှုရေးကောင်စီ Economic and Social Council (ECOSOC) ကို တည်ထောင်ခြင်းဖြင့် တံုပြန်ဆောင်ရွက်ခဲ့သည်။ ထိုအချိန်မှစပြီး ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် အပါအဝင် ဖွံ့ဖြိုးရေးဆိုင်ရာရုံးများကိုလည်း တည်ထောင်ခဲ့သည်။ ယခုအချိန်တွင် ကုလသမဂ္ဂ မဟုတ်သည့် အခြားအဖွဲ့အစည်းများကလည်း နိုင်ငံတကာဖွံ့ဖြိုးရေးတွင်ပါဝင် ဆောင်ရွက်လျက် ရှိသည်။ ဒေသတွင်းတွင်ဆိုလျှင် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ် နှင့် ဆိုဗီယက်ပြည်ထောင်စုတို့၏ အစိုးရအကူအညီပေးရေး စီမံကိန်းများအားလုံး အသက်ဝင် ဆောင်ရွက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြောင့် ဆိုးရွားသည့် အဖြစ်အပျက်များကြုံတွေ့ရအပြီးတွင် ဖွံ့ဖြိုးရေးသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ အလေးထားအာရုံစိုက်သည့် ကိစ္စရပ်ဖြစ်လာခဲ့ပြီး ဖွံ့ဖြိုးဆဲတိုင်းပြည်များတွင် အချိန်နှင့်အရင်းအမြစ်များစွာ ရင်းနှီးမြုပ်နှံလာခဲ့သည်။ သို့ရာတွင် ကောင်းမွန်သည့် ရည်ရွယ်ချက်များရှိသော်ငြားလည်း ၁၉၅၀လွန် နှင့် ၁၉၆၀ လွန် နှစ်များအတွင်းတွင် ယင်းစီမံကိန်းများနှင့် ဆက်နွယ်နေသည့် ပြဿနာများစွာပေါ်ထွက်ခဲ့သည်။ အဓိကဖြစ်ပွားသော ပြဿနာများအနက်မှ အချို့ကိုဖော်ပြရလျှင် -

- ဖွံ့ဖြိုးရေးတွင် နိုင်ငံရေးပါဝင်ပတ်သက်မှု - စစ်အေးခေတ်အတွင်းတွင် တိုင်းပြည်များသည် မိမိတို့၏နိုင်ငံရေးစနစ်များနှင့်ကိုက်ညီသည့် ဖွံ့ဖြိုးရေးသီအိုရီများနောက်သို့ လိုက်ကြရသည်။ ထို့ကြောင့် ဆိုဗီယက်၏လွှမ်းမိုးမှုအောက်တွင်ရှိသော နိုင်ငံများမှာ စုပေါင်းလယ်ယာနှင့် အစိုးရကတိုက်ရိုက်ချုပ်ကိုင်သော အမျိုးသားရေးစီမံကိန်းများဖြစ်ကြပြီး အရင်းရှင်နိုင်ငံများက ထောက်ပံ့သောစီမံကိန်းများမှာမူ လွတ်လပ်သောစျေးကွက်နှင့် ကုန်သွယ်ရေးတိုးပွားမှုကို လက်ခံယုံကြည်ရန် အားသန်ခဲ့ကြသည်။
- တိုင်းပြည်စီးပွားရေးအပေါ် အာရုံစိုက်မှု - အောင်မြင်မှု (သို့မဟုတ် ကျရှုံးမှု) ကို တိုင်းပြည် စီးပွားရေးကြွယ်ဝချမ်းသာမှု သက်သက်ဖြင့်သာတိုင်းတာပြီး ပြည်သူများ ကောင်းမွန်စွာ နေထိုင်ရမှု၊ ပျော်ရွှင်မှုတို့ဖြင့် မတိုင်းတာခဲ့ချေ။
- ကြီးမားသည့်အခြေခံအဆောက်အဦများအပေါ်သာ အာရုံစိုက်မှု - စီမံကိန်းအများအပြားမှာ လမ်းများဖောက်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဆည်များဆောက်လုပ်ခြင်းတို့ အပေါ်တွင်သာ အာရုံစိုက်ထားခဲ့ကြသည်။ အခြေခံအဆောက်အဦများတိုးတက်လာခြင်းဖြင့် တိုင်းပြည်၏ စက်မှုကုန်ထုတ်လုပ်မှုမြင့်တက်လာပြီး ရလဒ်အနေဖြင့် စျေးကွက်စီးပွားရေး တိုးပွားလာရန် အားပေးကာ တိုင်းပြည်၏ကြွယ်ဝချမ်းသာမှုလည်း မြင့်တက်လာမည်ဟု ယုံကြည်ခဲ့ကြသည်။ ထိုကဲ့သို့ယုံကြည်ခြင်းကြောင့် အခြေခံအဆောက်အဦအကြီးစားကြီးများမှာ သဘာဝပတ်ဝန်းကျင်းကို ပျက်စီးစေပြီး အကျင့်ပျက်ခြစားမှုများဖြစ်ပွားစေတတ်ကြောင်းကို ဥပက္ခာပြုခဲ့ကြသည်။
- ဥပဒေနှင့်မညီသော ဖွံ့ဖြိုးမှု - နိုင်ငံအများအပြားသည် တိုးပြည်အတွက် ပိုမိုအကျိုးရှိ ကောင်းမွန်စေရန်အတွက် လူအများ၏အခွင့်အရေးများကို ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်ခြင်းအား မှန်ကန်သင့်လျော်သည်ဟု ဖြေရှင်းခဲ့ကြသည်။ ဆည်များ သို့မဟုတ် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဆောက်လုပ်ရန်အတွက် မိမိတို့ပိုင်မြေယာများကိုဆုံးရှုံးရသော သို့မဟုတ် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကြောင့် သီးနှံများပျက်စီးမှုကြုံတွေ့ရသော လယ်သမားများကဲ့သို့သော လူအဖွဲ့အစည်းများကို တစ်တိုင်းပြည်လုံးအတိုင်းအတာဖြင့် အကျိုးဖြစ်ထွန်းရန်အတွက် လိုအပ်၍ ပြုလုပ်ရသော စတေးမှုတစ်ရပ်ဟု ယူဆသတ်မှတ်ခဲ့ကြသည်။

- ကြွယ်ဝသူများထံမှနွမ်းပါးသူများထံ အကျိုးအမြတ်စီးဆင်းမှုသဘာဝကို - လူမှုအဖွဲ့အစည်း၏ မည်သည့်အစိတ်အပိုင်းတွင်ဖြစ်စေ စီးပွားရေးဖွံ့ဖြိုးလာပါက လူတိုင်း သိသိသာသာ အကျိုးကျေးဇူးခံစားရလိမ့်မည်ဟု ပညာရှင်အများအပြားက ယုံကြည်ကြသည်။ ချမ်းသာကြွယ်ဝသူများ ခံစားရသည့် အကျိုးကျေးဇူးများသည် ဆင်းရဲနွမ်းပါးသူများထံသို့ ရောက်ရှိလိမ့်မည်ဟု ယုံကြည်ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သုံးစွဲလိုက်သည့်ငွေများသည် နွမ်းပါးသူများထံ စီးဆင်းရောက်ရှိသွားလိမ့်မည်ဟု ယူဆသောကြောင့်ဖြစ်သည်။ ထိုသဘောရိုကြောင့် ဖွံ့ဖြိုးရေးလုပ်ဆောင်ရာတွင် နွမ်းပါးသူများအတွက် အဓိက ရည်ရွယ်မလုပ်ဆောင်ဘဲ အချို့ကိစ္စရပ်များတွင်ဆိုလျှင် ချမ်းသာကြွယ်ဝသူများအတွက် ရည်ရွယ်လုပ်ဆောင်ခြင်းများပင် ရှိသည်။ သို့သော် ငွေကြေးသည် ဆင်းရဲနွမ်းပါးသူများထံ စီးဆင်းရောက်ရှိခြင်းမရှိဘဲ ရလဒ်အနေဖြင့် ဆင်းရဲမှုမြင့်တက်လာပြီး ချမ်းသာသူများကသာ ပိုမိုချမ်းသာကုန်ကြကာ ဆင်းရဲနွမ်းပါးသူများမှာ ဖွံ့ဖြိုးမှု၏အကျိုးကျေးဇူးကို ခံစားရခြင်းမရှိတော့ချေ။

၁၂.၂.၁ စစ်အေးခေတ် ဖွံ့ဖြိုးမှုနိုင်ငံရေးခံယူချက်များ

နိုင်ငံအများအပြားသည် ကွန်မြူနစ်နိုင်ငံများမှ ထောက်ပံ့မှုများကိုရယူပြီး ကွန်မြူနစ်သဘောတရားများအတိုင်း ဖွံ့ဖြိုးမည်လော၊ အရင်းရှင်အနောက်နိုင်ငံများမှ ကူညီမှုများကို လက်ခံကာ အရင်းရှင်စနစ်ကို ခိုးမြောက်ရမည်လောဆိုသည့် နှစ်မျိုးအပြင် အခြားရွေးချယ်စရာမရှိသည့် အခြေအနေနှင့် ရင်ဆိုင်ခဲ့ရသည်။ ထိုပုံစံနှစ်မျိုး၏ ဖွံ့ဖြိုးမှု သွင်ပြင်လက္ခဏာများမှာ အောက်ပါအတိုင်း ဖြစ်သည်။

ကွန်မြူနစ်ဖွံ့ဖြိုးမှု - အစိုးရက ဖွံ့ဖြိုးမှုများကို ဖော်ဆောင်ပြီး စီးပွားရေးကို ချုပ်ကိုင်သည်။ တစ်ခါတစ်ရံတွင် အမိန့်ပေးစီးပွားရေးစနစ်ဟုလည်း ခေါ်ဆိုသည်။ အဘယ်ကြောင့်ဆိုသော် အစိုးရ၏ ထိန်းချုပ်မှုအောက်တွင်ရှိပြီး လွတ်လပ်သောဈေးကွက်ဖြင့် လည်ပတ်ခြင်းမဟုတ်၍ဖြစ်သည်။ အစိုးရကသာ ကုန်စည်များ၏ကုန်ကျစရိတ်နှင့် ပမာဏတို့ကို သတ်မှတ်မည်ဖြစ်သည်။ ထိုကဲ့သို့သော ဖွံ့ဖြိုးရေး၏ အဓိကလက္ခဏာတစ်ရပ်မှာ ပြည်သူပိုင်ပြုခြင်းဖြစ်ပြီး တစ်သီးပုဂ္ဂလပိုင် လယ်မြေများ၊ လုပ်ငန်းနေရာများမှာ တစ်ခုတည်းသော စုပေါင်းလုပ်ငန်းအဖြစ် တည်ဆောက်ရန် ပူးပေါင်းကြရသည်။ စုပေါင်းလုပ်ကိုင်ခြင်းမှာ တစ်ခါတစ်ရံတွင် ကုန်ထုတ်လုပ်မှုကို အောင်အောင်မြင်မြင်မြင့်တက်စေနိုင်သော်လည်း စုပေါင်းလယ်ယာအားလုံးနီးပါးမှာ ဖျက်သိမ်းစွန့်ပစ်မြေများသာ ဖြစ်ခဲ့ကြသည်။ အဘယ်ကြောင့် ထိုကဲ့သို့ဖြစ်ရသနည်းဆိုလျှင် လူတစ်ဦးချင်းအလိုက် အကျိုးအမြတ်ရရှိနိုင်သည့် မက်လုံးမရှိမှု သို့မဟုတ် ဆန္ဒရှိသည့်အလုပ်ကို ကိုယ်တိုင်ရွေးချယ် မလုပ်ကိုင်နိုင်မှု သို့မဟုတ် အလုပ်သမားများကို မိသားစုများနှင့်အတူနေခွင့်မပေးဘဲ အလုပ်သမားများအချင်းချင်းသာ စုပေါင်းနေထိုင်ခိုင်းမှုတို့ကြောင့် ယေဘုယျအားဖြင့် အလုပ်သမားများ၏ ထုတ်လုပ်နိုင်စွမ်းကျဆင်းခြင်းကြောင့် ဖြစ်သည်။

အရင်းရှင်စနစ်ဖွံ့ဖြိုးမှု - ဈေးကွက်စီးပွားရေးကို ချဲ့ထွင်ခြင်းဖြင့် ဖွံ့ဖြိုးမှုကို ဖော်ဆောင်နိုင်သည်။ တစ်သီးပုဂ္ဂလ သို့မဟုတ် ကုမ္ပဏီများသည် ဈေးကွက်အတွင်းရောင်းချရန် ကုန်ပစ္စည်းများ ထုတ်လုပ်ကြလိမ့်မည်ဖြစ်သည်။ (လယ်သမားများက သီးနှံများစိုက်ပျိုးခြင်း၊ မိသားစုတစ်စုက ကိုယ်ပိုင်

စားသောက်ဆိုင် ဖွင့်လှစ်ရောင်းချခြင်း စသည်ဖြင့်) အခြားတစ်နည်းအနေဖြင့် လူအများသည် ကုမ္ပဏီများအတွက် အလုပ်လုပ်ပေးခြင်းဖြင့် လုပ်အားကို ရောင်းချနိုင်ကြသည်။ လူအများအပြားမှာ ယေဘုယျအားဖြင့် မြို့ပြများတွင် အများစုရှိသော လုပ်အားခရသည့် အလုပ်အကိုင်များကို လုပ်ကိုင်ရပြီး ကုန်စည်များဝယ်ယူနိုင်ရန်အတွက် လယ်ယာများကို စွန့်ခွာခဲ့ကြသည်။ ထိုကဲ့သို့သော စျေးကွက်တစ်ခုမှာ အရင်းရှင်စနစ်များတွင် ဝင်ငွေရှာဖွေနိုင်စွမ်း အကန့်အသတ်မရှိ ဖြစ်နိုင်ရာ ကြီးမားသော ဥစ္စာဓနကြွယ်ဝမှုကို ဖြစ်ပေါ်စေနိုင်သည်။ သို့သော်လည်း အကျိုးကျေးဇူးကို လူတိုင်းခံစားရရှိခြင်း တော့ ရှိမည်မဟုတ်ချေ။ ဆင်းရဲချို့တဲ့ခြင်းမှာ ထိုကဲ့သို့သောစနစ်များ၏ အမြဲတစေနီးပါး ဖြစ်ပေါ်လေ့ရှိသည့် ဘေးထွက်ဆိုးကျိုးဖြစ်သည်။ ၁၉၆၀ လွန်နှစ်များအတွင်းက ဖွံ့ဖြိုးဆဲအရင်းရှင်နိုင်ငံများတွင် ဆင်းရဲနိမ့်ပါးမှု အလျင်အမြန်ကြီးထွားခဲ့ခြင်းက ထိုအချက်ကို သက်သေပြလျက်ရှိသည်။

၁၉၆၀လွန်နှစ်များကုန်ဆုံးချိန်တွင် ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားမှာ ဖွံ့ဖြိုးရေး၏ ပြဿနာများနှင့်စပ်လျဉ်းပြီး စိတ်ဝင်တစား စောဒကတက်လာခဲ့ကြသည်။ Non Aligned Movement (NAM) ဘက်မလိုက်လှုပ်ရှားမှုကဲ့သို့သော တတိယကမ္ဘာ အဖွဲ့အစည်းအမျိုးမျိုး၏ ထောက်ပံ့မှုဖြင့် အနောက်အရင်းရှင်အဖွဲ့အစည်းများနှင့် ကွန်မြူနစ်အစီအမံများ နှစ်မျိုးစလုံးကို တက်တက်ကြွကြွဝေဖန်မှုတစ်ရပ် ရှိလာခဲ့သည်။ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ထိုင်းတို့ကဲ့သို့သော နိုင်ငံများတွင် အရေးတကြီးစိုးရိမ်စရာများမှာ လုပ်အားခနိမ့်ကျမှုနှင့် ဥပမာအားဖြင့် လယ်သမားများအနေဖြင့် မိမိမြေယာတွင် လုပ်ကိုင်ရုံဖြင့် အသက်ရှင်ရပ်တည်ရန် လုံလောက်သည့်ငွေကြေး ရှာဖွေနိုင်ခြင်း ရှိ၊ မရှိဆိုသည်တို့နှင့် ပတ်သက်ပြီး ထွက်ပေါ်နေသော အသံများပင်ဖြစ်သည်။ ကွန်မြူနစ်နိုင်ငံများတွင်မူ မတူညီသော ပြဿနာရပ်များပေါ်ထွက်ခဲ့သည်။ အစားအစာကဲ့သို့သော အခြေခံလိုအပ်ချက်များ ခွဲဝေရာတွင် ညံ့ဖျင်းမှု၊ စုပေါင်းလုပ်ကိုင်ရာ အလုပ်နေရာများကို မနှစ်သက်မှုတို့ကဲ့သို့သော ပြဿနာများက စီးပွားရေးနှင့် နိုင်ငံရေးစနစ်များအပေါ် လူများက မေးခွန်းထုတ်စရာဖြစ်လာခဲ့သည်။ အရင်းရှင်နှင့် ကွန်မြူနစ်နိုင်ငံ နှစ်မျိုးစလုံးတွင် ဖွံ့ဖြိုးမှုမှာ အကျင့်ပျက်လာဘ်စားခြင်း၊ ပူးပေါင်းလိမ်လည်ခြင်းများကြောင့် သံသယမျက်စိဖြင့်ကြည့်ခြင်းကို ခံခဲ့ရသည်။ လူများက ထိုပြဿနာများအားလုံးကို ရှောင်လွှဲပြီး ဖွံ့ဖြိုးနိုင်မည့် နည်းလမ်းအသစ်များကို ရှာဖွေလာကြပြီး လူ့အခွင့်အရေးမှာ ဖြစ်နိုင်ဖွယ်ရှိသည့် လမ်းကြောင်းတစ်ခုဖြစ်လာခဲ့သည်။ ၁၉၇၀ လွန်နှစ်များတွင် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးကြား ရှင်းလင်းသည့်ဆက်နွယ်မှုတစ်ရပ်မှာ ကျယ်ကျယ်ပြန့်ပြန့် လက်သင့်ခံမှုရရှိခြင်းမရှိသေးဘဲ ထိုကဲ့သို့သော စီမံကိန်းများနှင့် ဆက်စပ်နေသည့် ပြဿနာများကိုလည်း စီးပွားရေးတွင် သဘာဝအလျောက် ဖြစ်ပေါ်သည့် ပြဿနာများအဖြစ် အဓိကထား ရှုမြင်ခဲ့ကြသည်။ သို့သော်လည်း ၁၉၇၀ လွန်နှစ်များ၏ နောက်ပိုင်းနှစ်များတွင်မူ လူ့အခွင့်အရေးနှင့်ဖွံ့ဖြိုးရေးမှာ နီးနီးကပ်ကပ် ဆက်နွယ်လာခဲ့ကြသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း
ဖွံ့ဖြိုးမှုအစီအစဉ် ချမှတ်ရန် မည်မျှခက်ခဲသနည်း။

အခြေခံပညာကျောင်းများအကြောင်း စဉ်းစားကြည့်ပါ။ ဆင်းရဲနိမ့်ကျသော ဒေသတစ်ခုတွင် ကျောင်းတစ်ကျောင်း စတင်ရန် မည်သည့်အရာများလိုမည်နည်းဟု ကိုယ့်ကိုကိုယ် မေးခွန်းထုတ်ပါ။ ထိုအစီအစဉ်ကိုလုပ်ဆောင်ရန် ပစ္စည်းများ၊ လုပ်အား၊ စာအုပ်များ၊ ပရိဘောဂများ စသည့်တို့ အပါအဝင် လိုအပ်မည့်အရာများအားလုံးကို စာရင်းပြုစုပါ။ ထိုစာရင်းသည် ဖွံ့ဖြိုးတိုးတက်ရေး မြေပုံတစ်ခု၏ အစဖြစ်သော်လည်း ဆောက်လုပ်ပြီးစီးသွားသော ကျောင်းများမှာ အလွတ်များသာ ရှိသေးသဖြင့် လိုအပ်ချက်များစွာရှိသေးသည်။ ကလေးများကျောင်းသို့ လာစေရန်အတွက် အခြားမည်သည့် ဖွံ့ဖြိုးမှုများ လိုအပ်သနည်း။ စာသင်ခန်းများပြည့်နေစေရန် အခြားမည်သည်တို့ လိုအပ်သေးသနည်း။ ဆရာများမှာ အရည်အချင်းပြည့်မီသူများဖြစ်ကြောင်း သေချာစေရန်မည်ကဲ့သို့ လုပ်ဆောင်မည်နည်း။ ထိုဆရာတို့က မည်သည့်သင်ခန်းစာများ သင်ကြားမည်နည်း။ ကလေးများက ကျောင်းသို့မည်ကဲ့သို့ ရောက်ရှိမည်နည်း။ မည်သည့်အရာများကို ကလေးများ စားကြမည်နည်း။ အားလုံးဘေးကင်းလုံခြုံကြောင်း သေချာစေရန် မည်သည်တို့ လုပ်ဆောင်ထားနိုင်သနည်း။

ပညာသင်ကြားပို့ချခွင့်ဆိုင်ရာ ဖွံ့ဖြိုးရေးကိစ္စများကို စတင်၍ပုံကြမ်းဖော်ကြည့်ခြင်းဖြစ်ရာ ထိုဖြစ်စဉ်အပေါ် သက်ရောက်မှုရှိသော လူအခွင့်အရေးအားလုံးကိုချရေးပါ။ (သာဓကအနေဖြင့် ပြောင်းရွှေ့ပို့ချခွင့်၊ အစားအသောက်ရရှိပို့ချခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပို့ချခွင့်) စီမံကိန်းတစ်ရပ်သည် ကျေးရွာတစ်ရွာသို့ ပညာရေးယူဆောင်ပေးသကဲ့သို့ ရိုးရှင်းသယောင်ရှိသော်လည်း ထိုစီမံကိန်းကောင်းစွာ ပြီးမြောက်ရန်မှာမူ ပို၍ကြီးမားပြီး၊ ပို၍လည်းရှုပ်ထွေးသည်။ စာသင်ခန်းများဆောက်လုပ်ခြင်းနှင့် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူခြင်းကဲ့သို့သော စီးပွားရေးရှုထောင့်မှချည်းပဲ စဉ်းစား၍ မရဘဲ လူမှုရေးရှုထောင့်များ (မိဘများက ကလေးများကို ကျောင်းများသို့ လွှတ်စေရန် မည်ကဲ့သို့တိုက်တွန်းမည်နည်း) နှင့် ရိုးရာယဉ်ကျေးမှုရှုထောင့်(မည်သည့်ဘာသာစကား အသုံးပြုသင်ကြားသင့်သနည်း) မှလည်း စဉ်းစားဆင်ခြင်ရမည်။

ယခုသင်ခန်းစာက ဗီယင်နာကြေညာစာတမ်းနှင့်လက်တွေ့အစီအစဉ်များ (၁၉၉၃) က အလေးထားသော အချက်ဖြစ်သည့် ဒီမိုကရေစီ၊ ဖွံ့ဖြိုးရေးနှင့် လူအခွင့်အရေးအား လေးစားလိုက်နာခြင်းနှင့် အခြေခံလွတ်လပ်ခွင့်များသည် တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေကြသလို အပြန်အလှန်လည်း သက်ရောက်မှုရှိနေကြသည်။

၁၂.၂.၂ ဖွံ့ဖြိုးပို့ခွင့်

၁၉၆၀ လွန်နှစ်များကုန်ခါနီးတွင် အရှေ့တောင်အာရှနိုင်ငံများသည် အနည်းငယ်မျှသာ ဖွံ့ဖြိုးလာခဲ့ကြသည်။ (စင်ကာပူနိုင်ငံအား ထည့်မထွက်ဘဲ ထားကောင်းထားရမည်ဖြစ်သည်) အချို့နိုင်ငံများမှာ စစ်အေးခေတ်ပဋိပက္ခများကြောင့် ထိုကဲ့သို့ အနည်းသာ ဖွံ့ဖြိုးခဲ့ခြင်းဖြစ်သော်လည်း နိုင်ငံခြားအကူအညီနှင့် ဖွံ့ဖြိုးရေးအစီအမံများကို လက်ခံသော နိုင်ငံများ၌ပင် ပြည်သူများဘဝအမှန်တကယ်ပြောင်းလဲလာခြင်းမျိုး မတွေ့ခဲ့ရချေ။ ညံ့ဖျင်းသည့် ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့်

ပေါ်ပေါက်လာသည့် ပြဿနာများမှာ စိုးရိမ်စရာအခြေအနေသို့ ရောက်ရှိလျက်ရှိရာ ၁၉၇၀ လွန် နှစ်များတွင် အဓိက ဖွံ့ဖြိုးရေးအဖွဲ့အစည်းကြီးများအနေဖြင့် နည်းဗျူဟာပြောင်းလဲရန် လိုအပ်နေပြီ ဖြစ်ကြောင်း သိရှိလက်ခံခဲ့ကြသည်။

၁၉၇၀ လွန်နှစ်များတွင် မတူညီသည့်တုံ့ပြန်မှုများက ဤအခြေအနေကို ပြောင်းလဲပစ်ခဲ့သည်။ ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်းတို့ကဲ့သို့သော အခြို့အဖွဲ့အစည်းကြီးများက လူအများ၏ အခြေခံလိုအပ်ချက်များ အတွက်သာ တိုက်ရိုက်အာရုံစိုက်လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ကွန်မြူနစ်နိုင်ငံများက စျေးကွက်စီးပွားရေးနှင့် တစ်သီးပုဂ္ဂလ လယ်ယာလုပ်ကိုင်မှုများကို စမ်းသပ်ဆောင်ရွက်ခဲ့ကြသည်။ ဤအခြေအနေ၌ပင် တတိယကမ္ဘာနိုင်ငံများသည် နိုင်ငံရေးအရကွဲပြားမှုကို ရှောင်လွှဲရန် အတူတကွဆုံးဖြတ်ခဲ့ပြီး ဖွံ့ဖြိုးပိုင်ခွင့် ကို တောင်းဆိုလာခဲ့ကြသည်။ ဤတောင်းဆိုမှုသည် ချမ်းသာသောနိုင်ငံများအနေဖြင့် နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ တန်ဖိုးများကို ဘေးချိတ်ပြီး ဆင်းရဲသောတိုင်းပြည်များကို အကူအညီပေးရန် ညှိနှိုင်းဆွေးနွေးခွင့် မပေးဘဲ မရမနေသဘော တောင်းဆိုမှုဖြစ်ခဲ့သည်။ ထိုငြိမ်းချမ်းစွာဖွံ့ဖြိုးပိုင်ခွင့်သည် နိုင်ငံရေးအရ မဟာမိတ်ဖွဲ့မှုများကိုရှောင်ရှားပြီး စီးပွားရေးအဆောက်အအုံပေါ်တွင် မဟုတ်ဘဲ လူတစ်ဦးချင်းအပေါ်တွင် အာရုံစိုက်ခဲ့သည်။ ထို့ပြင် နိုင်ငံများအားလုံးအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို လူ့အခွင့်အရေးတစ်ရပ်အဖြစ် သဘောထားပြီး ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်မှတစ်ဆင့် ပြည်သူများအားလုံးကို ဆင်းရဲတွင်းမှလွတ်အောင် မြှင့်တင်ပေးရန်လည်း တောင်းဆိုခဲ့သည်။

အခြေခံလိုအပ်ချက်များ

ဖွံ့ဖြိုးရေးတွင် အခြေခံလိုအပ်ချက်များကို လူပုဂ္ဂိုလ်တစ်ဦး အသက်ဆက်လက်ရှင်သန်ရန် မဖြစ်မနေ လိုအပ်သည့် အရာများဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပြီး အစားအသောက်၊ ရေနှင့် ဦလုံစရာနေရာတို့ ပါဝင်သည်။ ထို့ထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်သတ်မှတ်လျှင် ကျန်းမာရေး၊ လုံခြုံမှုနှင့် အဝတ်အစားတို့လည်း ပါဝင်နိုင်သည်။

ဖွံ့ဖြိုးပိုင်ခွင့်

ဤအခွင့်အရေးသည် ဖွံ့ဖြိုးမှုမှန်၍ လူတိုင်းအကျိုးကျေးဇူးရရှိကာ ဆင်းရဲတွင်းမှလွတ်မြောက်ခြင်း၊ ပိုမိုကောင်းမွန်သောကျောင်းများနှင့် ဆေးရုံများအသုံးပြုခွင့်ရရှိခြင်းတို့ ရရှိစေရေးဖြစ်ပြီး UNGA ၏ ၁၉၈၆ ဒီဇင်ဘာ ၄ ရက်တွင်ချမှတ်ခဲ့သော ဖွံ့ဖြိုးပိုင်ခွင့် ကြေညာချက်တွင် တွေ့ရှိနိုင်သည်။

သဘောတရားရေးရာ ရှုင်းလင်းချက်

နိုင်ငံများကို အမျိုးအစားခွဲခြားခြင်း

ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထကမ္ဘာ

ပထမကမ္ဘာ(အရင်းရှင်အနောက်တိုင်းနိုင်ငံများ)၊ ဒုတိယကမ္ဘာ(ကွန်မြူနစ်နှင့်ဆိုဗီယက်နိုင်ငံများ)၊ တတိယကမ္ဘာ(ပထမနှင့်ဒုတိယကမ္ဘာတို့ထံမှ လွတ်လပ်ရေးအလိုရှိနေသော ဆင်းရဲနိမ့်ကျသည့် နိုင်ငံများ)နှင့် စတုတ္ထကမ္ဘာ(ဒေသခံနှင့် ဘေးဖယ်ခံထားရသောအဖွဲ့များ)။ ထိုကဲ့သို့ အဓိပ္ပာယ်သတ်မှတ်မှုများမှာ နိုင်ငံရေးသဘာဝအရ သတ်မှတ်ခြင်းဖြစ်ပြီး ဒုတိယကမ္ဘာကို အဆုံးသတ်စေခဲ့သည့် စစ်အေးခေတ်အဆုံးသတ်ပြီးနောက်တွင် ထိုအဓိပ္ပာယ်သတ်မှတ်မှုကို အသုံးပြုမှု အလွန်ရှားသွားခဲ့သည်။

ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ

ဖွံ့ဖြိုးပြီး(ချမ်းသာသောနိုင်ငံများ) နှင့် ဖွံ့ဖြိုးဆဲ(ဆင်းရဲသောနိုင်ငံများ)ဟူသည့် သတ်မှတ်မှုကို အဓိကအားဖြင့် ကုလသမဂ္ဂက အသုံးပြုသည်။ ဤသတ်မှတ်ချက်တွင် အသေးစိတ် အမျိုးအစားခွဲခြားခြင်းမှာမူ ချမ်းသာကြွယ်ဝမှု၊ ဂျီဒီပီ၊ သို့မဟုတ် လူသားဖွံ့ဖြိုးမှုညွှန်းကိန်းများ အသုံးအပြုမှုပေါ်မူတည်ပြီး အဖွဲ့အစည်းတစ်ခုချင်းအလိုက်ပေါ်မူတည်၍ ကွဲပြားနိုင်သည်။ ဖွံ့ဖြိုးမှုနိမ့်ကျသော နိုင်ငံများ (Less Developed Countries -LDCs) ကဲ့သို့သော နောက်ထပ် ကဏ္ဍခွဲများကိုလည်း အဆင်းရဲဆုံးနိုင်ငံများကိုပါ လွှမ်းခြုံမှုရှိစေရန် ဖန်တီးသတ်မှတ်ခဲ့သည်။ (ဥပမာ - ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာ)

ကမ္ဘာ့တောင်ဘက်ခြမ်း

မြောက်ဘက်ခြမ်း(ချမ်းသာသောနိုင်ငံများ)နှင့် ကမ္ဘာ့တောင်ဘက်ခြမ်း(ဆင်းရဲသောနိုင်ငံများ)။ ကမ္ဘာ့တောင်ဘက်ခြမ်းသည် မြောက်ဘက်ခြမ်း၏ အသုံးချအမြတ်ထုတ်မှုကိုခံရသည်ဟု ယူဆသော ၁၉၉၀ လွန် နှစ်များဆီက နိုင်ငံရေးဖွံ့ဖြိုးမှုအရ အမျိုးအစားခွဲခြားမှုတစ်ရပ်။

ဖွံ့ဖြိုးတိုးတက်ပိုင်ခွင့်ကို ၁၉၈၆ ခုနှစ် အထွေထွေညီလာခံတွင် ချမှတ်ခဲ့ခြင်းက ဖွံ့ဖြိုးဆဲ နိုင်ငံများကြား ၁၀ စုနှစ် တစ်ခုကြာ ဆွေးနွေးငြင်းခုံမှုများ၏ နိဂုံးအဆုံးသတ်ဖြစ်ခဲ့သည်။ သို့ရာတွင် ထိုအယူအဆက ဖန်တီးထားသည့်တန်ဖိုးများနှင့်ပတ်သက်ပြီး ကွဲပြားသည့်အမြင်များ နက်နက်ရှိုင်းရှိုင်း ကျန်ရှိနေဆဲဖြစ်သောကြောင့် ထိုတန်ဖိုးစံနှုန်းများနှင့်ပတ်သက်ပြီး အငြင်းပွားမှုများဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ကုလသမဂ္ဂတွင် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဖွံ့ဖြိုးပိုင်ခွင့်တောင်းဆိုခြင်းနှင့်ပတ်သက်၍ စုစည်းညီညွတ်ခဲ့ကြသည်။ အခြားတစ်ဖက်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများကမူ နိုင်ငံရေးလှုပ်ရှားမှုတစ်ရပ်အဖြစ် ရှုမြင်ခဲ့ကြသည်။

ကြေညာချက်သည် အထူးအားဖြင့် ဖွံ့ဖြိုးရေးနှင့်စပ်လျဉ်းသည့် လူ့အခွင့်အရေးပိုင်းတွင် အရေးပါသည့် အဆင့်မြှင့်တင်ရေးအချို့ ပြုလုပ်နိုင်ခဲ့သည်။ သို့သော် ကံမကောင်းစွာနှင့်ပင် နိုင်ငံရေးစွက်ဖက်မှုမှ လွတ်မြောက်အောင် မစီမံနိုင်ခဲ့ချေ။ အပေါင်းလက္ခဏာ ဆောင်သည့်ဘက်မှကြည့်လျှင်မူ ထိုအယူအဆအရ -

> လူပုဂ္ဂိုလ်သည် ဖွံ့ဖြိုးရေး၏အဓိကအကြောင်းအရာအဖြစ် ပါဝင်ပတ်သက်ခွင့်ရသူဖြစ်ကာ ဖွံ့ဖြိုးပိုင်ခွင့်ကို ဆက်ခံပိုင်ခွင့်ရှိသူ ဖြစ်ရမည်။ (အပိုဒ်-၁)

ဟူသည့်အချက်ကို အသိအမှတ်ပြု လက်ခံခဲ့သည်။

တစ်နည်းဆိုရလျှင် စီးပွားရေးအဆောက်အအုံတစ်ခုလုံးကိုသာ အဓိကထားသည့် အရင်းရှင်စနစ်၏အမြင်နှင့် ဆန့်ကျင်ဘက်အဖြစ် ပြည်သူများသည် ဖွံ့ဖြိုးမှု၏ရည်မှန်းချက်ဖြစ်ရမည်ဟု လက်ခံခြင်းဖြစ်သည်။ ထို့ကြောင့်ဖွံ့ဖြိုးမှုကို ဂျီဒီပီကိန်းဂဏန်းကြီးမားမှုနှင့်မဟုတ်ဘဲ ပြည်သူများ၏ ဘဝတိုးတက်မှုဖြင့်သာ တိုင်းတာရမည်ဖြစ်သည်။ နောက်ဆက်တွဲအနေဖြင့် ကုလသမဂ္ဂကလည်း ဖွံ့ဖြိုးမှုကို လူအများ၏ ကျန်းမာရေး၊ ပညာရေးနှင့် ပုဂ္ဂလိကကြွယ်ဝမှုတို့ဖြင့် တိုင်းတာသည့် လူသားဖွံ့ဖြိုးမှုညွှန်းကိန်း (Human Development Index) နှင့် လူသားဖွံ့ဖြိုးမှုအစီရင်ခံစာ (Human Development Report) တို့နှင့်အတူ လူပုဂ္ဂိုလ်ကို အဓိကအကြောင်းအရာအဖြစ် သတ်မှတ်ခဲ့သည်။ ကြေညာချက်၏ အခြားအပေါင်းလက္ခဏာဆောင်သည့် အဓိကအစိတ်အပိုင်းတစ်ရပ်မှာ ဖွံ့ဖြိုးမှုလုပ်ဆောင်ရာတွင် ပါဝင်ခွင့်ရရေး တောင်းဆိုခြင်းဖြစ်သည်။ ယခင်က လူအများသည် ဖွံ့ဖြိုးရေးစီမံချက်များနှင့်ပတ်သက်၍ အသိပေးရှင်းလင်းတင်ပြခံရမှုမရှိသလောက် နည်းပါးခဲ့ပြီး လူအများအပြားမှာ ဖွံ့ဖြိုးမှု၏ သက်ရောက်မှုများကို သတိပင်မမူခဲ့ကြချေ။ ထို့အတူ အစိုးရကလည်း ပြည်သူများ အလိုရှိသည့်ဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ ဆွေးနွေးအသိပေးခြင်းမျိုး အလွန်ရှားပါးပြီး ၎င်းတို့ထံမိမိကပေးအပ်မည့်အရာကို လက်ခံကြရန်ကိုသာ ပို၍မျှော်လင့်ကြသည်။

သို့ရာတွင် အနုတ်လက္ခဏာဆောင်သည့်ဘက်မှဆိုလျှင် ဖွံ့ဖြိုးပိုင်ခွင့်ကြေညာချက်သည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ထောက်ပံ့မှုမရခဲ့ချေ။ ချမ်းသာသော တိုင်းပြည်များအပေါ်

ထိုကဲ့သို့သော ရပိုင်ခွင့်များက တောင်းဆိုလာနိုင်မှုများကို စိုးရိမ်မှုကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများသည် ယင်းကြေညာချက်ကို UNGA တွင် ဆန့်ကျင်မဲပေးခဲ့ကြသည်။ ဥပမာ အပိုဒ် ၇ အရ နိုင်ငံများသည် ထိရောက်သော နိုင်ငံတကာထိန်းချုပ်မှုအောက်တွင် အပြည့်အဝ လက်နက်စွန့်ခြင်းကို ဆောင်ရွက်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးကို ခိုင်မာအားကောင်းအောင်ဆောင်ရွက်ရန် လိုအပ်သည်။ ရည်ရွယ်ချက်များမှာ ကောင်းမွန်ခဲ့သည်မှာ မှန်သော်လည်း ချမ်းသာသောတိုင်းပြည်များက လက်နက်များကို ရောင်းချပြီး ဆင်းရဲသော နိုင်ငံများကို ငွေများလှူဒါန်းရန်ဆိုသည်မှာ ဖြစ်နိုင်ခြေ အလွန်နည်းပါးလှသည်။

ထို့အတူ ကြေညာချက်က ကိုလိုနီပြုခြင်း၊ ပြည်ပသြဇာလွှမ်းမိုးခြင်း၊ ပြည်ပနိုင်ငံများက ကြားဝင်စွက်ဖက်ခြင်းတို့ကဲ့သို့သော ဖောက်ဖျက်မှုများကို နိုင်ငံအားလုံးက အဆုံးသတ်ရန်လည်း တောင်းဆိုခဲ့သည်။ ပြည်ပဝင်ရောက်စွက်ဖက်မှုဆိုသည်မှာ မည်ကဲ့သို့သောအရာဖြစ်သည် ဆိုသည်ကိုပင် မသိရှိဘဲ ချိုးဖောက်မှုများနှင့်ပတ်သက်ပြီး ဇဝေဇဝါဖြစ်လျက်ရှိသည့် အခြားနိုင်ငံများအများအပြားရှိနေခြိန်တွင် ပြည်ပနယ်မြေပိုင်နက်များရှိသည့် ဥရောပနိုင်ငံများက ထိုအပိုဒ်နှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်ကြသည်မှာ အထူးပြောနေရန်ပင်မလိုတော့ချေ။ အခြားသောစိုးရိမ်ပူပန်မှုတစ်ရပ်မှာ ဖွံ့ဖြိုးမှုအပေါ် ကြေညာချက်၏အမြင်မှာ နိုင်ငံတစ်နိုင်ငံချင်းအလိုက်သာ ဗဟိုပြုလွန်းပြီး အရပ်ဖက်အဖွဲ့အစည်းများနှင့် NGO များကို ရည်ညွှန်းဖော်ပြထားမှုမရှိခြင်း ဖြစ်သည်။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ ထိုအချိန်က အဆိုပါအဖွဲ့အစည်းများကို အတွေ့ရမများသေးခြင်းကြောင့် ဖြစ်ဖွယ်ရှိသည်။ ထိုသို့ထည့်သွင်းရည်ညွှန်းထားခြင်းမရှိသော်လည်း အစိုးရများက ပြည်သူများ၏ အခွင့်အရေးများကို ချိုးဖောက်သည့်အခါတိုင်းတွင် ဖွံ့ဖြိုးရေးနှင့် ဖွံ့ဖြိုးရေးပေါ်လစီများကို အစိုးရများအချင်းချင်း၊ နိုင်ငံများအချင်းချင်း ဖြေရှင်းရမည်ဟု ယူဆလက်ခံခဲ့သည်။

နောက်ဆုံးအနေဖြင့်ဆိုရလျှင် ကြေညာချက်သည် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အတွင်း ဖြစ်ပွားသည့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုပြဿနာများကို အနည်းငယ်သာ ဖြေရှင်းပေးနိုင်ခဲ့သည်။ အစိုးရများကဖွံ့ဖြိုးရေးကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် ဖော်ဆောင်မည်ဆိုသည်ကို ဆုံးဖြတ်နိုင်သည့်အာဏာကို အလိုရှိကြရာ လူ့အခွင့်အရေးအများအပြား ပြဋ္ဌာန်းခြင်းက ၎င်းတို့၏ ဆုံးဖြတ်ချက်များကို စိန်ခေါ်လာလိမ့်မည်ဟု ရှုမြင်ခဲ့ကြသည်။ ရလဒ်အနေဖြင့် ကြေညာချက်နှင့် ဖွံ့ဖြိုးပိုင်ခွင့်လှုပ်ရှားမှုတို့သည် လူ့အခွင့်အရေးကို သဘောတူညီချက်အတွင်းသို့ အောင်အောင်မြင်မြင် ပေါင်းစပ်ထည့်သွင်းနိုင်ခဲ့ခြင်း မရှိချေ။ တကယ်တမ်းတွင် ၁၉၉၀ လွန်နှစ်များအရောက်၌ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ် ပေါ်ထွက်လာခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတည်ထောင်လာခြင်းတို့နှင့် အတူ လူ့အခွင့်အရေးချိုးဖောက်မှုများ ပျံ့နှံ့လာခြင်းက ဖွံ့ဖြိုးပိုင်ခွင့်သည် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ပြဿနာများကိုလျှော့ချရန် လုံလောက်မှုမရှိကြောင်း သက်သေပြလျက်ရှိသည်။

၁၂.၃ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်နှင့် ဖွံ့ဖြိုးမှု

အရှေ့တောင်အာရှတွင် ဖွံ့ဖြိုးမှုအမြန်ဆုံးကာလမှာ ၁၉၉၀ လွန်နှစ်များအတွင်း ကမ္ဘာပြုခြင်းဖြစ်စဉ်ပေါ် ထွန်းလာသည့်ကာလနှင့် တိုက်ဆိုင်လျက်ရှိသည်။ ကမ္ဘာ့စီးပွားရေးက တစ်ကမ္ဘာလုံးအတိုင်းအတာနှင့်ဖြစ်လာသောကြောင့် ဒေသတွင်းသို့လည်း ငွေကြေးများ ပိုမိုစီးဝင်လာခဲ့သည်။ ရလဒ်အနေဖြင့် စက်ရုံများပို၍တည်ဆောက်လာမည်၊ ဘဏ်များက ငွေများ ပိုမိုထုတ်ချေးလာမည်ဖြစ်ပြီး လူအများက အိမ်များ၊ ကားများနှင့် အားလပ်ရက်များကို ပိုမိုဝယ်ယူလာကြမည် ဖြစ်သည်။ ၁၉၉၀ လွန်နှစ်များသည် အင်တာနက်ပေါ် ထွက်လာသည့် ဆယ်စုနှစ်ဖြစ်ပြီး ပြည်သူများကို ဒေသတွင်းမှ အခြားပြည်သူများနှင့် ထိတွေ့ဆက်ဆံနိုင်စေခဲ့ရာ ၎င်းတို့၏ အသိပညာဗဟုသုတများ တိုးတက်လာခြင်းမှာ တစ်ကမ္ဘာလုံးအတိုင်းအတာဖြစ်စေခဲ့ပြီး နောက်ဆုံးတွင် အခြားသူများ မည်ကဲ့သို့ နေထိုင်သည်ကို တွေ့မြင်နိုင်စေခဲ့သည်။ ထိုအပြောင်းအလဲများအားလုံးက ဒေသတွင်းအခြေအနေကို အသွင်ပြောင်းပစ်ခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာစီးပွားရေးသည် လူ့အခွင့်အရေးပြဿနာအသစ်များကိုလည်း ပေါ်ပေါက်စေခဲ့သည်။ ဥပမာ - မည်မျှမှုများ ကြီးထွားလာခြင်းက အလုပ်သမားအခွင့်အရေးနှင့်ပတ်သက်ပြီး စိုးရိမ်မှုများ မြင့်တက်စေခဲ့သည်။ ရွှေ့ပြောင်းလုပ်သားများ တိုးပွားလာခြင်းနှင့်အတူ လူကုန်ကူးမှုနှင့် ကျွန်ပြုခံလုပ်သားများအရေးနှင့်ပတ်သက်၍ စိုးရိမ်မှုများ ကြီးထွားလာခဲ့သည်။ ထို့ပြင် နိုင်ငံစုံကော်ပိုရေးရှင်းကြီးများက ပြည်တွင်းစီးပွားရေးအပေါ် သက်ရောက်မှုရှိလိမ့်မည်ဟုလည်း ယုံကြည်လာခဲ့ကြသည်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုမှာလည်း အဓိကပြဿနာတစ်ရပ် ဖြစ်လာခဲ့သည်။ ထိုအချက်ကို လက်ရှိအချိန်တွင် အင်ဒိုနီးရှားမှ မီးခိုးမြူများက စင်ကာပူနှင့် မလေးရှားဘက်သို့နှစ်စဉ်ပုံ့နှံ့ရောက်ရှိပြီးလွှမ်းခြုံနေခြင်းက သက်သေပြလျက်ရှိသည်။ အမျိုးသမီးများတန်းတူညီမျှ အခွင့်အရေးရရှိရေး၊ ဒီမိုကရေစီလိုလားမှုနှင့် ကမ္ဘာ့မီဒီယာများနှင့်ထိတွေ့ရပြီးနောက် လူငယ်မျိုးဆက်များက ဓလေ့ရိုးရာတန်ဖိုးများအပေါ် မေးခွန်းထုတ်လာခြင်းအပါအဝင် ဓလေ့ရိုးရာတန်ဖိုးများအပေါ် စိန်ခေါ်မှုများလည်း ပေါ်ထွက်လာခဲ့သည်။ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်သည် အခန်း ၁၃ တွင် ဆွေးနွေးထားသကဲ့သို့ အလုပ်သမားအခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုတိုးမြင့်လာခြင်း အကျိုးဆက်များလည်း ရှိလာခဲ့သည်။ ဂလိုဘယ်လိုက်ဇေးရှင်းမှာ ထင်ရှားသည့် အပြောင်းအလဲတစ်ခုဖြစ်သော်လည်း ပြောင်းလဲမှုနှင့်အတူ မတည်ငြိမ်မှုနှင့် ပဋိပက္ခများလည်း ပါလာလေ့ရှိသည်သာဖြစ်သည်။

သဘောတရားရေးရာ ရှင်းလင်းချက်

ဂလိုဘယ်လိုက်ဇေးရှင်း

ဂလိုဘယ်လိုက်ဇေးရှင်းကို ကမ္ဘာကြီးသည် ဒေသအလိုက် သို့မဟုတ် နိုင်ငံအလိုက် သီးခြား မလည်ပတ်ဘဲ အချင်းချင်းခိုတ်ဆက်နေသော ကမ္ဘာလုံးဆိုင်ရာ တစ်ခုတည်းသော စနစ်တစ်ခုကဲ့သို့ စတင်လည်ပတ်သည့်လုပ်ငန်းစဉ်တစ်ရပ်အဖြစ် အဓိပ္ပာယ်သတ်မှတ်သည်။ ထိုစနစ်တွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး (စီးပွားရေးချိတ်ဆက်မှုများရှိလာသော) ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှု (ကမ္ဘာတဝန်းမှ လူများအားလုံးက ဆင်တူသောယဉ်ကျေးမှုကို ကျင့်သုံးလာပြီး တူညီသော မီဒီယာများကိုသာ

ကြည့်ရှုလာခြင်း) သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာတန်ဖိုးများ(စားသုံးသူဝါဒ၊ ဒီဂျစ်တယ်ယဉ်ကျေးမှုများ၊ အမျိုးသမီးအခွင့်အရေး သို့မဟုတ် လူ့အခွင့်အရေး)တို့ ပါဝင်သည်။ ဂလိုဘယ်လိုက်ဇေးရှင်းသည် အင်တာနယ်ရှင်နယ်လိုက်ဇေးရှင်းကို အစားထိုးနေရာယူခဲ့သည်။ အင်တာနယ်ရှင်နယ်လိုက်ဇေးရှင်းတွင် မတူညီသော နိုင်ငံများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ခြင်းဖြစ်ပြီး ဂလိုဘယ်လိုက်ဇေးရှင်းတွင်မူ ကမ္ဘာကြီးက အခြေတည် စဉ်းစားခြင်းဖြစ်ပြီး နိုင်ငံကိုတည်၍ စဉ်းစားသည်မဟုတ်ချေ။

၁၉၉၀ လွန်နှစ်အတော်များများ၌ အာရှ၌ဖွံ့ဖြိုးမှုမှာ ၁၉၉၃ ခုနှစ်က ထုတ်ပြန်သည့် အစီရင်ခံစာတစ်ခုတွင် ကမ္ဘာ့ဘဏ်က အရှေ့အာရှအံ့ဖွယ် (East Asian Miracle)ဟု အမည်တပ်ခဲ့သကဲ့ပင် အလွန်အောင်မြင်ခဲ့သည်ဟု သတ်မှတ်ခံခဲ့ရသည်။ အံ့ဖွယ်ဟူသည့် အသုံးအနှုန်းမှာ ဥစ္စာဓန၊ ကျန်းမာရေးနှင့် ပညာရေးတို့တွင် ကြီးမားသော တိုးတက်မှုများရရှိခဲ့သည့် စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှား (အစီရင်ခံစာထဲတွင် ဂျပန်၊ ထိုင်ဝမ်၊ တောင်ကိုရီးယားနှင့် ဟောင်ကောင်တို့ပါပါ ဝင်ခဲ့သော်လည်း) နိုင်ငံတို့၏ စီးပွားရေးဖွံ့ဖြိုးလာမှုအပေါ်တွင် ဗဟိုပြုထားခြင်းဖြစ်သည်။ ဒေသတွင်းရှိလူအများအပြားမှာ အခြေခံပညာကျောင်းများ၊ လစာငွေမြင့်မားသော အလုပ်အကိုင်များနှင့် ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်လာသော ကုန်ပစ္စည်းများကို အားလုံးနီးပါးရရှိလာခြင်းနှင့်အတူ ဘဝအရည်အသွေးမှာလည်း သိသိသာသာတိုးတက်လာခဲ့သည်။ အရှေ့အာရှအံ့ဖွယ်ကာလအတွင်း လူများအတွက် အကျိုးကျေးဇူးများ တိုးလာနေစဉ်မှာပင် ဒေသတွင်းရှိ အချို့အစိုးရများသည် စီးပွားရေးတိုးတက်မှုအတွက် လူ့အခွင့်အရေးနှင့် အပေးအယူလုပ်ရန်တိုက်တွန်းပြီး လူ့အခွင့်အရေး တာဝန်ဝတ္တရား အများအပြားကို ရှောင်လွှဲလာကြသည်။ ဥပမာအနေဖြင့် အစိုးရများက လူ့အခွင့်အရေးနှင့် လွတ်လပ်စွာထုတ်ဖော်ခွင့်တို့မှာ စီးပွားရေးဖွံ့ဖြိုးမှုကို နှေးကွေးစေသဖြင့် မလိုအပ်ဟု အဆိုပြုကြခြင်းမျိုးဖြစ်သည်။ ဤအချက်မှာ အာရှတန်ဖိုးစံနှုန်းများ (Asian Values)နှင့် ပတ်သက်ပြီး ငြင်းခုံရမှု၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

သဘောတရားရေးရာ ရှုင်းလင်းချက်

အခွင့်အရေးများကို အလဲအလှယ်ပြုလုပ်ခြင်း

အစိုးရတစ်ရပ်က အခွင့်အရေးများကို အလဲအလှယ်ပြုလုပ်သည့်အခါတွင် တစ်ဖက်တွင် အချို့အခွင့်အရေးများအား (များသောအားဖြင့် စီးပွားရေးဆိုင်ရာအခွင့်အရေးများ) ဖော်ဆောင်ပေးပြီး အခြားတစ်ဖက်တွင် အချို့သောအခွင့်အရေးများ(များသောအားဖြင့် နိုင်ငံရေးအခွင့်အရေးများ)အား ဆုံးရှုံးစေသည်။ ထိုဆုံးရှုံးရသော အခွင့်အရေးများမှာလည်း စီးပွားရေးလောက် အရေးမကြီးသောကြောင့်ဟု အကြောင်းပြလေ့ရှိသည်။ အခြားတစ်နည်းဆိုရလျှင် ကျန်းမာရေး၊ ပညာရေးနှင့် အိုးအိမ်ဆိုင်ရာ အခွင့်အရေးများရရှိရန် နိုင်ငံရေးအခွင့်အရေး၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုပိုင်ခွင့်နှင့် အခြားနိုင်ငံသားအခွင့်အရေးများကို လက်လွှတ်ဆုံးရှုံးစေခြင်း ဖြစ်သည်။ အစိုးရများသည် တစ်ကိုယ်ရေ လွတ်လပ်ခွင့်များက မကျေနပ်မှုများနှင့် ဆန္ဒပြမှုများဆီဦးတည်သွားပြီး အုပ်ချုပ်ရေးကို မတည်မငြိမ်ဖြစ်စေကာ ကျန်းမာရေး၊ ချမ်းသာကြွယ်ဝမှု၊ ပညာရေးတို့ကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုများကို ခြိမ်းခြောက်မည်ကို စိုးရိမ်တတ်ကြသည်။ ထိုအမြင်ကို ထောက်ခံသည့်နိုင်ငံများမှာ စင်ကာပူ၊ မလေးရှား၊ တရုတ်နှင့် အင်ဒိုနီးရှားတို့ ဖြစ်သည်။

ဤအဲ့ဖွယ်ကာလအတွင်း ငုပ်နေသောတင်းမာမှုများလည်း ရှိခဲ့သည်။ လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့မှာ နောက်ကျကျန်ရစ်ခဲ့ခြင်းနှင့်အတူ ဒေသတွင်းအဆင့်တွင် မညီမျှမှုမှာ ကြီးထွားလာခဲ့သည်။ ရလဒ်အနေဖြင့် အလုပ်သမားအများအပြားမှာ မလေးရှား၊ စင်ကာပူနှင့် ထိုင်းတို့ကဲ့သို့သော လုပ်အားခမြင့်မားသည့် ချမ်းသာသောတိုင်းပြည်များတွင် အလုပ်လုပ်ရန် မိမိတို့၏ တိုင်းပြည်များမှ စတင်စွန့်ခွာလာကြသည်။ သို့ရာတွင် ချမ်းသာသောနိုင်ငံများအတွင်း၌ပင် စုပြုံဝင်ရောက်လာသော ငွေကြေးအမြောက်အများကို အမြဲတစေဉာဏ်ပညာရှိရှိ ရင်းနှီးမြှုပ်နှံခဲ့ခြင်းမရှိရာ မကြာမီမှာပင် စီးပွားရေးပြဿနာများပေါ် ပေါက်လာခဲ့သည်။ ထိုပြဿနာများကြောင့် ၁၉၉၇ မေတွင် ထိုင်းနိုင်ငံ၌စတင်ဖြစ်ပွားသော အာရှစီးပွားရေးအကျပ်အတည်း ဖြစ်ပွားခဲ့သည်။ သို့သော် ထိုနှစ်အကုန်တွင် အင်ဒိုနီးရှား၊ စင်ကာပူနှင့် မလေးရှားတို့တွင် ဘဏ္ဍာရေးတည်ငြိမ်မှု ပြန်လည်ရရှိခဲ့သည်။ ထိုအကျပ်အတည်းမှာ ကမ္ဘာလုံးဆိုင်ရာစီးပွားရေး၏ တိုက်ရောက်အကျိုးရလဒ်တစ်ခုပင်ဖြစ်သည်။ ၁၉၉၇ မတိုင်မီတွင် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးမှ ငွေပမာဏအမြောက်အများမှာ ထိုနိုင်ငံများသို့ ရုတ်တရက်ဝင်ရောက်လာပြီး ထို့နောက်တွင် အလျင်အမြန်ပင် ပြန်လည်ထုတ်ယူသွားကြရာ ငွေကြေး၊ စတော့ဈေးကွက်နှင့် သွင်းကုန်၊ ထုတ်ကုန်ကဏ္ဍတို့တွင် မတည်ငြိမ်မှုများ ဖြစ်ပေါ် စေခဲ့ခြင်းဖြစ်သည်။ အကျပ်အတည်းဖြစ်ပေါ် သောအခါတွင် လူအများအပြားမှာ အလုပ်အကိုင်များနှင့် စုဆောင်းငွေများကို ဆုံးရှုံးကြရပြီး လူ့အခွင့်အရေးနှင့်ဖွံ့ဖြိုးမှု အလဲအလှယ်ပြုရေး တိုက်တွန်းချက်မှာ မှန်ကန်သည်ဟု ဆက်လက်ယူဆနိုင်စရာမရှိတော့ချေ။ ချမ်းသာကြွယ်ဝမှုအတွက် လူ့အခွင့်အရေးများကို အလဲအလှယ်ပြုရမည်ဟုဆိုထားခြင်းဖြစ်ရာ အကယ်၍ လူအများမှာ ချမ်းသာကြွယ်ဝခြင်း မရှိတော့ပါက ထိုသဘောတူညီမှုမှာလည်း သေချာပေါက် ကျိုးပျက်သွားပြီဖြစ်သည်။ ထိုကဲ့သို့ယုံကြည်ယူဆမှုများကြောင့်ပင် ဒေသတွင်းတွင် နိုင်ငံရေးအရဆူပူအုံကြွမှုများ ပေါ် ပေါက်ပြီး ထိုင်းနှင့် အင်ဒိုနီးရှား နိုင်ငံတို့၌ လူထုဆန္ဒပြပွဲများပြီးနောက် အစိုးရအပြောင်းအလဲများ ဖြစ်ပေါ် ခဲ့သည်။

ထိုကာလမှာပင် ကမ္ဘာ့မူပြုခြင်း၊ လစ်ဘရယ်လက်သစ်ဝါဒနှင့် စီးပွားရေးအကျပ်အတည်းများမှာ စီးပွားရေးကံဆိုးမိုးမှောင်ကျမှု၏ လက်သည်တရားခံများအဖြစ် ပြစ်တင်ခံရခြင်းကြောင့် လူအများက လစ်ဘရယ်လက်သစ်စီးပွားရေးဖွံ့ဖြိုးမှု၏ ရေပန်းစားနေသောသီအိုရီအပေါ် စတင်၍ မေးခွန်းထုတ်လာကြသည်။ လစ်ဘရယ်လက်သစ်သီအိုရီ၏ အခြေခံမှာ ဈေးကွက်စီးပွားရေးအပေါ် အစိုးရ၏ဩဇာလွှမ်းမိုးမှုလျော့ချရေးဖြစ်ပြီး ထိုဝါဒတွင် လွတ်မြောက်ရေးဆိုသည်မှာ အစိုးရ၏ ထိန်းချုပ်မှုမှ လွတ်ကင်းသော ဈေးကွက်များဖြစ်ကာ နိုင်ငံပြင်ပမှာလူများပင်လျှင် ဈေးကွက်စီးပွားရေးသို့ ဝင်ရောက်ရာ၌ လွတ်လပ်မှုရှိရမည်ဟူ၍ ဖြစ်သည်။ လစ်ဘရယ်လက်သစ် စီးပွားရေးသီအိုရီကို နောက်ပိုင်းတွင် (G8) ဖြစ်လာမည့် ချမ်းသာကြွယ်ဝသော အနောက်နိုင်ငံများက အခိုင်အမာထောက်ခံကြပြီး ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်းတို့ကလည်း ထောက်ခံကြသည်။ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း ၃ ခုပေါင်းကို Bretton Woods Institute (BWI) ဟု သိကြသည်။ လစ်ဘရယ်လက်သစ်ဝါဒသည် Washington Consensus ဟုသိကြသော ချဉ်းကပ်မှုတစ်ရပ်ဖြင့် နိုင်ငံတကာအကူအညီနှင့် ကုန်သွယ်ရေးအပေါ် ဩဇာလွှမ်းမိုးခဲ့သည်။

နီယိုလစ်ဘရယ်သီအိုရီ

လစ်ဘရယ်လက်သစ်ဝါဒ (နီယိုလစ်ဘရယ်သီအိုရီ)သည် စီးပွားရေးသီအိုရီတစ်ရပ်ဖြစ်ပြီး ဈေးကွက်သည် အစိုးရ၏ ဝင်ရောက်စွက်ဖက်မှုမှတင်းလွတ်သည့်အခါတွင် စီးပွားရေးလုပ်ဆောင်ချက်များမှာ အကောင်းဆုံးအနေအထားသို့ ရောက်ရှိသည်ဟုယူဆသည်။ အခြားတစ်နည်းဆိုရလျှင် ဈေးကွက်များသည် နိုင်ငံတကာကုန်သွယ်ရေး တိုးတက်စေရန်အတွက် ပြည်တွင်းမှဖြစ်စေ ပြည်ပမှဖြစ်စေ အားလုံးဝင်ရောက်ခွင့်ရှိသင့်သည်။ အကျိုးဆက်အနေဖြင့် လစ်ဘရယ်လက်သစ်ဝါဒသည် နိုင်ငံစုံကော်ပိုရေးရှင်းကြီးများအတွက် အကျိုးအမြတ်ဖြစ်ပေါ်စေခဲ့သည်ဟု သတ်မှတ်ခဲ့ရသည်။ ဈေးကွက်များသည် အစိုးရ၏လွှမ်းမိုးမှု သို့မဟုတ် ချုပ်ကိုင်မှုမှ ကင်းလွတ်သင့်ပြီး ဈေးနှုန်းများကို ဈေးကွက်ကသာ သတ်မှတ်ရမည်ဖြစ်ရာ ဈေးနှုန်းပြင်တက်မှုဆီသို့ ဦးတည်သွားတတ်သည်။

မှတ်သားဖွယ်ရာ

Washington Consensus ESifh Bretton Woods Institutes (BWIs)

Washington Consensus သည် ၁၉၈၉ ခုနှစ်တွင် ဖန်တီးခဲ့သော ဝေါဟာရဖြစ်ပြီး လစ်ဘရယ် လက်သစ်ဝါဒနှင့် ယင်းကိုထောက်ခံအားပေးသော အဖွဲ့အစည်းများကို ရည်ညွှန်းသည်။ စံနှုန်း သို့မဟုတ် Consensus သည် နိုင်ငံပိုင်လုပ်ငန်းကြီးများကို ပုဂ္ဂလိကပြုရေး၊ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြုပ်နှံမှုကဏ္ဍများဖွင့်လှစ်ရေး၊ အခွန်နှုန်းထားများလျှော့ချခြင်းနှင့် အများပြည်သူသုံးစွဲမှု၊ ပုဂ္ဂလိကပိုင်ဆိုင်မှုအခွင့်အရေးများ လွတ်လပ်ခွင့်ပေးခြင်းနှင့် ဈေးကွက်ချုပ်ထိန်းမှု လွတ်ကင်းစေမှု၊ တို့ကဲ့သို့သော လစ်ဘရယ်လက်သစ် ပြောင်းလဲမှုများပြုလုပ်ရန် နိုင်ငံများကို အားပေးအားမြှောက် ပြုသည့်ဘဏ်လုပ်ငန်း၊ ဘဏ္ဍာရေးနှင့် အကူအညီတို့ပုံစံများဖြင့်ဖြစ်ပေါ်ခဲ့သည်။ Consensus တစ်ခုသည် စီးပွားရေးလုပ်ကိုင်ရန် ဖြေလျှော့မှုနှင့် အစိုးရ၏ ဝင်ရောက်စွက်ဖက်မှုမပါဘဲ ကုန်သွယ်နိုင်ရန် လွတ်လပ်သောဈေးကွက်စီးပွားရေးများကို ခွင့်ပြုပေးမှုတို့ကို မြင့်တက်စေသည်။ ထိုသို့ ဆောင်ရွက်ခြင်းက ဆင်းရဲနွမ်းပါးသူများကို ဆင်းရဲတွင်းမှလွတ်မြောက်စေလိမ့်မည်ဟုလည်း ယုံကြည်သည်။ ဤရပ်တည်ချက်အယူအဆကို ထောက်ခံသည့်အဖွဲ့အစည်းများမှာ အဓိကအားဖြင့် ဝါရှင်တန်မှဖြစ်ပြီး Bretton Woods Institutes အဖွဲ့ဝင်များဖြစ်သည်။ အမေရိကန်အစိုးရ၏ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့က အနည်းငယ် ပါဝင်ပတ်သက်သော်လည်း နယူးယောက်မှ ဝေါလ်စထရိကို Consensus ၏အစိတ်အပိုင်းတစ်ရပ်အဖြစ် ယူဆနိုင်သည်။ Consensus ကို အဓိကဥရောပ စီးပွားရေးအင်အားကြီးများနှင့် အခြားချမ်းသာသောနိုင်ငံများက သဘောတူညီကြသည်။ အချုပ်အားဖြင့် Bretton Woods Institutes (BWIs) များမှာ -

Bretton Woods Institutes

ကမ္ဘာ့ဘဏ် - ဘဏ်တစ်ခုတည်းမဟုတ်ဘဲ ဖွံ့ဖြိုးဆဲနိုင်ငံများကို ငွေချေးငှားခြင်း၊ ဖွံ့ဖြိုးရေး စီမံကိန်းများနှင့် နည်းစနစ်ပိုင်းအထောက်အပံ့များပေးအပ်ခြင်းဖြင့် ကူညီရန် ရည်ရွယ်ချက်ရှိသည့် အနည်းဆုံး အချင်းချင်းခိုက်ဆက်ထားသည့် ဘဏ်နှင့် အင်စတီကျူးရှင်း ၅ ခု ဖြစ်သည်။

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ - စီးပွားရေးအကျပ်အတည်းကာလအတွင်း တိုင်းပြည်များကို ငွေများချေးငှားသည်။ နောက်ဆုံး အားထားရာဘဏ်အဖြစ် အမည်တပ်ခံရပြီး နိုင်ငံများအနေဖြင့် အခြားရွေးချယ်စရာ နည်းလမ်းမရှိတော့သည့်အချိန်တွင် အားထားသည့် အဖွဲ့အစည်းဖြစ်သည်။ ဤအဖွဲ့သည် အဖွဲ့ဝင်များကို စီးပွားရေးအကြံဉာဏ်များကဲ့သို့သော နည်းစနစ်ပိုင်း အကူအညီ များလည်း ထောက်ပံ့ပေးသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း - ၁၉၉၀ လွန်နှစ်များတွင် နိုင်ငံတကာကုန်သွယ်ရေးကို အားပေးရန်နှင့် သွင်းကုန်ခွန်၊ အခွန်နှင့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ကုန်သွယ်မှုအပေါ် တားမြစ် ချက်များကဲ့သို့သော အတားအဆီးများကို လျှော့ချရန်အတွက် ထူထောင်ခဲ့သော အဖွဲ့အစည်း တစ်ရပ်ဖြစ်သည်။

လစ်ဘရယ်လက်သစ်ဝါဒကြောင့် ချမ်းသာကြွယ်ဝသွားသူ အများအပြားရှိသော်လည်း ထိုဝါဒသည် လူအားလုံးကိုမူ တန်းတူညီမျှ အကျိုးပြုကူညီနိုင်ခြင်း မရှိခဲ့ချေ။ အခြားသူများကမူ လစ်ဘရယ်လက်သစ်စီးပွားရေးဖွံ့ဖြိုးမှုက ဖန်တီးပေးလိုက်သော ဥစ္စာဓနမှာ အလွန်တရာကြီးမားပြီး လူအများအပြားအပေါ် သက်ရောက်မှုရှိခဲ့ကာ တစ်ခုလုံးအနေနှင့်ခြုံကြည့်လျှင် ရရှိလာသည့် အကျိုးအမြတ်က ရင်းနှီးလိုက်ရသည့်နစ်နာမှုများထက် အလေးသာသည်ဟု မှတ်ယူကြသည်။ လက်ရှိ အချိန်ထိ ဖွံ့ဖြိုးရေးနှင့် လူအခွင့်အရေးအကြောင်း ဆွေးနွေးရာတွင် သို့မဟုတ် စီးပွားရေးလုပ်ငန်းများနှင့် လူအခွင့်အရေး အကဲဖြတ်သုံးသပ်ရာတွင် လစ်ဘရယ်လက်သစ်ဝါဒ၏ အကျိုးသက်ရောက်မှုနှင့်ပတ်သက်ပြီး ငြင်းခုံနေရဆဲဖြစ်သည်။ (အခန်း ၁၃ တွင် အကဲဖြတ်သုံးသပ်ထားသကဲ့သို့)

လစ်ဘရယ်လက်သစ်ဝါဒသည် လူအခွင့်အရေးပေါ်တွင်အခြေပြုထားရာ အထူးသဖြင့် အရပ်သားနှင့် နိုင်ငံရေးအခွင့်အရေးများဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဥပဒေစိုးမိုးမှုနှင့် နိုင်ငံရေးလွတ်လပ်ခွင့်များသည် စျေးကွက်များ ချောမွေ့စွာလည်ပတ်နိုင်ရေးအတွက် လိုအပ်ချက်များဖြစ်သည်ဟု မှတ်ယူသောကြောင့်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အစိုးရ၏ဩဇာကို လျှော့ချခြင်းကြောင့် လူမှုအခွင့်အရေးအများအပြား၊ အထူးသဖြင့် လူမှုဖူလုံရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့မှာ ဖိအားအောက် ကျရောက်ခဲ့သည်။ လူအခွင့်အရေးနှင့် လစ်ဘရယ်လက်သစ်ဝါဒဆိုင်ရာ ငြင်းခုံရာတွင် လွတ်လပ်သောစျေးကွက်ဖွံ့ဖြိုးမှု အကျိုးကျေးဇူးများကြောင့် ဥစ္စာဓနများပိုမိုကြွယ်ဝလာပြီး ထိုဥစ္စာဓနများကို ညီညီမျှမျှ ခွဲဝေမပေးလျှင်သော်မှ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတစ်ရပ်လုံးအနေနှင့် ဖွံ့ဖြိုးလာမှုက ပိုမိုများသော အလုပ်အကိုင်များ၊ ပိုမိုကြီးမားသောစျေးကွက်များနှင့် ပိုမိုများပြားသောအခွင့်အရေးများကို အားလုံးအတွက် ဖန်တီးပေးနိုင်သည်ဟု တစ်ဖက်က ဆိုသည်။ ထိုအယူအဆကိုဖော်ပြရန် သုံးလေ့ရှိသည့်စကားမှာ ဒီရေတက်လာပါက လှေအားလုံးမြင့်လာလိမ့်မည် ဟူ၍ ဖြစ်သည်။ လစ်ဘရယ်လက်သစ်ဝါဒကို မထောက်ခံသော အခြားတစ်ဖက်ကမူ မကြာခဏဆိုသလို လူနည်းစုအထက်တန်းလွှာတို့သာ အကျိုးအမြတ်ရရှိခြင်းကြောင့် ဆင်းရဲနိမ့်ကျမှုကိုတိုးပွားစေပြီး ဝန်ဆောင်မှုများကို ရရှိမှုကျဆင်းစေသည်ဟု ဆိုသည်။ ထိုအငြင်းအခုံများ ထင်ရှားလာသည်မှာ အာရှဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပွားသည့်အချိန်ကာလဝန်းကျင်တွင် ပေါ်ပေါက်ခဲ့သော ဂလိုဘယ်လိုက်ဇေးရှင်းဆန့်ကျင်ရေးလှုပ်ရှားမှု (anti-globalization movement) အတွင်းတွင် ဖြစ်သည်။

အာရှဘဏ္ဍာရေးအကျပ်အတည်းသည် ဖွံ့ဖြိုးမှု၊ စီးပွားရေးသီအိုရီနှင့် လူအခွင့်အရေးတို့နှင့် ပတ်သက်ပြီး မကျေနပ်ချက်များ ပေါ်ပေါက်စေခဲ့သည်။ အထူးသဖြင့် နိုင်ငံစုံကော်ပိုရေးရှင်းကြီးများကို ပြည်တွင်းစီးပွားရေးကဏ္ဍသို့ဝင်ရောက်ခွင့်ပြုပြီး ပြည်တွင်းလုပ်ငန်းငယ်များထံမှ စျေးကွက်ကို လုယူရန်ခွင့်ပြုခဲ့သော နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် သဘောတူညီမှုများကို သဘောတူရန် ဖိအားပေးခံခဲ့ရသည်ဟု ပြည်သူများက ညည်းညူခဲ့ကြသည်။ ထို့အပြင် အစိုးရများအနေဖြင့်လည်း ပဂ္ဂလိကပြုရန်နှင့် ပညာရေးနှင့်ကျန်းမာရေးတို့တွင် သုံးစွဲမှုများလျှော့ချရန်ဖိအားပေးခံခဲ့ရသည်ဟူသော စိုးရိမ်ပူပန်သံများလည်း ထွက်ပေါ်ခဲ့သည်။ အလုပ်လက်မဲ့ အလုပ်သမားများကို ဂရုစိုက်ရမည့်အစား တိုင်းပြည်များသည် ချမ်းသာသောအနောက်နိုင်ငံများမှ ဘဏ်များကို ကြွေးမြီများ ပြန်ဆပ်ရန်သာ ဖိအားပေးခံခဲ့ရသည်။ တကယ်တမ်းတွင် ထိုအကြွေးရှင် ဘဏ်များမှာ ဆင်းရဲခြင်းမရှိဘဲ မကြာခဏဆိုသလို တာဝန်မဲ့ငွေချေးငှားမှုများလည်း ပြုခဲ့ကြသည်။ ထို စိုးရိမ်

ပူပန်မှုများမှာ ဂလိုဘယ်လိုက်ဇေးရှင်းဆန့်ကျင်ရေးလှုပ်ရှားမှုဖြင့် အလွန်လူသိများလာခဲ့သည်။ ဂလိုဘယ်လိုက်ဇေးရှင်းဆန့်ကျင်ရေးလှုပ်ရှားမှုဆိုသည်မှာ လစ်ဘရယ်လက်သစ်အရင်းရှင်ဝါဒကို ပြစ်တင်ဝေဖန်ပြီး နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အစည်းတို့၏ လုပ်ဆောင်ချက်များကို စိုးရိမ်ပူပန်သည့် လူအမျိုးမျိုးနှင့် အဖွဲ့အစည်းအမျိုးမျိုးတို့ ပါဝင်သော ကျယ်ပြန့်သည့်ညွှန့်ပေါင်းအဖွဲ့တစ်ရပ်ဖြစ်သည်။ ဂလိုဘယ်လိုက်ဇေးရှင်းဆန့်ကျင်ရေးလှုပ်ရှားမှုအဖွဲ့သည် ဆင်းရဲနွမ်းပါးသူများ၏ အခွင့်အရေးကို ခိုင်ခိုင်မာမာထောက်ခံပြောဆိုပြီး အထူးသဖြင့် လုပ်အားခအနှိမ်ခံရသော အလုပ်သမားများနှင့် နိုင်ငံတော်၏ လူမှုဖူလုံရေးလျှော့ချမှုကြောင့် အခြေခံလိုအပ်ချက်များ မရရှိနိုင်ဖြစ်ကြရသူများ၏ ရပိုင်ခွင့်များအတွက် ထောက်ခံပြောဆိုသည်။

သဘောတရားရေးရာ ရှုင်းလင်းချက်

ဂလိုဘယ်လိုက်ဇေးရှင်းဆန့်ကျင်ရေးလှုပ်ရှားမှု

ဂလိုဘယ်လိုက်ဇေးရှင်းဆန့်ကျင်ရေးလှုပ်ရှားမှု၏ ရည်ရွယ်ချက်မှာ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးသို့မဟုတ် ထို့ထက်အတိအကျဆိုရလျှင် လစ်ဘရယ်လက်သစ် စီးပွားရေးသီအိုရီ၏ သက်ရောက်မှုများကို ဆန့်ကျင်ဆန္ဒပြရန်ဖြစ်သည်။ ထိုလှုပ်ရှားမှုကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများ၊ ဖွံ့ဖြိုးရေးတက်ကြွလှုပ်ရှားသူများ၊ အမျိုးသမီးဝါဒီများ၊ ငြိမ်းချမ်းရေးလှုပ်ရှားဆောင်ရွက်သူများ၊ လူ့အခွင့်အရေးကာကွယ်သူများနှင့် ကျောင်းသားအနည်းငယ် စသည့် မတူညီသောအဖွဲ့အမျိုးမျိုးဖြင့် ဖွဲ့စည်းခဲ့သည်။ အဓိကဦးတည်ချက်မှာ BWIs ကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာစီးပွားရေးအဖွဲ့အစည်းများသာမက နိုင်ငံစုံကော်ပိုရေးရှင်းကြီးများနှင့် ချမ်းသာသောနိုင်ငံများလည်း ပါဝင်သည်။ ၎င်းတို့က တတိယကမ္ဘာ၏ကြွေးမြီများနှင့် ဖွံ့ဖြိုးပြီးကမ္ဘာ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် အမြတ်ထုတ်မှုတို့ကို စိုးရိပ်ပူပန်ခဲ့ကာ အထက်ဆိုခဲ့ပါအဖွဲ့အစည်းကြီးများ၏ အစည်းအဝေးတစ်ရပ်ကိုဆန့်ကျင်သည့် ထင်ရှားသောဆန္ဒပြပွဲကြီးတစ်ရပ်ကို ၁၉၉၉ ခုနှစ်၌ ဆီယက်တဲလ်တွင် ကျင်းပခဲ့သည်။ သို့ရာတွင် ၂၀၀၀ ပြည့်နှစ်လွန်နှစ်များ အလယ်ခန့်တွင် ပျက်ပြယ်သွားခဲ့သည်။ လှုပ်ရှားမှုတွင်ပါဝင်ခဲ့သူအများအပြားမှာ အီရတ်ကိုကျူးကျော်သည့် အမေရိကန်စစ်ပွဲကို ဆန့်ကျင်သည့် စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများဘက်သို့ ပြောင်းရွှေ့သွားခဲ့သည်။ အခြားသူများမှာလည်း ချမ်းသာသောပထမကမ္ဘာနှင့် ဆင်းရဲသောတတိယကမ္ဘာကြား မညီမျှမှုပြဿနာများကို အဖြေရှာသည့် ကမ္ဘာ့လူတန်းစားဖိုရမ်သို့ သွားရောက်ပူးပေါင်းကြသည်။

လက်တလော ဂလိုဘယ်လိုက်ဇေးရှင်းဆန့်ကျင်ရေးလှုပ်ရှားမှုတစ်ရပ်မှာ သိမ်းပိုက်ခြင်း လှုပ်ရှားမှုဖြစ်သည်။ ထိုလှုပ်ရှားမှုတွင် တက်ကြွလှုပ်ရှားသူအများအပြားမှာ စီးပွားရေးစနစ်တွင် မညီမျှမှုများတိုးပွားလာနေခြင်းကို မီးမောင်းထိုးပြနိုင်ရန် အများပြည်သူပိုင်နေရာများတွင် သိမ်းပိုက်စခန်းချလေ့ရှိသည်။ ပထမဆုံးနှင့်အထင်ရှားဆုံး သိမ်းပိုက်ခြင်းလှုပ်ရှားမှုကို နယူးယောက်မြို့၊ ဝေါလ်စထရိအနီးတွင် လုပ်ဆောင်ခဲ့သည်။ ထိုလှုပ်ရှားမှုတွင်ထောင်နှင့်ချီသော တက်ကြွလှုပ်ရှားသူများသည် အများပြည်သူဆိုင်ရာ ပန်းခြံတစ်ခုကို ရဲများက နောက်ဆုံးတွင် လာရောက်လူစုမခွဲမီအထိ ရက်သတ္တပတ်များစွာ သိမ်းပိုက်ထားခဲ့သည်။

ပုဂ္ဂလိကပြုခြင်း၊ အကြွေးများပေးဆပ်ရခြင်းနှင့် နိုင်ငံစုံကော်ပိုရေးရှင်းကြီးများ တိုးပွား လာမှုတို့က ဆင်းရဲနွမ်းပါးသူများကို ကိစ္စရပ်အများအပြားတွင် ထိခိုက်နစ်နာစေသော်လည်း အဆိုး ချည်းသက်သက်တော့ မဟုတ်ခေါ့။ ဥပမာအနေဖြင့် ပုဂ္ဂလိကပြုခြင်းကြောင့် အမြဲတမ်း မကောင်းသည့်ရလဒ်သာထွက်ပေါ်ခြင်းမျိုး မရှိသည်ကို တွေ့ရမည်ဖြစ်သည်။ သာဓကပြရလျှင် ပုဂ္ဂလိက ဝန်ဆောင်မှုထောက်ပံ့သူများသည် အချို့နေရာများတွင် အစိုးရထက်ပိုမို၍ ထိရောက်ပြီး ကျွမ်းကျွမ်းကျင်ကျင် ဝန်ဆောင်ပေးနိုင်သည်ကို မြင်တွေ့နိုင်သည်။ များသောအားဖြင့် ပုဂ္ဂလိက ကဏ္ဍကသာ ဆောင်ရွက်လေ့ရှိသော မိုဘိုင်းဖုန်းကွန်ယက်ကိုကြည့်လျှင် ပုဂ္ဂလိကက အစိုးရဖုန်း ဝန်ဆောင်မှုများထက် ပိုမိုကောင်းမွန်စွာဝန်ဆောင်မှုပေးနိုင်လေ့ရှိသည်ကို တွေ့ရသည်။ အစိုးရက အကျဉ်းထောင်၊ ကျန်းမာရေးနှင့် ပညာရေးတို့ကဲ့သို့သော ဝန်ဆောင်မှုများကို ပုဂ္ဂလိကသို့လွှဲပြောင်း ပေးသောအခါတွင်မူ ထိုဝန်ဆောင်မှုများကျဆင်းသွားသည်ကိုတွေ့ရသည်။ အခြားသော စိုးရိမ် ပူပန်မှုမှာမူ ယခုအခါတွင် ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့်ယှဉ်ပြိုင်ရန် ခွင့်ပြုချက်ရထားပြီး ဖြစ်သော နိုင်ငံခြားကော်ပိုရေးရှင်းကြီးများ စတင်ဝင်ရောက်မှုအပေါ် ဗဟိုပြုခဲ့သည်။ ထိုင်းနိုင်ငံတွင် Seven Eleven၊ မလေးရှားတွင် Circle K နှင့် အင်ဒိုနီးရှားတွင် Alfamart တို့ ခေတ်စားလာသကဲ့သို့ နိုင်ငံအများအပြားတွင် အသင့်ဝယ်ကုန်စုံဆိုင်များ ခေတ်စားလာခြင်းကြောင့် ပြည်တွင်းလုပ်ငန်း ရှင်ပိုင် ဆိုင်များ ကျဆင်းလာခြင်းကို တွေ့မြင်ခဲ့ကြရသည်။ ထိုကဲ့သို့ဖြစ်ခြင်းမှာ ကောင်းသလား၊ ဆိုးသလား ဆိုသည်မှာ ဆွေးနွေးငြင်းခုံစရာ ကိစ္စရပ်အဖြစ်ရှိနေပြီး အလွယ်တကူ အသင့်ဝယ် ကုန်စုံဆိုင်များမှာမူ အမှန်တကယ် အလွယ်တကူ အသင့်ဝယ်နိုင်သောဆိုင်များပင်ဖြစ်သည်။ သို့သော် ထိုဆိုင်များသည် ပြည်တွင်းလုပ်ငန်းရှင်ပိုင်ဆိုင်များက စီးပွားရေးကိုထောက်ပံ့ပေးသည့် နည်းလမ်းအတိုင်း ထောက်ပံ့ပေးခြင်း ရှိပါ၏လော။

ဂလိုဘယ်လိုက်ဇေးရှင်းနှင့် လစ်ဘရယ်လက်သစ်ဝါဒတို့ကြောင့် ရရှိလာသည့် နောက်ဆုံး ဖိစီးမှုသောကတစ်ရပ်မှာ လစ်ဘရယ်လက်သစ်စီးပွားရေးအဆောက်အအုံတွင် အစိုးရ၏ အခန်း ကဏ္ဍနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်ရမှုဖြစ်သည်။ လစ်ဘရယ်လက်သစ်မူဝါဒများက ဈေးကွက်အပေါ် အစိုးရ၏လွှမ်းမိုးမှုလျော့ချရန် တွန်းအားပေးလျက်ရှိချိန်တွင် ဈေးကွက်က ကြီးထွားလာသည်နှင့် အမျှ ထိန်းကျောင်းပေးရန်နှင့် ဝန်ဆောင်မှုများပေးဝေရန် မလွဲဧကန် လိုအပ်လာလျက်ရှိရာ အစိုးရအဖွဲ့များအနေဖြင့်လည်း ဖိအားဒဏ်ရင်ဆိုင်ရနိုင်သည်သာဖြစ်သည်။ အစဉ်အလာအရ ဆိုလျှင် အစိုးရအဖွဲ့များသည် ကုန်စည်များ ဘေးကင်းစိတ်ချရမှုရှိစေရန်၊ လုပ်ငန်းအဆင့်တိုင်းတွင် မျှတမှုရှိစေရန်နှင့် အလုပ်သမားများကောင်းမွန်စွာ အဆက်ဆံခံရစေရန်တို့ကို ဆောင်ရွက်ပြီး ဈေးကွက်ကို ထိန်းကျောင်းရာတွင် အရေးပါသည့်အခန်းကဏ္ဍမှာ ပါဝင်လေ့ရှိသည်။ သို့သော် အစိုးရ၏ထိန်းကျောင်းမှုများကို အလိုမရှိသော တစ်စစအင်အားကြီးများလျက်ရှိသည့် ဈေးကွက်ကို ထိုကဲ့သို့ ထိန်းကျောင်းမှုများပြုလုပ်ရန်မှာ ပို၍ခက်ခဲမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းကြီး များကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု အလျင်အမြန် မြင့်တက်လာခြင်းကို ရပ်တံ့ရန် အစိုးရအနေဖြင့် အနည်းငယ်မျှသာစွမ်းဆောင်နိုင်ခြင်းကိုကြည့်လျှင် ထိုအခက်အခဲကို တွေ့မြင် နိုင်မည်ဖြစ်သည်။ ထို့အတူ ကုမ္ပဏီကြီးများက အလုပ်သမားဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရန် ပျက်ကွက်ပါကလည်း အစိုးရအနေဖြင့် လိုက်နာလာအောင်တွန်းအားပေးရန် ဆန္ဒမရှိ ခြင်း သို့မဟုတ် မတတ်သာခြင်းတို့ကို ကြည့်ခြင်းဖြင့်လည်း တွေ့မြင်နိုင်သည်။ အစိုးရအဖွဲ့များသည် ကျန်းမာရေးနှင့် ပညာရေးတို့ကဲ့သို့သောဝန်ဆောင်မှုများကို အနည်းငယ်မျှသော ဘက်ဂျက်ဖြင့်သာ

ဆောင်ရွက်ရန်လည်း အမြဲတစေ တွန်းအားပေးခံရမည်ဖြစ်သည်။ နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် ကမ္ဘာပြုခြင်းဖြစ်စဉ်က ဖွံ့ဖြိုးမှုနှင့် လူ့အခွင့်အရေးအပေါ် သက်ရောက်မှုမှာ စိုးရိမ်ပူပန်စရာ အများအပြားကို ဖန်တီးခဲ့သလို လူများအတွက် လူ့အခွင့်အရေး တိုးတက်ကောင်းမွန်မှုတို့ကိုလည်း ဖန်တီးပေးခဲ့သည်။

၁၂.၃.၁ VDPA နှင့် ဖွံ့ဖြိုးရေးအပေါ် နားလည်မှု နည်းလမ်းအသစ်များ

၁၉၉၀ လွန်နှစ်များအတွင်းတွင် ဖွံ့ဖြိုးမှုနှင့် လူ့အခွင့်အရေးကြားဆက်နွယ်မှုမှာ စတင် ပြောင်းလဲလာခဲ့သည်။ စစ်အေးခေတ်ပြီးဆုံးခဲ့ပြီးနောက် အယူအဆရေးရာနှင့် နိုင်ငံရေး မတူညီမှုများနှင့်ပတ်သက်ပြီး ငြင်းခုံမှုများမှာ ဆက်စပ်မှု လျော့နည်းလာခဲ့သည်။ ထိုအငြင်းအခုံများအစား လွတ်လပ်သောဈေးကွက်နှင့် ပုဂ္ဂလိကပြုရေးတို့နှင့်ပတ်သက်၍သာ ပို၍ငြင်းခုံဆွေးနွေးစရာ ဖြစ်လာခဲ့သည်။ အစိုးရများက ဖွံ့ဖြိုးရေးရန်ပုံငွေများကို NGO များထံပေးအပ်ပြီး လုပ်ကိုင်စေလာခြင်းကြောင့် ဖွံ့ဖြိုးရေးကဏ္ဍတွင် တိုးတက်မှုဆက်လက်ဖြစ်ပေါ်ခဲ့သည်။ ရန်ပုံငွေများတိုးလာခြင်းကြောင့် သာမက ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် ဖြစ်ပေါ်လာသော အပြောင်းအလဲများကြောင့်လည်း အမှန်တကယ် လှုပ်ရှားဆောင်ရွက်နေသော NGO အရေအတွက်မှာ သိသိသာသာ များပြားလာခဲ့သည်။ ထိုအဖြစ်အပျက်များနှင့်အတူ ဖွံ့ဖြိုးရေးတွင် လူ့အခွင့်အရေးအကြောင်းကို ပိုမိုဆွေးနွေးပြောဆိုလာမှုမှာလည်း ခေတ်ရေစီးကြောင်းတစ်ရပ်ဖြစ်လာခဲ့သည်။ လူ့အခွင့်အရေးသည် ဖွံ့ဖြိုးရေး၏ ဖြစ်သင့်ဖြစ်ထိုက်သော ရည်မှန်းချက်ဖြစ်ကြောင်း ဖွံ့ဖြိုးရေးအဖွဲ့အစည်းများက သိရှိလက်ခံလာကြပြီး လူ့အခွင့်အရေးအဖွဲ့အစည်းများကလည်း စီးပွားရေးနှင့် လူမှုဘဝအခွင့်အရေးများအတွက်ပင်ဖြစ်စေ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လာခဲ့သည်။

၁၉၈၀ လွန်နှစ်များတွင် ဖွံ့ဖြိုးပိုင်ခွင့်ကို တစ်ကမ္ဘာလုံးက လက်ခံခဲ့ခြင်းမရှိသော်လည်း ၁၉၉၀ လွန်နှစ်များအရောက်တွင်မူ Vienna Declaration and Programme of Action (VDPA) တွင်ထည့်သွင်းခြင်းဖြင့် တရားဝင်အသိအမှတ်ပြုခဲ့ပြီး UNGA ကလည်း ထောက်ခံအတည်ပြုပေးခဲ့သည်။ ဤအရေးပါသော အပြောင်းအလဲဖြစ်ပေါ်စေခဲ့သည့် အကြောင်းရင်းခံ အများအပြားပင် ရှိခဲ့ရာ စစ်အေးခေတ် သဘောတရား အယူအဆရေးရာကွဲပြားမှု ပြီးဆုံးသွားခြင်း၊ လူ့အခွင့်အရေးကို တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် ထောက်ပံ့လာမှု၊ အလှူရှင်နိုင်ငံများအပေါ် နာခံမှု နည်းပါးလာခြင်းဆိုသည့် အချက်များလည်း အပါအဝင်ဖြစ်သည်။ VDPA သည် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးအတွက် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်ပေးခဲ့သည်။ အရေးပါသည့်ကြေညာချက်တစ်ခုမှာ -

> လူ့အခွင့်အရေးကမ္ဘာညီလာခံက ဖွံ့ဖြိုးပိုင်ခွင့်ကို ဖွံ့ဖြိုးပိုင်ခွင့်ကြေညာချက်တွင် အခိုင်အမာသက်သေထူခဲ့သည့်အတိုင်း တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် ထာဝရဖြစ်သော၊ အခြေခံလူ့အခွင့်အရေးနှင့် တစ်သားတည်းဖြစ်သော အခွင့်အရေးဖြစ်ကြောင်းထပ်လောင်း အတည်ပြုသည်။ (အပိုဒ်-၁၀)

ဟူသည့်ကြေညာချက်ဖြစ်သည်။

၁၉၈၀ လွန်နှစ်များအတွင်းက ဖွံ့ဖြိုးပိုင်ခွင့်နှင့်ပတ်သက်ပြီး မပြေလည်ခဲ့သော အငြင်းအခုံမှာ ယခုအခါ အဆုံးသတ်သွားပြီဖြစ်ပြီး နိုင်ငံအားလုံးက အသိအမှတ်ပြုသွားခဲ့ပြီဖြစ်သည်။

မည်သည့်အချက်တို့လိုအပ်သည် ဆိုသည်နှင့်ပတ်သက်ပြီး အပြည့်အဝ ရှင်းရှင်းလင်းလင်း မရှိသော်လည်း ဖွံ့ဖြိုးပိုင်ခွင့်မှာ ယခုအခါတွင် လူ့အခွင့်အရေးတစ်ရပ်အဖြစ် သတ်မှတ်ခံခဲ့ရပြီဖြစ်သည်။ VDPA က -

> ဒီမိုကရေစီ၊ ဖွံ့ဖြိုးမှု၊ လူ့အခွင့်အရေးအပေါ် လေးစားမှုနှင့် အခြေခံလွတ်လပ်ခွင့်များမှာ ကျွန်းကိုင်းမှီ၊ ကိုင်း ကျွန်းမှီဖြစ်ပြီး အပြန်အလှန် အားဖြည့်ပေးလျက်ရှိသည်။(အပိုဒ်-၈)

ဟုလည်း ဖော်ပြခဲ့သည်။

စစ်အေးခေတ် ပြီးဆုံးပြီးနောက်တွင် ဒီမိုကရေစီ၊ ဖွံ့ဖြိုးရေးနှင့် လူ့အခွင့်အရေးဟူသည့် ရည်မှန်းချက် ၃ ရပ်ကို ချိတ်ဆက်ရေးမှာ ဖြစ်နိုင်ခြေ ရှိလာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကွန်မြူနစ်နှင့် အရင်းရှင်ဟူ၍ နိုင်ငံရေးအရ ကွဲပြားမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းမရှိတော့၍ ဖြစ်သည်။ အပိုဒ် ၈ တွင်ဖော်ပြထားသည့်အချက် ၃ ချက်ကို ကောက်ချက်ချကြည့်နိုင်သည်။ ပထမဆုံးအနေဖြင့် ဖွံ့ဖြိုးရေးကို လူ့အခွင့်အရေးနှင့်တန်းတူအဖြစ် သတ်မှတ်ထားသည်။ ဒုတိယအချက်အနေဖြင့် ထိုရည်မှန်းချက် ၃ ရပ်ကို သီးခြားစီမှတ်ယူ၍မရဘဲ တူညီသည့်ရည်မှန်းချက်၏ အစိတ်အပိုင်းအဖြစ်ဖော်ပြထားသည်။ ဖွံ့ဖြိုးရေးကို လူ့အခွင့်အရေးအပေါ် လေးစားသမှုရှိခြင်းဖြင့်သာ ဖော်ဆောင်နိုင်ပြီး ဒီမိုကရေစီနှင့်ဆက်စပ်၍သာ ထိထိရောက်ရောက် ဖော်ဆောင်နိုင်မည်ဖြစ်သည်။ နောက်ဆုံးအနေဖြင့် VDPA ကို တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် ထောက်ခံချက်ပေးထားပြီး နိုင်ငံအားလုံးက ဖွံ့ဖြိုးရေးကို လူ့အခွင့်အရေးအဖြစ် လက်ခံကြကာ ထို့ကြောင့်ပင် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးကိုလည်း အတူတကွသာ ဖော်ဆောင်ရမည်ဟူ၍ ဖော်ပြထားသည်။

လူသားဖွံ့ဖြိုးမှု

လူသားဖွံ့ဖြိုးမှုသည် ဖွံ့ဖြိုးမှုတစ်ဆင့် လူသားဘဝသည် မည်ကဲ့သို့ တိုးတက်ကောင်းမွန်သင့်သည် ဆိုသည်ကို လေ့ထားသုံးသပ်သည်။ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှု ဘာသာရပ်သည် စီးပွားရေးအဆောက်အအုံ၏ ကိန္နရပ်မဟုတ်တော့ဘဲ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အရေးကိစ္စ ဖြစ်လာခဲ့သည်။ ဖွံ့ဖြိုးမှုသည် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု (ပျမ်းမျှ လူသက်တမ်းဖြင့် တိုင်းတာသည်)၊ ပညာရေးတိုးတက်မှု (ကျောင်းတက်သည့် နှစ်ကာလနှင့် တိုင်းတာသည်)၊ နှင့် ပိုမိုချမ်းသာကြွယ်ဝစေမှု (လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ကြွယ်ဝမှုဖြင့်တိုင်းတာသည်) တို့ ရရှိစေခြင်းဖြင့် လူများ၏ဘဝ ပိုမိုကောင်းမွန်စေရေးအပေါ် အာရုံစိုက်လုပ်ဆောင်သင့်သည်။ ထို့ကြောင့် လူသိအများဆုံးနှင့် တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိသော တိုင်းတာမှုတစ်ရပ်ဖြစ်သည့် UNDP ၏ လူသားဖွံ့ဖြိုးမှုညွှန်းကိန်းသည် ဥစ္စာဓနကြွယ်ဝမှု၊ ကျန်းမာရေးနှင့် ပညာရေးညွှန်းကိန်းများကို အသုံးပြုသည်။

၁၂.၃.၂ လူသားဖွံ့ဖြိုးမှုနှင့် လူသားလုံခြုံမှု

ဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့် အတွေးများသည် ၁၉၉၄ ခုနှစ်တွင် လူသားလုံခြုံမှု အယူအဆကို စတင်မိတ်ဆက်လာသော UNDP ၏ လူသားဖွံ့ဖြိုးမှုအစီရင်ခံစာနှင့်အတူ ပိုမိုကျယ်ပြန့်လာခဲ့သည်။ ဤကဲ့သို့သောလုံခြုံမှုမျိုးမှာ အဘယ်ကြောင့် ဖွံ့ဖြိုးမှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် မှတ်ယူသင့်ကြောင်းကို အဖွင့်စာပိုဒ်များတွင် ရှင်းပြထားခဲ့သည်။

လူများ၏ နေ့စဉ်ဘဝတွင် လုံခြုံမှုမရှိပါက ကမ္ဘာကြီးသည် မည်သည့်အခါမျှ ငြိမ်းချမ်းလိမ့်မည် မဟုတ်ချေ။ ပဋိပက္ခများ၏ မူလအကြောင်းရင်းခံများမှာ ကြီးထွားလာနေသော လူမှုစီးပွားချို့တဲ့မှုများ၊ ကွာဟချက်များအတွင်းတွင် နက်နက်ရှိုင်းရှိုင်း မြုပ်ကွယ်လျက်ရှိရာ အနာဂတ်ကာလ ပဋိပက္ခများမှာ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံကြားတွင်ထက် နိုင်ငံများအတွင်း၌သာ ပို၍ဖြစ်ဖွယ်ရှိသည်။ ထိုကဲ့သို့သော လူမှုအသိုင်းအဝိုင်းတစ်ခုတွင် လုံခြုံမှုကိုရှာဖွေခြင်းမှာ ဖွံ့ဖြိုးမှုအပေါ်တွင် မူတည်ပြီး လက်နက်များအပေါ် မူတည်ခြင်းမရှိချေ။ ပိုမို၍ယေဘုယျကျကျဆိုရလျှင် လူသားလုံခြုံမှုကိုဦးတည်သည့် ခံနိုင်ရည်ရှိသောဖွံ့ဖြိုးမှုမျိုးမရှိဘဲနှင့် နိုင်ငံများ၏ လူမှုအသိုင်းအဝိုင်းသည် ငြိမ်းချမ်းရေး၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး၊ လူ့အခွင့်အရေး၊ သို့မဟုတ်ပါကလည်း ဒီမိုကရေစီပြုရေး၊ သားဖွားနှုန်းလျှော့ချရေး၊ လူမှုဝန်းကျင်ပေါင်းစည်းရေးဟူသည့် အဓိကရည်ရွယ်ချက်များကို တစ်ခုမျှရရှိနိုင်မည် မဟုတ်ချေ။

အထွေထွေအတွင်းရေးမှူးချုပ် ဘုထရော့စ်ဂါလီ၏ ဦးဆောင်မှုအောက်တွင် ကုလသမဂ္ဂသည် လူများ၏ လုံခြုံရေးအယူအဆအပေါ် တွေးထင်ပုံနှင့် ဆွေးနွေးပုံနည်းလမ်းတို့ကို ပြောင်းလဲခြင်းဖြင့် လုံခြုံရေးလုပ်ငန်းစဉ်အသစ်တစ်ရပ် ချမှတ်ရန် ရှာဖွေခဲ့သည်။ ဥပမာအနေဖြင့် အကယ်၍ လူတစ်ဦးတစ်ယောက်သည် နှုတ်ပိတ်၍သာနေရန်အနှိမ်ခံထားရမည်၊ သို့မဟုတ် သေနတ် သို့မဟုတ် ယူနီဖောင်းဝတ်လူတစ်ဦး၏ ထိန်းချုပ်မှုကိုခံနေရမည်ဆိုပါက ထိုပုဂ္ဂိုလ်သည် လုံခြုံမှုရှိသည်ဟု သတ်မှတ်၍ရပါမည်လောဟု ၎င်းက မေးခွန်းထုတ်ခဲ့သည်။ ထိုကဲ့သို့သောနည်လမ်းမျိုးမှာ လုံခြုံမှုမဟုတ်ဘဲ မလုံခြုံမှု သို့မဟုတ် မလွတ်လပ်မှုသာဖြစ်သည်ဟု UNDP ၏အစီရင်ခံစာက အဆိုပြုခဲ့သည်။ လုံခြုံမှုရှိသည်ဟု သတ်မှတ်နိုင်ရန်အတွက် လူတို့သည် မိမိဘာသာလုံခြုံမှုရှိသည်ဟု ခံစားရသော၊ မိမိတို့ဆန္ဒရှိသည့်အတိုင်း လုပ်ဆောင်နိုင်သော အခြေအနေမျိုးရှိရန် လိုအပ်သည်။ အစီရင်ခံစာက ဖော်ပြထားသကဲ့သို့ပင် ဖွံ့ဖြိုးရေး၏ရည်ရွယ်ချက်သည် လူအများလုံခြုံသည့်ဘဝသို့ ရောက်ရှိစေရေးဖြစ်သည်။

ယခုကိစ္စရပ်တွင် လုံခြုံရေးဆိုသည်မှာ နိုင်ငံတော်လုံခြုံရေး (အများဆုံး ကြားရတတ်သည့် လုံခြုံရေးအမျိုးအစား)အကြောင်းမဟုတ်ဘဲ လူများအတွက်လုံခြုံရေး ဖြစ်သည်။ အမျိုးသားလုံခြုံရေးသည် တိုင်းပြည်လုံခြုံရေးအပေါ်တွင်သာ အာရုံစိုက်ခြင်းကြောင့် အစိုးရ၊ နိုင်ငံတော်ပိုင်နက်၊ သို့မဟုတ်ပါက တိုင်းပြည်၏သဘောထားခံယူချက်ကိုသာ အကာအကွယ်ပေးသည်။ ၎င်းတို့သည် လူများကိုအကာအကွယ်ပေးခြင်းမဟုတ်ဘဲ အင်စတီကျူးရှင်းများ၊ မြေပိုင်နက်နှင့် အိုင်ဒီယာများကိုသာ အကာအကွယ်ပေးသည်။ လူသားအဆင့်အတွက် လုံခြုံရေးမှာမူ လုံးဝကွဲပြားသောကိစ္စရပ်တစ်ခု ဖြစ်သည်။ လူသားလုံခြုံရေးဆိုသည်မှာ လူများသည် ကြောက်ရွံ့ရခြင်းမှကင်းဝေးမှု၊ မပြည့်ဝခြင်းမှ ကင်းဝေးမှုနှင့် မိမိတို့၏စိတ်ဆန္ဒအတိုင်း လုပ်ဆောင်နိုင်မှုတို့ ရှိခြင်းဖြစ်သည်။ ကြောက်ရွံ့ရခြင်းမှ ကင်းဝေးမှုဆိုသည်မှာ အပြစ်ကင်းသောလူများသည် အစိုးရ သို့မဟုတ် အစိုးရမဟုတ်သည့် ပုဂ္ဂိုလ်တို့၏ ခြိမ်းခြောက်မှု သို့မဟုတ် ရန်တုံ့နှင်းမည်ကိုကြောက်လန့်နေရမှုတို့မရှိခြင်းကို ဆိုလိုခြင်းဖြစ်သည်။ မပြည့်ဝခြင်းမှကင်းဝေးမှုဆိုသည်မှာ လူများအနေဖြင့် အသက်မွေးမှုအတွက် အမြဲမပြတ်ပူပန်နေရခြင်းမျိုးမရှိခြင်းကို ဆိုလိုသည်။ ထို့အတူ မိမိတို့စိတ်ဆန္ဒအတိုင်း လုပ်ဆောင်နိုင်မှု ဆိုသည်မှာလည်း လုံခြုံမှုရှိသည့်လူတစ်ဦးအနေဖြင့် အခြားသူများအပေါ်တွင် မှီခိုနေရခြင်း၊ မိမိတို့၏အကျိုးစီးပွား သို့မဟုတ် မိမိယူဆသလိုထုတ်ပြောရန် တို့အတွက် လုပ်ဆောင်ရာတွင် အခြားသူ

တစ်ဦး၏ ခွင့်ပြုချက်ကိုတောင်းခံရခြင်းမျိုး မရှိခြင်းကိုဆိုလိုသည်။ လူသားလုံခြုံမှုဆိုသည်မှာ လူသားဖွံ့ဖြိုးမှုပင်ဖြစ်သည်။

၁၉၉၄ ခုနှစ် အစီရင်ခံစာက လူသားလုံခြုံမှု၏ရှုထောင့် ၇ မျိုးကို ကောက်ချက်ဆွဲဖော်ပြခဲ့ပြီး ထိုရှုထောင့်တစ်ခုစီတိုင်းသည် ဖွံ့ဖြိုးမှုတစ်မျိုးစီကို လိုအပ်သည်။ သာဓကအနေဖြင့် တစ်စုံတစ်ယောက်သည် ဆေးရုံ၌တက်ရောက်ကုသခံယူခွင့်မရပါက ကျန်းမာရေးလုံခြုံမှုမရှိဟု သတ်မှတ်ရမည်ဖြစ်သည်။ စားနပ်ရိက္ခာလုံခြုံမှုအတွက်ဆိုလျှင် အစားအသောက်ထုတ်လုပ်ဖြန့်ခြိမှုအတွက် ဒေသတွင်းစနစ်များမှာ ထိရောက်မှုရှိကြောင်း အာမခံချက်ရှိရမည်ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ထုံးလုပ်နည်းများသည် လုံလောက်သောလူမှုဖူလုံရေးနှင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများမရှိပါက လူများအနေဖြင့် မည်သည့်နေရာတွင် စား၊ အိပ်ရမည် ဆိုသည်နှင့် ၎င်းတို့၏မိသားစုများကျန်းမာရေးနှင့် ပညာရေးတို့ကဲ့သို့သော ဝန်ဆောင်မှုများ ရရှိပါမည်လောဆိုသည်တို့ကို အမြဲတစေပူပန်ပြီး နေထိုင်နေရမည်ဖြစ်သည်။ နောက်ဆုံးအနေဖြင့် အင်စတီကျူးရှင်းများ၊ လွတ်လပ်မှုနှင့် ဥပဒေစိုးမိုးမှုကိုအကာအကွယ်ပေးရန်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ ဖွံ့ဖြိုးမှုမရှိလျှင် တစ်သီးပုဂ္ဂလ လူပုဂ္ဂိုလ်များသည် မိမိတို့နေထိုင်လိုသည့်ဘဝမျိုးကို ဖော်ဆောင်နိုင်ဖွယ်မရှိဘဲ အိမ်နီးချင်းများ၊ အစိုးရများ သို့မဟုတ် လူမှုအသိုင်းအဝိုင်းအတွင်းမှ ခေါင်းပုံဖြတ်သည့် အင်အားစုများကိုကြောက်ရွံ့နေရဖွယ်ရှိသည်။

ဇယား ၁၂. ၁ လူသားလုံခြုံမှုနှင့် လူ့အခွင့်အရေးရှုထောင့် ၇ ရပ်ကြား ဆက်နွယ်မှု

လူသားလုံခြုံမှု အခြေခံအစိတ်အပိုင်းများ	ဆက်နွယ်သော လူ့အခွင့်အရေး
စီးပွားရေး	စီးပွားရေးအခွင့်အရေးများ (ICESCR)
အစားအစာ	အစားအစာနှင့်အစားအစာလုံခြုံခြင်းရှိမှုအခွင့်အရေး (ICESCR)
ကျန်းမာရေး	ကျန်းမာစွာ နေထိုင်ခွင့်အခွင့်အရေး Right to health
သဘာဝပတ်ဝန်းကျင်	သန့်ရှင်းသည့် သဘာဝပတ်ဝန်းကျင်တွင်နေထိုင်ခွင့်အခွင့်အရေး
ကိုယ်ရေးကိုယ်တာ	ကိုယ်ပိုင်ဘဝရှိပိုင်ခွင့်အခွင့်အရေး (ICCPR)
လူ့အသိုင်းအဝိုင်း	ယဉ်ကျေးမှုအခွင့်အရေး (ICESCR and ICCPR)
နိုင်ငံရေး	နိုင်ငံရေးအခွင့်အရေး (ICCPR)

၁၂.၄.၁ လွတ်လပ်ခွင့်နှင့် စွမ်းဆောင်နိုင်စွမ်းဘက်မှချဉ်းကပ်မှုအရ ဖွံ့ဖြိုးမှု

ဖွံ့ဖြိုးမှုသီအိုရီအများအပြားမှာ ငွေကြေး၊ ကျောင်းနေခွင့်နှင့် ကျန်းမာရေးတို့ကဲ့သို့သော ဖွံ့ဖြိုးမှု၏ တိုင်းတာနိုင်သော အစိတ်အပိုင်းများအပေါ်တွင်သာ အာရုံစိုက်ရန် ထက်သန်ကြသော်လည်း အခြားသီအိုရီများကမူ လူပုဂ္ဂိုလ်တစ်ဦး၏ လွတ်လပ်စွာလုပ်ဆောင်နိုင်မှုကို ဖွံ့ဖြိုးမှု၏

ရေနံနှင့် ကျောက်မီးသွေးတို့ကဲ့သို့သော ပြန်လည်မပြည့်ဖြိုးနိုင်သည့် အရင်းအမြစ်များကို အလွန်အကျွံသုံးစွဲခြင်းနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်ရမှုကို တုံ့ပြန်သည့်အနေဖြင့် ၁၉၈၀ လွန်နှစ်များတွင် ရေရှည်ခိုင်မာသောဖွံ့ဖြိုးမှုသီအိုရီပေါ်ထွက်လာခဲ့သည်။ ဖွံ့ဖြိုးမှုသည် အနာဂတ်မျိုးဆက်များ၏ လိုအပ်မှုများအပေါ် သက်ရောက်သည်အထိ အရင်းအမြစ်များကို အလွန်အကျွံအသုံးပြုခြင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်း စသည်တို့ မဖြစ်ပေါ်စေဘဲ လက်ရှိလူများ၏ လိုအပ်ချက်များကို ပြည့်မီစေရမည်ဟူသည့် သီအိုရီတစ်ရပ်ဖြစ်သည်။

အဓိကရည်မှန်းချက်အဖြစ် ထောက်ပြကြသည်။ ခိုင်မာသောဖွံ့ဖြိုးတိုးတက်မှု ကဲ့သို့သော ထိုသီအိုရီများသည် ညံ့ဖျင်းသော ဖွံ့ဖြိုးရေးအစီအမံ၏ ရေရှည်အကျိုးဆက်များနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို ဆင်ခြင်သုံးသပ်ကြသည်။ ထိုသီအိုရီများကို အဓိကထောက်ခံအားပေးသူများမှာ Armatya Sen (ဖွံ့ဖြိုးရေးသည် လွတ်လပ်ခွင့်) နှင့် Martha Nussbaum (ဖွံ့ဖြိုးရေးဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ စွမ်းဆောင်နိုင်ရည် မြင့်တက်လာဖို့ဖြစ်သည်) တို့ဖြစ်သည်။

သူ၏ ၁၉၉၉ ခုနှစ်ထွက် စာအုပ် ဖွံ့ဖြိုးရေးသည် လွတ်လပ်ခွင့် (Development as Freedom) တွင် Armartya Sen က လွတ်လပ်ခွင့်ရှိသူဟု သတ်မှတ်ခံရသူ တစ်ဦးတစ်ယောက်သည် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး နှစ်ရပ်လုံးကို ရရှိခံစားနိုင်ရမည်ဖြစ်သလို လူမှုစီးပွားဖူလုံမှုလုံလောက်သည့်အဆင့်တွင်လည်း ရှိရမည်ဟု ဆိုထားသည်။ ဆင်းရဲနိမ့်ကျသော သို့မဟုတ် မလွတ်လပ်သည့်အနေအထားတွင်နေရန် ဖိအားပေးခံရသည့် အခြေအနေတွင် နေထိုင်ရသူများသည် မိမိတို့၏ဘဝကို မိမိတို့ဘာသာ ထိန်းချုပ်ပိုင်ခွင့်မရှိခြင်းကြောင့် လွတ်လပ်မှုရနိုင်မည်မဟုတ်ချေ။ လူသားလုံခြုံမှုဟူသည့် အသုံးအနှုန်းအရ လိုအပ်မှုရှိနေသည့် အခြေအနေတွင် အမြဲတစေနေထိုင်နေရပြီး ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်မရသူများကို လွတ်လပ်သည်ဟု သတ်မှတ်နိုင်ခြင်း မရှိချေ။ ထို့ကြောင့် တရားမျှတမှုမရှိသော ဖွံ့ဖြိုးတိုးတက်မှုအတွက် လွတ်လပ်ခွင့်နှင့် အလဲအလှယ်လုပ်သည့်နည်းလမ်းများကို အမတြာဆင်းက ဝေဖန်သည်။ ဥပမာ - ပွင့်လင်းမြင်သာမှုမရှိသော၊ သို့မဟုတ် အားလုံးပါဝင်ခွင့်မရသော ဖွံ့ဖြိုးတိုးတက်မှု လွတ်လပ်မှုမရှိဟု လျှော့ချသတ်မှတ်ရမည်။ အဘယ်ကြောင့်ဆိုသော် လူများသည် ဖွံ့ဖြိုးရေးဖြစ်စဉ်အတွင်း ရွေးချယ်ပိုင်ခွင့်မရှိသောကြောင့် ဖြစ်သည်။ အခြေခံလိုအပ်မှုများ ပြည့်စုံနေလျှင်တောင် လူပုဂ္ဂိုလ်တစ်ဦးသည် နှုတ်ပိတ်နေရန် သို့မဟုတ် လက်အောက်ခံအဖြစ်နေရန် တွန်းအားပေးခံရနိုင်သောကြောင့် ဖြစ်သည်။ အကယ်၍ အခြေခံလိုအပ်ချက်များမပြည့်စုံဘဲ တစ်သီးပုဂ္ဂလလူများမှာ ဆင်းရဲတွင်းသို့ တွန်းပို့ခြင်းခံရလျှင် ထိုအခြေအနေက လွတ်လပ်ခွင့်မရှိဟု အမတြာဆင်းက အမည်တပ်သော အခြေအနေကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဆင်းရဲမွဲတေမှုသည် ဘေးဖယ်ခံရမှုနှင့် အကာအကွယ်မဲ့မှုတို့ကို ခံစားရစေပြီး ထိုသို့ခံစားရမှုက လူများကို ရွေးချယ်မှုများပြုခြင်း၊ အခွင့်အရေးများရရှိရန်ကြိုးပမ်းခြင်းတို့ မပြုလုပ်နိုင်အောင်ဟန့်တားမည် ဖြစ်သည်။ ဆင်းရဲမွဲတေမှုကြောင့် လူများသည် မိမိတို့၏အလားအလာရှိမှုကို အပြည့်အဝသိရှိရန်အခွင့်အရေးနှင့် လူတစ်ဦး၏ အလားအလာသည် လူသားဖွံ့ဖြိုးမှု၏ ဗဟိုချက်ဖြစ်ကြောင်း နားလည်သဘောပေါက်နိုင်မည့် အခွင့်အရေးတို့ကို လက်လွတ်ဆုံးရှုံးရစေနိုင်သည်။

ဖွံ့ဖြိုးမှုသည် အဘယ်ကြောင့်အရေးကြီးသည်ဆိုသည်ကို ပိုမိုကောင်းမွန်စွာအနက်ဖွင့်ရန် နု(စ်)ဘွမ်းက ဖွံ့ဖြိုးမှုသည် လွတ်လပ်မှုနှင့်လုံခြုံမှုတို့၏ အခြေခံဖြစ်သည်ဟု ကောက်ယူသည့် အစောပိုင်းယူဆခဲ့သူများ၏ ခြေရာကိုနင်းသည်။ လူတစ်ဦးချင်းက မိမိကိုယ်တိုင်၏ အလားအလာများကို ဖော်ထုတ်အသုံးပြုနိုင်ရန်အတွက် ထိုသူ၏ အဓိကစွမ်းဆောင်နိုင်မှုများ တိုးတက်လာစေရေးကို ဆောင်ရွက်ပေးခြင်းက ဖွံ့ဖြိုးရေး၏ အန္တိမပန်းတိုင်ဟု ယူဆသည်။ လူတစ်ဦး၏ လုပ်နိုင်စွမ်းများဆိုသည်မှာ ထိုသူစွမ်းဆောင်နိုင်သောအရာနှင့် ထိုစွမ်းဆောင်နိုင်ရန်အတွက် ရရှိလာသော အခွင့်အလမ်းများပါ ပါဝင်သည်။ ဥပမာ - ကျန်းမာရေး ပိုမိုကောင်းမွန်လာမှုနှင့် ပညာ ပိုမို

တတ်မြောက်လာမှု။ နု(စ်)ဘွမ်းသည် ဖွံ့ဖြိုးရေး၏ ရည်မှန်းချက်ဖြစ်သင့်သော အဓိကကျသော လုပ်နိုင်စွမ်းများစာရင်းတစ်ခုကို တင်ပြခဲ့သည်။ (အသေးစိတ်ကိုကောက်နုတ်လေ့လာချက် အကွက်တွင် ကြည့်ပါ) လုပ်နိုင်စွမ်းနှင့်လူအခွင့်အရေးတို့ ထပ်တူကျသည့်အပိုင်းမှာ လူများလူဝုဏ်သိက္ခာနှင့် အညီ နေထိုင်ခွင့်ရရေးဖြစ်သည်။ သို့ရာတွင် လုပ်နိုင်စွမ်းရှုထောင့်မှကြည့်လျှင် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ ရည်မှန်းချက်မှာ အခွင့်အလမ်းများ ဖန်တီးပေးရန်ဟုဖြင်ပြီး လူ့အခွင့်အရေးဘက်မှ မြင်သကဲ့သို့ အစိုးရတာဝန်ဝတ္တရားများကို ဖော်ဆောင်ခြင်းဟုအဖြစ် မရှုမြင်ချေ။ လုပ်ဆောင်နိုင်စွမ်းရှုထောင့်ကိုသုံးလျှင် ဖွံ့ဖြိုးတိုးတက်မှုကို သုံးသပ်ရာ၌ လူတစ်ဦးချင်းမှ စကာ တိုင်းတာကြရမည်ဖြစ်ရာ လူတစ်ဦးချင်းနှင့်ဆိုင်သော အချို့အချက်များ၊ ဥပမာ - အကျင့်စာရိတ္တနှင့် ကစားခုန်စားခြင်း အစရှိသည်တို့ကမူ တိုင်းတာရန်ခက်ခဲသည့် အချက်များဖြစ်ပြီး ငြင်းခုံစရာဖြစ်နေဆဲဖြစ်သည်။ အမတြာဆင်း၊ နု(စ်)ဘွမ်းနှင့် အခြားသူတို့အဆိုပြုသည့် ဖွံ့ဖြိုးမှုမျိုးသည် လူတစ်ဦးချင်းအနေဖြင့် မိမိကိုယ်ပိုင်ဘဝနှင့် မိမိ၏ပတ်ဝန်းကျင်အခြေအနေကို မိမိကိုယ်တိုင် ဖန်တီးပိုင်ခွင့်ရှိသည့်အခြေအနေများ ဖော်ဆောင်ပေးရန်ဖြစ်သည်။ ဤနည်းလမ်းအားဖြင့် ထိုသီအိုရီများက ဖွံ့ဖြိုးမှုကဏ္ဍတွင် လွှမ်းမိုးထားခဲ့သော စီးပွားရေးကို အဓိက ဇောင်းပေးသည့် သီအိုရီများကို စိန်ခေါ်ခဲ့သည်။

မှတ်သားဖွယ်ရာ

Nussbaum's နု(စ်)ဘွမ်း ၏ အဓိကလုပ်ကိုင်နိုင်စွမ်းများ

အောက်ပါတို့သည် နု(စ်)ဘွမ်း၏ သီအိုရီအရ ဖွံ့ဖြိုးမှု၏ အာရုံစိုက်ရာဖြစ်သင့်သော အဓိက ဘဝ အရည်အသွေးများ ဖြစ်သည်။

- ဘဝ - အသက်ရှည်စွာ နေထိုင်နိုင်ခြင်း
- ကျန်းမာရေး - ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ခြင်း
- နာကျင်မှုကင်းဝေးခြင်း - မလိုအပ်သောနာကျင်မှုဒုက္ခများမှ လွတ်မြောက်ခြင်း
- အာရုံသိမှုစွမ်းရည် - တွေးခေါ်ရန်နှင့်ဖန်တီးရန် ကျွမ်းကျင်မှုနှင့် ဗဟုသုတရှိခြင်း
- ရုပ်ဝတ္ထုပစ္စည်း - အကြောင်းအကျိုးတကျ လိုအပ်သည့် အလိုရှိသည့်အရာများ ရရှိနိုင်ခြင်း
- အကျင့်စာရိတ္တ - တရားမျှတမှုနှင့်ပတ်သက်ပြီး ရှင်းလင်းသည့်အမြင်ရှိခြင်း
- ပတ်သက်ဆက်နွယ်မှု - အခြားသူများကို ဂရုစိုက်နိုင်ခြင်း၊ ထိုသူများနှင့်အတူ ပျော်ရွှင်ကြည်နူးနိုင်ခြင်း
- ကူညီထောက်ပံ့နိုင်ခြင်း - လူ့အဖွဲ့အစည်းကို ကူညီထောက်ပံ့ရန် အခွင့်အရေးရှိခြင်း
- သဘာဝပတ်ဝန်းကျင် - သဘာဝတရားနှင့် အပြန်အလှန်အကျိုးပြုနိုင်ခြင်း
- ဆော့ကစားခြင်း - မိမိပျော်ရွှင်ကြည်နူးမည့်အရာများ လုပ်ဆောင်နိုင်ခြင်း
- ထုတ်ဖော်ပြောဆိုခြင်း - ကိုယ်ပိုင်အမြင်များ ရှိပိုင်ခွင့်နှင့် ထိုအမြင်များအတိုင်း လုပ်ဆောင်နိုင်ခွင့်ရှိခြင်း

၁၂.၅ ဆက်လက်ထွက်ပေါ်လာသော ဖွံ့ဖြိုးရေးရည်မှန်းချက်များ - MDGs နှင့် SDGs

၁၉၉၀ လွန်နှစ်များကုန်ဆုံးချိန်တွင် ထွက်ပေါ်ခဲ့သော နိုင်ငံပေါင်း ၁၈၉ နိုင်ငံက သဘော တူညီခဲ့သည့် ကုလသမဂ္ဂ ထောင်စုနှစ်သစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ (United Nations Millennium Development Goals -MDGs) ၌ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးရေးရှာဖွေကြိုးပမ်းမှုနှင့် ပတ်သက်ပြီး တိထွင်ဖန်တီးမှုတစ်ရပ် ပေါ်ထွက်လာခဲ့သည်။

၂၀၀၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ထုတ်ပြန်သော ထိုရည်မှန်းချက်များ၏ ရည်ရွယ် ချက်မှာ လူအဖွဲ့အစည်းအတွင်းမှ အဆင်းရဲအနိမ့်ကျဆုံး အဖွဲ့အစည်းများကို ဆော်ဩစည်းရုံးရန် ရည်ရွယ်ထားသော ဘုံရည်မှန်းချက် ၈ ချက်အပေါ်တွင် တစ်ကမ္ဘာလုံးက ညီညီညွတ်ညွတ် လက်ခံရန် ဖြစ်သည်။ MDGs ၏ အားသာချက်မှာ ဆင်းရဲမွဲတေမှုပြဿနာနှင့် မိန်းကလေးများ ပညာတတ်မြောက်ရေးတို့အပေါ်တွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုရရှိရန် အားပေးအားမြှောက်ပြုခဲ့ ခြင်းဖြစ်သည်။ သို့သော်လည်း MDGs သည် အခြေခံလိုအပ်ချက်များအပေါ်တွင်သာ အာရုံစိုက်ပြီး လူ့အခွင့်အရေးများကို တိုက်ရိုက်ထုတ်ဖော်ပြောဆိုရန် ရှောင်လွှဲခြင်းအတွက် ဝေဖန်ခံခဲ့ရသည်။ ထို့ပြင် အထက်တွင် ဖော်ပြဆွေးနွေးထားသကဲ့သို့ ဖွံ့ဖြိုးမှုအပေါ် နားလည်လက်ခံခြင်းနှင့် ပတ်သက်ပြီး တိုးတက်ပြောင်းလဲမှုများကို ထင်ဟပ်မှုမရှိဟုလည်း ဝေဖန်ခံခဲ့ရသည်။

မှတ်သားဖွယ်ရာ

၂၀၁၅ ခုနှစ်သို့ရောက်ရှိချိန်တွင် အရှေ့တောင်အာရှသည် MDGs ၏ ရည်မှန်းချက် ၈ ချက်ကို ပြည့်မြောက်ခဲ့ပါသလား။

ရည်မှန်းချက် ၈ ချက်

၁။ အလွန်အမင်း ဆင်းရဲနိမ့်ကျခြင်းနှင့် ငတ်မွတ်ခြင်းတို့ကို တိုက်ဖျက်ရေး

၂။ နေရာတိုင်း အခြေခံအဆင့်ပညာရေး ရရှိရေး

၃။ ကျား၊ မ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး

၄။ ကလေးသူငယ် အသေအပျောက်နှုန်းလျော့ချရေး

၅။ မိခင်ကျန်းမာရေး မြှင့်တင်ရေး

၆။ HIV/AIDS ၊ ငှက်ဖျားနှင့် အခြားရောဂါများတိုက်ဖျက်ရေး

၇။ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေး

၈။ ဖွံ့ဖြိုးရေးအတွက် ကမ္ဘာလုံးဆိုင်ရာ လက်တွဲဆောင်မှု ဖွံ့ဖြိုးစေရေး

၂၀၁၅ ခုနှစ်သို့အရောက်တွင် အရှေ့တောင်အာရှရှိ၏ ချမ်းသာသောနိုင်ငံများ (ဘရူနိုင်း၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ)သည် ထိုရည်မှန်းချက်များ အားလုံးပြည့်မြောက်ခဲ့သည်ဟု ဆိုနိုင်သည်။ အလယ်အလတ်အဆင့်နိုင်ငံများ (ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်) သည် ရည်မှန်းချက်များ၏

တစ်ဝက်ကို ပြည့်မြောက်ခဲ့ပြီး ဆင်းရဲသောနိုင်ငံများ(မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား)မှာမူ ရည်မှန်းချက် ၁ ခု သို့မဟုတ် ၂ ခုခန့်သာ ပြည့်မြောက်ခဲ့ကြသည်။ အဓိကပြဿနာ ကြုံတွေ့ရသည့် နယ်ပယ်များမှာ နိုင်ငံအများအပြားတွင် ဆင်းရဲနိမ့်ကျသည့်နေရာ အများအပြားရှိနေခြင်းကြောင့် ဆင်းရဲမွဲတေမှုလျော့ချခြင်း (ရည်မှန်းချက် ၁) ဖြစ်ခဲ့သည်။ ထို့အတူ မိခင်ကျန်းမာရေး မြှင့်တင်ရေး (ရည်မှန်းချက် ၅)မှာလည်း နိုင်ငံအများစုတွင် အားနည်းခဲ့သည်။ ထို့ပြင် HIV/AIDS (ရည်မှန်းချက် ၆) ကိုလည်း မလျော့ချနိုင်ဘဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု (ရည်မှန်းချက် ၇) မှာလည်း အနည်းငယ်မျှသာရှိခဲ့သည်။

၂၀၁၅ သို့ အရောက်တွင် (MDGs) ရည်မှန်းချက်များ ပြည့်မြောက်ခဲ့ပြီး ရေရှည်ခိုင်မာသော ဖွံ့ဖြိုးမှုရည်မှန်းချက်များ Sustainable Development Goals (SDGs) ဟူသည့် ရည်မှန်းချက်အစုအဝေးအသစ်တစ်ရပ်ကို ကြေညာခဲ့သည်။ ထိုရည်မှန်းချက်များအထဲတွင် လူ့အခွင့်အရေးကို ပိုမိုအသိအမှတ်ပြုထားမှုများအပါအဝင် စိတ်ဝင်စားစရာ အချက်အလက်အသစ်များ ပါဝင်သည်။ လာမည့် ၁၅ နှစ်တာအတွက် ဖွံ့ဖြိုးရေးစံနှုန်းများအဖြစ် ချမှတ်မည့် ယင်း ၁၇ ချက်သည် လူ့အခွင့်အရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို ပြည့်ပြည့်စုံစုံ ရှင်းရှင်းလင်းလင်း ထည့်သွင်းထားခြင်း မရှိသေးချေ။ သို့ရာတွင် ရေရှည်ခိုင်မာသော ဖွံ့ဖြိုးမှုကြေညာချက်အတွက် ၂၀၃၀ ခုနှစ် လုပ်ငန်းစဉ်တွင် အောက်ပါအတိုင်းဖော်ပြထားသည်။

ယခုအချိန်မှ ၂၀၃၀ ခုနှစ်အတွင်းတွင် ဆင်းရဲမွဲတေမှုနှင့် ငတ်မွတ်ခေါင်းပါးမှုကို အဆုံးသတ်ရန်၊ နိုင်ငံတစ်နိုင်ငံအတွင်းနှင့် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံကြားတွင်မညီမျှမှုများကို တိုက်ဖျက်ရန်၊ ငြိမ်းချမ်းသော၊ တရားမျှတသော၊ အားလုံးပါဝင်ခွင့်ရှိသော လူ့အဖွဲ့အစည်းများ တည်ဆောက်ရန်၊ လူ့အခွင့်အရေးကိုကာကွယ်ရန်၊ ကျား မ တန်းတူညီမျှမှုကို မြှင့်တင်ရန်နှင့် အမျိုးသမီးများနှင့် မိန်းကလေးများ၏စွမ်းဆောင်နိုင်မှုကို မြှင့်တင်ရန်၊ ကမ္ဘာကြီးနှင့် သဘာဝအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ကျွန်ုပ်တို့ ဆုံးဖြတ်သည်။

ရည်မှန်းချက်များထဲတွင် လူ့အခွင့်အရေးကို အမည်တပ်ဖော်ပြနိုင်ခြင်းမရှိသည့်အတွက် စိတ်ပျက်စရာဖြစ်ခဲ့သော်လည်းနှင့် လူ့အခွင့်အရေးတို့ကြားတွင် ထင်ရှားသောချိတ်ဆက်မှုများ တည်ရှိလျက်ရှိသည်။ (ဇယား ၁.၂.၁ တွင်ဖော်ပြထားသကဲ့သို့) SDG ရည်မှန်းချက် ၁၆ သည် လူ့အခွင့်အရေးအပေါ်တွင် အာရုံစိုက်ထားပြီး တရားမျှတမှု၊ တာဝန်ခံမှုနှင့် အားလုံးပါဝင်ခွင့်ရှိသော အင်စတီကျူးရှင်းများ ပေါ်ပေါက်ရေးကို တောင်းဆိုထားသည်။ ဤရည်မှန်းချက်ပြည့်မြောက်ရန်အတွက် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများ အားလုံးပြည့်မီရမည်ဖြစ်ပြီး အစိုးရများသည် နိုင်ငံနယ်နမိတ်အတွင်းရှိ လူပုဂ္ဂိုလ်တစ်ယောက်စီတိုင်းအတွက် တာဝန်ယူရမည်ဖြစ်သည်။ အခြားရည်မှန်းချက်အများအပြားမှာလည်း လူ့အခွင့်အရေးနှင့်ဆက်စပ်လျက်ရှိရာ စားနပ်ရိက္ခာ၊ ပညာရေး၊ ကျန်းမာရေး၊ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် ကျား၊ မတန်းတူညီမျှမှုတို့ကဲ့သို့သော အခွင့်အရေးများဖြစ်သည်။

ဇယား ၁၂.၂ ရေရှည်ခိုင်မာသောဖွံ့ဖြိုးမှု ရည်မှန်းချက် ၁၇ ချက်နှင့် လူ့အခွင့်အရေးတို့အကြား ဆက်နွယ်မှု

ရေရှည်ခိုင်မာသော ဖွံ့ဖြိုးမှုရည်မှန်းချက်များ	ဆက်နွယ်သော လူ့အခွင့်အရေးအမျိုးအစား
ရည်မှန်းချက် ၁ - ဆင်းရဲမွဲတေမှုပုံစံအားလုံးကို နေရာအနှံ့တွင် တိုက်ဖျက်ရေး	အသက်မွေးဝမ်းကျောင်းမှု အခွင့်အရေး
ရည်မှန်းချက် ၂ - ငတ်မွတ်မှုတိုက်ဖျက်ရေး၊ အစားအစာများ ဘေးကင်းလုံခြုံမှုရှိရေးနှင့် အာဟာရ တိုးတက် ကောင်းမွန်ရေး၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးကို မြှင့်တင်ရေး	စားနပ်ရိက္ခာရပိုင်ခွင့် အခွင့်အရေး
ရည်မှန်းချက် ၃ - ကျန်းမာသောဘဝများ ရရှိစေရေးနှင့် အသက်အရွယ်အားလုံး ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်မှုကို မြှင့်တင်ရေး	ကျန်းမာရေးနှင့်အညီ နေထိုင်ပိုင်ခွင့်အခွင့်အရေး
ရည်မှန်းချက် ၄ - အားလုံးပါဝင်ခွင့်ရှိပြီး သာတူညီမျှမှုရှိသော ပညာရေး ဖြစ်စေရေးနှင့် အသက်ရှင်သရွေ့ သင်ယူနိုင်သည့် အခွင့်အလမ်းများ မြှင့်တင်ရေး	ပညာသင်ကြားပိုင်ခွင့် အခွင့်အရေး
ရည်မှန်းချက် ၅ - ကျား၊ မ တန်းတူညီမှုရရှိရေးနှင့် အမျိုးသမီးနှင့် မိန်းကလေးအားလုံးကို စွမ်းဆောင်ရည်မြှင့်တင်ရေး	CEDAW နှင့် CRC - အမျိုးသမီးအခွင့်အရေး
ရည်မှန်းချက် ၆ - အားလုံးအတွက် ရေနှင့်မိလ္လာစနစ် ရရှိနိုင်မှုနှင့် ရေရှည်တည်တံ့သော စီမံခန့်ခွဲမှုရှိရေး	ရေရရှိပိုင်ခွင့် အခွင့်အရေး
ရည်မှန်းချက် ၇ - အားလုံးအတွက် စျေးနှုန်းသက်သာ၊ စိတ်ချရပြီး ရေရှည်တည်တံ့သောခေတ်မီစွမ်းအင်ရရှိရေး	အိုးအိမ်ဆိုင်ရာ အခွင့်အရေး
ရည်မှန်းချက် ၈ - ခိုင်မာ၍အားလုံးပါဝင်ခွင့်ရှိပြီး ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှု မြှင့်တင်ရေး၊ ပြည့်ဝပြီး အကျိုးပြုသော အလုပ်အကိုင်နှင့် အားလုံးအတွက် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ရှိစေရေး	အလုပ်လုပ်ကိုင်နိုင်ခွင့် အခွင့်အရေး
ရည်မှန်းချက် ၉ - ဒဏ်ခံနိုင်သော အခြေခံအဆောက်အဦတည်ဆောက်ရေး၊ အားလုံးပါဝင်ခွင့်ရှိပြီး ရေရှည်ခိုင်မာသော စက်မှုလုပ်ငန်းများ ဖော်ဆောင်ရေးနှင့် တီထွင်ဖန်တီးမှုများကို အားပေးအားမြှောက်ပြုရေး	စီးပွားရေးအခွင့်အရေး၊ လူမှုရေးအခွင့်အရေး
ရည်မှန်းချက် ၁၀ - နိုင်ငံတစ်နိုင်ငံအတွင်းတွင်နှင့် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံကြားတွင် မညီမျှမှုလျှော့ချရေး	ခွဲခြားဆက်ဆံမှုမရှိရေး

ဇယား ၁၂.၂ ရေရှည်ခိုင်မာသောဖွံ့ဖြိုးမှု ရည်မှန်းချက် ၁၇ ချက်နှင့် လူအခွင့်အရေးတို့အကြား ဆက်နွယ်မှု

ရေရှည်ခိုင်မာသော ဖွံ့ဖြိုးမှုရည်မှန်းချက်များ	ဆက်နွယ်သော လူအခွင့်အရေးအမျိုးအစား
ရည်မှန်းချက် ၁၂ - ရေရှည်ခိုင်မာသောစားသုံးမှုနှင့် ထုတ်လုပ်မှု ပုံစံများ ဖြစ်စေရေး	အသက်မွေးဝမ်းကျောင်းမှု အခွင့်အရေး
ရည်မှန်းချက် ၁၃ - ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုနှင့် အကျိုးဆက်များအပေါ် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး	သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့်အခွင့်အရေး *
ရည်မှန်းချက် ၁၄ - ရေရှည်ဖွံ့ဖြိုးမှုအတွက် သမုဒ္ဒရာများ၊ ပင်လယ်များနှင့် ပင်လယ်ဆိုင်ရာ အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး ရေရှည်သုံးစွဲရေး	သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့်အခွင့်အရေး *
ရည်မှန်းချက် ၁၅ - ကုန်းမြေဂေဝနစ် ကာကွယ်ရေး၊ ထိန်းသိမ်းရေးနှင့် ရေရှည်သုံးစွဲမှု မြှင့်တင်ရေး၊ သစ်တောများကို ရေရှည် ထိန်းသိမ်းစီမံရေး၊ ကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး၊ ကုန်းမြေအရည်အသွေးနိမ့်ကျမှု ရပ်တုံ့ရေးနှင့် ပြန်လည်ဖော်ဆောင်ရေး၊ သက်ရှိမျိုးကွဲများဆုံးရှုံးမှု ရပ်တုံ့ရေး	သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့်အခွင့်အရေး *
ရည်မှန်းချက် ၁၆ - ရေရှည်ဖွံ့ဖြိုးမှုအတွက် ငြိမ်းချမ်းပြီး အားလုံးပါဝင်သော လူအဖွဲ့အစည်းများမြှင့်တင်ရေး၊ အားလုံး တရားမျှတမှုရရှိစေရေးနှင့် ထိရောက်မှုရှိသော၊ တာဝန်ခံမှုရှိသော၊ အားလုံးပါဝင်မှုရှိသော အင်စတီကျူးရှင်းများ အဆင့်တိုင်းတွင် တည်ဆောက်ရေး	နိုင်ငံသားအခွင့်အရေး
ရည်မှန်းချက် ၁၇ - ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုအတွက် တစ်ကမ္ဘာလုံး လက်တွဲဆောင်ရွက်ရေး ပြန်လည်အသက်ဝင်ရေးနှင့် အထမြောက် အောင်မြင်အောင် ဆောင်ရွက်ရေး အဓိပ္ပာယ်များ အားကောင်းစေရေး	စီးပွားရေးအခွင့်အရေး၊ လူမှုရေးအခွင့်အရေး

* အခန်း ၁၄ တွင် အသေးစိတ်ဆွေးနွေးထားသော သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့်အခွင့်အရေးမှာ အသစ်ပေါ်ထွန်းလာသော လူအခွင့်အရေး အမျိုးအစားတစ်ရပ်ဖြစ်သည်။

၁၂.၆ လူ့အခွင့်အရေးအခြေပြုချဉ်းကပ်မှု (Human Rights-Based Approach - RBA)) ဖြင့် ဖွံ့ဖြိုးရေးမိတ်ဆက်

ဖွံ့ဖြိုးရေးဆီသို့ လူ့အခွင့်အရေးအခြေပြုချဉ်းကပ်မှု

လူ့အခွင့်အရေးကို လမ်းညွှန်အဖြစ်အသုံးပြုပြီး ဖွံ့ဖြိုးရေးကို အစီအစဉ်ရေးဆွဲရန်၊ အကောင်အထည်ဖော်ဆောင်ရန် နည်းလမ်းတစ်ရပ်။ ဤချဉ်းကပ်နည်းတွင် လူ့အခွင့်အရေးသည် ရည်မှန်းချက် (ဖွံ့ဖြိုးရေးဆိုသည်မှာ လူတို့ ရရှိင့်ရှိသည့် အခွင့်အရေးများ ရရှိရေးဖြစ်သည်)၊ ဥပဒေဆိုင်ရာ အခြေခံအကြောင်းရင်း (ဖွံ့ဖြိုးမှုသည် လူ့အခွင့်အရေး စံနှုန်းများနှင့်ကိုက်ညီရမည်)၊ အခြေခံစည်းမျဉ်းများ (ဖွံ့ဖြိုးတိုးတက်မှုကို ပူးပေါင်းပါဝင်ခွင့်၊ တာဝန်ခံမှု၊ ခွဲခြားဆက်ဆံခြင်းမရှိမှုနှင့် ဥပဒေစိုးမိုးမှုတို့ ကဲ့သို့သော စည်းမျဉ်းများကို အသုံးချပြီး ဖော်ဆောင်ရမည်) ဖြစ်လာသည်။

လူ့အခွင့်အရေးအခြေပြုချဉ်းကပ်မှုဖြင့် ဖွံ့ဖြိုးရေးသည် ဤဒေသတွင် လက်ရှိ ဩဇာကြီးမားသောသီအိုရီများနှင့် လက်တွေ့လုပ်ဆောင်မှုနည်းလမ်းများဖြစ်ပြီး အဖွဲ့အစည်းအများစု၊ အထူးသဖြင့် ကုလသမဂ္ဂက ဖွံ့ဖြိုးမှုအားလုံးသည် RBA နှင့်ကိုက်ညီရမည်ဟု သဘောတူထားသည်။ ၁၉၈၀ လွန်နှစ်များဆီက ဖွံ့ဖြိုးပိုင်ခွင့်မှ ၂၀၀၀ ပြည့်လွန် နှစ်များတွင် RBA သို့ ရွေ့လျားမှုသည် ဖွံ့ဖြိုးရေးတွင် လူ့အခွင့်အရေးသည် မည်ကဲ့သို့ အဓိကအစိတ်အပိုင်းတစ်ရပ် ဖြစ်လာသည်ဆိုသည်နှင့် လုပ်ငန်းစဉ်အတွင်း ကျယ်ကျယ်ပြန့်ပြန့် လက်ခံလာသော စံနှုန်းတစ်ရပ်တို့ကို ညွှန်ပြမှု တစ်ခုဖြစ်သည်။ သို့ဖြစ်၍ RBA ၏ အဓိပ္ပာယ်ကို အသေးစိတ်ဖော်ပြရန်နှင့် ဖွံ့ဖြိုးရေး လုပ်ဆောင်ချက်များတွင် လူ့အခွင့်အရေးကို ထည့်သွင်းဆောင်ရွက်ရန် လိုအပ်လာသည်။ ဤအပိုင်းတွင် RBA အပေါ် နားလက်လက်ခံမှု အယူအဆကို ပြည့်ပြည့်စုံစုံဖော်ပြသွားမည်ဖြစ်ပြီး ဖွံ့ဖြိုးရေး ဆောင်ရွက်သူများက RBA ကို မည်ကဲ့သို့အသုံးပြုသည်ဆိုသည့် သာဓကများကို ဖော်ပြသွားမည် ဖြစ်သည်။

RBA သည် တစ်စိတ်တစ်ပိုင်းအားဖြင့် အယူအဆ အသစ်တစ်ရပ်အဖြစ် လက်သင့်ခံမှု ရရှိသည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဖွံ့ဖြိုးပိုင်ခွင့်သည် ဖွံ့ဖြိုးရေး လုပ်ဆောင်ချက်များတွင် လေးလေးနက်နက် ထောက်ခံပံ့ပိုးမှု မည်သည့်အခါကမျှ လက်ခံရရှိခဲ့ခြင်းမရှိ၍ ဖြစ်သည်။ ဖွံ့ဖြိုးပိုင်ခွင့်ကို VDPA တွင် လက်ခံခဲ့သော်လည်း အစိုးရများအနေဖြင့် ယင်းကို အမှန်တကယ်လက်ခံရန် မည်သည့်အရာများလုပ်ဆောင်သင့်သည်ဟူ၍ ဆွေးနွေးမှုမျိုး အနည်းငယ်မျှသာ ရှိခဲ့သည်။ အငြင်းပွားဖွယ်ရာမရှိသော ဖွံ့ဖြိုးမှု၏အရေးပါမှုများအတွက် နိုင်ငံတကာ အသိအမှတ်ပြုမှုနှင့် ရန်ပုံငွေများပိုမိုရရှိရန် တောင်းဆိုမှုများရှိခဲ့သော်လည်း မည်သည့်အစိုးရကမျှ အဆိုပါတောင်းဆိုမှုများအတွက် တာဝန်ရှိသည်ဟု မှတ်ယူခဲ့ခြင်းမျိုးမရှိချေ။ ဖွံ့ဖြိုးပိုင်ခွင့်ကို VDPA တွင် ထည့်သွင်းသက်သေပြခဲ့ပြီးနောက်တွင် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် ပတ်သက်၍ စိတ်ဝင်စားမှုများမှာ ဖွံ့ဖြိုးမှုဖြစ်စဉ်အတွင်း ဖွံ့ဖြိုးပိုင်ခွင့်နှင့် လူ့အခွင့်အရေးအခြေအနေတို့ ဘက်သို့ ရွေ့လျားသွားသည်။ ထိုကဲ့သို့ ရွေ့လျားသွားမှုမှာ အရေးပါသော ကွဲပြားမှုတစ်ရပ်ပင် ဖြစ်သည်။ ဖွံ့ဖြိုးမှုဖြစ်စဉ်အတွင်း လူ့အခွင့်အရေးကို စောင့်ကြည့်ထိန်းကျောင်းခြင်းမှာ ဖွံ့ဖြိုးမှုဖြစ်စဉ်အတွင်း လူ့အခွင့်အရေးကိုအကာအကွယ်ပေးရန် လွှမ်းခြုံမိခဲ့သည်။ ထို့ကြောင့် RBA က ဖွံ့ဖြိုးရေးစီမံကိန်းများအနေဖြင့် လူ့အခွင့်အရေးကို ချိုးဖောက်မှုမရှိကြောင်း သေချာစေရန် လုပ်ဆောင်ခြင်းဖြစ်သည်။

၁၉၉၀ လွန်နှစ်များအတွင်း ပေါ်ပေါက်ခဲ့သော အကြောင်းရင်းခံအများအပြားက RBA ဖွံ့ဖြိုးလာရေးအတွက် ပံ့ပိုးပေးခဲ့သည်။ ပထမဆုံးအနေဖြင့် ကုလသမဂ္ဂကဲ့သို့သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များတွင် လူ့အခွင့်အရေးကို ပိုမိုထည့်သွင်းအသုံးပြုလာခဲ့ပြီး စီမံချက်များချမှတ်ရာ၌ပင် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အခွင့်အရေးများ မည်ကဲ့သို့ တိုးတက်စေနိုင်သနည်း ဆိုသည့် အချက်အရ အကဲဖြတ်ရမည်ဟု ဆုံးဖြတ်ခြင်းမျိုးပင် ရှိလာခဲ့သည်။ ထိုအဖွဲ့အစည်းများက လူ့အခွင့်အရေးကို ဖွံ့ဖြိုးရေး၏ ရည်မှန်းချက်တစ်ရပ်အဖြစ်လည်း ယူဆလာခဲ့သည်။

အထက်ကအပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ယခင်က ဖွံ့ဖြိုးမှုများကို စီးပွားရေးတိုးတက်မှု၊ လူတစ်ဦးချင်း၏ လူသားဖွံ့ဖြိုးမှု၊ အခြေခံအဆောက်အအုံမြင့်တက်မှု သို့မဟုတ် လူတစ်ဦးချင်း၏ လုပ်နိုင်စွမ်းတို့ဖြင့် တိုင်းတာခဲ့သည်။ သို့ရာတွင် ထိုတိုင်းတာမှုများသက်သက်ဖြင့် လူတစ်ဦးတစ်ယောက်၏ ရပိုင်ခွင့်ရှိသော အခွင့်အရေးများ ပြည့်မီရရှိလိမ့်မည်ဟု အာမခံနိုင်ခြင်းမရှိချေ။

ဖွံ့ဖြိုးမှုဖြစ်စဉ်အတွင်း ဥပဒေကို မလေးစား၊ မလိုက်နာမှုများ တိုးပွားခြင်းကို တုံ့ပြန်ရန်နှင့် ဖွံ့ဖြိုးရေးလုပ်ဆောင်စဉ်အတွင်း လူများအကာအကွယ်ရရှိစေရေးတို့အတွက် လိုအပ်မှုတစ်ရပ်ပေါ်ထွက်လာခဲ့သည်။ အစိုးရများက အဘယ်ကြောင့် လူ့အခွင့်အရေးချိုးဖောက်သော စီမံကိန်းများကို ခွင့်ပြုရသနည်းဆိုသည်နှင့် အခြားသူများမှာ ဖွံ့ဖြိုးမှုကို အဘယ်ကြောင့် မညီမမျှသာ ခံစားခွင့်ရသနည်း ဆိုသည်တို့ကို RBA က မေးခွန်းထုတ်ခဲ့သည်။ အခြားသောအကြောင်းရင်းခံမှာမူ ဖွံ့ဖြိုးမှုဖြစ်စဉ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုအမျိုးမျိုးကို တုံ့ပြန်ဆောင်ရွက်ရန် လိုအပ်ခြင်းဖြစ်သည်။ အစိုးရများသည် မကြာခဏဆိုသလို လူအများအပြား၊ များသောအားဖြင့် ဆင်းရဲနွမ်းပါးသူများကို နစ်နာမှုကြုံတွေ့စေသော ကြီးမားသောဆည်ကြီးများ သို့မဟုတ် ကြီးမားသော စက်ရုံများကို တည်ဆောက်လေ့ရှိသည်။ စျေးဝယ်စင်တာကြီးများ ဆောက်လုပ်ရန် ဆင်းရဲနွမ်းပါးသူများသည် မြို့တွင်းကျသောနေရာများမှ နှင်ထုတ်ခံရခြင်းမျိုး၊ သို့မဟုတ်ပါကလည်း စက်မှုဇုန်များတည်ဆောက်မှုကြောင့် အနီးဝန်းကျင်ကျေးရွာများ၌ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းမျိုးတို့ဖြစ်ပွားလေ့ရှိသည်။ ထိုကဲ့သို့သော ကိစ္စရပ်အများအပြားတွင် အစိုးရများသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ပိုမိုကြီးမားသော ကောင်းမွန်မှုများအတွက် စတေးမှုတစ်ရပ်အဖြစ် လူ့အဖွဲ့အစည်း ပိုမိုကောင်းမွန်လာစေရေးအတွက် အချို့က အရင်းအမြစ်များကို စတေးရမည်ဟု ဆိုခြင်းမှာ မှန်ကန်သင့်လျော်ကြောင်းရှင်း ချက်ထုတ်လေ့ရှိသည်။ ဆည်တစ်ခုသည် မြို့များသို့ လျှပ်စစ်မီးများ ပေးဝေနိုင်စေပြီး ကျောင်းများ၊ ဆေးရုံများနှင့် စက်ရုံများကို လည်ပတ်စေနိုင်ကာ လူ့အဖွဲ့အစည်းအတွက် ကြီးမားသော ကြွယ်ဝချမ်းသာမှုများကို ဆောင်ကြဉ်းပေးနိုင်သည်။ ထို့ကြောင့် အချို့သူများ၏ အခွင့်အရေးများ ချိုးဖောက်ခံရသော်လည်း ရေတိုပြဿနာများက ရေရှည်တွင် အာလုံးအတွက် ပိုမိုကောင်းမွန်သောဘဝကို ဖြစ်ပေါ်စေနိုင်သည်ဟု များသောအားဖြင့် တိုက်တွန်းပြောဆိုခဲ့ကြသည်။ ပိုမိုကြီးမားသောကောင်းမွန်မှု တိုက်တွန်းပြောဆိုချက်များ၏ ရလဒ်အဖြစ် လူအများအပြားသည် ဖွံ့ဖြိုးရေးအတွက် အိုးမဲ့၊ အိမ်မဲ့ ဖြစ်ခဲ့ကြရသည်။

နောက်ဆုံးအနေဖြင့် ဖော်ပြရမည့် အကြောင်းရင်းခံတစ်ခုမှာ RBA သည် ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များ အမှန်တကယ်ပေါ်ပေါက်သောအဆင့်တွင် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးမှုတို့ကို ချိတ်ဆက်မိစေနိုင်ခဲ့သည်။ ဖွံ့ဖြိုးပိုင်ခွင့်အပေါ် ဤငြင်းခုန်မှုများနှင့် မတူညီသော ဆွေးနွေးချက်မှာမူ အစိုးများအနေဖြင့် အလျှူရှင်အစိုးရအဖွဲ့နှင့် အလျှူငွေလက်ခံသူ အစိုးရအဖွဲ့တို့ကြား မည်ကဲ့သို့ လုပ်ဆောင်သင့်သည်၊ မည်ကဲ့သို့ပတ်သက်ဆက်နွယ်သင့်သည် ဆိုသည်တို့နှင့် အဓိကသက်ဆိုင်သော ဆွေးနွေးချက်ဖြစ်သည်။ အခြားတစ်ဖက်တွင်လည်း RBA သည် အစီအမံချမှတ်မှုနှင့် အစီအစဉ်ရေးဆွဲမှုအဆင့်တွင် ပါဝင်သော အဓိကချဉ်းကပ်မှုနည်းလမ်းတစ်ရပ် ဖြစ်သည်။ RBA ကို အသုံးပြုခြင်းဖြင့် NGO များသည် လူ့အခွင့်အရေး တိုးတက်မှုရှိစေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေးဆွဲချမှတ်နိုင်သည်။ ထို့ကြောင့်ပင် RBA ကို လူမှုအသိုင်းအဝိုင်းအဆင့်တွင် ဖွံ့ဖြိုးရေးကို နားလည်ရန်နှင့် အကဲဖြတ်သုံးသပ်ရန် နည်းလမ်းတစ်ရပ်အဖြစ်လည်း မှတ်ယူနိုင်သည်။

၁၂.၆.၁ RBA ၏ သွင်ပြင်လက္ခဏာများ

RBA သည် ချဉ်းကပ်မှုနည်းလမ်းတစ်ရပ် ဖြစ်သည်။ ဆိုလိုသည်မှာ ဖွံ့ဖြိုးရေးကို မည်ကဲ့သို့ လုပ်ဆောင်သင့်သည်ဆိုသည်ကို နားလည်ရန် သို့မဟုတ် ရုပ်လုံးဖော်ကြည့်ရန် အကူအညီတစ်ရပ် အနေဖြင့် အသုံးပြုနိုင်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။ ချဉ်းကပ်မှုနည်းလမ်းတစ်ရပ် ဆိုသည်မှာ ကျင့်ဝတ်စည်းကမ်းတစ်ခု၊ ဥပဒေတစ်ခု၊ သို့မဟုတ် ပုံသေနည်းတစ်ခု မဟုတ်ဘဲ ဖွံ့ဖြိုးမှုအကြောင်း စဉ်းစားရန် နည်းလမ်းတစ်ရပ်ဖြစ်သည်။ RBA သည် ပြဿနာတစ်ရပ် သို့မဟုတ် လုပ်ငန်းတစ်ရပ် အစီအစဉ်တွင် လုပ်ငန်းစဉ်အတွင်း လူ့အခွင့်အရေးက ပဓာနဖြစ်ကြောင်း သေချာစေရေးအတွက် ချဉ်းကပ်ရန် နည်းလမ်းတစ်ရပ်ကို ပံ့ပိုးပေးသည်။ ထိုအချက်ကြောင့်ပင် အဖွဲ့အစည်းများက အသုံးပြုသလောက် အမျိုးအစားအများအပြားရှိခြင်းပင် ဖြစ်သည်။ ဤကဲ့သို့အမျိုးအစားစုံလင်ခြင်းသည် ပြဿနာတစ်ရပ်မဟုတ်သလို အားနည်းချက်တစ်ခုလည်းမဟုတ်ဘဲ RBA ၏ သွင်ပြင်လက္ခဏာ တစ်ရပ်သာဖြစ်သည်။ RBA ကို အဓိပ္ပာယ်ဖွင့်ဆိုရန် မတူညီသော နည်းလမ်းအမျိုးမျိုး ရှိသလို(အောက်တွင် ဘောင်ခတ်ထားသော ဖြစ်ရပ်လေ့လာချက်တွင်ကြည့်ပါ) ချဉ်းကပ်မှု၏ အဓိက သွင်ပြင်လက္ခဏာရပ်အချို့လည်း ရှိနေသည်။ ဤအခန်း၏ လာမည့်ကဏ္ဍခွဲတွင် RBA ၏ ဘုံသွင်ပြင်လက္ခဏာရပ်များကို သုံးသပ်သွားမည်ဖြစ်သည်။

မှတ်သားဖွယ်ရာ

RBA အဓိပ္ပာယ်ဖွင့်ဆိုချက်အချို့

လူ့အခွင့်အရေး အခြေပြုချဉ်းကပ်နည်းတစ်ရပ်သည် လူ့အခွင့်အရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်အတွက် သဘောတရားရေးရာ မူဘောင်တစ်ရပ်ဖြစ်ပြီး နိုင်ငံတကာလူ့အခွင့်အရေး စံနှုန်းများနှင့် အညီ အခြေပြုထားကာ လက်တွေ့လုပ်ဆောင်မှုပိုင်းအရ လူ့အခွင့်အရေး အကာအကွယ်ပေးရေးနှင့် မြှင့်တင်ရေးတို့ဆောင်ရွက်ရန် လမ်းညွှန်ထားသည်။ (မေရီရော်ဘင်ဆင်၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမင်းကြီး)

ဖွံ့ဖြိုးမှုကို လူ့အခွင့်အရေးအခြေပြုချဉ်းကပ်မှုဆိုသည်မှာ လူများကို ၎င်းတို့ကိုယ်စား အခြားသူများက ရွေးချယ်မှုများပြုလုပ်သည့် အပြုလုပ်ခံများမဖြစ်စေဘဲ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်စေရန် စွမ်းရည်မြှင့်တင်ပေးခြင်းကို ဆိုလိုသည်။ (ဗြိတိန် ဖွံ့ဖြိုးရေးအေဂျင်စီ)

လူ့အခွင့်အရေးအခြေပြုချဉ်းကပ်မှုတစ်ရပ်သည် ဆင်းရဲနိမ့်ကျသူများ၏ လိုအပ်ချက်များကို အခွင့်အရေးများအဖြစ် သတ်မှတ်ပြီး လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းကို အရေးပါသောပြုလုပ်သူများနှင့် ရပိုင်ခွင့်ရှိသူများအဖြစ် သတ်မှတ်သည်။ အစိုးရများ၏ ဆောင်ရွက်ရန်လိုအပ်သည့် တာဝန်ဝတ္တရားများကိုလည်း ဖော်ထုတ်ပေးသည်။ ဥပမာ - အစိုးရတစ်ခုသည် မိမိစီရင်ပိုင်ခွင့်ရှိသည့် နယ်မြေအတွင်းရှိ လူများအားလုံး၏ လူ့အခွင့်အရေးများ ပြည့်ဝစေရန်၊ မြှင့်တင်ပေးရန်နှင့် လေးစားမှုရှိစေရန် ရည်ရွယ်သော အစီအစဉ်များ၊ မူဝါဒများနှင့် ဥပဒေများ ချမှတ်ဖော်ဆောင်ရန်။

၁၂.၆.၂ အဓိကယူဆချက်(၁) - လူ့အခွင့်အရေးချိုးဖောက်မှု မရှိရ

RBA သည် မည်သည့်လုပ်ဆောင်ချက်များသည်ခွင့်ပြုချက်ရှိပြီး မည်သည်တို့က ဥပဒေနှင့်မညီ ဆိုသည်ကို ဆုံးဖြတ်ရန် လူ့အခွင့်အရေးနိုင်ငံတကာဥပဒေမူဘောင်ကို စံနှုန်းအဖြစ် အသုံးပြုခဲ့သည်။ ပြည်သူများ၏အခွင့်အရေးကို ချိုးဖောက်ခြင်းအတွက် ဖွံ့ဖြိုးတိုးတက်မှုကို ဆင်ခြေတစ်ခုအဖြစ် အသုံးပြု၍မရချေ။ ရှင်းရှင်းလင်းလင်းဖော်ပြရမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်မှုသည် လူ့အဖွဲ့အစည်းအတွက် မည်သည့်အကျိုးကျေးဇူးမျိုး ပေးစွမ်းနိုင်သည်ဖြစ်စေ ဥပဒေကို လိုက်နာရမည်သာဖြစ်သည်။ လူ့အခွင့်အရေးများသည် ဥပဒေစံနှုန်းများဖြစ်ပြီး ချိုးဖောက်ခြင်းမှာ ဥပဒေကို ဖောက်ဖျက်ခြင်းပင်ဖြစ်သည်။ ထိုကဲ့သို့ ဖွံ့ဖြိုးမှုအတွက် ဥပဒေကိုချိုးဖောက်ခြင်းမှာ ဖွံ့ဖြိုးရေးအစီအမံချမှတ်ရာတွင် ပျင်းရိခြင်းကြောင့် ဥပဒေနှင့်အညီဖြစ်မည့်နည်းလမ်းကို မရှာဖွေနိုင်ခြင်းသက်သက်သာဖြစ်သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

လူ့အခွင့်အရေးများကို မချိုးဖောက်ဘဲနှင့် ဖွံ့ဖြိုးမှုကိုဖော်ဆောင်ရန် ဖြစ်နိုင်ပါသလား

မြို့၏ လူနေထူထပ်သောနေရာတွင် ကလေးဆေးရုံတစ်ရုံဆောက်လုပ်ရန် လိုအပ်လျက်ရှိသည်။ ဆေးရုံသည် ကလေးအများစုရှိရာနေရာနှင့် နီးရမည်ဖြစ်ပြီး ဆင်းရဲသားရပ်ကွက်များမှ ရောက်ရှိနိုင်သည့်နေရာတွင်လည်း ရှိရမည်။ သို့သော် ဆေးရုံဆောက်လုပ်ရန်အတွက် ဖယ်ရှားခံရမည့် အိမ်များတွင် နေထိုင်ကြသူကို အိုးအိမ်ဆုံးရှုံးစေလိမ့်မည်။ ဆေးရုံဆောက်လုပ်မှုကြောင့် မိသားစုများ ရေရှည်နေထိုင်လာခဲ့သောနေရာမှ ပြောင်းရွှေ့ရန် အဓမ္မပြုနေပါသည်ဟု အရေးဆိုတိုင်တန်းပြီး နေရာမှပြောင်းရွှေ့ပေးရန် ငြင်းဆန်လိမ့်မည်ဆိုပါစို့။

မည်ကဲ့သို့ဆောင်ရွက်နိုင်မည်နည်း။ ကလေးများက ဆေးရုံတစ်ရုံလိုအပ်သည် (၎င်းတို့တွင် ကျန်းမာရေးဝန်ဆောင်မှုရပိုင်ခွင့်တစ်ရပ်ရှိသည်) သို့သော် ယခုကိစ္စတွင် ဆေးရုံကို အခြားတစ်နေရာတွင် ဆောက်လုပ်ရန်လည်း မဖြစ်နိုင်ချေ။ ဆေးရုံအတွက် ထိုသူများအားလုံးကို ဖိအားပေး ပြောင်းရွှေ့ခိုင်းနိုင်ပါသလား။ နိုင်ငံအားလုံးတွင် လူများကို ဖိအားပေးပြောင်းရွှေ့ခိုင်းစေနိုင်သည့် (အထူးတင်းကျပ်သော စည်းကမ်းများအောက်တွင်) ဥပဒေများရှိပြီး များသောအားဖြင့် ၎င်းတို့ကို ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စွာရရှိနိုင်သည့် နေရာများတွင် ပြန်လည်နေရာချ ထားပေးရန် လိုအပ်သည်။

သို့ရာတွင် လူများက ၎င်းတို့၏ အသိုင်းအဝိုင်းပတ်ဝန်းကျင်မှာ ပျက်စီးသွားလိမ့်မည် ပြောဆိုကာ ပြောင်းရွှေ့ရန် ငြင်းဆန်ကြခြင်းမှာလည်း မှန်သင့်သလောက်မှန်လျက်ရှိသည်။ ဤဖွံ့ဖြိုးရေးကို ရှေ့ဆက် ဆောင်ရွက်နိုင်ပါသလား။ ဆောင်ရွက်နိုင်သည်ဆိုလျှင် မည်ကဲ့သို့သော လျော်ကြေး၊ သို့မဟုတ် ထောက်ပံ့ပေးမှုများကို အစိုးရက ထုတ်ပြန်ပေးရန်လိုအပ်သနည်း။

၁၂.၆.၃ အဓိကယူဆချက်(၂) - ဖွံ့ဖြိုးရေးရည်မှန်းချက်မှာ ပြည်သူများ၏ အခွင့်အရေးများ တိုးတက်ရေးဖြစ်သည်

ဖွံ့ဖြိုးရေးသီအိုရီတိုင်းတွင် ကိုယ်ပိုင်ဦးတည်ချက်များရှိသည်။ ဥပမာအားဖြင့် ဘောဂဗေဒ သီအိုရီများက စီးပွားရေးတိုးတက်ရန် (ဂျီဒီပီဖြင့်တိုင်းတာမှုအရ) ရည်ရွယ်ကြသည်။ RBA ကမူ လူများ၏အခွင့်အရေးများ တိုးတက်ကောင်းမွန်ရေးကို ရည်မှန်းချက်ထားရှိသည်။ ၎င်းတို့၏ အခွင့်အရေးများ တိုးတက်ကောင်းမွန်လာခြင်းမရှိပါက အဘယ်ကြောင့်ဖွံ့ဖြိုးရေးကို ရှေ့တန်း တင်ရန် လိုတော့မည်နည်း။ ဥပမာပြရလျှင် တံတားတစ်စင်းသည် လူများကို ကျောင်းများ၊ ဈေးများ၊ လုပ်ငန်းခွင်နှင့် ဆေးပေးခန်းများသို့ရောက်ရှိမည်ဆိုလျှင် ဆောက်လုပ်ခြင်းမှာ အဓိပ္ပာယ်ရှိသည့် လုပ်ရပ်ဖြစ်သည်။ သို့သော် ထိုတံတားသည် လောင်းကစားရုံတစ်ခုသို့ ရောက်ရှိရန်အတွက်မျှသာ ဆိုလျှင်မူ အခွန်ထမ်းများ၏ရန်ပုံငွေဖြင့် ဖြစ်စေ၊ အစိုးရကထောက်ပံ့သည့် ဖွံ့ဖြိုးရေးစီမံကိန်းအရ ဖြစ်စေ ထိုတံတားကိုဆောက်လုပ်ခြင်းမှာ အဓိပ္ပာယ်ရှိသည့်အလုပ်ဟု သတ်မှတ်နိုင်မည်မဟုတ်ချေ။ RBA တွင် စဉ်းစားရမည့် အခြားလိုအပ်ချက်တစ်ရပ်မှာ ဖွံ့ဖြိုးရေးစီမံကိန်းများဖြင့် လူအခွင့်အရေး တိုးတက်ကောင်းမွန်မှုကို အမြင့်ဆုံး မြှင့်တင်ရန်ဖြစ်သည်။ သာဓကပြရလျှင် ကျောင်းတွင် ကလေးများကို နေ့လယ်စာ အခမဲ့ကျွေးခြင်းဖြင့် ကျောင်းတက်ရန် သေချာစေခြင်း (ပညာသင်ကြားပိုင်ခွင့်ရှိမှု အခွင့်အရေးရရှိခြင်း)၊ ကလေးများ ဆာလောင်မှုမရှိစေခြင်း (စားနပ်ရိက္ခာရရှိပိုင်ခွင့်)၊ အာဟာရပြည့်မီသော အစားအသောက်များရရှိခြင်း(ကျန်းမာရေးနှင့်အညီ နေထိုင်ပိုင်ခွင့်)၊ မိန်းကလေးများနှင့် ယောကျ်ားလေးများ ညီတူညီမျှ ကျွေးမွေးခံရခြင်း(ကျား၊ မ ခွဲခြားဆက်ဆံမှု မရှိခြင်း) တို့အပါအဝင် လူအခွင့်အရေးအတော်များများကို တိုးတက်ကောင်းမွန်စေမည်ဖြစ်သည်။ ဖွံ့ဖြိုးရေးတွင် လူအခွင့်အရေးရည်မှန်းချက် တစ်ရပ်ရှိရမည်ဖြစ်ပြီး အကယ်၍ ဖွံ့ဖြိုးတိုးတက်မှုသည် လူအခွင့်အရေးကို တိုးတက်ကောင်းမွန်စေခြင်း မရှိပါက ဖွံ့ဖြိုးတိုးတက်မှုအဖြစ် သတ်မှတ်နိုင်မည် မဟုတ်ချေ။

၁၂.၆.၄ အဓိကယူဆချက်(၃) - လူအခွင့်အရေးအခြေပြုချဉ်းကပ်မှုနှင့် ပေးကမ်းစွန့်ကြဲခြင်း နှင့် လိုအပ်ချက်အခြေပြု ချဉ်းကပ်မှုများကြား ကွဲပြားမှုများ

ပေးကမ်းစွန့်ကြဲမှုမှာ အရေးကြီးသည်မှာမှန်သော်လည်း ဖွံ့ဖြိုးရေးကို ချဉ်းကပ်ရာတွင် အကန့်အသတ်ရှိသည်။ ပေးကမ်းစွန့်ကြဲမှုသည် လူများကိုအကူအညီပေးရန် ရန်ပုံငွေများ အလျင်အမြန်ဝေငှပေးရာတွင် အသုံးဝင်ပြီး ရန်ပုံငွေမြှင့်တင်ရန် အကောင်းဆုံးနည်းလမ်းလည်းဖြစ်သည်။ သို့ရာတွင် ထိုနည်းက ရေရှည်ခိုင်မာသောဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးပေးနိုင်ခြင်းမရှိသလို အကူအညီကို ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ခံမှုရှိသည့်နည်းလမ်းဖြင့်လည်း မျှဝေပေးနိုင်ခြင်း မရှိချေ။ ဥပမာ - လျှဒါနိုးပေးကမ်းမှုတစ်ရပ်ဖြစ်သည့် လမ်းပေါ်မှတောင်းရမ်းစားသောက်သူများကို ငွေကြေးပေးခြင်းသည် တောင်းရမ်းစားသောက်သူများကို တောင်းရမ်းစားသောက်ခြင်းမှ ရပ်တန့်နိုင်မည်မဟုတ်ချေ။ ထို့ပြင် တောင်းရမ်းစားသောက်သူများအနေဖြင့် ၎င်းတို့ရရှိသည့်ငွေကြေးကို မည်ကဲ့သို့သုံးစွဲမည်ဆိုသည့်အပေါ်တွင်လည်း ထိန်းချုပ်မှုမရှိချေ။(တောင်းရမ်းစားသောက်သူများသည် ပိုက်ဆံများဖြင့် အရက်သေစာများလည်း သောက်သုံးပစ်နိုင်သည်) တောင်းရမ်းစားသောက်သူ၏ အခြေအနေသည် မည်သို့မျှမစွမ်းသာသည့် အခြေအနေတွင်သာ ရှိနေသည်။ တောင်းရမ်း

စားသောက်သူများသည် ပေးကမ်းသူများကို ငွေကြေးပိုမိုပေးကမ်းရန် တွန်းအားမပေးနိုင်သကဲ့သို့ မည်သည့်အချိန်တွင် ငွေကြေးရရှိမည်ဆိုသည်ကိုလည်း သိရှိထားနိုင်ခြင်းမရှိချေ။ ထိုကဲ့သို့ ပေးကမ်းခြင်းသည် ပေးကမ်းသူအတွက် ကောင်းမွန်သည့်ခံစားချက်မျိုးရရှိနိုင်ပြီး တောင်းရမ်းသူ၏ လတ်တလော လိုအပ်ချက်များ(ဥပမာ- အစားအသောက်ဝယ်ယူရန်) အကူအညီ ဖြစ်ကောင်းဖြစ်နိုင်သော်လည်း တောင်းရမ်းသူပြဿနာကိုမူ ဖြေရှင်းပေးနိုင်ခြင်းမရှိချေ။

ပေးကမ်းစွန့်ကြဲခြင်းနှင့်ကွဲပြားသည်မှာ လိုအပ်ချက်အခြေပြုချဉ်းကပ်မှု ဖြစ်သည်။ ရေရှည်ခိုင်မာမှုပိုရှိပြီး လူတစ်ဦးတစ်ယောက်၏ အခြေခံလိုအပ်ချက်များကို ဖြေရှင်းပေးသည်။ ဤချဉ်းကပ်မှုက လူတို့တွင် အစားအစာ၊ ရေနှင့်ခိုလှုံစရာနေရာတို့ လုံလောက်စေပြီး အသက်အန္တရာယ်ကို ခြိမ်းခြောက်ခံရမှုမှ ကင်းဝေးစေနိုင်သည်။ သို့သော် ထိုနည်းသည်လည်း ပြဿနာကို အမြဲတစေ ဖြေရှင်းမပေးနိုင်ချေ။ တောင်းရမ်းသူ၏ လက်တလောလိုအပ်မှုများ(အစားအစာ နှင့်ခိုလှုံစရာတို့ကဲ့သို့)ကို ဖြည့်ဆည်းပေးခြင်းသည် တောင်းရမ်းသူအတွက် အကူအညီဖြစ်သည်မှာ မှန်သော်လည်း ၎င်းတို့ကို တောင်းရမ်းစားသောက်ခြင်းမှ ရပ်တန့်စေနိုင်ခြင်း မရှိချေ။ ဤချဉ်းကပ်မှုအောက်တွင် တောင်းရမ်းသူသည် အနည်းငယ်မျှတတ်နိုင်စွမ်းရှိလာပြီး ၎င်းတို့၏ အဓိကလိုအပ်ချက်များကို ဖော်ထုတ်တင်ပြလာနိုင်သော်လည်း တောင်းရမ်းသူသည် သူ၏လိုအပ်ချက်များပြည့်ဝရန်အတွက် ပေးကမ်းသူအပေါ်တွင် မှီခိုနေရဆဲဖြစ်သည်။ အရေးပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရချိန်တွင် လိုအပ်ချက်အခြေပြုချဉ်းကပ်မှုမှာ လူသားချင်းစာနာထောက်ထားမှုအရ အကောင်းဆုံးနည်းလမ်းဖြစ်သည်။ ငလျင်ဘေးအန္တရာယ်တစ်ခုနှင့် ကြုံတွေ့ရပြီးချိန်တွင် လူအများအပြားသည် အစားအစာ၊ ရေနှင့် နေထိုင်ခိုလှုံစရာမရှိသည့်ဘေးနှင့် ကြုံတွေ့ရမည်ဖြစ်ရာ အခြေခံစားဝတ်နေရေးကိုဖြည့်ပေးရန် အမြန်ဆုံးလိုအပ်မည်ဖြစ်သည်။ လိုအပ်ချက်အခြေပြုချဉ်းကပ်မှုတစ်ရပ်သည် မည်သူတစ်ဦးတစ်ယောက်မျှ ငတ်မွတ်နေခြင်းမရှိစေရန်၊ သို့မဟုတ် အိပ်ရန်နေရာမရှိမဖြစ်စေရန် လုပ်ဆောင်ပေးနိုင်မည်ဖြစ်သည်။

RBA ၏အောက်တွင်မူ ဖွံ့ဖြိုးမှုအကျိုးကို ခံစားရသူသည် အခွင့်အရေးကို ရပိုင်ခွင့်ရှိသူများဖြစ်ပြီး ဖွံ့ဖြိုးအောင် ဖော်ဆောင်သူများမှာ တာဝန်ရှိသူများအဖြစ် ရှုမြင်ကြသည်။ ဖွံ့ဖြိုးမှုကို လိုအပ်သူတိုင်းတွင် ဖွံ့ဖြိုးပိုင်ခွင့်ရှိပြီး ထိုရပိုင်ခွင့်ကိုရရှိစေအောင် လုပ်ပေးရမည်မှာ တာဝန်ရှိသူများ၏ ဝတ္တရား ဖြစ်သည်။ ထိုရည်မှန်းချက်အောင်မြင်ရန်အတွက် ဆောင်ရွက်ရမည်မှာ လူတို့တွင် မည်သည့်အခွင့်အရေးများ ပိတ်ပင်ခံထားရသည်ကို ပထမဦးစွာ ရှာဖွေရမည်ဖြစ်သည်။ ဥပမာ တောင်းရမ်းသူ၏ ကျန်းမာရေးနှင့်အညီ အိုးအိမ်ဖြင့်နေထိုင်ပိုင်ခွင့်၊ အလုပ်လုပ်ကိုင်ခွင့်ရပိုင်ခွင့်တို့မှာ ပြည့်ဝခြင်းမရှိသည်မှာ ထင်ရှားလျက်ရှိသည်။ ထိုချို့ဖောက်ခံရမှုများကို ကာကွယ်ပေးခြင်းဖြင့် တောင်းရမ်းသူကို ဆင်းရဲတွင်းမှလွတ်အောင် မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ RBA သည် ဆုံးရှုံးနေသော အခွင့်အရေးများကို အသေးစိတ်ဖော်ထုတ်ပြီး ပြန်လည်ရရှိစေရန် လုပ်ဆောင်ပေးခြင်းဖြစ်သဖြင့် ပိုမို၍ပါဝင်ပတ်သက်သော လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ရှုမြင်နိုင်သည်။ နိဂုံးချုပ်အနေဖြင့် ပေးကမ်းစွန့်ကြဲခြင်းနှင့် လိုအပ်ချက်အခြေပြုချဉ်းကပ်မှုများမှာ ပိုမိုမြန်ဆန်လွယ်ကူပြီး လူသားချင်းစာနာမှု လုပ်ဆောင်ချက်များနှင့်ပို၍ ကိုက်ညီမှုရှိသည်။ RBA မှာမူ ပိုမို ရေရှည်တည်တံ့ပြီး ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ပို၍ရှိသော်လည်း ၎င်းသည် လုပ်ငန်းဆောင်တာပိုများပြီး ခက်ခဲသောလုပ်ငန်းတစ်ရပ်လည်းဖြစ်သည်။

၁၂.၆.၅ အဓိကယူဆချက်(၄) - ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် အားလုံးပါဝင်နိုင်မှုရှိရမည်

ဖွံ့ဖြိုးတိုးတက်မှုသည် လူများကိုအဓိကအာရုံစိုက်ကြောင်း သေချာစေရေးအတွက် အားလုံးပါဝင်ဆောင်ရွက်ခွင့်လည်း ရှိရမည်ဖြစ်သည်။ ပါဝင်ဆောင်ရွက်ခွင့်ရှိမှု ရှိရန်အတွက် ဖွံ့ဖြိုးရေးတစ်ရပ်၏ သက်ရောက်မှုခံရမည့်သူများသည် ထိုဖွံ့ဖြိုးရေးနှင့်ပတ်သက်ပြီး ဆွေးနွေးမှု၊ အစီအစဉ်ရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှုတို့တွင် ပါဝင်ခွင့်ရရန် လိုအပ်သည်။ ပူးပေါင်းပါဝင်ခွင့်ရှိခြင်းသည် သက်ဆိုင်သူများ၏လိုအပ်မှုများကိုဖော်ထုတ်ပေးပြီး လူများကို ဖွံ့ဖြိုးမှုကြောင့်ဖြစ်ပေါ်လာမည့် အကျိုးကျေးဇူးများနှင့် နစ်နာရမှုများနှင့်ပတ်သက်၍ ဆွေးနွေးခွင့်၊ ကြိုတင်ပြင်ဆင်ခွင့်ရစေခြင်းဖြင့် ဖွံ့ဖြိုးမှု၏ ပြဿနာအများအပြားကို ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။ ထို့အတူ ပူးပေါင်းပါဝင်ခွင့်ရှိခြင်းသည် ဖွံ့ဖြိုးမှုမှာ မိမိတို့နှင့်ပိုမိုသက်ဆိုင်လာသည်ဟု ခံစားမိစေမည်လည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အနေဖြင့် ဖွံ့ဖြိုးရေးဖော်ဆောင်ရာတွင် ထည့်ဝင်မှုများနှင့် မွမ်းမံပြင်ဆင်မှုများ လုပ်ဆောင်ရန် ကမ်းလှမ်းနိုင်ခွင့်ရရှိခြင်းကြောင့်ဖြစ်သည်။ ပူးပေါင်းပါဝင်ခွင့်ရှိခြင်းသည် ဖွံ့ဖြိုးမှုကို တာဝန်ခံမှုနှင့်ပွင့်လင်းမြင်သာရှိမှု မြင့်မားစေနိုင်သည်။ သို့ရာတွင် ပူးပေါင်းပါဝင်ခွင့်ရှိခြင်းသည် ပြဿနာအားလုံးကို ဖြေရှင်းနိုင်ခြင်းမရှိချေ။ အဘယ်ကြောင့်ဆိုသော် ဖွံ့ဖြိုးမှုကြောင့် အားလုံးက လက်ခံသဘောကျသည့် အပြောင်းအလဲများ ဖြစ်ပေါ်မှုမျိုးမှာ အလွန်ရှားပါးသောကြောင့် ဖြစ်သည်။ ကောင်းမွန်သော ဖွံ့ဖြိုးရေးစီမံကိန်းများသည် ထိုအပြောင်းအလဲများနှင့် ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များကို သတိပြုမိသင့်ပြီး အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုများကို လျှော့ချရန်နည်လမ်းများကို စဉ်းစားဆင်ခြင်ထားရမည်ဖြစ်သည်။ ပူးပေါင်းပါဝင်ခွင့်ရှိခြင်းသည် ဖွံ့ဖြိုးမှုမပေါ်ထွက်လာသော ပဋိပက္ခကို ဖြေရှင်းရန်နှင့် လျှော့ချရန် အရေးပါသော ကိရိယာတစ်ခုပင်ဖြစ်သည်။

တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာရှိမှု

တာဝန်ခံမှုဆိုသည်မှာ တာဝန်ထမ်းဆောင်သူများက ၎င်းတို့၏လုပ်ဆောင်ချက်များအတွက် တာဝန်ယူခြင်းဖြစ်သည်။ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများသည် စီမံကိန်းတစ်ရပ်၏ တိုက်ရိုက်အကျိုးရလဒ်များ အားလုံးအတွက် တာဝန်ခံသင့်ပြီး ဖြစ်လာသော နောက်ဆက်တွဲများကို မိမိတို့၏ အရေးမဟုတ်သကဲ့သို့ ငြင်းဆန်နိုင်ခြင်းမရှိချေ။ တာဝန်ခံမှုကို ဘေးအန္တရာယ်ဖြစ်နိုင်ခြေမံခန့်ခွဲစံမျိုးဖြင့် သို့မဟုတ် ဆိုးရွားသော အကျိုးဆက်များအတွက် လျော်ကြေးပုံစံမျိုးဖြင့်လည်း မြင်ရသည်။ ပွင့်လင်းမြင်သာရှိမှုဆိုသည်မှာ ဖွံ့ဖြိုးမှုတွင် ရပိုင်ခွင့်ရှိသူအားလုံး ပါဝင်ခွင့်ရရှိရေးသေချာစေရန် သတင်းအချက်အလက်များရရှိနိုင်မှု၊ အသုံးပြုခွင့်ရနိုင်မှုတို့ကို ရည်ညွှန်းသည်။

RBA တွင် ပူးပေါင်းပါဝင်ခွင့်ရှိခြင်း၏ အခြားသောကဏ္ဍတစ်ရပ်မှာ အင်အားနည်းသော သို့မဟုတ် ဘေးဖယ်ခံထားရသော အဖွဲ့များလည်း ပါဝင်မှုရှိစေရေးဖြစ်သည်။ ယေဘုယျအားဖြင့် အလွယ်တကူရောက်ရှိနိုင်သောနေရာများရှိ လူများပါဝင်သည့် အပိုင်းကဏ္ဍများ ဖွံ့ဖြိုးရေးဆောင်ရွက်ရသည်မှာ ပိုမို၍တွက်ခြေကိုက်လေ့ရှိပြီး ထိုသဘာဝကို တစ်ခါတစ်ရံတွင် ၈၀/၂၀ စည်းမျဉ်းဟု သုံးနှုန်းလေ့ရှိသည်။ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းထံရောက်ရှိရန် ဘက်ဂျက်၏ ၂၀ ရာခိုင်နှုန်းမျှသာ သုံးစွဲရသော်လည်း ဘက်ဂျက်၏ကျန် ၈၀ ရာခိုင်နှုန်းကို ကျန်လူဦးရေ ၂၀ ရာခိုင်နှုန်းထံ ရောက်ရှိရေးအတွက် သုံးစွဲရသည်ဟု အဓိပ္ပာယ်ရသည်။ အင်အားနည်းသော လူ့အဖွဲ့အစည်းများ (ဥပမာ - မသန်စွမ်းသူများ၊ သို့မဟုတ် ဝေလံခေါင်ဖျားအရပ်ဒေသရှိ လူ့အသိုင်းအဝိုင်းများ)အတွက် ဘက်ဂျက်ချမှတ်ခြင်းမှာ သယ်ယူပို့ဆောင်စရိတ်ကြီးမြင့်ခြင်း၊ အခြေခံအဆောက်အအုံ(လျှပ်စစ်မီးကဲ့သို့သော)မရှိခြင်း၊ သို့မဟုတ် ဘာသာစကားကွာခြားခြင်းတို့ကြောင့် ပို၍ကုန်ကျစရိတ်ကြီးမြင့်နိုင်သည်။ ထိုကဲ့သို့သော စိန်ခေါ်မှုများမှာ ဖွံ့ဖြိုးရေးကိုပိုမို၍ ကုန်ကျစရိတ်ကြီးမြင့်စေသည်။ (ပညာရေးနယ်ပယ်မှ ဥပမာတစ်ရပ်ကို အောက်တွင်ဖော်ပြထားသော ဆွေးနွေးခြင်းနှင့်ငြင်းခုံခြင်းအကွက်တွင်ကြည့်ပါ)။ ရှင်းရှင်းလင်းလင်းဆိုရမည်ဆိုလျှင် အဖွဲ့အစည်းများသည် ဖွံ့ဖြိုးရေးလုပ်ငန်းများမှ အကျိုးရှိမည့်သူအရေအတွက်ကိုသာ ဇောင်းပေးခြင်းဖြင့် ကုန်ကျမှုအတွက် တွက်ခြေကိုက်ကြောင်း ပြသရန် စိတ်ထက်သန်ကြလိမ့်မည်ဖြစ်သည်။ သို့သော် ထိုတွက်ခြေကိုက်အောင်ပြထားသည့် ကိန်းဂဏန်းများမှာ ဝေးသီခေါင်လံသောနေရာမှလူများ၏ အကျိုးကို စတေးပြီးမှ

ရရှိတတ်ကြသည်။ အကယ်၍ဖွံ့ဖြိုးရေးသည် လွယ်လင့်တကူရောက်ရှိနိုင်သူများကိုသာ ရည်မှန်းချက် ထားမည်ဆိုလျှင် အင်အားနည်းသော၊ ဘေးဖယ်ခံထားရသော လူ့အဖွဲ့အစည်းများမှာ အမြဲတစေ ချန်လှပ်ထားခံနေရမည်သာ ဖြစ်သည်။ ဖွံ့ဖြိုးမှုတွင် အဆင်းရဲဆုံးသူများနှင့် အင်အား အနည်းဆုံးသူများ ကျန်မနေခဲ့ရန် သေချာစေသင့်သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

ဖွံ့ဖြိုးတိုးတက်မှုသည် အဆင်းရဲဆုံးလူတန်းစားများအတွက် ဇောင်းပေးသင့်ပါသလား။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံမှ အစိုးရတစ်ရပ်သည် နိုင်ငံတဝန်းရှိ အထက်တန်းကျောင်း အတော်များများထံ ကွန်ပျူတာများထောက်ပံ့ပေးခြင်းဖြင့် ပညာရေးစနစ် တိုးတက်ကောင်းမွန်စေရန် လိုလားလျက်ရှိသည်။ သို့သော် ဝေးလံသောကျေးလက်ဒေသများ၌ ထိုကွန်ပျူတာခန်းများ ထောက်ပံ့ပေးရန်မှာ အခန်းသစ်များတည်ဆောက်ရန်လိုအပ်ခြင်း၊ လျှပ်စစ်မီးထောက်ပံ့ရန်လိုအပ်ခြင်း၊ ဆရာများကို လေ့ကျင့်ပေးရန်လိုအပ်ခြင်းနှင့် ထိုဝေးလံခေါင်ဖျားဒေသများသို့ ကွန်ပျူတာများပို့ဆောင်ပေးရေးတို့ကြောင့် မြို့ပြတွင် ကွန်ပျူတာထောက်ပံ့ပေးခြင်းထက် ကုန်ကျစရိတ် ၁၀ ဆခန့် ပိုများလျက်ရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် အစိုးရက မူလအစီအစဉ်အစား မြို့ပေါ်တွင်သာ ၁၀ ဆ ပိုများသောကွန်ပြူတာခန်းများ ဆောက်လုပ်ရန်ဆုံးဖြတ်လိုက်ပြီး ၁၀ ဆ ပိုများသောကလေးများ ကွန်ပျူတာသင်ကြားခွင့်ရရှိမည်ဖြစ်ကြောင်းနှင့် မြို့နေကလေးများသည် အနာဂတ် အလုပ်ထဲတွင် ကွန်ပျူတာအသုံးပြုရနိုင်ခြေ ပိုများသည်ဟု ဖြေရှင်းချက်ပေးသည်။ သို့ရာတွင် အတိုက်အခံများက ဤဖွံ့ဖြိုးရေးစီမံကိန်းသည် မြို့နေနှင့်ကျေးလက်နေကလေးများကြား မူလကတည်းက ရှိနှင့်ပြီးသား ပညာရေးအဆင့်ကွာခြားမှုကို ပိုမြင့်တက်စေခြင်းသာရှိလိမ့်မည်ဟုဆိုကာ ဆန့်ကျင်ကြသည်။ ကျေးလက်နေကလေးများမှာ ကွန်ပျူတာတတ်မြောက်ရန် အခွင့်အရေးမရခြင်းကြောင့် ၎င်းတို့အနေဖြင့် အလုပ်အကိုင်ရရှိရန် သို့မဟုတ် တက္ကသိုလ်ဝင်ခွင့်ရရန် ပိုမို၍အခက်တွေ့မည်ဖြစ်သည်။

မေးခွန်း - သင့်အနေနှင့် အစိုးရ၏ချဉ်းကပ်ဖြေရှင်းပုံကို သဘောတူပါသလား။ ၁၀ ဆပိုများသောကလေးများ ပညာတတ်ရန်က ပို၍အရေးကြီးပါသလား၊ သို့မဟုတ် ကျေးလက်နေကလေးများက မြို့နေကလေးများကို အမီလိုက်နိုင်ပြီး နောက်ဆက်တွဲအနေဖြင့် မညီမျှမှုလျော့ကျစေရန် ဝေးလံဒေသများ၌ ကွန်ပျူတာရောက်ရှိစေရေးအတွက် ငွေကြေးသုံးစွဲခြင်းက ပိုမိုကောင်းမွန်ပါသလား။

၁၂.၆.၆ အဓိကယူဆချက် (၅) - ဖွံ့ဖြိုးတိုးတက်မှုသည် ဩဇာအာဏာ ဆက်နွယ်မှုများတွင် အပြောင်းအလဲများ ဖြစ်ပေါ်စေသည်

ဩဇာအာဏာ၏ သိမ်မွေ့နူးညံ့မှုသည် RBA ၏ အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်ပြီး ဖွံ့ဖြိုးမှုကို မရရှိ၊ မခံစားရသူများသည် ဩဇာအာဏာ ကင်းမဲ့လိမ့်မည်ဖြစ်ကြောင်းကိုလည်း အသိအမှတ်ပြုသည်။ ဖွံ့ဖြိုးမှုအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို အင်အားကြီးမားသော အဖွဲ့များက အင်အားကင်းမဲ့သူများအပေါ် များသောအားဖြင့် ကျူးလွန်လေ့ရှိကြသည်။ အမျိုးသမီးများကို ပညာတတ်မြောက်စေခြင်း၊ အစွမ်းအစ မြှင့်တင်ရေးအစီအစဉ်များ မိတ်ဆက်ပေးခြင်း၊ ဘဏ္ဍာရေးအခွင့်အလမ်းများရရှိစေခြင်းတို့ကဲ့သို့သောလုပ်ဆောင်ချက်များဖြင့် အင်အားကင်းမဲ့သူ

များကို ဩဇာအာဏာများရရှိစေကာ ထိုကဲ့သို့သောမညီမျှမှုများကိုတုံ့ပြန်ဖြေရှင်းရန်ကြိုးပမ်းသော RBA ၏ အောက်တွင် ထိုမညီမျှမှုကိုပြုပြင်ရေးသည် ဖွံ့ဖြိုးမှုရည်မှန်းချက်တစ်ရပ် ဖြစ်လာလေ့ရှိသည်။ အထူးသဖြင့် ပညာဗဟုသုတ သို့မဟုတ် ၎င်းတို့၏ရပိုင်ခွင့်များအကြောင်းသင်ယူမှု၊ သို့မဟုတ် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများ ရရှိခြင်းဖြင့် ဩဇာအာဏာများ ရရှိကြမည် ဖြစ်သည်။

သို့ရာတွင် လူ့အဖွဲ့အစည်းအတွင်းမှ အစိတ်အပိုင်းတစ်ရပ်ကိုအင်အားမြှင့်တင်ပေးခြင်းမှာ ရံဖန်ရံခါတွင် အခြားအစိတ်အပိုင်းတစ်ရပ်ကို ချန်ရစ်ထားခံခဲ့ရသည်ဟု ခံစားရစေနိုင်သည်။ သာဓကပြရလျှင် အမျိုးသမီးများကိုဘဏ္ဍာရေးအရ ထောက်ပံ့ပေးခြင်းက အမျိုးသားများကို လုပ်နိုင်စွမ်းကင်းမဲ့သည်ဟု ခံစားရစေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ခင်ပွန်းတစ်ယောက်သည် အဓိကကျွေးမွေးထောက်ပံ့သူတစ်ယောက် မဟုတ်တော့သောအခါတွင် သူ့အနေဖြင့် သူ၏ အိမ်တွင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်သော်လည်းကောင်း ယခင်ကကဲ့သို့ ဩဇာ အာဏာမရှိတော့၍ဖြစ်သည်။ အကယ်၍ မိသားစုက ကြွယ်ဝပြည့်စုံနေပါက ခင်ပွန်းအများအပြား သည် ထိုကိစ္စနှင့်ပတ်သက်၍ သောကမရှိနိုင်သော်လည်း အခြားခင်ပွန်းများမှာမူ အပြောင်းအလဲ ကြောင့် ခြိမ်းခြောက်ခံရမှု သို့မဟုတ် ကသိကအောက်ဖြစ်ရမှုတို့ ခံစားရဖွယ်ရှိသည်။ ဖွံ့ဖြိုးမှုများသည် ကြွယ်ဝပြည့်စုံမှု၊ ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းမှုအခွင့်အရေးများတွင် ဆက်စပ်သော တိုးတက်ကောင်းမွန်မှုတို့နှင့်ပတ်သက်ပြီး အောင်မြင်သည်ဟု သတ်မှတ်နိုင်သော်လည်း မိသားစုအတွင်း ပဋိပက္ခများမြင့်တက်ခြင်းကဲ့သို့သော မရည်ရွယ်သည့် အကျိုးဆက်များကို ဖန်တီးမိခြင်းမျိုးလည်း ရှိနိုင်သည်။ ဖွံ့ဖြိုးမှုဖြစ်စဉ်အတွင်း အင်အားစွမ်းပကားနှင့် ဆက်နွယ်သော ပြောင်းလဲမှုများကြောင့်ဖြစ်ပေါ်သော ပဋိပက္ခကို ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှုဖြင့်သာ ဖြေရှင်းရမည် ဖြစ်သည်။

RBA အရဖွံ့ဖြိုးမှုမှ ပေါ်ထွက်သောထိုပဋိပက္ခပြဿနာများကို ငြင်းဆန်ရန်မဖြစ်နိုင်ချေ။ ဖွံ့ဖြိုးရေး NGO များသည် မိမိတို့ဆောင်ရွက်ချက်ကြောင့် ဖြစ်ပေါ်သော ပြောင်းလဲမှုများအတွက် တာဝန်ခံရမည်ဖြစ်သည်။ NGO များသည် ထိုကဲ့သို့သော အန္တရာယ်ဖြစ်နိုင်ချေများကို သတိပြုရမည် ဖြစ်ပြီး မျက်ခြည်မပြတ် စောင့်ကြည့်ဖြေရှင်းရမည်ဖြစ်သည်။ ဥပမာ - အင်အားဩဇာ ကင်းမဲ့သွားသောခင်ပွန်းကြောင့် ဖြစ်ပေါ်သော အိမ်တွင်းအကြမ်းဖက်မှုများတိုးပွားလာမှုနှင့်စပ်လျဉ်းသော အန္တရာယ်များကို လေ့လာသုံးသပ်နေရမည်ဖြစ်သည်။ အန္တရာယ်ဖြစ်နိုင်ခြေအကဲဖြတ်မှုသည် NGO များ၏ အစီအမံချမှတ်ရေး လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး အန္တရာယ်ကိုမည်ကဲ့သို့ လျှော့ချမည် သို့မဟုတ် ဖယ်ရှားမည်ဆိုသည်နှင့် ပတ်သက်ပြီး အကြံပြုချက်များလည်း ပါဝင်ရမည်။ အနည်းဆုံးအနေဖြင့် အန္တရာယ်ရှိနိုင်ခြေ အကဲဖြတ်ချက်များသည် ဖွံ့ဖြိုးတိုးတက်မှုတွင် လူတိုင်း အပြည့်အဝ ပါဝင်သလားဆိုသည်ကိုလေ့လာခြင်းဖြင့် အစီအမံတစ်ရပ်သည်အိမ်တွင်း အကြမ်းဖက်မှု မြင့်တက်လာခြင်းကဲ့သို့သော လူ့အခွင့်အရေး ချိုးဖောက်မှုများ မဖြစ်ပွားစေနိုင်ကြောင်း သေချာစေရမည်ဖြစ်သည်။ ဤနည်းအားဖြင့်သာ NGO များသည် ပြဿနာများပေါ်ထွက်လာသည့် အခါတွင် ဖြေရှင်းနိုင်ရန် ပိုမိုကောင်းမွန်စွာ ပြင်ဆင်ထားနိုင်မည်ဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သော RBA ၏ သွင်ပြင်လက္ခဏာရပ်များသည် ပြည့်စုံခြင်း မရှိသေး

သလို အားလုံးက လက်ခံသဘောတူနိုင်ခြင်းလည်း ရှိမည်မဟုတ်ချေ။ သို့ရာတွင် ဤနေရာတွင် ဖော်ပြခဲ့သော အရေးကိစ္စများမှာ အဖွဲ့အစည်းများက RBA အစီအမံများ ဖော်ဆောင်ရာတွင် အငြင်းပွားရမှုနှင့် ဖြေရှင်းရမှုအများဆုံး အရေးကိစ္စများဖြစ်သည်။ အချုပ်ဆိုရလျှင် RBA သည် ဖွံ့ဖြိုးတိုးတက်မှု၏ ရည်မှန်းချက်များကို ပိုမိုတိုးတက်ကောင်းမွန်သော လူ့အခွင့်အရေးဖြစ်ပေါ်ရန်နှင့် ချိုးဖောက်မှုများကို ကာကွယ်ရန်တို့ဆီသို့ ပြောင်းလဲစေရန် အယူအဆများနှင့် ကိရိယာများကို အသုံးပြုသည်။ RBA သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းကို ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အတွင်း အင်အားစွမ်းပကား မြှင့်တင်ပေးရမည့် လူ့အခွင့်အရေး ရပိုင်ခွင့်ရှိသူများအဖြစ် ရှုမြင်ခြင်းဖြင့် ပိုမို၍ပူးပေါင်းပါဝင်မှုရှိပြီး ရေရှည်ခံသောဖွံ့ဖြိုးမှုများဖြစ်စေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

၁၂.၇ နိဂုံး

ဤအခန်းတွင် အရှေ့တောင်အာရှဒေသတစ်ဝန်း၌ ဖွံ့ဖြိုးမှုသည် မည်မျှအထိ အကြိတ်အနယ်ရှိခဲ့သော အရေးကိစ္စဖြစ်သည်ကို ဖော်ပြခဲ့သည်။ ဖွံ့ဖြိုးမှုသည် ရပိုင်ခွင့်တစ်ရပ်ဖြစ်ပြီး ဒေသတွင်းမှလူအများအပြားအတွက် အရေးကြီးသည်မှာ မှန်သော်လည်း မည်သည်တို့ ဖွံ့ဖြိုးသင့်သည်၊ ဖွံ့ဖြိုးမှုမှာ မည်ကဲ့သို့ဖြစ်ပေါ်သင့်သည်တို့နှင့်ပတ်သက်ပြီး ဒုတိယကမ္ဘာစစ်လွန် သမိုင်းတစ်လျှောက် ငြင်းခုံခဲ့ကြရသည်။ ဖွံ့ဖြိုးမှုနှင့် လူ့အခွင့်အရေးတို့သည် နည်းလမ်းအမျိုးမျိုးဖြင့် ဆက်နွယ်လျက်ရှိရာ တူညီသောဘုံရည်မှန်းချက်များရှိကြပြီး လူ့အခွင့်အရေးသည် ဖွံ့ဖြိုးရေးနည်းလမ်းတစ်ရပ်ဖြစ်ပြီး ဖွံ့ဖြိုးရေးသည်လည်း လူ့အခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။ နောက်ဆုံးကဏ္ဍတွင် လက်တလော အများလက်ခံကျင့်သုံးလျက်ရှိသည့် နည်းလမ်းမှာ လူ့အခွင့်အရေးစံနှုန်းများနှင့် စည်းမျဉ်းများကို ဖွံ့ဖြိုးရေးဖော်ဆောင်ရာတွင်နှင့် အစီအမံချမှတ်ရာ၌ ပါဝင်စေသော RBA မည်ကဲ့သို့ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

က။ အနှစ်ချုပ်နှင့်အဓိကအချက်များ

မိတ်ဆက်

ဖွံ့ဖြိုးရေးနှင့် လူ့အခွင့်အရေးကြား ပတ်သက်ဆက်နွယ်မှုများသည် ဖွံ့ဖြိုးပိုင်ခွင့်နှင့် ဖွံ့ဖြိုးမှုဖြစ်စဉ်အတွင်း လူ့အခွင့်အရေး နှစ်မျိုးစလုံးကို လွှမ်းခြုံသည်။ ၁၉၆၀ လွန်နှစ်များကတည်းက အလျင်အမြန် ဖွံ့ဖြိုးတိုးတက်မှုများသည် လူ့အဖွဲ့အစည်းများကို အသွင်ပြောင်းလဲပစ်ခဲ့ပြီး ရလဒ်အနေဖြင့် အကောင်း၊ အဆိုး နှစ်မျိုးစလုံးသော ပြောင်းလဲမှုများ ဖြစ်ပေါ်စေခဲ့သည်။ ဖွံ့ဖြိုးမှုသည် လူအားလုံးကိုသာတူညီမျှ အကျိုးရှိစေနိုင်ခြင်း မရှိချေ။ အချို့သူများမှာ ပို၍ချမ်းသာလာကြသော်လည်း အခြားသူများမှာမူ ၎င်းတို့၏နေအိမ်များမှ နှင်ထုတ်ခံရခြင်း သို့မဟုတ် ချို့တဲ့နိမ့်ကျသော အခြေအနေများတွင် အလုပ်လုပ်ရန် ဖိအားပေးခံရခြင်းများ ကြုံတွေ့ခဲ့သည်။ ဖွံ့ဖြိုးမှုဖြစ်စဉ်အတွင်းတွင် လူ့အခွင့်အရေးကိုအကာအကွယ် ပေးရမည်ဖြစ်သော်လည်း မကြာခဏဆိုသလို ငြင်းပယ်ခံခဲ့ရသည်။ လူ့အခွင့်အရေးနှင့်ဖွံ့ဖြိုးရေးတို့သည် ဘုံရည်မှန်းချက်များရှိခြင်းကြောင့် ဆက်နွယ်လျက်ရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ဆောင်မှုများက လူ့အခွင့်အရေးချိုးဖောက်မှုများဆီသို့ ဦးတည်စေလေ့ရှိသည်။ လူ့အခွင့်အရေးသည် ဖွံ့ဖြိုးမှုကို အကဲဖြတ်ရာတွင် စံနှုန်းဖြစ်သင့်သည်။

ဖွံ့ဖြိုးမှုနိုင်ငံရေး

စစ်ပြီးခေတ် နိုင်ငံတကာဖွံ့ဖြိုးရေးကို နိုင်ငံတကာအဆင့်တွင် စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးရေးများစီမံခန့်ခွဲရန် အဖွဲ့အစည်းများတည်ထောင်ခဲ့သည့် ကုလသမဂ္ဂက ကြီးကြပ်ခဲ့ပြီး ကမ္ဘာ့ဘဏ်နှင့် အခြားဖွံ့ဖြိုးရေးဘဏ်များကလည်း ကြီးကြပ်ခဲ့သည်။ သို့ရာတွင် ဖွံ့ဖြိုးမှုက စစ်အေးခေတ်အတွင်းဖြစ်ပွားခဲ့သည့် နိုင်ငံရေးသဘော ပါဝင်ပတ်သက်မှု၊ စီးပွားရေးတိုးတက်ရေး အပေါ်တွင်သာ အလွန်အမင်းအာရုံစိုက်ပြီး ဖွံ့ဖြိုးမှုကလူများအပေါ် ရိုက်ခတ်မှုများကို မျက်ကွယ်ပြုမှု၊ အကျင့်ပျက်ခြစားမှုများ ဖြစ်ပေါ်စေပြီး သဘာဝပတ်ဝန်းကျင်ကိုပျက်စီးစေသည့် ကြီးမားသော အခြေခံအဆောက်အအုံများအပေါ် အာရုံစိုက်လုပ်ဆောင်မှု၊ ကြွယ်ဝသူများထံမှ နွမ်းပါးသူများထံ ငွေကြေးစီးဆင်းမှုသီအိုရီအပေါ် အားထားမှုတို့အပါအဝင် ပြဿနာအများအပြားကို ဖန်တီးခဲ့သည်။ စစ်အေးခေတ်အတွင်းတွင် နိုင်ငံများသည် ကွန်မြူနစ်နိုင်ငံများဘက် လိုက်မည်လော၊ အရင်းရှင်နိုင်ငံများဘက် လိုက်မည်လော ဆိုသည်ကို ရွေးချယ်ခဲ့ကြရပြီး ထိုစနစ် နှစ်မျိုးလုံးမှာ ဖွံ့ဖြိုးရေးအတွက် ပြဿနာကြုံတွေ့စေခဲ့သည်။ ၁၉၆၀ လွန်နှစ်များ ကုန်ခါန်တွင် ထိုပြဿနာများကိုရှောင်လွှဲရန်အတွက် နည်းလမ်းအသစ်များကို ရှာဖွေသူ အများအပြားရှိလာခဲ့ပြီး လူအခွင့်အရေးများမှာ အလားအလာရှိသော လမ်းကြောင်းတစ်ရပ်အဖြစ် ရှုမြင်ခံခဲ့ရသည်။

ဖွံ့ဖြိုးပိုင်ခွင့်၏ သမိုင်းကြောင်း

အထက်တွင်ပြောခဲ့သည့် ပြဿနာများကို တုံ့ပြန်သည့်အနေဖြင့် တတိယကမ္ဘာနိုင်ငံအများအပြား ဖွံ့ဖြိုးပိုင်ခွင့်ကို တောင်းဆိုခဲ့ကြသည်။ ထိုအခွင့်အရေးအရ ဖွံ့ဖြိုးပြီးနိုင်ငံများက မဖွံ့ဖြိုးသေးသောနိုင်ငံများကို ငြိမ်းချမ်းသောဖွံ့ဖြိုးမှုရရှိရေး ကူညီရန် တောင်းဆိုခဲ့ကြသည်။ ၁၉၈၆ အထွေထွေညီလာခံတွင်ချမှတ်သည့် ဖွံ့ဖြိုးပိုင်ခွင့် ကြေညာချက်သည် ရာနှုန်းပြည့်ထောက်ခံမှုမရခဲ့ဘဲ အချို့ပထမနိုင်ငံများက ထိုကြေညာချက်ကို နိုင်ငံရေးပါဝင်ပတ်သက်သည် သို့မဟုတ် စစ်မှန်မှုမရှိဟု ရှုမြင်ပြီး ဆန့်ကျင်ခဲ့ကြသည်။ လူပုဂ္ဂိုလ်သည် ဖွံ့ဖြိုးရေး၏ဗဟိုချက်ဖြစ်ရမည်ဖြစ်ပြီး ပူးပေါင်းပါဝင်ခွင့်ရှိမှုမှာလည်း ထိုဖွံ့ဖြိုးမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ရမည်ဟု ကြေညာချက်က ယူဆခဲ့သည်။

ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်နှင့် ဖွံ့ဖြိုးမှု

အင်တာနက်ပေါ်ထွန်းလာမှု၊ အမျိုးသမီးတန်းတူညီမျှအခွင့်အရေးတွင် မြင့်တက်လာမှု၊ အလုပ်လုပ်ဆောင်ပုံများပြောင်းလဲလာမှုနှင့် နိုင်ငံစုံကော်ပိုရေးရှင်းကြီးများ ပေါ်ထွက်လာမှုတို့ကဲ့သို့သော ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာသည့် ပြောင်းလဲမှုများမှတစ်ဆင့် လူအခွင့်အရေးပြဿနာအသစ်များ ပေါ်ထွက်လာခဲ့သည်။ တိုင်းပြည်များသည် ဥစ္စာဓန၊ ပညာရေးနှင့် ကျန်းမာရေးတို့တွင် တိုးတက်မှုများ ခံစားခဲ့ရသော်လည်း တစ်ချိန်တည်းတွင် အစိုးရများက လုံခြုံရေးကိုထိန်းသိမ်းရန်အတွက်ဟု အကြောင်းပြပြီး အလဲအလှယ်အနေဖြင့် လူများ၏အခွင့်အရေးများကို ချိုးဖောက်မှုများလည်းရှိခဲ့သည်။ လစ်ဘရယ်လက်သစ် စီးပွားရေးပုံစံများ ပေါ်ထွက်လာမှုကလည်း မညီမျှမှုများကိုကြီးထွားစေပြီး အစိုးရနှင့်ပြည်သူများကြား တင်းမာမှုတစ်ရပ် ဖြစ်ပေါ်စေခဲ့သည်။ ဤကာလတွင် ရွှေ့ပြောင်းလုပ်သားများ များပြားလာမှုနှင့် ၁၉၉၇ ခုနှစ်တွင် စတင်သည့် ကမ္ဘာ့စီးပွားရေး အကျပ်အတည်းတို့လည်း ဖြစ်ပွားခဲ့သည်။ ဤအခြေအနေများအားလုံးက ၁၉၉၀

လွန် နှစ်များတွင်ပေါ်ပေါက်သော ဂလိုဘယ်လိုက်ဇေးရှင်း ဆန့်ကျင်ရေးလှုပ်ရှားမှုဆီသို့ ဦးတည်စေခဲ့ပြီး ယင်းလှုပ်ရှားမှုက လစ်ဘရယ်လက်သစ်ဝါဒပေါ်ထွက်လာမှု၊ ပုဂ္ဂလိကပိုင်ပြုခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် Washington Consensus ၏ ဩဇာအာဏာတို့အပါအဝင် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာအများအပြားကို ရင်ဆိုင်ကိုင်တွယ်ခဲ့သည်။ ဖွံ့ဖြိုးပိုင်ခွင့်ကို လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးမှုတို့သည် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီဖြစ်သင့်ပြီး အပြန်အလှန် အားဖြည့်ပံ့ပိုးရမည်ဟု ကြေညာခဲ့သော Vienna Declaration and Programme of Action က အသိအမှတ်ပြုခဲ့သည်။ ထောင်စုနှစ်သစ် ရည်မှန်းချက်များအပါအဝင် အခြားသော တိုးတက်မှုများလည်း ရှိခဲ့သည်။

လူသားလုံခြုံမှုနှင့် စွမ်းဆောင်နိုင်မှု

၁၉၉၄ ခုနှစ် UNDP ၏ လူသားဖွံ့ဖြိုးတိုးတက်မှုအစီရင်ခံစာက လူသားလုံခြုံရေးနှင့်တကွ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားလုံခြုံရေးတို့ မည်သို့ဆက်စပ်နေကြသည်ကို မိတ်ဆက်ပေးခဲ့သည်။ လုံခြုံမှုဆိုရာတွင် တိုင်းပြည်လုံခြုံမှုမဟုတ်ဘဲ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်စီ၏ လုံခြုံမှုကို အာရုံစိုက်ရမည်ဟု လူသားလုံခြုံမှုအရ ယူဆသည်။ ဖွံ့ဖြိုးမှုသည်လည်း လူသားလုံခြုံရေးအပေါ် လေးစားမှုရှိရမည်ဖြစ်သည်။ ဖွံ့ဖြိုးမှုအကြောင်း စဉ်းစားသည့် အခြားနည်းလမ်းများတွင် လွတ်လပ်ခွင့်သည် ရည်မှန်းချက်ဟူသည့် အမတြာဆင်း၏အမြင်နှင့် နု(စ်)ဘွမ်တို့၏ စွမ်းဆောင်နိုင်စွမ်းအရ ချဉ်းကပ်မှုတို့ ပါဝင်သည်။

လူ့အခွင့်အရေးအခြေပြု ချဉ်းကပ်မှုများ (Human Rights-Based Approach -RBA)

RBA သည် တစ်သီးပုဂ္ဂလလူပုဂ္ဂိုလ်များအနေဖြင့် ဖွံ့ဖြိုးမှုဖြစ်စဉ်အတွင်း ၎င်းတို့၏ အခွင့်အရေးများကို မည်ကဲ့သို့ထိန်းသိမ်းသည်ကို အကဲဖြတ်သုံးသပ်သည်။ RBA သည် ဖွံ့ဖြိုးရေးတွင် အဓိကဩဇာလွှမ်းမိုးသောသီအိုရီတစ်ရပ် ဖြစ်လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အဖွဲ့အစည်းများက လူ့အခွင့်အရေးကို ဖွံ့ဖြိုးမှု၏အဓိကမဏ္ဍိုင်အဖြစ် ရှုမြင်လာပြီး ဖွံ့ဖြိုးမှုဖော်ဆောင်စဉ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို တုံ့ပြန်ဆောင်ရွက်ရန် လိုအပ်သည်ဟုလည်း လက်ခံယူဆလာကြ၍ဖြစ်သည်။ RBA သည် ချဉ်းကပ်မှုနည်းလမ်းတစ်ရပ်ဖြစ်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တစ်ရပ်ကိုပုံဖော်ကြည့်ရန် သို့မဟုတ် မည်ကဲ့သို့ဆောင်ရွက်သင့်သည်ကို နားလည်ရန်အတွက် အကူအညီတစ်ရပ်အဖြစ် အသုံးချနိုင်သည်။ RBA ၏ ဘုံအစိတ်အပိုင်းများတွင် ဖွံ့ဖြိုးမှု ဖော်ဆောင်စဉ်ကာလအတွင်း မည်သည့်လူ့အခွင့်အရေး ချိုးဖောက်မှုမျှမရှိစေရေးဟူသည့် ရည်မှန်းချက်နှင့် ဖွံ့ဖြိုးရေး၏ရည်ရွယ်ချက်သည် ပြည်သူများ၏အခွင့်အရေးများ တိုးတက်ကောင်းမွန်ရေးဖြစ်ရမည် ဟူသည့်အချက်တို့ ပါဝင်သည်။ RBA သည် ပေးကမ်းစွန့်ကြဲခြင်းနှင့် လိုအပ်ချက်အခြေပြုချဉ်းကပ်မှုတို့နှင့် ကွာခြားသည်။ ဖွံ့ဖြိုးမှုသည် ပူးပေါင်းပါဝင်ခွင့်၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ခွဲခြားဆက်ဆံခြင်း မရှိမှုတို့ ဖြစ်ထွန်းစေသင့်သည်ဟု ယူဆသည်။ ဖွံ့ဖြိုးမှုသည် အချို့သူများကို ဩဇာအာဏာပိုရှိလာစေပြီး အချို့သူများကိုမူ ဩဇာအာဏာကင်းမဲ့သွားစေသည့် ဩဇာအာဏာပိုင်းဆိုင်ရာ အဆက်အစပ်ကို ဖြစ်ပေါ်စေကြောင်းကိုလည်း RBA က အသိအမှတ်ပြုလက်ခံသည်။ သို့ရာတွင် မညီမျှမှုနှင့် ဩဇာအာဏာလက်လွတ်ရမှုတို့၏အကျိုးဆက်များကို RBA နည်းလမ်းများဖြင့် ဖြေရှင်းနိုင်သည်။

ခ။ စာမေးပွဲ သို့မဟုတ် အက်ဆေးမေးခွန်းများ

- ဆည်များ၊ အဝေးပြေးလမ်းမများနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများကဲ့သို့သော ကြီးမား သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးမှုသည် မည်သူများအပေါ် သက်ရောက်မှုရှိသနည်း။ သင့်နိုင်ငံအတွင်းမှ အဓိကအခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုတစ်ခုကို သုံးသပ်လေ့လာပြီး မည်သည့်အဖွဲ့များအပေါ် သက်ရောက်မှုရှိသည်၊ သက်ရောက်ခံရသည့်အဖွဲ့များကို မည်ကဲ့သို့ လျော်ကြေးပေးသည်တို့ကို ဆုံးဖြတ်ပါ။
- ဘက်မလိုက်လှုပ်ရှားမှုတွင် သင့်နိုင်ငံက မည်သည့်ကဏ္ဍမှ ပါဝင်ခဲ့သနည်း။ သင်၏ နိုင်ငံသည် ဖွံ့ဖြိုးပိုင်ခွင့်နှင့် စပ်လျဉ်းပြီး ဆွေးနွေးငြင်းခုံရာတွင် တက်တက်ကြွကြွ ပါဝင်ခဲ့ပါသလား။ ပါဝင်ခဲ့ပါက မည်သည်တို့လုပ်ဆောင်ခဲ့ပါသနည်း။ မပါဝင်ခဲ့ဘူးဆိုပါက မည်သည့်အကြောင်း ကြောင့်နည်း။
- ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်က နိုင်ငံတစ်နိုင်ငံကို ကောင်းသည့်အကျိုးဆက်များရော၊ မကောင်းသည့်အကျိုးဆက်များပါ အများအပြား ဖြစ်ပေါ်စေခဲ့သည်။ ဂလိုဘယ်လိုက်ဇေးရှင်း ကြောင့်ဖြစ်ပေါ်သော ကောင်းမွန်သည့်အကျိုးဆက် ၃ ခုနှင့် အနုတ်လက္ခဏာဆောင်သည့် အကျိုးဆက် ၃ ခုတို့မှာ မည်သည်တို့ဖြစ်မည်ဟု သင်ထင်မြင်ပါသနည်း။
- စီးပွားရေးအကျပ်အတည်းတစ်ရပ်ကြောင့် သင့်နိုင်ငံတွင် လူ့အခွင့်အရေးအပေါ် မည်သည့် သက်ရောက်မှုများ ဖြစ်ပွားခဲ့သနည်း။ ၁၉၉၇ စီးပွားပျက်ကပ်သည် ကြီးမားသည့် သက် ရောက်မှုတစ်ရပ် ဖြစ်ခဲ့ပါသလား။ သို့မဟုတ် ၂၀၀၈ ခုနှစ်တွင် လောင်စာဆီနှင့် အစားအစာ ဈေးနှုန်းများမြင့်တက်ခဲ့ပါသလား၊ သို့မဟုတ် ပြည်တွင်းစီးပွားရေးအကျပ်အတည်းများ ပေါ် ပေါက်ခဲ့ပါသလား။
- ဖွံ့ဖြိုးတိုးတက်မှုကို ချဉ်းကပ်ရာတွင် ဖွံ့ဖြိုးပိုင်ခွင့်နှင့် ဖွံ့ဖြိုးမှုအခြေပြုချဉ်းကပ်မှုတို့ကြား အဓိကကွာခြားချက်များမှာ မည်သည်တို့ဖြစ်သနည်း။
- ဖွံ့ဖြိုးရေးလုပ်ဆောင်ရာတွင် RBA နှင့်အညီ ဖြစ်စေရန် NGO များအနေဖြင့် မည်သည်တို့ကို လုပ်ဆောင်ရမည်နည်း။
- ဖွံ့ဖြိုးမှုတွင် ပူးပေါင်းပါဝင်ခွင့်ရှိကြောင်း သေချာစေရန် မည်ကဲ့သို့လုပ်ဆောင်ရမည်နည်း။ မည်သူတို့ ပူးပေါင်းခွင့်ရသင့်ပြီး မည်ကဲ့သို့ ပူးပေါင်းပါဝင်ဆောင်ရွက်သင့်သနည်း။
- ဖွံ့ဖြိုးမှုအားလုံးသည် လူ့အဖွဲ့အစည်း၏ အဆင်းရဲဆုံးလူတန်းစားအပေါ်တွင် အာရုံစိုက်သင့် ပါသလား။ သို့မဟုတ် ဖွံ့ဖြိုးရေးလုပ်ဆောင်မှုအားလုံးသည် မညီမျှမှုကို တိုက်ဖျက်ရန် ကြိုးပမ်း သင့်ပါသလား။

Development

Useful websites on development research and reports are:

- United Nations Development Programme (UNDP): *Human Development Report*
- World Bank: World Development Indicators
- United Nations Conference on Trade and Development (UNCTAD): *The Least Developed Countries Report*

There are a range of textbooks on development. Students can search for the following authors who have examined development:

- Amartya Sen
- John Martinussen
- Vandana Shiva
- Paul Collier
- William Easterly
- Arturo Escobar
- Martha Nussbaum
- Joseph Stiglitz
- Dambisa Moyo

Right to Development

The right to development is mainly studied as a part of human rights history.

- Office of the United Nations High Commissioner for Human Rights (OHCHR): a webpage on the right to development can be found at the OHCHR with links to the Task Force and the Working Group on development

Authors who have written about this include:

- Arjun Sengupta
- Brigitte Hamm
- Bonny Ibhawoh

Rights-Based Approach (RBA)

- Many organizations have guides to RBA but a useful starting point is the HRBA Portal for Practitioners at the UN which contains a large list of resources, case studies, and introductions. Alongside the guide are many studies on the use of RBA in practice, which can also be found at the HRBA portal

Many organizations provide their own guides to RBA, including:

- UN Women

- UNICEF Finland
- United Nations Population Fund (UNFPA)
- United Nations Development Programme (UNDP)
- United Nations Educational, Scientific and Cultural Organization (UNESCO): Strategy on Human Rights called The Human Rights-Based Approach and the United Nations System, which gives an excellent history and overview
- IDS Bulletin 36.1 devoted an issue to this topic in 2005

Numerous development organizations have their own guidebooks including:

- Action Aid
- Danish International Development Agency (DANIDA)
- Equitas
- Care
- Save The Children

Little academic work has been done on RBA, although some authors to search include:

- Celestine Nyamu-Musembi
- Andrea Cornwall
- Brigitte Hamm

၁၃

စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေး

စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေးအတွက် ကောင်းသည့်အချက် များစွာ ရှိပါသည်။ စီးပွားရေးလုပ်ငန်းများသည် လူ့အဖွဲ့အစည်းအတွက် မရှိမဖြစ် အရေးကြီး လှသော အလုပ်အကိုင်ဖန်တီးပေးခြင်း ကုန်စည်နှင့်ဝန်ဆောင်မှုများကို ထုတ်လုပ်ပေးခြင်း အစရှိသည်တို့ကို ဆောင်ရွက်ပေးခြင်းဖြင့် အကျိုးပြုသည်။

၁၃.၁ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးမိတ်ဆက်

လူတို့သည် အလုပ်အကိုင်များ ရရှိစေရေးအတွက် အချိန်များစွာ ပေးကြရသည်။ ပညာသင်ယူကြရသည်။ အချို့မှာ ပိုမိုလစာကောင်းသော အလုပ်များရှာဖွေရန် ရေခြားမြေခြားသို့ပင် သွားကြရသည်။ အလုပ်အကိုင်ရရှိသောအခါ ထိုအလုပ်က မိမိတို့အတွက် ဝင်ငွေကိုပေးသည် သာမက မိမိတို့မိသားစုနှင့် ရပ်ရွာအသိုင်းအဝိုင်းကိုလည်း အကျိုးရှိစေသည်။ သို့ရာတွင် စီးပွားရေးလုပ်ငန်းများက လူ့အခွင့်အရေးချိုးဖောက်မှုများလည်း ရှိသည်။ အလုပ်သမားများကို ကောင်းမွန်စွာ ဆက်ဆံခြင်းမရှိသည့်အခါ၊ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့်အခါ၊ အန္တရာယ်ဖြစ်စေသော လုပ်ငန်းများဖြစ်နေသောအခါ၊ အဂတိလိုက်စားသောလုပ်ရပ်များကို ပြုလုပ်နေသောအခါ၊ လူ့အဖွဲ့အစည်းအချို့ကို ဘေးဖယ်ကာ အိုးမဲ့အိမ်မဲ့ဖြစ်စေသော ဖွံ့ဖြိုးရေးစီမံကိန်းကြီးများနှင့် ပတ်သက်ကြသောအခါ၊ စီးပွားရေးလုပ်ငန်းများက လူ့အခွင့်အရေးကို ချိုးဖောက်ကြတော့သည်။ အရွယ်အစားကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ စီးပွားရေးလုပ်ငန်းတို့မှာ လူ့အခွင့်အရေးအပေါ် အကောင်းအဆိုး အကျိုးသက်ရောက်မှုရှိမြဲဖြစ်သည်။

လူ့အခွင့်အရေးဟူသော သဘောတရားအရ လူအများကို နိုင်ငံတော်၏အာဏာဖြင့် မတရားပြုကျင့်ခြင်းကို ကာကွယ်စောင့်ရှောက်မှုပေးသော်လည်း စီးပွားရေးလုပ်ငန်းများ၏ ပါဝါကြောင့် ဖြစ်လာရသည့် မတရားမှုများမှ အကာအကွယ်မပေးနိုင်သေးခြင်းက ယနေ့ကာလ၏ စိန်ခေါ်မှုဖြစ်သည်။ စီးပွားရေးကောင်းလာ၍ လုပ်ငန်းများ ကြီးထွားလာလေ လူ့အခွင့်အရေးအပေါ် အကျိုးသက်ရောက်မှု အကောင်းအဆိုး ကြီးမားလာလေလေ ဖြစ်သည်။ ယခုအခါတွင်မူ တစ်ကမ္ဘာလုံးတွင် စီးပွားရေးလုပ်ငန်းကြီးများက လူ့အခွင့်အရေးအပေါ် တာဝန်ယူမှုနှင့် ပတ်သက်ပြီး ငြင်းခုံနေကြသည်။ စီးပွားရေးလုပ်ငန်းကြီးများသည် အစိုးရကဲ့သို့ တိုင်းသူပြည်သားတို့၏ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိပါသလား။ သို့မဟုတ် ၎င်းတို့၏ ရည်ရွယ်ချက်မှာ အမြတ်ရစေရေးအတွက်သာ ရပ်တည်နေခြင်းဖြစ်ပါသလား။ ရပ်ရွာလူ့အဖွဲ့အစည်းနှင့် အစိုးရသည် စီးပွားရေးလုပ်ငန်းများ လူ့အခွင့်အရေး ချိုးဖောက်ခြင်းမပြုရန် မည်သို့တားဆီးပါမည်နည်း။

သဘောတရားရေးရာ ရှင်းလင်းချက်

စီးပွားရေးလုပ်ငန်းများ

ယခုအခန်းတွင် ငွေကြေးအကျိုးအမြတ်အတွက် လည်ပတ်နေသည့် မည်သည့်အဖွဲ့အစည်းကိုမဆို စီးပွားရေးလုပ်ငန်းများဟု သုံးနှုန်းသည်။ စီးပွားရေးလုပ်ငန်းအမျိုးအစားများစွာရှိသည်။ အချို့ကို ပြည်သူများက ပိုင်ကြသည်။ အချို့ကမူ စတော့စျေးကွက်တွင် ဝင်ရောက် အရောင်းအဝယ်ပြုကြသည်။ စတော့စျေးကွက်တွင် ရှယ်ယာဝယ်ရန် တတ်နိုင်ပါက လုပ်ငန်းတွင် အရင်းအနှီးထည့်ဝင်ထားသူ ဖြစ်လာသည်ဟု ဆိုလိုသည်။ စီးပွားရေးလုပ်ငန်းများသည် လူတစ်ဦးတစ်ယောက်မှစ၍ လူပေါင်းထောင်ချီကာ နိုင်ငံတကာတွင် ဖြန့်ကျက်ခန့်ထားနိုင်သည်အထိဖြစ်သည်။ စီးပွားရေးလုပ်ငန်းများကို ပုံစံအမျိုးမျိုးဖြင့်ခေါ်တွင်ရာ အများဆုံးတွေ့ရသော အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ အောက်ပါတို့ ဖြစ်သည်။

- လုပ်ငန်း၊ ကုမ္ပဏီ၊ အင်တာပရိုက်စ် - ထိုဝေါဟာရများမှာ အမြတ်အစွန်းအတွက် ရပ်တည်နေသော မည်သည့်အဖွဲ့အစည်းကိုမဆို ရည်ညွှန်းသည်။
- ကော်ပိုရေးရှင်း - ကော်ပိုရေးရှင်းကြီးများသည် ဥပဒေအရ မှတ်ပုံတင်ထားပြီး အခြားလုပ်ငန်းများ ရပ်တည်သကဲ့သို့ပင် လုပ်ပိုင်ခွင့်ရော တာဝန်ဝတ္တရားများရှိကြသည်။
- နိုင်ငံဖြတ်ကျော် ကော်ပိုရေးရှင်းကြီးများ (Trans-national corporations TNCs) သို့မဟုတ် နိုင်ငံစုံကော်ပိုရေးရှင်းကြီးများ - နိုင်ငံတစ်ခုထက်ပို၍ ဖြန့်ကျက်ကာ လုပ်ငန်းလည်ပတ်နေပြီး လူပေါင်းထောင်ချီပြီး အလုပ်ခန့်ထားရာ လည်ပတ်နေသော ငွေကြေးပမာဏမှာ အချို့အလယ်အလတ်နိုင်ငံများ၏ မနအင်အားနှင့်ညီသည်။

အရှေ့တောင်အာရှနိုင်ငံများက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်လေ့ရှိကြသည်။ ရံဖန်ရံခါတွင် ထိုနိုင်ငံများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံလာသည့် ကုမ္ပဏီများကြား ဆက်ဆံရေးတွင် နည်းမှန်လမ်းမှန်မဟုတ်ဘဲ ခေါင်းပုံဖြတ်ခံရသည့်ပုံစံလည်း ရှိတတ်သည်။ လွတ်လပ်ရေးမရမီ ကိုလိုနီခေတ်တွင် အနောက်နိုင်ငံကုမ္ပဏီများက အရှေ့တောင်အာရှနိုင်ငံများမှ သယံဇာတများကို ထုတ်ယူသွားသကဲ့သို့ပင် ဖြစ်သည်။ လွန်ခဲ့သော ဆယ်စုနှစ်များတွင် စီးပွားရေးလုပ်ငန်းများက နိုင်ငံဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုခဲ့ရာ အရှေ့တောင်အာရှရှိ အချမ်းသာဆုံးနိုင်ငံများမှာ စီးပွားရေးကောင်းသော နိုင်ငံများဖြစ်ကြသည်။ တစ်ဖက်တွင်လည်း ဒေသတွင်း နိုင်ငံအတော်များများမှာ စီးပွားရေးလုပ်ငန်းများ၏ လူအခွင့်အရေး ချိုးဖောက်မှုကို ခံနေကြရသည်။ လူအခွင့်အရေးကိုကာကွယ်ရန် အစိုးရများ၏လုပ်ရပ်မှာ အားရဖွယ်မရှိပေ။

ဤအခန်းတွင် စီးပွားရေးလုပ်ငန်းနှင့် လူအခွင့်အရေးနယ်ပယ်တွင်ရှိသော စိန်ခေါ်မှုများကိုဆွေးနွေးပြီး စီးပွားရေးလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသော လူအခွင့်အရေးဆိုင်ရာ ကောင်းကျိုး ဆိုးကျိုးများကို ဆန်းစစ်သွားမည်ဖြစ်သည်။ အလုပ်သမားတစ်ယောက်၏ လူနေမှုဘဝတိုးတက်အောင်မပြုလျှင်ဖြစ်စေ၊ အလုပ်သမားတို့က လုပ်ခလစာ လုံလောက်အောင် မရလျှင်ဖြစ်စေ၊ လုပ်ခနှင့်လုပ်ငန်းခွင်အခြေအနေမှာ ခေါင်းပုံဖြတ်သောအခြေအနေဟု ဆိုနိုင်သည်။ အကယ်၍ စီးပွားရေးလုပ်ငန်းတစ်ခုက လူအခွင့်အရေးကို ချိုးဖောက်ခဲ့လျှင် သို့မဟုတ် လူအခွင့်အရေးကို ဆုတ်ယုတ်စေနိုင်လျှင် နောက်တစ်ဆင့်တွင်ရှိသော အခက်အခဲမှာ ထိုကုမ္ပဏီများကို တာဝန်ခံအောင်လုပ်ရခြင်း ဖြစ်သည်။ လက်ရှိတွင် စီးပွားရေးသမားများအနေဖြင့် လူအခွင့်အရေးကို ကာကွယ်ပေးရန် တာဝန်ရှိ၊ မရှိ ဆိုသည်မှာ အငြင်းပွားဆဲဖြစ်သည်။ ယခုအခန်းတွင် ဦးစွာ စီးပွားရေးလုပ်ငန်းများ၏ တာဝန်ခံမှုအခြေအနေကို ဆွေးနွေးပါမည်။ ထို့နောက် စီးပွားရေးလုပ်ငန်းများ တာဝန်ခံမှုရှိလာအောင် ကြိုးစားနေကြသော အဖွဲ့အစည်းများကို ရှင်းပြပါမည်။ နောက်ဆုံးတွင် စီးပွားရေးလုပ်ငန်းများ၏ လူအခွင့်အရေးချိုးဖောက်မှုကို အရှေ့တောင်အာရှဒေသတွင် မည်သို့ အရေးယူဆောင်ရွက်ကြသည်ကို သုံးသပ်ပြပါမည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

စီးပွားရေးလုပ်ငန်းများအတွက် တာဝန်ဝတ္တရား

စီးပွားရေး အင်တာပရိုက်စ်များ ထမ်းဆောင်သင့်သော လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများ အတိအကျမှာ မည်သည်တို့ ဖြစ်ကြသနည်း။ စီးပွားရေးလုပ်ငန်းကြီးများသည် နိုင်ငံများမဟုတ်ကြပါ။ အဆိုပါလုပ်ငန်းတို့အနေဖြင့် လူ့အခွင့်အရေးစာချုပ်များတွင် ပါဝင်လက်မှတ်ရေးထိုးရန်၊ ကတိကဝတ်ပြုရန် မဖြစ်နိုင်ပေ။ လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ်(၂၉)နှင့် (၃၀)အရ လူ့အခွင့်အရေးကိုချိုးဖောက်ခြင်းအား မည်သည့်နိုင်ငံ၊ မည်သည့်အုပ်စု၊ မည်သည့်လူပုဂ္ဂိုလ်ကမှ မပြုလုပ်ရဟု ရှင်းလင်းဖော်ပြထားရာ စီးပွားရေးလုပ်ငန်းများသည်လည်း အကျုံးဝင်သည်ဟု ယူဆရပါသည်။ သို့သော် လက်တွေ့တွင် စီးပွားရေးလုပ်ငန်းများအနေဖြင့် လူ့အခွင့်အရေးကို မည်သို့ ထိန်းသိမ်းမြှင့်တင်မည်နည်း။

ဆွေးနွေးချက်များ

- အကယ်၍ ဆိုရှယ်မီဒီယာပေါ်တွင် လည်ပတ်နေသော စီးပွားရေးလုပ်ငန်းတစ်ခု၏ စာမျက်နှာပေါ်တွင် သင်၏လွတ်လပ်စွာပြောဆိုခွင့်၊ ထုတ်ဖော်ဆွေးနွေးခွင့်ကို ထိုလုပ်ငန်းက ပိတ်ပင်မည်ဆိုလျှင် ယင်းတို့သည် သင်၏လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်ကို ချိုးဖောက်ရာကျပါသလား။ အခြားတစ်ဖက်မှ စဉ်းစားလျှင်မူ ထိုဝက်ဘ်ဆိုက်စာမျက်နှာက သင့်ကိုလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို မပျက်မကွက် ပေးအပ်ရန် တာဝန်ရှိပါသလား။
- အကယ်၍ ဆာလောင်နေသော အိမ်ခြေယာမဲ့တစ်ဦးက စားသောက်ဆိုင်တစ်ခုတွင်းသို့ ဝင်ကာ အစားအသောက်တောင်းရမ်းသော် ထိုစားသောက်ဆိုင်က ၎င်းအတွက် ကျွေးမွေးရန် တာဝန်ရှိပါသလား။ လူတစ်ဦးသည် အစားအသောက်ကို ရနိုင်ခွင့်မှာ လူ့အခွင့်အရေးဖြစ်ရာ ငတ်မွတ်ရန်လည်း မသင့်ပါ။ သို့သော် ထိုစားသောက်ဆိုင်က ဆာလောင်နေသူကို စားစရာပေးရန် တာဝန်ရှိသည်ဟု ယူဆနိုင်ပါသလား။
- အကယ်၍ အိမ်ယာများစွာအတွက် ကုမ္ပဏီတစ်ခုက သောက်သုံးရေ ဖြန့်ဝေပေးနေသည်ဆိုပါစို့။ ရေဖိုး လစဉ်ကြေး မပေးနိုင်သောအခါ ရေကို ဖြတ်ပစ်လိုက်သည်။ ထိုအခါ လူသားတို့၏ သောက်သုံးရေရရှိပိုင်ခွင့်နှင့် လူ့အခွင့်အရေးကိုချိုးဖောက်ခြင်း မည်ပါသလား။ ကုမ္ပဏီအနေနှင့် ဖောက်သည်များက လစဉ်ကြေး မပေးသွင်းသော်လည်း ရေကို ဆက်လက်ဖွင့်ပေးထားရန် တာဝန်ရှိပါသလား။

စီးပွားရေးလုပ်ငန်းများအနေဖြင့် လူ့အခွင့်အရေး မထိပါးရေးအတွက် နိုင်ငံတော်အနေဖြင့် ကာကွယ်ပေးရန် တာဝန်ရှိသော်လည်း ထိုသို့ဆောင်ရွက်ရသည်မှာ လွယ်ကူသည်တော့မဟုတ်ပေ။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လူ့အခွင့်အရေးကို လေးစားအောင် မည်သို့ပြုမည်နည်း။ နိုင်ငံတစ်ခု၏ အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းများက ချမှတ်ထားသောဥပဒေကို လေးစားအောင် လုပ်ရန် မခက်လောက်ဟု ထင်မြင်ယူဆဖွယ်ရှိ၏။ သို့သော် ကုမ္ပဏီများအနေဖြင့်မူ စီးပွားရေးလုပ်ငန်းတို့၏ သဘောသဘာဝအလျောက် အကျိုးအမြတ်အရ သူတို့အဖို့ နစ်နာသည်ဟူ၍မရှိ၊ လူ့အခွင့်အရေးကို ချိုးဖောက်နေနိုင်ကြတော့သည်။ အကယ်၍ထိုစီးပွားရေးလုပ်ငန်းမှာ

ကော်ပိုရေးရှင်းကြီးတစ်ခုအဖြစ် မှတ်ပုံတင်ထားလျှင် အပြစ်အတွက် အရေးယူခံရနိုင်ဖွယ် အလားအလာများကို ပို၍ပင်ကန့်သတ်နိုင်သည့် ပါဝါရှိသွားတော့သည်။ စီးပွားရေးလုပ်ငန်းစုကို နာမည်ခံလျက် တစ်စုံတစ်ယောက်က လူ့အခွင့်အရေးချိုးဖောက်နေသော် ထိုပုဂ္ဂိုလ်ကိုအရေးယူရန် မလွယ်တော့ပေ။ ထို့ပြင် စီးပွားရေးလုပ်ငန်းကြီးများမှာ ဓနအင်အား အလွန်တောင့်တင်းခိုင်မာပြီး အစိုးရအရာရှိများကိုပင် လာဘ်ပေးခြင်းဖြင့် သြဇာတည်နေအောင် လုပ်ထားနိုင်သည်။ အထူးသဖြင့် နိုင်ငံစုံကော်ပိုရေးရှင်းကြီးများအပါအဝင် အချို့သောလုပ်ငန်းကြီးများသည် တစ်နေရာတွင် မိမိပြုထားသောအမှုအတွက် အရေးယူမခံရဘဲ နိုင်ငံဖြတ်ကျော် လွတ်မြောက်သွားနိုင်အောင်လည်း စီမံထားလေ့ရှိသည်။ စီးပွားရေးလုပ်ငန်းကြီးများသည် တရားဥပဒေအရ ၎င်းတို့အား အရေးယူခြင်းမပြုနိုင်သည့် ပြည်ပနေရာတစ်ခုတွင် အခြေစိုက်ပြီး ထိုမှတစ်ဆင့် ပြည်တွင်းသို့လှမ်း၍ စီမံခန့်ခွဲခြင်းမျိုးလည်းရှိရာ အမှုအခင်းဖြစ်ခဲ့သော် ၎င်းတို့ကိုစီရင်ခွင့်ရှိသော တရားရုံးမှာ ပြည်တွင်းမှာ မရှိသဖြင့် ဥပဒေဘောင်အတွင်းမှ တရားမစွဲနိုင်ပေ။ ကုမ္ပဏီများသည် မိမိတို့၏ ကုန်ထုတ်လုပ်ငန်းများကို နိုင်ငံခြားလုပ်သားသုံးနိုင်မည့်နေရာများသို့ ဖြန့်ခွဲထားလိုက်ပြီး ထိုနေရာတွင် ဖြစ်ပေါ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် မဆိုင်သလိုနေနိုင်ကြသည်။ ထိုနည်းတူစွာပင် နိုင်ငံတစ်ခုအတွင်းမှရသော အမြတ်အစွန်းများကိုလည်း ထိုနိုင်ငံပြင်ပသို့ ယူထုတ်နိုင်ရန် စွမ်းဆောင်နိုင်ကြသည်။ ထိုလည်ပတ်မှုကို ဓနအင်အားရွှေ့လျားနေခြင်းဟု ခေါ်ဆိုနိုင်ပြီး ကုမ္ပဏီများအနေဖြင့် မိမိတို့အတွက် အကျိုးအမြတ်အများဆုံးရှိမည့် နိုင်ငံသို့သာ ငွေပင်ငွေရင်းများကို ရွှေ့ပြောင်းနေကြရန် အားပေးသည့်စနစ်လည်း ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ၎င်းတို့သည် အစိုးရများ၊ အလုပ်သမားများနှင့် ဆက်ဆံရာတွင် အပေါ်စီးအနေအထားကို ရကြသည်။ မိမိတို့အမြတ်ကို မြင့်နိုင်သမျှမြင့်တက်စေရန် ကုမ္ပဏီများသည် လုပ်ခလစာစရိတ် အနည်းဆုံးနှင့် ဥပဒေရေးရာအရ ကုမ္ပဏီများဘက်သို့ မျက်နှာသာအပေးဆုံးနိုင်ငံသို့သာ ရွှေ့ပြောင်းလေ့ရှိကြရာ ထိုအခြေအနေကို (race to the bottom) အနိမ့်ဆုံးအလွှာသို့ အရောက်ပြေးခြင်း ဟု ခေါ်တွင်ကြသည်။ သို့ရာတွင် ယခုအခန်း၌ အသေးစိတ်ဖော်ပြထားသည့်အတိုင်း အစိုးရများနှင့်အလုပ်သမားများမှာ စီးပွားရေးသမားများ ပြုသမျှ နုရမည့်အဖြစ်မျိုး မရောက်စေရန် စီးပွားရေးလုပ်ငန်းတို့ တာဝန်ခံအောင် လုပ်နိုင်သောနည်းလမ်းများလည်း ရှိပါသေးသည်။ အချို့သော စီးပွားရေးကုမ္ပဏီများမှာ လူ့အခွင့်အရေးကို အရေးမစိုက်သူများ ဖြစ်နေခဲ့လျှင်ပင် ၎င်းတို့အနေဖြင့် မဖြစ်မနေ လိုက်နာရမည့် စည်းကမ်းများနှင့်ဥပဒေများ ရှိပါသည်။ ယေဘုယျအားဖြင့် စီးပွားရေးလုပ်ငန်းများသည် မိမိတို့မှာ တာဝန်မဲ့သူများမဟုတ်ဟူသော ပုံရိပ်ကို တည်ဆောက်လာကြသည်ကိုတွေ့ရသော်လည်း အလုပ်သမားတို့၏ အခွင့်အရေးများ အပြည့်အဝရရှိစေရေးမှာ အားထုတ်မှု အတော်အတန်လိုပါသေးသည်။ ယခုအခန်းမှာ လူ့အခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်းများကြား အပြန်အလှန် သက်ရောက်မှုများကို ဆွေးနွေးထားပြီး စီးပွားရေးလုပ်ငန်းများ၏တာဝန်ခံမှု တိုးတက်လာအောင် ဆောင်ရွက်သင့်သည့်စနစ်များကိုလည်း လေ့လာနိုင်ကြမည်ဖြစ်သည်။

အရင်းအနှီးများ စီးပွားရွှေ့လျားခြင်း
Capital Mobility

အရင်းအနှီးများ စီးပွားရွှေ့လျားခြင်းဟုဆိုရာဝယ် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လုပ်ငန်းများကို နိုင်ငံတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့သွားရန် တတ်နိုင်သည့် အခြေအနေကိုဆိုလိုသည်။ စီးပွားရွှေ့လျားနေသော အရင်းအနှီးများမှာ စည်းကမ်းထုတ်ပြန်ကွပ်ကဲရန် ခက်ခဲလေ့ရှိပြီး ထိုသို့ရွှေ့လျားနေသော ကုမ္ပဏီများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အပြစ်နှင့် ထိုက်တန်သော အရေးယူမှုကို ဆောင်ရွက်ရန် မလွယ်ကူပါ။

အနိမ့်ဆုံးအလွှာသို့ အရောက်ပြေးခြင်း
Race to the Bottom

အမြတ်အစွန်းကို များနိုင်သမျှ များများရစေရန် လုပ်ခ၊ အလုပ်သမား၁ အနည်းဆုံးနှင့် ရင်းနှီးမြှုပ်နှံသူများအား စည်းကမ်းထိန်းသိမ်းမှု အလျော့ရဲဆုံးနိုင်ငံတွင်သာ လုပ်ငန်းလည်ပတ်ရန် စီးပွားရေးလုပ်ငန်းများက ကြိုးစားကြသောဖြစ်စဉ်ကို (Race to the Bottom) ဟု ရည်ညွှန်းသည်။ ထိုအချက်က ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လာရောက်စေရန်အနေဖြင့် မိမိနိုင်ငံသားများအတွက် လုပ်ခလစာကို နှိမ့်ချပစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိအောင်ထားရသည့် စည်းကမ်းများ မတင်းနိုင်ဘဲ လျော့ပစ်ရသည့် အခြေအနေသို့ ရောက်သွားစေရန် ဖိအားပေးလေ့ရှိသည်။

၁၃.၂ အလုပ်သမားအခွင့်အရေးမှာ လူ့အခွင့်အရေး

အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) သည် အလုပ်သမားတို့၏ အခွင့်အရေး အတွက် အရေးပါသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် ILO ကို ဖွဲ့စည်းခဲ့သည်မှာ နှစ်ပေါင်းတစ်ရာပြည့်တော့မည်ဖြစ်ရာ ILO ၏ အခန်းကဏ္ဍမှာ အလုပ်သမားအခွင့်အရေးနှင့် လူ့အခွင့်အရေးတို့အတွက် မည်မျှအရေးပါလာသည်ကို ပြန်ပြောင်းလေ့လာသင့်ကြသည်။ ILO ကို ပထမကမ္ဘာစစ်ကို အဆုံးသတ်စေခဲ့သော ဗာဆိုင်းစာချုပ်ပါ အချက်အရ ဖွဲ့စည်းခဲ့သည်။ ပဲရစ်ငြိမ်းချမ်းရေးကွန်ဖရင့်ကာလအတွင်း စစ်နိုင်မဟာမိတ်နိုင်ငံများက နိုင်ငံပေါင်းချုပ်အသင်းကြီး ဖွဲ့စည်းသည်နှင့်အတူ အလုပ်သမားတို့၏အခွင့်အရေးကို အကာအကွယ်ပေးရန်နှင့် မြှင့်တင်ပေးရန် အလုပ်သမားအဖွဲ့အစည်းတစ်ခုအနေဖြင့် ILO ကို ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ကြသည်။ ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေး၊ အရှည်တည်တံ့သော ငြိမ်းချမ်းရေး ဟူသည်မှာ လူမှုဘဝ တရားမျှတမှုကို မြှင့်တင်ပေးနိုင်ပြီး အလုပ်သမားတို့၏ဘဝကို ခေါင်းပုံဖြတ်ခံရခြင်းမှ အကာအကွယ်ပေးနိုင်မှသာ ဖြစ်နိုင်မည်ဟု ငြိမ်းချမ်းရေးကွန်ဖရင့်ကို တက်ရောက်လာကြသူများက ယူဆခဲ့ကြသည်။ ကမ္ဘာတစ်ဝန်းလုံးရှိ အလုပ်သမားများဖိနှိပ်ခံခဲ့ရခြင်းက ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့ရသည့် အခြေခံအကြောင်းရင်းများအနက် တစ်ခုဖြစ်သည်ဟု ယုံကြည်ခဲ့ကြသောကြောင့်လည်း ဖြစ်သည်။ ၁၉၂၀ ILO ဖွဲ့စည်းပုံ အခြေခံဥပဒေ၏အဖွင့်တွင် အောက်ပါအတိုင်း ရေးသားထားသည်။

> လုပ်ငန်းခွင်တွင် မတရားမှုများ၊ ပင်ပန်းဆင်းရဲလွန်းခြင်းများ၊ စားဝတ်နေရေး ကျပ်တည်းလွန်းခြင်းများကို လူအစုလိုက်အပြုံလိုက် ခံစားနေကြရပြီဆိုလျှင် မငြိမ်မသက်မှုများ ကြီးထွားလာကာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လူမှုဘဝသဟဇာတဖြစ်မှုများ ပြိုကွဲလာတော့သည်။ ဤအခြေအနေများကိုကောင်းမွန်အောင်ပြုပြင်ရန် လက်ငင်းလိုအပ်ပေပြီ။ (ILO ၏ စကားချီး)

မှတ်သားဖွယ်ရာ

အလုပ်သမားအခွင့်အရေးကို ခြုံငုံသုံးသပ်ခြင်း

အလုပ်သမားအခွင့်အရေးဟူသောစကားလုံးကို လူ့အခွင့်အရေးစာချုပ်များစွာတွင် တွေ့နိုင်သည်။ ILO ၏ သဘောတူစာချုပ်များစွာတွင်လည်း ပါရှိသည်။ အလုပ်သမားတို့၏ အခွင့်အရေးမှန်သမျှကို ဤနေရာတွင် တန်းစီရေးချရန် ရှည်လျားလွန်းပါလိမ့်မည်။ အချို့သော အရေးကြီးသည့် အလုပ်သမားအခွင့်အရေးများကိုသာ ထည့်သွင်းဖော်ပြလိုက်သည်။

- အလုပ်လုပ်ခွင့် (UDHR အပိုဒ် ၂၃၊ ICESCR အပိုဒ် ၆)
- အလုပ်အကိုင်ရွေးချယ်ခွင့် (UDHR အပိုဒ် ၂၃၊ ICESCR အပိုဒ် ၆)
- တရားမျှတမှုရှိပြီး အဆင်ပြေသော လုပ်ငန်းခွင်ဖြစ်ခြင်း (UDHR အပိုဒ် ၂၃၊ ICESCR အပိုဒ် ၇)
- တူညီသော လုပ်အားအတွက် တူညီသော လစာရခွင့် (UDHR အပိုဒ် ၂၃၊ ICESCR အပိုဒ် ၇)

- နေထိုင်ရှင်သန်နိုင်ရန်လုံလောက်သောလစာရရှိခွင့် (UDHR အပိုဒ် ၂၃၊ ICESCR အပိုဒ် ၇)
- အလုပ်သမားသမဂ္ဂများတည်ထောင်ခွင့်နှင့် သမဂ္ဂများတွင်ပါဝင်ခွင့် (UDHR အပိုဒ် ၂၃၊ ICESCR အပိုဒ် ၈)
- သတ်မှတ်ထားသောအလုပ်ချိန်နှင့် အားလပ်ရက်များတွင်လစာခံစားခွင့် (UDHR အပိုဒ် ၂၄၊ ICESCR အပိုဒ် ၇)

အခြား ရသင့်ရထိုက်သော အခွင့်အရေးများ

- မီးဖွားခွင့်
- အနည်းဆုံး ကြမ်းခင်းလုပ်လစာ သတ်မှတ်ချက်
- အလုပ်တွင် ရာထူးတိုးမြှင့်နိုင်ရေး တန်းတူညီတူ အခွင့်ရှိခြင်း
- အမျိုးသားနှင့် အမျိုးသမီးတို့ တန်းတူ အလုပ်လုပ်ခွင့်

ILO ၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မူ လူ့အခွင့်အရေးဟူသောစကားရပ်ကို ရှာတွေ့နိုင်မည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းမပေါ်မီ ဆယ်စုနှစ်အနည်းငယ်ခန့်စောပြီး ပေါ်ပေါက်ခဲ့သောကြောင့် ဖြစ်သည်။ လူ့အခွင့်အရေးဟူသော ဝေါဟာရကို အစောဆုံးတွေ့ရှိနိုင်သည့် ကြေညာချက်မှာ ၁၉၄၄ ဖီလာဒဲလ်ဖီးယား သဘောတူညီချက်ဖြစ်ပြီး ထိုကြေညာချက်ကို ILO ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ နောက်ဆက်တွဲအဖြစ်ထည့်သွင်းထားသည်။ ထိုသဘောတူညီချက်က အလုပ်သမားအခွင့်အရေးကို လူ့အခွင့်အရေးနှင့် အောက်ပါအတိုင်း ထပ်တူပြုထားသည်။ "လူသားတိုင်းတွင် လွတ်လပ်ခြင်းနှင့် ဂုဏ်သိက္ခာဖြင့် နေထိုင်ခွင့် ရှိရမည်"။ သို့ရာတွင် ILO အနေဖြင့် ဒုတိယကမ္ဘာစစ်ပြီးသည့် နောက်ပိုင်း၌ လူ့အခွင့်အရေးများကို အလုပ်သမားအခွင့်အရေးများအဖြစ် ထည့်သွင်းသတ်မှတ်ခဲ့သည်။ ကုလသမဂ္ဂ၏ အလုပ်သမားရေးရာ အထူးအဖွဲ့အစည်းဖြစ်လာသော ILO မှာ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် တက်ညီလက်ညီ ရှိခဲ့သည်။ ILO ၏လက်ရှိ လုပ်ငန်းမူဘောင်တွင်လည်း အလုပ်သမားအခွင့်အရေးကို ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

> ILO ၏အဓိကရည်ရွယ်ချက်မှာ လုပ်ငန်းခွင်အတွင်း လူ့အခွင့်အရေးရှိစေရန်၊ သင့်တင့်သော အလုပ်အကိုင်အခွင့်အလမ်းများကို မြှင့်တင်အားပေးရန်၊ လူမှုဘဝအကာအကွယ်များ တိုးတက်လာစေရန်နှင့် အလုပ်သမားရေးရာတို့နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးအဖြေရှာသည့်ဓလေ့ အားကောင်းလာစေရန်တို့ ဖြစ်ကြသည်။

သို့ဖြစ်ရာ အလုပ်သမားတို့အတွက် ဂုဏ်ရှိသောအလုပ်ဖြစ်ရေး၊ သင့်တင့်သော လစာရရှိရေး၊ အလုပ်သမားအသင်းဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းနိုင်ရေးနှင့် အလုပ်သမားရေးရာများအား လွတ်လပ်စွာ စေ့စပ်ညှိနှိုင်းခွင့်ရှိရေး အစရှိသည်တို့မှာ လူ့အခွင့်အရေးများ ထွန်းကားလာရေးအတွက် အရေးကြီးပေသည်။ နှစ်များကြာမြင့်လာသည်နှင့်အမျှ ILO ၏ လူ့အခွင့်အရေးကို

ထောက်ခံအားပေးမှုများ ပို၍အားကောင်းလာခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ILO က ကုလသမဂ္ဂတွင် လူ့အခွင့်အရေးနှင့် မိမိတို့လုပ်ငန်းများ မည်သို့ဆက်စပ်ကြသည်ကို အောက်ပါအတိုင်း ရှင်းလင်း ဖော်ပြခဲ့သည်။

> ILO ၏ အစဉ်အဆက် ရပ်တည်ချက်များအတိုင်းပင် အလုပ်သမားအခွင့်အရေးများ ရှိလာအောင် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းမှာ လူ့အခွင့်အရေးကို ရစေခြင်းပင် ဖြစ်သည်ဟု ယူဆသည်။ ILO အနေဖြင့် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ စာချုပ် အဖွဲ့များကို လိုက်လဲစွာ အားပေးထောက်ခံသလိုနှင့် ၎င်းတို့၏ နိုင်ငံတကာလူ့အခွင့်အရေး ပြန့်ပွားရေး၊ ကာကွယ်ပေးရေးဆောင်ရွက်မှုများ၏ အရေးပါပုံကို လိုက်လဲစွာ အားပေး အသိ အမှတ်ပြုပါသည်။ ILO အတွက်မူ နိုင်ငံတကာအလုပ်သမားရေးရာ စံနှုန်းများသည် ပိုမို ကျယ်ပြောသော လူ့အခွင့်အရေးဆိုသည့် မူဘောင်များထဲတွင် အကျုံးဝင်သည်ဟု ယူဆထား ပါသည်။ နှစ်ပေါင်းတစ်ရာ နီးပါးပင် ILO သည် ထိုလူ့အခွင့်အရေးတစ်ရပ်ဖြစ်သော အလုပ် သမားအခွင့်အရေးအတွက် တစ်ကမ္ဘာလုံးမှ သက်ဆိုင်ရာဌာနများနှင့် အပြန်အလှန် လက်တွဲ ဆောင်ရွက်ခဲ့ပါသည်။

သုံးပွင့်ဆိုင် ဖြေရှင်းနည်းစနစ်

အစိုးရ၊ လုပ်ငန်းရှင်နှင့် အလုပ်သမားတို့ သုံးဦးသုံးဖလှယ် မျက်နှာစုံညီ တွေ့ဆုံဖြေရှင်းနိုင်ရန် စီစဉ်ထားသော ILO ၏စနစ်ကို ဆိုလိုသည်။

အလုပ်ရှင်ဘက်မှ ကိုယ်စားလှယ်၊ အလုပ်သမားများဘက်မှ ကိုယ်စားလှယ်၊ အစိုးရဘက်မှ ကိုယ်စားလှယ်များပါဝင်သော သုံးပွင့်ဆိုင်ဖြေရှင်းနည်းစနစ် ILO တွင် ရှိသည်။ ထိုသုံးဘက်သုံးတန်မှ ကိုယ်စားလှယ်များ မျက်နှာစုံညီ ဆွေးနွေးအဖြေရှာသော စနစ်ကိုဆိုလိုသည်။ သုံးဘက်သုံးတန် စလုံးတွင် ဆိုင်ရာဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ ရှိကြသည်။ အစိုးရ၏လုပ်ငန်းမှာ စည်းကမ်းကြပ်မတ်သူ၏နေရာဖြစ်ပြီး အလုပ်သမားဥပဒေများ အသက်ဝင်အောင် ဆောင်ရွက် ခြင်း လိုအပ်သည်။ အစိုးရကပင် ဥပဒေများကိုထုတ်ပြန်ခြင်းတို့အတွက် တာဝန်ရှိသည်။ အလုပ်ရှင် အုပ်စုများကမူ အစိုးရက ပြဋ္ဌာန်းသည့် စည်းကမ်းများနှင့်ပတ်သက်၍ မရှင်းလင်းသည်များကို မေးမြန်းနိုင်ပြီး လက်တွေ့အကောင်အထည်ဖော်ရာတွင်ရှိသည့် အခက်အခဲများကို တင်ပြနိုင်သည်။ သို့တည်းမဟုတ် အလုပ်ရှင်တို့သည် လူ့အခွင့်အရေး ချိုးဖောက်သူအဖြစ် အတိုင်အတောခံထားရ သဖြင့် လာရောက်ပတ်သက်ရသည်လည်း ဖြစ်နိုင်သည်။ အလုပ်သမားတို့သည် ၎င်းတို့၏ အသင်း အဖွဲ့များမှတစ်ဆင့် အလုပ်သမား အကျိုးရှိရာရှိကြောင်းကိစ္စများကို တင်ပြဆွေးနွေးနိုင်ကာ စုပေါင်းအားဖြင့် ဖြစ်သင့်ဖြစ်ထိုက်သော အလုပ်သမားအခွင့်အရေးများကို တောင်းဆိုနိုင်သည်။ ထိုသုံးဦးသုံးဖလှယ်စနစ်ကို ကျင့်သုံးလင့်ကစား ILO သည် အလုပ်သမားအခွင့်အရေးကို အကာ အကွယ်မပေးသော အစိုးရများနှင့်လုပ်ငန်းရှင်များအား တန်ပြန်အပြစ်ပေးလေ့မရှိသလောက်ပင် ဖြစ်သည်။ ILO အနေဖြင့်ကား အမှုအခင်းတိုင်စာများကို လက်ခံပြီး တိုင်ချက်များကို ဆိုင်ရာဆိုင်ရာ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များ၊ စားသုံးသူများနှင့် အလုပ်သမားများထံ သတင်းစကားပါးသော အလုပ်ကိုကား ဆောင်ရွက်၏။

၁၃.၂.၁ အရှေ့တောင်အာရှရှိ အလုပ်သမား အခွင့်အရေးဆိုင်ရာ စိန်ခေါ်မှုများ

အရှေ့တောင်အာရှသည် နိုင်ငံတကာ လုပ်ငန်းရှင်ကြီးများ၏ စက်မှုကုန်ထုတ်လုပ်ငန်း များ ဆောင်ရွက်သောနေရာအဖြစ် ရေပမ်းစားခဲ့သည်မှာ နှစ်များစွာကြာခဲ့လေပြီ။ ဂလိုဘယ်လိုက်

ဇေးရှင်း ပိုမိုကျယ်ပြန့်လာသောခေတ်တွင် အရှေ့တောင်အာရှကို ကမ္ဘာကြီးအတွက် စက်မှုဇုံဟုပင် တင်စားရလောက်သည့်အထိ လူသုံးကုန်ပစ္စည်းထုတ်ရာနေရာကြီး ဖြစ်လာခဲ့သည်။ အချို့ကမူ ထိုကမ္ဘာကြီး၏ စက်မှုဇုံဟူသော ဝေါဟာရကို ကြိုက်ချင်မှကြိုက်ပါမည်။ မည်သို့ပင်ဖြစ်စေ ကမ္ဘာကြီး အတွက် ကုန်စည်ထုတ်လုပ်ပေးသော အလုပ်သမားထုအရင်းအမြစ်ကြီးတည်ရှိရာ နေရာဖြစ်လာခဲ့ သည်။ ဤဒေသကြီးသည် လုပ်သားပိုလျှံပေါများရာနေရာ၊ လုပ်ခစျေးနှိမ်နိုင်သော နေရာ၊ စက်ရုံ၊ အလုပ်ရုံများအား စည်းကမ်းမတင်းကျပ်ဘဲလျော့ရဲသော နေရာ၊ ပြင်ပရင်းနှီးမြှုပ်နှံသူ ဝင်လာ အောင် စျေးလျှော့ပေးရာနေရာ၊ အလုပ်သမားသမဂ္ဂများ အသက်ရှူမချောင်သောနေရပ်အဖြစ် အမည်ပေါက်ခဲ့သည်။ ဒေသတွင်းနှင့် နိုင်ငံတကာကုမ္ပဏီကြီးများသည် အရှေ့တောင်အာရှနိုင်ငံ များတွင် စျေးပေါပေါရသော အလုပ်သမားများကို ရနိုင်အောင် ကြိုးစားကြသည်။ အကျိုးဆက်မှာ အရှေ့တောင်အာရှနိုင်ငံ အသီးသီးတို့က သူ့ထက်ငါလုပ်ငန်းရှင်ကို ဆွဲဆောင်နိုင်အောင် အပြိုင် အဆိုင် စျေးလျှော့ပေးကြသည်။ နိုင်ငံတော်အစိုးရများသည် အလုပ်သမားတို့၏ အခွင့်အရေး အတွက် စည်းကမ်းကြပ်မတ်ခြင်းကို မဆိုစလောက်သာ အားထုတ်သည်။ တစ်ဖက်တွင်လည်း အလုပ်သမားအကျိုးကို စောင့်ရှောက်နိုင်သောသမဂ္ဂအစဉ်အလာ အားမကောင်းသဖြင့် စုပေါင်း အင်အားဖြင့် မိမိတို့ ရသင့်ရထိုက်သည်ကို စျေးဆစ်ညှိနှိုင်းနိုင်သည့် ပါဝါမှာ အလုပ်သမားများတွင် မရှိပေ။ ထိုအခြေအနေများအားလုံးသည် လုပ်ငန်းရှင်တို့ကို အသာစီးရစေပြီး အလုပ်သမားကို မူကား မျက်နှာသာမပေးချေ။

နိုင်ငံတော်အနေဖြင့် အလုပ်သမားသမဂ္ဂများကို အားနည်းအောင်လုပ်ပစ်ခြင်း၊ အလုပ် သမားတို့၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းတောင်းဆိုနိုင်သည့် အခြေအနေကို ဖန်တီးခွင့်မပေးခြင်း အစရှိသည့် အကြောင်းရင်းခံများရှိခဲ့ရာ အလုပ်သမားများအနေနှင့် နိုင်ငံတော်၏ အကာအကွယ်ကို မရသောအခြေအနေတွင် ILO ၏သုံးပွင့်ဆိုင်စနစ်မှာ အလုပ်မဖြစ်လှချေ။ သုံးပွင့်ဆိုင်စနစ်သည် သုံးနားညီမှ အဖြေတွေ့နိုင်သောသဘောရှိသည်။ အရှေ့တောင် အာရှဒေသတွင်ကား အလုပ်သမား သမဂ္ဂများက တင်းကျပ်စွာထိန်းချုပ်ထားခြင်းရှိသလို သမဂ္ဂများမှာ အစိုးရလက်အောက် အဖွဲ့ အစည်းများသဖွယ် မလွတ်လပ်ခြင်းလည်းရှိသည်။ ထိုအခြေအနေမျိုးတွင် အလုပ်သမားသမဂ္ဂ ဆိုသည်မှာ အမှန်တကယ် ဒီမိုကရေစီနည်းကျ အလုပ်သမားကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထား သော သမဂ္ဂများမဟုတ်ကြဘဲ အစိုးရကဖွဲ့စည်းထားပေးသော ဟန်ပြသမဂ္ဂများ ဖြစ်နေတတ်ကြ သည်။ ထိုသို့မဟုတ်လျှင်လည်း အစိုးရကအရေးယူသောကြောင့် အလုပ်သမားကိုယ်စားလှယ်များ သည် ဘဝတူအလုပ်သမားတို့၏အကျိုးကို မသယ်ပိုးနိုင်တော့အောင် ခြိမ်းခြောက်ဖိအားပေးမှုများ ရှိသော အနေအထားမျိုး ဖြစ်နေလေ့ရှိကြသည်။ အရှေ့တောင်အာရှသည် အလုပ်သမားသမဂ္ဂများ အား အပြစ်ယူတတ်သည့်အစဉ်အလာ ရှည်လျားစွာ ရှိခဲ့သလို အချို့အလုပ်သမားခေါင်းဆောင်များ မှာ အသတ်ခံရခြင်းပင် ရှိခဲ့သည်။ ထိုအဖြစ်အပျက်တို့သည် စစ်အေးအတွင်း ကွန်မြူနစ်ဝါဒပြန့်ပွား နေသည့် ကာလနောက်ခံနှင့် ဆက်စပ်နေသော်လည်း စစ်အေးနောက်ပိုင်းတွင်မူ ဝါဒကြောင့် မဟုတ်ဘဲ အလုပ်သမားတို့၏ပါဝါကို ထိထိရောက်ရောက် နှိမ်ထားလိုခြင်းတွင်သာ အခြေခံခဲ့သည်။ ထိုင်းနိုင်ငံကဲ့သို့သော နိုင်ငံများတွင် စက်ရုံအလုပ်ရုံများတွင် အလုပ်သမားသမဂ္ဂပေါ်ထွန်းခြင်း လွန်စွာနည်းပါးသည်။ အဘယ်ကြောင့်ဆိုသော် အလုပ်သမားတို့အနေဖြင့် သမဂ္ဂကို ဝင်ရောက်မိ ခြင်းကြောင့် ရရှိလာမည့်အကျိုးဆက်များကို ကြောက်ရွံ့ကြသောကြောင့်ဖြစ်သည်။ မိမိအခွင့်အရေး ကို မာမာထန်ထန် တောင်းဆိုတတ်သော အလုပ်သမားကိုဆိုလျှင် ဆူးငြောင့်ခလုတ်ဟု အမြင်

သမဂ္ဂများတွင် အလုပ်သမား ပါဝင်မှု ရာခိုင်နှုန်း

သမဂ္ဂတစ်ခုတွင် အလုပ်သမားများ ပါဝင်မှု ရာခိုင်နှုန်းကို ဆိုလိုသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၂၀ ရာခိုင်နှုန်းခန့်၊ ပျမ်းမျှတွေ့ရလေ့ရှိသော်လည်း အရှေ့တောင်အာရှတွင်မူ ပျမ်းမျှ ၅ ရာခိုင်နှုန်းခန့်ဖြစ်သည်။

ရှိကြပြီး အလုပ်က ထုတ်ပစ်တတ်ကြသည်။ သို့ဖြစ်ရာ အရှေ့တောင်အာရှ အလုပ်သမားတို့သည် ILO သုံးပွင့်ဆိုင်စနစ်ကိုသုံး၍ အလုပ်သမား ကိုယ်စားလှယ်များလွှတ်ကာ ဆွေးနွေးညှိနှိုင်းသည့် နည်းထက်စာလျှင် ဘောင်အပြင်ဘက်မှ အဆင်ပြေသလို ညှိနှိုင်းကြသည့်နည်းကိုသာ အသုံးများကြသည်။ မကြာသေးခင်ကဖြစ်ပွားခဲ့သော ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှာ အထည်ချုပ်စက်ရုံများတွင် ဖြစ်ပွားခဲ့သော အလုပ်သမားသပိတ်များမှာ သမဂ္ဂများရှိနေခြင်းကို အခြေခံပြီး ဖြစ်ပေါ်ခဲ့သည်မှာ မှန်၏။ သို့ရာတွင် ထိုကဲ့သို့သော လှုပ်ရှားမှုမျိုးတွင်ပါဝင်သော အလုပ်သမားများမှာ တရားမဝင်သူများသဖွယ် ရာဇဝတ်သားများသဖွယ် ဆက်ဆံခံရလေ့ရှိသည်။ ဤဒေသတွင် အများဆုံးကြုံရလေ့ရှိသော အလုပ်သမားအခွင့်အရေးတောင်းဆိုသည့်ပုံစံမှာ ဗီယက်နမ်မှ ကြောင်ရိုင်းသပိတ် (wildcat strikes) ကဲ့သို့သော လှုပ်ရှားမှုများနှင့် အလုပ်ရှင်နှင့် အစိုးရအရာရှိများဘက်က ပေးနိုင်မည့် အကာအကွယ်နှင့် အလုပ်သမားအခွင့်အရေးများ တိုးပေးရန် ခပ်ကျိတ်ကျိတ် ညှိနှိုင်းပေးတတ်သော မသိမသာ လှုပ်ရှားသည့် အလုပ်သမားကွန်ရက်များက တစ်ဆင့် ဆောင်ရွက်ကြပုံများဖြစ်သည်။ ဤသို့ညှိနှိုင်းသည့် နည်းအဖုံဖုံရှိရာတွင် သုံးပွင့်ဆိုင်စနစ်က လုံးဝအရာမရောက်ဟု မဆိုလိုပါ။ သုံးပွင့်ဆိုင်စနစ်၏ စံချိန်စံနှုန်းများ ပီပြင်အောင်ဆောင်ရွက်နိုင်ခြင်းမရှိသောအခြေအနေဟုသာ ဆိုပါမည်။

သမဂ္ဂများ အင်အားခိုင်မာလာစေရန် ဆောင်ရွက်ရာတွင် မဖြောင့်ဖြူးရသည့်အကြောင်းများ၌ အရှေ့တောင်အာရှသည် အလုပ်သမားများပြားသည့် နယ်မြေဖြစ်နေခြင်း၊ စရိတ်ထုတ်လုပ်မှုလျှော့ချရန် လုပ်ငန်းရှင်တို့အနေဖြင့် နိုင်ငံပြင်ပမှ ရွှေ့ပြောင်းလုပ်သားများကို ငှားရမ်းသုံးစွဲနိုင်ခြင်း အစရှိသည်တို့လည်း ပါဝင်သည်။ ထိုအကြောင်းများကလည်း ပြည်တွင်းလုပ်သားထုကို ချည့်နဲ့စေသည်။ ဤပြဿနာများ များပြားလာသည်နှင့်အမျှ အစိုးရများသည် အချို့ကိစ္စများတွင် စီးပွားရေးမက်လုံးပေးထားနိုင်အောင် လုပ်ငန်းရှင်များမျက်နှာကိုသာ ကြည့်လွန်းသည်ဟု ပြောဆိုလာကြသည် အထိဖြစ်သည်။ နီယိုလစ်ဘရယ် စီးပွားရေးစနစ်တွင် အစိုးရသည် နိုင်ငံတော်အကျိုးမယုတ်အောင် စည်းကမ်းထိန်းသိမ်းသူ၊ အလုပ်သမားများကိုကာကွယ်သူအဖြစ်ထက် လုပ်ငန်းရှင်များဘက်မှ အကျိုးတော်ဆောင် ဖြစ်လာသည်။ စည်းကမ်းပိုမိုတင်းကျပ်ပြီး လုပ်ခလစာကြီးကြီးပေးရလျှင် အလုပ်သမားများအကျိုးများပြီး လူ့အခွင့်အရေး ပိုမိုခိုင်မာလာသော်လည်း လုပ်ငန်းရှင်များအတွက်မူ မစားသာလှပေ။ ထို့ကြောင့် အစိုးရသည် လုပ်ငန်းရှင်များ၏ ထောက်ခံအားပေးမှုကို ဆုံးရှုံးရမည်။ မည်သို့ပင်ဆိုစေ အလုပ်သမားတို့နှစ်နာရသော လုပ်ငန်းခွင်မှာ အလုပ်ရှင်အတွက် ရေတိုတွင် ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်သဖြင့် အကျိုးအမြတ်များသော်လည်း အလုပ်သမားများသည် ပိုကောင်းသောနေရာကို တွေ့သည်နှင့် ထိုလုပ်ငန်းခွင်မျိုးကို စွန့်သွားမည်ဖြစ်သဖြင့် ရေရှည်တွင် အကျိုးမများပေ။ အလုပ်သမားများအနေဖြင့် ပို၍တာဝန်ခံမှုရှိသော လုပ်ငန်းခွင်များသို့ ဘက်ပြောင်းမသွားနိုင်သောခေတ်တွင် လုပ်ငန်းခွင် မသာမယာ၊ လူ့အခွင့်အရေးဖောက်ဖျက်သော လုပ်ငန်းမျိုးမှာ ရေရှည်ရပ်တည်ရန် မလွယ်လှပေ။ လုပ်ထုံးလုပ်နည်းများ မရှင်းလင်းသောနေရာ၊ နိုင်ငံတကာစံနှုန်းမညီသော လုပ်ငန်းများကို ဖွင့်ခွင့်ပေးထားသော နေရာ၊ ဥပဒေဟူ၍နာမည်သာရှိပြီး အသက်မဝင်ရသော နေရာများတွင် ဝင်ရောက်လုပ်ကိုင်သော စီးပွားရေးသမားများသည်လည်း ပြစ်ဒဏ်ကို မလိုတစ်မျိုးလိုတစ်မျိုး ချမှတ်ခံရသည့်အဖြစ်မျိုးနှင့် ကြုံတတ်သည်သာဖြစ်သည်။ သို့တည်းမဟုတ် အခြားသော မလုံခြုံမှုများနှင့် ကြုံရတတ်သောကြောင့် ရေရှည်တွင် အဆင်မပြေနိုင်ပါ။

မှတ်သားဖွယ်ရာ
ဗီယက်နမ်မှ ကြောင်ရိုင်းသပိတ်များ

တရားမျှတမှုမရှိသော အခြေအနေများနှင့် ကြုံရလျှင်ပင် ဗီယက်နမ်ရှိ စက်ရုံလုပ်သားတို့သည် ကြောင်ရိုင်းသပိတ် ဆင်နွှဲလေ့ရှိကြသည်။ ကြောင်ရိုင်းသပိတ်ဆိုသည်မှာ ကြိုတင်မကြေညာထားတတ်သော သို့မဟုတ် တရားဝင်ခွင့်ပြုချက်ရသော သပိတ်များ မဟုတ်ပေ။ ဗီယက်နမ်တွင် အလုပ်သမားသမဂ္ဂသဖွယ် ရပ်တည်သော ဗီယက်နမ်အထွေထွေ အလုပ်သမားတပ်ပေါင်းစုအဖွဲ့ကြီးသည် အစိုးရအာဏာပိုင်များက အုပ်ချုပ်သောအဖွဲ့ဖြစ်သောကြောင့် သမဂ္ဂမမည်ပေ။ သို့ဖြစ်ရာ အလုပ်သမားတို့သည် မကျေနပ်သောအကြောင်းရှိပါက သပိတ်မှောက်ကြမည် စုဝေးပါဟု ကြေညာလေ့မရှိဘဲ တက်ညီလက်ညီ အလုပ်ကိုရပ်ဆိုင်းပြီး အပြင်ထွက်သွား၍ဖြစ်စေ၊ လုပ်ငန်းခွင်တစ်ခုလုံး လှည့်ပတ်မှုရပ်ဆိုင်း၍ဖြစ်စေ သပိတ်မှောက်လေ့ရှိသည်။ မန်နေဂျာများအနေဖြင့် လုပ်ငန်းလည်ပတ်မှုတစ်ခုလုံး ရပ်တန့်အောင် အလုပ်သမားများ ထွက်သွားသည့်အခြေအနေကို မတားဆီးနိုင်တော့သည့် အဖြစ်မျိုးဖြစ်သည်။ ထိုအခါ အလုပ်သမားတို့သည် မိမိတို့လိုလားသော လုပ်ခနှင့် လုပ်ငန်းခွင် အဆင့်အတန်းတို့ကို ညှိနှိုင်းပြောဆိုရန် ပို၍အခွင့်သာကြသည်။ အလုပ်ရှင်နှင့် အလုပ်သမား ညှိနှိုင်းကြရာတွင် ကြားဝင်စေ့စပ်သူများ ရှိကောင်းရှိလာနိုင်သလို အလုပ်သမားတို့အနေဖြင့် မိမိတို့ရလိုသော လစာပမာဏကို မရမချင်း တင်းခံနေသည်များလည်းရှိသည်။ မန်နေဂျာများကမူ အလုပ်သမား၏တောင်းဆိုချက်များအား လိုက်လျောရန်နှင့် အစိုးရအာဏာပိုင်တို့၏ ကြားဝင်ဖြေရှင်းမှုကိုစောင့်ဆိုင်းရန် အနက်တစ်ခုခုကို ရွေးချယ်ရန် ဆုံးဖြတ်ရတတ်သည်။ အလုပ်သမားများအတွက် အတန်ပင်အန္တရာယ်များသော်လည်း ထိရောက်သည့် ဆန္ဒထုတ်ဖော်ခြင်းတစ်မျိုးလည်းဖြစ်သည်။

၁၃.၃ စီးပွားရေးလုပ်ငန်းများ၏ တာဝန်ခံမှု

စီးပွားရေးလုပ်ငန်းများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းသေချာစွာရှိသည့်တိုင်အောင် စီးပွားရေးလုပ်ငန်းများ၏ ပြဿနာများသော သဘာဝကြောင့် လူ့အခွင့်အရေးမှာ ဆက်လက်ချိုးဖောက်ခံနေရမြဲဖြစ်သည်။ အမြတ်အစွန်းအများဆုံးရရှိရေးသာ အဓိကဟု သဘောထားသော စီးပွားရေးလုပ်ငန်းတို့ကား အလုပ်သမားတို့ စရိတ်နည်းနိုင်သမျှ နည်းနည်းဖြင့် လုပ်ငန်းလည်ပတ်နိုင်သော နည်းလမ်းများကို ရှာဖွေကြမြဲဖြစ်သည်။ အချို့ကပြည်ပမှ တရားမဝင် ရွှေ့ပြောင်းလုပ်သားများခန့်ထားခြင်းဖြင့်လည်းကောင်း၊ ကလေးလုပ်သားများ သုံးခြင်းဖြင့်လည်းကောင်း အမြတ်အစွန်းရှာဖွေကြသည်။ ထို့ပြင်စရိတ်ကို နည်းသည်ထက်နည်းအောင် လျှော့ချနိုင်အောင် စျေးပေါသောကုန်ကြမ်းများနှင့် နည်းပညာများကို အသုံးပြုကြရာ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေနိုင်သည်။ သို့မဟုတ် အရည်အသွေးညံ့သော ကုန်စည်များထုတ်လုပ်ပြီး စားသုံးသူတို့၏ ကျန်းမာရေးကို လစ်လျူရှုတတ်၏။ အမြတ်ကိုဇောင်းပေးသော စီးပွားရေးစနစ်ကြီးတွင် သဘာဝပတ်ဝန်းကျင် ဥပဒေ၊ အလုပ်သမားဥပဒေ အစရှိသည်တို့၌ အားနည်းချက်များရှိနေခြင်းကြောင့် လုပ်ငန်းရှင်များ၏ စည်းကမ်းလိုက်နာမှု ရှိမရှိကို မကြီးကြပ်နိုင်ခြင်းမျိုး ဖြစ်ပေါ်နေသော အခြေအနေတွင် စီးပွားရေးလုပ်ငန်းရှင်များ ထင်သလိုပြုနိုင်သောကြောင့် နိုင်ငံတို့၏ အခြေအနေကို ပို၍ပင်ဆိုးစေသေးသည်။ အချို့သော ပြည်တွင်းနှင့် နိုင်ငံတကာ စီးပွားရေး

လုပ်ငန်းရှင်များသည် တည်ဆဲအလုပ်သမားဥပဒေနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေများကိုပင် လျှော့ချပစ်ရန် တွန်းအားပေးလေ့ရှိကြသည်။ ထို့ပြင် ကြီးမားသော စီးပွားရေးလုပ်ငန်းကြီးများသည် မိမိတို့၏ကုန်ထုတ်လုပ်ငန်းများကို အခြားကုမ္ပဏီများ၏ ထုတ်လုပ်မှုအဖြစ် အမည်ခံကာ လက်ခွဲထုတ်လုပ်စေလျက် တာဝန်ကိုရှောင်ကွင်းရန် ကြိုးစားလေ့ရှိကြသည်။ သို့ရာတွင် စီးပွားရေးလုပ်ငန်းရှင်တို့အနေနှင့် မည်မျှပင်လျစ်လျူရှုချင်သော်လည်း လူ့အခွင့်အရေးနှင့် ပတ်သက်၍ စောင့်ထိန်းလိုက်နာစရာများကို အလွယ်တကူ ရှောင်ရှားနိုင်သည်တော့ မဟုတ်ပေ။

အကြီးစား အငယ်စား စီးပွားရေးလုပ်ငန်းများ၊ ပြည်တွင်းပြည်ပ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အမြတ်အစွန်းဟူသော ဘောင်ကိုကျော်ကာ စဉ်းစားသင့်လှပေသည်။ လူ့အခွင့်အရေးကိုလေးစားလိုက်နာရန် စီးပွားရေးလုပ်ငန်းရှင်များအဖို့ မနစ်နာနိုင်သော အကြောင်းပြချက် များစွာရှိသည်။ (၁) စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းကြောင့် စားသုံးသူတို့ကြားတွင် နာမည်ကောင်း ရစေသည်။ (၂) လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းအားဖြင့် အတိုင်အတောခံရခြင်းအကြောင်းများမှ ကင်းဝေးသည်။တရားရုံးတွင် တရားရင်ဆိုင်ရသောအကြောင်းမျိုး ဖြစ်လာခဲ့လျှင် ရေရှည်တွင် စရိတ်စက ကြီးမားလှသည်။ (၃) လူ့အခွင့်အရေးကို လေးစားလိုက်နာသောအားဖြင့် ရှေရှည်တွင် စီးပွားရေးလုပ်ငန်း အရှည်ကြီးပွားနိုင်ကြသည်။ သို့ဖြစ်ရာ စီးပွားရေးလုပ်ငန်းများစွာသည် ယနေ့ခေတ်တွင် လူ့အခွင့်အရေးစံနှုန်းများကိုပြည့်မီစွာ လိုက်နာဆောင်ရွက်သည့်အတွက် အကျိုးမယုတ်သည်ကို လက်ခံလာကြသည်။ အကျိုးဆက်အားဖြင့် လုပ်ငန်းခွင်တွင် သင့်လျော်သောမူဝါဒများ ချမှတ် ကျင့်သုံးလာသည့် လုပ်ငန်းခွင်များလည်း ရှိလာသည်။ နိုင်ငံတကာတွင်မူ စီးပွားရေးလုပ်ငန်းများအနေဖြင့် စည်းကမ်းကြီးကြပ်သူများ၏ စောင့်ကြည့်စစ်ဆေးမှုကိုပိုမို လက်ခံလာရခြင်း၊ စည်းမျဉ်းစည်းကမ်းများ ပိုများလာခြင်း၊ လူ့အခွင့်အရေးချိုးဖောက်သူတို့မှာ အပြစ်ဒဏ် ပိုမိုရှိကြခြင်းတို့ကို တွေ့ရှိလာကြသည်။ စီးပွားရေးလုပ်ငန်းများအနေဖြင့် တာဝန်ခံမှုဆီသို့ တဖြည်းဖြည်း မျက်နှာမူလာသည့်တိုင်အောင် ခရီးမှာဝေးသေးသည် ဟုဆိုရမည်။

စည်းမျဉ်းစည်းကမ်းများကို ဖြေလျော့ခြင်း

စည်းမျဉ်းစည်းကမ်းများကို ဖြေလျော့သည်ဆိုရာဝယ် စီးပွားရေးလုပ်ငန်းများက မလိုလားသော ကန့်သတ်မှုများကို ဖယ်ရှားခြင်း၊ စည်းမျဉ်းစည်းကမ်းများကို ပယ်ဖျက်ပေးခြင်းနှင့် ပုဂ္ဂလိကကဏ္ဍကို နိုင်ငံတော်က ဝင်ရောက်ထိန်းကွပ်ခြင်းများကို စွန့်လွှတ်ခြင်းတို့ပါဝင်သည်။ ထိုသို့ဖယ်ရှားခြင်း၏ ရည်ရွယ်ချက်မှာ လွတ်လပ်သောဈေးကွက်ကို တည်ဆောက်ရန်ကြိုးနှီစနစ်များကို အနည်းဆုံးလျော့ချရန်နှင့် နိုင်ငြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်ဟု အကြောင်းပြခဲ့သည်။

သဘောတရားရေးရာ ရှုင်းလင်းချက်

စီးပွားရေးလုပ်ငန်းများ၏ တာဝန်ခံမှု

တာဝန်ခံမှုဆိုသည်မှာ တစ်စုံတစ်ရာအတွက် တာဝန်ယူသည့် သဘောဖြစ်သည်။ မိမိ၏ လုပ်ရပ်ကြောင့် ဖြစ်လာရသော ပြဿနာများကိုဖြေရှင်းပေးရန် တာဝန်ယူရန်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ၏ တာဝန်ခံမှုနှင့်ပတ်သက်၍ အငြင်းအခုံများစွာ ရှိနေကြသည်။ အချို့သော စီးပွားရေးလုပ်ငန်းရှင်ကြီးများက ၎င်းတို့၏တာဝန်မှာ ရှယ်ယာဝင်များကိုသာ တာဝန်ခံရန်ဖြစ်ပြီး ရှယ်ယာရှင်များအတွက် အမြတ်အစွန်းရှာနိုင်ခြင်းက ၎င်းတို့၏ တာဝန်ခံခြင်းဟု ဆိုကြသည်။ အချို့သော စီးပွားရေးလုပ်ငန်းများကမူ မိမိတို့သည် အလုပ်သမားများနှင့် ရပ်ရွာအသိုက်အမြုံအပေါ် တာဝန်ခံရမည်ဟု လက်ခံကြသည်။ သို့သော် မိမိတို့လုပ်ရပ်အပေါ် မိမိတို့ တာဝန်ခံလာစေအောင် စီးပွားရေးလုပ်ငန်းများအား မည်သို့ပြုရမည်နည်းဆိုသောမေးခွန်းမှာ အကြီးမားဆုံး စိန်ခေါ်မှုတစ်ခု ဖြစ်သည်။

ကုမ္ပဏီများအနေဖြင့် လူ့အခွင့်အရေးနှင့် မည်သို့ပတ်သက်ရမည်၊ မည်သို့စောင့်ထိန်းရမည် ဟူသော ဥပဒေလုပ်ထုံးလုပ်နည်းများ မရှင်းလင်းခြင်းမှာ စီးပွားရေးလုပ်ငန်းများ၏ တာဝန်ခံမှုကို ရအောင် ဆောင်ရွက်ရာတွင် အဟန့်အတားတစ်ခုပင်ဖြစ်သည်။ စီးပွားရေးသမားတို့သည် လူ့အခွင့် အရေးစာချုပ်များကို ဝင်ရောက်လက်မှတ်မထိုးနိုင်သလို ထိုစာချုပ်ပါ အချက်များကို စောင့်ထိန်းရန် လည်း တာဝန်မရှိပါ။ သို့ရာတွင် ရေပြင်ညီအကျိုးသက်ရောက်မှု (horizontal effects) ဟု ခေါ်တွင် သော ပြည်သူတစ်စုံတစ်ဦးက အခြားပြည်သူများအပေါ် လူ့အခွင့်အရေး ချိုးဖောက်ခြင်းမှ အကာအကွယ်ပေးရန် အစိုးရတွင်တာဝန်ရှိသည်။ ဤမူအားဖြင့် စီးပွားရေးကော်ပိုရေးရှင်းများ အနေဖြင့် လူ့အခွင့်အရေးစံချိန်စံနှုန်းများကို လေးစားလိုက်နာအောင် နိုင်ငံတော်က ဆောင်ရွက် ပေးရမည်။ နိုင်ငံတကာ လူ့အခွင့်အရေးစာချုပ်များသည် နိုင်ငံတော်အစိုးရများကိုသာ လူ့အခွင့် အရေးကိုအကာအကွယ်ပေးရန် တာဝန်ရှိသူများအဖြစ်သတ်မှတ်ထားသော်လည်း ထိုစာချုပ်များမှာ လူသားအားလုံးနှင့် သက်ဆိုင်သည်။ သို့ဖြစ်ရာ စီးပွားရေးလုပ်ငန်းများမှာ အစိုးရက သတ်မှတ် ထားသည့်အတိုင်း လူ့အခွင့်အရေး စံချိန်စံနှုန်းများကို လိုက်နာမှသာ တရားဥပဒေနှင့်အညီ ကျင့်ကြံရာရောက်မည်။ ဥပမာ - လူမျိုးဘာသာအသားအရောင် ခွဲခြားဆက်ဆံခြင်း မပြုရန် တားမြစ်ထားသောဥပဒေဆိုပါစို့။ ကုမ္ပဏီတစ်ခုသည် ဝန်ထမ်းများ ခန့်အပ်သောအခါ လူမျိုးရေး၊ ဘာသာရေး၊ ကျား-မ ဟူ၍ ခွဲခြားဆက်ဆံခြင်းမပြုဘဲ ခန့်ထားရမည်။ အကယ်၍ ခွဲခြားဆက်ဆံမှု ပြုခဲ့လျှင် နိုင်ငံများစွာက ပြဋ္ဌာန်းထားသော ခွဲခြားဆက်ဆံမှု ပပျောက်ရေးဥပဒေကို ဆန့်ကျင်သည့် အတွက်ကြောင့် အပြစ်ဒဏ်ခံရနိုင်သည်။ ဤနေရာတွင် စီးပွားရေးလုပ်ငန်းများအနေဖြင့် လူ့အခွင့် အရေး လိုက်နာရန်လိုမလိုကို ဆွေးနွေးရန်မဟုတ်ပါ။ မည်သို့မည်ပုံ လိုက်နာ ဆောင်ရွက်ကြမည် ဟူသော မေးခွန်းကသာ ယနေ့ရင်ဆိုင်ရမည့် မေးခွန်းဖြစ်ပါသည်။

ရေပြင်ညီ သက်ရောက်မှု

အစိုးရအပါအဝင် ပြည်သူနှင့်သက်ဆိုင်နေသော အဖွဲ့အစည်းများအပေါ် အကျိုးသက်ရောက်သော ဥပဒေများသည် ပုဂ္ဂလိက လူတစ်ဦးချင်းအပေါ်တွင်လည်း တန်းတူအကျိုးသက်ရောက်လာသော ဖြစ်စဉ်ကို ရေပြင်ညီ သက်ရောက်မှုဟု ရည်ညွှန်းသည်။ ဥပမာ-လူ့အခွင့်အရေး ဥပဒေများသည် အစိုးရတစ်ရပ်နှင့် ပြည်သူတို့ကြားရှိ ဆက်ဆံရေးကို မည်သို့ဖြစ်သင့်ကြောင်း၊ အစိုးရက ပြည်သူ၏အခွင့်အရေးကို မည်သို့ စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ အပေါ်မှအောက်သို့ ကျရောက်သော ဒေါင်လိုက်သက်ရောက်မှုပုံစံဖြင့် ပြဋ္ဌာန်းထားသော်လည်း စီးပွားရေးလုပ်ငန်းများကလည်း အစိုးရများကဲ့သို့ တစ်ပြေးညီတည်း လိုက်နာရမည့်အခြေအနေကို ရေပြင်ညီသက်ရောက်မှုဟုခေါ်သည်။ အဘယ်ကြောင့်ဆိုသော် ပြည်သူများ၏လူ့အခွင့်အရေးကို အစိုးရက မချိုးဖောက်စုံမှဖြင့် မလုံလောက်၊ အခြား ပုဂ္ဂိုလ် အဖွဲ့အစည်းများက ချိုးဖောက်ခြင်းမှလည်း အကာအကွယ်ပေးရမည် ဖြစ်သောကြောင့်ပင်ဖြစ်သည်။

၁၃.၃.၁ စီးပွားရေးလုပ်ငန်းကြီးများ(ကော်ပိုရိတ်များ)၏ စေတနာအလျောက်လူမှုဝန်ထမ်းခြင်း

ယခုအပိုင်းတွင် ဆွေးနွေးထားသည့်အတိုင်း စီးပွားရေးလုပ်ငန်းရှင်တို့အနေဖြင့် မိမိလုပ်ရပ် အတွက် မိမိက တိုက်ရိုက်တာဝန်ခံခြင်းများဖြစ်ပေါ်လာအောင် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်း၌ အရေးဆိုနေကြသော လှုပ်ရှားမှုများပေါ်ပေါက်နေခဲ့သည်။ တာဝန်ခံခြင်းကို နည်းလမ်းအမျိုးမျိုးဖြင့် အကောင်အထည်ဖော်နိုင်ပါသည်။ ပထမတစ်နည်းမှာ ကုမ္ပဏီများက ၎င်းတို့သဘောဆန္ဒရှိသည့် အတိုင်းအတာအလျောက် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ လူ့အခွင့် အရေး စံနှုန်းများကို စီးပွားရေးလုပ်ငန်းများအနေဖြင့် စေတနာ့ဝန်ထမ်းသဘောအလျောက် လိုက်နာဆောင်ရွက်ပေးခြင်းဖြစ်သည်။ ကုမ္ပဏီများက စေတနာ့ဝန်ထမ်းသဘောအလျောက် ပြဋ္ဌာန်းထားသော စည်းကမ်းထိမ်းသိမ်းမှုများကို စီးပွားရေး လုပ်ငန်းရှင်များက လူမှုဝန်ထမ်းခြင်း (Corporate Social Responsibility-CSR)ဟု ခေါ်တွင်ကြသည်။ CSR အားဖြင့် စီးပွားရေး လုပ်ငန်းတို့သည် လူမှုအသိုက်အမြုံများအပေါ် တာဝန်သိကြောင်းပြသကြပြီး မိမိတို့ပြန်လည် ပေးအပ်နိုင်သည်များကို ကတိကဝတ်ပြုကြသည်။ CSR ကို တစ်နည်းအားဖြင့် ကော်ပိုရိတ် နိုင်ငံသားတာဝန်ဟုလည်း ခေါ်တွင်ကြသည်။ သို့သော် ထိုသို့လူမှုဝန်ထမ်းခြင်းအား မည်သို့နားလည် လက်ခံထားသည်ဆိုရာ၌ ကုမ္ပဏီတစ်ခုနှင့်တစ်ခု ကွာခြားပါသည်။ CSR အရဆိုလျှင် ကုမ္ပဏီတစ်ခု အနေဖြင့် မိမိအလုပ်သမားများနှင့် စားသုံးသူများအပေါ် ကောင်းမွန်စွာဆက်ဆံခြင်းနှင့် လူ့အခွင့် အရေးစံနှုန်းများကို လိုက်နာသော မူဝါဒများချမှတ်ကာ လက်တွေ့ ဆောင်ရွက်ခြင်း ဖြစ်သည်ဟူ၍

စီးပွားရေးလုပ်ငန်းများက လူမှုဝန်ထမ်းခြင်း

စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏အလုပ်သမားများအပေါ်၊ အလုပ်သမားတို့ကို မှီခိုရသော မိသားစုများအပေါ်၊ မိမိနှင့် ဆက်စပ်နေသော ရပ်ရွာအပေါ်၊ သဘာဝပတ်ဝန်းကျင်အပေါ် ကောင်းစွာဆက်ဆံရန် တာဝန်ရှိသည်ဟု CSR အရ လက်ခံကြသည်။ CSR ကိုပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်ကြရာ အလုပ်သမားတို့၏ ဘေးကင်းလုံခြုံစေရေး၊ လူမှုဖူလုံရေးအစီအစဉ်များ ပံ့ပိုးပေးရေး (သို့မဟုတ်) ရပ်ရွာအတွက် အလှူဒါနပြုရေး အစရှိသည်ကို တွေ့ရလေ့ရှိသည်။

နားလည်လက်ခံထားသော ကုမ္ပဏီများရှိသလို အချို့ စီးပွားရေးလုပ်ငန်းများကလည်း CSR ကို ရပ်ရွာ၏ သာယာဝပြောရေးအတွက် လိုအပ်သည်များကို လှူဒါန်းပေးသည့်ကိစ္စဟူ၍ သဘောပေါက်ထားသူများလည်း ရှိသည်။ Sustainable Palm Oil Initiative ဟူသည့် အဖွဲ့အစည်းကဲ့သို့သော စီးပွားရေးလုပ်ငန်းတွင်မူ CSR အနေဖြင့် ဆီအုန်းစိုက်ပျိုးသူလုပ်ငန်းရှင်တို့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဦးတည်ပြီး အလုပ်သမားတို့၏ အခြေအနေတိုးတက်လာအောင်လည်း ဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးလုပ်ငန်းရှင်တို့က အချင်းချင်း လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ကို လေးစားထိန်းသိမ်းရန် ဆော်ဩသော CSR ပုံစံတစ်မျိုး ဖြစ်သည်။

CSR လုပ်ငန်းများနှင့်ပတ်သက်၍ အချို့သော လူ့အခွင့်အရေးနယ်ပယ်တွင် လှုပ်ရှားနေသူများနှင့် လူ့အခွင့်အရေးကဏ္ဍများတွင် တာဝန်ထမ်းဆောင်နေရသူများကမူ ကျေနပ်ဖွယ်မမြင်ပေ။ ၎င်းတို့ကမူ CSR ပုံစံများသည် ကုမ္ပဏီ၏ နာမည်ကောင်းလက်မှတ်ရရေးအတွက် ကြော်ငြာထိုးရုံသာဖြစ်ပြီး တကယ်ထိထိရောက်ရောက် ကူညီနိုင်ခြင်းမရှိဟု ဆိုကြသည်။ တဖန် စီးပွားရေးလုပ်ငန်းတို့ အနေဖြင့် လူမြင်အောင်အလှူပေးခြင်းရှိ မရှိမှာ အရေးမကြီး၊ ၎င်းတို့အနေဖြင့် တာဝန်ရှိသည့် လူ့အခွင့်အရေးများကို လေးစားလိုက်နာခြင်းရှိ၊ မရှိကသာ အရေးကြီးသည်ဟုလည်း စောင့်ကြည့်ဝေဖန်သူတို့က ထောက်ပြကြသည်။ CSR များသည် စီးပွားရေးသမားတို့ စိတ်ကူးပေါ်ပေါက်သလောက်သာ ဆောင်ရွက်ကြခြင်းမျိုး ဖြစ်သောကြောင့် လူ့အခွင့်အရေးရှုထောင့်မှ ကြည့်လျှင် လစ်ဟာမှုများစွာရှိနေသည်ကို တွေ့နိုင်သည်။ စီးပွားရေးသမားတို့၏ CSR မှာ စိတ်လိုလက်ရရှိလျှင်ပေးသော ကတိကဝတ်များသာဖြစ်ပြီး မဖြစ်မနေလုပ်ဆောင်ရမည့် တာဝန်များမဟုတ်ကြပါ။ လူ့အခွင့်အရေးဆိုသည်ကမူ ကြံကြိုက်မှ ဆောင်ရွက်ရသည့်ကိစ္စမဟုတ်ဘဲ မဖြစ်မနေဖြည့်ဆည်းပေးကြရသည့် တာဝန်ဝတ္တရားဖြစ်၏။ မိမိဆန္ဒရှိသည့် အတိုင်းအတာအလျောက် လူမှုဝန်ထမ်းခြင်းဖြစ်သောကြောင့် ဆန္ဒမရှိတော့သည်နှင့် ဆက်လက်ဆောင်ရွက်ရန် မလိုတော့ဘဲ အချိန်မရွေး ပြန်လည်ရုပ်သိမ်းခွင့်ကို ရနေကြသည်။ ထိုသို့ လုပ်လိုကလုပ်ပြီး မလုပ်ချင်က ရပ်ပစ်နိုင်သော ရွေးချယ်စရာရှိသည့် အနေအထားသည် လူ့အခွင့်အရေးကဲ့သို့ မဖြစ်မနေ တာဝန်ကျေရမည့် ကိစ္စများနှင့် ဖီလာဆန့်ကျင်ဖြစ်နေတော့သည်။ ထို့ပြင် စေတနာဝန်ထမ်းဆိုသည့်ကိစ္စမှာ အနှစ်သာရအားဖြင့် မလေးပင်လှပါ။ ပြင်ပမှ ထိုစီးပွားရေးလုပ်ငန်းကို ဝင်ရောက်ကြီးကြပ်စစ်ဆေးနိုင်သည့် အခြေအနေတွင်ပင် စီးပွားရေးသမားတို့က အချောင်ခိုနိုင်သေးသည့် အနေအထားဖြစ်၏။ စီးပွားရေးသမားတို့က လူအများကြားအောင် မည်သို့မည်ပုံ ကောင်းကျိုးပြုမည်ဖြစ်ကြောင်း ကတိကဝတ်များ ပြုနေကြသော်လည်း အများပြည်သူနှင့် ထိတွေ့ဆက်ဆံခြင်းမှာ လူ့အခွင့်အရေးအတွက် ထက်စာလျှင် မိမိလုပ်ငန်းပုံရိပ်မြင့်တင်ရေးကြော်ငြာက အဓိကဖြစ်နေတတ်ကြသည်။



မှတ်သားဖွယ်ရာ

စီးပွားရေးလုပ်ငန်းများက ဦးဆောင်သော CSR များ

အရှေ့တောင်အာရှရှိ စီးပွားရေးလုပ်ငန်းများကိုယ်တိုင်ဦးဆောင်၍ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်အရေးအတွက် ထည့်သွင်းဆောင်ရွက်သော အဖွဲ့အစည်းအချို့ကို အောက်တွင်ဖော်ပြထားပါသည်။

သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့စေရေးအတွက် ဆီအုန်းလုပ်ငန်းရှင်များအဖွဲ့
(The Sustainable Palm Oil Initiative (SPO))

ဆီအုန်းလုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်ကို အပျက်အစီးများစေသည်၊ အလုပ်သမား အခွင့်အရေးကို ချိုးဖောက်သည်ဟု နာမည်ဆိုးဖြင့် လူသိများသော လုပ်ငန်းများဖြစ်သည်။ ထိုပုံရိပ်ကို ပြန်လည်တည့်မတ်ရန်အတွက် အစိုးရနှင့် ပုဂ္ဂလိက ဆီအုန်းလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်သော အဖွဲ့က စတင်ကြိုးစားခဲ့ကြသည်။ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင် ပြဿနာများအား ဖြေရှင်းရန် မျက်နှာစုံညီဆွေးနွေးခြင်း၊ ကျေနပ်ဖွယ်ရှိသော ကုမ္ပဏီများကို အသိအမှတ်ပြု လက်မှတ်များထုတ်ပေးခြင်း၊ စီမံကိန်းများပိုမိုကောင်းမွန်အောင် ရေးဆွဲခြင်းတို့ကို ထိုအဖွဲ့က ကြိုးစားခဲ့သည်။ ထို SPO အဖွဲ့မှတစ်ဆင့် သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့စေသော ဆီအုန်း လုပ်ငန်းရှင်များ စားပွဲဝိုင်းဆွေးနွေးပွဲ Roundtable on Sustainable Palm Oil ထွက်ပေါ်လာခဲ့သည်။ RSPO ကြောင့်ပင် ဒေသတွင်းအစိုးရများက ပိုမိုကောင်းမွန်သော ဆီအုန်းစီမံကိန်းများ ရေးဆွဲလာခြင်း၊ မူဝါဒအပြောင်းအလဲများ ဆောင်ရွက်လာခြင်းတို့သို့ ဦးတည်နိုင်ခဲ့သည်။

ပုဇွန် ရေရှည်တည်တံ့ရေးအတွက် ကုန်စည်စီးဆင်းမှုလမ်းကြောင်းကြီးကြပ်ရေးအဖွဲ့
(Shrimp Sustainable Supply Chain Task Force)

နောက်ထပ် စီးပွားရေးလုပ်ငန်းများက CSR အတွက် ဦးဆောင်သော ဥပဒေတစ်ခုမှာ (SCTF) ဖြစ်သည်။ ထိုအဖွဲ့မှာ ထိုင်းနိုင်ငံ၏ပြင်ပတွင် ဖွဲ့စည်းထားခြင်းဖြစ်သော်လည်း ထိုင်းနိုင်ငံမှတင်ပို့သော ပုဇွန်များ ရှာဖွေရရှိ ရောင်းချရာ လမ်းကြောင်းတစ်လျှောက်လုံးတွင် တရားမဝင်အလုပ်သမားများနှင့် အတင်းအဓမ္မခိုင်းစေခြင်းခံရသော အလုပ်သမားများအသုံးပြုခဲ့ခြင်း ရှိ၊ မရှိ စစ်ဆေးသော အဖွဲ့တစ်ခုဖြစ်သည်။ ထိုအဖွဲ့တွင် နိုင်ငံတကာမှ ပုဇွန်လက်လီ ရောင်းချသူများ ထုတ်လုပ်ဖြန့်ချိသူများ၊ အစိုးရများနှင့် NGO များ ပါဝင်ကြသည်။ ထိုအဖွဲ့၏ရည်ရွယ်ချက်သုံးရပ်မှာ (၁) ထိုင်းနိုင်ငံမှ ပြည်ပသို့ တင်ပို့သောပုဇွန်များမှာ မည်သည့်အရပ်မှလာခဲ့သည်ကိုသိရှိရန် အဆင့်ဆင့် ဖြတ်သန်းလာသည့် လမ်းကြောင်းများအား ခြေရာကောက်စစ်ဆေးရန်၊ (၂) ထိုင်းနိုင်ငံ ဆိပ်ကမ်းများတွင် လူ့အခွင့်အရေးဆိုင်ရာ ကျင့်ဝတ်စောင့်ထိန်းခြင်း၊ (၃) ငါးဖမ်းလုပ်ငန်းများ ရေရှည်စည်ပင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချနိုင်ရေးတို့ ဖြစ်ကြသည်။

ဤသို့ စီးပွားရေးလုပ်ငန်းများက ဦးဆောင်ကာ လူ့အခွင့်အရေးနှင့် ပတ်ဝန်းကျင်ကိစ္စများအတွက် စေတနာအလျောက် ဆောင်ရွက်ခြင်းမှာ ဝေဖန်ခံရခြင်း ကင်းသည်တော့မဟုတ်ပါ။ ဥပမာ - SCTF သည် အချို့သော NGO များကို ဝင်ရောက်ခွင့်မပြုခြင်း၊ တိုးတက်မှုမရှိသော လုပ်ငန်းဧရိယာများကို လူအများ ဂရုမစိုက်မိအောင် အာရုံလွှဲထားခြင်းတို့ရှိကြောင်း စွပ်စွဲခံရသည်။ မည်သို့ပင်ဖြစ်စေ SPO နှင့် SCTF တို့ နှစ်ခုစလုံးမှာ အလုပ်သမားများကို အတင်းအဓမ္မခိုင်းစေခြင်းအပါအဝင် အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုရှိသည်ဟု ကမ္ဘာတစ်လွှားက စောင့်ကြည့်လာကြသောကြောင့် ပေါ်ထွက်လာသည့် ရလဒ်များဖြစ်ကြသည်။

၁၃.၄ ကုလသမဂ္ဂရှိ တာဝန်ခံမှု

စီးပွားရေးလုပ်ငန်းများအနေဖြင့် မိမိလုပ်ရပ်အပေါ် မိမိတာဝန်မခံမည်ကို စိုးရိမ်ကြသည်မှာ အသစ်အဆန်းတော့ မဟုတ်ပေ။ ၁၉၇၀ ကျော် ကာလများတွင် နိုင်ငံစုံကော်ပိုရေးရှင်း (TNCs) များက လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် ပါဝင်နေခြင်း၊ လာဘ်ပေးလာဘ်ယူမှုများနှင့် ပတ်သက်နေခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံရှိ စားသုံးသူများ၏အခွင့်အရေးကို ချိုးဖောက်နေခြင်း အစရှိသည်တို့ကို စိုးရိမ်တကြီးဖြစ်ခဲ့ကြသည်။ ကုလသမဂ္ဂတွင် (ECOSOC)ကဲ့သို့ အဖွဲ့များက နိုင်ငံစုံကော်ပိုရေးရှင်းကြီးများအား စောင့်ကြည့်ရန် ၁၉၇၀ နှောင်းပိုင်းတွင် တာဝန်ပေးခဲ့သည်။ (UNCTAD) နှင့် (G 70) ကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများပါဝင်သော အုပ်စုများကလည်း ထိုနိုင်ငံစုံ ကော်ပိုရေးရှင်းကြီးများ၏ တာဝန်ခံမှုမရှိခြင်းကို တိုင်တန်းလာကြသည်။ ထိုကာလများတွင် ကုလသမဂ္ဂပြင်ပတွင်လည်း ထိုကိစ္စကိုကိုင်တွယ်ရန် အခြားကြိုးပမ်းမှုများရှိလာကြသည်။ ဥပမာ- စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့ကြီး (OECD) ကလည်း နိုင်ငံတကာ အင်တာပရိုက်စ်များအတွက် လမ်းညွှန်ချက်များကို ၁၉၇၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်။ ထိုလမ်းညွှန်ချက်များတွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာ အင်တာပရိုက်စ်ဆိုင်ရာ သဘောတူညီမှုများနှင့် ဆုံးဖြတ်ချက်များဟု ပါရှိခဲ့သည်။ သို့ရာတွင် (OECD)က ထိုကာလတွင် ချမှတ်ခဲ့သော မူများမှာ အကြံပြုချက်များနှင့် လမ်းညွှန်ချက်များသာဖြစ်ပြီး မလိုက်နာလျှင် အရေးယူခံရမည့် စည်းမျဉ်းစည်းကမ်းများ မဟုတ်ကြပေ။ မည်သို့ပင်ဖြစ်စေ OECD အဖွဲ့ဝင်နိုင်ငံများက ထိုမူဝါဒလမ်းညွှန်ချက်များကို အမျိုးမျိုး အသုံးပြုခဲ့ကြရာ ထို OECD လမ်းညွှန်ချက်များမှာ သက်ဆိုင်ရာအစိုးရများနှင့် စီးပွားရေးလုပ်ငန်းများစံပြုစရာ စည်းကမ်းချက်များအဖြစ် တည်ရှိခဲ့သည်။ ထိုနိုင်ငံတကာ အင်တာပရိုက်စ်များ လမ်းညွှန်ချက် (၁၉၇၆) က စီးပွားရေးလုပ်ငန်းများအနေဖြင့် အလုပ်သမားအခွင့်အရေးကို လေးစားလိုက်နာရန် ညွှန်ကြားခဲ့သည်။ လမ်းညွှန်ချက်များထဲတွင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရေး လာဘ်ပေးလာဘ်ယူမှုများ ကင်းစင်ရေးလည်း ပါဝင်သည်။

အလားတူ ဆောင်ရွက်ခဲ့သော အဖွဲ့အစည်းတစ်ခုမှာ ILO ဖြစ်သည်။ ILO သည် နိုင်ငံတကာ အင်တာပရိုက်စ်များနှင့်ပတ်သက်သော ကျင့်ဝတ်များနှင့် လူမှုဘဝသာယာရေးမူဝါဒများသုံးပွင့်ဆိုင် သဘောတူညီချက် (၁၉၇၇)ကို ပြဋ္ဌာန်းခဲ့ဖူးသည်။ အထက်က ဆွေးနွေးခဲ့သည့်အတိုင်း လိုက်နာရန် ကျင့်ဝတ်များဖော်ထုတ်သည့်နေရာတွင် တိုးတက်မှုများဖြစ်ပေါ်လာသော်လည်း တစ်ချိန်တည်းတွင် စိန်ခေါ်မှုများအမျိုးမျိုး ပေါ်လာခဲ့သည်။ ဆက်လက်ပြီး တိုးတက်ကောင်းမွန်သော အခြေအနေများကို ဖန်တီးရန်မှာလည်း စစ်အေးကာလ အားပြိုင်မှုများ သည်းထန်လာချိန်ဖြစ်သောကြောင့် ရပ်တန့်ခဲ့ရသည်။ ထို့အတူ ဖွံ့ဖြိုးဆဲနိုင်ငံများက အကြံပြုသည့်အချက်များကို ဖွံ့ဖြိုးပြီးနိုင်ငံများက လိုက်လျောဆောင်ရွက်ရန် နောက်တွန့်ခြင်းသည်လည်း တစ်ကြောင်းဖြစ်သည်။ ဘုံသဘောတူသော နိုင်ငံတကာစီးပွားရေးလုပ်ငန်းများ၊ ကျင့်ဝတ်များ ထွက်ပေါ်လာရန် ကြိုစည်ခဲ့ကြသော်လည်း အငြင်းအခုံများတွင်သာ ရပ်တန့်လျက် ဆွေးနွေးသူအသီးသီးက သဘောတူ လက်ခံနိုင်သည့်အခြေအနေသို့ မရောက်ခဲ့ပါ။

မှတ်သားဖွယ်ရာ

ကုလသမဂ္ဂရှိ တာဝန်ခံမှုဆိုင်ရာ ကြိုးပမ်းချက်များ

စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအလုပ်အမှုဆောင်အဖွဲ့ UN Working Group on Business and Human Rights မှာ OHCHR လက်အောက်ခံ လူ့အခွင့်အရေး ချိုးဖောက်မှု ခံရသူများအတွက် ပြန်လည်ကုစားပေးရေးစီမံချက်ဖြစ်ပြီး တာဝန်ခံမှုနှင့်ပတ်သက်ပြီး ဦးစားပေး လုပ်ရှားသည်။ ကော်ပိုရေးရှင်းကြီးများ လူ့အခွင့်အရေးချိုးဖောက်မှု အကြီးအကျယ်ဖြစ်ပွားခဲ့သည့် နေရာများတွင် တရားမျှတမှု ကြီးစိုးလာအောင် ဆောင်ရွက်ရန် ရည်ရွယ်ပြီး ယခုအခါ သတင်း အချက်အလက်များစုဆောင်းနေသောအဆင့်တွင်ရှိသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး ကိုင်တွယ်သော နောက်ထပ် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုမှာ လူ့အခွင့် အရေးနှင့် နိုင်ငံတကာကော်ပိုရေးရှင်းကြီးများနှင့် အခြားစီးပွားရေးအင်တာပရိုက်စ်များဆိုင်ရာ လုပ်ငန်းအဖွဲ့ Working Group on the issue of human rights and transnational corporations and other business enterprises ဖြစ်သည်။ ၂၀၁၁တွင် ဖွဲ့စည်းခဲ့ပြီး ကုလသမဂ္ဂ၏ အခြေခံ လမ်းညွှန်ချက်များကို ပိုမိုနားလည်လာကြပြီး လိုက်နာသုံးစွဲကြစေရန် ကြိုးပမ်းလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူ ခြင်း၊ နိုင်ငံအသီးသီးသို့ သွားရောက်လေ့လာခြင်းနှင့် လူ့အခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်၍ မျက်နှာစုံညီ ဆွေးနွေးပွဲများကျင်းပရေးတို့ပါဝင်သည်။

စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂဖိုရမ် UN Forum on Business and Human Rights သည် ဂျီနီဗာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်ပြီး ကုလသမဂ္ဂအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်း များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများတွေ့ဆုံပြီး စီးပွားရေးလုပ်ငန်းများ၏ တာဝန်ခံမှုနှင့် ပတ် သက်၍ ဆွေးနွေးရာနေရာဖြစ်သည်။

ကုလသမဂ္ဂအနေဖြင့် (CSR) ကို အမျိုးသမီးတို့၏ဘဝမြှင့်တင်ရေးကျင့်ဝတ်များ Women's Empowerment Principles တွင်လည်း ထည့်သွင်းထားသည်။ နမူနာတစ်ခုမှာ ကုလသမဂ္ဂများနှင့် ပုဂ္ဂလိကကဏ္ဍများ တာဝန်ခံမှုရှိရေး မူဘောင်များ (UNW-PSAF) ဖြစ်သည်။ ထိုအစီအစဉ်က စီးပွားရေးလုပ်ငန်းများအနေဖြင့် လုပ်ငန်းခွင်တွင် ကျားမတန်းတူညီမျှမှုရှိရေး ဆောင်ရွက်လာ စေရန်အားပေးသည်။

ကလေးများအခွင့်အရေးနှင့် စီးပွားရေးကျင့်ဝတ်များ Children's Rights and Business Principles UNICEF, Save the Children နှင့် ကုလသမဂ္ဂ Global Compact တို့က ၂၀၁၀ တွင် သတ်မှတ်ထားသော လမ်းညွှန်ချက်များ ဖြစ်ကြသည်။ ကုမ္ပဏီများက ကလေးများ၏ဘဝကို ဆိုးကျိုး များ မပေးရန်နှင့် ကောင်းကျိုးများ တတ်နိုင်သလောက် မြှင့်တင်ပေးရန် ရည်ရွယ်သည်။ အခြေခံ စီးပွားရေးကျင့်ဝတ် ၁၀ ချက်တွင် ကလေးလုပ်သား ပယ်ဖျောက်စေရေး၊ ဘေးကင်းလုံခြုံမှုရှိရေး၊ အလုပ်သမားငယ်နှင့် ၎င်းတို့၏မိဘများ သင့်တော်သောအလုပ်ဖြင့် ရပ်တည်နိုင်ရေးတို့ ဖြစ်ကြ သည်။

ရေရှည် ဖွံ့ဖြိုးရေးရည်မှန်းချက် (Sustainable Development Goals) များတွင်လည်း စီးပွားရေးလုပ်ငန်းများ၏ တာဝန်ခံမှုအတွက် စည်းကမ်းများနှင့် မျှော်မှန်းချက်များပါဝင်သည်။ ဥပမာ-

မျှော်မှန်းချက် ၇။ လူအများတတ်နိုင်သော သန့်ရှင်းသော စွမ်းအင်ရှိရေး

မျှော်မှန်းချက် ၈။ သင့်တော်သော အလုပ်အကိုင်ရှိရေးနှင့် စီးပွားရေးတိုးတက်စေရေး

မျှော်မှန်းချက် ၉။ စက်မှုလုပ်ငန်းများ၊ တီထွင်ဖန်တီးမှုများနှင့် အခြေခံအဆောက်အဦများ ရှိလာစေရေး

မျှော်မှန်းချက် ၁၂။ တာဝန်သိစိတ်ရှိသော စားသုံးမှုနှင့် ကုန်ထုတ်လုပ်မှုများဖြစ်စေရေး

မျှော်မှန်းချက် ၁၃။ ရာသီဥတုပြောင်းလဲခြင်းကို ရင်ဆိုင်တုံ့ပြန်ရေး

ရှေ့လာမည့်အပိုင်းများတွင် ကုလသမဂ္ဂအစီအစဉ်ဖြင့် စတင်ခဲ့သည့် Global Compact (GC) ဟုခေါ်သော စီးပွားရေးလုပ်ငန်းများက မိမိတို့ဘာသာ စည်းကမ်းထုတ်၍ လိုက်နာကြသော အစီအစဉ်ကို ဆွေးနွေးပါမည်။ Global Compact ကို ၁၉၉၉ ခုနှစ်တွင် စတင်ပြီး နောက်ပိုင်းတွင် အဖွဲ့ကြီး၏ ထိရောက်မှုအပေါ် ဝေဖန်မှုများစွာရှိလာခဲ့သည်။ နိုင်ငံစုံကော်ပိုရေးရှင်းကြီးများ စောင့်ကြည့်ထိန်းသိမ်းရေးအမှုဆောင်အဖွဲ့ကလည်း ၂၀၀၃ ခုနှစ်တွင် နိုင်ငံစုံကော်ပိုရေးရှင်းများ လိုက်နာရမည့် တာဝန်ဝတ္တရားသတ်မှတ်ချက်များ Norms on the Responsibilities of Transnational Corporations-the Norms ကို ဖော်ထုတ်အဆိုပြုခဲ့ရာ NGO အများအပြားနှင့် လူအခွင့်အရေးလှုပ်ရှားသူများက လက်ခံခဲ့ကြသော်လည်း စီးပွားရေးလုပ်ငန်းတို့ကမူ အကြီးအကျယ် ကန့်ကွက်ခဲ့ကြသည်။ လက်ရှိတွင် ကုလသမဂ္ဂကိုယ်တိုင်က စီးပွားရေးလုပ်ငန်းများကြောင့် ဖြစ်လာသည့် အကျိုးဆက်များကို ကုစားရန်အတွက် စီးပွားရေးနှင့် လူအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအခြေခံမူများ Guiding Principles on Business and Human Rights ကို သုံးစွဲလျက်ရှိပြီး လုပ်ငန်းအဖွဲ့များစွာကလည်း ထိုအခြေခံမူများအား ပြန့်ပွားအောင် ဆောင်ရွက်လျက်ရှိသည်။ The Norms ခေါ် တာဝန်ဝတ္တရားသတ်မှတ်ချက်များကို ထုတ်ဖော်ခဲ့စဉ်က မအောင်မြင်ခဲ့သည့်အချက်များကို ယခုအခြေခံမူများထုတ်ပြန်သောအခါ ပြင်ဆင်ခဲ့သော်လည်း စီးပွားရေးလုပ်ငန်းများအနေဖြင့် လူအခွင့်အရေးနှင့်ပတ်သက်ပြီး မည်မျှလိုက်လျောဆောင်ရွက်နေကြသည်ကို ကြီးကြပ်စစ်ဆေးရန် အစီအစဉ်များကို ရှာဖွေရေးဆွဲနေကြတုန်းပင်ဖြစ်သည်။ ယခုအခါ စီးပွားရေးနှင့် လူအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အလုပ်အမှုဆောင်အဖွဲ့နှင့် ကမ္ဘာအရပ်ရပ်မှ အရပ်ဘက်လူ့အဖွဲ့အစည်းများက စီးပွားရေးနှင့် လူအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂစာချုပ်တစ်ရပ်ကို ပေါ်ထွက်လာရေး ဆွေးနွေးနေကြဆဲဖြစ်သည်။ ထိုစာချုပ်အရ နိုင်ငံအသီးသီးနှင့် ကမ္ဘာ့ပြည်သူအပေါင်းတို့သည် လူအခွင့်အရေး ချိုးဖောက်ခံရပါက တိုင်ကြားနိုင်ခြင်း၊ စွဲချက်တင်နိုင်ခြင်း၊ ဒဏ်ရာဒဏ်ချက်နှင့် နစ်နာချက်များအား ပြန်လည်ကုစားပေးရန်တောင်းဆိုနိုင်ခြင်းတို့ကို ပြုလုပ်နိုင်သည်။ ထိုစာချုပ် အသက်ဝင်မလာမချင်း စီးပွားရေးလုပ်ငန်း၏တာဝန်ခံမှုကို သေချာစေသော မည်သည့်အစီအမံမျှ မရှိသေးပေ။

၁၃.၄.၁ Globle Compact 1999

၁၉၈၀ ကျော်ကာလများတွင် စီးပွားရေးသမားများလိုက်နာရမည့်ကျင့်ဝတ်များကို အတည်ပြုရန် ပျက်ကွက်ခဲ့ပြီးနောက် ကုလသမဂ္ဂက ပုံစံတစ်မျိုးဖြင့် Globle Compact ကို လူသိများစေခဲ့သည်။ GC မှာ စီးပွားရေးသမားတို့၏ စိတ်ဆန္ဒအလျောက် လိုက်နာနိုင်သည့်အချက်များ ပါဝင်သည်။ စီးပွားရေးလုပ်ငန်းများကို ဧရိယာ ၁၀ ခုတွင် (CSR) တိုးမြှင့်လုပ်ကိုင်ရန် တိုက်တွန်းထားသည်။ စီးပွားရေးလုပ်ငန်းများအနေဖြင့် မိမိတို့ဘာသာစည်းကမ်းသတ်မှတ်ပြီး တိုးတက်မှုကို အစီရင်ခံရသည့်စနစ်ဖြစ်သောကြောင့် ကုမ္ပဏီများအနေဖြင့် မိမိတို့အခြေအနေကို မိမိတို့ဘာသာ လေ့လာကာ လူအအခွင့်အရေးအတွက် မည်သည့်ကဏ္ဍတွင် မည်မျှဆောင်ရွက်ထားသည်ကို အစီရင်ခံစာတင်ပြကြရသည်။ ထိုစနစ်မှ ယခင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးကို ကိုဖီအာနန်က အဆိုပြုခဲ့သော စိတ်ကူးဖြစ်ပြီး စီးပွားရေးအသိုက်အဝိုင်းက GC စတင်တည်ထောင်ရာတွင် အင်တိုက်အားတိုက် ပါဝင်ခဲ့ကြသည်။ ယခင်ကုလသမဂ္ဂ၏ ကြိုးပမ်းမှုများနှင့် GC တို့၏ ကွာခြားချက်မှာ GC က စီးပွားရေးလုပ်ငန်းများ ကမကထပြုကြသော စေတနာ စေ့ဆော်သည့်အလျောက် လိုက်နာဆောင်ရွက်ခြင်းဖြစ်သည်။ အခြေခံစည်းမျဉ်းစည်းကမ်းများကို မည်သို့ အကောင်အထည်ဖော်မည်ကို ၎င်းတို့ဘာသာ ဆုံးဖြတ်နိုင်လျက် မိမိတို့လုပ်ဆောင်ချက်ကို ကိုယ်တိုင်အကဲဖြတ် ရေးသားရသည့်စနစ်ဖြစ်သော်လည်း ၎င်းတို့၏လုပ်ဆောင်ချက်များကို စောင့်ကြည့်ကြီးကြပ်သူမရှိသလို ဝေဖန်ထောက်ပြနိုင်ခြင်းလည်းမရှိပါ။ လူအခွင့်အရေးကို ကာကွယ်ပေးရာတွင် (၀လိုဘယ်ကွန်ပက်) ကဲ့သို့သောပုံစံမှာ မထိရောက်ဆုံးသော အစီအမံဟု ယူဆသူများလည်းရှိသလို တစ်ဖက်တွင်လည်း နိုင်ငံတကာ လူအခွင့်အရေးနှင့် ဥပဒေကြောင်းအရ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် စီးပွားရေးလုပ်ငန်းများ တစ်သားတည်းဖြစ်လာစေရန် စပြီးလှမ်းသော ခြေတစ်လှမ်းဟု ယူဆသူများလည်းရှိသည်။ ၀လိုဘယ်ကွန်ပက်မှာ စီးပွားရေးလုပ်ငန်းများ၏ CSR မူဝါဒများနှင့် ဆောင်ရွက်ချက်များကို စုပေါင်းခင်းကျင်းပြရာ ပလက်ဖောင်းတစ်ခုဖြစ်လာခြင်းမှာလည်း ယခင်အစီအစဉ်များနှင့် မတူသည့်အချက် ဖြစ်သည်။ ကာလဒေသအလိုက် အသင့်တော်ဆုံး CSR ပုံစံကို ဖော်ထုတ်ရန် စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးလောကမှ မဟုတ်သူများကြား ကွန်ရက်ဖွဲ့ ဆောင်ရွက်ခြင်းကိုလည်း ၀လိုဘယ်ကွန်ပက်က အားပေးသည်။ သို့သော်လည်း ၀လိုဘယ်ကွန်ပက်သည် လူအခွင့်အရေးကို ကော်ပိုရိတ်များက ချိုးဖောက်ကြခြင်းမှကာကွယ်ရန် ပေါ်ထွက်လာသော ကျင့်ဝတ်များ၊ သတ်မှတ်စံချိန်များနှင့် ဆန့်ကျင်နေလျက် စီးပွားရေးလုပ်ငန်းများ၏ အကျိုးတော်ဆောင်သက်သက် ဖြစ်နေတော့သည်။ ၀လိုဘယ်ကွန်ပက်တွင် စီးပွားရေးလုပ်ငန်းပေါင်း ရှစ်ထောင်ခန့်ပါဝင်ပြီး အစိုးရမဟုတ်သော မိတ်ဖက်အဖွဲ့ဝင်များ လေးထောင်ခန့်ရှိသည်။ အစိုးရမဟုတ်သော မိတ်ဖက်အဖွဲ့ဝင်များမှာ တက္ကသိုလ်မှ ပညာရှင်များနှင့် NGO များ အစရှိသူတို့ ပါဝင်ကြသည်။ စီးပွားရေးလုပ်ငန်းရှင်များက အခြေခံကျင့်ဝတ်ဆယ်ချက်တွင် ပါဝင်သော လူအခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်အရေးနှင့် အဂတိလိုက်စားမှု ပပျောက်ရေး အစရှိသည်တို့တွင် ပါဝင်ဆောင်ရွက်ကြရန် ကတိကဝတ်ထားကြရသည်။ ထိုကျင့်ဝတ်များတွင် လူအခွင့်အရေးကို အတိအလင်းထည့်ဖော်ပြထားပြီး စီးပွားရေးလုပ်ငန်းတို့ကြောင့် ဖြစ်ပေါ်လာသော လူအခွင့်အရေးနှင့်ပတ်သက်သော ကိစ္စများကို ဆွေးနွေးထားသည်။

မှတ်သားဖွယ်ရာ

ကုလသမဂ္ဂ ဂလိုဘယ်ကွန်ပက် အစီအစဉ်၏ အခြေခံကျင့်ဝတ်(၁၀)ချက်

ကျင့်ဝတ်(၁)။ စီးပွားရေးလုပ်ငန်းများက နိုင်ငံတကာတွင် လက်ခံကျင့်သုံးနေပြီဖြစ်သော လူ့အခွင့်အရေးများကို လေးစားလိုက်နာကာ ထောက်ခံကြရမည်။

ကျင့်ဝတ်(၂)။ စီးပွားရေးလုပ်ငန်းများအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခြင်း မရှိရ။

ကျင့်ဝတ်(၃)။ စီးပွားရေးလုပ်ငန်းများအနေဖြင့် အလုပ်သမားတို့ လွတ်လပ်စွာ အသင်းအဖွဲ့ တည်ထောင်ခြင်းနှင့် စုပေါင်းအင်အားဖြင့် အလုပ်ရှင်နှင့် စေ့းဆစ်ညှိနှိုင်းနိုင်သည့် အခွင့်အရေးကို ကောင်းစွာအသိအမှတ်ပြုရမည်။

ကျင့်ဝတ်(၄)။ အတင်းအဓမ္မခိုင်းစေခြင်းနှင့် အလုပ်သမားကို ရွေးချယ်ခွင့်မပေးဘဲ ခိုင်းစေခြင်းများ ပပျောက်စေရမည်။

ကျင့်ဝတ်(၅)။ ကလေးသူငယ်အလုပ်သမားပပျောက်ရေးတွင် ထိရောက်စွာ ပါဝင်ရမည်။

ကျင့်ဝတ်(၆)။ အလုပ်ခန့်ထားရာတွင်လည်းကောင်း၊ အလုပ်အကိုင်အမျိုးအစား ရွေးချယ်ရာတွင်လည်းကောင်း ခွဲခြားဆက်ဆံရေးမူကို အခြေခံထားခြင်းမျိုး မရှိစေရ။

ကျင့်ဝတ်(၇)။ သဘာဝပတ်ဝန်းကျင်ရေးရာ စိန်ခေါ်မှုများနှင့်ပတ်သက်၍ ကြိုတင် မြော်မြင်ပြင်ဆင်လေ့ရှိသော ဓလေ့ဖြင့် ချဉ်းကပ်ကြရမည်။

ကျင့်ဝတ်(၈)။ သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေးအတွက် စီးပွားရေးလုပ်ငန်းများက ပိုမိုတာဝန်ယူလာကြစေရေးအတွက် ပါဝင်ဆောင်ရွက်ရမည်။

ကျင့်ဝတ်(၉)။ သဘာဝပတ်ဝန်းကျင်ကို ဘေးမဖြစ်စေသော နည်းပညာများဖွံ့ဖြိုးလာရေး၊ ဖြန့်ဖြူးနိုင်ရေးတို့ကို အားပေးရမည်။

ကျင့်ဝတ်(၁၀)။ စီးပွားရေးလုပ်ငန်းများအနေဖြင့် အဂတိလိုက်စားမှု ပုံစံအမျိုးမျိုးကို ဆန့်ကျင်တိုက်ဖျက်ရမည်။

စီးပွားရေးလုပ်ငန်းအသိုက်အဝန်းက ဂလိုဘယ်ကွန်ပက်ကို များစွာ ထောက်ခံကြသော်လည်း နိုင်ငံတကာအဆင့်တွင် ပါဝင်ဆွေးနွေးကြသူအချို့ကမူ ကျေနပ်ဖွယ်မရှိဟု မြင်သည်။ စီးပွားရေးလုပ်ငန်းရှင်များ၏ CSR ကို ဟန်ပြလုပ်သကဲ့သို့ပင် ဂလိုဘယ်ကွန်ပက်တွင်လည်း မထူးခြားဟု ဝေဖန်ကြသည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းများကို ကျင့်ဝတ်များမဖြစ်မနေ လိုက်နာရန် စည်းကမ်းများရှိမနေဘဲ ပင်ကိုယ်ပင် အတော်အတန် ကျင့်ဝတ်စောင့်ထိန်းသူများက မိမိတို့ကျင့်ဝတ်စောင့်ထိန်းနေကြောင်း ပြသရန်ပါဝင်လာခြင်းဖြစ်ရာ ဂလိုဘယ်ကွန်ပက်မှာ တစ်နည်းအားဖြင့် ဘုရားကို သက်ဝင်ယုံကြည်ပြီးသားလူများက ဘာသာပြောင်းလာသလို နောက်ထပ် ဆွယ်တရားဟောစရာမလိုသည့်နှယ် ဖြစ်သည်ဟု ဆိုကြသည်။ တစ်နည်းအားဖြင့် ဂလိုဘယ်ကွန်ပက်တွင် ပါဝင်နိုင်ခြေများသူတို့ပါ လူ့အခွင့်အရေးဆိုင်ရာကျင့်ဝတ်များနှင့် ပင်ကိုယ်ပင် ညီညွတ်ပြီးဖြစ်ရသောကြောင့် ဝင်ရောက်လိုစိတ်ဖြစ်ပေါ်ရန် အခြေအနေပိုများသည်။ လူ့အခွင့်အရေး ချိုးဖောက်ရာတွင် ပါဝင်နေကြသော အထူးသဖြင့် သတ္တုမိုင်းတူးဖော်ခြင်းလုပ်ငန်းများကဲ့သို့ လုပ်ငန်းများကမူ ဂလိုဘယ်ကွန်ပက်ကို ရှောင်လေ့ရှိကြသည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းများက မိမိတို့တိုးတက်မှုကို မိမိတို့ဘာသာ သုံးသပ်အစီရင်ခံရသည့် စည်းကမ်းရှိရာ မိမိတို့၏ မကောင်းမှု

ကိုမူ အစီရင်ခံစာတွင် မထည့်သွင်းဘဲ ဖုံးကွယ်ပြီးနေလိုက နေနိုင်သည်။ ဥပမာ - နည်းပညာကုမ္ပဏီများဖြစ်ကြသော မိုဘိုင်းဖုန်းထုတ်လုပ်သူများနှင့်ဆိုရှယ်မီဒီယာကုမ္ပဏီကြီးများက မကြာခဏဆိုသလို လူ့အခွင့်အရေးချိုးဖောက်မှုဖြင့် စွပ်စွဲခံရလေ့ရှိသည်။ ၎င်းတို့ထဲတွင် အချို့က လူ့အခွင့်အရေးချိုးဖောက်နေသော စက်ရုံများထံ မိမိတို့ ကုန်ပစ္စည်းထုတ်လုပ်မှုကို လက်ခွဲဆောင်ရွက်ပေးရန် အပ်နှံခြင်း၊ ဆိုရှယ်မီဒီယာသုံးစွဲသူတို့၏ ကိုယ်ရေးကိုယ်တာအချက်အလက်များအား အခြားသူများသို့ ရောင်းစားခြင်းအားဖြင့် လူ့အခွင့်အရေးကို ချိုးဖောက်တတ်ကြသည်။ ထိုလုပ်ရပ်များမှာ ဥပဒေနှင့် မညီညွတ်ပါဟု ဆိုချင်မှဆိုနိုင်မည်။ သို့သော် လူ့အခွင့်အရေးကို ပြောင်ပြောင်ချိုးဖောက်နေသော လုပ်ရပ်ဖြစ်သည်။ အဆိုးဆုံးမှာ စီးပွားရေးသမားတို့က ဂလိုဘယ်ကွန်ပက်အား ၎င်းတို့၏ ပြစ်မှုများအတွက် အစစ်ဆေးခံရခြင်းမှ အကာအကွယ်ရအောင် အသုံးချလိုက အသုံးချနိုင်ခြင်းပင် ဖြစ်သည်။ နောက်ထပ် ဝေဖန်ချက်တစ်ခုကမူ အထက်ဖော်ပြပါ ဂလိုဘယ်ကွန်ပက်၏ ကျင့်ဝတ်များမှာ အဓိပ္ပာယ် တိတိကျကျ ဖွင့်ဆိုခြင်းမရှိဟူ၍ ဖြစ်သည်။ ထို့ပြင် စီးပွာရေးလုပ်ငန်းများအနေဖြင့် စောင့်ထိန်းရမည့်ဝတ္တရားများမှာ ပြောပလောက်အောင် မကြီးကျယ်ဟု ဆိုကြသည်။ ဂလိုဘယ်ကွန်ပက် မျက်နှာဖုံးကို နိုင်ငံတကာကုမ္ပဏီ၏ပုံရိပ်ကို မြှင့်တင်ရန်သုံးလျက် တစ်ဖက်တွင် လူ့အခွင့်အရေးချိုးဖောက်ခြင်းများရှိနေကြသည်ကို ဝေဖန်သံများကြားရပါသည်။ မည်မျှပင် လူ့အခွင့်အရေးကို ချိုးဖောက်သည်ဖြစ်စေ ထိုကုမ္ပဏီများကို အရေးယူနိုင်ရန် အခွင့်အရေးမှာ နည်းပါးလှသည်။ သို့ဖြစ်ရာ ဂလိုဘယ်ကွန်ပက်ကို လက်ခံကြရာတွင် ကမ္ဘာအနှံ့အပြားတွင်ပင် သဘောထားကွဲလွဲကြသည်။ ဥရောပရှိလုပ်ငန်းများစွာက ဂလိုဘယ်ကွန်ပက်ကို တက်တက်ကြွကြွ ထောက်ခံကြသည့်တိုင်အောင် အမေရိကန်ကုမ္ပဏီများက စိတ်မပါလှပေ။ အချို့သော အရှေ့တောင်အာရှကုမ္ပဏီများက အားပေးထောက်ခံသော်လည်း အရေအတွက်မှာ နည်းလှသည်။ ဗီယက်နမ်မှကုမ္ပဏီ ၆ ခုနှင့် NGO ပေါင်း ငါးဆယ်နီးပါး၊ အင်ဒိုနီးရှားမှ ကုမ္ပဏီတစ်ရာခန့်နှင့် မြန်မာနိုင်ငံမှ တစ်ရာခန့် ပါဝင်ကြသည်။ ထိုကုမ္ပဏီများမှာ စီးပွားရေးအင်အားအရ အရွယ်အစားငယ်သော လုပ်ငန်းများလည်းဖြစ်သည်။

ဂလိုဘယ်ကွန်ပက်ကို ဝေဖန်သည့်ကိစ္စများတွင် အဓိကပြောဆိုကြသည်မှာ ထင်သလောက် ခရီးမပေါက်နိုင်ဟူ၍ ဖြစ်သည်။ ဂလိုဘယ်ကွန်ပက်တွင် စောင့်ကြည့်စစ်ဆေးခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း အစရှိသည့်လုပ်ငန်းများ မပါဝင်သလို စီးပွားရေးလုပ်ငန်းများပေါ်တွင်လည်း အပြစ်ဒဏ်အတွက် အရေးယူနိုင်ခြင်း မရှိပေ။ ကုမ္ပဏီများအနေဖြင့် CSR ဥပဓိရုပ်ကောင်းအောင် ပြင်ဆင်ထားကြရန် တိုက်တွန်းအားပေးရုံသာထိရောက်ပြီး စီးပွားရေးသမားတို့အကြိုက် စရိတ်ချွေတာနိုင်ပြီး လူလုံးပြကောင်းသည့် အစီအစဉ်တစ်ခုသာဖြစ်သည်ဟု စွပ်စွဲခံရသည်။ စီးပွားရေးလုပ်ငန်းများ၏ တာဝန်ခံမှုကိုမြှင့်တင်ရာတွင် အခြားသောပုံစံများဖြင့် ဆောင်ရွက်ရန် လိုအပ်ပေသည်။ စီးပွားရေးလုပ်ငန်းများ လိုက်နာရမည့် စံနှုန်းများနှင့် အခြေခံကျင့်ဝတ်များကို ဖော်ထုတ်လာခဲ့ကြသည်။

၁၃.၄.၂ စီးပွားရေးလုပ်ငန်းများအတွက် ကုလသမဂ္ဂစံနှုန်းများ UN Norms (2003)

လူ့အခွင့်အရေးကော်မရှင်၏ ကော်မရှင်အဖွဲ့ခွဲတစ်ခုက လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး နိုင်ငံစုံကော်ပိုရေးရှင်းကြီးများနှင့် အခြားစီးပွားရေး အင်တာပရိုက်စ်များ လိုက်နာရမည့် စံသတ်မှတ်

ချက်များကို ၂၀၀၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါသည်။ ထိုထုတ်ပြန်ချက်မှာ ဥပဒေတစ်ခုကဲ့သို့ အာဏာတည်ခြင်းမရှိသလို ကုလသမဂ္ဂရှိအခြားသော အဖွဲ့များအားလုံးက ခွင်းချက်မရှိ လက်ခံထားခြင်းမျိုးလည်း မရှိပါ။ ထိုစံသတ်မှတ်ချက်များကို လူ့အခွင့်အရေးကော်မရှင်က မိတ်ဆက်ပြီး နောက်ပိုင်းတွင် မသုံးတော့ဘဲ မေ့ထားလိုက်ရသည်။ စီးပွားရေးလုပ်ငန်းများကို တာဝန်ခံအောင်လုပ်သည့် တာဝန်မှာလည်း အခြားသော ကုလသမဂ္ဂလက်အောက် အဖွဲ့အစည်းများဆီသို့ ဆက်လက် ရွှေ့လျားသွားခဲ့သည်။

ထိုစံသတ်မှတ်ချက်များမှာ စီးပွားရေးသမားများ၏ သဘောဆန္ဒအားဖြင့် ဆောင်ရွက်နိုင်သော ဂလိုဘယ်ကွန်ပက်နှင့် အခြေခံအားဖြင့် ကွဲပြားကြသည်။ စံသတ်မှတ်ချက်များက စီးပွားရေးသမားများသို့ တိုက်ရိုက်ဦးတည်ပြီး အခြားလူ့အခွင့်အရေးစာချုပ်များစွာတွင် ဖော်ပြထားသကဲ့သို့ နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ရမည့်အချက်များ မပါရှိပေ။

ထိုစံသတ်မှတ်ချက်များအရ နိုင်ငံစုံကော်ပိုရေးရှင်းကြီးများနှင့် အခြားစီးပွားရေးအင်တာပရိုက်စ်များသည် လူ့အခွင့်အရေးကို ပြန့်ပွားအောင်ဆောင်ရွက်ရန် မိမိတို့ကိုယ်တိုင် လေးစားလိုက်နာရင်း၊ မိမိလုပ်ငန်းများတွင် လူ့အခွင့်အရေးကို လေးစားလိုက်နာမှုရှိအောင် ဆောင်ရွက်ရန်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပေါ်ခြင်းမှ အကာအကွယ်ပေးရန်တို့အတွက် တာဝန်ရှိသည်ဟု ဖော်ပြသည်။

ကုလသမဂ္ဂ စံသတ်မှတ်ချက်များပေါ်ထွက်လာသည့် အချိန်ထိတိုင်အောင် လူ့အခွင့်အရေးကို စီးပွားရေးလုပ်ငန်းများအနေဖြင့် အလေးထားစောင့်ရှောက်ရန် တာဝန်ရှိသည်ဟူ၍ မည်သည့်ထုတ်ပြန်ချက်ကမျှ မဆိုထားဘူးခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် လူ့အခွင့်အရေးကို အကာအကွယ်ပေးရန် တာဝန်ရှိသူမှာ နိုင်ငံတော်ဟုသာ သတ်မှတ်ခဲ့ဖူးသောကြောင့် ဖြစ်သည်။ ၂၀၀၃ ကုလ စံသတ်မှတ်ချက်များတွင်မူ နိုင်ငံတော်၏တာဝန်ကို စိုးစဉ်းမျှထည့်သွင်းထားခြင်းမရှိရာ စီးပွားရေးသမားတို့ကလည်း ထိုအချက်ကို ပြန်၍ဝေဖန်ကြပါသည်။ ထိုသို့ဝေဖန်သူများထဲတွင် နိုင်ငံအချို့လည်း ပါဝင်သည်။ စီးပွားရေးသမားတို့အနေဖြင့် တရားဥပဒေကြောင်းအရ လူ့အခွင့်အရေးအတွက် မည်ရွေ့မည်မျှတာဝန်ရှိသည်ကို သတ်မှတ်ထားပုံမှာ ကျယ်ပြောပြီး အတိအကျမဆိုနိုင်ခြင်း၊ ထိုစံသတ်မှတ်ချက်များ ပေါ်ထွက်လာသည်ကို ကြိုဆိုမှုမရှိခြင်း၊ အဆိုပြုထားသည့် ပြစ်ဒဏ်သတ်မှတ်ချက်များနှင့် ပတ်သက်သောအချက်များကို မကျေနပ်ခြင်း၊ လူ့အခွင့်အရေးကာကွယ်ရန်အတွက် စီးပွားရေး လုပ်ငန်းရှင်များအပေါ် လုံးလုံး တာဝန်ပုံထားသည်ကို မလိုလားကြခြင်း အစရှိသည်ဖြင့် မကျေနပ်သံများ ထွက်ပေါ်လာကြသည်။ ယခုကာလတွင် စီးပွားရေးလောကကို လူ့အခွင့်အရေးအတွက် ချဉ်းကပ်ရန်စဉ်းစားနေသည့် စံချိန်စံညွှန်းများတွင် တစ်ချိန်က UN Norms များက အဆိုပြုခဲ့သောကိစ္စများထဲ တစ်ပတ်ပြန်လည်လာကြသော်လည်း ယခင်ကမူ ထို ၂၀၀၃ စံသတ်မှတ်ချက်များမှာ အများသဘောပေါက်ရန် စောလွန်းသောခေတ်တွင် ထွက်ပေါ်လာခဲ့သည်ဟုဆိုရမည်။ ထိုစဉ်ကမူ နိုင်ငံတကာ အသိုက်အဝန်းကလည်း စီးပွားရေးလုပ်ငန်းများက တိုက်ရိုက်တာဝန်ခံရမည်ဆိုသောအချက်ကို လက်ခံရန် ဥပဒေကြောင်းအရလည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း အသင့်မဖြစ်သေးသည်မှာ သေချာလှသည်။

၁၃.၄.၃ ကုလသမဂ္ဂအခြေခံကျင့်ဝတ်များ (၂၀၁၁)

ကုလသမဂ္ဂက မကြာသေးခင်ကပင် စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ အခြေခံကျင့်ဝတ်များကို ထုတ်ပြန်လိုက်သည်။ ၂၀၁၁ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင်ဖြင့် လူ့အခွင့်အရေးကောင်စီက ထုတ်ပြန်လိုက်ခြင်းဖြစ်ပြီး အချို့ကမူ လူ့အခွင့်အရေးကာကွယ်ခြင်း၊ လေးစားလိုက်နာခြင်းနှင့် နစ်နာသူအတွက် ကုစားပေးခြင်းဆိုင်ရာ မူဘောင်ဟုလည်း ခေါ်ကြသည်။ တစ်ဖန် ရပ်ဂေးမူများဟုလည်း သုံးနှုန်းကြပြန်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအခြေခံ ကျင့်ဝတ်များကို စီးပွားရေးလုပ်ငန်းရှင်များနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးစုံစမ်းစစ်ဆေးရေး အရာရှိ ဂျွန်ရပ်ဂေးက ၂၀၀၇ ခုနှစ်စတင် မိတ်ဆက်ခဲ့သောကြောင့် ဖြစ်သည်။ မူလက ရပ်ဂေး မိတ်ဆက်ပြီး ခဲ့သောမူများမှာ နောင်တွင် ယခုတွေ့ရသော အခြေခံကျင့်ဝတ်များအဖြစ် ပိုမိုကျယ်ပြန့်စေခဲ့ကြသည်။ အခြေခံကျင့်ဝတ် ၃၁ ချက်ပါဝင်ပြီး စီးပွားရေးသမားများနှင့်အစိုးရများလိုက်နာရန် တာဝန်ဝတ္တရားများနှင့်စပ်လျဉ်း၍ နိုင်ငံတကာ အဆင့်စံချိန်စံနှုန်းများ ထည့်သွင်းထားသည်။ ဤအခြေခံကျင့်ဝတ်မူဘောင်များက လူ့အခွင့်အရေးဆိုင်ရာတာဝန်များကို စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံတော်အစိုးရများက မည်သို့လက်ခံကျင့်သုံးကြရမည်ကို ရှင်းလင်းထားသည်။ ထိုအခြေခံကျင့်ဝတ်များသည် မူလ ၂၀၀၃ ခုနှစ်က မိတ်ဆက်ခဲ့သော ကုလသမဂ္ဂ စံသတ်မှတ်ချက်များထက် နှိုင်းစာသော် တစ်ဆင့်နှိမ့်ထားသည်ဟု ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အခြေခံကျင့်ဝတ်များက လူ့အခွင့်အရေးနှင့်ပတ်သက်၍ ထမ်းဆောင်ရမည့်တာဝန်များကို အဓိက ပခုံးထမ်းရမည့်သူမှာ နိုင်ငံတော်အစိုးရဟုသာ သတ်မှတ်ထားပြီး စီးပွားရေးလုပ်ငန်းရှင်များမှာ ပင်မ တာဝန်ရှိသူများ မဟုတ်ကြောင်း စကားချီးတွင် အောက်ပါအတိုင်း ရှင်းလင်းထားသည်ကို တွေ့ရသည်။ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို လေးစားရန်၊ ကာကွယ်စောင့်ရှောက်ရန် အဓိက တာဝန်မှာ နိုင်ငံတော်အစိုးရတွင်ရှိသည်ဟု ဖော်ပြထားသည်။ အခြေခံကျင့်ဝတ်များအားလုံးကို အောက်ပါတို့အပေါ်တွင် အုတ်မြစ်ချထားသည်။

(က) နိုင်ငံတော်က လက်ရှိထမ်းဆောင်နေသော လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို လေးစားရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ဖြည့်ဆည်းပေးရေး တာဝန်များ

(ခ) သက်ဆိုင်ရာဥပဒေများ အားလုံးနှင့် လူ့အခွင့်အရေးတို့ကို လေးစားလိုက်နာရန်လိုအပ်သော လူ့အဖွဲ့အစည်းအတွက် အရေးပါသော လုပ်ငန်းများတွင် ပါဝင်နေကြသော အထူးအစိတ်အပိုင်းများဖြစ်ကြသည့် စီးပွားရေးလုပ်ငန်းရှင်တို့၏ကဏ္ဍ

လူ့အခွင့်အရေးကို လေးစားလိုက်နာရန်ဆိုသည့် တာဝန်ဝတ္တရားထက်စာလျှင် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးရန်ဟူသောကိစ္စမှာ ပို၍ခက်ခဲသည်။ ထိုကွဲပြားချက်ကို ယခုအခြေခံကျင့်ဝတ်များတွင် ထင်ရှားစွာ ဖော်ပြထားသည်။ အခြေခံကျင့်ဝတ်များတွင် နိုင်ငံတော်နှင့် သက်ဆိုင်သောတာဝန်များကို ဖော်ပြသောအခါ ဥပဒေအတိုင်း မလွဲအောင် ဆောင်ရွက်ရမည်ဆိုသည့် အဓိပ္ပာယ်ဖြင့်ဖော်ပြထားပြီး ကော်ပိုရေးရှင်းများနှင့်သက်ဆိုင်သော ကျင့်ဝတ်များကို ရေးသားသောအခါတွင် စီးပွားရေး လုပ်ငန်းတို့အနေဖြင့် 'အကောင်အထည်ဖော်လိုက ဖော်နိုင်' ဟူသော စကားရပ်မျိုး၊ 'လူ့အခွင့်အရေးချိုးဖောက်မှုများ မဖြစ်စေအောင် ရှောင်ရှားရမည်' သို့မဟုတ် 'တားဆီးရန် နည်းလမ်းရှာဖွေရမည်' အစရှိသဖြင့် ပျော့ပြောင်းပြီး ဝန်မပိစေသော အသုံးအနှုန်းမျိုးကိုသုံးထားကြောင်း တွေ့ရသည်။ အချို့ကမူ ထိုအသုံးအနှုန်းများမှ ပျော့လွန်းသည်ဟုဆိုကြသည်။

အခြေခံကျင့်ဝတ်၏ နောက်ဆုံးအပိုဒ်ဖြစ်သည့် လူ့အခွင့်အရေး ချိုးဖောက်ခြင်းခံရသူများကို ပြန်လည်ကုစားပေးရန်ဟူသော အပိုင်းတွင် အောက်ပါအတိုင်း မိတ်ဆက်ထားသည်။

(၈) စောင့်ထိန်းရမည့် တာဝန်နှင့်ဝတ္တရားများ မကျေပွန်ဘဲ လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများ ဖြစ်ပွားသောအခါ ထိုတာဝန်ပျက်ကွက်မှုအတိုင်းအတာနှင့် ညီညွတ်သော ထိရောက်သည့် ပြန်လည်ကုစားမှုကို ဆောင်ရွက်ပေးရမည်။

အဆိုပြုထားသည့် ကုစားပေးရန်နည်းလမ်းများ၌ နှစ်မျိုးနှစ်စား ရှိပါသည်။ (၁) နိုင်ငံတော်၏ တည်ဆဲဥပဒေများအရလည်းကောင်း (၂) အခြားသော တရားစီရင်ရေး ပုံစံများဖြင့်လည်းကောင်း ဆောင်ရွက်နိုင်သည်။ အခြားသောတရား စီရင်ရေးနည်းလမ်းများသည်လည်း အစိုးရနှင့် စီးပွားရေးလုပ်ငန်းများက ကျူးလွန်သောအမှုများကို ဖြေရှင်းပေးနိုင်ရမည်ဖြစ်ပြီး တရားရုံးသို့ သွားရောက်ကာ တရားစွဲစရာမလိုဘဲ လျော်ကြေးရယူခြင်းနှင့် အခြားစရိတ်များ ရယူခြင်းတို့ဖြင့် လူ့အခွင့်အရေးဖောက်ဖျက်မှုကို ကျေအေးခွင့်ပေးနိုင်သည့်အစွမ်းရှိရမည်။ အခြေခံကျင့်ဝတ်များ၏ အုတ်မြစ်ဖြစ်သော လုပ်ငန်းသုံးရပ်ကိုလည်း အသေးစိတ်ဆွေးနွေးသွားပါမည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

လူ့အခွင့်အရေးနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းများကို အလိုလိုက်သင့် မလိုက်သင့်။

စီးပွားရေးလုပ်ငန်းများအနေဖြင့် တာဝန်ခံမှုရှိကြစေရန် အားထုတ်ရာတွင် ကုလသမဂ္ဂက အကြိမ်ကြိမ်ကြုံခဲ့ရသည်မှာ ၎င်းတို့ စိတ်ပါလက်ပါရှိလာအောင် မည်သို့ဆောင်ရွက်မည်နည်းဟူသော အငြင်းအခုံများ ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ စိတ်ပါလက်ပါ ဆောင်ရွက်လာအောင် စေ့ဆော်ပေးပြီး (၎လိုဘယ်ကွန်ပက် ကဲ့သို့သော အစီအစဉ်များနှင့်အလားတူ) လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး တင်းတင်းကျပ်ကျပ် မတောင်းဆိုဘဲ စိတ်ပါနိုင်သမျှပါလာအောင် ညင်ညင်သာသာ လိုက်လျောဆက်ဆံသင့်သလော၊ သို့တည်းမဟုတ် မလိုက်နာလျှင် တရားဥပဒေအရ အရေးယူခြင်း ခံရမည်ဟူသော မအောင်မြင်ခဲ့သည့် ကုလသမဂ္ဂကဖော်ထုတ်ခဲ့သည့်စံနှုန်းများ Norms များကဲ့သို့ ဖိဖိစီးစီးကိုင်တွယ်ပုံမျိုးသည် ပိုမိုသင့်တော်သလောဟူသော အငြင်းအခုံများစွာရှိခဲ့ကြသည်။

အချို့ကမူ စီးပွားရေးသမားများ စိတ်လိုလက်ရ ပါဝင်လာအောင် စေ့ဆော်ပေါက်တွင် အလျှော့ပေးသကဲ့သို့ ချဉ်းကပ်ခြင်းက စီးပွားရေးသမားများ ပို၍လက်ခံဖွယ်ဖြစ်သည်ဟု ရှုမြင်ကြသည်။ ဤနည်းတွင် စီးပွားရေးသမားတို့ ထမ်းဆောင်ရန်ကြိုးလေးသော တာဝန်များမပေးခြင်း၊ တာဝန်ခံမှုများ တိုးတက်ဖြစ်ပေါ်လာရန် တဖြည်းဖြည်း ဆွဲခေါ်သွားခြင်း ပုံစံများသုံးရမည် ဖြစ်သည်။ မြင့်မားလွန်းသော လူ့အခွင့်အရေးပေတံများသတ်မှတ်ထားသောကြောင့် စီးပွားရေးသမားတို့က နောက်ဆုတ်သွားခဲ့လျှင် လူ့အခွင့်အရေးကိစ္စ၌ ပါဝင်တော့မည်မဟုတ်ပေ။ ဤအခြေအနေတွင် ၎င်းတို့၏ တာဝန်ခံမှုကို သေချာစေသော အခြားနည်လမ်းများမှာ နည်းပါးလှသည်။

အချို့ကမူ စီးပွားရေးသမားတို့သည် မည်သည့်ဖိအားမျှ မရှိလျှင် လူ့အခွင့်အရေးနှင့်ပတ်သက်၍ ဂရုစိုက်မည်မဟုတ်။ ထို့ကြောင့် တရားဥပဒေဖြင့် လူ့အခွင့်အရေးကို လေးစားလာအောင် ဆောင်ရွက်ရန်လိုသည်ဟု ဆိုကြသည်။ စီးပွားရေးလုပ်ငန်းများမှာ အမြတ်အစွန်းကိုသာ အဓိကထား

ရပ်တည်ကြရာ လူ့အခွင့်အရေးကိစ္စတွင် မဖြစ်မနေ ဆောင်ရွက်ကြရမည့်အခြေအနေရောက်မှသာ အရေးလုပ်မည့်သူများဟု ယူဆကြသည်။ စီးပွားရေးလုပ်ငန်းတို့ မည်သည်သမိုင်းတွင် မည်သည့် အခါကမျှ မိမိသဘောဖြင့်မိမိ သီလစောင့်ရန် ထုံးစံမရှိဟု ယူဆကြသည်။ အကယ်၍ မိမိတို့သဘော ဆန္ဒအလျောက် လူ့အခွင့်အရေးကို စောင့်ရှောက်ရန်ပါဝင်နိုင်သည်ဟု သတ်မှတ်ထားပါက မူလ ကပင် သီလစောင့်ပြီးဖြစ်နေသော လုပ်ငန်းများကသာ ပါဝင်လာကြမည်ဖြစ်ရာ အကြောင်းမထူး နိုင်ပေ။ လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး စံသတ်မှတ်ချက်များ ပြည့်မီအောင် လိုက်နာကြရန်ဆိုသော ပန်းတိုင်ကိုပင် ပျက်စီးစေလိမ့်မည်ဟု ခံယူကြသည်။

၁၃.၄.၄ အခြေခံကျင့်ဝတ် (၁) အကာအကွယ်ပေးရန်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ နယ်နမိတ်အတွင်း နေထိုင်သော ပြည်သူများ၏ လူ့အခွင့် အရေးကို အကာအကွယ် ပေးရန် တာဝန်ရှိသည်။ အစိုးရ မဟုတ်သည့်အခြား လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများက လူတစ်ဦး၏ လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းမျိုး မပေါ်ပေါက်အောင် နိုင်ငံတော်က ကာကွယ်ရမည်။ ထိုကာကွယ်ရေးတာဝန်တွင် မူဝါဒချမှတ်ခြင်းများ၊ နည်းဥပဒေနှင့် ဥပဒေများ ပြဋ္ဌာန်းခြင်းများ၊ ထိုဥပဒေများ အသက်ဝင်လာအောင် ကျင့်သုံးခြင်းများပါဝင်သည်။ အခြေခံ ကျင့်ဝတ်များတွင် နိုင်ငံတော်က လိုက်နာရမည့် အချက် ငါးခုပါဝင်သည်။

- စီးပွားရေးလုပ်ငန်းများကို ကိုင်တွယ်ရန် ကျိုးကြောင်းရှေ့နောက် ညီညွတ်သော မူဝါဒများ ရှိရန်။
- စီးပွားရေးကိစ္စ၊ လက်ပြောင်းလက်လွဲများနှင့် လုပ်ငန်းလည်ပတ်မှုများတွင် လူ့အခွင့်အရေးကို အရေးထားစေရန်။
- ကော်ပိုရိတ်စီးပွားရေးလုပ်ငန်းကြီးများကြားတွင် လူ့အခွင့်အရေး သိမြင်နိုးကြားလာစေရန်။
- ပဋိပက္ခဖြစ်ပွားသော ဒေသများတွင် လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းများ လိုက်နာ ရမည့် မူဝါဒများရေးဆွဲခြင်း၊ လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ရန်။
- နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် လုပ်ငန်းဖွင့်လှစ်ထားသည့် နိုင်ငံဖြတ်ကျော် ဆောင်ရွက်သော စီးပွားရေးလုပ်ငန်းများ၏ လူ့အခွင့်အရေး လေးစားလိုက်နာမှုအခြေအနေများကို စစ်ဆေးရန်။

လူ့အခွင့်အရေးကို ကာကွယ်ပေးရေးမှာ ဥပဒေများ အသက်ဝင်မှုရှိမှသာဖြစ်နိုင်သည်။ သို့မှသာ အစိုးရတို့က လူ့အခွင့်အရေးချိုးဖောက်ခြင်းများ ဖြစ်ပေါ်နေသောအခါ မျက်နှာမလွဲနိုင်ဘဲ အရေးတယူဆောင်ရွက်ကြမည်။ သို့ရာတွင် အရှေ့တောင်အာရှနှင့် အခြားကမ္ဘာ့နေရာများတွင် တရားဥပဒေ အသက်ဝင်စေရေးထက် တရားဥပဒေလျှော့ပေါ့ရေးကို ဆောင်ရွက်နေကြသည်ကို ပိုမိုမြင်တွေ့နိုင်သည်။

မှတ်သားဖွယ်ရာ

လူအခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်းများအတွက် အခြေခံကျင့်ဝတ်များ

၃။ လူအခွင့်အရေးကို အကာအကွယ်ပေးရာတွင် နိုင်ငံတော်အနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်သင့်သည်။

(က) စီးပွားရေးသမားများက လူအခွင့်အရေးကို လေးစားလိုက်နာလာစေမည့် ဥပဒေများ အသက်ဝင်လာစေရေး ဆောင်ရွက်ရန်၊ ထိုဥပဒေများနှင့် လုံလောက်မှု ရှိမရှိနှင့် လစ်ဟာချက် ရှိမရှိကို အချိန်အခါအလျောက် စောင့်ကြည့် ဆန်းစစ်ရန်။

(ခ) စီးပွားရေးလုပ်ငန်းများအနေဖြင့် လူအခွင့်အရေး လေးစားလိုက်နာနိုင်အောင်၊ နိုင်ငံတော်၏ ဥပဒေနှင့် မူဝါဒများက အားပေးကြရန်၊ စီးပွားရေးလုပ်ငန်းတို့အနေဖြင့် လူအခွင့်အရေး ဆိုလျှင် တွန့်ဆုတ်စေသည့် ဥပဒေနှင့် မူဝါဒများ ရှိမနေစေရန်။

(ဂ) စီးပွားရေးလုပ်ငန်း အဆင့်ဆင့်တွင် လူအခွင့်အရေး လေးစားလိုက်နာမှုကို စောင့်စည်းရန် မည်သို့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ထိရောက်သော လမ်းညွှန်ချက်များ ထုတ်ပြန်ပေးရန်။

(ဃ) စီးပွားရေးလုပ်ငန်းတို့အနေဖြင့် လူအခွင့်အရေးအကျိုးဆက်များအား မည်သို့ဖြေရှင်းကြကြောင်း သတင်းစကားဖြန့်အောင် တိုက်တွန်းရန်၊ လိုအပ်လျှင်ညွှန်ကြားရန်။

၁၃.၄.၅ အခြေခံကျင့်ဝတ် (၂) လေးစားလိုက်နာခြင်း

ဥပဒေစည်းကမ်းများနှင့် ညီညွတ်စွာ စီးပွားရေးလည်ပတ်နေကြကြောင်း သေချာစေရန်စောင့်ကြည့်ကာ လိုအပ်သည်များကို ဆောင်ရွက်ခြင်း (Due Diligence)

Due Diligence ဆိုသည်မှာ ပြဿနာထားသောဥပဒေများကို အများကလေးစား လိုက်နာအောင် လိုအပ်သည်တို့ကို ဆောင်ရွက်ခြင်း ဟုခေါ်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို စောင့်ကြည့်စစ်ဆေးခြင်း၊ လုပ်ငန်းခွင် ဘေးအန္တရယ်ရှိမှုကို စစ်ဆေးခြင်း အစရှိသည့်လုပ်ငန်းများ ပါဝင်သည်။

စီးပွားရေးလုပ်ငန်းများသည် လူအခွင့်အရေးကို ထိပါးခြင်းမှ ရှောင်ကြဉ်ရန် တာဝန်ရှိသည်။ ထိုတာဝန်ကို စီးပွားရေးလုပ်ငန်း လည်ပတ်မှုဖြစ်စဉ်တစ်ခုလုံး အစမှအဆုံးတိုင်အောင် ကျေပွန်ရမည်ဖြစ်သည်။ ထိုတာဝန်ကို ကျေပွန်ရန်မှာ စီးပွားရေးလုပ်ငန်းတို့အနေဖြင့် အဆင့်ဆင့်တွင် စည်းကမ်းနှင့် ဥပဒေများအတိုင်း လိုက်နာခြင်းရှိမရှိ စောင့်ကြည့်စစ်ဆေးကာ လူအခွင့်အရေးကို ထိပါးခြင်းမရှိအောင် ဆောင်ရွက်ကြရမည်။ လူအခွင့်အရေးကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိပါးခဲ့လျှင် နိုင်ငံတကာလူအခွင့်အရေးဥပဒေများကို ချိုးဖောက်ခြင်းမည်၏။ စီးပွားရေးလုပ်ငန်းတို့အနေဖြင့် လူအခွင့်အရေးကို လုပ်ငန်းအဆင့်ဆင့်တွင် လေးစားလိုက်နာခြင်းရှိအောင် လုပ်သည်ဆိုရာတွင် မျှော်လင့်တောင့်တရုံဖြင့် ဆန္ဒများပြည့်လာမည့် ကိစ္စမဟုတ်ပါ။ စီမံကိန်းများ၊ မူဝါဒများ၊ သုတေသနများ၊ စောင့်ကြည့်ထိန်းကွပ်ခြင်းများ လိုအပ်သည်မှာ မုချဖြစ်သည်။ ထိုသို့လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန်လည်း လိုအပ်သည်။ တစ်နည်းအားဖြင့် စီးပွားရေးလုပ်ငန်းများသည် လူအခွင့်အရေးချိုးဖောက်မှုများ ဖြစ်မလာမီကပင် တားဆီးနိုင်ရန် အဆင့်ဆင့် ကြိုတင်ဆောင်ရွက်ကြရမည့်တာဝန်ရှိသည်။

လူအခွင့်အရေးကို အကာအကွယ်ပေးထားသည့် စီမံကိန်းလုပ်ငန်းစဉ်များ

ကုလသမဂ္ဂ၏ အခြေခံကျင့်ဝတ်များအရ စီးပွားရေးလုပ်ငန်းတို့သည် မိမိတို့လုပ်ငန်းအစီအစဉ်များတစ်လျှောက် လူအခွင့်အရေးကို လေးစားလိုက်နာမှုအခြေအနေများကို ခြုံငုံသုံးသပ်နိုင်သည့် လူအခွင့်အရေးဆိုင်ရာမူဝါဒများ ရေးဆွဲထားသင့်သည်။ ဆိုလိုသည်မှာ စီးပွားရေး

လုပ်ငန်းများအနေဖြင့် မိမိတို့၏လုပ်ငန်းများနှင့်တကွ ထိတွေ့ဆက်ဆံနေရသည့် ကိစ္စအဝဝတွင် လူ့အခွင့်အရေးကို ချိုးဖောက်ထိပါးခြင်းမရှိရအောင် သတိထားရမည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းများမှာ လူ့အခွင့်အရေးကို ခြိမ်းခြောက်နေသည့် ကိစ္စမှန်သမျှကို သေးငယ်ပျောက်အောင် ပြုရမည်။ ထိုသို့ စောင့်ကြည့်ကာ လိုအပ်သည်တို့ကို ဆောင်ရွက်နေရခြင်းမှာ စဉ်ဆက်မပြတ် လုပ်ငန်းဖြစ်ပြီး ပြဿနာတက်လာနိုင်သောကိစ္စကို မြင်သည်နှင့် စုံစမ်းစစ်ဆေးရမည်။ လူ့အခွင့်အရေးကိစ္စတစ်ခုနှင့် ရင်ဆိုင်ရမည်ဆိုလျှင် စီးပွားရေးလုပ်ငန်းတို့အနေနှင့် တရားဥပဒေကျင့်ထုံးများနှင့် ညီညွတ်သွားအောင် နည်းလမ်းများစွာ ဆောင်ရွက်နိုင်သည်။ ထိခိုက်ခံစားနေရသော လူအများနှင့် တိုင်ပင်ညှိနှိုင်းခြင်း၊ စုံစမ်းတွေ့ရှိရမူများကို ထုတ်ပြန်ပေးခြင်း၊ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ဖြစ်ပျက်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပြန်လည်ကုစားပေးခြင်းနှင့် နောင်တွင် လူ့အခွင့်အရေးဖောက်မှုများ ထပ်မံပေါ်ပေါက်ခြင်း မရှိစေအောင် လုံလောက်သော အစီအမံများ ရှိမရှိ စစ်ဆေးရန်တို့ ဖြစ်ကြသည်။

လူ့အခွင့်အရေးကို လေးစားလိုက်နာရန် စီးပွားရေးလုပ်ငန်းများတွင် တာဝန်ရှိသည်ဟု ဆိုရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်သည့်အခါမျိုးတွင်လည်း စီးပွားရေးသမားတို့အနေဖြင့် သိရှိနေရမည့် တာဝန်လည်းပါသည်။ စီးပွားရေးသမားများနှင့် ရင်းနှီးမြှုပ်နှံသူတို့ကလည်း လူ့အခွင့်အရေး ချိုးဖောက်မှုတွင် မပါဝင်နေကြသော်လည်း ကျူးလွန်မှုများကို လက်ပိုက်ကြည့်ခဲ့လျှင် စီးပွားရေးသမားတို့သည်လည်း လူ့အခွင့်အရေးချိုးဖောက်မှုကို ကျူးလွန်သူများထဲတွင် ပါဝင်နေခြင်းဖြစ်၏။ ဖိနှိပ်ရမ်းကားသောအစိုးရတစ်ရပ်ကြောင့် စီးပွားရေးသမားတို့က အကျိုးအမြတ်ကို ခံစားနေရလျှင် ထိုနိုင်ငံတွင် စီးပွားရေးသမားတို့က လူ့အခွင့်အရေးကို လေးစားလိုက်နာရန် မျက်ကွယ်ပြုခြင်းပင်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများက အရှေ့တောင်အာရှကို ကြိုက်နှစ်သက်ကြသည်မှာ ဤဒေသတွင် အခွန်အခများကို လျှော့ပေးခြင်း၊ လုပ်ခစျေးနှိမ့်ခြင်း၊ မြေစျေးပေါခြင်းနှင့် စည်းမျဉ်းစည်းကမ်းများ မတင်းကျပ်ခြင်းတို့ကြောင့် ဖြစ်သည်။ ထိုအချက်အားလုံးက စီးပွားရေးလုပ်ငန်းတို့ကို အကျိုးအမြတ်ပေးနိုင်သောကြောင့်ဖြစ်သည်။ သို့ရာတွင် ဤဒေသအနေဖြင့် စီးပွားရေးသမားများကို မက်လုံးများပေးခြင်းမှာလည်း အစိုးရတို့ကိုယ်တိုင် လူ့အခွင့်အရေးကို ချိုးဖောက်နေခြင်းမှ ထွက်ပေါ်လာသော အကျိုးရလဒ်များလည်း ဖြစ်နေတတ်သည်။ ဥပမာ - အဓမ္မသိမ်းယူထားသော မြေများကို စီးပွားရေးသမားတို့အားလွှဲပေးနိုင်ခြင်း၊ အလုပ်သမား စုဝေးလှုပ်ရှားမှုများကို ဖိနှိပ်ပစ်ခြင်းများ တစ်ဖက်တွင်ရှိနေသောကြောင့်သာ စီးပွားရေးလုပ်ငန်းများဘက်သို့ မျက်နှာလိုက်နိုင်ပေသည်။ ထို့အပြင် အထူးစီးပွားရေးဇုန်ကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အခွန်အခများ လျှော့ပေးနေသော၊ စည်းကမ်းမတင်းကျပ်ထားသော၊ အခြားစီပွားရေးအခွင့်အလမ်းများဖြင့် ပံ့ပိုးပေးထားသော ကိစ္စမျိုးသည်လည်း လူ့အခွင့်အရေးအတွက် စိုးရိမ်စရာများဖြင့် မလွတ်ကင်းနိုင်ပေ။ လူ့အခွင့်အရေး လေးစားလိုက်နာရခြင်းမျိုး ပြသနေစရာမလိုသော၊ စရိတ်ကြီးမားမှုကို ရှောင်ကွင်းနိုင်သည့် နည်းလမ်းတစ်ခုအနေဖြင့် အထူးစီးပွားရေးဇုန်များကို ရွေးချယ်နေကြသည်လည်းရှိ၏။ အထူးစီးပွားရေးဇုံများတွင် လျော့ရဲသော အလုပ်သမားဥပဒေများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေများကို ကျင့်သုံးတတ်ကြသည်။ ထိုအခြေအနေမျိုးဖြစ်ခဲ့လျှင် အိမ်ရှင်အစိုးရက ကြည်ဖြူစွာ လူ့အခွင့်အရေးကို ချိုးဖောက်ခွင့်ပေးနေသည့်တိုင်အောင် ထိုချိုးဖောက်သူများအတွက် တာဝန်ခံရသူများမှာ စီးပွားရေးလုပ်ငန်းများသာဖြစ်သည်။

၁၃.၄.၆ အခြေခံကျင့်ဝတ် (၃) ကုစားပေးခြင်း

အစိုးရကြောင့်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းများကြောင့်ဖြစ်စေ လူ့အခွင့်အရေး ချိုးဖောက်မှုကြောင့် နစ်နာရသူတို့မှာ ထိရောက်သော ကုစားမှုကိုရရှိနိုင်ရန် လိုအပ်သည်။ တရားခွင်သို့ ရောက်သောနည်းဖြင့်ဖြစ်စေ၊ တရားခွင်ပြင်ပတွင်ဖြစ်စေ ဖြေရှင်းပေးရမည်။ တရားမျှတမှုအပေါ် ရှုမြင်ရာတွင် နိုင်ငံတော်၊ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရသူ ပြည်သူသို့မဟုတ် ရပ်ရွာလူအဖွဲ့အစည်းအစရှိသည်တို့၏ ရှုထောင့်များ အသီးသီး ခြားနားနိုင်သည်။ အကယ်၍ လူ့အခွင့်အရေးကိစ္စတစ်ရပ် ပေါ်ပေါက်လာပါက စီးပွားရေးလုပ်ငန်းတို့အနေဖြင့် မိမိတို့ဘက်က လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းရှိနေအောင် မိမိတို့ဆောင်ရွက်နိုင်သည်။ နည်းလမ်းအသွယ်သွယ်ကို အသုံးပြုကြရမည်။ ထိခိုက်ခံစားရသူများနှင့် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်း၊ တွေ့ရှိချက်များကို အများသိအောင်ထုတ်ပြန်ပေးခြင်းနှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ လူ့အခွင့်အရေး ချိုးဖောက်မှုကို ခံစားနေကြရသူများအား ပြန်လည်ကုစားပေးခြင်း၊ လူ့အခွင့်အရေးနှင့် ပတ်သက်သော ကျူးလွန်မှုများကို နောက်ထပ်ပေါ်ပေါက်လာခြင်းမရှိအောင် နောက်ဆက်တွဲ လုပ်သင့်လုပ်ထိုက်သည်များကို သေချာစွာဆောင်ရွက်ခြင်းတို့ ပြုကြရမည်။ အချို့သော လူ့အခွင့်အရေးဆိုင်ရာကိစ္စများကို လေ့လာနေသူများက ကျူးလွန်မှုများတွက် ကုစားပေးသည့်အခါ လွန်အောင်၊ ကျွံအောင်ပြုပြီးမှ ဖြေဆေးရှာသကဲ့သို့ဖြစ်ပြီး မီးကို မလောင်ခင်ကတားသည့် သဘောမျိုးမရှိဟု ဝေဖန်ကြသည်။ ထို့ပြင် ပြန်လည်ကုစားပေးခြင်းအား မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုမည်နည်း ဆိုသည်မှာလည်း မလွယ်ကူသည့်ကိစ္စတစ်ခု ဖြစ်သည်။ မည်သူက ပြန်လည်ကုစားပေးခြင်းကို အလိုရှိနေသနည်း၊ ပြန်လည်ကုစားပေးသည်ဆိုရာဝယ်၊ တောင်းပန်ခြင်းကို ရည်ရွယ်သည်လော၊ ဒဏ်တပ်ခြင်းလော (သို့မဟုတ်) စီးပွားရေးသမားတို့၏ အမူအကျင့်ကို ပြင်စေချင်သည်လော။ လျော်ကြေးဖြင့် ကျေအေးနိုင်သလော သို့မဟုတ် ကျူးလွန်သူများအား ရာဇဝတ်ကောင်အဖြစ် အပြစ်ပေးလိုသည်လော ဆိုသည်မှာ နစ်နာသူကာယကံရှင်နှင့် များစွာသက်ဆိုင်နေသည်။

မှတ်သားဖွယ်ရာ

အခြေခံကျင့်ဝတ်များကို မည်သို့အသုံးပြုနိုင်မည်နည်း။

အခြေခံကျင့်ဝတ်များမှာ မျှော်လင့်ချက်အသစ်ပေါ်ထွက်လာသည့် ခေတ်၏ပြယုဂ်များဖြစ်သည်။ လူ့အဖွဲ့အစည်းအတွက် စံဟူသော ရှုထောင့်မှကြည့်လျှင် စီးပွားရေးနှင့် လူ့အခွင့်အရေးကိစ္စများတွင် ကျိုးကြောင်းသင့်စွာ ပေါ်ထွက်လာသည့် စည်းမျဉ်းစည်းကမ်းများသာဖြစ်သည်။ ဤအခြေခံကျင့်ဝတ်များကို လိုက်နာပါက ကုလသမဂ္ဂဂလိုဘယ်ကွန်ပက်နှင့် OECD ၏ နိုင်ငံစုံ အင်တာပရိုက်စ်များအတွက် လမ်းညွှန်ချက်များကို လိုက်နာပြီးသား ဖြစ်၏။ သို့ရာတွင် ဂလိုဘယ်ကွန်ပက်နှင့် OECD လမ်းညွှန်ချက်များကိုလိုက်နာရုံဖြင့် ယခု ကုလအခြေခံကျင့်ဝတ်ကို ခြုံငုံမိပြီဟု မဆိုနိုင်ပါ။ အခြေခံကျင့်ဝတ်များကမူ စီးပွားရေးလုပ်ငန်းတို့သည် မည်သည့်နေရာတွင် လုပ်ငန်းလည်ပတ်သည်ဖြစ်စေ၊ ILO ကွန်ဗင်ရှင်းပါ အလုပ်သမားနှင့် နိုင်ငံတကာလူ့အခွင့်အရေး စာချုပ်များပါ အချက်များကို စောင့်ထိန်းရန် တာဝန်ရှိသည်ဟု ကြေညာထားသည်။ အလုပ်သမားအခွင့်အရေးနှင့် လူ့အခွင့်အရေးများ စံချိန်စံနှုန်းများကို မဖြစ်မနေလိုက်နာကြရမည်ဖြစ်ပြီး မည်သည့်နေရာတွင် လုပ်ငန်းဖွင့်လှစ်ထားသည်ဖြစ်စေ ထိုစံနှုန်းများကို တစ်သမတ်တည်း လိုက်နာကြရမည်။ အကယ်၍

အချို့နေရာများတွင် ဖြစ်ပျက်ခဲ့သကဲ့သို့ အစိုးရက ဝတ္တရားပျက်ကွက်ခဲ့သည်ရှိသော် စီးပွားရေးလုပ်ငန်းတို့အနေဖြင့် အစိုးရနှင့် ခြေရာတိုင်းရန်မလိုဘဲ မိမိဘာသာ စောင့်ထိန်းစရာရှိသည်ကို စောင့်ထိန်းကြရမည်။ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ စာချုပ်တစ်ရပ် အသက်မဝင်လာမချင်း ဤအခြေခံကျင့်ဝတ်များမှာ အစိုးရနှင့်စီးပွားရေးလုပ်ငန်းများအားလုံးက လိုက်နာရမည့် စည်းကမ်းများ ဖြစ်ကြသည်။

၁၃.၅ အရှေ့တောင်အာရှရှိ စီးပွားရေးလုပ်ငန်းများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ

စီးပွားရေး လုပ်ငန်းများ၏တာဝန်ခံခြင်းဆိုသည်မှာ ယခုအချိန်မှသာ တဖြည်းဖြည်း ပုံပေါ်လာသော အလေ့အကျင့်သစ်တစ်ရပ်ဖြစ်ရာ တာဝန်ခံမှုကိုလည်း တစ်ကျောင်းတစ်ဂါထာ ပုံစံအမျိုးမျိုးဖြင့် အရှေ့တောင်အာရှဒေသတစ်လွှား ကျင့်သုံးကြပါသည်။ တရားခွင်တွင် စီရင်ခြင်းဖြင့် တာဝန်ခံအောင် လုပ်ရသည်လည်းရှိသည်။ ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံတကာ အဆင့်နှစ်မျိုးလုံးတွင် တာဝန်ခံမှုပုံစံအမျိုးမျိုးမှာ တရားဥပဒေရေးရာ မူဘောင်အတွင်း၌ ပေါ်ပေါက်လျက်ရှိသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအလုပ်အမှုဆောင်အဖွဲ့ UN Working Group on Business and Human Rights က စီးပွားရေးနှင့် လူ့အခွင့်အရေးကိစ္စများကို ဖြေရှင်းပေးမည့် စာချုပ်တစ်ရပ် ပေါ်ထွက်လာရန် ပြင်ဆင်နေကြရာနောင်တွင် တာဝန်ခံမှုမရှိသည့် ပြဿနာများကို ဥပဒေကြောင်းအရပိုမို ဖြေရှင်းနိုင်ရန် အခွင့်အရေးရလာတော့မည်ဟု ယူဆရသည်။ တရားဥပဒေကြောင်းအရ တာဝန်ခံမှုပုံစံများ ထွက်ပေါ်လာသည့်အနက် တစ်နည်းမှာ ပြည်ပနိုင်ငံများတွင် လည်ပတ်နေသော စီးပွားရေးလုပ်ငန်းများအတွက် မိခင်နိုင်ငံ၏ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းအရ စီးပွားရေးကုမ္ပဏီများက တာဝန်ခံစေရန်ဖြစ်သည်။ အောက်တွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်းပင် ပုံစံသစ်အရ မိခင်နိုင်ငံသည် မိမိ၏ကုမ္ပဏီများက အခြားနိုင်ငံ၏ မြေပေါ်တွင် ထိုနိုင်ငံ၏ဥပဒေကိုဆန့်ကျင်ကာ လူ့အခွင့်အရေး ဖောက်ဖျက်ကျူးလွန်ကြလျှင်ပင် မိခင်နိုင်ငံက ထိုကုမ္ပဏီအား တာဝန်ခံစေအောင် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်။ အရှေ့တောင်အာရှဒေသတွင်းနိုင်ငံတိုင်း၌ စီးပွားရေးကုမ္ပဏီများ တာဝန်ခံလာအောင် ဆောင်ရွက်ရခြင်းများ ရှိနေကြရာ တရားရုံးများနှင့် စားသုံးသူများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ကုန်သွယ်ရေးသမဂ္ဂများ အစရှိသည့် လမ်းကြောင်းအသီးသီးကို သုံးနေကြရပေသည်။ နောက်လာမည့်အပိုင်းတွင် အရေးယူတုံ့ပြန်ပုံအမျိုးမျိုး မည်သို့သက်ဝင်လှုပ်ရှားကြသည်ကို ဆွေးနွေးပါဦးမည်။

၁၃.၅.၁ နယ်စပ်ဖြတ်ကျော် ကော်ပိုရေးရှင်းများကို ဥပဒေအရ အရေးယူခြင်း

ပြီးခဲ့သည့် နှစ်များအတွင်း အလုပ်သမားအခွင့်အရေးချိုးဖောက်မှုများ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ လူ့အခွင့်အရေးများကို မလိုက်နာမှုများ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးစေမှုများကြောင့် နယ်စပ်ဖြတ်ကျော်ကော်ပိုရေးရှင်းကြီးများကို အရေးယူရန် ကြိုးပမ်းမှုများ ပေါ်ပေါက်ခဲ့ပါသည်။ ပြဿနာမှာ အရှေ့တောင်အာရှကဲ့သို့ ဒေသတွင် ထိုကုမ္ပဏီများကို တရားရုံးတွင် တရားစွဲဖို့အရေးမှာ အလွန်ပင်ခက်ခဲခြင်း ဖြစ်သည်။ အမှုများစွာတွင် စီးပွားရေးကုမ္ပဏီများအပြစ်မရှိကြောင်း တရားရုံးများက စီရင်ချက်ချလေ့ရှိကြပြီး နစ်နာခံရသူများအတွက် လျော်ကြေးပေးရန် ဆုံးဖြတ်သည့်

အမှုမှာ ရှားလှသည်။ ကုမ္ပဏီက လျော်ကြေးပေးရမည်ဟု အဓိန့်ချ သတ်မှတ်သည့် အမှုမျိုးတွင် ပင်လျှင် နစ်နာသူမှာ နှစ်ပေါင်းများစွာကြာအောင် စောင့်ရလေ့ရှိသည်။ ကုမ္ပဏီများကို တရားစွဲရန် ကိစ္စက ခက်ခဲရသည့်အထဲတွင် စီးပွားရေးကုမ္ပဏီများက ခန့်ထားသော လုံခြုံရေးတာဝန်ရှိသူက တရားရုံးသို့ မသွားနိုင်အောင် ပိတ်ဆို့ကာဆီးထားသည့် ကိစ္စများလည်း ပေါ်ပေါက်ခဲ့ဘူးသည်။ အချို့သော အမှုများတွင်မူ စီးပွားရေးလုပ်ငန်းများက မိမိတို့အကျိုးစီးပွားကို ဆန့်ကျင်သော လူပုဂ္ဂိုလ်နှင့် ရပ်ရွာအသိုက်အမြုံတို့ကို အသရေဖျက်မှုနှင့် တရားစွဲရန် ရုံးတော်ကိုအသုံးချခြင်း ဖြစ်သည်။ သို့မဟုတ် တိုင်ကြားလာသည့် အကြောင်းအရာနှင့်ပတ်သက်သော ဥပဒေမှာ မရှင်းလင်းသဖြင့် တရားရုံးက အမှုကိုလက်ခံကြားနာရန် ငြင်းဆန်ခြင်းဖြစ်သည်။ ထိုအမှုကို မြန်မာနှင့် ကမ္ဘောဒီးယား ရှိ မြေအငြင်းပွားမှုပြဿနာများတွင် တွေ့နိုင်သည်။ တရားရုံးတွင် ဆိုင်ရာကို တရားစွဲဆိုနိုင်လိုက်နိုင်သည့်တိုင်အောင် တရားလိုဖြစ်သော အနစ်နာခံရသူထက်စာလျှင် စီးပွားရေးသမားများဘက်သို့ယိုင်ကာ ကိုယ်ချင်းစာတရားထားပေးသော တရားစီရင်ရေးစနစ်ကိုလည်း တွေ့နိုင်သေးသည်။ စီးပွားရေးလုပ်ငန်းများဘက်ကမူ ပိုပြီးတော်သောရှေ့နေကို ငှားရမ်းနိုင်ရန် ငွေကြေးတတ်နိုင်ခြင်းကြောင့် ဥပဒေရေးရာအပိုင်းတွင် စွပ်စွဲချက်များကိုရင်ဆိုင်ရန် ပို၍ ပြင်ပြင်ဆင်ဆင် ရှိထားတတ်ကြသည်။ သို့မဟုတ် စီးပွားရေးကုမ္ပဏီတို့က တရားခွင်မှ တရားရေးဝန်ထမ်းများကို လာဘ်ပေးထားခြင်း၊ တရားရေးစနစ်ကိုယ်၌က ဆင်းရဲသားတို့၏ အခွင့်အရေးကို လစ်လျူရှုပြီး နိုင်ငံစီးပွားရေးဖွံ့ဖြိုးရေးသာ အဓိကကျသည်ဟူသော စဉ်းစားပုံမျိုးဖြင့် စီးပွားရေးသမားတို့အား အကာအကွယ်ပေးခြင်းတို့ကြောင့် ဖြစ်သည်။

သာဓက

ဇာယာဘူရီ ရေကာတာအမှု

ဒေါ်လာ ၃.၅ ဘီလီယံခွဲသော ဇာယာဘူရီ ရေအားလျှပ်စစ်စီမံကိန်းကို ၂၀၁၂ ခုနှစ်တွင် တရားဝင်စတင်ခဲ့ခြိန်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ သတ်မှတ်နေရာတွင် စတင်ခဲ့သည်မှာ နှစ်နှစ်ခန့်ပင်ကြာမြင့်ခဲ့ပြီဖြစ်သည်။ မဲခေါင်မြစ်အောက်ဘက်တွင် ဆောက်လုပ်သော ပထမဦးဆုံးရေကာတာဖြစ်လာခဲ့ပြီး အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် ထိုင်းတို့ကို အကျိုးသက်ရောက်မှုများဖြစ်ပေါ်လာမည့် စီမံကိန်းလည်းဖြစ်သည်။ စီမံကိန်းတစ်ခုလုံးမှာ ရေအားလျှပ်စစ်ထုတ်လုပ်ရန် ဆည်ပေါင်း ၁၂ ခုပါဝင်ပြီး လူပေါင်းနှစ်ထောင်ခန့်ကို အိုးမဲ့အိမ်မဲ့ ဖြစ်စေသည်။ ထို့ပြင် လူပေါင်းနှစ်သိန်းခန့်၏ သက်မွေးဝမ်းကျောင်းဘဝများကို ထိခိုက်ဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။ လာအိုနိုင်ငံမြောက်ပိုင်းတွင် ဆောက်လုပ်ဆဲဖြစ်သော အဆိုပါဆည်များကို ၂၀၁၉ ခုနှစ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ စီမံကိန်းကြီးကို အကုန်အကျခံ ရင်းနှီးမြှုပ်နှံခဲ့သူ၊ တည်ဆောက်သူ၊ ထွက်လာမည့် လျှပ်စစ်ဓာတ်အားကို ဝယ်ယူမည့်သူများကမူ ထိုင်းနိုင်ငံမှဖြစ်သည်။

သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု ဆန်းစစ်မှုကို မဆောင်ရွက်ဘဲ ဆောက်လုပ်ခဲ့သည့် စီမံကိန်းဖြစ်သောကြောင့် ထိုစီမံကိန်းကြောင့်ဖြစ်လာသည့် အကျိုးဆက်များကို သိရှိလာနိုင်စေရန် ထိုစီမံကိန်း ဆောက်လုပ်ရေးအား အရှိန်လျော့သွားအောင် အားထုတ်မှုများ ရှိခဲ့ကြသည်။ မဲခေါင်မြစ်ဝှမ်းကော်မရှင် (MRC) သည် မဲခေါင်မြစ်ရေကို စီမံခန့်ခွဲသည့် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သော်လည်း လာအိုနှင့် အိမ်နီးချင်းများကြားတွင် သဘောတူညီမှုတစ်ရပ် ပေါ်ထွက်လာအောင်

(MCR)က မတတ်နိုင်ခဲ့ပါ။ သို့ဖြစ်ပါ၍ လာအိုမှာ ၁၉၉၅ ခုနှစ်တွင် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများကြား ချုပ်ဆိုသော မဲခေါင်သဘောတူစာချုပ်ကို ဖောက်ဖျက်ခဲ့ရာ ရောက်သည်။ ထိုသဘောတူစာချုပ်အရမူ မဲခေါင်မြစ်ပေါ်တွင် ဆည်တစ်ခုခုဆောက်လိုလျှင် မဆောက်မီ အိမ်နီးချင်းနိုင်ငံများ၏ သဘောတူညီချက်ကို ရယူရမည်ဖြစ်သည်။ ယခုကိစ္စတွင် ငွေကြေးအရင်းအနှီးစိုက်ထုတ်ထားပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ၉၅ ရာခိုင်နှုန်းကို ဝယ်ယူရန် သဘောတူထားသော ထိုင်းနိုင်ငံတစ်ခုတည်းနှင့်သာ လာအိုက သဘောတူညီမှုရယူခဲ့သည်။

၂၀၁၄ ခုနှစ်တွင် ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိပြည်နယ်ရှစ်ခုတို့တွင် နေထိုင်သော မဲခေါင်မြစ်ကမ်းပါးမှ ရွာသား ၃၇ ဦးတို့က ထိုစီမံကိန်းနှင့်ပတ်သက်ခဲ့သော ထိုင်းအစိုးရအဖွဲ့ထဲမှ ဌာန ၅ ခုကို တရားစွဲခဲ့သည်။ ထိုင်းနိုင်ငံ ဗဟိုအုပ်ချုပ်ရေး တရားရုံးကလည်း အမှုကိုလက်ခံခဲ့သည်။ ထိုအစိုးရဌာနကြီး ၅ ခုတို့သည် ဆည်ဆောက်လုပ်ရေးစီမံကိန်းကို လာအိုနှင့် သဘောတူရန် ဆုံးဖြတ်ရာတွင် ပတ်ဝန်းကျင်၊ လူ့အခွင့်အရေးနှင့် ပြည်သူ့ကျန်းမာရေးတို့အတွက် ကြိုတင်မြော်မြင်ကာ လိုအပ်သည်များကို ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်။ ထို့ကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ချိုးဖောက်ပြီး ပြည်သူတို့နှင့်လည်း တိုင်ပင်ဆောင်ရွက်ခြင်းမရှိခဲ့ကြဟု ဆိုသည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ထိုင်းအုပ်ချုပ်ရေးရုံးက အဆိုပါအစိုးရဌာနများ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ချိုးဖောက်ခြင်းမရှိ ဆုံးဖြတ်ခဲ့သည်။ အဆိုပါဌာနများသည် ထိုစီမံကိန်းနှင့် ဆိုင်သောအချက်အလက်များကို ၎င်းတို့၏ဝက်ဘ်ဆိုက်များတွင် ဖော်ပြထားခဲ့ခြင်းကြောင့် ဥပဒေများကို ချိုးဖောက်ခဲ့ခြင်းမရှိဟု ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် အမှုရုံးခဲ့သူ ရွာသားတို့က အယူခံဝင်ခဲ့ကြပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုဆန်းစစ်ချက် ဆောင်ရွက်သင့်ကြောင်း တောင်းဆိုခဲ့ကြသည်။ ထို့ပြင် ထိုင်းနိုင်ငံဥပဒေများကို အပြည့်အဝလိုက်နာရန်၊ စီမံကိန်းကြောင့် ထိခိုက်ခံရသူများနှင့် တိုင်ပင်ညှိနှိုင်းရန် တောင်းဆိုခဲ့ကြသည်။ ခြုံ၍ကြည့်လျှင် ထိုစီမံကိန်းသည် သန့်ရှင်းသော ပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့်ဟူသော လူ့အခွင့်အရေးကို ချိုးဖောက်ပြီး သဘာဝသယံဇာတကို နိုင်ငံသားတစ်ဦးချင်းနှင့် ရပ်ရွာများက သုံးစွဲပိုင်ခွင့်ကို ထိပါးသည်။ ထို့ပြင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခွင့်ကို ဖျက်ဆီးခဲ့ပြီး ထိုသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထိုပတ်ဝန်းကျင်တွင် နေထိုင်ခွင့်တို့နှင့်ပတ်သက်သော အဆုံးအဖြတ်များတွင်လည်း ထိခိုက်ခံစားရသူ ကာယကံရှင်များကို ပါဝင်ခွင့်မပေးဘဲ ချန်လှပ်ထားခဲ့ကြသည်။ ထိုအမှုသည် လာအိုနိုင်ငံတွင် ဆောက်လုပ်နေသောဆည်ကို ထိုင်းဥပဒေဖြင့် ဆုံးဖြတ်ခဲ့သောကြောင့် နယ်စပ်ဖြတ်ကျော်ဖြစ်ပွားသော အမှုတစ်ခုလည်း ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများကို တရားစွဲသည့်အမှု အများဆုံးမှာ အလုပ်သမားအခွင့်အရေးကို ချိုးဖောက်သည့်ပြဿနာကို အခြေခံသည်။ အရှေ့တောင်အာရှနိုင်ငံများအားလုံးဟု မဆိုနိုင်လျှင်ပင် အားလုံးနီးပါးမှာ အလုပ်သမားရေးရာဥပဒေများ ရှိကြသည်။ သို့ရာတွင် လွတ်လပ်စွာ အသင်းဖွဲ့လှုပ်ရှားမှုနှင့် စုစည်းမှုအင်အားပြလျက် မိမိတို့တောင်းဆိုလိုသည်များကို အလုပ်ရှင်နှင့် ညှိနှိုင်းခြင်းခလေ့များ အားနည်းလှသည်။ ထို့အပြင် ကျား မ တန်းတူညီရေးနှင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးတို့တွင် ပြဿနာများ ရှိနေမြဲဖြစ်ပြီး ထိုခွဲခြားဆက်ဆံမှုများကြောင့် အတင်းအကျပ် အလုပ်မှုထုတ်ပစ်ခံရခြင်းများပင်ရှိသည်။ သာဓကများတွင် ကိုယ်ဝန်ရှိလာလျှင် အလုပ်က ထွက်ရခြင်း

(မလေးရှားလေကြောင်းလိုင်း၏မူဝါဒ) နှင့် ကိုယ်အလေးချိန်တက်ကာ ဝလာသဖြင့် အလုပ်မှ ထွက်ရခြင်းများပင် ပါဝင်သည်။ ဥပမာ-ထိုင်းလေကြောင်းလိုင်းများသည် လေယာဉ်မယ်များအတွက် ကိုယ်အလေးချိန်နှင့် ခါးအတိုင်းအထွာ ကန့်သတ်ချက်များ ထားရှိကြသည်။ ထို့ပြင် လုပ်ငန်းခွင်သာယာမှုမရှိ ဆိုးရွားခြင်း၊ လုပ်ခကို ထိုက်သင့်သလောက်မပေးခြင်း အစရှိသည့် ပြဿနာများလည်း ကြုံတွေ့ရလေ့ရှိသည်။ ထိုပြဿနာမျိုးကမူ ရွှေ့ပြောင်းလုပ်သားများ ကြုံတွေ့နေကျကိစ္စမျိုး ဖြစ်သည်။ ထို့ပြင် အလုပ်သမားများအနေနှင့် လုပ်ငန်းခွင် မတော်တဆမှုများတွင် ထိခိုက်ဒဏ်ရာရလျှင် လျော်ကြေးမရခြင်း၊ အလုပ်သမားသမဂ္ဂများတွင် ဝင်ရောက်ခွင့်မပေးဘဲ ဝင်ရောက်လျှင် အလုပ်မှထုတ်ပစ်ခြင်း၊ မကျေနပ်သဖြင့် ဆန္ဒပြသူများအား အလုပ်မှထုတ်ခြင်း အစရှိသည်တို့မှာ လူ့အခွင့်အရေးအရ အကာအကွယ်ပေးထားလျှင် ရှောင်လွှဲနိုင်မည့် ကိစ္စများ ဖြစ်ကြသည်။

၁၃.၅.၂ နိုင်ငံခြင်းပတွင် မိမိနိုင်ငံသားများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အစိုးရများက ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ

လူ့အခွင့်အရေးချိုးဖောက်မှုလုပ်ငန်းများကို တရားဥပဒေအရ အရေးယူနိုင်ရေးအတွက် နောက်ထပ် ဖော်ထုတ်လိုက်သော အစီအစဉ်တစ်ရပ်မှာ Maastricht Principles နှင့် ဆက်စပ်နေသော နိုင်ငံနယ်နိမိတ်ပြင်ပတွင် ထမ်းဆောင်ရမည့်တာဝန် ဝတ္တရားများ Extraterritorial Obligations မူများအရ နိုင်ငံခြင်းပတွင် လည်ပတ်နေသော စီးပွားရေးလုပ်ငန်းများ ထမ်းဆောင်ရမည့်ဝတ္တရားများ ပြဋ္ဌာန်းပေးရန်ဖြစ်သည်။ နိုင်ငံနယ်နိမိတ်ပြင်ပတွင် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို မိတ်ဆက်သည်မှာ မကြာလှသေးပေ။ လူ့အခွင့်အရေးကို အကာအကွယ်ပေးရန် နိုင်ငံတော်အစိုးရများ၏ တာဝန်သည် မိမိနိုင်ငံနယ်နမိတ်အတွင်းတွင် လည်ပတ်နေသော စီးပွားရေးလုပ်ငန်းများအတွက်သာ မဟုတ်ဘဲ အခြားနိုင်ငံများတွင် လည်ပတ်နေသော မိမိတို့နိုင်ငံသားများ၏ စီးပွားရေးလုပ်ငန်းများက လူ့အခွင့်အရေး ချိုးဖောက်သည့် ကိစ္စများကိုပါ တာဝန်ယူရန်ဖြစ်သည်။ အသစ်ပေါ်ထွက်လာသော နိုင်ငံတကာကျင့်ဝတ်များမှာ အရှေ့တောင်အာရှဒေသအတွက်များစွာ အရေးပါသည်။ ယခုအခါ နိုင်ငံခြင်းပမှ မိမိနိုင်ငံသားတို့၏ လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် အစိုးရကထမ်းဆောင်ရမည့် တာဝန်များနှင့် စပ်လျဉ်းသော ဘန်ကောက်ကြေညာချက်ကို အရှေ့တောင်အာရှဒေသနိုင်ငံများက မူကြမ်းရေးဆွဲနေကြဆဲ ဖြစ်သည်။ ထို့ပြင် နိုင်ငံဖြတ်ကျော်သောကိစ္စများအတွက် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများသည် အရှေ့တောင်အာရှတွင် တွင်ကျယ်လာနေပြီဖြစ်သည်။ ဥပမာ - ထိုင်းအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လက်ရှိတွင် နိုင်ငံဖြတ်ကျော် လူ့အခွင့်အရေး ချိုးဖောက်မှုကိစ္စများ ဖြစ်ကြသည့် ကမ္ဘောဒီးယားရှိ ထိုင်းတို့၏ ကော့ကုန်းကြိုစိုက်ခင်းများစီမံကိန်း၊ မြန်မာနိုင်ငံရှိထိုင်းတို့ ရင်းနှီးမြှုပ်နှံမှုများ ပါဝင်သော သံလွင်မြစ်ပေါ်မှ ဟတ်ကြီးရေကာတာစီမံကိန်း၊ လာအိုရှိ ထိုင်းဟုန်စ (Lignite) သတ္တုတွင်း၊ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံနှင့် ဇာယာဘူရီဆည် အစရှိသည့် အမှုများကို စစ်ဆေးနေသည်။

နိုင်ငံဖြတ်ကျော် လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်ရေးတာဝန်များ

နိုင်ငံတစ်ခု၏ တရားဥပဒေ အာဏာစက်ပြင်ပတွင်ဖြစ်ပေါ်သော ကိစ္စများအတွက် ထိုနိုင်ငံ၏ အစိုးရအနေဖြင့် လိုက်နာရမည့် တာဝန်များကို ဆိုလိုသည်။ ဥပမာ – နိုင်ငံ (A) ၏ ဥပဒေအောက်တွင် ဖွဲ့စည်းထားသော စီးပွားရေးလုပ်ငန်းတစ်ခုသည် မည်သည့်နိုင်ငံသို့ရောက်ရောက် အဂတိလိုက်စားမှုများတွင် မပတ်သက်ရဟူသော နိုင်ငံ(A)၏ ဥပဒေများကို လိုက်နာဖြဲ့ လိုက်နာရမည်ဖြစ်သည်။ အိမ်ရှင်နိုင်ငံ၏ တရားဥပဒေများက အဂတိလိုက်စားမှုများကို မည်သို့ပင် သဘောထားသည်ဖြစ်စေ နိုင်ငံ (A) ၏ ကုမ္ပဏီများသည် မိမိမှတ်ပုံတင်ထားသောနိုင်ငံ၏ ဥပဒေပါ လူ့အခွင့်အရေးစံများကို လိုက်နာကြရမည်ဖြစ်သည်။

မှတ်သားဖွယ်ရာ

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လူ့အခွင့်အရေးများနှင့် စပ်လျဉ်းသော နယ်စပ်ဖြတ်ကျော်ကိစ္စများတွင် နိုင်ငံတော်က ထမ်းဆောင်ရမည့် (Maastricht) မူအရ တာဝန်များ

(Maastricht) မူများသည် နိုင်ငံခြားစီးပွားရေးလုပ်ငန်းများကို လက်ခံထားကာ မိမိနယ်နိမိတ်အတွင်း လည်ပတ်စေသော ဧည့်လက်ခံသူ အစိုးရနှင့် စီးပွားရေးလုပ်ငန်းများ အခြေစိုက်ရာ သို့မဟုတ် မှတ်ပုံတင်ထားရာ မိခင်နိုင်ငံတို့က အသီးသီးလိုက်နာကြရမည့် တာဝန်ဝတ္တရားများကို အသေးစိတ်တင်ပြထားသည်။ သို့ရာတွင် နယ်စပ်ဖြတ်ကျော် စီးပွားရေးလုပ်ငန်းများက လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ကြရန် အဓိက စောင့်ကြည့်ကြပ်မတ်ရမည့်သူမှာ ဧည့်သည်ကို လက်ခံထားသော အစိုးရဖြစ်သည်ဟု (Maastricht) မူက ဆိုသည်။ သို့ရာတွင် ထိုကုမ္ပဏီများ၏ မိခင်နိုင်ငံများကလည်း မိမိနိုင်ငံ၏ ဥပဒေအာဏာစက်အောက်ဝယ် ဖွဲ့စည်းထားသော အဖွဲ့အစည်းမှန်သမျှသည် လူ့အခွင့်အရေးကိစ္စများအား မည်သို့ကိုင်တွယ်နေကြသည်ကို စောင့်ကြည့်ပြီး လိုအပ်သလို အရေးယူရမည့် တာဝန်ရှိသည်။ သို့ဖြစ်ရာ လာရောက်ရင်းနှီးမြှုပ်နှံသော ကုမ္ပဏီကို လက်ခံထားသည့် နိုင်ငံ၏ပခုံးပေါ်တွင် အဓိကတာဝန်ရှိသော်လည်း မိခင်နိုင်ငံကလည်း မိမိထံမှ ကုမ္ပဏီများအားလုံး ပြင်ပတွင် လူ့အခွင့်အရေးမချိုးဖောက်ကြရေးအတွက် တာဝန်ယူရန် ဖြစ်သည်။

လတ်တလောတွင် အဆိုပါ နယ်စပ်ဖြတ်ကျော်ကိစ္စများကို စစ်ဆေးပေးနေသူမှာ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကဖြစ်ကြပြီး တရားရုံးများက မကိုင်တွယ်ကြသေးပါ။ သို့ရာတွင် လူ့အခွင့်အရေးကော်မရှင်များတွင် တရားစွဲနိုင်သည့် အခွင့်အာဏာ မရှိသလို လျော်ကြေးပေးရန် ချမှတ်နိုင်သည့် အာဏာလည်း မရှိပါ။ ထိုဆုံးဖြတ်ချက်များကမူ တရားရုံးနှင့်သာ သက်ဆိုင်သည်။ သို့ရာတွင် လူ့အခွင့်အရေးကော်မရှင်၏ စစ်ဆေးမှုမှာ အပေါင်းလက္ခဏာဆောင်သော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ၏ တာဝန်ခံမှုကို ပိုမိုရရှိလာစေသည်။ ကော်မရှင်သို့ ရောက်လာသည့်ကိစ္စဖြစ်သောကြောင့် ကျူးလွန်သောကုမ္ပဏီအနေဖြင့် မိမိပြစ်ဒဏ်ကို ရှောင်ရန်အလို့ငှာ အခြား တတိယနိုင်ငံသို့ ရွှေ့သွားရန် မလွယ်တော့ပေ။

သာဓက

ကော့ကုန်းကြံစိုက်ခင်း စီမံကိန်းနှင့် နယ်နိမိတ် ဖြတ်ကျော်တာဝန်ယူခြင်း

ထိုင်းနိုင်ငံမှ Thai Khon Kaen Sugar Industry သည် ကမ္ဘောဒီးယားနိုင်ငံ ကော့ကုန်းဒေသတွင် ၂၀၀၆ ခုနှစ် ဩဂုတ်လမှစတင်ကာ ကြံစိုက်ခင်းစီမံကိန်းကို စတင်တည်ထောင်ခဲ့သည်။ ကမ္ဘောဒီးယားအစိုးရ၏ သဘောတူညီချက်ဖြင့် Thai Khon Kaen Sugar Industry နှင့်အတူ ထိုင်ဝမ်အခြေစိုက် Ve Wong ကော်ပိုရေးရှင်းနှင့် ကမ္ဘောဒီယား လွှတ်တော်အမတ် LY Yong Phat တို့နှင့်အတူ ဖက်စပ်လုပ်ငန်းအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ ကြံစိုက်ခင်းများ ထူထောင်ရာတွင် ရွာသား လေးထောင်ခန့် အတင်းအဓမ္မအကြမ်းပတမ်း နည်းလမ်းများဖြင့် ပြောင်းရွှေ့ခံခဲ့ရကြောင်း ခန့်မှန်းကြသည်။ ထိုရွာသားများနှင့် စီမံကိန်းကိစ္စတိုင်ပင် ဆွေးနွေးခြင်းလည်း လုံးဝမရှိခဲ့ဟု ဆိုကြသည်။ ၂၀၀၇ ခုနှစ်တွင် ရွာသားတစ်စုက ကော့ကုန်းပြည်နယ် တရားရုံးသို့ တိုင်ကြားခဲ့သော်လည်း ဥပဒေကြောင်းအရ အမှုဖွင့်ပေးရန် ကော့ကုန်းတရားရုံးက လက်မခံခဲ့ပေ။ ရွာသားတို့က

ဆက်လက် အယူခံဝင်ခဲ့သောကြောင့် ယခုအခါ ထိုအမှုမှာ ကမ္ဘောဒီယားတရားရုံး အဆင့်ဆင့်တွင် ဆက်လက်ရွေ့လျားနေဆဲဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် ကော့ကုန်းသကြားစီမံကိန်းသည် အမေရိကန် သကြား သန့်စင်ရေးလုပ်ငန်း၏လက်ခွဲ ယူကေ အခြေစိုက် (Tate Lyle)နှင့် ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့သည်။ နောက်ပိုင်းတွင် Tate Lyle က ကော့ကုန်းမှ သကြားများ စတင်ဝယ်ယူခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ရွာသားနှစ်ရာခန့်က အင်္ဂလန်သို့ Tate Lyle ၏ လူ့အခွင့်အရေး ချိုးဖောက်မှုတွင် ပါဝင်နေပုံကို တိုင်စာပေးပို့ခဲ့ကြသည်။ ထိုရွာသားတို့က မိမိတို့သာလျှင် ထိုနယ်မြေနှင့်စိုက်ခင်းတို့၏ တရားဝင်ပိုင်ရှင်များဖြစ်ကြသည်ဟု ဖော်ပြခဲ့ကြသည်။ ဥပဒေအကြောင်းအရမူ ရွာသားတို့၏ မဟာဗျူဟာမှာ မိမိတို့၏ပစ္စည်းဥစ္စာပိုင်ဆိုင်မှုနှင့် စာချုပ်စာတမ်းချုပ်ဆိုပိုင်ခွင့်တို့နှင့် ပတ်သက်သော အခွင့်အရေးများကို အထူးပြုခဲ့ခြင်းဖြစ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုကို အဓိကထား တိုင်ကြားသည် မဟုတ်ပေ။ သို့ရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုများမှာ တိုင်စာတွင် အတိုင်းသား မြင်နိုင်သည်။ ထိုအမှုမှာ မပြီးပြတ်သေးပေ။

၁၃.၅.၃ စားသုံးသူတို့၏ တက်ကြွလှုပ်ရှားမှု

စီးပွားရေးလုပ်ငန်းများ၏ တာဝန်ခံမှုကို ရအောင်လုပ်ခြင်းကို ယခုအချိန်အထိ ဆွေးနွေးခဲ့သည်များတွင် ဥပဒေကြောင်းအရ သို့မဟုတ် ဥပဒေကဲ့သို့ အာဏာတည်သော အစီအမံများဖြင့် ဖြေရှင်းရန်ကြိုးစားခဲ့ပုံများ ပါဝင်သည်။ ဤနောက်ဆုံးအပိုင်းတွင်မူ လူထုလှုပ်ရှားမှုများအားဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို တုံ့ပြန်ရင်ဆိုင်ကြပုံကို အဓိကဆွေးနွေးသွားမည်ဖြစ်သည်။ အကယ်၍ တရားရုံးများက ပစ်ပစ်ခါခါ အရေးမစိုက်ခဲ့လျှင် ယခုအခါ လူမှုကွန်ရက် မီဒီယာများကလည်း ကျယ်ပြန့်လျက်ရှိသောကြောင့် စားသုံးသူတို့က စီးပွားရေးလုပ်ငန်းများ၏ ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့်ပတ်သက်ပြီး မိမိတို့ခံစားချက်များကို လွယ်ကူစွာဖော်ပြနိုင်ကြသည်။ စီးပွားရေးလုပ်ငန်းတို့သည် မိမိတို့၏နာမည်တစ်လုံးဖြင့် ရပ်တည်နိုင်ရေးမှာ ယခင်ကနှင့်မတူ များစွာ အကဲဆတ်ကြောင်း သိရှိထားကြသည်။ ကုမ္ပဏီတစ်ခုသည် သဘာဝဝန်းကျင်ကို ဘေးအန္တရာယ်ပြုလျှင်၊ အလုပ်သမားတို့အပေါ် ဆက်ဆံရေးညံ့ဖျင်းလျှင် သို့မဟုတ် ရပ်ရွာကို ဖယ်ကြဉ်ထားလျှင် စားသုံးသူများ၏ ဆန့်ကျင်မှုများနှင့် ကြုံရမည်ဖြစ်သည်။ (Nestle ၊ Nike နှင့် McDonalds) ကုမ္ပဏီတို့ကို စားသုံးသူတို့က သပိတ်မှောက်ခဲ့သောကိစ္စများသည် ကျော်ကြားလှပြီး ကုမ္ပဏီများကိုလည်း အချိုးပြောင်းစေခဲ့သည်။ ဤနည်းဖြင့် စီးပွားရေးသမားတို့ကို တာဝန်ခံအောင်လုပ်ခြင်း၌ ထိုကုမ္ပဏီက မှုလောက်အောင် စားသုံးသူများဘက်က မိမိတို့ဝယ်လိုအားပမာဏကို အကြီးအကျယ် လျှော့ချပစ်နိုင်သည့်အခါမျိုးတွင် ထိရောက်နိုင်ပါသည်။ အခြားသော ဆန္ဒပြမှုများကဲ့သို့ပင် စားသုံးသူများ၏ သပိတ်ဆင်နွှဲခြင်းကလည်း အောင်မြင်နိုင်ခြေနှင့် ကျရှုံးနိုင်ခြေတို့ ဒွန်တွဲနေတတ်သည်။

မှတ်သားသင့်သည့် စားသုံးသူ သပိတ်တစ်ခုမှာ Nike ကုမ္ပဏီကို ဆန့်ကျင်ခြင်းဖြစ်သည်။ အင်ဒိုနီးရှားနှင့် အခြားစက်ရုံများမှ လုပ်သားများစွာ၏ အခွင့်အရေးများကို Nike က ချိုးဖောက်ခဲ့သောကြောင့် ဖြစ်သည်။ ထို့ပြင် Shell ကုမ္ပဏီသည်လည်း မိမိပိုက်လိုင်းများမှ ဖြစ်ပေါ်လာသော ညစ်ညမ်းမှုကိုမကျေနပ်သည့် နိုင်ဂျီးရီးယား သဘာဝပတ်ဝန်းကျင်အရေး လှုပ်ရှားသူ ကန်ဆာရာဝီဝိုကို လက်စရှင်းလိုက်သောကြောင့် စားသုံးသူတို့က ဆန္ဒပြခဲ့ကြသည်။ တစ်ခါတစ်ရံတွင်မူ စားသုံးသူတို့ ဆန္ဒပြသည်မှာ အထက်ပါကိစ္စများကဲ့သို့ ကုမ္ပဏီ၏တံဆိပ်တစ်ခုတည်းကို ဆန္ဒပြခြင်းမဟုတ်ဘဲ

ထုတ်ကုန်ပစ္စည်း အမျိုးအမည်ပေါ်တွင် သပိတ်မှောက်ခြင်းဖြစ်သည်။ ဥပမာ - 'သွေးစွန်းသောစိန်' (အာဖရိကရှိ ပဋိပက္ခနယ်မြေများမှ တူးဖော်သောစိန်မှာ လက်နက်ကိုင်အုပ်စုများ၏ ဝင်ငွေဖြစ်နေသောကြောင့် ဖြစ်သည်)ကို သပိတ်မှောက်ခဲ့ကြသည်မှာ ကြာပြီဖြစ်သည်။ အစ္စရေး စီးပွားရေး လုပ်ငန်းများသည်လည်း စားသုံးသူများ၏ ပစ်မှတ်ဖြစ်နေဆဲဖြစ်သည်။ သပိတ်မှောက်၊ ရင်းနှီးမြှုပ်နှံမှုများ ပယ်ဖျက်၊ အရေးယူ (Boycott, Disinvest, and Sanction) ဟူသော BDS လှုပ်ရှားမှုသည် အစ္စရေးက ပါလက်စတိုင်းများကို အနိုင်ကျင့်မှုများအား ဆန့်ကျင်သော လှုပ်ရှားမှုဖြစ်သည်။ စားသုံးသူတို့က နိုင်ငံတစ်ခုလုံးကို သပိတ်မှောက်သည့် ဖြစ်စဉ်များလည်း ရှိခဲ့ဘူးသည်။ ၁၉၉၀ ကျော်နှစ်များတွင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်ခြင်းမှာ စစ်အစိုးရ၏ အကျိုးအမြတ်ကို အားပေးရန်ရောက်သည်ဟူသော အယူအဆများဖြင့် သွားရောက်လည်ပတ်ခြင်း မပြုကြရန် ဆော်ဩခဲ့ကြသည်။

စားသုံးသူသပိတ်များ၏ ရလဒ်မှာ အောင်မြင်မှုရော၊ မအောင်မြင်မှုပါ ရောပြွမ်းနေသည်။ Nestle သည် အချိုးပြောင်းသွားပြီး Shell အတွက်မူ မည်သို့မျှ အကျိုးဆက်မရှိခဲ့ပေ။ Nike ကို ဆန္ဒပြခြင်းသည် ကျော်ကြားခဲ့သော်လည်း ၎င်း၏ထုတ်ကုန်များ အရောင်းအဝယ်အပေါ် ထိခိုက်မှုမှာ အငြင်းပွားစရာဖြစ်သည်။ သို့ရာတွင် နောက်ဆုံး၌ Nike သည်လည်း အကျင့်ဆိုးကို ပြုပြင်သွားခဲ့သည်။ ဤနေရာတွင် စားသုံးသူ သပိတ်များမှာ ရည်ရွယ်သော စီးပွားရေးလုပ်ငန်း၏ အကျိုးအမြတ်ကို တိုက်ရိုက်ခြိမ်းခြောက်ခြင်းမရှိသော်လည်း ထိုကုမ္ပဏီများ၏ လူ့အခွင့်အရေးလေးစားမှု တိုးတက်လာအောင် ခရီးရောက်သွားလေ့ရှိသည်။ ဥပဒေအရ လူ့အခွင့်အရေးချိုးဖောက်သော ကုမ္ပဏီများအား တာဝန်ခံစေခြင်းမှာလည်း ဤနည်းနှင့်နှင့်ပင်ဖြစ်မည်ဟု ယူဆရသည်။ ဆိုရှယ်မီဒီယာသည်လည်း အလားတူပင် ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဌာန Center for Business and Human Rights ကဲ့သို့သော စားသုံးသူအခွင့်အရေးအတွက်လှုပ်ရှားသည့် အဖွဲ့အစည်းများကမူ စားသုံးသူများအနေနှင့် ကုန်အမှတ်တံဆိပ်များနှင့် ကုန်ပစ္စည်းများအပေါ် သတိရှိလာစေရန် ထောက်ကူပေးသည်။ ထို့ပြင် စီးပွားရေးနှင့် လူ့အခွင့်အရေးကိစ္စများတွင် မတရားမှုဖြစ်ပေါ်နေပါက စားသုံးသူများက ကမ္ဘာလုံးဆိုင်ရာ လူထုလှုပ်ရှားမှုများတွင် တိုက်ရိုက်ပါဝင်နိုင်အောင် ဆောင်ရွက်ပေးနေသည်။

သာဓက

ထိုင်းငါးဖမ်း လုပ်ငန်းများကို သပိတ်မှောက်ခြင်း



ယူကေအခြေစိုက် ဂါဒီယန်းသတင်းစာသည် ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်များတွင် သတင်းဆောင်းပါးနှင့် ဗွီဒီယိုများဖြင့် ထိုင်းငါးဖမ်းလုပ်ငန်းများတွင် ငွေဝယ်ကျွန်သဖွယ် စေခိုင်းနေသော အလုပ်သမားများဖြင့် လုပ်ငန်းလည်ပတ်နေကြောင်း ဆက်တိုက်ရေးသားတင်ပြခဲ့သည်။ 'တစ်ကမ္ဘာလုံးနှင့် ပတ်သက်နေသော ကျွန်စနစ်- ကျွန်များ၏ လုပ်အားဖြင့်ရရှိလာသော ပုစွန်များကို ကုန်တိုက်ကြီးများက ရောင်းချနေကြပုံ'၊ 'နိုင်ငံတကာ ကုန်တိုက်ကြီးများကရောင်းသော ပုစွန်ကို ကျွန်တို့၏ လုပ်အားဖြင့် အခွံခွာခဲ့ခြင်းဖြစ်' အစရှိသည့်ခေါင်းစဉ်များဖြင့် တင်ပြခဲ့သည်။ ထိုသတင်းများကြောင့် ထိုင်းငါးဖမ်းလုပ်ငန်းအပေါ် နိုင်ငံတကာအစိုးရများနှင့် စားသုံးသူများက အကြီးအကျယ် ဝေဖန်ပြစ်တင်ခဲ့ကြသည်။ နိုင်ငံတကာအစိုးရများက ထိုင်းနိုင်ငံတွင် ဖြစ်ပွားနေသော လူကုန်ကူးမှုကို

အပြစ်တင်ခဲ့ကြပြီး ဥရောပသမဂ္ဂက ထိုင်းနိုင်ငံကို အဝါကတ်ပြခဲ့သည်။ (အဝါကတ်၏ အဓိပ္ပာယ်မှာ ကျွန်သာသာ ဆက်ဆံခံရသော လုပ်သားများကို ဆက်လက်သုံးစွဲနေပါက ထိုင်းပုစွန်လောကနှင့် ကုန်သွယ်မှုမပြုတော့ဟု အဓိပ္ပာယ်ရသည်။) အချို့စားသုံးသူများက Mars, Procter & Gamble, Nestlé နှင့် Costco Wholesale လက်ကားဆိုင်တို့အား အတင်းအဓမ္မစေခိုင်းမှုများဖြင့် ရရှိလာသော ပင်လယ်စာများနှင့် တိရစ္ဆာန်အစာများ ရောင်းချမှုဖြင့် တရားစွဲခဲ့ကြသည်။ အချို့ကမူ ထိုင်းငါးဖမ်းလုပ်ငန်းများမှ ဝယ်ယူလာသော လက်လီရောင်းသည့် အစားအသောက်ဆိုင်များနှင့် ထိုင်းစျေးကွက်မှလာသော ငါးပုစွန်များကို သပိတ်မှောက်ကြသည်။ နောက်ပိုင်းတွင် ထိုဆန္ဒပြမှုများ အတော်ပင် အေးသွားသော်လည်း ထိုင်းအစိုးရနှင့် စီးပွားရေးလုပ်ငန်းများကို အတိုင်းအတာ တစ်ခုအထိ ဖိအားပေးနိုင်ခဲ့သည်။ ထိုစားသုံးသူ သပိတ်များကြောင့် ထိုင်း ငါးပုစွန်လုပ်ငန်းခွင်တွင် သိသိသာသာ တိုးတက်မှုများဖြစ်ပေါ်လာခြင်းရှိ-မရှိကား ဆက်လက်စောင့်ကြည့်ရပါဦးမည်။

၁၃.၆ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် လူ့အခွင့်အရေး

စီးပွားရေးနှင့် လူ့အခွင့်အရေးတို့ကြား ပတ်သက်မှုတွင် မှတ်သားစရာ ကျန်နေသေးသည်ကား ကမ္ဘာလုံးဆိုင်ရာစီးပွားရေး၏ အခန်းကဏ္ဍပင်ဖြစ်သည်။ စီးပွားရေး၏ အစိတ်အပိုင်းများစွာတို့သည် လူ့အခွင့်အရေးအပေါ် အကျိုးသက်ရောက်မှု များစွာရှိသည်။ အထူးသဖြင့် နိုင်ငံတကာကုန်သွယ်ရေး၊ စီးပွားရေးနှင့် ငွေကြေးအဖွဲ့အစည်းများ၏ မူဝါဒများနှင့် အဓိက သက်ဆိုင်သည်။ ထိုစီးပွားရေးကဏ္ဍနှစ်ရပ်ကို ဆက်လက်ဆွေးနွေးသွားပါမည်။

၁၃.၆.၁ နိုင်ငံတကာ ကုန်သွယ်ရေးနှင့် လူ့အခွင့်အရေး

နိုင်ငံတကာကုန်သွယ်ရေး ပမာဏကြီးမားလာမှုသည် လူ့အခွင့်အရေးအတွက် မကောင်းကျိုးကို ဖြစ်စေသည်ဟု မဆိုနိုင်ပေ။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကုန်သွယ်ရေးတိုးတက်လာခြင်းကြောင့် ဓနအင်အားတိုးပွားလာပြီး စက်မှုလုပ်ငန်းတို့ကို ဖွံ့ဖြိုးစေကာ ပြည်သူတို့ကို အလုပ်အကိုင်ပေးသည်။ သို့ရာတွင် မမျှတသော ကုန်သွယ်ရေးစနစ်များ ဖြစ်ပေါ်နေလျှင် ထိုအကျိုးရလဒ်များနှင့် ပြောင်းပြန်သာ ဖြစ်မည်။ အကယ်၍ဖွံ့ဖြိုးဆဲနိုင်ငံတို့က ချမ်းသာသော နိုင်ငံများထံမှ စျေးကြီးသော ကုန်ပစ္စည်းများကို ဝယ်ယူရန် ဖိအားပေးခံရပါလျှင်၊ ပြည်တွင်းကုမ္ပဏီများက စျေးကွက်တွင် မယှဉ်ပြိုင်နိုင်လျှင် အလုပ်အကိုင်များဆုံးရှုံးကာ နေထိုင်မှုစရိတ်များ မြင့်တက်လာမည်။ ဤအခြေအနေက လူ့အခွင့်အရေးအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုမရှိဟု ဆိုနိုင်သော်လည်း တိုင်းပြည်၏ နိမ့်ကျနေသော စီးပွားရေးက ပြည်သူတို့၏လူ့အခွင့်အရေးကို ရေရှည်တွင် ထိခိုက်မှုများရှိလာနိုင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အစားအသောက်ကုန်ပစ္စည်းများအတွက် ပြည်ပမှတင်သွင်းခြင်းကို မှီခိုမှု ကြီးမားလာသောအခါ အန္တရာယ်များစွာနှင့်ကြုံရန် နီးကပ်လာပြီဟုဆိုသည်။ မိမိတို့ ဝယ်ယူရသော စားသောက်ကုန်များက စျေးကြီးလာပြီး မိမိတို့၏ စိုက်ပျိုးရေးထွက်ကုန်များက စျေးပေါနေသောအခါ အစားအသာက်သည် မတန်မဆစျေးကြီးလာတော့သည်။ ထိုအခြေအနေမျိုးမှာ အမေရိကန်မှ အစားအသောက်တင်ပို့မှုကို မှီခိုနေခဲ့ရသည့် ကာရစ်ဘီယံ ကျွန်းဆွယ်မှ ဟေတီနိုင်ငံတွင် ဖြစ်ပွားခဲ့သည်။ စျေးကွက်တွင် ရေနံစျေးနှုန်းများ ပြောင်းလဲလာပြီး သီးနှံစိုက်ခင်းများမှာ ဇီဝလောင်စာ စိုက်ခင်းများအဖြစ် အသွင်ပြောင်းသောအခါ စားသောက်ကုန်စျေးနှုန်း မြင့်တက်

သွားခဲ့သည်။ ဟေတီရှိ လူသန်းပေါင်းများစွာ အငတ်ဘေးနှင့် ရင်ဆိုင်ခဲ့ရသည်။ အလားတူပင် ၂၀၀၇ ခုနှစ် တစ်ကမ္ဘာလုံးဆိုင်ရာ ရိက္ခာအကျပ်အတည်းအတွင်း အရှေ့တောင်အာရှနိုင်ငံ ကြုံတွေ့ခဲ့ရသည်။

အခြေခံစားသုံးသီးနှံများ ဈေးသုံးဆတက်သွားသောအခါ အင်ဒိုနီးရှားတွင် အဓိကရုဏ်းဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံတွင် ရိက္ခာပြတ်လပ်မှုများ ကြုံတွေ့ခဲ့ရသည်။ ကမ္ဘာပေါ်တွင် ဆန်အများဆုံးပြည်ပမှ တင်သွင်းရသည့်နိုင်ငံတစ်ခုဖြစ်သော ဖိလစ်ပိုင်နိုင်ငံမှာလည်း များစွာ အခက်ကြုံခဲ့ရသည်။ သို့ရာတွင် ထိုအခြေအနေက အခြားအရှေ့တောင်အာရှနိုင်ငံများဖြစ်ကြသော ဗီယက်နမ်နှင့် ထိုင်းကဲ့သို့ အစားအသောက်ကို ကမ္ဘာတလွှားသို့တင်ပို့ရောင်းချနေသော နိုင်ငံများမှာ ပစ္စည်းဈေးကောင်းလာမှုကြောင့် အကျိုးအမြတ်များစွာ ရရှိခဲ့ကြသည်။ ထိုဥပမာက ကမ္ဘာ့ကုန်သွယ်ရေးမှ ရရှိသော အကျိုးအမြတ်မှာ နိုင်ငံအားလုံးအတွက် တညီတညာတည်းမဟုတ်ကြောင်း ပြသနေသည်။ ကုန်သွယ်ရေးကြောင့် အချို့နိုင်ငံများကပိုဆင်းရဲပြီး အချို့က ပိုချမ်းသာသွားနိုင်သည်။ အခြားစိုးရိမ်စရာကိစ္စတစ်ခုမှာ ကမ္ဘာ့ဈေးကွက်တွင် ယခုအခါဈေးအတက်အကျ ပိုကြမ်းလာခြင်းဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် ကမ္ဘာ့ဈေးကွက်တွင် အစားအသောက်များ ရုတ်တရက် ဈေးတက်ခဲ့ရသည်ကို မည်သူကမျှ တိတိကျကျ မရှင်းပြနိုင်ခဲ့ချေ။ ရိက္ခာသိုလှောင်မှုများပြတ်လပ်ခြင်း ဈေးကစားခြင်း၊ ဇီဝလောင်စာများ တိုးချဲ့စိုက်ပျိုးခြင်းကြောင့် ရိက္ခာထုတ်လုပ်မှု လျှော့ကျခြင်းနှင့် ရိက္ခာထုတ်လုပ်မှုစရိတ်မြင့်တက်ခြင်း အစရှိသည့် တွက်ဆဆင်ခြင်ပုံအမျိုးမျိုးကိုသုံးကာ စဉ်းစားခဲ့ကြသော်လည်း ဈေးမြောက်တက်သွားခြင်းကို မည်သူကမျှ မတားဆီးနိုင်ခဲ့ပေ။ လူသန်းပေါင်းများစွာတို့လည်း ငတ်မွတ်မှုဘေးသို့ ကျရောက်လုနီးပါး ဖြစ်ခဲ့ရသည်။

မှတ်သားဖွယ်ရာ

ပစိဖိတ်ဖြတ်ကျော်ကုန်သွယ်ရေး မိတ်ဖက်စာချုပ် (The Trans Pacific Partnership-TPP)

လက်ရှိတွင် အာရုံစိုက်မှုအများဆုံးခံနေရသည့် ပစိဖိတ်ဖြတ်ကျော်ကုန်သွယ်ရေး မိတ်ဖက်စာချုပ် (TPP)ပင်ဖြစ်သည်။ ယခုအခါ အရှေ့တောင်အာရှနိုင်ငံများထဲမှ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်နှင့် ဘရူနိုင်း လေးနိုင်ငံတို့ကသာ TPP ၏အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည်။ ဖိလစ်ပိုင်၊ ထိုင်းနှင့် အင်ဒိုနီးရှားတို့ကလည်း TPP ကို စိတ်ဝင်စားကြောင်း ပြသထားသည်။ TPP ၏ လူအခွင့်အရေးဆိုင်ရာ အကျိုးသက်ရောက်မှုကိုများစွာ အငြင်းပွားနေကြသည်။ TPP ကြောင့် ကုန်သွယ်ရေးတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ပိုမိုကောင်းမွန်လာမည်ဟု ဆိုကြသော်လည်း ထိုအချက်ကို အငြင်းပွားနေဆဲဖြစ်သည်။ TPP ကြောင့် အကောက်အခွန်များ လျှော့ပေါ့ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးကို အထောက်အကူပြုသည့် အလားအလာများရှိသည်ဟု မျှော်လင့်ကြသော်လည်း အလုပ်သမားအခွင့်အရေးကို အကာအကွယ်မပေးနိုင်ခြင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်များ လျော့နည်းလာခြင်း၊ ဥဏှာပစ္စည်း မူပိုင်ခွင့်များ ယခင်ကထက် ပိုမိုတင်းကျပ်လာပါက ဆေးဝါးများ၏ဈေးနှုန်း အဆမတန်မြင့်တက်လာမှုကြောင့် ကျန်းမာရေးကဏ္ဍကို ထိခိုက်မည်ကို ပူပန်နေကြခြင်းလည်း ရှိသည်။ ထို့ပြင် ကုန်သွယ်ရေးဆွေးနွေးပွဲများ၏ ကျိတ်ပုန်းခုတ်သည့် အမူအရာအပေါ်တွင်လည်း စိုးရိမ်မကင်းဖြစ်ကြသည်လည်းရှိသည်။ ထိုကိုတ်ပိုင်းများတွင် ကော်ပိုရေးရှင်းကြီးများကသာ နေရာရလျက် အရပ်ဘက်အဖွဲ့အစည်းကို ပယ်ထားသောကြောင့်လည်းဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး (The World Trade Organization-WTO) သည် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးလုပ်ငန်းကို စီမံခန့်ခွဲနေသော အဖွဲ့ကြီးဖြစ်သည်။ WTO မှာ ကုန်သွယ်ရေးစာချုပ်များ ချုပ်ဆိုသောအခါ လူ့အခွင့်အရေးကို အရေးထားခြင်းမရှိဟု ဝေဖန်ခံရလေ့ရှိသည်။ အထူးသဖြင့် ကုန်သွယ်ရေးနှင့်ဆက်စပ်သော ဉာဏပစ္စည်းများမူပိုင်ခွင့် (Trade Related Intellectual Property-TRIPs) ပတ်သက်ပြီး အများက ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်ကြောင့် ဆေးဝါးများလွယ်လင့်တကူ မရှိနိုင်တော့မည်ကို စိုးရိမ်ကြသည်။ ၁၉၉၀ ကျော် ကာလများတွင် AIDS ဖြစ်ပွားမှုများ အရှိန်တက်နေခိုက် HIV ဗိုင်းရပ်စ်ကူးစက်ခံရသူ ဝေဒနာရှင်များ အသက် ဆက်လက်ရှင်နိုင်ရေးအတွက် ဆေးမှာ ဈေးကွက်တွင်ရှိနေပြီဖြစ်သော်လည်း လူတစ်ဦးကို တစ်နှစ်လျှင် ဒေါ်လာတစ်သောင်းခွဲခန့် ဆေးစရိတ် ကုန်ကျနိုင်သောကြောင့် အရှေ့တောင်အာရှရှိ ဝေဒနာရှင်အများစုအတွက်မူ ဆေးကို လက်လှမ်းမီရန် မဖြစ်နိုင်ပါ။ တစ်နေ့စာအတွက် တစ်ဒေါ်လာသာ ကျသင့်သောနှုန်းဖြင့် AIDS ဝေဒနာရှင်များအတွက်ဆေးကို ထုတ်လုပ်နိုင်နေပြီဖြစ်သော်လည်း ထိုဈေးနှုန်းမှာတီထွင်သူ ကုမ္ပဏီများကို ဉာဏပစ္စည်းမူပိုင်ခွင့်ကြေး မပေးမှသာ ထိုဈေးဖြင့် အဆင်ပြေနိုင်မည်ဖြစ်သည်။ ထိုင်းနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများက ဈေးပေါပေါဖြင့် ဆေးကိုထုတ်လုပ်ရန် ဆုံးဖြတ်လိုက်သောအခါ အမေရိကန်အစိုးရက ထိုင်းနိုင်ငံအနေဖြင့် ဉာဏပစ္စည်းမူပိုင်ခွင့် အခကြေးငွေကို ပေးသင့်သည်ဟု ကန့်ကွက်သည်။ အချို့ကမူ ကုန်သွယ်ရေးနှင့်ဆက်စပ်နေသော အလုပ်သမားများအခွင့်အရေးကို အသိအမှတ်ပြုမှု အားနည်းသည်ဟု ယူဆသည်။ ကျွန်သာသာ လုပ်အားများမှထုတ်လုပ်သော ပစ္စည်းများကို မသုံးဘဲ ရှောင်ကြဉ်ရန် WTO က မည်သို့မျှ ဆွဲဆောင်နိုင်ခြင်းမရှိပေ။ အချို့နိုင်ငံများနှင့် ဒေသများကမူ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တုံ့ပြန်ခဲ့ကြသည်။ ဥပမာ - ဥရောပသမဂ္ဂသည် ကျွန်သာသာ လုပ်သားများအသုံးပြုပြီး ထုတ်လုပ်တင်ပို့သည်ဟု သံသယရှိသောနိုင်ငံများ၏ ငါးပုစွန်များကို ဥရောပဈေးကွက်သို့ တင်သွင်းခွင့်မပြုပေ။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

လူ့အသက်ကယ်မည့်ဆေးများ လိုအပ်နေချိန်တွင် အစိုးရများအနေဖြင့် TRIPs ကို မလိုက်နာဘဲ လစ်လျူရှုသင့်ပါသလား။

ထိုင်းနိုင်ငံအနေဖြင့် AIDS ဝေဒနာရှင်များကို ကုသပေးရန် မိမိဘာသာ ဆေးဝါးထုတ်လုပ်မည်ဆိုသော ကိစ္စမှာ အငြင်းပွားဖွယ်အတိ ဖြစ်ခဲ့သည်။ အနောက်တိုင်းဆေးဝါးကုမ္ပဏီကြီးများက ၎င်းတို့အနေဖြင့် ဒေါ်လာသန်းပေါင်းများစွာကို ထိုဆေးများဖော်စပ်ရန် လေ့လာမှုများအတွက် သုံးစွဲခဲ့ရကား ထိုရင်းနှီးမြှုပ်နှံမှုများမှ အကျိုးအမြတ် ပြန်လည်ခံစားခွင့်ရှိသည်ဟု ဆိုကြသည်။ အကယ်၍ဆေးများကို ကုမ္ပဏီက ရောင်းဈေးအတိုင်း အကျိုးခံစားခွင့်မရှိပါက နောက်ထပ်သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် တတ်နိုင်တော့မည်မဟုတ်ဟု ဆိုသည်။ အခြားတစ်ဖက်က ကြည့်လျှင်မူ ထိုင်းနိုင်ငံအနေနှင့် မိမိပြည်သူတို့၏ ကျန်းမာစွာနေထိုင်ပိုင်ခွင့်ဟူသော လူ့အခွင့်အရေးကို စောင့်ရှောက်ရန် ဆေးဝါးကိုရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ထိုဆေးများရရှိမှသာ လူ့အသက်ကို ကယ်တင်နိုင်မည်။ သို့ဖြစ်ရာ ထိုင်းနိုင်ငံနှင့် WTO တို့က ဉာဏပစ္စည်းမူပိုင်ခွင့်အတွက် ကျသင့်သည်များကို ဆေးဝါးကုမ္ပဏီများထံသို့ မပေးဘဲ ထိုဆေးများကို ပြည်သူတို့ဝယ်ယူခွင့်ပေးသင့်သည်ဟူသော အငြင်းအခုံများလည်း ရှိခဲ့ကြသည်။

မေးခွန်းများ

- နိုင်ငံများသည် လူအများ၏အသက်ကို ကယ်တင်ရေးအတွက် ဆေးကို ဈေးပေါပေါဖြင့်ဝယ်ယူနိုင်ရန် ဉာဏ်ပစ္စည်းမူပိုင်ခွင့်များကို ရှောင်ကွင်းသင့်ပါသလား။
- နိုင်ငံများက ဆေးဝါးကုမ္ပဏီများကို ဉာဏ်ပစ္စည်းမူပိုင်ခွင့်အတွက် ခံစားခွင့်မပေးဘဲ ဈေးပေါပေါဖြင့်သာ ရယူလိုကြပါက ဆေးဝါးကုမ္ပဏီတို့အနေဖြင့် သုတေသနတွင် ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် အမြတ်အစွန်းမရှိနိုင်ကြောင်း သိရှိသွားတော့မည်။ ထိုအခါ သုတေသနမရှိဘဲ ဆေးအသစ်များကို မည်သို့ ထပ်မံဖော်စပ်နိုင်ပါမည်နည်း။
- အခြားတစ်ဖက်မှ စဉ်းစားလျှင်မူ ဆေးဝါးကုမ္ပဏီတို့အနေနှင့် မည်သို့ပင်သုတေသနနှင့် ဖွံ့ဖြိုးရေးအတွက် ငွေများသုံးစွဲနေရသည်ဆိုသော်လည်း ၎င်းတို့ဦးစားပေးကာ အများဆုံးရင်းနှီးမြှုပ်နှံနေသည်မှာ အလှအပရေးရာဆေးဝါးများအပါအဝင် ကိုယ်အလေးချိန်ကျဆေးနှင့် သွေးကျဆေးများဖြစ်ကြပြီး ထိုပြဿနာများမှာ ဆင်းရဲသောနိုင်ငံများတွင် အတွေ့များသည့် ကျန်းမာရေးပြဿနာများ မဟုတ်ဟု ဆိုကြသည်။ သို့ဖြစ်ရာ ကုမ္ပဏီတို့ကပြောနေသော ဉာဏ်ပစ္စည်းမူပိုင်ခွင့် အခကြေးငွေဆိုသည်ကို မိမိတို့အနေဖြင့် အမှန်တကယ် လေးလေးနက်နက် မစဉ်းစားသင့်တော့ဟု ဆိုနိုင်ပါသလား။

၁၃.၆.၂ ကမ္ဘာလုံးဆိုင်ရာဘဏ္ဍာရေးနှင့် လူအခွင့်အရေး

နိုင်ငံတကာ ငွေကြေးရံပုံငွေအဖွဲ့ (the International Monetary Fund-IMF)၊ ကမ္ဘာ့ဘဏ် (the World Bank -WB) နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (the Asia Development Bank - ADB) တို့ကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာငွေကြေးအဖွဲ့အစည်းများ၏ မူဝါဒများမှာ လူအခွင့်အရေး ချိုးဖောက်ခြင်းသို့ ဦးတည်သွားကြောင်း မကြာခဏဆိုသလို ပြစ်တင်ခံခဲ့ရသည်။ မကြာသေးခင်ကပင် အလွန်အမင်း ဆင်းရဲကျပ်တည်းခြင်းနှင့် လူအခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးမှူး ဖီးလစ်အယ်စတန်က အစီရင်ခံစာတစ်ခုတွင် 'ကမ္ဘာ့ဘဏ်မှာ လူအခွင့်အရေးကင်းမဲ့ဇုန်' ဖြစ်သည်ဟု ရေးသားခဲ့သည်။ ထိုငွေကြေးအဖွဲ့အစည်းများသည် မူဝါဒချမှတ် အကောင်အထည်ဖော်သောအခါတွင် လူအခွင့်အရေးကို ထည့်သွင်းစဉ်းစားခြင်းမရှိဟု ဝေဖန်ခံရလေ့ရှိသည်။ ဥပမာ - ၁၉၉၇ ခုနှစ် ကမ္ဘာ့ငွေကြေးအကျပ်အတည်း ကာလနောက်ပိုင်း IMF ၏ လုပ်ရပ်သည် လူအခွင့်အရေး ချိုးဖောက်မှုများစွာကို ဖြစ်စေသည်ဟု ဝေဖန်ခံရသည်။

အခြေခံကျကျ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များ

အစိုးရတို့သည် IMF မှ ငွေကို ရယူလိုသောအခါ ၎င်းတို့၏ စီးပွားရေးပုံစံ တစ်ခုလုံးကို အခြေခံကျကျပြောင်းလဲကာ ဈေးကွက်စီးပွားရေးစနစ် ပိုမိုပြည်လာအောင် ဆောင်ရွက်ရသည်။ ထိုသို့ လွတ်လပ်သောဈေးကွက်အဖြစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို တခါးဖွင့်ခြင်းကို အခြေခံကျကျ ပြုပြင်ပြောင်းလဲရေး အစီစဉ်များဟု ခေါ်ဆိုသည်။

၁၉၈၀ နှင့် ၁၉၉၀ ကျော်နှစ်များတွင် ကျန်ခဲ့သော Structural Adjustment Programs (SAPs) ခေါ် ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များ သည်လည်း အများစု၏ ဝေဖန်ချက်များနှင့်မကင်းပေ။ ထို SAPs များကြောင့် အချို့နိုင်ငံများသည် စီးပွားရေးကဏ္ဍတစ်ခုလုံးကို ဈေးကွက်စီးပွားရေး ပိုမိုပီပြင်လာအောင် ပြုပြင်ဆောင်ရွက်ရပြီး အစိုးရ၏စီးပွားရေးကဏ္ဍထိန်းချုပ်မှု အဝဝကို ပယ်ဖျက်ပေးရသည်။ ထိုအပြောင်းအလဲများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုတံခါးဖွင့်ပေးရန်နှင့် ရေဖြန့်ဖြူးရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ကျန်းမာရေးနှင့် ဆက်သွယ်ရေး အစရှိသော စီးပွားရေးကဏ္ဍများတွင် အစိုးရ၏ပါဝင်မှုကို လျှော့ချရန် အစိုးရများအား ဖိအားပေးခြင်းများရှိခဲ့သည်။ အကျိုးဆက်မှာ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ

အနေဖြင့် နိုင်ငံခြားစီးပွားရေး လုပ်ငန်းများ ဝင်ရောက်လာသောအခါ မယှဉ်ပြိုင်နိုင်သောကြောင့် လုပ်ငန်းပြတ်သဖြင့် အလုပ်လက်မဲ့ပြည်သူများ အရေအတွက်များလာခြင်း၊ အသက်မွေးဝမ်းကျောင်းဘဝများ ထိခိုက်ရခြင်းတို့ ရလဒ်ထွက်ခဲ့သည်။ SAPs ကို ထိုင်ဝေကြေးအဖွဲ့အစည်းကြီးများက အသုံးမပြုတော့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သော်လည်း နိုင်ငံတော်က တာဝန်ယူလေ့ရှိသော ပြည်သူ့ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းကဏ္ဍနှင့် ပညာရေးတို့တွင် တခါးဖွင့် စီးပွားရေးစနစ်ကို ကျင့်သုံးရန် အားပေးသည့် မူဝါဒများရှိနေဆဲ ဖြစ်သည်။ ထိုမူဝါဒများကြောင့် လူအခွင့်အရေး ထိခိုက်မှုများ ဖြစ်လာလိမ့်မည်ဟု တပ်အပ်မဆိုလိုပေ။ ဈေးကွက်စီးပွားရေးမှာ စီးပွားရေးတိုးတက်မှုစနစ် တိုးပွားနိုင်သည်မှာလည်း မှန်၏။ သို့ရာတွင် ထိုမူဝါဒရေးရာ အပြောင်းအလဲများဖြစ်လာစဉ် နစ်နာရဆုံးခံစားရသော ပြည်သူများ၏ လုံခြုံမှုကို ပံ့ပိုးပေးနိုင်သည့် စနစ်များ မပါရှိကြပေ။ သို့ဖြစ်ရာ IMF ၊ ကမ္ဘာ့ဘဏ်နှင့် ကုန်သွယ်ရေးစာချုပ်များသည် လူအခွင့်အရေးထက် စာလျှင် စီးပွားရေးလုပ်ငန်းများ အကျိုးကို အောင်သွယ်ပေးလေ့ရှိသော်လည်း ထိုစီးပွားရေး လုပ်ငန်းများအား တာဝန်ခံမှုရှိအောင်လုပ်ရန်မူ မတတ်နိုင်ပေ။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

ပုဂ္ဂလိကပိုင်ပြုခြင်း၊ ပြည်သူပိုင်သိမ်းခြင်းနှင့် လူအခွင့်အရေး

ပုဂ္ဂလိကပိုင်ပြုခြင်းဆိုသည်မှာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုများနှင့် အရင်းအမြစ်များကို ပုဂ္ဂလိကကဏ္ဍသို့ လွှဲပြောင်းရောင်းချပေးခြင်းကို ဆိုလိုသည်။ ပုဂ္ဂလိကကဏ္ဍသည် ပို၍ထိရောက်နိုင်ပြီး ပိုမိုအကျိုးများနိုင်သည် (သို့မဟုတ်) ပုဂ္ဂလိကပိုင်ဖြစ်ခြင်းကြောင့် ဝင်ငွေတိုးနိုင်သည်ဟု ယူဆပါက ပုဂ္ဂလိကသို့ အစိုးရလုပ်ငန်းများကို လွှဲပြောင်းလေ့ရှိသည်။ နီယိုလစ်ဘရယ်သမားတို့က ပုဂ္ဂလိကပိုင်ပြုခြင်းကို အားပေးကြသည်။ အဘယ်ကြောင့်ဆိုသော် အစိုးရက အကုန်အကျခံနေရသော အခြေခံအဆောက်အဦးများ၊ အခြေခံဝန်ဆောင်မှုများကို ပုဂ္ဂလိကသို့လွှဲပြောင်းပေးခြင်းအားဖြင့် အစိုးရစရိတ်ကို လျှော့ချနိုင်သောကြောင့်ဖြစ်သည်။ ထိုသို့ လွှဲပေးသည့်အတွက် အစိုးရက ပုဂ္ဂလိကပိုင်လုပ်ငန်းများထံမှ လိုင်စင်ခ၊ အခွန်အခနှင့် စရိတ်မျှပေးစနစ် အစရှိသည့် ပုံစံအမျိုးမျိုးဖြင့် ဝင်ငွေရရှိလာသည်။ သို့ရာတွင် ပုဂ္ဂလိကပိုင်ပြုခြင်းကြောင့် အောက်ခြေ ပြည်သူလူထုကြီးကို အကျိုးကျေးဇူးရစေလိမ့်မည်ဟု အာမမခံနိုင်ပေ။ ဥပမာ-ကုန်စည်နှင့်ဝန်ဆောင်မှုများကို ပုဂ္ဂလိကပိုင်ပြုလိုက်ပါက နိုင်ငံတော်အနေဖြင့် အသုံးစရိတ်များ သက်သာသွားနိုင်သော်လည်း အစိုးရအနေဖြင့် ယခင်ပြည်သူကို အကုန်အကျခံပြီးပေးနေသော ကုန်စည်နှင့်ဝန်ဆောင်မှုများကို မပေးနိုင်တော့သောအခါ ပြည်သူတို့၏ အကုန်အကျများလည်း မြင့်မားလာတော့သည်။

ပုဂ္ဂလိကပိုင်ပြုခြင်းကို အားပေးသင့်သည်ဟူသော အဆိုများမှာ -

- ပုဂ္ဂလိကကုမ္ပဏီများက စီးပွားရေးလုပ်ငန်းများတွင် ပို၍စွမ်းရည်ရှိသည်။
- ပြည်သူပိုင်ပစ္စည်းများရောင်းချခြင်းမှ အစိုးရအတွက် ဝင်ငွေရလာမည်။
- ပုဂ္ဂလိကကုမ္ပဏီများတွင် လာဘ်ပေးလာဘ်ယူကိစ္စ ပို၍နည်းပါးသည်။

ပုဂ္ဂလိကပိုင်ပြုခြင်းကို ဆန့်ကျင်သည့် အဆိုများမှာ -

- ပြည်သူအချို့သည် ပုဂ္ဂလိကပိုင်လုပ်ငန်းများက ရောင်းသောဈေးဖြင့် ငွေပေးဝယ်ယူရန် တတ်နိုင်မည်မဟုတ်။
- ကုမ္ပဏီများသည် အမြတ်အစွန်းမျက်နှာကိုသာ ကြည့်သည်။
- အမြတ်အစွန်းရရေးအတွက် လည်ပတ်နေသော စီးပွားရေးလုပ်ငန်းများက ပေးသည့် ဝန်ဆောင်မှုမှာ လုံလောက်လိမ့်မည်မဟုတ်။

ဆွေးနွေးခြင်း

အောက်ပါဝန်ဆောင်မှုများကို ပုဂ္ဂလိကပိုင်ပြုလိုက်လျှင် (သို့မဟုတ်) ပုဂ္ဂလိကပိုင် ကုမ္ပဏီများကသာ ဝန်ဆောင်မှုပေးနေလျှင် လူအခွင့်အရေးအတွက် မည်သို့ အကျိုးသက်ရောက်မှုများ ရှိလာနိုင်သနည်း။

- အများသုံးသယ်ယူပို့ဆောင်ရေးစနစ်
- အကျဉ်းထောင်များ
- ရေ
- မိုဘိုင်းဖုန်း
- အင်တာနက်

အထက်ပါကိစ္စများကို ဆွေးနွေးလျှင် အောက်ပါအချက်များကိုပါ ထည့်သွင်းစဉ်းစားပါ။

- ထိုဝန်ဆောင်မှုများကို လူတိုင်းရရှိသင့်ပါသလား။
- ထိုဝန်ဆောင်မှုများအတွက် ပေးရသောစရိတ်များက မရှိဆင်းရဲသားတို့ကို မည်သို့ထိခိုက်စေနိုင်သနည်း။
- ထိုဝန်ဆောင်မှုများကိုရပိုင်ခွင့်မှာ ပြည်သူများ၏ အခြေခံလူ့အခွင့်အရေးဖြစ်ပါသလား။
- ထိုဝန်ဆောင်မှုများအား အစိုးရကသာ အစဉ်သဖြင့် တာဝန်ယူသင့်ပါသလား။
- ဝန်ဆောင်မှုအတန်းအစား အမျိုးမျိုးပေါ်ပေါက်လျှင် လူ့အဖွဲ့အစည်းများတွင် မညီမျှမှုများ ပိုမိုဖြစ်ပေါ်လာနိုင်ပါသလား။

အချုပ်အားဖြင့်ဆိုရသော် ယခုအခန်းတွင် စီးပွားရေးလုပ်ငန်းများ တာဝန်ခံမှုရှိလာစေရန်နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်လာခဲ့ရာ အချို့မှာလည်း အောင်မြင်သလောက် အောင်မြင်ခဲ့၏။ အချို့မှာလည်း နေရာမကျခဲ့ပါ။ ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း ကုလသမဂ္ဂမှအမျိုးမျိုး ချမှတ်ကာ ဆောင်ရွက်ခဲ့သကဲ့သို့ အရပ်ဘက်လူ့အဖွဲ့အစည်း၏ လှုပ်ရှားမှုများ၊ စားသုံးသူ၏ သပိတ်မှောက်မှုများမှာ နိုင်ငံအချို့တွင် ပေါ်ပေါက်လာခဲ့ရာ ရည်ရွယ်ချက် ပိုမိုအထမြောက်ခဲ့သည်ကိုလည်း တွေ့ရပါသည်။ ယခုနောက်ဆုံးအပိုင်းတွင် ဘဏ်များနှင့် ငွေကြေးအဖွဲ့အစည်းများက လူ့အဖွဲ့အစည်း

အပေါ် အကျိုးသက်ရောက်မှုရှိခဲ့သည်ကိုလည်း ဆွေးနွေးထားပါသည်။ နိုင်ငံတစ်ခု အကြွေးတင်သောအခါ အစိုးရတို့အနေဖြင့် ပြည်သူများမဖြစ်မနေ မှီခိုနေရသော ဝန်ဆောင်မှုလုပ်ငန်းများနှင့် လူမှုဖူလုံရေးလုပ်ငန်းများအတွက် အသုံးစရိတ်များကို လျှော့ချလေ့ရှိပါသည်။ ထိုသို့ လျှော့ချမှုကြောင့် လူအခွင့်အရေးအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုများ ရှိလာပါသည်။

၁၃.၇ အလုပ်သမားများပြန်လည် သန်စွမ်းကြံ့ခိုင်ရေးနှင့် လူမှုဘဝ အကာအကွယ်များ

ယခုအခန်း၏ နိဂုံး၌ အလုပ်သမားတစ်ယောက်၏ အခွင့်အရေးဆိုသည့် နေရာတွင် လူတဦး၏အခွင့်အရေးအဖြစ် စဉ်းစားကြည့်သည်ဆိုပါစို့။ စီးပွားရေးလုပ်ငန်းများမှာ ၎င်းတို့၏ အခွင့်အရေးကို ခိုင်မာစေနိုင်သလို ယုတ်လျော့စေနိုင်ခြင်းလည်းရှိသည်။ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံတော်က စောင့်ထိန်းရမည့်တာဝန်များကို ဥပဒေရေးရာအရ ပြဋ္ဌာန်းနိုင်အောင် နည်းလမ်းအမျိုးမျိုးဖြင့် ဖော်ထုတ်ခဲ့ကြသည်။ ထိုတရားရေးနည်းလမ်းများအား အသက်ဝင်စေခြင်းဖြင့် တာဝန်ခံမှုကို ရအောင်လုပ်ရန် ခက်ခဲသော်လည်း ယခုအခါ ဥပဒေကြောင်းအရ ဖြေရှင်းနိုင်သည့် အခွင့်အရေးများ ပိုမိုရရှိလာခဲ့သည်က အမှန်ပင်။

ဤကိစ္စတွင် ကုလသမဂ္ဂရော၊ ILO ပါ ဩဇာကြီးမားလှသည်။ သို့ရာတွင် တစ်နိုင်ငံချင်းစီမှ အစိုးရများနှင့် စားသုံးသူများ၏ လုပ်ဆောင်နိုင်စွမ်းကိုလည်း လျှော့မတွက်နိုင်ပါ။ ထို့ပြင် အစိုးရတို့သည် မိမိနယ်နမိတ်အတွင်းမှ စီးပွားရေးလုပ်ငန်းများကို လူအခွင့်အရေးအတွက် သင့်တင့်လျောက်ပတ်စွာ ကျင့်ကြံကြရန် အမိန့်ပေးနိုင်သလို ၎င်းတို့လုပ်ငန်း လည်ပတ်သောအခါတွင်လည်း မိမိ၏မူဝါဒများမှာ ဩဇာရှိနေဆဲဖြစ်အောင် ဆောင်ရွက်နိုင်သည်။ ထို့ပြင် စားသုံးသူတို့အနေဖြင့် လူအခွင့်အရေးချိုးဖောက်သော စီးပွားရေးလုပ်ငန်းများကို ဒဏ်ခတ်သောအားဖြင့် ၎င်းတို့၏ ကုန်ပစ္စည်းများအား ဝယ်ယူအားပေးမှု ရပ်တန့်ခြင်း၊ အမှတ်တံဆိပ်တစ်ခုလုံးကို သပိတ်မှောက်ခြင်း အစရှိသဖြင့် တုံ့ပြန်နိုင်သည်။ ထိုနည်းက စီးပွားရေးလုပ်ငန်းတို့၏ သည်းခြေဖြစ်သော အမြတ်အစွန်းကို ခြိမ်းခြောက်တတ်သည်။

အရှေ့တောင်အာရှရှိ အလုပ်သမားများနှင့် ရပ်ရွာအသိုက်အမြုံများအဖို့ကား စီးပွားရေးလုပ်ငန်းများအား တာဝန်ခံလာအောင် ဥပဒေကြောင်းအရဆောင်ရွက်ခြင်းမှာ အားကိုးနိုင်ဖွယ်နည်းတစ်ခုမဟုတ်ပေ။ သို့ရာတွင် အဆိုးချည်းဟု မဆိုနိုင်ပါ။ ဥပဒေနှင့် အဖွဲ့အစည်းများက လုံလောက်အောင် အကာအကွယ်မပေးနိုင်သော်လည်း မိမိတို့ဘဝလုံခြုံမှုနှင့် အကျိုးစီးပွားကို မိမိတို့အစွမ်းဖြင့် ကာကွယ်နိုင်ရန် အလုပ်သမားတို့နှင့်တကွ သက်ဆိုင်ရာလူအဖွဲ့အစည်းများက စီးပွားရေးသမားများနှင့် ဆက်ဆံရေးတည်ဆောက်ပြီး အပြုခံအဖြစ်မှ ရုန်းထွက်နိုင်ပါသည်။ သတင်းအချက်အလက်များ မျှဝေရန် ကွန်ရက်အသွယ်သွယ် တည်ဆောက်ခြင်း၊ အတွေ့အကြုံနှင့် စိတ်ကူးများဖလှယ်ကြခြင်းတို့ဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်ဆိုင်ညှိနှိုင်းကာ မိမိနှင့် အခြားသူတို့ကိုကာကွယ်ပြီး နောင်တွင် လူအခွင့်အရေး ချိုးဖောက်ခံရခြင်းမှ လွတ်ကင်းအောင်ဆောင်ရွက်နိုင်ခြင်း၊ အလုပ်အကိုင်ရှိခြင်း၊ လုပ်ငန်းများလည်ပတ်နေခြင်းမှာ အလုပ်သမားတို့ဘဝကို အဆင်ပြေစေသောအကြောင်းများ ဖြစ်ပါသည်။ ငွေစုနိုင်ခြင်း၊ လုပ်ခငွေများ အိမ်ပြန်ပို့နိုင်ခြင်းကြောင့် လုပ်သားတို့၏ဘဝများ တိုးတက်နိုင်သည့်အပြင် မိမိရပ်ရွာတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်

လာနိုင်ပါသည်။ အကောင်းဆုံးမှာ အလုပ်သမားနှင့် ရပ်ရွာအသိုင်းအဝိုင်းတို့အနေနှင့် မိမိကိုယ်မှ လွဲပြီး အားကိုးစရာမမြင်ရသော အနေအထားတစ်ခုမဟုတ်ဘဲ ၎င်းတို့ကို အကာအကွယ်ပေးမည့် စနစ်ကျနသော လုပ်ငန်းမူဘောင်များလည်း ပေါ်ပေါက်လာရမည့် အနေအထားဖြစ်သည်။ လက်တွေ့အဖြစ်တွင်မူ ပြည်သူတို့မှာ မိမိအခွင့်အရေးကို ကာကွယ်ရန် မိမိဘာသာ ဘောင်အပြင်မှ နည်းလမ်းများ ရှာဖွေနေရခြင်းဖြစ်သည်။

က။ အနှစ်ချုပ်နှင့်အဓိကအချက်များ

လူအများအတွက် အလုပ်အကိုင်များအပြင် ကုန်စည်နှင့်ဝန်ဆောင်မှုများအား ဖြည့်ဆည်းပေးနေသော စီးပွားရေးလုပ်ငန်းများမှာ လူ့အခွင့်အရေးကို တစ်နည်းတစ်ဖုံ အထောက်အကူပေးနေသည်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် တစ်ချိန်တည်းတွင် စီးပွားရေးလုပ်ငန်းများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကလည်း ရှိနေတတ်ပါသည်။ အမြတ်အစွန်းရရှိရေး ရည်ရွယ်ချက်ဖြင့် ရပ်တည်နေသောကြောင့် စီးပွားရေးလုပ်ငန်းများသည် လုပ်ခပေါ်ပေါ်ရအောင်၊ ကုန်ကြမ်းပေါ်ပေါ်ရအောင်၊ ကုန်ထုတ်လုပ်မှုစရိတ် နည်းသည်ထက်နည်းအောင် လုပ်တတ်ကြသည်။ ထို့ကြောင့်ပင် သဘာဝဝန်းကျင်ကို ထိခိုက်စေခြင်း၊ ထုတ်ကုန်များမှာလည်း အရည်မမီတတ်ခြင်း၊ အလုပ်သမားတို့၏အခွင့်အရေးကို ချိုးဖောက်ခြင်း၊ အန္တရာယ်ရှိသောအခြေအနေများသို့ တိုးဝင်တတ်ခြင်း သို့မဟုတ် လာဘ်ပေးလာဘ်ယူကိစ္စများတွင် ပါဝင်ပတ်သက်တတ်ခြင်း အစရှိသည်တို့ ဖြစ်ပေါ်တတ်သည်။ လူ့အခွင့်အရေးဆိုင်ရာ တည်ဆဲကျင့်ဝတ်စည်းကမ်းများက ပြည်သူများအပေါ် အစိုးရတစ်ရပ်က ကျူးလွန်နေတတ်သော လူ့အခွင့်အရေးချိုးဖောက်မှုများကိုသာ ကာကွယ်ပေးပြီး စီးပွားရေးလုပ်ငန်းများက ကျူးလွန်သော လူ့အခွင့်အရေးအမှုများကို ဖြေရှင်းပေးနိုင်ခြင်း မရှိသေးပေ။ ယခုအချိန်ထိ စီးပွားရေးလုပ်ငန်းများကို တာဝန်ခံအောင်လုပ်ရန်မှာ စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းတို့အနေဖြင့် မိခင်နိုင်ငံ၏ဥပဒေကို လိုက်နာရမည်မှာ ဧကန်ပင်ဖြစ်သည်။ သို့ရာတွင်နိုင်ငံတကာတွင် လည်ပတ်နေသော ကော်ပိုရေးရှင်းကြီးများအနေဖြင့် နိုင်ငံတစ်ခုခု၏ ဥပဒေအရ အရေးယူခြင်းကို ရှောင်ကွင်းရန် မခက်လှပေ။

အလုပ်သမားအခွင့်အရေးကို လူ့အခွင့်အရေးအဖြစ် ရှုမြင်ခြင်း

အလုပ်သမားတို့၏ ရပိုင်ခွင့်များဖြစ်ကြသော အလုပ်ကိုင်ရရှိခွင့်၊ တရားမျှတပြီး ဖိနှိပ်ချုပ်ချယ်ခြင်းကင်းသော လုပ်ငန်းခွင်ရရှိခွင့် တူညီသော အလုပ်ပမာဏအတွက် တူညီသော လစာရရှိခွင့် အစရှိသည့် အလုပ်သမားအခွင့်အရေးများကို ILO က ကာကွယ်စောင့်ရှောက်နိုင်ရန် အားပေးဆောင်ရွက်လျက်ရှိသည်။ ILO တွင် အစိုးရအသီးသီးမှ ကိုယ်စားလှယ်များ၊ အလုပ်ရှင်များနှင့် အလုပ်သမားများပါဝင် ဖြေရှင်းသည့်စနစ်ကို ကျင့်သုံးသည်။ အလုပ်သမားအခွင့်အရေးကို စောင့်ကြည့်စစ်ဆေးရာတွင် ILO အနေဖြင့် အပြစ်ရှိသူကို ပြစ်ဒဏ်ပေးခြင်းမျိုး လုပ်ခဲလှသည်။ အရှေ့တောင်အာရှရှိ အလုပ်သမားအခွင့်အရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းရာတွင် လုပ်သားအင်အားပေါ်မျှားခြင်း၊ လုပ်ခနည်းပါးခြင်းနှင့် စည်းမျဉ်းစည်းကမ်းများ လျော့ရဲခြင်းနှင့် သမဂ္ဂများဖွဲ့စည်းလှုပ်ရှားမှုကို ချုပ်ချယ်ခြင်းတို့က အတားအဆီး ဖြစ်ကြသည်။ နိုင်ငံတော်အစိုးရများသည်

အလုပ်သမားအခွင့်အရေးကို အကာအကွယ်ပေးရန် ပြောပလောက်အောင် ဆောင်ရွက်ပေးခြင်း မရှိဘဲ အလုပ်သမားတို့ သင်းဖွဲ့လှုပ်ရှားခြင်းနှင့် စုပေါင်းအားကိုသုံးကာ လိုအပ်ချက်များကို ညှိနှိုင်းယူသော အလေ့အထလည်း နည်းလှသည်။ အလုပ်သမားသမဂ္ဂများတွင် တက်ကြွလှုပ်ရှားသူများကို ခြိမ်းခြောက်ခြင်းလည်းရှိရာ အလုပ်သမားအခွင့်အရေး အားနည်းသည့် ဒေသတစ်ခု ဖြစ်လာသည်။

စီးပွားရေး လုပ်ငန်းများ၏ တာဝန်ခံခြင်း

နိုင်ငံတော်အစိုးရများအတွက် ချမှတ်ထားသောတာဝန်များ ဖြစ်သော်လည်း လူတစ်ဦးချင်းကပါ ထိုတာဝန်များကိုစောင့်ရှောက်ရန် လိုက်နာဆောင်ရွက်ရသောကြောင့် နိုင်ငံတော်သည် စီးပွားရေးလုပ်ငန်းများအနေဖြင့် လူ့အခွင့်အရေးအတွက် တာဝန်သိအောင်၊ လူ့အခွင့်အရေးကို မချိုးဖောက်အောင် ထိန်းသိမ်းပေးခြင်းဖြင့် ပြည်သူတို့ကို အကာအကွယ်ပေးနိုင်သည်။ သို့ရာတွင် လူ့အခွင့်အရေးအတွက် စီးပွားရေးလုပ်ငန်းများအနေဖြင့် တာဝန်ခံမှုရှိရန် လုံးလုံးလျားလျား တတ်နိုင်သည်တော့ မဟုတ်ပေ။ စီးပွားရေးလုပ်ငန်းများက CSR သဘောအားဖြင့် ရပ်ရွာလူမှုဝန်ထမ်းခြင်း၊ ကတိကဝတ်ပေးခြင်းတို့ကို ဆောင်ရွက်တတ်ကြပါသည်။ အချို့ကမူ CSR ဆိုသည်မှာ ကုမ္ပဏီ၏ ပုံရိပ်အတွက် ကြော်ငြာသဘောဖြစ်ပြီး အနှစ်သာရအားဖြင့် ပြောပလောက်အောင် မရှိဟု ဆိုကြသည်။ မည်သို့ပင်ဖြစ်စေ CSR မှာ စီးပွားရေးသမားတို့၏ စိတ်စေတနာအလျောက် ဆောင်ရွက်ကြသော ကိစ္စသာဖြစ်ပြီး တရားဥပဒေကဲ့သို့ အကျိုးသက်ရောက်မှု မရှိပေ။ စီးပွားရေးလုပ်ငန်းများက ရပ်ရွာအတွက် အလှူဒါနပြုခြင်း၊ ရပ်ရေးရွာရေးနှင့် ပတ်သက်သော ပွဲလမ်းသဘင်များ ဆောင်ရွက်ပေးခြင်း၊ အစရှိသည်တို့ကို ပြုလုပ်ဆောင်ရွက်ပေးသည့်တိုင်အောင် ၎င်းတို့၏ လူ့အခွင့်အရေးကို အကာအကွယ်ပေး မပေးဆိုသည့် ကိစ္စကပို အရေးကြီးပါသည်။ လူ့အခွင့်အရေးအပေါ် စီးပွားရေးသမားတို့ တာဝန်ခံလာစေခြင်းငှာ နည်းလမ်းများစွာရှိပါသည်။ တစ်နည်းမှာ မိမိတို့ဆန္ဒအလျောက် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် ကမကထပြုစေခြင်း ဖြစ်သည်။ နောက်တနည်းကမူ ဥပဒေကြောင်းအရ ဖြေရှင်းခြင်း (သို့မဟုတ်) ဥပဒေကဲ့သို့ ဩဇာသက်ရောက်သော နည်းလမ်းများဖြင့် မလိုက်နာသော စီးပွားရေးလုပ်ငန်းများကို အရေးယူခြင်း ဖြစ်သည်။ နောက်ဆုံး တစ်နည်းမှာ စားသုံးသူများ၊ အလုပ်သမားများနှင့် ရပ်ရွာအသိုင်းအဝိုင်းတို့က စီးပွားရေးသမားများ၏ တာဝန်ခံမှုနှင့် လူ့အခွင့်အရေး လေးစားလိုက်နာမှုတိုးတက်လာအောင် ဖိအားပေးခြင်းဖြစ်သည်။

စီးပွားရေးလုပ်ငန်းများ၏ တာဝန်ခံမှုအတွက် ကုလသမဂ္ဂ၏အစီအမံများ

ကုလသမဂ္ဂသည် စီးပွားရေးလုပ်ငန်းများအနေဖြင့် လူ့အခွင့်အရေးအတွက် တာဝန်ခံကြရာတွင် စေတနာစေ့ဆော်မှုအလျောက် ပါဝင်နိုင်သည့် အနေအထားဖြင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ၏ အလိုကိုလိုက်၍လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများအား စည်းကမ်းတင်းကျပ်သည့်ပုံစံအားဖြင့်လည်းကောင်း နည်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့သည်။ ၁၉၇၀ ကျော်ကတည်းကပင် နိုင်ငံစုံကော်ပိုရေးရှင်းကြီးများ၏လုပ်ရပ်ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ စားသုံးသူတို့၏ အခွင့်အရေးချိုးဖောက်ခံရမှုများကြောင့် ကုလသမဂ္ဂ၊ OECD နှင့် ILO တို့က နိုင်ငံစုံကော်ပိုရေးရှင်းကြီးများလိုက်နာရမည့် ထုတ်ပြန်ချက်များ၊ လမ်းညွှန်ချက်များကို မိတ်ဆက်ခဲ့ကြရသည်။ သို့ရာတွင် ထိုစီအမံများမှာ အကြံပြုချက်နှင့် လမ်းညွှန်ချက်များသာဖြစ်ခဲ့ပြီး မဖြစ်မနေ လိုက်နာရမည့် ဥပဒေများ

မဟုတ်ကြပေ။ ဂလိုဘယ်ကွန်ပက်မှာလည်း မဖြစ်မနေလိုက်နာအောင် အာဏာဖြင့် ဩဇာသက်ရောက်အောင် လုပ်နိုင်သည့် အစီအမံမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းများကို စေတနာအလျောက် လူမှုဝန်ထမ်းခြင်း CSR ကို ဧရိယာ ၁၀ ခုတွင် ဆောင်ရွက်ရန်သာ တိုက်တွန်းသည်။ ဂလိုဘယ်ကွန်ပက်ကို အားပျော့လှသည့်အဖွဲ့အစည်းတစ်ခုဟု အချို့ကမြင်ကြပြီး အချို့ကမူ တာဝန်ခံမှုရှိလာရန် စတင်သည့် ခြေတစ်လှမ်းဟုမြင်သည်။ ကုလသမဂ္ဂစံချိန်စံနှုန်း (The Norms) မှာမူ ဂလိုဘယ်ကွန်ပက်နှင့် ကွာခြားပြီး စီးပွားရေးလုပ်ငန်းများနှင့် တိုက်ရိုက်သက်ဆိုင်ကာ ၎င်းတို့မဖြစ်မနေလိုက်နာရမည့်တာဝန်များကို ပြဋ္ဌာန်းထားသည်။ သို့ရာတွင် ထိုအစီအစဉ်ကို ထောက်ခံသူများမှာ များစွာမရှိလှသောကြောင့် နောက်ဆုံးတွင် အကောင်အထည် မဖော်ဖြစ်တော့ပေ။ လက်ရှိတွင် ကုလသမဂ္ဂအခြေခံကျင့်ဝတ်များကို ဖော်ထုတ်ခဲ့ရာ ကုမ္ပဏီများအနေဖြင့် ဥပဒေကဲ့သို့ လိုက်နာရန် မလိုတော့သည့်တိုင်အောင် လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး စံထားစရာ ညွှန်းကိန်းတစ်ခုဖြစ်လာသည်။

အရှေ့တောင်အာရှတွင် စီးပွားရေးလုပ်ငန်းများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ

စီးပွားရေးသမားတို့ တာဝန်ခံလာအောင်၊ တရားဥပဒေအပေါ် အားကိုးအားထားပြုခြင်းမှာ မဆန်းသည့်ကိစ္စများဖြစ်သော်လည်း အရှေ့တောင်အာရှတွင်မူ ကုမ္ပဏီတစ်ခုကို တရားစွဲရန်မှာ များစွာခက်ခဲသည်။ လူ့အခွင့်အရေးနှင့်ပတ်သက်သောအမှုများတွင် ကုမ္ပဏီကို တရားနိုင်လိုက်သောအမှုမှာ ပြောပလောက်အောင်ပင် မရှိပေ။ လူ့အခွင့်အရေးချိုးဖောက်ခံရသူတို့အနေဖြင့် လျော်ကြေးရသည့်ကိစ္စမှာ နည်းပါးလှသည်။ အလုပ်သမားရေးရာ အခွင့်အရေးနှင့်ပတ်သက်သောအမှုအနည်းငယ်တွင် လူ့အခွင့်အရေးချိုးဖောက်သော စီးပွားရေးလုပ်ငန်းများအပေါ် အလုပ်သမားများဘက်မှ အမှုနိုင်ခဲ့ဖူးသည်။ ယခုအခါ ပြည်ပတွင် လည်ပတ်နေသော စီးပွားရေးလုပ်ငန်းများအပေါ်တွင်ပါ အာဏာသက်ရောက်သော လူ့အခွင့်အရေးဆိုင်ရာ ဥပဒေအသစ်များ ပြဋ္ဌာန်းလာကြသည်။ သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်ခဲ့သော် ကုမ္ပဏီကို အခြားနိုင်ငံ၏ဥပဒေအရ တရားစွဲနိုင်သည်။ ဆိုရှယ်မီဒီယာ ပေါ်ပေါက်လာသည်နှင့်အတူ စားသုံးသူများက ကုမ္ပဏီတစ်ခု၏လုပ်ရပ်နှင့် ထုတ်ကုန်ပစ္စည်းကို မကျေနပ်လျှင် မကျေနပ်သလို မိမိခံစားချက်ကို ပြောဆိုတင်ပြလာခြင်း၊ ကုန်ပစ္စည်းကိုမသုံးစွဲရေး ဆန္ဒပြရန်စီစဉ်ခြင်း၊ စားသုံးသူ တက်ကြွလှုပ်ရှားမှုများပေါ်ထွက်လာခြင်းတို့ကလည်း စီးပွားရေးသမားတို့ကို တာဝန်ခံစေသည့် အထိုက်အလျောက်အောင်မြင်သောနည်းလမ်းများ ဖြစ်လာကြသည်။

ကမ္ဘာ့ စီးပွားရေးနှင့် လူ့အခွင့်အရေး

နိုင်ငံတကာကုန်သွယ်ရေးနှင့် ကမ္ဘာ့စီးပွားရေးတို့ကလည်း လူ့အခွင့်အရေးပေါ်တွင် များစွာသက်ရောက်မှုရှိသည်။ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးသည် လူ့အခွင့်အရေးအတွက် မကောင်းကျိုးချည်းသာ ပေးသည်မဟုတ်ပါ။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဓနအင်အား တိုးပွားလာနိုင်ခြင်း၊ အလုပ်အကိုင်များ တိုးတက်လာခြင်းတို့ကို ဆောင်ကြဉ်းပေးနိုင်ခြင်း ဖြစ်သည်။ သို့ရာတွင် တရားမျှတမှုမရှိသော ကုန်သွယ်မှုစနစ်ကမူ ထိုအရာတို့နှင့် ဆန့်ကျင်ဘက်ကိုသာ ပေးသည်။ ဥပမာ- ၂၀၀၇ ကမ္ဘာ့စားနပ်ရိက္ခာအကျပ်အတည်းက တရားမျှတမှု မရှိသော ကုန်သွယ်ရေးကြောင့် ဖြစ်ပေါ်နိုင်သည့် မကောင်းကျိုးများကို ပြသည်။ အချို့နိုင်ငံများမှာ တရားမျှတမှု

မရှိသည့် ကုန်သွယ်ရေးကြောင့် ပိုချမ်းသာလာပြီး အချို့နိုင်ငံများက ပိုဆင်းရဲလာသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးမှာလည်း ကုန်သွယ်ရေးစာချုပ်များချုပ်ဆိုရာတွင် လူအခွင့်အရေးကို လစ်လျူရှုသောကြောင့် ပြစ်တင်ခံရသည်။ အထူးသဖြင့် ကုန်သွယ်ရေးနှင့်ဆက်စပ်သော ဉာဏပစ္စည်းမူပိုင်ခွင့်နှင့်ပတ်သက်ပြီး WTO ကို ဝေဖန်ကြသည်။ IMF ၊ ကမ္ဘာ့ဘဏ်နှင့် ADB တို့သည်လည်း လူအခွင့်အရေးကို လစ်လျူရှုသည့် လုပ်ရပ်များပြုခဲ့သောကြောင့် ဝေဖန်ခံရသည်။ အထူးသဖြင့် ၁၉၈၀ ကျော်နှင့် ၁၉၉၀ နှစ်များတွင် ကျင့်သုံးခဲ့သော အခြေခံကျကျ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များ (SAPs) ကြောင့် ဖြစ်သည်။ SAPs များမှာ ပုဂ္ဂလိကပိုင်ပြုရေးကို အဓိကထားပြီး လွတ်လပ်သော စျေးကွက်စီးပွားရေးမူကိုကိုင်စွဲကာ အစိုးရက နိုင်ငံသားတို့၏ကျန်းမာရေး၊ အသက်မွေးဝမ်းကြောင်း ဘဝများပြေလည်စေရေးနှင့် ပညာရေးတို့တွင် တာဝန်မယူဘဲနေရန် စည်းကမ်းသတ်မှတ်သည်။

အခြားနည်းလမ်းများ

စားသုံးသူများနှင့် အလုပ်သမားများတွင် လည်းစီးပွားရေးလုပ်ငန်းများကို ရင်ဆိုင် တုံ့ပြန်နိုင်စွမ်းရှိသည်။ စီးပွားရေးလုပ်ငန်းများအနေဖြင့် လူအခွင့်အရေးနှင့်ပတ်သက်ပြီး တာဝန်မကျေသောအခါ ဆန့်ကျင်ဆန္ဒပြလေ့ ရှိကြသည်။ ဥပဒေလမ်းကြောင်းမှ စီးပွားရေးသမားတို့ကို တာဝန်ခံအောင် ဆောင်ရွက်ရန် နည်းလမ်းများပေါ်လာသည့်တိုင်အောင် ဆက်သွယ်ရေး နည်းပညာများကြောင့်လည်း စီးပွားရေးကုမ္ပဏီတို့၏ လူအခွင့်အရေးချိုးဖောက်မှုကို တုံ့ပြန်ရန် အခွင့်အလမ်းသစ်များ ပေါ်ထွက်လာကြသည်။ ဆန္ဒပြရန်အတွက် လူစုဝေးရန်၊ လူအခွင့်အရေးအသိ နိုးကြားလာစေရန်နှင့် တန်ပြန်ရင်ဆိုင်ရန်အတွက် နည်းပညာက အကူအညီရသည်။

ခ။ စာမေးပွဲ သို့မဟုတ် အက်ဆေးမေးခွန်းများ

- သင့်နိုင်ငံတွင် ဖြစ်ပွားသော စီးပွားရေးလုပ်ငန်းတစ်ခုအား တရားစွဲထားသည့်အမှုကို လေ့လာပါ။ ထိုစီးပွားရေးလုပ်ငန်းက မည်သည့် လူအခွင့်အရေးကို ချိုးဖောက်သနည်း။ တရားစွဲလိုက်ခြင်း၏အကျိုးရလဒ်မှာ မည်သည်တို့ဖြစ်သနည်း။ ထိုသို့တရားစွဲခြင်းမှာ တရားပါသလား။ အကယ်၍ နိုင်ငံစုံကော်ပိုရေးရှင်းကြီးများသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလုပ်အကိုင်များပေးခြင်း၊ စီးပွားရေးကိုတိုးတက်စေခြင်းနှင့်အတူ တစ်ချိန်တည်းတွင် လူအခွင့်အရေးကိုလည်း ချိုးဖောက်နေလျှင် ထိုကော်ပိုရေးရှင်းအား မကောင်းဆိုးဝါးအဖြစ် ယူဆရန် သင့်ပါမည်လော။
- စီးပွားရေးလုပ်ငန်းကြီးများ၏ တာဝန်ခံမှု တိုးတက်လာစေရန် နိုင်ငံဖြတ်ကျော် စောင့်ထိန်းရမည့် ဝတ္တရားများအရ မည်သို့ ဆောင်ရွက်နိုင်သနည်း။
- စီးပွားရေးနှင့် လူအခွင့်အရေးတို့အတွက် ကုလသမဂ္ဂ၏အခြေခံကျင့်ဝတ်များပါ အားနည်းချက်နှင့် အားသာချက်များမှာ အဘယ်နည်း။

- သင်၏နိုင်ငံတွင် အလုပ်သမားသမဂ္ဂများ ရပ်တည်လှုပ်ရှားနိုင်ပါသလား။ လှုပ်ရှားနိုင်လျှင် အဘယ့်ကြောင့်နည်း။ မလှုပ်ရှားနိုင်လျှင် မည်သည်တို့က အတားအဆီးဖြစ်သနည်း။
- ဆေးဝါးနှင့် ဆက်သွယ်ရေး နည်းပညာများကို လူအများ လွယ်လင့်တကူလက်လှမ်းမီစေရန် ကိစ္စမျိုးတွင် လူ့အခွင့်အရေးနှင့် ကမ္ဘာ့ကုန်သွယ်ရေးတို့ မည်သို့ဆက်နွယ်နေကြသနည်း။

ဂ။ ထပ်မံလေ့လာဖတ်ရှုရန်များ

Business and Human Rights

For cases, commentary, and general information on development and human rights, an internet search of the following authors will reveal useful articles, books, and other resources:

- John Ruggie
- Surya Deva
- David Kinley
- Andrew Clapham

Web pages with resources include:

- Business and Human Rights Resource Centre: a web page with extensive case studies and news
- Forum-Asia: this NGO has released the report *Corporate Accountability in ASEAN* with many useful case studies on business activities in the region
- *Guidebook for Business and Human Rights for NHRIs*: a useful introduction
- Canadian Human Rights Commission: useful introductions including *Human Rights and Business 101 and Business and Indigenous People's Rights*
- Human Rights Watch (HRW) and Amnesty International (AI): both these organizations have programs and research on business and human rights
- Office of the United Nations High Commissioner for Human Rights (OHCHR): a number of publications including FAQs and introductions to the Global Compact and Guiding Principles
- UN bodies: UN Secretary General's Special Representative on Business and Human Rights, the Forum on Business and Human Rights, and the Global Compact: all have useful resource material
- International Labour Organization (ILO): has no program on business and human rights, but it covers multilateral enterprises, globalization, labour law, development, and so on
- University research centres: many have research papers, including New York University, Harvard University, the Danish Institute for Human Rights, and the think tank: Institute for Human Rights and Business (IHRB)
- *Business and Human Rights journal*

၁၄

သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေး

သဘာဝပတ်ဝန်းကျင်အခြေအနေနှင့်ပတ်သက်၍ အများက စိုးရိမ်ပူပန်တတ်လာကြသည်မှာ မကြာလှသေးပါ။ အစောဆုံးအနေဖြင့် ၁၈၀၀ ခုနှစ်များ နှောင်းပိုင်းကပင် သဘာဝပတ်ဝန်းကျင်အရေးအား လူသားတို့က ပူပန်တတ်လာကြသည်ဟု ဆိုနိုင်သော်လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားမှုများ ကမ္ဘာနှင့်ချီ ပေါ်ပေါက်လာသည်မှာမူ ၁၉၆၀ ကျော် ၁၉၇၀ ကျော်လောလများရောက်မှသာ ဖြစ်သည်။

၁၄.၁ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်အရေးကို မိတ်ဆက်ခြင်း

သဘာဝပတ်ဝန်းကျင်အခြေအနေနှင့်ပတ်သက်၍ အများက စိုးရိမ်ပူပန်တတ်လာကြသည်မှာ မကြာလှသေးပါ။ အစောဆုံးအနေဖြင့် ၁၈၀၀ ခုနှစ်များ နှောင်းပိုင်းကပင် သဘာဝပတ်ဝန်းကျင်အရေးအား လူသားတို့က ပူပန်တတ်လာကြသည်ဟု ဆိုနိုင်သော်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုများ ကမ္ဘာနှင့်ချီ ပေါ်ပေါက်လာသည်မှာမူ ၁၉၆၀ ကျော် ၁၉၇၀ ကျော်လာလများ ရောက်မှသာဖြစ်သည်။ လူသားတို့ အသက်ရှင်နေထိုင်ရန် သဘာဝပတ်ဝန်းကျင်အပေါ် မှီခိုကြရသည်။ သို့သော် မကြာသေးခင် ကာလတစ်ရပ်အထိ မိမိ၏ ဆောင်ရွက်ချက်များ၏ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ ညစ်ညမ်းစေမှုမှာ ထာဝရတည်မည့် ဒဏ်ရာဒဏ်ချက်များအသွင် ဖြစ်လာနိုင်သည်ကို လူသားတို့က သဘောမပေါက်ခဲ့ကြပါ။ ဂျပန်တွင် ဖြစ်ပျက်ခဲ့သည့် မိနာမာတာ မာကျူရီအဆိပ်ယိုစိမ့်မှု၊ အမေရိကန်တွင် ၁၉၆၉ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော ကျူယာဟိုဂါ မြစ်ဝှမ်းမီးလောင်ကျွမ်းမှုတို့ကဲ့သို့ ကမ္ဘာကျော် သဘာဝပတ်ဝန်းကျင်ပြဿနာများ များစွာဖြစ်ပျက်ခဲ့သည်။ အထူးသဖြင့် စက်မှုထွန်းကားသောနိုင်ငံများတွင် သဘာဝပတ်ဝန်းကျင်ယိုယွင်းမှုများ ကြုံတွေ့လာကြရာမှ လူသားတို့အပေါ် ထိခိုက်မှုများရှိလာသည်ကို ပိုမိုမြင်တွေ့လာကြရသည်။ ဝေလငါးဖမ်းဆီးမှုရပ်တန့်ရန် အရေးဆိုသော လှုပ်ရှားမှုများသည်လည်းကောင်း ရေချယ်ကာဆန်၏ တိတ်ဆိတ်သောနွေဦး (၁၉၆၂) စာအုပ်ကဲ့သို့သော ပိုးသတ်ဆေးများ၏ ဆိုးကျိုးကိုဖော်ပြသော စာအုပ်များသည်လည်းကောင်း ထိုဆယ်စုနှစ်များတွင် ပေါ်ပေါက်လာကြရာ ကမ္ဘာ့လူသားထု၏ သဘာဝပတ်ဝန်းကျင်အရေး နိုးကြားမှုကို အထောက်အကူဖြစ်စေခဲ့သည်။ ထိုကာလများအလွန်တွင်မူ သဘာဝပတ်ဝန်းကျင်ရေးရာ ပြဿနာများကို လူ့အခွင့်အရေးနှင့် ဆက်စပ်စဉ်းစားလာခဲ့ကြသည်။

သဘာဝပတ်ဝန်းကျင်အရေး လှုပ်ရှားမှု

၁၉၇၀ ကျော်နှစ်များတွင် ပေါ်ပေါက်ခဲ့သော နိုင်ငံရေးလှုပ်ရှားမှုများဖြစ်ကြပြီး ဂေဟစနစ် အခြေမပျက် ကျန်းမာရေးကောင်းမွန်နေစေရန်၊ လူသားတို့ကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် အန္တရာယ်မကျရောက်စေရန် ရည်ရွယ်ခဲ့သည်။ ထိုလှုပ်ရှားမှုများသည် ယခုအခါတွင် ကမ္ဘာ့အနှံ့အပြားသို့ ကျယ်ပြန့်ရောက်ရှိလာခဲ့ပြီး အစိမ်းရောင်ပါတီများ အသွင်ဖြင့် နိုင်ငံရေးဝါဒလောက အတွင်းလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်အရေး ဆောင်ရွက်ကြသော NGO များ အနေဖြင့်လည်းကောင်း၊ တောင်းဆိုဆော်ဩသော လူထုလှုပ်ရှားမှုအသွင်အဖြစ် လည်းကောင်း ပုံစံအမျိုးမျိုးဖြင့် ရပ်တည်လာကြသည်။

လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်အရေးနှစ်ခုကြား ဆက်ဆံရေးတွင် အပြန်အလှန်သက်ရောက်အား ရှိနေသည်ဟု ဆိုကြရမည်။ လူသားတို့ သန့်ရှင်းသောပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေးမှာ လူ့အခွင့်အရေးဖြစ်သလို လူသားတို့ သာယာဝပြောရေးနှင့် သဘာဝပတ်ဝန်းကျင်ကို စောင့်ရှောက်ရေးမှာ လူ့အခွင့်အရေးကို အကာအကွယ် မပေးနိုင်သော ပတ်ဝန်းကျင်တွင် ဖြစ်ထွန်းလေ့မရှိပေ။ တစ်နည်းဆိုရသော် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးရှိခြင်းက အခြေခံဖြစ်သည်။ ကျန်းမာစွာနေထိုင်နိုင်ခွင့်၊ စားရေရိက္ခာလုံခြုံစွာနေထိုင်နိုင်ခွင့်၊ သန့်ရှင်းသောရေကိုရရှိပြီး ကိုယ်လက်သန့်ရှင်းစွာ နေထိုင်နိုင်ခွင့်တို့သည် ဘေးကင်းသော၊ သန့်စင်သော၊ ကောင်းမွန်သော၊ ရေရှည်ခံသော သဘာဝပတ်ဝန်းကျင် မတည်ရှိဘဲ မဖြစ်နိုင်ပေ။ ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်တည်ရှိသောအခါ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ သမိုင်းအမွေအနှစ်များ၊ ဆက်စပ်ထွန်းကားလာတတ်ပုံကိုလည်း ရေမြေသဘာဝနှင့်နီးစပ်စွာ နေထိုင်ရှင်သန်ကြသော လူ့အဖွဲ့အစည်းများ လူမျိုးစုများကြားတွင် ပိုမိုထင်ရှားစွာတွေ့ရလေ့ရှိသည်။ သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခြင်းမှာ လူ့အခွင့်အရေးတစ်ရပ် ဟုတ် မဟုတ်ကို အငြင်းပွားမှုများ ရှိနေကြဆဲဖြစ်ကြောင်းကို ယခုအခန်း(၁၄)က ရှင်းပြထားပါသည်။ မည်သို့ပင်ဖြစ်စေကာမူ သဘာဝပတ်ဝန်းကျင်တို့အပေါ် သက်ရောက်စေသော ကောင်းကျိုး ဆိုးကျိုးများက နိုင်ငံတစ်နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေကို များစွာထင်ဟပ်စေပါသည်။ ရာသီဥတုပြောင်းလဲခြင်း ပြဿနာနှင့် ဌာနေတိုင်းရင်းသားတို့ ကြုံတွေ့ရသည့် သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးဆိုင်ရာပြဿနာ

များကို မလေ့လာမီ ယခုအခန်း(၁၄)တွင် သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးတို့ အဆက်အစပ်ကို နားလည်နိုင်အောင် နည်းအမျိုးမျိုးဖြင့် ချပြဆွေးနွေးထားပါသည်။

မှတ်သားဖွယ်ရာ

၁၉၆၀ ကာလများတွင် ဖြစ်ပေါ်ခဲ့သော သဘာဝပတ်ဝန်းကျင်ဘေးဆိုးကြီးများ

မီနာမာတာ မာကျူရီအဆိပ်သင့်ခြင်း

၁၉၂၂ ခုနှစ်တွင် Cisso ကော်ပိုရေးရှင်းကြီးသည် မိမိပိုင် ပလပ်စတစ်စက်ရုံများတွင် သုံးသည့် ဓာတုပစ္စည်းများထုတ်လုပ်သည့်လုပ်ငန်းကို မီနာမာတာ ပင်လယ်ဒေသတွင် စတင်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်အပြီးကာလတွင် ထိုလုပ်ငန်းမှာ တရှိန်ထိုးအောင်မြင်လာခဲ့သည်။ သို့ရာတွင် ထိုလုပ်ငန်းများက ထုတ်လွှတ်သော ညစ်ညမ်းသည့်စွန့်ပစ်ရေများကြောင့် မီနာမာတာ ပင်လယ်အောက်တွင် ငါးများနှင့်ပင်လယ်သတ္တဝါများ အဆိပ်သင့်ခြင်းခံစားရကြောင်း တွေ့မြင်လာခဲ့ကြသည်။ ထိုပင်လယ်အောက်တွင် ငါးသေများပေါ်ကာ မျောနေသည်ကိုလည်းကောင်း၊ ကြောင်များနှင့် ခွေးများ ထူးဆန်းစွာ သေဆုံးလာကြသည်ကိုလည်းကောင်း၊ မွေးရာပါ အင်္ဂါချို့တဲ့နေသောကလေးများ မွေးဖွားမှုကြိမ်ရေများပြားလာသည်ကိုလည်းကောင်း တွေ့မြင်လာရသည်။ ၁၉၅၀ ကျော်နှစ်များမှစကာ ဒေသခံတို့က Cisso ကော်ပိုရေးရှင်းထံ ထိုအဆိပ်သင့်သောပြဿနာကို အရေးယူ ဆောင်ရွက်ပေးရန် တိုင်ကြားခဲ့ကြရာ ကုမ္ပဏီက အချို့သော အဆိပ်ဓာတ်သင့် ပြည်သူများအား လျော်ကြေးပေးအပ်ခဲ့ရသည်။ သို့သော် ထိုညစ်ညမ်းမှုများ ဆက်လက်ဖြစ်ပေါ်မြဲ ဖြစ်ပေါ်ခဲ့သောကြောင့် တရားရုံးသို့ ရောက်ခဲ့ရာ ၁၉၆၈ ခုနှစ်တွင် ထိုပင်လယ်အောက်ထဲသို့ အဆိပ်ရေများစွန့်ထုတ်မှုကို လုံးဝ ရပ်တန့်ရမည်ဟု ရုံးတော်က အမိန့်ချမှတ်ခဲ့သည်။ ထိုအဆိပ်သင့်ရေများကြောင့် နည်းအမျိုးမျိုးဖြင့် ထိခိုက်ခံစားခဲ့ရသူပေါင်း ၂၀၀၀ ခန့်ရှိပြီး လူပေါင်း တစ်သောင်းခန့်ကို လျော်ကြေးငွေများ ပေးအပ်ခဲ့ရသည်။

ကရာဟော့ဃာမြစ်ဝှမ်း မီးလောင်မှု ၁၉၆၉

ကရာဟော့ဃာမြစ်သည် မီးလောင်ဖူးခဲ့သည့် အတိတ်သမိုင်းရှိခဲ့သော မြစ်ကြီးဖြစ်ပြီး အမေရိကန်ပြည်တောင်စု၏ အညစ်ညမ်းဆုံး မြစ်ကြီးတစ်စင်း ဖြစ်ခဲ့ဖူး၏။ ထိုမြစ်ကြီး၏ ၁၉၆၉ ခုနှစ် မီးသည် အမေရိကန်ပြည်တောင်စုတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိအမြင်နိုးကြားမှုများ ပိုမိုမြင့်တက်လာသော ကာလတစ်ခုနှင့်လည်း တိုက်ဆိုင်နေပြန်သည်။ ထိုမီးကြောင့် အမေရိကန်ပြည်တောင်စုကွန်ဂရက်က အမျိုးသားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအက်ဥပဒေကို ၁၉၇၀ တွင် ပြဋ္ဌာန်းဖြစ်ခဲ့သည်။ ထို့နှစ်တွင် အမေရိကန်ပြည်တောင်စုဥ၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအေဂျင်စီကို စတင်အသက်သွင်းခဲ့သည်။ ထိုအေဂျင်စီက ပထမဆုံးချမှတ်ခဲ့သော မူဝါဒမှာ အမေရိကန်ပြည်ထောင်စုအတွင်းရှိ မြစ်များအားလုံးတွင် လူဆင်း၍ ဘေးကင်းစွာ ရေကူးနိုင်လောက်အောင် ကျန်းမာသန့်ရှင်းစေရန် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ဆောင်ရွက်ရန် ဖြစ်သည်။ ထိုအချိန်ကတည်းကပင် ကရာဟော့ဃာမြစ်ကြီး သန့်စင်ရေးအတွက် ဒေါ်လာ ဘီလီယံပေါင်းများစွာ ရရှိခဲ့သည်။ ယခုအခါ ထိုမြစ်ကြီးသည် ငါးအမျိုးအစားပေါင်း ၆၀ တို့ ရှင်သန်ကျက်စားရာ မြစ်ကြီးတစ်စင်း ပြန်ဖြစ်ခဲ့သည်။ ၁၉၆၉ ခုနှစ် မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် ထိုမြစ်ကြီးထဲတွင် နောက်ထပ်မီးလောင်ခြင်း မရှိတော့ပေ။

အရှေ့တောင်အာရှသည် သဘာဝပတ်ဝန်းကျင် ယိုယွင်းလာခြင်းကို ဆန့်ကျင်ရန် အားထုတ်ကြသော တစ်ကိုယ်တော် ပတ်ဝန်းကျင်ရေးရာ လှုပ်ရှားသူများ၊ လူ့အသိုက်အမြုံများ များစွာပင် ပေါ်ပေါက်ခဲ့ရာ ဒေသဖြစ်သည်။ ၁၉၇၀ နှစ်များကပင် အရပ်ဘက်လူ့အဖွဲ့အစည်း များသည် သဘာဝပတ်ဝန်းကျင်အရေးကို လှုပ်ရှားဆောင်ရွက်ခဲ့ရာ ထိုအဖွဲ့အစည်းများကို အုပ်စု ကြီး နှစ်ခုအသွင် ခြုံငုံမြင်ရသည်။ ပထမအုပ်စုသည် မြေယာနှင့် လူတို့၏သက်မွေးဝန်းကျင် (ဆင်းရဲအားနည်းသော လူ့အသိုက်အမြုံများ (သို့မဟုတ်) မူလဌာနေတိုင်းရင်းသား အုပ်စုများ အများဆုံးပါဝင်)ကို ကာကွယ်စောင့်ရှောက်ရန် ဆော်သြသောအုပ်စုဖြစ်သည်။ ဒုတိယအုပ်စုမှာမူ ဘဝအရည်အသွေးအဆင့်အတန်းကို မေးခွန်းထုတ်သော လူလတ်တန်းစား အဖွဲ့အစည်းများ ဖြစ်ကြပြီး မြို့ပြ၏ညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ရေးရာ အဖြာဖြာကို ပူပန်ကြသောအုပ်စု ဖြစ်သည်။ ၁၉၈၀ ကျော်ကာလများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားမျှတမှုများအတွက် ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုများသည် လူသိများသော သဘာဝပတ်ဝန်းကျင် ကပ်ဆိုးကြီးများကို တုံ့ပြန်ဆောင်ရွက်ရင်း ပေါ်ပေါက်လာကြသည်။ ဘိုပါးကဲ့သို့သော စက်ရုံမှ အဆိပ်ဓာတ်ငွေ့များ ထွက်လာသောကြောင့် လူပေါင်း ၅၂၀၀ အထိ သေဆုံးခဲ့ရသောဖြစ်ရပ်မှာ ထိုသဘာဝပတ်ဝန်းကျင် ဘေးဆိုးကြီးများအနက်မှ တစ်ခုဖြစ်သည်။ ထို ဘိုပါးအဆိပ်ငွေ့ဘေးအတွက် Union Carbide ကုမ္ပဏီမှာ တာဝန်ရှိသော်လည်း အရေးယူခံရခြင်းမှ လွတ်မြောက်ခဲ့ခြင်းအကြောင်းရင်းတွင် ကုမ္ပဏီသည် အိန္ဒိယဥပဒေစဉ်းမှလွတ်မြောက်နိုင်သော နိုင်ငံတကာ နယ်စပ်ဖြတ်ကျော်ရပ်တည်နေသော ကုမ္ပဏီတစ်ခုဖြစ်သောကြောင့်ပင်ဖြစ်သည်။ သုံးမိုင်ကျွန်း (Three Mile Island) နှင့်ချာနိုဘိုင်း (Chernobyl) အဖြစ်အပျက်တို့ကလည်း နယူကလီးယားစွမ်းအင်ကြောင့် ဖြစ်နိုင်သော အန္တရာယ်နှင့် ပတ်သက်သော ပူပန်မှုများကို ကြီးထွားလာစေခဲ့သည်။ ထို့ပြင် အက်ဇွန်ဗက်ဒက်စ် (Exxon Valdez) ရေနံယိုဖိတ်ခြင်းဖြစ်ရပ်မှာ သမိုင်းတစ်လျှောက်အကြီးမားဆုံးနှင့် သဘာဝပတ်ဝန်းကျင် ဆိုးကျိုး အများဆုံး ရေနံယိုဖိတ်မှုတစ်ရပ်ဖြစ်ခဲ့ရာ ဒေသခံတို့ကို များစွာဒေါသထွက်စေခဲ့သည်။ ကုမ္ပဏီ အနေဖြင့် သဘာဝပတ်ဝန်းကျင် ဘေးဆိုးများ မဖြစ်ပေါ်ရလေအောင် အားထုတ်ရန် လျော့ရဲခဲ့ သည်ဟု ခံစားလာခဲ့ကြသည်။

မှတ်သားဖွယ်ရာ

၁၉၈၀ ကာလများတွင် ဖြစ်ပေါ်ခဲ့သော သဘာဝပတ်ဝန်းကျင်ဘေးဆိုးကြီးများ

သုံးမိုင်ကျွန်းနှင့် ချာနိုဘိုင်း Chernobyl နျူကလီးယားပြဿနာများ

၁၉၇၉ ခုနှစ်တွင် အမေရိကန်ပြည်တောင်စု ပန်ဆလိုင်ဗေးနီးယားရှိ သုံးမိုင်ကျွန်းဟု အမည်ရသော ဒေသတွင် နျူကလီးယားဓာတ်ပေါင်းဖိုယိုစိမ့်မှုတစ်ရပ် ဖြစ်ပွားခဲ့ရာ ပတ်ဝန်းကျင်မှာရေဒီယို သတ္တိကြွများ ရောင်ခြည်အတန်ငယ်မျှ ပတ်ဝန်းကျင်သို့ ပျံ့နှံ့ခဲ့သည်။ ထိုရေဒီယိုသတ္တိများ ပျံ့နှံ့မှုမှာ ဘေးပတ်ဝန်းကျင်သို့ ဆိုးကျိုးများ ပြောပလောက်အောင် မဖြစ်ပွားစေခဲ့ကြောင်း သုတေသနများက ဖော်ပြခဲ့ကြသော်လည်း ထိုဖြစ်ရပ်မှာ နျူကလီးယားမှ စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများမှာ ဘေး အန္တရာယ်မကင်းသည်ကို လူအများ သတိထားမိစေခဲ့သည်။ ထိုသုံးမိုင် နျူကလီးယားဓာတ်ပေါင်းဖိုယိုစိမ့်မှုပြဿနာအပြီး ခုနှစ်နှစ်အကြာတွင် ဆိုဗီယမ်ပြည်တောင်စု၌ (ယခု ယူကရိန်း၌) ချာနိုဘိုင်း နျူကလီးယား ဓာတ်ပေါင်းဖိုယိုစိမ့်မှုကြီး ပေါ်ပေါက်ခဲ့သည်။ ထိုဖြစ်ရပ်ကမူ ဘေးအန္တရာယ်

ပိုမိုကြီးမားကာ လူထောင်ပေါင်းများစွားကို ထိခိုက်စေခဲ့ပြီး ရေဒီယိုသတ္တိအဆိပ်သင့်မှုများသည် ဝေးလံစွာပျံ့နှံ့ခဲ့ရာ နော်ဝေနိုင်ငံထိပင် ရောက်ရှိခဲ့သည်။

Bhopal ဘိုပါး

အိန္ဒိယနိုင်ငံ ဘိုပါးဒေသတွင် ၁၉၈၄ ခုနှစ်၌ ယူနီယံကာဗိုက် (Union Carbite) ကုမ္ပဏီက ပိုင်ဆိုင်သော စက်ရုံတစ်ခုမှ အဆိပ်ဓာတ်ငွေ့များ ယိုစိမ့်ခဲ့ရာလူပေါင်း ၅၂၀၀ ခန့် သေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာသော သူတို့မှာ ပြန်မကောင်းနိုင်တော့သည့် ကိုယ်လက်အင်္ဂါချို့တဲ့မှုများဖြင့် ကျန်ရစ်သည်။ ၁၉၈၉ ခုနှစ်တွင် အိန္ဒိယတရားရုံးချုပ်က ဤနစ်နာမှုများအတွက် မည်သို့ဖြေရှင်းပေးရမည်ကို အမိန့်ချခဲ့ပြီး ၁၉၉၁ နှင့် ၂၀၀၇ ခုနှစ်များတွင် နစ်နာသူများအတွက် ပြေလည်အောင်ဖြေရှင်းပေးရန် ထပ်မံတရားစီရင်ခဲ့သည်။ သို့သော် အများစွာသော အသက်ဆုံးရှုံးရသူတို့၏ မိသားစုဝင်များအနေဖြင့် မည်သည့်လျော်ကြေးမျှ မရခဲ့ကြပါ။ အစိုးရက ထိုစက်ရုံနယ်မြေနှင့် စက်ရုံလည်ပတ်မှုများကို ပိတ်သိမ်းခဲ့ရာ ၁၉၉၄ ခုနှစ်အထိ ထိုနေရာကို ပြန်လည်သန့်စင်ရန် မဖြစ်နိုင်ခဲ့ပါ။

Exxon Valdes အက်ဇွန်ဗဲဒက်စ် ရေနံယိုဖိတ်မှု

အက်ဇွန်ဗဲဒက်စ် ရေနံတင်သင်္ဘောကြီးသည် အမေရိကန်ပြည်တောင်စု အလက်စကားပြည်နယ်ရှိ ပရင့်စ်ဝီလျံရေလက်ကြားသို့ဝင်ရောက်စဉ် သန္ဓာကျောက်တန်းတစ်ခုနှင့်ဝင်တိုက်ကာ သင်္ဘောဝမ်းဗိုက်ကွဲသွားသောကြောင့် ကျယ်ပြောလှပြီး ရေနေသတ္တဝါများ ကြွယ်ဝလှသော ကမ်းရိုးတန်း ဧရိယာတစ်လျှောက် ရေနံဂါလံပေါင်း သန်း ၂၀ ကျော်ကို ဖိတ်သွန်ချသကဲ့သို့ ဖြစ်သွားခဲ့၏။ ထိုမတော်တဆဖြစ်မှုကြောင့် ကမ်းရိုးတန်းအရှည်မိုင်ပေါင်း တစ်ထောင်ကျော် ပျက်စီးသွားခဲ့ပြီး ကိန်းဂဏန်းအရေအတွက် မဖော်ပြနိုင်သော တိရစ္ဆာန်များစွာ သေဆုံးခဲ့ရသည်။ Exxon က ကမ်းရိုးတန်းတကြောကို ပြန်လည်သန့်စင်ရန် ဘီလီယံပေါင်းများစွာ သုံးစွဲခဲ့ရပြီး တရားရုံးတွင်လည်း အမှုများရင်ဆိုင်ခဲ့ရသည်။ ထိုဖြစ်ရပ်မှ ကြွင်းကျန်ရစ်သော ညစ်ညမ်းမှုများကို ယနေ့တိုင်ပင် တွေ့မြင်နိုင်ပေသည်။

ယခုကာလတွင် အရှေ့တောင်အာရှတခွင်၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးဆိုင်ရာကိစ္စများမှာ အများက ပူပန်စရာဖြစ်လာကြပြီး စီးပွားရေးလုပ်ငန်းကြီးများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကြောင့်ဖြစ်ရသော သဘာဝပတ်ဝန်းကျင်ဆိုးကျိုးထင်ရှားလာသောကြောင့်လည်းဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများမှ ပြည်သူများသည် သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်၏ အရေးကြီးပုံကို ယခင်ခေတ်များနှင့် မတူအောင်ပင် နားလည်သဘောပေါက်လာကြပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းမျိုးကို ဆန့်ကျင်မှုများ ခါတိုင်းထက်ပို၍ တွေ့မြင်လာရဖွယ်ရှိသည်။ ဥပမာ မြို့ပြတွင်နေထိုင်သူများသည် ညစ်ညမ်းမှုများနှင့် လေထု၏သန့်စင်မှုအရည်အသွေးကို မေးခွန်းထုတ်လာကြသည်။ အင်ဒိုနီးရှားမှ သစ်တောများကို မီးရှို့သောကြောင့်ဖြစ်ရသော မီးခိုးမှိုင်းကဲ့သို့သော နယ်စပ်ဖြတ်ကျော် သဘာဝပတ်ဝန်းကျင်ပြဿနာများကြောင့် အရှေ့တောင်အာရှဒေသနိုင်ငံများမှ အစိုးရများအနေဖြင့် စည်းမျဉ်းစည်းကမ်းများ မဖြစ်မနေ ထုတ်ပြန်လာကြရပြီး နိုင်ငံတကာစာချုပ်များတွင် ပါဝင်

လက်မှတ်ရေးထိုးလာကြသည်။ ထို့ပြင် မူရင်းဌာနေတိုင်းရင်းသားများက ယခုအခါ ဖွံ့ဖြိုးရေး စီမံကိန်းများက ၎င်းတို့၏ရိုးရာဓလေ့ မြေယာသုံးစွဲပုံများနှင့် လူနေမှုဘဝများကို ထိုးနှက်ဖျက်ဆီးလာခဲ့လျှင် ဆန့်ကျင်ဆန္ဒပြမှုများဖြင့် တုံ့ပြန်လာကြသည်။

သဘာဝပတ်ဝန်းကျင်အရေးတွင် အရေးကြီးသောကိစ္စတစ်ခုမှာ ထိခိုက်နစ်နာမှုများ ဖြစ်ခဲ့လျှင် နေရာကွက်ပြီး ဖြစ်ပျက်ခြင်းဖြစ်ပြီး ထိုနစ်နာမှုများကိုလည်း လူတိုင်းက ညီတူညီမျှ ခံစားကြရသည်မဟုတ်ပေ။ ထိုသို့ ဘေးဒုက္ခ ကွက်ကြားမိုးရွာခြင်းကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခွဲခြားဆက်ဆံမှုဟု ခေါ်ကြသည်။ ထိုအဖြစ်အပျက်မျိုးတွင် ချမ်းသာသော လူနည်းစု ပိုမိုကောင်းစား ရေးအတွက် သဘာဝသံယံဇာတများကိုထုတ်ယူခြင်း၊ လုပ်ငန်းလိုအပ်ချက်တို့အရ ဖျက်ဆီးလိုက် ခြင်းကြောင့် လူမျိုးစုတစ်ခုကဖြစ်စေ၊ တိုင်းရင်းသားနယ်မြေတစ်ခုကဖြစ်စေ၊ စီးပွားရေးလုပ်နေသော လူတစ်စုဖြစ်စေ သဘာဝပတ်ဝန်းကျင်အပျက်အစီးအား လက်ခံလိုက်ရသော မညီမျှသည့် အခြေ အနေမျိုး တွေ့နိုင်သည်။ ထိရောက်သော ဥပမာတစ်ခုကို ဆိုရလျှင် သဘာဝသံယံဇာတ တူးဖော် သော လုပ်ငန်းတစ်ခုကြောင့် ဆင်းရဲပြီး အားနည်းသော အဖဲကြဉ်ခံ အုပ်စုများနေထိုင်သော နေရာတွင် သဘာဝပတ်ဝန်းကျင်အပျက်အစီးများ ကျန်ရစ်ခဲ့ပြီး ထိုလုပ်ငန်းမှထွက်သော ထုတ်ကုန် များ၏အကျိုးကို သုံးခဲ့၊ ခံစားသူများကမူ လူလတ်တန်းစားများနှင့် အထက်တန်းလွှာများ ဖြစ်နေ တတ်ကြခြင်း ဖြစ်သည်။ ထိုဥပမာထက်ပို၍အတိုင်းအဆကြီးမားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခွဲခြားဆက်ဆံမှုများကိုမူ နိုင်ငံအချင်းချင်းကြားတွင် တွေ့ရှိနိုင်သည်။ ချမ်းသာသောနိုင်ငံများက မိမိနယ်နိမိတ်အတွင်း ညစ်ညမ်းမှုများမဖြစ်ပေါ်စေရန် အခြားဆင်းရဲသည့် နိုင်ငံငယ်များသို့ ထိုအညစ်အကြေးထုတ်လုပ်သည့် စက်ရုံများအား ပို့ပစ်လိုက်ခြင်းအားဖြင့် ရှောင်လွှဲကြခြင်းမျိုး ဖြစ်သည်။ ကံကောင်းထောက်မသည်မှာ ယခုအခါ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားမျှတမှု လူမှုအခွင့်အရေးဆိုင်ရာ အသိအမြင်နိုးကြားမှုများ မြင့်မားလာပြီး ဘေးကင်းသော သန့်စင်သော၊ ကျန်းမာရေးနှင့်ညီညွတ်သော၊ တာရှည်ခံသော သဘာဝပတ်ဝန်းကျင်အခြေအနေ၏ အရေးပါပုံကို သတိပြုလာကြသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခွဲခြားဆက်ဆံမှု

သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေသော စက်ရုံအလုပ်ရုံများအား မိမိဒေသတွင်မထားဘဲ နိမ့်ပါးသော ဆင်းရဲသောရပ်ရွာများထံ ပို့ပစ်ခြင်းမျိုးကို ရည်ညွှန်းသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှိမ့်ချဆက်ဆံမှု (Environmental Racism) ဟူ၍လည်းကောင်း ခေါ်ဆိုကြလေ့ရှိကြသော်လည်း ကျယ်ပြန့်စွာသုံးစွဲကြခြင်းကို မတွေ့ရပါ။

သယံဇာတ ဖော်ထုတ်ခြင်း

သတ္တုရိုင်းများတူးဖော်ခြင်းနှင့် သစ်ခုတ်ခြင်းကဲ့သို့သော သယံဇာတတူးဖော်သည့်လုပ်ငန်းများ အလားတူပင် သဘာဝအတိုင်းရှိနေသော သယံဇာတများကိုထုတ်ယူသော ဖြစ်စဉ်ကိုဆိုလိုသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

မည်သည်တို့သည် သင့်တိုင်းပြည်တွင် ဖြစ်ပေါ်နေသော သဘာဝပတ်ဝန်းကျင်ပြဿနာများ ဖြစ်ကြသနည်း။

အောက်ပါ ပြဿနာများအနက် မည်သည့်တို့က သင်၏တိုင်းပြည် (သို့မဟုတ်) ရပ်ရွာအသိုက် အမြုံတွင် ဖြစ်ပျက်နေသနည်း။

- လေထုညစ်ညမ်းခြင်း
- မတန်တဆသစ်ခုတ်မှုကြောင့် တောပြုန်းလာခြင်း
- ရေညစ်ညမ်းခြင်းနှင့်အဆိပ်သင့်ခြင်း
- စက်မှုလုပ်ငန်းများကြောင့် ညစ်ညမ်းခြင်း၊ စက်ရုံများမှအညစ်အကြေးများဒဏ်ကို ခံစားနေ ရခြင်း
- အစားအသောက်များ ဘေးမကင်းခြင်း

- သန့်ရှင်းသော သောက်ရေသုံးရေကို မရှိနိုင်ခြင်း၊
- သဘာဝသစ်တောကြီးများကို ဖျက်ဆီးပစ်နေကြခြင်း
- စိုက်ပျိုးရေးလုပ်ငန်းများမှ ညစ်ညမ်းမှုများ ပေါ်ထွက်နေခြင်း
- သန္ဓာကျောက်တန်းများနှင့် ကမ်းခြေများအစရှိသည့် အဏ္ဏဝါဇီဝဝန်းကျင်များပျက်စီးနေခြင်း

ရှေ့ဆက်ဆောင်ရွက်မည့် သုတေသနများက ထိုသဘာဝပတ်ဝန်းကျင် ပြဿနာများကြောင့် ဖြစ်လာမည့် အကျိုးဆက်များကို ရှာဖွေနိုင်ပါမည်လား။ ထိုပြဿနာတို့ကို ဖြစ်စေသည့် အကြောင်းရင်းများကို ဆက်လက်တွေးဆရန် လိုပါသည်။ တစ်ဆက်တည်းတွင် ဖြေရှင်းနိုင်မည့်နည်းလမ်းများကို စဉ်းစားကြရမည်။

ကမ္ဘာတစ်ဝန်းလုံးတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးလှုပ်ရှားသူများကို ပစ်မှတ်ထား တိုက်ခိုက်သော၊ သတ်ဖြတ်သော သမိုင်းကြောင်းများရှိခဲ့ကြသည်။ ၂၀၁၅ ခုနှစ်တွင် အနည်းဆုံး သဘာဝပတ်ဝန်းကျင်အရေးတက်ကြွလှုပ်ရှားသူ ၁၈၅ ဦးအသတ်ခံရပြီး အရှေ့တောင်အာရှမှာ ထိုလှုပ်ရှားသူများကို ပစ်မှတ်အထားဆုံးနေရာများအနက်မှတစ်ခုဖြစ်ကြောင်း Global Witness ဟု ခေါ်သော NGO တစ်ခုက ဖော်ပြသည်။ ဥပမာ - ဖိလစ်ပိုင်တွင် အသတ်ခံရသော တက်ကြွလှုပ်ရှားသူ ၃၃ ဦးခန့်အထိ ရှိခဲ့ပြီး ဒုတိယအဆိုးဆုံးနိုင်ငံမှာ ဘရာဇီးဖြစ်သည်။ ထို့အတူ အင်ဒိုနီးရှား၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့တွင်လည်း ထိုသူတို့ကို သတ်ဖြတ်မှုများ ရှိခဲ့သည်။ သဘာဝပတ်ဝန်းကျင်ရေးရာ တက်ကြွလှုပ်ရှားသူများသည် အားကြီးသော စီးပွားရေး အသိုက်အဝိုင်းများ၏ လုပ်ကွက်နှင့်အကျိုးအမြတ်အား ဆန့်ကျင်ကြပြီး အစိုးရ၏ ဖွံ့ဖြိုးရေးမူဝါဒများကို စိန်ခေါ်သူများလည်း ဖြစ်ကြသောကြောင့် ခြိမ်းခြောက်မှုများကို ရင်ဆိုင်ကြရသည်။ ထိုတက်ကြွလှုပ်ရှားသူ အတော်များများမှာ ဒေသခံနယ်များမှ ရွာသားများဖြစ်တတ်ကြပြီး တက်ကြွလှုပ်ရှားသူဘဝသို့ အခြေအနေများက တွန်းပို့လိုက်သူများ ဖြစ်ကြသည်။ ၎င်းတို့မိသားစုများနှင့် ရပ်ရွာအသိုက်အမြုံများ မှီခိုနေသောသဘာဝပတ်ဝန်းကျင်တွင် အပျက်အစီးများကြောင့် ဘဝမလုံခြုံတော့သောအခါ ထိုသူတို့မှာ တက်ကြွလှုပ်ရှားသူများ ဖြစ်လာရသည်။ အရှေ့တောင်အာရှနှင့် အခြားဒေသများတွင် အစိုးရသည် ထိုကဲ့သို့နစ်နာမှုများကြုံတွေ့ရသော လူအသိုက်အမြုံများအတွင်း အကာအကွယ်ပေးခဲ့လှသည်။ ဩဇာကြီးမားသောသူများ၏ ဖိအားနှင့် အရှိန်အဝါကို ရင်ဆိုင်နေရပြီး အကာအကွယ်မဲ့သည့်တိုင်အောင် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်လှုပ်ရှားကြသူများနှင့် ၎င်းတို့၏အဖွဲ့အစည်းများသည် လူအခွင့်အရေးအတွက် ဆက်လက်တိုက်ပွဲဝင်ခဲ့ကြသည်။

မှတ်သားဖွယ်ရာ

အရှေ့တောင်အာရှတွင် သဘာဝပတ်ဝန်းကျင်လှုပ်ရှားတက်ကြွသူများအား တရားဥပဒေမဲ့ လုပ်ကြံကြခြင်း

လွန်ခဲ့သောဆယ်စုနှစ်များတွင် အရှေ့တောင်အာရှ၌ သဘာဝပတ်ဝန်းကျင်အရေး လှုပ်ရှားတက်ကြွသူပေါင်း ရာချီအသတ်ခံခဲ့ရသည်။ ထိုသတ်ဖြတ်မှုအများစုကို မည်သည့်အခါကမျှ အစိုးရများက ကျေလည်အောင် မဖြေရှင်းပေးနိုင်ခဲ့ပါ။ ရာဇဝတ်ကောင်များအတွက် ထိုက်သင့်သောပြစ်ဒဏ်ကို မပေးနိုင်သည့်အတွက် နစ်နာသူများအဖို့ တရားမျှတမှုဆိုသည်မှာ ဝေးကွာနေဆဲဖြစ်သည်။

ကမ္ဘောဒီးယား - ချွတ်ဝတ်တီ (Chut Wuty)သည် သစ်ခုတ်မှုများကို ဆန့်ကျင်သော လူထုလုပ်ရှားမှုများကို ဆောင်ရွက်ခဲ့သူဖြစ်ပြီး ကာကွယ်တောများတွင် သစ်ခိုးမှုများတွင် ကမ္ဘောဒီးယားစစ်တပ်၏ ပါဝင်ပတ်သက်နေသည်ကို ဝေဖန်ခဲ့သူဖြစ်သည်။ ဂျာနယ်လစ်များအား ထိုတရားမဝင် သစ်ခုတ်နေကြသော ကာကွယ်တောနယ်မြေများအတွင်း ပြသနေစဉ် တစ်စုံတစ်ယောက်ကသေနတ်ဖြင့် ပစ်သတ်သွားခဲ့သည်။

ဖိလစ်ပိုင် - ဂလော်ရီဟာ ကက်ပီတန် (Gloria Capitan) သည် ဘာတန်ပြည်နယ်တွင် ကျောက်မီးသွေး သိုလှောင်သည့် ဇုန်များထားရှိခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို ထောက်ပြဝေဖန်ခဲ့သူဖြစ်သည်။ သူမကို မော်တော်ဆိုင်ကယ်စီးလာသည့် အမည်မဖော်နိုင်သော လူနှစ်ဦးက သေနတ်ဖြင့် ပစ်သတ်သွားခဲ့သည်။ ဂလော်ရီဟာမှာ မိသားစုပိုင် စီးပွားရေးလုပ်ငန်းရှိရာ အလာတွင် ထိုသေနတ်သမားများက စောင့်ဆိုင်းနေကာ ပစ်သတ်သွားခြင်းဖြစ်သည်။

ဖိလစ်ပိုင် - မစ်ရှဲကမ့်ပို (MichelleCampos) သည် ဖိလစ်ပိုင်တောင်ပိုင်းမှ လူးမက် ဌာနေတိုင်းရင်းသားတစ်ဦးဖြစ်သည်။ သူမ၏ဖခင်နှင့်အဘိုးတို့မှာ ရှေးဘိုးဘေးဘီဘင်များ အစဉ်အဆက် နေထိုင်ခဲ့ရာမြေကို ကာကွယ်ရန်ကြိုးစားခဲ့ကြသည့် ထင်ရှားသော ဌာနေတိုင်းရင်းလူမျိုးစု ခေါင်းဆောင်များ ဖြစ်ကြသည်။ သူတို့နှစ်ဦးကို ပြည်သူ့စစ်အဖွဲ့များက ဇာတိရွာမှ ရွာသားများရှေ့တွင်ပင် သတ်ပစ်ခဲ့ကြသည်။

ထိုင်း - တက်စာမိုအော်ဘွန်း (Taksamol Aobaom) သည် ကရင်လူမျိုးစုများအပေါ် ထိုင်းအမျိုးသား ဥယျာဉ်ဝန်ထမ်းများက မတရားပြုကျင့်ပုံများကို ဆန့်ကျင်သော ရှေ့နေတစ်ဦးဖြစ်သည်။ ၂၀၁၁ ခုနှစ်တွင် အဝေးပြေးလမ်းမပေါ်၌ ချောင်းမြောင်းပစ်သတ်ခြင်း ခံခဲ့ရသည်။

ထိုင်း - ဘွန်ဆွန်နင်းမ်နွိုင်သည် (Boonsom Nimnoi) သည် Amphur Baan Laem အဏ္ဏဝါဇိဝဝန်းကျင်ထိန်းသိမ်းရေး၏ အဖွဲ့ဝင်ဖြစ်ပြီး ရေနံဓာတုစက်ရုံတစ်ခု ဆောက်လုပ်မှုကို ကန့်ကွက်သည့် လှုပ်ရှားမှု၏ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ၂၀၀၂ ခုနှစ်တွင် ၎င်း၏အိမ်အနီး၌ပင် သေနတ်ဖြင့် ပစ်သတ်ခြင်းခံရပြီး သေဆုံးခဲ့သည်။

အင်ဒိုနီးရှား - အသက် ၂၂ နှစ်အရွယ်ခန့်ရှိ အင်ဒရာပယ်လာနီ (Indra Pelani) သည် သစ်တောနှင့် စိုက်ပျိုးရေးတွင် တရားမဝင်ဆောင်ရွက်နေသော လုပ်ငန်းများကိုစောင့်ကြည့်သည့် ကွန်ရက်တစ်ခု၏ အဖွဲ့ဝင်ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ဂျန်ဘီရှိ Friends of the Earth အဖွဲ့ရုံးခန်းသို့ သွားသောလမ်းတွင် ထိုးကြိတ်တိုက်ခိုက်ခံရပြီး အသက်ဆုံးခဲ့သည်။

၁၄.၂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများ

၁၉၆၀ နှင့် ၁၉၇၀ နှစ်များတစ်လျှောက်တွင် သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်၍ ပြဋ္ဌာန်းထားသောဥပဒေများကိုကြည့်လျှင် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရန် အရေးထက် သဘာဝပတ်ဝန်းကျင်မှထွက်လာသမျှကို ထုတ်ယူမည့်သူများကို ကာကွယ်စောင့်ရှောက်ခြင်းက အလေးသာသည်ကို တွေ့ရသည်။ ထိုကာလများတွင် သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်၍ အတွေးအခေါ်များ ပြောင်းလဲလာခဲ့ရာ တဖြည်းဖြည်း သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ပေးမည့် တရားဥပဒေရေးရာများ စနစ်တကျပေါ်ထွန်းလာခဲ့သည်။ ဥရောပ၏ နိုင်ငံနယ်နိမိတ်ဖြတ်ကျော် မြစ်ကြီးများကို ဝေမျှသုံးစွဲကြရာတွင် ချုပ်ဆိုသည့်စာချုပ်များတွင် မည်သည့်နိုင်ငံကမြစ်ကို မည်မျှအတိုင်းအတာအထိ အသုံးချနိုင်သည်၊ မည်မျှ ရေကိုထုတ်ယူပြီး မည်မျှထည့်သွင်းရမည်ကို ထည့်သွင်းရေးထိုးသော ထိုစာချုပ်များကို စတင်ခဲ့ခြင်းကို ကြည့်လျှင် အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ၁၉ ရာစုအလယ်ကပင် တည်ရှိခဲ့သည်ကို တွေ့နိုင်သည်။ ထိုကဲ့သို့ နယ်နိမိတ်ဖြတ်ကျော်မြစ်ကြောင်း စီမံခန့်ခွဲမှုစနစ်မှာ အရှေ့တောင်အာရှ၏ အကြီးမားဆုံးမြစ်ဖြစ်သော နိုင်ငံပေါင်းခြောက်နိုင်ငံကို ဖြတ်သန်းစီးဆင်းသည့် မဲခေါင်မြစ်တွင်လည်း ပေါ်ပေါက်လာခဲ့သည်။

နိုင်ငံလုံးဆိုင်ရာအဆင့်တွင်မူ သဘာဝပတ်ဝန်းကျင်ဥပဒေကို ပထမဆုံးပြဋ္ဌာန်းခဲ့သည်မှာ အမေရိကန်ပြည်တောင်စုတွင်ဖြစ်ပြီး ၁၉ ရာစုနှောင်းပိုင်း အမျိုးသားဥယျာဉ်များ တည်ဆောက်ရာမှ စတင်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် အလားတူ ဥပဒေများသည် ဥရောပနိုင်ငံများနှင့် သြစတြေးလျ၊ နယူးဇီလန် အစရှိသည့် နိုင်ငံများတွင်လည်း ပေါ်ပေါက်လာကြသည်။ အခြားသဘာဝပတ်ဝန်းကျင် ဆိုင်ရာဥပဒေများတွင် ညစ်ညမ်းမှုကို ကိုင်တွယ်ရန်ပြဋ္ဌာန်းခဲ့သော ဥပဒေများလည်း ပါဝင်သည်။ ဥပမာ - သန့်စင်သောလေထုအက်ဥပဒေများ ဖြစ်ကြသည်။ အမေရိကန်ပြည်တောင်စု၏ လေထုသန့်စင်ရေးနှင့်ပတ်သက်၍ အခိုင်မာဆုံး၊ လူသိအများဆုံးဥပဒေ ဖြစ်သည်။ ယခုအခါ၌ နိုင်ငံအများစုတွင် လေထုသန့်စင်ရေးဥပဒေများ ပြဋ္ဌာန်းပြီးဖြစ်သည်။ အရှေ့တောင်အာရှရှိ နိုင်ငံပေါင်း ၁၁ နိုင်ငံတွင် ၇ နိုင်ငံက လေထုသန့်စင်ရေး ဥပဒေကိုပြဋ္ဌာန်းပြီး ဖြစ်သည်။ မပြဋ္ဌာန်းရသေးသောနိုင်ငံလေးခုမှာ မြန်မာ၊ လာအို၊ အရှေ့တီမောနှင့် ကမ္ဘောဒီးယားတို့ ဖြစ်ကြသည်။ အလားတူပင် ရေထုညစ်ညမ်းမှုထိန်းချုပ်သောဥပဒေ၊ အညစ်အကြေးစွန့်ပစ်မှုကို စီမံသောဥပဒေ၊ အန္တရာယ်ရှိသော ဓာတုပစ္စည်းများထုတ်လုပ်ရာတွင် လိုက်နာရမည့်ဥပဒေများနှင့် တောရိုင်းတိရစ္ဆာန်ကာကွယ်ရေး သစ်တောနှင့်အခြားဇီဝဥပဒေသာစုံလင်သော ဧရိယာများအား ကာကွယ်သော ဥပဒေများကို ပြဋ္ဌာန်းလာကြသည်။ တစ်နိုင်ငံချင်းအဆင့်တွင် ပြဋ္ဌာန်းထားသော ထိုဥပဒေများထက် ဆယ်စုနှစ်အနည်းငယ်နောက်ကျသည့်တိုင်အောင် အထက်ပါပြဋ္ဌာန်းချက်များစွာမှာ နိုင်ငံတကာအဆင့် ဥပဒေများတွင် လည်းပါဝင်လာသည်ကိုတွေ့ရသည်။ အပြည်ပြည်ဆိုင်ရာဥပဒေများတွင် လေထုသန့်စင်ရေးဆိုင်ရာဥပဒေ၊ သမုဒ္ဒရာအတွင်း အညစ်အကြေးထုများစွန့်ပစ်ခြင်းဥပဒေနှင့် မျိုးတုံးပျောက်ကွယ်တော့မည့်အန္တရာယ်ကို ရင်ဆိုင်နေရသော ဇီဝမျိုးကွဲများထိန်းသိမ်းရေးတို့ ပါဝင်ခဲ့သည်။ ထိုဥပဒေများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပေးကြသော်လည်း သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲ လူ့အခွင့်အရေးပြဿနာများကို ထည့်သွင်းစဉ်းစားပေးနိုင်ခြင်းမရှိပါ။

သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေးမှာ လူ့အခွင့်အရေးတစ်ရပ် ဖြစ်သည်ဟူသောအဆိုကို ပထမဆုံး တင်သွင်းခြင်းအားဖြင့် အရေးကြီးသော ခြေလှမ်းတစ်ရပ်ကို စတင်ခဲ့သည်မှာ စတော့ဟုမ်းကြေညာချက်(၁၉၇၂)မှ အစဖြစ်သည်။ ထိုကြေညာချက်မှာ သဘာဝ ပတ်ဝန်းကျင်နှင့်ပတ်သက်၍ ကုလသမဂ္ဂကကျင်းပသော ပထမဆုံးကွန်ဖရင့်ဖြစ်ပြီး လူ့ပတ်ဝန်း ကျင်ဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂကွန်ဖရင့်ဟု အမည်တွင်သည်။ ထိုကွန်ဖရင့်၏ ကြေညာချက်ပါ အခြေခံစည်းမျဉ်း(၁)တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

လူသားတို့သည် လွတ်လပ်ခြင်း၊ ညီမျှခြင်းနှင့် သိက္ခာရှိပြီး သာယာဝပြောသော ဘဝ တစ်ခုကို တည်ဆောက်နိုင်သည့် ပတ်ဝန်းကျင်မျိုးတွင် ရှင်သန်နေထိုင်ရန် လုံလောက်သော အခြေ အနေမျိုးရရှိစေရမည်ဖြစ်ပြီး တစ်ဖက်တွင်လည်း ထိုအခြေအနေမျိုးရှိသည့် သဘာဝပတ်ဝန်းကျင် ကို ပစ္စုပ္ပန်နှင့်အနာဂတ်မျိုးဆက်များအတွက် စဉ်ဆက်မပြတ်တိုးတက်စေရေးကို တာဝန်ကိုယူ၍ မဆုတ်မနစ် အားထုတ်ကြရမည်။

အထက်ပါအခြေခံစည်းမျဉ်းတွင် သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ကို လူ့အခွင့်အရေး ဟု တိတိကျကျ မဖွင့်ဆိုထားသည့်တိုင်အောင် ထိုအခွင့်အရေးများကို မဖြစ်မနေဖြည့်ဆည်းပေးရ မည့်သဘောကို ဤကြေညာချက်က တင်ပြထားခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့် အရေးတို့ အပြန်အလှန် အမှီသဟဲပြုနေကြပုံကို ဖွင့်ဆိုသည်။ ထိုကွန်ဖရင့်ကျင်းပပြီးနောက်ပိုင်း ဆယ်စုနှစ်များတွင် ကမ္ဘာပေါ်ရှိအစိုးရများနှင့်တကွ ပြည်သူများသည်သန့်ရှင်းသော သဘာဝ ပတ်ဝန်းကျင်မှာ လူတို့၏အခြေခံအခွင့်အရေးဟု စတင်လက်ခံလာကြသည်။ စတော့ဟုမ်းကြေညာ ချက်ကလည်း သဘာဝပတ်ဝန်းကျင်ကို ယနေ့မျိုးဆက်များအတွက်သာမက နောင်မျိုးဆက်များ အတွက်ပါ ကာကွယ်စောင့်ရှောက်ရန်၊ မယိမ်းမယိုင်ဘဲ ပိုမိုစည်ပင်လာစေရန် တာဝန်ရှိကြောင်းကို လက်ခံခဲ့သည်။ ထိုအချိန်မှစကာ မျိုးဆက်များတစ်ခုနှင့်တစ်ခုကြား စောင့်စည်းအပ်သော လူ့အခွင့် အရေးကို အသိအမှတ်ပြုလာကြရာ ယခုအချိန်တွင် မမွေးဖွားလာသေးသောလူသားတို့တွင်လည်း အခွင့်အရေးရှိကြောင်း ကမ္ဘာပေါ်တွင် လက်ရှိရှင်သန်နေသူများက အသိအမှတ်ပြုသင့်ကြောင်း အရေးဆိုလိုက်ခြင်းပင်ဖြစ်သည်။ စတော့ဟုမ်းကွန်ဖရင့်မှ ထွက်ပေါ်လာသောရလဒ်များတွင် ကမ္ဘာ့ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် အစီအစဉ် (UNEP) နှင့် ပင်လယ်ပြင်ဆိုင်ရာ ဥပဒေများ ကွန်ဗင်ရှင်း(UNCLOS)ကို ဖွဲ့စည်းလိုက်နိုင်ခြင်းဖြစ်သည်။ သန့်ရှင်းသော၊ ကျန်းမာရေးနှင့် ညီညွတ်သော သဘာဝပတ်ဝန်းကျင်ကို ရပိုင်ခွင့် (လူ့အခွင့်အရေး) ဆိုသည့်သဘောမှာ ဆန်းသစ်ပြီး တိုးတက်သည့်အတွေးအခေါ်ဖြစ်လာခဲ့ပြီး ဥပဒေရေးရာအပေါ် များစွာ အကျိုးသက်ရောက်မှု ရှိခဲ့သည်။ စတော့ဟုမ်းကြေညာချက်မှာ Soft Law ဥပဒေအပျော့ (ဥပဒေကဲ့သို့ တင်းပြည့် အာဏာမသက်ဝင်သည့်တိုင်အောင်) လက်မှတ်ရေးထိုးသဘောတူထားသည့် နိုင်ငံများအားလုံး လိုက်နာရမည့် အခြေခံစည်းမျဉ်းများကို ချမှတ်ပေးနိုင်သော ကြေညာချက်တစ်စောင်ဖြစ်သည်။

သန့်ရှင်းသောသဘာဝပတ်ဝန်းကျင်ကို လူသားတို့၏ရပိုင်ခွင့် (လူ့အခွင့်အရေး) အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံလာကြခြင်းကို စတော့ဟုမ်းကွန်ဖရင့် ပြီးပြီးချင်း ကာလများတွင် မတွေ့ခဲ့ရပါ။ နိုင်ငံတကာမှ ရှေ့နေများက ထိုအတွေးအမြင်သစ်မှာ ကျယ်ပြောလွန်းပြီး လက်တွေ့ တွင် အကောင်အထည်ဖော်ရန်ခက်ခဲသည်ဟု ယူဆခဲ့ကြသည်။ ဥပမာ - သန့်ရှင်းသော သဘာဝ

ပတ်ဝန်းကျင်ဆိုသည်ကို မည်သို့အဓိပ္ပာယ်ဖွင့်ဆိုမည်နည်း။ ထိုစကားရပ်က လေထုမည်မျှသန့်စင်သည်ကိုရည်ညွှန်းသည်လော။ သို့တည်းမဟုတ် ပတ်ဝန်းကျင်ရှိ သစ်ပင်များ၊ ပန်းခြံများနှင့် တိရစ္ဆာန်များကို ရည်ညွှန်းသည်လော။ သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ဟုဆိုကာ နိုင်ငံအတွင်းရှိ အချို့သောဒေသများတွင်သာ ညစ်ညမ်းမှုကို ထိန်းချုပ်ရန်ရည်ရွယ်နိုင်ပါသလော။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတို့ကမူ ထိုအတွေးအခေါ်မှာ လူသား၏အကျိုးကို ဗဟိုပြုမှု များလွန်းအားကြီးသည်ဟု ဝေဖန်ကြသည်။ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန်ထက် လူသားတို့၏အကျိုးကို ကာကွယ်စောင့်ရှောက်ရန် ပို၍အလေးတင်းထားသည့်သဖွယ် လူသားတို့က ထိန်းသိမ်းလိုသည့် အခါမှသာ သဘာဝပတ်ဝန်းကျင်ကို အရေးတယူလုပ်ကြမည့် အချိုးမျိုးဖြစ်ကြောင်း ဝေဖန်ခဲ့ကြသည်။

ထို့ပြင် သန့်ရှင်းသောသဘာဝပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေး တို့အရေး ဟု လူ့အခွင့်အရေးသဘောအားဖြင့် မည်သို့ပင်ဆိုကြစေကာမူ လူတို့သည်သဘာဝပတ်ဝန်းကျင်ကို စောင့်ရှောက်သင့်သလောက် မစောင့်ရှောက်လိုကြသေးဟု ဝေဖန်ခြင်းမျိုးလည်းရှိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးအနည်းဆုံးဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းကြီးများကို ရှေ့တိုးမြဲတိုးမည်ဆိုသော မူဝါဒဘောင်အတွင်းမှ ဆောင်ရွက်ကြသောကြောင့် ဖြစ်သည်။ အချို့ကမူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုသည်မှာ ယခုလုပ်ရိုးလုပ်စဉ်များကို အခြေခံကျကျ ပြုပြင်ကာ သဘာဝပတ်ဝန်းကျင်အရေးကို လုပ်ရပ်တိုင်းတွင် ရှေ့တန်းတင်ခြင်းဖြင့်သာ ဆောင်ရွက်နိုင်မည်ဟုဆိုသည်။ သန့်ရှင်းသောပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခြင်းက လူသားတို့၏ ရပိုင်ခွင့်တစ်ရပ်ဆိုသည့် ကိစ္စအပေါ် အငြင်းအခုံများ ဖြစ်ပေါ်နေဆဲဖြစ်သော်လည်း အချို့သောနိုင်ငံများ၏ ဥပဒေများနှင့် နိုင်ငံတကာဥပဒေတွင်မူ လက်ခံပြဋ္ဌာန်းထားခဲ့ကြပြီးဖြစ်သည်။

မှတ်သားဖွယ်ရာ

သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့်

သန့်ရှင်းသော ပတ်ဝန်းကျင်ကို တိကျစွာအဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိပေ။ သို့ရာတွင် အောက်ပါအချက်များ ပါဝင်နိုင်ပါသည်။

ညစ်ညမ်းမှုမှကင်းဝေးခြင်း ခေါင်းစဉ်အောက်တွင် အောက်ပါတို့ပါဝင်နိုင်သည်။

- သောက်ရေညစ်ညမ်းမှုမှကင်းဝေးခြင်း
- လေထုအတွင်းညစ်ညမ်းမှုမှကင်းဝေးခြင်း
- အမှိုက်များနှင့် အညစ်အကြေးများမှကင်းဝေးခြင်း
- ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးအပါအဝင် အဆိပ်များမှကင်းဝေးခြင်း

ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့်ဟု ဆိုရာတွင် အောက်ပါတို့ ပါဝင်နိုင်သည်။

- မသန့်ရှင်းသော ရေ၊ လေနှင့် အစားအစာတို့ကြောင့် ရောဂါစွဲကပ်မှု မရှိခြင်း

- အဆိပ်အတောက်ဖြစ်စေသောအရာများ သုံးစွဲမှုကို ဥပဒေဖြင့် ထိန်းကွပ်ပေးခြင်း
- စက်ရုံများက ညစ်ညမ်းမှုများ ထုတ်လွှတ်ခြင်းမရှိစေရန် တားဆီးခြင်း

သန့်ရှင်းသော သို့မဟုတ် သဘာဝအတိုင်းဖြစ်သော ပတ်ဝန်းကျင်တွင် နေထိုင်ရှင်သန်ပိုင်ခွင့်တွင် အောက်ပါ တို့ပါဝင်နိုင်သည်။

- ပန်းခြံများနှင့်ကစားကွင်းများကို ပြည်သူများ အသုံးပြုနိုင်ခြင်း
- အစိမ်းရောင်သဘာဝရပ်ဝန်းများနှင့် အမျိုးသားဥယျာဉ်များကိုနိုင်ငံတော်က ခွင့်ပြုထားခြင်း
- သန့်ရှင်းသောကမ်းခြေများမှာ ပြည်သူအများသွားလာနိုင်သော ပြည်သူပိုင်နေရာဖြစ်အောင် ထားရှိခြင်း

တာရှည်ခံသောဖွံ့ဖြိုးရေးရှိသည့်ဝန်းကျင်၌ နေထိုင်ပိုင်ခွင့်တွင်အောက်ပါတို့ပါဝင်နိုင်သည်။

- သစ်တောများ၊ စိမ့်မြေများနှင့် အခြားသဘာဝပတ်ဝန်းကျင် နေရာများကို အကာအကွယ် ပေးပိုင်ခွင့်ရှိခြင်း
- မြေယာ၊ သစ်တောနှင့် မြစ်ကြောင်းများသည် ပုံမှန်အတိုင်း လူသားတို့ကို အကျိုးပြုလျက် ရှိနိုင်အောင် အလွန်အကျူးသစ်ခုတ်ခြင်း၊ လွန်လွန်ကဲကဲငါးဖမ်းခြင်းခြင်းနှင့် မြေဩဇာပမာဏ အဆမတန် သုံးစွဲခြင်းများမှ အကာအကွယ်ပေးနိုင်ခြင်း

၁၄.၂.၁ သန့်ရှင်းသောပတ်ဝန်းကျင်ကိုရရန်မှာ အခြေခံလူ့အခွင့်အရေးဖြစ်ခြင်း

သန့်ရှင်းသောပတ်ဝန်းကျင်ကို လူ့အခွင့်အရေးတစ်ရပ်အနေဖြင့် ခံစားခွင့်ရှိအောင် ဥပဒေပြုဆောင်ရွက်ရာတွင် အောက်ပါ အင်္ဂါနှစ်ရပ် ပါဝင်ရမည်ဖြစ်သည်။ ထိုအင်္ဂါနှစ်ရပ်မှာ တစ်ခုချင်း သီးခြားစီရပ်တည်နေသော်လည်း အပြန်အလှန်ဆက်စပ်နေကြသည့် သဘောလည်း ရှိပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် လူတစ်ဦးချင်းစီသည် မွေးရာပါ အခွင့်အရေးအဖြစ် ထိုရပိုင်ခွင့်ကို ခံစားနိုင်ရုံသာမက ဥပဒေသဘောအရလည်း ထိုလူသား၏ရပိုင်ခွင့်ကို အကာအကွယ် ပေးထားရပါမည်။ ဥပဒေအဖြစ် ရေးဆွဲပြဋ္ဌာန်းထားခြင်းမရှိလျှင် စိတ်ကူးမျှော်မှန်းချက်တစ်ခုထက် မပိုပါ။ ထို့ပြင် ထိုပြဋ္ဌာန်းပြီးသော ဥပဒေကို အသက်ဝင်လာအောင် လိုက်နာကျင့်သုံးကြရန်လည်း လိုပါသည်။ သို့မဟုတ်လျှင် ဥပဒေရှိနေခြင်းမှာ မည်သို့မျှ အသုံးဝင်မည်မဟုတ်ပါ။ ခုံရုံးဖွဲ့စစ်ဆေးခြင်း၊ တရားခွင်တွင် ထိုဥပဒေများ အသက်ဝင်နေခြင်းနှင့် ချိုးဖောက်ခံရပါက တရားရုံးက စွေ့စပ်ညှိနှိုင်း ဖြန်ဖြေပေးခြင်းရန်အခြေအနေရှိခြင်း အစရှိသည့် ဥပဒေကို အသက်ဝင်စေသော အရာများရှိနေမှသာ လူတစ်ဦးချင်းအနေဖြင့် ထိုဥပဒေများရှိခြင်း၏ အကျိုးကိုခံစားရပြီး ရပိုင်ခွင့်များ ပြည့်ဝစွာ နေထိုင်နိုင်မည်။ အကျဉ်းချုံးရသော် မွေးရာပါ လူ့အခွင့်အရေး (Substantive Right) သည် လူတစ်ယောက်အဖြစ် အသက်ရှင်ရပ်တည်နေသည်နေသည်နှင့်အမျှ အလိုအလျောက် ခံစားခွင့်ရှိသောအခွင့်အရေးဖြစ်ပြီး တရားဥပဒေက ပြဋ္ဌာန်းပေးအပ်ထားသော အခွင့်အရေး (Procedural Rights) တွင်မူ လူတစ်ဦး၏ လူ့အခွင့်အရေးများ ချိုးဖောက်ခံရခြင်း မရှိရလေအောင် တရားရုံးများ သို့မဟုတ် တရားရုံးကဲ့သို့ လုပ်ပိုင်ခွင့်အာဏာရှိသော အဖွဲ့အစည်းများကို သုံးကာ မိမိအခွင့်အရေးကို ကာကွယ်နိုင်သည်။

သဘာဝပတ်ဝန်းကျင် ကောင်းမွန်သန့်ရှင်းခြင်းကို လူသားတစ်ဦး၏ မွေးရာပါ ရပိုင်ခွင့် အဖြစ် တစ်နိုင်ငံချင်းအဆင့်တွင်သာမက နိုင်ငံတကာအဆင့်တွင်ပါ ပေးအပ်ထားသည်ကို ဥပဒေ အမျိုးမျိုးတွင် တွေ့နိုင်သည်။ စတော့ဟုမ်းသဘောတူညီချက်နှင့် Rio သဘောတူညီချက်ကဲ့သို့ ဥပဒေအပျော့စားများမှအပ အခြားစာချုပ်များတွင် သန့်ရှင်းသော ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခွင့်ကို လူအခွင့်အရေးအဖြစ် သတ်မှတ်ထားသည့် ပြဋ္ဌာန်းချက်များ ပါဝင်သည်။ ICESCR ဆိုလျှင် ထိုရပိုင်ခွင့်ကို အောက်ပါအတိုင်း သွယ်ဝိုက်ဖွင့်ဆိုထားသည်။

> ဤစာချုပ်ကို လက်မှတ်ရေးထိုးထားသောနိုင်ငံတို့သည် လူသားတိုင်း ကာယသုခ စိတ္တသုခ အမြင့်ဆုံးအခြေအနေကို ရောက်နိုင်သမျှ ခံစားပိုင်ခွင့်ရှိကြောင်း အသိအမှတ်ပြု ကြရမည်။ (ပုဒ်မ ၁၂. ၁)

> လက်ရှိဤစာချုပ်ကိုလက်မှတ်ရေးထိုးထားသော နိုင်ငံများသည်လူတို့၏ စိတ်ရောကိုယ်ပါ ကျန်းမာစွာ နေထိုင်ပိုင်ခွင့် အပြည့်အဝရရှိရေးကို ဖြည့်ဆည်းပေးရန် တတ်နိုင်သမျှ ဆောင်ရွက်ကြရမည်ဖြစ်ရာ လူသားတို့၏ ပတ်ဝန်းကျင်ကိစ္စအရပ်ရပ် တိုးတက်ကောင်းမွန် လာစေရန်နှင့် စက်မှုလုပ်ငန်းများ၏ ညစ်ညမ်းမှု ဆိုးကျိုးမှ ကင်းဝေးစေရေး အစရှိသည်တို့ကို ဆောင်ရွက်ကြရပါမည်။ (ပုဒ်မ ၁၂. ၂ ခ)

ICESCR အနေဖြင့်သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်နိုင်သည့် ရပိုင်ခွင့်ဟု တိတိကျကျ မရေးသားထားသည့်တိုင်အောင် လူသားတို့၏ ကျန်းမာသည့်အခြေအနေကို ရယူ ခံစားပိုင်ခွင့်ဆိုသည်မှာ ပတ်ဝန်းကျင်ကောင်းမရှိဘဲ မဖြစ်နိုင်ခြင်းကို ခြုံငုံထားသည်။ ကျန်းမာစွာ နေထိုင်ခွင့်ကို ထိပါးလာသောအခြေအနေရှိလာလျှင် နိုင်ငံတော်မှာ တာဝန်ရှိသည်ဖြစ်ရာ ပတ်ဝန်း ကျင်ဆိုးကြောင့် ပြည်သူအများ မကျန်းမာခြင်းသည်လည်း ထိုလူအခွင့်အရေးကို ချိုးဖောက်ရာ ရောက်သည်။ ထိုစာချုပ်က သန့်ရှင်းသောပတ်ဝန်းကျင်တွင် လူသားတို့နေထိုင်နိုင်သည်မှာ လူအခွင့်အရေးဟု မသတ်မှတ်ထားပေ။ သို့သော် ICESCR အထွေထွေမှတ်ချက် ၁၄ တွင် ဖော်ပြ သကဲ့သို့ပင်အစိုးရ၏ တာဝန်များတွင် လူသားတို့သန့်ရှင်းသောပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရန် အတွက် သန့်ရှင်းသောသောက်ရေရရှိရေး ကိုယ်လက်သန့်ရှင်းစွာ နေထိုင်နိုင်ရေး၊ ညစ်ညမ်းမှုများ ဘေးမှ ချမ်းသာခွင့်ရနိုင်ရေး အစရှိသည်တို့ ပါဝင်နေကြသည်။ သို့ရာတွင် ထိုလူအခွင့်အရေးများ ရရှိစေခြင်းအားဖြင့် ရေရှည်ခံတည်တဲ့သော သဘာဝပတ်ဝန်းကျင်၊ ကာကွယ်စောင့်ရှောက်မှု ခံရသောပတ်ဝန်းကျင် ဖြစ်လာစေရန်အတွက်မူ တာဝန်ခံရန်မပါရှိပေ။ သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေးအတွက် ရီယိုကြေညာစာတမ်း (၁၉၉၂) the Rio Declaration on Environment and Development (၁၉၉၂) ကဲ့သို့သော အခြားနိုင်ငံတကာ သဘောတူညီချက်များတွင်မူ သန့်ရှင်းသော ပတ်ဝန်းကျင်ကို လူအခွင့်အရေးနှင့် တိုက်ရိုက်ဆက်စပ်ပြကြပါသည်။ သို့ရာတွင် ကြေညာစာတမ်း များဟု ခေါ်တွင်သော စာချုပ်စာတမ်းများမှာ ဥပဒေအဖြစ်သို့ ပြောင်းလဲသွတ်သွင်းရန် မလိုရကား သဘာဝပတ်ဝန်းကျင်ကောင်းတွင် နေထိုင်နိုင်ခွင့်ကို လူအခွင့်အရေးတစ်ရပ်အဖြစ် သိသိသာသာ ပေါ်ထွက်လာအောင် ဥပဒေကြောင်းအရ မဆောင်ရွက်နိုင်ပေ။

ဒေသတွင်းအဆင့်တွင်မူ သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်ခွင့်ကို လူအခွင့်

အရေးအဖြစ် သတ်မှတ်ခြင်းများ ရှိကြပါသည်။ ဥပမာ - ၁၉၈၁ ခုနှစ်တွင် အသက်ဝင်ခဲ့သော အာဖရိက လူ့အခွင့်အရေးနှင့် ပြည်သူ့အခွင့်အရေး ပဋိညာဉ်စာတမ်းတွင် ပို၍တိကျစွာ ဖော်ပြထားသည်ကို တွေ့နိုင်သည်။

> ပြည်သူတို့သည် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့် ကျေနပ်ဖွယ် ကောင်းလောက်အောင် ကောင်းမွန်သည့်ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခွင့်ရှိရမည်။

သို့သော်လည်း အာဖရိကပဋိညာဉ်မှာ ပြည်သူတို့၏အခွင့်အရေးဟု သုံးနှုန်းထားသည်ဖြစ်ရာ လူတစ်ဦးချင်းစီ၏ ကောင်းမွန်သောပတ်ဝန်းကျင်ကို ရပိုင်ခွင့်အား အသိအမှတ်ပြုမပြု မရှင်းလင်းဘဲရှိ၏။ ဥရောပတွင်မူ ထိုအာဖရိက ပဋိညာဉ်ကဲ့သို့ပင် အားဟုစ်ကွန်ဗင်ရှင်း Aarhus Convention (အောက်ပါစာတွင် အသေးစိတ်ကိုရှုပါ) ဟူ၍ စာချုပ်တစ်ရပ်ရှိသည်။ အရှေ့တောင်အာရှတွင်မူ အာဆီယံလူ့အခွင့်အရေး ကြေညာစာတမ်းဟူ၍ ပြဋ္ဌာန်းထားသည်။ ထိုကြေညာစာတမ်းက -

> လူတိုင်းသည်ဘေးကင်းသော သန့်ရှင်းသော၊ ရေရှည်ခံသော သဘာဝပတ်ဝန်းကျင်အပါအဝင် လုံလောက်သော လူနေမှုအဆင့်ကို ရှိရန်အခွင့်အရေးရှိသည်။ (ပုဒ်မ ၂၈)

ထိုကြေညာစာတမ်းက သန့်ရှင်းသော ပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့်ကို လူ့အခွင့်အရေးအဖြစ် ရှင်းလင်းစွာဖော်ပြထားသော်လည်း ဥပဒေကဲ့သို့အာဏာတည်သော ပြဋ္ဌာန်းချက် မဟုတ်ခဲ့ပေ။ သို့သော် ထိုကြေညာစာတမ်း၏ အာနိသင်ကို ဖွဲ့စည်းအုပ်ချုပ်ပုံပါ လူ့အခွင့်အရေးများနှင့်ပေါင်းစပ်လိုက်သောအခါ အရှေ့တောင်အာရှတွင်မူ သန့်ရှင်းသောပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့်ကို မွေးရာပါ လူ့အခွင့်အရေးတစ်ရပ်အနေဖြင့် သတ်မှတ်ထားသည့်သဖွယ် ဖြစ်လာခဲ့သည်။

လူ့အခွင့်အရေးအခြေအနေများသည် တစ်နိုင်ငံချင်းစီတွင်မူ တစ်ဦးနှင့်တစ်ဦးများစွာခြားနားကြသည်။ ၁၉၈၀ မှစ ကမ္ဘာ့နိုင်ငံများစွာတွင် သန့်ရှင်းသောပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့်ကို လူ့အခွင့်အရေးအဖြစ် သတ်မှတ်ခဲ့ကြသည်။ ယခုအချိန်တွင် နိုင်ငံပေါင်း ၉၀ ကျော်တွင် ထိုသို့ပြဋ္ဌာန်းထားသည်။ အချို့နိုင်ငံများတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေထဲတွင် ကျယ်ပြန့်စွာအဓိပ္ပာယ်ဖွင့်ဆိုနိုင်သော ပြဋ္ဌာန်းချက်များအဖြစ် ထည့်သွင်းထားသည်။ ဥပမာ - အိန္ဒိယနိုင်ငံ၏ အမှုတစ်ခုဖြစ်သော Rural Litigation and Entitlement Kendra Dehradun and others v State of UP and others တို့အမှုတွင် အိန္ဒိယ၏တရားရုံးချုပ်က အိန္ဒိယဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အပိုဒ် ၂၁ ပါ အချက်ကို ကိုးကားခဲ့သည်။ ထိုအချက်တွင် ဥပဒေအတိုင်း ခံစားခွင့်ရှိသော လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်နှင့်ဘဝကို မည်သူတို့ကမျှ မရုပ်သိမ်းနိုင်ဟုဆို၏။ ထို့ကြောင့် လူတစ်ယောက်အဖြစ် အသက်ရှင်ရပ်တည်နိုင်ရန် အခွင့်အရေးဟု ရည်ညွှန်းလေ့ရှိကြသော ထိုပုဒ်မ ၂၁ ၌ သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်တွင် လူတစ်ဦးအနေဖြင့် နေထိုင်ခွင့်ရှိရမည်ဟူသော လူ့အခွင့်အရေးကိုပါ ထည့်သွင်းစဉ်းစားခဲ့ကြသည်။ အသက်ရှင်ခွင့်ဟု ဆိုလိုက်သည်နှင့် လူဖြစ်ရုံမျှ ရပ်တည်နိုင်ခြင်းမျိုးကို မဆိုလိုဘဲ သန့်ရှင်းသောပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်မည့် အရည်အသွေးများ ပါဝင်နေသော ဘဝကို ဆိုလိုခြင်းဖြစ်သည်။

သာဓက

Minors Oposa v Factoran (1993) ဖိလစ်ပိုင်တရားရုံးချုပ်

သဘာဝပတ်ဝန်းကျင်ရေးရာ တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သည့် အန်တိုနီယို အိုပိုဆာ၏ ကလေးများအပါအဝင် ကလေးတစ်စုက လက်ရှိ သစ်တောများအား ဖျက်ဆီးနေသည့် သစ်ခုတ်ခွင့်လိုင်စင်များကို ဖျက်သိမ်းပေးရန်နှင့် သစ်ခုတ်လိုင်စင်သစ်များ ထပ်မံချထားခြင်းမပြုရန်အတွက် ကလေးများအားလုံး၏ကိုယ်စား ရုံးတော်သို့ လျှောက်ထားခဲ့သည်။ ထိုလျှောက်ထားချက်သည် ဖိလစ်ပိုင်နိုင်ငံ ၁၉၈၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (အခန်း ၁၆)ကို ကိုးကားထားသည်။ ထိုအခန်းတွင် ပြည်သူတို့အနေဖြင့် မျှတညီညွတ်ပြီး ကျန်းမာရေးအတွက် သင့်တင့်လျောက်ပတ်သော ဂေဟစနစ်ကို ခံစားခွင့်ရှိရမည်။ ပြည်သူတို့တွင် ထိုကဲ့သို့သော ဂေဟစနစ်ကို စောင့်ရှောက်နိုင်ရန်အတွက် မိမိကိုယ်တိုင်ထိန်းသိမ်းခွင့်နှင့် ထိန်းသိမ်းနိုင်ရေးအတွက် အားထုတ်ဆောင်ရွက်ခွင့်ရှိရမည်ဟု ရေးသားထားသည်။ မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ပြောင်းလက်လွှဲပြုရာတွင် မျိုးဆက်တိုင်း ညီတူညီမျှခံစားခွင့်ရှိသည့် သဘောကို ထိုအမှု၏ လျှောက်လဲချက်များက အခြေခံခဲ့ရာ သဘာဝသယံဇာတများသည် ကလေးရောလူကြီးများနှင့်ပါ သက်ဆိုင်သည်ဟု ဖော်ပြခဲ့ကြသည်။ သယံဇာတများသည် ကလေးများ၏ ဝေစုများထဲမှ လူကြီးများ၏ခိုးယူခြင်းကို ခံနေရကြောင်း၊ အနာဂတ်မျိုးဆက်ကို နစ်နာစေလျက်ရှိကြောင်း ဤအမှုက ထုတ်ဖော်ခဲ့သည်။

တရားရုံးချုပ်က ကလေးများဘက်ကို အနိုင်ပေးလိုက်ပြီး အနာဂတ်မျိုးဆက်များအတွက် သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ကို ၎င်းတို့အဖို့ ချန်ထားပေးနိုင်ခြင်းမှာ နိုင်ငံတစ်ခုအတွက် အခြေခံလိုအပ်ချက်ဖြစ်ကြောင်း၊ မျိုးဆက်တိုင်းက သန့်ရှင်းသော ပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် တာဝန်ရှိကြောင်း တရားရုံးက ဆုံးဖြတ်ခဲ့သည်။

ကမ္ဘာတစ်ဝန်းတွင် နိုင်ငံအများစုက သန့်ရှင်းသောပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့်ကို လူအခွင့်အရေးအနေဖြင့် အသိအမှတ်ပြုထားသည်။ မည်သည့် အပြည်ပြည်ဆိုင်ရာ ဥပဒေကမျှ ထင်ရှားစွာ ဖော်ပြထားခြင်းမရှိသော်လည်း စတော့ဟုမ်းကြေညာချက်ကဲ့သို့ ဥပဒေအပျော့စားများနှင့် အာဖရိက ပဋိညာဉ်နှင့် ICESCR ကဲ့သို့ တရားဥပဒေအဖြစ် တရားဝင်ပြဋ္ဌာန်းထားသော သဘောတူညီချက်များကို ကြည့်ခြင်းအားဖြင့် သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်ခွင့်မှာ လူသားတို့၏ အခြေခံအခွင့်အရေးဖြစ်ကြောင်း တစ်စစ ပိုမိုလက်ခံလာကြခြင်းကို ပြသနေသည်။ တစ်နိုင်ငံချင်းအဆင့်တွင်မူ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် သွယ်ဝိုက်အဓိပ္ပာယ်ဖွင့်ဆိုစေခြင်းဖြင့်လည်းကောင်း၊ တိကျစွာ ထည့်သွင်းပြဋ္ဌာန်းပေးခြင်းဖြင့်လည်းကောင်း၊ သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ကို လူအခွင့်အရေးအဖြစ် တရားရုံး၏ အဆုံးအဖြတ်အရ သတ်မှတ်ကာကွယ်ပေးခြင်းဖြင့်လည်းကောင်း တိုးတက်မှုများ တစ်စစ ဖြစ်ပေါ်လာခဲ့သည်။

၁၄.၃ သန့်ရှင်းသော ပတ်ဝန်းကျင်ဖြစ်စေရေး တရားဥပဒေအရ အကာအကွယ် ပေးခြင်း

သန့်ရှင်းသော ပတ်ဝန်းကျင်တွင်နေထိုင်ပိုင်ခွင့်မရှိလျှင် တရားဥပဒေအရ တရားစွဲနိုင်ခွင့်ကို နိုင်ငံတကာစာချုပ်အချို့တွင် အတိုချုံး ဖော်ပြထားသည်များရှိသည်။ အားဟုစ်ကွန်ဗင်ရှင်းတွင်မူ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးကို အကျယ်တဝင့် ဖော်ပြထားသည်ကို တွေ့နိုင်သည်။ ထိုစာချုပ်မှာ သဘောတူလက်မှတ်ရေးထိုးထားသော ဥရောပနှင့်အာရှအလယ်ပိုင်းမှ နိုင်ငံများက မိမိပြည်တွင်းတွင် လိုက်နာကျင့်သုံးရန် ဥပဒေပြဋ္ဌာန်းအကောင်အထည်ဖော်ကြရသည်။ ထိုအခွင့်အရေးကို တရားဥပဒေဘောင်ဝင်အောင်ပြုသော အစဉ်အလာတွင် ကုလသမဂ္ဂသဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိရာထူးကို ထားရှိခြင်းလည်း ပါဝင်ခဲ့သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးကို ရီယိုကြေညာချက် (၁၉၉၂)တွင် အောက်ပါကဲ့သို့ အကျယ်ချဲ့ဖော်ပြခဲ့သည်။

သဘာဝပတ်ဝန်းကျင်ရေးရာကိစ္စများသည် သက်ဆိုင်ရာနယ်ပယ်အဆင့် အသီးသီးမှ ပြည်သူများ ပါဝင်ခြင်းကို ရယူဆောင်ရွက်ခြင်းဖြင့် အကောင်းဆုံးဖြေရှင်းနိုင်သည်။ တစ်နိုင်ငံချင်း အဆင့်တွင် လူတစ်ဦးချင်းစီသည် အာဏာပိုင်တို့လက်ဝယ်ရှိ မိမိပတ်ဝန်းကျင်နှင့်ပတ်သက်သော အကြောင်းအရာများကို ရယူသိရှိနိုင်သည့် သင့်လျော်ရာလမ်းကြောင်းရှိရမည်။ ဘေးဖြစ်စေတတ်သော ပစ္စည်းများနှင့် လုပ်ငန်းများအစရှိသည့် အချက်အလက်များကို ပြည်သူတို့သိရှိနိုင်ကြပြီး သဘာဝပတ်ဝန်းကျင်အရေးကို ဆုံးဖြတ်ဆောင်ရွက်ကြရာတွင် ပြည်သူတို့သည် ပါဝင်ဆောင်ရွက်နိုင်ရန် အခွင့်အရေးရှိရမည်။ နိုင်ငံတော်အစိုးရသည် အများပြည်သူ သိရှိနိုးကြားစေရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြည်သူ၏ပါဝင်မှုကို တတ်နိုင်သမျှ လမ်းဖွင့်ကြိုဆိုကြရမည်။ နစ်နာချက်ကြောင့် မကျေနပ်ခဲ့ပါလျှင် မျှတသောတရားစီရင်မှုကို ပြည်သူတို့ရရှိနိုင်ရန် နစ်နာမှုများအတွက် ကုစားပေးခြင်း၊ အရေးယူဆောင်ရွက်ပေးခြင်း အစရှိသည်တို့ကို လုပ်ဆောင်ပေးရမည်။

သန့်ရှင်းသောပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့်ကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် ဥပဒေအရ ခံစားပိုင်ခွင့်ရှိသော လူ့အခွင့်အရေးအဖြစ် သတ်မှတ်ရန်အတွက် အချက်သုံးချက် လိုအပ်သည်။ (၁) ပြည်သူတို့သည် မိမိတို့ပတ်ဝန်းကျင်နှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ရပိုင်ခွင့်ရှိရမည်။ (၂) ပြည်သူတို့သည် မိမိပတ်ဝန်းကျင်နှင့်သက်ဆိုင်သော ကိစ္စများကိုဆုံးဖြတ်သောအခါ ပါဝင်ဆောင်ရွက်ခွင့်ရှိရမည် (၃) မိမိပတ်ဝန်းကျင်နှင့် ပတ်သက်သောကိစ္စများတွင် အငြင်းပွားမှုများ ဖြစ်ပွားသောအခါ တရားရုံးတွင် တရားရင်ဆိုင်ပိုင်ခွင့်ရှိရမည်၊ အခြားသော အုပ်ချုပ်ရေးဆိုင်ရာ နည်းလမ်းများကိုသုံးလျက် ဖြေရှင်းပိုင်ခွင့်ရှိရမည်။

မှတ်သားဖွယ်ရာ

အာဟုစ်ကွန်ဗန်းရှင်း The Aarhus Convention (1998)

ဥရောပတိုက်အခြေစိုက် အာဟုစ်ကွန်ဗန်းရှင်းမှာ 'ဥရောပတိုက်အတွက် သဘာဝပတ်ဝန်းကျင်အရေး'ဟူသော ခေါင်းစဉ်ဖြင့် ဆောင်ရွက်ချက်များ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ထိုနိုင်ငံတကာစာချုပ်မှာ သန့်ရှင်းသောပတ်ဝန်းကျင်တွင် ပြည်သူများနေထိုင်ပိုင်ခွင့်ရှိရေးအတွက် ဤစာချုပ်ကို လက်မှတ်ရေးထိုးထားသောနိုင်ငံတိုင်းက ဥပဒေပြဋ္ဌာန်း အကောင်အထည်ဖော်ကြရန် တာဝန်ရှိသည်။ ထိုဥပဒေအရ နိုင်ငံသားတို့သည် သတင်းအချက်အလက်များကို ရယူပိုင်ခွင့်ရှိပြီး အဆုံးအဖြတ်ပြုရာတွင် ပါဝင်ခွင့်နှင့် တရားဥပဒေရှေ့မှောက်ရင်ဆိုင်ပိုင်ခွင့် ရှိသည်။ ထိုစာချုပ်ကို ဥရောပနှင့် ဗဟိုအာရှမှ နိုင်ငံပေါင်း ၄၆ နိုင်ငံက လက်မှတ်ရေးထိုးထားပြီး ဥပဒေရေးသားပြီး အသက်သွင်းရသော နိုင်ငံတကာစာချုပ်များတွင် အထိရောက်ဆုံးပုံစံတစ်ခုအဖြစ် ယူဆကြသည်။ အရှေ့တောင်အာရှအတွက်လည်း ထိုအားဟုစ် ကွန်ဗန်းရှင်းကဲ့သို့ ဒေသအဆင့် စာချုပ်တစ်ခု ဖော်ထုတ်လိုသောအခါ သို့မဟုတ် နိုင်ငံတစ်ခုခုက ဥပဒေပြုလိုသည့်အခါ နမူနာအဖြစ် စံပြုစရာဖြစ်လာလိမ့်မည်ဟု မျှော်လင့်ကြသည်။

၁၄.၃.၁ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များရယူပိုင်ခွင့်

သတင်းအချက်အလက်မရရှိသော အခြေအနေ၌ သဘာဝပတ်ဝန်းကျင်တွင် အန္တရာယ်ရှိစေသောစီမံကိန်းများ ဆောင်ရွက်မည့် အဆိုပြုချက်များအပေါ် ပြည်သူတို့ဘက်က သုံးသပ်ရန်၊ အားကောင်းပြီး ရှေ့နောက်ညီညွတ်သော အချက်အလက်များ ရှိ မရှိ ဆင်ခြင်ဆွေးနွေးရန် မဖြစ်နိုင်တော့ပေ။ သတင်းအချက်အလက်ရယူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်းထားခြင်းမရှိသော အခြေအနေမျိုးတွင် ပြည်သူတို့သည် မနက်အိပ်ယာမှနိုးချိန်တွင် မိမိမည်သည့်အခါကမျှ မကြားဖူးခဲ့သော စီမံကိန်းကြီးတစ်ခုက မိမိအိမ်နံဘေးသို့ ရောက်လာသည်ကို တွေ့ရနိုင်သည်။ မည်သည့်စီမံကိန်းများ ဆောက်လုပ်နေသည်ကို သိရှိရန်ကြိုးစားပါက သတင်းအချက်အလက်ကို ထိန်ချန်ထားသူတို့က ထိုသူတို့အားထုတ်ပြန်မပေးလိုကြပေ။ ပြည်သူများထဲတွင် မိဘလုပ်သူတို့က ပတ်ဝန်းကျင် ညစ်ညမ်းလာသည့်အတွက်ကြောင့်ဖြစ်စေ မြင့်တက်လာသော ယာဉ်ကြောပိတ်ဆို့မှုများကြောင့်ဖြစ်စေ ကလေးများအတွက် စိုးရိမ်ကြောင့်ကြရသလို လယ်သမားတို့ကလည်း လယ်မြေများအပေါ် ကျရောက်စေသော အကျိုးဆက်များအတွက် စိတ်ပူကြရမည်ဖြစ်သည်။ ထိုနည်းတူပင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူတို့ကလည်း မိမိတို့ စီးပွားရေးအပေါ် မည်ကဲ့သို့သော အကျိုးအပြစ်များကျရောက်လာမည်ကို ပူပန်ကြမည်ဖြစ်သည်။ မည်မျှပင်စိုးရိမ်နေကြစေကာမူ ထိုဆောက်လုပ်ရေး စီမံကိန်းကြီးအကြောင်းကို လုံးစေ့ပတ်စေ့သိရှိနိုင်ရန် သတင်းအချက်အလက်မရရှိအောင် ပိတ်ဆို့ထားပါက ထိုစီမံကိန်းကြီးကြောင့် ဖြစ်လာသော အကျိုးဆက်များကိုရင်ဆိုင်ရန် ၎င်းတို့အနေဖြင့် မည်သို့မျှ ပြင်ဆင်ထားနိုင်မည် မဟုတ်ပေ။ စီမံကိန်းအကျိုးဆက်မှာ မည်မျှပင်နည်းပါးသည်ဖြစ်စေ ဆိုင်ရာသတင်းအချက်အလက်ကို ရရှိသင့်သည်။ သတင်းအချက်အလက် ရရှိပိုင်ခွင့်မှာ အခြေခံအခွင့်အရေးဖြစ်သင့်ပြီး ထိုသို့ သိရှိနေမှသာ ပြည်သူများအနေဖြင့် ဖြစ်လာနိုင်သည့်အကျိုးဆက်ကို ချိန်ဆနိုင်ပြီး မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်အတွက် လိုအပ်သည်များကို ပြင်ဆင်နိုင်မည်။ ဆိုးကျိုးများတွင် စီမံကိန်းကြီးများကိုလည်း သတင်းအချက်အလက်ရှိမှသာ ကျိုးကြောင်းပြ ဆန့်ကျင်နိုင်မည်ဖြစ်ပြီး လက်ရှိ

စီမံကိန်းကိုဖယ်ရှားရန် သို့မဟုတ် ဆိုးကျိုးနည်းစေအောင် ပြောင်းလဲတည်ဆောက်ရန် အဆိုပြုနိုင်မည်။ ထိုကဲ့သို့သော လိုအပ်ချက်များကြောင့် သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခြင်း လူ့အခွင့်အရေး အကောင်အထည်ဖော်နိုင်ရန် သတင်းအချက်အလက်များ ရယူနိုင်ခွင့် ဥပဒေကို ပြဋ္ဌာန်းပေးရန် လိုအပ်သည်။

ဥပမာ - အင်ဒိုနီးရှားနိုင်ငံသည် သတင်းအချက်အလက်လွတ်လပ်စွာ ရပိုင်ခွင့်ဥပဒေကို ၂၀၀၈ ခုနှစ် ဧပြီလကတည်းက ပြဋ္ဌာန်းခဲ့သည်။ ထိုင်းနိုင်ငံတွင် ထိုသတင်းအချက်အလက် ရပိုင်ခွင့် ဥပဒေကို ၁၉၉၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ အခန်း၄၈ တွင် အောက်ပါအတိုင်း ထည့်သွင်းဖော်ပြခဲ့သည်။

နိုင်ငံတော်၏ လုံခြုံရေး၊ ပြည်သူ့ဘဝလုံခြုံရေးနှင့် တရားဥပဒေနှင့်အညီ အကာအကွယ်ရပိုင်ခွင့်ရှိသော သူတစ်ထူး၏ အကျိုးစီးပွားတို့ကို မထိခိုက်သရွေ့ အစိုးရဌာန သို့မဟုတ် အစိုးရက ဆောင်ရွက်နေသော လုပ်ငန်းတစ်ခု သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အစည်းတစ်ခုခုက လက်ဝယ်ထားသော သတင်းအချက်အလက်များကို နိုင်ငံသားတစ်ဦးက ရယူပိုင်ခွင့်ရှိရမည်။

ထိုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်မှာ ထိုင်းနိုင်ငံတွင် ၁၉၉၇ ခုနှစ် တရားဝင်သတင်းအချက်အလက် ရယူပိုင်ခွင့်အက်ဥပဒေကို ပေါ်ထွန်းစေခဲ့သည်။ မလေးရှားနိုင်ငံတွင် ပီနံပြည်နယ်နှင့် ဆလန်ဂေါပြည်နယ်တို့မှာ သတင်းအချက်အလက် ရယူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းထားသော်လည်း တစ်မျိုးသားလုံးအဆင့် ဥပဒေအနေဖြင့် ပြဋ္ဌာန်းနိုင်သေးခြင်းမရှိပေ။ စင်ကာပူနိုင်ငံတွင်မူ ထိုကဲ့သို့သောဥပဒေမျိုး လုံးဝထုတ်ပြန်ထားခြင်းမရှိပါ။ သတင်းအချက်အလက် ရယူရန်အခွင့်အရေးရရှိပါက ရပ်ရွာပြည်သူတို့သည် အဆိုပြုထားပြီးဖြစ်သော ဖွံ့ဖြိုးရေးလုပ်ငန်းကြီးများနှင့် ယင်းတို့ကြောင့် ဖြစ်လာနိုင်သည့် အကျိုးဆက်များကို သိရှိနိုင်သည်။ ဥပမာ- နိုင်ငံတော်အနေဖြင့် အဝေးပြေးလမ်းမကြီးကို အသစ်ဖောက်လုပ်ရန်ဖြစ်စေ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုကို တည်ဆောက်ရန်ဖြစ်စေ ပြင်ဆင်နေလျှင် နယ်မြေခံပြည်သူများကို ဆောက်လုပ်ရေးရောက်ရှိလာမည့်နေရာများနှင့် ဆောက်လုပ်ရန်ကာလကို တိတိကျကျ အကြောင်းကြားထားနိုင်ခြင်းမျိုးဖြစ်သည်။

ထိုဥပဒေကိုပြဋ္ဌာန်းခြင်းမှာ အစကောင်းသည့် ရလဒ်တစ်ခုဖြစ်သော်လည်း အကောင်အထည်ဖော်ရာတွင် အနှောင်းသေချာရန် လိုအပ်ပါသည်။ ထိုဥပဒေများ ပြဋ္ဌာန်းလာကြသည်မှာ ယခင် လုပ်ရိုးလုပ်စဉ်တစ်ခု မဟုတ်ခဲ့သောကြောင့် အစိုးရအေဂျင်စီများထံမှ သတင်းအချက်အလက်ရယူရာတွင် မြန်ဆန်ခြင်း တိကျခြင်းမရှိဘဲ ဖြစ်နေနိုင်သည်။ ကျိုးကြောင်းခိုင်လုံခြင်းမရှိဘဲ သတင်းအချက်အလက်ကို ထိန်ချိန်ထားနိုင်အောင် ဆက်လက်ကျင့်သုံးနေဆဲဖြစ်သော အပိတ်အဆို့များကိုလည်း ဖယ်ရှားရပါမည်။ မလေးရှားကဲ့သို့သော နိုင်ငံမျိုးတွင် သတင်းအချက်အလက် ရယူပိုင်ခွင့် ဥပဒေပြဋ္ဌာန်းထားသော အချို့ပြည်နယ်များတွင် သတင်းအချက်အလက် တကယ်ရယူသော အခါ၌ နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေ(၁၉၇၂) ရှိနေခြင်းကြောင့် အဟန့်အတား တစ်ဖန်ပြန်ဖြစ်ရသည်။ ထိုဥပဒေအရ နိုင်ငံတော်လျှို့ဝှက်ချက်ဟူသည့် စာရင်း၏ အဓိပ္ပာယ်သက်ရောက်မှုမှာ ကျယ်ပြောလွန်းသည့်အတွက် မည်သည့်စာရွက်စာတမ်းမဆိုပင် နိုင်ငံတော်၏ လျှို့ဝှက်ချက်

အဖြစ် သတ်မှတ်နိုင်သလောက်ပင်ဖြစ်ရာ သတင်းအချက်အလက်ရရှိရန် အလွန်ခက်ခဲစေပြီး ထိုဥပဒေကို ချိုးဖောက်ပါက ကြီးလေးသောအပြစ်ဒဏ်သင့်သည့်ဘေးကလည်း ရှိနေပြန်သည်။

၁၄.၃.၂ သဘာဝပတ်ဝန်းကျင်ရေးရာ ဆုံးဖြတ်ချက်များတွင် ပြည်သူတို့ ပါဝင်ပိုင်ခွင့်

သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးအတွက် စီမံကိန်းများအား စည်းကမ်းထိန်းသိမ်းရေး

ပြည်သူတို့အနေဖြင့် သဘာဝပတ်ဝန်းကျင်ရေးရာ အဆုံးအဖြတ်များတွင် နည်းလမ်းများစွာဖြင့် ပါဝင်နိုင်ကြသည်။ အများဆုံးတွေ့ရသော နည်းလမ်းနှစ်ခုမှာ သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးအတွက် စီမံကိန်းများကို စည်းကမ်းထိန်းသိမ်းရေး အပိုင်း (ရံဖန်ရံခါတွင် မြို့ပြနှင့် ကျေးလက်စီမံကိန်းများ စည်းကမ်းထိမ်းသိမ်းရေးဟုလည်း ခေါ်တွင်) နှင့် သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု ဆန်းစစ်ချက်ဆိုင်ရာ စည်းကမ်းပိုင်းများတွင် ပြည်သူတို့ ပူးပေါင်းပါဝင်နိုင်သည်။ မြို့ပြနှင့်ကျေးလက်စီမံကိန်းများ ဆောင်ရွက်ရာတွင် မြို့ကြီးမြို့ငယ်တို့၏ အနာဂတ်ကို အပြောင်းအလဲဖြစ်စေမည့် စီမံကိန်းများကို အကြမ်းရေးဆွဲနေချိန်ကပင် ပြည်သူတို့ပါဝင်မှုကို ခွင့်ပြုကြရမည်။ တရားဥပဒေအရလည်း ပတ်ဝန်းကျင်တွင် လက်ငင်းဆိုးကျိုးများရှိနေလျှင် ပြည်သူတို့အနေဖြင့် စိုးရိမ်ပူပန်မှုများရှိလျှင် ဖွင့်ဟပြောဆိုနိုင်ရန်၊ ပြည်သူတို့သည် မကျေနပ်သော လက်ရှိ စီမံကိန်း၏ အစိတ်အပိုင်းများနှင့်ပတ်သက်ပြီး တောင်းဆိုမှုများကိုပြုလုပ်နိုင်ရန် အခွင့်အရေး ရှိရမည်။ ဥပမာ - လူနေအိမ်ခြေများအနီးတွင် ဓာတုပစ္စည်းစက်ရုံတည်ဆောက်ခြင်းကို ပြည်သူတို့ ကျေနပ်ခြင်းမရှိ ကန့်ကွက်ခြင်းမျိုးကိုဆိုလိုသည်။

စည်းကမ်းများ ထုတ်ပြန်ခြင်းအားဖြင့် အဆောက်အအုံများနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ မည်သည့်နေရာတွင်သာ ဆောင်ရွက်နိုင်သည်ကို ကန့်သတ်ကာ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုစည်းကမ်းများတွင် လူနေအိမ်ရာများ ရှိရာအရပ်တွင် ဆောက်လုပ်နိုင်သည့် စက်ရုံလုပ်ငန်း အရေအတွက်ကို ကန့်သတ်ခြင်းနှင့် အဆောက်အအုံများ၏အမြင့်နှင့် အရွယ်အစားကို စည်းကမ်းကြပ်မတ်ခြင်း စသည်တို့ကို အများဆုံးတွေ့ရသည်။

သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု ဆန်းစစ်ချက် (Environmental Impact Assessment)

ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခု၏ ပမာဏနှင့်အမျိုးအစားအလိုက် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို ခန့်မှန်းတွက်ဆထားသော အစီရင်ခံစာဖြစ်သည်။ ဥပမာ – စက်ရုံတစ်ရုံမှထွက်သော ညစ်ညမ်းမှုကြောင့် အနီးအနားတွင်ရှိသော သစ်တောများမည်မျှ ထိခိုက်မှုရှိမည်ကို ခန့်မှန်းတွက်ချက်ခြင်း (သို့မဟုတ်) ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုတာ သက်ရောက်မည့် ဆိုးကျိုးကို အနည်းဆုံးဖြစ်အောင် လျှော့ချရန် နည်းလမ်းများကို အကြံပြုခြင်း။

သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုဆန်းစစ်ချက် (EIA) ကို အဖြောင့်မတ်ဆုံးဆောင်ရွက်နိုင်ရန် ထိုစီမံကိန်းဆောက်လုပ်ရေးနှင့် မပတ်သက်သူများကို လုပ်ဆောင်စေခြင်းက အကောင်းဆုံးဖြစ်သည်။ ဤအစီရင်ခံစာတွင် လေထု၊ ရေထုနှင့် မြေယာများမည်သို့ ထိခိုက်နိုင်သည်ကို အသေးစိတ်စစ်ဆေးကြရသည်။ အချို့စီမံကိန်းများတွင် လူမှုဘဝအကျိုးသက်ရောက်မှု ဆန်းစစ်ချက်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုကိုပါ ထည့်သွင်း တွက်ချက်ကြရသည်။ သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုဆန်းစစ်ချက်ကို မည်သို့ ဆောင်ရွက်ရမည်ဟူ၍ ပုံသေကားကျ နည်းတစ်ခုကို သတ်မှတ်ရန်မှာ မဖြစ်နိုင်ပါ။ အခြေအနေများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူကြသောကြောင့်ဖြစ်သည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု ဖြစ်နိုင်ခြေ အတန်များသော သို့မဟုတ် ကြီးမားလှသော အချို့စီမံကိန်းကြီးများ၌ စီမံကိန်းကို ချမပေးမီကပင် EIA ကို ဆောင်ရွက်ရန်လိုအပ်ကြောင်း တရားဥပဒေအရ ပြဋ္ဌာန်းထားခြင်းမျိုးလည်း တွေ့ရှိနိုင်သည်။ ထို့ပြင် EIA အစီရင်ခံစာတစ်ခုတွင် သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုများအပြင် သက်ရောက်နိုင်ခြေရှိသည့် ဆိုးကျိုးများကို ထိုစီမံကိန်း ဆောက်လုပ်ဆဲ အချိန်နှင့် လုပ်ငန်းလည်ပတ်နေချိန်များတွင် လျှော့ချနိုင်သည့်နည်းလမ်းများကို ထည့်သွင်းရေးသားကြရသည်။ ထို့ပြင် EIA တစ်ခုကို ဆောင်ရွက်သောအခါ အများပြည်သူတို့ပါဝင်နိုင်သည့် အခြေအနေမျိုး ပါဝင်အောင် အားထုတ်ကြရမည်။ သို့ရာတွင် EIA တစ်ခုတည်း ဆောင်ရွက်ခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ကို ဘေးကင်းလုံခြုံစေမည်ဟု အာမခံနိုင်ခြင်းမရှိပါ။ အချို့စီမံကိန်းကြီးများတွင် ကုမ္ပဏီက EIA ဆောင်ရွက်သည့်အဖွဲ့ကို သတင်းအချက်အလက်များ ပေးသင့်သည်ကို မပေးဘဲ ထိန်ချန်ထားခြင်းများရှိခဲ့လျှင် နောက်ဆုံးတွင် ထိုဆန်းစစ်ချက်မှာ မမှန်မကန် အချက်အလက်များ ပါဝင်သွားနိုင်သည်။ သို့မဟုတ် ကုမ္ပဏီက မိမိတို့စီမံကိန်းက သက်ရောက်နိုင်သော

ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများကို အရှိအတိုင်း မတင်ပြရန် ညှိနှိုင်းနိုင်မည့် EIA ရေးသားသူများကိုသာ ခန့်ထားလိုက်ခြင်းမျိုး ဖြစ်ပေါ်တတ်သည်။ ထိုအခြေအနေ နှစ်မျိုးစလုံးမှာ စီမံကိန်းကြီးများဆောင်ရွက်စဉ် ပြည်သူတို့ဘေးကင်းရေးကိုရှေးရှုကာ ကြိုးကြပ်စစ်ဆေးမှုများရှိအောင် မစီမံထားလျှင် မည်မျှပင် EIA ရေးသားတင်ပြရန် ဥပဒေထုတ်ပြန်ထားသော်လည်း အချည်းနှီးပင်ဖြစ်မည်။

သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးအတွက် စီမံကိန်းများအား စည်းကမ်းထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု ဆန်းစစ်ချက်ထုတ်ပြန်ခြင်း လုပ်ငန်းနှစ်ခုစလုံးတွင် အများပြည်သူပါဝင်စေခြင်းဖြင့် လူ့အခွင့်အရေးကို မပျက်မကွက် စောင့်ရှောက်နိုင်သည်။ သို့သော် ပြည်သူတို့၏ပါဝင်မှု ထိရောက်စေရန်အတွက် ပါဝင်သည်ဆိုရုံမျှ မဟုတ်ဘဲ လေးလေးနက်နက် အဓိပ္ပာယ်ရှိစွာ ဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်သူတို့ဘက်က တုံ့ပြန်လာသည်များကို အလေးအနက်ထားစဉ်းစားပြီး အဆုံးအဖြတ်များကို ဆောင်ရွက်ကြရမည်။ တစ်နည်းဆိုရသော် ပြည်သူတို့၏ ဆိုစကားကို နားထောင်ခြင်းမှာ နားထောင်ရုံဖြင့်မပြီးဘဲ ဆိုင်ရာအာဏာပိုင်တို့က အရေးတယူစဉ်းစားမှသာ အဓိပ္ပာယ်ရှိသော နားထောင်ခြင်းဖြစ်မည်။ ထိုသို့ တလေးတစား ဆောင်ရွက်ခြင်း ဖြစ်ပေါ်လာရန်မှာ လုပ်ငန်းအစမှ အဆုံးတိုင်အောင် ပွင့်လင်းမြင်သာမှုရှိရမည်ဖြစ်ပြီး နောက်ဆုံး ဆုံးဖြတ်ချက်ချမှတ်သောအခါ ပြည်သူတို့၏အမြင်များကို မည်သို့ ထည့်သွင်းစဉ်းစားတုံ့ပြန်ထားသည်ကိုလည်း ထင်ရှားစွာ ပြသကြရမည်။ ဥပမာ - နောက်ဆုံးအဆင့် အစီရင်ခံစာတွင် အခန်းတစ်ခန်း သီးသန့်ထည့်သွင်းကာ ပြည်သူတို့၏အမြင်များကို ထည့်သွင်းတင်ပြကာ ထိုအမြင်များကို မည်သို့မည်ပုံ လက်ခံစဉ်းစားခဲ့သည်ဆိုသည်ကိုလည်းကောင်း၊ မည်သည့်အကြောင်းကြောင့် ငြင်းပယ်ခဲ့သည်ဆိုသည်ကိုလည်းကောင်း ဖော်ပြနိုင်သည်။ ထို့ပြင် ပြည်သူ့အသံကို နားထောင်သည်ဆိုရာဝယ် အများပြည်သူများ မခွဲမခြား အားလုံးပါဝင်နိုင်မှာသာ အမှန်တကယ် ပြည်သူများပါဝင်နိုင်ခြင်းဟု ခေါ်တွင်နိုင်မည်။ ဥပမာ - အဖြစ်အပျက် အတော်များများတွင် အမျိုးသမီးတို့၏ပါဝင်နိုင်ခွင့်မှာ ကန့်သတ်ခံရလေ့ရှိသည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းသော် အမျိုးသမီးတို့၏အခွင့်အရေးကို တစ်နည်းမဟုတ်တစ်နည်း ထိခိုက်လေ့ရှိသည်။ ကျေးလက်မှ အမျိုးသမီးများသည် ခွဲခြားဆက်ဆံခံရခြင်းကို သိသာစွာပင် ခံစားရလေ့ရှိကြောင်း၊ အကယ်၍ လယ်ယာလုပ်ငန်းများ သဘာဝပတ်ဝန်းကျင်ပျက်ပြုန်းမှုကြောင့် ထိခိုက်ခဲ့လျှင် အမျိုးသမီးတို့၏ဘဝကို များစွာထိခိုက်နာကျင်စေကြောင်း အမျိုးသမီးများအား ခွဲခြားမှုအမျိုးမျိုး ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် CEDAW ၏ အပိုဒ် ၁၄ တွင် ဖော်ပြထားသည်။ ရေခပ်၊ ကောက်စိုက်နှင့် ကောက်ရိပ်အလုပ်များအပါအဝင် ပုံမှန်အားဖြင့် အမျိုးသမီးတို့ တာဝန်ယူရလေ့ရှိသော အလုပ်များအပေါ် သဘာဝပတ်ဝန်းကျင်အပြောင်းအလဲများ (ဥပမာ - ပတ်ဝန်းကျင်ညစ်ညမ်းမှု)က များစွာအကျိုးသက်ရောက်လေ့ရှိသည်။

ပြည်သူတို့ အမှန်တကယ် ပူးပေါင်းပါဝင်နိုင်သည့်အခြေအနေမှာ ပြည်သူတို့အနေဖြင့် အခြေအနေအရပ်ရပ်ကို စူးစမ်းနိုင်ရန်၊ လိုအပ်သည့် အချက်အလက်များကို သုတေသနပြု ရှာဖွေနိုင်ရန် လုံလောက်သည့်အချိန်ကိုမပေးဘဲ မဖြစ်နိုင်ပါ။ ၎င်းတို့လက်ဝယ်တွင် သတင်းအချက်အလက်များရှိမှသာ ၎င်းတို့အတွက် သင့်လျော်သည်ဟုယူဆသော အချက်များကိုလည်း အကြံပြုတင်ပြနိုင်ပါမည်။ ပြည်သူတို့ ပါဝင်ခွင့်ရစေသည့် အစီအစဉ်မှာလည်း သက်ဆိုင်ရာ စာရွက်စာတမ်းများကို ပြည်သူအများ နားလည်နိုင်အောင် ရေးသားထားသောပုံစံဖြင့် ရရှိစေမှသာ ပြည်သူတို့က

တကယ့် သတင်းအချက်အလက်ကို ရှင်းရှင်းလင်းလင်း သိရှိနိုင်မည် ဖြစ်ပါသည်။ မည်မျှပင် နည်းပညာပိုင်းဆိုင်ရာ အချက်အလက်များ ပါဝင်နေသည့်တိုင်အောင် ပြည်သူများကိုတင်ပြသော အခါ အရပ်သားနားလည်အောင် သင့်လျော်သော ဘာသာစကားဖြင့် သုံးနှုန်းတင်ပြရပါမည်။

အစိုးရများသည် စီမံကိန်းများဆောင်ရွက်ရာတွင် အများပြည်သူပါဝင်ခွင့်ကို အမှန်တကယ်မပေးဘဲ လီဆယ်ကာ ပါဝင်နိုင်သယောင်ပြုခြင်း၊ ပြည်သူတို့၏ ပါဝင်မှုကို ထိန်းချုပ်ကန့်သတ်ခြင်းများကို နည်းပေါင်းစုံဖြင့် ပြုလုပ်လေ့ရှိသည်။ ဥပမာ - မိမိတို့ စီစဉ်ထားသည့် ဖွံ့ဖြိုးရေးစီမံကိန်းကို လိုလားသော ပြည်သူများကိုသာဆွေးနွေးပွဲသို့ တက်ရောက်စေလျက် ထိုသူတို့၏အားပေးထောက်ခံသော အသံကိုသာ ထွက်ပေါ်လာအောင်ပြုပြီး အခြားသော စီမံကိန်းကို မကျေမနပ် ကန့်ကွက်နေကြသူတို့၏ အသံကို ဖုံးကွယ်နိုင်အောင်ကြိုးစားခြင်း။ အချို့သော စီမံကိန်းကြီးများတွင် အစိုးရသည် အများပြည်သူကို ဆွေးနွေးပွဲများသို့ မတက်ရောက်နိုင်အောင် လမ်းများကို ပိတ်ဆို့ထားခဲ့သည့် ဥပမာများလည်း ရှိခဲ့သည်။ ထိုနည်းတူပင် အများပြည်သူ ပါဝင်နိုင်သည့် အချိန်ကို မရမက နောက်ဆုတ်ထားပြီး ၎င်းတို့၏ တက်ရောက်ဆွေးနွေးမှုများ သဲထဲရေသွန်ဖြစ်လောက်သည့် မထိရောက်နိုင်သည့် ဆောက်လုပ်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်သည့် အချိန်ကျမှ ခွင့်ပြုခြင်းတို့ဖြစ်သည်။ အဆိုးဆုံးမှာ ပြည်သူက လုံးဝမသိရှိနိုင်၊ မပါဝင်နိုင်ဘဲ လုပ်ငန်းအကောင်အထည်ဖော်လိုက်ခြင်းပင်ဖြစ်သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

အများပြည်သူက အဓိဗွယ်ရှိစွာ ပါဝင်နိုင်ခြင်း

နိုင်ငံတစ်ခု၏ အစိုးရက ကျေးငှက်သာရကာနှင့် တောရိုင်းတိရစ္ဆာန်များဖြင့် နာမည်ကျော်သော မိုးသစ်တောများထဲတွင် အမျိုးသားဥယျာဉ်တစ်ခုကို တည်ဆောက်ရန် လိုလားလျက်ရှိသည်။ ထို စီမံကိန်းဧရိယာအနီးတဝိုက်ရှိ ကျေးရွာအများအပြားက ထိုစီမံကိန်း အကောင်အထည်ဖော်ဖြစ်လျှင် ခရီးသွားလုပ်ငန်းကြောင့် ဒေသစီးပွားရေးဖွံ့ဖြိုးရေးတိုးတက်လာမည်ဟု ယုံကြည်ပြီး ထိုစီမံကိန်းကို ထောက်ခံကြသည်။ သို့သော် သစ်တောဧရိယာအနီးတဝိုက်နှင့် စီမံကိန်းဧရိယာတစ်လျှောက် နေထိုင်ကြသော တောင်ပေါ်တိုင်းရင်းသားအုပ်စုအချို့က ၎င်းတို့၏ မြေယာများဆုံးရှုံးသွားပြီး အမဲလိုက်ခွင့်လည်း ပိတ်ပင်ခံရပြီး အသက်မွေးဝမ်းကျောင်းအခက်အခဲများ ကြုံလာမည်ကို စိုးရွံ့ကြသည်။ ပထမဆုံးအကြိမ်ကျင်းပသော အစိုးရကစီစဉ်သည့် ရပ်ရွာလူထုနှင့် တွေ့ဆုံသည့်ပွဲတွင် စီမံကိန်းကို လိုလားသော ကျေးရွာများအုပ်စုနှင့် ဌာနေတိုင်းရင်းသားများ ပါဝင်သော အဖွဲ့များ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ငြင်းခုံကြရင်း အဖြေမထွက်ဘဲ အစည်းအဝေး ပြီးဆုံးသွားခဲ့သည်။ ထိုတွေ့ဆုံပွဲအပြီးတွင် အစိုးရကဝတ္တရားရှိသည့်အတိုင်း ရပ်ရွာပြည်သူတို့ ပါဝင်ခွင့်ကို မိမိဘက်က ဖြည့်စွမ်းပြီးဖြစ်သည်ဟု ဆုံးဖြတ်လိုက်ကာ တောင်ပေါ်ဌာနေ တိုင်းရင်းသားရွာများကို နှင့်ထုတ်ကာ သစ်တောအား အမျိုးသားဥယျာဉ်အဖြစ် အသွင်ပြောင်းခြင်းကို စတင်ဆောင်ရွက်တော့သည်။

မေးခွန်းများ

- အစိုးရသည် အများပြည်သူတို့ ပါဝင်နိုင်ခွင့်ကို ဝတ္တရားကျေပွန်စွာ ဆောင်ရွက်ပေးခဲ့ပါသလား။
- အကယ်၍ စီမံကိန်းကိုလိုလားသော ရွာသားများအရေအတွက်မှာ တောင်ပေါ်တိုင်းရင်းသားအရေအတွက်၏ ငါးဆမျှ များနေခဲ့သောအဖြစ်အပျက်တွင် ရွာသားများ၏ အသံကိုသာ အစီရင်ခံစာက လက်ခံစဉ်းစားခဲ့လျှင် မျှတပြီး ဒီမိုကရေစီရှိရှိ ဆောင်ရွက်သောလုပ်ရပ်ဟု ထင်ပါသလား။
- ထိုအငြင်းပွားမှုကို ဖြေရှင်းပေးနိုင်သည့် အခြားသော အဖြေရှိပါသလား။

၁၄.၃.၃ တရားဥပဒေအရ အမှုရင်ဆိုင်ဖြေရှင်းနိုင်ခြင်း

သဘာဝပတ်ဝန်းကျင်ဆိုင်ရာအန္တရာယ်များ ထွက်ပေါ်လာနိုင်ခြေရှိသဖြင့် တရားရုံးကို ဦးတိုက်ဖြေရှင်းလိုလျှင်ဖြစ်စေ ထိုအန္တရာယ်များ ပေါ်ထွက်လာနိုင်ခြေကို အကြောင်းပြုသော အငြင်းပွားမှုများကို တရားဥပဒေ၏ရှေ့မှောက်တွင် ဖြေရှင်းနိုင်ခွင့်ရ မရ ဟူသော ကိစ္စမှာလည်း အရေးကြီးလှသည်။ တရားရုံးသို့ တက်ရောက်ဖြေရှင်းခွင့်ရှိ မရှိ ဆိုသည်ကို ဥပဒေစကားရပ်ဖြင့် locus standi ဟုခေါ်သည်။ ထိုသို့ရုံးတော်သို့ တင်ပြဖြေရှင်းနိုင်ရန် အဓိက အတားအဆီးမှာ အမှုဖွင့်သူက မိမိကိုယ်တိုင်သော်လည်းကောင်း၊ (သို့မဟုတ်) မိမိပိုင်ဆိုင်မှုတစ်ခုခုသည်လည်းကောင်း၊ မိမိ၏ စီးပွားရေးလုပ်ငန်းသည်လည်းကောင်း ထိခိုက်နစ်နာသွားရသည်ဟု တင်ပြရန် လိုအပ်ခြင်းပင်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် ထိုသို့ လူကို အနာတရဖြစ်မှု၊ ထိခိုက်နစ်နာရမှုများသည် လက်ငင်းထုတ်ဖော်ပြသရန် ရှင်းလင်းနေခြင်းမရှိဘဲ သစ်တောပြုန်းတီးမှုများဖြစ်စေ၊ ညစ်ညမ်းမှုများဖြစ်စေ ကာလကြာရှည်လာမှသာ အကျိုးဆက်များ ပေါ်ထွက်လာတတ်သောကြောင့်ဖြစ်သည်။ အချို့သောနေရာများတွင် တရားဥပဒေရှေ့မှောက် ရင်ဆိုင်နိုင်ခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ကျယ်ပြန့်ရန်များစွာ အရေးကြီးလှသည်။ နယူးဇီလန်နှင့် ဟော်လန်တို့တွင် သဘာဝပတ်ဝန်းကျင်ရေးရာ အဆုံးအဖြတ်များနှင့်ပတ်သက်၍ တရားရုံးသို့ တက်ရောက်နိုင်သည့် လူပုဂ္ဂိုလ်နှင့် အစုအဖွဲ့များကို အကြမ်းဖျင်းအားဖြင့် အမျိုးအစား သတ်မှတ်ထားသည်။ အိန္ဒိယအပါအဝင် အခြားနိုင်ငံများတွင်မူ သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်၍ ဖြေရှင်းနိုင်ရန် တိုက်ရိုက်နစ်နာသူ ကာယကံရှင်ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ အများကို ထိခိုက်သည့်ကိစ္စမှန်လျှင် မည်သူမဆို တရားရုံးသို့ တက်ရောက်ဖြေရှင်းခွင့်ရှိသည်။ အများပြည်သူအကျိုးအတွက် ကိုယ်စားပြု တရားစွဲဆိုခြင်း (Public Interest Litigation) ဟုခေါ်ဆိုသည်။ ထိုကဲ့သို့သော လုပ်ပိုင်ခွင့်မျိုးမှာ အရှေ့တောင်အာရှနိုင်ငံများတွင် မတွေ့ရပေ။ သို့ဖြစ်ရာ ပရဟိတ အကျိုးဆောင်လိုသည့် ရှေ့နေတစ်ဦးအနေဖြင့် အများပြည်သူအကျိုးအတွက် တရားရုံးသို့ နစ်နာသူများကိုယ်စား တရားစွဲဆိုနိုင်သည်။ ဥပမာ - အိန္ဒိယရှေ့နေတစ်ဦးဖြစ်သော အမ်စီမီထာ MC Mehta က ၁၉၈၀ ကျော်နှစ်များတွင် အများပြည်သူအကျိုးကို ကာကွယ်ရန်အလို့ငှာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသူများအား တရားစွဲသည့်အမှုများ ပေါ်ပေါက်ခဲ့သည်။ ထိုအမှုများတွင် ဂင်္ဂါမြစ်ရေညစ်ညမ်းခြင်း၊ တပ်ဂျ်မဟာဗိမာန်ကို သံထည်မှန်ထည် စက်ရုံများမှထွက်သော လေထုညစ်ညမ်းမှုများမှ ကာကွယ်ခြင်းတို့ ပါဝင်သည်။ ထို့ပြင် ခဲမာတ်ပါသော မာတ်ဆီများကို သုံးစွဲနေရခြင်းကို ဆန့်ကျင်ဆန္ဒပြခဲ့ရာ

တရားဥပဒေ၏ ရှေ့မှောက်တွင် အဆုံးအဖြတ်ကို ခံယူနိုင်ခြင်း (Locus Standi)

လက်တင်ဘာသာဖြင့် ရေးသားထားသော Locus Standi မှာ တရားရုံးတော်တွင် အမှုကိုတင်သွင်းစွဲချက်တင်ပိုင်ခွင့်ကို ဆိုလိုသည်။ တရားရုံးပေါင်းများစွာတွင်မူ တစ်စုံတစ်ယောက်ကို တရားစွဲဆိုနိုင်ရန်အတွက် ၎င်း၏ လုပ်ရပ်ကြောင့် မိမိတွင် နစ်နာချက်တစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့ကြောင်း တင်ပြနိုင်မှသာ အရေးယူပေးရန် တောင်းဆိုခွင့်ကို ရရှိနိုင်သည်။

အကျိုးဆက်မှာ ခဲမတ်မပါသော ဓာတ်ဆီကိုသာသုံးစွဲရန် မူဝါဒသစ်ချမှတ်ခဲ့ရသည်အထိ ထိရောက်ခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံအများစုတွင် တရားဥပဒေရှေ့မှောက်တွင် အဆုံးအဖြတ်ခံယူပိုင်ခွင့် (Locus Standi) အဓိပ္ပာယ်နှစ်ခွထွက်နေသည်များရှိသကဲ့သို့ မထိရောက်သည်များလည်းရှိသည်။ ယေဘုယျအားဖြင့် တွေ့ရသည်မှာ လူတစ်ဦးသည် သဘာဝပတ်ဝန်းကျင်ရေးရာတွင် တရားစွဲဆိုရန်မှာ သဘာဝပတ်ဝန်းကျင်ကိစ္စရပ်များတွင် ပါဝင်ပတ်သက်မှုမှာ သာမာန် နိုင်ငံသားတစ်ဦးထက်ပိုကြောင်း သက်သေပြရတတ်သည်။ ဥပမာ - တောရိုင်းတိရစ္ဆာန်များကို ကာကွယ်ရေး၊ ညစ်ညမ်းမှုကို ဆန့်ကျင်ရေးတို့ကို ဆောင်ရွက်နေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ NGO တစ်ခုက တရားစွဲဆိုရန် ပို၍အားသာချက်ရှိခြင်းပင်ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သော ဖိလစ်ပိုင်ရှိ Minors Opasa နှင့် Factoran တို့အမှုတွင် တရားရုံးတော်ရှေ့မှောက်သို့ အနာဂတ်မျိုးဆက်သစ်များကိုယ်စား တရားစွဲဆိုခဲ့ခြင်းကို ဗဟိုတရားရုံးချုပ်က လက်ခံခဲ့သည်။ ထိုအမှုတွင် ပြည်သူတို့က သစ်တောများပြုန်းတီးလာခြင်းသည် အနာဂတ်မျိုးဆက်များအနေဖြင့် သစ်တောနှင့် ထိစပ်နေထိုင်ခွင့်၊ သစ်တောကိုအသုံးချခွင့်များကို ချိုးဖောက်နေသည်ဖြစ်ရာ အနာဂတ်မျိုးဆက်တို့အနေဖြင့် တရားရုံးတော်၏ ရှေ့မှောက်တွင် အဆုံးအဖြတ်ခံယူပိုင်ခွင့်ရှိသည်ဟု အရေးဆိုခဲ့ကြသည်။ ဗဟိုတရားရုံးကလည်း သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခွင့်မှာ လူ့အခွင့်အရေးဖြစ်သည်ဆိုသော အဆိုကို အလေးထားလျက် သစ်တောများပြုန်းတီးခြင်းကြောင့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်နိုင်ကြောင်းကို အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့သည်။

> ယခုတိုင်ကြားလာသောကိစ္စမှာ လူတစ်စုနှင့်သာမဟုတ်ဘဲ ဖိလစ်ပိုင်ပြည်သူ အားလုံး၏အကျိုးကို ကိုယ်စားပြုသော အများနှင့်သက်ဆိုင်သောကိစ္စတစ်ခုဖြစ်သည်။ သို့ဖြစ်ရာ ဤအမှုနှင့်သက်ဆိုင်သူများစွာပင်ရှိလေရာ ဖိလစ်ပိုင်ပြည်သူအားလုံးကို ရုံးတော်သို့ ဆင့်ခေါ်ရန်မှာ လက်တွေ့မကျသလို ဖြစ်လည်းမဖြစ်နိုင်ပါ။ တရားမျှတပြီး ကောင်းမွန်သော ဂေဟစနစ်ကို ဆက်ခံပိုင်ခွင့်ရရှိရေးမှာ မျိုးဆက်တစ်ခုက မိမိ၏အနာဂတ်မျိုးဆက်အတွက် ထမ်းဆောင်ရမည့်ဝတ္တရားဖြစ်သည်ဟူသော အချက်ပေါ်တွင်မူတည်၍ နောင်လာမည့် မျိုးဆက်ကို ကိုယ်စားပြုရန်အတွက်သာ အမှုဖွင့်လိုသူက ရုံးတော်တွင် တရားစွဲဆိုနိုင်မည်ဖြစ်သည်။

အရှေ့တောင်အာရှရှိနိုင်ငံများစွာမှာ ဖိလစ်ပိုင်နိုင်ငံကဲ့သို့ တိုးတက်သောအမြင်ဖြင့် တရားဥပဒေရှေ့မှောက်တွင် အဆုံးအဖြတ်ခံယူပိုင်ခွင့် (Locus Standi)ကို ကျင့်သုံးခွင့်ပြုထားခြင်း မရှိပေ။ ဥပမာ - မလေးရှားနိုင်ငံသည် Locus Standi ကိုကျင့်သုံးရာတွင် များစွာတင်းကျပ်လှသည်။ လိုရင်းကိုဆိုရသော် ထိုနိုင်ငံများတွင် တစ်စုံတစ်ယောက်သည် မိမိကိုယ်တိုင် ထိခိုက်နာကျင်ရခြင်း (သို့မဟုတ်) ငွေကြေးအားဖြင့် ဆုံးရှုံးရခြင်းရှိမှသာလျှင် တရားရုံးက အမှုကို လက်ခံစစ်ဆေးပေးသည်။ ထိုသို့တရားစွဲဆိုခွင့်ကို တင်းကျပ်စွာ ထိန်းချုပ်ထားသောအခါ အချို့သော လူအုပ်စုများသည် မိမိတို့ မကျေနပ်ချက်ကိုဖွင့်ဟရန် လမ်းပေါ်တွင်ဆန္ဒပြခြင်း အစရှိသည့် အခြားသောနည်းလမ်းများကို ရွေးချယ်ကြရသည်။ အချို့သော ဆန္ဒပြဆန့်ကျင်မှုများမှာ တစ်ကမ္ဘာလုံး၏ အာရုံစိုက်မှုကို ရရှိခဲ့ရာ မြန်မာနိုင်ငံရှိ လက်ပံတောင်းကြေးနီစီမံကိန်းနှင့် ထိုင်းနိုင်ငံရှိ ပတ်မုန်းဆည်တို့မှာ ထိုကဲ့သို့သော ဆန္ဒပြပွဲများ ဖြစ်ကြသည်။

သာဓက

အရှေ့တောင်အာရှရှိ သဘာဝပတ်ဝန်းကျင်အရေး ဆန္ဒပြဆန့်ကျင်မှုများ

လက်ပံတောင်းကြေးနီစီမံကိန်း - မြန်မာနိုင်ငံ

၁၉၉၆ ခုနှစ်ကတည်းကပင် စတင်ဖွင့်လှစ်ခဲ့သော ကြေးနီစီမံကိန်းသည် ရွာပေါင်း ၂၆ ရွာနှင့် လူပေါင်း ၂၅၀၀ ခန့်ကို အိုးမဲ့အိမ်မဲ့ဖြစ်စေခဲ့သည်။ ထိခိုက်ခံစားရသူမည်မျှရှိကြောင်း ကိန်းဂဏန်း အရေအတွက်မှာ အစိုးရ၊ ကုမ္ပဏီနှင့် ရွာသားများကြားတွင် အငြင်းပွားနေဆဲဖြစ်သည်။ ရွာသားများစွာက စီမံကိန်းမှ လျော်ကြေးအလုံအလောက်မပေးသည့်အပြင် ထိုစီမံကိန်းမှ ထွက်ပေါ်လာသော ညစ်ညမ်းမှုများကလည်း ရွာရှိလယ်ယာမြေများကို ပျက်စီးစေသည်ဟု ပြောဆိုကြသည်။ ရွာသားတို့၏ ဆန္ဒပြမှုများသည် နှစ်အတန်ငယ်ပင် ကြာလာခဲ့ပြီဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် အစိုးရ၏ ကြမ်းတမ်းစွာ နှိမ်နင်းမှုကိုခံခဲ့ရကာ လူပေါင်းတစ်ရာကျော် ဆေးရုံရောက်ခဲ့ရသည်။ ၂၀၁၄ ခုနှစ်တွင် ဆန္ဒပြသူအမျိုးသမီးကြီးတစ်ဦးကို သေနတ်ထိမှန်ကာ သေဆုံးခဲ့ရသည်။ ဆန္ဒပြများကြောင့် လက်ပံတောင်းကြေးနီစီမံကိန်း လုပ်ငန်းဆောင်ရွက်မှုကို အစိုးရက လွှတ်တော်တွင် ကော်မတီဖွဲ့ စုံစမ်းစစ်ဆေးရန် အစီအစဉ်ပေါ်ထွက်လာခဲ့သော်လည်း နောက်ဆုံးတွင် ကြေးနီတူးဖော်မှုကို ဆက်လက်ဆောင်ရွက်သင့်ကြောင်း ဆုံးဖြတ်ပေးခဲ့သည်။

ပတ်မုန်းဆည် - ထိုင်းနိုင်ငံ

၁၉၉၄ ခုနှစ်တွင် ပြီးစီးခဲ့သော ဆည်ဖြစ်ပြီး မြစ်ကြောင်းတစ်လျှောက် ဖြစ်ပျက်လာမည်ကို စိုးရိမ်ခဲ့ကြသည့် အကျိုးဆက်များနှင့် ရေသတ္တဝါများနှင့် တောရိုင်းတိရိစ္ဆာန်များအပေါ် ကျရောက်လာမည့်ပြဿနာများမှာ ထင်ခဲ့ကြသလိုပင် မှန်ကန်လာခဲ့သည်။ ငါးဖမ်းမရတော့ခြင်းနှင့် လျော်ကြေးငွေ လုံလောက်အောင် မပေးအပ်ခြင်းတို့ကြောင့် လူပေါင်း ၂၀၀၀၀ခန့် တိုက်ရိုက်ထိခိုက်ခံစားရသည်ဟု ဆိုကြသည်။ ထို့ပြင် ပတ်မုန်းဆည်မှ မူလရည်ရွယ်ထားသည့် လျှပ်စစ်မောတော်အားပမာဏကိုမည်သည့်အခါကမျှ မထုတ်လုပ်နိုင်ခဲ့ပါ။ ဆန္ဒပြသူတို့က နှစ်ပေါင်းများစွာပင် ဆက်လက် ဆန္ဒပြခဲ့ကြပြီး ၁၉၉၉ ခုနှစ်တွင် ဆည်ဆောက်လုပ်ထားသောနေရာနှင့် ဘန်ကောက်တွင် လူစုဝေးခဲ့ရာ ဆည်ဆောက်လုပ်ရာနေရာတွင် ရွာသားပေါင်း ငါးထောင်ကျော် စုဝေးခဲ့ကြပြီး ဆောက်လုပ်ရေးဧရိယာ အချို့ကိုသိမ်းပိုက်ကာ သက်ရှည်ကျန်းမာ မုန်းမြစ်ကျေးရွာ အမှတ်(၁)ကို တည်ခဲ့ကြသည်။ ထိုအချိန်မှစကာ ပြောင်းရွှေ့နေရာချခံရသူများကို လျော်ကြေးများပေးအပ်ခဲ့ကြသော်လည်း ဆည်ရေတံခါးကိုဖွင့်ပေးပြီး မြစ်ကိုစီးဆင်းခွင့်ပြုရန်၊ ငါးများ ယခင်ကဲ့သို့ ပြန်လည်ရောက်ရှိလာစေရေး ဆောင်ရွက်ပေးရန် တောင်းဆိုချက်များ ပေါ်ထွက်နေဆဲဖြစ်သည်။

လူသားတစ်ဦးအနေဖြင့် ရသင့်ရထိုက်သောအခွင့်အရေးဟု သတ်မှတ်ထားသောကြောင့်ဖြစ်စေ၊ တရားဥပဒေအရ ပြဋ္ဌာန်းပေးအပ်ထားသောကြောင့်ဖြစ်စေ၊ သန့်ရှင်းသော ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခြင်းမှာ လူ့အခွင့်အရေးတစ်ရပ်အဖြစ် တည်ရှိလာခဲ့ကြောင်း နားလည်ဖို့ရာ ထိုနှစ်ခုစလုံးပင် အရေးကြီးသည်။ ဖော်ပြခဲ့ပြီးသော အခန်း ၁၃ ပါ လူ့အခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်းများအကြောင်းတွင် ဆွေးနွေးခဲ့သကဲ့သို့ပင် သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်ရေးကို

ဥပဒေဘောင်အတွင်း ထည့်သွင်းစဉ်းစားလာခဲ့ကြသည်မှာ အတော်ပင် ခရီးရောက်ခဲ့ပြီဖြစ်သည်။ သို့သော်လည်း ပန်းတိုင်သို့ရောက်ခဲ့ပြီဟု မဆိုနိုင်ပေ။ လုပ်ထုံးလုပ်နည်းများအရ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်နိုင်သည့် နည်းလမ်းများ တဖြည်းဖြည်းပေါ်ထွန်းလာခဲ့သည့်တိုင်အောင် လူအခွင့်အရေး အကာအကွယ်ပေးသူများသည် သဘာဝပတ်ဝန်းကျင်နှင့် ပတ်ဝန်းကျင်ကို မှီခိုဆက်စပ်ကာ ဖြစ်ပေါ်လာသော လူအခွင့်အရေးများကို စောင့်ရှောက်ရန် ဆက်လက်၍နည်းလမ်းသစ်များကိုရှာဖွေကာ ဆောင်ရွက်နေကြဆဲဖြစ်သည်။

၁၄.၄ ဘေးကင်းသော၊ သန့်ရှင်းသော၊ ကျန်းမာရေးနှင့်ညီညွတ်သော၊ ရေရှည်ခံသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့် အခွင့်အရေး

သန့်ရှင်းသောသဘာဝပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့်ဆိုသောစကားရပ်ကို ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိ John Knox က စတင်သုံးစွဲခဲ့သည်။ ၎င်းမှာ လက်ရှိကျင့်သုံးနေသော လူအခွင့်အရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးရသည့် တာဝန်များကို ပြန်လည်သုံးသပ်ကာ ပိုမိုအလေးထားရန် လိုအပ်နေသေးသော ကိစ္စများကို မီးမောင်းထိုးပြခဲ့သည်။ နိုင်ငံတော်သည် နိုင်ငံသားတို့အတွက် ဘေးကင်းသော၊ သန့်ရှင်းသော၊ ကျန်းမာရေးနှင့်ညီညွတ်သော၊ ရေရှည်ခံသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့် အခွင့်အရေးရရှိအောင် ဆောင်ရွက်ရန်တာဝန်ရှိသည် ဟူသောအချက်ကို အလေးအနက် ပြောဆိုခဲ့သူလည်း ဖြစ်သည်။ ၎င်းက သဘာဝပတ်ဝန်းကျင်တွင် ရင်ဆိုင်ရသော အန္တရာယ်များကြောင့် လူအခွင့်အရေးများ ခြိမ်းခြောက်ခံရသည်ဆိုသောအချက်ကို များပြားလှစွာသော သက်သေ သာဓကများက ပြသခဲ့ပြီးဖြစ်ရာ သဘာဝပတ်ဝန်းကျင်နှင့် လူအခွင့်အရေးတို့ အညမည ရပ်တည်နေသော သဘောကိုလည်း ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိက အသိအမှတ်ပြုခဲ့သည်။ ထို့ပြင် ကုသမဂ္ဂအဖွဲ့အစည်းများနှင့်နိုင်ငံများအားလုံးကလည်း သဘာဝပတ်ဝန်းကျင်ပျက်ယွင်းမှုကြောင့် လူအခွင့်အရေး ချိုးဖောက်ခံရမှုများ ပုံစံမျိုးစုံဖြင့် ပေါ်ပေါက်တတ်ကြောင်းကို နားလည်ထားပြီးဖြစ်သောကြောင့် နိုင်ငံတော်မည်သည် ထိုသဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူအခွင့်အရေးကိစ္စများကို ဖြေရှင်းပေးရန် တာဝန်ရှိသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကုလသမဂ္ဂအထူးစုံစမ်းစစ်ဆေးရေးအရာရှိ၏ လုပ်ပိုင်ခွင့်များတွင် သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ကို လူသားတို့၏ မွေးရာပါအခွင့်အရေးအဖြစ် စောင့်ရှောက်ပေးရန် လုပ်ငန်းများကိုသာမက တရားဥပဒေပြဋ္ဌာန်းကာ အကာအကွယ်ပေးထားသော အခွင့်အရေးများကိုပါ စောင့်ရှောက်ပေးသည့်လုပ်ငန်းများကို စစ်ဆေးရန် တာဝန်ရှိသည်။ ၎င်း၏ လုပ်ငန်းဘောင် သတ်မှတ်ချက်များသည်လည်း တဖြည်းဖြည်း ကျယ်ပြန့်လာခဲ့သည်။

မှတ်သားဖွယ်ရာ

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်များနှင့်ပတ်သက်၍ နိုင်ငံတော်ကဆောင်ရွက်ပေးသင့်သည်များ

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကုလသမဂ္ဂအထူး စုံစမ်းစစ်ဆေးရေးအရာရှိက ဖော်ထုတ်ခဲ့သော နိုင်ငံတော်၏ ပတ်ဝန်းကျင်ဆိုင်ရာ လူအခွင့်အရေးကို စောင့်ရှောက်ရန်တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

မွေးရာပါ လူ့အခွင့်အရေးအရ သန့်ရှင်းသော ပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့်ကို စောင့်ရှောက်ရန် နိုင်ငံတော်၏တာဝန်များ

နိုင်ငံတော်သည် လူ့အခွင့်အရေးရရှိနေသည့် အခြေအနေကို ပျက်ပြားစေသည့် သဘာဝ ပတ်ဝန်းကျင်ပြဿနာများ မပေါ်ပေါက်ရလေအောင် တရားဥပဒေများ ထုတ်ပြန်ပေးရမည်။ ဥပမာအားဖြင့် ရေနှင့်လေ အရည်အသွေးကို ထိန်းချုပ်သော ဥပဒေ၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို တားဆီးနိုင်သည့်နည်းလမ်းများကို ကွပ်ကဲသော ဥပဒေအစရှိသည့် ဥပဒေများကို ပြဋ္ဌာန်းပေးရမည်။

သန့်ရှင်းသော ပတ်ဝန်းကျင်တွင်နေထိုင်ပိုင်ခွင့်ကို တရားဥပဒေဘောင်အတွင်းမှ လုပ်ထုံးလုပ်နည်းများဖြင့် အကာအကွယ်ပေးရန် တာဝန်များ

နိုင်ငံတော်အနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်။

(က) သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု ဆန်းစစ်ချက်များကို ဆောင်ရွက်ရန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များကို အများပြည်သူသို့ ထုတ်ပြန်ပေးရန်

(ခ) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်ခွင့်တို့ကို အခြေခံလျက် သဘာဝပတ်ဝန်းကျင် ဆိုင်ရာဆုံးဖြတ်ချက်များချမှတ်ရာတွင် အများပြည်သူ ပါဝင်ခွင့်ရစေခြင်း

(ဂ) သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် ထိခိုက်ခံစားရသူများအတွက် အရေးယူဆောင်ရွက်ပေးရန်

အခြားတာဝန်ဝတ္တရားများ

- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဆုံးအဖြတ်များတွင် အများပြည်သူတို့ ပါဝင်နိုင်မှုအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးခြင်း
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူအတွက် ထုတ်ပြန်ပေးခြင်း
- ပြည်သူတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခွင့်ကို မထိပါးရန်
- တရားဥပဒေရှေ့မှောက် အဆုံးအဖြတ်ခံယူခွင့်ပေးရန်
- နိုင်ငံမဟုတ်သည့်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့်ပတ်သက်သော ဆောင်ရွက်ဖွယ်များကို ဆောင်ရွက်ရန်
- အားနည်းချိနဲ့သည့် လူအသိုက်အမြုံများအတွက် တာဝန်ရှိသည်များကို ဆောင်ရွက်ပေးရန်
- နယ်စပ်ဖြတ်ကျော်ဖြစ်ပွားသည့် သဘာဝပတ်ဝန်းကျင် အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းပေးရန်

Knox က တင်ပြခဲ့သော လူသားတစ်ဦး၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မွေးရာပါအခွင့်အရေးကို အကာအကွယ်ပေးရန် နိုင်ငံတော်၏တာဝန်များတွင် လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို ထိန်းသိမ်းစောင့်ရှောက်ပေးရန်၊ သဘာဝပတ်ဝန်းကျင် ဘေးဆိုးများကြောင့် ထိလွတ်လပ်ခွင့်များ လျော့ပါးမသွားအောင် ဆောင်ရွက်ရန်ပါဝင်သည်။ နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို အကာအကွယ်ပေးရန်နှင့် အခြားခေါင်းစဉ်များဖြင့်ရှိသော လူ့အခွင့်အရေးများကို ညီတူမျှတူ စောင့်ရှောက်ခြင်းလည်းရှိရမည်။ လူတစ်ဦးချင်းသည် မိမိ၏ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် အခွင့်အရေးရှိကြောင်း ထုတ်ဖော်ပြသနိုင်သကဲ့သို့ပင် နိုင်ငံတော်သည်လည်း သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးများသက်ရောက်စေသည့် စီမံကိန်းများကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများ မဖြစ်ပေါ်ရအောင် အကာအကွယ်ပေးရန် တာဝန်ရှိသည်။ ၂၀၁၄ ခုနှစ်တွင် ရီယိုကြေညာချက်တွင် ပါဝင်လက်မှတ်ရေးထိုးထားသည့်နိုင်ငံများနှင့် ကျင်းပသော အစည်းအဝေးတစ်ရပ်တွင် Knox က ဤသို့ရှင်းပြခဲ့သည်။

သဘာဝပတ်ဝန်းကျင်တွင် ဘေးအန္တရာယ်ကျရောက်ခြင်းကြောင့် လူ့အခွင့်အရေး ဆုံးရှုံးရခြင်းမှ အကာအကွယ်ပေးရန် နိုင်ငံတိုင်းက တာဝန်ရှိသည်ဟုဆိုသော်လည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမည့် အခြားသောလုပ်ငန်းဆောင်တာများအားလုံးကို ရပ်ပစ်လိုက်ရန်လိုသည်ဟု မဆိုလိုပါ။ နိုင်ငံတော်အနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကို ဆောင်ရွက်နေသည်နှင့်တစ်ပြိုင်နက်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားသော လူ့အခွင့်အရေးများကို အကာအကွယ်ပေးခြင်းအစရှိသည့် နိုင်ငံတော်အတွက် အရေးကြီးသော ကိစ္စများကိုလည်း အချိုးညီညီ ဆောင်ရွက်ရပါမည်။ တစ်ဖက်ကိုဦးစားပေးရင်း တစ်ဖက်က ဟာကွက်ဖြစ်သွားခြင်းမျိုးမဖြစ်စေဘဲ အကြောင်းတရားခိုင်လုံခြင်းမရှိ၊ လူ့အခွင့်အရေးကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်တော့မည်ဟုသိနေသည့် လုပ်ရပ်မျိုး ဖြစ်ပေါ်လာခြင်းမရှိအောင် ဆောင်ရွက်ကြရမည်။ တိကျစွာဆိုရသော် နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ဘေးဆိုးများ မပေါ်ပေါက်လာရအောင် တရားဥပဒေအရ စောင့်ရှောက်ရန်တာဝန်ရှိသည်။ ထိုတာဝန်များတွင် ကော်ပိုရေးရှင်းကြီးများ၊ နိုင်ငံတော်နှင့် နိုင်ငံတော်မဟုတ်သော အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များကြောင့်ဖြစ်ရသော သဘာဝပတ်ဝန်းကျင်ဘေးဆိုးများမှ ကာကွယ်ပေးရန်လည်းပါဝင်သည်။

ဤနေရာတွင် အရေးကြီးသော အချက်နှစ်ခုပါဝင်သည်။ ပထမအချက်မှာ နိုင်ငံဖွံ့ဖြိုးရေးမှာ မဖြစ်မနေဆောင်ရွက်ရမည့်ကိစ္စဖြစ်သော်လည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ တစ်ဆက်တည်းဖြစ်ပေါ်လာလျှင် ထိုသဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို လျှော့ချသင့်သည်။ ဒုတိယအချက်မှာ နိုင်ငံတော်ကသာ ကော်ပိုရေးရှင်းကြီးများ၏ လုပ်ရပ်ကိုစောင့်ကြည့်ပြီး ၎င်းတို့ကြောင့်ဖြစ်ပေါ်လာသည့် ဆိုးကျိုးများကို လျှော့ချပစ်ရန် တာဝန်ယူထားရသော်လည်း ထိုတာဝန်ကို ပုဂ္ဂလိကကဏ္ဍနှင့် ကော်ပိုရေးရှင်းကြီးများထံသို့လည်း ဝေမျှပေးသင့်ကြောင်းပင်ဖြစ်သည်။

တရားဥပဒေအရ အစိုးရက လူ့အခွင့်အရေးကို အကာအကွယ်ပေးသောအခါ အစိုးရသည်ပြည်သူ၏ အသိအမြင်နိုးကြားလာအောင်၊ ပြည်သူတို့ ပါဝင်မှုရှိလာအောင်၊ တရားဥပဒေလုပ်ထုံးလုပ်နည်းများကို ပြည်သူတို့ လက်လှမ်းမီနိုင်အောင် ဆောင်ရွက်ပေးရမည်။ ထိုသို့ ဆောင်ရွက်ရာတွင်

အစိုးရအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို ဆန်းစစ်သည့် လေ့လာမှုများဆောင်ရွက်ခြင်း၊ ပြည်သူလူထု ပါဝင်နိုင်ရန်အတွက် စီစဉ်ပေးခြင်း၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်များ ခံစားနေရသည့် လူပုဂ္ဂိုလ်နှင့် ရပ်ရွာအသိုက်အမြုံများအတွက် သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများပြုလုပ်ပေးရန် အစရှိသည်တို့ ပါဝင်မည်။ ဘေးကင်းသော၊ သန့်ရှင်းသော၊ ကျန်းမာရေးနှင့်ညီညွတ်သော၊ ရေရှည်ခံသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့် Right to a Safe, Clean, Healthy, and Sustainable Environment (SCHS) နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးများနှင့် အပြန်အလှန်ပင် ဆက်စပ်နေကြသည်။ အထူးသဖြင့် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများ စာချုပ်ပါ အပိုဒ် (၁၉)နှင့် နစ်နာမှုများအတွက် ပြန်လည်တောင်းဆိုပိုင်ခွင့် (SCHS) ၏ အပိုဒ်(၂. ၃) တို့ဖြစ်ကြသည်။ သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် တရားဥပဒေလုပ်ထုံးလုပ်နည်းများဖြင့် စာတွေ့၊ လက်တွေ့ လူအခွင့်အရေးကို အကာအကွယ်ပေးခြင်းမှာလည်း ခိုင်မာစွာ တွင်ကျယ်လာခဲ့သည်။

သို့ရာတွင် လူအခွင့်အရေးကိုစောင့်ရှောက်ရန် နောက်ထပ် လုပ်ဆောင်စရာများတွင် အစိုးရ မျက်ခြည်ပြတ်သည့် ယိုပေါက်များ ရှိနေဆဲဖြစ်ရာ ပြည်သူတို့၏အခွင့်အရေးများမှာ ပြည့်ဝစွာ အကာအကွယ်ရသည်ဟု မဆိုနိုင်ပါ။ မည်သို့ပင်ဖြစ်စေ ပုဂ္ဂလိကကဏ္ဍတွင် ဖြစ်ပေါ်နေသော လူအခွင့်အရေး ချိုးဖောက်မှုများကို ထိန်းသိမ်းရန်နှင့် လုပ်ငန်းရှင်များ၏ တာဝန်ခံမှုရှိလာစေရန် အတွက် လမ်းညွှန်ချက်များနှင့် အခြားစည်းကမ်းပိုင်းဆိုင်ရာ အစီအမံများ ပေါ်ထွက်လာခဲ့သည်။ ထို့ပြင် နိုင်ငံတစ်ခုမှ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာပြီး အိမ်နီးချင်းများကို ဆိုးကျိုးများပေးနေသော ညစ်ညမ်းမှုများကို ဒေသတွင်း ညှိနှိုင်းကိုင်တွယ်ဖြေရှင်းရန်လည်း ကတိကဝတ်ထားရှိမှုများ ပေါ်ပေါက်လာကြသည်။ အရှေ့တောင်အာရှ မီးခိုးမြူပြဿနာနှင့် ဆည်တည်ဆောက်ခြင်းတို့မှာ နယ်စပ်ဖြတ်ကျော် ပြဿနာများတွင်ပါဝင်ကြသည်။ ဥပမာ - အရှေ့တောင်အာရှ မီးခိုးမြူပြဿနာကြောင့် မလေးရှားနှင့် စင်ကာပူရှိကလေးများကျောင်းမသွားနိုင်ဘဲဖြစ်ကြရခြင်း၊ ဖျားနာခြင်းတို့ကို ဖြစ်ပေါ်စေသည်။ အကယ်၍ အိမ်နီးချင်းနိုင်ငံမှလာသော သဘာဝဘေးအန္တရာယ်ကြောင့် မိမိနိုင်ငံသားများ၏အခွင့်အရေးကို အစိုးရက အကာအကွယ်မပေးနိုင်တော့သောအခါမျိုးတွင် နယ်စပ်ဖြတ်ကျော်ဖြစ်ပွားသော ကိစ္စရပ်များအတွက် ဖြေရှင်းရန် သဘောတူညီထားသော အိမ်နီးချင်းတို့နှင့် ရေးထိုးထားသော စာချုပ်စာတမ်းများကို အသုံးပြုသင့်ကြောင်း Knox က ဆိုသည်။

သာဓက

အရှေ့တောင်အာရှ မီးခိုးမြူ ပြဿနာ

မီးခိုးမြူပြဿနာမှာ စိုက်ခင်းများကို ပြင်ဆင်ခြိန်တွင် မီးရှို့ရာမှ နှစ်စဉ် ဩဂုတ်လနှင့် စက်တင်ဘာတစ်ဝိုက်တွင် ဖြစ်ပွားလေ့ရှိသည်။ မြေကို လာမည့်စိုက်ပျိုးရာသီအတွက် အသုံးပြုရန် မြေပြင်ခြိန်တွင် အကုန်အကျအသက်သာဆုံး နည်းလမ်းမှာ မီးရှို့ခြင်းပင်ဖြစ်သည်။ ယခင်ကမူ ဆီအုန်းခြံများနှင့် တောခြောက်များက မီးလောင်မှု၏အကြောင်းရင်းဟု ယူဆခဲ့ကြသော်လည်း မကြားသေးခင်က ပြုလုပ်ခဲ့သော သုတေသနများအရ ပုံမှန်စိုက်ပျိုးရာသီအတွက် မြေပြင်ရန် မီးရှို့ခြင်း၊ သစ်တောမြေများ အပါအဝင် အခြားမြေယာများပိုင်ဆိုင်မှု အငြင်းပွားနေသည်များကိုဖြေရှင်းရန် အစရှိသည့် အခြားသောအကြောင်းရင်းများကလည်း မီးလောင်မှုကိုဖြစ်ပွားစေကြောင်း တွေ့ရှိခဲ့ရသည်။ ထို့ပြင်

မီးလောင်ပြင်များဖြစ်ပွားရာ အင်ဒိုနီးရှားနိုင်ငံတွင်လည်း အစိုးရမီးသတ်တပ်ဖွဲ့များ ထိရောက်စွာ မဆောင်ရွက်နိုင်ခြင်းမှာလည်း အကြောင်းတစ်ခုဖြစ်သည်။ မီးလောင်မှုများ အများဆုံးဖြစ်ပေါ်ရာ နေရာမှာ အင်ဒိုနီးရှားဖြစ်သော်လည်း မလေးရှားသည်လည်း လက်သည်တစ်ဦးပင် ဖြစ်သည်။ မီးလောင်လျှင် အကျိုးသက်ရောက်မှု အများဆုံးကို ခံရသောနိုင်ငံများတွင် မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်းဒါရူဆလင်နှင့် အင်ဒိုနီးရှားတို့မှာ ပုံမှန်ကြုံနေကျဖြစ်ပြီး တစ်ခါတစ်ရံတွင် ထိုင်းနိုင်ငံတောင်ပိုင်းနှင့် ဖိလစ်ပိုင်တို့အထိပါ ပျံ့နှံ့တတ်သည်။ မီးခိုးမြူပြဿနာမှာ ဆယ်စုနှစ်တစ်ခုကျော်မျှ ကြာမြင့်လာခဲ့ပြီး နယ်စပ်ဖြတ်ကျော်မီးခိုးမြူ လေထုညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက် (၂၀၀၂)ကို ချုပ်ဆိုခဲ့သော်လည်း ပြဿနာ၏ထုထည်မှာ လျော့ပါးသွားခြင်းမရှိသေးပါ။

အထက်တွင် ဆွေးနွေးခဲ့သည်များကို ခြုံငုံသုံးသပ်ရသော် သဘာဝပတ်ဝန်းကျင် ဆိုးကျိုးများကို ကွက်ကြားခံစားနေရသော ပိုမိုချည့်နဲ့အားနည်းသော လူ့အဖွဲ့အစည်းများနှင့် ရပ်ရွာတို့ကို နိုင်ငံတော်အစိုးရတို့က ကာကွယ်ပေးရန် တာဝန်ရှိသည်။ ထိုအုပ်စုများထဲတွင် အမျိုးသမီးများ၊ ကလေးများ၊ သူဆင်းရဲများနှင့် ဌာနေတိုင်းရင်းသားများ ပါဝင်ကြလေ့ရှိသည်။ အမျိုးသမီးများမှာ လယ်ယာလုပ်ငန်းခွင်နှင့် အိမ်ထောင်ကိုစောင့်ရှောက်သော တာဝန်များကို ဆောင်ရွက်ရလေ့ရှိရာ ၎င်းတို့၏လုပ်ငန်းခွင်မှာ သဘာဝပတ်ဝန်းကျင်ပျက်ယွင်းသည်နှင့်အမျှ ပိုမိုခက်ခဲလာလေ့ရှိသောကြောင့် ဆင်းရဲသောဒေသများတွင် အထူးသဖြင့် အမျိုးသမီးများမှာ ပတ်ဝန်းကျင်နိမ့်ကျလာခြင်း၏ ဆိုးကျိုးကို ရင်ဆိုင်ကြရလေ့ရှိသည်။ ကလေးများသည်လည်း ပတ်ဝန်းကျင်ညစ်ညမ်းလာသောအခါ ပို၍ ထိခိုက်အနာတရ ဖြစ်လွယ်ကြသည်။ အထက်ဖော်ပြပါ မိနာမာတာနှင့် ချာနိုဘိုင်း ပြဿနာများတွင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုက မွေးကင်းစများတွင် ကိုယ်လက်အင်္ဂါချို့တဲ့မှုကို ဖြစ်ပွားစေခဲ့ပြီး အရှေ့တောင်အာရှ မီးခိုးမြူပြဿနာကြောင့် ကလေးများတွင် အသက်ရှူ လမ်းကြောင်းဆိုင်ရာ ရောဂါများကို ရခဲ့ကြသည့်အဖြစ်များရှိသည်။

၁၄.၄.၁ ဌာနေတိုင်းရင်းသားအုပ်စုများနှင့် သဘာဝပတ်ဝန်းကျင်

အရှေ့တောင်အာရှနိုင်ငံများတွင် ဌာနေတိုင်းရင်းသားအုပ်စုများမှာ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများနှင့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းလာမှုများဒဏ်ကြောင့် ဖြစ်လာသည့်လူ့အခွင့်အရေး အကျိုးဆက်များကို မမျှတစွာ ဆိုးဆိုးရွားရွား ခံစားခဲ့ကြရသည်။ ရေကာတာကဲ့သို့သော ကြီးမားသည့် စီမံကိန်းများ (ဥပမာ - မြန်မာနိုင်ငံရှိ သံလွင်မြစ်ပေါ်မှ ရေကာတာစီမံကိန်းများနှင့် ဗီယက်နမ်မှ ဆုံလရေကာတာ)၊ တောပြုန်းခြင်းများ၊ သတ္တုမိုင်းများ၊ စိုက်ပျိုးရေးလုပ်ငန်းချဲ့ထွင်သူတို့က ဌာနေတိုင်းရင်းသားနယ်မြေများထဲသို့ ထိုးဖောက်ဝင်ရောက်လာခြင်းများ၊ မြေယာသတ်မှတ်ပုံအပြောင်းအလဲများဖြစ်စေသော ဥပဒေများ ပေါ်ထွက်လာသောကြောင့် မိမိတို့ အစဉ်အဆက် နေထိုင်ခဲ့သောမြေမှ အတင်းအဓမ္မ နှင်ထုတ်ခံရခြင်းများမှာ အကြောင်းရင်းအချို့ ဖြစ်ကြသည်။ ဌာနေတိုင်းရင်းသားတို့သည် မိမိတို့နယ်မြေသို့ ရောက်ရှိလာကြပြီး မိမိတို့နှင့်မြေယာပိုင်ဆိုင်ခွင့် အငြင်းပွားနေကြသော စီးပွားရေးလုပ်ငန်းရှင်ကြီးများကဲ့သို့ မကြွယ်ဝသည့်အပြင် နိုင်ငံရေးအင်အား အရလည်း ပို၍အားနည်းကြသည်။ ထိုအခြေအနေက ဌာနေတိုင်းရင်းသားများအပေါ် အမြတ်ထုတ်လိုသူများကို ကာကွယ်ရာတွင် အင်အားချည့်နဲ့ သွားစေသည်။ ၎င်းတို့၏ မြေပိုင်ဆိုင်မှုမှာ ဓလေ့ထုံးတမ်းအရသာ အသိအမှတ်ပြုခံရပြီး တရားဥပဒေဘောင်ဝင်သော စာရွက်စာတမ်းများဖြင့်

ပိုင်ဆိုင်ခြင်းမရှိသော အခြေအနေမျိုးလည်း ဖြစ်နေတတ်သည်။ အချို့ ဌာနေတိုင်းရင်းသားတို့မှာ မြေယာဖြင့်လုပ်ကိုင်စားသောက်ရာတွင် တစ်နေရာမှတစ်နေရာသို့ အလှည့်ကျ ရွှေ့ပြောင်းတတ်သည့် ဓလေ့ရှိခဲ့ကြသော်လည်း ယခုအခါ မိမိတို့နေရာဟောင်းသို့ ပြန်လာသောအခါ အခြားသူတစ်ဦးက ခြံဝင်းခတ်ထားသောကြောင့် မိမိတို့မှာ လုပ်ကိုင်စားသောက်ရန် မြေယာလက်မဲ့ဖြစ်ရသည်များလည်းရှိသည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင် သိသိသာသာ ယိုယွင်းလာသောအခါတွင် အမဲလိုက်ခြင်း၊ တောထဲတွင် သစ်သီးသစ်ရွက်များရှာဖွေခြင်းနှင့် စိုက်ပျိုးခြင်းလုပ်ငန်းများကို ပုံမှန်အတိုင်း မဆောင်ရွက်နိုင်တော့သောကြောင့် သက်မွေးဝမ်းကျောင်းဘဝ များပျက်စီးရခြင်းလည်းရှိသည်။ ဌာနေတိုင်းရင်းသား အုပ်စုများအတွက်မူ မြေမှာ ပိုင်ဆိုင်မှုပစ္စည်းဥစ္စာတစ်ခုထက် ပိုပေသည်။ ၎င်းတို့၏ ယဉ်ကျေးမှုဖြစ်တည်ရာနှင့် နေထိုင်ရာ သဘာဝပတ်ဝန်းကျင်မှာ ခွဲခြားမရသောကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးလာသောအခါ ၎င်းတို့၏ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့အမွေများပါ ကွယ်ပျောက်လာတော့သည်။ ထို့ကြောင့် ဌာနေတိုင်းရင်းသားအုပ်စုများကို ကာကွယ်ရန် အထူးအစီအမံများ လိုအပ်လေ့ရှိသည်။

မှတ်သားဖွယ်ရာ

ဆွန်လရေကာတာ၊ ဗီယက်နမ်

ဆွန်လရေကာတာကို တည်ဆောက်စဉ်က လူပေါင်း ကိုးသောင်းကျော် အိုးအိမ်မဲ့ပြောင်းရွှေ့ပေးခဲ့ရသည်။ အရှေ့တောင်အာရှသမိုင်းတွင် အကြီးမားဆုံးသော ဌာနေတိုင်းရင်းသားတို့ အိုးမဲ့အိမ်မဲ့ဖြစ်ရခြင်းလည်းဖြစ်သည်။ ရွှေ့ပြောင်းရသူများစွာသည် အခြေမဲ့အနေမဲ့ဖြစ်ရခြင်း၏ ရေရှည်ဆိုးကျိုးကို ခံစားခဲ့ရပြီး အချို့ကမူ စိုက်ပျိုးမြေများဆုံးရှုံးကာ လုပ်ကိုင်စားသောက်ရန် အခက်အခဲကြုံခဲ့ရသည်။ အချို့ကမူ လျော်ကြေးနှင့် ပြန်လည်ဆောက်လုပ်ပေးသော အိမ်ယာများ ရရှိခဲ့သော်လည်း သင့်လျော်သော ပုံစံမဟုတ်ခြင်း၊ အိမ်လိုအပ်ချက်များကို လုံလောက်အောင် မဖြည့်ပေးခဲ့ခြင်းတို့ကို ရင်ဆိုင်ခဲ့ကြရသည်။ ပူပန်မှုများကြုံခဲ့ရသော ထိုလူအသိုက်အမြံုတို့တွင် အိုးမဲ့အိမ်မဲ့ဖြစ်ခြင်းကို အံတုရန် မဖြစ်နိုင်သလောက် ခက်ခဲခဲ့ရပြီး အချို့သော ရပ်ရွာအသိုက်အမြံုများမှာ လုံးဝပျောက်ကွယ်သွားရတော့သည်။

၁၄.၄.၂ ဌာနေတိုင်းရင်းသားများအခွင့်အရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂ၏ ကြေညာချက် (၂၀၀၇) - United Nations Declaration on the Rights of Indigenous Peoples 2007 (UNDRIP)

ဌာနေတိုင်းရင်းသားများအခွင့်အရေးနှင့်ပတ်သက်၍ စံသတ်မှတ်ချက်တစ်ခုကို UNDRIP တွင် တွေ့ရှိနိုင်သည်။ ထိုစာချုပ်မှာ ကြေညာချက်အဆင့်သာဖြစ်ပြီး ဥပဒေအပျော့စားအဖြစ်သာ အကျုံးဝင်သော်လည်း ထိုစာချုပ်ကို ၁၄၄ နိုင်ငံက လက်မှတ်ရေးထိုးထားရာ အရှေ့တောင်အာရှရှိ နိုင်ငံအားလုံးက လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ ထိုစာချုပ်ပါ အပိုဒ်နှစ်ခုမှာ ဌာနေတိုင်းရင်းသားတို့နှင့်ပတ်သက်ပြီး ၎င်းတို့၏ မြေယာပိုင်ဆိုင်မှုကိုလည်း ထည့်သွင်းထားသည်။ ပထမအပိုဒ်မှာ-

ဌာနေတိုင်းရင်းသားတို့ကို ၎င်းတို့နေထိုင်ရာရပ်ရွာ၊ ပိုင်နက်နယ်မြေမှ အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းမပြုရ။ ဌာနေတိုင်းရင်းသားတို့၏ လွတ်လပ်သော စိတ်ဆန္ဒမပါဘဲ၊ ၎င်းတို့အား ကြိုတင်အကြောင်းကြားထားခြင်းမရှိဘဲ၊ ၎င်းတို့အနေဖြင့် အကျိုးအကြောင်းကို နှံ့စပ်နားလည်ပြီးမှ ဆုံးဖြတ်ကာ သဘောတူခွဲခြင်းမရှိဘဲ မည်သည့် နေရာပြောင်းရွှေ့မှုကိုမျှ မပြုရ။ ပြောင်းရွှေ့ရန် ၎င်းတို့အနေဖြင့် သဘောတူညီခဲ့လျှင်လည်း တရားမျှတသော ထိုက်တန်သည့် လျော်ကြေးကိုပေးရမည်။ အကယ်၍ အခြေအနေပေးလျှင် ၎င်းတို့၏နေရာဟောင်းကို ပြန်လာနိုင်ခွင့်ကိုပါ ထည့်သွင်းကြရမည်။ (အပိုဒ် ၁၀)

ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သောအခါ ဒေသခံတို့အနေဖြင့် ၎င်းတို့ သဘောဆန္ဒ အလျောက် လွတ်လပ်စွာဆုံးဖြတ်သော၊ ၎င်းတို့အနေဖြင့် ကြိုတင်သိရှိထားပြီးဖြစ်သော၊ သတင်းအချက်အလက်မှန်ကန်မှုအပေါ် အခြေခံကာ ၎င်းတို့ဘာသာ ဆုံးဖြတ်နိုင်စွမ်းရှိသော အခြေအနေတွင်သာ စီမံကိန်းများကို အကောင်အထည်ဖော်ရန်မှာ အလွန်အရေးကြီးသည်။ လူအများကို အတင်းအဓမ္မရွှေ့ပြောင်းစေခြင်းမှာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆန့်ကျင်နေသည့် ဌာနေတိုင်းရင်းသားများအပေါ် ကျင့်သုံးနေကျ နည်းလမ်းတစ်ခုဖြစ်သည်။ ထိုဖြစ်ရပ်များကို ရပ်တန့်ပြီး ဌာနေတိုင်းရင်းသားတို့၏ သဘောတူညီချက်ကို ရရှိအောင် ဆောင်ရွက်နိုင်မှသာ စံသတ်မှတ်ချက်များနှင့် ညီညွတ်မည်။ အောက်ပါတို့မှာ ဌာနေတိုင်းရင်းသားတို့ အခွင့်အရေးအတွက် ဆောင်ရွက်အပ်သည်များ ဖြစ်ကြသည်။

- လွတ်လပ်ခြင်း - အတင်းအကျပ် သဘောတူခိုင်းခြင်းမရှိစေရ၊ လာဘ်ပေးလာဘ်ယူမှုများ ကင်းရှင်းရမည်။ ၎င်းတို့၏ ရပ်ရွာအသိုက်အမြုံ၊ အပြင်ဘက်မှလာသော ဖိအားများနှင့် ဝင်ရောက်စွက်ဖက်ခြင်းတို့မှ ကင်းဝေးရမည်။
- ကြိုတင်အသိပေးအကြောင်းကြားခြင်း - ဌာနေတိုင်းရင်းသားတို့ဘက်မှ လက်ခံသဘောတူညီမှုသည် တစ်ဖက်မှ ကြိုတင်အသိပေးအကြောင်းကြားထားခြင်း ရှိသောကြောင့် အချိန် လုံလုံလောက်လောက်ရလျက် စဉ်းစားဆုံးဖြတ်နိုင်ခြင်းမျိုးသာ ဖြစ်သင့်သည်။
- သတင်းအချက်အလက်ရရှိစေခြင်း - ဌာနေတိုင်းရင်းသားတို့သည် သတင်းအချက်အလက်များ ရရှိလျက် ကျိုးကြောင်းကို ကောင်းစွာနားလည်နိုင်သည့် အခြေအနေဖြစ်ရမည်။
- လက်ခံသဘောတူခြင်း - ရပ်ရွာက အဆုံးအဖြတ်ချနိုင်ရန် အဆင့်ဆင့်ကို ဆောင်ရွက်နေစဉ်တွင် ရပ်ရွာအနေဖြင့်လည်း UNDRIP က ဌာနေတိုင်းရင်းသားတို့တွင် ဓလေ့ထုံးတမ်း အစဉ်အလာရှိခဲ့သည့်အတိုင်း မြေကို အောက်ပါအတိုင်း ပိုင်ဆိုင်ခွင့်ပေးထားကြောင်းကိုလည်း သဘောတူသိရှိကြရပါမည်။

ဌာနေတိုင်းရင်းသားများသည် မြေကို ရိုးရာဓလေ့ထုံးတမ်းအရ အစဉ်အဆက်ပိုင်ဆိုင်လာခဲ့သည်ဖြစ်သော် (သို့မဟုတ်) ရိုးရာအစဉ်အလာပုံစံအတိုင်း အသုံးပြုနေခဲ့သည်ရှိသော် ထို မြေယာ၊ ပိုင်နက်နှင့် သယံဇာတများကို ပိုင်ဆိုင်ခွင့်၊ အသုံးပြုခွင့်၊ တိုးတက်အောင်ဆောင်ရွက်ခွင့်နှင့် စီမံပိုင်ခွင့်တို့ ရှိရမည်ဖြစ်သည်။ နိုင်ငံတော်သည် ထိုမြေများအား ဌာနေတိုင်းရင်းသားတို့ ပိုင်ဆိုင်မှုကို ဥပဒေအရ အသိအမှတ်ပြုပေးရမည်ဖြစ်ပြီး ဌာနေတိုင်းရင်းသားတို့၏ မြေယာများ၊ ပိုင်နက်နယ်မြေများနှင့် သယံဇာတများကို အကာအကွယ်ပေးရမည်။ ထိုသို့အကာအကွယ်ပေးရာတွင်လည်း

ဌာနေတိုင်းရင်းသား အသိုက်အမြုံတို့၏ ဓလေ့ထုံးတမ်း၊ အစဉ်အလာများ၊ မြေယာပိုင်ဆိုင်မှု ပုံစံများကို တလေးတစား ဆောင်ရွက်ကြရမည်။

UNDRIP သည် ဌာနေတိုင်းရင်းသားတို့၏ မြေယာပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုခဲ့ရုံသာမက အစိုးရတို့အနေဖြင့် ထိုဌာနေတိုင်းရင်းသားတို့၏ လူ့အခွင့်အရေးကို လေးစားသောအားဖြင့် တာဝန်ရှိစွာ ကာကွယ်စောင့်ရှောက်ရန်အချက်များကိုပါ ပြဋ္ဌာန်းခဲ့သည်။ ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးကို ကာကွယ်ပေးရန် တစ်နိုင်ငံချင်းတွင် အစိုးရတို့၏ အရေးယူဆောင်ရွက်ပုံများ ကွာခြားနိုင်ပေသည်။ အရှေ့တောင်အာရှနိုင်ငံများတွင်ကား နိုင်ငံတိုင်းက တိုင်းရင်းသားတို့၏ ရိုးရာအစဉ်အလာ မြေပိုင်ဆိုင်မှုပုံစံများကို အသိအမှတ်မပြုကြပါ။ ဥပမာ - မလေးရှားနှင့် ကမ္ဘောဒီးယားတွင် အသိအမှတ်ပြုထားပေးသော်လည်း ထိုင်းနိုင်ငံတွင်မူ အသိအမှတ်မပြုပါ။ တစ်ဖန် အစိုးရအနေဖြင့် ဌာနေတိုင်းရင်းသားဟု မျိုးနွယ်အုပ်စုတစ်ခုကို သတ်မှတ်ပေးထားသည့် တိုင်အောင် ထိုအုပ်စု၏ မြေယာပိုင်ဆိုင်မှုနှင့် ပိုင်ဆိုင်မှုပုံစံများကို အလိုအလျောက် တရားဥပဒေနှင့် ညီညွတ်သည်ဟု အသိအမှတ်ပြုမည်မဟုတ်ပါ။ UNDRIP အနေဖြင့်ဌာနေ တိုင်းရင်းသား အခွင့်အရေးများကို ပိုမိုထိရောက်စွာ ကာကွယ်နိုင်ရန် အသုံးဝင်လှသော စည်းကမ်း စံနှုန်းသတ်မှတ်ချက်များကို ဖော်ထုတ်ခဲ့သော်လည်း အရှေ့တောင်အာရှတစ်ခွင်တွင် ဌာနေတိုင်းရင်းသားတို့ကို ၎င်းတို့မြေပေါ်မှ မောင်းထုတ်ပစ်ခြင်းများ ဆက်လက်ဖြစ်ပေါ်နေမြဲဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ယိုယွင်းလာသည့်အတွက်ကြောင့် ဖြစ်ပေါ်လာရသော လူ့အခွင့်အရေးဆုံးရှုံးခြင်းများမှာလည်း ပုံမှန်ကြုံတွေ့နေရသော အဖြစ်အပျက်များ ဖြစ်လာခဲ့သည်။

၁၄.၅ ရာသီဥတုပြောင်းလဲခြင်းနှင့် လူ့အခွင့်အရေး

ဤအခန်း၏ နောက်ဆုံးအပိုင်းမှာ ရာသီဥတုပြောင်းလဲခြင်း လူ့အခွင့်အရေးတို့ ဆက်နွယ်နေကြပုံကို ဆွေးနွေးပါမည်။ ရာသီဥတုပြောင်းလဲခြင်းကြောင့် လူသားတို့၏ သက်မွေးဝမ်းကျောင်းဘဝများတွင် ရေရှည်အကျိုးဆက်များသာမက လက်ငင်းကာလအတွက်ပါ ပြောင်းလဲမှုများ ဖြစ်ပေါ်စေပါသည်။ ပင်လယ်ရေ မြင့်တက်လာမှုကြောင့် အဆိုးရွားဆုံးဟုဆိုလောက်သည့် အကျိုးဆက်များ မဖြစ်ပေါ်လာသေးသော်လည်း အရှေ့တောင်အာရှတစ်ခွင်တွင် ပြင်းထန်သော ရာသီဥတုအခြေအနေများနှင့် အပူခိုန်အပြောင်းအလဲကို ကြုံတွေ့နေသည်။ ထိုဖြစ်စဉ်တို့၏ နောက်ဆက်တွဲတွင် မိုးခေါင်ရေရှားမှုများ၊ ရေကြီးမှုများ၊ မုန်တိုင်းများနှင့် အပူလှိုင်းဖြတ်ခြင်းများ မကြာခဏဖြစ်ပေါ်လာခြင်းပင်ဖြစ်သည်။ ထိုရာသီဥတုအခြေအနေများက လူ သန်းပေါင်းများစွာအပေါ် အကျိုးသက်ရောက်မှုရှိနေပြီး ရိက္ခာထုတ်လုပ်မှုများထိခိုက်ပြီး ဘဝများစွာကို အခြေပျက်စေသော ဘေးဆိုးများလည်း ကြုံတွေ့လာရသည်။ အရှေ့တောင်အာရှတွင် စိုးရိမ်စရာအခြေအနေတစ်ခုမှာ ပင်လယ်ရေမျက်နှာပြင် မြင့်မားလာမှုကြောင့် မြစ်ဝကျွန်းပေါ်ဒေသများ ထိခိုက်ပျက်စီးလာရခြင်းဖြစ်သည်။ ဥပမာ - ဗီယက်နမ်၊ ထိုင်းနှင့် မြန်မာ အစရှိသည့် နိုင်ငံများနှင့် ၎င်းတို့၏ အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သော ဘင်္ဂလားဒေ့ရှ်တို့ရှိ မြစ်ဝကျွန်းပေါ်ဒေသများမှာ စိုက်ပျိုးရေးသီးနှံများ ကုန်ထုတ်လုပ်မှုအမြင့်ဆုံး ဧရိယာများဖြစ်ကြပြီး လူနေထူထပ်မှု အမြင့်ဆုံးလည်းဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာသည်နှင့်အတူ လူသန်းပေါင်းများစွာတို့သည် ၎င်းတို့နေအိမ်များကို စွန့်ခွာကြရပြီး

သဘာဝပတ်ဝန်းကျင်ဆိုင်ရာဒုက္ခသည်များအဖြစ်သို့ ကျရောက်ကြရသည်။ ထို့ပြင် ထိုမြစ်ဝကျွန်းပေါ်ဒေသများမှာ စားနပ်ရိက္ခာများစွာကို ထုတ်လုပ်သောဒေသများလည်း ဖြစ်ကြသည်။ ဥပမာ - မဲခေါင်မြစ်၏ ဗီယက်နမ်နိုင်ငံအတွင်း ကျရောက်သော မြစ်ဝကျွန်းပေါ်သည် နိုင်ငံ၏ စပါးထက်ဝက်ခန့်ကို ထုတ်လုပ်သည်။ ထိုဒေသတွင် စပါးအထွက်လျော့နည်းလာခြင်းက လူ့အခွင့်အရေးချိုးဖောက်မှုများကို ကြီးမားစွာဖြစ်ပေါ်စေနိုင်သည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာဒုက္ခသည်

လူတစ်ဦးသည် ၎င်းနေထိုင်ရာအရပ်တွင် ဖြစ်ပေါ်နေသော သဘာဝပတ်ဝန်းကျင်အပြောင်းအလဲများကြောင့် ထိုအရပ်တွင် မနေနိုင်တော့ဘဲ မဖြစ်မနေ စွန့်ခွာရသောအခါ ၎င်းအား သဘာဝပတ်ဝန်းကျင်ဆိုင်ရာဒုက္ခသည်ဟုခေါ်သည်။ လက်ရှိတွင် ထိုကဲ့သို့သော ဒုက္ခသည်များအတွက် တရားဥပဒေအရ အသိအမှတ်ပြုခြင်းမရှိသလို အကာအကွယ်ပေးခြင်းလည်း မရှိပေ။

အခြားစိုးရိမ်စရာအခြေအနေများတွင် ပြင်းထန်သော မိုးလေဝသ အခြေအနေများ ပါဝင်သည်။ အထူးသဖြင့် ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် မြန်မာတို့ကို တိုက်ခတ်လေ့ရှိသော တိုင်ဖွန်းမုန်တိုင်းများနှင့် မြန်မာနိုင်ငံမြောက်ပိုင်းနှင့်ဗီယက်နမ်ကို ရိုက်ခတ်သော ပိုမိုကြမ်းတမ်းလာသော ဆောင်းရာသီနှင့်မိုးခေါင်ရေရှား ဖြစ်ရပ်များစွာတို့မှာ ရာသီဥတုအပြောင်းအလဲကြောင့် ဖြစ်ပေါ်လာခြင်းများဖြစ်သည်။ အာရှ-ပစိဖိတ်ဒေသတွင်း ကျရောက်သော မော်ဒိုက်ဗ်နှင့်တူဗားလူး ကျွန်းနိုင်ငံတို့မှာ ပင်လယ်ရေမျက်နှာပြင် ခန့်မှန်းထားသည့်အတိုင်း မြင့်တက်လာသည့်အခါ ရေအောက်သို့ မြုပ်သွားတော့မည် ဖြစ်သည်။ ထိုအဖြစ်အပျက်များက ရာသီဥတုပြောင်းလဲခြင်းကြောင့် လူ့အခွင့်အရေးကိုကာကွယ်ပေးရန် လုပ်ငန်းများ လိုရင်းမရောက်ဖြစ်နိုင်ကြောင်း ပြသနေပေသည်။

လူအချို့က ရာသီဥတုပြောင်းလဲခြင်းကို မယုံကြည်ပါဟု မည်မျှပင်ပြောဆိုနေသည့်တိုင် အောင် လူသားတို့၏လုပ်ရပ်ကြောင့် ထွက်ပေါ်လာနေသော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များမှာ ရာသီဥတုပြောင်းလဲခြင်း၏ အဓိကအကြောင်းရင်းဖြစ်ကြောင်း အများသဘောတူထားကြသည့် အချက်ပင်ဖြစ်သည်။ အကယ်၍ကမ္ဘာ့နိုင်ငံများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပါက ရာသီဥတုပြောင်းလဲလာခြင်းကြောင်း ဖြစ်လာနိုင်သည့် အဆိုးဆုံးအခြေအနေများကို ရှောင်ကွင်းနိုင်ကြောင်း Intergovernmental Panel on Climate Change (IPCC) အဖွဲ့ကြီး၏ က သိပ္ပံနည်းအရတွေ့ရှိချက်များအပေါ် ထောက်ပြခဲ့သည်။ လူ့အခွင့်အရေးရှုထောင့်မှမူ ရာသီဥတုပြောင်းလဲခြင်းကို အံတုရန် အောက်ပါလုပ်ငန်းနှစ်ခုကို ဆောင်ရွက်ရန်လိုပါသည်။ (၁) ရာသီဥတုပြောင်းလဲခြင်းကြောင့် လူသားတို့၏ အခွင့်အရေးများ ချိုးဖောက်ခံရခြင်းမျိုးမဖြစ်လာစေရန်မှာ အစိုးရများ၏ဦးစားပေးတာဝန်အဖြစ် ဆောင်ရွက်ကြရမည်။ (၂) ရာသီဥတုပြောင်းလဲခြင်းကို အများဆုံးဖြစ်စေသော နိုင်ငံများ၊ စီးပွားရေးလုပ်ငန်းများနှင့် အစုအဖွဲ့များသည် မိမိတို့လုပ်ရပ်အတွက်မိမိတို့တာဝန်ယူကြရမည်။ ထိုအချက်များကို နိုင်ငံများစွာက အပြည့်အဝ လက်မခံကြသေးပါ။ အစိုးရတို့၏ အပြောနှင့် အလုပ်မှာ ကွာဟနေသည့် နေရာနှစ်ခုရှိနေပေသေးသည်။ ပထမကွာဟချက်မှာ နိုင်ငံတို့၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်နေမှုကို လျော့ချရန်လိုအပ်သည့် ပမာဏနှင့် မိမိတို့လျော့ချရန် ကတိပြုထားသော ပမာဏတို့ ကွာဟနေခြင်းဖြစ်သည်။ ကမ္ဘာက ကံဆိုးသည်မှာ နိုင်ငံတို့သည် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ထိထိရောက်ရောက် မလျော့ချနိုင်ကြသေးခြင်းပင် ဖြစ်သည်။ ဒုတိယကွာဟချက်မှာ ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်လာသော ကုန်ကျစရိတ်များက ကြီးမားလွန်းပြီး နိုင်ငံအများက ထိုဆိုးကျိုးများကို ရင်ဆိုင်ရာတွင် တတ်နိုင်သော ငွေသို့မဟုတ် သုံးစွဲလိုသောငွေမှာ နည်းလွန်းနေခြင်းပင်ဖြစ်သည်။ ရာသီဥတုပြောင်းလဲလာခြင်းမှ ကာကွယ်ရန် ဆင်းရဲသောနိုင်ငံများတွင် နေထိုင်သူများသည် ချမ်းသာသော နိုင်ငံများတွင် နေထိုင်ကြသူများကဲ့သို့ ငွေကြေးအင်အားနှင့်နည်းပညာ အင်အားတောင့်တင်းခြင်းမရှိကြပါ။ ၂၀၀၆ ခုနှစ်ကတည်းကပင် ထိုကွာဟချက်များဖြစ်ပေါ်နေသည်ကို ကိုင်တွယ်ရန် ကုလသမဂ္ဂတွင် တိုးမြှင့်

လှုပ်ရှားခဲ့ကြရာ လူ့အခွင့်အရေးကောင်စီအနေဖြင့် ဆုံးဖြတ်ချက်တစ်ခု ထုတ်ပြန်နိုင်ခဲ့ပြီး မကြာသေးခင်နှစ်များတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကုလသမဂ္ဂ အထူးစုံစမ်းစစ်ဆေးရေးအရာရှိနှင့် ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင် အစီအစဉ်ထံမှလည်း အစီရင်ခံစာများလည်း ထွက်ပေါ်လာခဲ့သည်။ ရာသီဥတုပြောင်းလဲခြင်းကြောင့် လူ့အခွင့်အရေးအပေါ် အကျိုးသက်ရောက်မှုများကို ထင်ရှားစွာ မမြင်သာခဲ့သေးသောကြောင့် မူလက ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်ရှင်း (၁၉၉၂)ကို တင်သွင်းခဲ့စဉ်က လူ့အခွင့်အရေးနှင့်ပတ်သက်၍ ရေးသားခဲ့ခြင်း လုံးဝ မရှိခဲ့ပါ။ မကြာသေးခင်ကမူ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်ရှင်းဝင်နိုင်ငံများက လူ့အခွင့်အရေးနယ်ပယ်တွင် ထိခိုက်မှုများကိုပါ ထည့်သွင်းစဉ်းစားလာလျက် ရာသီဥတုပြောင်းလဲခြင်းကို တုံ့ပြန်ရင်ဆိုင်ကြရာတွင် လူ့အခွင့်အရေးကိုပါ လေးစားကြရန် သဘောတူလာခဲ့ကြသည်။

ထို့ပြင် IPCC နှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး (OHCHR)ကလည်း ရာသီဥတုပြောင်းလဲခြင်းကို တုံ့ပြန်ရာတွင် လူ့အခွင့်အရေးရှုထောင့် အခြေပြုနည်းလမ်းများကို ရှာဖွေလာခဲ့သည် (အသေးစိတ်ကို အခန်း ၁၂ ဖွံ့ဖြိုးရေးနှင့်ပတ်သက်သော အခန်းတွင်ရှုပါ)။ OHCHR အနေဖြင့်မူ ရာသီဥတုပြောင်းလဲခြင်းကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခွဲခြားဆက်ဆံခံရမှုရှုထောင့်နှင့် ဆက်စပ်စဉ်းစားသည်။

> ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်လာသောဆိုးကျိုးများကို ပင်ကိုကပင် မိမိတို့နေထိုင်ရာ ဒေသ၏ ပထဝီအနေအထားကြောင့်ဖြစ်စေ၊ ဆင်းရဲသောကြောင့်ဖြစ်စေ၊ အသက်အရွယ်ကြောင့်ဖြစ်စေ၊ မသန်စွမ်းမှုကြောင့်ဖြစ်စေ၊ ယဉ်ကျေးမှုနှင့် တိုင်းရင်းသားအစုအဖွဲ့တစ်ခုခုအတွင်း ပါဝင်နေသောကြောင့်ဖြစ်စေ အတိဒုက္ခများနှင့် ရင်ဆိုင်နေရသူများ၊ ရပ်ရွာလူမှုအသိုင်းအဝိုင်းများအပေါ် ပိုပိုသာသာပင် ကျရောက်လေ့ရှိသည်။ ထိုသူများသည် သမိုင်းနှင့်ခွဲ၍ကြည့်လျှင် ကမ္ဘာပေါ်တွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ကို အနည်းဆုံး ထုတ်လွှတ်သူများလည်း ဖြစ်နေကြလေ့ရှိသည်။

လူ့အခွင့်အရေးအထူးပြုရှုထောင့်မှကြည့်လျှင် နိုင်ငံတော်သည် ရာသီဥတုပြောင်းလဲခြင်းကို ကိုင်တွယ်သည့်အခါတွင်လည်း လူ့အခွင့်အရေးကို ချိုးဖောက်မိခြင်းမရှိအောင် ဆောင်ရွက်ရပါမည်။ အချို့သော ရာသီဥတုပြောင်းလဲခြင်းကို လျော့ပါးလာအောင်လုပ်ရန် အစီအစဉ်များတွင် လူ့အခွင့်အရေးဆိုင်ရာအချက်များကို အပြည့်အဝထည့်သွင်း စဉ်းစားခြင်းမရှိဟုလည်း ထောက်ပြထားကြပါသည်။ ဥပမာ - ကျောက်မီးသွေးသုံးဓာတ်အားပေး စက်ရုံများပိတ်ပစ်ခြင်း (သို့မဟုတ်) ယာဉ်အသွားအလာလျော့ကျအောင် ဆောင်ရွက်ခြင်း အစရှိသည်တို့မှာ ရာသီဥတုပြောင်းလဲလာခြင်းကို တုံ့ပြန်ရန် အစီအစဉ်များဖြစ်သည်မှာ မှန်ပါသည်။ သို့သော် ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လိုအပ်ချက်များနှင့် အခြားလူ့အခွင့်အရေးများ ထိခိုက်နိုင်ခြေကို အသေအချာ ဆန်းစစ်ရပါမည်။ လူ့အခွင့်အရေးရှုထောင့်အခြေပြု ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအစီအစဉ်များတွင် ထိုကိစ္စများအတွက် အဖြေရှိရပါမည်။

ယခုအခါ ကုလသမဂ္ဂအဖွဲ့အစည်းများသည် UNFCCC နှင့် ၂၀၃၀ ရှေရည်ဖွံ့ဖြိုးရေး

အာဂျန်ဒါ အစရှိသည့် ဖွံ့ဖြိုးရေးနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ စာချုပ်စာတမ်းများတွင် လူ့အခွင့်အရေးနှင့်ပတ်သက်သော အချက်အလက်များကို ထည့်သွင်းရန် ပြင်ဆင်နေကြပါသည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် UNFCCC စာချုပ်ဝင်နိုင်ငံပေါင်း ၁၈ နိုင်ငံတို့က ရာသီဥတုပြောင်းလဲခြင်းကို တုံ့ပြန်သော လုပ်ငန်းများတွင် လူ့အခွင့်အရေးဆိုင်ရာ ကတိကဝတ်များကို ဂျီနီဗာတွင် ကြေညာခဲ့သည်။ ထိုဂျီနီဗာကတိပြုလွှာမှာ လိုက်နာလိုသောနိုင်ငံတို့၏ စိတ်အားထက်သန်မှုအလျောက် ဆောင်ရွက်ကြရန်ဖြစ်သည်။ ထိုကတိပြုလွှာအရ -

> “လူသားတို့နှင့်ကမ္ဘာကြီး၏ အကျိုးအတွက် ရာသီဥတုပြောင်းလဲခြင်းကို အံတုနိုင်ရန် အစွမ်းအစများကို မြှင့်တင်ကြရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံအသီးသီးက လူ့အခွင့်အရေးနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကျွမ်းကျင်သူများကြား အသိပညာနှင့် လုပ်နည်းကိုင်နည်းကောင်းများကို အချင်းချင်းဖလှယ်ကြရန် ဆောင်ရွက်ပါမည်”

၂၀၃၀ ရေရည်ဖွံ့ဖြိုးရေးအာဂျန်ဒါတွင် ရည်ရွယ်ချက် နှစ်ခုရှိသည်။ ပထမတစ်ခုမှာ နိုင်ငံတော်ရော နိုင်ငံတော်ဟုမဆိုနိုင်သော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများက လူ့အခွင့်အရေးကို ထိခိုက်လျက်ရှိသော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကိစ္စရပ်များတွင် တာဝန်ခံဆောင်ရွက်ကြရန် ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင်လည်း လူ့အခွင့်အရေးကို အခြေခံ မူဘောင်အဖြစ် စဉ်းစားကာ ရာသီဥတုပြောင်းလဲခြင်းကို တုံ့ပြန်ကြရန်ဖြစ်သည်။

ထိုဖြစ်စဉ်များမှာ အစကောင်းခဲ့သည့်တိုင်အောင် နိုင်ငံများအနေဖြင့် ထားရှိခဲ့သော ကတိကဝတ်နှင့်ကြေညာချက်များကို တရားဥပဒေဘောင်အတွင်းသွတ်သွင်းကာ လက်တွေ့အကောင်အထည်ဖော်ရန်ကိစ္စမှာမူ မလွယ်ကူလှပါ။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ၊ ပဲရစ်မြို့တွင် ကျင်းပသော ၂၁ ကြိမ်မြောက် UNFCCC အစည်းအဝေး (COP 21) ကျင်းပစဉ်ကမူ လူ့အခွင့်အရေးကို မည်သို့ထည့်သွင်းစဉ်းစားကြမည် ဆိုသည့်အရေးနှင့်ပတ်သက်၍ အငြင်းပွားမှုများစွာ ဖြစ်ပွားခဲ့သည်။ သို့ရာတွင် (COP 21) ၏သဘောတူညီချက် ထွက်ပေါ်လာသောအခါ အဖွင့်တွင် ဤသို့ ရေးသားထားခဲ့သည်။

> ရာသီဥတုပြောင်းလဲခြင်းမှာ လူသားအားလုံးနှင့်သက်ဆိုင်သော အရေးကိစ္စဖြစ်ရာ စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲခြင်းကို တုံ့ပြန်ကြရာတွင် လူ့အခွင့်အရေးနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များ၊ ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်နိုင်သည့် လူ့အခွင့်အရေးများ၊ ဌာနေတိုင်းရင်းသားများ၊ ဒေသခံများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ကလေးများ၊ မသန်စွမ်းသူများ၊ အားနည်းချို့တဲ့နေသူများ အစရှိသည်တို့၏ အခွင့်အရေးများကို လေးစားမြှင့်တင်ကာ ကာကွယ်ပေးကြရမည်ဖြစ်သည်။ ထို့ပြင် ဖွံ့ဖြိုးတိုးတက်အောင် ကြံဆောင်နိုင်သည့် လူ့အခွင့်အရေး၊ ကျားမ တန်းတူညီမျှရေး၊ အမျိုးသမီးများအားကို ကိုယ်စွမ်းဉာဏ်စွမ်းဖွံ့ဖြိုးလာ စေရေးနှင့် မျိုးဆက်တစ်ခုနှင့်တစ်ခုကြား သာသည် နာသည်မရှိ တန်းတူခံစားခွင့်ရှိရေးအစရှိသည်တို့ကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပဲရစ်သဘောတူညီချက်တွင် လူ့အခွင့်အရေးကိစ္စများကို ထည့်သွင်းဆွေးနွေးလာပြီဖြစ်သောကြောင့် အောင်မြင်မှုဟု ယူဆထားကြသော်လည်း အချို့ကမူ ထည့်သွင်းထားသောနေရာမှာ စာချုပ်၏အဖွင့်မိတ်ဆက်အပိုင်းတွင် ဖြစ်သောကြောင့် အထက်ပါအချက်များ၏ တရားဝင်ဖြစ်မှုကို မေးခွန်းထုတ်ကြပါသည်။ လူ့အခွင့်အရေးကို လေးစားလိုက်နာရေး၊ လူ့အခွင့်အရေး ပြန့်ပွားစေရေးတို့ကိုသာ ဖော်ပြထားပြီး လူ့အခွင့်အရေးအား အကာအကွယ်ပေးရေးကို ချန်လှပ်ထားခဲ့သောကြောင့် ဖြစ်သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

ရာသီဥတုပြောင်းလဲခြင်းက လူ့အခွင့်အရေးအပေါ် အကျိုးသက်ရောက်မှုများ

သင်၏နိုင်ငံတွင် ရာသီဥတုပြောင်းလဲ ဖြစ်စဉ်ကြောင့် လူ့အခွင့်အရေးအပေါ် ထိခိုက်မှုများမည်သည့် ပုံစံဖြင့် ဖြစ်ပွားကြသနည်း။

၁။ ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်လာသော အကျိုးဆက်များကို အောက်တွင် ဖော်ပြထားပါသည်။

- ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း
- မုန်တိုင်းများနှင့် တိုင်ဖွန်းများ ပိုမိုများပြားလာခြင်း
- မိုးခေါင်ရေရှားမှုများ ပိုမိုဖြစ်ပွားလာခြင်း
- လယ်ယာကုန်ထုတ်လုပ်ငန်းများတွင် အပြောင်းအလဲများကြုံတွေ့လာရခြင်း
- ဌက်ဖျားအစရှိသည့်ရောဂါများမကြုံဖူးသော နေရာသစ်များတွင်ဖြစ်ပေါ်လာခြင်း
- အပူချိန်ပိုများလာခြင်းနှင့် အပူလှိုင်းများဖြတ်ခြင်း

၂။ ရာသီဥတုပြောင်းလဲခြင်းကိုလျှော့ချနိုင်ရန်မည်သည်တို့ကိုဆောင်ရွက်နိုင်သနည်း။ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ ထုတ်လွှတ်မှုများကို လျှော့ချရန် လိုအပ်သည့် အပြောင်းအလဲများကို စဉ်းစားပါ။ အောက်ပါအချက်များ ပါဝင်နိုင်ပါသည်။

- လူတစ်ဦးချင်းစီက အမှုအကျင့်များကို မည်သို့ပြောင်းလဲနိုင်သနည်း။
- မိသားစုအလိုက် ပြုမူနေထိုင်ပုံများ မည်သို့ပြောင်းလဲနိုင်သနည်း။
- လူမှုအသိုက်အမြုံ၊ ရပ်ကွက်နှင့်ကျေးရွာများက မည်သို့ပြောင်းလဲနိုင်ပါသနည်း။
- မြို့တော်ကြီးများအနေဖြင့် မည်သို့ပြောင်းလဲနိုင်ပါသနည်း။
- နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့ပြောင်းလဲနိုင်ပါသနည်း။

၁၄.၆ နိဂုံး

ယခုအခန်းတွင် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်တို့ အပြန်အလှန်ဆက်စပ်ကြပုံများကို ဆွေးနွေးခဲ့ပါသည်။ သန့်ရှင်းသောပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး၏ အစိတ်အပိုင်းတစ်ရပ်သာဖြစ်သော်လည်း လူသားတို့အနေဖြင့် သန့်ရှင်းသော ကျန်းမာရေးနှင့် ညီညွတ်သော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခွင့်အား လူ့အခွင့်အရေးတစ်ရပ်အဖြစ် အသိအမှတ်ပြုလာရန် မှာမူ လုပ်ဆောင်စရာ များစွာကျန်ရှိနေပေသေးသည်။ ယခုအခါ နိုင်ငံပေါင်းများစွာသည် သန့်ရှင်းသော ပတ်ဝန်းကျင်တွင် နေထိုင်ခွင့်ကို လူ့အခွင့်အရေးအဖြစ် လက်ခံထားကြသော်လည်း နိုင်ငံတကာအဆင့်တွင် ဥပဒေပြုကာ ကျယ်ကျယ့်ပြန့်ပြန့် လက်ခံကျင့်သုံးခြင်းကမူ အလှမ်းဝေးနေပါသေးသည်။ ရာသီဥတုပြောင်းလဲခြင်းနှင့်ပတ်သက်သော အရေးအရာများကို ထိရောက်စွာ ဖြေရှင်းကြပါမည်ဆိုပါမူ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် လူ့အခွင့်အရေးကို စံပေတံတစ်ချောင်းအဖြစ်သုံးကာ ပြည်သူတို့၏ သန့်ရှင်းသောပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့်ကို စောင့်ကြည့်ကာကွယ်ကြရန် မျှော်လင့်ရပေသည်။ ပြည်သူတို့အနေဖြင့် သန့်ရှင်းသောသဘာဝပတ်ဝန်းကျင်တွင် နေထိုင်ခွင့်အား လူ့အခွင့်အရေးအဖြစ် သတ်မှတ်ထားခြင်းများလည်း ပိုမိုကျယ်ပြန့်စွာ ကျင့်သုံးလာမည်ဟု မျှော်လင့်ရပါသည်။

က။ အနှစ်ချုပ်နှင့်အဓိကအချက်များ

မိတ်ဆက်

သဘာဝပတ်ဝန်းကျင်ပြဿနာများအပေါ် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်လာခြင်းမှာ ၁၈၀၀ ကျော် ကာလနှောင်းပိုင်း တွင်စတင်ခဲ့သည်။ သို့သော် ၁၉၆၀ နှင့် ၁၉၇၀ ကျော်နှစ်များသို့ ရောက်သည့်အခါမှသာ တစ်ကမ္ဘာလုံးတွင် သဘာဝပတ်ဝန်းကျင်အရေးကို စိတ်ဝင်စားလာခဲ့ကြခြင်းဖြစ်သည်။ အရွယ်အစားကြီးမားပြီး လူသိများသော သဘာဝပတ်ဝန်းကျင် ဘေးဆိုးများကြောင့် လူသားတို့သည်လည်း သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှု၏ အကျိုးဆက်များကို သတိမူမိလာကြသည်။ မကြာမီပင် လူ့အခွင့်အရေးကိုလည်း သဘာဝပတ်ဝန်းကျင်အရေးနှင့် ဆက်စပ်ကာ စဉ်းစားလာခဲ့ကြသည်။ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်တို့၏ အပြန်အလှန်ချိတ်ဆက်နေကြပုံတွင် - သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်သည်လည်း လူ့အခွင့်အရေးပင်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရေးနှင့်လူသားတို့၏ သာယာဝပြောရေးကို ဆောင်ရွက်နိုင်ခြင်းမှာလည်း လူ့အခွင့်အရေးကိုကာကွယ်စောင့်ရှောက်ရေးအပေါ် တွင်မှီတည်နေသည်။ အရှေ့တောင်အာရှသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရေးနှင့် ညစ်ညမ်းမှုကာကွယ်ပေးရေး အစရှိသည့် လှုပ်ရှားမှုများ အစဉ်အလာရှိခဲ့ရာဒေသဖြစ်သည်။ ညစ်ညမ်းမှုသည် ယခုအခါ နယ်စပ်ဖြတ်ကျော်ပြဿနာတစ်ရပ်အဖြစ်သို့ရောက်ရှိလာပြီး အင်ဒိုနီးရှားမှာရှိ့သောမီးသည် အခြားအိမ်နီးချင်းနိုင်ငံများသို့ပင် ပျံ့နှံ့သွားသည်။ ထိုနယ်စပ်ဖြတ်ကျော်မီးခိုးမြူပြဿနာကြောင့် ဒေသတွင်းနိုင်ငံများအတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာချုပ်များ ချုပ်ဆိုခဲ့ကြရသည်။ ဤဒေသတွင် သဘာဝပတ်ဝန်းကျင်အရေးလှုပ်ရှားသူများမှာ အန္တရာယ်များလှပြီး လက်နက်ဖြင့် တိုက်ခိုက်ခံရခြင်း၊ သတ်ဖြတ်ခံရခြင်းများ ဖြစ်ပွားခဲ့ဖူးသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများ

သဘာဝပတ်ဝန်းကျင်အရေးကို ဆွေးနွေးကြရာတွင် ၁၉၆၀ ကျော်နှင့် ၁၉၇၀ ကျော်နှစ်များတိုင်အောင် သဘာဝပတ်ဝန်းကျင်အပေါ် မည်သို့အမြင်ထုတ်မည် ဆိုသည့်ကိစ္စက ပိုမိုတွင်ကျယ်ခဲ့သည်။ ဥပမာ - အမျိုးသားဥယျာဉ်များ တည်ဆောက်ခြင်း ဥပဒေများ၊ မြစ်ရေထုတ်ယူသုံးစွဲမှုဆိုင်ရာဥပဒေများ ပေါ်ပေါက်ခဲ့သော ကာလများ ဖြစ်သည်။ သို့သော် ၁၉၇၀ အကျော်တွင်မူ ရေထုညစ်ညမ်းမှုများကို ထိန်းချုပ်သောဥပဒေများ၊ အန္တရာယ်များသော ဓာတုပစ္စည်းများကို ထိန်းကွပ်သည့်ဥပဒေများ၊ မျိုးတုန်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသော သတ္တဝါများကို ကာကွယ်စောင့်ရှောက်ရန် ဥပဒေများထွက်ပေါ်လာကြသည်။ သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခြင်းမှာ လူအခွင့်အရေး တစ်ရပ်ဖြစ်ကြောင်းကို စတင်ပြောဆိုခြင်းကိုမူ စတော့ဟုမ်းသဘောတူညီချက် (၁၉၇၂) မှ စတင်ပေါ်ပေါက်လာခဲ့သည်။ ထိုအချိန်မှ စတင်ခဲ့သော သန့်ရှင်းသော ပတ်ဝန်းကျင်တွင်နေထိုင်နိုင်ခြင်းမှာ လူအခွင့်အရေးဟူသော အဆိုမှာ ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုများမရရှိခဲ့ဘဲ လက်တွေ့တွင် အကောင်အထည်ဖော်ရန်ခက်ခဲပြီး ကြီးမားကျယ်ပြန့်လွန်းသည်ဟု ယူဆသူများရှိခဲ့၏။

မွေးရာပါ လူအခွင့်အရေးတစ်ရပ်အနေဖြင့် သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခွင့်ရှိခြင်း

သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရန် လူအခွင့်အရေးဟု ဆိုရာတွင် တစ်ခုနှင့်တစ်ခု သီးခြားစီဖြစ်သော်လည်း ဆက်စပ်နေကြသည့် ရည်ရွယ်ချက်နှစ်ခု ပါရှိသည်။ ပထမရည်ရွယ်ချက်မှာ သဘာဝပတ်ဝန်းကျင် ဆိုင်ရာလူအခွင့်အရေးကို အကာအကွယ်ပေးရန် လူသားတို့၏ မွေးရာပါအခွင့်အရေးအဖြစ် ကာကွယ်ပေးရမည် (ဥပဒေဖြင့် ပြဋ္ဌာန်းထားရမည်)။ ထို့ပြင် ထိုအကာအကွယ်ပေးခြင်းကို ဥပဒေလုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်နိုင်မည့် အစီအမံများရှိရမည်။ လူသားတို့၏ မွေးရာပါအခွင့်အရေးအားဖြင့် လူအခွင့်အရေးကို ခံစားနိုင်ခြင်းကို နိုင်ငံတကာဥပဒေများစွာနှင့် ပြည်တွင်းဥပဒေများတွင် ဖော်ပြထားပါသည်။ ဥပမာ - ICCPR, ICESCR တို့မှာ နိုင်ငံတကာ ဥပဒေများဖြစ်ကြပြီး ဒေသတွင်းအဆင့်တွင်မူ အာဆီယံလူအခွင့်အရေးကြေညာစာတမ်းဟူ၍ ရှိသည်။ နိုင်ငံသားတို့၏ မွေးရာပါအခွင့်အရေးတစ်ရပ်အဖြစ် သတ်မှတ်ထားပေးခြင်းကိုမူ အရှေ့တောင်အာရှရှိ အချို့နိုင်ငံများတွင် တွေ့ရှိရသည်။ ဖိလစ်ပိုင်၊ မလေးရှားနှင့်ထိုင်းနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများတွင် သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခွင့်ကို နိုင်ငံသားအခွင့်အရေးအဖြစ် ပြဋ္ဌာန်းထားသည်။

ဥပဒေပြဋ္ဌာန်းချက်များအရ လူအခွင့်အရေးတစ်ရပ်အနေဖြင့် သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခွင့်ရှိခြင်း

ဥပဒေပြဋ္ဌာန်းချက်များအရ ရပိုင်ခွင့်ရှိသော လူအခွင့်အရေးများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များ ရပိုင်ခွင့်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဆုံးအဖြတ်များချမှတ်ရာတွင် ပြည်သူများပါဝင်ပိုင်ခွင့်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအမှုအခင်းနှင့် အငြင်းပွားမှုများဖြစ်လာခဲ့သည်ရှိသော် တိုင်ကြားဖြေရှင်းနိုင်သည့်တရားရုံးနှင့် တရားရေးအစီအမံများရှိခြင်းတို့ပါဝင်သည်။ လူတို့သည် သတင်းအချက်အလက်ကို သိရှိရန်လိုအပ်သည်။ သတင်းအချက်အလက်

ရှိမှသာ မိမိတို့ပတ်ဝန်းကျင်အပေါ် ကျရောက်လာမည့် အကျိုးသက်ရောက်မှုများအတွက် ပြင်ဆင်နိုင်မည်။ သတင်းအချက်အလက်ပေးနိုင်ရန်အလို့ငှာ သတင်းအချက်အလက်များ ရရှိပိုင်ခွင့် ဥပဒေကို ထုတ်ပြန်ခြင်းများဆောင်ရွက်နိုင်သည်။ သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု ဆန်းစစ်ချက်များ ဆောင်ရွက်ရာတွင်လည်းကောင်း၊ မြို့ပြစီမံကိန်းများချမှတ်ရာတွင်လည်းကောင်း ပြည်သူများ ပါဝင်နိုင်ခွင့်ရရှိအောင် ဆောင်ရွက်နိုင်သည်။ ပြည်သူအများ ပါဝင်ခြင်းအားဖြင့် နောက်ဆုံးထွက်ပေါ်လာသော အဆုံးအဖြတ်များတွင် ပြည်သူ့အသံများကို ကိုယ်စားပြုလာနိုင်မည်။ သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုဆန်းစစ်ချက် အစီရင်ခံစာတွင် ပြည်သူတို့၏ အမြင်များနှင့် ထိုအမြင်အပေါ် အစီရင်ခံစာရေးသားသူတို့က တုံ့ပြန်ထားပုံများကို ထည့်သွင်းကြရမည်။ အငြင်းပွားမှုများကို ဖြေရှင်းရန်နည်းလမ်းများရှာဖွေရရှိပိုင်ခွင့် သို့မဟုတ် လျော်ကြေးရပိုင်ခွင့်နှင့် တရားရုံးတွင် အဆုံးအဖြတ်ခံယူပိုင်ခွင့်တို့မှာ ဥပဒေပြဋ္ဌာန်းချက်က ပေးအပ်နိုင်သော လူ့အခွင့်အရေးများ ဖြစ်ကြသည်။ သို့သော် တရားရုံးတွင် အဆုံးအဖြတ်ခံယူပိုင်ခွင့်ကို ပေးအပ်ထားသော်လည်း တရားရုံးသို့ လာရောက်တိုင်ကြားနိုင်သူမှာ မည်သူမည်ဝါသာဖြစ်ရမည်ဟူသော ကန့်သတ်ချက်များရှိနေပါက ထိုအခွင့်အရေးကို အပြည့်အဝရရှိရန် မဖြစ်နိုင်သည့်အခြေအနေများ ဖြစ်လာနိုင်သည်။

ဘေးကင်းသော၊ သန့်ရှင်းသော၊ ကျန်းမာရေးနှင့်ညီညွတ်သော၊ ရေရှည်ခံသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့်

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကုလသမဂ္ဂ အထူးစုံစမ်းစစ်ဆေးရေးအရာရှိက ဖော်ထုတ်ခဲ့သော မော်ဒယ်တစ်ခုတွင် နိုင်ငံအသီးသီးက ဘေးကင်းသော၊ သန့်ရှင်းသော၊ ကျန်းမာရေးနှင့်ညီညွတ်သော၊ ရေရှည်ခံသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့်အား နိုင်ငံသားတို့ကို ပေးအပ်နိုင်ရန် ထမ်းဆောင်ရမည့်တာဝန်များ ပါဝင်သည်။ ထိုတာဝန် ဝတ္တရားများတွင် နိုင်ငံသားတစ်ဦးစီကို သဘာဝပတ်ဝန်းကျင်ဘေးဆိုးများမှ ကင်းလွတ်အောင်ကာကွယ်ပေးရန်၊ အသိပညာပေးရန်၊ ဥပဒေအရလုပ်ထုံးလုပ်နည်းအတိုင်း မိမိပတ်ဝန်းကျင်ကို ကာကွယ်ရာတွင် ပါဝင်ပိုင်ခွင့်ရှိရန်နှင့် တရားရေးလုပ်ထုံးလုပ်နည်းများကို လက်လှမ်းမီရန်၊ ပုဂ္ဂလိကကဏ္ဍ ကြောင့်ဖြစ်လာသော လူ့အခွင့်အရေးချိုးဖောက်မှုများမှ ကာကွယ်ပေးရန်၊ အမျိုးသမီး၊ ကလေး၊ သူဆင်းရဲနှင့် ဌာနေတိုင်းရင်းသားအုပ်စုများအစရှိသည့် အားနည်းသော အုပ်စုများအပေါ် သဘာဝပတ်ဝန်းကျင်အပျက်အစီးဘေးများ မတန်တဆ ကျရောက်နေမှုကိုပါ ထည့်သွင်းစဉ်းစားရန် တို့ပါဝင်သည်။

ဌာနေတိုင်းရင်းသားအုပ်စုများနှင့် သဘာဝပတ်ဝန်းကျင်

သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသော စီမံကိန်းကြီးများဖြစ်ကြသည့် ရေကာတာကြီးများ၊ သစ်တောပြုန်းတီးခြင်းများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများ အစရှိသည်တို့ကြောင့် ဌာနေတိုင်းရင်းသားများ၏ ပတ်ဝန်းကျင် ယိုယွင်းလာကာ လူ့အခွင့်အရေးချိုးဖောက်မှုများလည်း ဖြစ်ပေါ်လာရသည်။ ဌာနေတိုင်းရင်းသားများ၏ မြေပိုင်ဆိုင်မှုမှာ ဓလေ့ထုံးတမ်း အစဉ်အလာအရ ပိုင်ဆိုင်မှုဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကြီးများနှင့် အတင်းအဓမ္မရွှေ့ပြောင်းစေခြင်းများကို တည်ဆဲဥပဒေများသုံး၍ ဆောင်ရွက်လာကြလျှင် ဌာနေတိုင်းရင်းသားတို့မှာ အင်အားနည်းသူများဖြစ်သောကြောင့် ၎င်းတို့ကိုကာကွယ်ရန် အထူးအစီအမံများဖော်ထုတ်လာကြရသည်။ UNDRIP စာချုပ်မှာ ဌာနေ

တိုင်းရင်းသားတို့ကို အတင်းအဓမ္မမောင်းထုတ်ခြင်း၊ ပြန်လည်နေရာချထားခြင်းများ မပြုလုပ်ရန် တားမြစ်ထားသည်။ ဌာနေတိုင်းရင်းသားတို့၏ နယ်မြေများမှမြေကို ဌာနေတိုင်းရင်းသားတို့က လွတ်လပ်စွာဆုံးဖြတ်နိုင်ခြင်း၊ ကြိုတင်အကြောင်းကြားထားခြင်း၊ အခြေအနေကို ကောင်းစွာ သဘောပေါက်ပြီးမှ ခေါင်းညိတ်ခြင်းတို့မရှိဘဲ မရယူသင့်ဟု ဖော်ပြထားသည်။

ရာသီဥတုပြောင်းလဲခြင်းနှင့် လူ့အခွင့်အရေး

ရာသီဥတုပြောင်းလဲခြင်းကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်းကဲ့သို့ ရေရှည်အကျိုးဆက်များနှင့် မိုးလေဝသဖောက်ပြန်ခြင်းကဲ့သို့ လက်ငင်းအကျိုးဆက်များ ဖြစ်ပေါ်လာရသည်။ မိုးခေါင်ရေရှားဖြစ်ခြင်း၊ ရေကြီးခြင်းနှင့် မုန်တိုင်းများဖြစ်ခြင်းတို့ ကြုံတွေ့ရသောအခါ အစားအသောက်စျေးနှုန်းများနှင့် စားရေရိက္ခာထွက်ရှိမှုများ ထိခိုက်လာလေ့ရှိပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာဒုက္ခသည်များ သန်းနှင့်ချီ၍ ပေါ်ပေါက်လာတတ်သည်။ ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးများမှာ နွမ်းပါးချည့်နဲ့သော လူ့အသိုက်အမြုံများကို ပို၍ပင်အထိအခိုက်များစေသည်။ အကယ်၍ နိုင်ငံများအနေဖြင့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့လျှော့ချရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်မှသာ အဆိုးဆုံးသောအခြေအနေများကို ကျော်လွှားနိုင်ကြမည်ဖြစ်သော်လည်း ယခုအချိန်အထိ ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများမဖြစ်လာသေးပါ။ ရာသီဥတုပြောင်းလဲမှုများကို လျှော့ချနိုင်ရန် အစီအစဉ်များစွာရှိရာ ထိုအစီအစဉ်များအနေဖြင့် လူ့အခွင့်အရေး နယ်ပယ်ကို အပြည့်အဝ ထည့်သွင်းသုံးသပ်ခြင်းမရှိခဲ့ကြပါ။ မကြာသေးခင်က ထွက်ပေါ်လာခဲ့သော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာနိုင်ငံတကာစာချုပ်များတွင်မူ လူ့အခွင့်အရေးကို စတင်ဖော်ပြလာကြသော်လည်း နိုင်ငံအစိုးရများအနေဖြင့် မည်သည့်တာဝန်နှင့်ဝတ္တရားများ ထမ်းဆောင်ရမည်ကို အသေးစိတ်ဖော်ပြထားခြင်း မရှိသေးပါ။

ခ။ စာမေးပွဲ သို့မဟုတ် အက်ဆေးမေးခွန်းများ

- သင်၏ နိုင်ငံတွင် မည်သည့်ကာလကစ၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများကို လူအများ စိတ်ဝင်စားလာခဲ့ကြသနည်း။
- လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိသနည်း။
- ဘေးကင်းသော၊ သန့်ရှင်းသော၊ ကျန်းမာရေးနှင့်ညီညွတ်သော၊ ရေရှည်ခံသော သဘာဝပတ်ဝန်းကျင်ဖြစ်လာစေရန် လူ့အခွင့်အရေး၏အရေးပါပုံ ကဏ္ဍအသီးသီးကို ဖော်ပြပါ။ ထိုလူ့အခွင့်အရေး၏ကဏ္ဍများကို မည်သို့ဆန်းစစ် တိုင်းတာနိုင်မည်နည်း။
- ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဒုက္ခသည်များနှင့် များပြားလာသော ကပ်ဘေးများကို ရင်ဆိုင်ရာတွင် လူ့အခွင့်အရေးကို အခြေခံသောမူဖြင့် မည်သို့ဆောင်ရွက်နိုင်မည်နည်း။

- သန့်ရှင်းသောသဘာဝပတ်ဝန်းကျင်တွင်နေထိုင်ပိုင်ခွင့်မှာ လူသားတို့၏ မွေးရာပါအခွင့်အရေး အဖြစ် သတ်မှတ်ထားသော်ငြား လက်တွေ့တွင် ဥပဒေလုပ်ထုံးလုပ်နည်းများအားဖြင့် ထိုအခွင့် အရေးများအား အကာအကွယ်ပေးခြင်းမရှိသော ဖြစ်ရပ်များ အဘယ်ကြောင့်ဖြစ်ရသနည်း။
- သင်၏နိုင်ငံတွင် ဖြစ်ပွားခဲ့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အုပ်စုတစ်ခု၏ ဆန္ဒပြပွဲကို သုံးသပ်ပါ။ ထိုဆန္ဒပြပွဲမှာ ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုခုကိုသော်လည်းကောင်း ရေကာတာ ဆောက်လုပ်ခြင်းကိုလည်းကောင်း ဆန့်ကျင်ခြင်းဖြစ်နိုင်ပါသည်။ ဆန္ဒပြသူတို့က မည်သို့ ပြောဆိုကြသနည်း။ အစိုးရက ၎င်းတို့အား မည်သို့တုံ့ပြန်သနည်း။ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အကျိုးသက်ရောက်မှုများအား ဖွံ့ဖြိုးရေးဖြစ်စဉ်မှ ရလဒ်များနှင့်ယှဉ်သော် အကျိုး အမြတ်မှာ မည်သို့ရှိမည်နည်း။
- သင်၏နိုင်ငံတွင် တွေ့ရသော ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်၏ အကျိုးသက်ရောက်ပုံကို ဖော်ပြပါ။ ထိုဖြစ်စဉ်ကို ရင်ဆိုင်ရန် ပြင်ဆင်ထားခြင်းများရှိပါသလား။
- သဘာဝပတ်ဝန်းကျင် အပျက်အစီးများဖြစ်လာသောကြောင့် လူတစ်စုက မကျေနပ်သည့်အခါ တရားရုံးသို့ တိုင်ကြားနိုင်ရန်အတွက် သင်၏နိုင်ငံတွင် မည်ကဲ့သို့သော အတားအဆီးများ ရှိပါသနည်း။
- ကျောင်းသားများနှင့် တက္ကသိုလ်ပရိဝုဏ်အတွင်းမှ ပလပ်စတစ်နှင့် စက္ကူ အလွန်အကျွံ သုံးစွဲ ခြင်း အစရှိသည့် အမှိုက်ပြဿနာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးချိုး ဖောက်မှုများ အဆက်အစပ် ရှိပါသလား။

ဂ။ ထပ်မံလေ့လာဖတ်ရှုရန်များ

Authors on human rights and the environment include:

- James Crawford,
- Robert Hitchcock,
- Ann Marie Clark,
- David Boyd
- John Knox
- Jennifer Clapp
- Rachel Carson,

Organizations which have programs and research on human rights and the environment include:

- The Special Rapporteur on human rights and the environment
- United Nations Environment Program (UNEP)
- Stockholm Environment Institute (SEI)
- Greenpeace

- Centre for International Environmental Law (CIEL)
- Centre for International Sustainable Development Law at Yale University
- World Bank reports on development and climate change

Additional resources on human rights and climate change include:

- At the UN there are various programs found at the OHCHR, Human Rights Council, and UNEP.
- Working Group on human rights and climate change has its own website at climatechange.org.
- Reports are available from the UNFCCC, which has a climate change newsroom and a facebook page, and COP 21, which has its own website.

Resources on indigenous groups and human rights include:

- James Ananya
- Paul Keal
- UNEP has a program on Indigenous rights
- OHCHR has a report on Climate change and indigenous peoples
- UNESCO has research on indigenous rights, and some on the environment and indigenous groups
- ILO, through its Resolution 169, covers indigenous rights.
- Asian Indigenous People's Pact (AIPP) has an environment program.
- In Thailand there is: Indigenous Peoples' Foundation for Education and Environment (IPF), Inter Mountain Peoples Education and Culture in Thailand Association (IMPECT)
- In Indonesia there is: Alliance of Indigenous Peoples of the Archipelago (AMAN)
- Other indigenous groups include Forest Peoples Program, Assembly of First Nations, and Survival International.

၁၅

အရှေ့တောင်အာရှရှိ လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် မီဒီယာ

နိုင်ငံသားတစ်ယောက် နိုင်ငံ့အရေးတွင် ပါဝင်နိုင်ခွင့် - နိုင်ငံသားအခွင့်အရေးမှာ ကျဉ်းမြောင်းသော်လည်း ICCPR တွင်ဖော်ပြထားသည့်အတိုင်းပင် လူတစ်ဦးအဖို့ မရမဖြစ် လူ့အခွင့်အရေးဖြစ်သည်။

၁၅.၁ မိတ်ဆက်

အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများတွင်မူ ထိုလူ့အခွင့်အရေးကို အပြည့်အဝ အသိအမှတ်ပြုခြင်းမရှိပေ။ ထိုနိုင်ငံများအနက် အချို့တွင်မူ ပြည်သူတို့အနေနှင့် နိုင်ငံရေးတွင်ပါဝင်ခွင့်၊ နိုင်ငံရေးအတွက် တွေ့ဆုံဆွေးနွေးခွင့်၊ မိမိတို့နိုင်ငံရေးအမြင်များကို လူသိရှင်ကြား ထုတ်ဖော်ပြောဆိုနိုင်ခွင့်တို့ကို နိုင်ငံသားအခွင့်အရေး ဟူသော ခေါင်းစဉ်ဖြင့် ဆောင်ရွက်နိုင်ကြသည်။ နိုင်ငံသားတစ်ယောက်၏ အခွင့်အရေးများတွင် မဲပေးပိုင်ခွင့်ရှိခြင်း၊ အစိုးရက ပေးအပ်သော ပြည်သူ့ဝန်ဆောင်မှုများကို ရပိုင်ခွင့်ရှိခြင်းနှင့် ရွေးကောက်တင်မြောက်ခံပိုင်ခွင့် ရှိခြင်းတို့လည်း ပါဝင်ကြသည်။ နိုင်ငံသားအခွင့်အရေးဆိုလျှင် နိုင်ငံသားတို့၏ ပါဝင်လှုပ်ရှားနိုင်ခွင့်အား လည်းကောင်း၊ ဒီမိုကရေစီ ဖြစ်တည်ခြင်းနှင့် အစိုးရ၏ပြည်သူ့ဝန်ဆောင်မှုများအားဖြင့်လည်းကောင်း မြင်မိကြမည်။ သို့ရာတွင် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံမှာ နိုင်ငံရေးစနစ် ထပ်တူကြစွာ ကျင့်သုံးခဲ့သည်မျိုးလည်း မည်သည့်အခါကမျှ မရှိခဲ့ရာ နိုင်ငံသားတို့၏အခွင့်အရေးကို ကျင့်သုံးရာတွင် တစ်နိုင်ငံချင်းစီမှာ ကွဲပြားကြသည်။ နိုင်ငံသားအခွင့်အရေးများ၏ အကျိုးသက်ရောက်မှုအပေါ် အငြင်းအခုံများစွာ ရှိပါသည်။ ယခုအခန်းမှာ နိုင်ငံသားတို့၏ အခွင့်အရေးပါ အခြေခံအချက်များကို ရှင်းပြမည်ဖြစ်သည်။ ဒီမိုကရေစီနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ဦးစားပေး တင်ပြသွားပါမည်။ အရှေ့တောင်အာရှနိုင်ငံများတွင် နိုင်ငံသားတို့ အခွင့်အရေးကို အဓိပ္ပာယ်ကောက်ယူပုံ၊ နိုင်ငံသားတို့၏ အခွင့်အရေးအတွက် ဆောင်ရွက်ပေးထားပုံများကို သုံးသပ်သွားပါမည်။

နိုင်ငံသား အခွင့်အရေးတွင် ရှည်လျားသောသမိုင်းကြောင်းရှိသည်။ နိုင်ငံရေးစနစ်တိုင်းတွင် အာဏာကိုအကြောင်းပြုသော ပဋိပက္ခများ များစွာရှိခဲ့ပြီးနောက်ပိုင်းတွင် နိုင်ငံသားတို့ စောင့်ထိန်းရန် ကျင့်ဝတ်များ၊ လူအခွင့်အရေးများ သတ်မှတ်ရန် လိုအပ်လာခဲ့သည်။အရှေ့တောင်အာရှရှိ နိုင်ငံအများစုတွင် နိုင်ငံသားတို့၏ အခွင့်အရေးကို ဖွဲ့စည်းအုပ်ချုပ်ပုံအားဖြင့် ဖော်ပြထားပါသည်။ ထိုသို့မထည့်သွင်းမိက အရှေ့တောင်အာရှနိုင်ငံအများစုသည် ကိုလိုနီတို့၏ လက်အောက်တွင် ရှိစဉ်ကလည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ရေးရပြီးသော ကာလများတွင်လည်းကောင်း နိုင်ငံသားတို့၏ ရပိုင်ခွင့်များနှင့်ပတ်သက်၍ အတိုက်အခံဆွေးနွေးစရာများ ပေါ်ပေါက်ခဲ့ပြီးဖြစ်သည်။ ထိုအာဏာရပိုင်ခွင့်အတွက် အတိုက်အခံငြင်းခုံရမှုများသည် လူအခွင့်အရေးဟူသော ခေါင်းစဉ်အောက်တွင် ဖြစ်ပွားခဲ့ခြင်းမဟုတ်သော်လည်း နိုင်ငံသားတို့အဖို့ ပြည်သူ့ရေးရာများတွင် ပြောရေးဆိုခွင့်ရှိရေး၊ နိုင်ငံရေးကိစ္စများတွင် ပါဝင်ပတ်သက်ခွင့်ရှိရေးတို့မှာ ယေဘုယျအားဖြင့် မိမိတို့နှင့်သက်ဆိုင်သည့်ကိစ္စဟု နားလည်ထားကြသည်သာဖြစ်သည်။ သို့ရာတွင်နိုင်ငံသား အခွင့်အရေးဟုဆိုရာ၌ အချို့သော အခွင့်အရေးများမှာ အရှေ့တောင်အာရှဒေသ ပြင်ပမှ ဝင်ရောက်လာခဲ့ကြခြင်းဖြစ်သည်။ ဥပမာ - အချို့သော နိုင်ငံသားအခွင့်အရေးဟူသော စံသတ်မှတ်ချက်များကို ၁၈ ရာစု ဥရောပ၏အလင်းခေတ်တွင် ပေါ်ထွက်လာသော နိုင်ငံရေးအတွေးအမြင်များကို အခြေခံသည်။ ထိုကာလတွင် ပထမဆုံးအကြိမ်အဖြစ် ပြည်သူ့အများ၏ဆန္ဒဖြင့်သာ အစိုးရများကတိုင်းပြည်ကို အုပ်စိုးသင့်သည်ဆိုသော နိုင်ငံရေးအတွေးအခေါ်မှာ နိုင်ငံသားတို့၏ ရပိုင်ခွင့်ကို ပြဋ္ဌာန်းသော ကြေညာချက်များနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေများ အတွင်းပါဝင်လာကြသည်။ ထိုနိုင်ငံရေး ဓလေ့များသည် ၁၈ ရာစုတွင် ပေါ်ပေါက်ခဲ့သော ပြင်သစ်နိုင်ငံတွင် သက်ဦးဆံပိုင်ဘုရင်စနစ်ကို ဆန့်ကျင်သော ပြင်သစ်တော်လှန်ရေးနှင့် အမေရိကန်တို့က အင်္ဂလိပ်ကို

အများပြည်သူတို့၏ဆန္ဒ

အစိုးရတစ်ရပ်ကို ပြည်သူတို့၏ ဆန္ဒအရ ရွေးချယ်မှု သို့မဟုတ် ပြည်သူ့အာဏာအရ တည်ထောင်ရသည်။ အများပြည်သူတို့၏ဆန္ဒ ဟူသော စကားရပ်မှာ ၁၇ ရာစု ဥရောပအလင်းခေတ်တွင် စတင်သုံးစွဲခဲ့သည့် ဝေါဟာရဖြစ်သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကြေညာစာတမ်း (၁၉၄၈) တွင်လည်း ဖော်ပြထားသည်။

ပုန်ကန်သော တော်လှန်ရေးမှ ပေါ်ပေါက်လာကြသည်။ ထိုတော်လှန်ရေးနှစ်ရပ်စလုံးမှာ နိုင်ငံသားတို့၏ နိုင်ငံရေးတွင်ပါဝင်ခွင့်ကို တရားဝင်အသိအမှတ်ပြုသော အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မြစ်ဖျားခံရာလည်း ဖြစ်သည်။ ထိုသို့ဆိုခြင်းကြောင့် နိုင်ငံသားတို့၏ အခွင့်အရေးမှာ ထိုအချိန်မှအစပြုကာ တီထွင်ခဲ့ကြသည်ဟုဆိုသော် မမှန်ပါ။ သမိုင်းတလျှောက်တွင် နိုင်ငံရေးစနစ်အမျိုးမျိုး၌ ကျေးတော်ကျွန်တော်များ တိုင်းသူပြည်သားများကို နိုင်ငံရေးတွင်ပါဝင်ခွင့် တစ်နည်းနည်းဖြင့် ပေးခဲ့ကြသည်ကို တွေ့ရှိနိုင်သည်။ အသနားခံခွင့်ကဲ့သို့သော လူ့အခွင့်အရေးကို နိုင်ငံရေးစနစ်များစွာတွင် အသုံးပြုခဲ့ကြကြောင်း သမိုင်းအထောက်အထားများအရ သိရှိနိုင်သော်လည်း ရွေးကောက်တင်မြောက်ခွင့်၊ ရွေးကောက်ခံခွင့်နှင့် လွတ်လပ်ခွင့်တို့မှာမူ အလွန့်အလွန် နည်းပါးလှသည်။

ဥရောပမှ တော်လှန်ရေးများနှင့် အရှေ့တောင်အာရှမှ ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေးတိုက်ပွဲဝင်မှုများသည် လူ့အခွင့်အရေးအတွက် အစပြုခြင်းများ ဖြစ်ခဲ့ကြသည်။ ထိုတော်လှန်ရေးများကြောင့် နိုင်ငံရေးမှာ ပြည်သူအများနှင့်သက်ဆိုင်ပြီး ပြောရေးဆိုခွင့်၊ ပါဝင်လှုပ်ရှားခွင့်တို့မှာ ပြည်သူတို့၏ရပိုင်ခွင့်ဖြစ်သင့်ကြောင်း အယူအဆများ အစပျိုးခဲ့သည်။ နိုင်ငံသားအခွင့်အရေးနှင့် ပတ်သက်ပြီး အရေးကြီးသော တန်ဖိုးနှစ်ရပ်ကို ဤသို့ဖော်ပြနိုင်သည်။ (၁) နိုင်ငံရေးစနစ်တစ်ရပ်ကို ပြည်သူ၏ရွေးချယ်မှုဖြင့်သာ တည်ထောင်နိုင်ခြင်း၊ (၂) ဒီမိုကရေစီစနစ်ဖြစ်စေ၊ ကွန်မြူနစ်စနစ်ဖြစ်စေ၊ ဘုရင်စနစ်ဖြစ်စေ၊ ဘာသာရေးအခြေခံ နိုင်ငံတော်စနစ်ဖြစ်စေ၊ မည်သည့်စနစ်တွင်မဆို တိုင်းသူပြည်သားတို့သည် ၎င်းတို့၏ နိုင်ငံရေးအယူအဆများကို ထုတ်ဖော်ပြောဆိုခွင့်ရှိပြီး နိုင်ငံရေးတွင်ပါဝင် ဆောင်ရွက်နိုင်ခြင်းရှိကြသည်။ ထိုအတွေးအခေါ်များကြောင့်ပင် အရှေ့တောင်အာရှနိုင်ငံများမှ ပြည်သူများသည် ကိုလိုနီအစိုးရများ စစ်အာဏာရှင်များ အကြမ်းဖက်လာဘ်စားသည့် ခေါင်းဆောင်များကို စိန်ခေါ်ခဲ့ကြသည်။ မကြာသေးခင်ကလည်း အာဆီယံ အဖွဲ့အစည်းကြီး၏ အရေးအရာများကို ပြန်ကြားရာတွင် ပြည်သူကိုကိုယ်စားပြုသော ပြည်သူတို့၏ အာဆီယံဟူသော အသုံးအနှုန်းများကို တွင်တွင်သုံးလာခဲ့သည်။ သို့ရာတွင် အာဆီယံမှာ ပြည်သူတို့၏ ပါဝင်နိုင်မှုထက်စာလျှင် အစိုးရတို့ကိုသာ ဦးစားပေးဆက်ဆံခဲ့ပါသည်။ အာဆီယံဒေသ တစ်လွှားတွင် နိုင်ငံသားအခွင့်အရေးကို ကျင့်သုံးမှုကြောင့် ထောင်ကျခံရသူများ ရှိသလို နိုင်ငံသားတို့၏ အခွင့်အရေးကို ပြည်သူတို့ထောက်ခံတင်ပြလာကြခြင်း၏ အကျိုးဆက်အားဖြင့် လူထုလှုပ်ရှားမှုအကြီးစားများ ပေါ်ပေါက်လာခဲ့ခြင်းလည်းရှိသည်။

အရှေ့တောင်အာရှ၏ ဒီမိုကရေစီအသွင်ပြောင်းခြင်းမှာ နှေးကွေးသောဖြစ်စဉ်ဖြစ်သည်။ ဤဖြစ်စဉ်မှာ ပဋိပက္ခပြွမ်းသော်လည်း နိုင်ငံသားအခွင့်အရေးကိုမူ တိုးတက်စေခဲ့သည်။ ဒီမိုကရေစီနိုင်ငံသားတို့ ရထိုက်သည့် အခွင့်အရေးနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တို့ ဒေသတွင်းဝယ် ပိုမိုအာရုံစိုက်လာကြသည်(ယခုအခန်းတွင် ထိုအကြောင်းအရာ နှစ်ရပ်လုံးကို ဆွေးနွေးသွားပါမည်)။ နိုင်ငံတကာစာချုပ်များတွင်ပါရှိသော နိုင်ငံသားအခွင့်အရေး ဆိုင်ရာအချက်များကို ဦးစွာအသေးစိတ်ဆွေးနွေးသွားပါမည်။ ထို့နောက် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အဆက်အစပ်ကို ဆက်လက်သုံးသပ်သွားမည်ဖြစ်ပြီး အရှေ့တောင်အာရှတစ်လွှား ဒီမိုကရေစီအသွင်ပြောင်းခြင်းများမည်သို့ တဖြည်းဖြည်းပေါ်ထွန်းလာသည်ကို ဆန်းစစ်ကြည့်ကြပါမည်။ အဆုံးပိုင်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၏အရေးပါပုံနှင့် ဒေသတွင်းမိဒီယာများ၏ အခြေအနေကို ဆွေးနွေးသွား

ပါမည်။ မည်မျှပင်စိန်ခေါ်မှုများရှိစေ ဒီမိုကရေစီသည် လူ့အခွင့်အရေးအတွက် အကောင်းဆုံး စံထားရသည့် စနစ်တစ်ခုဖြစ်ကြောင်း အဆိုပြုတင်ပြသွားပါမည်။

၁၅.၂ နိုင်ငံသားအခွင့်အရေး

နိုင်ငံသားတစ်ယောက်၏ နိုင်ငံရေးတွင် ပါဝင်ပတ်သက်ခွင့်အား လူ့အခွင့်အရေးအဖြစ် လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၂၀-၂၁ တွင် ဖော်ပြထားပါသည်။ သို့ရာတွင် ယခုအခန်းတွင် အကျယ်ဆွေးနွေးမည့် အပိုဒ် ၁၉ - လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ရံဖန်ရံခါနိုင်ငံသားဆိုင်ရာအခွင့်အရေးအဖြစ် ယူဆကြပါသည်။ ကုလလူ့အခွင့်အရေး ကြေညာစာတမ်း မတိုင်မီက နိုင်ငံရေးဆိုင်ရာ လူ့အခွင့်အရေးများကို နိုင်ငံအချို့၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများတွင် ဖော်ပြခဲ့ပါသည်။ သို့ရာတွင် ထိုနိုင်ငံရေးဆိုင်ရာ လူ့အခွင့်ရေးကိုရပိုင်ခွင့်မှာ နိုင်ငံသားဟူ၍ သတ်မှတ်ခံထားရသူများအတွက်သာဟု ကန့်သတ်ထားခြင်းများ လည်းရှိခဲ့သည်။ UDHR အရ ပြဋ္ဌာန်းထားသော နိုင်ငံရေးဆိုင်ရာ လူ့အခွင့်အရေးများကို နိုင်ငံရေးတွင်ပါဝင်ခွင့်ကို အလေးထားသော ICCPR စာချုပ်ကဲ့သို့ နိုင်ငံတကာဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခဲ့ပြီး CEDAW နှင့် ရွှေ့ပြောင်းလုပ်သားများ၏ လူ့အခွင့်အရေးစာချုပ်များကဲ့သို့သော စာချုပ်များတွင်လည်း ထပ်မံ ထည့်သွင်းထားသည်။

နိုင်ငံရေးဆိုင်ရာ လူ့အခွင့်အရေးများနှင့်ပတ်သက်၍ တွေ့ရလေ့ရှိသော ကန့်သတ်ချက် တစ်ခုမှာ နိုင်ငံသားလက်မှတ် ရရှိထားသူများသာလျှင် ထိုလူ့အခွင့်အရေးကို ခံစားရလေ့ရှိသည်။ သို့ဖြစ်ရာ နိုင်ငံသားလက်မှတ်မရှိက ထိုနိုင်ငံရေးဆိုင်ရာ လူ့အခွင့်အရေးများနှင့်ဝေး၍ ပြည်သူ့ရေးရာကိစ္စများတွင် ပါဝင်ဆုံးဖြတ်နိုင်သည့် မဲကို ပေးပိုင်ခွင့်မရှိတော့ပေ။ အခြား လူ့အခွင့်အရေးများစွာကို အစိုးရတစ်ရပ်အနေဖြင့် မိမိအုပ်ချုပ်သော နယ်မြေပေါ်တွင် နေထိုင်သူအားလုံးကို ပေးအပ်ရသည်။ သို့ရာတွင် နိုင်ငံရေးဆိုင်ရာ လူ့အခွင့်အရေးကိစ္စမှာမူ ခြားနားသည်။ နိုင်ငံသားမဟုတ်သူများသည် အခြားတစ်နိုင်ငံ၏ ရွေးကောက်ပွဲတွင် မဲပေးခွင့်မရှိသလို နိုင်ငံရေးတွင်လည်း အရွေးကောက်ခံအဖြစ် ပါဝင်ခွင့်မရှိပေ။ ထိုသို့သော ရွေးကောက်ပွဲဆိုင်ရာ လူ့အခွင့်အရေးများသည် နိုင်ငံသားတို့အတွက်သာ ဖြစ်သည်။ သို့သော် နိုင်ငံသားမဟုတ်သူများအဖို့ နိုင်ငံရေးဆိုင်ရာ လူ့အခွင့်အရေးများ ဆုံးရှုံးနေသည်ဟု မဆိုသာပေ။ ထိုသူတို့သည်လည်း ဆိုင်ရာ မိခင်နိုင်ငံများတွင် နိုင်ငံရေးဆိုင်ရာ လူ့အခွင့်အရေးကို ရကြမည်သာ ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံမှ နိုင်ငံသားတို့အနေဖြင့် ပြည်ပ၌နေထိုင်စဉ် မိခင်နိုင်ငံ၏အရေး၌ ပါဝင်ပတ်သက်ခွင့်ဟူသော နိုင်ငံသားအခွင့်အရေး ရှိ မရှိဆိုသည်မှာ ၎င်း၏ မိခင်နိုင်ငံအပေါ်တွင်သာ မူတည်သည်။ ဥပမာ - နိုင်ငံများစွာက ပြည်ပသို့ရောက်ရှိနေသော မိမိနိုင်ငံသားများကို မဲပေးခွင့်ပြုသော်လည်း အချို့နိုင်ငံများကမူ ခွင့်မပြုကြပေ။ ဒီမိုကရေစီနိုင်ငံတစ်ခုမှ လူ့အခွင့်အရေးများကို မဆွေးနွေးမီ ယခုအပိုင်းတွင် နိုင်ငံရေးဆိုင်ရာ လူ့အခွင့်အရေးများကို ခွဲခြမ်းစိတ်ဖြာကြည့်ကြပါစို့။

ဇယား ၁၅.၁ UDHR နှင့် ICCPR ပါ နိုင်ငံရေးဆိုင်ရာ အခွင့်အရေး

လူ့အခွင့်အရေး	ပါဝင်သောရပိုင်ခွင့်များ	စာချုပ်ပါအပိုဒ်များ
ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်	အများပြည်သူ စုဝေးတွေ့ဆုံပြီး နိုင်ငံရေးကို ဆွေးနွေးခွင့်ရှိခြင်း။	UDHR, Art 20 ICCPR, Art 21
ငြိမ်းချမ်းစွာ အစည်းအရုံးဖွဲ့ခွင့်	အသင်းအဖွဲ့များဖွဲ့စည်းခွင့်၊ သမဂ္ဂများတွင် ပါဝင်လှုပ်ရှားခွင့်ရှိခြင်း။	UDHR, Art 20 ICCPR, Art 22
ပြည်သူ့ရေးရာ ကိစ္စရပ်များတွင် ပါဝင်ခွင့်	အစိုးရအဖွဲ့တွင်ပါဝင်ခွင့်ရှိခြင်း။ နိုင်ငံရေးသမားကိုရွေးကောက်တင်မြှောက်ခွင့်ရှိခြင်း။ အရွေးကောက်ခံအဖြစ်နိုင်ငံရေးတွင်ပါဝင်ခွင့်ရှိခြင်း။	UDHR, Art 21 ICCPR, Art 25
မဲပေးပိုင်ခွင့်	နိုင်ငံရေးစနစ်တစ်ခုတွင် ပါဝင်ခွင့်ရှိခြင်း။ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိခြင်း။ အစိုးရတစ်ရပ်ကို ရွေးကောက်ပွဲနည်းလမ်းအားဖြင့် ရွေးချယ်ပိုင်ခွင့်ရှိခြင်း။ ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပုဂ္ဂိုလ်အဖြစ် ပါဝင်နိုင်ခြင်း။	UDHR, Art 21 ICCPR, Art 25
အစိုးရအဖွဲ့ထဲတွင် အလုပ်လုပ်ပိုင်ခွင့်	အစိုးရကပေးသော ပြည်သူ့ရေးရာဝန်ဆောင်မှုများကို ရပိုင်ခွင့်ရှိခြင်း။ အစိုးရတစ်ရပ်တွင် ဝန်ထမ်းအဖြစ် ပါဝင်ခွင့်ရှိခြင်း။	UDHR, Art 21 ICCPR, Art 25

၁၅.၂.၁ ငြိမ်းချမ်းစွာသင်းဖွဲ့လှုပ်ရှားခွင့်နှင့် စီတန်းလှည့်လည်ခွင့် (ICCPR အပိုဒ် ၂၁ နှင့် ၂၂)

ငြိမ်းချမ်းစွာ သင်းဖွဲ့လှုပ်ရှားခွင့်ကြောင့် ပြည်သူတို့ စုဝေးနိုင်ကြသည်။ အရေးကြီးဆုံးမှာ နိုင်ငံရေးအတွက် လူအများစုဝေးနိုင်ရန် (ဥပမာ - နိုင်ငံရေးပါတီဖွဲ့စည်းရန်)နှင့်တကွ ကျောင်းသားအစည်းအရုံးဖွဲ့စည်းနိုင်ရန်၊ မိမိသန်ရာသန်ရာကိစ္စများ ဆောင်ရွက်သည့်အဖွဲ့များ ပေါ်ပေါက်လာစေရန် (ဥပမာ - အမျိုးသမီးအခွင့်အရေးနှင့်အားကစား)တို့အထိ ပါဝင်သည်။ နိုင်ငံရေးပါတီများဖွဲ့စည်းလာရေးအတွက် အသင်းအဖွဲ့အနေဖြင့် လှုပ်ရှားကြခြင်းမှာ အချို့အရှေ့တောင်အာရှနိုင်ငံများတွင် အလွန်အကဲဆတ်သောကိစ္စများဖြစ်သည်။ ဥပမာ - ဗီယက်နမ်နှင့် လာအိုတို့တွင် နိုင်ငံရေးပါတီများဖွဲ့စည်းခြင်းမှာ တရားဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကောင်းဖြစ်နိုင်သည်။ ဗီယက်နမ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် အခြားဥပဒေများက နိုင်ငံရေးပါတီဖွဲ့စည်းခြင်းကို ပွင့်ပွင့်လင်းလင်း မတားမြစ်ထားသော်လည်း ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကမူ အောက်ပါအတိုင်းဖော်ပြထားသည်။

ဗီယက်နမ်၏ ကွန်မြူနစ်ပါတီသည် လက်လုပ်လက်စားလူတန်းစား၊ အလုပ်သမားများနှင့် နိုင်ငံတစ်ခုလုံး၏အကျိုးစီးပွားကို သစ္စာစောင့်သိစွာ ကိုယ်စားပြုပါသည်။ ဤပါတီကြီးသည် နိုင်ငံနှင့် ဗီယက်နမ်အဖွဲ့အစည်းကို ဦးဆောင်သည့် အဖွဲ့အစည်းလည်း ဖြစ်သည်။ (အပိုဒ်၉)

အလားတူပင် စင်ကာပူနိုင်ငံကလည်း လူမြင်ကွင်းကို စုဝေးခြင်းများကို အစိုးရခွင့်ပြုချက် မတောင်းခံဘဲ ဆောင်ရွက်ခြင်းကို တားမြစ်သည်။ နိုင်ငံရေးပါတီများမှာ ပြည်ပမှငွေကို လက်ခံလျှင် ပါတီအဖြစ်မှရပ်တည်ခွင့် ဖျက်သိမ်းခံရသည်။ အရှေ့တောင်အာရှတွင် အများဆုံးတွေ့မြင်ရသည့် ပုံစံမှာ အရပ်ဘက်လူ့အဖွဲ့အစည်း လှုပ်ရှားမှုများကို စောင့်ကြည့်ကန့်သတ်ရန် လူ့အခွင့်အရေးကို ချုပ်ချယ်ခြင်းဖြစ်သည်။ ကမ္ဘောဒီယား၏အသင်းအဖွဲ့ဥပဒေသစ်ကို ရှုနိုင်သည်။ ဗီယက်နမ်သည်လည်း အလားတူ ချုပ်ချယ်သည့် စည်းမျဉ်းမျိုးထုတ်ပြန်ရန် စီစဉ်လျက်ရှိသည်။ အတိုက်အခံနိုင်ငံရေးသမားများနှင့် သြဇာကြီးမားသော ဆန့်ကျင်သူများ၏အားကို ရွံ့သောကြောင့် ဖြစ်သည်။

သဘောတရားရေးရာ ရှုင်းလင်းချက်

အသင်းအဖွဲ့ ဖွဲ့စည်းခြင်းဥပဒေ

အကယ်၍ အသင်းအဖွဲ့တစ်ခုသည် တရားဝင်ရပ်တည်မည်ဆိုလျှင် နိုင်ငံ၏အသင်းအဖွဲ့များနှင့် စပ်လျဉ်းသော ဥပဒေကို လိုက်နာကြရမည်။ ရံဖန်ရံခါတွင် ဥပဒေလမ်းကြောင်းအတိုင်း မှတ်ပုံတင်ထားခြင်းက အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ရေးအတွက် မဖြစ်မနေ လိုအပ်သည်။ နိုင်ငံရေးပါတီအဖြစ်ရပ်တည်ရန် သို့မဟုတ် NGO တစ်ခုအဖြစ် ရပ်တည်ရန်မှာ မှတ်ပုံတင်ထားရန်လိုအပ်ပြီး တရားဝင်အဖွဲ့အစည်းမဟုတ်ပါက ဘဏ်စာရင်းဖွင့်ခွင့်၊ ဝန်ထမ်းများငှားခွင့်၊ ကုန်ကျစရိတ်များအတွက် ငွေပေးချေခွင့် သို့မဟုတ် ရံပုံငွေရှာဖွေခြင်းများအတွက် အခက်အခဲ ရှိစေသည်။ အချို့သော အရှေ့တောင်အာရှနိုင်ငံများတွင် အသင်းအဖွဲ့ဆိုင်ရာဥပဒေအသစ်များကို ရေးဆွဲအဆိုပြုထားသလို ပြဋ္ဌာန်းထားပြီးသော တင်းကျပ်စွာ ချုပ်ချယ်သည့် အသင်းအဖွဲ့ဥပဒေများလည်းရှိသည်။ ထိုဥပဒေများအရ အဖွဲ့အစည်းများအနေဖြင့် များပြားလွန်းသော စာရွက်စာတမ်းကိစ္စများ၊ အစီရင်ခံစာရေးရခြင်းများကို မလိုအပ်ဘဲ လုပ်ကိုင်ရလေ့ရှိသည်။ ထိုဥပဒေအရ အဖွဲ့အစည်းတို့အနေဖြင့် နိုင်ငံရေးတွင် ပါဝင်ခြင်းမရှိစေရန် မည်သည့်အစုအဖွဲ့ကိုမျှ ဘက်လိုက်ခြင်းမရှိ၊ ကြားနေအဖြစ်သာ ရပ်တည်ရမည်ဖြစ်ကြောင်း၊ အစိုးရကို ဆန့်ကျင်နေသူများကို အားပေးထောက်ခံခြင်းမျိုးကို ရှောင်ရှားရမည်ဖြစ်ကြောင်း သို့မဟုတ် အစိုးရကို ဝေဖန်ခြင်းများ ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း အစရှိသည့် စည်းကမ်းများကို လိုက်နာရလေ့ရှိသည်။ ထိုသို့ချုပ်ချယ်မှုများက လူ့အခွင့်အရေးအပေါ် အကျိုးသက်ရောက်မှု ရှိစေသည်။ အထူးသဖြင့် လူ့အခွင်အရေးအတွက် ဆောင်ရွက်နေကော NGO များကဲ့သို့ အစိုးရ၏လုပ်ရပ်များကို စောင့်ကြည့်အကဲခတ်သုံးသပ်ရန်တာဝန်များ ဆောင်ရွက်ရန် ခက်ခဲစေသည်။

ငြိမ်းချမ်းစွာစုဝေးခြင်းဟုဆိုရာ၌ လူမြင်ကွင်းတွင် အများစုရုံးတွေ့ဆုံခွင့်ကို ဆိုလိုသည်။ ထိုစုဝေးလှုပ်ရှားခွင့်၏ နိုင်ငံရေးရည်ရွယ်ချက်မှာ ပြည်သူများတွေ့ဆုံကာ နိုင်ငံရေးကိစ္စများ ဆွေးနွေးနိုင်ရန်၊ မကျေနပ်ချက်များကို ဝေဖန်ထောက်ပြနိုင်ရန်နှင့် နိုင်ငံ့ရေးရာကိစ္စများနှင့် ပတ်သက်၍ စုဝေးသူတို့ လိုလားသည်ကို အဆိုပြုရန်တို့ကို ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ ထိုသို့ စုဝေးဆောင်ရွက်ခွင့်များတွင် နိုင်ငံရေးအစည်းအဝေးများမဟုတ်သော ယဉ်ကျေးမှုဆိုင်ရာပွဲတော်များနှင့် ဈာပနကဲ့သို့သော ကိစ္စများလည်း ပါသည်။ အရှေ့တောင်အာရှရှိ အချို့နိုင်ငံများတွင် စုဝေးလှုပ်ရှားခွင့်ကို ဆိုးရွားစွာ တင်းကျပ်ထားသည်။ သို့သော်လည်း အစိုးရတို့က သတ်မှတ်ထားသော စည်းကမ်းချက်တိုင်းကမူ လူ့အခွင့်အရေးနှင့်ဝိရောဓိဖြစ်နေသည်ဟုမထင်ရပေ။ ကျိုးကြောင်း

ဆီလျော်သော ဥပဒေများနှင့် ရည်ရွယ်ချက်များသည် လူအများစုဝေးလှုပ်ရှားရာ၌ ငြိမ်းချမ်းမှုကို စိုးမိုးစေသည်ဟု ထင်စရာဖြစ်သည်။ သို့ရာတွင် လက်တွေ့ကျင့်သုံးရာတွင်မူ လူအများ လမ်းမပေါ်တွင် စုဝေးနိုင်သည့်အခြေအနေကို များစွာကွပ်ညှပ်ပစ်သည်။ အရှေ့တောင်အာရှရှိနိုင်ငံတိုင်းတွင် လူအများ စုဝေးမည်ဆိုပါက အာဏာပိုင်များထံ ကြိုတင်အကြောင်းမကြားထားဘဲ စီစဉ်ခွင့်မရှိပေ။ ထိုအာဏာပိုင်များလက်တွင်လည်း လူအများစုဝေးခွင့်ကို ငြင်းပယ်နိုင်သည့်လုပ်ပိုင်ခွင့်များ များစွာပေးထားသည်။ အရှေ့တောင်အာရှတွင် အတင်းကျပ်ဆုံး ပိတ်ပင်ထားသည့်နိုင်ငံမှာ စင်ကာပူနှင့် ဗီယက်နမ်တို့ ဖြစ်ကြသည်။ ထိုနိုင်ငံများတွင် ဆန္ဒပြသူများမှာ ပုံမှန်လိုပင် အဖမ်းခံရခြင်း၊ အကျဉ်းချထားခြင်းတို့ ခံရလေ့ရှိသည်။

စုရုံးလှုပ်ရှားရန်အခွင့်အရေးကို အစိုးရကချိုးဖောက်နိုင်ပြီး လူမြင်ကွင်းတွင် မိမိတို့ ဆိုလိုသည်ကို အနုပညာအတတ်ပညာဖြင့် တင်စားသရုပ်ဆောင်ပြခြင်းမျိုးကိုပင် ဖမ်းဆီးသည့်အမှုများရှိသည်။ ဤစာအုပ်အဖုံးတွင် ထိုကဲ့သို့ သရုပ်ပြမှု နမူနာနှစ်ခုကို အသုံးပြုထားပါသည်။ အပေါ်ဘက်မှရုပ်ပုံသည် ထိုင်းစစ်အစိုးရကို နိုင်ငံရေးအရဆန့်ကျင်သည့် အထိမ်းအမှတ် သင်္ကေတအနေဖြင့် လူမြင်ကွင်းတွင် ငြိမ်းချမ်းရေးနှင့်လူ့အခွင့်အရေးစာအုပ်ကို ဖတ်ရှုနေပုံဖြင့် ထိုင်းနိုင်ငံတွင် ပြည်သူတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုများ ကန့်သတ်ခံရပုံကို သရုပ်ဖော်ထားခြင်းဖြစ်သည်။ ဒုတိယတစ်ပုံမှာ လာအို အရပ်ဘက်လူ့အဖွဲ့အစည်း ခေါင်းဆောင်တစ်ဦးဖြစ်သော ဆွန်ဘက် ဆွမ်ဖုန်း (၎င်းအား ဗီယန်ကျင်း ကားလမ်းပေါ်တွင် ၂၀၁၂ ခုနှစ်က နောက်ဆုံးမြင်ခဲ့ရသည်) ပျောက်ဆုံးသွားမှုနှင့်ပတ်သက်၍ လာအိုအစိုးရက မည်သို့မျှ အရေးတယူလုပ်ခြင်းမရှိသည်ကို ဆန့်ကျင်သော လူထုဆန္ဒပြမှုဖြစ်သည်။ ထိုပုံနှစ်ခုလုံးတွင် ပါရှိသော လူထုလှုပ်ရှားမှုပုံရိပ်များသည် လူ့အခွင့်အရေးနှင့် ပတ်သက်နေကြသည်။

မကြာသေးခင်နှစ်များတွင် လူအများစုဝေးစီတန်းခွင့်မှာ မည်မျှအတိုင်းအတာအထိ ပြုလုပ်လျှင် အလွန်အကျွံဟု ဆိုရမည်နည်းဟု မေးခွန်းထုတ်စရာဖြစ်ခဲ့သည်လည်းရှိ၏။ ဥပမာ-အာရပ်နိုင်ငံများတွင် ဖြစ်ပေါ်ခဲ့သော အာရပ်နွေဦးဟုဆိုသည့် လူထုဆန္ဒပြပွဲကြီးများသည် ၂၀၁၁ မှ ၂၀၁၃ ကာလအတွင်း ထိုဒေသအတွင်းရှိ အစိုးရများစွာကို ပြုတ်ကျစေခဲ့သည်။ အလားတူပင် အရှေ့တောင်အာရှနိုင်ငံများတွင်လည်း အစိုးရကဆန္ဒပြသော လူအုပ်ကြီးများပေါ်ထွက်လာသည်ကို တွေ့မြင်ခဲ့ရသည်။ ဘန်ကောက်မြို့ရှိဆန္ဒပြပွဲများနှင့် ဘာ့ဆီ Bersih လူထုဆန္ဒပြမှုတို့မှာ သာဓက ဖြစ်သည်။ ထိုလူထုဆန္ဒပြပွဲများက လူအများစုဝေးဆောင်ရွက်ရန် လူ့အခွင့်အရေးကို မည်သည့်အတိုင်းအတာအထိ သုံးသင့်သည်ကို မေးစရာဖြစ်ခဲ့သည်။ ဥပမာ - ဘန်ကောက်ရှိ ဆန္ဒပြသူများသည် နိုင်ငံတကာလေဆိပ်ကြီးကို သိမ်းယူပိတ်ဆို့ထားလိုက်သောကြောင့် ခရီးသွားများသည် ထိုင်းလေဆိပ်သို့ ပြန်မဝင်နိုင်တော့သလို ထိုင်းနိုင်ငံကို ထွက်ခွာသွားရန်လည်း အခက်အခဲရှိခဲ့ရသည်။ ထိုပိတ်ဆို့မှုကြောင့် ခရီးသည်ထောင်ပေါင်းများစွာ၏ ခရီးစဉ်များ ထိခိုက်ခဲ့ရသည်။ အလားတူပင် ဆန္ဒပြသူများက လမ်းမများကိုပိတ်ထားကြသောအခါ အများပြည်သူ၏ အသွားအလာကို ပိတ်ဆို့ဖျက်ဆီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။ သို့ဖြစ်ရာ လူအများစုဝေးစီတန်းခွင့်ကြောင့် ဖြစ်လာနိုင်သည့် ထိခိုက်ပျက်စီးမှုများနှင့် လူစုလူဝေးအားဖြင့် အခြားသူများ၏ အခွင့်အရေးကို နှောင့်ယှက်ထိပါးခြင်း၊ ချိုးဖောက်ခြင်းမျိုးမဖြစ်စေရေးကို နှိုင်းဆချင့်ချိန်ကြရန် လိုသေးသည်။ ICCPR တွင်မူ ထိုအခွင့်အရေးများအား စည်းကမ်းဘောင်သတ်မှတ်ကာ ကျင့်သုံးစေသည်။ ဥပမာ-

ဘာ့ဆီလှုပ်ရှားမှု

ဘာ့ဆီဟူသော မလေးစာလုံးမှာ သန့်ရှင်းခြင်းဟု အဓိပ္ပာယ်ရသည်။ ဤလူထုလှုပ်ရှားမှုသည် အဂတိလိုက်စားသည့်အစိုးရကို ဆန့်ကျင်ပြီး ညစ်ပတ်သည့် နိုင်ငံရေးသပိတ်မှောက်ကာ သန့်ရှင်းသည့်အစိုးရဖြစ်လာရေးကို တောင်းဆိုသည်။

ဆန္ဒထုတ်ဖော်ခြင်းများမှာ ငြိမ်းချမ်းရမည်။ အကယ်၍ နိုင်ငံများအနေဖြင့် အလားတူ စည်းကမ်းချက်များကို ထုတ်ပြန်လျှင် ထိုစည်းကမ်းချက်များမှာ လောကပါလတရားများ စောင့်ရှောက်ရေး၊ ပြည်သူတို့ဘေးကင်းလုံခြုံမှုရှိရေး၊ အခြားသူတို့၏ အခွင့်အရေးများကို မထိပါးစေရေး အစရှိသည့် ဥပဒေရေးရာအရ ကန့်သတ်ချက်များ ပါဝင်နေကြမည်ဖြစ်သည်။ (အခန်း ၃ တွင် ဖော်ပြထားသကဲ့သို့ပင်)

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

လူအများ စုရုံးစည်းဝေးရန် အခွင့်အရေးကို ကန့်သတ်ခြင်း

၂၀၀၈ ခုနှစ်တွင် ဆန္ဒပြသူများက ဘန်ကောက်အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးကို သိမ်းယူပိတ်ဆို့ခဲ့ရာ ခရီးသည်များ၊ နိုင်ငံတကာ ကမ္ဘာလှည့်ခရီးသွားများ ပိတ်မိခဲ့ကြသည်။ ဆန္ဒပြသူများကမူ လေဆိပ်ကို ရွေးချယ်ပြီးပိတ်ဆို့ရခြင်းမှာ ၎င်းတို့တောင်းဆိုနေသောအချက်များကို နိုင်ငံတကာက အာရုံစိုက်လာစေရန်ဖြစ်သည်ဟုဆိုသည်။ ထိုင်းနိုင်ငံ၏ နိုင်ငံရေးပြဿနာတွင် ပိတ်ဆိုခံနေကြရသော ကမ္ဘာလှည့်ခရီးသည်များမှာ ထိုင်းအစိုးရအကြောင်းကို သိရှိလှသူများမဟုတ်သလို ပြန်ရောက်သင့်သည့်အချိန်တွင် မိသားစုများနှင့် လုပ်ငန်းခွင်များထံ အရောက်မပြန်နိုင်သူများ ဖြစ်ကြသည်။

မေးခွန်း

- ဤကဲ့သို့သော လူထုစုဝေးမှုများကို ခွင့်ပြုသင့်ပါသလား။ ထိုကဲ့သို့သော ဆန္ဒပြသူများကို အစိုးရက တားဆီးသင့်ပါသလား။
- ဆန္ဒပြသူများသည် စုဝေးလှုပ်ရှားနိုင်သည့်လူအခွင့်အရေးကို ကျင့်သုံးနေကြပြီးအစိုးရကို ဖိအားပေးနိုင်အောင် တက်ကြွစွာကြိုးစားနေကြသော်လည်း ထိုသူတို့မှာ အိမ်ပြန်ခရီးဆက်ရန် ရှိသော ခရီးသည်တို့၏လူအခွင့်အရေးကို ထိခိုက်စေသည်မဟုတ်ပါလော။

၁၅.၂.၂ ပြည်သူ့ရေးရာကိစ္စများတွင် ပါဝင်ခွင့်ရှိခြင်း

ဤအခွင့်အရေးကို ကွဲပြားခြားနားသော နည်းလမ်းနှစ်မျိုးဖြင့် ဖော်ပြနိုင်သည်။ ပြည်သူတစ်ဦးသည် အစိုးရအဖွဲ့တွင် ရာထူးရာခံဖြင့် ပါဝင်နိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံဖြစ်ခွင့်ရှိရမည်။ နိုင်ငံသားတို့သည် ရွေးကောက်တင်မြှောက်ခံအစိုးရတစ်ရပ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နိုင်ခွင့်ရှိသည်။ နိုင်ငံရေးသမားတစ်ဦးဖြစ်ရန် အခွင့်အရေးရှိ မရှိ ဆိုသည်ကမူ အငြင်းအခုံနှင့် မကင်းသည့်ကိစ္စဖြစ်သည်။ သို့ရာတွင် အစိုးရရာထူးတစ်ခုရယူရန် ရွေးကောက်တင်မြှောက်ခံဖြစ်ခွင့်ကမူ ခိုင်လုံသည့် လူအခွင့်အရေးတစ်ခု ဖြစ်သည်။ ပြည်သူ့ရေးရာကိစ္စများတွင် ပါဝင်ခြင်းဆိုရာ၌ ပြည်သူ့ဆန္ဒခံယူပွဲတစ်ခုတွင် ပါဝင်ခြင်း၊ လူထုစည်းဝေးပွဲများတွင်ပါဝင်ခြင်း အစရှိသည်တို့ ပါဝင်မည်။ ရွေးကောက်တင်မြှောက်ခံဖြစ်ခွင့်မှာ နိုင်ငံတိုင်းလိုလိုတွင် သတ်မှတ်ထားလေ့ရှိသော စည်းကမ်းများနှင့်ကိုက်ညီမှသာ ဖြစ်နိုင်သည်။ အချို့သော မြင်တွေ့နေကျစည်းကမ်းချက်များမှာ ရွေးကောက်တင်မြှောက်ခံပုဂ္ဂိုလ်ဖြစ်ရန် နိုင်ငံသားဖြစ်ရခြင်း၊ အသက်ကန့်သတ်ထားခြင်းနှင့် နိုင်ငံ

အတွင်းနေထိုင်ခဲ့သည့် သက်တမ်းကို သတ်မှတ်ထားခြင်း အစရှိသည်တို့ပါဝင်သည်။ အချို့သော စည်းကမ်းများကမူ မေးခွန်းထုတ်စရာဖြစ်သည်။ ဥပမာ - ဘွဲ့ရသူသာ ရွေးကောက်တင်မြှောက်ခံ ဖြစ်ခွင့်ရှိခြင်း (ထိုင်းနိုင်ငံတွင် ဤစည်းကမ်းရှိခဲ့ဖူးသည်)၊ နိုင်ငံရေးပါတီတစ်ခု၏ ပါတီဝင်ဖြစ်ရခြင်း (ဗီယက်နမ်) နှင့် ဘာသာတရားတစ်ခုခုတွင် သက်ဝင်ယုံကြည်ရခြင်း (ဘရူနိုင်း)၊ စစ်သားဖြစ်ရခြင်း (မြန်မာပါလီမန်၏ ၂၅ ရာခိုင်နှုန်း)။ ထိုအခါ အဆိုပါစည်းကမ်းများမှာ တရားမျှတမှုရှိ မရှိကို မေးခွန်းထုတ်စရာဖြစ်ပြီး မည်သည့်အခြေအနေမျိုးတွင် ၎င်းတို့ကို ခွဲခြားဆက်ဆံမှုရှိသော ကန့်သတ်ချက်များဟု ခေါ်ဆိုကြမည်နည်း။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

နိုင်ငံရေးသမားတစ်ဦးအဖြစ် ရပ်တည်ရန် လူ့အခွင့်အရေးဟူ၍ ရှိပါသလား။

အစိုးရတစ်ခု၏ ရာထူးရယူရန်အခွင့်အရေးနှင့် အစိုးရတစ်ခုထဲ ပါဝင်နိုင်ရန် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့မှာ ကောင်းစွာ တွင်ကျယ်သုံးစွဲနေကြသော်လည်း လူတစ်ဦးတစ်ယောက်၏ နိုင်ငံရေးသမားတစ်ဦးအဖြစ် ရပ်တည်ခွင့်ဆိုသော် ကိစ္စမှာ များစွာအငြင်းပွားစရာဖြစ်သည်။ ICCPR အရ လူတစ်ဦးမှာ 'နိုင်ငံ၏အရေးကိစ္စများ'တွင် ပါဝင်ဆောင်ရွက်ခွင့်ရှိရမည်ဟု ဖော်ပြထားသည်။ ဤစကားလုံးဖွဲ့စည်းပုံမှာ ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံရေးစနစ်အသီးသီးကို ထင်ဟပ်နိုင်အောင် တမင်တကာ တိကျပြတ်သားခြင်းမရှိ ကျယ်ပြောစွာဖွဲ့ဆိုထားသည်။ နိုင်ငံတကာအဆင့်အတန်းအရ နိုင်ငံ၏အရေးကိစ္စများတွင် ပါဝင်ခွင့်ဆိုသည်မှာ လူတစ်ဦးအနေဖြင့် ရာထူးရာခံတစ်ခုအတွက် ရွေးကောက်ခံပိုင်ခွင့်ရှိရမည်ဟုဆိုသော်လည်း လက်တွေ့တွင်မူ နိုင်ငံတစ်ခုစီက နိုင်ငံရေးနယ်ပယ်တွင် ပါဝင်နိုင်ရန် နိုင်ငံသားတစ်ယောက်ကို မည်မျှအထိ လမ်းဖွင့်ပေးထားသည်ဟူသော အချက်ပေါ်တွင် မူတည်သည်။ အချို့နိုင်ငံစနစ်များတွင် အစိုးရရာထူးများအတွက် ခန့်ထားရန် ပုဂ္ဂိုလ်များကို ရွေးကောက်ပွဲအားဖြင့် ဆုံးဖြတ်သည် (ဥပမာ - ပါတီခေါင်းဆောင်၊ မြို့တော်ဝန်များနှင့် တရားသူကြီးများ)။ သို့ရာတွင် ICCPR ၌ နိုင်ငံရေးသမားတစ်ဦးအတွက်နေရာ သို့မဟုတ် နိုင်ငံရေးခေါင်းဆောင်တစ်ဦးကို မဲဖြင့်ဆုံးဖြတ်ရန်လိုသည်ဟု မပါရှိသလို၊ နိုင်ငံတော်ခေါင်းဆောင်ကို ပြည်သူများ၏ရင်မှ မဲဖြင့်သာ ရွေးချယ်အတည်ပြုရမည်ဖြစ်သောကြောင့် နိုင်ငံတော်ခေါင်းဆောင်မှာ ရွေးကောက်ခံပုဂ္ဂိုလ်သာ ဖြစ်သင့်ကြောင်းဟူ၍ သတ်မှတ်ထားခြင်းမရှိပေ။ ထို့ပြင် နိုင်ငံရေးအာဏာကိုရယူထားသူများသည်လည်း ရွေးကောက်ပွဲရလဒ်အရ အနိုင်ရထားသူများဖြစ်ရမည်ဟုလည်း မပါရှိပေ။ ဥပမာ - ပါလီမန်စနစ်များတွင် ဝန်ကြီးချုပ်ကို ပြည်သူများက မဲဖြင့် တိုက်ရိုက်ရွေးချယ်သည်မဟုတ်ဘဲ အနိုင်ရသောပါတီက တင်မြှောက်သောသူသာဖြစ်သည်။

၁၅.၂.၃ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် ဝန်ထမ်းအဖြစ် ပါဝင်နိုင်ရန် အခွင့်အရေး

ဤအခွင့်အရေးတွင် အစိုးရထဲတွင် အလုပ်လုပ်ခွင့်နှင့် အစိုးရရာထူးကို ယူခွင့်တို့ပါအကျုံးဝင်သည်။ အဆိုပါအလုပ်များထဲတွင် (ဥပမာ - တရားသူကြီးများ၊ ရဲများ၊ အစိုးရရုပ်မြင်သံကြားမှ အသံလွှင့်သူများ၊ ကျောင်းဆရာများ၊ ပြည်သူ့ဝန်ထမ်းများ အစရှိသည်တို့ ပါဝင်သည်။ အစိုးရက အလုပ်တာဝန်နှင့် ထိုက်သင့်သော ကန့်သတ်မှုအချို့ကို လျှော်ထားသူအတွက် ပြဋ္ဌာန်းထားနိုင်သော်လည်း ဖြစ်သင့်သည့်အခြေအနေမှာ ထိုအလုပ်များကို လူတိုင်းဝင်ရောက်လုပ်ကိုင်

ပြည်သူဝန်ဆောင်မှုလုပ်ငန်း

ပြည်သူဝန်ဆောင်မှုလုပ်ငန်းများတွင် အစိုးရက ဖွင့်လှစ်ပေးထားသော ဆေးရုံနှင့်ကျောင်းများသာမက အစိုးရထဲရှိ အလုပ်အကိုင်များလည်း ပါဝင်သည်။
ပြည်သူဝန်ဆောင်မှုဝန်ထမ်းများတွင် ကျောင်းဆရာများနှင့် ရဲသားများ ပါဝင်သည်။ အချို့သော နိုင်ငံများတွင် 'ပြည်သူဝန်ထမ်း' သို့မဟုတ် 'အစိုးရဝန်ထမ်း' ဟု ခေါ်တွင်လေ့ရှိသည်။

နိုင်ရမည်ဖြစ်သည်။ အစိုးရအနေဖြင့် အချို့သောရာထူးများမှာ ပင်မနိုင်ငံရေးပါတီကြီးမှ ဖြစ်မှသာလျှင် ရယူခွင့်ရှိရမည်၊ အမျိုးသားသာလျှင် လျှောက်ထားခွင့်ရှိသည် (သို့မဟုတ်) အမျိုးသမီးသာလျှင် လျှောက်ထားခွင့်ရှိသည် အစရှိသဖြင့် ကန့်သတ်ထားခြင်းတို့ရှိခဲ့လျှင် ထိုအခွင့်အရေးချိုးဖောက်ခံရသည်ဟု ဆိုနိုင်သည်။ အဆိုးဆုံးချိုးဖောက်မှုမှာ နိုင်ငံရေးခံယူချက်ကြောင့် အလုပ်ဖြုတ်သောအခါတွင် ဖြစ်သည်။ ဤအခွင့်အရေးကို မချိုးဖောက်ခြင်းအားဖြင့် အစိုးရသည် ပြည်သူတို့ကို လူမလိုင်အလွှာတို့က အစိုးရရာထူးများကို လက်ဝါးကြီးအုပ်ထားမည့်အရေးမှ ကာကွယ်ပေးသည်။ အဘယ်ကြောင့်ဆိုသော် အစိုးရဝန်ထမ်းများသည် မိမိတို့ တာဝန်ထမ်းဆောင်နေသော လူ့အဖွဲ့အစည်းကို ကိုယ်စားပြုနေသူများဖြစ်ရမည်။ တိုင်းရင်းသားမျိုးနွယ်စုငယ်များနှင့် ဌာနေတိုင်းရင်းသားအစုအဖွဲ့ (ထိုသူတို့မှာ အစိုးရဝန်ထမ်းဖြစ်နိုင်ရန် ခဲယဉ်းလှသည်) များကို ဖယ်ချန်ထားခြင်းမပြုရပါ။ အိန္ဒိယကဲ့သို့သောနိုင်ငံများသည် ထိုကဲ့သို့ လူတန်းစားကွဲပြားမှုကြောင့် အုပ်စုငယ်များ ချန်လှပ်ထားခံရသည့် ပြဿနာကိုကိုင်တွယ်ရန် ကြိုးစားခဲ့သည်။ ထိုအမျိုးအနွယ်၊ ဇာတ်စနစ်အရ ဖယ်ကြဉ်ခံရသူများ၊ တိုင်းရင်းသားလူနည်းစုများအတွက် အစိုးရဝန်ထမ်းအဖြစ် မိမိလူ့အဖွဲ့အစည်းကို ကိုယ်စားပြုတာဝန်ထမ်းဆောင်နိုင်ရန် အစိုးရဝန်ထမ်းနေရာ မည်ရွေ့မည်မျှကို ပုံသေချန်ထားရန် စီစဉ်ပေးခြင်းမျိုးဖြစ်သည်။

၁၅.၂.၄ မဲပေးခွင့်

ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်မှာ အစိုးရက ပြည်သူတို့၏အကျိုးကို သယ်ပိုးမည်ဖြစ်ပြီး အစိုးရသည် ပြည်သူတို့၏ဆန္ဒကို ကိုယ်စားပြုကာ ပြည်သူတို့က တိုင်းပြည်ကို မည်သို့အုပ်ချုပ်မည်ဆိုသည်ကို ရွေးချယ်ပိုင်ခွင့်ရှိသည်။ 'ပြည်သူတို့ဆန္ဒ'ကို ကိုယ်စားပြုသည်ဆိုသော စကားရပ်မှာ ဥရောပ၏ အလင်းပွင့်ခေတ်မှာ ပေါက်ဖွားလာခြင်းဖြစ်ပြီး တစ်ကမ္ဘာလုံးတွင် မွေးစားစကားလုံးအဖြစ် အသုံးပြုလျက်ရှိကြသည်။ 'ဆန္ဒ'ဆိုသော စကားလုံးကို အများက လက်ခံထားသည်မှာလည်း အရေးကြီးသော နိုင်ငံသားတို့အတွက် လူ့အခွင့်အရေးတစ်ရပ်အဖြစ်ဟူ၍ ဆိုနိုင်သည်။ သို့ရာတွင် မည်သူကို မဲပေးခွင့်ရှိသည်ဟူသောကိစ္စကိုမူ နိုင်ငံအသီးသီးက ကွဲပြားစွာ သတ်မှတ်လေ့ရှိကြသည်။ နိုင်ငံရေးစနစ်များသည် အမျိုးမျိုးကွဲပြားတတ်ကြရာ မဲပေးသည်ဆိုရာ၌လည်း ပြည်သူတို့ရွေးချယ်ပေးရသော ရာထူးနေရာအမျိုးအစားများမှာ တူညီလေ့မရှိပါ။ အကြမ်းအားဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ဟုဆိုရာတွင် မည်သည့်ရာထူးကို ရွေးချယ်ရန်ဟူ၍ တိတိကျကျပြဋ္ဌာန်းထားခြင်းမရှိဘဲ ရွေးကောက်ပွဲအမျိုးအစားပေါ်တွင်သာ မူတည်သည်။ အချို့နိုင်ငံရေးစနစ်များက တိုင်းပြည်ခေါင်းဆောင်နေရာကို ရွေးကောက်တင်မြှောက်ကြပြီး အချို့စနစ်များတွင်မူ ထိုပုဂ္ဂိုလ်မှာ အရွေးကောက်ခံမဟုတ်ပါ။ အများအားဖြင့် ဥပဒေပြုလွှတ်တော်အတွင်းသို့ရောက်ရှိမည့် နိုင်ငံရေးသမားများကိုမူ မဲပေးရွေးချယ်ရလေ့ရှိသည်။

ဥပဒေပြုရေးမဏ္ဍိုင်

အစိုးရ၏ မဏ္ဍိုင်ကြီးတစ်ရပ်ဖြစ်ပြီး ရွေးကောက်ခံနိုင်ငံရေးသမားများဖြင့် ဖွဲ့စည်းထားသည်။
ထိုနိုင်ငံရေးသမားများက ဥပဒေများကို ရေးသားကာ အချေအတင်ဆွေးနွေးငြင်းခုံကြပြီး ဥပဒေများအဖြစ်ထုတ်ပြန်ကြသည်။ နိုင်ငံရေးစနစ်အမျိုးအစားပေါ်မူတည်၍ ဥပဒေပြုရေးမဏ္ဍိုင်ကို အမျိုးမျိုးခေါ်ဆိုကြရာ ဆီးနိတ်ဟူ၍လည်းကောင်း၊ လွှတ်တော်ဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။
အချို့ကမူ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ဟူ၍ ခွဲထားသည်။

မဲပေးပိုင်ခွင့်တွင် ဆန္ဒမဲများ၏ အစစ်အမှန်ဖြစ်မှု လိုအပ်ပါသည်။ ဆိုလိုသည်မှာ ပြည်သူတို့သည် မဲဆန္ဒများပေးသောအခါ တရားမျှတသော ရွေးကောက်ပွဲဖြစ်သင့်သည်။ ICCPR ပါ နိုင်ငံသားများ၏အခွင့်အရေးကို အောက်တွင် ဆွေးနွေးထားပါသည်။ မဲပေးပိုင်ခွင့်ဆိုသည်မှာ တရားမျှတမှုမရှိဟုယူဆနိုင်သော ရွေးကောက်ပွဲများအတွက် အလဟဿဖြစ်ရသော အခွင့်အရေးသာဖြစ်သည်။ ထိုကဲ့သို့သော ရွေးကောက်ပွဲများတွင် မဲပေးသူများအပေါ် ချုပ်ချယ်ကန့်သတ်မှုများ၊ ခွဲခြားဆက်ဆံ

ခြင်းများ ရှိနေတတ်သောကြောင့်ဖြစ်သည်။ အခြားသောပုံစံဖြင့် နိုင်ငံသားအခွင့်အရေးချိုးဖောက်မှုများမှာ ပို၍ပြောင်ကျတတ်သေးသည်။ ဥပမာ - စစ်တပ်က အာဏာသိမ်းယူလိုက်သောကြောင့်ဖြစ်စေ၊ ဒီမိုကရေစီမကျသော အစိုးရတစ်ရပ်က တက်လာခြင်းကြောင့်ဖြစ်စေ နိုင်ငံသားတို့၏ မဲပေးခွင့်ဆုံးရှုံးသွားရခြင်းမျိုးဖြစ်သည်။ နိုင်ငံများအားလုံးက မဲပေးပိုင်ခွင့်ကို ပုံစံအမျိုးမျိုးဖြင့် သတ်မှတ်ကြရာ အသက်အရွယ်ကို ကန့်သတ်ထားခြင်းနှင့် နိုင်ငံသားဖြစ်မှသာ မဲပေးပိုင်ခွင့်ရှိခြင်းတို့ကို နိုင်ငံတိုင်းလိုလိုပင် သတ်မှတ်ထားကြပါသည်။ ပြည်ပသို့ရောက်ရှိနေသော နိုင်ငံသားများအနေဖြင့် မဲပေးခွင့်ရှိမရှိ (သို့မဟုတ်) အကျဉ်းကျနေသူများ မဲပေးခွင့်ရှိမရှိဆိုသည်ကို အချို့နိုင်ငံများတွင် အငြင်းပွားနေဆဲဖြစ်သည်။ ဒီမိုကရေစီကို ဆွေးနွေးသောအပိုင်းတွေ အဆိုပါအချက်များကို အသေးစိတ်ဆွေးနွေးသွားပါမည်။

၁၅.၃ ဒီမိုကရေစီကိုနားလည်ခြင်း

ဒီမိုကရေစီဆိုသောအကြောင်းအရာမှာ အငြင်းအခုံဖြစ်ပွားမှုများ ရောက်ရှိလာတတ်သောနေရာဖြစ်သည်။ ဒီမိုကရေစီကို အကောင်းဆုံးနိုင်ငံရေးစနစ်ဟု ယူဆထားကြသည့်တိုင်တွင် ဒီမိုကရေစီတွင် ပြဿနာများနှင့် စိန်ခေါ်မှုများစွာရှိသည်။ ဒီမိုကရေစီနှင့် လူအခွင့်အရေးတို့ကြားဆက်စပ်မှုကို မရှင်းလင်းရသေးမီ ဒီမိုကရေစီမှာ အဘယ်ကြောင့် အရေးကြီးသည့် နိုင်ငံရေးအတွေးအခေါ်တစ်ရပ်ဖြစ်ရသည်ကို ဆန်းစစ်လျှင် ကောင်းပါမည်။ အရှေ့တောင်အာရှတလွှားတွင် ဒီမိုကရေစီ၏အဓိပ္ပာယ်၊ တန်ဖိုးတို့နှင့်ပတ်သက်၍ အငြင်းအခုံများစွာဖြစ်နေကြဆဲဖြစ်သည်။ ဒီမိုကရေစီသည် ရွေးကောက်ပွဲကျင်းပနိုင်လျှင် ပြည့်စုံပါပြီလား။ သို့မဟုတ် ဒီမိုကရေစီရှိသောနေရာတွင် ပြည်သူတို့၏ နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအရ ရပိုင်ခွင့်များကို ဖြည့်ဆည်းပေးရန် လိုသေးသည်မဟုတ်ပါလား။ ဒီမိုကရေစီသည် အကောင်းဆုံးနိုင်ငံရေးစနစ်ဆိုသည်မှာ မှန်၏လော။ ဤဒေသတလွှားရှိ နိုင်ငံများတွင်မူ အစိုးရတို့သည် ဒီမိုကရေစီကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အဓိပ္ပာယ်ပြန်ဖွင့်ခဲ့ကြသည်။ အင်ဒိုနီးရှားနိုင်ငံက Guided democracy ထိန်းကျောင်းခံ ဒီမိုကရေစီဟုဆိုပြီး မြန်မာနိုင်ငံကမူ ဒီမိုကရေစီသို့သွားရန် Roadmap to democracy လမ်းပြမြေပုံကို ရေးဆွဲခဲ့သည်။ ထိုဝေါဟာရ နှစ်ခုစလုံးမှာ ဒီမိုကရေစီတွင် စိန်ခေါ်မှုများရှိနေသည်ဟု ဆင်ခြေပေးရန် သုံးသောအသုံးအနှုန်းများဖြစ်ခဲ့ကြသည်။

သာဓက

ဒီမိုကရေစီကို အရှေ့တောင်အာရှမူအတိုင်း သုံးသပ်ခြင်း

ထိန်းကျောင်းခံဒီမိုကရေစီ

ထိုစကားလုံးကို နိုင်ငံရေးသိပ္ပံပညာရှင် ဝေါတာလစ်မန်းက ၁၉၂၀ ကျော်နှစ်များတွင် စတင်သုံးစွဲခဲ့သော်လည်း ဆယ်စုနှစ်အနည်းငယ်ခန့်ကမူ အင်ဒိုနီးရှားနိုင်ငံရှိ စစ်အုပ်ချုပ်ရေးနှင့် ပတ်သက်သောဝေါဟာရတစ်ခုအဖြစ် လူသိများလာခဲ့သည်။ ထို့နောက်ရုရှားသည်လည်း ထိုအသုံးအနှုန်းကို မကြာသေးခင်က မွေးစားခဲ့သေးသည်။ ထိန်းကျောင်းခံဒီမိုကရေစီဆိုသည်မှာ စစ်တပ်နှင့် စီးပွားရေးအင်အားစုများက ကြီးပွားနေကြပြီး ဒီမိုကရေစီစနစ်တစ်ရပ်ကို အားနည်းစေအောင်

ပါဝါကို ကစားထားပြီး အစိုးရ၏လုပ်ပိုင်ခွင့်များကို ဒီမိုကရေစီစံများနှင့် ဆန့်ကျင်စွာသုံးစွဲနေကြပြီး ပြည်သူတို့၏ နိုင်ငံသားအခွင့်အရေးများလည်း ချည့်နဲ့နေသည့်အခြေအနေဟု နားလည်နိုင်ပါသည်။ အာဏာလက်ဝယ်ရှိထားသူတို့ကမူ ပဋိပက္ခများနှင့် မငြိမ်သက်မှုများကို ထိန်းသိမ်းနိုင်ရန် ဒီမိုကရေစီကို ထိန်းသိမ်းထားရပါသည်ဟု ဆိုကြသည်။

ဒီမိုကရေစီသို့ လမ်းပြမြေပုံ

မြန်မာနိုင်ငံအစိုးရက ဒီမိုကရေစီအင်အားစုများကို အာဏာလွှဲပြောင်းပေးရန် အချိန်ဆွဲထားခဲ့ခြင်းကို အကြောင်းပြရန်အတွက် ထိုအခေါ်အဝေါ်ကို သုံးစွဲခဲ့ပါသည်။ ဒီမိုကရေစီကို သွားရာလမ်းတွင် အဆင့် ၇ ဆင့်ကို ပြီးမြောက်အောင် ဦးစွာဆောင်ရွက်ရမည်ဟု ဆို၏။ ၂၀၀၃ ခုနှစ်တွင် စတင်ကြေညာခဲ့ပြီး ထိုခုနစ်ဆင့်တွင် အမျိုးသားညီလာခံကျင်းပရေး၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးနှင့် ရွေးကောက်ပွဲကျင်းပရေးတို့ပါဝင်ခဲ့သည်။ လမ်းပြမြေပုံကို စစ်အစိုးရ၏ သက်တမ်းကိုရှည်အောင် ဆန့်ထုတ်နိုင်ရန် အကြောင်းပြချက်အဖြစ်သုံးခဲ့သည့် အစီအမံတစ်ရပ်ဖြစ်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် ထိုလမ်းပြမြေပုံမှ အဆင့်ခုနစ်ခုလုံး ပြီးမြောက်ခဲ့ပြီဟု ဆိုသော်လည်း အစိုးရထဲတွင် စစ်သားတို့၏နေရာအားလုံးကို ဖယ်ပေးသွားခဲ့ခြင်းမရှိပါ။

လူအခွင့်အရေးအတွက် ပါဝင်လှုပ်ရှားနေသူများအားလုံးက လူအခွင့်အရေးနှင့် ဒီမိုကရေစီမှာ အပေါင်းလက္ခဏာဆောင်သော ပေါင်းကူးယှက်နွှယ်မှုတို့ရှိကြသည်ဟု လက်ခံထားကြသည်။ ဒီမိုကရေစီစနစ်တွင် ပြည်သူ့အသံများကို ကြားသင့်ကြားထိုက်သူများနားသို့ ပို့ပေးနိုင်သည့် အခြေအနေဖြစ်ထွန်းပြီး ပြည်သူ့အကျိုးကိုကိုယ်စားပြုသည့် နိုင်ငံရေးစနစ်ကိုလည်း ဖန်တီးနိုင်သည်ဖြစ်ရာ လူအခွင့်အရေးကို အကာအကွယ်ပေးနိုင်သည့် အကောင်းဆုံး နိုင်ငံရေးစနစ်တစ်ရပ်ဖြစ်သည်ဟု ယုံကြည်ကြသည်။ ဆိုလိုသည်မှာ နိုင်ငံသားတစ်ဦးချင်းစီသည် မိမိတို့၏လိုအပ်ချက်များ၊ မိမိတို့အရေးကိစ္စများနှင့် တန်ဖိုးများကို အသိနိုင်ဆုံးသူများ ဖြစ်ကြသောကြောင့် နိုင်ငံသားတို့၏ပါဝင်မှုနှင့် ကိုယ်စားပြုမှုတို့အားဖြင့် အာဏာရှင်များက ပြည်သူကိုလိုရာကြိုးဆွဲခြင်းကို တွန်းလှန်နိုင်ကြမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံရေးဖြစ်စဉ်များ၌ အတိုက်အခံတို့၏ အသံများရှိနေခြင်းက လူတစ်ဦးတစ်ယောက်တည်းက မိမိဖြစ်လိုရာ အာဂျင်ဒါအား ထိန်းချုပ်ကြိုးကိုင်သွားသည့် အဖြစ်မျိုးကို ရှောင်လွှဲနိုင်မည် ဖြစ်သည်။ အတိုက်အခံအသံတို့ တိတ်ဆိတ်နေပြီး ဆိုင်ရာပြည်သူများကို ကိုယ်စားပြုသည့် စနစ်မရှိသည့်အခါ ဖိနှိပ်မှုများ၊ လူအခွင့်အရေးကို ချိုးချယ်မှုများသာ အဖတ်တင်သည်ကို မကြာခဏတွေ့မြင်ခဲ့ကြရသည်။

ဒီမိုကရေစီ စနစ်တစ်ရပ် အသက်ဝင်နေပုံကို နည်းလမ်းနှစ်မျိုးဖြင့် နားလည်နိုင်သည်။ ပထမနည်းလမ်းမှာ နှိုင်းယှဉ်လေ့လာသည့် နည်းလမ်းဖြစ်ပြီး အမျိုးမျိုးကွဲပြားသော ဒီမိုကရေစီစနစ်များကို အသေးစိတ်နှိုင်းယှဉ်ဆွေးနွေးခြင်းဖြစ်သည်။ ဒုတိယနည်းလမ်းမှာ ဝေဖန်ဆန်းစစ်မှုကဲ့ပြီး ဒီမိုကရေစီစနစ်တစ်ရပ်က ပြည်သူတို့ကို ကိုယ်စားပြုမှုတွင် မည်မျှအောင်မြင်သနည်းဆိုသည့် အပေါ်တွင် အကဲဖြတ်ခြင်းဖြစ်သည်။ နှိုင်းယှဉ်သောနည်းတွင် ဒီမိုကရေစီစနစ်များကို အမျိုးအစားခွဲခြားသည့်နည်းလမ်းများစွာရှိသည်။ အရိုးဆုံး ဒီမိုကရေစီစနစ်များတွင် ဒီမိုကရေစီ၏ အင်္ဂါရုပ်များပါသည် ဆိုရုံမျှသာပါသည်။ ထိုမော်ဒယ်ကို ရွှန်းပေတာ မော်ဒယ်ဟုလည်းခေါ်သည်။ စီးပွားရေး

ပညာရှင် ဂျိုးဆက်ဖ်ရွန်းပေတာမှာ စီးပွားရေးသီအိုရီများဘက်တွင် ပို၍လူသိများသည်။ အရှင်းဆုံးပုံစံ ဒီမိုကရေစီစနစ်များတွင် လူအများပါဝင်မှုမှာ နိုင်ငံအရေးနှင့်ပတ်သက်၍ ကျွမ်းကျင်သည်ဆိုသော လူပုဂ္ဂိုလ်များကို အစိုးရတစ်ရပ် ဖွဲ့စည်းအုပ်ချုပ်နိုင်ရန် ရွေးချယ်ပေးခြင်းတစ်ခုတွင်သာ မြင်တွေ့နိုင်သည်။ အခြားသော ဒီမိုကရေစီမော်ဒယ်များကို သုံးသပ်ရာတွင်မူ ပြည်သူမည်ရွေ့မည်မျှ ပါဝင်ခွင့်ရှိသနည်း၊ ပြည်သူတို့၏ပါဝင်ပုံပါဝင်နည်းများမှာ မည်သို့ဖြစ်သနည်း၊ သို့မဟုတ် အာဏာကို မည်သို့ခွဲဝေအုပ်ချုပ်ကြသနည်း၊ ဗဟုဝါဒ၏ ပင်မလက္ခဏာရပ်များကို မည်မျှအထိတွေ့ရှိနိုင်သနည်း အစရှိသည့် အချက်များကိုပါ ကျယ်ပြန့်စွာ အသေးစိတ် ထည့်သွင်းစဉ်းစားကြသည်။ ပြည်သူတို့ ပါဝင်ကာ စေ့ငုခွင့်ချိန်တိုင်းတာမှုကိုဗဟိုပြုသည့် ဒီမိုကရေစီများတွင်မူ ပြည်သူတို့၏အခန်းကဏ္ဍမှာ ရွေးကောက်ပွဲတွင်သာ ပါဝင်သည်မဟုတ်၊ အစိုးရက ဆုံးဖြတ်စရာရှိသော ကိစ္စများတွင်လည်း ပြည်သူတို့ ပါဝင်နေခွင့်ရှိသည့်အချက်ကိုကြည့်ကြသည်။ ထိုကဲ့သို့သော ဒီမိုကရေစီတွင် အရေးကြီးသော ပြယုဂ်မှာ ပြည်သူတို့က ပါဝင်ငြင်းခုံနိုင်ခြင်း၊ ဒီမိုကရေစီကျကျ ဆုံးဖြတ်ချက်များချမှတ်နိုင်ခြင်းကို ထည့်သွင်းထားခြင်းဖြစ်သည်။ အမျိုးမျိုးသော ဒီမိုကရေစီစနစ်များမှာ အမည်အမျိုးမျိုးဖြင့် တည်ရှိကြရာ ရွေးကောက်ပွဲအခြေပြုဒီမိုကရေစီ၊ ဘုံသဘောတူညီမှုအခြေပြုဒီမိုကရေစီ၊ ပြည်သူတို့ပါဝင်စဉ်းစားဆုံးဖြတ်ခွင့်ရှိသော ဒီမိုကရေစီ၊ လစ်ဘရယ် ဒီမိုကရေစီ အစရှိသည်တို့လည်း ပါဝင်ကြသည်။

ဗဟုဝါဒ

ကွဲပြားစုံလင်မှုကို အသိအမှတ်ပြုရန်နှင့် လက်ခံကျင့်သုံးကြရန် ဗဟုဝါဒက အားပေးသည်။ နိုင်ငံရေးဗဟုဝါဒ ထွန်းကားသည် ဆိုရာတွင် ကွဲပြားခြားနားသောလိင်များ၊ မျိုးနွယ်စုများ၊ အဆင့်အတန်းများ၊ နယ်ပယ်များ အစရှိသည်ဖြင့် အဖုံဖုံသော ကွဲပြားစုံလင်သည့် နောက်ခံများဖြင့် နိုင်ငံရေးတွင် ပါဝင်ခွင့်ရှိခြင်းကိုဆိုသည်။

ဒီမိုကရေစီကို လေ့လာရာတွင် အချို့က အရည်အသွေးကို အထူးပြုလေ့လာကြသည်။ အရည်အသွေးကို မည်သို့အကဲဖြတ်နိုင်မည်နည်း။ တိုင်းတာသော သုံးနေကျနည်းလမ်းများတွင် ပြည်သူတို့၏ ပါဝင်မှု၊ တရားဥပဒေ စိုးမိုးရေးအပါအဝင် အစိုးရ၏တာဝန်ခံမှုနှင့် ယှဉ်ပြိုင်မှုများကို ထည့်သွင်းလေ့ရှိသည်။ ထိုနည်းလမ်းများတွင် လူ့အခွင့်အရေးအခြေအနေကိုလည်း အကဲဖြတ်စရာတစ်ခုအဖြစ် ထည့်သွင်းကြသည်။ ခြုံ၍ဆိုရသော် ဒီမိုကရေစီအဆင့်အတန်းမှာ ဒီမိုကရေစီဟုဆိုနိုင်လောက်ရုံ အဖျင်းဆုံးစနစ်တွင်ဖြစ်စေ၊ အသွင်သဏ္ဌာန်အားဖြင့်သာ ရပ်တည်နိုင်သော ဒီမိုကရေစီဖြစ်စေ၊ လူ့အခွင့်အရေးသည် ပြည်သူများပါဝင်နိုင်ရန် အခွင့်ပိုသာသော အနေအထားကြောင့် ဒီမိုကရေစီကို ဖြစ်ထွန်းစေသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

အရှေ့တောင်အာရှရှိ ဒီမိုကရေစီမော်ဒယ်များ - ဖြစ်ကတတ်ဆန်း ဒီမိုကရေစီလော - ပြည်သူအများ ပါဝင်နိုင်သည့် ဒီမိုကရေစီလော။

ဖြစ်ကတတ်ဆန်းဒီမိုကရေစီသဘောတွင် ပြိုင်ပွဲ (အများအားဖြင့်ရွေးကောက်ပွဲ)ကျင်းပရုံ၊ သက်သက်ထက်မပိုသော ဒီမိုကရေစီဖြစ်သည်။ ပြည်သူအများ၏ အပြော၊ အတွေးနှင့် အငြင်းအခုံများကို အရေးတကြီးကိစ္စဟု မယူဆချေ။ အဘယ်ကြောင့်ဆိုသော် လူအတော်များများကို အသိပညာလုံလောက်အောင်မရှိဟု ထင်သောကြောင့်ဖြစ်သည်။ သို့မဟုတ် ပြည်သူ့အရေးကိစ္စထက်စာလျှင် တစ်စုံတစ်ယောက်၏ အရေးကိစ္စကို အရေးတယူဆောင်ရွက်နေရသောကြောင့်ဖြစ်သည်။ နိုင်ငံရေးမှာ နိုင်ငံရေးကို တတ်ကျွမ်းသူများနှင့်သာ ဆိုင်သောကိစ္စဖြစ်သောကြောင့် ထိုသူတို့နှင့်သာ လွှဲထားသင့်သည်။

အများပါဝင်နိုင်သော ဒီမိုကရေစီနှင့် စေ့ငုချင့်ချိန်တိုင်းဆခွင့်ပေးသော ဒီမိုကရေစီသဘောတွင် ပြည်သူတို့၏တက်ကြွသော လှုပ်ရှားဆောင်ရွက်မှုကို နှစ်သက်သည်။ ပြည်သူတို့သည် နိုင်ငံအရေး ချင့်ချိန်တိုင်းဆမှုများတွင်ပါဝင်နိုင်ပြီး တိုင်းပြည်ကိုအုပ်ချုပ်ရာတွင် မည်သို့မည်ပုံ စီမံသင့်ကြောင်း အကြံဉာဏ်များပေးနိုင်ကြသည်။ ရောဘတ်ဒါးလ်၏ ပေါ်လီအာခီ (polyarchy) ဟုခေါ်သော လူအများ ('poly') က ပိုင်းဝန်းတိုင်းပြည်ကိုအုပ်ချုပ်ခြင်း ('archy')မှာ နမူနာတစ်ခုဖြစ်သည်။ ပေါ်လီအာခီတွင် အစိုးရသည် တိုင်းပြည်ပြည်သားတို့အားလုံးကို အပြည့်အဝအရေးတယူ တုံ့ပြန်ရသည်။ ပြည်သူအများတွင် စေ့ငုချင့်ချိန်တိုင်းဆခွင့်ရှိနေခြင်းက ထိုဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်သည်။ လူအများတွေ့ဆုံကြ၊ ဆွေးနွေးကြ၊ အစိုးရ၏ အဆုံးအဖြတ်များအပေါ် အငြင်းအခုံပြုကြခြင်းကို ဤစနစ်က မျှော်လင့်သည်။

ကိုယ်စားပြုဒီမိုကရေစီတွင် ပြည်သူများက မိမိတို့ကို ကိုယ်စားပြုပေးမည့်သူများကို ရွေးချယ်ပေးပြီးထို ကိုယ်စားလှယ်များကသာ တိုင်းပြည်ကို အုပ်ချုပ်စီမံကြခြင်းပြုသည်။ ပြည်သူတို့သည် မိမိတို့၏ကိုယ်စားလှယ်များကို ရွေးချယ်သည့်လုပ်ငန်းတွင် တက်ကြွစွာပါဝင်ကြသော်လည်း တိုင်းပြည်ကို အကောင်းဆုံးအုပ်ချုပ်ရန်အလုပ်ကိုကား ထိုသူတို့နှင့်သာ ယုံကြည်စွာလွှဲအပ်ထားသော စနစ်ဖြစ်သည်။

မေးခွန်းများ

- မည်သည့်မော်ဒယ်က ပိုကောင်းသနည်း။
- ယေဘုယျအားဖြင့် ပြည်သူတို့သည်အစိုးရတစ်ခုနှင့် ထိတွေ့ဆက်ဆံရလောက်အောင် စိတ်ဝင်စားသည့်အပြင် အသိအမြင်လည်း ကြွယ်ဝသည်ဟု ထင်ပါသလား။
- အစိုးရများအနေဖြင့် တစ်စုံတစ်ရာမပြုလုပ်မီ ပြည်သူလူထုတစ်ရပ်လုံး၏ အမြင်ကိုနားထောင်ရန် ဖြစ်နိုင်ပါသလား။
- စေ့ငုချင့်ချိန် တိုင်းဆခွင့်ပေးထားခြင်းကြောင့် ရှည်လျားသည့် ငြင်းခုံပွဲများဖြစ်လာပြီး အဆုံးအဖြတ်များ မချမှတ်နိုင်ဘဲဖြစ်ခြင်း (သို့မဟုတ်)ရပ်ရွာထဲတွင် ထိပ်ပိုင်းခေါင်းဆောင်တို့ကြား၌ သဘောတူညီမှုတစ်ရပ်ကို မတည်ဆောက်နိုင်ဘဲ ဖြစ်နေပါသလား။
- တိုင်းပြည်အရေးကို နိုင်ငံရေးသမားများလက်တွင်သာ ဆုံးဖြတ်ပိုင်ခွင့်များ အပ်နှင်းထားခြင်းမှာ အန္တရာယ်ရှိနိုင်ပါသလား (သို့မဟုတ်) ထိုသူတို့သာလျှင် အကောင်းဆုံး ဆုံးဖြတ်နိုင်သူများဖြစ်နေကြပါသလား။
- မည်သည့် ဒီမိုကရေစီမော်ဒယ်က လူအခွင့်အရေးကို အလေးစားဆုံးဖြစ်သနည်း။

ဒီမိုကရေစီ စနစ်တစ်ခုအလုပ်ဖြစ် မဖြစ် ဆိုသည်ကို အချို့သော စရိုက်လက္ခဏာများနှင့် အလေ့အထများကို ရှာဖွေလေ့လာကာ တိုင်းတာကြည့်ရန် ဖြစ်နိုင်ပါသလား။ ဒီမိုကရေစီပုံစံများစွာမှာ သမ္မတဦးဆောင်သော နိုင်ငံသို့မဟုတ် ပါလီမန်စနစ်ဖြင့် လည်ပတ်နေသောနိုင်ငံ အသွင်ဖြင့် တည်ရှိနေကြသည်။ ထိုနိုင်ငံအားလုံးသည် အကောင်းဆုံးစံဟု ဆိုနိုင်လောက်သော အခြေအနေအချို့ဖြစ်ထွန်းလာရန် ရည်မှန်းကာ ဒီမိုကရေစီကိုတည်ဆောက်ကြသည်။ သို့ရာတွင် ဒီမိုကရေစီအများစုမှာ ထိုတောင့်တသော စံအခြေအနေသို့ရောက်လေ့မရှိပါ။ သို့တိုင်အောင် ထိုအကောင်းဆုံး

စံများ ထားရှိခြင်းက ပြည်သူတို့ကို အုပ်ချုပ်ရာတွင် အထောက်အကူပြုသည်။ စံအခြေအနေတစ်ရပ်မှာ ပြည်သူတို့၏ ပါဝင်နိုင်မှုဖြစ်သည်။ ပြည်သူတို့အနေဖြင့် ပါဝင်ဆွေးနွေးနိုင်ခြင်း၊ အချေအတင် ငြင်းခုံနိုင်ကြခြင်းနှင့် အစိုးရ၏လုပ်ရပ်ကို ဝေဖန်နိုင်ကြခြင်းတို့သည် ပြည်သူတို့ ပါဝင်နိုင်မှုများဖြစ်သည်။ ဒီမိုကရေစီနိုင်ငံကောင်းတစ်ခုတွင် အစိုးရလမ်းစဉ်နှင့် စိတ်ဝမ်းကွဲနေသူတို့ကို သည်းခံနိုင်ရမည်။ အလားတူပင် ဒီမိုကရေစီတို့သည် စိတ်ကူးအကြံဉာဏ်များ စီးဆင်းနေမှု၊ သတင်းအချက်အလက်များစီးဆင်းနေမှုနှင့် အတွေးအမြင်များ ပေါ်ထွက်နေမှုတို့ကို တားမြစ်မည့် အစား ဖြစ်ထွန်းအောင်လှုံ့ဆော်ရမည်။ ဒီမိုကရေစီအင်စတီကျူးရှင်းများသည် ပြည်သူတို့ကြားတွင် ဖြစ်ပျက်နေသည်များကို ကောင်းကောင်းသိနေသော ရွေးကောက်ခံကိုယ်စားလှယ်များအပေါ်တွင် အမှီသဟဲပြုနေရကား ပို၍စုံလင်ကွဲပြားသော အတွေးအခေါ်များ၊ အချင်းချင်းဆန့်ကျင်ဖက် ဖြစ်နေသော ရှုထောင့်များကို ရှင်သန်ခွင့်ပေးကြရမည်။ ပြည်သူများကြားမှ အဖြစ်အပျက်များကို မသိတော့သော ကိုယ်စားလှယ်သည် ရပ်ရွာနှင့်တိုင်းပြည်အတွက် အသင့်တော်ဆုံးဖြစ်သည်များကို ဒီမိုကရေစီစနစ်၏ အနှစ်သာရသဘောအတိုင်း ဖြစ်ထွန်းအောင် မဆောင်ရွက်ပေးနိုင်တော့ပေ။

နောက်ထပ်တွေ့ရသော ဒီမိုကရေစီစံတစ်ခုမှာ တရားမျှတသော အာဏာခွဲဝေမှုရှိခြင်း ဖြစ်သည်။ ဒီမိုကရေစီ၏ စရိုက်လက္ခဏာမှာ အာဏာကိုခွဲဝေကျင့်သုံးပြီး နိုင်ငံတော်၏ မဏ္ဍိုင်ကြီးများသည် တစ်ဦးကိုတစ်ဦး စောင့်ကြည့်ထိန်းညှိပေးနိုင်သောကြောင့် တစ်နေရာတည်း တစ်ပါတီတည်း တစ်ဦးတစ်ယောက်တည်းတွင် အာဏာစုစည်းမိနေခြင်းမျိုး မဖြစ်တော့ခြင်းဖြစ်သည်။ အာဏာခွဲဝေကျင့်သုံးခြင်းသည် အစိုးရအတွင်း၌သာ ဖြစ်ပေါ်သည်မဟုတ်ပေ။ နိုင်ငံအတွင်းရှိ ဒေသအသီးသီးနှင့် အုပ်စုအသီးသီးတို့ကြားတွင်လည်း အာဏာခွဲဝေကျင့်သုံးခြင်းရှိရမည်။ ဥပမာ-စီးပွားရေး၊ အစိုးရဝန်ထမ်းများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းတို့ကြားတွင်လည်း ထိုနည်းတူပင် ဖြစ်သည်။ အာဏာခွဲဝေကျင့်သုံးခြင်းဟုဆိုလျှင် လွတ်လပ်သော တရားရေးမဏ္ဍိုင်မှာ အာဏာခွဲဝေမှု၏ ပြယုဂ်တစ်ခုဖြစ်သကဲ့သို့ အာဏာခွဲဝေပုံကို စောင့်ကြည့်ထိန်းမတ်ရသည့် မဏ္ဍိုင်တစ်ခုလည်း ဖြစ်သည်။ တရားဥပဒေစိုးမိုးအောင်ဆောင်ရွက်နိုင်သည့် လွတ်လပ်သော တရားရေးမဏ္ဍိုင်မရှိပါက လူ့အခွင့်အရေးလည်း အကာအကွယ် မရနိုင်တော့ပေ။ လူ့အခွင့်အရေးသည် မည်သည့်နိုင်ငံရေးစနစ်တွင်မဆို လေးစားလိုက်နာခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းကို ရရှိနိုင်သော်လည်း ဒီမိုကရေစီနိုင်ငံများတွင် ပို၍အကာအကွယ်ရသည်ကို မှတ်သားထိုက်၏။ လာမည့်အခန်းတွင် ဒီမိုကရေစီအသွင်ပြောင်းခြင်းဖြစ်စဉ်များကို ဆက်လက်ဆွေးနွေးသွားပါမည်။

၁၅.၃.၁ ဒီမိုကရေစီအသွင်ပြောင်းခြင်း

ဒီမိုကရေစီအသွင်ပြောင်းခြင်း

ဒီမိုကရေစီမှာ အကောင်းဆုံးတိုင်းပြည်အုပ်ချုပ်ခြင်းပုံစံ ဟုတ်ပါသလားဟု မကြာသေးခင်နှစ်များအထိ အရှေ့တောင်အာရှနိုင်ငံအချို့က မေးခွန်းထုတ်နေကြဆဲဖြစ်သည်။ စစ်တပ်ကဦးဆောင်သော အုပ်ချုပ်ရေးပုံစံများက ဒီမိုကရေစီထက် ပိုကောင်းသည်ဟူ၍လည်း ဆိုခဲ့ကြသေးသည်။ ယနေ့ကာလထိတိုင်အောင်ပင် အရှေ့တောင်အာရှဒီမိုကရေစီ၌ နိုင်ငံသားတို့က မိမိတို့၏ နိုင်ငံသားအခွင့်အရေးအတွက် အစိုးရကိုစိန်ခေါ်နေသော ဒေသန္တရအဆင့်များတွင်ပါ အချိန်ယူရသော ဒီမိုကရေစီအသွင်ကူးပြောင်းခြင်း ဖြစ်လာပြီးနောက်မှသာ ဒီမိုကရေစီဆန်သည့် အကောင်းဆုံးအုပ်ချုပ်ရေးဖြစ်လာနိုင်သည်ဟု မှတ်ယူထားကြသေးသည်။ ထို့ပြင် ဤဒေသ၏ ဒီမိုကရေစီကို

ဒီမိုကရေစီအသွင်းပြောင်းခြင်း ဆိုသည်မှာ နိုင်ငံတစ်ခု ဒီမိုကရေစီနိုင်ငံဖြစ်လာခြင်းကို ဆိုသည်။ ဒီမိုကရေစီအသွင်းပြောင်းခြင်းမှာ ပုံစံအမျိုးမျိုးဖြစ်နိုင်သည်။ တော်လှန်ရေးကြောင့် ရုတ်တရက် အစိုးရအပြောင်းအလဲ ရှိသွားခြင်းကြောင့်ဖြစ်နိုင်သလို လေးတွဲ့သော ခပ်ဖြည်းဖြည်း မြောင်းလဲယူသည့်ပုံစံများလည်း ရှိသည်။

အခြားနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများကပါ နိုင်ငံတကာအဆင့်မှ ဖိအားပေးခြင်း၊ တိုက်တွန်းခြင်းတို့ကိုပြုပြီး ဒီမိုကရေစီအသွင်ပြောင်းခြင်းကို အချိန်ယူပြီးမှ ဒီမိုကရေစီ ဖြစ်လာနိုင်မည်ဟု မြင်ကြသည်။

ဒီမိုကရေစီအသွင်ပြောင်းခြင်းကြောင့် သိသာထင်ရှားသော အကျိုးဆက်နှစ်ခုရှိနိုင်သည်။ နံပါတ်တစ် - ဒီမိုကရေစီအသွင်ပြောင်းခြင်းကို နိုင်ငံခြားတိုင်းပြည်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက ချီးကျူးကြမည်။ နိုင်ငံတကာအသိုင်းအဝိုင်းမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဆောင်ရွက်နေသောနိုင်ငံများအား အကူအညီပေးရန် များစွာ စိတ်အားထက်သန်ခဲ့ကြသည်။ နိုင်ငံခြားအကူအညီများ၊ နိုင်ငံရေးနှင့် စီးပွားရေးအရ ဆက်ဆံမှုများဖြင့် ကူညီလေ့ရှိသည်။ စစ်ရေးအကူအညီကိုပင် ပေးသည်လည်းရှိသည်။ ဥပမာ - မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ပြောင်းခြင်း ဖြစ်ပေါ်နေသောနိုင်ငံဖြစ်သောကြောင့် နိုင်ငံတကာအကူအညီနှင့် ထောက်ခံမှုများစွာ ဆွဲဆောင်နိုင်ခဲ့သည်။ နံပါတ်နှစ်- ကမ္ဘာပေါ်ရှိ နိုင်ငံအများစုမှာ နိုင်ငံတကာအသိုင်းအဝိုင်းအလယ်တွင် မျက်နှာမငယ်စေရန် ဒီမိုကရေစီနှင့် ဆက်စပ်ပြလေ့ရှိကြသည်။ ဥပမာ မြောက်ကိုရီးယားကဲ့သို့သော နိုင်ငံကပင်လျှင် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံဟု ခေါ်ဆိုသည်။ နိုင်ငံတိုင်းက ဒီမိုကရေစီကို ရေလဲသုံးနေကြပြီး ဒီမိုကရေစီကိုငြင်းပယ်သည့်နိုင်ငံဟူ၍ အနည်းငယ်မျှသာရှိသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတိုင်းမှာ နိုင်ငံသားတို့၏အကျိုးကို စောင့်ရှောက်သော တိုင်းပြည်ဟူ၍ အထင်ခံလိုသောကြောင့်လည်းဖြစ်သည်။ တိုင်းပြည်တိုင်းက ဒီမိုကရေစီကို လိုလားသည်ဟု ဆိုခြင်းမှာလည်း မဖြစ်နိုင်ဟူ၍မရှိ၊ဒီမိုကရေစီမှာ အဓိပ္ပာယ်တစ်မျိုးတည်းရှိသည်မဟုတ်၊ အမျိုးမျိုးရှိကြသည်။

အရှေ့တောင်အာရှ၏ ဒီမိုကရေစီလမ်းကြောင်းကိုကြည့်လျှင် လွန်ခဲ့သော ဆယ်စုနှစ်များတွင် အတန်ငယ်မျှ တိုးတက်ခဲ့သည်ဟု ဆိုနိုင်သည်။ အခန်း ၈ တွင် ဖော်ပြထားသည့်အတိုင်း ၁၉၄၀ ကျော်နှစ်များတွင် ဒီမိုကရေစီနိုင်ငံများနှင့် ရွေးကောက်ပွဲများရှိခဲ့ကြသော်လည်း ၁၉၈၀ နှင့် ၁၉၉၀ ကျော်ကာလများမှ ပြည်သူ့အာဏာကိုတောင်းဆိုသော ဆန္ဒပြပွဲများ မပေါ်ပေါက်လာသေးမီအထိ ဒီမိုကရေစီအုတ်မြစ်ကို ခိုင်မာစွာချနိုင်ခဲ့သည်ဟု မဆိုနိုင်ပေ။ အစိုးရများသည် မိမိတို့ဘာသာ ဒီမိုကရက်တစ်အစိုးရများဟု ကင်ပွန်းတပ်သော်လည်း နိုင်ငံသားများအတွက် လူ့အခွင့်အရေး တိုးတက်လာအောင် ဆောင်ရွက်ပေးခြင်းမရှိခဲ့ပေ။ ဒီမိုကရေစီမထွန်းကားခဲ့ခြင်း၏ ပထမအကြောင်းရင်းမှာ နိုင်ငံများအနေဖြင့် မည်မျှပင် ဒီမိုကရက်တစ်ဖြစ်ပါသည်ဟု ဆိုနေစေကာမူ အပြောနှင့်အလုပ်ဆန့်ကျင်ဘက်သာ ဖြစ်သည်။ ဒုတိယအကြောင်းရင်းမှာ ဒီမိုကရေစီသို့ကူးပြောင်းခြင်းကပင်လျှင် ခက်ခဲပြီး ကြမ်းတမ်းသောလမ်းကို မကြာခဏ လျှောက်ရလေ့ရှိသည်။ နိုင်ငံများသည် စစ်အုပ်ချုပ်ရေးအောက်တွင် ငြိမ်ဝပ်ပိပြားနေခဲ့ရပြီးနောက် နိုင်ငံရေးအာဏာအတွက် ယှဉ်ပြိုင်သူများပေါ်ထွက်လာပြီး ရွေးကောက်ပွဲသို့ဝင်ရောက်ကြသည့်ဖြစ်စဉ်မှာ ဆန္ဒပြဆန့်ကျင်မှုများနှင့် ပဋိပက္ခများပြွမ်းနေလေ့ရှိသည်။ စစ်အာဏာရှင်စနစ်ထက်စာလျှင် ဒီမိုကရေစီသည် ပို၍ကြမ်းတမ်းခက်ထန်စွာ ကိုင်တွယ်သည့်ဖြစ်စဉ်များ လျော့နည်းသော်လည်း အကူးအပြောင်းကာလတွင် အကြမ်းဖက်မှုများမဖြစ်ဟု အာမခံနိုင်လေ့မရှိပါ။

၁၅.၃.၂ အရှေ့တောင်အာရှ လက်ရှိ ဒီမိုကရေစီအကူးအပြောင်း၏ အခင်းအကျင်း

အခန်းရှစ်တွင် ဟန်တင်တန်၏ ဒီမိုကရေစီလှိုင်းများသီအိုရီကိုသုံးလျက် အရှေ့တောင်အာရှ၏ ဒီမိုကရေစီကူးပြောင်းမှုအခြေအနေကို ဆွေးနွေးပြီး ဖြစ်ပါသည်။ အရှေ့တောင်အာရှသည် ၁၉၈၀ ကျော် ဆယ်စုနှစ်ဝက်ကာလတွင် ဒီမိုကရေစီနိုင်ငံ နှစ်ခုသာရှိခဲ့ရာမှ ၂၀၀၀ ခုနှစ် အကျော် အစောပိုင်းကာလများတွင် ခုနှစ်နိုင်ငံအထိ တိုးလာခဲ့ပါသည်။ ဤဒေသတွင် ဒီမိုကရေစီကူးပြောင်းမှုများ နှေးကွေးလွန်းခဲ့သည့်သဘောရှိသည်။ ဒီမိုကရေစီ၏ အဆင့်အတန်းကို အကဲဖြတ်ရန် တစ်နည်းမှာ လယ်ရီဒိုင်းမွန်းက အဆိုပြုခဲ့သော ဒီမိုကရေစီအဆင့် ခွဲခြားပုံကိုလည်း အသုံးပြုနိုင်သည်။ ရွေးကောက်ပွဲအခြေပြု ဒီမိုကရေစီနိုင်ငံများ electoral democracies ၊ လစ်ဘရယ် ဒီမိုကရေစီနိုင်ငံများ liberal democracies ၊ တစ်ဝက်တစ်ပျက်ဒီမိုကရေစီနိုင်ငံများ pseudo-democracies နှင့် အတိုက်အခံမရှိ စိုးမိုးနေသော အာဏာရှင်နိုင်ငံများဟု ခွဲခြားသတ်မှတ်ထားသည်။

လစ်ဘရယ် ဒီမိုကရေစီနိုင်ငံများမှာ ဒီမိုကရေစီစစ်စစ်နှင့် အနီးစပ်ဆုံးဖြစ်သည်။ ဤအမျိုးအစားတွင် ပုံမှန်ကျင်းပသော အာဏာအတွက် ယှဉ်ပြိုင်ခြင်းဖြစ်သည့် ရွေးကောက်ပွဲများရှိသည့် အပြင် စစ်တပ်အပါအဝင် မည်သည့်နိုင်ငံရေးအင်အားစုကမျှ နိုင်ငံ၏အာဏာကို အခွင့်ထူးခံအဖြစ် နေရာယူခံစားခွင့်မရှိပေ။ နိုင်ငံရေးတွင် ပြည်သူတို့ပါဝင်မှုဟုဆိုသော် ပုံမှန်ရွေးကောက်ပွဲများရှိနေခြင်းထက် ပိုပါသည်။ တရားဥပဒေစိုးမိုးရေးအပါအဝင် အစိုးရ၏အာဏာကို စောင့်ကြည့်အကဲဖြတ်ထိန်းညှိပေးနိုင်သည့်လုပ်ငန်းကို ကောင်းစွာ ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။ ဖိလစ်ပိုင်၊ အရှေ့တီမောနှင့် အင်ဒိုနီးရှား အစရှိသည့်နိုင်ငံများကို လစ်ဘရယ်ဒီမိုကရေစီ စာရင်းထဲသို့ ထည့်သွင်းကြလေ့ရှိသည်။

ရွေးကောက်ပွဲအခြေပြု ဒီမိုကရေစီ (ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရှိနေခြင်းကြောင့် အပေါ်ယံအသွင်သဏ္ဌာန်အားဖြင့် ဒီမိုကရေစီနိုင်ငံဟု ခေါ်နိုင်ရုံသာ)သည် မည်ကာမတ္တ ဒီမိုကရေစီဟု ဆိုရမည်။ ပုံမှန်ကျင်းပသော ရွေးကောက်ပွဲများတွင် ပါတီများနှင့် နိုင်ငံရေးသမားများက အာဏာအတွက် ပါဝင်ယှဉ်ပြိုင်ကြမည်။ သို့ရာတွင် ပြည်သူလူထု၏ပါဝင်မှုကို ရွေးကောက်ပွဲတွင် မဲထည့်နိုင်သည်ဆိုရုံမျှဖြင့် ထိုရွေးကောက်ပွဲများသည် ဒီမိုကရေစီရမည်ဟု အာမခံနိုင်မည်မဟုတ်ပေ။ မလေးရှားနှင့် စင်ကာပူကဲ့သို့သော နိုင်ငံများကိုမူ ရွေးကောက်ပွဲအခြေပြု ဒီမိုကရေစီနိုင်ငံများအဖြစ် သတ်မှတ်ကောင်းသတ်မှတ်နိုင်ကြမည်။

တစ်ဝက်တစ်ပျက်ဒီမိုကရေစီမှာ အာဏာရှင်နိုင်ငံများက ဒီမိုကရက်တစ် တန်ဖိုးများကို ဟန်ပြမွေးစားထားသော အင်စတီကျူးရှင်းများနှင့် ဒီမိုကရေစီ လုပ်ငန်းအဆင့်ဆင့်ကို ဒီမိုကရေစီတည်းဟူသော မျက်နှာဖုံးကိုစွပ်ထားသောစနစ်ကို ခေါ်သည်။ ကမ္ဘောဒီးယားနှင့် မြန်မာတို့မှာ တစ်ဝက်တစ်ပျက်ဒီမိုကရေစီများဟု သတ်မှတ်ကောင်း သတ်မှတ်နိုင်ကြမည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘောဒီးယားတွင် CPP ကဲ့သို့ အာဏာကို သက်ဆိုးရှည်အောင် လုပ်ထားနိုင်သော အခြားပါတီများမရှိပေ။ မြန်မာနိုင်ငံတွင်လည်း လွှတ်တော်အတွင်း နေရာ ၂၅ ရာခိုင်နှုန်းခန့်ကို စစ်တပ်က ရယူထားရာ စစ်တပ်၏အာဏာမှာ ထင်ရှားနေမြဲဖြစ်သည်။

အတိုက်အခံမရှိ စိုးမိုးနေသောအာဏာရှင်နိုင်ငံများတွင် အတိုက်အခံနိုင်ငံရေးသမားများကို ဖိနှိပ်ထားပြီး ပြည်သူတို့၏ နိုင်ငံသားအခွင့်အရေးများကို ကန့်သတ်ချုပ်ချယ်ထားသော ဥပဒေများ သို့မဟုတ် နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားမှုကို တရားမဝင်ဟု သတ်မှတ်ထားသည့် ဥပဒေများကြီးစိုးရာနိုင်ငံဖြစ်ရာ မည်သည့် အတိုက်အခံလှုပ်ရှားမှုကမျှ အားကောင်းစွာ ရပ်တည်နိုင်ခြင်းမရှိသော အနေအထားရှိသည်။ ထိုကဲ့သို့သော အာဏာရှင်နိုင်ငံများသည် ဒီမိုကရက်တစ်ဆန်သော အင်စတီကျူးရှင်းများ၊ လုပ်ဆောင်ချက်များရှိနေသယောင် ပုံဖမ်းထားသော်လည်း အဖျင်းဆုံး ဒီမိုကရေစီစံများနှင့်ကိုက်ညီသော နိုင်ငံတစ်ခုအဖြစ် တည်ဆောက်ရန် အုတ်မြစ်တို့ပင် မရှိပေ။ ဥပမာ - လွတ်လပ်သော အတိုက်အခံနိုင်ငံရေးပါတီကို မရှိနေခြင်း။ ထိုင်း၊ လာအို၊ ဘရူနိုင်းနှင့်ဗီယက်နမ်တို့သည် အတိုက်အခံနိုင်ငံရေးသမားများကို ရှင်းထုတ်ထားသော အာဏာရှင်နိုင်ငံများ ဖြစ်ကြသည်။ တစ်နည်းဆိုရသော် လစ်ဘရယ်ဒီမိုကရေစီမှာ တစ်ပါတီစနစ်ဖြင့်သာ တိုင်းပြည်ကို အုပ်ချုပ်နေသောနိုင်ငံများ (ဗီယက်နမ်နှင့်လာအို)၊ စစ်အစိုးရများ(ထိုင်းနိုင်ငံ)နှင့် သက်ဦးဆံပိုင်ဘုရင်စနစ်(ဘရူနိုင်း) အစရှိသည့်နိုင်ငံများတွင် မဖြစ်တည်နိုင်ပေ။

ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်သည် ဆိုရုံမျှဖြင့်လည်း ဒီမိုကရေစီစနစ်တစ်ရပ် ထွန်းကားလာမည်ဟု မသေချာသေးပေ။ အဘယ်ကြောင့်ဆိုသော် ဒီမိုကရေစီအသွင်ကူးပြောင်းမှုသည် ဒီမိုကရေစီရင့်ကျက်မှုဆီသို့ အလိုအလျောက် ရွေ့လျားဖြစ်ထွန်းလာသည် မဟုတ်ပေ။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်ကို ကြုံတွေ့ရသောနိုင်ငံများ၌ ဒီမိုကရေစီရင့်ကျက်သည့် ဖြစ်စဉ်ကောင်းစွာဖြစ်ပေါ်လာမှုမရှိခြင်းနှင့် အာဏာရှင်တို့၏ ပြောင်းလဲလိုစိတ်မရှိခြင်းတို့ နှစ်ခု ပေါင်းဆုံမိသွားသောအခါမျိုးတွင် ဒီမိုကရေစီအသွင်ကူးပြောင်းမှုအပေါ် အဆိုးမြင်ခြင်းများ ဖြစ်ပေါ်လာတတ်သည်။ ဥပမာ - ကမ္ဘောဒီယားနိုင်ငံတွင် ဒီမိုကရေစီ စတင်ကျင့်သုံးပြီး ငါးနှစ်မပြည့်မီတွင်ပင် ဝန်ကြီးချုပ်ဟွန်ဆန် လက်အောက်ခံ CPP ပါတီကို အာဏာပြန်လည်အပ်နှင်းပေးသည့် စစ်တပ်၏ အာဏာသိမ်းမှုဖြစ်ပေါ်ခဲ့သည်။ ထိုလုပ်ရပ်မှာ ၁၉၉၁ တွင် ချုပ်ဆိုခဲ့သော ပါရီငြိမ်းချမ်းရေးစာချုပ် အရသတ်မှတ်ထားသည့် အာဏာခွဲဝေကျင့်သုံးမှုပုံစံများကို ချိုးဖောက်လိုက်ခြင်းပင်ဖြစ်သည်။ ဟွန်ဆန်သည် အတိုက်အခံပါတီကို ဦးဆောင်သော ဘုရင်နိုရိုဒွန်သီဟာနုကို ရုပ်ပြဘုရင်အဖြစ်သာ သတ်မှတ်ခဲ့ပြီး နိုင်ငံကို တစ်ပါတီတည်းက အုပ်ချုပ်နေသည့်စနစ်ကို ရအောင်ဖန်တီးခဲ့သည်။ ထိုင်းနိုင်ငံတွင်လည်း ၁၉၉၇ ခုနှစ်တွင် ဒီမိုကရေစီနည်းလမ်းကျသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့သော်လည်း လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ထိုင်းနိုင်ငံတွင် စစ်တပ်သည် နိုင်ငံရေးတွင် ကြိမ်ဖန်များစွာ ဝင်ရောက်စွက်ဖက်ခဲ့သည်။ ၁၉၉၉ ခုနှစ်အထိ ကာလအတွင်း ဒီမိုကရေစီကို နှစ်ကြိမ်မျှ ပြန်လည်အဖတ်ဆည်နိုင်ခဲ့သော်လည်း စစ်တပ်သည် ဒီမိုကရေစီနည်းကျကျ ရွေးကောက်တင်မြှောက်ထားသော အစိုးရများလက်မှာ အာဏာကို ပြန်လည်သိမ်းယူခဲ့ကြသည်။ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနှစ်နိုင်ငံတွင်သာ ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်၌ နောက်ပြန်ဆုတ်ခြင်း မကြုံရသေးဘဲ ရှိသည်။ သို့ရာတွင် ဖိလစ်ပိုင်၌လည်း တရားဥပဒေပြင်ပ လုပ်ကြံကွပ်မျက်ခြင်းများရှိခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံရေးတွင်မူ လာဘ်ပေးလာဘ်ယူတွင်ပတ်သက်သည်ဟု စွပ်စွဲခံရသော ဖြစ်ပေါ်လာသော နိုင်ငံရေးအပြောင်းအလဲများရှိခဲ့သည်။ ထိုနိုင်ငံများရှိ ဒီမိုကရေစီသည်လည်း တောင့်တင်းခိုင်မာခြင်းရှိသင့်သလောက်မရှိခဲ့ပေ။

ပဲရစ်ငြိမ်းချမ်းရေးစာချုပ် (၁၉၉၁)

ကမ္ဘောဒီယားနိုင်ငံတွင် ဖြစ်ပွားခဲ့သော ဆယ်စုနှစ်ချီကာ ကြာမြင့်ခဲ့သည့် လက်နက်တိုင်းပဋိပက္ခများကို ရပ်စဲကြရန် တိုက်ခိုက်နေကြသော အုပ်စုများအကြား ချုပ်ဆိုခဲ့သည့် ငြိမ်းချမ်းရေးစာချုပ်တစ်ခုဖြစ်သည်။ ကမ္ဘောဒီယားနိုင်ငံအစိုးရနှင့် အတိုက်အခံ ဖန်ရှင်ပက် Funcinpec နှင့် ခမာနီတို့ အပါအဝင် နိုင်ငံရေးအင်အားစုများ သုံးခုတို့ ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

အရှေ့တောင်အာရှ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုသည် ဝတ်မှုန်ကူးသည့်နှယ်

တစ်နေရာမှ တစ်နေရာသို့ပျံ့နှံ့မသွားခဲ့ပါ။ အင်ဒိုနီးရှားနိုင်ငံတွင် ၁၉၉၈ ခုနှစ်က ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်ပေါ်ခဲ့သော်လည်း အိမ်နီးချင်းနိုင်ငံများသို့ ကူးစက်မသွားခဲ့ပါ။ ဖိလစ်ပိုင်နိုင်ငံတွင် ပထမဆုံးဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်ပေါ်ခဲ့ချိန်မှစ၍ နှစ်ပေါင်း ၃၀ ကြာလာသည့် တိုင်အောင် ဒီမိုကရေစီကျင့်စဉ်များသည် အရှေ့တောင်အာရှ၏ အခြားနိုင်ငံများသို့ ပျံ့နှံ့မသွားခဲ့ပါ။ ဥပမာ - မြန်မာနိုင်ငံတွင် မကြာသေးခင်က ရွေးကောက်ပွဲတွင်အနိုင်ရခဲ့သည့် အတိုက်အခံပါတီကို အာဏာလွှဲပြောင်းပေးခဲ့သော်လည်း စစ်တပ်၏ထိန်းချုပ်မှုများသည် ရာနှုန်းပြည့်လျော့ပါးသွားပြီဟု မဆိုနိုင်ပေ။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ၏ စရိုက်လက္ခဏာများပြည့်စုံအောင် မရှိသေးပါ။ ထို့ပြင် ဒီမိုကရေစီမျိုးစေ့မှာ အခြားအရှေ့တောင်အာရှနိုင်ငံများတွင် အညောက်ပင်ပေါက်လာခဲ့သည်မဟုတ်ပေ။ ဘရူနိုင်းဒါရူဆလင်နိုင်ငံသည် သက်ဦးဆံပိုင်စနစ်ဖြင့်သာ တည်ရှိနေမြဲဖြစ်ပြီး ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့မှာလည်း ကွန်မြူနစ်ပါတီများက တစ်ပါတီစနစ်ဖြင့် အုပ်ချုပ်နေသောနိုင်ငံများဖြစ်ကြသည်။ လုပ်ထုံးလုပ်နည်းများအရ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့သည် ဒီမိုကရေစီအသွင်ယူထားသော အင်စတီကျူးရှင်းများနှင့် လုပ်ငန်းဆောင်ရွက်ပုံများ ရှိနေကြသော်လည်း အသွင်သဏ္ဌာန်အားဖြင့်သာ ဒီမိုကရေစီတည်နေခြင်းဖြစ်ပြီး အနှစ်သာရအားဖြင့်မူ ထိုနိုင်ငံနှစ်ခုကို ဒီမိုကရေစီစစ်စစ်ဟု ခေါ်ဆိုရန်ခက်သည်။ အုပ်စိုးနေကြသော ပါတီကြီးများသာလျှင် နိုင်ငံရေးကို လွှမ်းမိုးထားပြီး နိုင်ငံသားတို့၏ နိုင်ငံရေးအခွင့်အရေးကို ထိန်းချုပ်ထားသည်။ ထိုနိုင်ငံများလွတ်လပ်ရေးရပြီးကတည်းက ရွေးကောက်ပွဲတိုင်းတွင် ထိုပါတီကြီးများသာ အနိုင်ရလေ့ရှိပြီး အတိုက်အခံအနေနှင့်နိုင်ငံရေးတွင် လှုပ်ရှားရန်များစွာခက်ခဲသည်။

သို့ရာတွင် အပြောင်းအလဲများလည်း ရှိခဲ့ပါသည်။ အထူးသဖြင့် ဒေသတွင်းအဆင့်မှ ကြည့်လျှင်မူ အပြောင်းအလဲတို့ ဖြစ်ပေါ်လာခဲ့သည်ဟု ဆိုရပါမည်။ ၂၀၀၇ ခုနှစ် စင်ကာပူနိုင်ငံတွင် ကျင်းပသည့် ၁၃ ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် အာဆီယံနိုင်ငံများက အာဆီယံပဋိညာဉ်စာတမ်းကို ပြဋ္ဌာန်းခဲ့ကြသည်။ ထိုစာချုပ်က ဒီမိုကရေစီကို အခြေခံမူအဖြစ် အတိအလင်းပြဋ္ဌာန်းခဲ့ကြသည်။ အာဆီယံတွင် ဒီမိုကရေစီစနစ်ဖြစ်ထွန်းလာရေးမှာ ရည်ရွယ်ချက်တစ်ရပ် ဖြစ်ကြောင်း ထိုစာချုပ်က ရေးသားခဲ့သည်။ အာဆီယံပဋိညာဉ်စာတမ်းမှာ အာဆီယံ၏ရပ်တည်မှုကို မူလနေရာမှ သိသိသာသာပင် ရွှေ့ပစ်ခဲ့သောစာချုပ်ဟု ဆိုနိုင်သည်။ အာဆီယံနိုင်ငံများက ဒီမိုကရေစီကို မလိုတမာရှိခဲ့သော်လည်း အာဆီယံပဋိညာဉ်စာတမ်းမှာ ဒီမိုကရေစီလမ်းစဉ်ဘက်သို့ အာဆီယံနိုင်ငံများက စုပေါင်းရပ်တည်လိုက်ခြင်းဟုဆိုနိုင်သည်။ သို့ရာတွင် ဒီမိုကရေစီ၏ သဘောကို လက်ခံလာသည့်တိုင်အောင် အရှေ့တောင်အာရှ နိုင်ငံအများစုတွင် ဒီမိုကရေစီသည် စိန်ခေါ်မှုအပြည့်ဖြင့် သွားရမည့် ပန်းတိုင်လည်းဖြစ်သည်။

၁၅.၄ ဒီမိုကရေစီကိုရရန် လူ့အခွင့်အရေး

နိုင်ငံသားတို့၏ လူ့အခွင့်အရေးအားဖြင့် ဒီမိုကရေစီပြည့်ဝသော လူ့အဖွဲ့အစည်းကို တည်ဆောက်လာနိုင်မည်။ ထိုအခါ လူ့အခွင့်အရေးသည်လည်း ပို၍အားကောင်းလာမည်။ UDHR နှင့် ICCPR တို့တွင် ဒီမိုကရေစီဟူသောစကားလုံးကို မသုံးစွဲခဲ့သော်လည်း လူ့အခွင့်အရေး စာချုပ်များ ချုပ်ဆိုခဲ့သည့်တစ်လျှောက် ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းဟူသော ဝေါဟာရကို သုံးစွဲခဲ့ကြပြီး လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရာတွင် ကျိုးကြောင်းဆီလျော်မှုရှိသော အကန့်အသတ်

ဖြစ်နေမှုများသည် ဒီမိုကရက်တစ်လူအဖွဲ့အစည်းအတွက် လက်ခံနိုင်ဖွယ်ဖြစ်သည်ဟု မှတ်ယူခဲ့ကြသည်။ လူအခွင့်အရေးနှင့် ဒီမိုကရေစီတွင် ရှင်းလင်းစွာမြင်နိုင်သော ဆက်နွယ်ချက်များ ရှိသော်လည်း လူအခွင့်အရေးနှင့် ဒီမိုကရေစီကို ညီမျှခြင်းချ၍မရပါ။ သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရန်လူအခွင့်အရေး၊ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် လူအခွင့်အရေးတို့အကြောင်းကိုပြောလျှင် အငြင်းအခုံများ ရှိကြသကဲ့သို့ပင် လူအခွင့်အရေးနှင့် ဒီမိုကရေစီမှာ ဘုံရည်မှန်းချက်ချင်းတူသော်လည်း ဒီမိုကရေစီရှိခြင်းကြောင့် လူအခွင့်အရေးရှိမည်ဟု မဆိုနိုင်ပါ။ ထို့ပြင် ဒီမိုကရေစီမှာ လူအခွင့်အရေးရှိလာရန် မဖြစ်မနေလိုအပ်သည့် အခြေအနေတစ်ရပ်ဟုလည်း မဆိုနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် မည်သည့်နိုင်ငံရေးစနစ်တွင်ဖြစ်စေ လူအခွင့်အရေးကို လေးစားရမည်ဖြစ်သောကြောင့်ဖြစ်သည်။ တစ်နည်းအားဖြင့် ဒီမိုကရေစီမဆန်သည့် အခြေအနေမျိုးတွင်ပင် လူအခွင့်အရေးကို အကာအကွယ်ပေးနိုင်သည်။ ဥပမာ - တိုင်းပြည်၏ အရေးပေါ်အခြေအနေနှင့် လက်နက်ကိုင်ပဋိပက္ခများ။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

ဒီမိုကရေစီကိုရရန် လူအခွင့်အရေး

UDHR တွင် ဒီမိုကရေစီကိုရရန် လူအခွင့်အရေးကို 'အစိုးရ၏အာဏာမှာ ပြည်သူ့ဆန္ဒကို အခြေပြုရမည်။' (အပိုဒ် ၂၁-၃)

မေးခွန်း

- ထိုအချက်က ဒီမိုကရေစီကိုခံစားနိုင်ရန် လူအခွင့်အရေးကို ဖြစ်တည်စေပါသလား။
- ပြည်သူ့ဆန္ဒကို အခြေပြုခြင်းအားဖြင့် ရပ်တည်သောအစိုးရတစ်ရပ် ဖြစ်သော်လည်း ထိုအစိုးရက ဒီမိုကရေစီကို မကျင့်သုံးခြင်းမျိုးလည်း ဖြစ်နိုင်ပါသလား။
- ရွေးကောက်ပွဲမှအပ ပြည်သူ့ဆန္ဒကိုထင်ဟပ်နိုင်သော အခြားနည်းလမ်းရှိပါသလား။

လူအခွင့်အရေးမှာ ဒီမိုကရေစီနိုင်ငံတစ်ခုကိုဖြစ်စေသည့် အကြောင်းရင်းဖြစ်သလို ဒီမိုကရေစီနိုင်ငံတစ်ခုကိုလည်း မွေးထုတ်ပေးနိုင်သည်။ လူအခွင့်အရေး ပိုမိုရရှိလာခြင်းသည်ပို၍ ဒီမိုကရေစီရှိသည့် နိုင်ငံတစ်ခုကိုဖြစ်စေပြီး လူတစ်ဦးချင်း၏အခွင့်အရေးများလည်း ကျွံကူးရေပါ တိုးတက်လာနိုင်ကြသည်။ လူအခွင့်အရေးတွင်ပါရှိသည့် အဓိကကျင့်ဝတ်များသည် ဒီမိုကရေစီကို အခြေခိုင်စေသည့်အရာများဖြစ်ကြသည်။ ဥပမာ - တရားဥပဒေစိုးမိုးခွင့်၊ ပြည်သူအများပါဝင်ခွင့်၊ တန်းတူညီမျှနေထိုင်ခွင့်နှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့် အစရှိသည့် လူအခွင့်အရေး၏စံနှုန်းများမှာ ဒီမိုကရေစီ၏ရေသောက်မြစ်များဖြစ်ကြသည်။ သို့ဖြစ်ရာ ဒီမိုကရေစီနှင့်လူအခွင့်အရေးမှာ ဆင်တူသောပန်းတိုင်များရှိသည်။ အခန်း ၁ တွင် ဖော်ပြထားသည့် အတိုင်းပင် ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော VDPA သည် လူအခွင့်အရေးနှင့်ပတ်သက်သော အငြင်းအခုံများစွာမှ ထွက်ပေါ်လာသော ကမ္ဘာလုံးဆိုင်ရာ သဘောတူညီမှုများလည်း ဖြစ်သည်။ ဒီမိုကရေစီနှင့်လူအခွင့်အရေးတို့ ဆက်နွယ်နေကြပုံကို လက်ခံခဲ့သည့်အချက်ကို VDPA က ဤသို့ ညွှန်းထားသည်။

> ဒီမိုကရေစီ၊ ဖွဲ့ဖြိုးရေးနှင့်လူ့အခွင့်အရေးကို အကာအကွယ်ပေးမှုနှင့် အခြေခံလွတ်လပ်ခွင့်များမှာ တစ်ခုနှင့်တစ်ခု ပို၍ကြီခိုင်စေသောအားများ ဖြစ်ကြသည်။ ပြည်သူတို့က နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုစနစ်များနှင့် ၎င်းတို့ဘဝ၏အခန်းကဏ္ဍအဖုံဖုံတွင် အပြည့်အဝ ပါဝင်နိုင်ခွင့်တို့အတွက် လွတ်လွတ်လပ်လပ်ဖော်ပြသော ဆန္ဒများအပေါ် ဒီမိုကရေစီက အခြေခံထားသည် နိုင်ငံတကာအသိုင်းအဝိုင်းသည် ဒီမိုကရေစီ၊ ဖွံ့ဖြိုးရေးနှင့် လူ့အခွင့်အရေးကို အကာအကွယ်ပေးမှုနှင့် အခြေခံလွတ်လပ်ခွင့်များ တစ်ကမ္ဘာလုံးတွင် ခိုင်မာပြန့်ပွားလာစေရေး အားပေးသင့်ကြသည်။ (အပိုဒ် ၈)

အဆိုပါအပိုဒ်မှာ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီတို့ကြားရှိနေသည့် ဆက်နွယ်မှုကို ဖော်ပြသည့် အတွေးအခေါ်များကို ပြန်လည်တင်ပြခြင်းဖြစ်ပြီး အဆိုပြုချက်အသစ်များကိုပါ ထည့်သွင်းထားသည်။ ဒီမိုကရေစီသည် ပြည်သူ့ဆန္ဒပေါ်တွင် အခြေတည်ရမည်ဖြစ်ကြောင်း UDHR က ဖော်ပြထားပြီးဖြစ်သည်။ သို့ရာတွင် ဤအပိုဒ်က ထပ်မံ၍ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီတို့မှာ ကိုင်းကျွန်းမို့ ကျွန်းကိုင်းမို့သဘောဖြစ်ကြပြီး အချင်းချင်း တုံ့ပြန်မှုအားကြောင့် အပြန်အလှန် တစ်ကဏ္ဍစီ ကိုပိုမို ခိုင်မာအားရှိလာသည်ကို ဖော်ပြသည်။ ယင်းသဘောတရားများမှာ တစ်ခုမရှိဘဲ တစ်ခု မရပ်တည်နိုင်ပေ။

ကိုင်းကျွန်းမို့ ကျွန်းကိုင်းမို့ဖြစ်ခြင်း ဆိုသည်မှာ ဒီမိုကရေစီသည် လူ့အခွင့်အရေးရှိနေခြင်းကြောင့်သာ ရှင်သန်နိုင်သလို လူ့အခွင့်အရေးမှာလည်း ဒီမိုကရေစီရှိမှာသာ တွင်ကျယ်သည်။ နိုင်ငံအများသည် ဒီမိုကရေစီစနစ်ကို မထောက်ခံပါဘဲ လူ့အခွင့်အရေးကိုတောင်းဆိုရန် မဖြစ်နိုင်ပေ။ တစ်နည်းအားဖြင့် ဤအဆိုမှာ ဒီမိုကရေစီသည်သာလျှင် တစ်ကမ္ဘာလုံးက လက်ခံသင့်သောစနစ်ဖြစ်သည်ဟု ငြင်းခုံရာကျပါသည်။ သို့သော် UDHR အပိုဒ် ၈ ၌ ဒီမိုကရေစီမှာ တိုင်းပြည်၏ အုပ်ချုပ်ပုံစနစ်နှင့် စီးပွားရေးနှင့်ပတ်သက်၍ ပြည်သူတို့က လိုလားအပ်သည်များအပေါ် အခြေခံကြရမည်ဟု ယေဘုယျအားဖြင့် ဖော်ပြထားသော်လည်း ဒီမိုကရေစီနှင့်ပတ်သက်၍ အကျယ်အဝိုင်းဖွင့်ဆိုထားခြင်းမရှိပေ။ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီတို့ အချင်းချင်း ဆက်နွယ်နေကြသည်ဟုဆိုရာ၀ယ် လူ့အခွင့်အရေးအမျိုးအစားအားလုံး အကျုံးဝင်ပေသည်။ အကယ်၍ လူအုပ်စုတစ်စု၏ စီးပွားရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများ အကာအကွယ်မရပါက ထိုဒီမိုကရေစီမှာ မအောင်မြင်ဟု ဆိုရမည်။ ဒီမိုကရက်တစ် အင်စတီကျူးရှင်းများ ကျရှုံးသောအခါ ပြည်သူတို့၏ နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေးများ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများ ထိခိုက်မည်သာ ဖြစ်သည်။ VDPA သဘောတူညီချက်ကမူ ဒီမိုကရေစီ၊ ဖွံ့ဖြိုးရေးနှင့် လူ့အခွင့်အရေးတို့၏ တန်းတူအရေးကြီးကြပုံကို အသိအမှတ်ပြုခဲ့သည်။

အပြန်အလှန်ကြီခိုင်စေခြင်း ဟူသော အဓိပ္ပာယ်တွင် လူ့အခွင့်အရေးကို အားကောင်းစေရန် ဒီမိုကရေစီကို အားပေးရန်သာရှိသည်။ အပြန်အလှန်အားဖြင့် လူ့အခွင့်အရေး အားကောင်းပါမှ ထိုဒီမိုကရေစီမှာ ကြီခိုင်နိုင်မည်။ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းကဲ့သို့ အသံထွက်နိုင်သည်ဆိုလျှင် လူအများသည် မိမိတို့လိုအပ်သော၊ လိုလားသော လူ့အခွင့်အရေးကို ရအောင်ဆောင်ရွက်နိုင်ကြမည်။ ပြောင်းပြန်အားဖြင့် လူနည်းစုများကို ဒီမိုကရေစီဖြစ်စဉ်တွင် ဖယ်ထုတ်ထားပြီဆိုလျှင် လူ့အခွင့်အရေးကိုလည်း ထိပါးတော့မည်သာဖြစ်သည်။ အရှေ့တောင်အာရှတစ်လွှားတွင် နိုင်ငံရေး

အရ အဖယ်ကျဉ်ခံရသောသူများသည် လူမှုစီးပွားကဏ္ဍတွင်လည်း အဖယ်ထားခံရသူများ ဖြစ်ကြသည်။ လူ့အခွင့်အရေးကသာလျှင် ဒီမိုကရေစီ ကြံ့ခိုင်စေသည်။ ဥပမာ - ပညာရေးဆိုင်ရာ လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးနှင့် လွတ်လပ်စွာသင်းဖွဲ့ တည်ထောင်လှုပ်ရှားခွင့်အစရှိသည်တို့ ရှိနေမှသာ ပို၍အသိအမြင် နိုးကြားနေသောနိုင်ငံသားများကို မွေးထုတ်နိုင်ပြီး ဒီမိုကရေစီမှာကြွယ်ဝလာမည်။ အထူးသဖြင့် ပညာရေးကြောင့် နိုင်ငံရေးတွင် ပြည်သူများပါဝင်နိုင်မှုကို မြင့်မားစေသည်။ ဥပမာ - အမျိုးသမီးတို့ပါဝင်မှုမြင့်မားလာခြင်း၊ ထို့ပြင် နိုင်ငံရေးဖြစ်စဉ်များကို ပြည်သူတို့အား ပိုမိုအသိပညာပေးနိုင်ခြင်း၊ အသင်းအဖွဲ့များဖွဲ့စည်းလှုပ်ရှားခွင့်ရစေခြင်းတို့အားဖြင့် နိုင်ငံရေးပါတီများသည်လည်း ပိုမိုတက်ကြွလာကြမည်။ လက်တွေ့လောကတွင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီလှုပ်ရှားမှုများမှာ ထပ်တူကျသည့် ဧရိယာများရှိနေကြပြီး ဘုံရည်မှန်းချက်လည်း တူညီကြသည်။

VDPA ပါ အပိုဒ်များစွာ၌ ဒီမိုကရေစီ၏အရေးပါပုံကို ဖော်ပြထားသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရေးကြီးသည်ကို တင်ပြသည်။ ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ်များ ချောမွေ့စေရန် ဖွံ့ဖြိုးရေးအကူအညီများအားဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းက ကူညီသင့်လှကြောင်း အဆိုပါသဘောတူညီချက်က ဖော်ပြခဲ့သည်။ ကမ္ဘာတစ်လွှားရှိ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်များတွင် ကုလသမဂ္ဂ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများက ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းခဲ့သည်။ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီတို့နှင့်ပတ်သက်၍ VDPA မှာ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်ဟု ဆိုနိုင်သည်။ ကုလသမဂ္ဂတွင် တစ်ကမ္ဘာလုံးနီးပါး ထောက်ခံခဲ့ကြသောကြောင့်ဖြစ်သည်။

၁၅.၄.၁ မဲပေးပိုင်ခွင့်နှင့်ပတ်သက်၍ အရေးကြီးသောအချက်များ

ယခင်က ဖော်ပြထားသည့်အတိုင်းပင် မဲပေးပိုင်ခွင့်ရှိခြင်းမှာ လူသိအများဆုံး၊ အရေးအကြီးဆုံး နိုင်ငံသားတို့၏ အခွင့်အရေးဖြစ်သည်။ အဆိုပါအခွင့်အရေးသည် နိုင်ငံ၏ လုပ်ထုံးလုပ်နည်းများအတိုင်း ခံစားပိုင်ခွင့်ရှိသော အခွင့်အရေးဖြစ်သည်။ ရွေးကောက်ပွဲကျင်းပကာ အစိုးရကို ရွေးချယ်ရသော လုပ်ထုံးလုပ်နည်းများအရ နိုင်ငံသားတို့၏ အခွင့်အရေးကို သတ်မှတ်ထားသည်။ ထိုနိုင်ငံရေးဖြစ်စဉ်ကို အောက်ပါအတိုင်း အသေးစိတ်ဖော်ပြနိုင်သည်။

> သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအလိုက်ဆောင်ရွက်သော စစ်မှန်သည့် ရွေးကောက်ပွဲများသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်ပြီး မဲဆန္ဒပေးမည့်သူများမှာ တူညီသော အခွင့်အရေး ရှိကြရမည်။ မဲထည့်ရာတွင် လျှို့ဝှက်စွာ မဲပေးနိုင်ရမည် သို့မဟုတ် လွတ်လပ်စွာ မဲဆန္ဒပေးပိုင်ခွင့်ကို သေချာစေသော လုပ်ထုံးလုပ်နည်းများအားဖြင့် ဆန္ဒမဲပေးခြင်းဖြစ်ရမည်။

ထိုလုပ်ထုံးလုပ်နည်းများတွင် အောက်ပါအချက်များ ပါဝင်သည်။ နံပါတ်တစ်- ရွေးကောက်ပွဲများမှာ သတ်မှတ်ပိုင်းခြားထား သောအချိန်ကာလအတိုင်း ကျင်းပရမည်ဖြစ်ပြီး ရွေးကောက်ပွဲ တစ်ခုနှင့်တစ်ခုကြား ကာလမှာ တူညီရမည်။ မည်ရွေ့မည်မျှ ကြာမြင့်လျှင် တစ်ကြိမ် ကျင်းပရမည်ဟူ၍ မရှိသော်လည်း နိုင်ငံအများစုမှာ ၃ နှစ်မှ ၆ နှစ်အထိခြား၍ရွေးကောက်ပွဲကို

ကျင်းပလေ့ရှိသည်။ နံပါတ်နှစ် - ရွေးကောက်ပွဲများသည် စစ်မှန်ရမည်ဖြစ်ပြီး ရလဒ်မှာ ပြည်သူတို့၏ ဆန္ဒမဲကိုထင်ဟပ်ရမည်။ ရွေးကောက်ပွဲတွင် ပြိုင်ဘက်မရှိသော အရွေးကောက်ခံများကိုသာ မဲထည့်ရခြင်းကို စစ်မှန်သောရွေးကောက်ပွဲဟု မဆိုနိုင်ပေ။ ထို့ပြင် အစိုးရကကျင်းပသော ပြည်သူ့ဆန္ဒခံယူပွဲ ကိုလည်း ရွေးကောက်ပွဲဟုမဆိုနိုင်ပေ။ ပြည်သူ့ဆန္ဒခံယူပွဲကို ရွေးကောက်ပွဲမစစ်ဟု ဆိုရခြင်းမှာ ယှဉ်ပြိုင်စရာမလိုသည့် ကိစ္စဖြစ်သောကြောင့်ဖြစ်သည်။ ဥပမာ - ပြည်သူ့ဆန္ဒခံယူပွဲတစ်ခုတွင် မဲဆန္ဒရှင်များအား သမ္မတကိုထောက်ခံရန် ပြောကြားထားလျှင် အတိုက်အခံတို့အနေဖြင့် နိုင်ငံရေးအာဏာကိုရရှိရန် အခွင့်အရေး လုံးဝမရှိနိုင်တော့ပေ။ ထိုကဲ့သို့သော နည်းပျူဟာမျိုးကို ဖိလစ်ပိုင်သမ္မတ မားကို့စ်က ၁၉၇၀ ကျော်တွင် အသုံးပြုခဲ့သည်။ မည်သူမည်ဝါက မဲပေးပိုင်ခွင့်ရှိသည်ဟု သတ်မှတ်သောစည်းကမ်းများမှာ အသက်အရွယ်နှင့် နိုင်ငံသားဖြစ်မှု အစရှိသည့် ကျိုးကြောင်းဆီလျော်သော ကန့်သတ်ချက်များကြောင့် မဲပေးခွင့်မရသည်မှအပ လူတိုင်းလူတိုင်း မဲပေးပိုင်ခွင့်ကို အခြေပြုသည့် စည်းကမ်းများ ဖြစ်ရမည်။ ထို့ပြင် လူတိုင်း၏မဲဆန္ဒကို တန်းတူအညီအမျှသာ ရေတွက်ကြရမည်။ ဩဇာရှိသူ မည်သူက တစ်မဲထက်ပို၍ မည်ရွေ့မည်မျှ ပေးနိုင်သည်ဟူသောအဖြစ်မျိုး မရှိရန်လိုသည်။ နံပါတ်သုံး မဲပုံးထဲသို့ မဲထည့်ရာတွင် မဲဆန္ဒရှင်အနေဖြင့် လျှို့ဝှက်စွာ ဆန္ဒပြုနိုင်ရမည်။ မိမိ၏နိုင်ငံရေးအမြင်ကို ကိုယ်ရေးကိုယ်တာ ကိစ္စသဖွယ် လျှို့ဝှက်ထားခွင့်ရှိရမည်ဖြစ်ပြီး ဘေးအန္တရာယ်ကင်းစွာဖြင့် မိမိရွေးချယ်မှုကြောင့် နောက်ဆက်တွဲအကျိုးများ ခံစားရခြင်းမရှိစေရ။ ဥပမာ - ဇနီးသည်တို့သည် ခင်ပွန်းသည်များနှင့် နေရာမတူ၊ သီးသန့် မဲပေးပိုင်ခွင့်ရှိရမည်။ ရွာသားများသည် ကျေးရွာခေါင်းဆောင်နှင့် တစ်တွဲတည်းမဟုတ်ဘဲ လျှို့ဝှက်မဲထည့်နိုင်ခွင့်ရှိရမည်။ သို့မှသာ လွတ်လပ်စွာ ရွေးချယ်နိုင်ကြမည်ဖြစ်ပြီး တစ်စုံတစ်ရာကိုသာ မဲထည့်ရန် ဖိအားပေးခံရခြင်းမရှိဘဲ ဆန္ဒပြုနိုင်မည်။ လျှို့ဝှက်စွာ မဲပေးပိုင်ခွင့်ကြောင့် မဲပေးသူမှာ မိမိရွေးချယ်ချက်အတွက် အပြစ်ပေးခံရခြင်းမရှိနိုင်တော့ပေ။

ပြည်သူ့ဆန္ဒခံယူပွဲ

အဆိုတစ်ရပ်အပေါ် သဘောတူ၏ မတူ၏ကို မဲဖြင့် ပြည်သူများအား ဆုံးဖြတ်ခိုင်းခြင်းကို ပြည်သူ့ဆန္ဒခံယူပွဲတဲ့ ခေါ်သည်။ ဥပမာ - ဗွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အတည်ပြုရန် သို့မဟုတ် နိုင်ငံရေးစနစ်တစ်ရပ်ကို ပြောင်းလဲပစ်ရန်

မဲဆန္ဒ ပေးပိုင်ခွင့်ရှိခြင်း (Suffrage)

မဲထည့်ရန် အခွင့်အရေးရှိခြင်းကို ဆိုလိုသည်။ ထိုဝေါဟာရမှာ အမျိုးသမီးတို့၏ နိုင်ငံသားအခွင့်အရေးအတွက် အသုံးပြုခဲ့ကြပြီး အမျိုးသမီးများ မဲပေးနိုင်ခွင့်ရှိရေး လှုပ်ရှားခဲ့သူများကို 'suffragettes' ဟု ခေါ်ကြသည်။

၁၅.၄.၂ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ

လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်ရသော ဒီမိုကရေစီ၏ အစိတ်အပိုင်းများမှာ အရေးကြီးပါသည်။ သို့သော် လက်တွေ့ဘဝတွင်မူ ဒီမိုကရေစီရှိအောင် လုပ်ထုံးလုပ်နည်းအရ ကျင်းပရသော ရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏ အစမျှသာဖြစ်သည်။ ရွေးကောက်ပွဲများသည် ဒီမိုကရေစီသို့ သွားမည့် ပထမခြေလှမ်းဖြစ်သည်။ ထိုရွေးကောက်ပွဲများကြောင့်ပင် ပြည်သူတို့မှာ မိမိဆန္ဒရှိသည့် အတိုင်း မဲပေးနိုင်ကြသော်လည်း ရွေးကောက်ပွဲသက်သက်မျှဖြင့် ဒီမိုကရေစီကို မဖြစ်စေပါ။ အရှေ့တောင်အာရှမှ ရွေးကောက်ပွဲများစွာသည် လွတ်လပ်ပြီး တရားမျှတမှုရှိရမည်ဆိုသော ရွေးကောက်ပွဲစံများနှင့် မကိုက်လှပါ။ ဒီမိုကရေစီကို ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်ပွဲဖြင့် ရွေးချယ်ပေးသည့် နိုင်ငံရေးစနစ်တစ်ရပ် အခြေခံကျကျအဓိပ္ပာယ်ဖွင့်လျှင် ထိုနိုင်ငံရေးစနစ်မှာ တရားမျှတမှုရှိပြီး ရွေးချယ်မှုများသည် အမှန်အကန်များဖြစ်ကြသည်ဆိုလျှင်ပင် ပြည်သူတို့အနေဖြင့် ထိုနိုင်ငံရေးစနစ်ကို မည်သို့ရွေးချယ်ကြသည်ဆိုခြင်းကို စဉ်းစားစရာလိုပါဦးမည်။ ရွေးကောက်ပွဲများကို ကိုယ်ကျိုးအတွက် တလွဲသုံးခြင်းလည်း ရှိတတ်ပါသည်။ ရွေးကောက်ပွဲတွင် အစိုးရအရာရှိများက မဲရလဒ်ကို လိမ်ပြောခြင်း၊ မဲခိုးခြင်းနှင့် မဲလိမ်ခြင်းတို့ လုပ်တတ်ပါသည်။ အစိုးရဘက်မှာ ပြည်သူများအတွက် သတင်းအချက်အလက်ကို မထုတ်ပြန်ပေးခြင်း၊ အတိုက်အခံအုပ်စုများကို ဖမ်းဆီးခြင်းနှင့် အသံမထွက်နိုင်အောင်ပြုခြင်း၊ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် ခက်ခဲလွန်းသော အခြေအနေ

များကို ဖန်တီးထားခြင်းဖြင့် နိုင်ငံရေးအခြေအနေအပေါ် အမြင်ထုတ်ခြင်းတို့လည်း ဖြစ်ပေါ်လေ့ရှိသည်။ ဥပမာ - ကွန်မြူနစ်ပါတီမှ ဒေသန္တရအဖွဲ့ဝင်တစ်ဦးကို မဲပေးရခြင်းကို ဗီယက်နမ်တွင် ဒီမိုကရေစီဟု ခေါ်ဝေါ်သည်။ မလေးရှားတွင် အတိုက်အခံကများသောအားဖြင့် မဲထက်ဝက်ကျော်ရကာ အနိုင်ရလေ့ရှိသော်လည်း ပါလီမန်တွင်နေရာယူနိုင်ရန် မည်သည့်အခါမှ အထမြောက်နိုင်ခြင်းမရှိခဲ့ပေ။ ဤအခြေအနေများက ထိုရွေးကောက်ပွဲများသည် အမှန်တကယ်ပင် လွတ်လပ်ပြီး တရားမျှတပါသလားဟု မေးစရာရှိသည်။

၁၉၄၀ ကျော်မှစကာ အရှေ့တောင်အာရှနိုင်ငံအများစုတွင် ရွေးကောက်ပွဲများ ကျင်းပလာခဲ့ကြသည်။ အတော်များများမှာ ကိုယ်စားပြုဒီမိုကရေစီစနစ် စစ်စစ်များ မဟုတ်ကြပေ။ အထူးသဖြင့် ကိုလိုနီဘဝတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများမှာ ပြည်သူကို အပြည့်အဝကိုယ်စားပြုသည့် ရွေးကောက်ပွဲများမဟုတ်ကြပါ။ ထို့ပြင် အချို့အစိုးရရာထူးနေရာများ ရွေးကောက်တင်မြှောက်ခံပုဂ္ဂိုလ်များမဟုတ်ကြဘဲ သီးသန့်လူတန်းစားများအတွက် ဖယ်ထားသော နေရာများဖြစ်ကြသည်။ လက်ရှိတွင်မြန်မာ၌ စစ်တပ်က လွှတ်တော်၏ ၂၅ ရာခိုင်နှုန်းကို နေရာယူထားပြီး ထိုင်းသည်လည်း ရွေးကောက်ခံမဟုတ်သော ပုဂ္ဂိုလ်များအစိုးရတွင် ခန့်အပ်ခြင်းကို သမိုင်းတစ်လျှောက်တွင် ကြိမ်ဖန်များစွာကျင့်သုံးခဲ့သည်။ ထို့ပြင် စစ်အာဏာရှင်စနစ်အောက်တွင် ကျင်းပသော ရွေးကောက်ပွဲများ (ဥပမာ - အင်ဒိုနီးရှား၊ ထိုင်းနှင့်ဖိလစ်ပိုင်တို့ ၁၉၆၀ ကျော်မှသည် ၁၉၈၀ ကျော်ကာလများ အတွင်းကျင်းပခဲ့သောရွေးကောက်ပွဲများ)သည် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများဖြစ်ခဲသည်။ ဖိလစ်ပိုင်မှ ကျော်ကြားသော ပြည်သူ့အာဏာလှုပ်ရှားမှုကြီးသည် (အခန်းရှစ်တွင် ဆွေးနွေးပြီး) သမ္မတ မားကို့စ်က ညစ်ပတ်ခဲ့သော ရွေးကောက်ပွဲရလဒ်ကို ဆန့်ကျင်ဆန္ဒပြရာမှစတင်ခဲ့သည်။ အလားတူပင် ၁၉၆၀ ကျော်မှ ၁၉၈၀ ကျော်ကာလများအတွင်း ကျင်းပခဲ့သော အင်ဒိုနီးရှားရွေးကောက်ပွဲများသည် ဆိုးဆိုးရွားရွားပင် ညစ်ပတ်သော ရွေးကောက်ပွဲများဖြစ်ခဲ့ကြပြီး အစည်းအရုံးများ လွတ်လပ်စွာဖွဲ့စည်းတည်ထောင်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်တို့ မရှိခဲ့ပေ။ အစိုးရကိုဝေဖန်မှုများအားတားမြစ်ခဲ့ပြီး အတိုက်အခံပါတီများကို ပိတ်ပစ်ခြင်း၊ အခြားပါတီနှင့် ပေါင်းသွားအောင် အတင်းဖိအားပေးခြင်းများ ဖြစ်ပေါ်ခဲ့သည်။ အစိုးရဝန်ထမ်းများအပါအဝင် အချို့သော မဲဆန္ဒရှင်များအား အာဏာရပါတီကိုမဲပေးရန် ဖိအားပေးခြင်းလည်းရှိခဲ့သည်။ ကုန်ကုန်ပြောရလျှင် မဲပုံးလိုက်သိမ်းခြိန်မှစ၍ မဲများရေတွက်သည်အထိ မဲပေးရသည့် ဖြစ်စဉ်တစ်ခုလုံး၌ သံသယဖြစ်စရာများစွာရှိပြီး ကြိုတင်မဲဖြင့် မဲခိုးမှုများရှိကြောင်း သိရှိခဲ့ကြသည်။ သို့တိုင်အောင် အရှေ့တောင်အာရှရှိရွေးကောက်ပွဲများ၏ အဆင့်အတန်းမှာ သိသာထင်ရှားစွာတိုးတက်လာခဲ့သည်ကိုတွေ့ရသည်။ ရွေးကောက်ပွဲအများစု (ရွေးကောက်ပွဲအားလုံးကိုမဆိုလို)မှာ ယခုအခါ လွတ်လပ်ပြီးတရားမျှတမှုရှိသော ရွေးကောက်ပွဲများအဖြစ် သတ်မှတ်လာနိုင်ခဲ့သည်။ ဇယား ၁၅.၂ က အရှေ့တောင်အာရှနိုင်ငံများရှိ ရွေးကောက်တင်မြှောက်ခံ ပုဂ္ဂိုလ်များ၏နေရာကို ဖော်ပြထားရာ သမ္မတအဆင့်တွင် ဌာနပေါင်းရှစ်ခုခန့်အထိနှင့် ဒေသန္တရအဆင့် အုပ်ချုပ်ရေးမှူးအဆင့် ရွေးကောက်ပွဲများအထိ မဲဖြင့်ရွေးချယ်တင်မြှောက်သော ဖိလစ်ပိုင်နှင့် ရွေးကောက်တင်မြှောက်ခံ အရာရှိတစ်ဦးမျှမရှိသော ဘရူနိုင်းအထိ ပါဝင်သည်။

ကြိုတင်မဲ (သူခိုးမဲ)ကို ပြင်ဆင်ထားခြင်း

ရွေးကောက်ပွဲတွင်ရလဒ်ကို လှည့်ဖြားနိုင်သည့်နည်းတစ်ခုမှာ ရွေးကောက်ခံပုဂ္ဂိုလ် တစ်စုံတစ်ဦး၏ မဲပုံးထဲသို့ ကြိုတင်မဲ (သူခိုးမဲများ) ပေါင်းထည့်ပေးလိုက်ခြင်းဖြစ်သည်။ မဲပုံးထဲတွင် ဖိသိပ်ထည့်ထားသော ခိုးမဲဟုလည်း ခေါ်ဝေါ်ကြသည်။ မဲပုံးထဲတွင် မဲအစစ်အမှန်များနှင့်အတူ မဲအပိုများကိုပေါင်းထည့်လိုက်ခြင်း ဖြစ်စဉ်မှာ အရှေ့တောင်အာရှရှိ ရွေးကောက်ပွဲများစွာတွင် ပေါ်ပေါက်လေ့ရှိသည်။

ဇယား ၁၅.၂ အရှေ့တောင်အာရှနိုင်ငံအသီးသီးမှ ရွေးကောက်တင်မြှောက်ခံ ရာထူးနေရာများ (၂၀၁၆)

နိုင်ငံ	ဥပဒေပြုအမတ်များ	နိုင်ငံ့ခေါင်းဆောင်	မြို့၊ မြို့တော်နှင့် ပြည်နယ်/တိုင်းများအဆင့် ရွေးကောက်ပွဲများ
ဘရူနိုင်းဒါရုဆလင်	မရှိပါ။ ခန့်အပ်ခံအမတ် ၃၆ ဦးသာရ	မရှိပါ။	မရှိပါ။
ကမ္ဘောဒီးယား	အောက်လွှတ်တော်မှ အမတ်များမှာ ရွေးကောက်တင်မြှောက်ပြီး အထက်လွှတ်တော်မှ အမတ်များမှာ ခန့်အပ်ခံဖြစ်သည်။	တိုက်ရိုက်မဟုတ်သော ရွေးကောက်တင်မြှောက်ပုံဖြစ်သည်။ အနိုင်ရသောပါတီက ခန့်ထားသည်။	ရှိပါသည်။ ရပ်ကွက်အုပ်ချုပ်ရေးကောင်စီ
အင်ဒိုနီးရှား	ရှိပါသည်။ အထက်လွှတ်တော်နှင့် အောက်လွှတ်တော် နှစ်ရပ်စလုံးမှ အမတ်များမှာ ရွေးကောက်ခံများဖြစ်သည်။	ရှိပါသည်။	ရှိပါသည်။ ဒေသန္တရရွေးကောက်ပွဲများ
လာအို	ရှိပါသည်။ အမျိုးသားလွှတ်တော်မှ အမတ်များအားလုံးကို ရွေးကောက်တင်မြှောက်သော်လည်း တစ်ပါတီစနစ်ကို ကျင့်သုံးသည်။	မရှိပါ။	မရှိပါ။
မလေးရှား	အောက်လွှတ်တော်မှ အမတ်များမှာ ရွေးကောက်တင်မြှောက်ပြီး အထက်လွှတ်တော်မှ အမတ် ၄၄ နေရာမှာ ခန့်အပ်ခံဖြစ်ပြီး၊ ၂၆ နေရာမှာ ပြည်နယ်များမှ ရွေးကောက်တင်မြှောက်ပေးသော ရွေးကောက်ခံဖြစ်သည်။	တိုက်ရိုက်မဟုတ်သော ရွေးကောက်တင်မြှောက်ပုံဖြစ်သည်။ အနိုင်ရသောပါတီက ခန့်ထားသည်။	ရှိပါသည်။ ပြည်နယ်လွှတ်တော်များ (ပြည်နယ်အစိုးရများ မပါဝင်ပါ)
မြန်မာ	အောက်လွှတ်တော်နှင့် အထက်လွှတ်တော် နှစ်ခုစလုံးတွင် ၇၅ ရာခိုင်နှုန်းက ရွေးကောက်ခံဖြစ်ပြီး ၂၅ ရာခိုင်နှုန်းကို စစ်တပ်က ခန့်အပ်သည်။	တိုက်ရိုက်မဟုတ်သော ရွေးကောက်တင်မြှောက်ပုံဖြစ်သည်။ အနိုင်ရသောပါတီက ခန့်ထားသည်။	ပြည်နယ်လွှတ်တော်များနှင့် ရပ်ကွက် (ကျေးရွာ)အုပ်ချုပ်ရေးမှူးများအဆင့်

ဇယား ၁၅.၂ အရှေ့တောင်အာရှနိုင်ငံအသီးသီးမှ ရွေးကောက်တင်မြှောက်ခံ ရာထူးနေရာများ (၂၀၁၆)

နိုင်ငံ	ဥပဒေပြုအမတ်များ	နိုင်ငံခေါင်းဆောင်	မြို့၊ မြို့တော်နှင့် ပြည်နယ်/တိုင်းများအဆင့် ရွေးကောက်ပွဲများ
ဖိလစ်ပိုင်	အောက်လွှတ်တော်ရော အထက်လွှတ်တော်မှ အမတ်များကို ရွေးကောက်တင်မြှောက်သည်။	သမ္မတနှင့် ဒုတိယသမ္မတ	ရှိပါသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့တော်ဝန်များ၊ ကောင်စီအမတ်များနှင့် ဒေသန္တရအရာရှိများ
စင်ကာပူ	ရှိပါသည်။	ရှိပါသည်။ သို့ရာတွင် ယှဉ်ပြိုင်စရာ မလိုသလောက် နီးပါး ဖြစ်သည်။	မရှိပါ။
အရှေ့တီမော	ရှိပါသည်။	ရှိပါသည်။	ရှိပါသည်။ ဒေသန္တရကောင်စီ
ထိုင်း	မရှိပါ။	မရှိပါ။	ရှိပါသည်။
ဗီယက်နမ်	ရှိပါသည်။ အမျိုးသားလွှတ်တော်မှ အမတ်များအားလုံးကို ရွေးကောက်တင်မြှောက် သော်လည်း တစ်ပါတီစနစ်ကို ကျင့်သုံးသည်။	မရှိပါ။	ရှိပါသည်။ ပြည်သူ့ကောင်စီ (ဒေသန္တရကောင်စီ)

ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်း

ရွေးကောက်ပွဲမတိုင်မီ ပြင်ဆင်နေသောကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအပြီးကာလများတွင် ရွေးကောက်ပွဲလုပ်ငန်းအဆင့်ဆင့်မှာ ပြည်တွင်းတွင် ချမှတ်ထားသော ဥပဒေများ၊ နိုင်ငံတကာစံနှုန်းများနှင့် အညီ ဆောင်ရွက်နေခြင်းရှိမရှိ စောင့်ကြည့်လေ့လာခြင်းဖြစ်သည်။ ထိုလုပ်ငန်းကို ပြည်တွင်းမှ သို့မဟုတ် လွတ်လပ်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ခု သို့မဟုတ် အဖွဲ့အစည်းများက ဆောင်ရွက်လေ့ရှိကြသည်။ ထိုလုပ်ငန်းကို အများအားဖြင့် NGO များက ဆောင်ရွက်ကြပါသည်။

လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများဖြစ်အောင် ဆောင်ရွက်ရာတွင် ကြုံတွေ့ရသောပြဿနာများကို ဖြေရှင်းရန် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး လုပ်ငန်းများဖြင့် ဆောင်ရွက်လေ့ရှိကြသည်။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးကို တစ်နိုင်ငံလုံးအဆင့် ဖွဲ့စည်းထားသည့် ရွေးကောက်ပွဲကော်မရှင်ကဲ့သို့သော အဖွဲ့အစည်းမျိုးက ဆောင်ရွက်နိုင်သည်။ သို့ရာတွင် စည်းကမ်းနှင့်ညီမညီကို စောင့်ကြည့်ရန် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများကို အသုံးပြုခြင်းကိုလည်း တွေ့ရလေ့ရှိသည်။ နိုင်ငံတိုင်းက မိမိတို့သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများအတိုင်း ဆောင်ရွက်ကြသည်ဖြစ်ရာ တစ်ကမ္ဘာလုံးအတွက် သင့်တော်သည်ဟူသော စံနမူနာနည်းလမ်းဟူ၍ မရှိပါ။ သို့ရာတွင် အများလိုက်နာသည့် ရွေးကောက်ပွဲဆိုင်ရာ ကျင့်ဝတ်များနှင့် လုပ်ထုံးလုပ်နည်းများကား ရှိကြပါသည်။ အငြင်းအခုံဖြစ်စရာများ ရှိနေသေးသော်လည်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ခုအတွက် ဖြစ်သင့်ဖြစ်ထိုက်သော စံနှုန်း သတ်မှတ်ချက်ရှိလာသည်များကို အများက လက်ခံကြပါသည်။ နိုင်ငံတကာစံနှုန်းများကို နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးဆောင်ရွက်ရာတွင် စောင့်ထိန်းရမည့်ကျင့်ဝတ်များ ကြေညာ

ချက် (၂၀၀၅)တွင် တွေ့ရှိနိုင်သည်။ အရှေ့တောင်အာရှဒေသနှင့် ပိုမိုသက်ဆိုင်သော စည်းကမ်းလမ်းညွှန်ချက်များကိုမူ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများအတွက် ဘန်ကောက် ကြေညာချက် (၂၀၁၂)ကို ကြည့်နိုင်သည်။ ထို ဘန်ကောက်ကြေညာချက်တွင် ဥပဒေပိုင်းဆိုင်ရာ စည်းကမ်းများ၊ လူတိုင်းမဲပေးပိုင်ခွင့်နှင့် စပ်လျဉ်းသောအချက်များ၊ မဲဆန္ဒရှင်များအတွင် အသိပညာပေးအစီအစဉ်များ၊ မဲဆန္ဒရှင်များမဲပေးရန် ကြိုတင်စာရင်းပေးသွင်းခြင်းနှင့်ပတ်သက်သော အချက်များ၊ မဲဆွယ်လှုံ့ဆော်မှုကာလအတွင်း လိုက်နာရမည့်စည်းကမ်းများ၊ မဲဆွယ်ကာလအတွင်း ရွေးကောက်ခံများသုံးစွဲနိုင်သော ဘတ်ဂျက်နှင့်ဆိုင်သော အချက်များ၊ မဲရုံများကို စီမံခန့်ခွဲခြင်း၊ မဲရေတွက်ခြင်းနှင့် မကျေနပ်ချက်များတိုင်ကြားခြင်းတို့နှင့်ပတ်သက်သော အချက်များကို ကျယ်ပြန့်စွာ ဆွေးနွေးထားသည်။ ထိုကြေညာချက်များတွင် ဖော်ပြထားသည့် အတိုင်းလွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများဖြစ်ပေါ်လာရန် ဆောင်ရွက်စရာများစွာရှိကြပေသည်။

သဘောတရားရေးရာ ရှုင်းလင်းချက်

လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများအတွက် စံသတ်မှတ်ချက်များ

ရွေးကောက်ပွဲများသည် လူပေါင်းများစွာနှင့် ပတ်သက်နေပြီး စည်းမျဉ်းစည်းကမ်းများ၊ အကျိုးစီးပွားများကလည်း ဝန်းရံနေကြသည်။ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကို အဓိပ္ပာယ်ဖွင့်ဆိုရန် နည်းလမ်းမှာ တစ်ခုတည်းရှိသည်မဟုတ်ပေ။ အချို့သော လွတ်လပ်မှုနှင့် တရားမျှတမှုအတွက် သတ်မှတ်ထားသော ရွေးကောက်ပွဲအဂိါရပ်များမှာ မပါမဖြစ် အရေးကြီးသော်လည်း တိကျသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် မည်သည့်အဂိါရပ်များက မပါမဖြစ်အရေးကြီးသည်ဆိုခြင်းကမူ စောင့်ကြည့်လေ့လာနေသော ဆိုင်ရာနိုင်ငံ၏ နိုင်ငံရေးစနစ်အပေါ်တွင်သာ မူတည်သည်။ အချို့သော ရွေးကောက်ပွဲအဂိါရပ်များတွင် အောက်ပါတို့ပါဝင်သည်။

လူတိုင်းမဲပေးပိုင်ခွင့်ရှိခြင်း - လူတိုင်းသည် မဲပေးခွင့်ရရှိရန် စာရင်းပေးသွင်းနိုင်ရမည်။ ထိုစာရင်းများသည် တိတိကျကျဖြစ်နေရမည်။ အရှေ့တောင်အာရှနိုင်ငံများ၌ မဲပေးပိုင်ခွင့်မရှိသူဟု သတ်မှတ်ထားလေ့ရှိသောသူများတွင် အကျဉ်းကျခံနေရသူများ၊ ပြည်ပတွင်နေထိုင်သူများ၊ မဲပေးရန် စာရင်းပေးသွင်းထားခြင်းမရှိသူများနှင့် သံဃာများ ပါဝင်လေ့ရှိသည်။

လျှို့ဝှက်စွာမဲပေးပိုင်ခွင့်ရှိခြင်း - ပြည်သူများသည် ဆန္ဒမဲကိုလျှို့ဝှက်စွာပေးပိုင်ခွင့်ရှိရပြီး မည်သူမည်ဝါကို မဲထည့်လိုက်သည့်အတွက်ကြောင့် တစ်စုံတစ်ရာကို ရင်ဆိုင်ရခြင်းမျိုးမဖြစ်စေရ။

လွတ်လပ်စွာသတင်းအချက်အလက်ရယူခွင့် - နိုင်ငံရေးပါတီများနှင့် ၎င်းတို့၏မူဝါဒများနှင့် ပတ်သက်၍ တိကျသောသတင်းအချက်အလက်များကို ပြည်သူတို့က ရပိုင်ခွင့်ရှိရမည်။ အစိုးရက သတင်းစာနှင့် ရုပ်သံလွှင့်လုပ်ငန်းများကို ပိုင်သော နိုင်ငံမျိုးတွင် အတိုက်အခံတို့မှာ မီဒီယာပေါ်တွင် အာဏာလက်ကိုင်ရှိသူအစိုးရကဲ့သို့ အလားတူဖော်ပြမှုခံရခြင်းရှိ မရှိ စောင့်ကြည့်ကြရမည်။

မဲဆန္ဒများ၏ တန်ဖိုးကိုတညီတညာတည်း တရားမျှတစွာ သတ်မှတ်ပေးထားခြင်း - ဆန္ဒမဲတစ်ခုစီ၏ အကျိုးသက်ရောက်ပုံမှာ အခြားမဲများနှင့် တန်းတူပင်ဖြစ်ရန် လိုအပ်သည်။ လူတိုင်း၏

မဲများကို တန်ဖိုးတူစွာ သတ်မှတ်နိုင်မှသာ မဲဆန္ဒအများဆုံးရရှိသူက အနိုင်ဟူသော ရလဒ်ထွက်လာမည်။ အရှေ့တောင်အာရှတွင် ဖြစ်လေ့ရှိသောပြဿနာမှာ မဲအများဆုံးရသည့်ပါတီသည်လည်း ရွေးကောက်ပွဲ ရှုံးနိုင်ခြင်းပင်ဖြစ်သည်။

မဲရေတွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိခြင်း - မဲရေတွက်ရာတွင် လိမ်ညာမှုများဖြစ်ပေါ်ခြင်းကို တားဆီးရမည်။ စောင့်ကြည့်လေ့လာသူများသည် ကြိုတင်မဲ(ခိုးမဲ)များ ရှိ မရှိ စစ်ဆေးကြရမည်။ သို့မဟုတ် အတိုက်အခံများ အနိုင်ရနိုင်သည့်နေရာများမှ မဲပုံးများ ပျောက်သွားခြင်းရှိမရှိ စောင့်ကြည့်ကြရမည်။

ရွေးကောက်ပွဲများကြား ကာလအပိုင်းအခြားကိုသတ်မှတ်ခြင်း - ပုံမှန်အားဖြင့် ၃ နှစ်မှ ၆ နှစ်အထိ ကာလခြား၍ ရွေးကောက်ပွဲများကို ပုံမှန်ကျင်းပနေရန် လိုအပ်သည်။

ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးဆင်းခြင်း - ထိုကာလတွင် ပါတီအားလုံးမဲဆွယ်စည်းရုံးမှုပြုနိုင်ပြီး ပြည်သူလူထုကို ၎င်းတို့၏မူဝါဒများနှင့် စိတ်ကူးစိတ်သန်းများကို ထုတ်ပြောနိုင်ခွင့်ရှိရမည်။ ထိုမဲဆွယ်ကာလတွင်သုံးသော ဘတ်ဂျက်များမှာလည်း တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိရမည်။

မကျေနပ်မှုများကိုတိုင်ကြားခြင်း - ရွေးကောက်ပွဲနှင့်ပတ်သက်၍မဲဆန္ဒရှင်များနှင့် နိုင်ငံရေးပါတီများက မကျေနပ်မှုများကို တိုင်ကြားသောအခါ လက်ခံစဉ်းစားရန်နှင့် အရေးယူဆောင်ရွက်ပေးရန် အဖွဲ့အစည်းတစ်ခုရှိရမည်။

လွတ်လပ်သောရွေးကောက်ပွဲကော်မရှင် - ရွေးကောက်ပွဲကော်မရှင်ကဲ့သို့ လွတ်လပ်သော အဖွဲ့အစည်းတစ်ခုရှိနေရမည်ဖြစ်ပြီး အထက်ပါစည်းကမ်းချက်များအတိုင်း ရွေးကောက်ပွဲကို စီစဉ်ပေးနိုင်ရမည်။ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲမဟုတ်ဟု သေချာသောအခါ ရွေးကောက်ပွဲ ထပ်မံကျင်းပကောင်းကျင်းပနိုင်ရန် ထိုအဖွဲ့က စီစဉ်နိုင်ရမည်။

လွတ်လပ်သောစောင့်ကြည့်လေ့လာခွင့် - ရွေးကောက်ပွဲများသည် အနှောင်အဖွဲ့ကင်းပြီး ဘက်မလိုက်သော စောင့်ကြည့်လေ့လာသူများ၊ နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများအတွက်လည်း လမ်းဖွင့်ထားခြင်းရှိရမည်။

ANFREL မှာ ဘန်ကောက်ကြေညာချက် (၂၀၁၂)ကို အကြောင်းပြု၍ပေါ်ပေါက်လာသော ဒေသတွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့ဖြစ်ပြီး အရှေ့တောင်အာရှရှိ နိုင်ငံအများစု (အားလုံးမဟုတ်)တွင် လုပ်ငန်းများဆောင်ရွက်နေသည်။ အခြားသော စောင့်ကြည့်လေ့လာရေးအဖွဲ့အစည်းများတွင် ကုလသမဂ္ဂ၊ ဥရောပကော်မရှင်နှင့် အမေရိကန်ပြည်ထောင်စုအခြေစိုက် ကာတာစင်တာ (Carter Centre)တို့ ဖြစ်ကြသည်။ အချို့အခြေအနေများတွင် နိုင်ငံကြီးတစ်ခုစီမှ သက်ဆိုင်ရာ စောင့်ကြည့်လေ့လာသူများကို ဤဒေသအတွင်းသို့ စေလွှတ်သည်လည်းရှိသည်။

စောင့်ကြည့်လေ့လာသူများတွင် ကြည့်ရှုအကဲဖြတ်စရာ များစွာပင်ရှိသည်။ စောင့်ကြည့် အကဲဖြတ်သူများသည် ရွေးကောက်ပွဲ အမှန်တကယ်ကျင်းပမည့်ရက်ထက် လချီကာစောပြီး ရွေးကောက်ပွဲကျင်းပမည့်နိုင်ငံသို့ ရောက်နေလေ့ရှိပြီး မဲဆွယ်ကာလ စည်းရုံးလှုံ့ဆော်မှုများနှင့် ရွေးကောက်ပွဲ စီစဉ်ပုံများကို လေ့လာလေ့ရှိသည်။ ရွေးကောက်ပွဲကျင်းပရေးအဖွဲ့ သို့မဟုတ် ရွေးကောက်ပွဲကော်မရှင်သည် လည်းအရေးကြီးသော အခန်းကဏ္ဍမှပါဝင်သည်။ ထို့ပြင် မဲဆန္ဒရှင်များ မဲပေးခွင့်ရရန် စာရင်းသွင်းရသည့်လုပ်ငန်းကိုလည်း အကဲခတ်ရမည်ဖြစ်ပြီး မဲပေးခွင့်ရှိသူများ စာရင်းတွင်ပါမသွားဘဲ ကျန်ရစ်ခဲ့ခြင်းမရှိစေရန်လည်းကောင်း၊ မဲပေးခွင့်မရှိသူများ စာရင်းထဲပါသွားခြင်းမျိုး မဖြစ်ပေါ်ရန်လည်း စောင့်ကြည့်ကြရမည်။ ရွေးကောက်ပွဲနေ့တွင် မဲထည့်သည့်အခါတွင် လျှို့ဝှက်မဲပေးခွင့်ရှိရမည်ဖြစ်ပြီး မဲပေးသူအပေါ် ခြိမ်းခြောက်ခြင်း၊ ကြိမ်းမောင်းခြင်းများ မရှိရလေအောင် ဆောင်ရွက်ကြရမည်။ ထို့ပြင် မဲပေးသူများကို ငွေပေး၍မဲပေးခိုင်းခြင်း၊ ကြိုတင်မဲ(သူခိုးမဲ)များ ပေါ်ပေါက်လာခြင်း၊ မှားယွင်း မဲရေတွက်ခြင်းမျိုးကဲ့သို့သော မသမာမှုမျိုး မဖြစ်ပေါ်စေအောင် စောင့်ကြည့်ကြရမည်။ ရွေးကောက်ပွဲပြီးသောအခါ စောင့်ကြည့်အကဲဖြတ်သူများက လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲဟုတ် မဟုတ် အစီရင်ခံစာတစ်စောင် ထုတ်ပြန်ရမည်ဖြစ်သည်။ ဥပမာ - ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာရွေးကောက်ပွဲတွင် ANFREL က ရွေးကောက်ပွဲလုပ်ငန်း အဆင့်ဆင့်နှင့် ရွေးကောက်ပွဲကော်မရှင်၏ လုပ်ရပ်များကို အားရထောက်ခံခဲ့သည်။ သို့ရာတွင် စစ်တပ်နှင့်ရဲတပ်ဖွဲ့များ၏ မဲများမှာ ဌာနချုပ်များတွင် ကျင်းပပြီး စောင့်ကြည့်လေ့လာသူများကိုလည်း အဝင်မခံပေ။ ထို့ကြောင့် ထိုမဲများမှာမူ မသမာမှုများ၊ မဲလိမ်မှုများ ဖြစ်ခဲ့လျှင်ပင် သိနိုင်မည်မဟုတ်ဟုလည်း တင်ပြခဲ့သည်။

မှတ်သားဖွယ်ရာ

လွတ်လပ်သော ရွေးကောက်ပွဲများအတွက် အာရှကွန်ရက် (ANFREL)

ANFREL သည် အာရှတစ်ခွင်တွင် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအဖြစ် ပထမဆုံး ပေါက်ပေါက်ခဲ့သော NGO ဖြစ်သည်။ ANFREL ကို ၁၉၉၇ နိုဝင်ဘာလတွင် စတင်တည်ထောင်ခဲ့သည်။ ယင်းအဖွဲ့၏ လုပ်ငန်းများတွင် ရွေးကောက်ပွဲမစတင်မီနှင့် ရွေးကောက်ပွဲအပြီး ဖြစ်စဉ်များကို စောင့်ကြည့်လေ့လာရန်နှင့် မိမိနိုင်ငံ၏ ဒီမိုကရေစီထွန်းကားရေးအတွက် တက်ကြွစွာဆောင်ရွက်နေကြသော အရပ်ဘက်လူအဖွဲ့အစည်းများကို ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးနှင့် ပတ်သက်၍ လေ့ကျင့်သင်ကြားပေးရန်ဖြစ်သည်။ ထိုအရပ်ဘက်လူအဖွဲ့အစည်းများ၏ လုပ်ကိုင်နိုင်စွမ်းတိုးတက်လာရေးမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၏ အရေးအကြီးဆုံး အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ANFREL အနေဖြင့် သုတေသနနှင့်အာရှတွင် စီမံအုပ်ချုပ်ကောင်းများ အတွက်မူဝါဒရေးရာ အဆိုပြုတင်ပြခြင်းများလည်း ဆောင်ရွက်လျက်ရှိသည်။ ANFREL ၏ ရေရှည်မျှော်မှန်းချက်မှာ အာရှဒေသအတွင်း ရွေးကောက်ပွဲဆိုင်ရာ ပညာရပ်ကျွမ်းကျင်မှုများ တိုးတက်လာစေရန်နှင့် စီမံအုပ်ချုပ်မှုကောင်းများ ပေါ်ထွက်လာရေးကိုရည်ရွယ်သည်။ တစ်နိုင်ငံချင်းစီတွင် ဒီမိုကရေစီယဉ်ကျေးမှုဖွံ့ဖြိုးလာပြီး နိုင်ငံတကာက အသိအမှတ်ပြုထားသော ဒီမိုကရေစီယဉ်ကျေးမှုအဆင့်အတန်းများနှင့် တစ်သားတည်းဖြစ်လာစေရန် ရည်ရွယ်သည်။ နီပေါ၊ သီရိလင်္ကာ၊ ပါပူဝါနယူးဂီနီ၊ အာဖဂန်နစ္စတန်၊ မြန်မာနှင့်ထိုင်းတို့အပါအဝင် အာရှတလွှား နိုင်ငံပေါင်း ၁၅ နိုင်ငံတွင် ANFREL အနေဖြင့် ရွေးကောက်ပွဲပေါင်း ၄၀ ခန့်ကို စောင့်ကြည့်လေ့လာခဲ့သည်။ ANFREL မှ ရွေးကောက်ပွဲ

စောင့်ကြည့်လေ့လာသူတို့မှာ အာရှတလွှားရှိ အရပ်ဘက်လူ့အဖွဲ့အစည်းများဖြစ်ကြပြီး ထိုလေ့လာသူတို့ကို ရွေးကောက်ပွဲမတိုင်မီနှင့် ကျင်းပပြီး ရက်သတ္တပတ်အနည်းငယ်စီနေထိုင်ပြီး သက်ဆိုင်ရာနိုင်ငံတွေစောင့်ကြည့်လေ့လာရန် စေလွှတ်သည်။

၁၅.၅ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်မှာ နာမည်ကျော်ကြားလှသော လူ့အခွင့်အရေးတစ်ခုပင်။ အမေရိကန် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ပြင်သစ်လူ့အခွင့်အရေးကြေညာစာတမ်းတို့တွင် ဖော်ပြခံရသော ရှည်လျားသည့် သမိုင်းကြောင်းလည်းရှိသည်။ အလားတူပင် ကမ္ဘာပေါ်ရှိများစွာသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများတွင်လည်း ဖော်ပြခဲ့ကြပြီး လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိလျှင်ရှိသလို ပြည်သူတို့ကလည်း သိနေကြသောလူ့အခွင့်အရေးမျိုးလည်းဖြစ်သည်။ မည်သည့်စကားကို မည်သည့်နေရာတွင် မည်သူ့ကိုမပြောရဟူသောကိစ္စမျိုးကို လူများစုကြီးက သိရှိကြပါသည်။ ဥပမာ - ဇာတ်ရုံထဲတွင် အထိတ်တလန့်ဖြစ်စေရုံသက်သက်ဖြင့် မီး မီးဟု မအော်နိုင်သလို လူတစ်ဦး၏ အခြားတစ်ဦး၏လွတ်လပ်ခွင့်ကိုလည်း ချိုးဖောက်ခွင့်မရှိပါ။ ထိုနည်းတူပင် အကြမ်းဖက်ရန် အမုန်းစကားများ၊ ခွဲခြားဆက်ဆံသည့် စကားများ၊ လိင်မှုညစ်ညမ်းသော စကားများကို မဖြန့်ဖြူးသင့်ကြပေ။

ထိုကဲ့သို့ စိန်ခေါ်မှုများ ရှိနေခြင်းကြောင့်လည်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးခြင်းနှင့်ပတ်သက်၍ အငြင်းအခုံများဆီသို့ ရောက်ရှိသွားတတ်ခြင်းဖြစ်သည်။ မီဒီယာနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တို့ မည်သို့ဆက်စပ်နေကြသည်ကို မဆွေးနွေးမီ ယခုအပိုင်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၏ အရေးကြီးသောအင်္ဂါရုပ်များနှင့် ထိုလွတ်လပ်မှုကို တရားသဖြင့် ခံစားခွင့်များအကြောင်းကို အသေးစိတ်ဆွေးနွေးသွားပါမည်။

၁၅.၅.၁ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အင်္ဂါရုပ်များ

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်မှာ UDHR နှင့် ICCPR နှစ်ခုစလုံးရှိ အပိုဒ်၁၉ တွင် ပါဝင်သည်။ UDHR တွင် ရှင်းလင်းစွာ ဤသို့ဖော်ပြထားသည်။

> လူတိုင်းသည် ထင်မြင်ချက်များ၊ ထုတ်ဖော်ပြောဆိုခွင့်များနှင့်ပတ်သက်သော လွတ်လပ်ခွင့်ကို ခံစားခွင့်ရှိသည်။ ထိုအခွင့်အရေးတွင် အယူအဆတစ်ရပ်ကို မည်သူကမျှ တားမြစ်ခြင်းမရှိဘဲ ကိုင်စွဲခွင့်ရှိပြီး သတင်းအချက်အလက်များ၊ စိတ်ကူးစိတ်သန်းများကို နယ်နိမိတ်အကန့်အသတ်မရှိ မည်သည့်မီဒီယာမှမဆို ရှာဖွေခွင့်၊ ရယူလက်ခံခွင့်နှင့် ထုတ်ပြန်ခွင့်ရှိရမည်။ (အပိုဒ် ၁၉)

UDHR တွင် ရှင်းလင်းစွာဖော်ပြထားသည့်တိုင်အောင် ထိုအခွင့်အရေးပါ အချက်များနှင့်ပတ်သက်၍ အဓိပ္ပာယ်နှစ်ခု ဖြစ်နေသည်များ ရှိနေပေသေးသည်။ နံပါတ်တစ် - ထင်မြင်ချက်များနှင့် ထုတ်ဖော်ပြောဆိုချက်များကွဲပြားကြောင်းနှင့်ပတ်သက်ပြီး အဆိုပါအပိုဒ်တွင် ဖော်ပြထား

သော်လည်း ထိုစကားရပ်တို့၏ အဓိပ္ပာယ်ကို ရှင်းလင်းစွာဖော်ပြထားခြင်းမရှိပါ။ အကယ်၍ ထင်မြင်ချက်မှာ တစ်စုံတစ်ယောက်က ယုံကြည်သည်ကို ရည်ညွှန်းလျှင် ထုတ်ဖော်ပြောဆိုမှု ဆိုသည်မှာ တစ်စုံတစ်ဦး၏စကားကို ဆိုလိုခြင်းဖြစ်ရာ ထိုအခွင့်အရေးနှစ်ခုစလုံးမှာ အတူတူပင်ဖြစ်သည်ဟု ကောက်ယူနိုင်ပါမည်လား။ ပို၍အရေးကြီးသည်မှာ (UDHR ၏ အပိုဒ် ၂၉ က လူ့အခွင့်အရေးတိုင်းတွင် အတိုင်းအတာတစ်ခုအထိသာ သုံးစွဲနိုင်ကြောင်း ကန့်သတ်မှုရှိသည်ဟု ဖော်ပြထားသော်လည်း) ထိုလူ့အခွင့်အရေးများကို မည်မျှအတိုင်းအတာအထိ သုံးနိုင်သည်ကို ဖော်ပြမထားခြင်းဖြစ်သည်။ ထိုအခွင့်အရေးကို စာချုပ်အတွင်းသို့ထည့်ကာ နိုင်ငံတကာဥပဒေအဖြစ် ပြဋ္ဌာန်းကြရာတွင် UDHR ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အပိုဒ်ကို ယခင် မပါရှိသည့်အရာများကို ဖြည့်ဆည်းပြီး အနည်းငယ် ပြင်ဆင်ခဲ့ရသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အသေးစိတ်ဖော်ပြထားသော ပထမဆုံးအပိုဒ်ခွဲနှစ်ခုက ဤသို့ ဖော်ပြထားသည်။

၁။ လူတိုင်းတွင် တွေးခေါ်ထင်မြင်ချက်များကို အတားအဆီးမရှိ ကိုင်စွဲထားနိုင်ခွင့်ရှိရမည်။

၂။ လူတိုင်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိရမည်။ ထိုအခွင့်အရေးတွင် သတင်းအချက်အလက်များ၊ စိတ်ကူးစိတ်သန်းများကို နှုတ်ထွက်စကားဖြင့်ဖြင့်စေ၊ ပုံနှိပ်စာဖြင့်ဖြစ်စေ၊ အနုပညာလက်ရာတစ်ခုမှဖြစ်စေ၊ သို့မဟုတ် မိမိနှစ်သက်ရာ မည်သည့်မီဒီယာမှာ ဖြစ်စေ နယ်နိမိတ်အကန့်အသတ်မရှိဘဲ ရှာဖွေခွင့်၊ ရယူလက်ခံခွင့်နှင့် ထုတ်ပြန်ခွင့်ရှိရမည်။

CCPR တွင် လွတ်လပ်စွာတွေးခေါ်ထင်မြင်ခွင့်ကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သီးခြားစီ ခွဲထုတ်ထားသည်။ တစ်စုံတစ်ယောက်၏ ထင်မြင်တွေးခေါ်မှုကို တားဆီးနိုင်သည့် အစွမ်းရှိရန် သို့မဟုတ် အတွေးအခေါ်များကို အတင်းပြောင်းခိုင်းရန်မှာ ခက်ခဲလှသည်။ အဘယ်ကြောင့်ဆိုသော် တွေးခေါ်မှုဟူသည်မှာ တစ်ကိုယ်ရေစိတ်ကူးနယ်ပယ်နှင့်သာ သက်ဆိုင်သောကြောင့်ဖြစ်သည်။ အကယ်၍တစ်စုံတစ်ယောက်၏ အတွေးအခေါ်များက လူ့အခွင့်အရေးကို ချိုးဖောက်နေသည်ဟူ၍ တစ်နည်းနည်းဖြင့် အဓိပ္ပာယ်သက်ရောက်နေမှသာ အရေးယူနိုင်မည်။ လွတ်လပ်စွာတွေးခေါ်ထင်မြင်ခွင့်နှင့်စပ်လျဉ်းသောအမှုများမှ အနည်းအကျဉ်းသာ ကုလသမဂ္ဂ အဆင့်သို့ရောက်ဖူးသည်။ အခြားသူများနှင့်နိုင်ငံရေးအတွေးအခေါ်ကွဲပြားကြသော အကျဉ်းသားများအပေါ် ခြားနားစွာ ဆက်ဆံပုံနှင့်စပ်လျဉ်း၍ရောက်ရှိခြင်းဖြစ်သည်။ ထိုကဲ့သို့သော လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းမှာ ရှားပါးသောကြောင့် ဤအပိုင်းတွင် အကျယ်မချဲ့တော့ပါ။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်၍ ဦးစားပေးဆွေးနွေးသွားပါမည်။

ဒုတိယအချက်အားဖြင့် ICCPR အပိုဒ် ၁၉.၂ တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တွင် ပါရှိသည့်အချက်များကို ဖော်ပြထားပါသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်မှာ လူတိုင်းတွင် ရှိရမည်။ ထို့ပြင် သတင်းအချက်အလက်များကို ရှာဖွေခွင့်၊ ရယူလက်ခံခွင့်နှင့် ထုတ်ပြန်ခွင့်ရှိရမည်။ ထိုလွတ်လပ်ခွင့်မှာ ထုတ်ဖော်ပြသရုံ မလွတ်လပ်သောကြောင့် အဟန့်အတားဖြစ်သွားရခြင်းမရှိစေရ။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

တွေးခေါ်ထင်မြင်မှုနှင့် ထုတ်ဖော်ပြောဆိုမှု

တွေးခေါ်ထင်မြင်မှုဟုဆိုသော် တစ်စုံတစ်ဦး၏ ယုံကြည်ရာ တန်ဖိုးထားရာများနှင့် သက်ဆိုင်သည် ဖြစ်ရာ အတွင်းစိတ်အဇ္ဈတ္တကလာသော အတွေးနှင့်ဆိုင်သော ကိစ္စဖြစ်သည်။ လူတစ်ဦး၏ နိုင်ငံရေးအတွေးအခေါ်မှာ မည်သို့ရှိသည်ကို လူကိုကြည့်ပြီး ဆုံးဖြတ်ရန်ခက်ခဲပါသည်။

ထုတ်ဖော်ပြောဆိုမှုဟုဆိုသော် လူတစ်ဦး၏ဆက်သွယ်ပြောဆိုခြင်းအမှုနှင့်ပတ်သက်သော ပုံစံ အမျိုးမျိုးပါဝင်သည်။ ပြောသောစကား၊ ရေးသောစာနှင့် ခြေလက်ချိုးသောအက၊ ဆေးဖြင့်ရေးသော ပန်းချီ၊ သင်္ကေတ ဘာသာစကား၊ ဝတ်စားဆင်ယင်ပုံ အစရှိသည့် ပုံစံအားလုံးမှာ ထုတ်ဖော် ပြောဆိုခြင်းဟူသော ခေါင်းစဉ်အောက်တွင် အကျုံးဝင်ပေသည်။

၁၅.၅.၂ သတင်းအချက်အလက်များကို ရှာဖွေခွင့်၊ ရယူလက်ခံခွင့်နှင့် ထုတ်ပြန်ခွင့်

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို သုံးမျိုးခွဲခြားနိုင်သည်။ သတင်းအချက်အလက်ကို ရှာဖွေခွင့်၊ ရယူလက်ခံခွင့်နှင့် ထုတ်ပြန်ခွင့်တို့ ဖြစ်ကြသည်။ သတင်းအချက်များကို ရှာဖွေရယူခွင့် ဆိုလျှင် အစိုးရအနေဖြင့် ပြည်သူတို့ကို သတင်းအချက်အလက်ရရှိနိုင်မှုကို မပိတ်ပင်သင့်ဟု ဆိုလို ခြင်းဖြစ်သည်။ ထိုအခွင့်အရေးတွင် စာကြည့်တိုက်များ၊ သတင်းစာများ၊ စာအုပ်များ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့အားဖြင့် ပြည်သူများ၏ သတင်းအချက်အလက်ရှာဖွေမှုကို ဖြည့်ဆည်းပေးခြင်း ဖြင့် ရိုးရိုးတန်းတန်း ဆောင်ရွက်ပေးနိုင်သည့်အခွင့်အရေးဖြစ်သည်။

အစိုးရ၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍လည်း ပြည်သူများက သိရှိခွင့် ရှိပါသည်။ ဥပမာ - ယာဉ်မောင်းလိုင်စင်ကို မည်သို့ရရှိနိုင်မည်နည်း၊ မည်သို့မဲပေးနိုင်မည်နည်း၊ လုပ်ငန်းတစ်ခုစတင်ရန် မည်သည်တို့ကို ဆောင်ရွက်ရမည်နည်း အစရှိသော အချက်အလက်များကို ပြည်သူတို့ သိခွင့်ရှိရပေမည်။ သို့ရာတွင် ကိုယ်ရေးကိုယ်တာအချက်အလက်များနှင့် နိုင်ငံတော်၏ လျှို့ဝှက်ချက်များတွင်မူ ကန့်သတ်ထားလေ့ရှိကြသည်။ သတင်းအချက်အလက်များကို ရှာဖွေခွင့်နှင့် ပတ်သက်၍ နိုင်ငံတော်က လုပ်ပေးသင့်သည်မှာ ပြည်သူတို့၏ သတင်းအချက်အလက်ရှာဖွေခြင်းကို မနှောင့်ယှက်ရန်ပင်ဖြစ်သည်။ ထိုသို့လွတ်လပ်ခွင့်ကို မထိပါးခြင်းအား ဘာမျှမလုပ်ဘဲ ဖြည့်ပေး နိုင်သော နိုင်ငံတော်၏ဝတ္တရား သို့မဟုတ် ဘာမှဝင်မလုပ်ခြင်းအားဖြင့် စောင့်ထိန်းပေးခြင်းဟု ဆိုရပေမည်။ မီဒီယာကိုပိတ်ဆို့ခြင်း၊ အင်တာနက်ကို ဆင်ဆာဖြတ်ခြင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြား လိုင်းများကို တားမြစ်ထားခြင်း အစရှိသည်တို့ကို ဆောင်ရွက်သော် ဤလူ့အခွင့်အရေးကို ချိုးဖောက် သည်ဟုဆိုနိုင်သည်။ မကြာသေးခင်ကပေါ်လာသော အရေးကြီးသည့်မေးခွန်းတစ်ခုကမူ - အင်တာ နက် ရရှိနိုင်ခြင်းမှာ လူ့အခွင့်အရေးဟုတ်ပါသလား ဟူ၍ဖြစ်သည်။ သတင်းအချက်အလက် အားလုံး ဟု မဆိုနိုင်လျှင်ပင် သတင်းအချက်အလက်များစွာ ရယူနိုင်သည့် အင်တာနက်ကို အစိုးရအနေဖြင့် ပြည်သူတို့သုံးစွဲနိုင်အောင် စီစဉ်ပေးသင့်ပါသလား။ အင်တာနက်နှင့်ပတ်သက်သော လူ့အခွင့်အရေး အငြင်းအခုံမှာ ဆက်နေဆဲပင်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

အင်တာနက်မှာ လူအခွင့်အရေးဖြစ်ပါသလား။

အင်တာနက်သည် 'လူတစ်ဦးချင်းစီက မိမိတို့၏လွတ်လပ်ခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်တို့ကို ကျင့်သုံးနိုင်သည့် ပင်မနည်းလမ်းတစ်ခုပင်ဖြစ်သည်'ဟု သတင်းအချက်အလက် လွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးစုံစမ်းစစ်ဆေးရေးအရာရှိက ၂၀၁၁ ခုနှစ်တွင် ပြောကြားခဲ့သည်။ ထိုစကားက အင်တာနက်မှာ လူအခွင့်အရေးဖြစ်သည်ဟု တိုက်ရိုက်မဆိုသော်လည်း အချို့ကမူ ထိုအတိုင်းပင် နားလည်လက်ခံထားကြသည်။

မေးခွန်းများ

- အစိုးရကပေးသော မရှိမဖြစ် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ - ဥပမာအားဖြင့် မဲပေးရန် အမည်စာရင်းပေးသွင်းခြင်းမှာ အင်တာနက်ပေါ်မှသာ လုပ်ဆောင်နိုင်သည်ဆိုပါက နိုင်ငံတော်အနေဖြင့် လူတိုင်းအင်တာနက်ရအောင် မဖြစ်မနေ ဆောင်ရွက်သင့်ပါသလား။
- အင်တာနက်ကို လူတိုင်းသုံးနိုင်အောင် ဆောင်ရွက်ရန် နိုင်ငံတော်တွင် တာဝန်ရှိပါသလား။ သို့မဟုတ် ပြည်သူများက ဝယ်ယူရမည့်ဈေးကွက်ထဲမှ ဝန်ဆောင်မှုတစ်ခုအနေဖြင့် စဉ်းစားသင့်ပါသလား။
- အင်တာနက်ကို သုံးစွဲနိုင်သူများက မသုံးစွဲနိုင်သူများထက်စာလျှင် ပို၍လွတ်လပ်သော ထုတ်ဖော်ပြောဆိုခွင့် ရှိနေပါသလား။

သတင်းအချက်အလက်ကို ရရှိလက်ခံပိုင်ခွင့်ဆိုသည်မှာ အချို့သော သတင်းအချက်အလက်များကို ပြည်သူများဆီရောက်ရှိကာ လက်ခံရရှိနေရမည်ဟု ဆိုလိုသည်။ ဥပမာ - ဆိုင်ကလုံးဝင်ရောက်လာမည်ဆိုသည့် မိုးလေဝသသတင်း သို့မဟုတ် ပြည်သူများ ရောဂါဘယများကို ရှောင်ရှားနိုင်အောင် ကျန်းမာရေးနှင့်ပတ်သက်သောအချက်အလက်များ အစရှိသည့်သတင်းများမှာ ပြည်သူတို့ထံ ရောက်ရှိနေရမည်။ ထိုလူ့အခွင့်အရေးမှာ ပြည်သူတို့ မည်သည့်အချိန်တွင် မည်ကဲ့သို့ မဲပေးနိုင်ပါသည်ဆိုသော ပြည်သူတို့ကို အသိပညာပေးသည့် အချက်အလက်များ သို့မဟုတ် ပြည်သူတို့ရွေးချယ်ထားသော နိုင်ငံရေးအစွဲများနှင့် ပတ်သက်သော အချက်အလက်များကို ပေးခြင်းမျိုးကို ဆိုလိုသည်။ သို့ရာတွင် နိုင်ငံတော်သည် ပြည်သူတို့ကို မည်သည့်အရာတို့ကို ထုတ်ပြောရန် တာဝန်ရှိသနည်း ဆိုသည်ကို မေးစရာဖြစ်သည်။ ဥပမာတစ်ခုမှာ လိင်အကြောင်းပညာပေးခြင်းဖြစ်သည်(အခန်း ၁၀ ကိုရှုပါ)။ အချို့က လိင်အကြောင်းအသိပညာမှာ မျိုးပွားခြင်းနှင့်ဆိုင်သော လူ့အခွင့်အရေးကိုဆိုသည်။ သို့ရာတွင် အချို့ကမူ ဘာသာရေးနှင့် ဟီရိုဩတပ္ပတရားရှုထောင့်မှကြည့်ကာ လိင်မှုကိစ္စနှင့်ပတ်သက်၍ပညာပေးခြင်းကို ရှောင်ရှားကြသည်။ နောက်ထပ် ဥပမာတစ်ခုကို ကျန်းမာရေးနယ်ပယ်တွင် တွေ့ရှိနိုင်သည်။ ပြည်သူများအတွက် မည်သည်တို့က ကျန်းမာရေးနှင့်ညီညွတ်ပြီး မည်သည်တို့က မညီညွတ်ကြကုန်ဟု သတင်းပေးသင့်ပါသလား။ သက်ကြားဓာတ်ကဲသော အချို့ရည်မှားသည် ကျန်းမာရေးအတွက် မကောင်းပါဟု အစိုးရများက အသိပေးသင့်ပါသလား။ အလားတူပင် ပြည်သူတို့သည် ပြည်သူ့ဆေးရုံများနှင့် အစိုးရကျောင်းများအကြောင်း သတင်းအချက်အလက်များ ရရှိသင့်ပါသလား။ ဤလူ့အခွင့်အရေးနှင့် တစ်ဆက်တစ်စပ်တည်း

ရှိနေသည်မှာ သတင်းအချက်အလက် လွတ်လပ်စွာရရှိနိုင်ရေးဥပဒေပင် ဖြစ်သည်။ ထိုဥပဒေက အစိုးရ၏ သတင်းအချက်အလက်များကို အများပြည်သူရပိုင်ခွင့်အတွက် ပြဋ္ဌာန်းပေးရသောဥပဒေ ဖြစ်သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

ဆေးလိပ်သောက်ခြင်းနှင့်ပတ်သက်၍ အစိုးရသည် ပြည်သူကို မည်မျှအထိ သတင်းအချက်အလက် ပံ့ပိုးရမည်နည်း။

ဆေးလိပ်သည် ကင်ဆာကိုဖြစ်စေတတ်ကြောင်း သုတေသနများက ရှင်းလင်းစွာတင်ပြပြီးဖြစ်သလို လူအများစုကလည်း ထိုအချက်ကို သတိထားမိပြီးဖြစ်သည်။ သို့သော်လည်း အစိုးရအနေဖြင့် လူအများ ဆေးလိပ်သောက်ခြင်းမပြုအောင် တားဆီးနိုင်ရန် မည်မျှအထိ ဆောင်ရွက်ပေးရန် လိုသနည်း။ ဆေးလိပ်ရောင်းခြင်း၊ ဝယ်ခြင်းမှာ တရားမဝင်ဖြစ်သော စီးပွားရေးမဟုတ်ပါ။ ဆေးလိပ်ကြော်ငြာများအား ရာနှုန်းပြည့်ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်းတို့ကို အရှေ့တောင်အာရှနိုင်ငံများတွင် ဆောင်ရွက်နေကြသည့်တိုင်အောင် အချို့သော အခြေအနေများတွင် ထိုကြော်ငြာများအား ခွင့်ပြုနေဆဲဖြစ်သည်။ ထိုင်းနှင့်စင်ကာပူကဲ့သို့သော နိုင်ငံများတွင် မည်သည့်ဆေးလိပ် ကြော်ငြာပုံစံကိုမဆို ပိတ်ပစ်ထားသည်။ အင်ဒိုနီးရှားအပါအဝင် အခြားနိုင်ငံများတွင်မူ ရုပ်ရှင်ရုံများ၊ လမ်းဘေးဆိုင်းဘုတ်ကြီးများနှင့် ဆေးလိပ်ရောင်းချနေသောနေရာများတွင် ကြော်ငြာကို တွေ့နေမြဲ ဖြစ်သည်။

မေးခွန်းများ

- ဆေးလိပ်ရောင်းချသော ကုမ္ပဏီများ မိမိတို့ထုတ်ကုန်ကိုကြေညာရာတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိပါသလား။
- ဆေးလိပ်များသည် ကျန်းမာရေးနှင့်မညီညွတ်ပါဟု ပြည်သူများကို အသိပေးရန်မှာ အစိုးရတစ်ရပ်၏ တာဝန်ဖြစ်ပါသလား။ သို့မဟုတ် အသိပေးသည့်အလုပ်ကို မလုပ်ဘဲ စားသုံးသူတို့ကို ပစ်ထားသင့်ပါသလား။
- ဆေးလိပ်ကို သောက်လိုကသောက်ရန်၊ မသောက်လိုကရပ်ရန် လူအများက လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ကို ရနေလေရာ ဆေးလိပ်ကြော်ငြာများကို တားမြစ်ခြင်းက ထူးမည်ဟု ထင်ပါသလား။
- ဆေးလိပ်ကြော်ငြာများကို တားမြစ်လိုက်ခြင်းက ဆေးလိပ်သောက်သူ အရေအတွက်ကို လျော့ကျစေသည်ဆိုပါစို့။ ထိုလျော့သွားသောအရေအတွက်က ဆေးလိပ်ကြော်ငြာကို ပိတ်ပစ်ရန် လုံလောက်သော အကြောင်းပြချက်ဟု ယူဆနိုင်ပါသလား။
- ဆေးလိပ်သောက်သူများမှာ ဖျားနာလာပြီး အစိုးရအနေဖြင့်လည်း ထိုသူတို့ကျန်းမာရေးအတွက် စရိတ်ကုန်ကျမှုများရှိလာရသည် ဆိုပါစို့။ ထိုအကုန်အကျများက ဆေးလိပ်ကြော်ငြာများကို ပိတ်ပင်ရန် လုံလောက်သော အကြောင်းပြချက်ဖြစ်ပါသလား။

နောက်ဆုံးအချက်မှာ သတင်းအချက်အလက်ထုတ်ပြန်ခွင့်ဖြစ်သည်။ ထိုအချက်မှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဟု အခြေခံအားဖြင့် ယူဆနိုင်သည်။ ပြည်သူတို့တွင် မည်သည့် အကြောင်းအရာ၊ မည်သည့်အမြင်၊ မည်သည့်စကားကိုမဆို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရှိသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ခံရသည့်အခါတိုင်းတွင် နိုင်ငံရေး၊ ကိုယ်ကျင့်တရား အစရှိသည်တို့နှင့် ပတ်သက်နေလေ့ရှိသည်။ သတင်းအချက်အလက် ထုတ်ပြန်ခွင့်ကို ပြည်သူတို့ခံစားနိုင်ရန်မှာ ထိုသူတို့၏ အခွင့်အရေးကို နိုင်ငံတော်က တစ်စုံတစ်ရာ မထိပါးဘဲ လွတ်ထားပေးခြင်းအားဖြင့် ဖြည့်ဆည်းပေးနိုင်သည်။ ဝင်မစွက်ဖက်ခြင်းကို (negative duties) ဟု ခေါ်သော်လည်း ဝင်စွက်ရသည့် တာဝန်မျိုးလည်း ရှိလာတတ်သောအခါ positive duties များပါ ထမ်းဆောင်ရခြင်းလည်းရှိသည်။ ဥပမာ - လူတို့တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုရန် အခွင့်အရေးရှိသော်လည်း ပညာမရှိလျှင် ထိုအခွင့်အရေးကို အပြည့်ရနိုင်မည်မဟုတ်သောကြောင့် ပြည်သူကိုပညာသင်ကြားပေးရန်လိုပေသည်။ ပြည်သူများ ရေးတတ်ဖတ်တတ်လာအောင် နိုင်ငံတော်အနေဖြင့် တာဝန်ဝင်ယူရသည်။ ထို့ပြင် ပြည်သူတို့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရှိလာအောင် ၎င်းတို့၏အမြင်များကို ထုတ်ဖော်ပြောနိုင်သော အများပိုင်နေရာများကို စီစဉ်ပေး ခြင်းမျိုး ဆောင်ရွက်ပေးသင့်သည်။ ဥပမာ - အများပါဝင်မှုကိုအားပေးရန် ပြည်သူတို့၏အသံကို တင်ပြပေးမည့် မီဒီယာကို ထိုအခင်းအကျင်းတွင် ရှိနေစေခြင်း၊ သို့မဟုတ် ပြည်သူတို့ ကိုယ့်နည်း ကိုယ့်ဟန်ပုံစံအမျိုးမျိုးဖြင့် ထုတ်ဖော်ပြောဆိုနိုင်သော ပြည်သူပိုင်နေရာများကို ဖန်တီးပေးထားခြင်း တို့ လိုအပ်မည်ဖြစ်သည်။ ထုတ်ဖော်ပြောဆိုခြင်းဟုဆိုလျှင် စာရေးခြင်းနှင့် ဟောပြောခြင်းမျှသာ မဟုတ်၊ အနုပညာအထည်များ ဖန်တီး၍လည်း ထုတ်ဖော်ပြောဆိုနိုင်သည်။ ဥပမာ - ရုပ်ရှင်၊ အင်္ကျီ၊ ပြဇာတ်၊ ဂီတနှင့် ဖက်ရှင်တို့လည်း ပါဝင်သည်။

၁၅.၅.၃ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ခံရခြင်း

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်မှာ အကန့်အသတ်မရှိ ကျင့်သုံးနိုင်သော လူ့အခွင့်အရေး မဟုတ်ကြောင်း ယေဘုယျအားဖြင့် လက်ခံထားကြပါသည်။ ဆင်ဆာဖြတ်တောက်ခြင်းသည် အငြင်း ပွားဖွယ်ရာဖြစ်သော်လည်း အချို့သော အုပ်စုများကို အကာအကွယ်ပေးရေးအတွက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ထိန်းချုပ်ရန်လိုအပ်ကြောင်း လက်ခံထားသူလည်း အများအပြားပင် ရှိကြ သည်။ ဥပမာ - ကလေးများကို ရုန့်ရင်းကြမ်းတမ်းသော၊ လိင်ပိုင်းဆိုင်ရာ အိန္ဒြေမဲ့သည့်အရာများနှင့် အထိအတွေ့မရှိစေရန် အကာအကွယ်ပေးရန် လိုပါမည်။ အလားတူပင် အချို့သောသူများကလည်း သူတစ်ပါးကို စော်ကားမော်ကားပြောဆိုသော၊ အကြမ်းဖက်မှုများကို ဆွပေးသော အပြောအဆို များကို တားမြစ်သင့်ကြောင်း ယုံကြည်ကြသည်။ ပြဿနာမှာ အနုပညာ (သို့မဟုတ်) နိုင်ငံရေးနှင့် လိင်ညစ်ညမ်းမှုဟု ယူဆနိုင်သောအရာများ၊ အန္တရာယ်ဖြစ်စေတတ်သည်ဟု ယူဆနိုင်သော အမုန်း စကားများကို မည်သို့အမျိုးအစားခွဲခြားကြမည်နည်း။ အပိုဒ် ၁၉. ၃ တွင် အထူးထမ်းဆောင်ရမည့် တာဝန်နှင့်ဝတ္တရားများကို ဖော်ပြထားပါသည်။

> ၁၉. ၃ အပိုဒ် ၁၉ ပါ ဒုတိယစာပိုဒ်အရ ရယူပိုင်ခွင့်ရှိသော လူ့အခွင့်အရေးများကို ကျင့်သုံးကြရာတွင် အထူးလိုက်နာရမည့် တာဝန်များနှင့် ဖြည့်ဆည်းပေးရမည့်ဝတ္တရားများ ရှိပါသည်။ ထိုအခွင့်အရေးများကို ကျင့်သုံးရာတွင် ကန့်သတ်ပိတ်ပင်မှုများ အနည်းငယ်

ရှိနိုင်ပါသည်။ ထိုကန့်သတ်ပိတ်ပင်မှုများသည် ဥပဒေအရသော်လည်းကောင်း၊ လိုအပ်ချက်အရသော်လည်းကောင်းဆောင်ရွက်ခြင်းဖြစ်ရပါမည်။

(က) သူတစ်ပါးတို့၏ အခွင့်အရေးနှင့် ဂုဏ်သရေကို လေးစားရန်

(ခ) နိုင်ငံတော်၏လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ကာကွယ်စောင့်ရှောက်ပေးရေး သို့မဟုတ် ပြည်သူ့ကျန်းမာရေးနှင့် စာရိတ္တတရားတို့ကို ထိန်းသိမ်းနိုင်ရေး

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ရာတွင် အောက်ပါအချက်သုံးချက်နှင့် ညီညွတ်မှုသာ ဆောင်ရွက်ကြရမည်။ နံပါတ်တစ် - ကန့်သတ်ချက်များမှာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်းရဖြစ်ရမည်ဖြစ်ပြီး တစ်စုံတစ်ဦးကို အလိုလိုက်ရခြင်းကြောင့် (သို့မဟုတ်) အစိုးရ၏ ထင်မြင်ချက်ကြောင့် ပိတ်ပင်ခြင်းမျိုး မဖြစ်ရပါ။ နံပါတ်နှစ် - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်သည့်ဥပဒေကို ထုတ်ပြန်ရာတွင် လူပုဂ္ဂိုလ်တစ်ဦး၏ ဆန္ဒအရသော်လည်းကောင်း၊ အစိုးရ၏လိုလားချက်သက်သက်ပေါ်တွင် အခြေခံ၍သော်လည်းကောင်း ထုတ်ပြန်ခြင်းမဖြစ်ရပါ။ တစ်နည်းအားဖြင့် ဥပဒေတစ်ရပ်မှာ လူ့အဖွဲ့အစည်းအတွက်သာ ဖြစ်ရမည်။ နံပါတ်သုံး - ထိုသို့ ကန့်သတ်ချုပ်ချယ်မှုများသည် အောက်ပါအကြောင်းပြချက် ငါးခုအနက် တစ်ခုခုနှင့် ညီညွတ်ရမည်။

- အခြားတစ်ပါးသူတို့၏ အခွင့်အရေးကို ကာကွယ်ရန်အတွက် ဖြစ်ရမည်။ ထုတ်ဖော်ပြောဆိုမှုများသည် သူတစ်ပါးတို့၏ ကိုယ်ရေးကိုယ်တာကိစ္စကို စွက်ဖက်ခြင်း၊ သူတစ်ပါးကို လူသိရှင်ကြား အသေရေဖျက်ခြင်း ကင်းလွတ်ရမည်။ မည်သူမဆို သူတစ်ပါးအကြောင်းကို သိက္ခာချရန် ရည်ရွယ်ချက်သက်သက်ဖြင့် မပြောရ၊ မရေးသားရ။ (ဥပမာ - တရားခံဟု မတရားစွပ်စွဲခြင်းမျိုးမပြုရ။)
- အမျိုးသားလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရမည်။ နိုင်ငံတော်၏ လျှို့ဝှက်ချက်များနှင့် လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းရေးကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်။ သို့ပါ၍ နိုင်ငံတော်ကို သစ္စာဖောက်သော စကားများကို တားမြစ်ထားရမည်။ (ဥပမာ - အစိုးရတစ်ရပ်ကို အကြမ်းဖက်သော နည်းလမ်းဖြင့် ဖြုတ်ချရန်)
- တိုင်းပြည်အေးချမ်းသာယာရေးကို ထိန်းသိမ်းရန် - လွတ်လပ်စွာထုတ်ဖော် ပြောဆိုမှုများကြောင့် ပြည်သူများအထိတ်တလန့် မဖြစ်စေရန်၊ သူတစ်ပါးတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်ခြင်းမဖြစ်ပေါ်စေရန် (ဆူပူအုံကြွရန် လှုံ့ဆော်ခြင်း)
- ပြည်သူ့ကျန်းမာရေးကိုစောင့်ရှောက်ရန် - ကျန်းမာရေးဆိုင်ရာပြဿနာများကိုဖြစ်စေသည့် သတင်းအချက်အလက်များလွှင့်နေခြင်းကို တားမြစ်ရမည်။ (ဥပမာ- AIDS ဝေဒနာမှာ အပျိုစင်နှင့် အိပ်စက်သော် ပျောက်ကင်းသွားမည်ဆိုသော စကားမျိုး)
- ပြည်သူတို့၏ ကိုယ်ကျင့်တရားကို ထိန်းပေးခြင်း - ပြည်သူတို့၏ ကိုယ်ကျင့်တရားကို ထိန်းပေးရန် ချမှတ်ထားသောဥပဒေများကို လေးစားလိုက်နာရမည်။ (ဥပမာ - အဖော်အချွတ်ပစ္စည်းများအား ဖြန့်ဝေနေခြင်းကို တားမြစ်ထားခြင်း)

အဆိုပါ ကန့်သတ်ပိတ်ပင်ချက်များသည် တိုင်းပြည်၏ ပြဋ္ဌာန်းထားသော ဥပဒေများပေါ်တွင် အခြေခံကာ သတ်မှတ်ခြင်းဖြစ်သည်။ အစိုးရသည် မိမိစိတ်ထင်တိုင်းကျဲခွင့် မရှိဘဲ ထိုအထက်ပါ အချက်သုံးခုနှင့်ညီညွတ်မှသာ ပြည်သူတို့၏ ပြောရေးဆိုခွင့်ကို ကန့်သတ်ကြရမည်။ အခြားသော လွတ်လပ်စွာဖွဲ့စည်းလှုပ်ရှားခွင့်၊ စုဝေးစီတန်းလှည့်လည်ခွင့်၊ တစ်နေရာမှ တစ်နေရာ သွားလာခွင့်တို့တွင်လည်း အလားတူပင်ဖြစ်သည်။ (အခန်း ၃ တွင် အသေးစိတ်ဖော်ပြထား)

၁၅.၅.၄ အရှေ့တောင်အာရှရှိ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်

အရှေ့တောင်အာရှရှိ နိုင်ငံတိုင်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်သော အငြင်းအခုံများ ရှိနေကြပါသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ထားသည့် ဥပဒေများတွင် နာမည်ဖျက်မှု၊ အသရေဖျက်မှု၊ ရှုတ်ချမှု၊ သစ္စာဖောက်မှု၊ လိင်အညှီအဟောက်များကို ဖြန့်ဖြူးမှုနှင့် အခြားလော်မာမှုများကိုတားမြစ်သော ဥပဒေများနှင့် ဉာဏပစ္စည်းနှင့်မူပိုင်ခွင့် စသည့် ဥပဒေများပါဝင်သည်။ အချို့သော အရှေ့တောင်အာရှနိုင်ငံများသည် ဒေသတွင်း၌ ပို၍လစ်ဘရယ်ဖြစ်သည်ဟု နာမည်ရှိကြသည်။ အချို့သောနိုင်ငံများကမူ ထုတ်ဖော်ပြောဆိုမှုကို ပိတ်ပင်ခြင်းများပို၍တင်းကျပ်သည်။ နောက်လာမည့်အပိုင်းတွင် အရှေ့တောင်အာရှနိုင်ငံများမှ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ တားဆီးပိတ်ပင်မှုများနှင့် ၎င်းတို့၏ကွင်းဆက်ဖြစ်သော အငြင်းအခုံများကို ဆွေးနွေးသွားပါမည်။

အရှေ့တောင်အာရှတစ်လွှားတွင် လိင်အညှီအဟောက်ပုံများအား ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းများမှာ တရားမဝင်ပါ။ သို့သော်လည်း အချို့နိုင်ငံများသည် ထိုသို့တားမြစ်ရန် ဥပဒေကို ပြဋ္ဌာန်းထားသော်လည်း ထိုဥပဒေကိုသုံး၍ တရားတဘောင်ဖြစ်ခဲပါသည်။ အပြင်းထန်ဆုံးသော လိင်အညှီအဟောက်ပုံကို တားမြစ်သည့်ဥပဒေကို အင်ဒိုနီးရှားနိုင်ငံတွင် တွေ့နိုင်သည်။ ၂၀၀၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သော လိင်အညှီအဟောက်ပုံများနှင့် လိင်ညစ်ညမ်းမှုဆိုင်ရာကိစ္စများ ဥပဒေကြမ်းကို မွမ်းမံထားသော ၂၀၀၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်သည်။ ၂၀၀၆ ဥပဒေကြမ်းတွင် ပါရှိသော ပိုမိုပြင်းထန်သော အပိုဒ်များကို ဖယ်ရှားခဲ့သော်လည်း လက်ရှိဥပဒေမှာ လိင်နှင့်ပတ်သက်သော အပြုအမူပေါင်းများစွာ - (ဥပမာ - လူမြင်ကွင်းတွင် နမ်းရှုံ့ခြင်းနှင့် ညကလပ်များတွင် ကခုန်ခြင်း) ကို အပြစ်ပေးနိုင်သည်။ ထိုဥပဒေမှာ အများသူငါက မတော်မတည့် လိင်ပိုင်းဆိုင်ရာ ပြစ်မှုဟု ထင်စရာမရှိသော အမူအယာကလေးများကိုပင် အမှုဖွင့်နိုင်ရာ အဆိုပါမူကြမ်းအပေါ် အငြင်းအခုံများ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။ ထိုအငြင်းအခုံများမှာ အင်ဒိုနီးရှားလူ့အဖွဲ့အစည်းတွင် အိန္ဒြေသိက္ခာနှင့်ပတ်သက်ပြီး ပိုမိုတင်းကျပ်သော စည်းကမ်းများထုတ်လိုသောကြောင့် ထိုဥပဒေကို ထောက်ခံသည့် ရှေးရိုးဆန်သော ဘာသာရေးအုပ်စုများကတစ်ဖက်၊ အမျိုးသမီးအခွင့်အရေးအတွက် လှုပ်ရှားနေကြသောအဖွဲ့များ၊ အနုပညာရှင်များနှင့် လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်ကို လိုလားသူများကတစ်ဖက် အငြင်းအခုံများ ဖြစ်ပွားခဲ့ကြသည်။ ငြင်းခုံကြသည့် အကြောင်းအရာများသည် အင်တာနက်မှ ဒေါင်းလုပ်ဆွဲချလျှင် ရကောင်းရနိုင်သည့် အတုံးလိုက်အတစ်လိုက် လိင်အညှီအဟောက်ကိစ္စများမဟုတ်ကြဘဲ လူမှုရေးပွဲလမ်းများတွင် တွေ့ရလေ့ရှိသော အဝတ်အစားများကိစ္စနှင့် ကခုန်သည့်ကိစ္စများအပေါ်တွင် အခြေခံသည်။ 'porno-action' ဟူသော အယူအဆတွင် မီဒီယာနှင့်ရုပ်ပုံများဟု ဆိုလိုသော လိင်အညှီအဟောက်များ pornography အဓိပ္ပာယ်ထက် ပိုမိုကာ

ပြုမူဆောင်ရွက်ပုံအရ လင်ပိုင်းဆိုင်ရာ လှုပ်ရှားမှုများဟူ၍ ရည်ညွှန်းသည်။ အဆိုပါဥပဒေများဖြင့် စွဲဆိုထားသော အမှုများတွင် ပလေးဘွိုင်းမဂ္ဂဇင်းအယ်ဒီတာကို ထောင်ကျသွားသောအမှု (နောင်တွင် အယူခံဝင်သဖြင့် ပြန်လွှတ်လာ)၊ ညကပွဲရုံလေးခုတို့မှ ကပြဖျော်ဖြေသူများ အားဖမ်းဆီးသော အမှုများပါဝင်ခဲ့သည်။ အင်ဒိုနီးရှားအစိုးရ ပြည်သူတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချုပ်ချယ်သောကိစ္စကို မေးခွန်းထုတ်သောအခါမျိုးတွင် အစိုးရက သုံးသောဥပဒေမှာ အမှန်တကယ် လိုအပ်သောဥပဒေဟုတ် မဟုတ် ဆန်းစစ်ကြရမည်။ အစိုးရက ထိုဥပဒေမှာ ပြည်သူတို့၏ ကိုယ်ကျင့်တရားကို ထိန်းသိမ်းရန်အတွက်လိုပါသည်ဟု ဆိုသော်လည်း ပြည်သူလူထုတစ်ရပ်လုံး ဆိုသည်ထက် စာလျှင် လူအချို့သာပါဝင်သော ရှေးရိုးစွဲဘာသာရေးအုပ်စုတစ်စုကိုသာ လိုလားနေကြသူ ပြည်သူများဟု ရည်ညွှန်းနေခြင်းဖြစ်သည်။ လင်မှုအဖော်အချွတ်များအတွက် လူ့အခွင့်အရေးရှိသင့်သည်ဟု မပြောဆိုနိုင်သော်လည်း ဘာသာရေးအုပ်စုတစ်ခုက လူမြင်ကွင်းတွင် မသင့်တော်ဟု ယူဆထားသော အဝတ်အစားများ၊ အမူအယာများပြုလုပ်မိသည့်အတွက်ကြောင့် ရာဇဝတ်မှုကျူးလွန်သည့် အလား တရားစွဲခံရမည့်အဖြစ်ကမူ အကာအကွယ် ရပိုင်ခွင့်ရှိပါသည်။ အရှေ့တောင်အာရှရှိ အခြားသောနိုင်ငံများတွင်လည်း လင်အညီအဟောက်ပုံများကို ပိတ်ပင်သည့်ဥပဒေများ ရှိပါသည်။ သို့ရာတွင် ထိုပစ္စည်းများကို ဖြန့်ဖြူးခြင်းနှင့် ရောင်းချခြင်းတို့နှင့်သာ သက်ဆိုင်ပြီး တစ်ကိုယ်ရေစာသုံးစွဲခြင်းအတွက်ကိုမူ မပိတ်ပင်ထားပေ (မလေးရှားနိုင်ငံတစ်ခုသာ တစ်ကိုယ်ရေစာသုံးခြင်းကို ရာဇဝတ်မှုမြောက်ကြောင်း သတ်မှတ်သည်။) မူပိုင်ခွင့်နှင့် တရားမဝင် ရောင်းဝယ်ခြင်းတို့ကြောင့် ညစ်ညမ်းရုပ်ရှင်များကိုဖမ်းမိသောအမှုများမှာ မဆန်းလှသော်လည်း ၎င်းတို့ရောင်းဝယ်နေသော လင်ပိုင်းဆိုင်ရာပြကွက်များကြောင့် မဟုတ်ကြပါ။ လင်အညီအဟောက်ပစ္စည်းများကြောင့် ထောင်ထဲရောက်ခဲ့ရသူမှာ အလွန်နည်းပါးပါသည်။ အလားတူပင် အရှေ့တောင်အာရှ နိုင်ငံအများစုတွင် ပြည်သူတို့ မကြားဝံ့မနာသာဖြစ်စေမှုကို တားမြစ်သည့်ဥပဒေများအရ လူမြင်ကွင်းတွင် ဝတ်လစ်စလစ် ဖြစ်နေခြင်းမှာ ရာဇဝတ်မှုမြောက်သည်။ သို့ရာတွင် အဆိုပါဥပဒေများကို အသုံးပြုခဲ့လှသည်။ သာဓကတစ်ခုမှာ ဆုန်ခရမ်ရေသဘင်ပွဲတော် (သင်္ကြန်ကာလ)အတွင်း ဘန်ကောက်တွင် အပေါ်ပိုင်းချွတ်ပြီး ကပြခဲ့သော မိန်းကလေးငယ်သုံးဦးကို ဒဏ်တပ်ခဲ့သော ဖြစ်စဉ်ရှိခဲ့သည်။ သင်္ကြန်ပွဲတော်၏ ပုံရိပ်ကိုထိခိုက်စေသဖြင့် ထိုမိန်းကလေးသုံးဦးမှာ တစ်ဦးလျှင်ဘတ် ၅၀၀ စီ ဒဏ်တပ်ခံရသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

လင်အညီအဟောက်များနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်

အင်ဒိုနီးရှား၏ လင်အညီအဟောက်များ ထိန်းချုပ်ရေးဥပဒေမူကြမ်းပါ အပြစ်ဖြစ်စေနိုင်သည့် အကြောင်းရပ်များမှာ ကျယ်ပြောလွန်းသည်ဟု ဝေဖန်ခံရသည်။ အထူးသဖြင့် လင်အညီအဟောက်များဟူသော အဓိပ္ပာယ်ကပင် မည်သည့်အရာများကို ဆိုလိုကြောင်း မရှင်းလင်းပါ။ နမူနာအားဖြင့် လင်အညီအဟောက်များကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည် - ရုပ်ပုံများ၊ ခဲခြစ်ပန်းချီများ၊ သရုပ်ဖော်ပုံများ၊ ဓာတ်ပုံများ၊ စကားသံများ၊ ဂီတသံများ၊ လှုပ်ရှားသံများ၊ ကွန်ပျူတာဖြင့် ဖန်တီးထားသော လှုပ်ရှားသက်ဝင်နေသည့်အရုပ်အသံများ၊ ကာတွန်းများ၊ ဟောပြောမှုများ၊ ကိုယ်လက်လှုပ်ရှားမှုများနှင့် မိဒီယာအမျိုးမျိုးမှ တဆင့် အခြားသောဆက်သွယ်ပြောဆိုမှုများ၊ ပရိသတ်ရှေ့တွင် ကပြသရုပ်ဆောင်မှုများ အစရှိသည်တို့တွင် လင်ပိုင်းဆိုင်ရာ မကြားဝံ့မနာသာပြုခြင်းများ၊ လင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုများနှင့် လူ့အဖွဲ့အစည်းက သိက္ခာမရှိကာယိန္ဒြေမဲ့သည်ဟု သတ်မှတ်ထားသည်များကို အများရှေ့တွင်ပြုမူခြင်းဟု ဆိုကြပါစို့။

မေးခွန်းများ

အဆိုပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အသုံးပြုကာ အောက်ပါတို့မှာ လိုင်အညီအဟောက်စာရင်းတွင် ပါဝင်ခြင်းရှိမရှိ ဆွေးနွေးပါ။

- ခါးအောက်ပိုင်းပျက်လုံးများ
- အများမြင်နိုင်သည့်နေရာတွင် နမ်းကြခြင်း
- မျိုးဆက်ပွားကျန်းမာရေးနှင့် မိသားစုကလေးရယူမှုအစီအစဉ်များအတွက် ကွန်ဒုံးကို မည်သို့သုံးရမည် ဖြစ်ကြောင်းရှင်းပြခြင်း
- အများပြည်သူနှင့်ဆိုင်သော ကမ်းခြေတွင် ကမ္ဘာလှည့်ခရီးစည်တစ်ဦးက အပေါ်ဗလာဖြင့် နေပူဆာလှုံခြင်း
- အာရပ်ဗိုက်သားဖော်အက
- ဘီကီနီဝတ်ပြီး ကပြသည့် အုပ်စုများ ဟစ်ပ်ဟော့သီချင်း ဗွီဒီယိုခွေတွင်ပါဝင်နေခြင်း

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အာဏာရှင်ဆန်စွာထိန်းချုပ်သည့်ဥပဒေများအနက် အဆိုးဆုံးတစ်ခုမှာ ထိုင်းနိုင်ငံ၏ဘုရင်မင်းမြတ်ကို ရိုင်းပျခြားနားမှုဥပဒေ (Lese Majeste laws) ဖြစ်သည်။ ထိုင်းနိုင်ငံ၏ တော်ဝင်မိသားစုကို တော်လှန်ခြားနားခြင်းမှ အကာအကွယ်ပေးထားပြီး နိုင်ငံတော်တည်ငြိမ်မှုရှိအောင် ပြဋ္ဌာန်းထားသောဥပဒေဖြစ်သည်။ ထိုဥပဒေမှာ အစိုးရကို ဆန့်ကျင်သူများအား ပစ်မှတ်ထားကာ အမှုစွဲလေးရှိသော မလေးရှားမှ နိုင်ငံတော်ကို အကြည်ညိုပျက်စေမှုဥပဒေ၊ စင်ကာပူမှ ပြည်တွင်းလုံခြုံရေးဥပဒေများနှင့် ဆင်တူသည်။ Lese Majeste ဥပဒေကဲ့သို့သောဥပဒေမျိုးမှာ ကမ္ဘာတစ်လွှားရှိ အခြားဘုရင့်နိုင်ငံများတွင်လည်း ရှိကြပါသည်။ သို့သော်များစွာသော တော်ဝင်မိသားစုကို အကာအကွယ်ပေးသောဥပဒေများကို ဆက်လက်၍ အသုံးမပြုကြတော့ခြင်း၊ အင်္ဂလန်နှင့် ဂျပန်တို့ကဲ့သို့ ပယ်ဖျက်ခြင်းများ ရှိခဲ့ကြသည်။ ထိုင်းအစိုးရနှင့် နိုင်ငံရေးသမားများက နိုင်ငံရေးလက်နက်တစ်ခုအဖြစ် သုံးစွဲခဲ့သောကြောင့် ၂၀၀၆ ခုနှစ်မှစ၍ ထိုင်းနိုင်ငံတွင် အဆိုပါဥပဒေဖြင့် တရားစွဲခံရသည့်အမှုပေါင်း တစ်နှစ်လျှင် ၄၀၀ ကျော် ရှိခဲ့သည်။ ထိုဥပဒေအရ အများဆုံးကျနိုင်သောပြစ်ဒဏ်မှာ ထောင် ၁၅ နှစ်ဟု ဆိုထားသော်လည်း ထိုင်းနိုင်ငံတွင် တော်ဝင်မိသားစုကိုစော်ကားခြင်းသည် ထောင်ဒဏ်နှစ် ၃၀ ခန့်အထိချမှတ်ခံရနိုင်သည်။ မလေးရှားနိုင်ငံရှိ အစိုးရကိုအကြည်ညိုပျက်စေမှုကိုအရေးယူသည့် ဥပဒေကိုလည်း နိုင်ငံရေးအတိုက်အခံများကို ပစ်မှတ်ထားရန် အသုံးချခဲ့ကြသည်။ ဥပမာ - မိမိ၏ နိုင်ငံရေးအမြင်ကို ပြောကြားခြင်းသည်ပင်လျှင် အစိုးရကို ပြစ်တင်ဝေဖန်သည်ဟူ၍ အဓိပ္ပာယ်ဖွင့်ကာ တရားစွဲခြင်းများရှိသည်။ ၂၀၁၅ ခုနှစ်အထိ အစိုးရနှင့် သဘောထားမတိုက်ဆိုင်သော နိုင်ငံရေး၊ ဥပဒေရေးအမြင်များ ထုတ်ဖော်ပြောဆိုခဲ့ခြင်းကြောင့် ထိုဥပဒေဖြင့် တရားစွဲခံခဲ့ရသူပေါင်း ၅၀ ခန့်ရှိသည်။

နိုင်ငံတော်ဘုရင်မင်းမြတ်ကို ရိုင်းပျခြားနားမှု (Lese Majeste)

ဘုရင်တစ်ပါး၏ ဂုဏ်ပုဒ်များကို စော်ကားခြင်း၊ အချို့နိုင်ငံများရှိ နိုင်ငံတော်အဓိပတိများကို မထိမဲ့မြင်ပြုသောအမူ

ဗီယက်နမ်နိုင်ငံတွင်လည်း အလားတူ ဥပဒေများကို တွေ့နိုင်သည်။ ရာဇသတ်ကြီးဥပဒေ အပိုဒ် ၈၈ အရ 'ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အကျိုးယုတ်အောင် ဝါဒဖြန့်ပြောဆိုခြင်း' ကြောင့် တရားစွဲခံရနိုင်သည်။ ဝါဒဖြန့်ခြင်းဟူသော စကားရပ်ကို ဝေဝါးစွာ အဓိပ္ပာယ်ဖွင့်ထားသောကြောင့် ထိုဥပဒေကိုသုံးကာ နိုင်ငံရေးသုံးသပ်လေ့လာသူများနှင့် ဘလော့ဂါများ၏ အရေးအသား

များကို နိုင်ငံတော်ကို အသရေဖျက်မှုအဖြစ် ယူဆကာ ထောင်ချခဲ့ဘူးသည် (ဗီယက်နမ်မှာ နိုင်ငံရေး အကျဉ်းသား ၁၀၀ ခန့်ရှိသည်။) နိုင်ငံတော်ကို အကြည်ညိုပျက်စေမှုဥပဒေ၊ နိုင်ငံတော်ဘုရင်မင်းမြတ်ကို ရိုင်းပျခြားနားမှု ဥပဒေ (Lese Majeste laws)၊ ရာဇသတ်ကြီးဥပဒေ အပိုဒ် ၈၈ တို့သုံးခုစလုံးမှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို တရားနှင့်အညီ ကန့်သတ်ကြောင်း ပြနိုင်အောင် ကြိုးစားကြသော်လည်း နိုင်ငံတော်နှင့်ဆန့်ကျင်သော နိုင်ငံရေးခံယူချက်များအား ထုတ်ဖော်ပြောကြားပါက ရာဇဝတ်မှုမြောက်စေသောအဖြစ်သို့ရောက်အောင် တွန်းပို့နိုင်သည်ကိုလည်း ညွှန်ပြနေပေသည်။

သာဓက

အစိုးရကိုဆန့်ကျင်သည့် ပြောဆိုရေးသားမှုများအား အရေးယူသည့်ဥပဒေများ

မလေးရှား၏ နိုင်ငံတော်ကို အကြည်ညိုပျက်စေမှု အက်ဥပဒေ

နိုင်ငံတော်ကို အကြည်ညိုပျက်စေသည့် ပြောဆိုရေးသားမှုဆိုသည်မှာ အစိုးရတစ်ရပ်ကို ဖြုတ်ချရန် တော်လှန်ရေးတစ်ရပ်ကို စတင်ရန်၊ သူပုန်ထရန်အတွက် ကြိုးပမ်းခြင်းပင်ဖြစ်သည်။ မလေးရှားမှ နိုင်ငံတော်ကို အကြည်ညိုပျက်စေမှု အက်ဥပဒေမှာ မူလတွင် ဗြိတိသျှနယ်ချဲ့တို့က ရေးသားခဲ့ပြီး မလေးရှားအစိုးရက ဆက်လက်ကျင့်သုံးခဲ့ကြသည်။ အကြည်ညိုပျက်စေခြင်းကို အဓိပ္ပာယ်ဖွင့်ရာတွင် အစိုးရကို အမုန်းပွားစေရန် သို့မဟုတ် မကျေမနပ်ဖြစ်စေရန် သို့မဟုတ် မတ္တာခန်းအောင်လုပ်ကြံကြခြင်းဟု ဆိုလိုသည်။ ဆန့်ကျင်သူပုန်ထမှုများ ဖြစ်ပွားလာအောင်နှိုးဆော်ခြင်း၊ အစိုးရကို အကြည်ညိုပျက်စေသော အရေးအသားများထုတ်ဝေနေသည့် စာစောင်ကိုပိုင်ဆိုင်ခြင်း၊ သို့မဟုတ် အစိုးရကို ပြည်သူတို့မနှစ်သက်အောင်ကြံဆောင်ခြင်းတို့လည်း အကျုံးဝင်ကြသည်။ အစိုးရကို အကြည်ညိုပျက်စေသည်ဟု အဓိပ္ပာယ်ကောက်ယူနိုင်သော အကြောင်းအရာများမှာ များပြားလွန်းသဖြင့် အစိုးရအပေါ် ဝေဖန်ခြင်းသည်ပင် အစိုးရကိုအကြည်ညိုပျက်စေခြင်းဖြစ်သည်ဟု လွယ်ကူစွာ ကောက်ယူနိုင်ပေသည်။ မလေးရှားတွင် လွန်ခဲ့သောနှစ်များ၌ အစိုးရကိုအကြည်ညိုပျက်စေမှုဖြင့် စွဲသောအမှုများ ခပ်စိပ်စိပ် ပေါ်ပေါက်လာခဲ့သည်။ ပြည်သူသည် UMNO အာဏာရပါတီကို သောက်ပါတီဟု ပြောရုံမျှဖြင့် အရေးယူခံရနိုင်ပြီး မလေးဆူတန်(စော်ဘွားများ)အကြောင်းကို ဥပဒေရှုထောင့်မှ ဝေဖန်သုံးသပ်သောပညာရပ်ဆိုင်ရာ ဂျာနယ်ဆောင်းပါးတစ်စောင်ကြောင့် တက္ကသိုလ်မှ ပညာရှင်တစ်ဦး တရားစွဲခံခဲ့ရသည်။

စင်ကာပူ၏ ပြည်တွင်းလုံခြုံရေးအက်ဥပဒေ

စင်ကာပူ၏ ပြည်တွင်းလုံခြုံရေးအက်ဥပဒေကို မူလက ကိုလိုနီနယ်ချဲ့ဖြစ်သော ဗြိတိသျှအစိုးရက ၁၉၅၀ ကျော်တွင် ကွန်မြူနစ်သူပုန်များကို ချေမှုန်းရန် စတင်သုံးစွဲခဲ့ခြင်းဖြစ်သည်။ အကြမ်းဖက်မှုများ တိုက်ဖျက်ရေးဥပဒေအဖြစ် စင်ကာပူအစိုးရက ဆက်လက်သုံးစွဲခဲ့သည်။ သို့ရာတွင် သမိုင်းတလျှောက်လုံး၌ အတိုက်အခံနိုင်ငံရေးသမားများကို ဖမ်းဆီးရန်အတွက်သာ သုံးစွဲခဲ့သည်ကပိုများသည်။ ထိုဥပဒေဖြင့် လူပေါင်း ၂၄၀၀ ကျော် အဖမ်းခံခဲ့ရဘူးပြီး အချို့သော အမှုများမှာ ၁၉၈၇ ခုနှစ် တွင်ဖြစ်ပွားခဲ့သည့် ရောင်စဉ်လှိုင်းစစ်ဆင်ရေး Operation Spectrum တွင် ကွန်မြူနစ်

သူပုန်များဟူသော စွပ်စွဲချက်ဖြင့် ပြည်သူ့ဘဝကူညီရေးလုပ်သား အများအပြား အဖမ်းခံခဲ့ရသည်။ ထိုသူတို့ အကျဉ်းစခန်းတွင်ရှိနေစဉ် အပြစ်ကိုဝန်မခံ ခံအောင် ဖိအားပေးနှိပ်စက်မှုများရှိခဲ့သည်ဟု ထိုအကျဉ်းသားများက ပြောဆိုခဲ့ကြသည်။ လွန်ခဲ့သော ဆယ်စုနှစ်တွင်မူ နိုင်ငံရေးနှင့် ပတ်သက်သော ဖမ်းဆီးချုပ်နှောင်မှုမျိုးကို ထိုဥပဒေအားသုံးစွဲ၍ဆောင်ရွက်ခြင်း မရှိခဲ့ပေ။

ဗီယက်နမ်နိုင်ငံ ရာဇသတ်ကြီး ဥပဒေ ပုဒ်မ(၈၈)

ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၈၈ အရ အစိုးရကိုဆန့်ကျင်သော ဝါဒဖြန့်ခြိမ့်မှုများကို တားမြစ်ထားသည်။ အစိုးရအပေါ် မည်သည့်ဝေဖန်မှုများကိုမဆို ထိုပုဒ်မနှင့် တရားစွဲနိုင်လောက်အောင်ပင် အဓိပ္ပာယ်ကို ကျယ်ပြန့်စွာ ဖွင့်ဆိုထားသည်။ အစိုးရကို ပြစ်တင်ဝေဖန်သူများ၊ မြေယာအရေးလှုပ်ရှားသူများ၊ ဘလော့ဂါများ၊ ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေးစောင့်ရှောက်သူများကို ထောင်ထဲပို့သော ဥပဒေတစ်ခုဖြစ်ခဲ့သည်။ အစိုးရ၏ လာဘ်ပေးလာဘ်ယူမှုများ၊ သတ္တုမိုင်းများကြောင့်ဖြစ်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများ၊ တောင်တရုတ်ပင်လယ်ပြင်ရှိ တရုတ်တို့၏လှုပ်ရှားမှုများကိုရေးသော ဘလော့ဂါများစွာမှာ ဖမ်းဆီးခံရပြီး ၅ နှစ်မှသည် ၁၅ နှစ်အထိ ထောင်ဒဏ်ချမှတ်ခြင်းခံကြရသည်။ ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံပြီးလျှင် အင်တာနက်လိုင်းပေါ်တွင် တက်ကြွလှုံ့ဆော်သူအရေအတွက် ဒုတိယအများဆုံးကို အကျဉ်းချထားသောနိုင်ငံဖြစ်သည်။

နောက်ပိုင်းတွင် အရှေ့တောင်အာရှဒေသအတွင်း၌ နောက်ထပ်အတွေ့ရများသည့်ကိစ္စမှာ ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များက အသရေဖျက်မှုဖြင့် တရားစွဲခြင်းဖြစ်သည်။ ယခင်ကမူ ထိုကဲ့သို့သော ပြောဆိုမှုများကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ခေါင်းစဉ်အောက်၌ အကာအကွယ်ပေးသော်လည်း မကြာသေးခင်ကာလများတွင်မူ ထိုသို့မဟုတ်တော့ပေ။ ဥပမာ - အင်ဒိုနီးရှားတွင် အမျိုးသမီးတစ်ဦးက ဆေးရုံ၏ဝန်ဆောင်မှု မကောင်းကြောင်းပြောဆိုသည်ကို ဆေးရုံက ထိုအမျိုးသမီးအား တရားစွဲခဲ့သည် (နောင်တွင်မူအမှုကိုပိတ်လိုက်သည်)။ တစ်ဖန် ဂျော်ဂျီယာကာတာမြို့အကြောင်းကို ကျောင်းသားတစ်ဦးက ဝေဖန်ပြောဆိုသည်ကို မြို့တော်က တရားစွဲခဲ့ရာ တရားလိုဘက်မှ အနိုင်ရခဲ့သည်။ ထိုင်းတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို ထိုင်း သတ္တုတွင်းကုမ္ပဏီတစ်ခုက လူ့အခွင့်အရေးချိုးဖောက်မှုဖြင့် ပြန်၍တရားစွဲဆိုခဲ့ပြီး ထိုင်းသုတေသီတစ်ဦးက ၎င်း၏သုတေသနစာတမ်းတွင် သစ်သီးစည်သွပ်ဘူးစက်ရုံတစ်ရုံက ရွှေ့ပြောင်းလုပ်သားများအား ခေါင်းပုံဖြတ်နေပုံကြောင်း စွပ်စွဲရေးသားခဲ့သောကြောင့် ထိုသစ်သီးစည်သွပ်ဘူးစက်ရုံက တရားစွဲခဲ့သည်။

အစိုးရများသည် အသရေဖျက်မှုဟု ခေျပကာ မိမိတို့အား ပြစ်တင်ဝေဖန်နေမှုများကို အသံတိတ်စေသည်။ ဥပမာ - စင်ကာပူနိုင်ငံ၏ သေဒဏ်အပြစ်ပေးခြင်းအကြောင်းကို စာအုပ်ရေးသားသော စာရေးဆရာတစ်ဦးကို စင်ကာပူအစိုးရက ရာဇဝတ်မှုအဖြစ် တရားစွဲခဲ့သည်။ ထိုစာအုပ်တွင် သေဒဏ်အပြစ်ပေးခဲ့သည့် တရားရုံးများမှ အချို့အမှုများမှာ လွတ်လပ်ပြီး တရားမျှတမှုမရှိဟု ရေးသားခဲ့သောကြောင့်ဖြစ်သည်။ ထိုစာရေးသူမှာ ၅ ပတ်ခန့် အချုပ်ခံခဲ့ရသည်။ အခြားဥပမာတစ်ခုမှာမူ ရိုဟင်ဂျာများအား ထိုင်းရေတပ်က မည်သို့ဆက်ဆံကြောင်းကို ရေးသား

သဖြင့် ထိုင်းသတင်းစာတစ်စောင်ဖြစ်သော ဖူးခက်တိုင်းမှ ဂျာနယ်လစ်နှစ်ဦးကို ထိုင်းတော်ဝင် ရေတပ်က တရားစွဲခဲ့သည်။ စင်ကာပူ၊ မလေးရှားနှင့် ထိုင်း အစရှိသော နိုင်ငံအများအပြားတွင် အသရေဖျက်မှုမှာ ထောင်ဒဏ်ကျသင့်နိုင်သော ရာဇဝတ်မှုအဖြစ်ယူဆသည်။ အများဆုံးမှာ ဒဏ်ငွေတပ်ခံရခြင်းသာရှိသော တရားမမှုများနှင့်မတူပေ။ ICCPR ၏ အထွေထွေမှတ်ချက် ၃၄ တွင် လူ့အခွင့်အရေးအဖွဲ့အစည်းများက အသရေဖျက်မှုဖြင့် တရားစွဲခြင်းကိုရွံ့လျက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်များ နောက်မတွန့်သွားစေဘဲ အသရေဖျက်မှုများသည် တရားမရုံးများတွင်သာ စစ်ဆေးသင့်ကြောင်း အဆိုပြုထားသည်။ ထိုအဆိုမှာ ဖိလစ်ပိုင်တွင် ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အမှုတစ်ခုကို တိုက်ရိုက်ရည်ညွှန်းနေသကဲ့သို့ရှိ၏။ နိုင်ငံရေးသမားတစ်ဦးကို ကြာခိုမှုဖြင့် အများက စွပ်စွဲနေကြချိန်တွင် ထိုအကြောင်းကို ရေးသားခဲ့သဖြင့် နှစ်နှစ်ခန့် ပြစ်ဒဏ်ချမှတ်ခံရသော ဂျာနယ်လစ်တစ်ဦးက ICCPR စာချုပ်အရ ဖွဲ့စည်းထားသော လူ့အခွင့်အရေးကော်မတီသို့ ၎င်း၏အမှုကို စစ်ဆေးရန် တင်ပြခဲ့သောအမှုဖြစ်သည်။

အသေရေဖျက်မှုဥပဒေကို အစောပိုင်းတွင် စင်ကာပူ၌ နိုင်ငံရေးသမားများက မီဒီယာများကို တရားစွဲရန် အသုံးပြုခဲ့ကြသည်။ အချို့လူသိများသော အမှုများတွင် စင်ကာပူ၏ ဝန်ကြီးချုပ် လီကွမ်ယူက Far Eastern Economic Review နှင့် International Herald Tribune တို့ကဲ့သို့ နိုင်ငံတကာမီဒီယာများကိုတရားစွဲခဲ့ခြင်းလည်း ပါဝင်သည်။ အမှုနှစ်ခုစလုံးတွင် လီကွမ်ယူက အနိုင်ရခဲ့သည်။ ထိုနည်းတူပင် ထိုင်းနိုင်ငံဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်သည်လည်း လူ့အခွင့်အရေးစောင့်ရှောက်သူများကို တရားစွဲခဲ့ဖူးသည်။ အခြားသောစွပ်စွဲချက်များနှင့်အတူ အဂတိလိုက်စားသည်ဟူသော ဝေဖန်ချက်ကို သက်ဆင်ရှင်နာဝပ်က မကျေနပ်၍ဖြစ်သည်။ ယေဘုယျအားဖြင့် အသရေဖျက်မှု၊ သူတစ်ထူးအကျိုးယုတ်စေရန် မီဒီယာမှရေးသား တင်ပြမှုနှင့် မမှန်စကားဖြင့် သိက္ခာကျစေမှုတို့အား တရားစွဲခြင်းမှာ ယခုအခါစီးပွားရေးလုပ်ငန်းကြီးများက မီဒီယာကို နှုတ်ပိတ်ရန်အတွက်သုံးသော လက်နက်များ ဖြစ်လာကြသည်။ ထိုကဲ့သို့သော အမှုမျိုးမှာလည်း တရားမနိုင်ပါက လျော်ကြေးငွေမြောက်မြားစွာ ပေးလျော်ရလေ့ရှိရာ မီဒီယာအဖွဲ့အစည်းတစ်ခုအဖို့ မွဲဆေးဖော်သကဲ့သို့သာ ဖြစ်သွားရတော့သည်။ ပြည်သူတို့က စီးပွားရေးလုပ်ငန်းများ၏ ဝန်ဆောင်မှုများ၊ လုပ်ဆောင်ချက်များနှင့်ပတ်သက်ပြီး မိမိအမြင်ကို ထုတ်ဖော်ပြောဆိုခွင့်အား ပိတ်ပင်နိုင်သောကြောင့် ထိုသို့အသရေဖျက်မှုဖြင့် ကုမ္ပဏီများက တရားစွဲခြင်းမှာ စိုးရိမ်စရာကောင်းသည်။ ပြည်သူများအနေဖြင့် မိမိအမြင်ကိုပင် ထုတ်ပြောခွင့်မရှိအောင် ပိတ်ပင်ထားသကဲ့သို့ဖြစ်ခြင်းမှာ စားသုံးသူအခွင့်အရေးကို ချိုးဖောက်ခြင်းသာဖြစ်သည်။ ယခုအခန်း၏နောက်ဆုံးအပိုင်းတွင် မီဒီယာနှင့် လူ့အခွင့်အရေးတို့ မည်သို့ဆက်စပ်နေကြသည်ကို ဆွေးနွေးသွားပါမည်။

သဘောတရားရေးရာ ရှင်းလင်းချက်

အသရေဖျက်မှု၊ သူတစ်ထူးအကျိုးယုတ်စေရန် မီဒီယာမှရေးသားတင်ပြမှုနှင့် မမှန်စကားဖြင့်သိက္ခာကျစေမှု

သူတစ်ပါး၏ နာမည်ပျက်အောင် လီဆယ်ပြီးပြောဆိုတင်ပြခြင်းကို အသရေဖျက်ခြင်းဟု ခေါ်သည်။ အရေးကြီးသည်မှာ လူတိုင်းတွင် မိမိ၏ဂုဏ်သိက္ခာနှင့် နာမည်ကို မမှန်စကားဖြင့် မထိပါးနှိုင်အောင် အကာအကွယ်ရယူခွင့်ရှိရမည်။ ထိုအခွင့်အရေးမှာ UDHR အပိုဒ် ၁၂ နှင့် ICCPR အပိုဒ် ၁၇ ပါ ပြဋ္ဌာန်းချက်များအရ ခံစားပိုင်ခွင့်ရှိသော လူ့အခွင့်အရေးဖြစ်သည်။ အချို့နေရာများတွင်မူ နှုတ်ထွက်စကားဖြင့် အသရေဖျက်ခြင်းကို slander ဟုခေါ်ပြီး စာဖြင့်ရေးသားခြင်းကို libel ဟုခေါ်သည်။

၁၅.၆ လူ့အခွင့်အရေးနှင့် မီဒီယာ

လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်၏ အခြေခံအုတ်မြစ်တစ်ခုမှာ စာပေလွတ်လပ်ခွင့် ယေဘုယျအားဖြင့် သိထားကြသော မီဒီယာလွတ်လပ်ခွင့်ပင်ဖြစ်သည်။ ယခုရည်ညွှန်းလိုသော လွတ်လပ်ခွင့်မှာ UDHR နှင့် ICCPR အပိုဒ် ၁၉ ပါ လူတစ်ဦးချင်းစီ၏ ထုတ်ဖော်ပြောဆိုခွင့်အား အကာအကွယ်ပေးသောလူ့အခွင့်အရေးနှင့်ကွာခြားသည်။ မီဒီယာဟုဆိုရာတွင် ဥပမာ - မဂ္ဂဇင်း၊ ဝက်ဘ်ဆိုက်တို့အား ရည်ညွှန်းပြီး လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ဆိုလိုသည်မဟုတ်ပါ။ သို့ရာတွင် ထိုဖော်ပြပါ လူ့အခွင့်အရေးနှစ်မျိုးစလုံးမှာ တစ်ခုကိုတစ်ခု အပြန်အလှန် အားဖြည့်ပေးနေကြသည်။ လွတ်လပ်သော မီဒီယာမှာ လူ့အခွင့်အရေးကို ကိုင်စွဲသော လူ့အဖွဲ့အစည်းဖြစ်ရန်အတွက် လိုအပ်သည်။ မီဒီယာလွတ်လပ်ခွင့်ကို ချိုးဖောက်သောအခါ ဂျာနယ်လစ်များ၊ ဘလော့ဂါများ၊ စာဖတ်သူများနှင့်တကွ အခြားသူများ၏လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းများနှင့် ဆက်စပ်နေမည်မှာ မုချဖြစ်၏။ မီဒီယာလွတ်လပ်ခွင့်သည် ဂျာနယ်လစ်နှင့် မီဒီယာတိုက်ပိုင်ရှင်တို့၏ လူ့အခွင့်အရေးနှင့် လည်းပတ်သက်နေပြီး ခိုင်လုံသောသတင်းအချက်အလက်များ ရပိုင်ခွင့်ရှိသော အများပြည်သူ၏ အခွင့်အရေးအပေါ်တွင်လည်း သက်ရောက်မှုရှိသည်။ ကုလသမဂ္ဂတွင် လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း အခက်အခဲများစွာကြုံခဲ့ရသော စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် မီဒီယာဆိုင်ရာ လူ့အခွင့်အရေးများကို ရရှိအောင်ကြိုးပမ်းမှုများမှာ အငြင်းပွားစရာများ ပါဝင်နေသည်ဟု ယူဆခဲ့ကြသည်။ နိုင်ငံအများစုသည် မီဒီယာကို ကန့်သတ်နိုင်ရန် မိမိတို့ပါဝါကို ထိန်းထားလိုကြသည်။ သို့ဖြစ်ရာ သဘောတူညီချက်များနှင့် စာချုပ်များပေါ်ပေါက်လာအောင် ကြိုးစားခြင်း၏ ရလဒ်မှာ အရာမထင်ခဲ့ရာ ဥပဒေကဲ့သို့ အာဏာတည်သည့် စာချုပ်များအဖြစ်သို့ မရောက်ခဲ့ရပေ။ သို့တိုင်အောင် မီဒီယာလွတ်လပ်ခွင့်မှာ ကောင်းစွာလည်ပတ်နေသော ဒီမိုကရေစီစနစ်တစ်ရပ်၏ အသက်သွေးကြောဖြစ်သည်ဟု ယူဆကြပါသည်။

အာဏာရှင်များ၊ အလုပ်မဖြစ်သော ဒီမိုကရေစီများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများရှိလျှင် အပြင်းထန်ဆုံးတုံ့ပြန်တတ်သည်မှာ မီဒီယာဖြစ်၏။ မီဒီယာလွတ်လပ်ခွင့်မှာ လစ်ဘရယ်ဒီမိုကရေစီ ဖွံ့ဖြိုးလာရေးအတွက် လွန်စွာအရေးကြီးသည်။ လူမှုအဖွဲ့အစည်းတစ်ခုအနေဖြင့် မီဒီယာသည် ပြည်သူကိုသတင်းပေးခြင်း၊ ပြည်သူလူထု၏အမြင်ကို ပုံသွင်းခြင်း၊ အစိုးရက အာဏာကို အလွဲသုံးခြင်းရှိမရှိ စောင့်ကြည့်အကဲခတ်နေခြင်း အစရှိသည့်လုပ်ငန်းများကို ဆောင်ရွက်နေဦးမည်ပင်။ တစ်ခါတစ်ရံတွင် မီဒီယာကို စတုတ္ထမဏ္ဍိုင်ဟုခေါ်ကြသည်။ မီဒီယာက လုပ်သင့်သည်မှာ နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်ကြီးသုံးရပ်ကို စောင့်ကြည့်နေရမည်။ မီဒီယာသည် စီးပွားရေး၊ ဖွံ့ဖြိုးရေးနှင့် နိုင်ငံရေးအပြောင်းအလဲများအား ပြည်သူကြား၌ မည်သို့ရှုမြင်နေကြသည်များကိုလည်း အများသိအောင် တင်ပြပေးကြရမည်။ မီဒီယာ၏ ထိုလုပ်ငန်းများ အားလုံးဆောင်ရွက်နေပုံသည် နိုင်ငံတစ်နိုင်ငံတွင် လူ့အခွင့်အရေးမည်မျှရှိသည်ဆိုသည့်အချက်နှင့် တိုက်ရိုက်ဆက်စပ်နေသည်။ မီဒီယာက လူ့အဖွဲ့အစည်းအကြောင်းကို ပို၍ထိရောက်စွာ တင်ပြနိုင်လေလေ၊ လူ့အခွင့်အရေးစံချိန်များကို တိုးတက်လာအောင်လုပ်ရန် အခွင့်အရေး ပိုရလေလေဖြစ်သည်။

ထိုလွတ်လပ်ခွင့်မှာ ခေတ်နှင့်အညီအပြေးလိုက်ရသော လူ့အခွင့်အရေးလည်းဖြစ်သည်။

ဒစ်ဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးလာခြင်း၊ လူမှုကွန်ရက်မီဒီယာများ ထွန်းကားလာခြင်းနှင့် လက်ကိုင်ဖုန်းများ၏ နည်းပညာကို လူအများ ကျယ်ပြန့်စွာသုံးစွဲလာနိုင်ခြင်း အစရှိသည့် မီဒီယာလောကတွင် ကြီးမားသောအပြောင်းအလဲကြီးများ ဖြစ်ပေါ်နေသောကြောင့်ပင်ဖြစ်သည်။ ယနေ့အခါ လူတိုင်းသည် သတင်းအချက်အလက်များကို ဝက်ဘ်ဆိုက်ပေါ် တင်နိုင်သည်။ မီဒီယာလွတ်လပ်ခွင့်မှာ ဂျာနယ်လစ်များနှင့် မီဒီယာတိုက်ပိုင်ရှင်များအတွက်သာ မဟုတ်ပေ။ လူတိုင်းနှင့် သက်ဆိုင်သလို ဖြစ်လာသည်။ မီဒီယာပုံစံသစ်များတွင် ဖြစ်ပေါ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများ သတင်းအချက်အလက် လွတ်လပ်ခွင့်ဥပဒေနှင့် ထိုဥပဒေများက ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းအတွက် အဘယ်မျှအရေးကြီးကြောင်းကို မဖော်ပြမီ အောက်ဖော်ပြပါအပိုင်းတွင် အရှေ့တောင်အာရှရှိ မီဒီယာလွတ်လပ်ခွင့်သမိုင်းနှင့် ဆင်ဆာစနစ်များအကြောင်းကို ဖော်ပြသွားမည်ဖြစ်သည်။

၁၅.၆.၁ အရှေ့တောင်အာရှရှိ သမားရိုးကျ မီဒီယာ

သမားရိုးကျမီဒီယာတွင် လူ့အဖွဲ့အစည်းအတွက် အရေးကြီးသောတာဝန်များကို ထမ်းဆောင်နေကြသည့် သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့ ပါဝင်ကြသည်။ အများပြည်သူအတွက် မီဒီယာများသည် သတင်းအချက်အလက်များကိုဖြန့်ချိရန်နှင့် အစိုးရကို စောင့်ကြည့်အကဲဖြတ်ရန် အထူးထိရောက်သည်။ သို့ရာတွင် အင်တာနက်ပေါ်လာသောအခါ လူမှုကွန်ရက်မီဒီယာနှင့် စမတ်ဖုန်းများ ခေတ်စားလာသည်နှင့်အတူ သမားရိုးကျမီဒီယာတို့၏ အချို့အခန်းကဏ္ဍများ မှိန်လာကြ၏။ သို့ရာတွင် သမားရိုးကျမီဒီယာများ၏အရေးပါမှုမှာ ဆက်လက်တည်ရှိနေဦးမည်ဖြစ်သည်။ အထူးသဖြင့် အရှေ့တောင်အာရှတွင် အစိုးရ၏လုပ်ငန်းတာဝန်များအားစောင့်ကြည့်သည့် အရေးကြီးသည့်အလုပ်ကို မီဒီယာများက ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံပေါင်းများစွာတွင် ပထမဆုံးထွက်ပေါ်လာသော မီဒီယာအမျိုးအစားမှာ သတင်းစာများဖြစ်ကြပြီး မူလတွင် သင်္ဘောကုန်တင်ကုန်ချသတင်းများနှင့် အခြားစီးပွားရေးသတင်းများဖြင့် စတင်လေ့ရှိကြပြီး နိုင်ငံရေးတွင် ပါဝင်ပတ်သက်မည်ဟူသော ရည်မှန်းချက်ဖြင့် မဟုတ်ကြပါ။ ဥပမာ - Straits Times သတင်းစာကြီးသည် ပင်လယ်ရေလက်ကြားထဲသို့ သင်္ဘောများ မည်သည့်အချိန်ဝင်ရောက်လာမည်ကိုသိရှိရန် ထုတ်ဝေခဲ့သောသတင်းစာဖြစ်သည်။ သို့ရာတွင် အချို့သောမီဒီယာများမှာ နိုင်ငံရေးသတင်းစာလုံးလုံးဖြစ်ခဲ့ကြပြီး နိုင်ငံ၏လွတ်လပ်ရေးတိုက်ပွဲတွင် ပါဝင်ခဲ့ကြသည်။ ဥပမာ - အင်ဒိုနီးရှားနိုင်ငံသတင်းစာများနှင့် ရေဒီယိုတို့သည် လွတ်လပ်ရေးတိုက်ပွဲဝင်မီဒီယာများဖြစ်ခဲ့ကြပြီး အချို့မီဒီယာများကမူ နိုင်ငံရေးကိစ္စတွင် ပါဝင်ငြင်းခုံခြင်း မရှိခဲ့ကြပေ။ မီဒီယာ၏ဖွံ့ဖြိုးရေးသည် နိုင်ငံဖွံ့ဖြိုးရေး၏ အရေးကြီးသောအစိတ်အပိုင်းတစ်ရပ်ဟု ယူဆထားကြရာ UN နှင့် UNESCO တို့အနေဖြင့် မီဒီယာဖွံ့ဖြိုးရေးတွင် အကူအညီပေးရေးအစီအစဉ်များ ဆောင်ရွက်ခဲ့ကြသည်။ တိုင်းပြည်တစ်ခုတွင် အမျိုးသားမီဒီယာ၏ အားကောင်းမောင်းသန်ဖြစ်ရေး အရေးကြီးပုံကို ယုံကြည်ထားသောကြောင့်လည်း ထိုသို့ကူညီထောက်ပံ့ရခြင်းဖြစ်သည်။ ၁၉၈၀ ကျော်နှင့် ၁၉၉၀ ကျော်ကာလများတွင် မီဒီယာကိုလိုနီနယ်ချဲ့များရှိလာမည့်အရေးကို တွေးပူခဲ့ကြသည်။ အနောက်မီဒီယာများ၏အင်အားက ကမ္ဘာအရပ်ရပ်ရှိ ပြည်သူများ၏အမြင်နှင့် တန်ဖိုးထားပုံများအပေါ် လွှမ်းမိုးချုပ်ကိုင်သွားနိုင်တော့မည်ကို စိုးရိမ်ခဲ့ကြခြင်းဖြစ်သည်။ သို့ဖြစ်ရာ အမျိုးသားမီဒီယာများထွန်းကားရေးနှင့် အမျိုးသားမီဒီယာအစီအစဉ်များကိုကြည့်ရှုသူများ ရရှိစေနိုင်ရေးဆီသို့

ထိုကာလများတွင် ဦးတည်ခဲ့ကြသည်။ ထိုအချိန်က နိုင်ငံခြားယဉ်ကျေးမှုတန်ဖိုးများ - အထူးသဖြင့် လိင်မှုဆိုင်ရာအယူအဆများနှင့် တစ်ကိုယ်ရေ တစ်ကာယ တသီးတခြားဆန်သော ဓလေ့များကို ခြိမ်းခြောက်မှုဟု ယူဆခဲ့ကြသည်။ အစိုးရများသည် တိုင်းပြည်တွင် အမေရိကန်ရုပ်သံကြည့် ပရိသတ်များတိုးလာသဖြင့် အမေရိကန်ရုပ်ရှင်များထဲတွင် လူတိုင်းကားအကောင်းစားများ၊ အိမ် အကောင်းစားများပိုင်ဆိုင်နေကြသည်ကို ပြသသောကြောင့် မိမိတို့ပြည်သူများအားကျပြီး စားသုံးသူ ပဓာနဝါဒများ မြင့်တက်လာခြင်းဖြစ်လာမည်ကို အစိုးရိမ်ကြီးခဲ့ကြသည်။ မိဘများကမူ သားသမီး များ အနောက်တိုင်းဂီတအားနားထောင်ခြင်းကို အားမပေးခဲ့ကြပါ။ ထိုအရာများထက် အစိုးရက ပို၍စိုးရိမ်သည်မှာ နိုင်ငံခြားမီဒီယာများမှ နိုင်ငံရေးသတင်းများက ပြည်သူများအပေါ် သြဇာ ညောင်းသွားပြီး မိမိတို့၏အစိုးရများအပေါ် သပိတ်မှောက်ခြင်း၊ ဒီမိုကရေစီကို ပို၍တောင်းဆို ခြင်းများ ရှိလာမည်ကိုပင် ဖြစ်သည်။ မြန်မာ၊ ဗီယက်နမ်နှင့် စင်ကာပူတို့ကဲ့သို့သော နိုင်ငံများတွင် နိုင်ငံခြားမီဒီယာများကို တင်းကျပ်စွာ ထိန်းချုပ်ခဲ့ခြင်းဖြင့် တုံ့ပြန်ခဲ့ကြသည်။ ဤသို့ နိုင်ငံခြား မီဒီယာကို ဆက်ဆံသည်မှာ အရှေ့တောင်အာရှနိုင်ငံများ ချည်းသက်သက်မဟုတ်ပါ။ ထိုအချိန်က ကမ္ဘာပေါ်ရှိ နိုင်ငံအများစုမှာ တက်ကြွစွာပင် ဆင်ဆာဖြတ်လေ့ရှိသော နိုင်ငံများဖြစ်နေခဲ့ခြင်း ကြောင့်ပင်ဖြစ်သည်။ လွတ်လပ်ရေးရပြီးသောအခါတွင် အရှေ့တောင်အာရှမှ သမားရိုးကျ မီဒီယာ များသည် အစိုးရပိုင် သို့မဟုတ် အာဏာရပါတီနှင့် တစ်ဖက်တည်းတွင် ရပ်သူများဖြစ်လာကြသည်။ စင်ကာပူ၊ မလေးရှား၊ လာအို၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတို့မှ နာမည်ကျော်သတင်းစာကြီးများနှင့် ရုပ်သံလိုင်းများသည် မိမိတို့အစိုးရကို လိုလားသူများဖြစ်လာကြသည်။ အတိုက်အခံ သို့မဟုတ် ဝေဖန်တတ်သော မီဒီယာများသည် နေရာမရခြင်း၊ ပိတ်ပြစ်ခံရခြင်း၊ တိုင်းပြည်ပြင်ပသို့ ရောက်သွား အောင် မောင်းထုတ်ခံရခြင်းများ ကြုံတွေ့ကြရသည်။ သမားရိုးကျ မီဒီယာများကမူ အစိုးရကို စောင့်ကြည့်အကဲခတ်သည့်နေရာတွင် အားကိုးရလောက်သူများမဖြစ်ခဲ့ကြပေ။အကြောင်းရင်းကို ရှေ့တွင် ဆက်လက်ဖော်ပြသွားပါမည်။ ဇယား ၁၅.၂ တွင် ဖော်ပြထားသည့်အတိုင်း အရှေ့တောင် အာရှ၏ မီဒီယာလွတ်လပ်ခွင့်မှာ သမိုင်းကြောင်းမကောင်းလှပေ။ မည်သည့်နိုင်ငံကမျှ မီဒီယာ များကို အပြည့်အဝလွတ်လပ်ခွင့်ပေးသည်ဟူ၍မရှိဘဲ လွတ်လပ်ခွင့်အမြင့်ဆုံးဟု ဒေသတွင်း၌ သတ်မှတ်ခံရသော နိုင်ငံများပင်လျှင် နိုင်ငံတကာနှင့်ယှဉ်ပြီး အဆင့်အတန်းသတ်မှတ်သောအခါ အောက်ခြေသို့ဆင်းရသည်သာ ဖြစ်သည်။

ဇယား ၁၅.၃ မီဒီယာလွတ်လပ်ခွင့်အဆင့်အတန်းသတ်မှတ်ခြင်း

နယ်စည်းမခြား သတင်းထောက်များအဖွဲ့မှ ပြုစုသော မီဒီယာလွတ်လပ်ခွင့် အဆင့်အတန်း (နိုင်ငံပေါင်း ၁၈၀ ပါဝင်) *	Freedom House အဖွဲ့မှပြုစုသော မီဒီယာလွတ်လပ်ခွင့် အဆင့်အတန်း (နိုင်ငံပေါင်း ၁၀၀ ပါဝင်) **
၉၉။ အရှေ့တီမော	၃၅။ အရှေ့တီမော (တစိတ်တပိုင်းလွတ်လပ်)
၁၂၈။ ကမ္ဘောဒီးယား	၄၄။ ဖိလစ်ပိုင် (တစိတ်တပိုင်းလွတ်လပ်)
၁၃၀။ အင်ဒိုနီးရှား	၄၉။ အင်ဒိုနီးရှား (တစိတ်တပိုင်းလွတ်လပ်)
၁၃၆။ ထိုင်း	၆၇။ မလေးရှား (မလွတ်လပ်ပါ)
၁၃၈။ ဖိလစ်ပိုင်	၆၇။ စင်ကာပူ (မလွတ်လပ်ပါ)

နယ်စည်းမခြား သတင်းထောက်များအဖွဲ့မှ ပြုစုသော မီဒီယာလွတ်လပ်ခွင့် အဆင့်အတန်း (နိုင်ငံပေါင်း ၁၈၀ ပါဝင်) *	Freedom House အဖွဲ့မှပြုစုသော မီဒီယာလွတ်လပ်ခွင့် အဆင့်အတန်း (နိုင်ငံပေါင်း ၁၀၀ ပါဝင်) **
၁၄၃။ မြန်မာ	၆၉။ ကမ္ဘောဒီးယား (မလွတ်လပ်ပါ)
၁၄၆။ မလေးရှား	၇၃။ မြန်မာ (မလွတ်လပ်ပါ)
၁၅၄။ စင်ကာပူ	၇၆။ ဘရူနိုင်း (မလွတ်လပ်ပါ)
၁၅၅။ ဘရူနိုင်း	၇၇။ ထိုင်း (မလွတ်လပ်ပါ)
၁၇၃။ လာအို	၇၇။ လာအို (မလွတ်လပ်ပါ)
၁၇၅။ ဗီယက်နမ်	၈၅။ ဗီယက်နမ် (မလွတ်လပ်ပါ)

* နယ်စည်းမခြားသတင်းထောက်များအဖွဲ့မှပြုစုသော မီဒီယာလွတ်လပ်ခွင့်အဆင့်အတန်း ထုတ်ပြန်ချက်က ဂျာနယ်လစ်များနှင့် အွန်လိုင်းမီဒီယာများရရှိသည့် လွတ်လပ်စွာရေးသားတင်ပြခွင့်ကို အခြေခံလေ့လာသည်။ နှစ်စဉ် စာနယ်ဇင်းလွတ်လပ်မှုဆိုင်ရာ မေးခွန်းများကို ကျွမ်းကျင်သူများထံ ပေးပို့မေးမြန်းသည်။

** Freedom House အဖွဲ့မှပြုစုသော မီဒီယာလွတ်လပ်ခွင့် အဆင့်အတန်းထုတ်ပြန်ချက်က ပါဝင်သော နိုင်ငံများအကြောင်းကို ဥပဒေရေးရာများမှသည် နိုင်ငံသားအခွင့်အရေးအထိ ပါဝင်သော ညွှန်းကိန်းများအပေါ် အခြေခံကာ သုံးသပ်ပြီး ထုတ်ပြန်သောအစီရင်ခံစာဖြစ်သည်။ နိုင်ငံများကိုတန်းစီ အမှတ်ပေးရာတွင် (၀-လုံး၀လွတ်လပ်သည်) ဟူသော အဆင့်မှာ ၁၀၀ (လုံး၀ မလွတ်လပ်ပါ)ဟူသော အဆင့်အထိ သတ်မှတ်ထားသည်။ အမှတ်အလိုက်အုပ်စုသုံးခုခွဲထားရာ (၀-၃၀)အတွင်း ရရှိသူများကို (လွတ်လပ်သည်)၊ (၃၁-၆၀) ကို (တစ်စိတ်တစ်ပိုင်းလွတ်လပ်) နှင့် (၆၁-၁၀၀)ကို (မလွတ်လပ်ပါ)ဟု သတ်မှတ်ထားသည်။

၁၅.၆.၂ အရှေ့တောင်အာရှရှိ သမားရိုးကျ မီဒီယာများ ဆင်ဆာဖြတ်ခံရခြင်း

အရှေ့တောင်အာရှတွင် အစိုးရအားမျက်နှာလိုမျက်နှာရ သတင်းစာများကို အတွေ့ရများခြင်းမှာ အကြောင်းရင်းသုံးခုရှိနိုင်သည်။ နံပါတ်တစ် - ရှေးရှေးကပင် အရှေ့တောင်အာရှ၏ မီဒီယာများစွာမှာ ပြည်သူပိုင်ဖြစ်ခဲ့ကြဖူးသည်။ လွပ်လပ်ရေးရပြီးသောအခါတွင်လည်း ရုပ်မြင်သံကြားထုတ်လွှင့်ရေးစခန်းများကို တည်ထောင်ခဲ့သူများဖြစ်ခဲ့ကြပြီး ပြည်သူပိုင်မဟုတ်သော ရုပ်သံများကို အကန့်အသတ်ဖြင့်သာခွင့်ပြုခြင်း သို့မဟုတ် လုံး၀ပိတ်ပင်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ မကြာသေးခင် ဆယ်စုနှစ်များသို့ရောက်မှသာ ပုဂ္ဂလိကပိုင် ရုပ်သံမီဒီယာများကို ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ နံပါတ်နှစ် သတင်းစာများစွာသည် လွတ်လပ်ရေးရပြီးနောက်နိုင်ငံများကို ကိုယ့်မင်းကိုယ့်ချင်း ပြန်မတည်ရသေးခင်အချိန်ထက်စောပြီး တည်ထောင်ခဲ့သော်လည်း လွတ်လပ်ပြီးခေတ်အစိုးရကိုဝေဖန်ပါက ပြင်းထန်သော အပြစ်ဒဏ်များရရှိခဲ့ကြသည်။ အချို့မှာ အတင်းအကျပ်အပိတ်ခံခဲ့ကြသည်အထိဖြစ်သည်။ နည်းပညာမှာလည်း ထိုအချိန်က အကန့်အသတ်ရှိသောကြောင့် မီဒီယာများတွင် တယ်လီဗေးရှင်း၊ ရေဒီယို၊ သတင်းစာ၊ မဂ္ဂဇင်းနှင့် စာအုပ်များအပါအဝင် ပုံနှိပ်

မီဒီယာများသာရှိခဲ့သည်။ ပို၍ဆင်းရဲနွမ်းပါးသော လူတန်းစားများအတွက်မူ ပုံနှိပ်မီဒီယာသာ ဖြစ်ပြီး ရေဒီယိုကို အတိုင်းအတာတစ်ခုအထိသာ သုံးနိုင်ကြသည်။ ရေဒီယိုနှင့်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးစခန်းများမှာလည်း မြို့ပြတွင်သာရှိရာ ၁၉၇၀ ကျော်ကာလများအထိ အရှေ့တောင်အာရှရှိ နေရာအတော်များများမှာ လျှပ်စစ်မီးမရရှိခဲ့ကြသောကြောင့် ကျေးလက်ပြည်သူတို့အတွက် ထိုမီဒီယာများကို လက်လှမ်းမီရန် ခက်ခဲခဲ့သည်။ အစိုးရမှလွဲ၍အခြားသူများထံတွင်လည်း ရုပ်သံလွှင့်ဌာနများကို တည်ထောင်နိုင်သည့်အရင်းအနှီးမရှိပေ။

အရှေ့တောင်အာရှ မီဒီယာများ၏ လွတ်လပ်ခွင့်မှာ အများအားဖြင့် ဆင်ဆာကြောင့် အကန့်အသတ်ခံခဲ့ရသည်။ အရှေ့တောင်အာရှနိုင်ငံအားလုံးတွင် မီဒီယာဆင်ဆာဥပဒေများ ရှိကြသည်။ ထိုဥပဒေများအရ သတင်းစာများ၏ အပြစ်ရှိနိုင်သောလုပ်ရပ်ကို ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုထားရာ အစိုးရကိုဆန့်ကျင်သော မည်သည့်အမြင်မျိုးကိုမဆို ဒဏ်ငွေတပ်နိုင်အောင် ထိရောက်သည်ချည်းဖြစ်သည်။ ဥပမာ - အထက်တွင်ဖော်ပြခဲ့သည့်မလေးရှားနိုင်ငံမှ အစိုးရကို အကြည်ညိုပျက်စေမှုဥပဒေ၊ ဗီယက်နမ်ရှိ ပုဒ်မ ၈၈ တို့မှာ အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ် ကိုင်တွယ်သည့်ဥပဒေများဖြစ်ကြသည်။ မြန်မာနိုင်ငံတွင်မူ မီဒီယာထိန်းချုပ်မှုမှာပို၍ပင် တင်းကျပ်ခဲ့သေးသည်။ ယခင်က မြန်မာစာနယ်ဇင်းများမှာ ပုံနှိပ်ဖြန့်ချိခြင်းမပြုမီ ဆင်ဆာဘုတ်ထံသို့ အစစ်ဆေးခံခဲ့ကြရပြီး ဆင်ဆာဘုတ်ကခွင့်ပြုမှသာ ထုတ်ဝေခွင့်ကိုရသည်။ ထိုသို့ဆင်ဆာကို ဖြတ်သန်းရပြီး ဘုတ်အဖွဲ့ကစစ်ဆေးရန် ရက်အနည်းငယ်အချိန်ယူသောကြောင့် နေ့စဉ်သတင်းစာများကို ထုတ်ဝေရန်မဖြစ်နိုင်ခဲ့ပါ။ ထို့ကြောင့် သတင်းစာများသည် ဂျာနယ်အသွင်ဖြင့် တစ်ပတ်လျှင် တစ်ကြိမ်ထုတ်များသာဖြစ်ခဲ့ကြသည်။ ထိုကဲ့သို့သော ဆင်ဆာစနစ် လက်အောက်တွင် မည်သည့် သတင်းအချက်အလက်မဆို ဖြတ်တောက်ခံရနိုင်သည်။ ဥပမာ - ဟယ်လာရီကလင်တန်နှင့် ကွန်ဒိုလီဇာရိုက်စ်တို့၏ သတင်းများမှာ မကြာခဏ ဆင်ဆာအဖြတ်ခံရလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုသတင်းများမှာ အင်အားကြီးသော၊ အရှိန်အဝါရှိသော အမျိုးသမီးများအဖြစ် ရေးသားကြလေ့ရှိရာ မြန်မာအတိုက်အခံခေါင်းဆောင်ဖြစ်ခဲ့သော ဒေါ်အောင်ဆန်းစုကြည်ကို သွယ်ဝိုက်ထောက်ခံခြင်းဖြစ်သည်ဟု ယူဆသောကြောင့်ဖြစ်သည်။

ဤဒေသတွင်း၌ ဂျာနယ်လစ်များစွာသည် မိမိအယူအဆကို ထုတ်ဖော်တင်ပြမိသဖြင့် အကျဉ်းကျခဲ့ဖူးကြသည်။ ၂၀၁၅ ခုနှစ် ကမ္ဘာတစ်လွှား၌ ဂျာနယ်လစ် ၂၀၀ ခန့် ထောင်ထဲတွင် ရှိနေခဲ့ရာ ၎င်းတို့အနက် ၁၁ ဦးမှာ အရှေ့တောင်အာရှ (မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်း)မှ ဖြစ်ကြသည်။ တစ်နည်းအားဖြင့် ဆင်ဆာစနစ်က ထိရောက်ခဲ့သည်မှာ အချို့ဂျာနယ်လစ်များအနေနှင့် ဘဝနှင့်ရင်းကာ မိမိတို့အလုပ်ပြုတ်ခံလျက် အစိုးရကိုဆန့်ကျင်သော နိုင်ငံရေးအရအကဲဆတ်သော ကိစ္စများကို ဝင်မပါလိုကြတော့ခြင်းကြောင့်လည်း ဖြစ်သည်။ မိမိတို့ရေးသားသောသတင်းကြောင့် မိမိနှင့်တကွ သတင်းစာတိုက်အပေါ်တွင်ပါ ဆိုးရွားသော အကျိုးဆက်များ ဖြစ်လာနိုင်ခြေကြောင့်လည်း ဖြစ်သည်။ အစိုးရသည် သတင်းတစ်ပုဒ်ကို ပုံနှိပ်ဖြန့်ချိပြီးသည့်အဆင့်တွင်ပင် လိုက်လံအပြစ်ပေးနိုင်သေးသည်။ ထိုအခါ စာရေးသူတို့မှာ ဒဏ်ငွေပေးရခြင်း၊ ထောင်ဒဏ်ကျခံရခြင်းတို့ ခံစားရသည်။ ထိုအခြေအနေတွင် စာများကို ရေးသားထုတ်ဝေခြင်းမပြုမီ မိမိဘာသာ စိတ်ထဲတွင်ပင် ဆင်ဆာဖြတ်ချလိုက်တော့သည်။ ထိုသို့ မိမိကိုယ်တိုင်ဆင်ဆာဖြတ်ခြင်းအား ဤဒေသတစ်ခုလုံး၏ မီဒီယာများတွင် တွေ့ရသည်။

မိမိကိုယ်တိုင် ဆင်ဆာဖြတ်ခြင်း

ဂျာနယ်လစ်တစ်ဦးသည် အစိုးရက မကြည်ဖြူသဖြင့် မိမိနှင့်လုပ်ငန်းခွင်အား ဖိအားပေးလာမည်ကို ကြောက်ရွံ့သဖြင့် မိမိရေးသားထားသည်များကို မိမိကိုယ်တိုင်ဆင်ဆာဖြတ်ရန် ရွေးချယ်လိုက်ခြင်းကို ခေါ်သည်။

မီဒီယာ လွတ်လပ်ခွင့်မှာ ခြိမ်းခြောက်ခံရခြင်း၊ ကြိမ်းမောင်း၍လန့်ဖျပ်အောင် အလုပ်ခံရခြင်းတို့ကြောင့် အကန့်အသတ်ရှိနိုင်သည်။ အချို့နိုင်ငံများတွင် ဂျာနယ်လစ်ဖြစ်ရခြင်းကပင် အန္တရာယ်များလှသောအလုပ်ဖြစ်သည်။ မီဒီယာသမားတိုင်း သေဆုံးရသည့်ကိစ္စအားလုံးမှာ ခြိမ်းခြောက်ထိပါးခံရခြင်းများကြောင့်မဟုတ်သော်လည်း သေဆုံးသူများစွာမှာ လာဘ်ပေးလာဘ်ယူမှုများနှင့် အစိုးရ၏အာဏာအလွဲသုံးမှုများကိုရေးသားသော ဂျာနယ်လစ်များဖြစ်နေကြသည်။ တစ်ခါတစ်ရံတွင် ခြိမ်းခြောက်ထိပါးခြင်းများသည် အစိုးရတပ်မဟုတ်သော လက်နက်ကိုင်အဖွဲ့များနှင့် ပုဂ္ဂလိက လုံခြုံရေးတပ်များထံမှ ဖြစ်နေကြသည်။ ထို့ပြင် ဂျာနယ်လစ်များမှာ လက်နက်ကိုင်ပဋိပက္ခထဲတွင် သတင်းယူနေရင်း အသတ်ခံရခြင်းဖြစ်သည်။ အရှေ့တောင်အာရှတွင် ဖိလစ်ပိုင်မှာ သတင်းထောက်များအတွက် အန္တရာယ်အများဆုံးနိုင်ငံတစ်ခုအဖြစ် သတ်မှတ်ခံရသည်။ ၂၀၁၅ ခုနှစ်တွင် ဖိလစ်ပိုင်၌ ခုနှစ်ဦးသေဆုံးခဲ့ပြီး မာဂွင်ဒါနို အစုလိုက်အပြုံလိုက်လူသတ်မှုတွင် ဂျာနယ်လစ် ၃၄ ဦး အသတ်ခံခဲ့ရသည်။ ကမ္ဘာပေါ်တွင် ဂျာနယ်လစ်အများဆုံးတစ်နေရာတည်း အစုံလိုက်အပြုံလိုက် အသတ်ခံရသောအမှုဖြစ်ခဲ့သည်။ ထိုသို့ခြိမ်းခြောက်ရန်ပြုခြင်းများကြောင့် အဂတိလိုက်စားမှုများနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မီဒီယာများကို မတို့ရဲအောင် တားမြစ်သကဲ့သို့ဖြစ်ရာ ဤအခြေအနေမှာ ဒီမိုကရေစီအသွင်းကူးပြောင်းမှုကို အဟန့်အတားဖြစ်စေသည်။

သာဓက

မာဂွင်ဒါနို အစုလိုက်အပြုံလိုက်လူသတ်မှု

၂၀၀၉ ခုနှစ်တွင် အမ်ပါတွမ်ဟု အမည်တွင်သော ဖိလစ်ပိုင်မှ မြို့ကလေးတစ်မြို့တွင် မြို့တော်ဝန်ရွေးကောက်ပွဲကျင်းပရန် စီစဉ်နေသောကာလ၌ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်သူတစ်ဦးက ဂျာနယ်လစ်များနှင့် ၎င်းအားထောက်ခံသူများအား ရွေးကောက်ပွဲတွင်ပါဝင်ရန် မှတ်ပုံတင်ရေးအတွက် မြို့သို့တက်မည့် လမ်းခရီးတွင် လိုက်ပါနိုင်ကြရန် ဖိတ်ခေါ်ခဲ့သည်။ လမ်းသို့ရောက်သောအခါ ထိုဂျာနယ်လစ်များ၊ ရှေ့နေများနှင့် မြို့တော်ဝန်လောင်း၏ မိသားစုဝင်များ လိုက်ပါစီးနင်းလာသော မှတ်ပုံတင်ရန်သွားမည့်ကားတန်းကို လက်နက်ကိုင်များက တားဆီးလိုက်သည်။ ထိုသူတို့မှာ ရွေးကောက်ခံပုဂ္ဂိုလ်၏ ပြိုင်ဘက်အုပ်စုမှဖြစ်ကြပြီး ကားပေါ်တွင်ပါလာသူများအား သေနတ်ဖြင့်ပစ်သတ်ပြီး မြေကြီးထဲတွင်မြှုပ်နှံခဲ့ကြသည်။ လိုက်ပါလာသူ ၅၈ ဦးခန့် အသတ်ခံခဲ့ရသည်။ ထိုအစုလိုက်အပြုံလိုက်လူသတ်မှုကို ကျူးလွန်သူဟု စွပ်စွဲခံရသူကို အချုပ်ခန်းထဲတွင်ဖမ်းထားပြီး လူသတ်မှုကိုစစ်ဆေးနေဆဲဖြစ်သည်။ ထိုသူက မော်ရိုမွတ်စလင်လွတ်မြောက်ရေးတပ်ဦး MILF ကသာ လက်သည်ဖြစ်သည်ဟု ဖြေရှင်းထားသော်လည်း ထိုထွက်ဆိုချက်ကို အများက လုံးဝလက်မခံကြပေ။ သံသယရှိသူပေါင်း ၁၉၈ ဦးတွင် လူအနည်းငယ်ခန့်သာအဖမ်းခံထားရပြီး ၂၀၁၆ ခုနှစ်အထိ လူသတ်မှုမြောက်ကြောင်း တွေ့ရှိရသဖြင့် တရားရုံးကအပြစ်ပေးခဲ့သူ တစ်ဦးတစ်ယောက်မျှ မပေါ်ပေါက်ခဲ့သေးပေ။

မီဒီယာကို ကန့်သတ်ချုပ်ချယ်ရန် နောက်ထပ်သုံးလေ့ရှိသောနည်းလမ်းတစ်ခုမှာ မီဒီယာပိုင်ဆိုင်မှုနှင့် မှတ်ပုံတင်ဆိုင်ရာစည်းကမ်းများကို တင်းကျပ်စွာ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ လွန်ခဲ့သော ဆယ်စုနှစ်များတွင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအိုနှင့်မြန်မာတို့တွင် သတင်းစာထုတ်ရန် လိုင်စင်ရရှိအောင်လုပ်ရခြင်းမှာ များစွာပင် ခက်ခဲခဲ့သည်။ ယခုအခါတွင်မူ မြန်မာနှင့် အင်ဒိုနီးရှား

တို့၌ သတင်းစာထုတ်ရန်စည်းကမ်းများမှာ ယခင်ထက်စာလျှင် များစွာ ပျော့ပျောင်းလာခဲ့ပြီ။ ထို့ပြင် ဤဒေသအတွင်း၌ ပုဂ္ဂလိကပိုင် ရုပ်သံလွှင့်ဌာနများမှာ လွန်စွာနည်းပါးသည်။ အစိုးရက ရုပ်သံလိုင်စင်ကို လက်ဝါးကြီးအုပ်ထားသည့်အပြင် ရင်းနှီးမြှုပ်နှံမှုစရိတ်ကြီးလွန်းသောကြောင့်လည်း ပါသည်။ သို့ရာတွင် ကေဘယ်တီဗီများ၊ ဂြိုဟ်တုစလောင်းများနှင့် အင်တာနက်များပေါ်လာခြင်းကြောင့် ယခင်က အခမဲ့ရုပ်သံလိုင်းများမှာ ယခင်ကကဲ့သို့ စွဲးကွက်တွင် မိမိတစ်ဦးတည်း လွှမ်းမိုးချုပ်ကိုင်ထားနိုင်ခြင်း မရှိတော့ပေ။

အချို့သောနိုင်ငံများတွင် မီဒီယာနည်းပညာများ သုံးစွဲခွင့်ကို ကန့်သတ်ချုပ်ချယ်ထားခြင်း သို့မဟုတ် တင်သွင်းလာခြင်း အားလုံးဝပိတ်ပင်ထားခြင်းများ ရှိခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ဖက်စ်နှင့် မိတ္တူကူးစက်များကိုပင်လျှင် မှတ်ပုံတင်ရသည့်ခေတ် ရှိခဲ့ဖူးသည်။ ဂြိုဟ်တုစလောင်းများမှာလည်း အရှေ့တောင်အာရှနိုင်ငံများတွင် ယခင်က ခပ်ကျဲကျဲသာရှိခဲ့ကြသည်။ အင်တာနက်သုံးစွဲသူ များပြားလာခြင်းက ထိုအခြေအနေများကို ပြောင်းလဲစေခဲ့သည်။ မီဒီယာကို များစွာချုပ်ချယ်ခဲ့သော မြန်မာနှင့်ဗီယက်နမ်တို့ကဲ့သို့သော နိုင်ငံများတွင်ပင် အစိုးရများသည် ပြည်ပအခြေစိုက်အသံလွှင့်ဌာနများ၏ ထုတ်လွှင့်မှုများနှင့် အင်တာနက်ဝက်ဘ်ဆိုက်များကို ပြည်သူတို့ကြည့်ရှုနေကြခြင်းကို တားမြစ်ရန်မဖြစ်နိုင်တော့ပါ။ ၁၉၉၀ နှောင်းပိုင်းကာလတွင် စွဲးပေါလာသော CD များဖြင့် သတင်းအချက်အလက်များကို လျှို့ဝှက်စွာဖြန့်ချိခြင်းမှာ အများသုံးလေ့ရှိသည့်နည်းလမ်းတစ်ခု ဖြစ်လာခဲ့သည်။ အင်တာနက်ပေါ်လာသောအခါတွင် စာအုပ်စာတမ်းများအပေါ်ဆင်ဆာဖြတ်နေရခြင်း၊ အဝေးမှလွှင့်နေသော ရေဒီယိုလိုင်းများကို ထိန်းချုပ်ရခြင်း အစရှိသည့်နည်းများဖြင့် ပြည်ပမှဝင်ရောက်လာသော သတင်းအချက်အလက်စီးဆင်းမှုကို ရပ်တန့်အောင်လုပ်ရသည်မှာ မဖြစ်နိုင်သည့် အကျိုးမထူးသည့်ကိစ္စများကဲ့သို့ဖြစ်လာကြသည်။ အင်တာနက်ခေတ်တွင် နည်းပညာတိုးတက်မှုများနှင့်အတူ မီဒီယာလွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးကိစ္စများတွင်လည်း စိုးရိမ်စရာအသစ်များလည်း ပေါ်ပေါက်လာတော့သည်။

၁၅.၆.၃ သတင်းအချက်အလက် လွတ်လပ်စွာရယူပိုင်ခွင့်

သတင်းအချက်အလက်ကို လွတ်လပ်စွာရယူပိုင်ခွင့်ကို လူ့အခွင့်အရေးအဖြစ်သော်လည်းကောင်း၊ ဒီမိုကရေစီအတွက်လမ်းတစ်ခုအဖြစ်လည်းကောင်းရှုမြင်လေ့ရှိကြသည်။ အပိုဒ် ၁၉ တွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း ဒီမိုကရေစီနိုင်ငံတစ်ခုတွင် သတင်းအချက်အလက်ကို ရှာဖွေရယူခွင့်မှာ အစိုးရ၏ပြည်သူများအပေါ် ပွင့်လင်းမြင်သာမှုအတွက် တင်သောမှတ်ကျောက်အဖြစ်လိုအပ်သည်။ အစိုးရသည် သတင်းအချက်အလက် လွတ်လပ်စွာရယူပိုင်ခွင့်ဥပဒေကို ပြဋ္ဌာန်းထားပါက ဘတ်ဂျက်၊ မူဝါဒ၊ အစိုးရ၏ ဆုံးဖြတ်ချက်များနှင့် စီမံကိန်းများနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ပြည်သူများအတွက် ထုတ်ပြန်ပေးရသည်။ သို့ရာတွင် နိုင်ငံတော်၏ လုံခြုံရေး၊ ကိုယ်ရေးကိုယ်တာ အစရှိသည်တို့နှင့် ပတ်သက်နေပါက မထုတ်ပြန်ဘဲ နေနိုင်သည်။ အရှေ့တောင်အာရှတစ်ခွင်တွင် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့သာ အဆိုပါ ဥပဒေကိုကျင့်သုံးကြသည်။ ဖိလစ်ပိုင်ရှိ ထိုဥပဒေမှာမူ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ သေးငယ်သောအစိတ်အပိုင်းအဖြစ်သာ ထည့်သွင်းထားသောကြောင့် အတန်ငယ်အားပျော့သည်။ အစိုးရထဲတွင်မူ လွတ်လပ်သော သတင်းအချက်အလက်များအက်ဥပဒေသစ်အတွက် မူကြမ်းရေးဆွဲပြီး အငြင်းအခုံများဖြင့် ဥပဒေ

ပြုရန် ပြင်ဆင်နေကြသည်မှာ ငါးနှစ်ခန့်ကြာမြင့်ခဲ့ပြီဖြစ်သည်။ သတင်းအချက်အလက်များအား အများပြည်သူတို့ သိလာနိုင်ခြင်းအားဖြင့် အစိုးရများသည် မိမိတို့သုံးစွဲနေကြသော ဘဏ္ဍာငွေများအတွက် ပို၍တာဝန်ခံလာကြရသည်။ ဥပမာအားဖြင့် အရှေ့တောင်အာရှနိုင်ငံတစ်ခုမဟုတ်သော အိန္ဒိယ၏ သတင်းအချက်အလက် ရယူခွင့်အက်ဥပဒေ (၂၀၀၅)ကို လေ့လာနိုင်သည်။ ယခင်ကမူ ဒေသန္တရအစိုးရများသည် ပြည်သူ့ဘဏ္ဍာကို လမ်းနှင့်ဆည်မြောင်းအစရှိသည့် ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရန်အတွက် ရယူကြသည်။ အချို့သောဒေသများတွင် အစိုးရအရာရှိများသည် ပြည်သူ့ဘဏ္ဍာကို ဖွံ့ဖြိုးရေးလုပ်မည့်အစား မိမိအိတ်ထဲသို့ ထည့်ခဲ့ကြသည်။ ဘတ်ဂျက်ကိစ္စ မည်ရွေ့မည်မျှ ဆိုသည်ကိုလည်း ပြည်သူများက မသိရသဖြင့် ထိုသို့ငွေများ ကဲ့ယူနေကြခြင်းကို ဖုံးထားနိုင်ခဲ့ကြသည်။ ဗဟိုအစိုးရအနေဖြင့်လည်း ထိုကဲ့သို့တစ်နိုင်ငံလုံးတွင် ထောင်ချီသည့် စီမံကိန်းအသေးစားကလေးများကို သေချာစစ်ဆေးရန်မဖြစ်နိုင်ပါ။ နောက်ဆုံးတွင် သတင်းအချက်အလက်များ ပြည်သူတို့ထံသို့ထုတ်ပေးရန် ဥပဒေရှိလာသောအခါမှသာ ရွာသားများက မိမိတို့အတွက် ဖွံ့ဖြိုးရေးစီမံကိန်းများမှာ အလိမ်ခံရသည့်အထဲပါသွားကြသည်ကို သဘောပေါက်ကြရသည်။ ဥပဒေကိုပြဋ္ဌာန်းပြီး နှစ်နှစ်ခန့်အတွင်း သတင်းအချက်အလက်ပေးရန် ပြည်သူတို့ထံမှ တောင်းခံခဲ့မှုမှာ ၂ သန်းခန့် အထိပင်ရှိခဲ့သည်။ ထိုသို့သတင်းအချက်အလက်ကိုရရှိလာကြသောအခါ ယခင်က ကျူးလွန်ခဲ့ကြသော အဂတိလိုက်စားမှုများ ပူးပေါ်သလိုပေါ်လာကြသည်။ အင်ဒိုနီးရှားတွင် သတင်းအချက်အလက် လွတ်လပ်စွာရယူနိုင်ခွင့်ဥပဒေကို ၂၀၀၈ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး လွတ်လပ်သော သတင်းအချက်အလက် ရယူခွင့်ကော်မရှင်ကို ဖွဲ့စည်းပြီးနောက်တွင်လည်း အိန္ဒိယကဲ့သို့ပင် ပြည်သူတို့က တုံ့ပြန်ကြလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။

သာဓက

ထိုင်းနိုင်ငံ၏ တရားဝင်သတင်းအချက်အလက်အက်ဥပဒေ(၁၉၉၇)

ထိုင်းနိုင်ငံ၏ သတင်းအချက်အလက် လွတ်လပ်စွာရယူပိုင်ခွင့်ဥပဒေကို တရားဝင်သတင်းအချက်အလက် အက်ဥပဒေ(၁၉၉၇)ဟု ခေါ်သည်။ ထိုဥပဒေကို ပထမဆုံးအသုံးပြုခဲ့သည်မှာ ကျောင်းသူမိခင်တစ်ဦးဖြစ်ပြီး သူမ၏သမီး အစိုးရတက္ကသိုလ်တစ်ခုသို့ ဝင်ခွင့်စာမေးပွဲကိုဖြေဆိုခဲ့ရာ အရည်အချင်းမပြည့်မီသဖြင့် ဝင်ခွင့်မပြုနိုင်ဟူသောရလဒ်ထွက်ပေါ်လာသဖြင့် စစ်ဆေးခဲ့သော စာမေးပွဲအဖြေလွှာများကို ပြန်လည်တောင်းခံခဲ့သည်။ ထိုအခါတက္ကသိုလ်က ဤကိစ္စမှာ ကိုယ်ရေးကိုယ်တာအချက်အလက်ဖြစ်သောကြောင့် မထုတ်ပြန်ပေးနိုင်ဟူ၍ ငြင်းဆိုခဲ့သည်။ ကျောင်းသားမိဘများက ငွေကြေးလာဘ်ထိုးခြင်းအပေါ်တွင် ဝင်ခွင့်အောင်စာရင်းကိုထုတ်ပြန်ပြီး အမှန်တကယ် စာမေးပွဲတွင်ဖြေဆိုခဲ့သည့် ရလဒ်ပေါ်တွင် ရသောအမှတ်အတိုင်း ဆုံးဖြတ်သည်မဟုတ်ဟု သံသယရှိသောကြောင့် ထိုကျောင်းသူ၏မိခင်က အဆိုပါအက်ဥပဒေကို အသုံးပြုခဲ့ပြီး ထိုဥပဒေအရ မိခင်ကို အဖြေလွှာများအား ကြည့်ရှုရန်ခွင့်ပြုခဲ့သည်။ ထိုအခါတွင် မိခင်၏ သံသယများမှာ မှန်ကန်ကြောင်းပေါ်ထွက်လာခဲ့ပြီး သမီးဖြစ်သူမှာ အမှန်ပင်ကျောင်းဝင်ခွင့်ရရှိသင့်ကြောင်း ထင်ရှားခဲ့သည်။ ထိုကဲ့သို့ ကျောင်းသား၏အရည်အချင်းအားဖြင့်မဟုတ်ဘဲ ငွေကြေးလာဘ်ထိုးသူ ကျောင်းဝင်ခွင့်ကို ပေးခြင်းမှာ ဘန်ကောက်ရှိတက္ကသိုလ်များက စီမံခန့်ခွဲနေသော အထက်တန်းကျောင်းများတွင် ပျံ့နှံ့ခဲ့သော စရိုက်တစ်ခုလည်းဖြစ်ကြောင်း ပေါ်ထွက်လာခဲ့သည်။ အကျိုးဆက်မှာ တက္ကသိုလ်များက ဝင်ခွင့်စာမေးပွဲအတွက် အရည်အချင်းလိုအပ်ချက်များကို စိစစ်ပြောင်းလဲခဲ့ရပြီး ယခုအခါ ကျောင်းဝင်ခွင့်များကိုငွေဖြင့် ဝယ်ယူခြင်းဓလေ့မှာ ရပ်တန့်သွားခဲ့သည်။

အချို့အစိုးရများသည် မိမိတို့ကိုယ်မိမိတို့ လူ့အဖွဲ့အစည်းနှင့် တစ်သားတည်းဟုမမြင်ပေ။ လူ့အဖွဲ့အစည်း၏ အထက်တွင်ရှိနေကြပြီး ပြည်သူတို့ဘက်ကို နားထောင်စရာမလိုဘဲ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ကြသည်ဟု အထင်ရှိကြသည်။ သတင်းအချက်အလက်လွတ်လပ်ခွင့်ဥပဒေများအရ ထိုကဲ့သို့သော အစိုးရများအနေဖြင့် ပို၍ပွင့်လင်းမြင်သာမှုရှိပြီး လုပ်ဆောင်ချက်များတွင် ပြည်သူတို့ ပါဝင်ပြောဆိုပိုင်ခွင့်ကို လစ်လျူမရှုနိုင်တော့ပေ။ သို့ရာတွင် အချို့သော စိန်ခေါ်မှုများကို ထိုနိုင်ငံအနေဖြင့် ကျော်ဖြတ်ရမည်မှာ မုချဖြစ်သည်။ နံပါတ်တစ်-ဤဒေသအတွင်း၌ လွတ်လပ်စွာ သတင်းအချက်အလက်ရယူခွင့်ရှိသောနိုင်ငံမှာနည်းပါးလွန်းသည်။ နံပါတ်နှစ်-လက်ရှိဥပဒေများမှာ အားနည်းနေပြီး သတင်းအချက်အလက်ကို လွတ်လပ်စွာရယူရန် အာမ မခံပေးနိုင်ပေ။ နံပါတ်သုံး - အဆိုပါဥပဒေများကို သုံးလေ့သုံးထမရှိကြပေ။ ဂျာနယ်လစ်များကိုယ်တိုင်က ထိုဥပဒေအကြောင်း သိရှိမှု နည်းပါးနေသေးသလို သတင်းအချက်အလက်ကို ဤနည်းဖြင့်ရယူရသည့် စုံစမ်းထောက်လှမ်းခြင်းသတင်းအတတ်ကို မကျင့်သုံးဖြစ်ကြပေ။ သို့တည်းမဟုတ် ထိုသို့သတင်းအချက်အလက်ကို ရရှိအောင်ဆောင်ရွက်ရသည့် လုပ်ငန်းအဆင့်ဆင့်ကပင် ခက်ခဲနေသောကြောင့်လည်း ဖြစ်နိုင်သည်။

မကြာသေးခင်ကာလများတွင် ဒစ်ဂျစ်တယ်မီဒီယာ ဖွံ့ဖြိုးလာသည်နှင့်အတူ သတင်းအေဂျင်စီများသည် သတင်းအချက်အလက်ပုံများကြားတွင် နစ်နေကြသည်။ ထိုသူတို့ဆောင်ရွက်နေကြရသည်မှာ သတင်းအချက်အလက်ကို ရအောင်ကြိုးစားရန်မဟုတ်ဘဲ မည်သည့်သတင်းအချက်အလက်က မှန်မမှန်ကို စစ်ဆေးနေရသည့်ကိစ္စဖြစ်သည်။ လူအများစုမှာ မိုဘိုင်းဖုန်းများကိုကိုင်နေကြရသောကြောင့် အလွယ်တကူ အသံနှင့်အရုပ်များကို မှတ်တမ်းတင်နိုင်သည်။ မည်သည့်ခေတ်နှင့်မျှမတူအောင် သတင်းအချက်အလက်ကို ဖမ်းယူရန်လွယ်ကူသည်။ အချုပ်အားဖြင့်ဆိုရသော် သတင်းအချက်အလက်လွတ်လပ်စွာ ရယူနိုင်ခွင့်ဥပဒေမှာ အရှေ့တောင်အာရှတွင် ကောင်းစွာမဖွံ့ဖြိုးသေးသည့် အခြေအနေဖြစ်သော်လည်း လာဘ်ပေးလာဘ်ယူမှုများကို လျှော့ချရန်နှင့် အစိုးရ၏ တာဝန်ခံမှုကိုမြှင့်တင်ရန် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

၁၅.၆.၄ မီဒီယာသစ်များအရေး

မီဒီယာသစ်များနှင့်လူ့အခွင့်အရေးတို့ကြားယှက်နွှယ်မှုမှာ ရှုပ်ထွေးလှသည်။ မီဒီယာသစ်များဟုဆိုလျှင် ဝက်ဘ်ဆိုက်ဒ်၊ အွန်လိုင်းသတင်းစာများ၊ Facebook and Instagram တို့ အပါအဝင် လူမှုကွန်ရက်မီဒီယာများ၊ ဘလော့ဂ်များနှင့် ဝက်ဆိုက်ဒ်ပေါ်မှ မှတ်ချက်များ၊ YouTube ပေါ်မှ ဗွီဒီယိုများ အစရှိသည်တို့ပါဝင်ကြသည်။ အင်တာနက်သည် လူ့အခွင့်အရေးကို အကာအကွယ်ပေးရန် လူ့အခွင့်အရေးတန်ဖိုးများပျံ့နှံ့ထွန်းကားလာစေရန် များစွာအထောက်အကူဖြစ်ခဲ့ပြီး လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နေသူတို့ သတင်းစကားများဖြန့်ချိနိုင်သော၊ ပြည်သူတို့အသိအမြင်နိုးကြားအောင်ဆောင်ရွက်နိုင်သော၊ အစိုးရ၏လုပ်ရပ်များကို ထိရောက်စွာစောင့်ကြည့်နိုင်သော အဖိုးမဖြတ်နိုင်သည့် နေရာတစ်ခုလည်း ဖြစ်သည်။ တစ်ဖက်တွင်မူ အင်တာနက်မှာ လူ့အခွင့်အရေးကို ချိုးဖောက်မှုများ တွင်တွင်ပြုကြရာ နေရာတစ်ခုလည်း ဖြစ်လာနေပြန်သည်။ ဥပမာ - တစ်စုံတစ်ယောက်၏ ကိုယ်ရေးကိုယ်တာ အတွင်းရေးချိုးဖောက်ခံရမှု၊ ဂုဏ်သတင်းစော်ကားခံရမှုနှင့် မတော်မတရားပြုကျင့်ခံရမှုများ ခြိမ်းခြောက်မှုများမှာ အွန်လိုင်းပေါ်တွင်

ဖြစ်ပျက်နေကြသည်။ ထိုအကြောင်းအရာသည် ကိုင်တွယ်ရန်ရှုပ်ထွေးလှပြီး နည်းပညာက ဥပဒေနှင့် ပေးနိုင်သောအကာအကွယ်များထက်လျင်မြန်စွာ ဖွံ့ဖြိုးကြီးထွားလာသည်။ လူမှုကွန်ရက် မီဒီယာများပေါ်ပေါက်လာသည်မှာ အချိန်အားဖြင့် ဆယ်နှစ်မျှသာရှိပြီး Line အစရှိသည့် ဖုန်း apps များ ပေါ်လာကြသည်မှာ ငါးနှစ်ခန့်သာ ရှိပေသေးသည်။ လွန်ခဲ့သောဆယ်စုနှစ်များတွင် အစိုးရများအနေဖြင့် ဥပဒေများကို စမ်းသပ်တီထွင်ကာပြဋ္ဌာန်းခဲ့သော်လည်း တိုးတက်လာမှုများမှာ အင်တာနက်ပေါ်မှ လူအခွင့်အရေးချိုးဖောက်ခံရမှုများကို အကာအကွယ်ပေးရန်နှင့် ကျူးလွန်သူများအား အပြစ်ဒဏ်ပေးနိုင်ရန် ယခုထက် ပိုမိုကြိုးစားကြရဦးမည်ဖြစ်သည်။ ထို့ပြင် မီဒီယာသစ်များကိုကိုင်တွယ်ရန် ခက်ခဲစေသော အချက်တစ်ခုမှာ ယင်းမီဒီယာများသည် တစ်ကမ္ဘာလုံးသို့ရောက်ရှိနိုင်ပြီး မည်သည့်နေရာမှမဆို ဖတ်ရှုနေနိုင်ကြခြင်းဖြစ်ရာ တိုင်းပြည်တစ်ခု၏ နယ်နိမိတ်မျဉ်းများနှင့် နိုင်ငံတစ်ခုက ပြဋ္ဌာန်းသော ဥပဒေများကို ဂရုစိုက်လှသည်မဟုတ်ချေ။

မီဒီယာသစ်များ ပေါ်လာသောအခါ သတင်းလုပ်ငန်းကြီးတစ်ခုလုံးမှာလည်း အပြောင်းအလဲကြီးစွာ ရင်ဆိုင်နေကြရသည်။ ယခင်က သတင်းကို မီဒီယာကုမ္ပဏီများကသာ ထုတ်လုပ်ခဲ့ပြီး သတင်းကိုသိလိုလျှင် သတင်းစာများ၊ ရေဒီယို အသံလွှင့်ချက်များနှင့် ရုပ်မြင်သံကြားတို့မှတစ်ဆင့်သာ ရယူနိုင်ခဲ့ကြသော်လည်း ယခုအခါတွင်မူ သတင်းကို မည်သူမဆို လိုင်းပေါ်တင်နိုင်ကြသည်။ Instagram မှဓာတ်ပုံဖြင့်ဖြစ်စေ၊ Facebook မှ မှတ်ချက်များအားဖြင့်ဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ဘလော့ဂ်များမှ ဖြစ်စေသတင်းကို တင်နိုင်ကြသည်။ သတင်းသည် အပျော်တမ်းထုတ်လုပ်သူများ၏ လက်ရာသာဖြစ်လာမှုတွင်လည်း ကောင်းကျိုးရော ဆိုးကျိုးပါရှိသည်။ ကောင်းကျိုးမှာ မည်သည့်နိုင်ငံသားမဆို ကြုံတွေ့ရသမျှ လာဘ်ပေးလာဘ်ယူမှု ကိစ္စသေးသေးမွှားမွှားကိုပင် တင်ပြနိုင်ပြီး အစိုးရတာဝန်မကျေခဲ့လျှင်လည်း မကျေကြောင်း မြည်တွန်တောက်တီးနိုင်ကြသည်။ ယခုအခါ အများပြည်သူမြင်ကွင်းတွင် လူအခွင့်အရေးချိုးဖောက်မှုများဖြစ်နေလျှင် တစ်စုံတစ်ဦး၏ တယ်လီဖုန်းဖြင့် မှတ်တမ်းတင်မခံရတဲ့ လွတ်သွားရန်ခက်လှသည်။ ဥပမာ - အစိုးရအရာရှိတစ်ဦးက ပြည်သူတစ်ဦးအား အနိုင်ကျင့်မှု သို့မဟုတ် ဆရာတစ်ဦးက ကျောင်းသားများကို ရိုက်မှုတို့မှာ တစ်မုဟုတ်ချင်းဆိုသလိုပင် အများထံသို့ ရောက်ရှိသွားနိုင်သည်။ သို့ရာတွင် တစ်ဖက်တွင်လည်း နည်းပညာကြောင့်ပင် အမုန်းစကားများဖြန့်ခြိုရလွယ်ကူခြင်း၊ အကြမ်းဖက်မှုများကို ဆွေးနေးနိုင်ခြင်းများ၊ အမျိုးသားချင်း သို့မဟုတ် အမျိုးသမီးချင်းသာ လိင်စိတ်တိမ်းညွတ်ကြသူများအား ရန်ရှာကြခြင်း၊ မွတ်ဆလင်များအားပစ်မှတ်ထားခြင်းနှင့် အမျိုးသမီးတို့အား လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုများ ဖြစ်ပေါ်လာခြင်းတို့ ရှိလာရသည်။

သဘောတရားရေးရာ ရှုင်းလင်းချက်

သတင်းများမှာ အပျော်တမ်းထုတ်လုပ်သူများ၏ လက်ရာဖြစ်လာမှု

ယခင်က သတင်းများကို စာဖတ်သူထံတင်ပြခြင်းအား သတင်းစာများ၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုများအတွက် ပင်တိုင်အလုပ်လုပ်သော ပရော်ဖက်ရှင်နယ်ဂျာနယ်လစ်များကသာ ပြုလုပ်ခဲ့ကြသည်။ ယနေ့အခါတွင် မည်သူမဆို ၎င်းတို့၏ ဘလော့ဂ်များတွင်ရေးသားနိုင်ကြပြီး မီဒီယာကော်ပိုရေးရှင်းတစ်ခုမလိုဘဲ မိမိဘာသာ သတင်းကိုတင်ပြလာနိုင်ကြသည်။ ထိုသတင်းမျိုးမှာပရော်ဖက်ရှင်နယ်ဂျာနယ်လစ်များအပြင် ဖတ်စရာတစ်ခုတိုးလာပြီး စာဖတ်သူအဖို့ မြင်ကွင်းစုံလာခြင်း၊ ပြည်သူတို့မှာ

ပြည်သူ့ရေးရာများတွင် ပိုမိုပါဝင်လာနိုင်ခြင်းတို့ရှိလာကြသော်လည်း ထိုအပျော်တမ်းသတင်းများသည် တင်ဆက်သူ၏အမြင်က တစ်ဖက်ဖက်သို့ ယိုင်နေသောအခါမျိုးတွင် ထိုသူ၏ အမြင်ကိုသာ ကြည့်ရှုနေသူတို့က သိနိုင်တော့သည်။ အချက်အလက်ထက်စာလျှင် လူတစ်ဦး၏ အထင်အမြင်က ပိုမိုလွှမ်းမိုးထားနိုင်သည်။

အင်တာနက်ပေါ်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်နေသော အကြောင်းအရာပေါင်း များစွာရှိသည်။ ယခုအခန်းမှာ ထိုအကြောင်းအရာများစွာအနက် လေးခုမျှကိုသာ ဆွေးနွေးနိုင်ပါမည်။ ထိုလေးခုမှာ တရားဥပဒေအရစီရင်ပိုင်ခွင့်အာဏာ၊ အင်တာနက်သုံးစွဲသူများ အတွက် အကာအကွယ်၊ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်နှင့် ဆိုင်ဘာဥပဒေတို့ ဖြစ်ကြသည်။ အွန်လိုင်းမီဒီယာများကို တရားရေးအရ မည်သို့စီရင်ပိုင်ခွင့်ရှိသည်ဆိုခြင်းမှာ ရှုပ်ထွေးသော ကိစ္စတစ်ခုဖြစ်သည်။ မည်သည့်ဥပဒေဖြင့် အင်တာနက်ကို အုပ်ချုပ်ရမည်နည်း။ ထိုအင်တာနက်ပေါ်မှာ စာကိုရေးသားလိုက်သောနေရာ (တိုင်းပြည်)၏ဥပဒေကို အသုံးပြုရမည်လော၊ ထိုအင်တာနက်ပေါ်မှစာကို ဖတ်ရှုနေသောနိုင်ငံမှ ဥပဒေဖြင့်တရားစွဲရမည်လော၊ ထိုဝက်ဘ်ဆိုက်ကို တင်ခွင့်ပြုထားသောနိုင်ငံမှ ဥပဒေဖြင့်တရားစွဲရမည်လော၊ သို့မဟုတ် စာရေးသူ နိုင်ငံသားအဖြစ် မှတ်ပုံတင်ထားသည့်နိုင်ငံမှ ဥပဒေဖြင့်လော၊ သို့မဟုတ် ထိုဝက်ဘ်ဆိုက်ကိုပိုင်သောကုမ္ပဏီ သို့မဟုတ် ဒိုမိန်းအမည်ကိုပိုင်သောကုမ္ပဏီကို တရားစွဲရမည်လော။ နိုင်ငံအများစုကမူ ထိုဝက်ဘ်ဆိုက်ကို ဖတ်ရှုနေသော နိုင်ငံ၏ဥပဒေ (မိမိနိုင်ငံ၏ဥပဒေ)ဖြင့် တရားစွဲရန် ဆုံးဖြတ်လေ့ရှိကြသည်။ သို့ဖြစ်ရာ ဥပမာ - ကမ္ဘောဒီးယားမှ နိုင်ငံရေးသမားတစ်ယောက်၏အကြောင်းကို မှတ်ချက်ရေးသွားသည်ဆိုပါစို့။ ထိုသူသည် ကမ္ဘောဒီးယား၏ ဥပဒေကိုသာလိုက်နာရမည်ဖြစ်ပြီး ၎င်းနိုင်ငံသားခံယူထားရာ ဥရောပနိုင်ငံ၏ ဥပဒေအတိုင်း စောင့်ထိန်းရန်မဖြစ်တော့ပေ။ ထိုကဲ့သို့သော အမှုတစ်ခုမှာ အမေရိကန်နိုင်ငံသားတစ်ဦးက ထိုင်းနိုင်ငံရေးနှင့်ပတ်သက်ပြီး အမေရိကန်မှာနေ၍ တင်လိုက်ရာ ထိုရေးသားချက်မှာ အမေရိကန်ဥပဒေနှင့် မငြိစွန်းသော်လည်း ထိုင်းဥပဒေနှင့်မူ မလွတ်ကင်းပေ။ နောက်ပိုင်းတွင် ထိုသူမှာ ထိုင်းနိုင်ငံသို့လာရောက်သောအခါ ဘုရင်ကို မထီမဲ့မြင်ပြုသောဥပဒေဖြင့် ဖမ်းဆီးခံခဲ့ရသည်။

အင်တာနက်နိုင်ငံပေါ်တွင် နေထိုင်သူ သို့မဟုတ် အင်တာနက်သုံးစွဲသူ (Netizen)

အင်တာနက်ကမ္ဘာပေါ်တွင် ရှိနေသော နိုင်ငံသား။ အင်တာနက်နိုင်ငံသားမှာ ဘလော့ဂါ၊ ဂျာနယ်လစ်၊ ကွန်ပျူတာပရိုဂရမ်မာ၊ ဂီမ်းကစားသူ၊ ဒီဒီယိုဖိုင်တင်သူ အစရှိသည်ဖြင့် အမျိုးမျိုးဖြစ်နိုင်သည်။ အင်တာနက်ပေါ်တွင် လွတ်လပ်စွာထုတ်ဖော်ရေးသားခွင့်ရှိသော မည်သူတိုမဆို ခေါ်ဆိုနိုင်ရန် ကျယ်ပြန့်သည့်အဓိပ္ပာယ်ဖြစ်သောကြောင့် အင်တာနက်နိုင်ငံသားဟူသော စကားရပ်တို့ ဤစာအုပ်တွင် သုံးစွဲထားသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

အင်တာနက်ပေါ်တွင် ဖြစ်ပျက်သည်များအပေါ် တရားစီရင်ခြင်း

နိုင်ငံ A တွင် နေထိုင်နေသူတစ်ဦးက ခိုးယူရရှိထားသော အစိုးရစာရွက်စာတမ်းတစ်ခုကို ကိုးကားလျက် လူမှုကွန်ရက်မီဒီယာပေါ်မှ နိုင်ငံ B အပေါ် ဝေဖန်ရှုတ်ချရေးသားခဲ့သည် ဆိုပါစို့။ ထိုအခါ နိုင်ငံ B ၏အစိုးရက ထိုသူမှာ ပြစ်မှုမျှားစွာကို ကျူးလွန်လိုက်သူတစ်ဦးဟု ယူဆလိုက်သည်။ အစိုးရထံမှ ခိုးယူထားသောစာရွက်စာတမ်းများကို ဖြန့်ဖြူးခြင်း၊ အသရေဖျက်ခြင်းနှင့် အစိုးရကို ဝေဖန်ပြစ်တင်ခြင်း အစရှိသည့် အမှုများကိုကျူးလွန်သည်ဟုယူဆသည်။ ထိုဘလော့ဂါက ရေးသားထားသည်ကို ၎င်းအမှုများကိုကျူးလွန်ခဲ့ရာ နိုင်ငံ B တွင် ဖိတ်ရှရသည်။ သို့ရာတွင် ထိုသူမှာ သူနေထိုင်ရာ နိုင်ငံ A တွင် မည်သည့်အမှုကိုမျှ မကျူးလွန်ထားသဖြင့် နိုင်ငံ A က ၎င်းကို အရေးယူလိမ့်မည်မဟုတ်ပေ။ ထိုပြဿနာမှာ အင်တာနက်ပေါ်မှ အမှုများကို တရားစီရင်ရာတွင် ကြုံတွေ့ရသော ပြဿနာတစ်ခုသာဖြစ်သည်။

တရားစီရင်ပိုင်ခွင့်နယ်မြေ Jurisdiction ဟုဆိုရာတွင် ဥပဒေတစ်ခုက အကျိုးသက်ရောက်နိုင်သော နယ်မြေအကျယ်အဝန်းကို ဆိုလိုခြင်းဖြစ်သည်။ juris ဥပဒေ diction စီရင်ပိုင်ခွင့်ဟုလည်း တိုက်ရိုက်ဘာသာပြန်နိုင်သည်။ အင်တာနက်ပေါ်မှအမှုများကို မည်သို့တရားစီရင်ပိုင်ခွင့်ရှိသည် ဆိုခြင်းမှာ ရှုပ်ထွေးလှလျက် တစ်ခါတစ်ရံတွင် ဝိရောဓိဖြစ်နေသော ဥပဒေများလည်း တွေ့ရတတ်ပြန်သည်။ အကယ်၍ နိုင်ငံတစ်ခုက အမှုဖွင့်မည်ဆိုလျှင် ထိုအမှုမှာ သို့မဟုတ် ထိုအမှုကို ကျူးလွန်သူမှာ ၎င်း၏ တရားစီရင်အုပ်ချုပ်ပိုင်ခွင့်နယ်မြေထဲတွင် ကျူးလွန်ခဲ့ကြောင်း ဖော်ပြနိုင်ရမည်။ သို့ရာတွင် နိုင်ငံများ၌ ထိုတရားစီရင်ပိုင် ခွင့်နယ်မြေကို အဓိပ္ပာယ်ကောက်ယူပုံမှာ ကွဲပြားကြသည်။ ဥပမာ - တရားစီရင်ပိုင်ခွင့်ရှိသောနယ်မြေသည် -

- နိုင်ငံကိုအသရေဖျက်သူရှိနေသောနယ်မြေ
- ထိုသူရေးသားသောဆာဗာရှိရာနယ်မြေ
- ထိုစာကိုတင်ပေးသော အင်တာနက်ကုမ္ပဏီအခြေစိုက်ရာနယ်မြေ
- အင်တာနက်ဒိုမိန်းအမည်ပိုင်ရှင်နေထိုင်ရာအရပ် သို့မဟုတ် ဆိုရှယ်မီဒီယာဝက်ဘ်ဆိုက်ဒ်တစ်ခု၏ ပိုင်ရှင်တည်ရာအရပ်
- ထိုစာကိုတင်သူ နိုင်ငံသားအဖြစ် နေထိုင်နေသောနိုင်ငံ

မေးခွန်း

- အထက်တွင် ဖော်ပြထားသကဲ့သို့ ရာဇဝတ်မှုကျူးလွန်ခဲ့သည်ဟု ယူဆနိုင်ပါသလား။
- အထက်တွင် ပြထားသည့်စာရင်းကိုထောက်၍ မည်သည့်နေရာက တရားစီရင်ပိုင်ခွင့်နယ်မြေမှာ မည်သည့်အရပ် ဖြစ်သင့်ပါသနည်း။
- နိုင်ငံ B ၏ အစိုးရက စာရွက်စာတမ်းပျောက်ဆုံးမှုဖြင့် ထိုသူကို အမှုဖွင့်နိုင်ပါသလား။
- သင့်နိုင်ငံ၏ ဥပဒေများတွင် အင်တာနက်ပေါ်မှ တရားစီရင်ပိုင်ခွင့်နယ်မြေကို မည်သို့ သတ်မှတ်ထားပါသနည်း။

မီဒီယာ၏ အခြားစိုးရိမ်စရာတစ်ခုမှာ အင်တာနက်သုံးစွဲသူများ၊ ဘလော့ဂါများနှင့် အွန်လိုင်း မီဒီယာဂျာနယ်လစ်များအပေါ် ခြိမ်းခြောက်ခြင်းများဖြစ်ကြသည်။ စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်းနှင့်မလေးရှားတို့တွင် အင်တာနက်သုံးစွဲသူများကို လိုင်းပေါ်တွင်ရေးသော မှတ်ချက်များကြောင့် အစိုးရက တရားစွဲဆိုခြင်းများရှိခဲ့သည်။ အချို့မှာ မည်သည့်အဖွဲ့အစည်း နောက်ခံမျှမပါသော တစ်ကိုယ်ရေသုံးစွဲသူများသာဖြစ်ကြသည်။ အထူးသဖြင့် ဗီယက်နမ်တွင် တစ်ကိုယ်တော် အင်တာနက်သုံးစွဲသူများမှာ ၎င်းတို့၏ ထင်မြင်ချက်ကိုရေးရုံမျှဖြင့်ပင် တရားစွဲခံခဲ့ရခြင်းများရှိပြီး မလေးရှားတွင်မူ မလေးရှားကီနိကဲ့သို့သော အွန်လိုင်းသတင်းကုမ္ပဏီများက တရားစွဲခံရသည်။ ဘလော့များနှင့် စာမျက်နှာပေါ်တွင် မှတ်ချက်များကိုပါ စောင့်ကြည့်အရေးယူခြင်းက ပြဿနာတက်စေသောအကြောင်းရင်းလည်းဖြစ်သည်။ အင်တာနက်ပေါ်တွင် စာရေးသူများသည် ၎င်းတို့ကိုယ်တိုင် တင်ပြသောအရေးအသားများကိုသာမက ၎င်းတို့၏စာကို လာရောက်ဖတ်ရှုသူများ လာရောက်ရေးသားသော မှတ်ချက်အတွက်ပါ အရေးယူခံရနိုင်သည်။ ထိုမှတ်ချက်တို့မှာ ဘလော့ဂါတို့ကိုယ်တိုင်

ရေးသားထားခြင်း မဟုတ်သောကြောင့် ၎င်းတို့အနေဖြင့် မှတ်ချက်ရေးသူနှင့် တစ်သဘောတည်း ရှိချင်မှရှိပေမည်။ အမြန်ပင်ဖျက်ပစ်သော်လည်း ထိုစာများမှာ အင်တာနက်ပေါ်မှ အပြီးအပိုင် ပျောက်ကွယ်သွားမည်ဟု မဆိုနိုင်ပေ။ သို့ဖြစ်ရာ ဘလော့ သို့မဟုတ် ဝက်ဘ်ဆိုက်ဒ်၏ ပိုင်ရှင်မှာ မိမိတို့စာမျက်နှာများပေါ်တွင်ကျန်ရစ်သော အခြားသူတို့၏ မှတ်ချက်များအတွက်ပါ တာဝန်ယူရပါ မည်လော၊ ထိုသို့ဆိုလျှင် ဂရပ်ဖက်တီဆေးမှတ်အနုပညာလက်ရာတစ်ရပ်ကို ဝင်းထရံတစ်ခုပေါ်တွင် တစ်စုံတစ်ဦးက လာရောက်ရေးဆွဲထားသည့်အတွက် ဝင်းထရံပိုင်ရှင်ကို အရေးယူသင့်ပါ၏လော။

မူပိုင်ခွင့်ကိစ္စမှာလည်း နောက်ထပ် စိုးရိမ်စရာတစ်ခု ဖြစ်နေပေသည်။ အင်တာနက်သည် အင်တာနက်သုံးစွဲသူတို့နှင့် သက်ဆိုင်သော သတင်းအချက်အလက်မြောက်မြားစွာကို မှတ်တမ်းရယူ ထားသည်။ ဥပမာ - လူတစ်ဦးက အင်တာနက်တွင် မည်သည့်အချက်အလက်များ ရှာဖွေသည်ကို လည်းကောင်း၊ မည်သည့်နေရာများသို့ရောက်ရှိခဲ့သည်ကိုလည်းကောင်း၊ ထိုသူတို့၏ တယ်လီဖုန်း ခေါ်ဆိုမှုမှတ်တမ်းများကိုလည်းကောင်း၊ သွားခဲ့သော ခရီးစဉ်များကို ထိုသူတို့၏ တယ်လီဖုန်းများ၊ အင်တာနက် wifi ချိတ်ဆက်မှုများနှင့် တယ်လီဖုန်းအဝင်လက်ခံမှုများမှ တစ်ဆင့်လည်းကောင်း မှတ်သားထားနိုင်သည်။ ထိုအချက်အလက်များအနက် အချို့မှာ အခြားသူသိနေသဖြင့် အန္တရာယ် မရှိလောက်သော်လည်း လူအများစုကြီးမှာမိမိတို့၏ ကိုယ်ရေးအချက်အလက်များကို သိမ်းဆည်း ထားသော လူပုဂ္ဂိုလ်ကိုလည်းကောင်း၊ စက်ကိုသော်လည်းကောင်းမသိရှိခြင်းက မေးခွန်းများစွာသို့ ဦးတည်သွားစေသည်။ မေးစရာမှာ အစိုးရအနေဖြင့် အင်တာနက်သုံးစွဲသူတို့၏ ထိုအချက် အလက်များကို လုံခြုံရေးအတွက်ဟုဆိုကာ တောင်းယူနိုင်ပါသလား။ အရှေ့တောင်အာရှနိုင်ငံ အချို့သည် ကမ္ဘာလှည့်ခရီးသည်များ သွားလာတတ်သည့်နေရာများကို တယ်လီဖုန်း GPS ဖြင့် ခြေရာကောက်ကာ ၎င်းတို့ပတ်သက်ဆက်နွယ်နေနိုင်သည့် အကြမ်းဖက်လုပ်ရပ်များကို စောင့်ကြည့် ရန် စဉ်းစားခဲ့ကြဘူးသည်။ သို့သော် ယခုထိတိုင်အောင် ထိုသို့ခြေရာကောက်ခြင်းကိုတစ်နိုင်ငံကမျှ တရားဝင်မလုပ်ဆောင်ခဲ့သေးပါ။ တစ်ဆက်တည်းတွင်ပင် အစိုးရအနေဖြင့် ပြည်သူတို့၏ အီးမေးလ် များကို ဖောက်ထွင်းကြည့်ရှုနေကြခြင်းဖြစ်ပြီး ပြည်သူတို့အချင်းချင်း စကားပြောဆိုမှုများနှင့် လည်ပတ်ခဲ့သော ဝက်ဘ်ဆိုက်ဒ်များကို ခြေရာကောက်ထားခြင်းတို့ကို ဆောင်ရွက်နိုင်ကြသည်။ ထိုအချက်မှာ Edward Snowden က ကမ္ဘာ့အစိုးရများအနေဖြင့် ပြည်သူတို့၏ ပုဂ္ဂလိကအချက် အလက်များကို မည်သို့ကောက်ယူနေကြောင်းကို ဖွင့်ချလိုက်သောအခါ အများက သိရှိခဲ့ကြသည်။ ထိုဖွင့်ချမှုကြောင့်ပင် အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျနှင့် ကနေဒါနိုင်ငံများအစရှိသည့် အစိုးရ အများအပြားမှာ ပြည်သူကိုစောင့်ကြည့်နေကြောင့် ထွက်ပေါ်လာခဲ့သည်။

အင်တာနက် သုံးစွဲသူတို့၏ အချက်အလက်များကို သိရှိလာပါက မည်သူက မည်သည့် ပစ္စည်းနှင့်ဝန်ဆောင်မှုများကို သုံးစွဲတတ်သည်ကို သိရှိသွားသောကြောင့် အင်တာနက်ပေါ်တွင် ထိုသူတို့ထံသို့ ထိုသူတို့ စိတ်ဝင်စားရာကုန်စည်နှင့် ဝန်ဆောင်မှုကြော်ငြာများ ပို့မိရောက်ရှိသွားရေး အတွက် အသုံးချခြင်း၊ အင်တာနက်ပေါ်၌ စကားလုံးများ ရိုက်၍ရှာဖွေရာတွင် အချက်အလက်များ ပို့မိထိရောက်စွာ ရရှိနိုင်အောင် ထိုအချက်အလက်များကို အသုံးပြုခြင်းတို့လည်းရှိနိုင်သည်။ အချို့ သောလူငယ်များမှာ မိမိတို့နှင့် သက်ဆိုင်သော အချက်အလက်မြောက်မြားစွာကို လူမှုကွန်ရက် မီဒီယာများပေါ်သို့ တင်လေ့ရှိသည်။ ထိုသူတို့ရှာဖွေခဲ့သော အင်တာနက်ပေါ်မှ အချက်အလက်များ၊ ဝယ်ယူခဲ့သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၊ သွားခဲ့သောခရီးများ၊ ရောက်ခဲ့သောနေရာများ၊

ကြိုက်နှစ်သက်သည်များနှင့် မကြိုက်မနှစ်သက်သည်များ အစရှိသည်ဖြင့် ထိုအချက်အလက်များအားလုံးသည် ကြော်ငြာသူတို့အတွက်အသုံးဝင်လှသော အချက်အလက်များဖြစ်သည်။ လူမှုကွန်ရက်မီဒီယာများသည် ထိုအချက်အလက်များကို အသုံးချလိုကြသော ကြော်ငြာလုပ်ငန်းရှင်များနှင့် အခြားစျေးရောင်းသူများထံ ရောင်းချနိုင်ကြသည်။ အလားတူပင် Google search အင်ဂျင်ကို သုံးစွဲကြသူတို့မှာ မိမိတို့ရှာဖွေသည့် အကြောင်းအရာများ သို့မဟုတ် မိမိရေးခဲ့ဘူးသော အီးမေးလ်များထဲမှာ ကိစ္စများနှင့်ဆက်စပ်နေသော ကြော်ငြာများကို မိမိမျက်စိအောက်သို့ မကြာခဏ ပေါ်ထွက်လာလေ့ရှိကြောင်း သတိထားမိတတ်ကြပါလိမ့်မည်။ ထိုသို့သတင်းအချက်အလက် မှတ်တမ်းများကို ရောင်းချသည့်လုပ်ငန်းမှာ တွက်ခြေကိုက်လှပြီး ကြော်ငြာများကလည်း အင်တာနက်သုံးစွဲကြသူတို့၏အကြိုက်ကို သိနေတတ်သည်မှာ ကောင်းသည်ဟုတွေးနိုင်သလို တစ်ဖက်တွင်လည်း မိမိတို့၏ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်ကို ချိုးဖောက်ကာ မိမိတို့အချက်အလက်များအား ကုမ္ပဏီတို့၏ စီးပွားရေးအကျိုးအမြတ်များအတွက် သုံးစွဲနေကြခြင်းမှာ မျှတပါ၏လောဟု မေးစရာရှိသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

အင်တာနက်သုံးစွဲသူတစ်ယောက်မှာ ကိုယ်ရေးကိုယ်တာကို မည်မျှအထိသာ လိုင်းပေါ်တင်သင့်သနည်း။

အင်တာနက်သုံးစွဲသူတစ်ဦးသည် မိမိတင်လိုက်သောအကြောင်းအရာမှန်သမျှကို အများပြည်သူသို့ အကန့်အသတ်မရှိ အမြဲတမ်း ကြည့်မြင်ခွင့်ပေးသင့်ပါသလား။ သို့မဟုတ် မည်သူမည်ဝါ လာရောက်ကြည့်ရှုနိုင်သည်ကို အဆုံးအဖြတ်ပေးနိုင်သူမှာ မိမိတစ်ဦးတစ်ယောက်တည်းသာ ဖြစ်သင့်ပါသလား။ ဥပမာ - စားသောက်ဆိုင်တစ်ခုတွင်နေ့လယ်စာ စားပြီးနောက် လူမှုကွန်ရက်မီဒီယာတစ်ခုပေါ်သို့ မိမိစားခဲ့သော အစားအသောက် ဓာတ်ပုံကိုတင်လိုက်သည်။ မိမိမိတ်ဆွေများအား နေ့လယ်စာကောင်းကောင်း စားခဲ့ကြောင်း သိစေလိုခြင်းလည်းဖြစ်သည်။ စားသောက်ဆိုင်က မိမိ၏ဓာတ်ပုံကို မြင်တွေ့သွားပြီး ၎င်းတို့၏ ဆိုရှယ်မီဒီယာနှင့်ချိတ်ဆက်လိုက်ကာ ကြော်ငြာအဖြစ် အသုံးပြုနိုင်ခဲ့သည်။ ထိုအချိန်တွင် ဆိုရှယ်မီဒီယာအုပ်စုအတွင်းမှ မှတ်ချက်တစ်ခုက ထိုစားသောက်ဆိုင်မှာ အစားအသောက်ကောင်းသော်လည်း ကလေးဝန်ထမ်းသုံးစွဲကြောင်း၊ ဝန်ထမ်းများကို ပေးသောလစာမှာ နည်းလွန်းကြောင်းကို ရေးသားထားသည်။ အကျိုးဆက်မှာ ထိုကဲ့သို့သော ဆိုင်တွင်သွားရောက်စားသောက်သည့်အတွက် မူလဓာတ်ပုံကိုတင်လိုက်သူမှာ အဝေဖန်ခံရတော့သည်။

မေးခွန်းများ

- စားသောက်ဆိုင်က မူလဓာတ်ပုံတင်သူ၏ လူမှုကွန်ရက်မီဒီယာပေါ်တွင် တင်ထားသည်များကို ကြော်ငြာသဖွယ် ပြန်လည်တင်ပြခြင်းမှာ မှားပါသလား။
- ဤကဲ့သို့သော စားသောက်ဆိုင်ကို ရွေးချယ်စားသုံးလိုက်မိလိုက်ခြင်းကို ဝေဖန်ကြသူများက မှားပါသလား။
- အင်တာနက်သုံးစွဲသူတို့သဘာဝ မိမိကလူမှုကွန်ရက်မီဒီယာပေါ်တွင် တင်ထားသည်များကို မည်သူမဆိုလာရောက် မှတ်ချက်ရေးနိုင်သည့်သဘောကို သိထားပြီးဖြစ်၍ မည်သူက ဝေဖန်သည်ဖြစ်စေ ပြီးလျှင်ပြီးရော သဘောထားသင့်ပါသလား။
- ထိုဓာတ်ပုံကို လုံးဝမတင်ခြင်းက ပိုကောင်းပါသလား။

မီဒီယာအသစ်များပေါ်တွင် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ရန်မှာ အလွန်ရှုပ်ထွေးခက်ခဲသောကိစ္စတစ်ခုပင်။ နိုင်ငံတကာဥပဒေများအနေဖြင့် နည်းပညာကို အမီပြေးလိုက်နေရသည့်အပြင် အရှေ့တောင်အာရှတစ်လွှားတွင် မီဒီယာသစ်ဆိုင်ရာ ဥပဒေများနှင့်ပတ်သက်၍ အမြင်အမျိုးမျိုးရှိကြသည်။ ကုလမဂ္ဂ၏ လူ့အခွင့်အရေးကောင်စီကမူ အင်တာနက်နှင့်သက်ဆိုင်ရာ ဆုံးဖြတ်ချက်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်၍ ဟုရည်ညွှန်းထားသော်လည်း အွန်လိုင်းပေါ်မှ လူ့အခွင့်အရေးကို ကာကွယ်ရာတွင် တကယ့်အပြင်လောကမှ လူ့အခွင့်အရေးကို ကာကွယ်ရမည့်တာဝန်နှင့် တစ်သဘောတည်းပင်ဖြစ်ကြောင်း ရေးသားထားသည်။ ထို့ကဲ့သို့ လူ့အခွင့်အရေးအတွက်ဆိုလျှင် အွန်လိုင်းနှင့် တကယ့်လောကကို ထပ်တူမျှ ဆက်ဆံကြရမည့်သဘောမှာ အလုပ်လုပ်ခွင့်၊ အသင်းအဖွဲ့စည်းရုံးဖွဲ့စည်းခွင့် အစရှိသည်ဖြင့် အခြားသော လူ့အခွင့်အရေး အမျိုးအစားများအထိ အကျုံးဝင်မည်ဖြစ်သည်။ ဥပမာ - အွန်လိုင်းပေါ်တွင် လူပေါင်းများစွာပါဝင်ကာ စုဝေးလုပ်ရှားမှုများ ပြုလုပ်နိုင်သည့် avatars အင်တာနက်ဂိမ်းများ (Fantasy Westward Journey, World of Warcraft, and Second Life အစရှိသည်ဖြင့်) လည်း ပေါ်ပေါက်လာခြင်းမျိုးတွင် လူ့အခွင့်အရေးကို မည်သို့ထည့်သွင်းစဉ်းစားမည်နည်းဆိုသည့်ကိစ္စမျိုး ဖြစ်သည်။ ထိုလိုင်းပေါ်မှ ဆန္ဒပြလူစုဝေးခြင်းများကို တုံ့ပြန်ပုံမှာ အမျိုးမျိုးရှိပါသည်။ အချို့ကမူ ထိုဂိမ်းများကို ပိုင်သောကုမ္ပဏီအနေဖြင့် ၎င်းတို့၏ avatars ဂိမ်းကစားရန် စာရင်းပေးထားကြသူများ (subscribers) ကို ပိတ်ထားခြင်းအားဖြင့် ဂိမ်းကိုအချိန်အတော်ကြာ ပိတ်ထားသင့်ကြောင်း၊ အချို့ကမူ avatars ဆန္ဒပြလူစုဝေးခြင်းများကို လူ့အခွင့်အရေးကိုလေးစားသောအားဖြင့် ဆက်လက် ဖွင့်ထားပေးသင့်သည်ဟု ဆိုကြသည်။ ဤနေရာတွင် လူ့အခွင့်အရေးကောင်စီက အဆိုအတိုင်းသာ လိုက်နာကျင့်သုံးရမည်ဆိုလျှင် လူအများစုရုံးခွင့်နှင့် ဆန္ဒပြခွင့်တို့မှာ ထိုဂိမ်းများအတွက်ပါ ထည့်သွင်းစဉ်းစားခွင့်ပြုမည်လောဟု မေးခွန်းထုတ်စရာဖြစ်လာသည်။ သို့မဟုတ် ဆာဗာ၊ ကုဒ်နံပါတ်၊ မူပိုင်ခွင့် အစရှိသည်တို့ကို ပိုင်ဆိုင်ထားသည့် ဂိမ်းကိုထုတ်လုပ်သူ ကုမ္ပဏီက avatars များအား မည်သည့်လုပ်ပိုင်ခွင့်များပေးသင့်သည်ကို ဆုံးဖြတ်ရန် အခွင့်အရေးရှိသင့်သလောဟု မေးခွန်းများရှိလာခဲ့သည်။

သို့ဆိုလျှင် ဂိမ်းကစားသူများ၏ အလုပ်သမားအခွင့်အရေး(ဥပမာ - Second Life ဂိမ်းမှ virtual အိမ်ခြံမြေပွဲစား၏လုပ်အား) နှင့် ရွှေတူးသူများ (တကယ့်ငွေကြေးဖြင့် ပြန်လည်ရောင်းချရန် အတွက် ဂိမ်းတွင်ရွှေများကို အလုပ်အကိုင်တစ်ရပ်အနေဖြင့် ရှာဖွေကြသူများ) အတွက်ပါ စဉ်းစားပေးရန် လိုအပ်လာတော့မည်ဖြစ်သည်။

အင်တာနက်ကို စီမံခန့်ခွဲနေကြသောဥပဒေများမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံကွဲပြားနေကြပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ သဘောမမျှသည့် အချက်များ ရှိနေကြသေးသော်လည်း အရှေ့တောင်အာရှတခွင်တွင် ဆိုင်ဘာဥပဒေများဖွံ့ဖြိုးလာခြင်းကိုကြည့်လျှင် အထက်ပါပြဿနာများကို ဒေသတွင်းအစိုးရများက ဖြေရှင်းရန် ကြိုးစားနေကြကြောင်း တွေ့မြင်နိုင်သည်။ သို့ရာတွင် အင်တာနက်ရာဇဝတ်မှုများဥပဒေဖြင့် အတိုက်အခံနိုင်ငံရေးသမားများကို ထောင်ချရန်၊ အစိုးရအား ဆန့်ကျင်နေသူများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများကို စောင့်ကြည့်ရန် သို့မဟုတ် အင်တာနက်ပေါ်တွင် ရေးသားထားသည်များကို နိုင်ငံ့အရေးနှင့် နိုင်ငံသားတို့၏ ကိုယ့်ကျင့်တရားအတွက် ဟူသော အကြောင်းပြချက်ဖြင့် ဖျက်ပယ်ပစ်အောင် ဖိအားပေးရန်တို့ ဖြစ်ပေါ်လာမည်ကိုလည်း စိုးရိမ်နေကြ

ဆိုင်ဘာဥပဒေ

အင်တာနက်ကို စိုးမိုးသော ဥပဒေများက အင်တာနက်သုံးစွဲခြင်း ဆိုင်ရာကိစ္စများ၊ ဆင်ဆာကိစ္စများ၊ ကိုယ်ရေးကိုယ်တာ အချက်အလက်များ စောင့်ထိန်းခြင်းဆိုင်ရာကိစ္စများ၊ တရားစီရင်ရေးဆိုင်ရာကိစ္စများ၊ အွန်လိုင်းကုန်သွယ်ရေးနှင့် ဆိုင်ဘာရာဇဝတ်မှုများကို စီရင်အုပ်ချုပ်သည်။

သည်။ အင်တာနက်ဆက်သွယ်ရေးဥပဒေများက နိုင်ငံသားတို့၏ ကိုယ်ရေးကိုယ်တာ လွတ်လပ်မှု အတွက် ၎င်းတို့၏အချက်အလက်များကို အကာအကွယ်ပေးခြင်း၊ အွန်လိုင်းမှပြုလုပ်သော ငွေပေး ငွေယူကိစ္စများနှင့် နိုင်ငံသားတို့၏လုံခြုံရေး (ဥပမာ - ဆိုင်ဘာလုံခြုံရေးနှင့် ဆိုင်ဘာရာဇဝတ်မှုများ) အစရှိသည့် ကိစ္စများကိုလည်း တာဝန်ယူထားသည်။ အချုပ်အားဖြင့်ဆိုရသော် အင်တာနက်နှင့် ပတ်သက်သော လူ့အခွင့်အရေးဆိုင်ရာ ဥပဒေပြုခြင်းကိစ္စများမှာ အစပျိုးဆဲအဆင့်တွင်ပင် ရှိသေးသည်။ ထိရောက်စွာလူ့အခွင့်အရေးကို ကာကွယ်နိုင်သည့်အဆင့် မရောက်မီ ဥပဒေနှင့် အင်တာနက်သုံးစွဲသူများကို ပညာပေးခြင်းဆိုင်ရာ အခြေခံအဆောက်အဦများစွာ လိုအပ်နေပေ သေးသည်။

သာဓက

အရှေ့တောင်အာရှရှိ အင်တာနက်ဥပဒေများ

အင်တာနက်ကိုမည်သို့ စီမံအုပ်ချုပ်ရမည်ဟူသော ဥပဒေများ နိုင်ငံများစွာတွင် ရှိနေကြပြီ။အောက် တွင်ဖော်ပြထားသောစာရင်းမှာ လူ့အခွင့်အရေးနှင့်မသက်ဆိုင်သော အင်တာနက်ဖြင့် ကုန်သွယ် ရေး (e-commerce)နှင့် သက်ဆိုင်သောဥပဒေအချို့ကို ချန်လှပ်ထားခဲ့သောကြောင့် ပြည့်စုံသည့် စာရင်းဟု မဆိုနိုင်ပါ။ အရှေ့တောင်အာရှနိုင်ငံများတွင် ဆိုင်ဘာဥပဒေ သီးသန့်မရှိသော နိုင်ငံမှာ ကမ္ဘောဒီးယားဖြစ်သည်။ ကမ္ဘောဒီးယားမှာ ရာဇသတ်ကြီးဥပဒေကို ၂၀၀၉ ခုနှစ်တွင် ပြန်လည် ဖြည့်စွက်ပြင်ဆင်ခဲ့သော် ဆိုင်ဘာဥပဒေ ပြဋ္ဌာန်းရန်ကိုမူ အစိုးရအတွင်း အချေအတင် ဆွေးနွေး ငြင်းခုံနေဆဲဖြစ်သည်။

ဘရူနိုင်း ဒါရုဆလမ်

- အီလက်ထရွန်းနစ်ဆက်သွယ်ရေး အက်ဥပဒေ ၂၀၀၄ (၂၀၀၈ တွင် ထပ်မံပြင်ဆင်)
- ကွန်ပျူတာ တလွဲသုံးစွဲခြင်း အက်ဥပဒေ (၂၀၀၇ တွင် ထပ်မံပြင်ဆင်)

အင်ဒိုနီးရှား

- သတင်းအချက်နှင့် အီလက်ထရွန်းနစ်ဆက်သွယ်ရေး ဥပဒေ ၂၀၀၈

လာအို

- ဆိုင်ဘာရာဇဝတ်မှုဥပဒေ ၂၀၁၅

မလေးရှား

- အီလက်ထရွန်းနစ် ကုန်သွယ်ရေး အက်ဥပဒေ ၂၀၀၆
- အီလက်ထရွန်းနစ် အစိုးရလုပ်ငန်းများ အက်ဥပဒေ ၂၀၀၇
- ကိုယ်ရေးကိုယ်တာအချက်အလက် ကာကွယ်ရေးဆိုင်ရာ အက်ဥပဒေ ၂၀၁၀
- ဆက်သွယ်ရေးနှင့် မာတီမီဒီယာ အက်ဥပဒေ ၁၉၉၈
- ကွန်ပျူတာ ရာဇဝတ်မှု အက်ဥပဒေ ၁၉၉၇

မြန်မာ

- ကွန်ပျူတာသိပ္ပံဖွံ့ဖြိုးရေးဥပဒေ ၁၉၉၆
- အီလက်ထရွန်းနစ်ဆက်သွယ်ရေး ဥပဒေ ၂၀၀၄

ဖိလစ်ပိုင်

- ဆိုင်ဘာရာဇဝတ်မှုများ တားဆီးရေး အက်ဥပဒေ ၂၀၁၂ (R.A. ၁၀၁၇၅)
- ကိုယ်ရေးကိုယ်တာ အချက်အလက်အက်ဥပဒေ ၂၀၁၂ (R.A. ၁၀၁၇၃)
- အီလက်ထရွန်းနစ် ကုန်သွယ်ရေး အက်ဥပဒေ ၂၀၀၀ (R.A. ၈၇၉၂)

စင်ကာပူ

- ကွန်ပျူတာ တလွဲသုံးစွဲခြင်းနှင့် ဆိုင်ဘာလုံခြုံရေး အက်ဥပဒေ ၁၉၉၃ (၂၀၀၇ တွင် ပြန်လည်ပြင်ဆင်သည်။ ၂၀၁၇ တွင် ထပ်မံပြင်ဆင်ရန်ရှိသေးသည်)
- အီလက်ထရွန်းနစ်ဆက်သွယ်ရေး အက်ဥပဒေ ၁၉၉၈ (၂၀၁၀ တွင် ထပ်မံပြင်ဆင်ဖြည့်စွက်ပြီး)
- ကိုယ်ရေးကိုယ်တာအချက်အလက် ကာကွယ်ရေးဆိုင်ရာ အက်ဥပဒေ ၂၀၁၂
- SSSpam ထိန်းချုပ်ရေး အက်ဥပဒေ ၂၀၀၇

ထိုင်း

- အီလက်ထရွန်းနစ် ဆက်သွယ်ရေး အက်ဥပဒေ ၂၀၀၁
- ကွန်ပျူတာ ရာဇဝတ်မှု အက်ဥပဒေ ၂၀၀၇
- အမျိုးသားဆိုင်ဘာလုံခြုံရေး ဥပဒေ ၂၀၁၅

ဗီယက်နမ်

- သတင်းနည်းပညာ ဥပဒေ ၂၀၀၇
- အီလက်ထရွန်းနစ်ဆက်သွယ်ရေး ဥပဒေ ၂၀၀၅
- စားသုံးသူအခွင့်အရေး ကာကွယ်ရေး ဥပဒေ ၂၀၁၀
- ဆိုင်ဘာသတင်းအချက်အလက်လုံခြုံရေး ဥပဒေ ၂၀၁၅

၁၅.၇ နိဂုံး

ဤဒေသအတွင်း၌ နိုင်ငံရေးနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တို့မှာ အကဲဆတ်သည့် အကြောင်းအရာများ ဖြစ်နေဆဲပင်ဖြစ်သည်။ အစိုးရများအနေဖြင့် မိမိတို့မှာ ဒီမိုကရေစီနိုင်ငံများဖြစ်ကြသည်ဟု အသွင်ယူလိုသည့်တိုင်အောင် ၎င်းတို့၏ လုပ်ရပ်များကမူ အစဉ်အမြဲ ပြည်သူတို့၏ ဆန္ဒအပေါ် အခြေခံကြသည် မဟုတ်ကြပေ။ ဤဒေသအတွင်းမှ နိုင်ငံများအားလုံးသည် အတိုက်အခံနိုင်ငံရေးသမားများကို ဖိနှိပ်လိုၕ၍ဖြစ်စေ၊ လူမျိုးရေးအမုန်းတရားများ ဆွပေးနေခြင်းကို နှိမ်နင်းရန် အကြောင်းပြချက်ဖြင့်ဖြစ်စေ၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ချုပ်ချယ်နေခဲ့ကြသည့် အဖြစ်များ ရှိခဲ့ကြသည်။ ယခုအခန်းကမူ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ လူ့အခွင့်အရေး

စံချိန်စံညွှန်းများ၊ ထိုစံချိန်စံညွှန်းများကို အဓိပ္ပာယ်ဖွင့်ဆိုရန်နှင့် ထိုစံချိန်စံညွှန်းများအတိုင်း အကာအကွယ်ပေးနိုင်ရန် ကိစ္စများကို တင်ပြခဲ့ပါသည်။ အဆိုပါကိစ္စများမှာ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးလုပ်ငန်းများတွင် အခက်ခဲဆုံးဟု ဆိုချင်ဆိုနိုင်လောက်သော ကိစ္စများလည်း ဖြစ်ကြပြီး အင်တာနက်ပေါ်မှ လူ့အခွင့်အရေးကို ကာကွယ်ရန်မှာကား ပို၍ပင်စိန်ခေါ်မှုများပါသေးသည်။

က။ အနှစ်ချုပ်နှင့်အဓိကအချက်များ

မိတ်ဆက်

နိုင်ငံသားတို့၏အခွင့်အရေးမှာ သေးငယ်သောအစိတ်အပိုင်းဟုထင်ရသော်လည်း အရေးကြီးသော လူ့အခွင့်အရေးအမျိုးအစားဖြစ်ပါသည်။ နိုင်ငံသားတို့၏ အခွင့်အရေးများတွင် နိုင်ငံရေးတွင် ပါဝင်ပတ်သက်ခွင့်၊ စုရုံးဆွေးနွေးခွင့်နှင့် နိုင်ငံရေးအမြင်များကို လူသိရှင်ကြား တင်ပြခွင့်၊ မဲပေးခွင့်၊ အစိုးရ၏ဝန်ဆောင်မှုများကို သုံးပိုင်ခွင့် သို့မဟုတ် အစိုးရရုံးတွင်ပါဝင်တာ ဝန်ထမ်းဆောင်ခွင့် အစရှိသည်တို့ ပါဝင်ကြသည်။ ထိုနိုင်ငံသားအခွင့်အရေးများအားလုံးကို ဤဒေသအတွင်း ကျင့်သုံးနေကြပါသည်။ ပြည်သူတို့သည် ကိုလိုနီခေတ်၊ ကိုယ်ပိုင်အုပ်ချုပ်ရေးခေတ်နှင့် စစ်အာဏာရှင်များကို ဆန့်ကျင်ခဲ့သော ခေတ်အားလုံးတို့တွင် နိုင်ငံသားတို့၏အခွင့်အရေးကို တောင်းဆိုခဲ့ကြသည်။ 'ပြည်သူတို့၏ဆန္ဒ'ဟူသော အယူအဆမှာ ၁၈ ရာစုအလင်းပွင့်ခေတ်တွင် ပေါ်ပေါက်လာခဲ့သော အစိုးရတစ်ခုတွင်ပြည်သူက အုတ်မြစ်ဖြစ်သည်ဟုဆိုလိုပြီး ယနေ့ကာလအထိလည်း နိုင်ငံသားတို့၏ အခွင့်အရေးများ၏ အခြေခံဖြစ်နေပေသေးသည်။

နိုင်ငံရေးနှင့်နွယ်သော လူ့အခွင့်အရေးများ

နိုင်ငံရေးနှင့် နွယ်ပြီး လူ့အခွင့်အရေးအား ဖော်ပြထားခြင်းကို UDHR ၏ အပိုဒ် ၂၀ နှင့် ၂၁၊ ICCPR နှင့် နိုင်ငံများ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများနှင့် အခြားသော စာချုပ်များစွာတို့တွင် တွေ့နိုင်သည်။ အစည်းအရုံးများဖွဲ့စည်းခွင့် သို့မဟုတ် အသင်းအဖွဲ့များ တည်ထောင်လှုပ်ရှားခွင့်တို့သည် နိုင်ငံအရေးအတွက် အဓိကကျသော အစိတ်အပိုင်းတွင် ပါဝင်သော်လည်း ဤဒေသတွင်မူ တစ်ပါတီတည်း ကြီးစိုးသော နိုင်ငံရေးစနစ်ရှိသည့် နိုင်ငံများ၊ အသင်းအဖွဲ့ဆိုင်ရာ ဥပဒေများဖြင့် လူထုစုရုံးလှုပ်ရှားမှုများကို ကန့်သတ်လိုသောနိုင်ငံများတွင် ကန့်သတ်ချုပ်ချယ်ခံရသည်။ ငြိမ်းချမ်းစွာ စုရုံးစီတန်းလှည့်လည်ခွင့်ဟုဆိုရာတွင် လူမြင်ကွင်းတွင် အများစုရုံး ဆွေးနွေးခွင့်ရရှိရန်ဖြစ်သော်လည်း ထိုသို့လူစုခြင်းကြောင့် ဖြစ်လာမည့်အကျိုးဆက်များကြောင့် ပိတ်ပင်ကြသည်လည်းရှိ၏။ အခြားသော အရေးကြီးသည့်အစိတ်အပိုင်းတစ်ခုမှာ အစိုးရရုံးများတွင် ပါဝင်ဆောင်ရွက်ခွင့်၊ အစိုးရရာထူးအတွက် ဝင်ရောက်အရွေးခံပိုင်ခွင့်တို့ဖြစ်ကြပြီး ထိုအခွင့်အရေးများအားဖြင့် ပြည်သူတို့သည် အစိုးရတစ်ရပ်၏ အစိတ်အပိုင်းများအဖြစ်ပါဝင်နိုင်ကြပြီး တရားသူကြီး၊ ရဲ၊ ကျောင်းဆရာ အစရှိသည်ဖြင့် အစိုးရဝန်ထမ်းဖြစ်လာခွင့်တို့ရှိရမည်။ အထက်ပါစာချုပ်များတွင် မဲပေးပိုင်ခွင့်ရှိခြင်းသည် လူသိအများဆုံး နိုင်ငံသားတို့၏ လူ့အခွင့်အရေးဖြစ်သော်လည်း မည်သည့် ရာထူးအတွက် ပေးရမည့်မဲဖြစ်သည်ကိုမူ တိတိကျကျ မဆိုထားပေ။

ဒီမိုကရေစီကိုနားလည်ခြင်း

ဒီမိုကရေစီမှာ အကောင်းဆုံးနိုင်ငံရေးစနစ်တစ်ရပ်အနေဖြင့် လက်ခံထားကြသော်လည်း ဒီမိုကရေစီနှင့်ပတ်သက်၍ အငြင်းပွားစရာများ ရှိနေဆဲဖြစ်သည်။ လူတိုင်းက ဒီမိုကရေစီကို အကောင်းဆုံးစီမံအုပ်ချုပ်ပုံစနစ်ဟု လက်ခံထားကြသည်မဟုတ်ပေ။ ဒီမိုကရေစီဆိုသည်မှာ ရွေးကောက်ပွဲကျင်းပခြင်းမျှသာလော သို့တည်းမဟုတ် လူအများပါဝင်နိုင်သည့် နိုင်ငံရေးစနစ်တစ်ရပ်ကို ဆိုခြင်းလောဟု မေးခွန်းထုတ်သူများလည်း ရှိလာကြသည်။ အရှေ့တောင်အာရှနိုင်ငံများသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် အပြည့်အဝ ဒီမိုကရေစီလမ်းစဉ်သို့မရောက်ဘဲ ထိန်းကျောင်းခံ ဒီမိုကရေစီ သို့မဟုတ် အာရှစတိုင်ဒီမိုကရေစီဖြင့် ချိတက်နေကြသည်။ ဒီမိုကရေစီကို အမျိုးအစားများစွာခွဲခြားနိုင်သည်။ ဥပမာ အချို့မှာ ရွေးကောက်ပွဲရှိသည်ဆိုရုံ၊ အမည်ခံဒီမိုကရေစီ၊ ဗဟုဝါဒ ဒီမိုကရေစီ၊ အများပြည်သူပါဝင်နိုင်သော ဒီမိုကရေစီ၊ ဆုံးဖြတ်ချက်များတွင် ပြည်သူများအကျအလည် ပါဝင်ဆွေးနွေးနိုင်ခွင့်ရှိသော ဒီမိုကရေစီ၊ ပြည်သူ့ကိုယ်စားပြုဒီမိုကရေစီ အစရှိသည်တို့ဖြစ်ကြသည်။ ကောင်းစွာလည်ပတ်နေသော ဒီမိုကရေစီစနစ်တစ်ခုတွင် အများပြည်သူ ပါဝင်ပိုင်ခွင့်ရှိခြင်း၊ အာဏာခွဲဝေပုံမှုတခြင်းနှင့် အစိုးရကို ထိရောက်စွာ စောင့်ကြည့်ထိန်းကျောင်းသော စနစ်ရှိခြင်းတို့ကို မြင်တွေ့နိုင်သည်။ အရှေ့တောင်အာရှနိုင်ငံများတွင် အချို့က ဒီမိုကရေစီအသွင်ကူးပြောင်းကာလထဲတွင်ရှိနေဆဲဖြစ်ပြီး အချို့မှာ လစ်ဘရယ်ဒီမိုကရေစီဟု ခေါ်ကောင်းခေါ်နိုင်ပေမည်။ သို့ရာတွင် အများစုကမူ ဒီမိုကရေစီနိုင်ငံ ပီပီပြင်ပြင် မဖြစ်သေးပေ။ အာဆီယံအနေဖြင့် ဒီမိုကရေစီကို လူသိရှင်ကြား ထောက်ခံနေသော်လည်း ဒီမိုကရေစီစနစ် ခိုင်မာရင့်ကျက်လာအောင် မလုပ်နိုင်ခြင်းက ပြဿနာတစ်ခုဖြစ်နေဆဲဖြစ်သည်။

ဒီမိုကရေစီအတွက် လူ့အခွင့်အရေး

လူ့အခွင့်အရေးနှင့် ဒီမိုကရေစီသဘောတရားနှစ်ခု ဆက်နွယ်နေပုံမှာ ရှင်းလင်းလှပြီး နှစ်ဖက်စလုံးမှာ အနှောင်အဖွဲ့ကင်းစွာ ရပ်တည်နိုင်ကြသည်နှင့် တစ်ပြိုင်နက်တည်းတွင် အပြန်အလှန်ကြံခိုင်တောင့်တင်းစေခြင်းကိုလည်း ဖြစ်စေသည်။ လူ့အခွင့်အရေးသည် ဒီမိုကရေစီ ပိုမိုပြည့်ဝသောလူ့အဖွဲ့အစည်းကိုဖြစ်စေ၍ ပြည်သူတို့၏လူ့အခွင့်အရေးမှာ ဒီမိုကရေစီစနစ်အောက်တွင် အခြေအနေတိုးတက်လာမြဲဖြစ်သည်။ မဲပေးပိုင်ခွင့်ရှိသည် အသိအမှတ်အပြုခံရဆုံးသော နိုင်ငံသားတို့၏ အခွင့်အရေးတစ်ရပ်ဖြစ်သည်။ မဲပေးပိုင်ခွင့်မှာ အစိုးရတစ်ရပ်ကို ရွေးကောက်ပွဲတွင် ပါဝင်ကာ ရွေးချယ်ခွင့်ရခြင်းဖြစ်သည်။ ထို့ပြင်ရွေးကောက်ပွဲများမှာ အမှန်အကန်ဖြစ်ခြင်း၊ အခိုန်မှန်မှန်ကျင်းပခြင်း၊ လူတိုင်းပါဝင်ဆန္ဒပြုနိုင်ခြင်း၊ မဲတစ်ပြား၏ တန်ဖိုးကိုတန်းတူညီမျှ သတ်မှတ်ခံရခြင်းတို့ရှိရပါမည်။ အရှေ့တောင်အာရှ၏ နိုင်ငံရေးသမိုင်းတွင်အတိုက်အခံ နိုင်ငံရေးသမားများကို ထောင်သွင်းအကျဉ်းချခဲ့သော၊ မဲသမာမှုများရှိသော၊ မဲရေတွက်ရာတွင် လိမ်လည်မှုများရှိသော မမျှတမှုနှင်ကန်သော ရွေးကောက်ပွဲများရှိခဲ့သည်။ ထိုလုပ်ရပ်များကို ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများပါဝင်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့များက စောင့်ကြည့်ဖယ်ရှားနိုင်ကြသည်။ ထိုအဖွဲ့အစည်းများက မဲများကို မှန်ကန်စွာရေတွက်ခြင်း ရှိ မရှိ၊ မဲဆွယ် စည်းရုံးမှုကာလတွင် နိုင်ငံရေးသမားများက မှန်ကန်စွာဆောင်ရွက်ခြင်းရှိ မရှိ၊ လွတ်လပ်သော စောင့်ကြည့်လေ့လာရေးအဖွဲ့များက လှုပ်ရှားနိုင်ခြင်းရှိမရှိ အစရှိသည့်အချက်များကို ထောက်ခြင်းအားဖြင့် ရွေးကောက်ပွဲကို စည်းကမ်းညီညွတ်စွာ ကျင်းပနိုင်ခြင်းရှိ မရှိ စောင့်ကြည့်အကဲခတ်နိုင်သည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုပိုင်ခွင့်

လွတ်လပ်စွာထုတ်ဖော်ပြောဆိုပိုင်ခွင့်ဟူသော သဘောတရားမှာ ၁၇၀၀ ပြည့်နှစ်အကျော် ကာလများကတည်းကပင် စတင် ကျင့်သုံးခဲ့သည်ဟု ဆိုနိုင်သည်။ ထိုအခွင့်အရေးတွင် သတင်းအချက်အလက်ကို ရှာဖွေရယူပိုင်ခွင့် (စာကြည့်တိုက်များ၊ သတင်းစာများနှင့် အင်တာနက်တို့မှ တစ်ဆင့်)၊ သတင်းအချက်အလက်များကို လက်ခံရယူပိုင်ခွင့်(ဥပမာ - ကျန်းမာရေးနှင့် ပတ်သက်သော အချက်အလက်များ၊ အစိုးရနှင့်ပတ်သက်သောအချက်အလက်များ၊ ဘေးကင်းလုံခြုံမှုအတွက် သတင်းအချက်အလက်များ အစရှိသည်ဖြင့်)၊ သတင်းအချက်အလက်များကို ထုတ်ပြန်ခွင့် (မိမိထင်မြင်သည်ကို ထုတ်ပြောခွင့်)အစရှိသည်တို့ ပါဝင်သည်။ ထိုအခွင့်အရေးများကို ပိတ်ပင်ကန့်သတ်မှုများမှာ အောက်ပါအခြေအနေများတွင်ဖြစ်နိုင်သည်။ မိမိလွတ်လပ်ခွင့်ကြောင့် အခြားသူတို့၏ အခွင့်အရေးကို မထိပါးရအောင် စောင့်ရှောက်ပေးရန်အတွက်နှင့် ပြည်သူတို့၏ အကျင့်စာရိတ္တကို ပဲ့ပြင်ထိန်းသိမ်းပေးရန်နှင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်တို့အတွက် လွတ်လပ်စွာ ပြောဆိုခွင့်ကို ကန့်သတ်လေ့ရှိကြသည်။ အရှေ့တောင်အာရှနိုင်ငံများအားလုံးတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်၍ အငြင်းအခုံများရှိကြပြီး နိုင်ငံတိုင်းကမူ အသရေဖျက်မှုဥပဒေအရသော်လည်းကောင်း၊ မူပိုင်ခွင့်နှင့် ဉာဏ်ပစ္စည်းဆိုင်ရာဥပဒေများအရသော်လည်းကောင်း၊ အမျိုးသားလုံခြုံရေး အက်ဥပဒေများအရသော်လည်းကောင်း ကန့်သတ်ထားကြသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို တင်းကျပ်စွာပိတ်ပင်သော နမူနာတစ်ခုမှာ ထိုင်းနိုင်ငံ၏ ဘုရင်ကို စော်ကားခြားနားခြင်းကိုတားမြစ်သောဥပဒေ၊ မလေးရှား၏ နိုင်ငံတော်အကြည်ညို ပျက်စေမှု ဥပဒေနှင့် ဗီယက်နမ်နိုင်ငံ၏ ရာဇသတ်ကြီးပုဒ်မ ၈၈ တို့ဖြစ်ကြသည်။ အသရေဖျက်မှုဥပဒေများကိုသုံးကာ လွတ်လပ်စွာပြောဆိုခွင့်ကို ပိတ်ပင်လေ့ရှိကြပြီး အပြစ်ရှိကြောင်း တွေ့ရှိရပါက ရာဇဝတ်မှုသဖွယ် ပြစ်ဒဏ်များပေးခြင်းအားဖြင့်လည်းကောင်း၊ ကျူးလွန်သူပုဂ္ဂိုလ်များနှင့် မီဒီယာများ ဒေဝါလီခံရလောက်အောင်ပေးရသော ဒဏ်ကြေးငွေအမြောက်အမြား ချမှတ်ခြင်းအားဖြင့်လည်းကောင်း စီရင်လေ့ရှိကြသည်။

လူအခွင့်အရေးနှင့် မီဒီယာများ

မီဒီယာလွတ်လပ်ခွင့်အားဖြင့် ဂျာနယ်လစ်များနှင့် မီဒီယာများသည် အများပြည်သူ ယုံကြည်ကိုးစားနိုင်သည့် သတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်ကြသည်။ မီဒီယာများ၏ လွတ်လပ်ခွင့်မှာ လူအခွင့်အရေးဖြစ်သည်ဟု ရှင်းလင်းစွာ သတ်မှတ်ထားခြင်းမရှိသော်လည်း ဒီမိုကရေစီစနစ်ထွန်းကားရေးအတွက်မူ မရှိမဖြစ်လိုအပ်သည်။ မီဒီယာမှာ လူမှုရေး အင်စတီကျူးရှင်းတစ်ခုအနေဖြင့် ပြည်သူများကို သတင်းပေးခြင်း၊ ပြည်သူတို့၏အမြင်များကို ပဲ့ကိုင်ပေးခြင်း၊ အစိုးရ၏အာဏာတလွဲသုံးမှုများကို စောင့်ကြည့်ဝေဖန်ခြင်းတို့ကို ဆောင်ရွက်သည်။ သမိုင်းတလျှောက်တွင် အချို့မီဒီယာများမှာ လွတ်လပ်ရေးတိုက်ပွဲကာလအတွင်း နိုင်ငံရေးတွင်တက်ကြွစွာ ပါဝင်ခဲ့ကြသည်။ သို့ရာတွင် အရှေ့တောင်အာရှ တခွင်တွင်ရှိသော ပင်မရေစီးထဲမှ မီဒီယာများမှာ အစိုးရကို ဆန်းစစ်ဝေဖန်ခြင်း မရှိကြတော့ပေ။ မီဒီယာသည် ဆင်ဆာစနစ်အောက်တွင် အကန့်အသတ်ရှိခဲ့ပြီး အပြစ်ဒဏ်ပေးခံရခြင်း၊ ခြိမ်းခြောက်ထိပါးခြင်း၊ အကြမ်းဖက်နှိမ်နှင်းခြင်းများလည်း ကြုံတွေ့ခဲ့ရသည်။ အချို့နေရာများတွင်မူ အစိုးရများသည် မီဒီယာများပိုင်ဆိုင်မှုနှင့် လိုင်စင်မှတ်ပုံတင်ခြင်းကိစ္စများကို တင်းကျပ်စွာကိုင်တွယ်သည်။ ပြည်သူတို့က သတင်းအချက်အလက်ကို

လွတ်လပ်စွာရယူပိုင်ခွင့်အရ အစိုးရအနေဖြင့် မိမိတို့၏မူဝါဒရေးရာ အဆုံးအဖြတ်များ၊ ဘတ်ဂျက် ရေးရာများ၊ အစိုးရ၏ စီမံကိန်းများဆိုင်ရာသတင်းအချက်အလက်များ ပြည်သူတို့ထံ အသိပေးရ ပေမည်။ အစိုးရ၏ပွင့်လင်းမြင်သာမှုကို အားပေးသောဥပဒေများ ဖြစ်ကြသည်။

မီဒီယာပုံစံသစ်များအရေး

အင်တာနက်ကား လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့အတွက် များစွာ အသုံးဝင်ခဲ့သည်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်နေသူများအတွက်မူ တန်ဖိုးမဖြတ်နိုင် သော အရာတစ်ခုလည်းဖြစ်သည်။ သို့ရာတွင် အင်တာနက်မှာ လူ့အခွင့်အရေးကို ချိုးဖောက်ရန် အတွက် သုံးစွဲနေကြသောအရာလည်းဖြစ်လာနိုင်သည်။ သူတပါး၏ ကိုယ်ရေးကိုယ်တာ လွတ်လပ် ခွင့်ကို ချိုးဖောက်ခြင်း၊ လုံခြုံရေးကိုခြိမ်းခြောက်ခြင်းနှင့် နာမည်ပျက်အောင် ဖျက်ခြင်းများလည်း အတွက်လည်း သုံးစွဲနေကြပြန်သည်။ မီဒီယာပုံစံသစ်များ(ဒစ်ဂျစ်တယ်မီဒီယာများ)ကြောင့် အပျော် တမ်းစာရေးသူများ၊ ဘလော့ဂါများနှင့် အင်တာနက်သုံးစွဲသူများမှာ လူ့အခွင့်အရေးကိစ္စများတွင် ပိုမိုတက်ကြွလာကြသည်။ အချို့မှာမူ မီဒီယာပုံစံသစ်များပေါ်တွင် မတရားပြုကျင့်ခြင်းများ၏ ခြိမ်းခြောက်မှုကိုခံနေရသည်။ အစိုးရက ပြည်သူတို့၏ သတင်းအချက်အလက်များ၊ သွားလာ လှုပ်ရှားမှုများနှင့် အင်တာနက်သုံးစွဲသည့်နည်းလမ်းများကို စောင့်ကြည့်နေသောအခါမျိုးတွင် ပြည်သူတို့မှာ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်မှာ စိန်ခေါ်မှုများနှင့်ကြုံရတော့သည်။ အရှေ့တောင် အာရှဒေသတစ်ခွင်တွင် ဆိုင်ဘာဥပဒေများမှာ ဖွံ့ဖြိုးစပြုရုံသာရှိပြီး အစိုးရများက ထိုဥပဒေကို လက်တစ်လုံးခြား အသုံးပြုမှုမျိုးလည်း ကြုံလာရတတ်သည်။

ခ။ စာမေးပွဲ သို့မဟုတ် အက်ဆေးမေးခွန်းများ

- ဒီမိုကရေစီ၏ အင်္ဂါရုပ်များအနက် မည်သည်တို့က လူ့အခွင့်အရေးအပေါ် အခြေခံသနည်း၊ မည်သည်တို့က နိုင်ငံတစ်ခု၏ နိုင်ငံရေးသမိုင်းနှင့် ယဉ်ကျေးမှုပေါ်တွင် အခြေခံသနည်း။
- လူထုဆန္ဒပြပွဲများကို ကန့်သတ်ချုပ်ခြယ်ခြင်းမှာ အကျိုးအကြောင်းသင့်ပါ၏လော။ အရှေ့ တောင်အာရှတွင် လူထုဆန္ဒပြပွဲများကို ကန့်သတ်ချုပ်ချယ်ခြင်းမှာ ပြည်သူတို့၏ စုရုံးလှုပ်ရှား ခွင့်ကို ချိုးဖောက်ပါသလား။
- ဤဒေသအတွင်း ခိုင်မာအားကောင်းရန် ပို၍ခက်ခဲသည်မှာ ဒီမိုကရေစီလော၊ လူ့အခွင့်အရေး လော။
- သမိုင်းတလျှောက်တွင် ရွေးကောက်ပွဲများကို နိုင်ငံရေးအုပ်စုများက မည်သို့ နှောင့်ယှက်တတ် ကြသနည်း။ ယခုအခါတွင် ထိုကဲ့သို့သော အနှောင့်အယှက်ပြုမှုများမှာ ကိုယ်လွတ်ရုန်းရန် ပိုမိုခက်ခဲလာသည်ဟု ထင်ပါသလား။
- နိုင်ငံရေးဟောပြောချက်တစ်ခုကို ဟန့်တား ကန့်သတ်သင့်ပါသလား။

- သင်၏နိုင်ငံတွင် မီဒီယာမှာ မည်မျှလွတ်လပ်ပါသနည်း။ မည်သည့်လုပ်ရပ်များက နိုင်ငံရေး၊ စီးပွားရေးနှင့် ကိုယ်ကျင့်တရားထိန်းသိမ်းရေးဟူသော အကြောင်းပြချက်များဖြင့် မီဒီယာအပေါ် ချုပ်ချယ်ခြင်းများ ဖြစ်ကြသနည်း။
- သင့်နိုင်ငံအတွင်းမှ ဆိုင်ဘာလုံခြုံရေးဥပဒေများကို သုံးသပ်ပြပါ။ ယင်းဥပဒေများမှာ လူ့အခွင့်အရေးစံချိန်စံညွှန်းများကိုမီအောင် ဆောင်ရွက်ထားခြင်းရှိမရှိ ဆန်းစစ်ပြပါ။
- အင်တာနက်ကို ရရှိသုံးစွဲနိုင်ခွင့်မှာ လူ့အခွင့်အရေးတစ်ရပ်ဖြစ်သင့်ပါသလား။
- တက္ကသိုလ်ကျောင်းသားများအနေဖြင့် အင်တာနက်သုံးစွဲမှုနှင့် ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်အပေါ် စိုးရိမ်ရသည့်ကိစ္စများ ရှိပါသလား။

ဂ။ ထပ်မံလေ့လာဖတ်ရှုရန်များ

Theorists of democracy and democratization include:

- Robert Dahl
- Larry Diamond
- Samuel Huntington
- Jurgen Habermas
- Joseph Schumpeter
- Seymour Lipset
- Fareed Zakaria

Authors writing on the status of democracy in Southeast Asia include:

- Farish Noor
- Amit Acharaya
- Amek Laothamatus
- Duncan McCargo
- Kevin Hewison
- Mark Beeson
- Clive Keesler
- Donald Emmerson

Writers addressing the relationship between human rights and democracy include:

- David Beetham
- Daniel Bell
- John Donnelly

Organizations with rankings or measurements of democracy include:

- Freedom House
- The Economist: Democracy Index
- Democracy Ranking

Freedom of Expression, the following organizations have reports and other resources:

- Reports Without Borders
- Index of Freedom in the World
- Freedom House
- Article 19
- IFEX
- Southeast Asian Press Alliance (SEAPA)
- Southeast Freedom of Expression Network (SAFENET)

The following address the Media in Southeast Asia

- Shelton Gunaratne
- William Atkins
- Krishna Sen
- David Hill
- Yao Souchou
- Asian Media Information and Communication Centre (AMIC): includes many resources and also publishes the journal, Asian Journal of Communication

New Media and Human Rights

- Reports from UN's Special Rapporteur on freedom of expression
- Internet Society
- New Media Advocacy project
- Global Internet Freedom Consortium
- Centre for International Governance Innovation (CIGI): hosts the Global Commission on Internet Governance
- Speak Up, Speak Out website: includes a program on media, journalism, and human rights
- United Nations Educational, Scientific and Cultural Organization (UNESCO): includes programs on internet freedom with research publications

List of Abbreviations

ACWC	ASEAN Commission on the Promotion and Protection of the Rights of Women and Children
ADB	Asia Development Bank
AI	Amnesty International
AICHR	ASEAN Intergovernmental Commission on Human Rights
ASEAN	Association of Southeast Asian Nations
BWIs	Bretton Woods Institutes
CAT	Convention Against Torture and Other Cruel, Inhuman or Degrading Treatment or Punishment
CEDAW	Convention on the Elimination of All Forms of Discrimination Against Women
CMW	International Convention on the Protection of the Rights of All Migrant Workers and Members of their Families
CP	Corporal Punishment
CPP	Cambodian People's Party
CRC	Convention on the Rights of the Child
CRPD	Convention on the Rights of Persons with Disabilities
CSR	Corporate Social Responsibility
CSW	Commission on the Status of Women
DAW	Division for the Advancement of Women
DV	Domestic violence
ECOSOC	Economic and Social Council
EIA	Environmental Impact Assessment
ETOs	Extraterritorial obligations
FGM	Female Genital Mutilation/Cutting
GBV	Gender Based Violence
GID	Gender Identity Disorder

HRW	Human Rights Watch
IANWGE	UN Inter-Agency Network on Women and Gender Equality
ICC	International Criminal Court
ICCPR	International Covenant on Civil and Political Rights
ICERD	International Convention on the Elimination of All Forms of Racial Discrimination
ICESCR	International Covenant on Economic, Social and Cultural Rights
IHL	International Humanitarian Law
ILO	International Labour Organization
INSTRAW	International Research and Training Institute for the Advancement of Women
IMF	International Monetary Fund
ISA	Internal Security Act
LDCs	Less Developed Countries
LGBTI	Lesbian, Gay, Bisexual, Transgender, and Intersexual
MDGs	Millennium Development Goals
NAM	Non-Aligned Movement
NGO	Non Government Organization
OECD	Organization for Economic Cooperation and Development
OHCHR	Office of the United Nations High Commissioner for Human Rights
OP-CRC-AC	Optional Protocol to the CRC on the involvement of children in armed conflict
OP-CRC-SC	Optional Protocol to the CRC Child on the sale of children, child prostitution and child pornography.
RBA	Rights Based Approach to Development
SAPs	Structural Adjustment Programs
SCHS	Right to a Safe, Clean, Healthy, and Sustainable Environment
SDGs	Sustainable Development Goals
TNC	Trans-National Corporation
TPP	Trans Pacific Partnership
TRIPs	Trade Related Intellectual Property Rights

UDHR	Universal Declaration of Human Rights
UN	United Nations
UNCTAD	United Nations Conference on Trade and Development
UNDP	United Nations Development Program
UNDRIP	United Nations Declaration on the Rights of Indigenous Peoples
UNEP	United Nations Environment Program
UNESCO	United Nations Educational, Scientific and Cultural Organization
UNICEF	United Nations Children's Emergency Fund
UNIFEM	United Nations Development Fund for Women,
UNFCCC	United Nations Framework Convention on Climate Change
UNFPA	United Nations Population Fund
UNGA	United Nations General Assembly
USA	United States of America
VAW	Violence Against Women
VDPA	Vienna Declaration and Programme of Action
WB	World Bank
WHO	World Health Organization
WTO	World Trade Organization

ASEAN University Network
Human Rights Education (AUN-HRE)

About AUN-HRE

Realizing that human rights and fundamental freedoms is one of the key principles for ASEAN Community building, the ASEAN University Network-Human Rights Education Theme (AUN-HRE) was formally established in 2009 by the ASEAN University Network Board of Trustees to promote human rights and research opportunities in the areas of human rights, to serve as a platform for collaboration and capacity building amongst member-institutions, and to strengthen existing cooperation and enhance human rights education for ASEAN people.

Mahidol University was appointed as the focal point for the theme The Institute of Human Rights and Peace Studies has been assigned to coordinate the network and implement relevant activities in cooperation with members of the network.

Contact Secretariat

Institute of Human Rights and Peace Studies, Mahidol University
Panyaphiphat Building
999 Phuttamonthon 4 Rd., Salaya, Nakhon Pathom 73170, Thailand
Tel : (66) 2-441-0813-5
Fax : (66) 2-441-0872-3
E-mail: ihrpoutreach@mahidol.ac.th
Website: http://www.ihrp.mahidol.ac.th/

About SEAHRN

The Southeast Asian Human Rights Studies Network (SEAHRN) was born out of a common dream, among its 14 founding members, to enhance and deepen the knowledge and understanding of students and educators as well as other individuals and institutions from Southeast Asia in human rights. This goal will be achieved by engaging in collaborative research, improving course curricula and training programmes, sharing of best practices and conducting capacity building training of educators, staff and students and other interested individuals and institutions. Furthermore, it seeks necessary regional academic and civil society cooperation to sustain the effective promotion and protection of human rights in the Region. The Network desires to open its doors to interested institutions and individuals who share its vision for human rights and peace in Southeast Asia.

Member institutions and individuals of SEAHRN are aiming to achieve the following core objectives:

To strengthen higher education devoted to the study of human rights in Southeast Asia through faculty and course development;

To develop deeper understanding and enhancement of human rights knowledge through collaborative research;

To achieve excellent regional academic and civil society cooperation in realizing human rights in Southeast Asia; and

To conduct public advocacy through critical engagement with civil society actors, including inter-governmental bodies, in Southeast Asia

In pursuit of these objectives, SEAHRN has expanded its membership to 22 academic institutions. Moreover, it has successfully organized three international conferences on Human Rights and Peace & Conflict in Southeast Asia (Bangkok, 2010; Jakarta, 2012; Kuala Lumpur, 2014). It has also done training both seasoned and emerging scholars in human rights based research and instruction. It has also published an academic series containing relevant researches on some human rights and peace issues in the Region. It is currently developing a human rights and peace textbook which features various themes written for and by Southeast Asian academics and scholars.

In terms of resource material development, SEAHRN has already published Human Rights in Southeast Asia Series 1: Breaking the Silence (October 2011), Human Rights and Peace in Southeast Asia Series 2: Defying the Impasse (September 2013) and Human Rights and Peace in Southeast Asia Series 3: Amplifying the Voices (September 2013). and Human Rights and Peace in Southeast Asia Series 4: Challenge the Norms (August 2016). Its Members involved in producing the first ever university-level textbook on human rights and peace and conflict in Southeast Asia.

Contact Secretariat

Room # 310, 3rd Floor, Institute of Human Rights and Peace Studies
Panyaphiphat Building, Mahidol University
999 Phuttamonthon Sai 4 Road, Salaya,
Nakhorn Pathom 73170, Thailand
E-mail: seahrn@gmail.com
Website: www.seahrn.net



About SHAPE-SEA

The Strengthening Human Rights and Peace Research and Education in ASEAN/Southeast Asia (SHAPE-SEA)

SHAPE-SEA aim and objectives:

Overall Aim: To contribute to the improvement of the human rights and peace situation in ASEAN/ Southeast Asia through applied research and education.

It focuses on supporting research on innovative and critical projects on human rights and peace, and in exploring ways in which this knowledge is made accessible to university students throughout ASEAN/Southeast Asia.

Main Components of the SHAPE-SEA

Research : Support and contribution to the existing knowledge through high quality research on human rights and peace in ASEAN/ Southeast Asia.

Capacity Building and Outreach : Create spaces for knowledge building and dissemination amongst the academic community and other human rights and peace stakeholders

Education : Directly involve and engage ASEAN/Southeast Asia universities to pay a more significant role in the sustainability of human rights protection by contributing research, and increasing the knowledge on human rights and peace by incorporating these issues into university education

Publications : Production and dissemination of research to wider audience

Contact Secretariat

Room # 310, 3rd Floor, Institute of Human Rights and Peace Studies
Panyaphiphat Building, Mahidol University
999 Phuttamonthon Sai 4 Road, Salaya,
Nakhorn Pathom 73170, Thailand
Email: shape.seasec@gmail.com
Website: http://shapesea.com/